
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# Semi-electric Stacker

xilin®

Authorized Distributer
**B&H Co.,Ltd.**

### Advantages:

- Handle-castor chain assist steering system greatly reduces the labor intensity.
- Equipped with explosion-proof valve, ensure no sharp drop of platform and prevent operator from harm.
- Over-discharge protection device greatly prolongs the battery use time.
- With adjustable forks, which can be lowered to the same level of the legs.
- Easy operating foot brake.

**CTD10B-III**
**1500KG, 2.5M**
**32,00,000 K**

**Showroom**
H-၃၆၊ သီရိရတနာဈေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၈၈၁၊ ၀၉-၉၇၂၁၇၂၇၅၁
၀၉၂၅၉၅၇၆၂၈၈

*Super Light*



Model:
**CTD10B-III**
**CTD15B-III**
Straddle legs & Adjustable forks

Hot Sale

BURMESE CLASSIC .com





Model:
**CDD10B-III**
**CDD15B-III**
Fix type forks



Chain Assist Steering System



CDDB-III
Adjustable Forks



CTDB-III
Straddle legs & adjustable forks

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလမှစ၍ ထုတ်ဝေသည်။


BURMESE CLASSIC .com


# သရဖူ
## မဂ္ဂဇင်း

အတွဲ (၁၈) အမှတ် (၁၁) ၂၀၁၈ ခုနှစ် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



## ဘာသာရေးဆောင်းပါးများ


၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
ဝေပုံ
(ပကိဏ္ဏကလေခက္ခန္ဓာ့ကထာ)
ကထာစာပေါင်းသိုက်
**မဟာဗောဓိမြိုင်**
**ဆရာတော်ဘုရားကြီး**

၁၄ ဓာရဏာပရိတ်တော်ရွတ်ဖတ်ခြင်းဖြင့်
ရရှိတဲ့အစွမ်းအံ့မခန်း
**စောမိသွင်(ရန်ကုန်)**

၁၇ မြင့်မားသီခေါင် ဟိမဝန္တာတောင်ပေါ်က
ရွှေအဆင်းနှင့် ဗုဒ္ဓဆင်းတုတော်ကြီး
**ကိုအေးမြင့်**
**(မဟာဝိဇ္ဇာ၊ ရှေး-သု)**

၂၉ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏
အထင်ကရနေရာများသို့
အလည်တစ်ခေါက်ရောက်စဉ်က
**စနေထွန်း(မြစ်သား)**

၃၅ ပထမရွှေကျင်ဆရာတော်ကြီး
ရွှေစက်တော်ဘုရားဖူးခရီး
**ဦးစန္ဒိမာ(စလင်း)**

၃၈ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ၏ဩဝါဒကထာ
**သုတော်အိမ်**
**(ဓမ္မသုတေသီ)**

၄၁ သာသနာပြုမင်းနှစ်ပါး
ကုသိုလ်ထပ်တူယူခဲ့ကြသော
မွေ့တော်ကက္ကူစေတီတော်
**ဗိုလ်တထောင်ကိုဦး**

၆၅ ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်
မြတ်နှင့်ထူးခြားသောရဟန်းတော်နှစ်ပါး
**ဘိုဘို(ရွှေကံကူ)**

၇၂ စေတီ၊ ဘုရား၊ ပုထိုးအကြောင်း
သိမှကောင်း
**မင်းသီကျော်**

၇၅ ပုပ္ပားတောင်ကလပ်အခြေက
မဟာသမယဓမ္မဓာတုစေတီတော်နှင့်
ဇေယျာသုခပဌာန်းအဖွဲ့
**အဏ္ဏဝါလှိုင်း**

၈၅ ကျောက်လက်မောင်းအခြေက
ရသေ့ကြီးဦးခန္တီနှင့်
ကျိုက်နဂါးရှင်စေတီ
**မျိုးမြင့်နွယ်**
**(ရမည်းသင်း)**

၉၇ စလင်းအညာဘုရားပွဲဈေး
**ငွေးကြည်(စလင်း)**

၁၀၃ သေဘောနှင့်ရင်ဆိုင်
သမ္မာဒိဋ္ဌိကြောင့်နိုင်ခဲ့သူ
**ဓာတ်ပုံမောင်မောင်အေး**

၁၀၅ ဂုဏ်တော်ဘဂဝါဆန်းကြယ်စွာ
**မြဝင်း(ဒေသန)**

၁၁၇ မဟာဗောဓိအောင်မြေမှတည်
သကျဇိနရတနာမာရ်အောင်စေတီ
**အောင်သာကျော်**

၁၄၉ မဟာဗုဒ္ဓဝင်ဘုရားရှိခိုး
**ပန်းချီတင်အောင်မိုး(ချောက်)**


## သုတရသဆောင်းပါး


၃၉ သံယောဇဉ်(၁၀)ပါး
**ချောင်းဆုံအုန်းသွင်**

၄၇ ဝက်သားဟင်းလေးကို
ရှေးသမားတော်များ
စီမံခဲ့တယ်ဆိုပါလား
**ဗန်းမော်ညိုညို**

၄၇ ကြည်ညိုဖွယ်ဂုဏ်များနှင့်
ပြည့်စုံသောအရိယာများ
**မောင်မောင်မိုးအောင်**
**(ဓာပေဗိမာန်စာမူဆုရ)**

၅၃ အစဉ်အလာမပျက်
အညာဆွမ်းသပိတ်လုံး
စာရေးတံမဲဆက်ကပ်ပွဲ
ခရီးသွားမှတ်စု
**ချစ်ဆန်းသစ်**

၆၀ သာသနာမကွယ်ဖို့
ကြည်ညိုတတ်ကြစို့
**စံ-ကောတု**

၈၂ ရဟန်းသံဃာတစ်ပါးမှမရှိသော
ကာသီတိုင်း
**အောင်စကြာ-**
**အရှင်သုဓမ္မသာရ**

၉၀ သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**

၉၂ ဂုံညင်းတန်း(ချင်းရွာ)
တောင်ပေါ်ကျောင်းသို့
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**

၁၀၁ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ (၁၉)
**ဦးဉာဏ်ဖော်**
**(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)**

၁၀၇ သမိုင်းဝင်ပလိပ်
**တိုက်ကြည်(စဉ့်ကိုင်)**


www.burmeseclassic.com

www.burmeseclassic.com


၁၁၃ စိတ်ကောင်းရှိဖို့
ချောင်းဆုံအုန်းသွင်
၁၁၅ ရဲရဲဝံ့ဝံ့ရင်ဆိုင်ကျော်ဖြတ်ကြရမည့် လောကဓံ
နေဝင်းဝင်း(လွန်ဆေး)
၁၂၂ ခရီးဖော်အာစိတ္တကံနှင့် အာသန္နကံ
ဦးတင်ဝင်း(အောင်လံ)
၁၂၆ ကာမဘုံသားဆုံလည်နွား
မင်းဘူး-ဗိုလ်ဥတ္တမ
၁၃၆ လယ်တီဆရာတော်ဘုရားကြီး စီရင်ခဲ့သောကပ်ရောဂါကင်းစေသည့် အက္ခရာစမတ်ဆိပ်တော်နှင့် အမိန့်တော်ပြန်တမ်း
သစ္စာဝါဒီ-ဦးမြင့်အောင်
၁၃၉ သရေခေတ္တရာမြို့ဟောင်းမှ ရှေးခေတ်အနုလက်ရာ
ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)
၁၆၆ ထူးဆန်းစွာသန္ဓေတည်၍ရသော မြေးမကလေး
မောင်သန်းဆွေ(ထားဝယ်)
၁၇၄ ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီ
ရွှေနှယ်ရီး
၁၇၆ အေးရိပ်အောက်ကဘဝလမ်း
ဖျာပုံတင်နိုင်ဝင်း
၁၉၆ သမ္ဗုဒ္ဓေပူဇော်တဲ့ဗိုလ်လေး
ဝေစည်(ရွှေဘို)
၁၉၈ မြန်မာ့လွတ်လပ်ရေး ခရီးတစ်ထောက် ဘီအိုင်အေမော်ကွန်းမှတ်တိုင် သို့မဟုတ် ဘီအိုင်အာဇာနည် ကျောက်တိုင်
မောင်စိမ်းထွေး(ထားဝယ်)
၂၀၀ ကံကံ၏အကျိုး
နယုန်
၂၁၁ နန္ဒဝန်ကျောင်းဆရာတော်ကြီး ဦးသာသန(မြန်အောင်) အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)
၂၁၄ နတ်ဘုံနတ်ဘဝ
ကိုချို(မြကိုင်း)
၂၁၉ ကမ်းဆုံးခပ်၍ခက်လက်ဝေစေ
ကိုရွှေမြသန်း(သမိုင်း)
၂၄၃ ဂန္ဓာရီလမ်းပေါ်က အံ့ဖွယ်ထူးဆန်းများ(၅)
ဘုန်းခေါင်
၂၄၅ သေသူကိုအနှံ့မထွက်စေရန် နည်းလမ်းတချို့
စိုးလင်းအောင်(မြန်အောင်)
၂၅၅ ဓမ္မနဲ့ဝိနယပြန်ကျဲနေသော တရားပန်းပွင့်တို့၏အဦးအစ
ကိုမိုး(ရွှေပြည်သာ)
၂၆၆ ပထမဦးစားပေး
ချောင်းဆုံအုန်းသွင်
၂၇၅ ဂုဏ်ရည်တင့်လှရွှေအင်းဝ
ဆွေဇင်ညွန့်
၂၈၄ မြန်မာမင်းများလက်ထက် စာရိတ္တပညာ
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)
၂၉၀ အဂ္ဂတ္တဝါရေအောက် ကွယ်ပျောက်သွားသော ဂမ္ဘီရနိုင်ငံတော်
လှမိုး(ပညာရေး)
၂၉၅ ဗုဒ္ဓဟောကြားခဲ့သည့် သာသနာတော်၏အနာဂတ်
မောင်ထည်ဝါ(ပျော်ဘွယ်)
၃၀၆ အရွယ်သုံးပါး တရားနှင့်နေသွားပါလျှင်
မောင်မောင်အောင်မင်း(ဒဿနိက)
၃၀၈ ဝန်ထမ်းဘဝကတွေကြုံခဲ့သည့် ဖြစ်ရပ်ဆန်း
တင်ထွန်း(စက်မှု-၂ ငြိမ်း)
၃၂၀ နမောတဿသစ္စာမိတ္တာန်ကျင့်စဉ်
ဦးဉာဏဝံသ (မင်္ဂလာဗေယျ)
၃၂၂ ရာဇဝင်အစောင်စောင် ကမ္ဘာတွင်အောင် သာသနာ့အလင်းဆောင်သည့် အဘအောင်မင်းခေါင်ဝိဇ္ဇာသမိုင်း(၁)
အဘဝ(သာသနာ့အလင်းရောင်)
၂၃၉ ကျေးဌေးရှင် စစ်ကွင်းဆရာတော်ကြီး၏ တပည့် မဟာပထမံပညာ၏ မြေပြင်ဂိုဏ်းချုပ် ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၄၇)
ပထမံဆရာဦးအေးရွှေ
၃၅၇ ရိုးရာဓလေ့ထုံးတမ်းများနှင့် ခေတ်လူငယ်
ချစ်ဖို့(မော်ကျွန်း)
၃၆၅ ဗုဒ္ဓဘာသာစာရိတ္တယဉ်ကျေးမှု အထူးဂရုပြု
ရဲရဲထွန်း(ဟသ်ာတ)
၄၀၇ သမ္ဗုဒ္ဓေအစွမ်းအံ့မခန်း
မောင်အေးသန်း (ကြို့ပင်ကောက်)








www.burmeseclassic.com

www.burmeseclassic.com








၃၈၉ ဗုဒ္ဓမြတ်စွာ၏ကိစ္စငါးရပ်
**ဦးကျော်ရှိန်**
**(မဟာဝိဇ္ဇာ၊ ဝဇ္ဇသကာ)**
၃၆၈ သေသွားရှာတဲ့အပျိုမလေးမိန်းမအဂါ
ဘယ်သူတွေခိုးတာလဲ
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၃၇၃ ယဇ်နှင့်စတေး
**မင်းရှိန်အောင်**


## သုရဿတိုင်းရင်းဆေး


၈၄ ဥသျှစ်ရွက်နှင့်ထန်းလျက်
ဆီးချိုအတွက်အစွမ်းထက်
**သိဒ္ဓိဒွေး(လယ်တွင်း)**
၉၆ ခြေလက်ထုံကျဉ်ရောဂါ
ဘာကြောင့်ဖြစ်ရတာလဲ၊
ဘယ်လိုကုမလဲ
**ဖန်းမော်ညိုသူ**
၁၅၂ ပျားရဲ့ယိုအစွမ်းအံ့မခန်း
**မကွေးမြင့်သန်း**
၁၆၅ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၄၀)
**ရွှေနဝင်း(ပုသိမ်)**
၁၇၃ ရေဖျဉ်း
**စိုးမင်း**
**(မြောက်စည်း-ရွာသစ်)**
၁၈၈ မြေထဲပင်လယ်မြစ်ဝှမ်းဒေသထွက်
သံလွင်သီး၏ဆေးဖက်ဝင်အစွမ်းများ
**ဦးမင်းဖေ(ရွှေနဝင်း)**
၂၇၇ ဒူးနာရောဂါအမှန်ပင်
ပျောက်ကင်းပါစေ
**နေဝင်းဝင်း(လွန်ဆေး)**
၂၆၈ ကျိုးပေါင်း၊ ဒူးနာအတွက်
နွားလားဥသာဘဆေးမြစ်ဥ
**နေဝင်းဝင်း(လွန်ဆေး)**
၂၉၇ အသည်းရောင်အသားဝါ
သက်သာပျောက်ကင်းစေသော
ဆေးနည်း
**မောင်ထင်အောင်လင်း**
**(ယောဂှာနီ)**
၃၅၉ မီးယပ်သွေးသွန်၊
သွေးလွန်ပျောက်ဆေး
**နတ်မောက်မင်းသန့်နိုင်**
၃၇၅ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**



## သုရဿဝတ္ထုတို


၁၁၀ ဝင့်ကြွေး
**စိုးထွန်း(ဥပဒေ)**
၁၃၀ အန်တော်ပီဝင်းမောင်
**ရွှေပြည်စိုး(မိုးကုတ်)**
၁၄၂ ဆပ်လို့ရယ်မကုန်
**ရဲမြတ်တင်**
**(အမျိုးသားစာပေဆုရ)**
၁၅၄ လယ်စောင့်တဲလေး
သက်သေတည်
**မင်းသန့်ကျော်(ဗီးကုန်း)**
၁၇၀ ဆောင်းတစ်ညက
ရေကူးတဲ့မီးသရဲ
**မင်းနန္ဒိရှိန်**
၁၇၈ ပြောမယုံကြုံဖူးမှသိမယ်
**ရဲမင်းထွန်း(မြင်းကပါ)**
၁၈၄ အချစ်စိတ်
**မင်းမြတ်သီဟ**
၁၉၀ လေ့ကြိုးငြိတဲ့ည
**ခင်(တောင်ကြီး)**
၂၀၂ နာဂလူး
**အောင်မြင့်ထွန်း(မသုံးလုံး)**
၂၂၂ မှန်ကျောင်းသချိုင်း
**ရွှေပြည်စိုး(မိုးကုတ်)**
၂၃၂ အမာရွာမှအရှေ့ဖျားဆီသို့
**မောင်ဇော်ဝင်း(ပြည်)**
၂၃၄ စေတနာမွဲ၍ကံနည်းသူ
**ရှစ်ခွင်ကျော်-ဖောင်တော်သီ**
၂၃၈ မရဏာကျွန်းခရီးစဉ်
**နိုင်မင်းဆက်**
၂၆၂ ရေကြောင်းနောက်ကြောင်း
**ထွန်း(နှောင်ချို)**
၂၇၃ လူခြောက်ကလေးများ
**ရေနံ့သာ-ခင်လေး**
၂၈၀ ဘယ်လိမ်နီးချက် တံစူးဝါးထက်
**မြတ်ခေါင်းနိုင်**
**(ဂုံညင်းတန်း)**
၂၈၆ ဝိပါကဝင့်ကြွေးရဲ့
ရိုက်ခတ်ဒဏ်များ
**ဖန်းမော်ညိုသူ**
၂၉၈ အန္တရာယ်ကြားမှဒိုးနွယ်ဆီ
**ညိုရောင်**
၃၁၀ သောကသွေးတို့ဆူပွက်လျက်ရှိရာမှ
**သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)**
၃၁၆ ကျောင်းကြီးဖျက်မ
**ကိုဇော်ဝင်း(လှုတော)**
၃၃၈ ပြကျောက်(၃၁)
**နေပြည်တော်ကျော်ကျော်**


www.burmeseclassic.com

www.burmeseclassic.com






## သုရဿလက်တွေ့အသုံးချ


၃၁၅ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၆၇ ၂၀၁၈ ခုနှစ်၊ နိဝင်ဘာလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂဏ္ဍီ)**
၃၇၃ ၂၀၁၈ ခုနှစ်၊ မြို့ရွာရာသီပြောင်း။
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၄၀၀ ပြောဆိုစကားအောင်စေရာအစီအစဉ်
**နတ်မောက်မင်းချစ်နော်**
၃၉၅ ၂၀၁၈ ခုနှစ်၊ နိဝင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၄၀၂ ငွေဝင်ရင်ငွေခင်ဖို့သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၀၉ ၂၀၁၈ ခုနှစ်၊ နိဝင်ဘာလ
ကောင်းကျိုးပေးပြော
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၁၁ ၂၀၁၈ ခုနှစ်၊ နိဝင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည့်သိန်းကျော်**
၄၁၄ ၂၀၁၈ ခုနှစ်၊ နိဝင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


## သုရဿ ပညာရပ်


၅၁ ကိုယ်တွေ့ကြားမြင်သုတဖြစ်ခဲ့ရသော
အင်္ဂလိပ်ရုပ်လောကမှ
ထူးထွေဆန်းပြားဇာတ်လမ်းများ(၈)
**မင်းချမ်းမြေ့(ပုသိမ်)**
၁၆၂ ရောင်းအားသန်စေကြောင်း
နည်းလမ်းကောင်းများ
**ဖုံကြွယ်**
၂၂၉ လှတိုင်းအတွက်
အင်းပညာအကြောင်း
သိကောင်းစရာများ(၃)
**မောင်ပွင့်ဉာဏ်(မောရ)**
၂၅၈ ဟန်ချက်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၇၀ အခြေခံဆန်းကျမ်း
ဗဟုသုတများ
**ထိပ်တင်အုန်းကျော်**
**(သုတေသီ)**
၃၃၃ လက်တွေ့အသုံးကျလက္ခဏာပညာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၃၉၁ ပညာသည်ဝင်ပူးတိုင်း
ပယောဂဝေဒနာပျောက်သွားပြီလို့
စာဖတ်သူတို့ထင်နေပါသလား
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၃၉၃ အရာရာအဆင်ပြေဖို့အထူးယတြာ
**ဒေါ်ခင်စံသူ(B.Sc)**



၃၄၇ မွေးနေ့တိုင်းကြုံအနိဋ္ဌာရုံ
**မောင်သင်းထုံ(ကျောက်မဲ)**
၃၅၀ ကြက်ကျားကြားက
ကြက်ပြေးသူကြီး
**စိန်လင်းထက်(နေပြည်တော်)**
၃၅၄ လှဝင်းစားလေးကျွန်တော်ပါ
**သခါရဗဒုံသား**
၃၆၀ အကယ်၍သာ
**မောင်စိမ်းရင့်(ကျုံပျော်)**
၃၇၆ မွေးမိခင်ကိုလုပ်ကိုင်ကျွေး၍
သေဘေးမှလွတ်မြောက်သူ
**အောင်ဆန်းလင်း(ဘီအေ)**
၃၈၁ ဆုတောင်းမည်ဆိုပါက
**အေးချမ်းအောင်(ရမည်းသင်း)**
၃၈၄ သေသူ၏အကူအညီ
**အောင်ကျော်စိုး(ကေအေအေ)**
၃၉၆ သဘာဝမဟုတ်သော
ကောက်ကြောင်းများ၏
နောက်ကွယ်မှ
ပုံတူပန်းချီကားများ
**ရောဟိမ်ကျော်(မအူပင်)**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၄၆ ဒုဗ္ဗိက္ခန္တရမြို့တော်
**ဖိုးကျော့**



**နာယကကြီး**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန်း
ဝေလွှဲလွဲထွတ်

**ကွန်ပြူတာစေစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
နှင်းသဉ္ဇာကျော်၊ အေးချမ်းမေ
**ရုံးအဖွဲ့**
အေးအေးစန်း၊ နန္ဒာသဉ္ဇ
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၁၁၃၊၁၁၄) စိန်ရတီလမ်း
ရတနာကျွန်းဒီပ်သာ၊ (၄)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့
ဖြန့်ချိရေး ဖုန်းနှင့်ကြော်ငြာ
၀၉-၄၂၀၅၈၇၉၅၆
၀၉-၇၆၉၁၃၄၂၀

**မျက်နှာဖုံးနှင့် အတွင်းသပ်ချို**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဓာတ်ပုံ**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**မျက်လှည့်**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသား**-ဂင်္ဂါနဒီ၊ မီလျှံမှ
**ပဲခူး**- သခင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးဝှမောင်
**မြန်အောင်**-လှထုမေဗ္ဗာ
**အုပ်ရေ** ၁၀၀၀
လက်ကားနှုန်းဈေး ( ၃၅၀၀ )


www.burmeseclassic.com

www.burmeseclassic.com

■ ဗဟုလာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္တုနိ။
တေသွိဒမွိ ဧကောကာရော၊
လက္ခိတော ဧက ရာသိကော။ ။

**မမသန္တိကေ** - ငါ့ထံဝယ်၊ **တက္က ဝစရ ဝတ္တုနိ** - အတွေးကျက်စား ဟို အကြောင်းသည်အကြောင်းများတို့ကား၊ **ဗဟုလာ** - စာပေါင်းသိုက်အလား များသည်ထက်များ. . . ။

**တေသု** - ထိုအများတို့အထဲတွင် . . .၊ **ဣဒမွိ** - 'ဝေပုံ' အမှတ်အသား ဤအမည်သညာတစ်ပါးကလည်း၊ **ဧကော အာကာရော** - စာတစ်ပုဒ်ထုတ်လောက်သည့် အကြောင်းအရာတည်း။

**လက္ခိတော ကေရာသိကော** - မှတ်တမ်းတင်သင့်သော မှတ်စုတစ်စုပေတည်း။


■ **လက်နှင့်ခွက်**

ကံသုံးဆင့် အကုန်ဖွင့်၍ ချင့်ယူရန်အတွက် ကိုယ်ထင်ရှားစွာ ဘုတရုပ်ဖြင့် ပွဲထုတ်ခံရသူများမှာ. . . လူနှင့်တိရစ္ဆာန်သာ။

တိရစ္ဆာန်သည် အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြင့် ဘောင်ခတ်ထားသော မသိကံဖြင့်. . . ခတ်တည့်ရာ ကြိုက်ပေးရသော ကံအလုပ်တို့ကိုသာ လုပ်ခွင့်ရကြ၏။ ခတ်မတည့် တိုက်ခိုက်လွှတ်ရသောရန်အလုပ်တို့ကိုသာ လုပ်ခွင့်ရကြ၏။ ခတ်သွေးလှူပ်က အရှက်၊ အကြောက်ကင်း၊ ခတ်သွေးငုပ်က ဝေ့ဝိုက်ခြင်းဖြင့်သာ အချိန်ကုန်ကြရ၏။ သို့ကြောင့် တိရစ္ဆာန်သွေးများညစ်ခြင်း၊ နှောက်ခြင်း၊ ပျစ်ချွဲခြင်းတို့ဖြင့် မသန့်ပြန့်တော့ရာ ကောင်း၊ မကောင်းအရာ ဘာကိုမှ မဝေဖန်တတ်ကြ။

လူမှာမူကား အနည်းဆုံး၊ အောက်ဘက်အကျဆုံး လူဖြစ်သော်မှ ကမ္မသကာ

## ကျေးဇူးတော်ရှင်
## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
# ဝေပုံ
## (ပကိဏ္ဏက လေခက္ခန္ဓကထာ)
ကထာစာပေါင်းသိုက်



www.burmeseclassic.com

www.burmeseclassic.com

ထသမ္မာဒိဋ္ဌိဉာဏ် (အကောင်းလုပ် အကောင်းဖြစ် အဆိုးလုပ် အဆိုးမှာနစ်၏။) အမြင်ပေါက်ရှိချေရာ ကံလုပ်ရာ၌ ဝိဇ္ဇာပစ္စယာသင်္ခါရာအရာဝင်တော့သည်သာ။

ထိုစဉ် . . . ကောင်းမှုဆိုသော လယ်ယာတွင် အကောင်းမြင်ဆိုသော ခန္ဓာဝိညာဉ်မျိုးစေ့ချ၍ လိုလားခြင်းဆိုသောတဏှာမိုးကြီး သည်းသည်းသန်သန်ရွာချလိုက်ချိန် ဤကာမာဝစရကုသိုလ်က လိုရာကျက်စားအပြစ်ကိုလည်းရှောင်ရှားစေတတ်သောကံသတ္တိဖြင့် လူ့အဖြစ်ထဲ တွဲပွဲဝင်ခွင့်ရရန် . . .

(က) ကြိုက်၊ မကြိုက် တိုက်ကြည့်ပေးသော ဓာတ်သက်များလည်း သွင်းပေးထား၏။

(ခ) ကောင်း၊ မကောင်း ဆောင်းကြည့်ပေးသော အသိဉာဏ်များလည်း သွင်းပေးထား၏။

ဤ၌ ဓာတ်သက်၊ ဓာတ်ဉာဉ်ကိန်း ခန္ဓာငါးပါးကား ခံခွက်အရာဝင်၏။ အကျိုးရှိ အပြစ်မဲ့ကို ရွေးသုံးပေးသော ဉာဏ်ကား လက်အရာဝင်၏။ ထိုစဉ် . . .

(က) ဘဝနှင့်ဘဝပုံဖော်လူစသည့် ဖြစ်ပွားလာသည်နှင့် ဖဿ၊ ဝေဒနာ၊ သညာတို့ ဦးစီးသော သဗ္ဗနှင့်ပကိဏ်ဏ ရော အညသမာန်း စေတသိက် ၁၃-လုံး တို့က ပါပြီးသား။

(ခ) တစ်ဖန် ဘုတ်ဖွဲ့ခန္ဓာများဖြစ်ပွားလာသည်နှင့် အကုသိုလ်စေတသိက် ၁၄ - လုံး ပါပြီးသား။

မှတ်ချက်။ ။ ဓာတ်သက်ကို ဇာတ်သက်ဖြင့်တေ၍ သို့မဟုတ် ကံပေါ်ဉာဏ်ဆင့်သောအားဖြင့် သညာပေါ် သတိတင်နိုင်သူမှသာ သောဘဏ ၂၅- လုံးက လာရောက်ခိုနားမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးဇာတိရွာ မင်းကုန်းကျေးရွာရှိ
မင်းကုန်းတောရကျောင်းဝင်းအတွင်းရှိစေတီတော်များ။
ယခုအခါမွမ်းမံပြုပြင်ပြီးဖြစ်ပါသည်။
(မတ်လ ၂ရက် ၂၀၁၅ ခုနှစ်တွင်ရိုက်ကူးပါသည်)







ဆရာတော်ဘုရားကြီးတည်ထားခဲ့သောမင်းဘိသိက်ခံစေတီတော်(အပေါ်ပုံ)
ဝေဘူဆရာတော်ဘုရားကြီး၏ ပုံတော်(လက်ယာအပေါ်)
(မင်းကုန်းရွာဘုန်းတော်ကြီးကျောင်းမှဓာတ်ပုံကိုပြန်လည်ရိုက်ကူးပါသည်)
ဆရာတော်ဘုရားကြီးဆွမ်းဘုန်းပေးတော်မူနေသောပုံတော်(အောက်ပုံ)
(မင်းကုန်းတောရဘုန်းတော်ကြီးကျောင်းမှ ဓာတ်ပုံများကိုပြန်လည်ရိုက်ကူးပါသည်)
(မတ်လ ၂ရက် ၂၀၁၅ ခုနှစ်တွင်ရိုက်ကူးပါသည်)

သို့ကြောင့် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မှီခိုစရာကား ဓာတ်လေးပါးတို့ ပေါင်းစုထားသည့် ဓာတ်ကောင်အရာဝင် ဓာတ်ခန္ဓာများကိုသာ. . .။ သို့ဖြစ်ရာ အသက်မွေးရာဝမ်းကျောင်းရာ၌လည်း ယင်းဓာတ်ကောင် မှီခိုရသည်သာ။ အရင်းအနှီးရယူရာ၌လည်း ယင်းစေတသိက် ၂၇-လုံးတို့ကို သာ။ ထို ၂၇-လုံးတို့က ဓာတ်သိဓာတ် ဉာဉ်အမည်ရ စိတ်ကို ကြိုးကိုင်လိုက်သောအခါ. . . စိတ်သည် မကောင်းရာ၌သာပျော်ပါး၏ ဖြစ်လာပြီ။

ကောင်းမှုအဖြစ် ဒါန၊ သီလခန်းဘက်ထွက်လည်း အပျော်ဝယ်အပါးဖက်နေ၏။

ဓာတ်မှ ဇာတ်သို့ပြောင်းပစ်ရန် ဘာဝနာဘက်ထွက်လည်း အပျော်မလာ စိတ်မပါတာတ်။

ဒုံရင်းသို့လွှတ်ပေးလိုက်လျှင်ကား လိပ်ရေထဲလွှတ်ပမာ မြူးထူးလျက်ကသာ။ သည်နေရာ လူသားနှင့် တိရစ္ဆာန်ဘာမှမကွာခြားကြပါ။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုအဖြစ် ဒါန၊ သီလ၊ ဘာဝနာဘက် ထွက်ခဲ့သော်မှလည်း ခာတ်သက်နှင့် ခာတ်ဉာဉ်ကများများ ဇာတ်သက်ဖြစ်သော လူ့ဉာဏ်ကား နည်းနည်းပါးပါးသာ ပါဝင်ခွင့်ရသော ကြောင့် ဝေပုံချရာ၌လည်း လူ့ဝေပုံ ခွက်ကပ်မုန့်လောက်မျှသာ။ အကယ် တိတိ. . .

- ဘုရားအစထား သူတော်ကောင်း ကြီးများနှင့်လည်း ဆုံစည်းခွင့်ရကြမည် . . . ။

သူတော်ကောင်းစကား နာကြား ရဖန်များ၍ ယုံကြည်မှုကလည်း တိုးပွား လာကြမည်. . .

ခာတ်သက်ကိုလည်း အရိုင်းမှ အယဉ်သို့ ဖွဲပါပါပြုပြင်ပေးနိုင်ကြမည် . . .

ဆိုပါလျှင် ခာတ်ခွက် ၆-စုံသို့ မည်သည့်အာရုံကလာတိုက်တိုက် သတိ၊ အသိ၊ ဝီရိယနောက်အားဖြည့်၍ မိမိ ဘက်အထည့်ခံခြင်းအားဖြင့် ခာတ်ကြိုက် ကိုပယ်ဖျက်လျက် အကောင်းဘက်ကိုသာ လက်ဆက်ကြတော့ရာ ခာတ်မကြိုက်ကို အမှတ်မသွင်းတော့ဘဲ အပြစ်ကင်းဘက် ကိုသာလက်သွင်းကြတော့ရာ အမှုမဲ့မဲ့ အမှတ်မဲ့မဲ့တို့ဖြင့် အာရုံချင်းမလဲ သတိ၊ အသိတို့ဖြင့်သာ အာရုံချင်းလဲတော့ရာ . . . သည်နေရာသည်အဆင့် တိရစ္ဆာန် များလိုက်ခွင့်မရကြတော့ပါ။ သဒ္ဓါ၊သတိ မှပွား သောဘဏ် ၂၅-ပါး တိရစ္ဆာန်များ မကျက်စားနိုင်ကြတော့ပါ။

သည်သို့ ခန္ဓာငါးပါးထဲက ဦးစီး ဖြစ်သောစိတ် သောဘဏစေတသိက်တို့ နှင့် ချိတ်မိသွားသောအခါ ခန္ဓာသည် ခာတ်ကောင်မှ ဇာတ်ကောင်ဘက် ပြောင်းရွှေ့လာပါတော့သည်။ ခာတ်ခိုင်း သောအလုပ် ဆန့်ကျင်၊ ဇာတ်ခိုင်းသော အလုပ်ဖြင့်သာ ပွဲဝင်တော့သည်။ ဉာဉ် သိနောက် မလိုက်စား ဉာဏ်သိဖြင့်သာ ကျက်စားတော့သည်။ ထိုအခါ ခာတ် သားနှင့် ဇာတ်သားများ ပေပုံခွဲကြလျှင် . . . ဇာတ်သားဖြစ်သော လူ့ဝေပုံကများ ၏ ခာတ်ဝေပုံကား ခွပ်ကပ်မျှလောက် သာ။

အညသမာန်း- ၁၃၊ အကုသိုလ်- ၁၄၊ ပေါင်း- ၂၇. . . ထိုစိတ်ကြိုးကိုင်တို့ ဖြင့် အလုပ်ဝင်သော် လူ့ဝေပုံနည်း၍ ခာတ်ဝေပုံဘက်ကများ၏။

အညသမာန်း-၁၃၊ သောဘဏ- ၂၅. . . ပေါင်း- ၃၈. . . ဤ ၃၈-မျိုးတို့ စိတ်ကိုကြိုးကိုင်စေလျှင် လူ့ဝေပုံဘက်က များ၍ ခာတ်ဝေပုံကား နည်းနည်းပါးပါး ဖြစ်သွားလိမ့်မည်။

■ **လူ့ဗုဒ္ဓက သူ့ဌေးဖြစ်ဖို့ဆိုတာ**

ခန္ဓာသည် ဘုတ်အဖွဲ့က စီမံပြု လုပ်ထားသည်။

လူ့ဖြစ်စဉ် လူ့ဘဝကား ခန္ဓာကြား အမြှောင်ထားပေးခံရခြင်းသာ။

ဤ၌ ဘဝနှင့်ခန္ဓာကိုယ်တို့၏ အစ ပုံဖော်ပြဖို့လိုလာသည်. . . ။

ခန္ဓာဟူသည် အုပ်စုဖွဲ့၍ အလှည့် ကျ တာဝန်ခံပေးရသော အစုအဖွဲ့ကိုဆို ချေရာ. . . ရုပ်အုပ်စု၏ လိုအပ်ချက်များ ကို နာမ်အုပ်စုထဲရှိ ခေါင်းဆောင်ဝိညာဉ် နှင့် နောက်ပါစေတနာဦးစီးသောသင်္ခါရ- ၅၀ တို့က ပြုလုပ်ပေးကြရ၏။ တစ်ဖန် နာမ်အုပ်စု လိုအပ်သမျှများကိုလည်း ရုပ်စုက လိုက်လံဆောင်ရွက်ပေးရ၏။

ရုပ်သည် အတွင်းနေ ခာတ်လေး ပါးတို့ကို ခတ်ဖက်လုပ်၍ သူ့ကိုယ်သူ ပွဲထုတ်သည်။

နာမ်သည် တွင်းပြင်နှစ်ပါးနှင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရများဖြင့် သူတို့ ကိုယ်သူတို့ပွဲထုတ်သည်။

သို့ ပွဲထုတ် လုပ်စား အောင်ပွဲခံ ဖြစ်ဖို့ရန်အတွက်ကိုကား. . . ရှေ့ပျက် နောက်ဝင် သက်စောင့်အရှိန်တို့၏ အစီ အစဉ်ဖြင့်တန်းမတ်စွာသွားပေးနေရသော ဘဝခေါ်ဖြစ်စဉ်ကြီးသည် မပါမဖြစ်ချေ။ တစ်ဖန် ဘဝဆိုသော ထိုဖြစ်စဉ်ကြီး ထိုးတည်းပေါ် ထွန်းလာရန်ကိုကား ရှေ့နှင့်နောက် ဆက်စပ်ပေးသည့် ပဋိသန္ဓေ သည် အခရာ။

ရထားတွဲများ၌ ပုံစံဖြစ်စဉ်ချင်း တစ်တွဲနှင့်တစ်တွဲမတူညီကြပါ။ အချို့က လူစီးတွဲ၊ အချို့ ကုန်တွဲ၊ အချို့ ဂတ်ဗိုလ် တွဲ စသည် စသည်များ. . .၊ ယင်းတို့ကို တစ်ကြောင်းတည်း လမ်းခရီး အတူခရီး သွားထားပေးလိုရာ၌ ဘူတာထဲက တွဲဆက်သမားသည် မပါမဖြစ်တော့ပါ။

ထို တွဲဆက်သမားသည်. . . ရံ တစ်ခါ ဝက်တင်တွဲကရှေ့ လူစီးတွဲက နောက်ဖြင့်ဖြင့်လည်း ချိတ်ဆက်ပေးရ ၏။ ရံတစ်ခါ လူစီးတွဲကရှေ့ သိုး၊ ဆိတ် တွဲများက နောက်ဖြင့်လည်း ချိတ်ဆက် ပေးရ၏။ သို့ ချိတ်ဆက်ပေး တာဝန်ယူ ရာ၌ သူ့စိတ်တိုင်းကျကား မဟုတ်၊ ကံ ခေါ် အထက်အရာရှိ စီစဉ်ညွှန်ကြားပေး ထားသောအတိုင်းသာ. . . ။

ပမာ. . . တစ်ဘဝနှင့်တစ်ဘဝ ဆက်စပ်ပေးခွင့်ရ ဤပဋိသန္ဓေစိတ်သည် လည်း ဤလူ့ဘဝ ရစေ၊ ရောက်စေ သည့် ကံသတ္တိ၏အညွှန်းအတိုင်းသာ ဆက်ပေးနေရ၏။ ထိုစဉ် အတိတ်က ကာယ၊ ဝစီ၊ မနောတို့ဖြင့် ဒါနမှု၊ သီလမှု တစ်ခုခုပြုကျင့်ရာ၌ ကံထင်ရှားလာ သည်။ ဤကံသည် ကောင်းကျိုးပေးမည့် ဇကန်ဟု သိလာသောဝိညာဉ်လည်း ထိုကံနှင့်တစ်ပါတည်း ပါလာနေသည်။ ကောင်းရာလုပ်က ကောင်းကျိုးရမည်ကို . . . လယ်သမား သူ့စိုက်ကွင်းအား လှည့်လည်ကြည့်ရှုရင်းက စပါးအထွက် နှုန်း ခန့်မှန်းနေသည်ပမာ. . . ကောင်း ဘဝအပေါ် မျှော်ခေါ်သော တဏှာက လည်း အလိုလိုပါဝင်နေသည် တန်းစဉ် ကြည့်ပါ. . .

ကံကား . . . လယ်ယာ (ကမ္မ ခေတ္တံ)

ကံဝိညာဉ်ကား. . . မျိုးစေ့ (ဝိည ဏံ ဗီဇံ)

တဏှာကား . . . မျိုး (တဏှာ သ္နေဟော)

သည်သို့ တွေ့ရသည်။

ထို ကံဝိညာဉ်က လက်ရှိ ဖြစ်၊ ပျက်များဖြင့် ဖွဲ့စည်းထားသော ခန္ဓာတွဲ ကြီး ကံအရှိန်စဲ သေပွဲဝင်ရခါနီးဆဲဆဲ ရောက်လာသောအခါ. . . တစ်ဘဝလုံး လုံး မိမိအသိလုပ်ခဲ့ဖူးသမျှသော ကံ အမျိုးမျိုးထဲက တစ်မျိုးမျိုးကို အားကိုး တကြီး လိုက်လံဖွေရှာ၏။

သို့ ရှာနေစဉ်. . . မိမိအလှူပြု လုပ်စဉ်က ပုံစံလေးက ရေးရေးပေါ်ပြ လာနေ၏။ ယင်းကို ကံဝိညာဉ်က ထင်သည်ထက်ထင် ထင်းသည်ထက် ထင်းအောင် အာရုံယူလိုက်ရာ ထင်ရှား ပြတ်သားသောကံနိမိတ်ဖြစ်ထွန်းလာ၏။ ယင်းအထဲသို့ ကံဝိညာဉ်က ထပ်ချိတလဲ ကောင်းကံနှင့် ကောင်းသိ တွဲပေးနေချိန် ဝယ်. . . စာရေးတံမဏ္ဍပ်ရှေ့ရောက်နေ သည့် ရဟန်းတော်တစ်ပါး . . . "ငါ ဘယ်ဒကာကများပင့်ပါမလဲ" ဖြင့် စောင့် မျှော်နေချိန်၊ "ငါဘယ်ဒကာနောက်လိုက် ရပ့်ါမလဲ" ဖြင့် စောင့်မျှော်နေချိန်ပမာ . . . ထိုအချိန်မှာပင် ဤ လူ့ဘဝရရန်၊ ရောက်ရန် သင်္ကေတပြအဖြစ်ဖြင့် ဂတိ နိမိတ်ဖြစ်ထွန်းလာ၏။ ထိုအလားအလာ ဂတိနိမိတ်က . . .

မိခင်ဝမ်းတွင်းမှနေ လှမ်းမြင်ရမည့် ဝမ်းရေရောင်လည်း ဖြစ်နိုင်သည်။

မိမိ မှီခိုခွင့်ရမည့် မိဘနှစ်ပါးတို့၏ ပုံများလည်း ဖြစ်နိုင်သည်။

မိမိ ခံစားခွင့်ရမည့် စည်းစိမ်အခြံ



www.burmeseclassic.com

www.burmeseclassic.com

အရုံပုံများလည်း ဖြစ်နိုင်သည်။

သို့မဟုတ် လူ့ဘဝနှင့်စပ် အရပ်ရပ်သော ပုံပြနိမိတ်များလည်း ဖြစ်နိုင်သည်။

သည်အချိန် သည်အိမ်နေလိုစိတ် ပြင်းပြလာချေရာ ကံဝိညာဉ်သည် ပဋိသန္ဓေဝိညာဉ်အဖြစ် အသွင်ကူးပြောင်းလိုက်တော့သည်။

သည်သို့ ကံဝိညာဉ်အပြတ် ပဋိသန္ဓေဝိညာဉ်က သည်ဘက်အိမ်ဝင်ကပ်စဉ် သည်ဘက်နေ မိဘနှစ်ပါးတို့ ပေါင်းစပ်ထားသည့်သုက်သွေးများအကြားဝယ် ကလလရေကြည်ခေါ် သော သန္ဓေသွေးလောင်းခေါင်းစင်းဝင်လာတော့ရာ . . .

ပထမရက်သတ္တပတ်တွင် ရေကြည်က ရေကြည်အတိုင်း၊

ဒုတိယပတ်ရောက်လာသော် ရေကြည်ကနေရေမြှုပ်(သားဆေးရည်ပမာ)

တတိယပတ်ဆိုက အမြှုပ်မှ သားတစ်နီနီရဲရဲလေး။

စတုတ္ထပတ်တွင် အသားပျော့မှ အသားတစ်မာမာသို့ ပြောင်းရွှေ့လာနေပြီ။ သည့်နောက်အပတ်များတွင်ကား ခက်မငါးဖြာ (ဦးခေါင်း၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်နေရာများ) မှနေ နောက်ဆုံးခန္ဓာကိုယ်ပုံစံပေါ် အထိ ၄၂- သတ္တပတ်ကြာမြင့်စွာ အမိဝမ်းခန်းဖွဲ့နေရသည်။

၄၂-သတ္တပတ်ရက်အားဖြင့် ၂၉၄-ရက် ကြာညောင်း၏။ ယင်းမှာ ဟိုဘက်ဘဝ လူ့ကံကြွေရာမှနေ သည်ဘက်ဘဝ လူ့ကံသစ်ဖွဲ့ရာ၌ ကြားခံ ထိုကူးရသော ရက်များ (သတ္တဟများ)ပင်ဖြစ်ကြသည်။ သည့်နောက်တွင်မှ လူအဖြစ် မွေးဖွားခံရခြင်း လူ့အလားမြောက်ခြင်းများဖြစ်ပွားကြရမည်။

ဤ ပဋိသန္ဓေနေချိန်၏ ထိုအစီအရင်များထဲဝယ် . . . ကံဝိညာဉ် (ပဋိသန္ဓေဝိညာဉ်) သည် ခရီးသည်နေရာမှ ဝင်ပေးရ၏။ သို့မဟုတ် ခရီးသည်တင်လှေကြီး၏ လှေထိုးသားနေရာမှ ဝင်ပေးရ၏။ ကလလရေကြည်ခေါ်သော အာပေါ ဓာတ်ဦးဆောင်၍ ဓာတ်လေးပါးတို့ ဖွဲ့စည်းထားသည့် ဓာတ်ကောင်အမည်ရ ခန္ဓာသည်သာ ပိုင်ရှင်နေရာရသွား၏။

ဤသို့ ကလလရေကြည်ခေါ်သော သန္ဓေရည်လေးသည် ယင်ကောင်တစ်ကောင်၏ တစ်ကျိုက်စာသောက်ခွင့်ရပမာဏမျှသာရှိသည်ဆို၏။ သေးငယ်လွန်းလှသော ထိုရေကြည်ပေါက်ကလေးအတွင်းဝယ် . . .

၁။ ကာယဒသက ခေါ် ကိုယ်ကောင်ဖြစ်ပွားစရာ ကလာပ်စည်းများလည်း ပါဝင်နေ၏။

၂။ ဘာဝဒသက ခေါ် ကျား၊ မ ဖြစ်ပွားစရာ ကလာပ်စည်းများလည်း ပါဝင်နေ၏။

၃။ ဝတ္ထုဒသက ခေါ် စိတ်ဖြစ်ပွားစရာ မနောဝပ်ကျင်းများလည်း ပါဝင်နေ၏။

တစ်ဖန် သေးငယ်လွန်းလှသော ထိုကလလရေကြည်ပေါက်လေးအတွင်းဝယ် . . .

(က) ယိုဖွဲ့စရာ ရေအားသတ္တိများလည်း ပါဝင်နေပြန်၏။

(ခ) ပျော့မာစရာ မြေအားသတ္တိများလည်း ပါဝင်နေပြန်၏။

(ဂ) လှုပ်ကန်စရာ လေအားသတ္တိများလည်း ပါဝင်နေပြန်၏။

(ဃ) အခိုးလွှတ်စရာ ပူ၊ အေး သတ္တိများလည်း ပါဝင်နေပြန်၏။

အထက်ပါ ပါဝင်ခြင်းအားလုံးတို့သည် ဘဝနှင့်ခန္ဓာဖွဲ့စည်းရာ၏ အဓိကထင်သာမြင်သာသည့် သတ္တိပြုများချည်းဖြစ်ကြရာ. . . လှုပ်ရှားစရာရှိ သူ့ဘဝ သူ့ခန္ဓာအတွက်သာ။ ခံစားစရာရှိလည်း သူ့ဘဝ သူ့ခန္ဓာအတွက်သာ။

သည့်အတူ နောက်ပါ မှတ်သားခြင်း၊ စေ့ဆော်ခြင်း၊ အသိလုပ်ခြင်းအုပ်စုများကလည်း လက်ရ သူ့ဘဝ၊ သူ့ခန္ဓာအတွက်သာ ပြုလုပ်ကြမည်။ သို့ ပြုလုပ်ရာ၌ ဓာတ်ကောင်၊ ဓာတ်ညဉ် ဓာတ်စာ ရှာမှုတစ်ပါး အခြားမရှိ။

ဆိုပါစို့. . .။ သုဂတိ . . . လူ့ဘဝတော့ ရလာပါရဲ့။ အဟိတ်. . . စိတ်သန့်ဖြင့် ချမ်းသာစွာနေတတ်စရာ ဉာဏ်မပါလာသူက ခရီးသည်တင်လှေပိုင်ကြီးဖြစ်နေပြီဆိုပါတော့. . . ထိုသည့်သူ. . . ရေစုန်၊ ရေဆန် ငါးဖို့သာ ကြံဖန်နေရော့မည်။ ကြုံရာခင် မင်ရာတွဲ ငါငါချင်း အလဲအထပ်သာလုပ်ရော့မည် ပမာ. . .

ထိုဘဝနှင့်ခန္ဓာထဲ ရှေးလူ့ဘဝရှိ ကံဝိညာဉ်က ယခုဘဝ ကံဝိညာဉ်အဖြစ် လိုက်ပါခွင့်ရရန် ပဋိသန္ဓေဝိညာဉ်အဖြစ်ဖြင့် လိုက်ပါခဲ့ရသည့် လူ့ဉာဉ်ကား. . . ရှေးဘဝ ကံကြွေချိန် တွေ့မေ့ခြင်းမောဟ အဖုံးခံလိုက်ရသည်က တစ်ကြောင်း၊ အမိဝမ်းဝယ် ၄၂-သတ္တာဟလုံးလုံး မောဟ အဖုံးခံထားရသည်ကတစ်ကြောင်း၊ အမိဝမ်းမှကျွတ်ကျလာသောအခါတွင်လည်း . . .

ပထမအရွယ် ၁၀-နှစ်တန်းသည် ဓာတ်လေးစုံ အားမြှုနေသေး၍ မသိနိုးနားဖြင့် အချိန်ကုန်လွန်ကြရ၏။

ဒုတိယအရွယ် ၂၀- နှစ်တန်းသည် ဓာတ်လေးရစ် အားသစ်လာနေပြီဖြစ်၍ အပျော်အပါးများဖြင့်သာ အချိန်ကုန်လွန်ကြရ၏။

တတိယအရွယ် ၃၀-နှစ်တန်းသည် ဓာတ်လေးဝ အားပြလာပြီဖြစ်၍ အလုအယပြိုင်ဆင်ခြင်းဖြင့်ပင် အချိန်ကုန်လွန်ကြရ၏။

သည်မှ နောက်ရှိ ၄၀- ၅၀ တန်းအရွယ် ဒသကနယ်များတွင်လည်း ဓာတ်သွေးဆာ ဓာတ်ဘက် ခတ်ဖက်များ ရှာကြံကြရာမှ လေ၊ မီးကြမ်း ဖိုဓာတ်ပိုင်ရှင်များသည် မ,ဓာတ်ပိုင်ရှင်လက်ထဲမှ ဓာတ်သွေးနှင့် ဖက်စပ်ပေးမှ နေသာထိုင်သာရှိမည်ကြောင့် မယားယူရ၏။ သွေးထက်ကြမ်း မ,ဓာတ်ပိုင်ရှင်များကလည်း ဖိုဓာတ်ပိုင်ရှင်၏လက်ထဲရှိ လေ၊ မီးဆောင် သွေးနှင့် ဖက်စပ်ပေးမှ သက်သာရာရမည်ကြောင့် လင်ယူရ၏။

ထိုလင် ထိုမယားများ ဓာတ်သွေးတောင်းရာ ဓာတ်စာရှာအဖြစ်ဖြင့်. . . အတွေ့အတွေ့ချင်းလဲသုံးခြင်း၊ အဆင်းအဆင်းချင်း၊ အသံအသံချင်း၊ အနံ့အနံ့ချင်းလဲသုံးခြင်း စသည့် အာရုံခံစားကြရာ အကြားမှပင် သားဟယ်သမီးဟယ် တစ်သီးကြီးတစ်တန်းကြီး ဟီးလေခိုဝင်လာခြင်းခံကြရတော့ရာ. . . သည်တစ်သက် ငါ ငါချင်းစွက် ငါတွက်ဖြင့် ပြီးစီးကြရမည်။ သည်အထိ ဓာတ်ညဉ်ဓာတ်သိတို့က ဘဝကိုကြိုးကိုင်ခိုင်းစားနေကြ၏။

ထိုဓာတ်ညဉ်ဓာတ်သိတို့၏ထက်ဝယ်. . . ခန္ဓာပြုစုရန်အတွက် လိုက်ပါလာကြသော အညသမာန်း စေတသိက် ၁၃-မျိုး၊ ဓာတ်ပြုစုရန်အတွက် လိုက်ပါလာကြသောအကုသိုလ်စေတသိက်၁၄-မျိုး. . . ဤ၂၇-မျိုးတို့သာ ကြိုးကိုင်ခွင့်ရစေပါမည်။

လူ့အသိဉာဏ်ဖြစ်သော၊ အတိတ်ဘဝ ဒါနကံ (သီလကံ၊ ဘာဝနာကံ) ပြုစဉ်ကပါလာသည့် ကံဝိညာဉ်သည်ကား လူ့ငှားဘဝ လုပ်စာရလောက်မျှသာ။

လှူခွင့်ကြုံ၍ လှူလိုက်သည် ဓာတ်ညဉ်ကသာ အလှူထုပ်ပိုက်သွား၏။

သီလယူခွင့်ကြုံ၍ ယူလိုက်ပြီ ဓာတ်ညဉ်ကသာ အယူထုပ်ပိုက်သွား၏။

ကိုယ်လိုလားသော အလှူခံပုဂ္ဂိုလ်ကို ကိုယ်လိုလားသော အလှူပစ္စည်းဖြင့် ပေးလှူနေသည်များက သက်သေပြနေ

www.burmeseclassic.com

www.burmeseclassic.com

ပြီ။ သဒ္ဓါ. . . ယုံခြင်း၊ သတိ. . . မှတ်သားခြင်း စသည့် လူသုံးအရာများကား ပုဂ္ဂိုလ်၌သာယုံ၍ ကိုယ့်ဖို့လောက်သာ အမှတ်ထားလေ့ရှိကြသည်။ ဓာတ်ဉာဉ်ကို သတိဖြင့်မြုပ်၍ ခန္ဓာ့ဉာဏ်ကို ကံဝိညာဉ်အသိဖြင့် ဖော်ထုတ်ပေးတတ်သော ဝိပဿနာဉာဏ်မဝင်စားသေးသမျှ ကိုယ်ပိုင်သဒ္ဓါ မရနိုင်။ ဝိပဿနာဉာဏ်တုန်၍ သောတာပန်ဘုံ မခိုလှုံရသေးသမျှလည်း ထိုကိုယ်ပိုင်သဒ္ဓါကား မခိုင်မြဲနိုင်။ သို့ဆိုသော်. . . ယနေ့ လူသားတို့၏ လူ့အလုပ်သည် ပိုင်ရှင်နေရာက မဟုတ်ကြသေး။

ဓာတ်ကြိုက်မှ လိုက်ပေး လိုက်ယူလုပ်။

ဓာတ်မကြိုက်က တိုက်လွတ်ဖယ်ထုတ်။

ဓာတ်မတွေ့ မေ့လွတ် မသိဘာသာမြုပ်။

ဤ သုံးကွက်တွင်း နင်း၍လုပ်ပေးနေရဆဲသာ။

လုပ်သားသည် ပိုင်ရှင်လောက်စီးပွားမဖြစ်တတ်။ အကယ်တိတိ. . . လုပ်သားကနေ ပိုင်ရှင်ဘက်တက်လိုသော် ကြိုက်လည်းအောင့် မုန်းလည်းအောင့် အမေ့ကိုကား သတိဖြင့် စောင့်ပေးလိုက်ပါ။

■ သူဌေးကိုလူ့ဘုရားလိုထားခိုင်းစားဖို့ဆိုတာ

ဓာတ်က ဖွဲ့စည်းပေးထားသော ခန္ဓာနောက်လိုက်ပါရ၍. . . ၊

ဓာတ်သွေး ဓာတ်ဉာဉ်တို့ အာရုံရှာဖွေရာအကြား လိုက်သွား၍. . .

လူသည် လူ့အလုပ် လုပ်တတ်ဖို့ အထူးလို၏။ ဤနေရာ ဆရာမပါ မဖြစ်။ ဤနေရာ အညွှန်းမကြည့် မသိတတ်နိုင်။

မိဖုရားပေါင်းမြောက်မြားစွာတို့၏ အဆောင်များသို့သာ ညစဉ် အချိန်ပြည့် လှည့်လည်နေသည့် သက်ဦးဆံပိုင်ဘုရင်ကြီးကို . . . သီလဖြင့် ကိုယ်သန့်စင် သမာဓိဖြင့် စိတ်သန့်ရှင်း ပညာဖြင့် ဉာဏ်အလင်းထွင်းသိစေသော ဘာဝနာဆောင်သို့ လမ်းလွှဲပေးရန်မှာ. . . နန်းဦးဆရာတော်၌ တာဝန်ရှိပါသည်။

အိမ်မပြန်မကပ်သည်အထိ အပျော်လွန်နေသည့် ကျောင်းဒကာ သူဌေးကြီးကို. . . ဘုရားကျောင်းကန်ဘက် ခြေဦးလှည့်၍ ကိုယ့်လက်ရှိကို ကိုယ့်အသိဖြင့် လှည့်ကြည့်စေရန်မှာ ကျောင်းထိုင်ဘုန်းကြီး၌ တာဝန်ရှိပါသည်။

သို့ပမာ . . . ဘဝခြေစုံပစ်၍ ကာမ အာရုံဘက်ကျက်စားနေသော ဉာဉ်ကိုလည်း ဉာဏ်ဘက်ထွက်ခဲ့ရန်မှာ သံဝေဂသည် ဆရာနေရာ၌ တန်းဝင်ပါသည်။



ဆရာတော်ဘုရားကြီးဇာတိရွာ မင်းကုန်းကျေးရွာရှိနေအိမ်ခြံဝင်းအတွင်း တည်ထားသည့် ရွှေချက်သိုက်ခွန်တိုင်၌ ရေးထိုးထားသည့် ကျောက်စာ (မတ်လ ၂ ရက် ၂၀၁၅ ခုနှစ်တွင်ရိုက်ကူးပါသည်)

ဘဝနာမှ ဘာဝနာဘက်သို့ ခရီးထွက်လေ့ရှိကြသည်။

ခန္ဓာနာမှ ဓမ္မအာရုံ ခံမင်လေ့ရှိကြသည်။

ထိုစဉ်. . . ဘဝအနာကို ဘာဝနာဖြင့် ကုစားမှ ပျောက်ကင်းတတ်သောကြောင့်၊ ခန္ဓာအနာကို ဓမ္မအာရုံ ထုံဆေးပေးမှ ကျေအေးတတ်သောကြောင့်။

လူတို့ရှိ ဉာဉ် (စိတ်)ကို ပြင်ပနေ တစ်ဖက်အာရုံတို့သည် အမြဲလည်း လာရောက်ထိတွေ့နေကြ၏။ အမြဲလည်း ညှိဖြင့်တဲ၍ အထဲမှအပြင်ဘက် ဆွဲထုတ်နေကြ၏။ တစ်ဖန် ကိုယ့်ခန္ဓာရှိ အတွင်းနေများကလည်း. . . ဝေဒနာက လာသမျှအာရုံကို ချဲ့ကားပြကာ သွေးထိုးပေးနေပြန်၏။ သညာကလည်း အာရုံဘက်လိမ်ထုတ်နေ၏။ ဝိညာဉ်ကလည်း တစ်ဖက်လှည့်လုပ်ပေးနေပြန်၏။ စေတနာ စသည်များကလည်း တစ်ဖက်မှနေ အကျိုးဆောင်ပေးရန် ဟန်တပြင်ပြင်ရှိနေပြန်၏။

တစ်ဖန် ခန္ဓာတွင်း ဓာတ်ချင်း တိုက်ခိုက်ရာအကြားရှိ ဓာတ်သွေးတို့ကလည်း ကပ်ပါးစိတ်အား ပြင်ပသို့သာ လွှင့်မှုတ်ပေးနေကြပြန်၏။ သို့ကြောင့် ထိုစိတ် မိမိခန္ဓာအိမ်၌ အိပ်နေခွင့်မရရှာ။ ယင်းကို ကိုယ့်အိမ် ကိုယ်နေ၍ ကိုယ့်အခြေ ကိုယ်အနေ အရှိအရှိအတိုင်း အသိရှိနေစေရန် သံဝေဂဉာဏ်သည် ကြားခံ မဝင်မဖြစ် ဝင်ပေးရပါတော့မည်။

အချို့ ကံရှိုး ပိုးကိုက်ခံရခြင်းဖြင့် ဘဝကို နာကြည်းစေရ၏။

အချို့ စိတ်သွားတိုင်း ကိုယ်မပါစေသော ဇရာဒုက္ခလအနာဆိုက်ရောက်လာစေရ၏။ သို့ ဖြစ်ပွားလာစေရန် ကံကို ကံက ဖျက်ပေးခဲ့ရ၏။ စိတ်ကို စိတ်က ဖျက်ပေးခဲ့ရ၏။

တစ်ဖန် အပြင်ကနေ၍လည်း ဥတုဖြစ်ရုပ်ကို ဥတုက ဖျက်ပေးနေရ၏။ အာဟာရဖြစ်ရုပ်ကို အာဟာရက ဖျက်ပေးနေရ၏။ ဖျက်ခဲ့ရပုံပြန်ကြည့်။ ထိုစဉ် . . . အရွယ်မှီ၍ဖြစ်သောမာန်၊ ကျန်းမာသန်စွမ်းမှုမှီ၍ဖြစ်သောမာန်လည်းဝင်၏။ တစ်ဖန် ဓန၊ အလှ၊ ပညာ စသည်များအားသန်လာရာမှ မာန်ဝင်လာသည်များလည်းရှိ၏။ ထိုမာန်က ဒိဋ္ဌိနှင့်တဏှာကိုလည်း အကွက်ဆင်ပေးလေ့ရှိ၏။ တစ်ဖန် ဒေါသနှင့်အပေါင်းပါအားလုံးကိုလည်းကောင်း၊ မောဟနှင့် နောက်လိုက်အားလုံးကိုလည်းကောင်း ဤမာန်က သင်တန်းလည်း ပေးတတ်သေး၏။

သို့ဖြင့် သွေးတက်၍ သွေးထွက်မြူးချိန် ဒုတိယဒသက ၁၁- နှစ် ၂၀ အတွင်းမှ စတင်၍ အားကြီးမာန်တက် အာရုံရှာဖွေ ခံစားရာဘက် ခရီးထွက်ကြတော့သည်။

၂၀ မှ ၃၀- နှစ်အတွင်း အလှအခင်းအကျင်းတို့ဖြင့် ရင်းသွင်း။

၃၀ မှ ၄၀- နှစ်အတွင်း အင်အားပြ၍ ဓနခွင် အတွင်စ။

၄၀ မှ ၅၀- နှစ်အတွင်း အတွေ့ကြုံအရင်းထား ဉာဏ်နီနက်ကစား။

မိမိတို့ ၅၀- ကျော် အသက်ပင် ၆၀- တွင်း ချင်းနင်းမိလာချိန်. . . အားကိုးအားထား သား၊ သမီးများ အိုးခွဲ၊ အိမ်ခွဲသွားကြတော့ရာ. . . သားဇော သမီးဇောထန်သော အားမာန်များ လန်ကျသွားချေပြီ။ တစ်ဖန် အားကိုးအားထားအတွင်းပစ္စည်းများလည်း အမွေဆိုတ. . . ထို သား၊ သမီးများက ဝေစုခွဲယူသွား. . . တော့ရာ. . . ပစ္စည်းဇောထန်. . . များ

www.burmeseclassic.com

www.burmeseclassic.com

လည်း လျှောကျသွားရပြီ။ တစ်ဖန် အားအရုံ နောက်ခံပြန်စုမဟုဲဆိုကာ ထကြည့်လိုက်ပြန်တော့လည်း လင်ရောမယားနှစ်ပါးစလုံးပင်. . . ဂီယာအဆုံးသွင်း၍ လီဗာတအားဆောင့်အနင်းခံထားရသောကားဟောင်းကြီး၊ ဆီလိုက်လည်းမမှန်၊ မီးလိုက်ကလည်း မဖြောင့်၊ ဟက်ကလည်း မတောင့်ချင်၊ စက်တစ်ခွင်လုံးကလည်း ချုံးချုံးကျ၊ ဂီယာ လီဗာ မည်သို့နင်းနင်းသွင်းသွင်း မထတော့သည့်ပမာ. . .

စိတ် ကစားပေးတိုင်း သွေးမလိုက်ကြတော့ပါ။

စိတ် မာန်ထတိုင်လည်း ကိုယ်ကမထကြွကြတော့ပါ။ ထိုစဉ်. . .

သားသမီးအပေါ် အားကိုးအားထားခြင်းက သံဝေဂသို့ စာရင်းသွင်းပေးပါမည်။ ပစ္စည်းများအပေါ် အားကိုးအားထားမှုက သံဝေဂသို့ ဦးလှည့်စေပါမည်။ ကိုယ့်ကိုယ်ကိုယ်အားကိုးအားထားသည်က သံဝေဂသို့ ချီတက်စေပါမည်။ မင်းအို၊ သူဌေးအိုက ကြောင်အိုကြွက်မလေးအရာဝင်သွားသောကြောင့်။ မိအိုဖအိုတို့က ဝန်မရှန်းနိုင်သည့်ခိုင်းနွား ပစ်အထားခံရခြင်းကြောင့်။

အားကိုးမှား၍ အားထားပျောက်သံဝေဂကို တောင်ဝှေးလိုထောက်၍ ဘဝလမ်းလျှောက်နေကြရသော သည်အချိန်. . .

အချို့ ဘာဝနာဗိမာန်ဘက် ခရီးထွက်ကြသည်။

အချို့ သာသနာ့ဗိမာန်ဘက် ခရီးထွက်ကြပြီ။

အမှတ်။ ။ ဘာဝနာဗိမာန်က တရားရှာဖို့၊ သာသနာဗိမာန်က ဝေယျာဝစ္စဆောင်ရွက်ကြဖို့။

ဘာဝနာသည် စိတ်အားအပြည့်သွင်း မင်းအဖြစ်သို့ ပို့သောအရာ။

သာသနာသည် သီလကို ပလ္လင်ထား သမထကျင့်စဉ်များဖြင့် စိတ်အားအပြည့်သွင်း ငြိမ်းချမ်းခြင်းကို ပေးသောအရာ။

သည်အချိန် အတွင်းနေ သံဝေဂဆရာအပြင် ပြင်ပနေ ဓမ္မကထိကဆရာတစ်ပါးပါထားရမည်ဖြစ်ရာ . . . ထိုဓမ္မကထိကဆရာ၏လမ်းညွှန်ဖြင့်ပင် မိမိ၏မအိုသေးသောစိတ်ကို မိမိဖို့ ခိုင်းစားပေးရပါတော့မည်။ သူတစ်ပါးဘက်ပျံ့နေသော မိမိစိတ်ကို မိမိသို့ သိပ်ပေးရပါတော့မည်။

သမထဘာဝနာ၌လည်း သတိက စိတ်ကို ကျင့်၊ တည်၊ သိ အရည်ဖြည့်ပေး၏။ .

ဝိပဿနာဘာဝနာ၌လည်း သတိက စိတ်ကို ကျင့်၊ တည်၊ သိ အရည်လှည့်စေ၏။ ထားရာ၌ စိတ်ရှိလာအောင် သတိကအကျင့်ခိုင်းနေခြင်း၊ တည်သောစိတ်ကြည်လာအောင် သတိကစစ်ပေးနေခြင်း၊ ကြည်သောစိတ်ကိုယ့်အရှိကိုယ်သိလာအောင်သတိကပြနေခြင်းများပင်။

ထိုစဉ်. . . ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ဂုဏ်တော်ပွား၍ သမထဘာဝနာထူထောင်သူ. . . မိမိအာရုံယူနေကျ ကိုယ်ပွားတော် (ရုပ်ပွားတော်) တစ်ဆူဆူကို ပရိကံအဖြစ် (အခြေတည်အဖြစ်) ထား၍ စိတ်အား ထိုဘုရားပုံသို့ နေရာချပေးထားလေ့ရှိကြသည်။

သို့ဖြင့် အခြားအာရုံများနှင့် ရှုပ်ထွေးနေသောစိတ်ကို ရှင်းပေးနေသည်။ တခြားအာရုံများကြောင့် ပူလောင်နေသောစိတ်ကို အေးဆေးစေသည်။ မိမိအတွေးကြောင့် ပြေးလွှားနေရသောစိတ်ကို ရပ်တန့်စေသည်။ မနောကံသောင်းကျန်းခြင်း ကင်းဝေးစေရန် သတိ၏အစီအမံ. . .။

တစ်ဖန် . . . ဘုရားဂုဏ်တော်တစ်ပါးပါး နှုတ်မှပွားလေ့ရှိကြသည်။ သို့ဖြင့် တွေ့ပေးသလောက် ပြောသောနှုတ် အတွေ့၌ အလုပ်လုပ်စေသည်။ ယင်းသည် ဝစီကံသောင်းကျန်းခြင်းကင်းဝေးစေရန် သတိ၏အစီအမံ။

တစ်ဖန်. . . လက်မှလည်း ပုတီးကို လုံးစဉ်လုံးတိုင်း စိပ်လေ့ရှိကြသည်။ သို့ဖြင့် တွေးပေးသမျှ ထလုပ်သောကိုယ်အတွေ့၌ မှီခိုစေပါသည်။ ယင်းကလည်း ကာယကံ သောင်းကျန်းခြင်းကင်းဝေးစေရန် သတိ၏ အစီအမံပင်. . .။

ကံလုံလျှင် ရေဝင်ဖို့ မခဲယဉ်း၊ ကံသန့်လျှင် ရေသန့်ရန် မခဲယဉ်း။

သည်သို့ ကံသုံးစုံ လုံခြုံစေရန် သတိက အစီအမံချပေးထားကာ အဆက်မပြတ် ကြိမ်ဖန်များစွာ ပွားများနေပါသော် . . . ရှုမြဲ ကိုယ်ပွားပုံတော်သည် ရှုမြဲနေရာမှပင် ထင်ထင်ထင်းထင်း အရိပ်ပြလာတော့သည်။ ထိုအရိပ်က . . . ထိုင်ရှုနေမှ မဟုတ်၊ သွားလာရင်းတို့၌လည်းထင်ထင်ပြနေ၏။ သည့်အတူ ဝေယျာဝစ္စလုပ်ရင်း၊ စားသောက်ရင်း. စသည်များ၌ပါ ထင်ပြနေတော့ရာ. . . အနားယူချိန်ဖြစ်သည့် အိပ်မောကျချိန်မှ တစ်ပါး နိုးထချိန်မှသည် အိပ်ရာဝင်သည်အထိ ဘုရားပန္နက်တည်စိတ်ဖြစ်ခဲ့ပြီ။ ယင်းကို စာအားဖြင့် ဥဂ္ဂဟနိမိတ် (ပေါ်ထင်နိမိတ်) ခေါ်သည်။

ယင်းမှာ ကံသန့်ရှင်းရာမှ စိတ်ပါသန့်ရှင်းသွားသောကြောင့်ဖြစ်၏။ စိတ်သန့်လျှင် သွေးပူမှသွေးအေးသို့ပြောင်းလဲ၏။ ထိုမှတစ်ဆင့် အေးသောသွေးတည်၍ အကြည်ဓာတ်ပေါ်လာသောအခါ ဥဂ္ဂဟနိမိတ်ခေါ် သောဤပေါ်တင်နိမိတ်ဖြစ်ပွင့်လာရတော့သည်သာ။ ယင်းကိုလည်း အဖန်ဖန် အထပ်ထပ် မပြတ်ပွားပေးနေသော်. . . ထိုပေါ်တင်နိမိတ်သည် မူလပင့်တည်ထားသောနေရာမှပြောင်းကြွသွားတော့ကာ ဝမ်းဗိုက်အတွင်း နှလုံးအိမ်ဝပ်ကျင်းထဲ၌ ကိန်းတည်ပြနေမည်။ ယင်းကိုလည်း အဖန်ဖန်အထပ်ထပ် မပြတ်ပွားပေးနေသောအခါ. . .

ထိုဘုရား . . . ကျောက်သားမှ လူသားအဖြစ် ပြောင်းလဲသွားတော့သည်။

ထိုဘုရား. . . သစ်သားမှ လူသားအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ထိုဘုရား. . . စက္ကူမှင်ရေးစသည်များမှ လူသားအဖြစ် ပြောင်းလဲသွားတော့သည်။ စာအလို ပဋိဘာဂနိမိတ်ဆိုသော အဆင့်မြင့် ရောင်ပြန် ဖြစ်ပွင့်ခြင်းပင်။ နိမိတ်အဆင့် သည်သို့ ပွင့်လာခြင်းသည် စိတ်အဆင့် အတွေးမစွက်မကလက်သည်အထိ သတိဖြင့် မပြတ်မလပ်တရစပ် သည်လို စောင့်ကြပ်ပေးနိုင်ခြင်းကြောင့်ပင်။

ဤ၌ အခြေတည်နိမိတ် စိတ်အာရုံယူစအခါ ထိုစိတ် ပရိကမ္မသမာဓိဖြစ်နေပြီ။ စိတ်တည်ရန် ကြည်ရန်အခြေပျိုးသမာဓိဟု ဆိုလိုသည်။ သည့်နောက် စိတ်၌ ပုံရိပ်ခေါ် ဥဂ္ဂနိမိတ်ပေါ်ထင်လာသောအခါ ထိုစိတ် ဥပစာရသမာဓိအရာဝင်လာပြီ။ အိမ်ရှေ့ရှိ ကိုယ်ပိုင်ခြံဝင်းကို အိမ်ဥပစာခေါ် ရပါသည်ပမာ. . . ဤ၌လည်း သမာဓိရှေ့ရှိ စိတ်တည်ကြည်မှုကို ဥပစာသမာဓိခေါ်ရသည်။ သည့်နောက်ဆုံး စိတ်တည်ကြည်ကြောင်း အချက်ပြသော ပဋိဘာဂနိမိတ်အာရုံရချိန်. . . ထိုစိတ်အပ္ပနာသမာဓိ (မလှုပ် မရှက် တည်စိတ်) ဖြစ်ပွားလာတော့သည်။ လမ်း. . . လမ်းမှ အိမ်ရှေ့ဥပစာကျော်ဖြတ်. . . ထိုမှတစ်ဆင့် အိမ်တွင်းဝင်. . . ကိုယ့်အိမ်ကိုယ်ကိုယ့်စိတ်တိုင်းကျ နေထိုင်တော့၏ပမာ. . .

ယခု ပြဆိုခဲ့ပြီးသော ဗုဒ္ဓါနုဿတိ.

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်ကို ပုံတော်ဖြင့်အာရုံကပ်ယူ၍ ပုတီးဖြင့်ပွားများရာမှ သမာဓိအဆင့်ဆင့် နိမိတ်အဖွင့်ဖြင့် ဖြစ်ပွင့်လာပုံများသည် ဓါတို့၏ ဥပဇ္ဈာယ်ဆရာ အဘဝိမလ ကိုယ်တော်တိုင်ဖြစ်ပွားခဲ့သောလက်တွေ့ အကြောင်းအရာများပင် ဖြစ်ပါသည်။ မှန်းရေးမဟုတ်ပါ။

ဤ အပွနာသမာဓိနှင့် ပဋိဘာဂ နိမိတ်ပြနေရာသည် . . . ဈာန်ဖြင့် သမထယာနိကလမ်းမှတက်သူ၌ စတုတ္ထ ဈာန်၌ တည်သောနေရာ၊ ဉာဏ်ဖြင့် ဝိပဿနာယာနိကလမ်းမှတက်သူ၌ သင်္ခါ ရုပေက္ခာဉာဏ်၌တည်သောနေရာ. . .။ သည်မှနေ အထက်အထက်သို့ ခရီးလွှင့် ခဲ့သော်. . . သမထ၌ ဈာန်အဘိညာဉ် များ လမ်းဆုံးပန်းကိုင် နန်းထိုင်ခွင့်ရကြ တော့ရာ . . . ဝိပဿနာ၌ ဉာဏ် အဘိညာဉ် များ လမ်းဆုံး ပန်းကိုင် နန်း ထိုင်ခွင့်ရကြတော့ရာ. . . ဘုံဘဝများ၏ အထွတ်အထိပ်မင်းဘိသိက်ခံခွင့်ရခဲ့ပြီ။

■ ဆင်းရဲသား မင်းဖြစ်

ဆင်းရဲသားက မင်း. . . သာမန် ဖွဲ့သတ္တိဖြင့် မခင်းကျင်းနိုင်။

အစေခံမှ သူဌေး . . . သာမန်ဖွဲ့ သတ္တိဖြင့် သွေးမပြောင်းနိုင်။

လူ့အဖြစ်၏ နောက်ကြောင်းခံ ကံဝိညာဉ်သည် မိဘနှစ်ပါးတို့၏ သုက် သွေးကြား ကလလရေကြည်ဆိုသော ရေဓာတ်ဦးဆောင်၍ ဖွဲ့စည်းထားရာ ဤဘဝ ဤခန္ဓာအတွင်း သက်ဆင်းရန် ပဋိသန္ဓေဝိညာဉ်အဖြစ် ဦးစွာပြောင်းရွှေ့ ခဲ့ရပါသည်။

သို့ ပြောင်းပြီးသည့်နောက် ဓာတ် တို့တည်ဆောက်ထားသည့် ဘဝနှင့်ခန္ဓာ တွင် ခရီးသည်အသွင် အိပ်စက်လျက်က သာ လိုက်ပါခဲ့ရရာ. . . ဘဝလှေပိုင်ကြီး ဓာတ်ညဉ်၏ စီမံရာအတိုင်း လိုက်နာပြု ကျင့်ပေးခဲ့ရပါသည်။ သို့ကြောင့် ဓာတ် ညဉ်သည် လှေပိုင်ရှင်၊ လူညဉ် ကံဝိညာဉ် က လှေထိုးသား။

ဆိုခဲ့ပြီးအတိုင်း ထိုအဖြစ်မှနေ ဤအဖြစ်သို့ရောက်ရှိလာခြင်းမှာ . . . အတွင်းနေသံဝေဂကို ဆရာတင်ခဲ့သော ကြောင့်၊ အပြင်ရှိ အတတ်သိ ပညာရှင် ကို ဆရာတင်ခဲ့သောကြောင့်။ အတွင်းခံ သံဝေဂက အသွန်၊ အပြင်ဆရာက အသင်။ မိမိကား သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအရင်းစိုက် ကြောင့်ပင်။ သို့ဖြင့်ပင် ဆင်းရဲသားမှ မင်း အစေခံဘဝမှ သူဌေးမင်း ဖြစ်ခွင့်ရ ခဲ့ရရာ . . .

ဗုဒ္ဓါနုဿတိ စသည်ပွား သမထ စွမ်းအားဖြင့်တက်၍ မင်းဖြစ်ခဲ့သူဖြစ်စေ . . .၊

အာနာပါနဿတိ စသည်ပွား ဝိပဿနာစွမ်းအားဖြင့်တက်၍ မင်းဖြစ် ခဲ့သူဖြစ်စေ. . .

ထို နှစ်သူစလုံးတို့သည် ဆိုင်ရာ ဈာန်အဘိညာဉ် မဂ်အဘိညာဉ်တန်ဆာ ဆင်ပြီးသည်နှင့် ဓာတ်ညဉ်ကို အမိန့်ပေး ကာ ခိုင်းစား၍ရပြီ။

ခန္ဓာကို ဓာတ်ရထား အရာထား မောင်းနှင်သွား၍ရပြီ။

ဓာတ်စာကို ဖြည့်ဆီအရာထား ထိုးစား၍ရပြီ။

မိမိပိုင်နက်အတွင်း ဘာမဆို စေလိုရာစေနိုင်ပြီ။

ကိုယ့်စိတ်ကိုယ်ပိုင်၍ ကိုယ်ပိုင် မင်းဖြစ်နေသူ. . . သူ့စိတ်ကိုယ်နိုင်၍ သူ့သူတကာပိုင် မင်းဖြစ်ရန် မခဲယဉ်း တော့ပါ။ ဓာတ်ညဉ်သည် ပူမှ ကိလေ သာလောင်စာထည့်၍ ခန္ဓာအား မောင်း နိုင်သည်။ အဘိညာဉ်သည် အေးမှသတိ၊ အသိလောင်စာထည့်၍ ခန္ဓာအားမောင်း နိုင်သည်။

ဤ၌ ကိလေသာတို့၏ ဦးစီးညဉ်၊ ဝါသနာ၊ စရိုက်တို့၏ တပည့်ကြီးများဖြစ် ကြသော အတွေးသုံးမျိုးတို့အား နောက် လိုက်တပည့်အရာထား၍ အမိန့်ပေး တားထားနိုင်သည့် သခ်စကြဝတေးမင်း ကြီးအကြောင်းကို ကြားဖူးသလို ပြောဆို ပါမည်။

စကြာမင်းကြီးသည် မိမိ၏လောကီ ကိစ္စဆောင်ရွက်ရာ၊ ကာမစည်းစိမ်ခံစား ရာ ဘုံအဆင့်မှနေ ခမ္မနှလုံးသွင်းရာ အရှင်ပစ္စေကတို့ ကြွလာသောအခါ သီတင်းသုံးရာ အထက်ဆုံး ဘုံအဆင့်သို့ တက်ခါနီး အတွေးသုံးမျိုးတို့အား အမိန့် ပေးဆို၏။

တိဋ္ဌ ကာမဝိတက္က။

ငါသွားမည့်နေရာက စင်ကြယ် မြင့်မြတ်သည့်နေရာ။

ထိုနေရာနှင့်မထိုက်တန်သဖြင့် နင်သည်မှာပင်ရပ်နေရစ်။

တစ်ဖန်. . .

တိဋ္ဌ ဗျာပါဒ ဝိတက္က။

တိဋ္ဌ ဝိဟိံသ ဝိတက္က။

ထို အမျက်ရှုတွေး၊ ညှဉ်းလိုတွေး များကိုလည်း ဤအတိုင်းပင် အမိန့်ပေး ၍ထားခဲ့ဆို၏။

ဘုရားအလောင်းတော် ဤစကြဝ တေးမင်းသည် အလောင်းကော်မျှသာ ရှိသေး၍ ဓာတ်မှစင်ထွက်လာသော ညဉ်၊ စရိုက်၊ ဝါသနာ. . . တစ်ဖန် ညဉ်၊ စရိုက်၊ ဝါသနာများ မွေးဖွားပေးရာ ကိလေသာနှင့် အတွေးများကို တပည့် အဖြစ် မွေးထားရဆဲပင်ရှိ၏။ သို့တစေ လည်း ဓာတ်သွေးကို ဇာတ်သွေးအဖြစ် ပြင်ပေးထားသော ပါရမီအရှိန်များ ကြောင့် ထိုအတွေးသုံးပါးတို့ကို ကျွန် အရာထား အမိန့်ပေးတားထားနိုင်ခဲ့ သည်။

အကယ်တိတိ . . . သင်သည် လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများတို့သည် လည်းကောင်း ဓာတ်မှ သတ် ဇာတ်သက် ကူးပြောင်းပေးနေ သော သတိအစထား ဗောဓိပက္ခိယ တရားများဖြင့် သညာမှ ပညာသို့ ကူးပြောင်းပေးနိုင်ခဲ့လျှင် သမထပညာ၊ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ အဆင့်ထိပွင့်၊ အရဟတ္တထီးဖြူကြီးဖွင့်၍ နိဗ္ဗာန်နန်းပလ္လင်အမြင့် ဘိသိက်ခံ စံခွင့် ရတော့ရာ. . .

အလောင်းတော်လို အမိန့်ပေး စရာ ကိလေသာတပည့်ပင် မထား. . .၊

ကိုယ်တော်တိုင်တစ်ပါးတည်းတက် သွားနိုင်ပြီကား ဧကန်ပင်ဖြစ်တော့သည်။

■ ဗဟုလ္လာ သဒ္ဓိ ကေ မမ၊
တက္က ဝစရ ဝတ္တုနိ။
တေသွံ ဒမ္မိ ဧကောကာရော၊
လက္ခိတော ဧကရာသိကော။ ။

**မမသဒ္ဓိကေ** - ငါ့ထံဝယ်. . .

**တက္ကဝစရ ဝတ္တုနိ** - ကြံလိုက်တိုင်း ထွက် အကြောင်းအချက်တို့သည်ကား . . .၊ **ဗဟုလ္လာ**-စာပေါင်းသိုက်အလား များမှများ။

**တေသုံ**-ထိုအများတို့ထဲမှ၊ **ဣဒမ္မိ**- 'ဝေပုံကျ' ဆိုသော ဤအတွေးလည်း၊ **ဧကော အာကာရော** - စာတစ်ပုဒ်ထုတ် လောက်သောအကြောင်းတစ်ပါးတည်း။ **လက္ခိတော ဧကရာသိကော** - မှတ်တမ်း အရာဝင်သော မှတ်စုတစ်ခုတည်း။

*၁၃၇၃-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်၊*
*အင်္ဂါနေ့။*
*အကျွတ်အလွတ်*
*ဗုဒ္ဓဝိဟာရကျောင်းတော်၊*
*မဟာမြိုင်။*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ ငယ်စဉ်အခါက အညာမှာ ငါးနှစ်၊ ခြောက်နှစ်ဆို ဘုန်းကြီးကျောင်းရောက်တော့တာပါပဲ။ ဘုန်းကြီးကျောင်းသားဘဝနဲ့ပဲ နံနက်ဆွမ်းချိုင့်လိုက်ယူတဲ့ ကိုရင်တွေ၊ ကျောင်းသားတွေနောက်ကိုလိုက်ကြရတယ်။ ရှစ်နှစ်လောက်ဆို မိဘတွေက အလှူလုပ်ပေးပြီး ကိုရင်ဖြစ်တော့တာပါပဲ။ ကျုပ်ကိုမွေးတော့ အဖေတို့အမေတို့ကသိပ်ပျော်ကြတယ်။ ကျုပ်အထက် အစ်မနှစ်ယောက်ရှိတာမို့ ယောကျ်ားလေးမွေးဖို့ဆုတောင်းနေကြတာ ယောကျ်ားလေးမွေးတော့ သာသနာ့အမွေခံဖြစ်ပြီဆိုပြီး အဖေက သိပ်ဝမ်းသာနေတာ။ ကိုရင်ဝတ်ပြီးတော့ အဖေက ပြောပါတယ်။

"ကိုရင်လေးဖြစ်သွားပြီဆိုတော့ ပျော်သလောက်သာဝတ်။ ကိုရင်ဘဝနဲ့ ပျော်လို့ရဟန်းဘောင်တက်ချင်ရင်လည်း တက်ပေးမယ်။ တပည့်တော် ကိုရင်ကို လှူပေးဖို့ ပိုက်ဆံစုနေတာ။ ပရိတ်ကြီးဆယ့်တစ်သုတ်တောင်တော်တော်ရနေပြီဆို။ ကိုရင့်မယ်တော်က ကိုရင်ကဆွမ်းတော်ဖို့လို့အော်တဲ့အသံလေးကိုကြည်နူးနေရှာတာ။ ကိုရင်ကြွမလာမချင်း ဘာအလုပ်မှမလုပ်နိုင်ဘူး ဆွမ်းလောင်းဖို့ပဲ အာရုံစိုက်နေတော့တာပဲ"

ကျုပ်ဆယ့်ငါးနှစ်သားလောက်ကြတော့ အဖေတို့က ရဟန်းခံဖို့ ပိုက်ဆံတော်တော်စုမိနေပြီလို့ဆိုရှာတယ်။ ရွာဆိုတော့ အလှူလုပ်ရင် ထမင်းရည်ချောင်းစီးမောင်းတီးပြီးလှူရတာမို့ ဗျို့ဟစ်ပြီး ထမင်းကျွေးကြတာများတယ်။ ဝက်သားအတုံးကြီးကြီးတုံးပြီး ဝက်သားနီချက်ကတစ်ခွက်၊ ချဉ်ရည်ချက်ကတစ်ခွက် သရက်ချဉ်သုပ်မဟုတ်ရင် ပဲတီချဉ်သုပ်တစ်ခွက်၊ ငါးပိကို ပုစွန်ခြောက်ငရုပ်သီးကြမ်းနဲ့ကြော်တဲ့ငါးပိကြော်ကတစ်ခွက်၊ ပဲနှပ်တစ်ခွက်နဲ့လှူကြရတာ။ ဘုန်းကြီးဝိုင်းကျတော့ ကြက်သားဆီပြန်တို့ အစိမ်းကြော်တို့တစ်ခွက်ထပ်တိုးတဲ့အပြင် အချိုပွဲအတွက် အသီးအနှံစုံလည်း ပါရတယ်လေ။ လက်ဖက်သုပ်ကလည်း မန္တလေးက ဗေဒါရွှေကြာဆိုင်က အကြော်ဆန်တို့၊ လက်ဖက်သားတို့ကို လူကြိုက်များလို့ အလှူလုပ်ရင် မန္တလေးတက်ဝယ်ကြရတယ်။

"အလှူလုပ်မယ်လို့ စဉ်းစားပြီး အလုပ်လုပ်လိုက်ရင် မောတယ်လို့ကို သဘောမထားတော့ဘူး။ ကိုရင်ရဟန်းခံဖို့ကို စုဘူးထဲကို နေ့စဉ်စုထားသလို ပိုက်ဆံနည်းနည်းများလာရင် ဘဏ်ထဲလည်းထည့်ထားတော့ ဘဏ်တိုးလေးလည်းရတာပေါ့။ ကိုရင့်ကို ဘယ်နှဝါပဲဝတ်ဝတ် ဦးပဉ္စင်းအဖြစ် မြင်ချင်သေးတယ် ကြိုးစားပါ ဘုရား။ အခုဆို ပထမလတ်တန်းလည်းရောက်နေပြီဆိုတော့ တပည့်တော်တို့မှာ ဝမ်းသာနေကြရတာ"

လို့ပြောရင် ကျုပ်က -

"အကြာကြီးမဝတ်ပါဘူး။ ကျောင်းစာဆက်တက်ချင်သေးတယ်"

လို့ပြောလိုက်ပါတယ်။

ကျုပ်တို့ရွာက ရွာဆိုပေမယ့် ရွာကြီးပါ။ အိမ်ကြီးအိမ်ကောင်းတွေလည်းရှိတယ်။ သီးနှံတွေလည်းစိုက်ကြနှမ်းတွေလည်းစိုက်ကြတော့ ဝင်ငွေကမဆိုးပါဘူး။ ရွာမှာလည်း ဘုန်းကြီးကျောင်းက သုံးကျောင်းတောင်ရှိတဲ့အပြင် ကျုပ်နေတဲ့ဆရာတော်ကြီးက စာချဆရာတော်ကြီးဆိုတော့ တခြားသွားပြီးစာဝါလိုက်စရာလည်း မလိုဘူးလေ။ ပထမကြီးတန်းအောင်မှ မန္တလေးပို့မယ်လို့ ဆရာတော်ကြီးက မိန့်ကြားတာပါပဲ။ ကျောင်းကလည်း အလယ်တန်းအထိရှိပြီး ကိုရင်ဝတ်နဲ့ကျောင်းတက်လို့ရတယ်။ အဲဒါကြောင့် ရှစ်တန်းတော့အောင်ခဲ့တာပေါ့။

ကျုပ်က နေ့စဉ် ပဋ္ဌာန်းရွတ်တဲ့အပြင် ဓာရဏာပရိတ်ကိုလည်း စွဲစွဲမြဲမြဲရွတ်တယ်။ အဖေ့ရဲ့ဆန္ဒအတိုင်း ရဟန်းခံပြီးတဲ့အခါ လေးဝါလောက်ပဲဝတ်ပြီး လူထွက်ခဲ့လိုက်တယ်။ အဖေက ကျန်းမာရေးမကောင်းတော့တဲ့အပြင် အစ်မတွေကလည်း အိမ်ထောင်ကျပြီးအိမ်ခွဲတဲ့လူကခွဲ၊ အတူနေတစ်ယောက်ကလည်း လယ်တွေယာတွေကို တစ်ယောက်တည်းမနိုင်ဘူး။ လူငှားတွေနဲ့လုပ်ပေမယ့် အဖေ့လို မအုပ်ချုပ်နိုင်ဘူး။ အမေဆိုတာကတော့ အိမ်မှာ စားမှုသောက်မှုနဲ့ပဲ

## စောမိသွင်-ရန်ကုန်

## ဓာရဏာပရိတ်တော် ရွတ်ဖတ်ခြင်းဖြင့် ရရှိတဲ့အစွမ်း အံ့မခန်း



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကုန်နေပြီး လယ်ထဲကို ထမင်းပို့လောက်ပဲရောက်တတ်တာ။ အဖေက အင်မဲ့ဆို ပင်ပန်းတဲ့အလုပ်မခိုင်းခဲ့တော့ သိပ်ပြီးမလုပ်တတ်မကိုင်တတ်ဖြစ်ရတာပေါ့။ အဖေအမေတို့ကတော့ လူမထွက်စေချင်ပါဘူး။ အစ်မကြီးက ကျောင်းကိုရောက်လာတော့မှ ဆုံးဖြတ်ဖြစ်သွားတယ်။

"ဦးပဥ္စင်းရယ် အဖေ့ကျန်းမာရေးက တော်တော်မကောင်းတာ။ ကျောက်ကပ်သိပ်မကောင်းဘူး။ ကျောက်ကပ်လည်းရောင်တယ်ဆိုလားပဲ။ ခါးကလည်း မကြာမကြာနာတယ်။ ခါးကမကောင်းတော့ အလုပ်ကိုအရင်လိုမလုပ်နိုင်မသွားနိုင်တော့ဘူး။ အဖေက နေမကောင်းလည်း လူခွဲမရှိတော့ စိစဉ်စရာရှိရင်၊သွားစရာလာစရာရှိရင်လည်း ကိုယ်တိုင်သွားနေရတာပဲ။ယောကျ်ားလေးတစ်ယောက်မားမားမတ်မတ်ရှိရင် အဖေကညွှန်ကြားသူကလုပ်ဆို ဘယ်လောက်ကောင်းလိုက်မလဲ"

အစ်မကလူထွက်ဖို့မပြောပေမယ့် သားဝတ္တရားကိုလုပ်ဖို့ ဆုံးဖြတ်လိုက်ရက လူထွက်ဖြစ်သွားတယ်။ ဆရာတော်ကြီးနဲ့အဖေဆို နှမြောလွန်းလို့တဲ့။ အမေဆို မျက်ရည်တောင်ကျတယ်။ လူ့ဘဝရောက်လည်း ကျုပ်က ဘုရားဝတ်တက်မပျက် ပရိတ်တရားတော်တွေကိုလည်း အရွတ်မပျက်ပါဘူး။ငါးပါးသီလကိုလည်း ထိန်းတယ်။ အရက်မသောက်ဘူး။ လောင်းကစားလည်းမလုပ်ဘူး။

ကျုပ်ကိုရင်ဘဝတုန်းက (၁၆) နှစ်သားလောက်ရှိဦးမယ်။ ရန်ကုန်ကိုဘုရားဖူးသွားကြတော့ ရွှေတိဂုံစေတီတော်သွားဖူးကြတယ်။ အထက်ပစ္စယံအထိတက်ပြီး တရားသွားထိုင်ကြတာ။ တရားထိုင်နေတုန်း ကျုပ်ရဲ့တင်ပျဉ်ခွေထိုင်နေတဲ့အပေါ်ကို ပစ္စည်းတစ်ခုကျလာတယ်။ တရားထိုင်ပျက်မှာစိုးလို့မျက်စိဖွင့်မကြည့်ပါဘူး။ တရားဖြုတ်မှကြည့်လိုက်တော့ ရွှေညောင်ရွက်တစ်ခုဖြစ်နေပြီး အတော်ကြီးတယ်။ တစ်ဆယ်သားနီးပါးလောက်ရှိမလားဘဲ။ တရားအတူတူထိုင်ဖက်ဦးပဥ္စင်းနဲ့အတူ ဂေါပကကိုသွားအပ်တော့ အပ်တဲ့လူကိုပဲစစ်လိုက်ဆေးလိုက်နဲ့ တကယ်လိုချင်နိုးချင့်ရင် သူတို့ဆီတောင်မရောက်ဘူးပေါ့။ ပြီးတော့ သက်နီးဝတ်ကြီးနဲ့ကို။ ဘုရားပစ္စည်း အဆိပ်သီးတဲ့။ ဒီလောက်ပထမလတ်တန်းရောက်အောင်စာတွေသင်ခဲ့တာ ငရဲကျမယ့်အလုပ်တော့ ဘယ်လုပ်ပါ့မလဲ။ ရွှေညောင်ရွက်လည်းသွားအပ်ပြီးရော စိတ်ထဲပေါ့သွားတာပါပဲ။ ဒါတွေက ကြာခဲ့ပါပြီ။ အခု ကျုပ်အသက်တောင် (၄၀)ကျော်ခဲ့ပြီလေ။

ဘုရားရဲ့ ပရိတ်တော်တွေကို သေသေချာချာ ရိုရိုသေသေရွတ်တယ်။ ကိုယ်မဟုတ်တာလုပ်ရင် ကိုယ်ပြန်ခံရမှာမို့ ကိုယ့်ဘာသာကောင်းအောင်နေတယ်။ ကောင်းတာလုပ်တယ်။ မိဘကိုတစ်လှည့်လုပ်ကျွေးနိုင်ခဲ့တာကိုပဲဝမ်းသာနေရတယ်။ မောရဏပရိတ်တော်ပါဠိတော်ကိုတော့ အထူးရွတ်ဆိုခဲ့တယ်။ ပရိတ်တရားတော်ကိုရွတ်ဆိုရင် ကြက်တူရွေးစာအံသလို ရွတ်တာထက် ပါဠိတော်ရဲ့အနက်အဓိပ္ပာယ်ကိုပါသိမှ ပိုပြီးကောင်းတာမို့ အနက်တွေလည်းသိအောင်ကြိုးစားခဲ့ရတယ်။ ခရီးသွားလာရင်းဖြစ်ဖြစ်၊ အိမ်မှာနေရင်းဖြစ်ဖြစ်၊ အလုပ်လုပ်နေရင်းပဲဖြစ်ဖြစ် ပရိတ်တော်ကိုရွတ်နေတာပါပဲ။ တခြားပရိတ်တော်တွေထက် မောရဏပရိတ်တော်ကို ပိုရွတ်ဖြစ်တာကတော့ မြတ်စွာဘုရားရဲ့အာဝေဏိကဂုဏ်တော် (၁၈) ပါးမို့လို့ပါပဲ။ ကျုပ်က သီးနှံပို့တာလည်းလုပ်၊ အကြွေးဟောင်းတွေလိုက်တောင်းရတဲ့အလုပ်လည်းလုပ်ရတာမို့ တစ်ခါတလေ တစ်ရွာနဲ့တစ်ရွာ ကူးသန်းသွားလာရင်း စကားပြောရင်း ကိုယ့်ရွာကိုယ်ပြန်ဖို့ကို ညနေစောင်းသွားတတ်တယ်။

တစ်ခါတော့ ညနေလေးနာရီလောက် တစ်ဖက်ရွာကနေထွက်လာတာ ကျုပ်တို့ရွာကိုရောက်ဖို့ တစ်နာရီခွဲလောက်တော့ စက်ဘီးနင်းရတယ်။ ထွက်လာတဲ့ရွာကနေ (၁၅) မိနစ်ကျော်ကျော်လည်းကြာရော ကျုပ်စက်ဘီးနောက်က စက်ဘီးတစ်စီးပါလာတယ်။ ကလင်သံကြားလို့ အစကတော့ အဖော်ရပြီဆိုပြီးပျော်သွားတာ။ စက်ဘီးနှစ်စီးကအားနဲ့နင်းရင်ကျော်တက်သွားလို့ရမယ့်အကွာအဝေးပေမယ့် ကျော်မတက်ဘူး။ နောက်လှည့်ကြည့်တော့ အဲဒီလူက ခေါင်းကိုငုံ့ချလိုက်တယ်။ သူ့မျက်နှာကိုမမြင်စေချင်တဲ့ပုံမို့ မသင်္ကာဖြစ်သွားမိတယ်။

ကျုပ်ညကလည်း အိပ်မက်မက်ထားတယ်။ အိပ်မက်ထဲမှာ ဓားပြအတိုက်ခံရတယ်တဲ့။ ပစ္စည်းတွေတော့ ပါမသွားဘူးတဲ့လေ။ ကျုပ်ကိုပိုက်ဆံတွေအများကြီးပါလာမယ်ထင်လို့ လုချင်လို့လားလို့ စက်ဘီးကိုအသားကုန်နင်းတော့ အဲဒီလူကလည်းမီအောင်လိုက်နင်းတယ်လေ။

"ဗျို့ ကိုကြီးထွန်း စက်ဘီးရပ်ပါဦးဗျ။ ဘယ့်နှယ် အသားကုန်နင်းနေတာလည်း ကျုပ်ကိုစောင့်ပါဦး"

နာမည်တပ်ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ ကျုပ်နောက်ကကပ်လိုက်နေတဲ့လူရဲ့နောက်မှာ နောက်စက်ဘီးတစ်စီးကိုတွေ့ရပြီး အဲဒီစက်ဘီးနဲ့လူက ကိုယ့်ကိုခေါ်နေတာမို့ အဖော်ရပြီဆိုပြီး စက်ဘီးကိုရပ်လိုက်တော့ နောက်ကကပ်လိုက်နေတဲ့ကောင်က ကျော်တက်ပြီး နင်းချသွားတာ ဂျက်လေယာဉ်ပျံကျနေတာပဲ။

"စက်ဘီးကျော်တက်သွားတဲ့ကောင်ငါ့နောက်ကကပ်လိုက်နေတာ မင်းအသံကြားလို့ ကျော်တက်သွားတာ မင်းသိလား အဲဒီလူကို"

"သိပ့်ါဗျာ၊ ရှေ့ရွာက ထောင်ထွက်လူကွန့်ဆိုတဲ့အကောင်။ အိုးဘိုထောင်ကလွတ်လာတာ လေးငါးလပဲရှိသေးတာ။ ထောင်ကျလိုက်မှဖြင့် လုယက်မှုနဲ့ပဲ မင်းကိုလုချင်လို့နေမှာပေါ့။ မင်းရွာကထွက်သွားတော့ အဲဒီလူကွန့်က မင်းနောက်ကနေလိုက်သွားလို့ စိတ်မချတာနဲ့ ရွာကလူကြီးတွေက ကိုကြီးထွန်းနောက်ကလိုက်သွားလို့ခိုင်းလို့လိုက်လာတာ"

"လာကွာ တို့ကတစ်ပြန်ပြန်လိုက်ရအောင်။ ဒီကောင်ကို မကျေနပ်ဘူး။ သူ့အစ်ကိုက ရွာလူကြီးမဟုတ်လား"

ရွာရောက်တော့ သူ့အစ်ကိုအိမ်ကို တန်းသွားပြီးပြောတော့ သူ့အစ်ကိုကလည်းတောင်းပန်ပြီး သူ့ညီကိုလည်းရှာပြီး တောင်းပန်ခိုင်းတယ်။ နောက်ကိုဒီလိုမဖြစ်စေရပါဘူးဆိုတော့လည်း ပြန်လာခဲ့ရတာပေါ့။ နောက်ကလိုက်လာနေပြီးမီရက်သားနဲ့မလုတာကို အံ့ဩနေမိတာ အိပ်မက်ကလည်းမက်ထားတော့ ဂရုစိုက်ပြန်လာခဲ့တာ လုယက်မခံရတာ မောရဏပရိတ်တော်ကို ရွတ်ဆိုလာခြင်းရဲ့ အကျိုးကျေးဇူးလို့မှတ်ထင်မိပါတယ်။

နောက်တစ်ခါ ကိုယ့်အိမ်ကို သူငယ်ချင်းတွေလာလည်ကြတာနဲ့ ဂစ်တာတီးကြစကားပြောကြနဲ့ အိပ်တာနောက်ကျသွားတယ်။ (၁၂) နာရီကျော်မှအိပ်ဖြစ်ကြတယ်။ လာလည်ရင် တစ်ရွာတည်းဖြစ်ပေမယ့် အိပ်ပြီးမှပြန်ကြတာ။ အဖေရော အမေရော ညီမရောက အပေါ်ထပ်မှာအိပ်တော့ အောက်ထပ်မှာ လွတ်လပ်နေကြတာပေါ့။

သူငယ်ချင်းလေးယောက်နဲ့ဘုရားခန်းရှေ့မှာပဲ အားလုံးစုပေါင်းအိပ်... ကြတာ နောက်ကျမှအိပ်ကြ... အိပ်

www.burmeseclassic.com

www.burmeseclassic.com

မှောကျနေကြတယ်။ ကျုပ်ကအအိပ်ဆတ်တယ်။ ခွေးဟောင်သံကြားကြားအိပ်နေတုန်း ခြေသံကြားကြား ချက်ချင်းလန့်နိုးတတ်တယ်။ အခုလည်း အိပ်ပျော်နေတုန်း ကိုယ့်ကိုလာနှိုးသံကြားတယ်။

"သူခိုးလာနေပြီ ထထ"

ဆိုတဲ့စကားသံလည်း ကြားလို့ လန့်နိုးမှ အိပ်မက်မှန်းသိလိုက်ရတယ်။ ဒါပေမယ့် စကားတိုးတိုးသံပြောသံတံခါးကို ကန့်လန့်သံလိုလိုကြားလို့ သူငယ်ချင်းတွေကိုကြည့်လိုက်တော့လည်း အိပ်ပျော်နေကြတယ်။ အဖေတို့အမေတို့က အိမ်ပေါ် ထပ်မှာအိပ်ကြတာမို့ အသံမကြားနိုင်ဘူး။ ဒါကြောင့် ဘေးကအိပ်နေတဲ့ သူငယ်ချင်းတစ်ယောက်ကို လှုပ်တယ်ထင်လို့ အသာလှုပ်နှိုးမိတယ်။

သူငယ်ချင်းလည်းနိုးရော အခန်းမီးမဖွင့်ဘဲ ဘုရားမီးပူဇော်ထားတဲ့မီးလုံးလေးတွေ အလင်းရောင်နဲ့ပဲ ဧည့်ခန်းဘက်ထွက်လာခဲ့တာ အိမ်ရှေ့တံခါးမကြီးရဲ့အပေါ်ဂျက်ကို တစ်ခုခုနဲ့ဖွင့်နေတဲ့အသံကြားလို့ အသာရပ်နားထောင်နေတုန်း တံခါးဂျက်ကပွင့်ထွက်သွားတယ်။ အပြင်ဘက်မှာထွန်းထားတဲ့မီးရောင်အောက်မှာ သံတူးရွင်းကြီးကို မြှောက်လျက်သားအတွေ့ ကျုပ်နဲ့ ကျုပ်သူငယ်ချင်းရဲ့နှုတ်ကလည်း သူခိုးသူခိုးလို့ပြိုင်တူအော်မိတော့ လူနှစ်ယောက်ထွက်ပြေးသွားတာကို မြင်လိုက်ရရော။ နောက်ကနေလိုက်ဖမ်းမလို့ဟာ သူငယ်ချင်းမောင်စိုးက အတင်းဆွဲထားလို့ လိုက်လို့မရဘူးပေါ့။

"ဟေ့ကောင် မောင်ထွန်း မလိုက်နဲ့ကွ။ မှောင်ကြီးထဲ ဘာလက်နက်တွေပါမှန်းမသိနဲ့ ကိုယ့်ပစ္စည်းလည်း ဘာမှမပါဘဲနဲ့ အတင့်မရဲနဲ့။ ဓားပါလာရင် ထိုးလိုက်လို့ဗိုက်ပွင့်သွားဦးမယ်"

အဲဒီနေ့က ငိုအားထက်ရယ်အားသန်ဆိုသလို သူခိုးဆီက သံတူရွင်းတစ်ချောင်းရလိုက်ပါတယ်။ ဒါပါနဲ့ဆို နှစ်ခါရှိပါပြီ။ တစ်ခုခုဖြစ်တော့မယ်ဆိုရင် အိပ်မက်မက်တတ်တာ၊ အိပ်မက်ပေးတာဟာ ဓာရဏပရိတ်တော်ကိုရွတ်ခြင်းရဲ့အကျိုးကျေးဇူးလို့မြင်ပါတယ်။

ဓာရဏပရိတ်တော်ကို အရှည်မရွတ်နိုင်ရင်တောင် 'ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု' လို့အမြဲရွတ်တာ။ ဒါပေမယ့် အရှည်ရွတ်ဖြစ်တာများပါတယ်။

အနက်ကတော့ **ဗုဒ္ဓါနံ** - ဘုရားရှင်တို့၏၊ **ဇီဝိတဿ** - အသက်တော်၏၊ **အန္တရာယော** - အန္တရာယ်ကို၊ **ကေနစိ**- တစ်စုံတစ်ယောက်သောသူသည်၊ **ကာတုံ** - ပြုခြင်းငှာ၊ **န သက္ကာ** - မတတ်ကောင်းသကဲ့သို့၊ **တထာ**- ထို့အတူ၊ **မေ**- ငါ၏၊ **အန္တရာယော**- အန္တရာယ်ကို၊ **ကေနစိ** - တစ်စုံတစ်ယောက်သောသူသည်၊ **ကာတုံ**- ပြုခြင်းငှာ၊ **နသက္ကာ**- မတတ်ကောင်းသည်၊ **ဟောတု** - ဖြစ်ပါစေသတည်းလို့ဆိုတာပါပဲ။

အဲဒီကိစ္စတွေဖြစ်ပြီးတော့ ဓာရဏပရိတ်တော်ရွတ်ခြင်းရဲ့အကျိုးကျေးဇူးကို ရှာဖတ်ကြည့်မိပါတယ်။ သီရိမင်္ဂလာပရိတ်တော်စာအုပ်မှာ ဓာရဏပရိတ်တော်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် သူတစ်ပါးလက်နက်၊ သူတစ်ပါးပယောဂဖြင့်သေရခြင်း၊ ချောက်ကမ်းပါးမှကျ၍သေရခြင်း ၊ သားရဲတိရစ္ဆာန်ကိုက်၍သေရခြင်း၊ ကားမှောက်သေရခြင်း စသည့် ဥပစ္ဆေဒကကံဖြင့် သေရခြင်းမှလွတ်ကင်းနိုင်ပါသည်ဟု ပါရှိပါတယ်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကထုတ်တဲ့ ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်မှာတော့-

**အာနန္ဒ** - ချစ်သားအာနန္ဒာ၊ **ဣမံ ဓာရဏပရိတ္တံ**- ဤသို့တန်ခိုးတေဇော်အာနုဘော်တော်ကြီးမြတ်သော ဓာရဏပရိတ်တော်ကို၊ **ဓာရေဟိ** - ရွတ်ဆောင်လော့၊ **ဝါရေဟိ**- မှတ်သားလော့၊ **ပရိပုစ္ဆာဟိ** - မေးမြန်းစူးစမ်းဆင်ခြင်လော့၊ **တဿ** - ထိုသို့ရွတ်ဆောင် မှတ်သား မေးမြန်း စူးစမ်း ဆင်ခြင်သောသူ၏၊ **ကာယေ** - ကိုယ်၌၊ **ဝိသံ**- မြွေနဂါးစသည်တို့၏ အဆိပ်သည်၊ **န ကမေယျ**- မကျရောက်ရာ၊ **ဥဒကေ**- ရေ၌၊ **န လဂ္ဂေယျ**- မငြိတွယ်မနစ်မွန်းရာ၊ **အဂ္ဂိ**- မီးသည်၊ **န ဍဟေယျ**- မလောင်ကျွမ်းရာ၊ **နာနာဘယဝိကော** - အထူးထူးအပြားပြားများစွာသောဘေးရန်တို့သည် မထိရောက်နိုင်ရာ၊ **န ကောဟာရကော** - တစ်စုံတစ်ယောက်သောသူမျှ တစ်ရက်မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ **န တိဟာရကော** - သုံးရက်မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ **န စတုဟာရကော** - လေးရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ **န ဥမ္မတ္တကာ** - ရူးသွပ်ပျံ့လွင့်သော အနာလည်း မဖြစ်နိုင်ရာ၊ **န မူဠကာ** - တွေဝေမိုက်မဲသော အနာလည်းမဖြစ်နိုင်ရာ၊ **မနုဿေဟိ**-လူတို့သည်လည်းကောင်း၊ **အမနုဿေဟိ**- ဘီလူးတို့သည်လည်းကောင်း၊ **န ဟိံသကာ** - မညှဉ်းဆဲ မဖျက်ဆီး မနှိပ်စက်နိုင်ရာလို့လည်း ပါပါတယ်။

ဒီတစ်ခါတော့ ဘုရားကြွလာတယ်လို့ အိပ်မက်မက်ခဲ့တယ်။ ဉာဏ်တော်က အမြင့်ကြီးမို့မော့ဖူးရတယ်။ အိပ်မက်ထဲမှာအရမ်းကိုပျော်ရွှင်ကြည်နူးမိနေတယ်။ အိပ်မက်ထဲမှာမို့ အိပ်မက်မက်တယ်လို့မထင်ဘဲ ဝမ်းသာနေမိတယ်။

မြတ်စွာဘုရားကိုဖူးရခဲ့ပါဘိခြင်း။ ငါ သက်ရှိထင်ရှား မြတ်စွာဘုရားကိုတကယ်ဖူးရပြီ။ ငါ့လောက်ကံကောင်းတဲ့လူမရှိဘူးလို့ စိတ်ထဲမှာ ပီတိတွေဖြစ်နေတယ်။ အပြင်က အသံတစ်သံကြောင့် လန့်နိုးသွားရမှ အိပ်မက်မှန်းသိလိုက်ရတယ်။ ဘာပဲဖြစ်ဖြစ် ဘုရားကိုအိပ်မက်မှာပဲ ဖူးရဖူးရ။ တကယ်ဖူးရလို့စိတ်ကျေနပ်မိတယ်။

ဒီတစ်ခါ အိပ်မက်က ဘာဖြစ်ဦးမှာလဲလို့ တွေးမိတယ်။ ဘုရားကိုမြင်မက်တယ်ဆိုတော့ ကောင်းတာပဲဖြစ်မှာပါလို့ ရွာကျောင်းက ဆရာတော်ကြီးကိုလျှောက်ထားမိတော့ ဒီလိုဖြေပါတယ်။

ဓာရဏပရိတ်တော်ကိုရွတ်ဖတ်ခြင်းဖြင့် ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ အများကြီးပါ။ ဒါကြောင့်လည်း ဓာရဏပရိတ်တော်ကို ရွတ်ဖတ်တဲ့အတွက် နောင်ဖြစ်လာမည့်ကိစ္စတွေကို အိပ်မက်ဖြင့် ကြိုတင်အသိပေးခြင်းများကို ကြုံတွေ့ရခြင်းပါပဲ။ အခု ဘုရားကို သက်ရှိထင်ရှားဖူးတွေ့ရတယ်လို့ အိပ်မက်မက်တာကို အပြင်မှာ တကယ်ဖူးတွေ့ဖို့ဖြစ်မှမဖြစ်နိုင်ဘဲ။ ဘုရားရှင်ပွင့်တော်မူဖို့က အများကြီးလိုသေးတယ်။ နောင်တစ်ချိန်ချိန်သောဘဝတစ်ခုမှာ အရိမေတ္တေယျဘုရားပွင့်တော်မူတဲ့အချိန်မှာ ဖူးတွေ့ရဖို့ နိမိတ်ပြအိပ်မက်လည်းဖြစ်ချင်ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် ပရိတ်တော်များကို ရွတ်ဆိုသောကြောင့် ကောင်းသောအိပ်မက်တွေလည်းမက်တယ်။ မကောင်းသောအတိတ်နိမိတ်တွေ၊ တကယ်ဖြစ်မှာတွေကို ကြိုတင်သိရတယ်။

ဓာရဏပရိတ်တော်ကိုရွတ်ဖတ်ခြင်းဖြင့် ရရှိတဲ့အစွမ်းကတော့ အံ့မခန်းပါပဲ။

စောမိသွင်-ရန်ကုန်

(တကယ့်ဖြစ်ရပ်အကြောင်းတွေကို ပြောပြပေးသော ဦးရှမ်းကြီးအား ကျေးဇူးတင်ရှိပါကြောင်း။)

www.burmeseclassic.com

www.burmeseclassic.com

ဟိမဝန္တာတောင်တန်းပေါ်မှာတည်ရှိနေတဲ့ ဘူတန်နိုင်ငံလေးကို သွားရောက်လည်ပတ်ဖို့ဆိုတာဟာ ကိုယ့်ရဲ့အိပ်မက်တစ်ခုသာဖြစ်ပါတယ်။ ဘူတန်နိုင်ငံဟာ မြင့်မားမတ်စောက်တဲ့တောင်တွေကြားမှာပစ်ထားတဲ့ရတနာတစ်ပါးလို သီးခြားဆန်နေခဲ့ပါတယ်။ ဘယ်လိုမှ အဆက်အစပ်မရှိတဲ့နိုင်ငံဖြစ်လို့ စိတ်သာရှိပေမယ့် ရောက်ရှိသွားလိမ့်မယ်လို့မထင်ရတာမို့ သွားချင်မိတဲ့စိတ်ဟာ တကယ့်အိပ်မက်တစ်ခုသက်သက်ပါပဲ။

ကိုယ့်နိုင်ငံ ပိုမို ပွင့်လင်းလာပြီး ပြည်ပသွားရောက်လည်ပတ်လို့ရလာတဲ့ကာလမှာ အခြားနိုင်ငံအတော်များများကိုရောက်ရှိသွားဖြစ်ပေမယ့် ဘူတန်ကတော့ အလှမ်းဝေးနေဆဲ ဖြစ်ပါတယ်။ ဘူတန်သွားကြမယ်လို့ သတင်းရတိုင်းလိုက်လံစုံစမ်းဆက်သွယ်မိခဲ့တယ်။မိတ်ဆွေမေ့ဆေးဆရာဝန်ကြီးတစ်ဦးက သူလည်းဘူတန်ကိုသွားချင်တယ်။ နီပေါက သူ့မိတ်ဆွေ မျက်စိအထူးကုဆရာဝန်တွေက 'နီပေါလာခဲ့၊ သူတို့လိုက်ပို့ပေးမယ်' ပြောတယ်ဆိုလို့လည်းသွားဖို့ကြံစည်ဖူးပါတယ်။ မီဒီယာလောကက စာရေးသူတွေကို ဘူတန်ပို့ပေးမယ်။ ကိုယ့်စရိတ်နဲ့ကိုယ်သွားရမှာပေမယ့် သက်သာအောင်စီစဉ်ပေးမယ်ဆိုလို့လည်း ငွေသွင်းလိုက်ဖူးတယ်။ခရီးသွားကုမ္ပဏီနှစ်ခုက ဘူတန်ပို့မယ်ဆိုလို့ ဝမ်းသာအားရသွားစုံစမ်းတော့ သွားဖြစ်ရင်အကြောင်းပြန်ပါ့မယ်ဆိုပြီး ခရီးစဉ်ပျက်ပြယ်သွားပြန်ပါတယ်။ ရာသီဥတုမကောင်းလို့၊ နှင်းတွေအရမ်းကျနေလို့၊ သူတို့နိုင်ငံမှာ ပွဲတော်ချိန်မို့တည်းခိုရာဟိုတယ်တွေအခန်းမကျန်တော့လို့စသဖြင့် ဆင်ခြေတွေအမျိုးမျိုးကြားရပြန်တယ်။

ဒီ၂၀၁၈ ခုနှစ်ရောက်လို့ ဧပြီလမှာ တောင်ကိုးရီးယားနိုင်ငံကိုသွားလည်ပတ်ပြီးပြန်အလာ မကြာခင်လေးမှာပဲ သတင်းစာမှာ Amazing Land ခရီးသွားကုမ္ပဏီရဲ့ ဘူတန်ခရီးစဉ်ကြော်ငြာလေးကို ကိုရီးယားအတူတူသွားခဲ့တဲ့ သူငယ်ချင်းကတွေ့ပြီး ဘူတန်သွားချင်လို့ ၁၀စုနှစ်တစ်ခုစာလောက် အသည်းအသန်ဖြစ်နေတဲ့ကိုယ့်ဆီကို ဖုန်းဆက်အကြောင်းကြားပါတယ်။ သူကတော့ စိတ်မဝင်စားလို့ မလိုက်တော့ပါဘူးတဲ့။ ကိုယ်လည်းမဆိုင်းမတွဘဲ မယုံမရဲနဲ့ ခရီးသွားကုမ္ပဏီကို ဖုန်းဆက်စုံစမ်းလိုက်ပါတယ်။ တကယ်သွားမှာပါတဲ့။ ဒါပေမယ့် သူတို့လည်းတစ်ခါမှမသွားဘူးတဲ့ခရီးစဉ်မို့ အသစ်စီစဉ်ရတဲ့လမ်းကြောင်း ဖြစ်ပါတယ်လို့ပြန်ပြောတယ်။ ဘယ်လိုသွားမှာလဲဆိုတော့ အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့ကိုသွားပြီး အဲဒီကမှ ဘူတန်နိုင်ငံထဲကို နယ်စပ်ကနေ ကားလမ်းခရီးနဲ့ဝင်မှာပါတဲ့။ ဘုရားရေ - ဘူတန်ကို အဲဒီလိုလည်းသွားလို့ရသလားလို့ အံ့ဩသွားပါတယ်။

ခရီးသွားကုမ္ပဏီနဲ့မကြာခဏဖုန်းတွေဆက်ပြီး ဘူတန်အိပ်မက်တွေအတူမက်မိကြတယ်။ သူတို့ကလည်း လူစုရတဲ့ကာလမို့ ကိုယ်သိထားတဲ့ ဘူတန်အကြောင်းတွေကို သူတို့နဲ့ ခဏခဏပြောဖြစ်ပါတယ်။ မရောက်ဘူးသေးပေမယ့် ဘူတန်အကြောင်းစိတ်ဝင်စားလို့စာအုပ်တွေ၊ အင်တာနက်တွေကနေရှာဖတ်ထားပြီး ဆောင်းပါးတွေလည်းရေးဖြစ်ခဲ့တဲ့ ကိုယ့်ဗဟုသုတတွေကို သူတို့နဲ့မျှဝေဖြစ်ပါတယ်။

## ■ ဘူတန်(Bhutan)နိုင်ငံ

ဘူတန်ဟာ ဟိမဝန္တာတောင်တွေပေါ်က သေးငယ်တဲ့ ဘုရင်နိုင်ငံ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-ဘ)

# မြင့်မားသီခေါင် ဟိမဝန္တာတောင်ပေါ်က ရွှေအဆင်းနဲ့ဗုဒ္ဓဆင်းတုတော်ကြီး



မြို့တော်သင်ဖုက တီဗက်ဟန် ချော်တန်စေတီတော်ကြီးသို့သွားရောက်ဖူးမြော်စဉ်



မြို့တော်သင်ဖုက တီဗက်ဟန် ချော်တန်စေတီတော်ကြီးသို့သွားရောက်ဖူးမြော်စဉ်



www.burmeseclassic.com

www.burmeseclassic.com

ငယ်လေးဖြစ်ပါတယ်။ မြင့်မားတဲ့တောင်တန်းတွေပေါ် မှာရှိလို့ (တိမ်တွေထဲက မင်းနိုင်ငံလေး) (Kingdom in the clouds)လို့လည်း တင်စားခေါ်ကြရဲ့။ ဘူတန်ဟာ အာရှအလယ်ပိုင်းရဲ့တောင်ဘက်၊ မဟာဟိမဝန္တာတောင်တန်းရဲ့ တောင်စဉ်တောင်တန်းတွေနဲ့တစ်ဆက်တည်းရှိနေတဲ့ ဟိမဝန္တာတောင်တန်းအရှေ့ဖျားက တောင်ကုန်းတန်းနိုင်ငံလေးပါ။ ဘူတန်မှာ ပင်လယ်ကမ်းရိုးတန်းမရှိပါဘူး။ **ကုန်းပိတ် (landlocked)** ဖြစ်ပါတယ်။ နိုင်ငံနယ်မြေအဝန်းအဝိုင်းကိုလည်း မိုးထိမြင့်မားတဲ့တောင်တွေက ကန့်သတ်ထားလို့ သီးခြားဆန်နေပါတယ်။ ဒါကြောင့်လည်း ဘူတန်ကို မိုးကြိုးနဂါးမြေ (Land of Thunder Dragon) လို့ ခေါ်ကြတာပါ။

တည်နေရာအရ မြောက်ဘက်မှာ တရုတ်ပြည်အနောက်တောင်ဘက်ပိုင်းရဲ့ တိဗက်ကုန်းပြင်မြင့်တောင်ဘက်မှာ အိန္ဒိယရဲ့အာသံ-ဘန်ဂေါလ္ဂင်ပြင် အရှေ့ဘက်မှာ အိန္ဒိယရဲ့(အရုဏာကယ်ပရာဒက်ရှ်)(Arunachal Pradesh) ပြည်နယ်နဲ့ အနောက်တောင်မှာ အိန္ဒိယရဲ့(စစ်ကမ်)(Sikkim)ပြည်နယ်တို့နဲ့ ထိစပ်နေပါတယ်။

ဘူတန်ရဲ့မြောက်ဘက်နဲ့အနောက်ဘက်နယ်ခြားတွေဟာ တရုတ်ပြည်ရဲ့အစိတ်အပိုင်း တိဗက်နဲ့ဆက်စပ်နေတယ်။ ဒါကြောင့် ဘူတန်နိုင်ငံမှာ စဉ်းစားစရာ






မြို့တော်သင်ဖူက တီဗက်ဟန် ချော်တန်စေတီတော်ကြီးသို့သွားရောက်ဖူးမြော်စဉ်



ဘူတန်နိုင်ငံ သင်ဖူမြို့တော်မှ အကြီးဆုံးသော ရွှေအဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဓေါ်ခမ်းမား



ဘူတန်နိုင်ငံ သင်ဖူမြို့တော်မှ အကြီးဆုံးသော ရွှေအဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဓေါ်ခမ်းမား




www.burmeseclassic.com

www.burmeseclassic.com

ပထဝီဝင်နိုင်ငံရေးထူးခြားမှုတွေရှိနေပြီး သဘာဝပတ်ဝန်းကျင်အခြေအနေတွေ မပျက်ယွင်းလှသေးတဲ့ နိုင်ငံကလေးပါ။ ဘူတန်ခရီးစဉ်ရဲ့ အလွန်တိုတောင်းလှတဲ့ နေထိုင်ချိန်အတွင်း ဘူတန်မှာရောက်နိုင်သမျှနေရာများများကို သွားရောက်ကာ ရယူနိုင်သမျှ အမှတ်တရတွေနဲ့အတွေ့အကြုံကောင်းတွေကို ခပ်များများရယူသွားရပါတော့မယ်။

■ ဘူတန်နိုင်ငံကို ဘယ်လိုနည်းလမ်းတွေနဲ့ သွားရောက်ကြမလဲ

ထိုင်းနိုင်ငံကနေ ဘူတန်နိုင်ငံရဲ့ တစ်ခုတည်းသောလေဆိပ်ဖြစ်တဲ့ ပရိုလေဆိပ်ကို တိုက်ရိုက်သွားနိုင်ပါတယ်။ ဒါမှမဟုတ်လည်း နီပေါနိုင်ငံကိုသွားပြီး အဲဒီကနေ ဘူတန်ပရိုလေဆိပ်ကို လေကြောင်းခရီးနှင်လို့ရပါတယ်။ စင်ကာပူကနေဖြစ်ဖြစ်၊ ဘင်္ဂလားဒေ့ရှ်



ဘူတန်နိုင်ငံ သင်ဖူမြို့တော်မှ အကြီးဆုံးသော ရွှေအဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဒေါ်ခင်မေား



အိန္ဒိယနိုင်ငံ၊ ကလင်ပ်ပွန်မြို့ တိဗက်ဗုဒ္ဓဘာသာတုန်းကြီးကျောင်း၊



ဘူတန်ရဲ့မြို့တော် သင်ဖူက
လမ်းလျှောက်ကြွလှမ်းနေဟန်
ဗုဒ္ဓဆင်းတုတော်ကြီး




အိန္ဒိယနိုင်ငံ၊ ကလင်ပ်ပွန်မြို့ တိဗက်ဗုဒ္ဓဘာသာတုန်းကြီးကျောင်း၊



ဘူတန်နိုင်ငံ၊ မြို့တော် သင်ဖူက
ဆိုင်တွေမှာရောင်းတဲ့ ဗုဒ္ဓဆင်းတုတော်များ

www.burmeseclassic.com


www.burmeseclassic.com




ဘူတန်နိုင်ငံ သင်ဖုမြို့တော်မှ အကြီးဆုံးသော ရွှေအဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဒေါ်ခင်မေား



ဘူတန်နိုင်ငံ သင်ဖုမြို့တော်မှ အကြီးဆုံးသော ရွှေအဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဒေါ်ခင်မေား



ဘူတန်နိုင်ငံ သင်ဖုမြို့တော်မှ အကြီးဆုံးသော ရွှေအဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဒေါ်ခင်မေား



တိဗက်ဟန် ချော်တန်စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်စဉ်

နိုင်ငံ ဒက္ကာ (Dakha) မြို့တို့ကဖြစ်ဖြစ် လည်း ပရိုလေဆိပ်ကို လေယာဉ်နဲ့လာလို့ရပါတယ်။ အိန္ဒိယနိုင်ငံကနေသွားမယ်ဆိုရင်တော့ ကိုလ်ကတ္တား သို့မဟုတ် နယူးဒေလီကို လေယာဉ်နဲ့သွားပြီး အဲဒီကနေ ပရိုကို လေယာဉ်ဆက်စီးလို့ရပါတယ်။ဘူတန်ကို လေယာဉ်နဲ့လာရောက်ချင်သူတွေဟာ ဘူတန်နိုင်ငံက ခရီးသွားအေးဂျင့်(Travel agent)တစ်ခုခုကို ချိတ်ဆက်ပြီး လေယာဉ်လက်မှတ်စီစဉ်နိုင်ပါတယ်။

ဘူတန်ကိုလေကြောင်းနဲ့မလာဘဲ ကုန်းလမ်းခရီးကနေ ကားနဲ့လာမယ်ဆိုရင် နိုင်ငံထဲကိုဝင်တဲ့ဝင်ပေါက်သုံးခုရှိပါတယ်။ ဘူတန်ရဲ့ အရှေ့တောင်ဘက်



ဘူတန်နိုင်ငံရဲ့အမျိုးသားအလံ



www.burmeseclassic.com

www.burmeseclassic.com

ဆမ်းဒရုဂျန်ခါ (Samdrup Jangkhar) က ဝင်ပေါက်၊ ဘူတန်အလယ်ပိုင်းရဲ့ တောင်ဘက် ဂီလီဖူး(Gelephu) က ဝင်ပေါက်နဲ့ ဘူတန်အနောက်တောင်ပိုင်း ဖန်သျှိုလင်ကနေဝင်တဲ့ အပေါက်တို့ပဲ ဖြစ်ပါတယ်။

ကိုယ်တို့ ယခုခရီးနှင်သလို အိန္ဒိယနိုင်ငံကနေမှတစ်ဆင့် ကုန်းလမ်းနဲ့ဘူတန်ကိုသွားမယ်ဆိုရင်တော့ ကိုလ်းကတ္တား (Kolkata) ကို လေယာဉ်နဲ့သွား၊ အဲဒီကနေ အိန္ဒိယနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းနဲ့ ဘက်ဒိုဂရာ (Bagdogra) မြို့ကို ဆက်သွားရပါမယ်။ ယင်းကမှ ကားနဲ့ ဒါဂျီလင်(Darjeeling)မြို့ကို ဆက်လက်သွားရောက်ကာ ဒါဂျီလင်မှ တစ်ဖန် အိန္ဒိယနိုင်ငံရဲ့နယ်စပ်မြို့လေး ကလင်မ်ပွန်(Kalimpong)သို့ကားနဲ့ ဆက်သွားရပြီး ကလင်မ်ပွန်မြို့မှတစ်ဖန် အိန္ဒိယ-ဘူတန်နှစ်နိုင်ငံနယ်စပ်ကနေ ဖန်သျှိုလင်မြို့သို့သွားကာ ဘူတန်ရဲ့မြို့တော် သင်ဖူကို ဆက်လက်ကားမောင်းသွားရမှာပါ။ ဘူတန်နိုင်ငံကို ကုန်းလမ်းကဝင်တဲ့ တတိယဝင်ပေါက်၊ ဘူတန်အနောက်တောင်ပိုင်း ဖန်သျှိုလင်ကနေဝင်တဲ့ အပေါက်ကဝင်ရမှာ ဖြစ်ပါတယ်။

ဒါဂျီလင်ဆိုတာကလည်း ကိုယ်တို့မြန်မာနိုင်ငံရဲ့ကိုလိုနီခေတ်၊ လွတ်လပ်ရေးအကြိုခေတ်၊ လွတ်လပ်ရေးခေတ်ဦးတွေမှာ ရေပန်းစားခဲ့တဲ့မြို့ပါ။ ငွေကြေးချမ်းသာတဲ့အသိုင်းအဝန်းမှာ သားသမီးတွေကို ဒါဂျီလင်ပို့ပြီး ကျောင်းထားတယ်ဆိုတာ ကြွားဝင့်ဂုဏ်ယူစရာဂုဏ်တစ်မျိုး ဖြစ်ခဲ့တယ်မဟုတ်လား။

ရွှေမန်းတင်မောင်က သူ့သားကြီးကိုညွန့်ဝင်းကို ဒါဂျီလင်ပို့ပြီး ဇာတ်ခုံပညာတွေသင်ခိုင်းသတဲ့။ ဒါဂျီလင်ပြန်ဆိုတာဟာ အဲဒီခေတ်ကာလတုန်းက ဂုဏ်ပုဒ်တစ်ခုပါပဲ။ ဒီတော့ ဘူတန်ရောက်ရဖို့ ဒါဂျီလင်ကို အရင်သွားရမယ်ဆိုလည်း သွားလိုက်ရုံပေါ့။

သို့ပေမယ့်လည်း ဘူတန်ခရီးစဉ်က ပျက်နေကျဖြစ်လေတော့ ဒီတစ်ခါလည်း ဘယ်လိုအကြောင်းပြချက်နဲ့များ ခရီးစဉ်ဖျက်သိမ်းလေမလဲလို့ စိုးတထိတ်ထိတ်နဲ့ပါ။ ပြည်ပခရီးအတူတူသွားနေကျ မိတ်ဆွေတွေကို အဖော်စပ်တော့လည်း အများစုက ဘူတန်ကို ဈေးဝယ် (shopping) ထွက်ရမှာမဟုတ်တဲ့နိုင်ငံမို့ စိတ်မဝင်စားကြပါဘူး။ အချို့ကတော့ ဈေးကြီးလို့၊ အဲဒီဈေးနဲ့ဆို ဥရောပပဲ သွားတော့မယ်လို့ပြောကြရဲ့။ ဟယ် - မိုးတွင်းကြီး ဟိမဝန္တာတောင်ကို သွားတယ်လို့ အံ့ဩကြတယ်။ ဘူတန်ဆိုတာကို ဘုရင့်နိုင်ငံလေးဖြစ်တာ၊ ဗုဒ္ဓဘာသာထွန်းကားပြီး သူတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံဥပဒေကို ဗုဒ္ဓဘာသာပေါ် အခြေခံပြီး ရေးဆွဲထားတာ၊ သူခိုးဓားပြမရှိ၊ ပြည့်တန်ဆာမရှိ၊ ငြိမ်းချမ်းလှတဲ့တောင်တန်းတွေပေါ် ကနိုင်ငံလေး ဖြစ်တာတွေကို ကြားဖူးထားကြသူတွေကတော့ သူတို့မသွားနိုင်ပေမယ့် သွားချင်လိုက်တာ သွားသာသွားလို့အားပေးကြပြန်တယ်။ ကိုယ်ကတော့ ခရီးထွက်ဖြစ်မယ်၊ မထွက်ဖြစ်မယ်ကို ယုံတစ်ဝက်မယုံတစ်ဝက်နဲ့ 'ဆောက်ဖြစ်မှ ကျောင်းဒကာပါကွယ်' လို့ မယုံမရဲဖြေမိပါတယ်။

ဒီလိုနဲ့ ၅-၇-၁၈ ရက်၊ ကြာသပတေးနေ့ မွန်းလွဲပိုင်းမှာတော့ သဲသဲမဲမဲရွာနေတဲ့ ရန်ကုန်မုတ်သုံမိုးကို အန်တုပြီး ဘူတန်ခရီးစဉ်အတွက် စုရပ်ဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ အတူခရီးသွားမယ့်အဖော်တွေဆုံကြပါတယ်။ ဘူတန်ခရီးစဉ်မှာ လိုက်ပါပို့ဆောင်မယ့် (Amazing Land Travels &Tours Co.)ကုမ္ပဏီမှခရီးသွားအဖွဲ့ခေါင်းဆောင် (Tour Leader)မခက်ရည်လှိုင်(ခက်ခက်)လည်းရောက်လာပြီး Airline check in ဝင်ရပါတယ်။ညနေ(၄း၄၀)နာရီမှာတော့ (MAI)(Myanmar Airways International) လေကြောင်းလိုင်းဖြင့် ကိုးလ်ကတ္တားမြို့သို့ စတင်ထွက်ခွာပါတယ်။ လေယာဉ်ပျံသန်းချိန် (၂)နာရီခန့်ကြာမြင့်ပြီး ညနေ (၆း၃၀) နာရီမှာတော့ ကိုးလ်ကတ္တား (Kolkata)-ကလကတ္တား (Calcutta) မြို့သို့ ရောက်ရှိသွားပါတယ်။ သူတို့ အချိန်နဲ့ (၅း၃၀) နာရီပါ။

ကိုးလ်ကတ္တားမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်မှာ ဘက်ဒိုဂရာမြို့ကို အိန္ဒိယနိုင်ငံရဲ့ပြည်တွင်းလေကြောင်းလိုင်းနဲ့ တစ်နာရီကျော်ကြာခရီးကိုဆက်နှင်ရပြန်ပါတယ်။ ဘက်ဒိုဂရာမြို့ကနေ ဒါဂျီလင်ကို ကားဆက်စီးရပြန်ပါတယ်။ မိုးတွေရွာပြီး နှင်းမြူတွေဆိုင်းဆို့နေတဲ့ လမ်းတွေကနေ ဒါဂျီလင်မြို့ကိုသွားတဲ့ခရီးဟာ တောင်ပေါ်လမ်းတွေမို့ သည်းထိတ်ရင်ဖိုဇာတ်လမ်းစပါပြီ။ တောင်စောင်းတွေမှာကပ်ပြီး ခက်ရာခက်ဆစ်တည်ဆောက်ထားတဲ့ ဒါဂျီလင်ကိုကြည့်ပြီး ဘာလို့များဒီမှာဂုဏ်ယူပြီးကျောင်းလာထားကြသလဲလို့ စဉ်းစားမိပါတယ်။ အံ့ဩခြင်းကြီးစွာလည်း ဖြစ်ရပါတယ်။ ကားနှစ်စီးတောင် ပွတ်သပ်ပြီးရှောင်နေရတဲ့လမ်းဘေးမှာ တည်ဆောက်ထားတဲ့တိုက်အိမ်တွေ၊ ဟိုတယ်တွေကိုလည်း မယုံနိုင်အောင်ဖြစ်မိပါရဲ့။ ဒါပေမယ့် ဒါဂျီလင်ဟာ မြူတွေဆိုင်းနေတဲ့ကြားကပဲ အတော်လှတဲ့အိပ်မက်ထဲကမြို့လေးအဖြစ်တော့ အသိအမှတ်ပြုမိပါတယ်။ မြို့ကို တည်ဆောက်တဲ့ဗိသုကာတွေကိုလည်း အံ့ဩကုန်နိုင်ဖွယ်ဖြစ်မိရဲ့။

ဒါဂျီလင်မှာ နှစ်ညအိပ်ကာလည်ပတ်ပြီးတဲ့အခါ ကလင်မ်ပွန်မြို့လေးကို ဆက်သွားရပါတယ်။ ပန်းခြံတွေ၊ သစ်ခွတွေ၊ ရှားစောင်းပင်တွေနဲ့ အလှကြီးလှ







www.burmeseclassic.com

www.burmeseclassic.com









အိန္ဒိယနိုင်ငံ၊ ကလင်မ်ပွန်မြို့
တိဗက်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း



အိန္ဒိယနိုင်ငံ၊ ကလင်မ်ပွန်မြို့
တိဗက်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း



အိန္ဒိယနိုင်ငံ၊ ကလင်မ်ပွန်မြို့
တိဗက်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း



ပြည်သူတွေကြားက
ဘူတန်ဘုရင်



မြို့တော်သင်ဖူက တိဗက်ဟန်
ချော်တန်စေတီတော်ကြီးသို့သွားရောက်ဖူးမြော်စဉ်



အိန္ဒိယနိုင်ငံ၊ ဒါဂျီလင်မြို့
တိဗက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းမှာ

နေတဲ့ တောင်ပေါ်မြို့လေးပါ။ သီပေါမင်းကြီးရဲ့ သမီးတော်တစ်ပါးဟာ လတ်သခင်နဲ့ အိမ်ထောင်ကျပြီး ဖခမည်းတော်နတ်ရွာစံပြီးတဲ့အခါ မြန်မာပြည်မပြန်ဘဲ ဒီမှာပဲခေါင်းချသွားပါသတဲ့။ သူတို့ကနေ သားသမီးမထွန်းကားတာမို့

ကိုယ့်မြန်မာမင်းဆက်ရဲ့ အနွယ်တော်တွေ ရှိရာလို့လည်း မပြောနိုင်တော့ပါဘူး။ နောက်နေ့မှာတော့ ကလင်မ်ပွန်ကနေ ဘူတန်နယ်စပ်ကိုကားနဲ့ဆက်လက်ထွက်ခွာခဲ့ရပြန်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ နောက်ဆုံးနယ်စပ်မြို့လေး ဂျေဂွန်းမှာ လူဝင်မှုကြီးကြပ်ရေးရုံးဝင်ပြီး အိန္ဒိယကနေ အထွက်ပြုရပါတယ်။ ဂျေဂွန်းရဲ့ အိန္ဒိယဟန်အတိုင်း ရှုပ်ထွေးပွေလီတဲ့လမ်းလေးရဲ့ အဆုံးမှာတော့ ဘူဟန်ရဲ့ လှပသေသပ်ပြီးသန့်ရှင်းတဲ့လမ်းတွေဆီရောက်သွားပါတယ်။ မနစ်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းအတွင်းမှာပဲ ဘဝခြားသွားသလို ခံစားလိုက်ရပေ့ါ။ ဘူတန်အနောက် တောင်ပိုင်းနယ်စပ်မြို့ ဖန်သျှိုလင်ကနေ ဘူတန်နိုင်ငံထဲကို အနောက်ပေါက်ကနေ ဝင်ခဲ့ပါပြီ။

ဖန်သျှိုလင်ကနေ ဘူတန်ရဲ့ မြို့တော် သင်ဖူသို့ အသွားလမ်းဟာ ဟိမဝန္တာတောင်စဉ်တောင်တန်းတွေပေါ် မှာ ခဲရာခက်ဆစ်ကပ်ပြီးဖောက်ထားတဲ့ လမ်းတွေမို့ သည်းထိတ်ရင်ဖိုသွားနေရပါတယ်။ ဘယ်လောက်အထိ ကြောက်ဖွယ်ကောင်းသလဲဆိုရင် လာမိတာမှား ပေ့ါလို့ နောင်တအလီလီရတဲ့အထိပါပဲ။ ဒါပေမယ့် ထူးခြားတာကတော့ လမ်းတွေဟာ ချောက်ကမ်းပါးတွေကို ကပ်မြှောင်ပြီးဖောက်လုပ်ထားတာ။ပေပေါင်းများစွာ အမြင့်တွေမှာ ဖောက်လုပ်ထားတာ။ လမ်းတွေက အကွေ့အကောက်တွေများလွန်းတာကလွဲလို့ လမ်းကတော့ မကြမ်းပါဘူး။ အိန္ဒိယအကူအညီနဲ့ဖောက်လုပ်ထားတာမို့ ချောမွေ့လှပါတယ်။ ဒါပေမယ့် ခါတ်တိုင်နှစ်တိုင်လောက် မောင်းပြီးရင် ကွေ့တစ်ကွေ့ရောက်တာမို့ ဘွားခနဲဘွားခနဲပေါ်လာတဲ့ကွေ့တွေ၊ မျက်နှာချင်းဆိုင်က ကားကြီးတွေရဲ့ မီးရောင်တွေကို မြင်ရလို့ လန့်မိတာပါ။

အဲဒီလို ဟိမဝန္တာရဲ့နှုတ်ဆက်မှုက ကြောက်ဖွယ်လီလီဖြစ်နေတုန်းမှာ ပို ကြောက်စရာကောင်းတဲ့ လမ်းကြောတစ်ခုကို နာရီဝက်ကျော်၊ (၄၅) မိနစ်



မြို့တော်သင်ဖူက ချော်တန်စေတီတော်ကြီးသို့သွားရောက်ဖူးမြော်စဉ်



ဘူတန်နိုင်ငံမှ မဟာယာနဗုဒ္ဓဘာသာရဟန်းများ



ဘူတန်နိုင်ငံမှ မဟာယာနဗုဒ္ဓဘာသာရဟန်းများ



ဘူတန်နိုင်ငံမှ မဟာယာနဗုဒ္ဓဘာသာရဟန်းများ



အိန္ဒိယနိုင်ငံ၊ ကိုလ်းကတ္တားမှ ဘင်္ဂဒေါ်ရာလေဆိပ်အရောက်



အိန္ဒိယနိုင်ငံ၊ ဒါဂျီလင်မြို့ တည်းခိုရာဟိုတယ်သို့အဝင်



အိန္ဒိယနိုင်ငံ၊ ကိုလ်းကတ္တားလေဆိပ် စာအုပ်ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူတန်ရဲ့မြို့တော် သင်ဖုက လမ်းလျှောက်ကြွလှမ်းနေဟန် ဗုဒ္ဓဆင်းတုတော်ကြီး



ဘူတန်နိုင်ငံ သင်ဖုမြို့တော်မှ အကြီးဆုံးသော ရွှေအဲဆင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး-ဒေါဒမ်မား



ဘူတန်နိုင်ငံနယ်စပ်မြို့ ဖန်သျှိုလင်က ဟိုတယ်ဆင်ဝင်အောက်မှာ

လောက် မောင်းလိုက်ရပြန်ပါတယ်။ ပဉ္စလက်လမ်း(Magic Road)ပါတဲ့။ မြူတွေ သဲသဲမဲမဲပိန်းပိတ်အောင်ကျလိုက်သမှ ဝါးတစ်ပြန့်စာကိုတောင်မမြင်ရတဲ့လမ်းပါ။ တစ်နှစ်ပတ်လုံး အဲဒီလိုပဲ မြူတွေဆိုင်းနေပြီး ဆောင်းရာသီတစ်ခုသာ မြူပါးပါသတဲ့။ ဘုရားရှေ့ - ပြောင်းပြန်ကြီးပါလား။ ဆောင်းမှပဲ မြူရှင်းတဲ့လမ်းတဲ့။

မှော်ဝင်တဲ့လမ်းကနေလွတ်မြောက်လာခဲ့ပါပြီ။ သို့သော်လည်း ကြောက်စိတ်တွေက ပျောက်မသွားနိုင်သေးပါဘူး။ မြူတွေကင်းစင်တော့မှ ပိုကြောက်ဖို့ကောင်းလာပါတော့တယ်။ မြူတွေဆိုင်းနေတုန်းက ဘာမှမမြင်ရလို့ ကားချင်းခေါင်းချင်းဆိုင်တိုက်မှာလောက်သာပူရပေမယ့် ခုမှ ကိုယ်တို့မောင်းနှင်လာတဲ့လမ်းဟာ ဟိမဝန္တာတောင်ကြောရဲ့မြင့်မားသီခေါင်တဲ့ တောင်တန်းတွေပေါ်မှာဆိုတာ ပီပီပြင်ပြင်မြင်ရပြီး ပိုကြောက်ဖို့ကောင်းလာပါတယ်။ ကားတစ်စီးနဲ့တစ်စီးရှောင်လိုက်တဲ့အခါ ကိုယ့်တို့ကားရဲ့ဘီးဟာ တောင်ကမ်းပါးယံအစွန်းလေးမှာ တစ်ထွာသာသာလောက်ပဲတင်နေသလိုပါ။

လမ်းတွေမှာ အကွေ့အကောက်တွေများပေမယ့် လမ်းတွေကတော့ကောင်းပါတယ်။စဉ်ဆက်မပြတ်ပြင်ဆင်ထိန်းသိမ်းနေတာလည်း လမ်းတစ်လျှောက်မှာ တွေ့နေရတယ်။ လမ်းဘေးရေကျော်တွေမှာ ရေမြောင်းတွေ၊ တံတားတွေ၊ ပိုက်တွေနဲ့ရေစီးပေဖို့ စီမံပြုလုပ်ထားတာတွေလည်း သတိထားမိတယ်။ လမ်းပခုံးနဲ့လမ်းဘေးရေမြောင်း တွယည်းကြိုးစားလုပ်ဆောင်ပေးထားရဲ့။

လမ်းဆုံတစ်ခုကို ရောက်လာပါပြီ။ တစ်ဖက်ကိုသွားရင် ဘူတန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ လေယာဉ်ကွင်းရှိတဲ့ ပါရိုမြို့ကိုရောက်မှာဖြစ်ပြီး တစ်ဖက်ကိုသွားရင်တော့ မြို့တော်သင်ဖုကိုသွားရမှာပါ။ အဲဒီလမ်းဆုံနေရာကနေ သင်ဖုမြို့သို့ (၃၁)ကီလိုမီတာ၊ ပါရိုသို့(၂၄)ကီလိုမီတာ၊ ဖန်သျှိုလင်သို့ (၁၄၁) ကီလိုမီတာနဲ့ 'ဟ' သို့ (၉၃) ကီလိုမီတာဆိုတဲ့လမ်းညွှန်ဆိုင်းဘုတ်ကိုလည်းတွေ့ရပါတယ်။ ဒီနေရာဟာ ပါရိုမြစ်နဲ့ သင်ဖုမြစ်တို့ရဲ့ဆုံရာ မြစ်ဆုံ (the confluence of Paro River and Thimphu River) ပါတဲ့။ အဲဒီမြစ်ဆုံပေါ်မှာတံတားတစ်စင်းရှိပါတယ်။ ချူဆုမ် (Chunzom) လို့ ခေါ်တဲ့အဲဒီတံတားဟာ ပါရိုမြို့နဲ့ ဟာ (Ha) မြို့တို့ကို

www.burmeseclassic.com

www.burmeseclassic.com

(Chhuka)၊ သင်ဖုတို့နဲ့ ဆက်သွယ်ပေးထားတာပါ။ အဲဒီကနေ မြစ်နှစ်စင်းဆုံရာအကြား ချူဆုမ်လမ်းဆုံ (Chunzom Junction) ရဲ့တစ်ဖက်မှာ ဘူတန် (Bhutanese) ဟန်၊ တိဗက် (Tbet-an) ဟန်နဲ့ နီပေါ(Nepali)ဟန် တည်ဆောက်ထားတဲ့ ထုံးသင်္ကန်းနဲ့ စတူပါစေတီသုံးဆူကိုလည်း တန်းစီလျက် အတူတကွ တည်ရှိတော်မူနေတာကိုလည်း ဖူးမြော်မြင်တွေ့နိုင်ပါတယ်။

ဒီလိုနဲ့ အိမ်ခြေတွေတဖြည်းဖြည်းစိတ်လာပြီး မြို့ပြနဲ့တူတူလာပါတယ်။ အိမ်တွေဟာ အဖြူရောင်လေး ထောင့်ကျကျတိုက်အိမ်တွေဖြစ်ပြီး ပြတင်းပေါက်တွေက ဆေးရောင်စုံတွေခြယ်ထားတဲ့ အနီရောင်ပါ။ အမိုးတွေကလည်း အနီရောင်တွေများပြီး အမိုးစွန်းတွေ၊ အိမ်ခေါင်တွေဟာ အစွန်းတွေထွက်နေတာ အစွန်းတွေရဲ့ထိပ်မှာလည်း ဆေးတွေခြယ်လို့ပေါ့။ ဘူတန်တစ်နိုင်ငံလုံးမှာ အဆောက်အအုံတွေကို ရိုးရာလေ့ထိန်းသိမ်းပြီးဆောက်ရမယ်လို့ သတ်မှတ်ထားပုံရပါတယ်။ ဒါပေမယ့် ချက်စွတ်ကြီးဆင်တူနေတဲ့အိမ်တွေတော့မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ မူဘောင်အတွင်းမှာပဲ တစ်အိမ်နဲ့တစ်အိမ်လည်း မသိမသာကွဲပြားနေပါတယ်။

မြို့ပြဆန်လာတာနဲ့အမျှ လူနေအဆောက်အအုံတွေ၊ အိမ်ရာစီမံကိန်းတွေလည်းရှိလာပါတယ်။ထူးထူးခြားခြားဖြစ်လို့ သတိထားမိတာကတော့ ဘူတန်ဟာ မြို့တွေမှာ မီးပွိုင့်မထားရှိတဲ့နိုင်ငံပါတဲ့။ လျှပ်စစ်မီးကတော့ ရေအားလျှပ်စစ်ထုတ်လုပ်မှုကို အားကိုးရလို့ မီးရောင်လင်းလင်းလက်လက်နဲ့ နေရာတိုင်းမှာတွေ့နေရပါတယ်။ ဈေးဆိုင်လေးတွေ၊ ဆိုင်ခင်းပြီးရောင်းချနေတဲ့ တိုက်အိမ်တွေ၊ ကော်ဖီဆိုင်တွေတွေ့လာရတယ်။ အိမ်အတော်များများကတော့ (၄)ထပ်(၅)ထပ်ထက်အမြင့်မှာမပိုပါဘူး။ ဒီလိုနဲ့ (၅)နာရီလောက် ကားမောင်းပြီးတဲ့အခါ မိုးချုပ်လုလုမှာမှ ဘူတန်နိုင်ငံရဲ့မြို့တော် သင်ဖုမြို့ကို ရောက်ရှိပါတော့တယ်။

သင်ဖုရဲ့ကြိုဆိုမှုကတော့ နွေးထွေးလွန်းပါတယ်။ ကားမရပ်ခင်ကဘဲ ကားလမ်းဘေးက ပွဲလမ်းသဘင်တစ်ခုခုကို လှမ်းမြင်နေရပါပြီ။ ကားရပ်ဖို့ နေရာရှေ့ရင်း ကားလမ်းဘေးအနီမှ်ပိုင်းကို ကားထိုးဆင်းသွားပြီး ဇာတ်စင်အနီးကပ်လျက်မှာဘဲရှိနေတဲ့ဟိုတယ်ရှေ့မှာ ကားကိုရပ်လိုက်ကြပါတယ်။ ဘယ်နိုင်ငံကိုရောက်ရောက် သူတို့ရဲ့ရိုးရာပွဲလမ်းတွေ၊ သာရေးနာရေးတွေနဲ့ဆုံချင်တတ်တဲ့ ကိုယ့်ဆန္ဒတော့ ပြည့်သွားပါပြီ။

ဒီနေရာဟာ သင်ဖုမြို့ရဲ့အချက်အခြာကျရာ နာရီစင်ရင်ပြင် (Clock Tower Square)ပါ။ ရင်ပြင်က ကားလမ်းဘေးအနိမ့်ပိုင်းမှာရှိပြီး အုတ်လှေကားထစ်တွေက လမ်းဘေးကနေ နာရီစင်ခြေရင်းနားအထိ တစ်ထစ်ချင်းနိမ့်ဆင်းသွားပါတယ်။ လှေကားထစ်တွေရဲ့အဆုံးနဲ့နာရီစင်ကြားမှာ အင်္ဂတေခင်းထားတဲ့ ရင်ပြင်ရှိတယ်။ အဲဒီမှာ ဇာတ်ရုံထိုးတော့ မျက်နှာချင်းဆိုင်က အုတ်လှေကားတွေဟာ ပွဲကြည့်စင်တွေဖြစ်သွားပြီး အသင့်ကြည့်နိုင်ပါတယ်။ အခုအခါ ဘူတန်မှာ နွေရာသီမို့ ၂၀၁၈ခုနှစ် နွေရာသီအားလပ်ရက်ပွဲတော် (Summer Holiday Festival) ကျင်းပနေတာပါ။ သင်ဖုရဲ့ကြိုဆိုပုံက နွေးထွေးသလို လှလည်းလှလွန်းပါရဲ့။

တည်းခိုရာ သင်ဖုမျှော်စင် (Thimphu Towerl) ဟိုတယ်ကလည်း နာရီစင်ဘေး၊ လမ်းနဲ့ကပ်လျက်မှာမို့ သွားရလာရလည်း အတော်အဆင်ပြေပါတယ်။ ဟိုတယ်အပေါ်ရှိ စားသောက်ခန်းက ကြည့်ရင်တောင် ပွဲခင်းကိုမြင်နေရပါပြီ။ ဆိုင်းသံကြားရင် မနေနိုင်တာမို့ ညစာကို ခပ်သုတ်သုတ်စားပြီး ပွဲခင်းထဲကိုဆင်းခဲ့ကြတယ်။ ပွဲပြီးတဲ့အခါ ရွှေမြန်မာတို့ထုံးစံအတိုင်း ရင်ပြင်ပတ်လည်က အမှတ်တရပစ္စည်းဆိုင်တွေမှာ ဈေးဝယ်ထွက်ကြပါတယ်။

ဘူတန်အမျိုးသမီး (Bhutanese women) ဝတ်စုံတွေဟာ ဗမာထဘီနဲ့ အလွန်တူပြီး ဘူတန်ထဘီက နှစ်ထပ်မို့ ပိုလည်းလုံခြုံပါတယ်။ ခြေမျက်စိဖုံးအထိ ရှည်တဲ့ထဘီကို ခီရာ (the kira) လို့ခေါ်ကြတယ်။ ခြေမျက်စိဖုံးဝတ်ရတာမို့ ပိုလည်းယဉ်ကျေးသိမ်မွေ့တယ်။ ဧည့်သည်တွေ ဘူတန်မလေးများလို အလွယ်တကူဝတ်လို့ရအောင် ရယ်ဒီမိတ်ချုပ်ထည်တွေလည်း အသင့်ဝယ်လို့ရပါတယ်။ လုံချည်အင်္ကျီတစ်စုံမှ ရူပီး (၃၀၀၀) မြန်မာငွေ (၆၀၀၀) လောက်ပဲ ဈေးဆိုပါတယ်။ အဆစ်အဆွဲကောင်းတဲ့မြန်မာအမျိုးသမီးတွေက ဆစ်ချလိုက်တော့ နောက်ဆုံးမှာ တစ်စုံကို ရူပီးနှစ်ထောင်၊ ကျပ်ငွေနဲ့လေးထောင်လောက်နဲ့ပဲ ဈေးတည့်သွားရဲ့။ 'ဝတ်စုံတစ်စုံလုံးတန်ဖိုးဟာ ချုပ်ခလောက်တောင်မရှိဘူး' လို့ ထောမနာပြုရင်း ပျော်ပျော်ရွှင်ရွှင်ဝယ်လိုက်ကြတယ်။

ဒီညတော့ ခရီးလည်းပန်းလာပြီး ကိုယ်တွေလာချင်ခဲ့တဲ့ ဘူတန်လည်းရောက်ရ၊ ပွဲလည်းကြည့်၊ ဈေးလည်းဝယ်လိုက်ရပြီမို့ ကိုယ်တို့အဖွဲ့သားအားလုံးဟာ စိတ်နှလုံးကျေနပ်သွားကာ ဘူတန်နိုင်ငံ သင်ဖုမြို့တော်က ကြယ်သုံးပွင့်အဆင့်ရှိ သင်ဖုမျှော်စင်ဟိုတယ်မှာ အိပ်စက်လိုက်ကြပါတော့တယ်။

နောက်နေ့မနက်စောစောမှာတော့ အစောကြီးထပြီး ဟိုတယ်အောက်ကိုဆင်းကာ ကိုယ်တစ်ယောက်တည်း သင်ဖုမြို့ကို လေ့လာရေးဆင်းပါတယ်။ လမ်းတွေကောင်းလို့ လမ်းလျှောက်ရတာကြည်နူးစရာပါ။ စစ်တပ်မရှိတဲ့နိုင်ငံ၊ မီးပွိုင့်မရှိတဲ့မြို့တော်မှာ လွတ်လပ်ပေါ့ပါးစွာသွားလာနေတာကိုပဲ ကျေနပ်နေမိရဲ့။ ဟိမဝန္တာတောင်တန်းတွေပေါ် ကနိုင်ငံလေးမို့ လမ်းတွေကောင်းကောင်းခင်းပြီးတဲ့အခါ တောင်တက်စက်ဘီးစီးအားကစားဟာလည်း ဘူတန်မှာ ခေတ်စားနေသတဲ့။ ကမ္ဘာလှည့်ခရီးသည်တွေရော ဒေသခံဘူတန်သားတွေပါ စိတ်ဝင်စားလာကြတယ်။ ကားတစ်စီးပေါ်ကနေ ရှုခင်းတွေကြည့်ရတာထက် စက်ဘီးလေးငြိမ့်ငြိမ့်စီးပြီးကြည့်သွားရတာက ပိုအသေးစိတ်မြင်ရပြီး ကိုယ်တိုင်လည်း ပတ်ဝန်းကျင်သဘာဝနဲ့အတူ စီးမျောသွားနိုင်ရဲ့။ ခုလိုလမ်းလျှောက်ရပြန်တော့ ဘူတန်ပြည်သူပြည်သားတွေနဲ့ပိုထိတွေ့ရင်းနှီးခွင့်ရပြီး၊ အတွေ့အကြုံတွေလည်း တိုးပွားလာစေပါတယ်။

ထူးထူးကဲကဲ ခမ်းနားထည်ဝါတဲ့ တောင်စဉ်တောင်တန်းတွေ၊ မြစ်ဝှမ်းလွင်ပြင်တွေ၊ ညစ်ထေးမှုမရှိတဲ့ မြေယာအခင်းအကျင်းတွေ၊ ခြေရာလက်ရာမပျက်ယွင်းသေးတဲ့ သဘာဝအလှတွေ၊ ရှင်သန်နေဆဲယဉ်ကျေးမှုနဲ့ ရိုးရာအစဉ်အလာဓလေ့တွေဟာ ဘူတန်ကိုလာရခြင်းရဲ့ဆုလာဘ်တွေပါပဲ။

ဟိုတယ်ကိုပြန်ဝင်ပြီး မနက်စာလည်းရနေပြီမို့ စားသောက်ခန်းမှာ သုံးဆောင်လိုက်ပါတယ်။ အဲဒီနောက် အခန်းခကာပြန်ဝင်ပြီး ဒီနေ့အတွက် သင်ဖုမြို့တော်အလည်အပတ်ခရီးစဉ်ကို စဖို့ ကားပေါ်တက်ခဲ့ကြပါတယ်။ ကိုယ်တို့ ခရီးဖော် အမျိုးသမီးများကတော့ မနေ့ညကမှပဲ ဝယ်လာတဲ့ ဘူတန်ဝတ်စုံတွေကိုထုတ်ဝတ်လာကြပါပြီ။ဘူတန်သူလေးတွေနဲ့မှားတော့မှာပါပဲ။

■ ဘုရင့်အောက်မေ့ဖွယ် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

### ချော်တန်စေတီ (King Memorial Chorten)

သင်ဖူမြို့လယ်ကောင်ကနေ ခဏလေးသွားရတဲ့နေရာမှာတည်ရှိတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ အောင်မြင်ခြင်းအထိမ်းအမှတ်လည်းဖြစ် ဘုရင့်အောက်မေ့ဖွယ်အမှတ်တရလည်းဖြစ်တဲ့ ချော်တန်စေတီ (King Memorial Chorten)ကို အရင်ဆုံး သွားရောက်ဖူးမြော် လေ့လာကြပါတယ်။ အချက်အချာကျတဲ့နေရာမှာတည်ရှိတဲ့ ဒီအဖြူရောင်ရှည်ရှည်မြင့်မြင့်အဆောက်အအုံကြီးဟာ သင်ဖူမြို့ရဲ့ အထင်ကရ (landmark) လည်းဖြစ်လို့ သင်ဖူချော်တန်(Thimphu Chorten)လို့လည်း ခေါ်ကြပါသေးတယ်။

ချော်တန်စေတီတော်မြတ်ကြီးကို တတိယမြောက်ဘူတန်ဘုရင်ရဲ့ စိတ်ကူးနဲ့ တည်ဆောက်ခဲ့တာပါ။ ယနေ့ ဘူတန်ရဲ့နိုင်ငံဖခင်ကြီး (Father of Mordern Bhutan) လို့ လူအများအလေးထားနေကြတဲ့ တတိယမြောက်ဘုရင် (ဂျဂ်မဲ ဒေါဂျိဝန်ချုခ်) (His Majesty Jigme Do-rji Wangchuk)(၁၉၂၈-၁၉၇၂)ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးစည်ပင်ရေးအတွက် ဒီအဆောက်အအုံကို တည်ဆောက်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး၊ သူသေဆုံးပြီးနောက်မှာမှ ပြီးစီးတော်မူခဲ့တယ်။

ဒီချော်တန်ကြီးဟာ လေးထပ်အဆောက်အအုံဖြစ်ပါတယ်။ယင်းအတွင်းမှာ ဗုဒ္ဓဆင်းတုတော်တွေ ကိန်းဝပ်စံပယ်နေသလို တန်တရစ်အယူဝါဒရဲ့ နတ်ဘုရားရုပ်တုတွေလည်းရှိနေပါတယ်။

King Memorial Chortenကနေ ပြန်မထွက်ခင် ဘုရားဝင်းရဲ့ မျက်နှာစာအတွင်းဘက် လက်ဝဲဘက်ထောင့်မှာရှိတဲ့ ဆုတောင်းဘီး(prayerwheel) အကြီးကြီးတွေထားတဲ့ရုံကို သွားရောက်ခဲ့ပါသေးတယ်။ အဲဒီဆုတောင်းဘီးတွေကို လည်ပတ်အောင်လှည့်ကာ အဆက်မပြတ် မန္တန်(mantras)တွေရွတ်ဆိုညည်းရင်း ဆုတောင်းနေကြတဲ့ ဒေသခံတွေကို တွေ့ရပါတယ်။

### ■ ဒေါဒန်မား (Dordenma) ဆင်းတုတော်ကြီး

ဘုရင့်အောက်မေ့ဖွယ်အမှတ်တရ ချိုတန်ကနေ ကားနဲ့ပြန်လည်ထွက်ခွာလာပြီးတဲ့နောက် သင်ဖူမြို့ရဲ့ ဗုဒ္ဓနေရာတော် (Buddha point) (ခွန်ဆောပိုဒရန်) (Kuensol Phodrang) မှာတည်ရှိနေတဲ့ ဆင်းတုတော်ကြီးကိုဖူးဖို့ ကားနဲ့ဆက်လက်သွားရောက်ကြပါတယ်။ မြို့ထဲကနေ ဆယ်မိနစ်လောက် ကားမောင်းလိုက်ရင်ရောက်တဲ့အကွာအဝေးမှာရှိနေတာပါ။ တောင်ကုန်းထိပ်က အဲဒီနေရာမှာ မကြာသေးခင်နှစ်များကမှ ဆောက်လုပ်တည်ထားပြီးစီးခဲ့တဲ့ ဘူတန်နိုင်ငံရဲ့ အကြီးဆုံးဗုဒ္ဓဆင်းတုတော်ကြီးကိုဖူးမြော်နိုင်ရဲ့။

ဆင်းတုတော်ကြီးရဲ့လက်ယာဘက်ဘေး အထက်ကားလမ်းမထိပ်မှာ ကားကိုရပ်လိုက်ကြပါတယ်။ ကားရပ်ထားရာနေရာရဲ့အထက်ကတောင်ကုန်းပေါ်မှာတော့ သစ်ပင်တွေကြားမှာ ဖြူ၊ စိမ်း၊ ဝါ၊ ပြာ၊ နီအရောင်လေးမျိုးပါတဲ့ အလံလေးကြိုးတွေနဲ့ သွယ်တန်းထားတာ ဖွေးဖွေးလှုပ်တွေ့ရပါတယ်။ လမ်းရဲ့အခြားတစ်ဖက်မှာတော့ ရွှေဆင်းတုတော်ကြီးတည်ထားစဉ်ကာလတုန်းက အသုံးပြုခဲ့ပုံရတဲ့ သံပြားကြီးတွေ၊ သံဒေါက်တွေ၊ သံလှေကားတွေပုံထားတာ အများအပြားပါပဲ။ ရွှေရောင်အဆင်းနဲ့ ဆင်းတုတော်ကြီးကို ဝင်ရောက် ဖူးမြော်ဖို့အတွက် ဘူတန်ဗိသုကာဟန်နဲ့ တည်ဆောက်ပြီး ဆေးရောင်စုံခြယ်ထားတဲ့ ဘုံနှစ်ဆင့်သုံးပေါက်ပွင့် ဂိတ်ပေါက်ကြီးကနေ လမ်းလျှောက်ဝင်ခဲ့ကြပါတယ်။ ဂိတ်ပေါက်ကြီးကို ဘူတန်ဟန်အပြည့်ပါတဲ့ အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အဖြူဆေးရောင်တွေနဲ့ ဘူတန်ဒီဇိုင်းတွေကိုသာ ဆေးရေးပန်းချီခြယ်ထားတာပါ။ဂိတ်ပေါက်အဝင်မှာထဲက ဆင်းတုတော်ကြီးဟာ ထင်တားတာထက်ကို အများကြီးပိုပြီး အတော်ကြီး ကြီးမားကြောင်းကိုလည်း သတိထားမိလာရပါတယ်။

ဘုရားဝင်းအတွင်းထဲကိုရောက်တာနဲ့ ကွင်းပြင်ရဲ့လက်ယာဘက်မှာ အရွယ်တော်ခပ်လတ်လတ်ရှိတဲ့၊ တိဗက်စေတီပုံ ချိုတန် (Chorten) စေတီတော်အဖြူတစ်ဆူကို တည်ထားတာ ဖူးတွေ့လိုက်ရတယ်။ တိဗက်ချော်တန်စေတီတွေရဲ့ဟန်အတိုင်း ကိုယ်လုံးတော်တစ်နေရာမှာ ရွှေရောင်မုခ်ကပ်တစ်ခုရှိကာ အတွင်းမှာလည်း ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပါတယ်။

လက်ဝဲဘက်တံတိုင်းတစ်လျှောက်ကိုတော့ သံတိုင်တွေစိုက်ထူကာထားပြီး သံပန်းတွေနဲ့ကာရံထားပါတယ်။ သံတိုင်စိုက်တံတိုင်းတွေရဲ့အကွက်တိုင်းအကွက်တိုင်းပေါ် မှာတိဗက်ဗုဒ္ဓဘာသာရဲ့မင်္ဂလာရှိသောသင်္ကေတ(Auspicious symbols)တွေဖြစ်တဲ့ ခရုသင်းပုံ၊ အဆုံးမဲ့အထုံးပုံ၊ ငါးနှစ်ကောင်ပုံ၊ ပန်းခိုင်ပုံ၊ ရေပြည့်အိုးပုံတွေပါရှိတဲ့ ရွှေရောင်သံထည်သံပန်းတွေပြုလုပ်ကာ ကပ်ထားပြီး တန်ဆာဆင်ထားပါတယ်။

ဘုရားဝင်းအကျယ်ကြီးကိုလျှောက်လှမ်းဝင်ရောက်လာခဲ့ကြရာမှာတော့ ဘုရားပရဝုဏ်တစ်ခုလုံးကို ကျောက်ပြားအချပ်ကြီးတွေတစ်ရောင်တည်း၊တစ်ရွယ်တည်း၊ ညီညီညာညာ ပြန့်ပြန့်ပြူးပြူးခင်းထားလို့ သန့်ရှင်းသပ်ရပ်မှုရှိကာ စိတ်ကိုကြည်လင်စေအောင်ကိုလုပနေပါတယ်။

ဇူလိုင်လမို့ ကိုယ်တို့မြန်မာနိုင်ငံမှာ မုတ်သုံရာသီပေမယ့် ဘူတန်ရဲ့ရာသီဥတုဟာ နွေရာသီကုန်လုလုမို့ အထူးသာယာလှပြီး မိုးကောင်းကင်တစ်ခွင်တစ်ပြင်လုံး ပြာလွင်နေကာ တရွေ့ရွေ့သွားနေတဲ့ တိုက်တိမ်ဖြူကြီးတွေအဆုပ်လိုက်အဆုပ်လိုက်ကြားမှာ ရွှေအဆင်းနဲ့ဆင်းတုကြီးဟာ ကြည်ညိုဖွယ်အလွန်ကိုကောင်းလှပါတယ်။

### ■ ဘူတန်နိုင်ငံရဲ့ ခေတ်သစ်လက်ရာ အကြီးဆုံး ဗုဒ္ဓဆင်းတုတော်ကြီး

ဆင်းတုတော်ကြီးကို ရင်ပြင်အထက်လူနှစ်ရပ်စာလောက်မြင့်တဲ့အောက်ခံအုတ်ဖိနပ်တော်ကြီးပေါ် မှာတည်ထားတာပါ။ အဲဒီအောက်ခံပေါ် ကို လှေကားကျယ်ကြီးနှစ်ဆင့်နဲ့တက်သွားရပါတယ်။ အပေါ်ကိုရောက်တဲ့အခါ ဒုတိယဆင့်ရင်ပြင်ကြီးထပ်ပြီးရှိပြန်ပါတယ်။ ရင်ပြင်ကြီးရဲ့ပတ်လည်ကို ရွှေရောင်လက်ရန်းတွေနဲ့ကာရံထားပြီး အလယ်မှာမှဆင်းတုတော်ကြီးရဲ့ပလ္လင်တော်အောက်ခြေကို အခိုင်အခံ့တည်ထားတာပါ။ ပလ္လင်တော်အောက်ခြေနဲ့ ကြာပလ္လင်၊ ဆင်းတုတော်တွေအားလုံးဟာ ရွှေရောင်ချည်းဖြစ်လို့ ဝင်းဝါလှပနေပါတယ်။

### ■ ဘူတန်မဟာယာန ဗုဒ္ဓဘာသာအယူအဆရဲ့နတ်ဘုရားမနဲ့နတ်မိမယ်လေးများ

ဒုတိယအောက်ခံရင်ပြင်ရဲ့ပတ်ပတ်လည်က ရွှေရောင်လက်ရန်းတွေအနီးထောင့်ချိုးတွေတိုင်းမှာတော့ ရွှေရောင်ကြေပြားကပ်တဲင်ခုံတွေရှိပြီး တင်ခုံတစ်ခုတိုင်းမှာ ဟန်မူရာအမျိုးမျိုးနဲ့ ရွှေရောင်နတ်သမီးရုပ်မျိုးစုံတို့တင်ထားပါတယ်။ ထည်ဝါလှတဲ့ခေါင်းဆောင်းသရဖူကြီးတွေ၊ နားကွင်း၊ နားကပ်၊ ဆွဲကြိုး၊ ဘယက်၊ ခါးစည်းလက်ဝတ်တန်ဆာ



www.burmeseclassic.com

www.burmeseclassic.com

အဆင်တန်ဆာတွေ၊ ဝတ်ရုံဖားဖားကြီးတွေဝတ်ဆင်ထားတဲ့နတ်သမီးရုပ်တွေဟာ လက်ဝဲလက်တွေထဲမှာ ကြာပွင့်၊ ပန်းခိုင်၊ ဆီမီး၊ ရေစင်အိုးနဲ့ လှူဖွယ်တွေကိုင်ဆောင်ပြီး ဗုဒ္ဓဆင်းတုတော်တွေဘက်ကို မျက်နှာမူကာ ပူဇော်နေရဲ့။

ဘူတန်ဟာ မဟာယာနဗုဒ္ဓဘာသာကိုးကွယ်တဲ့နိုင်ငံမို့ အဲဒီအမျိုးသမီးနတ်ရုပ်တွေဟာ အစောင့်နတ်ရုပ်တွေဖြစ်နိုင်ပါတယ်။ အစောင့်နတ်သမီးရုပ်တွေမှာ အရှေ့အရပ်က အစောင့်နတ်သမီး ဂိုမာကာမို (Goma Karmo)က သနားကရုဏာချိတ်ကောက်ကို ကိုင်ဆောင်လာပါတယ်။ တောင်အရပ်က အစောင့်နတ်သမီး ဂိုမာဆာမို (Goma Sermo) က ချစ်ကြင်နာမှုရဲ့ ကျော့ကွင်းကြိုးရှည်ကို ကိုင်ဆောင်လာခဲ့ကာ အနောက်အရပ်က အစောင့်နတ်သမီ ဂိုမာလာမို(Goma Lhamo)က ပျော်ရွှင်မှုသံကြိုးကွင်းဆက်ကို ကိုင်ဆောင်လာပါတယ်။ မြောက်အရပ်က အစောင့်နတ်သမီးဂိုမာဂျန်ကူး (Goma Jangkhu)က တုန်လှုပ်မှုကင်းတဲ့ တည်ငြိမ်မှုခေါင်းလောင်းကို အသီးသီးကိုင်ဆောင်လာတတ်ကြပါတယ်။

အဲဒီလို အစောင့်နတ်သမီးတွေမဟုတ်ရင်လည်း မဟာယာနအယူမှာ နတ်မိမယ်လေးတွေလည်းရှိပါသေးတယ်။ ဘူတန်မဟာယာနဗုဒ္ဓဘာသာအယူအဆအရ မျက်နှာလှလှ ကိုယ်လုံးကိုယ်ဟန်သွယ်လျလျနဲ့ နတ်မိမယ်လေးတွေကလည်း (၁၆) ပါးတောင်ရှိပါသေးတယ်။ ဒီနတ်မိမယ်လေးတွေဟာ အခုဖူးမြော်နေရတဲ့ ဒေါဒန်မား(Dor-denma)ဆင်းတုတော်ကြီးဘေးပတ်ပတ်လည်ရင်ပြင်က နတ်မိမယ်လေးတွေနဲ့ အတော်တူပါတယ်။ ဝိဇယနတ်သမီး (၁၆) ပါး (Sixteen Vajra Goddesses) ပါတဲ့။ နတ်မိမယ်ရုပ်လေးတွေရဲ့ လက်နှစ်ဖက်မှာ ကိုင်ဆောင်ထားတာတွေကတော့ ဘုရားရှင်ကို သူတို့လှူဒါန်းမယ့်ပစ္စည်းတွေဖြစ်ပါတယ်။ ပန်း၊ ပုတီးကုံး၊ အဖြူ၊ အနီ၊ အဝါ၊ အပြာ၊ အစိမ်း စတဲ့ အရောင်ငါးရောင်ပါပဝါတွေ (five coloured scarves) အမွှေးနံ့သာ(incense)၊ ဆီမီးခွက်အလင်းရောင်(light of a lamp)၊ စားဖွယ်သောက်ဖွယ် (refreshment)၊ အစားအသောက်လှူဖို့ပြုလုပ်ရမှု(making a food offering)၊ အကအခုန်ပညာ(Art of Dance)၊ တေးဂီတ(music)၊ အလှအပ (beauty)၊ ကြေးမုံပြင်ကိုဖြတ်လာတဲ့ ပုံသွင်တစ်ခု (a form through mirror)၊ ပုံတီးသံ(the sound of drums) ဂီတာသံ (the sound of guitar)၊ ပလွေသံ (the sound of flute)၊ မောင်းသံ (the sound of gong)၊ အလှအပ (beauty) နဲ့ သုံးမြောင့်ပုံထဲက နေရာလပ် (triangular of space) တို့ပါ။ အဲဒီမှာ ပန်း၊ ပဝါ၊ နံ့သာပျောင်း၊ ဆီမီးဆိုတာတွေလှူတာကတော့ ကိုယ်တို့ထေရဝါဒဗုဒ္ဓဘာသာဝင်တွေလည်း လှူနေကျမို့ မထူးဆန်းလှပေမယ့်အကတွေ၊ တေးဂီတတွေ၊ အလှအပတွေနဲ့လှူတာမျိုးကတော့ ကိုယ်တို့နဲ့စိမ်းနေတဲ့ လှူဒါန်းမှုတွေဖြစ်ပါတယ်။

ပလ္လင်တော်အောက်ခြေပတ်လည်အပြင်ဘက်က ရွှေရောင်နံရံတွေမှာတော့ အလွန်လက်ရာမြောက်ပြီး ဆေးရောင်စုံခြယ်ထားတဲ့ လင်ကွင်းနှစ်ခုကိုင်ဆောင်ကာ လက်ကိုဆန့်တန်းပြီးမြောက်ထားတဲ့ ဂဠုန်၊ ရတနာအိုးတွေ ကျောထက်မှာတင်ထားပြီးလျှောက်လှမ်းလာနေတဲ့ဆင်၊ ဒေါက်ရှစ်ထောက်ပါ●ရေးဘီးကိုကျောပေါ်တင်လာတဲ့ မြင်းရုပ်၊ ကဒေါင်းရုပ်တွေနဲ့ အလှတန်ဆာထားပါတယ်။ တန်ဆာဆင်တာအပြင် ထူးခြားတဲ့အနက်အဓိပ္ပာယ်ဆောင်တာမျိုးလည်းဖြစ်ချင်ဖြစ်နိုင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် အရုပ်တွေဟာ လက်ရာမြောက်ပြီး သတ္တဝါတွေရဲ့သဘာဝအရောင်တွေအတိုင်း ဆေးရောင်စုံခြယ်ထားလို့ အလွန်လည်းလှပါတယ်။ ဆင်းတုတော်အောက်ခြေကို တစ်ပတ်ပတ်ပြီးတဲ့အခါ ဆင်းတုတော်ကြီး အောက်တည့်တည့်က အုတ်တိုက်ထဲကိုဝင်ခဲ့ကြတယ်။

ပလ္လင်တော်အောက်ခြေကို အုတ်တိုက်ခံကာ တည်ဆောက်ထားလို့ အတွင်းမှာ လိုဏ်အဖြစ်ရှိနေကာ တရားဟောခန်းမတွေ၊ အုတ်တိုက်ဖရုပ်တွေအဖြစ် အသုံးပြုနိုင်ပါတယ်။ ဘူတန်ဟာ နှင်းကျပြီး ချမ်းအေးတဲ့နိုင်ငံဖြစ်လို့ ဒီလိုဏ်အတွင်းမှာ ဘာသာရေးအခမ်းအနားတွေလည်း ကျင်းပလို့ရတာပေါ့။

ဆင်းတုတော်ကြီးတွေအောက်က အုတ်တိုက်ခန်းဆောင်လိုဏ်ကြီးရဲ့အပြင်နံရံတွေကို ရွှေရောင်ဆေးနဲ့ သုတ်လိမ်းထားတာမဟုတ်ဘဲ ရွှေရောင်ကြွေပြားလေးတွေစီပြီးကပ်ထားတယ်ဆိုတာ အနီးကပ်ကြည့်မှသိလိုက်ကြရပါတယ်။ ဝင်ပေါက်တံခါးတွေကိုလည်း ရွှေပိန်းတွေချထားလို့ ဝင်းထိန်နေပါတယ်။ လိုဏ်ထဲကို ဝင်လာခဲ့ကြတဲ့အခါ လိုဏ်အတွင်းဘက်က နံရံတွေတစ်လျှောက်မှာတော့ ရွှေသားပန်းချီပန်းပုတွေနဲ့ ဗုဒ္ဓဝင်ဆိုင်ရာပုံတွေကို သရုပ်ဖော်တန်ဆာဆင်ထားတာ တခမ်းတနားတွေ့လိုက်ရပြန်ပါတယ်။

လိုဏ်ရဲ့အလယ်မှာ ဆင်းတုတော်တွေထားရှိပြီး လိုဏ်ကိုထောက်ထားတဲ့ တိုင်လုံးကြီးတွေကလည်း ရွှေချည်းပါပဲ။ ဆင်းတုတော်ကြီးထိုင်တော်မူနေတဲ့အောက်တည့်တည့်နေရာမှာတော့ ဆင်းတုကြီးရဲ့အလေးချိန်ကို ပိုထမ်းထားရတာမို့ အတွင်းထောက်တိုင်တွေဟာ ပိုစိပ်ပြီးပိုလည်းများနေပါတယ်။ ဆင်းတုတော်ကြီးရဲ့အလေးချိန်ကို ခံနိုင်ရည်ရှိအောင် စီစဉ်ထားတာဖြစ်မှာပေမယ့် အတွင်းလိုဏ်က ဆင်းတုရုပ်တုတွေရဲ့အကာအရံအဖြစ် လှလှပပသုံးထားပါတယ်။ ဗိသုကာပညာရှင်ရဲ့ ထူးချွန်မှုတွေပေါ့။ အဲဒီတိုင်လုံးတွေကြားမှာတော့ ဆင်းတုရုပ်တုတွေတွေ့ပေမယ့် ဗုဒ္ဓဘုရားရှင်နဲ့မတူဘဲ မျက်နှာတော်လေးဖက်နဲ့မို့ ဖြဟ္မာရုပ်တွေလား၊ ဗောဓိသတ္တဘုရားလောင်းတွေလား မပြောတတ်တော့ပါဘူး။

လိုဏ်ထဲမှာ ဓာတ်ပုံရိုက်ခွင့်မရှိလို့ မရိုက်ခဲ့ရပါဘူး။ လိုဏ်အတွင်းမှာ တိဗက်ဘာသာရေးခေါင်းဆောင်တွေရဲ့ပုံတွေကိုလည်းတွေ့ရပါတယ်။ ဆင်းတုတော်ကြီးရဲ့သက်တမ်းက သိပ်မကြာလှသေးသလို ဘူတန်နိုင်ငံသားတွေရဲ့ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်မှုကြောင့်လည်း မနေ့တစ်နေ့ကမှ ဖွင့်ပွဲလုပ်ခဲ့သလို သစ်သစ်လွင်လွင်တွေ့ရပါတယ်။ သူတို့နိုင်ငံရဲ့မူဝါဒအရ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းညှိပူဇော်တာမျိုးကို အခန်းအတွင်းမှာ မလုပ်ရတာကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ ကိုယ်တို့နိုင်ငံမှာလည်း ဘုရားကျောင်းကန်တွေမှာ မီးအန္တရာယ်စိုးရိမ်ရတဲ့အပြင် အနံ့အသက်၊ အခိုးအငွေ့တွေကြောင့် ကျန်းမာရေးထိခိုက်နိုင်တဲ့ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆီမီးပူဇော်တာတို့ကို စဉ်းစားစီစဉ်ပေးသင့်ပါပြီ။ သီရိလင်္ကာနိုင်ငံမှာတော့ ဆီမီးထွန်းဖို့ကို ဘုရားကျောင်းဆောင်တွေရဲ့အပြင်မှာ မှန်လုံခန်း၊ အုတ်တိုက်စင်တာတွေနဲ့ မီးခိုးခေါင်းတိုင်၊ အငွေ့ထုတ်လွတ်ပိုက်တွေ သီးခြားတပ်ဆင်ပြီး ပူဇော်နေပါတယ်။

ဲအောက်ခြေလိုဏ်ထဲကပြန်ထွက်လာကြတဲ့အခါ ဆင်းတုတော်ကြီးရှေ့က ရင်ပြင်တော်ကိုပြန်ထွက်ဖို့ လှေကားတွေကဆင်းခဲ့ကြပါတယ်။ ရင်ပြင်တော်ရဲ့အစပ်ကိုအရောက်သွားကြမှ အဲဒီကနေ ဆင်းတုတော်ကြီးရဲ့ မျက်နှာတော်ကို ဖူးမြော်နိုင်ကြမှာပါ။

ဆင်းတုတော်ကြီးဟာ [illegible]တော်



www.burmeseclassic.com

www.burmeseclassic.com

(၁၆၉) ပေအမြင့်ရှိတာမို့ ကမ္ဘာ့အကြီးဆုံး ဆင်းတုတော်တွေမှာ အပါအဝင်ဖြစ်ပါတယ်။

စကြာမုနိဗုဒ္ဓဘုရားရှင် (Shakyamuni Buddha) ရဲ့ အလွန်တရာကြီးမား လှစွာသော ဒီဆင်းတုတော်ကြီးကို ကြေး (Bronze) နဲ့ သွန်းလုပ်ပြီး ရွှေချ (gilded) ထားပါတယ်။

ဆင်းတုတော်ကြီးဟာ ကြာပလ္လင်ပေါ်မှာ ဘူမိဖဿမုဒြာဟန်နဲ့ထိုင်တော်မူနေပုံဖြစ်ပါတယ်။ လက်ယာဘက်လက်တော်ရဲ့ လက်ဖျားတွေကို အောက်ခြေပလ္လင်တော်ပေါ်မှာထိထားပြီး ပေါင်ပေါ်မှာတင်ထားတဲ့လက်ဝဲဘက်လက်တော်မှာတော့ သပိတ်တစ်လုံးကိုပိုက်ထားတယ်။ ဦးခေါင်းတော်ကို စိမ်းပြာရင့်ရောင်သုတ်လိမ်းထားကာ ဗိန္ဒုပြောက် (Bindu)အလုံးတွေနဲ့ အပြည့်စီခြယ်ထားတယ်။ နဖူးတော်အစပ်မှာ သင်းကျစ်တော်မပါဘဲ ခပ်မို့မို့ဥဏှိသတော့ပါရှိနေကာ ဥဏှိသအထက်အလယ်မှာတော့ ကြာဖူးပုံနဲ့ အထွတ်တင်ထားပါတယ်။ မျက်ခုံးတော်နှစ်ခုအကြား နှာရိုးအထက်မှာလည်း ဥဏ္ဏလုံမွေးရှင်တော်ကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ မျက်လုံးတော်တွေဟာ အောက်ကိုစိုက်ကြည့်နေဟန်ရှိကာ အနီရောင်ဆေးခြယ်ထားတဲ့ နှုတ်ခမ်းတော်များကိုစေ့ထားတော်မူကာ ပြုံးယောင်သန်းနေပါတယ်။ နားရွက်တော်ရှည်ကျနေပေမယ့် ပခုံးတော်ကိုတော့ ထိလောက်အောင်မရှည်ပါဘူး။လည်ပင်းတော်မှာ လည်ရေးသုံးဆင့်မပါရှိဘဲ ပကတိအတိုင်း ချောပြောင်နေပါတယ်။

သင်္ကန်းတော်ကို လက်ယာဘက်ပခုံးတော်၊ ရင်အုပ်တော်တွေဖော်ကာရုံထားပြီး လက်ယာဘက်ပခုံးပေါ်ကနေ သင်္ကန်းရဲ့အဖျားစွန်းကိုချထားတော်မူလို့ သင်္ကန်းရဲ့အနားတွန့်တွေဟာ လက်ယာဘက်ရင်အုံပေါ်မှာ ဝဲကျနေပါတယ်။ သင်္ကန်းတော်ရုံထားပုံဟာ ပုဂံခေတ်ဆင်းတုတော်တွေလို ရေစိုသင်္ကန်းဖြစ်နေကာ ရင်သားများအထင်သားပေါ်လွင်နေရဲ့။ ဦးခေါင်းဆော်နဲ့ ကိုယ်လုံးတော်မှာ မည်သည့်အဆင်တန်ဆာမျှဆင်မထားလို့ မဟာယာနဆင်းတုတော်တွေနဲ့တော့မတူဘဲ ထေရဝါဒဗုဒ္ဓဘာသာအယူရဲ့ဆင်းတုတော်များနဲ့အတော်ဆင်ပါတယ်။ ဒါပေမယ့် ဆင်းတုတော်ရှေ့ သင်္ကန်းတော်အနားသတ်ပေါ်မှာတော့ အလယ်မှာ လက်နဲ့ကိုင်ထားလို့ရတဲ့ ဝရဇိန်လက်နက်လိုအရာလေးကိုချထားတာ တွေ့ရပြန်ပါတယ်။

အဲဒီဘုရားဆင်းတုတော်ကြီးစံပယ်တော်မူရာရဲ့ရှေ့ဘက်က ရင်ပြင်နေရာလွတ်ပရဝုဏ်ကြီးဟာလည်း အတော်ကြီးကို ကျယ်ဝန်းတာပါ။ တောင်ကြီးတစ်ခုလုံးကို မျက်နှာပြင်ညှိပြီး တည်ဆောက်ထားသလိုထင်ရပါတယ်။ ယင်းပရဝုဏ်ကြီးကနေ ဆင်းတုတော်တည်ရှိရာ ရင်ပြင်တော်ကိုတက်ဖို့ အုတ်လှေကားထစ်အကျယ်ကြီးတွေထားရှိပေးတယ်။ ပရဝုဏ်ကွင်းပြင်ကနေ ဆင်းတုတော်ကြီးရဲ့မျက်နှာတော်ကိုဖူးမြင်ရာမှာ အနှောင့်အယှက်တွေဖြစ်စေမယ့် တန်ဆောင်း၊ ဇရပ်၊ နတ်လမ်းတွေကိုတော့ ဘာတစ်ခုမှ မတည်ဆောက်ထားပါဘူး။

ဆင်းတုတော်တည်ထားရာရင်ပြင်တော်ရဲ့အစပ်လက်ရန်းတွေကနေရပ်ပြီး ကြည့်ရင်လည်း ခရီးသည်တွေဟာ သင်ဖုချိုင့်ဝှမ်း (Thimphu Valley) ရဲ့ အပေါ်စီးရှုခင်းကောင်းကောင်းတွေကိုမြင်ရလို့ အဲဒီရင်ပြင်တော်မှာ လှည့်ပတ်လျှောက်သွားရင်း ချိုင့်ဝှမ်းကို လျှပ်တစ်ပြက်ကြည့်ရှုခံစားနိုင်ကြပါတယ်။ သင်ဖုမြို့ကိုလည်း လက်ရန်းတွေကနေငေးနိုင်ပါတယ်။ ဒီနေရာမှာ တောင်ကုန်းမြင့်လေးတွေ အများအပြားရှိနေပြီး အခွံမာသီးရဲ့ အခွံအတွင်းမာရှိနေသလို သူ့အခွံထဲမှာရှိနေတဲ့ သင်ဖုချိုင့်ဝှမ်းတစ်ခုလုံးရဲ့ကြည်လင်တဲ့ရှုခင်းတွေကို မြင်တွေ့နိုင်ပါတယ်။ အပြန်အလှန်ဆိုသလိုပဲ သင်ဖုမြို့ကို တောင်ဘက်ကနေ ကားလမ်းအတိုင်း ချဉ်းနင်းဝင်ရောက်လာတဲ့အခါလည်း နေရာအတော်များများကနေ ဆင်းတုတော်ကြီးကို လှမ်းမြင်ဖူးမြော်နိုင်ပါရဲ့။

ဆင်းတုတော်ကြီးရဲ့မျက်နှာတော်ရှေ့နဲ့ လက်ယာဘက်၊ လက်ဝဲဘက်ကမြေတွေပေါ်မှာတော့ တည်ဆောက်ဆဲကျောင်းကန်ဇရပ်တွေကိုတွေ့ရပါတယ်။ ကမ္ဘာတစ်ဝှမ်းကအလှူရှင်တွေရဲ့ အကူအညီကုသိုလ်တော်နဲ့ တည်ဆောက်နေကြတာဖြစ်ပြီး စင်ကာပူနိုင်ငံမှ ဗုဒ္ဓဘာသာဝင်တွေက အထူးသဖြင့် ကူညီကြတယ်လို့သိရပါတယ်။ ဘယ်နိုင်ငံက ဘယ်သူပဲကူညီကူညီ ဘူတန်နိုင်ငံရဲ့ မူဝါဒအရ ဘူတန်ရဲ့ရိုးရာဗိသုကာအဆင်တန်ဆာတွေနဲ့တော့ ထုံမွမ်းရပါသတဲ့။ ဒါမှလည်း ရိုးရာအစဉ်အလာထူးခြားတဲ့ လက္ခဏာတွေ မပျောက်ပျက်မှာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ အပန်းဖြေဥယျာဉ်တော်ဟာ ဆင်းတုတော်ကြီးပတ်ပတ်လည်က (၉၄၃.၄)ဧကအကျယ်အဝန်းရှိတဲ့ သစ်တောမြေကို ထိန်းသိမ်းစောင့်ရှောက်ပေးထားပါတယ်။ ယနေ့အခါမှာတော့ အဲဒီနေရာဟာချိန်းဆိုကြရာနေရာ အပြာရောင်ထင်းရှူးပင်တွေတစ်လျှောက် လမ်းလျှောက်စရာနေရာအဖြစ် ထင်ရှားကျော်ကြားနေပါပြီ။

**■ သားမင်းတို့ပျော်ရာ မိုသိသန်းသားမင်း ထိန်းသိမ်းစောင့်ရှောက်ရေးနေရာ (Mot-hithang Takin reserve)**

ဆင်းတုတော်ကြီးကနေ ပြန်ထွက်လာပြီးတဲ့နောက် သားမင်းထိန်းသိမ်းစောင့်ရှောက်ရာ (Mothithang Takin reserve) ကို ကားနဲ့ ဆက်လက်သွားရောက် လည်ပတ်ပါတယ်။ ဒီသားမင်းထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်ဟာ တိရစ္ဆာန်ရုံအငယ်စားလေးဖြစ်ပြီး သင်ဖုမြို့တော်ရဲ့ အထက်မိုတီသောင်း (Upper Motithang) မှာ တည်ရှိပါတယ်။ အဲဒီမှာ ဘူတန်ရဲ့ အမျိုးသားတိရစ္ဆာန် (national animal) ဖြစ်တဲ့ သားမင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ထားလို့ ကြည့်ရှုလေ့လာခဲ့ရပါတယ်။

**■ စန်ဂေးဂန် ရှုခင်းသာ (Sangaygang View Point)**

အဲဒီသားမင်းစခန်းက အပြန်မှာတော့ သင်ဖူးချိုင့်ဝှမ်းကို အပေါ်စီးမှ တွေ့မြင်ခံစားနိုင်တဲ့ ရှုခင်းသာ (Sangaygang View Point) မှာ ကားခဏရပ်ပေး ပါတယ်။ ဒီနေရာဟာ သင်ဖုမြို့အထက် မှာရှိပြီး မြို့ကိုစီးမြင်နေရကာ (the Youth Centre) ကို သွားတဲ့ လမ်းကခွဲထွက်တဲ့ လမ်းတစ်လမ်းရဲ့အဆုံးမှာရှိနေပါတယ်။ ကားပေါ်ကဆင်းပြီး တောင်ကုန်းလျှောလေးမှာရပ်ကာ သင်ဖုမြို့တော်ကိုငေးကြည့်နေမိတယ်။ ကြည့်နေရင်းမှာ ဘူတန်နိုင်ငံကို တကယ်ပဲကိုယ်တိုင်ရောက်လာခဲ့ရပါပြီ။ နောက်ရက်တွေမှာလည်း ဟိမဝန္တာတောင်ကြောမှာပျော်မောရပေဦးမယ်ပေါ့လို့ ကြည်နူးပီတိဖြစ်သွားမိပါတယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေးသု)

စာကိုး -

Encyclopædia Britannica 2014

www.burmeseclassic.com

www.burmeseclassic.com

သည်နေ့အဖို့တော့ စာရေးသူအနေနှင့် အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်ရတော့မည် ဖြစ်သည်။ သားကြီးကိုစီးသည် မန္တလေးမှ မြစ်ကြီးနားသို့ အမြန်ရထားနှင့် လိုက်ပါသော သူ၏ အဒေါ်တော်စပ်သူ အန်တီဒေါ်ရင်မေအား မြစ်ကြီးနားဘူတာမှ စောင့်ကြို၍ ခေါ်ပြီး ပြန်လာပြီး ခရီးရောက်မဆိုက်မှာပင် -

"အဖေ၊ ဒီနေ့ရေစောစောချိုးဗျ။ နေ့ခင်းကျရင် အဖေတို့ကို မြစ်ဆုံအပန်းဖြေစခန်းလိုက်ပို့မယ်"

ဟု ပြောလာသည့်အတွက်ဖြစ်ပါသည်။

ခရီးသွားရင်းဖူးခဲ့ရသော ဘုရားစေတီများအကြောင်း ဆောင်းပါးစာမူရေးပြီးကတည်းက စာရေးသူအနေနှင့် ရေးစရာကုန်ကြမ်းမရှိ၍ နေအိမ်တွင် ငုတ်တုတ်ထိုင်လိုက်၊ အိပ်ရာထက်တက်ပြီးလှဲလိုက်နှင့် အချိန်တွေကိုအလဟဿကုန်ဆုံးအောင် ဖြုန်းတီးနေရသည်မှာ ငြီးငွေ့စရာကောင်းနေတာထက်စာလျှင် ခုလို နေအိမ်မှအပြင်ထွက်ရလျှင် ဘာပဲပြောပြော စာရေးသူအတွက် စာတစ်ပုဒ်တော့ ရကောင်းရနိုင်ဦးမည် ဖြစ်သည်။

အခုတော့ စာရေးသူအတွက် အခွင့်ကြုံပြီဟုဆိုရပါတော့မည်။ 'ခွင့်သာခိုက်မှမလိုက်ချင်ရင် အမိုက်နင့်ပြင်ရှိဦးမလား' ဟု အပြောမခံရလေအောင် စာရေးသူအနေနှင့် သားကြီးပို့မည့်နေရာသို့လိုက်ရန် ဇနီးသည်အား အသိပေးပြီး လိုအပ်သည်များကိုပြင်ဆင်ရန်ညွှန်ကြားရပါတော့သည်။


နေအိမ်ကနေ မနက် (၁၀) နာရီ စထွက်ပါသည်။ ကားပေါ်တွင် စာရေးသူနှင့်အတူ ဇနီးဖြစ်သူနှင့် သမီးကြီးအပါအဝင် မိသားစု (၇) ဦး ပါရှိပါသည်။ ဝန်စည်စလယ်ပေါ့ပေါ့ပါးပါးနှင့်ကျယ်ကျယ်လွင့်လွင့်လိုက်ပါရင်း ကားနှင့်ခရီးသွားရသည်မှာ စိတ်ချမ်းသာမှုရှိလှပါသည်။ စာရေးသူတို့စီးလာသောကားလေးသည် မြစ်ကြီးနားမြို့အထွက် မြစ်ဆုံသို့သွားရာ နိုင်လွန်ကတ္တရာလမ်းပေါ်သို့ ရောက်သည်နှင့် တရိပ်ရိပ်နှင့်ပြေးထွက်လာပါတော့သည်။

မြို့တွင်းမှာ ကားနှင့်ဆိုင်ကယ်များရှုပ်သလောက် မြို့ပြင်ရှိ မြစ်ဆုံသွားရာလမ်းသည် ကားနှင့် ဆိုင်ကယ်ရှင်းသဖြင့် ကားမောင်းရသည်မှာ အဆင်ပြေလှသည်ကို တွေ့မြင်နေရသည်။ လမ်းဘေးဝဲယာတစ်လျှောက်တွင် ဌာနဆိုင်ရာအဆောက်အအုံများ၊ နေအိမ်အဆောက်အအုံများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများအား လှပခံ့ညားစွာတည်ရှိနေသည်ကို တွေ့မြင်ရသည်။


နောင်နန်းရွာသို့ရောက်သည်နှင့် ကားလမ်းသည် ကတ္တရာလမ်းမဟုတ်တော့ဘဲ ကွန်ကရစ်လမ်းဖြစ်လာသည်ကိုသတိပြုမိသည်။ ပြည်နယ်၏တိုးတက်ဖွံ့ဖြိုးမှုက စာရေးသူတို့တိုင်းအတွင်းက

# စနေထွန်း(မြစ်သား)

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏အထင်ကရနေရာများသို့ အလည်တစ်ခေါက်ရောက်စဉ်က




ရန်ပြေမာန်ပြေကမ္ဘာ့ငြိမ်းချမ်းရေး အောင်မြင်သာစေတီ



မြစ်ဆုံ ဗုဒ္ဓသာသနာ့ငါးထောင်စံစေတီတော်

www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓသာသနာငါးထောင်စံဘုရားကြီးအတွင်းမှ ရုပ်ပွားတော်များ



ဗုဒ္ဓသာသနာငါးထောင်စံဘုရားကြီးအတွင်းမှ ရုပ်ပွားတော်တစ်ဆူ



ဗုဒ္ဓသာသနာငါးထောင်စံဘုရားရင်ပြင်ထက်မှ စေတီတစ်ဆူ



ဗုဒ္ဓသာသနာငါးထောင်စံစေတီအဝင်မုခ်ဦး



သမိုင်းဝင် မြမဥ္ဇူစေတီအတက်လှေကား

မြို့နယ်တွေလိုက်မမီနိုင်လောက်အောင် မြင့်မားနေသည်ကိုကြည့်၍ စာရေးသူအနေနှင့် အားကျနေမိသည်။

ကျိန်ခရန်ရေအားလျှပ်စစ်စခတ်အားပေးရုံအလွန်မှစတင်၍ ကွန်ကရစ်လမ်းသည် ကတ္တရာလမ်းပြန်ဖြစ်သွားသည်။ လမ်းက ယာဉ်တစ်စီးသွားနိုင်သောလမ်းဟောင်းဖြစ်၍ လမ်းဘေးဝဲယာတစ်လျှောက်ကို ပြန်လည်၍တိုးချဲ့ဖောက်လုပ်နေသော လမ်းလုပ်သားများကို တွေ့ရသည်။ အောင်မြင်သာရွာအဝင်ကစ၍ ကတ္တရာလမ်းကျယ်ဖြစ်သွားပြန်သည်။

အောင်မြင်သာရွာသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့်ပြောင်းရွှေ့သွားရသည့်အတွက် ရွာဟောင်းအဖြစ် ကျန်ရှိနေခဲ့သည်။ ရွာအတွင်းရှိ အိမ်ကြီးအိမ်ကောင်းများကို ချန်ထားရစ်ခဲ့ရပြီး နေရာသစ်ကို ပြောင်းရွှေ့သွားရသည့်အိမ်ထောင်စုများကို ကိုယ်ချင်းစာနာပြီး စာရေးသူအနေနှင့် စိတ်မကောင်းဖြစ်ခဲ့ရသည်။

■ မြစ်ဆုံအလှတွေ့ခဲ့ရပြီ

မကြာမီမှာပင် စာရေးသူတို့စီးလာသောကားလေးက မြစ်ဆုံအပန်းဖြေစခန်းကိုဝင်ရောက်ခဲ့တော့သည်။ အပန်းဖြေစခန်းတွင် စာရေးသူတို့အရင်ရောက်နှင့်နေသော ကားများ၊ လူများက မြစ်ကမ်းဘေးတွင် သူ့အဖွဲ့နှင့်သူ နေရာယူထားကြသည်ကို တွေ့မြင်ရသည်။ ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်သော မေခနှင့် မလိခမြစ်နှစ်သွယ်ကို မျက်ဝါးထင်ထင်မြင်တွေ့ရ၍ သားဖြစ်သူကိုစိုးအား ကျေးဇူးတင်မိသည်။

နောင်တစ်ချိန်ချိန်တွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီးအား အကောင်အထည်ဖော်လာခဲ့မည်ဆိုလျှင် စာရေးသူတို့အနေနှင့် မေခနှင့် မလိခကိုမြင်ချင်တိုင်းမြင်ခွင့်ရဖို့အခွင့်အရေးရမည်မဟုတ်တော့ပါ။ အခုထိတော့ စာရေးသူတို့ကံကောင်းနေဆဲ ဖြစ်ပါသည်။ မြစ်အတွင်းစီးဝင်နေသော ရေစီးကြောင်းနှင့် မြစ်ကမ်းပါးအကြားတွင် ကြီးမားကျယ်ပြန့်သောကွင်းပြင်ကြီးရှိနေပါသည်။

ကွင်းပြင်ကြီးအတွင်း၌အရွယ်မျိုးစုံ အရောင်မျိုးစုံသောကျောက်တုံးကျောက်ခဲများအား အသွင်သဏ္ဌာန်အမျိုးမျိုးနှင့် တွေ့ရှိရပေရာ သဘာဝတရား၏လှပဆန်းကြယ်မှုကို အံ့သြဖွယ်ရာအဖြစ် မှတ်ယူမိခဲ့ပါသည်။ မြစ်ကမ်းပါးအဆင်းအောက်ခြေတွင် ယာယီနားနေဆောင်တဲတန်းများကိုလည်း တွေ့ရသည်။ အပူ၊ အအေးကြိုက်ရာရွေးနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com


ဝန်ဆောင်မှုအပြည့်အဝပေးသော ဈေးဆိုင်တန်းများဖြစ်၏။ ဒ့ါပြင် စားသောက်ဆိုင်နှင့် အမှတ်တရဆိုင်များကလည်း အပန်းဖြေရန် ရောက်လာသူများကို အသင့်ကြိုဆိုနေသည်ကို တွေ့ရသည်။

နောက်ထပ်တစ်ခေါက်ရောက်ရန် မလွယ်သည့် မြစ်ဆုံ၏ အလှအပကို အမှတ်တရအဖြစ် ဓာတ်ပုံဖြင့် မှတ်တမ်းတင်ခဲ့သည်။ စာရေးသူတို့အနေနှင့် မြစ်ဆုံကိုရောက်ပါလျက် မြစ်နှစ်မြွာမှ ခွဲထွက်စီးဆင်းလာသော မြစ်ရေတွင် လွတ်လပ်စွာ ရေကူးခွင့်မရခဲ့သည်မှာတော့ ဝမ်းနည်းမိသလိုဖြစ်ခဲ့ရသည်။

မြစ်အတွင်းစက်ကြီးများနှင့်တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်သူများ၏ ပယောဂကြောင့် မြစ်အတွင်း၌ ဧရာမ ကျင်းနက်ကြီးများဖြစ်ပေါ်လာပြီး ၎င်း ကျင်းနက်ကြီးများသည် ယခုအခါတွင် ဝဲအဖြစ် ဖြစ်တည်နေကြောင်းကို သိခဲ့ရသည်။ အကြောင်းမသိသူ လူငယ်များ ရေဆင်းကူးရာမှ ဝဲအတွင်းရောက်သွားသဖြင့် အသက်သေဆုံးသူများရှိခဲ့၍ ယခုအခါတွင် 'မြစ်အတွင်း ရေဆင်းမကူးရ၊ ဝဲရှိသည်' ဆိုသည့် သတိပေးဆိုင်းဘုတ်ငယ်များ မြစ်ကမ်းပါး၏ နေရာအနှံ့တွင် စိုက်ထူထားသည်ကို တွေ့မြင်ခဲ့ရသည်။

စာရေးသူတို့ မြစ်ဆိပ်တွင် အားရအောင်လှည့်ပတ်ကြည့်ရှုပြီးသည်နှင့် မြစ်ကမ်းပါးအထက်တွင် ရွှေရောင်အဆင်းနှင့် ဝင်းလက်တောက်ပနေသော ဘုရားစေတီတော်ရှိရာကုန်းတော်ပေါ် သို့တက်၍ ဘုရားဖူးကြသည်။ စေတီတော်၏ ဘွဲ့အမည်မှာ ဗုဒ္ဓသာသနာငါးထောင်စံ ဘုရားစေတီတော်ဟု မှတ်သားသိရှိရပါသည်။ စေတီတော်၏ ပုံသဏ္ဌာန်မှာ စာရေးသူ၏အမြင်တွင် ပုဂံဘုရားများ၏ ပုံစံနှင့်တူသည်ဟု ထင်မြင်မိပါသည်။

စေတီတော်တွင် အဝင်မုခ်ဦးသုံးခုရှိပြီး မုခ်တစ်မုခ်တွင် ရုပ်ပွားတော်တစ်ဆူစီကို ဖူးတွေ့ရသည်။ ဘုရားကုန်းတော်ပေါ်တွင် ထုံးဖွေးဖွေးနှင့် ရွှေဆေးခြယ်ထားသောဘုရားစေတီနှင့်ပဉ္စဝဂ္ဂီငါးပါးအား တရားဦးဟောကြားတော်မူနေသော မြတ်စွာဘုရားရုပ်ပွားတော်၊ ရှင်သီဝလိကိုယ်တော်၊ ရှင်ဥပဂုတ္တကိုယ်တော်၊ နဂါးရုံစေတီတော်တို့အပြင် မေခ၊ မလိခမြစ်၊ နတ်နဂါးမယ်တော်ကြီး၏ဗိမာန်တော်ကိုလည်း တွေ့မြင်ခဲ့ရသည်။ စာရေးသူတို့ ဘုရားဖူးပြီးချိန်တွင် နာရီလက်တံက (၁၂) နာရီကျော်စပြုနေပြီ ဖြစ်သည်။ သားဖြစ်သူက အောင်မြင်သာအပန်းဖြေ



ဗုဒ္ဓသာသနာငါးထောင်စံစေတီရင်ပြင်မှ
နဂါးရုံဘုရား


သမိုင်းဝင် မြမဥ္ဇူစေတီတွင်
စာရေးသူ အမှတ်တရ


ဗုဒ္ဓသာသနာငါးထောင်စံစေတီတွင်
စာရေးသူ အမှတ်တရ


ဗုဒ္ဓသာသနာငါးထောင်စံစေတီတော်မှ
ကြေးခေါင်းလောင်းကြီး


အောင်မြင်သာ ရန်ပြေမာန်ပြေ
ကမ္ဘာ့ငြိမ်းချမ်းရေးစေတီအဝင်မုခ်ဦး


မြစ်ဆုံ
နတ်နဂါးမယ်တော်ကြီးဗိမာန်တော်



www.burmeseclassic.com


www.burmeseclassic.com



သမိုင်းဝင် မြမဥ္ဇူစေတီအတက်လှေကားမှ နဂါးရုပ်တု



ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော် အတက်ဆောင်းတန်း




ဗုဒ္ဓသာသနာငါးထောင်စံစေတီရင်ပြင်ထက်မှ တွေ့မြင်ရသော သစ်ထွင်းရုပ်တုများ



ဗုဒ္ဓသာသနာငါးထောင်စံဘုရားစေတီမှရုပ်တု



ဂျော့ဘွန်မျှော်စင်



မြစ်ဆုံ မေခ-မလိခ မြစ်နှစ်သွယ်၏အလှ

စခန်းရောက်မှ ထမင်းစားကြမည်ဆို၍ စာရေးသူတို့တစ်တွေ မြစ်ဆုံအပန်းဖြေစခန်းကနေ အောင်မြင်သာသို့လှမ်းထွက်လာခဲ့ကြတော့သည်။

■ **အောင်မြင်သာအပန်းဖြေစခန်း**

မြစ်ဆုံအပန်းဖြေစခန်းနှင့် အောင်မြင်သာစခန်းမှာ အလှမ်းသိပ်ကွာလှသည်တော့မဟုတ်ပါ။ နာရီဝက်ကျော်ကျော်လောက်မောင်းရုံနှင့် ရောက်နိုင်သောနေရာအကွာအဝေးတွင် ရှိသည်။ မြစ်ဆုံမှမြစ်ကြီးနားသို့အမြန်လမ်းဘေးရှိလမ်းခွဲအတိုင်း မောင်းဝင်သွားသည်နှင့် အောင်မြင်သာရပ်ကွက်သစ်သို့ ရောက်သည်။ မြစ်ဆုံစီမံကိန်းကြောင့်ပြောင်းရွှေ့လာရသူ အိမ်ထောင်စုဝင်များအတွက် တရုတ်အစိုးရက ဆောက်လုပ်ပေးသော အစားထိုးနေအိမ်များကို တွေ့ရသည်။

ရေမီးအပြည့်အစုံပါသည်ဟု သိရှိရသော်လည်း အချို့နေအိမ်အဆောက်အအုံများတွင် မိသားစုများနေထိုင်ခြင်းမရှိသည်ကိုတွေ့ရှိရပြီး လူမနေသောနေအိမ်အချို့မှာ အောက်ပိုင်းရှိထရံအကာများ ပေါက်ပြဲပျက်စီးနေသည်ကိုတွေ့နေသည်။ အသစ်ဘယ်လောက်ကောင်းကောင်းအဟောင်းတလည်လည်ဆိုစကားနဲ့အညီ အိုးသစ်အိမ်သစ်၊ နေရာသစ်ကိုမနေချင်သူတွေက မူလနေရာဟောင်းက မပြောင်းရွှေ့ဘဲ ပိုနေမြဲကျားနေမြဲရှိနေသေးကြောင်းသိရသည်။


မြစ်ဆုံစီမံကိန်းကြီးပြန်လည်ခေါင်းထောင်လာမည်ဆိုက သူတို့တစ်တွေမပြောင်းလို့မရ ပြောင်းကိုပြောင်းရတော့မည်ဖြစ်သည်။ ရေဝပ်ဧရိယာအတွင်းရှိသောသူတို့ရွာသည် ထိုအချိန်ထိုကာလရောက်လျှင် ရေအောက်ကမ္ဘာအဖြစ်သို့ မလွဲမသွေ ရောက်ရတော့မည်မဟုတ်ပါလား။ စီမံကိန်းကြီးများကြောင့် ရေအောက်ကမ္ဘာသို့ ရောက်သွားရသောလူနေရပ်ကွက်များ၊ ရွာများ၊ ဘုရားကျောင်းကန်များနှင့် သဘာဝသစ်တော၊ သဘာဝသစ်ပင်များ၊ မျက်စိအောက်ကပျောက်ကွယ်သွားကြသည်မှာ တိုးတက်မှုလား ဆုတ်ယုတ်မှုလားဆိုသည်ကိုတော့ ပညာရှင်များကသာ အဆုံးအဖြတ်ပေးရပါလိမ့်မည်။ သာမန်လူတစ်ဦးသာဖြစ်သော စာရေးသူအနေနှင့် ပြောင်းရွှေ့ရသူမိသားစုများအတွက် ဝမ်းနည်းရုံမှအပ ဘာမှတတ်နိုင်မည်မဟုတ်ပါ။

စာရေးသူတို့ ကားလေးသည် ရွာကိုကျော်သည်နှင့် တောင်ခြေတောစပ်နှင့်နီးကပ်နေသောနေရာဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာခဲ့သည်။ ကျောက်ဆောင်ကျောက်ခဲတွေပေါ်တွင် အေး ဖြေးညှင်းရိပ်သာအဖြစ်ဆောက်ထား သော



www.burmeseclassic.com

www.burmeseclassic.com




သမိုင်းဝင် မြမဥ္ဇူစေတီမှ ကျောက်စာ

သက်ကယ်မိုး၊ ဝါးကြမ်းခင်းထားသော ဝါးတဲလေးများအား အစီအရီတွေ့မြင်ရ၏။ ကားတွေ၊လူတွေကလည်း ဟိုနေရာတစ်ဖွဲ့ ဒီနေရာတစ်ဖွဲ့ တဲတိုင်းလိုလိုလူပြည့်နေကြသည်။

ကားရပ်သည့်နေရာတွင် ရပ်ပြီးသည်နှင့် သားဖြစ်သူက ဦးဆောင်ကာ စာရေးသူတို့မိသားစုအား တဲတန်းများရှိရာသို့ခေါ်လာခဲ့သည်။ စာရေးသူ၏သားမှာ မြစ်ကြီးနားတွင် အနေကြာသည်က တစ်ကြောင်း၊ ရန်ဖန်ရံခါတွင် မြစ်ဆုံသွားရောက်သည်များအား ၎င်း၏ကားဖြင့် လိုက်ပို့နေကျဖြစ်၍ အောင်မြင်သာ အပန်းဖြေစခန်းသည် သူ့အတွက်တော့ အကျွမ်းတဝင်ရှိနေပုံရပါသည်။

သားဖြစ်သူက သူ၏မိတ်ဆွေဖြစ်နေသော တဲပိုင်ရှင်ရှိရာသို့ စာရေးသူတို့ကိုခေါ်လာပြီး တဲအတွင်းဝင်ရောက်ထိုင်ကာ အနားယူစေခဲ့ပါသည်။ တဲမှာလူဆယ်ယောက်ခန့် ကျယ်ကျယ်ဝန်းဝန်းနှင့် လွတ်လပ်စွာနေနိုင်သော အကျယ်အဝန်းဖြစ်သည်။ တဲထဲတွင် ဖော်ဖီကာ စားပွဲဝိုင်းကြီးတစ်ခုကအဆင့်သင့်ချထားပေးသည်။ အတန်ကြာတော့ သားဖြစ်သူက ဆိုင်ပိုင်ရှင်ရှိရာဘက်သို့ ထွက်သွားရာ အပြန်တွင် ဆိုင်ပိုင်ရှင်၏သမီးငယ်က လင်ပန်းတစ်ခုကိုကိုင်ရင်း သားနောက်ကလိုက်ပါလာသည်ကို တွေ့ရသည်။

လင်ပန်းထဲတွင် ဖန်ခွက်ကြီးသုံးလုံးနှင့် ရေတကောင်းတစ်ခုပါရှိ၏။ ဆိုင်ရှင်သမီးငယ်က ပါလာသည့် ပစ္စည်းများကို စားပွဲပေါ်တွင်တင်ပေးပြီး ပြန်ထွက်မည်အပြုတွင် သားဖြစ်သူက သူမှာထားသော ငါးကင်ကို မြန်မြန်လုပ်ပေးဖို့မှာနေသည်။ သားကြီးက ရေတကောင်းအတွင်းမှ အရည်များကို ဖန်ခွက်ထဲသို့လောင်းထည့်ပေးပြီးသောက်ကြည့်ရန်ပြောသည်။ ဖန်ခွက်ထဲရှိ စတော်ဘယ်ရီဖျော်ရည်အရောင်ရှိနေသောအရည်ကို တစ်ငုံသောက်ကြည့်လိုက်သည်။ ချိုချဉ်မွှေးသောအရသာရှိသည်ကိုသိလိုက်ရသည်။

မိသားစုတစ်တွေ တစ်ယောက်တစ်ခွက်နှင့်အလှည့်ကျမော့လိုက်ကြရာ မကြာမီမှာပင် ရေတကောင်းအတွင်းမှအရည်တို့မှာ ကုန်သွားတော့သည်။ အရသာက ချိုပြင်းဖြစ်၍ စာရေးသူတို့အညာမြေက ထန်းရည်နှင့်တူသလိုလိုရှိသည်။ သို့သော် စာရေးသူတို့သောက်သုံးသောအရည်မှာ အပင်မှရသောအရည်မဟုတ်ပါ။ ကောက်ညှင်းငချိပ်ဆန်ကို စိမ်ရည်ပြုလုပ်၍ မွှမ်းမံထားသော ကချင်ရိုးရာသောက်သုံးသောအရည်တစ်မျိုးဖြစ်ကြောင်း သိရသည်။

အရည်၏အမည်ကလည်း ထူးထူးဆန်းဆန်းပင် ဖြစ်သည်။ စပ်ပီဟုခေါ်သည်။ စာရေးသူက ဆိုင်ရှင်အား ဗမာလိုဘာအရည်လို့ခေါ်လဲဟုမေးကြည့်ရာ ဗမာလိုလည်း စပ်ပီဟုခေါ်တာပဲဟုပြောသည်။ သားဖြစ်သူက နောက်ထပ်ရေတကောင်းနှင့်တစ်ဘူးထပ်မှာသည်။ ဆိုင်ရှင်၏သမီးငယ်က ရေတကောင်းတစ်ဘူးနှင့်အတူ စောစောကမှာထားသော ငါးကင်ကြီးကိုပါ လင်ပန်းနှင့်ထည့်၍ယူလာသည်။ ငါးကင်နှင့်အတူ ချဉ်ငန်စပ်အရသာရှိသော အချဉ်ရည်ပါပါလာသည်။

စာရေးသူတို့အဖွဲ့သည် 'သောက်ရလေသောက်လေငတ်မပြေ' ဆိုသလိုပင် ငါးကင်အား တူနှင့်ဖဲ့စားလိုက်၊ စပ်ပီတစ်ကျိုက်ချလိုက်နှင့် ဟုတ်နေတော့သည်။ (၈၀) ဆယ်သားခန့်ရှိ ငါးကင်ကြီးမှာ အဆာပလာစုံစုံလင်လင်နှင့် ပြုပြင်မွှမ်းမံစားသောငါးကင်ဖြစ်၍ မွှေးကြိုင်ပြီးအနံ့အရသာနှင့် ပြည့်စုံနေသည်ဖြစ်ရာ စာရေးသူတို့မိသားစုသည် တစ်ယောက်တစ်လက်ကျောင်းသားလက်ဆိုပြီး ဝိုင်းနွှာလိုက်ရာ မကြာမီမှာပင် ငါးကင်လည်း အရိုးပြိုင်းပြိုင်းသာကျန်ရှိပြီး စပ်ပီလည်း ပြောင်မှရပ်တော့သည်။

စာရေးသူတို့စားခဲ့သော [illegible]သော



www.burmeseclassic.com

www.burmeseclassic.com

စပ်ပီနှင့်ငါးကင်သည် အောင်မြင်သာအပန်းဖြေစခန်း၏အထူးအစားအစာဖြစ်၍ လာရောက်သူတိုင်းက စပ်ပီနှင့်ငါးကင်စားသောက်ပြီးမှ ပြန်ကြကြောင်းသိရသည်။ အောင်မြင်သာသို့ရောက်လျက် ငါးကင်နှင့်စပ်ပီမသောက်လျှင် ခေတ်နောက်ကျသူဟု ဆိုများဆိုလေမလားမသိပါ။ အားလုံးစာသောက်ပြီးချိန်တွင် ငယ်ရွယ်သူတွေက ကျောက်ဆောင်ကျောက်ကြားမှ တသွင်သွင်စီးကျနေသော စမ်းချောင်းထဲဆင်း၍ ရေကူးကြသည်။ ရေမကူးတတ်သူကလေးငယ်များအတွက် ကားကြွပ်ဘောကွင်းများအဆင်သင့်ချပေးထားသည်။

ညနေစောင်းခါနီးတွင် စာရေးသူတို့ အောင်မြင်သာအပန်းဖြေစခန်းမှ ပြန်ထွက်လာခဲ့သည်။အပြန်တွင် အောင်မြင်သာရွာအထွက် တောင်ကုန်းပေါ်တွင် တည်ရှိသော ရန်ပြေမာန်ပြေကမ္ဘာ့ငြိမ်းချမ်းရေးအောင်မြင်သာစေတီတော်အား တက်ရောက် ဖူးမြော်ကြသည်။ စေတီတော်မှာ စာရေးသူတို့ မြစ်သားမြို့ရှိ ဘိုးပေါက်ဆိန်ကျောင်းတွင်တည်ထားသော ကမ္ဘာလုံးစေတီကဲ့သို့ပင် ဖြစ်ပါသည်။ ထူးခြားသည်က စေတီ၏ကမ္ဘာလုံးအောက်ခြေတွင် ရုပ်ပွားတော်များရှိနေခြင်းသာ ဖြစ်သည်။

အောင်မြင်သာစေတီကုန်းတော်၏အောက်တွင် အောင်မြင်သာရွာကိုတွေ့နေရသည်။ အောင်မြင်သာရွာနှင့်နောက်ခံတောင်လုံးကြီး၏ပုံရိပ်က လှပသောပန်းချီကားတစ်ချပ်ကိုကြည့်ရသလိုရင်ထဲမှာခံစားရသည်။ တောတောင်သဘာဝ၏အလှကြောင့် စိတ်ထဲမှာလန်းဆန်းလာသည်။ သည်သဘာဝသည်အလှတွေသည် စာရေးသူ၏တစ်သက်မေ့နိုင်ဖွယ်ရာမရှိသောအရာများသာ ဖြစ်ပါတော့သည်။

■ ဂျောဘွန်မော်စင်သို့

စာရေးသူတို့ အောင်မြင်သာဘုရားအားဖူးပြီးသည်နှင့် မြစ်ကြီးနား၏ထင်ရှားသော အမှတ်အသားတစ်ခုဖြစ်သည့် ဂျောဘွန်တောင်ဖေါ်တွင်ရှိသော တာဝါအဆောက်အအုံရှိရာသို့ သွားရောက်ခဲ့သည်။ တာဝါအဆောက်အအုံမှာ အထပ် (၆) ထပ်ရှိရာ စာရေးသူတို့ ဇနီးမောင်နှံမှာ တော်တော်လေးကိုအားတင်းပြီးတက်ခဲ့ရသည်။ အသက် (၇၀) ကျော်တွေမို့ တော်ရုံတန်ရုံအမောမခံနိုင်တော့ပါ။ ဇရာကပြလာပြီမဟုတ်ပါလား။ တစ်ခုတော့ရှိပါသည်။ တာဝါ၏အပေါ်ဆုံးထပ်မှ မြစ်ကြီးနားတစ်မြို့လုံးအလှကိုဆီး၍မြင်ရသည်က စာရေးသူတို့ကို အမောပြေစေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

■ **သမိုင်းဝင်မြမဥ္စူစေတီကို ဖူးမြော်ရပြန်သည်**

သားဖြစ်သူက အပြန်လမ်းတွင် ဗလမင်းထင်တံတားဆီသို့ရောက်အောင်ကားကိုလှည့်မောင်းသွားသည်။ စာရေးသူတို့ကို သမိုင်းဝင်စေတီတစ်ဆူဖူးမြော်ရန်ဟု ဆိုပါသည်။ ဗလမင်းထင်တံတားကျော်သည်နှင့် တံတား၏ အရှေ့ထိပ်လမ်းညာဘက်တောင်ကုန်းထက်တွင် ရွှေရောင်အဆင်းဖြင့် ကြည်ညိုဖွယ်ရာစေတီတစ်ဆူကို မြင်တွေ့ရသည်။ စေတီတော်၏အတက်လှေကားခြေရင်းတွင် သမိုင်းဝင်မြမဥ္စူစေတီတော်ဟုပါရှိသောကမ္ပည်းကျောက်စာကိုတွေ့ရသည်။

ကမ္ပည်းကျောက်စာတွင် စေတီတော်၏ သမိုင်းအကျဉ်းချုပ်ကို ဖော်ပြထားသည်မှာ ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရေးအတွက် မြေအနေအထားကိုကြည့်ရှုခဲ့စဉ် ဧရာဝတီအရှေ့ဘက်ကမ်း မိုင်းနားရွာထိပ်ရှိ တောင်ကုန်းအားကြည့်ရှုလေရာ အမှတ်မထင်ဘဲ ရှေးဟောင်းစေတီပျက်တစ်ဆူကို တွေ့ရှိခဲ့ပါသည်။

ဆရာတော်ကြီးများ၏ အဆိုအရ ရှေးမြန်မာမင်းများလက်ထက်တရုတ်ပြည်ယူနန်နယ်သို့စစ်ချီရာ ခေတ္တတပ်နားစဉ် စစ်သူကြီး ရွှေလုံဗိုလ်တည်ခဲ့သည်ဟုသိရပါသည်။ စေတီတော်ကြီးအား နိုင်ငံတော်အကြီးအကဲများက ညွှန်ကြားမှုနှင့်အညီ ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ယူတည်ဆောက်ခဲ့သည်။

စေတီတော်မြတ်ကြီးတည်ထားရေးအတွက် ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းဒါရိုက်တာဦးစံငြိမ်းဦးစီးလျက် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ပန္နက်တင်မင်္ဂလာကျင်းပကာ စတင်တည်ထားခဲ့ပါသည်။ မူလရှိပြီးဖြစ်သောဌာပနာများကို ရှိရင်းအတိုင်းထားကာ စေတီတော်ပျက်ကိုငုံလျက် အသစ်တည်ထားခဲ့ပါသည်။

၁၉၉၇ ခုနှစ်၊ မေလ ၆ ရက်၊ ဒုတိယအဆင့် ဌာပနာသွင်းမင်္ဂလာကိုလည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ ဇွန်၁၇ရက်တွင် တတိယအဆင့်ဌာပနာသွင်းမင်္ဂလာကို လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ ဇူလိုင် ၁၈ ရက်နေ့တွင် စတုတ္ထအဆင့်ဌာပနာသွင်းမင်္ဂလာကို လည်းကောင်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ပဉ္စမအဆင့်ဌာပနာသွင်းမင်္ဂလာကျင်းပရာ ကချင်ပြည်နယ်ငြိမ်းချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီတို့ တက်ရောက် ကြည်ညိုတင်လှူပူဇော်ခဲ့ပါသည်။

မြမဥ္စူစေတီတော်၏ ဉာဏ်တော်မှာ (၁၆) တောင်၊ (၅၄) ပေရှိပြီး စုစုပေါင်းကုန်ကျစရိတ်မှာ (၆,၇၅၆,၀၀၀) တိတိဖြစ်ကြောင်း ဖော်ပြ၍ မှတ်တမ်းတင်ထားပါသည်။

စာရေးသူအနေနှင့် သားဖြစ်သူ၏ကျေးဇူးကြောင့် ဘုရားလည်းဖူး လိပ်ဥလည်းတူးဆိုသလိုပင် တန်ခိုးကြီးဘုရားများကိုလည်း ဖူးခွင့်ရသလို မြစ်ကြီးနားမြို့၏ ထင်ရှားသောနေရာများကိုလည်း လေ့လာခွင့်ရခဲ့ပါသည်။ စာရေးသူဖူးခွင့်ရသမျှနှင့် လေ့လာခွင့်ရသမျှကို ကချင်ပြည်နယ် မြစ်ကြီးနားသို့သွားရောက်ရန်အချိန်မပေးနိုင်သော သူရဋ္ဌမဂ္ဂဇင်း၏စာဖတ်ပရိသတ်များ ဖူးစေမြင်စေချင်သည့်ဆန္ဒဖြင့် စာရေးသူအနေနှင့် ပြန်လည်မျှဝေဖော်ပြခြင်း ဖြစ်ပါသည်။

တကူးတကလာရလျှင်တောင်မှ အကြောင်းမတိုက်ဆိုင်လျှင် ရောက်ဖို့မလွယ်တဲ့နေရာမျိုးပါ။ လောလောဆယ်ကတော့ ငြိမ်းချမ်းရေးစကားပြောနေကြချိန်ဖြစ်လေတော့ သွားရေးလာရေးအစစအရာရာအားလုံး အဆင်ပြေပါသည်။ ရပ်ဝေးရပ်နီးက ကားကြီးကားငယ်နှင့် ဘုရားဖူးခရီးသည်ကားတွေကလည်း ဥဒဟိုဝင်ထွက်နေတာကိုကြည့်ပြီး စာရေးသူအနေနှင့် အားလုံးအတွက် စိတ်ချမ်းသာရပါသည်။

တစ်ခါတစ်ခေါက်တော့အရောက်လာကြဖို့ စေတနာရှေ့ထားပြီးတိုက်တွန်းစကားပြောရင်း စာရေးသူ၏ ဆောင်းပါးကို သည်မှာပဲအဆုံးသတ်လိုက်ရပါတော့သည်။

စေတနာမှန်လျှင်ကံကောင်းမည်

စနေသွန်း(မြစ်သား)

www.burmeseclassic.com


ဟိုတုန်းကခရီးသွားသူတွေနည်းပါး သလောက် ခုနေခါ ခရီးသွားသူတွေ အတော်များလာပါပြီ။ဘုရားဖူးဆိုလည်း ဒီလိုပါပဲ။ ဒရိုင်ဘာမောင်သန်းထိုက်ထံ ဖုန်းဆက်လိုက်ရင် ကျိုက်ထီးရိုးလို ရန်ကုန် လို၊ ချောင်းသာလို၊ ပေလီလို၊ ငွေဆောင် လို၊ စက်စဲလို၊ ပုဂံညောင်ဦးလို၊ ပုပ္ပားလို၊ မန္တလေးလို၊ မုံရွာလို၊ အလောင်းတော် ကဿပလို၊ တောင်ကြီးအင်းလေးလိုသွား နေတာ။ တစ်နေရာမဟုတ်တစ်နေရာ ရောက်ရောက်နေတာကလား။ ဟိုတုန်းက တော့ အခါကြီးရက်ကြီးနေ့တွေ၊ တက္က သိုလ်တန်းဖြေဆိုပြီးစနေ့တွေမှ ဘုရား ဖူးလိုခရီးထွက်ကြတာရယ်။ အခုတော့ ခရီးအသွားအလာအခါမရွေးသွားနေကြ တယ်လေ။

အထူးသဖြင့် ဈေးအဖွဲ့တွေစုပြီး တစ်နေ့ဘယ်လောက်ဆိုပြီးငွေစုကြရဲ့။ ဝါလကင်းလွတ် သီတင်းကျွတ်တာနဲ့ ရပ်နီး၊ ရပ်ဝေး ကထိန်စုပေါင်းခင်းရင်း ခရီးထွက်လားထွက်တယ်။ သီတင်းကျွတ် လ မြသလွန်ပွဲ၊ တန်ဆောင်မုန်းလ ညောင်ဦးရွှေစည်းခုံပွဲ၊ တောင်ကြီး တန်ဆောင်တိုင်ပွဲ၊ နတ်တော်လ သေခဲလှ ပွဲ၊ ပြာသိုလ အာနန္ဒာပွဲ စတဲ့ဘုရားပွဲတွေ သွားလားသွားရဲ့။ ရွာတွေလည်း ကောက်စိုက်စည်းကောင်းအဖွဲ့၊ အာအဖွဲ့၊ ညာအဖွဲ့ဆိုပြီး ငွေပုံမှန်စုပြီး ခရီးသွား လားသွားတယ်ပေါ့။

တပို့တွဲလဆန်း ၅ ရက် ရွှေစက်

# ဦးစန္ဒိမာ(စလင်း)

# ပထမရွှေကျင်သရာတော်ကြီး ရွှေစက်တော်ဘုရားဖူးခရီး



အောက်စက်တော်ရာဝန်းကျင်



မန်းရွှေစက်တော် အောက်စက်တော်ရာ

တော်ခြေတော်ရာဖွင့်ပွဲကစပြီး တန်ခူးလ နှစ်ဆန်း ၁ ရက်နေ့အထိ ရွှေစက်တော် ဘုရားဖူးတွေလွှတ်သွားကြတော့တာ ကလား။ ဒီသုံးလအတွင်း ဒရိုင်ဘာတွေ၊ ကားပိုင်ရှင်တွေလက်ဖျားငွေသီးတဲ့ရာသီ ပေါ့၊ ရွှေစက်တော်ကျေးဇူးပေါ့။ စလင်းနဲ့ ရွှေစက်တော်ခရီးက တစ်နာရီခွဲလောက် ကားစီးရုံနဲ့ရောက်တယ်လေ။ ဟိုတုန်းက လို ညအိပ်ညနေလည်း ရွှေစက်တော် မဖူးကြတော့ပါဘူး။ လှေခေတ်လှည်း ခေတ်လည်း မဟုတ်တော့ပါဘူး။ တချို့ ဒရိုင်ဘာတွေများ တစ်နေ့တည်းနဲ့ နှစ်ခေါက်လောက်ကူးကြတာကလား။ အခုနေခါမှာ ခရီးသွားဘုရားဖူးတွေက သွားကာမတ္တဖူးကာမတ္တကသာများပါ တယ်။ ဘုရားဖူးတယ်ဆိုတာ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လို့ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေလို၊ ဘုရားကျောင်းတန်ဆောင်း သမိုင်းတွေ လေ့လာမှတ်သားလို မေးမြန်း လိုလို့ ဒီလိုငွေကုန်ရကျိုးခရီးသွားရကျိုး နပ်မယ်ပေါ့။

ရှေးအခါတုန်းကတော့ ညအိပ် ညနေ အေးအေးဆေးဆေးဘုရားဖူးကြ လှူကြတန်းကြနဲ့ပါ။ အလွန်ဝေးလံတဲ့ အရပ်ကလာရောက်ကြရပြီး ထိုက်ထိုက် တန်တန် ပူဇော်ကန်တော့ကြတာပေါ့။ ရှင်မဟာရဋ္ဌသာရတို့၊ မန်လည်ဆရာ တော်တို့၊ ဆရာတော်ဦးပုမ်တို့ စာတစ် စောင်ပေတစ်ဖွဲ့ကဗျာလင်္ကာတွေစပ်ဆို ပြီး ကမ္ပည်းတင်ခဲ့ကြတာကလား။ တန်ဖိုး ကြီးမားလိုက်ပုံများ သမိုင်းခြေရာတွေ ခုထိရှိနေတုန်းပေါ့။




မန်းရွှေစက်တော်
အောက်စက်တော်ရာဝန်းကျင်ရှိရုပ်ပွားတော်ကြီး

www.burmeseclassic.com


အထက်စက်တော်ရာ


အထက်စက်တော်ရာ


အထက်စက်တော်ရာစောင်းတန်း


အောက်စက်တော်ရာ


အထက်စက်တော်ရာ


အထက်စက်တော်ရာဝန်းကျင်

ထိုထိုသောခြေရာတွေထဲကရေးသားခဲ့ပြီးတာတွေချန်လှပ်ပြီး တစ်ခါမှမရေးသားရသေးတဲ့ ပထမရွှေကျင်သာသနာပိုင်ဆရာတော်ကြီးအရှင်ဇာဂရ ရွှေစက်တော် သွားရောက် ဖူးမြော်ခဲ့တဲ့ ခရီးမှတ်တမ်းကို တင်ပြလိုက်ရပါတယ်။

ရွှေကျင်ဆရာတော်ကြီး ရွှေစက်တော် သွားရောက်ဖူးမြော်ဖို့ မင်းတုန်းမင်းတရားကြီးက သင်္ဘောနဲ့ပို့မယ့်အကြောင်းလျှောက်တဲ့အခါ ဆရာတော်ကြီးက လက်မခံဘူးရယ်။ ဆရာတော်ကြီးက ခမ်းနားတာတွေ၊ ကြွားဝါတာတွေ အလိုရှိတော်မမူပါဘူး။ ရာဇဂုရုဘွဲ့တံဆိပ်ကပ်လှူတာတောင် လက်မခံခဲ့တဲ့ဆရာတော်ကြီးပေကိုး။ ဆရာတော်ကြီးက လမ်းမှာအကြိုအဆိုနဲ့ ဆင့်ဆိုမှုတွေမလုပ်ဖို့ပါမိန့်ဆိုတယ်။ လှေနဲ့ကြွတော်မူတယ်။ စကုမြို့ဝန်ထံကိုတော့ လှမ်းအကြောင်းကြားစေပါတယ်။ ရွှေစက်တော်တည်းခိုနေထိုင်သီတင်းသုံးစေရေးအဆင်ပြေဖို့ပါ။


မင်းတုန်းမင်းတရားကြီးက ဆရာတော်ကြီးအတွက် ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်၊ ပိတ်အုပ်၊ သေတ္တာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပုံနှိပ်ကမ္မဝါစာ၊ ဆွမ်းဆန်တော်များ ပေးပို့လှူဒါန်းတယ်၊ ဆရာတော်ကြီးအလိုတော်အတိုင်း လှေကြီးနှစ်စင်း၊ လှေငယ်နှစ်စင်း၊ တပည့်ကြီးနှစ်ပါး၊ ရဟန်းငယ်နှစ်ပါး၊ သာမဏေတစ်ပါး၊ ကပ္ပိယနှစ်ယောက်၊ ကျောင်းသားဘိုးသူတော်ငယ်နှစ်ယောက်၊ လှေသားသုံးယောက်လိုက်ပါစေပါတယ်။

၁၂၂၉ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ မန္တလေးမှ စုန်ဆင်းထွက်တော်မူပါတယ်။ အင်းဝဆိပ်ကမ်းရောက်တော့ လူဆိုးဓားပြများမနှောင့်ယှက်ရလေအောင် မင်းတုန်းမင်းတရားကြီးက လှေကြီးပေါင်းမိုးပေါ်မှာ ကမ္ဗလာနီကြီးကို အုပ်စေပြီး ပေါင်းမိုးဝဲယာနှစ်ဖက်မှာ အလံနှစ်ချက်စိုက်ထူစေပါတယ်။ ဆရာတော်ကြီးက ဒါတွေကို အလွန်ရှက်တော်မူပါတယ်။ သံဃာများအလိုကိုမဆန့်ကျင်လိုလို့သာ သည်းခံရရှာပေတယ်။ ခရီးတစ်လျှောက် ထင်ရှားတဲ့ တန်ခိုးကြီးဘုရားများနဲ့ ကွမ်းရွာ၊ ရွှေတန့်တစ်၊ ပုဂံ၊ အာနန္ဒာ ညောင်ဦး ရွှေစည်းခုံ၊ ရွှေချောင်း၊ မကွေးဘုရားများပါ ဆွမ်းနှင့်ရေချမ်းကပ်လှူတော်မူပါတယ်။ သံဃာ




www.burmeseclassic.com

www.burmeseclassic.com



အထက်စက်တော်ရာ



ရွှေစက်တော် မန်းချောင်း



ဘုရားပွဲတော်လာ တစ်နေရာ

တော်များကိုပါ ဖယောင်းသေတ္တာ၊ ကမ္မဝါစာများ လှူဒါန်းတော်မူပါတယ်။

(၇) ရက်ကြာတော့ မင်းဘူးဆိပ်ကမ်းသို့ ရောက်တော်မူပါတယ်။ စကုမြို့ဝန်လည်း ဆရာတော်ကြီးဆီရောက်ရှိလာပါတယ်။ မင်းဘူးမြို့မှာ နှစ်ညကျိန်းစက်တော်မူပြီး စကုမြို့သို့ ကြွရောက်တော်မူပါတယ်။ လမ်းတစ်လျှောက်မှာမီးရှူးမီးဝါများဖြင့် ပူဇော်ကြရပါတယ်။ စကုမှ ရွှေစက်တော်ခရီး တစ်သောင်းလောက်ဝေးပါသေးတဲ့။ လမ်းမှာ တစ်ညအိပ်ကြရတယ်။ ရွှေစက်တော်မှာ (၇) ရက်သီတင်းသုံးပြီးအားရအောင်ရှိခိုးပူဇော်ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီးမီး၊ မီးရှူးမီးဝါ၊ တံခွန်ကုက္ကားများကပ်လှူပါတယ်။ ရွှေစက်တော်နဲ့ စကုကို ဆရာတော် ခြေကျင်ကြွတော်မူတယ်။

ရွှေစက်တော်ကနေအပြန် ညဉ့်အိပ်ညဉ့်နေရပ်နားရာ ဆိပ်ကမ်းသောင်ပြင်တို့မှာ သဲတွေကိုစက်တော်ရာပြုလုပ်ပြီး အားလုံးပဲ ဝတ်တက်ပူဇော်ရပါတယ်။ အသွားအပြန် နှစ်လလောက်ကြာသတဲ့။ နောက်ပါတပည့်များကို နိသျည်းမကင်းရလေအောင် လှေဆိုက်ရာကနေ ခဲနှစ်ကျအတွင်း ပေါင်းကိုင်းစိုက်အုပ်ပြီး သားရေခင်းတစ်ချပ်၊ ရေဘူးတစ်လုံးနဲ့သာ သီတင်းသုံးတော်မူတယ်။ နှစ်လအကြာ ခရီးတစ်လျှောက်လုံး ဆရာတော်ကြီးဦးခေါင်းချလျောင်းပြီးကျိန်းစက်တော်မူတာမရှိပါ။

ခရီးပင်သွားနေသော်ငြား လိုက်ပါလာတဲ့သံဃာများ ဝတ်တတ်ဝတ်ကပ်မပျက်ရပါဘူး။ ဧကာသနိက်ခုတင်ဆောင်ကာ ဆွမ်းတစ်ထပ်သာစားတဲ့ အခါစားကြရတယ်။ ရွှေစက်တော်အကြွလမ်းခရီးမှာ ရွှေစက်တော်ခြေတော်ရာအကြောင်းကြားဖူးသမျှဂုဏ်တော်များနဲ့တန်ဆာဆင်လျက် လှေပေါင်းထဲမှာပဲ လက်ကိုချိုးကာချိုးကာ ရွှေစက်တော်ဘုရားရှိခိုးဂါထာဗန္ဓများ ဖွဲ့စီသီကုံးပြီး နောက်ပါတပည့်သံဃာတော်တွေကိုပို့ချသင်ကြားပေးတော်မူတယ်။ စာဆိုမှုန့်ရွာ ရွှေသိမ်တော်ကျောင်းဆရာတော်အရှင်သီလဝံသပေါ့။ စက်တော်ရာဘုရားရှိခိုးဂါထာသက်သက်မှာ (၁၆) ဂါထာအနက်ပါ ကျက်မှတ်စေပါတယ်။

ကာလေကာလေ - လျှောက်ပတ်သင့်လျော် အခွင့်တော်ရာအခါခါ၌၊ ဩဝါဒနွှော - ဘုရားစက်တော်ဖူးမြော်လာရာ၊ ဆောက်တည်ရာသော၊ အကျင့်ပဋိပတ်တို့ဖြင့် ဆုံးမဟောပြောအပ်သည်ဖြစ်၍၊ တေသံ-ထိုတပည့်ပရိသတ်တို့၏၊ စိတ္တံ-စိတ်ကို၊ ပသာဒယိ-ကြည်လင်စေခဲ့ပါပြီး။

ဤသည်မှာ အနည်းငယ်မျှသာ ဖော်ပြလိုက်ခြင်းဖြစ်တယ်။

ဒီခရီးမှတ်တမ်းကို ပဉ္စမမြောက် ရွှေကျင်နိကာယသံဃမဟာနာယကဥက္ကဋ္ဌ၊ ရှိန်မကားမြို့ ချမ်းသာကြီးတိုက်ဆရာတော် ရေးမှတ်ခဲ့တယ်။ ဒါကြောင့် ခုလိုရေးသားနိုင်ပါတယ်။ ကျေးဇူးကြီးမားလှပါဘိ။

ဦးစန္ဒိမာ (စလင်း)

ကျမ်းကိုး -

*ရွှေကျင်နိကာယသာသနာဝင်*
*ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတ၊*
*၂၀၁၇၊ နိုဝင်ဘာလ။*



www.burmeseclassic.com

www.burmeseclassic.com

# သူတော်အိမ်(မွေ့သုတေသီ)

# အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ဩဝါဒကထာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ လူရယ်လို့ ဖြစ်လာမှတော့ အသက်ရှင်တုန်းမှာ တဏှာကျွန်၊ သေတော့ အပါယ်လေးပါး မဖြစ်သင့်ဘူး။

၂။ လူတွေဟာ အမှတ်တမဲ့နေ၊ အမှတ်တမဲ့ သေကြတယ်။ တကယ်ဆိုတော့ အို၊ နာ၊ သေရေးအတွက် ပြင်ဆင်ထားကြဖို့ကောင်းတယ်။

၃။ လူတိုင်းဟာ ရုပ်ကိုသာပြင်တတ်ကြတယ်။ နာမ်ကိုတော့မပြင်တတ်ကြဘူး။ ဒါကြောင့်လည်း ရုပ်ချမ်းသာမှုကို ရှေးရှုနေကြတာပဲ။

၄။ လူသေပြီး လူဖြစ်သူက နည်းတယ်။ ဖြစ်ပြန်တော့လည်း ဗုဒ္ဓတရားတော်နဲ့တွေ့ဖို့ကလည်းခဲယဉ်းပြီး တွေ့တော့လည်း ဘာသာကို တကယ့်သဒ္ဓါဖြစ်ဖို့ကျဲတယ်။

၅။ လူဒကာ၊ ဒကာမတွေဟာ သာသနာနဲ့စပ်ရင် ဘာကိုမှနားမလည်ကြဘူး။ သိရာလျှိုဒါန်း၊ ကျွမ်းရာကျောင်းဆောက်နေကြတာပဲ။

၆။ လူများဟာ ဘာသာရေးကို ပုဂ္ဂိုလ်တစ်ပါးချင်း မရိုသေတတ်ကြဘူး။ သံဃာစင်ပေါ် ရောက်မှ၊ သံဃာအစုအရုံးတွေ့မှ ကြည်ညိုလေ့ရှိကြတယ်။

၇။ လူတွေဟာ သာသနာရဲ့အနှစ်၊ သီလ၊သမာဓိ၊ ပညာကို မကြည်ညိုတတ်ကြဘဲ ကျောင်းကောင်းကန်ကောင်းကို ကြည်ညိုတတ်ကြတယ်။

၈။ မွေ့ကထိကတွေကလည်း ဒါန၊ သီလ၊ ဘာဝနာတရားအကျိုးတွေဟောပါရဲ့။ လူတွေကလည်းနာကြပါရဲ့။ အကျင့်အလုပ်မပါဘဲ နာနေရုံဖြင့် အကျိုးမရှိပါဘူး။

၉။ လောကကြီးမှာ ဒါနရှိမှ လူချစ်ခင်ကြတယ်။ သီလရှိမှ ကြည်ညိုကြတယ်။ ပညာတတ်မှ လေးစားကြတယ်။

၁၀။ ပညာတတ်ရင် သတ္တိလည်း တက်လာတယ်။ ပညာမတတ်ခင်က ခပ်ကြမ်းကြမ်းဖြစ်နေပေမယ့် ပညာတတ်လာတော့ အမြော်အမြင်ရှိလာတယ်။

၁၁။ လောကီကြီးပွားရေးမှာ ပညာဟာ အဓိကအားပဲ။

၁၂။ ပညာဆိုတာ စာပေကိုသာ ပြောတာမဟုတ်ဘူး၊ သူ့အရွယ်နဲ့ သူ့အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်မှုအတတ်အားလုံးပါဝင်တယ်။

၁၃။ ဘာပညာပဲဖြစ်ဖြစ် ငယ်စဉ်အရွယ်ရှိစဉ်က မကြိုးစားခဲ့ရင် ပညာတစ်ခုခုနဲ့အသက်မွေးရတော့မယ်ဆိုတော့ ပညာရင့်ရင့်သလို၊ ပညာညံ့ညံ့သလို အကျိုးခံစားရမှာပဲ။

၁၄။ လူတွေဟာ ချမ်းသာချင်ကြတယ်။ ဝီရိယနဲ့ရှာပါ။ ခြိုးခြံပါဆိုတော့ မရှာကြ၊ မခြိုးခြံကြဘူး။ နေရာတိုင်းကျွန်းမာရေး၊ ပညာရေး ဒီလိုချည့်ပဲ။

၁၅။ လူတွေဟာ စီးပွားရေးသာ အမြော်အမြင်ရှိပြီး ဘာသာရေးမှာတော့ မမြော်မြင်တတ်ဘူး။

၁၆။ ဘုရားပွဲ၊ ဘုရားပူဇော်ပွဲဆိုတာ စာထဲမှာတော့ ဘုရားဂုဏ်တော်တွေကို သီဆိုရွတ်ဖတ်ပြီး ကြေးစည်၊ ခေါင်းလောင်း စတဲ့ သဒ္ဒ (အသံ) အလှူကို လှူကြတယ်။ မီးပူဇော်ကြတယ်၊ တို့မြန်မာနိုင်ငံရောက်လာတော့မှ ပုဂံခေတ်က နတ်၊ အရည်းကြီးတို့ကို ကိုးကွယ်မှုရောလာပြီး ကြက်ကောင်လုံး၊ ဝက်ကောင်လုံးတွေ၊ အငြိမ့်ဇာတ်လူပြက်ပြက်လုံးတွေနဲ့ ပူဇော်လာကြတယ်။ ဒါမှားနေတာပဲ။

၁၇။ သားသမီးတွေကို မိဘတွေက ဆုံးမမရတာ ပြောကြတယ်။ စာရိတ္တပျက်ပြားဆုတ်ယုတ်လာတစ်ကြောင်း၊ လူကြီးမိဘတွေကိုယ်က အပျော်အပါးမလျော့တာကတစ်ကြောင်းဖြစ်တယ်။

၁၈။ အပျော်အပါးများတဲ့မြို့၊ ရွာ၊ နိုင်ငံဟာ ဆင်းရဲစမြဲပဲ။

၁၉။ခေတ်ဆိုတာလိုက်သင့်မှလိုက်ရတယ်၊ ဒီခေတ်ဆိုးရဲ့ဒဏ်ကို ဒီသတ္တဝါတွေပဲခံကြရမယ်။

၂၀။ လူတွေဟာ ဖြစ်လာတဲ့အခြေအနေကို ရုန်းကန်ဖို့တော့မကြံဘူး၊ ကုန်းခံဖို့သာ စိတ်ကူးကြတယ်။

၂၁။ လူတွေဟာ သူများကိုသာ လက်ညှိုးထိုးတတ်ကြတယ်၊ ကိုယ့်ကိုယ်တော့ ခွင့်လွှတ်ကြတယ်။

၂၂။ တရားရုံးများ၊ ပွဲလမ်းသဘင်၊ အားကစားဌာန၊ ဘုံဆိုင်တွေမှာ လူရှုပ်တာဟာ တိုင်းပြည်ရဲ့မကောင်းတဲ့ လက္ခဏာပဲ။

၂၃။ ဒါနနဲ့ သီလတွင် ဒါနဟာ ပိုက်ဆံမကုန်ဘူးလား၊ ကုန်တယ်။ သီလကော ကုန်ရဲ့လား၊ မကုန်ဘူး။ အကျိုးရတော့ ဘယ်ဟာကကြီးသလဲ၊ သီလက ကြီးတယ် မဟုတ်လား။

၂၄။ ဘာပဲဖြစ်ဖြစ် ကံချည်းပဲ အောက်မေ့လိုက်ကြတာပဲ။ ဘုရားရဲ့ ဉာဏ်၊ ဝီရိယဖြင့် ပြုပြင်မှု၊ ကြိုးစားမှုကို အသားပေးဝါဒရှိပါလျက် ကံချည်းချထားတော့ သာသနာလည်းနာ၊ လူမျိုးလည်းနာတာပေါ့။

၂၅။ ယခုအခါ ခေတ်စားနေသော ရှင်ပြုနည်းများမှာ ငွေပိုငွေလျှံရှိသူတို့အတွက်တော့ မထောင်းသာသော်လည်း ရှိသမျှပစ္စည်းလေးနှင့် အားခဲရသူ၊ ကြွေးယူ၍ သားကြီးရှင်ဖြစ်ပြုရသူတို့အတွက်က အလွန်နစ်နာလှပါတယ်။ သံသရာကျိုးလည်း နေ့စဉ်ဆွမ်းလောင်း၊ မိဘပြုစုစသောဒါနမှုလောက် အားမကိုးရ။ ပြခဲ့သော နွားသက်၊ ဝက်သက်ခိုင်း၍ ငွေကူမျှော်ရသောအလှူနှင့် ဂုဏ်ပကာသနကို ပဓာနထားသောအလှူတို့မှာ ငွေကုန်၊ အပြစ်ဖြစ် (၂) မျိုးစလုံး နစ်နာတယ်။

၂၆။ ရှင်ပြုတယ်ဆိုတာ အလွယ်ကလေး။ ဘာမှကုန်ကျစရာမလိုဘူး၊ ရှင်ပြုပြီး ကျကျနနနေဖို့သာခက်တယ်။

၂၇။ ယခု ဘုန်းကြီးတို့သာသနာမှာ ငွေကုန်တွေများနေတယ်။ ဘုရားပွဲ၊ အသုဘ၊ အလှူမင်္ဂလာပွဲတွေမှာ ငွေသိပ်ဖြုန်းနေတယ်။

၂၈။ အလှူလုပ်တဲ့အခါ ငှက်ပျောပွဲအုန်းပွဲတွေထည့်တယ်။ မထည့်နဲ့။ ငှက်ပျောပွဲအုန်းပွဲဆိုတာ နတ်တင်ရာက လာတယ်။ ဘုရားလက်ထက်က အလှူမှာ တရားဟောပြီးရင် ဒကာတွေက ငှက်ပျောပွဲ၊ အုန်းပွဲတွေလိုက်ပို့ရတာရှိသလား၊ မရှိဘူး။ ဇေတဝန်ကျောင်းမှာ ဗေထိဗေထိတွေလုပ်သလား၊ မလုပ်ဘူး။

၂၉။ သားကောင်းရတနာ၊ သမီးကောင်းရတနာလေးတွေမွေးလာတာဟာ လောကကိုအလှဆင်သလိုပဲ။ တစ်မျိုးတစ်နွယ်လုံး၊ တစ်နိုင်ငံလုံး၊ တစ်သာသနာလုံးကို အလွန်ပဲအကျိုးပြုနိုင်တယ်လို့ မှတ်ယူကြပါ ဒကာ၊ ဒကာမအပေါင်းတို့။

သူတော်အိမ်(မွေ့သုတေသီ)

ကျမ်းကိုး

အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ ဩဝါဒကထာ

www.burmeseclassic.com

www.burmeseclassic.com

"စိတ်အညစ်အကြေးအုပ်စု(၉)မျိုး အကြောင်းကိုပြောခဲ့တာ မနေ့ကအထိ (၇)မျိုးပြောခဲ့ပြီးပြီ။ ဒီနေ့ကကျန်တဲ့နှစ်မျိုး ကို ဆက်ပြောရအောင်"

နောက်နေ့ ဦးထွန်းလာတော့ ကျွန်တော်က အထက်ပါအတိုင်း စကား စလိုက်ပါတယ်။

ဆက်ပြီး -

"ကျန်တဲ့နှစ်မျိုးက သံယောဇဉ်နဲ့ ကိလေသာပဲ။ သံယောဇဉ်ကြိုး(၁၀)ပါး ရှိတယ်။ အောက်ကိုဆွဲချတာ(၅)ချောင်း၊ အပေါ်ကိုဆွဲတင်တာက (၅) ချောင်း။ အောက်ဆွဲချတဲ့ (၅)ချောင်းက -

၁။ ကာမရာဂ- အာရုံငါးပါး၊ ကာမဂုဏ် တရားတို့မှာ တွယ်တာကပ်ငြိ တပ်မက်ခြင်းသဘော။
၂။ ဗျာပါဒ - အမျက်ဒေါသပြင်းထန် ခြင်းသဘော။
၃။ ဒိဋ္ဌိ - မှားယွင်းသော အယူကိုယူခြင်းသဘော။
၄။ ဝိစိကစ္ဆာ - ရတနာ သုံးပါး၌ ယုံမှားခြင်း သဘော။
၅။ သီလဗ္ဗတပရာမာသ- ခွေး၊ နွား ကဲ့သို့သောအကျင့်ကိုကျင့်ခြင်းဖြင့် သံသရာမှလွတ်မြောက်သည်ဟု ယူဆခြင်းသဘောတို့ ဖြစ်တယ်။

သူတို့က အောက်ရွာလို့ခေါ်တဲ့ အပါယ်(၄)ပါးကိုဆွဲချ တတ်တဲ့သတ္တိရှိတယ်။ ဒါကို အောက်ကြိုး (၅) ချောင်းလို့ ခေါ် တယ်။

အပေါ်ကိုဆွဲတင်တဲ့ သံယောဇဉ် (၅)ချောင်းကတော့ -

၁။ ရူပရာဂ - ရုပ်နှင့်တကွဖြစ်သော အောက်ဗြဟ္မာဘုံ။
၂။ အရူပရာဂ - နာမ်ချည်းသက် သက်ဖြစ်သောထက်ဗြဟ္မာဘုံ။
၃။ မာန-ထောင်လွှားခြင်းသဘော။
၄။ ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်ခြင်းသဘော။
၅။ အဝိဇ္ဇာ - တွေဝေခြင်းသဘော အဲဒီ (၅) မျိုး။

ဒီငါးမျိုးဟာ အထက်ဘုံတွေမှာ ဖြစ်တတ်တဲ့သဘောရှိလို့ အပေါ်ကိုဆွဲ တင်တဲ့ကြိုးလို့ခေါ်တယ်။ ဗြဟ္မာဘုံတွေ ကိုတောင့်တခြင်း၊ ဗြဟ္မာချမ်းသာကို အာရုံညွတ်ခြင်းသဘောတွေဟာ အနာ ဂါမ်ပုဂ္ဂိုလ်အထိရှိတတ်တယ်။ စိတ်ပျံ့ လွင့်ခြင်း၊ တွေဝေခြင်း၊ ထောင်လွှားခြင်း စတာတွေဟာရှိတယ်ဆိုပေမယ့် ပုထုဇဉ် တွေမှာလို မကြမ်းတမ်းဘူး။ အငွေ့ အသက်လေးလောက်ရှိတာကိုပြောတာ။ ရဟန္တာဖြစ်မှအကြွင်းမဲ့စင်ကြယ်သွားတာ။

နောက်ဆုံးကတော့ ကိလေသာ (၁၀) ပါးရှိတာကို ရှေ့ကပြောခဲ့ပြီး ကြာ ပြီ ဖြစ်တဲ့အတွက် ထပ်ပြောပါမယ်။

## ချောင်းဆုံအုန်းသွင်

## သံယောဇဉ်(၁၀)ပါး



အဲဒါတွေက -

၁။ လောဘ - လိုချင်တပ်မက်ခြင်း သဘော။
၂။ ဒေါသ - ကြမ်းတမ်းရက်စက်ခြင်း သဘော။
၃။ မောဟ - တွေဝေခြင်း၊ အမှန်ကို အမှား၊ အမှားကိုအမှန်လွဲမှားပြီး သိခြင်းသဘော အဝိဇ္ဇာနဲ့မောဟ က အတူတူဘဲ။
၄။ မာန-ထောင်လွှားခြင်းသဘော။
၅။ ဒိဋ္ဌိ - မှားယွင်းသောအယူကိုယူ ခြင်းသဘော။
၆။ ဝိစိကိစ္ဆာ - ရတနာသုံးပါးတို့၌ ယုံမှားခြင်းသဘော။
၇။ ထိန - စိတ်မခိုင်ခံ့ခြင်းသဘော။
၈။ ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်ခြင်းသဘော။
၉။ အဟိရိက - မကောင်းမှုပြုရန် မရှက်ခြင်းသဘော။
၁၀။ အနောတ္တပ္ပ - မကောင်းမှုပြုရန် မစောင့်ခြင်းသဘောတို့ဖြစ်တယ်။

ကိလေသာ (၁၀) ပါးဆိုတာရော သံယောဇဉ်ကြိုး (၁၀) ချောင်းဆိုတာ ရော၊ စိတ်အညစ်အကြေး (၁၄) ပါးဆို တာရော၊ စိတ်အညစ်အကြေးအုပ်စု(၉)စု ဆိုတာရော အားလုံးဟာ စိတ်အညစ် အကြေးတွေချည်းပဲ။ အချို့တူညီတဲ့ စကားလုံးတွေထပ်ကာထပ်ကာတွေ့ရ လိမ့်မယ်။

အဲဒါအားလုံးကိုချုံးလိုက်ရင် -

လောဘ၊ ဒေါသ၊ မောဟရယ်လို့ တရားကိုယ်(၃)မျိုးပဲရတယ်။အဲဒီအညစ် အကြေးတွေကို စင်ကြယ်အောင်ဆေးရ မယ်။

ရေကြောင့်ဖြစ်တဲ့ ရွှံ့ပေါ်ကို စင်ကြယ်အောင်ရေဖြင့်ဆေးကြောရ၏။ စိတ်ကြောင့်ဖြစ်သောစိတ်၏အညစ်အ ကြေးများကို စင်ကြယ်အောင် စိတ် ဖြင့်သာ ဆေးကြောရမယ်လို့ ကျမ်း ဂန်များမှာလာတယ်။ ပါဠိလို မပြော တော့ဘဲ မြန်မာလိုတိုက်ရိုက်ပြော လိုက်တာ။ စိတ်ကို ဆေးကြောနည်း တွေက အမျိုးမျိုးရှိတယ်။

စိတ်အညစ်အကြေးအားလုံး တို့ ရဲ့အခြေခံဟာ လောဘ၊ဒေါသ၊မောဟ ဖြစ်သလို စိတ်အညစ်အကြေးကို စင် ကြယ်စေတဲ့နည်းအမျိုးမျိုးရဲ့ အခြေခံ အချုပ်ဟာ သတိပဋ္ဌာန်တရား (၄) ပါးပဲ။

အဲဒါတွေက -

၁။ ကာယာနုပဿနာ

www.burmeseclassic.com

www.burmeseclassic.com

၂။ စိတ္တာနုပဿနာ

၃။ ဝေဒနာနုပဿနာ

၄။ ဓမ္မာနုပဿနာတို့ ဖြစ်တယ်။

ကာယာနုပဿနာဆိုတာ ခန္ဓာကိုယ်ပြုမူလှုပ်ရှားမှုမှန်သမျှနဲ့ ရုပ်ခန္ဓာကိုယ်ဖွဲ့စည်းထားတဲ့ ကျင်ကြီး၊ ကျင်ငယ် စတဲ့(၃၂)မျိုးကို ရှုမြင်ပွားများကာ စိတ္တာနုပဿနာဆိုတာ စိတ်ထဲဖြစ်ပေါ်လာသမျှတွေကို သတိကပ်ပြီး ရှုမှတ်ပွားများတာ။ ဝေဒနာနုပဿနာဆိုတာ ညောင်းညာကိုက်ခဲနာကျင်စေတာတွေကို ရှုမှတ်တာ။ ဓမ္မာနုပဿနာဆိုတာ မြင်၊ ကြား၊ နံ၊ စား၊ ထိ စတာတွေဟာ သဘောမျှသာဖြစ်တယ်လို့ ရှုမှတ်တာ။

သတ္တဝါတွေဟာ မွေးလိုက်၊ သေလိုက်ဘဝတွေအဖန်တလဲလဲဖြစ်နေရတာ အဲဒီဘဝကိုလိုချင်လို့ပဲ။ လိုချင်တယ်၊ စွဲလမ်းတယ်။ အဲဒါကြောင့် ရအောင်ပြုလုပ်တယ်။ရလို့ဝဋ်ဒုက္ခခံရတယ်။ ဘာလို့လိုချင်ရသလဲဆိုတော့ ကောင်းတယ်၊ ချမ်းသာတယ်ထင်လို့။

တကယ်တော့ မကောင်းဘူး၊ ဆင်းရဲတယ်။ ဒါကို အမှားကို အမှန်၊ အမှန်ကိုအမှားဖြစ်အောင်လှည့်စားတတ်တဲ့ အဝိဇ္ဇာက (၄)မျိုးသောလှည့်စားခြင်းနဲ့ လှည့်စားထားတယ်။ ဒါကို ဝိပလ္လာသ (၄) ပါးလို့ခေါ်တယ်။

အဲဒါတွေက -

၁။ မမြဲတာကိုမြဲတယ်လို့ထင်တယ်။

၂။ ဆင်းရဲတာကို ချမ်းသာတယ်လို့ ထင်တယ်။

၃။ အစိုးမရတာကို အစိုးရတယ်လို့ ထင်တယ်။

၄။ မတင့်တယ်တာကိုတင့်တယ်တယ် လို့ထင်တယ်။

အဲဒါကို အမှန်တိုင်းမြင်အောင် ဖော်ပြပေးတာ သတိပဋ္ဌာန် (၄) ပါးပါ။

ကာယာနုပဿနာကို ရှုတဲ့အခါ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်၊ သလိပ် စတာတွေကိုရှုတော့ ခန္ဓာကိုယ်ကိုဖွဲ့စည်းထားတဲ့ ရုပ်ဝတ္ထု (၃၂) မျိုးဟာ တစ်မျိုးမှ လိုချင်စရာ၊ မက်မောစရာ၊ တွယ်တာစရာ၊ သိမ်းထားချင်စရာကောင်းတာမရှိဘူးဆိုတာ မျက်ဝါးထင်ထင်တွေ့လာပါလိမ့်မယ်။ အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးကို စက်ဆုပ်ငြီးငွေ့တဲ့ဘာဝနာတရားဖြစ်လာလိမ့်မယ်။

စိတ္တာနုပဿနာရှုမှတ်တဲ့အခါမှာ စိတ်ရောက်စိတ်ပြေးတွေကိုရှုမှတ်ရမယ်။ ဟိုရောက်လိုက်ဒီရောက်လိုက်ဖြစ်နေမယ်။ အဲဒါကို သုံးလေးချက်ပြောင်းသွားပြီးမှ တစ်ချက်လောက်ဖမ်းလို့ရတယ်။ စမှတ်စမှာဒီလိုပဲ။ ရှေ့ကစိတ်က သူခိုး၊ နောက်ကစိတ်က ပုလိပ်လို့ ဆိုရိုးရှိတယ်။ လုပ်သက်နုတဲ့ပုလိပ်ဆိုရင် သူခိုးကခဏခဏလွတ်တယ်။ ကြာတော့ မမြဲတဲ့သဘောကို မြင်လာလိမ့်မယ်။ ရုပ်ကိုရှုမှတ်ရာမှာလည်း သမာဓိအားကောင်းလာရင် ရုပ်မှုန်တွေဖြစ်လိုက်ပျက်လိုက်နဲ့ မြန်မြန်ကြီးဖြစ်ပျက်နေတာ တွေ့ရမယ်။ အဲဒါ မမြဲခြင်းသဘောကိုတွေ့တာဘဲ။

ဝေဒနာနုပဿနာဆိုတာ တရားထိုင်တဲ့အခါ ကြာရင်ညောင်းလာမှာပဲ။ လျှောင်း၊ ထိုင်၊ ရပ်၊ သွားဆိုတဲ့ (၄)မျိုးစလုံးမှာ တစ်မျိုးတည်းနဲ့ အကြာကြီးနေရင် ညောင်းညာ၊ ကိုက်ခဲ၊ နာကျင်ဆိုတာတွေပေါ်လာမယ်။ သာမန်အချိန်မှာဆိုရင်တော့ ဝေဒနာစပေါ်တာနဲ့ ထိုင်ရာကထလိုက် စသဖြင့် ပြောင်းလဲလိုက်တော့ ပျောက်သွားတယ်။တကယ်တော့ ဒီဝေဒနာတွေဟာ ခန္ဓာထဲမှာရှိနေတယ်။ အဲဒါကို ဖော်ထုတ်ပြီး ရှုမှတ်တာဘဲ။ တရားထိုင်မှ ဒုက္ခဝေဒနာတိုပေါ်စေတယ်။ အဲဒီဝေဒနာကိုရှုတာပဲ။

လူတွေမှာ အယူအဆနှစ်မျိုးရှိတယ်။ တစ်မျိုးက အရာရာကို ထာဝရဘုရားသခင်တန်ခိုးရှင်က ဖန်ဆင်းထားတာ သတ္တဝါတွေရဲ့ပြုမူလှုပ်ရှားမှုမှန်သမျှ တန်ခိုးရှင်ရဲ့ အလိုအတိုင်းဖြစ်နေတာပဲ။ အဲဒီလိုမြင်တယ်။

နောက်တစ်မျိုးကတော့ လူ့ခန္ဓာကိုယ်ထဲမှာ အတ္တဆိုတဲ့အရာရှိတယ်။ သူ့ကို ဇီဝဝိညာဉ်လို့လည်းခေါ်တယ်။ ဇီဝကို မြန်မာလို အသက်လို့ပြောပြီး ဝိညာဉ်ကိုတော့ လိပ်ပြာလို့ပြောတယ်။ သူဟာ ဒီခန္ဓာကိုယ်ကိုအစိုးရတယ်၊ စီမံတယ်၊ စေစားတယ်။ ဒီခန္ဓာကိုယ်ပြုမူလှုပ်ရှားမှုမှန်သမျှဟာ သူ့ရဲ့စေစားချက်ဘဲ။ ပြီးတော့ သူကပြန်ခံစားတယ်။ အဲဒီလိုအယူရှိတယ်။

မဟာသတိပဋ္ဌာန်ကျင့်စဉ်နဲ့ကျင့်ကြံအားထုတ်တဲ့အခါ ဒီခန္ဓာကိုယ်ထဲမှာ သူ့သဘောသူဆောင်နေတဲ့သဘောတရားစစ်စစ်ဖြစ်တဲ့ အတ္တတို့၊ ဇီဝတို့မရှိဘူး။ အစိုးရသူမရှိဘူး။ မြင်၊ ကြား၊ နံ၊ စား စတာတွေဟာ သဘောသက်သက်မျှသာဖြစ်တယ်လို့သိလာမယ်။

အဲဒီတော့ ကာယာနုပဿနာနဲ့ အသုဘကိုမြင်စေတယ်။ စိတ္တာနုပဿနာနဲ့ အနိစ္စကိုမြင်စေတယ်။ဝေဒနာနုပဿနာနဲ့ ဒုက္ခကိုမြင်စေတယ်။ ဓမ္မာနုပဿနာနဲ့ အနတ္တကိုမြင်စေတယ်။

ကဲ - ဒီလောက်ဆိုရင် ဒီခန္ဓာရဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော၊ အသုဘသဘောကိုသိပြီ။ ဘာနဲ့သိသလဲ။ သုတာမယဉာဏ်နဲ့သိတာ။ အဲဒါ အပေါ်ယံအသိပဲ။ ကြား၊ နာ၊ ဖတ်ရှုပြီးသိတဲ့အသိဘဲ။

တရားကို ကိုယ်တိုင်ထိုးထွင်းပြီးသိတဲ့ စိန္တာမယဉာဏ်၊ ကြားနာပြီးဖတ်ရှုပြီးသိတဲ့သုတာမယဉာဏ်၊ သိပြီးနောက် အဖန်ဖန်လေ့လာပွားများအားထုတ်ခြင်းဖြင့် လက်တွေ့တကယ်သိလာတဲ့ ဘာဝနာဘယဉာဏ်ဆိုပြီးဉာဏ်သုံးမျိုးရှိတယ်။

စိန္တာမယဉာဏ်ဆိုတာ ဘုရားကလွဲပြီး ဘယ်သူ့မှာမှမရှိဘူး။ သုတာမယဉာဏ်ကတော့ ခင်ဗျားတို့ကျွန်တော်တို့ ကြားနာဖတ်ရှုပြီးသိတာ။ အဲဒီအသိကို အသိအတိုင်းမထားဘဲ၊ ဝိပဿနာရှုပွားခြင်းဆိုတဲ့ဘာဝနာပွားများခြင်းအလုပ်ကို လုပ်ရင် ရုပ်တရားနာမ်တရားတို့ရဲ့မမြဲခြင်း၊ ဆင်းရဲခြင်း၊ ချုပ်တဲ့ခြင်းသဘောကို သိလာတယ်။ အဲဒါ တရားရခြင်းပဲ။

ပါရမီတို့၊ ဉာဏ်ရည်တို့ဆိုတာတော့ရှိသေးတယ်။ အဲဒါကိုယ်သိရတာ မဟုတ်ဘူး။

ကိုယ့်အလုပ်မဟုတ်ဘူး။ ကိုယ့်အလုပ်က လုပ်ဖို့ဘဲ။ ခင်ဗျားရဲ့မေတ္တာရပ်ခံချက်အရ ဘုရားရဲ့တရားကို ကျွန်တော်သိသမျှပြောပြီးပြီ။ ဒီတော့ ဒီတင် အဆုံးသတ်ကြစို့။

ကျွန်တော်တို့မှာ အချိန်ကကျန်တာမဟုတ်တော့ဘူး။ ဒီတော့ တရားစခန်းကတစ်ခုခုကိုသွားပြီး အမြန်အားထုတ်တော့။ ဆရာနဲ့မှဖြစ်မှာ"

ကျွန်တော် စကားကို နိဂုံးချုပ်လိုက်ပါသည်။

ဦးထွန်းက တရားစခန်းကို အမြန်သွားမည့်အကြောင်းနှင့် ကျေးဇူးတင်စကားပြောပြီးပြန်သွားပါသည်။

ကျွန်တော်၏ ဆောင်းပါးအစက ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်အား ညီအရင်းကဲ့သို့ချစ်ကာ စောင့်ရှောက်လာခဲ့ကြသည့် ရုပ်ဝါဒီမိစ္ဆာဒိဋ္ဌိကျေးဇူးရှင်သုံးဦးကို ကျွန်တော်ပေါင်းပြီး ဦးထွန်းဟုဖန်တီးထားပါသည်။ သူ့အထက်က နှစ်ယောက်မှာ မိစ္ဆာဒိဋ္ဌိဝါဒတည်းလည်းဖြင့် ဝမ်းနည်းဖွယ်ရာ ကွယ်လွန်သွားကြပါသည်။ သူတစ်ယောက်သာ ထိတ်လန့်ပြီး ကျွန်တော့်ဆီရောက်လာသည့်အတွက် ကူညီခွင့်၊ ကျေးဇူးဆပ်ခွင့်ရပါသည်။ သူ့အများကြီးသက်သာလာပါသည်။

အားလုံးသော ဦးထွန်းများသို့

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်တထောင်ကိုဦး

## သာသနာပြုမင်းနှစ်ပါး ကုသိုလ်လက်ရာပါဝင်ခဲ့ကြသော

# မွေတော်ကက္ကူစေတီတော်

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း သြဘာနိမိတ်ထွန်းတောက်ခဲ့သည့် ဗုဒ္ဓသာသနာသည် သာသနာပြုမင်းတစ်ပါးဖြစ်သော သီရိဓမ္မာသောကမင်းကြီးခေါ် အသောကမင်းကြောင့်ပင် ရောက်ရှိပျံ့နှံ့ခဲ့ပါသည်။ မင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား ဦးဆောင်စေကာ သံဃာတော်အရှင်မြတ်အပါးတစ်ထောင်ဖြင့် ဗုဒ္ဓ၏ တရားဓမ္မဒေသနာတော်များကို ကိုးလတိုင်တိုင် စုပေါင်းရွတ်ဆိုပူဇော်ရင်း တတိယသင်္ဂါယနာတင်တော်မူလေ၏။

ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားစေခြင်းငှာ ဇမ္ဗူဒိပ်ကျွန်းလုံးအနှံ့ ဂေါတမမြတ်စွာ၏ ဓာတ်တော်မွေတော်များကို ကိုယ့်တိုင်းကိုယ့်ဌာနသို့ သံဃာတော်များစေလွှတ်၍ သာသနာပြုစေ၏။ စေတီပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေတွင်းရေကန်ပေါင်းရှစ်သောင်းလေးထောင်စီ တည်ထားဆောက်လုပ်တူးဖော်စေ၏။

အသောကမင်းကြီး၏ ကောင်းမှုတော် ဓာတ်တော်မွေတော်များသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့လည်းရောက်ရှိလာခဲ့လေ၏။ တောင်ကြီးမြို့နယ်ရှိ မွေတော်ကက္ကူစေတီသည်လည်းတစ်ဆူပါဝင်ခဲ့သည်။

ထို့အတူ ပုဂံမင်းဆက်ဖြစ်သော အလောင်းစည်သူမင်းကြီးသည်လည်း



သီရိဓမ္မာသောကမင်းကြီးကောင်းမှုတော် အသောကစေတီ




အသောကစေတီအား ပျက်စီးနေသောစေတီ၊ ပြုပြင်ပြီးတန်ဆောင်းတို့ဖြင့် တွေ့ရစဉ်



စေတီပရဝဏ်ရှိ တံခွန်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မွေတော်ကက္ကူစေတီတော်များအား ဖူးတွေ့ရစဉ်



အသောကစေတီလိုဏ်အတွင်း ဖူးတွေ့ရသည့် မျက်ရှင်တော်ရုပ်ပွားတော်မြတ်

သာသနာပြုမင်းတစ်ပါးဖြစ်ပါ၏။ ဘုန်းကံပါရမီထူးခြားမှုကြောင့် စိတ်စေတိုင်း သွားလာနိုင်သည့် သက်န်းနက်ဖောင်တော်ကြီးကိုပိုင်ဆိုင်ခဲ့၏။ဖောင်တော်ဖြင့် ခရီးလှည့်လည်သွားလာရင်း ဘေးတော်ဘိုးတော်တို့တည်ထားခဲ့သည့် စေတီများတွင် ဌာပနာများထပ်မံထည့်သွင်းကာ သာသနာတော်ကို စောင့်ရှောက်တော်မူလေ၏။

ဖောင်တော်ဆိုက်ကပ်ရာ နေရာဒေသအသီးသီးတွင် ဖောင်တော်ဦး စေတီများ တည်ထားကိုးကွယ်ခဲ့၏။ ဤနေရာတွင် ထူးခြားမှုတစ်ခုကို လေ့လာမှတ်သားမိလေ၏။ အလောင်းစည်သူမင်းကြီးသည် မင်းအဖြစ်သို့ရောက်ရှိတော်မူပြီးနောက် သက်န်းနက်ဖောင်စကြာဖြင့် ပုဂံနေပြည်တော်မှ ခရီးရှည်လှည့်လည်ခဲ့ရာ ရှမ်းပြည်နယ်တောင်ပိုင်းသို့ ဦးစွာရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။


မင်းကြီးသည် ရှမ်းပြည်နယ်သို့ ရောက်ရှိခဲ့ရာတွင် ဖောင်တော်ဦးဘုရားစေတီပေါင်း (၃၈) ဆူ တည်ထားခဲ့၏။ မွေတော်ကက္ကူစေတီသည် အလောင်းစည်သူမင်း၏ တစ်ဆယ့်တစ်ဆူမြောက် တည်ထားသောစေတီတော်ဖြစ်ကြောင်း လေ့လာ မှတ်သားရပါသည်။

■ ဘုရားဖူးတစ်ခေါက်

၂၀၁၈ ခု ဖေဖော်ဝါရီလ ၂၈ ရက် ညတွင် မိသားစုနှင့်အတူ ဘုရားဖူးခရီး ထွက်ခဲ့ကြသည်။ ရွှေလမ်းခရီးဘုရားဖူး

www.burmeseclassic.com


www.burmeseclassic.com



အနုပညာလက်ရာမြောက်
ဖောင်းကြွအရုပ်များဖြင့် ထုဆစ်ထားသော
ရွှေဟောင်းစေတီ



ပြန်လည်ပြုပြင်နေသော
အလောင်းစည်သူမင်း ကောင်းမှုတော်
ဖောင်တော်ဆိုက်စေတီ



အနုပညာလက်ရာမြောက် ပန်းကနုတ်များ၊
ရုပ်လုံးရုပ်ကြွများဖြင့်ဖူးတွေ့ရသည့်
ရွှေဟောင်းစေတီ



ထီးတော်များ တိမ်းစောင်းနေသော
စေတီအချို့



၁၇ ရာစု ရွှေဟောင်းစေတီများ

မော်တော်ယာဉ်ဖြင့် တောင်ကြီး၊ ပင်းတယ၊ အင်းလေး၊ လွိုင်ကော်ခရီးစဉ်ကို ငါးည အိပ်ခရီးထွက်လာကြခြင်း ဖြစ်သည်။

ရွှေလမ်းခရီးဘုရားဖူးမော်တော်ယာဉ်သည် ဧည့်ဝတ်ကျေပွန်ပါသည်။ ဘုရားဖူးခရီးသည်များကို စိတ်ချမ်းသာစေ၏။ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးမှအစ လွန်စွာအဆင်ပြေ၏။ စိတ်ရှည်သည်းခံမှုနှင့်ပြည့်စုံသည်။ ပြောစရာတစ်ခုရှိသည်မှာ မော်တော်ယာဉ်အားလုံးအတွင် ဘုရားဖူးခရီးစဉ်တစ်လျှောက် ရှင်းလင်းပြောကြားပေးသော Guide အလုံအလောက်မပါရှိခြင်း ဖြစ်သည်။

ရက်ရှည်ပိတ်ရက်များသောကြောင့် ရွှေလမ်းခရီးဘုရားဖူးမော်တော်ယာဉ်သည် (၁၂) စီးထွက်ကြောင်း သိရ၏။ ဂိတ်ရှိမော်တော်ယာဉ်အားလုံးထွက်ခြင်းကြောင့် Guide အလုံအလောက်မထည့်ပေးနိုင်ကြောင်း ကိုယ်ချင်းစာနားလည်နိုင်ပါ၏။ Guide အလုံအလောက်ထည့်နိုင်ပါက အတိုင်းထက်အလွန်ပင် ပိုမိုပြည့်စုံပါလိမ့်မည်။

ရွှေလမ်းခရီးမိသားစု၏ အရာရာတာဝန်ကျေပွန်မှုကြောင့်ပင် ဘုရားဖူးခရီးသည်အားလုံးသည် စိတ်အေးချမ်းသာစွာ ဘုရားဖူးရသောကြောင့် အပြစ်မြင်ခဲ့သည့် အရာတစ်ခုသည်ပင်လျှင် မေ့ပျောက်ကုန်ကြလေ၏။ အလွန်ပျော်စရာကောင်းသောဘုရားဖူးခရီးစဉ်တစ်ခုဖြစ်ခဲ့ပါသည်။ ကုသိုလ်လည်းရခဲ့ကြသည်။ စာရေးသူအဖို့မှာမူ ကုန်ကြမ်းများစွာရရှိလေ၏။

## ကက္ကုမွေတော် ဓာတ်မြတ်ကျော်

ရွှေဟောင်း သမိုင်းဝင် မွေတော်ကက္ကုစေတီတော်သည် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ပိုင်းခရိုင် ကျောက်တစ်လုံးကြီးမြို့နယ် မွေတော်ကျေးရွာအနီးတွင် တည်ရှိ၏။ မွေတော်ကက္ကုစေတီတော်သို့ ဘုရားဖူးယာဉ်ရောက်ရှိသည့်အခါ စာရေးသူသည် ဦးစွာဆင်း၏။ စေတီအား ဦးစွာဖူးမြော်ကြည်ညိုပြီးနောက် ဂေါပကရုံးခန်းတည်ရှိရာသို့ မေးမြန်းစုံစမ်းကာရောက်ရှိခဲ့၏။ ဂေါပကဥက္ကဋ္ဌနှင့်တွေ့ဆုံ၏။ စေတီသမိုင်းရေးလိုကြောင်းပြောပြသောအခါ ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်ဆန်းက စေတီပရိဝုဏ်အတွင်း လိုက်ပါရှင်းလင်းပြောကြားစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းစေတီတံကဲမှ အနုပညာမြောက် တွေ့ရသော စေတီများ ညီညာလှပစွာ ဖူးတွေ့ရစဉ်



မွေတော်ကက္ကူရှိ ပျက်စီးသွားသော စေတီတော်အချို့



စေတီတော်မြောက်အရပ်တွင်ရှိသော ရဟန္တာသိမ်တော်

မွေတော်ကက္ကူစေတီတော်အတွင်းရှိ စေတီအများစုသည် ၁၇ ရာစုကာလက စေတီတော်ပေါင်း (၇၆၂၃) ဆူရှိခဲ့ကြောင်းဆို၏။ အလွယ်တကူမှတ်သားနိုင်ရန် ဆိုရိုးစကားရှိလေသည်။ 'တောင်သူကွမ်းညှပ်တဖြတ်ဖြတ်' ဟု မှတ်သားရကြောင်း ရှင်းပြ၏။

နောင်ခဲဘုန်းကြီးဦးသောနမှတ်တမ်းအရ မြန်မာနှစ် ၁၂၈၀ ပြည့်နှစ်တွင် ကက္ကူမွေတော်ဓာတ်မြတ်ကျော်စေတီအဆူပေါင်း (၂၄၀၂) ဆူရှိခဲ့ကြောင်း၊ ဖောင်တော်ဆိုက်စေတီဂန္ဓကုဋီအနောက်ဘက် အုတ်နံရံတွင် မှင်ဖြင့်မှတ်တမ်းထားရှိခဲ့သည်ဆိုလေ၏။ မြန်မာနှစ် ၁၂၉၀ ပြည့်နှစ်တွင်မူ စေတီပေါင်း (၂၅၄၈) ဆူအထိရှိခဲ့သည်။

ပုဂံဒေသတွင်ရှိသောစေတီပေါင်းများစွာသည် နေရာအနှံ့ပြန့်ကျဲကာ ပုဂံဒေသ၊ ညောင်ဦးဒေသစသဖြင့် စေတီများကို ဘုရားဒါယကာများစိတ်ကြိုက်နေရာတည်ထားကိုးကွယ်ခဲ့ကြ၏။

ရှမ်းပြည်နယ်တွင်မူ ဒေသခံတိုင်းရင်းသားတို့၏စေတနာသဒ္ဓါတရားသည်ကား တစုတဝေးတည်းရှိခဲ့၏။ သီရိဓမ္မာသောကမင်းကြီး၏ အသောကစေတီ၊ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဆိုက်စေတီတည်ရှိရာ နေရာတစ်ခုတည်း၌ပင် တစုတဝေးတည်း ညီညာလှပစွာ စေတီများတည်ထားခဲ့လေ၏။

## ■ အသောကစေတီ

မဂဓတိုင်း ပါဋလိပုတ်ပြည်တွင် မောရိယမင်းဆက်ဖြစ်သည့် အသောကမင်းသည် သာသနာနှစ် ၂၁၈ ခုနှစ်တွင် ထီးနန်းစိုးစံခဲ့လေသည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား ဦးဆောင်စေပြီး တတိယသင်္ဂါယနာတင်တော်မူခဲ့သည်။ တတိယသင်္ဂါယနာတင်တော်မူပြီးနောက် ဗုဒ္ဓသာသနာတော်ပြန့်ပွားစေရန် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်းတော်များ စေလွှတ်တော်မူခဲ့သည်။

၁။ မဇ္ဈန္တိကမထေရ် ဦးဆောင်သော သံဃာတော်ငါးပါးသည် ကသ္မီရဂန္ဓာရတိုင်းသို့ လည်းကောင်း၊

၂။ မဟာဒေဝထေရ် ဦးဆောင်သော သံဃာတော်ငါးပါးသည် မဟိသမဏ္ဍလတိုင်းသို့ လည်းကောင်း၊

၃။ ရက္ခိတမထေရ် ဦးဆောင်သော သံဃာတော်ငါးပါးသည် ဝနဝါသီတိုင်းသို့ လည်းကောင်း၊

၄။ ယောနကဓမ္မရက္ခိတဦးဆောင်သောသံဃာတော်ငါးပါးသည် အပရန္တကတိုင်းသို့ လည်းကောင်း၊

၅။ မဟာဓမ္မရက္ခိတမထေရ်မြတ်ဦးဆောင်သော သံဃာတော်ငါးပါးသည် မဟာရဋ္ဌတိုင်းသို့လည်းကောင်း၊

၆။ မဟာရက္ခိတမထေရ်ဦးဆောင်သော သံဃာတော်ငါးပါးသည် ယောနက

www.burmeseclassic.com

www.burmeseclassic.com



မွေတော်ကက္ကူစေတီတော်မုခ်ဦး



စေတီတော်သမိုင်းကြောင်းရှင်းပြနေသော ဂေါပကအဖွဲ့ဝင် ဦးကျော်ဆန်း



ရှေးဟောင်းရွှေဝက်မင်းရုပ်တု

တိုင်းသို့ လည်းကောင်း၊

၇။ မဇ္ဈိမထေရ် ဦးဆောင်သော သံဃာတော်ငါးပါးသည် ဟိမဝန္တာတိုင်းသို့ လည်းကောင်း၊

၈။ သောဏမထေရ်နှင့် ဥတ္တရမထေရ် ဦးဆောင်သော သံဃာတော်ငါးပါးတို့သည် သုဝဏ္ဏဘူမိတိုင်းသို့ လည်းကောင်း၊

၉။ မဟာမဟိန္ဒမထေရ်ဦးဆောင်သော သံဃာတော်ငါးပါးသည် လင်္ကာဒီပတိုင်းသို့လည်းကောင်း အသီးသီးကြွရောက်ကာ သာသနာပြုစေခဲ့လေ၏။

အသောကဘုရင်မင်းမြတ်သည် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဘုရားရှင်၏ ဓာတ်တော်မွေတော်များကို တစုတဝေးတည်း စုစည်းကာ တတိယသင်္ဂါယနာတင်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စေတီပေါင်း (၈၄၀၀၀)ကို မြို့ပေါင်း (၈၄၀၀၀) တွင် တည်ထားကိုးကွယ်လိုသောဆန္ဒတော်ဖြစ်ခဲ့သည်။

သို့ဖြစ်၍ ကိုယ့်တိုင်းကိုယ့်ဌာနသို့ ကြွရောက်လာသောသံဃာတော်များအား ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ပေးအပ်ကာ စေတီပေါင်းရှစ်သောင်းလေးထောင်ကိုတည်စေ၏။အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် ဦးဆောင်ကာ သံဃာတော်ငါးပါးသည် သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုကြွရောက်ရင်း ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မွေတော်ကက္ကူစေတီပရိဝုဏ်အနီးနေရာ၌ အသောကမင်းကြီးကောင်းမှုတော် အသောကစေတီကို ဘုရားရှင်၏ဓာတ်တော်မွေတော်များကို ဌာပနာထည့်သွင်း၍ စေတီတည်ထားကိုးကွယ်ခဲ့လေ၏။

## ■ ကက္ကူမွေတော်စေတီစုတွင် ထူးခြားသောဖြစ်စဉ်ခြောက်ခုရှိခြင်း

မွေတော်ကက္ကူစေတီစုတွင် သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းနှင့် စပ်ဆိုင်သော ထူးခြားမှုခြောက်ခုရှိခဲ့၏။

၁။ ဗုဒ္ဓဘုရားရှင်၏ သီရိရဓာတ်တော်များကိုဌာပနာထည့်သွင်းတည်ထားကိုးကွယ်သည့်စေတီ(ဓာတုစေတီ)ရှိခြင်း။

၂။ မာန်ငါးပါးအောင်မြင်ရာ အပရာဇိတပလ္လင်ပေါ်ခဲ့ရာ မဟာဗောဓိပင် (ညောင်ပင်)ကို စိုက်ပျိုးထားရှိခြင်း (ပရိဘောဂစေတီ)

၃။ အရှင်သောဏနှင့်အရှင်ဥတ္တရမထေရ်တို့သမုတ်ခဲ့သော ရှေးဟောင်းရဟန္တာသိမ်တော်တည်ရှိခြင်း။

၄။ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်တွင်ပါဝင်သောရှေးဟောင်းကျောင်းအထိမ်းအမှတ်အဆောက်အအုံကြွင်းကျန်ခြင်းမရှိခဲ့သော်လည်း ရှေးဟောင်းကျောင်းနေရာ တည်ရှိခြင်း။

၅။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်တွင်ပါဝင်သော အထိမ်းအမှတ်ရေတွင်းရှိခြင်း။

၆။ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်တွင်ပါဝင်သော အထိမ်းအမှတ်ရေကန်ရှိခြင်း။

ဤခြောက်မျိုးသောအရာတို့သည် မွေတော်ကက္ကူစေတီတော်အစုတွင်ခိုင်မြဲစွာထင်ရှားနေလေ၏။

## ■ အလောင်းစည်သူနှင့် မောကိုးပြည်ထောင်စု

ကောဇာနှစ် ၄၅၄ ခုတွင် ကျန်စစ်မင်း၏မြေးတော်ဖြစ်သော အလောင်းစည်သူမင်းသည် ပုဂံထီးနန်းကို ဆက်ခံတော်မူ၏။ သာသနာတော်ကိုကြည်ညိုသည်ဖြစ်၍ ဘေးတော်ဘိုးတော်တို့တည်ထားခဲ့သော စေတီတော်များကိုမြှော်

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုလိုသောဆန္ဒဖြစ်ခဲ့၏။

ကောဇာသက္ကရာဇ် ၄၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့တွင် သက်န်းနက်ဖောင်စကြာလှေတော်ကြီးစီးကာ ဆွေတော်မျိုးတော်များ၊ နောက်ပါဖောင်တော်သားများဖြင့် လှေတော်ကြီးမှာ စိတ်စေရာသွားလာနိုင်သည့် သိဒ္ဓိဝင်ဖောင်တော်ဖြစ်လေ၏။

ပေါက္ကံပြည်၏ အရှေ့အရပ်တွင် တောင်စဉ်တောင်တန်များဖြင့် စိမ်းလန်းစိုပြည်၍ သာယာလှပသောအရပ်ဒေသရှိ၏။ မောကိုးပြည်ထောင်စုဟုခေါ်၏။ မောကိုးပြည်ထောင်သည် ရှေးပဝေသဏီကပင်ရှိခဲ့သော ညောင်ရွှေဒေသမှ တဖြည်းဖြည်း တိုးတက်ထွန်းကားလာသည့် ပြည်ထောင်စုဒေသကြီး ဖြစ်၏။

မိုးကောင်းပြည်၊ မိုးမိတ်ပြည်၊ မိုးညှင်းပြည်၊ ကလေးရာဇဂြိုဟ်ပြည်၊ သိန္နီပြည်၊ သီပေါပြည်၊ မိုးနဲပြည်၊ မိုးဗြဲပြည်၊ ညောင်ရွှေပြည်တို့ ဖြစ်ကြသည်။ ရှမ်းပြည်နယ် ကမ္ဘောဇတိုင်းတွင် မောကိုးပြည်ထောင်၌ မြို့ပေါင်း (၃၉) မြို့ရှိခဲ့သည်။

အလောင်းစည်သူမင်းကြီးသည် အလွန်သာယာသော တောင်စဉ်တောင်တန်းသို့ သွားရောက်လိုသည့် ဆန္ဒတော်ဖြစ်ခဲ့၏။ သို့ဖြစ်၍ တောင်ကုန်းထက်သို့ သပြေညိုတောင်မှစတင်ကာ ဆန်တက်ခဲ့တော့၏။

■ **ရတနာရွှေပန်းတောင်း ဦးဆောင်ရာ နောက်လိုက်ပါ**

မင်းကြီးသည် ရတနာရွှေပန်းတောင်းတွင် ဘေးတော်ဘိုးတော်တို့ ပင့်ဆောင်ယူလာခဲ့သော ဆင်းတုတော်များ၊ ဓာတ်တော်မွေတော်များကို ထည့်သွင်း ပူဇော်ယူဆောင်လာခဲ့လေ၏။ ဖောင်တော်ဦးတွင် ရွှေသားဖြင့် သွန်းလုပ်အပ်သည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထားရှိပူဇော်ခဲ့၏။

ဖောင်စကြာလှေတော်ဦးရှိ ရတနာရွှေပန်းတောင်းသွားလိုရာလမ်းအတိုင်း သွားစေသတည်းဟု မိန့်ဍာန်ပြီးနောက် အထက်သို့လွှတ်တင်လိုက်တော့သည်။ ရတနာရွှေပန်းတောင်းသည် မိန့်ဍာန်တော်မူလိုက်သည့်အတိုင်း မြေသို့ပြန်မကျဘဲ ဖောင်တော်ဦးမှ ဦးဆောင်ကာ ဆန်တက်လာခဲ့၏။

နတ်ပြည်နှင့်မခြား အံ့သြဖွယ်ရာ ရမ္မာဝတီပြည်ကိုမြင်ရလေ၏။ ရမ္မာဝတီပြည်သည် သာယာ၏။ သာသနာတော်မြတ်ထွန်းကား၏။ ရတနာခုနစ်ပါး အဝတ်တန်ဆာဆင်မြန်းကာ လူအများပျော်ရွှင်မြူးထူးနေပုံကို ငေးမောကြည့်ရှုလိုက်ပါလာရာ ဖောင်တော်သည် တောင်တန်းနှင့်တိုက်မိလေ၏။ သပြေညိုတောင်တန်းသည် ရမ္မာဝတီပြည်ရှိရာ အင်းလေးတန်အနောက်ဘက်ကမ်းတောင်တန်း၌ တည်ရှိလေ၏။

ထိုတောင်တန်းနေ နတ်တို့နှင့်တကွ ဖောင်တော်သားတို့က ဖောင်စကြာသွားလာနိုင်ရန်အတွက် ကျောက်တောင်ကို ဖောက်ထွင်းကြ၏။ ထိုလမ်းမှ အင်းလေးကန်အတွင်းသက်ဆင်းခဲ့ရာ တောင်ပြတ်အက်ကွဲပေါက်ကို ယခုအခါ ဖောင်တော်ပေါက်လမ်းဟု ခေါ်ဆိုကြလေ၏။

အလောင်းစည်သူမင်းကြီးသည် ဖောင်တော်သားတို့နှင့်တကွ အင်းလေးအနောက်ဘက်ကမ်း သန်းတောင်အရပ်တွင် ဖောင်တော်ဆိုက်ကပ်၍ ခေတ္တရပ်နားတော်မူလေ၏။ ထိုရပ်နေစဉ် သန်းတောင်အရပ်၌ ရတနာဖောင်တော်ဦးစေတီတော်ကို ဦးစွာတည်ထောင်မူခဲ့သည်။

သာသနာပြုမင်းတစ်ပါးဖြစ်သော အလောင်းစည်သူမင်းကြီး၏ သာသနာပြုခရီးစဉ်တစ်လျှောက်လုံး၌ ပထမဦးဆုံးသောတည်ထားခဲ့သည့်စေတီဖြစ်၏။ ဗုဒ္ဓဆင်းတုများအတူ ဓာတ်တော်မွေတော်များဌာပနာထားရှိခဲ့၏။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထင်ရှားနေသော တောင်ပေါ်ပင်လယ်ထဲမှ အင်းလေးဖောင်တော်ဦးရုပ်ပွားတော်မြတ်များသည် ထိုစေတီ၌ဌာပနာထားရှိခဲ့သောဗုဒ္ဓဆင်းတုများပင်ဖြစ်ပါသည်။

မင်းကြီးသည် အင်းလေးကန်ပတ်ဝန်းကျင်၌ ဖောင်တော်ဦးစေတီတော်များစွာကို တည်ထားကိုးကွယ်တော်မူခဲ့၏။ သက်န်းနက်ဖောင်တော်ဖြင့် အရှေ့သို့ဆန်တက်ခဲ့ရာ တစ်ဖက်ချောင်းထိပ်နေရာတွင် သာယာလှပသည့်ချောင်းနားကုန်းထိပ်ကိုမြင်တော်မူ၏။ စေတီဘုရားတည်ထားကိုးကွယ်လိုသောစိတ်ဆန္ဒတော်ဖြစ်ပေါ်လာ၏။ဖောင်တော်ကိုဆိုက်ကပ်စေ၍ ဌာပနာတိုက်ကို သံတောင်လေးဆယ့်ငါးတောင် အစောက်ထူစေသည်။ ဓာတ်တော်မွေတော်များနှင့်အတူ ရတနာကျောက်မျိုးစုံ သုံးဆယ့်ခြောက်ပြည်ကို ဌာပနာထည့်သွင်းတော်မူ၏။ တစ်ဆယ့်ခြောက်တောင်အမြင့်ရှိကျောက်များကို လုံခြုံစွာ ကာရံပိတ်ဆို့လျက် အထက်၌ သံတောင်ခြောက်တောင်ရှိ စေတီတော်ကို တည်ထားတော်မူလေသည်။

၎င်းစေတီသည် အသောကမင်းကြီးတည်ထားခဲ့သော အသောကစေတီတော်နှင့် မနီးမဝေး အနောက်တောင်ခပ်ယွန်းယွန်း၌ တည်ရှိလေ၏။ မွေ့တော်ကက္ကူစေတီတော်ပင်ဖြစ်သည်။ ဖောင်တော်ဆိုက်စေတီဟုလည်း ဘွဲ့မည်တွင်၏။

■ **ဘွဲ့တော်ငါးမည်ရစေတီ**

ရှေးဟောင်း သမိုင်းဝင် မွေ့တော်ကက္ကူစေတီတော်သည် ဘွဲ့တော်ငါးမည်ရစေတီ ဖြစ်၏။

ခရစ်နှစ် ၁၇၉၃ ခု၊ မြန်မာနှစ် ၁၁၅၅ ခုနှစ်တွင် ရေးထိုးခဲ့သော ခေါင်းလောင်းကမ္ပည်းစာအရ ရွှေဂူ၊ ရွှေဂူကြီးဘုရားဟု ဘွဲ့အမည်တွင်သည်။

စေတီတော်အနောက်ဘက် မနီးမဝေးအရပ်တွင် တောဝက်များနေထိုင်ကျက်စားရာတောင်ဂနိုင်ရှိ၏။ထိုတောအုပ်တွင် အမွေးအမှင်များရွှေရောင်တောက်ပစွာရှိသော အကြီးအကဲဝက်မင်းတစ်ကောင်သည် ညဥ့်အချိန်အခါ၌ စေတီရှိရာအရပ်သို့ ကူးသန်းရောင်းရှိလာပြီး နှစ်ပရိဍ္ဍေဒများစွာ ကြာညောင်းသဖြင့် ခြတောင်ပုံ့ဖုံးလွှမ်းနေသောမြေကြီးကို မိမိ၏အစွယ်လက်ခြေများဖြင့်ယက်လုပ်ဖယ်ရှားခဲ့ရာ စေတီတစ်ဆူပေါ်လာလေ၏။ နေ့ရက်များစွာတိုင်အောင် ရွှေဝက်မင်း တူးဖော်ထုတ်ပေးမှုကြောင့် ၎င်းစေတီကို ရွှေဝက်ကူးစေတီဟုလည်း ခေါ်တွင်၏။

စေတီ၏ မနီးမဝေးတွင် ဝက်များနေထိုင်သောဂူရှိ၏။ ထိုဂူ၌နေထိုင်သော ဝက်မင်းသည် ညဥ့်အခါတွင် စေတီအားစောင့်ရှောက်လေ၏။ စေတီအားဖျက်ဆီးမည့်သူများ၊ မကောင်းကြံသူများသည် ထိုစေတီအနီးသို့ မကပ်ရဲကြပေ။ ထို့ကြောင့် ရွှေဝက်များဂူအနီးတွင်ရှိသော စေတီတော်အား ရွှေဝက်ဂူဘုရားဟုလည်း ခေါ်တွင်ကြ၏။ ရှေးဟောင်း ပအိုဝ့်ပုရပိုက်စာတွင်တွေ့ရသည်ဟုဆို၏။

ပေါက္ကံပြည်တွင် ပုဂံမင်းဆက်များအနက် အလောင်းစည်သူမင်းကြီးသည် ရှေးဘုန်းရှေးကံကြောင့် စိတ်စေရာသွားလာနိုင်သည့်ဖောင်တော်စကြာကိုပိုင်ဆိုင်ခဲ့၏။ အင်းလေးကန်တစ်ဖက်ချောင်းကန်ထိပ်တွင် ဖောင်တော်ဆိုက်စေတီတည်ထားကိုးကွယ်ပြီးနောက် ရှေ့သို့ခရီးဆက်လက်ဆန်တက်တော်မူလေသည်။

လင်းလင်းရှိရာအရပ်သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com

# ဝက်သားဟင်းလေးကို ရှေးသမားတော်များ စီမံခဲ့တယ်ဆိုပါလား

ဗန်းမော်ညီသူ

မြန်မာတိုင်းဟာ ဝက်သားဟင်းကို အလွန်တန်ဖိုးထားကြပါတယ်။ ဝက်သားဟင်းစားရရင် ဂုဏ်ရှိတယ်လို့ထင်ခဲ့ကြပါတယ်။ ဝက်သားရဲ့ဘေးအန္တရာယ်ဆိုးကျိုးကိုတော့ မမြင်ခဲ့ဘူး။ ဝက်သားမှာ အသားတစ်ထပ်အဆီတစ်ထပ်ရှိပါတယ်။ သီးခြားစီမဟုတ်ပါဘူး။ အသားနဲ့အဆီဟာ တွဲပြီးနေပါတယ်။ ဟင်းချက်စားရင် အလွန်အရသာရှိပါတယ်။

ဒါကြောင့် မင်းတုန်းမင်းသက်ထက် ဗန်းမော်ကို အပို့ခံရတဲ့ ဗန်းမော်ဆရာတော်ကြီးက 'ဝက်ပျိုသားရယ်နဲ့ ဗန်းမော်အဆီယစ်လို့ပြန်ဖြစ်ပါ့လေး' ဆိုပြီးစပ်ဆိုခဲ့တာပေါ့။ အဲဒါကြောင့် ဝက်သားဟာ မင်းကြိုက်စိုးကြိုက်၊ ဘုန်းကြီးကြိုက်၊ ပြည်သူတွေကြိုက်မှန်း ထင်ရှားခဲ့ပါတယ်။ ဝက်သားဟာ အပူဓာတ်ကဲတဲ့ အသားဖြစ်ပါတယ်။ အသားကိုချက်စားလိုက်ရင် လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့သွေးဟာ ချက်ချင်းတက်သွားပါတယ်။ နှလုံးလမ်းကြောင်းကိုဖြတ်ပြီး ဦးနှောက်အထိ (အနည်းအများ) တက်သွားတတ်လို့ မူးဝေလာတတ်ပါတယ်။ တစ်ခါတစ်ခါ ဝက်သားအစားများသွားရင်လည်း သွေးအတက်များပြီး ဦးနှောက်သွေးကြောပြတ်ပြီးသေသွားကြပါတယ်။ ဝက်သားကြောင့် ဝမ်းလျှောတာတို့၊ ဝက်ရူးပြန်တာတို့၊ ဝက်သက်ပေါက်တာတို့၊ နှလုံးအဆီပိတ်ပြီး ကိုယ်တစ်ခြမ်းသေတာတို့ စတဲ့ စတဲ့ရောဂါအမျိုးမျိုးဟာ ဝက်သားကြောင့်ဖြစ်တတ်ဆိုတာ ရှေးမြန်မာသမားတော်များသိခဲ့ကြတယ်။

ဒါကြောင့် ရဟန်းရှင်လူများ ကြိုက်နှစ်သက်နေတဲ့ ဝက်သားကို ဘယ်လိုချက်ရမလဲဆိုတာ စဉ်းစားကြပေလိမ့်မယ်။ နောက်ဆုံးသမားတော်တစ်ဦးတွေ့ရှိချက်ကနေပြီး 'ဝက်သားဟင်းလေး' ဆိုတာ ပေါ်ပေါက်ခဲ့တာလို့ စာရေးသူမှတ်သားခဲ့ဖူးပါတယ်။ ဝက်သားဟင်းလေးဆိုတာ ဝက်သားနဲ့ ဆေးလေးမျိုးစပ်ချက်ထားလို့ 'ဝက်သားဟင်းလေး' လို့ခေါ်တာပါ။ လေးလေးပင်ပင်စားရလို့ ဟင်းလေးလို့ ခေါ်တာမဟုတ်ပါဘူး။

ဆီးဖြူသီးအခြောက်ရယ်၊ ဖန်ခါးသီးအခြောက်ရယ်၊ သရက်သီးအခြောက်ရယ်၊ မရန်းသီးအခြောက်ရယ်ဟာ မြန်မာ့ဆေးလောကမှာ အလွန်အသုံးဝင်တဲ့ အဖန်ဓာတ်၊ အချဉ်ဓာတ်အသီးတွေပါ။ အတိုချုပ်ပြောရရင် ဒီအသီးတွေဟာ လူ့ခန္ဓာကိုယ်ထဲမှာ အစဉ်လှည့်ပတ်နေတဲ့ သွေးတိုးမှုများကို ထိန်းသိမ်းပေးနိုင်ခြင်း၊ ဆီး၊ ဝမ်းကိုမှန်စေခြင်း၊ သွေးလှည့်ပတ်မှုမှန်နေ၍ဝက်ရူးပြန်မဖြစ်ခြင်း၊ ခန္ဓာကိုယ်အတွင်း အပူ၊ အအေးမျှတနေ၍ ဝက်သက်မပေါက်ခြင်း စတဲ့ရောဂါများကို ဒီဆေးလေးမျိုး (အသီးခြောက်လေးမျိုး) ဝက်သားနဲ့အတူချက်ထားပြီးဖြစ်လို့ ဝက်သားဟင်းဟာ ဘာမှဘေးထွက်ဆိုးကျိုးမရှိတော့ပါဘူး။ ဒါကြောင့် ဝက်သားချက်စားကြမယ်ဆိုရင် အန္တရာယ်ကင်းအောင် 'ဝက်သားဟင်းလေး'ကိုသာချက်စားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဗန်းမော်ညီသူ

---

တော်မူသော် နောက်ကြောင်းပြန်လှည့်ကြည့်ကာ မိမိတည်ထားခဲ့သောစေတီကို ကြည့်ရှုတော်မူရင်း ငါ၏သက်တူမြတ်စွာဘုရားသည်ကား နောက်မှာကျန်ရစ်ခဲ့လေပြီ။ ငါသည်ကား လွန်၍ရောက်သွားပြီဟု သံဝေဂစကားဆိုခဲ့သဖြင့် နောက်လွန်အရပ်စေတီဟုလည်း ခေါ်ဆိုပြန်လေ၏။

■ **သာဓုခေါ်သံတညံညံ**

တောင်ပေါ်ဒေသခံတိုင်းရင်းသားတို့သည် ရိုးသား၏။ ဘာသာတရားလွန်စွာကိုင်းရှိုင်း၏။ 'တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ လှူနိုင်ရိုးလား' ဆိုစကားအတိုင်း မိမိတို့စိုက်ပျိုးလုပ်ကိုင်၍ရရှိလာသောငွေကြေးများအနက် အချို့တို့ကို ရက်ရောစွာ လှူဒါန်းကြ၏။

ရှေးတောင်ပေါ်သားကြီးများသည် မိမိစုဆောင်းရရှိထားသော ငွေကြေးဥစ္စာကို မိမိတို့ဆည်းကပ်ကိုးကွယ်ရာ ဘုရားစေတီကျောင်းများတွင် လှူဒါန်းမှုပြုကြသည်။ စည်းလုံးရိုးသားခြင်းပြယုဂ်အဖြစ် အသောကမင်းနှင့်အလောင်းစည်သူမင်း တည်ထားခဲ့ရာ မွေတော်ကက္ကူစေတီတော်ပရိဝုဏ်၌ စေတီများတစုတဝေး တည်းထားခဲ့ကြရာ စေတီတော်စုစုပေါင်း (၇၆၂၃) ဆူရှိခဲ့ကြောင်းဆို၏။

နှစ်ပေါင်းများစွာကြာညောင်းလာပြီးနောက် စေတီတော်များစွာသည် လေဒဏ်မိုးဒဏ်၊ ရာသီဥတုဒဏ်၊ ငလျင်ဒဏ် စသည်ဖြင့် သဘာဝဘေးဒဏ်အမျိုးမျိုးတို့ကြောင့် ပြိုကျပျက်စီးခဲ့ရလေ၏။

သို့သော်လည်း ရိုးသားသောဒေသခံတောင်ပေါ်တိုင်းရင်းသားတို့သည် တောင်ပေါ်ဒေသတွင် လှူဒါန်းကြဆဲ၊ သာဓုခေါ်သံတညံညံစည်ဝေနေဆဲ ဖြစ်သည်။ မွေတော်ကက္ကူစေတီတော်ပရိဝုဏ်ရှိစေတီများစွာ သက်သေခံ၍နေပါသည်။

ပျက်သည့်နေရာတွင်ပြုပြင်ကြရသည်မှာ ဘာသာတရားကိုင်းရှိုင်းသူတို့၏ လောကမေ့တာဖြစ်ပါသည်။ ဒါနကောင်းကျိုးဖြစ်၏။

၂၀၁၆ ခုနှစ်၊ မေလ ၂၂ ရက်နေ့၌ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အလွန်ပြင်းထန်သောလေပြင်းမုန်တိုင်းကျရောက်ခဲ့၏။ မုန်တိုင်း၏ သက်ရောက်မှုအဖြစ် ကက္ကူမွေတော်စေတီတော်တွင် စုစုပေါင်းစေတီ ၂၄၇၈ ဆူရှိခဲ့ရာ ၁၀၃၈ ဆူသောစေတီများ၏ ထီးတော်များ မြေခမှုနှင့်အတူ ပျက်စီးခဲ့ရလေ၏။

ပျက်စီးခဲ့သောစေတီများကိုပြုပြင်ခြင်း၊ ထီးတော်များအသစ်လဲလှယ်ခြင်းများပြုလုပ်ခဲ့ကြသော်လည်း များပြားလှသောစေတီများ ပျက်စီးခဲ့၍ ယခုအခါ ပြုပြင်စရာစေတီများစွာ ကျန်နေသေးသည်။ ထီးတော်သစ်များပြန်လည်လှူဒါန်းရန် ကျန်နေပါသေးသည်။

သာဓုခေါ်သံများဝေစည်ခဲ့သော ရှမ်းပြည်နယ်၏ တောင်ပေါ်ဒေသတွင် များမကြာလှသောကာလများ၌ သာဓုခေါ်သံများဝေစည်ဦးမည်ကိုကြားယောင်နေမိပါတော့သတည်း။

ခုနစ်နေ့သားသမီးအပေါင်း
ဘေးဘယာကင်းဝေးကြပါစေ

ဗိုလ်တထောင်ကိုဦး

www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်မိုးအောင်

(စာပေဗိမာန် စာမူဆုရ)

# ကြည်ညိုဖွယ်ဂုဏ်များနှင့်ပြည့်စုံသော အရိယာများ

အရိယာ ဟူသည် ကိလေသာတို့မှ ကင်းဝေး၏။ အကျိုးစီးပွားမဲ့ကိုမဖြစ်စေဘဲ အကျိုးစီးပွားကိုသာဖြစ်စေတတ်၏။ သတ္တလောကကိုနှိပ်စက်တတ်သော ကိလေသာရန်သူတို့ကို ပယ်သတ်တတ်၏။ မဂ်ဖိုလ်တရားကိန်း၏။ ဖြူစင်သန့်ရှင်း၏။ အကျင့်ကောင်း၏။ ဤသို့သော သဘောတရားတို့နှင့်ကုံလုံပြည့်စုံကြောင့် အရိယာသည် ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

■ **တပုဿ၊ ဘလ္လိကညီနောင်**

တပုဿနှင့် ဘလ္လိကညီနောင်တို့သည် အသိတဥ္စနမြို့မှ လှည်းကုန်သည် သူကြွယ်သားများဖြစ်ကြ၏။နောင်တော်ကား တပုဿအမည်ရှိပြီး ညီတော်မှာ ဘလ္လိက အမည်ရှိ၏။ ညီနောင်နှစ်ဦးတို့သည် ဗုဒ္ဓမြတ်စွာ သတ္တမသတ္တာဟ ရာဇာယတနလင်းလွန်းပင်ရင်း၌ သီတင်းသုံးစံနေတော်မူစဉ် ဖူးတွေ့ခွင့်ကြုံခဲ့ပါသည်။ ဘုရားရှင်အား မုန့်ကြွက်ကျစ်နှင့်ပျားဆုပ်မုန့်များလှူဒါန်း၏။ သောက်တော်ရေကပ်၏။ တရားတော်နာကြားရပြီး ဒွေဝါစိကသရဏဂုံတည်ကြ၏။ မြတ်ဗုဒ္ဓထံမှ ဆံတော်ရှစ်ဆူရရှိခဲ့၏။ ထိုဆံတော်မြတ်ကို ဌာပနာ၍ အသိတဥ္စနမြို့တံခါးဝ၌ စေတီတော်တည်၏။ ဥပုသ်နေ့တိုင်း စေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူးလေသည်။

မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ညီနောင်နှစ်ဦးတို့အား ပဌမသရဏဂမန - ရှေးဦးစွာ သရဏဂုံခံယူသောအရာ၌ အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်။


မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေစဉ် ညီနောင်နှစ်ဦးတို့ ကုန်ရောင်းရောက်ကြ၏။ မြတ်ဗုဒ္ဓထံသို့ ဆည်းကပ်၍ တရားတော်ကို နာယူရာ နောင်တော် တပုဿမှာ သောတာပတ္တိဖိုလ်၌တည်၍ သောတာပန်အရိယာဖြစ်လေသည်။ညီတော်ဘလ္လိကကား ရဟန်းပြုပြီးမှ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာအရှင်မြတ်ဖြစ်တော်မူ၏။ ဤသို့ ညီနောင်နှစ်ဦးတို့၏ထူးခြားသော ကြည်ညိုဖွယ်ရာဂုဏ်ရည်များကို တွေ့ရပါသည်။

■ **အနာထပိဏ်သူဌေး**

အနာထပိဏ်သူဌေး၏ငယ်နာမည်မှာ သုဒတ္တဖြစ်၏။ သူ့ဖခင်မှာ သာဝတ္ထိပြည်မှ သုမနသူဌေးကြီးဖြစ်၏။ ကိုးကွယ်ရာမဲ့သူတို့အား ထမင်းပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်သူဖြစ်၍ အနာထပိဏ်သူဌေးဟု ထင်ရှားလေသည်။ အနာထပိဏ်သူဌေး၏ထူးခြားကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

အနာထပိဏ်သူဌေးသည် (၅၄) ကုဋေတန်သော ဇေတဝန်ကျောင်းတော်ကြီးကို မြတ်ဗုဒ္ဓအားဆောက်လုပ်လှူဒါန်း၏။ ကျောင်းရေစက်ချပွဲကို သုံးလတိုင်တိုင် တစ်ဆယ့်ရှစ်ကုဋေအကုန်အကျခံ ကျင်းပပြုလုပ်ခဲ့၏။ ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓမြတ်စွာပွင့်တော်မူကြောင်း ကြားသိရ၍ သွားရောက်ကာ ဗုဒ္ဓထံချဉ်းကပ်ပြီး တရားနာရသောအခါ သောတာပတ္တိဖိုလ်၌တည်ပြီး သောတာပန်အရိယာဖြစ်၏။

မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ အနာထပိဏ်သူဌေး (သုဒတ္တ)





www.burmeseclassic.com

www.burmeseclassic.com

ကို -

"ရဟန်းတို့၊ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်သာဝကဥပါသကာတို့တွင် အနာထပိဏ်ကြွယ်ဝ သုဒတ္တ သူကြွယ်သည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်။

အနာထပိဏ်သူဌေးသည် အနာထပိဏ်ကောဝါဒသုတ္တန်ကို အလွန်နှစ်သက်၏။ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့၏ အဆုံးအမဩဝါဒကို နာခံပြီးနောက် မကြာမီ ကွယ်လွန်ကာ တုသိတာနတ်ပြည်၌ နတ်သားဖြစ်လေ၏။

## ■ စိတ္တသူကြွယ်

စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍာမြို့တွင် မွေးဖွား၏။ သူဌေးသားဖြစ်၏။ စိတ္တသူကြွယ်၏ ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်၏။

စိတ္တသူကြွယ်ကို မွေးဖွားစဉ်က တစ်မြို့လုံး၌ အံ့ဩဘနန်း အဆန်းတကြယ် အဆင်းငါးမျိုးရှိသော ပန်းမိုး (ပုဆစ်ဒူး) နစ်လုမျှ ရွာသွန်း၏။ ပဉ္စဝဂ္ဂီငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော အရှင်မဟာနာမ်မထေရ်ကို ကမ္ဘာ့ဌက (ငွေးပင်တော) အာရာမ်ဥယျာဉ်၌ ကျောင်းဆောက်လှူဒါန်း၍ ပစ္စည်းလေးပါးဒါယကာပြု၏။ မထေရ်မြတ်သည် စိတ္တသူကြွယ်၏ ဉာဏ်ပညာအလယ်အလတ်ရှိသည်ကိုသိ၍ အာယတန(၁၂)ပါးကို အကျယ်ဟော၏။ ထို့ပြင် စိတ္တသူကြွယ်သည် ရှေးရှေးဘဝများစွာက သခ်ီရတရားတို့ကို လက္ခဏာဉာဏ်ဖြင့် ကြိတ်ချေခဲ့ဖူးသူဖြစ်သောကြောင့် ဝိပဿနာတရားအားထုတ်၍ မကြာမီ အနာဂါမိဖိုလ်အဆင့်သို့ရောက်လေ၏။

မြတ်ဗုဒ္ဓထံ အဖူးမြော်သွားစဉ် မိမိနှင့်အတူလိုက်ပါလာသော ရဟန်းရှင်လူ သုံးထောင်တို့အတွက် အစားအသောက်စသည်တို့ကို မပင်မပန်းတာဝန်ယူ၍ခေါ်ခဲ့၏။ ယူဇနာသုံးဆယ်ခရီးဝယ် တစ်ယူဇနာတစ်ယူဇနာ၌ နတ်တို့စောင့်ရှောက်ကူညီမှုဖြင့် အစားအသောက် အနေအထိုင်တို့ ပြည့်စုံသည့်ချည်း ဖြစ်၏။ မြတ်ဗုဒ္ဓ ကျောင်းတော်သို့ ရောက်သောအခါတွင်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အားလည်း အလှူကြီးပေးလှူလေသည်။ လူအပေါင်းတို့သည် စိတ္တသူကြွယ်ကို အထူးအဆန်းသဖွယ် ကြည့်ရှုကြလေ၏။

စိတ္တသူကြွယ်ကမြတ်ဗုဒ္ဓကိုလျှောက်သည်မှာ -

"တပည့်တော်တို့ ခရီးထွက်လာသည်မှာ တစ်လကြာခဲ့ပါသည်။ ဤဇေတဝန်ကျောင်းမှာလည်း တစ်လကြာခဲ့ပါပြီဘုရား။ တပည့်တော်ယူဆောင်ခဲ့သော ပစ္စည်းပစ္စယများလှူဒါန်းရန်အခွင့်မရခဲ့ပါ။ နတ်လူတို့၏လက်ဆောင်တို့ဖြင့် သာပေးလှူခဲ့ရပါသည်။ တပည့်တော်၏ လှည်းအစီးငါးရာတိုက်ပစ္စည်းတို့ကို သံဃာအား လှူဒါန်းပါ၏။ သိုမှီးရာ နေရာကို ညွှန်ကြားစေတော်မူပါဘုရား"

ဟု လျှောက်ထား၍လှူ၏။

မြတ်ဗုဒ္ဓက ရှင်အာနန္ဒာကို -

"ချစ်သား အာနန္ဒာ၊ ဤစိတ္တသူကြွယ်ကား လောကီ၊ လောကုတ်သဒ္ဓါတရားနှစ်ပါးတို့ဖြင့် မဖျက်မဆီး ယုံကြည်သူဖြစ်သည့်ပြင် ရတနာသုံးပါးကိုလည်း လောကီ၊ လောကုတ် သဒ္ဓါတရားဖြင့် အလွန့်အလွန်ကြည်ညိုသူ ဖြစ်ပါသည်။ ဤသို့သောသဘောရှိသူအဖို့ ရောက်လေရာဌာနတိုင်းမှာပင် လာဘ်ပူဇော်သက္ကာရကား ပွားများမြဲမမွှတာဖြစ်ချေသည်"

ဟု ဟောတော်မူ၏။

မြတ်ဗုဒ္ဓသည် -

တရားဟောကောင်းကြသည့် ငါဘုရား၏ တပည့်သာဝကဥပါသကာတို့တွင် စိတ္တသူကြွယ်သည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူပါသည်။ စိတ္တသူကြွယ်သည် အနာဂါမ်အရိယာဖြစ်ပြီး ဒါနာဘိရတ - အလှူအတန်း၌ မွေ့လျော်သူ၊ ဓမ္မာဘိရတ - တရားတော်၌ မွေ့လျော်သူပုဂ္ဂိုလ် ဖြစ်ပါသည်။

## ■ ဟတ္ထကာဠဝကသီတင်းသည်

ဟတ္ထကာဠဝကသည် အာဠဝီတိုင်း အာဠဝီပြည် အာဠဝကမင်း၏သား ဖြစ်သည်။ ဟတ္ထကာဠဝက၏ ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဟတ္ထကာဠဝကသည် ပိဋကသုံးပုံကို ကျွမ်းကျင်စွာတတ်မြောက်၍ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်၏။ ဥပါသကာသီတင်းသည် ငါးရာအခြံအရံရှိ၏။ မြတ်ဗုဒ္ဓက ပင်သူ၏အလွန့်ယဉ်ကျေးသိမ်မွေ့သော ပရိသတ်ကို မြင်တော်မူ၍ -

"သင်၏ ပရိသတ်ကို အဘယ်သို့ ချီးမြှောက်အပ်သနည်း"

ဟု မေးတော်မူ၏။

ဟတ္ထကာဠဝကက -

"မြတ်စွာဘုရား တပည့်တော်သည် -

၁။ စွန့်ကြဲပေးကမ်းမှု နှစ်သက်အားရမည့်သူအား ဒါနဖြင့်ချီးမြှင့်ပါသည်။

၂။ ချစ်စဖွယ်စကားပြောမှုအားရနှစ်သက်မည့်သူအား ပိယဝါစာဖြင့် ချီးမြှင့်ပါသည်။

၃။ ဖြစ်ပေါ်လာသောကိစ္စကြီးငယ်ကို ပြီးစီးအောင် ဆောင်ရွက်ပေးမှုအားရနှစ်သက်မည့်သူအား ဖြစ်ပေါ်လာသောကိစ္စကြီးငယ်ကို ပြီးစီးအောင်ဆောင်ရွက်ပေးမှု အားရနှစ်သက်မည့်သူအား ဖြစ်ပေါ်လာသော ကိစ္စကြီးငယ်ကို ပြီးစီးအောင် ဆောင်ရွက်ပေးခြင်း အတ္ထစရိယာဖြင့် ချီးမြှင့်ပါသည်။

၄။ ကိုယ်တူထားမှုအားရနှစ်သက်မည့်သူအား ကိုယ်တူထားခြင်း သမာနတ္တတာဖြင့် ချီးမြှင့်ပါသည်"

ဟု လျှောက်ထားလေသည်။

မြတ်ဗုဒ္ဓသည် ဟတ္ထကာဠဝကသီတင်းသည်ကို -

"သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် မိမိ၏ ပရိသတ်ကို ချီးမြှောက်ကြသည့် ငါဘုရား၏ တပည့်သာဝကဥပါသကာတို့တွင် အသာဆုံးအမြတ်ဆုံး"

ဟု ဧတဒဂ်ဘွဲ့ထူးဖြင့်ချီးမြှင့်တော်မူပါသည်။

## ■ မဟာနာမသာကီဝင်မင်းသား

မဟာနာမသည် ကပိလဝတ်ပြည်သား သာကီဝင်မင်းမျိုးမှ ပေါက်ဖွားသူဖြစ်၏။ အရှင်အနုရုဒ္ဓါ၏ နောင်တော်တည်း။ မဟာနာမသာကီဝင်မင်းသား၏ ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

မြတ်ဗုဒ္ဓနှင့် သံဃာအပေါင်းတို့ ဝေရဥ္စာမြို့တွင် ဆွမ်းပန်းကိစ္စအလွန်ဆင်းရဲပင်ပန်းသည်ဟု ကြားသိရ၍ လွန်စွာစိတ်နှလုံးမချမ်းမြေ့ပေ။ ယခုအခါ ကပိလဝတ်ပြည်သို့ ကြွလာပြီဖြစ်၍ မဟာနာမသည် မြတ်ဗုဒ္ဓအားလျှောက်ထားပြီး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းတို့အား အလွန်မွန်မြတ်လှသော ဘောဇဉ်ငါးပါး၊ စတုမဓုဆေးတို့ဖြင့်နေ့စဉ်ရက်ဆက်လုပ်ကျွေးပြုစုကာ ရဟန်းသံဃာတော်တို့ကိုယ်၌ ဩဇာအဆီအစေးကို ထည့်သွင်းပေး လေသည်။ ထိုသို့ပြုစုလုပ်ကျွေး...



www.burmeseclassic.com

www.burmeseclassic.com

လေးလလေးလသုံးကြိမ်ပြည့်မြောက်ခဲ့လေပြီ။ နောက်ထပ်တစ်ဖန် ထပ်မံလျှောက်ကြားသော်လည်း မြတ်ဗုဒ္ဓသည် ခွင့်ပြုတော်မမူပါ။ ထိုအချိန်အခါမှစ၍ မဟာနာမသာကီဝင်မင်းသားသည် မိမိထံသို့ကြွရောက်လာသောရဟန်းသံဃာတော်တို့အား အလွန်မွန်မြတ်သော ဘောဇဉ်ငါးပါးနှင့် စတုမဓုဆေးတို့ဖြင့် ပြုစုလုပ်ကျွေးသူဟု ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ကျော်စောထင်ရှားလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် -

"မွန်မြတ်သောဘောဇဉ်အရသာ ဆေးပစ္စည်းတို့ကို လှူဒါန်းကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် မဟာနာမသာကီဝင်မင်းသားသည်ကား အသာဆုံးအမြတ်ဆုံး"

ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူပါသည်။

မဟာနာမသည် မြတ်ဗုဒ္ဓကို ပထမအကြိမ်ဖူးမြော်ရလျှင်ဝင် သောတာပတ္တိဖိုလ်၌တည်၍ သောတာပန်အရိယာဖြစ်ပါသည်။

## ■ ဥဂ္ဂသူဌေး

ဥဂ္ဂသူဌေးသည် ဝေသာလီပြည် သူဌေးမျိုး၌ဖြစ်၏။ သူဌေး၏ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံနှင့် ဂုဏ်ကျေးဇူးတို့သည် ကျော်ကြားထင်ရှားလှ၏။ ဥဂ္ဂသူဌေး၏ထူးခြားသောကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်၏။

ဥဂ္ဂသူဌေးသည် မြတ်ဗုဒ္ဓကို မိမိနေအိမ်သို့ကြွတော်မူရာ၏ဟု စိတ်အကြံဖြစ်သည့်အတိုင်း ဗုဒ္ဓကြွတော်မူ၏။ ဗုဒ္ဓနှင့် ရဟန်းသံဃာတော်တို့ကို အထူးထူးများမြတ်သောအရသာတို့ဖြင့် ပြုစုလုပ်ကျွေး၏။

ထို့နောက် မြတ်ဗုဒ္ဓအား -

"မနာပဒါယီလဘတေမနာပံ - နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်အကျိုးကိုရ၏"

ဟု ဗုဒ္ဓ၏စကားတော်ကို နာယူခဲ့ပါ၏။ မြတ်စွာဘုရားအား ကျွန်ုပ်၏ အင်ကြင်းပွင့်အဆင်းရှိသော ခဲဖွယ်ကို အလှူခံတော်မူစေချင်၏ဟုလျှောက်၏။ သို့အတူ ကျွန်ုပ်၏ ဆီးသီးဖြင့်စီမံထားအပ်သော ကန်စွန်းရွက်ဆီပြန်ကြော်၊ သလေးဆွမ်း၊ ကာသိတိုင်းဖြစ် အဝတ်၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ပန်းပြောက်ခြယ်သားမွေးအခင်း၊ ဝံပိုင်ရေအခင်း၊ နီသောမျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိသည့်နေရာ၊ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ထိုင်ခုံတို့ကို အလှူခံတော်မူစေချင်၏ဟုလျှောက်၏။ မြတ်စွာဘုရားသည် ကရုဏာရှေ့ရှုအလှူခံတော်မူ၏။ ထိုအချိန်မှစတင်၍ မိမိပိုင်ဆိုင်နှစ်ခြိုက်ဖွယ်ရာ အလှူဝတ်များကို မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား မပြတ်လှူဒါန်းလေ၏။

မြတ်ဗုဒ္ဓသည် -

"နှစ်သက်ဖွယ်သောဝတ္ထုတို့ကိုလှူလေ့ရှိကြသည့်ငါဘုရား၏တပည့်သာဝကဥပါသကာတို့တွင် ဥဂ္ဂသူဌေးသည် အသာဆုံးအမြတ်ဆုံး"

ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

ဥဂ္ဂသူဌေးသည် မြတ်စွာဘုရားကို ပထမအကြိမ် ဖူးတွေ့ရသောအခါကပင်လျှင် သောတာပတ္တိဖိုလ်၌တည်၍ သောတာပန်အရိယာဖြစ်ပြီးနောက်အဖို့ဝယ် အောက်မဂ် (၃) ပါး၊ အောက်ဖိုလ် (၃) ပါးတို့ကို မျက်မှောက်ပြုရလေသည်။

## ■ ဥဂ္ဂတသူဌေး

ဥဂ္ဂတသူဌေးသည် ဝဇ္ဇီတိုင်း ဟတ္ထိဂါမအရပ် (ဆင်ရွာ)သား ဖြစ်၍ ဥဂ္ဂတသူဌေး၏ ထူးခြားသော ကြည်ညိုဖွယ်ရာဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်၏။

ဗုဒ္ဓမြတ်စွာဘုရားသည် နာဂဝနဥယျာဉ်၌ သီတင်းသုံးနေစဉ် ဥဂ္ဂတသည် ခုနစ်ရက်တိုင်တိုင် သေရည်မူးယစ်လျက် ကချေသည်တို့ဖြင့် ခြံရံကာ ဥယျာဉ်သို့သွား၍ မြူးထူးပျော်ပါးကြသော် ဥယျာဉ်တစ်နေရာတွင် မြတ်ဗုဒ္ဓကိုဖူးတွေ့လိုက်ရ၏။ ထိုအခါ အလွန်ရှက်ကြောက်သွား၏။ မြတ်ဗုဒ္ဓကို အနီးကပ်ဖူးရသောအခါ အရက်မူးပြေသွားခဲ့၏။ မြတ်ဗုဒ္ဓက တရားဟောတော်မူရာ ဓမ္မဒေသနာအဆုံး၌ ဥဂ္ဂတသူဌေးသည် အနာဂါမ်အရိယာဖြစ်သွားတော့သည်။

ဥဂ္ဂတသူဌေးသည် ထိုအချိန်မှစ၍ ရဟန်းသံဃာတော်တို့အား အလှူဒါနကိုသာပေးလှူ၍နေ၏။ နတ်တို့သည် လာရောက်၍ ဘယ်ကဲ့သို့ပင် သဒ္ဓါပျက်အောင်ပြောကြားသော်လည်း အလှူခံပုဂ္ဂိုလ်နှင့်ပတ်သက်၍ သဒ္ဓါတရားပျက်စီးခြင်းမရှိဘဲ တူမျှသောသဒ္ဓါစိတ်ဖြင့် လှူဒါန်း၏။ သီလဝန္တပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်း၏။

မြတ်ဗုဒ္ဓသည် -

"သံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးကြသော ငါဘုရား၏တပည့်သာဝကဥပါသကာတို့တွင် ဥဂ္ဂတသူဌေးသည် အသာဆုံးအမြတ်ဆုံး"

ဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူလေသည်။

## ■ သူရမ္ဗဋ္ဌသူဌေး

သူရမ္ဗသူဌေးသည် သာဝတ္ထိပြည် သူဌေးမျိုး၌ဖြစ်၏။ သူရမ္ဗဋ္ဌသူဌေး၏ ထူးခြားသော ကြည်ညိုဖွယ်ရာဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်၏။

မြတ်ဗုဒ္ဓသည် သူရမ္ဗဋ္ဌသူဌေးအား စရိုက်နှင့်လျော်သောစကားကို ဟောကြားတော်မူသောအဆုံး သောတာပတ္တိဖိုလ်၌တည်၍ သောတာပန်အရိယာဖြစ်၏။ မာရ်နတ်က ဗုဒ္ဓအယောင်ဆောင်အကဲစမ်းသော်လည်း သူရမ္ဗဋ္ဌသည် ဗုဒ္ဓအပေါ်၌ မတုန်မလှုပ်သောသဒ္ဓါတရားရှိ၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓအား ကြားလျှောက်၏။

ထို့ကြောင့် မြတ်ဗုဒ္ဓက -

"သာသနာ၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုကြကုန်သောငါဘုရား၏ တပည့်သာဝကဥပါသကာတို့တွင် သူရမ္ဗသူဌေးသည် အသာဆုံးအမြတ်ဆုံး"

ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

## ■ ဇီဝကဆေးဆရာ

ဆရာဇီဝကသည် ရာဇဂြိုဟ်ပြည်၌ သာလဝတီပြည်တန်ဆာမ၏သားဖြစ်၏။ အဘယမင်း၏မွေးစားသားတည်း။ ဆရာဇီဝက၏ ထူးခြားသော ကြည်ညိုဖွယ်ရာဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဆရာဇီဝကသည် ဆေးပညာတွင် တစ်ဖက်ကမ်းခပ်တတ်မြောက်၍ ဗိမ္ဗိသာရမင်းကြီး၏ သမားတော်ကြီး ဖြစ်၏။ မြတ်ဗုဒ္ဓ၏ ကိုယ်တော်၌ သိမ်မွေ့သောဝမ်းလားဆေးကိုပေး၍ မြတ်ဗုဒ္ဓအား မိမိပိုင်သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ ဆရာဇီဝကသည် ဆေးကုပေးသည့်အပြင် -

"မြတ်စွာဘုရား၊ ဤသိဝိတိုင်းဖြစ်ပုဆိုးအစုံကို အရှင်ဘုရားတို့သာလျှင် သုံးဆောင်တော်မူကြပါကုန်ဘုရား"

ဟု လျှောက်ထား၏။

အရုံဖြစ်သောပုဆိုးအဝတ်အထည်တစ်ထောင့်ကို ရဟန်းသံဃာအားလှူဒါန်းလေ၏။

မြတ်ဗုဒ္ဓသည် -

"ပုဂ္ဂိုလ်ကို ကြည်ညိုကြသည့် ငါဘုရား၏တပည့်သာဝကဥပါသကာတို့

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ ကြားမြင်သုတဖြစ်ခဲ့ရသော (၃) အင်္ဂလိပ်ရာဇ်လောကမှ ထူးထွေဆန်းပြား ဓာတ်လမ်းများ

မင်းချမ်းမြေ့(မှုသိပ်)

ဆရာရွှေတစ်ယောက် ဤသို့ဖြစ်ခဲ့ပြီးသည့်နောက်ပိုင်း တစ်နှစ်ကျော်လောက် ဘာကိုမှလုပ်ကိုင်လိုစိတ်မရှိတော့ဘဲ စိတ်လေနေခဲ့ပြီး အရူးတစ်ပိုင်းကိုဖြစ်နေလေတော့သည်။

ထိုအချိန်တွင် နောက်ထပ်ယူထားတဲ့ မိန်းမကလည်း ကလေးငယ်တစ်နှစ်သားအရွယ်နှင့် ဘာမှလုပ်ကိုင်မစားတတ်ဆိုတော့ ဝမ်းရေးပြဿနာက သူ့အဖို့အရေးပေါ်ဖြစ်နေတော့ သူရူးချင်တိုင်းရူးခွင့်မသာလေတော့ဖြစ်ခဲ့လေ၏။

ပြီးတာတွေအားလုံးကို လုံးဝစိတ်ထဲကနေထုတ်ပစ်လိုက်ပြီး ဘဝသစ်ကို ပြန်စတော့မည်ဟု စိတ်ခိုင်ခိုင်ထား၍ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချလိုက်ပါတော့သည်။

ဒီအချိန်ကစပြီး သူ၏ ဇာတိမြေ မြေလတ်ပိုင်းကို အပြီးအပိုင်စွန့်ခွာလာခဲ့ပြီး မန်းမြေကို အပြီးတိုင်ရွှေ့ပြောင်းလာခဲ့ပါသည်။

စားဝတ်နေရေးအတွက်ကလည်း ဟိုယခင်ကတည်းကပင် ဆေးကုသခြင်းအလုပ်တစ်ခုတည်းကိုသာ လုပ်ကိုင်လာခဲ့တာမို့ မန်းမြေမှာပင် ဆေးခန်းနေရာတစ်ခုကိုစီစဉ်၍ ဘဝသစ်ကိုပြန်လည်၍ စတင်ပါတော့သည်။

ထိုအချိန်မှစ၍ စာရေးသူနှင့်ရင်းနှီးလာခဲ့ပြီး သူ၏ရင်တွင်းခံစားချက်များကို ရင်ဖွင့်ပြောပြလာခဲ့သည်အထိ စတင်ပါတော့သည်။

စာရေးသူကလည်း ဆရာရွှေ၏ 'ဆေးဒန်း ရွှေသေ ပြဒါးရှင်' ဓာတ်လုံးလမ်းစဉ်အကြောင်း အသေးစိတ်ကို မေးမြန်းလေ့လာမှတ်တမ်းပြုခဲ့ပါသည်။

သူ၏ဓာတ်လမ်းစဉ်အစမှာ ဆေးဒါန်းရှောင်ဆံဖမ်းယူခြင်းကနေပြီး စတင်ပါသည်။

ထိုစဉ်အခါက (လွန်ခဲ့တဲ့ အနှစ် ၄၀ ကျော်ကာလ) က ကျောက်ဆေးဒါန်းမျိုးမဟုတ်ဘဲ သက်ရှင့်ပြဒါးကိန်း၍ ပုစွန်ဆီရောင်တလက်လက်ထနေပြီး ၎င်းဆေးဒန်းသားကို ကျောက်ပျဉ်မှာသွေးလိုက်ပြီး ရေစင်အောင်ဆေး၍ အခြောက်ခံထားလိုက်လျှင် ဆေးဒန်း၏မျက်နှာပြင်တစ်ခုလုံးမှာ ပြဒါးသရံများတလက်လက်ထနေသည်ကို အပြည့်တွေ့ရပေသည်။

ဆေးဒန်းမှာ ပြဒါးဓာတ်ပါဝင်မှုနှုန်းက (၈၀)ရာခိုင်နှုန်းလောက်ကို ပါဝင်နေတဲ့ ဓာတ်ပစ္စည်းကောင်းများဖြစ်ပေသည်။

ထိုသို့သော ဆေးဒန်းမျိုးကိုမှ ဆေးဒန်းရှောင်ဆံ ဖမ်းယူကြခြင်း ဖြစ်ပါတယ်။

■ **ဆေးဒါန်းရှောင်ဆံဖမ်းနည်း**

ပါဝင်ဓာတ်ပစ္စည်းများမှာ -

၁။ ဆေးဒန်းကောင်းကောင်း (၂၇)ကျပ်သား

၂။ မြေပဲဆန်အနီရောင်ရင့်ရင့်အဆန်

---

တွင် အဘယမင်း၏သား ဇီဝကဆေးဆရာသည် အသာဆုံးအမြတ်ဆုံး"

ဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

■ **နကုလပိတုသူဌေး**

နကုလပိတုသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့တွင် သူဌေးမျိုး၌ ဖြစ်၏။ သားကလေး နကုလ အမည်ကိုစွဲ၍ နကုလပိတု၊ နကုလမာတုဟု အမည်အသီးသီးရှိကြ၏။ နကုလပိတု၏ထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ရည်များမှာ အောက်ပါအတိုင်း ဖြစ်၏။

နကုလပိတုသူဌေးသည် ဗုဒ္ဓမြတ်စွာ၏ ဘဝပေါင်းငါးရာ ဖခမည်းတော်၊ ဘဝပေါင်းငါးရာဘထွေး (အဖေ၏ညီ)၊ ဘဝပေါင်းငါးရာ ဘကြီး (အဖေ၏အစ်ကို)၊ ဘဝပေါင်းငါးရာ ဦးကြီး (အမေ၏မောင်) ဖြစ်ခဲ့၏။ ဘေသကဠာတောအုပ်၌ သီတင်းသုံးသော မြတ်ဗုဒ္ဓထံသို့ ဖူးမြော်ရောက်ရှိသော် ဘဝသံသရာရှည်စွာသော ကာလပတ်လုံး အချစ်မေတ္တာဓာတ်ကိန်းဝပ်ခဲ့လေသောကြောင့် မြတ်ဗုဒ္ဓကို မြင်တွေ့ရလျှင်ပင် သားဟူသောအမှတ်ကိုပြု၍ အကျွမ်းတဝင် တရင်းတနှီး ပြောဆိုလေသည်။ မြတ်ဗုဒ္ဓသည် နကုလသူဌေးကြီး၏ အာသယဓာတ်ကိုသိ၍ တရားဟောတော်မူသည်ရှိသော် ဇနီးမောင်နှံနှစ်ဦးစလုံးပင် သောတာပတ္တိဖိုလ်၌တည်၍ သောတာပန်အရိယာဖြစ်ကြလေကုန်၏။

မြတ်ဗုဒ္ဓသည် နကုလပိတုသူဌေး ဇနီးမောင်နှံအား ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောဘဝ၌ အချင်းချင်းရှုမြင်လိုကုန်သော် -

၁။ တူမျှသောသဒ္ဓါတရားရှိကြကုန်ရာ၏။

၂။ တူမျှသောသီလရှိကြကုန်ရာ၏။

၃။ တူမျှသောစွန့်ကြဲမှုရှိကြကုန်ရာ၏။

၄။ တူမျှသောအသိဉာဏ်ရှိကြကုန်ရာ၏။

ယင်းသို့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူမျှစွာရှိကြလျှင် ယခု ဘဝ၊ နောင်တမလွန်ဘဝ၌အချင်းချင်းရှုမြင်ကြရကုန်၏ဟု သံသာရေကာမ်းတိုင်တရားကို မိန့်တော်မူ၏။

နကုလပိတုသူဌေးဇနီးမောင်နှံတို့သည် မြတ်ဗုဒ္ဓအား သားအရင်းပမာ အလွန်အကျွမ်းတဝင်' ရင်းနှီးအားထားခင်မင်သောစိတ်ရှိကြသောကြောင့် မိမိတို့၏စိတ်၌ရှိသမျှကို မရှက်မကြောက် အလုံးစုံဖွင့်လျှောက်ထား၏။

ထို့ကြောင့် မြတ်ဗုဒ္ဓက -

"ငါဘုရားနှင့် အကျွမ်းတဝင်ခင်မင်ရင်းနှီးသောစကားကို ပြောကြားသည့် ငါဘုရား၏တပည့်သာဝက ဥပါသကာတို့တွင် နကုလပိတုသူဌေးသည် အသာဆုံးအမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူပါသည်။

မောင်မောင်မိုးအောင်

(စာပေဗိမာန်စာမူဆုရ)

**မှိုမြှမ်း**

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနထုတ် ဗုဒ္ဓဘာသာကျောင်း တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီး (၂၇) ကျပ်သား
၃။ ဝက်ဆီကောင်းကောင်း
(၉) ကျပ်သား
၄။ မြေအိုး(ထမင်းအိုးလုပ်တဲ့ ဖင်ပိုင်း ခပ်ပြားပြားမြေအိုး) အနေတော် (၁)လုံး
၅။ စပါးခွံဖွဲကြမ်း (၉) တင်း
၆။ နှစ်တောင်ပတ်လည် အနက်၊ အကျယ်ရှိတဲ့မြေကျင်း (၁)ကျင်း
၇။ မြေအိုးကို ဇော်ကောင်းစွာမံနိုင်ဖို့ ဇော်ကိုင်မြေကိုသေချာစပ်၍ထားပါ။

ဓာတ်ဆေးပစ္စည်းများပြည့်စုံလျှင် ဆေးဒန်းကို အမှုန်ထောင်း၍ နုညက်နေအောင် စကာချ၍ထားပါ။ မြေပဲဆန်များကိုလည်း သေချာစွာညက်နေအောင် ထောင်းပြီးမှ ဆေးဒန်းမှုန့်များနှင့်ထပ်၍ ကောလီကြေအောင် အထပ်ထပ်ကြိတ်၍ထောင်းပါ။ မိန်ကလေးများ မျက်နှာတွင်လိမ်းသော မိတ်ကပ်အသားကဲ့သို့ လက်ညှိုးနှင့် လက်မနှစ်ချောင်းနှင့်ယူ၍ ညက်နေအောင်ကြိတ်ထားပြီးလျှင် -

၎င်းတို့ကို မြေအိုးတွင် သေချာဖိ၍ဖိ၍သိပ်ထည့်ပေးပြီး ၎င်းအပေါ်က နေ ဝက်ဆီကို အပူပေး၍ လောင်းထည့်လိုက်ပြီး သေချာစွာ အိုးကို ဇော် (၃) ထပ်မံ၍ အခြောက်ခံပြီးမှ -

အသင့်ပြုလုပ်ထားတဲ့ မြေကျင်းထဲမှာ လက်သီးဆုပ်ခန့် အုတ်နီခဲ(၃)ပိုင်းကို အောက်မှဖိုခုံလောက်ပမာခံပြီး ဆေးဖုတ်မည့်အိုးကိုတည်ပါ။

ပြီးလျှင် ဖွဲတစ်ပုံးကို ဆေးအိုး၏ အပေါ်ကနေပြီး တစ်အိုးလုံးဖုံးအုပ်သွားအောင်လောင်း၍ ၎င်းပေါ်မှ မီးခဲရဲရဲ (၇) ခဲတင်ပေး၍ မီးစပျိုးပြီး ဆေးစတင်၍ဖုတ်ပါ။

ဤအတိုင်း ဖွဲ(၉)တင်းကုန်အောင် မီးထည့်ပေးပြီးလျှင် တစ်နေ့နှင့်တစ်ည အအေးခံ၍ထားပြီးမှ -

ဆေးအိုးမှဇော်များကို စနစ်တကျခွာလိုက်လျှင် အိုးထဲတွင် ဆေးဒါန်းပြဒါးသရံများလက်လက်ထနေပြီး ဆေးဒါန်းပြဒါးရှောင်ဆံများကို လက်လေးလက်ဆတင်းရင်းစွာနှင့်မိ၍နေပါလိမ့်မည်။

ဒါဟာ ဆရာရွှေ၏ ဓာတ်လမ်းအစ ဆေးဒါန်းရှောင်ဆံများပေါ့ဗျာ။

ဟုတ်လေပြီ။ ဆေးဒါန်းရှောင်ဆံတွေကိုရပြီဆိုတော့ ဒီရှောင်ဆံတွေကို မီးနှင့်တစ်ခါတည်းတန်းထိုးလိုက်မည်ဆိုလျှင် ဘာဓာတ်သားမျှမရတာကို သုတေသီများ တွေ့ရပါလိမ့်မည်။

(ဒီဆေးဒါန်းရှောင်ဆံတွေကို ဖမ်းချုပ်၍သတ်ပေးနိုင်တဲ့အစွမ်းအာနိသင်ရှိတဲ့ဆေးက လိုလာပြီပေါ့)

ဒါကလည်း သိပ်ပြီးတော့မှ ထူးဆန်းလှတဲ့ဆေးမျိုးမဟုတ်ပေ။ သုတေသီများ အင်္ဂလိရတ်လောကတွင် အမြဲတွေ့နေကျချုပ်ဆေးသတ်ဆေးပါပဲ။

'စတုပညာသ နဝင်းဆေး' ပါပဲ။ ဒါပေသည့် ထူးခြားတာက ဒီဆေးမှာ ပါဝင်နေတဲ့ 'ယမ်း၊ ဇဝက်သား၊ ဆား၊ ထုံး' ထို (၄) မျိုးပင်ဖြစ်ပါသော်လည်း ဆေးပစ္စည်းရှာဖွေ၍ထည့်ထားခြင်းတော့ ခြားနားပါသည်။

**ပါဝင်သည့်ပစ္စည်းများ**

၁။ ယမ်းစိမ်း (မီးတစ်ခြစ်တောက် ယမ်းစိမ်း) (၁၄)ကျပ်သား

(၎င်းယမ်းစိမ်း၏ ကွာလတီသည် မီးပွားလေးတစ်ချပ်ထိလိုက်တာနှင့်မီးထတောက်ပါသည်။ ယခု ယမ်းစိမ်းများလို မီးအနိုင်နိုင်ရှိမှ မီးဝင်သည့် ယမ်းစိမ်းမျိုးမဟုတ်ပါ။)

၂။ ဇဝက်သာ
(ကြိုးဇဝက်သား(သို့)မီးစာဇဝက်သာ) (၂၁) ကျပ်သား

(ဤဇဝက်သာဟာ ဟိုးလွန်ခဲ့တဲ့ အနှစ် (၄၀) ကျော်ကာလက အင်္ဂလိရတ်လောကတွင် လွန်စွာအသုံးများလှပါသည်။ သူ၏ပုံသဏ္ဌာန်က အချောင်းအချောင်းလေးတွေဖြစ်ပြီး ယခုခေတ်ကျောက်ကျောအချောင်းဖလားများနှင့် သဏ္ဌာန်တူပါသည်။ အာနိသင်ကတော့ အလွန်အေးမြ၍ အပူဓာတ်ကို အလွန်ထိန်းပေးနိုင်တဲ့သတ္တိရှိပြီး ၎င်းကြိုးဇဝက်သာနှင့်ချိတ်ထားတဲ့ ချော်ရည်ပျော်ထဲသို့ ခါချဉ်ကောင်ကိုဖမ်း၍ ထည့်လိုက်ရင်တောင်မှ ၎င်းခါချဉ်ကောင်က ချော်ရည်ပေါ်မှာ ရေကူး၍နေပြီးမသေပါ။

၃။ ဆား
(ပင်လယ်ပိုင်းတွင်ဆားချက်ဖိုများမှရသော ဆားချိုးခဲအချပ်များ) (၁၉) ကျပ်

(၎င်းဆားချိုးခဲချပ်များဟာ သူမှာ မီးနဲ့အခါခါထိတွေ့မှုများလို့ အလိုလိုမာကျစ်ကာ အာပေါဓာတ်အားကောင်းလှပြီး အမာခံပထဝီဓာတ်ဘက်ကို ပို၍ အကျိုးအာနိသင်ပေးစွမ်းစေပါတယ်)

၄။ ပင်ချလက်လက်ဆတ်ဆတ်အုန်းစိမ်း (၃)လုံး
၅။ ထုံး (၁) ပိဿာ

ပါဝင်တဲ့ဆေးပစ္စည်းတွေပြည့်စုံလျှင် ရှေးဦးစွာ ယမ်း၊ ဇဝက်သာ၊ ဆားချိုးခဲတို့ကို တစ်မယ်ချင်းစီညက်အောင် ထောင်း၍ ပြီးမှ အားလုံးကိုစုပြီး ဆေးသားများကောလီသားကျအောင်အထပ်ထပ်ကြိတ်ပါ။

ပြီးလျှင် အုန်းစိမ်းတစ်လုံး၏ အရည်နှင့် ဆေးသားများအားလုံးကို ရော၍ သမအောင်မွှေပေးပြီး တစ်ညစိမ်၍ထားပါ။

ထုံးကိုလည်း ရေကြည်ရအောင် ရေ (၁) ပိဿာ (၅၀) ခန့်နှင့် ဖျော်၍ တစ်ညစိမ်၍ထားပါ။ နံနက်ပိုင်းတွင် ဆေးများဆန့်လောက်သော သံဒယ်အိုးအသစ်တွင် ညဦးကနေစိမ်၍ထားသော ဆေးရည်တို့ကိုထည့်၍ ချော်စေးဖြစ်လာအောင် ပထမပိုင်းမှာ ဝါးခြမ်းပြားမီးနဲ့ မီးအရှိန်ကို လိုအပ်သလို အလျှော့အတင်းပြု၍ပေးပြီး တစ်မီးရအောင်ချက်ပါ။

တစ်ရေခန်းပြီး ဒုတိယမီးတွင် ယခင် အုန်းစိမ်းကျန်နေတဲ့ ဒုတိယတစ်လုံး၏ အရည်ကိုထည့်ပေး၍ တစ်မီးရအောင်ချက်ပါ။ ဤအဆင့်မှစ၍ ထင်းမီးနှင့်စချက်နိုင်ပါသည်။

တတိယမီးတွင်လည်း ယခင်အတိုင်း ကျန်အုန်းစိမ်းတစ်လုံး၏အရည်ကိုထည့်၍ တတိယမီးချက်ပါ။ ဤအတိုင်း အုန်းစိမ်းရည်နဲ့ (၃)မီးရအောင်ချက်၍ပြီးလျှင် -

ထုံးရည်ကြည်နှင့် စတုတ္ထမီးမှစ၍ မီး (၉) အဆင့်ဝင်အောင်ချက်ပေး၍ နောက်ဆုံးအဆင့်တွင် မီးကိုဖြည်းညင်းစွာပေး၍ ဆေးထဲမှရေဓာတ်များအားလုံးကုန်၍သွားသည်အထိ ချက်လိုက်တဲ့အခါတွင် ဆေးများအားလုံး ကြွက်ကျစ်စာခဲလေးများလိုဖြစ်၍လာပါလိမ့်မည်။

ထိုအခါမှာ 'စတုပညာသနဝင်းချော်ဆေးကောင်းတစ်လက်အဖြစ်သို့ ရောက်ပါပြီ။

၎င်းချော်ဆေးများကို သေချာစွာလေလုံအောင် ဖန်ဘူးနှင့်ထည့်၍သိမ်းထားပြီး လိုအပ်တဲ့အခါမှ ထုတ်သုံးပါ။

ကဲ . . . ဒီတစ်ပတ်တော့ မီးဖိုဝင်ပြီး စီမံချက်လုပ်ရတာနဲ့တင် အတော်ပင်ပန်းသွားကြလေပြီဆိုတော့ ဒီလောက်နှင့်နားလိုက်ပါတော့မည်။

ရှေ့လကျမှ မြိုးမြိုးမြက်မြက်အရသာရှိတဲ့အပိုင်းကို ဆက်လက်၍ တင်ပြပေးပါမည်။

မင်းချမ်းမြေ့ (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

# အစဉ်အလာမပျက် အညာဆွမ်းသပိတ်လုံးစာရေးတံမဲဆက်ကပ်ပွဲ ခရီးသွားမှတ်စု

ချစ်ဆန်းသစ်


နှစ်စဉ် တန်ခူးကုန် ကဆုန်ဆန်းရင် ပုဂံရွှေမြို့တော်ကြီးဆီကိုသွားနေကျ။ အကြောင်းမသင့်၍ မရောက်တာ နှစ်နှစ်ရှိပြီမို့ ဒီနှစ် စာရေးသူ တာဝန်ကျခဲ့ဖူးသည့် ယွန်းပညာအတတ်သင်ကျောင်း (ယခု ယွန်းပညာကောလိပ်ဝင်း)အတွင်းရှိ သစ္စာရှင် ဘွဲ့အမည်တော်ရဘုရားကြီး နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းသပိတ်လုံး စာရေးတံမဲဆပ်ကပ်လှူပွဲအတွက် ဖြစ်၏။



ဘုရားအမှတ် (၁၆ဂ၅) ပြုပြင်ပြီး စောင်းတန်းကြီးဘုရား

အညာဒေသ မြို့ရွာအရပ်ဘုရားပွဲများ၌ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းသပိတ်လုံးစာ စာရေးတံမဲချကာ ဆက်ကပ်လှူဒါန်းသည့်အလေ့အစဉ်အလာထူးခြားချက်ကို (ပုဂံမြို့ဟောင်း) တွင် တာဝန်ကျမှသိခဲ့ရသည်။ ထိုအလှူပွဲအကြောင်း အမြွက်မျှဖော်ပြရလျှင် ရွှေစည်းခုံ၊ အာနန္ဒာ စသည့် မြန်မာသိ၊ ကမ္ဘာသိဘုရားကြီးများ အပါအဝင် ပုဂံညောင်ဦးဒေသဘုရားပွဲများကျင်းပသည့်အခါ ဗုဒ္ဓဇနိယမင်္ဂလာအပြင် အနီးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းသပိတ်လုံးစာရေးတံမဲအလှူသို့ကြွရောက်ပါရန် ဖိတ်ရသည်။ ကျောင်းအလိုက် ဆရာတော်ကြီးကိုယ်တိုင် သို့မဟုတ် ကိုယ်စားတစ်ပါးပါးကြွကာ စာရေးတံမဲအလိုက် ကျရာသပိတ်လုံးများကို လက်ခံရသည်။

စာရေးသူ ပုဂံ၌ တာဝန်ကျကာလ (၁၉၈၆ - ၁၉၈၈) က ဖိတ်ကြားရသည့် ကျောင်း (၃၃) ကျောင်းရှိ၏။ ယခု ၂၀၁၈ တွင် (၃၈) ပါး ပင့်ဖိတ်ရသည်ဟု



ဆုတောင်းပြည့်စေတီ



ပုဂံ မဟာဗောဓိစေတီကြီး လိုဏ် (၂) ဆင့်ခံအုတ်ကျော

www.burmeseclassic.com

www.burmeseclassic.com



နီမွာန်ဆော်ဦးစေတ်လုံးကုသိုလ်
မုခ်တံခါး (သံတံခါး)



ပျဉ်ပြားမင်းကုသိုလ်တော်
သစ္စာရှင်ဘုရားဆင်းတုတော်ကြီး



အတွင်းစေတီငယ်ကိုငုံ၍ တည်ထားသော
အတုလမာရ်အောင်စေတီ



ဆုတောင်းပြည့်ဘုရား
ကျောက်စာ



မင်းအိုချမ်းသာဘုရားရင်ပြင်တော်အရှေ့တောင်ထောင့်မှ မြင်ရသော
အာရုံခံတန်ဆောင်းနှင့်စောင်းတန်း

သိရသည်။အစဉ်အလာအရ သပိတ်လုံး တွင် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ သကာန်း ပရိက္ခရာ စသည်သာဖြစ်သော်လည်း နောက်ပိုင်း စားဖွယ်အမယ်စုံပါလာရာ မုန့်ပုံး၊ အချိုရည်ပုလင်း၊ ကော်ဖီမစ်၊ တီးမစ်၊ လျှပ်စစ်ပစ္စည်း၊ ဝတ္ထုငွေပဒေသာ ပင် စသည်ဖြင့် သပိတ်လုံးနှင့်ထည့်၍ မဆံ့တော့ပါ။ သို့ဖြင့် ထည့်စရာ သပိတ်အပြင် ခြင်းတောင်း၊ စတီးလ်ဗန်း၊ ယွန်းဗန်းများ၊ စတီးလ်ပုံးများအစုံသုံးပါတော့သည်။

လှူဖွယ်ပစ္စည်းများ၏ တန်ဖိုးကို ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်းမျှတစေရန် ပွဲတာဝန်ခံများက စီစဉ်ပြီး မဲနံပါတ်များအတွဲလိုက်မှတ်စဉ်တပ်ပေးရသည်။ ယွန်းပညာကောလိပ်ကျောင်းဝင်းအတွင်းရှိ သစ္စာရှင်ဘုရားဆိုသည်မှာ လက်ရှိအထင်အရှားမြင်တွေ့နေရသော ကျုံး၊ မြို့ရိုး၊ သရပါတံခါး စသည် စတုတ္ထပုဂံ၏ မြို့တည်နန်းတည် ပျဉ်ပြားမင်းကြီး (အေဒီ ၈၄၆-၈၇၈) တည်ထားကိုးကွယ်သော ဘုရားတစ်ဆူ ဖြစ်ပါသည်။ ပုဂံမြို့ဟောင်းရှိ အရဟံဘုရားပွဲများကို ကိုယ့်ရပ်ကွက်ဘုရားနှင့်ကိုယ် တိုက်စု၊ ဈေးတန်း၊ ရုံးတန်း၊ ကျောက်မှော်၊ မြေစု၊ တိုက်ကုန်းရွာသစ်၊ ကိုးလုံး စသည့် ပွဲတစ်ခုနှင့်တစ်ခုရက်သိပ်မကွာ သူ့ဘုရားပွဲကိုယ့်ဘုရားပွဲ 'ဒို့ဘုရားပွဲတုန်းက ဘုန်းကြီးကျောင်းတစ်ကျောင်းကို သပိတ်ဘယ်နှလုံးကပ်နိုင်တယ်တော့' ဆိုပြီး စကားနိုင်လုကြ၊ အလှူသဒ္ဒါတရားပြိုင်ကြနှင့် ပျော်စရာတစ်ခု ဖြစ်၏။ စာရေးသူတို့ ဘုရားပွဲသည် လွန်ခဲ့တဲ့နှစ်နှစ်က သပိတ်လေးလုံးစီ၊ ယခုနှစ် စံချိန်လျှော့ကာ သုံးလုံးစီသာကပ်နိုင်ပါသည်။

စာရေးသူ ရန်ကုန်မှကြိုထွက် ပွဲဝင်ရက် ကဆုန်လဆန်း ၁၂ ရက်တွင် တစ်နေကုန် ပုဂံတစ်ဝိုက် အလှမ်းမီရာ ဘုရားများကိုခြေကျင်လည်ဖူးလေ့ရှိသည်။ ၁၉၆၀ ဝန်းကျင်မှ ယခုတိုင် ပုဂံရောက်သည်နှင့် ဦးစွာ အာနန္ဒာဝင်ဖူးပြီးနောက် မြောက်ဘက်မုခ်မှထွက်၊ မင်းအိုချမ်းသာဘုရားကျွန်းလေးပေါ်တက်၊ ရင်ပြင်အရှေ့တောင်ထောင့်မှာ တရားထိုင်လေ့ရှိသည်။ ဤဘုရား၌တောင်ကိုရွေးရခြင်းမှာ မင်းအိုချမ်းသာဘုရားကုန်းလေးသည် သိပ်မြင့်လှသည်မဟုတ်သော်ငြားလည်း မြေပြင်ညီမှ ကုန်းပေါ်ရောက်ရန် လှေကားထစ်လေးငါးထစ်ပြီး ကြားခံစောင်းတန်းဇရပ်ခုံတွင် နားပြီးလျှင် အာရုံခံတန်ဆောင်းကြီးရောက်ပြီ။ ပစ္စယံပေါ်ရောက်၊ အရှေ့တောင်ထောင့်မှရပ်လျက် ရွှေစည်းခုံ၊ တုရင်တောင်၊ လောကနန္ဒာ၊ တန့်ကြည့်၊ စွယ်တော်လေးဆူကို စွယ်တော်ရှင်များဘက်မျက်နှာတူရူလှည့်ကာ တစ်နေရာတည်းမှဖူးမြော်နိုင်သည်။ ဤအခွင့်အရေးကား လွန်ခဲ့သော ၁၉၈၈


www.burmeseclassic.com

ဝန်းကျင်နှစ်များအထိဖြစ်ကာ ယခုမူ အရာရာပြုပြင်ပြောင်းလဲဖြစ်စဉ်နှင့်အတူ မြင်ကွင်းများဖုံးလွှမ်းနေပြီဖြစ်၍ စိတ်အာရုံဖြင့်သာ မှန်းဆဖူးမြော်ရတော့၏။ ယင်းမြင်ကွင်းမျိုးကို သဗ္ဗညု၊ ကန်တော့ပလ္လင် စသည့် စေတီတော်များ အထက်ပစ္စယံတက်ခွင့်ပြုခဲ့သည့်ကာလများကမူ စွယ်တော်ရှင်များကို အထက်ပစ္စယံအားပတ်၍လှည့်ပြီးဖူးနိုင်ခဲ့ကြပါသည်။

မင်းအိုချမ်းသာဘွဲ့တော်နှင့်လိုက်လျောစွာ စာရေးသူကဲ့သို့ (၇၀) ကျော်တန်းအိုမင်းသူများလည်း ဘုရားဘက်စိတ်အေးချမ်းသာရန်ရောက်တတ်ကြ၏။ ကျန်စစ်သားမင်းကြီး (အေဒီ ၁၀၈၄ - ၁၁၁၃) သည် နန်းစံသက် (၂၈) နှစ်၊ သက်တော် (၇၂) နှစ်၌ ဘုန်းသမ္ဘာကြောင့် သီဟိုဠ်မင်းက ဘုရားဆင်းတုတော်နှင့် သီရိရဓာတ်တော် (၉)ဆူအား ရတနာရွှေကြုတ်နှင့်တကွ ပေးပို့ဆက်သခဲ့သည်။


ထိုကာလ မင်းကြီး ကျန်းမာရေးချို့ယွင်းနေခိုက်နှင့်ကြုံသဖြင့် မြန်မာနှစ် ၄၇၄ ခုနှစ် လက်ဆောင်ရ ဓာတ်တော်မွေတော်တို့ကို ဌာပနာပြီး သက်တော်ရှည်ကြောင်း၊ ကျန်းမာချမ်းသာသော ကိုယ်စိတ်ရစိမ့်သောငှာ (မင်းအိုကြီးချမ်းသာစေရန်) ဤဘုရားစေတီအားတည်ထားကိုးကွယ်ခဲ့သည်ဆို၏။ မင်းအိုချမ်းသာရောက်တိုင်း မန္တလေးပန်းချီဆရာကြီးများ၏လက်မှတ်ပါရှေးဟောင်းပန်းချီလက်ရာ ဗုဒ္ဓဝင်ပန်းချီများအားစောင်းတန်းတစ်ခုနှင့်တစ်ခုကြား အနားယူရန် ထိုင်ခုံတန်း၊ စောင်းတန်းရပ်တို့၏နဖူးစည်းပန်းချီများအဖြစ် ငေးမောကြည့်ရှုဖြစ်သည်။ ယခုအုတ်လှေကားသစ်သည် စောင်းတန်းသစ်တို့ နေရာအစားဝင်လိုက်သည့်အခါ ရှေးပန်းချီတို့မတွေ့တော့။ ထိန်းသိမ်းထားတာဖြစ်မည်ဟု ယူဆရပါသည်။ သို့သော် ရင်ပြင်အာရုံခံတန်ဆောင်းကြီး၏ နဖူးစည်းပတ်လည်လေးဖက်တွင်မူ ပန်းချီရှေးဟောင်းလက်ရာများအချို့ ပေါက်ပြဲလျက်တွေ့နိုင်သေး၍ တာဝန်ရှိသူများက ရေရှည်အတွက် ထိန်းသိမ်းကြရပါဦးမည်။ ဝေဿန္တရာ၊ အင်္ဂုလိမာလဇာတ်တော်တို့၏ ဇာတ်ဝင်ခန်းတို့ အရောင်အသွေး၊ အကြောင်းအရာစုံလှ၍ ကြည့်မဝနိုင်ပါ။

ဘုရားကြီးမှဆင်းသက်သည့်အခါ နေအတော်မြင့်ပြီး အညာနွေးအပူရှိန်ကပြင်းလှသည်။ မင်းအိုချမ်းသာဘုန်းတော်ကြီးကျောင်းရှေ့မြေလွှပ်လပ်၌ တမာပင်တန်းနှင့် နားနေရန်အတွက် ပင်စည်ကိုပတ်ကာရိုက်ထားသော ကွပ်ပျစ်ခုံဝိုင်းကြီးများ (အညာခေါ် ဇရပ်ကတုံးများ)၊ အရိပ်ကောင်းလှပြီး နေပြောက်မထိုး၊ အနီး၌တဲကလေးနှင့်အအေးဆိုင်ကိုတွေ့သည်။ ကွပ်ပျစ်ခုံဝိုင်းတစ်ခုပေါ် ခြေပစ်လက်ပစ်ထိုင်၊ အအေးဆိုင်မှ ကြံရည်တစ်ခွက်မှာကာ တဝနားလိုက်သည်။ (အညာဇရပ်ကတုံးအကြောင်း သူရဇ္ဇတွင် စာရေးသူ ဖော်ပြဖူးသည်။) ယခုနှစ်တန်ခူးလ သင်္ကြန်ရက်များအတွင်း သီလယူ၊ နေ့လယ်ဘက် တရားစခန်းမသွားဖြစ်သည့်ရက်၌ စာအုပ်စင်ကိုမွှေရာမှ တောင်တန်းသာသနာပြုဆရာတော်ကြီး


မင်းကျန်စစ်ကသိုလ် ရွှေထီးဆောင်းစေတီ ရုပ်ပွားတော်ကြီး


ဆွမ်းသပိတ်လုံးစာရေးတံမဲ လှူဖွယ်ပစ္စည်းများ

www.burmeseclassic.com



၆ (က) ဆုတောင်းပြည့် ပုဂံခေတ်ဆင်းတုတော်



ရှေးလက်ရာ ပန်းချီ (ဝေဿန္တရာဇာတ်တော် ဇာတ်ဝင်ခန်း) (မင်းအို ချမ်းသာဘုရားမှ)



မင်္ဂလာအောင်စည်တော် (စုံမဟုတ်)

အရှင်ဦးဥတ္တမသာရ၏ 'ဘုန်းကြီးမှတ်စု' စာအုပ်တွေ့၍ဖတ်ဖြစ်ရာ ဆရာတော်ဘုရားကြီးသည် ဂျပန်ခေတ် (၁၃၀၄ခု)၌ ရန်ကုန်မှအညာသို့ပြန်ရာတွင် ဘုတလင်မှ ရှမ်းတဲရွာ၊ မြို့သစ်ချောင်းရွာ၊ သပြေသာရွာတို့ကိုဖြတ်၊ ဇရပ်ကတုံးလမ်းခွဲမှ ဆင်းပြီး ကံလှရွာသို့ခြေလျင်လျှောက်လာခဲ့ကြောင်း ဖော်ပြထားရာ ဇရပ်ကတုံးကို ရွာလမ်းခွဲများ၌လည်း ကုသိုလ်ရှင်များ လှူထားလေ့ရှိကြောင်း ဖြည့်စွက်သိလိုက်ရသည်။

ဘုန်းတော်ကြီးကျောင်းအရှေ့တွင် တမာပင်တစ်ပိုက် ဇရပ်ကတုံးများတွင် ဘုရားပွဲများဖြစ်သည့်အခါ ရွာနီးချုပ်စပ်မှ ဘုရားပွဲလာ ပေါင်းမိုးတပ် နွားလှည်းကြီးများနှင့် မိသားစုများ၊ နွားတွေကိုလံ၊ လူငယ်လူလတ်များက ဇရပ်ကတုံးတွေ ပေါ်နေယူ၊ သက်ကြီးရွယ်အိုများ အမိုးပါလှည်းပေါ်နေလုံမိုးလုံနေကြ၊ ကိုယ့်အစုနှင့်ကိုယ် ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ချင်းသပ်၊ စောင်ချမ်းထန်းလျက်၊ ဆီးထန်းလျက်တို့နှင့် စကားဝိုင်းဖွဲ့နားနေကြရာဖြစ်တော့သည်။ တုံးလုံးပက်လက်လှဲသူလှဲ၊ တစ်ရေးတစ်မောအိပ်သူအိပ်၊ လွတ်လပ်အေးချမ်းလိုက်သည့် အညာတောဓလေ့လူနေမှုပုံစံ ဖြစ်လေသည်။ သူတို့တွေ မြို့ကြီးပြကြီးမနေကြပါ။ အသက်ရှူကျပ်ပုံစံနှင့်ဘယ်လိုလုပ်နေနိုင်ကြမှာတုံး။

၁၉၈၀-၈၅ ခန့်က စာရေးသူဌာနသို့ သုံးလေးကြိမ်ခန့် ရောက်ဖူးသည့် ဒိန်းမတ်နိုင်ငံသူ အမျိုးသမီးမိတ်ဆွေ လက်မှုပစ္စည်းလုပ်ငန်းအကြံပေးပုဂ္ဂိုလ် အင်နော်အောက်တိုဗာတစ်ယောက် ပုဂံဒေသလက်မှုလုပ်ငန်းလေ့လာရေးခရီးအပြန်မှာ အညာကျေးလက်လူနေမှုတွင် ရိုးသားပွင့်လင်းပြီး ရှေးမူမပျက်လှုပ်ရှားသွားလာဆက်ဆံကြသည်ကို အလွန်စွဲစွဲလမ်းလမ်းဖြစ်ရကြောင်း ဝန်ခံပြောပါသည်။ ပုဂံ(မြို့ဟောင်း)တွင် သုံးလေးရက်နေခဲ့စဉ် ပုဂံဈေးအတွင်း လတ်ဆတ်သည့်မုန့်မျိုးစုံ၊ သဘာဝဆေးဆိုးချည်ထည်အမျိုးမျိုးအကြောင်း၊ ရွာလမ်းလေးများဖြတ်လျှောက်စဉ် ဝဲယာအိမ်များ ရက်ကန်းသည်မလေးများသီချင်းသံနှင့် ရောနေသောလက်ခတ်သံများ၊ ရေခပ်ဆင်းသည့်လုံမပျိုတို့နှင့် မြစ်ကမ်းစပ်ကကျောက်တုံးပေါ် ထိုင်ကာ ပလွေနှင့် ဖိုသံပေးနေသောကာလသားများ၊ နွားလှည်းတန်းကြီးများ၊ ဖုန်တလုံးလုံးနှင့် [illegible] ခလောက်သံများ၊ မြစ်အနေ[illegible]ဘက်

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းကြီးအောက် ငုပ်လျှိုးသွားသည့် နေလုံးနီနီကြီးအကြောင်းများ၊ အထူးသဖြင့် သူစိမ်းတွေ့လျှင် ဖောင်ရွှေသည့်နှစ်လိုဖွယ်အပြုံးတို့ကို သူတစ်သက်မမေ့မရနိုင်ပုံ အားပါးတရပြောပြသည်။

တမာတန်းဇရပ်ကတုံးတွင် ကြံရည်အေးတစ်ခွက်နှင့်အမောပြေသွားပြီဖြစ်၍ လူသွားလမ်းဘက်လျှောက်ခဲ့ရာ မင်းအိုချမ်းသာဘုန်းတော်ကြီးကျောင်းအုတ်တံတိုင်းချင်းဆက်နေသည့် ဆုတောင်းပြည့်ဘုရားဝင်းကြီးတွေ့ရ၏။ ထိုဘုရားကြီးသည် ကပ်ကျော်ဘုရား ဖြစ်လေ၏။ တော်တော်တန်တန် မဝင်ဖြစ်ကြပေ။ စာရေးသူပင် မှတ်မှတ်ရရ တစ်ကြိမ်သာ ဝင်ဖူးဖူးသည်။

ယခု အဝင်မုခ်ဦးက ကျောက်စာကိုဖတ်မိရာက စိတ်ဝင်စားသွားသည်။ 'ဆုတောင်းပြည့်ဘုရား ၁၉၃၄/၁၂၃၀၊ ပုဂံဝန်ဦးဘိုးကောင်းမှု၊ ကောဇာသက္ကရာဇ် (၁၂၂၈) ခု' ဟု အစဉ်ဖော်ပြထား၍ နှစ် (၈၀) ကျော်သာရှိသေး၏။ ဆက်ဖတ်တော့မှ ပုဂံခေတ် ဆင်းတုတော်ကြီးကို ပုဂံဝန်က (ဆုတောင်းဖြင့်)ပြုပြင်ပုံ၊ ဆုတောင်းပြည့်ပုံ၊ မူလကတိဝန်ခံချက်နှင့် ကွဲလွဲကာ သဒ္ဓါတရားလွန်ကဲပြုပြင်၍ ဒုက္ခရောက်ရပုံများကို စိတ်ဝင်စားဖွယ် ဖတ်ရမှတ်ရတော့သည်။


ကျောက်စာ၏ သဘာဝတို့မှာ ပုဂံခေတ်ကျောက်စာတို့နှင့် အနည်းငယ်ကွဲသည်။ ပုဂံခေတ်ထိုးကျောက်စာများ၌ ယေဘုယျအားဖြင့် ကုသိုလ်ရှင်အမည်၊ ဘုရားတည်ထားရသည့်အကြောင်းနှင့် ဆုတောင်း လှူဖွယ်ပစ္စည်းနှင့် ကျိန်စာတို့ပါလေ့ရှိ၏။ နမူနာအားဖြင့် ပုဂံခေတ်ကဝေးလှသေး၏။ ဆုတောင်းပြည့်ကျောက်စာနှင့်ကာလသိပ်မကွာလှသော ကောဇာ ၁၁၅၅ ထိုး အမရပူရမြို့တည် ဗဒုံမင်း၏ တောင်တွင်းကြီး၊ ရွှေအင်တောင်ဘုရားဝတ္တကမြေရေစက်ချလှူဒါန်းသည့်ကျောက်စာကို နမူနာအဖြစ်လေ့လာကြည့်လျှင် -

ယင်းကျောက်စာ၏ နောက်ခံမှာ ကောဇာ ၁၁၄၅ ခုနှစ် ဗဒုံမင်းလက်ထက်က ရွှေအင်းတောင်ဘုရားကြီးအား မင်းအဆက်ဆက် လှူဒါန်းထားသည့် ဝတ်မိုးဝတ်မြေများဖြစ်သဖြင့် မြေခွန်မဆက်နိုင်သဖြင့် ရေစက်ချ (ထပ်မံ)လှူသည်ကို ကျောက်စာရေးထိုးခဲ့သည်။

(က) အလှူအကြောင်းနှင့် ဆုတောင်း။ ။ ကောဇာ ၁၁၄၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၅တေးနေ့ နံနက် (၄) ချက်တီးကျော်၊ (၃) နာရီ (၁)ပါဒ်၊ (၈)ဗီဇာနာပြန်ပြည့်၊ ခရာပြည့်ရှိသောအခါ. . . . သာသနာ့ဒါယကာ မဟာဇကရာဇ်မင်းမြတ်သည် သဗ္ဗညုတဆုကို အလိုတော်ရှိသောကြောင့် ရွှေအင်းတော (ရွှေအင်းတောင်) ဘုရားအား လှူဒါန်းတော်မူသောမြေကား မောင်းတောင်တံခါးကသည် . . . ကြာနီကန်ပြွန်နှင့်တစ်ရိုးတည်း။ ဤနယ်နိမိတ်အတွင်းကို ဘုရားဝတ္တကမြေအဖြစ်လှူဒါန်းလိုသည်။

(ခ) ကျိန်စာ။ ။ ငါလှူဒါန်းတော်မူသော ဤဘုရားဝတ်မြေကို နှမ်းတစ်လုံးမျှ လုယူဖျက်ဆီးသည်ရှိသော် သစ်ငုတ်တို့ အညွန့်မပေါက်သကဲ့သို့ရှိလေစေ။ ဝါဂွမ်းတစ်လှည်းကို အကျွမ်းဖုတ်၍ ပြာမရသို့ဖြစ်လေစေ။ မြစ်မကြောတွင် ဆားလှေမှောက်သည်၊ တစ်ပေါက်မတင် ဖြုန်းတီးပျောက်သကဲ့သို့ဖြစ်လေစေ။ နူဝဲ နူနာရှိ၍ တိုလေစေ၊ တစ်ဆုပ်တစ်လက် ဖက်တောင်းရမ်းမရသည်ဖြစ်လေစေဟူ၍ ငါမင်းတရားကြီးသည် ရွှေအင်းတောင် ဘုရားရင်ပြင်၌ ရွှေဖလားကြီးကိုခွဲ၍ မိဌာန်ကျိန်ဆိုသည်။ ရွှေဖလားကွဲသည့်အတိုင်းကွဲလေစေ။ရေဖိတ်သည့်အတိုင်း တစ်ပေါက်မတင်ပြုန်းတီးပျောက်ပျက်ဖြစ်လေစေ။

(ဂ) အလှူတော်အားအထောက်အပံ့ပြုသူများအတွက်ဆန္ဒပြုမှု။ ။စေတီပျက်စီးယိုယွင်းရှိသည်ကို ပြင်ဆင်လုပ်ဆောင် 'ရွှေမွမ်းမံ'သောသူတို့ကား ငါကဲ့သို့ ဘုန်းတန်ခိုးကြီးပါစေ။ (၁၁၅၅ ခု-ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ကျောက်



မင်းအိုချမ်းသာကျောင်းရှေ့တမာပင်တန်း (ပင်စည်ပတ်) ဇရပ်ကတုံးများ



www.burmeseclassic.com

www.burmeseclassic.com

စာထိန်းမြေတ်၊ စာရေးမောက်တို့ အင်းခုံ သူကြီးသား လေ့ညို၊ ၎င်းသား မြေတ ကောင်းတို့နှင့် လျှကြသည်ဟု ပါရှိ၏။ ကျိန်စာကို လေ့လာလျှင် ကြောက်ဖွယ် လိလိရှိရသည်။

ဤကျောက်စာသဘောနှင့်ကွဲလွဲ သော တစ်ဘာသာဆန်းကြယ်နေသည့် ဆုတောင်းပြည့်ဘုရားကျောက်စာမူရင်း အတိုင်းမှာ -

## ဆုတောင်းပြည့်ဘုရား
## (၁၉၃၄-၁၂၃၀)

ပုဂံဝန်ဦးဘိုးကောင်းမှု၊ ကောဇာ နှစ် ၁၂၂၈ ခု။ ဆုတောင်ပြည့်ဘုရား အတွင်းရှိ ဆင်းတုတော်ကြီးမှာ ပုဂံ ခေတ် ဆင်းတုတော်ကြီးဖြစ်ပြီး နေပူခံ ကိုယ်တော်ကြီးဖြစ်နေသည်ကို ဦးဘိုးက စိတ်မချမ်းမြေ့၍ ရာထူးတိုးပါက အမိုး အကာလုပ်ပေးမည်ဟု အဓိဋ္ဌာန်ပြု ဆုတောင်းရာ ဆုတောင်းသည့်အတိုင်း ရာထူးတိုးသဖြင့် ဆင်းတုတော်ကြီးကို အမိုးလုပ်ရန် လိုသည်ထက်ပိုပြီး တစ်ဆူ လုံးမျိုတည်လိုက်သဖြင့် ဦးဘိုး မျက်စိ ကွယ်သွားသည်ဟု ဆိုသည်။

၎င်းနောက် လွန်ခဲ့သောနှစ် (၇၀) ခန့်ကမှ ဆုတောင်းပြည့်ဘုရား အနီး သိတင်းသုံးသော ဘုန်းကြီးဦးရေဝတ အား အိပ်မက်ပေးသဖြင့် မြောက်ဘက် မှ စတင်တူးပါသည်။ ထိုသို့ တူးရင်းဖြင့် စိတ်ပျက်၍ရပ်နေခိုက်တွင် မတိုးနှင့် ဦးအောင်လှတို့လာသည်ကို အတိတ် ကောက်၍ ဆက်တူးသဖြင့် ယခုဆင်းတု တော်ကြီးပြန်ပေါ်လာပါသည်။ ထိုသို့တူး စဉ်က ကျောင်းသားအဖြစ် ကိုယ်တိုင် ပါဝင်တူးခဲ့သူ ကန်တော့ပလ္လင်ဘုရားမှ နိဗ္ဗာန်ဆော် အသက် (၉၀) အရွယ် ဦးခတ်လုံးမှာ ယနေ့တိုင် သက်ရှိ ထင်ရှားဖြစ်၍ မှတ်မိနေပါသည်။ အဝင် မုခ်သံတံခါးမှာ ဦးခတ်လုံး၏ ကောင်းမှု ဖြစ်သည်။

ဖော်ပြပါ ကျောက်စာအရ ကောဇာ ၁၂၂၀၊ ပုဂံဝန်မှာ ဦးဘိုး ဖြစ် ကြောင်း၊

၎င်း၏ရာထူးတိုးရန် ဆုတောင်း မှာပြည့်ခဲ့၍ 'ဆုတောင်းပြည့်ဘုရား' ဟု ဘွဲ့တော်ကို ရိုးရိုးပင်မှတ်ခဲ့ကြောင်း၊

ရှေးကုသိုလ်ရှင်များ၏သာသနိက စေတီကျောင်းကန်တို့အား ပြုပြင်မွမ်းမံ ရာတွင် အဓိဋ္ဌာန်(အပြောအလုပ်)မညီဘဲ အပိုအလိုချွတ်ချော်တိမ်းပါးလျှင် အန္တရာယ် ရင်ဆိုင်ရသည်ကို (၎င်းမျက်စိကွယ်သည့် ကိစ္စ)တိုက်ဆိုင်သတိပြုရမည်ဖြစ်ကြောင်း၊

ဆင်းတုကြီးတန်ခိုးပွင့်လန်းမည့် အချိန်နှင့် ပဋ္ဌာန်းဆက်ဘုန်းတော်ကြီး ဦးရေဝတ၏ ကြိုးပမ်းမှု တစ်ကြိမ်နှင့်မရ အတိတ်ကောက်မှန်၍ ဒုတိယအကြိမ်၌ အောင်မြင်ခဲ့ပုံ၊

ဆင်းတုတော်ကြီးတန်ခိုးပွင့်လန်း မည့်အချိန်နှင့် ပဋ္ဌာန်းဆက်ဘုန်းတော် ကြီး ဦးရေဝတ၏ ကြိုးပမ်းမှု တစ်ကြိမ် နှင့်မရ၊ အတိတ်ကောက်မှန်၍ ဒုတိယ အကြိမ်၌ အောင်မြင်ခဲ့ပုံ၊

နိဗ္ဗာန်ဆော်အဆင့် ဦးခတ်လုံး ၏ မိမိနိုင်သလောက် မုခ်တံခါး၌ သံ တံခါး(ဘိလပ်ခေါက်တံခါး) တပ်ဆင်မှာ ဆုတောင်းပြည့်ဘုရားဖြစ်စဉ်နှင့်မှတ်သား အတုယူဖွယ် ကျောက်စာတော်မှ ပေး သည့်အသိများ ဖြစ်၏။

ခတ်ပုံမှတ်တမ်းများယူ၊ နေ့လယ် စာအချိန်ကျ၍ စားနေကျ ယခု ပုဂံဈေး ကုန်းမြင့်လေးပေါ်မှ မြန်မာထမင်းဆိုင် သို့ထွက်ပါသည်။ နေ့လယ်စာကိစ္စပြီး တော့ မြေမြင့်ကလေးကဆင်း၊ ယခု ပုဂံ ဈေးနောက်ဘက်လမ်း(အမျိုးသမီးမိတ်ဆွေ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ကြီးသူ လျှောက်ခဲ့ဖူးသည့်လမ်း) အတိုင်းလာရာ မဟာဗောဓိဘုရားသို့ရောက်တော့သည်။ လွန်ခဲ့သော နှစ် (၃၀) ကျော် ပုဂံမြို့သစ် မပေါ်မီက ဤမဟာဗောဓိဘုရားကြီးရှေ့ ဇရာဟိုတယ်လမ်း (သို့) ဇရာဇက်ဆိပ် လမ်းသည် အလွန်စည်လှ၏။ ဘုရားကြီး ဓားလွယ်ခုတ်လောက်တွင် 'နေပြည် တော်' အမည်ရှိ လက်ဖက်ရည်ဆိုင်၌ မုန့်မျိုးစုံရသဖြင့် မိတ်ဆွေရဲဘော်ရဲဘက် များနှင့် ထိုင်နေကျ။ မနက်စောစော လမ်းလျှောက်ကာ အပြန်ဆိုလျှင် လမ်းဆုံ ရှိညောင်ပင်ကြီးအောက် အဘိုးကြီး အဘွားကြီးစုံတွဲဖျော်သည့် 'ရွှေညောင် ပင်လက်ဖက်ရည်ဆိုင်'တွင် အမြဲဆုံသည့် အဘိုးကြီးများဝိုင်း၌ဝင်ထိုင်ကာ သူတို့ ပြောသည့်ပုဂံရှေးဟောင်းနှောင်းဖြစ်များ နားထောင်ရ၊ မသိတာစပ်စုရ (စာရေးသူ က အသက် ၄၀ ကျော်သာရှိသေး၏။) ပြန်လည်သတိရတမ်းတမိပါသည်။ အခု တော့ ထိုလမ်းလေးသည် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုအမည် 'နွေကန္တာဦး' ဟု ခေါ်ရမလို ခြောက်သွေ့ ပူလောင်လှ၏။

မဟာဗောဓိဘုရား၏ဘုရားဒကာ မှာ နားတောင်းများ (ခေါ်) ထီးလိုမင်း လိုမင်း (အေဒီ ၁၂၁၁ - ၁၂၃၄) ဖြစ် ၏။ ဦးစွာ ထီးလိုမင်းလိုဘုရားကို ပုဂံ- ညောင်ဦး ကားလမ်းဘေး၌ လိုဏ်သုံး ဆင့်ခံ ကွန်းတောင်ပေါက်စေတီအဖြစ် ခမည်းတော် အလောင်းစည်သူမင်းကြီး ကုသိုလ်တော် စူဠာမဏိ (မင်းနန်သူရွာ အနီး) ဘုရားပုံစံယူ၍တည်ထားခဲ့သည်။ မဟာဗောဓိကိုတည်သည်မှာ မင်းကြီး နန်းစံသက် (၄)နှစ် (အေဒီ ၁၂၁၅) ၌ သီဟိုဠ်ဘုရင်ဆက်သသည့် မဟာဗောဓိ ပုံတော်တစ်ဆူနှင့် ဓာတ်တော်မွေတော် တို့ကို ဌာပနာ၍ ယင်းလက်ဆောင်ရ မဟာဗောဓိပုံအတိုင်း ကုလားကျောင်းခံ၊ လိုဏ်(၂)ဆင့်ကွမ်းတော်နှင့်စေတီပေါက် အထွက်တင်ကာတည်ခဲ့၏။ ထိုကာလ မတိုင်မီ အိန္ဒိယဂယာ၌ မဟာဗောဓိပုထိုး တော်ကြီးအပျက်အစီးများကို မြန်မာ အဖွဲ့သွားရောက်ပြင်ဆင်ခဲ့ဖူးရာ မဟာ ဗောဓိနှင့် သတ္တဋ္ဌာနကို မျက်မြင်တွေ့ရှိ ခဲ့၏။ ၎င်းတို့အဆက်အနွယ်များ ပုဂံ မဟာဗောဓိတည်ရာတွင် ပါဝင်သည်ဟု ယူဆကြသည်။ ထိုအတွက် ပုဂံမဟာ ဗောဓိစေတီမှာ မူရင်းပုံတော်နှင့် အချိုး အစားဆင်တူသကဲ့သို့ သတ္တဋ္ဌာနများ လည်း ပါဝင်ပါသည်။

ဆင်းတုတော်ဦးချ၊ ဂေါပကများ ထံ အလှူထည့်၊ စာအုပ်များဝယ်၊ ဂေါပကစာရင်းကိုကြည့်တဲ့အခါ မိတ်ဆွေ ဟောင်းတစ်ဦးဖြစ်တဲ့ ဦးဇော်ဝိတ်က ဂေါပကအဖွဲ့ဝင်တဲ့။ ဒီအရွယ်တွေ ဒီအလုပ်ကြရမယ့်အချိန်ပဲကိုး။ တစ်ဖက် မှာတော့ စည်ကြီးတစ်လုံး လှလှပပပြင် ဆင်ချိတ်ဆွဲထားလေ၏။ စည်မျက်နှာ သားရေတွင် 'ဗုံမဟုတ်ပါ'ဟု ရေးထား ၏။ (မိမိအိမ်မှာ ခတ်ပုံအယ်ဘမ် ကြည့်ရင်း ခယ်မက ဗုံမဟုတ်ပါဆိုတော့ ဘာလဲမေး) အဖြေက ရေးထားပြီးရှိ သည်။ 'မင်္ဂလာအောင်စည်တော်' နှင်းဆီ နက်စားသောက်ဆိုင်မိသားစုကောင်းမှု တဲ့။ လူငယ်များမှတ်သားဖွယ်ဖြစ်၏။

စာရေးသူက ဧည့်ခံတန်းမှာ ခဏ ဝင်ထိုင်ရင်း ဂေါပကများကို ဘုရားပွဲ လုပ်ဖြစ်သလားမေးတဲ့အခါ မြို့သစ်ကို အိမ်ခြေတွေပြောင်းကြတော့ မလုပ်နိုင် ကြတော့ဘူးပေါ့။ ဘုန်းကြီးငါးပါးပင့် အနေကဇာတင်တာလောက်ပဲလုပ်နိုင် ကြတော့တယ်တဲ့။

ဂေါပကများနှင့်စကားလက်ဆုံကြ နေတုန်း နိုင်ငံခြားသားသုံးဦးဝင်လာ ဆင်းတုတော်ကြီးဝင်ကန်တော့၊ လူရွယ် တစ်ဦးက ရှေးသစ်သားတံခါးကြီး သစ် စေးရွှေးနီသုတ် ရွှေချထားသည် ခတ်ပုံရိုက်နေ၏။ ထိုလူရွယ်က

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူကို ဂေါပကအဖွဲ့ဝင်ထင်ပုံရပြုံးနှုတ်ဆက်သည်။ စာရေးသူက ဘယ်နိုင်ငံကလာကြတာလဲမေးတော့ ပြောချင်လျက် လက်တို့ဆိုသလိုဖြစ်သွားပြီး အဘိုးကြီး၊ အဘွားကြီးက သူ့ပါပါနှင့်မားမား။ သူ့မားမားက မြန်မာပြည်ပေါက် ရန်ကုန်သူ။ အသက်ကြီးလာလို့ သွားနိုင်လာနိုင်တုန်း အိန္ဒိယက မြန်မာပြည်ကို ကြိုးစားပြီး မားမားလာချင်လွန်းလို့လိုက်ပို့တာဖြစ်ကြောင်း၊ အဖေက အိန္ဒိယနိုင်ငံအလယ်ပိုင်းသားဖြစ်ကြောင်း။

အဘွားကြီးက ကြည်နူးလွန်းလို့ မျက်လုံးတွေတောက်ပနေတာ တွေ့ရလို့ စိတ်ချမ်းသာလိုက်တာ။ သုံးဦးသားလက်အုပ်လေးတွေချီ နှုတ်ဆက်ရင်း ထွက်သွားကြသည်။ မြန်မာပြည်ရောက်လို့မှ ပုဂံမရောက်လျှင် ဘယ်ပြည်စုံပါမလဲလေ။

သတ္တဌာနကိုပတ်ရန် အာရုံခံတန်ဆောင်းမှထွက်၊ နီးရာ အနီမိသစေတီနှင့် လိုဏ်အတွင်း ဆင်းတုငယ်မှာ ကြည်ညိုဖွယ်ရှိ၏။ အတွင်းဘက်ရတနာယရရွှေစံအိမ်ဆက်လျှောက်ရာ ခြေဖဝါးများအပူဒဏ်မခံနိုင်။ခုန်ဆွခုန်ဆွပြေးရ၏။ သံစကာကာ၊ အုတ်ပုံအပြတ်များတစ်နေရာ၌ 'ပုဂံခေတ်စဉ့်ပန်းများ' ဟု စာညွှန်းတစ်ခုကို ဖတ်မိသော်လည်း ဘာစဉ့်ပန်းမှမတွေ့ရ။ ဘုရားထဲပြန်ဝင် ဂေါပကများအား စဉ့်ပန်းအကြောင်းမေးရာ မကြာသေးမီနှစ်က ငလျင်တွင်ပျက်သွားသည်ဟု သိရ၏။ သို့နှင့် ရွှေနီသုတ်ကနုတ်ပန်းများကိုရွှေချထားသော သစ်သားတံခါးအိုကြီးကိုဓာတ်ပုံရိုက်စဉ် အဝင်ဝနဖူးစည်းပေါင်တန်းမှာ အညိုရောင်ပြောင်ပြောင် ပန်းတန်းတစ်ခုတွေ့သေချာကြည့်တော့ ပုဂံခေတ် စဉ့်ပန်းဟု ယူဆရတာ တွေ့၏။ သို့ဖြင့် ကင်မရာအနီးဆွဲမှန်ဘီလူး(Zoom)ဆွဲရိုက်ခဲ့သည်။ အိန္ဒိယမဟာဗောဓိသကဲ့သို့ အရှေ့လှည့်ဘုရားဖြစ်ကာ အုတ်ကျောင်းနှင့်ကွမ်းတောင်မျက်နှာပြင်မုခ်ကပ်လိုဏ်များ၌ မုခ်အနေအထားကိုလိုက်၍ မတ်ရပ်၊ ထိုင်လျက်၊ လျောင်းတော်မူဗုဒ္ဓရုပ်ပွားများ၊ ဗောဓိသတ္တ (ဘုရားအပေါင်း) ပုံတော်များ (၄၆၅) ဆူရှိသည်ဆိုသည်။ ကုလားကျောင်းလိုဏ် (၂) ဆင့်အတွင်း ဆင်းတုတော်ကြီး (၂) ဆူမှာ ဘူမိဖဿမုဒြာများဖြစ်သည်။ အတွင်း (တောင်ဘက်) မှ လှေကားဖြင့်အပေါ်တက်နိုင်သော်လည်း ယခု ခွင့်မပြု၍ အထက်လိုဏ်ဘုရားမဖူးခဲ့ရပါ။

မဟာဗောဓိကထွက် ဧရာပိုတယ်လမ်းအတိုင်း မြစ်ဘက်ကို လျှောက်လာလမ်း၌ ယခင်ရွာဟောင်းတုန်းက အိမ်တွေကြားမပေါ်လွင်ခဲ့တဲ့ဘုရားငယ်တွေကို ဘုရားအမှတ်များနှင့်ပြုပြင်ပြီး အနေအထားအုတ်ခုံသည် ကျောက်စာသစ်များနှင့် တွေ့ရ၏။ ဦးဆုံးဘုရားအမှတ် (၁၆၆၆)အတုလမာန်အောင်စေတီတော် မြတ်ကိုဖူးမြော်ရင်း ကျောက်စာတမွှည်းဖတ်ကြည့်တော့ ကျန်စစ်မင်းကြီးကောင်းမှုတော် ပစ္စယံသုံးဆင့်ပါ ဉာဏ်တော် (၄၅)ပေမြင့်သည်။ (ကျန်စစ်မင်းကြီး၏ကောင်းမှုတော် ရွှေထီးဆောင်းဘုရားနှင့်ကပ်လျက်ရှိသည်။ ဤစေတီအတွင်း၌ စေတီတော်တစ်ဆူကိုငုံ၍တည်ထားခြင်းဖြစ်သည်။ (အေဒီ ၁၁ ရာစု) အတွင်းက တည်ထားကိုးကွယ်ခဲ့သောစေတီတော် ဖြစ်သည်ဟုသာဖော်ပြပြီး ဘုရားသမိုင်း (Legend)ဖြစ်စဉ် မပါရှိပါ။ အင်္ဂလိပ်ဘာသာဖြင့် ကျောက်စာအတွင်း အလားတူ 'IT IS ONE OF THE ENCASE PAGODAS. THE DATE BEING AD 11th CENTURY' ဟု ရေးထား၏။ ဤတွင်ဖတ်မိသောစာရေးသူမှာ ငုံထားသောအတွင်းစေတီကား မည်သူ၏ကုသိုလ်တော်၊ ဘွဲ့အမည် စသည် သိလိုသောစိတ်များ အထူးပင် နိုးဆွစေပါတော့သည်။

ထိုမှ ပေ(၂၀)ခန့်ဆက်လျှောက်တော့ ရှေ့ကျောက်စာမှာညွှန်းထားသည့် ရွှေထီးဆောင်းဘုရားကိုရောက်ရှိသည်။ အာရုံခံလိုဏ်မုခ်အတွင်း ဘွဲ့တော်နှင့်လိုက်လျောညီစွာ ရွှေထီးများ၊ ရွှေရောင်မျက်နှာကြက်၊ ရွှေသက်န်းများလွှမ်းလျက် ပူဇော်ပသသူများဟုသိရသည်။ ရွှေထီးဆောင်းဘွဲ့အမည်ပူဇော်ခဲ့သည်မသိနိုင်သော်လည်း ရာစုနှစ် ၉ ခုတွင် ယခုကာလ၌ မင်းကြီးကုသိုလ်တော် ရွှေထီးဆောင်းကိုယ်တော်ကြီးတွင် 'ပညတ်သွားရာ ဓာတ်သက်ပါ' ဆိုသကဲ့သို့ ရွှေထီးများဆောင်းလျက်နေသည်ကို ကြည်ညိုရလျှင် ဝမ်းမြောက်ဝမ်းသာရှိမှာ ဧသချာပါတော့သည်။

ယခုတစ်ခေါက် ပုဂံ (မြို့ဟောင်း) ရောက်လျှင် သရပါရှိရာ အရှေ့ဘက်မြို့ရိုးအနီးက မင်းကျော်စွာနတ်ကွန်းကို မှတ်တမ်းဓာတ်ပုံရိုက်ရန် စိတ်ကူးရှိ၍ ဧရာပိုတယ်လမ်းမှ အရှေ့ဘက်လူသွားလမ်းချိုးကိုလိုက်ခဲ့၏။ ဘုရားအချို့ဖြတ်လာပြီး မြို့ရိုးသာရောက်သည်။ ယခင်ရှိခဲ့သောနေရာ၌ နတ်ကွန်းမတွေ့တော့။ လွန်ခဲ့သော နှစ်(၃၀)ကျော်က ထိုလမ်းလေးမှာ လူသွားလူလာစည်ကားလှကာ မိတ်ဆွေရင်း ဒေါက်တာ ခင်မောင်စိုးနှင့် အစ်မကြီးတို့နေအိမ် (ယခု သီရိဇေယျဘူမိ ပုဂံရွှေနန်းတော်ရှိရာနေရာအတွင်း) သို့ စာရေးသူသွားနေကျ။ ရောက်လျှင် အစ်မကြီးသည် ကျန်းမာရေးအတွက် ကိုယ်တိုင်ဖျော်နှပ်ထားသော မန်ကျည်းဖျော်ရည်သောက်နေကျ ဖြစ်သည်။ (ယခင် - ပညာရေးသုတေသနဗျူရို) ဦးခင်မောင်ဌေး (ယခင် သီရိပစ္စယာဟိုတယ်မန်နေဂျာ) တို့မှာ ညီအစ်ကိုများဖြစ်ကြ၏။ ယခု ထိုနေရာတစ်ဝိုက် နန်းတော်သစ်ကြီး၊ ထိုအဆောက်အအုံနောက်ဘက်စည်းရိုးနှင့် ချုံနွယ်များပိတ်ဖုံးလျက်ရှိတော့သည်။

အရှေ့ဘက်မြို့ရိုး၊ကျုံးတို့နှင့်ကပ်လျက် လူနေအိမ်များနှင့်တစ်ဆက်တည်းရှိခဲ့သော ကျန်စစ်မင်းကြီး၏ ကုသိုလ်တော်ဗွာစ်ဆူပင်ဖြစ်သည့် စောင်းတန်းကြီးဘုရားအိုလေးမှာ ယခုအခါ ဘုရားပုရဝိုဏ်မြေကိုသန့်၊ စေတီကြီးတစ်ဆူလုံးပြန်လည်မွမ်းမံပြင်ဆင်ထားပြီး သမိုင်းကျောက်စာချက်အသစ်စိုက်လျက်ရှိသည့်အပြင် (အေဒီ ၁၁ ရာစုတွင် ကျန်စစ်မင်းကြီး တည်ထား ကိုးကွယ်ခဲ့သော စောင်းတန်းကြီးဘုရား၊ ဘုရားအမှတ် ၁၆၈၅) ဟု ဆိုင်းဘုတ်နှင့် ကိုယ့်ပိုင်နံပါတ်ထိုးကာ သပ္ပာယ်လှစွာ ဖူးတွေ့ခဲ့ရပါတော့သည်။

(ဆက်ပါဦးမည်)

ချစ်ဆန်းသစ်

**ရည်ညွှန်း** -

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ပုဂံစေတီပုထိုးများ
ဦးမောင်မောင် (ဘီအေ) သမိုင်း၊ ရန်ကုန်တက္ကသိုလ် (၂၀၀၄)
တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်သမိုင်း၊ စေတီတော်သမိုင်းပြုစုရေးအဖွဲ့၊ ကောဇာသက္ကရာဇ် ၁၃၄၈ ခု၊ ခရစ်နှစ် ၁၉၈၇ ခု
ဘုန်းကြီးမှတ်စု (ခေါ်) မှတ်စုပဒေသာ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ (၁၉၉၅)



www.burmeseclassic.com

www.burmeseclassic.com



# စံ-ကေတု

## သာသနာမကွယ်ဖို့ ကြည်ညိုတတ်ကြစို့

ကျွန်ုပ်တို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၈) အပိုဒ် (၃၆၁) ၌ 'နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာဖြစ်သည်ဟု နိုင်ငံတော်ကအသိအမှတ်ပြုသည်'။

အပိုဒ် (၃၆၂) ၌ 'နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍အသိအမှတ်ပြုသည်'။

အပိုဒ် (၃၆၃)၌ 'နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာကို တတ်နိုင်သမျှကူညီစောင့်ရှောက်မည်'။

အပိုဒ် (၃၆၄) ၌ 'နိုင်ငံရေးကိစ္စ အလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေး၊ ဘာသာရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့် တစ်ဖက် တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်းမုန်းတီးခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည် ဟူ၍ ကိုးကွယ်ရာဘာသာသာသနာနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားပေသည်။

အထက်ပါ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်၌ 'ဘာသာသာသနာ'ဟူ၍ တစ်ဆက်တည်း တွဲသုံးပြဋ္ဌာန်းထားသည်ကို တွေ့ရပေသည်။ ဤ၌ ဘာသာနှင့် သာသနာတို့၏ မတူကွဲပြားမှုကို ခွဲခြားသိရန် လိုအပ်ပေသည်။ ဘာသာဟူသည်မှာ အယူဝါဒဖြစ်သည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ စသည်ဖြင့်သုံး၏။ သာသနာဆိုသည်ကား အကျင့်တရား၊ ဆုံးမစကားဖြစ်ပေ၏။ ဗုဒ္ဓသာသနာဆိုရာတွင် မြတ်ဗုဒ္ဓ၏ ဆုံးမလမ်းညွှန်ချက်များအဖြစ်သိအပ်၏။ လိုက်နာကျင့်ဆောင်ရမည့်အကျင့်တရားများအဖြစ်ယူရမည် ဖြစ်သည်။ ထို့ကြောင့် ဘာသာမှာ အယူဝါဒဖြစ်၍ သာသနာမှာ အဆုံးအမဖြစ်သည်ဟု အကျဉ်းအားဖြင့် ရှင်းလင်းသိစေချင်လေသည်။

မြတ်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးသောအခါ ချမ်းသာအေးငြိမ်းစွာနေနိုင်ပါလျက် သတ္တဝါဝေနေယျတို့အကျိုးငှာ စလယ်ဆုံးစကားလုံးပရိယာယ်ပြည့်ကြွယ်စွာဖြင့် အနက်အဓိပ္ပာယ်ပြည့်စုံသောတရားတော်ကို လေးဆယ့်ငါးနှစ်တာကာလပတ်လုံး ဟောဖော်ပြောပြဆုံးမတော်မူခဲ့လေသည်။ သိက္ခာသုံးပါးမြတ်တရားကား သီလ၊ သမာဓိ၊ ပညာတည်း။ သာသနပြဟ္မစရိယ - ဘုရားအဆုံးအမဖြစ်သော မြတ်သောအကျင့်ဖြစ်ပေသည်။ တရားဓမ္မဟောပြသောမူရင်းပင် ထိုသိက္ခာသုံးဖြာသာသနာတော်သည်လည်း တည်ထောင်ပြီးဖြစ်တော့၏။ မြတ်ဗုဒ္ဓ၏ သာသနာတော်ထွန်းပေါ်လာသောအခါ တရားတော်ကို သဘောကျ၍ ကျင့်ကြံအားထုတ်လိုသောပုဂ္ဂိုလ်၊ တရားတော်ကို နာကြားရုံဖြင့်ကျင့်မှုကိစ္စပြီးမြောက်၍တရားပေါက်သောပုဂ္ဂိုလ်များ ပေါ်ထွန်းလာတော့၏။ ထိုပုဂ္ဂိုလ်တို့သည် သာသနာ့ဝန်ထမ်းရှင်ရဟန်းတော်များပင်တည်း။ သံဃာတော်များအဖြစ် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာရန်အမှန်ကို ညွှန်ပြဆုံးမ သတ္တဝါတို့အား ဒုက္ခမှကယ်မကြသည့် ကျွန်ုပ်တို့၏ဆရာများဖြစ်ကြပါတော့သည်။

ကျွန်ုပ်တို့ ကိုးကွယ်ယုံကြည်ရာ မြတ်ဗုဒ္ဓသာသနာသည် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် တည်းဟူသော ကိုးပါးသောတရားပင်တည်း။ သာသနာတော်အရှည်တည်တံ့အောင် သာသနာတော်၏အသက်ဖြစ်သည့် လူတို့တွင် သီလ၊ ရဟန်းတို့တွင် ဝိနည်းသိက္ခာကို စောင့်ရှောက် ထိန်းသိမ်း အားထုတ်ကြရမည်ဖြစ်ပါသည်။ 'ဝိနယော နာမ သာသနဿ အာယု - ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်' ဟု ရဟန္တာအရှင်မြတ်တို့ မိန့်တော်မူထားခဲ့ကြပေသည်။

ယခုအခါ ကျွန်ုပ်တို့ ထေရဝါဒသာသနာကိုးကွယ်ကြရာ၌ ရဟန်းရှင်လူပြည်သူအများပင် ဝိနည်းသိက္ခာ၊ သီလအရာထက် တန်ခိုးဣဒ္ဓိမဟိဒ္ဓိပုဂ္ဂိုလ်၊ ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ရိတို့ကို အားကိုးယုံကြည်မှုများ ပြန့်ပွားထွန်းကားလာနေပေသည်။ နိုင်ငံတော်အစိုးရမင်းများကိုယ်တိုင်လည်း ထိုထိုပုဂ္ဂိုလ်တို့အား ဆရာအရာထား၍ 'အမှုတော်မှ သီလစောင့်နိုင်မည်'ဟူသောသီလဖျက်စကားများဖြင့်လည်းကောင်း၊ ဘုရားတည်ကျောင်းဆောက်အမှုများကိုပင် သာသနာပြုသည်ဟူသော စကားများဖြင့် ဝိနည်းသိက္ခာများကို[illegible] စီးစေလျက် လည်းကောင်း အမှ[illegible]စွာ

www.burmeseclassic.com

www.burmeseclassic.com

ထက် အလိမ်အညာမေတ္တာများဖြင့်ကံကြီး ထိုက်မည့်အဆိုအမိန့်များကိုပြန့်ပွားစေလျက်ရှိခဲ့ရာ ကျွန်ုပ်တို့မှာ ကပ်သုံးပါး ဘေးမှ ပြေးမလွတ်နိုင်တော့မည့်အခြေအနေသို့ မသိမသာမှ သိသိသာသာ ရောက်ရှိလာနေပေတော့သည်။

မြတ်ဗုဒ္ဓပွင့်ထွန်းသီတင်းသုံးတော်မူခဲ့သည့် အိန္ဒိယနိုင်ငံသည် သာသနာတော်စည်ပင်ရာ မူရင်းဒေသဖြစ်ပါလျက် မြတ်ဗုဒ္ဓ၏သာသနာတော်မှာ ယခုအခါ ကွယ်ပျောက်လျက်ရှိနေပေသည်။ အဘယ်ကြောင့် အိန္ဒိယတွင် သာသနာကွယ်ရသည်ကို ရာဟုလာသံကိစ္စည်းက ၁၉၇၃ ခုနှစ်၊ မဟာဗောဓိဂျာနယ် (၈၁/ ၉) ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

## ■ အိန္ဒိယမှာဘာကြောင့်သာသနာကွယ်

ခရစ်နှစ် ၅ ရာစုနောက်ပိုင်းမှစ၍ ဘုရင်၊ သူဌေးများကိုးကွယ်၍ ခမ်းနားသောကျောင်းများ ဆောက်လှူကာ အလှူအတန်းများ ရက်ရောလာကြရာ အရည်အချင်းမမီသော အညံ့စားပုဂ္ဂိုလ်များ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသည်။ ၎င်းအညံ့စားရဟန်းတို့သာ အားကောင်းလာသောအခါ ဝိနည်းကို ပေါ့ပေါ့တန်တန်လုပ်ပစ်ကြ၏။ ဂန္ထဓုရ၊ ဝိပဿနာဓုရကို မလိုက်နာကြ။ စားကာ သောက်ကာနေလာကြ၏။

ထိုရဟန်းတို့တပင် မန္တန်စုတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ အင်းချ၊ မှော်ဝင်၊ ဆေးကုခြင်း၊ သမထအာရုံပြုခြင်း စသောလောကီကိစ္စသိဒ္ဓိများကိုပြကာ လူပြိန်းများအား သိမ်းသွင်းဆွဲဆောင်ကြ၏။ ရဟန်းတို့၌ အတွင်းသာသနာအင်အားလျော့ညံ့လာသောအခါ အချို့ရဟန်းများ ဂန္ဓာရီဝိဇ္ဇာလမ်းစဉ်များဆီသို့ အာရုံစိုက်သွားကြသည်။

ဝိနည်းတော်နှင့်အညီနေထိုင်သော ရဟန်းကောင်းများ ဆင်းရဲငြိုငြင်ကာ အားနည်းသည်ထက် နည်းပါးသွားကြလေ၏။

ရန်သူများဝင်လာကြသောအခါ ဝိဇ္ဇာဇော်ဂျီဂိုဏ်းဝင်များ သူတို့၏တန်ခိုးကုဒ္ဓိတို့ဖြင့် ခုခံကာကွယ်ကြသော်လည်း အချည်းနှီးဖြစ်ခဲ့ရ၏။ ဝိဇ္ဇာဂိုဏ်းကြီးပေါ်ထွန်း၍ ရဟန်းတို့၌ အတွင်းသာသနာအင်အားပျက်ပြားခြင်းသည် အိန္ဒိယ၌ သာသနာကွယ်ပရခြင်း၏ အဓိကအကြောင်းကြီးပေတည်း။

အမရပူရမြို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက အခြေပြုပဋ္ဌာန်းတရားတော်စာအုပ် စာမျက်နှာ 'ယာ'စာပိုဒ် 'လေး'၌ ကျွန်ုပ်တို့နိုင်ငံ၏ မြတ်ဗုဒ္ဓသာသနာအားနည်းခြင်းအကြောင်းကို အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

## ■ သာသနာအားနည်းခြင်း၏အကြောင်းများ

ထို့ကြောင့် သာသနာတော်အားနည်းရခြင်းအကြောင်းများကို လက်တွေ့အားဖြင့် စဉ်းစားရပေလိမ့်မည်။ ထိုသို့ စဉ်းစားသောအခါ အဝေးကိုလှမ်း၍ မစဉ်းစားဘဲ မိမိတို့နေရာမြို့ရွာဒေသကို စဉ်းစားရုံမျှဖြင့် သဘာဝကျကျသိနိုင်ပါလိမ့်မည်။ မှန်၏။သမုဒ္ဒရာရေ၏အရသာကိုသိလိုလျှင် မိမိမျက်မြင်သမုဒ္ဒရာရေကို သောက်ကြည့်က သမုဒ္ဒရာတစ်စင်းလုံးငန်သောအရသာကို သိနိုင်သကဲ့သို့တည်း။ ထို့ကြောင့် မိမိတို့နေရာ၌ သာသနာတော်အားနည်းရခြင်းအကြောင်းများကို စဉ်းစားသောအခါ အောက်ပါအကြောင်းများကို တွေ့ရပေလိမ့်မည်။

(က) သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များ၏ ဝန်ဆောင်ပုံအားနည်းမှု။

(ခ) ကိုးကွယ်သူတို့အား လိမ္မာယဉ်ကျေးအောင် မသင်ပြမဟောပြောနိုင်မှု။

(ဂ) သာသနာကိစ္စ၌ အတုအယောင်တွေပေါ်များမှု။

(ဃ) တိုင်းသူပြည်သားတို့ စီးပွားရေးကျပ်တည်းမှုနှင့် အပျော်အပါးအားကြီးမှု။

(င) စစ်ဘေးစစ်ဒဏ်ခံရမှု။

အထက်ပါဖော်ပြချက်များကြောင့် ကျွန်ုပ်တို့နိုင်ငံ၌ သာသနာအားနည်းလာလျက်ရှိရာ အနောက်တံခါးမလုံခြုံမှုပြဿနာပါ ထပ်ဆင့်ဖိအားဖြစ်ပွားလာနေပြန်ပါသည်။ ထို့ကြောင့် ဆရာဒကာဟန်ချက်ညီစွာဖြင့် သာသနာတော်ကြီးအားကောင်းလာအောင် ပြုပြင်အားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သိင်္ဂါလောဝါဒသုတ်လာ ရဟန်းကျင့်ဝတ် (၆) ပါးမှာ -

*မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူ၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမူ၊ ခြောက်ခုလွှန်သချာ။*

၁။ မကောင်းမှုမပြုလုပ်ရန် တားမြစ်ဟောပြောရခြင်း၊

၂။ ကောင်းမှုကုသိုလ်ပြုလုပ်ရန်အတွက် ညွှန်ပြဟောပြောရခြင်း၊

၃။ ထူးခြားသောတရားအသစ်များကို ဟောကြားရခြင်း၊

၄။ နာဖူးသောတရားကို ထပ်မံ၍ဟောကြားရခြင်း၊

၅။ နတ်ပြည်သို့ရောက်ဖို့နည်းလမ်းကို ညွှန်ကြားဟောပြရခြင်း၊

၆။ ဒကာ၊ ဒကာမတို့အား စေတနာမေတ္တာထား၍ ဆုံးမဟောကြားရခြင်းတို့ ဖြစ်၏။

ဒါယကာကျင့်ဝတ် (၅) ပါးမှာ -

*မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။*

၁။ ရဟန်းသံဃာများတို့အပေါ်၌ မေတ္တာစိတ်ရှေ့ထားရခြင်း၊

၂။ ရဟန်းသံဃာတော်တို့အတွက် ဆောင်ရွက်စရာများကို ချစ်ခင်လေးစားစေတနာထား၍ ဆောင်ရွက်ရခြင်း၊

၃။ ခင်ခင်မင်မင် လေးလေးစားစား နှုတ်ချိုကြည်သာစွာ ပြောဆိုရခြင်း၊

၄။ အလိုရှိသောအရာကိုတောင်းပါဟု ဖိတ်ထားရခြင်း၊

၅။ တတ်နိုင်သမျှလှူဒါန်းရခြင်းတို့ ပင်တည်း။

ဤတွင် ကျွန်ုပ်တို့ဒကာ၊ဒကာမများအနေနှင့် ပရိယတ္တိဝန်ဆောင်ရဟန်း၊ ပဋိပတ္တိဝန်ဆောင်ရဟန်း၊ ပဋိဝေဓဝန်ဆောင်ရဟန်းတော်များအား ကွဲကွဲပြားပြား ခွဲခွဲခြားခြားသိမြင်အပ်လှသည်။ ရွေးချယ်ကိုးကွယ်မှုမှန်ဖို့ လိုအပ်လှပေသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ နေထိုင်ကျင့်ကြံခြင်းမရှိသည့် ဒုဿီလရဟန်း၊ အလဇ္ဇီရဟန်း၊ မိစ္ဆာဒိဋ္ဌိရဟန်းများကြဉ်ရှောင်၍ အဆိပ်ပင်ရေလောင်းမဖြစ်ရအောင် မကိုးကွယ်၊ မဆည်းကပ်၊ မချဉ်းကပ်ကြရန် အရေးကြီးလှပေသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ နေထိုင်ကျင့်ကြံလျက်ရှိကြသည့် သာသနာ့ဝန်ဆောင်ရဟန်းတော်များအားကောင်းလာအောင် ရွေးချယ် ကိုးကွယ်လှူဒါန်းကြရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဓမ္မကထိကကိုယ်တော်များက မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ကြာကန်ကြီးနှင့်ဥပမာထား၍ ရဟန်းတော်များမှ ထိန်းသိမ်းစောင့်ရှောက်တော်မူနေခြင်းကိုဟောပြောနေကြသည်။ သီလပျောက်ကြား ကျိုးပေါက် ပရိယတ္တိဝန်ဆောင် လောက်ဖြင့် သာသနာတော်ကိုစောင့်

www.burmeseclassic.com

www.burmeseclassic.com

ရှောက်၍ မရနိုင်ကြောင်းကို ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးမှ အတိအလင်း ဟောဖော်ညွှန်ပြထားပေသည်။

မဟာဂန္ဓာရုံ၏လမ်းစဉ်(၁၀)ချက်မှာ -

၁။ စိတ်ကောင်းရှိဖို့က ပထမ၊
၂။ ဝိနည်းလေးစားဖို့က ဒုတိယ၊
၃။ ကျန်းမာဖို့က တတိယ၊
၄။ သန့်ရှင်းဖို့က စတုတ္ထ၊
၅။ အဝတ်အစားတတ်ဖို့က ပဉ္စမ၊
၆။ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ၊
၇။ အပြောအဆိုတတ်ဖို့က သတ္တမ၊
၈။ အသွားအလာတတ်ဖို့က အဋ္ဌမ၊
၉။ စည်းကမ်းလိုက်နာဖို့က နဝမ၊
၁၀။ စာတတ်ဖို့က ဒသမ

ဟူ၍ ပြဋ္ဌာန်းထားပေသည်။

ရဟန်းသီလစောင့်ထိန်းကြရာ၌ မြတ်ဗုဒ္ဓအဆုံးအမနှင့်အညီ ကျင့်ဆောင်ကြရာတွင် ပို၍ဂုဏ်ကျေးဇူးကြီးမားသည့် ဓုတင်အကျင့်တစ်ဆယ့်သုံးပါးရှိပေသည်။ ယင်းဓုတင်အကျင့်နှင့်ကင်းသောရဟန္တာဟူ၍မရှိကြောင်းကို သင်္ဂါယနာတင်ဂန္ထဝင်ကျမ်းစာ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်အမေးအဖြေ၌ အတိအကျ ဂယနဏ ဖြေဆိုဟောပြထားပေသည်။

■ **ဓုတင်(၁၃) ပါး**

၁။ **ပံ့သုကူဓုတင်** - ဂဟပတိစီဝရံ ပဋိက္ခိပါမိ။ ပံ့သုကူလိကင်္ဂ သမာဒိယာမိ။

ဒါယကာတို့လှူဒါန်းသောသင်္ကန်းကောင်းကိုပယ်ပါ၏။မြေမှုန့်အလိမ်းလိမ်းကပ်နေသောအဝတ်စုတ်ကို ကောက်ယူချုပ်စပ်ထားသော ပံ့သုကူသင်္ကန်းဝတ်ရုံခြင်းတည်းဟူသောအင်္ဂါကိုဆောက်တည်ပါ၏။

၂။ **တိစီဝရိတ်ဓုတင်**-စတုတ္ထစီဝရံ ပဋိက္ခိပါမိ။ တေစီဝရံ ကင်္ဂသမာဒိယာမိ။

လေးထည်မြောက်သောသင်္ကန်းကိုပယ်ပါ၏။ ဒုကုဋ်၊ ဧကသီ၊ သင်းပိုင်တည်းဟူသော သင်္ကန်းသုံးထည်သာဆောင်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၃။ **ပိဏ္ဍပါတ်ဓုတင်** - အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂသမာဒိယာမိ။

ဆွမ်းခံ၍ရသမျှထက်ကျော်လွန်သောလာဘ်ကိုပယ်ပါ၏။ ဆွမ်းခံ၍စားသောက်ခြင်း တည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၄။ **သပဒါနဓုတင်**-လောလုပ္ပစာရံ ပဋိက္ခိပါမိ။ သပဒါနစာရိကင်္ဂသမာဒိယာမိ။

လှုပ်ပေါ်လော်လည်စွာ အိမ်ကျော်၍ဆွမ်းခံခြင်းကိုပယ်ပါ၏။ တစ်နေရာတည်းတစ်ထိုင်တည်း၌ စားသောက်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၅။ **ဧကာသနိက်ဓုတင်**- နာနာသနဘောဇနံပဋိက္ခိပါမိ။ ဧကာသနိကင်္ဂသမာဒိယာမိ။

အထူးထူးသောနေရာ၌စားသောက်ခြင်းကိုပယ်ပါ၏။ တစ်နေရာတည်း၊ တစ်ထိုင်တည်း၌ စားသောက်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၆။ **ပတ္တပိဏ်ဓုတင်**-ဒုတိယဘောဇနံပဋိက္ခိပါမိ။ ပတ္တပိဏ္ဍိကင်္ဂသမာဒိယာမိ။

နှစ်ခုမြောက်သောခွက်၌ စားသောက်ခြင်းကိုပယ်ပါ၏။ သပိတ်ထဲမှရှိသမျှဆွမ်းကို စားသောက်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၇။ **ခလုပစ္ဆာဘတ္တိကဓုတင်** - အတိရိတ္တဘောဇနံပဋိက္ခိပါမိ။ ခလုပစ္ဆာဘတ္တိကင်္ဂသမာဒိယာမိ။

အတိရိတ်ဝိနည်းပြုပြီးသောဆွမ်းကိုပယ်ပါ၏။ အတိရိတ်ပြုပြီးသောနောက်မှရရှိသောဆွမ်းကို ဝိနည်းကံဖြင့်အပ်စပ်အောင်ပြု၍ မစားသောက်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၈။ **အရညကဓုတင်** - ဂါမန္တသေနာသနံ ပဋိက္ခိပါမိ။ အရညိကင်္ဂသမာဒိယာမိ။

ဥပစာနှင့်တကွသော ရွာနားကျောင်းကိုပယ်ပါ၏။ တောထဲ၌ အာရုံတက်စေခြင်း တည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၉။ **ရုက္ခမူဓုတင်** - ဆန္နံပဋိက္ခိပါမိ။ ရုက္ခမူလိကင်္ဂသမာဒိယာမိ။

အုတ် အစရှိသောငါးမျိုးသောအမိုးကိုပယ်ပါ၏။ သစ်ပင်ရင်း၌ နေထိုင်ခြင်းတည်းဟူသောအင်္ဂါကိုဆောက်တည်ပါ၏။

၁၀။ **အဗ္ဘောကာသိကဓုတင်** - ဆန္နဉ္စရုက္ခမူလဉ္စပဋိက္ခိပါမိ။ အဗ္ဘောကာသိကင်္ဂသမာဒိယာမိ။

အမိုးကို လည်းကောင်း၊ သစ်ပင်ရင်းကိုလည်းကောင်း ပယ်ပါ၏။ ဟင်းလင်းပြင်နေထိုင်ခြင်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၁၁။ **သောသာနိကဓုတင်** - နသုသာနံပဋိက္ခိပါမိ။ သောသာနိင်္ဂသမာဒိယာမိ။

သုသာန်လက္ခဏာမရှိသောနေရာကိုပယ်ပါ၏။ သုသာန်လက္ခဏာရှိသောအရပ်၌နေထိုင်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၁၂။ **ယထာသန္တတိဓုတင်**-သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ။ ယထာသန္တတိကင်္ဂသမာဒိယာမိ။

ရဟန်းတစ်ပါးကို နေရာမှထစေခြင်း၊ တိုးဝှေ့၍အိပ်ခြင်းစသော အိပ်ရာနေရာ၌ လှုပ်ပေါ်လော်လီခြင်းကိုပယ်ပါ၏။ မိမိအတွက် ကျရောက်သောနေရာ၌နေထိုင်ခြင်းတည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

၁၃။ **နိသဇ်ဓုတင်** - သေယျံပဋိက္ခိပါမိ။ နေသဇ္ဇိကင်္ဂသမာဒိယာမိ။

အိပ်ခြင်းကိုပယ်ပါ၏။ ထိုင်လျက်သာနေခြင်း တည်းဟူသောအင်္ဂါကို ဆောက်တည်ပါ၏။

■ **ဓုတင်၏အကျိုးတရားများ**

ဓုတင်အကျင့်သည် နိဗ္ဗာန်ကိုလိုလားသူတို့အား များစွာအကျိုးကျေးဇူးပြု၏။ ပူပန်ခြင်း၊ ပင်ပန်းခြင်း၊ မမွေ့လျော်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဘဝဗြောင့်တံသင်း၊ အညစ်အကြေး၊ စိုးရိမ်ပူဆွေးခြင်း၊ ဆင်းရဲခြင်း၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိနှင့် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်၏။ အခြံအရံအကျော်အစောနှင့် စီးပွားချမ်းသာတို့ကို ဆောင်ရွက်နိုင်၏။ ချမ်းသာစွာနေရခြင်း၊ နှစ်သက်ခြင်း၊ ယောဂကုန်ခြင်းကိုပြုနိုင်၏။ အပြစ်မရှိသောချမ်းသာခြင်းအကျိုးကိုပေးနိုင်၏။ မရေတွက်နိုင်သောဂုဏ်ကျေးဇူးရှိ၏။

ဓုတင်သည် ကုသိုလ်ကံမျိုးစေ့မှ မဂ်ပင်ဖိုလ်ပင်ပေါက်လာခြင်းငှာဖြစ်၏။

ဓုတင်သည် ကိလေသာအညစ်အကြေးကို လောင်ကျွမ်းစေခြင်းငှာ ဖြစ်၏။

ဓုတင်သည် တန်ခိုးစွမ်းအားတိုးပွားစေခြင်းငှာ ဖြစ်၏။

ဓုတင်သည် သတိသံဝရကို မြဲမြံစွာဖွဲ့နှောင်ချည်တုပ်ခြင်းငှာ ဖြစ်၏။

ဓုတင်သည် တွေးတောမှု၊ မဝေခွဲနိုင်မှုကိုဖြတ်တောက်ခြင်းငှာ ဖြစ်၏။

ဓုတင်သည် တဏှာတည်းဟူသော မွတ်သိပ်ခြင်းကိုဖြေဖျောက်ရန်ဖြစ်၏။

ဓုတင်သည် သစ္စာလေးပါးထိုးထွင်းသိခြင်းဖြင့် သက်သာစေခြင်းငှာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မူတင်သည် ဩဃလေးပါးမှလွတ်မြောက်ခြင်းငှာ ဖြစ်၏။

မူတင်သည် ကိလေသာအနာကို ငြိမ်းစေခြင်းငှာ ဖြစ်၏။

မူတင်သည် နိဗ္ဗာန်ချမ်းသာကို ရစေခြင်းငှာ ဖြစ်၏။

မူတင်သည် ဇာတိစသောအကျင့်တို့ကို ပယ်ဖျောက်ခြင်းငှာ ဖြစ်၏။

မူတင်သည် မဂ်ဖိုလ်ကို စောင့်ရှောက်ခြင်းငှာ ဖြစ်၏။

မူတင်သည် မမွေ့လျော်မှု မကောင်းသောအကြံအစည်တို့ကိုတားမြစ်ခြင်းငှာ ဖြစ်၏။

မူတင်သည် မဂ်ဖိုလ်ဟူသော အကျိုးပြု၍ ဆုံးမခြင်းငှာ ဖြစ်၏။

မူတင်သည် မဂ်ဖိုလ်ဟူသောဂုဏ်ကျေးဇူးတို့ကို မွေးမြူခြင်းငှာ ဖြစ်၏။

မူတင်သည် သမထ၊ ဝိပဿနာ၊ မဂ်ဖိုလ်တို့ကို ရှုမြင်ခြင်းငှာ ဖြစ်၏။

မူတင်သည် လူအပေါင်းတို့၏ ချီးကျူးမှုကိုခံယူ၍ တင့်တယ်စေခြင်းငှာ ဖြစ် ၏။

မူတင်သည် အပါယ်လေးပါးကို ဖုံးကွယ်တားမြစ်စေရန် ဖြစ်၏။

မူတင်သည် မဂ်ဖိုလ်တည်းဟူသောတောင်ထိပ်သို့တက်နိုင်စေရန်ဖြစ်၏။

မူတင်သည် ကောက်ကျစ်တွန့်လိမ်၍ မညီညွတ်သောစိတ်ကို ပယ်ဖျောက်ရန် ဖြစ်၏။

မူတင်သည် မှီဝဲအပ်သောတရားနှင့် မမှီဝဲအပ်သောတရားတို့ကို ကောင်းစွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းငှာ ဖြစ်၏။

မူတင်သည် ကိလေသာရန်သူ၏ ခြိမ်းခြောက်ခြင်းကို တားမြစ်ခြင်းငှာ ဖြစ်၏။

မူတင်သည် အဝိဇ္ဇာအမိုက်တိုက်ကို ပယ်ဖျောက်ခြင်းငှာ ဖြစ်၏။

မူတင်သည် သုံးမျိုးသောမီးဖြင့် ပူလောင်ခြင်းကိုငြိမ်းစေခြင်းငှာ ဖြစ်၏။

မူတင်သည် နူးညံ့သိမ်မွေ့၍ ငြိမ်သက်သောသမာပတ်ကို ပြည့်စုံစေခြင်းငှာ ဖြစ်၏။

မူတင်သည် ဗောဇ္ဈင်ရတနာကို ထွက်ပေါ်စေခြင်းငှာ ဖြစ်၏။

မူတင်သည် ယောဂီပုဂ္ဂိုလ်ကို တန်ဆာဆင်ခြင်းငှာ ဖြစ်၏။

မူတင်သည် ငြိမ်းအေးသောနိဗ္ဗာန်ချမ်းသာကို မကျော်လွန်စေရန် ဖြစ်၏။

မူတင်သည် မဂ်ဖိုလ်ဟူသော အရိယာဓမ္မအလိုသို့ လိုက်ပါစေခြင်းငှာ ဖြစ်၏။

■ မူတင်၏ဥပမာများ

မူတင်အကျင့်သည် -

နိဗ္ဗာန်လိုလားသူတို့၏တည်ရာဖြစ်သောကြောင့် မြေကြီးနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ကိလေသာအညစ်အကြေးကိုဆေးကြောတတ်သောကြောင့် ရေနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ကိလေသာအနာကို ရှို့မြိုက်တတ်သောကြောင့် မီးနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ကိလေသာမြူမှုန့်ကို မှုတ်လွင့်တတ်သောကြောင့် လေ နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ကိလေသာအနာကို ပျောက်ကင်းစေတတ်သောကြောင့် အဆိပ်ဖြေဆေးနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ ကိလေသာအဆိပ်ကိုဖျောက်တတ်သောကြောင့် အမြိုက်ရေစင်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ မဂ်ဖိုလ်တည်းဟူသော ကောက်ပင်၏ပေါက်ရောက်ရှင်သန်ရာ ဖြစ်သောကြောင့် လယ်မြေနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား တောင့်တတိုင်း တောင့်တတိုင်းသော လောကုတ္တရာစည်းစိမ်ကို ပေးတတ်သောကြောင့် မနောမယပတ္တမြားနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား သံသရာတည်းဟူသော မဟာသမုဒ္ဒရာ၏တစ်ဖက်ကမ်းသို့ရောက်စေတတ်သောကြောင့် လှေနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား အို၊ နာ၊ သေဘေးတို့မှ သက်သာရာကိုပြုတတ်သောကြောင့် ပုန်းအောင်းရာဌာနနှင့်တူ၏။

နိဗ္ဗာန်လိုလားကုန်သော ကိလေသာဆင်းရဲဖြင့်အနှိပ်စက်ခံနေရသူတို့အား အစဉ်ချီးမြှောက်တတ်သောကြောင့် မိခင်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား မဂ်ဖိုလ်ကိုဖြစ်စေတတ်သောကြောင့် ဖခင်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား ရဟန်း၏ဂုဏ်ကျေးဇူးကို မချွတ်မယွင်းရရှိစေတတ်သောကြောင့် မိတ်ဆွေနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့ကို ကိလေသာအညစ်အကြေးဖြင့် မလိမ်းကျံနိုင်သောကြောင့် ပဒုမ္မာကြာနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ ကိလေသာအနံ့ဆိုးကိုပယ်ဖျောက်နိုင်သောကြောင့် အမွှေးနံ့သာနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ လောကဓံတရားရှစ်ပါးတည်းဟူသော လေအဟုန်ကြောင့် မတုန်လှုပ်နိုင်သောကြောင့် မြင်းမိုရ်တောင်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အတွက် ကျယ်ဝန်းလှသောကြောင့် ကောင်းကင်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ကိလေသာအညစ်အကြေးတို့ကို မျှောပါစေသောကြောင့် မြစ်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား ကိလေသာတောအရှုပ်ထဲမှ လွတ်မြောက်စေသောကြောင့် လမ်းပြကောင်းနှင့်တူ၏။

နိဗ္ဗာန်ကိုလိုလားသောသူတို့အား နိဗ္ဗာန်မြို့တော်ကြီးသို့ ပို့ဆောင်တတ်သောကြောင့် လှည်းမှူးကြီးနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား သင်္ခါရသဘောကိုပြတတ်သောကြောင့် ကြေးမှန်ပြင်နှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား ကိလေသာဆောက်ပုတ်၊ ကိလေသာမြား၊ ကိလေသာလှံတို့မှ ကာကွယ်ပေးတတ်သောကြောင့် ကာနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား ကိလေသာမိုး၊ ကိလေသာနေပူတို့ကိုတားမြစ်ပေးတတ်သောကြောင့် ထီးနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့ကို ချစ်ခင်တောင့်တအပ်သောကြောင့် လနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့၏ မောဟအမိုက်တိုက်ကို ပယ်ဖျောက်တတ်သောကြောင့် နေနှင့်တူ၏။

နိဗ္ဗာန်လိုလားသူတို့အား များပြားလှစွာသော မဂ်ဖိုလ်ရတနာတို့ကိုပေးတတ်သောကြောင့် မဟာသမုဒ္ဒရာနှင့်တူ၏။

■ မူတင်၏ဂုဏ်ကျေးဇူးနှစ်ဆယ့်ရှစ်ပါး

အလုံးစုံသော ဘုရားရှင်တို့ အလေးအမြတ်ပြုအပ်ကုန်သော၊ လိုလားတောင့်တအပ်ကုန်သော မူတင်၏ဂုဏ်ကျေးဇူးတို့ကား နှစ်ဆယ့်ရှစ်ပါးရှိကြ၏။

၁။ အသက်မွေးမှုစင်ကြယ်ခြင်း၊
၂။ ချမ်းသာသောအကျိုးရှိခြင်း၊
၃။ အပြစ်ကင်းခြင်း၊
၄။ သူတစ်ပါးကိုမဆင်းရဲစေခြင်း၊
၅။ ဘေးရန်ကင်းလွတ်ခြင်း၊
၆။ သူတစ်ပါးတို့ မနှိပ်စက်မညှဉ်းပန်းရခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

၇။ ကုသိုလ်တရားတိုးပွားခြင်း၊
၈။ ကုသိုလ်တရားမဆုတ်ယုတ်နိုင်ခြင်း၊
၉။ မာယာမရှိခြင်း၊
၁၀။ ကိုယ်ကိုစောင့်ရှောက်ခြင်း၊
၁၁။ တောင့်တအပ်သောအကျိုးကိုပေးနိုင်ခြင်း၊
၁၂။ သတ္တဝါအားလုံးကို ဆုံးမနိုင်ခြင်း၊
၁၃။ သတ္တဝါအားလုံးကို စောင့်ရှောက်နိုင်ခြင်း၊
၁၄။ သူတော်ကောင်းနှင့်လျော်ကန်ခြင်း၊
၁၅။ သူတစ်ပါးကိုမမှီခိုရခြင်း၊
၁၆။ လာဘ်လာဘမက်မောမှုကင်းလွတ်ခြင်း၊
၁၇။ ရာဂကုန်ခန်းလွယ်ခြင်း၊
၁၈။ ဒေါသကုန်ခန်းလွယ်ခြင်း၊
၁၉။ မောဟကုန်ခန်းလွယ်ခြင်း၊
၂၀။ မာနကိုပယ်စွန့်နိုင်ခြင်း၊
၂၁။ မကောင်းအကြံကို ပယ်ဖြတ်နိုင်ခြင်း၊
၂၂။ ယုံမှားမှုမှလွတ်မြောက်နိုင်ခြင်း၊
၂၃။ ပျင်းရိမှုကိုဖျက်ဆီးနိုင်ခြင်း၊
၂၄။ မမွေ့လျော်မှုကို ပယ်ဖျောက်နိုင်ခြင်း၊
၂၅။ အရာရာ၌သည်းခံနိုင်ခြင်း၊
၂၆။ အတုမရှိခြင်း၊
၂၇။ ယှဉ်ပြိုင်ဘက်ကင်းခြင်း၊
၂၈။ ဆင်းရဲကုန်ရာနိဗ္ဗာန်သို့ရောက်စေနိုင်ခြင်း တို့ ဖြစ်ပါသည်။

ရှေးရှေးဘဝများက ဓုတင်တစ်ဆယ့်သုံးပါးအကျင့်အားကျင့်ခဲ့မှသာ ဤသာသနာတော်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပေသည်။

■ ဓုတင်ကျင့်သူ၏ဂုဏ်ကျေးဇူးတစ်ဆယ့်ရှစ်ပါး

ဓုတင်အကျင့်ကိုကျင့်သုံးသောသူတို့သည် တစ်ဆယ့်ရှစ်ပါးသောဂုဏ်ကျေးဇူးတို့ကို ရရှိကြကုန်၏။

ထိုဂုဏ်ကျေးဇူးတို့မှာ -
ဓုတင်ကျင့်သူ၏ -
၁။ ကျင့်ဝတ်စင်ကြယ်ခြင်း၊
၂။ ကျင့်ဝတ်ပြည့်စုံခြင်း၊
၃။ ကာယကံ၊ ဝစီကံတို့ကို ကောင်းစွာစောင့်ရှောက်ပြီးဖြစ်ခြင်း၊
၄။ ပီတိအလေ့အကျင့်ကောင်းစွာစင်ကြယ်ခြင်း၊
၅။ လုံ့လကို ကောင်းစွာ ချီးမြှောက်ခြင်း၊
၆။ ဘေးဥပဒ်ကင်းငြိမ်းခြင်း၊
၇။ အတ္တဒိဋ္ဌိကင်းငြိမ်းခြင်း၊
၈။ ရန်ငြိုးထားမှုလွတ်ကင်းခြင်း၊
၉။ မေတ္တာတရားရှေ့ရှုထင်ရှားခြင်း၊
၁၀။ အစာအာဟာရကို ပိုင်းခြားကန့်သတ်နိုင်ခြင်း၊
၁၁။ သတ္တဝါအားလုံး၏အလေးအမြတ်ပြုခံရခြင်း၊
၁၂။ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း၊
၁၃။ နိုးကြားမှုရှိခြင်း၊
၁၄။ စွဲလမ်းထားစရာ ကျောင်းတိုက်တာဟူ၍မရှိခြင်း၊
၁၅။ ချမ်းသာရာအရပ်၌နေနိုင်ခြင်း၊
၁၆။ မကောင်းမှုကို စက်ဆုပ်ခြင်း၊
၁၇။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊
၁၈။ အမြဲမပြတ် မမေ့မလျော့ခြင်း တို့ပေတည်း။

ဓုတင်အကျင့်ကို ကောင်းစွာမှီဝဲကျင့်သုံးကုန်သော ရဟန်းတို့သည် ဤဂုဏ်ကျေးဇူးတစ်ဆယ့်ရှစ်ပါးတို့နှင့်ပြည့်စုံကြပေကုန်၏။

■ ဓုတင်ကျင့်ထိုက်သော ပုဂ္ဂိုလ်ဆယ်ယောက်

၁။ သဒ္ဓါတရားရှိသူ၊
၂။ မကောင်းမှုမှရှက်တတ်သူ၊
၃။ သမာဓိရှိသူ၊
၄။ သူတစ်ပါးအထင်ကြီးအောင် အံ့ဖွယ်သရဲမပြုတတ်သူ၊
၅။ အကျိုးစီးပွားရရှိရေး၌ ကြိုးစားအားထုတ်သူ၊
၆။ မလျှပ်ပေါ်သူ၊
၇။ ကျင့်ဝတ်သိက္ခာကိုလိုလားတောင့်တသူ၊
၈။ စွဲမြဲစွာဆောက်တည်ကျင့်သုံးသူ၊
၉။ သူတစ်ပါးကို မကဲ့ရဲ့တတ်သူ၊
၁၀။ မေတ္တာပွား၍နေလေ့ရှိသူတို့သည်သာ ဓုတင်အကျင့်မြတ်ကိုကျင့်သုံးအပ်၏။

ဓုတင်အကျင့်နှင့်မထိုက်တန်သူတို့ကား -

ဝမ်းရေးကိုငဲ့ကွက်သော၊ လာဘ်လာဘကို တပ်မက်သော၊ အခြံအရံအကျော်အစောကိုအလိုရှိသော၊ လူအထင်ကြီးအောင် အံ့ဖွယ်သရဲပြုတတ်သောသူတို့တည်း။ ထိုသူတို့သည် ဓုတင်အကျင့်နှင့်မထိုက်တန်ဘဲလျက် ဓုတင်အကျင့်ကို ဆောက်တည်ကျင့်သုံးဟန်ဆောင်ငြားအံ့။ ထိုသူသည် ပစ္စုပ္ပန်၊ တမလွန်နှစ်ဌာနလုံး၌ အပြစ်ဒဏ်ခံစားရ၏။ ပစ္စုပ္ပန်ဘဝ၌ ကဲ့ရဲ့ရှုတ်ချခံရ၏။ ပြက်ရယ်ပြောင်လှောင်ခံရ၏။ သံဃာ့ဘောင်မှ နှင်ထုတ်ခြင်းခံရ၏။ တမလွန်ဘဝ၌ နှစ်ပေါင်းကုဋေသိန်းပေါင်းများစွာ ငရဲကျခံနေရ၏။ ငရဲမှလွတ်ပြန်သော် အမျိုးမျိုးအဖုံဖုံ ပျက်စီးချို့ယွင်းသောကိုယ်ခန္ဓာဖြင့်နာကျင်စွာအော်မြည်နေရသောရဟန်းပြိတ္တာဖြစ်ရ၏။

ဓုတင်အကျင့်နှင့်ထိုက်တန်သူတို့ကား -

ဝမ်းရေးကိုမငဲ့ကွက်သော၊ လာဘ်လာဘကို မမက်မောသော၊ အခြံအရံအကျော်အစောကိုအလိုမရှိသော၊ လူအထင်ကြီးအောင် အံ့ဖွယ်သရဲကိုမပြုတတ်သော၊ ဓုတင်အကျင့်နှင့်ထိုက်တန်သော သာသနာတော်ကို ယုံကြည်၍ရဟန်းပြုသောပုဂ္ဂိုလ်သည် သာသနာတော်ကိုချီးမြှောက်ခြင်းငှာ ဓုတင်ကိုဆောက်တည်ရာ၏။ ကျင့်သုံးရာ၏။

ဓုတင်နှင့်ထိုက်သောထိုပုဂ္ဂိုလ်အား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အရိယာမဂ္ဂင်ရှစ်ပါးတို့ ပွားများပြည့်စုံကြကုန်၏။ သမထဝိပဿနာတို့ကိုရ၏။ မဂ်ဖိုလ်ရကြောင်းကျင့်ဝတ်သည် ရင့်ကျက်၏။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ပဋိသမ္ဘိဒါလေးပါး၊ ဝိဇ္ဇာဉာဏ်သုံးပါး၊ အဘိဉာဏ်ခြောက်ပါးနှင့်တကွ ရဟန်းတရားအားလုံးတို့ ရှေးရှုတည်လာကြကုန်၏။ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူတော်ဖြင့် အဘိသိက်သွန်းခြင်းကိုခံယူရ၏။ ဤသို့သောသံဃာတော်တို့ကို ရွေးချယ်ကိုးကွယ်ကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။

*သာသနာမကွယ်ဖို့*
*ကြည်ညိုတတ်ကြပါစို့*

ကျမ်းကိုး -

၁။ သာသနာရေးဝန်ကြီးဌာနထုတ် ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်) စာအုပ်
၂။ အရှင်ဇနကာဘိဝံသ၏ ဘုရားဥပဒေတော်ကြီးစာအုပ်။
၃။ အရှင်ဇနကာဘိဝံသ၏ အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်
၄။ ဓမ္မာစရိယ-ဦးဖြေးလှိုင်၏ ဓမ္မဓုတစာအုပ်
၅။ မာဃာဝပြုစုသည့်မိလိန္ဒပဉှာစာအုပ်

စံ-[illegible]



www.burmeseclassic.com

www.burmeseclassic.com

## ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်နှင့် ထူးခြားသော ရဟန်းတော်နှစ်ပါး

ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်သည် နှစ်ပတ်လည်ပင့်ဆောင်ပူဇော်ရာ မြို့ရွာဌာနတိုင်းနိုင်ငံများဆီသို့ ဒေသစာရီခရီးများ လိုက်ပါကြွမြန်းတော်မူလျက်ရှိနေပြီး ရုပ်ရှင်တော်မြတ်ကြီး၏ ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက်ရန် အန်တီအေးနှင့် မယ်တော်ကြီးတို့ လိုက်ပါဆောင်ရွက်ကြ၍ စာရေးသူက အောင်မြေမှာပင် ကျန်နေရစ်မြဲဖြစ်၏။

၂၀၁၅ ခုနှစ် (၄) လပိုင်း သင်္ကြန်ပြီးစအချိန်တွင် နေ့လယ်ခင်းတစ်ခု၌ ရဟန်းတော်တစ်ပါးနှင့် ဒါယကာနှစ်ဦး ရောက်ရှိလာသည်။



၂၀၁၅၊ (၁၁) လပိုင်း ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး (၃) ပော်ကုန်းရပ် အမှတ် (၄၄) ဦးသော်နိုင် + ဒေါ်အေးအေးမြတ် နေအိမ်တွင် ဖူးတွေ့ရပုံ

စာရေးသူလည်း ထိုဦးပဇ္ဇင်း ဘုရားကန်တော့ပြီးသောအခါ နေရာထိုင်ခင်းပေးပြီးလျှင် ဦးချကန်တော့၍ လောကဝတ်နှုတ်ဆက်စကားပြောကြားလိုက်ပါသည်။ ဦးပဇ္ဇင်းသည် ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာအုပ်စု တောစုကျေးရွာအနီးရှိ ရွာမမည်သေးသော ထုံးဖိုကျေးရွာတွင် ရွှေဘုံသာ (၃) မေတ္တာဝါဒီပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ထောင်လျက်ရှိသော ဦးသောမဖြစ်ကြောင်းသိရသည်။

"ဆရာဘို၊ ဦးပဇ္ဇင်းရဲ့ဇာတိကတော့ ကျောက်ဆည်ဘက်ကပါ။ တပ်ကထွက်လာပြီးတဲ့နောက် အမေနဲ့အတူနေပြီး အမေကိုပြုစုခဲ့တယ်။ အမေဆုံးသွားတာနဲ့ ဦးပဇ္ဇင်းလည်း ရဟန်းဘောင်ကို တက်ခဲ့တော့တာပါပဲ။ ဦးပဇ္ဇင်းဝါသနာကတော့ မရှိနွမ်းပါးတဲ့ကလေးငယ်တွေကိုစာသင်ပေးပြီး သူတို့တစ်တွေကို ပြုစုပျိုးထောင်ပေးချင်တာပါ။ လောကုတ္တရာသဘောတရားအရရော လောကီသဘောတရားအရပါ လူတွေကိုပြီးပြည့်စုံတဲ့အထိတော့ လုပ်မပေးနိုင်ဘူးပေါ့။ ဒါပေမယ့်လည်း ကိုယ်စွမ်းနိုင်သမျှလုပ်ပေးဖို့ရာတော့ ကိုယ့်မှာတာဝန်ရှိတယ်လို့ခံယူထားတယ်။ အခု ဒီကျောင်းဟာ ဦးပဇ္ဇင်းအတွက် (၃) ကျောင်းမြောက်တည်ထောင်ခြင်းပါ။ ပထမကျောင်းဆိုရင် အစိုးရမူလတန်းကျောင်းဖြစ်သွားပြီ။ ဒုတိယကျောင်းဆိုရင်လည်း အဆောက်အအုံတွေ ခိုင်ခိုင်မာမာနှင့် ကျောင်းသားဦးရေလည်းများလာပြီ။ဆရာဆရာမတွေလည်း ငှားနိုင်သွားပြီ။ ဒါကြောင့် အခုရွာလေးကိုသွားပြီး စာသင်ကျောင်းဖွင့်နေတာ (၂) နှစ်ရှိပြီ"

ဟု မိန့်ကြားပါသည်။

ထို့နောက် ဆက်လက်ပြောပြသည်မှာ ထိုရွာကလေးသည် ထင်းခုတ်ဝါးခုတ်သူများ စခန်းချနေထိုင်ရာမှ ရွာအသွင်ဖြစ်လာသော်လည်း မကြာမြင့်သေးသဖြင့် ဘုရားစေတီမရှိ၊ ဘုန်းကြီးကျောင်းမရှိ ဘာဆိုဘာမှမရှိပါ။မန္တလေး မြို့မြောက်ဘက် မတ္တရာသွားကားလမ်း



www.burmeseclassic.com


www.burmeseclassic.com



၂၀၁၅၊ (၁၀) လပိုင်း တောင်ကြီးမြို့ခရီးစဉ်တွင် ဖူးတွေ့ရပုံ



ဦးဥတ္တမ၊ ဦးသောမ၊ ဆရာဘိုဘို အမှတ်တရ



ဆရာတော်ဦးဥတ္တမသာရ သီတင်းသုံးသော လိုဏ်ဂူအနီးမှ ရှေးဟောင်းစေတီ

ပေါ်မှ ကြာနီကန်ရွာတွင် အရှေ့သို့ တောလမ်းခရီး ဝင်ရောက်ရခြင်းဖြစ်သည်။ ဦးသောမသည် ထိုရွာသို့ မိမိတွင် စုဆောင်းထားသော ငွေခုနစ်သိန်းကို ရွာမှလူများထံအပ်နှံ၍ ထန်းရွက်မိုးစာသင်ကျောင်းဆောက်လုပ်စေပြီး ရွာထဲမှ ကလေး (၂၀) ခန့်ကို စားစရိတ်၊ စာရေးကိရိယာစရိတ်တို့ကိုပါ ဖြည့်ဆည်း၍ စာသင်ကြားလျက်ရှိကြောင်းသိရပြီး ယခုလည်း ဇာတိဖြစ်သော ဘယ်လင်းရွာသို့ ဆွမ်းဆန်စိမ်းအလှူခံလာရောက်ရင်း တန်ခိုးတော် ထူးခြားလှသော ရွှေကံကူလေပျံသစ်တော်ရှပ်ရှင်တော်မြတ်၏ဂုဏ်သတင်းတို့ကိုကြားသိရ၍ လာရောက်ဖူးမြော်ခြင်းဖြစ်ကြောင်းသိရပါသည်။

အတန်ကြာ စာရေးသူနှင့်စကားပြောကြပြီးနောက် ရှပ်ရှင်တော်မြတ်၏ ပုံတော်များ၊ ရှပ်ရှင်တော်မြတ်၏ ဗွီစီဒီဖြစ်တော်စဉ်မှတ်တမ်းခွေများ၊ သမိုင်းကြောင်းစာအုပ်တို့အား ဝယ်ယူပူဇော်ပြီး စာရေးသူအားနှုတ်ဆက်၍ ပြန်လည်ကြွမြန်းသွားပါသည်။

၂၀၁၅၊ (၆) လပိုင်းတွင် ဦးပဥ္စင်း ဦးသောမ အောင်မြေသို့ တစ်ခေါက်ကြွရောက်တော်မူလာပါသည်။ ရှပ်ရှင်တော်မြတ်ပုံတော်များကို ဒါယကာ၊ဒါယိကာမများအားပြသရာ ပူဇော်ခွင့်တောင်းခံကြ၍ မမွဒါနပြုလိုက်ရကြောင်း၊ ထို့ကြောင့် ပုံတော်များလာရောက်ပင့်ဆောင်ခြင်းဖြစ်သည်ဟု မိန့်ကြားပါသည်။

ယခုတစ်ခေါက်တွင် စာရေးသူနှင့် အတော်ရင်းနှီးသွားပြီဖြစ်၍ အတန်ကြာအောင် စကားပြောဖြစ်ပါသည်။

"ဆရာဘိုရေ၊ ဦးပဥ္စင်းနေတဲ့ရွာကအတော့်ကိုခေါင်တာ။ တောစုအထိပဲ ထွေလာဂျီဝင်လို့ရတယ်။ တောစုကနေ ထုံးဘိုကို ခြေကျင်လမ်းပဲရှိတာမို့ ဆိုင်ကယ်ပဲဝင်လို့ရတာ။ ဒါတောင် လမ်းကြမ်းစီးတတ်တဲ့သူမှဖြစ်မှာနော်။ မတ္တရာကားလမ်းနဲ့တောင် မိုင် (၂၀) လောက်ဝေးတော့ ပြင်ပဧည့်သည် ဦးပဥ္စင်းတို့ရွာကိုရောက်လာဖို့မရှိဘူး။ အဲဒါဗျာ ရွှေကံကူဘုရားပုံလည်းပင့်ဆောင်ပူဇော်ပြီး မကြာပါဘူးဗျာ ရပ်ဝေးကအလှူရှင်ရောက်လာပြီး ကျောင်းလှူချင်ကြောင်းပြောတယ်။ ကျုပ်လည်း စာသင်ကျောင်းသာ အရေးကြီးပါတယ်။ စာသင်ကျောင်းပဲ ဆောက်ပါလို့ပြောလိုက်တာနှင့် အခု စာသင်ကျောင်းရပြီ။ တစ်ခါ မီးစက်အလှူရှင်လည်းပေါ် လာတယ်။တော်တော့်ကို အံ့သြစရာကောင်းပါတယ်။ ပြီးတော့ ဦးပဥ္စင်းမှာ အစစအရာရာတစ်ပါးတည်းပဲ ရှာဖွေရှန်းကန်နေရတာ။ နေတဲ့ရွာကလည်း တကယ့်လက်လုပ်လက်စားပစ္စည်းမဲ့၊ ပညာမဲ့တဲ့သူတွေ။ အခမဲ့စရိတ်ငြိမ်းစာသင်ပေးနေတာတောင် ကျောင်းမလွှတ်ချင်ကြဘူး။ တောအလုပ်တွေကူခိုင်းချင်ကြတာဆိုတော့ ဦးပဥ္စင်းမှာ ကလေးတွေရဲ့လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းနိုင်အောင်၊ စာလည်းတတ်အောင်ဆိုတာမလွယ်လှပါဘူး။ အခုတော့ ဦးပဥ္စင်းမှာ အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါးပဲ ဒီကိစ္စတွေကိုဆောင်ရွက်နိုင်တာဟာလည်း ထူးခြားပါတယ်"

ဟု မိန့်ကြားပါသည်။

အတန်ကြာစကားပြောပြီးနောက် ဦးပဥ္စင်းသည် ရှပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တို့ကို ဝယ်ယူပူဇော်ပြီးပြန်လည်ကြွမြန်းတော့မည်ပြုရာ စာရေးသူတွင် နှစ်အုပ်ဖြစ်နေသော ဇိနတ္ထပကာသနီကျမ်းစာအုပ်ကြီးကို လှူဒါန်းလိုက်ပါသည်။


ထို့နောက် ၂၀၁၅၊ (၇)လပိုင်းတွင် ရှပ်ရှင်တော်မြတ်သည် ၂၀၁၄ (၁၂) လပိုင်း (၃) ရက်နေ့တွင် စတင်ခဲ့သော ဒေသစာရီခရီးရှည်ကြီးမှပြန်လည်ကြွမြန်းရောက်ရှိတော်မူလာသည်။ ရှပ်ရှင်တော်

www.burmeseclassic.com


www.burmeseclassic.com



ဆရာတော်ဦးသောမ အိပ်မက်ဖြင့်ရရှိသော ဂါထာတော်မှုရင်း



ဆရာတော်ဦးဥတ္တမသာရ၏ သာသနာမှတ်တမ်း



ဆရာတော်ဦးဥတ္တမသာရ၏ သာသနာမှတ်တမ်း

မြတ်သည် (၇)လပိုင်း (၃)ရက်နေ့အထိ အောင်မြေတွင် သီတင်းစံပယ်တော်မူပြီး (၁) ရက် (၈) လနေ့တွင် မန္တလေးမြို့သို့ ဒေသစာရီခရီး ပြန်လည်ကြွမြန်းတော်မူပါသည်။

မန္တလေးမြို့ ဒေသစာရီခရီးစဉ်တွင်လည်း အန်တီအေးနှင့် မယ်တော်ကြီးတို့ပင် လိုက်ပါသွားပါသည်။ ရှပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူတို့မှာ နှစ်စဉ်ပင့်ဆောင်ပူဇော်မြဲ သာဝကရင်းများဖြစ်ကြ၍ စာရေးသူနှင့်ပါ ခင်မင်သိကျွမ်းသူများဖြစ်ရာ စာရေးသူသည်လည်း တစ်အိမ်လျှင်တစ်ခေါက် နှုန်းသွားရောက်ရသည်သာဖြစ်ပါ၏။

ထိုနေ့ (၉) ရက် (၈) လက ရှပ်ရှင်တော်မြတ်သည် (၆၄×၆၅) လမ်းကြားနှင့် (၄၃×၄၄) လမ်းကြားရှိ ဆုထက်ဆောက်လုပ်ရေးကုမ္ပဏီအဘိုးအဘွားတို့ကို ဦးထိပ်ထား၍ ဦးဝင်းသန်း-ဒေါ်သိင်္ဂီကျော်တို့၏နေအိမ်တွင် ကြွမြန်းတော်မူလျက်ရှိရာ ဤမိသားစုသည် စာရေးသူနှင့်ရင်းနှီးလှသည်ဖြစ်၍ စာရေးသူတို့အိမ်သို့ ဦးအေးကိုကိုသွန်းနှင့် သွားရောက်ခဲ့ပါသည်။ ဦးအေးကိုကိုသွန်းသည် မန္တလေးမြို့မှဖြစ်၍ ရှပ်ရှင်တော်မြတ်၏ စောင့်ရှောက်မှုဖြင့် စီးပွားရေးလူမှုရေးအစစအရာရာ အဆင်ပြေတိုးတက်ခဲ့ရသည်ဟု ယုံကြည်သူဖြစ်၍ စာရေးသူသွားလိုရာ ခရီးနီးဝေးမဟူ စိတ်ပါလက်ပါ လိုက်လံကူသိုလ်ယူ ပို့ဆောင်ပေးသူဖြစ်ပါသည်။ စာရေးသူအဖို့ အားမနာတမ်း အားကိုးရသူဖြစ်ပါသည်။ စာရေးသူတို့လည်း ဦးဝင်းသန်း-ဒေါ်သိင်္ဂီကျော်တို့နေအိမ်တွင် ရှပ်ရှင်တော်မြတ်ကိုဖူးမြော်ကန်တော့ပြီးနောက် အိမ်ရှင်မိသားစုတို့နှင့် လည်းကောင်း၊ မယ်တော်ကြီး၊ အန်တီအေးတို့နှင့်လည်းကောင်း ပြောဆိုနှုတ်ဆက်ကြပြီး အိမ်ရှင်မိသားစုမှ ဘုရားဖူးကြွရောက်လာသမျှသော ဧည့်သည်အပေါင်းတို့ကို ကျွေးမွေးဧည့်ခံသော ကြာဆံချက်စားသုံးပြီး စဥ့်ကိုင်သို့ပြန်ခဲ့ကြပါသည်။

(၇၈)လမ်းအတိုင်း တောင်သို့လာခဲ့ကြရာ စစ်ကိုင်းလမ်းခွဲသို့အရောက်တွင် ဖုန်းဝင်လာပါသည်။ နာမည်ထည့်ပြီးသားမဟုတ်သောကြောင့် စာရေးသူမသိသောသူတစ်ဦးဖြစ်ပေမည်။

"ဆရာဘိုဘို၊ ထုံးဖိုက ဦးပဥ္စင်းပါ" ဟု ဆိုကာ ထူးဆန်းသော အိပ်မက်အကြောင်းကို ပြောပါသည်။ ကားမောင်းနေသည်ဖြစ်၍ သဲသဲကွဲကွဲ မကြားရပါ။ ပြတ်တောင်းပြတ်တောင်း သာကြားနေရပါသည်။ ရွှေကျင့်ဂါထာတစ်ပုဒ်ရရှိကြောင်းမျှသာသိလိုက်ရပါသည်။ ဦးပဥ္စင်းက အဆင်ပြေသောရက်တွင် စာရေးသူထံ ကိုယ်တိုင်လာရောက်ပြီး အသေးစိတ်ပြောပြမည်ဟု မိန့်ကြားပြီး ဖုန်းချသွားပါသည်။ ရှပ်ရှင်တော်မြတ်သည် ထိုနောက်ပိုင်းရက်များတွင်လည်း မန္တလေးမြို့ပေါ်မှာပင် ဆက်လက်ကြွမြန်းတော်မူလျက်ရှိပါသည်။

ဤသို့ဖြင့် ၃၁-၈-၂၀၁၅ နေ့တွင် စာရေးသူ အောင်မြေမှာရှိနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

ညည့်သည်ရှင်းခိုက် နေ့လယ်(၁)နာရီခန့်တွင် ထမင်းစားလျက်ရှိစဉ် ဆရာတော်နှစ်ပါး ကြွရောက်တော်မူလာပါသည်။ ထို့ကြောင့် စားလက်စထမင်းကို အပြီးသတ်လိုက်ပြီး ဘုရားခန်းသို့ဝင်ခဲ့ရာ ဆရာတော်နှစ်ပါးသည် ဘုရားဝတ်ပြုလျက်ရှိသည်ကိုတွေ့ရသည်။ စာရေးသူလည်း ဆရာတော်နှစ်ပါးကိုကန်တော့ပြီး သေသေချာချာ ကြည့်လိုက်သောအခါ မကြာသေးမီကမှ စာရေးသူထံ ဖုန်းဆက်ထားသော ထုံးဖိုမှ ဦးပဉ္စင်းဖြစ်နေပါသည်။ ထိုဦးပဉ္စင်းနှင့်လိုက်ပါလာသော ဆရာတော်မှာ အသက်တော်ကြီးရင့်လျက်ရှိပြီ ဖြစ်သည်။ ဦးပဉ္စင်းနှင့်ဆရာတော်တို့သည် အချိန်အတော်ကြာအောင် ဘုရားကန်တော့နေကြသည်ဖြစ်၍ စာရေးသူလည်း စောင့်ဆိုင်းနေရပါသည်။

ထိုအတောအတွင်း၌ စာရေးသူသည် ဆရာတော်နှစ်ပါးအတွက် ရေနွေးအအေးတို့ကို စီစဉ်ထားရှိလိုက်ပါသည်။ ဆရာတော်တို့ ဘုရားကန်တော့ပြီးသောအခါ ဦးပဉ္စင်းသည် စာရေးသူအား ပြုံးရွှင်စွာကြည့်၍ -

"ဆရာရေ တကယ့်ကို ထူးဆန်းလွန်းတဲ့အဖြစ်ပါပဲ။ ဦးပဉ္စင်းကိုယ်တိုင်သာ မကြုံရရင် ယုံနိုင်စရာရှိမယ်မထင်ဘူး"

ဟု အစချီ၍ ရွှေကံကူဂါထာတော်ရရှိလာပုံကို အောက်ပါအတိုင်း မိန့်ကြားတော်မူပါသည်။

ပြီးခဲ့သောအခေါက် ရွှေကံကူအောင်မြေမှ မိမိကျောင်းသို့ ပြန်လည်ရောက်ရှိလာအခါ ဦးပဉ္စင်းသည် မိမိ၏ကျောင်းသို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုသောဆန္ဒတို့ ပြင်းပြစွာဖြစ်ပေါ်လျက်ရှိ၏။ သို့သော် မိမိ၏ကျောင်းသည် ကားလမ်းမှုမပေါက် တောခေါင်လွန်းလှ၏။ ထို့အပြင် ရုပ်ရှင်တော်မြတ်သည် တန်ခိုးတော်ကြီးမားလွန်းလှသည်နှင့်အမျှ ဂုဏ်လည်းကြီး၏။ ထို့ကြောင့် ပင့်ဆောင်ပူဇော်မည်ဆိုပါက ခမ်းခမ်းနားနား ပြည့်ပြည့်စုံစုံ တန်ခိုးတော် ဂုဏ်တော်တို့နှင့် ကိုက်ညီအောင် ပူဇော်နိုင်မှသာ သင့်တော်ပေမည်။ မိမိကျောင်းမှာ ကျောင်းဟူ၍ မည်ကာမတ္တသာရှိပါသေး၏။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရန် လည်းကောင်း၊ ရုပ်ရှင်တော်မြတ်နှင့်အတူလိုက်ပါလာမည့် အန်တီအေးနှင့်မယ်တော်ကြီးတို့ အတွက် နေရာထိုင်ခင်းလည်း ပြည့်စုံလုံခြုံမှုမရှိ။ မဖြစ်ဖြစ်အောင် ပင့်ဆောင်ပူဇော်မည်ဆိုပြီး စရိတ်စကလည်းမတတ်နိုင်။ တတ်နိုင်သည်ဆိုဦး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရက် ရရှိနိုင်ရန် လွယ်ကူမည်မဟုတ် အစရှိသည်ဖြင့် အတွေးနယ်ချဲ့လျက် စိတ်အားငယ်ဝမ်းနည်း၍နေမိသည်။

ထိုအခါ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကိုသာလျှင် ရုပ်ရှင်တော်မြတ်အဖြစ် ရည်မှတ်ပြီး -

"အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားအား သက်တော်ထင်ရှားဘုရားရှင်ဟုပင် ယုံကြည်ရည်မှတ်၍ ကိုးကွယ်ပူဇော်ခဲ့ပါသည် အရှင်ဘုရား။ အရှင်ဘုရားအား ပင့်ဆောင်ရန် တပည့်တော်တွင် အင်အားလည်းမရှိပါ၊ အခြေအနေလည်းမရှိပါဘုရား။ အရှင်ဘုရား အပေါ် ထားရှိသော တပည့်တော်၏ သဒ္ဓါတရားကို အရှင်ဘုရား၏ တန်ခိုးတော်ဖြင့်သိရှိတော်မူ၍ တပည့်တော်အား သနားကရုဏာထားပြီးလျှင် အရှင်ဘုရားသည် တပည့်တော်ထံသို့ကြွရောက်တော်မူပါဘုရား"

ဟု လေးလေးနက်နက် လျှောက်ထား၏။

ထိုညက ဦးပဉ္စင်းတွင် ထူးခြားသောအိပ်မက်မြင်မက်၏။ အိပ်မက်ထဲတွင် လိုက်ထရပ်ကားလေးစီး မည်သည့်လမ်းက မည်သို့မောင်းနှင်လာသည်မသိပါ။ ကျောင်းဝင်းအတွင်းသို့ဝင်ရောက်လာ၏။ ကားများတွင် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ဟူသော စာတန်းတို့လည်းပါရှိရာ ဦးပဉ္စင်းသည် အံ့သြဝမ်းသာမဆုံးဖြစ်ရပြီး အပြေးထွက်၍ ရှိခိုးကန်တော့ကာ ကြိုဆို၏။ ဦးပဉ္စင်းသည် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်အား အပြင်တွင်မဖူးတွေ့ဘူးသေးပါ။ ဓာတ်ပုံကိုသာဖူးမြော်ကြည်ညိုနေခဲ့ရပါသည်။ ယခုမှ ရုပ်ရှင်တော်မြတ်အား ပကတိဖူးတွေ့ရခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် သက်တော်ထင်ရှားဘုရားရှင်ကဲ့သို့ပင် ဖူးတွေ့ရစဉ်၌ ကြက်သီးဖြန်းဖြန်းထမျှ ကြည်ညိုမဆုံးနိုင်အောင်ဖြစ်ရပြီး ပြုံးတော်မူလျက်ရှိပါသည်။ လျှံဒါန်းထားရှိသောရတနာမျိုးစုံတို့မှာလည်း အရောင်ဖိတ်ဖိတ်လက်၍ သပ္ပာယ်လွန်းလှသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လာသူမှာ အညိုရောင်ဝတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အသက်အရွယ်ကြီးရင့်ပြီဟု ခန့်မှန်းနိုင်ခြင်းသာရှိပြီး မျက်နှာကိုသဲကွဲစွာမမြင်ရပါ။ အခြားသောလူတို့လည်းပါလာကြသည်။ ရုပ်ရှင်တော်မြတ်တစ်ပါးတည်းလည်းမဟုတ်။ စကျင်ကျောက်သားရုပ်ပွားတော်သုံးဆူကိုပင့်ဆောင်လာကြပါသေးသည်။ ဦးပဉ္စင်းသည် ရုပ်ရှင်တော်မြတ်နှင့်တကွ ရုပ်ပွားတော်များ သီတင်းသုံးစံပယ်တော်မူရန် နေရာတို့ကိုခင်းကျင်း၏။ ရုပ်ရှင်တော်မြတ်နှင့် ရုပ်ပွားတော်များကို ယောဂီဝတ်ပုဂ္ဂိုလ်ကပင် ဦးဆောင်နေရာချထားလျက်ရှိ၏။

ထို့နောက် ဦးပဉ္စင်းသည် ရုပ်ရှင်တော်မြတ်အား ရှိသေလေးမြတ်စွာ အားရပါးရ ပူဇော်ကန်တော့၏။ ထိုအခါ အညိုရောင်ဝတ်ပုဂ္ဂိုလ်မှ ရွှေကံကူဘုရားမှာ ဘုရားရှိခိုးဂါထာတော်ရှိပါသည်။ ထိုဂါထာနှင့် ပူဇော်ကန်တော့လျှင် ပို၍အကျိုးထူးပါသည်။ လိုက်မှတ်ပါ။ တပည့်တော်ချပေးပါမည်"

ဟုပြောပြီး အောင်မြင်၍ ဩဇာပြည့်ဝလှသောအသံဖြင့် ရွှေကံကူဂါထာကိုရွတ်ဆိုပြပါသည်။ ဦးပဉ္စင်းလည်း မှတ်စုဆောင်လေ့ရှိသူဖြစ်ရာ ထိုပုဂ္ဂိုလ်ရွတ်ပြသောဂါထာကို ချက်ချင်းပင် ရေးမှတ်ထားလိုက်ပါသည်။ ငါးကြိမ်ထက်မနည်း ထိုပုဂ္ဂိုလ်မှရွတ်ဆိုပြပြီးနောက် ဦးပဉ္စင်းအား ရွတ်ဆိုစေပါသည်။

"ဒါဆိုရင် ဦးပဉ္စင်း ဒီဂါထာကိုရသွားပါပြီ။ ရွှေကံကူပုံတော်ကို ဒီဂါထာနှင့်ပူဇော်ပြီး ဆုတောင်းပါ။ လိုတဲ့ဆုတွေပြည့်ပါလိမ့်မယ်။ ဦးပဉ္စင်းဖူးရအောင်လို့ ရုပ်ရှင်တော်မြတ်ကို ပင့်လာခဲ့တာ ဒီမှာညအိပ်သီတင်းသုံးပေးလောက်အောင် အချိန်မရှိဘူး။ ဒါကြောင့် အခုပဲပြန်ကြွတော့မယ်။ ဒီစကျင်ရုပ်ပွားတော်သုံးဆူကတော့ ဦးပဉ္စင်းရဲ့ကျောင်းမှာ အမြဲပူဇော်ရအောင်လို့ပင့်ခဲ့တာ တပည့်တော်တို့ပြန်ပါဦးမယ်"

ဟုပြောကြားပြီး ရုပ်ရှင်တော်မြတ်သည် လိုက်ထရပ်လေးစီးဖြင့် လျင်မြန်စွာ ပြန်လည်ကြွမြန်းတော်မူသွားသည်။

ဆရာတော်လည်း ဝမ်းသာဝမ်းနည်းဖြစ်လျက် ရင်ထဲတွင်ဟာမောပြီး ကျန်ခဲ့ကာ အိပ်မက်မှနိုးလာခဲ့ပါသည်။ အိပ်မက်မှနိုးလာသော်လည်း အိပ်မက်ထဲကအတိုင်းပင် လေးလေးနက်နက် ခံစားနေရပါသည်။ ထိုအခါ အိပ်မက်ထဲကဂါထာကိုသတိရသဖြင့် မနက်ရောက်လျှင် မေ့သွားမည်စိုး၍ ဖယောင်းတိုင်ထွန်းလိုက်ပြီး မှတ်စုစာအုပ်ကိုယူလိုက်ပါသည်။ စာအုပ်ကြားတွင် ဘောလ်ပင် ညှပ်လျက်အသင့်တွေ့ရသဖြင့် စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

ကိုလှန်ပြီးရေးမည်ပြုရာ အံ့ဩ၍မဆုံးနိုင်အောင်ဖြစ်ရပါသည်။ အိပ်မက်ထဲတွင် ရေးခဲ့သည့်အတိုင်း တကယ်ရေးထားပြီး ဖြစ်နေသည်ကိုတွေ့ရပါသည်။

ဦးပဍ္ဍင်းသည် အံ့ဩဝမ်းသာရှိမှုမက ကြက်သီးများပင်ထလာမိပြီး ဒီအိပ်မက်ဟာ ရိုးရိုးအိပ်မက်မဟုတ်၊ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့် မြင်မက်သောအိပ်မက် ဖြစ်ပေသည်။ ဤဂါထာတော်သည်လည်း သာမန်ဂါထာမဟုတ်နိုင်။ နတ်သိကြားများနှင့် ဝိဇ္ဇာများမှပေးသောဂါထာ၊ နတ်သိကြားများ ဝိဇ္ဇာများရုပ်ရှင်တော်မြတ်ကိုပူဇော်သောဂါထာတော်ဖြစ်ပေမည်ဟု ယုံကြည်မိပြီး အားတက်ကာ ဝမ်းသာလျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်သည် သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ပင် လူတို့၏စိတ်အကြံကို သိနိုင်ပေသည်ဟု ရုပ်ရှင်တော်မြတ်အား ပို၍ကြည်ညိုမဆုံးဖြစ်ရပြီး ဦးပဍ္ဍင်းသည် ပြန်လည်ကျိန်းစက်ခြင်းမပြုတော့ပါ။ ဘုရားကျောင်းဆောင်တွင် ပူဇော်ထားရှိသော ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်အား ရွှေကံကူဂါထာဖြင့် မနက်မိုးလင်းသည်အထိပူဇော်ကန်တော့၍နေမိပါတော့သည်။

နောက်တစ်နေ့နံနက်တွင် ဦးပဍ္ဍင်း ဦးသောမ၏ကျောင်းနှင့် မိုင်ဝက်ခန့်ဝေးသောနေရာရှိ သဘာဝကျောက်ဂူတွင် တစ်ပါးတည်းသီတင်းသုံးနေထိုင်တော်မူသော ဦးပဍ္ဍင်းကြီး ဦးဥတ္တမသာရသည် ဦးသောမထံသို့ ကြွရောက်လာသည်။ ဦးသောမသည် မနေ့ညကထူးခြားသောအိပ်မက်ဖြင့်ရရှိသည့် ရွှေကံကူဂါထာကို ဦးပဍ္ဍင်းကြီးအား ပြသသောအခါ ဦးပဍ္ဍင်းကြီးသည် အံ့ဩလျက်ရှိပြီး -

"အရှင်ဘုရား ဒီဂါထာကို ကွန်ပျူတာစာစီပြီး ရွှေကံကူအောင်မြေကိုသွားပြီးလှူရအောင်။ တပည့်တော်လည်း ရောက်ဖူးအောင်လိုက်ခဲ့မယ်။ တပည့်တော်လည်း ဦးပဍ္ဍင်းဆီက ရွှေကံကူပုံတော်ပင့်သွားတာထူးခြားလွန်းလို့ အဲဒီအကြောင်းပြောဖို့ရာ တပည့်တော်လာခဲ့တာပဲ"

ဟု ဆို၍ ဦးပဍ္ဍင်းကြီးကလည်း ၎င်း၏ ထူးခြားမှုတို့ကိုပြောပြသည်ဟု ဦးပဍ္ဍင်းမှပြောပါသည်။

ထို့နောက် ဦးပဍ္ဍင်းဦးသောမက-

"ကဲ - ဦးပဍ္ဍင်းကြီးကြုံတွေ့ရတဲ့ ထူးခြားမှုတွေကိုတော့ ကိုယ်တိုင်ပဲ ဆရာ့ကို ပြောပြလိုက်ပါ"

ဟု ဆိုသောအခါ ဦးပဍ္ဍင်းကြီးမှလည်း ဤသို့ ဆက်လက်ပြောပြပြန်ပါသည်။

"ဒီလို ဆရာလေးရေ၊ ကျုပ်အခုနေတဲ့နေရာက လူသူအရောက်အပေါက်ကိုမရှိသလောက်ဘဲ။တောကလည်းကြမ်းတယ်။ တောလမိုင်း၊ တောင်လမိုင်းတွေ သိပ်ပေါတာပဲ။ ဒါပေမယ့် ကျုပ် ဒီဂူမှာ ခုနစ်နှစ်ရှိပြီ။ ပရိတ်၊ ပဋ္ဌာန်းမေတ္တာဘာဝနာ၊ ဝိပဿနာရှု ဒီလိုတော့နေရတာပေါ့လေ။ ဒါပေမယ့် အနှောင့်အယှက်တွေကရှိတာပဲ။ ဒီတော့ ဘယ်လိုလုပ်ရသလဲဆိုတော့ မဟာမြတ်မုနိဘုရားကြီး ကမျက်နှာသစ်ရေကိုဆောင်ထားရတယ်။ ဂူထဲမှာ ပက်ဖျန်းထားလိုက်ရင် ဘယ်အနှောင့်အယှက်မှမပေါ်လာတော့ဘူး။ တစ်ခုတော့ရှိတယ်၊ ပြယ်သွားရင်တော့ အနှောင့်အယှက်တွေပြန်ရောက်လာတော့တာပဲ။ ဒါကြောင့် ဘုရားကြီး မျက်နှာသစ်တော်ရေကို မကြာမကြာ မန္တလေးကိုဆင်းပြီးယူရတယ်။ အခု ရွှေကံကူဘုရားရဲ့ဓာတ်ပုံတော်ကြွလာပြီးကတည်းက ကျုပ် ဂူထဲမှာအေးချမ်းပြီး တရားထိုင်ရတာလည်းကောင်းလိုက်တာ သမာဓိရလွယ်တယ်။ ဘယ်အနှောင့်အယှက်မှုလည်းမလာတော့ဘူး။ ဒီလိုနဲ့ နေလာခဲ့တာ လွန်ခဲ့တဲ့တစ်ပတ်လောက်က တစ်ညမှာပေါ့။ တရားမထိုင်ခင် ရွှေကံကူရုပ်ရှင်တော်မြတ်ရဲ့ဓာတ်ပုံတော်ကို ပူဇော်ကန်တော့နေတုန်း စိတ်အာရုံကတစ်ဆင့် နားမှာကြားလာရတာက ရွှေကံကူဘုရားဟာ သက်တော်ထင်ရှား ဘုရားနှင့်မခြားပါဘဲ။ အလုံးစုံကိုသိမြင်တော်မူတယ်။ ပစ္စေကဗုဒ္ဓါတွေလို လိုသောဆုတောင်းသောဆုတို့ တစ်လုံးတစ်ဝတည်းပြည့်စေလို့ ဆုမပေးငြားသော်လည်း ထိုကဲ့သို့ဆုပေးသကဲ့သို့ပင်မို့ လိုသောဆုတောင်းကြည့်ပါ။ လက်တွေ့မကြာပြည့်ဝပါလိမ့်မယ်လို့ကြားလိုက်ရတယ်။ ကျုပ်မှာက အရာရာကိုတင်းတိမ်ရောင့်ရဲနိုင်တာမို့ ပစ္စည်းလေးပါးအတွက်ကြောင့်ကြမှုမရှိပါဘူး။ ဒါကြောင့် အဲဒီဆုတွေတောင်းဖို့မလိုဘူး။ ဒါပေမယ့် လက်မောင်းကဘုကြီးကိုတော့ ပျောက်ချင်တယ်။ ဒီဘုကြီးဟာ လက်သီးဆုပ်လောက်ရှိလာတော့ လူမြင်မကောင်းတော့ဘူး။ ဟိုတစ်ခါဆရာဝန်ကိုပြကြည့်တော့ ခွဲစိတ်လို့ရတယ်။ မခွဲစိတ်ရင်လည်း အန္တရာယ်မရှိဘူး။ အဆီပြင်လို့ပြောတယ်။ ကျုပ်လို မထင်ရှားတဲ့တောနေရဟန်းအဖို့ ဘယ်လိုလုပ်ငွေရှိမှာလဲ။ ဝေါစရဂါမ်ရွာသားတွေကလည်း သူတို့ဝမ်းရေးတောင်အနိုင်နိုင်ဆိုတော့ ဘယ်သူကိုမှ ဒုက္ခမပေးချင်ဘူး။ ဒါကြောင့် ဒီဘုကြီးကိုမခွဲဘဲနှင့်နေခဲ့တာ အခုတော့ ဘုရားကို ဆုတောင်းတော့မယ်လို့အကြံရတာနှင့် ကျုပ်လည်း ဒီရောဂါပျောက်ပါစေလို့ ဆုတောင်းလိုက်တယ်။ အဲဒီအခါမှာ ဆေးရည်တစ်မျိုးမျိုးရှာပြီး ဂူပေါက်နားက တွေ့တဲ့သစ်ရွက်နှင့်တို့ပြီးသပ်ချရမယ်လို့ အာရုံပေါ်လာတယ်။ ဒါနဲ့ မနက်ကျတော့ ရွာထဲသွားပြီး အနာလိမ်းဆေးရည်ရှာတော့ အရက်ပြန်နည်းနည်းရလာတယ်။ ကျုပ်လည်း အာရုံမှာပေါ်တဲ့အတိုင်း သစ်ရွက်နဲ့ အရက်ပြန်တို့ပြီး သစ်ရွက်နဲ့သပ်ချတာ (၅) ရက်ပဲရှိသေးတယ်။ ဘုကြီးသိသိသာသာပိန်ချပ်သွားတယ်"

ဟု ဆိုကာ လက်မောင်းမှဘုကြီးကိုပြပါသည်။

ဦးပဍ္ဍင်းကြီးမှ သိသိသာသာပိန်ကျသွားသည်။ တစ်ဝက်တောင်မကျန်တော့ဘူးဟုဆိုသော်လည်း ဘုမှာအတော်ကြီးပါသေးသည်။

"ကျုပ်တို့ဟိုတစ်လောကမန္တလေးရောက်လို့ သူငယ်ချင်းတွေစုပြီး အမှတ်တရဓာတ်ပုံရိုက်ကြသေးတယ်။ ဓာတ်ပုံထဲမှာကို ဘုကြီးကိုမြင်နေရတယ်။ ဒါ အတော်ကိုချပ်သွားတာ"

ဟု ဦးပဍ္ဍင်းကြီးမှ ပြောပါသေးသည်။

ထို့နောက် ဦးပဍ္ဍင်းဦးသောမမှ -

"ဦးပဍ္ဍင်းတို့နယ်က မငွေတောင်ရဲ့နယ်ဆိုတော့ အကောင်ရှည်လုံးဝမရှိဘူး။ နယ်ခံရွာသူရွာသားတွေကလည်း ဒီနေရာမှာ မြွေလုံးဝမရှိဘူးလို့ပြောကြတယ်။ အဲဒါဟုတ်တယ်၊ ဦးပဍ္ဍင်းရောက်ကတည်းက မြွေတစ်ခါမှမတွေ့ဖူးဘူး။ ဒီ ဦးပဍ္ဍင်းကြီးဆို ဒီမှာနေတာကြာပြီပဲ။ သူနေရာက လူလည်းပြတ်တယ်၊ တောလည်းထူတယ်။ ဒါတောင် မြွေတစ်ခါမှမတွေ့ဖူးဘူးတဲ့။ ရွှေကံကူပုံတော်ရောက်လာပြီး မကြာပါဘူး၊ တစ်နေ့ ရွာထဲက ဆွမ်းခံပြီးပြန်လာတဲ့အချိန်မှာ ဘုရားဆောင်ပေါ်ကနေ စိမ်းတောက်နေတဲ့ မြွေတစ်ကောင်ဆင်းသွားတာကို တွေ့လိုက်ရတယ်။ နောက်မကြာပါဘူး၊ တခြားမြွေတွေသုံးလေးကောင်လည်း ရောက်လာတယ်။ အခု အဲဒီမြွေတွေဟာ ကျောင်းဝင်းထဲမှာပဲနေနေကြတယ်။ ဒါကြောင့် ရွာသားတွေကို မေတ္တာ[illegible] ထားရတယ်။ ဦးပဍ္ဍင်းကျောင်းအ[illegible]န်းကျင်မှာ ဘယ်လိုသတ္တဝါ[illegible]တွေ့တွေ့

www.burmeseclassic.com

မသတ်ကြပါနဲ့လို့။ အခုဆိုရင် ကျူပ်ကျောင်းဝိုင်းထဲမှာ တောကြက်တွေလည်းလာပြီး အစာစားကြတယ်၊ ကြွက်တွေလည်း အစာကျွေးထားလို့ အများကြီးပဲ"

ဟူ၍ မိန့်ကြားပါသည်။

ထို့နောက် ဆရာတော်နှစ်ပါးသည် ၎င်းတို့၏ကိုယ်စီလုပ်ငန်းစဉ်များကို ပြောပြကြပါသည်။ စာရေးသူတို့စကားပြောကြသည်မှာ (၂) နာရီခန့်ပင်ကြာမြင့်ပါသည်။ ထို့နောက် ဦးပဥ္စင်းဦးသောမသည် ရွှေကက်ကူဂါထာတော်စာရွက်များကို စာရေးသူအား ပေးအပ်ပါသည်။

"လောလောဆယ် ဦးပဥ္စင်းတို့ တတ်နိုင်သလောက်ကူးခဲ့တာပါ။ ဆရာက ဒီဂါထာတွေကိုဖြန့်ဝေဒါန်ပြုပေးပါ။ နောက်တစ်ခေါက်လာရင်လည်း ဦးပဥ္စင်းတို့ တတ်နိုင်သလောက်ကူးခဲ့ပါဦးမယ်။ ဒီဂါထာကို ဦးပဥ္စင်းကိုယ်တိုင် အိပ်မက်နဲ့ရခဲ့တာဖြစ်သလို ဒီဂါထာကိုပုတီးစိပ်ပြီး ပူဇော်ကြည့်တာ ထူးထူးခြားခြားရည်မှန်းချက်တွေအောင်မြင်ခဲ့ရတာမို့ တခြားသူတွေကိုလည်းအောင်စေချင်လို့ပါ"

ဟု မိန့်ကြားတော်မူပြီး ပြန်လည်ကြွမြန်းတော်မူသွားပါသည်။

ဦးပဥ္စင်းဦးသောမပေးသွားသော ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ရွှေကက်ကူလေပျံရေဆန် ရုပ်ရှင်တော်မြတ်ကြီးအား ပူဇော်သည့်ဂါထာတော်

- ရွှေကက်ကူဗုဒ္ဓံ အဟံဝန္ဒာမိ သဗ္ဗဒါ၊ တံ ဗုဒ္ဓပူဇနံ၊ ကုလပုတ္တာစ သဗ္ဗ ဌာနေသု နိဗ္ဗယာ။

**ရွှေကက်ကူဗုဒ္ဓံ** - ရွှေကက်ကူဟု နာမတွင်ခေါ် မြတ်စွာဘုရားရှင်၏ ဓာတ်တော်တန်ခိုးတော်တို့ ကိန်းဝပ်တော်မူသော လေပျံရေဆန်ရုပ်ရှင်တော်မြတ်ကြီးကို၊ **အဟံ**- ဘုရားတပည့်တော်သည်၊ **သဗ္ဗဒါ**-အခါခပ်သိမ်း၊ **ဝန္ဒေဝန္ဒာမိ** - ရှိခိုးကန်တော့ပါ၏ဘုရား။

**တံ ဗုဒ္ဓပူဇနံ** - ထိုရွှေကက်ကူရုပ်ရှင်တော်မြတ်ကြီးအား ယုံကြည်မှုသဒ္ဓါဖြင့် ပူဇော်ကြသော၊ **ကုလပုတ္တာစ** - အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်၊ **သဗ္ဗဌာနေသု** - ခပ်သိမ်းသော အရပ်တို့၌၊ **နိဗ္ဗယာ** - ဘေးရန်ကင်းကွာကျန်းမာချမ်းသာကြကုန်သည်၊ **ဟောန္တု**-ဖြစ်ပါစေသတည်း။

ဟူ၍ ဖြစ်ပါသည်။

စာရေးသူလည်း မယ်တော်ကြီးတို့ ရောက်ရှိလာသောအခါ ထိုဂါထာတော်ကိုပေးအပ်လိုက်ပါသည်။ မယ်တော်ကြီးသည် ထိုဂါထာတော်ကို မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဝါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နယ်စပ်တောင်တန်းသာသနာပြု) အား ပြသရာ ဆရာတော်ကြီးမှ ပါဠိသဒ္ဒါစည်းကမ်းနှင့် ညီညွတ်စေရန် ပြင်ဆင်ပေးပါသည်။ အထက်ပါ ဂါထာတော်ဖော်ပြချက်မှာ ဝါခင်းကုန်းဆရာတော်ကြီးပြင်ဆင်ပေးသည့်မှု ဖြစ်ပါသည်။

မကြာမီမှာပင် နှစ်စဉ်ကျင်းပမြဲ (၉) ရက် (၉)လ ရွှေကက်ကူဗုဒ္ဓပူဇနီယပွဲတော်ကြီးလည်းနီးကပ်လာရာ ရွှေကက်ကူ သာဝကများမှာ ထိုဂါထာတော်ကို ဆောင်ချီ၍ ရိုက်နှိပ်လှူဒါန်းကြသဖြင့် ပွဲတော်ရက်များတွင် ရွှေကက်ကူအောင်မြေသို့လာရောက်ကြသော ဧည့်ပရိသတ်အပေါင်းတို့အား ဂါထာတော်များဖြန့်ဝေလှူဒါန်းခဲ့ပါသည်။ ဤဂါထာတော်ဖြင့် ရွှေကက်ကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား ပူဇော်ကန်တော့ကြသူတို့သည် သိသိသာသာ ဆုတောင်းအဓိဋ္ဌာန်တို့ ပြည့်ဝကြသည်ဟု ပြန်လည်ကြားသိရပါသည်။

ယခု ဖော်ပြခဲ့သော ရွှေကက်ကူဘုရားရှိခိုးဂါထာတော်မှာ ဒုတိယပေါ်ပေါက်သောဂါထာတော် ဖြစ်ပါသည်။ ပထမပေါ်ပေါက်ခဲ့သောရွှေကက်ကူဂါထာတော်၏အကြောင်းမှာ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် တင်ဆက်ခဲ့ပြီးဖြစ်ပါ၍ ထိုဂါထာတော်ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို ထပ်မံဖော်ပြခြင်းမပြုတော့ဘဲ ထိုဆောင်းပါးကို မဖတ်လိုက်ကြရသော စာဖတ်ပရိသတ်တို့အတွက်ဂါထာတော်၏ ပါဠိအနက်ကိုသာ ဖော်ပြလိုက်ပါသည်။

### ရွှေကက်ကူလေပျံသစ်တော် မြတ်စွာဘုရားဆုတောင်းရှိခိုးဂါထာ

- ရွှေကက်ကူ ဗုဒ္ဓဂုဏံ အဟံ ဝန္ဒာမိ ဇေယျ ပိယံ ဓနံ လာဘံ သုခံ အဘယံ အကာလိကောစ ဝိပစ္စတုသိဒ္ဓိ။

**ရွှေကက်ကူ ဗုဒ္ဓဂုဏံ** - ရွှေကက်ကူမြတ်စွာဘုရားရှင်၏ဂုဏ်တော်များကို၊ **အဟံ**- ဘုရားတပည့်တော်တပည့်တော်မသည်၊ **ဝန္ဒာမိ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။ **ဇေယျံ** - အလုံးစုံသော အောင်မြင်ခြင်းသည် လည်းကောင်း၊ **ပိယံစ** - လုံးစုံများစွာ သတ္တဝါတို့၏ ချစ်ခင်သနားကြည်ညိုလေးစားခြင်းသည်လည်းကောင်း၊ **ဓနံစ** - စီးပွားဥစ္စာရတနာ ရွှေငွေတို့ပြည့်စုံခြင်းသည် လည်းကောင်း၊ **လာဘံစ** - သန့်ရှင်းကောင်းမြတ်သော လာဘ်လာဘသည် လည်းကောင်း၊ **သုခံစ**- စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းသည် လည်းကောင်း၊ **အဘယံစ** - ဘေးမရှိ ရန်မရှိခြင်းသည်လည်းကောင်း၊ **အကာလိကောစ**- အခါမလင့်အကျိုးပေးခြင်းသည် လည်းကောင်း၊ **ဟောတိ** - မုချ မသွေဖြစ်ပါပေ၏။ **သိဒ္ဓိ**-သိဒ္ဓိမျိုးစုံသည် (ဝါ)အလိုရှိအပ်တောင့်တအပ်သောဆုထူးဆုမြတ်အပေါင်း၏ ပြည့်စုံခြင်းသည်၊ **ဝိပစ္စတု** - ချက်ချင်းလက်ငင်းဖြစ်ပါစေသတည်း ဟူ၍ဖြစ်ပါသည်။

ယနေ့အချိန်တွင် ဤဂါထာတော်ကို တစ်နေ့လျှင်အခေါက်ရေတစ်ထောင်ပူဇော်သူ၊ (၁၀၈) ခေါက်ပူဇော်သူ အမြဲမပြတ်ပူဇော်သူတို့ အများအပြားရှိနေပြီဖြစ်ပါသည်။ ထိုသူတို့သည် ဒုတိယအကြိမ်ပေါ် ပေါက်သောဂါထာတော်ကိုပါ ထပ်မံပူဇော်လျက်ရှိကြရာ ပိုမိုအကျိုးထူးသည်ဟုသိရပါသည်။

ရွှေကက်ကူဂါထာတော်များနှင့်ပတ်သက်၍ တောင်စလင်းတိုက်သစ် ဝါခင်းကုန်းဆရာတော်ဘုရားကြီးမှ မိန့်ကြားတော်မူသည်မှာ -

"ရွှေကက်ကူဘုရားကို နတ်တွေ၊ ဝိဇ္ဇာတွေ၊ နဂါးမင်းတွေ၊ ကုမ္ဘဏ်ယက္ခမင်းတွေ ကိုးကွယ်ပူဇော်နေကြတယ်။ သူတို့ဟာ ဂါထာတွေဖွဲ့ဆိုပြီးပူဇော်ကန်တော့ကြတယ်။ လူတွေကို အိပ်မက်ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေက အိပ်မက်ပေးကြတာ ဖြစ်တယ်။ ဒါကြောင့် ရွှေကက်ကူဘုရားရှိခိုးဂါထာတော်တွေဟာ ဒီဂါထာနှစ်ပုဒ်နဲ့တင်ပြီးဦးမှာမဟုတ်ဘူး။ နောက်ထပ်ဆက်ကာဆက်ကာပေါ် ပေါက်လာဦးမှာပဲ။ပေါ် ပေါက်လာသမျှဂါထာတော်တွေကို ရွတ်ပွားပူဇော်ကြသူတွေကောင်းကျိုးချမ်းသာတွေ ဆက်လက်ရရှိနေကြဦးမှာပဲ"

ဟူ၍ ဖြစ်ပါသည်။

ယုံကြည်သူတို့သည် ရွှေကက်ကူဂါထာတော်များဖြင့် ရွတ်ပွားပူဇော်ကန်တော့၍ ကောင်းကျိုးချမ်းသာများ ရယူနိုင်ကြစေရန် ရေးသားပူဇော်တင်ပြအပ်ပါသည်။

- **ထူးခြားသော ရဟန်းတော်နှစ်ပါး ဆောင်းပါးဖြည့်စွက်ချက်**

(ဤဆောင်းပါးရေးသားပြီးစီးချိန်

www.burmeseclassic.com

www.burmeseclassic.com

တွင် ဆရာတော်ဦးသောမ နောက်တစ်ခေါက်ရောက်လာပြီး ထူးခြားသောအကြောင်းအရာတို့ကို ထပ်မံပြောပြသဖြင့် ဖြည့်စွက်ချက် ရေးသားရခြင်းဖြစ်ပါသည်။)

ဦးပဉ္ဇင်းဦးသောမသည် ထုံးဖိုကျေးရွာမှ အသက်(၈၀)ကျော်အရွယ်ရှိ ဒါယကာကြီး ဦးကြည်ရွှေအား ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်တစ်ပုံပေးအပ်လိုက်သည်။ ဦးကြည်ရွှေသည် အသက်အရွယ်ကြီးရင့်သည်နှင့်အမျှ သတိလည်းမေ့လျော့လာပြီဖြစ်ရာ ဦးပဉ္ဇင်းပေးလိုက်သောဘုရားပုံတော်ကို ခြေရင်းပိုင်းနှင့် တစ်စာန်းတည်းကျသော တစ်ဖက်နံရံတွင်ထိုးထားမိသည်။ အိပ်ပျော်သွားသောအခါ အိပ်မက်ထဲတွင် -

'ဉာဏ်တော်သေးငယ်သောသက်တော် ထင်ရှားဘုရားတစ်ဆူ ကြွရောက်တော်မူလာပြီး ငါ့ကို ဘုရားကျောင်းဆောင်မှာပဲပင့်ထားပါ'

ဟု မိန့်ကြားတော်မူပါသည်။

ထိုအချိန်မှာပင် အိပ်မက်မှ လန့်နိုးလာသည်။

အိပ်မက်က ထူးဆန်းလိုက်တာဟု စဉ်းစားနေရာမှ ဦးပဉ္ဇင်းဦးသောမပေးလိုက်သောဘုရားဓာတ်ပုံတော်ကိုသတိရသဖြင့် ထရံမှသွားရောက်ဖြုတ်ယူရာ အံ့ဩမဆုံးဖြစ်ရပါသည်။ ဓာတ်ပုံထဲမှ ဘုရားမှာ အိပ်မက်ထဲတွင်ကြွလာသောဘုရားဖြစ်နေပါသည်။ နံနက်လင်းသောအခါ ဦးကြည်ရွှေသည် ဝမ်းသာအားရပင် ဦးပဉ္ဇင်း ဦးသောမထံ အပြေးသွားရောက်ပြီး ၎င်း၏အိပ်မက်အကြောင်းကို ပြောပြပါသည်။

"ဒကာကြီး ကျုပ်မပြောဘူးလား၊ ရွှေကံကူဘုရားက တကယ်တန်ခိုးကြီးတယ်။ သက်ရှိထင်ရှားအတိုင်းပဲ အလုံးစုံကိုသိမြင်တော်မူတယ်ဗျ။ လိုတဲ့ဆုသာတောင်းပေတော့ဗျို့"

ဟုပြောလိုက်ရကြောင်း ဦးသောမမှ စာရေးသူကိုပြောပြပါသည်။

ဦးသောမနှင့်ပတ်သက်၍ နောက်ထပ်ထူးခြားမှုကြုံတွေ့ရသူတစ်ဦးကား ဘယ်လင်းမြို့မှ မောင်ဇော်ဦးဖြစ်ပါသည်။ ဘယ်လင်းရွာသည် စဉ့်ကိုင်မြို့နှင့် (၅)မိုင်ခန့်သာကွာဝေး၏။ ကျောက်ဆည်မြို့နှင့် စဉ့်ကိုင်မြို့အကြား ကားလမ်းမကြီး၏နံဘေးမှာပင်ရှိပါသည်။ သို့သော် မောင်ဇော်ဦးသည် စာရေးသူတို့၏ ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်ကို လုံးဝမသိရှိပါ။ ဦးသောမမှ လိုက်ပို့စေသဖြင့် ရောက်ဖူးရခြင်းဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်၏ထူးခြားသော တန်ခိုးတော်အချို့ကို စာရေးသူမှ ဦးပဉ္ဇင်းကို လျှောက်ထားသောအခါတွင် မောင်ဇော်ဦးသည် စိတ်ပါဝင်စားစွာ နားထောင်လျက်ရှိပြီး ရုပ်ရှင်တော်မြတ်ကို အထူးပင် ကြည်ညိုသွားပါတော့သည်။ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်များ၊ ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းအခွေများကို ဝယ်ယူပူဇော်သွားပါသည်။

မောင်ဇော်ဦးသည် ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိသောအခါ ရုပ်ရှင်တော်မြတ်၏ပုံတော်များကို ရုပ်ရှင်တော်မြတ်အား ပူဇော်သကဲ့သို့ ကန်တော့ပွဲ၊ သစ်သီး၊ အောင်ပန်းတို့ဖြင့် ခမ်းခမ်းနားနားပူဇော်ပြီး အိမ်နီးချင်းများနှင့် မိတ်ဆွေတို့အားဖိတ်ကြား၍ ဓာတ်ပုံတော်တို့ကို ဖူးမြော်ကြည်ညိုစေပါသည်။ ရွှေကံကူ ဖြစ်တော်စဉ်သမိုင်းမှတ်တမ်းခွေကိုလည်း ပြသပေးသည်။ ထို့နောက် ဓမ္မစကြာဝတ်အသင်းတို့ကိုလည်းဖိတ်ကြားပြီး ပူဇော်စေသည်။ ထိုအခါ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တို့မှ ရောင်ခြည်တော်များ ထွက်ပေါ်၏။ အထူးခြားဆုံးဖြစ်ပေါ်မှုမှာ မောင်ဇော်ဦးသည် ရွှေကံကူပုံတော်များကို ၎င်း၏ဘုရားခန်းတွင်ပူဇော်ထားရှိမှုအား မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာ ဘုရားခန်း၏ တစ်ဖက်တစ်ချက်တွင် ထားရှိသော သာသနာ့အလံတော်နှစ်လက်၌ ယာဘက်မှအလံတော်တုတ်ထံကို လက်ဖြူကြီးဖြင့်ဆုပ်ကိုင်ထားရှိသည်ကို တွေ့မြင်ရခြင်း ဖြစ်ပါသည်။

မောင်ဇော်ဦးနှင့်တကွ တွေ့မြင်ကြရသောလူအပေါင်းတို့သည် အံ့ဩမဆုံးဖြစ်ကြရပြီး ရုပ်ရှင်တော်မြတ်ကိုလည်း ကြည်ညိုမဆုံးဖြစ်ကြရလေသည်။ မောင်ဇော်ဦး၏နေအိမ်သို့ နေ့စဉ်နှင့်အမျှ ဘယ်လင်းဆယ်ရွာအုပ်စုမှ ဘုရားဖူးလာရောက်ကြသူများနှင့် အမြဲမပြတ်စည်ကားလျက်ရှိပါသည်။ မောင်ဇော်ဦး၏နေအိမ်သည် ရွာ၏တောင်ထိပ်လေးတင်၌ရှိ၍ လှူဒါန်းထားသော ဘုရားပန်းရန့်တို့မှာ တစ်ရွာလုံးပင် မွှေးပျံ့လျက်ရှိပါသည်။

ကိုးကွယ်ယုံကြည်သူတို့က -

"ရွှေကံကူဘုရားကတန်ခိုးကြီးလိုက်တာ။ သိကြားမင်းကတောင် သာသနာ့အလံကိုကိုင်ပြီး ပူဇော်ကန်တော့တာ ဓာတ်ပုံထဲမှာတွေ့ရတယ်။ အဲဒီတော့ ဗုဒ္ဓရဲ့သာသနာတော်ကြီး ပိုပြီးထွန်းကားပြန့်ပွားမယ်ဆိုတဲ့အဓိပ္ပာယ်ပဲ။ ပြီးတော့ ရိုးရိုးလူတွေလှူတဲ့ပန်းရန့်ဟာ အဝေးကြီးအထိ မရောက်နိုင်ဘူး။ အလွန်ဆုံးရောက်တစ်အိမ်ပေါ့။ မျက်စိနဲ့သာမမြင်ရတာ နတ်တွေ၊ ဥစ္စာစောင့်တွေက ပန်းတွေလာလှူတာလည်းဖြစ်နိုင်ပါတယ်။ နတ်တွေဘုရားဖူးလာတာလည်းဖြစ်နိုင်တယ်"

ဟု ပြောကြသည်။

မည်သို့ပင်ဖြစ်စေ မောင်ဇော်ဦး၏နေအိမ်ကတော့ နေ့စဉ်နှင့်အမျှ လူတို့စည်ကားလျက်ရှိပါ၏။ မောင်ဇော်ဦးသည်လည်း ဧည့်ပရိသတ်တို့အား ရေနွေးကြမ်း၊ အချိုပွဲ စသည် တတ်နိုင်သမျှတည်ခင်းဧည့်ခံကာသိုလ်ယူလျက်ရှိ၏။

၁၄ - ၁၀ - ၂၀၁၅ရက်နေ့တုန်းက မောင်ဇော်ဦး စာရေးသူထံရောက်ရှိလာသည်။ သပိတ်ကျင်းမြို့နယ် ခုနစ်မိုင်အောင်ချမ်းသာကျေးရွာမှ တူဖြစ်သူကို လိုက်လံပို့ဆောင်ခြင်း ဖြစ်သည်။

"ဆရာရေ၊ အခုချိန်ထိ လပြည့်လကွယ်နေ့တိုင်း ကျွန်တော့်အိမ်မှာ ဓမ္မစကြာနဲ့ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ မပျက်ကွက်ဘူး။ ရွတ်ဖတ်တဲ့လူတွေပိုလို့တောင်များလာသေးတယ်။ ကျွန်တော်က အသံချဲ့စက်ထောင်ထားတာဆိုတော့ မိုက်ဆင်ပေးထားတယ်။ အဖွဲ့တွေကို အများကြီးပဲ။ အခုလောလောဆယ်တော့ ကျွန်တော့်အိမ်က မကောင်းဘူး။ ဒါကြောင့် ဘုရားကိုမပင့်သေးဘူး။ အိမ်ကောင်းကောင်းနဲ့ အရှင်ဘုရားကို ပင့်ဆောင်ပူဇော်ရပါစေလို့ပဲ နေ့တိုင်းဆုတောင်းတယ်။ ကျွန်တော်ယုံကြည်ပါတယ်၊ မကြာခင်မှာ အိမ်ကြီးအိမ်ကောင်းနဲ့ဘုရားပင့်ရမှာပါ။ ခုလည်း ကျွန်တော် ရုပ်ရှင်တော်မြတ်ရဲ့ဓာတ်ပုံကို အခုလိုပူဇော်နေရတာကိုပဲ ဝမ်းသာပီတိဖြစ်လို့မဆုံးပါဘူး" -

ဟု ပြောပါသည်။

မောင်ဇော်ဦး၏တူဖြစ်သူမှာလည်း ရုပ်ရှင်တော်မြတ်အား ကြည်ညိုသူဖြစ်ပါသည်။ သမိုင်းစာအုပ်၊ အခွေနှင့် ပုံတော်များစွာ ပင့်ဆောင်သွားပါသည်။ ခုနစ်မိုင်ကိုရောက်ရင် ဒီအခွေကိုဖြန့်မှာဟု ပြောပါသည်။


ဤကဲ့သို့ သာဝကတို့ဆက်နွယ်တိုးပွားလာခြင်းမှာ ဦးပဉ္ဇင်းဦးသောမအား အကြောင်းခံခြင်း ဖြစ်ပါ၏။

(ဒုတိယရွှေကံကူဂါထာတော်ရရှိခဲ့သော ဦးပဉ္ဇင်းဦးသောမအား ရွှေကံကူမိသားစုမှ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါ၏)

တိုးဘို (ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com



# မင်းသိင်္ကျော်
## စေတီ၊ဘုရားပုထိုးအကြောင်း သိမှကောင်း

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားသည့်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ၏ မည်သည့်နေရာသို့ သွားရောက်သည် ဖြစ်စေ ဘုရားပုထိုး၊ စေတီများကို မဖူးမတွေ့နိုင်သောနေရာဟူ၍မရှိပေ။ ယခုအခါတွင် မြို့၏အလယ်၌သော်လည်းကောင်း၊ မြို့၏အပြင်၌သော်လည်းကောင်း စေတီပုထိုးများကို ဖူးတွေ့ရမည် ဖြစ်ပေသည်။

ဆရာကြီး ဦးဟုတ်စိန်၏ ပါဠိ - မြန်မာအဘိဓာန်၌ 'စေတိယ' ကို လူတို့အရိုအသေပြုရာအရပ်၊ ပူဇော်ရာစေတီပုထိုးနတ်ကွန်းဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ စေတိယကို တိပိဋကအဘိဓာန်တွင် စိတ-ဓာတ်မှဆင်းသက်လာသော ပူဇော်ခြင်း၊ အုတ် စသည်တို့ဖြင့်စီခြင်းဟု အဓိပ္ပာယ်ဖွင့်ထားပေသည်။

စေတီပုထိုးဟုဆိုရာ၌ ပုထိုးသည် အပါဒါန်အဋ္ဌကထာတွင် 'ထူပီယတိ ရာသီကရီယ တီတိထူပေါ'ဟု ဖွင့်ဆို၏။ အစုအပုံပြုခြင်းသည် ထူပမည်၏။ ထူပ-ပူတ-ပုထိုးဟု တရွေ့ရွေ့ပြောင်းလဲလာခြင်းဖြစ်ကြကုန်၏။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်ရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အစိုးရနှင့်ပြည်သူအပေါင်းတို့၏အရိုအသေပြုရာ၊ ပူဇော်ရာဖြစ်သော စေတီပုထိုးများတို့သည် နိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းအစဉ်အလာ အနုပညာနေရာဌာနများ ဖြစ်ပေ၏။ ထို့ကြောင့် ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိကအဆောက်အအုံများတို့သည် လူတို့၏ ယဉ်ကျေးမှုနှင့် အနုပညာထွန်းကားမှုများအား သမိုင်းမှတ်တမ်းအနေဖြင့်ဖြစ် ပေးနိုင်ကြပေသည်။ စေတီပုထိုးများ



www.burmeseclassic.com

www.burmeseclassic.com

အားလုံးတို့တွင် မြတ်ဗုဒ္ဓ၏ဓာတ်တော်၊ ဓမ္မတော်၊ အံတော်၊ မြတ်ဗုဒ္ဓ၏ရုပ်ပွားတော်တို့သည် ကိန်းဝပ်စံပယ်တော်မူကြကုန်၏။ ဂုဏ်တော်အပေါင်း ပြည့်စုံလျက်ရှိကြကုန်၏။

စေတီတည်ခြင်း၊ ဘုရားတည်ခြင်း၊ ရွှေငွေစသည်တို့ကို ဌာပနာရခြင်းတို့သည် အပါယ်လေးပါးလွတ်၏။ လူနတ်တို့၏စည်းစိမ်ကို ခံစားရစေ၏။

နောက်ဆုံးဘဝတွင် နိဗ္ဗာန်ရောက်ခြင်းဟူသောအကျိုးထူးများ ရရှိနိုင်ပေသည်။

■

'စေတီ၊ ဘုရား၊ ပုထိုးအကြောင်း သိမှကောင်း' ခေါင်းစဉ်နှင့်အညီ တင်ပြရပါမည်ဆိုပါက ကျွန်ုပ်တို့၏လောကတွင် စေတီလေးမျိုးရှိ၏။ ၎င်းတို့မှာ-

၁။ ဓာတုစေတီ၊
၂။ ဓမ္မစေတီ၊
၃။ ပရိဘောဂစေတီ၊
၄။ ဥဒ္ဒိဿစေတီတို့ပင် ဖြစ်ပါ၏။

ဖော်ပြပါ စေတီလေးမျိုးတို့၏ သဘောအဓိပ္ပာယ်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**၁။ ဓာတုစေတီအကြောင်း**

ဂေါတမ မြတ်စွာဘုရားရှင်၏ ဓာတ်တော်များတွင် -
(က) စွယ်တော်လေးဆူ၊
(ခ) ညှပ်ရိုးတော်နှစ်ဆူ၊
(ဂ) နဖူးသင်းကျစ်တော်တစ်ဆူ၊

စုစုပေါင်းခုနစ်ဆူသောဓာတ်တော်တို့သည် မပြိုမကွဲရှိကြကုန်၏။

ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်အရွယ်အစား၊ အဆင်းနှင့်ပမာဏမှာ မုန်ညင်းစေ့ခန့်ရှိ၏။ မြလေးငုံအဆင်းရှိတော်မူ၏။ အလတ်စားဓာတ်တော်တို့သည် ဆန်ကျိုးအရွယ်ခန့်ရှိ၏။ ပုလဲရောင်အဆင်းရှိတော်မူ၏။ အကြီးစားဓာတ်တော်တို့မှာကား ပဲနောက်စေ့တစ်ခြမ်းအရွယ် ရွှေအဆင်းရှိတော်မူလေ၏။ ထိုဓာတ်တော်များကို တည်ထားကိုးကွယ်သည့်စေတီကို ဓာတုစေတီဟု ခေါ်ဆို၏။

**၂။ ဓမ္မစေတီအကြောင်း**

ပဋိစ္စသမုပ္ပါဒ်တရားတော်များ၊ ပိဋကတ်တော်များ စသည်တို့ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ကျောက်ပြား၊ အုတ်ပြား၊ အုတ်ချပ်၊ ပေ၊ ပုရပိုက်၊ စက္ကူများကို ဌာပနာ၍ ကိုးကွယ်သောစေတီကို ဓမ္မစေတီဟု ခေါ်ဆို၏။

**၃။ ပရိဘောဂစေတီအကြောင်း**

မြတ်စွာဘုရားရှင်အသုံးပြုခဲ့သည့် အသုံးအဆောင်တော်များဖြစ်ကြသော တောင်ဝှေးတော်၊ သပိတ်၊ သင်္ကန်း၊ ခါးပန်းကြိုး၊ ရေစစ်၊ အပ် စသည်တို့ကို ဌာပနာ၍ တည်ထားကိုးကွယ်သော စေတီကို ပရိဘောဂစေတီဟုခေါ်ဆို၏။

**၄။ ဥဒ္ဒိဿစေတီအကြောင်း**

မြတ်စွာဘုရားရှင်အား ရည်မှန်း၍ သစ်သားများအားထွင်းထုသောပုံတော်၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ၊ ပြဒါး၊ သံ စသည်တို့ကို သွန်းလောင်း၍ပြုလုပ်ထားသော ပုံတော်တို့ကို ဌာပနာထည့်သွင်းပြီး တည်ထားကိုးကွယ်သောစေတီတော်မြတ်တို့ကို ဥဒ္ဒိဿစေတီဟုခေါ်ဆို၏။

ထိုစေတီလေးမျိုးနှင့်ပတ်သက်၍ မန်ကျည်းပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီရေးသားစီရင်တော်မူသော စေတိယပကာသနီကျမ်းတွင် သရတ္ထ၊ ဋီကာ၊ ဝိနည်း၊ အဋ္ဌကထာ၊ ခုဒ္ဒအဋ္ဌကထာ၊ ကထာဝတ္ထုအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဝိမာနဝတ္ထုပါဠိတော်စသော ဒေသနာတော်များကို ကျမ်းကိုးပြု၍ အကျယ်တဝင့် ဖွင့်ပြတော်မူထားသည်ကိုလည်း တွေ့ရပေသည်။

*တိဝိဓဉ္စိစေတိယံ၊ ဝဒန္တိပရိဘောဂ စေတိယံ၊ ဓာတုစေတိယံ၊ ဓမ္မစေတိယန္တိ၊ တတ္ထဘဂဝတော ပရိဘုတ္တပကရဏာနိ နိဒဟိတွာကတံစေတိယံ ပရိဘောဂစေတိယံနာမ၊ ဓာတုစေတိယံ၊ ပနဓာတု၊ ယောနိဒဟိတွာကတံ၊ ပဋိစ္စသမုပ္ပါဒမိလိခိတပေါတ္ထကံ နိဒဟိတွာကတံပန် ဓမ္မစေတိယံနာမ။*

(သောရတ္ထ-ဋီ ၁။ ၁၇၂)

ဟိ-ဝိတ္ထရေမိထိုစကားကို အကျယ်ချဲ့၍ဆိုဦးအံ့။

**စေတိယံ**-စေတီတော်၊ **ပရိဘောဂ**-ပရိဘောဂစေတီ လည်းကောင်း၊ **ဓမ္မစေတိယံ**-ဓမ္မစေတီလည်းကောင်း၊ **ဣတိ**-ဤသို့၊ **တိဝိဓံ**-သုံးပါးအပြားရှိ၏။ **တတ္ထ**-ထိုသုံးပါးတို့တွင်၊ **ဘဂဝတော** - မြတ်စွာဘုရား၏၊ **ပရိဘုတ္တပကရဏာနိ** - အသုံးအဆောင်ဖြစ်တော်မူသော ရေစစ်၊ ခါးပန်းကြိုး၊ သင်္ကန်း၊ သပိတ် စသော အဆောက်အဦတို့ကို၊ **နိဒဟိတွာ** - ထည့်သွင်းဌာပနာ၍၊ **ကတံ**-ပြုလုပ်အပ်သော၊ **စေတိယံ**-စေတီတော်သည်၊ **ပရိဘောဂစေတိယံနာမ** - ပရိဘောဂစေတီမည်၏။ **ပန** - ထိုမှတစ်ပါး၊ **ဓာတုယောသရီရ**-ဓာတ်တော်တို့ကို၊ **နိဒဟိတွာ**-ထည့်သွင်းဌာပနာ၍၊ **ကတံ**-ပြုအပ်သော၊ **စေတိယံ**-စေတီတော်သည်၊ **ဓာတုစေတိယံနာမ**-ဓာတုစေတီမည်၏။ **ပဋိစ္စသမုပ္ပါဒါဒိ လိခိတပေါတ္ထကံ** - ပဋိစ္စသမုပ္ပာဒ် စသည်ဖြင့် ရေးအပ်သော ရွှေပြား၊ ငွေပြား၊ ပေရွက်တို့ကို၊ **နိဒဟိတွာ** - ထည့်သွင်းဌာပနာ၍၊ **ကတံ** - ပြုအပ်သော၊ **စေတိယံပန**-စေတီတော်သည်၊ **ဓမ္မစေတိယံနာမ** - ဓမ္မစေတီမည်၏။ တစ်နည်းကား သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကိုယ်တော်မှ အစိတ်ဖြစ်သော ဆံတော်၊ သွားတော်၊ ညှပ်တော်၊ ညှပ်ရိုးတော် အစရှိသော ဓာတ်တော်သည် သာရီရိကစေတီမည်၏။ မြတ်စွာဘုရားရှင်၏အသုံးအဆောင်ဖြစ်တော်မူသော ဗောဓိပင်၊ ပရိက္ခရာတော်စသည်များက ပရိဘောဂစေတီမည်၏။

မြတ်စွာဘုရားသဏ္ဍာန်တော်ကဲ့သို့ ကိုယ်တော်စားထုလုပ်ရေးသွင်းအပ်သော ရုပ်ပွားဆင်းတုတော်သည် ဥဒ္ဒိဿကစေတီမည်၏။

*သရီရိကံ၊ ပရိဘောဂိကံ၊ ဥဒ္ဒိဿကန္တိ၊ ဇဝံ တိပ္ပဘေဒံစေတိယံဝဒန္တိ။ အယံပနပဘေဒေါပဋိမာ ဝူပဿပိ ဥဒ္ဒိဿကံစေတိယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံယုဇ္ဇတိ။*

(သာရတ္ထ-ဋီ)

**သာရီရိကံ** - ကိုယ်တော်မှအစိတ်ဖြစ်သော ဆံတော်၊ သွားတော်၊ ညှပ်ရိုးတော် အစရှိသော ဓာတ်တော်တို့သည် လည်းကောင်း၊ **ပရိဘောဂိကံ**-မြတ်ဘုရားအသုံးအဆောင်ဖြစ်သော ဗောဓိပင်၊ ပရိက္ခရာများသည်လည်းကောင်း၊ **ဥဒ္ဒိဿကံ** - မြတ်စွာဘုရားသဏ္ဍာန်တော်ကဲ့သို့ ကိုယ်တော်စားရည်မှတ်၍ သွန်းလောင်းရေးထု ပြုစုကိုးကွယ်အပ်သော ရုပ်ပွားဆင်းတုတော်သည် လည်းကောင်း၊ **ဣတိ ဇဝံ**-ဤသို့သော်လည်း **စေတိယံ** -စေတီတို့ကို၊ **တိပ္ပဘေဒံ** - သုံးပါးအပြားရှိ၏ဟူ၍၊ **ဝဒန္တိ**-ဆိုကြကုန်၏။ **ပန**-ထိုသို့ပင်ဆိုကြကုန်သော်လည်း၊ **အယံပဘေဒေါ**-ဤနောက်သုံးပါးအပြားသည်၊ **ပဋိမာရူပဿပိ** - ရုပ်ပွားဆင်းတုတော်ကိုလည်း၊ **ဥဒ္ဒိဿကစေတိယေနေဝ** - ဥဒ္ဒိဿကစေတီသာလျှင်၊ **သင်္ဂဟိတတ္တာ**-ရေတွက်အပ်သောကြောင့်၊ **သုဋ္ဌုတရံ** - အတိုင်းထက်



www.burmeseclassic.com

www.burmeseclassic.com

အလွန်၊ **ယာ့ဋ္ဌတိ**-သင့်၏။

*စေတိယဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ*
*ဝုတ္တံဟောတိ စိတတ္တာဝါစေတိယံ။*

(ခုဒ္ဒကအဋ္ဌကထာ)

**စယိတဗ္ဗံ**-ပူဇော်အပ်၊ ပူဇော်သင့်၊ ပူဇော်ထိုက်၏။ **ဣတိတသ္မာ**-ထို့ကြောင့်၊ **စေတိယံ**-စေတီမည်၏။ **ပူဇေတဗ္ဗ**-ပူဇော်ထိုက်၏။ **ဣတိ**-ဤသို့၊ **ဝုတ္တံ**-ဆိုလိုသည်၊ **ဟောတိ** - ဖြစ်၏။ **စိတတ္တာ** - စီရင်ပြုစု၊ ဖန်တီးအပ်သည်အဖြစ်ကြောင့်၊ **စေတီယံ** - စေတီမည်၏။

ထိုစေတီတော်နှင့် ပတ်သက်၍ အရှင်တေဇနိယ (တက္ကသိုလ်-နေမင်း) ရေးသားအပ်သော 'လွမ်းစေတီမှာ ကြွေတဲ့အသည်း' ဟူသော ကျမ်းစာတွင် -

စေတယိတဗ္ဗံ၊ အပစိတဗ္ဗံ၊ ပူဇိတဗ္ဗံ ဧတ္တာတိစေတိယံ' စသည်ဖြင့် ရေးသားဖွင့်ပြထားသည်ကို တွေ့ရသည်။

ပူဇော်ကြ၊ မြတ်နိုးကြ၊ ဆည်းကပ်ကြ၊ အလေးအမြတ်ပြုကြတာမှန်သမျှတွေဟာ စေတီပါပဲ။ ကျုပ်တို့ မိရိုးဖလာအတိုင်းပဲ အိမ်တွင်းမင်းမဟာဂီရိ မြင်းဖြူရှင်၊ ကိုးမြို့ရှင် စသောအရာတွေကို လူသားတွေရှိခိုးမနေကြဘူးလား။ အဲဒါတွေအားလုံးဟာလည်း စေတီတွေပါပဲ။ လူသားတွေဟာ ကြီးမားတဲ့တောစိုးသစ်ပင်ကြီးကိုရှိခိုးနေကြသလား။ ကြီးမားတဲ့ ကျောက်တုံး၊ ကျောက်ဆောင်ကြီးများကို ရှိခိုးနေကြသလား။ တောကြီးကိုရှိခိုးကြသလား။ ဦးရှင်ကြီးကို ရှိခိုးနေကြသလား။ အဲဒါတွေဟာ စေတီတွေပဲ။ ကျောက်တုံးကြီးကို ရှိခိုးနေရင် ကျောက်တုံးဟာ စေတီပဲ။

ဒါကြောင့် ဘုရားရှင်ဟောတော်မူတာက -

*ဗဟုံဝေသရဏံယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ၊ အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။*

**ဗဟုံ**-များစွာကုန်သော၊ **မနုဿာ**-လူတွေဟာ၊ **ဘယတဇ္ဇိတာ** - ဘေးကိုကြောက်ကြသဖြင့်၊ **ယန္တိ**-ကိုးကွယ်သိမှတ်ဆည်းကပ်သည့်အဆင့်သို့ရောက်ကုန်ကြတယ်။

ဘာတွေကို ကိုးကွယ်ကြသတုံးဆိုတော့ **အာရာမ**-ကြီးမားသောအာရာမ်ကြီးများကို ကိုးကွယ်ကြတယ်။ **ရုက္ခ**-ကြီးမားသောတောစိုးသစ်ပင်ကြီးတွေလည်း ကိုးကွယ်ကြတယ်။ **စေတျာနိ**-စေတီလို့ သမုတ်ထားကြတဲ့ ကျောက်ဟုံးကျောက်ခဲ၊



သစ်ပင်ပန်းမန်တွေကိုလည်းကိုးကွယ်ကြတယ်။ ပဗ္ဗတဆိုတဲ့တောင်တွေကိုလည်း ကိုးကွယ်ကြတယ်။

ဒါကြောင့် ပခုက္ကူမြို့ ဗောဓိမဏ္ဍိုင်ဆရာတော်ကြီး ဘဒ္ဒန္တဝိရိယ(ပါရဂူ)က-

*ဘေးရန်ရောက်သော ကြောက်သည့်ဇောဖြင့် တောကြီး၊ တောင်ကြီး၊ ဥယျာဉ်ကြီးနှင့် သစ်ကြီးဝါးပင် စိတ်ထင်မြင်ရာ ကိုးကွယ်ပါက သစ္စာမရ ဝဋ်ဒုက္ခမှချမလွတ်နိုင်*

ဟု စပ်ဆိုတော်မူခဲ့လေသည်။

"သစ္စာကိုသိချင်ကြတဲ့သူတွေ၊ ဒုက္ခမှလွတ်မြောက်လိုကြတဲ့သူတွေအားလုံးသည် သင်တို့ရဲ့ကိုးကွယ်ရာတွေသည် အဲဒီစေတီတွေမဟုတ်ဘူး။ ဒါဖြင့် ဒီစေတီတွေဟာ ဘယ်ခေတ်ကာလမှ စတင်ပြီး ပေါ်ပေါက်လာသလဲဆိုရင် တိုင်းကြီး(၁၆)တိုင်းအပါအဝင် ဝဇ္ဇီတိုင်း ဝေသာလီမြို့ကို တည်ထောင်ဖန်တီးကြတဲ့ လိစ္ဆဝီဆိုတဲ့လူမျိုးတွေ ဝေသာလီမြို့ကိုတည်စဉ်အခါက နတ်ကွန်းကြီးခြောက်ခုကို တစ်ပါတည်း ဖန်တီးပြုလုပ်ခဲ့ကြတယ်။

၁။ သာရန္ဒဒနတ်ကွန်း၊
၂။ စာပါလနတ်ကွန်း၊
၃။ ဂေါတမနတ်ကွန်း၊
၄။ ဥဒေနနတ်ကွန်း၊
၅။ သတ္တမ္ဗကနတ်ကွန်း၊
၆။ ဗဟုပုတ္တိနတ်ကွန်း တို့ဖြစ်တယ်။

အဲဒီနတ်ကွန်းကြီးခြောက်ခုကို ဝဇ္ဇီတိုင်း ဝေသာလီမြို့က လိစ္ဆဝီလူမျိုးတွေအားလုံးက စေတီလို့သုံးစွဲခေါ်ဝေါ်ခဲ့ကြတယ်။ အဲဒါကြောင့် ဝေသာလီမြို့က သာရန္ဒဒနတ်ကွန်းကြီးကို သာရန္ဒဒစေတီ၊ ဥဒေနနတ်ကွန်းကြီးကို ဥဒေနစေတီ၊ စာပါလနတ်ကွန်းကို စာပါလစေတီစသည်ဖြင့် ကိုးကွယ်ခဲ့ကြတယ်။ ဘာဖြစ်လို့ အဲဒီလိုလုပ်ပြီး အဲဒါကြီးတွေကို စေတီအဖြစ်ကိုးကွယ်ကြတာလဲဆိုတော့ တို့မြို့ကိုအန္တရာယ်ကျရောက်မည်ဆိုလျှင် ရှေ့ကထွက်ပြီး တို့တွေကို ကာကွယ်ရမယ်။ မင်းတို့တွေရှေ့ကထွက်ပြီး တို့ဘက်ကကူညီတိုက်ခိုက်ပေးရမယ်။ မင်းတို့ကိုကျွေးစရာရှိတာကျွေးမယ်၊ ပေးစရာကိုပေးမယ်။ အလေးဂရုပြုမယ်။ မင်းတို့အတွက်တို့ လုပ်ပေးစရာမှန်သမျှလုပ်ပေးမယ်လို့ သာရန္ဒဒနတ်ဘီလူးကြီးကို ကိုးကွယ်တဲ့ သာရန္ဒဒနတ်ကွန်းကြီးဟာ သာရန္ဒဒစေတီပါပဲ။ စာပါလ၊ ဂေါတမစတဲ့ အဲဒီနတ်ကွန်းကြီးရဲ့ ကိုးကွယ်ရာနတ်ကွန်းတွေသည် စေတီလို့ခေါ်ကြပါတယ်။

ဒါဆိုရင် ဂေါတမဗုဒ္ဓ မဇ္ဈိမဒေသမှာ ဘုရားဖြစ်တော်မူတော့ ဘုရားမပွင့်မီလွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်နှစ်ထောင်လောက်ကတည်းက စောပြီး အဲဒီစေတီကြီးတွေဟာ ရှိနှင့်နေကြပြီး မြတ်စွာဘုရားရှင် ဝေသာလီမြို့ကိုကြွတော်မူသောအခါ ဝေသာလီကလူတွေရှိခိုးကိုးကွယ်နေတာကိုမြင်ပြီးတော့-

'အို-လိစ္ဆဝီမင်းမျိုးတို့၊ သင်တို့ကိုကိုးကွယ်နေကြတဲ့ အဲဒီစေတီတွေဟာ သင်တို့မျှော်မှန်းထားကြသလို ဝဋ်ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်ကြောင်းမဟုတ်ဘူး။ ဒုက္ခလွတ်ကြောင်းဖြစ်တဲ့ ကိုးကွယ်ထိုက်သော စေတီဆိုတာကို ငါဘုရားဟောတော်မူမည်'

ဟု အဲဒီမှာ မြတ်ဗုဒ္ဓက စေတီထိုက်သောပုဂ္ဂိုလ်လေးမျိုးကိုဟောတော်မူပါတယ်"

ဟူ၍သာ။

[အကျယ်ကို လေ့လာလိုပါက အရှင်တေဇနိယ(တက္ကသိုလ်-နေမင်း)၏ 'လွမ်းစေတီမှာ ကြွေတဲ့ အသည်းကျမ်း' တွင် ဖတ်ရှုကြပါကုန်]

မင်းသိင်္ခကျော်

**ကျမ်းကိုး -**

၁။ ဦးဟုတ်စိန်၏
ပါဠိ-မြန်မာအဘိဓာန်
၂။ မန်ကျည်းပင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တမေဓာဝီ၏စေတိယပကာသနီကျမ်း
၃။ အရှင်တေဇနိယ(တက္ကသိုလ်-နေမင်း) ၏ လွမ်းစေတီမှာ ကြွေတဲ့အသည်းကျမ်း

www.burmeseclassic.com

www.burmeseclassic.com

အညာဝါလိုင်း

# ပုပ္ပားတောင်ကလပ်အခြေက မဟာသမယစမ္မာတုစေတီတော်နှင့် ဧယျသုခပဋ္ဌာန်းအဖွဲ့

■ နီဒါန်း

ပုပ္ပားကို လူတိုင်းသိကြပါသည်။


ကျောက်ပန်းတောင်းမြောက်ဘက် တောင်သာလမ်းမပေါ်တွင် ကျောက်ပန်းတောင်းမှ (၅) မိုင်ခန့်အကွာတွင် တည်ရှိပါသည်။


ပုပ္ပားဟု ဆိုလိုက်လျှင် ပုဂံပြည် အနော်ရထာမင်းလက်ထက်တွင် လူစွမ်းကောင်းဗျတ္တကို မြင်ယောင်မိ၏။ ပုပ္ပားတောင်မှ စံကားဝါ၊ ခတ္တာ၊ မြတ်လေး၊ စပယ် စသောပန်းများနှင့် ရာသီအလိုက် ပွင့်ကြကုန်သောပန်းများကိုခူးပြီး နေ့စဉ် အနော်ရထာမင်းထံ ဆက်သရသည်။ အနော်ရထာမင်းသည် သာသနာပြုမင်းဖြစ်သဖြင့် ဘုရားစေတီများကိုတည်ထားကိုကိုးကွယ်ခဲ့ရာ ဗျတ္တဆက်သောပန်းများဖြင့် နံနက်တိုင်းဆက်ကပ်လှူဒါန်းခဲ့သဖြင့် မဟာကုသိုလ်တော်ရပုံကို မြင်ယောင်မိပါသည်။ လူစွမ်းကောင်း ဗျတ္တကြီးလည်း ပုပ္ပားတောင်မှ ပန်းစားဘီလူးမမယ်ဝဏ္ဏနှင့်တွေ့၍ ချစ်ကြိုက်ကြရာ ချစ်ပန်းပွင့်ခဲ့သော ဤနယ်မြေသည် စံကားဝါပန်းများ၊ ရနံ့များနှင့် ချစ်ပန်းရနံ့များ သင်းပျံ့မွှေးကြိုင်ပြီး ကြည်နူးစရာများဖြင့်ပြည့်နေပါတော့သည်။

ဗျတ္တနှင့် မယ်ဝဏ္ဏတို့မှရသော ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးညီနောင်တို့မှ စခဲ့သောနတ်သမိုင်းကိုလည်း မြင်ယောင်မိပါသည်။

ပုပ္ပားဟုဆိုပါက ဝိဇ္ဇာဓိုရ် အဘအောင်မင်းခေါင်သည် ပုပ္ပားတောင်ကလပ်တွင် ကျင့်ကြံအားထုတ်ရာမှ ပုပ္ပားအောင်မင်းခေါင်ဟု ထင်ရှားကျော်ကြားလာလေသည်။ အဘတို့တရားကျင့်ခဲ့သောနေရာ၊ အဘတို့တည်ခဲ့သော ဘုရားများနှင့် အဘ၏ခြေရာလက်ရာများမှာ ပုပ္ပားတွင်ယခုအချိန်ထိထင်ကျန်ရစ်ပါသည်။

ယခု တင်ပြမည့် 'မဟာသမယ











www.burmeseclassic.com

www.burmeseclassic.com





မိတ္ထီလာမြို့ ဇေယျာသုခ နယ်လှည့်သာသနာပြုပဋ္ဌာန်းအဖွဲ့ (၁၁) နှစ်ပြည့်နှင့် (၁၁၅) ကြိမ်မြောက် အထိမ်းအမှတ်






ဓမ္မဓာတုစေတီ' သည် ပုပ္ပားတောင်ကလပ်ခြေရင်းတွင်တည်ရှိပါသည်။ ပုပ္ပားတောင်ကလပ်သို့ ကျောက်ပန်းတောင်းမှလာပါက ခလရ(၇၈)အကျော် ဂေါက်ကွင်းမရောက်မီ ညာဘက်လမ်းခွဲမှဖြတ်သွားလို့ရပါသည်။ ပုပ္ပားတောင်ကလပ်မှ ကျောက်ပန်းတောင်းသို့သွားရာဖြတ်လမ်းဖြစ်သည်။ ယခုမဟာသမယစေတီမှာ ဖော်ပြပါ ပုပ္ပားတောင်ကလပ်ဖြတ်လမ်းပေါ်တွင်တည်ရှိပါသည်။ အတက်လမ်းခွဲမှ (၅) ဖာလုံခန့်သွားပါက ညာဘက်တွင် လမ်းနှင့်ကပ်လျက် (၂၇) တောင်ဘက်တော်ရှိသော စေတီတစ်ဆူပင် ဖြစ်ပါသည်။ လမ်းဘက်ခြမ်းတွင် မြေကာနံရံများဖြင့်တည်ထားပြီး ညာဘက်သို့ချိုးကွေ့တက်သွားပါက ဘုရားရင်ပြင်သို့ရောက်ပါသည်။ အဝင်ဘက် ဘယ်ဘက်ခြမ်းတွင် ရဲဘော် (၃) ကျိပ်ဝင် ဗိုလ်မှူးအောင်၏ရုပ်တုနှင့်ကမ္ပည်းကျောက်တိုင်ကို အဆောက်အအုံတစ်လုံးဖြင့် သီးခြားတည်ဆောက်ထားပါသည်။ ဘုရား၏ရင်ပြင်တော်မှ အရှေ့ဘက်မျှော်ကြည့်ပါက ပုပ္ပားတောင်ကလပ်ကို ထင်ထင်ရှားရှားတွေ့ရ၏။ တောင်ကလပ်တက်သောလှေကားများနှင့်ဘုရားစေတီတော်တို့ကို ထင်ထင်ရှားရှားဖူးတွေ့ရပါသည်။ ပုပ္ပားတောင်မကြီးမှာ ၎င်းနောက်မှ ထင်ထင်ရှားရှား မြင်တွေ့ရပါသည်။

ဘုရားရင်ပြင်တော်နှင့် တစ်ဆက်တည်းမှာ ရွှေမန်းကျီးသီးကျောင်းတိုက်ရှိပါသည်။ ဦးမယ်ဒါဝီမှ ပိုင်ဆိုင်ပြီး သာသနာပြုလျက်ရှိပါသည်။ ဘုရား၏ညာဘက်ခြမ်းမှာ ချောက်ကမ်းပါးများ မြေနိမ့်တစ်ခုရှိပါသည်။ စေတီတော်၏အနောက်ဘက်မှာ (ဓမ္မာရုံတစ်လုံး) ဗိုလ်မှူးအောင်နေထိုင်ခဲ့သောအိမ်ဖြစ်ပါသည်။ စေတီမှာ (၈) မြှောင့်ပုံသဏ္ဌာန်ရှိပြီး မုခ် (၈) မုခ်ရှိပါသည်။ မုခ်(၈)မုခ်တွင် မုဒြာ (၈) မျိုးရှိသော ဘုရား(၈)ဆူရှိပါသည်။ ဘုရားရင်ပြင်တော်တွင် မြက်များပေါက်နေပြီး ဘုရားဝတ်ပြုရာနေရာလောက်သာရင်ပြင်ခင်းနိုင်ပါသည်။ စေတီတော်မှာ အင်္ဂတေကွဲကျပြီး ဆေးရောင်မှာ မှေးမှိန်လျက်ရှိပါသည်။ ဗိုလ်မှူးအောင် ဓမ္မာရုံထဲတွင် မိတ္ထီလာမှ ဇေယျာသုခပဋ္ဌာန်းအဖွဲ့မှ အသံမစဲမဟာပဋ္ဌာန်းတော်ကြီးကို ရွတ်ဖတ်ပူဇော်နေကြပါသည်။ ဇေယျာသုခပဋ္ဌာန်းအဖွဲ့မှာ အစိုးရပင်စင်စားများဖြင့် ဖွဲ့စည်းထားပါသည်။ ထိုပဋ္ဌာန်းအဖွဲ့သည် ပဋ္ဌာန်းရွတ်ဆိုပြီး ငွေအလှူခံခြင်းအမှုကိစ္စ မလုပ်ကြပါ။ မိမိစရိတ်ဖြင့် လာရောက်ရွတ်ကြခြင်းဖြစ်ပြီး ကိုယ့်ထမင်းကိုယ်စားပြီး ကုသိုလ်သက်သက်ယူကြသောအဖွဲ့ဖြစ်ပါသည်။ ၎င်းတို့၏ ယုံကြည်ချက်မှာ လူသူအရောက်နည်းသောဂူကျောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com





အားကြည်ညိုသူများစေချင်၏။ လှူဒါန်းသူတွေပေါ်များစေချင်၏။ ဤစေတီတော်ကြီး၏တန်ခိုးတေဇော်အာနုဘော်ကြောင့် စစ်ပွဲတိုက်ပွဲတွေရပ်စဲပြီးတိုင်းပြည်ငြိမ်းချမ်းပါစေဟုသောဆန္ဒဖြင့် ရွတ်ဖတ်ပူဇော်နေကြခြင်း ဖြစ်ပါသည်။

ပဋ္ဌာန်းဝတ်အဖွဲ့မှ ဦးအောင်ချစ်သည် အဘိဓမ္မာအခြေခံသင်တန်းတက်ရောက်ပြီးဖြစ်ပါသည်။ အဘိဓမ္မာသင်တန်းမှသင်ကြားခဲ့သော ပဋ္ဌာန်းဒေသနာကို အောက်မေ့ပြီး ပဋ္ဌာန်းနှင့်ပတ်သက်သော အကြောင်းအရာများကို စဉ်းစားဆင်ခြင်နေမိပါတော့သည်။

ပဋ္ဌာန်း ဆိုသည်မှာ ပ-ဋ္ဌာနမှလာပါသည်။ ပ-သည် အမျိုးမျိုးအပြားပြားဟု အဓိပ္ပာယ်ရပြီး ဋ္ဌာနသည် အကြောင်းတရားဖြစ်ပါသည်။ (ပ+ဋ္ဌာန=ပဋ္ဌာန်း) သည် အမျိုးမျိုးအပြားပြားဟု အဓိပ္ပာယ်ရပြီး ဋ္ဌာနသည် အကြောင်းတရားဟု အဓိပ္ပာယ်ရပါသည်။ အကြောင်းတရားတွေ အများအပြားရှိကြရာ တူရာအကြောင်းတရားများကို စုပေါင်း၍ အုပ်စုဖွဲ့ပါက (၂၄) အုပ်စုရပါသည်။ (၂၄) ပါးသော အကြောင်းတရားကို ၂၄-ပစ္စည်းဟု ခေါ်ပါသည်။ ပဋ္ဌာန်းတရားတော်ကို လေ့လာကြည့်ပါက အောက်ပါအတိုင်း သုံးမျိုးရှိပါသည်။

(က) ပစ္စယုဒ္ဒေသ

(ခ) ပစ္စယနိဒ္ဒေသ

(ဂ) ပတိနိဒ္ဒေသတို့ဖြစ်ပါသည်။

(ပစ္စယ+ဥဒ္ဒေသ = ပစ္စယုဒ္ဒေသ) ဖြစ်လာပါသည်။ ပစ္စယမှာ အကြောင်းတရားဖြစ်ပြီး ဥဒ္ဒေသမှာ အကျဉ်းချုပ်ဖြစ်ပါသည်။ ၂၄-ပစ္စည်းကိုပင် ပစ္စည်းယုဒ္ဒေသဟု ခေါ်၏။ (ပစ္စယ+နိဒ္ဒေသ= ပစ္စယနိဒ္ဒေသ) ဖြစ်ပါသည်။ ပစ္စယမှာ အကြောင်းတရားဖြစ်သည်။ နိဒ္ဒေသမှာ အကျယ်ဖြစ်သည်။ ပဋ္ဌာန်းကျမ်း(၅)အုပ်လောက် မကျယ်ပါ။ မကျဉ်းမကျယ် အလယ်အလတ် ပဋ္ဌာန်းဖြစ်ပါသည်။

ပတိ + နိဒ္ဒေသ = ပတိနိဒ္ဒေသ ဖြစ်ပါသည်။ ပတိမှာ အကြောင်းတရားများဖြစ်ပြီး နိဒ္ဒေသမှာ အကျယ်ဖြစ်ပါသည်။ ပတိနိဒ္ဒေသသည် ဆဋ္ဌမူလာ ပဋ္ဌာန်းကျယ် (၅) အုပ် ဖြစ်ပါသည်။ သံဃာတော်များ အသံမစဲပဋ္ဌာန်းပွဲ ရွတ်ဖတ်ပူဇော်ရသော ပဋ္ဌာန်းကျမ်း (၅) အုပ် ဖြစ်ပါသည်။ စာမျက်နှာ (၂၆၄၀) ရှိပြီး အသံမစဲရွတ်ဖတ်ပူဇော်ပါက (၁၃၂) နာရီကြာပါသည်။ (၅)ရက်နှင့် (၁၂) နာရီကြာပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သော ပဋ္ဌာန်းကျမ်းကြီးမှာ လွန်စွာကျယ်ပြန့်လေသည်။ ပဋ္ဌာန်းအမေးပုစ္ဆာတစ်ပုဒ်ပင်လျှင် စာကြောင်းရေ (၃၀) ပါရှိသော စာရွက်ရေ (၄၀၀) ရှိလေသည်။ အမေးပုစ္ဆာပေါင်း (၃) သန်းခန့်ရှိရာ အပြည့်စုံ စာအုပ်ရိုက်၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် တူရာတူရာကို (ပေယျာလ) ခံပြီး မြုပ်ခဲ့ရသည်။ (ပ) ဟုသာရိုက်ပြီး အကျဉ်းချုံးလိုက်သောအခါမှ ယခု ဆဋ္ဌမူပါပဋ္ဌာန်း စာအုပ် (၅) အုပ်ရခြင်း ဖြစ်ပါသည်။

ပဋ္ဌာန်းတရားတော်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့သောတရားဖြစ်ပါသည်။ ဘုရားဖြစ်ပြီး စတုတ္ထသတ္တာဟတွင် ရတနာဃရစံအိမ်တော်တွင် ပဋ္ဌာန်းတရားကို ဆင်ခြင်သုံးသပ်ရာမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ အချိန်အတိအကျဆိုရပါက မဟာသက္ကရာဇ် ၁၀၃ ခု၊ နယုန်လဆန်း ၇ ရက်မှ (၁၃) ရက် ကြာလေသည်။ ဘုရားဖြစ်ပြီး (၇) ဝါမြောက်တွင် မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် တာဝတိံသာနတ်ပြည်သို့ကြွပြီး မယ်တော်တော်စပ်ခဲ့သော သုတိတာနတ်သားကို အကြောင်းပြုပြီး အဘိဓမ္မာတရားဟောကြားခဲ့ပါသည်။ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ (၃) လတိတိ ကြာလေသည်။ ပဋ္ဌာန်းဆိုသည်မှာ အနှစ်ချုပ်ဆိုရပါက ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော် ကျက်စားရာပင်ဖြစ်ပါသည်။ ပဋ္ဌာန်းရွတ်ပူဇော်ပါက အောက်ပါအကျိုးတရားတို့ကို ရရှိစေပါသည်။

(၁) ရင်ဆိုင်တွေ့ကြုံနေရသော ဘေးအန္တရာယ်အသွယ်သွယ်မှလွတ်မြောက်နိုင်သည်။

(၂) အိုခြင်း၊နာခြင်း၊သေခြင်းတို့မှ ကင်းဝေးရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်။

(၃) အပြစ်ကင်း၍ ကောင်းကျိုးကြီးပွားစေသည့် ဆောင်ရွက်မှုကိစ္စအဝဝကို ပြီးစီးအောင်မြင်နိုင်ပါသည်။

(၄) ကောင်းကျိုးများဖြိုးဝေတိုးစေနိုင်အောင် တန်ခိုးရှိန်စော်အာနုဘော်တို့ဖြင့် အသိပညာတိုးပွားစေသည်။

(၅) မိမိတို့သန္တာန်၌ကိန်းအောင်နေသော ဖြူစင်ကောင်းမြတ်သော စေတနာတို့ဖြင့် မိမိတို့မျှော်မှန်းသလောက် ကောင်းမြတ်သောကောင်းကျိုးများ အခါမလင့် မျက်မှောက်ချက်ချင်း အောင်ပန်းဆွတ်ခူးနိုင်သည်။

(၆) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေခြင်း စသော မွလောကီ လောကုတ်ကောင်းကျိုးများကို ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

■ မဟာသမယတာတုဓမ္မစေတီတော်သမိုင်း

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးအောင်သည် ဒုတိယကမ္ဘာစစ်ကာလက ဂျပန်နှင့်အတူ မြန်မာပြည်ကိုပြန်ရောက်လာ၏။ မြန်မာပြည်တွင် နှစ်ပေါင်းများစွာ အုပ်ချုပ်သော အင်္ဂလိပ်ကို တော်လှန်တိုက်ထုတ်ကြလေသည်။ အင်္ဂလိပ်သည် ဥရောပစစ်မျက်နှာတွင် အီတလီ၊ ဂျာမနီတို့နှင့်ရင်ဆိုင်တိုက်ခိုက်နေရသဖြင့် အာရှစစ်မျက်နှာတွင် နောက်ဆုတ်ပေးရလေသည်။မြန်မာပြည်မှအင်္ဂလိပ်များအားလုံး အိန္ဒိယသို့ဆုတ်ခွာသွားကြသည်။ မြန်မာပြည်သည် ဂျပန်လက်အောက်သို့ ကျရောက်သွားပြန်သည်။ နောက် အင်္ဂလိပ်တို့မှ မြန်မာတပ်မတော်နှင့်ပေါင်းပြီး ဂျပန်ကိုတော်လှန်ကြရာ ဂျပန်များစစ်ရှုံးပြီးနောက် ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားလေသည်။ ကျွဲနှစ်ကောင်ခတ်သည့်ကြားကမြေစာပင်ပမာ မြန်မာပြည်သည် စစ်တလင်းနှစ်ကြိမ်ခံစားလိုက်ရ၏။ ၁၉၅၆ ခုနှစ် ဖဆပလခေတ်ကာလတွင် ဗိုလ်မှူးအောင်သည် မန္တလေးမြို့သို့ ရောက်ရှိသွားပြီး စတုတ္ထမြောက် နန်းဦးဆရာတော်နှင့် တွေ့ဆုံခဲ့ရလေသည်။

စာချတန်းအောင်နန်းဦးဆရာတော်မှာ မင်းတုန်းမင်း၊ သီပေါမင်းတို့လက်ထက်က နန်းဦးတွင်ကိုးကွယ်ဆည်းကပ်ခဲ့သောဆရာတော်ဖြစ်ပါသည်။ အင်္ဂလိပ်လက်အောက် ကျရောက်ပြီးနောက် ဗုဒ္ဓသာသနာတော်မပျောက်ကွယ်စေရေးအတွက် ပရိယတ္တိစာသင်တိုက်ဖွင့်၍ စာချ၊ စာသင်ပေးလျက်ရှိသည်။ စစ်ပွဲကြောင့် သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ခံစားရသဖြင့် စစ်ပွဲရပ်ပြီး ငြိမ်းချမ်းသောတိုင်းပြည်၊ တိုက်ပွဲမရှိသောတိုင်းပြည်ဖြစ်စေချင်၏။ မိမိရင်ထဲမှဆန္ဒကို မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားနေလေသည်။

မြတ်စွာဘုရားသက်ထင်ရှားရှိစဉ်က ကောလိယပြည်နှင့် ကပ္ပိလဝတ်ပြည်တို့သည် ယောဟိနီမြစ်ရေကိုလုကြရမှာ တစ်ဖက်နှင့်တစ်ဖက်စကားများရန်ဖြစ်ကြ၏။ နောက်စစ်တပ်ကြီးများချီလာပြီး တိုင်းပြည်နှစ်ပြည် စစ်ပွဲဖြစ်ဖို့တာစူနေစဉ် မြတ်စွာဘုရားကြွလာပြီး စစ်မျက်နှာနှစ်ခုရင်ဆိုင်ရာကောင်းကင်ပေါ်မှ မဟာသမယသုတ်တော်ကို ဟောကြားတော်မူသဖြင့် နှစ်ပြည်ထောင်ရန်မဖြစ်တော့ဘဲ ငြိမ်းချမ်းသွားကြသည်။မြတ်စွာဘုရားကို လွန်စွာကြည်ညိုကြသဖြင့် တစ်ဖက်လျှင် စစ်မှုထမ်း (၂၅၀) စီ ပေါင်း (၅၀၀) ဘုရားသာသနာတော်သို့ ဝင်ကြလေ၏။ မြတ်စွာဘုရားဟောကြားခဲ့သော မဟာသမယသုတ်ကို ဆရာတော်ဘုရားသည် ပါဠိမှ မြန်မာပြန်ဆို စီရင်တော်မူသည်။ ထိုကျမ်းစာကို ကြာရှည်ခံမည့်ကြေးပြားပေါ်တွင် (၃) နှစ်တိတိ ရေးသားစီရင်တော်မူလေသည်။ ထိုကြေးပြားဖြင့် စီရင်အပ်သော မဟာသမယသုတ်ကို စေတီတစ်ဆူတည်ပြီး ဌာပနာပါက တိုင်းပြည်ငြိမ်းချမ်းမည်ဟု ယုံကြည်နေလေသည်။ ဆရာတော်၏ အသိဉာဏ်တွင် မြန်မာပြည်သည် ကြာသပတေးနံ နှစ်လုံးဆင့်၏။ မြန်မာပြည်ငြိမ်းချမ်းဖို့ ကြာသပတေးနံနှစ်လုံးဆင့်မြို့မှာတည်ရမည်။ ဘုရားဒကာမှာ နိုင်ငံဦးသျှောင်ဖြစ်ရမည်။ အောင်ပါသော အင်္ဂါသားဖြစ်ပြီး မိမိချွေးနဲ့စာဖြင့် ဘုရားတည်ရမည်ဟုထင်နေလေသည်။ ဆရာတော်ပျံတော်မမူမီ ဆရာတော့်ဆန္ဒကိုဖြည့်ဆည်းပေးမည့် 'အောင်' ပါသူကို စောင့်မျှော်လျက်ရှိပါတော့သည်။

၁၉၅၆ ခုနှစ်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်နှင့်ဆုံခဲ့ရ၏။ ထိုစဉ်က ဗိုလ်မှူးအောင်သည် ပြည်ထဲရေးဝန်ကြီးတာဝန်ယူထားရ၏။ စတုတ္ထမြောက် နန်းဦးဆရာတော်ရှိသည်ဟု သတင်းကြားသဖြင့် ရှာဖွေပြီး ဆရာတော်ကို ဦးချကန်တော့လေသည်။

"ဆရာတော်ဘုရား၊ တပည့်တော် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်ဖြစ်ပါတယ်ဘုရား။ ကာယဝစီမနောချီပြီး ဦးချကန်တော့ပါတယ်ဘုရား"

"အေးအေး- ကျန်းမာချမ်းသာပြီး လိုရာဆန္ဒပြည့်ပါစေ"

ဆရာတော်သည် ဗိုလ်မှူးအောင်ကိုကြည့်ပြီးစဉ်းစားနေလေသည်။ ဤသူ၏အမည်မှာ 'အောင်' ပါသူဖြစ်၏။ နေ့နံကိုမေးကြည့်ရာ အင်္ဂါသားဟုသိရသည်။ သူ၏ 'အာယု' သက်တမ်းကိုကြည့်သောအခါ သက်တမ်းစေ့နေရမည်။ ဟုတ်ပြီ၊ ငါမျှော်နေတဲ့ သူတော် ငါ့ရှေ့မှောက်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီပဲ။ ဘုရားတည်နိုင်မည့်သူကောဟုတ်ရဲ့လားဆိုပြီး အသိဉာဏ်နှင့်ဆက်ကြည့်တော်မူ၏။ နောင်ကာလတွင် ဘုရားတည်နိုင်မည့် မဟာယောကျ်ားဖြစ်လေသည်။ ငါ၏တာဝန်ဝတ္တရားများကို သူ့အားလွှဲပေးမည်။ ငါ၏ဆန္ဒများ ယနေ့ပြည့်ပြီ။ ငါပျံတော်မူလို့ရပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူ၏။

"ဦးပဥ္စင်းလည်း အသက်ကြီးပြီ။ ခန္ဓာဝန်ထမ်းရတာလေးလှပြီ။ ဦးပဥ္စင်း ခန္ဓာဝန်မချမီ ဒကာကြီးကို အကူညီတောင်းစရာတစ်ခုရှိတယ်"

"အမိန့်ရှိပါဘုရား"

"ဦးပဥ္စင်းမှာ ဖြစ်ချင်နေတဲ့ ပြင်းပြနေတဲ့ဆန္ဒတစ်ခုရှိတယ်။ ဒီကိစ္စတစ်ခုကိုတော့ ပါရမီဖြည့်ဆည်းပေးပါလို့ ဒကာကြီးကို အကူအညီတောင်းခံချင်တာပဲ ဒကာကြီး"

"အရှင်ဘုရားဘာဖြစ်ချင်တာလဲ၊ ဘုရားတပည့်တော်တတ်နိုင်တာဆိုရင် အကုန်လုံးကို ကူညီပါ့မယ်ဘုရား"

"ဦးပဥ္စင်းက တိုင်းသူပြည်သားတွေ စစ်ပွဲတွေနဲ့ ရင်ဆိုင်တွေ့ကြုံရတော့ အတိအနိဋ္ဌာရုံတွေနဲ့ကြုံရပြီး ဒုက္ခရောက်ကြတယ်။ စစ်ပွဲတွေမရှိတဲ့ တိုင်းပြည်၊ အေးချမ်းတဲ့တိုင်းပြည်၊ ငြိမ်းချမ်းသော တိုင်းပြည်ဖြစ်စေချင်တယ်"

"ကောင်းပါတယ်ဘုရား၊ အရှင်ဘုရားရဲ့စိတ်ဆန္ဒဟာမွန်မြတ်လှပါတယ်ဘုရား"

"ဒါကြောင့် ဘုရားဟောခဲ့တဲ့ မဟာသမယသုတ်ကို ဦးပဥ္စင်းစီရင်ခဲ့တယ်။ ဒီသုတ်ကို ကြေးပြားမှာရေးသားပူဇော်ခဲ့တယ်။ ဒီသုတ်မဟာကျမ်းမြတ်ကို ဘုရားတည်ပြီး ဌာပနာထည့်သွင်းပူဇော်ရင်ဖြင့် တိုင်းပြည်ငြိမ်းချမ်းလိမ့်မယ်"

"တင်ပါ့"

"အေး- ဦးပဥ္စင်းစီရင်ထားတဲ့ ဒီမဟာသမယသုတ်ကို ဒကာကြီးကိုပေးခဲ့မယ်။ ဒကာကြီး ချွေးနဲ့စာနဲ့ဘုရားတည်ပါ။ ဒကာကြီးတည်တဲ့ဘုရားမှာ ဓမ္မစေတီအဖြစ် ဒီမဟာသမယသုတ်ကို ဌာပနာပါ"

"အရှင်ဘုရား၊ အရှင်ဘုရားပေးတဲ့တာဝန်ကို တပည့်တော်ထမ်းဝံ့ပါတယ်ဘုရား။ ဒါပေမယ့် ယခုလက်ရှိအခြေအနေအရ တပည့်တော်မှာ ဘုရားတည်နိုင်မယ့်အခြေအနေမဟုတ်သေးပါဘူးဘုရား"

"အေး - ဦးပဥ္စင်းက အခုချက်ချင်းတည်ခိုင်းတာမဟုတ်ပါဘူး။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒကာကြီးဘုရားတည်နိုင်မယ့်အခြေနေကိုရောက်လာပါလိမ့်မယ်"

"ဒီလိုဆိုလျှင် အရှင်ဘုရားတောင်းတဲ့အကူအညီကို တပည့်တော် ကျေပွန်အောင်ထမ်းပါမယ်"

"သာဓု သာဓု သာဓု"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ဘုရားဘွဲ့ကို ဘယ်လိုပေးရမှာလဲ ဘုရား"

"ရန်ပြေမာန်ပြေမဟာသမယဓာတုခမ္မစေတီလို့ပေးပါ"

"ဘယ်အရပ်ဒေသမှာတည်ရမှာလဲ ဘုရား"

"မြန်မာပြည်တစ်ပြည်လုံးလွှမ်းခြုံနိုင်သောမြန်မာပြည်အလယ်ပိုင်းမှာတည်ပါ"

"ဒါဆိုရင် ဘယ်မြို့မှာတည်ရမှာလဲ ဘုရား"

"ဦးပဥ္စင်းရဲ့ အာရုံထဲမှာတော့ ကြာသပတေးနံနှစ်လုံးပါတဲ့မြို့မှာတည်ပါ"

"ကောင်းလှပါပြီဘုရား၊ အရှင်ဘုရားက တပည့်တော်ကိုယုံကြည်လို့ ဒီတာဝန်ကြီးကိုပေးခဲ့မယ်ဆိုတော့ တပည့်တော်လည်း တာဝန်ကျေအောင် ဆောင်ရွက်ပေးပါမယ်လို့ နတ်တွေကို သက်သေအရာမှာထားပြီး ကတိပြုပါတယ်ဘုရား"

"သာဓု သာဓု သာဓု"

နန်းဦးဆရာတော်သည် မိမိကိုယ်တိုင် စီရင်အပ်သော မဟာသမယကျမ်းမြတ်ကို သေသေချာချာထုပ်ပိုးထားသော အထုပ်အားဖြေလေ၏။ သေသေချာချာကြည့်ရှုပြီး (၃) ခေါက်ရွတ်ဖတ်ပူဇော်လေသည်။ အားရပါးရပူဇော်ပြီး (၃)ကြိမ်ဦးချကန်တော့ပြီး သစ္စာအဓိဋ္ဌာန်ပြုပေးခဲ့တော်မူ၏။ ထို့နောက် ဗိုလ်မှူးအောင်ကို လွှဲအပ်ပေးခဲ့တော်မူလေသည်။

များမကြာမီ ဆရာတော်လည်း ဘဝနတ်ထံပျံလွန်တော်မူလေသည်။

ဗိုလ်မှူးအောင်သည် ဒုတိယကမ္ဘာစစ်ကာလက ဗမာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်ရင်း အချိန်ကုန်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်လွတ်လပ်ရေးရအောင် ဆောင်ရွက်နေသည်။ အောင်ဆန်းအီတလီစာချုပ်ကို ချုပ်ဆိုကြ၏။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီး ဦးနုမှာ ဝန်ကြီးချုပ်ဖြစ်လာ၏။ ဗိုလ်ချုပ်အောင်ဆန်း၏ ကာကွယ်ရေးဦးစီးချုပ်ရာထူးမှာ ဦးနေဝင်းက လွှဲပြောင်းတာဝန်ယူသည်။ နုအီတလီစာချုပ်ချုပ်ဆိုပြီးမှ လွတ်လပ်ရေးရ၏။ သခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ်ပါတီ၊ သခင်စိုးခေါင်းဆောင်သော အလံနီကွန်မြူနစ်ပါတီမှာ တောခိုသွား၏။ (KNU) ကရင်များ တောခိုပြီး မြန်မာပြည်ကို တိုက်ခိုက်ကြလေသည်။ မြန်မာပြည်မြေပုံမှာ ရန်ကုန်မြို့သာကျန်ခဲ့ပြီး ကျန်မြို့များအားလုံးမှာ ရောင်စုံသောင်းကျန်းသူတွေလက်ထဲပါသွားလေသည်။ လွတ်လပ်ရေးရခါစ တိုင်းပြည်၏ အခြေနေမှာ 'တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်' ဆိုသလို စစ်ပွဲပြီးစစ်ပွဲ ဖြစ်နေပါတော့သည်။

ဗိုလ်မှူးအောင်သည် ဒုတိယကမ္ဘာစစ်ပြီးနောက် ဖဆပလခေတ်တွင် ပြည်ထဲရေးဝန်ကြီးတာဝန်ကို ထမ်းရွက်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးမှ အနားယူပြီး နိုင်ငံရေးလောကကို ကျောခိုင်းသွားသည်။ ရွှေတိဂုံဘုရားကိုတက်ပြီး ပုတီးစိပ်ရင်းအချိန်ကုန်ခဲ့၏။ နောက် ရွှေတိဂုံဘုရားဂေါပကတွင် တာဝန်ထမ်းဆောင်ပြီး ဘုရားကြီးကို စောင့်ရှောက်နေလေသည်။

အချိန်သည် တဖြည်းဖြည်းကုန်လာသည်။ ရက်ကိုလစား၏။ လကိုနှစ်စား၏။ အချိန်ကာလသည် ရပ်မသွားတရစပ်သွားနေ၏။

ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ဗိုလ်မှူးအောင်သည် အသက် (၉၀) ပြည့်လေပြီ။

ငါသေဖို့နီးနေပြီပဲ။ ငါမသေခင် နန်းဦးဆရာတော်ပေးခဲ့တဲ့တာဝန် ယခုထိမထမ်းဆောင်ရသေးဘူး။ ငါမသေခင် ဘုရားလေးတစ်ဆူတည်သွားချင်သည်ဟု ဆန္ဒဖြစ်ပေါ်နေ၏။

ထိုစဉ်က ဗိုလ်ချုပ်ခင်ညွန့်သည် ဗိုလ်မှူးအောင်ထံ ကိုယ်တိုင်လာရောက်တွေ့ဆုံဂါရဝပြုလေသည်။

"အစ်ကိုကြီး၊ ကျွန်တော် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်ပါ။ အစ်ကိုကြီးကို . လာရောက် ဂါရဝပြုတာပါ။ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ ရဲဘော်သုံးကျိပ်ဝင်အစ်ကိုကြီးကို ကျွန်တော်တို့ပစ်မထားပါဘူး။ အစ်ကိုကြီးဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်သလဲ၊ ကျွန်တော်ကူညီပေးပါ့မယ်"

"အေးကွာ၊ ငါမသေခင် ငါ့မှာ လုပ်စရာကိစ္စလေးတစ်ခု ကျန်နေသေးတယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး ဘာကိစ္စလဲ၊ ဘာလုပ်ချင်တာလဲပြောပါ"

"ငါဘုရား (၁) ဆူ တည်ချင်တယ်ကွာ"

"ဟာ - ကောင်းတာပေါ့ အစ်ကိုကြီး။ ကိုယ်အတွက်ပါမယ့်မဟာကောင်းမှုကုသိုလ်ပြုချင်တာ ဒါမွန်မြတ်တဲ့စိတ်ထားပဲ။ ကျွန်တော်တို့ ဝိုင်းဝန်းကူညီပေးမယ်"

"အေး - မင်းတို့ကူညီတာတော့ ငါဝမ်းသာပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးမှာခဲ့တာက အလှူမခံရဘူး။ မိမိချွေးနဲ့စာနဲ့ ဘုရားတည်ပါလို့ မှာခဲ့တာ"

"ဟုတ်ကဲ့-အစ်ကိုကြီး၊ ကျွန်တော်တို့ ဘာလုပ်ပေးရမှာလဲ"

"ငါပိုင်ဆိုင်တဲ့ဒီအိမ်ကြီးကိုရောင်းချင်တယ်။ ရတဲ့ငွေကို ငါ့သားငါ့သမီးတွေ အမွေအဖြစ်ခွဲဝေပေးမယ်။ ငါရတဲ့ဝေစုကို ငါဘုရားတည်ချင်တယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် ဝယ်တဲ့သူရှာပေးမယ်။ ကြိုက်ဈေးရရင် ရောင်းပေါ့"

"အေးအေး"

မကြာမီ ဗိုလ်ချုပ်ခင်ညွန့်သည့် အိမ်ဝယ်မည့် သူဌေးတစ်ယောက်နှင့် ဗိုလ်မှူးအောင်အိမ်သို့ ရောက်လာလေသည်။ ထိုစဉ်က ဗိုလ်မှူးအောင်နေသော ဗဟန်းအိမ်မှာ သိန်း (၂၀၀၀) လောက်သာ တန်ပေ၏။ ယခုသူဌေးမှာ သိန်း (၂၅၀၀) ပေးပြီးဝယ်မည် ဖြစ်ပါသည်။

"အစ်ကိုကြီး၊ ဒီမှာအစ်ကိုကြီးခြံကို ဝယ်မယ့်သူခေါ်လာတယ်။ သူက သိန်း (၂၅၀၀) ပေးမယ်လို့ပြောတယ်။ အစ်ကိုကြီးရောင်းမှာလား"

"ဒါဆိုရောင်းမယ်။ ငါ့သားသမီးတွေ တစ်ယောက်စီကို အချိုးကျစီခွဲဝေပေးမယ်။ ငါရတဲ့ ဝေစုကိုတော့ ဘုရားတည်မယ်"

"ဟုတ်ကဲ့ဟုတ်ကဲ့"

ဤသို့ဖြင့် ဗိုလ်မှူးအောင်သည် မိမိပိုင်ဆိုင်သောခြံကြီးကို သိန်း (၂၅၀၀) နှင့် ရောင်းချပြီး အမွေအဖြစ် သားသမီးများ ခွဲဝေပေးလိုက်၏။ မိမိ၏ဝေစုအား ဘုရားတည်ဖို့ ဆောင်ရွက်ကြလေသည်။

"အစ်ကိုကြီး၊ ဘုရားတည်မယ်ဆိုရင် ဘယ်မြို့မှာတည်မှာလဲ"

"ဆရာတော်က ပြောခဲ့တာက ကြာသပတေးနံနှစ်လုံးပါတဲ့ မြို့မှာတည်ရမှာလို့ဆိုတယ်"

"ကြာသပတေးနံ နှစ်လုံးဆင့်ဆိုရင် မေမြို့၊ မင်းဘူး၊ ပျော်ဘွယ် စတဲ့မြို့တွေပဲ"

"မေမြို့တော့မဖြစ်နိုင်ဘူး၊ မြန်မာပြည်အလယ်ပိုင်းဖြစ်ရမယ်လို့ မိန့်ကြားခဲ့တာ"

"အစ်ကိုကြီး၊ ဘယ်ဆရာတော်က မိန့်ကြားခဲ့တာလဲ။ ဘာရည်ရွယ်ချက်နဲ့ ဘုရားတည်မှာလဲ"

"အေးကွာ - ငါ ၁၉[illegible] ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

လောက်က မန္တလေးရောက်တော့ စတုတ္ထနန်းဦးဆရာတော်နဲ့ဆုံခဲ့တယ်။ ဆရာတော်နဲ့ဆုံခဲ့တယ်။ ဆရာတော်ကိုယ်တိုင်စီရင်ခဲ့တဲ့ မဟာသမယသုတ်တော်ကို ဘုရားဌာပနာတွင်ထည့်ပြီး ဘုရားတည်ပေးပါလို့ မိန့်ကြားခဲ့တယ်။ အဓိကရည်ရွယ်ချက်ကတော့ မြန်မာပြည်ကြီးငြိမ်းချမ်းရေးရစေချင်တာပဲ။ စစ်ပွဲမရှိတဲ့အေးချမ်းတဲ့တိုင်းပြည်ဖြစ်အောင် ဘုရားတည်ပေးပါလို့မှာခဲ့တာပါပဲ"

ဗိုလ်ချုပ်ခင်ညွန့်သည် အတော်အံ့သြသွားလေသည်။ နန်းဦးဆရာတော်အားလည်းကောင်း၊ ဗိုလ်မှူးအောင်အားလည်းကောင်း သူတို့ကိုယ်အကျိုးစီးပွားအတွက်မဟုတ်ဘဲ တိုင်းပြည်အေးချမ်းသာယာရေးအတွက် စေတီတည်မှုကိစ္စဆောင်ရွက်ကြမှုကို အံ့သြခြင်း၊ကြည်ညိုခြင်း၊ လေးစားခြင်း၊ ဂုဏ်ယူခြင်းများသာဖြစ်ပေါ်လာပါသည်။ ဘုရားတည်ခြင်းတစ်ခုတည်းဆိုပါက မဟာကုသိုလ်ရပါမည်။ ဘုရားတည်ခြင်းသာမက မြန်မာပြည်တစ်ခုလုံးအေးချမ်းပါစေ၊ ငြိမ်းချမ်းပါစေဆိုသော စေတနာပါသဖြင့် မြန်မာပြည်သူပြည်သားအများကိုယ်စားကျေးဇူးတင်ရပါမည်။

ဗိုလ်ချုပ်ခင်ညွန့်သည် ထိုစဉ်က တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးပြုလုပ်ပြီးသည့်ကာလဖြစ်သည်။ ကိုးကန့်နှင့် ဝတို့မှာ အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုကြလေသည်။လက်နက်ကိုင်ဆောင်ခွင့်ပြုပြီး ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်သဖြင့် စစ်ပွဲများရပ်စဲသွားလေသည်။ ထို့နောက်မှ (S.S.A) ခွန်ဆာ၊ ကချင်၊ ပလောင်များအားလုံး ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုပြီး တစ်ပြည်လုံးစစ်ပွဲတွေရပ်စဲသွားကြလေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်ကို ရအောင်ဆောင်ရွက်နိုင်သောကာလ ဖြစ်သည်။ ယခု ဗိုလ်မှူးအောင်မှ ငြိမ်းချမ်းရေးစေတီတည်မည်ဟုဆိုပြီး အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ အစစအရာရာလိုလေးသေးမရှိကူညီပေးပါသည်။

ဘုရားတည်ခြင်းကိစ္စကို ဗိုလ်မှူးအောင်၏သမက် ဦးအောင်ဇော်ထွန်းမှဆောင်ရွက်ပါသည်။မြန်မာပြည်အလယ်ပိုင်းမှမြို့များကိုလိုက်ကြည့်ပြီး ပုပ္ပားသို့ရောက်သောအခါ လွန်စွာသဘောကျသွား၏။ ဗိုလ်ချုပ်ခင်ညွန့်၏ ကူညီမှုဖြင့် ယခုဘုရားတည်မည့်နေရာတွင် မြေဧက (၃) ဧကရရှိ၏။ မြေဖို့ခြင်း၊ မြေညှိခြင်းတို့ကို ဆောင်ရွက်၏။ ဘုရားတည်သောအခါ လမ်းဘက်မှ မြေကာနံရံများတည်ဆောက်ရ၏။ တောင်ကုန်းများကို မြေထိုးစက်ဖြင့် ထိုးချပြီးညှိရ၏။ ဘုရားတည်ဖို့ ပေ (၁၀၀×၁၀၈) ပေ ရင်ပြင်ရလာသောအခါ ဘုရားတည်ခြင်းအမှုကိုပြုလေသည်။ ဘုရားကြီးရေရှည်တည်တံ့ရန်အတွက်လည်းကောင်း၊ ငလျင်ဒဏ်ခံနိုင်ရန်အတွက် လည်းကောင်း သံချည်သံကွေးများဖြင့် Foundation ချပါသည်။ အလယ်ဗဟိုသံချောင်းလုံးများထောင်ပြီး ကွန်ကရစ်တိုင်၊ ကွန်ကရစ်ရက်မများဖြင့် အမာခံတည်ဆောက်ပါသည်။ ရင်ပြင်သို့ရောက်သောအခါ ပန်းတင်ခုံတွင် ဘုရား (၈) ဆူကို ထည့်သွင်းတည်၏။ ဘုရားဆင်းတုတော် (၈) ဆူကို မုဒြာ (၈) မျိုးဖြင့် ထုလုပ်ပူဇော်ထားပါသည်။ ပန်းတင်ခုံ၏ အပေါ်ပိုင်းကို ရွှေတိဂုံဘုရားပုံစံယူ၍တည်ဆောက်ထားပါသည်။ အားလုံး ဗိုလ်မှူးအောင် စိတ်တိုင်းကျတည်ထားခြင်း ဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်မှ ဘုရားတည်ခြင်းပြီးဆုံးပြီး ထီးတင်နိုင်ခဲ့သည်။ ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့တွင် ထီးတော်ပူဇော်ခဲ့ပါသည်။ ဘုရားတည်ခြင်းအမှုကိစ္စကိုဆောင်ရွက်ပြီးနောက် နန်းဦးဆရာတော်စီရင်တော်မူသော မဟာသမယသုတ်ကို ဌာပနာထည့်သွင်း၍ ပူဇော်တော်မူလေသည်။ဆရာတော်ဆန္ဒအရ မဟာသမယသုတ်တော်ကြီးကို ဘုရားတွင်ဌာပနာပြီး ဘုရားအနေကဇာတင်ပြုလုပ်ကြလေ၏။ ယခုအချိန်ကစပြီး မြန်မာပြည်ကြီးငြိမ်းချမ်းပါစေကြောင်း ကောင်းမြတ်သောစေတနာဖြင့် ဆုတောင်းမေတ္တာပို့သရင်း ရေစက်ချအမျှဝေကြလေသည်။

ဗိုလ်မှူးအောင်သည် မိမိထမ်းရွက်ရမည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်သဖြင့် များစွာပီတိဖြစ်လျက်ရှိ၏။ ဘုရားဝတ်ပြုရန်နှင့် မိမိနေထိုင်ရန်အတွက် ဘုရား၏အောက်ခြေတွင် ဓမ္မာရုံတစ်ခုဆောက်လုပ်၍နေထိုင်ပါသည်။ ဘုရားကို အာရုံပြုရင်း မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေဟု ဆုတောင်းရင်း အသက် (၉၅) နှစ်ရောက်သောအခါ လူ့ဘဝက နှုတ်ဆက်ထွက်ခွာသွားပါတော့သည်။ ဗိုလ်မှူးအောင်ဆုံးပြီးနောက် ဗိုလ်မှူးအောင်ရုပ်တုကို အဝင်ဝဘယ်ဘက်တွင်ထားရှိလေသည်။ ဗိုလ်မှူးအောင်တည်ထားခဲ့သော ငြိမ်းချမ်းရေးစေတီကြီးမှာ ကမ္ဘာတည်သရွေ့တည်ရှိနေပါမည်။ စေတီကြီးတည်ရှိသရွေ့ ငြိမ်းချမ်းရေးကိုညွှန်ပြနေပါမည်။ ဖူးမြော်သူတိုင်း ငြိမ်းချမ်းမည်မှာ ဧကန်မလွဲဖြစ်ပါတော့သည်။

■ နိဂုံး

ပဋ္ဌာန်းအဖွဲ့ထဲတွင် ဦးစိန်မောင်ဆိုသူသည် ပဋ္ဌာန်းတရားတို့ကို နှစ်နှစ်ကာကာ ယုံကြည်လေသည်။ သူ့ပိုင်ပဋ္ဌာန်း(၅)ကျမ်းကို နေ့စဉ်ရွတ်ဖတ်ပူဇော်ရာ (၂) လလောက်ကြာမှ (၅) ကျမ်းပြီးဆုံးပါသည်။ ဆုံးပါက ရပ်မနေဘဲ အစမှပြန်ရွတ်ဆိုပါသည်။ ထိုသို့ အစဉ်မပြတ်ရွတ်ဖတ်ရသဖြင့် မျက်မှန်ပါဝါတိုးလာ၏။ (၃) နှစ်ခန့်ကြာသောအခါ မျက်မှန်ပါဝါမှာ (၃၀၀) အထိရှိလာလေသည်။ သူ၏ဇနီးနှင့် သားသမီးများကအသက်အရွယ်ရလာသဖြင့် နားနားနေနေသက်သက်သာသာနေရန်နှင့် မျက်မှန်ပါဝါတိုးလာသောကြောင့် ပဋ္ဌာန်းရွတ်ဖတ်ခြင်းကိုရပ်ဖို့တောင်းဆိုကြလေသည်။

"အဖေရယ် မျက်မှန်ပါဝါတွေလည်းတိုးလာပြီ။ ဒီပဋ္ဌာန်းမရွတ်ပါနဲ့လား။ အခြားတရားထိုင်တာတွေတရားနာတာတွေလုပ်ပါ အဖေရယ်"

"အဖေက ပဋ္ဌာန်းမှမရွတ်ရရင်မနေနိုင်ဘူး။ ပဋ္ဌာန်းတရားကြီးကိုတအားကြည်ညိုတာ။ ပဋ္ဌာန်းရွတ်ဆိုပူဇော်တာဟာ ငါဘာမှမတောင်းဆိုဘူး။ ငါဘာဖြစ်ချင်တယ်ဆိုတဲ့ လိုအင်ဆန္ဒနဲ့ရွတ်တာမဟုတ်ဘူး။ ငါပြုသမျှကုသိုလ်တွေကို နတ်တွေကို အမျှပေးတယ်။ အဖေရဲ့အာစိဏ္ဏကံကုသိုလ်ကို မထားပါဘဲ သမီးရယ်"

"တရားလုပ်တာမတားကောင်းဘူးဆိုတာသိပါတယ်။ အဖေ့မျက်စိတွေလုံးဝမမြင်ရမှာစိုးလို့ မျက်လုံးကန်းသွားမှာစိုးလို့ပါ အဖေ"

"အေး - အဖေ့မျက်စိတွေ လုံးဝမမြင်ရမှဘဲ ဒီပဋ္ဌာန်းရွတ်တာကိုရပ်မယ်၊ အဖေ့ဆန္ဒကို မတားပါနဲ့ သမီးရယ်"

ဤသို့ဖြင့် ဦးစိန်မောင်သည် ပဋ္ဌာန်းတရားကို ယုံယုံကြည်ကြည်နှင့် ဆက်လက်ရွတ်ဖတ်ရာ နတ်မြတ်နတ်ကောင်းတို့က ပဋ္ဌာန်းရွတ်ဖတ်နိုင်အောင် စောင့်ရှောက်ပေးကြလေသည်။ ဦးစိန်မောင်၏မျက်လုံးသည် မခွဲစိတ်ရဘဲ ပကတိမျက်စိအတိုင်းပြန်၍ကောင်းသွားပါတော့သည်။ ယခုအခါ မျက်မှန်မလိုဘဲ ပကတိမျက်စိဖြင့် ပဋ္ဌာန်းရွတ်ဖတ်နိုင်လေသည်။

ဇေယျာသုခပဋ္ဌာန်းအဖွဲ့သည်ပုပ္ပား

www.burmeseclassic.com

www.burmeseclassic.com

တောင်ခြေက ဗိုလ်မှူးအောင်ဘုရားသို့ နှစ်စဉ်နှစ်တိုင်း ဝတ်မပျက် လာရောက်ရွတ်ဖတ်ကြလေသည်။ ၂၀၁၁ ခုနှစ်က စတင်ရွတ်ဖတ်ခဲ့စဉ်က မဟာသမယစေတီမှာ ဆေးရောင်တွေမှေးမှိန်ပြီး အရောင်ညှိုးလျက်ရှိ၏။ ရွှေရောင်တဖိတ်ဖိတ်ဖြစ်အောင် ရွှေချပေးခြင်း၊ ဆေးသုတ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းမရှိခဲ့။ ဘုရားရင်ပြင်တော်ပေါ်တွင် မြက်ပင်များပေါက်ပြီး တောဘုရားကဲ့သို့ လူသူကင်းမဲ့နေလေသည်။ ဇေယျာသုခပဋ္ဌာန်းအဖွဲ့သည် ဘုရားပိုင်ရှင် ဗိုလ်မှူးအောင်၏သားသမီးများကို ဖုန်းဖြင့်ခွင့်ပြုချက်တောင်းပြီး ဗိုလ်မှူးအောင်နေထိုင်ခဲ့သောမော်ရုံတွင် ပဋ္ဌာန်းရွတ်ဖတ်ကြခြင်းဖြစ်သည်။ ဓမ္မာရုံမှဘုရားရင်ပြင်ပေါ် သို့တက်ရန်သစ်သားလှေကားတစ်စင်းရှိ၏။သုံးထစ်လှေကားကိုနင်းလိုက်သောအခါ ဆွေးနေသောကြောင့် ပြုတ်ကျသွားလေသည်။ မိတ္ထီလာမြို့ အလှူဒကာဦးဇေယျာမှ လှူဒါန်းသဖြင့် ဘုရားပေါ် သို့အလွယ်တကူတက်နိုင်သောအုတ်လှေကားလေးဖြစ်ပါသည်။ ဘုရားကို အနီးကပ်စောင့်ရှောက်သော ဦးကျော်စိုးမှ အစစအရာရာ ကူညီပေးပါသည်။ ဦးကျော်စိုးသည် ဗိုလ်မှူးအောင်သားသမီးတို့မှ လစာပေး၍ ဘုရားကိုစောင့်ရှောက်သောသူဖြစ်ပါသည်။

ပဋ္ဌာန်းအဖွဲ့ထဲမှပါသော ဦးမြသည် မဟာသမယစေတီတော်မြတ်ကြီးကို ကြည်ညိုသဖြင့် ရွှေဆေးသက်န်းဆက်ကပ်ပူဇော်ချင်၏။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဤမဟာသမယစေတီတော်ကြီးကို ပြုပြင်မွမ်းမံမည့် ဘုရားဒကာအလှူရှင်များပေါ် ပေါက်ပါစေလို့ မိဌာန်ပြုကြပါသည်။ ပဋ္ဌာန်းရွတ်ပြီး မိတ္ထီလာရောက်သောအခါ ဦးမြသည် မဟာသမယစေတီတော်ကြီးကို ရွှေဆေးသက်န်းဆက်ကပ်ဖို့ ထီထိုးလေသည်။ ထီလက်မှတ်လေး အိပ်ကပ်ထဲထည့်ပြီး 'ရွှေနှင့်မြ' ကွန်ပျူတာဆိုင်သို့ထွက်လာ၏။ ဆိုင်ပိုင်ရှင် ဦးအောင်သန်းဦးနှင့်တွေ့၍ စကားပြောကြ၏။

"ဦးလေးမြ ဦးလေးမြက ကျွန်တော့်အဖေရဲ့ သူငယ်ချင်းလည်း ဟုတ်တယ်။ ကျွန်တော်အလွန်ကြည်ညိုသူလည်း ဖြစ်တယ်"

"အေးပါ ငါ့တူရာ"

"ခုအချိန် ဦးလေးဘာဖြစ်ချင်ဆုံးလဲ"

"ငါအခုအဖြစ်ချင်ဆုံးတော့ ပုပ္ပားက မဟာသမယစေတီကြီးကို ရွှေသက်န်းဆက်ကပ်ချင်တယ်ကွာ"

"ဒါဆို ဦးလေးမြက ရွှေသက်န်းဆက်ကပ်ဖို့ ပိုက်ဆံရှိပြီလား"

"ပိုက်ဆံမရှိလို့ပေါ့ကွာ။ ငါအခု ထီထိုးထားတယ် ဒီမှာကြည့်"

"ဟာ - ဦးလေးမြဉစ္စာ၊ မသေချာမရေရာတာကြီးဘဲ အေး - ဦးလေးမြ တကယ်ရွှေသက်န်းကပ်ချင်တာလား"

"ဟုတ်ပါတယ် ဆိုပေါ့ကွာ"

"ဒါဆို ကျွန်တော်လှူမယ်ဗျာ။ ကုန်ချင်သလောက်ကုန် ကျွန်တော်လှူမယ်။ ဦးလေးမြဆန္ဒကို ကျွန်တော် ဖြည့်ဆည်းပေးမယ်"

"သာဓုပါ ငါ့တူရာ။ ငါဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးတာ ငါအတော်ဝမ်းသာနေတာ။ငါအခုပဲသွားရွှေချမယ်"

ဤသို့ဖြင့် ဦးမြနှင့် ပဋ္ဌာန်းအဖွဲ့သည် ပုပ္ပားသို့ ဒုတိယအကြိမ်ပြန်လာပြီး ဘုရားကြီးအား ရွှေဆေးသုတ်ကြသည်။ သူတို့ကိုယ်တိုင် အပေါ်တက်၍ ဆေးသုတ်ကြရသဖြင့် မဟာကုသိုလ်များရယူကြပါသည်။ ဘုရားကိုစောင့်ရှောက်ပေးသော ဦးကျော်စိုးမှာ ဇေယျာသုခပဋ္ဌာန်းအဖွဲ့ကို အံ့သြနေလေသည်။

"ဘကြီးမြတို့ပဋ္ဌာန်းအဖွဲ့က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရုံမဟုတ်ဘူး။ ဘုရားကြီးကို ကိုယ်တိုင် ရွှေသက်န်းဆက်ကပ်နေတာပဲ"

"အေးကွာ"

"အဘ ဒီဘုရားကို နှစ်စဉ်ပဋ္ဌာန်းရွတ်တာ ဘာလဲ၊ ဘာဖြစ်ချင်လို့လဲ"

"တစ်အချက်က ပဋ္ဌာန်းတရားကို ပူဇော်ချင်တယ်။ နှစ်အချက်က ဒီမဟာသမယစေတီကြီးအဘက်ဘက်ကယိုယွင်းပျက်စီးနေတာကို ပြုပြင်ပေးမယ့် ဒကာတွေပေါ် စေချင်တယ်။ သုံးအချက်က ဒီဘုရားကြီးက ရောင်တော်တွေဖွင့်လို့ တန်ခိုးကြွလာရင် မြန်မာပြည်ကြီးကို ငြိမ်းချမ်းချင်လို့ပဲ"

ဦးကျော်စိုးသည် ဇေယျာသုခပဋ္ဌာန်းအဖွဲ့ကိုကြည့်ပြီး အံ့သြနေလေသည်။ လူဆိုတာ သူ့ယုံကြည်ချက်နဲ့သူ လုပ်ကြတာပဲ။ ဒီအဖွဲ့ကတော့ တစ်မျိုးပဲဟု ကောက်ချက်ချလေသည်။ မဖြစ်နိုင်တာကို ဆုတောင်းကြသူများဟုထင်နေလေသည်။ သို့သော် (၃) နှစ်ခန့်ကြာသောအခါ အလှူရှင်များပေါ် ပေါက်လာပြီး စေတီတော်ကြီးတစ်ခုလုံးမှာ မမှတ်မိနိုင်အောင် ပြောင်းလဲသွားလေသည်။ ရင်ပြင်တော်များ၊ မဟာရံတံတိုင်းများ၊ မုခ်ဦးများအားလုံး ပြုပြင်ပြီးဖြစ်ပါသည်။ ဘုရားကြီးမှာလည်း ရောင်တော်တွေထွက်ပြီး ကြည်နူးစရာမြင်ကွင်းပင် ဖြစ်နေပါတော့သည်။ ဘုရားကြီး၏ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့် မြန်မာပြည်တွင် ငြိမ်းချမ်းရေးအသံများကျယ်လောင်လာပါတော့သည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား (NCA) လက်မှတ် ရေးထိုးသည်အထိ တိုးတက်လာ၏။ ယခုအခါ (၂၁) ရာစုပင်လုံညီလာခံသို့ပင် ကျင်းပလျက်ရှိပါသည်။ (NCA) တွင် (၈) ဖွဲ့မှ (၂) အဖွဲ့ ထပ်မံလက်မှတ်ရေးထိုးကြ၍ တိုးတက်လာသော ငြိမ်းချမ်းရေးခြေလှမ်းများပင်မြင်နေရလေသည်။ မြန်မာ့အသံမှ ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲများကျင်းပခဲ့ရာ ငြိမ်းချမ်းရေးအသံများ ကျယ်ကျယ်ပြန့်ပြန့်ကြားနေရ၏။ ထိုသို့ ငြိမ်းချမ်းရေးသံများကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာကြသဖြင့် ဇေယျာသုခပဋ္ဌာန်းအဖွဲ့သည် ဝမ်းသာပီတိဂွမ်းဆီထိပမာ ကြည်နူးလျက်ရှိပါသည်။ ဇေယျာသုခပဋ္ဌာန်းအဖွဲ့သည် သူတို့ရွတ်ဖတ်ပူဇော်သော ပုပ္ပားက မဟာသမယဓမ္မဓာတုစေတီတော်မြတ်ကြီး၏ တန်ခိုးတေဇော်အာနုဘော်တို့ကြောင့်သာ ငြိမ်းချမ်းရေးအသံတွေကြားနေရသည်ဟုယုံကြည်နေကြပါသည်။

ယခုအခါ ဇေယျာသုခပဋ္ဌာန်းအဖွဲ့ကို နေပြည်တော် ဉပ္ပာတသန္တိစေတီအားလည်းကောင်း၊ ကျောက်ဆည်မြို့ အရိပ်မထွက်စေတီတော်မြတ်ကြီးအားလည်းကောင်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ ကျောက်ပန်းတောင်းအထိ သွားရောက် ရွတ်ဖတ် ပူဇော်လျက်ရှိရာ ပဋ္ဌာန်းရွတ်ပွဲ (၁၁၇) ကြိမ်အထိ ရှိလေသည်။ ပဋ္ဌာန်းတရားတော်တို့ကို ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်ပါက မိမိတို့မျှော်မှန်းထားသော ကိစ္စအဝဝ အမှန်အောင်မြင်ပါကြောင်း အကျိုးမျှော်၍ နိုးဆော်ရေးသားလိုက်ရပါသည်။

ဇေယျာသုခပဋ္ဌာန်းအဖွဲ့နှင့်ဆက်သွယ်လိုပါက -

ဦးမြ ဖုန်း - ၀၉၇၉၈၆၁၃၉၅၇၊
ဦးအောင်ချစ် ဖုန်း - ၀၉၂၅၉၂၁၆၃၂၂
သို့ ဆက်သွယ်နိုင်ပါသည်။

အဈ္ဈာဝါသိုင်း

*(ဘုရားသမိုင်းကို ဗိုလ်မှူးအောင်၏သမက် ဦးအောင်ဇော်ထွန်း၏ ကိုယ်တိုင်ပြောပြချက်တို့အား ကိုးကား ရေးသားပါသည်။)*

www.burmeseclassic.com

www.burmeseclassic.com

အောင်စကြာ

# အရှင်သုဓမ္မသာရ

## ရဟန်းသံဃာတစ်ပါးမှမရှိသော ကာသိတိုင်း



လွန်လေပြီသောအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းပြု၏။

ထိုအခါက ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်ကြီး၌ သိကြားမင်းဖြစ်၏။

မန္တရားအတတ်ကို တတ်မြောက်သော ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ညဉ့်နက်သန်းခေါင်ယံ၌ လာရောက်ပြီး ဗာရာဏသီမင်း၏မိဖုရားကိုကျူးလွန်၏။

မိဖုရားကြီးသည် ဤအကြောင်းကို ဘုရင်ကြီးအား ကန်တော့ဦးတင်၏။

ဘုရင်ကြီးသည် အလွန်ဒေါသဖြစ်ပြီး ထိုညဉ့်နက်သန်းခေါင်ယံ မိဖုရားထံလာကျူးလွန်သူကို ဖမ်းမိရန် ကြံစည်တော့၏။

ဘုရင်ကြီးသည် မိဖုရားကြီးအား ဟင်္သပဒါးကိုခွက်ထဲထည့်စေပြီး ထိုပုဂ္ဂိုလ် ညဉ့်နက်သန်းခေါင်ယံလာပျော်ပါးသောအခါ သူ၏ကျောကုန်းကို ထိုဟင်္သပဒါးစစ်စစ်ကို လက်ဖြင့်ယူပြီး ကျောကုန်းပေါ် သို့တင်အောင်ပြုစေ၏။

မိဖုရားလည်း ဘုရင်ကြီးစေခိုင်းသည့်အတိုင်း ထိုကာမကျူးလွန်သူ၏ ကျောကုန်းကို လက်ငါးချောင်းဖြင့်သုတ်လိုက်၏။

မင်းကြီးသည် မင်းချင်းတို့အား ခေါ်ယူပြီး ကျောကုန်းတွင် ဟင်္သပဒါးစစ်စစ် လက်ငါးချောင်းရာထင်နေသူကို ရှာဖွေပြီးဖမ်းခိုင်းတော့၏။

မင်းချင်းတို့သည် ထိုသူကိုလိုက်ရှာရာ သုသာန်၌တွေ့ရှိရ၏။

ထိုဝိဇ္ဇာဓိုရ်ယောက်ျားမှာ ရဟန်းအသွင်ဖြင့်နေကိုရှိုးနေ၏။ ခြေတစ်ဖက်ဖြင့်သာရပ်၏။

ထိုရဟန်း၏ကျောကုန်းတွင် လက်ငါးချောင်းရာကို မြင်တွေ့ရပါသဖြင့် ထိုရဟန်းကို ဝိုင်းဖမ်းပါတော့၏။

ရဟန်းဟန်ဆောင်ထားသော ထိုဝိဇ္ဇာဓိုရ်သည် မန္တရားကိုမန်းပြီး ကောင်းကင်သို့ပျံသွားလေတော့၏။

မင်းချင်းတို့မဖမ်းနိုင်ကြပါ။ ထိုအကြောင်းကို ဘုရင်ကြီးအား သံတော်ဦးတင်လျှောက်ကြ၏။

အတွေးအခေါ်မရှိသော မင်းကြီးသည် အလွန်ဒေါသထွက်ပြီး တိုင်းပြည်တွင်းမှ ရဟန်းသံဃာတော်များကို တစ်ပါးမှမကျန်အောင်နှင်ထုတ်စေတော့၏။

ယူဇနာအတိုင်းအရှည် သုံးရာရှိသော ကာသိတိုင်း မင်းနေပြည်တော်မှ တခြားသောအရပ်သို့ထွက်ပြေးကြရလေ၏။

ကာသိတိုင်းမင်းနေပြည်တော်ကြီး၌ ရဟန်းသံဃာတော်များတစ်ပါးတလေမျှ သီတင်းမသုံးတော့ပါ။ ရဟန်းသံဃာမရှိသော ကာသိတိုင်းနေပြည်တော်ကြီးဖြစ် သွားရ၏။

တိုင်းသူပြည်သားများကိုဆုံးမပေးသော၊ တရားဟောတော်မူသော ရဟန်းသံဃာများမရှိတော့သဖြင့် မြို့သူမြို့သားတို့ ရိုင်းစိုင်းကုန်ကြ၏။

ကြမ်းကြုတ်ကုန်ကြ၏။ သီလလည်းမရှိ၊ ဒါနလည်းမရှိ၊ မြို့ပျက်ကြီး၌ တူနေတော့၏။

ရောဂါထူပြော၍အသေအပျောက်လည်းများကြကုန်၏။ သေသေအခါ၌လည်း နတ်ပြည်သို့ရောက်သူမရှိကြ။ ငရဲပြည်သို့သာလားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်းသည် နတ်ပြည်သို့ နတ်သားနတ်သမီးအသစ်များအရောက် နည်းနေသဖြင့် လူ့ပြည်သို့ကြည့်၏။

ကာသိတိုင်းနေပြည်တော်တွင်း ရဟန်းသံဃာတော်များ တစ်ပါးမျှမရှိသည်ကို တွေ့မြင်ရ၏။

ယင်းကြောင့် ဤကာသိတိုင်းကို ကယ်တင်ရမည်ဟု ဆုံးဖြတ်ပြီး လူ့ပြည်သို့ သိကြားမင်းဆင်းရ၏။

နန္ဒမူလိုဏ်၌ သီတင်းသုံးတော်မူနေကြသော ရှင်ပစ္စေကဗုဒ္ဓါထံသို့သွား၍ အကျိုးအကြောင်းလျှောက်ထား၏။

ပစ္စေကဗုဒ္ဓဘုရားငယ်တစ်ပါးကို ပေးပါရန်လျှောက်ထား၏။

အားလုံးအဆင်ပြေသဖြင့် ပစ္စေကဗုဒ္ဓါဘုရားငယ်သည် ကောင်းကင်ယံမှ ကြွ၏။ သိကြာမင်းသည် လူငယ်အသွင်ဖြင့် သပိတ်ကိုပိုက်လျှက် ကာသိတိုင်း ဘုရင်နန်းတော်သို့ကြွ၏။

ဘုရင့်နန်းတော်ထက်မှာရပ်တော်မူ၏။

ဘုရင်ကြီးက အကျိုးအကြောင်းမေး၏။

ထိုအခါ ကောင်းကင်ယံမှ သပိတ်ပိုက်ထားသောလူငယ်က -

"မြတ်သောမင်းကြီး၊ ငါသည် တာဝတိံသာနတ်ပြည်ကြီးမှ သိကြားမင်းဖြစ်၏။ ရဟန်းသံဃာတို့ကို မမေ့အပ်ကုန်။ သင်၏တိုင်းပြည်မှာ ရဟန်းသံဃာ တစ်ပါးမျှမရှိတော့ပါ။ သင်သတိပြုမိပါရဲ့လား မင်းကြီး"

"အသင်သိကြားမင်း၊ သင်သည် ရဟန်းသံဃာကို လက်အုပ်ချီပြီးရှိခိုး၏။ ဘာအကျိုးကျေးဇူးရမည်နည်း"

"မြတ်သောမင်းကြီး၊ ရဟန်းသံဃာတော်များကို ဆည်းကပ်သူ၊ ကိုးကွယ်သူ၊ ရှိခိုးသူတို့သည် နတ်ပြည်ကို ရောက်ရ၏။ နတ်ချမ်းသာကိုခံစားရ၏"

ထိုစကားကိုကြားရသော မင်းကြီးသည် -

"သိကြားမင်း၊ ငါ့အား ဘုန်းကျက်သရေဖြစ်စေ၏။ ငါသည် ရဟန်းကိုလည်းကောင်း၊ သိကြားမင်းကိုလည်းကောင်းမြင်ရ၍ များစွာသောကောင်းမှုကိုပြုပါတော့မည်"

"မြတ်သောမင်းကြီး- သဒ္ဓါရှိသော၊ ပညာရှိသောပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာတော်များကို ဆည်းကပ်ကြ၏။ ယခု သင်၏တိုင်းပြည်တွင် ရဟန်းသံဃာတော်တစ်ပါးမျှမရှိပါ။

သင်၏ တိုင်းပြည်မှာ ဒါနမရှိပါ။ သီလမရှိပါ။ တိုင်းသူပြည်သားများကြမ်းကြုတ်ကုန်၏။ ရက်စက်ကုန်၏။ သေပြီး ငရဲသို့လားကုန်၏"

"အသင်သိကြားမင်း၊ ယနေ့မှစ၍ ကျွန်ုပ်သည် သံဃာတော်များကို ဆည်းကပ်ပါတော့မည်။ လှူဒါန်းပါတော့မည်"

မင်းကြီးသည် ပစ္စေကဗုဒ္ဓါကိုရှိခိုး၏။ ပစ္စေကဗုဒ္ဓါက ထက်ဝယ်ကောင်းကင်မှာထိုင်နေ၏။

"အသင်မင်းကြီး၊ အသင်မင်းကြီး၏ မိဖုရားကို စော်ကားသူသည် ရဟန်းသံဃာမဟုတ်။ ယုတ်မာသော ဝိဇ္ဇာမိုက်ရဲဖြစ်၏။ ရဟန်းအသွင်ဆောင်ထားသူဖြစ်၏။ သင်၏အထင်အမြင်လွဲမှားနေ၏။ မင်းကြီး၊ ယနေ့မှစလို့ တရားကို စောင့်ရှောက်ကုန်သော ရဟန်းသံဃာတော်များကို ပြန်လည်ဆည်းကပ်ပါလော။ ဒါနပြုပါလော။ သီလဆောက်တည်ပါလော"

တရားဟောပြီး ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားပါတော့၏။

ထိုနေ့မှစ၍ မင်းကြီးဘည် တိုင်းပြည်မှထွက်ပြေးနေသော ရဟန်းသံဃာတော်များကို မင်းနေပြည်တော်သို့ ပြန်ကြွစေ၏။

ကျောင်းတော်များဆောက်လုပ်ပြီး အလှူဒါနကို နေ့စဉ်ပြုလုပ်၏။ သီလကိုလည်းဆောက်တည်ပါတော့၏။

ဤဝိဇ္ဇာမရဏဇာတ်ကို မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူခဲ့ပါ၏။

ဝိဇ္ဇာတိုင်းသူတော်ကောင်းမဟုတ်ပါ။ ဝိဇ္ဇာကိုးကွယ်သူများသတိပြုကြပါ။

ထေရဝါဒကို ယုံကြည်ကိုးကွယ်ဆည်းကပ်နေကြသော ဗုဒ္ဓဘာသာဝင်များသိထားရန် ဝိဇ္ဇာ (ဘိုးတော်) များအကြောင်းကို ဗဟုသုတရှိအောင်ဖော်ပြပါမည်။

စတုဝိဇ္ဇာကျမ်းတွင် ဝိဇ္ဇာ(၄)မျိုးပြထား၏။

၁။ အင်္ဂဝိဇ္ဇာ (ဝိဇ္ဇာမိုက်)
၂။ ဇော်ဂီဝိဇ္ဇာ (ဇော်ဂျီဝိဇ္ဇာမိုက်)
၃။ တပသီဝိဇ္ဇာ (တပသီဝိဇ္ဇာမိုက်)
၄။ သေသဝိဇ္ဇာ (သေသဝိဇ္ဇာမိုက်)

**အင်္ဂဝိဇ္ဇာတွင် -**

က။ ဆေးဝိဇ္ဇာ
ခ။ မန္တန်ဝိဇ္ဇာ
ဂ။ ပြဒါးဝိဇ္ဇာ (၃) မျိုးရှိ၏။

**ဇော်ဂီဝိဇ္ဇာတွင် -**

က။ ဆေးအတတ်
ခ။ မျက်လှည့်အတတ်
ဂ။ မန္တန်ဆေးစပ်အတတ်
ဃ။ ပြဒါးအတတ် (၄)မျိုးရှိ၏။

**တပသီဝိဇ္ဇာတွင် -**

က။ ပြဒါးသေငံ့သောအတတ်
ခ။ ရုပ်ပြောင်းရုပ်လွဲအတတ်
(၂) မျိုးရှိ၏။

**သေသဝိဇ္ဇာတွင် -**

က။ သံသေကိုငုံ၍ပျံသောအတတ်၊
ခ။ သံသေပြာစားသောအတတ်
(၂)မျိုးရှိ၏။

ယင်းဝိဇ္ဇာ (၄) မျိုးတို့တွင် -

အင်္ဂဝိဇ္ဇာနှင့် ဇော်ဂီဝိဇ္ဇာတို့သည် ခနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမန္တန်သိဒ္ဓိ (၃)ပါး ကို ပြီးစေနိုင်၏။

အထက်ပါ ဝိဇ္ဇာမိုက် (၂) မျိုးတို့သည် လူသူမနီး တောနက်ကြီးထဲတွင် နေထိုင်၍ သေလေပြီးသော မိန်းမငယ်အရိုးတို့ကို အသက်သွင်း၍ နတ်မိစ္ဆာ၊ နတ်မိန်းမတို့နှင့် အရုံငါးရာစီဖက်လျက် ခံစားနေကြကုန်၏။ ကိလေသာကာမဂုဏ်နှင့် ပျော်မွေ့ကြကုန်၏။

တပသီဝိဇ္ဇာမိုက်ရဲတို့သည် ရွှေ ငွေဖြစ်သောစည်းစိမ်ကိုပယ်ပြီး လူမနီးသောတောအရပ်၌သေပြီး မိန်းမတို့၏အရိုးကို အသက်သွင်းပြီး ကျောက်ဂူများထဲ၌ ပျော်လျက်နေထိုင်ကြ၏။

အရုံငါးရာစီရှိကြ၏။

ကာမတဏှာဖြင့် ပျော်မွေ့နေကြ၏။

သေဘဝိဇ္ဇာမိုက်ရဲတို့သည် ဟိမဝန္တာမှာနေ၏။

သူယောင်တောမှာ သူယောင်သီးကိုဆွတ်၍ အသက်သွင်းပြီး အမျိုးသမီးအရုံငါးရာနှင့်ပျော်နေကြ၏။ ကာမဂုဏ်ခံစားကြ၏။

**ရသေ့များ**

လောကီဈာန်ရသော ရသေ့များကား သူယောင်တောသို့ မသွားကြပါ။ သွားမိပါက ကိလေသာနှံ့နစ်၍ ဈာန်မှ လျှောကျရကုန်၏။

ယင်းကြောင့် သူတော်ကောင်းတို့သည် ထိုဝိဇ္ဇာမိုက်ရဲများနေထိုင်ရာအရပ်သို့မသွားကြပါ။

(အရှင်ပညိန္ဒာဘိဝံသ ဣန္ဒိယ-မြန်မာဗုဒ္ဓဘာသာစာအုပ်ကို မှီးပါ၏။)

အောင်စကြာ-အရှင်သုမေ[illegible]ရ



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိဌေး(လယ်တွင်း)

# ဥသျှစ်ရွက်နှင့်ထန်းလျက် ဆီးချိုအတွက်အစွမ်းထက်

လူ့ဘဝကို ရှင်သန်ဖြတ်သန်းရာမှာ အရွယ်သုံးပါးလုံးတွင် ကျန်းမာရေးဟာ အဓိကဖြစ်ပါသည်။ ကျန်းမာရေးညံ့၍ ရောဂါဖြစ်လာပြီဆိုလျှင် အဆိုးရွားဆုံးဖြစ်တဲ့ ခန္ဓာဒုက္ခ၊ စိတ်ဒုက္ခတွေဖြစ်ခြင်းမှပျောက်ကင်းသည့် တိုင်းရင်းမြန်မာဆေးနည်းကောင်းများကို အတွေ့အကြုံရှိခဲ့ကြသော သက်ကြီးရွယ်အိုများထံမှ မပြတ်တမ်း လေ့လာခဲ့ပါသည်။

ဖွဲ့လုံ့လသည် ဆူးခင်းလမ်းကို ပန်းခင်းလမ်းဖြစ်စေသောအစွမ်းသတ္တိရှိသည်ဟု အဘိုးအဘွားများပြောပြခဲ့၍ သိရှိခဲ့ရပါသည်။ မိမိလေ့လာသိရှိထားသည့် မြန်မာ့တိုင်းရင်းဆေးနည်းကောင်းများကို ရောဂါဖြစ်နေရသူများ သိရှိသုံးစွဲစေခြင်းဖြင့် ထိုသူများ ကျန်းမာသွားလျှင် ကုသိုလ်လည်းရ၊ လူသားအချင်းချင်းစောင့်ရှောက်ရာလည်းရောက်တဲ့အတွက် ဝါသနာအလျောက် ဖွဲ့လုံ့လဝီရိယကြီးစွာဖြင့် ငယ်စဉ်မှစတင်၍ ယနေ့အထိ မပြတ်တမ်းလေ့လာပြီး လက်ဆင့်ကမ်းမျှဝေလျက်ရှိပါသည်။

လွန်ခဲ့သော(၂၅)နှစ်ကျော်ကာလတုန်းက အထက်အညာဒေသရှိ ရွာတစ်ရွာသို့ အလည်အပတ်သွားခဲ့စဉ်အခါက အသက် (၈၅)နှစ်အရွယ်ရှိ မြန်မာ့ဆေးနည်းဝါသနာပါသည့် အဘိုးဦးသာဝနှင့် တွေ့ဆုံခဲ့ရပါသည်။ သက်ကြီးရွယ်အိုနှင့် တွေ့ရပြီမို့ လသာတုန်းဗိုင်းငင် ဆိုသလို မြန်မာ့တိုင်းရင်းဆေးအကြောင်းတီးခေါက်လေ့လာပါတော့သည်။

စာရေးသူက -

"မင်္ဂလာပါအဘိုး"

ဟု စတင်နှုတ်ခွန်းဆက်သကာ -

"အဘိုး၊ ဒီအသက်အရွယ်အထိ အသက်ရှည်ပြီး ကျန်းမာရေးကောင်းနေတာတွေ့ရတော့ အထူးဝမ်းသာမိပါတယ်ဗျာ။ အဘိုးတို့လို အသက်အရွယ်ရှိကြတဲ့သူတွေထဲမှာ များသောအားဖြင့် အချို့သူများမှာ ဒူးနာ၊ ခါးနာ၊ မျက်စိမှုန် အစရှိသဖြင့် ရောဂါဝေဒနာ ခံစားနေကြရတာတွေ့ရပါတယ်။ အဘိုးအနေနဲ့ ဘာဆေးများမှီဝဲလို့ အခုလိုအသက်ရှည်ကျန်းမာရေးနေတာလဲ။ နည်းကောင်း၊ ဆေးကောင်းများရှိရင် ကျွန်တော့်ကို ချီးမြှင့်ပေးပါ"

ဟု မေတ္တာရပ်ခံခဲ့ပါသည်။

အဘိုးက မြန်မာတိုင်းရင်းဆေးဟာ ရှေးကတည်းကရှိခဲ့ပြီး ရှေးလူကြီးများက အထူးအားထားသုံးစွဲခဲ့ကြောင်း၊ ဆေးက အခြားမဟုတ်၊ ဆင်တုံးမနွယ်နှင့် ဘူမ္မရာဇာ ဆတူထောင်းပြီး ပျားရည်နှင့်တေစားသည့်ဆေးဖြစ်ကြောင်းပြောပြပါသည်။

စာရေးသူက ဆက်လက်၍ -

"အဘိုး၊ လူတွေအသက်ကြီးပိုင်းရောက်လာရင် ကျား၊ မ မဟူ လူအချို့ဟာ ဆီးချိုရောဂါဖြစ်နေကြပါတယ်။ အသက်ကြီးလို့ ဒူးနာ၊ ခါးနာ၊ မျက်စိမှုန်နဲ့ သွားလာရေခက်ခဲလို့ ဒုက္ခဖြစ်နေရတဲ့ကြားက ဆီးချိုရောဂါထပ်ဆင့်ပြီးဖြစ်လာတော့ နူရာဝဲစွဲ လဲရာသူခိုးထောင်း ဆိုသလိုဖြစ်နေပါတယ်။ ဆီးချိုရောဂါဖြစ်နေတဲ့သူတွေအတွက် ရောဂါပျောက်ကင်းသက်သာသွားအောင် ကျွန်တော်ကူညီချင်လွန်းလို့ ဆေးနည်းကောင်းရှိရင် ပြောပြပေးပါ အဘိုး"

ဟု မေးမိပါသည်။

အဘိုးက -

"ဆီးချိုရောဂါပျောက်တဲ့ ဆေးနည်းကောင်းရှိတယ်။ အဘိုးငယ်စဉ်ကတုန်းက အဘိုးတို့အိမ်ကို မျိုးစပါးလာဝယ်သူတစ်ဦးရောက်ရှိလာတယ်။ ပုတ်ထဲက မျိုးစပါးကိုယူပြလိုက်ရာ ဝယ်မယ့်သူက သေချာကြည့်ပြီး ပေါက်ဈေးနဲ့ ဝယ်ဖို့ စပါးသုံးတင်းခြင်ခိုင်းတယ်။

အဘိုးတို့ရဲ့အဖေက မျိုးစပါးဝယ်သူကို ကိုယ်တိုင်စပါးခြင်ယူဖို့ သမာဓိတင်းတောင်းနဲ့လောင်းတောင်းကိုပေးတဲ့အခါ သူ့ခြေဖဝါးမှာ ဆီးချိုရောဂါဖြစ်နေလို့ အနာရှိပါတယ်။ အဘိုးကို စပါးခြင်ခိုင်းပေးပါဆိုပြီး သူ့ခြေထောက်က အနာ အဖေ့ကိုပြရှာတယ်။ စပါးခြင်ပြီးအဖေက ခဏထိုင်ပါဦး၊ ဆီးချိုရောဂါပျောက်တဲ့ဆေးတိုက်မယ်ဆိုပြီး သားလေး၊ သားလေးသာဝရေ တောထဲတဲ့ဘေးက ဥသျှစ်ပင်ကဥသျှစ်ရွက်အကြမ်းလက်တစ်ဆုပ်ရယ်၊ ထန်းလျက်သုံးကျပ်သားရယ် ရေနဲ့သုံးခွက်တင်ကျိုပေးကွာဆိုပြီးခိုင်းတယ်။

ဥသျှစ်ရွက်ကြမ်းကျိုထားတဲ့ဆေးကို ဆီးချိုရောဂါဖြစ်နေတဲ့သူကိုတိုက်လိုက်တယ်။ အိမ်ပြန်ရောက်သွားရင်လည်း ခုလိုဥသျှစ်ရွက်ကြမ်းနဲ့ထန်းလျက်ကျိုဆေးကို တစ်ပတ်လောက်တော့ ကျိုသောက်ဖို့မှာလိုက်တယ်။ ဒီဆေးနည်းက ရှေးသမားတော်ကြီးများရဲ့ ပွဲတွေ့ဆေးနည်းကောင်းဖြစ်ကြောင်း ပြောပြလိုက်တယ်။ မျိုးစပါးလာဝယ်တဲ့ ဆီးချိုရောဂါသည်လည်း အဖေ့ကိုကျေးဇူးတင်စကားပြောပြီးပြန်သွားတယ်။

နောက်တစ်လခွဲလောက်ကြာမှာတော့ အဲဒီလူဟာ အဖေ့အိမ်ကို နောက်တစ်ခေါက်ရောက်လာတယ်။ လက်ထဲမှာလည်း ငှက်ပျောသီးတစ်ခိုင်ပါလာသေးတယ်။ သူက အဖေ့ကို ဆရာရယ် ဆရာတိုက်လိုက်တဲ့ ဥသျှစ်ရွက်ဆေးကို အိမ်ရောက်တော့ ထပ်ကျိုပြီး တစ်ပတ်လောက်ဆက်သောက်လိုက်တာ အခုဆီးချိုပျောက်သွားလို့ ဝမ်းသာလိုက်တာ ဆရာရယ် ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာ့ကိုလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ ငှက်ပျောသီးတစ်ခိုင်လာကန်တော့တာပါ။ ဆရာလက်ခံပေးပါဆိုပြီး စေတနာနဲ့လာပို့သွားတယ်"

ပြောပြရင်း ဘိုးသာဝပြောလက်စစကားအဆုံးသတ်လိုက်သည်။

စာရေးသူက ဆက်လက်၍ -

"အခုလိုဆီးချိုရောဂါပျောက်ကင်းတဲ့ မြန်မာ့ဆေးအကြောင်း စိတ်ရှည်ရှည်နဲ့ပြောပြပေးတဲ့အတွက်အဘိုးကိုကျေးဇူးတင်ပါတယ်"

အဘိုးကလည်း -

"ဆီးချိုရောဂါပျောက်တဲ့ ပွဲတွေ့ဆေးနည်းကောင်းကို ထပ်ဆင့်မျှဝေပေးလိုက်ရတဲ့အတွက်ဝမ်းသာပါတယ်ကွယ်"


ဟု ဆိုရှာသည်။

ဆီးချိုနှင့်ပတ်သက်လို့ အကြီးဆုံးဆုံးရှုံးမှုမဖြစ်လေအောင် အဘိုးဦးသာဝပြောပြခဲ့တဲ့ 'ဥသျှစ်ရွက်နှင့် ထန်းလျက်၊ ဆီးချိုအတွက်အစွမ်းထက်' အကြောင်း သိရှိ သုံးစွဲနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။


သိဒ္ဓိဌေး(လယ်တွင်း)

www.burmeseclassic.com

www.burmeseclassic.com



ကံမြင့်ကံပွင့် ဓောင်တော်မူဆုတောင်းပြည့် စဥ့်စေတီ



ကျိုက်နဂါးရှင်စေတီတော်

# ကျောက်လက်မောင်းအခြေက ရသေ့ကြီးဦးခန္တီနှင့်ကျိုက်နဂါးရှင်စေတီ

မျိုးမြင့်နွယ်(ရမည်းသင်း)

ရှေးဟောင်း သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ကြီးသည် ရမည်းသင်းမြို့၏ အရှေ့ဘက် (၇) မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ရွှေမြင်တင်တောင်တော်မြတ်နှင့် အတူယှဉ်ကပ်လျက် ရွှေယင်မိတောင်သည်လည်းတည်ရှိနေတာဖြစ်သည့်အတွက် မြေပြင်မှာထီးထီးကြီး တောင်အမြွာအဖြစ် မြောက်ဘက်အရပ်နှင့် တောင်ဘက်အရပ်တို့မှ မြင်နိုင်တွေ့နိုင်ပါသည်။

ရွှေမြင်တင်တောင်တော်မြတ်၏ တောင်ထိပ်ရင်ပြင်တော်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ညှပ်ရိုးတော်အား ဌာပနာပူဇော်ထားသည့် တန်ခိုးကြီးစေတီတော်မြတ်ကြီး တည်ရှိပါသည်။ ဆုတောင်းပြည့် တန်ခိုးကြီးစေတီတစ်ဆူ ဖြစ်ပါသည်။

သမိုင်းဝင် ရွှေမြင်တင်တောင်ထိပ်မှသည် အနောက်မြောက်ဘက်တောင်ခြေအထိ တစ်ဆက်တစ်စပ်တည်းဖြစ်သော(တစ်တုံးတည်းဖြစ်သော)ကျောက်တုံးကြီးကသွယ်ဆင်းလျက်ရှိနေပါသည်။ ရွှေမြင်တင်တောင်၏လက်မောင်းသကဲ့သို့ ဖြစ်တည်နေသော ထိုကျောက်လက်မောင်းကြီးအား 'သေလသောဏ္ဍ' ဟု ရှေးအခါက ခေါ်တွင်ခဲ့ကြပါသတဲ့။ ထိုသေလသောဏ္ဍအမည်ရှိ ကျောက်လက်မောင်းကြီး၏ ကျောရိုးပေါ်တွင် တစ်ဆယ့်နှစ်ရာသီလုံးလုံး ရေမခန်းခြောက်သော နတ်ရေတွင်းတစ်တွင်းကလည်း ထူးခြားစွာရှိနေပါသည်။ ထူးခြားသော ကျောက်တုံးကြီးတစ်တုံးပေါ်မှ ထူးခြားသောရေတွင်းတစ်တွင်းဖြစ်ပေါ်နေခြင်းကိုပြဆိုနေခြင်းဖြစ်ပါသည်။


ရွှေမြင်တင်တောင်ထိပ်မှသွယ်ဆင်းလာသော ကျောက်လက်မောင်းကြီး၏ အခြေ (တောင်ခြေ) တွင်လည်း ထူးခြားသော ကျောက်တုံးကြီးတစ်တုံးရှိနေပြန်ပါသေးသည်။ ထိုကျောက်တုံးကြီးကိုတော့ သိရှိသူနည်းပါသည်။ 'ကျိုက်နဂါး' ဟု ခေါ်တွင်ပါသည်။

'ကျိုက်နဂါးရှင်' ဟု ခေါ်တွင်ရခြင်းမှာ ၎င်းကျောက်တုံးကြီးသည် အခြားအခြားသောကျောက်တုံးများကဲ့သို့ မဟုတ်ဘဲ အသက်ရှိသကဲ့သို့ နာမ်ဝိညာဉ်ရှိသကဲ့သို့ ကျောက်ရှင်ကျောက်တုံးတစ်တုံးဖြစ်နေပြီး လှုပ်ခြင်း၊ လည်နေခြင်း(ဖြစ်)နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နတ်ရေကန် အတွင်းက နဂါးရုံဘုရား


ရပ်တော်မူဗျာဒိတ်ပေးရုပ်ပွားတော်


မြတ်စွာဘုရားနှင့် ရဟန္တာရုပ်ပွားတော်များ


ဒီပင်္ကရာမြတ်စွာဘုရားထံမှ သုမေဓာရှင်ရသေ့နှင့် သုမိတ္တာတို့ ဗျာဒိတ်ခံရုပ်တုတော်


ကျောက်လုံးတော်ကြီးအောက် လိုဏ်ဂူတွင် သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်

ဒီကျောက်တုံးကြီးရဲ့ တစ်နေရာရာကို -

"ဥပမာပေါ့ဗျာ ထုံးနဲ့တို့ပြီး အမှတ်အသားလုပ်ထားလိုယ်မယ်ဆိုရင်ပေါ့။ နောက်နှစ်ရက်သုံးရက်လောက်နေလို့ပြန်သွားကြည့်ရင် အဲဒီအမှတ်အသားဟာ ယာဘက်ဖြစ်ဖြစ်၊ ဝဲဘက်ကိုပဲဖြစ်ဖြစ် ဒါမှမဟုတ် အပေါ်ဘက် ဒါမှမဟုတ် အောက်ဘက်ကိုရောက်နေတာ တွေ့ရတတ်ပါတယ်"

ဟု ဒဟတ္တောတောရကျောင်းထိုင်ဆရာတော်ဖြစ်သော 'ဦးဝိမလ'မှမိန့်ကြားပါသည်။

ထိုကဲ့သို့ ထူးခြားမှုရှိသော 'ကျိုက်နဂါးရှင်' ကျောက်တုံးကြီးအား 'မင်္ဂလာရာမ'ကျောင်းနာယကဆရာတော် 'ဦးကောဝိဒ' က ဦးဆောင်၍ အုတ်ခံလိုဏ်ဂူတည်ပြီး အပေါ်တွင် စေတီတော်တစ်ဆူတည်ထားကာ 'ကျိုက်နဂါးရှင်' စေတီဟု ဘွဲ့သမုတ်ခံ၍ အများစုပေါင်းတည်ထားကြသည်။ ကျိုက်နဂါးရှင်စေတီနှင့်ကပ်လျက်တွင် မိသားစုအလှူရှင်တစ်စုက သဒ္ဓါပို့စွာ အာရုံခံမွှောရုံကြီးဆောက်လုပ်လှူဒါန်းထား၏။ လပြည့်၊ လကွယ် (၈) ရက် ဥပုသ်နေ့တိုင်း ထိုအာရုံခံမွှောရုံ၌ ပဋ္ဌာန်းရွတ်ဖက်ပူဇော်ကြသည်ဟု ဦးဝိမလမှ မိန့်ကြားပါသည်။

ကျိုက်နဂါးရှင်စေတီတည်ရှိရာနေရာ၏ တောင်ဘက်တွင် နဂါးရုံရုပ်ပွားတော်တစ်ဆူသီတင်းသုံးနေတော်မူသောရေကန်တစ်ကန်ရှိနေသည်ကို တွေ့ရ၏။

"ဒီရေကန်ဟာ ရှေးကတည်းကရှိခဲ့တဲ့ ရေကန်လို့ပြောပါတယ်။ ဟိုအပေါ်က နတ်ရေတွင်းဖြစ်ပြီး ဒီဟာက နတ်ရေကန်ဖြစ်ပါတယ်"

ဟု မိန့်ကြားပါသည်။

နတ်ရေကန်ကနေအထက်ဘက်ကို အုတ်လှေကားအတိုင်း ဆက်တက်လိုက်လျှင် ရွှေမြင်တင်တောင်တော်တစ်ဝိုက်မှာသာမက မြန်မာတစ်နိုင်ငံလုံးမှာပါ ဖူးတွေ့ရခဲလှတဲ့ စေတီတစ်ဆူကို ဖူးတွေ့လိုက်ရပါသည်။ အောက်ခြေစဥ့်အိုးအကြီးကြီးပေါ်ကနေ အထက်ငှက်ပျောဖူးအထိ ကြီးစဥ်ငယ်လိုက် ဆင့်ဆင့်ပြီး စဥ့်အိုးများနှင့်သာတည်ထားတဲ့စဥ့်စေတီတစ်ဆူဖြစ်နေပါသည်။ စေတီတော်၏ဘွဲ့အမည်မှာ ကံမြင့်ကံပွင့်အောင်တော်မူဆုတောင်းပြည့်စေတီတော်ကမ္ပည်းကျောက်စာမှာ ဖတ်ရှုရပါသည်။ အလှူရှင်၏ ဌာနနှင့် မိသားစုအမည်များလည်း ရေးထိုးထားပါသည်။

"ဒီစေတီတည်တဲ့ ဒကာက ဌာနဆိုင်ရာတစ်ခုကပါ။ ဒီနေရာမှာ ဒီလိုစေတီတည်ရမယ်လို့ အိပ်မက်မက်တာကြောင့် ဒီနေရာမှာလာပြီး ဒီလိုစဥ့်စေတီတည်သွားတာပဲ။ စေတီတည်ပြီး သူလည်းနိုင်ငံခြားပညာတော်သင်သွား[illegible]ရာထူး

www.burmeseclassic.com

www.burmeseclassic.com

သည်းတက်နဲ့ အဆင်ပြေသွားတယ်။ ခုချိန်ထိ ဒီနေရာမှာ သာသနာရေးတစ်ခု ခုလုပ်မယ်ဆို အဝေးကနေ အလှူငွေ လှမ်းထည့်နေတုန်းပဲ"

လို့ ပြောပြပါတယ်။

စာရေးသူကို ဦးဝိမလက လိုက်လံ ပြသပြောပြနေစဉ်အခိုက်မှာ အောက် ဘက်နားက အဆောင်တစ်ခုနားမှာ အုန်းပွဲငှက်ပျောပွဲတွေနဲ့အတူ မိသားစု တစ်စု အုတ်လှေကားအတိုင်းတက်လာ နေကြသည်။ စာရေးသူ ကြည့်နေတာ ကိုမြင်တော့ ဦးပဥ္စင်းက -

"အဲဒါ နဂါးမယ်တော်ကြီးနန်းမှာ နဂါးမယ်တော်ကြီးကို ပွဲအပ်ပြီးသာသနာ ပြုနိုင်ရပါလို့ကြောင်း လူမှုရေး၊ ကျန်းမာ ရေး၊ စီးပွားရေးတွေ အဆင်ပြေရပါလို့ ကြောင်း ဆုလာတောင်းကြတာလေ။ သာသနာပြုနဂါးမယ်တော်ကြီးထံမှာ ပွဲ ဆက်ပြီး လိုရာဆုတောင်းရင် နဂါးမယ် တော်ကြီးကကူညီတယ်လို့ယုံကြည်ယူဆ သူတွေ ဒီနဂါးမယ်တော်ကြီးနန်းကိုလာ ပြီးဆုတောင်းဆုယူကြတယ်၊ စီးပွားတက် ကြတယ်၊ အဆင်လည်းပြေကြတယ်ပေါ့"

တကယ်တော့ ဒီနေရာဟာ သာသနာပွင့်လင်းရာနေရာ၊ သာသနာ ပြုလိုသူတွေ တရားဘာဝနာကျင့်ကြံ အားထုတ်ရာနေရာ၊ သာသနာပြုလိုသူ တွေကို ကူညီပေးနေတဲ့ ဝိဇ္ဇာ၊ ဇော်ဂျီ၊ သိုက်နန်းရှင်တွေ၊ ပုဂ္ဂိုလ်ထူးတွေစောင့် ရှောက်ရာနေရာတစ်နေရာဖြစ်နေလိမ့် မည်ဟု စာရေးသူယုံကြည်နေမိပါသည်။ စာရေးသူ အကြောင်းမဲ့ယုံကြည်မိခြင်း မဟုတ်ပါ။ အကျိုးနှင့်အကြောင်းနှင့် ရှင်းပြချင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၂၀) လောက်က မြန်မာပြည်တစ်ဝန်း သာသနာ ပြုရာမှာ စံထားလောက်တဲ့ သာသနာ့ ဟိတဓဇတွဲ့ရ သာသနာပြုပုဂ္ဂိုလ် အကျော်အမော် ရသေ့ကြီးဦးခန္တီ။ ရသေ့ကြီးဦးခန္တီကို မြန်မာပြည်က လူတော်တော်များများ သူ့ခေတ်ကိုမမီ လိုက်သော်လည်း ဒီကနေ့ခေတ်မှာ ရသေ့ကြီးဦးခန္တီ တည်ဆောက်ပြုပြင်ခဲ့ သော ဘုရား၊ စေတီ၊ စောင်းတန်း၊ တန်ဆောင်းများ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများကြောင့် သိရှိသူ အတော်များမည်ဖြစ်ပါသည်။

သာသနာပြု ရသေ့ကြီး ဦးခန္တီ၊ သာသနာပြုရန်အတွက် တရားဘာဝနာ စတင်ပွားများအားထုတ်ရာ သမိုင်းဝင် နေရာဟာ ယခု စာရေးသူ ရောက်ရှိနေ သော ဒဟတ္တောတောရကျောင်းနေရာ ဖြစ်နေလို့ပါပဲ။ ရွှေမြင်တင်တောင်တော် မြတ်သေလသောဏ္ဏာကျောက်လက်မောင်း




သိကြားမင်းရုပ်တု



ဒဟတ္တော တောရကျောင်းဝင်း၌ရှိ ရုပ်ပွားတော်များ



ဟင်္သာတံခွန်တိုင်



ဒဟတ္တော တောရကျောင်းမှ အာရုံခံမွှာရုံ



www.burmeseclassic.com

www.burmeseclassic.com



နဂါးမယ်တော်၊ အဘအောင်မင်းခေါင်နှင့် မြင်းစီးအဘအောင်မင်းခေါင်ရုပ်တု



ရသေ့ကြီးဦးခန္တီရုပ်တုတော်




နဂါးမယ်တော်ကြီးနန်း

ကျောက်တုံးကြီးရဲ့အခြေက သစ်ပင်ကြီးတစ်ပင်အောက်မှာ ရသေ့ကြီးဟာ တရားဘာဝနာများ အားထုတ်ကျင့်ကြံပြီး ၁၂၆၁ ခုနှစ်မှာ ရွှေမြင်တော်တော်မြတ်ကြီးရဲ့တောင်ပေါ်တောင်အောက်စေတီပုထိုးများကိုပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရွှေမြင်တင်တောင်တော်မြတ်၏တောင်ဘက်စောင်းတန်းကြီးကို တောင်ခြေမှ တောင်ထိပ်ရင်ပြင်အထိ ဆောက်လုပ်ခြင်း၊ တောင်ထိပ်ရင်ပြင်တော်ပေါ်တွင် တန်ဆောင်းအပြည့်ခင်းခြင်းတို့ကို ယခုအထိမြင်တွေ့နေရသည့်အတိုင်း သံတိုင်သံပန်းသံပစ္စည်းများဖြင့် တည်ဆောက်ပြီး သာသနာပြုလုပ်ငန်းကြီးကို စတင်ခဲ့တာပါ။ သည့်နောက်မှ မြန်မာပြည်တစ်ဝန်းလှည့်လည်ပြီး သာသနာပြုခဲ့တာလို့ဖတ်ရှုမှတ်သားခဲ့ရပါတယ်။

ဒါကြောင့် ဒီနေရာဟာ ထူးခြားတဲ့နေရာလို့ ဆိုလိုခြင်းဖြစ်ပြီး ရွှေမြင်တင်တောင်တော်ရဲ့ လက်မောင်းကြီးသဖွယ်ဖြစ်နေသော သေလသောဏ္ဏအမည်ရှိကျောက်လက်မောင်းကြီး၏အခြေဖြစ်ပြီး ကျိုက်နဂါးရှင် ကျောက်တုံးကြီးရှိခြင်း၊ နတ်ရေကန်ရှိခြင်း၊ နယ်မြေဝန်းကျင်တစ်ခုလုံး ဒဟတ်ပင်များသာပေါက်ရောက်နေခြင်းတို့ကို တွေ့နေရတာပါ။ ဒဟတ္တောတောရကျောင်းဝန်းကျင်တွင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် နောက်ပါရဟန္တာရုပ်ပွားတော်များ၊ သုမေဓာရှင်ရသေ့နှင့် သုမိတ္တာတို့ ဗျာဒိတ်ခံယူနေပုံရုပ်တုများ၊ သိုက်နန်းရှင်ရုပ်တုများ၊ ပုဂ္ဂိုလ်ထူးရုပ်တုများ၊ စဝ်ခွန်ဖ၊ ကိုးမြို့ရှင်နှင့် ဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်၊ ယက္ကန်းစင်တောင်ဆရာတော်ရုပ်တုနှင့်ဓာတ်ခန်းများ၊ ဗျာဒိတ်ပေးရုပ်ပွားတော်၊ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်များနှင့် ရေတွင်းရေကန်အသစ်အဟောင်း၊ တံခွန်တိုင်၊ သိကြားမင်းရုပ်တု၊ စဥ့်စေတီ အစရှိသော သာသနိကအဆောက်အအုံတို့ဖြင့် သာသနာတော်ပွင့်လင်းလာလျက်ရှိနေပါသည်

ဗျာဒိတ်ပေးရုပ်တော်မူရုပ်ပွားတော်ကြီးမရှိသေးခင် ၎င်းနေရာတွင် အချိန်ပိုင်းပုတီးစိပ်ခဲ့သူဟာ ထူးခြားသောဖြစ်စဉ်၊ ထူးခြားသော တွေ့ကြုံမှုတွေကြောင့် ထိုနေရာမှာ ရုပ်တော်မူဗျာဒိတ်ပေးရုပ်ပွားတော်ကြီးကိုတည်ဖြစ်ခဲ့သလို ဒီပင်္ကရာမြတ်စွာဘုရား၊ သုမေဓာရှင်ရသေ့နှင့် သုမိတ္တာရုပ်တုတို့ကိုပါ ထုလုပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရှိရပြီး အလှူရှင်မိသားစုကမ္ပည်းကျောက်စာလည်း ရေးထိုးထားတာကို ဖတ်ရှုရပါသေးတယ်။

အိပ်မက်ထဲတွင် ရသေ့ကြီးတစ်ပါး၏ လမ်းညွှန်မှုဖြင့်ကျောက်လက်မောင်းကြီးအနီးတွင် ရှေးဟောင်းစေတီတစ်ဆူကို ပြုပြင်လှူဒါန်းပြီး ဗုဒ္ဓရုပ်ပွားတော်အသစ်တစ်ဆူလှူဒါန်းကာ အာရုံခံတန်ဆောင်းပါ ဆောက်လုပ်လှူဒါန်းခဲ့ရုံမက အာဂန္တုကျောင်းဆောင်တစ်ဆောင်ကိုပါ ဆောက်လုပ် လှူဒါန်းထားသော အလှူရှင် မိသားစုတစ်စုလည်းရှိနေပါသည်။ သူတို့၏ လှူဒါန်းမှုတွေအတွက်လည်း ကမ္ပည်းကျောက်စာတွေ ရေးထိုးထားပါသည်။ သူတို့မိသားစုဆောက်လုပ်လှူဒါန်းခဲ့သော အာဂန္တုကျောင်းတွင် ရဟန်းသံဃာ၊ လူ မည်သူမဆို တရားဘာဝနာအားထုတ်လိုပါက လာရောက်တည်းခို၍ တရားရှာကျင့်ကြံနိုင်ပါကြောင်း စာရေးသူအား ပြောကြားခဲ့ပါသေးသည်။

ရွှေမြင်တင်တောင်တော်မြတ်တွင်



www.burmeseclassic.com

www.burmeseclassic.com

တောင်ထိပ်တက်ရောက်နိုင်ရန် စောင်းတန်း (၃) သွယ်ရှိပါသည်။ တောင်ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့မှာ ဖြစ်ကြပါသည်။ အရှေ့ဘက်ကတော့ တောင်တက်ကားလမ်းဖြစ်ပြီး မာတ်လှေကားကြီးကိုလည်း ယခုလက်ရှိမှာတည်ဆောက်တပ်ဆင်နေပါသည်။ ကျွန်စစ်သားစောင်းတန်းဟု အမည်ရသော မြောက်ဘက်စောင်းတန်း၏အခြေတွင် 'နိဗ္ဗာန်နမာတုစေတီတော်မြတ်ကြီး' ကို ရှေးဟောင်းစေတီတော်များ ဝန်းရံလျက် ဖူးတွေ့ရပါသည်။ ရှေးအခါက ရှမ်းတိုင်းရင်းသားများတည်ထားခဲ့သောကြောင့် ရှမ်းစေတီများဟု အသိများကြကြောင်းလည်း သိရှိရပြန်ပါသည်။

'နိဗ္ဗာန်နမာတု' စေတီမြတ်ကြီး၏ အရှေ့ဘက်တပ်လျက်မှာ ရှေးအခါက မုန့်ပျားသလက်မုန့်လုပ်ရောင်းပြီး ရတဲ့ အသပြာငွေစုလို့ အမြွာညီအစ်မနှစ်ဦးက တည်ထားတဲ့ဘုရားလည်းရှိပါသေးသည်။

သမိုင်းဝင်ရွှေမြင်တင်တောင်တော်မြတ်ကြီးမှာ ထူးခြားတာတွေ၊ ထူးဆန်းတာတွေ အများကြီးရှိနေပါသည်။

ယခုပြောပြနေတဲ့ ရွှေမြင်တောင်တော်မြတ်ရဲ့ အနောက်မြောက်အရပ် တောင်ခြေက ဒဟတ္တောတောရကျောင်းတည်ရှိရာနေရာမှာပင် ထူးခြားသော ထူးဆန်းသောအရာတွေကို တွေ့မြင်နေရပါသည်။

ရွှေမြင်တင်တောင်တော်မြတ်၏ သေလသောဏ္ဍာကျောက်လက်မောင်းကြီး၏အခြေတွင် နိုင်ငံကျော် သာသနာပြုရသေ့ကြီး 'ဦးခန္တီ' စတင်ဘုရားကျင့်ပြီး သာသနာပြုလုပ်ငန်းများ အောင်မြင်စွာ ပြုလုပ်နိုင်သကဲ့သို့ -

ယခုအချိန်တွင်လည်း ဤနေရာ၌ သာသနာရေး၊ ဘာသာရေးပြုလုပ်နေသူတို့မှာ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့၌ အောင်မြင်မှုလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်နေကြသည်ကို စာရေးသူသတိထားမိပါသည်။ ဤကဲ့သို့ အဆင်ပြေ ချောမွေ့နေခြင်းဟာလည်း အကြောင်းမဲ့သက်သက်တော့ဖြင့် မဖြစ်နိုင်ပေ။ အကြောင်းဆက်အဆက်ဆက်ကြောင့်သာ ဖြစ်နိုင်ပါလိမ့်မည်။

ရှေးဘုရင်မင်းမြတ်အဆက်ဆက် ပြုပြင်လျှုဒါန်းတည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးတော်များနှင့် သာသနိကအဆောက်အအုံပေါင်းများစွာရှိနေသော ရွှေမြင်တင်တောင်တော်မြတ်ကြီးတောင်ဘက်သံစောင်းတန်းကြီး (ဦးခန္တီစောင်း



ဒဟတ္တော တောရဘုန်းတော်ကြီးကျောင်း



ဒဟတ္တော တောရကျောင်း၊

တန်းဟုလည်းခေါ်သောစောင်းတန်း) မှ တက်ရောက်၍ တောင်ထိပ်တန်ခိုးကြီး စေတီကိုဖူးမြော်ပြီး ကျွန်စစ်သားမင်းကြီး တည်ထားခဲ့ပါသော နှီးဘုရားကိုလည်း ဖူးမြော်နိုင်ပါလိမ့်မည်။ ထို့နောက် တောင်ပေါ်ရှိစေတီများ၊ ထူးခြားနေရာများကို ဖူးမြော်ကြည့်ရှုလေ့လာပြီးပါက အနောက်ဘက်စောင်းတန်းမှ တောင်အောက်သို့ဆင်းပြီး တောင်ခြေအနောက်ဘက်မုခ်ဦးရောက်လျှင် ယာဘက်ကို ကွေ့လျက်အနည်းငယ်လမ်းလျှောက်ပါက 'ကျိုက်နဂါးရှင်'စေတီတည်ရှိရာ 'ဒဟတ္တောတောရကျောင်း' ကိုရောက်ရှိနိုင်ပါသည်။ မြောက်ဘက်စောင်းတန်းမှဆင်းပြီး မုခ်ဦးမှဝဲဘက်ကွေ့လိုက်လျှင်လည်း ရောက်ပါသည်။

မော်တော်ကားလမ်းမကြီးမှထိပ်တိုက် အနောက်ဘက်စောင်းတန်းမုခ်ဦး ရောက်ပြီး (တောင်ပေါ်မတက်လိုသေးပါက) မြေသားလမ်းအတိုင်း ဝဲဘက်ကို ပြေပြေလေးအနည်းငယ်မျှသွားလိုက်တာနှင့် 'ဒဟတ္တောတောရ'သာသနာ့နယ်မြေကို ရောက်ပါသည်။

ရမည်းသင်းမြို့မှ ရွှေမြင်တင်တောင်တော်မြတ်သို့ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းမကြီးမှ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ မြင်းလှည်း နှစ်သက်ရာဖြင့် အချိန်မရွေး သွားရောက်နိုင်ပါကြောင်း သူရဲ့ဖရိုးသတ်ကြီးအား စေတနာဖြင့် လမ်းညွှန်ပေးလိုက်ရပါသည်။

မျိုးမြင့်နွယ် (မေညီး[illegible])

www.burmeseclassic.com

www.burmeseclassic.com

"မဂ္ဂင်ရှစ်ပါးမှာ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါး ရှိကြောင်း ပြောခဲ့တယ်။ ပညာနဲ့စပြီး ပညာနဲ့ဆုံးတယ်လို့လည်းပြောခဲ့တယ်။ စတဲ့ပညာကတော့ ယုံကြည်မှုပဲ။ ယုံကြည်မှုမရှိဘဲလုပ်မှာမဟုတ်ဘူး။ ဆုံးတဲ့ပညာကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပဲ။ သီလကတော့ မရှိမဖြစ်လိုအပ်တဲ့အခြေခံပဲ။ သီလမဂ္ဂင်သုံးပါးကိုလည်းပြောခဲ့ပြီးပြီ။ အခု သမာဓိမဂ္ဂင်သုံးပါးကို ပြောမယ်။ တထပ်လို့ပြောနေတာမဟုတ်ဘူး။ မှတ်ပြီး ပြောနေတာ။ မသိသေးတာရှိရင်လည်း သိအောင်၊ သိပြီးသားဆိုရင်လည်း အသိမြဲပြီး ကုသိုလ်ပွားအောင်ပြောနေတာ"

နောက်နေ့ တရားဆွေးနွေးပွဲကို ဦးအုန်းစိန်က အထက်ပါအတိုင်း စလိုက်ပါသည်။


ပြီးတော့ -

"သမာဓိမဂ္ဂင်မှာ (၁) သမ္မာဝါယမ၊ (၂) သမ္မာသတိ၊ (၃) သမ္မာသမာဓိ ဆိုပြီး သုံးပိုင်းပါတယ်။ ဒီနေရာမှာ ဝါယမကို ဝီရိယလို့ခေါ် လိုက်ရအောင်။ အဓိပ္ပာယ်ကတော့ နှစ်ပါးစလုံး အားထုတ်ခြင်းလို့ သာမန်အဓိပ္ပာယ်ရပါတယ်။ သမ္မာဝါယမဆိုတော့ မှန်ကန်စွာ အားထုတ်ခြင်းလို့ အဓိပ္ပာယ်ရတယ်။မှားယွင်းစွာအားထုတ်ခြင်းဆိုတာ မိစ္ဆာဝါယမလည်းရှိလို့ပဲ။ သာမန်အားဖြင့် ကောင်းတာကိုအားထုတ်ရင် သမ္မာဝါယမ၊ မကောင်းမှုကိုအားထုတ်ရင် မိစ္ဆာဝါယမပေါ့။ အဲဒီသမ္မာဝါယမမှာ အချက်(၄)ချက်ပါတယ်။

# ဓျောင်းဆုံအုန်းသွင်

## သဘာဝဓမ္မ

## ဝီရိယ၊ သတိ၊ သမာဓိ



အဲဒါတွေက -

(၁) မကောင်းတဲ့ ဖြစ်ပြီးသား အပေါင်းတွေကို မတိုးပွားစေနဲ့။ (၂) မဖြစ်သေးတဲ့မကောင်းမှုအသစ်တွေကိုလည်းထပ်မဖြစ်စေနဲ့။ (၃) ဖြစ်ပြီးတဲ့ အကောင်းတွေကိုတိုးပွားနေအောင်လုပ်။ (၄) မဖြစ်သေးတဲ့အကောင်းအသစ်တွေကို ဖြစ်နိုင်သမျှဖြစ်အောင်လုပ်ဖို့ပဲ။

လူဖြစ်လာတာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ (ကောင်းမှု၊ မကောင်းမှု) နှစ်မျိုးပေါင်းပြီးဖြစ်တာ။ လူဖြစ်လောက်တဲ့ ကုသိုလ်ကံကအားကြီးပြီး နိုင်လို့ လူဖြစ်တာ။

လူဖြစ်လာတော့လည်း အများအားဖြင့် ကောင်းတာတွေရောမကောင်းတာတွေပါလုပ်မိကြပြန်တာပဲ။ဒါပေမယ့် သံသရာမှာ ကျင်လည်နေရသေးသမျှ အပါယ်မကျဘဲ သုဂတိဘုံတွေမှာသာ ဖြစ်ရဖို့နဲ့ သံသရာကလွတ်မြောက်ဖို့ဆိုလည်း အဲဒီအသိတရားကိုရပြီး အဲဒီအတွက် လုပ်တော့မယ်ဆိုတဲ့အချိန်ကစပြီး -

ပြုခဲ့တဲ့ မကောင်းမှု (အကုသိုလ်)တွေကို မကောင်းမှုမှန်း (အကုသိုလ်မှန်း) မိပြီး လုံးဝထပ်မလုပ်တော့ဘူးလို့ စိတ်ကို ဆုံးဖြတ်ရမယ်။ ပိုင်းပြီးခိုင်မာအောင်ဆိုရင် ဘုရားမှာဖြစ်စေ၊ သံဃာတော်မှာဖြစ်စေ အရှင်ဘုရား၊ တပည့်တော်သည် ယခုဘဝတွင် ပြုမိခဲ့ဖူးသော မကောင်း



www.burmeseclassic.com

www.burmeseclassic.com

မှုများရှိခဲ့ပါသည်ဘုရား။ ထိုမကောင်းမှုကို မကောင်းမှု(အကုသိုလ်)မှန်းသိပါပြီဘုရား။ ဒါ့ကြောင့် ယနေ့ယခုအချိန်ကစပြီး နောင်ဘယ်တော့မှမပြုတော့ပါဘူးဘုရား' လို့ အလေးအနက်လျှောက်ထားလိုက်၊ ဆောက်တည်လိုက်တာပေါ့။ ပြီးတော့ ဆောက်တည်ထားတဲ့အတိုင်း ကျိုးမပေါက်အောင်၊ မကောင်းမှုကို ထပ်မပြုမိအောင် ဂရုစိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရတယ်။ ဒီတော့ နံပါတ်တစ်က လုပ်ပြီးသား အကုသိုလ်ကိုဖြတ်၊ နံပါတ်နှစ်က မလုပ်ရသေးတဲ့အကုသိုလ်ရော လုပ်ပြီးတဲ့အကုသိုလ်ပါထပ်မလုပ်နဲ့၊ အကုသိုလ်အဟောင်းကိုလည်းဖြတ်၊ အသစ်လည်းထပ်မဖြစ်စေနဲ့ပေါ့။

လုပ်ပြီးသားအကုသိုလ်ကို ထပ်မလုပ်နဲ့ဆိုတဲ့နေရာမှာ နှစ်ပိုင်းရှိတယ်။ ပထမပိုင်းက အလားတူ အကုသိုလ်မျိုးထပ်မလုပ်ခြင်းနဲ့ ဒုတိယပိုင်းက လုပ်ပြီးသားအကုသိုလ်ကို သတိမရခြင်းဘဲ။

လုပ်ပြီးသားအမှုကိုပြန်သတိရခြင်းဟာ အသစ်ထပ်လုပ်နေခြင်းနဲ့တူတယ်။ သတ္တဝါတစ်ကောင်ကို တစ်ခါသတ်ပြီးနေ့သွားရင် အကုသိုလ်က တစ်ခါသတ်တာပဲရတယ်။ အကြိမ် (၁၀၀) လောက်သတိရနေရင် အကြိမ် (၁၀၀) သတ်နေသလိုဖြစ်တယ်။

သာဓကတစ်ခုပြောမယ်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဘုရားကို အလွန်ကြည်ညိုတဲ့ ကောသလမင်းဆိုတာရှိတယ်။ မင်းကြီးမှာ သူ့လိုပဲ ဘုရားကိုကြည်ညိုပြီး သူ့ထက် အသိဉာဏ်ပညာကြီးတဲ့ မလ္လိကာဆိုတဲ့ မိဖုရားရှိတယ်။ မလ္လိကာမိဖုရားကြီးဟာ ကောင်းမှုမှာသာ ပျော်မွေ့ပြီး မကောင်းမှုမပြုသလောက်နည်းတယ်။ ဒါပေမယ့် တစ်နေ့တော့ မမျှော်လင့်ဘဲ အလွန်ရှက်စရာကောင်းတဲ့မကောင်းမှုကို ဘယ်သူမှမသိအောင် ကျူးလွန်မိတယ်။ အဲဒီအတွက် သူမှာ တနုံ့နုံ့ဖြစ်ပြီး မကြာခဏသတိရပြီး ရှက်နောင်တတွေရနေတယ်။ အဲဒီတော့ သတိရတိုင်း အသစ်တစ်ဖန်ပြန်လည်ကျူးလွန်နေသလိုဖြစ်ပြီး အကုသိုလ်ထုထည်ကြီးမားသွားတဲ့အတွက် သေတော့ (၉၉)ရာခိုင်နှုန်းရှိတဲ့ကောင်းမှုက တစ်ရာခိုင်နှုန်းရှိတဲ့(မှုရင်း) မကောင်းမှုကိုမနိုင်တဲ့အတွက် ငရဲကျသွားတယ်။ နံပါတ်သုံးကတော့ ဖြစ်ပြီးတဲ့ကုသိုလ်ကောင်းမှုတွေ အမြဲရှင်သန်တိုးပွားနေအောင်အားထုတ်ခြင်းပဲ။ပြုပြီးတဲ့ကုသိုလ်ကောင်းမှုကို အဖန်တလဲလဲသတိရအောက်မေ့နေရမယ်။ ရှေးမြန်မာဘုရင်တွေလက်ထက်က ဝန်ထမ်းတစ်ဦးကို သီးခြားတာဝန်ပေးပြီး သတ်မှတ်ထားတဲ့အချိန်မှာ မင်းမိဖုရားနှစ်ပါးတို့ရဲ့ကုသိုလ်တော်စာရင်းကို ဖတ်ပြရတယ်။ ဘုရင်တွေပြုတဲ့ ကုသိုလ်ကောင်းမှုကို စာရင်းပြုစုထားရတယ်။ အဲဒါကို ပြန်ဖတ်ပြတာပေါ့။မင်း၊ မိဖုရား နာမကျန်းဖြစ်ချိန်၊ သေခါနီးချိန်မှာလည်း ဖတ်ပြရတယ်။

မကောင်းမှုတုန်းက တစ်ခါသတ်ခဲ့တဲ့သတ္တဝါတစ်ကောင်ကို သတ်တဲ့ကိစ္စအခါတစ်ရာပြန်သတိရရင် အခါတစ်ရာသတ်တာနဲ့အတူတူပဲလို့ ပြောခဲ့တယ်မဟုတ်လား။ ကုသိုလ်ကောင်းမှုမှာလည်း ဘုရားကို ဖယောင်းတစ်တိုင်မီးပူဇော်လှူဒါန်းခဲ့ပြီး အခါတစ်ရာပြန်အောက်မေ့ရင် အတိုင်တစ်ရာပူဇော်တာပဲ။ အရေးကြီးတာက စိတ်ရောက်ဖို့ပဲ။ ပါးစပ်ကရွတ်ပြီး စိတ်ကအခြားရောက်နေရင် အကျိုးမထူးဘူး။ လူတစ်ယောက်ဟာ ညအိပ်ရာဝင်တိုင်းမှာ နံနက်အိပ်ရာထချိန်ကစပြီး ညအိပ်ရာဝင်ချိန်အထိ လုပ်ခဲ့တဲ့အလုပ်တွေကို ပြန်စဉ်းစားသင့်တယ်။ အဲဒီမှာ ကောင်းတာလည်းရှိခဲ့သလို မကောင်းတာလည်းရှိခဲ့မှာပဲ။ ရှေ့ကပြောခဲ့သလို မကောင်းမှုကို မကောင်းမှုမှန်းသိပါပြီ။ ထပ်မလုပ်တော့ပါဘူးလို့ ဆောက်တည်ထားပြီး သတိထားနေမယ်ဆိုရင်တော့ ကောင်းမှုကများပြီး မကောင်းမှုကနည်းနေမှာပဲ။ ထပ်တွေ့လာတဲ့ မကောင်းမှုကိုဘဲ အရင်ကအတိုင်းပဲ ထပ်မလုပ်တော့ဘူးလို့ ဆောက်တည်ပြီး ဖြတ်လိုက်ရင် ပါးသထက်ပါးသွားမယ်ပေါ့။

အထူးသဖြင့် သီလကိုစစ်ဖို့မမေ့နဲ့။ မိမိဆောက်တည်ထားတဲ့သီလကို ပြန်စစ်။ သီလဆောက်တည်တုန်းက အဓိဋ္ဌာန်ပြုပြီးဆောက်တည်။ ပြန်စစ်လို့ အကျိုးမပေါက်ဘူးဆိုရင် "မကျိုးပေါက်ကြောင်း သစ္စာဆိုပါ။ အဲဒီမှာ ပါရမီသုံးပါးတစ်ခါတည်းဖြည့်ပြီးသားဖြစ်သွားမယ်။ အဲဒီနည်းနဲ့ ကောင်းမှုတွေကို တိုးပွားအောင် အားထုတ်ရမယ်။ နံပါတ် (၄) က မဖြစ်သေးတဲ့ကုသိုလ်ကောင်းမှုများကိုဖြစ်အောင် ကြိုးပမ်းအားထုတ်ရမယ်တဲ့။

အဲဒီမှာ ကုသိုလ်ဖြစ်ဖို့ အချက် (၄)ချက်ရှိတယ်လို့ ပြဆိုထားတယ်။ ပထမအချက်က ငါ့မှာ ကုသိုလ်ပဲ အမြဲဖြစ်စေရမယ်လို့ ပြဋ္ဌာန်းထားရမယ်၊ ဆုံးဖြတ်ထားရမယ်။ ခိုင်မာတဲ့ပြဋ္ဌာန်းချက်ဖြစ်ရမယ်။ ဒုတိယအချက်ကတော့ ကုသိုလ်ဘက်ကို အမြဲဦးလှည့်ထားရမယ်။ ကုသိုလ်ဖြစ်ဖို့၊ ကုသိုလ်ရဖို့ကိုပဲ အမြဲအာရုံပြုနေရမယ်လို့ ဆိုလိုပါတယ်။ တတိယအချက်က နှလုံးသွင်းမှန်ကန်ရမယ်တဲ့။ အဲဒါအရေးကြီးတယ်။ ငါတို့တစ်တွေဟာ မနက်အိပ်ရာချိန်ကစပြီး ညအိပ်ရာဝင်အထိ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဆိုတဲ့အာရုံငါးပါးနဲ့ မပြတ်ထိတွေ့နေရတယ်။ အဲဒီမှာ နှစ်သက်စရာရော မနှစ်သက်စရာရော အစုံပေါ့။ နှစ်သက်စရာတွေ့တော့ လောဘဖြစ်တယ်။ လောဘစိတ်က အကုသိုလ်စိတ်ပဲ။ မနှစ်သက်စရာတွေ့တော့ ဒေါသဖြစ်တယ်။ အကုသိုလ်စိတ်ပဲ။ ဥပမာပြရရင် ပန်းလှလှလေးတစ်ပွင့်တွေ့တယ်။ မိန်းကလေးဆိုပန်လိုက်ဦးမယ်တွေးတယ်။ လောဘပဲ။ ယောကျ်ားလေးဆို နှစ်သက်တဲ့ အမျိုးသမီးကိုပေးပြီး ချစ်ရေးဆိုမယ်တွေးတယ်။ လောဘပဲ။ အဲဒါ မမှန်ကန်တဲ့နှလုံးသွင်းမှုပဲ။ နှစ်ဦးစလုံး ဘုရားတင်မယ်လို့တွေးရင် ကုသိုလ်စိတ်၊ မှန်ကန်တဲ့နှလုံးသွင်းမှုပဲ။

အလားတူ ကိုယ့်ကို စော်ကားထားသူကိုတွေ့တယ်။ စော်ကားပုံကို ပြန်သတိရပြီးတော့ ဒေါသဖြစ်တယ်။ အကုသိုလ်စိတ်ပဲ။ အဲဒီတုန်းက စော်ကားခဲ့သူဟာ အခုမရှိတော့ဘူး။ ဖြစ်-ပျက်အစဉ်အရ ချုပ်ပျောက်ခဲ့ပြီ။ စော်ကားခံရသူငါလည်း ဟိုတုန်းက ငါ မရှိတော့ဘူး။ အခု သူလည်းလူသစ်၊ ငါလည်းလူသစ်။ လူသစ်ချင်းတွေ့ရင် မေတ္တာပွားရမယ်ဆိုပြီး မေတ္တာပို့။ အဲဒါ မှန်ကန်တဲ့ နှလုံးသွင်းမှု၊ ကုသိုလ်စိတ်။ ကျန်တဲ့အာရုံ(၄)မျိုးမှာလည်း ဒီအတိုင်းလုပ်။ ပြီးတော့ သတိရတဲ့အခါ၊ တွေးတောတဲ့အခါတွေမှာလည်း ဒီအတိုင်းနှလုံးသွင်း။ နောက်ဆုံးအချက်ကတော့ ထုံနေအောင်လေ့လာရမယ်။ကားမောင်းကျွမ်းကျင်သူဟာ ကားမောင်းတဲ့အလုပ်အသီးသီးကို ကြိုတင်စဉ်းစားမနေရဘဲ သူ့အလိုလိုလုပ်သွားတယ်မဟုတ်လား။ အဲဒါ ထုံနေတဲ့ အလေ့အကျင့်ကြောင့်ပဲ။ အဲဒီလိုလေ့ကျင့်ထားရမယ်။ လေ့ကျင့်ခြင်းက လူကိုပြည့်စုံစေတယ်တဲ့။ လေ့ကျင့်မှုများရင် များတာနဲ့အမျှ သမ္မာဝါယမအောင်မြင်မှာပဲ။

ကဲ- ဒီနေ့တော့ဒီတင်နားကြစို့"

ချောင်းဆုံအရှင်ဘွင်

www.burmeseclassic.com

www.burmeseclassic.com

၁၃၇၉ ခု ပြာသိုလဆန်း ၆ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ (၁၀)ရက် တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည့် မဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားစခန်းသို့ တပည့်ဖြစ်သူ ဆလိုင်းခင်ထွန်း၏ ဖိတ်ကြားချက်အရ မော်တော်ဆိုင်ကယ်ဖြင့် သူငယ်ချင်းဖြစ်သူ ကိုကျော်ဇံအောင်အားခေါ်ကာ သွားခဲ့ကြပါသည်။

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကွင်းလှအုပ်စု ဂုံညင်းတန်း (ချင်းရွာ) ရှိ တောင်ပေါ်ကျောင်းတွင် ယခုကဲ့သို့ မဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားစခန်းကြီး နှစ်စဉ်ကျင်းပပြုလုပ်လာခဲ့ရာ ယခုနှစ်ဆိုပါလျှင် (၂၅) နှစ်မြောက် ငွေရတုသို့ ပင်တိုင်ခဲ့ပြီ ဖြစ်သည်။


စာရေးသူနေသော ကစစ (၁၂) လုပ်သားရပ်ကွက်မှ ဂုံညင်းတန်း (ချင်းရွာ) သို့ မိနစ် (၂၀) ကျော်မျှ ဆိုင်ကယ်မောင်းနှင်ပြီးသည်နှင့် တောင်ပေါ်ကျောင်းသို့ရောက်ရှိပါ၏။

စာရေးသူတို့သည်လည်း တောင်ပေါ်ကျောင်းသို့ နံနက် (၆) နာရီခန့် ရောက်သည်နှင့် ဒုလ္လဘဦးပဉ္စင်းဖြစ်သော ဦးစိန်ထွေးမှ တရားစခန်းဝင် ယောဂီများအား -

"တင်ပျဉ်ခွေကာ ထိုင်နေပါ၊
ခါးမှာဖြောင့်စွာထား။
ကျုံ့ကျုံ့ခွေကာ ထိုင်နေပါ၊
ခါးမှာ ဖြောင့်စွာထား။
မလှုပ်ကြနဲ့ ငြိမ်ငြိမ်နေ
စိတ်တွေမလွှင့်ပါ။

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂) ထုံးဆို

# ဂုံညင်းတန်း(ချင်းရွာ)တောင်ပေါ်ကျောင်းသို့



အောင်ဆုပန်စေတီတော်မြတ်



နဂါးရုံဘုရား



တောင်ပေါ်ကျောင်းအဝင်...

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းထိုင်ဆရာတော် ဦးသုရိယ (၇၉ နှစ်)


ညောင်ကွင်းဖြစ်နေသော ဗောဓိညောင်ပင်


ညောင်ပင်မှ ညောင်ကွင်းဖြစ်နေပုံ


တရားအားထုတ်ရာ ဓမ္မာရုံကြီး


နစ်ထပ်သိမ်တော်ကြီး

မျက်စိမှိတ်ကာ ခေါင်းတည့်ပါ၊
ဝမ်းမှာစိတ်ကိုထား။
ဖောင်းတာပိန်တာ စိတ်စိုက်ကာ၊
မှတ်ပါယောဂီများ။
ဖောင်းရှုပ်ပိန်ရှုပ် ငြိမ်မလှုပ်၊
ပျောက်ချုပ်သတိထား။
ခြောက်ဒွါရမှာ ပေါ်လာကာ၊
မှတ်ပါလွဲမများ။
တစ်မှတ်တစ်သိ ဉာဏ်ယှဉ်ကြည့်၊
ထိထိမိမိသိအောင်ပွား

ဟု ဆိုသော တရားချပေးသော အသံကို အသံချဲ့စက်မှတစ်ဆင့် ကြားသိလိုက်ရပါသည်။

အောင်ဆုပန်စေတီတော်မြတ်မှ လေတိုက်၍ ထွက်ပေါ်လာသော ဆည်းလည်းသံလေးများနှင့်အတူ ဦးပဥ္စင်းဦးစိန်ထွေး၏တရားချပေးနေသောအသံတို့ ရောထွေး၍ထွက်ပေါ်လာသည်မှာ အင်မတန်မှအဝင်အေးမြရွှင်လန်းချမ်းမြေ့စွာရှိလှပါပေသည်။

စာရေးသူတို့ ဘုန်းကြီးကျောင်းဝင်းသို့ရောက်သည်နှင့် ဆိုင်ကယ်ရပ်လိုက်သောအခါ ကိုတောင်ပေါ်ကျောင်းရှိ ဦးဥ္စင်းဦးဇောတိကမှ စာရေးသူတို့နှစ်ဦးအား လက်ယပ်လှမ်းခေါ်၍ ဖြည်းညင်းစွာသွားခဲ့ရာ ဦးဇောတိကထံရောက်တော့ ဆွမ်းစားဓမ္မာရုံဆီသို့ခေါ်သွားပြီး အရှက်မုန့်ဟင်းခါးဆွမ်းများကျွေးမွေး၍ မြိန်ရှက်စွာစားကြရပါသည်။

စားသုံးပြီးသည်နှင့် စာရေးသူတို့အား ပေးထားသည့်တာဝန်ဖြစ်သော အလှူခံခြင်းလုပ်ငန်းပြုလုပ်ရန် အလှူခံမဏ္ဍပ်ရှိရာသို့ထွက်ခဲ့ကြပါသည်။

အလှူခံခြင်းလုပ်ငန်းကို စာရေးသူတို့ ပြုလုပ်လာခဲ့သည်မှာ ဒီနှစ်ဆိုလျှင် (၃)နှစ်တာမျှရှိပြီဖြစ်ပေသည်။

စာရေးသူတို့အနေဖြင့်ကလည်း တရားစခန်းတွင် တရားထိုင်ခြင်းလုပ်ငန်းကို မလုပ်နိုင်ကြသေးသော်လည်း မိမိတတ်စွမ်းနိုင်သည့်နေရာမှ လုပ်အားကုသိုလ်ဝင်ရောက်ယူခြင်းသာဖြစ်ပေသည်။

စာရေးသူလည်း အလှူခံစားပွဲသို့ရောက်သည်နှင့် ငွေဖလားကြီး (၂)လုံးချကာ အလှူခံစာအုပ်တွင် မှဉ်းကြောင်းများဆွဲသင့်တာဆွဲခြင်း၊ စာရေးသင့်တာများကိုရေးခြင်းတို့ပြုလုပ်၍နေပါသည်။

ထိုသို့ပြုလုပ်နေစဉ် ဂုံညင်းတန်း(ချင်းရွာ)မှ မိန်းကလေးငယ်တစ်ဦးသည် စာရေးသူတို့သုံးဆောင်ရန်မုန့်ပဲသရေစာများနှင့် ဓာတ်ဘူး၊ ရေနွေးအကြမ်းပန်းကန်တို့ကို လာရောက်၍ စားပွဲပေါ်သို့ချပေးပါသည်။

ထိုမိန်းကလေးမှာပင် စာရေးသူတို့ သုံးဆောင်နိုင်ပါရန် ဖော်ရွေစွာပြောဆိုသွားပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ကျောင်းသည် ဂုံညင်းတန်း (ချင်းရွာ)၏ တောင်ကတုံးပေါ်တွင် တည်ရှိလာသဖြင့် တိတ်တိတ်ဆိတ်ဆိတ် သာသာယာယာဖြင့် မြင်တွေ့ရသလို သာသနာနိကအဆောက်အအုံများဖြစ်ကြသည့် ဘုရားကျောင်းကန်စေတီသိမ်ဖြူဇရပ်တို့ကို မြင်ရသည်မှာလည်း စိတ်ကိုတည်ငြိမ်စေပြီး တရားကို ပိုမို၍ပင် ကျင့်ကြံအားထုတ်လိုစိတ်များကို တဖွားဖွားဖြစ်ပေါ်စေပါသည်။

ထူးခြားသည်က တောင်ပေါ်ကျောင်းအတွင်း (၂) ထပ်သိမ်ကြီးအနီးတွင် ဗောဓိညောင်ပင်မှာ ထူးခြားစွာ 'ညောင်ကွင်း' ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

ယုံကြည်သူလူအများရဲ့အဆိုအရ ထိုညောင်ကွင်းအားနံ့သာရည်များပက်ဖျန်းပေးခြင်း၊ ညောင်ပင်၏ခြေရင်းကို နံ့သာရည်များလောင်းလှူပေးခြင်းများ ပြုလုပ်ပေးပါက မိမိတို့တွင် ကြုံတွေ့နေရသော အခတ်အခဲများအောင်မြင်ကြသည်ဟု လေ့လာသိရှိခဲ့ရပါသည်။

စာရေးသူအနှစ်သက်ဆုံးအဆောက်အအုံနေရာတစ်ခုကတော့ (၂)ထပ်သိမ်ကြီး ဖြစ်ပါသည်။ ခမ်းနားကျယ်ဝန်းစွာ ဆောက်လုပ်ထားသောသိမ်ကြီးဟုပင် ဆိုရမည်ဖြစ်ပါသည်။

ထိုမဟာစည်မဟာသတိပဋ္ဌာန်ဝိပဿနာအလုပ်ပေးတရားစခန်းတွင် တရားထိုင်နေကြသူများမှာ (၁) နာရီတရားထိုင် (၁) နာရီစင်္ကြံလျှောက်ကို ထမင်း ချိန်မှလွဲ၍ ည (၈) နာရီအထိ ဆောင်ရွက် ပြုလုပ်ကြရပါသည်။

ယခုလည်း နံနက် (၆)နာရီမှစ၍ တရားထိုင်ကြသော ယောဂီများသည် နံနက် (၇) နာရီထိုးသည်နှင့် အထိုင်တရားကိုဖြုတ်ကာ စင်္ကြံလျှောက်နေကြသည်ကို တွေ့မြင်ရပါသည်။

ကြည်နူးချမ်းမြေ့စရာပင်ဖြစ်ပါ၏။

စင်္ကြံလျှောက်၍ (၁) နာရီပြည့်သည့်အခါမှာလည်း ကျောင်းပေါ်သို့ ယောဂီများပြန်တက်ကာ တရားထိုင်ရန် ပြန်ဝင်ကြရပြန်ပါသည်။

ယောဂီများ ပြန်၍အထိုင်တွင်လည်း ဦးပဍ္ဍင်းဦးစိန်ထွေးမှ -

"ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊
မှန်စွာရှုမှတ်လေ။
(ကာယာနုပဿနာသတိပဋ္ဌာန်)
ကောင်းဆိုးလတ်ပါ ဝေဒနာ
မှန်စွာရှုမှတ်လေ။
(ဝေဒနာနုပဿနာသတိပဋ္ဌာန်)


သီလရှင်ကျောင်းများ


ဒုလ္လဘသံဃာများ ဆွမ်းစားနေပုံ


အလှူခံမဏ္ဍပ်


ဆွမ်းစားဆောင်


တရားထိုင်ဆောင်ကြီးအဝင်ဝ


ဒုလ္လဘသံဃာများ ဆွမ်းစားဆောင်သို့ကြွပုံ

www.burmeseclassic.com

www.burmeseclassic.com



မယ်သီလ၊ ယောဂီများ
ဆွမ်းစားဓမ္မာရုံသို့သွားပုံ



ဆွမ်းစားဓမ္မာရုံသို့
ဆွမ်းစားသွားကြသည့် လူယောဂီများ



ဦးဇောတိကမှ ဆွမ်းမစားခင်
တရားတိုင်တည်ပေးနေပုံ

စိတ်အမှုအရာ ဖြစ်တိုင်းမှာ
မှန်စွာရှုမှတ်လေ။
(စိတ္တာနုပဿနာသတိပဋ္ဌာန်)
သဘောတရား ထင်ပေါ်ခြား
ပိုင်းခြားရှုမှတ်လေ။
(ဓမ္မာနုပဿနာသတိပဋ္ဌာန်)
သတိပဋ္ဌာန်လေးပါး ကျင့်ကြံပွား
ရောက်ခြား နိဗ္ဗာန်ပြည်

ဟုတရားချပေးသံကြားရပါသည်။

သည့်နောက် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၊ ခုံကြီးအုပ်စု လက်ပံကွင်းကျောင်းမှ လက်ထောက်တရားဟောတရားပြ၊ သာသနရက္ခိတဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ တရားဟောတရားပြဓမ္မကထိက အရှင်ကုန္ဒြာစရမှ ယောဂီများကို တရားအနည်းငယ်ဟောကြားသံကို ကြားရပြီးနောက် ယောဂီများ ဝိပဿနာတရားအားထုတ်ကြလေသည်။

လွန်ခဲ့သည့်(၂၅)နှစ်က ဤတရားစခန်းကိုစတော်မူခဲ့သော မြန်အောင်မြို့ လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာမှ ပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဗဟိုဝန်ဆောင် သီးခြားဝိနည်းဓိုရ်ဘဒ္ဒန္တပညိန္ဒာဘိဝံသသည် ယခုအခါ ကျန်းမာရေးမကောင်း၍ မြန်အောင်မြို့တွင် အနားယူနေပါသည်။

အင်မတန်မှတရားပြကောင်းသော ဆရာတော်ကြီးဖြစ်ပါသည်။

သည်လိုနှင့် ဆွမ်းစားချိန်ရောက်သောအခါ ယောဂီများအားလုံးတို့သည် ဆွမ်းစားဓမ္မာရုံသို့ တရားအမှတ် မလွတ်ကြစေဘဲ သွားရောက်ဆွမ်းသွားစားကြရပါသည်။

ဆွမ်းမစားခင် ဦးပဥ္စင်းဦးဇောတိကမှ -

"ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူရယ်မာန်ကြွ၊ လှပရည်ဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာခါတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှထန်း မမောပန်းပြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်ပါစေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု မှီဝဲပါသတည်း။

အသက်ရှည်စွာ၊ ဆေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်အရေး၊ မျှော်ထောက်တွေး၍ ဤဆေး၊ ဤဆွမ်း၊ ဤသင်္ကန်းနှင့် ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို ကိန်းအောင်မှီခိုပါသတည်း"

ထိုကဲ့သို့သော တရားတော်များကို တိုင်တည်ပေးသည်ကို ယောဂီများမှ လိုက်လံရွတ်ဆိုပြီး၊ ဇွန်းသံ၊ ခွက်သံများ မကြားစေရဘဲ ယောဂီများအားလုံး ဆွမ်းစားကြပါသည်။

ပို၍ပို၍ ထူးခြားသည်ကတော့ နှစ်ပေါင်း (၂၅) နှစ်တိုင်တိုင် မဟာစည်မဟာဝိပဿနာတရားစခန်းကြီး နှစ်စဉ်နှစ်တိုင်းပြုလုပ်ခဲ့ကြသော်လည်း အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲအလှူရှင်များ သူ့ထက်ငါကောင်းလှူဒါန်းနေသည်ကို မြင်တွေ့ရပါသည်။

မည်၍မည်မျှဟုဆိုရပါလျှင် ဂုံညင်းတန်း (ချင်းရွာ)မှလူများလှူချင်နေတာတောင်မှ ဧည့်သည်အလှူရှင်များကို ဦးစားပေးနေရသည့်အတွက်မလှူဒါန်းရသည်ကို လေ့လာသိရှိခဲ့ရပါသည်။

ဆွမ်းမစားခင် ဦးဥဇင်းဦးဇောတိက တိုင်တည်ပေးပြီးနောက် ယောဂီများ၏ မေတ္တာပို့ အနုမောဒနာလေးကလည်း-

"ယနေ့ ဘောဇဉ် ကုသိုလ်ရှင်
ကြည်ရွှင်စိတ်ဝမ်း
သာသနာတော်ရွက်ထမ်း
ကျန်းမာတော်မူပါစေ၊
ချမ်းသာတော်မူပါစေ၊
ဝမ်းသာတော်မူပါစေ၊
စိတ်အကြံ မြောက်ကြပါစေ၊
အနိဋ္ဌာန် ပျောက်ကြပါစေ၊
အဓိဋ္ဌာန် ပေါက်ကြပါစေ၊
နိဗ္ဗာန် ရောက်ကြပါစေ"

ဟု သံပြိုင်ညီညီညာညာဖြင့်ဆိုနေမှုတို့ကလည်း စာရေးသူ၏ရင်ကိုဆွဲကိုင်လှုပ်လိုက်သည့်ပမာ ကြည်နူးစိတ်တို့တရိပ်ရိပ်ဖြစ်ပေါ်နေစေပါတော့ သည်။

သို့ဖြစ်ပါ၍ စာရှုသူ သူရဋ္ဌမဂ္ဂဇင်းကြီး၏ ပရိသတ်အပေါင်းတို့မှလည်း ငွေကြေးတစ်ပြားတစ်ချပ်မှကုန်စရာမလို စာရေးသူတို့၏ ဂုံညင်းတန်း (ချင်းရွာ) တောင်ပေါ်ကျောင်းသို့ ဝိပဿနာတရားများ လာရောက် အားထုတ်ကြပါရန် နိုးဆော်တင်ပြရင်း ဖိတ်ကြားလိုက်ရပါလေသတည်း။

ဦးကိုကိုကြီး (စစ်ဆေးရေး
ကစစ (၁၂)၊ ရိုးဘို



www.burmeseclassic.com

www.burmeseclassic.com

# ခြေလက်ထုံကျဉ်ရောဂါ ဘာကြောင့်ဖြစ်ရတာလဲ၊ ဘယ်လိုကုမလဲ

ဗန်းမော်ညိုသူ

လက်နှစ်ဖက်လုံးထုံကျဉ်နေတာနဲ့ ဆရာဝန်ဆီသွားပြကြည့်ပါတယ်။

ဆရာဝန်ကစမ်းသပ်ပြီး ဘာပြောသလဲဆိုတော့ -

"ခင်ဗျားနှလုံးရောဂါဖြစ်ချင်နေပြီ။ နှလုံးအထူးကုဌာနကိုသွားပြီး ဆရာဝန်နဲ့ ညှိနှိုင်းပြီး သူတို့ရဲ့လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ပါ။ ပျောက်သွားပါလိမ့်မယ်"

ဆရာဝန်က ဒီစကားပဲပြောပြီး နှလုံးအထူးကုဌာနဆီသွားခိုင်းလိုက်ပါတယ်။ အမှန်တော့ ခြေကျဉ်လက်ကျဉ်ခြင်းဟာ နှလုံးရောဂါနဲ့မဆိုင်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အံချို့လူများဟာ ခြေကျဉ်လက်ကျဉ်မပြဘဲ နှလုံးရောဂါဖြစ်နေတာတို့၊ မွေးကတည်းက နှလုံးရောဂါဖြစ်လာတာတို့ကျတော့ ဘယ်လိုပြောကြမလဲ။

ခန္ဓာကိုယ်တွင်းမှာလည်ပတ်နေတဲ့ သွေးများဟာ နှလုံးကလာတဲ့သွေးများချည်းပါ။ သွေးကြောကြီးများ၊ သွေးကြောအမျှင်ကလေးများနဲ့ ခန္ဓာကိုယ်မှာ လည်ပတ်နေပါတယ်။ ခန္ဓာကိုယ်အတွင်း ရာသီဥတုကြောင့် ဒါမှမဟုတ် အစားအသောက်တစ်ခုခုကြောင့် အေးစိမ့်လာရင်ဖြစ်စေ၊ သွေးများပျစ်ခဲလာရင်ဖြစ်စေ၊ လှည့်ပတ်စီးဆင်းနေတဲ့ သွေးများဟာ နှေးကွေးသွားပါတယ်။ သွေးများစီးဆင်းမှုနှေးကွေးအားနည်းသွားတဲ့အချိန်မှာ ခြေ၊ လက်ထုံကျဉ်ခြင်းရောဂါဟာဖြစ်လာတတ်ပါတယ်။

(စကားချပ်။ ။ သွေးလှည်ပတ်မှုဘယ်လောက်ကောင်းကောင်း အချိန်ကြာကြာထိုင်ကြည့်ရင် ဒါမှမဟုတ် လက်များကို အချိန်ကြာကြာဖိအားပေးပြီးအလုပ်လုပ်နေရင် သွေးလှည်ပတ်မှုကို ဖြတ်လိုက်သလိုဖြစ်သွားလို့ ခြေလက်များဟာ ထုံကျဉ်လာတတ်ပါတယ်။ ဒါက သွေးလှည်ပတ်မှုကို ချက်ချင်းအဖြတ်ခံရလို့ ခြေလက်ထုံကျဉ်ခြင်းဖြစ်တာပါပဲ။ ထိုင်ဖိအား၊ လက်ဖိအားမရှိတော့ရင် သွေးလှည်ပတ်မှုပြန်ကောင်းမွန်သွားပြီး မကျဉ်မထုံတော့ပါ။)

ခန္ဓာကိုယ်အတွင်း အေးစိမ့်ခြင်းများ၊ သွေးပျစ်ခဲခြင်းများကြောင့် သွေးလှည်ပတ်မှုအားနည်းသွားလို့ဖြစ်လာတဲ့ ထုံကျဉ်နာများကိုဘယ်လိုကုသကြမလဲ။

မြန်မာတွေကတော့ အဲဒီလိုထုံနာကျဉ်နာဖြစ်လာရင် အရက်နဲ့မိဿလင်ကိုစိမ်ပြီးလိမ်းတာကတစ်မျိုး၊ ရှောက်သီးအပုပ်နဲ့အရက်ကိုနယ်ပြီး လိမ်းတာကတစ်မျိုး စတဲ့စတဲ့လိမ်းဆေးများနဲ့ ကုသကြပါတယ်။ ဒါက ခန္ဓာကိုယ်ရဲ့အပြင်ကို လိမ်းဆေးနဲ့ကုခြင်း ဖြစ်ပါတယ်။ သက်သာရုံရှိတာကိုပဲ မြင်ခဲ့ရပါတယ်။

ကျွန်တော့်ကို ဆရာပန်က နှလုံးအထူးကုဆီလွှတ်ပေမယ့် ကျွန်တော်မသွားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကိုယ်ကျွန်တော် နှလုံးရောဂါမဖြစ်နိုင်ဘူးဆိုတာ ယုံကြည်နေလို့ပါ။ ကျွန်တော် အထက်မှာ တင်ပြခဲ့သလို သွေးများအေးစိမ့်နေရင်လည်း ကျဉ်နာထုံနာဖြစ်တတ်ကြောင်းနဲ့ လှည့်ပတ်စီးနေတဲ့သွေးများပျစ်လာခဲ့ရင်လည်း သွေးလှည်ပတ်မှုနှေးကွေးပြီး ခြေကျဉ်လက်ကျဉ်(ထုံနာကျဉ်နာ)ဖြစ်တတ်ကြောင်းကို မြန်မာဆေးဆရာကြီး ဦးမှုတူးပြောသွားတဲ့စကားကိုအမှတ်ရလို့ပါ။

ဆရာကြီးက -

"အဲဒီလို လက်ကျဉ်ခြေကျဉ် (ထုံနာကျဉ်နာ)ဖြစ်တယ်ဆိုတာ ခန္ဓာအတွင်း အအေးဓာတ်လွန်ကဲခြင်းနဲ့ သွေးပျစ်ခဲခြင်းကြောင့်ဖြစ်တာ။ ဆန်နဲ့ချက်ထားတဲ့ အရက်ကို မနက်၊ ည ထမင်းစားခါနီး နည်းနည်းသောက်ပေးပါ။ (၃) ရက်လောက်သောက်လိုက်ရင် လုံးဝပျောက်ကင်းသွားပါလိမ့်မယ်။ တစ်ခါသောက်ရင် လက်ဖက်ရည်အခါးပန်းကန်လုံးတစ်ဝက်လောက်သောက်ရတယ်။ ဒါမှ ခန္ဓာအတွင်းအအေးဓာတ်လွန်နေတဲ့သွေးကြောများ၊ ပျစ်ခဲနေတဲ့သွေးများဟာ အရက်ဆိုတဲ့ အပူဓာတ်ကြောင့် မူလအတိုင်း ပုံမှန်ဖြစ်ပြီး ခန္ဓာကိုယ်မှာ လည်ပတ်စီးဆင်းနေပါလိမ့်မယ်။ ခြေကျဉ်လက်ကျဉ်(ထုံနာကျဉ်နာ)ဆိုတာ ပျောက်သွားပါလိမ့်မယ်။ တရုတ်လူမျိုးတွေကိုကြည့်ပါလား။ ထမင်းစားခါနီးမှာ အရက်ကိုနည်းနည်းသောက်ပြီးမှ ထမင်းစားကြတာ။ အရက်ကို ဆေးအဖြစ်သောက်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အရက်ဟာ အပူဓာတ်ရှိတော့ စားလိုက်တဲ့အစာဟာ ခဏကလေးနဲ့ကြေလွယ်တဲ့အပြင် သွေးလည်ပတ်မှုများအလွန်ကောင်းပြီး ကျန်းမာအသက်ရှည်တယ်လို့ တရုတ်များက ယုံကြည်ကြတယ်လေ။

ဆရာဦးမှုတူးရဲ့စကားကို သတိရပြီး ကျွန်တော်အိမ် ပြန်ရောက်တဲ့အခါ ဘုရားကျောင်းဆောင်ရှေ့မှာ ဒူးထောက်လက်အုပ်ချီပြီး -

"ဘုရားတပည့်တော်အား ဆေးအဖြစ်အရက်အနည်းငယ်သောက်ခွင့်ပြုပါဘုရား။ ဤဆေးသောက်သည့်အချိန်မှစပြီး ဘုရားတပည့်တော်ခံစားနေရသော ခြေလက်ထုံကျဉ်တဲ့ဝေဒနာဟာ အမှန်ပျောက်ကင်းရပါစေဘုရား"

ဘုရားရှေ့မှာဘာဖြစ်လို့ခွင့်တောင်းရသလဲဆိုတော့ ကျွန်တော်ဟာ ငါးပါးသီလကို အမြဲမပြတ် မကျိုးမပေါက်အောင်ထိန်းထားတဲ့သူမို့လို့ပါ။ ထမင်းမစားမီ ကျွန်တော့်အိမ်မှာအမြဲဆောင်ထားတဲ့ ဆန်အရက်စစ်စစ်ကို အခါးပန်းကန်တစ်ဝက်စသောက်ပြီး ထမင်းစားပါတယ်။ တစ်ရက်ကြိမ်နှုန်းနဲ့ (၃)ရက်လောက်လိုက်တာ ခြေကျဉ်လက်ကျဉ် (ထုံနာကျဉ်နာ) ဟာ ဘယ်ရောက်သွားတယ်မသိတော့ဘူး။ လုံးဝပျောက်ကင်းသွားပါတယ်။

ဒါကြောင့် ကျွန်တော့်လို ခြေကျဉ်လက်ကျဉ် (ထုံနာကျဉ်နာ) ဖြစ်နေတဲ့သူများကိုပြောလိုတာက သောက်တတ်ရင်ဆေး၊ မသောက်တတ်ရင်ဘေး ဆိုတဲ့ ရှေးလူကြီးများစကားကို ဦးထိပ်ထားပြီး အရက်ကို ဆေးဝါးအဖြစ်နဲ့ သောက်သုံးကုသကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဗန်းမော်ညိုသူ



www.burmeseclassic.com

www.burmeseclassic.com

ဇေးကြည်(စလင်း)

# စလင်းအညာဘုရားပွဲဈေး

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီပွဲတော်များ များပြားလှပါသည်။ ရှေးရာရှေးရှ ယဉ်ကျေးမှုထွန်းကားသော နိုင်ငံဖြစ်၍ မြန်မာပြည်တစ်နံတစ်လျားတွင် လစဉ်မပြတ် ပွဲတော်များဆင်နွှဲကြပါသည်။ မွန်ပြည်နယ်တွင်လည်း သံဖြူဇရပ်မြို့မှ ကျိုက္ခမီရေလယ်ဘုရားပွဲကို သီတင်းကျွတ်လတွင် ကျင်းပသည်။ ထိုလမှာပင် အထက်အညာ၌ မကွေး မြသလွန်ဘုရားပွဲကို ကျင်းပပြန်သည်။ တန်ဆောင်မုန်းလတွင်လည်း ညောင်ဦး ရွှေစည်းခုံပွဲ၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မြကျိုင်းတောင်ဘုရားပွဲ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲ၊ နတ်တော်လတွင် မလွန်မြသပိတ်ဘုရားပွဲ၊ ပြာသိုလတွင် ပုဂံအာနန္ဒာဘုရားပွဲ၊ ချောက်မြို့ အေးစေတီဘုရားပွဲ၊ သရက်မြို့ သတ္တဌာနဘုရားပွဲ၊ တပို့တွဲလတွင် သန်လျင်ကျိုက်ခေါက်ပွဲ၊ တပေါင်းလတွင် အောင်လံဘုရားပွဲ၊ ခရမ်းဘုရားပွဲ၊ တန်ခူးလတွင် ရွှေစက်တော်ဘုရားပွဲ အစရှိသည်ဖြင့် ပွဲတော်အသီးသီး ကျင်းပခဲ့ကြသကဲ့သို့ မကွေးတိုင်းဒေသကြီး စလင်းမြို့တွင်လည်း ကုသိနာရုံဘုရားပွဲတော်ကြီးကို ကဆုန်လပြည့်နေ့မှ နယုန်လပြည့်နေ့အထိ နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာကျင်းပပါသည်။



ရှင်ပင်ရွှေပြည်အေး (ကုသိနာရာမ) ဘုရား



ရှင်ပင်မြသိန်းတန်ဘုရား

စလင်းမြို့သည် စေတီပုထိုး၊ ဘုရားကျောင်းကန်များ ပေါများလှပါသဖြင့် ဒုတိယပုဂံဟုပင်ခေါ် ဝေါ်တင်စားကြပါသည်။ စလင်းမြို့တောင်ဘက်မှ အဝင်တွင် အောင်နိုင်ကုန်းဘုရား၊ မြကွမ်းတောင်ဘုရားတို့ကို စတင်ဖူးမြင်ရပြီး မြို့လယ်ကောင်တွင် ရှင်ပင်ချမ်းသာကြီးဘုရား၊ ရတနာမဥ္ဇူဘုရား၊ ရွှေတန်ဆာဘုရား၊ မြို့အရှေ့တွင် တစ်ပြိုင်တည်းတည်ထားတော်မူသော ပြည်ထောင်ဦးဘုရား၊ စလင်းမြို့၏ကျက်သရေဆောင် ပဒုမ္မာကြာပန်းများ ပေါများလှသော ဝက်သည်းကန် ကန်တော်ကြီးနှင့် ကန်တော်ကြီး၏ အရှေ့ဘက်အစပ်တွင် စောင်းတန်းများဖြင့် သွယ်တန်းတည်ထားသည့်ရွှေမုဋ္ဌောဘုရား၊ ကန်အလယ်တွင်လည်း ကန်လယ်ဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူခဲ့သည့် ကန်လယ်ကုန်းလည်း တည်ရှိပါသည်။ မြို့မြောက်ဘက်အထွက်တွင် ယခုရေးသားတင်ပြမည့် စလင်းအညာဘုရားပွဲကျင်းပသည့် ကုသိနာရုံ(ရွှေပြည်အေး)ဘုရားတည်ရှိပါသည်။ စလင်းမြို့ ပုထိုးဖြူရပ်တွင် တောင်ဖီလာဆရာတော်ကြီး၊ မွေးဖွားရာနေရာမှာ ဆရာတော်ကြီး၏ မယ်တော်နာမည်နှင့်တည်ထားသော ရှင်ပင်မယ်သာဒွန်းဦးဘုရားတည်ရှိပါသည်။

## ■ ယခုနှင့်မတူသောယခင်

ဘုရားကြီးအရှေ့ဘက်လယ်ကွင်းပြင်ထဲတွင် ဈေးဆိုင်ခန်းများ စနစ်တကျအကွက်ချတည်ဆောက်၍ ပွဲတော်ကြီးကို ကျင်းပပါသည်။ ဤဘုရားပွဲတော်ကြီးကိုပင် စာရေးဆရာ သိပ္ပံမောင်ဝမှ 'အညာဘုရားပွဲ'ဟု တင်စားရေးသားခဲ့ပါသည်။ ထိုဆောင်းပါးကို ဦးစွာ ဂန္ထလောကမဂ္ဂဇင်းတွင်ဖော်ပြ၍ နောက်ပိုင်းတွင် ကျောင်းသုံးစာအုပ်များ၌ ပြဋ္ဌာန်းသင်ကြားခဲ့ပါသည်။ ပွဲတော်စည်ကားမှုသည် ယခင်နှင့် ယခု ကွာခြားခဲ့ပေပြီ။ ယခင်တုန်းကဆိုလျှင် တာလမ်းဘေး[illegible]နေ၍ လယ်ကွင်းပြင်အတွင်းဘ[illegible] (၁) လမ်းမှသည် (၈) လမ်း၊ ([illegible]) လမ်း


www.burmeseclassic.com

www.burmeseclassic.com

အထိရောင်းချသည့် ကုန်အမျိုးအစားကို လိုက်၍ အဝတ်အထည်တန်း၊ အလှကုန်တန်း၊ မီးဖိုချောင်သုံးဆိုင်တန်း၊ ကြေးကုန်သံကုန်တန်း၊ သင်ဖြူးဖျာတန်း၊ ဆေးရွက်တန်း၊ သေတ္တာဆိုင်တန်း၊ စားသောက်ဆိုင်တန်း၊ စဉ့်အိုးမြေအိုးတန်း၊ သရက်သီးဆိုင်တန်းများနှင့်စည်ကားလှပါသည်။ ပွဲတော်ရက်တွင် မြို့တွင်းရှိ စည်ပင်သာယာဈေးကြီးကိုပင် ပိတ်၍ ပွဲတော်ဈေး၌ သွားရောက်ရောင်းချကြရန် မောင်းခတ်ကြေညာထားသဖြင့် ဈေးသည်အားလုံး ပွဲတော်ဈေးသို့ ရွှေ့ပြောင်းရောင်းချကြရသည်။ ထိုအချိန်တွင် စည်ပင်သာယာဈေးမှာတိတ်ဆိတ်အထီးကျန်လျက် ဈေးကိုအမှီပြုရှာဖွေစားသောက်ကြရသော ဈေးခွေးများ၊ ကျီးများပင် ပွဲတော်ဈေးသို့ ပြောင်းရွှေ့လိုက်ပါကြရသည်ဟု သက်ကြီးစကားသက်ငယ်ကြား မှတ်သားရဖူးပါသည်။



စလင်းမြို့နှင့် တစ်ပြိုင်တည်းတည်သော ပြည်ထောင်ဦးစေတီတော်



တောင်ဖီလာဆရာတော်ကြီး မွေးဖွားရာ စလင်း ပုထိုးမြို့ရပ်မှ ရှင်ပင်မယ်သာခွန်းဦးစေတီတော်


ရှေးယခင်က ပွဲတော်ဖျော်ဖြေရေးအတွက် ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ မျက်လှည့်ရုံ၊ ဆပ်ကပ်ရုံများကို လယ်ကွင်းပြန့်ကြီးတွင် ရုံးထိုး၍ ကပြကြပါသည်။ နေဝင်ရီးရီတွင် ပွဲကြည့်လာသောလှည်းများ၊ ဈေးဝယ်လာသောလှည်းများဖြင့် လှည်းတန်းကြီး တစ်မျှော်တစ်ခေါ် ရှုလို့မဝအောင်စည်ကားလှပါသည်။ ပွင့်ဖြူမြို့နယ် မုန်းနားဒေသမှ ဆေးရွက်လှည်းများသည်လည်း စားအိုးစားခွက်အစုံအလင်နှင့် ပွဲတော်သို့ ရက်ရှည်လာ၍ ကျောင်းကန်ဘုရားဝိုင်းများတွင် လှည်းဝိုင်းကြီးဖွဲ့၍ ဆေးရိုးဆေးရွက်များရောင်းချကြသည်။

စလင်းမြို့၏ ငါးစဉ်တိုက်ဘုန်းကြီးကျောင်းဝိုင်းထဲတွင် တောင်သူလယ်သမားသုံးပစ္စည်းများဖြစ်သော ထွန်တုံး၊ ထွန်တံ၊ လှည်းအိမ်၊ ဆောင်ပန်း စုံလင်စွာ ရောင်းချကြသည်။ ထိုပစ္စည်းများကို စလင်းမြို့အထက် အနောက်အရပ်ရှိ လင်းဇင်း၊ ကံပြား၊ ဂွင်ကျင်းနယ်များမှ လာရောက် ရောင်းချခြင်း ဖြစ်သည်။ စလင်းပွဲတော်သည် တောင်သူလယ်




စလင်းမြို့ရှိ အထင်ကရ [illegible]ဘောင်းရုပ်စုံ

www.burmeseclassic.com



ရွှေမုဋ္ဌောဘုရားနှင့် ဝက်သည်းကန်စောင်းတန်းရှုခင်းများ



ရွှေမုဋ္ဌောဘုရားနှင့် ဝက်သည်းကန် အပေါ်စီးမှရှုခင်း

သမားများနှင့် နယ်သူနယ်သားများအတွက် တစ်နှစ်တာလိုအပ်သည့်ပစ္စည်းအသုံးအဆောင်များဝယ်ယူရမည့်ပွဲတော်ကြီးဖြစ်သဖြင့် လင်ကိုလက်တို့၊ အိမ်ဆူးဆို၍ ခွေးကိုအိုးခေါ်၊ တပျော်တပါး အဖော်များနှင့်ပျော်ပါးရသောပွဲတော်ကြီးဖြစ်ပေသည်။

■ ယခင်နှင့်မတူသောယခု

ရက်လ၊ နှာရီ၊ ရာသီတွေပြောင်း၊ နွေးမိုးဆောင်းနှင့်နှစ်ပေါင်းများစွာကြာသောအခါ သိပ္ပံစွမ်းအားများတိုးတက်လာသောခေတ်တွင် ပွဲတော်ကြီး၏ ရုပ်ပုံလွှာသည် ယခင်နှင့်မတူ ယခုအသွင်ကို ရှုမြင်သမျှ တင်ပြရလျှင် ဆက်သွယ်ရေးများ တိုးတက်လာပြီဖြစ်၍ လှည်းနှင့်အနေ့ယာဉ်များအစား ဆိုင်ကယ်များ၊ ကားများ၊ ထော်လာဂျီများဖြင့် တိုးတက်လာခဲ့ပေပြီ။ ပွဲတော်ဈေးမှ ဆိုင်ခန်းများလည်း အတန်းလိုက်မရှိကြတော့ဘဲ လျော့နည်းသွားခဲ့ကြပြီ။ ဇာတ်ရုံများလည်း လယ်ကွင်းပြင်နှင့်အဝေးပြေးလမ်းမကြီးတောင်ဘက် ညောင်နှစ်ပင်ကျောင်း၏ အနောက်ဘက်တွင် ဆောက်လုပ်၍ ထာဝရဇာတ်ရုံအဖြစ်တည်ဆောက်ထားပြီး အလက်ာကျော်စွာရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ စတင်၍ကပြခဲ့သည်ကို အကြောင်းပြုပြီး ရွှေမန်းဇာတ်ရုံဟုခေါ်တွင်ခဲ့သည်။ ပွဲတော်ရက်ကို ကဆုန်လပြည့်နေ့မှစ၍ နယုန်လပြည့်နေ့အထိ တစ်လတိုင်တိုင်ကျင်းပသည်။ သို့သော် ဈေးသည်များသည် ရွှေစက်တော်ဘုရားပွဲ၊ ပွင့်ဖြူလက်ခုပ်ပွဲ၊ ကျောင်းတော်ရာပွဲ၊ အောင်လံတောတွင်းပွဲတို့မှ ပွဲကူးလာကြ၍ ကဆုန်လဆန်းသည်နှင့် ရောက်နှင့်ကြသည်။ စလင်းပွဲပြီးသော်လည်း ပခုက္ကူပွဲသွားမည့်ဈေးသည်များ ပြောင်းရွှေ့သွားကြသော်လည်း တညောင်ဝါဆိုပွဲသို့ကူးပြောင်းမည့်ဈေးသည်များသည် နယုန်လပြည့်ကျော်အထိနေကြသည့်အတွက် ပွဲတော်သည် ရက်ရှည်လျားလှပါသည်။

ပွဲတော်၏အစည်ကားဆုံးရက်မှာ ကဆုန်ပြည့်နေ့ ညောင်ရေသွန်းပွဲတော်နေ့ပင် ဖြစ်ပါသည်။

စလင်းမြို့၏ ထုံးစံအတိုင်း လပြည့်နေ့နံနက်တွင် တစ်မြို့လုံးနီးပါး ကုသိနာရုံ (ရွှေပြည်အေး) ဘုရားကို အရက်ဆွမ်းတော်လာ၍ကပ်လှူကြ၏။ ဆီမီး၊ ပန်း၊ ရေချမ်း လှူဒါန်းကြသည်။ ဘုရားကြီးအတွက် ရွှေသင်္ကန်းများလှူဒါန်းကြသည်။ စာရေးသူရေးသားဖွဲ့နွဲ့၍ တေးသံရှင် မောင်လွမ်းဝေ သီဆိုထားသော အလှူခံနိုးဆော်တေးများကို စိန်အောင်မိုးတေးသံသာမှ စက်ဆရာကိုမောင်စိုးက နေ့စဉ်နေ့တိုင်းဖွင့်ပေး ပွဲတော်လာများကို ဖိတ်ခေါ်ပါသည်။ ပွဲတော်လာပရိသတ်များမှာ မနက်မိုးလင်းသည်မှ တစ်စတစ်စနှင့် တဖွဲဖွဲရောက်ရှိလာကြ၍ ဘုရားများ၊ တန်ဆောင်းများ၊ ကျောင်းများထဲတွင် နေရာယူ၍တည်းခိုကြ၊ မလေ့အစားအစာအဖြစ် အလွန်နာမည်ကြီးလှသော သင်္ဘောသီးသုပ်၊ တို့ဟူးသုပ်များကို ဝယ်ယူ၍ ပါရှိလာသော ထမင်းထုပ်များနှင့် ဝိုင်းဖွဲ့စားကြသည်မှာ ရိုးရာမပျက်ပင် ဖြစ်ပါသည်။ ညနေပိုင်းတွင် အနီးပတ်ဝန်းကျင်ရွာများမှ အိုးစည်ဗုံမောင်းဒိုးပတ်များဖြင့် ညောင်ရေသွန်းပွဲကျင်းပကြပုံမှာ အလွန်စည်ကားလှပါသည်။

ထိုလပြည့်နေ့မှာ အလွန်စည်ကားလှသဖြင့် ဈေးသည်များလက်မလည်အောင် ရောင်းချကြရသည်။ နယ်လှည့်ဆယ့်နှစ်ပွဲဈေးသည်များနှင့် နယ်ခံဈေးသည်များပါစုံလှသဖြင့် ကုန်မျိုးစုံလှသည်။ ဆေးရိုးဆေးရွက်၊ သေတ္တာ၊ နှီးဖျာ၊ တောင်းပလုံးနှင့် စကောဆန်ခါများ၊ သင်ဖြူး၊ ကြေးကုန်သံကုန်၊ စစ်ကိုင်းရေအိုးနှင့် ရာသီစာ ပိန္နဲ၊ သရက်များ၊ ငှက်ပျောများပေါများလှသည်။ ဂွင်ကျင်းရွာမှရက်လုပ်သော ခမောက်များ၊ စာစီကျောင်းနှီးအုပ်ဆောင်း၊ တဲကြီးမှထွက်သော နှီးရေအိုးဖုံးတို့မှာ သေသပ်လှပစွာရက်လုပ်ပြီး ဈေးနှုန်းမှာလည်း ချိုသာလှသည်။ ဖျာနှင့်ရိုင်များကို စလင်းမြို့နယ် ငလိုင်တွင်းရွာ၊ ကျောက်အိုးနှင့် ဂွင်ကျင်းရွာတို့မှထွက်ရှိပါသည်။ ထိုရွာ



www.burmeseclassic.com

www.burmeseclassic.com




ပြည်ထောင်ဦးဘုရားမှ
ဝက်သည်းကန်ဘက်လှမ်းကြည့်သည့် ရှုမျှော်ခင်း



ကန်လည်ဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့သော
ဝက်သည်းကန်ထဲမှ ကန်လည်ကုန်းရှုခင်း



ဝက်သည်းကန်ထိပ်လှေဆိပ်



ပွဲတော်မှ ချားရဟတ်များ ညရှုခင်း



အညာဘုရားပွဲဈေးတန်းရှုခင်း



အညာဘုရားပွဲဈေးတန်းရှုခင်း

သားတို့သည် ရွာဝန်းကျင်ရှိ ဝါးတောထဲမှာပင် နေရောညပါရက်လုပ်၍ ရိုင်ဖျားနီးအချောကိုင်ပြီးမှ ကားများဖြင့် မြို့သို့လာရောက် ဖောက်သည်သွင်းပါသည်။ ကူဖြူရွာမှ ဆန်ကော၊ ဆိပ်ကြီးရွာမှ ဗန်း၊ ပုဂံညောင်ဦးမှလာသော သစ်စေးသုတ်တောင်း၊ အုပ်ဆောင်းနှင့် စကောများ အချောအကြမ်းလုပ်၍စုံလင်လှပါသည်။

ထို့ပြင် စလင်းပွဲတော်သည် အိုးပွဲတော်ဟုခေါ်ရမတတ် သောက်ရေအိုးသည်များပေါများလှပါသည်။စစ်ကိုင်းမှလာရောက် ရောင်းချသော စစ်ကိုင်းအိုး၊ ရွှေဘိုကျောက်မြောင်းမှလာသော ရွှေဘိုအိုးနှင့် ဆင်ဖြူကျွန်းဘက်မှထွက်သည့်ရေအိုးများက စုံလင်လှပေသည်။ မိုးရာသီပွဲတော်ဖြစ်သည့်အတွက် ရေအိုး၊ စဥ့်အိုးသည်များနှင့် ပန်းရလှပေသည်။

ယခုနှစ် ဖျော်ဖြေရေးများမှာ မျော်မင်းသားမျက်လှည့်၊ ချစ်စွမ်းသာဇာတ်နှင့် နယုန်လဆန်း ၃ရက်နေ့တွင် ရန်ကုန်မှ ဇာတ်အဖွဲ့၌ ဟိန်းဝေယံလာရောက် ဖျော်ဖြေပါသည်။

အညာဘုရားပွဲဟု ခေါ်သော စလင်းပွဲတော်သည် ယခင်နှင့်ယခုခေတ်၏အခြေအနေအရ တိုးတက်မှုမတူတော့ဘဲ ယခုနှစ်များတွင် ပို၍ပို၍ပင် စည်ကား၍လာပါသည်။ နောင်နှစ်များတွင်လည်း ပို၍စည်ကားပါလိမ့်ဦးမည်။

*ဤဆောင်းပါးအတွက်အကူအညီပေးကြသော ကိုအောင်မျိုးနှင့် ဧရာလင်းမောင်ဝင်းနိုင်တို့ကို မှတ်တမ်းတင်ပါသည်။*

ရွှေကြည်(စလင်း)

www.burmeseclassic.com







ာက်မှုမတူ
၍ပို၍ပင်
င်နှစ်များ
မည်ဦးမည်။

အကူအညီ
ရောလင်း
မ်းတင်ပါ

(စံသင်း)

(သာမဏေကျော်၊ ဗုဒ္ဓဝိဇ္ဇာ MA)

# ဦးဉာဏ်ဇော်

## ပြုသည့်ကျောင်းမှ

## တောင်းဆုအထွေထွေ (၁၉)

■ နန်းမတော်စာချ အရှင်ပညာ၏ ဆုတောင်း


ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝါးကန်ရွာဇာတိ အရှင်ပညာ (သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ဝန်းကျင်) သည် မင်းတုန်းမင်းတရားကြီးလက်ထက်၌ ပညာရံသီဘိသာသနဓဇသိရီပဝရနန်းမတော်စာချဘွဲ့ဖြင့် ထင်ရှားသော စာချဆရာတော်ဖြစ်ပါသည်။ ဆရာတော်အရှင်ပညာသည်ကား ရာမညတိုင်း ဒလမြို့အနီးညောင်ပင်သာရွာ၌ တိုက်တာတည်ထောင်ကာ စာပေပို့ချရင်း ၁၂၅၆ ခုနှစ်တွင် အပြီးရေးသားခဲ့သော အဘိဓမ္မတ္ထဂမ္ဘီသာရရှုဖွယ်ကျမ်းအမည်ရှိသော သင်္ဂြိုဟ်အကောက်စကားပြောပုံကျမ်းနိဂုံးတွင် ပညာဓိကဘုရားလိုဖြစ်ကြောင်းဆုတောင်းထားခဲ့ပေသည်။

ဤကျမ်းကို တီထွင်ရေးသားပြုပြင်စီရင်ရသော ကုသိုလ်အစု ကောင်းမှုစေတနာကြောင့် ငါသည် နောင်သောအခါ ပညာဓိကဘုရားဖြစ်သို့ ရောက်ရပါလို၏။

■ မင်းကွန်းဝေယန်ဘုံမြင့်ဆရာတော်၏ဆုတောင်း

ရွှေဘိုမြို့အနောက်ဘက် ဒီပဲရင်းပေါင်းထောင်ကူရွာဇာတိ မင်းကွန်းဝေယန်ဘုံမြင့်ချောင်ဆရာတော် အရှင်ပဏ္ဍဝ (၁၂၁၄-၁၂၉၉) သည် မင်းတုန်းမင်းတရားကြီးလက်ထက် သုဓမ္မာစာသဘင်၌ ပဋ္ဌမကျော်ဘွဲ့ရရှိခဲ့ပြီး ရဟန်း (၈) ဝါအရတွင် ပဋ္ဌမစာချဖြစ်ကာ ဆွမ်းဆန်တော်အထောက်အပံ့ရရှိတော်မူခဲ့သည်။ ရဟန်းသိက္ခာ (၁၉) ဝါအရတွင် မုံရွာတောရစေတီယတိုက်၌ (၆) ဝါ ပတ်လုံး သီတင်းသုံးတော်မူကာ အာရညကင်ဓုတင် စသောဓုတင်များကို ကျင့်ကြံအားထုတ်တော်မူခဲ့လေသည်။ ရဟန်းသိက္ခာ (၂၅) ဝါအရတွင် မန္တလေးအနောက်ပြင် ချမ်းသာကြီးတိုက်အလယ်ကျောင်းကြီး၌ သီတင်းသုံးတော်မူကာ စာပေပို့ချတော်မူရာ စာလိုက်သံဃာ (၁၀၀၀) နီးပါးရှိသည်အထိ အောင်မြင်ကျော်ကြားခဲ့ပေသည်။

အရှင်ပဏ္ဍဝမထေရ်သည် ရဟန်းသိက္ခာ(၃၂)ဝါအရတွင် မင်းကွန်းတောရ



www.burmeseclassic.com

www.burmeseclassic.com

ရတနာဂီရိဝေယန်ဘုံမြင့်ချောင်သို့ ကြွတော်မူပြီး ဘာဝနာကမ္မဋ္ဌာန်းအလုပ်ဖြင့် ပျော်မွေ့တော်မူလေသည်။ အရှင်ပဏ္ဍိတမထေရ်သည် စာပေပို့ချရင်း၊ ကမ္မဋ္ဌာန်းအားထုတ်ရင်းဖြင့် အဘိဓမ္မာဝတာရဋီကာနိဿယသစ်၊ အလင်္ကာရတ္ထဒီပနီ စသော ကျမ်းပေါင်းများစွာကိုလည်း ပြုစုတော်မူခဲ့သေးသည်။ သက္ကရာဇ် ၁၂၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ သောကြာနေ့တွင် ရေးသားပြီးစီးသော အလင်္ကာရတ္ထဒီပနီကျမ်းနိဂုံး၌ ကေပိုဒ်လင်္ကာဖြင့်ထုတ်ဖော်ထားသည့် စာချလည်းကျော် တောရပျော် ကျမ်းပြုဆရာတော်တစ်ပါး၏ ဆုတောင်းများကို ကြည်ညိုဖွယ်ရာဖော်ပြပေးလိုက်ပါသည်။

မင်္ဂလာဗဟိုရ်၊ လေးရောင်စိုးသား၊ မြင်းမိုရ်ရှိပတီ၊ တောင်သာမီသို့၊ ဂီရိရတနာ၊ ရဇတာနှင့် ဟေမာဂီရိ ဒီဇတူပါ၊ လေးဖြာပဗ္ဗတ၊ ကန္တရဉ္၊ သန္တေသမှန်၊ ဆဲ့နှစ်တန်ကို၊ မြီးခြံမမေ့၊ ကျင့်သုံးလေ့၍၊ ပျော်မွေ့ရသဝါ၊ မထေရ်ငါသည်၊ စာသင်စာချ၊ နောက်သားလှတို့၊ ဒုက္ခမရှိ ပါဠိအဋ္ဌကထာ၊ ကျမ်းဋီကာ၌၊ အလင်္ကာနည်း၊ လွန်သိပ်သည်းကို၊ သိမ်းဆည်းလယ်ကူ၊ ယူစိမ့်ရည်ရော်၊ ဉာဏ်ရှုမျှော်၍၊ ခဲလော်ပါဠိ၊ မသိအနက်၊ မိပ္ပာယ်ချက်ကို၊ မခက်ရငှာ၊ မြန်ဘာသာဖြင့်၊ နှုတ်ကာရေးပြု၊ ဤကောင်းမှုကြောင့်၊ စတုသမ္ဘိ၊ ခြောက်လီဘိညာဉ်၊ ရှင်စင်သမာ၊ ဆင်တန်ဆာနှင့်၊ လေးဖြာဖိုလ်မဂ်၊ စဉ်တိုင်းတက်၍၊ မှာဖက်နိဗ္ဗာန်၊ ဆုထူးပန်သည်၊ လျင်မြန်ရောက်ရပါစေသောဝ်။

ဤကျမ်းစာကို ရေးသားရသောကောင်းမှုကြောင့် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော အရိယာမဂ်ဖိုလ်တို့ကိုရ၍ နိဗ္ဗာန်သို့ရောက်ရပါလို၏ဟု ဆိုလိုပါသည်။

## ■ သီးလုံးဆရာတော်၏ ဆုတောင်း

ရွှေဘိုမြို့နယ် သီးလုံးရွာ၌ သီတင်းသုံးတော်မူသောကြောင့် သီးလုံးဆရာတော်ဟု ထင်ရှားသော အရှင်စန္ဒိမာလင်္ကာရ (၁၁၄၈ - ၁၂၂၂) သည် ပရိယတ်ပဋိပတ်စွယ်စုံတတ်ကျွမ်းသော်လည်း ပဋိပတ်အရာတွင် ပိုမိုကျော်ကြားတော်မူသည်။ မဂ်ဖိုလ်ဆိုက်သည်တိုင်အောင် ကျင့်ကြံအားထုတ်တော်မူသည့် ပုဂ္ဂိုလ်ထူးဖြစ်သော်လည်း ဝိနည်းအဆုံးအဖြတ်အများအပြားနှင့် ဂမ္ဘီရတ္ထဒေသနာကျမ်းတို့ကို ပြုစုတော်မူခဲ့သေးသည်။ ဒီပဲရင်မြို့၏ အရှေ့တောင်ဘက် ထန်းတစ်ပင်ရွာ၌ သီတင်းသုံးသော အရှင်ဝိစာရိန္ဒမထေရ် တောင်းပန်သဖြင့် ဂမ္ဘီရတ္ထဒေသနာကျမ်းကို ရေးသားတော်မူခဲ့ခြင်း ဖြစ်သည်။ သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် ပြီးစီးသော ထိုကျမ်း၌ ကမ္မဋ္ဌာန်းအားထုတ်လိုသူများကို နည်းလမ်းညွှန်ပြထားသော နက်နဲသော တရားဒေသနာတော်အစုံအလင် ပါဝင်နေပေသည်။ ဂမ္ဘီရတ္ထဒေသနာကျမ်းနိဂုံး၌ ဖော်ပြထားသည့် ပဋိပတ်အရာခရီးပေါက်ပြီးသော သီးလုံးဆရာတော်ကြီး၏ဆုတောင်းများကို တင်ပြပေးလိုက်ပါသည်။

ဤကျမ်းကိုစီရင်ရသောကောင်းမှု၏ အစွမ်းအာနုဘော်ကြောင့် သတ္တဝါအားလုံးတို့သည် မိမိတို့ကျင့်အပ်သော သူတော်ကောင်းတရား၌ မွေ့လျော်ကြပါစေ။ ရေမြေသနင်း ပြည့်ရှင်မင်းသည် တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပါစေ။ အချိန်မှန်စွာ မိုးရွာသွန်းပါစေ။

ငါသည် သူတော်ကောင်းတရား၌ မွေ့လျော်ရပါလို၏။ လောကဓံတရားရှစ်ပါးတို့ဖြင့် တွေ့ကြုံလာသော်လည်း ကြည်လင်သောစိတ်ဖြင့် သည်းခံနိုင်ရပါလို၏။ အလုံးစုံသော သတ္တဝါသခါရတို့၌ တပ်စွန်းခြင်းတဏှာမဖြစ်ရပါစေနှင့်။ ဝိပဿနာဉာဏ် (၁၀) ပါးတို့ဖြင့် အခါခပ်သိမ်းပြည့်စုံရပါလို၏။ မဂ်ဖိုလ်နိဗ္ဗာန်နှင့်လျော်ကန်သောအကျင့်ကိုအားထုတ်နိုင်ရပါလို၏။

နိဗ္ဗာန်ရကြောင်းတရားအားထုတ်ရာ၌ တစ်စုံတစ်ရာအန္တရာယ်မရှိဘဲ ဆောလျင်စွာ တရားထူးကိုရယူနိုင်ရပါလို၏

ဟူသော ဆုတောင်းပုံကို နှလုံးသွင်း အတုယူကြရမည် ဖြစ်သည်။

## ■ ရွှေကျင်ဆရာတော်၏ဆုတောင်း

ရွှေဘိုမြို့တောင်ဘက် ရွှေကျင်ရွာဇာတိဖြစ်သောကြောင့် ရွှေကျင်ဆရာတော်ဟု ထင်ရှားသော အရှင်ဇာဂရမထေရ်(၁၁၈၄- ၁၂၅၅ ကို အကြောင်းပြု၍ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် သာသနာပိုင်နှင့် သုဓမ္မာက ဆင့်ခေါ်ခွင့်မရှိသော ရွှေကျင်ဂိုဏ်းအဖြစ်သီးခြားဖြစ်ပေါ်လာခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးသည် မင်းတုန်းမင်းတရားကြီး၏ အထူးကြည်ညိုကိုးကွယ်မှုကို ရရှိသော်လည်း ခုရနှစ်ပါးကို အထိအပါးမခံဘဲ တိတိကျကျ ကျင့်ကြံတော်မူခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးသည် သီးလုံးဆရာတော်ကြီး၏တပည့်ပီပီ ကိုယ်တိုင်ကျင့်ကြံအားထုတ်တော်မူခဲ့သည့်အပြင် နောင်လာနောက်သားများအတွက် ပါဠိဘာသာ၊ မြန်မာဘာသာများဖြင့် နေတ္တိလီနတ္ထသဂ်ဟဝဏ္ဏနာ၊ ဒသခမ္မသုတ္တာလင်္ကာရအဋ္ဌကထာ၊ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ စသော ကျမ်းပေါင်း (၃၀) ကျော်ကိုလည်း ပြုစုတော်မူခဲ့သေးသည်။ ထိုကျမ်းစာများကို လေ့လာခြင်းဖြင့် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သာသနာချစ်စိတ်များကို ပိုမိုသိရှိကြည်ညိုရပါသည်။ ရွှေကျင်ဆရာတော်ကြီး၏အဇ္ဈာသယကို ခန့်မှန်းနိုင်ရန် ဆုတောင်းနှစ်မျိုးကို ဖော်ပြပေးလိုက်ပါသည်။

ရွှေကျင်ဆရာတော်ကြီးသည် ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်းနိဂုံး၌ -

မိမိအတွက် ဤကောင်းမှုကြောင့် သေမင်း၏ မညှဉ်းဆဲနိုင်ရာ နိဗ္ဗာန်သာခေါင်သို့ လျင်မြန်စွာ ရောက်ရပါလို၏ ဟု လည်းကောင်း၊

အင်္ဂုတ္တိုကကမ္မဋ္ဌာန်းကျမ်းနိဂုံး၌မူ -

မိမိအတွက်ရော အများအတွက်ပါ ရည်ရွယ်၍ ဤကျမ်းသည် အန္တရာယ်မရှိဘဲ ပြီးဆုံးခဲ့ပြီ။ ငါ၏ နိဗ္ဗာန်တိုင်ရောက်ကမ္မဋ္ဌာန်းနည်းကို ရေးသားပြုပြင်စီရင်ရသောကောင်းမှုသည် အာသဝေါဟူ ရန်သူလွတ်မြောက် နိဗ္ဗာန်ရောက်အောင် ဆောင်ရွက်နိုင်သည်ဖြစ်ပါစေသတည်း။ ဤကျမ်းသည် သံသရာ၌ မြင်အပ်ပြီးသော ဘေးရှိကုန်သော အရှင်မြတ်တို့၏ ကိုးကွယ်ပုန်းအောင်းရာဖြစ်သောကြောင့် နိဗ္ဗာန်သို့ရောက်စေတတ်သော ဤကျမ်းကို သူတော်မွန် သူတော်မြတ်တို့ မြတ်နိုးနှစ်သက် စုံမက်ကြည့်ရှုတော်မူကြပါစေကုန်သတည်း။ ဤကျမ်းသည် အန္တရာယ်မရှိဘဲ ကောင်းစွာပြီးစီးအောင်မြင်သကဲ့သို့ သတ္တဝါအားလုံးတို့သည် ကိုယ်တွင်းကိုယ်ပ ဘေးရန်မယှဉ်ကင်းစင်ကြပါစေကုန်သတည်း။ ငါတို့သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်သည် ဆယ်ပါးသောရာဇဓမ္မကျင့်ဝတ်တရားကို အရှိအသေကောင်းစွာ စောင့်ရှောက်နိုင်ပါစေသတည်းဟု တောင်းဆုချွေခဲ့ပေသည်။

ဦးဘုန်းဇော်

(သာမဏေကျော်၊ မွေ့စင်ပြေး M.A)

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ပို့မောင်မောင်အေး

## သေဘေးနှင့်ရင်ဆိုင် သမ္ဗုဒ္ဓေကြောင့်နိုင်ခဲ့သူ



နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဂုဏ်တော်အနန္တ၊ ဘုန်းတော်အနန္တရှိတော်မူ၏။ ထိုဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တတို့အား သီကျူးဖော်ပြဖွဲ့ဆိုထားသောသမ္ဗုဒ္ဓေဂါထာတော်ကြီးသည် ယုံကြည်သက်ဝင်၍ရွတ်ဆိုပူဇော်ပွားများသူများအား ကောင်းကျိုးချမ်းသာ ရရှိစေကာ ဘေးအန္တရာယ်များမှ ကင်းဝေးစေပါသည်။

သမ္ဗုဒ္ဓေဂါထာတော်အား သတိရတိုင်း ရွတ်ဆို ပူဇော်သောအကျင့်ရှိသူမှာ ကျွန်တော်၏ ငယ်သူငယ်ချင်း စန်းမြင့် (ခ) စိုးလှိုင် ဖြစ်ပါသည်။ ကျွန်တော်နှင့် စန်းမြင့်သည် ထိုစဉ်ကာလ (၁၉၅၀-၅၈) နှစ်များက လယ်ပံတန်းမြို့ကလေး၏ တစ်ခုတည်းသော အထကကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့စဉ်က အတွဲညီခဲ့သောသူငယ်ချင်းများဖြစ်၏။

ငယ်ငယ်ရွယ်ရွယ်ဖြင့် နှုတ်က တဖွဖွရွတ်ဆိုနေတတ်သော သူ့ကို မြင်ပါများသောကြောင့် ဘာတွေရွတ်ဆိုနေတာလဲဟု မေးရသည်အထိဖြစ်၏။ သူငယ်ချင်းဖြစ်သူ စန်းမြင့်သည် အသက် ငါးနှစ်သားအရွယ်ကပင် အဖေရောအမေပါ ကွယ်လွန်ခဲ့သည့်အတွက် အစ်မကြီးဖြစ်သူက မွေးမြူခဲ့ရ၏။

စန်းမြင့်၏ ဇာတိချက်မြှုပ်ရွာသည် လက်ပံတန်းမြို့နယ် အနောက်ခြမ်းတွင်ရှိသော မြစ်မခမြစ်ကမ်းဘေးရှိ ဘီးလင်း ဆိုသောရွာကြီးဖြစ်ပါသည်။ မိဘများမရှိတော့သော စန်းမြင့်အား အစ်မကြီးဖြစ်သူက အစစအရာရာ လိမ္မာယဉ်ကျေးစေရန် သွန်သင်ပြသဆုံးမပေး၏။ ရွာဦးကျောင်းဆရာတော် ဦးပညာသီဟကလည်း ဘာသာရေးဘက်မှာ အလေးအနက်ထားတတ်စေရန် ဆုံးမသွန်သင်သလို သမ္ဗုဒ္ဓေဂါထာတော်ကို သတိရတိုင်း ရွတ်ဆို ပူဇော်တတ်ရန် ညွှန်ပြတော်မူ၏။

ထို့ကြောင့်ပင် စန်းမြင့်သည် သတိရသည့်အခါတိုင်း သမ္ဗုဒ္ဓေဂါထာတော်ရွတ်ဆိုသောအကျင့်ရခဲ့ခြင်း ဖြစ်၏။ ထိုသို့ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုပူဇော်ရသောအကျိုးကြောင့်ပင် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်တန်းကို ၁၉၅၈ ခုနှစ်တွင် စန်းမြင့်သည် နှစ်ချင်းပေါက်အောင်မြင်ခဲ့ သလို ရန်ကုန်တက္ကသိုလ်တက်ရသော အချိန်တွင်လည်း အစိုးရပညာတော်သင် ထောက်ပံ့ကြေးကိုကျောင်းပြီးသည်အထိ ရရှိခဲ့ပါသည်။

**သေဘေးနှင့်ရင်ဆိုင်ရခြင်း**

စန်းမြင့်တို့ရွာသည် မြစ်ကမ်းဘေး တွင်တည်ရှိသောရွာဖြစ်သဖြင့် အားလုံး လိုလို ရေမကူးတတ်သူဟူ၍ မရှိချေ။ ရေချိုးဆင်းလျှင် အားကောင်းမောင်း သန်ယောက်ျားလေးတို့သည် ရေကူးပြိုင် ကြခြင်း၊ ရေငုပ်ပြိုင်ကြခြင်းတို့ကို ကစား နည်းတစ်မျိုးပမာ ဆော့ကစားကြ၏။ စန်းမြင့်သည် ထိုစဉ်က ကျွန်တော်တို့ အထကတွင် အလေးမသမားများဖြစ်ကြ သော ညောင်ဝိုင်းမှ ကိုမြသိန်း၊ ကိုအုန်း ကျော်ပြီးလျှင် ကျွန်တော်တို့အတန်းမှ စန်းမြင့်(ခ)စိုးလှိုင် ဟူ၍ မှတ်မိပါသည်။

တစ်နေ့တွင် ကျောင်းပိတ်ရက်ဖြစ် သောကြောင့် စန်းမြင့်တို့သူငယ်ချင်းသုံး ယောက်မြစ်ထဲရေချိုးဆင်းရင်း စကားနိုင် လုကာ ရေငုပ်ပြိုင်မည်ဟု စိန်ခေါ်ကြ၏။ ရှုံးသူက နက်ဖြန်နံနက်တွင် လေ့ဆိပ်မှ ဒေါ်တုတ်၏မုန့်ဟင်းခါးဆိုင်တွင် ဒကာခံ ကျွေးတမ်းဖြစ်၏။ တစ်ယောက်တစ်လှည့် စီငုပ်ရမည်။ ရေငုပ်သူကငုပ်နေလျှင် ကျန်နှစ်ဦးကစောင့်ကြည့်ရင်း တစ်၊ နှစ်၊ သုံး စသည်ဖြင့် အချိန်မှတ်ရမည်၊ အမှတ် အများဆုံးရသူအနိုင် ဖြစ်၏။

မိုးကာလဖြစ်သဖြင့် မြစ်ရေသည် ကမ်းလုံးပြည့်နေသလို ရေစီးနှုန်းလည်း သန်နေသည်။ သို့သော် စန်းမြင့်တို့ သူငယ်ချင်းတစ်စုသည် ဖျံတစ်ကောင်လို ရေကူးကျင်လည်ကြသောကြောင့် ဤ ရေစီးနှုန်းကို မမှုကြချေ။ ဖျံသာရေနစ် ချင်နစ်မည်၊ တို့တော့ဘယ်တော့မှမနစ် ဟုဆိုသူများ ဖြစ်၏။

စန်းမြင့်တို့ရေငုပ်ပြိုင်ကြမည့်နေရာ ၏အောက်ဘက် ပေတစ်ရာကျော်ခန့် နေရာ၌ ရန်ကုန်သို့မျှောမည့်သစ်ထုတ် ရေဌာနမှ သစ်ဖောင်ကြီးဆိုက်ကပ်ထား ၏။ သစ်ဖောင်သည် ရန်ကုန်အရောက် မျှောရမည့်ဖောင်ဖြစ်၍ ဖောင်ပေါ်တွင် ချက်ပြုတ်စားရန်နှင့် နားခိုရန် ရှစ်ပေ ပတ်လည်ခန့် တဲလေးတစ်လုံးပါ၏။ သစ်ဖောင်သုံးဖောင်ဆက်ထားသောဖောင် ကြီးဖြစ်၍ ပေတစ်ခန့်ရှည်ပါသည်။

ပထမဆုံးငုပ်သူမှာ မဟာပေါင်း ရွာသားလှကြည်ဖြစ်၏။ ဒုတိယငုပ်သူ



က တစ်ရွာတည်းသား အီစွတ်ခေါ် သောင်းတင်ဖြစ်၍ စန်းမြင့်အလှည့်က နောက်ဆုံးမှဖြစ်၏။ စန်းမြင့်သည် မငုပ်ခင် -

"ဟေ့ - လှကြည်နဲ့ အီစွတ်၊ နက်ဖြန် ကျရင် ဒေါ်တုတ်ဆိုင်မှာ မုန့်ဟင်းခါး ကျွေးဖို့ပြင်ထားပေတော့"

ဆိုကာ ဗိုင်ဗင်ထိုးဆင်း၍ငုပ်သွား တော့၏။ ရေအောက်ရောက်သောအခါ မိမိဘာသာလည်း စံချိန်ကို ရေတွက်နေ ၏။ လှကြည်နှင့်အီစွတ်တို့စံချိန်ကိုကျော် လွန်အောင်ကြိုးစားရင်း တစ်ဖက်က လည်း ရေစီးနှင့်ပါမသွားစေရန်ထိန်းနေ ရ၏။သို့ဖြင့် နောက်ဆုံးအသက်မအောင့် နိုင်တော့သဖြင့် ရေမျက်နှာပြင်ထက်ပြန် တက်လိုက်ရာ ငယ်ထိပ်ကိုဒိန်းခနဲတိုက် သံနှင့်အတူ နာကျင်လှသောဝေဒနာခံစား လိုက်ရတော့မှ သစ်ဖောင်ကြီးအောက် ထဲရောက်နေကြောင်းသိရတော့၏။

'ခလုတ်ထိမှ အမိတ' ဆိုသော စကားလို သမ္ဗုဒ္ဓေဂါထာတော်ကိုသတိ ရ၍ စိတ်တွင်းမှရွတ်ဆိုရင်း သစ်ဖောင် ကြီး၏ဘေးတစ်ဖက်ကို ရုန်းထွက်ရန် ကူးခပ်ပါသော်လည်း ဘေးမရောက်ဘဲ အလျားလိုက်ကူးမိနေ၏။ သစ်ဖောင်နှင့် တိုက်မိသည့်အရှိန်ကပြင်းသည့်အတွက် မိမိကိုယ်ကို ဟန်ချက်မှန်အောင် မထိန်း နိုင်သောကြောင့် ရေစီးရာနောက်မျော ပါခြင်းဖြစ်၍ ဖောင်ဘေးဘက်မထွက် နိုင်ဖြစ်ရ၏။

သမ္ဗုဒ္ဓေဂါထာကို စိတ်ဖြင့်ရွတ်ဆို ရင်း အသက်အောင့်နိုင်စွမ်းမရှိတော့ သဖြင့် ပါးစပ်နှင့် နှာခေါင်းအတွင်း ရေ များဝင်ပေါ့ဝင်ကာ ဘာမှမသိတော့ ချေ။ ဒုတိယသစ်ဖောင်နှင့် တတိယသစ် ဖောင်အဆက်ကြားတွင် သုံးပေခန့်လွတ်

နေသော ကွက်လပ်ကလေးရှိနေ၏။ ထို ကွက်လပ်ကလေးနှင့် မနီးမဝေးတွင် ဖောင်ပေါ်မှ ချက်ပြုတ်စား၊ နားနေတဲ လေးလည်းရှိ၏။

တဲလေးထဲတွင် တာဝန်ကျဖောင် သားတစ်ဦးထမင်းချက်နေရာမှ ရေကွက် လပ်ကလေးတွင် ငါးကြီးတစ်ကောင်လို တစ်စုံတစ်ခုမြင်လိုက်သဖြင့် ပြေးကြည့် ရာ ငါးမဟုတ်ဘဲ ရေနစ်ရာမှပေါ်လာ သောလူတစ်ဦးဖြစ်နေ၍ အလျင်အမြန် သစ်ဖောင်ပေါ် ဆွဲတင်လိုက်ရ၏။

ရေတွင် ကျွမ်းကျင်သော ဖောင် သမားဖြစ်သည့်အတွက် အဆုတ်ထဲရေ များအန်ထွက်အောင်လုပ်ရင်း စောစော ကသစ်ဖောင်အထက်နားတွင် ရေကူးနေ ကြသောကောင်လေးထဲကမှန်းသိသဖြင့် သူ့အဖော်များကို လှမ်းခေါ်လိုက်၏။ လှကြည်နှင့် အီစွတ်၊ သောင်းတင်တို့ လည်း ရေများအန်ထွက်ရန် ဝိုင်းကူကြ ၏။ ဖောင်သမားကျွမ်းကျင်မှုကြောင့် ရေ များအန်ထွက်ပြီး အသက်ပြန်ရှင်ခဲ့ရ၏။

သမ္ဗုဒ္ဓေဂါထာတော်တန်ခိုးကြောင့် သေဘေးနီးလှသော သစ်ဖောင်ကြီး အောက်တွင် သတိလစ်၍မျောပါနေရာ မှ ဖောင်သမားရှိနေသည့် သုံးပေခန့်မျှ ကျယ်သော ရေကွက်လပ်တွင်သွားပေါ် ခြင်းကြောင့် အသက်ရှင်ခွင့်ရခဲ့ခြင်း ဖြစ် ပါသည်။

ထိုနေ့မှစ၍ စန်းမြင့်သည် သမ္ဗုဒ္ဓေ ဂါထာတော်ကို ယုံကြည်ကိုးစားသော သဒ္ဓါတရားဖြင့် ရွတ်ဆိုပူဇော်ခဲ့ရာ ယနေ့ဆိုလျှင် မြို့တော်ရန်ကုန်၏တန်ခိုး ကြီးစေတီတော်တစ်ဆူဖြစ်သည့် ကမ္ဘာ အေးစေတီတော်နှင့် မဝေးလှသော ဆိတ်ငြိမ်ရပ်ကွက်တွင် ကိုယ်ပိုင်တိုက်တာ ကားစုံစွာဖြင့် သာယာချမ်းမြေ့စွာနေထိုင် ရင်း လူမှုရေး၊ ဘာသာရေးလုပ်ငန်းများ၊ စွမ်းစွမ်းတမံ ဆောင်ရွက်နေပါကြောင်း၊ သမ္ဗုဒ္ဓေဂါထာတန်ခိုးကြောင့် သေဘေး မှလွတ်မြောက်ခဲ့ရသူ စန်းမြင့် (ခ) စိုးလှိုင် ၏ဖြစ်ရပ်မှန်အား သူရဇ္ဇမဂ္ဂဇင်းကြီး တွင် တင်ပြအပ်ပါကြောင်း။

သမ္ဗုဒ္ဓေဂါထာ အမြဲရွတ်သည့် အကျိုးကြောင့် သေဘေးမှလွတ်ခဲ့ရပုံကို ပြောပြသော ဦးစိုးလှိုင် နာယကကြီး လက်ပံတန်းမြို့နယ် (ရန်ကုန်) အသင်း အား ကျေးဇူးအထူးတင်ရှိကြောင်းဖော်ပြ အပ်ပါသည်။

ဓာတ်ပုံ-မောင်[illegible]ဝင်းအေး



www.burmeseclassic.com

www.burmeseclassic.com

ဝါတွင်း တစ်ညနေခင်းတွင် ကျွန်တော်သည် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ကမ္မဋ္ဌာန်းကျမ်းကြီးကိုဖတ်နေပါသည်။ ထိုသို့ဖတ်နေစဉ် လာနေကျ ဓမ္မမိတ်ဆွေ ရောက်လာပါသည်။ ဓမ္မမိတ်ဆွေသည် ရောက်လျှင် ရောက်ချင်း ဤသို့စကားစပါသည်။

"ဆရာကတော့ အမြဲလိုလိုစာဖတ်နေတော့တာပဲ။ ကျွန်တော်လာတဲ့အခါတိုင်း ဆရာစာဖတ်နေတာ တွေ့တယ်။ အခု ဘာစာအုပ်ဖတ်နေတာပဲ ဆရာ"

"လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တဲ့ ကမ္မဋ္ဌာန်းကျမ်းကြီးပါဗျာ။ ဝါတွင်းကာလမှာ ဘဂဝါဂုဏ်တော်ကိုအဓိဋ္ဌာန်ထားပြီး ပုတီးစိပ်နေသူတစ်ဦးက ဘဂဝါဂုဏ်တော်အကြောင်း မေးလာလို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တဲ့ ကမ္မဋ္ဌာန်းကျမ်းကြီးကို ပြန်ဖတ်နေတာပါ"

"ကမ္မဋ္ဌာန်းကျမ်းကြီးထဲမှာ ဘဂဝါဂုဏ်တော်အကြောင်းပါလို့လား"

"ကမ္မဋ္ဌာန်းကျမ်းကြီးမှာ အနုဿတိကမ္မဋ္ဌာန်းကိုပြဆိုထားတဲ့အခန်းပါတယ်။ အနုဿတိကမ္မဋ္ဌာန်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများအားထုတ်ပုံကိုပြတဲ့နေရာမှာ ဂုဏ်တော်(၉) ပါး ပွားများအားထုတ်ပုံကိုပြထားတယ်။ လယ်တီဆရာတော်ဘုရားကြီးက ဂုဏ်တော်တစ်ပါးစီကို အကျဉ်းပွားနည်း၊ မြန်မာသက်သက်ပွားနည်း၊ သဒ္ဒါ၊ ဆန္ဒဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေအတွက် အကျယ်ပွားနည်းဆိုပြီး နည်းမျိုးစုံဖွင့်ပြထားတယ်"

"ကျွန်တော်တို့ ငယ်ငယ်တုန်းက လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ ဘုရားဂုဏ်တော်ကိုးပါးပါဠိနဲ့ အနက်ကိုအရဆောင်ခဲ့ရတယ်။ ဘဂဝါဂုဏ်တော်ပါဠိနဲ့အနက်ကို ကျွန်တော်ဆိုပြပါ့မယ်။

ဣတိပိ - ဤသို့လျှင် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တကြီးမြတ်လှ၍ လူအများတို့ လေးစားဂရု ချီးပမ့ကြောင့်လည်း ဘဂဝါ - ဘဂဝါမည်တော်မူ၏"

"ဟုတ်တယ်၊ အဲဒီပါဠိနဲ့အနက်ကို ငယ်ငယ်ကတည်းက အရဆောင်ခဲ့ရပါတယ်"

"ဘဂဝါဂုဏ်တော်ပုတီးစိပ်တာ အဲဒီလောက်နှလုံးသွင်းရင် မလုံလောက်သေးဘူးလား ဆရာ"

"အဲဒီလောက်နှလုံးသွင်းရင်လည်း ရလောက်ပြီလို့ဆိုနိုင်ပါတယ်။ အခုဟာက အဓိဋ္ဌာန်ဆောက်တည်သူက ဘဂဝါဂုဏ်တော်ကို အဓိဋ္ဌာန်ထားပြီး ပုတီးစိပ်နေလေတော့ ဘဂဝါဂုဏ်တော်ကို ဒီလောက်မက အကျယ်သိလို့ပုံပေါ်ပါတယ်။ ဒါကြောင့်မို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တဲ့ ကမ္မဋ္ဌာန်းကျမ်းကြီးကိုပြန်ကြည့်နေရတာ။ ပြောခဲ့သလို လယ်တီဆရာတော်ဘုရားကြီးက ဂုဏ်တော်တစ်ပါးစီကို နည်းမျိုးစုံနဲ့ ဖွင့်ပြထားတယ်။ အခွင့်ကြုံတုန်း ဘဂဝါဂုဏ်တော်ကို မြန်မာလိုအကျဉ်းပွားနည်းကို ကျွန်တော်ဖတ်ပြပါ့မယ်"

"နာပါရစေဆရာ"

"က။ မိမိစိတ်ကိုအစိုးရခြင်းဟူသော ဣဿရိယ။
ခ။ လောကုတ္တရာတရားဟူသော ဓမ္မ။
ဂ။ အခြွေအရံအကျော်အစောဟူသော ယသ။
ဃ။ ဘုန်းကျက်သရေတော် ဟူသော သိရီ။
င။ မိမိ၏ အကျိုးစီးပွား၊ သူတစ်ပါးတို့



မြဝင်း(ဒဿန)

# ဂုဏ်တော်ဘဂဝါဆန်းကြယ်စွာ



www.burmeseclassic.com

www.burmeseclassic.com

၏အကျိုးစီးပွားနှစ်ပါးစုံကို လိုလားခြင်း ဟူသော ကာမ။

စ။ ထိုလိုလားတော်မူသည့်အတိုင်း ပြီးစီးပြည့်စုံအောင် တတ်စွမ်းတော်မူနိုင်ခြင်းဟူသော ပယတ္တ။

ဤဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူခြင်းဟူသော ဘဂဝါဂုဏ်တော်။

ကျွန်တော်တို့ရခဲ့တဲ့ပါဠိနဲ့ အနက်မှာ ဘုန်းတော်အနန္တလို့ ပြထားတယ်။ ဘုန်းတော်ခြောက်ပါးကို ပြမထားဘူး။

အခွင့်ကြုံတုန်း ကမ္မဋ္ဌာန်းကျမ်းကြီးမှာလာတဲ့ ဘဂဝါဂုဏ်တော်အကျဉ်းပွားနည်းကိုလည်း ဖတ်ပြပါဦးမယ်"

"ဖတ်ပြပါဆရာ"

"သောဘဂဝါ - ထိုမြတ်စွာဘုရားသည် ဝါ အသမ္ဘိန္နခတ္တိယဟု သမတမင်းရိုး အမျိုးသာကီ ပြည်ကပ္ပိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုခဲကျင့်ခြိုးခြံလျက် မြလျှံရွက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပဲ့တင်ချုန်းလျက် ဘုန်းမြင့်လွယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ဥဏ္ဏှ နတ်မင်းတကာတို့၏ မကိုဋ်အမြိုက်ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်၊ ကပ္ပတိပိ-ဤသို့လျှင်တည့် ဒီပင်္ကရာဘာသနာမှ မဟာဗောဓိသိရီလျှံဖိတ် ရွှေညောင်ရိပ်ဝယ် အတီသရ ဘုရားတန်ခိုးအမျိုးမျိုးကို အစိုးပိုင်ပိုင်ရသည်တိုင်အောင် မကျိုင်ဗဟို မြင်းမိုရ်မေရုပြေအစုနှင့် ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်စဖွယ် အကျယ်အပွားများကြီးများအောင် မနားမနေ ဆည်းပူးပေသည်။ ဆယ်ထွေသုံးလီပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် ယခုဤ၌ တိုက်တစ်သောင်းလုံး သိမ့်သိမ့်ချုန်းသည် ရွှေသုန်းတော်သခင် အရှင်တစ်ဆူဖြစ်တော်မူပေသောကြောင့်လည်း ဘဂဝါ ဘဂဝါဟု သညာအမွန် ဂုဏ်တော်တန်ခွန်ကို မိုးစွန်စွင့်စွင့် ဘဝင်မြင့်အောင်ဖြန့်လွှင့် စိုက်ထူကြီးမြတ်တော်မူပေ၏"

"တကယ့်ကို ကြည်ညိုစိတ်ဖြစ်လာအောင် ဖွင့်ပြထားတာပါ ဆရာ။ ပထမဦးစွာ ဘုရားဖြစ်တော်မူပုံကိုပြဆိုပြီးမှ ဘဂဝါဂုဏ်တော်ကိုဖွင့်ပြထားတယ်ဆရာ။ ဒါ့ထက် ဆရာ၊ အဓိဋ္ဌာန်ဝင်တဲ့သူက ဘာဖြစ်လို့ ဘဂဝါဂုဏ်တော်တစ်ပါးတည်းကိုရွေးပြီး အဓိဋ္ဌာန်ဝင်ရတာလဲဆရာ"

"သူ့ရည်ရွယ်ချက်နဲ့သူရှိမှာပေါ့ဗျာ။ ဘဂဝါဂုဏ်တော်တစ်ပါးတည်းကိုရွေးပြီး အဓိဋ္ဌာန်ဝင်တဲ့သူရှိသလို အရဟံဂုဏ်တော်တစ်ပါးတည်းကိုရွေးပြီး အဓိဋ္ဌာန်ဝင်တဲ့သူလည်းရှိတယ်။ သုဂတောဂုဏ်တစ်ပါးတည်းကို ရွေးပြီး အဓိဋ္ဌာန်ဝင်တဲ့သူလည်းရှိပါတယ်။ သူ့အကြောင်းနဲ့သူပေါ့"

"ဟုတ်ပါရဲ့ဆရာ၊ ဝေပုလ္လာရာမ ဆရာတော်ဘုရားကြီးဆိုရင် တစ်နေ့ကို အရဟံဂုဏ်တော်ရှစ်သောင်းလေးထောင် ရအောင် ပုတီးစိပ်ပြီး ကိုးရက်တိတိ ရွှေဆံတော်စေတီတော်မြတ်ကြီးမှာ အဓိဋ္ဌာန်ဝင်သွားပါတယ် ဆရာ"

"ကျွန်တော်ပြောခဲ့သလိုပေါ့ဗျာ။ သူ့ရည်ရွယ်ချက်သူ့အကြောင်းနဲ့သူရှိမှာပေါ့။ ကမ္မဋ္ဌာန်းကျမ်းကြီးထဲမှာတော့ လယ်တီဆရာတော်ဘုရားကြီးက ဂုဏ်တော်တစ်ပါးတည်း ဆင်ခြင်အောက်မေ့နိုင်လေကောင်းလေဖြစ်သည်။ စိတ်အလွန်ကြည်လင်၏။ ဉာဏ်ပွင့်လန်း၏။ အကျိုးအာနိသင်ကြီးမားမြင့်မြတ်လေ၏ လို့ မိန့်ဆိုထားပါတယ်။

ဒီနေရာအကြောင်းတိုက်ဆိုင်လို့ လယ်တီဆရာတော်ဘုရားကြီး ပါဠိလို စီရင်ရေးသားပြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး မြန်မာဘာသာပြန်ထားတဲ့ သာသနသမ္ပတ္တိဒီပနီမှာပါတဲ့ ဘဂဝါဂုဏ်တော်နဲ့ပတ်သက်တဲ့ အဆိုအမိန့်တစ်ခုကို ဖတ်ပြပါဦးမယ်"

"သာသနသမ္ပတ္တိဒီပနီကိုတော့ မဖတ်ဖူးဘူး ဆရာ"

"သာသနသမ္ပတ္တိဒီပနီဟာ ဗုဒ္ဓဘာသာဝင်တွေ အင်မတန်ဖတ်သင့်တဲ့ စာအုပ်ပါ။ ဗုဒ္ဓဘာသာမှာ ဘုရား၏ကောင်းသောဘုရားမှန်ဖြစ်ကြောင်း၊ တရား၏ကောင်းသောတရားမှန်ဖြစ်ကြောင်း၊ သံဃာတော်၏ကောင်းသော သံဃာမှန်ဖြစ်ကြောင်းကို ပါဠိတော် အထောက်အထားတွေနဲ့ ဖွင့်ပြထားတဲ့ စာအုပ်ဗျ"

"ဒီလိုဆိုတော့ ဂုဏ်တော်တွေကို ဖွင့်ဆိုထားတာ ပါမှာပေါ့"

"ပါတာပေါ့ဗျာ၊ ဘုရား၏ကောင်းသောဘုရားအခန်းမှာ ဂုဏ်တော်တွေကို တစ်ပါးချင်းအကျယ်ဖွင့်ပြထားပါတယ်။ ဘဂဝါဂုဏ်တော်ကိုတော့ တခြားဂုဏ်တော်တွေကို ဖွင့်ဆိုရမှာထက် ပိုမိုကျယ်ပြန့်စွာ ဖွင့်ဆိုထားတာတွေ့ရတယ်။ အဲဒီဘဂဝါဂုဏ်တော်ဖွင့်ဆိုချက်မှာပါတဲ့အဆိုအမိန့်တစ်ခုဟာ အင်မတန်မှတ်သားစရာကောင်းတယ်။ အဲဒီအဆိုအမိန့်ကို ဖတ်ပြမှာပါ"

"ဖတ်ပြပါဆရာ"

"ဂုဏ်တော်ကိုးပါးတို့တွင် ဤဘဂဝါဂုဏ်တော်သည် အထွတ်အထိပ်ဆုံးဂုဏ်တော်ကြီးတစ်ဆူဖြစ်တော်မူ၏။ တစ်ခုသောဘုံနန်းပြာသာဒ်ကိုဆောက်လုပ်ရာ အထွတ်ထုပိကာတင်ကြရကုန်ဘိသကဲ့သို့ ဂုဏ်တော်တည်းဟူသော ဘုံနန်းပြာသာဒ်ကိုလည်း ဘဂဝါဂုဏ်တော်ဖြင့် အထွတ်ထုပိကာတင်ကြလေ၏။ စကြဝတေးမင်းစသော ဘုရင်တို့၏မြတ်သောဦးခေါင်းထက်၌ မကိုဋ်သရဖူကို ဆောင်းဆင်သကဲ့သို့ ဂုဏ်တော်တည်းဟူသော ဘုရင်မင်းမြတ်တို့ကိုလည်း ဘဂဝါဂုဏ်တော်ဖြင့် မကိုဋ်သရဖူ ဆောင်းဆင်ရလေ၏။ ထို့ကြောင့် ဘဂဝါဂုဏ်တော်ကို ဂုဏ်တော်အတွက် ဂုဏ်တော်မကိုဋ်ဟူ၍ ဆိုအပ်ပေ၏။ ဇကံသမယံ ဘဂဝါ စသည်ဖြင့် ဘဂဝါဟူသော ဂုဏ်တော်ပုဒ်သည် ပိဋကတ်သုံးပုံတွင် အလွန်ထင်ရှားစွာ အသုံးတွင်ကျယ်၍ ဂုဏ်တော်ကိုးပါးစလုံးမှာပင် သောဘဂဝါ၊ သောဘဂဝါ ဟူ၍ အစဉ်အတိုင်းလိုက်ပါရလေသည်။

ဘဂဝါဂုဏ်တော်သည် မြင့်မြတ်ဆန်းကြယ်သောအတိုင်း ထိုဘဂဝါဂုဏ်တော်ပုဒ်၏ အနက်သဘောတို့သည်လည်း မြင့်မြတ်ဆန်းကြယ်၍ အလွန်ကျယ်ဝန်းလှကုန်၏"

"တကယ်ကိုမှတ်သားရမယ့်အချက်ပါဆရာ။ ဆရာ့ကို ဘဂဝါဂုဏ်တော်အကြောင်းမေးတဲ့သူဟာ အခုဆရာဖတ်ပြတဲ့အဆိုအမိန့်ကိုဖတ်မိလို့ ဒါမှမဟုတ် ကြားဖူးလို့ မေးတာဖြစ်မယ် ထင်ပါတယ်ဆရာ"

"အဲဒီလိုလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူရောက်လာတဲ့အခါ အခု ကျွန်တော်တို့ဆွေးနွေးခဲ့ကြတာတွေကို ပြောပြရတော့မှာပဲ"

"ကဲ - ကျွန်တော်တို့ စကားပြောလိုက်ကြတာ အချိန်အတော်ကြာသွားပြီ။ ဆရာ့ဆီလာတဲ့အခါတိုင်း သိစရာမှတ်စရာတစ်ခုခုတော့ရပါတယ်။ အခုလည်း ဘဂဝါဂုဏ်တော်နဲ့ပတ်သက်လို့ မှတ်စရာရပါပြီ။ ဆရာ့ကိုကျေးဇူးတင်ပါတယ်"

ထိုနောက် ဓမ္မမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားလေသည်။

မြဝင်း(ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

# တိုက်ကြည့်(စဉ့်ကိုင်)
# သမိုင်းဝင် ပလိပ်

■ ပလိပ်အမည်တွင်ခြင်း

ပလိပ်ဟုအမည်တွင်ခြင်းနှင့်ပတ်သက်၍ ပုဂံခေတ် အနော်ရထာမင်း၏ ချစ်မြတ်နိုးတော်မူရသော မိဖုရားတစ်ပါး ဖြစ်သူစောမွန်လှအား နားတောင်းအလို့ငှာ ပေရွက်ကိုလိပ်၍ ပေလိပ်နားတောင်း ဆက်သရာဖြစ်သောကြောင့် 'ပေလိပ်ရွာ' ဟု အမည်တွင်ခေါ် ဆိုခဲ့ပြီးနောက်ပိုင်းတွင် ကာလရွေ့လျား၍ ပေလိပ်ရွာမှ ပလိပ်ရွာဟု အမည်တွင်ကြောင်း အစဉ်တစိုက်ယုံကြည်မှုများလည်းရှိလေသည်။ ပလိပ်ဒေသသည် ရှမ်းမိဖုရားစောမွန်လှနှင့် ဆက်နွှယ်သောနယ်မြေဟု ဆိုရန်ရှိ၏။ အကြောင်းမှာ ပေလိပ်နားတောင်း ဆက်သခြင်းအား စွဲမှတ်လျက် 'ပေလိပ်' ဟုခေါ် ဆိုပြီး ပေလိပ်မှ ပလိပ်ဖြစ်လာခြင်းဖြစ်သည်ဟု လက်ခံယုံကြည်ထားကြလေသည်။

ထို့အတူ မိဖုရားစောမွန်လှမင်းပြစ်မင်းဒဏ်သင့်၍ ရှမ်းပြည်သို့ပြန်ရန် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ဒုဌဝတီမြစ်သို့ဆန်တက်၍လာစဉ် မြစ်အတွင်း ကြီးမားသော ငါးကြီးများအား မြင်တွေ့သည်ကို ပါနော ပါနော (ရှမ်းဘာသာစကားဖြင့် ငါးကြီးတွေ၊ ငါးကြီးတွေ) ဟု ပြောဆိုသည်ကို စွဲမှတ်လျက် ထိုနေရာအား ဘနော့ရွာဟု အမည်တွင်ကြောင်း သိမှတ်ရသည်။ ထိုနည်းတူစွာ မြစ်ကြောင်းအတိုင်း ဆန်တက်လာစဉ် ကမ်းခြေတွင် ငါးကလေးများ မြူးထူးပျော်ပါးနေသည်ကို ရှမ်းဘာသာစကားဖြင့် ပါလိစ် ပါလိစ် (ငါးလေးတွေ၊ ငါးလေးတွေ) ဟု ပြောခဲ့သဖြင့် 'ပါလိစ်'မှ 'ပလိပ်' ဟု ဆင်းသက်ခေါ် ဝေါ် ကြောင်းလည်း အဆိုရှိပြန်သည်။

ရှေးယခင်က ယခုပလိပ်ဒေသသို့ ရှမ်းပြည်မှ ငါးဆားနယ်များ လာရောက်ဝယ်ယူကြောင်းနှင့် ထိုသို့ ငါးဆားနယ် သွားရောက်ဝယ်ယူရန်အတွက် ပါးလိစ် သွားမည်ဟု ရှမ်းစကားဖြင့် ပြောဆိုကြသည်ကိုလည်း ယုံကြည်လက်ခံထားကြ၏။ ထို့ကြောင့် ပလိပ်ဟူသောရွာအမည်သည် ရှမ်းအမည် ပါးလိစ်မှ ပလိပ်ဟု ဖြစ်လာခြင်းဖြစ်သည်ဟုလည်း ထင်မြင်ယူဆချက်များရှိလေသည်။



ပလိပ်ရှိ စေတီပုထိုး



ပလိပ်နယ်မြေရှိ သာသနိကအဆောက်အအုံများ

ပလိပ်ဟူသောအမည်နှင့်ပတ်သက်၍ သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းမှ ပုလိပ်နှင့် ပလိပ်မှာ မြန်မာစကားဖြစ်၍ ရှမ်းတို့အခေါ် ငါးသေးသေးလေးတွေပေါများသောအရပ်ဒေသဟုခေါ် ဆိုလျှင် မမှားနိုင်ကြောင်း ပလိပ်ဒေသ ရပ်မိရပ်ဖများသို့ မှတ်ချက်ပြုပြန်လည်ပြောပြခဲ့သည်ဟု သိမှတ်ရပါသည်။

ပလိပ်ဒေသသည် ပုဂံခေတ်ကတည်းက လူနေရပ်ဝန်းအဖြစ် တည်ရှိခဲ့သောနယ်မြေဖြစ်သည်ကို အငြင်းပွားကြမည်မဟုတ်ချေ။ ပုဂံခေတ် ဘုရားများရှိ ပြိုပျက်ကျသည့်အုတ်ခဲများတွင် အုတ်ဖုတ်ရာအရပ်၊ အုတ်လုပ်ရောင်းချသူ၊ အုတ်ဝယ်ယူ၍ ဘုရားတည်သူများ စသည့်သုံးမျိုးထဲမှ တစ်မျိုးအားရေးမှတ်ထားလေ့ရှိကြောင်း သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်း၏မြန်မာ့အိုးသမိုင်းတွင် ဖတ်မှတ်လေ့လာသိရှိရပါသည်။

ပုဂံပြတိုက်တွင် အဆိုပါပြိုကျပျက်စီးနေသည့်အုတ်များအား စုစည်းထိမ်းသိမ်းထားရှိပြီး ယင်းအုတ်များအား အကဲ့ရာစဉ်သည့်အခါတွင် ယင်း (ပုဂံခေတ်) အုတ်များတွင် ပလိပ်အမည်ပါ အုတ်များပါရှိနေသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ ပုဂံခေတ်အုတ်များတွင် ပလိပ်အမည်ပါ အုတ်အား 'ပလိပ်ကာ'ဟု ရေးသားထားသည်။ ဒေါက်တာသန်းထွန်းက ပလိပ်သည် အုတ်ဖုတ်၍ ပေးပို့ရာဒေသဟု ကောက်ယူသုံးသပ်ထားသည်။

ထို့အပြင် ပလိပ် ဟူသော အသုံးအနှုန်းအား မန္တလေးနန်းတွင်းကျောက်စာရုံကျောက်စာအမှတ် (န-၅၉၅-က နှင့်ခ) ကော်နားဖီးနစ်ကျောက်စာတွင် ပလိပ်ရှိ လယ်ပယ်ဆယ်ပယ်ခွဲအား လှူဒါန်းကြောင်းရေးထိုးပါရှိသည်။ အဆိုပါကျောက်စာသည် သက္ကရာဇ် ၅၆၅ခုနှစ်ထိုး မြို့သူကြီးကော်နာဖီးနစ်ကျောက်စာ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ပုဂံသည်၏မြေး 'မပြေသင်'၊ 'အိုကြွက်သင်' တို့၏သား မြို့သူကြီး 'ကော်နာဖီးနစ်' နှင့် နှမ 'အိုညယ်ကြီး' တို့က အဘိုးအဘွားမိဘတို့၏ ကောင်းမှု ရှေးဟောင်းကြေးဘုရားကြီးနှင့် ဂူဘုရားတို့တွင် ပန်တျာကချေသည်စသည်များ လှူဒါန်းခြင်း၊ ပလိပ်လယ်ဆယ်ပယ်ခွဲ အပါအဝင် လယ်ယာများလှူဒါန်းခြင်း အုန်း၊ ထန်း၊ ညောင်ပင်များစိုက်ခြင်း၊ သင်ပုတ်၊ ဆီးမီးအလှူများပေးခဲ့ကြောင်း အလှူမှတ်တမ်းကို ရေးထိုးထားသော ကျောက်စာဖြစ်သည်။ ယင်းကျောက်စာအား ၁၉၅၆ ခုနှစ်တွင် အိုးထိန်းတောင်ရွာ ဦးထွန်းဝင်း၏ခြံမြေအတွင်းမှ တူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။ ယင်းကျောက်စာအရ ပလိပ်ဒေသသည် ပုဂံခေတ်ကတည်းက စည်ကားနေပြီ ဖြစ်ကြောင်း မှတ်ချက်ပြုနိုင်သည်။ သက္ကရာဇ် ၅၆၉ ခုနှစ် ပေါက်ကနားဒေါင်းပြားမင်းသည် မြို့ပေါင်း (၁၉) မြို့တည်သည့်အချိန်တွင် ပလိပ်မြို့တစ်မြို့လည်း ပါဝင်ခဲ့သည် အဆိုရှိပြန်သေးသည်။

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နန်းတက်တော်မူသော ဆင်ဖြူရှင်မင်းလက်ထက်တွင် မင်းရဲရာဇာဘွဲ့ခံ ရွှေနားတော်သွင်းချေင်း (ခ) ပလိပ်စားချေင်းအား သိကုံးဆက်သွင်းသည့် ဦးဖျော်အား ပလိပ်ရွာကို အပိုင်စားပေးသနားတော်မူ၍ ချီးမြှောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိသည်။

မြန်မာသက္ကရာဇ် ၁၁၂၅ကတည်းက စတင်၍ အစဉ်တစိုက် ကထိန်ခင်းလာခဲ့သည့် ပလိပ်ဒေသခံတို့၏ ပိတောက်ချောင်ကထိန်သည်လည်း ထင်ရှားကျော်ကြားခဲ့လေသည်။ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်တွင် ပလိပ်ဒေသခံတို့၏ အစဉ်အလာခင်းကျင်းလှူဒါန်းလာသည့်ကထိန်အားခင်းခွင့်မပြုကြောင်း ဘိုးတော်ဘုရား၏ မိဖုရားမှ အမိန့်ထုတ်ပြန်သည်မှ စတင်၍ ပလိပ်ပိတောက်ချောင်ကထိန်ပွဲသည်လည်း ထင်ရှားကျော်ကြားလာခဲ့သည်။ 'မြို့ပုဂံ ရွာပလိပ်' ဟူသော ဆိုရိုးနှင့်အညီ ဘာသာသာသနာ ချီးမြှောက်ယုံကြည်မှုထူးကဲသည့် ပလိပ်နယ်မြေသည် ပိတောက်ချောင်ကထိန်ခင်းခွင့် ရ၊ မရ ပြဿနာပေါ်ပေါက်ပြီး ဘုရင်၏မိဖုရားကိုပင် ဘာသာရေးကိစ္စများနှင့် ပတ်သက်၍ မရှုံးမပေး အနိုင်ယူခဲ့သော စိတ်ဓာတ်များကို ပိုမိုထင်ရှားစေခဲ့သည်။ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပလိပ်နယ်မြေပင် ဖြစ်ပေသည်။



ပလိပ်ဒေသရှိ
ရှေးဟောင်းသာသနိကအဆောက်အအုံများ

ဇဒုံမင်းလက်ထက် ၁၁၄၅ ခုနှစ် အမရပူရ ဓာတ်ကြွင်နန်းစိုက်စာရင်း အမိန့်တော်ပြန်တမ်းတစ်ခုတွင် အမရပူရနယ် တောင်ဘက်နယ်သတ်အရပ်ကို 'ပလိပ်ရွာကုန် ဗောဓိသတ်ဘုရား၊ ငါးရံ့ချောင်း၊ တိန်ညင်တော အပိုင်းအခြား'ဟု ဖော်ပြထားသည်။

သက္ကရာဇ် ၁၁၆၄ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက် နေ့စွဲပါ မက္ခရာမြို့ တံဆိပ်တော်ရ ကြေးတိုင်သူကြီး ငခွေးနှင့် မြို့စာရေးငပုတို့ ထွက်ဆိုချက်ပါ စစ်တမ်းသည် ရှေးအကျဆုံးနှင့် တိကျခိုင်မာသော မှတ်တမ်းတစ်ရပ်ပင်ဖြစ်လေသည်။ ထိုစစ်တမ်းမှာ ဇဒုံမင်းလက်ထက်က မက္ခရာနယ်မြေဖြစ်သည်။

ပလိပ်သည် လယ်တွင်းကိုးခရိုင်နယ်သတ်အရပ်လည်းဖြစ်သည်။

'မက္ခရာပုံတော်ပါ နယ်မြေသည်

------------------------------------------

------------------------------------------

------------------------------------------

အနောက်မြောင်ထောင့်အလား ဒုဋ္ဌာဝတီမြစ်ကောက်ကောက်စင်းစင်းထိ ပလိပ်ရွာမြေအစပ်'

ဟု ဖော်ပြပါရှိသည်။

မန္တလေးရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်က ဒုဋ္ဌဝတီမြစ်၏ အနောက်ဘက်ကမ်းစပ်တွင် ကျောက်တိုင်များစိုက်ထူ၍ မက္ခရာနှင့် မန္တလေးရတနာပုံရွှေမြို့တော်နယ်ကြီးမှတ်အရပ်တို့ကို အခိုင်အမာခွဲခြားသတ်မှတ်ထားခဲ့လေသည်။

ပလိပ်သည် ဘာသာရေး သာသနာရေးတို့၏အောင်မြေအောင်ရပ်ဟုတင်စားခေါ်ဝေါ်နိုင်သည့် အရပ်ဒေသပင် ဖြစ်၏။ စေတီပုထိုးများ၏ ဆည်းလည်းသံတချွင်ချွင်၊ ဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းခေါက်သံတလွင်လွင်နှင့် ဗုဒ္ဓသားတော်များ၏ စာအံသံတညံညံဖြင့် ထုံးဖြူဖွေးသည့်စေတီသာများနှင့်သာယာလှပလျက်ရှိနေပေသည်။

ပလိပ်နယ်မြေသည် ဗုဒ္ဓဘာသာ စေတီဘုရားများ၏ အရိပ်အာဝါသအောက်တွင် တည်ရှိသောကြောင့် အစဉ်သဖြင့် ရာသီဥတုသာယာ၏။ မိုးလေဝါသမှန်ကန်ခဲ့ပြီး စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ခဲ့ကာ သူတော်ကောင်းတရားများ ပွားများလျက် ဘာသာရေးအလေးအထား အားပေး ချီးမြှောက်ခဲ့သည့် နယ်မြေတစ်ရပ်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်လည်း ပုဂံခေတ် 'လှည်းဝန်ရိုးသံတညံညံ ပုဂံဘုရားပေါင်း' ဟူသော စကားနှင့်အညီ ပေါများလှသည့် စေတီပုထိုးများနည်းတူ ပလိပ်ဒေသတွင်လည်း စေတီပုထိုးတော်များစွာအားတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ 'မြို့ပုဂံ ရွာပလိပ်' ဟူသော စကားပေါ်ထွက်လာခြင်းသာ ဖြစ်ပေမည်။ ပလိပ်ယဉ်ကျေးမှုနယ်မြေဒေသသည် ပုဂံခေတ်ကာလမှ ရတနာပုံခေတ်နှောင်းကာလများအထိ သမိုင်းကွင်းဆက်ရှည်လျားခဲ့ပြီး စည်ပင်သာယာခဲ့သော ယဉ်ကျေးမှုနယ်မြေဒေသဖြစ်သည်။ဗိသုကာဆိုင်ရာတန်ဖိုးအနေဖြင့် အင်းဝခေတ်ဦးပိုင်းနှင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလအထိ ဗိသုကာဆိုင်ရာ ပန်းရန်အတတ်၊ ပန်းတော့အတတ်၊ ပန်းချီ၊ ပန်းပုအတတ်များကို တွေ့မြင်လေ့လာအကဲဖြတ်နိုင်မည် ဖြစ်သည်။

အနုသုခုမဆိုင်ရာများ၊ အမွေအနှစ်များကို လေ့လာရာတွင် ရှေးဟောင်းမုခ်တံကဲများ၊ ရွှံ့လုံးတန်း၊ ကြာဖတ်၊ နံရံဆေးရေးပန်းချီများမှ မြန်မာ့အနုသုခမဆိုင်ရာတန်ဖိုးများကို တွေ့မြင်လေ့လာနိုင်မည် ဖြစ်သည်။

နိုင်ငံတော်အတွင်းမြို့ရွာများအနက် ၁၁၈၉ ခုနှစ်မှ ၁၂၁၂ခုနှစ် အတွင်း သင်းဘွဲ့မြို့ရွာများက ဆက်သွင်းသည့် သင်းထမ်းမြို့သင်းဘွဲ့ရာပါ သွေ့ာကြီးအကြပ်အမှုထမ်းရွှေတိုက်စာရင်းတွင် တောင်ဘက်ကိုးခရိုင် ပလိပ်ရွာနှင့် တဘက်ဆွဲရွာတို့သည်လည်း အပါအဝင်ဖြစ်ခဲ့သည်။

လယ်တွင်း (၉) ခရိုင်အတွင်း ထင်ရှားကျော်ကြားသည့်ရွာများတွင်



www.burmeseclassic.com

www.burmeseclassic.com

သည်း ပလိပ်ဈေးသည်လည်း အပါအဝင် တစ်ခုဖြစ်ပေသည်။

လယ်တွင်း(၉)ခရိုင်ဈေးများမှာ-

၁။ လှည်းကူးဈေး၊
၂။ မြို့ကြီးဒေါင်မီးဈေး၊
၃။ လွန်ကျော်ဈေး၊
၄။ သံရွာဈေး၊
၅။ ဂူမည်းဈေး၊
၆။ ရေဝန်းဈေး၊
၇။ မြစ်သားဈေး၊
၈။ ဟန်းမြင်းဘို(ဟံမြင့်မိုရ်)ဈေး၊
၉။ သံမ်တလင်းဈေး၊
၁၀။ ကျောက်ဆည်ဈေး၊
၁၁။ ပွတ်တိုင်ဈေး၊
၁၂။ ဒွေးလှဈေး၊
၁၃။ ရနန်းဈေး၊
၁၄။ သစ်ခေါက်ဈေး၊
၁၅။ ဘယ်လင်းဈေး (နောက်မှဖြစ်သည်)၊
၁၆။ စဥ့်ကိုဈေး၊
၁၇။ ပလိပ်ဈေး၊
၁၈။ မင်းစုဈေး (နောက်မှဖြစ်သည်)၊
၁၉။ ပင်တလဲ၊
၂၀။ ရမ္မန်းဈေး၊
၂၁။ ရွာပုလဲဈေး၊
၂၂။ မြင်းခုံတိုင်ဈေး တို့ ဖြစ်ကြသည်။

ယခုအခါ ပလိပ်ရှေးဟောင်းယဥ်ကျေးမှုနယ်မြေဒေသတွင် ရတနာပုံခေတ် အဆောက်အအုံများကို အများဆုံးတွေ့မြင်လေ့လာနိုင်မည်ဖြစ်သည်။ယဥ်ကျေးမှုအမွေအနှစ်စေတီပုထိုးများစွာတည်ရှိနေသည့် ပလိပ်နယ်မြေအား နိုင်ငံတော်အစိုးရမှရှေးဟောင်းယဥ်ကျေးမှုဇုန်အဖြစ် ပိုင်းခြားသတ်မှတ်၍ ထိန်းသိမ်းထားရှိလျက်ရှိပါသည်။

## ■ ယဥ်ကျေးမှုထိန်းသိမ်းရေးဇုန်

ယဥ်ကျေးမှုဝန်ကြီးဌာနယဥ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ(၄)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ပလိပ်ဒေသ၌ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်များကို ၂၀၀၈ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၀၈ ဖြင့် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားရှိခဲ့ပါသည်။

ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်အဖြစ် ရတနာလာဘမုနဆုတောင်းပြည့်မြွေဘုရားကုန်းမြေပေါ်ရှိ ရှေးဟောင်းဘုရားအမှတ် (၁) မှ (၂၇) အထိအစုလိုက်ရှိသော ဘုရားများ၏ အုတ်တံတိုင်းအပြင်ဘက် (၂၅)ပေကွာအထိ၊ ဗန်းမော်ကျောင်းတိုက်ဘုရားများအုတ်တံတိုင်းမှ အပြင်ဘက် (၂၅)ပေကွာအထိ ကြိတ်ကုန်းကျောင်း၏ဧရိယာအတွင်းရှိ ရှေးဟောင်းဘုရားအမှတ် (၁၃၃) မှ ရှေးဟောင်းဘုရားအမှတ် (၁၅၈) အထိ အစုလိုက်ရှိသော ဘုရားများ၏အုတ်တံတိုင်းမှ အပြင်ဘက် (၂၅) ပေအကွာအထိ၊ ပါဠိလိကျောင်း၏ ဧရိယာအတွင်းရှိ ရှေးဟောင်းဘုရားအမှတ် (၁၅၉)၊ ရှေးဟောင်းဘုရားအမှတ်(၁၆၅) အထိ အစုလိုက်ရှိသောဘုရားများ၏ အုတ်တံတိုင်းမှအပြင်ဘက် (၂၅)ပေကွာအထိ၊ ဗောဓိကျောင်း၏ ဧရိယာအတွင်းရှိ ရှေးဟောင်းဘုရားအမှတ် (၁၆၆) မှ (၂၁၀) အထိ အစုလိုက်ရှိသော ဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက်(၂၅) ပေအကွာအထိ၊ လေးထပ်ကျောင်း၏ ဧရိယာအတွင်းရှိ ရှေးဟောင်းဘုရားအမှတ် (၂၁၁) မှ ရှေးဟောင်းဘုရားအမှတ် (၂၃၉) အထိ အစုလိုက်ရှိသော ဘုရားများ၏အုတ်တံတိုင်းမှအပြင်ဘက် (၂၅) ပေအကွာအထိ နောက်တော်ပါကျောင်း၏ ဧရိယာအတွင်းရှိ ရှေးဟောင်းဘုရားအမှတ် (၂၄၀) မှ (၂၆၁) ရှိဘုရားများ၏ အုတ်တံတိုင်းမှ အပြင်ဘက် (၂၅) ပေအကွာအထိ ဧရိယာနယ်မြေကို သတ်မှတ်ထားရှိထားပါသည်။

ရှေးဟောင်းနေရာတည်ရှိရာဇုန်အဖြစ် အရှေ့ဘက်သို့လားသော် ရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရားကုန်းမြေမှ ကြိတ်ကုန်းကျောင်းအထိ အတန်းလိုက်ရှိသော ဘုရားစုများမှ ပေ (၃၀) အကွာအထိ အနောက်ဘက်လားသော် မြောက်မြေရပ်ချမ်းသာကြီးဘုရားစုများ၊ နောက်တော်ပါရပ်ရတနာမဥ္ဇူစေတီဘုရားစုအထိ အစုလိုက်ရှိသော ဘုရားများမှ ပေ (၃၀) အကွာထိ၊ တောင်ဘက်သို့လားသော် ဗောဓိကျောင်းနှင့် လေးထပ်ကျောင်းအထိ အတန်းလိုက်တည်ရှိနေသော ဘုရားစုများ အုတ်တံတိုင်းမှ ပေ (၃၀)အကွာအထိ၊ မြောက်ဘက်သို့လားသော် ရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရားကုန်းမြေနှင့် မြောက်မြေရပ်ချမ်းသာကြီးဘုရားအထိ အစုလိုက်ရှိသော ဘုရားများမှ ပေ (၃၀) အကွာထိ ဧရိယာနယ်မြေကို သတ်မှတ်ထားပါသည်။

ကာကွယ်ထိန်းသိမ်းရေးဇုန်အဖြစ် အရှေ့ဘက်လားသော် ဒုဌဝတီမြစ်ကူးတံတားကွေ့မှ အင်းလျားကန်သာအေးကျေးရွာနှင့်ဒုဌဝတီအနောက်ဘက်ကမ်းတစ်လျှောက် ယင်းမှ ရွာဟောင်းကုန်းကျေးရွာအထိ တောင်ဘက်သို့လားသော် ရန်ကုန် - မန္တလေးကားလမ်းဝဲယာနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်သွားလမ်းအဆုံ၊ ယင်းမှ အနောက်ဘက်သို့ ပန်းလောင်မြစ်အရှေ့ဘက်ကမ်းနှင့် မြစ်ကူးတံတားအဆုံးထိ မြောက်ဘက်လားသော် မြောက်ကိုင်းကျေးရွာနှင့် ယင်းမှ ဒုဌဝတီမြစ်တောင်ဘက်ကမ်းတစ်လျှောက် ထောင့်ချိုးကွေ့အတိုင်း အစနှင့်အဆုံးအထိ အနောက်ဘက်သို့လားသော် ဒုဌဝတီမြစ်ထောင့်ချိုးကွေ့အရှေ့ဘက်ကမ်းတစ်လျှောက် စိတ္တရရွာမှ ဒုဌဝတီမြစ်အရှေ့ဘက်ကမ်းတစ်လျှောက်ရှိ ပလိပ်ကျေးရွာ၊ တစ်ဘက်ဆွဲကျေးရွာ၊ ယင်းမှ ပန်းလောင်းမြစ်အနောက်ဘက်ကမ်းတစ်လျှောက်နှင့်အပြည်ပြည်ဆိုင်ရာလေဆိပ်သွားလမ်းဆုံအထိဟူ၍ ဇုန်အမျိုးအစားသုံးမျိုးဖြင့် ပိုင်းခြားသတ်မှတ်ကာ ယဥ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

သမိုင်းရနံ့များ သင်းထုံလျက်ဒုတိယပုဂံဟုပင် တင်စားခေါ်ဝေါ်လျက်ရှိသည့်လယ်တွင်း(ကျောက်ဆည်နယ်)ရှိ စေတီပုထိုးများတစုတစည်းတည်းတည်ထား ကိုးကွယ်ထားသည့် ပလိပ်ရှေးဟောင်းယဥ်ကျေးမှုနယ်မြေသို့လာရောက်လေ့လာနိုင်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

တိုက်ကြည် (စဥ့်ကိုင်)

**ကိုးကား -**

ဦထွန်းရီ၊ ရှေးဟောင်းသုတေသီ တစ်ဦး၊ ပြည်သူ့ကြေးမုံ နန်းမျှရိပ်မြုံ စစ်တမ်းစာရင်းနှင့် မင်းခမ်းစာတမ်း (နိဒါန်းကျမ်း)

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်) အမရပူရကြင့်နန်း၊ စာပေဗိမာန်ဆု


ဒေါ်ခင်ဆွေဦး (ဦးစီးအရာရှိ) ရှေး/သု၏မှတ်တမ်းများ

သမိုင်းရနံ့သင်းကြိုင် လယ်တွင်းမြေမှ မြို့စဥ့်ကိုင် (တိုက်ကြည် စဥ့်ကိုင်)



www.burmeseclassic.com

www.burmeseclassic.com



# စိုးထွန်း(ဥပဒေ)
# ဝင့်ကြွေး

ပုသိမ်-မော်တင်ကားလမ်းဘေးက နဂါးပတ်တောင်မှာ ကျုပ်သီတင်းသုံးဖြစ်မယ်လို့ စိတ်ကူးထဲတောင် မရှိပါဘူး။ ကျုပ်ရဲ့ ဆရာတော်လွှတ်လို့ သူ့ကိုယ်စား ရှာဟောင်းကြီးရောက်လာတယ်။ ကျုပ်ဆရာတော်က တာဝန်ပေးတဲ့အတိုင်း အလှူခံသင့်တာခံ၊ တရားဟောသင့်သလောက်ဟော၊ ရေစက်ချ၊ အမျှပေးစတဲ့ကိစ္စတွေပြီးချိန်မှာ -

"အရှင်ဘုရား၊ တပည့်တော်တို့ဒေသမှာနေမလား။ ကျောင်းဆောက်ပေးမယ်၊ ရေလည်းအဆင်ပြေစေရမယ်၊ တပည့်တော်က ပစ္စည်းလေးပါးလည်း ထောက်ပံ့မယ်ဘုရား။ ဘယ်နှယ့်နေမလားဘုရား"

"ဒီလိုအဆင်ပြေလို့ကတော့နေမှာပေါ့ဒကာရယ်"

ကျုပ်က ဒီလိုနှုတ်ကျွံသွားတယ်။ ကျုပ်ကတောထွက်ကြီး။ ပရိယတ္တိဆိုတာဘာမှမတတ်ပါဘူး။ ဒါကြောင့် ပဋိပတ်ကိုပဲအားခဲပြီးလုပ်နေရတယ်။ ကျုပ်နေတဲ့မြို့ပေါ်မှာ ဒီလိုရေကန်အသင့်ကြာအသင့်နေခွင့်ရဖို့ဆိုတာ ဘယ်လာလွယ်ပါမလဲ။

သိပ်မကြာလိုက်ပါဘူး။ နွေလသတင်းပေါက်ချိန်မှာ ကျုပ်ကို ကျောင်းအပ်ဖို့ရွာကိုလာခဲ့ပါဆိုတဲ့ စာတစ်စောင်ရောက်လာတယ်။ ကျုပ်ရဲ့ ဥပဇ္ဈာယ်ဆရာတော်ကလည်း ခွင့်ပြုလိုက်တော့ ကျုပ်ရွာဟောင်းကြီးရောက်လာတယ်။

ဟိုရောက်တော့ နဂါးပတ်တောင်ကိုခေါ်သွားတယ်။ ရွာဟောင်းကြီးနဲ့ တစ်မိုင်ကျော်တော့ ဝေးပါလိမ့်မယ်။ ဒီနဂါးပတ်တောင်က ဦးလှမောင်ပိုင်တဲ့တောင်တဲ့ဗျ။ ကျောင်းလေးက နေချင့်စဖွယ်လေးပါပဲ။ ဘေးမှာလည်း အဝိစိတွင်းက ရေတုံကင်တပ်ပြီးသားလေး။ ဦးလှမောင်က ကြိုတင်စီစဉ်ထားသလို ကျောင်းရှေ့မြေကွက်လပ်မှာ မဏ္ဍပ်ထိုးပြီး ရေစက်သွန်းချလှူဒါန်းလိုက်တာကိုး။ အဲဒီကတည်းက ကျုပ်လည်း ကျောင်းထိုင်ဆရာတော်ရာထူးရသွားတယ်။ ဒါပေမယ့် တောဘုန်းကြီးဟာ တောဘုန်းကြီးပါပဲ။

တောနေသံဃာမှာ အကြီးမားဆုံးအခက်အခဲက သက်န်းပါပဲ။ တောနေလူထုက ဝါဆိုလဖြစ်ဖြစ်၊ ကထိန်ရာသီဖြစ်ဖြစ်သင်္ကန်းတွေလှူကြပါတယ်။ ဒီလိုလှူပြီဆိုရင် လူတိုင်းက သဒ္ဓါတရားရှိကြတော့ တစ်ဦးတစ်စုံလောက်လှူကြတော့ တစ်နှစ်ပြည့်တာနဲ့ ဘုန်းကြီးမှာ သင်္ကန်း (၁၂) စုံလောက်ရတယ်ဗျ။ ဒါပေမယ့် အဖိုးနည်းဝန်ပါ ဝယ်ကြရတော့ သင်္ကန်းတွေက ပါးလွန်းအားကြီးတော့ ကျုပ်တို့က ဆိုင်ကိုသွားပြီး (၄) စုံကို တစ်စုံနဲ့လဲရတယ်ဗျ။အဲဒီလိုလဲတဲ့သင်္ကန်းမှဝတ်လို့သင့်တော်ပါတယ်။ ဒီဒုက္ခကိုတော့ တောနေကိုယ်တော်တိုင်း ကြုံကြပါလိမ့်မယ်။

နောက်ဆွမ်းအခက်အခဲကလည်း ရှိသေးသဗျ။ ကျုပ်သီတင်းသုံးတဲ့ နဂါးပတ်တောင်ခြေမှာ အိမ်ခြေက (၇)လုံးပဲရှိတယ်။ ပုသိမ်-မော်တင်ကားလမ်းဘေးမှာတော့ (၁၀) အိမ်လောက် အရှိသား။ ဒါပေမယ့် မိုးတွင်းဆိုရင် စောင်ကျချောင်းနှစ်ချောင်းက တဝေါဝေါဆင်းနေလို့ ဘယ်လာသွားရဲပါမလဲ။ ဒါကြောင့် တောနေဘုန်းကြီးတိုင်း ထမင်းခြောက်ကို အားကိုးရတာပေါ့။ ဘုန်းကြီးကတော့ ဆွမ်းအတွက် အဆင်မပြေရင်-စုထားတဲ့ထမင်းခြောက်ကိုပြုတ်ပြီး ယာဂုဆွမ်းဖြစ်အောင်လုပ်၊ ပြီးတော့ဘုရားကပ်၊ ဘုရားကစွန့်တော့မှ ကျုပ်ကဘုဉ်းပေး။ ဒီလို ဘုဉ်းပေးရတဲ့နေ့တွေလည်း မနည်းလှပါဘူး။

ကျုပ်က ပဋိပတ်ကို ကြိုးစားတဲ့အနေနဲ့ နေ့ရောညရော တရားထိုင်လိုက်တာ တော်တော်လေးခရီးပေါက်သဗျ။ မြို့မှာကတည်းက တရားထိုင်တဲ့အကျင့်ကရပြီးသားဖြစ်လို့ ဆက်ပြီးကျင့်ရုံပါပဲ။ လူသူလေးပါးလည်း တိတ်ဆိတ်၊ အချိန်တွေကလည်းပိုနေတော့ ရသမျှအချိန်တိုင်း တရားထိုင်ခြင်းနဲ့ပဲ အချိန်ဖြုန်းလိုက်တယ်။ ဘုန်းကြီးဆီမှာ ရှာသားတွေလာလာလှူတဲ့ ဆိတ်တွေ၊ ကြက်တွေ၊ ကြောင်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသဗျ။ ကျုပ်က ဘေးမဲ့လွှတ် ထားပေမယ့် ဆိတ်ရော၊ ကြက်ရော ည အိပ်ချိန်ဆို ပြန်ရောက်လာကြတယ်။ ကျုပ်နဲ့ အရင်ဘဝတွေက ပဋ္ဌာန်းဆက် ရှိတဲ့သတ္တဝါလေးတွေဖြစ်ပါလိမ့်မယ်။

တစ်နေ့ကျုပ်တရားထိုင်နေတုန်း အသံတစ်သံကြားရတယ်။

"အရှင်ဘုရား၊ တပည့်တော်ကို ကယ်ပါဘုရား"

လို့ ကြားလိုက်ရတာ [illegible] တရားထိုင်ချိန်မှာကြား [illegible]

www.burmeseclassic.com

www.burmeseclassic.com

နှောင့်တာလား၊ သွေးတိုးစမ်းတာလားလို့ ဆန်းစစ်ကြည့်နေတယ်။ သိပ်မကြာလိုက်ဘူး။

ဒုတိယအကြိမ် -

"အရှင်ဘုရား၊ တပည့်တော်ကို ကယ်ပါဘုရား"

လို့ ထပ်ပြီးတော့ ကြားပြန်တယ်။ တတိယအကြိမ်အထိကြားနေရတော့မှ ဒါဟာဖျက်တာလည်းမဟုတ်ဘူး၊ နှောင့်တာလည်းမဟုတ်ဘူး။ တကယ်အကူအညီလိုနေလို့ အကူအညီတောင်းတယ်ဆိုတာသိလာတယ်။ ကျုပ်ကလည်း စိတ်ထဲကနေ -

"မင်းကိုကယ်ရအောင် မင်းက ဘယ်သူလဲ၊ ဘယ်မှာလဲ၊ ငါ့ကိုရှင်အောင် ပြောဦးလေ"

"တပည့်တော်က နွားတစ်ကောင် ပါဘုရား။ အရှင်ဘုရားကျောင်းရဲ့ တောင်ခြေနားမှာ နွား (၁၀) ကောင်နဲ့ အတူရောက်နေပါတယ်။ မနက်ရောက်ရင် သားသတ်ရုံပို့ပါတော့မယ်။ တပည့်တော်ကို ရရာဈေးနဲ့ဝယ်လိုက်ပါဘုရား။ တပည့်တော်ပြန်ဆပ်ပါ့မယ်"

"ဟဲ့ နင်က နွား (၁၀) ကောင်နဲ့ အတူရောက်တာတော့ဟုတ်ပါလိမ့်မယ်။ နင့်ကို ဘုန်းကြီးက ဘယ်လိုရွေးချယ်ရမလဲ"

"ဒါကလွယ်ပါတယ်ဘုရား။ နွား (၁၀) ကောင်စလုံးက နီညိုရောင်တွေပါ။ တပည့်တော်တစ်ကောင်တည်းအဖြူရောင်ပါဘုရား။ ထိပ်မှာ နီညိုကွက်ကလေးလည်း ပါပါတယ်"

ဘုန်းကြီးတရားထိုင်တဲ့သက်တမ်းမှာ ဒီတစ်ကြိမ်ဟာ အထူးခြားဆုံးပဲ။ တိရစ္ဆာန်က လူစကားပြောတာရယ်၊ သူပြောတာကို ဖုန်းနဲ့နားထောင်ရသလို ကြားနေရလို့ တော်တော်လေးထူးဆန်းနေတာပေါ့။ ဒီလိုကြားတာ တကယ်လား။ ပရလောကကြီးက သွေးတိုးစမ်းတာလားသိရအောင် လက်တွေ့ဆောင်ရွက်ကြည့်ရမယ်လို့ ဆုံးဖြတ်ပြီး ကျုပ်ရဲ့ ကျောင်းဒကာ ဦးလှမောင်ကို ခေါ်လိုက်တယ်။

"ကဲ- ဒကာဦးလှမောင်ရေ၊ ကျုပ်မှာစုထားတဲ့ ဝတ္ထုငွေလေးတွေရှိတယ်။ ဒါကိုယူသွား။ ပုသိမ်-မော်တင်ကားလမ်းဘေးမှာ သားသတ်ရုံပို့မယ့် နွား (၁၀) ကောင် ခဏနားနေတယ်။ အဲဒီနွားအုပ်ထဲက ထိပ်ကွက်နဲ့အဖြူရောင်နွားကိုဝယ်ခဲ့။ မလောက်ရင်စိုက်ခဲ့ပေါ့။ ဝယ်ဖြစ်အောင် ဝယ်လိုက်နော်"



ဒီလိုနဲ့ နွားဖြူတစ်ကောင် ကျုပ်ဆီရောက်လာတယ်။ အခုတော့ ကျုပ်ရဲ့ ခြံထဲမှာ ဆိတ်ရယ်၊ ကြက်ရယ်၊ ကြောင်ရယ်၊ နွားရယ်ရောက်နေပါတယ်။ ဘယ်အကောင်မှ ကြိုးချည်မထားပါဘူး။ဘယ်လိုလွှတ်ထားလွှတ်ထား ဒီကောင်တွေကလည်း အိပ်တန်းတက်ချိန်ဆိုကျောင်းအောက်ပြန်ရောက်လာတယ်ဗျ။ ဒါဟာ အရင်ဘဝက ပဋ္ဌာန်းဆက်ရှိတဲ့သတ္တဝါတွေဖြစ်လိမ့်မယ်လို့ အသိတစ်ခုလည်း အလိုလိုဝင်လာတယ်။

တစ်ည တရားမှတ်နေတုန်း -

"အရှင်ဘုရား၊ တပည့်တော်နွားဖြူပါ။ မနက်ဖြန်ရောက်ရင် ရွာသားတစ်ယောက်လာလိမ့်မယ်။ သူက တပည့်တော်ကို လာပြီးငှားဖို့လာတာပါ။ အရှင်ဘုရား ခွင့်ပြုပေးလိုက်ပါ။ အရှင်ဘုရားကိုတပည့်တော်လုပ်အားနဲ့ကျေးဇူးဆပ်ပါရစေ"

ကျုပ်လည်း တော်တော်အံ့သြသွားတယ်။ ဒီနွားကို ကယ်တင်ပြီးရင် ပြီးပြီမှတ်တာ။ ဒီကောင်ကြီးက လုပ်အားနဲ့ ကျေးဇူးဆပ်မယ်ဆိုပါလား။ အေးလေ၊ အရင့်အရင်ဘဝတွေက ဝဋ်ကြွေးတွေရှိလို့ထင်ပါရဲ့။ သူပြောတဲ့နေ့ရောက်ရင် မှန်မမှန်စောင့်ကြည့်ရဦးမယ်လို့ စိတ်ထဲမှာတွေးနေတယ်။

သူပြောတဲ့နေ့ရောက်လာတော့ တကယ်ရောက်လာတာဗျ။ ချောင်းဖျားရွာက ကိုခင်ညိုရောက်လာတာပါ။ ဘုန်းကြီးကို ဈေးပြောပါဆိုတော့ ကျုပ်က ဘုန်းကြီးမှာ ဈေးဆိုတာမရှိဘူး။ ဒကာကြည့်သာပေး။ ဒကာပေးတဲ့တန်ကြေးဟာ ဈေးပါပဲ။ ကျုပ်ပြောချင်တာက ဒီကောင်ကြီးဟာ လူစကားကို တော်တော်လေးနားလည်တယ်။ ရိုက်ပြီးခိုင်းတာမျိုးမလုပ်ဖို့ ဘုန်းကြီးမှာလိုက်ပါရစေလို့ ကျုပ်ကပြောလိုက်ရတယ်။

ကျုပ်က သူ့ကို နဖြူလို့မှည့်ထားတာ။ နဖြူကြီးက တစ်မိုးကို စပါး (၄၀) လုပ်ကျွေးတယ်။နှစ်မိုးပြီးတော့ ဘုန်းကြီးဆီမှာ စပါး (၈၀) ရပြီးနေပါပြီ။ ကျုပ်က ဒီနဖြူပြောတာပဲ အမြဲကြားနေရပြီး ကျုပ်ကစပြီး တစ်ခါမှစကားမပြောဖြစ်ဘူး။ ဒီနေ့တော့ ငါကစပြီး ဒီကောင့်ကို ပြောကြည့်ဦးမယ်ဆိုပြီး တရားဖြုတ်တဲ့အချိန်မှာ သူ့ကိုစိတ်ညွှတ်လိုက်တယ်။

"မင်း ငါ့အတွက် လုပ်အားနဲ့ လုပ်ကျွေးတာ စပါး (၈၀) ရပြီလေ။ မင်းလည်း အသက်အရွယ်ရလာပြီ။ဝဋ်ကြွေးက မကျေသေးဘူးလား။ ဘုန်းကြီးက ဒီလောက်နဲ့ကြွေးကျေပြီလို့ မှတ်လိုက်တယ်။ ငါပြောတာ မင်းကြားရင် ငါ့ကို ပြန်ပြီးပြောစမ်း"

လို့ ကျုပ်ကစိတ်နဲ့ပြောကြည့်တာ၊ ဒီကောင်က ကြားပုံရတယ်။ ဒါဆိုရင် ဒီနွားကြီးဟာ ပရဒတ္တူပဇီဝိကပြိတ္တာမျိုးထဲမှာပါနေတာလား။ ဒီပြိတ္တာတစ်မျိုးသာ လူတွေအမျှပေးရင် သူတို့က သာဓုခေါ်နိုင်တာကိုး။ အခုလည်း ကျုပ်ပြောတာကြားတာနဲ့ -

"အရှင်ဘုရားပြောတာ ကြားပါတယ်ဘုရား။ တပည့်တော်ဝမ်းသာလိုက်တာဘုရား။ အရှင်ဘုရားကိုယ်တိုင်က ဝဋ်ကြွေးတွေကျေပြီဆိုမှ ဒီဝဋ်ကြွေးက ပြီးပြတ်သွားပါတယ်ဘုရား။ ဝဋ်ကြွေးကုန်ပြီဆိုရင် တပည့်တော် ဒီခန္ဓာကိုစွန့်ဖို့ အချိန်ရောက်လာပါပြီ။ အဲဒီရွာသားလက်ထဲမှာ သေပါလိမ့်မယ်။ တပည့်တော်သေရင် ဦးခင်ညိုကို ပုံသကူအသားအဖြစ် လူအများစားကြပါစေ။ အရှင်ဘုရားက ခွင့်ပြုတယ်လို့သာ ပြောပေးပါ။

ကျုပ်ကို ဒီလိုပြန်ပြောတာဗျ။ ဒီနဖြူအဖြစ်ကို မြင်လိုက်ရတော့မှ ဝဋ်ကြွေးဆိုတာ တယ်ပြီးကြောက်စရာကောင်းပါလားလို့ တရားသံဝေဂရလာပါတယ်။လူတိုင်းလူတိုင်းလည်း ဘုန်းကြီးရဲ့အဖြစ်အပျက်ကိုဖတ်ပြီး သေတဲ့အချိန်မှာ ကြွေးကင်းကင်းနဲ့ ဘဝကူးကောင်းအောင်ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်။

(နဂါးပတ်တောင်ဆရာတော်ကြီး ဦးနန္ဒာစရိယ၏ အဖြစ်အပျက်အား စာပန်းချီခြယ်မှုန်းခြင်း ဖြစ်ပါသည်။)

စိုးသွန်း(ဘုဒ္ဒ)



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအနန်းသွင်

## စိတ်ကောင်းရှိဖို့

တောင်မြို့ဆရာတော်အရှင်ဇနကာ ဘိဝံသသည် သူ၏တပည့်များအတွက် လိုအပ်သော အရည်အချင်းများကို သတ်မှတ်ရာတွင် -

'စိတ်ကောင်းရှိဖို့က ပထမ' ဟူ၍ သတ်မှတ်ပါသည်။

ကမ္ဘာ့လူသားအားလုံးတို့အတွက် လိုအပ်ချက်ကား စိတ်ကောင်းပင်ဖြစ်ပါသည်။ ကမ္ဘာ့ပေါ်တွင် စိတ်ကောင်းရှိသူများလျှင်များသလောက် ကမ္ဘာ့လူသားများအေးချမ်းသာယာပြီး ချမ်းသာသုခနှင့်နေကြရမှာဖြစ်ပြီး -

စိတ်ကောင်းရှိသူနည်းလျှင်နည်းသလောက် ကမ္ဘာ့လူသားများဆင်းရဲဒုက္ခရောက်ကြရပြီး ကမ္ဘာကြီးပူလောင်ဆူပွက်နေမည် ဖြစ်ပါသည်။

စိတ်ကောင်းဟူသည်မှာ ကျွန်တော့်အယူအဆအရ မိမိမှတစ်ပါး အပိုင်းအခြားမရှိသော၊ အကြွင်းအကျန်မရှိသောအခြားသူများကို (က) မဆင်းရဲစေလိုခြင်း၊ (ခ) ချမ်းသာစေလိုခြင်းစိတ်ဖြစ်ပါသည်။

မနောကံ၊ ဝစီကံ၊ ကာယကံ ဟူ၍ ကံသုံးပါးရှိရာ မနောကံမှစရသည်ချည်း ဖြစ်ပါသည်။ စိတ်ကကြံပြီးမှ ပြောပါသည်၊ စိတ်ကကြံပြီးမှလုပ်ပါသည်။

အချို့အလုပ်များသည် ဝစီကံအလုပ်မျှ၊ အချို့ကံများသည် ကာယကံအလုပ်မျှဖြစ်ပြီး အချို့ကံများသည် ဝစီကံရော ကာယကံပါပါသည့်အလုပ်ဖြစ်ပါသည်။

စိတ်ကို အတိတ်ကံပါ ဗီဇမွေးရာပါဟူ၍မှတ်ယူပြီး ပြုပြင်၍မရဟု ယူဆကြပါသည်။ မဟုတ်ပါ။ ပြုပြင်၍ရပါသည်။ ရှေးမြန်မာလူကြီးများသည် လူ့ဘဝသို့ရောက်ရှိလာမည့် ကလေးငယ် ၏စိတ်ကို မိခင်၊ ဖခင်လောင်းများက စတင်ပြုပြင်ပုံသွင်းကြပါသည်။

မိခင်လောင်းတွင် သန္ဓေမှီးသည်နှင့် ထိုမိခင်လောင်းဥပုသ်သီလဆောက်တည်စေခြင်း၊ အပြောအဆို အယူအဆယဉ်ကျေးသိမ်မွေ့စေခြင်း၊ စိတ်ကောင်းစေတနာကောင်းများထားစေခြင်းစသည်တို့ဖြင့် စတင်ပြုပြင်ကြပါသည်။

ကျွန်တော်(၁၈)နှစ်သားက ရန်ကုန်မြို့ကိုထွက်လာပါသည်။ ရွာပြန်မနေဖြစ်တော့ပါ။ ရန်ကုန်တွင်ပင် အိမ်ထောင်ကျပါသည်။ သမီးဦးကိုယ်ဝန်အတော်ရင့်မှ မိဘရပ်ထံဆွေးမြူမျိုးမြုမြန်ဖြစ်ပါသည်။

အမေက ကျွန်တော့်ဇနီးအား -

စိတ်ကို နူးညံ့အောင်ထားဖို့၊ သူတစ်ပါးအသက်မသတ်ဖို့၊ မညည်းဆဲဖို့၊ သူတစ်ပါးပစ္စည်းကို မတရားမလိုချင်ဖို့ စသည်တို့ ဆုံးမပြီး -


ကလေးမွေးလာတဲ့အခါ ကလေးကို အိပ်မပျော်တပျော်အချိန်မှာ -

"သား သို့မဟုတ် သမီးဟာ စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်ရမယ်။ လိမ္မာသူဖြစ်ရမယ်။ ယဉ်ကျေးသူဖြစ်ရမယ်၊ လူကြီးမိဘဆိုဆုံးမတာကို လိုက်နာသူဖြစ်ရမယ်လို့ နားနားကပ်ပြီးတိုးတိုးပြောပေး။ ချော့သိပ်တော့ သီချင်းမဆိုနဲ့ ဘုရားစာဆို"

စသည်ဖြင့်ဆုံးမသွန်သင်ပါသည်။

ကျွန်တော်တို့ကိုလည်း ဤသို့ပင် ပုံသွင်းခဲ့ပါသည်။ ကျွန်တော်တို့ စကားပြောတော့ သုံးလူ့ရှင်ပင် မဟာဗုဒ္ဓဝင်ရအောင် အကျဉ်းကိုဆိုပါသည်။

စိတ်ကောင်းသည် မိမိအတွက်



www.burmeseclassic.com

www.burmeseclassic.com

ရော သူတစ်ပါးအတွက်ပါ ကောင်းကျိုးချမ်းသာအရာရာကိုဖြစ်စေပါသည်။

စိတ်ကောင်းတွင် အရည်အချင်းနှစ်ရပ်ရှိပါသည်။ တစ်ရပ်မှာ သူတစ်ပါးဆင်းရဲအောင် မနှောင့်ယှက်ခြင်းဖြစ်ပြီး နောက်တစ်ရပ်မှာ သူတစ်ပါးချမ်းသာအောင်ကူညီခြင်း ဖြစ်ပါသည်။'သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်' ဟူသောစကားရှိပါသည်။

စိတ်ကောင်းရှိသူသည် ကိုယ်တိုင်လည်း မဆင်းရဲပါ။ ပစ္စည်းဥစ္စာကြွယ်ဝချင်းသာဖြစ်သည်။ ရှေးဘဝကဒါနပါရမီကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ကောင်းရှိသော်လည်း ဒါနပါရမီနည်းခဲ့သူများမှာ သူဌေးသူကြွယ်မဖြစ်နိုင်ပါ။ သို့သော် မကြွယ်ဝပေမယ့် ချမ်းသာကြပါသည်။

စိတ်ကောင်းရှိသူအား လူချစ်လူခင်ပေါများပါသည်။ တတ်အားသရွေ့ကူညီကြပါသည်။ ကိုယ်တိုင်လည်း အပြစ်ကင်းသည့် ချမ်းသာခြင်းကို ရရှိခဲ့ပါသည်။

လောကီချမ်းသာတို့တွင် အမြတ်ဆုံးချမ်းသာခြင်းပင်လား။

အပြစ်ကင်းသော ချမ်းသာခြင်းဟူ၍ ဘုရားဟောပါသည်။ စိတ်ကောင်းရှိသူ၏ ချမ်းသာခြင်းသေတည်း။

စိတ်ကောင်းရှိသူသည် သီလမြဲသူလည်းဖြစ်ပါသည်။ သီလမစောင့်သူများသည် စိတ်ကောင်းမရှိသူများသာဖြစ်ကြပါသည်။

သီလလုံခြုံသဖြင့် သေသော်အပါယ်မလားဘဲ ကောင်းရာသုဂတိဘုံသို့ရောက်ရပါသည်။ ထို့ကြောင့် စိတ်ကောင်းရှိသူသည် အပါယ်ဘေးမှကင်းဝေးပြီး ဘဝများစွာ သံသရာဝယ် ချမ်းသာသုခကို ရရှိနိုင်ကြပေသည်။

ကျွန်တော် ၂၀၀၆ ခုနှစ် အသက် (၇၆) နှစ်တွင် လေဖြတ်ခံရပါသည်။ ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၀၇ ခုနှစ်တွင် တောင်ဝှေးဖြင့် တစ်လှမ်းချင်းလမ်းလျှောက်နိုင်သည်။ ထိုစဉ်က ကျွန်တော်ဒဂုံမြို့သစ်အရှေ့ပိုင်း (၈) ရပ်ကွက် အင်ကြင်းလမ်းတွင်နေပါသည်။

ပထမအိမ်ပေါ်၊ နောက်ခြံဝင်းဆင်းလျှောက်ပြီး နောက်လမ်းမထွက်လျှောက်ပါသည်။ ကားကမရှိသလောက်ဖြစ်၍ အန္တရာယ်ကင်းပါသည်။ အိမ်ရှေ့လမ်းက မြေသားလမ်းဖြစ်၍ မိုးအခါရွှံ့ဗွက်များပြီး နွေအခါ ချိုင့်ခွက်တွေများပါသည်။ အိမ်အနောက်ဘက်က ကတ္တရာလမ်းမကြီးဖြစ်ပါသည်။ အချို့နေရာများတွင်သာ ချိုင့်အနည်းငယ်ရှိပါသည်။ ထို့ကြောင့် နံနက်တိုင်း နောက်ဖေးလမ်းတွင်ထွက်လျှောက်ပါသည်။

တစ်နေ့နံနက် ကျွန်တော် လမ်းလျှောက်ရာ ချိုင့်တစ်ခုနားသို့ရောက်ပါသည်။ ကျယ်လည်းကျယ် ကွေ့ရှောင်စရာလည်းမရှိသဖြင့် ခက်ခက်ခဲခဲလျှောက်ဖြစ်ရပါသည်။ နံနက်တိုင်းဖြစ်နေကျပါ။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် မလှမ်းမကမ်းကလေးတွင် အသက် (၄၀) ခန့်ယောကျ်ားတစ်ယောက်နှင့် (၄) နှစ်ခန့်ကလေး (ယောကျ်ားလေး) တစ်ယောက်လျှောက်လာပါသည်။ အတော်နွမ်းပါးပုံရပါသည်။ သားအဖဖြစ်ဟန်တူပါသည်။

လူကြီးက ကလေးကိုတစ်စုံတစ်ရာပြောဟန်ကို တွေ့ရပါသည်။ ကလေးကကျွန်တော့်ဆီပြေးလာပါသည်။ ရောက်တော့လွတ်နေသောကျွန်တော့်ဘယ်လက် (ညာလက်ကတောင်ဝှေးကိုင်ထားသည်) လာတွဲပါသည်။ တကယ်တော့ တွဲနိုင်သည့်အရွယ်မဟုတ်သေးပါ။ ကျွန်တော်က ကြည်နူးစွာဖြင့် အတွဲခံပြီးဖြတ်လျှောက်ပါသည်။ ပြီးတော့ ဆုတွေအများကြီးပေးလိုက်ပါသည်။ လူကြီးက ကလေးကိုကျေနပ်သောမျက်လုံးဖြင့်ကြည့်နေသည်။

ကျွန်တော်က လူကြီးအား -

"ကျေးဇူးတင်ပါတယ်၊ ကလေးကိုအဲဒီလိုပုံသွင်းထားတာ အလွန်တန်ဖိုးရှိတယ်။ လူ့အဆင့်အတန်းဆိုတာ ချမ်းသာဆင်းရဲအပေါ် မှာမတည်ဘူး။စိတ်ကောင်းရှိမရှိဆိုတဲ့အပေါ် မှာပဲတည်တယ်"

ဟု ပြောလိုက်ပါသည်။

လူကြီးက -

"ဟုတ်ကဲ့ခင်ဗျာ"

ဟူ၍ ရိုရိုသေသေပြန်ပြောသွားပါသည်။

နောက် (၂) လခန့်ကြာတော့ တစ်ခါထပ်တွေ့ပြန်ပါသည်။ ယခင်သားအဖမဟုတ်ပါ။ သားအမိဖြစ်ဟန်တူပါသည်။ အသက်တွေကတော့ အတူတူလောက်ရှိမည်။ နောက်ထပ်ခြားနားချက်ကတော့ အတော်ချမ်းသာပုံရသည်။ ဝတ်ကောင်းစားလှလက်ဝတ်ရတနာများနှင့်။

ယခင်လမ်းဖြစ်သော်လည်း ကောင်းသည့်နေရာတွင်ဖြစ်ပါသည်။ မျက်နှာချင်းဆိုင်ပင်ဖြစ်ပြီးနီးတော့ ကလေးက ကျွန်တော့်ဆီလာပါသည်။ သူ့အမှုအရာက ကောင်းသည့်အမူအရာမဟုတ်သဖြင့် ကျွန်တော်က တောင်ဝှေးထောက်ပြီးရပ်နေလိုက်ပါသည်။ကလေးက ကျွန်တော့်တောင်ဝှေးကိုဆွဲလုပါသည်။ လဲကျစေရန်ဖြစ်ဟန်တူပါသည်။

ကျွန်တော်က -

"ဘာလုပ်တာလဲကွ"

ဟု ငေါက်လိုက်မှ စောင်းငန်းစောင်းငန်းဖြင့်ထွက်သွားပါသည်။

သူ့အမေက ကျွန်တော့်ကိုအဖက်မတန်သည့်မျက်နှာဖြင့်ကြည့်ပြီး ဆက်လျှောက်သွားပါသည်။ ဘာမှမပြောပါ။

ထိုအခိုက် ကျွန်တော့်အနောက်ဘက်မှ (၁၀) နှစ်သားအရွယ် ကလေးတစ်ယောက် ဘောလုံးကိုမြေပေါ် ပေါက်ချလိုက်၊ ပြန်ဖမ်းလိုက်ဖြင့်လာပါသည်။ ကလေးအနားကျတော့ ချိုင့်စောင်းကိုပေါက်မိပြီး ဘောလုံးက သူ့ရှေ့ပြန်မတက်ပဲ ကျွန်တော့်တောင်ဝှေးလုသည့်ကလေးကို သွားမှန်ပါသည်။

"မတော်လို့ပါ"

အသံနှစ်သံတစ်ပြိုင်နက်ထွက်လာပါသည်။ ဘောလုံးရှင်က တောင်းပန်သည်။ ခံရသူကဆဲသည်။

"မတော်လို့ပဲဗျာ၊ ဆဲရသလား"

ဘောလုံးရှင်ကပြောသည်။

"အဆင့်မရှိတဲ့ဟာတွေနဲ့ပြောမနေနဲ့"

ထိုအခါမှ သူ့အမေထံက အသံထွက်လာပါသည်။

ကျွန်တော့်စိတ်ထဲက -

"ဪ-လူ့အဆင့်အတန်းဆိုတာ အဝတ်အစားနဲ့ လက်ဝတ်ရတနာကိုစွဲပြီးပြောတာထင်ပါရဲ့"

ဟု တွေးလိုက်ပါသည်။

သားသမီးများကို စိတ်ကောင်းထားသည့် လိမ္မာယဉ်ကျေးရန်ပုံသွင်းပေးရမည့်မိဘများကိုယ်တိုင်က ပုံပျက်နေခြင်း ဖြစ်ပါသည်။

စိတ်ကောင်းရှိလျှင် မိမိလည်းချမ်းသာသည်။ မိမိနှင့်ဆက်ဆံရသူမှန်သမျှကိုလည်း ချမ်းသာစေပါသည်။ ဤအသိကို အလျင်သိဖို့လိုပါသည်။ ဤအသိဖြင့် မိမိအတွက် မျက်မှောက်၊ သံသရာ အခြားသောဘဝတို့၌ ချမ်းသာစေရန်စိတ်ကောင်းမွေးပါ။ စိတ်ကိုမွေးမြူပြုပြင်၍ရပါသည်။ စိတ်ကောင်းမရှိသေးလျှင် ရှိအောင်မွေးပါ။ ပြီးတော့ သားသမီး စသည့် မိမိနှင့်ပတ်သက်သူများကိုလည်း စိတ်ကောင်းရှိအောင် ပြုစုပေးကြပါ ဟူ၍။

ချောင်းဆုံအုန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းဝင်း (လွန်ဆေး)

## ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကျော်ဖြတ်ကြရမည့် လောကဓံ

လောကအလယ်တွင် လူသားတို့ အပါအဝင် သက်ရှိသတ္တဝါမှန်သမျှ မွေးဖွားသည်မှ သေဆုံးပျောက်ပျက်ချိန် ကာလအထိ ဘဝရပ်တည်ရေးအတွက် အမျိုးမျိုးအဖုံဖုံနည်းလမ်းအသွယ်သွယ်ဖြင့် ရုန်းကန်လှုပ်ရှားနေကြသည်။

ငယ်ရွယ်စဉ် ကလေးငယ်ဘဝကပင် ဆာလောင်၍ အော်ဟစ်ငိုခဲ့ကြသည်။ မိခင်နို့ချိုသောက်စို့ခွင့်ရကာမှ အလိုပြည့်အငိုတိတ်ကြရ၏။ ကျောင်းနေအရွယ်ရောက် ကျောင်းတက်ရမည်ဆိုသည့်အခါ မိဘများပြေလည်သည်၊ မပြေလည်သည် နားမလည်ဘဲ မုန့်ဖိုးမရလျှင်၊ နည်းလျှင်၊ မကျေမနပ်ဖြစ်။ လိုသလောက်ရလျှင် ပြုံးပျော်ရွှင်မြူးတတ်ကြသည်။ စားကောင်းသောက်ဖွယ်လုပ်ပေးလျှင် စိတ်ကြည်နူးရပြီး မနှစ်သက်သည်များပါလာလျှင် ငြူစူရှုံ့မဲ့တတ်ကြသည်။

ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းဆင့်ရောက်လျှင် သစ်လွင်တောက်ပသော ကျောင်းဝတ်စုံကိုသာ ဝတ်ဆင်လိုသည်။ ဟောင်းနွမ်းညှိစ်ထပ်ပေါက်ပြဲနေလျှင် ရှက်ရွံ့သိမ်ငယ်ကာ ကျောင်းမတက်ဖြစ်သောနေ့ရက်တွင်ပင် ရှိလာသည်။ ဝတ်စုံလှလှ၊ ထမင်းဘူးကောင်းကောင်း၊ လွယ်အိတ်၊ ကျောပိုးအိတ်တံဆိပ်ကောင်းကောင်း၊ ဘောလ်ပင်လှလှ ကွန်ပါဘူးအသစ်တို့ကိုသုံးစွဲလိုလာသည်။ တက္ကသိုလ်ကောလိပ်အဆင့်အထိရောက်လာသည့်အခါ လိုအပ်ချက်တွေ၊ လိုအင်ဆန္ဒတွေ ပိုမိုများပြားလာတတ်ကြသည်။ ချမ်းသာကြွယ်ဝပြည့်စုံကြသူများမှာလည်း လိုအပ်ချက်၊ ဆန္ဒတွေရှိကြသကဲ့သို့ နွမ်းပါးချို့တဲ့သူများမှာလည်းကိုယ်စီရှိကြသည်။ အခြေအနေ၊ အချိန်အခါပေးလျှင် အဆင်ပြေကြသော်လည်း မပေးသည့်အခါ လိုအင်ဆန္ဒတွေ ဖျက်ပြယ်ကြရသည်။

လူငယ်လူရွယ်၊ လူကြီးဆိုသည့်အရွယ်စုံမှာလည်း ဆန္ဒတွေ၊ လိုအပ်ချက်တွေ ကိုယ်စီကိုယ်ငှ ရှိကြသည်။ မည်သူမျှ မကောင်းတာကို မနှစ်သက်မလိုလား။ ကောင်းမွေ ညွှန့်ပေဆိုသည်ကိုမှ ရချင်လိုချင်ပိုင်ဆိုင်ချင်ကြသည်က ဓမ္မတာတစ်ခု။ သို့အတွက် လူသားအားလုံးတို့သည် ကိုယ်စီဘဝတွေအတွက် ရုန်းကန်နေကြရ၊ လှုပ်ရှားနေကြရသည်။ လောကသဘာဝတရားများနှင့်အညီ အတက်ရှိသကဲ့သို့ အကျလည်းရှိသည်။ မည်သူကမျှတစ်သက်တာကာလပတ်လုံး အထက်မှာချည်းမရှိကျသည့်အခါလည်းရှိလာမည်မှာ ဧကန်ဖြစ်သည်။

လောကလူသားတို့၏ဘဝအထွေထွေသည် ထက်အောက်စုန်ဆန်လူးလာတုံ့ခေါက်ရှိကြပေမည်။ အောက်ကလူတွေ အထက်တက်နိုင်ကြသလို အထက်နေသူများလည်းအောက်သို့ကျနိုင်သည်။ အထက်သို့ရောက်နေသူများကလည်း အထက်ကမို့ မာန်တက်ထောင်လွှားနေရန် မလိုသကဲ့သို့ အောက်ရောက်နေသူများကလည်း ဝမ်းနည်းအားငယ်စိတ်ဖြင့် အတွေးမမှောက်ကြရန်လိုပေသည်။

နီတိပညာရှင်တို့က လောကဓံတရားတို့သည် လှည်းဘီးပမာ အထက်တစ်လှည့်အောက်တစ်လှည့်ရောက်ကြရသည်ဟုဥပမာပေးခဲ့၏။ဆရာဦးအောင်သင်းပြောကြားခဲ့သည့်စကားကလည်း မှတ်သားဖွယ်ဖြစ်သည်။

"တညည်းညည်းတညူညူနဲ့ ငါ့တော့ ကံဆိုးတာပဲလို့ အောက်မေ့နေရင် အဲဒီလူကံဆိုးသွားပြီလို့သာမှတ်ပေတော့။ လောကကြီးမှာ ရှုံးလို့ထွက်ပြေးရင် တစ်သက်လုံးပြေးပေတော့။ထွက်ပြေးတဲ့ ကောင်ဘယ်တော့မှနိုင်ရိုးမရှိဘူး။ရင်ဆိုင်နိုင်မှနိုင်တာ"

လောကဓံတရားတို့အား ယနေ့ခေတ်ယနေ့အချိန်ရောက်ကာမှပေါ်ပေါက်တွေ့ကြုံရသည် မဟုတ်။ မြတ်စွာဘုရားရှင်ဟောကြားခဲ့သည့် ဒေသနာတော်၌ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ-လောက၏သဘာဝတရားများက လောကနောက် အစဉ်မပြတ်လိုက်နေတတ်သကဲ့သို့ အပြန်အားဖြင့် လောကောစ လောကဓမ္မေ အနုပရိဝတ္တာတိ-လောကကလည်း လောကသဘာဝနောက် အမြဲလိုက်နေသည်ဟု ဖော်ပြသည်။

ထို့ကြောင့် လောကဓံတရားတို့သည် လောကကြီးဖြစ်တည်လာသည်မှ အစပြုလာခြင်း ဖြစ်သည်။ လိုချင်မှု၊ ဖြစ်ချင်မှု၊ တောင့်တမှု၊ လောဘတို့ကြောင့် ရရှိခြင်း၊ အောင်မြင်ခြင်း၊ ချမ်းသာခြင်းတို့ကို ခံစားကြားရသည်။ ကျရှုံးခြင်း၊ မအောင်မြင်ခြင်း ဆင်းရဲဒုက္ခတို့ကိုလည်း ရင်ဆိုင်ကြရသည်။

လူသာမန်တို့မဆိုထားလင့် ဘုရား၊ ရဟန္တာတို့ပင် လောကဓံတရားတို့မှလွတ်မြောက်နိုင်ခြင်းမရှိကြချေ။ လောကဓံတရားတို့သည် အဆိုးချည်း မလာသကဲ့သို့ အကောင်းချည်းလည်းမလာပါ။ ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပမာ အဆိုးလောကဓံရောက်လာလျှင် အကောင်းလောကဓံပျောက်၊ အကောင်းလောကဓံလာလျှင် အဆိုးလောကဓံ ကွယ်ပျောက်ရသည်သာ။

မြတ်စွာဘုရားရှင်က အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် လောကဓမ္မသုတ်တွင် လောက၏ ဖြစ်မြဲသဘာဝ



www.burmeseclassic.com

www.burmeseclassic.com

(၈)မျိုးကို ဟောမိန့်ထားပါသည်။ သက်ရှိသတ္တဝါများ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေကြရသည့် လောကဓံတရား(၈)ပါးမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ လာဘော - လာဘ်ပေါ်များခြင်း၊ လာဘ်ရရှိခြင်း၊ လုပ်ကိုင်ကြံစည်သမျှအောင်မြင်ခြင်း၊လိုချင်နှစ်သက်သည်ကို ရရှိခြင်း။

၂။ အလာဘော - လာဘ်မရခြင်း၊ လိုချင်တောင့်တသည်ကို မရခြင်း၊ လုပ်ကိုင်ကြံစည်သည်များအဆင်မပြေခြင်း။

၃။ ယသော-အခြံအရံများခြင်း၊ ကူညီစောင့်ရှောက်မည့်သူပေါ်များခြင်း၊ ကျော်စောထင်ရှားခြင်း။

၄။ အယသော-အခြံအရံကင်းမဲ့ခြင်း၊ ကူညီဖေးမစောင့်ရှောက်မည့်သူမရှိခြင်း၊ အထီးကျန်ခြင်း။

၅။ နိန္ဒာ - ကဲ့ရဲ့ရှုတ်ချပြစ်တင်ခံရခြင်း၊ နှိမ့်ချဆက်ဆံခံရခြင်း။

၆။ ပသံသာ - ချီးမြှင့်မြှောက်စားခံရခြင်း၊ အလေးပေးဂရုပြုခံရခြင်း။

၇။ သုခ - ကိုယ်စိတ်နှစ်ပါးအေးချမ်းသာယာခြင်း၊ စိတ်နှလုံးချမ်းမြေ့ခြင်း။

၈။ ဒုက္ခ-ကိုယ်စိတ်ဆင်းရဲခြင်း၊ အစစအဆင်မပြေခြင်း၊ ဆုံးရှုံးပျက်စီးမှုကြုံရခြင်း။

အထက်ပါ လောကဓံတရား(၈)ပါးတို့တွင် လာဘော၊ ယသော၊ ပသံသာ၊ သုခတို့ကား အကောင်းလောကဓံတရား (၄) ပါးဖြစ်ပြီး အလာဘော၊ အယသော၊ နိန္ဒာ၊ ဒုက္ခတို့မှာ အဆိုးလောကဓံ (၄)ပါး ဖြစ်သည်။

လူတို့သည် များသောအားဖြင့် အကောင်းလောကဓံနှင့်ကြုံတွေ့ရသဖြင့် အစစအရာရာအဆင်ပြေချောမွေ့အောင်မြင်နေကြလျှင် လောကဓံတရားမှန်းမသိနိုင်လောက်အောင် နစ်မြောသာယာလျက်ရှိတတ်ကြသည်။ ငါတော်သည်၊ ငါတတ်သည်၊ ငါမှငါဟု မောက်မာထောင်လွှားတတ်ကြသည်။အဆိုးလောကဓံရားများနှင့် ကြုံတွေ့ပြီး ကြံစည်လုပ်ကိုင်သမျှ အဆင်မပြေ၊ အထမမြောက်ကြလျှင်မူ လက်မြှောက်အရှုံးပေးကြသည်လည်းရှိသည်။ အချို့မှာ မခံစားနိုင်လွန်း၍ သေကြောင်းကြံသည်လည်းရှိတတ်သည်။

လောကအလယ် ကျင်လည်နေထိုင်ကြရာတွင် လိုချင်သည်၊ ရချင်သည် ဖြစ်လိုသည်တို့သည် ရည်ရွယ်မျှော်မှန်းတောင့်တသည့်အတိုင်း ရသည့်အလှည့်ရှိသကဲ့သို့ အဆင်မပြေ မအောင်မြင်ကျရှုံးသည့်အခါလည်းရှိတတ်လေသည်။ အခြံအရံ၊ ကူညီစောင့်ရှောက်၊ ဖေးမလက်တွဲမည့်သူများ ဝိုင်းဝိုင်းလည်နေရသည့်အခါမျိုးလည်းရှိ၏။ တစ်ယောက်ထီးတည်းအထီးကျန်နေရပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ဆေးဖော်ကြောဖက်မလုပ်သည်ကိုလည်းတွေ့ကြုံရနိုင်သည်။ ဆွေမျိုးမိတ်သင်္ဂဟအသိုင်းအဝိုင်းနယ်ပယ်အများသူငါရှေ့တွင် ကဲ့ရဲ့ပြစ်တင်ရှုတ်ချခံရခြင်းမျိုးရှိသလို ထင်ပေါ်ကျော်ကြား လူသိများလျက် အများဗိုလ်လူအလယ် ချီးမွမ်းထောမနာပြုခံရခြင်းမျိုးလည်းရှိတတ်သည်။ ကိုယ်စိတ်နှစ်ပါးအေးချမ်းပျော်ရွှင်ခြင်းရသကို ခံစားရသည့်အခါလည်းရှိသည်။ သို့သော်တစ်ခါတစ်ရံ ဆန့်ကျင်ဘက် မျက်နှာမူလျက် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့ကို နာကြည်းခါးသီးစွာ ခံစားရတတ်သည်လည်းရှိလာနိုင်သည်။ ထို့ကြောင့်မြတ်စွာဘုရားရှင်က နှစ်သက်ခြင်း လောဘ၊ မနှစ်သက်ခြင်း ဒေါသဆင်းရဲတို့ရင်ဆိုင်တွေ့ကြုံလာလျှင် မည်သို့ပြုမူရမည်ကို-

ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ။ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ-

ဂုဋ္ဌဿ ဓမ္မာန မထေန္တိ စိတ္တံ-ကောင်းသော လောကဓံတွေသည် ငါ၏စိတ်ကို မတုန်လှုပ်စေရ။ အနိဋ္ဌတောနော ပဋိယာတမေတိ - မကောင်းသောအလိုမရှိအပ်သော အဆိုးလောကဓံတို့နှင့်ကြုံရလျှင်လည်း မုန်းတီးခြင်းဒေါသကိုမဖြစ်စေရ။ အနုရောဓ ဝိရောဓ သမ္မာပန္နော - အဆိုးလောကဓံကို ဆန့်ကျင်၊ အကောင်းလောကဓံကိုသာ ကျေနပ်နေသူအဖို့ ပဋိသန္ဓေနေရခြင်းမှ မလွတ်မြောက်နိုင်၊ အိုခြင်း နာခြင်း၊ သေခြင်းတို့မှလည်း မလွတ်မြောက်နိုင်။ အနုရောဓ ဝိရောဓ ဝိပ္ပဟီနော - အဆိုးလောကဓံနှင့် ကြုံရစေကာမူ ဆန့်ကျင်မှု ဒေါသကိုမဖြစ်စေရ။ အကောင်းလောကဓံနှင့်ကြုံရသော်လည်း လိုလားခြင်း လောဘကိုမဖြစ်စေရ။ လောဘဒေါသတရားများမဖြစ်ပွားရအောင် ထိန်းသိမ်းနိုင်သောပုဂ္ဂိုလ်တို့သည် အိုခြင်း၊နာခြင်း၊သေခြင်းစသည့်သံသရာဝဋ်ဆင်းရဲတို့နှင့်ကြုံတွေ့ရမည့်ဒုက္ခတို့မှလွတ်မြောက်နိုင်သည်။ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ စသည့် အဆိုးတရားတို့မှလွတ်မြောက်ပေမည်ဟု ဟောကြားခဲ့ပါသည်။

လောဘဒေါသကိလေသာများ ချုပ်ငြိမ်းကင်းစင်ပြီး လိုက်လျောမှု အနုရောဓ၊ ဆန့်ကျင်မှု ဝိရောဓဆိုသည့် သဘာဝတရားများ ချုပ်ငြိမ်းပါလျှင် ငြိမ်းချမ်းသောဘဝမျိုးကို ရှာဖွေတွေ့ရှိလာပေမည်။

ရှောင့်ပြေးပုန်းရှောင်ခြင်းငှာမစွမ်းသာမလွတ်သာသည့် ‌လောကဓမ္မ (ဝါ) လောကဓံတရား ဟူသော မုန်တိုင်းနှင့်တွေ့ဆုံသည့်အခါ မင်္ဂလသုတ်တွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် 'ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ မတုန်မလှုပ်ကြံ့ခိုင်သော သံမဏိစိတ်ဓာတ်မျိုးဖြင့် ရဲရဲဝံ့ဝံ့ရင်ဆိုင်ကျော်လွှားနိုင်ရန် လိုအပ်ပါသည်။

ဆရာကြီးဒဂုန်ဦးထွန်းမြင့်ရေးဖွဲ့ထားသော (၃၈) ဖြာ မင်္ဂလာကဗျာတွင်-

*ဆင်းရဲချမ်းသာသဘာဝ၊*
*တွေ့ကြုံနေကျ လူတိုင်းပေ။*
*ကောင်းဆိုးနှစ်တန် အစုံတွဲလို့*
*တစ်လှည့်စီလှည့်အမြဲနေ။*
*လောကဓံကြုံ မဖြုံတမ်းပေါ့*
*မတုန်စမ်းနဲ့ စိတ်ခိုင်စေ။*
*သောကကိုထိန်း ရမ္မက်သိမ်း*
*အေးငြိမ်းချမ်းသာနေ . . .*

ပါရှိသည့် စာပိုဒ်ကိုလည်း သတိတရ ရွတ်ဖတ်နိုင်လျှင် စိတ်အေးချမ်းမှု၊ နှလုံးသွင်းကောင်းမွန်မှုတို့ကို ခံစားရရှိနိုင်သည်။ မုန်တိုင်းတိုက်ခတ်လျှင် သစ်ပင်ကြီးငယ်တို့သည် မုန်တိုင်းဒဏ်ကိုမခံနိုင်သည်မို့ လေယူရာယိမ်းနွဲ့လှုပ်ရှားဗျာများကြရသည်။ အခန့်မသင့်လျှင် အကိုင်းအခက်များကျိုးပဲ့လွင့်စဉ်သွားနိုင်သည်။ သည်ထက်ဆိုးဝါးလျှင် ပင်လုံးကျွတ်အမြစ်ပါမကျန် လဲပြိုသွားတတ်သည်။ ကျောက်တောင်ကျောက်ဆောင်တို့ကမူ မုန်တိုင်းဒဏ်ကို မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်ကြသည်။ လှုပ်ရှားခြင်း၊ ယိမ်းယိုင်ခြင်း အလျှင်းမရှိ ပကတိတည်ငြိမ်ရင့်ကျက်စွာရင်ဆိုင်နိုင်ကြသည်။

လောကတွင်ကျင်လည်နေရသမျှ လိုအင်ဆန္ဒတို့ရှိနေသမျှကာလပတ်လုံး ပြည့်ဝခြင်း၊ ဆုံးရှုံးခြင်းတို့ကို အမြဲတစေရင်ဆိုင်တွေ့ကြုံနေကြရမည်ဖြစ်သည်။ ထို့ကြောင့် လောကလူသားတို့သည် မုန်တိုင်းနှင့်တူသော လောကဓံတရားတို့ကို ကျောက်စိုင်ကျောက်သားတို့ဖြင့်ဖွဲ့တည်သောကျောက်တောင်ကဲ့သို့မာကျောမှု၊ ခံနိုင်ရည်ရှိမှု၊ တည်ငြိမ်ရင့်ကျက်မှု၊ ခိုင်မာသောသတ္တိတို့ကို အထပ်ထပ်မွေးမြူလေ့ကျင့်လျက် ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖြေရှင်းပြီး အောင်မြင်စွာ ကျော်ဖြတ်ကြရမည် ဖြစ်ပါသည်။

နေဝင်းဝင်း([illegible])



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ အနှံ့အပြားတွင် အောင်မြေမှန်ရာ သာသနာ့နယ်မြေများ ဖြစ်တည်ပေါ်ထွန်းလျက်ရှိနေပါသည်။ ဝိဇ္ဇာလမ်းလျှောက်လှမ်းမှု၊ ကျင့်ကြံပွားများကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် သူတော်စင်သူမြတ်လောင်းအပေါင်းတို့သည် အောင်မြေမှန်ရာ နေရာဒေသများသို့ စဉ်ဆက်မပြတ်သွားရောက်ကာအဓိဋ္ဌာန်ဝင်လေ့ရှိကြသည်။ အဓိဋ္ဌာန်အောင်မြင်မှုစွမ်းအားအပြည့်အဝမရရှိနိုင်သောအောင်မြေတို့၏ သတင်းစကားသည်ကား ဝိဇ္ဇာလမ်းကျင့်စဉ်ကျင့်ကြံပွားများအားထုတ်နေကြသူများဝန်းကျင်ဝယ် ပျံ့နှံ့လျက်ရှိနေတတ်သည်။ ထူးခြားဆန်းကြယ်စွာပေါ်ပေါက်လာတတ်သည့် ဖြစ်ရပ်ဆန်းများသည် အောင်မြေမှန်ရာနေရာများတွင် အိမ်ဆောက်ဖြစ်မိသူတိုင်း စီးပွားဥစ္စာကြွယ်ဝချမ်းသာမှု ရရှိနိုင်ခဲ့ကြသလို ထူးခြားဆန်းကြယ်မှုများပေါ်ပေါက်ဖြစ်တည်လာသည့် အောင်မြေမှန်ရာနေရာတို့တွင် ကျင့်ကြံပွားများ အားထုတ်ဖြစ်ကြသောဝိဇ္ဇာလမ်းကျင့်စဉ်ကျင့်ကြံပွားများအားထုတ်သူတွေသည် အောင်လမ်းပွင့်မှုမြန်ဆန်လှသည်ကို သိထားကြသူများပါသည်။

ရွှေပြည်သာတွင်လည်း ထူးခြားဆန်းကြယ်စွာ ဖြစ်တည်လာခဲ့သည့် အောင်မြေမှန်ရာနေရာတစ်နေရာပေါ်ထွန်းခဲ့ရာ သူတော်စင်သူတော်မြတ်လောင်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ်အရောက်လာကာ အဓိဋ္ဌာန်ဝင်နေကြသည်ကို တွေ့ရသည်။ ထိုအောင်မြေမှန်ရာနေရာကို မဟာဗောဓိအောင်မြေဟု သိထားကြသူများပါသည်။

အောင်မြေမှန်ရာနေရာသည် ရွှေပြည်သာမြို့နယ် အမှတ် (၁၈) ရပ်ကွက် ရေပြာလမ်းတွင် တည်ရှိနေခြင်း ဖြစ်ပါသည်။ အောင်မြေအဖြစ်စတင်ဖြစ်တည်

အောင်သာကျော်

# မဟာဗောဓိအောင်မြေမှာတည့်
# သကျဇိနရတနာမာန်အောင်စေတီ



ဗုဒ္ဓရုပ်ပွားတော်များနှင့် သကျမုနိမာန်အောင်စေတီတော်




အောင်မြေတွင်းရှိ စေတီတော်




အောင်မြေရှိ စေတီတော်

www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာစေတီပုံစံတူစေတီ



စနေထောင့်ရှိ စေတီ



နဂါးရုံဆင်းတုတော်



ဗုဒ္ဓရုပ်ပွားတော်များ



ဗုဒ္ဓရုပ်ပွားတော်များ

လာခဲ့စဉ်က ထူးခြားဆန်းကြယ်သော အကြောင်းတရားများဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ ထူးခြားဆန်းကြယ်ဖြစ်ရပ်များနှင့် ကိုယ်တွေ့ကြုံခဲ့ကြရသည့် ဦးမြကွန်း၊ ဦးထွန်းလင်း၊ ဦးအောင်ငွေးတို့နှင့် ဆုံတွေ့မေးမြန်းမိရာက သိခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။ အောင်မြေမှန်ရာအဖြစ်မပေါ်ထွန်းမီ လေးငါးနှစ်ခန့်ကတည်းက အောင်မြေမှန်ရာဖြစ်လာမည့်နေရာသည် လူအများစိတ်ဝင်တစားဖြစ်ကြရသည့် ထူးခြားဖြစ်စဉ်များ စဉ်ဆက်မပြတ်ဆိုသလို ဖြစ်ခဲ့သည်ဟုဆိုပါသည်။

ဦးမြကွန်းဆိုသူသည် တံမြက်စည်းရောင်းသူတစ်ဦးဖြစ်ကာ ရွှေပြည်သာတစ်ခွင် လှည့်လည်ကာ ရောင်းချလေ့ရှိသည်။ တစ်နေ့တွင် ရွှေပြည်သာမြို့ဦးစေတီတော်ကွင်းစပ်မှ မဟာဗောဓိညောင်ပင်ပေါက်လေးတစ်ပင်ရရှိခဲ့သည်။ ဦးမြကွန်းမှာ ရေပြာလမ်းတွင် နေထိုင်သူဖြစ်လေရာ ရရှိလာခဲ့သော ဗောဓိပင်ငယ်လေးကို ရေပြာလမ်းတွင် တည်ရှိသည့် (ယခုအောင်မြေအဖြစ်တည်ရာ)လစ်ဟာနေသော ကွက်လပ်ကြီးအတွင်း စိုက်ပျိုးမည်ဟု ကြံရွယ်ကာ သံတူးရွင်းတစ်ဖက် ညောင်ပင်ပေါက်တစ်ဖက်ကိုင်ကာ ကျူပင်များ၊ ကိုင်းပင်များရှုပ်ထွေးစွာပေါက်နေသည့် ကွင်းကြီးအလယ်ဆီသို့ ဦးတည်လှမ်းလိုက်မိသည်။ကန်သင်းရိုးတစ်ခုပေါ်အားပြုလျှောက်လှမ်းလာခဲ့ရာ မြေကွက်လပ်ကြီးအလယ်သို့ ရောက်သည်တွင် ကြက်သီးမွေးညင်းများတဖြန်းဖြန်းထလာတော့သည်။ကြက်သီးများတဖြန်းဖြန်းထနေမိစဉ်မှာပင် လေညင်းတိုက်သံလိုလိုတစ်ချက်ကြားလိုက်ရပြီး ရှေ့တွင်ပိတ်ဆို့နေသည့်ကိုင်းပင်ကြီးများသည် ဘေးတစ်ဖက်တစ်ချက်ဆီသို့ ဝါးလုံးဖြင့်ဖိချလိုက်သည့်အလား ပြိုလဲကျကာ လမ်းအဖြစ်တစ်စုံ ဖန်တီးပေးလိုက်သည့်အလား ဖြစ်နေသည်။

သူ့အလိုအလျောက်ဖြစ်တည်လာသောလမ်းလေးအတိုင်း ဦးမြကွန်းဝင်သွားမိရာ နောက်ဆုံးတွင် ... တည်



www.burmeseclassic.com

www.burmeseclassic.com





နှံ့ပေါ်ထွန်းနေသည့် ဗောဓိပင်နေရာသို့ ရောက်လာသည်တွင် လမ်းဖန်တီးပေးမှု ရပ်ဆိုင်းသွားတော့သည်။ ထိုနေရာတွင်ပင် ဗောဓိပင်ကိုစိုက်ကာ ဦးခိုက်အဓိဋ္ဌာန်လိုက်သည်။ ဦးခိုက်လိုက်မိစဉ် ခဏအတွင်းမှာပင် သတိမေ့သွားခဲ့ကာ ညနေနေဝင်ရီသရောအချိန်တွင်မှသတိပြန်ဝင်လာပြီး မိမိအိမ်သို့ပြန်လာဖြစ်ခဲ့ရတော့သည်။ ဤအချက်မှာ မဟာဗောဓိအောင်မြေဖြစ်တည်လာမှုတွင် ပထမဆုံးသောဆန်းကြယ်ထူးခြားဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ ထိုမဟာဗောဓိအောင်မြေတွင် ဘုရင့်နောင်လမ်းတွင်နေထိုင်သည့် အုတ်သဲကျောက်ပိုင်ရှင် ဦးထွန်းဝင်းက ဘုရားဒကာအဖြစ် ခံယူကာ ရွှေတိဂုံစေတီတော်ပုံစံအတိုင်း ဉာဏ်တော်အမြင့် (၁၈) ပေ အမြင့်ဆောင်သည့် စေတီတော်တစ်ဆူကို တည်ထားကာ ၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် အနေကဇာတင်ပြီး တံခွန်တိုင်စိုက်ထူအလှူအတွက်ပါ ရေစက်ချခဲ့သည်။ ထိုကုသိုလ်တော်ပွဲခင်းကို ဦးဝိသုတ (မုံရွာ) ဆရာတော် ကြွရောက်ချီးမြှင့်ခဲ့သည်။ တံခွန်တိုင်အလှူရှင်မှာ အင်းစိန်မြို့နယ်မှ ဒေါ်သင်းသင်းစိုးဟုသိရသည်။

၁၇-၁၀-၂၀၀၃ ည (၁၀) နာရီတွင် ဗောဓိပင်ခြေရင်း တရားထိုင်နေကြ



နဂ္ဂရစရိယာကျင့်ဟန်ရုပ်တုတော်

သည့် ဦးထိန်းလင်းနှင့် ဦးမျိုးနိုင်တို့နှစ်ဦး ကြုံတွေ့လိုက်ရသည့် ထူးခြားဖြစ်စဉ်ကလည်း အထင်အရှားပင် တရားထိုင်နေစဉ်မှာပင် စေတီတော်ဝန်းကျင်သွယ်တန်းထားသည့်ဓာတ်ကြိုးများလှုပ်ကာ ကြယ်များကြွေကျသကဲ့သို့ အလင်းတန်းများကောင်းကင်ယံထက်ဆီမှ ကြွေဆင်းလာခြင်း ဖြစ်သည်။ ဦးထွန်းလင်းနှင့် ဦးမျိုးနိုင်တို့နှစ်ဦးမျက်စိမှိတ်ထားမိကြသော်လည်း အလင်းတန်းအတွင်း ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးပုံထင်ထင်ရှားရှားပေါ်လာကာ အလင်းတန်းတွေဝေကျနေသောနေရာသည် အောင်မြေဖြစ်သည်ဟု ဆိုသဖြင့် သာသနာ့အလံတော်စိုက်ကာ မှတ်ထားထားခဲ့သည်။ ထိုနေရာသည် ညောင်ပင်နှင့်မလှမ်းမကမ်း အရှေ့မြောက်ထောင့်နေရာဟု ဆိုလေသည်။ ၁၅-၁၂-၂၀၀၃ ညဘက်တွင် မီးလုံးကြီးတစ်လုံး စေတီတော်မြတ်ကို ပတ်ပြေးလိုက်ရပ်လိုက်ဖြစ်နေ၏။ ၁၆-၁၂-၂၀၀၃ တံခွန်တိုင်တွင် တည်ရှိသည်။ ဟင်္သာရုပ်



ရှင်သီဝလိရုပ်တုတော်



မဟာဗောဓိပင်



ဘီလူးညီနောင်ရုပ်တု



ရှင်ဥပဂုတ္တမထေရ်ရုပ်တုတော်



ကျောက်စာတိုင်



ဆရာတော်ဘဒ္ဒန္တပညာဝံသ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြေအဝင်မုခ်ဦး



ကျောင်းဆန်းကျင်



ကျောင်းဆောင်ငယ်

အမြိုးနှင့် စေတီတော်၏ ထီးတော်တို့ အကြားပြာလဲ့လဲ့ရောင်အလင်းတန်းကြီး ပြေးနေသည်။ ပိုးစုန်းကြူးလက်သကဲ့သို့ အပြာရောင်လက်ခနဲလက်ခနဲဖြစ်နေ၏။ ထိုသို့ဖြစ်နေသည်မှာ ညနေ (၆) နာရီမှ ည (၈) နာရီအထိပင် ဖြစ်သည်။


ထိုသို့ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည့် မဟာဗောဓိအောင်မြေတည်ရာသို့ လူအတော်များများလာရောက်ကြည့်ရှုကြရာ ခပ်လှမ်းလှမ်းမှလှမ်းမြော်ကြည့်ကြသူများအမြင်တွင် ထူးခြားဆန်းကြယ်စွာကွဲပြားမှုများ မြင်တွေ့ကြရသည်။ အချို့သောသူများသည် အစိမ်းရောင်နတ်သမီးလေးများ မြူးထူးနေကြသည့်အသွင်ကိုမြင်ကြရပြီး အချို့သောသူများ၏အမြင်တွင် တင်းပုတ်ကိုင်ထားသည့် ဘီလူးညီနောင်အသွင်ကို မြင်တွေ့ကြရသည်ဟုဆိုသည်။ ထူးခြားဆန်းကြယ်မှုတစ်ခုမှာ ၁၀-၂-၂၀၀၄ တွင်လည်း ပေါ်ပေါက်ခဲ့ပြန်သည်။ ထိုစဉ်က ဘုရားဝင်းတွင် ရဟတ်များ၊ မျက်လှည့်ဇာတ်ရုံများ၊ ဇာတ်ပွဲရုံများဖြင့် လူစည်ကားလျက်ရှိသည့်အချိန်ပင် ဖြစ်ပါသည်။ လူအများမြင်တွေ့သွားကြရသည်မှာ ည (၁၀) နာရီခန့်တွင် ရှင်ဥပဂုတ္တကျောင်းဆောင်အပေါ်မှ အလင်းများဖြာထွက်လာကာ တံခွန်တိုင်စေတီတော်တို့နှင့် လူးလားတုံ့ပြန်ကာ အလင်းတန်းများလင်းလက်ဖြာဝေနေခဲ့သည်။ ထိုသို့သော ထူးခြားဆန်းကြယ်ဖြစ်ရပ်များပေါ်ထွန်းခဲ့သည့်အတွက် အောင်မြေမှန်ရာ မဟာဗောဓိအောင်မြေသည် လူသိများလာကာ ထင်ရှားလာခဲ့ခြင်းပင် ဖြစ်သည်။

ထိုသို့ထင်ရှားလာခဲ့သည့် မဟာဗောဓိအောင်မြေသည် ယခုအခါ သာသနာတော်ထွန်းလင်းဝေဆာနေပြီဖြစ်သည်။ သာသနာအောင်မြေတစ်ခုအဖြစ် ထင်ပေါ်လျက်ရှိနေပြီဖြစ်သည်။ အောင်မြေဝင်းအတွင်းဝယ် ရွှေတိဂုံစေတီတော်ပုံစံတူ သကျဇိရတနာမာန်အောင်စေတီတော်တောင်ဘက် အနန္တာစေတီတော်ပုံစံတူစေတီတော်နှင့်ပတ်ဝန်းကျင်တွင် စေတီတော်များ ပွင့်ထွန်းပေါ်ပေါက်လျက်ရှိနေပြီပင် ဖြစ်သည်။ ထိုအောင်မြေသို့ မရောက်ဖြစ်သည်မှာ ကြာပြီဖြစ်သည်။ မနေ့ကမှ ရေးဖော်ရေးဖက်တစ်ဦးဖြစ်သူ ဆရာကိုမိုး (ရွှေပြည်သာ) က မဟာဗောဓိအောင်မြေတည်ရာသို့လိုက်ခဲ့ပေးပါရန် တောင်းဆိုသဖြင့်လိုက်ပါသွားမိဖြစ်သည်။ နေပူပူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအောင်မြေနှင့်ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားများ

မှာပင် ခြေလှမ်းတဲ့ကျဲခွေးသံတရွဲရွဲဖြင့် လျှောက်သွားမိခဲ့ကြရာ နာရီဝက်သာသာ ခန့်တွင် အောင်မြေအောင်ဌာနတည်ရာ ပွင့်ထွန်း တင့်တယ်နေသည့် မဟာဗောဓိ အောင်မြေဝင်းဆီသို့ ရောက်သွားခဲ့တော့ သည်။

သာသနာ့နယ်မြေသည် အံ့ဖွယ် ကောင်းလောက်အောင် ပွင့်ထွန်းဝေစည် တိုးတက်နေမှုများရှိနေသည်ကို မြင်တွေ့ လိုက်ရသဖြင့် မုဒိတာပွားမိရသည်။ အဝင်မုခ်ဦးနှင့် စေတီတော်က မလှမ်း မကမ်းတွင်တည်ရှိနေသည်။ ဘီလူး ညီနောင်ရုပ်တုကို မြင်တွေ့လိုက်ရသည် တွင် ထူးခြားဆန်းကြယ်ဖြစ်ရပ်များ ဖြစ် ပေါ်နေစဉ်ကာလက လူအများမြင်တွေ့ ခဲ့လိုက်ရပါသည်ဟုဆိုခဲ့သော တင်းပုတ် ကိုင်ဘီလူးကြီးများအသွင်က အတွေးထဲ မှာ ထင်းခနဲပေါ်ထွက်လာပြန်သည်။ စေတီတော်များ၊ ဆင်းတုတော်များ၊ များပြားသည့်အထဲတွင် ဦးမြကွန်းစိုက်ခဲ့ သည့် မဟာဗောဓိပင်ခြေရင်းတွင်တည် သည့်ဆင်းတုတော်ထံပါးအရောက်သွား ကာ ဦးခိုက်ကန်တော့ဖြစ်ကြလေသည်။ အောင်မြေဝင်းအတွင်း သာသနိကအ ဆောက်အအုံများ ပေါ်ပေါက်လျက်ရှိ နေသည်ကို တွေ့ရသည်။ ထိုစဉ်မှာပင် ဆရာကိုမိုး (ရွှေပြည်သာ) က ဦးဆောင် လမ်းပြပေးသဖြင့် မဟာဗောဓိအောင် မြေမှန်ရာ သာသနာ့နယ်မြေပိုမိုတိုးတက် ပွင့်ထွန်းလာရေးအတွက် ဦးစီးဦးဆောင် ပြုကာ စွမ်းစွမ်းတမံကြိုးပမ်းတော်မူနေ သည့် ဆရာတော် ဘဒ္ဒန္တပညာဝံသထံ တော်ပါးသို့ ရောက်သွားခဲ့သည်။ ဆရာ တော်ဘဒ္ဒန္တပညာဝံသမှာ ရွှေပြည်သာ မြို့နယ်၊ သံဃာ့နာယကအကျိုးတော် ဆောင်အတွင်းရေးမှူးတာဝန်ယူထားသူ ဖြစ်သည်။ အောင်မြေဝင်းအတွင်း ဆရာ တော်သီတင်းသုံးရာကျောင်းနှင့် အခြား ကျောင်းဆောင်တို့ တည်ရှိနေသည်ကို တွေ့ရသည်။

ဆရာတော်အောင်မြေမရောက်မီ ကာလက အောင်မြေနှင့်ပတ်သက်သည့် ရှုပ်ထွေးမှုပေါင်းများရှိနေခဲ့သော်လည်း ဆရာတော် အောင်မြေဝင်းကို လက်ခံရ ယူလိုက်သည့်နောက်ပိုင်း ဆရာတော်၏ ကြိုးပမ်းမှုများကြောင့် အောင်မြေတွင်း ဝယ် သာသနိကအဆောက်အအုံများ ပေါ်ထွန်းလာကာ အောင်မြေမှန်ရာ မဟာဗောဓိသာသနာ့နယ်မြေပွင့်ထွန်း ဝေစည်လာခဲ့ခြင်းပင် ဖြစ်သည်။ ၂၀၁၆၊ ဇူလိုင်လ ၅ ရက်နေ့တွင် အောင်မြေနှင့် ပတ်သက်၍ ဆရာတော်ဘဒ္ဒန္တပညာဝံသ ထံသို့ ပိုင်ဆိုင်မှုရှိသူ လယ်သမားများက နှစ် (၆၀) မြေဂရန်ရရှိရေးအတွက် သိန်း (၃၆၉) သိန်းအား ဦးဆောင်လှူဒါန်းသူ ဒေါ်တင်ဝင်းခိုင်က လှူဒါန်းကာ အပ်နှံခဲ့ ခြင်းပင် ဖြစ်သည်။ နှစ် (၆၀)ဂရန်ရရှိခဲ့ပြီး သည့်နောက် ၂၀၁၈ ခုနှစ်အတွင်းမှာပင် သာသနာ့မြေအဖြစ် သတ်မှတ်ပေးခံခဲ့ရ သည်ဟု သိရသည်။ ယခုအခါ အောင် မြေတည်ရာကျောင်းတွင် ရဟန်းတော် (၉) ပါးနှင့် ကိုရင်သာမဏေ (၉) ပါးတို့ သီတင်းသုံးနေတော်မူလျက်ရှိလေသည်။

ဆရာတော်ဘဒ္ဒန္တပညာဝံသသည် မဟာဗောဓိသာသနာ့အောင်မြေပိုမိုပွင့် ထွန်းတိုးတက်လာစေရေးအတွက်ကြိုးပမ်း ဆောင်ရွက်တော်မူလျက်ရှိလေရာ ယခု အခါ သိမ်သမုတ်ပြီးစီးသွားခဲ့ပြီ ဖြစ် သော်လည်း သိမ်ဆောက်လုပ်လှူဒါန်း ပေးမည့် သိမ်ဒကာပေါ် ပေါက်လာသေး ခြင်းမရှိကြောင်း သိရပါသည်။ သိမ် ဒကာအဖြစ် လှူဒါန်းလိုကြသောသူများ မဟာဗောဓိအောင်မြေဝင်းအတွင်းရှိ ကျောင်းသို့ လည်းကောင်း၊ လှော်ကား တာဆုံတွင်တည်ရှိသည့် ကန်ဦးကျောင်း တိုက်သို့လည်းကောင်း အရောက်သွား ကာ ဆက်သွယ်၍ ဆရာတော်ဘဒ္ဒန္တ ပညာဝံသထံတော်သို့ လှူဒါန်းသမှုပြုနိုင် ကြပါသည်။

မည်သို့ပင်ဆိုစေ ဖြစ်ရပ်ဆန်းကြယ် မှုများဖြစ်ပေါ်ကာ တည်တံ့လာသော အောင်မြေမှန်ရာသို့ တစ်ခါတစ်ခေါက် အရောက်သွားကာ အောင်ဓာတ်ခိုလှုံ သင့်ကြသည်ကတော့ အမှန်ပင်ဖြစ်ပါ သည်။ အောင်ဓာတ်ကိန်းရာ အောင်မြေ တို့တွင် အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူဒါနပြု ခြင်းတို့သည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးပေးမှုမြန်ဆန် ကြောင်း ဝိဇ္ဇာလမ်းလျှောက်သူတော်စင် ပုဂ္ဂိုလ်တို့က မိန့်ဆိုကြပါသည်။

အောင်မြေမှန်ရာ
အောင်လမ်းဖွင့်နိုင်ကြပါစေ

အောင်[illegible]ကျော်

www.burmeseclassic.com

www.burmeseclassic.com



# ဦးတင်ဝင်း
## (အောင်လံ)
# ခရီးဖော် အာစရိယာကံနှင့် အာသန္နကံ

■ စာရေးသူဘဝ

စာရေးသူ စာမရေးဖြစ်သည်မှာ ကြာလေပြီ။ ယခင်က နက္ခတ္တရောင်ခြည်နှင့် ပါရမီမဂ္ဂဇင်းတို့တွင် ဘာသာရေးဆိုင်ရာအတွေ့အကြုံနှင့် ကိုယ်တွေ့အဖြစ်အပျက်များကို ပုဒ်ရေ (၁၅) ပုဒ်ခန့်ရေးသားခဲ့ပြီးဖြစ်ပါသည်။ ဦးတင်ဝင်း (အောင်လံ) အမည်ဖြင့် ရေးသားတင်ဆက်ပေးခဲ့ပါသည်။ မိမိသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းဘဝဖြင့် တိုင်းနှင့်ပြည်နယ်အလိုက် လှည့်လည် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ နှစ်ပေါင်း (၃၀) ကျော်ခန့် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရာ ခေတ်အဆက်ဆက်တွင် စီမံခန့်ခွဲရေးအတွေ့အကြုံနှင့် ဘာသာရေးဆိုင်ရာအတွေ့အကြုံများစွာ ရရှိခဲ့လေသည်။ ဤဦးစီးဌာနတွင် နှစ်ပေါင်း (၃၀) ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယခုအခါ ခရိုင်အုပ်ချုပ်ရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူထားပြီး ဖြစ်ပါသည်။

အားလပ်သောတစ်နေ့တွင်တော့ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာမရ၏ 'ချမ်းမြေ့စွာဘဝနေနည်း'စာအုပ်ကို ဖတ်ရှုမိရာ ဆရာတော်ကြီး၏ မယ်တော်ကြီးဒေါ်သေးတာသည် အစွဲအလမ်းတစ်ခုနှင့် ကွယ်လွန်သွားခဲ့သဖြင့် မကျွတ်မလွတ်ဖြစ်ရပုံ၊ ပြိတ္တာဘဝရောက်ရှိသွားပုံတို့ကိုအသေးစိတ်ရေးသားတင်ဆက်ထားသည်ကိုတွေ့ရှိရလေသည်။ သေနည်းတတ်ရန် နည်းအဖုံဖုံကိုလည်း ဥပမာများနှင့်တကွ ဖော်ပြထားပါ၏။ ကောင်းသောသင်ခန်းစာများစွာကို ဖော်ဆောင်ပေးပါသည်။ စာရေးသူတွင်လည်း ယင်းကဲ့သို့သောဖြစ်စဉ်များစွာကို တွေ့ကြုံခဲ့ဖူးသည်ဖြစ်ရာ အများသူငါလေ့လာဖတ်ရှု၍ကောင်းသောဘဝသင်ခန်းစာများကိုရရှိသွားနိုင်ရေးအတွက်မွန်မြတ်သောစိတ်စေတနာဖြင့် ရေးသားတင်ဆက်လိုက်ရပါသည်။ သံသရာတွင် ကျင်လည်နေကြရသောအကျွန်ုပ်တို့အားလုံးအတွက် ဘဝလမ်းညွှန်သဖွယ် ခရီးဖော်ဘာသာရေးဆိုင်ရာအသိအမြင်များ ရရှိလာမည်ဖြစ်ပါ၍ စာဖတ်ပရိသတ်များအတွက် တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

သောအကျိုးများရရှိလိမ့်မည်ဖြစ်ပါကြောင်း ပဏာမတင်ဆက်ရပါ၏။

စာရေးသူအတွေ့အကြုံကိုမတင်ပြမီ အတွေ့အကြုံနှင့် ဆက်စပ်နေသော (၃၁) ဘုံတည်ရှိနေပုံနှင့် သံသရာလည်ပတ်နေရပုံတို့ကို အကျဉ်းချုပ်၍ ဦးစွာတင်ပြသွားပါမည်။

## ■ ထေရဝါဒဗုဒ္ဓဘာသာအယူအဆ

စာရေးသူတို့သည် တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့နေကြကုန်၏။ ယခုလို ဆုတ်ကပ်ဘဝတွင် ပို၍သိသာပါသည်။တစ်ဘဝတစ်ဘဝကြာရှည်မနေကြပေ။ အိုနာသေက နှိပ်စက်နေ၏။ သံသရာလည်သည်ဟု ခေါ်လေသည်။ သံသရာလည်ပတ်ရာတွင် ဤဘဝဤဘုံမှရုပ်နာမ်နှင့် ဟိုဘဝဟိုဘုံမှရုပ်နာမ်သည် ထပ်တူထပ်မျှလုံးဝမတူညီခြင်းမရှိနိုင်ချေ။ သို့သော် တကွဲတပြားလုံးဝခြားနားသည်လည်း မဟုတ်ချေ။ နွားနို့မှ နို့မမ်းဖြစ်လာရာတွင် နွားနို့မဟုတ်သော်လည်း နွားနို့နှင့်အကြောင်းမကင်းကြပါ။ ထို့အတူပင် လက်ရှိဘဝရုပ်နာမ်အကြောင်းကြောင့် အမလွန်ဘဝတမလွန်ဘုံမှာ ရုပ်နာမ်အကျိုးတရားပေါ်ထွန်းရသည်။

## ■ သုံးဆယ့်တစ်ဘုံတည်ရှိနေပုံ

သံသရာခရီးကား ရှည်ဝေးကြာမြင့်လွန်းလှပေ၏။ အစမထင် အဆုံးစမမြင်ဖြစ်ပါပေသည်။ သမုဒ္ဒရာသည် ဆုံးစမမြင် ကျယ်ပြန့်သလိုပင် သံသရာလည်း ဆုံးစမမြင် အလွန်အရှည်လျားလေသည်။ မြတ်ဗုဒ္ဓက (၃၁) ဘုံရှိကြောင်း အောက်ပါအတိုင်း ဟောကြားညွှန်ပြခဲ့ပါ၏။ ယင်း (၃၁) ဘုံမှာ -

အပါယ်ဘုံ (၄) ဘုံ၊ လူ့ဘုံ(၁)ဘုံ၊ နတ်ဘုံ (၆) ဘုံ၊ ရုပ်နာမ်နှစ်ပါးရှိ (ရူပ) ဗြဟ္မာဘုံ (၁၅) ဘုံ၊ (၎) ရုပ်သက်သက်သာရှိ (အသညသတ်) ဗြဟ္မာဘုံ (၁)ဘုံ၊ နာမ်သက်သက်ရှိ(အရူပ) ဗြဟ္မာဘုံ(၄)ဘုံ စုစုပေါင်း (၃၁) ဘုံ တို့ ဖြစ်ပါသည်။

အပါယ်လေးဘုံတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနှင့် အသုရကာယ်တို့ ပါဝင်သည်။ ချမ်းသာကင်းသောဘုံများဖြစ်ကြကုန်၏။

## ■ သံသရာဟူသည်

သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝ တပြောင်းပြန်ပြန် အဖန်ဖန် အထပ်ထပ် အဆက်မပြတ်ဖြစ်ချင်းပျက်ခြင်းပင် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် (၃၁) ဘုံရှိကြောင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာသုံးမျိုးစလုံးမှာပင်ဟောခဲ့၏။ အထူးသဖြင့် ယမိုက်ကျမ်းတွင် (၃၁) ဘုံ စုံလင်အောင်ဟောကြားထားလေသည်။

အပါယ်လေးဘုံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနှင့် အသုရကာယ်ဘုံတို့ ပါဝင်ကြသည်။ အပါယ်ဘုံသားတို့၌ သက်တမ်းသတ်မှတ်ချက်မရှိ။ ပြုလုပ်ခဲ့သောအကုသိုလ်အနည်းအများအလိုက် ခံစားနေကြလေသည်။ တိရစ္ဆာန်တို့ကား ဘုံသီးခြားမရှိပါ။ လူတို့ဘုံမှာပင်နေထိုင်ကြသည်။ ပြိတ္တာတို့ကား တောကြီး၊ တောင်ကြီး စသည်တို့၌ နေထိုင်ကြရ၏။ ယင်းတို့ကို လူများမမြင်နိုင်ကြချေ။ ယင်းတို့က ကိုယ်ထင်ပြမှသာမြင်နိုင်ကြလေသည်။ လူတို့လောက် ဘုန်းကံမကြီးကြပါ။ ထို့ကြောင့် ကြောက်လန့်စရာမလိုပါပေ။ ဤလူ့ဘုံအထက် ယူဇနာလေးသောင်းနှစ်ထောင်ကွာဝေးသောအရပ် ယုဂန္ဓိုရ်တောင်ထိပ်မှ အစပြု၍ နတ်ဘုံ၊ ဗြဟ္မာဘုံများအဆင့်ဆင့်တည်ရှိနေလေသည်။ (၃၁) ဘုံတည်နေပုံကို အကျဉ်းမျှတင်ပြရခြင်း ဖြစ်ပါ၏။ ကံ၏အကျိုးပေးအရ အထူးတလည်ဖြစ်ပေါ်လာသော ထိုဘုံထိုအဖြစ်ဆန်းတို့သည် အမှန်ပင်ရှိကြပါ၏။ သာမန်မျက်စိ၊ သာမန်ဉာဏ်၊ သာမန်သိပ္ပံကိရိယာတို့ဖြင့် မကြည့်မြင်၊ မသိရှိနိုင်ပေ။ ကံကံ၏အကျိုးပေးဖြစ်၍ အလွန်ပင်ဆန်းကြယ်ထူးခြားလှပေသည်။ သံသရာလည်သည်ဆိုရာဝယ် ဤ(၃၁)ဘုံတွင် မိမိကံအကျိုးပေးအလိုက် တပြောင်းတပြန်ပြန် အဖန်ဖန်အထပ်ထပ် အစဉ်မပျက်ဖြစ်ပျက်နေခြင်းကို ခေါ်ဆိုခြင်းပင် ဖြစ်ပါ၏။

## ■ သေခါနီးအချိန်အရေးကြီးပုံ

သံဃာတော်များဖြစ်စေ၊ လူများပင်ဖြစ်စေ ကုသိုလ်ကောင်းမှုတွေ မည်မျှပင်ပြုခဲ့သော်လည်း သေခါနီးတွင် စိတ်ထားတတ်ရန် အထူးလိုအပ်ပေ သည်။ ကုသိုလ်ကောင်းမှု၏အကျိုးဆက်တွေက နောက်မှလာမှာဖြစ်ပြီး သေခါနီးကာလ အယူအလွဲသွားပါက ပြိတ္တာဘဝသို့ မတော်တဆရောက်ရှိသွားနိုင်ပါ၏။ ငရဲ၊ တိရစ္ဆာန်ဘုံများသို့ မတော်မဆကျရောက်သွားပါက အလွယ်တကူကယ်၍ပင်မရတော့ချေ။ ပြိတ္တာဘဝသို့ရောက်သွားသူများကိုမူ အခန့်သင့်လျှင်ကယ်၍ကူ၍ရပါသေး၏။

အစွဲအလမ်းနှင့် သံယောဇဉ်တွေကို မဖြတ်တောက်နိုင်ပါက အောက်ဘုံများသို့ ရောက်ရှိသွားကြမည်သာဖြစ်ပါ၏။ အချို့က မိမိတို့တစ်သက်လုံး ရှာဖွေထားသည့် တိုက်တာ၊ အိမ်၊ ကျောင်းစသည်တို့ကို တွယ်တာနေတတ်ကြသည်။ အချို့က မိမိတို့တစ်သက်လုံး အနီးကပ် နေထိုင်လာခဲ့ကြသည့် ဇနီးမယား၊ လင်ယောကျာ်း၊ သားသမီး မြေးမြစ်တွေအပေါ် သံယောဇဉ်တွယ်၍ စွဲလမ်းနေတတ်ကြပါးသည်။ ၎င်းတို့ကို ဖြတ်တောက်နိုင်ရန် အထူးပင်အရေးကြီးလှပါ၏။ တာဝန်ကျေရန်သာ အရေးကြီးပါသည်။

## ■ ဘဝကူးတံတားကိုကြိုတင်တည်ဆောက်ကြ

ဘဝတံတားကို ကြိုတင်တင်ဆောက်ထားကြရန် လိုအပ်လှပါသည်။ ဘဝနိဂုံးချုပ်မည့်ပုံစံကိုကြိုတင်မြော်တွေးပြီး မိမိစိတ်တွင် အာရုံတွင် နှစ်သက်ကြည်လင်မှုရှိသောတရားတစ်မျိုးမျိုးကို အာစိဏ္ဏကံပိုင်အောင် ထပ်ကာထပ်ကာ လေ့ကျင့်ပေးရန် လိုအပ်ပေသည်။ ထိုအာစိဏ္ဏကံပိုင်နိုင်ထားမှသာ သေခါနီးပေါ်လာသည့် အာသန္နကံသည် မိမိလိုအပ်သလို ပေါ်ထွန်းလာမည်ဖြစ်ပါ၏။

## ■ အာစိဏ္ဏကံနှင့်အာသန္နကံဟူသည်

အာစိဏ္ဏကံဆိုသည်မှာ မိမိတို့၏ နေ့စဉ်ပုံမှန်လုပ်နေသောအလုပ်ဖြစ်ပြီး အာသန္နကံဆိုသည်မှာ သေခါနီးအချိန်ကပ်ပြီးဝင်ရောက်လာသောအာရုံကိုခေါ်ဆိုခြင်း ဖြစ်ပါသည်။ အာစိဏ္ဏကံပိုင်ကိုပိုင်နိုင်ထားပါက သေခါနီးကပ်လျက်ဖြစ်ပေါ်လာမည့် အာသန္နကံသည် မိမိအလိုရှိသလို ပေါ်ထွန်းလာမည် ဖြစ်ပါ၏။

နယ်ခြားတောင်တန်းသာသနာပြုဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဥတ္တမသာရ၏ 'ချမ်းမြေ့စွာဘဝနည်း' စာအုပ်တွင် ဆရာတော်ကြီး၏မယ်တော်ကြီး ဒေါ်သေးတာ ပြိတ္တာဘဝရောက်ရရှာပုံကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

"မယ်တော်ကြီး ကွယ်လွန်ပြီး နှစ်အတန်ကြာတော့ ဘုန်းကြီးအိပ်မက်မြင်မက်တယ်။ အိပ်မက်ထဲမှာ မယ်တော်ကြီးခမျာ ညှိုးညှိုးငယ်ငယ်နဲ့ ဘုန်းကြီးကျောင်းရှေ့မြေပြင်ပေါ်ကရပ်ရင်း ကျောင်းပေါ်မှာရှိနေတဲ့ဘုန်းကြီးကိုလှမ်းလျှောက်တယ်။ မောင်ပဉ္စင်း၊ မောင်ပဉ္စင်းဘုရား ဖြစ်နိုင်ရန် ဒကာမကြီးကိုသင်္ကန်းတစ်စုံဆက်



www.burmeseclassic.com

www.burmeseclassic.com

ချီးမြှင့်ပါတဲ့။ အင်း - ငါ့မယ်တော်ကြီး သေခါနီးကာလမှာ သံယောဇဉ်တွယ်တာမှုကြောင့် ပေတဂတိမှာရောက်နေရရှာသကိုး။ ကျွတ်ချိန်တန်ပြီနဲ့တူပါရဲ့လို့ အောက်မေ့တယ်။ ဒါနဲ့ ဘုန်းကြီး မိမိပြုလုပ်သမျှ ကုသိုလ်ကောင်းမှုများကို မယ်တော်ကြီးအား ရည်စူးပြီး ရေစက်ချ ထက်တိုးပြီး အမျှအတန်းပေးဝေတယ်။ သီးခြားရည်မှန်းပြီးတော့လည်း ဒါနပြုပေးပါတယ်"

■ စာရေးသူ၏ အမေကြီးဒေါ်မြစိန်

. စာရေးသူ၏ မွေးဇာတိသည် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မြို့လှကျေးရွာဖြစ်ပါသည်။ အောင်လံမြို့နှင့် (၁၅) မိုင်ခန့် ကွာဝေးလေသည်။ အချိန်ကာလကြာမြင့်ပြီဖြစ်၍ ရက်၊ လ အတိအကျမမှတ်မိတော့ပါ။ ၁၉၈၁ ခုနှစ် မိုးရာသီကာလ ကုန်ဆုံးပြီးနောက်ပိုင်း ဆောင်းရာသီ ဒီဇင်ဘာလခန့်တွင် တာဝန်ကျနေရာ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မှ ခွင့် (၁) လခန့်ယူပြီး မွေးရပ်မြေသို့ ပြန်လာခဲ့ပါသည်။ မြို့လှရွာတွင် ရက်ကြာကြာနေခဲ့ပါ၏။ ရွာသို့ပြန်ရောက်သောအခါ အမေကြီး ဒေါ်မြစိန်မှာ ကျန်းမာရေးသိပ်မကောင်းတော့ပါ။ တရှောင်ရှောင်ဖြင့် နာမကျန်းဖြစ်နေ၏။ စာရေးသူသည် သမီးဖြစ်သူ မဖြူစင်ဦးကိုထိန်းရင်း နေ့စဉ်လိုလို နံနက်ပိုင်းတွင် အမေကြီးအိမ်၌ရှိနေပါသည်။

တစ်နေ့ ကျန်းမာရေးအခြေအနေ မကောင်းသဖြင့် အောင်လံမြို့ ကုန်သွယ်ရေးတွင် တာဝန်ထမ်းဆောင်နေသူ ဦးထွန်းရီကို အောင်လံသို့ ပြန်သွားသည့် နံနက်ပိုင်းတွင် စာရေးသူလည်းရှိနေရာ လူနာအခြေအနေမှာ ကောင်းမွန်နေပြီး အိမ်ပေါ်မီးဖိုတွင်ပင်မီးလှုံနေနိုင်ပါသည်။ နေတော်မြင့်လာသောအခါ စာရေးသူတို့သားအဖနှစ်ဦး နေ့လယ်စာစားသုံးရန်အတွက် အရီးလေးဒေါ်သိန်းကြင်၏နေအိမ်သို့ပြန်လာခဲ့ပါသည်။ တည်းခိုနေရာအိမ်ပြန်လည်ရောက်ရှိပြီး မကြာမီတွင်ပင် ညီတစ်ဝမ်းကွဲဖြစ်သူ မောင်အောင်ဆန်းဝင်းအပြေးအလွှားရောက်ရှိလာပြီး-

"အစ်ကိုကြီးရေ အမေကြီးအမောဖောက်လို့ အမြန်လာပါ"

ဟု လမ်းပေါ်မှ အော်ဟစ်သတင်းပို့ပြီးတစ်ဖန်လှည့်ပြန်သွားပါတော့သည်။ စာရေးသူလည်း အပြေးအလွှားလိုက်သွားရာ အိမ်ရောက်ပြီးမကြာမီပင် အမေကြီးဒေါ်မြစိန် ကွယ်လွန်သွားပါတော့



သည်။ ရောဂါဟူ၍မည်မည်ရရမရှိဘဲ နေ့စေ့ကံကုန်လာ၍ လူအိုနာဖြင့်ပင် ကွယ်လွန်သွားရခြင်းဖြစ်ပါ၏။ တစ်ဘဝ ကုန်ပြန်လေပြီတကား။

မည်သည့်နည်းဖြင့် ဘဝနိဂုံးချုပ်သွားပါသနည်း။ ဒါနအားကိုးနှင့်လော၊ သီလအားကိုးနှင့်လော၊ ဘာဝနာအားကိုးနှင့်လော၊ စာရေးသူလည်း မသိနိုင်တော့ပါ။ ရှေးခေတ်ကြီးလူကြီးများလည်း ဖြစ်ပြန်၊ ဘာသာရေးအသိကလည်း အားနည်းနေပြန်၊ တိကျသော အာသန္နကံကိုလည်း ကြိုတင်ထူထောင်မထားပြန်၊ အမြတ်မ်းလေ့ကျင့်ပျိုးထောင်ထားသော အာစိဏ္ဏကံကလည်း မရှိပြန်သဖြင့် လားရာဂတိခန့်မှန်းရန်မှာ ခက်ခဲလှပါ၏။ ကောင်းရာသုဂတိသို့လားပါစေဟုသာ ဆန္ဒပြုရပါတော့သည်။ (၃၁)ဘုံရာရှိတွင် ဦးတည်ချက်မရှိခဲ့သဖြင့် ရောက်ချင်ရာဘုံသို့ ရောက်သွားနိုင်လေသည်။

'သေသောသူကြာရင်မေ့၊ ပျောက်သောသူရှာရင်တွေ့' ဟူသော မြန်မာစကားပုံတစ်ခုရှိပါသည်။ ကွယ်လွန်ပြီးပုဂ္ဂိုလ်တို့အတွက် အစတွင် ပူပူနွေးနွေး ဝမ်းနည်းကြေကွဲကြရပါ၏။ လူ့ဘဝမှ အပြီးတိုင် ထွက်ခွာသွားခြင်းဖြစ်သဖြင့် ဝမ်းနည်းနေ၍လည်း ပြန်လည်ဆုံတွေ့ခွင့်မရတော့။ တရားသဘောနှင့်သာ ဖြေနေကြရပြီး အချိန်ကြာလာသည်နှင့်အမျှ မေ့မေ့ပျောက်ပျောက်ဖြစ်သွားတတ်ပါသည်။ တစ်ခါတစ်ရံ သတိရ၍ လွမ်းဆွတ်သည်မှအပ ဘာမှမတတ်နိုင်တော့ပါတကား။ သေချိန်ရောက်လျှင် သေနေကြရဦးမည်သာဖြစ်ပါတော့သည်။ လူတိုင်းသွားနေရသည့် မှတ်တိုင်ပင်ဖြစ်ပါ၏။

■ အိပ်မက်ပေးပုံ

အမေကြီးဒေါ်မြစိန် ကွယ်လွန်ပြီး တစ်နှစ်ခန့်ကြာသောအခါ စာရေးသူ အိပ်မက်တစ်ခုမြင်မက်သည်။စိတ်စွဲလမ်းခြင်းမရှိဘဲနှင့် မက်သည့်အိပ်မက်ဖြစ်ပါ၏။ အိပ်မက်ထဲတွင် အောင်လံမြို့ တရော်ကုန်းရပ်ကွက် (၁၄) လမ်းရှိ မိမိတိုက်နေအိမ်တွင် မိမိရှိနေ၏။ ထိုအချိန်တွင် အမေကြီးဒေါ်မြစိန်သည် သေဆုံးစဉ်ကအရွယ်အတိုင်း ခါးကုန်းကုန်းနှင့် တောင်ဝှေးထောက်ပြီး အနောက်ဘက် ဒေါ်နက်ချိုတ်နေအိမ်ရှေ့သို့ရောက်ရှိလာ၏။ အဝတ်အစားမှာ တောက်တောက်ပပမရှိချေ။ ဟောင်းနွမ်းနေ၏။ ထို့နောက် အိမ်ထဲသို့လှမ်းပြောနေ၏။ အိမ်ထဲသို့ မဝင်ပါ။

"ဒီတစ်ခေါက် မောင်တင်ဝင်းပြန်လာရင် ရွာကိုလွှတ်လိုက်ပါဦး"

ဟု ပြောဆိုပြီး ပြန်လည်ထွက်ခွာသွားပါသည်။ စာရေးသူအနေဖြင့် မိမိ၏အမေကြီးသည် လွတ်ရာကျွတ်ရာ သုဂတိဘုံသို့မရောက်သေးဘဲ အနေအထိုင် အစားအသောက်ဆင်းရဲသော ပြိတ္တာဘုံသို့ ရောက်ရှိနေသည်ဟု သူဆမိပါ၏။ အသက်ရှင်စဉ် လူသားဘဝ မြေးဖြစ်သူ မိမိအား သံယောဇဉ်ကြီးမားခဲ့သဖြင့် အမှတ်တရအကြောင်းလာပြုသည်ဟု ခံယူပါသည်။ယခုအချိန်အထိ မိမိပြုသမျှ ကုသိုလ်အစုစုနှင့် ပရိတ်တော်များတန်ခိုးကြောင့် ရရှိလာသည့်ကောင်းမှုအဖုံဖုံတို့၏ အကျိုးနိသင်တို့ကို နေ့စဉ်နံနက်တိုင်း ရွတ်ဖတ်ပူဇော်အပြီးတွင် အမျှကုသိုလ်ပေးဝေလျက်ရှိပါ၏။ ဆွေကြီးမျိုးကြီးတို့ကို နေ့စဉ်ရှိခိုးဆဲပါ။ ၎င်းတို့၏ အရိပ်အာဝါသကို မိမိတို့ခိုလှုံခဲ့ရသည်မဟုတ်ပါလော။ ယခုအခါ တစ်ကြိမ်တစ်ခါမျှ အိပ်မက်ပေးခြင်းမရှိတော့ပါ။ ကောင်းရာသုဂတိဘုံတစ်ခုခုသို့ရောက်ရှိသွားပြီဟုသာမှတ်ယူရပါတော့သည်။ ဘိုးဘွား ဆွေကြီးမျိုးကြီးတို့အား ပူဇော်ကန်တော့ရခြင်းသည် ပြန်လည်ကျေးဇူးဆပ်ရာ ရောက်သည့်အပြင် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော မင်္ဂလာတရား (၃၈) ပါးတွင် တစ်ပါးအပါအဝင် မဟုတ်ပါလော။

■ အမေကြီး၏ သားသမီးများက အိပ်မက်ပေးပုံ

ထိုနည်းတူ အမေကြီးဒေါ်မြစိန်၏သမီးများဖြစ်ကြသော ဒေါ်ကြည်အုန်း၊ ဒေါ်စံကြိုင်တို့သည်လည်း ကွယ်လွန်သွားကြပြီးနောက်ပိုင်း စာရေးသူကို အိပ်မက်ပေးဖူးကြပါသည်။ အရီးလေးဒေါ်ကြည်အုန်း ကွယ်လွန်ပြီးများမကြာမီ ၎င်း၏မောင်အငယ်ဆုံးဖြစ်သူ ဦးတင်ငွေ၏ အိမ်လှေကားပေါ်တွင် ထိုင်နေသည်ကို အိပ်မက်ထဲမှာ တွေ့ရှိရပါသည်။ တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com

တစ်ရာပြောဆိုခြင်းမရှိပါ။ အရီးလေး ဒေါ်စံကြိုင်ကိုလည်း အိပ်မက်ထဲတွင် [illegible]အပေါင်းအသင်းများအတူ တောင် သာ သို့ ပျော်ရွှင်စွာ သွားလာနေ တာကို တွေ့ရှိရပါသည်။ ရောက်ရာဘဝတွင် ပျော်နေဟန်ရှိပါသည်။ နှစ်ကြိမ်၊သုံးကြိမ် ခန့် အိပ်မက်ပေးပါသည်။ နှစ်တွေကြာ လာသည်နှင့်အမျှ ယခုအခါတွင်မူ နောက်ထပ် အိပ်မက်ပေးခြင်းမရှိတော့ ပါ။ ဘယ်ဘဝသို့ရောက်ရှိသွားကြသည် မသိ။ ဘဝတွေအဖုံဖုံကူးပြောင်းနေခြင်း ကား ဆန်းကြယ်လှပါသည်။ သံသရာ ခရီးသည် အလွန်ရှည်လျားလှပေသည် တကား။ ကြောက်မက်ဖွယ်ကောင်းလေ စွ။ သံသရာတွင် ကျင်လည်ရသည်မှာ ဆင်းရဲလှပေ၏။ တရားတော်ကိုသာ အားကိုးကြပါစို့။

စာရေးသူ၏မိခင်ဘက်မှအမေကြီး ဒေါ်အေးကြည်သည်လည်း ယခုကဲ့သို့ မကြာခဏ မိမိအား အိပ်မက်ပေးပါ၏။ သီးသန့်ရေးသားတင်ပြသွားပါမည်။ ယခု တင်ပြထားသည့် အမေကြီးဒေါ်မြစိန် သည် မိမိဖခင်၏အမေဖြစ်ပါ၏။ အခြား သားသမီးအရင်းများအား အိပ်မက်ပေး ဖူးပါသလားဟု မိမိသတိရသည့်အခါ မေးမြန်းကြည့်ရာ ထူးထူးခြားခြား အိပ်မက်ပေးလာခြင်းမရှိဟု ဆိုကြပါ သည်။မိမိအားသာလျှင် တစ်မူထူးခြား၍ အိပ်မက်ပေးနေကြခြင်း ဖြစ်ပါသည်။ ပုံမှန် ဘာသာရေးကျင့်ဝတ်များ ဆောင်ရွက် နေခြင်းကြောင့်သာ ယခုကဲ့သို့ အိပ်မက် ပေးနေကြခြင်းဖြစ်သည်ဟု ယူဆရပါ သည်။

■ ဆရာတော်ကြီး၏ဩဝါဒ

အာသန္နကံခိုင်မာစေရေးအတွက် နယ်ခြားတောင်တန်းသာသနာပြုဆရာ တော်ကြီး ဦးဥတ္တမသာရ၏ 'ချမ်းမြေ့စွာ ဘဝနေနည်း' စာအုပ်ထဲတွင် အောက်ပါ အတိုင်း လမ်းညွှန်ထားသည်ကို တွေ့ရှိ ရပါသည်။

'သဝေမပါ ကိုးဂါထာလို့ခေါ်တဲ့ သရဏဂုံသုံးပါးဟာ လူတိုင်းမရတဲ့သူ မရှိဘူး။ ဘုရားတရားစာတွေထဲမှာ သရဏဂုံဟာ လူတိုင်းအဖို့အရွတ်အဖတ် အလေ့အကျက်အများဆုံးလို့ဆိုရမယ်။ နေကောင်းနေစဉ် ရောဂါဝေဒနာဖြစ်နေ စဉ်အတွင်းမှာ လေ့ကျင့်ပြီး ရွတ်ဆိုနေရ မယ်။ ဘယ်လိုမှမရွတ်ဆိုနိုင်တောင်မှ အနည်းဆုံး ဘုရားကိုးကွယ်ပါ၏၊ တရား ကိုးကွယ်ပါ၏၊ သံဃာကိုးကွယ်ပါ၏လို့ စိတ်ထဲကတော့ သတိရနေသေးသမျှ ဆင်ခြင်နိုင်အောင် ကြိုတင်မှုချထားရ မယ်။ အခုလိုအချိန်က သွားရင်းနေရင်း ထိုင်ရင်းလည်း နေ့စဉ်မကြာခဏရွတ်ဆို လေ့ကျင့်ထားရင် ဝါသနာအထုံရသွား မယ်။ ခရီးသွားလာရာမှာအေးအန္တရာယ် လည်းကင်းရှင်းစေတယ်။လူတိုင်းအတွက် ဒီအန္တရာယ်ကင်းဂါထာလောက်ကောင်း တဲ့ဂါထာမရှိပါဘူး။ ဒါကြောင့် ရှေးဆရာ ကြီးတို့က 'သဝေမပါကိုးဂါထာ' လို့လည်း ခေါ်တယ်။ လိုရာကိစ္စပြီးစီးစေနိုင်သော ကြောင့် 'သံဗုမင်္ဂလာဂါထာ'လို့လည်း ခေါ်ကြတယ်။ သွားလေရာရာမှာ အမြဲ ရွတ်ဆိုနေရင်း အန္တရာယ်ကင်းတဲ့အပြင် မိမိဘဝနိဂုံးချုပ်ရာမှာ အာသန္နကံအတွက် လည်း ကြိုတင်ပုံစံချလေ့ကျင့်ပြီးဖြစ်သွား တယ်လို့ မှတ်ယူရမယ်'။

■ ရတနာသုံးပါးကျေးဇူး

မည်သို့ဖြစ်စေ လက်ရှိဘဝကုန်ဆုံး ပြီးသည်နှင့် တမလွန်ဘဝအရေးကား အလွန်ပင်အရေးကြီးလှပေ၏။ သံသရာ ခရီးကား ရှည်လျားလှသည်ဖြစ်ရာ ခိုင်မာ သည့် အာမခံချက်တစ်ခုခုရရှိထားရန် လိုအပ်ပေသည်။ ရတနာသုံးပါးမှတစ်ပါး အခြားအားကိုးရာမရှိပေ။ ရေဘူးနှင့်ဖိနပ် မပါ နွေခါမှသိမည်၊ ဒါနနှင့် သီလမပါ သေခါမှသိမည်' ဟူသော ဆိုရိုးစကား ရှိခဲ့ပါ၏။ ငါးပါးသီလမျှလောက်ကိုပင် လေးလေးစားစား လိုက်နာကျင့်သုံးပါက အပါယ်လေးပါးဘေးကြီးမှ လွတ်မြောက် စေနိုင်၏။ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အာနာ ပါန၊ သတိပဋ္ဌာန်လုပ်ငန်းတို့ကိုပင် နေ့စဉ် နည်းနည်းဖြင့် လေ့ကျင့်သွားပါက အပါယ် ဘေးကြီးမှပို၍စိတ်ချရပေသည်။

သေခါနီးလာလျှင် မိမိလုပ်ခဲ့သမျှ အဆိုး၊ အကောင်းဖြစ်ရပ်များစွာတို့ကို ပြန်လည်မြင်ယောင်လာပြီး တမလွန်ဘဝ အတွက် အကျိုးပေးနိုင်ရန် ကမ္မနိမိတ် များ ဆက်လက် ပေါ်ထွန်းလာကြ၏။ နတ်ပြည်ရောက်မည့်သူက နတ်ဗိမာန် များ၊ ငရဲသွားမည့်သူက ငရဲမီးလျှံများကို ဆက်လက်မြင်ကြရ၏။ ဂတိနိမိတ်ဟု ခေါ်ကြလေသည်။

ရတနာသုံးပါးဂုဏ်ကျေးဇူးကား ကြီးမားလှပေ၏။ သို့သော် ငရဲဘဝကျ ရောက်သူနှင့်တိရစ္ဆာန်ဘဝရောက်သွား သူများကိုမူ ကယ်၍မရပြီ။ သရဲ၊ တစ္ဆေ၊ မြေဘုတ်၊ မှင်စာ၊ အစိမ်း၊ နတ်စိမ်း၊ နတ်ဘီလူး စသည့် ပြိတ္တာအမျိုးမျိုးတို့ကို မူ လိုက်၍မကယ်မနိုင်ပေမည်။ နေ့စဉ် နှင့်အမျှ မိမိတို့ပြုလုပ်သောကုသိုလ်အဖို့ ကိုပေးဝေကြရမည် ဖြစ်သည်။ ကုသိုလ် ပြု၍အမျှဝေခြင်း၊ အမျှယူခြင်းကသာ လျှင် နောက်ဆုံးကယ်တင်ခြင်းပင် ဖြစ်ပါ တော့သည်။ မျှဝေသောကုသိုလ်၏ အဖို့ ဘာဂကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ယူကြပြီးနောက် ကောင်းရာသုဂတိသို့ ချက်ချင်းပင် ရောက်သွားနိုင်ပါသည်။ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးအား တိုင်း တာ၍မရနိုင်ပါပေ။

နိဂုံးချုပ်အားဖြင့် အကျွန်ုပ်တို့ သည် ရတောင့်ရခဲလှစွာသော လူ့ဘဝကို ရရှိနေချိန်၊ ဗုဒ္ဓ၏သာသနာတော်အတွင်း လူဖြစ်လာရချိန်၊ သံဃာတော်များ၏ ဆုံးမဩဝါဒများကိုအလွယ်တကူနာကြား ခွင့်ရရှိနေချိန်တို့တွင် နောင်သံသရာ ခရီးအတွက် ကြိုတင်ပြင်ဆင်မှုများကို အချိန်ရှိခိုက်လုံ့လစိုက်သင့်ကြပေသည်။ သို့မှသာလျှင် နိဗ္ဗာန်မရသေးသည့်တိုင် သံသရာတွင်အဆင့်မြင့်မြင့်ကျင်လည်ကြ ရမည်ဖြစ်ပါသည်။ သံသရာခရီးကား အဆုံးအစမထင် ရှည်လျားလှပေသည်။ တစ်ကမ္ဘာသက်တမ်းတွင်းမှာပင် မရေ မတွက်နိုင်သောဘဝမျိုးစုံတို့ ကျွယ်လွန် ခဲ့ကြရာ ကျန်ရစ်သောအရိုးတို့ကို စုပုံထား ပါက တစ်နေကုန်တက်မှ အမြင့်ဆုံးသို့ ရောက်ရှိနိုင်သောရာဇဂြိုဟ်ပြည်နံဘေး ရှိ ဝေပုလ္လတောင်ကြီးခန့်ရှိလိမ့်မည်ဟုဆို ပါသည်။ ကြောက်မက်ဖွယ်ကောင်းလေ စွ။ ဘယ်လောက်သံဝေဂရဖွယ်ကောင်း ပါသနည်း။ ဘဝဆိုတာ ယာယီသာဖြစ် ကြပေ၏။ တရားတော်သာ အားကိုးရာ ရှိပါတော့သည်တကား။ အနေချောင် လျှင် အသေကျပ်ပါမည်။ ရတနာသုံးပါး ကိုအာရုံပြု၍ သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ရွှေပြည်သို့အမြန်ရောက်ကြစေရန် စတင်ကြိုးပမ်းသင့်ကြပြီဖြစ်ပါကြောင်း မြင့်မြတ်သောစေတနာဖြင့်အကြံပြုတင်ပြ လိုက်ရပါတော့သည်။ ခရီးဖော်များဖြစ် ကြသည့် အာစိဏ္ဏကံနှင့် အာသန္နကံ ကောင်းအောင် ကြိုးပမ်းကြပါစို့။

ဦးတင်ဝင်း(အောင်လံ)

မှီငြမ်း -

၁။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနထုတ် 'ဗုဒ္ဓဘာသာ ကောင်းတစ်ယောက်'

၂။ တောင်တန်းသာသနာပြုဆရာ တော် ဦးဥတ္တမသာရ၏ 'ချမ်းမြေ့စွာဘဝ နေနည်း'

www.burmeseclassic.com

www.burmeseclassic.com



# မင်းဘူး-ဗိုလ်ဥက္ကာမ
## ကာမဘုံသား ဆိုလည်းနား

ကာမဘုံသား××× ဆိုလည်းနားသို့ နယ်×××အနတ္တကာမတွေရယ် ကျင်လည်ခဲ့ရပြန်တယ်××× မဆုံးနိုင်ကြတယ် ××× တဝဲလည်လည် ××× သမုဒယဆိုသော တဏှာရယ်××× ဖြစ်လာတယ် ×××× သံယောဇဉ်ကကွယ်×××သူ့စီးရယ်××× သမီးရယ်×××ဇနီးရယ်××× ခင်ပွန်းသည်ရယ်××× ဆွေရယ်မျိုးရယ် ××× ချစ်ကြိုးအသွယ်သွယ်××××နှောင်ဖွဲ့ပြန်တယ်၊ သံသရာခရီးသည်×××သံသရာခရီးသည်×××သံသရာခရီးသည်×××

ကျွန်တော်က တစ်ခေတ်တစ်ခါက အဆိုတော်ကြီးမေလှမြိုင်၏သံသရာခရီးသည်သီချင်းကို ဆိုညည်းကာနေမိသည်။ သံဝေဂသီချင်းတစ်ပုဒ်ဖြစ်သည်။ အခြားသံဝေဂသီချင်းများမှာ ဦးပြုံးချိုရေးစပ်သော 'တေဘုမ္မာ' သီချင်းနှင့် 'ဘဝသံသရာ' သီချင်းများပဲ ဖြစ်သည်။

ပူလောင်သော ကိလေသာကို အကြောင်းပြု၍ ဆင်းရဲလှသောကာမဘုံသို့ ရောက်လာကြသည်။ ဒါဖြင့်လျှင် 'ရူပဘုံ' 'အရူပဘုံ' စသော ဗြဟ္မာတို့စံမြန်းရာကကော။ ဟုတ်ကဲ့ - ယင်းတို့သည် ကာမဘုံမဟုတ်ပါ။ သို့သော် သုဒ္ဓါဝါသ အနာဂမ်ဗြဟ္မာတို့ စံမြန်းရာကလွဲ၍ ကျန်ဗြဟ္မာဘုံများတွင် ကိလေသာအနုသယ ပြန်ပေါ်သောအခါ ကာမဘုံသို့ ပြန်ရောက်ကြရသည်။ 'ဗြဟ္မာ့ပြည်တဝင်းဝင်း၊ စက်စာကျင်းတရွှတ်ရွှတ်' ဟူသော စကားရှိသည်မဟုတ်လော။

ကာမဘုံတွင် ကာမရာဂမီးတွေ တရှိန်းရှိန်းတောက်လောင်နေလို့နေ၏။ ဒေါသမီးတွေတရှိန်းရှိန်းတောက်လောင်လို့နေသည်။ အခြားအလိုရမ္မက်လောဘမီးတွေက ရှိန်းရှိန်းတောက်လို့နေသည်။ သံယောဇဉ်မီးတွေတရှိန်းရှိန်းတောက်လို့နေသည်။ သံယောဇဉ်မီးတွေတရှိန်းရှိန်းတောက်လို့နေသည်။ လောင်မြိုက်ခံရပေမင့် လောင်မြိုက်ခံရမှန်းမသိ မီးစွယ်မီးညွန့်တွေတိမ်းရာကိုပဲ ကိုယ်ကိုယ်မီးခွဲ့လို့ ကခုန်နေကြသောကာမဘုံသားများ။ ဤရုပ်ဤနာမ်ကံကုန်သွားပြန်တော့ ဤကာမရာဂစိတ်တွေကပဲ ကာမဘုံထဲ ဆွဲချသဖြင့် ဆင်းရဲခြင်းထဲသို့ ကျဖန်



www.burmeseclassic.com

www.burmeseclassic.com

ကျရောက်ကြရာ ပြန်ပါပကော။ ဤသို့နှင့်ပင် ဆင်းရဲခြင်းပြီးတော့ ဆင်းရဲခြင်းဟူသောသံသရာမှာလည်လို့နေကြရပြန်သည်။ ရုန်းထွက်၍ ရနိုင်မှန်းသိလျက်နှင့် ရုန်းမထွက်နိုင်ကြသူများ၊ ရုန်းထွက်ရကောင်းမှန်းမသိ၍ ဤဆင်းရဲခြင်းအာမဘုံမှာပဲ အကြိမ်များစွာ အဖန်တလဲလဲလည်နေကြရသူများ။

ရွှေမန်းတင်မောင်၏ ရွှဲကုန်သည်ဇာတ်ထဲက လူမိုက်ရွှဲကုန်သည်သည်သေခါနီးဝယ် ဟယ် - လူမိုက်၊ ဟယ်-လူမိုက် ဟူ၍ မိမိ၏ မိုက်မဲမှုကို အပြစ်တင်ခဲ့သည်။ 'မှားပြီးမှားပြီ၊ ငါမှားပြီ' ဟုနောက်ဆုံးညည်းတွားကာ သေဆုံးသွားခဲ့သည်။ အဖြစ်အလားတူစွာပါပဲ ယခုအခါတော့ 'ဟယ်လူမိုက်' ဟယ်-လူမိုက် ဟူ၍ မိမိကိုယ်ကိုသာ အပြစ်တင်နေခဲ့မိသော ကျွန်တော်။

ထေရဝါဒဗုဒ္ဓဘာသာ၏ အရပ်ဝယ် ကောင်းစွာ ကြီးပြင်းလာခဲ့သူပါ။ အသက် (၆) နှစ်သားမှစ၍ ရှစ်ပါးသီလကို စောင့်ထိန်းပြီး ဥပုသ်ပြုသော အလေ့အကျင့်ရှိခဲ့သူပါ။ 'အရဟံ၊ အ-ရဟံ၊ အရ-ဟံ' ဟူ၍ ဂုဏ်တော်ပုတီးကို ပတ်ရေထောင်နှင့်ချီ၍စိပ်ခဲ့သူပါ။ သို့သော် ဝိပဿနာဉာဏ်ပညာနှင့်ဝေးခဲ့သူ ဖြစ်သည်။ ဝိပဿနာဉာဏ်ပညာဆိုတာ ဘာမှန်းမသိခဲ့သူဖြစ်သည်။ သတိပဋ္ဌာန် (၄) ပါး၊ ဣရိယာပုဒ် (၄) ပါးကို ကြားထောင်မကြားဘူးခဲ့သူဖြစ်သည်။ ပညာနည်းသူသည် နည်းသောပညာနှင့်ထိုက်တန်သောဘဝ၊ ထိုက်တန်သောအဖြစ်ကိုပဲ ရလိမ့်မည်။ ငယ်စဉ်တောင်ကျေးကတည်းက တက္ကသိုလ်ပညာဆိုတာ အာရုံမှာရှိခဲ့သည်။ ရှိခဲ့သည့်အတိုင်းကြိုးစားခဲ့သည်။ ကြိုးစားခဲ့သည့်အတိုင်းပဲ တက္ကသိုလ်ကနေဘွဲ့ရခဲ့၏။ ကျောင်းနေစဉ်မှာပဲ ချစ်သူရခဲ့ပြီး ချစ်သူကအဖေအားတွေပေးသလို အပူလည်းပေးခဲ့သည်။ ဒါလည်း နောင်တမရ။ နောင်တရရမှန်း အသိဉာဏ်ပညာ မိမိမှာမရှိခဲ့။ ချစ်သူနှင့်ကွဲပြီးသည့်နောက် အလုပ်ရှာရင်း ရန်ကုန်မြို့မှာ အိမ်ထောင်ကျသည်။ အိမ်ထောင်တစ်ခု၏ သာယာမှုများ၊ မသာယာမှုများ၊နောက်ဆုံးကွဲသွားတော့မှ အချိုလည်းမရှိတော့သလို အခါးလည်းမရှိတော့ပါ။

အရာရှိဖြစ်ဖို့ရန် အာရုံရှိခဲ့သည်။ ရှိခဲ့သည့်အတိုင်း ကြိုးစားခဲ့သည်။ အရာရှိဖြစ်ပြီး ခြောက်နှစ်အကြာဝယ် အလုပ်လုပ်ရာရုံးကြီးပျက်သွားရာက ဘဝတက်



လမ်းလည်း ပိတ်သွားခဲ့ပါတော့သည်။ 'အောင်မယ်၊ ငါက္ခ ဒီလိုဘယ်ရမလဲ' ဟူသော သက္ကာယဒိဋ္ဌိက ကျွန်တော့်ကိုနိုင်ငံခြားသို့တွန်းပို့လိုက်ပြန်သည်။ ကိုယ့်အရပ်မှာမစားဘူးတဲ့ အစားတွေစား၊ မရောက်ဘူးတဲ့အရပ်ကိုရောက်၊ ငယ်စဉ်ကလေးဘဝကတည်းက နိုင်ငံခြားရူးရူးခဲ့သောသူတစ်ယောက်၊ မကြုံဘူးသောအတွေ့အကြုံများနှင့်အတူ တစ်သက်နှင့်တစ်ကိုယ် မခံစားရဘူးသော ခန္ဓာကိုယ်၏ပင်ပန်းဆင်းရဲခြင်းများ၊ စိတ်၏ပင်ပန်းဆင်းရဲခြင်းများကို ခံစားရပါလေသည်။ ဒါတောင် မမှတ်သေး၊ အချစ်ဇာတ်လမ်းလေးများနှင့်လည်း ရှုပ်လိုက်ချင်ပါသေး၏။

မှားခဲ့ပါပကောလားဆိုသောအသိကိုရတော့ အသက်က (၅၈) နှစ်၊ (၆၀) နှစ်နားကို ပြေးကပ်လို့လာခဲ့ပြီ။

ဒေါသစေတသိက်နှင့် မွေးဖွား၍လာခဲ့သော ကျွန်တော်။

လူတို့သည် လောဘစေတသိက်နှင့်မွေးလာသူ၊ မောဟစေတသိက်နှင့်မွေးလာသူ၊ ဒေါသစေတသိက်နှင့်မွေးလာသူဟူ၍ ရှိသည်။ ခေါင်းကလေးကိုအကြော့သားဖြီး၊ အကျီ ပုဆိုးမီးပူကျလေးနှင့် အမြဲမိမိကိုယ်ကိုတသသနေသူသည် လောဘစေတသိက်သမား ဖြစ်သည်။ အမြဲရှုပ်ပွနေသောဆံပင်၊ နေထိုင်ပုံဖြစ်ကတတ်ဆနီးနေတတ်သူသည် ဒေါသစေတသိက်သမားဖြစ်သည်။ မောဟစေတသိက်သမားကတော့ ရှင်းပါသည်။ သေရည်သေရက် မူးယစ်ဆေးဝါးကြိုက်နှစ်သက်လိမ့်မည်။

မှတ်မိသေး၏။

၁၉၈၈ ခုနှစ်၊ ကမ္ဘာ့ဖလား အကြိုကာလဦ့ဖြစ်သည်။ တစ်ရက်တော့ လုံ့ပမ်ကျွန်း ဘဏ်ပိတ်သော ညနေ (၅) နာရီတွင် လုံခြုံရေးကုမ္ပဏီ ကြီးကြပ်ရေးမှူးကလာ၍ ကားနှင့်ခေါ်တင်သွား၏။ မကာအိုဒုတိယကျွန်းတိုင်ပါရှိသော ဘော်လုံးကွင်းသို့ဖြစ်သည်။ ကမ္ဘာ့ဖလားပွဲဝင်မည့် ပေါ်တူဂီအသင်းနှင့် တရုတ်ပြည်အသင်းတို့ခြေစွမ်းပြကစားကြမည်။ ကျွန်တော့်ကို ဗွီအိုင်ပီပေါက်မှာထားသည်။ ပွဲကောင်းမို့ လူတွေကလည်း အုန်းအုန်းထဝင်ကြသည်။ ဘောလုံးပွဲတွင် လုံခြုံရေး၏တာဝန်သည် ပွဲကြည့်ပရိသတ်ကစားသမားကို မနှောင့်ယှက်စေဖို့ဖြစ်သည်။ ခဲနှင့်၊ ထီးနှင့်၊ ရေပုလင်းနှင့်ပစ်ခဲ့သော် မည်သည့်အတန်းက မည်သူပစ်သည်ကို မှတ်ပြီးဆွဲထုတ်ရန်ဖြစ်သည်။ ထို့ကြောင့် ဘောလုံးပွဲတွင် လုံခြုံရေးသည် ဘောလုံးပွဲကို မကြည့်ရကွင်းကိုကျောပေးပြီး ပရိသတ်ကိုပဲ မျက်ခြည်မပြတ် ကြည့်နေရသည်။

ယနေ့တော့ ဤသို့မဟုတ်ပါ။ ကျွန်တော်ရပ်နေဆဲမှာ အနောက်တိုင်းဝတ်စုံနှင့် နက်တိုင်လည်စည်းနှင့် ဒေသခံတရုတ်တစ်ယောက်က ကျွန်တော့်ကိုလာ၍ အင်္ဂလိပ်လိုပြောကာ ဟောက်သည်။

"မင်းဘာပြုလို့လက်မှတ်မစစ်တာလဲ"

အဟောက်ခံရတော့ ဒေါသကထောင်းခနဲထွက်သွားကာ -

"ဘယ်သူက ငါ့ကို အမိန့်ပေးလို့လဲ၊ ဘယ်သူမှ အမိန့်မပေးဘူး"

လို့ ပြန်အော်လိုက်ရာ ထိုပုဂ္ဂိုလ်လည်း သုတ်ဆိုလစ်ပြေးတော့သည်။ ထိုသူကိုဖြစ်သောဒေါသက အရှိန်မပြေပါ။ ထိုအချိန်မှစ၍ (၈၀) ပါတာတပ် (မကာအိုသုံးပိုက်ဆံ) တန်း လက်မှတ်ကို (၈၀) တန်းဆက်သွားလို့ လွှတ်လိုက်သည်။ ဗွီအိုင်ပီလက်မှတ်ကို ဗွီအိုင်ပီတန်းထိုင်ဟု လက်ညှိုးထိုးပြလိုက်သည်။ (၈၀) တန်းကလူက ဗွီအိုင်ပီတန်းကျော်ဝင်လာကာထိုင်သည်။ ရှေ့မှာ လက်မှတ်စစ်ရင်း ဘယ်အတန်းဘယ်နေရာဝင်သွားသည်ကိုနောက်ပြန်ကြည့်ထားသည်။ ခဏနေတော့ ယင်းလူကို လက်မှတ်ပြခိုင်းကာ (၈၀) တန်းသို့ ပြန်သွားခိုင်းသည်။ အပေါ်ပြန်တက် လက်မှတ်စစ်အောက်ဆင်းလူဆွဲထုတ်နှင့်လူတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်လို့နေပြီ။ ဒေါသနှင့်လုပ်နေခြင်းမို့ ရေပင်သောက်ဖို့ရာသတိမရ။ ပေါ်တူဂီတစ်ယောက်ကိုဆွဲထုတ်ရာ သူကမေး၏။ ဒီလူတွေအားလုံးဟာ . . ဗွီအိုင်ပီလားဟု။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

မခိုးမခန့်ရယ်လိုက်သည်။

"ဒီလူတွေအားလုံး ဗွီအိုင်ပီလား၊ ဟုတ်လား ငါမသိဘူး။ သိဖို့မလိုဘူး။ ဗွီအိုင်ပီလက်မှတ်ပါရင် ဝင်ထိုင်၊ မပါရင် ဟိုဘက်သွား"

ဟု ပြောလိုက်မှ လက်လျှော့သွားသည်။ ဟိုလူကို ဒေါသဖြစ်ပြီး ဤသို့ လူဆွဲထုတ်နေခြင်းဖြစ်သည်။သူ့ကိုလည်း ချောင်းနေသည်။ ဒီတစ်ခါတွေ့လျှင် ထပ်အော်ပစ်ဦးမည်။

ကိုနေ့က ဘောလုံးပွဲပြီးတော့ မပြန်ရသေး။ ကမ္ဘာကျော် ပေါ်တူဂီ ဘောလုံးသမား 'ဖီဂို' ကို ပရိသတ်ဝိုင်း နေသဖြင့် လက်ချင်းချိတ်ကာ ကာပေးရသေးသည်။ အိမ်ပြန်ရောက်တော့ ည (၁၁) နာရီထိုးနေပါပြီ။ တစ်ထပ်တည်း နေ ကိုတင်မောင်နှင့် နွယ်နွယ်တို့ ဇနီးမောင်နှံက ဦးလေးဖြစ်သူ ပြန်မလာသေး၍ စိတ်ပူနေကြသည်။ သူတို့ကို အကျိုးအကြောင်း ပြောပြရသည်။ ပင်ပန်းလွန်း၍ ထမင်းမစား ရေမချိုးဘဲ အိပ်ပစ်လိုက်သည်။

မလေးရှားသစ်စက်မှာတုန်းကဖြစ်သည်။ တစ်ခါသော် ဖြတ်ရသည်က ကြမ်းခင်းသစ်မဟုတ်။ တောသစ်တွေဖြစ်သည်။ဖောက်ကလစ်သမားကချပေးတာ အဆင်မပြေ၍ပြောရာ ကုလားကနားမထောင်ပါ။ လွှဝိုင်းဆရာ 'အပုံ' က ကျွန်တော့်ကို အပြစ်ပြောသည်။ 'မင်းအဖေက ပြောလို့မရဘူး' လို့ စိတ်ဆိုးပြီး ပြန်ပြောလိုက်သည်။ အမှန်က ဤသစ်ကို လွှဝိုင်းဆရာနှင့်အတူ ကျွန်တော်တို့ ဟိုဘက်ထိပ်ဒီဘက်ထိပ်မ,ကြပြီး ခုံပေါ်တင်ရမည်။ သူ့ကို စိတ်ဆိုးပြီး 'ခင်ဗျားမကိုင်နဲ့' ဆိုကာ ဖောက်ကလစ်တစ်စီးစာသစ်ပုံကသစ်ကို ကျွန်တော်တစ်ယောက်တည်းမ,ပြီး ခုံပေါ်တင်သည်။

ထိုညက ညအိပ်နေစဉ် ည (၁)နာရီခန့်ဝယ် နောက်ကျောထဲကနေ မီးစကြီးနှင့်ထိုးသလို ခံစားရကာ နိုးလာသည်။ ထလို့မရပါ။ သို့နှင့် ခြေရင်းက တံမြက်စည်းကို ခြေထောက်နှင့်ထိုးယူကာ ဟိုအက်ခြမ်းက မြသိန်းကို တံမြက်စည်းနှင့်ထိုးပြီးနှိုးရသည်။ ပြီးမှ သူ့ကို တေဇောဘမ်းဘူးပေးကာ လိမ်းနင်းရသည်။ ဒေါသနှင့်အဆင်မခြင်လုပ်ခဲ့ရာက ရသောအကျိုးကျေးဇူးဖြစ်ပါ၏။

စိတ်ကြောင့် ရုပ်ပျက်ရပုံပြောပါဦးမည်။ လူဝမ်အော်စကာပန်းခြံမှာဖြစ်သည်။ ၁၉၉၆ ခုနှစ်ခန့်ဖြစ်သည်။ အတူကျဖက် တရုတ်ဂတ်ဒ်မိုးယိန်းကို ဒေါသဖြစ်ရာက ထိုင်နေရင်း ရုတ်တရက် ခါးတွေနာလာသည်။ ထလမ်းလျှောက်ပစ်လိုက်မှ ပျောက်သွားခဲ့သည်။ ဒါမျိုးနောက်တစ်ခါဖြစ်သေး၏။ လူဝမ်ဘက်ကနေထွက်ခဲ့ပြီးနောက် မကာအိုစည်ပင်ရုံးမှာ ခဏတာဝန်ကျသည်။ နောက် မကာအို ပို့ဆောင်ဆက်သွယ်ရေးပြတိုက်ဆောက်လုပ်ရေးသို့ နေ့တာဝန်ဖြင့်ရောက်သည်။ ကျွန်တော့်တာဝန်မှာ တစ်ဖာလုံခန့်ရှိ စာတိုက်လမ်းပေါ်တွင် ကား၊ ဆိုင်ကယ်မရပ်ဖို့ဖြစ်သည်။ တစ်ခါသော် ကွန်ပျူတာကြီးကို ဟိုဘက်အဆောက်အအုံနှင့်ဒီဘက်အဆောက်အအုံ သွယ်ရန် မြောင်းတူးထားသဖြင့် လမ်းကမူရင်းထက် ပိုကျဉ်းနေ၏။ ပေါ်တူဂီ အင်ဂျင်နီယာက သူ့ကားကိုရပ်သဖြင့် ကောင်းကောင်းမွန်မွန်ပေါ် အပေါ်မှာ သွားရပ်ပါလားလို့ ပြောသည်။ သူက ခဏလေးပါဆိုပြီး ကားသော့ခတ်ပြီး ထွက်သွားသည်။ တစ်နာရီခန့်ကြာမှ ပြန်လာပြီး 'ဆောရီး' လုပ်သည်။ 'အေးပေါ့ကွာ ငါကဒီမှာအနိမ့်ဆုံးလူဆိုတော့ မင်းက ဒီလိုလုပ်တာပေါ့' လို့ အော်ထည့်လိုက်သည်။ သူ့ကို ဒေါသဖြစ်ရာက ပါးစပ်တွင် ခဲထားသောဆေးတံသည် တစ်ဆတ်ဆတ်တုန်ခါ၍နေသည်။ ရုတ်တရက် ခါးထဲက ဟိုတစ်ခါလိုပဲ အောင့်တက်လာသဖြင့် မတ်တတ်ထရပ်ပြီး လမ်းလျှောက်ပစ်လိုက်ရသည်။

ဒေါသကြောင့် မိတ်ပျက်သွားလေပြီ။ မဟုတ်မခံသောစိတ်ကြောင့် ဤကဲ့သို့ မိတ်ပျက်ခဲ့ရပေါင်းလည်း မနည်းတော့ပါ။ ဒေါသ။ မကောင်းသောစေတသိက်တစ်ခုပါ။ မကောင်းမှန်းသိပေမယ့် အကြောင်းတိုက်ဆိုင်လာတော့ ဒေါသဖြစ်ရသည်။ ဝုန်းခနဲမှ ဒေါသမဟုတ် သွေးအေးအေးနှင့်လုပ်တာလည်းဒေါသဖြစ်သည်။ မှားမှန်းသိသည်၊ ဒါပေမယ့်



အဲဒါကိုပဲကြိုက်လို့လုပ်တာ။ 'မင်းက ဘာလုပ်ချင်သလဲ' အဲဒီ 'မင်းက ဘာလုပ်ချင်သလဲ' ဆိုသောစကားသည် ကျွန်တော်၏မာနအား ထိခိုက်ခဲ့လေပြီ။ မနိုင်သေး၍ အောင့်နေလိုက်သည်။ ခွင့်ဝင်လာတော့ ယင်းပုဂ္ဂိုလ်ကို အဝေးသို့လှည့်ကာ ပို့လိုက်သည်။ သွားတော့ ငါလုပ်ချင်တာ အဲဒါပဲ။

လောကကို ဖျက်ဆီးတတ်သော တရားသုံးပါးတွင် ဒေါသသည် တစ်ပါး အပါအဝင်ဖြစ်၏ဟူ၍ ဂေါတမမင်းကြီးအား မြတ်စွာဘုရားက ဟောကြားတော်မူသည်။ အကုသိုလ်စိတ် (၁၂) ပါးတွင် ဒေါသမူစိတ် နှစ်ပါးပါဝင်သည်။ အဓိကရေးလိုသည်မှာ ဒေါသစိတ် အကြောင်းဖြစ်စေကာမူ ဤနေရာတွင် တရားဗဟုသုတဖြစ်စေရန် အလို့ငှာ အကုသိုလ်စိတ် (၁၂) ပါးလုံးကိုပင် ပြဆိုပါမည်။

အကုသိုလ်စိတ်(၁၂)ပါးတို့မှာ -
လောဘမူစိတ် (၈) ပါးမှာ

(၁) သောမနဿ-သဟဂုတ ဒိဋ္ဌိဂုတ သမ္ပယုတ္တ အသင်္ခါရိကစိတ်။
(၂) သောမနဿ-သဟဂုတ ဒိဋ္ဌိဂုတ သမ္ပယုတ္တ အသင်္ခါရိကစိတ်။
(၃) သောမနဿ-သဟဂုတ ဒိဋ္ဌိဂုတ သမ္ပယုတ္တ အသင်္ခါရိကစိတ်။
(၄) သောမနဿ-သဟဂုတ ဒိဋ္ဌိဂုတ ဝိပ္ပယုတ္တ သသင်္ခါရိကစိတ်။
(၅) ဥပေက္ခာ-သဟဂုတ ဒိဋ္ဌိဂုတ သမ္ပယုတ္တ အသင်္ခါရိကစိတ်။
(၆) ဥပေက္ခာ - သဟဂုတ ဒိဋ္ဌိဂုတ- သမ္ပယုတ္တ အသင်္ခါရိကစိတ်။
(၇) ဥပေက္ခာ-သဟဂုတ ဒိဋ္ဌိဂုတ- ဝိပ္ပယုတ္တ အသင်္ခါရိကစိတ်။
(၈) ဥပေက္ခာ-သဟဂုတ ဒိဋ္ဌိဂုတ- သမ္ပယုတ္တ သသင်္ခါရိကစိတ်။

ဒေါသမူစိတ် (၂) ပါးမှာ -

(၁) ဒေါမနဿ - သဟဂုတ ပဋိဃ သမ္ပယုတ္တ အသင်္ခါရိကစိတ်။
(၂) ဒေါမနဿ - သဟဂုတ ပဋိဃ သမ္ပယုတ္တ သသင်္ခါရိကစိတ်။

မောဟမူစိတ် (၂) ပါးမှာ-

(၁) ဥပေက္ခာ-သဟဂုတ ဝိစိကိစ္ဆာ- သမ္ပယုတ္တစိတ်။
(၂) ဥပေက္ခာ - သဟဂုတက ဥဒ္ဓစ္စ သမ္ပယုတ္တစိတ်။

မြန်မာပြန် - လောဘမူစိတ် (၈) ပါး -

(၁) ဝမ်းသာအယူမှားလျှင်-တိုက်တွန်းရန်မလို အလိုလိုဖြစ်သော လောဘ-

www.burmeseclassic.com

www.burmeseclassic.com

စိတ်။
(၂) ဝမ်းသာအယူမှားယှဉ်-တိုက်တွန်းရန်လိုအပ် အလိုလိုဖြစ်သောလောဘစိတ်။
(၃) ဝမ်းသာအယူမှားမယှဉ်-တိုက်တွန်းရန်မလို အလိုလိုဖြစ်သောလောဘစိတ်။
(၄) ဝမ်းသာ အယူမှားမယှဉ် တိုက်တွန်းရန်လိုအပ် အလိုလိုဖြစ်သောလောဘစိတ်။
(၅) အလယ်အလတ် အယူမှားယှဉ် တိုက်တွန်းရန်မလို အလိုလိုဖြစ်သော လောဘစိတ်။
(၆) အလယ်အလတ် အယူမှားယှဉ် တိုက်တွန်းလိုအပ် အလိုလိုဖြစ်သော လောဘစိတ်။
(၇) အလယ်အလတ် အယူမှားမယှဉ် တိုက်တွန်းရန်မလို အလိုလိုဖြစ်သော လောဘစိတ်။
(၈) အလယ်အလတ် အယူမှားမယှဉ် တိုက်တွန်းရန်လိုပ်အပ် အလိုလိုဖြစ်သော လောဘစိတ်။

ဒေါသမူစိတ် (၂) ပါး -
(၁) ပြစ်မှားကြမ်းတမ်း ယှဉ်တိုက်တွန်းရန် မလိုစိတ် ဆင်းရဲစိတ်။
(၂) ပြစ်မှားကြမ်းတမ်း ယှဉ်တိုက်တွန်းရန်လိုစိတ် ဆင်းရဲစိတ်။

မောဟမူစိတ် (၂) ပါး-
(၁) အလယ်အလတ် ဝေဒနာယုံမှားခြင်းနှင့် ယှဉ်သောစိတ်။
(၂) အလယ်အလတ် ဝေဒနာပျံ့လွင့်ခြင်းနှင့် ယှဉ်သောစိတ်။

အတိုမှတ်ရန် -
လောရှစ်၊ ဒေါနှစ်၊ မောလည်းနှစ်၊ ဆယ့်နှစ်အကုသိုလ်။

ဒေါသမူစိတ် (ခေါ်) ဒေါသမူလစိတ် (၂) ပါးကို ဒေါက်တာသီလာနန္ဒာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်) ပို့ချသော 'အဘိဓမ္မာသင်ခန်း စာပို့ချချက်များ 'ပထမတွဲ' တွင် ဖော်ပြထားသည်ကို ထုတ်နုတ်တင်ပြအပ်ပါသည်။

'စိတ်ပျက်တယ်ဆိုတဲ့စကားရှိတယ် မဟုတ်လား၊ စိတ်ပျက်တယ်ဆိုတာ ဒေါမနဿကိုပြောတာ။ ဒု-ဆိုတာ မကောင်းတာ၊ မန- ဆိုတာစိတ်၊ ဒုမန ဆိုတာ မကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ်ဖြစ်နေတာကို ဒေါမနဿလို့ခေါ်တယ်။ နောက်တစ်ခုက 'ပဋိဃသမ္ပယုတ္တ'။ ပဋိဃ ဆိုတာ ပြစ်မှားခြင်းတဲ့။ ပဋိဃဆိုတာ ထိခိုက်တာ၊ စာသုံးက ပြစ်မှားခြင်းလို့ပြန်တယ်၊ အမှန်က တိုက်ခိုက်တာ။ ပဋိဃဆိုတာ အမှန်က ဒေါသရဲ့ အမည်တစ်မျိုးဘဲ။ ဒေါသနဲ့ ဒေါမနဿနဲ့ မတူဘူးနော်။ အဘိဓမ္မာမှာ ဒေါသက စေတသိက်တစ်ခု၊ ဒေါမနဿက စေတသိက်တစ်ခု။ ဒေါမနဿက ဝေဒနာခံစားမှု၊ ဒေါသက ထိပါးတတ်တဲ့သဘောတရား။ ဒါပေမယ့် ဒေါသနဲ့ ဒေါမနဿဟာ အမြဲတမ်း အတူတူဖြစ်တယ်။ ကင်းပြီးတော့မဖြစ်ဘူး၊ စိတ်ဆိုတာ တစ်ခါတလေကျတော့ တိုက်တွန်းပြီး စိတ်ဆိုးရတာမျိုးရှိတယ်။ ရှိရင် သသင်္ခါရိကဖြစ်သွားမယ်။



တစ်ခုမှတ်ဖို့က အဘိဓမ္မာမှာ ကြောက်တာကို ဒေါသထဲသွင်းတယ်။ ဒေါသက နှစ်မျိုးရှိတယ်။ တက်ကြွတဲ့ ဒေါသ (active) နဲ့ ဆုတ်နစ်တဲ့ဒေါသ (passive)ကြောက်တယ်ဆိုရင် ဆုတ်နစ်တဲ့ဒေါသနဲ့ ကြောက်တာ။ စိတ်ညစ်တာ အင်္ဂလိပ်လို Depress ဖြစ်တာအကုန်လုံး ဒေါမနဿဒီနှစ်မျိုးထဲသွားတာချည်းပဲ'

အကုသိုလ်စေတသိက် (၁၄) ပါးတွင် ဒေါသသည် တစ်ပါးအဖြစ်ပါရှိသည်။ ယင်းကို ဆရာတော်ကြီး ဦးသီလာနန္ဒက -

'ဒေါသဆိုတာ ခက်ထန်ကြမ်းတမ်းခြင်းပဲ။ ရိုးရိုးနေတုန်း မပြောခဲ့တဲ့ စကား ဒေါသဖြစ်လာရင် ပြောဝံ့လာတယ်။ ရိုးရိုးနေတုန်း မလုပ်ဝံ့တဲ့အလုပ်ကို ဒေါသဖြစ်လာရင် လုပ်ဝံ့လာတယ်။ အဲဒီလို ခက်ထန်ကြမ်းတမ်းတဲ့ သဘောကို ဒေါသလို့ခေါ်တယ်။ ဒေါသဟာ မိမိတည်ရာကို ပြန်ပြီးလောင်တတ်တယ်။ ကိုယ့်သန္တာန်မှာ ဒေါသဖြစ်ရင် ကိုယ့်စိတ်ကိုလောင်လိုက်တာပဲ။ ကိုယ့်စိတ်က မကောင်းတော့ဘူး။ နဂိုက ကောင်းနေတဲ့ စိတ်ကလေးဟာ ပျက်သွားတယ်။ ဖျက်ဆီးပစ်လိုက်ပြီး မကောင်းတဲ့စိတ်ဖြစ်သွားပြီ။ ဒေါသတကယ်အားကြီးလာရင် တကယ်လောင်ပြီးတော့ နှလုံးရပ်သွားတာ ရင်ကွဲသေတာမျိုးဖြစ်လာလိမ့်မယ်"

ဆရာတော်၏ မိန့်စကား ရင်ကွဲသေတာမျိုးဖြစ်လိမ့်မယ်ဆိုတော့ မင်းဘူးမြို့၊ အစိုးရအထက်တန်းကျောင်းသား ခြောက်တန်းတက်စဉ်တုန်းကအဖြစ်ကို သတိရသည်။ တစ်တန်းတည်းသား ဘိုသိန်းကဖျားပြီးဆုံးသည်။ သူသားသေသော အခါ ဖခင်သည် ကြေကွဲပြီး သေသွားခဲ့ပြန်ရာ သားအဖနှစ်ယောက် အလောင်းတစ်ပြိုင်နက်တည်း ချခဲ့ရသည်။ မင်းဘူးမြောက်ဘက် တစ်မိုင်ခန့်အကွာ မကျီးချောင်းရွာတွင် ၁၉၅၉ ခုနှစ်က ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

နောက်တစ်ခုကမူ စိတ်ဆိုးဒေါသဖြစ်လွန်းရာကနေ တက်သွားသူသည် သတိပြန်လည်မလာတော့ဘဲ သေသွားခြင်း ဖြစ်သည်။ ၁၉၇၇-၇၈ ခုနှစ်ခန့်က ဖြစ်၏။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်လမ်းကျယ်တွင် ကလေးချင်းရန်ဖြစ်ကြသည်။ ယင်းကို တစ်ဖက်သော ကလေး၏အဘိုးဖြစ်သူသည် ဒေါသဖြစ်၍ တက်သွားရာက (သတိလစ်သွားရာက)အသက်ပါသွားခဲ့ခြင်းဖြစ်တော့သည်။

ကာမဘုံသား ဆုံလည်နွားတို့သည် သံသရာဝယ်လောဘကို ဒေါသကို၊ မောဟကိုအကြောင်းပြု၍ အဖန်ဖန်တလဲလဲလည်သောအဖြစ်ကိုရလို့နေကြပါပကော။ ဤသို့လည်နေခြင်းကိုပင် လည်နေမှန်းမသိ အကျေနပ်ကြီးကျေနပ်လို့နေပြန်ပါသေးသကော။ မျက်မှောက်ဘဝကို အပြစ်မမြင်သရွေ့ ခင်မင်မြဲခင်မင်၊ တွယ်တာမြဲတွယ်တာ၍နေကြမည်။

ဤသံသရာမှလွတ်ရာလွတ်ကြောင်းနည်းလမ်းကောင်းကို မြတ်ဗုဒ္ဓသည် ကိုယ်တိုင်လည်းကျင့်၊ သူတစ်ပါးကိုလည်း နည်းလမ်းပေးခဲ့သည်။ မြတ်ဗုဒ္ဓ၏အဆုံးအမကို လိုက်နာ၍ ပါရမီကံရှိသူတို့သည် သံသရာဝဲဩဃမှ လွတ်မြောက်၍သွားခဲ့ကြပြီး မသိသောသူတို့မှာမူ အဖန်တလဲလဲလည်ကြရပေဦးမည်။

မင်းဘူး-ဗိုလ်ဥတ္တမ

ကျမ်းကိုး -
အဘိဓမ္မာသင်ခန်းစာပို့ချချက်များ (ပ-တွဲ)၊ (ဒေါက်တာသီလာနန္ဒာဘိဝံသ)

www.burmeseclassic.com

www.burmeseclassic.com

# (မိုးကုတ်) ရွှေပြည်စိုး
# အန်တော်ပီဝင်းမောင်



■ ဗိုလ်ကာကီးကာတော်

၂၀၁၆ ခုနှစ်ရဲ့ သီတင်းကျွတ်အခါတော်ကာလ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့မှာ အောင်ဇမ္ဗူရပ်ကွက် နယ်မြေ (၅) ယခင်ပြန်ကပြေးမှာ အချမ်းသာအကြွယ်ဝဆုံးအဖြစ် တစ်နံပါတ်နေရာမှာနေခဲ့တဲ့ ဦးအောင်သောင်းဟာ ကျွန်တော်တို့ထိုင်နေတဲ့နံဘေးမှာ ဆိုင်ကယ်ကိုထိုးရပ်ပါတယ်။ လက်ထဲမှာကအထုပ်တွေဆွဲထားပါတယ်။ မုန့်ပုံးနဲ့ အခြားမုန့်တွေပါ။

ထူးထူးခြားခြား ဦးအောင်သောင်း ကျွန်တော်တို့လမ်းထဲကိုရောက်လာတော့ လမ်းဘေးသစ်ရိပ်မှာစကားဝိုင်းဖွဲ့နေကြတဲ့ ကျွန်တော်တို့စကားသံတိတ်သွားပြီး ဦးအောင်သောင်းဆီဝိုင်းကြည့်နေကြပါတယ်။

အဲဒီမှာ ဦးအောင်သောင်းက -

"ဒေါ်သိန်းနုအိမ်ဘယ်နားမှာလဲ"

လို့ မေးတော့ မစိုးစိုးက သူ့အဘွားဖြစ်တာမို့ -

"လာလာ - ဦးလေး၊ ကျွန်မလိုက်ပို့ပေးမယ်"

ဆိုပြီး မဝေးလှတဲ့ ဒေါ်သိန်းနုအိမ်ကိုလိုက်ပို့ပေးပါတယ်။ ဒေါ်သိန်းနုဆိုတာ ဟိုးအရင်လွတ်လပ်ရေးရပြီးစ ကွန်မြူနစ်ခေတ်မှာ ကွန်မြူနစ်ဗိုလ်ကာကီးအေးမောင်ရဲ့ဇနီးပါ။ ကာကီးအေးမောင်ဆိုတာ ကျွန်တော်တို့ငယ်စဉ်က လူတိုင်းဖိမ့်ဖိမ့်တုန်အောင်ကြောက်ရတဲ့ လက်မရွံ့ကွန်မြူနစ်ဗိုလ်ပါ။

အဲဒီတုန်းက နိုင်ငံတော်အစိုးရအနေနဲ့ တောရွာတွေကို ဥပဒေလက်တံမမီသေးပါဘူး။ တပ်မတော်ထူထောင်စဆိုတော့ တပ်မတော်အင်အားနည်းပါးနေသေးတဲ့အချိန်ပါ။ အဲဒါကြောင့် ဥပဒေလက်တံဟာ မြို့ပြတွေမှာသာမီပါသေးတယ်။ အဲဒီအခွင့်အရေးကြောင့် သောင်းကျန်းသူ ကွန်မြူနစ်တွေဟာ တောရွာတွေကို တစ်ဗိုလ်တစ်မင်းအုပ်ချုပ်နေတာပါပဲ။

ကျွန်တော်တို့ပြန်ကပြေးဆိုတာ ဂျပန်တော်လှန်ရေးမှာသာမပါကြတာ ကွန်မြူနစ်ခေတ်ရောက်တော့ ကွန်မြူနစ်ထဲဝင်လိုက်ကြတာ မနည်းမနောပါ။ တစ်လွဲဆံပင်ကောင်းတွေလို့ဆိုရင် ရပါတယ်။

ဘာလို့ကွန်မြူနစ်ထဲဝင်ကြတာလဲ။ နိုင်ငံရေးခံယူချက်ကြောင့်လားဆိုတော့ မဟုတ်ပါဘူး။ အများအားဖြင့် နိုင်ငံရေးဆိုတာ နကန်းတစ်လုံးတောင်မှ နားမလည်တဲ့ လူတန်းစားတွေလည်းပါတယ်။ ဝင်တဲ့အကြောင်းအချက်က ကွန်မြူဘေးရန်ကလွတ်ဖို့နဲ့ မိမိတို့မုန်းတီးနာကြည်းတဲ့လူတွေကို လက်စားချေနိုင်ဖို့ပါ။

ကွန်မြူနစ်ဆိုတာကသိတယ် မဟုတ်လား။ သူတို့က အကြမ်းဖက်စနစ်နဲ့ ဖြုတ်ထုတ်သတ်လုပ်ကြတာကိုး။ သူတို့နဲ့မတည့်တဲ့လူတွေဆိုရင် အစဉ်သဖြင့်ကြောက်နေရတာ။ ဘယ်နေ့များလာဆွဲခေါ်ပြီးသတ်မှာပါလိမ့်ဆိုတဲ့စိုးရိမ်စိတ်နဲ့နေနေကြရတာ။

ပြန်ကပြေးအလယ်ပိုင်းက ဇနီးမောင်နှံနှစ်ဦးဆိုရင် မိန်းမမှာကိုယ်ဝန်အရင့်အမာကြီးရှိနေပါလျက်နဲ့ လာဖမ်းခေါ်သွားကြတယ်။ သတ်တော့မယ်ဆိုတာသိတော့ ပတ်ဝန်းကျင်ကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်အကူအညီတောင်းရှာတယ်။ အကူအညီပေးဖို့တင်ထား ထွက်တောင်မကြည့်ရဲကြဘူး။ ထွက်ကြည့်ရင် အဆစ်ပါသွားမှာစိုးလို့ အဲဒီဇနီးမောင်နှံကို ဘယ်မှာသတ်ပစ်ခဲ့တယ်ဆိုတာတောင် ခုထိမသိကြဘူး။

ဒီလိုအမြင်ကတတ်တိုင်း၊ မုန်းတိုင်း၊ အငြိုးတေးရှိတိုင်း အဲဒီလူကို အစိုးရသူလျှိုပါဆိုပြီး သတ်ပစ်ကြတာ။ တောရွာတွေမှာနည်းမှမနည်းဘဲ။ ဒီတော့ ကွန်မြူနစ်[illegible] တွေရဲ့ထင်တိုင်းကြနေတာတွေကို [illegible]

www.burmeseclassic.com

www.burmeseclassic.com

တဲ့အခါ လူတွေဟာ ရွံ့ကြောက်ကြီးဖြစ်နေတော့တာပါပဲ။ သို့သော်လည်း နီးရာဓားကို ကြောက်ရတော့ကာ ဘယ်သူမှ မကောင်းမပြောဝံ့ကြဘူးပေါ့လေ။ ဒီလိုပဲ ပြည်သူတွေခေါင်းငုံ့ခံခဲ့ကြရတာပါ။ ခေတ်ပျက်တုန်းက မသေဘဲ ကိုယ့်နိုင်ငံလွတ်လပ်ရေးရပြီးပါမှ ဗမာအချင်းချင်းသတ်လို့သေကြရတာ ရင်နာစရာတော့အလွန်ကောင်းလှပါတယ်။ သင်ခန်းစာလည်းယူသင့်ကြပါတယ်။

အဲဒီတုန်းက ကျွန်တော်တို့က ဘုန်းကြီးကျောင်းသားတွေပါ။ ဆိတ်နံတုန်းသူကြီးခင်မောင်ကို ပစ်သတ်သွားပြီ၊ ညောင်ပင်ကြီးစုသူကြီးကို ပစ်သတ်သွားပြီ။ ဘယ်သူ့ကို သတ်သွားပြီဆိုတာတွေကလေးတွေပေမယ့်လူကြီးတွေပြောတာကြားနေရပါတယ်။ တစ်နယ်လုံး ထင်တိုင်းကြဲနေကြတော့တာပါပဲ။

ဒီလိုနဲ့ နိုင်ငံတော်ဟာ တပ်မတော်အင်အားကြီးလာပြီး ကျေးလက်တွေမှာ တပ်တွေချလာနိုင်ပါတယ်။ ဒါလည်းလာလာတိုက်လေ့ရှိတယ်။ ကျွန်တော်တို့ဆီမှာ ခြေကုပ်လို့မရတော့တာကြောင့် တောတွေထဲရောက်ကုန်တယ်။ ကွန်မြူနစ်တွေအခြေအနေသိပ်မလှတော့ပါဘူး။ တပ်မတော်က စတင်ချေမှုန်းနေပါပြီ။

နောင်တော်လှန်ရေးအစိုးရတက်တော့ လွတ်ငြိမ်းချမ်းသာခွင့်ခေါ်တဲ့အခါ ကာကီးအေးမောင်ရောအခြားလူတွေပါ လက်နက်ချအလင်းဝင်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ယူပါတယ်။ ပြုခဲ့သမျှအပြစ်တွေကို မြူမှုန့် နိုင်ငံတော်က အရေးယူမှုမပြုခဲ့ပါဘူး။ ဒီလိုနဲ့ ကာကီးအေးမောင်ဟာ ရပ်မိရပ်ဖသြဇာအာဏာညောင်းသူဖြစ်လာခဲ့ပြီး အသက် (၇၀) ကျော်မှာ သေဆုံးပါတယ်။

ဗိုလ်ကာကီးက ကျွန်တော့်အဖေနဲ့ မှန်ကျောင်းမှာ ကျောင်းနေဖက်ဖြစ်ပြီး အတော်ရင်းနှီးပါတယ်။ သူတို့အချင်းချင်း မင်းနဲ့ငါနဲ့ ရင်းရင်းနှီးနှီးပြောလေ့ရှိပါတယ်။

ဗိုလ်ကာကီးသေသွားသော်လည်း သူ့ဇနီးနဲ့သားသမီးတွေကျန်ရစ်ပါတယ်။ ဒေါ်သိန်းနုဆိုရင် ၂၀၁၆ မှာ (၉၇) နှစ်ထဲရောက်နေပါပြီ။ ပြန်ကပြေးမှာ အသက်အကြီးဆုံးဖြစ်မှာပါ။ သို့သော်လည်း ငယ်စဉ်က စက်ချုပ်ခဲ့ရတာကြောင့် အသက်ကြီးတဲ့အခါ မျက်စိကွယ်သွားခဲ့ပါတယ်။ မျက်စိကလွဲပြီး ကျန်းမာရေးကောင်းနေဆဲပါ။ သွားနိုင်လာနိုင်စားနိုင်သောက်နိုင်ပါ။ အဲဒီ ဒေါ်သိန်းနုကို ဦးအောင်သောင်းက လာကန်တော့ခြင်းပါပဲ။

■ **သူဌေးကြီးဦးအောင်သောင်း**

ဦးအောင်သောင်းဆိုလို့ ငယ်ငယ်မထင်လိုက်ပါနဲ့။ အသက် (၈၆) နှစ်ရှိပါပြီ။ ပူဇာစပူဇနေယျာန်ဆိုတဲ့ မင်္ဂလာတရားတော်နဲ့အညီ ပူဇော်ထိုက်သူကို သီတင်းကျွတ်ကာလ ဂါဝရနဲ့လာရောက်ပူဇော်ကန်တော့ခြင်းပါ။

ပြန်ကပြေးမှာ သူဌေးကြီးဦးအောင်-သူဌေးကတော်ဒေါ်မြကြည်၊ သူ့ရဲ့ညီသူဌေးဦးကျင်ရှိန်-သူဌေးကတော်ဒေါ်တင်ကြည်ဆိုတာ ဟိုးအရင် မြေရှင်တွေကောင်းစားစဉ်ခေတ်က ပျဉ်းမနားတစ်ခွင် မသိသူမရှိအောင် ကျော်ကြားတယ်။ အထူးသဖြင့် ဦးအောင်သောင်းက ပိုပြီးကျော်ကြားပါတယ်။

ပျဉ်းမနားအနောက်တစ်ကြောသူတို့ရဲ့မြေတွေက လက်ညှိုးထိုးမလွဲဘူး။ ဒီတော့ တစ်ရွာလုံး တစ်နယ်လုံးလက်လုပ်လက်စားလူတန်းစားတွေဟာ သူတို့ကို မှီခိုကြရတာကိုး။ သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်း နားခိုလို့ရတယ်ဆိုတာ ဒါမျိုးပါပဲ။ ကြံမြေတွေမှာ ကြံစိုက်တယ်။ အဲဒီကြံတွေကို ကြံသကာဖြစ်အောင် ကြိတ်ရချက်ရတယ်။ ကြိတ်ဖိုတစ်ခုဆိုရင် ဝန်ထမ်းတစ်ရာလောက်ရှိမှ အဆင်ပြေတယ်။ ဒီတော့ လက်လုပ်လက်စားတွေ သူ့ကြံဖိုတွေမှာ အလုပ်ရကြတယ်။ စိုက်ခင်းတွေမှာ အလုပ်ရကြတယ်။ လယ်လုပ်လက်စားတွေဆိုတာ သူ့ကျေးဇူးကင်းသူဆိုတာ ခပ်ရှားရှားရယ်ပါ။

ဦးအောင်သောင်း ဘယ်လောက်အထိ လူတွေကိုငဲ့ညှာသလဲဆိုရင် နွေရာသီကျောင်းပိတ်ချိန် ကလေးတွေစိတ်မလေရအောင် အလုပ်ခေါ်ပေးတယ်။ သူတို့ရဲ့လုပ်နိုင်ရည်ကိုကြည့်ပြီး ပိုက်ဆံပေးတယ်။ ဒီတော့ ကလေးတွေ အလုပ်ထဲစိတ်ဝင်စားပြီး လေလွင့်ချင်တဲ့စိတ်ကင်းဝေးကြပါတယ်။ လုပ်အားတန်ဖိုးကိုလည်း ချစ်မြတ်နိုးလာတတ်ကြတယ်။ ပိုက်ဆံကိုဒီလိုရှာရတာပါလားလို့လည်း နားလည်လာကြတယ်။ မနိုင်ဝန်ထမ်းခိုင်းတာမဟုတ်ပါဘူး။ ကလေးနဲ့သင့်တဲ့အလုပ်လေးတွေသာခိုင်းတာပါ။

ပြီးတော့ ပြန်ကပြေးရွာရဲ့အရှေ့ဖျားမှာ မဟာစည်သတိပဋ္ဌာန်ရိပ်သာနဲ့ ပြန်ကပြေးအနောက်ပိုင်းမှာ မဟာဝိဇိတာရုံစာသင်တိုက်ကို စတင်ထူထောင်ပေးခဲ့တာမို့ ဘာသာရေးလုပ်ငန်းတွေမှာလည်း ဦးဆောင်ဦးရွက်ပြုခဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်ကပြေးမှာ ကာလရှည်လျားစွာ ရွှေထီးဆောင်းခဲ့သူလို့ ဆိုနိုင်ပါတယ်။

သို့သော်လည်း မြန်မာနိုင်ငံတော်ရဲ့အချက်အချာဗဟိုကျတဲ့ ကျွန်တော်တို့ဒေသမှာ နေပြည်တော်ကြီးတည်လိုက်တဲ့အခါမှာတော့ လက်ညှိုးထိုးမလွဲတဲ့မြေတွေများစွာမြို့ပြတည်ဆောက်ရာမှာ ပါကုန်ပါတယ်။မြေအနည်းငယ်သာကျန်ပါတယ်။အလွန်ကြီးမားတဲ့တောင်သူကြီးဦးအောင်သောင်းဟာ သူ့ရဲ့လယ်ယာလုပ်ငန်းတွေမလုပ်နိုင်တော့ပါဘူး။ သူကျွမ်းတာက တောင်သူလယ်သမားပေကိုး။ ဒီတော့ လက်မဲ့ဘဝနီးနီးကို ရောက်ခဲ့ရပါတယ်။ မြတ်ဗုဒ္ဓဟောတော်မူခဲ့တဲ့အနိစ္စမမြဲခြင်းတရားပါ။ သို့သော်လည်း ဆင်ပိန်ရင် ကျွဲလောက်တော့ရှိသေးတယ်ဆိုတာလိုပေါ့လေ။ အခြေအနေမဲ့တော့မဟုတ်ပါဘူး။

သူ့အောက်ကလူတွေဟာ ခေတ်ရေစီးကြောင်းအတိုင်းစီးမျောလိုက်ပါတတ်ကြတာမို့ သူ့ထက်ချမ်းသာကုန်ကြပါတယ်။ ဒီအခါမှာတော့ သူ့ရဲ့သြဇာအာဏာပါဝါကျဆင်းသွားတော့တာပါပဲ။ လူဆိုတဲ့အမျိုးတွေဟာတင်ခဲ့ဖူးတဲ့ကျေးဇူးကိုမသိတတ်ကြတာများပါတယ်။ သူ့ဇနီးမြကြည်နဲ့ သူ့ညီကိုကျင်ရှိန်တို့ ဆုံးပါးကုန်ကြတာကြာပါပြီ။ ဦးကျင်ရှိန်ရဲ့ဇနီးဒေါ်တင်ကြည်ကတော့ ကျန်းမာစွာရှိနေဆဲပါ။ အသက် (၇၈) နှစ်ရှိပါပြီ။

■ **နာမဝိသေသဝင်းမောင်များ**

ဦးအောင်သောင်းကို မြင်တော့ ဘယ်သူ့ကိုပြေးပြီးသတိရလိုက်သလဲဆိုတော့ ဦးအောင်သောင်းရဲ့တပည့်တွေထဲမှာ အလွန်ထူးအလွန်အတဲ့အန်တော်ဗိုဝင်းမောင်ကို သတိရပြီး ပြုံးမိပါတယ်။

ကျွန်တော့်အနေနဲ့ (၁၆) နှစ်သားကစပြီး ပန်ကပြေးကထွက်ပါတယ်။ (၆၄) နှစ်ကျမှ ပြန်ကပြေးကိုပြန်ရောက်တော့ ရပ်အကြောင်းရွာအကြောင်းတွေ မသိပါဘူး။ ဒါပေမယ့် ဝါတွင်းကာလဆွမ်းကြီးလောင်းကိစ္စအတွက် ရွာလည်ဓမ္မာရုံလူကြီးတွေစုမိကြတော့ စပ်မိစပ်ရာပြောကြရင်း ရှေးဖြစ်ဟောင်းတွေကြားရလေ့ရှိပါတယ်။ လူကြီးအားလုံးက ကျွန်တော့်မျိုးခပ်များများပါ။

၂၀၁၆ရဲ့ ဝါတွင်းကာလ ဆွမ်း

သိမ်းပွဲအတွက် ဖောက်မဲတွေ ချခဲ့နေ

www.burmeseclassic.com

www.burmeseclassic.com

တဲ့အချိန်မှာ ခမ္မာရုံထဲအမူးသမားတစ်ဦး ဝင်လာပါတယ်။ သူက ဝေယျာဝစ္စလုပ်နေကျလူပါ။ အဲဒီမှာ ကျွန်တော့်ဦးလေး ဦးရင်မောင်က -

"ဟေ့- ငမူးဝင်းမောင်၊ မင်းကလာသေးတယ်နော်"

လို့ နှုတ်ဆက်ပါတယ်။ အော်ကျယ်အော်ကျယ်ပြောပြီး အတော်နေတော့ ငမူးဝင်းမောင် ပြန်ထွက်သွားပါတယ်။ အဲဒီမှာဦးလေးဖြစ်တဲ့ဦးရင်မောင်က စကားစပ်မိတော့ နှစ်ဆောင်ပြိုင်ရပ်ထဲက ဝင်းမောင်တွေအကြောင်းပြောပြပါတယ်။

"ဒီလို အစ်ကိုလေးရေ"

လို့ နိဒါန်းချီပါတယ်။ ကျွန်တော့်အမျိုးတွေ ညီတွေက အစ်ကိုလေးလို့ ကျွန်တော့်ကိုခေါ်ကြတော့ ကျွန်တော့်ထက် (၃) နှစ်အောက်ငယ်တဲ့ကျွန်တော့်ဦးလေး ကိုရင်မောင်ကပါ အစ်ကိုလေးလို့ခေါ်ခြင်းပါ။ အသက်ကို ဂါရဝပြုတဲ့သဘောပေ့ါ။ ကျွန်တော်ကလည်း ဦးလေးမို့ ကိုရင်မောင်လို့ တလေးတစားဆက်ဆံတာပါ။

ကျွန်တော်တို့ခေတ်မှာ ခုခေတ်လို နာမည်ဆန်းဆန်းပြားပြားတွေမမှည့်တတ်တော့ ရပ်ကွက်တိုင်းမှာ နာမည်တူတွေထပ်နေကြတယ်ဗျ။ ကျွန်တော်တို့ နှစ်ဆောင်ပြိုင်မှာပဲ ဝင်းမောင်တွေ (၅) ဦးလောက်ထပ်နေတယ်။ ဗုဒ္ဓဟူးသား ကိုဝင်းမောင်လို့ မှည့်တာလည်းရှိသလို ကြုံသလို မှည့်တာလည်းပါမှာပေ့ါဗျာ။

ခုနထွက်သွားတဲ့ ဝင်းမောင်က အမြဲဘာမှမလုပ်ဘဲ မိန်းမလုပ်စာထိုင်စားပြီးမူးနေတတ်လို့ ငမူးဝင်းမောင်လို့ခေါ်ကြတယ်။ ဒီကောင်ရဲ့ရုပ်ရည်က ငယ်ငယ်က အသန့်ဗျ။ အလှကြိုက်တဲ့ သူ့မိန်းမဟာ သူနဲ့ရတော့တာပေ့ါ။ လှတာမက်တော့ ညစာခက်တယ်ဆိုတဲ့စကားဟာ ဒီကောင့်ကိုများ ရည်စူးသလားအောက်မေ့ရတယ်။

မိန်းမရပြီးပါပြီဆိုကတည်းကကို ဘာဆိုဘာမှကိုမလုပ်တာ။ ဒီတော့မှ သူ့မိန်းမ မရွှေရည်ဟာ လှတာမက်တော့ ညစာတင်မကဘူး နေ့စာပါခက်တော့တာပါပဲ။ ယောကျ်ားက အရက်ကလေးတမြမြနဲ့ ဘာမှမလုပ်တော့ကာ မိန်းမက ထလုပ်ပြီး ရှာကျွေးရတော့တာပေ့ါ။ နေ့စားလုပ်ကျွေးတယ်။ ဈေးတောင်းခေါင်းရွက်လုပ်ကျွေးတယ်။ ဒီကောင်ကတော့ ကြော့ကြော့လေးနေပြီး အချိန်တန်မူးနေတော့တာဗျ။

အောင်မာ - ဒီကောင်က အလုပ်သာမလုပ်တာ ကလေးတွေကျတော့ တန်းစီပြီးမွေးသဗျ။ မိန်းမခမျာမှာတော့ မီးတောင်ကောင်းကောင်းမနေရဘူး။ ဝမ်းရေးက တစ်ဖက်ရှိသေးတော့ကာ ကြုံရာကျဘမ်းလုပ်ရရှာတယ်။ ငါ့မိန်းမမီးနေနေတာပါလားဆိုတဲ့အသိဒီကောင့်မှာတစ်စိမှမရှိဘူး။ သူနဲ့ဘာမှမဆိုင်သလိုနေတော့ အတော်အကြင်နာနည်းတဲ့ကောင်။

ခုကျတော့လည်း သားသမီးတွေကိုယ်စီအရွယ်ရောက်ကုန်ကြတော့ကာ မိဘတွေအထောက်အကူရနေပါပြီ။ သူ့မိန်းမဆို ဘဝတစ်ခုလုံးရုန်းကန်လှုပ်ရှားခဲ့ရတော့ အတော်အိုစာပါတယ်ဗျာ။ ဒီကောင်ကတော့ ခုထိအချိုးကမပြောင်းသေးဘူး။ ငါးဆယ်ကျော်ခြောက်ဆယ်တွင်းတောင်ရောက်နေပြီ။

ဒီငမူးဝင်းမောင်မှာ ကောင်းတာလေးတစ်ခုတော့ရှိတယ်။ အဲဒါက ကျွန်တော်တို့ခမ္မာရုံမှာ ကုသိုလ်ရေးကိစ္စတွေရှိရင်တော့ ခိုင်းသမျှမငြိုမငြင်လုပ်ပေးလေ့ရှိတာပါပဲ။ ဆွမ်းဟင်းတွေဘာတွေချက်တော့မယ်ဆိုရင် အမြဲလာပြီးကူညီတယ်။ အဲဒီကောင်းကွက်ကလေးတစ်ခုနဲ့ပဲ ကျွန်တော်တို့က သူ့ကိုလက်ခံကြရတာပါ။

နောက်ဝင်းမောင်တစ်ယောက်က ကြက်ဝင်းမောင်ပါ။ သူ့ကျတော့ ကြက်တွေမွေးတယ်။ ကြက်တိုက်တယ်။ ဘယ်နားမှာမဆို သူ့ကိုကြက်တပွေ့ပွေ့နဲ့တွေ့ရတတ်တယ်။ ကြက်အကြောင်းသွားမစနဲ့ ပါးစပ်ကအမြှုပ်ထွက်အောင်ပြောတဲ့ကောင်၊ မစားရဝခမန်းဆိုတာလို အားရပါးရကိုပြောပြတတ်တာ။

သူ့အလုပ်က တိုက်ကြက်တစ်ကောင်နဲ့ နယ်လှည့်ပြီး ကြက်တိုက်တဲ့အလုပ်ပဲလုပ်တယ်လေ။ ဥပဒေနဲ့မကင်းတဲ့အလုပ်ဆိုတော့ကာ ရဲလက်ကလွတ်အောင်ပြေးရတာလည်း အခါခါပါပဲ။ ကြက်ဝင်းမောင်အဖမ်းခံရတယ်ဆိုတာတော့မရှိဘူး။ သူ့အိမ်မှာတိုက်ကြက်တွေမွေးထားတာဆိုတော့ ခြံထွက်တိုက်ကြက်တွေရောင်းစားတယ်။လေ့ကျင့်ပေးတယ်။ ကိုယ်တိုင်လည်း လိုက်တိုက်တယ်။

ဒီကောင်က လောင်းကစားနဲ့ အသက်မွေးတာဆိုတော့ သူ့စီးပွားဟာ ဖောင်းလိုက်ပိန်လိုက်ပေ့ါဗျာ။ သူ့မိန်းမ မဒေါင်းညိုဆိုရင် ယူပြီးမှ ကြက်သမားမှန်းသိတာကလား။ လူပျိုဘဝမိဘအရိပ်မှာကြော့ကြော့လေးနေတုန်းကတော့ ဒီကောင်က ကြက်တပွေ့ပွေ့နဲ့မနေသေးဘူး။ ကြက်ပွဲတွေမှာလိုက်ကြည့်တဲ့အဆင့်ပဲ။ အဲဒီအချိန်မှာ သာယာကုန်းက ဒေါင်းညိုနဲ့ညားတာပဲ။

အိမ်ထောင်ရယ်လို့ပြုတော့ကာ အိမ်ထောင်ဦးစီးဖြစ်ပြီဆိုတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်တစ်ခုခုလုပ်ရတော့မယ်လေ။ ဒီအခါမှာ ဈေးကောင်းတဲ့ တိုက်ကြက်မွေးမြူရေးလုပ်တော့တာပဲ။ ကြက်ပွဲကြည့်ပါများတော့ ကြက်ပွဲဝါသနာပါသွားသလို ကြက်အကြောင်းလည်း သိလာတာပေ့ါဗျာ။

ပြီးတော့ ကြက်သမားတွေနဲ့ အဆက်အသွယ်ရတော့ကာ တိုက်ကြက်တွေဈေးကောင်းမိတော့ အထိုက်အလျောက်အဆင်ပြေပါရဲ့။ ကြက်လိုက်တိုက်တဲ့အခါမှာတွေလည်း နိုင်ရင်ပြုံး၊ ရှုံးရင်မှိုင်ပေ့ါဗျာ။ ဒါပေမယ့် အကုသိုလ်အလုပ်မို့လားတော့မသိဘူး။ ဒီကောင်တွေမိသားစုပြောင်ပြောင်ရောင်ရောင်တော့တယ်မရှိပါဘူး။ အဲဒီလိုလောင်းကစားမက်တဲ့ကောင်တွေဟာ ပင်ပင်ပန်းပန်းလက်ကြောတင်းအောင် လုပ်မစားတော့ဘူးဗျ။ သူတို့ဘဝက နှဲသမားပါးသို့ ဖောင်းလိုက်ပိန်လိုက်နဲ့ လုံးချာလည်နေတော့တာပါပဲ။

နောက်ဝင်းမောင်တစ်ယောက်က ပလောက်ပလောက်ဝင်းမောင်တဲ့ဗျ။ ဒီကောင်ကတော်တယ်။ အရက်မသောက်၊ ဖဲမရိုက်၊ ဆေးမသောက်၊ ကွမ်းမစား၊ ဘိန်းမရှူနေတာကိုတော့ ဒီကောင်က သူ့ကိုယ်သူအလွန်ဂုဏ်ယူတာဗျ။

ပြီးတော့ ဒီကောင်က စာတိုပေစလေးတွေလည်းဖတ်တော့ကာ ဒီအရက်၊ ဖဲစတဲ့မကောင်းကျင့်တွေရဲ့ ဆိုးကျိုးလေးတွေကိုလည်း ပေါက်ပေါက်ဖောက်သလို ပလောက်ပလောက်နဲ့ ကြားဝင်လို့မရအောင်ပြောတတ်လွန်းလို့ သူ့ကိုပလောက်ပလောက်ဝင်းမောင်လို့ ခေါ်ကြတာ။ ပြောချက်ကတော့ တစ်နေကုန်ပြောရမလားရတယ်။ မမောတမ်းကိုပြောနိုင်တဲ့ကောင်။

တကယ်တော့ သူပြောတာတွေဟာအမှန်ပါပဲ။ ဒါပေမယ့် ဟုတ်တာဆို 'နာလိုခံခက် အမျက်ထွက်' ဆိုတဲ့စကားရှိတယ်မဟုတ်လား။ ယောကျ်ားဆိုတာ ဘယ်လောက်ကောင်းကောင်း ဆိုးကျင့်တစ်ခုတော့ရှိတတ်ကြပါတယ်။ တချို့ ဆေးလိပ်ကြိုက်တယ်၊ ကွမ်းကြိုက်တယ်၊ အရက်ကြိုက်တယ် စသည်ဖြင့်ပေ့ါဗျ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုတော့ကြိုက်ကြတာကိုး။ အဲဒီ သူတို့ကြိုက်တဲ့အကြိုက်ကို မကောင်းဘူး လို့ပြောတဲ့လူဟာ အဲဒီလူဟာ ရန်သူပဲ လေ။ ဆေးလိပ်အလွန်ကြိုက်သူကို ဆေးလိပ်မကောင်းကြောင်းသွားပြော ကြည့် မကြိုက်ဘူး။ ပါးစပ်ကအားနာလို့ ပြန်မပြောပေမယ့် စိတ်ထဲမှာတော့ကျိတ် ပြီးဆဲနေမှာသေချာတယ်။

ဝင်းမောင်က အဲဒီလိုပြောလွန်း ကဲ့ရဲ့ရှုတ်ချလွန်းတော့ကာ လူတွေက သူ့ စကားနားသိပ်မထောင်ကြပါဘူး။ သူက တော့ ထုံးစံအတိုင်း ပလောက်ပလောက် နဲ့ပြောနေတတ်တာပဲ။

အဲဒီ ဆေးလိပ်၊ ကွမ်း၊ အရက် စတာတွေရဲ့အသုံးစရိတ်ကိုနေ့စဉ်စုမယ် ဆိုရင် တစ်လတစ်လနည်းတဲ့ငွေမဟုတ် ပါဘူး။ သူပြောမှမဟုတ်ဘူး၊ လူတိုင်းသိ တယ်။ ဒါပေမယ့် ရသတဏှာဆိုတဲ့ အကြိုက်ကို စွန့်လွှတ်ဖို့ဆိုတာ ခက်ခဲ သားဗျ။ လူငယ်တွေဘီအီးတွေသောက် ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့သေနေကြတယ်။ ဒါကို လူငယ်တွေ အစဉ်မြင်တွေ့နေရ တာပဲ။ သူတို့ဆင်ခြင်သလားဆိုတော့ မဆင်ခြင်ဘူးဗျို့။ အကြိုက်ဆိုတာ အဲဒါ ပဲ။ သေမှာသိလျက်နဲ့ကိုသောက်ကြတာ။ ဒီတော့ ပလောက်ပလောက်ဝင်းမောင် က မြင်းအီးပေါက်သလို ကြုံတိုင်းပြောပြ နေတော့ မုန်းကြတာပေါ့ဗျာ။

ဒီတော့ သူ့စေတနာဝေဒနာဖြစ်ရ တာပေါ့။ အဲဒါကြောင့် ဒီကောင်လာပြီ ဆိုရင် လူတွေထပြေးကြတယ်။ ကျွန်တော် တို့က လူကြီးဆိုတော့ သည်းခံပြီး သူ့ရဲ့ ပေါက်ပေါက်ဖောက်သံကို နားသောတ ဆင်ရတာပေါ့ဗျာ။ လူကြီးပေကိုးဗျ။

နောက်တစ်ယောက်က အာပြဲ ဝင်းမောင်တဲ့။ ဝင်းမောင်ဟာ တကယ် တော့ အာမပြဲပါဘူး။ သူလိုကိုယ်လို ပါးစပ်ပါ။ ဒါပေမယ့် ဒီကောင်က သူငယ် နာမစင်တဲ့ကောင်ဗျ။ သူစကားပြော တော့မယ်ဆိုရင် မျက်စိပေကလပ်ပေ ကလပ်လုပ်ပြီး ပါးစပ်ကြီးအရင်ဖြဲတယ်။ ပါးစပ်ကြီးဖြဲပြီး အားယူပြီးပါမှ စကား တွေထွက်လာတော့တာပါ။ စကားပြော ဖို့အရေး ပါးစပ်ကြီးဖြဲပြီးအားယူယူနေရ လို့ အာပြဲဝင်းမောင်လို့တွင်နေတာပါ။

သူငယ်နာမစင်တဲ့လူတွေ လောက မှာ အများကြီးရှိတယ်။ တစ်ယောက် တစ်မျိုးမရိုးရအောင်စုံတယ်။ ဒီကောင့်လို ပုံပျက်ပန်းပျက်ပါးစပ်ကြီးဖြဲပြီးမှ စကား ပြောထွက်လာတာမျိုးတော့ မကြုံဖူးဘူး ဗျ။ ဒီကောင်က ဒီအတိုင်းဆို လူပုံချော



ပါ။ မိန်းမတွေကြွေလောက်တဲ့ရုပ်ရည်ပါ။ ဒါပေမယ့် ခက်တာက ဒီကောင်ကလူပျို ကြီးဗျ။ မိန်းမရချင်အာလည်း နန့်နန့်ကို တက်လို့ပါပဲ။ ဟိုကောင်မကိုကြိုက်ရတာ နဲ့ ဒီကောင်မကိုကြိုက်ရတာနဲ့ သူ့ခမျာ ဘယ်သူ့ကိုကြိုက်ကြိုက် မစွံရှာပါဘူး။ အဲဒီအားကြီးဖြဲဖြဲနေတာကိုကြောက်လို့ နေမှာ။ သူ့အာပြဲတာက အရင်ဆုံးစကား ထွက်ဖို့သာ အားယူရတာပါ။ နောက် စကားတွေကျတော့ ချောနေတာပါ။ ကောင်မလေးတွေကလည်းဗျာ။ အာက အမြဲပြဲနေတာမှမဟုတ်တာ။ ဒီကောင် က အလုပ်အကိုင်တော်တယ်ဗျ။ အခု (၄၀) ကျော်ပြီ။ သူ့ရဲ့ဖူးစာရှင်မွေးဟန် မတူသေးဘူး။ လူပျိုကြီးဘဝနဲ့ပဲ အရိုး ထုတ်မယ့်ကောင်ထင်ပါရဲ့ဗျာ။ ဒီအရွယ် ကျမှတော့ စိတ်လျှော့သင့်ပြီပေါ့နော်။

နောက်တစ်ယောက်က အန်တော် ပီဝင်းမောင်တဲ့ဗျ။

■ **အန်တော်ပီဝင်းမောင်**

"အန်တော်ပီဆိုတာက အင်္ဂလိပ် နာမည်လား"

"ဘယ်ကလာ အစ်ကိုလေးရယ်၊ အန်တော်ပီဆိုတော့ အန်ထော်နီဆိုတဲ့ အင်္ဂလိပ်နာမည်နဲ့တော့ဆင်ပါတယ်။ ဒါ က မြန်မာစကားစစ်စစ် အစ်ကိုလေးရဲ့။ အင်္ဂလိပ်နဲ့လုံးဝမဆိုင်ဘူး"

"ဟုတ်လား၊ လုပ်ပါဦး ကိုရင် မောင်ရဲ့။ စိတ်ဇင်စားစရာပဲ"

"ဒီကောင်ကလည်း အရက်နည်း နည်းကြိုက်တယ်။ ရွာမှာ အလှူတို့၊ မင်္ဂလာဆောင်တို့၊ အသုဘတို့လိုစား ကြောဝါးကြောရှိလို့ကတော့ အန်တော် ပီတို့ရဲ့ပွဲပဲ။ အဲဒီလိုစားကြောပွဲရှိတယ်ဆို ရင် စားကောင်းသောက်ကောင်းအရက် ကလေးသောက်လာပြီး စားတော့တာပဲ ဗျို့။

စားတာက လူစားစားတာမဟုတ် ဘူး။ ရက်ရက်စက်စက်ကိုစားတာ။ ဝမ်း ခေါင်းကလည်းကျယ်ပဲ့။ သိပ်တိုင်းဝင် တဲ့ သံသပိတ်ဆိုတာလိုမျိုးပဲ။ ဒေါ်ညွန့် ရဲ့မုန့်ဟင်းခါးဆိုရင် ကျွန်တော်တို့စားနိုင် ရင် (၂) ပွဲပဲ။ အန်တော်ပီကတော့ သူ့ ဘေးမှာ ပန်းကန်တွေတထပ်ကြီးရယ်။ ဘယ်နှပွဲမှန်းကိုမသိအောင်စားတာ။

ထမင်းပဲစားစား၊ မုန့်ဟင်းခါးပဲ စားစားဘာစားစား အန်ထွက်အောင် စားတာ။ လည်ချောင်းဝမှာတစ်ဆို့ပြီး ဝေါခနဲအန်ထွက်မှ တော်ပြီဆိုပြီးထလေ့ ရှိတာမို့ အားလုံးက သူ့ကိုအန်တော်ပီ လို့ခေါ်ကြတာပဲ"

လို့ပြောတော့ ကျွန်တော်သဘော ကျလွန်းလို့ ရယ်မိပါတယ်၊

"ဒါထက် အဲဒီအန်တော်ပီဝင်း မောင်က ဒီမဏ္ဍာရုံကိုလာတတ်သလား"

"ရှိတုန်းကတော့ ခုလိုဆွမ်းကြီး လောင်းကိစ္စတွေမှာလာတတ်ပါတယ်။ ခုမရှိတော့ဘူးဗျ"

"ဘယ်ရောက်သွားတာလဲ"

"သေသွားပြီလေ၊ မနှစ်လောက် ကမှသေသွားတာ"

"ဩော် - ဟုတ်လား၊ လူထူးလူ ဆန်းပဲနော်။ ဒီလူက အစားကြူးတဲ့ နေရာမှာ ကျွန်တော်တို့ငယ်ငယ်က ကုန်ထမ်းတဲ့ဘိုထွန်းနဲ့မတူဘူးလား"

"ဘိုးထွန်းက ဝက်သားဟင်းကို ရေပုံး (ဟင်းလိုက်ပုံး) တစ်လုံးကုန်အောင် စားနိုင်တယ်။ ဒီကောင့်လိုတော့ အန် မထွက်ဘူးဗျ။ဒီကောင်က လည်ချောင်းဝ ရောက်လို့ အန်ထွက်မှနားတာ။ ဒါပေ မယ့် ဘိုးထွန်းက ပါးရည်နပ်ရည်ရှိတယ်။ အန်တော်ပီဆိုတဲ့ကောင်ကျတော့ အတော့် ကို အူလွန်းအ,လွန်းပါတယ်ဗျာ၊ ဒါက လည်း ကျွန်တော့်မျက်စိနဲ့မြင်ရလို့သိ တာ။ ကြာတော့ အတော်ကြာပါပြီ။ ကျွန်တော်တို့ငယ်ငယ်ကြုံခေတ်ကဆိုပါ တော့ဗျာ။ ကျွန်တော်ကတော့ ကြီးပါပြီ။ အန်တော်ပီက လူငယ်ပဲရှိသေးတာဗျ။ ဒီကောင်ကအ,ပုံကျွန်တော်ပြောပြမယ်"

■ **စကားတစ်ခွန်း၏အဓိပ္ပာယ်**

"ကျွန်တော်တို့ရွာထိပ်မှာတည်ထား တဲ့ ဦးအောင်သောင်းရဲ့ကြံဖိုကြီးရှိတယ်။ အဲဒီအချိန် အစ်ကိုလေးတို့ ဒီမှာမရှိသေး ဘူး။ ကြံကြိတ်ဖို့ဆိုတာ ကြံရာသီကုန်

www.burmeseclassic.com

www.burmeseclassic.com



ချောင်း (၂၄)နာရီလူဆိုင်းလဲပြီး လည်ပတ်ရတဲ့အလုပ်ဆိုတော့ လုပ်သားတွေများသပေါ့ဗျာ။ အဲဒီအလုပ်သမားတွေထဲမှာ ကျွန်တော်လည်းပါတယ်။ ကျွန်တော်က အသက်(၂၀)ဝန်းကျင်ပဲရှိပါသေးတယ်။ အန်တော်ပီဝင်းမောင်က လူပျိုပေါက်အရွယ်ဆိုပါတော့ဗျာ။ ရိုးရိုးအအနဲ့ ခိုင်းသမျှတာဝန်ကျေအောင်လုပ်တတ်လို့ ဦးအောင်သောင်းက သူ့ကိုသဘောကျပါတယ်။ အဲဒီတော့ရင်းနှီးတယ်ပေါ့ဗျာ။

တစ်နေ့ နေ့လယ်ပိုင်းမှာ ဘုရားသုံးဆူဘက်က ဦးအောင်သောင်းရဲ့ကြံခင်းမီးလောင်နေတယ်လို့လူတစ်ယောက်ကအမောတကောသတင်းလာပို့ပါတယ်။

အဲဒီမှာ ဦးအောင်သောင်းက ချက်ချင်းပဲ အနားမှာရှိတဲ့ အန်တော်ပီဝင်းမောင်ကို -

"ဟေ့ကောင် ဝင်းမောင်၊ စက်ဘီးယူသွား။ ငါ့အိမ်ကိုအမြန်သွားပြီး ထွန်စက်အမြန်မောင်းခဲ့လို့ပြောလိုက်။ ဘုရားသုံးဆူမှာကြံခင်းမီးလောင်နေတယ်"

လို့ပြောပြီး ဝင်းမောင်ကိုလွှတ်ပါတယ်။

အဲဒီမှာ အန်တော်ပီက မျာယီးမျာယာနဲ့ ဦးအောင်သောင်းရဲ့ရာလေးစက်ဘီးကိုတွန်းပြီးတော့ ပြေးထွက်သွားပါတယ်။ ဦးအောင်သောင်းကတော့ သူ့ကြံခင်းကြီးမီးလောင်နေလို့ နေမထိထိုင်မသာဖြစ်နေရှာတာပါ။ မီးလောင်နေရင် မီးတားတဲ့အနေနဲ့ ရှေ့ထွက်စက်နဲ့ဖြတ်မောင်းပြီး ကြံပင်တွေလှဲပစ်နိုင်ရင် မီးတားလမ်းလိုဖြစ်သွားပြီး မီးငြိမ်းသွားနိုင်ပါတယ်။ အဲဒါကြောင့် ထွန်စက်ကို စက်ဘီးနဲ့အမြန်သွားပြောခိုင်းတာပါ။ ကြိတ်ဖိုနဲ့ ဦးအောင်သောင်းအိမ်ဆိုတာ အမြန်နင်းရင်း ငါးမိနစ်နဲ့ရောက်ပါတယ်။ အိမ်ရောက်လို့အကြောင်းကြားပြီးမောင်းထွက်လာရင် ဆယ်မိနစ်အတွင်းရောက်လာနိုင်ပါတယ်။

ကြိတ်ဖိုကလူတွေကတော့ မျှော်လိုက်ရတာ ရောက်မလာရောက်မလာနဲ့ရောက်မယ့်ရောက်လာတော့ နာရီဝက်ကျော်နေပြီ။ ထွန်စက်ဆရာနဲ့ဝင်းမောင်ကထွန်းစက်ပေါ်ကပြေးဆင်းလာတယ်။ ဦးအောင်သောင်းဆိုရင် ဒေါသထွက်လွန်းလို့ တောက်တခေါက်ခေါက်နဲ့ပါ။ ဒါနဲ့ ဦးအောင်သောင်းက ဝင်းမောင်ကို-

"မင်းကို မြန်အောင်လို့ ငါက စက်ဘီးနဲ့ သွားခိုင်းလိုက်တာ ဘာလို့ ဒီလောက်ကြာနေတာလဲ"

လို့မေးတော့ -

"ဦးလေးက စက်ဘီးယူသွားဆိုလို့သာယူသွားရတာ။ ကျွန်တော်က စက်ဘီးမှမစီးတတ်တာ။ အဲဒီတော့ တွန်းပြီးယူသွားရတာပေါ့"

ပြောမှ လူတိုင်းက -

"အောင်မလေး. . . ဖြစ်ရလေ ဝင်းမောင်ရာ"

ဆိုပြီး ထွန်စက်ကြီးပေါ် လူတွေအုံခဲနေအောင်တက်ပြီး မီးတားဖို့ ဘုရားသုံးဆူဘက်ကိုမောင်းခဲ့ပါတယ်။သို့သော်လည်း အလှာကောင်းပေမယ့် အခါနှောင်းသွားခဲ့ပါပြီ။ ဘာလို့လဲဆိုတော့ ကြံခင်းကြီးတစ်ခင်းလုံးလောင်ပြီးလို့ မီးခိုးတလူလူနဲ့ မီးလောင်ပြင်ကြီးဖြစ်သွားခဲ့ပါပြီ။

ကြံခင်းဆိုတာ ကြံရွက်ဟောင်းတွေက ခြောက်သွေ့နေတော့ကာ မီးအလွန်ကောင်းတာဗျ။ ကြံခင်းတွေဆက်မနေတော့ ကံကောင်းတာ။ ကြံခင်းချင်းဆက်နေလို့ကတော့ တစ်ခင်းပြီးတစ်ခင်း မီးကဝါးပစ်တာ အလွန်မြန်တာကလား။ နောက်တစ်ခုက ကြံအုန်းပိုးလေ။ အုန်းပိုးကျပြီဆိုရင်လည်း ကြံတွေအရမ်းပျက်စီးတာ။ အုန်းပိုးကျတဲ့အပင်တွေရှိရင် ရှာပြီးခုတ်ရတယ်။ မီးပုံရှို့ရင်ရှို့၊ မရှို့ရင် မြေတွင်းတူးပြီးမြှုပ်ပစ်ရတာဗျ။ အဲဒီအုန်းပိုးက အရမ်းကူးစက်လွယ်တာ။ အဲဒီအုန်းပိုးရှိတဲ့အခင်းကိုခုတ်ပြီး ကြိတ်ကြည့်။ အချဉ်မာတ်ကြောင့် ကြံသကာမဖြစ်တော့ဘူး။ သကာရည်တွေပဲဖြစ်နေတတ်တယ်။ အရက်တော့ချက်လို့ရတာပေါ့ဗျာ။ အဲဒီတော့ ရှုံးတော့တာပေါ့။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက အန်တော်ပီဟာ အလွန်အလွန်အ,တဲ့အကောင်ပါ။ စက်ဘီးယူသွားဆိုတော့ သခင်ရဲ့စကားကိုမဖယ်ရှားဝံ့တာကြောင့် ဘာမှပြောမနေတော့ဘဲ တွန်းပြီးယူသွားတော့တာပေါ့။ စက်ဘီးမှမစီးတတ်တာ စက်ဘီးကြီးတွန်းနေရတော့ ခရီးမပေါက်ဘဲ ဒုက္ခရောက်တာပေါ့။ သူ့ဟာသူ လွတ်လွတ်လပ်လပ် ခပ်သွက်သွက်သွားရင် ဒါလောက်မကြာနိုင်ဘူး။ တောသားခြေထောက်ပဲဗျာသွက်မှသွက်ပေါ့။ အခုတော့ စကားတစ်ခွန်းရဲ့အဓိပ္ပာယ်ကို နားလည်နိုင်စွမ်းမရှိတဲ့ ဝင်းမောင်ကိုမှ ခိုင်းမိတော့ကာ အဆင်မပြေဖြစ်ရတာပေါ့။

တကယ်လို့သာ ဦးအောင်သောင်းက ဝင်းမောင် မင်းစက်ဘီးစီးသွားလို့ပြောရင် အဲဒီစကားရဲ့အလိုက် ကျွန်တော်မစီးတတ်ဘူးလို့ပြန်ပြောမှာသေချာတယ်။ အဲဒါဆို စီးတတ်တဲ့လူကိုလွှတ်မှာပေါ့။ ကြိတ်ဖိုမှာလူတွေရိုက်သတ်လို့မကုန်ဘူး။ စက်ဘီးယူသွားဆိုတော့ကာ ဟိုကောင်က ခပ်အူအူဆိုတော့ ယူသွားတော့တာပေါ့ဗျာ။ စက်ဘီးကို အိမ်မှာထားခဲ့ပြီး ထွန်စက်နဲ့ပြန်ရောက်လာတာပါ။

အဲဒီခေတ်က စက်ဘီးဆိုတာ လူတိုင်းမစီးနိုင်ပါဘူး။ ဦးအောင်သောင်းတို့ ဦးကျင်ရှိန်တို့လို ပိုက်ဆံရှိတဲ့လူတွေပဲစီးနိုင်တာ။ အန်တော်ပီစက်ဘီးမစီးတတ်တာ အပြစ်မဆိုသာပါဘူး။ အဲဒီတုန်းက စက်ဘီးစီးနိုင်ရင်ပဲ ကျွန်တော်တို့ရွာမှာ ဂုဏ်ရှိပြီပေါ့ဗျာ။ သွားချင်တဲ့နေရာ ခြေကနဲ့ရောက်တာကိုး။

ဦးအောင်သောင်းနဲ့ ဦးကျင်ရှိန်မှာရော ကျွန်တော်တို့ရွာအလယ်ပိုင်းက ဦးစံမြကြီးမှာပါ စက်ဘီးမှာစက်တပ်ထားတဲ့ စက်ဘီးလေးတွေရှိကြတယ်။ ဖွတ်ချက်ဖွတ်ချက်နဲ့ ပြေးတော့သိပ်မပြေးပါဘူး။ အဲဒါလေးတွေနဲ့ သူတို့တွေမြို့ကိုသွားကြလေ့ရှိတယ်။ အားကျစရာပေါ့ဗျာ။ ခုခေတ်နဲ့တော့ကွာပ။ ခုခေတ်မှာ အားလုံး ဆိုင်ကယ်တွေနဲ့ဖြစ်ကုန်ပြီ။ စက်ဘီးစီးတဲ့လူတောင် သိပ်မရှိတော့ဘူး"

လို့ ပြောပြပါတယ်။ ဦးအောင်သောင်းကိုမြင်တော့ ကျွန်တော်မမီလိုက်တဲ့ အန်တော်ပီဝင်းမောင်ဆိုတဲ့လူကိုပြေးပြီး သတိရမိတာအမှန်ပါဗျာ။ ဆန်းကြယ်တဲ့အဖြစ်မဟုတ်ပေမယ့် စကားလုံးတစ်လုံးရဲ့အဓိပ္ပာယ်ကို အူတူတူအတတလူတွေအနေနဲ့ ခွဲခြားနားမလည်တတ်တဲ့အကြောင်းလေးကိုတင်ပြချင်တာပါ။

*ဦးလေးဦးရင်မောင်သို့*

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မြို့ကုတ်)

www.burmeseclassic.com

www.burmeseclassic.com

သမ္မာပါဒ-ဦးမြင့်အောင်

# လယ်တီဆရာတော်ဘုရားကြီးစီရင်ခဲ့သော ကပ်ရောဂါကင်းစေသည့် အက္ခရာစမတံဆိပ်တော်နှင့်အမိန့်တော်ပြန်တမ်း



မြန်မာနိုင်ငံသာသနာတော်သမိုင်းတွင် အင်္ဂလိပ်ကိုလိုနီခေတ်၌ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ရှေးဦးစွာ ဆက်ကပ်ပူဇော်ခံယူတော်မူရသည့်အပြင် ရန်ကုန်တက္ကသိုလ်ကြီးက (ဒီ-လစ်)ခေါ် ကျမ်းတတ်ပါရဂူဘွဲ့ကို ဆက်ကပ်ခြင်းခံတော်မူရသော ကျမ်းပေါင်းများစွာ ပြုစုပြီး လွန်စွာ ထင်ရှားကျော်ကြားလှသော ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ကျေးဇူးတော်ရှင် ကမ္ဘာကျော် မုံရွာလယ်တီဆရာတော်ဘုရားကြီးဖြစ်ပါသည်။

ဆရာတော်ကြီးပြုစုတော်မူခဲ့သော ကျမ်းပေါင်း (၅၀) ကျော် (၆၀) ခန့်ရှိခဲ့သည့်အနက် ထင်ရှားကျော်စောသော ကျမ်းများမှာ (၁) ပရမတ္ထဒီပနီကျမ်း၊ နိရုတ္တိဒီပနီကျမ်း၊ (၃) ပရမတ္ထသံခိပ်ကျမ်း၊ (၄) သန္ဒသံခိပ်ကျမ်း၊ (၅) နိဗ္ဗာနဒီပနီကျမ်း၊ (၆) ပဋိစ္စသမုပ္ပာဒဒီပနီကျမ်း၊ (၇) မဂ္ဂင်ဒီပနီကျမ်း၊ (၈) သောတမနသသုပေက္ခာကျမ်း၊ (၉) ရူပဒီပနီကျမ်း၊ (၁၀) ဗောဓိပက္ခိယဒီပနီကျမ်း၊ (၁၁) သာသနဝိသောဓနီကျမ်း၊ (၁၂) ဥတ္တမပုရိသဒီပနီကျမ်း၊ (၁၃) ဓမ္မဒီပနီကျမ်း၊ (၁၄) အနတ္တဒီပနီကျမ်း၊ (၁၅) လက္ခဏဒီပနီကျမ်း၊ (၁၆) ဝိနယသံခိပ်ကျမ်း၊ (၁၇) သင်ပုံးကြီးသံခိပ်ကျမ်း၊ (၁၈) ပဋ္ဌာနဝိသဇ္ဇနာပါဠိနိဿယကျမ်း၊ (၁၉) ရောဂန္တရဒီပနီကျမ်း၊ (၂၀) ဗုဒ္ဓဘာသာအလင်းကျမ်း၊ (၂၁) စေတီယင်္ဂဏဝိနိစ္ဆယကျမ်း၊ (၂၂) ပဋိစ္စသမုပ္ပာဒ်အကျဉ်း၊ (၂၃) လယ်တီပဋ္ဌာအဖြေပေါင်းချုပ်၊ (၂၄) ဒါနာဒိဒီပနီကျမ်း၊ (၂၅) ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၊ (၂၆) အာဟာရဒီပနီကျမ်း၊ (၂၇) ကမ္မဋ္ဌာနဒီပနီကျမ်း၊ (၂၈) ပါရမီဒီပနီကျမ်း၊ (၂၉) ဘာဝနာဒီပနီကျမ်း၊ (၃၀) လယ်တီဆရာတော်ဘုရားကြီး ရေးစပ်ခဲ့သော ကဗျာများကို စုပေါင်းထားသော ဂမ္ဘီရကဗျာကျမ်းတို့ ဖြစ်ပါသည်။

## ■ မော်လမြိုင်မြို့၌ စီရင်တော်မူခဲ့သော ရောဂန္တရဒီပနီ

ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့သော ကျမ်းများအနက် ၁၂၇၀ ပြည့်နှစ်တွင် မော်လမြိုင်မြို့ ကျိုက်သံလံတောင်ထိပ် အောင်လံတိုင်ဘုရားအနီးတွင် မော်လမြိုင်မြို့သူမြို့သားတို့ ဆောက်လုပ်သော အောင်လံတိုင် ဝါဆိုကျောင်း၌ သီတင်းသုံး ဝါထပ်ဝါဆိုနေတော်မူစဉ်အခါတွင် ရောဂန္တရဒီပနီကျမ်းကို စီရင်ရေးသားခဲ့သည်။ သုတ်ပါထေယျပါဠိတော် သိင်္ဂါလောပါဒသုတ်၌လာရှိသော ဆရာ့ဝတ် ငါးပါးတွင် နောက်ဆုံးကျင့်ဝတ်တရား၌ 'ဒိသာသုပရိတ္တာဏံကရောတိ' ဟု မြတ်စွာဘုရားဟောကြားတော်မူသည်နှင့်အညီ တပည့်ဖြစ်သူတို့အား သွားလေရာနေရာ ရှစ်မျက်နှာအရပ်တို့၌ ဥပဒ်အန္တရာယ် အကွယ်အကာ ဂါထာမန္တရား ဆေးဝါး အင်းအိုင်တို့ကို ဆရာဖြစ်သူများက သင်ကြားပေးကြရမည်ဟူသော ဘာသာကျင့်ဝတ်တရား ထင်ရှားရှိသည့်အတိုင်း ထိုစဉ်အခါ ကမ္ဘာပေါ်ရှိ ထိုထိုနိုင်ငံမြို့ရွာတို့၌ ဖြစ်ပွားနေသည့် ပလိပ်ရောဂါ၊ ဝမ်းရောဂါ စသော ရောဂါဆိုးတို့အား ကာကွယ်ရန် နည်းလမ်းများနှင့်တကွ ပြဆိုထားသောကျမ်း ဖြစ်သည်။

## ■ ရောဂန္တရဒီပနီပြုစုစဉ်ထူးခြားချက်

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ရောဂန္တရဒီပနီကို ရေးသား စီရင်နေတော်မူစဉ် ထူးခြားအစွမ်းထက်မြက်သော အက္ခရာ(စ-မ) တံဆိပ်တစ်ခုကို ရသေ့တစ်ပါးက လာရောက် လှူဒါန်းခဲ့သည်။

တစ်နေ့သ၌ ယိုးဒယားပြည်နယ်စပ်၌နေထိုင်သော ရသေ့ဆရာသည် လယ်တီဆရာတော်ဘုရားကြီးထံ အဖူးမြော် အကန်တော့ခံရောက်လာသည်။ ထိုရသေ့သည် ဆရာတော်ဘုရားကြီး ရောဂန္တရဒီပနီကျမ်းကိုစီရင်ရေးသားနေသည်ဟုသိ၍ ဆရာတော်ဘုရားကြီးအား အက္ခရာ (စ-မ) တံဆိပ်၏ အကျိုးအကြောင်းတို့ကို စုံလင်စွာသိလိုသော မိန့်တော်မူသည်။

ဤသို့မိန့်ဆိုလျှင် ရသေ့ဆရာက တစ်နေ့သောအခါ -

"တပည့်တော် ဆွမ်းခံသည့် တောရွာကလေးတွင် ပလိပ်ရောဂါဖြစ်ပွားခဲ့ပါသည်။ ထိုစဉ် ညဉ့်အခါ အိပ်မက်မြင်သည်မှာ တပည့်တော်၏ကျောင်းသင်္ခမ်းသို့ ဝတ်ဖြူစင်ကြယ်နှင့် လူဆယ်ယောက်တက်လာပါသည်။ အကြီးအမှူးလုပ်သူက တပည့်တော်အားပြောသည်မှာ ဆရာရသေ့အပေါ်၌ ကျေးဇူးများနေသော ရွာငယ်ကလေး၌ ပလိပ်ရောဂါဖြစ်နေသည်ကို အဘယ်ကြောင့်လျစ်လျူရှုနေသနည်းဟု ပြောပါသည်။

ထိုအခါ တပည့်တော်က ထိုအန္တရာယ်ကို ဆရာရသေ့ပျောက်ငြိမ်းအောင်မတတ်နိုင်ဟု ပြန်ပြောပါသည်။ ဒါဖြင့် ထိုအန္တရာယ်ကို ပျောက်ငြိမ်းရန်နည်းကောင်းပေးပါမည်။ ခဲတံနှင့်စက္ကူပေးပါဟုတောင်းရာ တပည့်တော်က တောထဲ၌ ခဲတံ၊ စက္ကူဘယ်မှာရှိမလဲဟု ပြောပါသည်။

ထိုသို့ဆိုလျှင် အကြီးအမှူးပြုလုပ်သူက နောက်ပါလူတစ်ယောက်အား သစ်ရွက်တစ်ခု အခူးခိုင်းလိုက်ပါသည်။ ထိုသူက ကျောင်း၏ လှေကားရင်းတွင်ရှိသော ငှက်ပျောရွက်ကိုခူးခဲ့ပါသည်။ ထိုငှက်ပျောရွက်ပေါ်တွင် တစ်ကြောင်းဆွဲ (စ-မ) တံဆိပ်ကိုရေးဆွဲပြီး ဤအက္ခရာ(စ-မ)တံဆိပ်သည် ပလိပ်ကပ်ရောဂါကို ပျောက်ငြိမ်းစေတတ်ပါသည်ဟုပြောပြီး ပျောက်ကွယ်သွားကြပါသည်။

နံနက်မိုးလင်းသောအခါ အနားတွင်တွေ့ရသော ငှက်ပျောရွက်ကိုကြည့်ရှုရာ အက္ခရာ (စ-မ) တံဆိပ်ကိုတွေ့မြင်ရ၍ ထို (စ-မ) အက္ခရာတို့ကို ထန်းရွက်၊ ပေရွက်၊ စလူရွက်တို့တွင် ရေးသားပြီး ရေစိမ်၍တိုက်ခြင်း၊ ပက်ဖျန်းခြင်းလည်ပင်း၌ဆွဲစေခြင်းစသည့်တို့ကို ပြုလုပ်ရာ နေ့ချင်းညချင်း ပျောက်ကင်းသွားပါကြောင်း။ သို့ဖြစ်ပါ၍ ဆရာတော်ဘုရားကြီးသည် တစ်နိုင်ငံလုံး၏ ကျေးဇူးရှင်ကြီးဖြစ်တော်မူသည့်အတိုင်း ဤအက္ခရာ (စ-မ) တံဆိပ်ကို အသုံးပြုတော်မူပါဘုရား"

ဟု လျှောက်ကြားသွားခဲ့သည်။

## ■ ဂုဏ်တော်(၉)ပါးနှင့် ၂၄-ပစ္စည်းတို့ ရွတ်ဖတ်ချီးမြှင့်သောအက္ခရာ (စ-မ)

ဆရာတော်ကြီးသည် ထိုအက္ခရာ (စ-မ) တံဆိပ်ကို မီးချစ်စည်သွပ်ပြား တွင်ရေး၍ လက်ဖွဲ့ပြုလုပ်ပြီး ဘုရားရှေ့



www.burmeseclassic.com

www.burmeseclassic.com

တွင် ဂုဏ်တော် (၉) ပါးနှင့် ၂၄-ပစ္စည်း ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဆိုပြီးလျှင် နွားသား၊ ကျွဲသားရှောင်သောသူတို့အား ထိုအစီအရင်လက်ဖွဲ့တစ်လုံးစီ ချီးမြှင့်တော်မူခဲ့ပါသည်။



**ကျေးဇူးတော်ရှင်**
**လယ်တီဆရာတော်ဘုရားကြီး**
**စီရင်တော်မူခဲ့သော**
**အက္ခရာ(စ-မ) တံဆိပ်တော်**

**တစ်ကြောင်းဆွဲအက္ခရာ**
**(စမ)တံဆိပ်ပုံစံ**

ဤ (စ-မ) တံဆိပ်ပုံစံကို ရွှေပြား၊ ငွေပြား၊ ခဲမဖြူပြားတွင် ခဲတံ၊ ကညစ်တို့ကိုမကြွစေဘဲ တစ်ကြောင်းတည်းရေးဆွဲရမည်။ ပြီးလျှင် အရင်းကလိပ်၊ လက်ဖွဲ့ပြုလုပ်ပြီးကြိုးတပ်၊ လက်မောင်းတွင်ဖြစ်စေ၊ လည်ပင်းတွင်ဖြစ်စေ ဆွဲထားပါ။ အန္တရာယ်ခပ်သိမ်းငြိမ်းသည်။ 'ပထရမ ရှေးဦးစွာ သစ္စာလေးပါးကို သိမြင်တော်သောမြတ်စွာဘုရား'။ အိမ်လေးထောင့်မြင့်ရာတိုင်တွင် မြှုပ်ထားလျှင် ရန်သူမလာဝံ့။

### ■ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကပ်ရောဂါများနှိမ်နင်းခဲ့ပုံ

### စစ်ကိုင်းမြို့၌ပလိပ်ရောဂါငြိမ်းစေခြင်း

၁၂၇၂ ခုနှစ်၊ တပို့တွဲလတွင် အထက်မြန်မာပြည် စစ်ကိုင်းမြို့၌ တစ်မြို့လုံးတွင် ပလိပ်ရောဂါအကြီးအကျယ်ဖြစ်ပွားခဲ့သည်။ သေကျေပျက်စီးမှုများ၍ လူအများအထိတ်အလန့်ဖြစ်နေခဲ့ကြရသည်။ ဆရာတော်ကြီးအား ထိုမြို့မှ ဒါယကာများ လာရောက်ပင့်လျှောက်ခဲ့ကြသည်။

ဆရာတော်ဘုရားကြီးက -

"မင်းတို့မြို့ရှိ သံဃာတော်များ ပရိတ်ရွတ်ခြင်း၊ ကမ္မဝါစာဖတ်ခြင်းများ ပြုလုပ်၍ အန္တရာယ်ကိုမခုခံကြဘူးလား"

ဟု မေးတော်မူ၏။

ဒါယကာများက -

"ပရိတ်လည်းရွတ်ဖတ်ကြပါသည်။ ကမ္မဝါလည်းဖတ်ကြပါ၏။ ဖတ်သော်လည်း အန္တရာယ်မပျောက်ငြိမ်းပါ"

ဟု ပြန်လည် လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက -

"မင်းတို့ ပရိတ်ရွက်၊ ကမ္မဝါဖတ်ရန်၊ သံဃာတော်များကိုပင့်လျှင် သတိထားရန် နွားသားစားသော ပုဂ္ဂိုလ်များ မပါစေရ။ နွားသားစားသောပါးစပ်ကြီးနှင့် သုတော တုမေ ဘန္တေ သံဃောဟု ဖတ်လိုက်သည်နှင့်တစ်ပြိုင်နက် ပါးစပ်က နွားသားနံ့ကြီးက တစ်ခေါ်လောက်ရောက်အောင် ကင်းထောက်သွားသည်။ ထိုအခါ ဘီလူးသဘက်တွေက နွားသားနံ့ကို မီးခိုးလျှောက်လိုက်တတ်သည်"

ဟု မိန့်ဆိုတော်မူလေသည်။

ပင့်လျှောက်သော ဒါယကာများက ဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူလေသည်ကို ရှိသေစွာဖြင့် နာယူကြ၏။ ဆရာတော်ဘုရားကြီးအား ပင့်ဆောင်တော်မူခဲ့ကြသည်။

ထို့နောက် လယ်တီဆရာတော်ဘုရားကြီးသည် ပလိပ်ကပ်ဆိုးအန္တရာယ်ကင်းငြိမ်းစေရန်အတွက် ဒါယကာများအား ဤသို့စီမံစေခဲ့ပါသည်။

### ■ ကပ်ဆိုးအန္တရာယ်ငြိမ်းစဲအောင် စီမံတော်မူခဲ့ပုံ

၎င်းပလိပ်ရောဂါကပ်ဆိုးနှင့်အတူ အစိမ်းသရဲဘီလူးမြေဖုတ် စသည် နာနာဘာဝများမဖမ်းနိုင်စေရန် ဆရာတော်ဘုရားကြီးသည် စီမံတော်မူရာ၌ ထိုအစိမ်းသရဲစသည်တို့ ကြောက်လန့်ထွက်ပြေးစေရန် အစိုးရထံသေနတ်ပစ်ဖောက်၍ကျယ်လောင်အသံပြုစေခြင်း၊ လူသန်လူမြန်ကာလသားများစွာတို့နှင့်တကွ တစ်မြို့လုံးလှည့်ပတ်၍ မဟာစက်ပရိတ်တော်ကြီးကို ကျွက်ကျွက်ညံအောင်ရွတ်ဖတ်စေခြင်း၊ လမ်းဆုံလမ်းမလမ်းလေးခွတို့တွင် အမိန့်တော်ပြန်တမ်းကြီးကို ကျယ်လောင်စွာ ခပ်တင်းတင်းရွတ်ဖတ်ပြီး သေနတ်ပစ်ဖောက် အသံမြည်ဟိန်းစေ၍ သံပုံး၊ သံစည်၊ သံချောင်း၊ ကာလတက်များ တီးခေါက်စေခြင်း အစီအမံတို့ ပြုလုပ်စေတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏အစီအမံအတိုင်း ရွက်ဆောင်ကြသောကြောင့်ပလိပ်ကပ်အန္တရာယ်ကင်းငြိမ်းခဲ့ကြလေသည်။ မြို့သူမြို့သားအချို့ အိပ်မက်မြင်ကြရာ၌ များပြားကြီးကျယ်သောတပ်ကြီးတစ်တပ် မြောက်ဘက်ရထားလမ်းအတိုင်းလျှောက်၍ထွက်သွားကြသည်ဟု မက်မြင်ကြသည်။

### ■ မြို့ရွာများကပ်ရောဂါ ကင်းငြိမ်းအောင် ဆောင်ရွက်တော်မူခဲ့ပုံ

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း ဒေသကြီး ရွာထောင့်၌ လည်းကောင်း၊ ခင်လူး၌ လည်းကောင်း၊ မိတ္ထီလာ၊ မလှိုင်ပန်းအိုင်၊ မြင်းခြံမီးရထားလမ်းတစ်လျှောက် မြို့ရွာများ၌ လည်းကောင်း၊ မန္တလေးမြို့၌ လည်းကောင်း စသည် မြို့ရွာအသီးသီး၌ ပလိပ်ရောဂါကပ်ဆိုးအန္တရာယ်ကင်းငြိမ်းအောင်ကြွရောက်စီမံဆောင်ရွက်တော်မူခဲ့ရာ ထိုထိုမြို့ရွာအသီးသီး၌ ပလိပ်ကပ်ရောဂါအန္တရာယ်ငြိမ်းစဲခဲ့ပါသည်။

### ■ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏ အမိန့်တော်ပြန်တမ်း

လယ်တီဆရာတော်မိန့်ကြားချက်
မုံရွာမြို့ လယ်တီဆရာတော်
ထုတ်ဖော် မိန့်ကြားအပ်သည်။

မြို့ (xxx) ရပ်နေ ဗုဒ္ဓဘာသာဝင်ရှင်လူအပေါင်းတို့နှင့် ၎င်းအရပ်အတွင်း၌ရှိနေကြကုန်သော အိမ်စောင့်နတ်၊ ဝင်းစောင့်နတ်၊ ခြံစောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်မျိုးအပေါင်းသူတော်ကောင်းတို့။

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမှီးဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ လူမင်းအပေါင်း၊ နတ်မင်းအပေါင်း၊ သိကြားမင်းအပေါင်း၊ ဗြဟ္မာမင်းအပေါင်းတို့၏အထွတ်အထိပ် ဓမ္မိဿရ၊ ဓမ္မသာမိ၊ ဓမ္မာဓိပတိဖြစ်တော်မူသော ငါတို့ဆရာ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် (xxx)မြို့နေ ဗုဒ္ဓဘာသာဝင်ရှင်လူအပေါင်းတို့၏ ကိုးကွယ်ရာအစစ်အဘကြီးဖြစ်တော်မူပေသည်။ ကိုးကွယ်ရာအစစ်အဘိုးကြီးဖြစ်တော်မူပေသည်။

(xxx) မြို့နေဗုဒ္ဓဘာသာဝင်ရှင်လူအပေါင်းတို့သည်လည်း သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်ဘုရား၏ သားတော်အစစ်၊ သမီးတော်အစစ်၊ မြေးတော်အစစ်၊ မြစ်တော်အစစ် ဖြစ်ကြပေကုန်သည်။

ယခုအခါ ဤ(xxx) မြို့၌ မြို့ပြင်မြို့တွင်းကုန်းကြည်းရေမြေမှီတင်းနေကြကုန်သော မြေနဂါး၊ ရေနဂါး၊ မြေဘီလူး၊ ရေဘီလူး၊ တောဘီလူး၊ တောင်ဘီလူး၊ အစားကြူးအသောက်ကြူး၊ ဘီလူးအမျိုးမျိုး၊ ရက္ခိုက်အမျိုးမျိုး၊ နတ်ဆိုးနတ်ဝါးအပေါင်းတို့သည် ငါတို့မြတ်စွာဘုရား၏ ကျေးဇူးတော်၊ ဂုဏ်တော်၊ မျက်နှာတော်များကို မမျှော်မထောက်ကြကုန်မူ၍ (xxx) မြို့နေငါတို့မြတ်စွာဘုရား၏သားတော်သမီးတော်အပေါင်းတို့အား ပလိပ်ဖျားရောဂါ၊ ဝမ်းရောဂါတို့ကိုပေး၍



www.burmeseclassic.com

www.burmeseclassic.com

အဓွေး၊ အဆုတ်တို့ကိုစုပ်ယူမျိုသောက်သေကျေ ပျက်စီးဆုံးသည့်တိုင်ရောက်အောင် နှိပ်စက်ညှဉ်းပန်းကြကုန်သည်။

■ **အမိန့်စာတမ်း**

၁။ မြို့ပြင်မြို့တွင်း ကုန်းကြည်ရေမြေမိုတင်းနေကြကုန်သော မိစ္ဆာနတ်ဆိုးအမျိုးမျိုးတို့ကို ငါတို့မြတ်စွာဘုရား၏တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့် မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှ ဝေးစွာအတင်းနှင်ထုတ်ကြကုန်ရမည်။

၂။ တရားတော်မြတ်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၃။ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ်သုတ်၊ အာဋာနာဋိယသုတ် အစရှိကုန်စေသော ပရိတ်တော်မြတ်တို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤ(×××) မြို့အတွင်းမှ ဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၄။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်မဟာကဿပ အစရှိသောရဟန္တာမြတ်တို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၅။ သထုံပြည်၌ ပင်လယ်ပျော်မြွေရေဘီလူးတို့အတတ်ကြောင့် ကပ်ရောဂါဖြစ်ပွားရာ ရေဘီလူးတို့ကို နှိမ်နင်း၍ ကပ်ရောဂါငြိမ်းခြင်းကိုပြုတော်မူကြပေကုန်သော သောဏမထေရ်၊ ဥတ္တရမထေရ် ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤ(×××)မြို့တွင်းမှ ဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၆။ သီဟိုဠ်ကျွန်း သဃ်ဗောဓိမင်းကြီးလက်ထက် ဘီလူးသဘက်တို့အတတ် ပလိပ်ရောဂါဖြစ်ပွားရာ မိမိ၏သီလဂုဏ်ဖြင့် ပလိပ်ရောဂါပျောက်ငြိမ်းခြင်းကိုပြုတော်မူပေသော သဃ်ဗောဓိမင်းကြီး၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၇။ ကောင်းကင်ဘုံ၌ ဘုန်းတန်ခိုးကြီးကျယ်ကြပေကုန်သော မဟာဗြဟ္မာမင်းကြီးတို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၈။ အသီးသီးနတ်ပြည်ကြီးကို ဘုန်းမီးလျှံပအစိုးရကြကုန်သော ဝသဝတ္တီနတ်မင်းကြီး၊ သန္တုသိတနတ်မင်းကြီး၊ သုယာမနတ်မင်းကြီးတို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤ(×××)မြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၉။ ဝရဇိန်ရှိလက်နက် မိုးကြိုးစက်နှင့် မျက်စိတစ်ထောင် အမြင်ဆောင်သော အခေါင်သေဌ်နင်း သိကြားမင်းကြီး၏တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၁၀။ နဂါးအမျိုးမျိုး၊ ဂဠုန်အမျိုးမျိုး၊ ကုမ္ဘဏ်အမျိုးမျိုး၊ ဂန္ဓဗ္ဗအမျိုးမျိုး၊ မြေဘီလူး၊ ရေဘီလူး၊ တောဘီလူး၊ တောင်ဘီလူး၊ သရဲသဘက်၊ တစ္ဆေမြေဖုတ်ပြိတ္တာအမျိုးမျိုးတို့ကို အစိုးရပေကုန်သော ဓတရဋ္ဌနတ်မင်းကြီး၊ ဝိရူဠှကနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ဝေဿဝဏ်နတ်မင်းကြီးတို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှ ဝေးစွအတင်း နှင်ထုတ်ကြရမည်။

၁၁။ ဤ(×××)မြို့နယ်အတွင်း၌ရှိနေကြကုန်သော တိုက်စောင့်နတ်၊ အိမ်နတ်စောင့်၊ မြို့စောင့်နတ်၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်မျိုးအပေါင်းတို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤ (×××) မြို့အတွင်းမှ ဝေးစွာအတင်းနှင်ထုတ်ကြရမည်။

၁၂။ ငါတို့မြန်မာနိုင်ငံ---------
-----------------၏တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤ(×××)မြို့တွင်းမှ ဝေးစွာအတင်းနှင်ထုတ်ကြကုန်ရမည်။

၁၃။ ------------------၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲတို့ကို ဤ (×××) မြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြကုန်ရမည်။

၁၄။ ဤမြန်မာနိုင်ငံတော်ကိုအုပ်ချုပ်တော်မူသော---------------၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤမြို့တွင်းမှ ဝေးစွာ အတင်းနှင်ထုတ်ကြကုန်ရမည်။

၁၅။ -----------တိုင်းကိုအုပ်ချုပ်သော-------------- ဤမြို့ကို အစိုးရသော အရေးပိုင်မင်း၊ မြို့ပိုင်မင်း၊ မြို့သူကြီးမင်းတို့၏ တန်ခိုးရှိန်ဝါစက်အာဏာတို့ဖြင့်လည်း မိစ္ဆာနတ်ဆိုးသရဲမျိုးတို့ကို ဤ(×××)မြို့တွင်းမှဝေးစွာအတင်းနှင်ထုတ်ကြကုန်ရမည်။

(ဤတွင် ၁၂-၁၃-၁၄-၁၅ အမှတ်တို့မှာ အင်္ဂလိပ်ကိုလိုနီခေတ်အစိုးရအားရည်ညွှန်းခဲ့သည်ဖြစ်ရာ ယခုအခါ၌ မိမိတို့ ပြည်ပိုင်အစိုးရများနှင့် လိုက်လျောအောင် ပြင်ဆင်၍ အမိန့်စာတမ်းပြုလုပ်ဖတ်ရွတ်ရမည်။)

ဤသို့ အတန်တန်အထပ်ထပ် အရပ်ရပ်သော နှင်ထုတ်ချက်များကို လေးစားမမူ မနာယူဘဲ မြို့ထဲရွာထဲ မြေထဲရေထဲရှောင်လွဲတိမ်းဖယ်ပုန်းကွယ်ခိုကတ်၍နေကြသည်များကို တွေ့မြင်သိရှိကြသည်ရှိသော် စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါးတို့၏ ကိုယ်စားလှယ် ကိုယ်စားဖြစ်ကုန်သော သာတာဂီရိ၊ ဟေမာဝတ၊ အာဠဝက အစရှိသော မန္တန်မန္တရား၊ ဆေးဝါး၊ အင်းအိုင်တို့ဖြင့် အနိုင်အထက် နှိပ်စက်နှိမ်နင်း၍ အတင်းနှင်ထုတ်ကြကုန်ရမည်။

(မည်သည့်မြို့ရွာတွင်မဆို ကပ်ဥပဒ်အန္တရာယ် ပျောက်ကွယ်လွယ်ငြိမ်းရန် စီမံအားထုတ်လိုသော် မြို့ရွာရှိ လူအပေါင်းတို့သည် တညီတညွတ်တည်း စည်းလုံးတိုင်ပင်၍ ပရိတ်ရွတ်အသင်း၊ ဂုဏ်တော်ရွတ်အသင်း၊ ၂၄-ပစ္စည်းရွတ်အသင်း၊ သရဏဂုံရွတ်အသင်းများကို ဖွဲ့စည်း၍ အညီအညွတ်လမ်းစဉ်တစ်လျှောက်ရွတ်ဖတ်ကြရမည်။တစ်စခန်းတစ်စခန်းအရပ်တွင်အရပ်တွင် အထက်ပါနှင်ထုတ်စာအမိန့်ကို ပြတ်ပြတ်သားသား ပီပီပြင်ပြင် ရွတ်ဖတ်တတ်သူတစ်ယောက်က ရွတ်ဖတ်အမိန့်နှင်ထုတ်ပြန်ရမည်။ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ကျယ်လောင်သောအသံနှင့် တစ်ပြိုင်နက် တီးမှုတ်စေရမည်။

ဖော်ပြပါ ကျေးဇူးတော်ရှင် ကမ္ဘာကျော် မုံရွာလယ်တီဆရာတော်ဘုရားကြီး မော်လမြိုင်မြို့ ကျိုက်သံလံတောင်ထိပ်အောင်လံတိုင်ဝါဆိုကျောင်း၌ သီတင်းသုံးဝါဆိုစဉ် သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ တော်သလင်းလဆုတ် ၁ ရက်နေ့တွင် စီရင်ရေးသားပြီးဆုံးခဲ့သော ရောဂန္တရဒီပနီကျမ်းလာ ကပ်ရောဂါဆိုးဖြစ်ပွားစဉ် စီရင်ခဲ့သော အမိန့်တော်ပြန်တမ်းနှင့် လယ်တီထေရုပ္ပတ္တိကထာလာ ရသေ့ဆရာလျှဒါန်းသော ကပ်ရောဂါအန္တရာယ်ကင်းပစေသော အက္ခရာ (စ-မ) တံဆိပ်တော်အစီအရင်တို့ကို ဖော်ထုတ်ပူဇော်တင်ပြခြင်း ဖြစ်ပါသည်။

*သုတပညာတိုးပွားကြပါစေသော်*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး -**
၁။ လယ်တီထေရုပ္ပတ္တိကထာ
၂။ ရောဂန္တဒီပနီ
၃။ မြန်မာစာပေသမိုင်း

www.burmeseclassic.com

www.burmeseclassic.com

# သရေခေတ္တရာမြို့ဟောင်းမှ ရှေးခေတ်အနုလက်ရာ

ဖန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ပြည်မြို့နယ် မော်ဇာအုပ်စု သီရိခေတ္တရာပြတိုက်တွင် သိဒ္ဓတ္ထမင်းသားစံနေတော်မူဟန် မြေမီးဖုတ်အုတ်ခွက်တစ်ချပ်ပြသထိန်းသိမ်းလျက်ရှိပါသည်။ ထိုအုတ်ခွက်ထဲတွင် အရုပ်သုံးရုပ်ပါရှိပါ၏။ သုံးရုပ်စလုံးကို လေးထောင့်ပေါင်ခတ်ထားသည်ကို တွေ့ရှိရပါသည်။ လေးထောင့်ပေါင်ထဲမှ အရုပ်သုံးရုပ်စလုံးမှာ ရုပ်ကြွအနေအထားမျိုးသာ တွေ့ရှိရပါသည်။ ပုံ (၁) သုံးရုပ်တွဲ၏ အလယ်ရုပ်မှာ အမြင့် (၅၁) စင်တီမီတာခန့်၊ အကျယ်(၁၈)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု(၉)စင်တီမီတာခန့်ရှိပါသည်။ မူရင်းရုပ်ကြွတွင် မကိုဋ်တော်နှင့်မျက်နှာတစ်ခြမ်း ပျက်စီးနေပေပြီ။ လည်ပင်းတွင် အရာပေါ်အက်ကွဲနေပါ၏။ ညာဘက်လက်ကျိုး၍ ခါးလည်းအက်ကွဲနေသည်ကို တွေ့ရှိပါသည်။

အလယ်ရုပ်သိဒ္ဓတ္ထမင်းသားရုပ်၏ မကိုဋ်တော်အညွန့်မှာ ကြာဖူးသဏ္ဍာန်တွေ့ရှိရပြီး ကြာဖူး၏လက်ဝဲ၊ လက်ယာတွင် အနားလိုင်းတစ်ဖက်တစ်လုံးဖြင့် အနားသတ်ထားသည်ကိုတွေ့ရှိရပါသည်။ ကြာဖူးအလယ်တွင် နေဖြာထွက်နေဟန် အဝန်းတစ်ဝန်းကို တွေ့ရှိရပါသည်။ ထိုနေဝန်းအလယ်တွင် အဝန်းအကြီးအငယ်နှစ်ဝန်းနှင့် အပြင်နားလိုင်းဝန်းနှစ်ဝန်းဖြင့် အနားသတ်အလှဆင်ဖန်တီးထားပါသည်။ ထိုအဝန်းအောက်တွင် ကျောက်ပွင့်သဏ္ဍာန်အဝန်းများပတ်စီထားပါ၏။ ထိုကျောက်ပွင့်သဏ္ဍာန်အလယ်တွင် ဝတ်ဆံနှစ်ထပ်ခံ၍ ပတ်ပတ်လည်အမြောင်းများဖော်ထားပါသည်။ အမြောင်းများအလယ်တွင် ဓတ်ဆံဝန်းငယ်များဖော်ထားပါ၏။ ထိုကျောက်ပန်းပွင့်များအောက်တွင် ဖောင်းတစ်ဆင့်ခံထားပါသည်။ ဖောင်းဆင့်ထဲတွင် ရာဇမတ်ကွက်များဖော်ထားပါ၏။ ထိုဖောင်းတော်အောက်တွင် မကိုဋ်တော်ပတ်ပတ်လည်၌ ကျောက်ပွင့်အကြီးအငယ်များမျှ၍ ပတ်ပတ်လည်စီထားပါသည်။ ကျောက်ပွင့်အကြီးများထဲတွင် အလယ်ဝတ်ဆံတစ်ခုပေါ်၌ ဝတ်ဆံပတ်ပတ်လည်ကို ရောင်ခြည်ဖြာထားပြီး ကိုင်းဝန်းနှစ်ဆင့်ဖြင့် အနားသတ်ထားပါသည်။ ကျောက်ပွင့်လတ်တစ်မျိုးမှာ အလယ်ဝတ်ဆံဝန်းတစ်ခုခံ၍ရောင်ခြည်ဖြာကာ အနားလိုင်းတစ်လိုင်းဖြင့် အနားသတ်ထားပါသည်။ ကျောက်ပွင့်အကြီးအလတ်ကြားတွင် နှစ်ထပ်ကျောက်ပွင့်ငယ်တစ်မျိုးကိုလည်း ဖန်တီးအလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ကျောက်ပွင့်များကြားတွင် ရာဇမတ်ကွက်များဖြင့်လည်း အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ မကိုဋ်တော်၏အောက်ဆုံးကို ဖောင်းပြားတစ်ပြားခံ၍ နှစ်ထပ်ကျောက်ပွင့်ငယ်များပတ်စီထားသည့်ဟန်တွေ့ရှိရသည်။ ကျောက်ပွင့်ငယ်များစီထားသည့် ဖောင်းပြားထက်အောက်ကိုအနားသတ်ဖောင်းများညှပ်၍ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ မကိုဋ်တော်ကို အကောင်းပကတိတွေ့ရှိရမည်ဆိုပါက လက်ရာအလွန်မြောက်လှမည်မှာ သေချာပါသည်။

မျက်နှာတော်မှာလုံးသွယ်သည့် အနေအထားမျိုးတွေ့ရှိရပါ၏။ မျက်နှာတွင် မျက်ခုံးတစ်ဖက်၊ မျက်လုံးတစ်လုံး၊ ပါးစပ်တစ်ခြမ်းနှင့် နှာခေါင်းပေါက်တစ်ပေါက်တို့ကိုသာ တွေ့ရှိရပါသည်။ နားတော်ကိုရှည်လျားစွာတွေ့ရှိရပါ၏။ ရင်ဘတ်တွင် ဘယက်သဏ္ဍာပန်ပတ်ထားသည့်အပြားတစ်ပြားကိုတွေ့ရှိရပါသည်။ ထိုအပြားထဲတွင် ကျောက်စီထားသည့်ဟန် နှစ်ထပ်ကျောက်ပွင့်နှစ်ပွင့်နှင့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယက်အောက်ရင်ဘတ်ကိုအဝန်းလေးနှစ်ဝန်းသာဖော်ထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်စလုံး၏လက်မောင်းတွင် လက်မောင်းပတ်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်မောင်းပတ်ပီပြင်မှုတွေ့ရှိရပြီး ညာဘက်လက်မောင်းပတ် ပီပြင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်မောင်းပတ်မှာ အရစ်လေးရစ်ဖော်ထားသည့်အနေအထားမျိုးသာ တွေ့ရှိရပါသည်။ ဘယ်ဘက်လက်မောင်းပတ်မှာ ဖောင်းလုံးနှစ်လုံးကြားတွင် ရွဲလုံး(ပုတီးလုံး)ကလေးများဖြင့်ပတ်၍ အလှဆင်ထားပါ၏။ လက်အောက်ပတ်အထက်ကို ဖယောင်းတိုင်သဏ္ဍာန်တိုင်တစ်တိုင်ထူပြီး ထိပ်တွင်မီးညွန့်လိုဖော်ကာ ရောင်ခြည်ဖြာထားသည်ကို တွေ့ရှိရပါသည်။ ရောင်ခြည်ဝန်းကို လိုင်းဝန်းနှစ်ခုဖြင့် အနားသတ်ထားပါ၏။ လက်နှစ်ဖက်ကို ဈာန်ဝင်စားသည့်ဟန် ဘယ်ဘက်လက်ပေါ်တွင် ညာဘက်လက်ကိုလှန်၍ထပ်တင်ထားပါ၏။ ချက်တွင်းငယ်လည်း ဖော်ထားပါ၏။ ခါးတွင် ခါးပတ်တစ်ခုပတ်ကာ ပုဆိုးဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးအောက်စနားကိုလှန်၍ ဆွဲတင်ကာ လက်ဖြင့်ဖိထားသည့်ဟန် တွေ့ရှိရပါသည်။ ပုဆိုးတွန့်များကို လှပစွာတွန့်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ပုဆိုးအောက်နားကို ဖောင်းပြားတစ်ပြားဖြင့် အနားသတ်ထားပါသည်။ ခြေဖျားနှစ်ဖက်ကို ခပ်ခွာခွာချ၍ ပလ္လင်ပေါ်တွင်ထိုင်နေသည့်ဟန် တွေ့ရှိရပါသည်။ ပလ္လင်ကို သုံးဆင့်ပြုလုပ်ထားသည်ကိုတွေ့ရှိရပါသည်။ ပလ္လင်တစ်ဆင့်ကို ဖောင်းလုံးနှစ်ဆင့်ဖြင့်စီကာအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်အောက်ဆုံးတွင် ခြင်္သေ့ခေါင်းတစ်ခေါင်းကို တွေ့ရှိရပါ၏။ ခြင်္သေ့ခေါင်းတွင် နားရွက်၊ မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် ပါးစပ်ပေါ်လွင်လှ၏။ နှာရိုးအလယ်ကို အဆစ်ဖော်ထားပါ၏။ ခြင်္သေ့မျက်နှာတွင် ပါးရေတွန့်လိုင်းများလည်း ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြင်္သေ့လည်ဆံမွေးများကို သစ်ရွက်ချွန်များအဆင့်ဆင့်ထပ်ထားသည့်ဟန်တွေ့ရှိရပါသည်။

သိဒ္ဓတ္ထမင်းသား ထိုင်နေသည့် လက်ယာဘက်တွင် လူတစ်ယောက်ရပ်၍မိုထားသည့်ဟန်တွေ့ရှိရပါသည်။ ၎င်းလူ၏ မူလမြေမီးဖုတ်ရုပ်ကြွအမြင့် (၅၅) စင်တီမီတာခန့်၊ အကျယ် (၁၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇) စင်တီမီတာခန့်ရှိပါသည်။ မူရင်းမြေမီးဖုတ်ရုပ်ကြွတွင် ညာဘက်ပခုံးပဲ့နေပါသည်။ ညာဘက်ခြေသလုံးလည်းပဲ့နေပါ၏။ ဘယ်ဘက်ပေါင်ရင်းမှာ အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။




www.burmeseclassic.com

www.burmeseclassic.com

ဤလူရုပ်တွင် ဆံထုံးကို ထိပ်တွင်တင်၍ ထုံးထားပါသည်။ ဆံထုံးများကို အကြောင်းလိုက်အကြောင်းလိုက် ရုပ်စောက်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာသွယ်ပြီး နှာခေါင်း၊ မျက်လုံး၊ မျက်ခုံး၊ ပါးစပ်ပေါ် လွှင်လှသည်ကို တွေ့ရှိရပါသည်။ မျက်လုံးကို အထက်မျက်ရစ်၊ အောက်မျက်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ နားတွင် နားတောင်းဝန်းကြီးပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်ကို မြှောက်၍ သိဒ္ဓတ္ထမင်းသား လက်မောင်းရင်းကိုမ,၍ ဘယ်ဘက်လက်ကို အောက်သို့ချကာ သိဒ္ဓတ္ထမင်းသားတံတောင်ဆစ်ကိုမ,ထားသည့်အနေအထားတွေ့ရှိရပါသည်။ ဝမ်းဗိုက်တွင် ပုဆိုးပိုင်း(တဘက်) ပတ်ထားသည့်အနေအထားတွေ့ရှိရပါသည်။ တဘက်ကို ထက်အောက်ဖောင်းဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့်ပတ်ထားပါ၏။ ပုဆိုးကို ဒူးတင်ဝတ်ထားသည့်အနေအထား တွေ့ရှိရပါသည်။ ပုဆိုးကို အတွန့်ငယ်များဖော်ကာ ပုဆိုးအောက်နားစကို ဖောင်းပြားဖြင့်အနားသတ်ထားပါ၏။ ခြေဖျားနှစ်ဖက်ကို အနည်းငယ်ခွာ၍ ရပ်နေသည့်ဟန်တွေ့ရှိရပါသည်။

သိဒ္ဓတ္ထမင်းသား၏ဘယ်ဘက်တွင် ရပ်နေသောလူမှာ ဆံထုံးကိုဘေးစောင်းတင်၍ထုံးကာ ဆံစင်းကိုခွေထားသည့်ဟန်တွေ့ရှိရပါသည်။ ဆံလုံးများကို ရုပ်စောက်အစင်းကြောင်းအနေအထားနှင့် ဆံခွေတွင် အရစ်ရစ်ဖော်ထားသည့်ဟန်တွေ့ရှိရ၏။ နားတွင် နားတောင်းလုံး ငယ်ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးပပြီး မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ ပါးစပ်တို့ပေါ် လွှင်မှုရှိသည်ကိုတွေ့ရှိရပါသည်။ မျက်လုံးတွင် အထက်မျက်ရစ် အောက်မျက်ရစ်ဖော်ထားပါ၏။ နှာတံစင်းသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ ညာဘက်လက်ကို မြှောက်၍ ဘယ်ဘက်လက်ကို အောက်သို့ချကာ တုတ်တစ်ချောင်းမြှောက်၍ကိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ဝမ်းဗိုက်တွင် တဘက်ပတ်ထားသည့်ဟန် အပြားတစ်ပြားပတ်ထားပါသည်။ တဘက်ထက်အောက်တွင် ဖောင်းပြားငယ်ဖြင့် အနားသတ်ထားပါသည်။ တဘက်ထက်အောက်တွင် ချက်ဖော်ထားပါသည်။ ခါးတွင် ခါးပတ်တစ်ပတ်ပတ်၍ ပုဆိုးကို ဒူးတင်ဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးကို ခါးပုံစနှစ်ဆင့်ချ၍ဝတ်ထားသည်ကို တွေ့ရှိရပါသည်။ အထက်ခါးပုံစံမှာ တို၍ကြီးပြီး အောက်ခါးပုံစမှာ ရှည်၍ငယ်သည်ကို တွေ့ရှိရပါသည်။ ပုဆိုးအတွန့်များကို သပ်ရပ်စွာတွန့်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးအောက်နားကို ဖောင်းပြားဖြင့် အနားသတ်ထားပါသည်။ ခြေဖျားနှစ်ဖက်ကိုကား၍ ရပ်နေပါသည်။ ဤလူရုပ်၏မြေမီးဖုတ်ရုပ်ကြွအမြင့် (၆၂) စင်တီမီတာခန့်၊ ရုပ်ကြွအကျယ်(၁၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈) စင်တီမီတာခန့်ရှိပါသည်။ ညာဘက်တံတောင်ဆစ်မှာ အက်ကွဲ၍ လည်ပင်းလည်းအက်ကွဲနေသည်ကိုတွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကောက်ဝတ်လည်းပဲ့နေပါ၏။

ဤပုံ (၁) သိဒ္ဓတ္ထမင်းသားစံနေတော်မူဟန် မြေမီးဖုတ်အုတ်ခွက်လက်ရာမှာ အေဒီခြောက်ရာစုအတွင်းလက်ရာတစ်ခုဖြစ်ပြီး သရေခေတ္တရာမြို့ဟောင်း ခင်ဘကုန်းမှ ၁၉၂၈ ခုနှစ်တွင်ရရှိသည့် မြေမီးဖုတ်အုတ်ခွက်လက်ရာဖြစ်သည်ဟု သိရှိရပါသည်။ အရုပ်သုံးရုပ်စလုံးတွင် သူ့ခေတ်နှင့်သူ့လက်ရာမြောက်လှသည့် အုတ်ခွက်ကောက်ကြောင်းလက်ရာများပင် ဖြစ်ပါသည်။





ပုံ(၂) ဒိုင်ဂိုင်းလက်ရာသည်လည်း သီရိခေတ္တရာပြတိုက်မှလကျ်ာမီးနတ်သမီးကျောက်ဆစ်ရုပ်ကြွအပိုင်းအစမှ ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၇၇) စင်တီမီတာခန့်၊ အကျယ် (၂၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင်လည်း အပေါ်ပိုင်းကျိုးပြတ်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်ကို ကုတ်၍ ပန်းပွင့်တစ်ပွင့်ကိုင်ထားသည်ကိုတွေ့ရှိရသည်။ လက်မောင်းရင်းတွင် လက်မောင်းပတ်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ လက်မောင်းပတ်တွင် ဖောင်းနှစ်ဆင့်ခံ၍ ဖောင်းနှစ်ဆင့်အထက်တွင် နှစ်ထပ်ပွင့်ဖတ်ချွန်းတစ်ခုခံထားသည်ကို တွေ့ရှိရပါသည်။ လက်ကောက်ဝတ်တွင်လည်း အချောလက်ကောက်ခုနစ်ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ဘယ်ဘက်လက်ကို အောက်သို့ချ၍ လက်ဖျားလက်ချောင်းများကိုကုတ်ထားသည့်ဟန်တွေ့ရှိရသည်။လက်ချောင်းများတွင် လက်မနှင့်လက်ညှိုးကွင်းဆက်ထားသည့်ဟန် တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com




ဤဘယ်ဘက်လက်လက်ကောက်ဝတ်တွင်လည်း အချောလက်ကောက်ခုနစ်ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ရင်စည်းသုံးဆင့်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့်ပတ်ထားပါ၏။ ထဘီကို ခြေချင်းဝတ်အထက်ထိကျအောင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်ဝဲ၊ လက်ယာတွင် ထဘီအတွန့်ဖော်ထားပြီး ခြေထောက်နှစ်ချောင်းလည်း မြင်ရသည့်အနေအထားမျိုးဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေထောက်၏ ခြေချင်းဝတ်တွင် ခြေချင်းတစ်ဖက်တစ်ကွင်းဝတ်ဆင်ထားသည်ကိုတွေ့ရှိရသည်။ ခြေဖျားကိုနည်းနည်းကား၍ စုံရပ်ထားသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ ရပ်နေသည့်ခုံကိုလည်း ဖောင်းတစ်ဆင့်ခံကာ ဖောင်းအောက်ကို အမြောင်းများဖော်ထားပါသည်။ ဤလက္ခမီးနတ်သမီးမှုရင်းကျောက်ဆစ်ရုပ်ကြွမှာ သဲကျောက်များဖြင့် ထုဆစ်ထားပြီး အေဒီငါးရာစုအတွင်းကလက်ရာဟု သိရှိရပါသည်။ ၁၉၂၁ ခုနှစ်က သရေခေတ္တရာမြို့ဟောင်း မှော်ဇာဘူတာရှဲ့ အနီးရှိ ဘုန်းကြီးကျောင်းမှရရှိသည်ဟု သိရှိရသည်။ သူ့ခေတ်နှင့်သူ ဝတ်ဆင်ထားသည့်အဆင်တန်ဆာများမှာ ယဉ်ကျေးလှသည့်အနေအထားမျိုးတွေ့ရှိရပါသည်။

ပုံ (၃) ဒီဇိုင်းလက်ရာမှာ သီရိခေတ္တရာပြတိုက်မှ ဗိဿနိုးနတ်မင်းကြီး၏ ကြင်ရာတော် လက္ခမီးကျောက်ဆစ်ရုပ်ကြွအပိုင်းအစမှ ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၃၀) စင်တီမီတာခန့်၊ ရုပ်ကြွအကျယ် (၁၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မကိုဋ်ပီပြင်မှုမတွေ့ရှိရသည့်အပြင် မျက်နှာလည်း ပီပြင်မှုမရှိသည်ကို တွေ့ရှိရပါသည်။

မကိုဋ်တော်ဖွဲ့စည်းပုံအနေအထားမှာ ချွန်းပြီး ပွင့်ဖတ်ရှည်များဖြင့်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်ရှည်အောက်တွင်လည်း ပွင့်ဖတ်ငယ်များ တွေ့ရှိရပါသည်။ ပွင့်ဖတ်ငယ်အောက် မကိုဋ်တော်အောက်ခြေကို ဖောင်းပြားကြီးဖြင့် အနားသတ်ထားပါ၏။ မျက်နှာလုံးဝန်းဟန်တွေ့ရှိရပြီး နားရွက်ရှည်သည်ကို တွေ့ရှိရပါသည်။ နားရွက်တွင် ပန်းဖူးသဏ္ဌာန် နားတောင်းတစ်ဖက်တစ်ဖူးပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် ဘယက်တော်ပုံသဏ္ဌာန်အပြားချွန်းတစ်ခု ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယက်အောက်တွင် ရင်သားသဏ္ဌာန်မို့မောက်နေသည်ကို ရှိရပါ၏။ ပခုံးအထက်လက်ဝဲ၊ လက်ယာတစ်ဖက်တစ်ချက်စီတွင် ပန်းဖူးတစ်ဖက်တစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။

ဤဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ၁၉၂၈ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း မှတ်ရှည်ရွာအနီး ညောင်နီပင်ကုန်းမှ တွေ့ရှိရပြီး အေဒီခြောက်ရာစုအတွင်းက လက်ရာတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။ ဖော်ပြပါ ဒီဇိုင်းလက်ရာများမှာ သရေခေတ္တရာမြို့ဟောင်း၏ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအနုလက်ရာများပင်ဖြစ်ပါသည်။

*အနန္တအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)




www.burmeseclassic.com

www.burmeseclassic.com

"ဟော-ကိုသီဟကိုပါလား၊ ဘယ်ကလှည့်လာကြတာလဲ။ ဒို့ဝလည်းပါသကိုး။ အကြောင်းမကြားဘာမကြားနဲ့ ဗြုန်းစားကြီးပါလား"

"ဟုတ်တယ် ကိုဇောရေ။ မန္တလေး ဘုရားဖူးကအပြန် ကိုယ်တော့်ဆီလှည့် ဝင်လာကြတာ။ ငါ့သူငယ်ချင်းဆီအလည် သွားဦးမယ်။ အဲဒီမှာလည်း ကြည့်စရာ ရှုစရာတွေရှိတယ်၊ ငါနဲ့လိုက်ခဲ့ကြဆိုပြီး ကျုပ်အဖွဲ့တစ်ဖွဲ့လုံးခေါ်လာခဲ့တာ"

"ဟုတ်လား - ရတယ် ရတယ် ဝမ်းသာစရာပေါ့။ ကိုင်းကိုင်း-ကပ္ပိယကြီးတွေ၊ ဧည့်သည်တွေကိုနေရာချထားဖို့ လုပ်။ ဦးပဉ္စင်းနှစ်ပါးကို သိမ်ထဲမှာနေရာပေး။ ကျောင်းအောက်က ခပ်သန့်သန့် ခုတင်နှစ်လုံးကို သိမ်ထဲရွှေ့။ ကျန်တဲ့ ဧည့်သည်တွေကိုတော့ ဥပုသ်ဆောင် ပေါ်မှာပဲနေရာချထားလိုက်။ လိုအပ်တဲ့ ဖျာတို့၊ စောင်၊ ခေါင်းအုံးတို့ကိုပါ ပြည့်စုံအောင်လုပ်ပေး။ သောက်ဖို့ရေမှာရေဖြည့်တာတွေဘာတွေပါလုပ်ကြပေ့"

ဦးဇောတိပါလက တရစပ်ညွှန်ကြားလိုက်သည်။

ကပ္ပိယကြီးများက ဦးဇောတိပါလ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန် ဆိုင်ရာဆိုင်ရာသို့ ထွက်ခွာသွားလိုက်ကြသည်။ ဦးဇောတိပါလက ဧည့်သည် ဦးပညာသီဟ၏ လက်မောင်းကိုင်ကာ -

"လာ-ကိုသီဟ၊ ကျောင်းပေါ် သွားရအောင်၊ ဖိုးဝိပါလာဟေ့၊ ဧည့်သည်တွေလည်း အေးအေးဆေးဆေးအနားယူဦး။ လွတ်လွတ်လပ်လပ်နေကြ။ ဘာမှ အားနာစရာမလိုဘူး"

ဟု အားလုံးကို တစ်ဆက်တည်း ပြောလိုက်သည်။ ထို့နောက်တော့ သူက ဦးဆောင်၍ ကျောင်းပေါ်သို့တက်သွားလိုက်သည်။ ဦးပညာသီဟနှင့် အဖော်ဖြစ်သူ ဦးဝိစာရတို့ကနောက်မှလိုက်သွားကြသည်။

ဦးပညာသီဟက မြေလတ်သား တစ်ဦးဖြစ်သည်။ ထိုမြေလတ်ပိုင်းရှိ သာယာလွန်အမည်ရှိ ကျေးရွာတွင် ကျောင်းထိုင်လျက်ရှိသည်။ ဦးဝိစာရကား ထိုကျောင်း၏ ခန်းနေဦးပဉ္စင်းလေးပင် ဖြစ်လေသည်။ ဆိုခဲ့သည့်အတိုင်း မန္တလေးတစ်ခွင် တန်ခိုးကြီးဘုရားများကို လှည့်လည်ကာဖူးမြော်ကြပြီးနောက် ဦးဇောတိပါလရှိရာ ဤဇင်ပြွန်းကျေးရွာသို့ဝင်လာခဲ့ကြခြင်းပင်။ ဦးဇောတိပါလက ဧည့်သည်ဦးပဉ္စင်းနှစ်ပါးစလုံးနှင့်မဆွကတည်းက ခင်မင်ရင်းနှီးပြီး ဖြစ်သည်။ ဦးဇောတိပါလနှင့် ဦးပညာသီဟက ယခုလို ကျောင်းထိုင်ဘုန်းကြီးများမဖြစ်မီ စာသင်သားဘဝဖြင့် ရန်ကုန်၌ အတူတူ နေခဲ့ဖူးကြသေးသည်။ ဦးဇောတိပါလက သာယာလွန်သို့ အလည်တစ်ခေါက် သွားရောက်ဖူးသလို ဦးပညာသီဟနှင့် ဦးဝိစာရတို့ကတော့ ဤဇင်ပြွန်းသို့ သုံးလေးခေါက်မျှပင်ရောက်ဖူးကြသည်။ သို့နှင့် သူဆီကိုယ်သွား သူပြုစု၊ ကိုယ့်ဆီ သူလာကိုယ်ပြုစုဟူသောမိတ်ဆွေအချင်းချင်းအပေါ် ထားရှိရမည့် ဝတ္တရားအတိုင်း ဦးဇောတိပါလက ပျူငှာစွာ ဆီးကြိုလိုက်ခြင်းဖြစ်ပါသည်။

"ကိုင်း - ကိုဇောရေ ဒီနေ့ဘယ်ကို အရင်သွားရင်ကောင်းမလဲ။ ကိုယ်တော့် အစီအစဉ်ကိုပြောပါဦး"

"ဒီနေ့ မြစိမ်းရှင်တောင်ကိုသွား မယ်ဗျာ။ ကျောက်ဖားကိုသွားမယ်ဗျာ။

# ရဲမြတ်တင်
(အမျိုးသားစာပေဆုရ)

# ဆပ်လို့ရယ်မကုန်




www.burmeseclassic.com

www.burmeseclassic.com

ပြီးရင် ရွှေရင်ချိဘုရားကိုသွားမယ်ဗျာ။ မနက်ဖြန်ကျတော့မှ ရေပူရေအေးတို့၊ ကျောက်လုံးပုထိုးတော်ကြီးတို့ကိုသွားကြတာပေါ့"

"ကောင်းတယ်ဗျာ၊ ကိုယ်တော့် အစီအစဉ်ကောင်းတယ်"

သို့နှင့် မနက် (၈) နာရီတွင် သူတို့အဖွဲ့ ဘုရားဖူးခရီးစတင်ကြလေသည်။ ဦးဇောတိပါလက ကျောင်းသားတစ်ဦးကို အဖော်ခေါ်ခဲ့သည်။ ဦးပညာသီဟတို့အဖွဲ့က အားလုံးပင်လိုက်ပါလာကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အစီအစဉ်အရ မြစ်မ်းရှင်တောင်သို့ လိုင်းကားဖြင့်ထွက်ခွာလာခဲ့ကြ၏။ တောင်ခြေရောက်သည်နှင့် အားလုံးဆင်းကာ စောင်းတန်းအတိုင်း တောင်ပေါ်သို့တက်ခဲ့ကြသည်။ တောင်ပေါ်တွင် ဘုရားလှည့်ဖူးကြသည်။ မြစ်မ်းရှင်တွင် နေရာအနှံ့ဘုရားများဖူးပြီးနောက် ကျောက်ဖားဘုရားဘက်သို့ကူးခဲ့ကြ၏။ ကျောက်ဖားဘုရားသို့သွားရာလမ်းတစ်လျှောက် သာယာသောသဘာဝရှုခင်းများကို တွေ့မြင်ကြရရာ ဧည့်သည်များက ကြည်နူးပျော်ရွှင်နေကြသည်။

ဘုရားဖူးအဖွဲ့ထဲမှတစ်ယောက်သူကိုတော့ ဦးဇောတိပါလ အတော်လေးမျက်မှန်းတန်းမိနေသည်။ သူက မြနုဝင်းအမည်ရှိ မိန်းကလေးပင် ဖြစ်သည်။ ဦးပညာသီဟက သူ့အဖွဲ့သားများကို တစ်ဦးချင်းမိတ်ဆက်ပေးရာမှ မနုဝင်းကို သိရှိခဲ့ရခြင်းလည်း ဖြစ်သည်။ မြနုဝင်းက လှသည်။ မျက်လုံးမျက်ခုံးကောင်းခြင်း၊ နှုတ်ခမ်းပေါ်ခြင်းတို့မှအစ ပီပြင်သောရုပ်ရည်ရှိရှင်ကလေးတစ်ဦး ဖြစ်သည်။ အဲ - မျက်နှာသာမက ကိုယ်လုံးကိုယ်ပေါက်ကျတော့လည်း ဘာမှပြောစရာမရှိပေ။ ဆွဲဆောင်မှုကအပြည့်။ တင်းရင်းပြည့်ဖြိုးလှသော မြနုဝင်းကို တစ်ခါကြည့်တစ်ခါရင်ခုန်ရလွန်းသောကြောင့် မျက်စိကိုဆင်ခြင်နေရသည်။ ကြိုးစားပြီးထိန်းနေရသည်။ မြနုဝင်းက ပြောပုံဆိုပုံလေးကပါ တစ်မျိုးနှစ်လိုဖွယ်ရာကောင်းနေပြန်သည်။ သူ့အသံလေးက ချိုလွင်လှပြီး သူ့ဦးပဉ္စင်း ဦးပညာသီဟကို 'ကိုဘုန်း၊ ကိုဘုန်း' နှင့် ခေါ်ဝေါ်သုံးနှုန်းပုံလေးများက ဦးဇောတိပါလအတွက် နားချမ်းသာပြီး စွဲငြိစရာလေးဖြစ်ရပြန်သည်။

နောက်တော့ မြနုဝင်းအကြောင်းကို ဦးပညာသီဟထံ စပ်စုမေးမြန်းမိရသည်အထိဖြစ်သွားသည်။ တစ်ကြိမ်မကနှစ်ကြိမ်သုံးကြိမ်မျှပင် မြနုဝင်းအကြောင်းမေးမြန်းမိသည်။ ဦးပညာသီဟကလည်း သူမေးသမျှကို ပြန်ဖြေပါသည်။ ထိုမျှမက ဦးဇောတိပါလကို ရိသဲ့သဲ့ကြည့်ကာ -

'ကိုဇောကကျုပ်ရွာမှာခဏလောက်ပဲနေပြီး ထပြန်သွားတော့ သာယာလွန်းမှာ အပျိုချောပေါ်တဲ့အကြောင်းကိုဘယ်သိပ့်မလဲ။ မြနုဝင်းက ရွာကွမ်းတောင်ကိုင်တွေထဲမှာ တစ်ယောက်အပါအဝင်ပေါ့ဗျာ။ ဘာလဲ၊ ကိုယ်တော်က မြနုဝင်းကိုစိတ်ဝင်စားနေပြီလား။ တော်နေကြာဟိုဒုလ္လဘတွေပြောသွားသလို အကြွေးဆပ်ဖို့ပြန်ဦးမယ်ဗျာဆိုပြီးဖြစ်နေရဦးမယ်နော"

ဟု ကျီစယ်လိုက်သေးသည်။

ထိုအခါ ဦးဇောတိပါလက မျက်နှာရဲကာ ဗလုံးထွေးပြန်ပြောလိုက်ပုံက -

"ကိုယ်တော့်နှယ်၊ ထစ်ခနဲရှိ ဟိုဟာပဲထင်ချင်နေတာကိုး။ ကျုပ်ကရိုးရိုးမေးတာပါဗျ။ လူကိုလည်းကြည့်ဦး၊ အကြွေးဆပ်မယ့်ရုပ်လားလို့"

■

ဘာပဲပြောပြော မြနုဝင်း၏ဆွဲဆောင်အားကိုတော့ ဦးဇောတိပါလခံနိုင်ရည်မရှိပါ။ မြနုဝင်း၏ရုပ်ရည်ကိုမြင်မိတိုင်း၊ မြနုဝင်း၏အသံလေးကိုကြားမိတိုင်း သူ့တစ်ကိုယ်လုံးရှိအကြည်ဓာတ်များက လှုပ်လှုပ်ရှားရှား နိုးနိုးကြားကြားဖြစ်သွားရသည်ချည်းသာ။ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း တည်းဟူသောလှိုင်းလုံးများက သူ့ရင်ထဲ၌ အလိုအလျောက်ထကြွလာရမြဲသာ။

နောက်တစ်နေ့တွင် ရေပူရေအေး (ခေါ်) ရေထွက်စမ်းများနှင့်ကျောက်လုံးပုထိုးတော်ကြီးဘက်သို့ ဧည့်သည်များအားလိုက်လံပို့ဆောင်ရန် ဦးဇောတိပါလက စိတ်အားထက်သန်နေမိ၊ တက်ကြွနေမိသည်။ ကျောက်လုံးပုထိုးတော်ကြီးကိုရောက်တော့ ဦးပညာသီဟနှင့် ဒကာများက ဘုရားကြီး၏ အထက်ပစ္စယံဆီသို့ တက်သွားကြသည်။ အမျိုးသမီးများကတော့ ရင်ပြင်ပေါ်တွင် ကျန်ရစ်ခဲ့ကြသည်။ ဘာရယ်ကြောင့်မသိ ဦးဇောတိပါလက ရင်ပြင်ပေါ်မှာပင် ကျန်နေခဲ့မိသည်။ ပြီးတော့ ဂြိုဟ်တိုင်တစ်ခုအေားတွင် လက်အုပ်ချီလျက်ဘုရားဖူးနေသောမြနုဝင်းအပါးသို့ မိမိကိုယ်ကိုဘယ်အချိန်က ကပ်သွားလိုက်မိသည်ကိုပင်မသိလိုက်ပေ။

မြနုဝင်းက လက်အုပ်ကလေးချီရင်းမှပင် ဦးဇောတိပါလကို လှည့်ကြည့်ရင်းပြုံးပြသည်။

"ဦးပဉ္စင်းတို့ဒေသက တော်တော်သာယာတာပဲနော်။ မြနုတို့ဆီမှာက ဒီလိုရှုခင်းမျိုးတွေရှားတယ် ဦးပဉ္စင်းရဲ့"

"မြနုတို့ရွာလည်း သာယာပါတယ်ဗျာ။ ဦးပဉ္စင်းတစ်ခေါက်ရောက်ဖူးပါတယ်။ တစ်နယ်ကိုတစ်မျိုးစီပေါ့နော်"

"ဒါဖြင့်နောက်တစ်ခေါက်လောက်သာယာလွန်ကိုအလည်လိုက်ခဲ့ဦးလေ။ မြနုတို့ကလည်း ဦးပဉ္စင်းကိုပြန်ပြီးဧည့်ဝတ်ပြုချင်ပါသေးတယ်"

"လာရသေးတာပေါ့။ တကယ်လာတော့မှ လူကိုမမြင်ချင်ယောင်ဆောင်မနေနဲ့နော်မြနု။ပြီးတော့ ရွာမှာကြာကြာနေဖြစ်ခဲ့ရင် ခုထိမပြန်သေးဘူးလားဆိုပြီး နှင်ထုတ်ခံရမှာလည်းစိုးပါတယ်"

"အို - မြနုတို့ကဒီလိုစိတ်မျိုးမရှိပါဘူး။ ဦးပဉ္စင်းနေနိုင်လို့ကတော့ တစ်သက်လုံးပဲနေနေပါ၊ ကြည်ဖြူပါတယ်ရှင့်။ အဲလေ ဘုရား"

"တကယ်လား - ဒါဆိုကြိုက်ပြီ။ ဒါထက် မြနုကို တစ်ခုလောက်ပြောချင်တယ်။ ခွင့်ပြုနိုင်မလား"

"ပြောပါ ဦးပဉ္စင်းရဲ့၊ ဦးပဉ္စင်းပြောချင်တာပြောလို့ရပါတယ်"

"ဟို . . ဟို ဦးပဉ္စင်းကိုလေ အဲဒီဦးပဉ္စင်းဆိုတာကြီးနဲ့ မခေါ်မပြောဘဲ ကိုသီဟကို မြနုခေါ်သလို ကိုဘုန်းလို့ပဲခေါ်ပါလားဟင်"

"ဩော် . . ဘာများလဲလို့။ ခေါ်စေချင်တဲ့အတိုင်းခေါ်ပါမယ်။ ဘာခက်တာလိုက်လို့ ဦးပဉ္စင်းရဲ့။ အဲ-ကိုဘုန်းရဲ့"

"ဒီလိုမှပေါ့။ နားထဲမှာချိုပြီးအေးသွားတာပဲ"

"ဒါထက် မြနုကလည်း ကိုဘုန်းကိုပြောချင်နေတာ တစ်ခုရှိတယ်။ ပြောလိုက်ရင် စိတ်များဆိုးသွားမလားလို့"

"မဆိုးဘူး၊ မဆိုးဘူး။ ပြောသာပြော အာမခံတယ်"

"ဟိုလေ ကိုဘုန်းကြည့်ရတာ မြနုစိတ်ထဲမှာ ဆံပင်တွေဘာတွေနဲ့သာဆိုရင် ကိုဘုန်းက ဟိန်းဝေယံနဲ့များချွတ်စွပ်တူနေမလားလို့ပါ"

"ဟာ . . . တော်သေးတာပေါ့။ ဒီအချက်ကို မြနုမြင်မှမြင်ပါ့မလားလို့။ ကိုဘုန်းကို အားလုံးက ဒီအတိုင်းပြောနေကြတာပဲ။ ခုတော့ မြနုကပါ သတိပြုမိသွားပြီ။ ပျော်တယ်ဗျာ၊ ပျော်တယ်"

"အပျော်လွန်ပြီးမိုးပေါ် ကိုမြောက်တက်သွားပါဦးမယ်။ မြနုက ကိုဘုန်းကိုဆွဲမထားနိုင်ဘူးနော်"

ပြိုင်တူလိုလို ရယ်မောလိုက်ကြသည်။ ရယ်မောသံက အတော်ပင်ကျယ်သွားသည်။ ဘုရားပေါ်မှ ပြန်ဆင်းလာသော ဦးပညာသီဟတို့ အနီးရောက်နေသည်ကိုပင် သတိမပြုမိကြ။ သူ့ကို ဦးပညာသီဟက မချိုမချဉ်ပြုံးပြသည်။ 'သတိထား' ဟူသော သဘောမျိုးဖြင့် လက်သီးကိုပါဆုပ်ပြသည်။

သည်တစ်ခါတော့ သူ့စိတ်တွေက ပြောင်းလဲနေသည်။ ဦးပညာသီဟ၏ အပေါ် ရှိုးတိုးရှန့်တန့်ဖြစ်ခြင်း [illegible]ကိုး

www.burmeseclassic.com

www.burmeseclassic.com

ကျက်ကန်းဖြစ်ခြင်းမျိုး အလျှင်းမရှိတော့ ပြီးတော့ သူ့စိတ်ဓာတ်က ခိုင်မာပြတ်သားနေမိသလို အထိန်းအချုပ်မဲ့စွာ ဇက်ကြိုးလွှတ်ပေးထားသလိုလည်းဖြစ်နေမိသည်။ သို့ကြောင့်ပင် ဦးပညာသီဟတို့ ပြန်မည့်ရက်ရောက်သောအခါ ဦးဇောတိပါလက ကားလက်မှတ်သွားဝယ်သည့် ကာအား အောက်ပါအတိုင်းပင် ပြောလိုက်မိချေပြီ။

"ငါ့အတွက်ပါကားလက်မှတ်ပိုဖြတ်ခဲ့ဟေ့။ ငါဦးပညာသီဟတို့နဲ့အတူအလည်လိုက်သွားမှာ"

■

သာယာလွန်ကိုရောက်တော့ ပွဲလမ်းအခမ်းအနားများက အသင့်စောင့်ကြိုလျက်ရှိသည်။ ကျောင်းမှ ကပ္ပိယများက ဖိတ်စာတစ်ထပ်ကြီးအား ဦးပညာသီဟသို့ ဆီး၍ကပ်ကြသည်။ အလှူပွဲ၊ ဓမ္မာရုံ ရေစက်ချပွဲ၊ အသုဘရက်လည်ဆွမ်းသွတ် စသည်ဖြင့် အမျိုးအစားစုံလင်လှသည်။ အချို့က သာယာလွန်ရွာထဲမှ ဖိတ်များဖြစ်ပြီး အချို့က အနီးအနားကျေးရွာများမှဖိတ်စာများ ဖြစ်သည်။

"ကိုင်း- အတော်ပဲ ကိုဇောရေ ပွဲတွေကို ကိုယ်တော်ပါ တပည့်တော်နဲ့ အတူလိုက်ခဲ့ပေတော့"

ဦးပညာသီဟဆိုလေသည်။

သူ့စကားအတိုင်းပင် သူနှင့်အတူ ဦးဇောတိပါလက အခမ်းအနားတွေ တစ်ခုပြီးတစ်ခုလျှောက်လိုက်နေရတော့သည်။ တစ်ပတ်လုံးလုံးပင် ထိုပွဲတွေက ပြတ်သည်ဟူ၍မရှိပေ။ သည့်နောက်တွင်မှ ရပ်နားသွားသည်။ ထိုအခါမှ ဦးပညာ သီဟကလည်းပြုံးစေ့စေ့မျက်နှာဖြင့် -

"ကဲ- ဒီပြင်သွားစရာတွေကတော့ ကုန်ပြီ။ ကိုဇောသွားချင်တဲ့ တစ်နေရာပဲ ကျန်တော့တယ်။ ကိုဇောက အဲဒီကို အရမ်းသွားချင်ပြီဆိုတော့ တပည့်တော်က ကိုယ်တိုင်လိုက်ပို့ရမှာပေါ့"

ဟုပြောလေသည်။

ဦးဇောတိပါလက ရယ်ကြဲကြဲပြုံလျက်သာ တုံ့ပြန်လိုက်သည်။ အမှန်တော့လည်း သူက မြနုဝင်းမျက်နှာလေးကို မြင်ချင်တွေ့ချင်လွန်းလှလေပြီ။ မြနုဝင်းအား ဟိုနေရာသည်နေရာတို့မှာ ဖျိုးခနဲ ဖျတ်ခနဲတော့ တွေ့မိပါရဲ့။ သို့သော် မိမိဖြစ်ချင်သည်က သည်လိုမှမဟုတ်တာ။ မြနုဝင်းတို့အိမ်ကို ပိုင်ပိုင်နိုင်နိုင်အလည်သွားချင်သည်။ဖင်ပူအောင်ထိုင်၍လည်း စကားတွေမနားတမ်းပြောချင်နေသည်။ ထိုသို့ အားပါးရလွတ်လွတ်လပ်လပ်ဆုံတွေ့လိုခြင်း ဖြစ်သည်။ ထိုဆန္ဒက ယခုပင်ပြည့်ဝရတော့မည်။ ဦးဇောတိပါလ အထူးပင့်တက်ကြွနေတော့သည်။

ညပိုင်းတွင် သူ့ကိုဦးပညာသီဟက မြနုဝင်းတို့အိမ်သို့ခေါ်သွားလေသည်။ မြနုဝင်းတို့အိမ်က သာမန်ခပ်ရိုးရိုးအိမ်ကလေးသာဖြစ်သည်။ လေးပင်သုံးခန်းအိမ်ဖြစ်ပြီး အိမ်ရှေ့တွင် ခသောက်ဆွဲကလေးရှိသည်။ တောက်တောက်ပြောင်ပြောင်မရှိသော်လည်း အနွမ်းပါးကြီးကားမဟုတ်ပေ။ အိမ်၏ အတွင်းဘက်ပံ့စံကလည်း ထည်ထည်ဝါဝါဟူ၍ တစ်ခုမျှမတွေ့ရ။ သာမန်တောသူတောင်သားအဆင့်ဖွဲ့စည်းပုံမျှသာ ဖြစ်လေသည်။ သို့သော် ဦးဇောတိပါလက ဂရုမစိုက်အားပေ။ မြနုဝင်းအား တွေ့ရသည်နှင့်ပင် ကျေနပ်နေလေပြီ။

မြနုဝင်းတို့မိဘများက သိပ်အရွယ်မကြီးလှသေး။ အထူးသဖြင့် ဖခင်ဖြစ်သူက ကိုယ်ကာယအထူးကြံ့ခိုင်တောင့်တင်းလှသည်ကို သတိပြုမိသည်။ လယ်ယာလုပ်သားပီပီ ထိုသို့ဗလကောင်းခြင်း ဖြစ်ရမည်ဟု တွေးလိုက်မိသည်။ မြနုဝင်းတို့က မောင်မနှမလည်းများလေသည်။ အားလုံး (၆)ယောက်ရှိသည်ဟုဆိုသည်။ မြနုဝင်းက အကြီးဆုံးဖြစ်သည်။ မြနုဝင်းအောက်ကမွေးရာပါခြေတစ်ဖက်သိမ်နေသော မောင်တစ်ယောက်မှလွဲ၍ ကျန်ကလေးများက ကျောင်းသူကျောင်းသားဖြစ်ကြသည်ဟုဆိုလေသည်။

မည်သို့ဖြစ်စေ ထိုညကနှစ်လိုဖွယ် စကားဝိုင်းလေးတစ်ခုတော့ ဖြစ်ခဲ့ရသည်သာ။ မြနုဝင်းတို့မိသားစုက ဖော်ဖော်ရွေရွေပင် ဧည့်ခံကြသည်။ သူတို့က ရိုးသားပွင့်လင်းမှုလည်းရှိကြလေသည်။ ဟိုအကြောင်းသည်အကြောင်းရောက်တတ်ရာရာပြောဆိုကြရင်း စကားဖောင်ဖွဲ့၍ မကုန်နိုင်အောင်ပင်ဖြစ်နေကြသည်။ ဦးဇောတိပါလနှင့် မြနုဝင်းတို့က မကြာခဏဆိုသလို မျက်လုံးချင်းဆုံတွေ့နေမိကြသည်။ ထိုသို့ဆုံတွေ့ရအောင်လည်း သူတို့က အပြန်အလှန်ကြိုးစားနေကြသည်သာ။ မျက်လုံးချင်းစကားပြောရသည်က နှုတ်ဖြင့်စကားပြောရသည်ထက် ပို၍အဓိပ္ပာယ်ရှိသည်။ ကြည်နူးသလိုလို၊ ရင်ဖိုသလိုလိုဖြစ်ရခြင်းက ဘာနှင့်မှမတူအောင် အရသာထူးကဲလှသည်ဟု ဦးဇောတိပါလထင်မိသည်။ ပြီးတော့ မြနုဝင်း၏ -အကြည့်ကလေးများက မိမိအပေါ် နားလည်မှုရှိခြင်းနှင့် အသိအမှတ်ပြုခြင်းတို့အား အပြည့်အဝဖော်ဆောင်လျက်ရှိသည်ဟု ဦးဇောတိပါလက ကျိတ်ပြီးတောက်ချက်ချနေမိသည်။

သို့နှင့် ညဉ့်နက်လေသော် သူတို့နှစ်ပါးက ကျောင်းသို့ပြန်လာခဲ့ကြသည်။ ဦးဇောတိပါလကတော့ ရင်နှင့်အပြည့် ပျော်ရွှင်ကြည်နူးရင်း လမ်းတစ်လျှောက် စိတ်ကူးကလေးပါယဉ်လာလိုက်မိသေးသည်။

နောက်နေ့များတွင်လည်း သူတို့ မြနုဝင်းတို့အိမ်သို့ ညစဉ်လိုလို အလည်ရောက်ဖြစ်ကြသည်။ ဦးပညာသီဟက ဧည့်သည်သူငယ်ချင်း၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးသောအားဖြင့်အတူလိုက်ပါနေခြင်း ဖြစ်သည်။ ဦးဇောတိပါလကတော့ ညစဉ်လိုလိုသွားချင်နေသည်။ မြနုဝင်း၏ မျက်နှာလေးမြင်ပြီး အသံလေးကြားရခြင်းဖြင့် သူမှာနေ့စဉ်စိတ်ရွှင်ဆေးကိုမှီဝဲနေရသလိုဖြစ်နေသည်။ မြနုဝင်းတို့အိမ်ကိုအလည်မသွားခင်ကတည်းကစိတ်တွေတက်ကြွနေသလို အိမ်လည်ပြီးပြန်လာတော့လည်း ပီတိများဖြင့် ပြည့်ဝလန်းဆန်းနေရမြဲ ဖြစ်သည်။

တစ်ခုတော့ရှိသည်။သူတို့အလည်သွားသောအချိန်က ညပိုင်းမှာချည်းဖြစ်နေသည်။ သို့ကြောင့် ထိုအချိန်ကအလုပ်နားသောအချိန် (ဝါ) အနားယူသောအချိန်ဖြစ်သည်နှင့်အညီ မြနုဝင်းကို အမြဲတမ်းလှလှပပပြင်ပြင်ဆင်ဆင်လေးတွေ့မြင်နေရခြင်းဖြစ်၏။ထိုလှပတင့်တယ်သောရုပ်ကွက်လေးတွေကိုသာမြင်တွေ့နေရသည်မို့လည်း ဦးဇောတိပါလအတွက် မြနုဝင်းက အမြဲတမ်းနှစ်လိုဖွယ်ရာ၊ ချမ်းမြေ့ဖွယ်ရာတွေချည်းဖြစ်နေရခြင်းဖြစ်သည်။

သို့သော် တစ်နေ့မှာတော့ ဦးဇောတိပါလအတွက် ခြားနားသောမြင်ကွင်းကို မြင်တွေ့ရခြင်းနှင့်အတူ ကွဲပြားသောစိတ်ခံစားမှုများ ဖြစ်ပေါ်လာစေမည့် အခြေအနေတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလေသည်။ ထိုနေ့က သူတစ်ပါးတည်း မြနုဝင်းတို့အိမ်သို့ထွက်လာခဲ့မိသည်။ အချိန်မှာ မနက် (၉) နာရီခန့်တွင်ဖြစ်သည်။ ကျောင်းတွင် ဦးပညာသီဟက ကပ္ပိယများနှင့်အတူ ရေတွင်းပြန်ဆယ်သော လုပ်ငန်းတွင်အလုပ်များလျက်ရှိသည်။ သို့နှင့် သူကပျင်းပျင်းရှိသည်နှင့် မြနုဝင်းအိမ်ဘက်သို့ တစ်ကိုယ်တည်းထွက်လာခဲ့ခြင်း ဖြစ်သည်။

အိမ်ရောက်တော့ မြနုဝင်း၏



www.burmeseclassic.com

www.burmeseclassic.com

မောင်ကလေးတစ်ယောက်ကိုသာတွေ့ရသည်။ အခြားကလေးများ ကျောင်းသွားနေကြသလို လူကြီးများကလည်း ကိုယ်စီအလုပ်သွားနေကြဟန်တူသည်။ မြနုဝင်းကတော့ အိမ်နောက်ဘက်ရှိယာကွက်ထဲတွင် အလုပ်ဆင်းနေသည်ဟုဆိုသည်။ ဦးဇောတိပါလက မြနုဝင်းရှိရာသို့လိုက်သွားလိုက်မိသည်။

ယာကွက်ထဲရောက်တော့ သူအံ့အားသင့်သွားသည်။ အကြောင်းမှာ မြနုဝင်းက ယောက်ျားလေးတစ်ဦးပမာ နွားနှစ်ကောင်ဖြင့်ထယ်ထိုးလျက်ရှိသည်ကို တွေ့လိုက်ရသောကြောင့်ပင်။ ထဘီကိုတိုတိုဝတ်ပြီး တစ်ဖက်ကထယ်တုံးကိုင်လျက်၊ တစ်ဖက်ကနှင်တံကိုတဝင့်ဝင့်လုပ်ရင်း ထယ်ထိုးနေခြင်း ဖြစ်သည်။ တောက်ခေါက်သံ၊ ဟဲ့ငေါက်သံတို့ကိုပါ ကြားနေရသည်။

ဦးဇောတိပါလရပ်ကြည့်နေစဉ်ပင် မြနုဝင်းကမြင်သွားသည်။ အလုပ်ကိုရပ်၍ သူ့ဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။ အနီးရောက်သော် -

"အလည်လာတာလား ကိုဘုန်း"

ဟု မေးလိုက်သည်။

သူက -

"ဟုတ်တယ်၊ ပျင်းတာနဲ့ ဒီဘက်ထွက်လာတာ။ မြနုမောင်လေးက မြနုဒီမှာရှိတယ်လို့ပြောလိုက်လို့ ဒီကိုလိုက်လာတာ"

ဟုပြန်ပြောလိုက်သည်။

မြနုဝင်းက နေကို တစ်ချက်မော့ကြည့်သည်။

ထို့နောက် -

"ခဏစောင့်ဦးနော် ကိုဘုန်း။ မြနုအလုပ်ပြီးတော့မှာပါ။ နေမြင့်ရင် နွားတွေက ခိုင်းမကောင်းဘူး ကိုဘုန်းရဲ့"

ဟု ပြောသည်။

သူက -

"ရပါတယ်၊ မြနုလုပ်စရှိတာဆက်လုပ်ပါ။ ကိုဘုန်း ဒီကပဲ စောင့်နေပါ့မယ်"

ဟု ပြန်ပြောလိုက်သည်။

မြနုဝင်းကချွေးစို့နေသောမျက်နှာဖြင့်တစ်ချက်ပြုံးကာပြန်လှည့်သွားသည်။ ထို့နောက် နွားများကို ဆက်မောင်းနေသည်။ ဦးဇောတိပါလက နီးရာသစ်ပင်အောက်ဝင်၍ ရပ်စောင့်နေလိုက်သည်။

တစ်အောင့်ကြာသော် မြနုဝင်းက အလုပ်နားသည်။ နွားများကို ဖြုတ်လွှတ်ပေးလိုက်ပြီး ဦးဇောတိပါလရှိရာသို့ လျှောက်လာသည်။ ဦးဇောတိပါလက မြနုဝင်းကို ဆီးပြောလိုက်သည်။

"မြနုကြည့်ရတာပင်ပန်းလိုက်တာ။ နေ့တိုင်းဒီလိုလုပ်ရတာပဲလား"

"လုပ်ရတာပေါ့ ကိုဘုန်းရဲ့။ တောသူတောင်သားဘဝက ဒီလိုလက်လှုပ်မှလည်း ပါးစပ်လှုပ်နိုင်ကြတာပဲဟာ"

"နို့ - ထယ်ထိုးတယ်ဆိုတာ ယောက်ျားလေးတွေပဲလုပ်ရတဲ့အလုပ်မဟုတ်လား မြနုရဲ့။ ကိုဘုန်းတော့ မိန်းကလေးထယ်ကိုင်တာ ဒီတစ်ခါပဲမြင်ဖူးတယ်"

"ဟုတ်ပါတယ်။ အများအားဖြင့် ယောက်ျားလေးတွေပဲထယ်ကိုင်ကြတာပါ။ မြနုတို့ကျတော့ အိမ်မှာယောက်ျားလေးမှမရှိဘဲ ကိုဘုန်းရဲ့။ ဒီတော့လုပ်ရတာပေါ့။ လုပ်တတ်အောင်လည်း သင်ထားရတာပေါ့"

"မြနုတို့အဖေကကော"

"အဖေလား၊ အင်း - အဖေက ဒီပြင်အလုပ်တွေရှိသေးတယ်ကိုဘုန်းရဲ့။ ဒါကြောင့် ယာအလုပ်တွေကို ပြန်လှည့်မကြည့်နိုင်ဘူး"

ပြောပြီး မြနုဝင်းက ပခုံးပေါ်မှ ပုဆိုးပိုင်းဖြင့် မျက်နှာပွတ်သုတ်နေသည်။ မြနုဝင်းကို သည်ပုံပန်းသဏ္ဌာန်မျိုးမြင်တွေ့နေရပြန်တော့ ဦးဇောတိပါလစိတ်ထဲ တစ်မျိုးကြီးလိုလိုဖြစ်နေမိသည်။ မြနုဝင်းမျက်နှာကချွေးကွက်တွေကြောင့် ပြောင်တင်းတင်းကြီးဖြစ်နေပြီး ဝတ်ထားသောအဝတ်အစားများကလည်း ဖောင်းနွမ်းညစ်ပေနေပြန်လေရာ ဦးဇောတိပါလအတွက် ယခင်ကနှင့် မတူကွဲပြားသောခံစားမှုမျိုးသိသာစွာဖြစ်ပေါ်နေမိရသည်။

သူတို့ ကြာကြာတော့ ထိုင်စကားမပြောနိုင်ကြပါ။ မြနုဝင်း၏ မောင်လေးက ထော့နဲ့ထော့နဲ့ဖြင့်ရောက်လာသည်။ ထို့နောက် အစ်မဖြစ်သူအား နွားတွေက အစာတောင်းနေကြကြောင်း၊ နွားစာစဉ်းပြီးသားမရှိကြောင်း လှမ်းပြောလာသည်။ မြနုဝင်းက ဦးဇောတိပါလဘက်လှည့်ကာ -

"ကိုဘုန်း အိမ်ကိုသွားကြရအောင်။ အိမ်မှာပဲ စကားပြောကြတာပေါ့"

ဟုပြောလိုက်သည်။ ထို့နောက် နှစ်ယောက်သား ထိုင်ရာမှထကာ အိမ်ဘက်သို့ လျှောက်လာခဲ့ကြ သည်။

အိမ်ရောက်တော့လည်း မြနုဝင်းက ဧည့်ခံသက်သက်လုပ်မနေနိုင်ပါ။ နွားစာစဉ်းရသေးသည်။ သူမကနွားစာစဉ်းရင်း၊ ဦးဇောတိပါလက ဘေးမှာရပ်ကြည့်ရင်းစကားပြောကြရခြင်းဖြစ်သည်။

မြနုဝင်းက ဓားစက်အောက်သို့ပြောင်းရိုးများကို လက်ဆမှန်မှန်ထိုးသွင်းပေးနေသည်။ ခြေထောက်ကလည်း မောင်းတံကို မှန်မှန်နင်းနေသည်။ ဓားစက်နှင့် မြနုဝင်း၏လက်က အလွန်ပင်နီးကပ်လျက်ရှိရာ ထိုအဖြစ်ကိုကြည့်ပြီး ဦးဇောတိပါလက အသည်းတအေးအေးနှင့် ဖြစ်နေမိရသည်။

မကြာမီ နွားစာစဉ်းပြီးသွားသည်။ မြနုဝင်းက နွားစာများကို တောင်းဖြင့်ကျုံးကာ စားကျင်းထဲသို့ သွားလောင်းထည့်သည်။ ပြီးလျှင် အပေါ်မှဆားအနည်းငယ်ဖြူးပေးလိုက်သည်။ ဆားဖြူးထားသောနွားစာကို ရေဖြင့်လူးပြီးနယ်ကျွေးရမည်ဖြစ်ရာ မြနုဝင်းက ရေပုံးကိုယူ၍ ရေစည်နားသို့သွားလိုက်သည်။ ရေစည်နားရောက်တော့ ငုံ့ကြည့်ပြီး -

"ဟောတော့-ရေလည်းတစ်စက်မှမရှိပါလား"

ဟု ရေရွတ်သံပေါ် လာသည်။

ထို့နောက် သူမက ဦးဇောတိပါလကို အားနာသောအကြည့်ဖြင့်လှမ်းကြည့်နေလေရာ သဘောကတော့ ရွာထိပ်ရှိရေကန်သို့ သူမရေသွားတိုက်ရဦးမည်ဆိုသည့်သဘောပင်ဖြစ်သည်။ သူကလည်း နားလည်စွာဖြင့် ပြန်ပြုံးပြလိုက်ပါသည်။

ထိုစဉ် အိမ်ပေါ်မှ မြနုဝင်း၏မောင်လေးထံမှ အသံကထပ်ပြီးပေါ်လာပြန်သည်။

"မမရေ၊ ကျွန်တော်ထင်းတွေတင်ထားခဲ့ပြီ။ မီးပါတစ်ခါတည်းမွှေးခဲ့ရမလား"

"မွှေးလိုက်ဟေ့မွှေးလိုက်။ မီးမွှေးပြီးရင် ရေနွေးအိုးထည့်ထားလိုက်။ ငါရေတိုက်က ပြန်လာတော့မှ ထမင်းအိုးတည်မယ်"

ဦးဇောတိပါလ နားလည်လိုက်လေပြီ။ မြနုဝင်း၌ အလုပ်လုပ်စရာတွေက ဇယ်ဆက်သလိုပင်ရှိနေသည်။ ထိုအလုပ်များကြောင့် မနက်ပိုင်းတစ်ပိုင်းလုံး အားချိန်ဟူ၍ရှိတော့မည်မဟုတ်သလို ညနေပိုင်းတွင်လည်း နားချိန်ရှိလိမ့်မည်မထင်။ သို့နှင့် အလုပ်များနှင့်ပျာယာခတ်နေသော မြနုဝင်းအပေါ် အားလည်းအားနာ၊ သနားလည်းသနားသွားမိခြင်းနှင့်အတူ ဦးဇောတိပါလက နှုတ်ဆက်စကားပြောပြီး အသာထပြန်လာခဲ့တော့သည်။

လမ်းတွင် သူ့စိတ်ထဲ ရှင်းလန်းခြင်းမရှိသလို တစ်ကိုယ်လုံးကလည်း လေးလံထိုင်းမှိုင်းနေမိသည်။ သူ့အတွ[illegible]ည်း

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ကြုံတွေ့ခဲ့ရသမျှက စိတ်ကူးယဉ်ကမ္ဘာထဲမှ ဖျတ်ခနဲ လန့်နိုးခဲ့ရသလိုမျိုး ဖြစ်နေသည်။သူမြနုဝင်းကိုဤပုံစံအတိုင်း တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့။ ခုလိုအရှိကိုအရှိအတိုင်းမြင်တွေ့လိုက်ရတော့ သူ့မျက်စိထဲ အမြဲတမ်းကြော့မော့ဝင်းပလျက်ရှိသောမြနုဝင်း၏လှတစ်မျက်နှာကလေးက ဖျတ်ခနဲပျောက်ကွယ်ရသွားပြီ။ ဤအတွက် သူအံ့လည်းအံ့ဩရသည်။ ပြီးတော့ စိတ်လည်းဆင်းရဲရသည်။

တစ်ဖန် ထိုမျှနှင့်မကသေးဘဲ ညနေစောင်းလောက်ရောက်လာတော့ ဦးဇောတိပါလစိတ်ကို နောက်ထပ်ဖြစ်စဉ်တစ်ခုက ထပ်မံပြီး ကလိလိုက်ပြန်သည်။ ထိုနေ့ညတွင် သူနှင့် ဦးပညာသီဟက ရွာပြင်တောလမ်းထဲသို့ အညောင်းပြေအညာပြေလမ်းလျှောက်ထွက်ခဲ့ကြသည်။ လမ်းဆုံတစ်ခုနားရောက်တော့ လှည်းတစ်စီးနှင့်ပက်ပင်းတိုးမိသည်။ ထိုလှည်းပေါ်တွင် ဝက်ကြီးနှစ်ကောင်အား ကြိုးဖြင့်တုပ်၍တင်ဆောင်လာသည်။ ဝက်ကြီးများက လှည်းဆောင့်လိုက်တိုင်း သံကုန်ညစ်ပြီး အော်ဟစ်လျက်ရှိသည်။ သေသေချာချာကြည့်တော့မှ လှည်းမောင်းလာသူများက မြနုဝင်းတို့မိဘများဖြစ်နေသည်ကို တွေ့လိုက်ရသည်။

လှည်းရပ်ပြီးခေတ္တမျှအပြန်အလှန်နှုတ်ဆက် ပြောဆိုဖြစ်ကြ၏။ ထို့နောက် လှည်းက ရွာဘက်သို့ ဆက်မောင်းသွားသကဲ့သို့ သူတို့နှစ်ပါးကလည်းလမ်းဆက်လျှောက်ခဲ့ကြ၏။ ခပ်လှမ်းလှမ်းရောက်သော် ဦးပညာသီဟက တိုးတိုးစပြောသည်။

"မြနုဝင်းတို့အဖေကဝက်ထုသမားဗျ။ ရွာမှာသားသတ်လိုင်စင်ယူထားတယ်။ သူတို့မိသားစုမှာ ကျန်တာကမဆိုးလှပေမယ့်ဒီအသက်မွေးမှုကြမ်းတမ်းတာတစ်ခုတော့ သိပ်မကောင်းလှဘူးဗျာ"

ထိုစကားဆုံးဆုံးချင်းပင် ဦးဇောတိပါလရင်ထဲထိတ်ခနဲဖြစ်သွားရသည်။ 'အဖေက တခြားအလုပ်ရှိသေးတယ်' ဟု ပြောသောမြနုဝင်းစကားကို ခုမှသဘောပေါက်လိုက်မိသလို သူမဖခင်၏ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းနေရမှုကိုလည်း အခုမှပင် ကောင်းစွာနားလည်ရတော့သည်။ လက်စသတ်တော့ ထိုလူကြီးက ပုဆိန်ကိုင်သားသတ်သမားတစ်ဦးပါတကား။

ထို့နောက် တောင်တွေးမြောက်တွေးလျှောက်တွေးရင်း အတွေးတွေချာချာလည်နေမိရာ သူ့မျက်စိထဲတွင် မြနုဝင်းအဖေက ပုဆိန်ကိုမြှောက်၍ ဝက်ကြီး၏ ငယ်ထိပ်ကိုထုချလိုက်ပုံ၊ ဝက်ကြီးက အသံတိခနဲပြတ်ပြီး ဗိုင်းခနဲလဲကျသွားပုံ၊ ထို့နောက် မြနုဝင်းတို့သားအမိက စဉ်းတီတုံးများ၊ ဓားများ၊ ရေနွေးအိုးများယူလာပြီး ဟင်းကောင်အား ဝိုင်းဖျက်ကူနေကြပုံများကို တရိပ်ရိပ်မြင်ယောင်နေမိသည်။ မြနုဝင်းက ဟင်းတွဲများကို မိခင်နှင့်အတူ ရွာထဲသို့ လှည့်လည်ရောင်းချနေပုံကိုပါ မြင်ယောင်မိသည်တွင် ဦးဇောတိပါလက တစ်ချက်တွန့်ခနဲဖြစ်သွားကာ ကြက်သီးများပါထသွားမိရသည်။

ညပိုင်းရောက်တော့ မည်သို့ဖြစ်ရသည်မသိ မြနုဝင်းတို့အိမ်သို့အလည်သွားချင်စိတ်မရှိတော့သလို ဦးပညာသီဟက သတိတရဖြင့် -

"ဘယ့်နှယ်ကိုဇော ဒီညတယ်ငြိမ်လှပါလား။ ဘယ်မှမသွားတော့ဘူးလား"

ဟု အစဖော်ပေးလာသည်ကို သူက -

"မသွားတော့ဘူးဗျာ၊ ဒီည ခေါင်းထဲ နောက်တောက်တောက်ဖြစ်နေလို့ စောစောပဲအိပ်တော့မယ်"

ဟုသာ စကားပြန်လိုက်သည်။ တကယ်လည်း ခပ်စောစောပင် အိပ်ရာဝင်လိုက်သည်။

အိပ်ရာဝင်ခဲ့သော်လည်း အိပ်၍



ပျော်သည်ကားမဟုတ်။ နဖူးပေါ်လက်တင်ကာ အတွေးနယ်ချဲ့ရင်း မျက်စိကြောင်နေမိသည်။ အတွေးထဲမှာတော့ မြနုဝင်း၏ရုပ်ပုံလွှာက ပီပြင်စွာပေါ်လွင်လျက်ရှိသည်။ သို့သော် ထိုရုပ်ပုံလွှာက ယခင် သူ့စိတ်ကူးထဲမှာ ကျက်စားနေကျ ချစ်မက်ဖွယ်၊ စွဲငြိဖွယ်ရုပ်ပုံလွှာမျိုးတော့ မဟုတ်ပေ။ ယနေ့တွေ့မြင်ခဲ့ရသည့် ပင်ပန်းဆင်းရဲပြီး မှိန်ပြာမွဲခြောက်ခွေးတဒီးဒီးကျနေသည့် ပုံပန်းသဏ္ဌာန်ကိုပင်ဖြစ်သည်။ သူက ဤရှုခင်းကိုသာကွက်၍ ကြည့်ပြီးကြည်နူးနေမိခြင်း ဖြစ်သည်။ ခုလို အနိဋ္ဌာရုံကိုလည်း မြင်လိုက်ရရော အရှိက်ကို တစ်ချက်တည်းထိသွားရခြင်း ဖြစ်သည်။ သို့သော် မြနုဝင်းအပေါ် သူထားရှိခဲ့မိသည့် ယခင်မျှော်လင့်ချက် ရည်မှန်းချက်များနှင့် ပတ်သက်၍တော့ တိကျသည့်အဖြေ ပြတ်သားသည့်ဆုံးဖြတ်ချက်ဟူ၍ သူ့ကွဲကွဲပြားပြားရှင်းရှင်းလင်းလင်းမဖြစ်သေးပေ။ မှုန်မှုန်ဝါးဝါးရောရောထွေးထွေးသာဖြစ်နေသေးသည်။ သို့နှင့်ပင် တွေးလိုက်၊ ရင်မောသွားလိုက်၊ တစ်ခါထပ်တွေးလိုက်၊ သက်ပြင်းချလိုက်နှင့် လူးလှိမ့်လိုက်ရင်းနှင့်ပင် ညဉ့်နက်မှ သူအိပ်ပျော်သွားတော့သည်။

အိပ်ပျော်သည်နှင့် အိပ်မက်ကမက်လေပြီ။ အိပ်မက်ထဲတွင် သူက ခေါင်းပြောင်ပြောင်နှင့်ပင်လူထွက်ပြီးဖြစ်နေသည်။ ထို့ပြင် မြနုဝင်းနှင့်ပါ ညားနေပြီး ကလေးတွေပါရနေလေပြီ။ မြနုဝင်းက ဗိုက်ကပူပူ၊ ခါးတုတ်တုတ်၊ ခေါင်းစုတ်ဖွားနှင့် မိန်းမကြီးဖြစ်နေသလို သူ့ပုံကလည်း ခါးကုန်းကုန်း၊ ပိန်ကပ်ကပ်နှင့် မွဲခြောက်ခြောက်ဖြစ်လျက်ရှိသည်။ မြနုဝင်းက ဒူးပေါ်ရင်ပေါ်ထိုင်ကာ ကလေးနို့တိုက်နေရင်း သူ့ကိုတစ်ခုပြီးတစ်ခု လက်ညှိုးထိုးစေခိုင်းနေ၏။ သူက မြနုဝင်းခိုင်းသမျှကို တကုပ်ကုပ်လိုက်လုပ်နေရသည်။ ထယ်ထိုးရသည်၊ နွားစာစဉ်းရသည်၊ နွားကျွေးရသည်၊ ရေစည်လှည်းမောင်းရသည်၊ ထမင်းဟင်းပါဝင်ချက်နေရသည်။ ထို့ပြင် ယောက္ခမကခိုင်းသဖြင့် ဝက်ပါဝင်ထုပေးရသည်။ ထို့နောက် ဝက်ကိုဖျက်ပြီး ဟင်းတွဲတွေလှည့်ရောင်းရာတွင်လည်း သူက ပါဝင်ရပြန်သည်။ ထိုသို့ အလုပ်တွေကို ဇယ်ဆက်သလို လုပ်နေရသော်လည်း မိန်းမဖြစ်သူနှင့် ယောက္ခမက တစ်ချက်ကလေးမှ ချီးမွမ်းဖော်မရကြ။ မချီးမွမ်းသည့်ပြင် ဂြူစူပြီး တင်ကြိမ်းမောင်းခြင်းများကိုသာခံနေရသည်။ ဘုန်းကြီးလူထွက်ပီပီ ဘာမှမလုပ်

www.burmeseclassic.com

www.burmeseclassic.com

တတ်ဘူး၊ ဘာမှအဖြစ်မရှိဘူးဟူ၍ နှိမ့်ချကဲ့ရဲ့ခြင်းကိုသာ အတောမသတ်အောင် ခံနေရသည်။

သည့်နောက်တော့ စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်းများစွာနှင့်အတူ ဦးပညာသီဟကျောင်းသို့ သူရောက်သွားသည်။ ဤတွင် လက်မှိုင်ချပြီးထိုင်နေသောသူကိုကြည့်ပြီး ဦးပညာသီဟက ဟားတိုက်ရယ်မောသည်။ ပြီးနောက် အောက်ပါအတိုင်းအော်ပြောသည်။

"ဘယ့်နှယ်လဲကွ၊ မင်းက လူ့လောကရဲ့အရသာကို တော်တော်သိသွားပလား။ သိရမှာပေါ့၊ မင်းက အကြွေးဆပ်ချင်တဲ့ကောင်ပဲ။ အဲဒီအကြွေးတွေကို မသေမချင်း ကုန်းရုန်းပြီး ဆပ်လိုက်ဦးပေါ့ကွာ။ မှတ်ထား ဟေ့ကောင်၊ လူတိုင်းမှာ အကြွေးရှိတယ်။ သံသရာတစ်လျှောက်လုံးတင်လာခဲ့တဲ့ အကြွေးတွေကဆပ်လို့မကုန်အောင်ရှိကြတယ်။ အေး - ဒါပေမယ့် အကြွေးမဆပ်ချင်လို့ ကင်းလွတ်ခွင့်ရချင်သပဆိုရင်လည် နေလို့ရတဲ့နယ်မြေတစ်ခုရှိတယ်။အဲဒါသာသနာ့နယ်မြေပဲကွ။ သာသနာ့နယ်မြေထဲမှာ နေနေသမျှကာလပတ်လုံးဘေးကင်းတယ်၊ ရန်ကင်းတယ်၊ ငြိမ်းအေးတယ်။ ကြွေးရှင်တွေကလည်း ကြွေးလာတောင်းလို့မရဘူး။ အေး - သာသနာ့နယ်မြေရဲ့ ပြင်ပကိုရောက်သွားပြီဆိုလို့ကတော့ ကြွေးရှင်တွေကဝိုင်းလာကြတော့တာပဲ။ သူကလည်းအကြွေးပေးပါ၊ ငါကလည်းအကြွေးပေးပါနဲ့ ဝိုင်းတောင်းတာကိုခံရတော့တာပဲ။ ခုမင်းပဲကြည့်။ မိန်းမကိုလည်း ကြွေးဆပ်ရတယ်၊ ကလေးတွေကိုလည်း ကြွေးဆပ်ရတယ်၊ ယောက္ခမတွေကိုပါ ကြွေးဆပ်နေရတယ်။ ဒီအကြွေးတွေက ဘယ်တော့မှကုန်မလဲဆိုတော့ ဘယ်တော့မှကိုမကုန်တော့ဘူး။ မင်းမှာမြေးတွေမြစ်တွေရတာနဲ့အခါ အဲဒီမြေးကြွေးမြစ်ကြွေးတွေကိုပါဆပ်ရဦးမှာ။ ဒီတော့ ကြွေးရှင်တွေလိုက်မလာနိုင်တဲ့နေရာကို ရောက်နေပါရက်နဲ့ ဆံတ်ဆော့ပြီး ကြွေးရှင်တွေကြားထဲကို ခုန်ချခဲ့တဲ့ မင်းလိုကောင်မျိုးကိုယ့်အပြစ်နဲ့ကိုယ်လှလှကြီး ခံယူလိုက်ပေဦးပေါ့ကွာ ဟားဟားဟား"

ဦးပညာသီဟစကားကို ချေပစရာမရှိ။ မှိုင်တွေလျက်သာ ငုတ်တုတ်ငြိမ်ခံနေခဲ့ရသည်။ ထို့နောက် မရွှင်သောစိတ်ဖြင့်ပင် သူထပြန်လာခဲ့၏။ အိမ်ပေါက်ဝရောက်တော့ မိန်းမလုပ်သူ၏ ခွန်းကြီးငယ်နှင့် ဆီးကြိုပြစ်တင်သံကို ကြားရပြန်သည်။

"အိမ်အလုပ်မလုပ်ဘဲဘယ်လျှောက်အလေလိုက်နေသလဲ၊ နွားတွေက ခုထိအစာမကျွေးရသေးဘူး။ နွားစာစဉ်းဖို့လုပ်ပါတော့လား"

စသည့် ဖျစ်တောက်ဖျစ်တောက် ရေရွတ်သံများ။

သူနှမ်းလျစွာဖြင့် ပြောင်းရိုးများကို ဓားစက်ဆီသို့သယ်သွားသည်။ထို့နောက် စိတ်မပါလက်မပါ နွားစာစဉ်းနေမိသည်။ အလုပ်သာလုပ်နေရသော်လည်း.စိတ်က တခြားသို့ရောက်နေမိသည်။ မကြာပါ။ ပြောင်းရိုးကိုဆုပ်ကိုင်ထားသောလက်က ယောင်ပြီးရှေ့သို့ရောပါသွားသည်။ ထိုလက်ကို ဓားစက်ကလည်း တိတိရိရိကြီး ခုတ်ဖြတ်လိုက်တော့သည်။

"အား"

ကြောက်အားလန့်အားအော်လိုက်သံနှင့်အတူ ဦးဇော်တိပါလ အိပ်ရာမှ လန့်နိုးလာသည်။ နိုးနိုးချင်း အိပ်မက်မှန်းသိလိုက်ရသည်နှင့် စိတ်ကတော့အေးသွားရပါသည်။ သို့သော် အိပ်မက်ထဲမှ အဖြစ်အပျက်များကို ကွက်ကွက်ကွင်းကွင်း ပြန်မြင်ယောင်ရင်းထိတ်လန့်ခြင်း၊ ချောက်ချားခြင်းများက ဆက်ပြီးဖြစ်ပေါ်နေသေးသည်။ သူ့ရင်တွေပူနေပြီး အာတွေပါခြောက်လာသည်။ ရေအိုးစင်သို့သွားကာ ရေတစ်ခွက်သောက်လိုက်ရသည်။

ထို့နောက် ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။ ကျောင်းဘေး တမာပင်အောက်တွင် ခေါက်တုံ့ခေါက်ပြန်စင်္ကြံလျှောက်နေမိသည်။ ကျောင်းတစ်ကျောင်းလုံး တိတ်ဆိတ်လျက်ရှိသည်။ ရွာဘက်တွင်လည်း ခွေးဟောင်သံကိုသော်မျှမကြားရ။ ညအမှောင်အောက်တွင် အငြိမ်သက်ကြီးငြိမ်သက်လျက်ရှိသည်။ ထိုသို့ ပတ်ဝန်းကျင်က ဆိတ်ငြိမ်လျက်ရှိသော်လည်း ဦးဇောတိပါလ၏ ရင်တွင်း၌မူ ဗလောင်ဆူလျက် ပူလောင်ရှုပ်ထွေးလျက်ရှိဆဲပင်။ -အထူးသဖြင့် အိပ်မက်ထဲ၌ သူအကြွေးဆပ်ခဲ့ရပုံများက သူ့ကိုအထူးတုန်လှုပ်စေခဲ့သလို အသိမှန်အမြင်မှန်ကိုပါ ကောင်းစွာရရှိစေခဲ့ပြီ။ သို့နှင့်ပင် အိပ်မက်ကပေးသော အဖြေသည်သာ မိမိ၏ဝေဝါးထွေပြားနေမိသော စိတ်ကူးစိတ်သန်းများအတွက် တကယ့်အဖြေမှန်ဖြစ်တော့သည်ဟုခံယူမိခြင်းနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကိုပါ သူပိုင်ပိုင်ချလိုက်မိတော့သည်။

မနက် အရုဏ်ဆွမ်းစားပြီးပြီးချင်း သူက ပစ္စည်းများကို သိမ်းဆည်းနေလေရာ ဦးပညာသီဟက တအံ့တသြဖြစ်နေသည်။ ဖြန်းစားကြီး ပြန်ရန်လုပ်နေသောသူ့ကိုကြည့်၍ -

"ဟ-ကိုယ်တော်၊ ပြန်တော့မလို့လား။ ဘယ်လိုဖြစ်သွားတာလဲ"

ဟု မေးခွန်းထုတ်သည်။

သူက -

"ပြန်တော့မယ်၊ ကိုသီဟရာ။ ကျန်းမာရေးသိပ်မကောင်းချင်ဘူး"

ဟုသာ ပြန်ဖြေလိုက်သည်။

အမှန်တော့ ဆင်ခြေစကားသာဖြစ်သည်။ ဦးပညာသီဟက တကယ်ယုံသွားပြီး -

"ဟုတ်လား၊ ဒါဖြင့်အေးအေးဆေးဆေးနားနေပါဦးလား။ နေကောင်းမှပြန်ပါလား"

ဟု ပြောရှာပါသေးသည်။

သို့သော် သူက ကိုယ့်အကြံနှင့် ကိုယ်ဆုံးဖြတ်ထားသူမို့ လက်မခံနိုင်တော့ပြီ။

မကြာမီ ဦးဇောတိပါလက မှန်လုံကားကြီးပေါ်သို့ ရောက်ရှိနေပြီ။ သည်တစ်ခါတော့ တရိပ်ရိပ်ပြေးနေသော ကားကြီးနှင့်အပြိုင် သူ့စိတ်များက ပြေးလွှားလှုပ်ရှားနေခြင်းအလျှင်းမရှိတော့ပေ။ သူ့စိတ်တွေ တကယ်ပင်တည်ကြည်သွားသည်၊ ငြိမ်သက်သွားသည်၊ ချမှတ်ပြီးသားဆုံးဖြတ်ချက်နှင့်အတူ ထူးထူးခြားခြားလည်း ကြံ့ခိုင်သွားသည်။

အမှန်တော့ မျက်စိကိုအလိုလိုက်၊ စိတ်ကို အလိုလိုက်ခဲ့သောကြောင့်သာ သူယိမ်းယိုင်ခဲ့ရ၊ ဖရိုဖရဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ကံကောင်း၍သာ အကြွေးပေါင်းစုံပေးဆပ်ရမည့် နယ်ပယ်အတွင်းသို့ မသက်ဆင်းမိခဲ့ခြင်း ဖြစ်သည်။ စင်စစ်တော့ လူ့လောကဟူသည် အပေါ်ယံလောက်သာ လှပတင့်တယ်နေခြင်း ဖြစ်သည်။တကယ့်အတွင်းကျကျလိုက်ကြည့်တော့မှ အကျည်းတန် အရုပ်ဆိုးလွန်းမှန်း ကိုယ်တွေ့သိရှိခဲ့ရသည်။ ထိုအသိကြောင့်ပင် သူအချိန်မီရပ်တန့်နိုင်ခဲ့ခြင်း၊ ထိန်းသိမ်းနိုင်ခဲ့ခြင်းလည်းဖြစ်တော့သည်။

နောက်များမှာတော့ လွန်စွာဒုက္ခပေးတတ်စွာသော ဤမျက်စိကို ကြပ်ကြပ်အလိုမလိုက်ပါမှ၊ ကြပ်ကြပ်သတိထားပါမှဖြစ်ဖချေတော့မည်ဟု ထင်လင်းစွာသဘောပေါက်မိရင်း ဦးဇောတိပါလက မျက်စိမှိတ်ကာ သက်ပြင်းကို လေးလေးကြီးချလိုက်မိတော့သည်။

ခဲမြတ်တင်(အမျိုးသားစာပေ[illegible])

www.burmeseclassic.com

www.burmeseclassic.com



# (ဆောင်းပါး) ပန်းချီတင်အောင်မိုး
## မဟာဗုဒ္ဓဝင်ဘုရားရှိခိုး

အကျွန်ုပ်၏ ခေါင် အဘ အဘိုးတို့သည် ဓမ္မာစရိယ၊ ပထမကျော် ဘာသာရေးဘွဲ့များနှင့် ဝါရင့်သော ဘုရားကိုးဆူ ဆွမ်းကပ်ဆရာများ ဖြစ်ခဲ့ကြပါသည်။ ဤသည်ကား စာပေပညာတတ်ကြောင်းကို ကြွားဝါနေခြင်းမဟုတ်ပါ။ စာပေပညာရပ်များ၊ ရှေးဟောင်းကျမ်းများ စုဆောင်း မှတ်သားထားသော ဝါသနာကြီးသူများဖြစ်ကြောင်းကိုတင်ပြခြင်း ဖြစ်၏။ အဘိုးဖြစ်သူ ဦးအောင်လှ၏ စုဆောင်းထားခဲ့သော ရှေးဟောင်းပေစာ၊ စာကြည့်တိုက်ပမာဟုပြောလျှင်ရှိနိုင်ပါသေး၏။

သို့သော် အားနည်းချက်တစ်ခုကနစ်များစွာက စာအုပ်များဖြစ်၍ အစအဆုံး မပြည့်စုံလှချေ။ စာအုပ်အချို့၌ ရှေ့စာရွက်များ ဆွေးမြည့်ဆုတ်ပြဲနေခြင်း၊ ပျက်စီးပျောက်ဆုံးနေခြင်းများဖြစ်ကာ ထို့ကြောင့် မူလကျမ်းပြုစုသူအမည်ကို မသိရတော့ပါ။

ဤကဲ့သို့ ဆုတ်ပြဲနေသောစာအုပ်များထဲက ထူးခြားကောင်းမွန်သော ဘုရားရှိခိုးကျမ်းများလည်း ပါရှိပါသည်။ အကောင်းအတိုင်းကျန်ရှိသော ဘုရားရှိခိုးအမျိုးမျိုးကို စုပေါင်း၍ မဟာဗုဒ္ဓဝင် ဘုရားရှိခိုးကြီးအဖြစ် စီရင်ထားရပါသည်။ အဆီအနှစ်များအားလုံး စုပေါင်း၍ မှတ်ထားသော ဘုရားရှိခိုးကြီးဖြစ်၍ နားဝင်ပီယံကောင်းလှ၏။ အကျွန်ုပ် မည်သည့်ဒေသရပ်ရွာသို့ရောက်ရောက် ဤမဟာဗုဒ္ဓဝင်ဖြင့် ဘုရားဖူးသောအခါတိုင်း အနီးအနားရှိသူများက ဝမ်းမြောက်စွာ သာဓုခေါ်ကြပါသည်။ ဝါသနာပါသူများကလည်း ဘုရားရှိခိုးအမျှဝေပေးပါရန် တောင်းဆိုကြပါသည်။ ထို့ကြောင့် သုရဇ္ဇမဂ္ဂဇင်းကြီးမှတစ်ဆင့် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့အတွက် ဓမ္မဒါနအဖြစ် ဤမဟာဗုဒ္ဓဝင်ဘုရားရှိခိုးကြီးအား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

■

*အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ အတိုင်းမသိ၊ အတုမရှိ၊ ကျေးဇူးရှိ၍ တထောင့်ငါးရာ ကိလေသာမြူ ရန်သူအပြား နိုးသားယက္ခစောရဒေါသဟူသမျှ အရဟ*



www.burmeseclassic.com

www.burmeseclassic.com

မဂ်ခါးသံလျက်ဖြင့် ပယ်ဖျက်ခုတ်စဉ်၊ အငြိမ်းကင်းစင်တော်မူပြီး၍ (၁) သိန်း၊ (၂) သောင်း၊ မြတ်ပေါင်း (၅) ထောင် ဂုဏ်ရောင်ဝေလူ မွေးကြူလှိုင်ကျော် နတ်တော်ဖွင့်လှစ် စင်စစ်အားကြိုး စိုက်ပျိုးသုတ်သင် ဒီပင်္ကရာထေရ်ရှင်ဘဂဝါခြေတော်ရင်း၌ လမ်းမဂ္ဂတွင် ခံ့ရှည်ဗွက်ကြီးမပြီးခင်းတုံမှောက် ခံဝပ်စင်း ကိုယ့်ကိုနှင်း၍နင်းကာဘုန်းမော် ၄-သိန်းကျော်တို့ ကြွတော်မူပါရန်အကြောင်းတောင်းပန်လာသော်(အပော်ဝတ-ကြည့်ကြွကြည့်ကြွ) မွေ့ကဲဟဗျာဒိတ်တံဆိပ်ခတ်ထား မှတ်သားနောင်လာငါနှင့်တူစွာ ဤသုမေဓာသည် မုန်စွာစင်စစ် ဘုရားဖြစ်အံ့၊ ကောဝစန ဗုဒ္ဓအမိန့်ဗျာဒိတ်ငြိမ့်၍ သိမ့်သိမ့်ကြွက်ဆူ မဋ္ဌူသကပန်းမြတ်သို့ ဘုရားမျိုးစေ့ ဘုန်းပေ့အမှန် ဧကန်စိုက်ပျိုးတော်မူ၍ သံသရာနယ်ဘဝလယ်တွင် အစကြီးကြာ ၁၆-ခါဟု လျှောင်းလျှာကွန့်မြူးဖြစ်ခဲ့ဖူးသည်။ ထို့ပြင်တလီဝပြောစည်းသည် ရွှေပြည်နာဂရမြို့စပ္ပါဝယ် ဟသာ ၉-ဖြစ်၊ စင်စစ်အခါ ပြည်ဗာရာဝယ် ထွန်းချာမှန်ကင်း စောနတ်မင်းသည် ခို ၆-ဘဝဖြစ်ခဲ့ရသည်။ ထို့မှာတစ်ခါပဋ္ဌတာဟု သေလာဝိုက်ဆီ၊ ညိုညိုညီ၊ သာပြည်ကြီးရာဇဂြိုဟ် ကျေးညို ၃-ခါ ဖြစ်ပြီးစွာလျှင် ဝေသာလီမှာ ၅-ကြိမ် စင်စစ်၊ ငှက်ကရဝိက်မင်းဖြစ်ခဲ့ဖူးသည်။ ၄-ဖြာကိန္နရီ၊ စာမနီ -၁၅၊ မျောက်ကား -၃၀၊ မြိုင်လယ်၌ မြတ်ဘုန်း၊ ပရာမေဖြစ်ခဲ့ပေ၏။ ဆင်ဝယ် -၁၁ နွားဖြစ် - ၁၄ ကား ၃၀ စုံ မြိုင်လယ်၌ မြတ်ဘုန်း ပရာမေဖြစ်ခဲ့ပေ၏။ ဆင်ဝယ်-၁၁၊ နွားဖြစ် -၁၄ ဧက သိန္ဓဝ နတ်မြင်းလှပဟု ဘဝတစ်ခါဖြစ်ခဲ့ရာသည်။ ကျွဲဘဝ-၈ခါ ဖြစ်ပြီးစွာလျှင် သံသာမြည်သောင်းရွှေဥဒေါင်းဟု ဘဝ-၂ခါရပြီး သာလီ၊ သတ္တာ၊ ဒွိဒသကြက် လောကထက်ဝယ် ရာဇသုကတဝက်မင်းလှုသည် ၁၃-ပင်တည်း ဖြစ်ခြင်းလောင်းမြတ် ဗောဓိသတ်ထုတ်ပတ် ဇာတ်တော်ပေါင်းဖွဲ့သော်လျှင် ပါရမီဖြစ်ကြောင်း အားဖြည့်လောင်းခဲ့တော်မူပြီး၍

၄-သင်္ချေနှင့် ကမ္ဘာတသိန်းအစေ့ကြီးမားဌာနီ တိုင်းကပ္ပိဝယ် မွေးဖသုဒ္ဓေါ် မယ်တော်မာယာဖြစ်တုံလာ၍ မြတ်စွာဝမ်း၌ ကိန်းပိုက်သန္ဓေ တည်နေမှန်စွာ နွယ်တာလပြည့် နေ့ဥတ္တရာသံ၊ နက္ခတ်မှတ်အလို၊ မငြိုမငြင် မိခင်-၁၀လကွယ်ပြီးမှလျှင် လုမ္ဗနီဟု သံညီသာမော အင်ကြင်းတော၌ ချောချောမြေ့မြေ့ ပြကတေ့ဖြင့် ဘုန်းမောပွင့်ငုံ ကဆုန်လပြည့် သောကြာနေ့တွင် အင်ကြင်းပင်ကို မိခင်ယှဉ်နွဲ့ လက်တော်ဆွဲ၍ ဖွားမြဲအစဉ် မျက်နှာမြင်မှ မြောက်ခွင် ၇-ဖဝါးကြွသွားခဏ ၁၀၈-ကွက်ခြေတော်စက်ကို ရပ်လျက်ရှုမျှော် အသံတော်ဖြင့် တိဋ္ဌောတာရယံ့ ဗုဒ္ဓါဗောဒေယံ့ မုတ္တာမောစေယံ့ဟူသော ဤ အသံ ၃-ခွန်းကို အားသွန်းမြွက်ဟ မိန့်ပြီးမှလျှင် သတ္တဒိဝတာ မြောက်တုံလာ၍ နတ်ရွာမယ်တော်လားခဲ့တော်မူ၏။ ဂေါတမီမိထွေး ကောက်၍မွေးမြောက် အရွယ်ရောက်မှ ရမ္မ၊ သုဘ၊ သုရမ္မ တောင်နန်း ၃ ဆောင်တက် ယသော်ဓရာရံ-၅၀၀ နှင့်သစ္စထောင်ဘက် အသက်-သက်နှံ့ စည်းစိမ်ခံ၍ သားမှန်ရတနာ၊ ရာဟုလာကို မျက်နှာမြင်ပြီး မကြီးသက်ရွယ် ၂၉-နှစ် ရောက်တုံလစ်သော် ဉယျာဉ်တော်သို့ ထွက်တော်မူလို့ ဘုန်းမို့မို့လျှင် သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ နိမိတ်ဖမ်း၍ ညိုးနွမ်းမျက်နှာ၊ နေတွေ့ကြာသို့၊ မျက်နှာညိုးလျော် အကြံတော်ဖြင့် မြင်းတော်လက်လှ၊ ကဏ္ဍကနှင့် ကျွန်လှငဆန် မင်းမွန် ၃-ပါး ကြွသွားဆိတ်ညံ့ သန်းခေါင်ယံတွင် ဝါဆိုလပြည့် တနင်္လာနေ့၌ မြတ်ဘုန်းပျော့သည် မွေ့မွေ့ကြွရာ နတ်တို့လာ၍ ထိန်ဝါပြောင်ရွှန်းမီးရှူ ထိန်သို့ ရွှန်းရွှန်း ရှေ့နောက်ထိန်ထိန်တောက်မှ ထွက်ခဲ့ကြွသော်၊ ဒေဝါမိုးဖျား မာရ်နတ်သားလဲ ဘုရားဖြစ်မည်စိုးရိမ်သည်ကြောင့် သာကြည်မေတ္တာ လက်ဝါးကာ၍ ရွှေစကြာသည် မကြာဆက်ဆက် ၇-ရက်တွင် ရောက်လာလျှင်စွာ သခင်ဘုရားမကြွသွားဘဲ ရဲရဲပြောင်ပြောင် နန်း ၃-ဆောင်မှာ စံရှာ

ပါလေ။ သာယာကြည်ညို ဤသို့ဆိုက ဘုန်းမို့မြတ်ဖျား ဤသို့ကြားက နတ်သားမာန်ကို စကြာကိုပင် မလိုချင်ဘူး လူ ၃-ဦးကို လှေမျှောငါးပင် နိဗ္ဗာန်ခွင်သို့ ကယ်တင်ရမည်ကြံတော်ရည်လျက် ထွက်ခဲ့ကြွသော် အနော်မာကို လျင်စွာဖြောင့်စူး ဖြတ်သန်းကူး၍ သင်ဖြူးပမာ သဲသောင်ချာဝယ် ကေသဆံမြတ် ပယ်ဖြတ်တော့မည်ကြံတော်ရည်လျက် လက်ထောက်ရွှေနှင့် ပယ်လေပြီးမှ ငါပုညကြောင့် ဗုဒ္ဓဧကန် ဖြစ်မည်မှန်လျှင် အာကာပြင်ဝယ် ကေသာပျံ့ဝဲ ပန်းဆိုင်းဆွဲသကဲ့သို့ ရဲရဲမြောက်ဘိ ထက်မိုးအာကာဝတီသာမှာ စူလမဏိ ခုတောင်ရှိ၏။

ကြိဘဝ ၃- လူဘမူ ဘိက္ခုရဟန်း ဖြောင့်တန်းစေစွာ သပ္ပံပတိ ဗြဟ္မာသက်တည်လာ၍ ရွှေကြာသင်္ကန်း ရောင်ဝါလျှမ်းကို ဆက်ကမ်းကပ်လှူ ရဟန်းပြုမှ မတ်ကြီးငဆန် မြင်းပုံလက်လှကဏ္ဍကတို့ ပြန်ကြတော့လေ မိန့်တုံချွေသော် ထိပ်ပေါ်လက်စုံ ဆယ်ချောင်းရုံလျက် မျက်ရည်စက်နှင့် ငိုလျက်ပြန်ကာ ၃-လူချာဝယ် ထိုခါခဏ တောသို့ကြွ၍ ဒုက္ကရစရိယာ ၆-နှစ်ကြာမှ ကျင့်လျှင်ကျင့်လှ ဆင်ခြင်၍သာကျင့် ဆောင်ရာ၏ သုံးရွာဘုံသား နတ်လူအားကို ဘုရားဖြစ်မှ ကယ်တင်ရမည် ကြံတော်ရည်လျက် ထွက်ခဲ့ကြွသော် ထက်လှုစေတနာ သုဇာတကဏ္ဍာနို့ဆွမ်း ဩဇာမွမ်းလျက် ရွှေခွက်သိဂ်ရဲရဲနီဖြင့် ရှေ့ဆီတခဉ နေရဥရာ မြစ်ကမ်းသာ၌ ဩဇာဖြိုးဖြိုး ၄၉-လုပ်၊ မယုတ်မလွန်စေရ၊ ဘုန်းပေးထသော်၊ အကြံတော်ဖြင့် အပော်ဝတ ငါပုညကြောင့် ဗုဒ္ဓဧကန်ဖြစ် မည်မှန်လျှင် မြစ်ညာဧကန် ဆန်စေသားဟု မိဋ္ဌာန်ပြု၍ ၃-လူ ဆုပန်၊ ထွန်းကြင့်န်းလဲလှမ်း၍ လက်တော်ချလေသော်မှ ရေပေါ်ဆန်တက် ထိုရွှေခွက်လည်း စင်စစ်ဘုရားနောင်တော်များတို့ ရှည်လျားမမွှတာ ဖြစ်ပြီးစွာက သိင်္ဒဌသီ လောကဟု နာဂဥဂ္ဂါအိပ်နေရာတွင် ပြင်းစွာချုံးချုံး အောက်အထိုး၌ ချုံးချုံးဝင်လာထို့အခါ ကာလ



www.burmeseclassic.com

www.burmeseclassic.com

နဂါး နိုးကြားတဖန် လူထံဘုရား ဖြစ်ပါများဟု မြည်းတမ်းပြုမှ ထွက်ခဲ့ကြသော် စေင်လျှဆက် ၈-ဆုပ်မြက်ကို ကိုင်လျက်ထို့အခါ မဟာဗုဒ္ဓဟေ ရွှေညောင်ပင်အောက် ကြာ မြေ့ ၁ က် တု န် း လေ အလယ်ဘွေ မှာ ခွေကာဘွဲ့လျှင် ဒေါတင်ပြီး နှင့် နေဝင်ကာလ မနူ သလူ့ရွာ နတ်ပြည်စိုးစံ မင်းမှန်နတ်သား တန်ခိုးအားဖြင့် ကြီးမားမြင့်ခေါင် ၁၈-တောင်နှင့် ဆင်ပြောင် ဂီရိ မေခလာစီးလာကာဖြင့် သတ္တဝါ အပေါင်း မမျှတောင်းဘဲ သောင်း သောင်းသိမ့်သိမ့် တခြိမ့်ခြိမ့်နှင့် ထိန်ခြင်းခြင်း ထံပြင်းပစ်လွှတ် ထို့မာရ်နတ်လည်း လက်ရုံးတစ် ထောင် ဖန်ဆင်းဆောင်သော် ရွှေ ညောင်ပလ္လင် ဗောဓိပင်သို့ သခင် ရှေ့တော်ရောက်သောခါမူ ပန်းမှာ ကုက္ကား၊ မုလေးပွားသာဖြစ်လေ ရာ ထင်စွာမာန်နတ် မြင်ရလတ် သော် ဒေသထန်စွာ ပလ္လင်သာကို ငါသာစိုးပိုင် သင့်မဆိုင်ဘူး အနိုင် အတက် ဆင်းသက်လျှင်လျှင် ခုသွားနှင့်သော် -

မဟာသဗ္ဗဒ္ဓက ရွှေနူတ်ဟ၍ ညွှန်ပြသည်မှာ ဘဝဘဝ၊ ဆက် များစွာက ဒါန၊ သီလ၊ နက္ခမနှင့် များလှ့ရှည်ကြာ ဘာဝနာကမ္မ ဋ္ဌာန်း စီးဖြန်းတုံငြား သားမယား နှင့် ဆွေသားမကင်း ငါ့စွန့်ခြင်းကို ထင်လင်းဤတွင် ထိုပလ္လင်နှင့် ညောင်ပင်စောင့်သာ သိနိုင်ရာဟု မဟာသဗ္ဗဒ္ဓက ရွှေနူတ်ဟ၍ ညွှန်းပြလေသော် မြေပေါ်ဘွား ဘွား ပေါ်လာသည်လားဟု ကြီးမား အသံ ပြင်းထံချုံးလှစ် မိုးကြိုးထစ် သို့ဟစ်၍တစ်ဖန် ဝသုန္ဒြေ ဤဆံခွေ ကို ညစ်လေသောအခါ မေခလာ လည်း တုန်ကာညွှတ်ဆိုက် ဦးဖြင့် တိုက်၍ ဟိုက်ဟိုက်တုန်မျှ ချမ်းအေး လှ၍ ဒေဝစစ်သည် လှစ်၍ တစ်ဖန် တုံ့ခေါက်ပြန်လျက် ပြေးလေလတ် သော် နေဝင်ကျော်နီးဆဲဆဲကြီး တွင် ရန်မီးငြိမ်းလေ ၄ - ထွေ သစ္စာပုဒ်အာနှင့် ဉာဏ်တော် အာသဝက္ခယ အပြီးရ၍ လူရော နတ်ပါ ဗြဟ္မာမကြွင်း ဘုံခပင်းက ဝပ်ဆင်းပူဇော်ကြရာ လောက ထွန်းထား မြတ်ဘုရားဖြစ်တော်မူ ပြီးသော် ကိန်းစေန၊ မေ၊ အဓိက တံ၊ အလံဒါနိ၊ ပကာသိတုံ၊ ရာဂ ဒေါသ ပယျေသေတိ နယံ စမ်မော် သုတံ သုတော။ ။ မေမယာ - ငါဘုရားသည် ကိုးစေန၊ သင်္ချေ ၄- ရပ် တသိန်းကပ်စဉ် ငြိုးညှင်း စွာရှာဖွေမှ၊ အဓိကတံ၊ ရအပ် သော၊ ဓမ္မံ တရားတော်မြတ်ကို၊ ဒါတုံ၊ ယခုအခါ ၃-ဘုံသူအား ဟောကြားခြင်းငှာ၊ ဓမ္မော၊ ဤ သဘောတရားကို နသံဘုတော - အလွယ်တကူ မသိနိုင်ချေ။ ဟု လွန်စွာနက်နဲ၊ ရုပ်၊ နာမ်၊ ဓာတ် သဘောတွေကို ကိလေသာပြောထူ ညစ်ကြေးမြူနှင့် နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါများကို ငါ၏တရား မဟော ကြားဘဲ ငါကားကိုယ်ထီး ချမ်းသာ မှီး၍ ငြိမ်းကြီးငြိမ်းစွာ ဖိုလ်ချမ်းသာ ဖြင့် ဝင်စားကာနေတော့မည်ဟု စောထွန်းဘုန်းမြတ် ဘုရားမြတ် သည် အားလျှော့တော်မူခဲ့ပြန် လေသည်။

ထိုအခါ မိုဗြဟ္မာဟု မဟာသဟမ္ပတိ အရေးကုန်သိလေသော် (နဿတိ ဝတ်တ၊ဘော-ဘောကော့) ဘော - အို အချင်းတို့၊ လောကော- လောကကြီးသည်၊ န-သတိဝတ် တ - ပျက်စီးတော့မည်တကား ဤကဲ့သို့ ညီးတွားလျက် ဘုရား ရှင်ထံသို့ လျှင်မြန်စွာ သက်ဆင်း ၍ ရှိခိုးခြင်းအဥ္စလိ၊ အကြိမ်ကြိမ် တင်ချီလျှက် သမ်ဂီစေတနာရှိသေ ခြင်းအဖြာဖြာကို ရှေ့တော်မှာပြု ပြီးမှ (ဒေသေတု - ဘဂဝါ - ဓမ္မံ) ဘဂဝါ - ဘုန်းတော်နေဝင်း ထွန်း တထိန်ထိန် သာကိန်ထွန်းမှူး နိဗ္ဗာန် မူးအရှင်မြတ်ကို ဘုရား ဓမ္မံ အို နာသေရေး လွှတ်မြောက်ရေးကို သိမြင်ထိုးထွင်း၊ အလင်းထိန်လက် ဓမ္မစက်ကို ဒေသတု၊ သတ္တဝါများ အား ဂရုဏာရှေ့ထား၍ ဟော ကြားတော်မူပါဘုရား။ ဝတ်ထွား ကာ အတန်တန် ဤကဲ့သို့တောင်း ပန်အဖြင့် လောက ၃-ပါး တရား ဓမ္မစကြာ သြဇာမြေမြေ၊ စနေနေ့ ဖြင့် ဧဟိဘိက္ခု ခေါ်တော်မူငြား မြတ်စွာဘုရား၏ ဝါတော်အစ ပထမကား ဓမ္မစကြာဟောမြွက် ရာသည် မိဂဒါဝုန် ဝါရုံထူပြော သာသည့် တောဝယ်ရှင်စော မြတ်စွာဆို တစ်ဝါနှင့် ရာဇဂြိုဟ် ပြည့်ကြွလေသည်မူ ထူးသည့် ပုဂ္ဂိုလ် ၃-ဝါဆိုမှ ကြည်ညိုလှ စွာ၊ ဗိမ္ဗိသာလည်း သဒ္ဓါဆွဆွ တရားရ၍ ဇေ့တ ၄-ဝါ တစ်ခါ စက်ချီ အာဠဝီသို့ မမှိုပြုင်ထောက် ကိုယ်တော်ရောက်က အံ့လောက် ကြည်ညို တစ်ဝါဆိုမှ ၅-ဝါရခါ၊ လောကမျက်ရှူ သဗ္ဗညုသည် မကုဋ္ဋတောင်ဘုန်းခေါင် ကြွလေ တဝါန၍ ၆-ဝါစေ့သော်၊ ဘုန်း တော်မြတ်စွာ ဝတီသာသို့ တစ်ခါ ကြွသွား မယ်တော်အားကို တရား ဟောက ၇-ဝါတည်း၊ သက်လာ လူဌာန် သမ္ဗုဒ္ဓလျှင် သံသုမာဂီရိ ခေါ်တွင်ရှိသည် ကြီးဘိတောင်မှာ ဆိုတဝါနှင့် ရှစ်ဝါမြောက်က ကြွ ခဲ့သေက်ချီ ကောသမ္ဗီသို့ ကပ်မှီ ပျော်ကို ရှင်စောမြတ်စွာ ဆိုတစ်ဝါ နှင့် ၁၀-ဝါစေ့မြောက်၊ မြတ် ဘုန်းတောက်လျှင် ကြရောက်တုံ က နာဠူပြည်သာ၊ ပုဏ္ဏားရွာဦ တခါရှင်ချစ် ဝါဆိုလစ်သော် ၁၁-ဝါရ ဝေရဉ္ဇသို့ ပြန်ကြွတုံလေ တဝါနေ သော် တွက်ရေသီသာ ၁၂-ဝါနှင့် ဇာလီယတောင် ဘုန်းခေါင်ကြွ လေ တဝါနေသော် တွက်ရေ၁၃- ပြည့်ပြီးဆုံးမှ ဘုန်းကြီးလှစွာ ဘဂဝါလျှင် သာဝတ္ထိပြည်ကြွလေ သည်မူ ထူးသည်သာလွန် ဇေတဝန် ၌ မြတ်မွန်ပုဂ္ဂိုလ် ဝါဆိုတုံပါ ၁၄ဝါ နှင့် မဟာသကျ ကပိလသို့ ကြွခဲ့ ရောက်လာ နိုရောဓါဝယ် တဝါဆို လေ တွက်ရေသီသာ ၁၅-ဝါနှင့် တခါစက်ချီ အာဠဝီသို့ ကပ်မှီတုံ မြောက် ၁၆-နှစ်ဝါစေ့သောအခါ လျှင် စကြာအလို ရာဇဂြိုဟ်သို့ ပုဂ္ဂိုလ်များ မင်းရောက်ပြန်လျှင် က ရပ်တင်းမှီခို ဝါဆိုတော်က ကြည်ညိုဖွယ်ရာ ဝါ ၁၇-နှစ်ပြည့် သည်ဖြစ်၍ ရှင်ချစ်မြတ်စွာ ဇာလီ ယသို့ ကြွပြန်တုံလေ တဝါနေက ထွက် လေစီစစ်ဝါ ၁၈-နှင့် ဖြစ်ခဲ့ တန်တန် မြတ်စွာပုဂ္ဂိုလ်သို့ မှီခိုတုံ လာ ၂-ဝါထပ်မျှ ရေတွက်ကြမူ မြင်က သိလွယ် ဝါ ၂၀-တည်း။

ဘုန်းကြွယ်မြတ်စွာ သာဝတ္ထိ တောင် ကျောင်းဆောက်ဗိမာန် ဇေတဝန်နှင့် မြတ်မွန်လူဆွေ အမြဲ နေ၍ ဆိုလေသည်မှာ ၁၈-ဝါ တည်း။ ။

ပုဗ္ဗာရုံကျောင်း သာစည်တော်



www.burmeseclassic.com

www.burmeseclassic.com

# မကွေးမြင့်သန်း
# ပျားရဲယိုအစွမ်းအံ့မခန်း



ဦးလေးငြိမ်းနှင့် စာရေးသူ သိရှိသည်မှာ ဆယ်နှစ်ကျော်မျှကြာမြင့်ပြီဖြစ်သည်။ စတင်သိရှိသည်မှာ ၂၀၁၇ ခုနှစ်က စာရေးသူ၏ အစ်ကိုအရင်းဖြစ်သူ ဦးထွန်းကျော်၏ ဇွန်ဖူးပွင့်ကဖေးဆိုင်ဖွင့်ပွဲတွင် စတင်တွေ့ဆုံသိရှိခြင်း ဖြစ်ပါသည်။ ဦးလေးငြိမ်း၏အမည်ရင်းအပြည့်အစုံမှာ ဦးအောင်ငြိမ်းဖြစ်ပြီး မကွေးမြို့ ကန်သာရပ် (၁၃) လမ်းတွင် နေထိုင်ပါသည်။ စာရေးသူအစ်ကိုကြီး၏ ဇွန်ဖူးပွင့်ဆိုင်မှာ ကန်သာဈေးကြီးအနီး ဗန္ဓုလပင်လမ်းနှင့် (၁၂) လမ်းထောင့်တွင် တည်ရှိပါသည်။

နေ့စဉ် နံနက်တိုင်းဆိုသလိုပင် ဦးလေးငြိမ်းတစ်ယောက် ဆိုင်သို့ လမ်းလျှောက်လာပြီး နွားနို့ပုံမှန်လာသောက်လေ့ရှိပါသည်။ ရင်းနှီးမှုတစ်စတစ်စရှိလာ၍ တစ်ယောက်အကြောင်းတစ်ယောက် သိရှိကြပြီး ဆွေမျိုးရင်းချာပမာ ခင်မင်ရင်းနှီးခဲ့ကြသည်။ တွေ့တိုင်းလည်း တရားဓမ္မအကြောင်း၊ ကျန်းမာရေးအကြောင်းများသာပြောဖြစ်ကြသည်။ ဦးလေးငြိမ်း၏ အဓိကပုံမှန်အလုပ်မှာ နေ့စဉ်နံနက်စောစောနှင့် ညဦးပိုင်း ည (၈) နာရီမစတင်၍ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော ဝိပဿနာအလုပ်ပေးတရားများနာကြားပြီး တရားထိုင်ပါသည်။ တရားစခန်းများရှိပါက တရားစခန်းသို့ အမြဲဝင်လေ့ရှိပါသည်။ မိုးကုတ်ဝိပဿနာတရားရိပ်သာကြီးမှာ မကွေးမြို့ မြင်သာရပ် သစ္စာလမ်းမကြီးနှင့် မဲထီးလမ်းမကြီးလမ်းဆုံမြောက်ဘက်တွင် တည်ရှိပါသည်။ ဦးလေးငြိမ်းတရားစခန်းဝင်သော်လည်း မကြာခဏဆိုသလို အသက်ရှူမဝ၊ ရင်ကျပ်ခြင်း၊ ချောင်းခြောက်ဆိုးခြင်းနှင့် အမောဖောက်လေ့ရှိပါကြောင်း စာရေးသူကိုပြောပြပါသည်။ စာရေးသူကလည်း ဦးလေးဦးအောင်ငြိမ်းနည်းတူ ရောဂါဝေဒနာခံစားရကြောင်း၊ အသက်ရှူကျပ်ပါက ဗင်တိုလင်အာဖျန်းဆေးကိုပါးစပ်ဖြင့် ရှူရှိုက်မှ အသက်ရှူချောင်သက်သာကြောင်း ပြန်ပြောပြသည်။

စာရေးသူပြောပြသည်ကို နားထောင်ရင်း ဦးလေးငြိမ်းက -

“ဆရာဦးမြင့်သန်းကိုပြောရဦးမယ်။ ဒီတစ်ပတ်တရားစခန်းဝင်ရတာ အရင်ကလိုမဟုတ်တော့ဘူး။ အသက်ရှူမဝတာ၊ ရင်ကျပ်တာ၊ မောတာလုံးဝမရှိတော့ဘူး။ ဟောဒီ ပျားရည်နဲ့ ရဲယိုမှုန့်ရောထားတဲ့

ဝယ် ရှင်ကောင်းပုဂ္ဂိုလ် ၆-ဝါဆို၍ မက်ဖိုလ်ဆွတ်ချေး ၃-လူဆွေလျှင် ဝေဠုဂါမဥယျာဉ်မှ၌ နောက်မှတဝါ ပြည်သာဝတ္တိ ရပ်သီထိုတွင် မုန်ထွင်ချာ နေ့ပျော်ရာသည် ဝါ ၂၅ - ပေါင်း တုံပြားမှ မြတ်စွာဘုန်းကြွယ်ချမ်းသာ ကယ်၍ (၄၅) ဝါ ရောက်သည်ခါဝယ်၊ ဝဿဝတ္တိပိုင်နင်း မာန်နတ်မင်းသည် ရှင်ရင်းမြတ်စွာ အစိန္တေယျာအား (၃) လောကထွင်ရှား သဗ္ဗညုမြတ်စွာဘုရား၊ ပရိနိဗ္ဗာန်စံပါရန် အခါတန်ပါ၍ တောင်းပန်လျှောက်ထားသောအခါ ၃-လောကထွင်ရှား သဗ္ဗညုမြတ်စွာဘုရား၊ ပရိနိဗ္ဗာန်စံပါရန် အခါတန်ပါ၍ တောင်းပန်လျှောက်ထားသောအခါ ကောင်းပြီးမာန်နတ် မစိုးလတ်နှင့် ရက်မှတ်နေ့ဝတိ၊ တြိမာသ ၃-လကြာတွင် နိဗ္ဗာန်ဝင်အံ့၊ မြတ်ရှင်ဇိနော် မိန့်ခွန်းမာသော်၊ လှုပ်ထင်လျှင် ပွဲတင်ခတ်ဟီး တောင်ကြီးမြင့်မိုရ်ပြိုကွဲမတတ်လျှပ်စစ်ထိန်ဝါ ဥက္ကါပျံသန်း မြတ်ကိုယ်တော်မှာ ၆-ရောင်လျှမ်းသော် ခွဲခြားစိတ်ဖြာ သိလိုပါ၍ အာနန္ဒာထေရ်လျှောက်ဦးချိုသော် ညီတော်မဟာအာနန္ဒ ထွန်းစဆီမီးငြိမ်းအံ့နည်းသို့ ဤနည်းပမာ ဗုဒ္ဓငါလျှင် နိဗ္ဗာန်ဝင်မည်၊ ဝဿဝတ္တိပိုင်နင်း မာရ်နတ်မင်းအခွင့်တောင်းသည်ကို ခွင့်ပေးလတ်၍ မဖြစ်ဘူးမြဲ ထူးကဲနိမိတ် တိတ်ဟိတ်သြဘာ မိန့်ခွန်းဖြာသော် ကိုယ်တော်ဘုရား ညီနန္ဒာကို ပစ်ခွာထား၍ ကြွသွားနိဗ္ဗာန် မစံသင့်ပါ၊ မဂ်ဖိုလ်ချမ်းသာကို ပေးပါရန် အကြောင်းလိုက်လိုက် ဖိုဖိုရှိုက်ရှိုက်ငိုကာ တောင်းပန်ရာတွင် အကြောင်းမဟုတ် ဗုဒ္ဓ ၅-တန်လမ်းမှန်ဓမ္မတာ မဆန့်သောဟု မိန့်တော်မူ၍ မွေးကြူလှစွာ ရွှေကြာကမုဒ် နှုတ်တော်ဖွင့်လှစ် ညီချစ်မဟာအာနန္ဒာ ငါနိဗ္ဗာန်ခွင်ဝင်၍ မျှားမကြာမှီ အရဟတ္တဖိုလ်ပေါက်လိမ့်မည်ဟု ချီးမြှောက်မိန့်ကြား ဗျာဒိတ်ထား၍ မြတ်စွာဘုန်းလူ ကြွယ်တော်မူတော် စုန္ဒသူဌေး လှူဒါန်းပေးသည် ဝက်ပျို့ဆွမ်းမြတ်ဘုဉ်းပေးလတ်ခါ ကြွလှမ်းလာသော် ကုသိနာရုံအင်ကြင်းစုံဝယ် ရွှေမံမော်ကြ ပုလဲစီမြွာရတနာညောင်စောင်းထက် ပေါ်လျောင်း၍ အပေါင်းသတ္တဝါဝေနေယျာအား (အပ္ပမာဒေန၊ သမ္ပါဒေထ) ဟောကြား ဒေသနာချိုသာမြိုက်အေး တိုက်ရေကျွေး၍ ဘေးမယ့်တဖြာ တစ်ခါရောက်က တစ်ခေါက်မပြန် ပြည်နိဗ္ဗာန်သို့ ကြွသွားတော်မူသော် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အဟံ (xxx) ဟု အမည်သမုတ် အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ ၁၀၈-ကွက် ခြေတော်စက်ကို နဖူးဦးတိုက် ပူဇော်ရှိကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့အပ်ပါသည်ဘုရား။

[မူရင်းအတိုင်း ဖော်ပြထားပါသည်။]

ပန်းချီတင်အောင်မိုး ([illegible])



www.burmeseclassic.com

www.burmeseclassic.com



ပျားရဲယိုဆေးသောက်တဲ့နေ့ကစပြီးတော့ ထွက်လိုက်တဲ့သလိပ်တွေ အလိပ်လိုက် အလိပ်လိုက်ပဲ။ သလိပ်တွေထွက်သွားတော့ အရင်လိုအသက်ရှူမကျပ်တော့ဘူး။ ဆီးဝမ်းလည်းအောင့်တာ၊ ချုပ်တာ လုံးဝမရှိတော့ဘူး။ ပေ့ါပေ့ါပါးပါးပုံမှန်ပဲ”

ပြောပြရာ စာရေးသူက -

“ပျားရဲယိုဆေးနည်းကိုဘယ်ကရတာလဲ။ ဖော်စပ်ပုံ၊ သုံးစွဲပုံပြောပြဦး”

ပြောရာ ဦးလေးငြိမ်းက -

“အစပထမတော့ ကျွန်တော်ဆေးပေါင်းစုံပဲသောက်တာပဲ မပျောက်ဘူး။ တရားစခန်းမှာ ကျွန်တော် ရင်ကျပ်၊ ချောင်းဆိုး၊ အမောဖောက်တာ ချွေးသီးချွေးပေါက်ကျတဲ့အထိ ရောဂါဝေဒနာခံစားနေရတာကိုကြည့်ပြီး ကျွန်တော်နဲ့ သက်တူရွယ်တူ အသက်ရှစ်ဆယ်နားကပ်နေပြီဖြစ်တဲ့ မိုးကုတ်ဓမ္မမိတ်ဆွေကြီး ဦးချစ်လှိုင် (ဒု-ဥက္ကဋ္ဌ) က ဆရာကြီးဦးအောင်ငြိမ်း၊ ခင်ဗျားလည်း ကျွန်တော့်လို ရောဂါဝေဒနာခံစားနေရတာပဲ။ ဟောဒီ ပျားရဲယိုဆေးစား။ တစ်နေ့ကို လက်ဖက်စားဇွန်းနဲ့မောက်မောက် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ်စားပေး၊ ဆေးစားပြီး ရေဝဝသောက်ဆိုကာ ဆေးဒါနပြုလို့ ဦးချစ်လှိုင်ပြောသလို ဆေးစားခဲ့တယ်။ တစ်လပြည့်အောင်မစားရဘူး။ အခုဆိုတရားအေးအေးဆေးဆေးရှုမှတ်ပွားများနိုင်တယ်။ အရင်ကလို အသက်ရှူကျပ်တာ မောပန်းတာ လုံးဝမရှိတော့ဘူး”

“ဆရာ ဦးမြင့်သန်းအတွက် ပျားရဲယိုဆေးယူလာတယ်။ယုံယုံကြည်ကြည်စားပါ။ စိတ်ချသောက်ဒိဋ္ဌပျောက် ဆိုရိုးစကားကို လက်တွေ့ကိုယ်တွေ့ပျောက်တာမို့ ခုလိုဇီဝိတဒါနပြုတာပါ”

ဟူ၍ ပျားရဲယိုဆေးပေးပါသည်။

စာရေးသူ ပျားရဲယိုဆေးပုံမှန်စားခဲ့ရာ ဦးလေးငြိမ်းပြောသလို လက်တွေ့ပျောက်ကင်းခဲ့ပါသည်။

စာရေးသူက ဓမ္မမိတ်ဆွေကြီး ဦးအောင်ငြိမ်းအား ဆေးဖော်စပ်ပုံကို မေးရာ ဦးလေးငြိမ်းက -

“ဆေးဖော်တာ မခက်ပါဘူး။ အမိက ရဲယိုသီး၊ ရဲယိုသီးအလုံးကြီးကြီး (ရွှမ်းပြွင်း) ကို ဓားနှင့်လက်ညှိုးတစ်ဆစ်စာအရွယ်လှီး၊ လှီးထားတဲ့ရဲယိုတွေကို နေပူလှန်း၊ ခြောက်အောင်လှန်း၊ ပြီးရင် အမှုန့်ကြိတ်။ကျွန်တော်က သံဆုံနဲ့ထောင်းတာ။ ရဲယိုမှုန့်အနည်းဆုံးအစိတ်သားရရင် ပျားရည်ကို ပုလင်းသန့်သန့်မှာထည့်၊ ပျားရည်ပေါ်ကနေ ရဲယိုမှုန့်ထည့်၊ သမအောင်မွှေ၊ နောက်ပျားရည်ထည့်။ ပြီးရင် အမှုန့်ထည့်။ သမအောင် နာနာလေး စတီးဇွန်းနဲ့မွှေပေး။ ရဲယိုခြောက်ကို လက်နဲ့ထောင်းရတာ အစေ့မကြေဘူး။ သံဆုံနဲ့ထောင်းရတာ အချိန်ကုန်၊ လက်ညောင်းတာမို့ နောက်ပိုင်း ဆေးဖော်တဲ့အခါ အမှုန့်ကြိတ်စက်မှာသွားကြိတ်တယ်။ အစေ့လည်းမှုန့်သွားတာပဲ။ ရဲယိုသီးများများရအောင်လုပ်ပြီး ကျွန်တော်ပြောသလို အမှုန့်ပြုပြီး စုဆောင်းထား။ လိုအပ်တဲ့အချိန်မှာ ပျားရည်နဲ့အတူရောမွှေ ဆေးဖော် ကိုယ်တိုင်လည်းသုံး၊ ဇီဝိတဒါနလည်းပြုပေ့ါဗျာ”

ဟု ပြောပြပါသည်။

မြန်မာတိုင်းရင်းဆေးပညာကျမ်းတွင် ရဲယိုသီးနှင့် ပတ်သက်၍ ရေးသားထားသည်မှာ ရဲယိုပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည့် အပင်ငယ်မျိုး ဖြစ်သည်။ ပင်စည်ဖြောင့်တန်းသည်။ အခေါက်မှာ ချောမွေ့သည်။ အရွက်မှာ ရွက်နားညီပြီး လှိုင်းတွန့်အနည်းငယ်ရှိပြီး အရောင်မှာ အစိမ်းရင့်ရင့်ဖြစ်ကာ ကြီးမားတောက်ပြောင်ပါသည်။ အသီးမှာ အဖြူရောင်ဖြစ်ပြီး အသီးမှာ ရှည်မျောမျောပုံစံ ပြောင်ချောသည်။ အစေ့မာပြီး အစေ့များမှာပျစ်ခွဲခွဲဖြစ်သည်။

ရဲယိုသီးကို အချို့ကအစိမ်းလိုက်ကိုက်စားသလို အချို့က ထန်းလျက်ဖြင့် ပေါက်စားကြသည်။ ရဲယိုသီးကို စားသုံးခြင်းဖြင့် ပျောက်ကင်းသောရောဂါများမှာ ပန်းနာရင်ကျပ်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ အာရုံကြောနှင့် ဆီးရောဂါများ ပျောက်ကင်းပါသည်။

ထို့ပြင် ရဲယိုသီးကိုစားသုံးခြင်းဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ပျောက်ကင်းပါသည်။ တစ်နည်းအားဖြင့် ရဲယိုသီးဖြင့်ဖော်စပ်သောဆေးသည် အသက်ရှည်နိုပျိုဆေးဆိုက မမှားပါ။ အချို့ ပန်းနာရောဂါ၊ ရင်ကျပ်ရောဂါရှိသူများက ရဲယိုရွက်လက်တစ်ဆုပ်နှင့် ဘဲဥကို နှမ်းဆီစစ်စစ်သန့်သန့်ဖြင့်ကြော်စား၍ ရောဂါပျောက်ကင်းကြောင်းကို လေ့လာသိရှိရပါသည်။

ပျားရဲယိုဆေးကား ဆေးအမယ်လုံးဝမများ။ ရဲယိုသီးနှင့် ပျားရည်နှစ်မျိုးဖြင့်သာ ဖော်စပ်ရ၍ လွန်စွာမှလွယ်ကူပါသည်။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပျားရဲယိုဆေးအစွမ်း အံ့မခန်းသည် သတင်းပျံ့နှံ့သလို ပျားရဲယိုဆေးစားသုံးသူတိုင်းလည်း ဤဆောင်းပါးပါရောဂါများ ပျောက်ကင်းကြောင်း သိရှိကြဖို့ ဖြစ်ပါသည်။ ဤဆေးနည်းကိုပေးသည့် ဦးချစ်လှိုင်နှင့် ဆေးဖော်စပ်ပုံမခြွင်းမချန်ပြောပြသည့် ဓမ္မမိတ်ဆွေကြီး ဦးအောင်ငြိမ်းတို့ကို အထူးလေးစားကျေးဇူးတင်မိပါကြောင်းနှင့် အားလုံး အသက်ရှည်ကျန်းမာစေကြောင်းစေတနာကောင်းဖြင့် သူရဋ္ဌမဂ္ဂဇင်းကြီးမှ ရေးသားဖော်ပြလိုက်ပါသည်။

မကွေးမြင့်သန်း



www.burmeseclassic.com

www.burmeseclassic.com



# မင်းသန့်ကျော်
(ဒိုးကုန်း)

# လယ်စောင့်တဲလေး သက်သေတည်

လင်းရောင်ခြည်ကလေးသန်း လာပြီ ဖြစ်၏။

ရဲဝင်းသည် အိပ်ရာမှထလိုက်ပြီး မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး သနပ်ခါးသွေးလေ၏။ မိခင်ကြီးလိမ်းရန် အတွက် သနပ်ခါးကို နံနက်တိုင်းသူသွေး ပေးနေကျဖြစ်၏။ သူသနပ်ခါးအနည်း ငယ်ကိုယူ၍မျက်နှာတွင်ပွတ်လိုက်သည်။ သနပ်ခါးကို ကလေးဘဝကတည်းက လိမ်းလာရာ ယခုလူပျိုလေးဖြစ်သည်ထိ မလိမ်းရမနေနိုင်ချေ။

ထို့နောက် ရဲဝင်းသည် အမေ ကြော်ပေးသော ထမင်းကြော်ကို ရေနွေး ကြမ်းဖြင့် စားသောက်လေ၏။

ရဲဝင်းအမေ ဒေါ်လှညွန့်သည် နံနက်(၄)နာရီတွင်အိပ်ရာမှထ၍ ဘုရား ဆွမ်းတော်ကပ်ရန် ဆွမ်းချက်နေကျဖြစ် ၏။ ဆွမ်းကျက်သောအခါ ဘုရားဆွမ်း တော်ကပ် ဘုရားရှိခိုးပြီး အမှု အတန်းပေးဝေကာ သားစားရန် အတွက် ထမင်းကိုကြော်လေ သည်။

ရဲဝင်းတို့သားအမိသည် လွန်ခဲ့ သောနှစ်က ရဲဝင်းအဖေကွယ်လွန်ပြီး ချိန်မှစ၍ သားအမိနှစ်ယောက်နေလာခဲ့ ကြ ၏။

ရဲဝင်းသည် ပညာရေးကိုဆုံးခန်း တိုင်အောင် မသင်လိုက်ရ။ (၈) တန်းနှင့် ကျောင်းထွက်ရပြီး မိခင်ကြီးနှင့်အတူ ရရာအလုပ်ကိုလုပ်ကိုင်လေသည်။ မိခင် ကြီးသည် အိမ်ဆိုင်ကလေးဖွင့်ထား၏။

ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်မှ စ၍ အခြေခံစားကုန်များကို ရောင်းလေသည်။

ရဲဝင်းသည် တော အလုပ်များဖြစ်သော ပဲ နုတ်ချိန်တွင် ပဲအငှား လိုက်နုတ်၏။ ရိတ်ပြီး စပါးများသယ်ချိန်တွင် လည်းစပါးသယ်၏။ အခြား အလုပ်လေးများရှိလျှင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

လည်း လုပ်ကိုင်၏။ လယ်သူရင်းငှား အလုပ်ကိုတော့ မကျွမ်းကျင်သေးသဖြင့် မလုပ်ချေ။ သို့သော် မိမိတို့ရွာထဲမှ ဦးစံကြီး၏လယ်(၁၀)ဧကတွင် သူရင်းငှား လုပ်ကိုင်နေသော ကိုမောင်မြနှင့် တွဲဖက်ကာ လယ်ထဲသို့ ထမင်းပို့ခြင်း၊ နွားကျောင်းခြင်း၊ မြက်ရိတ်ခြင်း စသော အလုပ်များကိုလုပ်လေသည်။

ဦးစံကြီးတွင် ခိုင်းနွားကြီး (၄) ကောင် မွေးထားလေသည်။ ထိုနွားကြီးများစားရန်မြက်ကို ရဲဝင်းရိတ်ရ၏။

"သားလေးရေ သွားတော့လေ၊ တော်ကြာနေမြင့်နေမယ်"

"ဟုတ်ကဲ့-အမေ၊ သားသွားတော့မှာပါ"

ရဲဝင်းသည် မြက်ထမ်းခြင်းများကို ထမ်းပိုးတွင်လျှိုပြီး တံစဉ်ကိုခြင်း၌ချိတ်ကာ ခမောက်ကလေးဆောင်းပြီး မြက်ရိတ်ထွက်လာခဲ့လေသည်။

သူတို့ရွာနှင့် မနီးမဝေးတွင် တောစပ်ကလေးရှိ၏။ ထိုတောစပ်ကလေးတွင် မြက်များပေါများစွာပေါက်ရောက်လေသည်။ ထိုနေရာမှမြက်များကို ရဲဝင်းရိတ်နေကျဖြစ်လေသည်။ ယခုလည်း တောစပ်ကလေးရှိရာသို့ ရှေးရှုထွက်လာခဲ့လေ၏။

လမ်းတွင် ရွာထဲမှ မိန်းမပျိုလေး (၂) ယောက်သည် ရဲဝင်းနှင့်မျက်နှာချင်းဆိုင်မှလာနေကြောင်းတွေ့ရ၏။ သူတို့လက်ထဲတွင်မှ ဆင့်ချိုင့်များဆွဲလာလေသည်။

တစ်ဦးက -

"ရဲဝင်းမြက်ရိတ်သွားမလို့လား"

"ဟုတ်တယ်-လှလှဝေနဲ့မခင်ထွေးတို့ဘယ်ကပြန်လာသလဲ"

"ဘုန်းကြီးကျောင်းကို အရုဏ်ဆွမ်းပို့တာပါ"

တစ်ဦးက -

"ရဲဝင်းတို့များ အလုပ်ကိုကြိုးစားလိုက်တာ။ အစောကြီးရှိသေးတယ်"

"ဒီလိုပေါ့ဟာ၊ မရှိတဲ့လူက ဝီရိယပိုထားရတယ်တဲ့"

"ဟုတ်ပါသတဲ့ရှင်၊ သားအမိနှစ်ယောက်အပြင် အပိုကျွေးထားရမယ့်သူလည်းမရှိဘဲနဲ့"

"အခုမရှိပေမယ့် နောင်ရှိချင်ရှိလာမှာပေါ့ဟ"

"ဟင်း-နင်ဘယ်တော့မှရှိလာမှာမဟုတ်ဘူး"

"တော်ကြပါတော့ဟာ၊ စကားနိုင်လုမနေကြပါနဲ့။ ရဲဝင်း၊ သွားမယ်နော်"

"အေးအေး"

ရဲဝင်းသည် ပညာကိုသာဆုံးခန်းတိုင်မသင်လိုက်ရသော်လည်း ရုပ်ကလေးသနားကမားရှိကာ လူချစ်လူခင်ပေါများလေသည်။ ရွာထဲမှ မိန်းမပျိုကလေးများက ရဲဝင်းကို လိုလိုလားလားဆက်ဆံကြ၏။ သို့သော် ရဲဝင်းသည် မိမိအခြေအနေကို မိမိအသိဆုံးဖြစ်၍ ဘာဘာညာညာတွေကို မစဉ်းစားချေ။ မိန်းကလေးများနှင့် သူငယ်ချင်းလိုမောင်နှမလိုဆက်ဆံလေ့ရှိလေသည်။

ရဲဝင်း ဆက်ထွက်လာသောအခါ မိန်းမပျိုကလေးများက ရဲဝင်းနောက်ကျော်ကို သမင်လည်ပြန်ကြည့်ကာ ကျန်ရစ်ကြလေသည်။ ရဲဝင်းကတော့ ဘာမှမသိ မြက်ရိတ်ရန်ကိုသာ စိတ်စောနေလေသည်။

မကြာမီ တောစပ်ကလေးသို့ ရောက်လာ၏။

မြက်ပေါသောနေရာတွင် မြက်ထမ်းခြင်းကိုချကာ မြက်များကို တံစဉ်ဖြင့်စတင်လိုက်လေ၏။

မြက်ထမ်းခြင်းတစ်ခြင်းပြည့်သွားသောအခါ ရဲဝင်းသည် မိမိရှေ့တွင် ရပ်နေသော ခြေထောက် ဖွေးဖွေးလေးတစ်စုံကိုမြင်ရ၏။ မော့ကြည့်လိုက်သောအခါ သူ့ကိုပြုံး၍ကြည့်နေသော လှပချောမောသည့်မိန်းမပျိုလေးတစ်ယောက်ကိုမြင်ရလေသည်။

မိန်းမပျိုလေးသည် လက်ထဲတွင် ပန်းပွင့်များကိုကိုင်ထား၏။

ထိုမိန်းမပျိုလေးကို ရဲဝင်း ယခင်က မမြင်ဘူးချေ။

မိမိကစတင်နှုတ်ဆက်မှသင့်တော်မည်ဟုစဉ်းစားကာ -

"ညီမကဘယ်ရွာကလဲ"

မိန်းမပျိုလေးသည် ပြုံးလိုက်၏။ ပြုံးလိုက်သောအခါ ပါးချိုင့်ကလေးများပေါ်လာပြီး အလွန်ချစ်စရာကောင်းကြောင်း တွေ့ရ၏။

"ညီမက ဟိုဘက်ရွာကပါ အစ်ကိုရဲ့။ မနေ့ကမှ ညီမတို့လယ်ထဲကို ပြောင်းလာကြတာ။ လယ်စောင့်တဲလေးထိုးပြီးနေကြမလို့ပါ"

"ဒါနဲ့ ညီမက ဘယ်သူတွေနဲ့နေသလဲ"

"အဖေရောအမေရောရှိပါတယ်။ သူတို့က ဟိုဘက်ရွာက လယ်ပိုင်ကြီးတစ်ဦးဆီမှာ အလုပ်လုပ်တယ်လေ။ ဒီရွာနားမှာ သူပိုင်တဲ့လယ်တွေရှိသေးလို့ ညီမတို့ကိုလွှတ်ပြီးနေခိုင်းတာပါ"

"ညီမအဖေက လယ်ပိုင်ရှင်ဆီမှာ အလုပ်လုပ်သလား"

"အဖေကလယ်ပိုင်ရှင်ရဲ့လယ်တွေကို ကြီးကြပ်လုပ်ကိုင်ရတယ်။ ဟိုဘက်ရွာကလယ်တွေပြီးသွားလို့ ဒီဘက်ရွာနားကလယ်တွေလုပ်ရအောင်ပြောင်းလာကြတာပါ"

"ဪဪ - ဒါနဲ့ညီမနာမည်ဘယ်လိုခေါ်သလဲ"

"လှယမင်းလို့ခေါ်ပါတယ်"

"နာမည်နဲ့လူနဲ့လိုက်တယ်ကွာ"

"ရှင်"

"ဪ - နာမည်က လှယမင်း၊ လူကလည်း ယမင်းရုပ်ကလေးလို လှလိုက်တာ။ အဲဒါကိုပြောတာပါ"

"ဒါနဲ့ အစ်ကို့နာမည်ပြောဦးလေ"

"ဟုတ်သားပဲ၊ ရဲဝင်းလို့ခေါ်တယ်"

"အစ်ကိုလည်း နာမည်နဲ့လူနဲ့လိုက်တာပဲ"

"ဘာပြုလို့လဲ"

"အသားကလေးက ဖြူဝင်းနေတာပဲ။ လူကလည်း ရဲရင့်ပုံပေါ်တယ်။ ဒါကြောင့် နာမည်နဲ့လူနဲ့လိုက်တယ်လို့ပြောတာပါ"

ထိုစဉ် မိုးများအုံ့ဆိုင်းလာကာ မိုးဖွဲကလေးများကျလာလေတော့သည်။

လှယမင်းသည် အနီးရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ မိုးခိုရန်ဝင်သွားလေသည်။

မိုးသည် တဖွဲဖွဲရွာနေမှ ကြီးလာကာအဆက်မပြတ်ရွာလေ၏။

လှယမင်းသည် အင်ပင်တစ်ပင်မှ အင်ဖက်ကြီးတစ်ရွက်ကိုခူးကာ ကတော့ထိုး၍ ခေါင်းတွင်စွပ်ထားလေသည်။ ရဲဝင်းကတော့ ခမောက်ဆောင်းထားသဖြင့် တော်ရုံတန်ရုံမိုးလောက်တော့ လုံလေသည်။

"လာ အစ်ကို၊ မိုးကစဲမှာမဟုတ်ပေဘူး။ ညီမတို့လယ်စောင့်တဲလေးကိုသွားရအောင်"

ယခင်ကလည်း ရဲဝင်း မြက်ရိတ်နေစဉ် မိုးရွာသည်နှင့် ကြုံဖူး၏။ မိုးထဲရေထဲတွင် မြက်ကိုဆက်ရိတ်ကာ မိုးထဲရေထဲမှာပင် မြက်ထမ်းခြင်းကိုထမ်းပြီးပြန်လေ့ရှိ၏။

ယခုမူ လှယမင်းခေါ်ရာနောက်သို့ လိုက်ချင်စိတ်ပေါ်နေလေသည်။

"လာပါ အစ်ကိုရဲ့၊ သွားရအောင်"

ရဲဝင်းသည် မြက်ထမ်းခြင်းများကို ထားခဲ့ပြီး လှယမင်းခေါ်ရာနောက်သို့ လိုက်ပါသွားလေသည်။

www.burmeseclassic.com

မိုးသည်သဲသဲမဲမဲရွာနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးမိုးကန့်လန့်ကာကြီးလွှမ်းခြုံထားကာ သစ်ပင်များ၊ သယ်ကွင်းများသည် မိုးရေထဲတွင်မှုန်ဝါးဝါးဖြစ်နေ၏။

ထိုစဉ် လှယမင်းတို့ တဲကလေးသို့ရောက်လာလေသည်။

တဲကလေးခေါင်းရင်းတွင် အလွန်ကြီးမားသော သခွတ်ပင်ကြီးတစ်ပင်ရှိ၏။ သခွတ်ပင်၏ အကိုင်းအရွက်တို့က တဲကလေးကို မိုးဒဏ်လေဒဏ်တို့မှ ကာကွယ်ပေးထားသကဲ့သို့ရှိလေသည်။

လှယမင်းသည် ဆောင်းလာသော အင်ဖက်ကတော့ကြီးကိုချွတ်လိုက်၏။

ရဲဝင်းသည် တဲကလေးအတွင်းသို့ ငုံ့ဝင်ကာ ဆောင်းလာသော ခမောက်ကို ချွတ်လိုက်သည်။

ထိုစဉ် တဲအတွင်းမှ အဒေါ်ကြီးတစ်ဦးထွက်လာလေသည်။

အဒေါ်ကြီးသည် အရပ်ရှည်ရှည်၊ အသားမည်းမည်းနှင့် မျက်ပေါက်ကျဉ်းကာ ရယ်လိုက်လျှင် ကျိုးတိုးကျဲတဲပေါက်နေသောသွားများကြောင့် ကြည့်ရဆိုးလေသည်။

"ဩော် - သမီးပြန်လာမှုကိုး။ ဘုရားတင်ဖို့ ပန်းသွားခူးတာ ကြာလိုက်တာသမီးရယ်"

"ကြာဆို ဘုရားပန်းခူးရင်း တောစပ်နားရောက်သွားတာ ဒီက ကိုရဲဝင်းနဲ့ တွေ့နေလို့ စကားပြောနေကြတာပါ"

"ဩော် - လာလေ လူကလေး၊ ထိုင်ကွယ် မိုးရေတွေလည်းရွဲလို့ပါလား"

"ရပါတယ် အဒေါ်၊ တော်ကြာ ခြောက်သွားမှာပါ"

လှယမင်း၏ မိခင်သည် စားစရာများနှင့် ရေနွေးဇန်းကိုလာချ၏။

"ရေနွေးပူပူကလေးသောက်လိုက်၊ မုန့်တွေလည်းစားကွယ်"

"ဟုတ်ကဲ့-အဒေါ်"

ထိုစဉ် လှယမင်း၏ဖခင်ရောက်လာလေ၏။ သူသည် တဲထဲဝင်လာ၏။

လှယမင်း၏ဖခင်ဆိုသူမှာလည်း အသားမည်းမည်း၊ မျက်စိတစ်ဖက် ဟောက်ပက်ဖြင့် ပါးတွင်ကန့်လန့်အမာရွတ်ကြီးရှိကာ မျက်နှာတည်တည်ကြီးနှင့်ဖြစ်၏။

ဤမျှအရုပ်ဆိုးသော မိဘများမှ လှယမင်းကဲ့သို့ အလွန်ပြေပြစ်ချောမောသူကလေးကို မွေးထုတ်ထားခြင်းကို ရဲဝင်း အံ့အားသင့်နေလေသည်။

"လယ်ထဲမှာ ကန်သင်းတွေပြိုပြင်နေရတာ။ ဩော် - ဧည့်သည်ရောက်နေသကိုး"

"ဟုတ်ကဲ့ အဖေ၊ ဟိုဘက်ရွာကပါ။ နာမည်က ကိုရဲဝင်းတဲ့။ မြက်ရိတ်လာရင်း သမီးနဲ့တွေ့ပြီးခေါ်လာတာပါ။ မိုးခိုရအောင်ခေါ်လာတာပါ"

"အေးအေး- ဦးတို့ကဒီမှာဒီတစ်မိုးတွင်းတော့နေကြဦးမှာ။မကြာမကြာလာပေါ့ကွာ"

"ဟုတ်ကဲ့ ခင်ဗျာ"

လှယမင်း၏ ဖခင်သည် ထိုမျှသာပြောပြီး အတွင်းသို့ဝင်သွားလေသည်။ မိုးလည်းစဲသွားပြီဖြစ်၍ ရဲဝင်းကပြန်ရန်ထလိုက်သည်။

"အစ်ကိုပြန်မယ်နော်၊ နောက်နေ့မှတွေ့ကြမယ်"

"ဟုတ်ကဲ့ အစ်ကို"

ရဲဝင်း တဲထဲမှ ထွက်အလာတွင် လှယမင်းသည် တဲပေါက်ဝမှလက်ကလေးပြကာ ပြုံးရွှင်စွာဖြင့်ကျန်ရစ်ခဲ့လေသည်။

■

ရဲဝင်းသည် ထမ်းလာသော မြက်ထမ်းခြင်းကို လယ်ပိုင်ရှင် ဦးစံကြီး၏ နွားတင်းကုပ်တွင်းသို့ဝင်ထားပြီး နွားများကိုမြက်ကျွေးလေသည်။

ဦးစံကြီးရောက်လာပြီး -

"မောင်ရဲဝင်း၊ ပြန်တာနောက်ကျလှပါလား"

"ဟုတ်ကဲ့ ဦး၊ မိုးခိုနေရလို့ပါ"

ဦးစံကြီးက ဘာမှမပြောဘဲ လှည့်ထွက်သွားလေသည်။

ထိုစဉ် လှလှဝေ ရောက်လာလေသည်။

လှလှဝေသည် လယ်ပိုင်ရှင် ဦးစံကြီး၏တစ်ဦးတည်းသောသမီးဖြစ်၍ မိခင်မရှိတော့ချေ။ ထို့ကြောင့် ဦးစံကြီးက အလိုလိုက်ထားသောသမီး ဖြစ်လေသည်။ လှလှဝေသည် ဖခင်၏အလိုလိုက်ခြင်းကို အခွင့်ကောင်းမယူချေ။

"ရဲဝင်း မိုးတွေမိလာတယ်မဟုတ်လား၊ လာ- ရေနွေးပူပူလေးသောက်ရအောင်"

"နေပါစေတော့ဟာ၊ နောက်ကျလို့ အမေကမျှော်နေတော့မယ် သွားမယ်နော်"

အိမ်သို့ရောက်သောအခါ ရဲဝင်း အမေသည် ထုံးစံအတိုင်း မိမိကို အိမ်ပေါက်ဝမှထွက်မျှော်နေလေသည်။

အိမ်ပေါ်တွင် ဧည့်သည်တစ်ဦးသည် ရေနွေးကြမ်းထိုင်သောက်နေလေသည်။

ထိုဧည့်သည်ကို ရဲဝင်းသိပါသည်။ သူတို့ရွာထဲက မုဆိုးကြီးဦးလှဦးဖြစ်လေသည်။ ဦးလှဦးသည် သူတောထဲက အမဲပစ်၍ပြန်လာလျှင် ချေတို့၊ ဆတ်တို့၊ ယုန်တို့ရလေ့ရှိ၏။ ထိုအကောင်များမရရှိသည့်အခါ အနည်းဆုံး မျောက်တစ်ကောင်တော့ပါလာလေ့ရှိလေသည်။ ရသည့်အကောင်များကို အသားများဖျက်၍ လိုက်လံရောင်းချလေသည်။

လတ်ဆတ်သောအသားများဖြစ်၍ရွာထဲမှဝယ်ယူကြပါသည်။ ယခုလည်း ချေတစ်ကောင်ရလာ၍ဖျက်ကာ အသားတွဲများကို လာရောက်ရောင်းချခြင်း ဖြစ်လေသည်။

"ကဲ-မလှညွန့်ရေ ရေနွေးသောက်လို့တော့ကောင်းတယ်။ ပြန်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အသားဖိုးတော့ နှစ်ရက်လောက်နေမှယူနော်"

"ရပါတယ်ဗျာ၊ ဒါနဲ့ မောင်ရဲဝင်း မြက်ရိတ်ကပြန်လာတာလား"

"ဟုတ်တယ် ဦးလေး"

"ဦးလေးလည်း မင်းမြက်ရိတ်တဲ့ တောစပ်ကလေးနားက တောကြီးထဲမှာ သားကောင်တွေသွားပစ်ရတာ။ ဦးကတော့ လေးနဲ့မြားကိုပဲသုံးတယ်။ ဦးလေးရဲ့ဆရာက လေးနဲ့မြားကိုကောင်းကောင်းပစ်တတ်အောင်သင်ပေးခဲ့တယ်လေ"

"ဦး နောက်တစ်ခါ တောကြီးထဲသွားရင် ကျွန်တော်လိုက်ချင်တယ်"

"အေးအေး-ခေါ်မယ်၊ လိုက်ဖို့သာပြင်ထား"

မုဆိုးကြီး ဦးလှဦး ပြန်သွားသောအခါ အမေက -

"လူလေးနောက်ကျလိုက်တာကွယ်"

"မိုးခိုနေလို့ပါ အမေ၊ သားဘာမှမဖြစ်ပါဘူး"

"ကဲကဲ - အမေထမင်းပြင်လိုက်တော့မယ်"

ထမင်းစားပြီးသောအခါ ဒေါ်လှညွန့်သည် အိမ်ဆိုင်ကလေးသို့ဆင်းသွားလေသည်။

ရဲဝင်းသည် စဉ်းစားခန်းဝင်နေလေ၏။

သူ စဉ်းစားသည်မှာ လှယမင်းအကြောင်းဖြစ်လေသည်။

လှယမင်းသည် လှပလွန်းသည်။ သူတွေ့ဖူးသမျှ မိန်းမပျိုကလေးများထဲတွင် လှယမင်းကဲ့သို့ ကိုယ်လုံးကိုယ်ပေါ်ပြေပြစ်၍ မျက်နှာအဆုံး ပြေပြစ်လှပသော်



www.burmeseclassic.com

www.burmeseclassic.com

ဦးမျှမရှိ၊ သို့သော် သူမ၏ဖခင်ရော မိခင်ပါ အရုပ်ဆိုးလှသည်။ ဤမျှအရုပ်ဆိုးသောမိဘများမှ ဤမျှလှပသူကလေးကို မွေးဖွားထားခြင်းအတွက် သူအံ့သြခဲ့ရသေးသည်။ လှယမင်းသည် ဟိုဘက်ရွာကဟုပြောသည်။ လိမ်ပြောတာလား။ ဟိုဘက်ရွာက ဟုတ်ချင်မှဟုတ်မည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ရွာတွင် မဆိုထားဘိ တောရွာများတွင် ဤမျှလှပချောမောသူရှိပါက လူပျိုကာလသားကလေးများသိကြပေမည်။ ဤသတင်းသည် ဖုံးထား၍မရချေ။

သို့ဆိုလျှင် လှယမင်းသည် ဥစ္စာစောင့်လား ဒါလည်းမဖြစ်နိုင်ပါ။ သူတို့အနီးအနားတွင် သိုက်ရှိသည်ဟု တစ်ခါမျှမကြားဘူးချေ။ လူကြီးသူမများသည် ဥစ္စာစောင့်နှင့်တွေ့သည့်အကြောင်းများကို မပြောဘူးကြချေ။ သူမြက်ရိတ်လာသည်မှာ ကြာပြီဖြစ်၍ အနားတွင်လူရှိသည်ဟုပြောသံမကြားဘူးချေ။ ထူးတော့ ထူးခြားနေ၏။

သည်တစ်ခါ လှယမင်းနှင့်တွေ့လျှင် ပွင့်ပွင့်လင်းလင်းမေးကြည့်ရမည်။

နောက်နေ့တွင်လည်း ရဲဝင်းသည် ပြုမြဲထုံးစံအတိုင်း နံနက်စောစော မြက်ရိတ်ထွက်ခဲ့၏။ ဤနေ့တွင် ရာသီဥတုသာယာကာ မိုးရွာမည့်အရိပ်အယောင်မမြင်ရချေ။ ရဲဝင်းသည် မြက်ရိတ်ရင်း လှယမင်းလာရာဘက်သို့ မျှော်၍မျှော်၍ ကြည့်နေ၏။

ရဲဝင်းသည် လှယမင်းကို ရွှန်းရွှန်းစားစားကြည့်ကာ -

"လာမှလာပါ့မလားလို့ မျှော်နေတာ"

"လာမှာပေါ့အစ်ကိုရယ်၊ မြက်ရိတ်ပြီးရင် ညီမတို့တဲကိုသွားကြရအောင်"

"သွားမယ်လေ ခဏစောင့်၊ ပြီးအောင်ရိတ်လိုက်ဦးမယ်"

ရဲဝင်းသည် မြက်ကိုခပ်သွက်သွက်ရိတ်နေ၏။ သတိလည်းထားရ၏။ သတိမထားမိဘဲ သတိလွတ်သွားပါက မြက်ရိတ်တံစဉ်သည် ရဲဝင်းလက်ကိုရှပေလိမ့်မည်။

လှယမင်းသည် ကမူကလေးတစ်ခုပေါ်မှထိုင်ကာ ရဲဝင်းမြက်ရိတ်သည်ကို စူးစိုက်ကြည့်နေ၏။

"ဘာကြည့်တာလဲ"

"အစ်ကိုလှုပ်ရှားမှုကလေးတွေကို ကြည့်နေတာပါ"

"မြက်ရိတ်တာကြည့်ကောင်းလို့လား"

"မပြောတတ်ဘူး၊ အကုန်ကြည့်ကောင်းတယ်"

ရဲဝင်းက ဘာမှမပြောတော့ချေ။

မြက်အားလုံးရိတ်ပြီးသွားသောအခါ ရဲဝင်းသည် မြက်ထမ်းခြင်းများကို ကန်သင်းပေါ်တွင်ထားခဲ့ပြီး လှယမင်းနောက်သို့လိုက်ခဲ့လေသည်။

မကြာမီ တဲကလေးသို့ရောက်လာ၏။

တဲကလေးထဲတွင် ခြေနင်းမောင်းဆုံတစ်ခုရှိ၏။ ထိုမောင်းဆုံ၌ လှယမင်း၏အဖေသည် စပါးများထောင်းနေ၏။ မောင်းဆုံထဲတွင် စပျါးများကို တွေ့ရလေသည်။ ထိုစပါးများကို လှယမင်း၏အမေက စကောတစ်ချပ်ဖြင့်ပြာနေ၏။ ထွက်လာသောစပါးခွံများကို ဘေး၌ပုံထားလေသည်။ ရရှိသောလုံးတီးဆန်များကို မောင်းဆုံထဲပြန်ထည့်ကာ လှယမင်း၏အဖေက ထောင်းပြန်လေသည်။


ရဲဝင်းကမောင်းကိုသူထောင်းမည်ဟု ပြောကာ လှယမင်းအဖေနေရာတွင် ဝင်၍ မောင်းထောင်းလေသည်။ ရဲဝင်းမောင်းထောင်းနေသည်ကို လှယမင်းက ကြည့်နေသည်။

လှယမင်းအမေက -

"ဒီစပါးလေးတွေထောင်းပြီး ဆန်ဖြစ်လာတဲ့အခါ ထမင်းချက်ပြီး ဆွမ်းတော်လည်းကပ်ရတယ်၊ တို့လည်းစားရတာပေါ့ကွယ်"

"အဒေါ် ဒီစပါးတွေက လယ်ရှင်ကပေးတာလား"

"အေး- လယ်ပိုင်ရှင်က အဒေါ်တို့မိသားစုစားဖို့ တစ်နှစ်ကို စပါးတင်း (၂၀) ခြင်ပြီးပုတ်ကလေးနဲ့ထည့်ပေးတယ်။ နေဖို့ တဲကလေးလည်းဆောက်ပေးတယ်ကွယ်"



"ကြော်ကြော်"

"သူကကောင်းတော့လည်း အဒေါ်တို့က သူ့အပေါ်ပြန်ပြီးကောင်းရတာပေါ့။ သူ့လယ်တွေကို စပါးအထွက်တိုးအောင် ရေတော်မိုးတော်ဖြင့်အောင်စောင့်ရှောက်ပေးရတယ်။ ရေခိုးရေမွှားတွေမရှိအောင်လည်းဖယ်ရှားပေးရတယ်။ အတိုချုပ်ပြောရရင်တော့ အဒေါ်တို့က လယ်ရှင်အပေါ်မှာ ကူညီစောင့်ရှောက်ပေးရတာပေါ့"

လှယမင်းက -

"လာ-အစ်ကို ရေနွေးကြမ်းသောက်ကြရအောင်"

လှယမင်းအမေက -

"အေးအေး - လိုက်သွား မောင်းကိုထားခဲ့၊ သူ့အဖေထောင်းလိမ့်မယ်"

ရဲဝင်းသည် လှယမင်းပြသောနေရာတွင်ထိုင်ပြီး ရေနွေးကြမ်းကိုငှဲ့သောက်လေသည်။

ရဲဝင်းသည် တဲကလေးပေါ်တွင် မိုးနေသောသစ္စတ်ပင်ကြီးကိုမော့ကြည့်လိုက်၏။ ထိုစဉ် ခပ်လှမ်းလှမ်းမှ မုဆိုးကြီး ဦးလှဦး လာနေသည်ကို မြင်ရ၏။ ဦးလှဦးလက်ထဲတွင် လေးကိုကိုင်ထားပြီး မြှားများကိုတော့ ဝါးကျည်ထောက်ထဲတွင်ထည့်ကာ ပခုံးတွင်လွယ်ထားလေသည်။

ဦးလှဦးသည် လယ်စောင့်တဲကလေးနားမှဖြတ်၍ တောကြီးထဲဝင်သောလမ်းကလေးအတိုင်းသွားနေလေသည်။ မိမိတို့ကိုလှည့်၍ပင်မကြည့် တဲကလေးရှိမှန်းလည်း သိပုံမရချေ။

ရဲဝင်းက လှမ်းခေါ်လိုက်၏။

"ဦးလေး ဦးလှဦး၊ ကျွန်တော်ဒီမှာဗျို့၊ လာဗျို့ ရေနွေးသောက်"

ဦးလှဦးသည် ရဲဝင်းအသံကိုကြားပုံမရချေ။ သွားမြဲသွားနေပြီး မကြာမီ တောကြီးထဲဝင်သွားသည်ကိုမြင်ရ၏။

လှယမင်း၏မိခင်နှင့်ဖခင်တို့သည် စပါးထောင်းသည့်လုပ်ငန်းပြီးဆုံးသွား၍ စပါးခွံများ၊ ဖွဲကြမ်းများ၊ ဆန်များကိုသိမ်းဆည်းပြီး တဲနောက်ဘက်သို့ဝင်သွားလေသည်။

ရဲဝင်းက -

"အစ်ကိုတစ်ခုမေးချင်တယ်။ မှန်မှန်ဖြေမလား"

"အို-ဖြေမှာပေါ့၊ မေးသာမေး"

"အစ်ကိုလေ ညီမလိုအပြစ်ပြောစရာ မရှိအောင်လှပချောမောတဲ့နေရာက

www.burmeseclassic.com

www.burmeseclassic.com

လေးမျိုးမတွေ့ဖူးဘူး။ အဲဒါ အစ်ကို့စိတ်ထဲမှာ ညီမဟာ လူမှဟုတ်ရဲ့လားလို့တွေးနေမိတယ်"

"သိပ်မတွေးပါနဲ့ အစ်ကို၊ တွေ့တုန်းကြုံတုန်းမှာ ပျော်ပျော်နေကြရအောင်"

"မဟုတ်သေးဘူး ညီမရယ်၊ အစ်ကို့စိတ်ထဲမှာ ညီမဟာ ဥစ္စာစောင့်လို့ထင်နေတယ်။ ဟုတ်ရင်လည်းဟုတ်တယ်လို့ ပြောပါကွာ"

"ဥစ္စာစောင့်မဟုတ်ပါဘူး အစ်ကို၊ အခုတွေ့နေရတာ လူမဟုတ်လား၊ လူလို့ပဲမှတ်ထားလိုက်ပေါ့"

ရဲဝင်းထိုင်နေသောနေရာမှကြည့်လျှင် သူထားခဲ့သောမြက်ထမ်းခြင်းများကိုမြင်နေရ၏။ ခဏနေသော် ဦးစံကြီးသည် သူမြက်ရိတ်နေကျနေရာသို့ရောက်လာပြီး မြက်ထမ်းခြင်းများသာတွေ့ရပြီး ရဲဝင်းကိုမတွေ့ရသဖြင့် ဟိုဟိုသည်သည် လှည့်ကြည့်၍ရှာနေ၏။

ဦးစံကြီးသည် စိတ်တိုတတ်သူဖြစ်၏။ သူစိတ်နှင့်မတွေ့၍ ရဲဝင်းကိုမြက်ရိတ်မခိုင်းတော့ဘဲ အခြားတစ်ယောက်ကို မြက်ရိတ်ငှားလိုက်မည်ကို ရဲဝင်းစိုးရိမ်နေ၏။

"အစ်ကိုပြန်ဦးမယ်။ ဟိုမှာ လယ်ရှင်ဦးစံကြီးရောက်နေတယ်။ အစ်ကို့ကိုမတွေ့လို့ရှာနေတာထင်တယ်"

"အစ်ကို ညနေကျရင်လာခဲ့ပါဦးလား၊ ညီမတို့မုန့်လုပ်စားမလို့"

"လာခဲ့မယ်လေ"

ရဲဝင်းကထိုသို့ပြောကာ မြက်ထမ်းခြင်းများရှိရာသို့ ခပ်သွက်သွက်ကလေးထွက်လာခဲ့၏။

ဦးစံကြီးက -

"မောင်ရဲဝင်း၊ ဘယ်တွေသွားနေသလဲ"

"ဒီနားလေးပါ ဦးလေး၊ အသိတစ်ယောက်ကို သွားနှုတ်ဆက်နေတာ"

"ငါလည်းလယ်တွေလာကြည့်တာ၊ နေပါဦး ဒီနားမှာဘယ်သူမှမရှိပါဘူး"

"ဟိုသခွတ်ပင်ကြီးအောက်က တဲကလေးမှာပါ ဦးလေး"

ဦးစံကြီးက ရဲဝင်းပြသောနေရာသို့ ကြည့်လိုက်၏။ မည်သည့်တဲကိုမျှမမြင်ရသဖြင့် ရဲဝင်းကို ဇဝေဇဝါဖြင့်ကြည့်နေလေသည်။

ရဲဝင်းသည် မြက်ထမ်းခြင်းများကို ကောက်ထမ်းကာ အိမ်ရှိရာသို့ ဦးတည်ပြန်လာခဲ့လေသည်။

"ကျွန်တော်သွားနှင့်ပြီဦးလေး"

■

ညနေလာခဲ့ရန် လှယမင်းကမှာလေသည်။ သူကလည်းလာမည်ဟု ကတိပေးပြီးဖြစ်၏။ သူငယ်ချင်းတစ်ယောက်ထံ သွားလည်မည်ဟု အမေ့ကိုလိမ်ပြောရတော့မည်။ သို့သော် မိခင်ကြီးကို ရဲဝင်းလိမ်မပြောလိုပါ။ ရဲဝင်းစိတ်အိုက်နေ၏။

ထိုစဉ် ဦးစံကြီးအိမ်မှ သူရင်းငှားကိုမောင်မြရောက်လာပြီး -

"ဗော့ကောင် ရဲဝင်း၊ ခုညနေမြက်ထမ်းတစ်ထမ်းလောက်ထမ်းပေးဦးကွ။ ဟိုဘက်ရွာမှာ ရေတွေကြီးနေလို့ နွားတစ်ရှဉ်းတို့ဆီလာပို့ထားတယ်။ မနက်ကမင်းထမ်းတဲ့မြက်ကလောက်မှာမဟုတ်ဘူး"

ရဲဝင်းကံကောင်းသွား၏။

ရေငတ်တုန်းရေတွင်းထဲကျဆိုသလို ညနေပိုင်းတွင် သူထွက်ပေါက်ရလေပြီ။

"ဟုတ်ကဲ့အစ်ကို၊ သွားထမ်းလိုက်ပါမယ်"

ညနေရောက်သောအခါ သူမြက်ထမ်းခြင်းကိုထမ်း၍ထွက်လာ၏။

မြက်လိုနေ၍ထပ်ရိတ်ပေးရမည့်အကြောင်းကို မိခင်ကြီးအားပြောထား၍ မိခင်ကြီးက ဘာမှမမေးတော့ချေ။

သူမြက်ရိတ်နေကျနေရာရောက်သောအခါ မြက်ရိတ်လေသည်။ မြက်တစ်ထမ်းရသော်လည်း လှယမင်းကမပေါ်လာချေ။

ရဲဝင်းသည် လှယမင်းကိုမတွေ့ရမနေနိုင်ဖြစ်ကာ လှယမင်းတို့တဲကလေးဆီသို့ထွက်လာခဲ့လေသည်။

တဲရှေ့တွင် လှယမင်းကထွက်၍စောင့်နေ၏။

"လာ အစ်ကို၊ အိမ်မှာ ညီမတစ်ယောက်တည်းရယ်။ အဖေတို့အမေတို့က ဟိုဘက်ရွာကိုသွားရတယ်။ လယ်ပိုင်ရှင်ကခေါ်လို့ပါ။ သူတို့ရွာမှာရေတွေကြီးနေလို့ ပစ္စည်းတွေရွှေ့ရပြောင်းရအောင်နဲ့တူတယ်။ ညကျမှ ပြန်ရောက်မယ်ထင်တယ်။ အဲဒါနဲ့ မုန့်လည်းမလုပ်ဖြစ်တော့ဘူး"

"ရပါတယ်၊ ညီမနဲ့တွေ့ရရင်တော်ပါပြီ"

ရဲဝင်းသည် မိန်းမပျိုလေးတစ်ဦးတည်းရှိသောအိမ်တွင်းသို့ ဝင်သင့်မဝင်သင့်စဉ်းစားနေလေသည်။

"အပြင်မှာပဲ ထိုင်စကားပြောကြမယ်လေ"

"အို-မဟုတ်တာ၊ တဲထဲကိုလာပါ အစ်ကို၊ ဘာမှမစိုးရိမ်ပါနဲ့"

ရဲဝင်းသည် တဲထဲသို့ဝင်လိုက်ပြီး ကွပ်ပျစ်ပေါ်တွင်ထိုင်လိုက်သည်။

"ဘာလဲ-အစ်ကိုက ညီမကို ဥစ္စာစောင့်လို့ထင်တုန်းပဲလား"

လှယမင်းက ကွပ်ပျစ်တွင်တင်ပါးလွှဲဝင်ထိုင်ရင်းမေးလိုက်သည်။

"တွေ့ရပုံက ဆန်းကြယ်လို့ပါကွာ။ ပြီးတော့ ညီမက လှလွန်းတော့ သိပ်ချစ်စရာကောင်းနေတယ်လေ"

"အစ်ကိုကတော့ပိုပြီ"

"မပိုပါဘူး၊ လိုတောင်လိုသေးတယ်"

"ကဲ - အစ်ကို၊ မုန့်တော့မပါတော့ဘူး ရေနွေးကြမ်းသောက်။ တော်ကြာအမေတို့ပြန်လာမှာပါ"

ထိုစဉ် မိုးသည် ရုတ်တရက်ညို့သွားကာ တိမ်မည်းများတက်လာလေသည်၊ လျှပ်စီးများလည်းလက်လာလေသည်။ ပုန္နေးရာမှ အေးမြလာလေသည်။ လေတိုက်နှုန်းလည်း တဖြည်းဖြည်းကြမ်းလာ၏။ မိုးထစ်ချုန်းသံများလည်းကြားလာရလေသည်။

လယ်စောင့်တဲလေး၏ ဘေးတွင်ရှိသော ကြီးမားသော သခွတ်ပင်ကြီးမှ အကိုင်းအခက်များသည် မိုးဒဏ်လေဒဏ်ကြောင့် အချင်းချင်းပွတ်တိုက်ကာ လေသံမိုးသံများနှင့်ရောပြီး တရှဲရှဲမြည်နေလေသည်။

မိုးရေများသည် လယ်စောင့်တဲလေးအတွင်းသို့ပက်၍ဝင်လာလေသည်။

မိုးသည် တဖြည်းဖြည်းကြီးလာ၏။

ရဲဝင်း ယခုမှစဉ်းစားမိသည်။

မနက်က ဦးစံကြီးတို့အိမ်ရှိရေဒီယိုမှ မုန်တိုင်းသတင်းကြေညာနေသည်ကို ကြားခဲ့ရသည်။

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းအဖြစ်ပြောင်းလဲကာ အားကောင်းလာပြီး မြန်မာပြည်ဘက်သို့ ရွေ့လျားလာနေကြောင်း၊ မြန်မာပြည်မြောက်ပိုင်းသို့ ဦးတည်လာနေကြောင်း ကြေညာသည်ကို သူကြားခဲ့ရလေသည်။ ယခုထိုမုန်တိုင်းအရှိန်သည် သူတို့ဒေသသို့ အဖျားခတ်ဝင်ရောက်လာခြင်းဖြစ်ပေလိမ့်မည်ဟု သူစဉ်းစားမိလေသည်။

ပတ်ဝန်းကျင်တွင်လည်း အလ[illegible]ရောင်မရှိတော့။

တဖြည်းဖြည်းနှင့် မှော[illegible]လာလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။

လုယမင်းသည် ရေနံဆီမီးခွက်ကို ယူကာ မီးထွန်းလိုက်၏။

လယ်စောင့်တဲလေးအတွင်း မီးရောင်ဖြင့်လင်းသွားလေသည်။

မိုးသံလေသံများကြောင့် လုယမင်းသည် ကြောက်နေပုံရလေသည်။

"ညီမ ကြောက်တယ် အစ်ကို"

လုယမင်းက ပြောပြောဆိုဆို ရဲဝင်းအနားတိုးကပ်လာ၏။

ရဲဝင်းက နေရာအနည်းငယ်ရွှေ့လိုက်၏။

လုယမင်းက ထပ်မံတိုးကပ်လာ၏။

ရဲဝင်းက -

"မကြောက်ပါနဲ့ အစ်ကိုမပြန်သေးပါဘူး။ ညီမမိဘတွေရောက်လာတော့မှပြန်မှာပါ"

လုယမင်းသည် တကယ်ကြောက်နေပုံရ၏။

ရဲဝင်းသည် လုယမင်းအကြောက်ပြေအောင် ထွေးပွေ့ကာ ဖက်ထားချင်ပါသည်။ သို့သော် မသင့်တော်။ အခွင့်ရေးယူသည်ဟု အထင်မခံလိုချေ။

ရဲဝင်းက လုယမင်းလက်ကလေးများကို ကိုင်ထားလိုက်၏။

လုယမင်းလက်များအေးစက်နေလေသည်။

ရဲဝင်းက လုယမင်းလက်များကို မိမိလက်များဖြင့် အုပ်ထားကာ ဖျစ်ညှစ်ပွတ်သပ်ပေးနေ၏။ လုယမင်းလက်များ တဖြည်းဖြည်းနွေးလာလေသည်။

"အစ်ကိုတော့ ညီမကိုသိပ်ချစ်မိနေပြီကွာ"

"အို - အစ်ကိုရယ်၊ ညီမလည်း အစ်ကို့လိုပါပဲ"

လုယမင်းသည် ခေါင်းငုံ့ထားကာ မရဲတရဲပြောလိုက်၏။

အပြင်တွင် မိုးများထစ်ချုန်းပြီး လျှပ်စီးများလက်ကာ မိုးကရွာနေဆဲဖြစ်လေသည်။ လေကလည်း တဝုန်းဝုန်း တိုက်ခတ်နေ၏။

တဲကလေးအတွင်းသို့ လေတစ်ချက်ဝှေ့လိုက်ကာ ထွန်းထားသောမီးတိုင်ခွက်ကလေး မီးငြိမ်းသွားလေသည်။

တဲအတွင်း မှောင်အတိကျသွားလေသည်။

■

လုယမင်း၏ မိဘများသည် ည (၈) နာရီကျော်လောက်မှ ပြန်ရောက်လာ၏။

"လူလေးရှိလို့တော်သေးတာပေါ့ကွယ်။ ဟိုမှာကရေတွေတော်တော်ကြီးနေလို့ ပစ္စည်းတွေရွှေ့ပြောင်းနေရတာနဲ့ ကြာသွားတာ"

"ဟုတ်ကဲ့ - ဦးတို့၊ ဒေါ်ဒေါ်တို့ ရောက်ပြီဆိုတော့ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"အေးကွယ်၊ ကျေးဇူးပါပဲကွယ်"

ရဲဝင်း လုယမင်းကို နှုတ်ဆက်ရန် ရှာလေ၏။

အတော်လေးကြာမှ လုယမင်းသည် နောက်ဖေးဘက်မှ ထွက်လာလေသည်။ လုယမင်းသည် ရဲဝင်းကိုမကြည့်ဘဲ မျက်နှာလွှဲထားလေသည်။

"ညီမ အစ်ကိုပြန်မယ်နော်"

"ဟုတ်ကဲ့ - အစ်ကို"

ပြီးတော့ ရဲဝင်းအနားကပ်လာကာ ခပ်တိုးတိုးပြောလေသည်။

"ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့ အစ်ကို"

ရဲဝင်းက ခေါင်းညိတ်ပြကာ ခမောက်ဆောင်းပြီးထွက်လာလေသည်။

မိုးကောင်းကင်တွင် တိမ်မည်းများကင်းစင်သွားပြီဖြစ်၍ လရောင်ကလေး ပေါ်လာလေသည်။ မိုးလည်းတိတ်သွားပြီဖြစ်လေသည်။ ရဲဝင်းသည် လရောင်ကလေးကိုအားပြုကာ မြက်ထမ်းခြင်းကို ထမ်းပြီးပြန်လာခဲ့လေသည်။

ဦးစံကြီးအိမ်သို့ရောက်ပြီး မြက်ထမ်းခြင်းကိုပို့ပြီးသောအခါ ရဲဝင်းအိမ်ပြန်ရန်ပြင်လိုက်၏။ ထိုစဉ် လုလုဝေသည် မီးအုပ်ဆောင်းကြီးဆွဲကာရောက်လာလေသည်။

"ရဲဝင်း၊ နောက်ကျလိုက်တာ"

"အေးဟာ - သူငယ်ချင်းတစ်ယောက်ကိုသွားကူညီနေရလို့ပါ"

လုလုဝေကို ခပ်တိုတိုပြောပြီး ရဲဝင်းအိမ်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။

အိမ်သို့ရောက်သောအခါ အမေသည် မအိပ်သေးဘဲ သူ့ကိုစောင့်နေလေသည်။

"သား၊ နောက်ကျလိုက်တာကွယ်"

"ဟုတ်ကဲ့-အမေ၊ သားသူငယ်ချင်းတစ်ယောက်ဆီကို သွားနေရလို့ပါ။ သူတစ်ယောက်တည်းမို့ အဖော်အဖြစ်နေပေးနေတာပါ"

"သားသူငယ်ချင်းက ယောကျ်ားလေးလား၊ မိန်းကလေးလား"

ရဲဝင်းသည် အမေ့ကိုအမှန်အတိုင်း ပြောရန် ဆုံးဖြတ်လိုက်၏။

"မိန်းကလေးပါ အမေ"

"ငါထင်သားပဲ။ မိန်းကလေးက တစ်ယောက်တည်းမို့ အဖော်လုပ်ပေးရအောင်။ သူ့မိသားစုကဘယ်သွားနေလို့လဲ"

"ဒီလိုပါ အမေ။ သူက သူ့အမေရယ်၊ အဖေရယ်ရှိပါတယ်။ ဟိုဘက်ရွာကလယ်ပိုင်ရှင်ကြီးရဲ့ အလုပ်သမားတွေပါ။ အခုလောလောဆယ်သူတို့မရှိလို့ပါ"

"ဘယ်နားမှာနေသလဲ"

"ဟိုသားမြက်ရိတ်တဲ့အနားမှာပါ"

အမေသည် စဉ်းစားလိုက်ပြီး -

"အဲဒီအနားမှာ ကြီးမားတဲ့သခွတ်ပင်ကြီးတစ်ပင်ရှိတယ်မဟုတ်လား။ အဲဒီသခွတ်ပင်ကြီးနဲ့ဘယ်လောက်ဝေးသလဲ"

"မဝေးဘူး အမေ၊ သူတို့လယ်တဲကလေးက အဲဒီသခွတ်ပင်ကြီးရဲ့အောက်တည့်တည့်မှာ"

"သားကိုပြောရဦးမယ်။ သား မိန်းကလေးက လူသားအစစ်လား"

ရဲဝင်း အံ့ဩသွား၏။ အမေသည် တစ်စုံတစ်ခုကိုသိထားပုံရလေသည်။

"ဘာပြုလို့မေးတာလဲ အမေ။ လုတော့သိပ်လှတယ်"

"အဲဒါကြောင့်ပြောတာပေါ့။ ဥစ္စာစောင့်တွေကျတ်တွေဖန်ဆင်းထားတာဖြစ်နေပါဦးမယ်"

"သားပွင့်ပွင့်လင်းလင်းမေးကြည့်တယ်။ သူက ဥစ္စာစောင့်မဟုတ်ပါဘူးတဲ့"

"ဒါဖြင့် ဘာလဲ ကျတ်လား"

"မသိဘူး အမေ"

"အဲဒီအနားမှာကျတ်ကွင်းရှိတယ်လို့တော့ မင်းအဖေရှိတုန်းကပြောဖူးတယ်။ ဒါပေမယ့် ကြာပါပြီ။ နေရာပြောင်းရွှေ့သွားပြီး အခုမှ ပြန်ရောက်လာသလားမသိဘူး။ ဟိုနေ့ကတောင်ကိုလှဦးနဲ့ ဒီအကြောင်းစကားစပ်မိလို့ ပြောရသေးတယ်။ သူတို့က သူငယ်ချင်းတွေလေ။ လူပျိုဘဝတုန်းက အဲဒီအနားမှာ ကျတ်ကွင်းရှိတယ်တဲ့။ သူတို့ရောက်သွားရင် မွှေးကြိုင်တဲ့အနံ့ရတယ်ဆိုပဲ။ မွှေးလို့လှည့်ကြည့်လိုက်တော့ ပန်းတွေပန်ထားတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်တဲ့။ ခဏနေတော့ ပျောက်သွားရောတဲ့။ အဲဒီလိုပဲ နှစ်ခါသုံးခါလောက်တွေ့ဖူးတယ်လို့ပြောပြတယ်။ အခု သားတွေ့တဲ့တစ်ယောက်က တော်တော်လှသလား"

"လှတာတော့ တော်တော်လှ

www.burmeseclassic.com

www.burmeseclassic.com

တယ် အမေ။ ရွာထဲက လှလှဝေတို့၊ ခေါ်တွေးတို့နဲ့ ဘယ်လိုမှမနှိုင်းယှဉ်နိုင်ဘူး"

"သားကတယ်ဆိုတာပဲ။ လှလှဝေလေးက မဆိုးပါဘူး သားရဲ့။ ခုဟာက လှလှဝေနဲ့တောင် မနှိုင်းယှဉ်နိုင်ဘူးဆိုတော့ သားကောင်မလေးကို အမေ့ဆီခေါ်ခဲ့စမ်း။ အမေကြည့်ဦးမယ်"

"သားခေါ်ခဲ့မယ် အမေ၊ အမေတွေ့ရင် ချစ်သွားမှာပါ"

"အေးပါတော် အေးပါ။ ခေါ်ခဲ့ပါ"

■

နောက်တစ်နေ့တွင်လည်း ရဲဝင်းသည် မြက်ရိတ်ရန်ထွက်လာခဲ့၏။ ဒီနေ့မှ လှလှဝေသည် တောင်းတစ်လုံးကိုရွက်ကာရောက်လာပြီး မြက်ရိတ်ရာဆီ သူပါလိုက်မည့်အကြောင်းပြောလေသည်။

"မလိုက်ပါနဲ့ဟာ၊ ငါ့ဟာငါသွားစမ်းပါရစေ"

"ရဲဝင်း ဘယ်လိုဖြစ်နေတယ်မသိဘူး။ နင်သက်သာအောင် ငါက တောင်းနဲ့ကူရွက်မလို့ပါ။ အမေကလည်းခွင့်ပြုပြီးသားပါ"

"ပြောမရလည်းလိုက်ခဲ့ဟာ"

ရဲဝင်းနှင့် လှလှဝေတို့သည် မြက်ရိတ်သောနေရာသို့ ရောက်သောအခါ ရဲဝင်းက သခွတ်ပင်ကြီးရှိရာသို့ မျှော်ကြည့်လေသည်။

ထူးခြားသည်မှာ သခွတ်ပင်ကြီးအောက်တွင် လှယမင်းတို့လယ်စောင့်တဲကလေးကို မမြင်ရတော့ချေ။

"ဟာ - တဲကလေးမရှိတော့ဘူး"

"ဘယ်ကတဲကလေးလဲ"

"ဟိုသခွတ်ပင်ကြီးအောက်မှာလေ"

"ရဲဝင်းစိတ်မှကောင်းသေးရဲ့လား၊ အဲဒီသခွတ်ပင်ကြီးအောက်မှာ ဘယ်တုံးကမှတဲမရှိခဲ့ဘူး"

"ဟုတ်တယ်၊ ငါတွေ့ခဲ့တယ်။ တဲမှာ ကောင်မလေးတစ်ယောက်ရယ်၊ သူ့အဖေရယ်၊ အမေရယ်နေကြတယ်"

"ပေါက်ပေါက်ရှာရှာဟယ်၊ နင်အိပ်မက်တွေမက်နေတာပါ"

"အိပ်မက်မဟုတ်ဘူးဟ။ ပြီးခဲ့တဲ့ညတုန်းက မိုးကြီးလေကြီးကျလို့ သူ့အဖေနဲ့အမေကလည်းမရှိလို့ ငါအဖော်လုပ်ပေးနေရသေးတယ်"

လှလှဝေ ရဲဝင်းအား သေချာစွာကြည့်လိုက်ပြီး -

"နင် ဒါကြောင့် ညကအပြန်နောက်ကျတာကိုး"

"အေး - ဟုတ်တယ်"

"အဲဒီအကြောင်းဘာလို့ငါ့ကိုမပြောတာလဲ"

"ဘာမှမဟုတ်ပါဘူးဟာ။ ညကအပြန်နောက်ကျတာနဲ့အမေမျှော်နေမှာစိုးလို့ အိမ်ပြန်ချင်စိတ်များနေလို့ပါ"

"နင်.အဲဒီမှာ တစ်ခုခုဖြစ်ခဲ့တယ်မဟုတ်လား။ ငါ့ကိုမလိမ်နဲ့"

"ဘာမှမဖြစ်ပါဘူးဟာ။ အဲဒါက အရေးမကြီးဘူး၊ သူတို့ဘယ်ကိုရောက်သွားပါလိမ့်"

"တဲနေရာများပြောင်းသွားသလားဘာလား"

သူတို့နှစ်ယောက်စလုံး သခွတ်ပင်ကြီးရှိရာသို့ အပြေးအလွှား သွားရောက်ကြည့်ရှုကြသည်။ သို့သော် လှယမင်းတို့ကိုလည်း မတွေ့ရ။ လယ်တဲကလေးကိုလည်း မတွေ့ရချေ။ မနေ့က မောင်းထောင်းနေသောမောင်းကိုလည်း မတွေ့ရတော့ချေ။

ရဲဝင်းစိတ်ထဲမှ -

'နောက်ဆုံးတော့ အမေပြောတဲ့အတိုင်းများခြေရာဖျောက်သွားတာလားကွာ'

လှလှဝေက ရဲဝင်းမျက်နှာကိုကြည့်ရာ ရဲဝင်းစိတ်မကောင်းဖြစ်နေသည်ကိုသိသည်နှင့် ရဲဝင်းလက်ကိုဆွဲကာ -

"လာပါဟာ၊ ကိုယ့်ကိုမတွေ့ချင်လို့ အစဖျောက်သွားတာပဲ သွားပါစေပေါ့။ နင့်ဘေးနားမှာငါရှိပါတယ်ဟာ"

ရဲဝင်းသည် လှလှဝေနှင့်အတူလိုက်လာကာ မြက်ရိတ်နေလေသည်။ မြက်ရိတ်နေရသော်လည်း ရဲဝင်းသည် လှယမင်းထံသို့သာစိတ်ရောက်နေလေသည်။

မြက်ထမ်းခြင်းပြည့်၍ အိမ်သို့သာပြန်လာခဲ့ရသည်။ အိမ်သို့ရောက်မှန်းမသိရောက်လာခဲ့ရလေသည်။ လှလှဝေကိုလည်း ဘာစကားမှမပြောတော့ချေ။ လှလှဝေကလည်း ရဲဝင်းအရိပ်အကဲကိုကြည့်ကာ ဘာစကားမှမပြောဘဲ ရဲဝင်းနောက်မှ မြက်ထည့်ထားသော တောင်းကိုရွက်ကာ ပြန်လာခဲ့ကြလေသည်။

ဦးစံကြီးအိမ်ရောက်သောအခါ မြက်ထမ်းခြင်းကိုချ၍ နွားများကို အစာကျွေးပြီး လှလှဝေကိုနှုတ်ဆက်၍ အမေ့ထံပြန်လာခဲ့လေသည်။

"ငါပြန်မယ်ဟာ"

လှလှဝေက ဘာမှမပြော ခေါင်းသာညိတ်ပြလိုက်သည်။

အိမ်ရောက်သောအခါ အမေသည် ရဲဝင်းကိုကြည့်နေလေသည်။

ရဲဝင်းစိတ်သည် မလုံမလဲဖြစ်လာကာ -

"အမေ သားကောင်မလေးမိသားစုမရှိတော့ဘူး။ သခွတ်ပင်ကြီးအောက်မှာ သူတို့နေခဲ့တဲ့တဲကလေးလည်း မရှိတော့ဘူး"

အမေသည် ခေါင်းတညိတ်ညိတ်လုပ်ကာ -

"ငါထင်သားပဲ ဒီလိုပဲဖြစ်လိမ့်မယ်လို့။ သူတို့က လူမဟုတ်နိုင်ဘူး သား။ ဥစ္စာစောင့်ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တော့ ကျတ်တွေဖြစ်ရမယ်"

"သားသူ့ကိုချစ်တယ်အမေ"

"သူတို့က လူမဟုတ်ဘူးဆိုရင်တော့ သားတို့ချစ်ခြင်းဟာ ပေါင်းရတဲ့အဆင့်ထိမရောက်နိုင်ဘူး သား"

"သား ဘယ်လိုလုပ်ရမလဲ အမေ"

"ဘယ်လိုမှလုပ်လို့မရဘူး သား။ မင်း ကောင်မလေးကို တဖြည်းဖြည်းမေ့နိုင်အောင် ကြိုးစားပါ။ အချိန်ကကုစားသွားပါလိမ့်မယ်"

ထိုစဉ် လှလှဝေသည် ချိုင့်ကလေးဆွဲကာရောက်လာလေ၏။

"ဟိုမှာ လှလှဝေရယ် လက်ထဲကလည်း ချိုင့်ကလေးဆွဲလို့"

လှလှဝေက ရဲဝင်းအနားတွင် ဝင်ထိုင်လိုက်သည်။

"မုန့်ဟင်းခါး အဒေါ်။ အဒေါ်က မုန့်ဟင်းခါးကြိုက်လို့အိမ်မှာချက်စားတာနဲ့ အမေက အဒေါ်အတွက်ပို့ပေးလိုက်တာ"

လှလှဝေက ရဲဝင်းကိုကြည့်ကာ-

"ရဲဝင်းနင်ဘယ်လိုဖြစ်နေတာလဲ။ ကြွက်ကြီးကိုလည်းလိမ်ထားသလိုပဲ"

"မင်းသူငယ်ချင်းကို မင်းပဲမေးကြည့်ပါတော့"

အမေသည် လှလှဝေလက်ထဲမှ ချိုင့်ကလေးကိုယူကာ အတွင်းသို့ဝင်သွားလေသည်။

"ရဲဝင်း ဘာဖြစ်နေတာလဲ ငါ့ကိုပြောပါဦး"

"မသိချင်ပါနဲ့ဟာ ငါ့ထိုက်နဲ့ငါပဲရှိပါစေတော့"

■

ရဲဝင်းသည် ညစာလည်းမစားချေ။

ငေးငေးငူငူကြီးဖြင့် တစ်နေရာသို့ ငေးစိုက်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အံ့ကြွယ်
# ရောင်းအားသန်စေကြောင်း
# နည်းလမ်းကောင်းများ

ကြာတော့လည်းငြီးငွေ့လာသည်။ မဆုရည်မှာ ကျောင်းပြီးကတည်းက အစိုးရဌာနဆိုရာရုံးတစ်ရုံးတွင် အငယ်တန်းစာရေးရာထူးဖြင့်အလုပ်ဝင်ရသည်။ သုံးနှစ်လောက်ရှိတော့ အကြီးတန်းစာရေးအဖြစ် ရာထူးတိုးသည်။ ဝေးလံသောဒေသ၊ လူမှုရေးခက်ခဲသည့်ဒေသအဖြစ်သတ်မှတ်သောမြို့လေးမှာလုပ်ရတော့ မိခင်ကြီးနှင့် တစ်ယောက်တစ်ကွဲနေရသည်။ အဆင်ပြေချင်တော့ မွေးရပ်မြေတွင် ပုဂ္ဂလိကအများပိုင်ဘဏ်တစ်ခုက အလုပ်ခေါ်ခဲ့ရာ လျှောက်ထားဖြေဆိုရရှိခဲ့သဖြင့် ပခုက္ကူမြို့တွင် ပြန်လည်အခြေချနိုင်ပြီး ချစ်ကြင်သူနှင့်အိမ်ထောင်ကျခဲ့ရပါသည်။ လေးစားချစ်ခင်ရသောမိခင်ကြီးနှင့် ယုယကြင်နာနွေးထွေးသောခင်ပွန်းသည်တို့နှင့် အတူနေကြရ၍ ကြည်နူးဝမ်းသာ၍မဆုံးသေးမီ ရာထူးတိုးဖြင့် ရန်ကုန်မြို့ရှိ ဘဏ်တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းခဲ့ရသည်။ ယခုတော့ ဝန်ထမ်းဘဝကို ငြီးငွေ့စိတ်ပျက်လှပါပြီ။ ပိုဆိုးသည်က ရင်သွေးငယ်ကိုလွယ်ထားရ၍ တစ်ကိုယ်တော် အထီးကျန်ဘဝနှင့် မနေလိုတော့ပါ။ သို့ဖြစ်၍ ကျန်းမာရေးကို အကြောင်းပြကာ အလုပ်မှနုတ်ထွက်ခဲ့သည်။ ဘာပဲဖြစ်နေပါစေ ဒေါင်ကျကျပြားကျကျ သမ္မာအာဇီဝရောင်းဝယ်ဖောက်ကားအလုပ်ဖြင့်သာ နေထိုင်စားသောက်ကြရန် ဇနီးမောင်နှံဆုံးဖြတ်ခဲ့ကြသည်။

ရောင်းရေးဝယ်တာလုပ်ငန်းလုပ်မည်ဆိုပြန်တော့ ဘာကစလုပ်ကိုင်ရမည်ကိုမသိသေး။ ဒီတော့ တင်ပြတိုင်ပင်ရန်နှင့် လမ်းညွှန်အကြံပေးမှုခံနိုင်ရန် ဦးကြီးနှင့် အဒေါ်များရှိရာ ကယားပြည်နယ်သို့ တစ်ကျော့တစ်ဖန်ရောက်ရပြန်ပါသည်။ ဦးကြီးအိမ် ယခင်နေထိုင်ခဲ့သည့် အခန်းမှာနေရင်း နောက်တစ်နေ့တွင် ဇနီးမောင်နှံနှစ်ဦး အဒေါ်များရှိရာနေအိမ်သို့သွားခဲ့ကြပါသည်။ ရောက်တော့ လေးလေးယုကျွေးသည့် ရှမ်းခေါက်ဆွဲကိုစားကြရင်း အာလာပသလ္လာပများပြောဆိုပြီး လာရင်းအကြောင်းကိုပြောဖြစ်ကြသည်။

"ကိုယ်ပိုင်စီးပွားရေးကိုလုပ်မှာဆိုတော့ကောင်းတာပေါ့ကွယ်။ လွတ်လွတ်လပ်လပ် ကိုယ့်ခြေကိုယ့်လက်လုပ်နိုင်တာမို့ ကြိုးစားသလောက် အရာထင်တာပေါ့နော်။ ဒါပေမယ့် ကံ၊ ဉာဏ်၊ ဝီရိယ

ထမင်းစားချိန်တွင် အမေက ချော့မော့၍ကျွေးသော်လည်း စားချင်စိတ်မရှိဟုပြောပြီး အိပ်ရာထဲတွင်ကွေးနေလေသည်။

မကြာမီ ရဲဝင်းသည် အိပ်ပျော်သွားလေ၏။

ရဲဝင်းသည် အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် လုံယမင်းသည် မျက်နှာညှိုးငယ်စွာဖြင့်ပေါ်လာလေသည်။

"အစ်ကို၊ ညီမကိုခွင့်လွှတ်ပါနော်။ အစ်ကို့ကိုချစ်လွန်းလို့ လူယောင်ဖန်ဆင်းခဲ့တာပါ။ အခု ညီမတို့နေရာပြောင်းသွားပါပြီ။ ညီမဝန်ခံစရာရှိပါတယ်။ ညီမနဲ့အတူနေသူတွေက ညီမနဲ့ဘာမှမတော်ပါဘူး။ ညီမကိုစောင့်ရှောက်နေသူတွေပါ။ ဟိုညက ရေကြီးလို့ ပစ္စည်းတွေပြောင်းရွှေ့ရအောင်သွားတယ်ဆိုတာလည်း မဟုတ်ပါဘူး။ ညီမတို့လွတ်လွတ်လပ်လပ်နေနိုင်အောင် ညီမကရှောင်ခိုင်းထားတာပါ။ လယ်ပိုင်ရှင်ကြီးဆိုတာတော့ တကယ်ရှိပါတယ်။ ဒါပေမယ့် ညီမတို့နဲ့မသိပါဘူး။ အခုလယ်ပိုင်ရှင်ကြီးက ဒီနားမှာအိမ်တစ်လုံးလာဆောက်မလို့ စီစဉ်တယ်။ ညီမတို့နေတဲ့တဲနေရာမှာ အမေနံကရိုင်းမယ်တော်နတ်ကွန်းဆောက်မယ်တဲ့အစ်ကို။ သူတို့က အမေနံကရိုင်းမယ်တော်ရိုးရာတွေလေ။ အဲဒါကြောင့် ကွင်းပိုင်ကြီးက ညီမတို့ကို ဖယ်ခိုင်းတာပါ။ ပြောင်းရမယ့်နေရာက ချောင်းဟိုဘက်ကမ်းကလေးမှာပါ။ ဒါပေမယ့် ချောင်းကိုမကူးရဘူးလို့ ကွင်းပိုင်ကြီးကတားထားတယ်။ ညီမတော့ အစ်ကို့ဆီကိုဘယ်တော့မှလာနိုင်မှာမဟုတ်တော့ဘူး။ အစ်ကိုနဲ့ ညီမ ချစ်ကြိုက်ခဲ့ရတာတိုတောင်းလှပေမယ့် ညီမ အစ်ကို့ကိုဘယ်တော့မှမမေ့ပါဘူး။ လယ်တဲလေးမရှိတော့ပေမယ့် ညီမစိတ်ထဲမှာတော့လယ်တဲလေးအမြဲရှိနေပါတယ် အစ်ကို။ ကံမကုန်ရင်ပြန်ဆုံပါရစေလို့ လယ်စောင့်တဲကလေးကို သက်သေထားပြီး ညီမတိုင်တည်လိုက်ပါတယ်။ ညီမသွားပြီနော်နှုတ်ဆက်ခဲ့ပါတယ်"

အိပ်မက်ထဲတွင် လုံယမင်းက ထိုသို့ပြောပြီး တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားလေသည်။

ရဲဝင်းသည် အိပ်ရာမှလန့်နိုးလာ၏။

ထထိုင်ကာဟိုဟိုသည်သည်ကြည့်လေသည်။ အနီးအနားတွင် လုံယမင်းမရှိကြောင်း သေချာသောအခါမှ ခုနလုံယမင်းပြောသွားသောစကားများသည် အိပ်မက်ထဲတွင်ပြောသွားကြောင်းလက်ခံလေတော့သည်။

ပြီးတော့ ခပ်တိုးတိုးပြောနေလေသည်။

"ညီမရယ်၊ မချစ်တတ်တဲ့အစ်ကိုဟာ ညီမကိုတွေ့ပြီးမှချစ်တတ်လာတာပါ။ ချစ်တော့လည်း တကယ့်ကိုစွဲစွဲလမ်းလမ်းနဲ့ချစ်ခဲ့တာပါကွာ။ အခုတော့ ဘယ်ကိုများ ခြေရာပျောက်သွားသလဲကွာ။ အစ်ကိုလည်း ညီမပြောသလိုပဲ ကံမကုန်ရင် ပြန်ဆုံပါရစေလို့ လယ်စောင့်တဲလေးကိုသက်သေထားပြီး တိုင်တည်လိုက်ပါတယ်"

မကြာမီ မိုးလင်းတော့မည်ဖြစ်လေသည်။

ထိုအချိန်တွင် လှလှဝေသည် မြက်ထည့်ရန် တောင်းကလေးကိုရွက်ကာ ရဲဝင်းတို့အိမ်ဝ၌ပေါ် လာလေသည်။

"ရဲဝင်းမျက်နှာဆစ်ဟာ။ မြက်ရိတ်သွားကြစို့။ အဖေကနောက်ကျနေမယ် စောစောသွားကြတဲ့ပြောလိုက်တယ်"

မင်းသန့်ကျော်(ဒီးဖုန်း)

...တော့ အမိကကျတယ်လေ။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ကံသာလျှင်အမိ၊ ကံသာ ...ဆိုသလို အတိတ်ကံရော ပစ္စုပ္ပန် ...ကောင်းဖို့တော့ အထူးလိုတာပေါ့"

အန်တီရွှေကစကားကိုဆုံးအောင် ...ပြောနိုင်ဘဲ ဈေးဝယ်သူများကျလာ၍ ...ရောင်းနေရရှာသည်။ ဝယ်သူများမှာ ...ဦးဝင်တစ်ဦးထွက်ဖြင့် လက်မလည် ...အောင်ရောင်းနေရသည်ကိုတွေ့ရသဖြင့် ...ညတို့ဇနီးမောင်နှံမှာ အားကျမိကာ ...ရောင်းအဝယ်လုပ်ငန်းအတွက် အား ...သဖွယ်ဖြစ်ကြရသည်။ မနေတတ် ...မဆုရည်က ဝင်ရောက်လုပ်အား ...မိခဲ့ရပါ၏။ ဝယ်သူပါးသွားတော့မှ ...ခုံကလေးမများကိုလွှဲကာ စကားဝိုင်း ...စခဲ့ကြသည်။

"အန်တီရွှေရေ၊ သမီးတို့လည်း ...သည်ဆိုင်ကြီးဖွင့်ပြီး အရောင်းအဝယ် ...လုပ်ကိုစမှုထင်တယ်နော်။ ကြည့်စမ်း ...ဦး။ ရောင်းရတာ လက်မလည်နိုင် ...အောင်ပါဘဲရှင်"

မဆုရည်က အားကျသည့်လေသံ ...နှင့် အဒေါ်ဖြစ်သူကိုပြောခဲ့သည်။

"အဲဒါပြောတာပေါ့ကွယ်။ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အမြဲရှိပြီး သီလနဲ့ သမာဓိပေါင်းလိုက်တော့ ထိုက်သင့်တဲ့ အောင်မြင်မှုရတော့တာပါပဲလေ"

အန်တီရွှေက ပြုံးပြုံးကြီးဖြင့် မောင်ငြိမ်းချမ်းနှင့်မဆုရည်တို့ဇနီးမောင်နှံ ကို လက်တွေ့အမြင်နှင့် လုပ်ဆောင်ရသည့် သဘောတရားတွေကို ပညာပေး ပြောကြားခဲ့သည်။

"ကံ၊ ဉာဏ်၊ ဝီရိယဆိုတာတော့ သဘောပေါက်ပါပြီ။ သီလနဲ့သမာဓိတို့ရဲ့ အရေးပါပုံလေးကို ရှင်းပြပါဦးခင်ဗျ"

မောင်ငြိမ်းချမ်းက သူသိလိုရင်းကို လေးလေးစားစားမေးခဲ့သည်။

"အေးကွယ့်၊ ဈေးရောင်းတယ်ဆို ပေမယ့် ငါးပါးသီလကို လုံခြုံအောင် ဆောက်တည် လုပ်ကိုင်ကြမယ်ဆိုရင် အကျိုးပေးမြန်တာပေါ့။ ဥပမာကွယ် ဈေးဝယ်လာတဲ့သူတွေဝယ်ချင်လာအောင် လိမ်ပလာအလိမ်အညာစကားတွေပြော မယ်၊ အတုနဲ့အစစ် အကောင်းနဲ့အညံ့ကို တွဲရောင်းမယ်၊ ပြတဲ့ပစ္စည်းကတစ်မျိုး ဝယ်သူကိုပေးလိုက်တာကတစ်မျိုး စသဖြင့် လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် သီလ ပျက်တာဖြစ်လို့ တစ်ခါစားလုပ်တာမျိုး ဖြစ်တာလေ။ ဝယ်တဲ့သူတွေကသိသွား ကြရင် နောင်ဆို ဒီဆိုင်မျိုးတော့ Noပါပဲ ဆိုသလို ဖြစ်သွားတတ်တယ်။ ဒါကြောင့် သီလတရားဟာလည်း ရောင်းရေးဝယ်တာလုပ်ငန်းမှာ အရေးပါလှတာပေါ့။ တစ်ခါ လူကို ရိုသေလေးစားစေမယ့် အကျင့်သိက္ခာ၊ စောင့်ထိန်းရမယ့် တည်ကြည်တဲ့သမာဓိမရှိပြန်ရင်လည်း လူမလေးခွေးမခန့်ဆိုသလိုဖြစ်ပြီး ရိုသေလေးစားမှုမရှိနိုင်ဘူးလေ။ လေးစားမှုမရှိတော့ ဖောက်လဲဖောက်ပြန်မှုဆိုတာတွေ ရှိလာကြပြန်တယ်။ ဥပမာကွယ် အကြွေးနဲ့ဝယ်သွားပြီး မပေးတာမျိုးပေါ့ကွယ်၊ ဒီတော့ အမြတ်မရတဲ့အပြင် အရင်းပါ ဆုံးပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲဆိုသလို ဖြစ်ရတတ်တယ်ကွယ့်။ အဲဒါကြောင့် လေးစားလောက်တဲ့ သမာဓိရှိဖို့ဆိုတာ လည်း ရောင်းရေးဝယ်တာမှာ အရေးပါ တာပေါ့"

အန်တီရွှေက အတွေ့အကြုံနှင့် ယှဉ်ပြီး နားလည်အောင်ရှင်းပြခဲ့သည်။

"အခုလိုရှင်းပြပေးတော့ ဆုဆုတို့ အတွက် ပညာရမှတ်သားရပါတယ်။ အရေးကြီးတဲ့ ဆောင်ရန်ရှောင်ရန်များ ကိုလည်း မှတ်သားလိုက်နာပါမယ်။ တစ်ခုမေးချင်တာက အန်တီရွှေတို့ဆိုင် မှာ အခုလိုမျိုးရောင်းအားကောင်းစေဖို့ အဆောင်ယတြာများရှိရင်လည်း ဆုဆု တို့ကို ရှင်းပြပြီးချီးမြှင့်ပါဦးနော်"

မဆုရည်က အမေးစွက်၍ အဒေါ်ဖြစ်သူထံ အဆောင်ယတြာ တောင်းပြန်သည်။

"ဟဲ့ - အခုနကပြောခဲ့တာတွေက ဘုရားဟောအဆောင်ယတြာတွေပဲပေါ့။ လောကီရော လောကုတ္တရာရေးမှာပါ လိုက်နာဆောင်ရွက်ရမယ့်အဆောင်တွေ ပဲလေ။ အေး - အခုလိုစကားစပ်မိတုန်း တို့များဖခင်ကြီးလမ်းညွှန်ခဲ့တဲ့ဈေးရောင်း ကောင်းစေမယ့်'ဓာတ်ဆင်ဈေးခေါ်နည်း' လေးတွေတော့ရှိတယ်။ အခုတိုင်းလည်း အန်တီရွှေသုံးနေတဲ့ဈေးခေါ်နည်းလေးတွေ ပေါ့ကွယ်"

"ဟုတ်ကဲ့ - ဓာတ်ဆင်ဈေးခေါ် နည်းလေးတွေကိုသိပါရစေနော်"

မဆုရည်က တရားထောက်ကာ နည်းလမ်းတောင်းခဲ့သည်။

"အေး-ဒီဓာတ်ဆင်နည်းလမ်းများ က နေ့အလိုက်ဆောင်ရွက်ရမည့် အစီ အစဉ်တွေပါပဲ။ ဖခင်ကြီးကမှတ်လို့လွယ် အောင် လင်္ကာလေးနဲ့ဆိုပြတတ်သလို နေ့စဉ်မမေ့အောင်ဆိုပြီး ပျဉ်နဲ့သင်ပုန်း တစ်ချပ်လုပ်ပြီး သင်္ဘောဆေးနဲ့တောင် ရေးမှတ်ထားခဲ့တာကွယ့်။ ဒီလင်္ကာလေး ကို အန်တီရွှေရွတ်ပြပါမယ်။ သမီးတို့က နားထောင်ပြီးလိုက်မှတ်ကြနော်။

ဈေးခေါ်ဓာတ်ဆင်ဆောင်ရွက်စေ ချင် -

■ *တနင်္ဂနွေနေ့တွင်၊ မသွေသုတ်သုတ်၊ ငါးပိဖုတ်အား၊ ရောထားထမင်း၊ ဟင်းအလျှင်းမပါ၊ စားလေပါတည်း၊ တစ်နည်းတစ်ကြောင်း၊ ငှက်ပျောပေါင်း အား၊ ထမင်းနှင့်စားပါ၊ မပါစေငြား ဟင်းလျာများ။*

■ *တနင်္လာတွင်၊ အိမ်မှမထွက်ခင် အရင်ရေချိုး၊ ဆားမျိုလျက်၊ တစ်ချက် တစ်နည်း ရေချိုးပြီးက၊ စားရလေငြား၊ ဥစိမ်းစားတည်း။*

■ *အင်္ဂါနံနက်၊ အိမ်မထွက်ခင်၊ နံနံပင်အား၊ အရင်စား၍၊ ပန်သွား စနေနံ၊ ရောင်းအားသန်လိမ့်။*

■ *ဗုဒ္ဓဟူးတွင်၊ အိမ်မထွက်ခင်၊ ချိုလွန်ထန်းလျက်၊ ရေနဲ့ချက်ကာ၊ စား သွားပါလျှင်၊ ရောင်းကုန်စွဲမှာ မလွဲပါ တည်း။*

■ *ကြာသပတေးမှန်၊ ရောင်းအား သန်ချင်၊ အိမ်မထွက်ခင်၊ အစဉ်တစ်နည်း ငှက်ပျောသီးကို၊ ပြုတ်ပြီးကာဖြင့်၊ ထမင်း နှင့်စားပါ။*

■ *သောကြာနေ့တွင်၊ အိမ်မထွက် ခင်၊ အလျင်တဆော၊ ငှက်ပျောသီးမှည့်၊ စားပါလှည့်ရှင့်။*

■ *စနေနေ့တွင်၊ ခံတက်ချဉ်ကို၊ ရောဖြင့်ထမင်း၊ စားပါလျှဉ်းကြ၊ ခံတက် မရ၊ ချင်းတက်တစ်စ၊ ရောထ ထမင်းနှင့် စား။*

■ *နေ့ခုနစ်ရက်၊ မပျက်ဆောင်ရွက်၊ ထိုအချက်များ၊ ဓာတ်ဆင်ကာသွား၊ လုပ်ငံဆောင်ငြားက၊ ရောင်းအားအမှန်၊ ရေသွန်သလိုသန်အံ့။*

အေး - ဒီလင်္ကာမှာပါတဲ့ အဆို အတိုင်း နေ့အလိုက်ဆောင်ရွက်ခဲ့တာမို့ အကျိုးထူးကတော့ သမီးတို့မြင်တဲ့ အတိုင်းပါပဲလေ"

"ဟုတ်ပါပြီ အန်တီရွှေရယ်၊ လင်္ကာလေးထဲကအဆိုအမိန့်ကိုလည်း ရှင်းပြပါဦးနော်"

မောင်ငြိမ်းချမ်းက လင်္ကာကို ရှင်းပြပါရန် တောင်းဆိုပြန်သည်။

"သေချာဖတ်ရင်တော့ အဓိပ္ပာယ် ကရှင်းပါတယ်ကွယ်။ ဒါပေမယ့် မင်းတို့ ပိုပြီးနားလည်အောင် ပြောရသေးတာ ပေါ့။

www.burmeseclassic.com

တနင်္ဂနွေနေ့မှာ အိမ်ကမထွက်ခင် ငါးပိဖုတ်ကို ထမင်းနဲ့ရောစားပါ။ အခြားဟင်းတွေမပါရပါ။ ကျန်းမာရေးအရဖြစ်ဖြစ်၊ မကြိုက်လို့ပဲဖြစ်ဖြစ် ငါးပိဖုတ်မစားနိုင်ရင်တော့ ငှက်ပျောပေါင်းကိုဟင်းမပါထမင်းနဲ့ရောစားပါတဲ့။

တနင်္လာနေ့မှာတော့ အိမ်ကမထွက်ခင် ရေချိုးပြီး ဆားကိုလျက်ပါလို့ဆိုတာလေ။ ဆားမလျက်ချင်ရင်လည်း ရေချိုးပြီး စိမ်းစားဥကိုစားရင်လည်းရပါတယ်။

အင်္ဂါနေ့မှာ အိမ်ကမထွက်ခင် နံနံပင်ကိုစားပြီး စနေနံပန်းကိုပန်ရမယ်။ နှင်းဆီပန်း၊ ဒေါနပန်းလို စနေနံသင့်ပန်းကိုပန်ရမှာပေါ့။

ဗုဒ္ဓဟူးနေ့ဆိုရင် ထန်းလျက်ကို ရေနဲ့ကျိုချက်ပြီး စားသွားပါတဲ့။

ကြာသပတေးနေ့မှာ အိမ်ကမထွက်မီ ငှက်ပျောသီးပြုတ်ကို ထမင်းနဲ့ရောစားသွားရမယ်လေ။

သောကြာနေ့ဆိုရင် အိမ်ကမထွက်ခင် သဘော်သီးမှည့်ကို စားသွားရမယ်လို့ဆိုတယ်။

စနေနေ့မှာတော့ အိမ်ကမထွက်ခင် ခံတက်ချဉ်ကို ထမင်းနဲ့ရောစားပါ။

ခံတက်ချဉ်မရှိရင်၊ မရရင် ချင်းတက်ကို ထမင်းနဲ့ရောစားပါတဲ့။

အဲဒီခုနစ်နေ့လုံးကို သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း ဓာတ်ဆင်လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် ဈေးရောင်းကောင်းမှာ သေချာတယ်လို့ အမိပ္ပာယ်ရပါတယ်ကွယ်"

အန်တီရွှေက နားလည်အောင် စိတ်ရှည်ရှည်ဖြင့် ရှင်းပြခဲ့သည်။ စကားလိုင်းတွင် ဝင်ရောက်ပြောဆိုခြင်းမရှိသေးသော လေးလေးယုက စားနေသည့် ရှမ်းခေါက်ဆွဲသုပ်ကို လက်စသတ်ကာ စကားစလာခဲ့သည်။

"လေးလေးယုရဲ့ ဈေးရောင်းကောင်းအောင် ဆောင်ရွက်တဲ့ ဈေးခေါ်နည်းကတော့ အန်တီရွှေလို ဓာတ်ဆင်ဓာတ်ရိုက်တာမျိုးမဟုတ်ဘဲ ရတနာသုံးပါးရဲ့ တန်ခိုးတော်၊ ဂုဏ်တော်တွေကို အားပြုထားတဲ့ ဂါထာရွတ်ဆိုဆုတောင်းတာတွေပဲကွ။ တစ်နည်းအားဖြင့် ဘုရားယတြာလို့ဆိုရမှာပေါ့နော်"

"ဟုတ်ကဲ့-ဆက်ပြောပြပါခင်ဗျ"

မောင်ငြိမ်းချမ်းက လိုလိုလားလား တောင်းဆိုဆန္ဒပြုလိုက်သည်။

"မင်းတို့သိတဲ့အတိုင်းပဲ လေးယု



တို့ဆိုင်က အိမ်နဲ့တွဲထားတဲ့ဆိုင်လေ။ မနက်ထ ကိုယ်လက်သန့်စင်ပြီးတာနဲ့ သန့်ပြန့်တဲ့အဝတ်အစားကိုဝတ်၊ ဘုရားရှိခိုးတယ်။ နောက်တော့ ဆိုင်ဖွင့်တယ်။ ဆိုင်မဖွင့်မီနဲ့ ဆိုင်ဖွင့်နေဆဲအချိန်တွေမှာ 'ဘဂဝါ အစ္ဆန္တောသိဒ္ဓိဟော၊ ကုစ္ဆိတံ မဟာလာဘံ၊ ဒေတု မေ ဇယ မင်္ဂလံ' ဂါထာကို (၁၀) ခေါက် ရွတ်ဆိုတယ်။ ခေါက်ရေပြည့်တာနဲ့ 'ယနေ့အဖို့ ရောင်းပန်းသာပြီး ဝယ်ပန်းများလှပါစေ။ တရားသဖြင့် ရအပ်သောအမြတ်များများရပါစေ' လို့ ဆုတောင်းတယ်လေ။ ဒါက နေ့စဉ်ပြုရမယ့် နိစ္စဘတ်ဝတ်ပေါ့။ တံခါးဖွင့်ပြီးတာနဲ့ ဈေးဦးပေါက်ပြီး တစ်နေကုန်ဈေးရောင်းကောင်းစေဖို့ 'ရှင်သီဝလိရှိခိုးဆုတောင်းဂါထာ' ကိုလည်း ရွတ်ပွားပူဇော်သေးတယ်လေ"

"ရှင်သီဝလိဆယ်ဂါထာကိုပြောတာလား လေးလေးယု"

"မဟုတ်ဘူးကွ။ ရှင်သီဝလိဆယ်ဂါထာကိုရရင်တော့ ပိုကောင်းတာပေါ့။ အခုပြောတဲ့ဂါထာက ပါဠိလိုမပါဘဲမြန်မာအသံထွက်သက်သက်နဲ့ စီကုံးထားတာပါ"

"အဲဒီဂါထာကိုလည်း ဆုဆုတို့ကို ချီးမြှင့်ပေးပါနော်"

## ရှင်သီဝလိပင့်ဖိတ်ရှိခိုး ဆုတောင်းဂါထာ

*ရှင်သီဝလိ ဘုန်းရှိမြတ်စွာ ရဟန္တာ၊ ထိပ်မှာမြတ်ဖျား၊ ကိုယ်တော်ကိုထား၊ နားမှာကိုယ်တော်ကျိန်း၊ ခပ်သိမ်းလိုရာရ။*

*ကာယဝစီ မနောချီ၊ သုံးလီ ဩကာသ၊ ဩကာသ၊ ဩကာသ၊ ရိုသေမြတ်နိုး၊ တပည့်တော်ရှိခိုး၊ တန်ခိုးကိုယ်တော်ပြတော်မူပါဘုရား။*

*အရာခပ်သိမ်း၊ အောင်မြင်ငြိမ်းလျက်၊ ရောင်းပန်းသွက်၍၊ ဝယ်ပန်းလှကာ၊ အမြတ်များရပါစေသတည်း။ ။*

"ဒီဂါထာတော်မှာ အစကနေ တန်ခိုးကိုယ်တော်ပြတော်မူပါဘုရားအထိ စာပိုဒ်က ကိုယ်ကရှိခိုး ဆုတောင်းတာဖြစ်တယ်။ အရာခပ်သိမ်း အောင်မြင်ငြိမ်းလျက်ကနေ အမြတ်များရပါစေသတည်း။ ဆိုတာက ရှင်သီဝလိရဟန္တာမြတ်ကြီးက ပြန်လည်ဆုချီးမြှင့်ပေးတဲ့သဘောဖြစ်တယ်ကွယ့်။ ရဟန္တာအရှင်မြတ်တို့က ချီးမြှင့်ပေးလိုက်တဲ့ ဆုများဟာ တစ်သဝေမတိမ်းပြည့်စုံစေတတ်တာမို့ ရွတ်ဆိုပူဇော်သူများအကျိုးတရားရစေဖို့ စီရင်ထားတဲ့ ဂါထာတစ်ပုဒ်ပါပဲ။ ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုပူဇော်ရင် အမှန်တကယ် အကျိုးထူးစေတယ်ဆိုတာ လေးယုကိုယ်တွေ့လို့ပြောပါရစေနော်"

"ကျေးဇူးကြီးလှပါတယ်၊ ဆုဆုတို့လည်း အံမြဲလိုက်နာဆောင်ရွက်ကြပါမယ်လို့ ကတိပြုပါတယ် လေးလေးယုရှင့်"

"ဩော်-အရေးတကြီးတစ်ခုတော့ မှာလိုက်ဦးမယ်ကွယ့်။ ဒါကတော့ ဘုရားယတြာမဟုတ်ပါဘူး။ ရှေးထုံးစဉ်လာသတ်မှတ်ချက်လေးပါ။ ဘာလဲလို့ဆိုရင် 'ဗုဒ္ဓဟူးနေ့တွေမှာ ခေါင်းကိုလောင်းပြီးရေမချိုးပါနဲ့။ ခေါင်းမလျှော်ပါနဲ့။ လုပ်မိရင်တော့ တစ်ပတ်တာလုံး လာဘ်ပိတ်တတ်တယ်' လို့ အသိပေးမှာချင်ပါတယ်။ ရှေးထုံးကိုလည်းမပယ်နဲ့လို့ ဆိုထားတာမို့ ဒီအချက်လေးကို ဂရုပြုလိုက်နာကြပါကွယ်"

"ဟုတ်ကဲ့ပါ လေးလေးယု"

ဇနီးမောင်နှံနှစ်ဦးက သံပြိုင်ကတိပြုကြရင်း တူဝရီးတို့၏ ဈေးရောင်းကောင်းစေကြောင်း ဆွေးနွေးပွဲစကားဝိုင်းကို ရပ်နားခဲ့ကြပါတော့သည်။

အံ့ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည် (၄၀)

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)

ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအတွက် အစာအာဟာရဖြည့်စွက်ကျွေးမွေးရာတွင် ပြုစုကျွေးမွေးသူတို့အနေဖြင့် အသားနှင့်ငါးကိုမျှတအောင်ကျွေးပေးရန် အလွန်လိုအပ်ပါသည်။

ငါးဆိုလျှင်လည်း နူးညံ့၍ ပရိုတင်းဓာတ်ပြည့်ဝပြီး ကယ်လစီယမ်ဓာတ်ကြွယ်ဝသော အရိုးပါဝါးစားနိုင်သည့် ငါးကလေးများသည် ကလေးငယ်နှင့် သက်ကြီးရွယ်အိုများအတွက် အလွန်အဖိုးတန်သည့် အစာအာဟာရ ဖြစ်ပါသည်။

ထိုငါးကလေးအမျိုးများစွာထဲမှ ငါးသလဲထိုးငါးနှင့်ရွှေစာရေးငါးလေးများသည် ကလေးငယ်နှင့်သက်ကြီးရွယ်အိုများအလွန်ကြိုက်နှစ်သက်သည့်ငါးလေးများ ဖြစ်ပါသည်။

အကြောင်းရင်းမှာ ငါးသလဲထိုးငါးနှင့် ရွှေစာရေးငါးလေးများတွင် အသားဓာတ်တန်ဖိုးမြင့်မားစွာပါဝင်နေသောကြောင့် စားလိုက်တဲ့အခါမှာ အသားကိုစားရသလို ချိုဆိမ့်နူးညံ့တဲ့အရသာကိုပေးစွမ်းနိုင်တဲ့အတွက်ဖြစ်ပါသည်။

ဒါ့အပြင် ငါးအမျိုးအစားပေါင်းများစွာရှိကြတဲ့အထဲမှ ငါးသလဲထိုးငါးနှင့်ရွှေစာရေးငါးလေးများသည် စားသည့်အခါ ကြေကျက်လွယ်ပြီး ဝမ်းမီးကိုကောင်းမွန်စေပါတယ်။

အဓိကအားသာချက်မှာ ငါးသလဲထိုးနှင့် ရွှေစာရေးငါးသည် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအတွက် အဓိကလိုအပ်နေတဲ့ ပရိုတင်းအသားဓာတ်မြင့်မားပြီး မရှိမဖြစ်အမိုင်နိုအက်စစ်ဓာတ်များ ကြွယ်ဝစွာပါဝင်နေသလို -

ကလေးငယ်များ၏ အရိုးဓာတ်သန်မာကြီးထွားကြံ့ခိုင်စေရန်နှင့်သက်ကြီးရွယ်အိုများအရိုးပါးခြင်းအတွက် ဖြည့်တင်းကာကွယ်မှုပေးရန် လိုအပ်သောသဘာဝ ကယ်လစီယမ်ဓာတ်ကလည်း ပြည့်ဝစွာပါဝင်နေပါသည်။

ငါးသလဲထိုးနှင့်ရွှေစာရေးငါးလေးတွေမှာ ပါဝင်ဖွဲ့စည်းနေတဲ့ ကယ်လစီယမ်ဓာတ်ဟာ သဘာဝအော်ဂဲနစ်ကယ်လစီယမ်ဓာတ်ဖြစ်၍ စားသောက်လိုက်တဲ့အခါမှာ အစာအိမ်နဲ့ အူလမ်းကြောင်းမှာ အလွယ်တကူ ခြေချက်စုပ်ယူနိုင်ပြီး အရိုးဓာတ်တည်ဆောက်ရာတွင်လည်း တိုက်ရိုက်ဖြည့်တင်းပေးနိုင်တဲ့သတ္တိထူးရှိပါတယ်။

ဒါကြောင့် စားကောင်းပြီး ကျန်းမာရေးအတွက် အလွန်အကျိုးပြုစေသည့် ငါးသလဲထိုးငါးလေးများနှင့် အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကားဆိုသလို အရသာချိုဆိမ့်ပြီး ကျန်းမာရေးအကျိုးပြုအဆီမျိုးဖြစ်သော ကိုလက်စထရောဓာတ်ကိုမြင့်မားစေပြီး ကိုယ်တွင်းအပူအခိုးကိုငြိမ်စေ၍ ဦးရေပြား၊ ဆံပင်နှင့် ခန္ဓာကိုယ်အရေပြားတို့ကို နူးညံ့ချောမွေ့စေအောင် အကျိုးပြုနိုင်သည့် အုန်းဆီမှ အုန်းနို့ဦးရည်ကို တွဲစပ်၍ စီမံချက်ပြုတ်ထားသည့် . . .

ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအတွက် စားကောင်းနှုတ်မြိန်၍ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကျိုးပြုစေသည့် . . .

ငါးသလဲထိုးအုန်းနို့ဆော့စ်ဆမ်းဟင်းလျာကို တင်ပြပေးပါမည်။

**ပါဝင်ပစ္စည်းများ**

၁။ ငါးသလဲထိုး (၂၅) ကျပ်သား
၂။ ကြက်သွန်နီ (၁၀) ကျပ်သား
၃။ ကြက်သွန်ဖြူ (၅) ကျပ်သား
၄။ ချင်း (၂) ကျပ်သား
၅။ ဟင်းချက်ငရုတ်မှုန့်
စားပွဲဇွန်း (၁) ဇွန်း
၆။ နနွင်းအနည်းငယ်
၇။ ဆားအနည်းငယ်
၈။ ဟင်းခတ်မှုန့်အနည်းငယ်
၉။ အုန်းသီး (၁) လုံး
(အုန်းနို့ဦးရည်ညှစ်ယူပါ)
၁၀။ ရှမ်းနံ့နံ (၁) စည်း
၁၁။ ပဲဆီစစ်စစ် (၂၀) ကျပ်သား
၁၂။ သကြား စားပွဲဇွန်း (၁) ဇွန်း

**စီမံချက်ပြုတ်နည်း**

ငါးသလဲထိုးကို ရေဆေးသန့်စင်ကာ ဗီနီကာ (၂) ဇွန်းနှင့်နယ်ပြီး ရေစင်ကြယ်အောင်ဆေး။ ရေစစ်ထားပါ။ ပြီးလျှင် ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်တို့ကို အနေတော်နယ်ပြီး တစ်နာရီခန့်နှပ်ထားပါ။

ကြက်သွန်ဖြူ/နီ၊ ချင်းတို့ကို ပါးပါးလှီးထားပြီး ဟင်းတစ်ခါချက်စာ ကြက်သွန်နီ/ဖြူနှင့် ဟင်းချက်ငရုတ်သီးမှုန့်တစ်ဇွန်းကို ရောထောင်းထားပါ။ ကျန်ကြက်သွန်ဖြူ/နီ၊ ချင်းတို့ကို အကြွပ်ကြော်ထားပါ။

အုန်းသီးတစ်လုံးကိုခြစ်ပြီး အုန်းနို့အုန်းရည်ကို ရသလောက် ညှစ်ယူထားပါ။

**ချက်ပြုတ်နည်း**

ဒယ်အိုးတွင် ဆီ (၂၀) သားလုံးထည့်ပြီး အပူချိန်ညီလာက ဆီကျက်လာသည့်အချိန်တွင် ငါးသလဲထိုးများကိုကြွပ်လာတဲ့အထိ မီးရှိန်အနေတော်ဖြင့်ကြော်ပြီး ဆီစစ်ထားပါ။ (အကြွပ်လွန်၍တူးမသွားရန်လိုပါသည်။)

ပြီးလျှင် အကြော်ဆီထဲမှ ဆီဇွန်းကြီးတစ်ဇွန်းယူပြီး အိုးသစ်တစ်လုံးမှာ ငရုတ်၊ ကြက်သွန်၊ နနွင်းမှုန့်တို့ကို ဆီသတ်ပါ။ အနေတော်ဖြစ်လျှင် အုန်းနို့ဦးရည်ကိုထည့်ပြီး ဆား၊ ဟင်းခတ်မှုန့်နှင့် သကြားအနည်းငယ်ထည့်ပြီးမပြတ်မွှေပေးပါ။

မီးအေးအေးနှင့်မပြတ်မွှေပေးလျှင် အုန်းနို့ရည်ပျစ်လာပြီး ရနံ့မွှေးလာတဲ့အခါမှာ ယခင်ကကြော်ထားတဲ့ကြက်သွန်ဖြူ/နီ၊ ချင်းတို့ကို ထည့်လိုက်ပြီး သမသွားအောင်မွှေပေးပါ။ အားလုံးရောသမသွားပြီဆိုလျှင် -

ငါးသလဲထိုးအကြွပ်ကြော်ထဲကို ရှမ်းနံ့နံပါးပါးလှီးထားသည်များကိုဖြူးလိုက်ပြီး အပေါ်မှ အုန်းနို့ဆော့စ်အနှစ်များကို လောင်းချလိုက်ပြီး အဖုံးသုံးမိနစ်ခန့်အုပ်ထားပေးပါ။

ပြီး အိုးအဖုံးဖွင့်လိုက်လျှင် အလွန်မွှေးကြိုင်ပြီး အနံ့အရသာနှင့် ပြီးပြည့်စုံနေသော 'ငါးသလဲထိုးအုန်းနို့ဆော့စ်အနှစ်ဆမ်း' စားဖွယ်ဟင်းလျာကို သုံးဆောင်နိုင်ပါပြီ။

*သတ္တဝါများ*
*စားသမျှအားဖြစ်၍ကျန်းမာပါစေ*

ရွှေနဝင်း(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတွင် သားသမီး (၄) ယောက်ရှိပါသည်။ သမီး (၃) ယောက်နှင့် သား(၁)ယောက်ဖြစ်သည်။ သားမှာ အငယ်ဆုံး ဖြစ်သည်။ ဒုတိယသမီးက အိမ်ထောင်ကျပြီး သားလေးမွေးသဖြင့် မြေးဦးယောက်ျားလေးရှိပါသည်။ သားအငယ်ဆုံးကို ၂၀၀၇ ခုနှစ်တွင် အိမ်ထောင်ချပေးသည်။ ၂၀၁၂ ခုနှစ်အထိ သားသမီးမရပါ။ တစ်ဦးတည်းသောသားမှ မွေးသောမြေးကို အလွန်လိုချင်နေပါသည်။ သူတို့လင်မယားလည်း ဆရာဝန်များနှင့် သားသမီးရရန် နည်းမျိုးစုံဖြင့် ကြိုးစားကြသော်လည်း သားသမီးမရပါ။

စာရေးသူသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထားဝယ်မဲဆန္ဒနယ် အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်အဖြစ်အရွေးခံခဲ့ရပါသည်။ စာရေးသူ၌ ရော်ဘာခြံများနှင့် ဆီအုန်းခြံများရှိရာ ထိုလုပ်ငန်းများအတွက် သားဖြစ်သူက စာရေးသူကိုယ်စား ဦးစီးလုပ်ကိုင်ရပါသည်။

၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော် ရပ်နားနေချိန်တွင် စာရေးသူသည် မလေးရှားနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ စာရေးသူ၏ အစ်ကိုဝမ်းကွဲတစ်ယောက်က မလေးရှားမှဆီအုန်းကြိတ်စက်ပိုင်ရှင်များနှင့်အဆက်အသွယ်ရှိ၍ သွားရောက်ခဲ့ခြင်းဖြစ်ပါ သည်။

ဆီအုန်းစက်ပိုင်ရှင်မှာ တရုတ်သူဌေး (၄) ဦး ဖြစ်သည်။ စာရေးသူ၏ အစ်ကိုဝမ်းကွဲက မည်သို့ပြောထားသည်မသိ ထိုတရုတ်သူဌေး(၄)ဦးက စာရေးသူအား အလွန်ချမ်းသာသည်ထင်ပြီး အလွန်ဂရုစိုက်အရေးပေးပါသည်။သူဌေးတစ်ဦးလျှင် တစ်ည ညစာကျွေးပါသည်။ ထိုသူဌေး(၄)ဦးအနက် မစ္စတာချင်းဆိုသူ၏ ဇနီး တရုတ်မမှာ ဗုဒ္ဓဘာသာဖြစ်သည်။ အသက်(၅၀)အရွယ်လောက်သာရှိသေးသည်။ ညစာစားပွဲတိုင်း၌ ထိုတရုတ်မသည် စာရေးသူအား၊ စိုက်၍ကြည့်နေတတ်သည်။ သူ၏ယောက်ျား မစ္စတာချင်းကလည်းသတိပြုမိဟန်တူသည်။

တစ်ည ညစာစားပွဲတွင် မစ္စတာချင်းက -

"ကျွန်တော့်မိန်းမက ခင်ဗျားကို စိုက်ကြည့်နေတာ သူ့မှာအာရုံတစ်ခုခု ရတယ်နဲ့တူတယ်"

ဟုပြောပါသည်။

ကျွန်တော်က -

"ဘာအာရုံရလဲလို့ မေးကြည့်ပါလား"

မောင်သန်းဆွေ
(ထားဝယ်)

# ထူးဆန်းစွာသန္ဓေတည်ရှိရသော မြေးမကလေး





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သောအခါ မစ္စတာချင်းက သူ့မိန်းမကိုမေးတော့သည်။

သူ့မိန်းမက -

"မစ္စတာဆွေဟာ အစက ရော်ဘာခင်တွေကြားထဲကလာတာ။ အခုတော့ သူက လူတွေအများကြီးထိုင်နေတဲ့ကြားထဲကို ရောက်သွားပြီ"

ဟု ပြောပါသည်။

သို့ဖြစ်၍ ကျွန်တော်က -

"ဟုတ်ပါတယ်၊ ကျွန်တော် အခုအမျိုးသားလွှတ်တော်မှာ ကိုယ်စားလှယ်ဖြစ်နေလို့ လွှတ်တော်တက်နေရပါတယ်။ အခု လွှတ်တော်ခဏနားထားတုန်း ဒီကိုလာခဲ့တာပါ"

ဟု ပြန်ပြောလိုက်ပါသည်။

သူတို့သည် စာရေးသူအား





www.burmeseclassic.com

www.burmeseclassic.com

လွှတ်တော်ကိုယ်စားလှယ်ဟုမသိကြပါ။ ရော်ဘာခြံ၊ ဆီအုန်းခြံများပိုင်ရှင်ဟုသာ သိကြပါသည်။ သို့ဖြစ်၍ တရုတ်မ၏ အမြင်အာရုံမှာ အတော်ဆန်းကြယ်သည်ဟု ပြောရပါမည်။

တရုတ်မက ဆက်၍ -

"ဒါပေမယ့် သိပ်မကြာတော့ပါဘူး။ မစ္စတာဆွေက လူတွေအများကြီးထဲက နေပြီး သူတစ်ယောက်တည်း တစ်ခန်းတည်းမှာနေရမှာ ဖြစ်တယ်"

ဟု ပြောသဖြင့် စာရေးသူလန့်သွားပြီး -

"ဘာဖြစ်လို့လဲ၊ ကျွန်တော်ထောင်ကျမှာလား"

ဟု မေးလိုက်ရပါသည်။

"နိုး . . . နိုး . . . နိုး . . . ဒီလိုမဟုတ်ဘူး၊ ထောင်ကျမှာမဟုတ်ဘူး။ ရှင်နေရမှာက အင်မတန်ကြီးကျယ်ခမ်းနားတဲ့အခန်းကြီးထဲမှာတစ်ယောက်တည်းနေရမှာ။ ထောင်မဟုတ်ဘူး"

ဟု ပြောပါသည်။

သူ့စကားအရ စာရေးသူအနေဖြင့် အတော်အံ့သြသွားသည်။ငါဘာတွေဖြစ်မှာလဲဟုလည်း စိုးရိမ်စိတ်ဖြစ်ပေါ်ခဲ့သည်။ တရုတ်မကိုလည်း ယုံရအခက် မယုံရအခက် ဖြစ်သည်။

မလေးရှားမှပြန်လာပြီး ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် စာရေးသူ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီးဖြစ်သည့် အမိန့်ကြော်ငြာစာထွက်လာပါသည်။ ထိုအခါမှ မလေးရှားမှ မစ္စတာချင်း၏ ဇနီးတရုတ်မ ကြိုတင်ပြောလိုက်သည်ကို သတိရပြီး အလွန်အံ့သြသွားရပါသည်။ ၂၀၁၃ ခုနှစ် နှစ်အစပိုင်းတွင် မစ္စတာချင်းတို့လင်မယား ရန်ကုန်သို့လာရောက်ကြသည်ဟု စာရေးသူ၏အစ်ကိုဝမ်းကွဲက ဖုန်းဆက်ပြောပါသည်။ စာရေးသူသည် ချက်ချင်းပင် မစ္စတာချင်းတို့လင်မယားတည်းခိုရာဟိုတယ်သို့သွားရောက်တွေ့ဆုံပါသည်။ စာရေးသူ၏ အစ်ကိုဝမ်းကွဲလင်မယားနှင့် ညစာလည်း ကျွေးလိုက်ပါသည်။မစ္စတာချင်းကတော် တရုတ်မအား အပြန်တွင် လက်ဆောင်လည်းပေးလိုက်ပါသည်။ စာရေးသူ၏ သား၌ သားသမီးမရသည်ကို အာရုံခံကြည့်ပေးရန်လည်း ပြောလိုက်ပါသည်။ တရုတ်မကို အတော်ယုံသွားပြီး အထင်လည်းကြီးသွားသည်။

သူက -

"မစ္စတာဆွေရဲ့သားလင်မယားကို မလေးရှားလွှတ်လိုက်လေ"



စာရေးသူ၏မြေးမလေး

ဟုပြောသွားပါသည်။

ထိုအကြောင်းများကို စာရေးသူ၏ သားနှင့်ချွေးမတို့အား ထားဝယ်သို့လှမ်းပြီး ဖုန်းနှင့်ပြောလိုက်သည်။ သူတို့ကလည်း မလေးရှားသွားမည်ဟုပြောသဖြင့် စာရေးသူ၏အစ်ကိုဝမ်းကွဲနှင့်တိုင်ပင်ပြီး သားနှင့် ချွေးမကို မလေးရှားသို့ လွှတ်လိုက်ရသည်။

သားလင်မယား မလေးရှားတွင် တစ်ပတ်ခန့်ကြာပါသည်။ သူတို့ပြန်လာကြသောအခါ ရန်ကုန်တွင်ပင် အကျိုးအကြောင်းမေးရသည်။

သူတို့က -

"သူအာရုံခံကြည့်ပေးတယ်။ ပြီးတော့ ကျွန်တော်တို့ထားဝယ်အိမ်ရဲ့အောက်ထပ်မှာ ကျွန်တော်တို့နေတာကို မှားနေတယ်လို့ ပြောတယ်။ နင်တို့အိမ်အပေါ်ထပ်မှာ တစ်ခန်းလုံးအပြာရောင် သုတ်ထားတဲ့အခန်းရှိတယ်မဟုတ်လား။ အဲဒီမှာသွားနေပါလို့ပြောလိုက်တယ်"

ဟု ဖြေကြပါသည်။

သူတို့ကြည့်ရသည်မှာ သိပ်ယုံဟန်မရှိပါ။ ခပ်ပေ့ပေ့ပင် ဖြစ်သည်။

စာရေးသူက -

"မယုံမရှိနဲ့၊ ငါ့ကိုအာရုံခံပြီးပြောလိုက်တာတော့ ကွက်တိပဲ။ အခုလည်း မင်းတို့ထားဝယ်အိမ်အောက်ထပ်မှာနေတာ ဟုတ်သားပဲ။ သူ့အာရုံက မှန်သားပဲ။ နောက်ပြီး အိမ်အပေါ်ထပ်မှာ တစ်ခန်းလုံးအပြာရောင်ဆေးသုတ်ထားတဲ့အခန်းရှိတယ်ဆိုတာလည်း မှန်သားပဲ။ အဲဒီတော့ နင်တို့အပေါ်ထပ်က အပြာရောင်အခန်းမှာပြောင်းနေကြပေါ့။မပြောင်းချင်ရင်လည်း အိပ်ရုံသွားအိပ်ကြည့်ကြပါလား"

ဟု ပြောလိုက်ရပါသည်။

စာရေးသူတို့၏ ထားဝယ်အိမ်အပေါ်ထပ်တွင် အိပ်ခန်းများကို အစိမ်းနုရောင်၊ အပြာရောင်၊ ပန်းရောင် စသည်ဖြင့် တစ်ခန်းတစ်မျိုးသုတ်ထားသည်မှာ အမှန်ပင်ဖြစ်ပါသည်။

စာရေးသူ၏သားလင်မယားသည် မလေးရှားမှ တရုတ်မအာရုံခံကြည့်လိုက်သည့်အတိုင်း ထားဝယ်အိမ်အပေါ်ထပ်မှ ဆေးအပြာရောင်သုတ်ထားသည့် အခန်းတွင် ပြောင်းအိပ်ကြပါသည်။ ထိုသို့ အိပ်ပြီး နှစ်လ၊ သုံးလရှိလာသောအခါ ကိုယ်ဝန်ရှိလာကြောင်း စာရေးသူအား ဖုန်းဆက်ပြောပါသည်။

စာရေးသူလည်း မလေးရှားမှ မစ္စတာချင်းကတော် တရုတ်မထံ အားရဝမ်းသာဖုန်းဆက်၍ သူပြောသည့်အတိုင်း လုပ်ဆောင်သဖြင့် ကိုယ်ဝန်ရပြီဖြစ်ကြောင်းပြောရပါသည်။ တရုတ်မက ချက်ချင်းပင် ရသည့်ကိုယ်ဝန်သည် မိန်းကလေးဖြစ်ကြောင်း၊ မွေးလာလျှင် သူ၏အမည်ကို 'ဂျယ်နီ' ဟု မှည့်ခေါ်ပေးရန် ပြောပါသည်။

ထိုသို့ပြောကြားစဉ်က စာရေးသူ၏ ချွေးမသည် ကိုယ်ဝန်တစ်လခန့်သာရှိသေးသဖြင့် အယ်(လ်)ထရာဆောင်း ရိုက်၍မရသေးပါ။ ထို့ကြောင့် သန္ဓေသား၏လိင်ကို မသိနိုင်ပါ။ ကိုယ်ဝန်လေးလကျော်သောအခါမှ အယ်(လ်)ထရာဆောင်း ရိုက်ကြည့်လိုက်သောအခါ ကိုယ်ဝန်မှာ မိန်းကလေးဖြစ်နေသည်ကိုသိရပါသည်။ အံ့သြလောက်ပါသည်။ မစ္စတာချင်းကတော်တရုတ်မ၏ အာရုံခံစားမှုကိုလည်း အံ့သြရတော့သည်။

စာရေးသူ၏ အစ်ကိုဝမ်းကွဲလင်မယားနှင့် ထိုအကြောင်းများကို ပြောကြသောအခါ အစ်ကိုဝမ်းကွဲက -

"မစ္စတာချင်းမှာပထမအိမ်ထောင်ရှိတယ်။ သားသမီးလည်း (၃) ယောက်ရှိတယ်။ပထမဇနီးဆုံးသွားမှ အခုတရုတ်မနဲ့ယူတာ။ သူတို့ယူပြီး (၂) နှစ်လောက်အထိကလေးမရဘူး။ အာရုံခံကြည့်တော့လည်း ကလေးမရနိုင်ဘူးလို့မြင်သတဲ့။ ဆေးစစ်ကြည့်တော့လည်း တရုတ်မမှာ ကလေးမရနိုင်ဘူးလို့သိရလို့ ဆေးရုံကပိုင်ရှင်မဲ့ မိန်းကလေးတစ်ယောက်ကို မွေးစားလိုက်တယ်။ အဲဒီကလေးက ဦးနှောက်မပြည့်ဘူး။ မစ္စတာချင်းက



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကလေးကြောင့် စီးပွားရေးတက်တာ ကို မြင်သတဲ့။ ဒါပေမယ့် အဲဒီကလေး အသက် (၂၈) နှစ်ရောက်ရင် သေလိမ့် မယ်။ အခုတော့ (၁၈)နှစ်လောက်ရှိပြီ။ အဲဒီသမီးကလေးသေပြီးရင်တော့ သူတို့ စီးပွားမဖြစ်တော့ဘူးလို့မြင်ကြောင်း သူ ယောက်ျားကို ပြောထားတယ်လို့ သိရ တယ်"

ဟု စာရေးသူအား ပြောပြပါ သည်။

စာရေးသူ၏ မြေးမလေးသည် ၇-၁၁-၂၀၁၄ နေ့တွင် မွေးဖွားပါသည်။ သူသည် ထူးဆန်းစွာ သန္ဓေတည်၍ရ သော မြေးမကလေး ဖြစ်၏။ ဤနေရာ တွင် တိုက်ဆိုင်၍ပြောရလျှင် သူ၏ဖခင် စာရေးသူ၏သားသည်လည်း ထူးဆန်း စွာသန္ဓေတည်၍ရသောသားဟုပင်ဆိုရ သည်။

စာရေးသူသည် ၁၉၆၇ ခုနှစ်တွင် အိမ်ထောင်ကျသည်။ သမီး(၃)ယောက် သာ ဆက်တိုက်မွေးပြီး သားမရှိသဖြင့် သားအလွန်လိုချင်နေပါသည်။ စာရေးသူ တို့ မင်္ဂလာဆောင်စဉ်က ထားဝယ်သို့ မင်္ဂလာအခမ်းအနားများကိုစီစဉ်ပေးရန် အားလမ်းမှ ဦးကိုကိုကြီးဆိုသူကို ငှားခဲ့ သည်။ နဂိုကတည်းက စာရေးသူတို့ ဆွေမျိုးတစ်စုနှင့် ဦးကိုကိုကြီးမှာ ခင်မင် ရင်းစွဲရှိကြပါသည်။

တစ်နေ့ ရန်ကုန်သို့လာစဉ် ဦးကိုကိုကြီးအိမ်သို့သွားလည်ပါသည်။ ဦးကိုကိုကြီးသည် အထုပ်အပိုးများပြင်၍ ခရီးသွားမည့်ပုံတွေ့ရသဖြင့်မေးကြည့်ရာ နတ်ပွဲသွားမည်ဟုဆိုပါသည်။ ဘယ်မှာ လဲဟုမေးရာ ကန်ဘဲ့မှာဟု ဖြေပါသည်။ ကားငှားသွားရမည်ဆို၍ စာရေးသူတွင် အားပါသောကြောင့် လိုက်ပို့ပါသည်။ ကန်ဘဲ့မှာနေသော တောင်ပြုန်း၊ တောင် လက်၊ ဗောင်းဆောင်းကြီး ဦးဖိုးမောင် အိမ်တွင် နတ်ပွဲကျင်းပနေခြင်း ဖြစ်သည်။ ဦးကိုကိုကြီးသည် ဦးဖိုးမောင်၏နတ်သား တပည့်ဖြစ်၏။ ဦးဖိုးမောင် အိမ်ပေါ်သို့ တက်လိုက်ရန်ခေါ်သဖြင့် လိုက်သွားရာ နတ်ပွဲတွင် ရန်ကုန်မှ စာရေးသူ၏ အသိ မျက်နှာကြီး ငွေရှင်ကြေးရှင်အမျိုးသမီး ကြီးများကို တွေ့ရပါသည်။ သူတို့က စာရေးသူကိုမြင်သဖြင့် အံ့သြနေကြ သည်။

ထိုစဉ် အလွန်လှပ၍ ကျက်သရေ ရှိလှသော အသက် (၅၀) အရွယ် အမျိုး သမီးကြီးတစ်ဦး အိုပယ်(လ်)ကားဖြင့် ရောက်လာသည်။ဦးဖိုးမောင်၏ နတ်



သားသမီးများတွင် ဝါအကြီးဆုံးသမီး ဒေါ်သောင်းမြင့်ဟု ခေါ်ကြသည်။ (ကာတွန်း မောင်ဝဏ္ဏ၏မိခင် ဖြစ်ပါ သည်။)

ဒေါ်သောင်းမြင့် ရောက်သည်နှင့် နတ်စတင်ချော့ပါသည်။ ထိုစဉ်က နတ် အကြောင်း ဗဟုသုတမရှိသေးသဖြင့် မည်သည့်နတ်များချော့သွားသည်ကို မသိသေးပါ။ တောင်ပြုန်းမင်းကလေး ချော့သည်အခါတွင် ဦးကိုကိုကြီးက ငွေတစ်ရာတန်နှစ်ရွက်ကိုလိပ်ပြီး နတ်ကို ထဆက်ရန်ပြောသဖြင့် စာရေးသူက ထဆက်ပါသည်။ နတ်က စာရေးသူ၏ လက်ကိုဆုပ်၍မြှောက်ပြီး -

"လိုရာဆုတောင်း"

ဟု ပြောပါသည်။

ဘေးနားမှာ အမျိုးသမီးကြီးများ ကဝိုင်း၍ -

"ကိုယ်တော်၊ သူ့မှာဘာမှမလိုဘူး အားလုံးပြည့်စုံတယ်ဘုရား"

ဟု ပြောကြသည်။

နတ်က -

"မပြည့်စုံတာတစ်ခုရှိတယ်ကွယ့်"

ဟု ပြန်ပြော၍ စာရေးသူ၏ စိတ် ထဲတွင် အတွေးတစ်ခုဝင်လာသည်။ စာရေးသူတွင် သားရတနာမရှိသေး၍ စိတ်ထဲမှာပင် သားရတနာရလိုကြောင်း ဆုတောင်းလိုက်သည်။

ထိုသည်ကို နတ်ကအလိုလိုသိနေ ပြီး -

"အထီးလိုချင်ရင် ထီးတွေလှူပေါ့"

ဟု ပြောသည်။

စာရေးသူက -

"ဘာထီးလှူရမှာလဲ"

ဟု ပြန်မေးရာ နတ်က -

"အိုး- ဘုရားထီးကစလို့ ဘုန်းကြီး ထီး၊ သီလရှင်ထီး၊ လူတွေကိုထီးလှူပေါ့ ကွာ"

ဟု ပြောသည်။

စာရေးသူက ကောင်းပါပြီဟု ဖြေလိုက်သည်။

နတ်ကပ်နေသူ (မသောင်းမြင့်) သည် စာရေးသူဆက်သည့်ငွေနှင့် လက် ကို ဆက်မြှောက်၍ ဆုပ်ကိုင်ထားပြီး -

"အလိုပြည့်ရင် ထီးရောက်နန်း ရောက်လာမှာလား"

ဟု မေးရာ စာရေးသူက လာပါ့ မယ်ဟု ကတိပေးလိုက်၏။ တစ်သက် လာမှာလား ဟု မေးပြန်ရာ စာရေးသူက အလိုပြည့်ရင်လာပါ့မယ်ဟု ကတိခံလိုက် သည်။ ထိုမှပင် စာရေးသူ၏လက်ကို လွှတ်တော့သည်။ ထိုစဉ်က ထီးရောက် နန်းရောက်ဆိုသည့်အဓိပ္ပာယ်ကို စာရေး သူ သိသည်မဟုတ်ပါ။ မေး၍သာဖြေ လိုက်ခြင်း ဖြစ်ပါသည်။

ဤကိစ္စကို ထားဝယ်ပြန်ရောက် သောအခါ စာရေးသူ၏ ဇနီးအား ပြန်ပြောပြသည်။

ဇနီးဖြစ်သူက -

"ပြောလို့ရမလား။ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

ဟု ပြောပါသည်။

ထူးဆန်းသည်မှာ ထိုစဉ်ကတည်း က ထားဝယ်တောနယ်များမှ ဘုရားထီး အလှူခံသူများ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာ၍ မငြင်းတမ်းလှူဒါန်းသည်။ အလှူခံကြွရောက်လာသောအခါတွင် ဘုန်းတော်ကြီးများကိုလည်းထီးလှူသည်။ (ထိုသို့လှူရန် အိမ်၌ ဘုန်းကြီးထီးများ အဆင်သင့်ဝယ်ထားသည်။) အပတ်စဉ် ဆွမ်းဆန်စိမ်းလှူသော သီလရှင်များကို လည်း ထီးများလှူသည်။ ထိုနှင့်ပင် စာရေးသူ၏ဇနီး၌ ကိုယ်ဝန်ရလာသည်။

ထိုစဉ်က ယခုကဲ့သို့ အယ်(လ်) ထရာဆောင်းရိုက်ခြင်းမပေါ်သေးသဖြင့် ရသည့်ကိုယ်ဝန်၏လိင်ကို ကြိုတင်မသိ နိုင်ပါ။ နတ်ဟောထားသည့်အတိုင်း ယောက်ျားလေးဖြစ်မည်ဟု အကြီးအ ကျယ်မျှော်လင့်နေပါသည်။ အချိန်တန် ၍မွေးသောအခါ သားကလေးမွေးလာ ပါသည်။ ဝမ်းသာလိုက်သည်မှာပြော မပြနိုင်အောင်ပင်ဖြစ်ပါသည်။ နတ်ကတိ ရှိသည့်အတိုင်း ဦးကိုကိုကြီးနှင့်တိုင်ပင်ပြီး ထိုနှစ် ဝါခေါင်လမှစ၍ တောင်ပြုန်းပွဲသို့ သွားနေရသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါတော့သည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

အညာမြေ၏ ဆောင်းတစ်ည။

တောင်ယာထဲက တဲအတွင်း ခွေးညိုနှင့် ချစ်ဆုံတို့ ပဲခင်းစောင့်ရင်း အိပ်နေကြသည်။ သူတို့တဲက ထိုနယ်တစ်နယ်လုံးက ကြမ်းပေ့ရမ်းပေ့ဆိုသော သချိုင်းကုန်းနားတွင်ရှိ၏။

သချိုင်းအမည်က မောဂ္ဂလာန် သချိုင်း။

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်တောင်ဘက် တစ်မိုင်ခန့် အကွာတွင် အထင်ကရနယ်မြေကြမ်း ဖြစ်၏။

သို့သော် မောဂ္ဂလာန်သချိုင်း ဘယ်လောက်ပဲကြမ်းရမ်းပါစေ စလင်းမြို့၏ကျက်သရေဆောင် ဝက်သည်းကန်ကြီးကို ကျော်ခိုင်း၍မရ။ ဝက်သည်းကန်ကို အမှီပြု၍ အနီးအနားမှာရှိသောရွာများ အသက်မွေးဝမ်းကျောင်းပြုရရှာလေသောကြောင့် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဝက်သည်းကန်ကြီးကို အမှီပြုလျက် ကြာဖက်ခူးခြင်း၊ ငါးပုန်းထောင်ခြင်း၊ ကြွက်ထိုး၊ ငါးရှဉ့်ထောင်ခြင်း၊ ဖားရိုက်ခြင်းဖြင့် အဖိုးမဖြတ်နိုင်သော သိကြားဟင်းအိုးသည် ဝက်သည်းကန်ကြီးဖြစ်သောကြောင့်ပင်။ သူတို့အတွက် မည်သို့ အခက်အခဲတွေဖြစ်နေပါစေ သိကြားဟင်းအိုးနှင့်တူသော အထင်ကရကန်ကြီးကို သူတို့ချစ်ကြသည်၊ မှီခိုအားထားကြသည်မှာ မဆန်းလှပါပေ။

အညာဒေသတွင် ခုလို အုပ်သင်းဖွဲ့လျက် အညာမြေ၏ ဆောင်းတစ်ည ပဲခင်း၊ နှမ်းခင်း၊ ဂျုံခင်းတဲလေးများ ဟိုတစ်စုသည်တစ်စု ကညင်ဆီမီးထွန်းလျက်ရှိနေတတ်၏။ တဲစောင့်ဆိုပြီး ညဘက်ကျလျှင် မကြာခဏထထကြည့်ရသည်။ ညဘက်များမရောက်လာနှင့် ယာခင်းအတွင်းထဲသို့ မကြာမကြာ မိမိစိုက်ခင်းကို ထမကြည့်လိုကတော့ဖြင့် ညအချိန် ယာခင်းထဲသို့ဝင်မွှေကြသော ကြွက်အုပ်ကြီးများရန်ကို ဂရုစိုက်ရသလို မြေပဲခင်းထဲသို့ ဝင်မွှေစားသောက်တတ်သော ခွေးအနှင့် မြေခွေး၊ တောဝက်များက အထူးသဖြင့် ယာခင်းဘေးနှုတ်ခမ်းကန်သင်းရိုးဘောင်ပတ်ပတ်လည်တွင် စိုက်ပျိုးထားသည့် သခွား၊ ဖရုံ၊ တောင်ထိုင်ပဲသီး၊ ဘူး၊ ကန်စွန်းဥများကို မည်သည့်အခါမှ ချမ်းသာမပေး။

ထို့ကြောင့် ယာခင်းစောင့်ကြသူများမှာအိပ်နေပါက တောဝက်နှင့်ခွေးအ၊ ကြွက်အုပ်များကို အခွန်တော်ဆက်သသလိုဖြစ်ပေတော့မည်။

တစ်ခုသော လမိုက်ညတစ်ည။

မှုဆိုးလသာ၊ တံငါ လမိုက်ဆိုသကဲ့သို့ စလင်းမြို့၏ အနောက်တောင်ဘက် နှစ်ဖာလုံခန့်အကွာ ဝက်သည်းကန်ကြီး၏အရှေ့ဘက် ရှမ်းကုန်းရွာရှိ ငပျော့ကြီး၏ အိမ်ရှေ့တွင် ရွာသားအချို့ ရုံးစုရုံးစုလုပ်နေကြ၏။ သူတို့ကား အောင်သန်း၊ ဝဲကျော်၊ ဂွတီ၊ ငပတ်၊ စပ်ဖြူ၊ အုံ့သီး၊ ငဒေါင်းတို့ ဖြစ်၏။ ဒီည ငါးပုန်းထောင်ရန်အတွက် လူစုနေကြသည်။

"အောင်သန်းရေ လူစုံနေပြီ မြန်မြန်လုပ်ဟ။ မင်းတစ်ယောက်တည်း ကျန်တော့တယ်။ အရေးထဲ ငလင်ပန်းက ဂျပုစောအောင်က ရေခပ်တဲ့ ကောင်မလေးနဲ့ ချိန်းထားလို့ မလိုက်ဖြစ်ဘူးတဲ့"

"ဟူး - စိတ်မောတယ်ကွာ၊ ဟိုလူစောင့်ရဒီလူစောင့်ရနဲ့"

ငဒေါင်းကညည်းလိုက်၏။

မကြာမီ လှပို၊ ဖိုးကို၊ ဖိုးညိုတို့ ရောက်လာကြသည်။ထိုအခါ ငဒေါင်းတို့မှာ ကိုယ့်ငါးပုန်းကိုယ့်လှေ ကိုယ်လှော်လျက် ဝက်သည်းကန်အတွင်း ငါးပုန်းချရန် ပြင်ဆင်ရင်း ဖြည်းဖြည်းချင်း အအုပ်အစုလိုက်လှော်လာကြ၏။

ည (၈)နာရီမှစ၍ ဝက်သည်းကန်အတွင်း ငါးရှဉ့်ပုန်းထောင်သူက ထောင်၊ ဝါးမြှုံးဖြင့် ငါးပုန်းထောင်သူထောင်ကြပြီး နံနက်အရုဏ်မလာခင် (၄) နာရီလောက်တွင် ငါးပုန်းများကို သိမ်းဆည်း ရသည်။

ထိုသို့မဟုတ်ပါက ငါးသူခိုးငတင်မြင့်၊ ပွကြီး၊ ငွေလှိုင်တို့က ဒီနယ်တစ်ကြောတွင် ခိုးရာ၌လက်ပျောက်သည်ဟု နာမည်ကြီးနေသူများဖြစ်၏။ အိမ်အပြန် လက်ကြီးဗလာဖြစ်ပေလိမ့်မည်။


ငါးပုန်းများချပြီးတော့ အချိန်က လူလင်ငယ်ပြန်ချိန် သန်းခေါင်ယံ ကြက်တွန်နေလေပြီ။

"ဟော့ကောင် အောင်သန်းနဲ့ဖိုးညိုရေ၊ မင်းတို့ ငါးပုန်းချပြီးရင် မြင်တော်မူကုန်းရှေ့တန်ဆောင်းလာခဲ့ကြ။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



# မင်းနန္ဒရှိန်

## သောင်းတစ်ညက ရေကူးတဲ့ မီးသရဲ

လှေ အဲဒီကစောင့်နေ မယ် ဟုတ်လား"

ဝက်သည်းကန်ထဲမှာ ငဒေါင်းနှင့် ဝဲကျော်တို့ လှေ(၂)စီး ဖြည်းညင်းစွာလှော်ခတ်သွား၏။ ညဥ့်လေပြည်က သိမ့်သိမ့် လေးနွေးလျက် အေးစက်သောအတွေ့အထိကို သယ်ဆောင်၍လာ၏။

"အောင်သံနုံးရေ ပြီးပြီလား"

"ဒီတစ်ပုန်းချပြီးရင်ပြီးပြီ ဝဲကျော်"

"အေးအေး- ဖိုးပိုတို့ရော"

"ဟို-ငဒေါင်းတို့နဲ့ပါသွားတယ်ထင်တယ်။ ငါးပုန်းထောင်ပြီးရင် မြင်တော်မူ



www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘက်လှော်ကြတာပေါ့"

မြင်တော်မူကုန်းဆိုတာ ငါးပုန်းချ သူတို့၏ စုရပ်တစ်ခု။

မြင်တော်မူကုန်းဘုရားကိုအစွဲပြု ပြီးခေါ် ဆိုကြသောအမည်ဖြစ်ပြီး ဆင်ကျုံး ရွာ၏ အနောက်မြောက်အရပ်တွင် ကျောင်း၊ ဇရပ်၊ တန်ဆောင်းနှင့် တည်ရှိ သည်။ ထူးခြားသည်က ဘုရားအရှေ့ ဘက်ကျွန်းတုံးက ဘယ်အချိန်ဘယ် ကာလကရှိနေခဲ့သည်မသိရ၊ တုံးလုံးလဲ လျက်ရှိရာ မည်သူမျှ လက်ဖျားနှင့်မထိ ရက်မတို့ရက်ကျွန်းတုံးကြီးမို့ ကွဲဖြင့် ဆွဲ၍ သစ်ခွဲရန်ကြံစည်တိုင်း ရွာသားများ မိုးကြိုးပစ်ခံရ၊ နာဖျားခြင်းတို့ကြောင့် ဘုရားတန်ဆောင်းရှေ့တွင် ဒီအတိုင်း ထားရှိလေ၏။ လွန်စွာနတ်ကြီးလှပေ သည်။ ကျွန်းတုံးကြီးက လူသုံးဖက် လောက်ရှိသည်။

အောင်သန်းတို့လှေ မြင်တော်မူ ကုန်းလှေဆိပ်ရောက်သည်နှင့် လှေကို ငုတ်ချည်တိုင်တွင်ချည်၍တက်သွားရာ ရှေ့ကရောက်နှင့်နေသော ငဒေါင်းတို့က ဆေးလိပ်မီးတဖွားဖွားနှင့် မိုန်းနေကြ လေ၏။

"ဝူး . . . ဟူး . . . ဝူး"

အောင်သန်းနှင့် ဖိုးပို မောမောနှင့် ကျွန်းတုံးကြီးကိုမှီချလိုက်၏။

"ဟေ့ကောင် အောင်သန်း၊ မင်း တို့ ငါးပုန်းတွေခြေရာလက်ရာမပျက် သေသေချာချာဖုံးထားခဲ့လား"

"ဟ - ငဒေါင်းရယ်၊ မဖုံးလို့ရ မလား။ ငွေလိုင်နဲ့ထွန်းမြင့်တို့ကအလျှခံ မြသပိတ်တောင်ချမ်းသာပေးတဲ့ကောင် တွေမဟုတ်ဘူး။လက်ကလည်း အတော် သရမ်းတဲ့ကောင်တွေ"

"ဒါဆိုလည်းပြီးရော ငါတော့အိပ် တော့မယ်"

သို့သော် အောင်သန်းက လေတ ဖြူးဖြူးနှင့် ညအရသာခံလျက်ရှိနေ၏။ ထိုအချိန်တွင် ချစ်ဆုံ ပဲခင်းဘက်က သတ္တဝါတစ်ကောင်ကောင် ခြေသံကြား ၍ ယာခင်းစောင့်တဲပေါ်မှအသာဆင်း ပြီးကြည့်လိုက်ရာ မောဂ္ဂလာန်သချိုင်း မန်ကျည်းပင်ပေါ်မှ အလင်းရောင်ကြီး ဖြာထွက်လျက် အရာဝတ္ထုတစ်ခုတရွေ့ ရွေ့ဆင်းလာ၏။ အရောင်မှာ ဖြူပြာစိမ်း ရာမှ ရဲရဲအနီလုံးကြီးပမာ မျက်တောင် မခတ်ကြည့်နေခိုက်မှာပင် လျှပ်တစ်ပြက် အတွင်း ပြောင်းလဲသွား၏။

ချစ်ဆုံ ယာတဲပေါ်တက်ပြေး၍ ခွေးညိုကိုနှိုးတော့သည်။

"ခွေးညို ဟေ့ကောင် ခွေးညို"

အိပ်ချင်မူးတူးနှင့်ထကာ -

"ဘာလဲဟ ချစ်ဆုံ"

"မီးသရဲလား တစ္ဆေလားမသိဘူး၊ မန်ကျည်းပင်ကားရားကတဝင်းဝင်းနဲ့ ဆင်းလာနေတယ်"

"ဟေ - ဟုတ်လား၊ စုန်းတောက် တာများလားကွ"

နှစ်ယောက်သား မောဂ္ဂလာန် သချိုင်းဘက်ကြည့်လိုက်တော့ မီးလုံး ကြီးက ဆန်းတော့အဆန်းသား။ မီးဟုန်း ဟုန်းတောက်ပြီး တဖြည်းဖြည်းရွေ့လျား လာရာ ခွေးညိုနှင့်ချစ်ဆုံလည်း -

"ဟာ -မီးသရဲကြီး ပြေးတော့ ခွေး ညိုရေ"

ဟု ရွာဘက်သို့ ချစ်ဆုံကပြေးလေ တော့၏။

"သရဲဗျို့ သရဲ မီးသရဲကြီးဗျို့"

ချစ်ဆုံတို့နှစ်ယောက် ကြောက် ကြောက်နှင့် အော်ပြေးသွားပြီးနောက် မန်ကျည်းပင်ကားရားမှ မီးတောက်ကြီး တဝင်းဝင်းနှင့်ရွေ့လျားလာခဲ့ပြီး တဖြည်း ဖြည်းနှင့် ရေက အနက် (၁၂) တောင်ရှိ ဝက်သည်းကန်ကြီးထဲသို့ တဖြည်းဖြည်း ဆင်း၍လာ၏။

မြင်တော်ကုန်းဘုရား၏ဇရပ်ရှေ့ ကျွန်းတုံးကြီးကိုမှီ၍အိပ်နေသောငဒေါင်း တို့အဖွဲ့မှ အောင်သန်းမှာ အိပ်မပျော်၍ ဝက်သည်းကန်ဘက်သို့ ကြည့်လိုက်ရာ မီးရောင်တဝင်းဝင်းတွေ့၍ ထူးလှသည်။ ငါးသူခိုး ပွကြီး၊ ငွေလိုင်တို့များလား။

အတွေးနှင့် ထထိုင်ပြီးကြည့်ရာ အလားလား- လက်စသတ်တော့ မီးအိုး ကင်းမီးတောက်ကြီးကို ဦးခေါင်းပေါ် ရွက် ထားပြီး ဝက်သည်းကန်ရေပြင်ထဲမှာ မားမား မားမားနှင့်ကူးဖြတ်လာနေသော မီးအိုးကင်းရွက်ကောင်ကြီး။ ထန်းပင်ခန့် အရပ်အမောင်းနှင့် သရဲလားတစ္ဆေလား မသိ။ ရေအနက် (၁၂)တောင်ကို မမှု။ ဖြတ်ကူးနေ၏။

အောင်သန်းမှာ မြင်တော်မူကုန်း သရဲကြောက်၍ အိပ်မရကာမှ မောဂ္ဂ လာန်သချိုင်းက မီးအိုးကင်းရွက်သရဲက ကန်ရေပြင်ထဲဖြတ်ကူးလာ၍ နေစရာ မရှိတော့။ (မန်ကျည်းပင်ကားရားမှာ ပင်စည်တွင်ခွဆုံနေရာ၌ လေးခွသဏ္ဍာန် ကိုင်းတက်နှစ်တက်သာထွက်သောအပင် ဖြစ်၏။)

"ဟာ"

အောင်သန်းမှာ သရဲတော့ ကြောက်၏။ ဝါးတစ်ပြန်ခန့်အကွာတွင် မီးအိုးကင်းရွက်တစ္ဆေက ပျောက်ကွယ် သွား၏။

မီးလုံးကြီးပျောက်သွားမှ အောင် သန်းခမျာ ကျွန်းတုံးကြီးမှီ၍ ဘုရားစာ ရွတ်ပြီးအိပ်မည်အပြုတွင် မြင်တော်မူ ကုန်းဘုရား အရှေ့တောင်ဘက်ထန်းပင် ပေါ်မှ -

"ဂျုန်း ဂွလွတ် ဂွတ် ဂွမ်း"

"ဖြဲ ဝုန်း ဂျုန်း ဂွမ်း"

ထန်းလက်ချိုးသံများ ထန်းရွက်ဖြဲ သံများကြား၍ ထန်းပင်ကိုကြည့်လိုက် သောအခါ-

အားလားလား - ပေ (၅၀)ခန့်ရှိ ထန်းပင်အမြင့်မှ ထန်းသီးခိုင်တွေရိုက်ခွဲ ပြီး ထန်းလက်တွေချိုးသော ခြေထောက် နှစ်ချောင်းထောက်ထန်းပင်ခန့်အရပ်နှင့် မီးအိုးကင်းရွက်မည်းမည်းရှည်ရှည်သရဲ တစ္ဆေကောင်ကြီးကို တွေ့လိုက်ရ၏။

မီးအိုးကင်းရွက်ကြီးကိုတွေ့လိုက်ရ သဖြင့် အောင်သန်းမှာနေစရာမရှိတော့။ ငဒေါင်းတို့ကို တံတောင်နှင့်တွတ်နှိုးလိုက် ၏။

"ဟ - အောင်သန်း ဘာဖြစ်တာ လဲ။ အိပ်မက်ထဲမှာ ကွမ်းတောင်ကိုင် အချောလေးနဲ့တွေ့နေတာ၊ သာသနာ ဖျက်ကောင်"

အောင်သန်းက နှုတ်ဆွံ့အနေပြီး ထန်းပင်ဘက်ကို လက်ညှိုးထိုးပြနေ၍ ကြည့်လိုက်ရာတွင်တော့ မီးအိုးကင်းရွက် သရဲကြီးကို ထန်းပင်နှင့်အပြိုင် ကားရား ခွရပ်နေတာကိုတွေ့ပြီး သူတို့ဘက်သို့ ကြည့်နေ၏။

ထိုအခါ ငဒေါင်းလည်း မနေသာ တော့။ ဝဲကျော်တို့ကို -

"ဟေ့ကောင်တွေ ထကြ ထကြ မြန်မြန်ထဟေ့။ ဟိုမှာ လာနေပြီ ပြေး တော့"

ပြော၍ ကန်ထဲမှ လှေကြိုးဖြတ် လှော်ပြေးသလို အိပ်မှုန်စုံမွှားနိုးလာ သော ဖိုးပို၊ ဖိုးညိုတို့လည်း ထန်းပင်ခန့်ရှိ သည့် မီးအိုးရွက်သရဲကြီးကိုတွေ့ပြီး ပြေး လေ၏။

"ဟေ့ကောင်တွေ ငါ့လည်းစောင့် ကြပါဦး။ မင်းတို့ကို သရဲလည်းပြရသေး တယ် ရှေ့ကပြေးတယ်။ ဘာကောင်းလဲ ငါကြောက်တယ်နော်"

အနောက်မှနေ၍ ပုဆိုးကွင်းသိုင်း ပြေးလိုက်လာသောအောင်သန်းမှာ လှေ ကိုကြိုးမဖြတ်ဘဲလှော်နေသဖြင့် လှေက မရွေ့တော့မှ-

"လာကြပါဦး ငါ့လှေကိုဆွဲထား လို့"

"ဟေ့ကောင် အောင်သန်း၊ လှေ ကို ကြိုးဖြတ်လိုက်။ ဘာကောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ရေဖျဉ်း

## …မင်း(မြောက်စည်း-ရွာသစ်)

ဖျဉ်းရောဂါ ဘယ်နှမျိုးရှိသည်ကို စာရေးသူမသိသော်လည်း ရေဖျဉ်း၊ လေဖျဉ်း၊ သွေးဖျဉ်းတို့ကို အများပြောသံဖြင့် ကြားဖူးထားပါသည်။ ဗိုက်ပူပူဖြင့် ရပ်ထဲရွာထဲတွင် မကြာခဏတွေ့ရတတ်၍ဖြစ်၏။

ဤဆေးနည်းတိုလေးသည် ဝေဒနာရှင်များအတွက် လက်တွေ့အသုံးတည့်နိုင်သောဆေးနည်းဟုထင်မိ၍ ဖော်ပြပေးခြင်းဖြစ်ပါသည်။ ဆေးနည်းများအားသုံးသည့် မိတ်ဆွေအပေါင်းအသင်းတို့ သိမှုရခြင်း ဖြစ်ပါသည်။

စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ တိုင်းရင်းဆေးများဖြင့် အသက်မွေးဝမ်းကျောင်းသူဖြစ်၍ တစ်နေ့ ဆိုင်တွင် ထမင်းစားရင်း စကားလက်ဆုံပြောရာမှ ရေဖျဉ်းဆေးနည်းလေးပြောပြသွား၏။

"ရေမနေခါက်ကိုပြုတ်၊ သုံးခွက်တစ်ခွက်ကျို၊ အခါးပန်းကန်နဲ့ မနက်တစ်လုံး၊ ညတစ်လုံးသောက်။ ညအိပ်ရင်အခေါက်ကို ဗိုက်ပေါ်ပတ်တီးအဝတ်စည်းပြီးအိပ်ရင် ရေဖျဉ်းပျောက်တယ် လက်တွေ့ပဲ"

သူ၏ဆေးနည်းအပေါ် စာရေးသူ ကျေနပ်၍သိလိုသမျှမေးမိပါသည်။

"ဘယ်နှရက်လောက်သောက်ရမှာလဲဗျ ပြောပါဦး"

"ဒါကတော့ မပျောက်မချင်းပေါ့ဗျာ။ နှစ်ပတ်၊ သုံးပတ် အနည်းဆုံးပေါ့။ သူ့ဓာတ်ကိုက ရေမနေဆိုတော့ ရေထွက်မယ်၊ ခန်းမယ် ဒီသဘောပေါ့ဗျာ"

"သဘောပေါက်ပြီ။ အဲဒီဆေးနည်း ကျွန်တော်ကြိုက်တယ်ဗျာ"

ပြီးခဲ့သည့် ဒီဇင်ဘာလထဲတွင် စာရေးသူ ဆင်ချောင်းတောတိုက် ရောက်တော့ ရေမနေခေါက်ရှာရင်း အသိမိတ်ဆွေအသက် (၇၀) ခန့်ရှိသော ဦးတေနှင့် ဆုံစဉ်အခါ ရေဖျဉ်းဆေးနည်းပြောပြမိပါသည်။

"ကျွန်တော့်သားရဲ့မိန်းမ ချွေးမလေး ရေဖျဉ်းဖြစ်တော့ တောကနေ ရွာပြန်ပို့လိုက်တယ်။ အဲဒီမှာသိတဲ့သူတွေက ရေမြွေချက်ကျွေးလိုက်လို့ပြောတာနဲ့ ချက်ကျွေးလိုက်တာ တဖြည်းဖြည်းနဲ့ဗိုက်ချပ်သွားတယ်။ အခုဘာမှမဖြစ်တော့ဘူး။ အကောင်းဖြစ်နေပြီ။ ခြေမလောက်ရှိတဲ့ ရေမြွေနှစ်ကောင်ပဲကျွေးလိုက်ရတယ်။ နို့-နေပါဦး အခုဟာက အိမ်သားတွေထဲက ရေဖျဉ်းဖြစ်လို့လား"

"အိမ်သားတွေထဲက မဟုတ်ပါဘူးဗျာ။ အိမ်နီးချင်းအသက် (၅၀) ကျော်မုဆိုးမကြီးအတွက်ပါ။ ဗိုက်ဆံလည်းဆင်းရဲတော့ သူ့ကိုကယ်ဖို့ပါ။ ရေမြွေချက်ပုံချက်နည်းလေးပြောပြပါဦးခင်ဗျ"

"ဟုတ်သားပဲ၊ ရေမြွေကို မီးမြိုက်အကြေးခွံခြစ်ပြီးတုံး၊ အချို၊ အငန်ထည့်နယ်ကြော်လိုက်၊ ကြော်ပြီးရင် ရေစပ်စပ်အစပ်ချက်စားခိုင်းလိုက်၊ ဝအောင်ချက်စား၊ မပျောက်မချင်းချက်စား။ပျောက်ကိုပျောက်တယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အခုလိုဆေးနည်းပြောတာ ကျေးဇူးတင်ပါတယ်"

ထိုနေ့ ညပိုင်းတွင် တဲအောက်မီးလှုံရင်းက အနီးအနားတဲများမှ လူငယ်ကောင်လေးနှစ်ယောက်နှင့် စကားလက်ဆုံပြောမိကြရင်း ရေဖျဉ်းဆေးနည်းပြောပြမိပါသည်။ အသက် (၃၀) နီးကောင်လေးတစ်ယောက်ပြောတာက-

"ကျွန်းမြစ်ကို ရေဆေး၊ နုပ်နုပ်စဉ်းသုံးခွက်တစ်ခွက်ကျိုပြီး အခါးပန်းကန်နဲ့ မနက်တစ်ခွက်၊ ညတစ်ခွက်သောက်ရင်ပျောက်တယ်။ ကျွန်တော့်ညီရေဖျဉ်းဖြစ်တာ ခုပျောက်သွားပြီ။ ဆေးကျိုတဲ့အခါ သူ့ချည်းပဲမသောက်နဲ့။ ဆားနည်းနည်းထည့်သောက်။ ကျွန်းမြစ်ကြီးပဲဆိုရင်ဖန်တယ်။ လူမမာမသောက်နိုင်မှာစိုးလို့"

နံဘေးရှိ သူ့သူငယ်ချင်းက ဆေးနည်းထပ်၍ဖြည့်ပြန်ပါ၏။

"ဦးလေး၊ ရေမြွေလည်းချက်စားခိုင်းဦး။ သူပြောတဲ့ ကျွန်းမြစ်လည်းပြုတ်သောက်၊ ကျွန်တော့်မရီးဖြစ်တုန်းက နှစ်မျိုးစလုံးလုပ်မှပျောက်ခဲ့တာ"

"အခုလို ဆေးနည်းပြောပြတဲ့အတွက် မောင်တို့ကို ကျေးဇူးတင်ပါတယ်ဗျာ"

ဆက်၍ ဆရာသိန်း၏ ရေဖျဉ်းဆေးနည်းအား ဖော်ပြအပ်ပါသည်။ ဆရာသိန်း၏ ရေဖျဉ်းဆေးနည်းမှာ ရှေးပေစာမှ ဖြစ်ပါသည်။

**ရေဘိန်းဆေးဖော်နည်းကား**

သုံးနှစ်လယ်သော နှမ်းဖတ် (၅) ကျပ်၊ ထန်းဖိုထန်းလျက် (၅) ကျပ်၊ စမုန်မျိုး (၅) ပါး (၅) မူး၊ ငရုတ်စေ့(၁)စေ့။ ၎င်းဆေးကို အမှုန့်ထောင်း၍ ရေအသင့်ထည့်၍ဖော်ပြီးလျှင် စပါးထဲမှာအိုးသစ်နှင့်မြှုပ်၍စား။ လေ၊ ရေထွက်၏။

စာရှုသူများသည် ဤဆေးနည်းများ အသုံးပြုကြသည့်အခါ စိတ်ရှည်ရှည် ဇွဲကောင်းကောင်းဖြင့် အသုံးပြုဖို့ အကြံပြုအပ်ပါသည်။ ငါးရက်တစ်ပတ်လောက်နှင့် ရောဂါအမြစ်မပြတ်နိုင်ပါ။ ကြာကြာသုံးစွဲမှသာလျှင် ရောဂါအမြစ်ပြတ်ပါသည်။

စိုးမင်း(မြောက်စည်း-ရွာသစ်)

---

လှေကိုမဆွဲထားဘူး။ တော်ကြာ ဟိုမှာ မင်းအဘလိုက်လာလိမ့်မယ်"

ငဒေါင်းကပြောမှ လှေကြီးဖြုတ်ကာ လှော်ပြေးလေတော့သည်။

ခါတိုင်း ငါးပုန်းတွေ နံနက် (၄) နာရီလောက်တွင် သိမ်းကြသော်လည်း ယခုတော့ မနက် (၈)နာရီမှသာသိမ်းနိုင်လေ၏။ သို့သော် ငါးက တစ်ကောင်တလေမှမရချေ။

ထိုအခါ အောင်သန်းမှ ငဒေါင်းအား-

"မင်းတို့ကွာ ငါကလည်း သရဲပြရတယ်။ ငါ့ကိုတော့ထားပြီးထွက်ပြေးတယ်။ မင်းတို့ဘာကောင်းလဲ။ ချစ်ဆုံးတို့ဂျပ္ပဇောအောင်တို့နဲ့တွဲထားရမယ်။ ဒါကြောင့် မင်းတို့ ငါးပုန်းတွေငါးမရတာကွသိလား"

ခုတော့ ငဒေါင်းတို့မှာ အောင်သန်းပြောနေသမျှခံနေရလေပြီ။

သို့သော် ထိုအချိန်မှစ၍ အောင်သန်းမှာ ညဘက် ငါးပုန်းထောင်ဖို့ ငဒေါင်းတို့လာခေါ်တိုင်း မြင်တော်မူဘုရားကန် ထန်းပင်နှင့်ကားရားခွရပ်နေသော မီးအိုးကင်းရှက်သရဲတစ္ဆေကောင်မိစ္ဆာကြီးကိုပြန်မြင်တွေ့ပြီး ကြောက်၍ လုံးဝ ဘုရားကုန်းဘက်သို့ ယနေ့တိုင် ခြေဦးမလှည့်ရဲသောအနေသို့ရောက်ရှိသွားလေတော့သည်။

မင်းနန္ဒရိန်

(မီးအိုးကင်းရှက်သရဲမိစ္ဆာနှင့် ဒိဋ္ဌတွေ့ဖူးသော အဘဦးအောင်သန်း၏ အသက် (၉၀) နှစ်၏ ဖြစ်ရပ်မှန်ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့နံနက် ဆရာကြီးဦးရွှေရိုးသည် သူရဋ္ဌမဂ္ဂဇင်းကို စိတ်ဝင်တစားဖတ်ရှုနေခိုက် ဖုန်းလာသဖြင့် ကောက်ကိုင်လိုက်ရာ -

"ကျွန်တော် ခာတ်ပုံမောင်မောင်အေးပါ ဆရာ။ အတွဲ (၁၈)၊ အမှတ်(၇)၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လထုတ် သူရဋ္ဌမဂ္ဂဇင်းမှာပါတဲ့ ဆရာရဲ့ 'ဘုန်းကြီးမိုက်ခဲ' ဝတ္ထုတိုထဲက စည်းချဂါထာကိုလိုချင်လို့ပါ"

ဟု ဖုန်းထဲမှနေ၍ တောင်းခံလာပါသည်။

၎င်းဘုန်းကြီးမိုက်ခဲဝတ္ထုတိုထဲတွင် အဓိကဇာတ်ကောင် ဖဲသမား ကိုဗလ (ငယ်မည် မိုက်ခဲ) သည် ရှစ်လေးလုံးအရေးတော်ပုံကာလ တောမီးလောင်ချိန်တွင် လက်လုပ်ရိုင်ဖယ်နှင့် လက်ပစ်ဗုံးတို့ကို လက်စွဲပြုပြီး လက်ခမောင်းခတ်ကာ ခိုးဆိုးတိုက်ခိုက်လုယက်ခဲ့သည်။

တောမီးငြိမ်းစပြုချိန်တွင် ခေတ်ပျက်သူဌေးဘဝသို့ရောက်ရှိလာပြီး 'ခိုးတတ်တော့ ယိုးတတ်' ဆိုသလိုပင် သူ့ဘဝ၊ အသက်၊ အိုးအိမ်နှင့် စည်းစိမ်လုံခြုံရေးအတွက် စည်းချဂါထာကို ရှာဖွေရာမှ ဗလခေါ် မိုက်ခဲသည် တရားကျပြီး သံဃေဂရကာ မြင့်မြတ်သောရဟန်းဘောင်သို့တက်ရောက်၍ တရားဘာဝနာပွားများအားထုတ်နေခဲ့သည်။

ဘွဲ့တော်မှာ အရှင်ပညာစာရဖြစ်သော်လည်း ရွာထဲ ရပ်ထဲကမူ ဘုန်းကြီးမိုက်ခဲဟုသာ လွယ်လွယ်ခေါ်နေကြသည်စသဖြင့် ရေးဖွဲ့ထားပါသည်။

ထိုဝတ္ထုတိုကို ဖတ်မိကြသော ဆရာကြီးဦးရွှေရိုး၏ စာဖတ်ပရိသတ်၊



ရွှေနွယ်ရိုး

ဝမ္မောဟဝေရက္ခိတ

ဓမ္မစာရီ



www.burmeseclassic.com

www.burmeseclassic.com

ည့်သာစကပေါင်းများ၊ ခါတ်ပုံ ောင်မောင်အေးလို ရေးဖော်ရေးဖက် နှင့်မိတ်ဆွေအပေါင်းအသင်းရောင်း းများက ဖုန်းဖြင့်တစ်မျိုး၊ လူကြုံဖြင့် စ်သွယ်၊ လူကိုယ်တိုင်တစ်ဖုံ နည်းမျိုးစုံ ြင့် စည်းချဂါထာကို ရယူလိုပါကြောင်း တောင်းခံခဲ့ကြပါသည်။

ဝတ္ထုသဘောအရ ရသကိုသာ လိုရင်းဖြစ်ပြီး သုတကိုအဓိကမထား သဖြင့်လည်းကောင်း၊ ရသဝတ္ထုသဘော မှ သုတရသဆောင်းပါးသို့ပြောင်းသွား ည်ကို မလိုလား၍လည်းကောင်း၊ မယုံ ကြည်သူများလက်ထဲသို့ စည်းချဂါထာ ောက်ရှိသွားမည်ဆိုပါက ဂါထာပေး တေး ပ်သွားမည်ကို စိုးရိမ်၍ လည်းကောင်း၊ ါထာအပြည့်အစုံကို ဝတ္ထုတွင်ထည့် ရေးလိုက်မိပါ။ ထို့ကြောင့်လည်း ယခု ည် အာသာငမ်းငမ်းဖြင့် တောင်းဆိုနေ ကြဟန်တူသည်ဟု ဆရာကြီးဦးရွှေရိုး င်မြင့်ယူဆမိပါသည်။

သူတို့အားလုံးကို တစ်ဦးချင်းစီ အကြောင်းပြန်ကြားရန်မှာ မလွယ်ပါ။ ည်ဖြင့် စည်းချဂါထာတော်ကို တိတိပပ ရရ လွယ်ကူချောမောစွာရရှိနိုင်စေရန် အကျိုးတော်ဆောင်ကြီးဖြစ်သော သူရဇ္ဇ ွှင်းမှတစ်ဆင့် လက်ဆင့်ကမ်းဝေငှ ပေးလိုက်ပါသည်။

ဆရာကြီးဦးရွှေရိုးသည် ထိုစည်းချ ဂါထာကို အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးကျော်သိန်းထံမှ လက်ဆင့်ကမ်းအမွေ ရရှိထားခြင်း ဖြစ်ပါသည်။ ရှစ်လေးလုံး ကာလခေတ်ပျက်ချိန် နွားခိုးများသောင်း ကျန်းနေချိန် လယ်ကိုင်းကျွန်းများတွင် စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ ကို ရိတ်သိမ်းဆွတ်ခူးခိုးယူလုယက်မှုများ ခေတ်စားနေချိန်များမှာပင် ကျေးဇူးရှင် ဖခင်ကြီးပိုင် ကျွဲ၊ နွား၊ ကောက်ပဲသီးနှံ များနှင့် နှမ်းထောင်များမှာ စောင့်ကြပ် သူမရှိပါဘဲလျက်နှင့် ခိုးယူခြင်း၊ လုယက် ခြင်း၊ ဖျက်ဆီးခြင်းများမခံခဲ့ရပါ။ စည်းချ ဂါထာတော်က ကာကွယ်စောင့်ရှောက် ပေးထားခြင်းကြောင့်ပင် ဖြစ်ပါသည်။

ဆရာကြီးဦးရွှေရိုး၏ ဖခင်ကြီး သည် နေ့စဉ်ပင် နံနက်နက်စောစော ထကာ ဘုရားဝတ်ပြု သရဏဂုံဆောက် တည်၊ ငါးပါးသီလခံယူ စောင့်ထိန်းပြီး မေတ္တာပို့အမျှဝေလေ့ရှိသည်။ ထို့နောက် ရေခွေးကြမ်းနှင့်ထမင်းကြမ်းစားသောက် ပြီးနောက် သူ့လက်စွဲတော်မြင်းညိုမကြီး ကိုစီးကာ သူ၏လယ်တောယာတောများ သို့ တစ်ကွက်ပြီးတစ်ကွက်သွားပြီးစည်းချ



ဂါထာဖြင့် စည်းချလေ့ရှိပါသည်။

ထိုနည်းတူ ညနေ နေဝင်ဖျိုးဖျ တွင်လည်း တစ်အိမ်လုံး၊ တစ်ဝင်းလုံးကို စည်းချဂါထာတော်ဖြင့် စည်းချပြီးမှသာ ညစာစားလေ့ရှိပြီး သက်ကြီးခေါင်းချ ချိန်တွင် ဘုရားခန်းဝင်ကာ တရားထိုင် ပါသည်။ တရားထိုင်ပြီးနောက် အိမ်ဝင်း လုံး၊ တစ်ခြံလုံးကို ထပ်မံစည်းချပြီးမှသာ အိပ်ရာဝင်လေ့ရှိပါသည်။

တစ်ခါသော် ညဉ့်သန်းခေါင်၌ ပခန်းရပ်ဝေးနယ်ဝေးတစ်ရပ်တစ်ကျေးမှ စာရင်းငှားလာလုပ်နေသူ လူငယ်တစ်ဦး သည် လူသူအစောင့်အရှောက်ကင်းမဲ့ နေသော ဖခင်ကြီး၏ ယာတောရှိ နှမ်း ထောင်ကိုခိုးပြီး ခါယူရန် ပြင်ဆင်နေပါ သည်။ ထိုစဉ်အခိုက် နွားသိုးကြီးတစ် ကောင်သည် ရုတ်တရက်ရောက်လာပြီး လိုက်ဝှေ့သဖြင့် ကြောက်လန့်တကြား ထွက်ပြေးခဲ့ရသည်။

အိမ်ရောက်သော်လည်း အလန့် အကြောက်မပြေဘဲ ကြောက်ဖျားလန့်ဖျား ဖျားနေသဖြင့် အိုးဖိုရွာမှ ရွာဦးကျောင်း ဆရာတော်ကိုပင့်၍ ကုသခဲ့ရလေသည်။ ဒကာကြီးဦးကျော်သိန်းပိုင် ပစ္စည်းဥစ္စာ များတွင် မမြင်အပ်သော အစောင့်အ ရှောက်များရှိနေကြောင်းနှင့် ပစ္စည်းရှင် ကျေနပ်အောင် တောင်းပန်မှ ရောဂါ ပျောက်မည်ဟု အိုးဖိုဆရာတော်က မိန့်ဆိုပါသည်။

လာရောက်တောင်းပန်သောအခါ ဖခင်ကြီးက အကျေအလည် ခွင့်လွှတ်ပါ သည်။ ထို့နောက် လူနာလည်း မကြာမီ ရောဂါပျောက်ကင်းသွားပါတော့သည်။ ဤသည်ကို ထောက်ရှု၍ အချို့က ဖခင် ကြီးကို အောက်လမ်းဆရာကြီးဟုထင် ကာ ကြောက်ရွံ့နေတတ်ကြပါသည်။

ကျေးဇူးရှင်ဖခင်ကြီးဦးကျော်သိန်း ထံမှ လက်ဆင့်ကမ်းရရှိခဲ့သော စည်းချ ဂါထာကို ဆရာကြီးဦးရွှေရိုးက စေတနာ ဖြင့်ဖြန့်ဝေပါမည်။

အရှေ့အရပ်ဘက်သို့မျက်နှာမူပြီး လက်အုပ်ချီမိုးရှိခိုးလျက် -

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
  ဓမ္မံ သရဏံ ဂစ္ဆာမိ
  သံဃံ သရဏံ ဂစ္ဆာမိ

ဟု ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးကြိမ် သုံးခါ စိတ်ပါလက်ပါ အသံထွက်ရွတ် ဖတ်ပြီးသရဏဂုံဆောက်တည်ရပါမည်။

ထို့နောက် အရှေ့အရပ် (အိမ်ဝင်း အစမှအဆုံး) တိုင်ကြည့်ရှုကာ -

- ဗုဒ္ဓံ-ဖဲ၊ ဓမ္မံ-ရှဲ၊ သံဃ-လွဲ

ဟု သုံးကြိမ်ရွတ်ဆိုရပါမည်။

ထို့နောက် လက်ယာရစ်လှည့် ကာ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်များသို့ မျက်နှာမူပြီး တစ်ရပ်ပြီးတစ်ရပ် အထက်ပါနည်း အတိုင်း ရွတ်ဖတ်ပူဇော်ကာ စည်းချရပါ မည်။

အထူးသတိပြုရန်မှာ စည်းချ ဂါထာတော်ကိုမရွတ်ဆိုမီ ကိုယ်လက် သန့်စင်ဘုရားဝတ်ပြု သရဏဂုံဆောက် တည်၊ ငါးပါးသီလခံယူ မေတ္တာပို့ အမျှ ဝေရပါမည်။ သရဏဂုံတည်ပြီး ငါးပါး သီလမြဲမှသာ ဂါထာတော်က အစွမ်း ထက်မည် ဖြစ်ပါသည်။

ဆရာကြီးဦးရွှေရိုး၏ ဖခင်ကြီး ဦးကျော်သိန်းမှာ အများထင်သလို အောက်လမ်းဆရာကြီးလုံးဝမဟုတ်ပါ။ ရတနာသုံးပါး(သရဏဂုံ)နှင့်ငါးပါးသီလ ကို စွဲမြဲယုံကြည်ပြီး မကျိုးမပေါက် မပျောက်မကျားအောင် ကြိုးစားစောင့် ထိန်းနေသော ဥပါသကာတစ်ဦးသာဖြစ် ပါသည်။

စည်းချဂါထာတော်က အစွမ်းပြ ခြင်းမှာ -

'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ'

ဟု မြတ်စွာဘုရားရှင် ဟောကြား တော်မူသည်နှင့်အညီ တရားတော်ကို ထိန်းသိမ်းစောင့်ရှောက်သူအား တရား တော်က ပြန်လည်စောင့်ရှောက်ပေးခြင်း သာဖြစ်သည်ဟု ဆရာကြီးဦးရွှေရိုး တထစ်ချယုံကြည်မိပါသည်။

*ကျေးဇူးရှင်ဖခင်ကြီးဦးကျော်သိန်းအား ဤဆောင်းပါးဖြင့် ရှိခိုးပူဇော်အပ်ပါသည်*



www.burmeseclassic.com

www.burmeseclassic.com



# ဖျာပုံတင်နိုင်ဝင်း

## အေးရိပ်အောက်က ဘဝလမ်း

အမှန်တကယ်ကြီးပွားလိုသူသည် သူတော်ကောင်းတရားအဆုံးအမများနှင့် မကင်းကောင်းချေ။ အဆုံးအမနှင့်ကင်းကွာသူတို့သည် အသိပညာ၊ အလိမ္မာတို့မပြည့်ဝနိုင်။ ထိုသို့ အသိအလိမ္မာမပြည့်ဝလျှင် အဘယ်မှာတိုးတက်ကြီးပွားနိုင်အံ့နည်း။ ကြီးပွားတိုးတက်ခြင်း၏အခြေခံသည် အလိမ္မာဖြစ်သည်။ ထို့ကြောင့် တိုးတက်ကြီးပွားလိုသူမှန်သမျှသည် ဘုရားအစရှိသော သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို နာယူမှတ်သား လိုက်နာဆောင်ရွက်ရပေမည်။ မိမိထင်ရာကိုသာ အစဉ်ပြုလုပ်နေမည်ဆိုပါက တစ်နေ့နေ့တစ်ချိန်ချိန် အမှားနှင့်တိုးကာ လိုရာပန်းတိုင်မရောက်ဖြစ်တတ်သည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် လူတို့ကြီးပွားရာကြီးပွားကြောင်းဖြစ်သော မင်္ဂလသုတ်တရားတော်တွင် သူတော်ကောင်းတရားတို့ကို နာယူရခြင်းသည် လည်းကောင်း၊ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကိုနာလွယ်သောသူအဖြစ်သည်လည်းကောင်း ကောင်းမြတ်သောမင်္ဂလာ ဟူ၍ ပါရှိ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အမျိုးကောင်းသားအမျိုးကောင်းသမီးတို့ထက်ကြီးပွားလိုသူတို့သည် ပညာရှိအစစ်ဖြစ်တော်မူသော မှားယွင်းခြင်းကင်းသည့် အဆုံးအမများကိုသာ ပေးသနားတော်မူခဲ့သောဗုဒ္ဓမြတ်စွာ၏တရားဒေသနာတို့ကို တရားစာအုပ်မျိုးစုံမှလည်းကောင်း၊ သံဃာတော်တို့ထံမှ လည်းကောင်း၊ မိဘဆရာများထံမှလည်းကောင်း၊ သူတော်ကောင်းပညာရှိတို့ထံမှ လည်းကောင်း မေးမြန်းစုံစမ်းနာယူ မှတ်သားလျက် လိုက်နာဆောင်ရွက်သင့်ကြပေသည်။

ဖြစ်နိုင်လျှင် ဘုရားဟောတရားတော်များ တိုက်ရိုက်ပါရှိရာ ပိဋကတ်တော်များတွင် လေ့လာနိုင်ပါက ပို၍ကောင်းလှ၏။ပြင်ပစာအုပ်၊ တိပ်ခွေများကဲ့သို့ ရေးသူဟောသူတို့၏အာဘော်များ လုံးဝမပါဘဲ သင်္ဂါယနာတင်လာခဲ့ကြသည့်အတွက် ပိဋကတ်တော်များသည် ဘုရားဟောမူရင်းအတိုင်းပင် ရှိလေ၏။

ယခုခေတ်သည် လူငယ်တို့၏ခေတ်ဟုဆိုရလောက်အောင် လူငယ်များသည် တိုးတက်ကြီးပွားရေးအတွက် နည်းအမျိုးမျိုးလမ်းအဖုံဖုံဖြင့် စွန့်စားလုပ်ဆောင်ကြိုးပမ်းနေကြပေသည်။သို့သော်လည်း အလိမ္မာနည်းပါးသူ လူငယ်များမှာကား ဒုစရိုက်များပြုလုပ်မိကြရင်း ရေတိမ်နစ်သွားသူများလည်း မနည်းလှတော့ချေ။ အဆုံးအမလမ်းညွှန်မှုနှင့်ကင်းကွာလွန်းသဖြင့် လုံ့လပြုပါလျက် ပန်းတိုင်နှင့်လွဲကြရ၏။

သို့သော်လည်း ထိုကိစ္စမျိုးသည် လူငယ်တို့၏အပြစ်ဟုသာ လုံးလုံးမဆိုနိုင်ပေ။အဘယ်ကြောင့်ဆိုသော် လူငယ်တို့၏သဘာဝသည် ပြောဆိုဆုံးမလမ်းညွှန်မှုကို အထူးစိတ်ဝင်တစားလိုက်နာဆောင်ရွက်တတ်သော အလေ့အထကောင်းများ သူတို့ရင်ထဲ၌ရှိတတ်သောကြောင့် ဖြစ်သည်။ လူငယ်အတော်များများသည် အကြောင်းအကျိုးဆီလျော်သော ဆုံးမလမ်းညွှန်မှုများကို လက်ခံတတ်ကြ၏။ ဗုဒ္ဓဘာသာ၊ ယဉ်ကျေးမှုသင်တန်းတက်ရောက်ဖူးသော လူငယ်များကိုမေးမြန်းကြည့်ရာ ဗုဒ္ဓ၏ အဆုံးအမတရားတော်များကို ခြွင်းချက်မရှိလက်ခံယုံကြည်ကြကြောင်း ပြောပြကြ၏။

ဒါဖြင့် လူငယ်များ အဘယ်ကြောင့် မိုက်မဲတွေဝေတေလေနေကြပါသနည်းဟု မေးလာသော် အဆုံးအမနှင့်ကင်းကွာခြင်းကြောင့်ဟု ဖြေဆိုရပေမည်။

အဆုံးအမနှင့်ကင်းကွာခြင်းဆိုရာ၌ -

၁။ လူငယ်တို့သည် မိဘ၊ ဆရာ၊ အကြီးအကဲတို့၏ ဆုံးမပဲ့ပြင်မှုကို မခံယူခဲ့ရခြင်း။

၂။ ၎င်းလူငယ်တို့ကို အဆုံးအမတရားဒေသနာဘောင်အတွင်းသို့မသိမ်းသွင်းနိုင်ခြင်း။

၃။ လူငယ်တို့ကိုယ်တိုင်က အဆုံးအမတရားကို မလိုက်နာခြင်း ဟူသောအကြောင်းရင်းများရှိလေသည်။

အချို့ လူကြီးမိဘဆရာသမားတို့သည် လူငယ်တို့၏ ဘဝရှေ့ရေးအတွက် တကယ်အနှစ်သာရရှိသော ဆုံးမ





www.burmeseclassic.com

www.burmeseclassic.com

လမ်းညွှန်မှုများကို မပေးနိုင်ခဲ့ကြချေ။ သူတို့ကိုယ်တိုင်ကလည်း အတိတ်ကလည်း အဆုံးအမနှင့် ကင်းကွာကောင်း ကင်းကွာခဲ့ကြပေလိမ့်မည်။

အချို့လူကြီးဆရာသမားကျတော့လည်း လူငယ်တို့အား ဆုံးမရုံသာဆုံးမပေးနိုင်ကြပြီး လိုက်နာလာသည်အထိ စည်းရုံးသိမ်းသွင်းနိုင်ခြင်းမရှိကြချေ။

အချို့လူကြီးမိဘဆရာသမားတို့ကား အနှစ်သာရရှိသောအဆုံးအမကိုလည်းပေးနိုင်၏။ ထိုအဆုံးအမများကို လူငယ်တို့လိုက်နာဆောင်ရွက်ချင်အောင်လည်း ကြိုးကြိုးစားစား စိတ်ရှည်စွာ စည်းရုံးသိမ်းသွင်း၏။ သို့သော် လူငယ်တို့ကိုယ်တိုင်က မနာခံကြ။ ဤသို့ဖြင့် အဆုံးအမခံယူထိုက်သူတို့သည် အဆုံးအမနှင့်ကင်းကွာကြရတော့၏။

တကယ်တော့ လောကီစီးပွားရေး ကြီးပွားရေးကိုသာ စိတ်ဝင်စားတတ်ကြသောလူငယ်လူရွယ်များသာ ဆုံးမလမ်းညွှန်မှုနှင့် မကင်းကောင်းသည်မဟုတ်၊ လောကုတ္တရာအလုပ်ကိုတကယ်လုပ်ကြရမည့်အသက်အရွယ်ကြီးသူများသည်လည်း ဘုရားသာသနာအဆုံးအမနှင့်ကင်းကွာနေ၍မဖြစ်ချေ။ ရှင်းရှင်းဆိုရလျှင် မည်သူမျှ အဆုံးအမနှင့် မကင်းကောင်းမကင်းသင့်ပေ။

ထိုသို့သော အဆုံးအမနှင့်ပတ်သက်၍ ကေသိသုတ်တွင် ဘုရားရှင်သည် မလိမ္မာမယဉ်ကျေးသောသူတို့ကို ဆုံးမနည်းသုံးနည်းဖြင့် ဆုံးမတော်မူကြောင်း။ ၎င်းတို့မှာ အနုနည်း၊ အကြမ်းနည်း၊ အနုအကြမ်းနည်း ဟူ၍ဖြစ်ကြောင်း ပြဆိုထား၏။

တစ်နေ့သောအခါတွင် ကေသိမည်သော မြင်းဆရာအား မြတ်စွာဘုရားက မြင်းရိုင်းကို မည်သို့ယဉ်အောင်ဆုံးမသနည်းဟု မေးတော်မူ၏။

ထိုအခါ မြင်းဆရာက အနုနည်းဖြင့် လည်းကောင်း၊ အကြမ်းနည်းဖြင့် လည်းကောင်း၊ အနုအကြမ်းနည်းဖြင့် လည်းကောင်း ဤသုံးမျိုးဖြင့် ယဉ်အောင်ပြုပါသည်ဟု လျှောက်တင်၏။

မည်သည့်နည်းနှင့်မျှ ယဉ်အောင်ဆုံးမ၍မရသော မြင်းကို မည်သို့ပြုလုပ်ပါသနည်းဟု ထပ်မံမေးတော်မူလေရာ မြင်းဆရာက ထိုမြင်းမျိုးမှာ ဆရာဖြစ်သောမိမိ၏ဂုဏ်သိက္ခာကို ထိခိုက်သဖြင့် သတ်ပစ်ပါသည်ဟု လျှောက်တင်၏။

ထို့နောက် မြင်းဆရာက မြတ်စွာဘုရားသည် ဆုံးမထိုက်သူတို့ကို မည်သို့ဆုံးမတော်မူပါသနည်းဟု ပြန်လည်မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက -

အချို့သူများအား ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ဟု ဆိုအပ်သော ကောင်းစွာပြုလုပ်ပြောဆိုကြံစည်မှုတို့၏ အကျိုးတရားနှင့်တကွ ညွှန်ပြ၍ ဤသည်ကား လူချမ်းသာ၊ နတ်ချမ်းသာ အဖြစ်စံစားရမည် စသည်ဖြင့် အနုနည်းဖြင့်ဆုံးမ၏။

အချို့သူများကိုမူ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ဟု ဆိုအပ်သော မကောင်းမှုဒုစရိုက်တို့၏ ဆိုးကျိုးတရားများနှင့်တကွ ဤသည်ကား ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံတို့၌ ခံစားရမည့် ဒုက္ခစသည်ဖြင့်ညွှန်ပြ၍ အကြမ်းနည်းဖြင့် ဆုံးမ၏။

အချို့သူများကိုကား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြုလုပ်သော ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုးဆိုးပြစ်များကို ညွှန်ပြ၍ အနုအကြမ်းနည်းဖြင့် ငါဘုရားဆုံးမ၏ဟု ဖြေဆိုတော်မူ၏။

ထို့နောက် မြင်းဆရာက -

အရှင်ဘုရား၊ မည်သည့်အဆုံးအမမျိုးကိုမျှ မနာခံသောသူကို မြတ်စွာဘုရားသည် မည်သို့ပြုလုပ်ပါသနည်းဟု ထပ်မံမေးလျှောက်ပြန်၏။

ထိုအခါ မြတ်စွာဘုရား ထိုသူကို ငါသည် သတ်ပစ်၏ဟု ဆိုတော်မူ၏။

ဤတွင် မြင်းဆရာက အရှင်ဘုရား၊ သူ့အသက်သတ်ခြင်းသည် မြတ်စွာဘုရားနှင့် မအပ်စပ်သည်သာမဟုတ်လောဟု လျှောက်တင်၏။

ထိုအခါကျမှ မြတ်စွာဘုရားက -

ကေသိ၊ မြတ်စွာဘုရားတို့မည်သည် သူ့အသက်ကိုသတ်ခြင်းနှင့်မအပ်စပ်သည်မှာမှန်၏။ စင်စစ်သော်ကား အကယ်၍ လူတစ်ဦးသည် မည်သည့်နည်းနှင့်မျှ ပြောဆိုဆုံးမ၍မရခဲ့လျှင် ထိုသူကို ငါဘုရားသည် ပြောဆိုဆုံးမထိုက်သူဟူ၍အသိအမှတ်မပြုတော့ချေ။ ပညာရှိသီတင်းသုံးဖော်တို့ကလည်း ပြောဆိုဆုံးမထိုက်သူဟူ၍ အသိအမှတ်မပြုတော့ကုန်။ ယင်းသို့ အသိအမှတ်မပြုခြင်းပင်လျှင် မြတ်စွာဘုရား၏သာသနာတော်၌ သတ်ပစ်သည်မည်၏ဟု ဖြေဆိုတော်မူ၏။

(အင်္ဂုတ္တရနိကာယ်၊
စတုက္ကနိပါတ်၊ ကေသိဝဂ်၊
ကေသိသုတ်)

အထက်ပါ ပိဋကတ်တော်လာ နိပါတ်ကို ထောက်ဆ၍ စဉ်းစားသုံးသပ်ကြည့်မည်ဆိုလျှင် ပြောဆိုဆုံးမသူတို့သည် အဆုံးအမခံထိုက်သောသူများကို အနုနည်းဖြင့်ပြောဆိုဆုံးမ၏။ မရလျှင် အကြမ်းနည်းဖြင့် ဆုံးမကြမည်။ သို့မှမရသေးလျှင် ချော့တစ်ခါခြောက်တစ်လှည့်နှင့် အနုအကြမ်းနည်းကိုသုံးကြည့်မည်။ သို့သော်လည်း မည်သည့်နည်းနှင့်မျှ မရတော့လျှင် ၎င်းအား ဥပေက္ခာပြုပစ်ပယ်ထားရပေတော့မည်။ ဤသည်ကိုပင် ဗုဒ္ဓမြတ်စွာကသတ်ပစ်သည်ဟု ဆိုမိန့်၏။

တိုးတက်ကြီးပွားချင်သူမှန်သမျှသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ တည်းဟူသော ရတနာသုံးပါး၏အဆုံးအမကို ခံယူထိုက်၏။ မိဘဆရာသမားများ၏ အဆုံးအမကိုခံယူထိုက်၏။ ပညာရှိသူတော်ကောင်းတို့၏အဆုံးအမကို ခံယူထိုက်၏။

အကယ်၍ အဆုံးအမကို မခံယူဟုဆိုခဲ့ပါမူ ထိုသူသည် ရတနာသုံးပါး၏ သတ်ပစ်ခြင်းကို လည်းကောင်း၊ မိဘဆရာသမားတို့၏ သတ်ပစ်ခြင်းကို လည်းကောင်း၊ ပညာရှိသူတော်ကောင်းတို့၏ သတ်ပစ်ခြင်းကို လည်းကောင်း ဧကန်ခံရပေလိမ့်မည်။ ထိုအခါ မိမိတို့၏ ဘဝသည်လည်း သေသူနှင့်မခြားပစ်ပယ်ခံရပေလိမ့်မည်။

ထို့ကြောင့် ရည်မှန်းချက်ပန်းတိုင်ရှိသူမှန်သမျှသည် ရတနာသုံးပါးနှင့်တကွ မိဘ၊ ဆရာ၊ ပညာရှိသူတော်ကောင်းတို့၏ အဆုံးအမအရိပ်အာဝါသအောက်တွင် ဖြောင့်တန်းညီညာစွာနှင့်ရှိနေသော လမ်းညွှန်မှုအတိုင်း ဘဝလမ်းကိုယုံကြည်စိတ်ချစွာ ရဲရဲကြီးလျှောက်လှမ်းသင့်ကြပေသည်။

သို့မှသာ ခလုတ်မငြိဆူးမထိဘဲ မိမိတို့အလိုရှိရာ လောကီချမ်းသာ လောကုတ္တရာချမ်းသာ နှစ်ဖြာသောချမ်းသာ စခန်းသာပန်းတိုင်သို့ အလွယ်တကူ လျင်မြန်စွာ ရောက်ရှိနိုင်ကြပေမည်။

ဤကမ္ဘာတွင် ဗုဒ္ဓဘာသာဝင်ဖြစ်ရသူမှာ အလွန့်အလွန်ကံကောင်းလှပေ၏။ အဘယ်ကြောင့်ဆိုသော် သာသနာအတွင်းရှိ ရတနာသုံးပါးနှင့် မိဘ၊ ဆရာ၊ ပညာရှိသူတော်ကောင်းတို့သည် မှန်ကန်သောအဆုံးအမကောင်းကို ပေးတတ်သူချည်းသာဖြစ်သောကြောင့်တည်း။

ဖျာပုံတင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ရဲ့နာမည်က စံဦးပါ။ အလုပ်အကိုင်က ငလျင်ဒဏ်ခံ ပုဂံဘုရားများ ပြန်လည်ပြုပြင်မွမ်းမံရေးအထူးဆောက်လုပ်ရေးအဖွဲ့က ခန့်အပ်တာဝန်ပေးတဲ့ အစောင့်လုပ်ငန်းတာဝန်ထမ်းဆောင်ရတဲ့ အလုပ်သမားတစ်ဦးပါ။ ကျုပ် အခု လုပ်နေရတဲ့ဘုရားက ပြဿဒါးကြီးခေါ် ပြဿဒ်ကြီးဘုရားမှာပါ။ ၁၉၈၂-၈၃ခုနှစ် ကစပြီးတော့ ပြင်ဆင်မွမ်းမံလာခဲ့တာဟာ ၁၉၉၄-၉၅ခုနှစ် ပုဂံဘုရားများကို ဘူးဖော် တည်ဆောက်အလှဆင်တဲ့နှစ်မှာ ကျုပ် လုပ်ခဲ့တဲ့ အထူးဆောက်လုပ်ရေးရုံးက ပျက်သွားခဲ့တယ်လေ။ ကန်ထရိုက်တာ စနစ်ပေးလိုက်တော့ ကျုပ်တို့ရုံးက အော်တိုမစ်တစ်ပျောက်ပျက်သွားရတာ ပေါ့။ ကျုပ်အထင်မှာတော့ ဒီပြဿဒါး ဘုရားကြီးကို (၉) နှစ်ကျော် (၁၀) နှစ်ခန့် လောက်တော့လုပ်ခဲ့ရတယ်ထင်မိတယ်။ (၁၀) နှစ်အတိုင်းအတာအထိ မင်းတို့ လုပ်ရသလားလို့မေးလိမ့်မယ်။ ကျုပ်တို့ အဖွဲ့က နိုင်ငံတော်အစိုးရကချမှတ်ပေး တဲ့ဘဏ္ဍာငွေနဲ့လုပ်ရတာဆိုတော့ တစ်နှစ် မှာ (၂) လ၊ (၃) လလောက်ပဲ လုပ်ရတာ လေ။ ဒီငွေကုန်တော့ အခြားဘုရား တစ်ဆူကိုပြောင်းရတယ်။

ရှေးဟောင်းသုတေသနရုံးကချမှတ်

# ရဲမင်းထွန်း (မြင်းကပါ)


# ပြောမယုံ ကြုံဖူးမှသိမယ်





www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ ငွေအတိုင်းအတာအရပဲလုပ်ရတာဆိုတော့ ငွေကုန်တဲ့အခါ လုပ်ငန်းအားလုံးရပ်ပစ်ရတယ်လေ။ အဲဒီအချိန်မှာ ကျုပ်ရဲ့ကိုယ်ပိုင်ယာလုပ်ငန်းကို ပြန်လည်လုပ်ရတာပေါ့ဗျာ။ ကျုပ်လုပ်ခဲ့ စောင့်ခဲ့ရတာ ဘုရားတွေထဲမှာ ပြဿဒါးဘုရားဟာ အထူးခြားဆုံးပဲ ဆိုပါတော့ဗျာ။ ဘာတွေထူးခြားသလဲဆိုတာ ကျုပ်နောက်မှပြောပြမယ်။

ကျုပ်လုပ်ခဲ့တဲ့ဘုရားတွေကို ကျုပ်လေ့လာတယ်။ ထူးခြားတာကိုမှတ်ထားမှကောင်းမယ်ထင်တယ်။ ဒီလိုပြောတော့မင်းက သမိုင်းပညာရှင်လား၊ သုတေသီလားလို့တော့မပြောနဲ့။ ဒီပညာတွေတတ်ရင် ကျုပ်ဒီအစောင့်လုပ်ငန်းကိုလုပ်ပါ့မလား။ ကျုပ်က ဘုန်းကြီးကျောင်းထွက်ပါ။ လောကနီတိတော့ရောက်အောင်သင်ခဲ့တယ်ပေါ့ဗျာ။ ဒါဆို ကျုပ်ရဲ့ပညာရေးအတိုင်းအတာကိုခန့်မှန်းမိကြမှာပါ။

ကျုပ်တို့ပုဂံခေတ်မှာ တန္တရ ဟိန္ဒူဗြာဟ္မဏစတဲ့ဝါဒစုံယှက်ခဲ့တယ်။ ဒီဝါဒတွေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူတစ်ဦးပေါ်ထွန်းခဲ့ဖူးတယ်။ ဗုဒ္ဓဘာသာကိုစုံမက် အသက်နှယ်မခြား တန်ဖိုးထားလေးစားသူ၊ ကိုးကွယ်ရာအစစ်ကို



www.burmeseclassic.com

www.burmeseclassic.com

လည်းသိခဲ့သူဟာ အခြားမဟုတ်ပါ။ သက္ကရာဇ် ၅၉၆ ခုနှစ်တွင် နန်းတက်သော ဂြိုဟ်ကြီးဘုဝနာဒိတျပဝရပဏ္ဍိတ ဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းကြီးပဲ ဖြစ်ပါတယ်။

'ကျစွာကျမ်းတတ်ပိဋကတ်စာပေ ကိုးခေါက်မွေ' ဟု စာဆိုရှိခဲ့သူပီပီ ပိဋကတ်စာပေတွင် ကျွမ်းကျင်လှသည် မဟုတ်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ အစရှိသော ဗုဒ္ဓစာပေပရိယတ္တိတွင် ကျနတတ်မြောက် ကျွမ်းကျင်သူမို့ ကျစွာဟုဘွဲ့အမည်အပ်နှင်းခြင်း ဖြစ်နိုင်ကြောင်း မဟာရာဇဝင်ဋီကာနိဿယတွင်တွေ့ရ၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်နှင့်တကွ ဘုံဘဝတို့ကို ရှင်းလင်းပြတ်သားစွာ သိမြင်နိုင်စေရန် စေတနာရည်သန်၍ ပရမတ္ထဗိန္ဒုကျမ်းနှင့် သဒ္ဒဋီကာကျမ်းတို့ကို ရေးသား ပြုစုတော်မူခဲ့လေသည်။ ယခုအချိန်အထိ ပြင်ဆင်ဖြည့်စွက်ဖို့ဝေးစွ သုတေသီတို့အားထားနေရဆဲ နှစ်ပေါင်း (၇၀၀) ကျော်က ကျမ်းစာများ အဖြစ်တည်ရှိခဲ့သည်။ တိုင်းပြည်သာယာဝပြောရေးနှင့်ပတ်သက်ပြီး ရာဇဝတ်မှုများ ကင်းရှင်းသန့်စင်စေရန် ပြန်တမ်းတော်များရေးသားကာ နေရာအနှံ့စိုက်ထူခဲ့ပါတယ်။

ကျစွာမင်းကြီးသည်သာ ဗုဒ္ဓစာပေကို ကျွမ်းကျင်သည်မဟုတ်။ သမီးတော်သံဖျင်မင်းသမီးသည်လည်း ရဟန်းတော်များကို စာဝါပို့ချနိုင်သည်အထိ ဗုဒ္ဓစာပေကို ကျွမ်းကျင်ကြောင်းသိရတယ်။ သက္ကရာဇ် ၆၁၁ ခုနှစ် သီဟိုဠ်ပြန် ဓမ္မသိရိမဟာထေရ်ကို တင်လှူရန်အတွက် ပြဿဒါးဘုရားကြီးကို တည်ထားခဲ့ပါတယ်။ ဤသည်မှာပင် အရိုးစွဲအယူအသီးနေသော အယူအဆမှားများကို ထိရောက်စွာ ဆန့်ကျင်တော်လှန်လိုက်ခြင်းပင် ဖြစ်မယ်ထင်တယ်။ ဗုဒ္ဓဝါဒကို မြတ်နိုးမှုကိုသိသာရုံမျှမဟုတ်။ ပုဂံခေတ်ကရှိနေသော အယူအဆမှားများကို တွန်းလှန်ရာ သက်သေသင်္ကေတလည်း ဖြစ်တယ်။

ပြဿဒါးဘုရားကို စတင်တည်ထားချိန်မှစပြီး အလုံးစုံသောလုပ်ရသည်များကို ပြဿဒါးနေ့တွင်သာလုပ်စေခဲ့သဖြင့် ပြဿဒါးဘုရားတွင်ကြောင်း ဦးဖိုးကျားရေး မြန်မာဖတ်စာတွင် ဖော်ပြထားတယ်။

မုံရွေး ဆရာတော်ရေးသားသော စေတီယကထာမှာတော့ -

ပြဿဒါးဘုရားဟုရှိသည်။ ပါဠိအခေါ် (ပါသာဒ) သသ်ကရိုက်အခေါ် (ပြဿဒ) မြန်မာကမူ ပြဿဒ်ကြီးဟု ခေါ်သည်။ ထို့ကြောင့် ဘုရားကြီးကိုလည်း ပြဿဒါးဘုရားကြီးဟု ခေါ်ကြောင်းတွေ့ရသည်။ ဘုရားတည်ထားရာတွင် အခေတ်၊ အလျော်၊ ကံကျွေးညှံ၍ ဘုရားမပြီးပြတ်ဟု မဟာရာဇဝင်ဖော်ပြထားသည်။ ထို့ပြင် ဘုရားတည်ထားဆဲတွင် ကျစွာမင်းကြီးလုံကစားရာတွင် လုံထိ၍ ကံတော်ကုန်သဖြင့် ဘုရားမပြီးပြတ်ကြောင်းလည်းပါရှိတယ်။

ဒါကတော့ ဘုရားရဲ့ ရာဇဝင်သမိုင်းကြောင်းလေးပါပဲ။

■

ပြဿဒါးဘုရားကြီးကို ကျုပ်တို့အဖွဲ့ပြုပြင်လုပ်ဆောင်ဖို့ ရုံးကတာဝန်ပေးလိုက်တဲ့အချိန်မှာ စူဠာမဏိဘုရားရဲ့ အရှေ့တောင်ယွန်းယွန်း ယာခင်းတွေရဲ့အလယ်မှာ ထုထည်ကြီးမားပြီး အောက်ခံတိုက်မကြီးမှာ ဝင့်ကြွားသပ်ရပ်ဟန် အပြည့်ရှိတယ်။ ဗိသုကာလက်ရာအနေဖြင့် အုတ်စီ၊ အုတ်နင်း ပေါင်းကူးထားပုံတို့မှာစိတ်ဝင်စားဖွယ်ကောင်းတယ်။ အခြင်းမိတ်တိုးကို ကျောက်သားကျောက်တုံးများနဲ့ပြုလုပ်ထားတယ်။ အောက်ခံတိုက်မကြီးတစ်ထပ်တည်းသာပြုလုပ်ထားပုံရပြီး ၎င်းတိုက်မအထက်မှာ တိုက်မငယ်နဲ့ အထွတ်စေတီငယ် ပြုလုပ်ထားတယ်။ မျက်နှာစာတစ်ဖက်မှာ မုခ်ပေါက်ငယ်လေးပေါက်ဖောက်ထားတယ်။ အရှေ့ဘက်အာရုံခံမုခ်ပေါင်းကြီးမှာ တစ်ဝက်ခန့်ပျက်စီးနေတယ်။ နှောင်းခေတ် ပန်းရန်ဆရာများ၊ အင်ဂျင်နီယာများ လေ့လာသင့်တဲ့မုခ်ကြီးတစ်မုခ်ဖြစ်တယ်။ ဒဏ်ခံပေါင်၊ လေဟာပြင်ပေါင်းကူးနည်းနှစ်ထပ်တွေ့မြင်နိုင်တယ်လေ။မြောက်ဘက်အာရုံခံမုခ်ပေါင်းကြီးမှာ ပေါင်းကူးအုတ်များပြိုကျပြီး ပေါင်းခွင်နံ့ရုံသာကျန်တာကို တွေ့ရပါတယ်။ ဘုရားအောက်ခြေဖိနပ်တော်များအားလုံးပျက်စီးနေပြီး မုခ်လေးမုခ်အတွင်းက ပလ္လင်တံတဲများပျက်စီးနေပြီး အနောက်ဘက်မုခ်ထဲမှမတ်ရပ်ကိုယ်တော်ကြီးလုပ်ရန် ရည်ရွယ်ထားပုံရတယ်။ ပလ္လင်ရာနဲ့ နောက်ခံအရာများသာ တွေ့ရတယ်။ အရှေ့ဘက်အာရုံခံမုခ်ကြီးရဲ့တောင်ဘက်၊ မြောက်ဘက်ကြောင်လိမ်လှေကားနှစ်စင်းတွေ့ရတယ်။ တောင်ဘက်လှေကားတစ်စင်းသာဘုရားပေါ်တက်ရတာကို တွေ့ရတယ်။ ဒါကဘုရားကို မပြုပြင်မီကတွေ့ရတဲ့အနေအထားကို ကျုပ်ပြောနေတာ။

ကျုပ်တို့ အထူးရုံးအဖွဲ့က မပြင်မီ ၁၉၈၀ ပြည့်နှစ်လောက်ကထင်တယ်။ ဒီပြဿဒါးဘုရားကြီးကို တောင်ပုလုဆရာတော်ကြီးက ဦးစီးပြီးပြုပြင်ဖို့ဖြစ်လိုက်သေးတယ်။ အဲဒီအချိန်တုန်းက ဒီဘုရားမှာ သိကြားတည်တဲ့ဘုရားရှိတယ်။ ကြည့်ထိုက်ဖူးထိုက်မှမြင်ရတယ်ဆိုပဲ။ ဒီလိုမြင်ဖို့ကို ငါးပါးသီလလုံဖို့လိုတယ် အစရှိတဲ့စကားကိုကြားနေရတယ်။ ဒီစကားကိုဘယ်ကလာသလဲလို့ စုံစမ်းကြည့်လိုက်တော့ အနန္တပညာဥမင်ခေါ် ကျတ်ကန်ဥမင်မှာ သီတင်းသုံးနေတဲ့ ဆရာတော်ကြီးက ပြောသလိုလိုနဲ့ပေါ့။ ကျတ်ကန်ဆရာတော်ကြီးက ဂူထဲမှာတရားကျင့်ကြံကြီးကုတ်အားထုတ်နေတာ။ အကျင့်သီလကောင်းလို တစ်နယ်လုံးက ရဟန္တာလို့တောင် ခေါ်ဆိုသမုတ်နေကြတာဆိုတော့ လူဝင်လူထွက်ကြည်ညိုဖူးမြော်တဲ့သူတွေများတော့ လူရှင်းနေတဲ့ ပြဿဒါးဘုရားဆီကိုတမင်လွှတ်လိုက်သလားထင်ရအောင်ဖြစ်ခဲ့တယ်။

သီလသမာဓိပြည့်စုံတဲ့ဆရာတော်ကြီးဖြစ်နေတဲ့အတွက် မဟုတ်ဘူးလို့ မပြောနိုင်ဘူးလေ။ အဲဒီတုန်းကဆိုရင် ပြဿဒါးဘုရားကိုလာဖူးကြတဲ့ ပရိသတ်ဟာ နည်းတာမှတ်လို့။ လူတိုင်းပါးစပ်ဖျားမှာ 'အသက်ရှည်စေလို ပြဿဒါးရိပ်မှာခို'ဟူသော တဘောင်စကားတောင်ထွက်ခဲ့သေးတယ်။ လေ့လာသူ ဘုရားဖူးလာသူ အမိဋ္ဌာန်ပုတီးစိပ်သူ၊ တရားထိုင်သူတွေစည်ကားလိုက်တာဗျာ။ သူများတွေပြောလို့ ကျုပ်လည်း အဲဒီတုန်းက ဒီဘုရားကြီးကိုသွားရောက်ဖူးမြော်ခဲ့သေးတယ်။

ဘုရားပတ်ဝန်းကျင်နဲ့ ဘုရားကိုလေ့လာလိုက်တဲ့အချိန်မှာ ဘုန်းကြီးတစ်ပါးက တရားထိုင်ပြီးတဲ့အခါနဲ့ကြုံတော့ ဒါကာလေးက ဒီနယ်ကလားတဲ့။ ကျုပ်ကလည်း ဟုတ်တဲ့အကြောင်းလျှောက်လိုက်တယ်။ ဒီဘုရားက တကယ်ထူးခြားတယ်ဆိုပြန်တယ်။ ကျုပ်လည်း ဘာထူးခြားသလဲလို့ မေးလျှောက်ချိန်မရခဲ့ဘူး။ ယာထဲမှာ အိမ်ရှင်မက မျှော်နေမှာမို့ ဘုန်းတော်ကြီးကိုဝတ်ချပြီး ယာခင်းဆီသို့ ဦးတည်ပြန်ခဲ့တယ်။ ကျုပ်တို့အဖွဲ့အခု ပြဿဒါးဘုရားရဲ့မြောက်ဘက်မုခ်ကြီးကို ဦးစွာပြင်ရမှာဖြစ်တယ်။ အရှေ့ဘက် အာရုံခံမုခ်ကြီးထဲမှာ ပြိုကျပျက်စီးနေတဲ့ အုတ်ကျိုးနဲ့ သဲများကို သန့်ရှင်းရေးလုပ်နေတဲ့အဖွဲ့တစ်ဖွဲ့လည်းရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပန်းရန်လုပ်ငန်းကိုလုပ်ဖို့အတွက် ငြမ်းများဆင်နေပြီး မုခ်ပတ်ဝန်းကျင်မှာ သန့်ရှင်းရေးဝင်နေတဲ့အခါဖြစ်လို့ ငြမ်းဆင်သူဆင်၊ သန့်ရှင်းရေးနဲ့ အစောင့်တာကို လူခွဲပြီးလုပ်ရတယ်။ အရှေ့ဘက်သန့်ရှင်းရေးသမားများအားကြီးမာန်တက်လုပ်နေတဲ့အချိန်မှာ မြွေတွေ့တွေ့နေတယ်။ များလွန်းတော့ ဝိုင်းပြီးသတ်လိုက်အလုပ်လုပ်လိုက်နဲ့ပေါ့။

ဒါပေမယ့် မြွေက ဆက်ပြီး တွေ့နေတော့ ကျုပ်တို့ပန်းရန်ခေါင်းဆောင်ကိုလာပြောတယ်။ နှစ်ကောင်သတ်လိုက်ရင် လေးကောင်တွေ့တယ်တဲ့။ မြွေကအမျိုးမျိုးတွေ့ရတော့ သန့်ရှင်းရေးခေါင်းဆောင်က ဆက်ပြီးလုပ်ရမှာကြောက်နေတဲ့အကြောင်းပြောပြတယ်။ဒီလိုပြောနေတုန်းမှာပဲ ဆိုက်တာဝန်ခံအင်ဂျင်နီယာရောက်လာတယ်။ လုပ်ငန်းအခြေအနေမေးတော့ ကျုပ်တို့ ပန်းရန်ဆရာက မြွေတွေအများကြီးတွေ့ကြောင်းနဲ့ အလုပ်သမားများက ဆက်ပြီးမလုပ်ရဲကြောင်း ပြောပြတော့ ဒီအလုပ်သမားထဲမှာ နားလည်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ပါမပါမေးတော့ ဗေဒင်ပညာရှင် ဦးဟန်စိန်ပါတဲ့အကြောင်းပြောတော့ ဦးဟန်စိန်က တရားထိုင်၊ ပုတီးစိပ်နေတဲ့သူဆိုတော့ ဒီအရှေ့ဘက် အာရုံခံမုခ်ကြီးမှာ နဂါးစောင့်ကြောင်းပြောပြတယ်။ ဆိုင်ရာပိုင်ရာကို တောင်းပန်ဖို့လိုကြောင်းပြောတော့ ဆိုက်အင်ဂျင်နီယာက ကန်တော့ပွဲများနဲ့ လိုအပ်သလိုလုပ်ဖို့မှာကြားသွားတယ်။

ကျုပ်လည်း ဦးဟန်စိန်ပြောတာကိုလုံးဝယုံကြည်တဲ့သူမဟုတ်ဘူး။ ဒါပေမယ့်နှုတ်ဆိတ်ပြီးနေလိုက်တယ်။ သန့်ရှင်းရေးခေါင်းဆောင်ပြောတဲ့အတိုင်းဆိုရင် တစ်ကောင်သတ်ရင် နှစ်ကောင်ဆတိုးတွေ့ရတယ်။ ပြောတော့ ထူးတော့ထူးဆန်းနေတယ်။ ကျုပ်လည်း အိမ်ကစောစီးစွာ ပြန်လာပြီး ရေချိုးကျိုဖို့ထင်းရှာထွက်အလာ အရှေ့ဘက်မုခ်နားရောက်တော့ သန့်ရှင်းရေးသမားတွေမသိမ်းသေးဘူး၊ ဆက်ပြီးလုပ်နေတာတွေ့ရတယ်။ ကျုပ်ကြည့်နေတုန်းမှာ မြွေတွေတွေ့ပါရော။ ငန်းဖောင်း၊ ငန်းကျားထင်ပါရဲ့။ အလုပ်သမားတွေနောက်လိုက်ပြီးပေါက်နေတာ တွေ့ရတယ်။ အလုပ်သမားတွေက ဝိုင်းပြီးသတ်ပြန်တယ်။ နောက် မြွေကထူးဆန်းတယ်။ ခေါင်းနှစ်လုံးနဲ့တွေ့ရတယ်။ အမြီးပိုင်းမှာလည်း ခေါင်း၊ ခေါင်းပိုင်းမှာလည်း ခေါင်းဖြစ်နေတယ်။ အချို့က ဆင်ပစ်မြွေလို့ခေါ်ကြောင်းသိရတယ်။ ဟုတ်တယ် ကြောက်မယ်ဆိုလည်း ကြောက်ထိုက်တယ်။ ကျုပ်တောင် ဒီညမှာစပြီး အစောင့်တာဝန်ယူရမှာဆိုတော့ ခပ်ကြောက်ကြောက်တောင်ဖြစ်နေမိပြီ။ ဒါပေမယ့် တာဝန်ကတာဝန်ပဲလေ။ လာမယ့်ဘေး ပြေးတွေ့ရုံပဲ ရှိတော့တာပေါ့။ ဒီလိုနဲ့ ကျုပ်အိမ်ရှင်မချက်ပေးလိုက်တဲ့ထမင်းချိုင့်ကိုယူပြီး ညစာစားလိုက်တယ်။ ပုဂံမြို့ဟောင်းဘက်ကဘုရားတွေ မီးထွန်းစပြုနေပြီ။ ဖွားစော၊ သူငွေးကန်၊ မင်းနန်သူရွာက ဆိတ်အုပ်၊ နွားအုပ်တွေလည်းပြန်ကုန်ကြပြီ။ ကျေးငှက်တွေလည်း အိပ်တန်းတက်ချိန်ဖြစ်လို့ အော်သံခေါ်သံတွေကြားနေရတယ်။

လသာတဲ့ညမို့လားမသိ ညဥ့်ငှက်မြူးပျော်အော်သံတွေကြားရတယ်။ ကျုပ်လည်း တတ်သလောက်မှတ်သလောက် ပရိတ်ရွတ်နေလိုက်တယ်။ ကျုပ်ရဲ့ခွေးနီပါးတစ်ကောင်က အရှေ့အာရုံခံမုခ်ဘက်မှာထိုးဟောင်လိုက်၊ ကျုပ်ကိုကြည့်လိုက်နဲ့ ပျာယာခတ်နေတာကို တွေ့ရတယ်။ ကျုပ်လည်း လက်စွဲတော်လေးခွနဲ့ လောက်စလုံးထည့်ထားတဲ့လွယ်အိတ်ကိုယူ၊ ဓာတ်မီးပါယူခဲ့ပြီး အရှေ့ဘက်အာရုံခံမုခ်ကြီးဘက်ထွက်လာခဲ့ပါတယ်။ နီပါးတစ်ကောင်က ဟောင်လိုက်ရှောင်ထွက်လာလိုက်နဲ့ အလုပ်ရှုပ်နေပြီ။ ကျုပ်အရှေ့ဘက်မုခ်ထဲအရောက် ထိတ်လန့်ပြာဝေသွားသည်။ အားလားလား-နည်းတဲ့မြွေကြီးမဟုတ်ဘူး။ ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဘယ်တုံးကမှမတွေ့ဘူး၊မမြင်ဘူးတဲ့မြွေကြီး။ ပါးပျဉ်းကြီးများထောင်လို့ အမောက်ကပါသေးတယ်။ ဦးဟန်စိန်ပြောတဲ့နဂါးသိုက်ဆိုတာ ထောက်ခံရမလိုဖြစ်တယ်။ ကျုပ်လည်း တတ်သရွေ့မှတ်သရွေ့ မေတ္တာပို့တယ်။ အသင်မြွေကြီး ကျုပ်က သင့်ရဲ့ရန်သူမဟုတ်ပါ။ ဒီဘုရားကြီးပြုပြင်ထိန်းသိမ်းရာမှာ ပစ္စည်းများမပျောက်ပျက်အောင်စောင့်ရှောက်တဲ့သူဖြစ်ပါတယ်။ ကျုပ်ကို ရန်မမူပါနဲ့။ အသင်ကျန်းမာချမ်းသာပြီးဘေးလွတ်ရာကိုသွားပါ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ဘေးရန်အန္တရာယ်အပေါင်းလွတ်ကင်းပါစေလို့ ကျုပ်နှစ်နှစ်ကာကာမေတ္တာပို့လိုက်တယ်။ လူတစ်ကိုယ်လုံးဇောချွေးတွေ၊ ကြောက်တဲ့ချွေးတွေလားမသိ စို့ရွဲနေတော့သည်။

မြွေကြီးလည်း ကျုပ်မေတ္တာပို့တဲ့အသံကြောင့်လားတော့မသိ။ ကျုပ်ကိုကြည့်ပြီးငြိမ်နေတယ်။ နောက်ပြီးမှ ပါးပျဉ်းကြီးချပြီး ချက်ချင်းပျောက်သွားတယ်။ ကျုပ်ထိတ်လန့်တုန်လှုပ်သွားတယ်။ ဒီညမှာတော့ အိပ်လို့ရမယ်မထင်ပါ။ အပဟိတ်တိရစ္ဆာန်ဖြစ်လင့်ကစား မေတ္တာဓာတ်ခံယူတတ်ပုံကို ကျုပ် ဒီနေ့ညအဖြစ်အပျက်က လက်တွေ့သက်သေပြလိုက်ပြီ။ ပြဿဒါးကိုလာပြီးတရားထိုင်တဲ့ဘုန်းတော်ကြီးရဲ့စကားကို ကျုပ်ယုံလိုက်ပြီ။ တကယ်ထူးခြားပါလား။

■

၁၉၈၃ ခုနှစ်မှာ ကျုပ်တို့အဖွဲ့အစိုးရက ချမှတ်ထားတဲ့ ဘဏ္ဍာငွေနဲ့ပဲ ဒီပြဿဒါးဘုရားကြီးကို ပြုပြင်ထိန်းသိမ်းတဲ့အလုပ်စခဲ့ပြန်ပြီ။ နွေမှာ ပူပြင်းလို့ အလုပ်ပိတ်ခဲ့ပေမယ့် မိုးတစ်မိုးနှစ်မိုးလောက်ရွာတော့ အလုပ်ဖွင့်ပြန်တယ်။ ဒီနှစ်မှာတော့ အောက်ခြေဖိနပ်တွေကို စပြီးပြုပြင်ရတယ်။ ပြီးခဲ့တဲ့နှစ်က မြောက်ဘက်က အမိုးပေါင်းကြီးပြီးခဲ့တယ်။

ဒီနှစ်မှာတော့ အောက်ခြေဖိနပ်တော်တွေပြုပြင်ရမှာမို့ အနောက်ဘက်မုခ်လှူမြင်ကွင်းမှာစပြီးလုပ်ဆောင်ရမှာဖြစ်တယ်။ အောက်ခြေဖိနပ်တော်တွေ တစ်ဆူလုံးလိုလို ပျက်စီးနေတာကိုတွေ့ရတယ်။ အကောင်းဆိုလို့ ဘယ်နေရာမှ မကျန်ခဲ့ပေ။ တမင်ဖျက်ပြီး အခြားဘုရားတွေမှာလုပ်တဲ့အကြောင်း ပန်းရန်ခေါင်းဆောင်မှပြောပြတယ်။ ဒါကြောင့် ရှေးဟောင်းသုတေသနဌာနက အဟောင်းဟူသမျှ ဘယ်နေရာကမှဖျက်ပြီးမပြင်ရကြောင်းတားမြစ်ထားတယ်။ကျုပ်လည်း ဒီနှစ်ရာသီမှာ စီးပွားရေးအဆင်မပြေတာကြောင့် ညစောင့်နေ့ပါအလုပ်လုပ်ဖို့ အထူးရုံးအဖွဲ့ခေါင်းဆောင်ထံခွင့်ပန်ပြီး အလုပ်ဝင်လုပ်ရတော့တာပဲ။ ပန်းရန်များ အောက်ခြေခုံကို စတင်ကောက်ပြီးစီနေပြီ။ နောက်လိုက်ပန်းရန်လေးများကို အုတ်ဖုတ်ခိုင်းရသည်။ အောက်ခြေခုံပြီးတော့ မျက်ရစ်စီရသည်။ မျက်ရစ်ပြီးတော့ မိုးလျောစီရသည်။ မိုးလျောပြီး မျက်ရစ်၊ မျက်ရစ်ပြီးတော့ မှန်ပေါင်၊ မှန်ခွက်၊ မှန်ဖုံးမျက်ရစ်၊ ပြီးတော့ ချဉ်မိတ်တိုး စသည်ဖြင့် လိုက်လျောညီထွေ အောက်ခုံကိုစီရပါတယ်။ ပန်းရန်အခေါ်အဝေါ်များ ကျုပ်သိလိုက်ရတယ်။

ရှေးဟောင်းသုတေသနဌာနက ပုဂံဘုရားများကို ရှေးမူမပျက်စေရန်အတွက် အုတ်ကို ပေအုတ်များနဲ့ အစီခိုင်းတယ်။ ပေအုတ်ဆိုပေမယ့် ရှေးအုတ်များနဲ့ လားလားမျှမဆိုင်။ ကားပေါ်များလိုက်



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ ဘီစကစ်မုန့်တွေလို ကြွေမွကျိုးပဲ့ သည်ကများတယ်။ ကောင်းတဲ့အုတ်က နည်းတယ်။ ပေအုတ်ဟာ အုတ်ရိုးစီတာထက် ပေါင်းကူးရန်သာကောင်းတယ်။ ဒီနေ့ ရုံးကဆန်နဲ့ရေနံဆီထုတ်မှာဖြစ်တဲ့အတွက် လုပ်ငန်းကိုစောစီးစွာသိမ်းဖို့ လုပ်ထားပါတယ်။ ရုံးသက်သာချောင်ချိရေးမှ ဆန်(၆)ပြည်နဲ့ ရေနံဆီတစ်ဂါလန်ဆီထုတ်ပေးတယ်။ (၁၀) နာရီထိုးတော့ ထမင်းစားဖို့ လက်ဖက်ရည်သောက်ရအောင် ရေနွေးအိုးကျုပ်တည်ထားတယ်။ အဲဒီအချိန်မှာ အနောက်ဘက်မုခ်ထဲမှာ ဟင်းခတ်အမွှေးအကြိုင်များသင်းထုံနေပါတော့တယ်။ ဘယ်သူများလာချက်သလဲ။ - အလုပ်သမားထမင်းချိုင့်များလည်း ဒီလောက်မွှေးကြိုင်နေအောင် ဘယ်သူမှချက်မလာ။ ဒါကြောင့် အလုပ်သမားများ ဘုရားအတွင်းပတ်လိုဏ်ထဲရော အာရုံခံမုခ်အတွင်းပါ ဝင်ရောက်ရှာဖွေကြတယ်။ ဘာမှမတွေ့။ ရနံ့ကတော့ မွှေးကြိုင်နေပါတယ်။ ဒီရနံ့ကြောင့် ထမင်းတောင်ဆာလာတယ်။ ဖွားစောရွာနဲ့လည်းမနီး၊ မင်းနန်သူရွာနဲ့လည်းဝေး၊ ယာခင်းသမားအစောင့်တဲလည်း မရှိပါဘဲနဲ့ ဟင်းခတ်အမွှေးအကြိုင်ကတော့ တစ်ဆူလုံးမှာ သင်းထုံနေဆဲ။ ထူးတော့ ထူးနေပြီ။

ဒီလိုနဲ့ပဲ (၁၁) နာရီထိုးလို့ အလုပ်နားထမင်းစားကြပါတယ်။ စားပြီးတစ်ရေးတစ်မောအိပ်ကြဖို့ အစောင့်တဲဘက်နဲ့ ဘုရားအတွင်း အိပ်သူကအိပ်ကြတယ်။ ကျုပ်လည်း အစောင့်တဲထဲမှာ လူပြည့်နေလို့ အနောက်ဘက်မုခ်အတွင်းမှာ အိပ်ဖို့အုတ်ခင်းထားတဲ့အပေါ် ပုဆိုးခင်းပြီးအိပ်မလို့လုပ်နေတုန်း နိုင်ငံခြားသားများလာရော့လေသလား။ ရေမွှေးနဲ့ သနပ်ခါးနံ့တွေမွှေးနေပါတယ်။

ကျုပ်ရယ်၊ ဦးစံထွေးရယ်၊ ဦးမော်ရယ်၊ ဦးစိန်ဘရယ် မုခ်ထဲမှာမအိပ်သေးဘဲရှိနေတုန်း တောင်ဘက်အတွင်းပတ်လိုဏ်လမ်းကနေပြီး အမျိုးသမီးနှစ်ဦးနဲ့ နောက်မှရုပ်ဆိုးဆိုးဆံပင်ဖွာလှန်ကြနှင့်လူတစ်ယောက် ကျုပ်တို့ရှိရာအနောက်ဘက်မုခ်ဆီဝင်လာပါတယ်။ကျုပ်တို့လေးယောက်လည်း အံ့အားသင့်ကြည့်နေမိတယ်။ လှလိုက်တဲ့အမျိုးသမီး။ ကိုယ်ဟန်အနေအထား ဘာမှပြောစရာမရှိ။ ကျုပ်တစ်သက် ဒီလိုလှတဲ့အလှတရား ဘယ်မှရှာမတွေ့ခဲ့။ မျက်နှာမှာပြုံးနေပြီး ဟိုကြည့်ဒီကြည့်နဲ့ ကျုပ်လည်း သူ့ရဲ့အလှတရားကို မိန်းမောတွေဝေနေမိပါတယ်။

ကျုပ်လည်း ဘယ်ကဘုရားဖူးလဲဆိုပြီး သိချင်တာနဲ့မေးကြည့်လိုက်တယ်။ ဘာမှမပြောဘဲ မြောက်ဘက်လိုဏ်ပတ်လမ်းအတိုင်းလျှောက်သွားလိုက်တယ်။ ကိုမော်ရော ကျုပ်ပါ သူတို့သွားရာကိုလိုက်ပြီးကြည့်လိုက်တော့ အိုးထိမ်းတောင်ဘက်ကိုသွားပြီး ချက်ချင်းပျောက်သွားတယ်။

ကျုပ်လည်း ကြက်သီးမွေးညင်းထပြီး မုခ်ထဲပြန်လာတယ်။ ဦးစံထွေးနဲ့ ဦးစိန်ဘက ကျုပ်နဲ့ ကိုမော်ကိုမေးတယ်။ ဘယ်ကဘုရားဖူးလဲတဲ့။ ကိုမော်က ဘယ်ကလဲမေးလို့မရဘူး။ ကျုပ်ကော စံဦးပါ နောက်က တောက်လျှောက်လိုက်တော့ အိုးထိမ်းတောင်ဘက်သွားပြီး ချက်ချင်းပျောက်သွားတယ်။

ဦးစံထွေးကလည်း -

“ဒီ (၃) ယောက်ကို ဘုရားစပြင်ကတည်းကတွေ့တာ။ဥစ္စာစောင့်တွေဖြစ်မှာပေါ့ကွာ။ ဟုတ်ပြီ၊ ဘုန်းတော်ကြီးရဲ့စကားကမှန်နေပြန်ပြီ။ အရှေ့ဘက်က နဂါးသိုက်အနောက်ဘက်က ဥစ္စာစောင့်သိုက်တူးမှုထူးတဲ့ဖြစ်ရပ်တွေပါပဲ။

■

၁၉၈၈ ခုနှစ်မှာ ကျုပ်တို့ပန်းရန်အဖွဲ့ဟာ ပြဿဒါးဘုရားကြီးမှာပဲ အလုပ်လုပ်ရပြန်တယ်။အတွင်းပတ်လိုဏ်ပေါင်းမှာတစ်ဝက်အပြင် ဖိနပ်ခုံတွေမှာ တစ်ဝက်ခွဲပြီးလုပ်ရတယ်။ အတွင်းပတ်လိုဏ်ပေါင်းကို ကျုပ်တို့အဖွဲ့တောင်ဘက်မှာ စပြီးပေါင်းကူးရပြန်တယ်။ ပေါင်းကူးနည်းပညာဟာ ခက်ခဲမှန်း ကျုပ်ကိုယ်တိုင်ကြည့်မှသိရတော့တယ်။ ပေါင်းကူးမယ့်အမြင့်ပေါင်းပုံစံကို ဝါးခွဲပြီး ဝါးခြမ်းနဲ့ ပုံစံကျအောင်ခွေပြီးမှ ကူးမယ့်နံရံပြင်ကို ထောင်ရပြန်တယ်။အလယ်တည့်မတည့်ချိန်သီးချပြီးကြည့်ရတယ်။ ဟိုဘက်ဒီဘက်ကိုက်မကိုက် ပေကြိုးနဲ့မျှဝေတိုင်းတာရပြန်တယ်။ မုခ်ပုံစံဝိုင်းရင် ကြာရှည်မခံဘူး။ မုခ်ပုံစံခပ်ချွန်းချွန်းလေးထားမှ သပ်ရိုက်လို့လည်းကောင်း၊ ခိုင်လည်းခိုင်ကြောင်းသိရတယ်။ အခုပေါင်းကူးနည်းက ရောင်ခြည်ဖြာပေါင်းကူးနည်းပဲ။ အုတ်ကို အပြားလိုက်ကပ်ပြီးစီရတဲ့နည်းဖြစ်တယ်။ တိုက်မအာရုံခံအတွင်းက အခန်းကတော့ မုန့်ပေါင်လိုနံရံဘက်စီပြီး အထက်ကျတော့ အုတ်ကို ဒေါင်လိုက်တည်စီတဲ့နည်းကတော့ လိပ်ပြာတောင်ပေါင်းကူးနည်းပဲဆိုတာ ပန်းရန်ခေါင်းဆောင်လာပြောပြတယ်။

အမြန်လုပ်လို့မရဘူး။ ပေါင်းတစ်ခွေနဲ့တစ်ခွေစီကပ်ပြီး သပ်ရိုက်လိုက်မှ စိတ်ချရတယ်။ နောက်ခွေမယ့်အလွှာကို ဟိုဘက်ဒီဘက် စုံကျအောင်စီရတယ်။ တစ်ဖက်သတ်တည်း လောဘကြီးပြီးစီရင်တော့ ပြိုမယ်သာမှတ်ပေတော့။၁၉၈၈ ဆိုတော့ နိုင်ငံရေးက မတည်မငြိမ်ဖြစ်ဆဲကာလ ရန်ကုန်နဲ့ အခြားနယ်တွေမှာတော့ သပိတ်မှောက်ဆန္ဒပြနဲ့ ရှုန်းရင်းဆန်ခတ်ဖြစ်နေတဲ့အချိန်မှာ ကျုပ်တို့ပုဂံနယ်ကတော့ အေးချမ်းလျက်ပဲရှိနေသေးတယ်။ နောက်မကြာပါဘူး။ ညောင်ဦးမှာလည်း သပိတ်မှောက်ဆန္ဒပြတာတွေလုပ်ကြတော့တာပဲ။အဲဒီအချိန်မှာ ကျုပ်တို့အလုပ်လည်း ရပ်လိုက်ရမလိုဖြစ်နေတယ်။ ခေတ္တအလုပ်ပိတ်ထားရမှာဆိုတော့ ကျုပ်တို့ရုံးက ကိုယ့်လုပ်ငန်းကိုလုံခြုံအောင်ဆိုပြီး အလုပ်သမားတွေသုံးယောက်တစ်တွဲအလှည့်ကျစောင့်ကြရတော့ ကျုပ်အားရှိတာပေါ့ဗျာ။ မနက် (၇) နာရီကနေ နောက်တစ်နေ့မနက် (၇) နာရီမှာထွက်ရတယ်။ အရေးအခင်းကာလဆိုတော့ အစစအရာရာ သတိထားရတော့တာပဲ။ စနေ့နေ့မနက်ခင်းမှာပဲ စက်ဘီးစီးပြီး ပုဂံက ကျန်းမာရေးမှူးလို့ပြောတာပဲ။ ကျုပ်ရဲ့အစောင့်တဲမှာ စက်ဘီးထားခဲ့ပြီး တောင်ဘက်မုခ်ကိုတရားထိုင်မှာဆိုပြီးသွားလေရဲ့။ မကြာပါဘူး တအားအော်ဟစ်ပြီး -

“ဘီလူး ဘီလူး ဘီလူး”

အော်ဟစ်ပြီး ပြေးလာ ခလုတ်တိုက် ကျွမ်းများပြန်လို့လဲကျသွားတယ်။ ပြန်ထအပြီး ကျုပ်တို့အစောင့်တဲကိုပြေးလာတော့တာပဲ။ ချွေးစီးများပြန်ပြီး အမောတကောနဲ့ -

“ဘယ်လိုဖြစ်ရတာလဲ ဆရာကြီး”

“ကျုပ်လည်း ဘုရားရှိခိုးငါးပါးသီလခံပြီး ပုတီးစိပ်နေတာပဲ။ နှာခေါင်းထဲမှာ ညှီစို့စို့အနံ့ရလို့ မျက်စိဖွင့်ကြည့်လိုက်တော့ အစွယ်ကဖွေးဖွေး ဆံပင်စုတ်ဖွား ခန္ဓာကိုယ်တုတ်တိုတိုနဲ့ ကျုပ်အနားကိုလာလို့ပဲ။ ကျုပ်လည်း ကြောက်ကြောက်နဲ့ထွက်ပြေးလာတာ။ ခင်ဗျားတို့အလုပ်လုပ်နေတာ ခင်ဗျားတို့ကျ မတွေ့ဖူးဘူးလားဗျာ”

“ကျွန်တော်တို့လည်း အဲဒီတောင်ဘက်မုခ်ကိုလုပ်နေတာပဲ။ လူအများနဲ့ဆိုတော့ မတွေ့ဖူးဘူး ဆရာကြီး။ ဒါပေမယ့် အဲဒီမုခ်အတွင်းအိပ်ရင်တော့ အိပ်မက်ဆိုးတွေမက်ပြီး အိပ်လို့တော့မရဘူး”

www.burmeseclassic.com

www.burmeseclassic.com

ပန်းရန်ဆရာဦးစိန်ဘက သူတွေ့သမျှကို ရှင်းပြနေသည်။ ကျန်းမာရေးမှူး ကြည့်ရတာ အတော်တုန်လှုပ်ခြောက်ခြားနေပုံရသည်။ မျက်လုံးများပြူးပြာနေသည်။ ပြီးမှ ရေနွေးတစ်ပန်းကန်ငှဲ့၍ သောက်လိုက်သည်။ ကျုပ်ကတော့ ကိုယ်တွေ့မဟုတ်တော့ သိပ်တော့မယုံချင်။ ကျန်းမာရေးမှူးလည်း ကျုပ်တို့ကို နှုတ်ဆက်ပြီး စက်ဘီးစီး၍ ပြန်သွားလေသည်။

ကျုပ်လည်း ဒီနေ့အိမ်ပြန်ပြီး ချက်ပြုတ်စရာများကုန်နေသဖြင့် ဦးစံထွေး၊ ဦးစိန်ဘ၊ ဦးမော်တို့ကိုခွင့်ပန်ပြီး ညနေစောင်းကျမှပြန်လာမယ့်အကြောင်းမှာပြီး ရွာကိုသုတ်ခြေတင်ခဲ့ပါတယ်။ ရွာရောက်တော့ အိမ်မှာ ကလေးများသာ တွေ့ရပါတယ်။ အိမ်ရှင်မက ယာထဲသွားလို့ မတွေ့ရပါဘူး။

အိမ်ရှင်မ ချက်ပြုတ်ထားခဲ့တဲ့ ထမင်းဟင်းများကို သားသမီးများနဲ့အတူစားပြီး ကျုပ်လည်း ယာခင်းထဲသို့ ခေတ္တလိုက်သွားလိုက်တယ်။ ဟိုရောက်တော့ နွားစာကူရိတ်တယ်။ နှမ်းများနုတ်ပြီးနေတဲ့အိမ်ရှင်မနဲ့ အငှားအလုပ်သမားများကိုတွေ့ရတယ်။ နှမ်းပင်ရိတ်ပြီးသားများကို လှည်းပေါ်တင်ပြီး ကျုပ်အလုပ်က တစ်ဖက်ရှိနေတာကြောင့် နွားစာရိတ်ထားတဲ့ပြောင်းရိုးစည်းကိုရွက်ပြီး အိမ်ကိုပြန်ခဲ့တယ်။ ကျုပ်ပြန်လာတော့ မှောင်ရီပျိုးစဖြစ်နေပြီ။ ကျုပ်လည်း ချက်စရာများကို ခြင်းထဲမှာထည့်ပြီးလာခဲ့တယ်။ အနောက်ဖွားစောထဲဝင်ပြီး မောင်ကြယ်နဲ့ ညီမြတို့နဲ့သာ အပျင်းပြေ အရက်လေးဝင်သောက်ပြီး ပြဿဒါးဘုရားရှိရာလာခဲ့ပါတယ်။

ကျုပ်လည်း ထွေရာလေးပါး သီချင်းတကြော်ကြော်အော်ဟစ်ဆိုရင်း ဘုရားရဲ့တောင်ဘက်မုခ်နားကို ရောက်သွားခဲ့တယ်။ လပြည့်ညမို့လားမသိ လရောင်က ထိန်ထိန်သာစပြုပြီ။ ကျုပ် ဘုရားမုခ်အဝလည်းရောက်ရော ကျားသာမို့ကြီးဘီလူးကြီးပါလား။ ကျုပ်လည်း သောက်လာတဲ့အရက်ရှိန်ကြောင့်လားမသိဘူး။ ခပ်စိန်းစိန်းကြည့်ပစ်လိုက်တယ်။ ကျန်းမာရေးမှူး နေ့ခင်းကပြောတဲ့အတိုင်း ပုကွကွ ဆံပင်စုတ်ဖွား အစွယ်ကြီးနဲ့ မျက်လုံးအပြူးသား ကျုပ်ကို ခါးထောက်ပြီးကြည့်နေလိုက်တာ ကြောက်စရာကောင်းလိုက်တာဗျာ။ ကျုပ်မှာပါတဲ့ချက်စရာဆွဲခြင်းကိုချပြီး ခါးပုံစထဲက လောက်စာလုံးယူပြီး လေးဂွနဲ့ဆွဲပြီးပစ်ချလိုက်တယ်။ ကျုပ်ပစ်လေ အကောင်ကြီးက ကြီးလေပဲ။ ကျုပ်လည်းအော်ဟစ်ပြီး ဆုတ်ကန်ဆုတ်ကန်နဲ့လေးခွကို ဆက်ပြီးပစ်ထည့်လိုက်တယ်။ ကျုပ် နောက်ကိုဆက်လိုက်နေတယ်။ ကျုပ်လည်း ကြောက်ကြောက်နဲ့ ပုဆိုးစလွယ်သိုင်းပြီး အနောက်ဖွားစောရွာထဲပြေးဝင်ခဲ့တယ်။ အဲဒီည ရွာပြန်ပြီး အိပ်လိုက်တယ်။ ဘုရားမှစောင့်နေသောသူများ ကျုပ်ကိုမျှော်နေမှာသေချာတယ်။ မနက်လင်းကာမှ အကျိုးအကြောင်းပြောပြရတော့မှာပဲ။ ဒီညတော့ကျုပ်အိပ်လို့ရပ့ါမလား။ ထူးခြားတာကတော့ အမှန်ပဲ။

■

အရေးအခင်းကာလကို လွန်မြောက်၍ တပ်မတော်အစိုးရမှ နိုင်ငံတော်တာဝန်ကိုယူပြီးတဲ့ကာလဖြစ်တာမို့ ကျုပ်တို့ အလုပ်ကိုအေးအေးဆေး ဆက်လုပ်ကိုင်နိုင်ခဲ့တယ်။ ကျုပ်တို့အဖွဲ့လည်း ဘုရားအတွင်းပတ်လိုက်ပေါင်းများကူးသူကကူး၊ ဘုရားပလ္လင်တံကဲများလုပ်သူကလုပ်ကြပါတယ်။ရပ်ထဲရွာထဲမှာလည်း အလုပ်အကိုင်အခက်အခဲတွေချောင်ချောင်ရှိကျင်ပြီး လုပ်ကိုင်စားသောက်ကြပါတယ်။ ကျုပ် အစောင့်တဲကို ရွှေကျင်သမားများအသွားအပြန်နားခိုကြ၊ ရေသောက်အပန်းဖြေကြပါတယ်။ရွှေကျင်လုပ်ငန်းအတွေ့အကြုံ ပေါင်းစုံပြောကြပါတယ်။ ကျုပ်လည်း အလုပ်ပိတ်ရက်မို့ ဒီနေ့ အလုပ်သမားများမလာကြလို့ ဘုရားအနောက်ဘက်မုခ်ကို သန့်ရှင်းရေးအဖြစ် အမှိုက်လှည်း၊ မြက်ပင်ပေါင်းပင်များရှင်းလင်းနေလိုက်ပါတယ်။ဘုရားဖူးများလာရောက်နေတာကိုလည်းတွေ့ရတယ်။

နိုင်ငံခြားသားများ ဘုရားပေါ်တက် ဓာတ်ပုံရိုက်သူကရိုက်၊ ရှုခင်းအလှအပကိုကြည့်ကြပါတယ်။ ညနေနေဝင်ဆည်းဆာမှာ နွားအုပ်၊ ဆိတ်အုပ်များပြန်လာချိန် ဓာတ်ပုံအမိအရရိုက်ကြပါတယ်။ကျုပ်လည်း ညနေစာထမင်းစားသောက်ပြီး ဘုရားလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုပြီး အစောင့်တဲဘက်ကို လျှောက်လာခဲ့ရာ အနောက်ဖွားစောရွာမှ ဘုရားကိုးဆူအိမ်က ဘုရားဖူးလာဖို့ ဖိုးထိုးသံကိုကြားရပါတယ်။ ကျုပ်လည်း တဲထဲဝင်ပြီး ဘုရားဘက်အာရုံပြုကာ ဘုရားရှိခိုး၊ အမျှဝေခြင်းကို တတ်သလောက်မှတ်သလောက် ရွတ်ဖတ်ပူဇော်လိုက်ပါတယ်။ မကြာပါ ခြေးစည်သံကြားရပါတယ်။ဒီအချိန်မှာ ဘုရားကိုးဆူဆရာရဲ့ခြေးစည်သံမဟုတ်။ (၅) နာရီသာသာရှိဦးမယ်။ ကျုပ်လည်း တဲတောင်ဘက်ခပ်လှမ်းလှမ်းကိုသွားပြီး ဖွားစောရွာဘက်က ဘုရားကိုးဆူအိမ်မှ အသံချဲ့စက်က ခြေးစည်သံလားဟုတ်မဟုတ် သေသေချာချာနားထောင်လိုက်ပါတယ်။ ဘာမှမကြားရသေး။ တဲနားကိုရောက်တော့ ခြေးစည်သံသာသာယာယာနဲ့ မေတ္တာသုတ်ရွတ်ဖတ်သံကိုနားဆတ်ဆတ်ကြားလိုက်ရပါတယ်။ အသေအချာနားထောင်ကြည့်လိုက်တော့ မြောက်ဘက်မုခ်ထဲမှအသံဖြစ်ပြီး ကျုပ်လည်း မြောက်ဘက်မုခ်အနားသို့သွားပြီး မုခ်ထဲကိုကြည့်လိုက်တော့ ရသေ့သူတော်စင်တစ်ပါး ပရိတ်ရွတ်နေတာကိုတွေ့လိုက်ရတယ်။ကျုပ်လည်းရပ်ပြီးကြည့်နေလိုက်တယ်။ မေတ္တာသုတ်ဆုံးတာနဲ့ ခြေးစည် (၃) ကြိမ်ခေါက်တယ်။ ကျုပ်ကိုပြုံးပြီး ကြည့်နေလိုက်ပါတယ်။ ကျုပ်လည်း စိတ်ထဲက သာဓု (၃) ကြိမ်ခေါ်ပြီးပြန်ပြီး ကြည့်နေရင်းမှာပဲ ရသေ့သူတော်စင် ပျောက်ခြင်းမလှ ပျောက်သွားတယ်။ ဘုရားပတ်လည်ကိုလိုက်ရှာတော့လည်း လုံးဝမတွေ့ရတော့။ ကျုပ်အဖို့တော့ အထူးအဆန်းများတွေ့ရတော့ အံ့ဩမိတာတော့အမှန်။ ဒီအကြောင်းတွေကို ပြန်ပြောပြရင်လည်းယုံချင်မှယုံမှာမဟုတ်လား။ ကျုပ်ကို ဒီဘုရားစပြီးလုပ်မယ် အချိ တရားထိုင်အပြီး ပြောခဲ့တဲ့ ဆရာတော်တစ်ပါးရဲ့စကားကို ကျုပ်အကြွင်းမဲ့ယုံလိုက်ပြီး အဲဒီတုန်းက ဆက်ပြီး မမေးခဲ့ရတဲ့ထူးခြားမှုတွေဆိုတာ အခု ကျုပ်တွေ့ရတဲ့ အဖြစ်အပျက်တွေလားလို့ ဆရာတော်အား လျှောက်ထားမေးလိုက်ချင်ပါရဲ့။ စာရှုသူ မိတ်ဆွေများလည်း ကျုပ် ဒီပြဿဒါးဘုရားမှာ တွေ့ခဲ့တဲ့ ထူးခြားချက်တွေကြောင့် ကြောက်စရာမလိုပါ။ ဒီအဖြစ်အပျက်မျိုးကို တွေ့သင့်တွေ့ထိုက်မှတွေ့ရမှာ ဖြစ်ပါတယ်။ ကျုပ်တွေ့ခဲ့တဲ့ထူးခြားချက်ကြောင့် ပြဿဒါးဘုရားကိုမသွားဘဲ မဖူးမမြော်ဘဲမနေပါနဲ့။ အခုအခါ ပြဿဒါးဘုရားမှာ အဆောင်ဆိုင်များနဲ့စည်ကားနေပါပြီ။ ပုဂံရှုမျှော်ခင်းကြည့်ရှုရန် အကောင်းဆုံးနေရာ ဖြစ်နေပါပြီ။ ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာဘုရားဖူးများနဲ့ စည်ကားစွာတွေ့မြင်ရမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်လိုက်ပါရစေဗျာ။

ခဲမင်းသွန်း([illegible])



www.burmeseclassic.com

www.burmeseclassic.com

ရေညှိပတ်ဝိုင်း မှိုင်းမှိုင်းညို့ညို့ ကျွန်းအမည်ကား သီဟိုဠ်ကျွန်းခေါ် လင်္ကာဒီပကျွန်းပင်တည်း။

မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး နေလိုလလို ထွန်းလင်းခဲ့ပါသော သီဟိုဠ်ကျွန်း။

ကောင်းကင်ယံတွင် ရှင်သာမဏေလေးများ၊ ရဟန်းသံဃာတော်များစျာန်အဘိညာဉ်တွေနှင့်ပျံသန်းနေသောစျာန်ကြွနေသောကာလ။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ သီတင်းသုံးတော်မူသည့် ကျောင်းတိုက်ကြီးများကလည်း မြို့ရွာအနှံ့။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြသော ပြည်သူပြည်သားများကလည်း တောရောမြို့ပါမကျန်။

သီဟိုဠ်ကျွန်းခေါ် လင်္ကာဒီပကျွန်း၏ပင်လယ်ကမ်းခြေ၌ မဟာတိတ္ထဟူသော ရွာကြီးတစ်ရွာရှိ၏။ ရွာဆိုသော်လည်း ရွာသိမ်ရွာငယ် မဟုတ်ပါ။ အရောင်းအဝယ်များဖြင့်အလွန်စည်ကားလှသော ဆိပ်ကမ်းသာရွာကြီးတစ်ရွာ ဖြစ်၏။

ထိုရွာကြီးတွင် နန္ဒ ဟူသော ကုန်သည်တစ်ဦးရှိ၏။ ကုန်သည်ကြီးနန္ဒသည် ကြွယ်ဝချမ်းသာ၏။ ထင်ရှား၏။ လူသိများ၏။

နန္ဒကုန်သည်ကြီးသည် ရတနာမြတ်သုံးပါးကို ရိုရိုသေသေဆည်းကပ်၏။ ကိုးကွယ်၏။ ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်တော်များကို အမြဲရွတ်ဖတ်ပူဇော်သော ဥပါသကာကြီး ဖြစ်၏။

ဒါနမှု၊ သီလမှု၊ ဘာဝနာမှုကိုလည်း နေ့ညမပြတ်ပြုလုပ်၏။

နန္ဒကုန်သည်ကြီး၏နှစ်ထပ်တိုက်ကြီးကလည်း ခမ်းနားလှ၏။ ထည်ဝါလှ၏။ နန္ဒကုန်သည်ကြီးမှာ အသက်အရွယ်အားဖြင့် (၃၀) ဝန်းကျင်သာရှိသေး၏။

ထိုနန္ဒကုန်သည်ကြီးသည် ကြီးမားလှသော ရွက်လှေကြီးတစ်စီးဖြင့် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြီး ကုန်ရောင်းကုန်ဝယ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်၏။

သူနှင့်အတူ တပည့်လှေထိုးသမား၊ လှေလှော်သမား၊ ရွက်ဖွင့်သမားတပည့် (၉) ယောက်တို့လည်း လိုက်ပါကြ၏။

ကုန်သည်ကြီးနန္ဒသည် တစ်ရွာဝင် တစ်ရွာထွက်တစ်မြို့ဝင်တစ်မြို့ထွက်လျက် ရွက်လှေကြီးတစ်စင်းဖြင့် စီးပွားရှာ၏။ တစ်လတစ်ခါဆိုသလို မိမိဂေဟာ မဟာတိတ္ထရွာကြီးသို့ ပြန်ရောက်လေ့ရှိ၏။

ယခုတစ်ခါမှာတော့ ပါသွားသည့်ကုန်ပစ္စည်းတွေကလည်း အမြောက်အမြား၊ အရောင်းအဝယ်တလည်း ကောင်းလှပါသဖြင့် သူ၏ ဇာတိမြေသို့ တော်တော်နှင့် ပြန်မရောက်လာပါ။

အချိန်ကာလအားဖြင့် (၃) နှစ်ပင်ရှိလေပြီ။ အိမ်က ဇနီးသည်ကတော့ လင်တော်မောင်နှင့် လှေသမားများ ကျန်းမာစေရန် ဘုရားမှာသောက်တော်ရေကပ်၊ ညောင်သပြေပန်းတွေဝေနေအောင်ထိုးပြီးတော့ မေတ္တာပို့ရသည်မှာလည်း နေ့စဉ်မပျက်ပါဘဲ။

လင်တော်မောင်နန္ဒ မှာခဲ့သည့်အတိုင်း မိမိအိမ်ဂေဟာသို့ ဆွမ်းရပ်တော်မူလာကြသည့် ရဟန်းသံဃာတော်များကို ဆွမ်းဟင်းကပ်လှူသည့်အလုပ်ကလည်း နိစ္စဓူဝ မပျက်မကွက်။

သည်တစ်ခါ လင်တော်မောင် အရောင်းအဝယ်ထွက်သွားသည်မှာ သုံးနှစ်တောင်ကြာပြီဖြစ်ပါသဖြင့် ဇနီးချောလေးမှာ နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ လင်တော်မောင်ကို သတိရပြီး ပြန်လမ်းကိုလည်း မျှော်နေရရှာ၏။

အိမ်မှာခိုင်းစေသည့် အစေအပါးအမျိုးကြီးတွေက ထမင်းစားချိန်ကိုပင် အချိန်မှန်မှန် ကျွေးမွေးနေရ၏။

ရတနာ (၃) ပါးကို ကြည်ညိုဆည်းကပ်သော နန္ဒဇနီးသည်ချောလေးသည် အလိမ္မာဉာဏ်ပညာရှိသူ ဖြစ်၏။ ချစ်စိတ်ကိုထိန်း၏။ သတိရစိတ်ကိုထိန်း၏။ ရတနာမြတ်(၃)ပါးကို နှလုံးသားမှာသွင်း၏။ ဂုဏ်တော်တွေကို အမြဲရွတ်ဆိုပွားများ၏။

ထို မဟာတိတ္ထရွာကြီးတွင် သိဝဆိုသောအမတ်တစ်ဦးနေထိုင်၏။ ယခုခေတ်စကားနှင့်ပြောရလျှင် ရွာသူကြီး ဖြစ်၏။

အနုရာပြေည်ကို အစိုးရတော်မူသော သီဟိုဠ်ရှင်ဘုရင်ကြီးက သိဝကို တာဝန်ပေးထား၏။ ထိုနယ်ပယ်မှအခွန်အတုပ်များကို ကောက်ခံ၍ ဘုရင့်ထံဆက်သရင်း သိဝကိုလည်း အခွန်အမတ်ဟု အမည်တွင်စေပြီး ထိုမဟာတိတ္ထရွာကြီးကို အပိုင်စားပေးထား၏။

ထိုအမတ်သိဝမှာလည်း အရပ်လေးမျက်နှာတွင်ထင်ရှားသူဖြစ်၏။ ရွာသူရွာသားများက လေးစားကြရ၏။ ချမ်းသာကြွယ်ဝ၏။အစေအပါးတပည့်တွေကလည်း ဝိုင်းဝိုင်းလည်လျက် အမြောက်အမြား။



တစ်နေ့သ၌ သိဝအမတ်သည် ရွာလမ်းမတစ်လျှောက်ကို ကြက်လျှာ၊ တံခွန်၊ ကုက္ကားဖြင့် လှပစွာတန်ဆာဆင်စေ၏။ လမ်းကိုသန့်ရှင်းစင်ကြယ်စေ၏။

ဘုရင်မင်းမြတ်ထွက်တော်မူသည့်အလား မြင်းရထားကို ပန်းတွေဝေဝေဆာဆာဆင်ယဉ်လျက် တပည့်အပေါင်းခြံရံပြီး ပင်လယ်ကမ်းစပ်သို့ အပန်းဖြေခရီးထွက်၏။

လမ်းတစ်လျှောက် အက အခုန်အဆိုအတီးအမှုတ်တွေလည်းပါ၏။ရွာသူရွာသားများတို့သည် ထူးဆန်းလှသည့် ထိုအခမ်းအနားကို အိမ်တိုင်းလိုလိုကလမ်းမပေါ် ထွက်၍ကြည့်ကြ၏။

ကုန်သည်နန္ဒ၏ ဇနီးသည် အလွန်ချောမောလှပ၏။ ရင်သပ်ရှုမောဖွယ်ကောင်းလှအောင် လှပချောမောသူဖြစ်၏။

မိမိတိုက်ရှေ့သို့ ရောက်ရှိနေသောဆိုင်းသံဗုံသံလူအုပ်ကြီးကို တိုက်အပေါ် ထပ် ပြတင်းပေါက်မှစီးပြီးကြည့်



www.burmeseclassic.com

www.burmeseclassic.com

၏။

ထိုအချိန်ဝယ် သိဝမြို့စားကြီး၏ မြင်းရထားသည် နန္ဒ၏တိုက်ကြီးရှေ့သို့ ရောက်လာ၏။


သိဝအမတ်ကြီးသည် အမှတ်မထင် ထိုနှစ်ထပ်တိုက်ကြီးအပေါ်ဆီသို့ လှမ်းကြည့်လိုက်မိ၏။

တွေ့ရပါပြီ။ ရှုတ်တရက်တွေ့ရပါပြီ။ ပြတင်းဝမှ ခေါင်းကြီးသာသလိုထွက်ပေါ်နေသော အမျိုးသမီး။ လှထိပ်ခေါင်တင်၏မျက်နှာကလေးကိုတွေ့လိုက်ရ၏။ ဥမ္မာဒန္တီ အလှမင်းသမီးလေးကို မြင်တွေ့ရသော သိဝိမင်းကြီး အလား။

ယခု သိဝအမတ်ကြီးလည်း မျက်စိကို မလွှဲတော့ဘဲ ထိုတိုက်ပေါ်မှ အမျိုးသမီးချောကိုသာကြည့်မိနေ၏။ စွဲလမ်းနေ၏။ ချစ်ခြင်းအစ မျက်စိကဆိုသည်မှာ မှန်နေပါတော့၏။

အမတ်ကြီးသိဝမှာ ထိုအမျိုးသမီး၏ ရူပါရုံညို့ဓာတ်ကြောင့် တဖျတ်ဖျတ်တုန်လှုပ်ချောက်ချားနေပါတော့သည်။ သွေးရူးသွေးတမ်းနှင့် ကာမတဏှာငန်းဖမ်းမိနေတော့၏။

မြင်းရထားကိုလည်း ရှေ့သို့မသွားခိုင်းဘဲရပ်ထားရ၏။ မိမိနှင့်



# မင်းမြတ်သီဟ

## အချစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com

အတူတူလိုက်ပါကြသော အခြံအရံများကိုလည်းကိုတောင် ကယောင်ကယမ်း တွေမေးမိတော့၏။

"အို အို - အချင်းတို့ ဟိုတိုက်ကြီးပေါ်က ပြတင်းဝက အမျိုးသမီးလေးဟာ ဖိုးလမင်းကြီးထွက်သလိုပါပဲ။ လှလိုက်ပါဘိ။ တယ်ချောတဲ့အမျိုးသမီးလေးပါလား။ သူဟာဘယ်သူလဲ။ သူ့နာမည်ကဘယ်သူလဲ။ ဘယ်သူကမွေးတာလဲ။သူ့မှာလင်ယောကျ်ားကောရှိပါလား၊ မရှိဘူးလား"

စသည်ဖြင့် နှုတ်မှရေရွတ်၍ တတွတ်တွတ်နှင့်ပြောနေပါတော့၏။

ထိုအမျိုးသမီးကို စွဲလမ်းမှုစိတ်သည် ကာမတဏှာစိတ်ဖြစ်၏။ တမ်းတမ်းတတနှင့်အငမ်းမရဖြစ်နေ၏။

သိဝအမတ်သည် ကတောင်ကချောက်ရောက်တတ်ရာရာတွေပြောလျက် သွက်ချာဒေါင်းစိုင်းအရူးကြီးတစ်ပိုင်းဖြစ်နေပါတော့၏။

နောက်ပါတပည့်များသည် သိဝအမတ်၏ ကယောင်ချောက်ချားစကားများကြောင့် ဒီတစ်ခါတော့ ခက်ရချေပြီ။ ဘယ်လိုလုပ်ကြမယ်လဲလို့ ခေါင်းဆောင်လုပ်သူက ငယ်သားများကိုမေး၏။

လူအများလည်း အမတ်ကြီးသိဝကြည့်သလို တိုက်အပေါ်ထပ်ပြတင်းဝသို့ လှမ်းကြည့်မိကြ၏။

အမျိုးသမီးကတော့ ဘာမှမသိရှာပါ။ ဒီလူတွေငါ့တိုက်ရှေ့မှာရထားရပ်ပြီး ရှေ့လည်းမသွား နောက်လည်းမဆုတ်ဘဲ ဘာလုပ်နေကြတာပါလဲလို့ စူးစမ်းသောအကြည့်ဖြင့်သာကြည့်နေမိ၏။

သိဝအမတ်သည် သူကဘယ်သူလဲ၊ သူ့အမည်ကဘာလဲ၊ သူ့မိခင်ကဘယ်သူလဲ၊ သူ့မှာလင်ယောကျ်ားရှိလား၊ မရှိဘူးလား စသည်ဖြင့် ဤစကားကိုသာ ထပ်သလဲလဲမေးနေတော့၏။

နောက်ဆုံးတော့ လမ်းမတော်ကြီးတွင် လူအုပ်ကြီးကလည်းဝိုင်းကြည့်နေကြ၏။ သိဝအမတ်ကြီး အရှက်ကွဲရတော့မည့်အခြေအနေမျိုးဆိုက်နေ၏။

ဒါနဲ့ ခေါင်းဆောင်လုပ်သူက -

"အမတ်ကြီးခင်ဗျား၊ ဤအမျိုးသမီးမှာ လင်ရှိပါတယ်။ သူ့လင်ကစီးပွားဥစ္စာချမ်းသာကြွယ်ဝလှတဲ့ နန္ဒကုန်သည်ကြီးဖြစ်ပါတယ်။ ထင်ရှားပါတယ်။ လူသိလည်းများပါတယ်။ ယခုတော့ ဒီတိုက်မှာ မရှိပါဘူး။ သူ့တပည့်တွေနဲ့ ကုန်ရောင်းကုန်ဝယ်ထွက်နေပါတယ်။(၃)နှစ်လောက်တောင်ရှိပါပြီ အမတ်ကြီးခင်ဗျား"

ခေါင်းဆောင်၏စကားကို အမတ်ကြီးသိဝ ကြားလိုက်ရ၏။ သူ့လင်ယောကျ်ား ကုန်ရောင်းကုန်ဝယ်ထွက်သွားတာ (၃) နှစ်တောင်ရှိပြီတဲ့။

သိဝအမတ်ကြီးစဉ်းစားတော့၏။ သူ့လင်သည် သေချင်လည်းသေမည်။ ဒါမှမဟုတ် ပြန်လာချင်မှလည်းပြန်လာတော့မဟုတ်။ ငါ့မှာမျှော်လင့်ချက်တွေရှိသေးသည်ဟုတွေးပြီး မြင်းရထားကို သူ့အိမ်သို့ပြန်မောင်းခိုင်းပါတော့၏။

သိဝအမတ်ကြီးသည် အချစ်နတ်ဖမ်းစားခံနေရလေပြီ။ သူ့စိတ်ကို တဏှာရာဂဘီလူးဝင်ပူးနေလေပြီ။

ထိုအမျိုးသမီးလေး၏မျက်နှာက သူ့မျက်စိထဲကမထွက်၊ သူ့နှလုံးသားထဲကမထွက်၊ အိပ်မပျော်စားမဝင်၊ အနေအထိုင်ခက်နေလေပြီ။

ထိုအမျိုးသမီးလေး၏မျက်နှာက သူ့မျက်စိထဲကမထွက်၊ သူ့နှလုံးသားထဲကမထွက်၊ အိပ်မပျော်စားမဝင်၊ အနေအထိုင်ခက်နေလေပြီ။

အမတ်သိဝသည် အမျိုးသမီးကြီးတစ်ဦးကို ရှာဖွေခိုင်း၏။ ထိုအမျိုးသမီးကို ငွေတစ်ထောင်ပေး၍ နန္ဒတိုက်သို့သွားပြီး နန္ဒဇနီးသည်ကို အောင်သွယ်ခိုင်းပါတော့၏။

ထိုအောင်သွယ်အမျိုးသမီးသည် နန္ဒတို့၏တိုက်ကြီးသို့ ရောက်လာပြီး စကားလှလှလေးတွေကိုရွေးလျက် သိဝအမတ်ကြီးနှင့်အောင်သွယ်ပါတော့၏။

နန္ဒကုန်သည်ကြီး၏ ဇနီးသည် ရတနာ (၃) ပါးကိုဆည်းကပ်သူ၊ ဉာဏ်ပညာကြီးသူ၊ လင်ယောကျ်ားအပေါ်မှာ သစ္စာရှိသူဖြစ်၏။

အောင်သွယ်အမျိုးသမီးကြီးအား နန္ဒကုန်သည်ဇနီးက -

"ဤခန္ဓာရုပ်ကြီးသည် အပြင်ကသာ တင့်တယ်နေပါ၏။ အတွင်းမှာ နံစော်ညီပုပ်နေပါ၏။ ဤအပုပ်ကောင်ကြီးကိုနှစ်သက်စွဲလမ်းနေရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒုက္ခဆင်းရဲမှုတွေနှင့်တွေ့ကြုံပါမည်"

နန္ဒကုန်သည်၏ ဇနီးသည် ဤကိုယ်ကာယ၏ နှစ်သက်ဖွယ်မကောင်းပုံများကို အမျိုးမျိုးဥပမာပေး၍ ပြောပြပြီး ထိုအောင်သွယ်အမျိုးသမီးကို ပြန်လွှတ်လိုက်ပါ၏။

အောင်သွယ်အမျိုးကြီးသည် နန္ဒကုန်သည်ဇနီး၏စကားများကို သိဝအမတ်ကြီးအား ပြန်တင်ပြ၏။

သိဝအမတ်ကြီး၏ ထိုအမျိုးသမီးအပေါ်စွဲလမ်းသည့်စိတ်က တစ်ပြားမှ လျော့မသွားပါ။ တဟင်းဟင်းနှင့်သာ သက်ပြင်းကြီးသာတွင်တွင်ချနေပါ၏။

ကိလေသာကာမရာဂနတ်ကြမ်းကြီး၏ဖမ်းစားခြင်းကိုခံနေရသော သိဝအမတ်ကြီးသည် ဇွဲမလျှော့ပါ။ နောက်ထပ် အမျိုးသမီးတစ်ဦးကိုခေါ်၍ အသပြာနှစ်ထောင်ပေးပြီး အောင်သွယ်ခိုင်း၏။

နောက်ထပ် ရောက်ရှိလာသော အောင်သွယ်အမျိုးသမီး၏စကားကိုနားထောင်ပြီး -

"အစ်မကြီး၊ ကျွန်မကိုယ်ခန္ဓာသည် အနှစ်လည်းမရှိ။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့်သာ နှိပ်စက်ခံရ၏။

အလုံးစုံသောအနာကင်းခြင်းသည် အနာရှိလာလျှင် အဆုံးရှိချေ၏။

အလုံးစုံသောအဆင်းရုပ်သဏ္ဌာန်ကား အိုမင်းအရွယ်လျှင် အဆုံးရှိချေ၏။

အလုံးစုံသော အသက်ရှည်ခြင်းသည် သေခြင်းလျှင် အဆုံးရှိချေ၏"

ဒုတိယအကြိမ်ရောက်ရှိလာသော အောင်သွယ်မိန်းမကြီးလည်း သိဝအမတ်ကြီးထံပြန်ပြီးပြော၏။

သိဝအမတ်က ရာဂနတ်ပူးနေ၍ စိတ်မလျှော့သေးပါ။ ယင်းကြောင့် သိဝအမတ်ကြီးသည် အောင်သွယ်မိန်းမတစ်ဦးကိုရှာပြီး အသပြာလေးထောင်ပေး၍ စေလွှတ်ပြန်ပါ၏။

ကုန်သည်နန္ဒ၏ ဇနီးသည် သူ့ထံသို့ ဤကဲ့သို့ အကြိမ်ကြိမ်အောင်သွယ်ခိုင်းနေသည်ကို စိတ်မရှည်သလိုဖြစ်ပါ၏။

ဤယောကျ်ားကား ဉာဏ်ပညာကင်းသူ၊ အရှက်အကြောက်မရှိသူ၊ ဤအရှက်အကြောက်မရှိသူအား တရားဟောပြနေ၍မဖြစ်တော့။ သူ၌ထိုက်တန်သောစကားကိုသာပြောပြရပေတော့မည်ဟု ဆုံးဖြတ်လိုက်၏။

နန္ဒဇနီးသည် ပညာဉာဏ်ကြီးမား၏။ ထိုအမတ်ကို လုံးဝစိတ်မဝင်စား၊ စိတ်ကူးထဲပင်မထည့်ပါ။

သို့သော် ယခုကဲ့သို့ ခဏခဏလာနေသည်မှာ စိတ်ရှုပ်စရာကောင်းလှ၏။ ယင်းကြောင့် တိုက်ရိုက်မငြင်းဘဲ ပရိယာယ်ဖြင့် ငြင်းလိုက်၏။

"သင်တို့ သိဝဆိုတဲ့လူကြီးကိုပြောလိုက်ပါ။

၁။ တံလျှပ်သည် ရေမဟုတ်သို့သော် အဝေးကမြင်ရလျှင် ရေဟုထင်ရ၏။ သုံးစွဲဖို့အတွက် ထိုရေကို အိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

ဝယ်အပြည့်ခပ်ပေးနိုင်လျှင် မေတ္တာမျှပါမည်။

၂။ သဲကိုကြိတ်ခွဲ၍ရသောသဲဆီတွင် မိုးတိမ်များကို လိမ်၍လိမ်၍ညှစ်သလို တိမ်မီးစာကိုနှစ်၍ သူ့အိမ်မှာမီးတွေထိန်လင်းအောင် ထွန်းပေးနိုင်လျှင် မေတ္တာမျှပါမည်။

၃။ သူမ၏ အိမ်ဂေဟာသို့ ညောင်ရေသဖန်းပွင့်၊ ညောင်ဗုဒ္ဓေပွင့်များဆောင်လာပြီး သီကုံးတန်ဆာဆင်နိုင်လျှင် မေတ္တာမျှပါမည်။

၄။ တောအုပ်ကြီးကို လမင်းကြီး တစ်ပြိုင်နက်တည်းလင်းနိုင်လျှင် မေတ္တာမျှပါမည်။

၅။ နေမင်းကြီးက ရှိသမျှကြာတွေအားလုံးကို တစ်ပြိုင်တည်းပွင့်စေနိုင်လျှင် မေတ္တာမျှပါမည်"

အောင်သွယ်မကြီးကို မဖြစ်နိုင်သောစကားငါးခွန်းကိုပြောပြပြီး ပြန်ခါနီးတွင် စကားတစ်မျိုးကိုပြောပြ၏။

"အစ်မကြီး၊ ကျွန်မခင်ပွန်းသည် လှေကြီးတစ်စီးနဲ့ အရောင်းအဝယ်ထွက်သွားတာ (၃) နှစ်ရှိနေပါပြီ။ သေပြီလား၊ ရှင်နေသေးလားမသိရပါ။ အကယ်၍များ မတော်တဆကွယ်လွန်သွားပါက ထိုအခါမျိုးကျမှပင် အခြေအနေတစ်မျိုးဖြစ်လာနိုင်ပါတယ်"

အောင်သွယ်မိန်းမကြီးသည် နန္ဒကုန်သည်၏ဇနီးပြောစကားများကို သိဝအမတ်ကြီးအား တစ်လုံးမကျန်ပြောပြပါတော့၏။

သိဝအမတ်ကြီးသည် ဉာဏ်ပညာနည်းပါးသူဖြစ်၏။ ထိုအချက် (၅) ချက်ကိုလုပ်ပေးနိုင်သူကို ရှာဖွေခိုင်းပြန်၏။

သို့သော် တစ်ဦးတစ်ယောက်မျှ မထွက်ပေါ်လာကြပါ။ ဒါပေသည့် သိဝအမတ်ကြီး၏တဏှာရာဂချစ်စိတ်ကပျက်မသွား၊ လျော့မသွား ပို၍ပို၍ကဲကဲလာပါတော့၏။

တဏှာရာဂဘီလူးစိတ်ဝင်နေသော သိဝအမတ်ကြီးသည် ထိုကုန်ရောင်းကုန်ဝယ်သွားနေသော နန္ဒကို သတ်ပစ်မည်။ ပြီးတော့ သူ့ဇနီးကို အရယူမည်ဟူ၍ ဆုံးဖြတ်ချက်ချ၏။

သတ်ပေးနိုင်သူများကို ရှာဖွေ၏။ တစ်ဦးတစ်ယောက်မျှမရပါ။

တစ်နေ့သ၌ သိဝအမတ်ကြီးထံသို့ မှော်ဆရာတစ်ယောက်ရောက်ရှိလာ၏။ အောက်လမ်းပညာတတ်၏။မှော်အတတ်ကိုတစ်ဖက်ကမ်းတတ်၏။ ယင်းကြောင့် နန္ဒကို သူ၏ မှော်ပညာအစွမ်းဖြင့် သတ်ပေးမည်ဟု ဆို၏။

သိဝအမတ်ကြီး သဘောကျသွား၏။ စိတ်ထဲမှာလည်း ကြည်လင်သွားရ၏။ နန္ဒသေလျှင်တော့ သူ့ဇနီးငါရတော့မှာပဲဟု သူ့စိတ်ထဲမှာ စွဲထင်လာတော့၏။ ငွေအယ်လောက်ကုန်ကုန်ပေးမည်ဟု သဘောတူ၏။

အကာလ ညအခါဖြစ်၏။

မှော်ဆရာနှင့် သိဝအမတ်ကြီးတို့နှစ်ယောက်တည်း မဟာတိတ္ထရွာကြီးရှိ သင်္ချိုင်းမြေသို့ရောက်လာကြ၏။

မှော်ဆရာသည် အလောင်းကောင်မြုပ်ထားသည့်မြေနေရာကို မန္တန်ဂါထာရွတ်ဆို၍ မန်းမှုတ်နေ၏။

အလောင်းကောင်ကြီးမြေပေါ်သို့ ပေါ်လာ၏။ မှော်ဆရာက သူ၏ မန္တန်ဂါထာကို ဆက်ရွတ်ပြန်၏။ ထိုအခါ ဘီလူးကြီးတစ်ကောင်သည် အလောင်းကောင်သို့ဝင်းပူးတော့၏။

ဘီလူးဝင်စီးနေသော အလောင်းကောင်ကြီးသည် မက်တတ်ထရပ်လိုက်ပြီး -

"ကျွန်ုပ်အား အဘယ်ကိုစေလိုပါသနည်း"

ဟု အလောင်းကောင်ကြီးကမေး၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသော သိဝအမတ်ကြီးသည် ကြောက်လန့်ပြီး တုန်လှုပ်နေရ၏။ လန့်ဖျပ်နေ၏။

"သင်သည် လှေကြီးတစ်စင်းဖြင့် ကုန်ရောင်းဝယ်ထွက်နေသော နန္ဒကို ဤသန်လျက်ဖြင့် သတ်ရမည်"

ဟု မှော်ဆရာက အမိန့်ပေးလေတော့၏။

ဘီလူးဝင်ပူးနေသော အလောင်းကောင်ကြီးသည် သန်လျက်ကိုင်လျက် သခင်ခိုင်းစေသည့်အတိုင်းလုပ်ပါမည်ဟု ပြောလျက် ချက်ချင်းပျောက်သွား၏။

ဘီလူးဝင်စီးနေသော အလောင်းကောင်ကြီးသည် သန်လျက်ကိုကိုင်လျက် ပင်လယ်ထဲတွင် နန္ဒ၏လှေကြီးကို ရှာဖွေပါတော့၏။

တွေ့ရပါပြီ။ ပင်လယ်ထဲမှာ လှေလော်သားများနှင့် လော်ခပ်နေသော ကုန်သည်နန္ဒ၏လှေကြီးတစ်စင်း။

ဘီလူးဝင်စီးနေသော အလောင်းကောင်ကြီးသည် လှေပေါ်သို့ရုတ်တရက် ခုန်တက်လိုက်၏။ ရေပြင်ထက်မှ လှေကြီးသည် လူးလိမ့်သွားရ၏။

လှိုင်းလေလည်းမရှိဘဲ လှေကြီးလူးလိမ့်သွားပါသဖြင့် နန္ဒသည် ဟိုဟိုဒီဒီကိုကြည့်၏။ လှေဦးထိပ်တွင် ဘီလူးကြီးသန်လျက်ကိုင်လျက်ရပ်နေသည်ကိုတွေ့လိုက်ရ၏။

လှေထိုးလှေလော်သမားများလည်း ကြောက်ရွံ့တုန်လှုပ်သွားကြရပြီး နန္ဒထံသို့ပြေးကပ်လာကြ၏။

"သင်တို့အားလုံး မကြောက်မရွံ့ကြပါနဲ့။ သရဏဂုံ တို့မှာအားကိုးစရာရှိပါတယ်။ ကဲ -လိုက်ဆိုကြ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ"

ကုန်သည်နန္ဒတိုင်ပေးသည့်အတိုင်း လှေထိုးလှေလော်သမားများက အသံကျယ်ကျယ်ဝိုင်းရွတ်ဆိုကြ၏။

နန္ဒကိုသတ်ရန်ပြေးလာသောဘီလူးကြီးသည် လှေပေါ်တွင် မှောက်ရက်လဲကျသွားရ၏။ သရဏဂုံ (၃)ပါး၏တန်ခိုးကြောင့် ဘီလူးသည် ကြောက်ရွံ့ပြီး သင်္ချိုင်းမြေသို့ပြန်သွားတော့၏။

နန္ဒကို မသတ်နိုင်ဘဲ သင်္ချိုင်းမြေသို့ မြေဘုတ်ဘီလူးပြန်ရောက်လာသောအခါ သိဝသည် စိတ်ပျက်သွားရ၏။

မှော်ဆရာက လက်မလျှော့ပါ။ ယခင်အတိုင်း မန္တန်မန်းအသက်သွင်းပြီး အလောင်းကောင်ကို ပြန်လွှတ်ပါ၏။

ဒီတစ်ခါလည်း သရဏဂုံတန်ခိုးတော်ကြောင့် အလောင်းကောင်ကြီး သင်္ချိုင်းမြေသို့ ပြန်ပြေးရပါ၏။

မှော်ဆရာသည် အလောင်းကောင်ကြီးကို မှော်သွင်းပြီး (၃) ကြိမ်(၃) ခါခိုင်းပါ၏။

သို့သော် သရဏဂုံကိုစီးဖြန်းနေကြသော နန္ဒ၏ လှေထိုးသားများနှင့် နန္ဒကိုပါ မသတ်နိုင်ခဲ့ပါ။

ဘီလူးအချိန်နည်းနည်းကြာသွားသဖြင့် မှော်ဆရာက -

"သိဝအမတ်ကြီး၊ ဒီတစ်ခါတော့ သေချာပါပြီ။ နန္ဒကုန်သည်သေရပြီဗျ"

ထိုအချိန်မှာ မြေဖုတ်ဘီလူးဝင်ပူးနေသော အလောင်းကောင်ကြီးသည် သန်လျက်ကိုကိုင်လျက် သိဝအမတ်နှင့် မှော်ဆရာတို့၏ခေါင်းကိုဖြတ်ပြီးစဉ်းပစ်လိုက်တော့၏။

သူများ၏ သားမယားကို လိုချင်သော သိဝအမတ်၊ မှော်ဆရာတို့သည် မကောင်းမှုအကုသိုလ်တို့ကြောင့် ထိုဘီလူးသရဲကပင် သူတို့နှစ်ဦးကိုသတ်ပစ်လိုက်လေပြီ။

ထိုသတင်းကား မဟာတိတ္ထရွာကြီးတစ်ရွာလုံးမှာ သတင်းပြန့်သွားရ၏။




www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# မြေထဲပင်လယ်မြစ်ဝှမ်းဒေသထွက် သံလွင်သီး၏ဆေးဖက်ဝင်အစွမ်းများ

ယနေ့ ကျန်းမာရေးအထောက် အကူပြု ဆေးဖက်ဝင် အစွမ်းအာနိသင် များစွာပါနေသော Favourite အဖြစ်ဆုံး ဆီများထဲတွင် သံလွင်ဆီ (Ovlive Oil) သည် ထိပ်ဆုံးကဖြစ်နေပါသည်။

ယနေ့ ကမ္ဘာကျော်နေတဲ့ သံလွင်ဆီကို သံလွင်ပင်မျိုးကွဲ မျိုးစိတ်ပေါင်း (၁၀၀) ကျော်ရှိပြီး အဓိကအနေဖြင့် အသီးစားရသောမျိုးစိတ်(အသီးအရသာကောင်းသည့်မျိုးစိတ်) နှင့် -

အသီး၏အရသာမှာ ခါးသက်လှ၍ အသီးစား၍မကောင်းဘဲ ဆီကြိတ်၍စားရသော ဆီကြိတ်သံလွင်မျိုး ဟူ၍ (၂) မျိုးရှိပါသည်။

ထိုမျိုးစိတ်ပေါင်း (၁၀၀) ကျော်အထဲမှ အသီးကိုစားရသည့် မျိုးစိတ်မှာ (၁၅) မျိုးခန့်သာရှိပါသည်။ သံလွင်ပင်၏ မူရင်းအရပ်ဒေသမှာ မြေထဲပင်လယ်ဒေသဖြစ်ပြီး အီတလီလူမျိုးများနှင့် မြေထဲပင်လယ်ဒေသသားများက သံလွင်ဆီကို အဓိကစားသုံးကြပါသည်။

ဒါကြောင့် ကျန်းမာရေးနဲ့ကိုက်ညီတဲ့ မြေထဲပင်လယ်ဒေသစားသောက်မှု (Life Style) ဟာ ကမ္ဘာမှာ ကျော်ကြားနေရခြင်း ဖြစ်ပါသည်။

သံလွင်ပင်ကို အင်္ဂလိပ်လို Olives ဟု ခေါ်ပြီး မျိုးစိတ် europa နဲ့ မျိုးစု olea ဖြစ်၍ Oleaceae မျိုးရင်းဝင် ဆေးဖက်ဝင် ရုက္ခပင်မျိုးဖြစ်ပါသည်။

သံလွင်ပင်ကို ကမ္ဘာ့နေရာဒေသအတော်များများတွင် စိုက်ပျိုးကြသော်လည်း နေရာဒေသနှင့် သံလွင်ပင်မျိုးကွဲတို့၏အပေါ်တွင် မူတည်ပြီး သံလွင်ဆီအမျိုးအစားတွေကွဲပြားခြားနားစွာပေါ်ထွက်လာကြပါသည်။

မြေထဲပင်လယ်ဒေသရပ်ဝန်းမှထွက်ရှိသော သံလွင်ဆီမှာ အမျိုးအစားကောင်းမွန်သည်ဟု ဆိုရပေမယ့် -

အထူးသဖြင့် Tuscany, Puglia, Sicily အရပ်ဒေသတို့မှ ထွက်ရှိသော သံလွင်ဆီမှာ အင်တီအောက်ဆီးဒင့် ပမာဏအများဆုံးပါဝင်နေသောကြောင့် အကောင်းဆုံးသံလွင်ဆီအရည်အသွေးမီပြီး ကျန်းမာရေးအတွက်အလွန်အကျိုးပြုသည့်သံလွင်ဆီများ ဖြစ်ပါသည်။

ဆီအဖြစ်ကြိတ်သည့် သံလွင်သီး၏အရသာမှာ စပ်ခါးခါးအရသာဖြစ်နေပါသည်။ သံလွင်သီး၏အရောင်မှာ မျိုးစုံရှိသော်လည်း အကောင်းဆုံးဆီထွက်ရှိသည့်သံလွင်သီးမှာ အစိမ်းရောင်သံလွင်သီးမျိုးမှထွက်သည့် သံလွင်ဆီသည် အကောင်းဆုံးဖြစ်ပါသည်။

သံလွင်စိုက်ခင်းထဲမှ သံလွင်သီးများကိုဆွတ်ခူးပြီး (၂၄) နာရီအတွင်း ရေဆေးသန့်စင်ပြီးအပြီးကြိတ်ရပါသည်။ နောက်နေ့ကူးသွားလျှင် ဆီအရည်သွေး (၅၀) ရာခိုင်နှုန်းလျော့သွားတတ်ခြင်းကြောင့် ဖြစ်ပါသည်။

သံလွင်သီးကို အထူးစီမံထားတဲ့ စက်ဒလက်တွေနှင့် ကြိတ်ညှစ်ပြီး အဆီထုတ်ယူရပါသည်။ အချို့ အီတလီလူမျိုးများက သံလွင်ဆီကို ရှေးရိုးရာနည်းအတိုင်း ကျောက်ပြား၊ ကျောက်ဆုံဖြင့် ဆီပွတ်၍ထုတ်ယူခြင်းကို ယနေ့တိုင် ကျင့်သုံးနေကြသည်ကို တွေ့ရပါသည်။

အကြောင်းမှာ ရင်းသဘာဝကျောက်သားကြိတ်ဆုံမှထွက်လာသော သံလွင်ဆီဟာ အခြားနည်းစနစ်ဖြင့် ကြိတ်၍ ထွက်ရှိလာသောဆီများထက် အာနိသင်ပိုမိုကောင်းမွန်၍ ဆေးဖက်ဝင်ခြင်းကြောင့် ဖြစ်ပါသည်။

စာရေးသူတို့နိုင်ငံ အညာမြေလတ်ဒေသများတွင် ဆုံဆီကြိတ်သကဲ့သို့ပင် ဖြစ်ပါသည်။ အနံ့အရသာပို၍မွှေးပြီး ကောင်းမွန်လှပါသည်။

သံလွင်သီးများကို ပထမဦးဆုံး ကြိတ်ခွဲပြီး အစေ့အခွံများကို ဖယ်ထုတ်၍ ဆီနဲ့ အရည်ကို ခွဲထုတ်သန့်စင်ပြီးမှ ဆီသန့်ကိုရရှိပါသည်။ ရရှိလာသော သံလွင်ဆီကို အရည်အသွေးစစ်ဆေးရပါသည်။

---

"သူများမယားကိုလိုချင်တဲ့အမတ်သိဝသေတာကောင်းတယ်။ စောစောက သေဖို့ကောင်းတယ်။ မှော်ဆရာကလည်း ငွေလိုချင်တာပဲသိတယ်။ အမှားအမှန်ကိုမသိတဲ့ မောဟသမား မြန်မြန်သေတာပဲကောင်းတယ်"

ဆိုသော စကားသံများသည် မဟာတိတ္ထရွာကြီးတွင် ပွဲတင်ထပ်နေပါတော့၏။

မကြာမီပင် ကုန်သည်နန္ဒသည် သူ၏ လှေထိုးလှေလှော်အလုပ်သမားများနှင့် သူ၏အိမ်ဂေဟာသို့ ပြန်ရောက်လာ၏။

ဇနီးသည်ဖြစ်သူက အမတ်သိဝအကြောင်းကို တစ်လုံးမကျန်မကွယ်မဝှက်ဘဲ ပြောပြ၏။

လင်ယောကျ်ားဖြစ်သူနန္ဒကလည်း သူတို့ပင်လယ်ထဲမှာ ဘီလူး၏အန္တရာယ်ကို ပြောပြ၏။

ယခုအခါမှာတော့ ဇနီးမောင်နှံနှစ်ယောက်တို့ သရဏဂုံ၏ ကျေးဇူးကို ပို၍သိလာကြ၏။ ပို၍လည်း ဘုရား၊ တရား၊ သံဃာတော်များကို ကြည်ညိုလာကြ၏။

ကုန်သည်နန္ဒသည် သိဝအမတ်ကို စိတ်မဆိုးပါ။ အပြစ်လည်းမတင်ပါ။ လင်နှင့်မယား စိတ်တူသဘောတူ သိဝအမတ် ကောင်းမွန်တဲ့ဘုံကိုရောက်ပါစေရန် အလှူလုပ်ဒါနပြုအမျှပေးဝေကြပါ၏။

တဏှာရာဂမကင်းသော အချစ်စိတ်သည် နောက်ဆုံးတော့ သိဝအမတ်အား သေခြင်းသို့ပင်ပို့ဆောင်ခဲ့လေ၏။

ကုန်သည်နန္ဒဇနီးမောင်နှံတို့သည်လည်း အလှူရေစက် နေ့ညမကွာ လှူဒါန်းကြ၏။ ရတနာမြတ် (၃) ပါးကိုလည်း အမြဲမပြတ် ဆည်းကပ်ကြ၏။

သက်တမ်းစေ့သောအခါ ဇနီးမောင်နှံနှစ်ယောက်တို့ သေလွန်၍ ကောင်းရာသုဂတိဘုံသို့သွားရောက်ကာ နတ်စည်းစိမ်များကို ခံစားရပါတော့သတည်း။

မင်းမြ[illegible]သီဟ

www.burmeseclassic.com

www.burmeseclassic.com

ဆီကြိတ်ပြီးစ သံလွင်ဆီဟာ ဆီအရည်ကျဲ၍နေပါသည်။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာလာမှ ဆီပျစ်၍ အနံ့မွှေးပါသည်။ သံလွင်ဆီစစ်စစ်မှ ထွက်ရှိလာတဲ့သံလွင်ဆီမှာ အချဉ်ဓာတ်(၀. ၇) ကျော်ရှိပါသည်။

သံလွင်ဆီစစ်၏ ဆီဦးရည်အရသာမှာ စူးရှရှနှင့်မွှန်တဲ့အနံ့ရှိပါသည်။ အရမ်းကောင်းတဲ့သံလွင်ဆီမျိုးကို လျှာပေါ်မှာ အရသာခံကြည့်လိုက်ရင် လည်ချောင်းအနောက်ဘက်ပိုင်းမှာ ပူရှိန်းရှိန်းဖြစ်သွားပြီး ရနံ့ကိုရှူကြည့်လိုက်လျှင် ဦးနှောက်ငယ်ထိပ်ထဲအထိ အနံ့စူးဝင်သွားပါသည်။

ဤသို့ အနံ့နှင့် အရသာကို ပို၍များများခံစားရလေလေ အင်တီအောက်ဆီဒင့်ဓာတ်များပိုများများပါဝင်လေလေ ဖြစ်ပြီး လူ့ခန္ဓာကိုယ်အတွက် ကျန်းမာရေးကို အကျိုးရှိလေလေ ဖြစ်ပါသည်။

သည်လိုအရသာမျိုးခံစားရတာက အိုလီယိုကန်သယ်လ် (Oleocanthal) လို့ခေါ်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြောင့် ဖြစ်ပါသည်။

သံလွင်ဆီဟာ လူ့ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးသင့်တော်တဲ့ဆီမျိုးဖြစ်ကြောင်း လူအများလက်ခံထားကြပါသည်။ သွေးတိုး၊ နှလုံးရောဂါတို့ကို အထောက်အကူပေး၍ သက်သာစေပြီး ကင်ဆာရောဂါနှင့် နှလုံးသွေးကြောပိုင်းဆိုင်ရာရောဂါများ၏ဖြစ်နိုင်ခြေကိုလျှော့ချပေးစေခြင်းစတဲ့ အကျိုးများကိုပေးစွမ်းနိုင်ပါသည်။

သံလွင်ဆီကို အဓိကအားဖြင့် အရေပြားနဲ့ဆံပင်ထိန်းသိမ်းရေးအလှကုန်တွေ ဆေးဝါးလုပ်ငန်းများနှင့် ကျန်းမာရေးအကျိုးပြုအစားအစာများချက်ပြုတ်မှုများတွင် တွင်ကျယ်စွာ အသုံးပြုကြပါသည်။

သံလွင်ဆီမှာ Monounsaturated ဓာတ်က (၇၃) ရာခိုင်နှုန်းအထိ ပါဝင်နေတာမို့ စားသုံးဆီအမျိုးအစားများစွာထဲတွင် ပါဝင်မှုအများဆုံးဖြစ်သည့် သံလွင်ဆီဖြစ်ပါသည်။

ဒါက နှလုံးသွေးကြောရောဂါများကို အကောင်းဆုံးတားဆီးကာကွယ်ပေးနိုင်ပါသည်။ တစ်ဖန် Omega3, Omega6, vit.E နဲ့ Vit.K ဓာတ်တွေပါဝင်မှုများတာကြောင့် လူ့ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကောင်းဆုံး အစွမ်းထက်အာနိသင်ကို ပေးစွမ်းနိုင်ပါသည်။

ယနေ့ ကမ္ဘာမှာ သံလွင်ဆီကို အများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံများကတော့ -

မြေထဲပင်လယ်ဒေသနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့ ဖြစ်ကြပါသည်။

**သံလွင်ဆီ (၁၀၀) ရမ်တွင် ပါဝင်နေသော အာဟာရဓာတ်များ**

| | |
|---|---|
| Saturated | (14) g |
| Monounsaturated | (73) g |
| Polyunsaturated | (11) g |
| Omega-3 | (15) g |
| Omega 6 | (3.5-21) g |
| Vitamin E | (14)mg (93%) |
| Vitamin K | (62) g (59%) |

တို့ ပါဝင်ဖွဲ့စည်းထားပါသည်။

ကျန်းမာရေးအတွက် ဆေးဖက်ဝင်အာနိသင်စွမ်းရည်ပြည့်နေသည်ဟုဆိုခြင်းကြောင့် ယနေ့ ကမ္ဘာမှာ လူအများက သံလွင်ဆီကို စိတ်ဝင်တစား အလေးပေးသုံးစွဲမှုများ များပြားလာခဲ့ကြပေသည်။

သို့ပါသော်လည်း မိမိတို့တွေထင်ထားသလောက် သံလွင်ဆီမှ ကောင်းမွန်သော ကျန်းမာရေးအတွက် အကျိုးပြုအာနိသင်စွမ်းအင်များကို အပြည့်အဝရရှိခံစားနိုင်စေရန်အတွက် သံလွင်ဆီကို ရွေးချယ်၍ ဝယ်ယူတတ်ဖို့ရန် လွန်စွာလိုအပ်လှပါသည်။

USA နယူးယောက်မြို့မှ သံလွင်ဆီအထူးကျွမ်းကျင်ပညာရှင် နစ်ကိုးလပ်စ်ကိုးလ်မန်း၏အဆိုအရ -

သံလွင်ဆီဟာ သူ့ရဲ့မူလဆေးဖက်ဝင်စွမ်းအင်များအပြည့်ဝတည်ရှိနေစေဖို့အတွက် လတ်ဆတ်ဖို့ရန် လွန်စွာအရေးကြီးပါသည်။

"ဘယ်လောက်ပဲ ကောင်းမွန်တဲ့တံဆိပ်တပ်ထားတဲ့သံလွင်ဆီပဲဖြစ်ဖြစ် မလတ်ဆတ်ရင် မျှော်မှန်းထားတဲ့ ကျန်းမာရေးအကျိုးပြုအာနိသင်တွေကို ခံစားရမှာမဟုတ်ပါဘူး"

ဟု Fox news နှင့် တွေ့ဆုံခန်းမှာ ပြောကြားခဲ့ပါသည်။

သံလွင်ဆီဝယ်တော့မည်ဆိုလျှင် ဝိုင်ပုလင်းရွေးသလိုမျိုးရွေးချယ်ပြီးမှဝယ်ရမည်ဟု ၎င်းကဆိုပါတယ်။

အဓိကထားရမယ့် အချက်တွေကတော့ -

သံလွင်ဆီပုလင်းကို ဘယ်အချိန်ကတည်းက ဆီကို ပုလင်းထဲထည့်ထားတာလဲ။

သံလွင်ဆီဘယ်လိုအမျိုးအစားတွေပါဝင်နေသလဲ။

ဘယ်အရပ်ဒေသ တိုင်းပြည်က ထွက်ရှိတာလဲ စသည်တို့ကို သေချာစစ်ဆေးကြည့်ရပါမည်။

အရမ်းကောင်းတဲ့ သံလွင်ဆီကို အနံ့အရသာခံကြည့်မယ်ဆိုလျှင် လည်ချောင်းအနောက်ဘက်ပိုင်းမှာ ပူရှိန်းရှိန်းဖြစ်သွားပါလိမ့်မည်။

၎င်းဆီရဲ့ရနံ့ဟာ ရှူလိုက်လျှင် ငယ်ထိပ်ဦးနှောက်ထဲအထိစွဲပြီးနေရပါမည်ဟု ဆိုထားပါသည်။

အထက်ဖော်ပြပါအချက်အလက်များနှင့်ကိုက်ညီနေသည့် သံလွင်ဆီဟာ ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင် အင်တီအောက်စီးဒင့်ဓာတ်များ များစွာပါဝင်နေသဖြင့် အလွန်အဖိုးတန်တဲ့ သံလွင်ဆီဖြစ်ပါသည်။

ဒါ့အပြင် သံလွင်ဆီ၏ အရောင်ဟာ ကျန်းမာရေးအကျိုးသက်ရောက်မှုတွေအပေါ် သက်ရောက်မှုမရှိပေမယ့် ဆီကိုထည့်ထားတဲ့ ပုလင်းရဲ့အရောင်ကတော့ သံလွင်ဆီ၏အရည်အသွေးထိန်းသိမ်းထားနိုင်မှုကို သက်ရောက်မှုရှိပါတယ်။

ဒါကြောင့် ဖန်ပုလင်း (သို့) သံဘူးအရောင်နက်နက်ဖြင့်ထည့်သွင်းထားတဲ့ သံလွင်ဆီကိုသာ ရွေးချယ်ပါဟု ကိုလ်းမန်းက အကြံပြုထားပါသည်။

နိဂုံးချုပ်အနေဖြင့် -

မိမိတို့ကိုယ်တိုင် စိတ်ကြိုက်စံအချက်အလက်များနှင့် ကိုက်ညီသည့် သံလွင်ဆီလတ်လတ်ဆတ်ဆတ်ကိုတောင်မှ ဟင်းလျာချက်ပြုတ်တဲ့အခါမှာ သံလွင်ဆီမှာပါဝင်နေတဲ့အကျိုးပြုဓာတ်များနှင့် အင်တီအောက်ဆီးဒင့်ဓာတ်များမပျက်စီးစေရန်အတွက် -

သံလွင်ဆီကို မီးပြင်းပြင်းနှင့်မချက်ရဘဲ မီးမှိန်မှိန်နှင့်သာ ချက်ပြုတ်ထည့်သွင်းစားသောက်မှသာ သင်တို့လိုချင်မက်မောနေသော ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင် အာနိသင် အစွမ်းသတ္တိများ ရာနှုန်းပြည့်ရရှိခံစားရပါပေမည်ဟု ရေးသား တင်ပြလိုက်ပါသည်။

*လူသားတိုင်းကျန်းမာအောင်*
*နေထိုင်စားသောက်နိုင်ကြပါစေ*

ဦးမင်းဇင်(ရွှေ[illegible])

www.burmeseclassic.com

www.burmeseclassic.com



# ခင်(တောင်ကြီး)


# လှေကြိုးငြိတဲ့ည

နေဝင်ရီတရောအချိန်ဖြစ်သဖြင့် ရောင်စုံတိမ်တောက်နေသည်များက လှပလွန်းနေ၏။ သက်တံရောင်စဉ်များကဲ့သို့ ပြာနီဝါစုံလွန်းလှ၍ သာမန်လူသားတိုင်းတို့အတွက် စိတ်ကူးယဉ်အတွေးနယ်ချဲ့ကြရန် အကောင်းဆုံးသောအချိန်ပိုင်းကာလမျိုး ဖြစ်ပါလေသည်။ မိခင်အိုကြီးအား လုပ်ကိုင်ကျွေးမွေးနေသောသူကဲ့သို့ ဘဝသမားမျိုးအတွက်မူ ထိုကဲ့သို့သော သဘာဝအလှအပများသည် အသုံးမဝင်တော့သော ဘာသာရပ်တစ်ခုသာလျှင်ဖြစ်နေပါလေသည်။

စံတိုး၏အလုပ်အကိုင်အရ နေ့စဉ်ပင် ရွာအသီးသီးမှ ကုန်ပစ္စည်းများကို သဘောၤဆိပ်ရှိရာမြို့ဆိပ်ကမ်းသို့သယ်ယူပို့ပေးနေရမှုဖြစ်လေသည်။ ထို့ကြောင့်လည်း ချောင်းကြိုမြောင်ကြားတို့ထဲထိတင်ပို့လိုသမျှ လိုက်လံသယ်ယူ၍ မြို့သို့ ခေါက်တုံ့ခေါက်ပြန် ကူးချည်သန်းချည်ရှိနေရလေသည်။ ယခုတစ်ခေါက်တွင်လည်း သူ့ရွာထက်ပို၍လှမ်းသောရွာမှ ထွက်ကုန်များကိုတင်လာခဲ့ရပြီး မြို့ရှိရာဘက်သို့ ရေဆန်လှော်တက်လာ[illegible]သောအခေါက်ဖြစ်သည်။ လှေကို[illegible]နး

www.burmeseclassic.com

www.burmeseclassic.com



ခရ နေ့စဉ်
သ်းများကို
သိုသယ်ယူ
တို့ကြောင့်
းတို့ထဲထိ
ယူ၍ မြို့
ချည်သန်း
စ်ခေါက်
းသောရွာ
ပြီး မြို့ရှိ
က်လာရ
ှုကိုထိန်း

၍ အားစိုက်လှော်ခတ်ခဲ့ရသောကြောင့် ခြေကုန်လက်ပန်းကျချင်ချင်ဖြစ်လာခဲ့သည်။

စံတိုး၏လှေသည် ဆယ့်နှစ်ပေရှည်သောလှေကြီး ဖြစ်သည်။ ဖခင်ထံမှ

လက်ကျဖြစ်၍ သူတို့သားအမိတို့၏ တစ်ဝမ်းတစ်ခါးအတွက် အားထားနေရသောလှေကြီးဟုပင်ဆိုနိုင်ပါလေသည်။ ယခုလည်း ရေမိုင်ခုနစ်မိုင်ကျော်ရှိ အထိ အင်နှင့်အားနှင့် လှော်ခတ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ရ၍ တစ်နေရာ၌ နားချင်လာသည်။ ညဉ့်ဦးထွက်လာခဲ့သည်ဖြစ်၍ အရုဏ်တက်ချိန်တွင် မြို့သို့အရောက်မှန်းထားခဲ့သည် ဖြစ်လေ၏။ ခေတ္တခဏနားရင်း ဆေးလိပ်သောက်ချင်စိတ်ကပေါ်လာခဲ့၍ တာလမ်းနံဘေးပေါက်နေသောကုက္ကိုပင်ကြီးအောက်ခေတ္တနားရန် စဉ်းစားလိုက်မိသည်။ ကုက္ကိုပင်ကြီး၏ရေထဲကျနေသောအမြစ်ပွားများတွင်လှေကြိုးချည်၍ နားလိုက်လျှင် အဆင်ပြေ၏။ တာလမ်းနှင့် မြစ်ရေပြင်ကလည်း ထိုနေရာနားတွင် ခပ်မြင့်မြင့်ကမ်းပါးလိုဖြစ်နေ၍ အပေါ်မှ လူသူတကာတို့နှင့်လည်း အလွယ်မပတ်သက်နိုင်ဟူသောအတွေးနှင့် သူကုက္ကိုပင်ရှိရာ ဦးတည်လှော်ခတ်လာလိုက်သည်။

ရောက်သည်နှင့် လှော်တက်ကို လှေဝမ်းထဲထည့်၍ လှေဦးကြိုးကို ကမ်းနံဘေးခွေဆင်းကျနေသောအမြစ်ခွကြား ခိုင်ခိုင်ချည်ထားလိုက်သည်။ ရာသီဥတုကြည်လင်၍ လရောင်ကလည်း လင်းလင်းရှင်းရှင်းဖြာ၍ကျရောက်နေသည်။ မြင့်တက်သွားသော ကုက္ကိုပင်၏ အကိုင်းအခက်များကလည်း လွတ်လွတ်ကျွတ်ကျွတ်ရှိသဖြင့် အရိပ်မည်းလည်း ထိုး၍မနေပါပေ။ လေတဖြူးဖြူးတိုက်ခတ်လာသည်နှင့် အမောအနည်းငယ်ပြေသွားခဲ့လေသည်။ သူနားနေရာ၏အပေါ်ဘက် ထိုကုက္ကိုပင်၏အောက်တွင် ကုန်းလမ်းသွားတာပေါင်တစ်ခုက ဖြောင့်ဖြူးစွာရှိ၍နေသဖြင့် နေ့ကာလအချိန်တွင် အဖြတ်အသန်းအသွားအလာများ မြဲနေရာမျိုး ဖြစ်ပါသည်။

စံတိုးတို့ငယ်စဉ်ကာလ လူ့ည်းနှင့် အဘကိုယ်တိုင် မြို့သို့လိုက်ပို့စဉ်က ထိုကုက္ကိုပင်သည် အပင်ပေါက်လေးသာရှိခဲ့ပြီး နှစ်ပေါင်းနှစ်ဆယ့်ငါးနီးပါးမျှအကြာတွင်တော့ ထိုမျှမြင့်မားလှသော အပင်ကြီးမျိုးဖြစ်လာခဲ့သည်ဖြစ်သဖြင့် သူ့အနေနှင့် ထိုအပင်ကြီး၏ အရိပ်ကို စိတ်သန့်သန့်နှင့်နားနေမိခြင်း ဖြစ်သည်။ စံတိုးအနေနှင့် ငယ်စဉ်ကပင်လျှင် တစ္ဆေသရဲစသည်တို့ကိုမယုံကြည်ဟုကြွေးကြော်ကာ သတ္တိရှိခဲ့သူမျိုးလည်းဖြစ်လေသည်။

စံတိုး အမောဖြေရင်း လရောင်လင်းထိန်နေသောရှုခင်းများကို လိုက်၍ ငေးကြည့်နေမိသည်။

"လှလိုက်တဲ့ညပဲ"

အဝေးနေရာ၌ မြို့ပြ၏ လျှပ်စစ်မီးရောင်စုံတို့က ဖြိုးဖြိုးဖြောက်ဖြောက်လင်းနေကြလျက်ရှိသည်။ထိုနေရာအထိ စံတိုးလှော်ခတ်ရဦးမည်ဖြစ်ပါသည်။ ခရီးအစမှထွက်လျှင် မနက်အရုဏ်တက်သည်နှင့် စံတိုး မြို့ဆိပ်ကမ်းသို့အရောက်ပင် ဖြစ်သည်။ အခေါက်တိုင်းသွားလာနေကျတွင် ဘသာထွန်းပါနေမြဲဖြစ်၍ တဝရီးနှစ်ယောက် စကားပြောဖော်ရကြလေ့ရှိသည်ပင်ဖြစ်၏။ ယခုတစ်ခေါက်မှ ဘသာထွန်း ကိုယ်လက်ကိုက်ခဲ၍ ဖျားချင်သလိုဖြစ်နေသည်ဟုဆို၍ စံတိုးတစ်ဦးတည်းထွက်ခဲ့ရခြင်းဖြစ်၏။ သူကိုယ်တိုင်လည်း မြစ်ဝကျွန်းပေါ်ဖွား ရေမင်းသားဖြစ်၍ ဤခရီးကို တစ်ဦးတည်းလည်းမမှုခဲ့ပါပေ။

ဝိုင်းစက်နေသော လမင်းကြီးကို စံတိုးမော့ကြည့်ရင်း ဆေးလိပ်သောက်ရန်ပြင်လိုက်မိသည်။ ဆေးလိပ်သောက်နေရင်းမှ ပတ်ဝန်းကျင်၏ ငြိမ်သက်မှု၊ လေညင်းတိုက်ခတ်မှုတို့က သူ့ကိုငိုက်မျဉ်းလာစေသလိုဖြစ်လာ၏။ မြစ်ရေစီး၏လှုပ်ခတ်မှုကြောင့် လှေကလည်း တငြိမ့်ငြိမ့်ပုခက်လွဲနေ၏။ ရေလှိုင်းရိုက်သံတို့ကလည်း ဖွဖွတိုးတိုးဖြင့် မကြားရသလို ကြားရသလိုဖြစ်နေလေသည်။ တိတ်ဆိတ်မှုတို့ ကြာမြင့်လာသောအခါ သူ့ခံစားချက်တို့တစ်မျိုးဖြစ်လာပြန်၏။ ညပိုးကောင်တို့၏မြည်သံလည်းမကြားရ၊ ညငှက်တို့၏အသံလည်းမကြားရ၊ ရေစပ်ကုန်းနီးဖြစ်ပါလျက် ဖားအော်သံများလည်း မကြားရဘဲရှိနေသဖြင့် သူ ချောက်ချောက်ချားချားဖြစ်လာခဲ့သည်။

သရဲမကြောက်သော်လည်း ယခုတော့ စိတ်ထဲထူးဆန်းနေသည်။ သာမန်မဟုတ်သော အခြေအနေလို ခံစားနေမိသည်။ နှစ်ပေါင်းများစွာ ကြိုက်လာခဲ့သော ဆေးလိပ်ကလည်း ယခုည၌ သောက်၍မကောင်းဘဲဖြစ်နေပြန်သည်။ စိတ်မရှည်တော့၍ ပေါ့ပြက်ပြက်ဖြစ်နေသော ဆေးလိပ်ကို မြစ်ရေထဲ လက်နှင့်တောက်ကာ ပစ်ချပစ်လိုက်လေသည်။ လေတိုက်၍ ချမ်းစိမ့်စိမ့်ဖြစ်လာသည်နှင့် အချမ်းပြေလိုပြေငြား သီချင်းအော်ဆိုကြည့်လိုက်သည်။ လူပျိုကြီးစံတိုးအလွန်ကြိုက်သော ရှမ်းအဆိုတော် ကိုထီး၏သီချင်းဖြစ်သည်။ ဤညနှင့်လည်း အလွန်လိုက်ဖက်သည်ပဲလေ။

"ဒီတစ်ညမှာမြင်ရခဲ့တဲ့××× မောင့်လပြည့်ဝန်း×××သာလွန်းတယ် အရင်ညက မောင့်လပြည့်ဝန်း ××× အမှောင်ညကို စွန့်သွားတယ်×××မောင့်လပြည့်ဝန်း"

စာဆွဲအငင်ကောင်းကောင်းဖြင့် အော်နေမိဆဲ အိပ်ချင်သလိုဖြစ်လာခဲ့သည်။

"အင်း- ငါအိပ်ပျော်သွားလို့မဖြစ်ပါဘူး"

ထိုအတွေးနှင့် သီချင်းအဆိုရပ်လိုက်သည်။ ကျောဆန့်လိုက်စဉ်မှာပင် လှေမှာ ဟိုဘက်သည်ဘက်လွဲနေသလိုဖြစ်လာ၏။ ပထမတော့ လှိုင်းပုတ်၍ဖြစ်သည်ကို သဘောပေါက်ထားသော်လည်း ချက်ချင်းပုခက်လွဲသလိုဖြစ်ရာမှ ဒန်းလွှဲသလိုဖြစ်လာခဲ့သည်။ သူလှေပေါ်ပါကုန်များအတွက် စိုးရိမ်လာလေ၏။ အရှိန်ပြင်း၍လားမသိ လှေသည်ပင် ရှေ့ဆီသို့ အနည်းငယ်ရွေ့သွားသည်။ သို့သော် ထိုအရွေ့သည် ထပ်မံ၍ နောက်ပြန်တွန်းလိုက်သလို ရွေ့သွားပြန်သည်။ တစ်ဖန် ရှေ့သို့ရွေ့ပြန်သည်။ ထို့နောက် နောက်သို့ရိုက်ပြန်သည်။ လှေ၏ဆောင့်အားကြောင့် သူ့ရှေ့ထိုးနောက်ငင်ပင်ဖြစ်နေရသည်။

"ဟာ - မှန်တိုင်းမိနေတာလား"

ရုတ်တရက် မဆိုသလောက် တိမ်တိုက်လေး လမင်းကိုအုပ်သွား၍ မှောင်နှင့်မည်းမည်းဖြစ်သွားချိန် လှေသည် မြင့်တက်လာလိုက် နိမ့်ကျသွားလိုက်ဖြစ်နေမှန်းသိလိုက်ရပြန်သည်။သူသတိထား၍နေသည့်ကြားမှ လှေသည် မြစ်ရေထဲပို၍ နစ်ဝင်ကျဆင်းနေသလိုဖြစ်နေပြန်လေသည်။

"ရော-လှေဝမ်းပေါက်ပြီလားမသိဘူး"

သူကုန်းရုန်းထ၍လှေကိုလှမ်းမျှော်ကြည့်မိသည်။ သူလှေပေါ် မတ်တတ်ထရပ်လိုက်သည်နှင့် လှေသည်လည်း ငြိမ်ကျသွားခဲ့သည်။ နဂိုအတိုင်း ရေတို့ကလည်း လှိုင်းပြေပြေသာဖြစ်ကာ လေကလည်း ဖြည်းညင်းစွာ တိုက်ခတ်နေသည်ပဲ ဖြစ်သည်။

"ငါ့စိတ်ကထင်နေတာဖြစ်မှာပါလေ"

ထိုအခြေအနေများကို ဆက်လက်မတွေ့လိုတော့၍ လှေကြိုးကိုဖြုတ်ကာဆက်ထွက်ရန်ပြင်မိသည်။ စံတိုးလှေကြိုးကိုဆွဲ၍ အလွယ်တကူပြုတ်၍ပါမလာသဖြင့် သူအားစိုက်၍ ထပ်မံဖြုတ်လိုက်သည်။ ခက်နေသည်က သူဆွဲဖြုတ်ချိန်လှေကဝေးသွားကာကြိုးတင်းသွားသဖြင့် ဖြုတ်၍မရဘဲရှိပြန်၏။ သူက အားထည့်လုပ်လေလေ ကြိုးထုံးကပင် ပို၍ကျစ်သွားကာ ဖြုတ်ရခက်လေလေဖြစ်လေသည်ဟု လား မပြောတတ်ပါ။

"ဟ - ခက်တော့နေပါပြီ ငါ့

www.burmeseclassic.com

www.burmeseclassic.com

...ယ်နော်"

ကြိုးစားလုပ်ကြည့်ရင်းမှ ဒေါသ ထွက်လာခဲ့သည်။ စိတ်ပေါက်ပေါက် နှင့် လှေကြိုးကိုယမ်းခါပစ်လိုက်သည့် တိုင် လှေကြိုးကပြုတ်၍မလာခဲ့ပါပေ။ သူစိတ်ညစ်သွားရတော့၏။ အမှန်ဆို လျှင် သူကြိုးချည်စဉ်က အထုံးနေရာ၏ တစ်ဖက်တွင် ကြိုးစရှည်ရှည်ရှိနေပါသေး ၏။ ထို့ကြောင့်လည်း အလယ်နှင့် လှေ ကြိုးငြိနေရာမှန်း၍ ဓားနှင့်ခုတ်လိုက်ရန် ကလည်း ကြိုးကိုနှမြောနေ၍ မဖြစ်သေး ပါပေ။ လှေကို တစ်ပတ်လည်အောင် လုပ်ကြည့်၍ လှေကြိုးသည် ဘယ်ဘက် မှ ညာဘက်သို့ရောက်သွားသော်လည်း အကြောင်းမထူးဘဲဖြစ်နေသည်။ ရေနိမ့် ကျသွားသဖြင့် ကြိုးချည်ထားရာ အမြစ် များနေရာသည် တာပေါင်လမ်းဘက် နေရာမှဖြုတ်လျှင် ပို၍လွယ်ကူသည့်အနေ မျိုးဖြစ်သွားသည်ကိုလည်း သူသဘော ပေါက်မိ၏။ ဆင်း၍မရ၊ တက်ရန်လည်း မလွယ်ဖြစ်နေသဖြင့် တစ်စုံတစ်ယောက် ရောက်လာမှသာ သူ့လှေကြိုးကိုဖြုတ်ပေး ရန် အကူအညီတောင်းရတော့မည်ဖြစ် သည်။ ညဉ့်နက်ပြီဖြစ်၍ တာလမ်းဘက် ထက် ညတံငါလှေကိုသာ သူမျှော်ရပါ တော့မည်။

ထိုအတွေးဖြင့် သူ့ကိုယ်သူ အားပေး ရပါလေသည်။ ကြောက်သည့်စိတ်က မရှိတတ်သော်လည်း မြစ်ရေ ဤထက် ပို၍ နိမ့်ကျသွားပါက ကြိုးပိုမိုတင်းကာ လှေစောင်းသွားမည်ကိုလည်း စိုးရိမ်လာ မိသည်။ ရေထဲဆင်းကူး၍ ခပ်လှမ်းလှမ်း မှ ကုန်းပေါ် တက်ဖြုတ်လျှင်တော့ ရနိုင် ကောင်းသော်လည်း အကာလညအချိန် မြွေပါးကင်းပါးတို့နှင့်တိုးလျှင် သူဒုက္ခ ရောက်နိုင်ပါလေ၏။

"ဒါကြောင့်လည်း ပညာရှိတွေ ပြောတာ။ တစ်ယောက်တည်းသွားရင် သေ၊ နှစ်ယောက်ဆိုအဖော်၊ သုံးယောက် ပေါင်း လောင်းတျော်တဲ့။ မှန်လိုက်လေ ကွာ။ အင်း - လူမသိသူမသိတော့ ငါ အသေမခံနိုင်ဘူး။ ဒီအတိုင်းပဲ ရေအတက် အကျစောင့်ကြည့်ရင်းနေတော့မယ်။ လူ ရောက်လာရင်တော့ အကူအညီတောင်း မယ်"

ဤမျှပျင်းရိငြီးငွေ့ဖွယ်ကောင်းလှ သောအချိန်ပိုင်းမျိုး လူ့လောက၌ ရှိနိုင် ပါဦးမည်လားဟု စိတ်ပျက်လက်ပျက် သူတွေးတောမိလိုက်သည်။ သူဆေးလိပ် သစ်တစ်လိပ်ခါးပုံစထဲမှနှိုက်ကာ မီးထပ် ညှိလိုက်သည်။ ဘာလုပ်ရမည်မှန်းမသိ



ဖြစ်ကာ အာသာမပြေဘဲဖြစ်နေရပြန် သည်။

"အင်း - ဟုတ်သားပဲ၊ ငါမေ့နေ တာ"

လှေပေါ်တွင် တစ်ခါတစ်ရံ အပျင်း ပြေတူဝရီးနှစ်ယောက်သောက်ရန်ဆောင် ထားသော ဆေးဖြစ်ဝါးဖြစ်အကြည်ရည် လေးရှိနေလေသည်ပဲဖြစ်သည်။ ရေသန့် ဘူးယောင်ယောင်ဖြင့် ဖွက်ထားသော နေရာမှ ထုတ်ယူလိုက်ပြီး အဖုံးဖွင့်ကာ အနည်းငယ်မော့ချလိုက်မိသည်။

"အဟား"

ပူခနဲ ရင်ခေါင်းတွင်းသို့ ဆင်းသွား သောအရသာက အခံရဆိုးလှသည်။ ရှာထိပ်ဒေါ် ဘုမဆိုင်မှ မြေပဲဆားလှော် နှင့် လယ်ကြွက်ကင်ကို သတိရမိလိုက် သလို မြို့ပေါ်တွင် ရနိုင်သော အခေါက် ကင်အရသာကိုလည်း သတိရမိလိုက်ပြန် ၏။

"ငါတော့ ဒီည ဒီနေရာမှာပဲ မိုးလင်းရတော့မယ်ထင်တယ်။သန်းခေါင် တော့ကျော်ပြီထင်ပါရဲ့"

မိုးလင်းမှ သူရောက်ပါကလည်း အလုည့်ဖြင့် ကုန်ချရသည်ဖြစ်ရာ နောက်ကျ၍ တမေ့တမောစောင့်ရသည် မှလွဲ၍ ကိစ္စတော့မရှိပါပေ။ မသကာ အိမ်အပြန်မိုးချုပ်၍ အမေစိတ်ပူနေစေမိ ရုံသာရှိပါသည်။ အိပ်ချင်စိတ်အား ကြီးလာ၍ ထိုးငိုက်လာမိသည့်အချိန်ပိုင်း တွင် လှေကိုလာ၍ခေါက်သည့်အသံမျိုး ကြားလာရသည်။ ရုတ်တရက်လန့်သွား မိကာ ပတ်ဝန်းကျင်တစ်ဝိုက်ကို လရောင် အားကိုးဖြင့် ဝေ့ကာဝိုက်ကာကြည့်မိ သော်လည်း ဘာကိုမှသူမတွေ့မိဘဲရှိနေ

လေ၏။ အသံကမူ တဒေါက်ဒေါက် နှင့် မြည်၍နေဆဲဖြစ်သည်။

"ဘာသံလဲ ဒါ"

ဘေးဘီတစ်ဝိုက် အရှင်းကြီးဖြစ် နေလျက် ထိုအသံက ခပ်ကျယ်ကျယ်ဖြင့် ကြားနေရသည်က စိတ်အနှောင့်အယှက် ဖြစ်လှသည်။

"အေးလေ- ညရေစီးထဲမျောလာ တဲ့သစ်တိုသစ်စတွေက လှေကိုလာရိုက် နေတာပဲဖြစ်မှာပါ"

အိပ်ငိုက်ပင်ပြေသွားခဲ့လေသည်။ သတိရမိပြန်၍ လှေကြိုးကို လှမ်းဆွဲ ကြည့်လိုက်သေးသည်။ အံ့သြဖွယ် ကောင်းလောက်အောင်ပင် လှေကြိုးက ခတ်တင်းတင်းရှိနေခဲ့လေသည်။ သူနေ ရင်းကမှ တစ်ဖန်အိပ်ချင်လာပြန်သဖြင့် လှေဝမ်းထဲလှဲချလိုက်မိ၏။ အိပ်မပျော် သေးဘဲ ခပ်မှေးမှေးပင်ရှိနေသည့်အချိန် မြစ်ပြင်မှ ဖြူဖွေးဖွေးအငွေ့များပျံတက် လာသည်ကိုမြင်လိုက်မိ၏။သူပြန်ထထိုင် ရင်း ကြည့်မိလိုက်သောအခါ မြစ်ကြော တစ်လျှောက်လုံး မှုန်မှိုင်းသော နှင်းလိုလို တိမ်လိုလိုအရာများက တစ်စတစ်စ ဖုံးအုပ်လာနေတော့သည်ကို တွေ့လိုက်ရ သည်။ တစ်ခဏနှင့်ပင် သူ့ရှေ့ကုက္ကိုပင် ကြီးရောလမင်းကြီးပါ ပျောက်ကွယ်သွား သည်ကို အလန့်အဖျပ်မြင်လိုက်ရသည်။

"ဟင် - ဘယ်လိုဖြစ်တာလဲ။ ငါ တော့ ဒီညဘာတွေတွေ့နေမိပါလိမ့်"

အိပ်ချင်စိတ်တို့ဘယ်ရောက်ကုန် သည်မသိဘဲ မမြင်ရတော့သောမြင်ကွင်း တို့ကိုကြည့်ရင်း မျက်စိကျယ်သွားရ သည်။ မကြာမီ သူ့ပတ်ဝန်းကျင်တစ်ခု လုံး ဖြူဖြူအရောင်များပိန်းပိတ်လာခဲ့ တော့၏။ သူကိုယ်တိုင် တိမ်တိုက်ကြီး တစ်ခုထဲရောက်နေသလိုဖြစ်နေသည်။ ဤလိုအခိုက်အတန့်တွင် ရုတ်တရက်များ လှေပေါ်သို့ တစ်စုံတစ်ယောက်တက် ရောက်လာခဲ့စေဦးတော့ သူဘာမှတတ် နိုင်မည်မဟုတ်ပါပေ။ ကြောက်စိတ်တို့က ဘာရယ်ကိုမသိဘဲ ခေါင်းထောင်ထလာ သလိုဖြစ်လာပါ၏။

ဘာဆိုဘာမှ မမြင်ရတော့သော မြစ်ပြင်ထဲ သူပြေး၍ခုန်ချပစ်ချင်စိတ်များ ပင် ပေါ်လာသည်အထိ အထိတ်တလန့် စိုးရိမ်မှုများဖြစ်လာမိပါသည်။ သို့သော် သူခြေထောက်ချနင်းထားရာ လှေကိုပင် မမြင်ရသောအနေအထားမျိုးဖြစ်နေသည့် အပြင် တိမ်များနှင့်လုံးထွေးရစ်ပတ်လျှ... အသက်ရှူရသည်ပင် ခက်ခဲလာနေ...ည် ပဲဖြစ်သည်။ ရှေ့တူရှုမြင်တွေ့...နိုဟူ၍



www.burmeseclassic.com

www.burmeseclassic.com

မျက်စိနှစ်လုံးကို အကျယ်ဆုံးအနေအထားဖွင့်၍ အသင့်ပြင်ကာ လှေနံနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိပါလေ၏။ လှေပေါ်မှထ၍ အရှိန်နှင့်ပြေးထွက်လိုက်ရလျှင်ကောင်းမည်လားဟုလည်း အကြိမ်ကြိမ်ချိတုံချတုံဖြစ်မိပါလေသည်။ တိမ်ထုများထူထပ်နေသည်တို့ကို ဝါဂွမ်းစိုင်များကဲ့သို့ နင်း၍ရနိုင်ကောင်းသည်ဟုလည်း တွေးမိလိုက်ပြန်ပါလေသည်။ အကယ်၍များ တိမ်များကိုဖောက်၍ မြစ်ရေထဲပြုတ်ကျသွားလျှင် မမြင်မကန်းနှင့် မည်သည့်ဘက်ကိုကူးရမည်ဆိုသည်ကိုလည်း သူမသိဘဲဖြစ်နေပါသည်။ အရပ်လေးမျက်နှာမသိဘဲ ကူးခပ်နေရင်း ရေဆန်ကိုကူးတက်နေမိပါကလည်း သူမည်မျှပင် ရေကူးတတ်ပါစေ ကြာလျှင်တော့ ရေနစ်တော့မည်ပင် သေချာလှပါသည်။

စံတိုး ကတုန်ကယင်ဖြစ်လာ၍ အရက်ဘူးကို လက်ဖြင့်လိုက်စမ်းရှာဖွေမိသည်။ စမ်း၍တွေ့မိသည်နှင့် အာသာငမ်းငမ်းဖြင့် နောက်တစ်ချီထပ်၍မော့ချပစ်လိုက်သည်။ နွေးခနဲဖြစ်သွားပြီးသည့်ခဏ ခပ်ဝေးဝေးဆီမှ ခွေးဟောင်သံလိုလို နားထဲကြားလိုက်မိပြီး သတိဝင်သလိုဖြစ်သွားသည်။

"ဟုတ်သားပဲ ငါအော်ရမှာလေ"

ထိုစိတ်ကူးအတိုင်း စံတိုး လည်ချောင်းပွင့်အောင် အော်လိုက်မိသည်။

"ကယ်တော်မူကြပါဗျို့"

သုံးကြိမ်ခန့် ရင်ခေါင်းသံဖြင့် အော်ဟစ်လိုက်ပြီးသောအခါ အသံအိုးရော ရင်ဘက်ပါနာသွားသဖြင့် အရက်တစ်ကျိုက်ထပ်မော့ချလိုက်မိလေသည်။ အမှန်တော့ သူရဲဆေးတင်လိုက်ခြင်းဖြစ်ပါ၏။ မောသွားသဖြင့် လှေဝမ်းထဲခြေပစ်လက်ပစ်လှဲလျောင်းနေလိုက်သည်။ တစ်နာရီမျှကြာသွားခဲ့ပြီဖြစ်၏။ တလှုပ်လှုပ်ဖြစ်နေသော ရေဘောင်ဘင်ကြားမှ မူးရစ်ရီဝေစွာအိပ်ပျော်သွားလိုက်လျှင်လည်း ခပ်ကောင်းကောင်းဟု စံတိုးတွေးလိုက်မိသည်။

သူတစ်ချက်မှေးခနဲဖြစ်သွားပြီးမှ ဖျတ်ခနဲပြန်နိုးလာခဲ့သည်။အံ့ဩဖွယ်ရာ သူဖိုးလမင်းကြီးနှင့်အနီးကပ်ဆုံးရောက်နေသည်ကိုတွေ့လိုက်ရပါသည်။ မယုံနိုင်၍ လမင်းကြီးအား လက်နှင့်ဆန့်တန်းစမ်းမိလိုက်သလို မျက်လုံးအစုံကိုလည်း ပွတ်သပ်ကြည့်လိုက်မိပါသည်။ ဖိုးလမင်းကြီးသည် သူနှင့် နှစ်ပေ၊ သုံးပေခန့်ပင်မကွာချင်တော့ပေ။ နီးသထက်နီးလာသောအခါ ဖိုးလမင်းကြီးသည် ဝင်းဝါနေသောဗိမာန်ကြီးတစ်ခုဖြစ်နေပြီး အထဲတွင် လှပလှသောနတ်သမီးများ ကခုန်နေကြသည်ကို ထင်ထင်ရှားရှားတွေ့လိုက်ရသည်။ အချို့နတ်သမီးလှလှများက သူ့ကိုလက်ယပ်ခေါ်နေကြသဖြင့် သူဝမ်းသာသွားသည်။ သူလှေပေါ်မှထရပ်၍ ထိုဖိုးလမင်းဗိမာန်ကြီးထဲ ခုန်ဝင်ရန် ပြင်လိုက်မိသည်။ သူခုန်ရန်အားယူနေစဉ် ဖိုးလမင်းကြီးသည် နီးလာလိုက်ဝေးသွားလိုက်ဖြစ်နေသဖြင့် သူအဆင်သင့်စောင့်နေဆဲ။

"ဗျို့ - လှေဆရာ"

စံတိုး အံ့အားသင့်သွား၍ အသံလာရာလှည့်မိလိုက်သည်။ သူမြင်ကွင်းထဲ၌ ငါးဖမ်းလှေတစ်စီး မီးခွက်တစ်လုံးနှင့် သူ့လှေနားကပ်လာ၏။အလင်းရောင်ကြောင့် သူလည်း ထင်ထင်ရှားရှားမြင်လိုက်သလို သူ့ကိုလည်း ထိုလူမြင်ဟန်တူပါသည်။

"ခင်ဗျားအော်သံကြားလိုက်လို့ဗျ။ လှေတစ်ခုခုဖြစ်နေလို့လား"

ထိုအခါမှ သူအိပ်မက်မှ လန့်နိုးလာသလို ဖြစ်လာ၏။

"ခင်ဗျားက လူနော်"

"ဟာဗျာ-ခင်ဗျားဘာဖြစ်နေတာလဲ ကျွန်တော် လူအစစ်ပါဗျ"

"ဟိုလေ အင်း - ကျုပ်လှေဗျာ"

"ကျွန်တော်ဘာကူပေးရမလဲပြောလေ"

"အေးဗျာ - ကျုပ်လှေကြိုးပြုတ်လို့မရလို့ဗျ"

"ဟုတ်လား၊ တစ်ခုခုနဲ့ငြိနေတယ်ထင်တယ်"

"မသိတော့ပါဘူးဗျာ။ လှော်ရတာညောင်းတာနဲ့ ခဏနားမယ်ဆိုပြီး ကြိုသလို အမြစ်တစ်ခုဆိုပြီးချည်လိုက်တာပဲ။ ခုဖြုတ်ကြည့်တော့မရနေဘူး။ ရေကကျသွားတော့ ချည်တဲ့နေရာက ပိုဝေးသွားသလိုပဲ"

"ကြည့်ရတာ ခပ်လှမ်းလှမ်းကနေကုန်းပေါ်တက်ပြီး တာလမ်းဘက်ကနေဖြုတ်ချမှရမယ့်ပုံပဲ။ ရတယ်၊ ကျွန်တော်ဟိုဘက်ကကွေ့ပြီးတက်ဖြုတ်ပေးမယ်"

ထိုလူကလှေကိုရှေ့ကျော်၍လှော်သွားပြီး ဆွဲတက်ရန်လွယ်သည့်နေရာတွင်ရပ်ကာ ကုပ်ကုပ်ကပ်ကပ်သွား၏။ ထို့နောက် ကုန်းမြေဘက်မှလျှောက်၍ ကုက္ကိုပင်ဘက်ရောက်လာခဲ့၏။ ကုက္ကိုပင်အမြစ်များကျရာဘက်ကို လှမ်း၍ငုံ့ကာ သူ့လှေကြိုးကို မီးခွက်နှင့်ရှာရင်းတွေ့သည်နှင့် ဖြုတ်ချပေးရန် ပြင်၏။ မီးခွက်အလင်းရောင်ကြောင့် ပတ်ဝန်းကျင်သည် ထင်ထင်ရှားရှားမြင်နေရသည်။

"ခင်ဗျားကြိုးက ပြေကျပြီးသားဗျ။ အမြစ်ကိုကျော်ပြီး ရေထဲကျနေတာပဲရှိတာ"

"ဟမ်- ကျုပ်ဆွဲဖြုတ်တော့ပြေကျသွားတာနေမှာ။ ဒါဆိုလည်း ကျုပ်ဆွဲတင်တဲ့နောက် ကြိုးကပါတက်လာရမှာပေါ့။ ဘာဖြစ်လို့ဆွဲမရတာလဲ"

"နေဦး၊ ခင်ဗျားကြိုးက ထိပ်မှာကွင်းလျှောလား"

"ဟုတ်တယ် ကွင်းလျှောလုပ်ထားတာ"

"ဒါဆိုဟုတ်နေပြီ။ ခင်ဗျားကြိုးကပြေကျပြီး ရေထဲကတစ်ခုခုနဲ့သွားချိတ်နေတာဖြစ်မှာ"

"ဒုက္ခပါပဲဗျာ"

ရောင်နီပင်လာပါလေတော့မည်။ စံတိုး၏လှေကုန်များ အပို့နောက်ကျပါတော့မည်။

ထိုလူက -

"ဒီလိုလုပ် လှေဆရာ။ ခင်ဗျားက လှေပေါ်ကနေပြီး ကြိုးရင်းကိုဆွဲ၊ ကျွန်တော်ကလည်း ဒီဘက်ကနေ ကူဆွဲပေးမယ်။ ရေထဲကကြွတက်ပြီးပါလည်းပါလာပေါ့ဗျာ"

"အေးဗျာ - ခင်ဗျားက ကူပေးမှတော့ ကြိုးစားကြည့်ကြတာပေါ့။ မသကာ ရေအောက်က ရွှေသေတ္တာရရင်လည်း ခင်ဗျားကို တစ်ဝက်ပေးမယ်ဗျာ။ ငါးကြီးဆိုလည်း တစ်ဝက်၊ မိကျောင်းဆိုလည်း တစ်ဝက် ဟုတ်ပြီလား"

"ခင်ဗျားစကားကအတည်နော်"

"အတည်ပေါ့။ ကြိုပြောထားတာလေ ခင်ဗျားကူလို့သာပဲ၊ မဟုတ်ရင် ကျုပ်တစ်ယောက်တည်းဒုက္ခများတော့မှာ။ ဒါတောင် တစ်ညလုံး ကြိုးဖြုတ်ရတာနဲ့ ချွေးကိုပြန်ရော အရေးထဲ မှေးခနဲမှေးခနဲမှာ အိပ်မက်တွေကလည်းမက်သေးဗျာ"

သို့နှင့် သူတို့နှစ်ဦး လှေကြိုးကို ဘယ်ညာဆွဲတင်ကြသည်။ ပထမနှစ်ယောက်အားကြောင့် ပါလာသလိုလိုနှင့် တစ်စုံတစ်ခုကြောင့် ကြိုးမှာခပ်လေးလေးဖြစ်ကာ ပြန်တင်းသွားပြန်သည်။ နောက်တစ်ကြိမ်တွင်လည်း အနည်းငယ်ပါလာသလိုဖြစ်ပြီး အတန်ငယ်ကြာ

www.burmeseclassic.com

www.burmeseclassic.com

သောအခါ ပြန်ကျသွားခဲ့ပြန်သည်။

"လင်းတောင်လာပေါ့ လေ့ဆရာ ... နောက်လူတစ်ယောက်တော့ မျှော်... တော့မယ့်ပုံဘဲ"

"အေးဗျာ - ကျုပ်များဖြစ်တတ် ...ကတာ။ ဒါနဲ့ ခင်ဗျားက ဘယ်ရွာက ... နာမည်လေးလည်းပြောပါဦး။ ကျုပ် ... ဝါးလှကေ စံတိုး"

"ကျွန်တော်က သရက်ချိုရွာက ...ွန်းမောင်ပါ။ ညတစ်ရေးနိုးငါးကြီးများ ...လားလို့ ပိုက်ချထွက်ခဲ့တာ ခင်ဗျားနဲ့ ...ည့်တည့်တိုးလိုက်တာနဲ့ပဲ ငါးတော့ ...နိုင်တော့ဘူးထင်တာပဲ"

"ကျုပ် ခင်ဗျားကို တကယ်ကျေးဇူး တင်ပါတယ်ဗျာ"

"ကဲကဲ - အမောပြေတုန်းလေး တစ်ချက်ဆွဲကြည့်ကြရအောင်"

သို့နှင့် သူတို့နှစ်ဦး ကြိုးကိုအား ...က်၍ဆွဲကြသည်။ နည်းနည်းနား၍ ဆွဲ လိုက်နားလိုက်ဆွဲလိုက်ဖြင့် ခိုင်ခံ့သော ကြိုးမှိုသာတော်ပါသေးတော့၏။

"ပါတော့ ပါလာတယ် ကိုစံတိုး။ နားလိုက်အားထည့်လိုက်လုပ်ရအောင်"

ဆွဲကြရင်း မြှောက်တက်ကာ ပါ လိုက်လာသလိုဖြစ်သဖြင့် သူတို့အား တက်ကြသည်။

"ဟုတ်ပြီ ဆွဲဆွဲ"

ဩသံပေး၍ တစ်ယောက်တစ် လက်ဆွဲကြရာမှ -

"ဟော - ခြေထောက် . . . ခြေ ထောက် . . . လူခြေထောက်ကြီး"

"ဝုန်း"

အလန့်လန့်အဖျတ်ဖျတ်ဖြင့် နှစ်ဦး သား ကြိုးကိုလွှတ်လိုက်ကြသဖြင့် ထို အရာသည် အသံမြည်လျက် ရေထဲပြန် ကျသွားခဲ့ပါလေသည်။

"ဟော့လူ ခင်ဗျားဟာကြီး . . . . ကျွန်တော်တစ်ဝက်မယူဘူးနော်"

"ဟာ - ခင်ဗျားကလည်း အရေး ထဲ ကိုထွန်းမောင်ရယ် လုပ်ပါဦး သက်ဆိုင် ရာတွေကို အကြောင်းကြားရမှာဗျ"

စံတိုးလှေ၏ ကြိုးကွင်းလျှောသည် ထိုရေထဲမှ လူ၏ခြေထောက်ကို ကြံကြံ ဖန်ဖန်စွပ်မိနေခဲ့သည်ပင်ဖြစ်လေတော့သည်။

■

ထိုသည့်နောက် သက်ဆိုင်ရာ လူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး၏ ရှေ့မှောက်တွင် ပင် ဆယ်ယူလိုက်ကြသောအခါတွင်မှ ပျောက်နေသော လူသတ်မှုတစ်ခု၏



ကွင်းဆက်ကို ဖော်ထုတ်နိုင်လိုက်ကြပါ လေသည်။

ထိုပုဂ္ဂိုလ်မှာ ကြေးရတတ်သူဌေး တစ်ဦးဖြစ်ကြောင်း၊ကုန်အရောင်းအဝယ် ကိစ္စများဖြင့် ထိုကုတ္တိုပင်ဘေး တာလမ်း အတိုင်း လှည်းဖြင့်သွားလာနေကျဖြစ် ကြောင်း၊ တစ်ကြိမ်တွင် အိမ်မပြန်လာ ၍ မိသားစုတို့မှ လိုက်လံရှာဖွေစုံစမ်း သော်လည်း . သတင်းအစအနမရခဲ့ကြ ကြောင်း စံတိုးတို့ သိကြရတော့သည်။

အမှုသွားအမှုလာတို့ကို ထိုလူကြီး ၏ မိသားစုတို့ကလည်း စံတိုးတို့ကိုရှင်းပြ ခဲ့သည်။ ထိုလူကြီးအမည်မှာ ဆန်စက် သူဌေးကြီးဦးရွှေဝဖြစ်ကြောင်း၊ အခေါက် တိုင်း သွားလာရာတွင် လူယုံတပည့်တစ်ဦး ပါလေ့ရှိကြောင်း၊ ယခုလည်း ထိုလူယုံနှင့် ပင်ထွက်သွားသည်ဆိုသော်လည်း သူဌေး မှ အရေးပေါ်တစ်နေရာလွှတ်လိုက်၍ လှည်းကသူနှင့်ပါသွားကာ သူဌေးမှကား ကြုံလိုက်သွားမည်ဟု ပြောခဲ့သည်ဖြစ် ကြောင်းတို့ကို ပြောပြကြသည်။ သူဌေး ၏ကိုယ်တွင် ရွှေလက်စွပ်တစ်ကျပ်သား တစ်ကွင်းဝတ်ထားခဲ့သည့်အပြင် ငွေကြေး အချို့လည်း လွယ်အိတ်အတွင်းတွင်ပါ နေသဖြင့် ယခုလို အန္တရာယ်ကြုံခဲ့ရဟန် တူကြောင်းဖြင့် တွက်ဆမိသည်များကိုပါ ကြားသိကြရသည်။

များမကြာမီတွင် ရဲတပ်ဖွဲ့၏ လိုက်လံ စုံစမ်းချက်များအရ လူသတ် တရားခံအစစ်ကို ရှာဖွေဖော်ထုတ်နိုင်ကြ တော့၏။ တရားခံအစစ်မှာ ထိုလူယုံပင် ဖြစ်လေသည်။ သက်သေသာဓကများ စွာဖြင့် အကျောက်အကန်ငြင်းသော် လည်း နောက်ဆုံး၌ အမှန်တရားတို့

ပေါ်ထွက်နိုင်ခဲ့ကြပါလေတော့သည်။ တရားခံပေါ်လာပြီးသည်နှင့် ကိုစံတိုး အား သူဌေးမိသားစုတို့မှ ဆုငွေဆယ် သိန်းချီးမြှင့်ပေးခဲ့ပါလေသည်။ စံတိုး သည် ဆုငွေ၏ တစ်ဝက်တိတိကိုယူ၍ သရက်ချိုရွာသို့ ထွက်လာခဲ့လေသည်။ ရွာရောက်၍ ကိုထွန်းမောင်နှင့် တွေ့ တွေ့ချင်း ပိုက်ဆံများကို ထုတ်မပေး သေးဘဲ ပြောမိပါသေးသည်။

"ကိုထွန်းမောင်၊ အဲဒီညကခင်ဗျား နောက်ဆုံးပြောခဲ့တဲ့စကားက အတည် ပဲနော်"

"ဘာကိုလဲဗျ ကိုစံတိုးရ"

"ဘာတဲ့ - ခင်ဗျားပြောတာလေ။ ဟော့လူ ခင်ဗျားဟာကြီး ကျွန်တော် တစ်ဝက်မယူဘူးနော်ဆိုတာလေဗျာ"

"ကျွန်တော်လည်း ရုတ်တရက်ဆို တော့ လန့်တာကိုးဗျ"

"ဟဲဟဲ - ကျုပ်တို့ကယောက်ျားပါ ဗျ။ ယောက်ျားကတိဆိုတာရှိပြီးသားပါ။ ရော့ - ခင်ဗျားရသင့်တဲ့ဝေစုငါးသိန်း"

"ဟာ-မဟုတ်သေးပါဘူးဗျာ။အရင် တွေ့တာက ခင်ဗျားလေ"

"ဒါပေမယ့် ခင်ဗျားမှမကူညီရင် ကျုပ်က ကြိုးကိုဓားနဲ့ခုတ်ဖြတ်ထားခဲ့ဖို့ စိတ်ကူးပြီးသားရယ်။ ကြိုးက အသစ်ကြီး ရှိနေသေးတာနဲ့ နှမြောနေခဲ့တာ၊ ပြောရ ရင် ခင်ဗျားကလည်း လာကူညီလို့ ခုလို မျိုးဇာတ်လမ်းကြီးဖြစ်လာခဲ့ရတာပဲပေါ့။ ရော့ - ယူပါဗျာ၊ နောင်လည်းဆွေလိုမျိုး လိုနေကြတာပေါ့ဗျာ"

"ကျေးဇူးတင်လိုက်တာ ကိုစံတိုး ရယ်။ ဒါနဲ့ တစ်ခုတော့ ကျွန်တော်တွေး ထားမိတာရှိတယ်ဗျ၊ ခင်ဗျားတော့တွေး မိရဲ့လားမသိဘူး"

"ဘာကိုလဲဗျာ"

"တကယ်ဆို ခင်ဗျား အဲဒီညအဲဒီ နေရာမှာ တစ်ချိန်လုံး တစ္ဆေခြောက်ခံ နေခဲ့ရတာမဟုတ်ဘူးလား။အဲဒါကိုသတိ ထားမိရဲ့လား"

"ဟင်"

ထိုအခါမှပင် သရဲတစ္ဆေမကြောက် သော စံတိုးတစ်ယောက် ခေါင်းနားပန်း ကြီးလျက် ဆံပင်များပင်ထောင်တက်သွား သည်အထိ ကျောချမ်းသွားခဲ့ရပါလေ သည်။ ထိုည၏ဖြစ်စဉ်များကို သူတစ်ခုခ်ိမ့် ပြန်စဉ်းစားရင်းက အမျိုးမျိုးသော အကြောင်းအရာတို့ အစီအရီပြန်၍ပြန် ၍ပေါ်လာပါတော့၏။

ခင် ([illegible])



www.burmeseclassic.com


www.burmeseclassic.com

ရန်မျိုးအောင်သည် ပြင်ဦးလွင် စစ်တက္ကသိုလ်ဆင်းဗိုလ်လေး ဖြစ်ပါသည်။အညာသားလေးဖြစ်သောကြောင့် အသားက အနည်းငယ်ညိုသယောင်ရှိပါသည်။ မျက်နှာကျပုံက ယောကျ်ားပီသနေပြီး အရပ်အမောင်းကကောင်းလေသောကြောင့် ဗိုလ်ချောဗိုလ်ခန့်ဖြစ်နေပါသည်။ စကားအပြောအဆိုတွင် တစ်ဖက်သားစိတ်ဝင်စားအောင် ပြောနိုင်ပြီး အထက်လူကြီးများနှင့်ပြောရာတွင် ပြေပြေပြစ်ပြစ်ပြောတတ်သလို လက်အောက်ငယ်သားများကိုလည်း (အမိန့်ပေးရာမှလွဲ၍) သိမ်မွေ့နူးညံ့စွာ မိဘနှင့်သားသမီးလို၊ အစ်ကိုနှင့်ညီလိုပြောတတ်သူဖြစ်ပါသည်။ အသောက်အစားကင်းသည်မှာ ဆေးလိပ်ပင်မသောက်ပါ။ ကွမ်းယာကို ငုံလေ့မရှိ။

First Prosting အဖြစ် စရောက်သည်မှ သူ့ကို အထက်လူကြီးများက သဘောကျကြပါသည်။ လက်အောက်ငယ်သားများက ချစ်ခင်ကြ၊ ရိုသေကြပါသည်။ ထိုအချိန်က (×××) နယ်တွင် တိုက်ပွဲများဖြစ်နေပါသည်။ ဗိုလ်ရန်မျိုးအောင်တို့တပ်မှ ရှေ့တန်းတွင် ကျဆုံးသူအချို့လည်းရှိနေခဲ့ပါသည်။ သို့သော် ဗိုလ်ရန်မျိုးအောင်က ထိုစစ်ဆင်ရေးကို လိုက်ပါခွင့်အမိန့်မကျခဲ့ပါ။

နောက်တစ်ကြိမ်စစ်ဆေးရေးမတိုင်မီကလေးတွင် ဗိုလ်ရန်မျိုးအောင်အား သင်တန်းတစ်ခုတက်ရန် အမိန့်ကျလာပါသည်။ ဗိုလ်ရန်မျိုးအောင်သင်တန်းတက်နေစဉ်တွင် သူတို့တပ်မှ (×××) ဒေသကို စစ်ဆင်ရေးထွက်ကြရပြန်ပါလေသည်။

ထိုတိုက်ပွဲအချို့တွင် သူ့သူငယ်ချင်း ဗိုလ်လေး



# ဝေစည်
(ရွှေဘို)
# သမ္မာအွေ့ပူဖော်တဲ့ ဗိုလ်လေး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပါ နိုင်ငံအတွက် ခြေတစ်ဘက်ပေးလှူလိုက်ရပါသည်။

နောက်တစ်ကြိမ်စစ်ဆင်ရေးဆိုရင်တော့ ငါရှေ့တန်းလိုက်ရတော့မှာပဲဟု တောက်မေ့နေသည်။ သို့သော် သူ့အား (xxx)ဆည်တည်ဆောက်ရေးတွင်တာဝန်ခံအဖြစ် ပို့လွှတ်လိုက်သည့် အမိန့်ကျလာပါသည်။ ဗိုလ်ရန်မျိုးအောင်အနေဖြင့် ကျောင်းနှင့်ပဲလိုက်ရလိုက်၊ ရှေ့တန်းထွက်ရထွက်ရ မည်သည့်တာဝန်ပေးပေး ကြည်မသာန့်ထမ်းဆောင်မည်ဟု သန္နိဋ္ဌာန်ချထားသူဖြစ်ပါသည်။ သို့သော် ထိုသို့လိုက်ရဘဲ သင်တန်းပြီးသင်တန်းသာတက်နေဆဲ။ ယခုလည်း ဆည်တည်ဆောက်ရေးတာဝန်ကျပြန်သည်ဆိုတော့-

သူ့အထက်မှ အရာရှိက သူ့အား မေးမြန်းပါတော့သည်။

“ဟေ့ - မင်းဒီရောက်နေတာကြာပြီကွ။ ရှေ့တန်းလည်း တစ်ခါမှမပါသေးဘူးလား။ သင်တန်းတက်လိုက်၊ ပြန်ပို့ချလိုက်နဲ့ ဟုတ်ဟုတ်သေးတော့ ဘယ်သူနဲ့ တာတော်ပြီး မင်းကအာတွေများဆောင်ထားလို့လဲကွ”

ဟု စတာလိုလို အတည်လိုလို မေးလိုက်ပါသည်။ ဗိုလ်ရန်မျိုးအောင်က အလေးတစား ပြုံးပြုံးသာပြုံးပြပြီး ဘာမှမဖြေသောအခါ -

“ဟေ့-ဗိုလ်ရန်မျိုးအောင်၊ မေးနေတာကို ဖြေဦးလေကွာ။ အမေးရှိနေမှ အဖြေလည်းရှိရမှာပေါ့။ မင်းအထက်အရာရှိကမေးနေတာကွ”

ဟု ဆိုပြန်သဖြင့် ထိုအရာရှိရှေ့တွင် ရိုရိုကျိုးကျိုးရပ်ပြီး -

“ဟုတ်ကဲ့ပါခင်ဗျား၊ ကျွန်တော်က နေတာလားလို့ပါ။ကျွန်တော့်မှာအားကိုးအားထားလောက်တဲ့ မစမယ်သူလုံးဝမရှိပါဘူး။ ကျွန်တော့်မိဘနှစ်ဦးစလုံးက ကျောင်းဆရာ၊ ဆရာမတွေပါ။ မျိုးရိုးထဲမှာလည်း ရာထူးကြီးကြီးမားမားမရှိပါဘူး ခင်ဗျား။ ဘာဆောင်ထားသလဲဆိုရင်တော့ ကျွန်တော့်အမေရဲ့ ဆံပင်လေးကို ကြက်ဘူးလေးထဲထည့်ပြီး လည်ပင်းမှာဆွဲထားပါတယ်။ နောက်ပြီး သမ္ဗုဒ္ဓေဂါထာကို အချိန်ရတိုင်း ရွတ်ဆိုပူဇော်ပါတယ်ခင်ဗျား”

“အေးဟေ့- ငါသိချင်တာလည်း အဲဒါပဲ။ မင်းသမ္ဗုဒ္ဓေဂါထာကိုဘယ်တုံးက စရွတ်ခဲ့သလဲ။ ဘယ်နှကြိမ်ရွတ်သလဲကွ”

“ဟုတ်ကဲ့ - ဗိုလ်မှူး ကျွန်တော် ငါးနှစ်သားလောက်မှာ အမေကသမ္ဗုဒ္ဓေ



ဂါထာကို နှုတ်တိုက်ချပေးခဲ့တာပါ။ နေ့တိုင်း နံနက် (၁) ကြိမ်၊ ည (၁) ကြိမ် အမေနဲ့အတူရွတ်ရတာပါ။ ကျွန်တော် (၉) တန်းရောက်တဲ့နှစ်မှာ ကျွန်တော်ထက်တဲ့ ကျူရှင်ကလည်း နံနက်ကျောင်းတက်တက်ချင်း ဘုရားကန်တော့ပြီးတိုင်း သမ္ဗုဒ္ဓေရွတ်ဆိုပူဇော်ရပါတယ်။ ညစာကျက်တန်းပြီးလို့ ဘုရားကန်တော့ပြီးရင်လည်း သမ္ဗုဒ္ဓေရွတ်ဆိုပြီးပူဇော်ရပါတယ် ခင်ဗျ။

“ဟာ-ဒါဆိုမင်းကသမ္ဗုဒ္ဓေအခေါက်ပေါင်း သိန်းဂဏန်းများရှိနေပြီလားပဲ။ အေးကွာ ကောင်းပါတယ်”

ဟု ဆိုလေသော် -

ဗိုလ်ရန်မျိုးအောင်က သူ့ဘောင်းဘီအိတ်ထဲမှ ဒိုင်ယာရီစာအုပ်အသေးလေး ထုတ်ယူပြီး -

“ဒီမှာ ကျွန်တော်သမ္ဗုဒ္ဓေပူဇော်ထားတာလေးတွေကို ကိုယ့်ဘာသာကြည့်ညီသဒ္ဒါပွားလို့ရအောင် မှတ်ထားပါ”

ဟု ပြလေ၏။

“ဟာ - မင်းဟာက မှတ်ထားလိုက်တာကွာ၊ မျဉ်းအတည့်တွေရော မျဉ်းအစောင်းတွေရောပါလား။ Defination လေးလုပ်စမ်းပါဦးကွ”

“ခြော်-ဟုတ်ကဲ့ပါ၊ ဟောဒီမျဉ်းအတည့်လေးတွေက နံနက်နဲ့ည (အိပ်ရာထအိပ်ရာဝင်) တိုင်း ဘုရားရှေ့တော်မှောက်မှာ သောက်တော်ရေ၊ မျက်နှာသစ်ရေ၊ သုံးဆောင်တော်ရေ၊ ပန်း၊ ဆီမီး ကပ်လှူ၊ ငါးပါးသီလခံယူပြီးမှ ရွတ်ဆိုပူဇော်တဲ့ သမ္ဗုဒ္ဓေအခေါက်ရေကို မှတ်ထားတာပါ ခင်ဗျား”

ရန်မျိုးအောင်၏ အထက်အရာရှိ၏ ယခုတစ်ကြိမ် ရန်မျိုးအောင်အား ကြည့်လိုက်သောအကြည့်တွင် အံ့သြခြင်း လေးစားခြင်းတို့ပါနေပါသည်။

နောက်လေးငါးလခန့် ကြာလေသော် ရန်မျိုးအောင်အား (xxx) ဒေသသို့လိုက်ပါရန်ဖြစ်လာပါသည်။ တိုက်ပွဲများဖြစ်နေသော ထိုဒေသသို့အနည်းဆုံး (၆)လခန့်ကြာမည်ဟုသိရပြန်သော်လည်း ရန်မျိုးအောင်ကတော့ ဘာမှမပူပါ။ သမ္ဗုဒ္ဓေတန်ခိုးဖြင့် ဘေးအမျိုးမျိုးအန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်လိမ့်မည်ဟုသာ ရာနှုန်းပြည့်ယုံကြည်ထားပါသည်။

တောထဲတောင်ထဲအရောက်တွင် ပါလာသော ကျောပိုးအိတ်ကိုချပြီး နားလိုက်ပါသည်။ ကျောပိုးအိတ်အတွင်းမှာ ဆန်၊ နို့ဆီနှင့်ကုလားပဲခြမ်းများပါလေရာ ဟန်းကွတ်ဖြင့်ထမင်းချက်ကြရန်အတွက် ကျောပိုးအိတ်အတွင်းမှ ဆန်ကိုထုတ်ယူရန်မ,လိုက်သော် ‘ကလစ်’ ဟူသောအသံကို ကြားလိုက်ရသဖြင့် ဤနေရာတွင် မိုင်းထောင်ထားသည်ဟု သိရပြီး ကျောပိုးအိတ်ကို မတို့မထိရဲတော့ပါ။ သူတို့အထဲတွင်ပါလာသော ရဲဘော်ကလေးများမှာ တိုင်းရင်းသားလေးများဖြစ်ကြရာ ရန်မျိုးအောင်မှ သမ္ဗုဒ္ဓေကို အကြိမ်ကြိမ်ပူဇော်ရွတ်ဆိုပြီး သူ့ရဲဘော်များကိုပါ မေတ္တာပို့သပေးလိုက်သည်။ မိုင်းထောင်ထားသောနေရာများကို မည်သို့ပင်ကွယ်ဝှက်ထားကြသော်လည်း ရန်မျိုးအောင်က မှန်းဆ၍ရနေပါသည်။

ရဲဘော်များအား အန္တရာယ်ကင်းရာလမ်းကြောင်းမှသွားကြရန် အမိန့်ပေးနိုင်ပါတော့သည်။ ပြင်းထန်သောတိုက်ပွဲများကို အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့ပါသည်။ ဤမျှများပြားသောမိုင်းများကို အထိအခိုက်မရှိ ရှောင်ရှားနိုင်ခြင်းမှာ သမ္ဗုဒ္ဓေဂါထာတော်၏အကျိုးဟု ယူဆမိကြောင်း ဗိုလ်ရန်မျိုးအောင်မှ ပြောပြပါသည်။ အနည်းဆုံး (၆) လခန့်နေရမည်ဟု သိထားသော်လည်း ထိုဒေသရောက်ပြီး သီတင်းသုံးပတ်အတွင်း အခြားတစ်နေရာသို့ တာဝန်ပေးခြင်းခံရသဖြင့် ဘေးမသီရန်မခ သမ္ဗုဒ္ဓေတန်ခိုး အနန္တ ကျေးဇူးပေတကားဟု။

ဗိုလ်ရှိုင်းအောင်နှင့်
ဗိုလ်ပြည့်ရဲဇော်တို့အတွက်

ဝေစည် (ရွှေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့လွတ်လပ်ရေးခရီးတစ်ထောက် ဘီအိုင်အေမော်ကွန်းမှတ်တိုင် သို့မဟုတ် ဘီအိုင်အေအာဇာနည်ကျောက်တိုင်

## မောင်စိမ်းထွေး(ထားဝယ်)

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့အား လက်နက်စွဲကိုင်တော်လှန်တိုက်ခိုက်ရန် ဂျပန်နိုင်ငံ ဟိုင်နန်ကျွန်းတွင် ခက်ခဲကြမ်းတမ်း ပင်ပန်းဆင်းရဲစွာ စစ်ပညာသင်ယူပြီးနောက် ထိုင်းနိုင်ငံ ဘန်ကောက်ရောက် ရဲဘော်သုံးကျိပ်ဝင်များသည် သွားဘက်ဆိုင်ရာဆရာဝန်ဦးလွန်းဖေ၏နေအိမ်တွင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် သွေးသောက်သစ္စာဆိုပွဲအခမ်းအနားပြုလုပ်ပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Idependence Army BIA) ကို စတင်ဖွဲ့စည်းသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ရဲဘော်သုံးကျိပ်တပ်မှူးများသည် ဂျပန်တပ်မတော်နှင့်အတူ ဖာပွန်-မော်လမြိုင်-ထားဝယ်-မြိတ်စစ်ကြောင်းကြီးများ ဖြန့်ခွဲလျက် ပြည်တွင်းသို့ ချီတက်ဝင်ရောက်ကြရာ ထားဝယ်စစ်ကြောင်းကို ဂျပန်တပ်မှ ဗိုလ်မှူးကြီးကာဝါရှီးမားနှင့် ရဲဘော်သုံးကျိပ်မှ ဗိုလ်လက်ျာတို့က ဦးစီးသည်။ ၁၉၄၂ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့ ဘန်ကောက်မှ စတင်ထွက်ခွာလာသော ထားဝယ်စစ်ကြောင်းက ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) တနင်္လာနေ့ နေ့လယ်တွင် အင်္ဂလိပ်အုပ်ချုပ်မှုအောက်ရှိ ထားဝယ်မြို့ကို အောင်မြင်စွာ သိမ်းယူသည်။

ထားဝယ်မြို့ကို ဘီအိုင်အေက သိမ်းပြီးလျှင်ပြီးချင်း ကာဝါရှီးဗား၊ ဗိုလ်လက်ျာ၊ ရဲဘော်သုံးကျိပ်တပ်မှူးများသည် ထားဝယ်စီရင်စု တို့ဗမာစည်းအရုံး ခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်၍ မောရိုးကရင်ကျောင်းကြီး (ယခု ပညာရေးကောလိပ်) ကို တပ်သားသစ်စုဆောင်းရေးနှင့် စစ်လေ့ကျင့်ရေးစခန်းအဖြစ် လည်းကောင်း၊ အစိုးရဟိုက်စကူးကျောင်းကြီး (ယခု အထက-၁)ကို စစ်ဌာနချုပ်စခန်းအဖြစ် လည်းကောင်း၊ အေဘီအမ် (ယခု အထက-၃) ကို စစ်လက်နက်ပစ္စည်းထားသိုရာစခန်းအဖြစ် လည်းကောင်း အသုံးပြုသည်။

အရေးကြုံလျှင် သက်လုံကောင်းစေရန် ရည်ရွယ်၍ ထားဝယ်မြို့တွင် အပြိုင်အဆိုင်ဖွဲ့စည်းထားပြီးဖြစ်သော ဗမာ့လက်ရုံးတပ်ဖွဲ့၊ ကျောင်းသားသမဂ္ဂမှ သံမဏိတပ်ဖွဲ့၊ မြို့မတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ သူနာပြုတပ်ဖွဲ့စသည်တို့မှတပ်ဖွဲ့ဝင်များ ဆင်းရဲချမ်းသာမရွေး ဆူကြုံနိမ့်မြင့်မခွဲခြား တောရွာမြို့ပါမကျန် လူငယ်လူရွယ်များသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်အရမဟုတ်ဘဲ မိမိတို့ဆန္ဒအလျောက် ဘီအိုင်အေသို့ တဖွဲဖွဲဝင်ရောက်လာခဲ့ကြသဖြင့် ရက်ပိုင်းအတွင်းမှာပင် တပ်သား (၃၀၀၀) ကျော် စုဆောင်းရရှိသည်ဟု မှတ်တမ်းများအရ သိရှိရသည်။ အမှန်ဆိုရလျှင် ထားဝယ်နယ်အတွင်းမရောက်မီက တပ်သား(၁၀၀) ပင်မပြည့်တတ်သော်လည်း ထားဝယ်ရောက်သောအခါမှ အင်အားအလုံးအရင်းနှင့် ဘီအိုင်အေကို ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်။ နောင်တွင် ထားဝယ်မြို့သည် ဗမာလွတ်လပ်ရေးတပ်မတော် စတင်ပေါ်ပေါက်ဖွားရာဒေသဟု သမုတ်အပ်သောမြို့ဖြစ်ပါသည်ဟု ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ဗလက ၎င်း၏ 'ရဲဘော်သုံးကျိပ်နှင့် လွတ်လပ်ရေးခရီးတစ်ထောက်' စာအုပ်တွင် မှတ်ချက်ပြုခဲ့ပါသည်။

ထိုအချိန်က ထားဝယ်သို့[illegible] ရောက်ရှိနေသော ပြည်သူ့အ[illegible]တော်



ဘေးတိုက်မြင်ကွင်း




ကျောက်တိုင်အောက်ခြေကမှည်းစာ

www.burmeseclassic.com

ပါတီ (PRP) မှ ခေါင်းဆောင်သခင်မြ၊ ...ဆွေ၊ ဗိုလ်လက်ျာ၊ ဗိုလ်လရောင်တို့ ...ပင်ဆွေးနွေးကြပြီး အုပ်ချုပ်ရေးဝန် ...အဖွဲ့ (၁၀) ဦးပါ ထားဝယ်ငြိမ်ဝပ်ပိ ...ရေးအဖွဲ့ (Peace Precaution Committee PPC) ကို သခင်ခေါင်းဆောင် ...ဖြင့် စနစ်တကျဖွဲ့စည်းလိုက်သည်။ ...စီအစိုးရဟု အတိုကောက်လူသိများ ...ပါသည်။

ထားဝယ်တွင် စုဆောင်းရရှိသော ...ပ်သားသစ်တို့ကို ရဲဘော်သုံးကျိပ်ဝင် ...ကိုယ်တိုင်နှင့် ဂျပန်ဗိုလ်တို့က ကာလ ...အတွင်း အပြင်းအထန်စစ်သင်တန်း ...ကျင့်သင်ကြားပေးသည်။ ဗိုလ်မှူး ...လက်ျာတပ်၊ ဒုဗိုလ်မှူးကြီးလရောင် ...၊ ဗိုလ်မြင့်အောင်တပ်၊ ဗိုလ်မင်းရောင် ...၊ ဗိုလ်ဥာဏတပ် အသီးသီးဖွဲ့စည်း၍ ...းဝယ်သားတပ်မှူး(၁၀)ခန့်က ကြီးကြပ် ...ပ်ကဲလျက် မုဒုံ-မော်လမြိုင်-ရန်ကုန် ...သို့ ဦးတည်ချီတက်သွားသော ဘီအိုင် အေထားဝယ်စစ်ကြောင်းသည် အခြား သော ဘီအိုင်အေတပ်များနှင့် ပူးတွဲကာ မြန်မာနိုင်ငံတစ်နံတစ်လျား ဗြိတိသျှတပ် များအား လိုက်လံတိုက်ခိုက်မောင်းထုတ် ခဲ့သည်။

ပြည်မြို့မှတစ်ဆင့် မော်လိုက်၊ ကလေးဝ၊ မြစ်ကြီးနားအထိ ရောက်ခဲ့ သော ထားဝယ်စစ်ကြောင်းတွင် ပါဝင် သည့် ဗိုလ်ကျော်ဆန်း (နောင် ဖက်ဆစ် တော်လှန်ရေး ထားဝယ်တပ်ရင်း၊ မြန်မာ့ အလင်းသတင်းစာအယ်ဒီတာဟောင်း၊ ကာတွန်းကျော်ဆန်း က-ဆ)က ဘီအိုင် အေခေတ်တွင် ဂျပန်တပ်များမရောက် သည့်နေရာ၊ မသွားနိုင်သည့်ဒေသ၊ မချီ ရဲခဲ့သည့်အရပ်အများအပြားရှိခဲ့သည်။ ထိုနေရာ ထိုအရပ်များကို ဘီအိုင်အေ တပ်များကသာ အနစ်နာခံ အသေခံပြီး သွားရောက်ခဲ့ကြရသည်။ ထားဝယ်သား များသည် ဘီအိုင်အေတွင် အများဆုံး ပါဝင်ပြီး အဝေးဆုံးချီတက်ခဲ့ကြရ၍ အများဆုံးလည်းကျဆုံးခဲ့ကြရပါသည်ဟု သူ၏အတွေ့အကြုံကို မှတ်တမ်းပြုခဲ့ပါ သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးပတ်တွင် ဖျက်သိမ်းလိုက် သောအခါ မထင်မရှားကျဆုံးဒဏ်ရာရ သူ ဘီအိုင်အေတပ်မှူးတပ်သားများ၏ စာရင်းသည်လည်း မရေမရာဖြစ်ပြီး ဝမ်းနည်းဖွယ်မေ့ပျောက်ခြင်းခံရကြောင်း သိရသည်။



ပီပီစီအစိုးရလက်ထက် မြန်မာ သက္ကရာဇ် ၁၃ဝ၃၊ ၁၉၄၂ ခုနှစ်၊ ဧပြီလ တွင် ဘီအိုင်အေရဲဘော်များကို နောင် တွင် မမေ့မပျောက် အစဥ်သတိရစိမ့် သောငှာ အမြော်အမြင်ကြီးစွာဖြင့် ဘီအိုင်အေအာဇာနည်ကျောက်တိုင်စိုက် ထူသည်။ မြန်မာသက္ကရာဇ် ၁၃ဝ၃ မဟာ သင်္ကြန်ကျပြီး နှစ်ဟောင်းကုန် နှစ်သစ် ကူးပြောင်း၍ ၁၃ဝ၄ တွင် ကျောက်တိုင် စိုက်ထူပြီးစီးသည်။

ဘီအိုင်အေအာဇာနည်ကျောက် တိုင်သည် ဘီအိုင်အေတပ်မတော်သား များအတွက်သာ ရည်စူးသည်မဟုတ်ပါ။ ထားဝယ်ခရိုင် ပီပီစီအစိုးရသည် မြန်မာ တစ်ပြည်လုံးတိုက်ပွဲအသီးသီးတွင်ကျဆုံး သွားသော ဘီအိုင်အေတပ်မှူးတပ်သား အားလုံးသာမက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဥာဏ၏ တောင်သုံးလုံးစခန်းမှ မွန်၊ ကရင် အပါအဝင် ထားဝယ်သား၊ မြိတ် သားတပ်သားသစ်များ အသုတ်လိုက် အသုတ်လိုက် ထိုင်းနိုင်ငံ ဘွန်တီးစခန်းမှ ဘီအိုင်အေအတွက် လက်နက်ခဲယမ်းမီး ကျောက်တို့ကို ပြည်တွင်းသို့သယ်ယူရာ တွင် ခရီးလမ်းကြမ်းတမ်းကာ ငှက်ဖျား ရောဂါဘယထူပြောသဖြင့် သေသူသေ၊ ကျန်သူလူစဥ်မမီ လူမသိသူမသိသေဆုံး သွားသူများ၊ အင်္ဂလိပ်တပ်ကြွင်းတပ်ကျန် များကို ထားဝယ်နယ်အတွင်း ရှင်းလင်း တိုက်ခိုက်ရာတွင် မထင်မရှားကျဆုံးသွား သူများ၊ ကံဘောက်ဒေသ ဓားပြလူဆိုး များလက်တွင်းမှ ခေါင်းဆောင်ကြီး သခင်မြအား သွားရောက် ကယ်တင်စဥ် အသက်စတေးသွားသူများ၊ စာရင်းမရှိ အင်းမရှိဘဲ နိုင်ငံအတွက် အသက်ပေး စွန့်လွှတ်သွားသောအညတရပုဂ္ဂိုလ်ရဲဘော် အားလုံးကို ရည်စူး၍ စိုက်ထူသော ကျောက်တိုင် ဖြစ်သည်။

လေးမြောင့်ကျောက်တိုင်ဖြစ်ကာ ခမောက်ပုံသဏ္ဌာန် အင်္ဂတေခုံပေါ် တွင် စိုက်ထူထားပါသည်။အင်္ဂတေခုံ၌ အရှေ့၊ အနောက်၊ တောင်၊ မြောက် (၆) ထစ်စီ ရှိသော လှေကားလေးစင်းချထားသည်။ ကျောက်တိုင်ထိပ်လေးမျက်နှာတွင်တော့ ကဒေါင်းရုပ်ပုံတစ်ပုံစီ ထွင်းထုထားပြီး ကဒေါင်းရုပ်အောက်၌ မြန်မာသက္ကရာဇ် ဖြစ်သော ၁၃ဝ၄ ကို ရေးထားသည်။ (၁၉) ပေမြင့်သော ကျောက်တိုင်သည် အာဇာနည်လမ်းဘက်သို့ မျက်နှာမူ လျက်ရှိပြီး ကျောက်တိုင်အောက်ခြေ မျက်နှာစာတွင် ၁၃ဝ၃ ခုနှစ် ဗမာ့ လွတ်လပ်ရေးစစ်ပွဲတွင် တိုင်းပြည်အတွက် အသက်စွန့်ခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်သား အာဇာနည်များအား သတိရနိုးကျူးကြစေသတည်း ဟု ကမ္ပည်း စာရေးထိုးထားပါသည်။

ဘီအိုအေအာဇာနည်ကျောက်တိုင် ကို ယခုတနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော တိုင်းစည်ပင်သာယာရေးရုံးရှေ့ရှိပန်းခြံ အတွင်း၌ အထင်ကရတွေ့မြင်နိုင်ပါ သည်။

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်းလိုက် သဖြင့် ဘီအိုင်အေသက်တမ်း ခုနစ်လ သာကြာမြင့်ခဲ့ပါသည်။ ဘီအိုင်အေဖျက် သိမ်းခဲ့သည်မှာ ယခုနှစ် ၂ဝ၁၈ ခုနှစ်၊ ဇူလိုင်လတွင် နှစ်ပေါင်း(၇၆)နှစ်ရှိပါပြီ။ ဘီအိုင်အေအာဇာနည်ကျောက်တိုင်သည် မြန်မာနိုင်ငံတွင် မရှိသလောက်ဖြစ်၍ တန်ဖိုးကြီးမားပါသည်။ ဘီအိုင်အေ အာဇာနည်ကျောက်တိုင်သည် မြန်မာ့ လွတ်လပ်ရေးခရီးတစ်ထောက်တွင် သွေး အသက်ပေးခဲ့သော ဘီအိုင်အေ၏ မော်ကွန်းမှတ်တိုင်ဖြစ်သည်ကို ကျွန်ုပ်တို့ သားစဥ်မြေးဆက် မမေ့အပ်ပေ။

မောင်စိမ်းထွေး (ထားဝယ်)

**အကိုးအကား -**

၁။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေ မော်ကွန်းတိုင်နှစ်တိုင်၊ မောင်လေးတင့်၊ ထားဝယ်အသင်း မဂ္ဂဇင်း၊ ၂ဝ၁၁ နိုဝင်ဘာလ။
၂။ ထားဝယ်စစ်ကြောင်းနှင့်ဗိုလ်ဥာဏ တပ်စစ်ချီလမ်းကြောင်း၊ ဦးရန်ရှင်း (ထားဝယ်)၊ ထားဝယ်အသင်း မဂ္ဂဇင်း၊ ၂ဝ၁၁ ခုနှစ် နိုဝင်ဘာလ။
၃။ ဘီအိုင်အေစစ်ကြောင်း၊ ဗိုလ် ကျော် ဆန်း၊ ထားဝယ်မဂ္ဂဇင်း၊ အမှတ် ၁၊ ၁၉၇၈။
၄။ ရဲဘော်သုံးကျိပ်နှင့် လွတ်လပ်ရေး ခရီးတစ်ထောက်၊ဗိုလ်ဗလ(ရဲဘော် သုံးကျိပ်)၊ စာပေဗိမာန်၊ ၁၉၇

www.burmeseclassic.com

www.burmeseclassic.com



# နယုန်

## ကံ၊ ကံ၏အကျိုး

ကျွန်တော့်နာမည်က ထွဋ်မောင်။ မိသားစုနှင့်အပေါင်းအသင်းများအားလုံးက သားကြီးဟုခေါ်ကြသည်။ ကျွန်တော်တို့မိသားစု အားလုံးပေါင်း ငါးယောက် ဖေဖေ၊ မေမေ၊ ညီမလေးနဲ့ ညီလေးပြီးတော့ ကျွန်တော်။

အဲဒါတွေက ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကာလကပါ။ ယခုတော့ ကျွန်တော်ရယ်၊ မေမေရယ်၊ ညီမလေးရယ် သုံးယောက်တည်းရယ်။ ဖေဖေကတော့ နောက်အိမ်ထောင်ပြုသွားခဲ့တယ်။ ညီလေးက ဖေဖေ့နောက်ပါသွားပြီး ညီမလေးနဲ့ ကျွန်တော်ကတော့ မေမေနဲ့ပဲ ကျန်ခဲ့ပါတယ်။

ကျွန်တော် ပြောပြချင်တာက ကျွန်တော့်ဘဝ တစ်စိတ်တစ်ဒေသပါ။ မှတ်မှတ်ရရပြောရရင်တော့ ၁၉၈၈ ခုနှစ် တိုင်းပြည်မငြိမ်မသက်ဖြစ်ရာက တိုင်းပြည်ငြိမ်းဝပ်ပိပြားရေးအတွက် တပ်မတော်က အာဏာသိမ်းချိန် ကျွန်တော့်အဖေကိုလည်း သူ့နောက်မိန်းမ (မိထွေး) က အပိုင်းသိမ်းလိုက်ချိန်ကာလရမှာပါ။

■

ကိုသားကြီးတစ်ယောက် အမေနှင့်ညီမလေးအတွက် မွေးရပ်မြေ ဟသ်ာတမြို့ကိုစွန့်ခွာပြီး ရန်ကုန်ရွှေမြို့တော်သို့ အလုပ်ရှာထွက်ခဲ့လေသည်။

ကိုသားကြီးတစ်ယောက် ဘကြီးဘုန်းကြီးရှိသော ကြည့်မြင်တိုင် ဘုံပျံကျောင်းသို့ ဦးတည်ခရီးနှင်ခဲ့သည်။ ကြည့်မြင်တိုင် ဘုံပျံကျောင်းဆရာတော် ဦးစန္ဒိမာက အဘွားဖြစ်သူ ဒေါ်နန်းစိန်၏ မောင်တစ်ဝမ်းကွဲ။

"ဘဘုန်း၊ တပည့်တော်အလုပ်ရှာထွက်ခဲ့တာပါဘုရား။ ဒီကျောင်းမှာတည်းပြီးအလုပ်လုပ်ခွင့်ပြုပါဘုရား"

"အေးလေကွယ် နေပေါ့။ ဘဘုန်းကျောင်းပဲနေလို့ရပါတယ်။ ဘဘုန်းဒကာတွေကိုလည်းမေးပေးမယ်။ အလုပ်လေးဘာလေး ရလိုရငြားဟုတ်ပြီလား။စားဖို့နေဖို့ကတော့ မပူလေနဲ့"

"မှန်လှပါ ဘုရား"

■

ကိုသားကြီးတစ်ယောက် နံနက်စောစောထပြီး ဘဘုန်းနှင့် ကျောင်းရှိသံဃာများ အရုဏ်ဆွမ်းအတွက် ကပ္ပိယဦးသာထောင်နှင့်အတူ ချက်ပြုတ်ပေးလေသည်။ ကပ္ပိယကြီးကလည်း သူ့ကိုတူသားသဖွယ် ချစ်ခင်သည်။

သံဃာတော်များဆွမ်းဘုဉ်းပေးပြီးသပိတ်များကို ဆေးကြောခြင်းတာဝန်ကိုကိုသားကြီးတာဝန်ယူသည်။ ပြီးနောက်သံဃာတော်များ၏ကုဋိကိုလည်း နေ့စဉ်သန့်ရှင်းရေးလုပ်ဆောင်ပေးလေသည်။ ပြီးနောက် ရေမိုးချိုး၊ မြို့ထဲသို့အလုပ်ရှာထွက်လေ့ရှိ၏။

အလုပ်ရှာထွက်ရင်းရွှေတိဂုံဘုရားကို နေ့စဉ်ဝင်ရောက်ဖူးမြော်လေသည်။ ဘုရားဖူးရင်း မွေးနံထောင့်(စနေထောင့်)တွင် ရေသပ္ပာယ်ကာ နေလဘုရားတွင်သွားရောက်ပုတီးစိပ်သည်။ ကိုသားကြီးသည် စိန္တာမဏိဂါထာကိုနိစ္စဓူဝရွတ်ဖတ်လေ့ရှိ၏။ ကိုသားကြီးသည် ရွှေတိဂုံဘုရားရင်ပြင်ပေါ်ရှိ နေလဘုရားတွင် နေ့စဉ်ဆိုသလို ပုတီးစိပ်အဓိဋ္ဌာန်ဝင်ကာဘုရားရိပ်တရားရိပ်၏အေးမြခြင်းကိုခံစားရင်း ပျော်မွေ့လျက်ရှိ၏။

ဤသို့ဖြင့် ရက်တွေတစ်ရက်ပြီးတစ်ရက်ကုန်ဆုံးလာသော်လည်း အလုပ်အကိုင်ကမရသေး။ စားသောက်ရန်ပူပင်မှုမရှိသော်လည်း ဘဘုန်းကျောင်းတွင်နေရသည်ကို စိတ်ကမသန့်။ ခုနစ်ရက်သားသမီးများက သံဃာတော်များကိုရည်စူးလှူဒါန်းသော အစားအစာများကို မိမိလူတစ်ယောက်အဖို့ စားသောက်ရန်မသင့်။ ဒါကြောင့်လည်း ကိုသားကြီးတစ်ယောက် ဘုန်းကြီးကျောင်းတွင်နေ့စဉ်ထမင်းမစား၊ ကျောင်းဝေယျာဝစ္စများကိုတော့ လုပ်ကိုင်ပေး၏။ ဘဘုန်း၏သက်န်းများကို လျှော်ဖွပ်ပေး၏။

ညစဉ်ညတိုင်းဆိုသလို ဘဘုန်းကိုနှိပ်ပေးရင်း ဘဘုန်း၏ဘာသာရေးကိစ္စများကို ပြောဆိုဆုံးမမှုများ နာယူမှတ်သားရသည်။ ဘဘုန်းသည် ဘာသာရေးကိုအလေးထားသူ ဘုန်းကြီးတစ်ပါးဖြစ်သည်။

■

ကိုသားကြီးတစ်ယောက် ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်ရှိ နေလဘုရားတွင် အဓိဋ္ဌာန်ဝင်ပုတီးစိပ်ခဲ့သည်မှာ (၂၇) ရက်မြောက်ခဲ့လေပြီ။ အလုပ်အကိုင်ကမရသေး။ ရွှေတိဂုံဘုရားမှ ဆူးလေဘုရားအထိ လိုင်းကားစီးကာလာခဲ့သည်။ ကိုသားကြီး၏အကျီအိတ်ကပ်ထဲတွင် ငွေအသပြာ (၇) ကျပ်သာ တော့သည်။ ကိုသားကြီးဘာလုပ်ရမည်ကို ဝေခွဲမရ။ စိတ်ညစ်ညစ်ဖြင့်ဆူးလေ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလမ်းပေါ်ရှိ ကားမှတ်တိုင်အနီး အုတ်ခုံတွင်ထိုင်နေမိသည်။

"ဩော် ဘဝ ဘဝ၊ လူ့ဘဝဆိုတာ အဘဦးသုခရဲ့ ဘဝသံသရာသီချင်းထဲ ကလိုပါပဲလား"

ကားတစ်စီးဝင်လာသည်နှင့် ကားပေါ်တက်သူကတက်၊ ဆင်းသူကဆင်း သို့ရာခရီးကို သွားလာလှုပ်ရှားနေကြပေသည်။ ပြုံးသူပြုံး၊ ငိုသူငို၊ ရယ်မောသူ ရယ်မောကာရှိနေကြပုံတွေကိုကြည့်ကာ ကိုသားကြီးတစ်ယောက် ရောက်တတ်ရာရာတွေးတောနေမိသည်။

အချိန်မည်မျှကုန်သွားသည်မသိ။ သူထိုင်နေသော ကားဂိတ်တွင် လူမရှိ။ သူအနီးအနားတစ်ဝိုက်ကြည့်မိသည်။သူထိုင်နေသောအုတ်ခုံပေါ်တွင် အထုပ်ငယ်တစ်ခု သတင်းစာနှင့်ပတ်ကာ သားရေကွင်းဖြင့်ချည်ထား၏။ မည်သူမေ့ကျန်ခဲ့သောအထုပ်ငယ်မှန်းသူမသိ။

ထိုအထုပ်ငယ်ကိုကိုင်ကြည့်လိုက်ပြန်ချလိုက်သူလုပ်မိသည်။ အထုပ်ငယ်ကိုပြန်ချ၍ ပိုင်ရှင်ပြန်လာပြီး ယူလိုယူငြားပြန်ချထားလိုက်၏။ နာရီဝက်ကျော်ကျော်ကြာသော်လည်း ပစ္စည်းပိုင်ရှင် ပြန်မလာ။ ပိုင်ရှင်မဲ့ဖြစ်၍နေသည်။ အထုပ်ငယ်ကလေးကို သူယူ၍ ဆူးလေဘုရားပေါ်သို့တက်ခဲ့သည်။ ထိုပစ္စည်းထုပ်ကလေးကို သူယူလာသော်လည်း စိတ်ကဒွိဟဖြစ်နေသည်။ သူတစ်ပါးပစ္စည်း ခိုးယူမိလေသလားဟု။

ထိုပစ္စည်းထုပ်ကို သူခိုးယူခြင်းမဟုတ်။ သူနှင့်သာထိုက်၍ ကောက်ရသောပစ္စည်းပင်တည်း။ သူဆုံးဖြတ်ချက်ချကာ ဘုရားပေါ်တွင် အထုပ်ငယ်ကိုဖွင့်ကြည့်မိသည်။ သူအံ့ဩစွာတွေ့လိုက်ရသည်။ (၅၀) ကျပ်တန်တစ်အုပ်ဖြစ်နေ၏။ စုစုပေါင်း ငါးထောင်ကျပ်တိတိပင်။

ရင်ထဲတွင် ဝမ်းနည်းဝမ်းသာခံစားမိရင်း ပါးပြင်ပေါ်တွင် မျက်ရည်များကစီးကျလျက်။ သူနှင့်ထိုက်လို့ရတာ သူ့ကံပင်။ သူ ငါးဆယ်တန် (၁၀) ရွက်ကိုယူ၍ ဆူးလေဘုရားပေါ်ရှိ အလှူခံဌာနတွင် ပိုင်ရှင်ကို ရည်စူး၍ လှူဒါန်းလိုက်သည်။

ဘုရားပေါ်မှဆင်းလာခဲ့ပါသည်။ အနော်ရထာလမ်းအတိုင်း သူဦးတည်ရာမဲ့ လမ်းလျှောက်လာခဲ့၏။

"ဟိတ်ကောင် သားကြီး၊ မင်းဘယ်သွားမလို့လဲ"

သူ့ကိုခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ -

"ဟင် - မိုးကျော်၊ မင်း မိုးကျော်မဟုတ်လား"

"အေးလေ ငါမိုးကျော်လေ။ မင်းဘာတွေလုပ်နေလဲ။ ခုဘယ်သွားမလို့လဲ"

"ငါဘယ်ရယ်မဟုတ်ပါဘူးကွာ"

"ကဲ-သူငယ်ချင်း လာကွာ။ တစ်ခုခုစားရင်းစကားပြောရအောင်"

မိုးကျော်၏ ဦးဆောင်မှုဖြင့် လက်ဖက်ရည်ဆိုင်သို့ဝင်ခဲ့၏။

"မင်းဘာစားမလဲ ကြိုက်တာမှာ။ ငါတော့ လက်ဖက်ရည်ပဲသောက်တော့မယ်"

"အေး ငါလည်း လက်ဖက်ရည်ပဲသောက်မယ်"

"ချိုပေါ့နှစ်ခွက်ဟေ့"

ကိုသားကြီးတစ်ယောက် သူ့အကြောင်းများကို သူငယ်ချင်းဖြစ်သူမိုးကျော်ကို ပြောပြလိုက်သည်။

"အေးကွာ သူငယ်ချင်း၊ မင်းဘာမှမပူနဲ့ ငါနဲ့လိုက်ခဲ့။ ငါ့အလုပ်ထဲမှာ မင်းလုပ်ပေါ့၊ ငါ ပွဲရုံထောင်ထားတယ်"

"ကျေးဇူးပဲ သူငယ်ချင်းရာ"

"မင်းပစ္စည်းတွေ ဘုန်းကြီးကျောင်းမှာဝင်ယူပြီး ငါနဲ့လိုက်ခဲ့လေ။ ငါ့မှာ ကားပါတယ်"

"အေးပါ သူငယ်ချင်းရာ၊ ကျေးဇူးပါပဲ။ မင်းခိုင်းတာငါလုပ်ပါ့မယ်၊ မင်းခိုင်းချင်တာခိုင်းပါကွာ"

"သားကြီးရာ မင်းနဲ့ ငါက ပြောရမယ့်လူတွေမဟုတ်ပါဘူး။ ငါဟသာတကို ပြန်မရောက်ဖြစ်တာကြာတော့ မင်းနဲ့ငါ အဆက်ပြတ်သွားတာ။ ကဲပါ သောက်သောက်၊ မင်းပစ္စည်းတွေသွားယူကြမယ်"

ကိုသားကြီး လက်ဖက်ရည်လက်ကျန်ကို မော့သောက်လိုက်ပြီး မိုးကျော်နောက်သို့ လိုက်ပါသွားတော့သည်။

■

"ဘဘုန်း ဒါတပည့်တော်သူငယ်ချင်း မိုးကျော်လို့ ခေါ်ပါတယ်ဘုရား။ တပည့်တော် သူငယ်ချင်းနဲ့လိုက်သွားပါရစေ။ သူ့ပွဲရုံမှာတပည့်တော်အလုပ်ရမယ်ဘုရား"

"ဟေ - အေး အေး လိုက်သွားလိုက်သွား။ ဘာပဲလုပ်လုပ် သစ္စာရှိ။ ဘာသာရေးကိုမမေ့နဲ့၊ ငါးပါးသီလကို စောင့်ထိန်း ကြားလား"

"ဒကာလေး မိုးကျော်ကိုလည်း ဘဘုန်းမှာချင်တယ်။ မင်းသူငယ်ချင်းကို ညီအစ်ကိုလိုသဘောထားပြီး သွန်သင်ပေါ့ကွယ်။ ဘဘုန်းကျောင်းလည်း မကြာမကြာလာခဲ့ ဟုတ်ပြီလား"

"မှန်ပါ့ဘုရား၊ စိတ်ချပါ၊ တပည့်တော်တို့ကို ခွင့်ပြုပါဦး"

"အေးအေး - သာဓုသာဓုသာဓု"

■

သို့ဖြင့် ကိုသားကြီးတစ်ယောက် သူငယ်ချင်းမိုးကျော်နှင့်အတူ ပွဲရုံလုပ်ငန်းများကို အတူတကွ လက်တွဲလုပ်ကိုင်လာခဲ့ကြသည်။

ကိုသားကြီးသည် ဘာသာရေးကို အလေးထား ရိုသေလေးစားမှု၊ စိန္တာမဏိဂါထာအစွမ်းတန်ခိုးထက်မြက်မှု၊ မိဘကိုလုပ်ကိုင်ကျွေးမွေးမှုများကြောင့် ယခုအခါတွင် ကိုယ်ပိုင်လုပ်ငန်းနှင့် မိသားစုပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လျက်ရှိပေသည်။

ကံတရားကိုမယုံကြည်၍မဖြစ်ပါ။ ကံ၏ သဘာဝကို ယုံသူဖြစ်စေ၊ မယုံသူဖြစ်စေ အကျိုးပေးထိုက်သောအချိန်ရောက်လျှင် အကျိုးပေးခြင်းခံကြရ၊ စံကြရမည်မှာ ဧကန်မလွဲပေ။

ကံကောင်းခြင်း၊ ကံဆိုးခြင်းကို မည်သူကမျှလာရောက်ဖန်တီးပေးခြင်းမဟုတ်။ ကိုယ့်ကံကိုယ်သာ ဖန်တီးခြင်းဖြစ်ပါသည်။

ကိုသားကြီးသည်လည်း သူ့ကံသူဖန်တီးခြင်းဖြစ်ပေသည်။

ကိုသားကြီးရွတ်ဖတ်ပူဇော်လေ့ရှိသော စိန္တာမဏိဂါထာကို စာဖတ်သူများအတွက် တင်ပြလိုက်ရပေသည်။

**စိန္တာမဏိဂါထာတော်**

■ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

နယသုန်



www.burmeseclassic.com

www.burmeseclassic.com

"ဝေါင်းဘဲ. . အွမ့်. . ဝပ်ထရိန်း"

"ဒိုး"

"ရှူး. . ရှူး. . ဝပ်ထရိန်း"

"ဒိုး. . ."

ဗလခပ်တောင့်တောင့်၊ အသားမည်းမည်း၊ ခါးရိုးရှည်ရှည်၊ ကုပ်ကိုင်းကိုင်းဖြင့် အရပ်ဆိုးဆိုးလူကြီးသည် နွားကဲ့သို့ လည်းအော်သည်။ နွားလို မြေပြင်ကိုလည်း ခွာယက်လိုက်သေးသည်။ ပြီးတော့ ဒုန်းစိုင်းပြေးကာ သူ၏ရှေ့တူရူအရပ်တွင်ရှိသော ညောင်ပင်ကြီး၏ပင်စည်ကို သူ၏ဦးခေါင်းဖြင့် ပြင်းထန်စွာဆောင့်ပစ်လိုက်ပါ၏။

"ဒိုး. . ."

နွားကဲ့သို့နှာမှုတ်နေသည်ကလည်း တရှူးရှူး။

ယခုသူရှိနေရာအရပ်သည် အရပ်ဒေသအားဖြင့် ငြိမ်းချမ်းသောနေရာ၊ လှပသောနေရာရပ်ဝန်းတစ်ခုရယ်ပါ။ ပေါက်ရောက်နေသောညောင်ပင်စုစုတို့သည် စုစုရုံးရုံးဖြင့် အေးချမ်းမှုရှိပါသည်။ ညောင်ပင်တို့မှ ညောင်ကိုင်းတို့ အခက်ဖြာဝေနေပုံမှာ လှပလွန်းသည်က ရှုချင့်စဖွယ်ပါ။ ညောင်ရွက်စိမ်းစိမ်းတို့သည် လေအသွဲ့မှာ နွဲ့ယိမ်းကာ ဗေလုဝနတ်စောင်းခတ်သံနှယ် သာယာနာပျော်ဖွယ်ကောင်းလှပါဘိ။ လေပြည်လေညင်းတို့သည် ညောင်ပင်စုစုရှိ စေတီဖြူဖြူလေးမှ ဆည်းလည်းတို့ကိုလှုပ်ခါစေရာ ကြည်နူးဖွယ် နတ်စောင်းသံတို့ ပျံ့လွင့်လာကြကုန်၏။ ဘုရားစေတီခေါင်းလောင်းလေးများမှ သံသာသာတို့သည် ကြားရသူရင်ထဲမှာ ကြည်နူးမှုရသကို ခံစားကြရလေကုန်၏။

သို့ပါသော်လည်း ထိုကြည်နူးစရာမြင်ကွင်းထဲမှာ လူမည်းမည်းကြီးက သွေးသံရဲရဲစိုစိုရွှဲရွှဲဖြစ်နေလျက်ကပင် သူ့ရှေ့မှ ညောင်ပင်ကြီးကို အကြိမ်ကြိမ် ပြင်းထန်စွာ ဦးခိုက်နေသည့်အတွက် လှပသာယာနေသော အလှပန်းချီကားချပ်ကလေးကို ရုပ်ဆိုးအကျည်းတန်နေစေပါတော့သည်။

လူမည်းမည်းကြီး၏ နက်ပြောင်နေသောနဖူးပြင်သည် ကွဲပြဲစုတ်ပြတ်လျက် သွေးချင်းချင်းနီနေပါ၏။ တစ်ထွာခန့်အရှည်ရှိသော နီညိုရောင်ကောက်ကလိန်ဆံပင်ဖုတ်သိုက်ကြီးက သူ၏မျက်နှာပြင်ပေါ်သို့ ဖွာရရာကျလျက် ရှုပ်ထွေးနေသည်။ သူ၏စုတ်ပြတ်နေသောအကျီအောက်မှ လက်မောင်းအိုးကြွက်သားအဖုအထစ်တို့ ပေါ်လွင်နေ၏။ လက်မောင်းကြွက်သားတို့ အကြောပြိုင်းပြိုင်းထလျက်ရှိကြကုန်၏။ သူ့ခါးတွင် ကုလားဘောင်းဘီဟုခေါ်သော ခါးစည်းသားရေကြိုးမပါသော ဒူးဆစ်အုပ်ဘောင်းဘီနှင့် ဖြစ်သည်။ ဘောင်းဘီစကို လုံကွင်းကဲ့သို့စည်းထားသည်။

သူသည် ညောင်ပင်ဆီသို့ပြေးရင်း ဒူးထောက်လဲကျ၏။ ပြန်ထ၏။ မြေပြင်တွင်လိမ့်သွားပြန်၏။ မတ်တတ်ရပ်လိုက်ပြေးလိုက်ဖြင့် ညောင်ပင်ဆီသို့ဒုန်းစိုင်းပြေးကာ ညောင်ပင်ကို ဦးခေါင်းဖြင့် ပြေးဆောင့်နေရသည်။



BURMESE CLASSIC .com

www.burmeseclassic.com

သူသတိမလစ်မချင်း သူ၏ဦးခေါင်းနှင့် ညောင်ပင်တို့အကြိမ်ကြိမ်မိတ်ဆက်ပေးနေရခြင်းအကြောင်း မည်သို့ရှိလေသနည်း။ စိတ်ဝင်စားဖွယ်ရာ သူ၏ဖြစ်ရပ်ဆန်းကိုနောက်ကြောင်းလှန်သည်မှသော် . . .

■

အချိန်ကာလအားဖြင့် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ဖြစ်ရပ်မှန်တစ်ခုရှိခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် မြောင်းမြမြို့ဟူ၍ မြို့တစ်မြို့သည် အထင်အရှားတည်ရှိနေပါ၏။ ဒိစတြိတ်ကောင်စီရုံးစိုက်ရာမြို့ကြီးပြကြီးတစ်ခု ဖြစ်ခဲ့သည်။ သမိုင်းဝင် စကြာနန္ဒ၊ စကြာသီဟဘုရားများ၊ ကျောင်းကန်များတို့ဖြင့် သာသနာဖွံ့ဖြိုးသောနယ်မြေဖြစ်ပါသည်။ သို့သော်လည်း လွတ်လပ်ရေးရပြီးခါစကာလမှာ အမဲသတ်လိုင်စင်များကို အစိုးရမှတွင်တွင်ကျယ်ကျယ်ထုတ်ပေးနေပါ၏။

ထို့ကြောင့် အမဲလိုင်စင်များ မှီလိုပေါက်လျက် အလိုရှိသလောက်ရယူနိုင်သည်။ အမဲလိုင်စင်များနှစ်စဉ်ထုတ်ပေးနေပါသည်။ နွားသတ်၊ ကျွဲသတ်လိုင်စင်ကို နှစ်စဉ် လေလံတင်ရောင်းချပွဲကြီးစည်စည်ကားကား ကျင်းပပေးလေ့ရှိ၏။ လေလံဈေးအမြင့်ဆုံးပေး၍ ဆွဲဝယ်သူကို အမဲသတ်လိုင်စင်(ကြီး)ထုတ်ပေးပါသည်။ လိုင်စင်ရရှိသူသည် ထိုအချိန်က မြောင်းမြမြို့၏ မြူနီစီပယ်နယ်နိမိတ်အတွင်းရှိ ကျွဲ၊ နွားများကို လွတ်လပ်စွာဝယ်ယူသတ်ဖြတ်၍ အမဲသားရောင်းချခွင့်ရရှိ၏။ အမဲသတ်လိုင်စင် (ကြီး)ရရှိထားသူက လိုင်စင်(ငယ်)လက်ခွဲများကိုဆက်လက်ထုတ်ပေးကာ အမဲသားများကို မြောင်းမြမြို့အနှံ့ ဖြန့်ဖြူးရောင်းချနေကြပါသည်။

အမဲသားများရောင်းချနိုင်ရေးအတွက် အမဲပေါ်သည့်နေရာကို စိစစ်ရွေးချယ်ရသည်။ လူနေအိမ်ခြေ၊ ဘုရားဝတ္တကမြေ၊ ဘုန်းကြီးကျောင်းတို့နှင့်ဝေး

# အောင်မြင့်ထွန်း (မသုံးရသုံး)

နာ့ဂလူး



www.burmeseclassic.com

ရာအရပ်ကိုသာ သေသေချာချာစိစစ်၍ အများအယွင်းမရှိ အမဲသတ်ကုန်းမြေအဖြစ် သတ်မှတ်ရ၏။ ထို့ကြောင့် လူတို့နေထိုင်ရာအရပ်နှင့် သာသနာ့မြေတို့နှင့် လွတ်ကင်းရာ မြောင်းမြမြို့၏အရှေ့တောင်ဘက်ယွန်းယွန်း သစ်ပင်သစ်တောထူထပ်သည့်နေရာကို အမဲသတ်ကုန်းနေရာအဖြစ် ရွေးချယ်လိုက်ကြပါ၏။

၁၉၅၀ ပြည့်နှစ်လောက်တုန်းက ထိုနေရာသည် လူအများနေထိုင်ခြင်းမရှိ သစ်ပင်စုစုများသာကြီးစိုးနေပါ၏။ အမဲပေါ်ရန် အကောင်းဆုံးနေရာတည်း။ နွားသတ်သမားများလွတ်လွတ်လပ်လပ် အနှောင့်အယှက်ကင်းကင်းဖြင့် သူတစ်ပါးအသက်ကို စိမ်ပြေနပြေသတ်ဖြတ်၍ ရသည့် နေရာကောင်းဖြစ်နေပါတော့သည်။

အမဲသတ်လိုင်စင်ရရှိထားသူကို အရပ်သား မည်သူမျှတားပိုင်ခွင့်မရှိချေ။ ထိုအမဲကုန်းနေရာကား မြောင်းမြမြို့၏ အရှေ့တောင်ဘက် (၃) မိုင်ခန့်အကွာ ညောင်တောစုရွာ ဖြစ်ပါ၏။ ညောင်ပင်စုစု လေးငါးပင်ခန့်လည်း စုစုရုံးရုံးပေါက်နေကြပါသည်။ ညောင်ငုတ်တိုကြီးများကိုလည်း ဟိုနားတစ်ငုတ်၊ သည်နားတစ်ငုတ်တွေ့မြင်နေရသည်။ ထိုနေရာတွင် ထူးထူးခြားခြား ညောင်ပင်များစုနေသည်ကိုအစွဲပြု၍ ထိုနေရာကို ညောင်တောစုဟုသမုတ်ကြခြင်း ဖြစ်လေ၏။ ညောင်ပင်ပျိုတို့ ခက်လက်ဝေဆာနေကြပုံမှာ ကိုင်းအကျအနကောင်းသဖြင့် လှပသာယာနေမှုကြောင့် ရှုချင့်စဖွယ်ရှိနေပါ၏။

ထိုညောင်ပင်များအနီးတွင်တော့ ညောင်တောစုရွာသားတို့ကိုးကွယ်သော စေတီတစ်ဆူသည် သပ်ရပ်ကြည်ညိုဖွယ်ရာ အလွန်ကောင်းသည်။

ညောင်တောစုနှင့်ကိုက်သုံးရာခန့် အကွာအဝေးရှိ ကုန်းမြေထီးထီးနေရာသည်ကား နွားတို့၊ ကျွဲတို့ အမဲပေါ်ရာ အမဲသတ်ကုန်းပင် ဖြစ်ပါလေသတည်း။ ညောင်တောစုနှင့် အမဲသတ်ကုန်းကြားကို တောအုပ်တောတန်းလေးတစ်ခုက အကာအကွယ်ပြုပေးထားသည်။ညောင်တောစုအရပ်တွင် အမဲသတ်ကုန်းရှိသည်ကို မြောင်းမြမြို့သူမြို့သားအပေါင်းတို့သိရှိကြပါ၏။ မြို့သူမြို့သားတို့သည် ထိုအမင်္ဂလာအနိဋ္ဌာရုံတည်ရှိရာနေရာကို ရှောင်ကွင်းကြကုန်၏။ အမဲသတ်ကုန်းနေရာကား ကျွဲသွေး၊ နွားသွေးတို့ဖြင့် ရဲပဒေါင်းခတ်နေ၏။အရိုးအရွဲအရိုးအရင်းပုံကြီးမှာ အမဲညှီနံ့၊ အပုပ်နံ့တို့ဖြင့်လှိုင်နေ၏။ ထိုအညှီအပုပ်နံ့တို့ရောပြွမ်းနေသောအရိုးပုံကြီးကို ယင်မမဲရိုင်းကြီးများဝိုင်းအုံတွယ်လျက်စားသောက်နေကြ၏။ လေပြင်းတိုးခြင်း၊ သစ်ကိုင်းကျိုးကျပါက ထိုယင်အုံကြီးလန့်ဖျပ်ကာ ဝုန်းခနဲထပျံလေ့ရှိကြရာ ထိတ်လန့်စရာနေရာလည်းဖြစ်နေပါ၏။

မြောင်းမြမြို့တွင် အမဲသတ်လိုင်စင်ရသူကား လူကြမ်းစရိုက်ကြမ်း ညာတာမှုကင်းမဲ့သည့် သူတစ်ပါးအသက်သတ်ဖြတ်ရာတွင်ရက်စက်ကြမ်းကြုတ်လွန်းသူ နာဂလူးတစ်ယောက်လည်း အပါအဝင်ဖြစ်ပါသည်။ သူသည် မည်းကျုတ်သောအသားအရေရှိ၏။ ပုံဆိုးပန်းဆိုးမျက်နှာကြီးမှာမေးရိုးကြီးငေါထွက်နေ၏။ခြောက်သယောင်းနေသော နီကြင်ကြင်လိမ်ကောက်ကောက်တစ်ထွာကျော်ခန့်ရှိဆံရှည်ကြီးနှင့်ဖြစ်၏။ မျက်လုံးအရောင်မှာအနီရောင်စွက်၏။ နှာရောင်ကောက်၏။ သူသည် ကွမ်းယာမပြတ်စားလွန်းသောကြောင့် သူ၏သွားများ ရှားစေးရောင်ပေါက်နေ၏။ အရပ်ရှည်ကာ ခါးရိုးရှည်သဖြင့် သူ၏ဟန်ပန်က ကုပ်ကိုင်းကိုင်းကြီးဖြစ်နေပါသည်။

နွားသတ်ကျွဲသတ်ရက်စက်ကြမ်းကြုတ်သူ နာဂလူးသည် ဗလတောင့်၏။ လက်မောင်းသားမည်းမည်းကြီးတို့မှာ အကြောပြိုင်းပြိုင်းထကုန်၏။ သူ အမဲပေါ်ရာတွင် ကိုင်ဆောင်သော ဓားကောက်ကြီးမှာ လက်တစ်ဝါးသာသာ ဖြက်ကျယ်သော ဂါရခါးဓားအမျိုးအစား ဖြစ်၏။ သူသည် သူ၏ဓားကို နေ့စဉ်အမြဲမပြတ်သွေးထားလေ့ရှိသည်။ ထိုဂေါ်ရခါးဓားကြီးမှာ ပြောင်လက်နေပြီး မြည့်နေအောင်ထက်လေ၏။ သူ၏ ဓားထက်ထက်ဖြင့် အမဲကောင်၏ လည်ပင်းကို တစ်ချက်တည်းဖြင့် ခုတ်ပိုင်းဖြတ်နိုင်စွမ်းရှိသူတည်း။

နာဂလူးသည် ထိုစဉ်က မြောင်းမြမြို့ရှိ လူဦးရေအမျိုးအစားအလိုက် အမဲစားသုံးသူအရေအတွက်ပေါ်မူတည်၍ တစ်နေ့လျှင် ကောင်ရေ (၃) ကောင်မှ (၅)ကောင်အထိအမဲပေါ်ရလေ၏။ အမဲပေါ်ရန် တပည့်တပန်းလေးငါးယောက်ထားရှိ၏။ အမဲပေါ်သည့် တပည့်များထဲမှ ခေါင်းဆောင်မှာ မန်းလက်တိုဖြစ်၏။ မန်းလက်တိုသည် လက်ယဉ်၏။ လက်လျင်၏။ အမဲပေါ်ရာတွင် သွက်လက်ဖျတ်လတ်သူတည်း။ မန်းလက်တိုကား နာဂလူး၏လက်စွဲတပည့်ရင်းညာလက်ရုံးကြီးတစ်ယောက်ဖြစ်ပါတော့၏။

နာဂလူးသည် အမဲသားများကို လိုင်စင်(ငယ်)များကိုင်ဆောင်ထားသူဖောက်သည်များထံသို့ နေ့စဉ်လုံလောက်စွာပို့ပေးရသည်။နာဂလူးသည် အမဲပေါ်ရာတွင် တပည့်များကိုခိုင်းထားသော်လည်း သူကိုယ်တိုင်အမဲပေါ်ရမှ ကျေနပ်သူပါတကား။ အမဲပေါ်ရမှ ပျော်ရွှင်နေသူပါတည်း။

သူသည် အမဲပေါ်သည့်အခါတိုင်း အရက်ကို တဝသောက်၏။ သူသည် မူးမူးဖြင့် ဂေါ်ရခါးဓားကြီးကိုကိုင်မြှောက်လျက် ခြေကွေးလက်ကွေးကတတ်သူဖြစ်ပါ၏။ အမဲသတ်ကုန်းမြက်ခင်းပြင်၌ နာဂလူး ကွေးနေအောင်ကသည့်အခါနေရောင်အောက်မှ ဂေါ်ရခါးဓားကြီးသည် အရောင်တလက်လက်တောက်ပနေသည်။သူကပြီဆိုလျှင် အမဲပေါ်တော့မည်ဖြစ်ကြောင်းသိနိုင်၏။ သွက်လက်စွာကွေးနေအောင်က၍အမဲပေါ်တတ်သည်မှာ သူ၏ဝါသနာဖြစ်ပါ၏။

အမဲသားဆိုင်များကို စီမံအုပ်ချုပ်နေသူကား လူဘီလူးကြီး၏ ကတော် ဒေါ်နာဂလူးဖြစ်ပါသည်။ သူမ၏အမည်ရင်းကို မည်သူမျှမသိရှိကြပါ။ သူမ၏ယောကျ်ား နာဂလူးကိုအစွဲပြု၍ သူမကိုလည်း ဒေါ်နာဂလူးဟုသာ ကင်ပွန်းတပ်ကြလေကုန်၏။ သူတို့လင်မယားသည် ရှေ့သွားနောက်လိုက်ညီကာ အမဲလိုင်စင်ကို နှစ်စဉ် စျေးအမြင့်ဆုံးပေးဝယ်၏။ သူတို့သည် အမဲပေါ်ရောင်းချခြင်းဖြင့် ရွှေရောင်စိန်ရောင်တဖိတ်ဖိတ်တောက်ပလင်းလက်ကာ ကြီးပွားချမ်းသာလျက်ရှိကြကုန်၏။

■

နွားသတ်ကုန်းနှင့်တစ်မိုင်မရှိတရှိ အကွာအဝေးမှာ စမ်းချောက်ဆိုသော ရွာကလေး အေးငြိမ်းသာယာစွာတည်ရှိနေ၏။ ထိုရွာတွင် ကျောင်းဆရာကြီးတစ်ဦးပိုင်ဆိုင်သောခြံကြီးတစ်ခုရှိသည်။ ခြံဝန်းကျယ်ကြီးဖြစ်ပါသည်။ ဥယျာဉ်သီးစားပင်များစိုက်ပျိုးထား၏။ ထိုခြံကို ဆရာကြီးခြံဟု လူသိများလေ၏။

ထိုကျောင်းဆရာပုဂ္ဂိုလ်ကြီးသည် သူပိုင်ခြံကြီးသို့ ရံဖန်ရံခါလာလေ့ရှိပါသည်။ အပျင်းပြေလာလည်ခြင်းမဟုတ်ပါ။ ထိုခြံကြီးသည် အေးချမ်းဆိတ်ငြိမ်လှရှိ၏။ ဆရာကြီးသည် ထိုခြံကြီးသို့ရောက်သည့်အခါတိုင်း တရားထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

[ပ]တ်းစိပ်၏။ ဆရာကြီးသည် သူ၏ခြံကို စောင့်ရှောက်ရန် ခြံစောင့်သုံးယောက်အားရှိပါသည်။ ခြံစောင့်တပည့်သုံးယောက်တို့သည် ဆရာကြီးကို ချစ်ကြောက်ရိုသေလေးစားသမှုရှိကြကုန်၏။ သူ၏ စကားကို တစ်သဝေမတိမ်းလိုက်နာကြကုန်သော တပည့်သုံးယောက်ကိုလည်း ဆရာကြီးကချစ်ခင်သမှုရှိလေ၏။

မေတ္တာမှန်လျှင် အသွားအပြန်ရှိသည်မဟုတ်တဲ့လော။

ဆရာကြီး၏ တပည့်သုံးယောက်တို့သည် သူတို့ကျွမ်းကျင်ရာ ဝါသနာတစ်မျိုးစီရှိကြလေကုန်၏။ လူတစ်ကိုယ်အကြိုက်တစ်မျိုး တစ်ယောက်တစ်မျိုးစီဝါသနာထုံကြသည်မှာ ဤသို့ဖြစ်၏။ တစ်ယောက်သောတပည့်၏ အမည်မှာ ကိုမြင့်ဟုအမည်တွင်၏။ သူသည် ဂီတသမားဖြစ်သည်။ စာတိုပေစကဗျာသက်ာ စသည်အားဖြင့်လည်း ရေးဖွဲ့သီကုံးတတ်လေသည်။ သူ၏အဓိကဝါသနာကား တူရိယာတီးမှုတ်သီဆိုခြင်းဖြစ်၏။ နောက်တစ်ယောက်မှာ ဘိုးသိန်းဟုခေါ်ပါသည်။ သူကား အရပ်ကဇာတ်ဒါရိုက်တာတစ်ဦးဖြစ်လေ၏။ ပြဇာတ်များ တီထွင်ဖန်တီးအသက်သွင်းနိုင်သူတည်း။ နောက်ဆုံးတစ်ယောက်မှာ ဘိုးသိန်း၏ပြဇာတ်လက်စွဲတော် လူကြမ်းခင်းသား ထွန်းဘော်ဆိုသူတည်း။

သူတို့အဖွဲ့၏အရပ်ဇာတ်ကို အနီးဝန်းကျင်ရွာများက နှစ်သက်ကြကုန်၏။

ထိုခြံကြီးထဲတွင် ခြံစောင့်ရဲသုံးဘော်တို့ ညီညွတ်ပျော်ရွှင်စွာနေထိုင်ကြပါသည်။ ရဲသုံးဘော်တို့ တူညီသောအချက်သည်ကား ညီညီညွတ်ညွတ်ဖြင့် သမကာသုံးစွဲခြင်းတည်း။ ပုလင်းတူဘူးစိမ့်များဟု ရွာသားတို့က ချစ်စနိုးဆိုကြလေကုန်၏။

ရဲသုံးဘော်တို့သည် အနုပညာရှင်များဖြစ်ကြသည့်အလျောက် ထုံးစံအတိုင်း အသောက်အစားကို နှစ်သက်ခုံမင်ကြပါသည်။ သူတို့သည် အရက်ရှိလျှင် အရက်၊ အရက်မရှိလျှင် ကိုမင်းဒင်ထန်းတောကို သတိတရရှိကြလေ၏။ ကိုမင်းဒင်၏ထန်းတောသည် မြောင်းမြမြို့ မြို့ပတ်လမ်း (အမြင်ပတ်လမ်း) တွင် အခြေတည်၏။ ကိုမင်းဒင်၏ထန်းရည်ကို သူတို့နှစ်သက်စွဲလမ်းကြကုန်လေ၏။ ကိုမင်းဒင်၏ ထန်းရည်သည် ငှက်ခါးတောင်ကျပြီး ချိုပြင်းဖြစ်ပါသည်။ ပုစွန်ဆိတ်ခုန်လေရကား ဤအချက်ကို သူတို့သတိတရရှိကြသည်။

ထို့ကြောင့် ကိုမင်းဒင်၏ထန်းရည်ကို သူတို့ရဲသုံးဘော် မမေ့ကြလေကုန်။

ရဲသုံးဘော်တို့သည် မူးမူးထွေထွေလေးဖြင့် တူရိယာတီးမှုတ်ကြ၏။ တေးသီချင်းကို မြူးမြူးကြွကြွသီဆိုကြ၏။ ခေတ်ဟောင်းဘိုင်စကုတ်မင်းသားကြီးခင်မောင်ရင်၏ တောသားကြီးသီချင်းကိုမှ ရွေးချယ်သီဆိုလေ့ရှိကြလေသည်။ ထိုအချိန်ထိုအခါမျိုးတွင် ထိုသီချင်းကိုသီဆိုလိုက်ရလျှင် ဈာန်အဝင်ဆုံးဖြစ်နေတော့သည်။ ဤလိုအချိန်မျိုး ကျားဝင်ဆွဲလျှင်တောင်သိမည်မဟုတ်ဆိုသောစကားမှာ သူတို့အတွက် ညွှန်းဆိုခဲ့လေရော့သလား။ အပီအပြင် ကခုန်သီဆိုနေကြသူများဖြစ်ကြလေကုန်သတည်း။ သူတို့သုံးယောက်တည်းဖြင့် ဆရာကြီး၏ခြံဝင်းကျယ်ကြီးထဲဝယ် အထူးစည်ကားလျက်ရှိနေပါတော့သည်။

■

ဆရာကြီးသည် သူ၏ခြံအတွင်း၌ သီးနှံပန်းမန်တို့ဖြင့် စိမ်းလန်းဝေဆာနေသည်ကိုတွေ့မြင်ရ၍ စိတ်ချမ်းသာရလေ၏။ ကိုမြင့်၊ ဘိုးသိန်း၊ ထွန်းဘော်တို့သုံးဦးစလုံး ခြံကြီးအတွင်း ပေါင်းသင်မြေဆွခြင်း၊ အပင်ငယ်လေးများကို ရေလောင်းခြင်း၊ သစ်ရွက်ကြွေတို့နှင့်တကွရှုပ်ထွေးနေသောအမှိုက်သရိုက်တို့အားရှင်းလင်းပေးခြင်းတို့ကို နေ့စဉ်မပျက်မကွက် ဆောင်ရွက်ထားကြပါသည်။ ထို့ကြောင့် ဆရာကြီး၏ ခြံဝင်းသည် သပ်ရပ်သန့်ရှင်းလျက် လှပနေပါတော့သည်။ အေးချမ်းသာယာမှုလည်းရှိလေသည်။

ဆရာကြီးသည် သူပိုင်ထိုခြံကြီးကို အသုံးချလျက် စီးပွားရေးလုပ်ငန်းဆောင်တာများလုပ်ဆောင်ခြင်းမရှိပါ။ ထိုခြံကြီး၌ တရားအားထုတ်ခြင်း၊ တရားရှုမှတ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းတို့အတွက်သာ ရည်ရွယ်ထားပါသည်။

နာဂလူးတို့လူစုသည် လူကြမ်းစိတ်ကြမ်းသူများဖြစ်လင့်ကစား အမဲသတ်ကုန်းနှင့် မနီးမဝေးရှိ ဆရာကြီး၏ခြံထဲမှ ဂီတတူရိယာတီးခတ်သံ၊ တေးသီချင်းကို ဌာန်ကရိုဏ်းကျကျ သီဆိုသံတို့ကိုလည်း နှစ်သက်မြတ်နိုးတတ်ကြသူများဖြစ်ကြကုန်၏။ ခြံကြီးထဲမှပျံ့လွင့်လာသောတီးမှုတ်သီဆိုသံတို့ကို နားအရသာခံစားကြလေကုန်၏။ အမဲကောင်ကြီးများကို သတ်ဖြတ်နေကြပါသော်လည်း အနုပညာမာတ်ခံလေးများရှိကြလေ၏။ အနုပညာခံစားမှုနှင့်မစိမ်းပါ။ နာဂလူးတို့အဖွဲ့က ထိုခြံကြီးထဲမှ တေးသံသာတို့ကို နှစ်သက်မြတ်နိုးလျက်ရှိကြပါသည်။

နာဂလူးတို့သည် အနယ်နယ်အရပ်ရပ်က နွားများ၊ ကျွဲများဝယ်ယူလာသည့်အခါ ကျွဲနွားများဆွဲလာရာတွင် ထိုခြံကြီးရှေ့မှ ဖြတ်ကျော်သွားလာရပါသည်။ ခြံကြီးရှေ့မှ ဖြတ်သွားဖြတ်လာနေကြစဉ်ခိုက် ခြံကြီးထဲမှ တီးမှုတ်သီဆိုနေကြသည်နှင့်ကြုံကြိုက်ပါက ဝင်ရောက်ကြည့်ရှုနားထောင်လေ့ရှိကြပါသည်။ ဤသို့ဖြင့် အမဲသတ်သမားနှင့် ဂီတသမားတို့ ခင်မင်နေကြလေကုန်၏။ ခင်မင်မှုရှိကြသည့်အလျောက် အမဲသတ်သမားတို့ အမဲပေါ်ပြီးသည်နှင့် အမဲကလီစာများကို အကောင်းဆုံး စိတ်ကြိုက်မွေးကြိုင်လာသည့်အထိချက်ပြုတ်ကြသည်။

အမဲသတ်သမားတို့သည် ဟင်းကျက်သည်နှင့် ဂီတသမားတို့ကို သွားရောက်ဖိတ်ခေါ်၏။ အကောင်းဆုံးဟင်းလျာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြုစုကြကုန်၏။

တစ်နေ့သောအခါဝယ် -

နာဂလူးတို့အဖွဲ့သည် နွားအဝယ်ထွက်လာကြပါသည်။ ရောင်းချမည့်ကျွဲနွားတို့ကိုအရပ်ဒေသနယ်အနှံ့လှည့်လည်ကာရှာဖွေကြ၏။ ထိုနေ့က နေချစ်ချစ်တောက်ပူပြင်းလေ၏။ နာဂလူးတို့အဖွဲ့သည် ယနေ့အဖို့ နွားသုံးကောင်ဝယ်ယူရရှိလာကြသည်။ ထိုနွားသုံးကောင်ကို နေပူပူထဲမှာ ကြမ်းတမ်းစွာဆွဲခေါ်လာကြသည်။ နွားများမောပန်းကာ အမြှုပ်တစီစီထွက်နေကြ၏။

ထိုနွားသုံးကောင်တို့အနက် နှစ်ကောင်မှာ နွားပျိုများဖြစ်ကြကုန်၏။ တစ်ကောင်သောနွားမှာမူကား ပဋိသန္ဓေလွယ်ထားရသည့်နွားမကြီးဖြစ်လေ၏။

နာဂလူးတို့အုပ်စုသည် ထိုနွားသုံးကောင်ကိုဆွဲခေါ်လာရင်း ဆရာကြီးခြံရှေ့သို့ ရောက်လာကြပါသည်။ ထိုအချိန်တွင် ခြံကြီးထဲ၌ ဆရာကြီးရောက်ရှိနေချိန်ဖြစ်နေပါသည်။ နွားဆွဲလာသူများမှာ နာဂလူးနှင့် သူ၏တပည့်ရင်းကြီးမန်းလက်တိုတို့ဖြစ်ကြသည်။ ဆရာကြီးခြံရှေ့တွင် ဆရာကြီး၏ တပည့်ကျော်ဘိုးသိန်းနှင့် မျက်နှာချင်းဆိုင်ဆုံမိကြသည်။ ဘိုးသိန်းသည် နာဂလူးတို့ကို နှုတ်ဆက်စကားဆိုပါ၏။ ခင်မင်စွာမိတ်ဆွေရင်းချာများဆုံတွေ့နေကြခိုက် ဆရာကြီးသည် ခြံထဲမှာ အညောင်းပြေလမ်းလျှောက်ရင်းမှ ခြံဝသို့ရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။

နာဂလူးနှင့် ဘိုးသိန်းတို့ စကားပြောဆိုနေကြသည်ကို ဆရာကြီးတွေ့ရလေ၏။

"ဟော့ကောင်ဘိုးသိန်း၊ မင်းတို့ဘာလုပ်နေကြတာလဲ"

"ကျွန်တော်တို့ ဒီမှာဘာမှမလုပ်ကြပါဘူး၊ စကားပြောနေကြတာပါ ဆရာကြီး"

ဆရာကြီးက နာဂလူးတို့ဘက်သို့ လှည့်၍ -

"မင်းတို့ကလည်း နွားတွေနဲ့ ငါ့ခြံနားမှာရပ်မနေကြနဲ့ သွားကြ"

"ကျွန်တော်တို့ ခဏနားတာပါ ဆရာကြီး"

"မင်းတို့ကွာ၊ ဒီကိစ္စက ငါမပြောလိုက်ချင်ဘူး။ မင်းတို့စီးပွားရေးဆိုပေမယ့် ဒီနွားတွေဟာ သူတို့ပခုံးက မီးဟုန်းဟုန်းတောက်လောက်အောင် လူတွေကိုလုပ်ကျွေးနေကြတဲ့ သတ္တဝါတွေပါကွ။ ပြီးတော့လည်း လူတွေသောက်ရအောင် နို့ရည်လည်းပေးသေးတယ်ကွာ။ သနားစရာသတ္တဝါတွေပါ မောင်တို့ရာ"

နာဂလူးက ဆရာကြီးကိုပြန်ပြောသည်မှာ-

"ကျွန်တော်တို့က စီးပွားရေးလုပ်တာပဲ။ ကျွန်တော်တို့အလုပ် ကျွန်တော်တို့ဆက်လုပ်မှာပါ"

"အေး-ကောင်းပြီ၊ မင်းရဲ့စီးပွားရေးမှန်ပါတယ်။ ဒါပေမယ့်ကွာ မင်း ဒီနွားမကြီးကို သေသေချာချာကြည့်စမ်း၊ ဗိုက်ကြီးနဲ့ပါ။ သူက ကလေးလွယ်ထားရတာကွ။ ဒါကိုလည်း မင်းတို့သတ်မှာပဲ။ မင်းတို့ သူ့ကိုသတ်လိုက်ရင် နှစ်သက်သေရမှာကွ။ မင်းက နှစ်သက်သတ်တဲ့ကောင်ပဲကွာ။ အဖိုးရှုပဒေကိုပဲကြည့်လိုက်ဦး။ ရာဇဝတ်မှုကျူးလွန်တဲ့မိန်းမ ထောင်ကျရင် အဲဒီမိန်းမက ကိုယ်ဝန်နဲ့ဆိုပါတော့ကွာ။ ပြစ်ဒဏ်အရ သူ ထောင်နှစ်နှစ်အချခံရရင်တောင် သူက တစ်နှစ်ပဲထောင်အကျခံရတာယ်ကွ။ ပဋိသန္ဓေကို ညှာတာရမယ်ကွ။ ဒါကိုကော မင်းသိရဲ့လား။ ကိုင်းကွာ ငါပြောမယ်။ ဒီနွားတွေဘယ်လောက်တန်လဲ ငါဝယ်မယ်"

နာဂလူးက ခပ်ထေ့ထေ့ပြုံးရင်း-

"ကောင်းပါတယ်၊ ကောင်းပါတယ်"

ဆရာကြီးသည် မန်းလက်တိုဘက်သို့လှည့်ကာ -

"မင်းကလည်း မင်းကိုမင်းသေချာပြန်ဆန်းစစ်ကြည့်လိုက်ဦး၊ မင်းမှာလက်တစ်ဖက်ပဲရှိတယ်။ မင်းစဉ်းစားပေါ့ကွာ"

ဆရာကြီးက အထက်ပါအတိုင်း ပြောလိုက်သည်နှင့် မန်းလက်တိုက သဘောပေါက်လွယ်၏။ ဆရာကြီး၏ တစ်ခွန်းတည်းသော ထိုစကားတွင် အဓိပ္ပာယ်များစွာပါဝင်နေ၏။ ဆရာကြီး၏ ထိုစကားထဲတွင် တရားသဘောပါဝင်နေပါသည်။ ဆရာကြီး၏စကားကို နားလည်သဘောပေါက်သွားသူ မန်းလက်တိုသည် ဆရာကြီး၏စကားကြောင့် တုန်လှုပ်မိလေ၏။ တရားသဘောကို နားလည်လွယ်သူသည် တရားနှင့်ယဉ်ပါးလာသူဖြစ်ပါ၏။

ဆရာကြီးက နွားအရောင်းအဝယ်ကိစ္စ နာဂလူးနှင့်ဈေးညှိကြသည်။ နွားသုံးကောင်ရောင်းဈေးကို ဆရာကြီးက နာဂလူး၏ ညှိနှိုင်းဈေးအတိုင်း သဘောတူလိုက်၏။ ဆရာကြီးက သုံးကောင်စလုံးဝယ်ယူလိုက်၏။ နာဂလူးသည် နွားကိုသတ်စရာမလိုတော့ဘဲ ငွေစရှင်သွားပါတော့သည်။ အရောင်းအဝယ်ငွေရှင်းပြီးသည်နှင့် နာဂလူးတို့ဆရာတပည့်နှစ်ယောက်သည် ကိုမင်းဒင်ထန်းတောသို့ ထွက်လာခဲ့ကြပါသည်။ ကိုမင်းဒင်၏ထန်းတဲ၌ စားသောက်ရင်းအောင်ပွဲခံကြလေ၏။ ကိုမင်းဒင်၏ ထန်းရည်နှင့် ချိုးကြော်သည် လိုက်ဖက်ညီသောစားစရာနှင့်သောက်စရာအတွဲ ဖြစ်ပါတော့သည်။

သူတို့နှစ်ယောက် သောက်စားမူးယစ်၍ဝတော့မှ အမဲသတ်ကုန်းသို့ ပြန်ခဲ့ကြသည်။

■

အထက်ပါကိစ္စရပ်များဖြစ်ပွားပြီး တစ်လကျော်ကျော်ခန့်လောက်ကြာပြီးနောက် -

နာဂလူးသည် သမ္မာန်ချိုင်မှ လယ်သမားတစ်ဦး၏ ဒဏ်ရာရကျွဲကြီးတစ်ကောင်ကို ဈေးချောင်ချောင်နှင့်ရလိုက်၍ အူမြူးလာ၏။ အမြတ်ကောင်းကောင်းရပေတော့မည်။ ကျွဲကြီးသည် ဒဏ်ရာရထားသည်မှလွဲ၍ အသားအရေကောင်း၏။ ဆူဖြိုး၏။ ထိုကျွဲကြီးကို ဆွဲခေါ်လာရာ ဆရာကြီးခြံရှေ့မှပင်ဖြတ်လာခဲ့၏။ ကျွဲကြီးမှာ လမ်းကောင်းစွာလျှောက်၍မရချေ။ အကြောင်းမှာ ထိုကျွဲကြီးသည် ကျွဲတိုက်ပွဲဝင်ခဲ့ရပြီး ထိုတိုက်ပွဲတွင် အခြားကျွဲတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် ပေါင်ကျိုးခဲ့ရ၏။ ကျွဲကြီးတစ်ကိုယ်လုံး အကွဲအပြဲဒဏ်ရာဗရပွနှင့်ဖြစ်သည်။ ကျွဲကြီးသည် အသက်ရှူမှားမတတ် ခြေလှမ်းကိုကြိုးစားလှမ်းနေရသည်။ ဆရာကြီး၏ခြံရှေ့အရောက် ကျွဲကြီးသည် သူ၏ခြေထောက်များ ရှေ့ဆက်လှမ်း၍မရတော့ပါ။ ရပ်တန့်သွားသည့်အဖြစ်သို့ ရောက်တော့သည်။ ကျွဲကြီးသည် မဟန်နိုင်တော့ဘဲ မြေပြင်ထက်သို့ ဗုန်းဗုန်းလဲကျလေ၏။

နာဂလူးသည် ကျွဲကြီးကို အမဲသတ်ကုန်းသို့ ဆက်လက်ဆွဲသွား၍မရတော့ပါ။ ထိုအခါ နာဂလူးသည် သူ၏ တပည့်များကိုသာသွား၍ခေါ် ဆောင်လာခဲ့သည်။ သူတို့အုပ်စုသည် ကျွဲကြီးကိုဆွဲခေါ်မရသည့်အဆုံး ကျွဲကြီးကို ဆရာကြီးခြံထဲသို့ ဆွဲခေါ်သွင်းလာခဲ့၏။ ဆရာကြီးခြံထဲ၌ပင် မသေမရှင်ဇာတ်သိမ်းရရှာသော ကျွဲကြီးကို အမဲဖျက်နေကြသည်။ ထိုဖြစ်စဉ်ကို ဘိုးသိန်းမြင်ရလေသောအခါ များစွာစိုးရိမ်ပူပန်မိလေ၏။

"ဆရာကြီးသာသိရင်တော့ ငါလည်း ဒီခြံထဲကပြေးရတော့မယ်ထင်တယ်"

ဘိုးသိန်း စိုးရိမ်စိတ်လှုပ်ရှားနေဆဲ ဘိုးသိန်းကံမကောင်းပါ။ ဆရာကြီးသည် အချိန်ကိုက်ထားသည့်အလား ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတော့သည်။ ဆရာကြီးသည် သူ၏ခြံထဲမှာ အရိုးပုံ၊ ကျွဲခေါင်းပြတ်၊ ကျွဲသားရေပြားနှင့် အမဲသားပုံကြီး မြေပြင်မှာ ရဲရဲနီစွေးလျက်ရှိသည်တို့ကို မြင်လိုက်ရသည်နှင့် -

"ဟော့ကောင် နာဂလူး၊ မင်းတို့ဘယ်လိုလုပ်လိုက်တာလဲကွာ။ အသိပညာမဲ့ မိုက်မဲလွန်းတဲ့ လူမိုက်တွေပါလားကွာ"

"ကျုပ်တို့လည်း ဒီကျွဲကြီးကိုဆွဲမရတော့လို့ ဒီနေရာမှာပဲပေါ် လိုက်ရတယ်ဗျာ"

နာဂလူးက ဆရာကြီးကို အကျိုးအကြောင်းရှင်းပြပါသည်။ နာဂလူးစကားဆုံးသည်နှင့် ဆရာကြီးသည် နာဂလူးတို့လူစုကို နှင်ထုတ်တော့၏။ သူတို့ထွက်ခွာမသွားမီ ဆရာကြီးက မန်းလက်တိုကို -

"မင်းနဲ့ကြုံတာနှစ်ခါရှိပြီ။ သန္ဓေသားပါတဲ့ နွားသုံးကောင်တုန်းကလည်း မင်းပဲ။ အခုလည်း ပေါင်ကျိုးနေတဲ့ကျွဲကြီးကိုလုပ်လိုက်ပြန်ပြီ။ မင်းကိုယ်ချင်းစာဖို့ကောင်းတယ်ကွာ။ တို့တွေဟာ ဒုက္ခရောက်နေတဲ့သတ္တဝါတွေတွေ့ရင် ညှာ[illegible]ထုံးစံသာရှိတာပါကွာ။ အခု[illegible]ပေါင်ကျိုး

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ရှိလ်ကို ထပ်လုပ်ပြန်တယ်။ မင်းတို့ကောင်းတဲ့လမ်းကိုရောက်ကြပါဦးမလား ကွာ။ အထူးသဖြင့် မန်းလက်တို၊ မင်းပို ပြီးအသိရှိဖို့ကောင်းတယ်ကွ။ မုဆိုးလိုက်တဲ့သားကောင်ဟာ ရဟန်းသံဃာတို့ရဲ့ သာသနာ့နယ်မြေရောက်ရင် မုဆိုးက လိုက်ခွင့်မရှိတော့ဘူးကွ။

ဒီသားကောင်ကို ချမ်းသာပေးရမယ်။ ဒုက္ခသည်ကို ကယ်မကောင်းပါဘယ်ကွာ။ မင်းတို့မှတ်ထားလိုက်ကြပေတော့။ နောင်ကို ငါ့ခြံထဲ ဘယ်တော့မှ မလာကြနဲ့။ ဘိုးသိန်း၊ နောက်ဒါမျိုးတွေ့ရင် မင်းလည်း ငါ့ခြံထဲမနေနဲ့တော့။ အခု ဒီခြံကိုလုံခြုံအောင်ကာစမ်းကွာ။ နွားဝက်ဆွဲလာတာတွေမမြင်ချင်ဘူး။ ခြံကာ ရေတိတ်ဘယ်လောက်ကုန်ကုန်ငါအကုန်ခံလိုက်မယ်။ ခြံသာလုံခြုံပါစေကွာ။ မင်း ဒီခြံကို သေသေချာချာလုံခြုံအောင်ကာထားပေတော့"

ဆရာကြီးသည် ကျွဲ၏ဖြစ်အင်ကို မမြင်ချင်တော့ပါ။ နာဂလူးတို့လူစုကိုလည်းရှုံ၏။ ဆရာကြီးသည် ထိုနေရာမှ ချာခနဲလှည့်ထွက်သွားပါတော့သည်။

ဆရာကြီး၏ အမိန့်ဩဇာသက်ရောက်ပြင်းထန်လေ၏။ ဆရာကြီး၏ အမိန့်ဩဇာကို ဘိုးသိန်းမလွန်ဆန်ရဲပါ။ ဘိုးသိန်းလည်း ဆရာကြီးကိုကြည့်၍ အလွန်ပင် ကြောက်ရွံ့သွားလေတော့၏။ ဆရာကြီး၏အပြောကိုခံလိုက်ရပြီဖြစ်၍ သူ့ခမျာ မျက်နှာငယ်လေးဖြင့်ကျန်ခဲ့ရှာသည်။ ထိုအချိန်မှစ၍ နာဂလူးသည်လည်း ဆရာကြီးကို စိတ်နာသွားပါတော့သည်။ နာဂလူးတို့အဖွဲ့သည် ဆရာကြီး၏ခြံနှင့်ကူးလူးဆက်ဆံမှုမပြုကြတော့ပါ။ ဆရာကြီး၏ခြံနှင့် ကင်းကင်းရှင်းရှင်းနေသွားကြပါတော့သည်။ ဆရာကြီး၏ခြံအတွင်းမှာ အရပ်ဇာတ်ကနေလျှင်လည်း ဝင်ရောက်ကြည့်ရှုခြင်းမပြုကြတော့ပေ။ အမဲသတ်သမားအဖွဲ့နှင့်ဂီတသမားအဖွဲ့တို့ဇာတ်လမ်း ဤတွင်ပြတ်စဲလေ၏။

နာဂလူးကား သူ၏ စီးပွားရေးလုပ်ငန်းကြီးကို လုပ်မြဲဆက်လုပ်၏။ အကုသိုလ်ဆိုတာ ချိုနဲ့လားဆိုရမလောက် အကုသိုလ်ကို သူတို့ကြောက်ရွံ့ရကောင်းမှန်းမသိကြချေ။ အမှောင်လမ်းကို လျှောက်လှမ်းနေကြသူများ သူတို့၏ အကုသိုလ်အမှောင် နက်ရှိုင်းသည်ထက် ပိုမိုနက်ရှိုင်းလာခဲ့ပါတော့သည်။ သူ၏ လုပ်ငန်းကိုလည်း ပိုမိုချဲ့ထွင်ကျယ်ပြန့်လာနေပါသည်။ နာဂလူးတို့ ပိုမိုချမ်းသာသည်ထက် ချမ်းသာလာကြသည်။

နာဂလူးသည် အမဲကောင်ပေါ်တော့မည်ဆိုလျှင် အရက်ကိုမူးနေအောင်သောက်၏။ မူးပြီဆိုသည်နှင့် သူသည် ဓားကြီးကိုင်ကာ က,လေတော့သည်။ သူသည် အမြဲပျော်ရွှင်နေသူတည်း။ နာဂလူးက ဂေါ်ရခါးဓားကောက်ကြီးကို ကိုင်ကာ အမဲလည်ဖြတ်မည့်နေရာမှာ အသင့်စောင့်နေ၏။ အမဲပေါ်မည့်နွားကို သူ၏အနီးသို့ ဆွဲခေါ်လာစေသည်။ တပည့်အလိမ္မာများကလည်း ဆရာ့အလိုကျ အမိန့်နာခံလျက် လှုပ်ရှားကြကုန်၏။

နွားတစ်ဖက်တစ်ချက်မှကြိုးများဖြင့်ထိန်းကာ ရုန်းကန်နေသောနွားကို အတင်းအဓမ္မဖုတ်ဆွဲခေါ်ကြ၏။အသက်ဘေးကြောက်ရွံ့ရှာသော နွားသတ္တဝါသည် ရှေ့ခွာကိုယက်ရင်း အပြင်းအထန်ရုန်း၏။ ရုန်းရလွန်း၍ ရှေ့ခွာနှစ်ဖက်ကွေးညွှတ်ကျသွား၏။ နာဂလူးသည် ရုန်းနေသောနွား၏ယခုပုံစံအနေအထားကိုကြိုက်၏။ အမဲကောင်သည် သူ့ရှေ့မှာလည်စင်းပေးနေသည်မဟုတ်ပါလော။ နာဂလူးသည် ဓားကောက်ကြီးကို စုံကိုင်မြှောက်လိုက်၏။ နွားလည်ကုပ်ကို သေချာချိန်ရွယ်၍ တိခနဲဖြတ်ချလိုက်တော့သည်။

နွားလည်ပင်းမှသွေးများဒလဟော ပန်းထွက်လာပါသည်။ နွားသတ်ကုန်းမှာ သွေးချောင်းစီးလေသည်။ နာဂလူးသည် ကျွမ်းကျင်သော နွားသတ်သမားကြီးတစ်ယောက်ဖြစ်လေတော့သည်တကား။

■

ဆရာကြီးသည် တပည့်ဘိုးသိန်းအား ကြည့်ရှုသောအားဖြင့် နာဂလူးတို့ထံမှဝယ်ထားသော နွားသုံးကောင်ကို ဘိုးသိန်းအားပေးလိုက်၏။ ဘိုးသိန်း၏ အနေအထိုင်ကိုသဘောကျသောဆရာကြီးသည် ဘိုးသိန်းလုပ်ကိုင်စားရန် လယ်ကိုပါဝယ်ပေးထားပါသည်။ လယ်နှင့်နွားနှင့် လုပ်ကိုင်စားစေပါသည်။ ဘိုးသိန်းသည် ဆရာကြီး၏ ကျေးဇူးကြောင့် အလုပ်ကြိုးစားလုပ်ကိုင်ရာ ကြီးပွားတိုးတက်လာပါသည်။

ဆရာကြီး၏တပည့်သုံးယောက်တို့၏စိတ်အရှိုင်းများလည်း ယဉ်ပါးစပြုလာခဲ့ပါသည်။ သူတို့ဂီတပြဇာတ်အဖွဲ့သည် မူးမူးရူးရူးဇာတ်ထုပ်များကို ဦးစားပေးကပြခြင်းမပြုကြတော့ပါ။ လိမ္မာရေးခြားရှိစေမည့်ပြဇာတ်များကိုသာရွေးချယ်ကပြကြပါတော့သည်။ အနုပညာသမားတို့အဖွဲ့သည် သူတို့နေထိုင်ရာအနီးဝန်းကျင်ရှိ ဂျုံးဂျုံးကျ ညောင်တောစု စသည့်နယ်တစ်ခွင်၌ လှည့်လည်ကပြခဲ့ကြပါသည်။

အနုပညာသမားအဖွဲ့ကား လူ့ယဉ်ကျေးလေးများအဖြစ် ပြောင်းလဲလာကြသည်။ ဆရာကြီး၏ ဆိုဆုံးမမှုလမ်းညွှန်ပြသမှုတို့ကြောင့် အကျွတ်တရားရကြလေကုန်၏။ ဤတွင် သူတို့အားလုံးအရက်၊ ထန်းရည်မှစ၍ မူးယစ်စေသည့်အရာများကို စွန့်လွှတ်လိုက်ကြလေကုန်၏။

တစ်ခုသောလရာသီကား ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် လောကတစ်ခွင်ကြည်လင်သာယာနေပါသည်။ ကဆုန်လရာသီဖြစ်လေရကား ညောင်ရေသွန်းပွဲတော်ချိန် နီးကပ်နေပြီမဟုတ်ပါလား။ ကဆုန်လပြည့်နေ့ကား ဗုဒ္ဓဘာသာမြန်မာတို့၏ နေ့ကြီးရက်ကြီးဖြစ်လေ၏။ ကဆုန်လပြည့်နေ့ အပါအဝင် နေ့ကြီးရက်ကြီးများတွင် အမဲ၊ ဝက် စသည့်သားကြီးငါးကြီးများပေါ်ခွင့်မရှိချေ။ မင်းမိန့်ထုတ်ပြန်ထားပြီးဖြစ်၏။

နာဂလူးသည် ကဆုန်လပြည့်နားနီးလေ အမဲသားအော်ဒါအမှာစာများပလူပျံနေအောင် လက်ခံရရှိနေသည်။ သူသည် နွားကောင်ရေတော်တော်များသတ်ဖြတ်ရမည်ဖြစ်လေ၏။ လပြည့်နေ့မတိုင်ခင် နွားများကို ကြိုတင်သတ်ရပါတော့သည်။ နွားကောင်ရေများသောကြောင့် နာဂလူးသည် တပည့်များကိုစိတ်မချဖြစ်နေ၏။ ထို့ကြောင့်ပင် ယနေ့အဖို့ နာဂလူးကိုယ်တိုင် နွားတစ်ကောင်ချင်းလည်လှီးလျက်ရှိနေပါသည်။ မွန်းလွဲပိုင်းအထိ အော်ဒါမှာထားသော နွားကောင်ရေမပြည့်မီသေးချေ။

ယခု အလှည့်ကျလည်လှီးရမည့်နွားသည် ဇီးရင့်နေသောနွားမကြီးဖြစ်လေ၏။

ထိုနွားမကြီးပေါ်ရန် ဆရာ့အလိုကျ တပည့်များက ပြင်ဆင်ပေးလေ၏။ နွားပေါ်ရသည့်အချိန်မှာလည်း နေနည်းလာပြီဖြစ်ပါ၏။ နေလုံးကြီးပင် နီနီရဲရဲအရောင်သို့ပင် ပြောင်းလဲသွားလေပြီ။ မကြာမီ နေဝင်တော့မည်။

နာဂလူးသည် ခြေကုန်လက်ပန်းကျလာပြီ ဖြစ်၏။ နွမ်းနယ်မှုများပြေပျောက်စေရန် အရက်တစ်လုံး ထပ်မံ၍ သောက်လိုက်ပြန်၏။

နွားမကြီးသည် ခြေလက်များကြိုးတုပ်ခံထားရပြီး အသက်ခံရတော့မည်ကို

www.burmeseclassic.com

www.burmeseclassic.com

သိနေ၏။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မျက်ရည်တွေတွေကျဆင်းနေရှာသည်။ ဤမျက်ရည်တို့သည် သူ့အတွက်ကျဆင်းနေခြင်းတော့မဟုတ်ပါလေ။ လောက၏ အလင်းရောင်ကိုသော်မျှ မမြင်ရရှာသေးသော သူမ၏ရင်သွေးငယ်အတွက် ပူပင်သောကမျက်ရည်ပူများဖြစ်ပါလေ၏။ ဪ-တိရစ္ဆာန်တို့၏မိခင်မေတ္တာသည်လည်း လူသားတို့၏ မိခင်မေတ္တာထက် နိမ့်ကျမည်မထင်ရက်ပါ။

ဇီးရင့်နွားမကြီးသည် သူမရင်သွေးငယ် အသက်ဘေးမှ လွတ်မြောက်ရေးအတွက် သူမအားအင်ရှိသလောက် လှံ့လဝီရိယရှိရှိရုန်းလေ၏။

“ဝမ်း. . . ဘဲ. . .”

သူမသည် အကူအညီရလိုရငြားဟစ်အော်၍ အကူအညီတောင်းခံရှာသည်။

နွားမကြီး ဖွတ်အတင်းရုန်းနေသော်လည်း သားသတ်သမားတို့က ပို၍ကြမ်းတမ်းစွာ သားသတ်ဘီလူးကြီးရှေ့အရောက် ခေါ်ဆောင်လာခဲ့ကြသည်။ လည်လှီးရန် အသင့်အနေအထားဖြစ်စေရန် ပြင်ဆင်ပေးကြကုန်၏။ နာဂလူးပင်ပန်းပြီးလက်အံသေနေပြီဖြစ်၍ သူ၏ဓားခုတ်ချက်သတ်မှတ်နေရာသို့မရောက်ခဲ့။ နွားမကြီးကိုတုပ်နှောင်ထားသောကြိုးတစ်ချောင်းပြတ်လေ၏။ ကျန်သောကြိုးတစ်ချောင်းကို နွားမကြီးက အားကုန်ရုန်း၍ဖြတ်၏။ ပြတ်၏။ နွားမကြီးလွတ်သွားလေတော့သည်။

နွားမကြီးသည် နွားသတ်ကုန်းမှ သေပြေးရှင်ပြေးပြေးတော့သည်။ ဤသားသတ်သမားတို့လက်မှ သူမလွတ်အောင်ပြေးနိုင်ပါမှ သူမ၏သားငယ်လေး အသက်ရှင်သန်ခွင့်ရမည် ဖြစ်ပါသည်။ သားသတ်သမားအုပ်စုကလည်း တုတ်များ၊ ဓားများဆွဲကာ နွားမကြီးနောက်သို့ ပြေးလွှားလိုက်ကြရတော့သည်။ နွားမကြီးပြေးသောလမ်းကား စေတီဖြူဖြူလေးရှိရာ ညောင်ပင်စုစုဆီသို့ ဦးတည်နေသည်။ နွားမကြီးသည် ညောင်ပင်အုပ်ထဲသို့ ပြေးဝင်သည်။ နောက်မှလိုက်လာကြသော သားသတ်သမားတို့ နွားမကြီးကိုမီလာသည်။ ပါလာသောတုတ်များဖြင့် နွားမကြီးကိုဝိုင်းအုံရိုက်နှက်ကြတော့သည်။ နွားမကြီးမချိမဆံ့အော်ရရှာသည်။ ညောင်ပင်များကြားမှ နွားမကြီးထွက်ခွာပြေးရပြန်ပါသည်။

သားသတ်သမားတို့လည်း တုတ်ဖြင့် အဆက်မပြတ်လိုက်ရိုက်ကြသည်။ နွားမကြီးကလည်း ရန်သူတို့နှင့်လွတ်ရာလွတ်ကြောင်း လှည့်ပတ်ပြေးလွှားရင်း ညောင်ပင်စုစုထဲသို့ပင် တစ်ဖန်ပြန်လည်၍ ပြေးလွှားဝင်ရောက်လာပြန်သည်။

ထိုသို့ နွားမကြီးကို လိုက်ရိုက်နေစဉ် မန်းလက်တို အသိစိတ်ထဲသို့ ဉာဏ်အလင်းရောင်တစ်ခုလင်းလက်ပေါ်ပေါက်လာခဲ့သည်။ သူ့ဦးနှောက်အသိဉာဏ်က အမှားနှင့် အမှန်ကို ခွဲခြားပေးလိုက်၏။ သူသတိရလိုက်သည်မှာ ဆရာကြီးက သူ့ကိုဟောပြောဆုံးမသံများ သူ၏နားထဲတွင် ကြားယောင်လာပါတော့သည်။ ပဋိသန္ဓေရှိနေသည့်သတ္တဝါကိုသတ်ရန် မသင့်နိုးပါတကား။ နှစ်သက်သေရချိမ့်မည် ဖြစ်လေ၏။ ယခုလည်း သူတစ်ပါးအသက်ကိုသတ်ရန်အလို့ငှာ သူလိုက်ရိုက်နေသည်မှာ ဇီးနှင့်နွားမကြီးဖြစ်နေ၏။ မန်းလက်တိုသည် အမှားနှင့်အမှန်ကို ခွဲခြားသိတတ်လာမှုကြောင့် ဇီးနှင့်နွားမကြီးကိုမသတ်ရန် နာဂလူးအား ဤသို့ပြောလေ၏။

“ဆရာနာဂလူး၊ ဇီးနဲ့နွားမကြီးကို မသတ်သင့်ဘူးဗျာ။ နှစ်သက်သတ်တာမျိုးမလုပ်ကောင်းပါဘူးဗျာ”

“မင်းကဆရာလား၊ ငါကဆရာလား။ မင်းက ငါ့စီးပွားရေးကိုတားရဲတယ်ပေါ့။ မင်းအတော်သတ္တိကောင်းလာပါလားကွဟေ မန်းလက်တို”

နာဂလူးက မန်းလက်တိုကို နွားမကြီးသတ်လိုဇောဖြင့် မာန်မဲဟိန်းဟောက်လိုက်ပါ၏။ လက်မရွံ့နွားသတ်သမားကြီးသည် သူတစ်ပါးအသက်ဟုမမြင်၊ ဝင်ငွေရရှိရေးကိုသာမြင်သူ ဖြစ်ပါ၏။ မန်းလက်တိုသည် သူ၏လက်တိုလေးကို သူပြန်ကြည့်မိသည်။ ထိုသို့ပြန်လည်ကြည့်ရင်းကပင် ဆရာကြီးပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်မိလာသည်။ မန်းလက်တိုက သူ့အမှားများကို နောင်တရလျက်ရှိနေသည်။

မန်းလက်တိုက ဇီးနှင့်နွားမကြီးကို မသတ်ရန် ဟန့်တားထားသည်ကို နာဂလူး၏ဒေါသများကောင်းကောင်းပေါက်ကွဲလေတော့၏။ သူ့ကို ဆရာလုပ်ရပ့်မလားဟု ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည်။ နွားမကြီးအပေါ်ထွက်နေဆဲဒေါသနှင့်ပေါင်းကာ နာဂလူးသည် မန်းလက်တိုကို အောက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်လိုက်ပါတော့၏။

“ဒီမယ် - လက်တို၊ မင်းအခုထွက်သွားစမ်းကွာ။ မင်းကိုအလုပ်ကထုတ်တယ်ကွာ။ မင်းသွားတော့ မင်းကို ငါ မမြင်ချင်ဘူး”

မန်းလက်တိုသည် ဆရာကြီးဆုံးမစကားကို လုံးဝသက်ဝင်ယုံကြည်ခဲ့ပါပြီ။ နာဂလူးတို့ထံ ဒူးထောက်အသနားခံစရာမလိုတော့ပြီ။ မန်းလက်တိုသည် သူတို့နှင့်မနေလိုတော့ပါ။ ဤနေရာမှချက်ချင်းထွက်ခွာသွားတော့သည်။ ဇီးနှင့်နွားမကြီး၏ မရှုမလှဖြစ်အင်ကိုလည်း မရှုမြင်ရက်လေပြီတကား။ မန်းလက်တိုသည် နွားမကြီးကိုလည်း မကယ်တင်နိုင်ခဲ့၍ စိတ်မကောင်းပါ။ စိတ်ထိခိုက်ရပါသည်။ မန်းလက်တိုသည် သူ၏ဆရာ နာဂလူးနှင့် ဤညောင်ညိုပင်စခန်းမှအပြီးအပိုင်လမ်းခွဲလိုက်လေ၏။

ဆရာနာဂလူးက မန်းလက်တိုကို အောက်ပါအတိုင်း အော်ပြောလိုက်ပါ၏။

“ဟေ့ကောင်၊ ဘုရားဖြစ်မယ့်ကျောက်ခဲ ဟား ဟား ဟား”

■

မန်းလက်တိုသည် ဆရာကြီး၏ ဆိုဆုံးမမှုကို နားလည်သဘောပေါက်ကာ အမှောင်ထဲမှရုန်းထွက်နိုင်ခဲ့သည်။ မန်းလက်တိုသည် ထိုအချိန်မှစ၍ နွားပေါ်သည့်အလုပ်ကို ရာသက်ပန်စွန့်လွှတ်ခဲ့ပြီး ဖြစ်ပါတော့၏။

နာဂလူးသည် မန်းလက်တိုကိုလည်း စိတ်ဆိုးဒေါသထွက်နေ၏။ နွားမကြီးကိုလည်း ထွက်ပြေးရကောင်းလားဟု အငြိုးအတေးဖြင့်အမျက်ထွက်ကာ မညှာမတာရိုက်နှက်၏။ နွားမကြီးခမျာ ကျောပေါ်ကျလာသောပြင်းထန်သည့် ရိုက်ချက်များကို ကျောကော့ခံရုံမှတစ်ပါး အခြားမရှိချေ။ နွားမကြီးကျစရာမျက်ရည်မရှိတော့ချေ။ သူမ၏ မျက်ဝန်းမှာ မျက်ရည်ခန်းလေပြီ။ ရင်သွေးငယ်အတွက် သူမဘာများတတ်နိုင်ဦးမည်နည်း။ သူမအည့်ခံရုံမှတစ်ပါး ဘာဆိုဘာမျှမတတ်နိုင်တော့ပါ။ သူတို့လက်ခုပ်ထဲကရေသွန်လိုသွန်မှောက်လိုမှောက်လုပ်ချင်ရာလုပ်ကြပါစေတော့။

ရိုက်ချက်ဒဏ်ပြင်းထန်လှပါဘိ။ နွားမကြီးခမျာ ဖွဲလျှော့ခြင်းတော့မဟုတ်ရပါ။ နွားမကြီးခမျာ အမှန်တကယ်ပင် လှုပ်၍မရတော့ပြီ။ ရက်စက်ကြမ်းကြုတ်သော သားသတ်သမားတို့၏လက်ဝယ် သူမ၏ကံကြမ္မာကိုပုံအပ်ရပါတော့သည်။ နာဂလူးသည် နွားမကြီးကိုအားရအောင် ရိုက်နှက်အပြီး သေသလိုဖြစ်နေသော မလှုပ်နိုင်သည့်နွားမကြီး၏လည်ပင်းကို

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပင်တွင် တင်းကျပ်စွာ ချည်နှောင်ထားလိုက်၏။ ထိုအချိန်တွင် ညောင်တောစုရွာသားအချို့ သူတို့အနီးသို့ရောက်ရှိလာကြပြီး–

"ဟေ့လူ ဒီမှာမလုပ်ပါနဲ့။ ဘုရားကျောင်းမှာသူတစ်ပါးအသက်မသတ်ကောင်းဘူး။ ခင်ဗျားဒုက္ခရောက်သွားလိမ့်မယ်"

"ဟေ့ကောင်တွေ မင်းတို့အရာမဟုတ်ဘူး လာမရှုပ်ကြနဲ့။ ငါ့မှာ သားသတ်လိုင်စင်ရှိတယ်ကွ။ မဆိုင်ရင်ဝင်မပါကြနဲ့။ မင်းတို့အသာလေးဘေးဖယ်နေကြစမ်းကွာ"

နှစ်ဦးနှစ်ဖက် အချေအတင်စကားများကြသည်။ ရွာသားတွေကလည်း အားမြစ်၏။ နာဂလူးလည်း မူးမူးရူးရူးနှင့် ဘီလူးစိတ်ဝင်နေပြီဖြစ်၏။ ရွာသားများက သူတို့ နှစ်စဉ် ညောင်ရေသွန်းနေသောညောင်ပင်ကို သွေးမစွန်းစေလိုပါ။ မြင့်မြတ်သောနေရာကို မညစ်နွမ်းစေလိုပါ။ ရွာသားများ ဘက်ပြိုင်အံတုနေရသူ၏ ဒဏ်သည် မျက်လုံးနီနီဖြင့် ဒေါသဆူဝေနေ၏။ အာဠာဝကဘီလူးကြမ်းကြီးထက် ပင်လျှင် ကြောက်စရာကောင်းနေလေပြီ။ သူတော်ကောင်းရွာသားတို့သည် သည်းခံ၍ ငြိမ်သက်သွားကြ၏။ဆိတ်ဆိတ်သာနေကြတော့၏။

နာဂလူးသည် နွားမကြီးလည်ပင်းကို ဓားကောက်ကြီးနှင့်ဖြတ်လျှင် သွေးများပန်းထွက်ကုန်လိမ့်မည်။ သို့ဖြစ်လျှင် ရွာသားတို့နှင့် ပဋိပက္ခထပ်မံဖြစ်ပွားနိုင်သည်။ ထို့ကြောင့် နာဂလူးသည် တပည့်တစ်ဦး၏လက်ထဲမှ ခြောက်ပေါင်တူကြီးကို ဆွဲယူလိုက်သည်။ သူကိုယ်တိုင် နွားမကြီး၏ ဦးခေါင်းကို ထုချေတော့မည်။ လက်ထဲမှ ခြောက်ပေါင်တူကြီးကို ချိန်ဆ၍မြှောက်လိုက်ပါ၏။ နွားမကြီးဦးခေါင်းငယ်ထိပ်ရှိရာနေရာကို ချိန်ရွယ်လျက် ပြင်းထန်စွာထုချလိုက်ပါတော့သည်။

"အွမ့်"

နွားမကြီးသည် ငယ်သံပါအောင် အော်ဟစ်ရှာသည်။ သူမခမျာ ပါးစပ်ဖြဲ လျက်လျှာထွက်ကာသွေးများယိုစီးကျလာသည်။ ခြေလက်များအကြောဆွဲနေ၏။ နာဂလူး၏တပည့်များက ထိုအသက်ပြင်းသော မသေ့တသေနွားမကြီးကို လည်ပင်းချည်ထားသောကြိုးစမှဆွဲကာ အမဲသတ်ကုန်းသို့ ဆွဲယူခဲ့ကြသည်။ နွားမကြီးသည် ခြေလက်ဆန့်ငင်ဆန့်ငင်ဖြင့်ပါသွားတော့သည်။

အမဲသတ်ကုန်းရောက်သောအခါ နာဂလူးသည် သူ၏ဓားကောက်ကြီးဖြင့် နွားမကြီး၏လည်ပင်းကို တိခနဲဖြတ်ချလိုက်ပါတော့သည်။ ခန္ဓာကိုယ်ကို အမဲဖျက်အရေခွံခွာ အသားများကိုလှီးထုတ်ယူ၏။ နွားမကြီး၏ဗိုက်ကိုခွဲလိုက်သည်။ မြေမနင်းသားနွားပေါက်လေးကိုဆွဲထုတ်ယူလိုက်သည်။ကြောင်အကြီးစားအရွယ်ခန့်ရှိလေ၏။ နွားသားပေါက်လေးကို ခုတ်ထစ်ကာ ရေနွေးကျိုက်ကျိုက်ဆူနေသော ဆန်နှစ်ပြည်ဆန့်ဒန်အိုးကြီးထဲ၌ ပြုတ်ထားလိုက်၏။ နွားသားပေါက်နုနု ထွတ်ထွတ်လေးမို့ သုပ်စားလျှင်ကောင်းမည်ဟု နာဂလူးတွေးမိ၏။ နာဂလူးက သူ၏တပည့်ကြီးတစ်ယောက်ကို –

"အဲဒီနွားသားပြုတ်ကို အရသာရှိရှိသုပ်ပေးစမ်း တပည့်ရာ။ ငါအရမ်းပင်ပန်းနေတယ်။ အရက်နှစ်ပုလင်းပါယူခဲ့ဟေ့။ အရက်နဲ့မြည်းကြမယ်ကွ။ မနက်ဖြန် ဆိုင်တွေကလည်းပိတ်ကြမှာဆိုတော့ မှာထားတဲ့အမဲသားတွေ ဒီနေ့အပြီးပို့လိုက်ကြပေတော့"

အချိန်မှာ မှောင်စပျိုးလာခဲ့ပြီဖြစ်ပါလေ၏။

နွားသားသုပ်ရန်တာဝန်ယူထားသူတပည့်ကြီးက နွားသားပေါက်အသားပြုတ်ကို အတုံးအတုံးလှီး၏။ ရှောက်သီးတစ်စိတ်ညှစ်ထည့်လိုက်သည်။ ရှောက်ရွက်နုနုကို သေးသေးမျှင်မျှင်လှီး၊ မိုးမျှော်ငရုတ်သီးစိမ်း ထက်ပိုင်းချိုး၊ ကြက်သွန်နီပါးပါးလှီးထည့်ကာ ချဉ်ချဉ်ငန်ငန်စပ်စပ်သုပ်လိုက်သည်။ နာဂလူး စိတ်ကြိုက်နှုတ်ခံတွင်းမြိန်စေရန် ချစ်တပည့်တို့က အားထုတ်ကြိုးပမ်းထားကြကုန်၏။ နာဂလူးတို့သည် နွားသားသုပ်ကို ပလုတ်ပလောင်းဝါး၏။ သူရာရည်များ သူတို့အာခံတွင်းမှာစိုစွတ်နေတော့သည်။ ယနေ့တစ်နေ့တာပင်ပန်းခဲ့သည်တို့ ပြေလျော့ကုန်၏။ အလုပ်အကိုင်ပြီးစီးခြင်းအထိမ်းအမှတ် အောင်ပွဲခံလိုက်ကြသည်။ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။တပည့်များသည် ဆရာ့ပုံစံအတိုင်း လိုက်၍ကခုန်နေကြသည်။

သူတို့အုပ်စု သောက်ရင်းစားရင်း ကခုန်နေကြရာမှ မမျှော်လင့်သောဖြစ်ရပ် ရှတ်တရက်ပေါ်ပေါက်လာသည်။

သူကား နာဂလူးဖြစ်၏။ သူတို့အုပ်စုထဲမှခွဲထွက်ကာ သွေးရူးသွေးတန်းပြေးတော့သည် ။ သူ၏ပါးစပ်မှလည်း အောက်ပါအတိုင်းအော်သွားသည်။

"လာပြီ လာပြီ ဖမ်းပြီကွ လိုက်ပြီကွ"

'လာပြီ' ဟုဆိုပါလား။ သူ့ကို မည်သူကခေါ်လေသနည်း။ မည်သူကဖမ်းလေသနည်း။ သူ့ကိုဖမ်းသူရှိ၍ လိုက်သွားရဟန်ရှိသည်။ နာဂလူးမည်သည့်အရပ်သို့ ပြေးလေသနည်း။ နာဂလူးပြေးနေသည်မှာ ညောင်ပင်စုစုရှိရာဆီသို့ဖြစ်သည်။ တပည့်များက သူ၏နောက်မှ ပြေးလိုက်လာကြ၏။အဖိတ်နေ့လရောင်အောက်မှာ လူတစ်စုတို့ပြေးလွှားနေကြပါလား။ လူသံများ၊ ရှုန်းရင်းဆန်ခတ်ဆူညံသံများကြောင့် ညောင်တောစုရွာသားတို့လည်း အထူးအဆန်းအဖြစ် မြင်တွေ့သွားကာ သူတို့လည်း အပြေးအလွှားလာရောက်ကြည့်ကြသည်။

ဘာဖြစ်မှန်းဘာကြောင့်မှန်းတော့ သူတို့မသိကြလေကုန်။ နာဂလူးတစ်ယောက် အသည်းအသန်ပြေးလွှားရင်း လဲကျသည့်အခါလဲကျ၏။ သူသည် ကုန်းရုန်းထသည်။ တစ်စုံတစ်ယောက်က ကြိုးနှင့်ဆွဲနေသည့်အလား ရပ်နေ၍မရ မရပ်မနားပြေးရပြန်သည်။ နာဂလူးသည် မြေပြင်ထက်မှာ လေးငါးဆယ်ပတ်လိမ့်သွားပြန်သည်။ ပြေးရင်းလဲရင်း ထရပ်ရင်း ပြေးနေရတော့သည်။ သူသည် နားရသည်မရှိ ပြေးနေရသောကြောင့် မောဟိုက်လာခဲ့သည်။

နာဂလူး ခြေလက်များလှုပ်ခတ်ကာ အကြောဆွဲနေ၏။ တပည့်များက နာဂလူးကိုဆွဲခေါ်ကြပါသည်။ နာဂလူးက ဝမ်းအွမ့်ဘဲဟုအော်မြည်ကာ တပည့်များလက်ထဲမှ ရုန်းကန်ထွက်ပြေးကာ ညောင်ပင်ကြီးဆီသို့ပြေးသည်။ လဲလိုက်ထလိုက်ဖြင့် နာဂလူးပြေးနေပုံမှာ သူ့ပင်ကိုအလျောက်ပြေးနေခြင်း မဟုတ်။ သူ့လည်ပင်းကို တစ်စုံတစ်ခုက အတင်းတရကြမ်းဆွဲခေါ်မှုကြောင့် လိုက်ပါနေရခြင်းဖြစ်ပုံရသည်။ သူသည် ညောင်ပင်ကြီးဆီသို့ပြေးသွားကာ သူ၏ဦးခေါင်းဖြင့် အရှိန်ပြင်းပြင်းပစ်ဆောင့်လိုက်၏။

"ဒုန်း"

"အူး . . ဝါး"

နာဂလူး စူးစူးဝါးဝါးအော်ဟစ်ရရှာလေ၏။

နာဂလူးမျက်နှာဖူးရောင်ပေါက်ပြဲကြလေကုန်၏။ မျက်နှာပြင်ထက်မှာ သွေးများစီးရွဲကုန်တော့သည်။ ညောင်ပင်နှင့်ခေါင်းဆောင့်ရလွန်းသဖြင့် နာဂလူး သတိလစ်သွားလေ၏။ တပည့်တစ်ယောက်က ဒေါ်နာဂလူးကိုပြေး၍ခေါ်လာသည်။ ဒေါ်နာဂလူးလည်း သွေးသံရဲရဲဖြင့်သတိလစ်နေသော နာဂလူးကို ကြည့်၍ စိတ်မကောင်းဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နာဂလူးက -

"ကဲကဲ - မင်းတို့ဆရာကိုသယ်လာကြစမ်းကွယ်"

သတိမေ့နေသော နာဂလူးခန္ဓာကိုယ်ကြီးကို တပည့်တပန်းတို့က အမဲသတ်ကုန်းသို့သယ်လာကြသည်။ ဂျုံးဂျုံးကျမှ ပယောဂဆရာကိုပင့်၍ကုသ၏။ မည်သို့မျှကု၍မရပါ။ စမ်းချောက်မှာ နာမည်ကြီးဆရာကို ထပ်မံပင့်ကြသည်။ နာမည်ကြီးပယောဂဆရာကြီးသည်ပင် လက်လျှော့ရသည့်အဖြစ်သို့ရောက်တော့၏။ နာဂလူးရောဂါသက်သာမလာတော့ပါ။ နာဂလူး၏မျက်လုံးကြီးကပြူးနေပြီး ရှန်းနေပါတော့သည်။

မည်သို့မျှကုသ၍မရတော့သော နာဂလူးကို ပယောဂဆရာတို့ကြောက်ရွံ့လာကြပြီး မျက်လုံးပြူးမျက်ဆန်ပြူးရှန်းကန်နေသူ နာဂလူးအနားသို့ပင် မည်သူမျှမကပ်ဝံ့ကြတော့ချေ။ မျက်လုံးပြူးပြူးကြီးနှင့် နာဂလူးခြေလက်များ မရပ်မနားအကြောဆွဲနေကြသည်။ မျက်လုံးကြီးမှာ မျက်နက်ဆန်လည်နေပုံမှာ မျက်နက်ဆန်ပျောက်သွားပြီး မျက်ဖြူလန်သွားလေ၏။

နာဂလူး နောက်ဆုံးအော်လိုက်သည်မှာ-

"ဝမ်း. . . ဘဲ. ."

ဟု ဝမ်းခေါင်းသံကြီးဖြင့် စူးစူးရှရှ မြည်တမ်းရင်း အသက်ဇီဝိန် ချုပ်ငြိမ်းရှာလေ၏။

ညကြီးမိုးချုပ် အကာလညဥ့်အခါ သွေးများပေကျံနေသော နာဂလူး၏ အလောင်းကို ရေမိုးချိုးသန့်စင်ပေးကြပြီး အလောင်းပြင်ဆင်ကြသည်။ နာဂလူး အလောင်းပြင်သူများ ထူးထူးခြားခြား တွေ့မြင်ကြရသည်မှာ နာဂလူး၏လည်ပင်းတွင် ကြိုးချည်ခံရသည့်အရာ၊ လက်နှစ်ဖက်တွင်လည်း ထို့အတူပင်။ နာဂလူး၏ကျောကုန်းတွင်ကား တုတ်နှင့်အရိုက်ခံရသည့်နှယ် သွေးခြည်ဥအရိုးရာများ ပြည့်နှက်နေသည်ကို အံ့သြတုန်လှုပ်ဖွယ် တွေ့လိုက်ကြရ၏။

ထိုကြိုးရာများ၊ အရိုးရာများတို့သည် မည်သို့ဖြစ်ပေါ်လာကြသနည်း။ ဒေါ်နာဂလူးနှင့် တပည့်အပေါင်းတို့ သက်ဆုံးတိုင်အဖြေရှာမရခဲ့သည့်ပဟေဠိ တစ်ပုဒ်ဖြစ်နေလေတော့သည်။

မန်းလက်တိုသည် ဆရာကြီး၏ ဆိုဆုံးမမှုအောက်ဝယ် အချိန်မီ သတိတရားရရှိခဲ့၍ လမ်းမှန်သို့ရောက်ရှိခဲ့ရသည်။ မန်းလက်တိုသည် နာဂလူးနှင့် လမ်းခွဲပြီး သူ၏နေရပ် တုံးလုံ့သို့ပြန်လည်နေထိုင်သည်။ မန်းလက်တိုသည် ဤသို့ တွေးမိလေ၏။

'ဟိုဘက်ခြံဝန်းကျယ်ကဆရာကြီး ဟောလိုက်တဲ့တရား ငါနာလိုက်ရလို့ ငါတော့လွတ်သွားရတယ်။ ဆရာကြီးနဲ့သာ မတွေ့လိုက်ရင် ဒီအကုသိုလ်ထဲ ငါပါသွားနိုင်ရောက်ပါကလား။ အခုတော့ ဆရာကြီးရဲ့ကျေးဇူးကြောင့် ဒီအမှောင်လမ်းက ငါလွတ်ရပေတော့တယ်။ ဪ - ဆရာကြီး၊ ဆရာကြီး ကျေးဇူးကြီးလှပါလား ဆရာကြီးရယ်။ ဆရာကြီးရဲ့ကျေးဇူးတွေကို ဒီတစ်သက်မကနောင် ဆယ်သက်အထိသတိရနေမှာဗျာ"

ဟု တွေးတောရင်း ဆရာကြီးကို ကျေးဇူးတင်ရပါသောကြောင့် ဆရာကြီးရှိရာအရပ်ဆီသို့ မန်းလက်တို လက်အုပ်ချီလျက် ဂါရဝပြုရှာသည်။

မန်းလက်တိုသည် ညာဘက်လက်မရှိပါ။ လက်ဖျံရိုးတိုတိုရှိရှိပြတ်ကာ လက်တိုနေရှာ၏။ မန်းလက်တို လက်ပြတ်နေရခြင်းမှာ ဤသို့ဖြစ်၏။ သူတို့တစ်ရွာလုံး ခားပြတိုက်ခံရစဉ်ကဖြစ်ပါသည်။ ခားပြများအုပ်စုတောင့်၏။ ငှက်ကြီးတောင်ဓားများဝင့်ကာ ရွာတွင်းသို့ ဝင်လာကြသည်။ မန်းလက်တိုသည် ဓားပြတို့ကို ဓားဓားချင်းတုံ့ပြန်တိုက်ခိုက်၏။ ငှက်ကြီးတောင်ဓားဖြင့်ပင် သူက ပြန်လည်ခုခံ၏။ မန်းလက်တိုသည် မျက်နှာချင်းဆိုင်မှဓားပြကို အာရုံရောက်နေစဉ် သူ၏နောက်မှဓားပြက သူ့ကိုဝင်ပိုင်းရာ သူ၏ညာလက်ဖျံရိုးပြတ်သွားပါတော့သည်။ ကံကောင်းထောက်မ၍ သူ အသက်မသေခဲ့ပါ။

ထိုအချိန်မှစ၍ သူ၏အမည် မန်းလက်တိုတွင်လေသတည်း။

■

အထက်ပါဖြစ်ရပ်မှန်ဇာတ်ကြောင်းပါ ဆရာကြီး၏ခြံဝန်းကျယ်ကြီးထဲမှ အနုပညာသမားသုံးဦးတို့သည် ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေကြပါသည်။

ဆရာကြီး၏ခြံထဲ၌ သီဆိုတီးမှုတ်ပြဇာတ်ကခဲ့ကြသည့် အရပ်ကဇာတ်ဒါရိုက်တာဘိုးသိန်းသည် လည်းကောင်း၊ ပြဇာတ်ထဲမှ လူကြမ်းမင်းသားကြီးထွန်းဘော်သည် လည်းကောင်း၊ အထက်ပါဇာတ်ကြောင်းမှကိုယ်တွေ့ဖြစ်ရပ်များကို ပြောပြပေးသည့်ခြံစောင့်ကြီးဦးမြင့်သည် လည်းကောင်း ယနေ့ထက်တိုင် ကျန်းမာစွာဖြင့်ရှိလျက်ပါ။

ယခုဆိုလျှင် သူတို့သုံးယောက်သည်လည်း အရွယ်ညောင်းခဲ့လေပြီ။ သူတို့၏အသက်အရွယ်များအိုမင်းကာ အသက် (၈၀) ကျော် (၉၀) အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်ကြလေကုန်၏။

တစ်နေ့သ၌ ယခင်က ဆရာကြီး၏ ခြံစောင့်တာဝန်ယူခဲ့သူ ဦးမြင့်သည် နံနက်စောစောအချိန် ကျွန်ုပ်၏ နေအိမ်သို့ အလည်အပတ်ရောက်ရှိလာခဲ့ပါ၏။ ကျွန်ုပ်နှင့် ဦးမြင့်တို့ အကြမ်းတစ်အိုးတွင် အခါးရည်စွက်လျက် လက်ဖက်ရည်ကြမ်း သုံးဆောင်ကြရင်း အထက်ပါသူ၏ကိုယ်တွေ့ဖြစ်ရပ်ကို ကျွန်ုပ်အား ဖောက်သည်ချလေ၏။

ကျွန်ုပ်နှင့် ခင်မင်သူ ဦးမြင့်ပြောပြသော စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာမှာ သင်ခန်းစာယူစရာများပါရှိနေပါသည်။ (၃၁) ဘုံမှာ ကျင်လည်ကြကုန်သောသူများ တရားကျစရာ၊ တရားရစရာများပါဝင်၏။ ယူတတ်လျှင် အမှန်ကိုရရှိမည်ဖြစ်၍ မယူတတ်သူကား အမှောင်လမ်းမှာ လျှောက်လှမ်းနေရပေဦးမည်။

ဦးမြင့်က ကျွန်ုပ်အား သူ၏ရင်တွင်းဆန္ဒကို ဤသို့ထုတ်ဖော်ခဲ့သည်။

"တို့ကအသက်အရွယ်တွေလည်း အိုမင်းလှပါပြီ။ အရွယ်ညောင်းလာတော့ ကိုယ်လုပ်ချင်တာလေးတွေကမစွမ်းသာတော့ဘူးပေါ့။ ဒါကြောင့် အခုလိုအချိန်မှာ စာလည်းမရေးနိုင်တော့ဘူး။ ဇာတ်ကဖို့ဆိုတာတော့ ဝေလာဝေးပေါ့။ တို့ရဲ့ရင်တွင်းဆန္ဒကိုဖွင့်ဖောက်ပြရမယ်ဆိုရင် အကူအညီတောင်းတယ်ပဲပြောပြော မင်းက စာရေးသူဆိုတော့ မင်းကပဲ ဒီအကြောင်းတွေကိုရေးစေချင်တယ်။ ဒီအကြောင်းဖတ်ရှုရတဲ့သူတွေ တရားအသိရစေချင်တယ်။ ဒါကြောင့် စာဖတ်ပရိသတ်ကို တင်ပြပေးစေချင်တယ်။ မင်းကပဲ ရေးပြပေးပါလို့ ပြောပါရစေ"

ကျွန်ုပ်သည် ဦးမြင့်နှင့်တွေ့ဆုံစဉ်က သူငယ်ငယ်က တွေ့ကြုံခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်မှန်ကို တရားအသိရစေလိုသောဆန္ဒမွန်ဖြင့် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ဖြစ်ရပ်မှန်ကို တင်ပြလိုက်ရပါကြောင်း။ ॥

သုခီအဏ္ဏာနံပရိဟရန္တု

အောင်မြင့်ထွန်း (မသုံးဆိုး)

www.burmeseclassic.com

www.burmeseclassic.com

# တင်အောင်(စက်မှုတက္ကသိုလ်)

# နန္ဒဝန်ကျောင်းဆရာတော်ကြီးဦးသာသန(မြန်အောင်)

## အမှတ်တရ

မြန်အောင်မြို့ နန္ဒဝန်တိုက်ကျောင်း ဆရာတော်ကြီးသည် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်။ ၁၃၅၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်၊ တနင်္လာနေ့တွင် သက်တော်ထံပျံလွန်တော်မူခဲ့ပါလေသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီးသည် သက်တော် (၈၈) နှစ်၊ ဝါတော် (၆၈)ဝါ ရှိပြီး ဖြစ်လေသည်။

■ **လက်တော်များကွေးနိုင်၊ ညွတ်နိုင်ပြီး ရနံ့မွှေးလျက်ရှိ**

ထူးခြားချက်မှာ ဆရာတော်ကြီး ပျံလွန်တော်မူသည့်နေမှစတင်၍ အန္တိမ အဂ္ဂိဈာပနာကျင်းပတော်မူသည့်နေ့အထိ (၉) ရက်တိုင်တိုင် အပူဇော်ခံထားရှိသော်လည်း အသားအရေမှာ သူမတူအောင် ရွှေရောင်ဝင်းလျက်ရှိသည့် အပြင် ခြေတော်၊ လက်တော်များမှာလည်း အုံ့ဩဖွယ်ရာကောင်းလောက်အောင်ကွေးနိုင်ညွတ်နိုင်ကြောင်း အများမျက်မြင်ဖြစ်ပါသည်။ ပုပ်သိုးခြင်းမရှိသည့်အပြင် သင်းရနံ့များဖြင့် မွှေးကြိုင်လျက်ရှိကြောင်း သိရှိရသဖြင့် များစွာကြည်ညိုပူဇော်မိပါသည်။

ဆရာတော်ကြီး၏ ဝမ်းဗိုက်တော်ကို မခွဲမစိတ်ဘဲ မူလပကတိအတိုင်းထားရှိကြောင်းကို ဗွီဒီယိုရိုက်ကူး၍ပင်လျှင် အများသိအောင် ပြသခဲ့လေသည်။ စံကျောင်းချ မီးသင်္ဂြိုဟ်မည့်နေ့ဖြစ်သော ၁၉၉၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့နံနက်ပိုင်းတွင် ဆရာတော်ကြီး၏ ဒကာကြီးများဖြစ်ကြသော ဦးစိုးမြင့်နှင့် ဦးစိန်ရွှေတို့က အများသိသာအောင် ဗွီဒီယိုရိုက်ကူးပြလေသည်။

ထိုနေ့နံနက်စောစော (၇) နာရီလောက်တွင် အခမ်းအနားကျင်းမခဲ့ကြောင်း၊ ၎င်းနောက် ညနေ (၃) နာရီလောက်တွင် ရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်ဖြင့်မြို့တွင်းသို့လှည့်လည်၍ အပူဇော်ခံသေးကြောင်း သိရှိရပါသည်။ ၎င်းနောက် ဇေယျသာရီဘုရားပရိဝုဏ်အတွင်း၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပခဲ့လေသည်။

ဆရာတော်ကြီးကို သက်တော် ထင်ရှားရှိစဉ်က ဖူးမြော်ဖူးသူအပေါင်းတို့ကလည်း ဆရာတော်ကြီးမှာ တရားစကားမှလွဲ၍ အခြားစကားပြောလေ့မရှိကြောင်း၊ ဆရာတော်ကြီးသည် အနေအထိုင်၊ အပြောအဆို၊ ဟန်အမူအရာတို့မှာ ပြောမယုံကြုံဖူးမှသိရအောင် လွန်စွာနူးညံ့သိမ်မွေ့ ကြည်ညိုဖွယ်ရာကောင်းကြောင်း ပြောဆိုကြပါသည်။

ဆရာတော်ကြီးသည် မြန်အောင်မြို့ ဝေဠုဝန်နိကာယ၏ မဟာနာယကဖြစ်တော်မူလေသည်။ ဝေဠုဝန်နိကာယ၏ အစဉ်အလာအရ ဈာပနကို ရက်ကြာကြာ မထားရချေ။ သို့သော်လည်း (၉) ရက်တိတိထားရှိပြီးသည့်နောက် ဈာပနသဘင်ကို ဆင်ယင်ကျင်းပကြသည်မှာ နာယကဆရာတော်ကြီးများ၏ထောက်ထားငဲ့ညှာမှုကြောင့်ဖြစ်ကြောင်းသိရှိရပါသည်။

■ **မိုးကုတ်ဆရာတော်ဘုရားကြီး၏တပည့်ဖြစ်**

ဆရာတော်ကြီးသည် မိမိသီတင်း



www.burmeseclassic.com

www.burmeseclassic.com

သုံးရာ မြန်အောင်မြို့ နန္ဒဝန်ကျောင်းတိုက်အတွင်း၌ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် (၇၁) ကို တည်ထောင်ခဲ့လေသည်။ ဆရာတော်ကိုယ်တိုင်ပင်လျှင် ကမ္မဋ္ဌာနာစရိယအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နည်းနိဿယမှာ အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာတရားကို ပြသခြင်း ဖြစ်လေသည်။

ဆရာတော်ကြီးကိုယ်တိုင် ဟောပြောသည်ကို ကြားနာဖူးသူတို့ ပြောဆိုသည်မှာ -

ဆရာတော်ကြီးသည် တရားဓမ္မ ဟောပြောပြသရာတွင် အံ့ဩဖွယ်ကောင်းလောက်အောင် အသံတော်သည် ကြည်ကြည်လင်လင်ရှိကြောင်းကိုလည်းကောင်း၊ ဆရာတော်ကြီးသည် အများပရိသတ် ထင်လွယ်၊ မြင်လွယ်၊ သိလွယ်၊ ကြားလွယ်၊ ခံစားလွယ်အောင် ဥပမာဥပမေယျအားဖြင့်ဟောပြောလေ့ရှိခြင်းကြောင့် အားလုံးက ကြားနာ၍ မဝနိုင်အောင်ဖြစ်ကြရကြောင်းဝန်ခံပြောဆိုကြပါသည်။

■ ဆရာတော်ကြီး၏ ထေရပွတ္တိ

ဆရာတော်ကြီးကို ၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက် (၁၂၆၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်) သောကြာနေ့တွင် ဖခင် ဦးသန်း၊ မိခင်ဒေါ်ရွှေသွဲ့တို့မှ မွေးဖွားခဲ့ရာ မွေးချင်း (၂)ယောက်ရှိပြီး ဆရာတော်က အကြီးဖြစ်လေသည်။ ဇာတိမှာ မြန်အောင်မြို့နယ် ရိုက်ကျေးရွာဖြစ်လေသည်။ ငယ်စဉ်အခါက ရိုက်ကျေးရွာအရှေ့ကျောင်း ဆရာတော်ဦးအာစရအထံတွင် အခြေခံပညာသင်ကြားခဲ့သည်။ ရှင်သာမဏေဖြစ်သောအခါ ဘွဲ့တော်မှာ ရှင်သာသနဖြစ်လေသည်။

အေဒီ ၁၉၂၄ ခုနှစ် (၁၂၈၆ ခုနှစ်) တွင် မြန်အောင်မြို့ နန္ဒဝန်ကျောင်းတိုက် ပထမဆရာတော်ကြီး ဦးအရိယဝံသကို ဥပဇ္ဈာယ်ပြု၍ ရိုက်ကျေးရွာနေ ဦးမွန်း၊ ဒေါ်ရွှေရတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းဘဝသို့ရောက်တော်မူကြောင်း သိရှိရပါသည်။

■ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူစာသင်သား

ရဟန်းဘဝတွင် စာသင်ကြားရင်း ရန်ကုန်မြို့ နုစ်ကိုပ်ရှစ်ဆူကျောင်းတွင်လည်း စာသင်ရင်း သီတင်းသုံးနေထိုင်ခဲ့ရကြောင်း၊ ၎င်းအပြင် မန္တလေးမြို့ စကုတိုက်တွင်လည်း နေထိုင်သီတင်းသုံးဖူးကြောင်း၊ ၎င်းအပြင် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်တွင်လည်း နေထိုင်သီတင်းသုံးဖူးကြောင်း သိရှိရပါသည်။

■ မိုးကုတ်ဆရာတော်ကြီးထံတပည့်ခံ

ထိုထိုသော ပါဠိ၊ အဋ္ဌကထာ၊ ကျမ်းစာတို့ကို သင်ကြားတော်မူခဲ့ပြီးနောက် အမရပူရမြို့ (စာရေးသူ၏ ဖခင် စာရေးဆရာကြီး ဦးရန်အောင်ပြောပြချက်အရ အသက်ရှည်စေသောမြို့) သို့ ရောက်ရှိတော်မူပြီး မင်္ဂလာတိုက်ဟောင်းကျောင်းတိုက်တွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလ အထံတော်၌ အဘိဓမ္မာ၊ ညဝါကျမ်းစာများကို ဆက်လက် သင်ကြားတော်မူခဲ့လေသည်။ ဤသို့ဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ တပည့်ရင်း ဖြစ်ခဲ့လေသည်။

၎င်းနောက် ဆရာတော်ဦးသာသနသည် ဇာတိချက်ကြွေ ရိုက်ကျေးရွာသို့ တစ်ဖန် ပြန်လည် ကြွရောက် သီတင်းသုံးခဲ့ပြန်သည်။ ထို့နောက်တွင်မှ ဆရာတော်ကြီးများ၏ တိုက်တွန်းချက်အရ မြန်အောင်မြို့ နန္ဒဝန်ကျောင်းတိုက်ကို လွှဲပြောင်းခြင်းခံရ၍ အုပ်ချုပ်တော်မူခဲ့ရလေသည်။ ထိုနှစ်သည် အေဒီ ၁၉၄၀ ပြည့်နှစ်(၁၃၀၂ ခုနှစ်)ဖြစ်၍ သက်တော်မှာ (၃၆) နှစ်ရှိပြီဖြစ်ကြောင်း သိရှိ ရပါသည်။

ဆရာတော်ကြီးသည် အဘိဓမ္မာသင်တန်းကို နှစ် (၃၀) တိုင်တိုင် နေ့စဉ်ရက်ဆက် ပို့ချခဲ့လေသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ် အမှတ်တရ မိန့်ကြားခဲ့ဖူးသည်မှာ -

"ယခုခေတ်မှာရဟန္တာရှိပါသလား၊ ဖူးတွေ့နိုင်ပါသလား"

ဟု လျှောက်ထားကြရာ ဆရာတော်ကြီးက -

"ဟ - ရဟန္တာဆိုတာ ငါ့လိုပဲပေါ့ဟ။ ဆွမ်းစားတယ်၊ သွားတယ်လာတယ်၊ ကျင်ကြီးကျင်ငယ်စွန့်တယ်ပေါ့. . . ဟ"

ဟု မိန့်ကြားခဲ့ဖူးလေသည်ဟု သိရှိရပါသည်။

ဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်က ထူးခြားမှုကို ဖူးမြော်ခဲ့ရသူများရှိလေသည်။

ပျဉ်ထောင်တွင်းရွာမှ ဒကာများနှင့် မြန်အောင်မှ ဒကာမကြီးဒေါ်ချောတို့ကမူ ဆရာတော်ကြီး စကြံကြွနေစဉ် အမှတ်တမဲ့ဖူးမြော်မိရာ ဆရာတော်ကြီး၏ထူးခြားမှုကိုဖူးခဲ့ရလေသည်။

ဆရာတော်ကြီး စင်္ကြံကြွသည်မှာ ခြေထောက်နှင့် မြေကြီးလွတ်နေသည်ကို ဖူးမြော်ရသည်။

မြန်အောင်မြို့ နန္ဒဝန်ကျောင်း ဆရာတော်ကြီးသည် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၅၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) တနင်္လာနေ့၊ နံနက် (၆) နာရီ (၃၀) မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ ထိုစဉ်က ဆရာတော်ကြီးသည် သက်တော် (၈၈) နှစ်၊ ဝါတော် (၆၈) ဝါရှိပြီး ဖြစ်လေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီး ရုပ်ကလာပ်တော်ကို ယခင်ကကဲ့သို့ပင် ခုတင်ပေါ်တွင်ပင် ကျိန်းစက်နေဘိအလား ရက်အတော်ကြာထားသော်လည်း မပုပ်မသိုးဘဲ အသားတော်ဖြူစင်ဝင်းအိပကတိသက်ရှိခန္ဓာကဲ့သို့ပင် ရှိနေသည်။

■ ဆေးထိုးသောအခါ သွေးထွက်ခြင်း

ပျံလွန်တော်မူသည့်နေ့ နေ့လယ် (၁၁) နာရီခွဲတွင် ရေချိုးရာ ခန္ဓာကိုယ်မှာ ပူနွေးနေဆဲပင် ဖြစ်သည်။ ကြာရှည်ခံစေရန် ဆေးထိုးကြရာ သွေးထွက်နေကြောင်း ထူးခြားစွာ တွေ့ရလေသည်။

(၉) ရက်ကြာ ခေါင်းမသွင်းဘဲထားပါသော်ငြား ကြာညိုနံ့သင်းနေ၏။ လုံးဝမပုပ်ပါ။ ထူးခြားသည်မှာ -

၁။ ရုပ်ခန္ဓာမှာ မဖောက်ပြန်ဘဲ ပကတိအတိုင်း ဝါဝင်းစွာရှိခြင်း။
၂။ ခြေလက်အင်္ဂါများပျော့ပျောင်းစွာ ကွေး၍ဆန့်၍ရခြင်း။
၃။ ပုပ်အက်သောအနံ့ထွက်ခြင်းမရှိ သန့်ရှင်းလှပစွာ ကြာညိုနံ့မွှေးနေခြင်း။
၄။ (၉) ရက်ပြည့်မှ မှန်ခေါင်းတော်သွင်းရာ သွင်းခါနီးအထိ ခြေတော်၊ လက်တော်တို့ကို တရားထိုင်နေသည့်ပုံတော်ပြုလုပ်ကြရခြင်း။
၅။ သင်္ဂြိုဟ်တော်တွင် မီးပူဇော်ရာ အများသူငါကဲ့သို့ ရှိန်းခြင်း၊ ကုန်းခြင်းမရှိ၊ လန့်စရာမရှိဘဲ မီးစွဲလောင်ခြင်း၊ ခြေဖျားမှတစ်ဆင့်ပြီးတစ်ဆင့် မီးစွဲလောင်ပြီး လုံးဝညှော်နံ့နံခြင်းမရှိဘဲ မီးခိုးဖြူဖြူတို့လောင်ခြင်း၊ ခေါင်းအုံးနှင့်ဦးခေါင်းတော်မှာ နောက်ဆုံးကျမှ မီးစွဲလောင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



▪ ဓာတ်တော်အရှယ်စုံဖူးမြော်ရခြင်း

မီးပူဇော်ပြီး (၁၁) ရက်အကြာ အရိုးပြာကောက်ကြရာ ထူးခြားစွာ ဓာတ်တော်များကို အခဲသဖွယ်အရွယ်စုံ ဖူးမြော်ရပေသည်။

ဆရာတော်ကြီးရုပ်ကလာပ်တော် မီးပူဇော်ရာနေရာမှာ မြန်အောင် မင်းကန်ကြီးကျောင်းအနီး ဇေယျသာရီဘုရားကြီးရှေ့ကွင်းပြင်တွင် မီးသဂြိုဟ်ပြီးသောညမှစ၍ ဓာတ်တော်များကွန့်မြူးသဖြင့် လာရောက်ဖူးမြော်ကြသူ များပြားလှချေသည်။ ဘာသာခြားများပင် အံ့ဩစွာ လာရောက်ဖူးမြော်ကြသည်။

ထိုဓာတ်တော်ပြာများကိုယူပြီး သွားတော်ဓာတ်၊ အရိုးဓာတ်နှင့် ကိုရင်လေးထံမှ ခွဲယူထားသော ဆံတော်ဓာတ်များထားရှိသီတင်းသုံးရာ နန္ဒဝန်ကျောင်းတိုက်ကြီးအလယ်တိုက်၌ အမိုးပြာသာဒ်မှ အလင်းရောင်များထူးဆန်းစွာဖြာထွက်ကွန့်မြူးထွန်းလင်းနေသည်ကို တပည့်ဒါယကာတို့ မကြာခဏဖူးတွေ့ကြရပေသည်။

တစ်ခါက ကိုရင်လေးတစ်ပါးသည် ဆရာတော်၏ဆံပင်များကို ခေါင်းရိတ်ပေးနေစဉ် ထိုဆံပင်များအား မြတ်နိုးစွာပုလင်းထဲသို့ထည့်၍သိမ်းဆည်းထားပြီး ရှင်လူထွက်သွားသောအခါ မိမိအိမ်သို့ယူကာ အိမ်ရှိဘုရားခန်းတွင် ထားရှိလေသည်။

(၂) နှစ်ခန့်အကြာ ဆရာတော်ကြီးပျံလွန်တော်မူပြီးနောက် ဓာတ်တော်များကျကြောင်းပြောသံကြားသဖြင့် မိမိသိမ်းထားသော ဆရာတော်ကြီး၏ ဆံတော်ပုလင်းကို ပြန်ကြည့်ရာ ဆံတော်များသည် စုရုံး၍အလုံးသဏ္ဌာန်ဖြစ်နေကြောင်း အံ့ဩစွာ ဖူးတွေ့ရလေသည်။

နန္ဒဝန်ဆရာတော်ကြီး နောက်ဆုံးမှာတမ်းစာရေးသားခဲ့သော ဆရာတော်ကြီး၏ လက်ရေးမူကိုလည်း တွေ့ရှိရာ ထိုစာတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

▪ *ဩော်- နိဗ္ဗာန်အမတ၊ မရသေးသူ*
*သတ္တဝါဟူသမျှ သခၤါရမို့*
*အနိစ္စ၊ ဒုက္ခ၊ အနတ္တ။*
*အိုရ၊ နာရ၊ သေရစမြဲ၊ ပျက်ရစမြဲ၊*
*ရှောင်လွှဲမရဘဲ*
*ငါလည်း သေရဦးမည်ပါတကား။*
*အစုဝံမေဖဝိတံ - ငါ၏အသက်*
*ကား မမြဲ။*
*ဓုဝံမေမရဏံ - ငါ၏သေခြင်းကား*
*မြဲ၏။*
*ငါသည်မချွတ်သေရမည်သာတည်း။*
*ငါ၏အသက်သည် သေခြင်းသာ*
*လျှင် အဆုံးရှိချေ၏။*
*ငါလည်း မုချသေရမည်။*
*အချိန်ပိုင်းသာလိုတော့သည်။ ။*

ဆရာတော်ဘုရားကြီး၏ဓာတ်တော်များသည် နံ့သာဆီ၊ ရေမွှေးတို့ မထည့်ပါဘဲ ကြာညိုနံ့သင်းကာ ထူးဆန်းလှစွာ မွှေးကြိုင်လှပေသည်ဟု သိရပါသည်။

ဆရာတော်ကြီး၏ဓာတ်တော်များကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ဘဒလင်ရပ် နန္ဒဝန်ဝိပဿနာရိပ်သာကျောင်းတွင် ယနေ့တိုင် ဖူးမြော်နိုင်ပေသည်။

(ဤဆောင်းပါးဖြင့် မြန်အောင်မြို့ နန္ဒဝန်ကျောင်းဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး -


၁။ မြန်အောင်မြို့ နန္ဒဝန်ဆရာတော်ကြီး ထူးခြားသည့် ဖြစ်ရပ်ဆန်းများ၊ ဝင်းတင့်ဦး (ကြံခင်း)၊ သူရဇ္ဇ မဂ္ဂဇင်း၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ၊ စာ (၄၄)။
၂။ ဓာတ်တော်ကျသည့် မြန်အောင် နန္ဒဝန်ဆရာတော်ကြီး၊ ချစ်ကိုကို (ရှစ်မိုင်) ပါရမီမဂ္ဂဇင်း၊ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ၊ စာ (၆၉-၇၀)။
၃။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ) (မောင်ပန်းမွှေး ပြုစုသည်)
၄။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးထက်စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ကိုချို(မြကိုင်း)
# နတ်ဘုံနတ်ဘဝ



ဥပေက္ခာသန္တီရဏ (၂)
မဟာဝိပါတ် (၈)
မဟာကြုတ်ဝိပါတ် (၉)

ဤစိတ်(၁၉)မျိုးတို့သည် (၃၁)ဘုံ၌ သတ္တဝါအမျိုးမျိုးတို့ကို ပဋိသန္ဓေစိတ်အဖြစ်လည်းကောင်း၊ ဘဝသေဆုံးသောအခါ စုတိစိတ်ဖြင့် လည်းကောင်း ဆောင်ရွက်ကြသည်။ ဤစိတ်တို့သည် ဝီထိစိတ်မှ လွတ်ကင်းကြသောစိတ်ဖြစ်ရန် ဝီထိမုတ်စိတ်ဟု ခေါ်သည်။

ဤစိတ် (၁၉) ပါးကို အကြောင်းပြု၍ ဘုံ-ပဋိသန္ဓေ၊ ကံအကြောင်းနှင့် သေခြင်း(စုတိ)အကြောင်းတို့ကိုလေ့လာသော် ဘုံအပိုင်းတွင် (၃၁) ဘုံ၌ နတ်ဘုံ (၆) ဘုံ ပါဝင်လာသည်။

ဤနတ်ဘုံတို့မှာ -

အောက်ဆုံးဘုံမှ စတင်ရေတွက်သော် စတုမဟာရာဇ်နတ်ဘုံ ဖြစ်သည်။ လူပြည်နှင့်အနီးဆုံးဘုံဖြစ်သည်။ ယူဇနာ (၄၂၀၀၀) မြင့်သော ယုဂန္ဓိုရ်တောင်ထိပ်မှစ၍ မြေပြင်အထိ ပျံ့နှံ့၍တည်သည်။ တာဝတိံသာနတ်ဘုံသည် ယူဇနာ (၈၄၊ ၀၀၀) မြင့်သော မြင်းမိုရ်တောင်ထိပ်မှ စကြဝဠာတံတိုင်းအထိ ကောင်းကင်၌ ပျံ့နှံ့တည်သည်။ ယာမ၊ တုသိတာ၊ နိမ္မိတာ၊ ဝသဝတ္တိနတ်ဘုံတို့သည် တာဝတိံသာ အထက် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ (၄၂၊ ၀၀၀) အကွာစီဖြင့် အဆင့်ဆင့်မြင့်၍ တည်နေသည်။

■ **စတုမဟာရာဇ်ဘုံ**

ကြီးမြတ်သောနတ်မင်းကြီး (၄)ပါးတို့ အုပ်ချုပ်သော အရပ်ဒေသ၊ နေရာဖြစ်သည်။ ယင်းနတ် မင်းကြီး (၄)ပါးတို့မှာ ဓတရဋ္ဌနတ်မင်းသည် ငွေရောင်တောက်ပသော အလယ်မြင်းမိုရ်တောင် အရှေ့ဘက်၌ ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်သည်။

ဝိရူဠှကနတ်မင်းသည် မြရောင်တောက်ပသော မြင်းမိုရ်တောင်၏ အနောက်ဘက်မျက်နှာ၌ နတ်၊ နဂါး၊ ဘုမ္မစိုး၊ ရုက္ခစိုးတို့ကို အုပ်ချုပ်သည်။

ဝိရူပက္ခနတ်မင်းသည် ပုလဲရောင်တောက်ပသော မြင်းမိုရ်တောင်၏ အနောက်ဘက်မျက်နှာ၌ ကုမ္ဘဏ်များကို အုပ်ချုပ်သည်။

ကုဝေရနတ်မင်းသည် ရွှေရောင်တောက်ပသော မြင်းမိုရ်တောင်၏ အနောက်ဘက်မျက်နှာ၌ နတ်၊ နဂါး၊



www.burmeseclassic.com

www.burmeseclassic.com

ဘုမ္မစိုး၊ ရုက္ခစိုးတို့ကို အုပ်ချုပ်သည်။

ကုဝေရနတ်မင်းသည် ရွှေရောင်တောက်ပသော မြောက်ဘက်မျက်နှာ၌ နတ်ဘီလူးများကို အုပ်ချုပ်သည်။ စတုမဟာရာဇ်ဘုံရှိနတ်သက်သည် နတ်သက် (၅၀၀) ဖြစ်သည်။

စတုမဟာရာဇ်ဘုံနတ်သက်(၁)ရက်သည် လူတို့၏ အနှစ် (၅၀) ဖြစ်သည်။ ထို့ကြောင့် စတုမဟာရာဇ်ဘုံနတ်သက် (၅၀၀) နှစ်သည် လူတို့၏ နှစ်အရေအတွက် (၉) သန်း ဖြစ်သည်။

■ **တာဝတိံသာဘုံ**

သိကြားမင်းအမှူးပြုသော(၃၃)ဦးသောနတ်မင်းတို့ အုပ်ချုပ်သော အရပ်ဒေသ ဖြစ်သည်။ မြင်းမိုရ်တောင်ထိပ်တွင် တည်ရှိသည်။ အဓိက သိကြားမင်း အုပ်ချုပ်သည်။ မာဃလုလင်ဘဝက ကောင်းမှုပြုဖက်များဖြစ်ကြသော ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းစသော နတ်စစ်သူကြီး (၃၃)ဦး ရှိသည်။ တာဝတိံသာနတ်ပြည်တွင် ဝေဇယန္တာပြာသာဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၊ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာရေကန် (မဟာနန္ဒာ၊ စူဠနန္ဒာ)၊ သုဓမ္မာဇရပ်၊ စူဠာမဏိစေတီတို့သည် တာဝတိံနတ်ဘုံ၌ထင်ရှားသောဘုံဗိမာန်အဆောက်အအုံများဖြစ်သည်။ တာဝတိံသာနတ်ဘုံသက်တမ်းသည် နတ်သက် (၁၀၀၀) နှစ် ဖြစ်သည်။

တာဝတိံသာနတ်သက် (၁) ရက်သည် လူတို့၏ နှစ် (၁၀၀) ဖြစ်သည်။ ထို့ကြောင့် တာဝတိံသာနတ်သက် (၁၀၀၀နှစ်) သည် လူတို့၏နှစ်အရေအတွက် (၃၆) သန်း ဖြစ်သည်။

■ **ယာမာနတ်ဘုံ**

ပူပန်ပြင်းထန်သောဆင်းရဲ မရှိ နတ်စည်းစိမ်ချမ်းသာကိုကောင်းစွာခံစားရသောဘုံ ဖြစ်သည်။ ယင်းနတ်ဘုံကို သုယာမနတ်မင်းက အုပ်ချုပ်သည်။ ယာမနတ်ဘုံ၏သက်တမ်းသည် နတ်သက် (၂၀၀၀) နှစ် ဖြစ်သည်။

ယာမာနတ်သက် (၁) ရက်သည် လူတို့အနှစ်(၂၀၀)ဖြစ်သည်။ ထို့ကြောင့် ယာမနတ်သက် (၂၀၀၀) နှစ်သည် လူတို့၏ နှစ်အရေအတွက် (၁၄)ကုဋေနှင့် (၄) သန်း ဖြစ်သည်။

■ **တုသိတာနတ်ဘုံ**

များစွာနှစ်သက်ရွှင်လန်းပျော်ရွှင်၍ ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကျက်သရေတို့နှင့်ပြည့်စုံသော နတ်ဘုံဖြစ်သည်။ ဘုရားအလောင်းများနေရာဘုံ ဖြစ်သည်။ တုသိတာနတ်ဘုံကို သန္တုသိတနတ်မင်းကအုပ်ချုပ်သည်။ တုသိတာနတ်ဘုံ၏သက်တမ်းသည် နတ်သက် (၄၀၀၀) နှစ် ဖြစ်သည်။

တုသိတာနတ်သက် (၁) ရက်သည် လူတို့၏နှစ် (၄၀၀) ဖြစ်သည်။ ထို့ကြောင့် တုသိတာနတ်သက် (၄၀၀၀) နှစ်သည် လူတို့နှစ်အရေအတွက် (၅၇) ကုဋေနှင့် (၆) သန်း ဖြစ်သည်။

■ **နိမ္မာနရတိဘုံ**

တန်ခိုးဖန်ဆင်းခြင်းဖြင့် ပျော်ပါးမွေ့လျော်သောနတ်တို့၏ နေထိုင်ရာအရပ်ဒေသဘုံဖြစ်သည်။ ဤဘုံမှနတ်တို့သည် ကမ္မဇိဒ္ဓိအရင်းခံဖြင့်တန်ခိုးဖန်ဆင်း၍မွေ့လျော်ပျော်ပါးနေကြသည်။ ဤဘုံကို သုနိမ္မိတနတ်မင်းက အုပ်ချုပ်သည်။ နိမ္မာနရတိနတ်ဘုံ၏ သက်တမ်းသည် နတ်သက် (၈၀၀၀) နှစ် ဖြစ်သည်။

နိမ္မာနရတိနတ်ဘုံနတ်သက် (၁)ရက်သည် လူတို့၏ အနှစ် (၈၀၀) ဖြစ်သည်။ ထို့ကြောင့် နိမ္မာနရတိနတ်ဘုံနတ်သက် (၈၀၀၀) နှစ်သည် လူတို့၏နှစ်အရေအတွက် (၂၃၀) ကုဋေနှင့် (၄) သန်း ဖြစ်သည်။

■ **ပရနိမ္မိတဝသဝတ္တိဘုံ**

သူတစ်ပါးဖန်ဆင်းထားသည့်အတိုင်းလိုသို့လိုက်နေ၍နေသောနတ်တို့ နေထိုင်ရာဘုံ ဖြစ်သည်။ဤဘုံတွင် မာရ်နတ်မင်းနေသည်။ ပရနိမ္မိတဝသဝတ္တိဘုံ သက်တမ်းသည် နတ်သက် (၁၆၀၀၀) နှစ် ဖြစ်သည်။

ပရနိမ္မိတဝသဝတ္တိနတ်ဘုံ (နတ်သက် (၁၆၀၀၀) နှစ်သည် လူတို့၏ နှစ်အရေအတွက် (၉၂၁) ကုဋေနှင့်(၆)သန်း ဖြစ်သည်။

ဤသည်မှာ (၃၁) ဘုံအတွင်း၌ ပါဝင်သော နတ်ဘုံ(၆)ဘုံ၏ အဆင့်ဆင့်အမည်နှင့်နတ်သက်တမ်းတို့ ဖြစ်သည်။ ထိုနတ်သက်တမ်းကို လူတို့၏ နှစ်အရေအတွက်ဖြင့် တွက်ဆပြခြင်း ဖြစ်သည်။

ထိုနတ်ဘုံ (၆) ဘုံသည် ကာမ (၁၁) ဘုံ (အပါယ် ၄ ဘုံ၊ လူ့ဘုံ၊ နတ် ၆ဘုံ) အတွင်းမှ ကာမသုဂတိ (၇) ဘုံ၊ (လူ့ဘုံ၊ နတ် ၆ ဘုံ) တွင် ပါဝင်သောကြောင့် ကာမဂုဏ်အာရုံတို့ကို ခံစားကြသည်။ ရှေးဘဝမှကောင်းမှုကံတစ်ခု၏ အကျိုးကိုခံစားရသောဘုံများထဲတွင်ပါဝင်သည်။

သတ္တဝါတိုင်းသည် အိုမင်းကြသည်။ တာဝတိံသာနတ်ဘုံ၏အောက်၌ရှိသောနတ်ဘုံရှိ နတ်တို့သည်လည်း အိုမင်းကြသည်။ အကြောင်းမှာ နေ၏အပူရှိန်ကြောင့် ဥတုမျှတသောကြောင့် ပုံစံအားဖြင့် အိုခြင်းမရှိကြပေ။ အားလုံးသောနတ်လုလင်တို့သည် အသက် (၂၀) အရွယ်ခန့်၊ နတ်မိမယ်တို့သည် အသက် (၁၆) နှစ်အရွယ်ခန့် အမြဲရှိကြသည်။ ဆံဖြူ၊ သွားကျိုး၊ နားအူ၊ မျက်စိမှုံ၊ အရေတွန့်တွဲခြင်းမရှိကြပေ။ ပကတိအလှမပျက် တစ်သက်လုံးတည်ကြသည်။

သို့သော် အိုမင်းသည်ဖြစ်စေ၊ မအိုမင်းသည်ဖြစ်စေ နတ်တို့သေလွန်သောအခါ လူတို့ကဲ့သို့ ရုပ်ကြွင်းမကျန်ရစ်ကြပါ။ အကြောင်းမှာ သတ္တဝါတို့ပဋိသန္ဓေနေခြင်းကိစ္စနှင့်ဆိုင်သည်။

သတ္တဝါတို့ ပဋိသန္ဓေနေခြင်း (၄) မျိုးရှိသည်။ သစ်ခေါင်း၊ သစ်သီး၊ ပန်း၊ ရွှံ့ညွန်စသည်တို့၌ ပဋိသန္ဓေတည်ခြင်းဟူသောသံသေဒဇပဋိသန္ဓေ၊ အရွယ်ရောက်ပြီးသောကိုယ်ဖြင့် ဘွားခနဲအထင်အရှားဖြစ်ခြင်းဟူသောဥပပါတ်ပဋိသန္ဓေ၊ ဥခွံတွင်း၌တည်ခြင်းပဋိသန္ဓေဟူသော အဏ္ဍဇပဋိသန္ဓေ၊ သားအိမ်အတွင်း၌ ပဋိသန္ဓေတည်ခြင်းဟူသော ဇလာဗုဇ ပဋိသန္ဓေတို့ ဖြစ်သည်။

အဏ္ဍဇပဋိသန္ဓေနှင့် ဇလာဗုဇပဋိသန္ဓေနှစ်မျိုးကိုပေါင်း၍ ဂဗ္ဘသေယျကပဋိသန္ဓေ အမိဝမ်းတွင် ပဋိသန္ဓေတည်ခြင်းဟု ခေါ်သည်။

လူတို့သည် ဂဗ္ဘသေယျကပဋိသန္ဓေဟုဆိုသော အမိဝမ်းတွင်ပဋိသန္ဓေတည်ခြင်း ဖြစ်သည်။ နတ်တို့သည် ဥပပါတ်ပဋိသန္ဓေဟုဆိုသော အရွယ်ရောက်ပြီးသောကိုယ်ဖြင့် ဘွားခနဲအထင်ရှားဖြစ်လာခြင်း ဖြစ်သည်။

စိတ်၊ စေတသိက် ဟူသော နာမ်သက်သည် ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူသည့် ခဏငယ်သုံးချက်သာတည်ပြီးနောက် ပျက်စီးချုပ်ကွယ်သည်။ဤသည်ကို စိတ္တက္ခဏ-၁ချက်ဟု ခေါ်ဆိုသည်။ ထိုစိတ္တက္ခဏ(ခဏငယ်သုံးချက်)ပျက်ခြင်းပေါင်း (၁၇)ကြိမ်ပြည့်သော် ရုပ်တစ်ကြိမ်ပျက်သည်။

လူတို့သည် ပဋိသန္ဓေတည်သောခဏ (ပဋိသန္ဓေအခါ)၌ ကာယ၊ ဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ဟူသောကမ္မဇရုပ်ကလာပ်သုံးမျိုးတို့ ပရမာဏုမြူကလေးသုံးခုမျှ စ၍ ဘဝအိမ်တည်ဆောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုကမ္မဇကလာပ်ရုပ်များသည် မိမိအချိန်ကျရောက်၍ဖြစ်ပေါ်လာသော၊ စိတ္တဇရုပ်ကလာပ်များ၊ ဥတုဇရုပ်ကလာပ်များ၊ အာဟာရဇရုပ်ကလာပ်များတို့ ဧည့်ခဏသို့ ရောက်တိုင်းရောက်တိုင်းမှာ ထိုကလာပ်များအတွင်း၌ပါရှိသော တေဇောဓာတ်တည်းဟူသည့် ဥတုတစ်ခုတစ်ခုစီမှ ဥတုဇရုပ်ကလာပ်တစ်ခုတစ်ခုစီကို ဖြစ်ပွားစေပြန်သဖြင့် တစ်ချိန်ထက်တစ်ချိန် ခန္ဓာအိမ်ကြီးထွားလာသောအခါတွင် တစ်ကိုယ်လုံး၌ ဥတုဇရုပ်ကလာပ်တို့ နေရာယူထားသောကြောင့် အိမ်ပိုင်ရှင်ဟုခေါ် ဆိုရမလို အိမ်ရှင်ပမာဖြစ်နေတော့သည်။

ကျန်ရှိသော ကမ္မဇရုပ်၊ စိတ္တရုပ်၊ အာဟာရဇရုပ်တို့မှာ ဧည့်သည် (အာဂန္တု)သဖွယ်သာ ဖြစ်နေကြ၏။ ထို့ကြောင့် လူတို့မှာ (ဂဗ္ဘသေယျကပဋိသန္ဓေတည်ကြရသောသတ္တဝါတို့မှာ) သေဆုံးသည့်အခါ (စုတေသည့်အခါ) ဧည့်သည်သဖွယ် ဖြစ်ကြရကုန်သော ကမ္မဇရုပ်က ရှေးဦးစွာချုပ်သည်။

စုတိစိတ်မှ နောက်စိတ္တခဏ (၁၇) ချက်ခန့်လောက်အချိန်တွင် စိတ္တဇရုပ်များ ချုပ်ပျောက်သည်။

အာဟာရဇရုပ်များသည်လည်း ဇဟိဒ္ဓဩဇာအထောက်အပံ့မရတော့သဖြင့် ကာလအနည်းငယ်အတွင်းမှာပင် ချုပ်ကြသည်။

အိမ်ရှင်သဖွယ်ဖြစ်သော ဥတုဇရုပ်အဆက်ဆက်ကားကျန်ရစ်၍ ကာလကြာရှည်စွာသန္တာန်ဆက်၍ဖြစ်နေသည်။

ဤသို့ဖြင့် လူတို့သေသောအခါ ရုပ်အလောင်းကျန်ရှိနေခြင်း ဖြစ်သည်။ ထို့ကြောင့် သတ္တဝါတို့၏ ဥတုဇရုပ်ကြွင်းများကို တူးဖော်ရှာဖွေတွေ့ရှိကြသောအခါ မျက်မှောက်သိပ္ပံပညာရှင်တို့၏ စမ်းသပ်စစ်ဆေးချက်အရ ရှေးနှစ်ပေါင်းသန်းနှင့်ချီ၍ကြာပြီဖြစ်ကြောင်း လက်တွေ့သိရှိသက်သေပြနိုင်သည်။

နတ်တို့သည် ဥပပါတ်ပဋိသန္ဓေတည်နေစအချိန်မှာပင် ရသင့်ရထိုက်သော ကမ္မရုပ်ကလာပ်တို့သည် အရွယ်ရောက်ပြီးသောကိုယ်ဖြင့်ဘွားခနဲအထင်အရှားဖြစ်လာကြရသဖြင့် ကိုယ်ဒြပ်ကြီးတစ်ခုလုံး နေရာအနှံ့တွင် မူလအရင်ဆုံးဖြစ်နေကြ၍ ထိုကမ္မဇရုပ်တို့၏အကြား၌နေရာယူကာဖြစ်ပွားကြရ၍ ဧည့်သည်(အာဂန္တု)သဖွယ်သာဖြစ်နေကြသည်။

ထိုသို့ ဥပပါတ်ပဋိသန္ဓေနေကြရသူတို့သည် သေဆုံးသောအခါ (စုတေသောအခါ) အိမ်ရှင်သဖွယ်ဖြစ်သော ကမ္မရုပ်တို့ ကွယ်ပျောက်ကြလျှင်ပင် ဧည့်သည်များသဖွယ်ဖြစ်ကြရကုန်သော စိတ္တဇရုပ်၊ ဥတုဇရုပ်အလောင်းကြီးမကျန်တော့ပေ။ ဤသို့ဖြင့် နတ်များစုတေသောအခါ ကိုယ်ခန္ဓာအထွေထွေသည် စုတေသောနေရာမှာပင် ဆီမီးတောက်ငြိမ်းသကဲ့သို့ တစ်ခါတည်းငြိမ်းပျောက်ချုပ်ကွယ်၍သွားပါတော့သည်။

ဤသည်မှာ လူနှင့် နတ်တို့၏ ပဋိသန္ဓေတည်ခြင်း၊ သေခြင်းတို့တွင် မတူခြားနားမှုပင်ဖြစ်သည်။

တစ်ဖန် လူ့ဘဝ၊ နတ်ဘဝတို့တွင် ပဝတ္တိအခါ၌ ခံစားစံစားရသောအဖြစ်တို့တွင် လူ့ဘဝ၌ခံစားစံစားရသည့်အဖြစ်သည် ကိုယ်တိုင်သိရှိ တွေ့မြင်နေကြရသဖြင့် နတ်တို့၏ဘဝခံစားရမှုသည်သာ လိုရင်းဖြစ်သည်။

နတ်စည်းစိမ်ကား လူ့စည်းစိမ်ထက် နေရာတိုင်းတွင် သာလွန်သည်။ သတ္တဝါတို့သည် ကောင်းမှုကုသိုလ်ပြုကျင့်ဆောင်ရွက်ကျလျှင် လူ၊ နတ်၊ ဗြဟ္မာဘုံသို့တိုင် ရောက်ရှိနိုင်ကြသည်။ ဘာဝနာတရားကို ကြိုးစားအားထုတ်သော် လူ၊ နတ်၊ ဗြဟ္မာနှင့် (၃၁) ဘုံမှ လွတ်ကင်းသောနိဗ္ဗာန်သို့ပင် မျက်မှောက်ပြုနိုင်ကြသည်။ ထို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာတို့တွင် မြတ်စွာဘုရားအပေါ်၌ ကြည်ညိုကြသည်လည်းရှိသည်။ မကြည်ညိုကြသည်များလည်းရှိကြသည်။

## ■ ပထမရှာန်ဘုံ

မဟာဗြဟ္မာဘုံ၌ရှိသော ဗက ဗြဟ္မာကြီးသည် ငါသာမြဲသည်။ ဤကိုယ်နှင့်တကွသော ဗြဟ္မာ့လောကမှတစ်ပါး အခြားလွန်မြတ်သော ထွက်မြောက်ရာတရာလည်းမရှိဟုဆို၍ ဘုရားကိုယုဉ်ပြိုင်မကြည်ညိုနိုင်သော ဗြဟ္မာတို့သည် ရှိသည်။

ထို့အတူ နတ်ဘုံ၌လည်း ဘုရားကို မကြည်ညိုသောနတ်တို့လည်း ရှိကြသည်။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် အာဋာနာဋိယပရိတ်တော်ကို ပရိသတ် (၄) ပါးတို့အား သင်ကြားပေးပါရန် မြတ်စွာဘုရားအားလျှောက်ထားစဉ်အခါ၌ လျှောက်ထားမှုအချို့တွင် -

"ဘုန်းတော်ကြီးမြတ်စော်မူလှသော မြတ်စွာဘုရား၊ တန်ခိုးကြီးသော ယက္ခနတ်တို့သည် မြတ်စွာဘုရားအပေါ်၌ ကြည်ညိုသည်လည်းရှိ၊ မကြည်ညိုကြသည်လည်းရှိပါသည်ဘုရား။ ထို့အတူ အလယ်အလတ်တန်ခိုးရှိသော၊ သေးငယ်သောတန်ခိုးရှိသောယက္ခနတ်တို့သည်လည်း ကြည်ညိုသည်လည်းရှိပါသည်။ မကြည်ညိုသည်လည်းရှိကြပါသည်ဘုရား။ ငါးပါးသီလအကျင့်မြတ်ကိုမနှစ်သက်၍ ဒုသီလဖြစ်ကြကုန်သော ယက္ခနတ်တို့များပြားသဖြင့် မြတ်စွာဘုရားအပေါ်၌ မကြည်ညိုကြသည်ကသာများပါသည်ဘုရား"

ဟု လျှောက်ထားသောကြောင့် နတ်ဘုံ၌လည်း ဘုရားကိုမကြည်ညိုသော နတ်တို့လည်းရှိကြသည်။

ဤသည်မှာ ဗုဒ္ဓဘာသာဝင်မဟုတ်တော့သော်လည်း သတ္တဝါတို့သည် ဘဝတစ်ခု၌ မိမိပြုကျင့်ခဲ့သော ကောင်းမှုကုသိုလ်အကျင့်မြတ်ကြောင့် လူ၊ နတ်၊ ဗြဟ္မာဖြစ်ကြရကြောင်း အကျိုးမျှသာဖြစ်သည်။ သို့သော် (၃၁) ဘုံမှလွတ်မြောက်သော နိဗ္ဗာန်ကိုဖြင့် ဝိပဿနာဘာဝနာဖြင့်သာ ရောက်ရှိနိုင်ကြောင်းလိုရင်းဖြစ်သည်။

နတ်ဘုံ၌ လူ့ဘုံလူ့စည်းစိမ်ထက် နေရာတိုင်းတွင်သာလွန်ရခြင်းအကြောင်း သာဓကမှာ တာဝတိံသာနတ်တို့၏ သုဒဿနမည်သော နေပြည်တော်သည် မြင်းမိုရ်တောင်ထိပ်ဝယ် ယူဇနာတစ်သောင်းကျယ်သောအရပ်၌တည်ရှိသည်။ ထိုနေပြည်တော်၏ အရှေ့ဘက်၌ နန္ဒနဥယျာဉ်သည် စုတေခါနီး၌အလွန်ပူဆွေးသောနတ်များကိုပင် စုတေရမည့်အရေးကို တွေးမိလောက်အောင်၊ မေ့ပျောက်သွားနိုင်လောက်အောင် ပျော်မွေ့ဖွယ်ကိုဆောင်နိုင်စွမ်း၊ ဆွဲဆောင်နိုင်စွမ်းရှိလှသည်။

မခြောက်သွေ့ ပကတိစိုစိမ်း၍ မြရည်လိမ်းထားသကဲ့သို့ ပန်းပင်ပျိုတို့၏ အကြားအကြားဝယ် မောင်မယ်နတ်တို့ လှည့်လည်သွားလာနေကြသည့်အတွက် ဥယျာဉ်တော်မှာ တစ်မျိုးကျက်သရေတင့်တယ်နေတော့သည်။

ထိုဥယျာဉ်တော်နှင့် မြို့တော်၏ အလယ်တွင် မဟာနန္ဒ၊ စူဠနန္ဒာအမည်ရှိသောကန်တော်ကြီးနှစ်သွယ်သည်လည်း နဂိုကတင့်တယ်သည့်အပြင် ကြည်လင်သောရေများကို ရှုစားဖို့ရာ ကမ်းစပ်၌ ဆန်းကြယ်လှသော ရတနာထိုင်ခုံများကြောင့် တစ်မျိုးထူးခြားလှပတင့်တယ်နေပြန်သည်။

မြို့တော်၏ တောင်မျက်နှာ၊ အနောက်မျက်နှာ၊ မြောက်မျက်နှာစသော

www.burmeseclassic.com

www.burmeseclassic.com

က်န္နာတို့သည်လည်း ဤကဲ့သို့ပင် သာယာရှုမော တင့်တယ်သောသွင်ပြင် ကိုသည် အံ့ဩမဆုံးနိုင်လောက်အောင် ရှိတော့သည်။

တာဝတိံသာနတ်ဘုံ၌ ဝေဇယန္တာ နန်းပြာသာဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍု ကမ္ဗလာ၊ သုဓမ္မာနတ်သဘင်၊ နန္ဒာကန် တော်၊ စိတ္တလတာဥယျာဉ် စသည်တို့ မှာ ထင်ရှားသောအမည်များ ဖြစ်သည်။ စူဠာမဏိစေတီတော်နှင့် သုဓမ္မာ ဓမ္မာရုံ ကြီးတို့သည်လည်း ထင်ရှားသည်။

မိမိတို့၏ ရှေးကုသိုလ်ကံကြောင့် ကိုယ်ပိုင်ရရှိပြီးသောဗိမာန်များသည်လည်း ဆန်းပြားလှသည်။ အားလုံးသောနတ် လုလင်တို့သည် အသက် (၂၀)အရွယ် ခန့်၊ နတ်မိမယ်တို့သည် အသက် (၁၆) နှစ်အရွယ်ခန့် အမြဲဖြစ်သည်။ သွားကျိုး ခြင်း၊ ဆံဖြူခြင်း၊ နားအူခြင်း၍ မျက်စိ မှုန်ခြင်း၊ အရေတွန့်တွဲခြင်းမရှိပေ။ ပကတိ အလှမပျက်၊ အရွယ်မပျက် တစ်သက် လုံးတည်နေသည်။

နတ်ဩဇာအဆီအနှစ်ကိုသာစား သုံးကြရသဖြင့် ခန္ဓာကိုယ်အတွင်း၌ အလေးအပေါ့မှုစ၍ မကောင်းသော အနိဋ္ဌာရုံဟူသမျှဖြင့် ကိစ္စပြီးလေသည်၊ နတ်မိမယ်တို့၌ ကိုယ်ဝန်ဆောင်မှုနှင့် သက်ဆိုင်သောကိစ္စများတို့သည် တစ်ခု မျှမရှိချေ။

ကာမချမ်းသာခံစားမှုတို့၌ နတ်ဘုံ (၆)ဘုံလုံးမှာပင် လူများနှင့်မတူ ထူးခြား သော်လည်း အညစ်အကြေးမဖြစ်၊ သွေး သားလူပ်ရှားရုံမျှဖြင့် ကိစ္စပြီးလေသည်။ နတ်မိမယ်တို့၌ ကိုယ်ဝန်ဆောင်မှုနှင့် သက်ဆိုင်သောကိစ္စများတို့သည် တစ်ခု မျှမရှိချေ။

သားသမီးဖြစ်ထိုက်သော နတ် သား၊ နတ်သမီးတို့မှာ ရင်ခွင်၌သော် လည်းကောင်း၊ အိပ်ရာပေါ်၌သော် လည်းကောင်း ဖြစ်ပေါ်လာကြရသည်။ ဤသို့ သားသမီးမည်သော နတ်သား၊ နတ်သမီးတို့အပြင် အခြားသောအစေခံ နတ်သား၊ နတ်သမီးတို့လည်းရှိပြန်သေး သည်။ အချို့နတ်တို့သည် ကိုယ်ပိုင် ဗိမာန်မရှိကြကြောင်းလည်းသိရသည်။

လူ့ဘုံမှာကဲ့သို့ နတ်ပျို၊ နတ်သမီး ပျိုတို့သည်လည်း ချစ်ခြင်း၊ ကြိုက်ခြင်း၊ ပိုးပန်းပြီး ချစ်စကားကြိုက်စကားတို့ပြော ကြသည်ကိုလည်း နတ်ဇာတ်သမားဖြစ် သော ပဥ္စသိခနတ်သားအကြောင်းကို လေ့လာကြည့်သော် တွေးတောစဉ်းစား ကြည့်၍ ရနိုင်သည်ဟုထင်မိသည်။

ပဥ္စသိခနတ်သားသည် တိမ္ဗရု နတ်မင်းကြီး၏သမီးပျိုဖြစ်သော သူရိယ ဝစ္ဆသာနတ်သမီးအပေါ်၌ အလွန်ပင် စွဲလန်းချစ်ခင်နေ၏။ နတ်ပျိုလှည့်ရာ တွင် စောင်းကိုတီး၍ သာယာသီဆို သော စောင်းသီချင်းသံများသည်လည်း နတ်သမီး၏အလှအပကို တင်စား၍ မိမိ က ချစ်ခင်နှစ်သက်ကြောင်း၊ နတ်သမီး နှင့် မိမိတို့သည် အတူတွဲနှောင်မကွဲအောင် လျှင် မြဲခါင်ဖြိုးဝေ အကျိုးပေးပါစေ ဟူသည့်အကြောင်း ရေးဖွဲ့သီဆိုမှုပြု ကြောင်း ဂါထာကြောင်းအရ သိရှိရပါ သည်။

သို့ဖြင့် ကာမဂုဏ်အပိုင်း၌ အစွမ်း ကုန်ပျော်မွေ့ဖွယ်ကောင်းလှသောကြောင့် ကာမဂုဏ်ကိုစက်ဆုပ်သော အနာဂါမ် နှင့် ရဟန္တာအဖြစ်သို့ ရောက်ကြသော အခါ နတ်ဘုံ၌ကြာရှည်စွာမနေနိုင်ကြ တော့သဖြင့် အနာဂါမ်ဖြစ်သူတို့သည် ဗြဟ္မာပြည်သို့ စုတေရွှေ့ပြောင်း၍ ရဟန္တာ အပေါင်းတို့မှာ ပရိနိဗ္ဗာန်စံကြလေတော့ သည်။

သို့ကြောင့် ဘုရားအလောင်း တော်တို့သည် ပါရမီဖြည့်ခွင့်မရကြ သောအခါ နတ်ဘုံ၌ သက်တမ်းစေ့ အောင်မနေပါ။ စုတေခြင်းတစ်မျိုးဖြင့် စုတေအောင် မိဋ္ဌာန်ကာ လူ့ပြည်၌သာ ပါရမီဖြည့်တော်မူကြသည်။

သုဓမ္မာဓမ္မာရုံကြီး၏ ကျက်သရေ မှာ အံ့ဩ၍ချီးမွမ်း၍မကုန်နိုင်လောက် အောင် တင့်တယ်လှပသည်။ ဓမ္မာရုံ အဆောက်အအုံအားလုံးတို့၌ ရတနာ မျိုးစုံကို သူ့နေရာနှင့်သူ လှပသပ်ရပ်စွာ အသုံးပြုထားသည့် ဓမ္မာရုံအနီး၌ရှိသော ပင်လယ်ကသစ်ပင်မှ ပန်းတို့၏ရနံ့သည် ဓမ္မာရုံအတွင်းသို့ လေညင်းကပို့ဆောင် သဖြင့် နှစ်သက်ဖွယ်ရာရနံ့တို့သည် တင့်တယ်စွာ မွှန်လွင့်နေသည်။

အလယ်ဗဟိုတရားပလ္လင်၏ဘေး မှစ၍ သိကြားမင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းစသော မယာလုလင်ဘဝမှ ကောင်းမှုပြုဖက်တို့ ဖြစ်သော သုံးကျိပ်နှင့်သုံးပါးသောနတ် မင်းကြီးများ၏နေရာတို့ကို စီစဉ်ထား သည်။

ထင်ရှားသောနတ်များနှင့် မထင် ရှားသောနတ်များအတွက်လည်း နေရာ များစီစဉ်ထားသည်။ သုဓမ္မာနတ်သဘင် မှာ စည်းဝေးချိန်ရောက်သော် သိကြား မင်းကိုယ်တိုင် အချက်ပေးလိုက်သော 'ဝိဇ္ဇာယုတ္တရ' ခေါ် ခရုသင်းကြီး၏ အသံ မှာ ယူဇနာတစ်သောင်းကျယ်သော သုဒဿနနတ်မြို့တော်ကြီးကိုရိုက်ဟည်း လျက် လူ့အရေအတွက်အားဖြင့် လေးလ ကြာအောင် အဆက်ဆက်မြည်ဟည်း နေတော့သည်။

ဆိုင်ရာနတ်တို့ ဓမ္မာရုံအတွင်းသို့ ဝင်မိကြလျှင် ရတနာရောင်၊ ပန်းရောင် များ လွှမ်းမိုးနေသဖြင့် ဓမ္မာရုံအနှံ့ နီမြန်း နေတော့သည်။

တစ်ခါတစ်ရံ ဗြဟ္မာဘုံမှဆင်း လျက် သနင်္ကုမာရဗြဟ္မာမင်းက တရား ဟောသည်။ တစ်ခါတစ်ရံ သိကြားမင်း ကိုယ်တိုင် တရားဟောသည်။ တစ်ခါ တစ်ရံ တရားဟောကောင်းသော နတ် သားတစ်ဦးဦးမှဟောသည်။

နတ်ဘုံ၌ သူတော်ကောင်းစိတ် ဓာတ်မြဲကြသူတို့ မျှော်လင့်ချက်အနည်း ငယ်တော့ရှိသည်။ စူဠာမဏိစေတီတော် နှင့် သုဓမ္မာဓမ္မာရုံကြီးတို့ပင် ဖြစ်သည်။ စူဠာမဏိစေတီတော်မှာ တစ်ယူဇနာမြင့် သော မြသားစေတီတော်ကြီးဖြစ်သည့် ပြင် ထိုမြသားစေတီတော်ကြီးအတွင်း၌ ဘုရားလောင်းဘဝမှ ဆံတော်ဓာတ်နှင့် လက်ယာစွယ်တော်များ ကိန်းဝပ်တော် မူလျက်ရှိသည်။ သဒ္ဓါတရားထက်သန် သည့် နတ်သား၊ နတ်သမီးတို့မှာ သက် တမ်းလည်းရှည်၊ စိတ်ဓာတ်လည်းကြည် လင်သောကြောင့် စေတီတော်အပါး၌ ပန်း စသောလှူဖွယ်တို့ဖြင့် ဆည်းကပ်၍ ဆုထူးဆုမြတ်ကိုပန်ဆင်ကာ ရအင့်သမျှ ပါရမီတို့ကို တိုးပွားအောင် ကြိုးစား ဆောင်ရွက်နိုင်ကြသည်။

ထို့ကြောင့် အေးချမ်းသာယာ စည်းစိမ်းအပြည့်ခံစားရသောနတ်ဘုံသို့ ရောက်ရှိရန်ကြိုးစားပြီး နတ်ဘုံကျမှ အန္တရာယ်ကင်းကင်း ဘေးရန်ရှင်းလျက် တရားဘက်သို့သာ အားထုတ်၍ နန္ဒန ဥယျာဉ်အပေါက်ဝတွင်ပင် မိမိရည်ရွယ် လာသောတရားအားထုတ်လိုမှုလေးများ ပျောက်ပျက်ကျန်ရစ်မေ့လျော့သွားပေ လိမ့်မည်။ သတိပြု၍ ယခုဘဝမှာပင် မိမိရည်မှန်းချက်၊ မျှော်မှန်းချက်တို့ကို ပြည့်စုံစွာ ကျင့်ကြံပွားများအားထုတ်မှုပြု ရန် ဖြစ်သည်။

နတ်ဘုံ၌ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ရန်အသာထား၍ ဥပုသ်မကျိုး ရန်ပင် အထူးသတိပြုရသည်၊ နတ်သမီး တွေပွထသီးပွတ်သပ်ပြုချက်တို့ကြောင့် သီလပျက်သည်တို့ကများသည်။ စမ္မေ ယျနဂါးမင်းတို့ နဂါးပြည်မှာ မကြာမကြာ ဥပုသ်ကျိုးရပုံနှင့် ဝိဓုရဇာတ်တော်လာ



www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်းတို့ လူပြည်ဆင်း၍ ဥပုသ်စောင့်ရပုံတို့ကို ထောက်ရှုကြည့်ခြင်းဖြင့် မှန်းဆနိုင်သည်။

သောတာပန်ဖြစ်သော သိကြားမင်းသည် အခါတစ်ပါး၌ ကြီးကျယ်ခမ်းနားသောဥယျာဉ်ပွဲကို ရှုစားရန် အခြွေအရံများစွာဖြင့် ဧရာဝဏ်ဆင်ကိုစီး၍ ထွက်လာခဲ့သည်။ ဥယျာဉ်တံခါးပေါက်သို့ရောက်သောအခါ ဘုရားရှင်အား ပြဿနာမေးရန် အကြံပေါ်လာသည်။ ထိုအကြံသည် တဏှာကုန်ခန်းနိဗ္ဗာန် လွတ်လွတ်ကျွတ်ကျွတ် ကြွမြန်းနိုင်သော ရဟန္တာတို့၏ကျင့်ခဲ့သောလမ်းစဉ်ကိုသိရန် ဖြစ်သည်။


သို့သော် ဥယျာဉ်ပွဲသဘင်အတွင်းသို့ ရောက်သွားလျှင် မေ့ပျောက်နိုင်ဖွယ်ဖြစ်သောကြောင့် 'ယခုပင်သွား၍ မေးလျှောက်အံ့' ဟု ကြံစည်ကာ ဧရာဝဏ်ဆင်ပေါ်မှ ကွယ်ပျောက်၍ ဘုရားထံအရောက်လာခဲ့သည်။ ဆင်ကြီးသည်လည်း ဥယျာဉ်ပေါက်ဝ၌ နောက်ပါအခြံအရံများသည်လည်း ဥယျာဉ်ပေါက်မှာ ကျန်လျက်ရှိတော့သည်။

ပုဗ္ဗာရုံကျောင်းတိုက်၌သီတင်းသုံးတော်မူခိုက်ဖြစ်သော ဘုရားရှင်ထံသို့ ရောက်သောအခါ ဥယျာဉ်ပွဲက နောက်ဆံတင်းလျက်ရှိသဖြင့် တဏှာသခ်ယနိဗ္ဗာန်၌ လွတ်လွတ်ကျွတ်ကျွတ်အာရုံပြုနိုင်သော ရဟန္တာ၏ကျင့်ခဲ့သောလမ်းစဉ်တရားကို ခပ်တိုတိုအမိန့်ရှိတော်မူပါဘုရားဟု လျှောက်ထားသည်။

ဘုရားရှင်လည်း လျှောက်ထားသည့်အတိုင်း တိုတိုပင်ဖြေတော်မူသည်မှာ -

"သိကြားမင်း၊ ရဟန္တာဖြစ်မည့်ရဟန်းသည် အလုံးစုံသောတရားကို ငါ၊ ငါ့ဉစ္စာဟု နှလုံးသွင်းခြင်း၊ စွဲလမ်းခြင်းငှာ မထိုက်ဟု တရားစကားကို ကြားနာရ၏။ ထိုရဟန်းသည် ခန္ဓာငါးပါးတရားအားလုံးတို့ကို သိအောင်ကြိုးစား၏။ သိသောအခါ အားလုံးဒုက္ခချည်းပဲဟု သိပြန်သည်။ ဒုက္ခချည်းပဲဟု သိပြီးနောက် ဘာမဆို ခံစားရသမျှ ဝါသနာကို အနိစ္စစသည်ဖြင့်ရှု၍ရှု၍နေ၏။ ထိုသို့ရှုဖန်များသော် ဘာတစ်ခုကိုမှမစွဲလမ်းတော့ဘဲ နောက်ဆုံး၌ ရဟန္တာဖြစ်ကာ တဏှာကုန်ခန်းနိဗ္ဗာန်နန်းသို့ လွတ်လွတ်ကျွတ်ကျွတ်မြန်းနိုင်လေသည်"

ဟု အကျဉ်းမျှတို့ကို ဟောပြအပ်သော ပြဿနာအဖြေကို လွန်စွာသဘောကျဝမ်းမြောက်လှ၍ သာဓု သာဓု သာဓု



ဟု အသံပြုလျက် နတ်ဘုံသို့ ပြန်လေသည်။

ထိုသို့ သာဓုခေါ်သံအား ဘုရားကျောင်းတော်၏ ဝဲဘက်ခန်းဆောင်၌ သီတင်းသုံးနေသော အရှင်မောဂ္ဂလာန်ကြား၍ -

'ဤသိကြားမင်းသည် တရားကိုသိ၍ သာဓုခေါ်သည်လား၊ မသိဘဲနှင့် သာဓုခေါ်သည်လား'

ဟု စဉ်းစား၍ သိကြားကိုစုံစမ်းလိုသဖြင့် သိကြားမင်းနှင့် ရှေ့ဆင့်နောက်ဆင့်လိုက်ကာ တာဝတိံသာသို့တက်သွားသော် သောတာပန်သိကြားမင်းသည် ဥယျာဉ်တွင်း၌ တီးကြ၊ ကကြ၊ ပြကြသည်ကို နှစ်သက်အားရ ကြည်နူးဝမ်းမြောက်စွာကြည့်ရှုနေစဉ် အရှင်မောဂ္ဂလာန်ကိုမြင်၍ ရှက်သောမျက်နှာဖြင့် ခရီးဦးကိုကြိုလျက် နှုတ်ဆက်စကားလျှောက်ထားသည်။

တွေ့လျှင်တွေ့ချင်း အရှင်မောဂ္ဂလာန်မှပင် -

"မြတ်စွာဘုရားရှင်က အသင်သိကြားမင်းအား တဏှာသခ်ယဝိမုတ္တိအကြောင်းကို အဘယ်လိုဟောလိုက်ပါသနည်း။ ငါတို့ကိုလည်း ထိုတရားကို တစ်ဆင့်နာပါရစေ"

ဟု ပြောလျှင် သိကြားမင်းသည် ထိုတရားအား စဉ်းစားနေ၏။ ပေါ်မလာပေ။ မမှတ်မိတော့ပေ။ အထပ်ထပ်ပြန်စဉ်းစားသော်လည်း လုံးလုံးသတိမရတော့သဖြင့် နာယူစဉ်က မှတ်မှတ်သားသားနာယူခဲ့သော်လည်း နတ်ဘုံကိစ္စတွေများသည့်အတွက် မေ့နေရကြောင်းကို အရှက်ပြေလျှောက်သည်။

ဤတရားတော်အား လေ့လာကြည့်လျှင် နတ်ဘုံရှိအာရုံတို့သည် တရားမေ့နိုင်လောက်အောင်ဆွဲဆောင်စွမ်းရည်ရှိကြောင်း သိရှိနိုင်သည်။

သိကြားမင်းသည် ပင်ကိုအားဖြင့် သတိကောင်း၍ ဉာဏ်ထက်မြက်ပြီး အလွန်သွက်လက်သူဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်လည်းဖြစ်နေပြီ။ ဘုရားရှင်ထံမှ နာကြားခဲ့ရသော အထက်ဖော်ပြပါတရားသည်လည်း သူကိုယ်တိုင်သိချင်လှ၍ လျှောက်ထားသဖြင့် တရားအကျဉ်းမျှသာ ဟောကြားနာယူခဲ့ရသော တရားဖြစ်သည်။ နာကြားခဲ့ရသောအချိန်ကာလသည်လည်း မိနစ်ပိုင်းမျှလောက်ပင်ရှိသေးသည်။ ဤသည်ကိုပင် နတ်ဘုံသို့ပြန်ရောက်လိုက်သည်နှင့်တစ်ပြိုင်တည်း ဥယျာဉ်ပွဲတွင်ရှိ ကာမဂုဏ်အာရုံတို့သည် တရားမေ့နိုင်လောက်အောင် ဆွဲဆောင်စွမ်းရည်ရှိကြောင်း မှန်းဆနိုင်လောက်သည်။

ထို့ကြောင့် မိမိကိုယ်ကို သူတော်ကောင်းဟုတ်ပါသည်ဟု ဝန်ခံနိုင်သော သူတော်ကောင်းမှန်လျှင် နောက်ဘဝအတွက် ဂတိကောင်းနိုင်ပါသည်။ သို့သော် ရောက်ရမည့်ဂတိသည် လူနှင့်နတ်သားဖြစ်ပေလိမ့်မည်။ ဈာန်မရသဖြင့် ဗြဟ္မာမဖြစ်နိုင်ပါ။ ရဟန္တာမဟုတ်သေးသဖြင့် နိဗ္ဗာန်မရနိုင်ပါ။ ဤတွင် အထက်နတ်ဖြစ်ခဲ့သော် သိကြားမင်းကဲ့သို့ အရိယာပုဂ္ဂိုလ်သော်မှ တရားမေ့ရပုံထောက်ခြင်းအားဖြင့် မိမိအတွက် သိရှိပြီးသောတရားလေးများပင် မေ့ပျောက်သွားနိုင်ပေသည်။

တရားမေ့ပျောက်၍ နတ်တို့ခလေ့ဖြင့် အပျော်ကြီးပျော်မွေ့လျက် စုတေချိန်ရောက်သောအခါ မိမိစည်းစိမ်တို့ကို တမ်းတ၍ နွမ်းလျအားငယ်စွာ စုတေခဲ့ရပါမူ အပါယ်လေးဘုံသို့တစ်ဆင့် သွားဖို့အရေးသည် မဝေးတော့ကြောင်း သိရှိဆင်ခြင်၍ ဤဘဝဤခန္ဓာနှင့်ပင် တရားအသိကို တရားအရှိဖြစ်အောင် သတိတရားထား၍ လေ့လာရှုမှတ်ကျင့်ကြံပွားများအားထုတ်နိုင်ကြသည်ဖြစ်၍ ဤထက်ဤထက်မြင့်သောဘုံဘဝတို့၌ခံစားစံစားနိုင်ကြရပြီး မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်အထိ ကြိုးစားနိုင်ကြပါစေ။

ကိုချို (မြကိုင်း)


မှီငြမ်း -

ကိုယ်ကျင့်အဘိဓမ္မာ
(အရှင်ဇနကာဘိဝံသ)
မဟာဗုဒ္ဓဝင် (စတုတ္ထ၊ ပဉ္စမ)
(ဦးဝိစိတ္တသာရာဘိဝံသ)
အဘိဓမ္မတ္ထသင်္ဂဟာပို့ချချက်မှတ်စု
(တက္ကသိုလ်သျှင်သီရိ)



www.burmeseclassic.com

www.burmeseclassic.com



# ကမ်းဆုံးခပ်၍ ခက်လက်ဝေဝေ

ကိုရွှေမြသန်း (သခိုင်း)

မြတ်စွာဘုရားရှင်၏ ရှေးဘဝနတော်မူစဉ် ပါရမီတော်တို့ကိုဖြည့်ဆဲကာလ အသဒိသမင်းသားဖြစ်စဉ်အခါက အလွန်အံ့ဩဖွယ်ရာကောင်းသော လေးအတတ်ပညာကိုပြတော်မူခဲ့၏။

မည်ကဲ့သို့သောအံ့ဩဖွယ်အလွန်ကောင်းသည့် လေးအတတ်ပညာကို ပြခဲ့ပါသနည်းဟုဆိုရပါချေမူ. . . ။

■

ဘုရားအလောင်းတော်သည် ပါရမီဖြည့်စဉ်ကာလ တစ်ခုသောဘဝဝယ် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ သားတော်အကြီး အသဒိသမင်းသားဖြစ်ခဲ့ဖူး၏။

အသက်(၁၆) နှစ်အရွယ်ရောက်အခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ ဗေဒင်သုံးပုံနှင့်တကွ (၁၈) ရပ်သောအတတ်ပညာတို့ကို ကမ်းဆုံးခပ်တတ်မြောက်တော်မူခဲ့သည့်အပြင် အထူးပညာရပ်အဖြစ် လေးအတတ်ပညာ၌ သူမတူတန်အောင် သင်ကြားတတ်မြောက်ခဲ့လေ၏။

ပညာရည်ပြည့်ဝ၍ ဗာရာဏသီသို့ပြန်ရောက်လျှင် ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် နတ်ရွာစံခါနီး၌ သားတော်အကြီး အလောင်းတော် အသဒိသမင်းသားအား မင်းမြှောက်ကြရန်နှင့် သားတော်မှ မင်းအဖြစ်ကို လက်ခံပါရန် မှာကြားသွားပါသော်လည်း အလောင်းတော်အသဒိသမင်းသားသည်



www.burmeseclassic.com

www.burmeseclassic.com

ကား မင်းအဖြစ်ကိုလက်မခံခဲ့ချေ။

သို့ဖြစ်ပါ၍ ညီတော်ဗြဟ္မမင်းသားကို မှူးမတ်တို့က မင်းမြှောက်ကြကုန်၏။ အလောင်းတော် အသဒိသမင်းသားသည်ကား နေမြဲတိုင်းပင်နေလေ၏။

ဤသို့ အလောင်းတော်အသဒိသမင်းသား၏ နေမြဲတိုင်းနေသည်ကိုပင် မင်း၏ခြေရင်း ဝပ်စင်းခစားကုန်းချော သမားတို့က -

"အသဒိသမင်းသားသည် ထီးနန်းစည်းစိမ်ကို ချိန်ရွယ်တောင့်တနေသည်"

ဟု ပြည့်ရှင်မင်းထံ အလောင်းတော်နှင့်သွေးကွဲစေရန် ကုန်းတိုက်စကားပြောကြားသည်ကို ညီတော်ပြည့်ရှင်မင်းသည် ယုံကြည်ပြီး နောင်တော်အသဒိသမင်းသားကို ဖမ်းဆီးရန် အမိန့်တော်ပြန်လေ၏။

ထိုအခါ ဘုရားလောင်းအသဒိသမင်းသား၏အကျိုးကို လိုလားသောမင်းချင်းတစ်ယောက်မှ ထိုအကြောင်းအရာများကို ဘုရားလောင်းအားလျှောက်ထားသဖြင့် ဘုရားလောင်းတော်လည်း ညီတော်ပြည့်ရှင်မင်းကို စိတ်နာကာ ဗာရာဏသီပြည်မှ ထွက်ခွာသွားလေတော့၏။

■

ဗာရာဏသီပြည်မှ ထွက်ခွာခဲ့ပြီး အခြားတိုင်းတစ်ပါးသို့ ရောက်စဉ်တွင် လေးဆရာတစ်ယောက် လာရောက်ပြီး မင်းအား ခစားခွင့်ရရန် မင်းနန်းတော်တံခါး၌ ရပ်တည်နေကြောင်းကို ပြည့်ရှင်မင်းအား မင်းခစားတို့မှတစ်ဆင့်လျှောက်ကြားစေ၏။

ဤတွင် မင်းမှခေါ်ယူ၍ တစ်နှစ်စာမင်းမှုထမ်းခမည်မျှပေးရမည်ကိုမေးမြန်းသည့်အခါ တစ်နှစ်စာကျပ်တစ်သိန်းဖြင့် အမှုထမ်းရန် သဘောတူညီကြပြီး ထိုအချိန်မှစ၍ အလောင်းတော်အသဒိသမင်းသားသည် လေးသမားတစ်ယောက်အနေဖြင့် တိုင်းတစ်ပါး၏ ပြည့်ရှင်မင်းကြီးထံ မင်းမှုထမ်းခစား၍နေလေတော့၏။

ထိုသို့ အလောင်းတော်လေးသမားအသစ်အား တစ်နှစ်လျှင် ကျပ်တစ်သိန်းမင်းမှုထမ်းခပေးသည်ကို ယခင်ရှိရင်းစွဲလေးသမားဟောင်းတို့မှ မနာလိုရှုံ့မဲ့၍ ကဲ့ရဲ့ကြကုန်၏။

ဤသို့ဖြစ်၍ တစ်နေ့သ၌ ပြည့်ရှင်မင်းသည် ဥယျာဉ်တော်ရှိ ကျောက်ဖျာအနီးသရက်ပင်ကြီး၏ ထိပ်စွန်အခေါင်ဖျား၌ သရက်သီးခိုင်တစ်ခိုင်ကိုမြင်တော်မူ၍ -

"ဤသရက်ခိုင်ကို တက်၍မဆွတ်ယူနိုင်"

ဟု ဆင်ခြင်တော်မူပြီးလျှင် လေးသမားဟောင်းကြီးတို့ကိုခေါ်စေ၍ -

"ဤသရက်ခိုင်ကို မြားဖြင့်ဖြတ်ကာ ပစ်ချစေတော်မူပါ"

ဟု တညီတညွတ်တည်း လျှောက်ဆိုကြကုန်၏။

ပြည့်ရှင်မင်းကြီးသည် အလောင်းတော်အသဒိသမင်းသားကို ခေါ်စေ၍-

"ချစ်သား၊ ထိုသရက်ခိုင်ကို မြားဖြင့်ပစ်ချနိုင်ပါမည်လော"

ဟု မေးလတ်သော် အလောင်းတော်မင်းသားမှ -

"အရှင်မင်းကြီးတို့ ယခုလျောင်းစက်နေသောနေရာကိုရပါမူ ပစ်ချနိုင်ပါ၏"

ဟု ဆိုတော်မူ၏။

ဤကဲ့သို့ဆိုတော်မူရခြင်းသည်မှာလည်း ပြည့်ရှင်မင်းကြီးလျောင်းစက်နေသောနေရာနှင့် သရက်ခိုင်၏အညှာသည် အထက်အောက်တည့်တည့်ရှိနေသောကြောင့် ထိုနေရာမှ အံ့ဖွယ်လေးအတတ်ပညာကိုပြရန် အသင့်တော်ဆုံးဖြစ်သည့်အတွက် နေရာရွေးချယ်တောင်းဆိုရခြင်း ဖြစ်လေသည်။

အလောင်းတော်အသဒိသမင်းသား၏ ဆိုတော်မူသောစကားအဆုံးတွင် ပြည့်ရှင်မင်းကြီးသည် လျောင်းစက်ရာနေရာကိုဖယ်ခွာ၍နေရာပေးပြီး ပစ်ရန်အခွင့်ပေးလေသည်။ ပြည့်ရှင်မင်း၏အခွင့်ကို ရရှိပြီးသည်၏နောက်တွင်တော့။

■

အလောင်းတော်မင်းသားသည်ကား အခြားလေးသမားများကဲ့သို့ လေးတကိုင်ကိုင်ဖြင့် လှည့်လည်နေသူမဟုတ်။ အဝတ်အတွင်း၌သာ လေးကိုဖွဲ့၍လှည့်လည်သူဖြစ်၏။ သို့ဖြစ်၍ အလောင်းတော်မင်းသားသည် တင်းထိမ်ကန့်လန့်ကာကိုဝန်းရံကာစေပြီးမှ အကာအရံအတွင်းသို့ဝင်၍ လေးသမား၏အသွင်ကိုပြင်လေ၏။

တင်းထိမ်ကန့်လန့်ကာတို့ဝန်းရံ၍ကာရံထားသည်၏အတွင်း၌ အလောင်းတော်မင်းသားသည် အပေါ်ရုံဝတ်လဲတော်အဖြူကိုချွတ်၍နီမြန်းသောအဝတ်အထည်ကိုဝတ်ဆင်၏။ခါးတောင်းကျိုက်၏။ ပြီးမှ အဝတ်နီတစ်ထည်ကို ရင်၌တင်းကျပ်စွာဖွဲ့ချည်၏။ အိတ်အတွင်းမှ သန်လျက်တော်ကိုထုတ်ယူကာ လက်ဝဲဘက်၌လွယ်၏။ ရွှေသင်တိုင်းကို သိုင်းဖွဲ့ဝတ်ဆင်ကာ မြားကျည်တောက်ကို ကျော၌လွယ်၏။

ထို့နောက်တွင်တော့ သူ့အဆစ်နှင့်သူ့အစပ်ဖွဲ့ယှဉ်အပ်သောဆိတ်ချိုလေးကြီးကိုစွဲကိုင်၍ သန္တာအသွေးနီထွေးသောလေးညို့(လေးကြိုး)ကိုတင်၏။ ရတနာသင်းကျပ်တော်ကို ဦးခေါင်း၌ဆောင်းစွပ်၍ အလွန်ထက်လှစွာသော မြားကိုလက်သည်းတော်တို့ဖြင့် စက်ဝန်းတရစပ်လည်စေ၏။

မြားကိုလည်စေပြီးသည်၏နောက်တွင်တော့ အလောင်းတော်မင်းသားသည် မြေကြီးကိုဖောက်ခွဲထွက်လာသောနဂါးလုလင်ပမာ တင်းထိမ်ကန့်လန့်ကာကို နှစ်ဖြာခွဲလျက်ထွက်တော်မူပြီး မြားပစ်ရန်တောင်းဆိုထားရာ နေရာဌာနသို့သွားတော်မူကာ -

"အရှင်မင်းကြီး၊ ထိုသရက်ခိုင်ကို အထက်သို့တက်သောမြားဖြင့်ကျအောင်ပစ်ရမည်လော သို့မဟုတ် အောက်သို့သက်ဆင်းလာသောမြားဖြင့် ကျအောင်ပစ်ရမည်လော"

ဟု မေးမြန်းသည်တွင် -

"ချစ်သား၊ ငါသည် အထက်သို့တက်သောမြားဖြင့် ကျစေသောလေးသမားများစွာတို့ကို မြင်ဖူးလှပါပြီ။ အောက်သို့သက်ဆင်းလာသော မြားဖြင့်ကျစေသောလေးသမား (ကျအောင်ပစ်နိုင်သောလေးသမား)တို့ကို ငါကားမမြင်အပ်ဘူးကုန်။ သင်ချစ်သားသည် အောက်သို့သက်ဆင်းလာသောမြားဖြင့် ကျစေလော့။ ကျအောင်ပစ်လေလော့"

ဟု ဆိုပေ၏။

ဤတွင် အလောင်းတော်မင်းသားမှ-

"မြတ်သောမင်းကြီး၊ ဤယခုအကျွန်ုပ်ပထမပစ်မည့်မြားသည် စတုမဟာရာဇ်နတ်ပြည်တိုင်မြောက်အောင် အဝေးသို့ တက်ရောက်ပါလိမ့်မည်။ ထိုစတုမဟာရာဇ်နတ်ပြည်မှ မြားပြန်ကျလာသည့်တိုင်အောင် အရှင်မင်းကြီးတို့ သည်းခံစောင့်ဆိုင်းသင့်ပါသည်"

ဟု ပြောဆိုသည့်အခိုက်တွင် ပြည့်ရှင်မင်းကြီးမှ -

"ကောင်းပါပြီ"

ဟု ဝန်ခံတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တစ်ဖန် အလောင်းတော်မင်းသားသည် -

"မြတ်သောမင်းကြီး၊ ဤယခုအကျွန်ုပ် ပထမပစ်လိုက်မည့်မြားသည် တက်သွားလတ်သည်ရှိသော် သရက်ခိုင်အညှာကို ထက်ဝက်(တစ်ခြမ်း)တိုင်အောင်ဖြတ်၍တက်သွားပါလိမ့်မည်။ ဤမြားသည် ကောင်းကင်မှတစ်ဖန်ပြန်၍ဆင်းသက်လာသည်ရှိသော် ဆံခြည်ဖျားမျှတိမ်းစောင်းချွတ်လွဲခြင်းမရှိဘဲ ကျန်သောသရက်သီးခိုင်အညှာထက်ဝက်ကိုတိတိကျကျဖြတ်ပြီးလျှင် သရက်သီးခိုင်ကို ယူဆောင်၍ ကျလာပါလိမ့်မည်။ မြတ်သောမင်းကြီး ကြည့်တော်မူလော့"

ဟု ရဲရဲတောက်စကား မိန့်ကြားတော်မူပြီးလျှင် အဟုန်ကိုဖြစ်စေလျက်မြားကိုပစ်လွှတ်တော်မူလိုက်လေ၏။

■

အဟုန်ကိုဖြစ်စေလျက် မြားကိုပစ်လွှတ်လိုက်သည်၏နောက်ကွယ်တွင်တော့ အလောင်းတော်ပြောဆိုခဲ့သည့်အတိုင်း မြားသည် သရက်ခိုင်အညှာကိုထက်ဝက်(တစ်ခြမ်း)တိုင်အောင် ဖြတ်၍တက်သွားလေ၏။

ထိုအခါ၌. . .

ယခုအခါ ထိုမြားသည် စတုမဟာရာဇ်နတ်ပြည်သို့တိုင်ရောက်လောက်ပြီဟု ဘုရားအလောင်းသည်သိ၍ ပထမပစ်လွှတ်လိုက်သောမြားထက် အဟုန်ပြင်းထန်လျင်မြန်သောဒုတိယမြားတစ်စင်းကို ထပ်မံပစ်လွှတ်ပြန်၏။

ထိုဒုတိယမြားသည် အထက်သို့တက်၍ ပထမမြား၏ မြားလွှ(မြားရွက်)ကိုရိုက်ခတ်၍ ထိုပထမမြားကို အောက်သို့လည်ကျစေပြီးလျှင် ဒုတိယမြားသည်ကား တာဝတိံသာနတ်ပြည်သို့တိုင်အောင်တက်လေ၏။ ထိုမြားအား တာဝတိံသာနတ်တို့ဖမ်းယူကြလေ၏။

ဘုရားလောင်းပစ်လွှတ်လိုက်သောဒုတိယမြား၏ရိုက်ခတ်ချက်ကြောင့် ပြန်လည်သက်ဆင်းလာသော ပထမမြား၏အဟုန်ပြင်းထန်စွာ လေထုကိုဖြတ်တောက်၍ သက်ဆင်းလာသောအသံသည်ကား မိုးကြိုးသံပမာ လွန်စွာမြည်ဟည်းသည်မှာ မြေကြီးတုန်မတတ်ပင်ရှိလတ်၏။

ဤတွင် လူအများမှ -

"ဤအသံသည် ဘာသံနည်း"

ဟု ပြောဆိုမေးမြန်းကြသည်ရှိသော် အလောင်းတော်မင်းသားမှ -



"ဤအသံကား ပြန်လည်သက်ဆင်းလာသော ပထမမြား၏အသံဖြစ်၏"

ဟု ပြောဆိုစဉ် လူအများ၏ မိမိကိုယ်ပေါ် မြားကျလာမည်ကို တွေးကာကြောက်သွေးဝင်နေကြခြင်းအား -

"မကြောက်ပါနှင့်"

ဟု သက်သာအောင်ပြော၍ -

"ထိုမြားကို မြေသို့ကျခွင့်မပေး၊ မည်သူ့ကိုမျှလည်း မထိခိုက်စေမူ၍ မြားကို အကျွန်ုပ်ဖမ်းယူပါအံ့"

ဟု နှစ်သိမ့်စေတော်မူ၏။

ဤတွင် မြားသည် ပြန်လည်သက်ဆင်းလာခြင်း၌ ဆံခြည်ဖျားမျှ တိမ်းစောင်းချွတ်လွဲခြင်းမရှိဘဲ လူအများတို့ကြည့်နေစဉ်မှာပင် ယခင်ထက်ဝက်(တစ်ခြမ်း) ဖြတ်ထားခဲ့သော သရက်သီးခိုင်အညှာတံ၏ကျန်သောထက်ဝက်ကိုတည့်တည့်မတ်မတ်ထိုးဖြတ်ကာ သရက်သီးခိုင်နှင့်တကွ မြေသို့ကျလာ၏။

အလောင်းတော်အသဒိသမင်းသားသည် သရက်သီးခိုင်ကို လည်းကောင်း၊ မြားကိုလည်းကောင်း မြေသို့ကျခွင့်မပေးဘဲ လက်တစ်ဖက်ဖြင့် သရက်သီးခိုင်ကိုလည်းကောင်း၊ ကျန်လက်တစ်ဖက်ဖြင့် မြားကို လည်းကောင်း ဖမ်းယူတော်မူလိုက်လေ၏။

မင်းနှင့်တကွ များစွာသောလူအပေါင်းတို့သည် ထိုသို့ထူးကဲအံ့ဖွယ်မြင်ကွင်းကိုမြင်ကြရ၍ -

"ငါတို့သည် ဤသို့ ထူးကဲသောအံ့ဖွယ်ကို ရှေးကမမြင်အပ်စဖူး"

ဟု အလောင်းတော်ကိုချီးမွမ်းကြ၏။ ကောင်းချီးကြွေးကြော်ကြ၊ လက်ပန်းပေါက်ခတ်ကြ (လက်ခမောင်းတဖောင်ဖောင်ခတ်ခြင်း) လက်ချောင်းလက်ဖျားတို့ကိုခါကြလေ၏။

အထောင်မကသော ဦးရစ်ခေါင်းပေါင်းတို့ကို ကြဲမြောက်ခြင်းပြုကြ၏။ မင်း၏ပရိသတ်များမှာလည်း အားရဝမ်းသာလှသဖြင့် အလောင်းတော်အားဆုလာဘ်များပေးကြလေ၏။

ဆုလာဘ်အဖြစ် ပေးအပ်သောဥစ္စာတို့သည်ကား တစ်ကုဋေမျှရှိပေ၏။ ပြည့်ရှင်မင်းကြီးမှလည်း အလောင်းတော် အသဒိသမင်းသား လေးသမားအား မိုးကြိုးသည်းထန်စွာရွာသွန်းသည့်ပမာ များစွာသောဥစ္စာ၊ များစွာသောအခြံအရံတို့ကို ပေးကမ်းလေကုန်၏။

ဤသို့အားဖြင့် ဘုရားအလောင်းတော်သည် အသဒိသမင်းသားဖြစ်စဉ်အခါ ထူးကဲဆန်းကြယ် အံ့ဩဖွယ်ကောင်းသော လေးအတတ်ပညာကို ပြသတော်မူခဲ့လေ၏။ အတတ်ပညာတို့၏အကျိုးဆက်သည်ကား ပြောပြမစွမ်းနိုင်အောင်ရှိပါချေ၏။

သို့ဖြစ်ပါ၍ ကာဗလ၊ ဘောဂဗလ၊ အမစ္စဗလ၊ ဇာတိဗလ၊ ပညာဗလဟူ၍ ဗလငါးတန်ဟုဆိုအပ်သော အားအစွမ်းသတ္တိငါးပါးတို့တွင် ပညာဟူသောအားသည် အလုံးစုံသောကိစ္စဟူသမျှတို့ကို ပြီးစေနိုင်၏။

လောကီ၊ လောကုတ္တရာချမ်းသာအားလုံးကို ပြီးစီးစေ၍ အမြတ်ဆုံးဖြစ်သော ပညာဓိကသဗ္ဗညုဉာဏ်တော်ကိုရရှိပြီးလျှင် ဘုရား၏အဖြစ်သို့ရောက်အောင်ပင်လျှင် ပို့ဆောင်နိုင်သောသတ္တိရှိသည်ဖြစ်၍ ပညာနှင့်ယှဉ်သောစိတ်သည်သာလျှင် ဗဟုသုတအကြားအမြင်အသင်အတတ်နှင့်ပြည့်စုံစေခြင်းကိုပြုတတ်၏။

ဗဟုသုတနှင့် ပြည့်စုံ၍ အသိအလိမ္မာဉာဏ်ပညာရှိသောပုဂ္ဂိုလ်သာလျှင် အကျော်အစော လာဘ်ပူဇော်သက္ကာရဂုဏ်ကျက်သရေတို့ကို ပွားများစေတတ်၏။

ထို့ကြောင့် ပညာရှိပုဂ္ဂိုလ်မြတ်သည်သာလျှင် ဧကန်မုချ လောကီလောကုတ္တရာ ချမ်းသာအမျိုးမျိုးတို့ကို ရရှိပိုင်ဆိုင်နိုင်ခွင့်ရှိသည်ဖြစ်၍ မိမိတို့သည်လည်း. . .။

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း -

- မဟာဗုဒ္ဓဝင်(ဒုတိယတွဲ)
- နရဒက္ခဒီပနီကျမ်း(ပညာနိ[illegible])

www.burmeseclassic.com

www.burmeseclassic.com


■ **ရွာထဲကသချိုင်း**

ရွာထဲမှာ သချိုင်းရှိတယ်ဆိုရင် ပြောလို့ယုံကြမယ်မထင်ဘူး။ မယုံမရှိကြပါနဲ့။ ယခင်က ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ ယခု နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ကွက်မှာ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသေးတယ်။

သို့သော်လည်း မှန်ကျောင်းသချိုင်းကတော့ ဖျက်ဆီးပစ်လိုက်ပြီး အခု နေပြည်တော်မှာ အများသဂြိုဟ်နေကြတဲ့ ကွေ့ကြီးသချိုင်းကို ရွှေ့ပစ်လိုက်ပြီဆိုပါတော့။ သို့သော်လည်း သချိုင်းမှာ လူတွေဖြိုဖျက်လိုက်ပေမယ့် အုတ်ပုံတွေနဲ့ အကျည်းတန်စွာ အခုထိရှိနေဆဲပါပဲ။

ကျွန်တော်တို့ရွာမှာ ဘုန်းကြီးကျောင်းတွေက ရွာလမ်းရဲ့တောင်ဘက်မှာ တန်းစီပြီးရှိနေတာပါ။ အဲဒီတော့ ကျောင်းရဲ့ဒါယကာဆွေတော်မျိုးတော်တွေ အမှတ်တရမြှုပ်နှံဖို့ဆိုပြီးတော့ကာ ကျွန်တော်တို့မှန်ကျောင်းရယ်၊ မှန်ကျောင်းရဲ့အရှေ့ဘက်က လေသာကျောင်းရယ်၊ အဲဒီကျောင်းတွေရဲ့အရှေ့တောင်ထောင့်တွေမှာ တံတိုင်းခတ်ပြီး သချိုင်းတည်ကြပါတယ်။

ဒီတော့ကာ မှန်ကျောင်းရဲ့ ဆွေတော်မျိုးတော်အုပ်စုတွေသေဆုံးရင် အလှယ်တကူ မှန်ကျောင်းသချိုင်းထဲမှာ ပဲဂူသွင်းလိုက်ကြတယ်။ ဂူတွေကပြည့်နေတော့ ဂူဟောင်းတွေဖောက်ပြီးထည့်ကြတယ်။ ကမ္ပည်းကို အသစ်ရေးလိုက်တာပေါ့လေ။ ဆွေမျိုးတွေဆိုတာက ကြာလေ ပွားလေပွားလေတော့ကာ အစွန်အဖျားအနားတွေအထိ ဒီသချိုင်းကျဉ်းကျဉ်းလေးထဲ ထိုးသိပ်ထည့်နေကြတာ ခေတ်အဆက်ဆက်ဆိုပါတော့။ လေသာကျောင်းမှာလည်း ထို့အတူပါပဲ။ ဒါပေမယ့် မှန်ကျောင်းအုပ်စုလောက်မကောင်းဘူး။ မှန်ကျောင်းအုပ်စုက တောင့်သလားမမေးနဲ့။ ကျွန်တော့်သူငယ်ချင်း မွတ်တားရဲ့အဖေ၊ အမေ၊ မိန်းမ၊ သမီးလေးယောက်စလုံး မှန်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

သချိုင်းထဲမှာ ထိုးသိပ်ပြီး သင်္ဂြိုဟ်ထားတာသာကြည့်တော့။ ဆွေမျိုးတွေဆိုတာ မှိုက်သတ်လို့တောင်မကုန်နိုင်အောင်ပေါတာ စဉ်းစားကြည့်ပေတော့။

တကယ်ဆို ရွာနဲ့ကျောင်းဟာ တစ်ဆက်တည်းပါ။ ဒီတော့ ဒီသချိုင်းတွေဟာ ရွာထဲကသချိုင်းတွေဖြစ်နေကြတာလေ။ ဒါကြောင့်လည်း မှန်ကျောင်းမှာနေကြတဲ့ ကျောင်းသား၊ ကိုရင်တွေဟာ အဲဒီသချိုင်းနဲ့ယှဉ်ပါးပြီး နေ့လယ်ဆိုဂူတွေအကြားမှာ တူတူပုန်းတမ်းကစားကြတာကလားဗျာ။ ကြောက်ရမှန်းလန့်ရမှန်း ရွံ့ရကောင်းမှန်းမသိကြပါဘူး။ ကလေးတွေကိုးဗျ။

အဲ - ဒါပေမယ့် ညရောက်ရင်တော့ကြောက်သဗျ။ အဲဒီသချိုင်းဘက်ကြည့်တောင်မကြည့်ရဲကြဘူး။ သချိုင်းဆိုတာ သရဲတစ္ဆေတွေနေမှန်းသိကြတယ်လေ။နေ့လယ်တောင် တစ်ယောက်တည်းသွားရဲတာမဟုတ်ဘူး။ အုပ်စုဖွဲ့တပ်ထောင်တာဗိုလ်ထုနဲ့ ချီတက်ပြီးဆော့ကြလို့သာ မကြောက်တာ။ တစ်ယောက်တည်း သတ္တိကောင်းသူကတော့ ရှားပါတယ်။ မွတ်တားကတော့ ကြောက်တတ်တဲ့ကောင်မဟုတ်ပါဘူး။

အဲဒီလိုဘုန်းကြီးကျောင်းသားတွေများတဲ့ခေတ်ကဆိုရင် ကလေးတွေဆော့လွန်းလို့ မြက်ပင်ပေါင်းပင်တွေတောင်ခေါင်းမထောင်နိုင်ဘူး။ တောရှင်းရလွယ်တယ်။ သူတို့ဆွေမျိုးတွေက ကြာကြာတစ်ခါ ထုံးလာသုတ်ပေးတာကြောင့် ဂူတွေဖွေးနေတတ်တယ်။

မှန်ကျောင်းနဲ့ လေသာကျောင်းကြားမှာ ရွာတောင်ဘက်ကိုထွက်တဲ့ လှည်းလမ်းရှိတယ်။ မသာလမ်းဆိုလည်း မမှားဘူး။ အဲဒီလမ်းကပဲ ရွာထဲက မသာတွေ အဲဒီသချိုင်းကို လာကြတာကိုး။ အဲဒီလို မသာလာရင် ကျွန်တော်တို့က ဝိုင်းအုံကြည့်လေ့ရှိတယ်။မသာဆိုင်းသံတထီထီနဲ့လာပြီဆိုရင် ကျွန်တော်တို့တွေပြေးလာ

## (မိုးကုတ်) ရွှေပြည်စိုး

# မှန်ကျောင်းသချိုင်း





www.burmeseclassic.com

www.burmeseclassic.com

ပြီး ကြည့်ကြစမြဲပါ။ မသာဆိုင်းဆိုတာက အဲဒီခေတ်မှာ မပါရင် မပြီးဘူးလေ။ ရပ်မလေ့ရွာမလေ့ဆိုပါတော့။

မသာအသစ်ဂူထဲထိုးထည့်သွားပြီဆိုလို့ကတော့ ကျွန်တော်တို့တွေ အဲဒီမသာခေါင်းကြီးကိုမြင်ပြီး သင်္ချိုင်းထဲသွားမဆော့ဖြစ်ကြတော့ဘူး။ မသာကလတ်လတ်ဆတ်ဆတ်ကြီးကိုး။ မျက်စိထဲမြင်နေကြတာလေ။ ကြာလာပြီဆိုတော့မှ မေ့မေ့လျော့လျော့ဖြစ်ကာ သင်္ချိုင်းထဲဆော့မြဲဆော့ကြပြန်တာပါပဲ။ သင်္ချိုင်းနဲ့ယဉ်ပါးနေသူတွေလို့ဆိုနိုင်တယ်။

အဲဒီမှာ ကျွန်တော်တို့သိထားတာက လူဆိုတာ ရှင်နေရင် မြို့တွေရွာတွေမှာ လူတွေနေတယ်။ သေရင် သင်္ချိုင်းမှာသွားနေရတယ်။ ဒါကို ကျွန်တော်တို့အားလုံးကသိနေကြတယ်။ ကလေးသိပေါ့လေ။ မြင်မြင်ထင်ထင်တွေ့နေရတာကိုး။

သင်္ချိုင်းမှာ အစဉ်အမြဲ ဆော့ကစားနိုင်ဖို့ဆိုတာ လွယ်တာတော့မဟုတ်ပါဘူး။ ပြန်ကပြေးသင်္ချိုင်းကြီးရှိတယ်။ ရွာကကြီးတော့ကာ လူတွေသေလိုက်တာ မကြာမကြာဆိုတော့ သွားမြှုပ်နေတာပါပဲ။ ဒါပေမယ့် ဘယ်သူကမှ မသာမြှုပ်ချိန်ကလွဲရင် သွားလေ့မရှိဘူး။ ကလေးတွေသွားဆော့ဖို့ဆိုတာဝေးရော။ ဘာမှမကြောက်ဘူးဆိုတဲ့လေးခွအမြဲပါတဲ့ နွားကျောင်းသား၊ ကျွဲကျောင်းသားတွေတောင် သင်္ချိုင်းကိုရှောင်ကြပါတယ်။ မသတီလို့ကြောက်လို့ပါ။ မကြောက်ရှိမလားဗျာ။ သရဲတစ္ဆေတွေရှာတည်ပြီးနေတဲ့နေရာမျိုးပေကိုး။

တကယ်ဆို သင်္ချိုင်းဟာ ရွာထဲမှာမရှိသင့်တာအမှန်ပါ။ လူသေရင် လူအမှိုက်တွေဖြစ်သွားပါပြီ။ အမှိုက်ဆိုတာအမှိုက်စွန့်ရာမှာ သွားစွန့်ရသလို လူသေအမှိုက်ကိုလည်း လူသေအမှိုက်စွန့်ရာသင်္ချိုင်းမှာသာသွားစွန့်သင့်ပါတယ်။ လူတွေနေထိုင်ရာနဲ့ မရောထွေးသင့်ပါဘူး။ ကျောင်းနဲ့သင်္ချိုင်းဆိုတာ တကယ်တော့ မတင့်တယ်ပါဘူး။

ဒါပေမယ့် ဆွေစွဲမျိုးစွဲ၊ ဂုဏ်စွဲမနစွဲတွေနဲ့ အတ္တမာန်တွေယစ်မူးကာဆွေတော်မျိုးတော်ဆိုပြီး ဂုဏ်ယူကာဒီသင်္ချိုင်းသေးသေးလေးမှာ ထိုးသိပ်ပြီးသင်္ဂြိုဟ်နေကြခြင်းပါပဲ။ ဘယ်အထိအတ္တကြီးလဲဆိုရင် ဟိုးအဝေးကြီးကရွာမှာသေတာတောင်မှ တို့ကဆွေတော်မျိုးတော်စာရင်းဝင်တယ်ဆိုပြီး မှန်ကျောင်းသင်္ချိုင်းမှာ အပင်ပန်းခံသယ်လာပြီးသင်္ဂြိုဟ်တာတောင်ရှိပါတယ်။ အံ့ဩစရာနော်၊ ဂုဏ်မက်ပုံများ။

မှန်ကျောင်းသင်္ချိုင်းမှာ ကျွန်တော်မျက်စိကျတာတစ်ခုရှိတယ်။

အဲဒါက ဂူကိုဂူပုံစံမတည်ဘဲ လှုပတဲ့ပန်းအိုးကြီးအဖြစ်တည်ထားခြင်းပါ။ အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးအိုးကိုဂူတည်ထားပုံရတယ်။ အတော်လှတဲ့ပန်းအိုးကြီးပါ။ အဲဒီပန်းအိုးကြီးမှာတော့ အလွန်သက်ပြင်းပြီး ပြုပြင်စရာမလိုတဲ့ နဂါးစက်ဂမုန်းပင်တွေစိုက်ထားတာပါပဲ။ လှုပတဲ့ပန်းအိုးကြီးနဲ့ ပွားချင်တိုင်းပွားပြီး လှုပနေတဲ့ နဂါးစက်ဂမုန်းပင်တွေဟာ အလွန်ကိုလှုပပါတယ်။ သင်္ချိုင်းရဲ့အရှေ့မြောက်ထောင့်မှာ တည်ထားတာပါ။ ဒေါ်ပန်းထုံရဲ့ဂူပါ။

ကျွန်တော်က ပန်းချီဝါသနာပါတော့ကာ အဲဒီပန်းအိုးကြီးပုံကို မကြာမကြာဆွဲဖြစ်ပါတယ်။ ဂူပေမယ့် ပန်းအိုးကြီးအဖြစ်တည်ထားတော့ကာ နှစ်သက်ဖွယ်လှပနေခြင်းပါပဲ။ နဂါးစက်ပန်းပွင့်ချိန်များဆိုရင် ပန်းတွေကိုဝေလို့ဗျာ။ အတော်လေးလှကာ ရင်ထဲစွဲနေတဲ့အလှတစ်ခုလို့ ဆိုနိုင်ပါတယ်။ အနုပညာလက်ရာမြောက်လို့ပါ။ အဲဒီလှုပတဲ့ပန်းအိုးကြီးဟာ လူကြီးနှစ်ဖက်စာနီးနီးရှိပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဆော့ကစားချိန်တွေမှာသင်္ချိုင်းဝင်းထဲမှာဆော့ကစားကြတယ်။ ဘုရားတိုက်ကျောင်းကြီးမှာ ဆော့ကစားကြတယ်။ မိုးရွာရင်ကျောင်းကြီးအောက်မှာဆော့ကစားကြတယ်။ ဘုန်းကြီးမရှိရင် ကျောင်းအပြင်ဘက်တောထဲမှာဆော့ကစားကြတယ်။ အဲဒီလို ဆော့ကစားရင်း အရွယ်ရောက်ကာ မှန်ကျောင်းကိုကျောခိုင်းကြတော့တာပါပဲ။ ဘဝခရီးအတွက် ခရီးတွေဆက်ကြရပါပြီ။

■ **မတူတော့တဲ့မြင်ကွင်း**

ဒီတစ်သက်ရောက်နိုင်မယ်မထင်တော့ဘူးလို့ထင်ထားမိပေမယ့် ကျွန်တော်တို့ဒေသကို နေပြည်တော်ကြီးတည်တော့ကာ ကိုယ့်ဒေသကို ပြန်ချင်စိတ်တွေဖြစ်ပေါ်လာတာကြောင့် နှစ်ပေါင်း(၅၀)နီးပါးကျောခိုင်းခဲ့တဲ့ဒေသကို ပြန်ရောက်ခဲ့ပါတယ်။ ရွာပုံစံကတော့ လုံးဝမပြောင်းလဲပါဘူး။ သို့သော်လည်း ရွာပြန့်ကားထွက်လာမှုဟာ ဘုန်းကြီးကျောင်းတွေကို ရွာကငုံထားခြင်းပါပဲ။ အရင်ကဆို ဘုန်းကြီးကျောင်းတွေဟာရွာရဲ့တောင်ဘက်မှာပါ။ ကျောင်းလွန်ရင် တောပါ။ အခုတော့လူနေရပ်ကွက်တွေဖြစ်နေပါပြီ။မှန်ကျောင်းရဲ့အနောက်ဘက်နဲ့တောင်ဘက်ကျတော့ အမှတ် (၂၂) အထက်တန်းကျောင်းကြီးကနေ နေရာယူထားပါပြီ။ စည်စည်ကားကားနဲ့ ဝမ်းမြောက်ဖွယ်ပါ။

ညောင်ပင်ဝိုင်းရပ်ကွက်၊ ပြန်ကပြေးလေးရပ်ကွက်၊ ပုံးချောင်ရပ်ကွက်၊ မဒေါ့ပင်ရပ်ကွက်တွေ ငလိုက်ချောင်းတိုက်စားမှုကြောင့် ရပ်ကွက်တွေရွှေ့လျားကာကျောင်းကြီးနဲ့ ယခင် ကမ္ဘာ့ဌာန်းကျောင်းယခု မဟာဝိဇိတာရုံစာသင်တိုက်အထိ ရပ်ကွက်တွေ ရွှေ့လျားခဲ့ပါပြီ။ ကျောင်းတွေ ရွာလယ်ရောက်နေခဲ့ပါပြီ။

စိတမကောင်းစရာကတော့ မှန်ကျောင်းနဲ့ လေသာကျောင်းကြားကတောင်ဘက်ကိုထွက်တဲ့လမ်းဟာ ကန်းနေပြီး ရွာကလူတွေ အမှိုက်နဲ့အညစ်အကြေးတွေစွန့်ပစ်တဲ့နေရာ ဖြစ်နေပါတယ်။ ဒီလမ်းဟာ ကျွန်တော်တို့တွေကြိမ်ဖန်များစွာ ဆော့ကစားရာနေရာဖြစ်သလို တောင်သူလယ်သမားတွေရဲ့တောင်ဘက်ထွက်ပေါက်ပါ။ အရင်တုန်းက ကြားကျောင်းအရှေ့ဘက်မှာလည်း တစ်လမ်းရှိတယ်။ ခုတော့ အဲဒီလမ်းဟာ အထက်တန်းကျောင်းဝင်းထဲပါသွားပါပြီ။ ကျန်တဲ့မှန်ကျောင်းလမ်းကလည်း ကန်းနေတာတွေ့ရတော့ ဒီလမ်းဘာကြောင့်ကန်းသလဲဆိုတာကို သိချင်ပါတယ်။ အကြောင်းမဲ့တော့ ဟုတ်ဟန်မတူပါဘူး။ တစ်ခုခုတော့တစ်ခုခုပါပဲ။

■ **အစွမ်းပြတဲ့သင်္ချိုင်း**

ဒါနဲ့ပဲ ကျွန်တော် မှန်ကျောင်းသင်္ချိုင်းအကြောင်း စပ်စုရပါတယ်။ လမ်းတောင်ကန်းရတဲ့အထိ ဘာကြောင့်ဖြစ်ပွားရတာလဲဆိုတာ သိချင်နေမိတာအမှန်ပါ။ အဲဒါကြောင့် ငယ်သူငယ်ချင်းဖြစ်တဲ့ ကျောင်းနေဖက်သူငယ်ချင်းမွတ်တားဆီမေးရတယ်။

မှန်ကျောင်းသင်္ချိုင်းဟာ အရင်ခေတ်အခါက ညအချိန်မတော်တွေသင်္ချိုင်းနားကဖြတ်သွားရင် ဖြတ်သွားတဲ့လူကို သရဲကထွက်လုံးတာကြောင့်နာမည်ဆိုးနဲ့ကျော်ကြားကာ လူတွေအဲဒီသင်္ချိုင်းလမ်းကို ရှောင်ရှားလာကြတော့တာပါပဲ။

အဲဒီသရဲ ကံဆိုးချင်တော့ကြ

www.burmeseclassic.com

ကြိုတ်ဖို့အတွက် ညမှာထမင်းလာယူပြီး ပြန်လာတဲ့ မွတ်တားကို ထွက်လုံးတော့ ဘာပါပဲ။အဲဒီမှာ မွတ်တားက သရဲအတု ဆိုတာသိသွားပြီး သန်းအောင်ရှိန်ဆန် စက်ပိုင်ဟောင်းက ဆန်စက်ပစ္စည်းတွေ ခိုးတ်ပြီး သချိုင်းမှာလာဖွက်ကာရောင်း စားနေတဲ့လူဆိုတာကိုသိသွားပြီးနောက် ကြောမီ ရဲလာဖမ်းကာ ထောင်နန်းစံရ တော့တာပါ။

ဒါကို 'မသေခင်ကြိုတင်ခြောက် သူများ' ဆိုတဲ့ ဝတ္ထုတွဲအဖြစ် သူရဋ္ဌ မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်လည်း ဒီသရဲထွက်လုံးတဲ့ ကိစ္စဟာ လူတွေရဲ့ရင်ထဲစွဲသွားပြီး နေ့နေ့ ညည ဒီလမ်းကို ရှောင်ကွင်းသွားခဲ့ပါပြီ။ အမှန်တရားကို လူတွေမြင်နိုင်စွမ်း၊ ဆင်ခြင် နိုင်စွမ်းမရှိကြတော့ပါဘူး။ လွဲမရှောင် သာတဲ့ ဝန်တင်လှည်းတွေရယ်၊ ကျွဲ၊ နွား ကျောင်းသူတွေရယ်ကတော့ သွားလာ နေရဆဲရှိပါတယ်။ ကြံခေတ်ဆိုတော့ ကြံ လှည်းတွေ ကတ္တားကွင်းရှိရာကိုလာကြ ရခြင်းပါပဲ။ သူတို့က နိုင်ငံတော်သကြား စက်အတွက် တာဝန်ပြည့်မီအောင် ဧက အလိုက်ရောင်းပေးရခြင်းပါ။ ဒါကြောင့် နေ့ညမရွေးကြံလှည်းတွေသွားရပါတယ်။

ကျွန်တော့်အိမ်အနီးက ကိုတင် သန်းဟာ အဲဒီတုန်းက ကြံလှည်းနဲ့ ည အချိန်မတော်လည်းသွားရလေ့ရှိတယ်။ တစ်ညမှာ ကြောင်နက်တစ်ကောင်ဟာ သချိုင်းအဝင်ပေါက်မှာ ငုတ်တုတ်ထိုင် ပြီး သူ့ကိုကြည့်နေပါတယ်။ ဘာကြောင် လဲကွာဆိုပြီး ကိုတင်သန်းက ကြိမ်နဲ့လှမ်း ရိုက်ပါတယ်။ လမ်းနဲ့က လက်တစ်ကမ်း ဆိုတော့မီတာပေါ့။ ဒါပေမယ့် ကြောင် က အေးဆေးစွာ မတုန်မလှုပ်ကျန်ရစ်ပါ တယ်။ ဂရုစိုက်တောင်မစိုက်ဘူးလို့ဆို ပါတယ်၊ ရိုးရိုးကြောင်ဆိုရင်လား အမြင် တွောင်မခံနိုင်ပါဘူး၊ လှစ်ခနဲပြေးမှာ။ ဒါကသက်သက်သချိုင်းက အစွမ်းပြခြင်း ပါ။ မကြောက်တတ်လို့သာ တော်တော့ တယ်။

နောက်တစ်ဦးက ကိုတင်သန်း အိမ်အနီးက မောင်နိုင်ထူးပါ။ သူက ရွာ တောင်ဘက်မှာ ကျွဲကျောင်းပြီး ကျွဲအုပ် ကြီးနဲ့ နေဝင်ရိုးရီမှာ ပြန်လာပါတယ်။ ပြန်လာတာက မှန်ကျောင်းလမ်းကပါ။ သူ့ရဲ့နောက်မှာလည်း နွားအုပ်နဲ့ပြန်လာ တဲ့နွားကျောင်းသားလည်း ကပ်ပြီးပါလာ တယ်။

မှန်ကျောင်းသချိုင်းနားကိုလည်း ရောက်ကရော သချိုင်းလေးထောင့် ကွက်အရှေ့တောင်ထောင့်လမ်းဘေးက ဖက်သန်းပင်ဟာ မြေကြီးကို တဖြည်း ဖြည်းနဲ့ ရိုက်ပါလေရော။ အပင်ကသေး သေးမဟုတ်ဘူး။ ပေါင်လုံးလောက်ရှိတဲ့ အပင်ပါ။ ဒီအပင်က အသက်ဝင်လာပြီး မြေကြီးကို ကိုင်းညွတ်ကာ တဖြန်းဖြန်း ရိုက်နေတော့ကာ ကျွဲတွေလန့်ပြီး အမြီး ထောင်ကာ လမ်းအတိုင်းမသွားရဲတော့ ဘဲ လေသာကျောင်းတောင်ဘက်အတိုင်း စွတ်ပြေးကုန်သလို နောက်မှာပါလာတဲ့ နွားအုပ်လည်း ကျွဲတွေပြေးရာနောက် ဒုန်းစိုင်းပြီးပြေးလိုက်ကုန်ပါတယ်။ ဝုန်း ဒိုင်းကြဲသွားတော့တာပါ။

ရုတ်တရက်ကြီးထခြောက်လိုက် တော့ကာ နိုင်ထူးတို့လည်း လန့်ကုန်ပြီး ကျွဲအုပ်၊ နွားအုပ်နောက်ပြေးလိုက်ရပါ တယ်။ လေညာကျောင်းရဲ့အရှေ့ဘက် မှာ ရွာထဲဝင်တဲ့လမ်းရှိလို့သာ အဆင်ပြေ ပါတော့တယ်။ ဒါက လူက ဖန်တီးပြီး ခြောက်တာမဟုတ်ဘဲ တကယ့်သရဲတစ္ဆေ စစ်စစ်ကခြောက်လှန့်တာတွေပါ။ လူဆို ရင် လုပ်နိုင်စွမ်းလုံးဝမရှိပါဘူး။

သချိုင်းတို့၊ ကျောင်းအိုကျောင်း ပျက်တို့၊ ဇရပ်အို၊ ဇရပ်ပျက်တို့ အိမ်အို အိမ်ပျက်တို့၊ သစ်ပင်ကြီးကြီးတို့ဆိုတာ က ပြိတ္တာလို့ခေါ်တဲ့ တစ္ဆေသရဲတွေအုပ် နဲ့ကျင်းနဲ့နေထိုင်ကြတာပါ။ ဒီတော့ အလျဉ်းမသင့်ရင် ဒီလိုပဲကြုံရလေ့ရှိပါ တယ်။ ကျွန်တော့်ကတော့ သရဲပေါ်တဲ့ မှန်ကျောင်းမှာ ငယ်စဉ်က အတော်များ များကြုံခဲ့ဖူးပါတယ်။ အဆန်းမဟုတ် တော့ပါဘူး။ သရဲတစ္ဆေဆိုတာတွေ သမ္မာ လူကိုခြောက်လှန့်နေတာမဟုတ်ပါဘူး။ တိုက်ဆိုင်မှုသာကြုံကြရခြင်းပါ။

ဒါက လက်လှမ်းမီရာလေးတွေကို မေးကြည့်လို့သိရတာပါ။ သူတို့လိုလူတွေ အများကြီးရှိခဲ့ပုံရပါတယ်။ အဲ့ဒါကြောင့် နာမည်ဆိုးနဲ့ကျော်ကြားအောင် အစွမ်း ပြလေ့ရှိတဲ့ မှန်ကျောင်းသချိုင်းနဲ့ကပ်နေ တဲ့လမ်းဟာ ကြံခေတ်ကုန်သွားတာ တစ်ကြောင်း၊ လူတွေရှောင်ကုန်ကြတာ တစ်ကြောင်းကြောင့် အညစ်အကြေးစွန့် ရာ လမ်းကန်းကြီးဖြစ်သွားရတော့တာ ပါ။ လမ်းက နှစ်ကြာလာတာကြောင့် လမ်းမှာပေါက်နေတဲ့ အပင်ငုတ်တွေ တောင် ပေါင်လုံးလောက်ရှိနေခဲ့ပါပြီ။ အဲဒီအပင်တွေကို ထင်းခုတ်ဆိုက်ကြပုံရှိ ပါတယ်။ တစ်လမ်းလုံး ချုံပင်နွယ်ပင် မြက်ပင်တွေနဲ့ ဖုံးအုပ်နေပါပြီ။ ဝမ်းနည်း ဖွယ်ကြီးပေါ့ဗျာ။

■ **မိတ်ဆွေကောင်း**

ကျွန်တော် နေပြည်တော်မှာ ပြန် ရောက်တာ ၂၀၁၁ ခုနှစ်ပါ။ ဒီလမ်းကို စာတိုက်ကြီးမှာ စာပို့ပြီးအပြန် ကြံရုံး မှတ်တိုင်မှာဆင်းပြီး တောတိုးကာ နှစ်ခါ လျှောက်ကြည့်တာကြောင့် သိနေခြင်း ပါ။

ဒီလမ်းဟာ ကျွန်တော်တို့ငယ်ငယ် ကပြေးလွှားဆော့ကစားခဲ့တဲ့လမ်းပါ။ ဒီ လမ်းကို ပြန်ဖွင့်စေချင်တဲ့စေတနာတွေ အရမ်းဖြစ်နေမိတာပါ။ ကျွန်တော်တစ် ယောက်တည်း ဘယ်လိုမှမစွမ်းဆောင် နိုင်ဘူးဆိုတာကိုသိပါတယ်။ ကျွန်တော် ဟာ ငယ်စဉ်ကထွက်သွားတာကြောင့် ကျောင်းနေဖက်နဲ့ ဆွေမျိုးရင်းတာ လောက်သာ အသိရှိတာပါ။ ကျောင်း နေဖက်တောင်မှ မွတ်တားနဲ့ ငပုတ်ကြီး တို့လောက်ပဲသိတော့တာပါ။ ရွာမှာ ညှိသည်ပြန်ဖြစ်နေပါပြီ။ တစ်ရွာလုံးက မသိကြတော့ပါဘူး။

ထုံးစံအတိုင်း မနက်စောစော လမ်းလျှောက်တော့တာ မွတ်တားနဲ့ ကိုတင်ထွန်းတို့လည်း လမ်းလျှောက်တာ ကြောင့် လမ်းလျှောက်အပြန် မနက်စာ ကို အမေ့အရိပ်ဆိုင်မှာ စားကြတော့ မွတ်တားမိတ်ဆက်ပေးမှုကြောင့် ကိုတင် ထွန်းနဲ့ခင်ရပါတယ်။ သူကသူဌေးပါ။

စကား စကားပြောဖန်များ စကား ထဲကဇာတိပြ ဆိုတဲ့အတိုင်း ကိုတင်ထွန်း က သူ့ဒါနတွေပြောပြလေ့ရှိတယ်။ အလှူ ရေစက်လက်နဲ့မကွာ လှူဒါန်းနေသူဆို တာသိရတယ်။ လင်ရောမယားပါအလှူ ဒါနကို လက်တွဲညီညီပြုနေကြကြောင်း သိလာရပါတယ်။

ညနေဆိုရင် ဗိုလ်မွတ်တားရဲ့အိမ် ရှေ့သစ်ဆိမ့်ပင်အရိပ်မှာ ကျွန်တော် ရယ်၊ မွတ်တားရယ်၊ ကိုတင်ထွန်းရယ် ဆုံဖြစ်ကြပြန်ပါတယ်။ စကားစမြည် ပြောကြဆိုကြ၊ အချိန်တန်အိမ်ပြန်ကြ ပေါ့ဗျာ။ ဒါနဲ့ ကျွန်တော်တို့ထိုင်နေတဲ့ နေရာနဲ့ မဝေးလှတဲ့မှန်ကျောင်းလမ်းကို ပြပြီး အဲဒီလမ်းပြင်ချင်ကြောင်း ကိုတင် ထွန်းကိုပြောပြပါတယ်။ကုသိုလ်ဝါသနာ ပါတဲ့ ကိုတင်ထွန်းက ချင်းချင်းအကောင် အထည်ထဖော်တော့တာပါပဲ။ပိုက်ဆံရှိ နေတော့ကာ ဘာမဆိုပြီးတာပေါ့။

ပထမ တောရှင်းတယ်။ တိုင်းကြည့် တော့ ပေ (၁၄၀၀) လောက်ရှိတယ်။ နောက်ကျောက်ရိုစာတွေချ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ ကိုတင်ထွန်းရယ်၊ မွတ်တားရယ် အလျှုခံထွက်ပြီးလုပ်လိုက်တာ ကျောက်ချောလမ်းဖြူးထွက်သွားတော့တာပါပဲ။ ဆိုင်ကယ်တွေ၊ ကားတွေတဝေါဝေါနဲ့ သွားလာနိုင်တဲ့လမ်းဖြစ်သွားပြီး အဲဒီလမ်းကို ကျွန်တော်က အောင်ဇမ္ဗူလမ်းလို့ အမည်ပေးလိုက်ပါတယ်။ ကမ္ပည်းဆိုင်းဘုတ်လေးတွေလည်း အမှတ်တရစိုက်ထူလိုက်ကြပါတယ်။

မှန်ကျောင်းသင်္ချိုင်းက ဖက်သန်းပင်ကိုလည်း ငုံးတိုအောင်ခုတ်ခိုင်းပစ်တာပါ။ သင်္ချိုင်းကချုံတွေနွယ်တွေအုပ်နေတာမို့ အပြောင်ရှင်းခိုင်းရပါတယ်။ လူတွေစိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ သို့သော်လည်း အဲဒီတစ်ခါသာရှင်းလိုက်တာပါ။ နောက်မရှင်းဖြစ်ပါဘူး။ မိုးကျတာနဲ့ ချုံတွေနွယ်တွေပြန်ရောက်လာတာပါပဲ။

ဖြစ်ချင်တဲ့လမ်းလေးပြန်ဖြစ်သွားတော့ကာ ရင်မှာကြည်နူးရပါတယ်။ ဒါဟာ ကိုတင်ထွန်းနဲ့ မွတ်တားတို့လို မိတ်ကောင်းဆွေကောင်းနဲ့ပေါင်းမိလို့သာ ရင်ထဲက ဆန္ဒကိုအကောင်အထည်ဖော်နိုင်ခြင်းပါ။ အမိကကတော့ ကိုတင်ထွန်းလို့ရရှိမှာပါပဲ။ အခုထိတိုင်လည်း ကိုတင်ထွန်းနဲ့ ကျွန်တော်ဟာ နေ့စဉ်ဆိုတာလို အတွဲညီညီနဲ့ ကောင်းမှုကုသိုလ်တွေလိုက်လုပ်နေဆဲပါ။

■ ကိုပိုပိုသဲနဲ့ မသဲသဲပို

မှန်ကျောင်းလမ်းက အောင်ဇမ္ဗူလမ်းအဖြစ်နဲ့ ရွာရဲ့တောင်ဘက်ထွက်ပေါက်အဖြစ် ပြန်လည်ပေါ်ထွန်းလာတော့ကာ လူတွေဥဒဟိုသွားလာနေကြပါပြီ။ ရွာရဲ့တောင်ဘက် လမ်းဘေးက ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကိုသွားလိုသူတွေဆိုရင် အောင်ဇမ္ဗူလမ်းနဲ့ ဆေးရုံကြီး ဝင်ပေါက်ဟာ မျက်နှာချင်းဆိုင်မို့ အလွန်ကို အဆင်ပြေတာပါ။ ရွှေကြာပင်၊ သပြေကုန်း၊ မြို့မဈေးစသည်သွားလိုသူတွေလည်း အလွယ်တကူ ဒီလမ်းကသွားကြတာပါ။ လမ်းက ကျောက်ချောလမ်းဆိုတော့ အလွန်ကောင်းတာပေါ့။

ရွှေကြာပင်မှာနေကြတဲ့ ကိုပိုပိုသဲနဲ့ မသဲသဲပိုတို့ဟာ အဲဒီလမ်းကနေ စက်ဘီးကိုယ်စီနဲ့ ပြန်ကပြေးမှာနေကြတဲ့ သူတို့ရဲ့ အိမ်ကိုလာလည်ကြပါတယ်။ အပြန်မှာတော့ မိုးချုပ်နေကြပါပြီ။ သို့သော်လည်း ရပ်ကွက်ရဲ့မီးရောင်တွေ၊ လမ်းမကြီးရဲ့မီးရောင်တွေကြောင့် မှောင်နေပေမယ့် လမ်းတော့ ကောင်းကောင်းမြင်ရပါတယ်။ သူတို့နှစ်ဦးဟာ ကိုပိုပိုသဲရှေ့က ဦးဆောင်စီးတာပါ။ အကွာအဝေး ပေတစ်ရာနီးပါးရှိနေပါတယ်။

သင်္ချိုင်းရှေ့လည်း ရောက်ကရော မသဲသဲပိုရဲ့စက်ဘီးဟာ နင်းစရာလုံးဝမလိုတော့ဘဲ သူ့အလိုလိုပြေးနေပါတယ်။ အဲဒါကြောင့် သတိနဲ့လက်ကိုင်ကိုထိန်းပြီးစီးလာခဲ့ပါတယ်။ မသဲသဲပိုဟာ သရဲတစ္ဆေမကြောက်တတ်တာကြောင့် မကြောက်ပါဘူး။ ဒါပေမယ့် ဘာလဲ၊ ဘယ်ကောင်တွေကတွန်းပေးနေတာလဲဆိုတာ လုံးဝမသိပါဘူး။ အဲဒီတောတွေ ချုံတွေထူတဲ့နေရာကျမှ လိုက်တွန်းပေးခြင်းပါ။ ဒီနေရာဘာလဲဆိုတာ မသဲသဲပို လုံးဝမသိတာအမှန်ပါ။ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ဆိုတော့ ဂူတွေဖုံးကွယ်နေလို့ပါပဲ။

ဒါနဲ့ ရှေ့နားက ကုက္ကိုပင်ကြီးအောက်ကနေ ကိုပိုပိုသဲက ရပ်ပြီးစောင့်နေပါတယ်။ အနားရောက်ပြီဆိုမှ ဆက်စီးပါတယ်။ ဒါနဲ့ အချိန်အတန်ကြာအေးဆေးဆေးဆေးစီးလာကြတဲ့အခါမှာ သူတို့နေရာ ဇီဝိတရပ်ကွက်ကို ရောက်ပါတယ်။ ရောက်တဲ့အခါ မသဲသဲပိုက မေးပါတယ်။

"ကိုကို ပြန်ကပြေးကနေ ဘုန်းကြီးကျောင်းလမ်းကိုဝင်တော့ တောချုံတွေအုပ်ပြီး မှောင်မည်းနေတာက ဘာကြီးလဲ"

"ဩော် - သဲကလည်း ဒီလမ်းက သွားနေတာ သုံးလေးခါရှိပြီ မသိဘူးလား"

"ဟင့်အင်း-လမ်းပဲကြည့်သွားတာ၊ အဲဒီဘက်မကြည့်မိပါဘူး"

"သဲကလည်းကွာ အံ့လိုက်တာလွန်ရော။ အဲဒါမှန်ကျောင်းသင်္ချိုင်းလေ"

"ဟင်းဟင်းဟင်း-ထင်တော့ထင်သားပဲ။ ဒီနေရာထူးပါကလယ်လို့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ သဲ။ အဲဒီသင်္ချိုင်းရှေ့လည်းရောက်ကရော စက်ဘီးကို နောက်ကနေလိုက်တွန်းပေးနေတာလေ နင်းစရာကိုမလိုတာ။ ရှေ့မှာ ကိုကိုရပ်စောင့်တဲ့နေရာရောက်မှလွှတ်လိုက်တာ။ အတော်ဝေးဝေးထိ တွန်းပေးတော့ ဇိမ်နဲ့စီးရတာပေါ့ ကိုကိုရာ အဟင်း ဟင်းဟင်း"

"သဲက မကြောက်တတ်လို့တော်သေးတာပေါ့နော်။ နောက်ကနေတွန်းပေးတာသိသာလား"

"ဩော်-ကိုကိုလည်း သိသာတာပေါ့။ အဆင်းလမ်းမှမဟုတ်တာ၊ နင်းမှသွားတဲ့ပြန့်လမ်းပဲဟာ။ ပြီးတော့ ကိုယ့်စက်ဘီး သူများတွန်းပေးရင် ချက်ချင်းသိတာပဲလေ"

"အေးကွာ - လမ်းမရှိသေးတော့ အဲဒီလမ်းကမှောင်တယ်ကွ။ တို့စက်ဘီးတွေက မီးမပါတော့ ခက်တယ်။ နောက်ဆို ဒီလမ်းက ညဆိုသွားလို့မဖြစ်ပါဘူး။ မမှောင်ခင်ပြန်မှ တော်ရုံကျမယ်။ အဲဒီမှန်ကျောင်းသင်္ချိုင်းလမ်းက လူပြောများတယ်ကွ။ တော်သေးတယ်၊ စက်ဘီးတွန်းရုံလိုက်တွန်းပေးပေလို့"

"သူတို့လည်းအပျင်းပြေလိုက်တွန်းပေးပြီး ကူညီတာပဲ ကိုကိုရာ ကြောက်စရာမှမဟုတ်တာ။ သဲတော့ မကြောက်တတ်ပါဘူး"

"မကြောက်လည်း တစ်ခုခုဖြစ်မှာစိုးပါတယ်ကွာ။ နောင်ဆိုရင် မှောင်အောင်နေလို့မဖြစ်တော့ဘူး"

လို့ ပြောဖြစ်ကြပါတယ်။

စိတ်ကောင်းနှလုံးကောင်းအလွန်ရှိတဲ့ မသဲသဲပိုရဲ့လိပ်ပြာလှမှုကြောင့် သရဲတစ္ဆေတွေဟာ ဆိုးဆိုးရွားရွား မခြောက်ဘဲ စက်ဘီးတွန်းပေးပြီး ကူညီပေးကြကြောင်း ကိုပိုပိုသဲသဘောပေါက်ရပါတယ်။ အဲဒီရဲ့နောက်မှာတော့ ပြန်ကပြေးမှာ သူတို့မိုးချုပ်အောင်မနေကြတော့ပါဘူး။

■ အပုပ်ရည်ကွက်ကြီး

ကျွန်တော်တို့ ပြန်ကပြေးကို နိုင်ငံတော်က ရွာအဆင့်ကနေ အောင်ဇမ္ဗူရပ်ကွက်ဆိုပြီး တိုးမြှင့်ပေးလိုက်ပါတယ်။ အရင်က ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးရွာပါ။ အခုတော့ ရပ်ကွက်ဖြစ်သွားခဲ့ပါပြီ။ ရပ်ကွက်ဖြစ်ပြီးမကြာမီမှာပဲ မြောက်ဘက်ကမ်းကူးတဲ့ ငလိုက်ချောင်းသစ်သားတံတားကြီးကိုတော့ကာ ဘေလီသံပေါင်တံတားတည်ဆောက်ကာ အောင်ဇမ္ဗူတံတားလို့ အမည်ပေးပြန်ပါတယ်။ အောင်ဇမ္ဗူနှစ်ခုရှိနေပါပြီ။ အောင်ဇမ္ဗူသုံးခုပြည့်အောင် ကျွန်တော်တို့လမ်းကို အောင်ဇမ္ဗူလမ်းလို့ အမည်ပေးလိုက်ခြင်းပါ။

အဲဒီလမ်းပေါက်သွားတော့ကာ လမ်းပန်းဆက်သွယ်မှု အတော်ချောမွေ့သွားတာအမှန်ပါ။ အဲဒီလမ်းမှာ အချိန်မတော် အလုပ်ကပြန်လာတဲ့လူငယ်တစ်ဦးဟာ မှန်ကျောင်းသင်္ချိုင်းနားလ… ရောက်ကရော ဆိုင်ကယ်မီး… ရှေ့

www.burmeseclassic.com

www.burmeseclassic.com

မှာ ခွေးတွေအုပ်စုလိုက် လမ်းမှာထိုင်နေတယ်ဆို ကိုး။

အဲဒီမှာ ရှေ့မတိုးရဲတာကြောင့် ဆိုင်ကယ်ရပ်ပြီး လမ်းဘေးကကျောက်ခဲနဲ့ ကောက်ထုတယ်လို့ဆိုပါတယ်။ ခွေးတွေက လုံးဝဂရုမစိုက်တာကြောင့် နောက်ကြောင်းပြန်လှည့်ကာ အရှေ့ဘက်လမ်းကပြန်ဝင်ရတယ်လို့ ဆိုပါတယ်။ ဒါက ကြားသိရခြင်းပါ။ မကြားရတဲ့အဖြစ်တွေ ရှိနေဦးမှာပါ။

နိုင်ငံတော်က ဖွံ့ဖြိုးမှုငွေချပေးတော့ အုပ်ချုပ်ရေးမှူးနဲ့ ရုံးအဖွဲ့က သချိုင်းတောင်ဘက်မှာ ကပ်ပြီး မူကြိုကျောင်းလေးဆောက်ပါတယ်။ သချိုင်းတံတိုင်းပဲခြားတာပါ။ မူကြိုကလေးတွေ သချိုင်းကို မမြင်စေလိုတာကြောင့် သချိုင်းတံတိုင်းကို နောက်တစ်ဆင့်မြှင့်ပြီးတော့ ကာထားလိုက်ပါတယ်။ မူကြိုကျောင်းရဲ့အဝင်ပေါက်က အောင်ဇမ္ဗူလမ်းကနေဖောက်ထားတာပါ။ ကျောင်းတောင်ဘက်မှာတော့ ကလေးကစားကွင်းပါ။ စာသင်ကျောင်းမြေက လေသာကျောင်းအဆုံးအထိ ပိုင်ဆိုင်ပါတယ်။ အကျယ်ကြီးပါ။

အဲဒီလိုမူကြိုကျောင်းဖွင့်ပြီးကာလ အတန်ကြာတဲ့အခါ ညတစ်ညမှာ မူကြိုကျောင်းအတွင်းပိုင်းတွေ မီးလောင်တာကြောင့် ပရိဘောဂတွေနဲ့ တီဗွီမီးလောင်သွားကြောင်း သိရပါတယ်။ ကျောင်းကသော့ခတ်ထားတာပါ။ လျှပ်စစ်ရှော့ခ်ကြောင့်လို့ ထင်ကြေးပေးကြတာပါပဲ။

တောင်ဘက်က မူကြိုကျောင်း၊ မြောက်ဘက်ကပ်လျက်က သချိုင်းဆိုတော့ ဒါဟာ မသင့်တော်တာ အမှန်ပါ။ ဒါပေမယ့် ဘာမှမတတ်နိုင်ကြပါဘူး။ နေပြည်တော်ကြီးတည်ပြီးပြီဆိုကတည်းကပင် လူသေတွေမြှုပ်နှံခွင့်မရှိတော့တဲ့ မှန်ကျောင်းသချိုင်းဟာ တောရမ်းမယ့်သူလည်းမရှိတော့ပါဘူး။ ထုံးသုတ်မယ့်သူလည်း မရှိတော့ပါဘူး။ အဲဒီတော့ သစ်ပင်တွေချုံနွယ်တွေနဲ့ အကျည်းတန်နေတာပါ။

ပွင့်လင်းရာသီဆိုတော့ကာ မြင်မကောင်းတာနဲ့ ကျောင်းက ကလေးတွေလည်း ခြင်ကိုက်သက်သာအောင် အုပ်ချုပ်ရေးမှူးက သချိုင်းတောတွေခုတ်စေပါတယ်။ လင်းရှင်းသွားတော့ တစ်မျိုးကောင်းတာပေါ့လေ။

တောလည်းရှမ်းပြီးရော နောက်နေ့မှာ လူသေအပုပ်နံ့ကမခံရပ်နိုင်အောင် နံလာတယ်လို့ ဆိုပါတယ်။ သချိုင်းမှာ လူမမြှုပ်တာလည်း ဆယ်နှစ်ကျော်ခဲ့ပါပြီ။ သချိုင်းထဲ ဘယ်သူများဝင်ပြီးသေနေလို့ နံနေတာပါလိမ့်ဆိုပြီး လူကြီးတွေဝင်ကြည့်တော့ကာ ဂူတစ်ဂူရဲ့ခြေရင်းမှာ ဇကောလောက်ရှိတဲ့ အပုပ်ရည်စိုစို အကွက်ကြီးကို အံ့ဩစရာတွေ့မြင်ကြရတာပါပဲ။ သစ်ပင်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေခုတ်လိုက်တာကြောင့် အအေးဓာတ်ပျက်စီးကာ ပူနွေးသွားခဲ့ပါတယ်။ အဲဒီပူနွေးမှုကြောင့် မြေဓာတ်နဲ့ ကာလရှည်လျားစွာ မပုပ်မသိုးဖြစ်တည်နေတဲ့ အုတ်ဂူထဲက ရုပ်ကလာပ်ဟာ ရုတ်တရက်ပျက်စီးသွားပြီး အရည်ပျော်ထွက်လာလေသလားလို့လည်း တွေးခေါ်စရာပါ။

ဒါပေမယ့် ကျွန်တော်တို့ငယ်ငယ်က တောတွေမရှိဘဲနေစဉ်က ခုလိုအပုပ်ရည်ထွက်တာမျိုး မကြုံခဲ့ဖူးပါဘူး။ ကျွန်တော်တို့မရှိတော့တဲ့နောက်ပိုင်းမှာ မှန်ကျောင်းဘုန်းတော်ကြီးက အရိုက်ကြမ်းလွန်းတာတစ်ကြောင်း၊ ဘုန်းကြီးကျောင်းတွေခေတ်မှိန်ပြီးအတန်းကျောင်းတွေ ခေတ်စားလာတာတစ်ကြောင်းကြောင့် မှန်ကျောင်းမှာ ကျောင်းသား၊ ကိုရင်မရှိတော့ဘဲ ဘုန်းတော်ကြီးတစ်ပါးတည်းသာ ကာလရှည်လျားစွာနေထိုင်ခဲ့တာပါ။

ဒီတော့ သချိုင်းထဲဆော့စကားလေ့ရှိတဲ့ကျောင်းသား၊ ကိုရင်တွေမရှိတော့ကာ ဆွေတော်မျိုးတော်တွေလာမြှုပ်ချိန် တောရမ်းတာကလွဲရင် အံများအားဖြင့် တောအတိဖြစ်နေမှာပါ။ အဲဒီတောရိပ်ရဲ့အအေးဓာတ်ဟာ အလောင်းတစ်ခုကို မပုပ်စေတာလားဆိုပြီး ဒါက တွေးခေါ်မိခြင်းပါ။ သို့သော်လည်း ဒါဟာဖြစ်နိုင်ခြေမရှိပါဘူး။

သို့သော်လည်း အဲဒီအပုပ်ရည်ဟာ ကြာရှည်နံနိုင်စွမ်းမရှိပါဘူး။ အနိစ္စသဘောမို့ နေ့ပူခြောက်သွေ့သွားပြီးအနံ့ပျောက်သွားခဲ့ပါတယ်။ ဒါပေမယ့် လူတွေစိတ်အနှောင့်အယှက်ဖြစ်တာ အမှန်ပါ။ ဒါကို လူကြီးတွေက ကျွန်တော့်သူငယ်ချင်း ဦးမွတ်တားကိုခေါ်ပြလို့မြင်ရတာကြောင့် ကျွန်တော့်ကို တစ်ဆင့်ပြန်လည်ပြောပြလို့ သိရခြင်းပါပဲ။

## ■ သချိုင်းဖျက်တော့မည်

"ကဲ - ဦးသီဟရေ၊ အရေးတော့ပေါ်လာပြီဗျ။ မှန်ကျောင်းဘုန်းတော်ကြီးက သချိုင်းဖျက်ချင်တယ်လို့ အကြောင်းကြားလာတယ်။ အဲဒါ ကျွန်တော်တို့ စည်ပင်ကိုတင်ရမယ်။ ဦးသီဟတို့အနေနဲ့ ဆန္ဒကဘယ်လိုလဲ"

"ခုခေတ်မှာ လူမြှုပ်ခွင့်မှမရှိတော့တာဗျာ။ အုပ်ချုပ်ရေးမှူးတို့သဘောပါပဲ"

"အေးဗျာ - ဒါဆိုလည်းတင်လိုက်တော့မယ်"

ဆိုပြီး အုပ်ချုပ်ရေးမှူး ဆိုင်ကယ်နဲ့ ပြန်သွားပါတယ်။ ဦးသီဟဆိုတာက ဦးမွတ်တားရဲ့အမည်ရင်းပါ။ ငယ်နာမည် မွတ်တားခေါ်ရင်းက မွတ်တားလို့တွင်နေခြင်းပါ။

ရွာထဲမှာ သချိုင်းရှိနေတာ ကျွန်တော်ရော ရွာကပါ နှစ်သက်ကြမှာ မဟုတ်ပါဘူး။ ရှေးလူတွေလုပ်ခဲ့လို့သာ အစဉ်အလာအားဖြင့် ဆွေတော်မျိုးတော်သချိုင်းဆိုပြီး တည်ရှိနေခြင်းပါ။ နေပြည်တော်ကြီးတည်ပြီးလို့လူသေတွေ မမြှုပ်ကြသော်လည်း သချိုင်းဆိုတာ သချိုင်းပါပဲ။ ခုခေတ်ခုခါနဲ့တွက်ရင် မရှိသင့်တော့ပါဘူး။ အဲဒါကြောင့် အုပ်ချုပ်ရေးမှူးလာပြောတော့ ကျွန်တော်ရှိနေတာမို့ ရင်ထဲမှာ ကျိတ်ပြီးကြည်နူးမိတာ အမှန်ပါ။ အသုံးမဝင်တော့တဲ့ ဒီသချိုင်းဟောင်းဟာ ဖြောင့်ဖြူးလှပတဲ့အောင်ဇမ္ဗူလမ်းရဲ့ ခရီးသွားတွေကို စိတ်အနှောင့်အယှက်ဖြစ်စေတာ အမှန်ပါ။ ဖွင့်မပြောမဖြစ်လို့သာနေကြရခြင်းပါ။ သချိုင်းဆိုတာ လူတို့နဲ့ဝေးရာမှာသာရှိသင့်ပါတယ်။ သချိုင်းကို လူတွေက အမင်္ဂလာစာရင်းမှာသွင်းထားကြတာ မဟုတ်လား။

ဦးသီဟဆိုတာက ဆွေစုမျိုးစုတွေရဲ့ဦးဆောင်လိုဖြစ်နေတော့ကာ သူ့ဆီကို အုပ်ချုပ်ရေးမှူးက လာပြီး ဆန္ဒခံယူခြင်းပါ။ မကြာမီ ရက်ပိုင်းမှာပဲ သချိုင်းဖျက်သိမ်းရာမှ သဘောတူညီကြောင်းလက်မှတ်ရေးထိုးဖို့ အုပ်ချုပ်ရေးမှူးကရုံးကို ဆင့်ခေါ်ကာ လက်မှတ်ရေးထိုးစေပါတယ်။ ဆွေစုမျိုးစုတွေကလည်း မြှုပ်ခွင့်မရှိတော့တဲ့ သချိုင်းကိုတွယ်တာမနေဘဲ လက်မှတ်ရေးထိုးပေးကြပါတယ်။

အဲဒီမှာစည်ပင်က အုတ်ဂူပြောင်းလိုသူများ ကွင်းကြီးသုသာန်မှာ အုတ်ဂူနေရာရနိုင်ကြောင်း စာရင်းပေးသွင်းနိုင်ကြောင်း ပြောပေမယ့် အုတ်ဂူသေးသေးလေးနဲ့ ကမ္ပည်းစာဟာ နှစ်သိန်းကျော်ကျမှာမို့ ဘယ်သူကမှ စာရင်းပေးသွင်းခြင်းမရှိကြတော့ပါဘူး။ ကွင်းကြီးမှာဆို နှစ်ပေပတ်လည်အုတ်ခုံလေးမှာ အရိုးပြာအိုးထည့်ပြီး ကမ္ပည်းကျောက်စာတိုင်



www.burmeseclassic.com

www.burmeseclassic.com

လေးတွေ တန်းစီပြီး လှလှပပစီတန်းတည်ထားခြင်းပါ။ မီးသဂြိုဟ်စက်ရဲ့အနောက်ဘက်မှာ တည်ရှိနေခြင်းပါ။ မသာပို့ရောက်တိုင်း အဲဒီဂူတန်းလေးတွေဆီ မျက်စိရောက်စမြဲဆိုပါတော့။ အဲဒီအုတ်ဂူလေးတွေထဲမှာ အသက်ငယ်ငယ်နဲ့သေသွားတဲ့ ဦးကျော်စိုးဆိုတဲ့ဂူတစ်ခုပါလို့ပါပဲ။

■ မှန်ကျောင်းသင်္ချိုင်းဖျက်လိုက်ပြီ

မှန်ကျောင်းမှာက မှန်ကျောင်းဘုန်းတော်ကြီးရယ်၊ ဘုန်းတော်ကြီးရဲ့အစ်မ သီလရှင်ရယ်ပဲနေတာပါ။ သီလရှင်က သူ့မောင်ကို ဆွမ်းချက်ကပ်တာပါ။ သူတို့ဟာ ပြန်ကပြေး အလယ်ရပ်သားတွေဖြစ်ကြပါတယ်။

သင်္ချိုင်းမှာနေတဲ့ သရဲတစ္ဆေတွေက သူတို့ကိုပြောင်းပေးမယ်ဆိုရင် လိုက်ထရက်ကား (၅) စီးပေးပါလို့တောင်းကြောင်း မှန်ကျောင်းဘုန်းတော်ကြီးကို အိပ်မက်ပေးတယ်လို့ဆိုပါတယ်။ ကာလရှည်လျားစွာ သင်္ချိုင်းမှာရွာတည်ပြီးနေကြတဲ့ပြိတ္တာတွေဟာ အုပ်စုအတော်တောင့်နေပြီလို့ ဆိုရမှာပါပဲ။

သူတို့တွေဟာ ဘုန်းတော်ကြီးဆီမှာ ကွမ်းလည်းတောင်းစားဖူးသတဲ့။ ဆေးလိပ်လည်းတောင်းသောက်တယ်လို့ကြားရပါတယ်။ ကျန်တာတွေလည်း အမျိုးမျိုးနှောင့်ယှက်နေဟန်ရှိပါတယ်။ ဒီတော့ သင်္ချိုင်းကို ဘုန်းတော်ကြီးက ပြောင်းပစ်လိုဟန်ရှိပါတယ်။ သူတို့ကလည်း သူတို့ပါပဲ။ ကျွန်ုရရမနေကြပေဘဲကိုး။ ဒီတော့ ပြောင်းရတော့မှာပေါ့။ ကောင်းပါတယ်။ သင်္ချိုင်းရွာထဲရှိနေတာ ခေတ်နဲ့မလျော်ညီတော့ဘူးကိုး။ ခုဟာက နေပြည်တော်ကြီးဖြစ်နေပြီလေ။ ပြန်ကပြေးတောင် အောင်ဇမ္ဗူရပ်ဖြစ်နေပြီပဲ။

ခြေထောက်မှာဗွေပေါက်နေတဲ့ ကျွန်တော်ဟာ မန္တလေးမှာရောက်ပြီး အချိန်လချိကြာသွားပါတယ်။ ပြန်လာတော့ သူငယ်ချင်း ဦးမှတ်တားက သင်္ချိုင်းရွှေ့ပြီးကြောင်း၊ အုတ်ဂူတွေကို စည်ပင်က ဖျက်ဆီးပြီးကြောင်း ပြောပြပါတယ်။ သူတို့တောင်းတဲ့အတိုင်း လိုက်ထရပ်ကား (၅) စီးပေးပြီးတော့ အမိန့်ပြန်ကာ ကွင်းကြီးသုသာန်ကိုပို့လိုက်ကြောင်းပြောပြပါတယ်။

အဲဒီမှာ ကျွန်တော်က မေးကြည့်မိပါတယ်။

"မောင်ရင်ရဲ့မိန်းမ ဒေါ်မြရဲ့အုတ်ဂူထဲကအခြေအနေရောကြည့်ဖြစ်သေးလား"

"ကြည့်တာပေါ့ မောင်ရင်ရာ၊ မမြရဲ့အဝတ်တွေက ဆွေးမြည့်ပြီး အမှုန့်ဖြစ်ကုန်ပြီထင်ပါရဲ့။ မမြင်ရတော့ဘူး။ အရိုးစုပဲမြင်ရတယ်။ အရိုးစုကတော့ မပျက်သေးဘူးကွ။ ဒါနဲ့ ငါလည်းကိုင်ကြည့်မိတယ်။ အရိုးတောင်ဆွေးနေပါပြီကွာ။ ထိလိုက်တာနဲ့ ကျိုးကြေကုန်တယ်ဟ။ ကျန်တဲ့ဂူတွေမှာလည်း အချို့ဆို အရိုးတောင်မရှိတော့ပါဘူးကွာ။ အပုပ်ရည်ထွက်တဲ့ဂူလည်း ဟောင်းလောင်းပဲကွ။ ကြာတော့ အရိုးတွေလည်းဆွေးမြည့်ပြီး မြေမှုန့်ဖြစ်ကုန်တာပေါ့ကွာ"

လို့ပြောပြပါတယ်။

"မောင်ရင်ဗဟုသုတအဖြစ်သွားကြည့်ပါလား"

လို့ဆိုတာကြောင့် သွားကြည့်ဖြစ်ပါတယ်။ သင်္ချိုင်းမြေကိုတံတိုင်းလေးဘက်ကာပြီးကန့်ထားတာပါ။ လမ်းဘက်ကအဝင်မုခ်ဦးရှိတဲ့ မျက်နှာစာကိုသာအကုန်ဖျက်ဆီးပြီး ကျန်တဲ့သုံးဖက်ကိုတော့ မြေကန့်သတ်တဲ့အနေနဲ့ မဖျက်ဆီးပါဘူး။ အုတ်ဂူတွေကိုတော့ စက်နဲ့ကုပ်ပြီး အဝေးကိုသယ်သွားကြောင်း သိရပါတယ်။ သင်္ချိုင်းကုန်းမြေလေးဟာ ဟင်းလင်းပြင်အဖြစ် ရပ်တည်ကျန်ရစ်ပါပြီ။

ကျွန်တော့်စိတ်ထဲစွဲပြီး သဘောကျခဲ့တဲ့ ဒေါ်ပန်းထုံရဲ့ပန်းအိုးအုတ်ဂူလည်းမရှိတော့ပါဘူး။ ကျွန်တော်လမ်းဖောက်ပြီးတော့ အဲဒီအုတ်ဂူပန်းအိုးထဲကနဂါးစက်ပင်တွေကိုကြည့်မိပါတယ်။ အဲဒီအိုးပေါ်မှာ ကာလရှည်လျားစွာ ကင်းပုံပင်တွေ ဖုံးအုပ်ခဲ့တာကြောင့် နဂါးစက်ပန်းပင်တွေ လောင်းမိပြီး သေဆုံးကုန်တာကြောင့် ပန်းအိုးကြီး ဟင်းလင်းဖြစ်နေတာ စိတ်မကောင်းဖွယ်မြင်ခဲ့ရဖူးပါတယ်။ ခုတော့ အနိစ္စသဘောနဲ့ကိစ္စချောကာ ကွင်းပြင်အဖြစ်သာကျန်ရစ်ခဲ့ပါပြီ။

နောက်ဆက်တွဲကြားရတဲ့သတင်းကလည်း မယုံချင်စရာပုံပြင်ပမာဖြစ်ရပါတယ်။ သင်္ချိုင်းနေပြိတ္တာတွေကို ကွင်းကြီးသုသာန်မှာသွားပြီး ပို့ကြတဲ့ကား (၅) စင်းထဲက တစ်စင်းရဲ့ဒရိုင်ဘာကို အိပ်မက်ပေးသတဲ့ဗျ။ အဲဒါက ကွင်းကြီးကိုသွားပို့တုန်းက သူက ကားပေါ်မှာအိပ်ပျော်ပြီးကျန်ရစ်ခဲ့တာကြောင့် သွားလေရာကားပေါ်မှာပါနေရကြောင်း။ အဲဒါသူ့ကို ကွင်းကြီးကိုပို့ပေးဖို့ပြောတယ်ဆိုကိုးဗျ။

ဒါနဲ့ ဒုတိယတစ်ခေါက် ကွင်းကြီးကိုသွားပို့ပေးရကြောင်း တစ်ဆင့်စကားတစ်ဆင့်နားကြားရပါတယ်။ ဩော် သူတို့လောကမှာလည်း ဒီလိုဒီလိုရှိတာပါလားလို့ သိရပါတယ်။ မယုံမရှိနဲ့ ဒါတွေက ကြုံမှသိကြတာပါ။ ပြောရင်ပုံပြင်ပေါ့လေ။

ကျွန်တော် စာတိုက်ကြီးတို့၊ မြို့မဈေးတို့ သပြေကုန်းတို့သွားစရာရှိရင် စက်ဘီးနဲ့ လေသာကျောင်းအရှေ့ဘက်လမ်းအတိုင်း လိုင်းကားမှတ်တိုင်ရှိရာလမ်းမကြီးကိုသွားလေ့ရှိတယ်။ စက်ဘီးကို လင်းရောင်စားသောက်ဆိုင်ရှေ့မှာထားခဲ့ပြီး လိုင်းကားနဲ့သွားတာပါ။

အဲဒီလိုသွားတိုင်း လေသာကျောင်းရဲ့အရှေ့တောင်ထောင့်ဘက်က သင်္ချိုင်းကို သတိထားမိတယ်။ လမ်းအရှေ့ဘက်ရပ်ကွက်ပါ။ အဲဒီအနီးကကလေးတွေဟာ တံတိုင်းမမြင့်တာကြောင့် သင်္ချိုင်းထဲဝင်ဆော့ဆော့နေတာကြုံရလေ့ရှိတယ်။ သင်္ချိုင်းကပြောင်နေတာပါပဲ။ သို့သော်လည်း ဒီသင်္ချိုင်းက နာမည်ပျက်မရှိဘူး။ ခြောက်တယ်လှန့်တယ်မကြားရဘူး။

သင်္ချိုင်းကိုထားမယ်ဆိုရင် ကျောင်းရဲ့ခြေရင်းမှာသာထားသင့်တာပါ။ ခုဟာက ကျောင်းရဲ့ခေါင်းရင်းတွေချည်းဖြစ်နေတာတွေ့ရပါတယ်။ ခေါင်းရင်းဆိုတာ စေတီပုထိုးတွေတို့သိမ်တို့သာထားသင့်တာပါ။ သို့သော်လည်း ရှေးလူကြီးတွေက ခြေရင်းဆိုတာ အညစ်အကြေးတွေစွန့်တဲ့ ကုဋီခေါ် အိမ်သာတွေသာထားလေ့ရှိတာမို့ သူတို့ရဲ့ရုပ်ကာလပ်တွေကို အညစ်အကြေးစွန့်တဲ့ ကျောင်းခြေရင်းမှာထားလိုဟန်မရှိပါဘူး။ အဲဒါကြောင့် ခေါင်းရင်းရဲ့တောင်ဘက်အစွန်တောစ တွေမှာတည်ခဲ့ခြင်း ဖြစ်ဟန်ရှိပါတယ်။ သို့သော်လည်း မှန်ကျောင်းသင်္ချိုင်းက တော့ မရှိတော့ပါဘူး။ ဆွေတော်မျိုး တော်လို့ခေါ်တဲ့ ကျောင်းဒကာ၊ ဘုရားဒကာရဲ့မျိုးဆက်တွေ အခုချိန်သေရင် ကွင်းကြီးသုသာန်မှာတောင် မြှုပ်နှံခွင့်မ ဘဲ မီးသဂြိုဟ်ခံရတော့မှာပါ။

ချမ်းမြေ့ကြပါ

ရွှေပြည်စိုး(မြို

www.burmeseclassic.com

www.burmeseclassic.com



မောင်ပွင့်ဘုတ်(မောရ)

# လူတိုင်းအတွက် အင်းပညာအကြောင်း သိကောင်းစရာများ

■ ဗားမဲ့ဆရာတော်အင်း (ဗျည်း ၃၃ လုံး အင်း)

လွန်ခဲ့တဲ့ (၃၄) နှစ် ၁၉၈၄ ခုနှစ်ခန့်က ကျွန်တော်ဟာ ဇောတိသဝေဒ မဂ္ဂဇင်းကို လတိုင်းဝယ်ယူဖတ်ရှုခဲ့တယ်။ မဂ္ဂဇင်းမှာပါတဲ့ အင်းပညာဆောင်းပါးတွေကိုလည်း စိတ်ဝင်တစား ဖတ်ရှုလေ့လာစုဆောင်းခဲ့တယ်။ တစ်လမှာတော့ အင်းကွက်တစ်ခုကို အင်းဆန်သွင်းနည်းလောက်သာပြထားပြီး အင်းကွက်အပြည့်အစုံကို မဖော်ပြထားပါ။ အင်းနာမည်က 'ဗားမဲ့ဆရာတော်အင်း' လို့လည်းခေါ်တဲ့ 'ဗျည်း (၃၃) လုံးအင်း' ဖြစ်တယ်။ 'က' အစ 'အ' အဆုံး ဗျည်း (၃၃) လုံးကို မြင်းသွားအတိုင်း ဖြည့်သွားရပြီး နောက်ဆုံး အင်းကွက်အလယ်မှာ 'အ'နဲ့ ဆုံးရပါမယ်။ ဒါကို 'အ-အလယ်ထိုင်' လို့ ဆိုတယ်။

ဒီအင်းကို စီရင်နိုင်ရင် သိဒ္ဓိပေါက်တယ်လို့ဆိုတဲ့အတွက် ကျွန်တော်လည်း စိတ်ဝင်စားသွားပြီး စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တချို့ အင်းဆောင်းပါးတွေမှာ အင်းချတဲ့အခါ အစီအရင်မမှန်ရင် အင်းချသူမှာ ပြန်ပြီးခိုက်တတ်တယ်လို့ ရေးထားတတ်ကြတယ်။ ကျွန်တော်အခု လေ့လာတင်ပြနေတဲ့အင်းတွေဟာ ခက်ခက်ခဲခဲနဲ့ စီရင်ရတာမဟုတ်ဘဲ ပေါ့ပါးလွယ်ကူတဲ့အင်းတွေသာဖြစ်တယ်။ နောက်တစ်ခုက ဘာရည်ရွယ်ချက်ဆိုးမှ မရှိဘဲ လေ့လာရုံသက်သက်ဖြစ်တာမို့ စိတ်ချလက်ချပဲ ဆောင်ရွက်ခဲ့တယ်။ စနစ်တကျစီရင်ဆောင်ရွက်တာမဟုတ်တဲ့ ထူးထူးခြားခြား ပြည့်ပြည့်ဝဝ အကျိုးမပေးတာလောက်ပဲရှိမယ်ထင်တာပါပဲ။

ပင်မအင်းကွက်က (၅)ကွက်ပတ်လည်ဖြစ်လို့ (၂၅) ကွက်ရှိတယ်။ ဘေးလေးဖက်မှာ (၂) ကွက်စီရံလိုက်တဲ့အခါ (၂၅ + ၈) = (၃၃) ကွက် ဖြစ်ပါတယ်။ ဗျည်း (၃၃) လုံးနဲ့ အံကိုက်ပါပဲ။ ပထမ အင်းပုံစံတစ်ကွက်ကို မျဉ်းကြောင်းချပြီး သပ်သပ်ရပ်ရပ်ဆွဲလိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က မိတ္တူကူးဆိုင်ဖွင့်ထားတာမို့ နောက်ထပ် (၉) ကွက်ထပ်ကူးလိုက်ပါတယ်။ လေးငါးကွက်ဆွဲရုံနဲ့ ဘယ်လိုမှမရနိုင်ဘူးဆိုတာ စိတ်ထဲက သိနေလို့ပါ။

အဲဒီနေ့က မနက်စောစောဖြစ်လို့ အလုပ်ရှင်းနေပါတယ်။ ကျွန်တော်လည်း အလုပ်စားပွဲမှာ အင်းကွက်ကို စဆွဲပါတယ်။ တစ်နေရာမှာ 'က' ရေးပြီး အက္ခရာအစဉ်အတိုင်း မြင်းသွားသွားကြည့်ပါတယ်။ တစ်ကွက်မရ၊ နှစ်ကွက်မရ၊ ထပ်ကာထပ်ကာ အစကပြန်ဆွဲပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်စိတ်ဟာ အင်းကွက်ထဲမှာပဲရှိနေပြီး လမ်းမပေါ်က လူသံ၊ ကားသံ၊ ဆိုက်ကားသံ၊ ဈေးသည်တွေအော်သံဘာဆိုဘာမှမကြားပါ။ ဒီလိုနဲ့ ကူးထားတဲ့ အင်းပုံစံစာရွက် (၈) ရွက် ကုန်သွားပြီးတစ်ရွက်ပဲကျန်ပါတော့တယ်။

(၉) ရွက်မြောက် နောက်ဆုံးအင်းပုံစံရဲ့ အလယ်အင်းကွက်မှာ 'အ' ကွက်တိဝင်ပြီး ပြီးဆုံးသွားပါတယ်။ ကျွန်တော့်စိတ်ထဲ ပြောမပြတတ်အောင် ဝမ်းသာသွားတယ်။ ပါးစပ်ကလည်း 'ရပြီရပြီ' လို့ ရွတ်ရင်း ထိုင်ရာက ထခုန်လိုက်မိတယ်။ ကိုယ်ဆွဲထားတဲ့အင်းကိုထပ်ကာထပ်ကာ ကြည့်ရင်း ပီတိဖြစ်နေရာက အတွေးတစ်ခုဝင်လာတယ်။ အက္ခရာတွေမှာ နံသင့်ဂဏန်းတွေရှိတာပဲ။ အက္ခရာတွေအစား ဂဏန်းတွေယပ်ကြည့်ရင် ဘယ်လိုနေမလဲပေါ့။

ပထမဆုံးဆွဲထားတဲ့ မူရင်းအင်းကွက်မှာ တနင်္လာနံ က၊ ခ၊ ဂ၊ ဃ၊ င နေရာ မှာ (၂) ဂဏန်း၊ အင်္ဂါနံ စ၊ ဆ၊ ဇ၊ ဈ၊ ည နေရာမှာ (၃) ဂဏန်းဆိုပြီး လိုက်ဖြည့်လိုက်တာ အက္ခရာဗျည်းစမအင်းအစား ဂဏန်းစမအင်းတစ်ကွက် ရလာတယ်။ တနင်္ဂနွေအစ စနေ၊ ရာဟုအဆုံးဂဏန်း (၈) လုံးပဲရှိတာမို့ (၉) နဲ့ ၀ (သုည) အတွက် ကြံဆရပြန်ပါတယ်။ နောက်ဆုံး စဉ်းစားလို့ရတဲ့အတိုင်းထပ်ဖြည့်လိုက်တော့ ကျွန်တော့်အင်းကွက်မှာ (၁) ကစပြီး (၉) နဲ့ (၀) အဆုံး အားလုံးပါသွားတော့တယ်။

ကျွန်တော်လည်း ထိုင်ရာကထပြီး အိမ်နောက်ဖေးမှာ မနက်စာချက်ပြုတ်နေတဲ့ညီမကို အခုလိုသွားမေးပါတယ်။

"နင်ထိုးနေတဲ့ ရှမ်းထီ နောက်ဆုံး (၇) ပတ်လောက်ကထွက်တဲ့ဂဏန်းတွေ မှတ်မိလား၊ မှတ်မိရင် ငါ့ကိုရေးပေး"

"မှတ်မိတယ်အစ်ကို၊ ရေးပေးမယ်"

သူလည်း မီးဖိုချောင်မှာ အဆင်သင့်ရှိနေတဲ့ ခဲတံနဲ့စာရွက်တစ်ရွက်ယူပြီး ရေးပေးတယ်။

ဪ- လူများ ကိုယ်စိတ်ဝင်စားတာဆိုတယ်လည်း မှတ်မိလွယ်တာကိုး။ အဲဒီညီမဟာ သူမှတ်ပုံတင်နံပါတ်မေးရင် ချက်ချင်းမဖြေနိုင်ဘဲ မနည်းစဉ်းစားပြီးမှ ဖြေတတ်ပါတယ်။ အဲဒီအချိန်က ရှမ်းထီလို့ခေါ်တဲ့ ယိုးဒယားထီပဲရှိပါသေးတယ်။

သူရေးပေးတဲ့ ဂဏန်း (၇) ကွက်ကို ကျွန်တော်ဆွဲထားတဲ့ ဂဏန်းအင်းနဲ့ တိုက်ကြည့်လိုက်တော့ -

"ဟာ - တယ်လည်းထူးဆန်းတယ်ပါလား။ ဂဏန်းတွေက အစဉ်အတိုင်းကို ဆက်တိုက်မှန်နေပါလား။တိုက်ဆိုင်လိုက်တာ"

ဆိုပြီး ကျွန်တော့်စိတ်ထဲမှာ တအံ့တဩဖြစ်နေပါတယ်။ နောက်ထွက်မယ့် တစ်ကွက်ကိုလည်း ကျွန်တော့်မျက်စိထဲမှာတန်းပြီးမြင်နေပါတယ်။ အဲဒီအချိန်မှာပဲ သူငယ်ချင်းတစ်ယောက် ဆိုင်ထဲဝင်လာပြီး အခုလိုမေးပါတယ်။

"သူငယ်ချင်းဘာတွေသဘောကျနေတာတုံး၊ မင်းမျက်နှာကလည်း ပြုံးနေတာပဲ"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ အင်းတစ်ကွက်ကို စမ်းဆွဲပြီး ဂဏန်းတွေထည့်ရင်း ထူးခြားတာလေးတွေတွေ့လို့ သဘောကျနေတာပါ"

အဲဒီသူငယ်ချင်းကလည်း ရှမ်းထီ ငါသနာအိုးပါ။ သူကအခုလိုဆက်မေး



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

"လုပ်စမ်းပါဦး သူငယ်ချင်း။ ဒီအပတ်ဘာထိုးရင်ကောင်းမလဲ"

ကျွန်တော်လည်း တွေ့တဲ့အတိုင်း ပြောလိုက်တော့ သူလည်း ဝမ်းသာအားရနဲ့ထွက်သွားပါတယ်။

ဒီအကြောင်းကို ကျွန်တော်မေ့မေ့ပျောက်ပျောက်ဖြစ်နေပြီး (၁၀) ရက်လောက်ကြာတော့ အဲဒီသူငယ်ချင်းက ဝမ်းသားအားရနဲ့ရောက်လာပါတယ်။

"သူငယ်ချင်း၊ မင်းပေးလိုက်တာ ဒက်ထိပဲ။ ရှေ့နောက်တောင်မပြောင်းဘူး။ တည့်ကိုထွက်တာ"

"ဟုတ်လား၊ ဝမ်းသာပါတယ်၊ ဘယ်လောက်ဖိုးရလိုက်သလဲ"

"ဘယ်လောက်ဖိုးမှမရပါဘူးကွာ၊ ဒိုင်ထွက်ပြေးသွားတယ်"

ဒုက္ခ၊ ဒုက္ခ အတော်လည်း တရားကျစရာကောင်းပါလား။ 'ပေးကားပေး၏မရ'ဆိုတာ ဒါမျိုးကိုပြောတာဖြစ်မယ်။

'လိုချင်ရင်မရ၊ မလိုချင်မှရတယ်' ဆိုတဲ့ ဂန္ဓာရီစကားတစ်ခွန်းကိုလည်း သတိရလိုက်မိတယ်။

တစ်ခုတော့ရှိတယ်။ ဒီအင်းပုံစံကို စဆွဲကတည်းက အင်းကွက်လေးဖက်ကို ဘောင်ခတ်မျဉ်းသားတဲ့အခါ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုပြီး သစ္စာလေးပါးကို အာရုံပြုတယ်။ အင်းဆန်တွေသွင်းရင်းနဲ့လည်း ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို အာရုံပြုတယ်။ ဆောင်းပါးထဲမှာတော့ ဒီလိုလုပ်ဖို့ မညွှန်းထားပါ။ ဒီလို အာရုံပြုလိုက်လို့လည်း စိတ်ကသမာဓိရသွားတယ်နဲ့တူပါတယ်။

ဘယ်အရာမဆို ကိုယ်တိုင်ကြံစည်အားထုတ်လို့ရတာက ပိုတန်ဖိုးရှိတဲ့အတွက် ဒီဗျည်း (၃၃) လုံးအင်းကို 'က' အစနဲ့ 'အ' အဆုံးကိုသာ အရင်ပြပြီး စာဖတ်သူကိုယ်တိုင် စမ်းကြည့်စေချင်ပါတယ်။ နောက်ဆောင်းပါးမှာတော့ အင်းကွက်အပြည့်အစုံကို ဖော်ပြပေးပါမယ်။

ကျွန်တော့်မှတ်စုထဲမှာ မှတ်ထားတာကို ဖြည့်စွက်ဖော်ပြရင် -

'ဒီအင်းကို အသုံးချမယ်ဆိုရင် အင်း (၃၃)ချပ်ပြည့်အောင်ချရမယ်။ 'က' နဲ့စပြီး အလယ်မှာ 'အ' သေ၊ 'က' နေရာမှာ 'ခ' နဲ့ချပြီး အလယ်မှာ 'က' သေဆိုပြီး ချသွားရမယ်' လို့ ပြောထားပါတယ်။

**သရဏဂုံအင်း**

■ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံနတ္ထိ။

*အကျွန်ုပ်အား ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ။*
*အကျွန်ုပ်အား တရားမှတစ်ပါး ကိုးကွယ်ရာမရှိ။*
*အကျွန်ုပ်အား သံဃာမှတစ်ပါး ကိုးကွယ်ရာမရှိ။*

ဒီ 'သရဏဂုံ' အင်းတစ်ကွက်စီမှာ အပေါ်က ဂါထာတစ်ကြောင်းစီကို မြင်းသွားနဲ့ပတ်လည်ချပြီး အလယ်မှာ 'နတ္ထိ' နဲ့ ဆုံးပါတယ်။ ဒီအင်းသုံးကွက်ကို ဘုရားရှေ့မှာ ပွဲစုံခင်းပြီး ရွှေပြား၊ ငွေပြားမှာ လက်ဖွဲ့ထိုးပါ။ ပြီးလျှင် အင်းဆန်ဂါထာနဲ့ (၃၇) အုပ်စုတ်ပြီး (၃၇ ခေါက်ရွတ်ပြီး)ရိုရိုသေသေဆောင်ထားပါ။ နတ်တွေနှိုးဆော်လို့ ရွှေ၊ ငွေ၊ ရတနာတွေပေါ်များပြီး အကျိုးကြီးစွာရတယ်လို့ညွှန်းဆိုထားပါတယ်။ ဂန္ဓာရီဝိဇ္ဇာလိုင်းမှာ ယုံကြည်မှုသဒ္ဓါတရားအရေးကြီးတာကိုတော့ ထပ်လောင်းပြောချင်ပါတယ်။ လောကီ၊ လောကုတ္တရာ မယုံကြည်ရင် ဘာမှမလုပ်ပါနဲ့။

**သရဏဂုံအင်းတော်ကြီး**

ဒီအင်းမှာ သရဏဂုံ(၃)ပါး အပြင် မြန်မာတို့ရဲ့ရှေးရိုးစဉ်လာဆုပေးဂါထာဖြစ်တဲ့ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ (အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း) ကို ထပ်ဖြည့်ထားတယ်။ (၃) ကွက်ပတ်လည် (၉) ကွက်ရဲ့ အလယ်မှာဗေဒင်ပညာကမိတ်ဖက်ဂြိုဟ်တွေကိုပြတဲ့လက်ာ (အောင်ပ၊ ကုလား၊ ဆွေသား တော်ရင်း၊ မိတ်ဖက်ချင်း) အရ နံသင့်ဂဏန်းတွေကို လက်ယာရစ် (နာရီလက်တံလည်တဲ့အတိုင်း) ဖြည့်တယ်။

အောင်ပ - ၁၅
(တနင်္ဂနွေ-ကြာသပတေး)
ကုလား - ၂၄
(တနင်္လာ-ဗုဒ္ဓဟူး)
ဆွေသား - ၃၆
(အင်္ဂါ-သောကြာ)
တော်ရင်း - ၇၈
(စနေ-ရာဟု)

ဒီအင်းကို စီရင်တဲ့အခါ သမာဓိနဲ့ပြည့်စုံရမယ်။ အင်းမချခင် အထက်နတ်ကြီး (၅) ပါးကိုပင့်ဖိတ်ပြီး အင်းစောင့်နတ်ကို တိုင်ကြားပါ။ ငှက်ပျောပွဲ (၅)ပွဲ၊ ဆီမီး (၅) တိုင်၊ ဆန်ပန်းပေါက်ပေါက်များနဲ့ ဂါထာကို (၃၇) အုပ်စုတ်ရမယ်လို့ ညွှန်ကြားထားပါတယ်။

ဒီ 'သရဏဂုံအင်းတော်ကြီး' ကို ကျောက်ပြားမှာချပြီး အင်းဆန်ဂါထာ၊ အရံဂါထာနဲ့ (၃၇) အုပ်စုတ်ပါ။ မြတ်စွာဘုရားပလ္လင်အောက်မှာမြှုပ်က ရောင်ခြည်တော်ပြတယ်။

မြစ်၊ ချောင်း၊ ပင်လယ်တွင်ချရင် သောင်ထွန်းပြီး ကျွန်းပေါ်တယ်။

ထုပ်လျောက်ပေါ်မှာချပြီးကိုးကွယ်ထားရင် ရဟန္တာအရိယာပုဂ္ဂိုလ်တွေလို လာဘ်လာဘပေါ်များတယ်။ မိုးကြိုးလောင်မီးမကျရောက်နိုင်ဘူး။ မျက်နှာကြက်မှာ ဒီအင်းကိုချထားရင် ဘုန်းကျက်သရေတိုးတာမို့ ရိုရိုသေသေကိုးကွယ်ပါလို့ အမှာရှိတယ်။

■ **လင်ကွာ၊ မယားကွာ၊ ရည်းစားကွာ ပြန်ပေါင်းယတြာ**

လောကခမ္ဘာ သမီးရည်းစား လင်မယားတွေ ဘယ်လောက်ပဲအသည်းနင့်အောင်ချစ်ကြတယ်ဆိုစေ အခန့်မသင့်ရင် ကွဲတတ်ကြတာ မဆန်းပါ။ ဒါပေမယ့် ကွဲပြီးမှပြန်ပေါင်းထုပ်ချင်တဲ့အခါကျတော့ သူ့မာနကိုယ့်မာနနဲ့ ထင်သလောက် မလွယ်တော့ပါ။

ကိုယ့်အတွက်တော့ မလိုလှပေမယ့် အထူးအဆန်းဆိုရင် စိတ်ဝင်စားတတ်တဲ့ဝါသနာလျှောက်ကူးထားခဲ့တယ်။ ဒီအင်းယတြာကို လိုသူတွေသုံးကြည့်လို့ အဆင်ပြေသွားတယ်ဆိုရင်ပဲ ကုသိုလ်မနည်းကြီးရတယ်လို့ သဘောထားပါတယ်။

၁။ မိန်းမအတွက် ညောင်ရွက်ပက်လက်ပေါ်မှာ 'မောင်မလာ၊ မယ့်မှာ ခွေလို့နုံး' ဆိုပြီး ခဲတံနဲ့ မြင်းသွားရေးပါ။ အလယ်မှာ မိန်းမရဲ့မွေးနံကို အင်းဂဏန်းရေးသွင်းပါ။

၂။ ယောက်ျားအတွက် မှောင်ရက်ညောင်ရွက်ပေါ်မှာ 'မိုးမရွာ တိမ်ပြာတစ်ပိုင်းဖုံး' ကို ခဲတံနဲ့ မြင်းသွားချပြီး အလယ်မှာ ယောက်ျားရဲ့မွေးနံ အင်းဂဏန်းရေးသွင်းပါ။

၃။ ကျား (အပေါ်) မ (အောက်) ထပ်ပြီး ခေါင်းအုံးအောက်မှာထားအိပ်ပါ။


(၃) ရက်အတွင်းပြန်ရောက်တယ်လို့ဆိုပါတယ်။

■ **လင်မယားပြန်ပေါင်းအင်း (နောက်တစ်နည်း)**

အပေါ်ကအင်းနဲ့ အင်းဆန်တွေပဲကွာသွားပါတယ်။ ချပုံချနည်းကအတူတူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com




ဗားမဲ့ဆရာတော်အင်း(ခ)ဗျည်း ၃၃ လုံးအင်း

| | | |
|---|---|---|
| မောင် | မယ့် | လို့ |
| ခွေ | > | မ |
| လာ | နှုံး | မှာ |

| | | |
|---|---|---|
| မိုး | တိမ် | ပိုင်း |
| တ | / | မှ |
| ရွာ | ဖုံး | ပြာ |

| | | |
|---|---|---|
| န | ရံ | သွား |
| တွေ့ | မွေးနံ | ယေ |
| ပ | ဟ | ယု |

| | | |
|---|---|---|
| မိ | ယေ | သွား |
| ယေ | မွေးနံ | ယေ |
| ဝါ | ဟ | မ |

| | | |
|---|---|---|
| ဗု | သ | အ |
| ဏံ | နတ္တိ | ဒွေါ |
| မေ | ညံ | ရ |


| | | |
|---|---|---|
| ဓ | သ | အ |
| ဏံ | နတ္တိ | မွော |
| မေ | ညံ | ရ |

| | | |
|---|---|---|
| သံ | သ | အ |
| ဏံ | နတ္တိ | ယော |
| မေ | ညံ | ရ |

သရဏဂုံအင်း

| | | | | | |
|---|---|---|---|---|---|
| ဗု | ရ | ဏ္ဍာ | ဓ | ရ | ဏ္ဍာ |
| ဂ | ၁၅ | ဒ္ဓံ | ဂ | ၂၄ | မ္မံ |
| သ | မိ | ဏံ | သ | မိ | ဏံ |
| လ | ဝ | ခ | သံ | ရ | ဏ္ဍာ |
| သု | ၇၈ | အာ | ဂ | ၃၆ | ဃံ |
| ယု | ဗ | ဏ္ဏ | သ | မိ | ဏံ |

သရဏဂုံအင်းတော်ကြီး




(၁၃) ကွက် စမအင်း

(ကျားအင်းဆန်) -
နယေ ပရံ ယုတွေ့ သွားဟ။
(မအင်းဆန်) -
မိယေ ဝါယေ မယေ သွားဟ။

အင်း (၂) ခုကို အင်းပေါက်ခြင်း ဆုံမိအောင်ချပြီး ခေါင်းအုံးအောက်မှာ ထားအိပ်ပါ။ အိမ်ကထွက်သွားတဲ့ ကျား (သို့မဟုတ်) မ အမြန်ပြန်လာတယ်လို့ဆို ပါတယ်။ ဒီအင်းစီရင်ရာမှာတော့ အင်းကျိုးခြင်း၊ အင်းကန်ခြင်းမဖြစ်စေဘဲ တွက်၊ ယုဂ်၊ ကရိုဏ်းမှန်ပါစေလို့ အမှာ ရှိပါတယ်။ ဒီအချက်တွေကိုတော့ ကျွန်တော်ကိုယ်တိုင်လည်း ဉာဏ်မမီလို့ ထတ်သိနားလည်သူများကိုသာ မေးပါ လို့ပဲဆိုပါရစေ။ (ဒီအင်းကွက်က သူရဇ္ဇ ဂ္ဂဇင်း (၂၀၀၈၊ ဧပြီလ) က ပန်းချီ အောင်မိုး(ချောက်) ရဲ့ 'ထွက်သွား သောသူအမြန်ပြန်လာစေရန်'ဆောင်းပါး မှာ ပါပါတယ်။)

■ (၁၃) ကွက် စမအင်း

ဒီအင်းကွက်မှာထည့်သွင်းရမယ့် အင်းဆန်တွေကိုသာသိပြီး အင်းကွက်ကို လုံးဝမမြင်ဘူးပါ။ အင်းရဲ့အသုံးကိုလည်း ရှာမတွေ့ပါ။ သိသူများညွှန်ပြပေးစေလို ပါတယ်။ ကိုယ့်ဘာသာကြံဆပြီး အင်း ကွက်ချရတာလည်း ပျော်စရာတစ်မျိုး ပါ။ သိပြီး မူလစမ (စ-ဓ-ဗ-ဝ) နဲ့ ကြီး လေးကြီးစမ (က-ဃ-ဏ-ဠ) အပြင် ဘဒ္ဒကမ္ဘာမှာပွင့်မယ့် ဘုရားငါးဆူ (လေးဆူပွင့်ပြီး) တွေရဲ့ အတိုမှတ်တွေပါ တာမို့ အစွမ်းထက်တဲ့ အင်းတစ်ကွက် ဖြစ်မှာ သေချာပါတယ်။

သန် - ကကုသန်မြတ်စွာဘုရား
ဂုံ - ကောဏာဂုံမြတ်စွာဘုရား
ပ - ကဿပမြတ်စွာဘုရား
ဓ - ဂေါတမမြတ်စွာဘုရား
ယျ - အရိမေတ္တေယျမြတ်စွာ ဘုရား

ပထမဆုံးဆောင်းပါးအစမှာပါတဲ့ 'ဇောတိသဝေဒမဂ္ဂဇင်း'မှာ သချ်ာပါမောက္ခ ဆရာကြီးဒေါက်တာချစ်ဆွေဟာ 'အံ့ဖွယ် စတုရန်းများ' အမည်နဲ့ နိုင်ငံရပ်ခြားက (Magic squares) တွေအကြောင်း အခန်း ဆက်ဆောင်းပါးအတော်များများကိုရေး ခဲ့ပါတယ်။ တစ်နေရာမှာ ဆရာကြီးက 'ကမ္ဘာကြီးမှာတောင်မရှိတဲ့ မြန်မာ့အင်း' ဆိုပြီး ရိုးရာအင်းတစ်ကွက်ကို ဖော်ပြပါ တယ်။ အဲဒီအင်းဟာ မြန်မာဗုဒ္ဓဘာသာ တိုင်း အမြဲရွတ်ဖတ်သင့်တဲ့ ဘုရားရှိခိုး တစ်ပုဒ်နဲ့ ဆက်စပ်နေတာကို ဆက်လက် ဖော်ပြသွားပါမယ်။

မောင်ပွင့်ဉာဏ် (ရေး)

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုရေ ပြောသို တပို့တွဲ နှစ်လ ဧရာဝတီတိုင်းမှာ ပွဲလက်ခံပြီးပြီနော်"

ဟု ဇာတ်ဆရာရွှေမိုးပြောပြီး ကတည်းက ကျွန်ုပ်နေအိမ်သို့ပြန်ရောက်သည်အထိ ဘဝင်မကျသည်မှာ အမှန်။ အကြောင်းရင်းက ရေလမ်းခရီးကို ကျွန်ုပ်ကြောက်ခြင်းကြောင့် ဖြစ်သည်။

ဟိုတုန်းကဆိုလျှင် ပြည်ဇာတ်အဖွဲ့များမှာ ပြည်မြို့နယ်နှင့်ဆက်စပ်လျက်ရှိသော မြို့နယ်ကျေးရွာများတွင် မိုးလွတ်သည်နှင့် ဇာတ်ပွဲအငြိမ့်ပွဲများလှိုင်လှိုင်ကြီးကကြရသည်။ ယခုအခါတွင်တော့ ဇာတ်အဖွဲ့များက တိုးလာသည်နှင့်အမျှ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ လှိုင်လှိုင်မကရတော့ပေ။ ထို့ကြောင့် ဇာတ်ဆရာရွှေမိုးမှာ ရသည့်အခွင့်အရေး လက်လွှတ်မခံနိုင်ခြင်းပင်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွေးမိခဲ့၏။ ဇာတ်ညွှန်းရေးဆရာတစ်ယောက်အနေနှင့် ဤရေလမ်းခရီးကိုမလိုက်မဖြစ်

ချကာ နှုတ်မှတဖွဖွရွတ်ဆိုနေသည်ကို တွေ့ရသည်။အကြောက်အလန့်ကင်းစွာ ရွတ်ဆိုနေသည့် အဘိုးအိုမျက်နှာသည် အေးဆေးတည်ငြိမ်လွန်းလှသည်ဟုတွေးနေစဉ်မှာပင် မိုးရောလေရောစဲသွားပြီဟု ကျယ်လောင်စွာအော်လိုက်သောအသံကြောင့် စာရေးသူ၏အတွေးရပ်သွားသည်ဟု ရေးသားထားပါသည်။

အားလုံး၏အသက်ကို ကယ်တင်လိုက်သော အဘိုးအိုမှာ စာရေးသူကြားဖူးနားဝရှိခဲ့သော ရေမှော်ဂါထာကိုရွတ်ဆိုခြင်းသာဖြစ်မည်ဟုတွေးဆပြီး အဘိုးအို၏အနားသို့ ချဉ်းကပ်ကာ စာရေးသူမှ အဘိုးအိုအား ကျေးဇူးတင်စကားပြောပြီး မိမိမှာ ဂါထာမန္တရားများကိုယုံကြည်သူဖြစ်သောကြောင့် အဘရွတ်ဆိုခဲ့သော ဂါထာမန္တရားကို လက်ဆင့်ကမ်းသည့်အနေဖြင့် ပေးပါရန် တောင်းဆိုခဲ့သည်။ ထိုအခါ အဘိုးအိုသည် ခဏတာစဉ်းစားပြီး တိုးညင်းစွာဖြင့် -

"လူကလေးက လူသားတွေရဲ့ အသက်ကို ကယ်မယ်ဆိုရင် အဘ ရေမှော်ဂါထာကိုပေးခဲ့မယ်"

ဟုပြောဆိုကာ ရေမှော်ဂါထာပါ စာရွက်ဟောင်းလေးကိုပေးရာ အောက်ပါအတိုင်းတွေ့ရလေ၏။


ရေမှော်ဂါထာ

- ဥုံ မဟာ ကာရုဂတိကော နဓော
ဟိတာယ သဗ္ဗပါဏီနံ၊
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ မုတ္တမံ
ဧတေန သစ္စ ဝဇ္ဇေန
သောတ္ထိတေ ဟောတု သဗ္ဗဒါ။

ကျွန်ုပ် ဖတ်ရှုခဲ့ရသည့် ရေမှော်ဂါထာအကြောင်းအကျဉ်းမှာ ဤမျှဖြစ်သည်။ ရေနစ်သူသည် ကောက်ရိုးတစ်မျှင်မြက်တစ်ပင်မျှကိုပင် အားကိုးတကြီးဆွဲတတ်ကြသည်။ ထို့ကြောင့် ရေလမ်းခရီးကိုကြောက်သော ကျွန်ုပ်ဤရေမှော်ဂါထာကို အားကိုးယုံကြည်

## (မြည်) မောင်ဟော်ဝင်း

### အာဟာရမှ အရေးမှုများဆီသို့



လိုက်ရပေတော့မည်။ ထို့ကြောင့်လည်း ရင်ထဲမှ ရေလမ်းခရီးကို ကြောက်သည့်အကြောက်တရားအား ဂမ္ဘီရစာပေများပါဝင်သောမဂ္ဂဇင်းများ ဖတ်ရှုနေစဉ် ရေမှော်ဂါထာစွမ်းအင် အကြောင်းကို ရေးထားသော စာတစ်ပုဒ်ကိုတွေ့ရသည်။ စာရှုသူများ ဖတ်ရှုစေလိုသောဆန္ဒဖြင့် ရေမှော်ဂါထာစွမ်းအင်အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြလိုပါသည်။

*

မြုပ်လုဆဲဆဲ စက်လှေပေါ်တွင် ခရီးသည်များ သွေးပျက်မတတ်အော်ဟစ်နေကြသည်။ မိုးနှင့်လေတို့က မရပ်မနားတိုက်ခတ်နေသည်ဖြစ်၍ အသက်ရှင်စရာလမ်းက မရှိတော့ပါ။ စာရေးသူလည်း အကြောက်တရားနှင့်ကြုံတွေ့နေစဉ် အညာဓာဘက်ကို ခေါင်းပေါင်းထားသောအဘိုးအိုတစ်ယောက် မျက်လွှာကို

www.burmeseclassic.com

www.burmeseclassic.com

ရွာဖြင့် လှမ်းယူဆွဲမိပါတော့သည်။

စာမူရှင် ဖော်ပြထားသည့်အတိုင်း ငါးပါးသီလခံယူပြီး သောက်ရေခွက်တွင် ထည့်ခံ၍ ရေမှော်ဂါထာကို ခုနစ်အုပ်ရွတ်ဆိုကာ သောက်လိုက်လေသည်။ ဤသို့ နေ့စဉ်ပြုခဲ့ရာ ရက်ပေါင်း (၃၀) ပြည့်ခဲ့ပြီဖြစ်သောကြောင့် ဇာတ်ပွဲထွက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ကျေးမှုဇာတ်ရုံကြီးတွင် လေးညတိုင်တိုင်ကပြခဲ့သည်။

ထို့နောက် ကြက်ဖမွေးဆောင်းရွာအသွားလမ်းခရီးတွင် ဒါရိုက်တာကြီးတို့အဖွဲ့တော့ပေါက်သွားပြီဟု ကန်ထရိုက်တာ ဦးလှရွှေ၏ပြောစကားက မှန်နေသည်။ ပွဲဦးည မြန်မာ့မှုတေးအစီအစဉ်မှာ မင်းသားချော ရဲနိုင်ကျော်သီဆိုစဉ်ကတည်းက ပရိသတ်၏ဩဘာလက်ခုပ်သံသောသောညံခဲ့သကဲ့သို့ မင်းသမီးချောမိုင်စန်းငြိမ်း၏စတိတ်ရှိုးနှင့်အငြိမ့်ခန်းကနောက်ညနောက်ညများအတွက် ရုံပြည့်အောင် ဖိတ်ခေါ်နိုင်ခဲ့သည်။

ကျွန်ုပ်တို့ဇာတ်အဖွဲ့ ကြက်ဖမွေးဆောင်းရွာပွဲရက်ကို ရွှေ့လိုက်ရသည့်အကြောင်းမှာ တဖွဲ့ဖွဲ့ရွာနေသော ပြာသိုမိုးကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ကရမည့်ဇာတ်ရုံမှာ မိုးလုံလေလုံမဟုတ်ပေ။ ဝါးနှင့်တည်ဆောက်ထားပြီး အမိုးအကာမှာ ဖင်ပြာပိတ်များသာဖြစ်သည်။ ထို့ကြောင့် ဇာတ်သူဇာတ်သားများ နီးရာဘုရား၊ ကျောင်းဝင်းမှာ ပွဲကရမည့်နေ့ကို စောင့်မျှော်ရင်းမိုးခိုခဲ့ရသည်။ ဒါရိုက်တာကြီးတို့အဖွဲ့ ပွဲကူးကြမ်းပြီဟု ကိုလှရွှေပြောခဲ့သောစကားကမှန်နေပြန်သည်။ ကြက်ဖမွေးဆောင်းရွာမှာ နှစ်ညကပြီး အမာရွာကိုနေ့ချင်းကူးရသည်။ အဖွဲ့မှာ အမာရွာနှုတ်ဆက်ပွဲညတွင် အရှေ့ဖျားရွာသို့ နေ့ချင်းကူးကနိုင်ရန် ကြက်ဖမွေးဆောင်းရွာနှုတ်ဆက်ပွဲညမှာကဲ့သို့ပင် ပွဲကြည့်ပရိသတ်အား တောင်းပန်၍ ဇာတ်ပွဲကိုစောစောသိမ်းကာ အရှေ့ဖျားရွာသို့ ထွက်ခဲ့ကြသည်။

အရှေ့ဖျားရွာအသွား စက်လှေပေါင်းမိုးပေါ်တွင် ကျွန်ုပ်နှင့်အတူရှိနေသော ကိုလှရွှေမှ -

"ချောင်းကြိုချောင်းကြားကသွားရင် အရှေ့ဖျားရွာကိုမှောင်မှရောက်မယ်။ ပင်လယ်ဝကနေ ဖြတ်မောင်းရမယ်"

ဟု ပြောကာ စက်လှေမောင်းနေသူ သူ့တပည့်ကို ရေကြောင်းပြခိုင်းပြီး သူကိုယ်တိုင်တက်မကိုင်ကာ မောင်းလေသည်။ အရှေ့အရပ်ဆီမှ နေရောင်ခြည်နုနုလေးကိုမြင်ရစဉ် လေအေးကတိုက်ခတ်နေပြန်၍ကျွန်ုပ်ပိုက်မျှဉ်းစပြုခဲ့သည်။

"ဒါရိုက်တာကြီးရေ့ ဒီလေတိုက်တာ ကျုပ်မကြိုက်ဘူးဗျာ"

သူဘာကြောင့်မကြိုက်သည်ကို ကျွန်ုပ်မသိပါ။ ရေလမ်းခရီးသွားရသည်မို့ မေးမြန်းလျှင်လည်း မသင့်တော်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ရေမှော်ဂါထာကို နှလုံးသွင်းပြီး တိတ်ဆိတ်စွာပင်နေခဲ့ရ၏။

အချိန်အားဖြင့် မကြာလိုက်ပါ။ စက်လှေမှာ တုန်ခါလာပြီး ကြီးမားသောလှိုင်းလုံးကြီးများ စက်လှေကို ရိုက်ခတ်လာ၍ ဇာတ်အဖွဲ့သားများဆူညံစွာ အော်ဟစ်ကြတော့သည်။ ကျွန်ုပ်အမှတ်တရအရှိဆုံးကတော့ အဘိုး၊ အဘိုးဟူ၍ အာခေါင်ခြစ်ကာအော်နေသော ဇာတ်မင်းသားကြီး ရွှေမန်းဦးတင်လှိုင်၏ အသံဝါကြီးနှင့်အတူ ကိုလှရွှေ၏ဇနီးဖြစ်သူမှလည်း -

"ဒီနေရာက စက်လှေမှောက်ပြီး ရှင့်ညီသေတဲ့နေရာ။ နောက်ကြောင်းကို ပြန်လှည့်ပါ ကိုလှရွှေရယ်"

ဟု ငိုယိုကာပြောနေပေမယ့်လည်း ကိုလှရွှေကတော့ အရာအားလုံးကို အလေးမထားဘဲ ခေါင်းကိုသွင်သွင်ခါကာ စက်လှေကိုဆက်မောင်းခဲ့သည်။

မြင်ကွင်းက မလှပေ။ စက်လှေနောက်မှ ကြိုးနှင့်ဆွဲကာပါလာသော ဝါးတင်ပဲ့ထောင်လှေငယ်မှာ လှိုင်းလုံးများအကြား ပုခက်လွှဲခံရသလိုဖြစ်နေသည်။ ၎င်းပဲ့ထောင်ငယ်၏အမိုးပေါ်တွင် ဇာတ်ဆရာရွှေမိုးက ဝမ်းလျားထိုးမှောက်ကာ လက်နှစ်ဖက်ဖြင့် ၎င်းလှေငယ်၏အမိုးစွန်းနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့်မြင်ကွင်းကြောင့် ကျွန်ုပ်မနေသာတော့ဘဲ စက်လှေကို ကမ်းကပ်ရန်ပြောသောအခါ ဒါရိုက်တာကြီးကလည်း -

"လှေကကမ်းအကပ် လှိုင်းကပြေးရိုက်ရင် လှေကွဲပြီ။ အားလုံးသေကုန်မှာ"

ဟု ပြောတော့မှ လှေအကြောင်း ရေအကြောင်းကိုနားမလည်သည့် ကျွန်ုပ်ခပ်မဆိတ်နေစဉ် အော်ဟစ်သံများက ဆိုးဝါးကျယ်လောင်လာသည့်အတွက် စက်လှေကိုနောက်ကြောင်းပြန်လှည့်ရန် ပြောသောအခါ ကိုလှရွှေမှ ရေကြောင်းသင့်လျှင် ပြန်လှည့်ပေးမည်ဟု ပြောလေတော့သည်။

ဝုန်းခနဲ ဒိုင်းခနဲ အောင်မလေး သေပါပြီဆိုသည့် အော်ဟစ်သံများနှင့်အတူ ကျွန်ုပ်ပင်လျှင် ဘုရားတလိုက်မိ၏။ ကံသီလို့ ဒါရိုက်တာကြီးရေဟု အစပြု၍ ကိုလှရွှေပြောပြသည်မှာ ကြီးမားသောလှိုင်းတွေကြား နောက်ပြန်လှည့်ခဲ့လျှင် ပဲ့ကိုင်သူအတွေးတစ်ချက်မှားလိုက်သည်နှင့် အားလုံး ပင်လယ်အောက်သို့ ရောက်သွားနိုင်သည်ဟု ပြောပြတော့မှ ကျွန်ုပ်ကျောချမ်းသွားခဲ့သည်။ ထိုအချိန်တွင် စက်လှေထဲရေဝင်လာပြီ၊ ဝင်လာပြီနှင့် ဆူညံစွာ အော်ဟစ်ပြောဆိုသံကို ကြားလိုက်ရသည်။

ကိုလှရွှေက -

"စက်လှေဝမ်းဗိုက်က လက်သမားပေါက်ပွင့်သွားတာ ပူစရာမလိုပါဘူး။ ကျွန်တော့်တပည့်တွေလက်သမားပေါက်ကို ပြန်ပိတ်ပြီး ဝင်လာတဲ့ရေတွေကိုခပ်ထုတ်ပစ်မှာပါ"

ဟု ပြောတော့မှ ကျွန်ုပ်မှာ စိတ်သက်သာရာရခဲ့သည်။

ကျွန်ုပ်တို့ချောင်းကြိုချောင်းကြားမှ အရှေ့ဖျားရွာဆီသို့ အေးချမ်းစွာသွားစဉ် ဒါရိုက်တာကြီးကို မေးရဦးမယ်ဟု အစချီကာ ဇာတ်တစ်ဖွဲ့လုံးကြောက်လန့်ပြီး သွေးပျက်မတတ်အော်နေချိန်မှာ ဒါရိုက်တာကြီးက ကြောက်လန့်ခြင်းမရှိဘဲနေခဲ့တာ သဘော်သားလုပ်ခဲ့ဖူးလို့မဟုတ်လားဟု မေးသောအခါ ကျွန်ုပ်သည် -

သဘော်သားမလုပ်ခဲ့ပါ။ ရေလမ်းခရီးကိုကြောက်သောကြောင့် ရေမှော်ဂါထာကို ကျင့်စဉ်အတိုင်း ကျင့်ခဲ့ရွတ်ခဲ့သည့်အတွက်ရေလမ်းခရီးကိုမကြောက်တော့ပါဟု ပြောပြလေတော့မှ -

"ဒါဆို ဒါရိုက်တာကြီးရဲ့ ရေမှော်ဂါထာစွမ်းအင်ကြောင့်လားတော့မသိဘူး၊ ဒါရိုက်တာကြီးရဲ့နောက်ကြောင်းပြန်လှည့်ပါဆိုတဲ့စကားကြားလိုက်ရတော့ ဘယ်သူတွေဘာပြောပြောနားမဝင်ခဲ့တဲ့ကျွန်တော်နောက်ကြောင်းကိုပြန်လှည့်ချင်စိတ်ပေါက်လာပြီး စက်လှေကိုနောက်ကြောင်းပြန်လှည့်လိုက်တာဟာ ရေမှော်ဂါထာရဲ့စွမ်းအင်ကိုရရှိထားတဲ့ ဒါရိုက်တာကြီးကြောင့်ဖြစ်မှာပါဗျာ"

ဟု ပြောဆိုပြီး အရှေ့ဖျားရွာသို့ ပျော်ရွှင်စွာခရီးဆက်ခဲ့လေတော့သည်။

မောင်ဇော်ဝင်း(ပြည်)

*(၁၉၉၈/၉၉ သဘင်ရာသီ ဧရာဝတီတိုင်းဒေသကြီးတွင် ပွဲကစဉ် ကျွန်ုပ်ကိုယ်တွေ့ဖြစ်ခဲ့သောဖြစ်ရပ်မှန် ဖြစ်ပါသည်။ ရေမှော်ဂါထာတော်အကြောင်းရေးသားခဲ့သောမူလစာရေးသူ၏အမည်ကို မဖော်ပြနိုင်ခြင်းမှာ ကျွန်ုပ်မှတ်ဉာဏ်အားနည်းချက်ကြောင့် ဖြစ်ပါကြောင်း နားလည်ခွင့်လွှတ်ပေးစေလိုပါသည်)*

www.burmeseclassic.com


www.burmeseclassic.com

"မွေးမြူရေး ငါးလုပ်ငန်းအရှုံးမြတ်ဖွဲ့နဲ့၊ ပဲဖတ်၊ နှမ်းဖတ်၊ ငါးအစာကို ငါးကိုကျွေးရင်မြတ်တယ်။ ငါးမစားရဘဲ လူက စားရင်တော့ရှုံးတယ်"

ငါးလုပ်ငန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဖြစ်တဲ့ မောင်ဘိုကြီးရဲ့ ဆရာဟာ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ နေ့ချင်းညချင်း ကာလတိုနဲ့ ချမ်းသာကြွယ်ဝပြီး တိုက်ဆောက်ကားစီးတာအားကျပြီး လုပ်ငန်းသဘောသဘာဝရုပ်တွေလေ့လာတဲ့အခါ လက်ရှိငါးမွေးမြူရေးနဲ့ ကြီးပွားချမ်းသာနေသူ လုပ်ဖော်ကိုင်ဖက် ညွှန်ကြားရေးမှူး လုပ်ငန်းမကျွမ်း အရင်းအနှီးမရှိကြလို့ တစ်နှစ်၊ နှစ်နှစ်ပဲ တာဝန်အရ မွေးမြူပြီး အရှုံးဒဏ်မခံနိုင်လို့ ဆယ်စုနှစ်ကြာ စွန့်ပစ်ထားတဲ့ကန်တွေဖြစ်ပြီး ကန်တွင်းမှာ ပဒုမ္မာကြာ၊ ညံပင်၊ မြက်ရိုင်းတွေတော ထနေသလို ကန်ပေါင်တွေမှာ ပေါက်တဲ့ ကိုင်းတောကြီးကလည်း တိုးလို့မပေါက်အောင်ဖြစ်နေလို့ ငါးမွေးရတဲ့အဆင့်ရောက်အောင် ကန်ရှင်းစရိတ်တင်ပဲ တစ်ကန် နှစ်သိန်း၊ သုံးသိန်းကုန်ကျမှာ ဖြစ်ပါတယ်။

မောင်ဘိုကြီးဆရာ လက်/ညွှန်အတွက် ကန်ရှင်းစရိတ်ကပူစရာမလိုပါ စေတနာမွဲတဲ့ နှမြောတွန့်တိုတဲ့ကိုယ်တွေ့ အမှတ်တရပေါင်းများစွာထဲက အမှတ်တရအရှိဆုံးဖြစ်စဉ်နှစ်ခုလောက်ကိုပဲ မောင်ဘိုကြီးပြောပြမှာပါ။

ပထမဦးဆုံး ကန်ရှင်းလုပ်ငန်းဆောင်ရွက်ဖို့ အလုပ်သမားအင်အား (၃၀) ထုတ်နုတ်ပြီး နံနက်စာရိက္ခာအစုံအခြောက် သီရိမင်္ဂလာဈေးမှာဝယ်ပြီး (၈) နာရီမှာ ခရီးစတင်ပါတယ်။ ဆားမလောက်ရွာရောက်တော့ (၉)နာရီကျော်ပါပြီ။ ငါးကန်ရောက်မှ ချက်ပြုတ်နေရင် (၁၂) နာရီကျော်မှစားရမှာဖြစ်ပြီး ဗိုက်ဟောင်းလောင်းဖြစ်နေတဲ့ အလုပ်သမားတွေရောက်ရောက်




(ညွှန်မှူး) အပျိုကြီး ဒေါ်ဝေဝေရဲ့ ပညာပေးပြောဆိုခြင်းပဲ ဖြစ်ပါ တယ်။

သဘောကတော့ မွေးမြူရေးငါးကန်လုပ်သားတွေအနေနဲ့ မသမာမှုပြုပြီး ဖွဲ့နု၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်ခိုးရောင်းတတ်တာကို ရည်ညွှန်းပြောဆိုခြင်းပါ။

ညွှန်မှူးဒေါ်ဝေဝေဆက်ပြောတာက -

"ပထမနှစ်မှာ ကန်ဝယ်၊ လုပ်ငန်းသုံးကိရိယာဝယ်၊ ကန်လုပ်သားငှားရမ်းခ၊ ငါးသားပေါက်ဝယ်၊ ငါးစာဝယ်ရတဲ့ကုန်ကျစရိတ်အရင်းကျေတယ်။ နောက်နှစ်နောက်နှစ်တွေကတော့ တစ်ရာရင်းရင်နှစ်ရာမြတ်တယ်၊ အမြတ်ငွေကို နောက်ထပ် ငါးမွေးမြူရေးလုပ်ငန်းတွေမှာ တိုးချဲ့ပြီး ရင်းနှီးမြှုပ်နှံနိုင်ရင် လေးငါးနှစ်ဆိုတိုက်ဆောက်ကားစီးလက်မထောင်လို့ရပြီ"

ဆိုတဲ့ မက်လုံးတွေ၊ ရည်မှန်းချက်တွေ၊ စိတ်ကူးယဉ်မှုတွေနဲ့အတူ ၂၀၀၀ ပြည့်နှစ်မှာ မအူပင်နဲ့ ဆားမလောက်ရွာကြား ညောင်ပုဘုရားအနီးမှာ (၅)ဧကအကျယ်ရှိတဲ့ ဒေသအခေါ် စပါးငါးကန်တစ်လုံး (၅) သိန်းနဲ့ ကန် (၄) လုံး သိန်း (၂၀) ဖိုး ဝယ်ယူလိုက်ပါတယ်။

မူလ စပါး ငါးကန်ပိုင်ရှင်တွေဟာ ဘူး။ ဆရာ့မှာ အလုပ်ကြမ်းသမား လိုသလောက် ထုတ်သုံးလို့ရပါတယ်။ ခရီးစရိတ်နဲ့ ကျွေးမွေးစရိတ်ပဲ စိုက်ထုတ်ရမှာပါ။ ဘာကြောင့်ဆိုတော့ မောင်ဘိုကြီး ဆရာလက်/ညွှန်ဟာ မူလငါးဦးစီးတာဝန်အပြင် အလုပ်ကြမ်းသမားအင်အား(၃၀၀)ကျော်ရှိ ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားတပ်ဖွဲ့ရဲ့ တပ်ဖွဲ့မှူးအဖြစ်ပါ ပူးတွဲတာဝန်ပေးထားခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

မောင်ဘိုကြီးဆရာလက်/ညွှန်မှာ အားနည်းချက်တစ်ခုရှိပါတယ်။ ကျွန်တော်မောင်ဘိုကြီး မနှစ်မြို့ဆုံးသောအကျင့်ပါ။ ဘာအကျင့်လဲဆိုတော့ နှမြောတွန့်တိုတဲ့အကျင့်၊ စေတနာသဒ္ဓါတရားနည်းပါးတဲ့အကျင့်ပါ။ ချွေတာစုဆောင်းသူဌေးလောင်းဆိုတဲ့စကား မှန်ပေမယ့် အရာရာတိုင်းမှာ နှမြောတွန့်တိုလွန်းရင် အကျိုးရှိခြင်းထက် ဆုံးရှုံးပျက်စီးခြင်းဖြစ်တတ်ကြောင်း၊ တစ်ထောင်ကုန်ရမှာကို သုံးလေးထောင်ကုန်တတ်ကြောင်း ဆရာ့ခေါင်းထဲမှာရှိပုံမပေါ်ပါဘူး။

မောင်ဘိုကြီးဆရာ လက်/ညွှန် ချင်း လုပ်ငန်းခွင်ဝင်ရမှာဖြစ်ပြီး ဆာလောင်မှုဒဏ်ခံ နိုင်မှာမဟုတ်လို့ ဆားမလောက်မှာ အဆာပြေကျွေးဖို့ ပါးစပ်ကအမြှုပ်ထွက်အောင် သတင်းပို့လို့ ခွင့်ပြုချက်မရဘဲ စားသောက်ဆိုင်ထဲဝင် နေရာယူပြီးတဲ့အချိန်မှာ -

"မင်းတို့ ကန်ရောက်ရင် ထမင်းကျွေးဖို့စီစဉ်ပြီးသား။ အဆာပြေလောက်ပဲစားထားကြ။ မုန့်ဟင်းခါးစားတဲ့လူက အကြော်မပါတစ်ပွဲ၊ လက်ဖက်ရည်သောက်မယ့်လူက မုန့်မပါစေနဲ့။ ထမင်းကြော်စားတဲ့လူက ပဲပြုတ်နဲ့ပဲစား။ ဟင်းမလိုဘူး"

မောင်ဘိုကြီး စိတ်မကောင်းဖြစ်ရပါတယ်။ ခေါ်လာတာ အလုပ်ကြမ်းသမားတွေပါ။ သူတို့တပ်ဖွဲ့မှူးရဲ့ ပိုင်ထနေတဲ့ ငါးကန်တွေကို အခကြေးငွေတစ်ပြားမှမရဘဲ လုပ်အားပေးလိုက်ခဲ့ကြရသူတွေပါ။ မနက် (၈) နာရီလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

...င်မဝင်မီ အဆာပြေစားသောက်လေ့ရှိတဲ့သူတွေပါ။ သာမန်လူ မုန့်ဟင်းခါး တစ်ပွဲဆို သူတို့သုံးလေးပွဲနဲ့ သာမန်လူ ထမင်းကြော်တစ်ပွဲဆို သူတို့က သုံးလေးပွဲစားနိုင်ပါတယ်။

စားနိုင်သလောက် လည်း အလုပ်လုပ်နိုင်သူတွေပါ။ အခု (၉)နာရီအထိကို ဘာမှမစားရသေးလို့ ပီအေဖြစ်တဲ့ မောင်ဘိုကြီး စာနာစိတ်နဲ့ သတင်းပို့စီစဉ်ပေးခြင်းပါ။

ဆရာလက်/ညွှန်စားသောက်ပြီး သူကိုယ်တိုင် ရေတွက်ငွေရှင်းပြီး -

"ဆေးလိပ်၊ ကွမ်းယာကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ"

အသံမြှင့်ပြောဆိုပြီး သူကားပေါ်တက်မောင်းထွက်သွားပါတယ်။

ဆရာရှင်းသွားတာ သုံးထောင်မပြည့်တတ်ပါဘူး။ လိုငွေနှစ်ထောင်မောင်ဘိုကြီးက စိုက်ရမှာပါ။ ဒါပေမယ့် မောင်ဘိုကြီး အိတ်ကပ်ထဲက ငွေထုတ်စစ်ကြည့်တော့ ရှစ်ရာပဲရှိလို့ အခက်တွေ့နေပါတယ်။

"ဆရာဘိုကြီး ခေါင်းမစားနဲ့၊ ဒီပြဿနာ ကျွန်တော်ရှင်းမယ်"

လို့ အားပေးစကားပြောလာသူကတော့ အလုပ်သမားမှူးပါ။



www.burmeseclassic.com

www.burmeseclassic.com

သူရှင်းမယ်ဆိုတာကြောင့် မောင်ဘိုကြီးနဲ့ တစ်ဖွဲ့ကားနဲ့ထွက်လာခဲ့ပါတယ်။ အလုပ်သမားမှူးတို့အဖွဲ့ ငါးကန်ရောက်လို့ ပစ္စည်းချစဉ်မှာ လက်/ညွှန်လည်း အနားမှာရှိနေပါတယ်။

"ဟာ - ကိုမြကြိုင်၊ ပုံးထဲက ဒီဇယ်ဆီတွေရော"

"ဆားမလောက်မှာ မုန့်ဝင်စားတုန်း ပုံးမှောက် အဖုံးဖွင့် ဆီတွေထွက်ကျကုန်လို့"

မောင်ဘိုကြီးမျက်စိထဲစားသောက်ဆိုင်ဘေး ကားတာယာပေါ်မှာတင်ထားသောဂါလန်ခွက်လေး မျက်စိထဲကွက်ခနဲပြန်မြင်လိုက်ပါတယ်။ ဒီပြဿနာ ပါးကိုက်လို့နားကိုက်၊ အိုးရွဲ့လို့ စလောင်းရွဲ့တဲ့သဘောပါ။ ပြေးကြည့်စရာမလိုပါဘူး။ ငါးကန်ရေစုတ်စက်ကိုမောင်းဖို့ယူလာတဲ့ ဆီတစ်ဂါလန်(၁၀၀)နဲ့ထုတ် လိုတာစိုက်ပိုတာ ဆေးလိပ်ကွမ်းယာဖိုးရှင်းခဲ့တာပဲဖြစ်မှာပါ။

နောက်ပြဿနာတစ်ခုကလည်း နှမြောတွန့်တိုစေတနာမွဲလို့ပါပဲ။

ကျွန်တော့်ဆရာလက်/ညွှန်ရဲ့ငါးမွေးမြူရေးကန် သရဲခြောက်တဲ့ပြဿနာပါ။ အနီးဝန်းကျင်ငါးကန်တွေ ဘယ်ကန်မှ ဘယ်တုံးကမှ သရဲမခြောက်ဘဲ ဆရာကန်မှကွက်ပြီးရွေးခြောက်နေခြင်းပါ။

ဆရာ့ကန်မှာ လခစား ကန်လုပ်သား (၉) ဦးနဲ့ သူတို့မိသားစုတွေပါ ကန်တစ်လုံး တဲနှစ်လုံးနဲ့ နေထိုင်ကြပါတယ်။ ကလေး၊ လူကြီးတစ်ယောက်မှ အလွတ်မပေးဘဲ အနံ့ဆိုးနဲ့ခြောက်၊ အသံမျိုးစုံနဲ့ခြောက်၊ တစ်ခါတလေ ကန်ပေါင်ဒန့်သလွန်ပင်တွေပေါ် ကဆင်းလာတာ၊ ငှက်ပျောပင်တွေကြားက ဘွားခနဲထွက်ကာ ငါးကန်ထဲက ဗွမ်းခနဲပေါ်လာတာလို့ လေသံတစ်သံတည်းထပ်တူကျတဲ့သတင်းတွေ ကြားသိရပါတယ်။

ဘယ်တုံးကစခြောက်တာလဲမေးတော့ ငါးစာကျိုတဲ့ဖွဲမီးဖိုလုပ်ပြီးကတည်းကဆိုတာကြောင့် မောင်ဘိုကြီး သရဲခြောက်ခြင်းအကြောင်းတရားကိုသိလိုက်ပါပြီ။ ကန်လုပ်သားတွေလည်း မောင်ဘိုကြီးအသိနဲ့တစ်ထပ်တည်းဖြစ်မှာပါပဲ။

ငါးမွေးမြူရေးပညာရှင်တွေပြောစကားအရ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်နှေ့စဉ်ကျွေးရမယ့် နှုန်းထားအတိုင်းကျွေးရင်နှစ်ပတ်လည် ကန်ဖော်တဲ့အခါ ရှစ်ဆယ်သားတစ်ပိဿာဝန်းကျင် အချိန်စီးကြောင်းကို နှစ်သက်အားရ ကျေနပ်မှုမရှိဘဲ ပတ်ဝန်းကျင်ငါးကန်တွေပြောစကားအရ စပါးခွံလောင်စာသုံး ဖွဲမီးဖိုလုပ်၊ ငါးစာကို မိုးပြဲဒယ်နဲ့ ပွပြဲအောင်ကျိုကျွေး၊ ကုန်ကျစရိတ်လည်းသက်သာတယ်။ ကြီးထွားနှုန်းကလည်း ကန်ဖော်ချိန်ဆို တစ်ကောင်တစ်ပိဿာငါးဆယ်၊ နှစ်ပိဿာလောက်ရှိတယ်လို့ ဆိုစကားအရ အားချင်းပဲ စပါးခွံလောင်စာသုံးဖွဲမီးဖိုကို ဘိလပ်မြေ၊ သဲ၊ ကျောက်၊ ပေါ်ချောင်ကောင်းအုတ်နဲ့ ပန်းရန်ငှားပြုလုပ်လိုက်ပါတယ်။ ညအိပ်တဲ့ ပန်းရန်သမားတွေ အခြောက်ခံရကတည်းကစပြီး စဉ်ဆက်မပြတ် ဘယ်သူ့မှအလွတ်မပေးဘဲ အခြောက်ခံရပါတယ်။

"ဆရာ၊ ငါးကန်မှာ သရဲခြောက်ခံရတဲ့အခြေအနေဟာ သိပ်ဆိုးဝါးနေပါပြီ။ သံဃာတွေပင့်၊ ပရိတ်တရားနာ၊ ကမ္မဝါဖတ်၊ မြေသန့်၊ ဆွမ်းကျွေးအမျှဝေပေးလိုက်ပါ ဆရာ"

မောင်ဘိုကြီးတာဝန်ရှိလို့သတင်းပို့တင်ပြပါတယ်။ လက်မခံပါဘူး။ အလှူအတန်းကို နှမြောတွန့်တိုသလောက်တပည့်လက်သားအပေါ်လည်း စာနာသနားစိတ်ကင်းမဲ့လွန်းပါတယ်။

လက်/ညွှန်ကို ကန်လုပ်သားတွေကပါ ထပ်ဆင့်တင်ပြတော့လည်း လက်မခံတဲ့အဆုံး ကန်လုပ်သားတွေဟာကိုယ့်အစီအစဉ်နဲ့ကိုယ် သံဃာတွေပင့် ပရိတ်နာ ကမ္မဝါဘုပ်အမျှဝေပါတယ်။

အခြေအနေက ပြောင်းလဲမသွားဘဲ ကန်ပေါင်၊ ဒန့်သလွန်ပင်၊ ငှက်ပျောတောမှာမနေကြတော့ဘဲ ရေကန်တွေထဲ ရေကူး၊ ရေငုပ်၊ ရေစိမ်ပြတဲ့ခြောက်လှန့်ခြင်းတွေဖြစ်လာပါတယ်။ ကန်ထဲမှာ မွေးမြူရေးငါးတွေလျော့နည်းလာတာလည်း သတိထားမိကြပါတယ်။ ငါးကန်ဖော်ဖို့ကလည်း ရက်ပိုင်း၊ လပိုင်းပဲလိုပါတော့တယ်။ သရဲခြောက်ဒဏ်မခံနိုင်လို့ အလုပ်ကထွက်ချင်ပေမယ့်လည်း အမြတ်အစွန်းရဲ့(၃၀)ရာခိုင်နှုန်း ဘောက်ဆူးပေးမယ် လက်/ညွှန်စကားအခံရှိထားလို့ မက်လုံးမျှော်ကိုးပြီး အရဲစွန့်လုပ်ကိုင်နေကြရခြင်းပါ။

တကယ်တော့ ကန်လုပ်သားတွေ ဘောက်ဆူးတစ်ပြားမှခံစားခွင့်မရှိသလို ကန်ပိုင်ရှင်မိသားစုတစ်ခုလုံး ချုံးပွဲချငိုကျွေးရတဲ့အဆင့်ရောက်သွားလို့ပါပဲ။

မွေးမြူရေး ငါးမြစ်ချင်းသားပေါက်တစ်သောင်း၊ ငါးတန်သားပေါက်တစ်သောင်း၊ ကန်လေးလုံးမျှထည့်ထားပေမယ့် ကန်ဖော်ချိန်မှာ နှစ်မျိုးပေါင်းကောင်ရေ သုံးထောင်ကျော်လေးပဲပြန်ရလို့ပါ။

ငါးဦးစီး ညွှန်မှူး ဒေါ်ဝေဝေပြောသလို ငါးစာဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်၊ လူမစားပါဘူး။ မောင်ဘိုကြီး ဆရာလက်/ညွှန်ကိုယ်တိုင် ရွေးချယ်တာဝန်ပေးထားတဲ့သစ္စာရှိကန်ဝန်ထမ်းတွေပါ။ ဒါဆိုရင် ဘယ်သူစားကုန်လဲ။

အဖြေကတော့ ရှင်းရှင်းလေးပါ။

ငါးစာကျိုဖို့အတွက် စပါးခွံ၊ ဖွဲမီးဖိုအကောင်အထည်ဖော်စဉ်က မအူပင်ပေါက်ဈေး အုတ်တစ်ချပ် (၈၀)၊ အုတ်အဟောင်းက (၄၀)။ ဈေးနှုန်းတစ်ဝက်ကွာပါတယ်။ မောင်ဘိုကြီးဆရာလိုချင်တာက မီးကျက်ပြီး မီးကျင်ရပြီး ဆန်စက်က မီးခိုးခေါင်းတိုင်အဟောင်းပါ။ အုတ်ပွဲရုံက စောင့်ဆိုလို့ စောင့်ပါတယ်။ ရပြီ လာယူပါ၊ ဒီညပဲ လာယူပါ၊ ငွေအကျေချေပါ၊ ပွဲရုံမိသားစု ခရီးထွက်စရာရှိလို့ပါ စာနဲ့အကြောင်းကြားလို့ ညတွင်းချင်းပဲ စက်ခေါင်းတိုင်အပျက် အုတ်ဟောင်းငါးရာသွားသယ်ခဲ့ပါတယ်။

မောင်ဘိုကြီးဆရာ အလိမ်ခံလိုက်ရတာပါ။

ဆန်စက်တည်စဉ်က ဆန်စက်သူဌေးတွေဟာ ဟိုအုတ်စက်က အလုံးတစ်ရာ ဒီအုပ်စက် အလုံးနှစ်ရာ အလုပ်ရှုပ်ခံပြီး လိုက်ဝယ်မှာမဟုတ်ပါဘူး။ တစ်ဖိုတည်းကပဲ လိုသလောက်ဝယ်ယူမှာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်အသားပြုထားတဲ့ တံဆိပ်တွေဟာ အေဘီစီ၊ အီးအက်ဂျီ၊ ကေကေကေတစ်မျိုးတစ်စားထဲဖြစ်ရမှာပါ။

တစ်လုံးလေးဆယ်နဲ့ ပေါ်ချောင်ကောင်းဆရာဝယ်တဲ့ အုတ်အဟောင်းအလုံးငါးရာဟာ အေကနေ ဇက်အထိ အမျိုးပေါင်းငါးရာဖြစ်နေပါတယ်။ နဝတ၊ နအပခေတ်က လူဦးရေသိပ်သည်းလူနေအိမ်တွေတိုးပွားလာလို့ မြို့လယ်ခေါင်ရောက်သွားတဲ့ သုသာန်တွေကို မြို့ပြင်ထုတ်စဉ်က အုတ်ဂူတွေပါဖျက်ဆီးလိုက်ရပါတယ်။ ဂူသွင်းသင်္ဂြိုဟ်ဖို့ အုတ်သီးသန့်ရောင်းတဲ့နေရာမရှိပါဘူး။ ဒါကြောင့် အေကနေ ဇက်အထိ တံဆိပ်အမျိုးအစားပေါင်းစုံဖြစ်နေတဲ့ အုတ်ချပ်တွေဟာ သုသာန်က အုတ်ချပ်တွေဖြစ်ခြင်းကြောင့် ငါးကန်အထိ သရဲတစ္ဆေတွေပါလာမယ်၊ ကန်လုပ်သားတွေ၊ မိသားစုတွေကို ခြောက်လှန့်မယ်၊ ပြီးတော့ ကန်ထဲက မွေးမြူရေးငါးတွေပါ အစိမ်းလိုက်ဝါးစားပစ်မယ်ဆိုတာ နှမြောတွန့်တိုပြီး စေတနာမွဲလို့ ကံနည်းရှင် မောင်ဘိုကြီးဆရာ လက်တွေ့ပြလို့ ယုံကြည်လက်ခံလောက်ပါတယ်။

ရှစ်ခွင်ကျော်-[illegible]တော်သီ

www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းဝင်း(လွန်ဆေး)
# ဒူးနာရောဂါ အမှန်ပင်ပျောက်ကင်းပါစေ

ဒူးနာရောဂါသည် အရွယ်မရွေး ဖြစ်ပွားတတ်ကြသော်လည်း အသက်အရွယ်ကြီးရင့်သူများတွင် ပိုမိုအဖြစ်များတတ်ပါသည်။ အသက်အရွယ်ကြီးသူများတွင်လည်း အဝလွန်သူ၊ ကိုယ်အလေးချိန်များသူများတွင် ပိုမိုဖြစ်ပွားနှုန်းများတတ်သည်။

ဒူးနာရောဂါအတွက် ပုဂံဘက်သို့သည်း ကားများစုပေါင်းငှားကာ အုပ်စုလိုက်သွားခဲ့ဖူးကြသည်။ ဒူးကို အပ်စိုက်ကာလည်းကြသည်။ ဆေးထိုးကြသည်လည်းရှိသည်။ တချို့သိသိသာသာ ပျောက်ကင်းကြသည်။ သက်သာသွားကြသည်။ အချို့မှာမူ လုံးဝကို ထူးခြားမှုမရှိတာလည်း တွေ့ဖူးပါသည်။ တချို့ကျတော့လည်း ကျန်းမာရေးဆရာမတစ်ဦးဦးက ဒူးနာလူနာတစ်ဦးကို ဒူးဆေးထိုးပေးရာမှ ကျယ်ပြန့်လာသည်လည်းရှိသည်။ အချို့မှာ မကြာမီ ဆေးထိုးသော ဒူးနေရာအတွင်းသားများတွင် ပိုတ်ကြရသည်အထိ ပြဿနာများစွာရှိတတ်ပါသည်။

စာရေးသူ၏ဇနီးတွင် ဒူးနာတာခံရပ်နိုင်ဖြစ်လာသည့်အတွက် ရန်ကုန်မြို့ ရွှေဘုံသာလမ်းက အရိုးအကြောပါရဂူတစ်ဦးကို သွားရောက် ပြသကုသခံယူခဲ့ရပါသည်။ ပါရဂူက ဒူးနာတစ်ဖက်ကိုဆေးသွင်းပေးသည်။ရောဂါလက္ခဏာများမှာ လူနာကများများမပြောရ၊ နည်းနည်းမျှ ပါးစပ်ဟလိုက်လျှင်ပင် ပါရဂူက တတွတ်တွတ်နှင့်ပြောပြသွားသည်မှာ အားလုံးအမှန်ခံစားရတာချည်းဖြစ်သည်။ ဒူးတစ်ဖက် ဆေးထိုးလျှင် (၃၀၀၀၀)၊ နှစ်ဖက်ဆိုလျှင် (၆၀၀၀၀)ကျမည်။ အချို့က ဆေးမထိုးပါနှင့် ဒုက္ခများလိမ့်မည်။ အချို့က ဆေးထိုးမှ အမြန်သက်သာ ပျောက်ကင်းမည်ဟု ပြောကြသည်။ ဒီတော့ ဒူးတစ်ဖက်တော့ ဆေးတစ်လုံးထိုးပေးပါ။ နောက်တစ်ခေါက်ကျတော့မှ ကျန်သည့်တစ်ဖက်ဆက်ထိုးပါမည်ဟု ဆိုကာ ဒူးတစ်ဖက်ကိုဖြင့် ဆေးထိုးခဲ့ပါသည်။ လက်တွေ့မှာလည်း အတော်ကို သက်သာမှုရှိပါသည်။

ထို့ကြောင့် ဒူးနာရောဂါဖြစ်လျှင် တတ်ကျွမ်းနားလည်သည့် ဆရာဝန်၊ ပါရဂူများနှင့် စနစ်တကျ ပြသကုသမှုခံယူစေလိုပါသည်။

စာရေးသူက မဂ္ဂဇင်းဂျာနယ်များတွင် တိုင်းရင်းဆေးမြီးတိုနည်းများရေးသားဖော်ပြလေ့ရှိသည်မို့ မိတ်ဆွေများက သူတို့တွင်ဖြစ်ပျက်နေသည့်ရောဂါများကို ပြောပြအကူအညီတောင်းတတ်ကြသည်။ ထိုအခါမျိုးတွင် နားလည်တတ်သိသမျှ ပြောပြကူညီရပါသည်။ ဆေးမြစ်ဆေးရွက်ဆေးဥရှာဖွေပေးတတ်သည်။မဂ္ဂဇင်းဂျာနယ်များတွင် ရှာဖွေပြောပြကူညီပေးရသည်။

ယခင်ရက်များက မိတ်ဆွေသုံးဦးခန့် ဒူးနာရောဂါခံစားနေကြရသဖြင့် ဆေးနည်းညွှန်ပြပါဟု အကူအညီတောင်းလာပါသည်။ သူတို့တွင် ငွေကြေးအခက်အခဲများရှိကြသည်ကို ကိုယ်တိုင်မြင်တွေ့သိရှိနေသည်မို့ အထူးကုဆရာဝန်များနှင့် သွားပြကြည့်ပါဟု ပြောမထွက်ပါ။ ဒူးနာပျောက်ကင်းရေးအတွက် လေ့လာစုဆောင်းထားသမျှ ဆေးမြီးတိုဆယ်ခုလောက်ကို မိတ္တူကူးပေးလိုက်ပါသည်။ ထိုဆေးနည်းများသည် ငွေကြေးကုန်ကျမများ တစ်နိုင်လေးဆောင်ရွက်နိုင်သည်မို့ အဆင်ပြေပါလိမ့်မည်။

သို့သော် (၁၀) ရက်ခန့်အကြာ သူတို့နှင့်ပြန်လည်ဆုံတွေ့မိသည့်အခါ အနည်းငယ်မျှသာသက်သာမှုရှိကြောင်း၊ ဆက်လက်သုံးစွဲနေကြောင်း၊ ဒီထက်ပိုကောင်းသည့်နည်းများရှိလျှင်ပေးပါဟု ထပ်မံတောင်းခံလာပါသည်။လောလောဆယ်တွင်မူ သူတို့ကိုထပ်မံဝေငှရန် ဆေးနည်း မရှိတော့ပါ။ ကောင်းမွန်ထိရောက်စွမ်းအားကြီးမားသည့် ဆေးနည်းများရရှိပါစေဟု ဆုတောင်းနေမိပါသည်။

တစ်လခန့်အကြာတွင် ကျွန်တော် ခရီးထွက်ရပါသည်။ ကျွန်တော်နေထိုင်သည့်မြို့နယ်၏ အနောက်ဘက်ရှိ အနောက်ရိုးမဒေသကျေးရွာအုပ်စုများတွင် ရက်သတ္တတစ်ပတ်ခန့် နေထိုင်ရပါသည်။ ညနေပိုင်းအားလပ်ချိန်များတွင် ဒေသံလူကြီးများနှင့် တွေ့ဆုံစကားပြောဝိုင်းဖွဲ့ခွင့်ရရှိပါသည်။

ဒေသခံလူကြီးများထဲမှ ဦးသာဗျော ဆိုသော အသက်(၇၈) နှစ်အရွယ် အဘကြီးတစ်ဦးက ဒူးနာရောဂါ လက်တွေ့ပျောက်ကင်းဆေးနည်းကို ပြောပြပါသည်။ သူကိုယ်တိုင်အပြင် ဝိုင်းဖွဲ့ထိုင်နေသူများထဲမှ နှစ်ဦးခန့်ကိုပြသပြီး သူတို့တစ်တွေလည်း သည်ဆေးနည်းဖြင့် ပျောက်ကင်းခဲ့ကြောင်း သိရပါသည်။ ကျွန်တော်လည်း အသေအချာရေးမှတ်ခဲ့ပါသည်။

မြို့သို့ပြန်ရောက်သည့်အခါ ဒူးနာမိတ်ဆွေသုံးဦးအပြင် ထပ်တိုးနှစ်ဦး၊ စုစုပေါင်းငါးဦးကို သုံးစွဲရမည့်ဆေးနည်းများ ပြောပြရေးမှတ်ပြီး ယုံယုံကြည်ကြည် သုံးစွဲရန်တိုက်တွန်းခဲ့ပါသည်။ နောက်ရက်နောက်ရက်များတွင် ဒူးနာရောဂါခံစားရသူ (၅) ဦး အနက် (၄) ဦးမှာ သက်သာ ပျောက်ကင်းနေကြောင်း ဝမ်းသာအားရ ပြောပြကြပါသည်။ ကျွန်တော်လည်း ဝမ်းသာရပါသည်။

ထို့ကြောင့် စာဖတ်သူများအား ဒူးနာရောဂါသက်သာပျောက်ကင်းစေမည့်ဆေးနည်းကို မျှဝေရပါတော့မည်။

ဆေးနည်းကား -

မြင်းချေး၊ မန်ကျည်းရွက်ရင့်ရင်၊ အိမ်သုံးဆား၊ မီးသလင်ဥ ထို (၄) မျိုးကို ရှာဖွေစုဆောင်းပါ။ ရရှိပါက ၎င်းလေးမျိုးကို ဆတူစပ်ပြီးရောမွှေပါ။ မီးသလင်ဥကို ထုခြေထည့်ပါ။ ဆတူစပ်ပြီးပါက သန့်ရှင်းသောအဝတ်စ (ပုဆိုး၊ အကျီအဟောင်းစလည်းရပါသည်)ဖြင့်ထုပ်ပိုးပါ။ လက်ကိုင်နေရာလေးလုပ်ထားပါ။ ပြီးလျှင် အဝ လေး၊ ငါးလက်မခန့်ရှိ အဖုံးပါသောမြေအိုးတွင် ရေတစ်ဝက်ခန့်ထည့်ပြီး ကျိုချက်ပါ၊ ရေနွေးဆူပွက်လာသည့်အခါ အဖုံးကိုဖွင့်၍ ဆေးထုပ် (မြင်းချေး၊ ဆား၊ မန်ကျည်းရွက်၊ မီးသလင်ဥတို့ကို ရောနယ်ထည့်ထားသောအထုပ်) ကို အိုးအဝတွင် အငွေ့ခံပါ။ အငွေ့ခံပြီးသောဆေးထုပ်ကို နာနေသည့် ဒူးနေရာတစ်ဝိုက်ကိုကပ်ပေးရပါမည်။ ပြီးလျှင် ဒူးနာအနံ့ လိုက်ကပ်ပေးပါ။ တစ်ရက် တစ်ကြိမ် သို့မဟုတ် တစ်ပတ်နှစ်ကြိမ်မျှ ပြုလုပ်ပေးမည်ဆိုပါလျှင် ဒူးနာရောဂါသက်သာပျောက်ကင်းနိုင်ဖွယ်ရာရှိပါကြောင်း မျှဝေရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း (လွန်ဆေး)

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်တော်သည် မိတ်ဆွေဖြစ်သူ ကိုဇော်ထိပ်နှင့်အတူ လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် စကားစမြည် ပြောဆိုနေကြလေ၏။

ကိုဇော်ထိပ်သည် အသားညိုညို၊ အရပ်အမောင်းကောင်းကောင်း၊ ကာယဗလတောင့်တင်းသူတစ်ဦး ဖြစ်သည်။ သူသည် လွန်ခဲ့သောနှစ်နှစ်ခန့်က ကမ္ဘာ့ပထမစစ်ကြီးဖြစ်စဉ် အင်္ဂလိပ်တို့ဘက်မှနေ၍ စစ်ထဲသို့လိုက်ပါသွားဖူးသူဖြစ်၏။ နာမည်ကျော် မက်ဆိုပိုတေးမီးယားစစ်မြေပြင်၌လည်း အချိန်အတော်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ဖူး၏။

ရဲစွမ်းသတ္တိနှင့် တိုက်ရည်ခိုက်ရည်ရှိသောကြောင့် အင်္ဂလိပ်အစိုးရမှပေးအပ်သောဘွဲ့တံဆိပ်များနှင့် ရာထူးတိုးမြှင့်ခြင်း စသည်ကိုလည်းရရှိခဲ့၏။ ထိုနည်းအတူ အရေးပေးခြင်း၊ မျက်နှာသာပေးခြင်းများသည်လည်းပါဝင်၏။

စစ်ကြီးပြီးသွားပြီးနောက်လည်း မြန်မာနိုင်ငံသို့ ချက်ချင်းပြန်မလာသေးဘဲ အာဖရိကသို့ တစ်နှစ်ကျော်ခန့်ကျင်လည်နေပြီးမှ ငယ်စဉ်ကကျောင်းနေဖက်ဖြစ်ခဲ့ဖူးသည့် ကျွန်တော်၏အထံသို့ ခေတ္တမျှ အလည်လာခြင်း ဖြစ်၏။


ကိုဇော်ထိပ်သည် လူစွန့်စားတစ်ယောက်ဖြစ်သည့်အားလျော်စွာပင် နောင်တွင်လည်း ကမ္ဘာအနှံ့လှည့်လည်၍နေဦးမည်ဖြစ်၏။ သူ၌ စွန့်စားခန်းများ၏ အကြောင်းအရာများသည်သာစွဲ၍နေ၏။

"ကိုင်း - ကိုဇော်ထိပ်၊ ခင်ဗျားက နိုင်ငံရပ်ခြားက ပြန်လာတဲ့လူဆိုတော့ အတွေ့အကြုံကောင်းတွေမြောက်မြားစွာရှာဖွေခဲ့မှာပဲ။ လျှို့ဝှက်ခန်း၊ စွန့်စားခန်းဆိုတာတွေပေါ့ဗျာ။ ကျုပ်ကလည်း အဲဒါတာမျိုးတွေကို စိတ်ဝင်စားတယ်။ ဒီနေ့ အချိန်ရမယ်ဆိုရင် ကျုပ်ကို ပြောပြပါလား"

"သိပ်ပြီးပြောတာပေါ့ ကိုထွန်းမောင်ရာ၊ ကျုပ်ကလည်း ပြောပြချင်လွန်းလို့ ခင်ဗျားဆီကို အလည်လာခဲ့တာပဲ။ အခုက ညနေစောင်းနေပြီဆိုတော့ ညဥ့်နက်တဲ့အထိ ကျုပ်တို့ စကားပြောကြတာပေါ့ဗျာ"

"ကောင်းပါပြီဗျာ၊စကားပြောကောင်းပြီး ညတအားနက်သွားရင်လည်း ခင်ဗျားတည်းခိုခန်းကို ပြန်မနေနဲ့တော့။ ကျုပ်အိမ်မှာပဲအိပ်။ ကျုပ်နဲ့အတူနေတဲ့ အစ်မတို့မိသားစုလည်း သူ့ယောကျ်ားဘက်က အမျိုးတွေရွာကို ခုနအလည်သွားနေကြလို့ ဘာမှအားနာစရာမရှိပါဘူး"

သို့ဖြင့် ကျွန်တော်နှင့် ကိုဇော်ထိပ်တို့သည် ထိုနေ့ ညနေခင်းမှစ၍စကားပြောနေလိုက်ကြရာ မနက်မိုးစင်စင်လင်းသွားလေတော့သည်။ စကားပြောနေကြသည်ဟုသာ ဆိုသော်လည်း ကိုဇော်ထိပ်က အပြောသမားဖြစ်ပြီး ကျွန်တော်ကား နားမလည်သည်များကို ပြန်မေး



www.burmeseclassic.com

www.burmeseclassic.com

# ခိုင်မင်းဆက်

## မရှေလာကျွန်းခရီးစဉ်



သည်နှင့် နားထောင်သူ သက်သက်မျှသာဖြစ်လေ၏။

ထိုနေ့ညနေခင်းမှ မိုးလင်းသည်အထိ စကားပြောခဲ့ကြသော်လည်း ကိုဇော်ထိပ်သည် သူ၏ အတွေ့အကြုံအချို့ကိုသာပြောပြခဲ့ခြင်းဖြစ်ပြီး အခြားအတွေ့အကြုံနှင့်အကြောင်းအရာများစွာ ကျန်သေးကြောင်းလည်းသိရလေ၏။ လက်ဖက်ရည်ကြမ်းလည်း (၆)အိုးမျှမကကုန်လေ၏။

ကျွန်တော်လည်း ကိုဇော်ထိပ် တည်းခိုခန်းသို့ပြန်သွားသည့်အခါမှ အိပ်ရာထဲသို့ ဝင်ပြီး တစ်ချိုးတည်းပင်အိပ်ချလိုက်ရာ ညနေသုံးနာရီခန့်တွင်မှ အိပ်ရာက နိုးလေတော့သည်။

အောက်တွင် ဖော်ပြမည့် အကြောင်းအရာမှာ ထိုနေ့ထိုညက ကိုဇော်ထိပ် ပြောပြခဲ့သော အကြောင်းအရာများထဲမှ တစ်ခုသာဖြစ်ပြီး အလွန် စိတ်ဝင်စားဖွယ်ကောင်းလှသည်ဖြစ်ရကား စာဖတ်ပရိသတ်တို့အား ကိုဇော်ထိပ်ကိုယ်စား တင်ပြလိုက်ရပေသတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မိတ်ဆွေများဖြစ်ကြသော မစ္စတာစမက်၊ ဂျက်၊ မတ်တို့နှင့်အတူ အာဖရိကတိုက်ရှိ ကျွန်းတစ်ကျွန်းပေါ်သို့ရောက်နေစဉ်က ဖြစ်သည်။ ထိုကျွန်းသည် မဒါဂတ်စကားအမည်ရှိသည့်ကျွန်းအနီးမှ ကျွန်းငယ်တစ်ကျွန်းဖြစ်သည်။

ရောက်နေသည့်အကြောင်းမှာ မစ္စတာစမက်၏အကြောင်းကိစ္စကြောင့်ပင် ဖြစ်လေ၏။ မစ္စတာစမက်သည် ဂျက်၏ မိတ်ဆွေဖြစ်ပြီး ဂျက်၊ မတ်နှင့် ကျွန်ုပ်တို့မှာ မက်ဆိုပိုတေးမီးယားစစ်မြေပြင်၌ ဗြိတိသျှဘက်မှ အတူတကွ တိုက်ပွဲဝင်ခဲ့ကြသူများဖြစ်ကြလေ၏။

မစ္စတာစမက်သည် လွန်ခဲ့သော နှစ်နှစ်ခန့်က ဤကျွန်းပေါ်သို့ရောက်ခဲ့ဖူးလေ၏။ ထိုစဉ်က မစ္စတာစမက်တစ်ယောက်တည်းမဟုတ်ပေ။ သူ၏ချစ်လှစွာသောဇနီး၊ သားငယ်လေးတစ်ဦးနှင့် လူယုံတော်တစ်ယောက်တို့လည်း ပါဝင်လေ၏။

မစ္စတာစမက် ဤကျွန်းပေါ်သို့ ရောက်ခြင်းမှာ ထိုအချိန်က မစ္စတာစမက်သည် မဒါးဂတ်စကားကျွန်း၌ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေ၏။ အနီးပတ်ဝန်းကျင်ရှိ အခြားကျွန်းများက မည်သည့်ပစ္စည်းများရနိုင်မည်ကိုလည်းသိလို၍ ရွက်သင်္ဘောတစ်စီးဖြင့် လှည့်ပတ်ကြည့်ရှုစူးစမ်းစဉ် ရွက်သင်္ဘောပျက်ကာ သောင်တင်သွားကြခြင်းပင်ဖြစ်လေ၏။

ဤကျွန်းပေါ်၌ လူစိမ်းများကို လက်မခံတတ်သော လူရိုင်းမျိုးနွယ်စုတစ်စုတို့သည်လည်းရှိကြ၏။ ထိုလူရိုင်းမျိုးနွယ်စုတို့၏ရန်ကို ရှောင်ရင်းတိမ်းရင်းနှင့်ပင် မစ္စတာစမက်၏ဇနီး၊သားကလေးနှင့် လူယုံတို့မှာ အဆိပ်လူးမြားဒဏ်တို့ကြောင့် အသက်ဆုံးရှုံးခဲ့ကြ၏။ မစ္စတာစမက်သည်ပင် ဖြစ်သည့်နည်းဖြင့် ဤကျွန်းပေါ်မှ အသက်လွတ်အောင်မနည်းကြိုးစားပြီးပြေးခဲ့ရ၏။

ယခုတစ်ဖန် ပြန်လာခြင်းမှာ လူရိုင်းများ လက်စားချေရန်သက်သက်မဟုတ်ပေ။ ထိုအချိန်က လူရိုင်းများ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြသော ၎င်းဇနီးနှင့်သားကလေးတို့၏ အမှတ်တရပစ္စည်းတစ်စုံတစ်ခုကို ပြန်ရလိုရငြား လူစွန့်စားများအားငှားရမ်းကာ တစ်ဖန်ပြန်လာခြင်းဖြစ်သည်။

"ကိုင်း- မိုးလည်းချုပ်ပြီ၊ ဒီနေရာမှာပဲနားကြစို့"

မစ္စတာစမက်က ပြောလိုက်၍ ကျွန်ုပ်တို့ နားလိုက်ကြသည်။ ရွက်ဖျင်တဲများထိုးလုပ်ကြသည်။ ထို့နောက် ပါလာသောပေါင်မုန့်များ၊ ငါးသေတ္တာဘူးများကိုထုတ်ကာစားသောက်ကြလေ၏။ စားသောက်ရင်းစကားစမြည်လည်း ပြောဖြစ်ကြသည်။

မစ္စတာစမက်သည် ကျွန်ုပ်အား ခေါ်ရာ၌ မတ်နှင့်ဂျက်တို့ကဲ့သို့ အခေါ်ရမလွယ်ပေ။ ထို့ကြောင့် ဇော်ထိပ်ဟူသော ကျွန်ုပ်နာမည်ကို ဇော်ဟုခေါ်ရာမှာပင် 'ဇော' ဟူ၍သာ အသံထွက်နေလေ၏။

ကျွန်ုပ်က -

"မစ္စတာစမက်၊ ခင်ဗျားပြောတဲ့ လူရိုင်းတွေဟာ ဒီကျွန်းရဲ့ဘယ်နေရာလောက်မှာရှိနေကြတာပါလဲ"

"ဒီကျွန်းရဲ့အတွင်းပိုင်းခပ်ကျကျမှာနေကြတယ်။ တစ်ခါတလေမှသာ ဒီဘက်ပိုင်းကိုထွက်လာတတ်ကြတယ်"

ဂျက်က -

"သူတို့က အသားစားကြတယ်ဆို၊ ငါးရောစားကြတယ်မဟုတ်လား။ ဒီဘက်ကို ငါးဖမ်းဖို့မလာကြဘူးလား"

"သူတို့က ငါးဖမ်းရင် ကျွန်းရဲ့ဟိုဘက်ခြမ်းမှာပဲဖမ်းကြပါတယ်။ ဒီဘက်ကို အမဲလိုက်ရင်း နယ်ကျွံလာမှ တစ်ခါတလေရောက်တတ်ကြတာပါ"

"ဩော်- ဟုတ်ကဲ့"

"မစ္စတာစမက်က ဒီကျွန်းနဲ့ပတ်သက်လို့တော့ ကျွမ်းကျွမ်းကျင်ကျင်ရှိမှာပေါ့။ ကျွန်တော်တို့ကို အချက်အလက်တွေပြောပြပါလား"

ရပါတယ် မတ်၊ ကျုပ်တို့က ဒီလူရိုင်းမျိုးနွယ်တွေကို (×××) လို့ပဲခေါ်ကြပါတယ်။ သူတို့က နတ်ဘုရားတစ်မျိုးကို ကိုးကွယ်ကြတယ်"

"နတ်ဘုရားအမည်က. . ."

"ဒါတော့ ကျုပ်မသိဘူး မတ်။ ကျုပ်သိတာက သူတို့ဟာ နတ်ဘုရားကို အရမ်းရိုသေကြတယ်။ သူတို့နယ်မြေထဲသို့ဝင်လာမိတဲ့လူစိမ်းတွေကိုသတ်ဖြတ်ပြီးတိုင်းလည်း သေသူတွေရဲ့အမှတ်တရပစ္စည်းတွေကို နတ်ဘုရားရုပ်တုရှေ့မှာပဲ ပူဇော်ထားကြတယ်။

ကျွန်ုပ် -

"ဒါဆို ကျွန်တော်တို့က အဲဒီနတ်ဘုရားရုပ်တုကိုပဲရှာကြရမှာပေါ့"

"အင်း- နတ်ဘုရားရုပ်တုရှိတဲ့နေရာကိုတော့ ကျုပ်သိတယ်။ ဒါပေမယ့် အစောင့်အကြပ်တွေကိုတော့ ကြိုးစားပြီး ကျော်ဖြတ်ကြရလိမ့်မယ်"

"ဒါကတော့ဖြစ်ပါတယ်ဗျာ။ ကျုပ်တို့မှာလည်း အတိုင်းအတာတစ်ခုအထိ ကျော်ဖြတ်နိုင်တဲ့ လက်နက်လူသူပါလာကြတာပဲ"

"ကိုင်း - အခုတော့ အားမွေးဖို့အိပ်လိုက်ကြဦးစို့"

ရွက်ဖျင်တဲထဲ၌ မစ္စတာစမက်အားအိပ်စေပြီး ကျွန်ုပ်တို့သုံးယောက်က တဲအပြင်၌ ခြုံစောင်ဖြင့်ကွေးကာ အလှည့်ကျ ကင်းစောင့်ကြရလေ၏။

ညကင်းချိန်ကာလတစ်လျှောက်၌ မည်သည့်အခက်အခဲမျှမရှိပေ။ တောထဲမှ မျောက်အော်သံသဲ့သဲ့၊ ကမ်းခြေမှ လှိုင်းပုတ်သံ၊ မည်းညစ်သောကောင်းကင်၊ ရေပြင်၊ ကြယ်စင်လေးများနှင့် လမင်းကြီးတို့မှလွဲ၍ မည်သည့်လှုပ်ရှားမှုနှင့် အသံဗလံကိုမျှမကြားရဘဲ၊ အေးငြိမ်းချမ်းသာစွာဖြင့်ပင် မိုးစင်စင်လင်းခဲ့လေ၏။

■

"ဘယ်နှနာရီရှိပြီလဲ မတ်"

"ခြောက်နာရီထိုးတော့မယ်"

ကျွန်ုပ် မျက်နှာသစ်ရန် ကမ်းစပ်သို့သွားလေရာ မတ်က လှမ်းတားပြီးပြော၏။

"ဒီမှာရေရှိတယ် ဇော"

ကျွန်ုပ်လည်း မတ်ပေးသောရေကိုယူကာ မျက်နှာသစ်လိုက်ပြီးနောက် ဂျက်အားနှိုးပြီး အိပ်ရာမှထစေလိုက်၏။

"မတ်၊ အိပ်ချင်အိပ်လိုက်ဦးလေ။ ခြောက်နာရီကျော်လောက်မှ ခရီးစထွက်ကြမယ်"

"အဆင်ပြေပါတယ် ဇော၊ ကျုပ်မအိပ်ချင်တော့ဘူး"

ကျွန်ုပ်တို့သုံးဦး နံနက်စာပြင်ဆင်နေကြချိန်တွင် မစ္စတာစမက်လည်း အိပ်ရာမှနိုးလာလေ၏။

"အား-ကျုပ်တော်တော်အိပ်လိုက်တာပဲ။ မောင်ရင်တို့ကနိုးကြရော့ပေါ့"

ဟု ဆိုကာ မစ္စတာစမက်လည်း မျက်နှာသစ်၏။

ထို့နောက် နံနက်စာကို စားသောက်ကြပြီး အထုပ်အပိုးများကိုသယ်ကာ တောထဲသို့ဝင်ခဲ့ကြလေသည်။

မစ္စတာစမက်၏ ပြောပြချက်အရ ဤတောထဲ၌ လူများကိုဒုက္ခပေးနိုင်သော ကျား၊ ကျားသစ်၊ ခြင်္သေ့များကဲ့သို့ သားရဲကြီးများမရှိဘဲ မျောက်၊ [illegible]တာ ကြောင်၊ သမင်၊ ဒရယ်၊ ခ[illegible]တာဝက်

www.burmeseclassic.com

www.burmeseclassic.com

စသော အကောင်ငယ်များသာရှိသည့် အကြောင်းကိုသိရလေ၏။ ထို့ကြောင့် အမှတ်မထင် သားရဲများတိုက်ခိုက်မည့် အန္တရာယ်ကို စိုးရိမ်စရာမလိုတော့ပေ။

နေ့ဝက်ခန့်ခရီးဆက်ပြီးကြသော အခါ တောနက်ပိုင်းသို့ရောက်သွားကြပြီး စမ်းချောင်းတစ်ခု၏အနီးတွင် ခဏနားချကာ ရပ်နားလိုက်ကြ၏။ မစ္စတာစမက်က ဤနေရာ၌ ရွက်ဖျင်တဲထိုးလုပ်ခွင့်ကို မပြုတော့ပေ။

"ဟောဒီစမ်းချောင်းကိုလွန်တာနဲ့ လူရိုင်းတွေရဲ့နယ်မြေထဲကိုရောက်ပြီ။ ဒါကြောင့် ကျုပ်တို့အထူးသတိထားကြရမယ်။ သစ်ပင်ကြီးတွေကိုအကာအကွယ်ယူပြီးပဲနေကြရအောင်။ အခုလို နေ့အချိန်မှာ ဝအောင်အိပ်ကြ။ ညကျရင် အလုပ်လုပ်ကြရတော့မှာ"

မစ္စတာစမက်က ထိုသို့သတိပေးပြောကြားသဖြင့် ကျွန်ုပ်တို့လည်း အထူးပင် သတိထားကြသည်။ တစ်ယောက်တစ်လှည့်ကင်းစောင့်ကာ စမ်းချောင်း၏ ထိုဘက်ကမ်းမှ အလွယ်တကူမမြင်နိုင်စေရန် သစ်ပင်များ၏အကွယ်တွင် အနားယူကြရသည်။

နေ့လယ်စာကိုလည်း ကင်းထားပြီးသာစားသောက်ကြရသည်။ ကင်းချိန်မှာ တစ်ယောက်လျှင် နှစ်နာရီဖြစ်သည်။ ကင်းလွတ်ချိန်၌ အိပ်သူကအိပ်ကြသည်။

ကျွန်ုပ်၏ ကင်းချိန်သည် ည (၈) နာရီကစသည်။ ထိုအချိန်၌ အိပ်ခွင့်မရကြတော့ပေ။ ထို့ကြောင့် ကင်းစောင့်သူကစောင့်ပြီး ကျန်သောလူများမှာ ဝိုင်းဖွဲ့ပြီး စကားပြောနေကြသည်။

"လူရိုင်းတွေက ည (၁၁) နာရီလောက်မှ အိပ်ကြတာဗျ"

ဟု မစ္စတာစမက်ကပြောသည်။

ထို့ကြောင့် ကျွန်ုပ်က -

"အဲလောက်အထိ ညနက်အောင် သူတို့ဘာလုပ်နေကြလဲ စမက်"

"ည (၉)နာရီကနေ (၁၁)ထိ စုဝေးပြီး သူတို့နတ်ဘုရားကို ပူဇော်ပသရှိခိုးနေကြတာ"

"သူတို့နတ်ဘုရားကို တော်တော်ရိုသေကြတာပဲ"

ကျွန်ုပ်တို့သည် ညနက်ချိန်ကို ရောက်သည်အထိ စကားပြောနေကြသည်။ စမက်က သူ့ဘဝအတွေ့အကြုံများကို ပြောပြသည်။ ကျွန်ုပ်ကလည်း စစ်အတွင်းက တိုက်ပွဲအတွေ့အကြုံများကို ပြန်ပြောပြသည်။

အခြားလူများကလည်း ထိုနည်း



လည်းကောင်း သူတို့၏အတွေ့အကြုံများကိုပြောပြကြသည်။ အသံကိုမူ တစ်ယောက်နှင့်တစ်ယောက် ကြားရုံမျှသာ ပြောဆိုကြပြီး မီးလည်းမထွန်းရဲကြပေ။ အအေးဓာတ်ကား စိမ့်၍နေသည်။

"ကိုင်း - အလုပ်စကြရအောင်၊ စမ်းချောင်းကို အရင်ဆုံးဖြတ်ကြရမယ်။ အတတ်နိုင်ဆုံး ရေသံမကြားစေနဲ့"

မစ္စတာစမက်က ဦးဆောင်ကာ ကျွန်ုပ်တို့အားလုံး စမ်းချောင်းကိုဖြတ်ကူးကြသည်။ ဆောင်းတွင်းမဟုတ်သော်လည်း စမ်းရေ၏အအေးဒဏ်က ခန္ဓာကိုယ်ထဲသို့ စိမ့်တက်လာ၏။

အားလုံး ထိုဘက်ကမ်းသို့ရောက်သွားကြပြီးနောက် ကိုယ်ကရေစိုများကို သုတ်သင်ပြီး အဝတ်ခြောက်များကိုလဲဝတ်ကြသည်။ ထို့နောက် လူရိုင်းတို့၏ နယ်မြေထဲသို့စတင်တိုးဝင်ကြလေသည်။

လက်နက်ဟူ၍ကား မစ္စတာစမက်၏ထံတွင် ခြောက်လုံးပြူးတစ်လက်၊ မတ်ထံတွင် နှစ်လုံးပြူးတစ်လက်၊ ကျွန်ုပ်နှင့် ဂျက်တို့ထံတွင် တောလိုက်ဓားတစ်ချောင်းစီသာပါကြသည်။

ထိုမဆိုစလောက်သောလက်နက်အားကိုးမျှဖြင့်ပင် အလွန်ရက်စက်သော အဆိပ်လူးမြှားကို ပိုင်ဆိုင်ကာ လေးပစ်ကျွမ်းကျင်သည့်လူရိုင်းတို့၏ နယ်မြေထဲသို့ တိုးဝင်လာခဲ့ကြသဖြင့် ကျွန်ုပ်တို့ကို လူမိုက်များဟုမဆိုသာပေ။ ရဲစွမ်းသတ္တိဟူသော အဖော်များသည် ကျွန်ုပ်တို့နှင့်အတူပါလာပေ၏။

လူရိုင်းများသည် တဲထိုးပြီးနေထိုင်ကြခြင်းမဟုတ်ပေ။ သဘာဝအလျောက်ဖြစ်တည်နေသည့် ကျောက်ဂူကျောက်ခေါင်းထဲများ၌သာ နေထိုင်ကြသည်။ နေ့နေ့ညည ကင်းချပြီးလည်း လုံလုံခြုံခြုံ နေထိုင်ကြသည်။

ကျွန်ုပ်တို့လည်း တွေ့နေရသမျှ ကင်းသမားများကို ရှောင်ကွင်းကာ မစ္စတာစမက်ဦးဆောင်ရာသို့လိုက်ခဲ့ကြသည်။ လမ်း၌ ဂျက်က လူရိုင်းကင်းသမားတစ်ယောက်ကိုပင်ဖြောင်ခဲ့သေးသည်။

အတော်အတန်သန့်ရှင်းရေးလုပ်ထားသောကျောက်ဂူကြီးတစ်ဂူကို မြင်လိုက်ရသည်နှင့် ကျွန်ုပ်တို့လေးဦးစလုံး မြေပြင်သို့ဝပ်ချလိုက်ကြသည်။ ကျောက်ဂူဝ၌ လုံရှည်ကိုယ်စီကိုင်ထားကြသော လူရိုင်းထွားကြီးနှစ်ယောက်တို့အား မြင်တွေ့လိုက်ကြရခြင်းကြောင့် ဖြစ်သည်။

"အဲဒါ သူတို့နတ်ဘုရားတွေကိုထားတဲ့ ကျောက်ဂူကြီးပဲဗျ။ အဲဒီဂူထဲက နတ်ရုပ်တုတွေရှေ့မှာပုံထားတဲ့ပစ္စည်းမျိုးစုံထဲက ရွှေဆွဲကြိုးနှစ်ကုံးကို ရအောင်ရှာကြရမယ်။ လော့ကတ်သီးတွေထဲမှာ ကျုပ်ဇနီးနဲ့သားလေးတို့ရဲ့ပုံတွေပါတယ်။ ခင်ဗျားတို့ကိုလည်း သူတို့ဓာတ်ပုံတွေကို ကျုပ်ပြဖူးတာပဲ။ သူတို့နာမည်တွေကိုလည်း ရေးထိုးထားတယ်။ အဲဒီပစ္စည်းပုံထဲမှာ အခြားအဖိုးတန်ပစ္စည်းတွေလည်း ရှိနိုင်တယ်၊ ခင်ဗျားတို့ဆန္ဒရှိရင် ယူကြပေါ့။ ကျုပ်ကတော့ ဇနီးနဲ့သားကလေးတို့ရဲ့ပုံတွေပါတဲ့ လော့ကတ်သီးနဲ့ ဆွဲကြိုးနှစ်ကုံးကိုရရင် တော်ပါပြီ"

မစ္စတာစမက်က တိုးညင်းသောလေသံနှင့်ပြောဆိုပြီး လက်ဟန်ခြေဟန်ဖြင့် အချက်ပြလေရာ ကျွန်ုပ်နှင့်ဂျက် ကျောက်ဂူကြီး၏ တစ်ဖက်တစ်ချက်ရှိ ဘယ်ညာလမ်းကလေးများသို့ခွဲထွက်ကာ အမှောင်ထုထဲ တိုးဝင်လိုက်ကြသည်။ မစ္စတာစမက်က ကျွန်ုပ်နှင့် ဂျက်အား ဘာဆက်လုပ်ရမည်ကိုလည်း ပြောဆိုပြီးသားဖြစ်နေ၏။

ကျွန်ုပ်သည် အမှောင်ထုထဲမှနေ၍ ကျောက်ဂူ၏ညာဘက်က အစောင့်လူရိုင်း၏ အနီးအပါးသို့ တိုးကပ်သွားလိုက်သည်။ အစောင့်လူရိုင်းကြီးကား ကျွန်ုပ်ချဉ်းကပ်လာနေခြင်းကို လုံးဝရိပ်မိဟန်မရှိပေ။

ထို့နောက် ကျွန်ုပ်သည် လေကဲ့သို့ လျင်မြန်ခြင်းဖြင့် အစောင့်လူရိုင်းကြီး၏ နောက်ဘက်ကသိုင်းချုပ်ကာ ဓားထက်ထက်ဖြင့် လည်ပင်းကိုလှီးဖြတ်ပြီး အဆုံးစီရင်လိုက်လေ၏။ အသံပင်တစ်ချက်မှ မထွက်နိုင်ခဲ့ပေ။

တစ်ဖက်တွင် ဂျက်ကလည်း အစီ



www.burmeseclassic.com

www.burmeseclassic.com

အစဉ်ကို အကောင်အထည်ဖော်ပြီးဖြစ်လေရာ ခဏအတွင်းမှာပင် ကျောက်ဂူကြီး၏ရှေ့နားသို့ မစ္စတာစမက်နှင့် မတ်တို့လည်း ရောက်လာကြလေသည်။

လူစုံလျှင် ကျောက်ဂူကြီး၏အထဲသို့ဝင်လိုက်ကြသည်။ ကျောက်ဂူကြီး၏အတွင်းပိုင်းသည် အတော်အတန်ကျယ်ဝန်းလျက်ရှိနေသည်။ အမဲဆီမီးတိုင်များကိုညှိထွန်းထား၍ အထိုက်အလျောက်အလင်းရောင်ရှိနေသည်။

ကျောက်ဂူကြီး၏ အလယ်တွင် အလွန်အမင်း ကျက်သရေမဲ့ကာ ဆိုးရွားလှသောမျက်နှာနှင့် လူရိုင်းတို့ကိုးကွယ်ကြသည့် နတ်ဘုရားရုပ်တုကြီးကို တွေ့ကြရလေသည်။ ထိုရုပ်တုကြီးကို လက်နှင့်ခေါက်ကြည့်ကြရာ ကျောက်ရုပ်ကြီးဖြစ်ကြောင်းကို တွေ့ကြရသည်။

ကျောက်ရုပ်ကြီးရှေ့တွင် အသတ်ခံသွားကြရသော လူအမျိုးမျိုးတို့၏ ကိုယ်ပိုင်ပစ္စည်းလက်ဝတ်တန်ဆာမြောက်များစွာနှင့်တကွ အရိုးခေါင်းပုံကြီးကိုပါ တွေ့ကြရ၏။

မစ္စတာစမက်သည် ထိုအပုံရှေ့သို့ ပြေးသွားပြီးလျှင် သူအလိုရှိသော ဇနီးနှင့် သားကလေးတို့၏ ရုပ်ပုံပါသော ဆွဲကြိုးလော့ကတ်သီးများကိုရှာဖွေနေလေသည်။ ကျွန်ုပ်နှင့်ဂျက်တို့ကလည်း အဖိုးတန်ပစ္စည်းအချို့ကို တွေ့သော်လည်း မယူကြသေးဘဲ အဓိကရည်ရွယ်ချက်ဖြစ်သော မစ္စတာစမက် အလိုရှိနေသည့် ပစ္စည်းများကိုသာ ကူရှာကြ၏။ မတ်ကမူ ကျောက်ဂူဝ၌ အစောင့်အဖြစ်ကျန်နေခဲ့သည်။

သိပ်ပြီးမရှာလိုက်ရပေ။ မစ္စတာစမက်သည် သူ အသက်စွန့်ပြီး အလိုရှိနေသော ဓာတ်ပုံလော့ကတ်သီးဆွဲကြိုးနှစ်ကုံးကိုတွေ့ရှိသွား၍ ထိုအရာနှစ်ခုကို ရင်မှာကပ်ကာ မျက်လုံးအစုံ၌ မျက်ရည်များစို့ပိုင်းပြီးတွေတွေကြီးထိုင်နေလေ၏။ မစ္စတာစမက်ကို ထိုသို့မြင်ရခြင်းကြောင့် ကျွန်ုပ်နှင့်ဂျက်တို့၏ရင်ကို အလွန်အမင်းပင် ထိခိုက်စေလေသည်။

ထိုအခိုက်တွင် မတ်ထံမှ အသံတိုးတိုးထွက်လာလေသည်။

"ဟေးဟေး- ဟိုမှာ ကင်းလဲမယ့်လူတွေထင်တယ်၊ လာနေကြပြီ"

မတ်ပြောသံကြောင့် ကျွန်ုပ်နှင့်ဂျက် အလျင်အမြန် ကျောက်ဂူဝသို့ပြေးထွက်လိုက်ကြသည်။ ကျွန်ုပ်တို့နှင့်အတူ မစ္စတာစမက်ပါမလာချေ။ လော့ကတ်သီးကလေးများကို ရင်မှာကပ်ကာ ငူငူကြီးထိုင်နေဆဲ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ပြန်ပြေးသွားပြီး -

"မစ္စတာစမက်၊ သူတို့လာကုန်ကြပြီ"

ကျွန်ုပ်ကကိုင်လှုပ်ပြီးပြောလိုက်မှ မစ္စတာစမက်သည် အိပ်ပျော်နေသူတစ်ယောက်နိုးလာသလို သတိရလာလေ၏။ သို့သော်လည်း ဂူဝသို့မပြေးဘဲ ရုပ်တုကြီးရှိရာသို့ပြေးလေရာ ကျွန်ုပ်မှာ ကြောင်၍ပင်သွားလေ၏။

မစ္စတာစမက် ရုပ်တုကြီးအထံသို့ ပြေးသွားခြင်းမှာ အကြောင်းရှိ၏။ ရုပ်တုကြီး၏လည်ပင်းက လည်ဆွဲကျောက်ပြားကို သွားဖြုတ်ခြင်းပင် ဖြစ်သည်။

ထိုအခါ မတ်ထံမှ သေနတ်သံနှင့်အတူ လူရိုင်းတစ်ယောက်၏ စူးရှသော အော်သံကိုပါ တစ်ဆက်တည်းလိုကြားလိုက်ရသည်။ ကျွန်ုပ်လည်း မစ္စတာစမက်ကို လက်ဆွဲကာ ကျောက်ဂူထဲမှ အလျင်အမြန်ထွက်ပြေးရလေတော့၏။

ကျောက်ဂူအပြင်ဘက်၌ မတ်တို့လူစုနှင့်ဆုံမိကြပြီး စမ်းချောင်းရှိရာဘက်သို့ပြေးခဲ့ကြသည်။ သေနတ်သံကြောင့် သူတို့နေထိုင်ကြရာ ကျောက်ဂူအသီးသီးက လူရိုင်းများနိုးလာကြပြီးလျှင် ဩသံပေးကာ ကျွန်ုပ်တို့နောက်မှ လိုက်လာကြလေသည်။

အဆိပ်လူးထားသောမြားတံအချွန်ကလေးများသည် ကျွန်ုပ်တို့၏ဘေးမှ အပေါ်မှ ဝှီးခနဲ ဝှီးခနဲဖြတ်သွားနေလေ၏။ ကျည်ဆန်ထက်ပင် ကြောက်ဖွယ်ကောင်းသောလက်နက်များဖြစ်ချေသည်။ သေခွင့်မဟုတ်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းနေရာများကို ကျည်ထိလျှင်ပင် ဆေးကုသ၍ အသက်ရှင်နိုင်သေးသည်။ ပြင်းထန်သောအဆိပ်လူးမြားထိမှန်လျှင်မူ အသက်ရှင်ရိုးမရှိတော့ပေ။

တောတွင်း၌ ပြေးကျင့်လွှားကျင့်မရှိဖူးသောကျွန်ုပ်တို့နှင့် နောက်မှပြေး၍လိုက်လာနေကြသော တောထဲ၌လည်း အပြေးကျွမ်းကျင်သည့် လူရိုင်းတို့မှာ တဖြည်းဖြည်း နီး၍နီး၍လာလေတော့သည်။

"အား"

မတ်၏ပေါင်၌ အဆိပ်လူးမြားစိုက်လေတော့၏။ ကျွန်ုပ်နှင့် ဂျက်တို့လည်း မတ်ကိုပြေး၍ပွေ့ကြသည်။ မြားတံများအနီးမှဖြတ်နေသံ၊ သစ်ပင်သစ်ရွက်များထိမှန်နေသံတွေကြားနေရသည်။ သည် အတိုင်းဆိုလျှင် မကြာမီ ကျွန်ုပ်တို့ကိုလည်း မြားတံများထိမှန်ပေတော့မည်။

"အားလုံးရပ်လိုက်ကြစမ်း"

မစ္စတာစမက်၏သြဇာအာဏာသံပါသောအော်ပြောသံတစ်ချက်ကို ကြားလိုက်ရ၏။ ထို့ကြောင့် တဝှေ့ဝှေ့ဖြင့် လေပေါ်မှာမပြတ်ဝဲပျံလာနေသောမြားတံများလည်း ရပ်စဲသွား၏။

ကျွန်ုပ်တို့ကြည့်လိုက်ကြရာ မစ္စတာစမက်သည် သူ၏အင်္ကျီရင်ဘတ်အတွင်းမှ လူရိုင်းတို့၏ နတ်ဘုရားလည်ဆွဲကျောက်ပြားလေးကို ထုတ်၍မြှောက်ပြနေလေ၏။

လူရိုင်းအားလုံးတို့သည် ရုတ်ခြည်းပင် ဒူးတုပ်ကာ ခေါင်းများကိုငုံ့လိုက်ကြ၏။ မစ္စတာစမက်က လူရိုင်းတို့၏စကားဖြင့်အော်ပြောနေလေရာ နောက်မှသိခဲ့ရသည့် မစ္စတာစမက် အော်ပြောလိုက်သောစကား၏အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်လေ၏။

"ငါသည်ဘုရားသခင်၏စေတမန်တော်ဖြစ်ပေ၏။ ဤဒုက္ခသည်များကို အသက်ဘေးမှလွတ်ပေးကြကုန်လော့။ သင်တို့သည်လည်း ချမ်းသာသုခကိုရကြလတ္တံ့"

(မစ္စတာစမက်သည် ဤကျွန်းသို့ မလာမီ ရှေ့အဖို့ကပင် ကြိုတင်၍ လူရိုင်းတို့၏စကားကို တတ်ကျွမ်းသောကျွန်တစ်ယောက်အားရှာဖွေကာ အထက်ပါအတိုင်းအဓိပ္ပာယ်ရသည့်စကားများကို သင်ကြားထားဖူးလေသည်။)

လူရိုင်းများ ငြိမ်သက်နေကြခိုက် ကျွန်ုပ်တို့ထွက်ခွာလာခဲ့ကြ၏။ မစ္စတာစမက်၏အထံက နတ်ဘုရားအမှတ်အသားပါသည့်ကျောက်ပြားသည် ၎င်းတို့၏ရုပ်တုထံမှပင် ဖြုတ်ယူလာခဲ့သည့်အကြောင်းကို လူရိုင်းများသိကြဟန်မရှိပေ။

ထိုတံဆိပ်ပြားကို မစ္စတာစမက်၏အထံတွင်တွေ့ရ၍သာ မစ္စတာစမက်သည် ၎င်းတို့ကိုးကွယ်နေကြသော ကောင်းကင်ဘုံက နတ်ဘုရားကြီး၏ စေတမန်သာဟု ယုံကြည်သွားကြခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့လည်း ညတွင်းချင်းပင် အလျင်အမြန် ထိုမရဏကျွန်းမှ ထွက်ခွာနိုင်ခဲ့ကြသော်လည်း ဝမ်းနည်းစရာကောင်းသည်မှာကား အဆိပ်လူးမြားထိမှန်ခံထားရသောမတ်သည် အပြန်ခရီး၌ လှေပေါ်မှာပင်ကွယ်လွန်သွားလေသည်။

ခိုင်[illegible]ခေတ်

www.burmeseclassic.com



# ဘုန်းခေါင်
## ဂန္ဓာရီလမ်းပေါ်က အံ့ဖွယ်ထူးဆန်းများ ၅

တစ်နေ့သ၌-

ကျွန်ုပ်တစ်ဦးကည်းဆောက်လုပ်လှူဒါန်းခဲ့သောကျောင်းတွင် ကျောင်းအာရာမ်အတွင်း၌ အများစုပေါင်းပြီး ဆောက်လုပ်ရန် ဇရပ်တစ်ဆောင်အတွက် အလှူခံကြပါသည်။ ကျောင်းထိုင်ဆရာတော်၏ ဒါယကာများဖြစ်ကြ၍ အားကြိုးမာန်တက်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

'သုခမ္မာစည်ဇရပ်'ဟု အမည်ပေးထားပါသည်။ ဆရာတော်၏ဒါယကာ၊ ဒါယိကာမများ ပါဝင်လှူဒါန်းထားသည့်ဇရပ်ဖြစ်၍ 'အောင်ကြည်စန်းယုမြသန်းနုကောင်းမှု' ဟု ခုနစ်နေ့သားခုနစ်နေ့သမီးတို့ပါအောင် သိတ်ထိုးထားခဲ့ပါသည်။

ဇရပ်ဆောက်လုပ်ပြီးသည့်နေ့က စုပေါင်းပြီး ရေစက်သွန်းချကြပါသည်။ ကျွန်ုပ်နှင့်အတူတကွဆောင်ရွက်ကြသော ဦးကြီးစိန် (ကုန်သည်)၊ ဦးခင်မောင်ကြည် (အထည်ကုန်သည်)၊ ဦးကျော်ဌေး (ရွှေဆိုင်) တို့ စကားစမြည်ပြောဖြစ်ကြရာ ကျွန်ုပ်တို့မြို့နှင့် ရေမိုင် (၁၈) မိုင်လောက်အဝေးတွင်ရှိမည့်မြို့တွင် ထူးခြားမှုဝိသေသများကို ပြောဖြစ်ခဲ့ကြပါသည်။

ထိုမြို့သည် မြင်းခြံမြို့ဖြစ်ပါသည်။ စွန်းလွန်းဆရာတော်ကြီး ဦးကဝိမှာ အထင်အရှားဖြစ်ခဲ့သလို ဆရာတော်ဦးကဝိအရင် စမ်းကျတောရတွင် မပုပ်မသိုးအတိုင်းတည်ရှိနေသောရုပ်ကြွင်းတို့အကြောင်းပြောဖြစ်ကြပါသည်။

သို့နှင့် စမ်းကျကိုသွားကြရန် စီစဉ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့မြို့မှ မြင်းခြံမြို့ကို ထိုစဉ်ကာလက အရပ်ဘက်မှပြေးဆွဲနေသောမော်တော်ယာဉ်များနှင့် ဧရာဝတီသင်္ဘောများဖြင့်သွားကြရပါသည်။ ကျွန်ုပ်တို့မှာ ရေယာဉ်လိုင်းဖြစ်သော မူလမော်တော်ယဉ်လိုင်းမှ မော်တော်ဖြင့်သွားခဲ့ကြပါသည်။ မြင်းခြံမြို့ခြေကို မော်တော်များ၊ သင်္ဘောများမဆိုက်ကပ်နိုင်ပါ။ သဲဖြူဝဟုခေါ်သောနေရာတွင်သာ ဆိုက်ကပ်ကြရပါသည်။

သဲဖြူဝမှ မြင်းခြံမြို့ပေါ်အရောက်သွားရန်အတွက် မြင်းလှည်းဖြင့်စီးကြရပါသည်။ ထိုစဉ်အခါက မော်တော်ခမှာ နှစ်ကျပ်သာပေးရသော်လည်း မြင်းလှည်းခမှာ လူတစ်ယောက်ကို ငါးကျပ်ပေးရပါသည်။ ကမ်းနားနှင့် မြို့ပေါ် အတက်ခရီးမှာ လွန်စွာကြမ်းပြီး စိတ်ဆင်းရဲရသောခရီးတိုတစ်ခုဖြစ်ပါသည်။

မြင်းခြံမြို့ပေါ်ရောက်တော့ ကျွန်ုပ်တို့သွားလိုသော စမ်းကျတောရကို တစ်ဆင့်ကူးရမည်ဖြစ်ပါသည်။ ထိုခရီးမှာလည်း ယခုခေတ်အခါလို သုံးဘီးတက္ကစီမရှိသဖြင့် ဆိုက်ကားကိုဖြစ်စေ၊ မြင်းလှည်းကိုဖြစ်စေစီးကြရပါသည်။

နှစ်ပေါင်း(၄၀)ကျော်လာပြီဖြစ်၍ အတိအကျ မမှတ်မိတော့ပါ။ မြင်းခြံမန္တလေး အဝေးပြေးကားလမ်းကြီးယာဘက်ဘေးဘက်ကို ချိုးဝင်ရပါသည်။ (မြင်းခြံမြို့အထွက် (၅) မိုင်လောက်အဝေးတွင်ရှိမည်ဟု ထင်မိပါသည်။)

မြင်းလှည်းကို အသွားအပြန်အငှားဖြင့် စင်းလုံးငှားရမ်းခဲ့ရာ (၂၅)ကျပ်ပေးရပါသည်။ ကျွန်ုပ်တို့ ပျော်ပျော်ပါးပါးနှင့် စမ်းကျတောရကိုသွားနေကြပြီဖြစ်ပါသည်။ အဝေးပြေးလမ်းမကြီးမှ ညာဘက်ကိုချိုးဝင်လာခဲ့ရာ တစ်မိုင်ယောက်အဝေးသို့ တောထဲဝင်လာချိန်တွင် ထူးထူး ဆန်းဆန်းကြုံရပါတော့သည်။

ကျွန်ုပ်တို့စီးလာသောမြင်းလှည်းတစ်မိုင်လောက်အတွင်းဘက်အရောက်တွင် ခါတစ်ကောင် အရှေ့ဘက်အရပ်မှနေပြီး လက်ယာရစ်စက်ဝိုင်းလှည့်ထားပြီး တွန်ကျူးပါတော့သည်။ အတော့်ကိုထူးဆန်းပါသည်။ ခါတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

ပထမတွန်လိုက်ပါသည်။ (၂) မိနစ်ခန့်အကြာတွင် ပထမနေရာနှင့် အလှမ်းမကွာသောနေရာမှတစ်ခါ တွန်သံကြားရပါသည်။ နောက်ဆက်တိုက်ဆက်ပြီး ခါများတစ်တောလုံးအနှံ့ပင် တွန်သံကျူးရင့်ကြပါတော့သည်။ ကျွန်ုပ်တို့မှာ လွန်စွာအံ့ဩနေရပါပြီ။

ကျွန်ုပ်တို့စီးလာသည့်မြင်းလှည်းမောင်းသူက အောက်ပါအတိုင်း ပြောပြပါတော့သည်။

"ကျွန်တော် မြင်းလှည်းမောင်းခဲ့တာ အသက် (၁၆)၊ (၁၇)နှစ်လောက်စပြီးမောင်းခဲ့တာပါ။ ကိုယ်ပိုင်ပါ။ မြင်း(၂)ကောင်ထားပြီး မနက်တစ်ကောင်၊ ညတစ်ကောင်လဲပြီးမောင်းပါတယ်။အခုဆိုအနှစ်(၃၀)ရှိပါပြီ။ အခု စမ်းကျတောရကို ဧည့်သည်ပို့ရတာ အခေါက်ရေအကြိမ်ရေတွေများလို့ မမှတ်မိတော့ပါဘူးဗျာ။ အခုတစ်ခါမှာတော့ ဘယ်တုံးကမှမကြုံခဲ့ဘူးတဲ့ ခါတွေတစ်တောလုံးတွန်တာကိုကြုံရတော့တာပါပဲ"

ဟု ပြောပြပါတော့သည်။

စမ်းကျတောရတုန်းတော်ကြီးကျောင်းကိုရောက်ပါပြီ။ ကျွန်ုပ်တို့မှာ ဆရာတော်ကို ဦးတိုက်ကန်တော့ကြပါသည်။ စမ်းကျဆရာတော်ကြီး၏ရုပ်ကလာပ်တော်ကို လာရောက်ဖူးခြင်းဖြစ်ကြောင်း တစ်ထိုင်ပုတီးစိပ်၊ တရားအားထုတ်လိုကြောင်း လျှောက်ထားလိုက်ပါသည်။

ဆရာတော်က အံ့ဩဖွယ်မိန့်ဆိုခဲ့သည်မှာ -

"မနေ့ညက ကျုပ်ဆီကို ဝတ်ဖြူစင်ကြယ်နဲ့ဒကာကြီးတစ်ယောက်လာဖူးတယ်။ ပြီးတော့ အသားညိုညိုနဲ့ ဦးပြည်နဲ့လူတစ်ယောက် ပါလာပါလိမ့်မယ်။ ဆရာတော်အနေနဲ့ အထူးတလည်ဂရုစိုက်ပါ။ဆန္ဒဖြည့်ပေးလိုက်ပါလို့လျှောက်ထားသွားတယ်ဗျ။ ပုံပန်းသဏ္ဌာန်ကိုပါ ပြောပြသွားတာမို့ ဒကာကြီးမှ ဒကာကြီးပါပဲ"

ဟု ထပ်မံပြီး ဝမ်းမြောက်ဝမ်းသာနှင့် အားပါးတရ မိန့်ဆိုလိုက်ပါတော့သည်။

ဆရာတော်မှ ခနးနေရဟန်းငယ်တစ်ပါးကိုလိုက်ပြီး နေရာရှင်းလင်းပေးခြင်းနှင့် အားထုတ်လိုသောနေရာတွင် တံခါးဖွင့်ပြီး သော့အပ်ထားခဲ့ရန်မှာကြားလိုက်ပါတော့သည်။

ကျွန်ုပ်တို့အဖွဲ့သည် အားရကျေနပ်သည်အထိ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ စမ်းကျမှုလဆရာတော်ကျင့်ကြံသွားသည့်နေရာများကို ကြည်ညိုအားကျခဲ့ရပါသေးသည်။

စိတ်သဘောထားကောင်းသောမြင်းလှည်းဆရာကိုအားနာ၍ ကျွန်ုပ်တို့အချိန်မလင့်ခင် ပြန်လာခဲ့ကြပါသည်။

- **ဝိဇ္ဇာဓရဂမ္ဘီရပညာကထူးတာလား၊ အကျင့်သီလနှင့် စရဏက ထူးတာလား**

နေ့တစ်နေ့တွင် ကျွန်ုပ်တို့မြို့နှင့် (၂၇) မိုင်လောက်အဝေးမှာရှိသောမြို့၏အမည်မှာ မြိုင်မြို့ဟု အမည်ရပါသည်။ ထိုမြို့၏အနောက်မြောက်ဘက်ယွန်းယွန်းလောက်ဟု အထင်ရှိသော သန်းဥတောဟုအမည်ရသည့်နေရာတစ်ခုရှိပါသည်။ ထိုနေရာမှာ ဗားမဲ့ဆရာတော်နုစဉ်ကာလ ဂန္ဓာရီလှည့်လည်စဉ်အခါက တောရသီတင်းသုံးခဲ့သောနေရာဟု ဂန္ဓာရီလမ်းလျှောက်နေသူများက ယုံကြည်ခဲ့ကြပါသည်။ (ထိုရွာတွင် ရွာအရှေ့မြောက်ယွန်းယွန်း၌ ဘုရားနီဟု အများခေါ်ကြသည့်စေတီတစ်ဆူရှိပါသည်။ ဝိဇ္ဇာဘုရားဟုလည်း ပြောကြပါသေးသည်။ နောက်တွင် ကျွန်ုပ်၏ခန်းဆက်ဆောင်းပါးတွင် ရေးသားပါဦးမည်။)

ထိုသန်းဥတောတွင် ဦးပညာဓမ္မဟု ဘွဲ့အမည်ရှိသော ရသေ့တစ်ပါးသီတင်းသုံးပါသည်။ အများကဘိုးရသေ့ဆရာတော်ဟု ခေါ်ဝေါ်ကြပါသည်။ သူ့ခေတ်နှင့်သူ အတော့်ကိုထင်ရှားပြီးနာမည်ကြီးခဲ့ပါသည်။

ကျွန်ုပ်ကို ဘိုးရသေ့က လူကြုံနှင့်အတန်တန်မှာနေ၍ အဖော်(၂)ယောက်နှင့်အတူ သွားခဲ့ကြပါသည်။ အဖော် (၂) ယောက်ထဲကတစ်ယောက်က လက်တွေ့မှယုံသူဖြစ်သည်။

"ဆရာတော်ကို မနောနဲ့လျှောက်ထားရင် အားလုံးလုပ်ပေးတယ်ဆိုတာ သိရအောင် အခုကြိုလျှောက်ထားမယ်"

ဟု ကျွန်ုပ်ကို ပြောပြပါသည်။

ကျွန်ုပ်တို့(၃)ယောက်မှာ မရောက်ဖူးသောခရီးလမ်းဖြစ်နေ၍ လမ်းမှားနေပါပြီ။ အတူပါသူတစ်ယောက်က လမ်းမှားပြီနဲ့တူတယ်ပြောကြတာ ဒီလောက်ဝေးစရာမဟုတ်ဘူးဟုပြောပြီး ဆရာတော်ထံ နှုတ်မှအသံထွက်ပြီး အကူအညီတောင်းလေတော့သည်။

ထိုစဉ် -

တောကျိုးကန်းတစ်ကောင်မှာ အသံအောကြီးဖြင့် ကျွန်ုပ်တို့ရှိရာကိုပျံလာလေသည်။ အပေါ်မှပတ်ဝဲပြီး အသံပေးကာ ရှေ့မှပျံသွားလေသည်။ တောကျိုးကန်းနောက်မှလိုက်သွားခဲ့ရာတွင် နာရီဝက်ခန့်အကြာတွင် သန်းဥတောတောရစခန်းကို မြင်တွေ့ရပါတော့သည်။

တောရစခန်း၏နိမိတ်အဝင်ပေါက်ကိုရောက်သည်နှင့် သနပ်ခါးပင်များနှင့် ရှားပင်များပေါ်မှ အိမ်မြှောင်များတစ်ကောင်ပြီးတစ်ကောင် လက်ယာရစ်စုတ်ထိုးကြပါတော့သည်။ တောလုံးညံသွားပါသည်။ ဘာတွေဖြစ်ကုန်တာလဲ၊ အံ့ဩမကုန်နိုင်စရာဖြစ်ရပ်ဆန်းပါ။

အထက်နားကစခဲ့သောအကြောင်းကို ပြန်လည်တင်ပြပါမည်။ လက်တွေ့မှယုံတတ်သူကပြောသည်မှာ -

"ကိုအောင်ရွေ လမ်းတုန်းကပြောပြခဲ့တဲ့အတိုင်း ဒီလို ကုန်းခေါင်ခေါင်တောထဲမှာ ပုစွန်ထုပ်ဆိုတာ မဖြစ်နိုင်တာမျိုးပေါ့။ ကိုယ်က ပုစွန်ထုပ်ဆီပြန်၊ ဘာလချောင်ကြော် (အချိုကြော်) နဲ့ ကြာဆံဟင်းချို၊ အခြား ငံပြာရည်၊ ငါးပိရည်ချို၊ ငါးပိချက်နဲ့ တည်င်းသီးတို့ဆိုတာတွေနဲ့စားချင်တာမို့ စီစဉ်ပေးပါလို့ အာရုံနဲ့လျှောက်တင်ခဲ့တာ အခုတော့ အစုံပဲဟေ့"

ဟု အားပါးတရပင် ထမင်းဝိုင်းတွင်ပြောပြနေပါတော့သည်။

ဆရာတော် ဦးပညာဓမ္မဘွဲ့မည်ရတောရရသေ့သည် ဦးနရိန္ဒာဘိဝံသ (ယခု ရွှေဘို ကိုးဆူကုန်းတွင် ကျောက်ဖြစ်ရုပ်ကြွင်းဆရာတော်၏တပည့်ဖြစ်ပါသည်။)

ကျွန်ုပ်သည် မက်ထရစ်ဟုခေါ်သော တက္ကသိုလ်ဝင်တန်းတွင် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာဘာသာတွဲဖြစ်သောသိပ္ပံဘာသာတွဲကိုယူခဲ့သောသူ ဖြစ်ပါသည်။ ကျွန်ုပ်သည် ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်ထဲကိုရောက်လာသည်နှင့် မထင်မှတ်သော (မဖြစ်နိုင်ဟုအထင်ရောက်နေသောကိစ္စအတော်များများဖြစ်နေခဲ့၍ မဟာဂန္ဓာရီလမ်းပေါ် လျှောက်ခဲ့သူ ဖြစ်ပါသည်။)

ယခု ရေးသားနေသော ဂန္ဓာရီလမ်းပေါ်က အံ့ဖွယ်ထူးဆန်းများ အခန်းဆက်ဆောင်းပါးတွင် ကြုံခဲ့သမျှအဆန်းများတို့ကို ဆက်လက်ရေးသားတင်ပြပါဦးမည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com

# စိုးလင်းအောင်(မြန်အောင်)
# သေသူကိုအနံ့မထွက်စေရန်နည်းလမ်းတချို့

ဇာတိ၊ ဇရာ၊ မရဏ ဟူသော နိယာမလမ်းစဉ်အရ တစ်နေ့ လူတွေ သေကြရဦးမည်။ ရှင်ကွဲသေကွဲတစ်ခုခု ဖြင့် မိသားစုတို့အား ခွဲခွာသွားကြရမည် မှာသေချာသည်။

သို့သော် စားဝတ်နေရေးဟူသော အဓိကအရေးတွေကြောင့် မိသားစုနှင့် လတ်တလောခွဲခွာကာငွေရှာကြရသည်။ ဇာတ်သမားက ဇာတ်သေတ္တာသွားရာ လိုက်ရသကဲ့သို့ အလုပ်လုပ်နိုင်သည့် အရွယ်လူတွေလည်း အလုပ်ရှိရာသို့သွား ကြရသည်။ ထိုအခါ 'ရေကြည်ရာမြက် နုရာ' ဆိုသကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းရှိသူ က ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရသလို ကိုယ်ပိုင်လုပ်ငန်းမရှိသူနှင့် ဝန်ထမ်းတို့ က အလုပ်ရှိရာသို့ မလွဲမသွေသွားကြရ သည်။

ဆက်သွယ်ရေးစနစ်တွေတိုးတက် လာသောကြောင့် တစ်ဦးနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေမြေခြားနေ သော်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သာရေးနာရေးအကြောင်း တွေ ချက်ချင်းသိကြရ၏။ သို့သော် လူ ကိုယ်တိုင် ချက်ချင်းလာဖို့က ခက်ခဲနေပါ သေးသည်။ အကယ်၍ နာရေးကြောင့် ပြန်လိုသူများမှာ လမ်းပန်းဆက်သွယ်မှု ဝေးခြားမြေခြား (ပြည်ပနိုင်ငံ) များသို့ ရောက်နေသူများက ပို၍ဆိုးပါတော့ သည်။

ထို့ကြောင့် သွားရောက် အလုပ် လုပ်သူများ၏ မိဘ၊ ညီအစ်ကို၊ မောင်နှမ အရင်းများသေသွားသူကို နှစ်ရက်၊ သုံး ရက်ခံအောင် နည်းမျိုးစုံဖြင့်ထားပေး (စောင့်ပေး)ကြသည်။ (ယခုခေတ်မှာ မပုပ်မသိုးအောင်ထားနိုင်သောဆေးဝါး များပေါ်နေ၍လွယ်ကူနေသည်။ထိုဆေး များနှင့် ပဲပြားပြုလုပ်ရာတွင် အသုံးပြု သည်ဟု သတင်းမီဒီယာများက ဖော်ပြ နေသည်။)

ယခုဖော်ပြမည့်နည်းမှာ အကြောင်း အမျိုးမျိုးကြောင့် ထိုဆေးများမသုံးဘဲ သဘာဝနည်းတစ်ခုကိုဖော်ပြမည် ဖြစ်ပါ သည်။

ဓမ္မစေတီဆရာတော်ဦးကောသလ္လ ဟောကြားသော တရားတစ်ပုဒ်ထဲမှ အကြောင်းလေးတစ်ခုကို ဦးစွာတင်ပြလို ပါသည်။

၁၂၄၇ ခုနှစ်က အင်္ဂလိပ်တို့သည် သီပေါမင်းနှင့် စုဖုရားလတ်ကို အိန္ဒိယ နိုင်ငံသို့ ဖမ်းဆီးခေါ် ဆောင်သွားခဲ့သည်။ မြန်မာနိုင်ငံကို ပြန်ချင်သော သီပေါမင်း မှာ ကိုယ့်နိုင်ငံကိုမပြန်ရဘဲ အိန္ဒိယမှာပင် နတ်ရွာစံခဲ့ရသည်။ ထိုအခါ စုဖုရားလတ် က သီပေါမင်း၏ရုပ်ကလာပ်ကို မြန်မာ နိုင်ငံသို့ပြန်ယူမည်ဟုဆိုကာ ရင်(ဝမ်း)ကို ခွဲ၍ တာရှည်ခံအောင် မီးသွေးများကို အမှုန့်ထောင်း၍သိပ်ထားသည်ဟုဟော ပြောထားသောတရားတစ်ပုဒ်ကိုနာကြား ခဲ့ရသည်။

တစ်နေ့တွင် စာရေးသူထံ လူငယ် နှစ်ဦးက လာပြီး ပြဒါးရှိသလားဟုမေး ပါသည်။ ရှိလျှင် နည်းနည်းပေးပါဟု တောင်း၏။ စာရေးသူက ရွှေကျင်ခဲ့ဖူး သောကြောင့် လာရောက်တောင်းခြင်း ဖြစ်၏။ ထိုလူငယ်ကလည်း ဥရုချောင် ဖျားမှာ ရွှေကျင်နေသူတစ်ယောက် ဖြစ်၏။ ရွှေမှုန်ရွှေစလေးများကို ပြဒါး နှင့် ဖမ်းယူကြရကြောင်း ရွှေကျင်ဖူးသူ တိုင်းသိကြသည်။

ဘာလုပ်ဖို့လဲဟု မေးသောအခါ ရေနစ်သေတဲ့သူကိုမပုပ်အောင်ပါးစပ်ထဲ ထည့်ထားချင်လို့။ သေတဲ့သူ ရက်ကြာ ကြာထားချင်ရင် ပါးစပ်ထဲ ပြဒါးထည့် ထားရသည်ဟုဆိုပါသည်။

တချို့ကလည်း ကျောက်ဖရုံသီး ကို အခေါင်းပေါ် တင်ထားကြသည်။ ကျောက်ဖရုံသီးက အပုပ်နံ့ကိုစုပ်ယူသည် ဟုဆိုကြ၏။

တစ်ခါတွင် စာရေးသူတို့ရွာမှ ဦးပဉ္စင်းကြီးတစ်ပါးအသက်အရွယ်ကြီးရင့် ပြီး ကျန်းမာရေးမကောင်းသောအခါ ညီအစ်ကိုတော်သည့် စာရေးသူတို့ ခေါင်းရင်းအိမ်သို့ ပြန်ကြွသွားသည်။ ထိုအိမ်မှာပင် ပျံလွန်တော်မူသွားသည်။ နောက်နေ့တွင် မီးသဂြိုဟ်ရန် သူတို့အိမ် ရှေ့မှာပင် ပြင်ဆင်ထားကြ၏။

တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှာပင် စာရေး၏ဇနီးက ကျောက်ဖရုံသီးကြော် ချက်ချက်ထား၏။ ထမင်းစားချိန်တွင် ဇနီးမောင်နှံနှစ်ယောက် ထမင်းစားသော အခါ ပျံလွန်တော်မူသွားသော ဦးပဉ္စင်း ကြီးထားသောနေရာကို လှမ်းမြင်နေ ကြရ၏။ ထိုစဉ်က အပုပ်နံ့စုပ်အောင် ကျောက်ဖရုံသီးတင်ထားရသည်ကိုမသိ သေးပါ။ ကျောက်ဖရုံသီးကြော်ချက်က စားနေရင်း ဘယ်လိုကြီးမှန်းမသိ အရ သာမရှိသလိုလို အနံ့အသက်ကြီးတစ်မျိုး ဖြစ်လာသလိုလိုနှင့် နှစ်ယောက်စလုံး ဆက်၍မစားနိုင်တော့ပေ။ (ထို့ကြောင့် အနီးအနားမှာ အသုဘရှိလျှင် ကျောက် ဖရုံသီးချက်မစားမိဖို့ သတိထားစေချင်ပါ သည်)

အခုရက်ပိုင်းတွင် ဒေါ်သန်းမြဆို သော အမျိုးသမီးတစ်ဦးသေဆုံးသွား သည်။ သားသမီး (၉) ယောက်ရှိသည် တွင် (၅) ယောက်က ထိုင်းနိုင်ငံတွင် သွားရောက် အလုပ်လုပ်နေကြ၏။ ထို့ကြောင့် သားသမီးများပြန်ရောက်မှ အသုဘချဖို့စီမံထားသည်။

သို့သော် ရုပ်၏သဘောကဖောက် ပြန်ပျက်စီးတတ်သောသဘောရှိသော ကြောင့် သူ့သဘောကို ပြတော့သည်။ အသုဘသို့သွားရင်း အမှတ်မထင် စာရေးသူ၏ ဇာတ်လိုက်ကြီး ကိုဖိုးလင်း ကို တွေ့လိုက်ရသည်။ သူနှင့်တွေ့လျှင် ကုန်ကြမ်းတစ်မျိုးမျိုးရတတ်ပါသည်။

အခု တွေ့လျှင်တွေ့ချင်း -

"ဟော - စာရေးဆရာကြီး၊ ပြော စရာရှိသေးတယ်"

"အင်း-ဆိုစမ်းပါဦး"

"သေနေတဲ့လူ ဗိုက်ကြီးဖောင်း ပြီးပွနေမယ်၊ ရက်ရှည်ထားချင်တယ် အပုပ်နံ့လည်းမထွက်အောင်နည်းတစ်ခု ပြောပြမယ်။ ခု မသန်းမြကြီးသေတယ် ကွာ။ သူ့သားတွေစောင့်ချင်တယ်။ သူ့ သားတွေက ထိုင်းမှာ။ အဲဒါဘယ်လို လုပ်မလဲ"

"မသိပါဘူးဗျာ"

"လွယ်တယ် ကိုယ့်လူ။ ကြေးပြား ရှာ၊ ကြေးပြားကိုမီးဖုတ်။ မီးရောင်တွေ စိမ်းစိမ်းနီနီဝါဝါပြာပြာနဲ့ အရောင်မျိုးစုံ ထွက်လာလိမ့်မယ်။ အဲဒီကြေးပြားကို မီးညှပ်နဲ့ယူပြီး လူသေကောင်ပါးစပ်ထဲ ထည့်လိုက်။ တစ်ရက်ထားချင် တစ်ပြား၊ နှစ်ရက်ထားချင်ရင် နှစ်ပြား၊ သုံးရက် ထားမယ်ဆိုရင် သုံးပြားပေါ့ကွာ။

မယုံရင် ပေတံနဲ့ ထောက်တိုင်း ထား။ ဖောင်းနေတဲ့ဗိုက်လည်းပြားကျ သွားမယ်။ အပုပ်နံ့လည်း မထွက်တော့ ဘူး ယုံရဲ့လား"

"အင်း - ဟုတ်မှာပေါ့"

"ဟုတ်မှာပေါ့လုပ်မနေနဲ့ ကိုယ့်လူ၊ အဲဒါ လက်တွေ့မို့လို့ ပြောတာ"


ကဲ စာရှုသူများ အခါအခွင့်သင့် ရင်သုံးကြည့်လိုက်ပါ။ အခါအခွင့်တော့ မသင့်ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါ ရဲ့ဗျာ။

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးလင်းအောင် (မြန်အောင်)

www.burmeseclassic.com

www.burmeseclassic.com



# ဖိုးကျော့

## ဒုဗ္ဘိက္ခန္တရမြို့တော်

သူရဋ္ဌမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်

*(ယခင်လမှအဆက်)*

ကျောက်မောင်နှမမော်တော်ဆိပ်တွင် ဟိုတုန်းကလို လူမစည်တော့။ ပုလဲဘက်လိုက်မည့်သူ တစ်ယောက်စနှစ်ယောက်စလောက်သာရှိပါတော့သည်။ ရွာသူရွာသား ကလေးလူငယ်များကပါ မကျန် အားလုံး ရေသူမချိုင်ထဲရောက်သွားကြသည်။

ကိုထွန်းသောင် စခေါ်လာသော စက်လှေကစ၍ နောက်တော့ စက်လှေတွေကလည်း သုံးရက်တစ်စီး၊ လေးရက်တစ်စီး ရေသူမချိုင်ထဲရောက်ရောက်လာကြရာ စက်လှေတစ်စီးတစ်စီးက ပစ္စည်းဆိုသည်မှာလည်း သူတို့ရွာသူရွာသား ကလေးသူငယ်ချင်းပါမကျန် တစ်နေကုန်ပစ္စည်းသယ်ချကြသော်လည်း စက်လှေက ပစ္စည်းတွေမကုန်နိုင်။ ထိုအခါ ညဥ့်အိပ်ညဥ့်နေပင် ညလုံးပေါက်သယ်ချကြရသည်လည်းရှိလေသည်။

တစ်နေ့လယ်၌မူ စက်လှေနှစ်စီးသုံးစီးအထိဝင်လာပြီဆိုလျှင် သူတို့ရွာသူရွာသားတွေနှင့်ပင် မနိုင်မနင်းဖြစ်၍ ငှက်ရဲ၊ နတ်မော်ရွာဘက်ကလူတွေပါ စက်လှေထဲကပစ္စည်းတွေကို ကူသယ်ခေါက်သယ်ချပေးကြရသည်။

ထိုသို့ ကူသယ်ခေါက်သယ်ချပေးနေကြရသောပစ္စည်းများကို သိုလှောင်သော ရွာအောက်ဂိုဒေါင်ထဲပို့ကြရသလို အတွင်းပိုင်းမှတစ်ဆင့် မြို့ပြည်အနှံ့ဖြန့်ချီမည့်ထိုင်းပစ္စည်းတွေကို မော်တော်တွေ၊ ပဲချိတ်တွေပေါ် ကိုလည်း အဆင့်ဆင့်တင်ပေးကြရသည်။

ထို့ကြောင့် ရွာသူရွာသားတွေမှာ ကလေးသူငယ်များပါ အလုပ်ရ၊ နေ့တွက်ရ၍ ပျော်နေကြသည်။


ထိုသို့ ပစ္စည်းသယ်ပိုးပေး၍ ငွေရကြသလို သူတို့ဘိုးစဉ်ဘောင်ဆက်ကစားကောင်းမှန်းမသိသော ပင်လယ်ရေခူကစပြီး လေပြင်းမုန်တိုင်းတိုက်တိုင်းလှိုင်းရိုက်ပြီး သန္တာကျောက်တန်းများမှ လွင့်ပါလာကာ ကမ်းစပ်တွင် တောင်ပုံယာပုံလာတင်နေသော ကျောက်ကြီး၊ ကျောက်ပွင့်၊ ကျောက်မွှတ်ပါမကျန် စက်လှေနှင့် ရောက်လာသူအချို့ကဝယ်ကြသည်။ ထိုအခါ မလိကျွန်း၊ သန္တာကျောက်တန်းများမှ ကျောက်ကြီး၊ ကျောက်မွှတ်၊ ကျောက်ခက်များကို



www.burmeseclassic.com

www.burmeseclassic.com

မျှောပါလာသည်အထိ မစောင့်နိုင်ကြ
တော့ဘဲ ပင်လယ်ထဲက သန္တာကျောက်
တန်းများဆီသွားပြီးခူးကြနုတ်ကြသည်။
ထိုအခါ ကျောက်ကြီး၊ ကျောက်မွတ်ဖြစ်
လာမည့်အငုံအငုတ်ပါမကျန် ဈေးကောင်း
ရသဖြင့်ခူးဆွတ်နုတ်ရောင်းနေကြသည်။
ကျောက်ကြီး၊ ကျောက်မွတ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ပွင့်၊ ကျောက်ငုတ်နှင့် ရေခူကိုသာမဟုတ်၊ ပင်လယ်ထွက်ရေထွက်ပစ္စည်းဖြစ်သော ငါး၊ ပုစွန်၊ ခုံး၊ ယောက်သွား၊ ကဏန်း၊ ပေါင်းခရု၊ လိပ်ကြီးလိပ်ငယ်ရသမျှအကုန်ဝယ်ကြသည်။

ပင်လယ်ပိုင်းတွင် ထိုပစ္စည်းများကို ဝယ်သလို အတွင်းပိုင်းတွင်လည်း ချောင်းငါးရှဉ့်၊ သဲငါးရှဉ့်၊ ငါးယက်ပြောက်၊ ငါးကောင်ညှင်း၊ ငါးဇင်းစပ်က အစ မိကျောင်းအကြီးအသေးပေါက်စနပါမကျန်ဝယ်ကြသည်။

ရေသယံဇာတများကို ဝယ်ကြသလို ကုန်းပေါ်ရှိ သယံဇာတဖြစ်သော ကျေးငှက်သာရကာ ဥဒေါင်းကစ၍ ကျား၊ ဆင်၊ ပြောင်၊ ဝက်ဝံ၊ ချေ၊ ဆတ်၊ ဖွတ်၊ ပုတတ်၊ စိုင်၊ မြွေ၊ သင်းခွေချပ်၊ တောင်လိပ်၊ ခွေးတူဝက်တူ အကောင်ပလောင်မှန်သမျှတို့၏ အသေအရှင်၊ နှလုံး၊ ကျောက်ကပ်၊ ခြေသည်း၊ လက်သည်း၊ အရိုးအရင်း၊ အရေ၊ အသားရသမျှ ဝယ်ကြပြန်သည်။ တစ်ဖက်နိုင်ငံမှ လူ့အသုံးအဆောင်ဖြစ်သော လူတစ်ယောက်၏ ခြေထောက်မှသည် ခေါင်းအထိ ပစ္စည်းမှန်သမျှကို တစ်ဖက်နိုင်ငံမှတင်သွင်းလာကြသလို ဤဘက်နိုင်ငံမှ သယံဇာတပစ္စည်းမှန်သမျှကိုလည်း ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် မကျန် တစ်ဖက်နိုင်ငံသို့ သယ်ဆောင်သွားကြသည်။

သူ့အစ်ကိုကြီး သူတို့ရွာရောက်စက အဆိုးခွဲတွေ စုကောက်ရာဖွေဝယ်သည်ကို အောင်တိုင်က အစ်ကိုကြီးတော့ ရှုံးသွားပြီဟု သူ့အဖေကို ပြောမိသည်။ ယခုတော့ အစ်ကိုကြီးထက်ရှုံးသူများဟုပင် ပြောရမည်လားမသိ။ စက်လှေတွင်ပါလာသော လူတချို့က ကလေးတွေကို ပိုက်ဆံပေးပြီး သဝင်သီး၊ စံပန်းသီး၊ သစ်ကလိန်းသီး၊ ဆလူးသီး၊ ဝက်ကပိုင်သီး၊ မျက်လုပ်သီး၊ ခုံညင်းဒိုးသီးနှင့် တောထဲက အဉ၊ အပင်၊ အရွက်တွေကိုလည်းဝယ်ကြပြန်သည်။ ထိုအခါ သူတို့၏ တောတောင်ရေမြေရှိ ပစ္စည်းတွေမှာ အကုန်လုံးငွေတွေချည်းဖြစ်လာသည်။

ထိုအခါ လူငယ်လူရွယ်များမှာ မိရိုးဖလာ ပင်လယ်ကို စိတ်မဝင်စားကြတော့။ မိမိရွာထဲ အိမ်ထဲနေရင်း ပိုက်ဆံရနေကြသဖြင့် အဝတ်အဆင်၊ အနေအထိုင်၊ အစားအသောက်ပါပြောင်းလာကြသည်။

ရွာ၌ အိမ်၌နေပြီး ကုန်ထမ်းကုန်လုပ်၍ ပိုက်ဆံရနေကြသလို စက်လှေကလူတွေနှင့် ဟိုဘက်ကမ်းလိုက်သွားကြသူတွေက ပိုပိုက်ဆံရကြသည်။ သူတို့သည် မြိတ်၊ ထားဝယ်မှသည် ထိုင်း၊ မလေးပီနံထိရောက်ကြသည်ဆို၏။ သူတို့တစ်နှစ်၊ နှစ်နှစ်ကြာ၍ပြန်လာကြသောအခါ ရွှေတွဲလဲငွေတွဲလဲဖြစ်လာကြသည်။ ထိုအခါ ထိုသူများတွေကို အားကျပြီး ဟိုဘက်ကမ်းကိုလိုက်သူများလာသည်။ ယောက်ျားလေးတွေသာမက မိန်းကလေးတွေပါ ဟိုဘက်ကမ်းလိုက်နေကြ၏။ ယောက်ျားလေးများလိုပင် မိန်းကလေးတွေက ကိုယ့်ရွာမှာကုန်သယ်ကုန်ချလုပ်သည်ထက် ပိုက်ဆံပိုရကြသည်။

မဟာမြို့မှာ ဘက်ထရီအိုးနှင့် ဖန်မီးချောင်းထွန်းသူပင် များများစားစားမရှိဟု မဟာတွင် ကျောင်းနေဖူးသော မေသူက ပြောပြသည်။ ဘက်ထရီကုန်လို့ အားသွားသွင်းရတာနှင့် ဖန်မီးချောင်းကျွမ်းသွား၍ အသစ်လဲရတာနှင့် အလုပ်ရှုပ်သည်။ ဆီမီးခွက်၊ ဖန်မီးအိမ်ပဲကောင်းသည်ဆိုပြီး ဆီမီးခွက်၊ ဖန်မီးအိမ်ပဲထွန်းကြသူများသည်ဆို၏။

ယခု အောင်တိုင်တို့၊ မေသူတို့ရွာမှာတော့ အိမ်တိုင်းလိုလို ဘက်ထရီဖန်မီးချောင်းတွေနှင့် တစ်ရွာလုံးထိန်ထိန်ပြောင်နေသည်။ ဟိုဘက်ကမ်းလိုက်သွားပြီး မိမိရွာတွင် စားသောက်ဆိုင်ဖွင့်ထားကြသောကောင်မလေးတွေဆိုင်ဆိုလျှင်လည်း ကက်ဆက်သံတညံညံနှင့် ညလုံးပေါက်ဖွင့်ထားသည်။ စက်လှေတွေကလည်း နေ့ညမရွေး ဝင်ထွက်သွားလာနေကြရာ ရွာရှိ စားသောက်ဆိုင်၊ နှစ်ဆိုင်သုံးဆိုင်မှာ လူပြတ်သည်ဟု မရှိ။

ညညဝင်လာသော စက်လှေထဲမှ ညလည်း ကုန်ချကုန်ထမ်းလုပ်ကြ၊ နိုင်ငံအနှံ့ဖြန့်မည့်ကုန်ပစ္စည်းတွေကို အတွင်းပိုင်းပို့မည့် လှေကြီး၊ မော်တော်ဘုတ်၊ ပဲ့ချိတ်တွေပေါ်သို့ တစ်ဆင့်တင်ကြနှင့် နေ့ရောညပါ စားသောက်ဆိုင်တွေမှာလည်း လူအပြည့်။

ထိုအထဲမှာ သူတို့ တစ်ရွာတည်းသားများသာမဟုတ်။ ရွာနီးနားများက လူကြီး၊ လူငယ်အရွယ်စုံပါကြရာ နောက်တော့ တစ်စုံတစ်ခုအကြောင်းနှင့် စကားများကြ၊ ဆဲကြဆိုကြ၊ သတ်ကြပုတ်ကြမှသည် အသေသတ် အလောင်းဖျောက်သည်အထိဖြစ်လာကြသည်။ တစ်ညလည်း သေနတ်သံတွေကိုပါကြားလာရသည်။

"အစ်ကိုကြီးမရှိတုန်း ညီလေးတို့ရန်ဖြစ်ကြတယ်ဆို"

စပါးကြိတ်ခွဲနေသော ဟာလာစက်သံထဲက အစ်ကိုကြီး၏အသံကို သဲသဲကွဲကွဲကြားလိုက်ရသည်။အစ်ကိုကြီးသည် စက်ကိုလှည့်ပတ်ကြည့်ရင်းက သူ့အနားတွင် ခြေလှမ်းရပ်၍မေး၏။

"ကျွန်တော့်ကို ခွေးလို့ ပြောတာနဲ့"

အစ်ကိုကြီးမျက်နှာကို သူကြည့်၏။

အစ်ကိုကြီးက သူ့မျက်နှာကို မကြည့်။ အသစ်လဲတပ်ထားသော ပင်နယ်မ်နှင့် စက်ဝင်ရိုးကိုသာ စိုက်ကြည့်နေ၏။

အမှန်က ဖေတင်တို့က သူ့ကိုသည့်ထက်ပြောသည်။ကောက်ရိုးပုံစောင့်တဲ့ခွေးဟုဆို၏။ ကာလသားကာလသမီးရှေ့မို့ အောင်တိုင် ရှက်ရှက်နှင့် ဖေတင်ကို ဆွဲထိုးသည်။ ဖေတင်က အောင်တိုင်ကြားရုံမျှ လေသံနှင့်ပြောသည်။ အများကတော့ ကြားချင်မှကြားမည်။ သို့သော် ကာလသားကာလသမီးများကြားသွားသည်ထင်သဖြင့် အောင်တိုင်က ရှက်ရှက်နှင့် ဖေတင်ကို ဆွဲထိုးသည်။ ပိုးသီကဆိုင်မီးမှိတ်တိုင်း ခဲပေါက်ထားသည်မို့ သူ့ကိုယ်သူမလုံဖြစ်ကာ ဖေတင်ဘက်က ဝင်ကူသည်။ သူတို့နှစ်ယောက်စလုံးကို အောင်တိုင်က ထိုးနှက်ကန်ကျောက်သည်။ သူတို့နှစ်ယောက်ကလည်း အောင်တိုင်ကို ဝိုင်းထိုးဝိုင်းရိုက်ကြသည်။ အောင်တိုင်က လက်ဦးမှုရသူဖြစ်သဖြင့် ခါးထိုးလာသော လက်နှိပ်ဓာတ်မီးနှင့် ရိုက်၏။

ဖေတင်၏ ပြောစကားကို မကြားလိုက်ကြသူတွေက ဘယ်ကစ၍ဘယ်လိုဖြစ်ကြမှန်းပင် မသိလိုက်ကြ။ သင်းနိုင်၊ ဘိုးမှို၊ ဗထိုနှင့် ရွှေဆိုင်တို့က ဝိုင်းဆွဲဖျန်ဖြေကြသည်။ မိန်းမသူတွေက အော်ကြဟစ်ကြတော့ လူကြီးတွေပါရောက်လာကြသည်။ အောင်တိုင် ဓာတ်မီးနှင့်ရိုက်သဖြင့် ပါးစပ်နှင့်နှာခေါင်းတွင် သွေးထွက်သွားသောဖေတင်နှင့် မျက်လုံးတစ်ဖက်ပိတ်သွားသော ပိုးသီတို့က မကျေမနပ်နှင့် ဆဲဆို၍ ထွက်သွားကြသည်။ မိုးမကျမီ မင်းသေရမည်ဟု ကြိမ်းသွားကြသည်။

သူတို့နှစ်ယောက် ဓာတ်မီးနှင့် ဝိုင်းရိုက်ကြသဖြင့် အောင်တိုင်ခေါင်းက အာလူးတစ်လုံးနှစ်လုံးကိုတော့ မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com

မမြင်ကြ။ အောင်တိုင်က ဘာမှမဖြစ်သလို ဆံပင်နှင့်အုပ်ထား၏။ အများရှေ့တွင် ဟန်နှင့်ပန်နှင့်ပိန်လိမ်သွားသော ခတ်မီးကိုကိုင်ကာ ရင်ကော့နေပြလိုက်သည်။ ဖေတင်တို့၊ ပိုးသီတို့လို သွေးမထွက်သဖြင့် သူ့ခေါင်းကအာလူးနှစ်လုံးကို မည်သူမျှမမြင်ရ။

မေသူက ဆိုင်စောစော ပိတ်ပစ်လိုက်သည်။ ဗထိုနှင့်သင်းနိုင်၊ ဘိုးမိုတို့က အောင်တိုင်ကို အိမ်နားအထိလိုက်ပို့ကြသည်။ အမေသိမှာစိုး၍ သူတို့ကို အသံမပေးဘဲ ပြန်ခိုင်းလိုက်သည်။ အိမ်ပေါ်ခြေဖွနင်းတက်လာသည်။ ဆိုင်ရှေ့မှာ ရောလမ်းမှာပါ ထူပူနေသဖြင့် နာကျင်မှုကို သတိမရမိ။ အိမ်ပေါ်ရောက်မှ ခေါင်းက တစစ်စစ်ကိုက်လာ၏။ မီးဖိုဆောင်ကိုသွားပြီး ခေါင်းက အာလူးနှစ်လုံးကို နှန့်င်းလူးရသည်။ သူတို့၏ ရိုးရာဆေးမှာ ဒဏ်ရာရလျှင် နနွင်းပင်ဖြစ်သည်။ ခေါင်းကဒဏ်ရာကို နနွင်းလိမ်းရင်း မေသူ့ကိုသတိရမိပြန်သည်။ မုန်တိုင်းတုန်းက မေသူကို အဆာပြေအောင်၊ အငွေ့လုံအောင်၊ အချမ်းပျောက်အောင် ဟု အမေက နနွင်းဆိုးဆန်ကျွေးသည်။ မေသူက မဲ့ရွဲ့၍ နနွင်းဆိုးဆန်ဝါးနေခဲ့သည်။

"မေသူက ပြောတာလား အစ်ကိုကြီး"

အစ်ကိုကြီးက ဤတစ်ခါတော့ သူ့မျက်နှာကို လှည့်ကြည့်ဖော်ရသည်။

"အဒေါ်နိုင်းကလည်းပြောတယ်။ ဖေတင်ဆိုတဲ့ကောင်လေးက မိုက်တိမိုက်ကန်းရယ် ဘာလို့ရန်ဖြစ်ကြတာလဲကွာ"

အစ်ကိုကြီးကလည်း စိတ်ညစ်သွားပုံရသည်။ ထို့ကြောင့် သူနှုတ်ဆိတ်နေလိုက်၏။

"မိုးချုပ်နေဝင်ဆို ဒီဘက်အပိုင်းကို ညီလေးမလာတာကောင်းမယ်"

"ဒီကောင်တွေကို ကျွန်တော် မကြောက်ပါဘူး အစ်ကိုကြီး"

အမှန်လည်း သူမကြောက်။ စက်လှေပေါ်ကဘောထုပ်ကြီးတွေကိုပတ်လာသော တုတ်ပတ်သံပြားကို ထက်ထက်သွေး၍ ထိုနေ့ကပင် ခါးတွင် ခါးပတ်လိုပတ်ထားသည်။ အားနှင့်သာ တအားခုတ်လိုက်လျှင် တုတ်ပတ်သံပြားကလည်ပင်းပင် ပြတ်ထွက်သွားနိုင်သည်။ အောင်တိုင် ပြုပြင်၍ ခါးတွင်ပတ်ထားသော တုတ်ပတ်သံပြားမှာ မည်သူကမျှ လက်နက်ထင်မည်မဟုတ်။ ခါးပတ်ဟုသာ ထင်ကြမည်။ မပြေးသော် ကန်ရာရှိ ဆိုသကဲ့သို့ မကြောက်သော်လည်း ဆယ်ရေးတစ်ရေးကိုးရေးတစ်ရာ အောင်တိုင်ကလုပ်ထားသည်။

"ကြောက်တယ်ရယ်တော့ ဘယ်ဟုတ်ပမလဲ ညီလေးရာ။ ရန်ဆိုတာ ရှောင်တာကောင်းပါတယ်။ နောက်မဖြစ်ကြနဲ့။ အစ်ကိုကြီး လူကြီးတွေကိုလည်း ပြောထားမယ်။ ဘာပဲဖြစ်ဖြစ် မိုးချုပ်နေဝင်တော့ ဒီဘက်ပိုင်းကို လောလောဆယ်မလာပါနဲ့။ ဟိုကောင်တွေက ပိုနာတယ်ကြားတယ်၊ သူတို့ အငြိုးအတေးထားမှာပဲ"

အောင်တိုင်က မျက်လွှာချပြီး ခေါင်းငုံ့နေစဉ် အစ်ကိုကြီး စကားသံက ပေါ်လာသည်။

"ဆိုင်ရှေ့မှာဖြစ်ကြတော့ မေသူ့အဖေလည်းအားနာစရာပေါ့"

"ကျွန်တော်က အစ်ကိုကြီးပစ္စည်းတွေရှိနေလို့ ဝင်ကူရောင်းပေးတာပါ၊ ခုတလော သူ့အဖေလည်းနေမကောင်းတော့ မေသူတစ်ယောက်တည်း လက်မလည်. . ."

"ရပါတယ်၊ သူ့အဖေလည်း နေကောင်းသွားတော့မှာပါ"

အစ်ကိုကြီးက အသံကိုဖော့၍ ပြော၏။

"အစ်ကိုကြီးမသိသေးဘူး၊ဒီကောင်တွေက ရိုးရိုးတန်းတန်း ဈေးလာဝယ်တာ မဟုတ်ဘူး၊ မေသူ့ကိုလည်းထိကပါးရိကပါး စကြသေးတယ်"

ကိုထွန်းသောင်က အောင်တိုင့်မျက်နှာကို တစ်ချက်လှမ်းကြည့်၏။

"အရင်တစ်ခါလည်း ကျွန်တော်



ဆိုင်ကူရောင်းပေးနေတာ ကျွန်တော့်ကို အစ်ကိုကြီး လိုက်ရှာနေပါတယ်ဆိုပြီး လိမ်ပြောစော်ကားသွားတာ။ ကျွန်တော်က တကယ်ထင်ပြီး ဆိုင်ကထွက်လာတော့ မေသူ့ကို စာပေးသွားကြတယ်တဲ့"

"မေသူကပြောတာလား"

အစ်ကိုကြီးက ဆတ်ခနဲမေးလိုက်၏။

"မေသူက နောက်တစ်နေ့ညနေမှာ စာထုတ်ပြတယ်။ ကျွန်တော်ဆွဲဆုတ်ပစ်လိုက်တယ်။ ကက်ဆက်အငှားဆိုင်ဖွင့်ပါလား၊ သူတို့လာငှားအားပေးပါ့မယ်လည်းပြောတယ်တဲ့။ ကျွန်တော့်ရှေ့တင်ရိသဲ့သဲ့လာလုပ်ကြတာရှိတယ်။ တစ်ရက်မဟုတ်ဘူး၊ အဲဒီနေ့ကလည်း ဘယ်စားသောက်ဆိုင်ကမူးလာကြတယ်မသိဘူး၊ ကျွန်တော့်ကိုမခံချင်အောင်လာရိတယ်"

ပြောရင်းက အောင်တိုင် ဒေါသထွက်လာသည်။ အစ်ကိုကြီးကတော့ ဘာမှမပြောဘဲ အောင်တိုင့်စကားကို သာနားထောင်နေသည်။

"အစ်ကိုကြီးက ဆိုင်မှာ ဖန်မီးချောင်းထွန်းပေးထားတာမှားတယ်"

ဤတစ်ခါတော့ သူ့ကို ဆတ်ခနဲ လှည့်ကြည့်၏။

သူ့မှတ်ချက်မှတ်တတ်သည်ကို အစ်ကိုကြီး မသိနိုင်ပါဘူးဟုသော ယုံကြည်စိတ်နှင့်ဆက်ပြော၏။ ဒေါသမပြေသေးသဖြင့် -

"သူတို့အတွက်ထွန်းပေးထားတယ် များထင်နေကြလားမသိဘူး၊ ဆိုင်မပိတ်မချင်းမပြန်ကြဘူး။ ဆိုင်ရှေ့မှာခေါင်းပန်းလှန်ကြလားလှန်ကြရဲ့၊ လောင်းကြေးစားကြေးငေါ်လီလာပစ်ကြရဲ့၊ ငြင်းကြခုံကြနဲ့ ဟိုဘက်ပိုင်းက စားသောက်ဆိုင်လားထင်ရတယ်။ မိုးဖွားလေးကျလာတာတောင် ပြန်ဖို့သတိမရကြသေးဘူး။ ဆိုင်ထဲဝင်ထိုင်ချင်ထိုင်နေကြတယ်။ အစ်ကိုကြီး ဖန်မီးချောင်းအိမ်ပြန်သိမ်းထားလိုက်တာ ကောင်းမယ်။ ကလေးတွေတောင် မပြောရဘူး။ ဖန်မီးချောင်းသိမ်းသာ သိမ်းထားလိုက်တော့ အစ်ကိုကြီး"

"သူတို့ကို မလိုလို့တမင်သိမ်းလိုက်တယ်ထင်ရင်လည်း မကောင်းဘူးနဲ့တူတယ် ညီလေးရာ။ နောက်တော့ အစ်ကိုကြီးကြည့်စီစဉ်. . ."

"ထင်ရုံမကဘူး၊ တမင်ပြောကို ပြောရမယ် အစ်ကိုကြီး။ ဒီကောင်တွေအကြောင်း အစ်ကိုကြီးမသိပါဘူး။ ဒီကောင်တွေကမပြောမချင်းသိတဲ့ကောင်တွေမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

အောင်တိုင် စိတ်ဆိုးလာပြီဆိုသည်ကို သိပုံရ၏။

အစ်ကိုကြီးက မလှုပ်မယှက်ရယ်၏။

"အစ်ကိုကြီး အသာနေ၊ ဒီကပြန်ရင် ကျွန်တော်သွားသိမ်းလိုက်မယ်၊ မေသူကို. . ."

"ဒီလောက်လည်း အလောသုံးဆယ်မလုပ်ပါနဲ့ဦး ညီလေးရာ။ အစ်ကိုကြီးကြည့်စီစဉ်ပါ့မယ်။ လူကြီးတွေကတော့ မေသူတို့အိမ်ရှေ့ကွက်လပ်ကလည်းကျယ်တော့ ခုမှ ရွာက ကောင်လေးကောင်မလေးတွေ အဲဒီမှာစုကြကစားကြ၊ ပြောကြဆိုကြနဲ့ ရင်းရင်းနှီးနှီးရှိလို့ကောင်းတယ်ပြောတာပဲ ညီလေးရာ။ ဟိုတုန်းကဆို တစ်အိမ်နဲ့တစ်အိမ်ကလည်းဝေး၊ လူငယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်ခေါ်ခေါ်ပြောပြောတောင် သိပ်မရှိကြတာမဟုတ်လား။ ဖန်မီးချောင်းကလည်း အစ်ကိုကြီးက စထွန်းတော့ လူကြီးတွေကတော့ ကျေးဇူးတင်တယ်တောင်စောစောကပြောကြသေးတာပဲ"

"ဆိုင်ရှေ့မှာ တရှန်းရှန်းနဲ့ ရန်ဖြစ်ကြတာတော့ အစ်ကိုကြီးက ပြောမပြဘူးလား၊ ခုဆိုပိုပြောမကောင်းဘူးလား"

အစ်ကိုကြီးက သူ့ကိုလာဖက်၏။ ရယ်လည်းရယ်သည်။ ပြီးတော့မှ -

"ရန်ဖြစ်တာလည်း ခင်ဗျားညီပဲ၊ တခြားလူတွေတော့ မကြားမိပါလားဆိုရင်ကောကွာ ဟဲဟဲ"

"ဒါက သူတို့ သက်သက်ရန်စလို့ဖြစ်တာပဲ"

"အေးလေ၊ အဲဒါတော့ လူကြီးတွေက ဘယ်သိမလဲ။ ကဲ - ဒါတွေ အစ်ကိုကြီး ကြည့်စီစဉ်မှာပေ့ါ ညီလေးရာ၊ ဒေါသလည်းဖြစ်မနေပါနဲ့။ ကိုယ့်တစ်ရွာတည်းသားတွေပဲ။ တခြားရွာက လူတွေမှမဟုတ်တာ။ ငါ့ညီကိုထိရင် အစ်ကိုကြီးလည်းဘယ်ခံမလဲ။ လူကြီးတွေကိုလည်း ဒီကောင်တွေကို ဆုံးမဖို့ အစ်ကိုကြီးပြောပါ့မယ်။ နောက်သာဆက်မဖြစ်ကြနဲ့။ ကဲ - တို့လည်း အလုပ်သိမ်းကြစို့။ ညီလေး ဒီဘက်ပိုင်းကိုတော့ မိုးချုပ်နေဝင်မလာနဲ့ဦး။ မေသူဆိုင်လည်း စက်လှေတွေမဝင်တဲ့နေ့ဆို အစ်ကိုကြီးသွားကြည့်ပေးပါ့မယ်၊ စိတ်ချပါကွာ။ ကဲကဲ - ပြန်တော့"

■

"ဟင် - အောင်တိုင်၊ တစ်ရွာလုံးနားလျှံမှ ဒီအမေသိရပါလားဟဲ့ လူမိုက်ရဲ့။ နင်ဘယ်သူ့အားကိုးနဲ့ ဖေတင်တို့ကို ရိုက်လွှတ်ရတာလဲ။ တကယ်ဖြစ်ကြရင် ယောကျ်ားသားအားကိုးစရာဆိုလို့ နင့်မှာ ဘယ်လူရှိလဲ။ နင့်နောက်မှာ မားမားမတ်မတ် ဘယ်သူရပ်မှာလဲ။ နင့်မှာ အရင်းအချာဘယ်ယောကျ်ားသားရှိလဲ၊ မုဆိုးမသား တစ်ကောင်ကြွက်ပါလားဆိုတာ နင်နည်းနည်းမှမသိဘူးလား။ ပင်လယ်ကျိန်စာသင့်နေတဲ့ အမျိုးဆိုတာ နင်သိလား။ မောင်ထွန်းသောင်မျက်နှာကြောင့်ဟဲ့သိရဲ့လား။ မောင်ထွန်းသောင်မျက်နှာကြောင့် နို့မို့ - နင့်လိုကောင်မျိုး ဖေတင်တို့ကထိမတဲ့လား၊ ဟိုတရုတ်မမျက်နှာကို နင်က တစ်ကမ္ဘာထင်ပြီး နင်က အဝဇာတသား"

"တော်စမ်းပါ အမေရာ"

အိမ်ပြန်လာသော အောင်တိုင်ကို မျက်နှာမြင်သည်နှင့် သူ့အမေက ဆီးမာန်သည်။ အောင်တိုင် စိတ်ပေါက်ပေါက်နှင့် သူ့အမေကို အော်ပစ်လိုက်၏။

အဖေဆုံးပြီးကတည်းက အမေက သူ့ကို ကြမ်းကြမ်းတမ်းတမ်း တစ်ခါမှ မပြောမဆဲတော့။ သူ့လက်သုံးစကား အဝဇာတသားဆိုသည်ကိုလည်းမေ့နေသလောက်ပင်။ ယခုတော့ ဤစကားကို အမေသုံးလိုက်သဖြင့် သူ့ကို မည်မျှစိတ်ဆိုးနေသည်ကိုလည်း အောင်တိုင် သိလိုက်ရ၏။

"အမေ့စကားဆိုလည်း နင်နားမထောင်ဘူး အဝဇာတသား၊ ဟို ဘိန်းစားသမီးကိုမှ နင်ကကြိုက်နေလို့ ရန်ဖြစ်ကြတာဆို။ ငါ့ကို မိဇံလေးက အုန်းခြံထဲထိလာပြောမှသိရတာ။ အဲဒီညကပင် နင်အကောင်ပျောက်သွားရင် ငါ့အမေမှာ ဘယ်သူတိုင်တည်ရမှာလဲဟင်။ နင့်မှာ အဖေရှိလား၊ ဦးကြီး၊ ဦးလေး ဒီရွာမှာ အရင်းအချာရှိလား၊ ညီအစ်ကိုရှိလို့လား၊ တစ်မျိုးလုံးမှာ ငါတစ်ကောင်တည်းပါလားဆိုတာ နည်းနည်းမှ နင်အသိတရားမရှိဘူးလား။ ကြားတယ်မဟုတ်လား၊ ဒီလိုဟိုလိုနဲ့ အကောင်ပျောက်သွားတဲ့လူတွေ၊ စက်လှေတွေ၊ ရေသူမချိုင်ဝင်ကတည်းက ဟိုရွာဒီရွာမှာ အကောင်ပျောက်သွားတဲ့လူတွေ၊ သေကြသတ်ကြတဲ့လူတွေ၊ တရုတ်ဘိန်းစားက ခုသေတော့မယ် နင်ဘာသိလဲ၊ ဒီရွာမှာ ဒီလိုသေသွားတဲ့လူတွေ အများကြီး။ နင်တို့တစ်ကောင်ကြွက်ချင်းပေါင်းလို့ ဃူဖြစ်မယ်ထင်သလား"

"နားညည်းတယ် အမေရာ၊ တော်ပါတော့ တော်ပါတော့"

"ဟင်း ဟင်း အဖေကြီး၊ ရှင့်သား အမေ့ကို ပြန်အော်နေတာ ပင်လယ်ထဲကလာကြည့်ပါဦး။ လိမ္မာလှတဲ့သားဆို။ အနိုင်းစကားကို နားထောင်လိုက်တာ။ ဪ - အစ်ကိုကြီးအကိုင်း၊ အနိုင်းကို အစ်ကိုကြီးတူပြန်အော်နေတာ လာကြည့်ပါဦး၊ ဟီး ဟီး ဟင်း ဟင်း"

သေသွားသူများကို အမေက တ,ငိုနေသည်။ အောင်တိုင် ထမင်းစားချင်စိတ်ပင်ပျောက်သွားသည်။ ခါတိုင်းလို အမေဘာချက်ထားလဲဟင်ဟု မေးဖို့နေနေသာသာ သူ့မျက်နှာမြင်သည်နှင့် အမေ့ဆီတွင် အဆူအဆဲကိုသာကြားနေရသည်။

သားအမိနှစ်ယောက်တစ်ယောက်ကိုတစ်ယောက် စိတ်ကောက်ပြီး မှိုင်ထိုင်နေကြသည်။ အမေဘယ်လောက်ဆူဆူ အောင်တိုင်ကတော့ တစ်ညနေလုံး မေသူ့ကို သတိရနေ၏။ ဈေးဆိုင်ရှေ့က လူ အုပ်တွေကိုလည်း သူမျက်စိထဲမြင်နေမိသည်။ အစ်ကိုကြီးက သူသွားနေလိုက်မည်စိတ်ချဆိုသောစကားကိုကြားယောင်မိသောအခါ စိတ်ထဲနွမ်းနွမ်းလျလျဖြစ်သွားမိသည်။

'မေသူနဲ့ ငါ ကြိုက်နေကြတယ်ဆိုတာ အစ်ကိုကြီးလည်းသိပြီးသားနေမှာပါ။ နေ့ခင်းကလည်း အစ်ကိုကြီးကို ငါပြောခဲ့တာပဲ၊ အစ်ကိုကြီးလည်း မေသူ့ကို ကြိုက်နေလား။ အစ်ကိုကြီးက မေသူ့လောက်ကိုတော့ကြိုက်မှာမဟုတ်ပါဘူး။ အစ်ကိုကြီးက စာတွေအများကြီးတတ်တာဘဲ။ တက္ကသိုလ်ကတောင်ထွက်လာတာ။ တက္ကသိုလ်မှာတောင် ကျောင်းဆရာလုပ်ရင် ရတယ်လို့ အစ်ကိုကြီး ပြောဖူးတာပဲ။ အစ်ကိုကြီးက ပညာတတ်သူဌေးဆိုတော့ ပညာတတ် သူဌေးသမီးပဲ ယူမှာပါ။ မေသူနဲ့ အစ်ကိုကြီးက တန်လည်းမတန်ပါဘူး၊ လိုက်လည်းမလိုက်ပါဘူး။ အသက်ကလည်း တစ်ဝက်မကကွာတာ။ အစ်ကိုကြီးက သူ လေးဆယ်နီးပြီလို့ ပြောဖူးတာပဲ၊ မေသူက အခုမှ ဆယ့်ခြောက်နှစ်၊ ခုနစ်နှစ်။ မေသူကလည်း အစ်ကိုကြီးကို ကြိုက်မှာမဟုတ်ပါဘူး။ အစ်ကိုကြီးကိုသာ မေသူကြိုက်နေရင် ငါ့ကို ဘယ်ရည်းစားထားမလဲ။ ပြီးတော့ မေသူနဲ့ ငါက မုန်တိုင်းကြီးထဲကပင် တွေ့ခဲ့ကြတယ်ဆိုတာ အစ်ကိုကြီးကို ရွာကတစ်ယောက်ယောက်တော့ပြောမှာပဲ။ ငါ့အစ်ကိုကြီးကိုခင်သလို မေသူကလည်း သူ့အဖေအတွက် အားကိုးရလို့ခင်နေးရှာ



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပေးလို့ ခင်တာနေမှာပါ။ ပြီးတော့ မေသူ့အဖေဆိုင်မှာ အစ်ကိုကြီးပစ္စည်းတွေတင်ရောင်းပေးလို့ မေသူ့ကိုခင်တာနေမှာပါ။ မဟုတ်မှာ မေသူကျောင်းသွားနေ. . .

"လာကြပေါ့၊ လာကြ ဘယ်က လှည့်လာကြတာလဲ"

အမေ့အသံကြောင့် အိမ်ရှေ့လှမ်းကြည့်လိုက်၏။

ဂေါလာနှင့် ကောင်းကျော် ညီအစ်ကိုနှစ်ယောက် အိမ်ထဲဝင်လာကြသည်။

အောင်တိုင် လှဲနေရာက ထထိုင်လိုက်သည်။ သူ့အနား၌ပင် သူတို့နှစ်ယောက်ကလာထိုင်ကြသည်။ညီအစ်ကိုနှစ်ယောက်စလုံးက သူ့တစ်ကိုယ်လုံးကိုဖြုံကြည့်နေကြသလားထင်လိုက်ရသည်။

"နင်တို့လည်းကြားပြီးရောပေါ့"

အမေက စကားစ၏။

"ညနေက ဖဲဖဲ ထမင်းလာပို့လို့ ပြောမှသိရတယ်။ အဲဒေါ်နိုင်း တစ်ရက်နှစ်ရက်တောင်ရှိပြီဆို။ ကျွန်တော်တို့က ရွာမတက်မိလို့မသိတာ"

"ဟုတ်တယ်လေ၊ အဲဒီညကပင် အကောင်ပျောက်သွားရင် ငါဘယ်လိုနေမလဲ။ ဘယ်သူပြောလို့သိရမှာလဲ၊ ဒီဟိုဟာမျိုး။ ဘယ်လူကကော လာပြောချင်ပါ့မလဲဟဲ့။ နင်တို့ပဲ စဉ်းစားကြည့်စမ်း၊ ကိုယ်က တစ်ကောင်ကြွက်၊ အမျိုးထဲမှာ ယောကျ်ားသားဆိုလို့တစ်ကောင်တည်း။ ဘယ်မှာလဲသူ့ရှေ့ကရပ်မယ့်လူ။ ဖေတင်တို့မှာက ဆွေနဲ့မျိုးနဲ့ဟဲ့။ ပိုးသီအဖေဆိုတာလည်း နင်တို့သိလား၊ မောင်ထွန်းသောင်ရှိနေလို့ နို့မို့ ဟိုကအကောင်ဖျောက်ပစ်လိုက်ပြီးလို့ ငါပြောတယ်ဟဲ့။ ညညဘယ်ကိုမှမထွက်ပါနဲ့ပြောတာကို မကြိုက်ဘူး။ ခလုတ်မထိတော့ အမိစကားနားမဝင်ဘူး အဝဇာတသား"

"ဒီလောက်လည်း ၊ မစိုးရိမ်ပါနဲ့ အဒေါ်နိုင်းရာ။ ဒီကောင်တွေမလုပ်ဝံ့ပါဘူး။ ဒီလောက်လည်းသတ္တိမရှိပါဘူး"

"ဟဲ့ - မလုပ်ဝံ့မပြောနဲ့၊ ဖေတင့်အဖေဆိုတာ ဟိုဘက်ကမ်း ခါးစောင်းတင်ထားတာ။ ပိုးသီအဖေဆိုတာက လည်းကြည့်ဦး၊ ပသျှူးသာဆိုတယ် ရုံးပေါက်ဂိတ်ပေါက် ပြည်ပေါက်မြို့ပေါက်ဟဲ့။ ငါ့သားအတွက် ငါမစိုးရိမ်ဘဲနေမလား။ ငါတို့မှာက တစ်ကောင်ကြွက်ဟဲ့"

"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ



အဒေါ်နိုင်းရာ။ ကျွန်တော်တို့လည်းရှိပါတယ်ဗျ"

"နင်တို့လည်း ကြားတာမြင်တာပဲ။ ဒီမှာဘယ်မင်းရှိလို့လဲ။ အခု ရွာမှာဖြစ်နေကြတာ နင်တို့အသိပဲ။ ဟိုတုန်းကတို့ဆလုံပသျှူးတွေအိမ်ရှေ့ ဘာတံခါးရှိလို့လဲ။ ဘာပြောသံနင်တို့ကြားလို့လဲ။ အခုဆိုရင် ကက်ဆက်ပျောက်ကြတာနဲ့ ဘက်ထရီအိုးပျောက်ကြတာနဲ့ အဝတ်အထည်ကအစ ပျောက်တာရှုတာများလို့ အိမ်ရှေ့တံခါးတောင်တပ်ထားကြရတာဟဲ့။ ခေတ်ကြီးကိုက မကောင်းတော့တာ"

ကောင်းကျော်နှင့် အမေကသာ အပြန်ပြန်အလှန်လှန်ပြောနေကြသော်လည်း ဂေါလာကမူ တစ်ခွန်းမှဝင်မပြော။ အောင်တိုင့်ကိုသာကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ အောင်တိုင်ကမူ မည်သူ့ကိုမျှမကြည့်၊ မျက်နှာလည်းငုံ့ထား၏။

"မင်းတို့ဟာဘယ်ကစဖြစ်ကြတာလဲ"

"အလကားပါ အစ်ကိုရာ။ ဒီကောင်တွေကမူးလာပြီး ကျွန်တော့်လာရိလို့"

ဂေါလာ၏ တည်တည်ငြိမ်ငြိမ်အမေးကို အောင်တိုင်က အသံဖော၍ ပြော၏။

"ဟို တရုတ်မလေးဆိုင်မှာ သူ့အစ်ကိုကြီးပစ္စည်းတွေရှိတယ်ဟုတ်လား။ အဲဒါ ကူရောင်းပေးနေတော့ ကောင်မလေးကို လာပိုးနေတဲ့ ဖေတင်တို့က မလိုလို့ ဖြစ်ကြတာနေမှာပေါ့"

"ဩော် - အဲဒီဆိုင်မှာ အစ်ကိုကြီးပစ္စည်းတွေ ရှိတာကိုး"

"အမေ့စကားကို ဂေါလာက အံ့သြသွားပုံရ၏။

"ဟုတ်တယ်လေ ဂေါလာရဲ့၊ အဲဒီဆိုင်က အဖိုးတန်ပစ္စည်းဆို အားလုံးနီးနီး မောင်ထွန်းသောင်ပစ္စည်းတွေချည်းပဲ။ တရုတ်ကြီးမှာဘာရှိတော့လို့လဲ။ဘိန်းစားလို့ ကုန်ပြီးနေမှာပေါ့။ အိမ်နဲ့ခြံကျယ်ကြီးတောင် မောင်ထွန်းသောင်ကိုရောင်းထားတယ်ပြောကြတာပဲ။ ငါက ရင်းနှီးပေမယ့် မောင်ထွန်းသောင်ကို အားနာလို့ မမေးမိဘူး။ မေသူ့ကို ဟိုဘက်ကမ်းမှာ ကျောင်းထားပေးတာလည်း မောင်ထွန်းသောင်တဲ့။ နင်တို့ကပင်လယ်နားအနေများလို့ သာမသိတာ"

ကောင်းကျော်နှင့် ဂေါလာတို့ ညီအစ်ကိုနှစ်ယောက်အကြည့်ကို သူရင်မဆိုင်ချင်သလိုနှင့် မျက်နှာလွှဲထားရ၏။ သူ ဖေတင်တို့နှင့် ရန်ဖြစ်ကြသည့်ကိစ္စလုံးစေ့ပတ်စေ့ မေးလာမှာလည်း မတွေးဝံ့။

"မောင်ထွန်းသောင်ကိုလည်းပြောထားရဦးမယ်။ ဒီကောင်လေးကို ညည ဈေးမရောင်းခိုင်းပါနဲ့လို့။ ဖြစ်လာရင် ငါ့မှာက တစ်ကောင်ကြွက်ဟဲ့"

"ရောင်းတာကတော့ ရောင်းရမှာပေါ့ အဒေါ်နိုင်ရာ။ အစ်ကိုကြီးပစ္စည်းကို ကူရောင်းပေးတာပဲ။ ကိုယ့်ကိုမတရားလာလုပ်တာတော့ အောင်တိုင်သာမဟုတ်ဘူး၊ ဘယ်သူမှခံမှာမဟုတ်ဘူး။ ဒီကောင်တွေက ဟိုဘက်ကမ်းမှာ မှောင်ခိုကျွန်သွားခံနေကြလို့ ပိုက်ဆံမြင်ဖူးလာကြတာလေ။ တစ်သက်လုံး ပိုက်ဆံမမြင်ဘူးတဲ့ကောင်တွေ ပိုက်ဆံလေးဘာလေး ခြောက်ပြားတစ်ပဲ မြင်ဖူးလာကြတော့ ဟုတ်လှပြီထင်နေကြတဲ့အကောင်တွေ။ ဖွတ်ကဖြစ်တဲ့ မိကျောင်းတွေလေ၊ ကျွန်တော်တို့တတော့ ဒီပင်လယ်ကြီးထဲမှာ ရေရှိသမျှ ဘယ်မှာမှကျွန်သွားခံစရာမလိုဘူး။ မှောင်ခိုကျွန်လည်း တစ်သက်မလုပ်ဘူး။ မင်းကိုမတရားစော်ကားလာရင်ပြော ငါတို့ရှိတယ်၊ ကက်ဆက်ဇာတ်လမ်းထဲကလို ဆလုံသွေးဘယ်လောက်နီတယ်ဆိုတာ ပြလိုက်မယ်"

ကောင်းကျော်ကသာ ဒေါနှင့်မာန်နှင့် ပြောနေသော်လည်း ဂေါလာကမူ အောင်တိုင်ကို ငေးကြည့်ကာ ငြိမ်သက်နေ၏။

"ဒီကောင်တွေက တကယ်သူ

www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ကောင်တွေ မဟုတ်ပါဘူး၊ ရွာမှာ သာကျယ်ရဲတာပါ၊ ဟိုဘက်ကမ်းမှာဆို လူတကာခိုင်းဖတ်တဲ့။ မြိတ်ကအမျိုးသမီးတွေ ထဘီထုပ်တောင်လိုက်ထမ်းပေးရတဲ့ကောင်တွေ။ အဲဒီလိုကောင်တွေမျိုး ကျွန်တော်တို့ကြောက်ရမှာလား။တရုတ်မဆိုင်မို့ ဒီကောင်တွေရုတ်ရုတ်ရက်ရက်လုပ်ရဲတာပါ။ ရေနီက ဦးပသီဆိုင်နဲ့ ကျွန်တော်တို့ ကမ်းကြီးသတ်ဘတ်လာရင် သီချင်းတောင် ကျယ်ကျယ်ဆိုရဲဘူး"

ဟု ကောင်းကျော်က ပြောပြခြင်းဖြစ်သည်။

"အောင်တိုင်၊ မင်းတော့ ဘာမှမဖြစ်ဘူးဟုတ်လား"

"မဖြစ်ပါဘူး"

"ကိုယ့်တစ်ရွာတည်းသားချင်း ဘာမှမဖြစ်တာတော့ အကောင်းဆုံးပေါ့ကွာ။ သူတို့ဟာသူတို့ ဘာပဲလုပ်နေလုပ်နေ ကိုယ့်မစော်ကားရင်ပြီးတာပဲ၊ မတရားစော်ကားလာရင်တော့ပြော။ အောင်တိုင်က တစ်ကောင်ကြွက်ဆိုပေမယ့် ကျွန်တော်တို့ရှိတယ် အဒေါ်နိုင်း။ အခု ရွာမှာလည်း စားသောက်ဆိုင်တွေနဲ့ ဖဲဝိုင်းကက်ဝိုင်းတွေနဲ့ ညည ရွာမှာနေရင် ကျွန်တော်တော့ မျက်စိနောက်တယ်၊ မူးမူးရူးရူးနဲ့ ရွာရိုးကိုးပေါက်လျှောက်အော်တဲ့ကောင်တွေကရှိသေးတယ်။ ကိုယ့်ရွာသား ကိုယ်တိုင်က အကျင့်ပျက်နေကြတော့ ခက်တယ် အဒေါ်နိုင်း။ အဲဒါကြောင့် ကျွန်တော်ရွာမတက်ဖြစ်တာ။ ခု ရွာလည်း ဟိုဘက်ကမ်းကလူတွေနဲ့ရှုပ်ယှက်ကိုခတ်နေတာပဲ။ တစ်နေ့ကလည်း ငှက်ရဲကကောင်တွေနဲ့ ဟိုဘက်ကမ်းက စက်လှေသမားတစ်ယောက်နဲ့ ရန်ဖြစ်ကြသေးတယ်ကြားတယ်"

"နင်တို့က ပင်လယ်နားနေလို့ သိပ်မကြားရတာ။ ရန်ဖြစ်ကြတာက နေ့တိုင်းလိုလို။ ရန်ဖြစ်ကြရုံလောက်ဆိုတော်သေးတယ်။ ဆောင်းဦးပေါက်တုန်းက နတ်မော်သားလေးတစ်ယောက်ဆို စားသောက်ဆိုင်မှာ ရန်ဖြစ်ကြရင်း အကောင်ပျောက်သွားတယ်တဲ့။ ငါ့မှာလေ ဒီကောင့်အတွက်ပူရတယ်ဟ။ ညီအစ်ကိုအရင်းအချာမရှိတော့ အကောင်ပျောက်. . ."

"တော်ပါ အမေရာ။ လူတိုင်းလက်နဲ့ခြေနဲ့ပါဗျ၊ ဘာလို့အကောင်ပျောက်ရမှာလဲ။ အမေက ဒီစကားပဲ ပြောပြောနေသလား။ ဟိုကောင်တွေကြားရင် ကြောက်တယ်ထင်ပြီးပိုတောင်ရောင့်တက်လာကြမှာ။ ကျုပ်ကမတရားထင်ရင် ဘယ်သူ့မှမခံဘူး။ မနိုင်လို့သေရင်လဲ အဲဒီနေရာတင် သေသွားပါစေ အပြန်တစ်ထောင်သေဝံ့တယ်"

ကောင်းကျော်တို့၊ ဂေါလာတို့ရှေ့မို့ အောင်တိုင်ကလည်းပြောချလိုက်၏။

"ပြောတာသာကြည့်ကြ။ လူတစ်ယောက်ဟာ အခါတစ်ထောင်သေတယ်လို့ နင်တို့ကြားဖူးကြလားဟဲ့၊ လူဟာ တစ်ခါပဲ သေတဲ့အမျိုးဟ"

သူ့အမေစကားကြောင့် ဂေါလာပင် ပြုံးဖြီးဖြီးဖြစ်သွားသည်။

"ဟုတ်သားပဲကွ၊ လူဆိုတာ တစ်ခါပဲသေကြတာ"

ကောင်းကျော်ကလည်း ရယ်၍ပြော၏။

"ကဲ ကျွန်တော်တို့ပြန်တော့မယ် အဒေါ်နိုင်း။ အဖေကတော့ နောက်တစ်ရက်နှစ်ရက်ပင်လယ်ထွက်တော့မယ်ပြောတယ်။ မိုးလည်းကျတော့မယ်ထင်တယ်။ တောင်ပင်လယ်က လှိုင်းအူနေတာ တစ်ပတ်လောက်တောင်ရှိပြီ။ နောက်ဆို ကျွန်တော်တို့လည်း ရွာမှာရှိကြတော့မှာပါ၊ ကျွန်တော်တို့ရှိရင်တော့ ဘာမှမပူပါနဲ့။ အစ်ကိုကြီးလည်းရှိတာပဲ။ ဒီကောင်တွေ နောက်ထပ် မစော်ကားရဲတော့ပါဘူး။ ညနေက ဖံဖံပြောတော့ ကျွန်တော်လည်း ထူပူသွားတယ်။နှစ်ယောက်ဝိုင်းရိုက်တယ်ဆိုတော့ဘယ်တရားမလဲ။သတ္တိရှိရင် တစ်ယောက်ချင်း ရိုးရာအတိုင်း သေတမ်းသတ်ကြပေါ့။ သေပါပြီ၊ ကြောက်ပါပြီး မအော်မချင်းချကြစမ်း"

"တော်စမ်းပါကွာ"

ဂေါလာက အော်လိုက်သဖြင့် ကောင်းကျော်နှုတ်ပိတ်သွား၏။

မင်နှင့်မောင်းနှင့်ပြောသွားသော ကောင်းကျော်၏စကားကို အောင်တိုင်က ပြုံးမိသည်။ ခွေးကောင်၊ မင်းနဲ့ငါနဲ့ ခုထချကြတော့မလားဟုပင် စိန်ခေါ်လိုက်ချင်သည်။ သူ့အစ်ကိုကြီး ဂေါလာပါနေသဖြင့်သာ ငြိမ်ကုပ်နေလိုက်ရ၏။

သူတို့ ညီအစ်ကိုနှစ်ယောက် ရွာလယ်လမ်းရောက်၍ အမှောင်ထဲမှာ ပျောက်ကွယ်သွားကြသည်အထိ အမေက သူတို့ညီအစ်ကိုနောက်ကျောကို လိုက်ကြည့်နေရာက -

"တွေ့တယ်မှတ်လား"

သူ့ဘက်မျက်နှာလှည့်လာပြီးပြော၏။

အမေ့စကားကို အောင်တိုင်က -

"ဘာတွေ့ရမှာလဲ"

မေးလိုက်၏။

"ငါ အဲဒါကြောင့် နင့်ကိုပြောပြောနေရာတာဟဲ့။ အရိပ်အကဲဆိုတာလည်း နည်းနည်းမှ မသိတတ်ဘူး။ ထစ်ခနဲဆို စိတ်တိုဖို့ရန်ဖြစ်ဖို့ပဲတတ်တယ်။ယောက်ဖလုပ်ရမယ့်သူတွေက ဘယ်လောက်တောင်အားကိုးရလဲ။ သူနှမဆိုတာတော့ မပြောနဲ့တော့ ကြားကတည်းက ပျာလောင်ခတ်နေတာ"

"အဲဒီ ပျာလောင်ခတ်နေတာကို အမြင်ကတ်လို့"

"ငါ ပါးထချလိုက်လို့၊ တကတဲ - ပျာလောင်ခတ်နေတာက နင့်အတွက်ပူပန်လို့ဟဲ့ သိရဲ့လား အဝဇာတသား၊ သူ့အတွက်ကိုယ့်အတွက်မှန်းမသိတတ်ဘူး။ ခမျာများ ဘယ်လောက်အားကိုးရလဲ ကြည့်စမ်း။ ကြားတာနဲ့ ပြေးလိုက်လာကြတာ၊ ပင်လယ်ကရောက်ရောက်ချင်း ပြေးလိုက်လာကြတာ။ ငါးခွဲဖို့တောင် ဒီအတိုင်းပစ်ထားခဲ့ကြလားမသိ။ အဲဒါကြောင့်စောစောပြန်သွားကြတာနေမှာ။ အမှန်က နင်လိုက်သွားပြီး ငါးကူခွဲပေးဖို့ကောင်းတာ။ ငါ စောစောကပြောဖို့မေ့သွားတယ်"

"ဟုတ်တယ် အမေ၊ ကျွန်တော်လည်း အမေပြောလိုက်မှ သတိရတယ်၊ သူတို့ညီအစ်ကို ကျွန်တော်လည်း ကူညီရမှာပေါ့"

ရုတ်တရက် အောင်တိုင် ခုန်ထလိုက်သည်ကို သူ့အမေအံ့ဩသွားသည်။

"ဟဲ့ - ခုမှ လိုက်သွားလို့ မီပါဦးမလား၊ ဂေါလာကခြေလှမ်းကြဲပါဘိနဲ့"

"မီပါတယ်အမေရာ။ ကျွန်တော် မီအောင်ပြေးလိုက်သွားပါ့မယ်"

"ဟဲ့-လူလေး၊ကမ်းကြီးသတ်ဘက်သွားရင် ဟိုကောင်တွေအပိုင်းက ဖြတ်သွားရမှာနော်၊ သတိနဲ့သွား"

အမေ စကားမဆုံးမီပင် အောင်တိုင်က အပြင်ရောက်သွားလေပြီ။

ရယ်တော့ရယ်ချင်မိသည်။ သည်အတွက်မှ သူအပြင်မထွက်ရလျှင်နောက်ထွက်ရတော့မည်မဟုတ်။ မေသူ့ဆီ ဘယ်လိုနည်းနှင့် သွားရပါမည်နည်းဟု တစ်ညနေလုံးတွေးနေခဲ့သည်။ နေ့ခင်းဆိုလျှင်လည်း ဒီရက်ပိုင်းမှာ အစ်ကိုကြီးက သူ့ကို မျက်စိအောက်က အပျောက်မခံ။ ညဆိုလျှင်လည်း အမေက ထိုနည်းလည်းကောင်းဖြစ်တော့မည်ကို သူသိသည်။ တပိုတပါးသွားရန်နှင့် ခြေဆန့်ကိုယ်ရွှံ့သည်ကိုပင် ဟဲ့သွားဟု လှမ်းမေးလိမ့်မည်။ ဘယ်မှမရွှံ့သာမလှုပ်သာ။ မေသူနှင့် မတွေ့ရသည်မှာ [illegible]ညရှိပြီ။

www.burmeseclassic.com

မေသူက ဖေတင်တို့ကိုကြောက်၍မလာရဲတာဟုထင်မှာကိုတော့ သူအထင်မခံနိုင်။

အမေစကားနှင့်ပြောရလျှင် ယခုယောက်ဖလောင်းလျာ ညီအစ်ကိုနှစ်ယောက် ရောက်လာကြတော့မှ မေသူနှင့်တွေ့ရဖို့က လမ်းစပေါ်လာသည်။ သူဘယ်တုံးကမှ ကောင်းကျော်နှင့် ဂေါလာတို့ကို ယောက်ဖတော်ဖို့ မရွယ်ခဲ့။ မိဇံကိုချစ်ဖို့ကြိုက်ဖို့ဆိုတာကလည်း ဝေးလာဝေး။

ဤသည်ကို အမေကတော့ သိမည်မဟုတ်။ ငယ်စဉ်ကမှ မိဇံကို ချွေးမတော်ဖို့ အမေသန္နိဋ္ဌာန်ချထားခဲ့ပုံရ၏။ ထို့ကြောင့်လည်း ရေလာမြောင်းပေးမဟုတ်။ ပြောင်ပြောင်ပင်ပြောခဲ့သည်။ နောက် အဖေပင်လယ်မှာ ဆုံးပါးသွားတော့ သူ့သား မိဇံနှင့်ရလျှင် မုချပင်လယ်ထွက်ရမည်ကို သိသဖြင့် မိဇံကိုမယူဖို့ ပြောင်ပြောင်ပင်ပြောခဲ့ပြန်သည်။

ယခု သူ ဖေတင်တို့နှင့် ရန်ဖြစ်ကြသော သူ့သား၏ အသက်အန္တရာယ်ကို ဒိုးရိမ်လားမသိ။ မိဇံကိုယူလျှင် ယောက်ဖနှစ်ယောက်ကို အားကိုးရမည်ဟူသော ရည်ရွယ်ချက်နှင့် သူ့ကို မိဇံဆီစိတ်လည်လာအောင် ပြောင်ပြောင်ပင်ပြောလာပြန်၏။ သို့သော် သူကတော့ မေသူ့ဆီရောက်ရတော့မည်ဟု အပျော်ကြီးပျော်ကာ ပရိယာယ်လုပ်၍ အိမ်ကထွက်ပေါက်ရလာလေသည်။

■

သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်
ဆရာမိဘ၊ ဆိုဆုံးမလည်း
ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု
သန်ခေါင်မနွဲ၊ သန်လွဲမခန့်
အသက်စွန့်၍၊ ဝေးတွန့်ခရီး
ချုံကြီးတောအုံ၊ မလုံမဆွေး
သစ်ကျားဘေးကို၊ မတွေးဆံဖျား
မရေးစားတည်း။

ရှေးစာဆိုကြီးတစ်ဦး

မေသူလည်း ငါ့ကိုမျှော်နေမှာပဲဟု တွေးလာ၏။ ကမ်းကြီးသတ်ဘက်ထွက်သွားကြသော ကောင်းကျော်တို့ညီအစ်ကိုနှင့် ရွာထဲတွင် ဆုံမိမှာစိုး၍ အမေမျက်ကွယ်ပြုသည်နှင့် ဖြည်းဖြည်းသာ လျှောက်လာ၏။ ကောင်းကျော်က မတ်တတ်လည်း လေရှည်လေကြီးတတ်သည့်အကောင်။ တစ်နေရာရာမှာ တစ်ယောက်ယောက်နှင့် မတ်တတ်လေရှည်နေတုန်း ပက်ပင်းသွားတိုးမိလျှင် ဒုက္ခ။ မုချ ပင်လယ်နား ငါးခွဲပေးရန် လိုက်သွားရမည်။ သူတို့တဲမှာပင် ငါးညှီနံ့နံ့နှင့် ညအိပ်ရမည်။ အဖေဆုံးသွားပြီး အစ်ကိုကြီးဆီမှာ အလုပ်လုပ်ကတည်းက သူ့နှာခေါင်းက ငါးညှီနံ့နှင့် အကျွမ်းမဝင်တော့။

ရေနီပိုင်းရောက်လာ၏။ ချက်ချင်း ဖေတင်တို့ကိုသတိရမိလိုက်သည်။ လက်ထဲမှာ ဘာမှမပါ။ သံပတ်ခွေ ဓါးပတ်ဓားမပြောနှင့် ကမန်းကတန်း အကြံနှင့်ပြေးထွက်လာခဲ့ရသည်မို့ ဓာတ်မီးပင်မပါ။ စိတ်ထဲတစ်မျိုးကြီးခံစားလိုက်ရသည်။ သတိတော့ထားရသည်။ မမှောင်ထဲတွင် မည်သူဖြစ်ဖြစ် အနားလာအကပ်မခံဘဲ ရှောင်ကွင်းသွားရမည်။ ရှေ့ကလာနေသူများကို မသိမသာ ဖယ်ရှား၍လည်း အုန်းပင်ကြား၊ လေကာကျောက်တုန်းတွေကြား တမင်ရှောင်ရမည်။ ရွာလမ်းအတိုင်း သူမလာ။ ချုံနားချုံကွယ် လေကာကျောက်လုံးတွေကြား အပေါ့အပါးသွားသလိုလိုနှင့် ရေနီပိုင်းကို သူရောက်လာ၏။

အစ်ကိုကြီးအိမ်ဘက် တစ်ချက်လှမ်းကြည့်ခဲ့၏။ မီးရောင်တော့မြင်ရ၏။ သူ့အစ်ကိုကြီးနှင့်မရေမရာမမျှော်လင့်ဘဲ တွေ့မိမှာစိုး၍ လူရိပ်လူခြည်ကြည့်ကာ အစ်ကိုကြီးအိမ်နောက်က တမင်ကွင်းရှောင်၍လျှောက်လာ၏။

ရုတ်တရက် ခြေလှမ်းတုံ့သွား၏။ မေသူတို့ ခြံအစမရောက်မီကပင် ကက်ဆက်သံကြားလိုက်ရ၏။ ဦးပေါ်လာတို့အိမ်ကများလားဟုနားစွင့်သည်။မဟုတ်။ မေသူတို့အိမ်ကမှမေသူတို့အိမ်ကအစစ်။ မေသူတို့အိမ်နှင့် ခြံချင်းကပ် အနီးဆုံး ဒေါ်သန်းရာတို့အိမ်မှာတော့ ကပ်ဆက်မရှိ။ အိမ်ရှေ့ကို လေကာကျောက်တုံး အရိပ်ခို၍ကြည့်၏။

လူဝင်လူထွက်ကို သတိထား၏။

"တစ်နေဝင် နီးလေခဲ့ရင် ××× စီးလေးမယ်ပြင်××× ဟီးဟယ်လို့နှင်××× နတ်သွင်လေး လေလုံးခင်××× တွေးလေးဆင်ခြင်၊ အဝေးကြီးကမြင်×××"

ကက်ဆက်ထဲကအသံကိုပီပီသသကြားလိုက်ရသည်။

အစ်ကိုကြီးအလွန်နှစ်ခြိုက်သော ရပ်ကြီးသူ့သီချင်း။ အစ်ကိုကြီးရောက်နေ၍ ကက်ဆက်ဖွင့်ထားမှန်းသိသာသည်။ ထိုအခါ အစ်ကိုကြီးနေ့ခင်းကပြောလိုက်သောစကားကို သတိရသည်။ 'ဆိုင်ကိုအစ်ကိုကြီးကြည့်လိုက်ပါမယ်၊ စိတ်ချပါကွာ'တဲ့။

ဆိုင်ဘက်ကိုလှမ်းကြည့်လိုက်၏။ သဲသဲကွဲကွဲမမြင်ရသဖြင့် စိတ်ထဲအလိုမကျဖြစ်သွားသည်။ အုန်းပင်နှင့် ဆီးချုံပုတ်ကို အကွယ်အကာယူကာ အနီးဆုံးလေကာကျောက်လုံးတစ်လုံးအနားတွင် ခါးကုန်း၍ သူခိုးချောင်းကပ်လိုက်သည်။ ကျောက်တုံးကြီးနှစ်တုံးကြားဝင်ကာ ဆိုင်ဘက်ကို စူးစမ်းကြည့်၏။ သဲသဲကွဲကွဲမြင်ရပြီ။

မေသူက သူထိုင်နေကျနေရာမှာ ထိုင်၍ ဈေးရောင်းနေ၏။ အစ်ကိုကြီးက မေသူရှေ့ကွပ်ပျစ်ပေါ်တွင် ပဲကြီးလှော်ဝါးပြီး သဲတလင်းထဲ ကလေးများ ကစားနေကြသည်ကို ကြည့်နေ၏။ ခါတိုင်းထက်ပင် လူများနေ၏။ ဆိုင်မထိုင်ဘူးသောအစ်ကိုကြီးကိုမြင်၍ ဈေးဝယ်လာသူ လူကြီးတစ်ယောက်က အစ်ကိုကြီးအနား ဝင်ထိုင်လိုက်သည်။ ဘာပြောနေကြသည်တော့မသိ၊ လက်ဟန်ခြေဟန်နှင့် ခေါင်းညိတ်ခေါင်းခါကိုသာ မြင်ရသည်။

ပိုးသီနှင့် ဖေတင်တို့ကများ မကြောက်တရားသဘောနှင့် အရှက်မြေများရောက်နေကြသလားဟု သေသေရှာရှာကြည့်၏။ အကြာကြီးကြည့်သည်။ မတွေ့မိ။ ဖန်မီးချောင်းထွန်းပေးထားသည့်အပြင် ကက်ဆက်ပါဖွင့်ပေးထား၏။ အစ်ကိုကြီးကို စိတ်ဆိုးမိသည်။ သူဝင်သွားလျှင် အစ်ကိုကြီးက ဘာလို့လာလဲဟု အပြစ်တင်မည်ကို ကြားယောင်မိသည်။ အစ်မနိုင်း စိုးရိမ်နေဦးမည် ပြန်တော့ဟု နှင်လွှတ်မှာသေချာသည်။ ငါလိုက်ပို့မယ်လာလာဟု အောင်တိုင်ရှေ့ကထွက်လိမ့်မည်၊ အိမ်အရောက်လိုက်ပို့လိမ့်မည်။ စိတ်ထဲလေးလံလာမိ၏။ သူဤမျှအကြံအဖန်နှင့် ဒုက္ခခံ၍လာခဲ့ရသည်ကို မေသူသိစေချင်သည်။ အစ်ကိုကြီးရှိနေလျှင်တော့ သူသွား၍မဖြစ်ဟု တွေးလိုက်၏။ မေသူဈေးရောင်းနေသည့်လှုပ်ရှားမှုနှင့် အရယ်အပြုံးအပြောအဆိုတို့ကို အကြာကြီးငေးကြည့်ကာ ရင်ထဲဆွေးလာ၏။

မလှုပ်မရှားဘဲ အကြာကြီးငြိမ်၍ ကြည့်နေသည်။ အစ်ကိုကြီးက လက်မှနာရီကို မြှောက်ကြည့်လိုက်၏။ သူလည်း ယောင်ပြီး လက်တနာရီကိုငုံ့ကြည့်လိုက်မိသည်။ ရှစ်နာရီထိုးပြီ။ မေသူက အစ်ကိုကြီး နာရီမြှောက်ကြည့်လိုက်သည်ကို အလိုက်တသိနှင့် ဆိုင်ပိ[illegible] တော့မည်ဟု ပြောလိုက်ပုံရ၏။ [illegible]လ



www.burmeseclassic.com

www.burmeseclassic.com

သားနှစ်ယောက်၊ကာလသမီးသုံးယောက်၊ ကစားနေကြသောကလေးတွေအလျှိုလျှို ထွက်သွားကြသည်။

အကြာကြီးစောင့်ခဲ့ရသည်ဟု သူထင်သည်။ ဆိုင်ပိတ်တော့မှာပဲဟုတော့ ဝမ်းသာသလိုဖြစ်မိသွားသည်။ ရေဒီယိုက သတင်းကြေညာနေပြီ။ ဆိုင်ရှေ့၌လည်း လူရှင်းသွားပြီ။ အစ်ကိုကြီးနှင့် မေသူတို့ ဘာပြောနေကြသည်မသိ။ မျက်နှာချင်းဆိုင်ကာ စကားပြောနေကြ၏။မေသူကခေါင်းညိတ်ပြသည်ကိုလည်း မြင်ရ၏။ အောင်တိုင် မေသူ့ကိုကြည့်၍ ရင်ခုန်နေသည်။ မေသူ၏ မျက်နှာက အစ်ကိုကြီး၏ကိုယ်နှင့်ကွယ်နေသဖြင့် တစ်ဝက်တစ်ခြမ်းသာ မြင်ရတော့၏။ ထို့ကြောင့် မေသူ၏မျက်နှာကို ပုံဖမ်း၍ မရ။ သူရင်ခုန်မြန်လာသည်။

သတင်းကြေညာပြီးသွားလေပြီ။ အစ်ကိုကြီး ကက်ဆက်ဆွဲ၍ ဆိုင်ထဲက ထွက်လာ၏။ သီချင်းသံက အစ်ကိုကြီး ခြေလှမ်းနှင့်အတူ ငြိမ့်ညောင်းစွာ လိုက်ပါသွားသည်။ အောင်တိုင် အသက်ပင်မရှူမိဘဲ မေသူ့ကို လှမ်းကြည့်နေသည်။ အစ်ကိုကြီး သူ့အနားကပင်ဖြတ်သွား၏။ အစ်ကိုကြီးဘယ်နေရာရောက်သွားပြီဆိုသည်ကို သီချင်းသံကအသိပေးသွားသည်။ အစ်ကိုကြီး သူ့အိမ်ဘက်ပြန်သွားလေပြီ။ မေသူ ဆိုင်ရှေ့က ကဲလားချပိတ်လိုက်သည်။ သူ့ရင်ထဲဟာသွား၏။ မီးကတော့လင်းလျက်။

အောင်တိုင် ဆိုင်ကဲလားရှေ့ အပြေးကလေးရောက်သွား၏။ ရင်ထဲပို၍အခုန်မြန်နေသည်။ ကဲလားကို တစ်ချက်နှစ်ချက်ပုတ်လိုက်၏။

"အစ်ကိုကြီး

မေသူ၏မပွင့်တပွင့်အသံကြောင့် ရုတ်တရက်လန့်သွားမိသည်။ ကဲလားဘေးရပ်နေလိုက်မိ၏။ ဟမ်းဟု အစ်ကိုကြီးလည်ချောင်းရှင်းသံလို မတိုးမကျယ် သူပြုလိုက်မိသည်။ ကဲလားဟဟလေးပွင့်လာ၏။ အောင်တိုင် တစ်ကိုယ်လုံး ပူထူသွားမိသည်။

"ဘာ မေ့ကျန်ခဲ့လို့ အစ်ကို. . . ဟင်"

မေသူက သူ့ကို အံ့သြတကြီး မျက်လုံးပြူးကြည့်နေ၏။

"မတွေ့ရ မမြင်ရရင် မနေနိုင်လို့"

ကဲလားကို ဟဟလေးကိုင်ရင်း မေသူသက်ပြင်းချငိုင်သွားသည်။

အောင်တိုင်က မေသူ့လက်ကို ဖမ်းဆုပ်ထား၏။

"မေသူ"

ရေငတ်လာသလို ခေါ်လိုက်မိသည်။ မေသူက သူ့ကိုပြူးကြည့်နေတုန်း။ ခုထိနှုတ်ဟမလာ။ မှင်တက်မိ၍ အံ့သြနေတုန်း။

"မေသူ့ကို မတွေ့ရမမြင်ရရင် မနေနိုင်လို့ အောက်ဆင်းလာခဲ့ပါနော်၊ ဟိုနေရာကစောင့်နေမယ်"

"အိုး-ဘယ်ဖြစ်မလဲ"

သူက ကြားရုံမျှလေသံနှင့် ပြောသည်ကို မေသူက တုန်တုန်ယင်ယင်နှင့် ပြန်ပြော၏။

"ဖြစ်ပါတယ် မေသူရာ ဆင်းခဲ့ပါနော်၊ တို့ မနေနိုင်လို့ စွန့်စားပြီးလာရတာပါနော်"

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ မလာဘူး၊ ပြန်တော့ အစ်ကိုကြီး အေး နော် ခက်လိုက်တာ မြင်တော့မှာပဲ"

"မမြင်ပါဘူး၊ အစ်ကိုကြီး ပြန်သွားပါပြီ၊ ဆင်းခဲ့ပါဆို. . . အင်"

ဝုန်းခနဲ ကဲလားပြန်ပိတ်သွား၏။ သူ့လက်ညှပ်မိမလိုဖြစ်သွားသည်။ ကမန်းကတန်း လက်ကိုဆွဲရုတ်လိုက်ရ၏။ နှုတ်ကမူ မေသူ၊ မေသူဟု တီးတိုးခေါ်နေမိသည်။

"ပြန်တော့ လူမိနေဦးမယ်။ အမ်းကူလည်း နေကောင်းနေပြီ။ ပြန်တော့နော်၊ ပြန်တော့ ပြန်တော့"

"မတွေ့မမြင်ရရင် မနေနိုင်ပါဘူးဆို။ တို့မှား ဘယ်လောက်စွန့်စားပြီးလာရလဲသိလား"

ကဲလားထရံနား ပါးစပ်ကပ်၍ ပြော၏။

မေသူ၏သက်ပြင်းရှိုက်သံကိုကြားရသည်။

"နေ့ခင်းညနေ ဘာလို့မလာလဲ"

"အစ်ကိုကြီးနဲ့ အမေက မလာရလို့"

"ဒီနေ့သွားတော့နော်။ မနက်ဖြန်မှလာခဲ့"

"မလာရပါဘူးဆို"

"ဘာလို့မလာရလဲ"

"ရန်ဖြစ်နေကြမှာစိုးလို့တဲ့"

"ဟိုကောင်တွေမလာတော့ပါဘူး၊ ပြန်တော့"

"မပြန်ဘူး၊ မပြန်ဘူး၊ ဆင်းလာခဲ့ပါဆို နော် မေသူနော်"

"အဖေလည်း မအိပ်သေးဘူး၊ ရိပ်မိသွားလိမ့်မယ်၊ ပြန်ပါတော့နော်၊ မနက်ဖြန်ညမှ ဆက်ဆက်လာခဲ့နော်"

မေသူကချော့သံနှင့်ပြော၏။

"ဆိုင်ပိတ်ပြီးပြီးချင်းစောင့်နေမယ်နော်"

"အေးပါ အေးပါ"

"ဘယ်နေရာကလဲ"

"သိသားနဲ့၊ ဟိုကောင်တွေလည်း သတိထားသွားဦး၊ အတင့်သိပ်မရဲနဲ့"

"မတွေ့မမြင်ရရင်"

"သိပါတယ်၊ သိပါတယ်၊ ပြန်ပါတော့"

"မနက်ဖြန်ဆိုင်ပိတ်တာ မြင်တာနဲ့ စောင့်နေမယ်၊ ဆက်ဆက်နော်"

"အေးပါဆို၊ မုန်းဖို့ကောင်းလိုက်တာ သွားတော့"

"သွားပါပြီဗျာ၊ ဒါပဲနော် ဆက်ဆက်စောင့်မယ်"

ရင်ထဲပိမိနေသော အလုံးကြီး တစ်လုံးကျသွားသလိုအောင်တိုင်ပေါ့ပါးသွား၏။ ခြေလှမ်းလည်းသွက်လာသည်။ ရေနီပိုင်းကိုဖြတ်သော်လည်း ရန်သူဖေတင်နှင့် ပိုးသီတို့ကို လုံးဝသတိမရ။ မနက်ဖြန်ညနေ မေသူနှင့်တွေ့ရန်ကိုသာတွေးလာသည်။ မေသူတို့ ခြံအလွန်နားတွင် တစ်စုံတစ်ယောက်နှင့်တိုက်မိမလိုဖြစ်သွားခါမှ ဖေတင်နှင့်ပိုးသီတို့ကို သတိရပြီး ကြက်သီးထသွားသည်။ သူ့လက်ထဲဘာမှမပါ။ မနက်ဖြန်လည်း မေသူနှင့် ချိန်းထားသဖြင့် လက်နက်ပါသော်လည်း ဤနေ့တော့ သူ့ရန်မဖြစ်ချင်။ ထို့ကြောင့်လည်း ချက်ချင်းပြေးထွက်လာမိသည်။

"ဘယ်သူပါလိမ့်"

ကြားလိုက်ရသော စကားသံကြောင့် ပို၍ ခြေသွက်လိုက်ရသလို ပို၍လည်း ကြက်သီးထ ခေါင်းကြီးသွားမိသည်။ အစ်ကိုကြီးအသံပါလား။ ရပ်မလှေ့ရှာမလှေ့အရ ခတ်မီးနှင့်လှမ်းမထိုးလိုက်၍သာ တော်ပေသေးသည်။ အစ်ကိုကြီး ဘာများမေ့ကျန်ခဲ့လို့ မေသူတို့အိမ်ဘက်ပြန်လာပါလိမ့်။ ဘာအရေးကြီးသောပစ္စည်းများကျန်နေခဲ့လို့ပါလိမ့်။ နည်းနည်းပဲလိုသည်။ ညီအစ်ကိုချင်း သတ်မိကြမလို။အစ်ကိုကြီးအသံကြောင့် မနက်ဖြန် မေသူနှင့်တွေ့ရတော့မည်ဟူသောအပျော်များပင် ပျောက်သွားမိသည်။

(ဆက်ရန်)

ဝိုးချို



www.burmeseclassic.com

www.burmeseclassic.com



# ကိုမိုး (ရွှေပြည်သာ)

## စမ္မနဲ့ဝိနယ ပြန့်ကဲ့နေသော တရားပန်းပွင့်တို့၏အဦးအစ

သုဘဒ္ဒက ဆံသမုတ်ဆိတ်ရိတ်ပေးသည့် အလုပ်လုပ်ကိုင်သော ဆတ္တာသည်တစ်ဦး ဖြစ်သည်။ အရွယ်ရောက်ချိန်တွင် အိမ်ထောင်ပြုခဲ့ပြီး သားနှစ်ဦးလူပျိုပေါက်အရွယ်ကာလအရောက်တွင် ဇနီးသည်သေဆုံးသွားခဲ့ရသည်။

လင်နှင့် မယား အတူတူရှိနေစဉ်ကာလက သားများကို ရှင်ပြုရန်ပင်လုပ်ကိုင်ခွင့်မရခဲ့ခြင်းအပေါ် သူနောင်တရမိသည်။ သားအငယ်က ဆယ်နှစ်ကျော်မျှရှိသေးသည်။ သားအကြီးက ဆယ့်သုံးနှစ်အရွယ်ရောက်နေခဲ့၍ သားနှစ်ဦးစလုံးပင် ရှင်သာမဏေပြုပေးခဲ့ကာ မိမိကိုယ်တိုင်လည်း ရဟန်းဘဝကို ခံယူဖြစ်ခဲ့လေသည်။ သားနှစ်ဦးနှင့် သုဘဒ္ဒ ရဟန်းဘဝနှင့်ပင် ဆက်လက်နေထိုင်ခဲ့ကြကာ မိမိတို့နေရပ် အတုမာပြည်၌ သာသနာ့ဝန်ထမ်းများအဖြစ် ဆက်လက်ရှင်သန်ခဲ့ ကြပါ၏။ ယခင်က ကျွမ်းကျင်သော မုတ်ဆိတ်ဆံသ အလုပ်ကို ရဟန်းကိုယ်တော်နှင့်အတူ သားသာမဏေများက သင်တုန်းဓားများကိုင်၍ နယ်လှည့်အလုပ် လုပ်ကိုင်ခဲ့ကြကာ ဝမ်းစာပြည့်စုံစေရေး ရှာဖွေစုဆောင်းမှုများပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နေ့ရက်တစ်ရက်တွင် မြတ်စွာဘုရားသခင်နှင့် နောက်ပါသံဃာတော် (၁၂၅၀) တို့ အတုမာပြည်သို့ ဒေသစာရီ ကြွချီလှည့်လည်ကာ ဆွမ်းခံကြွမည်ဟု သိခွင့်ရသည်။ အတုမာပြည်သို့ ဆွမ်းခံကြွလာမည့် မြတ်စွာဘုရားနှင့် သံဃာတော်များကို သီးစုံဒံပေါက်ဆွမ်းကပ်လှူရန် ရဟန်းကြီးသုဘဒ္ဒ စိတ်အကြံဖြစ်ပေါ်လာရပါသည်။ သို့နှင့် သားသာမဏေ (၂)ပါးနှင့်အတူ သင်တုန်းဓားများအသင့်ယူဆောင်ခဲ့ကြ၍ အိမ်ပေါက်စေ့ မုတ်ဆိတ်ဆံသအလုပ်များကို ကြိုးစားလုပ်ကိုင်ခဲ့ကြသည်။

ဆံသလုပ်အားခများအပြင် ဘုရားအမှူးရှိသောသံဃာတော်များတို့ ဒံပေါက်ဆွမ်းလှူမည့်အကြောင်းပောပြောခဲ့ကြ၍ အလှူခံမှုပြုပါသည်။ သဒ္ဓါတရားထက်သန်သော ဗုဒ္ဓဘာသာဝင်အိမ်အချို့က လှူဒါန်းသမှု ပြုသမျှ အလှူငွေများနှင့် ဆံသလုပ်ငန်းများမှရငွေအားလုံးကို စုဆောင်းခဲ့ကြရာ ဆန်၊ ဆီ၊ ထောပတ်၊ တင်လဲများဝယ်ယူနိုင်သော အသပြာငွေ ထစ်သိန်းစုဆောင်းနိုင်ခဲ့၏။

သည့်လိုနှင့် မြတ်စွာဘုရားသခင် အတုမာပြည်သို့ ဆွမ်းခံကြွမည့်ရက်ကနီးသထက်နီးလာသည်။ သုဘဒ္ဒရဟန်းကြီးက ရွာထဲဝင်၍ ချက်ပြုတ်အကူအညီပေးကြမည့် ယောကျ်ားသားလုပ်အားပေးများကို စည်းရုံး၍ ဖိတ်ခေါ်မှုပြုသည်။ ပြီးနောက် ကျောင်းသခ်မ်း၌ပင် အိုးကြီးအိုးငယ်အသွယ်သွယ်တို့နှင့် ချက်ရန်ပြင်ဆင်လေသည်။ သစ်သီးမျိုးစုံ၊ လိုအပ်သောအသားတို့ကို ပြည့်စုံစွာထည့်၍ ဆန်မွှေးတို့ကို ဖြည့်စွက်ကာ ဒန်ပေါက်ဆွမ်းအဖြစ် ချက်ပြုတ်ခဲ့ကြခြင်း ဖြစ်သည်။ တောထွက်ရဟန်းကြီးကား မည်းနက်သောသက်န်းကြီးကိုရုံ၍ မီးဖိုချောင်ကို ဝင်လိုက်ထွက်လိုက်နှင့် တစ်ညလုံး တကုပ်ကုပ်နှင့် အလုပ်များပြီးစီးအောင်လုပ်နေခဲ့သည်။ အတော်လည်းပင်ပန်းနေပြီဟု ဆိုနိုင်ပါသည်။

တစ်သိန်းတန်သော သားပွဲမ်းထမင်းဖြစ်၍ အတုမာမြို့တွင် အကောင်းဆုံးဆွမ်းဖြစ်သည်ဟု မြတ်စွာဘုရားသခင်က မှတ်တမ်းဟင်းဂုဏ်ပြုမည်ဟုလည်း တွေးရင်းနှင့်မှ ကျိတ်ပြီးဝမ်းသာနေရှာသည်။

နံနက်မိုးသောက်လာခဲ့၍ အလင်းရောင်တို့က အတုမာမြို့လမ်းနှင့်အစီအရီရှိနေသောအိမ်များတွင်တယ်သာယာစွာ ရှိနေရခြင်းကို ပန်းချီကားတစ်ချပ်လို သရုပ်ဖော်လျက်ရှိနေသည်။ နဂိုအနေအထားလှပသောမြင်ကွင်းကို မြတ်စွာဘုရားသခင်နှင့် နောက်ပါ သံဃာတော်များပါ ကြွချီတော်မူလာခဲ့ကြရာ ပိုမို၍ ကျက်သရေတိုးသာယာဝေစည်စွာ တွေ့မြင်ကြရမည်ဖြစ်ပါသည်။

မြတ်စွာဘုရားသခင်နှင့်နောက်ပါ သံဃာတော်များက သုဘဒ္ဒရဟန်းကြီး၏ ကျောင်းတိုက်အဝတွင် ဆွမ်းခံရပ်တန့်ခြင်းမရှိဘဲ မြို့တွင်းဆီသို့ ဆက်လက်ကြွချီတော်မူသွားကြသည်။ ဒံပေါက်ဆွမ်းကို ကြိုးစားပမ်းစားချက်ပြုတ်ပြင်ဆင်နေကြသော ရဟန်းကြီးသုဘဒ္ဒ၏ နောက်ပါတပည့်လူငယ်များက ရဟန်းကြီးထံ အံ့ပြေးအလွှားသွား၍အကြောင်းကြားခဲ့ကြသည်။

“ရဟန်းကြီးသုဘဒ္ဒ၊ မြတ်စွာဘုရားရှင်ကား မြို့ထဲကို ဆွမ်းခံဖို့ဆက်ကြွသွားပါပြီ”

ဟုလျှောက်တင်ကြရာ ကိုယ်တော်ကြီးချက်ပြုတ်နေသည်ကာဘယ်သူ့အတွက်ချက်ပြုတ်ထားပါသလဲဟူ၍ လျှောက်တင်ခဲ့ကြရာ မီးဖိုချောင်တွင် အလုပ်ရှုပ်နေရရှာသော သုဘဒ္ဒရဟန်းကြီးတွေဝေသွားသည်။ ညဥ့်ဦးကတည်းက ဝတ်ဆင်ထားသော မည်းမည်းညစ်ညစ်သင်္ကန်းနှင့်ပင် ယောက်မတစ်ဖက် ဇွန်းကြီးတစ်ဖက်ကိုင်လျက် မြတ်စွာဘုရားသခင်ထံသို့ သူအပြေးအလွှားလိုက်သွားသည်။

မြတ်စွာဘုရားသခင်၏ရှေ့တော်မှောက်အရောက်တွင် ဒူးတစ်ဖက်ကိုသာမြေမှာထောက်နိုင်ပြီး အဆင်ပြေသလိုလက်အုပ်ချီမိုးခဲ့ကာ -

“မြတ်စွာဘုရား၊ တပည့်တော်၏ဆွမ်းကိုခံယူတော်မူပါဘုရား”

ဟူ၍ လျှောက်ထားမှုပြုလေသည်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုဘဒ္ဒရဟန်းကြီးအား ဆွမ်းဖြစ်ပေါ်လာရပုံကို အစမှအဆုံး မေးမြန်းစိစစ်တော်မူလိုက်ပြီး -

“တရားတော်နှင့် မညီညွတ်သောဆွမ်းဖြစ်သည်”

ဟု မိန့်တော်မူပြီး အတုမာမြို့တွင် အခြားအိမ်များသို့ ဆွမ်းခံကြွရန်ခရီးဆက်ကြွချီတော်မူပါသည်။

ချီးမွမ်းခံရမည်ဟု မျှော်လင့်ထားသော အကောင်းဆုံးဆွမ်းသည် ယခုတွင်မူ မတရားဆွမ်းအဖြစ် လှူပုံအလယ်တွင် ကဲ့ရဲ့ရှုတ်ချခြင်းခံခဲ့ရသည်။ ကြိုတင်လျှောက်ထား၍ ပြင်ဆင်မထားခြင်း၊ ပေရေညစ်နွမ်းသော ဝတ်စားဆင်ယင်မှုတို့နှင့် ဆွမ်းလောင်းရန်ကြိုးစားခြင်း၊ ဘုရားရှင်နှင့် သံဃာတော်များအား ခရီးလွန်ကာမှ ဆွမ်းကပ်ရန်လုပ်ဆောင်ခြင်းတို့သည် ဆွမ်းလှူဒါန်းမည့်သူ၏ ချို့ယွင်းချက်များဖြစ်သည်ဟု သုဘဒ္ဒ နားမလည်ဘဲ ရင်နာစွာခံစား၍ အငြိုးအတေးစိတ်ဖြစ်ပေါ်ရသည်။

အလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင်ဟု ဝန်ခံထားပါလျက် သူဆွမ်းချက်နေသည်ကိုမသိရသလော။ အကယ်၍ ဆွမ်းကိုမခံယူလိုပါမူ တပည့်သံဃာတော်တစ်ပါး သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် သူ့ထံသို့ အကြောင်းကြားကြိုတင်ပြောဆိုထားသင့်သည်ဟု ယူဆခြင်းလည်း ဖြစ်ပေသည်။

ယခုမူ စုဆောင်းထားသမျှပစ္စည်းဥစ္စာတို့ အချည်းနှီးဆုံးရှုံးရလေပြီ။ ရှာဖွေထားခဲ့ရသော ဆံသလုပ်အားခနှင့် အလှူငွေများကို ဆွမ်းမချက်ပြုတ်ပါဘဲ ကိုယ်တိုင်စားသုံးနေခဲ့လျှင် တစ်သက်လုံးစာမျှကို နေထိုင်စားသောက်၍ မကုန်ဘဲရှိမည်ကို စဉ်းစားမိသည်။ ဤဆွမ်းများကို ဂေါတမမြတ်စွာဘုရားက ဖျက်ဆီးပစ်ခဲ့ပြီဖြစ်၍ ငါ၏အကျိုးစီးပွားပျက်ခြင်းကို လုပ်ဆောင်သူဖြစ်သည်ဟု သုဘဒ္ဒ မှတ်ချက်ပြုလိုက်ပါ၏။

သုဘဒ္ဒရဟန်းကြီးက ထိုအဖြစ်အပျက်ကို တစိမ့်စိမ့်တွေးရင်း မြတ်စွာဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ကာ အမုန်းသံသရာအကြွေးဆပ်ရန် ကြံစည်နေမိတော့သည်။

■

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ပြီး ခုနစ်ရက်မြောက်နေ့တွင် မလ္လာမင်းတို့မှ အလောင်းတော်ကို မီးသဂြိုဟ်ရန် နံ့သာထင်းပုံကို စတင်မီးစွဲစေလိုက်ကြပါ၏။ နံ့သာထင်းပုံသည်ကား ချက်ချင်းမီးစွဲလောင်ခြင်းမရှိချေ။ ဣသိနာရုံပြည်သား မလ္လာမင်းတို့က အရှင်အနုရုဒ္ဓါကိုယ်တော်အား -

“အရှင်ဘုရား၊ မြတ်စွာဘုရားသခင်၏ အလောင်းတော်ထားရာ နံ့သာထင်းပုံကို မီးတိုက်သော်လည်း အဘယ်ကြောင့်မီးစွဲလောင်ခြင်းမရှိပါသနည်း”

ဟု မေးလျှောက်တော်မူရာ

www.burmeseclassic.com

www.burmeseclassic.com

အနုရုဒ္ဓါမှ -

"အို-မလ္လာမင်းတို့၊ အရှင်မဟာကဿပကိုယ်တော်သည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ နောက်ပါရဟန်း သံဃာ (၅၀၀) နှင့် အတူကြွချီတော်မူလျက်ရှိပါ၏။ အရှင်မဟာကဿပသည် မြတ်စွာဘုရားရှင်၏ခြေတော်ကို ဦးခိုက်မရှိခိုးရသေးပါ။ ကိုယ်တော်ကြီး မရောက်ရှိသေး၍ နံ့သာထင်းပုံမှာ မီးမလောင်ရခြင်း ဖြစ်လေသည်"

မိန့်တော်မူပါသည်။

■

ငါးရာမျှသောတပည့်ရဟန်းများနှင့် ပရိသတ်တို့ခရီးပန်းခဲ့ပြီဖြစ်၍ အရိပ်ရသောသစ်ပင်ရိပ်တစ်ခုတွင် အရှင်မဟာကဿပကိုယ်တော်ကြီးကနားနေတော်မူရန်မှာကြားလိုက်သည်။ အဇီဝကဘက္ကတွန်းတစ်ယောက်သည် မန္ဒာရဝနတ်ပန်းကို ထီးအဖြစ်ဆောင်း၍ ကုသိနာရုံဘက်မှ ပါဝါပြည်သို့လာနေသည်ကို အရှင်မဟာကဿပကိုယ်တော်တွေ့မြင်လိုက်ရသည်။

"ငါ့ရှင်၊ ငါတို့၏ဆရာ မြတ်စွာဘုရားသခင်ကိုသိပါ၏လော"

ဟု လှမ်းမေးလိုက်ပါသည်။

ထိုအခါ အဇီဝကတက္ကတွန်းက-

"ဩော် - သင်တို့ဆရာကိုငါသိပါ၏။ အသင်တို့၏ဆရာဂေါတမပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ဆိုလျှင် ခုနစ်ရက်မျှရှိပါပြီ။ ထိုပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤမန္ဒာရနတ်ပန်းကို အကျွန်ုပ်ယူ၍လာခဲ့ရပါသည်"

ဟု ပြန်လည်ရှင်းလင်းပြပါသည်။

ထိုစကားရပ်ကို ကြားသိရသောအခါ ရာဂမကင်းသေးသော ရဟန်းတို့သည် မတ်တတ်မှလဲ၍ လူးလိမ့်ငိုကြွေးကြကုန်၏။

ရာဂကင်းပြီးသော ရဟန်းတို့သည်ကား-

"သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ဤသင်္ခါရတရား၌မမြဲခြင်းသဘောကို အဘယ်မှာရနိုင်သနည်း"

ဟု အောက်မေ့ဆင်ခြင်ကြလျက်စိတ်ကိုဖြေ၍ ဓမ္မသံဝေဂရယူကြလေသည်။

သုဘဒ္ဒအမည်ရသောတောထွက်ရဟန်းကြီးသည် အရှင်မဟာကဿပ၏ တပည့်ရဟန်းပရိသတ်များနှင့် မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်အတူပါရှိလာသူတစ်ဦးဖြစ်ပါသည်။ သူက ဗုဒ္ဓဘုရား



ရှင်အပေါ် အမုန်းမပြေနိုင်ဘဲရှိနေရာ လူးလိမ့်ငိုကြွေးနေသော ရဟန်းတို့ကိုဝင်၍ ရှင်းလင်းပြောကြားသည်မှာ -

"ငါ့ရှင်တို့ မငိုကြကုန်လင့်။ အငိုတိတ်ကြကုန်လော့။ ယခုအခါ ငါတို့သည် ရဟန်းကြီးဂေါတမ၏လက်အောက်မှ လွတ်မြောက်ကြပေပြီ၏။ ရဟန်းကြီးဂေါတမသည် ငါတို့ကိုအရာရာချုပ်ချယ်ခဲ့၏။ ယခုမှုကား ငါတို့ပြုလိုရာကို ပြုကြကုန်အံ့။ မပြုချင်ပါကလည်း မပြုဘဲနေကြကုန်အံ့"

ဟု အသံကျယ်ကျယ်နှင့်အော်ပြောလိုက်၏။

တောထွက်ရဟန်းကြီး သုဘဒ္ဒ၏ စကားလုံးများသည် အရှင်မဟာကဿပ၏ အသည်းနှလုံးကို လှံအစင်းတစ်ရာဖြင့် ထိုးဆွလိုက်ဘိသကဲ့သို့ဖြစ်ရပါ၏။ နွေလယ်၌ မိုးကြိုးပစ်ချခြင်းခံရသကဲ့သို့လည်း မမျှော်လင့်သောစကားများကြားခွင့်ရပါ၍ အံ့ဩတုန်လှုပ်တော်မူရလေသည်။

အရှင်မဟာကဿပ၏စိတ်အကြံတို့ကား ပြတ်သားသောဆုံးဖြတ်ချက်တို့ကိုဦးတည်၍ မိမိကိုယ်မိမိဆုံးမသောစကားရပ်တို့ဖြင့် တဒင်္ဂငေးငိုင်တွေဝေသွားခဲ့ချေပြီ။

ဩော် - ပြောမှပြောရက်ပါလေ။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံသည်မှာ ခုနစ်ရက်မျှသာရှိသေး၏။ မြတ်စွာဘုရားသခင် ပင်ပန်းကြီးစွာ အားထုတ်တည်ထောင်တော်မူခဲ့ရသော သာသနာတော်တွင် ရန်ဆူးငြောင့်များပေါ်ပေါက်ရသည်က မြန်ဆန်လွန်းလှပါတကား။ သာသနာ့အသေးအမွှားအမှိုက်သရိုက်တို့သည် ကာလရှည်ကြာသဘောတူ၍ စုပေါင်းခဲ့ကြသော် ဗုဒ္ဓသာသနာကိုပင် ဆုတ်ယုတ်စေနိုင်ရာ၏။ မြတ်စွာဘုရား ဟောတော်မူသော တရားဒေသနာတော်တို့သည် လက်ရှိတွင် မသီကုံးရသေးသောပန်းပုံကြီးသဖွယ်ဖြစ်၍နေတုန်းပင်ဟု ဆိုရပေမည်။ ပန်းပွင့်များ ဖရိုဖရဲပြန့်ကျဲရာမှ လွင့်စဉ်ပျောက်ပျက်ခဲ့သော် ဝိနည်းသိက္ခာပုဒ်များ၊ သုတ္တန်တရားနှင့် အဘိဓမ္မာတရားတို့ တဖြည်းဖြည်းပျောက်ပျက်ဖွယ်ရာရှိ၏။ သာသနာမကွယ်ပစေရန် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်အံ့။ ထိုသို့သင်္ဂါယနာတင်ပြီးသောအခါတွင်မှ ဓမ္မနှင့်ဝိနယတို့သည် ခိုင်ခံ့သောကြိုးနှင့် သီကုံးထားသော ပန်းခိုင်ကြီးအဖြစ် ခိုင်မြဲရလတ္တံ့။ အကျင့်သိက္ခာဖြူစင်သည်ဟု သိရှိယုံကြည့်တော်မူသော မြတ်စွာဘုရားရှင်သည် ငါ့အား (၃) ဂါဝုတ်ခန့်ခရီးကို ခြေကျင်ကြွမြန်း၍ ဝတ်ရုံနှစ်ထပ်သင်္ကန်းကိုပင် ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ဤသင်္ကန်းတော်မြတ်ကြီးသည် အဓမ္မဝါဒီတို့ကို ချေမှုန်းတိုက်ခိုက်သော ချပ်ဝတ်တန်ဆာဖြစ်၏။ ငါသည်လည်း ဤချပ်ဝတ်တန်ဆာဖြင့်တရားသောစစ်ပွဲကို အောင်ပွဲခံအံ့ဟု အတွေးသန္နိဋ္ဌာန်ချလိုက်မိပေသည်။

ခေတ္တခဏ နားနေခွင့်ရချိန်ကို အတွေးနယ်ချဲ့နေ၍ မဖြစ်လေရကား အရှင်မဟာကဿပကိုယ်တော်ကြီးမှ ခရီးဆက်ရန် နောက်ပါသံဃာတို့ကို အသိပေး အကြောင်းကြားလိုက်သည်။

"ဓမ္မဘက်တော်သား သံဃာတော်အပေါင်းတို့၊ ခရီးပန်းသော်လည်း ကုသိနာရုံကို ခပ်သွက်သွက်ပင် ခရီးဆက်ကြပါစို့"

ကုသိနာရုံတွင် အရှင်အနုရုဒ္ဓါ၊ သံဃာတော်များ၊ မလ္လာမင်းသားနှင့် ပရိသတ်အပေါင်းတို့ စောင့်ကြိုလင့်နေကြသလို သာသနာ့ဝန်ထမ်းရဟန်းတော်တို့၏ဓမ္မနှင့်ဝိနယပြန့်ကျဲနေသောတရားပန်းပွင့်တို့၏ အရေးကိစ္စတာဝန်များကလည်း မပျက်မကွက် ခရီးဆက်ရန်ရှိနေသည်ဖြစ်ရာ. . . ။

ကိုမိုး(ရွှေပြည်သာ)

ကျမ်းကိုး -

သကျသီဟ ဓမ္မာစရိယ၊ ပါဠိရုဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

## (ရှင်ကိုးအားမြဲစေသား)

### ဟန်ချက်



"ဘာတုံး ဒါ"

"ကန်တော့တာပါ ဆရာ"

လိပ်ထားသော ကျွတ်ကျွတ်အိတ်လေးကို လှမ်းယူကိုင်သည်နှင့် သိလိုက်ပါသည်။

"များလှချည်လား"

"မများပါဘူး ဆရာ၊ သုံးသိန်းထဲပါ။ ဆရာလုပ်ပေးလို့ လက်ပေါက်ကတ်တဲ့အကြွေးတွေ တော်တော်လေးပြန်ရလိုက်လို့ပါ"

"ဩော်. . . အဲဒီဆင်ပြေရင်ပြီးတာပဲ။ အဲသလောက်မလိုပါဘူး"

"သူတို့က သူတို့အိမ်ရောင်းထွက်မှ ကျွန်တော်တို့အကြွေးကို ပြန်ပေးနိုင်မယ်ပြောထားတာဆရာ။ သူတို့အိမ်ကလာမေးတဲ့သူတစ်ယောက်လာရင် တစ်ခါဈေးတက်တယ်။သုံးနှစ်တောင်ပြည့်တော့မယ်။ ခုဆရာခိုင်းတဲ့အတိုင်းလုပ်တော့မှ ဒီနှစ်လ၊ သုံးလအတွင်း သူတို့အိမ်ရောင်းထွက်ပြီးပိုက်ဆံတွေပြန်ရတာ။ ဒါ့ထက်ပြီးနှစ်ရာပ်ပြန်ပေးတယ်။ နောက်သိန်း (၇၀) က ရှေ့အပတ်ထဲမှာထပ်ပေးမယ်လုပ်သေးတယ်။လူတွေကစားနိုင်သောက်နိုင်ပါတယ် ဆရာရယ်။ သက်သက်ကတ်နေတာပါ။အဲ-အဲလို့လေးတွေအဆင်ပြေသွားတော့ ဆရာ့ကိုဦးဆုံးလာကန်တော့တာပါ"

"ဩော်-ဝမ်းသာတယ်နော်"

"ဟုတ်ကဲ့ - ဟို (၇၀) ကျန်သေးတော့ ဆရာခိုင်းတဲ့အတိုင်း ဆက်လုပ်ရဦးမှာလားလို့"

"လုပ်လေ၊ ဆက်လုပ်ပါ။ ကျွန်တော်ပြောတာနဲ့ အကျိုးပေးနေတာပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အဲဒါလည်း မေးချင်လို့ပါ ဆရာ"

"ဟုတ်ကဲ့ပါ"

■

ပြုံးရွှင်စွာ ထပြန်သွားကြသော ဇနီးမောင်နှံအားပြုံးကြည့်ပြီး မေတ္တာပို့နေစဉ် အခန်းထဲမှထွက်လာသော သားမင်းပြည့် အနားလာကပ်ထိုင်လိုက်၏။

"အဖေ"

"ဟေ"

"သူတို့ကို သားမှတ်မိတယ်။ အန်တီညီပြောင်းလာပို့တဲ့နေ့ သားတောင် အတူတူပဲလားလို့မေးလိုက်သေးတယ်။ ဒီဦးလေးကြီးတွေပဲ ဟုတ်တယ်ဟို. . . ကျန်သွားတဲ့စာအုပ်ထဲမှာ သူမှတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ကုန်သွားသောစာအုပ်ညွှန်အား သားဟိုလှန်ဒီလှန်လုပ်နေ၏။ တော်တော်ရှေးကြည့်ပြီးမှ -

"အဖေ သားသိလူ သူ့နာမည်"

"ဦးကြည်စိုး"

"အေ-ဟုတ်တယ်၊ ဒီမှာ တွေ့ပြီ။ ပြီးခဲ့တဲ့ သားသကျော်ကျော်လောက်ပဲရှိဦးမယ်။ ငါးလပိုင်းကလာထားတာ ဒီမှာ"

သားပြ၍ကြည့်လိုက်၏။

"အေး - ဟုတ်တယ်၊ သူတို့လင်မယားပဲ"

ကျွန်ုပ်၏မျက်လုံးတို့ သားဘက်ကြည့်လိုက်ပြီးပြောမည်ပြုစဉ် ကလေးတစ်ယောက် စူးစူးဝါးဝါးအော်ငိုသံကို ကြားလိုက်ရ၏။ လမ်းထဲမှာဆော့နေကြရာမှထွက်လာသောအသံဖြစ်၏။

"သားနားထောင်ကြည့်၊ ဒီလိုအားရပါးရအော်ငိုကြဖူးလား ဒီကလေးတွေ"

"မငိုဖူးဘူး အဖေ"

"ခု သားပြောနေချိန်မှာ လမ်းကအသံထွက်လာတာကြည့်။ အခါကရော"

ပြောတာမှန်တယ်။ ဆက်သွယ်ချက်ရှိတယ်။ ဒါဖြင့် အဖေမေးမယ်။ အခိုက်ပေါ်တယ်ဆိုတာ အကောင်းပေါ်တာလား"

"မဟုတ်ဘူး အဖေ၊ အကောင်းပေါ်တာမဟုတ်ဘူး"

"အေး- သားသိချင်တာ အဲဒါပဲ။ သူတို့လာတုန်းက အင်္ဂါအခါမှာ စနေနဝင်းနဲ့။တကယ်လို့များ အဖေက စနေနံတစ်ခုခုကို အစီအရင်ပေးလိုက်မယ်ဆိုရင် ဟော-ခိုက်နေတဲ့ တနင်္လာပေါ်လာ



"ဒီမှာလေ၊ သားတောင် ဘော်ပင်နဲ့ဝိုင်းထားတယ်။ အင်္ဂါအခါကို"

"ဟုတ်တယ်လေ"

"ဒီနေ့မြင်ရတဲ့ မြင်ကွင်းကြောင့် အဖေ့ကိုမေးကြည့်ချင်လာပြီ။ စပ်စုတာမဟုတ်ဘူးနော်။ သားကသင်ယူတာ"

"အမယ် - ငါ့သားက. . ."

"ဟုတ်တယ်၊ ဒီအင်္ဂါအခါမှာ သူတို့ကို စနေနံတစ်ခုခုတင်လှူတာမျိုး၊ စီရင်လိုက်တာမျိုးမဟုတ်ဘဲ ဘာဖြစ်လို့ ခွေးတွေ၊ ငှက်တွေ၊ ငါးတွေကျွေးခိုင်းခဲ့တာလဲလို့ နဝင်းနဲ့ အခိုက်နဲ့ ဆက်သွယ်ချက်ရှိတယ်လေ အဖေ"

"သားပြောတာ ဟုတ်တယ်။ နဝင်းနဲ့အခိုက်ဆိုတာ ဆက်သွယ်ချက်ရှိတယ်။ နဝင်းကို ထိလိုက်တာနဲ့ အောက်ကခိုက်နေတဲ့အခိုက်က တန်းပေါ်လာတာ"

"ဟုတ်တယ်၊ အင်္ဂါအခါပဲ အဖေ။ ဒီနေ့ တနင်္လာနေ့ အခု (၁၁) နာရီခွဲနေပြီ"

"အေး - အဲဒါပဲ"

သားခမ်းဆွဲတွေတွေလေးဖြစ်သွားပြီး ကျွန်ုပ်ကိုကြည့်နေ၏။

"သိပ်နားမရှင်းဘူး"

"သားပြောတာ ဟုတ်တယ်လို့။ ဒီအခါမှာ တနင်္လာခိုက်သံကြားမှာပဲ၊ မြင်မှာပဲ။ ဒါဖြင့် သား ခုအဖေ့ကိုမေးသလို စနေနံတစ်ခုခုတင်လှူတာမျိုး။ ဥပမာ ထီးစိုက်လှူတာ၊ ဖယောင်းတိုင်(၇)တိုင် ထွန်းလှူတာ။ ဒါမှမဟုတ် ထန်းလျက်ဆွမ်း၊ နို့ဆွမ်း၊ ထောပတ်ဆွမ်းကပ်လှူခိုင်းတာ တစ်ခုခုလှူခိုင်းမယ်ဆိုရင် ဒီတနင်္လာအခိုက်ဟာပေါ်လာမှာပဲ။ သားမှာပဲ။ ပေါ်လာမယ်ဆိုတာ ပြဿနာနေပြီငွေပြဿနာပေါ်လာမယ် ပြောတာ။ အခိုက်ပေါ်မှတွေ့ ပိုက်ဆံမရတော့ဘူး။ ဒီငွေနဲ့ပတ်သက်ပြီး သူတို့မှာစိတ်သောကရောက်စရာတစ်ခုခုပေါ်လာမှာ၊ အဲဒါပေါ်လာမှာပဲ"

"ဩော်. . . အခိုက်သတ္တိပေါ်လာမှာကိုး"

"ဟုတ်တယ်၊ အခိုက်သတ္တိပေါ်လာမှာ။ ငွေပြဿနာဆိုတာ အမျိုးမျိုးရှိတယ်။ သူတို့ဆီမှာ လူတစ်ယောက်လာပြီးငွေချေးတာမျိုးဆိုရင်လည်း ဒါအခိုက်တနင်္လာကိစ္စပေါ်တာပဲ။ ပြီးတော့ သူတို့ရစရာရှိတဲ့ ငွေကိစ္စကိုသွားပြောလို့ မပေးနိုင်သေးဘူးဆိုပြီး ပြဿနာလုပ်လိုက်ရင်လည်း ဒါငွေနဲ့ပတ်သက်တဲ့ ပြဿနာပေါ်တာပဲ။ ဒါလိုမှမဟုတ်ဘဲ တစ်ဦးဦး

www.burmeseclassic.com

www.burmeseclassic.com

ငွေနဲ့ပတ်သက်ပြီး ပြဿနာဖြစ်နေတာကို သူတို့ဆီမှာလာပြောရင်လည်း ဒါငွေပြဿနာပေါ်တာပဲ။ပေါ်ပုံပေါ်နည်းတွေတော့ မတူဘူးပေါ့ သားရယ်။ ဒါကြောင့် အဖေစဉ်းစားလိုက်တယ်။ နဝင်းနဲ့ဖော်ယူရင် အခိုက်တော့ပေါ်လာမှာပဲ။ ဒါပေမယ့် သူတို့မှာ ငွေနံ့တွေတအားပျက်ပြီး ရမယ့်ငွေတွေတောင် မရဖြစ်နေကြတာ။ ပေါ်လာမယ့် အခိုက်တနင်္လာနံက အကောင်းမပေါ်ဘဲ အဆိုးကိုပုံပိုးလိုက်ရင်၊ အဆိုးကို အားဖြည့်လိုက်ရင်ဆိုပြီး အဖေတွေးရင်းနဲ့ ခွေးတွေ၊ ငှက်တွေ၊ ငါးတွေစကျွေးခိုင်းတော့တာပဲ။ တော်တော်ကို ထိထိရောက်ရောက်ရက်ရှည်လများ မပြတ်ကျွေးခိုင်းတာ။ သူတို့ကလည်း ကျွေးလို့ရမယ့်နေရာတွေမှာကို ရှာကြံကျွေးတာ"

"အနိဋ္ဌကို အနိဋ္ဌလုပ်လိုက်တာနော် အဖေ"

"ဟုတ်တယ် အဲဒါ အမှန်ပဲ။ ဒါပေမယ့် နဝင်းတော့ အဖေလက်မလွှတ်ဘူး။ ခွေးကျွေးတိုင်း၊ ငှက်ကျွေးတိုင်း၊ ငါးတွေကျွေးတိုင်း 'နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ကို ပါးစပ်က မပြတ်ရွတ်ပြီးကျွေးခိုင်းတယ်။ ဘုရားရှိခိုးပြီးကျွေးနေတဲ့သဘောပဲ။ အဖေစဉ်းစားတယ်လေ။ နွံထဲမှာနစ်နေတဲ့လူတစ်ယောက်ကို လက်ပဲလှမ်းဆွဲလိုက်ရင် လက်ပြုတ်ပါလာနိုင်တယ်။ လူချည်းကျန်ခဲ့မှာပဲ။ ဒီနွံက သူ့မှမရုန်းနိုင်ဘဲ။ ဒီတော့ သူ့ကိုဆွဲကူရင် သာသာလေးပါလာနိုင်တဲ့နည်းလမ်းကို အဖေစဉ်းစားရပြီပေါ့။ ပျဉ်ပြားခံချင်ခံမယ်။ ဝါးလုံးထိုးထားပေးရင် ထိုးထားပေးမယ်။ ဒါက သူ့အတွက် လှုပ်လို့ရအောင်။ လှုပ်လို့ရလာပြီဆိုရင် သာသာလေးဆွဲတင်လိုက်ရုံပဲ၊ ဒီသဘောပဲ သား"

သားအတော်သဘောကျသွား၏။ ပြီးခဲ့သောငါးလပိုင်းက ကိုကြည်စိုးလာတွက်ခဲ့သည့်စာမျက်နှာကို သေချာစိုက်ကြည့်ပြီး ခေါင်းလေးတညိတ်ညိတ်နှင့် ပြုံးကြည့်လိုက်၊ ဖအေကိုကြည့်လိုက်လုပ်နေ၏။

"အဖေ ဟိုတုန်းကတော့မစဉ်းစားဘူးပေါ့ သားရယ်။ နဝင်းကိုနိုင်အောင်ကိုင်နိုင်ရင် အခိုက်ပေါ်တာပဲဆိုပြီး နဝင်းမှာရှိတဲ့နံတွေကို အတော်စီရင်ခဲ့တာ။ ကြာလာတော့ ဘဘဦးသန့်ဇင်က ဟော့ကောင် မင်းလုပ်တာကဆွဲတင်တာလား၊ ပို့နှစ်တာလားတဲ့။ အဖေသဘောမပေါက်ဘူး။ အဖေသဘောမပေါက်မှန်းသိတော့ ဆရာကလွှတ်ပေးထားတယ်။ ဘာမှမပြောဘူး။ အဲဒီမှာ ဘာစကြုံလာလဲဆိုတော့ စနေအခါမှာ လာတဲ့ တနင်္လာသား မောင်ကိုဆိုတဲ့ လူငယ်လေးကို ခတ်ရိုက်လိုက်တာကြုံတာပဲ။ သူက တနင်္လာ။ ခရီးသွားချင်လို့လာတာ။ နဝင်းမှာ ဗုဒ္ဓဟူးရှိတယ်၊ ဟာ-အတော်ပဲ တနင်္လာရဲ့မိတ်လည်းဖြစ်တယ်။ ဟန်ကျလိုက်တာဆိုပြီး သူအိပ်တဲ့ခေါင်းအုံးမှာ ရွှေရောင်သုတ်ထားတဲ့ပန်းအိုးနဲ့ ရွက်လှအလိမ်တွေထိုးထားခိုင်းလိုက်တယ်။ အဲဒီလိုလည်းလုပ်လိုက်ရော"

"အောက်က သောကြာပေါ်လာတာပဲပေါ့"

"အေး-ပေါ်လာတာပဲ။ ဒါပေမယ့် ခရီးဂြိုဟ်မဟုတ်ဘူး။ သူတို့မိသားစုထဲမှာ မခေါ်နိုင်မပြောနိုင်တာတွေဖြစ်၊ ရန်တွေလိုဖြစ်ကုန်တော့တာပဲ။ အဲဒီလိုဖြစ်နေတာကိုလာပြောတော့ အဖေလည်း ဆရာ့ဆီပြေးရတာပေါ့။ ဆရာက အေး- မင်းအခုလက်တွေ့ကြုံရပြီမို့လားတဲ့။ ဆွဲတင်တာလား၊ ပို့နှစ်တာလားတဲ့။ အဖေက ဆွဲတော့တင်တာပဲဆရာ။ ပို့နှစ်သလိုဖြစ်သွားတယ်လို့ ဝန်ခံတော့မှ အေး- ခရီးဂြိုဟ်ဖော်ချင်ရင် ခရီးဂြိုဟ်ကောင်းလား၊ မကောင်းလားကို အရင်ကြည့်ရမှာ မင်းအလုပ်။ ကြားရတဲ့နိမိတ်သံကအစ မင်းဂရုစိုက်ရမယ်။ လာမေးသူရဲ့ဟန်ပန်အမူအရာကအစ မင်းအကဲခတ်နိုင်ရမယ်။ ဒီလိုမှမလုပ်နိုင်ရင် မင်းနဝင်းကိုသွားမထိနဲ့တဲ့။ တစ်ဖက်သားကို ဒုက္ခပေးသလိုဖြစ်သွားမယ်တဲ့။အဲဒီအချိန်ကစပြီး နဝင်းနဲ့အခိုက်ကို အဖေ သတိနဲ့စီရင်ခဲ့တာခုထိပဲ သား။ ဆရာ့စကားတစ်ခွန်းပဲ"

"ဘာပဲဖြစ်ဖြစ်နော် အဖေ။ ရန်ကတော့ပေါ်လာတာပဲ။ သောက အတွင်းရန်တော့တန်းပေါ်လာတာပဲ။ ဘယ်လိုမှရှောင်လို့မရနိုင်ဘူး"

"ဘယ်ရနိုင်မလဲ သား။ ခရီးဂြိုဟ်သောကြာကိုမှဂရုမစိုက်မိလိုက်တာကိုး"

၄ နဝင်း-ရွက်လှနှင့်
၁ ရွှေအိုးအစီအရင်ကြောင့်
၃
သောရီအခါ ၀
၇
၆ အခိုက်သောကြာပေါ်လာခဲ့ရသည်
၂

*(သောရီအခါတွင် ဗုဒ္ဓဟူး နဝင်းကို စီရင်လိုက်လေရာ တနင်္လာသား မောင်ကို အတွက် အတွင်းအတူနေသူများနှင့် မကျေလည်မှုများအလျှိုအလျှိုဖြစ်လာရတော့၏။ ပေါ်လာသည့်သောကြာသည် တနင်္လာသားမောင်ကိုအတွက် သောက (၆-၂) အတွင်းရန်ဖြစ်လေရာ)*

"အဖေ ခတ်ရိုက်တာ များသွားတော့ ဘဘကဆူမှာပေါ့နော်"

"ဆူတာပေါ့၊ ဒါမှလည်း အဖေနားဝင်မှာလေ။ တစ်ချက်ထဲကိုစွဲသွားတာပဲ။ ချက်ချင်းမသင်ပေးဘူး၊ လွှတ်ပေးထားလိုက်သေးတယ်။ ပြီးတော့မှ လက်တွေ့သင်တာ။ ဒါကြောင့် အဲဒီအချိန်ကစပြီး အကြောင်းအရာတစ်ခုကို ချက်ချင်း မဆုံးဖြတ်ဘဲ ရှုထောင့်အမျိုးမျိုးက ဆင်ခြင်သုံးသပ်နိုင်တဲ့အသိအမြင် အဖေရလာခဲ့တာပေါ့။ ဘဘကျေးဇူးဘယ်လောက်ကြီးလဲ"

"ဟုတ်တယ်နော် အဖေ"

"အဖေတို့နဲ့ သင်ဖော်သင်ဖက်တစ်ယောက်ရှိတယ်။ သူက တစ်နေ့အဖေနဲ့ဆုံတော့ ပညာခန်းအကြောင်းပြောရင်း သူဟာ ကိစ္စတစ်ခုအကြောင်းပြောလာတယ်။ သူလည်း ဆရာတို့နားက စိန်ပန်းမြိုင်မှာနေတာပဲ။ သူဟာ ဗုဒ္ဓအချိန်မှာ စက်ပစ္စည်းတစ်ခုဝင်စရာရှိတဲ့လူကို အကူအညီပေးလိုက်တယ်တဲ့။ စက်ပစ္စည်းကို လူတစ်ယောက်ဆီကရမယ့်ကိစ္စ၊ ရဖို့ရှိပြီးမရတဲ့လူက သူ့ဆီသွားတာပေါ့။ နာမည်တော့မေ့နေပြီ။ သူက အုန်းသီးတစ်လုံးကို အရှေ့မြောက်အရပ်က မြင့်တဲ့နေရာတစ်နေရာမှာတင်ခိုင်းလိုက်တယ်။ ဘာမှလုပ်စရာမလိုဘူး။ ဒီအတိုင်းတင်ထားရုံပဲ။ ဟိုလူကလည်း လုပ်တယ်"

"ရလား အဖေ"

"အဲဒီစက်ပစ္စည်းက ပေးမယ့်လူလက်ထဲမှာတင်အခိုးခံရလို့ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး"

"ဟာ - အင်္ဂါကို ခတ်ထိတော့ ထိတယ်နော်။ လုံးဝထိသွားတယ်။ ဒါပေမယ့် အင်္ဂါအဝင်မဟုတ်ဘဲ အင်္ဂါအထွက်ဖြစ်သွားတယ်"

"အဲဒါကိုသူခဏခဏပြောတယ်။ နောက် သူဒီလိုပဲမြေကိစ္စလုပ်ပြန်ရော။ မြေက အမွေဆိုင်မြေ။ ရချင်တဲ့လူကလာခတ်ရိုက်တာပေါ့။ မြန်မြန်ရောင်းထွက်ပြီး အဆင်ပြေအောင်ပေါ့။ အခါ သောကြာအခါ။ သူက ဇလုံထဲကိုရေသီးတွေထည့်ပြီး အရှေ့တောင်ထောင့်မှာ

www.burmeseclassic.com

www.burmeseclassic.com

စင်ရိုက်ပြီးတင်ခိုင်းလိုက်တယ်။ ဟိုလူကလည်း မြေရချင်တော့ လုပ်တာပေါ့။ မြေက မြန်မြန်ရောင်းထွက်ပြီး ငွေပဲရရ၊ မြေကိုပဲပိုင်းမြီးရရ၊ မြေရချင်တော့လုပ်တာပေါ့။ သူလည်း ခါတ်ရိုက်ပြီးရောသူတို့မောင်နှမတွေမြေမှုထဲဖြစ်တော့တာပဲ။ အဲဒီမြေပဲ။ ဟိုကမရောင်းဘူးဒီကရောင်းမယ်နဲ့ အမှုဖြစ်တဲ့အထိ ဖြစ်ကုန်တော့တာပဲ"

"ဟင်း-ပေါ်တော့ပေါ်လာတာပဲ။ မြေခိုက်ကုန်တယ်နော် အဖေ"

"ဟုတ်တယ် - အများကြီး သတိထားရတယ် သား။ ဘာလို့လဲဆိုတော့ သူက အင်ဝိဇ္ဇာခရာစောက်တိုင်မှာကိုကခိုက်နေရာလေ။ ဒီတော့ အတောင်းမပေါ်နိုင်ဘူး၊ အခိုက်ပဲပေါ်မယ်။ ဒါဖြင့် လိုချင်တာကလည်း ဒီအခိုက်ထဲကကိစ္စဖြစ်နေပြီဆိုရင် အဲဒီအခိုက်ကိုပဲရအောင်ဖော်ယူရတော့မယ်။ ဒီနေရာမှာ ဘယ်လိုမှသင်ယူလို့မရနိုင်တာက အတွေ့အကြုံပဲ သား။ သင်တာက ပညာလမ်းကြောင်းအတိုင်းပဲသင်လို့ရမယ်။ လုပ်ဖို့လည်းလွယ်တယ်။ ဒါပေမယ့် တကယ်အကျိုးရှိအောင်လုပ်နိုင်ဖို့တော့လိုမယ်။ အခိုက်ကို မထိမခိုက်နဲ့ အကျိုးရှိအောင်ပေါ်လာအောင် ဘယ်လိုလုပ်မလဲ။ ဒါအသက်ပဲ။ အဖေခုနပြောသလိုပေါ့။ အုန်းသီးတင်ပြီး စက်ကိစ္စအဝင်ရိုက်တော့မယ်ဆိုတာနဲ့ အဲဒီလူရဲ့ကံမှာ စက်အဝင်ရှိ၊ မရှိကြည့်ရတော့မယ်လေ။ အဝင်မရှိတဲ့ကံမှာ ခုနလို စက်ဝင်ပါစေဆိုတဲ့သဘောနဲ့ အုန်းသီးတင်ခိုင်းလိုက်လို့ကတော့ စက်ကထွက်ချင်ရက်လက်တို့ဖြစ်သွားမယ်။ သွားပြီသာမှတ်။ ပြီးတော့ ဘဘဦးသန့်ဇင်ပြောသလို ကြားရတဲ့ နိမိတ်၊ အသံ၊ လာမေးသူရဲ့ဟန်ပန်အမူအရာ ဒါတွေလည်းကြည့်ရမယ်လေ"

"အရမ်းအသေးစိတ်သွားပြီနော်။ ပြောတော့သာလွယ်လွယ်လေး၊ နဝင်းကိုကိုင်လိုက်ရင် အခိုက်ပေါ်မယ်ဆိုတာ"

နဝင်း ၁ -အုန်းသီး-အရှေ့မြောက်အရပ်
၅
၂
ပုဒ္ဓအခါ ၄
၀
အခိုက် ၃ -စက်
၆

(ပုဒ္ဓအခါတွင် အုန်းသီးကို အရှေ့မြောက်အရပ်ထားလိုက်ရာ အခိုက်တွင်ရှိနေသော အင်္ဂါနံ စက်ပစ္စည်းသည် အခိုက်အသွင်ဖြင့်ပေါ်လာလေတော့၏။ အခိုက်အသွင်မှာ ဝင်စေချင်သောစက်သည် အခိုက်သတ္တိအားကောင်းပြီးထွက်သွားခြင်းပင်တည်း။)

"ဒါကြောင့်တစ်ခုခုလုပ်တော့မယ်ဆို သား ရှုထောင့်အမျိုးမျိုးကကြည့်နော်လို့ အဖေအမြဲသတိပေးနေတာပေါ့။ အဖေတို့က ဟိုးငယ်ငယ်လေးထဲက အင်ဝိဇ္ဇာပညာကို နှလုံးသည်းပွတ်ထဲကချစ်တဲ့မြတ်နိုးတဲ့လေးစားတဲ့သူတွေဆိုတော့ အမှားတွေနဲ့လည်းကြုံခဲ့ဖူးပြီ။ ဆရာနဲ့နီးနီးကပ်ကပ်ဖြစ်နေတော့ အများကြီးမမှားခဲ့တာတစ်ခုဘဲ။ ဒီလိုမှားခဲ့လို့လည်းအခုလိုသတိအမြဲရှိနေတော့တာ။ ဒီလိုမှားခဲ့လို့လည်း ခုလိုပြောပြသင်ပြနိုင်တာ။ ဒီလို အတွေ့အကြုံမျိုးတွေကို မဖြတ်သန်းခဲ့ရဘူးဆိုရင် ခုလိုပြောနိုင်ဆိုနိုင်သင်နိုင်မှာမဟုတ်ဘူး သား။ လူဆိုတာအဖေအမြဲဆုံးမသလို ကိုယ်လျှောက်ဖူးမှကိုယ့်လမ်းဖြစ်မှာ။ ဘယ်ရှုထောင့်မှာဘာရှိတယ်၊ ဘယ်နေရာမှာဘာရှိတယ်ဆိုတာသိနိုင်မှာ။ သိမှလည်း ပြန်ပြောပြနိုင်မှာ။ သူများလျှောက်ဖူးတာကို ကိုယ်ကတစ်ဆင့်နားထောင်ပြီး တစ်ဆင့်ပြန်ပြောပြမယ်ဆိုရင် အဲဒီအတွေ့အကြုံတစ်ခုနှစ်ခုနဲ့ရပ်သွားမှာပဲ။ ကိုယ်တိုင်လျှောက်ခဲ့မှ ကိုယ့်အတွေ့အကြုံ"

"ဟုတ်ကဲ့ - သားအမြဲမှတ်နေပါတယ်"

"အတွေ့အကြုံတွေရပြီဆိုမှ ဟန်ချက်ကိုထိန်းနိုင်မှာ။ ဣဌလား၊ အနိဋ္ဌလား၊ ဘယ်ကိုခါတ်ဦးခေါင်းချနေတာလဲ၊ ဒါတွေသိလာမှာ။ သိလာမှတစ်ဖက်သားအကျိုးရှိအောင်၊ မထိခိုက်အောင်ဘာနဲ့ဘယ်လိုလုပ်ပေးရင်း ဘယ်လိုဖြစ်မယ်ဆိုတဲ့ဟန်ချက်ကို ညီအောင်ထိန်းနိုင်မှာသား။ ဟန်ချက်ညီတယ်ဆိုတာကဆိုးနေတဲ့ဂြိုဟ်ကို ကောင်းလာတဲ့အထိ၊ အကျိုးပေးလာတဲ့အထိဘယ်လိုလုပ်မလဲ။ ကောင်းနေတဲ့ဂြိုဟ်အားကိုယူပြီး ဆိုးနေတဲ့ဂြိုဟ်တဖြည်းဖြည်းကောင်းလာအောင်ဘယ်လိုလုပ်မလဲ။ ဒါ-ဟန်ချက်ထိန်းတာပဲ။ အကောင်းတစ်ခုထဲကိုင်တွယ်နေရင်လည်း မရဘူး။ အဆိုးတစ်ခုထဲကကိုင်တွယ်နေရုံနဲ့လည်းမရဘူး၊ ဟန်ချက်ညီလာတဲ့အထိညှိယူရတယ်။ ဒါအတွေ့အကြုံပဲ"

"ဟုတ်ကဲ့"

"ဟန်ချက်ညီအောင်ညှိတယ်ဆိုတာသဘာဝတရားပဲ သား။ သားသတိထားကြည့်။ တောင်ကုန်းပေါ်၊ ကုန်းကမူပေါ်တက်ပြီဆိုရင် ရိုးရိုးလျှောက်နေတဲ့အနေအထားကနေ ရှေ့ကိုအလိုလိုကိုင်းမသွားဘူးလား"

"ကိုင်းသွားတယ် အဖေ"

"ပြန်ဆင်းရင်ကော ဒီလိုကိုင်းကိုင်းကြီးရှေ့ကိုင်းပြီးဆင်းလား၊ နောက်လေးနည်းနည်းလှန်ပြီးဆင်းလား"

"နောက်လေးနည်းနည်းလှန်ပြီးဆင်းတယ်"

"ဒါတွေဟာ အသိတရားကဖြစ်လာတဲ့ဟန်ချက်ထိန်းညှိခြင်းတွေပဲသား။ အထူးသင်နေရတာမဟုတ်ဘူး"

"ဟုတ်ကဲ့"

"အဲသလို ဟန်ချက်ထိန်းနိုင်တော့လိမ့်ကျတာလည်းမရှိတော့ဘူး။ပြုတ်ကျတာလည်း မရှိတော့ဘူး။ ခုနပညာခန်းလည်း ဒီတိုင်းပဲ။ ဟန်ချက်ကိုညီအောင်ညှိယူရတယ်ဆိုတာ ဒီသဘောပဲ။ ဒါကြောင့် နဝင်းကို စီရင်ပြီဆိုရင် အဖေကတော့ မမှားနိုင်တဲ့ ဗုဒ္ဓယတြာတွေ၊ ဘုရားရှင်ကို ကြည်ညိုပူဇော်တာ၊ အာရုံပြုတာတွေပဲပေးတယ်။ မမှားဘူး။ အခိုက်ကို အခိုက်သဘောဆောင်ပြီး ရအောင်လုပ်တယ်။ ဆိုကြပါစို့ သားရယ်။ သားလည်း မြင်နေတာပဲ။ သောကြာအခါမှာ ကြာသပတေးကိစ္စကို ဖော်ယူတော့မယ်ဆိုရင် ကြာသပတေးကိစ္စကိုလုပ်ပြီးတာနဲ့ သရဏဂုံ-ဥဝရွတ်နေခိုင်းတာတို့၊ အင်္ဂါနံဆွမ်းတော်တင်ခိုင်းတာတို့၊ သရဏဂုံကို ပုတီး (၃) ပတ်စိပ်ခိုင်းတာတို့ ဒါပဲလုပ်ခိုင်းတော့တယ်။ ဒါကစိတ်ချရတဲ့ မြတ်သောအကြောင်းတရားပဲ။ ဆီးသီးစားလိုက်ပါလားဆိုပြီး ဆီးသီးစားရုံ ဆီထမင်းစားရုံနဲ့ဆို ခုန ခိုက်နေတဲ့ကြာသပတေးဂြိုဟ်က စိတ်ချလို့မရဘူး"

"သားတော်တော်ရှင်းသွားပြီအဖေ"

အားရပါးရ ပြုံး၍ပြောနေသော သားအား ပြုံးကြည့်လိုက်ပြီး ပခုံးလေးကိုဖက်ထားလိုက်၏။

သားသည် အားရပါးရပြုံးနေ၏။

သူ၏ အပြုံးတွင် ဖခင်ဖြစ်သော ကျွန်ုပ်ဆီမှ အားကူးစက်သွားသည့် အားမာန်များနှင့်ပြည့်နေသည်ဟု ကျွန်ုပ်၏ရင်တွင်းဝယ် ခံစားလိုက်ရင်း ပြုံးနေလိုက်မိလေတော့သတည်း။

ဆရာဦးမောင်မောင်သန့်
(ရင်ကိုအေးမြစေသူ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အသက် (၇၀)ကျော်ပါပြီ။ အသက် (၅၀) တွင် ပင်စင်ယူကာ ကျွန်တော်လေ့လာလိုသောအကြောင်းအရာများကို လေ့လာခဲ့ပါသည်။ ကျွန်တော် ငယ်စဉ်က အဘိုး၊ အဘွား၊ ဦးလေး၊ အဒေါ်များက ကြောက်မက်ဖွယ်ရာ တစ္ဆေပုံပြင်များ၊ စုန်းကဝေအကြောင်း တဖွဲ့တနွဲ့ပြောသည်ကို ညစဉ်မရိုးနိုင်အောင်ကြားရ၏။ ကျွန်တော့်အစ်မများက တုန်နေအောင်ကြောက်ကြသော်လည်း ကျွန်တော်က ကြောက်သည်ထက် တကယ်လား၊ ပုံပြင်လား၊ ကလေးတွေကိုခြောက်တာလား၊ အောက်လမ်းဆရာတွေ၊ စုန်းကဝေတွေ တကယ်ရှိတာလား၊ ရှိလျှင်ငါသင်ချင်လို့ရမလား စသည်ဖြင့် တွေးခဲ့ပါသည်။

'ဆရာမနိုင်နှစ်ဆောင်ပြိုင်' ရုပ်ရှင်ဇာတ်ကားသွားကြည့်စဉ်ကကြည့်ရှုသူများ ထိတ်လန့်မှုရသခံစားပြီး အော်ဟစ်ချိန်တွင် ငါသာစုန်းကဝေပညာတတ်လို့ကတော့ ငါ့ကိုရန်လာစတဲ့ကောင်တွေကို ဘယ်လိုလုပ်ပစ်မည်ညာလိုလုပ်ပစ်မည်ဟု တွေးခဲ့ပါသည်။ ထို့ကြောင့် ငယ်စဉ်ကတည်းကပင် လောကီပညာရပ်များနှင့်ပတ်သက်၍ မျက်လှည့်ဆရာက ပြကွက်ဆန်းများပြလျှင် လိမ်ဖန်းသိသိကြီးနှင့်ပင် တပည့်ခံ၍ သင်ကြားကြည့်ပါသည်။

မျက်လှည့်ဆရာတိုင်းကလည်း-

"မယုံပါနဲ့ လူကလေးရာ။ ငါတို့က ပေါ်တင်လိမ်တာကွယ့်။ မသိကြလို့ပါ။ သိရင်ဘာမှမဟုတ်ဘူး။ ဒါပေမယ့် ပညာသင်ကတည်းက ဆရာတွေက သူများအကျိုးယုတ်အောင်မလုပ်နဲ့၊ သူများသားသမီးမဖျက်ဆီးနဲ့၊ သူတစ်ပါးစိတ်ထိခိုက်အောင်မလုပ်နဲ့လို့ ကတိခံပြီးမှ သင်ရတာကွ။ အကုသိုလ်အလုပ်တော့မဟုတ်ဘူး။ မုသာဝါဒကံထိုက်တယ်လို့ ပြောရင်တော့ခံရမှာပဲ"

ဟု ပြောပြကြပါသည်။

သူတို့က တစ်ကွက်နှစ်တစ်ကွက် သင်ပြသောအခါ -

"ဟ-ဟုတ်သားပဲ၊ လွယ်လွယ်လေးကို ငါတို့ကအ,တာ"

ဟု ဝန်ခံရပါမည်။

သို့သော် ကျွန်တော်နားမလည်သောပညာရပ်များလည်းရှိပါလေသည်။ ထိုအထဲမှ ပုဂ္ဂိုလ်သုံးဦးကို တင်ပြလိုပါသည်။

၁။ နတ်ဝင်သည်ဒေါ်သွယ်

ဒေါ်သွယ်သည် တစ်ကျပ်ငါးမတ်နတ်ဆက်ခံ၍ဟောသူမဟုတ်သလို မိန်းမလျာလည်းမဟုတ်၊ ဆင်းရဲနွမ်းပါးသူလည်းမဟုတ်ပါ။ မိဘများက ရွှေကုန်သည်များဖြစ်ပြီး ကျိုကျိုတက်ချမ်းသာပါသည်။ မြို့လယ်ကောင်တွင် တိုက်နှစ်လုံးသုံးလုံးနှင့် ရွှေဆိုင်များကိုလည်း ပိုင်ဆိုင်ပါသည်။ သူ့အိမ်ထောင်သည်ဆုံးပါးချိန်တွင် သားသမီးသုံးဦးကျန်ရစ်ပြီး စည်းစိမ်ဥစ္စာတောင့်တင်းပါသည်။ သို့သော် အမေသွယ်သည် ထိုတိုက်တာများနှင့်မနေရဘဲ မြို့ပြင်နတ်ကွန်းကြီးတွင် နေနေရပါသည်။ ထိုသို့နေရခြင်းကပင်လျှင်



ကျွန်တော့်အဘွားတော်ဖို့ဖြစ်လာပါသည်။

ထိုနတ်ကွန်းတွင် အဘွားသွယ်မရောက်ခင်ကပင် ကျွန်တော့်အဘိုးဦးစိုင်းရိုးက နတ်ထိန်းအဖြစ်နေပါသည်။ ကျွန်တော့်အဘိုးက ရှမ်းတိုင်းရင်းသားဖြစ်ပြီး အရက်ကို အလွန်ကြိုက်သဖြင့် ကျွန်တော်တို့နှင့်မနေတော့ဘဲ နတ်ကွန်းတွင်ပင်သွားနေပါသည်။ ဆက်ကြသမျှအရက် သူ့အတွက်ဟု ခံယူထားသူဖြစ်၏။

ထိုနေ့က မြန်မာပြည်တစ်ပြည်လုံးရောင်စုံသူပုန်များနှင့် ပြည်တွင်းစစ်မီးတောက်ချိန်တွင် ကျွန်တော်တို့ရှမ်းပြည်ကတော့ အေးအေးဆေးဆေးပင်။ စော်ဘွားနယ်အုပ်ချုပ်သူဖြစ်၍ ဓားပြများရှိသော်လည်း စော်ဘွားများက ပီပီပြင်ပြင် ရက်ရက်စက်စက် နှိပ်ကွပ်ကြပါသည်။

ထိုနေ့က အမေသွယ်နှင့် အဘိုးတို့ နတ်ရုပ်များရှေ့တွင် ဒူးတုပ်၍ရှိခိုးနေ၍ ကျွန်တော်လည်း နောက်နားက အသာဝင်ထိုင်လိုက်ပါသည်။

"ကျွန်တော် စိုင်းရိုးသည် မသွယ်အပေါ် တစိုးတစိမှ ပြစ်မှားလိုစိတ်မရှိပါ။ သို့သော် အခြေအနေအရပ်ရပ်ကိုလည်း ကိုယ်တော်ကြီးများသိပြီး ဖြစ်ပါသည်။ သေသည်အထိလည်း ပြစ်မှားမည်မဟုတ်ကြောင်း ကတိပြုပါသည်"

ထိုသို့ အဘိုးရွတ်ပြီးသည်နှင့် နတ်စင်ပေါ်မှ ရေမွှေးပုလင်းတစ်လုံး အောက်သို့လိမ့်ကျပြီး အဖုံးပွင့်ထွက်ကျ

ပါသည်။

သို့သော် လူမသမာများရှိသည်။ ဥစ္စာပစ္စည်းရှိမှန်းသိတော့ ဒေါ်သွယ်အား ငွေညှစ်ရန်သော် လည်းကောင်း၊ ရန်ပြုရန်သော် လည်းကောင်း မသမာသူများရှိရကား ကျွန်တော့်အဘိုးကားဘေးရန်ကာကွယ်သူဖြစ်လာရပါသည်။

ကျွန်တော်က အဘိုးကိုချစ်သူဆိုတော့ မကြာခဏ အဘိုးဆီသွားလည်

www.burmeseclassic.com

www.burmeseclassic.com

# ထွန်းဝ (နောင်ချို)

# ရှေ့ကြောင်းနောက်ကြောင်း



ကာ နတ်ကွန်း တစ်ခုလုံးမွှေးကြိုင်သွားပါသည်။ နှစ်ဦးစလုံး၏နှုတ်မှ 'ခွင့်ပြုချက်ရပြီ' ဟု ထွက်လာပါသည်။ နောက်နေ့မနက်တွင် မြို့မျက်နှာဖုံးလူကြီးသုံးလေးဦးရောက်လာပြီး ဘုန်းကြီးသုံးပါးဆွမ်းကပ်ကာ စိုင်းရိုးနှင့် မသွယ် လက်ထပ်ပြီးပြီဟု ကြေညာလိုက်ပါသည်။ ဤသို့ဖြင့် ဒေါ်သွယ်သည် ကျွန်တော့်အဘွားဖြစ်လာရပါသည်။

တစ်ရက် နတ်ကွန်းသို့ ကျွန်တော်သွားလည်ရာ နတ်ကွန်းရှေ့တွင် လူလေးငါးယောက် ကန်တော့ပွဲတွေ၊ အရက်တွေ၊ လက်နက်တွေနှင့် တစ်စုံတစ်ရာရှာနေကြသည်။ ကျွန်တော့်ကိုလည်း မမြင်ကြပါ။ ကျွန်တော်ကတော့ အေးအေးဆေးဆေး နတ်ကွန်းထဲဝင်သွားရာ အဘိုးကိုမတွေ့ပါ။ အဘွားသွယ်ကသာ ခါးထောက်၍ နတ်ကွန်းရှေ့ကို မာန်ပါပါကြည့်နေပါသည်။ ထိုလူစုလည်း ပြေးသွားကြ၏။

www.burmeseclassic.com

"အဘွားဘာဖြစ်တာလဲဟင်"

"ခေါးပြတိုက်မလို့ နတ်လာတင်ကြတာ။ အဲဒါ နတ်ကွန်းထဲမဝင်နိုင်အောင် အဘွားမျက်စိလှည့်ထားလို့ မဝင်နိုင်ဘဲ ပြန်သွားကြတာ"

တစ်ကြိမ်တွင် -

"အဘွားရယ် မြို့ထဲမှာလည်း အဘွားအိမ်တွေရှိသားနဲ့ ဘာဖြစ်လို့ ဒီနတ်ကွန်းမှာ အပင်ပန်းခံပြီးလာနေရတာလဲ"

"နေလို့မရလို့ပေါ့သားရယ်။အဘွား ဒီလာမနေမချင်းကို ကိုယ်တော်တွေက ဒုက္ခပေးကြတာ။ဒီလာနေမှ အစစအရာရာအဆင်ပြေပြီး ပညာတွေလည်းထပ်ပေးကြတာ။ သားနားလည်သေးပါဘူး"

အဘိုးနှင့် အဘွားတို့သည် နတ်ကွန်းတဲတွင် တသီးတခြားစီနေပါသည်။ တစ်ဦးကိုတစ်ဦးလည်း အလွန်အလေးထားကြပါသည်။ တစ်ရက်တွင် အဘွားသည် နတ်ကွန်းပေါ်မှ မြို့ဘက်သို့မျှော်ကြည့်နေပါသည်။

"အဘွား ဘာကြည့်နေတာလဲဟင်"

"အဘွားတို့မြို့ မီးဘေးသင့်တော့မယ် ငါ့မြေးရဲ့"

"အဘွားလှမ်းတားလို့မရဘူးလား"

"မရဘူး ငါ့မြေးရဲ့၊ ဒါမျိုးက ပြုပြင်ရှောင်လွှဲလို့မရဘူး"

နောက်နှစ်ရက်အကြာတွင် မြို့မဈေးကြီးတစ်ခုလုံး မီးလောင်ပြာကျသွားပါသည်။

အဘွားဘယ်လိုကြိုသိပါလိမ့်။

## ၂။ ဆရာတော် ဦးထေရိန္ဒ

ရှမ်းပြည်နယ်မြောက်ပိုင်းရှိရွာလေးတစ်ရွာမှ ကျောင်းထိုင်ဆရာတော်ဖြစ်ပါသည်။ ဆရာတော်ကို မိမိတို့အခက်အခဲကို လျှောက်ထားလိုလျှင် ပန်းစည်းတစ်စည်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့နှင့် ငွေအစိတ်ပါရပါသည်။ မပါမဖြစ်ပစ္စည်းမှာ ပန်းစည်းဖြစ်ပါသည်။ ဝတ္တုငွေကို နှစ်ဆယ့်ငါးကျပ်တိတိ။ ပိုလက်မခံပါ။ မေးမြန်းလိုသူများသည် နံနက်ခုနစ်နာရီမှ ဆယ်နာရီအတွင်းသွားကြရပါသည်။ ဆယ်နာရီကျော်လျှင်ဘာမှမဟောတော့ဘဲ ရဟန်းကိစ္စများကို ဆောင်ရွက်နေတတ်ပါသည်။

ကျွန်တော်သည်လည်း အစိုးရအလုပ်မှထွက်၍ ဗွီဒီယိုပြရန် စီစဉ်ပါသည်။ ထိုစဉ်ကလည်း အညီအဟောက်ကားများသာများရကား စိတ်ကလည်း မသန့်ပါ။ သို့နှင့် ဆရာတော် ဦးထေရိန္ဒထံ နံနက်စောစောဘက်သွားခဲ့ပါသည်။ ကျွန်တော်ရောက်သွားချိန်၌ မည်သူမျှမရှိပါ။ ဆရာတော်ပင် ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်းကို ဘုဉ်းပေးနေရင်းရှိပါသေးသည်။

"လာ-ဒကာကြီး၊ ဘာများမေးမလို့တုံး"

ကျွန်တော်လည်း ပါလာသော လှူဒါန်းဖွယ်ရာများကိုလှူဒါန်းပြီးနောက် ပန်းစည်းကို ဆရာတော်လက်ထဲထည့်ပေးလိုက်ပါသည်။ ဆရာတော်လည်း ပန်းစည်းကိုကိုင်၍ ရှမ်းလိုဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါသည်။

"ဒကာကြီးလုပ်ငန်းအသစ်ပြောင်းလုပ်မလို့လား"

"တင်ပါ့ဘုရား၊ ဘယ်လိုလုပ်ငန်းတွေလုပ်ရင် အောင်မြင်ကြီးပွားမလဲ သိချင်လို့ပါ"

"အင်း - လုပ်ငန်းက အောင်မြင်ကြီးပွားမယ်။ လုပ်ရမယ့်လုပ်ငန်းက အင်း - ဘာလဲမသိဘူး၊ လျှပ်စစ်ပါမယ်။ ဘီးလုံးလေးနှစ်ခုကြိုးနဲ့ဆက်ပြီးလည်နေတဲ့လုပ်ငန်းလို့မြင်တယ်။ ဘာလဲမသိဘူး။ (ဗွီဒီယိုခွေကို ဘုန်းကြီးမမြင်ဘူး၊ မကြားဘူးသေးပါ)အနှောင့်အယှက်ကင်းအောင် ဂျုံမှုန့်နဲ့ ကျွဲဖြူရုပ်ကလေးဘုရားတင်ထားလိုက်"

"တင်ပါ့၊ ကျေးဇူးကြီးလှပါတယ်ဘုရား"

ကျွန်တော်ကား ဝမ်းသာအားရနှင့်ပြန်ခဲ့ပါသည်။ မိမိမကြားဘူးသော၊ မမြင်ဘူးသောပစ္စည်းများကို ဘယ်လိုများမြင်၍ အနီးစပ်ဆုံး ပုံဖော်နိုင်ပါလိမ့်ဟုသာ တွေးနေမိပါသည်။

ဒုတိယအကြိမ်တွင် တိုင်ပေမှလာသော သူငယ်ချင်းလင်မယားကို တခြားထူးထူးခြားခြားပြစရာရှိ၍ ဦးထေရိန္ဒကျောင်းသို့ခေါ်သွားပါသည်။ နာမည်ကြီးလာသည်နှင့်အမျှ ကျောင်းရှေ့တွင် တန်းစီနေသောလူတွေနှင့် ပန်းစည်း၊ ဖယောင်းတိုင်နှင့် ငွေအစိတ်ပါစာအိတ်လေးနှင့်ပတ်ထားပြီး အသင့်ပြင်ပြီးတစ်စုံကို တစ်ရာနှင့်ရောင်းချနေသော ပန်းသည်လေးလည်း ကျောင်းဝတွင်ရှိပါသည်။ ပန်းရောင်းသူမှာ အတော်ချောမောလှပပြီး နူတ်ချိုချိုနှင့်သွက်သွက်လက်လက်ရောင်းချနေပါသည်။ မေးသူများရကား တစ်နေကုန်ဟောသည်ဟု ဆိုပါသည်။

ကျွန်တော့်သူငယ်ချင်းက ပန်းစည်းကို ဘုန်းကြီးထံကပ်သောအခါတွင် ရှမ်းဘာသာနှင့် ဂါထာတစ်ပုဒ်ကိုရွတ်ဆိုပြီး-

"ဒကာကြီး၊ ညဉ့်ခန်းထောင့် စားပွဲပေါ် ကကိန္နရာရုပ်တုက တယ်လက်ရာမြောက်တာကိုး"

အစချီကာ တိုင်ပေရှိသူ့အိမ်အနေအထားအစုံကိုပြောသွားပါသည်။ ပြီးလျှင် လုပ်ကိုင်ရမည့် ယတြာကိုပါပြောရာ ကျွန်တော်သူငယ်ချင်းလင်မယားသည် အံ့သြကြည်ညိုစွာဖြင့် ကုန်းကုန်းပြီးကန်တော့နေရာ ဖင်ဘူးတောင်းထောင်တာတောင် အရှုံးပေးရပါသည်။

ကျွန်တော်ကမူ အာပေါက်အောင်ဟောနေတဲ့ဘုန်းကြီးက ငွေအစိတ်ပဲလက်ခံတယ်။ ပန်းသည်ချောကတော့ တစ်ယောက်လာတိုင်း အနည်းဆုံး အမြတ်ငါးဆယ်တော့တိန်တိန်ပဲဟု မနာလိုဖြစ်နေရပါသည်။

နောက်တစ်ကြိမ် ဦးထေရိန္ဒကိုပြန်တွေ့သောအခါ ရဟန်းဝတ်နှင့်မဟုတ်တော့ဘဲ လူဝတ်နှင့်ဦးထွန်းအောင်အဖြစ်ပြန်တွေ့ရသည်။ ရဟန်းဘဝမှလူထွက်ပြီး အိမ်ထောင်ကျနေလေပြီ။ သူ့ဇနီးကား သူ့ကျောင်းရှေ့က ပန်းသည်မချောဖြစ်လေ၏။ ဟောကြားချက်များအားလုံးလုံးဝမမှန်တော့ပေ။

## ၃။ ကိုရင်ကြီးစန္ဒ

ကိုရင်စန္ဒဆို၍ အသက်ငယ်ငယ် မထင်ပါနှင့်။ အသက် (၅၀)ရောက်ပေပြီ။ ရဟန်းခံပေးမည့်သူမရှိ၍မဟုတ်ပါ။ သူကိုယ်တိုင်က ရဟန်းအဖြစ်သို့မတက်လိုခြင်း ဖြစ်ပါသည်။

"ဒကာထွန်းစဉ်းစားကြည့်။ ရဟန်းဝတ်ကြီး ဝိနည်းနဲ့အညီမနေနိုင်ရင်ငရဲပိုကြီးတယ်။ ဒီတော့ ကိုရင်ဘဝနဲ့နေတာက တော်သေးတယ်။ ရဟန်းဝတ်နဲ့ အပြောအဟောလုပ်ရင် ဝိနည်းနဲ့မညီတဲ့ အပြင် မဟုတ်တာဟောမိရင် မုသာဝါဒကံပါထိုက်ဦးမယ်"

ကျွန်တော်တို့မြို့တောင်ဘက်တွင် ပရိယတ္တိစာသင်တိုက်ကြီးရှိပြီး ရဟန်းတစ်ရာကျော်စာဝါလိုက်နေပါသည်။ ထိုကျောင်းတိုက်ကြီးနှင့် မနီးမဝေးတွင်တဲကျောင်းလေးရှိပြီး ထိုတဲကျောင်းလေးတွင် ကိုရင်ကြီးစန္ဒ သီတင်းသုံးနေသည်။ ပရိယတ္တိစာသင်တိုက်ကြီး၏ကျောင်းထိုင်ဆရာတော်မှာ ကိုရင်စန္ဒနှင့် ငယ်စဉ်က စာဝါလိုက်ဖက်များ ဖြစ်ကြပြီး ပထမကြီးအောင်ပြီးချိန်တွင် မိမိသဘောနှင့်

www.burmeseclassic.com

ဦးပဥ္စင်းသိက္ခာချ၍ ကိုရင်ကြီးအဖြစ် နေနေပါသည်။

ဦးပဥ္စင်းသည် တောထွက်ဘဝတွင် ဒုက္ခရောက်၍ ကယ်တင်ပေးပါရန် လျှောက်ထားသူများကို ဟောပြောရာမှ မှန်လွန်း၍ နာမည်ကြီးလာရာ ဒကာ၊ ဒကာမများက ကျောင်းလှူလိုသူ၊ ဝတ္ထုကမြေလှူလိုသူများ များပြားလှပြီး ထိုဒကာ ဒကာမများကိုပင် မြေနေရာနှင့် ကျောင်းတိုက်ကြီးကို အလှူခံဆောက်လှူစေပြီး ယခု ကျောင်းထိုင်ဆရာတော်ဘုရားကြီးကိုပင့်ဆောင်ကာ ပရိယတ္တိကျောင်းကြီး တည်ထောင်ပေးရန်လှူဒါန်းပြီး ဦးပဥ္စင်း သိက္ခာချ၍ တဲကျောင်းလေးဆောက်နေခြင်းဖြစ်သည်ဟု သိရပါသည်။

နောင်တွင်အဟောအပြောမလုပ်တော့ဘဲ ကြုံမှသာတစ်ခွန်းစနှစ်ခွန်းစ ဟောပြောသည်ဟုဆိုပါသည်။ ကိုရင်ကြီးဟူ၍ ကျောင်းတိုက်မှ ဦးပဥ္စင်းများ မလေးမခန့်မပြုရဲကြပါ။ ကျောင်းထိုင်ဆရာတော်ကြီးသည် ခရီးသွားခါနီးတိုင်း စာသင်သားများကို -

"ငါမရှိတုန်း မရှင်းလင်းတာ မေးလျှောက်စရာရှိလျှင် ကိုရင်ကြီးစနှကို မေး"

ဟု မှာခဲ့ပါသည်။

အချို့ခက်ခဲသော၊ မရှင်းသောစာများကို စာသင်သားရဟန်းတို့က သွားရောက်မေးမြန်းလျှင် အလွယ်တကူရှင်းလင်းပေးသည်ဟု စာသင်သား ဦးပဥ္စင်းများထံမှသိရှိရပါသည်။

တစ်နေ့တွင် ကျွန်တော့်မှာ ပြဿနာတစ်ခုနှင့်ကြုံရပါသည်။ ကျွန်တော်ငှားထားသောအိမ်ငှားများမှာ အိမ်ငှားခလည်းမပေး၊ အိမ်ကလည်းထွက်မပေးပါ။ ဆိုရှယ်လစ်ခေတ်တွင် တရားရင်ဆိုင်လျှင် အိမ်ငှားများကိုသာ မျက်နှာသာပေးစီရင်သောခေတ်ဖြစ်ပြီး ပါတီကလာပ်စည်းခေါင်းဆောင်ကစကြောက်နေရပါသည်။ စာသင်တိုက်သို့သွားရင်း လမ်းကြုံသဖြင့် ကိုရင်ကြီးကျောင်းသို့ လှမ်းကြည့်ရာ ကျောင်းရှေ့တွင် အေးအေးလူလူထိုင်နေသောကိုရင်ကြီးကိုတွေ့သဖြင့် ကိုရင်ကြီးရှေ့သို့ဝင်ပြီး ဝတ်ပြုပါသည်။

ဝတ်ပြုပြီးမှ ဖြစ်သမျှအကြောင်းစုံနှင့် တပည့်တော်၏ဒုက္ခကိုကယ်မပါရန် တောင်းပန်လျှောက်ထားရာ ကိုရင်ကြီးမှ ပါဠိဘာသာလည်းမဟုတ်၊ ရှမ်းဘာသာလည်းမဟုတ်သော ဂါထာတစ်ပုဒ်ကို ရွတ်ဆိုပြီး -



"ခုဝါကျွတ်ရင် သူတို့ထွက်မှာပါ။ ခုလည်း အိမ်ရှာနေဆဲပါတဲ့။ ထွက်မှာပါ ဒကာကြီး"

"စိတ်မရှိပါနဲ့ဘုရား၊ ဘယ်လိုသိနိုင်တာလဲ ဘုရား"

"ဒကာက သေချာချင်တာကိုး။ သူတို့ကိုယ်စောင့်နတ်ကိုခေါ်မေးတာပါ။ စိတ်ချပါ။ ကဲ - သွားတော့"

ကျွန်တော်လည်း အိတ်ထဲပါသမျှ ငွေအားလုံးကို ပန်းကန်ပြားလေးတစ်ချပ်တွင် ထည့်လှူသောအခါ -

"ကျုပ်နဲ့ ဝတ္ထုငွေကလည်း မအပ်စပ်လှဘူး။ စာသင်တိုက်ရန်ပုံငွေထဲသာ ထည့်လှူပေးပါ ဒကာကြီး"

ဟု မိန့်ပါသည်။

ထိုနှစ် သီတင်းကျွတ်တွင် အိမ်ငှားများထွက်သွားကြပါသည်။

အထက်ဖော်ပြပါသုံးဦးမှာ ကျွန်ုပ်ကိုယ်တွေ့များသာဖြစ်ပြီး ကိုရင်ကြီးအား ထိုပညာရပ်ကို မိမိအား သင်ကြားပေးပါရန် လျှောက်ထားသောအခါ ကိုရင်ကြီးသည် အဝေးသို့အကြာကြီးမျှော်ကြည့်ပြီး-

"ဒကာကြီး သက်န်းဝတ်နဲ့ တစ်နှစ်တိတိနေနိုင်ရင်လာခဲ့"

ဟူသော စကားနှင့်ပင် ကျွန်ုပ်လမ်းပိတ်သွားခဲ့ပါသည်။

ကိုရင်ကြီး မကွယ်လွန်မီ တစ်လလောက်အလိုတွင် ကိုရင်ကြီးက အမှာရှိသည်နှင့် ကျောင်းရှေ့တွင် အေးဆေးငြိမ်သက်စွာထိုင်နေသော ကိုရင်ကြီးရှေ့သို့ ရောက်ခဲ့ပါသည်။


"ဒကာထွန်း၊ ဒကာထွန်းလည်း ရဟန်းမဝတ်နိုင်ဘူး။ ဒီတော့ ဒီပညာကျင့်စဉ်ကိုလည်းမပေးဖြစ်ခဲ့ဘူး။ ဒါပေမယ့် ဒကာထွန်းမကျင့်နိုင်လည်း တခြားကျင့်နိုင်မယ့်သူတွေတွေ့ရင် ကျင့်စဉ်ကိုပေးနိုင်အောင် ဒကာထွန်းကိုပေးခဲ့မယ်။ ဒကာထွန်းမကျင့်နိုင်ပေမယ့် တစ်ဆင့်ကျင့်နိုင်မယ့်သူတွေကို ကျုပ်ကမြင်နေတယ်။ ဒီတော့ သေချာလိုက်မှတ်။

ကျုပ်တို့ရင်ထဲမှာ နှလုံးအိမ်ရှိတာတော့ လူတိုင်းသိတယ်။ အဲဒီနှလုံးအိမ်ရဲ့အောက်ခြေမှာ တစ်လက်ဆွမ်းမျှသော သွေးအိုင်လေးရှိပြီး သာမန်လူတွေရဲ့ သွေးတွေဟာ အမြဲနောက်ကျုနေတယ်။ အဲဒီနှလုံးအိမ်ထဲက သွေးအိုင်လေး ကြည်လင်လာပြီဆိုရင် ပညာဆိုတာ ဖြစ်ပေါ်လာရတာပဲ။ ဒီပညာဖြစ်ပေါ်လာပြီဆိုရင်တော့ သမထကျင့်စဉ်နဲ့ ပတ်သက်တဲ့ပညာတွေ အဆုံးမရှိဖြစ်ပေါ်လာတော့တာပဲ။ ဒီသွေးအိုင်လေး နောက်ကျုရခြင်းကား လူရဲ့ လောဘ၊ ဒေါသ စတာတွေကြောင့် နောက်ကျုနေတာ။ လောဘ၊ ဒေါသကိုခွာဖို့ကျတော့ သမထထိုင်ဖို့လိုပြီ။ ဝင်လေ၊ ထွက်လေကို မတိမ်းမစောင်းမှတ်နိုင်ရင် မှတ်နေချိန်မှာ လောဘဒေါသကင်းနေတယ်။ အပြောလွယ်သလောက် အလုပ်ခက်တယ်နော်။ ခုစကားလေးတစ်ခွန်းနှစ်ခွန်းအတွက် ကျင့်တော့ နှစ်တွေ၊လတွေချီပြီး ကြာတယ်။ အပျင်းကြီးနေလို့တော့မရဘူး။ လူကြားသူကြားမှာ ကျင့်လို့ကတော့ မလွယ်ဘူး။ စိတ်ကပျံ့လွင့်နေမှာဘဲ။ ဒါကြောင့် သက်န်းဝတ်နိုင်ရဲ့လားလို့မေးတာ။ နောက်မိမိကျင့်စဉ်ပေါ်မှာလည်းမမှိတ်မသုန်ယုံကြည်ရမယ်။ တောထဲကိုတစ်ပါးတည်းသွားပြီးကျင့်ရင်တော့ မြင်သမျှတွေကို မနာလိုဝန်တိုစိတ်ကင်းမယ်။ စိတ်ငြိမ်းချမ်းမယ်။ လောဘ၊ ဒေါသကိုပယ်နိုင်ပြီဆိုရင် နှလုံးအိမ်ကပညာဟာ ထွက်ပေါ်လာပြီး ဒီပညာက မိမိကျင့်နေတဲ့သမထကို တိုးမြှင့်ပြီး အဆုံးမရှိပညာတွေရပါလိမ့်မယ်။ ကျုပ်ပြောပြတတ်သမျှတော့ ဒါအကုန်ပဲ။ကျင့်ကြည့်ပါ။ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါတယ် ဒကာကြီး"

ထွန်း(နောင်ချို)

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်
# ပထမဦးစားပေး



"ဆရာ၊ လခထုတ်ပြီးတာနဲ့ ပထမဦးစားပေးအသုံးကဘာလဲ"

တစ်ခါက အငြိမ်းစားဗိုလ်ကြီး ဦးမြတင်(ယခု-ကွယ်လွန်)က ကျွန်တော့်ကိုမေးပါသည်။

ကျွန်တော်က မဆိုင်းမတွပင် -

"ကြွေးဆပ်တယ်"

ဟု ဖြေပါသည်။

ဦးမြတင်က သဘောကျစွာ ရယ်ပြီး -

"ကျွန်တော်တို့လခစားသမားတွေ (၉၀) ရာခိုင်နှုန်းလောက်ဟာ ဒီအတိုင်းပါပဲ"

ဟု ဖြေသည်။

ထိုစဉ်က ရုံးတွင် ငွေစုငွေချေးသမဝါယမရှိပါသည်။ ဝန်ထမ်းများက ငွေချေးငွေချေးဟုခေါ်ပါသည်။

လခ၏ (၄)ပုံ (၁)ပုံ (၆)ဆချေးပြီး (၆)လ ပြန်ဆပ်ရပါသည်။ လခ (၄၀၀) ရသူကို (၆၀၀)ချေးပြီး တစ်လ(၁၀၀)ဖြင့် (၆)လပြန်ဆပ်ရပါသည်။ အတိုးလည်း သက်သာပါသည်။ အပြင်တွင် (၂၀) ရာခိုင်နှုန်းအထိ ပေးရပါသည်။ သမကကြွေးကျေမှ တစ်ခါပြန်ချေးရပါသည်။ ကျွန်တော်က ဥက္ကဋ္ဌကို တောင်းပန်ပြီး လစဉ်အကျေဆပ်၊ လစဉ်ပြန်ချေးလုပ်ရပါသည်။ အကျေဆပ်ရာတွင် လခထက်များနေသဖြင့် အခြားသူဆီက ထိုငွေကို ခေတ္တချေးရပါသည်။ ယနေ့ ကြွေးဆပ်ပြီး နက်ဖြန် သမကပြန်ရမှ ပြန်ဆပ်ရပါသည်။ ရုံးပိတ်ရက်နှင့်ဆုံလျှင် (၂) ရက်စောင့်ရပါသည်။

ဦးမြတင်က -

"ကျွန်တော် တပ်ကြပ်ကြီးဘဝက အင်္ဂလန်မှာ ကြံ့ခိုင်ရေးပညာ (၂) နှစ် သွားသင်ရတယ်။ တပ်ကြပ်ကြီးတစ်ယောက်ရဲ့အိမ်မှာနေရတယ်။ သူ့ဇနီးက စားသောက်ဆိုင်မှာလုပ်တယ်။ သူတို့ဆီမှာစရိတ်ကြီးတယ်။ ဒါကြောင့် တပ်ကြပ်ကြီးဟာ ညဘက်ကို ညစောင့်လုပ်ရသေးတယ်။ လုပ်ခွင့်လည်းရတယ်။ ကျွန်တော်တို့လို ဆင်းရဲသားပေါ့။

သူတို့ဆီမှာ လည်း ကြွေးရှိတာပဲ။ အရင်းရှင်နိုင်ငံက ကြွေးစနစ်ပို ထွန်းကားတယ်။

၁၉၇၀ပြည့်လောက်က အမေရိကန်မှာမွေးတဲ့ကလေးတစ်ယောက်ဟာ မွေးလျှင်မွေးချင်း သူ့မှာ ဒေါ်လာ (၃၀၀) ကြွေးရှိသတဲ့။ အခုဆိုရင် ပိုဆိုးနေပြီပေါ့။ အင်္ဂလန်မှာလည်း သိပ်မကွာဘူးပေါ့။

တပ်ကြပ်ကြီးဇနီးမောင်နှံမှာ (၄) နှစ်သားနဲ့ (၁) နှစ်သမီးကလေး (၂) ယောက်ရှိတယ်။ (၄) နှစ်သားက မူကြိုခါလည်သမီးက နေ့ကလေးထိန်းပို့ထားတယ်။

သူတို့ လခထုတ်လာကြပြီဆိုရင် (၂)ယောက်စလုံးရဲ့လခကိုပေါင်းလိုက်တယ်။ ပြီးတော့ သတ်မှတ်ထားတဲ့အတိုင်းကိုယ်ပိုင်ငွေထုတ်ယူကြတယ်။ ကိုယ်ပိုင်ငွေကို ဘဏ်အပ်သလောက်အပ်ပြီး ဆောင်သင့်သလောက် ဆောင်ထားကြတယ်။ ပြီးတော့ ကလေးတွေကိုမုန့်ဖိုးပေးတယ်။ အကြီးကောင်ကိုတော့ ငွေစုစာအုပ်လုပ်ပေးထားပြီး ကြိုက်သလောက်စု၊ ကြိုက်သလောက်မုန့်ဝယ်စားနိုင်တယ်။ မွေးနေ့ရောက်တဲ့အခါ စုငွေ ရသလောက်ကို ထပ်ဆောင်းပေးတယ်။ ကြိုက်သလိုလုပ်ပဲ။ မွေးနေ့ကိုတော့ မိဘကလုပ်ပေးတယ်။ အငယ်မအတွက်တော့ အမေက စုထားပေးတယ်။ သမီးနာမည်နဲ့ ငွေစုစာအုပ်ပဲ။ မိသားစုအားလုံးမှာ ဘဏ်ငွေစုစာအုပ်ရှိကြတယ်။ ကျန်တဲ့ပိုက်ဆံကို သူတို့သုံးနေကျအတိုင်း ခွဲဝေ သတ်မှတ်တယ်။

အဲဒါမှာ ဦးစားပေးတစ် ပထမဦးစားပေးက ကျန်းမာရေးပဲ။

တပ်ကြပ်ကြီးက -

လူတစ်ယောက်ရဲ့ တစ်ဘဝ ရှင်သန်ကြီးပွားရေးအတွက် ကျန်းမာရေးဟာ အဓိကအားဘီးပဲ။ ပင်မအားဘီး

www.burmeseclassic.com

www.burmeseclassic.com

လည်မှ ကျန်တဲ့ဘီးတွေလည်သလို ကျန်းမာနေမှ လုပ်ချင်တာ၊ လုပ်စရာရှိတာအားလုံးကိုလုပ်နိုင်တယ်တဲ့။

စက်မှာ ပင်မအားဘီးရပ်သွားရင် ကျန်ဘီးတွေရပ်ပြီး အလုပ်မလုပ်တာဘဲရှိတယ်။ လူမှာတော့ အဲဒီအလုပ်မလုပ်နိုင်လို့ ဆုံးရှုံးရတဲ့ ဆုံးရှုံးမှုအပြင် ကုသစရိတ်ဆိုတဲ့ အတိုင်းအဆမရှိတဲ့ ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်ရမယ်။ ဒါကြောင့် ကျန်းမာရေးဟာ ပထမဦးစားပေးပဲလို့ပြောတယ်။

အရင်းရှင်နိုင်ငံဖြစ်တဲ့အတိုင်း လူ့ဘဝကို အဆင့်အတန်းမီအောင် ကြွေးစနစ်နဲ့ ရပ်တည်နေကြတာပဲ။ ကြွေးကတ်တွေနဲ့ပေါ့။

ဒါပေမယ့် သူတို့မှာ စနစ်ဆိုတာ ခိုင်မာတော့ စနစ်ကိုမဖောက်ရင် ဒုက္ခမရောက်ဘူး။ သူတို့မှာ မိသားစုဆရာဝန်ရှိတယ်။ တစ်နှစ်တစ်ကြိမ် ပုံမှန်ဆေးစစ်တယ်။ နာမကျန်းဖြစ်ရင်လည်း ကုတယ်ပေါ့။ လကုန်မှပေးပဲ။ မိသားစုဆရာဝန်ဆိုတာ မိသားစုရဲ့ကျန်းမာရေးအခြေအနေကို အစအဆုံးသိတယ်။ ဘယ်လိုဆေးမျိုး၊ ဘယ်လိုအစားအစာမျိုးနဲ့ မတည့်ဘူးဆိုတာကစသိတယ်။ ဒီတော့ အထူးပြောနေစရာမလိုဘူး"

ဤနေရာတွင် ကျွန်တော်ကြားဖြတ်ပြီးတင်ပြပါရစေ။

ကျွန်တော့်ဇနီးအကြောညပ်သည်ဆိုပြီး လမ်းမလျှောက်နိုင်သဖြင့် အကြောအထူးကုဆရာဝန်ကိုသွားပြပါသည်။ အကြောဆေးများသည် အစာအိမ်ကိုထိသည် သူကြားဖူးသဖြင့် ဇနီးတွင် အစာအိမ်ရောဂါရှိကြောင်း ကျွန်တော် ဆရာဝန်ကိုပြောပြပါသည်။

ဆရာဝန်က -

"အဲဒါ ကျွန်တော်နဲ့မဆိုင်ဘူး။ ကျွန်တော်နဲ့ဆိုင်တဲ့ရောဂါကိုပဲကျွန်တော်ကုတာ။ အစာအိမ်အတွက် အစာအိမ်ဆရာဝန်ကိုပြပေါ့"

ဟု ပြန်ပြောပါသည်။

အကယ်၍ မိသားစုဆရာဝန်ဆိုလျှင် ပြောစရာပင်မလိုဘဲ အစာအိမ်လည်းမထိ၊ အကြောလည်းသက်သာအောင်ကုသပေးလိမ့်မည်။ သို့မဟုတ် အကြံဉာဏ်ပေးမည်၊ သင့်ရာကို ညွှန်ပြအပ်နှံပေးမည်။

ဦးမြတင်က ဆက်ပြီး -

"သူတို့ သတင်းစာတစ်စောင်နဲ့ ဂျာနယ်(၂)စောင်ယူထားတယ်။ ဂျာနယ်တစ်စောင်က ကျန်းမာရေးပညာပေး၊ နောက်တစ်စောင်ကတော့ ကလေးရော မိဘရောအတွက် ပညာပေးဂျာနယ်။ သူတို့ အချိန်ကို အလကားမဖြုန်းဘူး။ စားချိန်စား၊ အိပ်ချိန်အိပ်၊ နားချိန်မှာ စာဖတ်ကြတယ်။ အဆင်သင့်ရင်ရေဒီယို လည်း နားထောင်တယ်။

သူတို့မှာက ပွဲလမ်းသဘင်သိပ်မရှိဘူး။ ချမ်းသာသူတွေအတွက်ကတော့ရှိတာပေါ့။ ဆင်းရဲသားများအတွက်ကတော့ ခရစ္စမတ်လောက်ပဲရှိတယ်။ ပြီးမွေးနေ့ကိုတော့ တတ်နိုင်သလောက်လုပ်ကြတယ်။ အိမ်သားချင်းလည်း မွေးနေ့လက်ဆောင်ပြန်ပေးကြတယ်။

ပုံမှန်သွားနေလို့ကတော့ သူတို့ရဲ့ ဝင်ငွေနဲ့ထွက်ငွေဟာမျှနေတယ်။ မမျှော်လင့်တဲ့အကြောင်းပေါ်လာမှ အပိုကုန်တာ။ အဲဒီအတွက် ဘဏ်မှာစုထားကြတာပဲ။ သူတို့မှာ စည်းကမ်းရှိတယ်၊ စနစ်ရှိတယ်။

ဘယ်လိုနိုင်ငံမှာပဲဖြစ်ဖြစ် မကောင်းသူတွေ၊ ဂျပိုးသူခိုးတွေရှိကြတယ်။ အနည်းနဲ့အများပဲကွာခြားတာ။

နိုင်ငံဖွံ့ဖြိုးတယ်ဆိုတာ အသိပညာဖွံ့ဖြိုးတာ။ အဘက်ဘက်ကအသိပညာဖွံ့ဖြိုးတဲ့အတွက် အနုတ်လက္ခဏာနည်းပြီး အပေါင်းလက္ခဏာများရင်၊ ချမ်းသာသူများရင် နိုင်ငံချမ်းသာတာပဲ။ နိုင်ငံဆိုတာလူပဲမဟုတ်လား။ ဖွံ့ဖြိုးတဲ့နိုင်ငံဆိုတာ အသိဉာဏ်ပညာဖွံ့ဖြိုးသူတွေများလို့ ခိုင်မာလို့ပဲ။ ကျောင်းစာကိုပြောတာမဟုတ်ဘူး။ ကိုယ်ပိုင်အရည်အချင်းကိုပြောတာ။ အဲဒါဟာ အလိုလိုရမလာဘူး။ စဉ်ဆက်မပြတ်လေ့ကျင့်ရတယ်။ သူတို့မိဘတွေ သူတို့ကိုလေ့ကျင့်ပေးခဲ့သလို သူတို့ကလည်း သားသမီးတွေကို ပြန်ပြီးလေ့ကျင့်ပေးကြတာပဲ။

ကျွန်တော် ဥပမာတစ်ခုနှစ်ခုလောက် ပြောပြမယ်။

တစ်နေ့ ကျွန်တော်က သင်တန်းသွားတယ်။တပ်ကြပ်ကြီးက (၁)နှစ်သမီးလေးကိုချီပြီး ကျွန်တော်နဲ့လမ်းထိပ်လိုက်ထွက်လာတယ်။ တပ်ကြပ်ကြီးက မုန့်ဆိုင်မှာ သံကြားလုံးဝယ်ပြီး စက္ကူပတ်ကိုခွာတယ်။ အထဲကအသားကို သမီးရဲ့ ညာလက်ထဲထည့်ပေးပြီး စက္ကူကို ဘယ်လက်ထဲထည့်ပေးတယ်။ ပြီးတော့ လမ်းဘေးက အမှိုက်ပုံးဆီသွားပြီး သမီးကို စက္ကူပစ်စေတယ်။

အမှိုက်ကို အမှိုက်ပုံးထဲမှာပစ်ရတယ်ဆိုတဲ့စည်းကမ်းကို အဲဒီအရွယ်ကတည်းက လေ့ကျင့်ပေးခဲ့တာ။

နောက်တစ်နေ့ သူ့သားရယ်၊ သူရယ်၊ ကျွန်တော်ရယ် အတူထွက်လာတယ်။ နိုင်ငံခြားသားတစ်ယောက်က ကျွန်တော်တို့ရဲ့ရှေ့က လမ်းသွားရင်း အချိုရည်သောက်ပြီး ဘူးခွံကို လမ်းဘေးလွှင့်ပစ်ခဲ့တယ်။ အဲဒါ သူ့သားက ချက်ချင်းပြေးကောက်ပြီး အမှိုက်ဖုံးထဲသွားထည့်လိုက်တယ်။

အဲဒါ သူ့သားကို သူလေ့ကျင့်ပေးထားလို့ပဲ။ သူတို့ဆီ လမ်းပေါ် လမ်းဘေး အမှိုက်မရှိဘူး။ ပစ်သူရှိရင်လည်း တွေ့သူက ချက်ချင်းကောက်သိမ်းသွားတာပဲ။ ကျွန်တော်တို့ဆီတော့ ဈေးအကြီးဆုံးကားပေါ်ကလူတွေက ငှက်ပျောခွံပစ်ချ၊ ကွမ်းတံထွေးထွေးချသွားကြတယ်။

သူတို့ ကလေးကိုရိုက်ပြီးမဆုံးမဘူး။ ရိုက်တာ ကလေးကိုမလိမ္မာစေဘူး။ လူကြီးကိုပဲ ဒေါသပြေစေတယ်လို့ပြောတယ်။ ဒဏ်ပေးတဲ့စနစ်ကိုသုံးတယ်။ ဥပမာ အစားစားဖို့ သူတို့ (ကလေး) ကြိုက်တဲ့ပန်းကန်ဝယ်ပေးထားတယ်။ကွဲသွားရင် သံပန်းကန်ရုပ်ဆိုးဆိုးနဲ့ (၆)လ စားရတယ်။ သူတို့ဆီမှာ စားကြွင်းစားကျန်နဲ့ အမှိုက်သရိုက်ဆိုတာ လုံးဝမရှိဘူး။

အဲ-ကျန်းမာရေးအကြောင်းပြောရင်းက ဘေးရောက်သွားပြီ"

ဟု ရယ်ပြီး ပြောပါသည်။

ကျွန်တော်က -

"ဘေးမရောက်ပါဘူး၊ ဒါလည်း ကျန်းမာရေးပါပဲ။ စားကြွင်းစားကျန်နဲ့ အမှိုက်က ကြွက်နဲ့ ခွေးလေခွေးလွင့်များကို ရှင်သန်တိုးပွားစေပြီး ရောဂါပေါင်းစုံကိုပေးတာပါပဲ"

ဟု ပြောလိုက်ပါသည်။

ဦးမြတင်က -

"ကျွန်တော်တို့မိဘတွေက ကျွန်တော်တို့ကို စည်းကမ်းပေးခဲ့သလို ကျွန်တော်တို့သားသမီးတွေကို ပြန်မပေးနိုင်ဘူး။ ဒီလိုနဲ့ ဆင့်ကဲဆင့်ကဲ စည်းကမ်းအားနည်းလာရာက ဒီပုံစံဖြစ်လာတာပဲ။ ဒါကို အဘက်ဘက်ကပြန်ပြီးပြုပြင်ဖို့ကြိုးပမ်းရမယ်။ အဲဒီအထဲမှာ ထိရောက်သူတွေက စာရေးဆရာတွေပဲ။

စာရေးဆရာဆိုတာ ဆရာ့ကိုပြောတာမဟုတ်ဘူး။ စာဖတ်ပရိသတ်ထဲမှာ ဘာသာရေးစာဖတ်ပရိသတ်က (၁၀)ရာခိုင်နှုန်းမရှိဘူး။ အဲဒီအထဲ ဆရာ့စာဖတ်သူက တစ်ယောက်တောင်ရှိမှာမဟုတ်ဘူး။ ခေတ်စာရေးဆရာတွေပြောတာ။ သူတို့က တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်က ပြုပြင်ရေးစာပေများကို သူတို့ကျွမ်းကျင်လိမ္မာတဲ့ ပညာနဲ့လမ်းညွှန်ရမယ်။

အဖေနဲ့သမီး တယ်လီဖုန်းနဲ့စကား

www.burmeseclassic.com

# ကျီးပေါင်း၊ ဒူးနာအတွက် နွားလားဥသဘဆေးမြစ်ဥ

## နေဝင်းဝင်း(လွန်ဆေး)



သူရဇ္ဇမဂ္ဂဇင်း၏ တိုင်းရင်းဆေးကဏ္ဍတွင် အဖုအကျိတ်၊ လည်ပင်းကြီးရောဂါများအတွက် နွားလားဥသဘဆေးမြစ်ဥသုံးစွဲနည်းအကြောင်းရေးသားဖော်ပြခဲ့ဖူးပါသည်။ မော်နာ၊ ရင်သားကင်ဆာ၊ အနာလုံးအဖုအကျိတ်နှင့် လည်ပင်းကြီးရောဂါတို့အတွက် သုံးစွဲခဲ့ကြပါသည်။ ခံစားနေရသည့်ဝေဒနာသက်သာကြသူ၊ ပျောက်ကင်းကြသူ၊ မပျောက်ကင်းကြသူများရှိကြပါသည်။ ခန္ဓာကိုယ်မာတ်ခံစွမ်းအားရောဂါအနုအရင့်မတူကြတာမျိုးလည်းရှိကြပါမည်။ စာရေးသူသည် တိုင်းရင်းဆေးဆရာတစ်ဦးမဟုတ်ပါ။ သို့အတွက် ကုသမှုအပိုင်းဝေဒနာအပိုင်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့်မသိပါ။

ကျင်လည်ရာပတ်ဝန်းကျင် လူမှုအသိုင်းအဝိုင်းမှာ လက်တွေ့ပျောက်ကင်းသက်သာမှုများကို ကြားသိရသည့်အခါ ကိုယ်တိုင်သွားရောက် လေ့လာဆွေးနွေးမေးမြန်းပြီးမှ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ စာရေးသူနေထိုင်ရာမြို့နယ်အတွင်းရှိ အသိမိတ်ဆွေများ၊ သတင်းအကြားနှင့်လာရောက်လေ့လာဆွေးနွေးအကြံဉာဏ်ရယူကြသူများကို ညွှန်ကြားရာကူညီပေးနေရပါသည်။ ရေးသားဖော်ပြခဲ့သည့် ဆေးမြီးတိုများ ဆွေးနွေးအကြံပေးခဲ့သည်များအပေါ် မည်သို့ရှိသည်ကို နားစွင့်ရပါသည်။ ကိုယ်တိုင်တွေ့ဆုံနိုင်လျှင် တွေ့ဆုံရပါသည်။ သက်သာရဲ့လား၊ ပျောက်ကင်းရဲ့လား၊ ထူးခြားမှုမရှိဘူးလား၊ ပိုဆိုးလာသလား စသည်ဖြင့်စနည်းနာရပါသည်။

တစ်ခါတစ်ရံတွင် ဤဆေးမြစ်ထိုဆေးရွက်သည် ထိုထိုသောရောဂါများကို ပျောက်ကင်းစေသည်၊ သက်သာစေသည်ဟုဆိုခဲ့သည်။ သို့သော် ထိုထက်မက အခြားသောရောဂါတို့တွင်လည်း ထိရောက်စွာ သက်သာပျောက်ကင်းမှုရှိကြောင်းတွေ့ကြုံလာရသောအခါ များစွာအံ့သြရပါသည်။ ယင်းသို့ တွေ့ကြုံရသည်ကလည်း ပြန်လည်ဆန်းစစ်လေ့လာကြည့်မှု၏ အကျိုးရလဒ်တစ်ခုပင် ဖြစ်ပါသည်။

နွားလားဥသဘဆေးမြစ်ဥသည် အဖုအကျိတ်၊ လည်ပင်းကြီး၊ ရင်သားကင်ဆာတို့ ဖြစ်ပေါ်ခံစားနေရလျှင် သွေးလိမ်းပါ။ သက်သာပျောက်ကင်းပါသည်ဟု ဖော်ပြခဲ့သည်။ ခံစားနေရသူဝေဒနာရှင်ကမူ သိသာထူးခြားမှုမြန်ဆန်လိုသည်။ အမြန်ပျောက်ကင်းလိုကြသည်။ ထိုအခါ ဝေဒနာရှင်တချို့က နွားလားဥသဘဆေးမြစ်ဥကို ကြိတ်ဆုံဖြင့်ညက်နေအောင်ကြိတ်ခြေလျက်ပုံပေးအုံပေးကြသည်။ ဒနရာရွှေ့ပြေကျမသွားအောင် ဉာဏ်ရှိသလို စီမံသုံးစွဲကြသည်။ ထိုအခါ ခံစားနေရသောရောဂါတို့ ပိုမိုမြန်ဆန်စွာ သက်သာ ပျောက်ကင်းခဲ့ကြောင်း တွေ့မြင်ရပါသည်။

ကျီးပေါင်းတက်ဝေဒနာ၊ ဒူးနာလမ်းမလျှောက်နိုင်သော ဝေဒနာရှင်များကလည်း သက်သာပျောက်ကင်းလျှင် အမြတ်ဟုသောစိတ်ကူးဖြင့် ကျီးပေါင်းတက်သည့်နေရာ၊ ဒူးနာသည့်နေရာတွင် ဆေးမြစ်အား ထောင်းထုကြိတ်အုံပေးလိမ်းပေးကြသည်။ သိသိသာသာ သက်သာပျောက်ကင်းကြသည့်အခါတွင် တစ်ယောက်စကား တစ်ယောက်နားဖြင့်

ပြောတာကို ဘေးကကြားနေရတဲ့ သမီးရဲ့ရည်းစားက သူ့ရည်းစား နောက်ရည်းစားတစ်ယောက်နဲ့ စကားပြောနေတယ်ထင်ပြီး ဒေါသထွက်တဲ့ ခေတ်မီတဲ့အဖေနဲ့သမီးဆက်ဆံရေးမျိုး။

လက်မထပ်ဘဲအတူနေဆိုတဲ့ခေတ်မီနည်းတွေကို လမ်းညွှန်ပေးနေရင်တော့ ဒီတိုင်းပြည်နစ်သထက်နစ်မှာပဲ"

မှန်ပါသည်။

ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာနယ်ဇင်းတို့သည် ပြည်သူများ၏လမ်းညွှန်များဖြစ်ပါသည်။ သူတို့တစ်တွေ လမ်းမှန်ညွှန်နိုင်မှ ပြည်သူများလမ်းမှန်သွားပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ပါသည်။

နိုင်ငံဟူသည် ပြည်သူဖြစ်သဖြင့် ပြည်သူတစ်ဦးချင်းစီ၏ ပညာ (အသိဉာဏ်) နှင့် ဉစ္စာဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါသည်။

ထုတ်လုပ်ကုန်ကျမှုစရိတ်နှင့်မီတာခပြန်လည်ကောက်ခံရရှိမှုမှာ ကုန်ကျမှုကများနေသည့်အတွက် အရှုံးများနေသောကြောင့် မီတာခတိုးကောက်ရသည်ဟုဆိုသောအခါ -

'အစိုးရပဲ၊ ပြည်သူအတွက် အနစ်နာခံရမှာပေါ့။ ပြည်သူသက်သာဖို့ အရှုံးခံရမှာပေါ့'

ဟူသောအပြောမျိုးကိုကြားခဲ့ရဖူးပါသည်။

ပြည်သူ့ငွေကို ပြည်သူအတွက် ပြန်လည်ခွဲဝေသုံးစွဲရသည်ဟူသောအသိမျိုးပင်မရှိသည့်ပြည်သူများ နည်းနိုင်သမျှနည်းပြီး လုံးဝပပျောက်သွားရန်လိုပါသည်။

တိုင်းရင်းသားအစိုးရ ဟူသမျှမည်သည့်အစိုးရမျှ တိုင်းပြည်ကိုဖျက်လိုက်မဟဲ့ဟူသော ရည်ရွယ်ချက်မရှိပါ။ သူ့နည်းသူ့ဟန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင်လုပ်မည့်သူချည်းသာဖြစ်ပါသည်။ ထိုသို့လုပ်ရာတွင် အကြမ်းအားဖြင့် (၁) အစိုးရအဖွဲ့၊ (၂) ပြည်သူ့ဝန်ထမ်း၊ (၃) ပြည်သူဟူသော အားဘီးကြီးသုံးခုဖြင့် လုပ်ရပါသည်။ အားအကြီးဆုံးမှာ ပြည်သူ ဖြစ်ပါသည်။

အစိုးရတစ်ဖွဲ့လုံးရိုးသားဖို့ ပြည်သူ့ဝန်ထမ်းအားလုံး စေတနာထားဖို့ ပြည်သူအားလုံးပါဝင်ဖို့လိုပါသည်။

ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာချမ်းသာခြင်းသည် နိုင်ငံဖွံ့ဖြိုးခြင်းဖြစ်သည်နှင့်အညီ ကျန်းမာမှ အရာရာကိုဖန်တီးနိုင်မည်ဟူသောအသိဖြင့် ကျန်းမာအောင် ကြိုးစားကြပါ။ ထိုသို့ကြိုးစားနိုင်ဖို့ ကျန်းမာရေးဗဟုသုတကို ဖြည့်ဆည်းကြပါ ဟူ၍။

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

နည်းယူပြုလုပ်ကာ သုံးစွဲလာကြသည်။ စာရေးသူနေထိုင်ရာ မြန်အောင်မြို့မှ ပျောက်ကင်း သက်သာကြသူအချို့ကို ဖော်ပြအပ်ပါသည်။

■ ကုပ်ကျီးပေါင်းရောဂါလက်တွေ့ပျောက်ကင်းခြင်း

မြန်အောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မာတ်ပုံကျွမ်းကျင်နှင့်သတင်းထောက်ကိုဝင်းဗိုလ်သည် တစ်ခါတစ်ရံ မူးဝေခေါင်းအုံခြင်း၊ နားထင်ကြောများနာခြင်း၊ ခေါင်းကိုက်ခြင်းဝေဒနာတို့ကို ခံစားနေရသည်။ ဟင်္သာတမြို့ ပုဂ္ဂလိကဆေးခန်းသို့သွားရောက်ပြသသည့်အခါ ကျီးပေါင်းရောဂါဟု သိရသည်။ တစ်လစာဆေးယူပြန်လာခဲ့သည်။ တစ်ပတ်ခန့်ကြာသည်အထိ ထူးခြားမှုမရှိသေး။ တစ်ရက်မှာတော့ မည်သူကအကြံပြုလိုက်သည်မသိ၊ စာရေးသူနေအိမ်ခြံထဲရှိ နွားဥသဘဆေးမြစ်ဥအချို့တူးယူသွားပါသည်။ ဆေးမြစ်ဥများကို ရေစင်စင်ဆေး၊ ငရုတ်ဆုံသန့်သန့်တွင် ကြေညက်အောင် ထုထောင်းသည်။ ထုထောင်းပြီးဆေးများကို ကုပ်ပိုးပေါ်တွင် နှစ်လက်မအကျယ်၊ လေးလက်မခန့် အရှည်ရအောင်ပုံပေးလိုက်သည်။ ဆေးပုံပေါ်တွင် တစ်ရှူးစများအုပ်ထားပေးသည်။ တစ်ရှူးစပေါ်မှ စက္ကူတိပ်ကို ထပ်ကပ်ပေးလျက် ညအိပ်သည်။

နောက်တစ်နေ့မနက်ရေချိုးသောအခါ ခွာပစ်လိုက်သည်။ တစ်ခါလုပ်ရုံနှင့်သိသာထူးခြားစွာသက်သာပျောက်ကင်းပါသည်။ ယခုအခါ တစ်လတစ်ကြိမ်ပုံမှန်အုံပေးခြင်း၊ ထုထောင်းအရည်ညစ်ယူရသည့်ဆေးရည်ဖြင့် လိမ်းပေးခြင်းတို့ကို ပုံမှန်ပြုလုပ်ပေးလျက် ကျန်းမာနေပါသည်။



■ ကျီးပေါင်းအကျိတ်ဖုသက်သာသွားသူ

မြန်အောင်မြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု မာလကာကုန်းကျေးရွာနေ မဝင်းဆိုသူ စာရေးသူထံရောက်လာပါသည်။ သူ၏ဦးခေါင်းမှာ ဘယ်ညာလှည့်လို့မရ။ ရှေ့တည့်တည့်ကိုသာကြည့်နိုင်သည်။ သူ၏ကုပ်ပိုးတွင် တည်းသီးအရွယ်အဖုတစ်လုံးတွေ့ရ၏။ ကျီးပေါင်းတက်နေသည်မှာကြာပြီ။ ဆေးခန်းလည်းမသွားနိုင်သေးဟုဆိုပါသည်။ စာရေးသူက နွားဥသဘဆေးမြစ်ဥကို ထုထောင်းပြီး အဖုကျိတ်နေရာတွင် အုံထားပေးပါ။ ခိုင်မြဲအောင် အဆင်ပြေသလိုစည်းနှောင်းပေးပါဟု အကြံပေးလိုက်ပါသည်။

နောက်တစ်နေ့ ညနေပိုင်းတွင် ပြုံးပြုံးရွှင်ရွှင်နှင့် ရောက်လာပြန်သည်။ ဦးခေါင်းကဖြင့် ဘယ်ညာလှည့်နိုင်သော်လည်း အဖုကျိတ်ကလျော့ကျသည်ဆိုရုံပဲရှိသေးသည်။ ဆေးမြစ်ဥကို ဂရုတစိုက်လုပ်ပေးပါဟု တိုက်တွန်းပြောကြားလိုက်ပါသည်။ တစ်ပတ်ခန့် ဆေးအုံးပေးခြင်းကြောင့် များစွာသက်သာကျန်းမာနေပြီဖြစ်ပါသည်။

■ ဒူးနာနေလျှင်လည်းသုံးစွဲနိုင်

နောက်ထပ်တစ်ဦးမှာ မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ဘဒလင်ရပ်နေ ဒေါ်ဝင်းမြင့်ဖြစ်ပါသည်။ ဒူးနာနေသည့်အတွက် အထိုင်အထအသွားအလာမပြုနိုင် အလုပ်အကိုင်ပျက်ရသည်။ နာနေသည့် ဒူးနေရာတွင်ရောင်ကိုင်းနေသည်။ ဒေါ်ဝင်းမြင့်ခြံထဲတွင်လည်း နွားလားဥသဘ ဆေးမြစ်ဥအပင်များရှိသည်။ အဖုကျိတ်အတွက် သုံးစွဲရမှန်းသိထားသည်။ ဒူးနာရောင်ကိုင်းနေသည့်ဒဏ်ရာကိုသွေးလိမ်းရလျှင် သက်သာမည်လားဟု တွေးမိသည်။ ဆေးမြစ်ဥများတူးယူရေဆေးခိုင်းသည်။ ကျောက်ပျဉ်မှာသွေးကြည့်တော့ ဆေးရည်ကကောင်းကောင်းမထွက်ချင်။ ငရုတ်ဆုံထဲထည့်ကာထုထောင်းလိုက်သည်။ ထုထောင်းပြီးဆေးမြစ်ဥများကို ဒူးနာနေရာတစ်ဝိုက်တွင် ပုံထားပေးပြီး အဝတ်စတစ်စဖြင့် အထပ်ထပ်ပတ်ချည်ကာ စည်းနှောင်သည်။ ထိုအပေါ်မှဒူးစွပ်ကိုထပ်စွပ်လိုက်သည်။ ထိုနေ့ နေ့လယ်မှ နောက်တစ်နေ့မနက်အထိ ဆေးစည်းထားလိုက်သည်။ မနက်ဘက်အိပ်ရာထသည်ဆိုကတည်းက ဒူးနာအရောင်ကျသွားသည်။ လမ်းလျှောက်နိုင်လာသည်။ မနာမကျင်ပေါ့ပေါ့ပါးပါးရှိလာသည်။ သုံးရက်ဆက်တိုက်ပြုလုပ်ပြီးနောက် ဒူးနာဒူးရောင်ခြင်းများ လုံးဝပျောက်ကင်းသွားခဲ့ပါသည်။

ဂင်းနွားလားဥသဘဆေးမြစ်ဥကိုကျေးလက်ဒေသအချို့တွင် နွားမင်းရာဇာဟုခေါ်ကြောင်း၊ နွားများဆီးချုပ်ဖြစ်လျှင် ထိုဆေးမြစ်ဥကို ထုထောင်းတိုက်ကျွေးကြသည်ဟု သိရှိရပါသည်။



နေဝင်းဝင်း (လွန်းအော

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ဆန်းကျမ်းပညာမှာ အန္တရာယ်ကင်းအောင်ဆိုရင် တန်းစီး တိုင်ထိပ် နံသင့်အသားဆောင်ရတာတွေ ရှိတယ်နော်"

"ဟုတ်ပါတယ်-ရှိပါတယ်။ ဥပမာ ဗျာ ကြာသပတေးသက်ရောက်ဆိုပါတော့။ တိုင်ထူရင်တော့ တစ်နှစ်သုံးတိုင်ခေါ်ကြတာပေါ့။ အဲဒီတိုင်ရဲ့တိုင်ထပ် တန်းစီးမှာ တနင်္ဂနွေ၊ အင်္ဂါရှိတယ်။ ဒီတော့ ခုနပြောတဲ့ အန္တရာယ်ကင်းဖို့ဆိုရင် ဩဇာကိုဆောင်ရမှာပေါ့။ ဆောင်ပုံဆောင်နည်းကလည်းရှိသေးတယ်။ညာဘက်လက်ကလေးနဲ့ တိုင်းဖြတ်ဆောင်ရမယ်။ ဘယ်လိုဆောင်ရမလဲဆိုတော့ ညာဘက်လက်ညှိုးလေးနဲ့လက်တစ်ဆစ်ဖြတ်ပြီးဆောင်ထားရမယ်။ ဖြတ်ပြန်ရင်လည်း အရှေ့တောင်ထောင့်လို့ခေါ်တဲ့ အင်္ဂါထောင့်ဘက်ထွက်တဲ့ အကိုင်းကိုဆောင်ရမယ်။ အဲဒီမှာ ရှေးက ပညာရှင်ဆရာကြီးတွေက ဩဇာသားဖြစ်ရမယ်။ ဖြတ်ခိုင်းရင် အင်္ဂါသားကိုဖြတ်ခိုင်းရမယ်။ အင်္ဂါနေ့မှာ ဖြတ်ဆောင်ရမယ်။ အင်္ဂါထောင့်ကအကိုင်းလည်းဖြစ်ရမယ်။ အင်္ဂါအထပ်ထပ်ရိုက်လိုက်တာပေါ့ဗျာ။ အင်္ဂါက တိုင်ထိပ်လည်းဖြစ်တယ်။ အားကလည်း ကောင်းထားတယ်ဆိုတော့ ညာလက်ညှိုးပေါ့ဗျာ။ ဒါကို ဆောင်ထားလိုက်ရုံပဲ။ ယုံယုံကြည်ကြည်နဲ့ သန့်သန့်ပြန့်ပြန့်သာဆောင်ထား။ ပညာနဲ့ဆောင်တာပဲ အကျိုးပေးတယ်။

**မေး။** ဩော် - ဒါဆို ဆရာ၊ တနင်္လာသက်ရောက်မှာရောက်နေရင်တော့ ခွန်၊ တစ်၊ နှစ်တိုင်ပေါ့နော်။ ဒါဆို တိုင်ထိပ်တန်းစီးမှာ စနေ၊ တနင်္လာရှိနေတော့ ဒန်းကြီးပေါ့နော် ဆောင်ရမှာ"

**ဖြေ။** မှန်ပါတယ် ဒန်းကြီးပါပဲ။ ခုနလိုပါပဲ။ ဒါပေမယ့် တစ်ခုရှိတာက တနင်္လာဟာ တိုင်ထိပ်မှာရှိတဲ့အပြင်ကပ်ပြိုဟ်ကလည်းအားကောင်းနေပြီ၊ အပြစ်လည်းလွတ်နေပြီဆိုရင်တော့ လက်သူကြွယ်နဲ့ တစ်ဆစ်တိုင်းဖြတ်ဆောင်ရတာပေါ့။ တိုင်ထိပ်တန်းစီးဟာ ဆောင်လိုက်တာနဲ့စွမ်းပါတယ်။ များသောအားဖြင့်တော့ ပညာရှင်ကြီးတွေဟာ တိုင်ထိပ်အားကိုယူပြီးဆောင်ကြလို့ အဲဒီအဆောင်တွေဟာ အစွမ်းထက်ကြတာပါ။ဒန်းကြီးဆောင်မယ်ဆိုရင် အရှေ့ဘက်ထွက်တဲ့ အကိုင်းကို ဖြတ်ဆောင်။ သွားယူပေးသူကလည်း တနင်္လာ။ တနင်္လာနေ့မှာလည်း ဆောင်ရမယ်။ ဒါတွေဟာ ကံကောင်းခြင်းအတွက် အထောက်အပံ့ဖြစ်စေတဲ့ အဆောင်တွေပေါ့။ ယုံကြည်ဖို့ပဲလိုပါတယ်။ ပညာနဲ့ဆောင်တာဆိုတော့လေ။

**မေး။** ခရေတို့၊ လောက်သေတို့လည်း ဒီတိုင်းပဲပေါ့နော်ဆရာ။ စံပယ်၊ ဆီးဖြူ အတူတူပေါ့။

**ဖြေ။** ဒီတိုင်းပါပဲ။ တစ်ခုကို ဆောင်တတ်ပြီဆိုရင် ကျန်တဲ့အဆောင်တွေဆောင်လို့ရသွားပါပြီ။

**မေး။** ဒါဆို အဲဒီတိုင်ထိပ်တန်းစီးကိုပဲထပ်မေးချင်ပါတယ်ဆရာ။ ဒီလိုမဆောင်ဘဲ တစ်ပွဲတိုးအစီအရင်ပေါ့။

**ဖြေ။** တစ်ပွဲတိုးဆိုတာ ဘာကိုဆိုလိုတာလဲ။

**မေး။** ဟိုလေ ဆရာ၊ ဘယ်အောက်မှာမတ်တပ်ရပ်ပြီး ဘာစားညာစားဆိုတာမျိုး။

**ဖြေ။** ဩော်-ရှိတာပေါ့။ ဆန်း

# ထိပ်တင်အုန်းကျော်
(သုတေသီ)

# အခြေခံဆန်းကျမ်း ပဟုသုတများ




ကျမ်းပညာမှာ တော်တော်အရာရောက်တဲ့အစီအရင်ပဲ။ ဥပမာဗျာ ခုပြောနေတဲ့ တစ်နှစ်သုံးတိုင်ပဲဆိုပါတော့။ တနင်္ဂနွေနေ့မှာဖြစ်ဖြစ်၊ အင်္ဂါနေ့မှာဖြစ်ဖြစ် တနင်္ဂနွေသားတစ်ယောက်ယောက် ဒါမှမဟုတ် အင်္ဂါသားတစ်ယောက်ယောက်ဝယ်ပေးတဲ့အုန်းသီးကိုခွဲ၊ စိတ်၊ ဒေါင်းပင်အောက်မှာသွားပြီး တနင်္ဂနွေထောင့်မျက်နှာမူ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကို အာရုံစူးစိုက်ထားပြီးစား၊ ခဏခဏစား။ ဖြစ်တာပဲဗျ အောင်မြင်တာပဲ။ ဖြစ်ချင်တာကိုသာ အာရုံစူးစိုက်ပြီး စိတ်ကညွတ်ထား၊ ဖြစ်တယ်။

တကယ်လို့ ရာဟုသက်ရှေ့ နှစ်သုံးလေးတိုင်ဆိုပါတော့။ တနင်္လာ

www.burmeseclassic.com

www.burmeseclassic.com

သား ဒါမှမဟုတ် ဗူဒ္ဓဟူးသားဝယ်ပေးတဲ့ကြွက်ကို (၂) ဆစ်ယူ၊ ခရေပင်အောက်မှာ မတ်တတ်ရပ်၊ မျက်နှာမူရမှာက တောင်ဘက်၊ တောင်ဘက်လှည့်ပြီး ကြွက်စားပေတော့။ ဖြစ်ချင်တဲ့ဆန္ဒကို အာရုံစူးစိုက်ထားပြီး စားပေတော့။



www.burmeseclassic.com

www.burmeseclassic.com

**မေး ။** ဆရာ၊ တစ်ခုတော့မေးချင်တယ်။ တကယ်လို့များ ခရေပင်အောက်တော့ရပ်ပြီး အရှေ့ဘက်ကိုလှည့်ပြီး ရေသောက်ရင်ကော။ ရေကို တနင်္လာသား၊ ဗုဒ္ဓဟူးသားတစ်ယောက်ခပ်ခိုင်းပြီးတော့လေ။

**ဖြေ ။** ရပါတယ်၊ ဖြစ်ချင်တဲ့ဆန္ဒကို အာရုံစူးစိုက်ထားဖို့ပါပဲ။ ခင်ဗျားမေးတာ ကျွန်တော်သိပါတယ်။ ဥပမာ အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ်တွေမှာ သက်ရောက်နေတဲ့သူတွေ ထန်းပင်အောက်မှာ ပဲလှော်စား၊ အနောက်တောင်ထောင့်ကို လှည့်စား၊ စနေသား၊ ကြာသပတေးသားတစ်ယောက်ယောက်က ပဲလှော်လာပေးပေါ့။ အဲဒါကိုယူသွားပြီးစား။ ဖြစ်ချင်တဲ့ဆန္ဒကိုသာ အာရုံစူးစိုက်ထားပြီးစား။

**မေး ။** ထန်းပင်မှလား ဆရာ၊ ထင်းရှူးပင်တို့၊ ဒန့်သလွန်ပင်တို့အောက်မှာ မတ်တတ်ရပ်ပြီးစားရင်ကောရတယ်မို့လား။

**ဖြေ ။** ထင်းရှူးပင်၊ ဒန့်သလွန်ပင်တို့အောက်မှာတော့ မစားသင့်ဘူး။ ဘာလို့လဲဆိုတော့ အပင်အောက်မှာ မတ်တတ်ရပ်စားတယ်ဆိုတာ အရိပ်ခိုတာပဲ။ စနေနံအောက်မှာ အရိပ်ခိုပြီး ကြာသပတေးနံကိုစားတာပဲ။ ဒါပေမယ့် ရှေးရှေးက ဆရာကြီးတွေဟာ ထင်းရှူးပင်နဲ့ ဒန့်သလွန်ပင်ကို အရိပ်မခိုခိုင်းဘူး။ ဘာလို့လဲဆိုတော့ အရိပ်ခိုရမယ့်အပင်ရဲ့ ဈူပွတ်ကြောင့်ပါ။ အမိပ္ပာယ်တစ်မျိုးဖြစ်နေလို့ပါ။ ဒါကြောင့် ထိမ်၊ ထန်းပဲ အရိပ်ခိုကြတာများပါတယ်။

ခင်ဗျားခုနမေးတာကို ပြောရရင် ပျဉ်းမပင် ဒါမှမဟုတ် ပိတောက်ပင်အောက်မှာ မတ်တတ်ရပ်၊ အနောက်အရပ်ကို မျက်နှာမူပြီး ထန်းလျက်စားရင်လည်း ရပါတယ်။ စနေ ဒါမှမဟုတ် ကြာသပတေးသားသမီး တစ်ယောက်ယောက်ကပေးတဲ့ထန်းလျက်ဆိုပိုကောင်းပါတယ်။ ဖြစ်ချင်တဲ့ဆန္ဒကို အာရုံစူးစိုက်ထားရုံပါပဲ။

စနေသက်ရောက်ဆိုရင် ခြောက်ခွန်တစ်တိုင်ပေါ့။ အုန်းပင်အောက်မှာ မတ်တပ်ရပ်၊ အရှေ့မြောက်အရပ်ကို လှည့်၊ ပြီးရင် သကြားစား၊ တနင်္ဂနွေ ဒါမှမဟုတ် သောကြာတစ်ယောက်ယောက်ကပေးတဲ့သကြားကိုစား၊ အရမ်းထိရောက်အောင်မြင်တယ်။ ဒီလိုမှမဟုတ်ဘဲ သီဟိုဠ်ပင်အောက်မှာ မတ်တတ်ရပ်၊ သီးပင်အောက်မှာ မတ်တတ်ရပ်၊ တနင်္ဂနွေ ဒါမှမဟုတ် သောကြာတစ်ယောက်ကပေးထားတဲ့ အုန်းသီးကိုခွဲစိတ်ယူလာပြီး အုန်းသီးစိတ်ကိုစား၊ မြောက်အရပ်ကိုလှည့်စား၊ ဖြစ်ချင်တဲ့ဆန္ဒကို အာရုံစူးစိုက်ထား။ ဒါလည်း အောင်မြင်တာပဲဗျ။ စကားအသုံးအနှုန်းအရပြောရရင် တစ်ပွဲတိုးဆိုတာထက် 'အကြောင်းကြီးငယ်ကိစ္စအဝဝကို ချက်ချင်းအောင်မြင်စေသောအစီအရင်' လို့ပြောတာက ပိုပြီးကောင်းပါတယ်။ ဘာလို့လဲဆိုတော့ တချို့ကိစ္စတွေက သာမန်ကိစ္စလောက်ဖြစ်ပေမယ့် တချို့ကိစ္စတွေကျတော့ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ကိစ္စကြီးတွေရှိတယ်။ နမူနာတစ်ခုပြောမယ်ဗျာ။ အမှုကိစ္စတစ်ခုဆိုပါတော့။ အဆုံးအဖြတ်ပေးတော့မယ့်အခြေအနေတစ်ခုကို စကားပြောရတော့မယ်ဆိုပါတော့။ အဲဒီလိုအခြေအနေကိုရင်ဆိုင်ဖို့ သီးပင်အောက်မှာ မြောက်ဘက်လှည့်ပြီး လက်သုပ်စားသွားလို့အောင်မြင်သွားသူတွေရှိပါတယ်။ အမှုကိစ္စဆိုတာ ဘဝတစ်ခုလုံးနဲ့ဆိုင်တာပဲ။ ဒါကျတစ်ပွဲတိုးမဟုတ်တော့ဘူး။ ပြည့်စုံလာခြင်း၊ ချမ်းသာလာခြင်းကို ဖြစ်လာစေနိုင်တဲ့ အောင်မြင်မှုကြီးပဲ။ ဒါကြောင့် အကြောင်းကြီးငယ်ကိစ္စအဝဝ အောင်မြင်ဖို့ ချက်ချင်းစီရင်တဲ့အစီအရင်လို့ပြောတာပါ။ ဆန်းကျမ်းပညာမှာစီရင်ပုံတွေဟာ သိပ်ကိုစိတ်ဝင်စားစရာကောင်းသလို အောင်မြင်ကြတာချည်းပါပဲ။ အားလုံးဟာ လက်တစ်ကမ်းမှာရှိတာတွေနဲ့ စီရင်သွားကြတာချည်းပါပဲ။ (၇) ရက်သားသမီးအကျိုးပြုဖို့ဆိုတာက (၇) ရက်သားသမီးတွေရဲ့ပတ်ဝန်းကျင်မှာပဲရှာနိုင်ဖွေနိုင်ပြုလုပ်နိုင်တဲ့ လွယ်ကူတဲ့ အစီအရင်တွေဖြစ်နေတော့ ပိုကောင်းတာပေါ့။ ပညာရှင်ကြီးတွေက နံသင့်တာတွေကို အကြိမ်ကြိမ်အထပ်ထပ်ဓာတ်ထိအောင် စီရင်ပေးကြတော့ တချို့စီရင်ပုံတွေမှာ ခက်ခဲသလိုဖြစ်နေတတ်ပါတယ်။ အောင်မြင်မှုရသွားတဲ့အခါ ရှင်းသွားကြလေ့ရှိပါတယ်။

**မေး ။** ဟုတ်ကဲ့-ဆရာ၊ တိုင်ထိပ်တန်းစီးအစီအရင်တွေဟာ ထင်လည်းထင်ရှားတယ်။ အောင်လည်း အောင်မြင်တယ်လို့ သိရပါတယ် ဆရာ။ ကျွန်တော် မသိလို့ပါ ဆရာ၊ မေးကြည့်ပါရစေ။ သက်မဲ့တွေနဲ့ပဲစီရင်တာများသလားလို့"

**ဖြေ ။** အစီအရင်ရဲ့ သတ္တိဟာ သက်မဲ့တွေနဲ့စီရင်တယ်လို့ အမြင်များကြပါတယ်။ ဒါပေမယ့် ခင်ဗျားသတိထားလေ့လာကြည့်ပါ။ သစ်ပင်တွေဟာ အသက်ရှိကြပါတယ်။ သူတို့မှာလည်း ရှင်သန်ခြင်း၊ သေဆုံးခြင်းရှိကြတာပါပဲ။ ညဘက်ဆို အရွက်ချင်းယှက်ပြီးအိပ်သွားကြတဲ့သစ်ပင်တွေအများကြီးပါ။ တချို့ဆို မသန့်တဲ့နေရာမှာစိုက်လို့မရတဲ့သစ်ပင်တွေတောင်ရှိပါတယ်။ မသန့်တဲ့နေရာမှာ စိုက်မိတာနဲ့ သေတာပဲ။ နေဘက်ကိုမျက်နှာလိုက်မူတဲ့ ပန်းလေးတွေလည်းရှိကြတာပဲ။ သူတို့လည်း လေဓာတ်၊ နေဓာတ်၊ ရေဓာတ်လိုကြတာပဲလေ။ ဒါကြောင့် သက်မဲ့တွေနဲ့ချည်း စီရင်တယ်လို့ပြောလို့မရပါဘူး။ ကျွန်တော် သတိထားရသလောက် ခင်ဗျားဆိုလိုတာက လူပုဂ္ဂိုလ်တွေနဲ့ရော စီရင်လို့မရဘူးလားဆိုတာမျိုးနဲ့တူတယ်။

**မေး ။** မှန်ပါတယ် ဆရာ။

**ဖြေ ။** ရှိပါတယ်။ ဥပမာဗျာ အိမ်သစ်တက်မယ်၊ ဆိုင်သစ်ဖွင့်မယ်၊ ကောင်းခြင်းကိုဖြစ်စေတဲ့အလုပ်တစ်ခု အောင်မြင်ဖို့လုပ်မယ်။ ဒါဆို ခုနပြောတဲ့ ဩဇာသားဆောင်တဲ့နှစ်နဲ့ပဲပြောရရင် တနင်္ဂနွေသားနဲ့ အင်္ဂါသားတို့ကို ဘေးကနေ ဝန်းရံဆိုင်းဘုတ်ကိုင်ရမယ်ဆိုလည်း သူတို့ကိုကိုင်ဖို့ပြော၊ ဒါဆို လုပ်ငန်းကြီးတစ်ခုကို အောင်မြင်ခြင်းဖြစ်စေတဲ့ နေ့နံအစီအရင်တွေနဲ့ အောင်မြင်မှုတစ်ခုကို စတင် တည်ဆောက်လိုက်တာပဲ ဖြစ်ပါတယ်"

**မေး ။** ဒီနေရာမှာ ဦးညိုတို့ဘာတို့ဆိုတဲ့ ရန်တွေ၊ မိတ်တွေ မလိုတော့ဘူးလား ဆရာ။

**ဖြေ ။** ဆန်းကျမ်းပညာရဲ့တိုင်ထိပ်တန်းစီးပညာခန်းဖြစ်လို့ တိုင်ထိပ်တန်းစီးအတိုင်းပဲသွားကြတာပါပဲ။ ရန်တွေ၊ မိတ်တွေမကြည့်ပါဘူး။ ကြည့်ဖြစ်ပြန်ရင်လည်း အင်္ဂါနေ့သား ဒါမှမဟုတ် တနင်္ဂနွေသားတစ်ယောက်ယောက်ရွေးချယ်လိုက်ရင် ပြီးပါတယ်။ ဒီလိုပဲ တနင်္ဂနွေသက်ရောက်ဆိုပါတော့။ အိမ်သစ်တက်မယ်ဆိုပါတော့။ သူက လေးငါးခြောက်တိုင်။ ဒါဖြင့် ဗုဒ္ဓဟူးသားနဲ့ သောကြာသား ဝန်းရံပြီးတက်ပေါ့။ ကောင်းခြင်းကိုဖြစ်စေတဲ့ကိစ္စတွေမှာ အဲဒီနေ့သားနှစ်ဦးကို စီရင်ခိုင်းပေါ့။

**မေး ။** ဆရာ၊ အဲဒီလိုဆို မူလဇာတာရှင် နေ့သားနဲ့ မိတ်တွေ၊ ရန်တွေ မချိန်ရတော့ဘူးပေါ့။


**ဖြေ ။** ခုနပြောပြီးပြီလေ။ ဒီလိုချင်

www.burmeseclassic.com

www.burmeseclassic.com

# ရေနံ့သာ-ခင်လေး

## လူခြောက်ကလေးများ



ငယ်ငယ်ကကြားဖူးပါသည်။

လူခြောက်ကလေးကို ထန်းခေါက်ဖာသေးလေးနဲ့ ထည့်ထားတတ်ကြပြီး အကျီတွေကို အသက်အရွယ်လိုက်ပြီး ချုပ်ပေးရ ဝယ်ပေးရကြောင်း ကြားသိဖူးပါတယ်။ လူခြောက်ကလေးများဟာ အိပ်မက်ပေးလေ့ရှိကြတယ်။ လူခြောက်ကလေးရှိတဲ့အိမ်က စီးပွားတက်တယ်တဲ့။

တယ်ဆိုရင်လည်း မူလနေ့သားက တနင်္ဂနွေသားဖြစ်နေလို့ ဗုဒ္ဓဟူးက ရန်ဆတ်ဖြစ်နေပါတယ်ဆိုရင်လည်း သောကြာသားက ဦးဆောင်ပေါ့ဗျာ။ ဒါလည်း အောင်မြင်တာပဲ။ တချို့ကျတော့လည်း ဥဒါသိန်ဂြိုဟ်တွေဆိုရင်ရပါတယ်။ ဥပမာဗျာ ဇာတာရှင်က တနင်္လာ၊ တိုင်ထိပ်မှာလည်း တနင်္လာဆိုပါတော့။ ဒါဆို ဥဒါသိန်ပေါ့။ ကျန်တဲ့စနေကိုပဲကြည့်ရတော့မှာ။ အပြန်အလှန်အကျိုးမယုတ်စေတဲ့ဂြိုဟ်တွေဆိုရပါတယ်။ အရေးကြီးတာက ခင်ဗျားဟာ တိုင်ထိပ်တန်းစီးပညာကိုယုံတယ်ဆိုရင် တိုင်ထိပ်တန်းစီးပညာခန်းက ခင်ဗျားကို အောင်မြင်တဲ့အထိအကျိုးပေးမှာပဲ။ ဒါပေမယ့် ခပ်ပေါ့ပေါ့တော့လုပ်လို့မရဘူး။ စကားတပြောပြောနဲ့သွား။ ကုံကော်ပင်အောက်မှာရပ်ပြီး ဟိုကြည့်ဒီကြည့်နဲ့ ဟိုလူမြင်မှာကြောက်သလိုလို ဒီလူတွေ့မှာကြောက်သလိုလိုနဲ့ ထန်းလျက်ခဲလေး ခွပ်ဆိုကိုက်ဖြီးသွားရုံနဲ့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ အလုပ်ရှုပ်ရုံပဲအဖတ်တင်မယ်။ ဘယ်ဘက်ကိုလှည့်မှာလဲ၊ ဘယ်အပင်အောက်မှာရပ်မှာလဲ၊ အရိပ်ခိုမှာလဲ၊ ဘာကိုစားမှာလဲ၊ ဘယ်ကိုစူလဲ၊ ဘယ်လိုအာရုံစူးစိုက်ထားမှာလဲ၊ ကိုယ့်ကိုယ်ကိုယ်ကောယုံကြည်မှုအားတွေဖြည့်ထားရဲ့လား။ ဒါတွေသတိထားရမယ်။

**မေး ။** ဟုတ်ကဲ့-သဘောပေါက်ပါပြီဆရာ။ တစ်ခုပဲသိချင်ပါတယ်ဆရာ။ ဘယ်အပင်အောက်ဖြစ်ဖြစ်တော့ ရပ်ပြီးစားလို့ရတယ်မို့လား။ တိုင်ထိပ်ဖြစ်ဖြစ်၊ တန်းစီးဖြစ်ဖြစ်လေ"

**ဖြေ ။** ခင်ဗျားကို ကျွန်တော်ပြောရရင်တော့ ထားပါတော့ဗျာ။ ခုနပြောတဲ့ တစ်နှစ်သုံးတိုင်နဲ့ပဲ နမူနာပြောကြပါစို့။ ခင်ဗျားမှာ ရန်အတိုက်အခံတွေများလွန်းလို့ ခင်ဗျားအစီအရင်လုပ်မယ်ဆိုပါတော့။ စဉ်းစားလေ၊ ဆီးပင်အောက်မှာရပ်ပြီး အုန်းသီးစိတ်စားမလား၊အုန်းပင်အောက်မှာရပ်ပြီးဆီးသီးစားမှာလား၊ ဆီးပင်ကတော့ ဆူးရှိတဲ့အပင်မျိုးပဲ။ အုန်းပင်ကတော့ တစ်ဖြောင့်တည်းတက်သွားတယ်။ အရိပ်ခိုရမှာက အတူတူပဲ။ ကဲ - ခင်ဗျားဘယ်အရိပ်ကိုခိုမလဲ"

**မေး ။** ဩော် - ဉာဏ်နဲ့ယှဉ်လာပြီနော် ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**ဖြေ ။** ရှေးရှေးက ပညာရှင်ကြီးတွေဟာ ဉာဏ်နဲ့ယှဉ်တာကို သိပ်သဘောကျကြတယ်။ ပညာလိုက်စားမြတ်နိုးကြသူတွေကိုလုံ့လစိုက်ထုတ်ကြစေချင်တယ်။ သုတအကြားအမြင်များစေချင်တယ်။ တွေးခေါ်ဆင်ခြင်ကြစေချင်တယ်။ ဒါကြောင့် ကျွန်တော်တို့တွေသင်ကြားလာရပြီဆိုတော့၊ သင်ကြားခွင့်ရလာပြီဆိုတော့ ဒီအဆိုအမိန့်မေတ္တာစေတနာတွေအတိုင်း လိုက်နာကြရမှာပေါ့ဗျာ"

ထိပ်တင်အုန်းကျော်(သု[illegible])



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအိမ်ကိုအလုပ်လာလုပ်တဲ့ လက်သမားကောင်ကလေးပြောသွားလို့ အံ့ဩရပါတယ်။ အန်တီရယ် ကျွန်တော့် မရီးမှာ လူခြောက်ကလေးရှိတယ်တဲ့။ သူက လူခြောက်အထီးလေးတဲ့။ အဝတ်အစားကို အရုပ်မအဝတ်အစားချုပ်ပေးလို့ သူဝတ်မရဘူးလို့ ပြောပါတယ်။ ငါးနှစ်ရှိရင် ငါးနှစ်သားအရွယ်အဝတ်အစား၊ ဆယ်နှစ်သားရှိရင် ဆယ်နှစ်သားအဝတ်အစားကိုချုပ်ပေးရပါတယ်။ ဝယ်ပေးရတယ်တဲ့။ လူခြောက်ကလေးကတော့ ဖာပုံးတို့၊ သေတ္တာလေးထဲတို့မှာ နေတာပေါ့ဗျာတဲ့။ သူလူပျိုအရွယ် (၁၈)နှစ် သားမှာမိန်းမတောင်းခိုင်းတယ်တဲ့။ သူတောင်းခိုင်းတဲ့မိန်းမကလည်း သူ့လိုပဲ လူခြောက်မလေးပေါ့။ အဖေတို့ အမေတို့ သားကို (×××) မြို့၊ ရပ်ကွက်၊ အိမ်နံပါတ် (×××) မှာ ကျွန်တော့်လိုပဲ လူခြောက်မလေးရှိပါတယ်။ ကျွန်တော် သူနဲ့လက်ထပ်ချင်တယ်။ အမေတို့အဖေတို့သွားတောင်းရမ်းပေးပါဆိုလို့ အဲဒီ လူခြောက်လေးပြောတဲ့လိပ်စာအတိုင်း သွားပြီး မေးမြန်းစုံစမ်းတော့ လူခြောက်မလေး တကယ်အဲဒီအိမ်မှာရှိတယ်တဲ့။

အိမ်ရှင်တွေကို ကျွန်တော်တို့သားကလည်း လူခြောက်ကလေးပဲ။သူအိပ်မက်ပေးပြီး ပြောခိုင်းလို့လာတာပါလို့ ပြောရသတဲ့။ အံ့ဩစရာ ရယ်စရာကြီးနော်။

နောက်နှစ်အနည်းငယ်ကြာလာတော့ အမေ သား ပြည်မြို့က ရွှေဆံတော်ဘုရားကိုသွားပြီလို့ ပြောသတဲ့။ သားတို့ကို အထက်က တာဝန်ပေးလို့ အလုပ်လုပ်စရာတွေရှိတယ်။ သားကိုတွေ့ချင်ရင် ပြည်မြို့က ရွှေဆံတော်ဘုရားကိုလာတွေ့ပါလို့ မှာကြားသတဲ့။ အိပ်မက်နဲ့ပဲပေါ့။

လူခြောက်ကလေးမွေးရင် တချို့က လှူင့်မပစ်ရက်ကြဘူး။ လာဘ်ကောင်းတယ်ဆိုပြီး အိမ်မှာသေတ္တာလေးနဲ့ထည့်ပြီး သိမ်းထားတတ်ကြတယ်။ အဲဒီအိမ်က စီးပွားတက်မှာပေါ့။ လူခြောက်လေးရှိတယ်လို့၊ ကြားဖူးတယ်လို့ပြောတတ်ကြပါတယ်။

■

ခင်ပွန်းဖြစ်သူရဲ့မြို့ကကျောင်းသားတွေအဝေးသင်တက္ကသိုလ်တက်ကြလို့ အဆောင်ထားဖြစ်ပါတယ်။ မိန်းကလေးတွေရော ယောကျ်ားလေးတွေပါ ဆွေမျိုးတွေပါလာတော့ ယောကျ်ားလေးတွေကို အိမ်ပေါ်ထပ်ထားပြီး မိန်းမလေးတွေကို အောက်ထပ်မှာ အခန်းနဲ့ ထားပါတယ်။

တစ်နေ့ ကျောင်းသူတစ်ယောက်က တခြားကျောင်းသူတွေလို အပြင်ထွက်လည်ပတ်ခြင်းမရှိဘဲ ခုတင်ပေါ်မှာ စောင်ကို ခေါင်းမြီးခြုံပြီးအိပ်နေတတ်ပါတယ်။ ကျွန်မကလည်း အဲဒီကျောင်းသူကို မိန်းကလေး နေမကောင်းလို့လား ဘယ်လိုနေလဲလို့မေးတော့ အန်တီကို ပြောရဦးမယ်။ အန်တီယုံကြည်မလားတော့ မပြောတတ်ဘူးတဲ့။ ကျွန်မနေကောင်းပါတယ်။ ကျွန်မတူလေးကြောင့် ကျွန်မခေါင်းမြီးခြုံအိပ်နေတာပါတဲ့။ နင့်တူ ကိုရင်လေး ဘယ်တုံးကလာသွားတာလဲ။ အန်တီမမြင်လိုက်ပါလားဆိုတော့ ဒီလိုပါ အန်တီတဲ့။ ကျွန်မတူ ကိုရင်လေးကလူခြောက်ကလေးပါတဲ့။ ဆယ့်သုံးနှစ်သားရှိပါပြီတဲ့။ သူကြွကြွလာပြီး ကျွန်မနဲ့စကားပြောပါတယ်တဲ့။ ကျွန်မကိုစောင့်ရှောက်တယ်တဲ့။ ကိုရင်လေးက ဗေဒင်လည်းဟောတတ်တယ်တဲ့။ အဒေါ်ရှိတော့ ကျွန်မအိမ်ကိုကြွလာရင်းနဲ့ အမြင်မတော်တာ၊ အထားမှားတာတွေကို ကိုရင်လေးက ပြုပြင်ဖို့ပြောပါတယ်။ ခေါင်းရင်းတမာပင်အောက်က သစ်ရွက်မှိုက်တွေလှည်းဖို့လည်းပြောပါတယ်။

တစ်နေ့မှာတော့ သူ့အဒေါ်ပြောတဲ့အတိုင်း ကိုရင်လူခြောက်လေးကို ဆွမ်းကပ်ကြပါတယ်။ တကယ့်လူကိုရင်လို ပန်းကန်ပြားကြီးကြီး၊ ဟင်းပွဲတွေနဲ့ပေါ့။ သက်သတ်လွတ်ဟင်းပွဲတွေပါ။ ကိုရင်လူခြောက်ကလေးကို ဆွမ်းကပ်လိုက်ရပါတယ်။ကိုရင်လေးက သူ့အဒေါ်ကို တကယ်စောင့်ရှောက်ပါတယ်။ သူတို့မြို့မှာ အမေဖြစ်သူကိုလည်း သားလုပ်ကျွေးမှာပါဆိုပြီး ဗေဒင်ဟောခိုင်းပါတယ်။ ကိုရင်လေးဗေဒင်လို့ နာမည်ကြီးပါတယ်။ အဒေါ်ကိုကျေးဇူးရှိတယ်ဆိုပြီး စောင့်ရှောက်ပုံက ဒီလိုပါတဲ့။

ကိုရင်လေးကို သူမရဲ့အစ်မဖြစ်သူက ကိုယ်ဝန်ရှိတော့ သူလိုငါလို (၇) လ ဗိုက်လောက်ကြီးလာပြီး နောက်တဖြည်းဖြည်းဗိုက်ကပိန်သွားပြီး ကိုယ်ဝန်ပျက်ကျသွားတယ်တဲ့။ ကိုယ်ဝန်ပျက်ကျပြီး ထွက်ကျလာတဲ့အရာတွေက အင်္ဂါစုံလင်တဲ့ ယောကျ်ားလူခြောက်ကလေးတဲ့။ အသက်မပါဘူးတဲ့။ ဒါကြောင့် သူတို့အိမ်က နွားတင်းကုပ်ပေါ်ကို ပစ်တင်ထားတယ်တဲ့။ အဒေါ်ဖြစ်သူက အစ်မကလေးပျက်ကျလို့ နွားတင်းကုပ်ပေါ် ပစ်တင်ထားတာကို သွားကြည့်လိုက်တော့ ပုရွတ်ဆိတ်တွေတက်နေလို့ အဒေါ်က နွားတင်းကုတ်ပေါ်ကယူပြီး ရေဆေးလိုက်ပါတယ်။ နောက်ပြီး ကတ်ထူပုံးသေတ္တာလေးထဲထည့်ထားလိုက်တော့ အဒေါ်ကို ညကျအိပ်မက်ပေးတယ်တဲ့။ သားအဒေါ်ရဲ့ကျေးဇူးကြောင့် ကောင်းကောင်းမွန်မွန်နေရတယ်။ နွားတင်းကုပ်ပေါ်မှာ ပုရွတ်ဆိတ်တွေကိုက်လို့သေတော့မယ်တဲ့။ အဒေါ့်ကိုလည်း ကျေးဇူးဆပ်ပါမယ်လို့ပြောပြီး အမြဲစောင့်ရှောက်နေတာတဲ့။ အကြောင်းရှိရင် နားနားမှာလာပြီး စကားပြောတယ်တဲ့။ လူမြင်မှာစိုးလို့ စောင်ခေါင်းမြီးခြုံနေတာပါတဲ့။

အဲဒီလူခြောက်ကလေးကို အရုပ်အင်္ကျီလေးတွေချုပ်ပေးတော့ ကျွန်တော်ဝတ်လို့မရဘူး။ ကျွန်တော်အသက်အရွယ်အတိုင်း ဈေးထဲကဝယ်ပေးပါလို့ ပူဆာသတဲ့။ ငါးနှစ်အရွယ်ဆိုရင် ဈေးထဲကငါးနှစ်သားအင်္ကျီ၊ ဘောင်းဘီဝယ်ပေးရသတဲ့။ ဆယ့်သုံးနှစ်သားရောက်တော့ ကိုရင်ဝတ်ချင်တယ်ဆိုလို့ ဘုန်းကြီးကျောင်းသွားပြီး ကိုရင်ဝတ်ပေးရသတဲ့။ သူ့အမေကိုလည်း အမေမပူနဲ့။ ဗေဒင်ဟောပါ။ ဗေဒင်မေးလာတဲ့သူတွေကို ကျွန်တော် အမေ့နားနားကပ်ပြီးပြောသမျှကို ပြန်ပြောပါလို့မှာပြီးဟောရသတဲ့။ မှန်လွန်းလို့ ကိုရင်လေးဗေဒင်ဆိုပြီး နာမည်ကြီးပါတယ်။ ခုတော့ မောသေးလားမသိတော့ပါ။ သူ့အဒေါ်လည်း ဘွဲ့ရပြီး အလုပ်ဝင်နေတာ ကြာပါပြီ။ ကျွန်မနဲ့အဆက်အသွယ်မရှိတော့ပါဘူး။ အနှစ် (၂၀) ကျော်လောက်ရှိပါပြီ။ လက်သမားဆရာလေးပြောသွားတဲ့လူခြောက်ကလေးတွေ မိန်းမတောင်းတဲ့အကြောင်းကြားသိရလို့ ထူးဆန်းအံ့ဩမိရင်းနဲ့ လွန်ခဲ့တဲ့နှစ် (၂၀) ကျော်က ကျွန်မကြားဖူးသိဖူးခဲ့တဲ့ လူခြောက်ကိုရင်ကလေးအကြောင်းကို ရေးသားဖော်ပြခြင်းဖြစ်ပါတယ်။

ရေနံ့သာ-ခင်လေး

(မိန်းမတောင်းသည့်လူခြောက်မလေးအိမ်၊ လမ်းတို့ကို လက်သမားဆရာက ပြောပြသော်လည်း ကာယကံရှင်မဖော်ပြတော့ပါ။ အကြောင်းအရာထူးဆန်းသည်ကို သိသာရန် ရေးသားခြင်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

မရောက်တာ နှစ်(၃၀)ကြာပြီဖြစ်တဲ့အင်းဝကို တစ်ခါတစ်ခေါက်ရောက်ရှိခဲ့ပြန်ပါတယ်ဗျာ။ အင်းဝဟာ ပုဂံပြီးရင် မင်းဆက်ဒုတိယအများဆုံးပါပဲ။ အင်းဝမှာ မင်းဆက်(၃၁)ဆက်ထီးနန်းစိုက်စိုးစံခဲ့တယ်လို့ အင်းဝပြတိုက်နှင့်ရှေးဟောင်းသုတေသနစာတမ်းမှာတွေ့ရှိရပါတယ်။ အချို့စာအုပ်တွေမှာတော့ မြို့စောင့်ဘုရင်ခံ (၃) ပါးကိုပါ ထည့်တွက်ပြီး မင်း(၃၄) ဆက်စိုးစံခဲ့တယ်လို့ ဖော်ပြတာလည်းရှိရဲ့။ ဘုရင်ခံဆိုတာကတော့ နန်းတော်မှာ မှန်ကင်းထားပြီး နန်းစံရသူမဟုတ်ဘဲ ဘုရင့်ကိုယ်စားအုပ်ချုပ်ဖို့ခန့်ထားတဲ့သူဆိုတော့ မင်းဆက်စာရင်းထဲမထည့်တာလည်းဖြစ်ပါတယ်။

အင်းဝမြို့ကိုသွားလေ့လာချင်ရင် အမြန်လမ်းမကြီးအတိုင်း တောင်မှမြောက်ဘက်သို့သွားပြီး အမြန်လမ်း မိုင်တိုင် (၃၅၈/၀) ကျော်ရင် အဝိုင်းလေးကိုပတ်၊ အနောက်ဘက်ကို ကားလမ်းခွဲအတိုင်းဆင်းသွား၊ ဘလဲဘ၊ ဈေးချိုစတဲ့ ရပ်ကွက်ကြီးများကိုဖြတ်ပြီး ဦးအိုအုတ်တံတားလမ်းမကြီးအတိုင်းဝင်သွားရင် အင်းဝကို တန်းတန်းမတ်မတ်ရောက်သွားပါမယ်။

အင်းဝမြို့ကို ဘုရင်သတိုးမင်းဖျားက မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်မှာ စတင်တည်ထောင်တဲ့အတွက် 'ထုတ်၊ ခွန်၊ သွင်း၊ အင်းဝတည်' လို့မှတ်သားကြပါတယ်။

အင်းဝမြို့တည်တဲ့ သတိုးမင်းဖျားရဲ့မျိုးရိုးကိုကြည့်ရအောင်ပါ။

ပုဂံအင်အားယိမ်းယိုင်လာချိန်မှာ ရှမ်းညီနောင် (၃) ဦးဟာ မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်မြို့တွေကို အသီးသီးတည်ထောင်စိုးစံခဲ့ကြပါတယ်။ နောင်တော်နှစ်ပါးမရှိတော့တဲ့နောက် အငယ်ဆုံးညီဖြစ်တဲ့ ပင်လယ်မြို့စား သီဟသူဟာ သက္ကရာဇ် ၆၇၄ ခုနှစ်မှာ ပင်းယကို တည်ထောင်နန်းစံပါတယ်။ပင်းယတစ်စီးရှင်သီဟသူရဲ့သားတော်စစ်ကိုင်းမြို့တည် အသေခ်ယာစောယွမ်းရဲ့ သမီးတော် စိုးမင်းကိုယ်တော်ကြီးနဲ့ သတိုးဆင်ထိန်းတို့သင့်ရာမှာ သတိုးမင်းဖျားကို ဖွားမြင်ခဲ့တာဆိုတော့ သတိုးမင်းဖျားဟာ ရှမ်းညီနောင် အငယ်ဆုံး ပင်းယတစ်စီးရှင်သီဟသူရဲ့မြစ်တော်နဲ့စစ်ကိုင်းအသခ်ယာစောယွမ်းရဲ့မြေးတော် ဖြစ်ပါတယ်။

သတိုးမင်းဖျားထီးနန်းရပုံကိုလည်း ကြည့်ပါဦး။ စစ်ကိုင်းမင်းဆက်နဲ့ နောက်ဆုံး (၇) ဆက်မြောက် မင်းပြောက်ကို ရှမ်းမင်းသိုချည်ဘွား လာတိုက်တော့မခံနိုင်ဘဲ ကြခတ်ဝရာကို စွန့်ပြေးပါသတဲ့။ သိုချည်ဘွားက ပင်းယကိုပါထပ်တိုက်တော့ ပင်းယပဥ္စမမြောက်မင်းဆက်ဖြစ်တဲ့ နရသူမင်းကိုဖမ်းမိပြီး ရှမ်းပြည်ခေါ်သွားလို့ မောပါနရသူလို့တွင်ပါတယ်။ နရသူမရှိတော့ ပင်းယမှာ ဥဇနာပြောင်နန်းတက်လာပြီး (၃)လအကြာမှာတော့ သတိုးမင်းဖျားက ကြခတ်ဝရာစွန့်ပြေးတဲ့ မင်းပြောက်ကိုရော ပင်းယနန်းစံ ဥဇနာပြောင်ကိုရော ရှေ့ဆင့်နောက်ဆင့်လုပ်ကြံပြီး ပင်းယနဲ့ စစ်ကိုင်းကို ရပါတယ်။ ဒါပေမယ့် စစ်ရေးအမြင်ရှိတဲ့ သတိုးမင်းဖျားက မြစ်ပတ်လည်ဝိုင်းနေပြီး ရန်သူလုပ်ကြံဖို့ခက်ခဲတဲ့ အခု အင်းဝနေရာကို မြို့သစ်တည်ဖို့ရွေးချယ်ပြီး အင်းဝမြို့နန်းအသစ်ကို (၇)လနှင့်အပြီးတည်ကာ စိုးစံခဲ့တာဖြစ်ပါတယ်။

အင်းဝမြို့တည်ချိန်မှာမှ သတိုးမင်းဖျားရဲ့ အသက်က (၁၉)နှစ်သာရှိပါသေးသတဲ့။ သူ့အဘိုး အသခ်ယာစော

## ဆွေမင်းညွှန့်

# ဂုဏ်ရည်တင့်လှ ရွှေအင်းဝ



မြင့်မိုရ်ရှင်ဝွာမထီစေတီ




နန်းမြင့်မျှော်စင်




www.burmeseclassic.com

www.burmeseclassic.com




ညောင်ရမ်းခေတ် တောင်လေးလုံး (ကြောင်လိန်စေတီ)



မဟာအောင်မြေဘုံစံ - မယ်နုအုတ်ကျောင်းကြီး



ဗားကရာကျောင်းကြီး



အင်းဝမြို့ရိုး - ဘုံကျော်တံခါး



မြောက်ဥယျာဉ်ရေကန်တော် (သမီးတော်ကန်)



လေးထပ်ကြီးကျောင်းတော်ရာ - ဘုံနန်းဆင့်ပြာသာဒ်

ယွမ်းက အသက်(၂၀)အရွယ်မှာ စစ်ကိုင်းမြို့ကိုတည်ခဲ့တယ်ဆိုတော့ မြန်မာ့သမိုင်းမှာ အသက်အငယ်ဆုံးမြို့တည်နန်းတည်မြေးအဘိုးမင်းနှစ်ပါးလို့ မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် သတိုးမင်းဖျားဟာ အင်းဝမှာ (၃) နှစ်သာ နန်းစံမြို့ရပြီး ကျောက်ကပ်ရောဂါနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ နတ်ရွာစံသွားပါတယ်။ သတိုးမင်းဖျားမရှိတော့ တစ်သက်လုံးမှာ (၃)ခါသာ ပြုံးဖူးတယ်ဆိုတဲ့ ရမည်းသင်းမြို့စားသီလဝကို နန်းတင်ပေမယ့် လက်မခံဘဲ အမြင့်မြို့စား မင်းကြီးစွာစော်ကဲကို နန်းတင်စေတာကြောင့် 'မရွယ်ဘဲစော်ကဲမင်းဖြစ်' ဆိုတဲ့စကားကိုလည်း အင်းဝက ပေါ်ထွက်ခဲ့တာပါပဲ။

အင်းဝမင်းကြီးစွာစော်ကဲလက်ထက်မှာ အင်းဝ ဟံသာဝတီ အနှစ် (၄၀)စစ်ကြီး စတင်ပေါ်ပေါက်ခဲ့ပြီး အမျိုးသိ



www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့ 'စာတိုငညီ' တစ်ဖြစ်လဲ ဝန်ဇင်းမင်းရာဇာ ပညာရှိအမတ်ကြီးဟာလည်း မင်းကြီးစွာလက်ထက် အင်းဝမှာ ထင်ရှားခဲ့တာပါ။ မင်းကြီးစွာစော်ကဲပြီးတော့ သားတော်ကြီး ဆင်ဖြူရှင် တရဖျား (၇) လသာ နန်းစံပြီး စိတ်နောက်ကာ နတ်ရွာစံပါတယ်။ အဲဒီနောက် သားတော်အငယ် ပထမမင်းခေါင်ကြီး နန်းတက်ပါတယ်။ ရဲလှေ(ခေါ်)စစ်လှေကြီးများကို ဒီမင်းလက်ထက်မှာ ပထမဆုံး တည်ဆောက်အသုံးပြုခဲ့တာပါ။ လူတိုင်းသိကြတဲ့ (၁၃) နှစ်သား သူရဲကောင်း မင်းရဲကျော်စွာဆိုတာ သူ့သားတော်ပေါ့။ ပထမမင်းခေါင်ကြီးဟာ ကျေးစေရတုပို့ဒ်စုံစပ်ဆိုနိုင်တဲ့ စာဆိုတစ်ဦးလည်း ဖြစ်ပါတယ်။

ပထမမင်းခေါင်ကြီးဟာ အင်းဝတောင်ဘက် ဟံသာဝတီတံခါးမှ တံတားဦးမင်္ဂလာစေတီအထိ တာ(၅၀၀)(တစ်မိုင်နီးပါး) ရှည်တဲ့ သစ်သားတံတားကြီးကိုလည်း တည်ဆောက်ပေးခဲ့ပါသေးတယ်။ (ပင်းတလဲမင်းလက်ထက် သက္ကရာဇ် ၁၀၂၁ ခုနှစ်မှာ တရုတ်စစ်ရောက်တဲ့ကာလအတွင်း အဲဒီတံတားကြီးကို ရန်သူတွေ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပါတယ်။) ယနေ့တွေ့မြင်နေရတဲ့ အုတ်တံတားကြီးကိုတော့ နန်းမတော်မယ်နုရဲ့မောင်တော် စလင်းမင်းကြီးဦးအိုကတည်ဆောက်ပြီး သက္ကရာဇ် ၁၁၈၉ ခုနှစ်မှာ 'မဟာဇေယပထ' အမည်နဲ့ ရေစက်ချလှူခဲ့ကြောင်း တံတားတည်ကျောက်စာကို ယခုတိုင် တွေ့မြင်နေရနိုင်ပါသေးတယ်။ 'မဟာဇေယ့ပထ' အုတ်တံတားလမ်းမကြီးကို ယနေ့အထိအသုံးပြုနေရသေးကြောင်း ကိုသာတွေ့မြင်ရရင် ကုသိုလ်ရှင်မင်းကြီး ဦးအိုဘယ်လောက်များဝမ်းသာပီတိဖြစ်ရှာမလဲ။

အင်းဝမင်းဆက်ထဲမှာ ထူးထူးခြားခြား ကလေးအရွယ် အသက်ကိုးနှစ်သားနဲ့ နန်းတက်ရတဲ့ ဘုရင်တစ်ပါးရှိခဲ့သဗျ။ သူကတော့ ပထမမင်းခေါင်ကြီးရဲ့ မြေးတော် (မင်းခေါင်ကြီး၏သား သီဟသူရဲ့သားတော်) မင်းလှငယ်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် မိဖုရားကြီးရှင်ဘို့မယ် လုပ်ကြံလို့ နန်းစံ (၃) လမှာ နတ်ရွာစံခဲ့ရပါတယ်။ (၉)နှစ်သား ချာတိတ်ဘုရင်ကို လင်တော်ရတယ်ဆိုတော့လည်း ရှင်ဘို့မယ်အတွက် အားကိုးရခက်ဟန်တူပါရဲ့။ ရှင်ဘို့မယ်ဆိုတာကလည်း ပထမမင်းခေါင်ကြီးရဲ့ မိဖုရားခေါင်ကြီး၊ သားတော် သီဟသူ ဘုရင်ဖြစ်တော့လည်း မိဖုရားခေါင်ကြီးပဲ။ မင်းလှငယ်ဘုရင်ကလေးရဲ့ မိဖုရားကြီးလည်း သူပဲ။ နောက်တက်လာတဲ့ ကလေးကျေးတောင်ညိုမင်းရဲ့ မိဖုရားခေါင်ကြီးလည်း သူပဲ။ မိုးညှင်းမင်းတရားက အင်းဝကို လာတိုက်ပြီး သိမ်းပိုက်တော့လည်း သူ့ကိုလည်း မိဖုရားတင်မြှောက်တော့ အင်းဝသမိုင်းမှာ မင်းငါးဆက်တိုင်တိုင် မိဖုရားကြီးဖြစ်ရတဲ့ ထူးခြားတဲ့အမျိုးသမီးပါပဲ။

သက္ကရာဇ် ၈၀၄ ခုနှစ် အင်းဝမှာ ဘုရင်နရပတိကြီးအား ဧရာဝတီမြစ်ကို စစ်အင်္ဂါ (၄) ပါးနှင့် ဖြတ်ကူးနိုင်အောင် လှေချင်းဆက် အပေါ်ကသစ်ပျဉ်ခင်းထားတဲ့ မြစ်ကူးလှေတံတားကြီးကိုကြံဆ တည်ဆောက်ခဲ့ပါတယ်။ ဒါဟာ ဧရာဝတီမြစ်ကို ပထမဦးဆုံး တံတားထိုးဖြတ်ကူးနိုင်ခြင်းပဲပါပဲ။ သူတည်ခဲ့တဲ့စစ်ကိုင်းထူပါရုံ စေတီကျောက်စာမှာ ရေးထိုးဖော်ပြထားတဲ့ သဘင်သည်များနဲ့ တူရိယာအမည်များဟာ မြန်မာ့သဘင်မှုအနုပညာသမိုင်းမှာ အရေးပါတဲ့အထောက်အထားများ ဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာ့စာပေသမိုင်းမှာ အစောဆုံးတွေ့ရတဲ့ 'မော်ကွန်း' ဟာ အင်းဝခေတ်က 'ပြည်စုန်မော်ကွန်း' ပါ။ နရပတိကြီးရဲ့ သားသီဟသူဟာ သက္ကရာဇ် ၈၃၀ မှာနန်းတက်ပြီး ပြည်/သာယာဝတီစားတို့ ပုန်ကုန်တာကို စုန်ဆင်းနှိမ်နင်းကြောင်း စစ်လျှင်ထောင်မှူး ရှင်ထွေးညိုက စပ်ဆိုထားခဲ့တာပါ။ စစ်လျှင်ထောင်မှူးဆိုတာက ရှေးဖျားက အလျင်အမြန်ချီရတဲ့စစ်သည်တစ်ထောင်ပါ တပ်ကို အုပ်ချုပ်ကွပ်ကဲရသူ ဖြစ်ပါတယ်။

အင်းဝသမိုင်းမှာ ထူးခြားဖြစ်စဉ် အနေနဲ့ နန်းတော်တစ်ခုထဲမှာ ဘုရင်နှစ်ပါးအပြိုင်စိုးစံခဲ့တာလည်းရှိခဲ့ဖူးသဗျ။ ပြည်စုန်မင်းရဲ့သားတော်ကြီးက ဒုတိယမင်းခေါင်အမည်နဲ့ နန်းတက်တော့ သူ့သားတော်ကြီးဖြစ်တဲ့ မဟာသီဟသူရကို (၇) နှစ်သားအရွယ်မှာ အိမ်ရှေ့ပေး (၁၅) နှစ်သားအရွယ်မှာ ဘုရင်မဟာသီဟသူရအမည်နဲ့ မင်းပြိုင်မြှောက်ပြီး နန်းတော်တစ်ခုထဲမှာ အတူစံခဲ့ကြသတဲ့။ တစ်နန်းတည်း မင်းနှစ်ပါးအတူစိုးစံတယ်ဆိုတာလည်း ထူးခြားဖြစ်စဉ်ပါပဲ။ သားတော်ကြီး ဘုရင်မဟာသီဟသူရက ဦးစွာနတ်ရွာစံခဲ့လို့ ဒုတိယမင်းခေါင် နတ်ရွာစံတော့ သက္ကရာဇ် ၈၆၃ မှာ ရွှေနန်းကြော့ရှင် နရပတိနန်းတက်ပါတယ်။ ရွှေနန်းကြော့ရှင်လို့ခေါ်တာက အလွန်လှပကြော့ရှင်းလွန်းတဲ့ အင်းဝနန်းတော်အသစ်ကို ထပ်မံတည်ဆောက်ခဲ့လို့ပါပဲ။ ဒါပေမယ့် ရွှေနန်းကြော့ရှင်ခမျာ ရှမ်းမိုးညှင်းစလုံ အင်းဝကို လာတိုက်တော့ ကိုယ်တော်တိုင် ဆင်စီးပြီး တိုက်မယ်လို့ မြို့တံခါးကအထွက် ရန်သူ့ကျည်သင့်ပြီး ဆင်ဦးမှာပဲကျဆုံးရရှာပါတယ်။ မြန်မာဘုရင်တွေထဲမှာ ပထမဦးဆုံး ကျည်သင့်ကျဆုံးသူ ရှင်ဘုရင်အဖြစ် မှတ်တမ်းဝင်သွားပါတယ်။

မိုးညှင်းစလုံက သူ့သား သိုဟန်ဘွားကို သက္ကရာဇ် ၈၈၈ ခုနှစ် အင်းဝမှာ နန်းတင်ခဲ့ပါတယ်။ 'ဝငယ်သုံးခုညသျှစ်ထု' လို့ မှတ်ယူကြတဲ့အတိုင်းပါပဲ။ သိုဟန်ဘွားဟာ စေတီပုထိုးတွေကို ဖျက်ဆီး၊ ဌာပနာတွေဖောက်ယူရုံမက စစ်ကိုင်း၊ အင်းဝ၊ ပင်းယမှာရှိတဲ့ သံဃာတော်တွေကို ညာခေါ်ပြီး တပ်နဲ့ ဝိုင်းဝန်းခုတ်သတ်လို့ သံဃာပေါင်း (၁၃၀၀) ကျော် ပျံလွန်တော်မူကြရပါတယ်။ ဒါကြောင့် သက္ကရာဇ် ၉၀၄ ခုနှစ်မှာ (ရွှေနန်းကြော့ရှင်၏တူတော်)မင်းကြီးရန်နောင်က နာမည်ကျော် 'ယိမ်းနွဲ့ပါးမား' နဲ့ သိုဟန်ဘွားကို ခုတ်သတ်ပြီး သာသနာတော်ကိုကာယတင်စောင့်ရှောက်ခဲ့ရပါတယ်။ မင်းကြီးရန်နောင်ကတော့ ထီးနန်းကိုငြင်းငယ်ပြီး (သီပေါ) အုန်းပေါင်စော်ဘွား ခုံမှိုင်းကို နန်းတင်ပေးခဲ့ပါတယ်။အဲဒီနောက် ခုံမှိုင်းသား မိုးဖြဲနရပတိ နန်းတက်ပေမယ့် စစ်ကိုင်းစည်သူကျော်ထင်ကလာတိုက်လို့ ဟံသာဝတီကိုပြေးရပြီး သက္ကရာဇ် ၉၁၃ ခုနှစ် အင်းဝမှာ စည်သူကျော်ထင် နန်းတက်ပါတယ်။ အများကြားဖူးကြတဲ့ 'စကားတောင်စားအမတ်'ဟာ စည်သူကျော်ထင်လက်ထက် အင်းဝမှာပေါ်ထွန်းခဲ့တာပါ။ နောက်သုံးနှစ်အကြာမှာတော့ ဟံသာဝတီ ဘုရင့်နောင် ဆင်ဖြူများရှင်မင်းတရားကြီးက ဒုတိယမြန်မာနိုင်ငံတော်ကို သိမ်းရုံးရာမှာ အင်းဝလည်း တိုက်ခိုက်သိမ်းပိုက်ခြင်းကိုခံရပါတယ်။ ဟံသာဝတီခေတ် အင်းဝမှာ သက္ကရာဇ် ၉၁၆ မှ ၉၅၅ အထိ သတိုးမင်းစော (ဘုရင့်နောင်၏ညီတော်/သမက်တော်) မင်းလက်ျာ(တပင်ရွှေထီး၏သား)၊ မင်းရဲကျော်စွာ (နန္ဒဘုရင်၏သားတော်) တို့က ဘုရင်ခံများအဖြစ် အုပ်ချုပ်ခဲ့ကြပြီးတဲ့နောက် မြို့ဟောင်းမြို့သိမ်အဖြစ် ငါးနှစ်နီးပါးတည်ရှိနေခဲ့ရပါတယ်။

နန္ဒဘုရင်လက်ထက် ဟံသာဝတီ အင်ပါယာကြီး ပြိုကွဲလာတဲ့အခါ ဘုရင့်နောင်မင်းတရားကြီးရဲ့သားတော်[illegible] ဖြစ်တဲ့ ညောင်ရမ်းမင်းဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

၉၆၀ မှာ အင်းဝကိုပြန်လည်တည်ထောင်ပြီး ညောင်ရမ်းမင်းဆက်ကို ထူထောင်ပါတယ်။ ညောင်ရမ်းမင်းတရားရဲ့သားတော်ကြီး အနောက်ဘက်လွန်မင်းလက်ထက်မှာ အင်းဝကနေ သန်လျင်အနောက်ရေကြောင်း၊ ကြည်းကြောင်း ချီတက်ပြီး မြန်မာ့ဦးစွန်းကို ကျူးကျော်ထိပါးလာတဲ့ နယ်ချဲ့ပေါ်တူဂီ ဇေင်ကာ(ဖိလစ်ဒီဘရစ်တို) နဲ့အမျိုးသစ္စာဖောက်နတ်သျှင်နောင်တို့ကို ပြတ်သားစွာ နှိမ်နင်းနိုင်ခဲ့ပါတယ်။

ဒီလို စစ်စွမ်းရည်ထက်မြက်တဲ့ အနောက်ဘက်လွန်မင်းတရားကြီးဟာ သက်တော် (၅၁) နှစ် အရွယ်ကောင်းမှာ သားတော်မင်းရဲဒိဗ္ဗ လုပ်ကြံလို့ နတ်ရွာစံရတာ ရင်နာစရာပါ။ အဲဒီ မင်းရဲဒိဗ္ဗကိုလည်း အနောက်ဘက်လွန်မင်းတရားရဲ့ ညီတော်သာလွန်မင်းက ဖမ်းပြီးကွပ်မျက်လိုက်ပါတယ်။ အင်းဝသာလွန်မင်းတရားကြီးအကြောင်းတော့ ငယ်ငယ်တုန်းက ဖတ်စာအုပ်မှာပါတဲ့ ထမင်းရည်ကို မြေကြီးပေါ် ငှဲ့သွန်ပစ်တဲ့ သူဆင်းရဲမကို ဆုံးမသွန်သင်တဲ့အကြောင်းမှတ်မိပါရဲ့။

ငယ်ငယ်တုန်းက ဖတ်စာအုပ်မှာပါတဲ့ 'တာဝန်ကျေသောတံခါးမှူး'ဆိုတာ သာလွန်မင်းလက်ထက် အမတ်ကြီး ဗညားကျန်းတော စစ်ကိုင်းကအပြန် မိုးချုပ်လို့ မာန်အောင်တံခါးမှူးက မြို့တံခါးဖွင့်မပေးတာနဲ့ အောင်ထွန်းတံခါးကိုဖွင့်ခိုင်းပြီး မြို့ထဲဝင်ရတဲ့အကြောင်း၊ နောက်နေ့မှာ အချိန်မတော် တံခါးမဖွင့်မပေးပဲ မာန်အောင်တံခါးမှူးကိုဆုချပြီး မြို့တံခါးဖွင့်ပေးတဲ့ အောင်ထွန်းတံခါးမှူးကို အရာချတဲ့အကြောင်းပါ။ သာလွန်မင်းလက်ထက်ကောက်ယူခဲ့တဲ့ စီးပွားရေးစစ်တမ်း၊ လယ်ယာမြေစစ်တမ်းတွေဟာ နှောင်းခေတ်သုတေသီတွေအတွက် များစွာအသုံးဝင်သလို သန်းခေါင်စာရင်းလို့ ဆိုနိုင်တဲ့ လူဦးရေစစ်တမ်းကောက်ယူမှုဟာလည်း မြန်မာ့သမိုင်းမှာ အစောဆုံးပါပဲ။ ပုံစံထူးခြားထင်ရှားတဲ့ စစ်ကိုင်းဘက်က 'ကောင်းမှုတော် ရာဇမဏိစူဠာ' စေတီကြီးဟာလည်း သာလွန်မင်းတရားကြီးရဲ့ကုသိုလ်တော်ပါပဲ။

သူ့သားတော် ပင်းတလဲမင်းလက်ထက်မှာ အင်းဝကို တရုတ်စစ်ရောက်လို့ အင်းဝသားတွေ ဝေ်မွတ်ကြပါတယ်။ ဒါကြောင့် သူ့ညီတော်ပြည်မင်းနန်းတက်လာပြီး တရုတ်တပ်တွေကို တိုက်ထုတ်ခဲ့ရပါတယ်။ အင်းဝသမိုင်းမှာ ထူးခြားမှုတစ်ခုကတော့ ချင်းတွင်းမြစ်ညာအရပ်မှာ ငမောက်ဆိုသူက ရရှိဆက်သလာတဲ့ 'ငမောက်ပတ္တမြားကြီး' ကို အင်းဝနန်းစံပြည်မင်းထံ လာရောက် ဆက်သခဲ့တာပါပဲ။ 'ငမောက်ပတ္တမြားကြီး'ဟာ အင်းဝခေတ်ကစပြီး နန်းစဉ်ပတ္တမြားကြီးဖြစ်လာခဲ့တာပါ။

အင်းဝမှာ နံ့ရုံဆေးရေးပန်းချီရှိတဲ့ နေရာ (၅) နေရာသာ တွေ့ရတော့တဲ့ အနက် မဟာမင်္ဂလာမာန်အောင်စေတီရဲ့ တံတိုင်းမုခ်ဦးက နံရံဆေးရေးပန်းချီဟာ ရှားရှားပါးပါး ညောင်ရမ်းခေတ်လက်ရာဖြစ်ပြီး ကျန်(၄) နေရာကတော့ ကုန်းဘောင်ခေတ်လယ်လက်ရာတွေပါပဲ။

အင်းဝရောက် သုတေသီတွေ ပြည်တွင်းပြည်ပခရီးတွေစိတ်ဝင်တစားသွားရောက်ကြတဲ့ စေတီတွေထဲမှာ ညောင်ရမ်းခေတ် ဝက်ပါစေတီ၊ တောင်လေးလုံး(ကြောင်လိန်စေတီ)၊ လောကဒုဿမာန်အောင်စေတီနဲ့ မြင့်မိုရ်စူဠာမဏိစေတီတို့ ပါဝင်ပါတယ်။ လောကဒုဿမာန်စေတီကို တနင်္ဂနွေမင်းရဲ့မိဖုရားစန္ဒာဒေဝီက သက္ကရာဇ် ၁၀၈၉ ခုနှစ်မှာ တည်ပါတယ်။ ဝက်ပါစေတီနဲ့ တောင်လေးလုံးစေတီကို တနင်္ဂနွေမင်းက သက္ကရာဇ် ၁၀၉၄ (ခရစ် ၁၇၃၂) ခုနှစ်မှာ တည်ပါတယ်။ တနင်္ဂနွေမင်းလက်ထက် စကျင်ကျောက်ဖြူသားနဲ့ထုလုပ်ကိုးကွယ်ခဲ့တဲ့ ကျောက်တော်ကြီးရုပ်ပွားတော်ဟာ မန္တလေးကျောက်တော်ကြီးဘုရားထက် ဉာဏ်တော်(၁)တောင်ပိုမြင့်ပြီး တန်ချိန် (၄၉၀) ကျော်ရှိပါသတဲ့။ အခု လောကသရဖူစေတီမှာ ဖူးတွေ့နိုင်ပါတယ်။ ညောင်ရမ်းခေတ်လက်ရာ အဆန်းကြယ်ဆုံးပုံစံရှိတဲ့စေတီကတော့ မြင့်မိုရ်တောင်စေတီပါပဲ။ တနင်္ဂနွေမင်းတရားနတ်ရွာစံတော့ သဂြိုဟ်တဲ့သင်္ချိုင်းရာနေရာမှာ သားဖြစ်သူ မဟာဓမ္မရာဇာဓိပတိက စေတီတည်ပြီးတော့ ပူဇော်ထားတာပါ။ စောင်းတန်းသုံးသွယ်ပါတဲ့ဆလင်ဒါခုနစ်ထပ်ဆင့်ပုံစံစေတီရဲ့ထိပ်မှာ စေတီတစ်ဆူနဲ့အုတ်ပြာသာဒ်တစ်ဆူရှိပါတယ်။ စေတီက စူဠာမဏိစေတီ၊ ပြာသာဒ်က သိကြားမင်းစံရာ ဝေဇယန္တာပြာသာဒ်တို့ကို ရည်ညွှန်းပါတယ်။ ညောင်ရမ်းမင်းဆက်ရဲ့ (၁၀) ဆက်မြောက် နောက်ဆုံးမင်းဖြစ်တဲ့ မဟာဓမ္မရာဇာဓိပတိ အရည်အသွေးညံ့လို့ ဟံသာဝတီပြည့်ရှင် ဗညားဒလချီတက်လာပြီး အင်းဝမြို့ကြီးကို တိုက်ခိုက်သိမ်းပိုက်ကာ ဘုရင်ကို ဟံသာဝတီသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ရေချကွပ်မျက်ခြင်းခံရတော့ ဟံသာဝတီရောက်မင်းတရားလို့ အမည်တွင်ပါတယ်။

အလောင်းမင်းတရား တတိယမြန်မာနိုင်ငံ ထူထောင်ပြီးနောက် သားတော်ကြီး ဆင်ဖြူရှင် မြေဒူးမင်းက သက္ကရာဇ် ၁၁၂၅ ခုနှစ်မှာ အင်းဝကို မြို့နန်းပြင်လည်တည်ထောင်စိုးစံပါတယ်။ ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်ကျမှ သက္ကရာဇ် ၁၁၄၅ ခုနှစ်မှာ အမရပူရမြို့နန်းအသစ် တည်ထောင်ပြီး ပြောင်းရွှေ့သွားတော့ အင်းဝမြို့ဟောင်းမြို့ပျက်ဘဝနဲ့ နှစ်ပေါင်း (၃၈) နှစ်လောက်ကြာအောင်နေရပြန်ပါရော။ ဘကြီးတော်ဘုရား (စစ်ကိုင်းမင်း) နန်းတက်တော့ သက္ကရာဇ် ၁၁၈၃ ခုနှစ်မှာ အင်းဝမြို့နန်းအသစ်ပြန်တည်လို့ ဘုရင့်နေပြည်တော်ပြန်ဖြစ်လာပါတယ်။

ဘကြီးတော်မင်းလက်ထက်မှာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားပြီး စစ်သူကြီးမဟာဗန္ဓုလကျဆုံးခဲ့ရပါတယ်။ အဲဒီ ပထမစစ်ပွဲ ကာလအတွင်းမှာပဲ အမေရိကန်လူမျိုး သာသနာပြု ဆရာယုဒသံန်ကို အင်းဝမှာ ခေတ္တအကျဉ်းချထိန်းသိမ်းထားခဲ့တာပါ။ ဆရာယုဒသန်ကို အကျဉ်းချခဲ့တဲ့ လက်မရွံ့အကျဉ်းထောင်နေရာမှာ အရင်က အမှတ်အသား ကျောက်တုံးကြီးအပေါ် စာရေးထိုးထားတာတွေ့ဖူးပါတယ်။ အခုတော့ မရှိတော့ပါဘူး။ အင်းဝမှာ အခုမြင်တွေ့နေရတဲ့အမြင့် (၉၀)ပေရှိတဲ့နန်းမြင့်မျှော်စင်ကို ဘကြီးတော်မင်းက သက္ကရာဇ် ၁၁၈၄ (ခရစ် ၁၈၂၂) ခုနှစ်မှာ တည်ဆောက်ခဲ့တာပါ။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ငလျင်ကြီးလှုပ်တော့ မျှော်စင်ထိပ်ပိုင်းပျက်စီးသွားတာ ယနေ့မြင်ရတဲ့အတိုင်းပါပဲ။

ဘကြီးတော်မင်းဟာ ညောင်ရမ်းခေတ် လေးထပ်ကျောင်းတော်ကြီးနေရာမှာ ဘုံခုနစ်အဆင့်အုတ်ပြာသာဒ်ကြီးတည်ပြီး ပိဿာချိန် (၁၆၁၁၀) ရှိတဲ့ ပဋ္ဌလောဟာ သကျသီဟရုပ်ပွားတော်ကြီးကို သွန်းလုပ်တည်ထားခဲ့ပါတယ်။ ခုတော့ အုတ်ပြာသာဒ်ကြီးရဲ့မပြိုသေးဘဲကျန်ရှိနေတဲ့ အရှေ့ဘက်နဲ့ တောင်ဘက်မုခ်ပေါင်းကူးကြီးများကို တွေ့မြင်နိုင်ပြီးခန့်မှန်းမြင်ယောင်ကြည့်မဝဖြစ်ရပါတော့တယ်။ ဒီကနေ့ တောင်သမန် ကျောက်တော်ကြီးဘုရားအဖြစ် လူတွေသိကြတဲ့ စကျင်ကျောက်ဖြူရုပ်ပွားတော်ကြီးဟာလည်း ဘကြီးတော်မင်းရဲ့ ကုသိုလ်ပဲဖြစ်ပါတယ်။ ဘကြီးတော်မင်းဟာ အင်းဝရဲ့ နောက်ဆုံးနန်းစံမင်းပါ။ ဘကြီးတော်မင်း



www.burmeseclassic.com

www.burmeseclassic.com

လက်ထက် အင်းဝမြို့သက်တမ်းဟာ (၁၆) နှစ်ခန့်သာခံပါတယ်။ နောက်တက်လာတဲ့ သာယာဝတီမင်းဟာ နန်းတက်တဲ့ သက္ကရာဇ် ၁၁၉၉ ခုနှစ်မှာ ကျောက်မြောင်းသို့ ယာယီနန်းစိုက်ရွှေ့ပြောင်းသွားရာကစပြီး အင်းဝဟာ မင်းနေပြည်တော်ဘဝမှ နိဋ္ဌိတံသွားခဲ့ရပါတော့တယ်။

အင်းဝကိုရောက်သူတိုင်း ဝင်ရောက်လေ့လာကြည့်ရှုကြရတဲ့နေရာတစ်ခုကတော့ ဗားကရာကျောင်းတော်ကြီးပါပဲ။ ကျောင်းဒကာဖြစ်သူ အတွင်းဝန် မကွေးမြို့စား မဟာသီရိဇေယျသင်္ကြန်က မြန်မာသက္ကရာဇ် ၁၁၃၀ ပြည့်နှစ် (မြေဒူးမင်းလက်ထက်) မှာ ဗားကရာဆရာတော်ကြီးကို ဆောက်လုပ်လှူဒါန်းတာဖြစ်ပါတယ်။ အလျား၊ အနံ (၁၈၈ပေ × ၁၀၃ပေ) ပမာဏရှိတဲ့ ကျောင်းကြီးမှာ ကျွန်းတိုင်လုံးကြီးပေါင်း (၂၆၇) လုံးရှိပြီး အကြီးဆုံးတိုင်ရဲ့လုံးပတ်က (၉) ပေရှိလို့ အံ့မခန်းကျောင်းကြီးပါပဲ။

အင်းဝမှာ လူတိုင်း စိတ်အဝင်စားဆုံးနေရာတစ်ခုကိုပြပါဆိုရင်တော့ မယ်နုအုတ်ကျောင်းကြီးလို့ခေါ်ကြတဲ့ 'မဟာအောင်မြေဘုံစံ' ကျောင်းတော်ကြီးကို ညွှန်းရမှာပါ။ ဒီကျောင်းကြီးကို ဘကြီးတော်မင်းရဲ့မိဖုရားခေါင်ကြီး နန်းမတော်မယ်နုက သက္ကရာဇ်၁၁၈၉ (ခရစ် ၁၈၂၇) ခုနှစ်မှာ ညောင်ကန်ဆရာတော်ဦးပိုးကို လှူဒါန်းခဲ့ပါတယ်။ ဦးပိုးပျံလွန်မှ ဒုတိယ ညောင်ကန်ဆရာတော် ဦးဗုဓ်ကို ထပ်မံတင်လှူတာဖြစ်ပါတယ်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် (ခရစ် ၁၈၃၈) အင်းဝ လျှင်ကြီးကြောင့် ပျက်စီးမှုရှိခဲ့တာကို နန်းမတော်မယ်နုရဲ့ သမီးတော်ဖြစ်တဲ့ ဆင်ဖြူမရှင် (မင်းတုန်းမင်းရဲ့မိဖုရာကြီး) က သက္ကရာဇ် ၁၂၃၄ (ခရစ် ၁၈၇၃) ခုနှစ် ပြန်လည်ပြုပြင်ခဲ့ပါတယ်။ အလွန်ထုထည်ကြီးမားကာ ခံ့ညားလှပတဲ့ အုတ်ကျောင်းတော်ကြီးပါပဲ။

နောက်ထပ် လေ့လာစရာတစ်ခုက အင်းဝဆင်ကျုံးခံတပ်ပါ။ အောက်ပြည်က အင်္ဂလိပ်တပ်တွေ မြစ်ကြောင်းကထက်လာရင် ခုခံနိုင်အောင် အင်းဝဆင်ကျုံးခံတပ်၊ သာပြေတန်းခံတပ်နဲ့ စစ်ကိုင်း အစေခံခံတပ်တို့ကို ဖိုခံလောက်ဆိုင်တည်ထားခဲ့တာပါ။ အင်းဝကျုံးခံတပ်ကို သက္ကရာဇ် ၁၂၃၆ ခုနှစ်ကတည်ဆောက်ခဲ့ချိန်မှာ ကနောင်မင်းသားကြီး ကွယ်လွန်ပြီးတာ ရှစ်နှစ်ကြာခဲ့ပါပြီ။ ဒီခံတပ်ကလဲ အီတလီ အင်ဂျင်နီယာ ကိုမိုတို (G.B Comotto) နဲ့ မိုလီနာရီ (V.Molinari)တို့ရဲ့လက်ရာပါပဲ။စတုရန်းပုံခံတပ်မှာ အုတ်တံတိုင်းသုံးထပ်နဲ့ ပေ (၃၀)ကျယ်တဲ့ကျုံးတစ်ထပ်ပါရှိပါတယ်။ အင်းဝခံတပ်ဟာ အင်္ဂလိပ်တွေကို လုံးဝခံမတိုက်လိုက်ရဘဲ လက်နက်ချလိုက်ရတာ ရင်နာစရာပါ။

အင်းဝရောက်သူတိုင်း လေ့လာသင့်တဲ့နေရာကတော့ ရှေးဟောင်းသုတေနပြတိုက်ပါပဲ။ ၁၉၉၀ ပြည့်နှစ်မှာ ပြတိုက်ငယ်အဖြစ် တည်ဆောက်ခဲ့ပြီး လက်ရှိပြတိုက်ကို ၂၀၀၃ ခုနှစ်မှာ ဖွင့်လှစ်ပြသနိုင်ခဲ့တာပါ။ ပြတိုက်ရဲ့ပြခန်း (၅) ခန်းမှာ ခင်းကျင်းပြသထားတဲ့ ပစ္စည်းအမျိုးအမည် (၄၀၀) နီးပါးရှိပါတယ်။ ပစ္စည်းအားလုံးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးပစ္စည်းတွေချည်းဖြစ်လို့ အင်းဝကိုရောက်ရင် မကြည့်မဖြစ် သွားရောက်လေ့လာရမယ့် နေရာတစ်ခုလည်းဖြစ်ပါတယ်ဗျာ။

အင်းဝမြို့ဟောင်းကို သွားရောက်လေ့လာမယ်ဆိုရင် ထင်ရှားတဲ့ ဘုရားစေတီများအပြင် မရောက်မဖြစ်လေ့လာသင့်တဲ့နေရာများစွာအနက် ရှေးဟောင်းသုတေသနပြတိုက်၊ မယ်နုအုတ်ကျောင်းကြီး၊ နန်းမြင့်မျှော်စင်၊ မြောက်ရေကန်တော်(သမီးတော်ကန်)၊ ဗားကရာကျောင်းကြီး၊ မြင့်မိုရ်တောင်စေတီ၊ ဝက်ပါစေတီ၊ ဆင်ကျုံးခံတပ်၊ ဦးအိုတံတား စသည်တို့ဟာ ထင်ရှားလှပါတယ်။

အင်းဝခေတ်ရဲ့ ထင်ရှားတဲ့ရဟန်းရှင်လူစာဆိုတွေကိုကြည့်ရင် အစောဆုံးမေတ္တာစာရေးဖွဲ့တဲ့ စကြိုသူမြတ်၊ ကန်တော်မင်းကျောင်းဆရာတော်၊ အစောဆုံး တောလားရေးဖွဲ့သူ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ အစောဆုံးမော်ကွန်းရေးဖွဲ့သူ စစ်လျှင်ထောင်မှူး-ရှင်ထွေးညို၊ အစောဆုံးဧချင်း (ရခိုင်မင်းသမီးဧချင်း) ရေးဖွဲ့သူ အဒူမင်းညို၊ ပြည်နဝဒေးကြီး၊ ဗညားဒလအမတ်ကြီး၊ တောင်ဖီလာဆရာတော်၊ ဒုတိယကျော်အောင်စံထားဆရာတော်၊ မြန်မာရာဇဝင်ကို အစောဆုံးပြုစုရေးသားသူ ဦးကုလား၊ လက်ဝဲနော်ရထာ၊ ဝန်ကြီးပဒေသရာဇာ၊ လက်ဝဲသုန္ဒရအမတ်ကြီး၊ တောင်တွင်းဆရာတော် ခင်ကြီးဖျော်၊ တွင်းသင်းတိုက်ဝန်မဟာစည်သူ၊ စိန္တကျော်သူဦးဩ၊ ရာမရကန်ဦးတိုး၊ မွေ့နွန်းရကန်၊ ရွှေတောင်နန္ဒသူ၊ ညောင်ကန်ဆရာတော် ဦးဗုဓ်၊ မောင်းထောင်ဆရာတော်၊ ထွန့်ခေါင်ဆရာတော်၊ ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ ကျည်းကန်ရှင်ကြီး၊ မြဝတီမင်းကြီးဦးစ၊ ဖော်ပြရရင် အများကြီးပါ။ မြန်မာ့စာပေနဲ့ အနုပညာယဉ်ကျေးမှု အကြီးအကျယ် ထွန်းကားခဲ့တဲ့ အင်းဝပါကလား။

မြန်မာမင်းနေပြည်တော် အမရပူရကို ပြောင်းရွှေ့သွားပြီးတာတောင်မှ ဗြိတိသျှတို့က မြန်မာဘုရင့်မင်းနေပြည်တော်ကို ညွှန်းဆိုရာမှာ အင်းဝ (Ava)လို့ တင်စားခေါ်ဝေါ်သုံးနှုန်းရတဲ့အထိ အင်းဝနဲ့ မြန်မာ့ထီးနန်းဟာ ခွဲမရအောင်လွှမ်းမိုးထားနိုင်ခဲ့ပါတယ်။ ၁၈၅၅ ခုနှစ်မှာ မေဂျာဖယ်ယာရဲ့ သံအဖွဲ့ဝင်အဖြစ် လိုက်ပါတဲ့ ကပ္ပတိန် ဟင်နရီယူးလ်ရဲ့ မှတ်တမ်းဖြစ်တဲ့ Narrative of Misson to the Court of Ava in 1855 (၁၈၅၅ ခုနှစ်မှာ အင်းဝရွှေနန်းရောက် ဗြိတိသျှသံအဖွဲ့အစီအရင်ခံစာ) ဆိုတာ တကယ်တော့ အမရပူရမှာ နန်းစိုက်နေပြီဖြစ်တဲ့ မြန်မာ့ထီးနန်းကို အင်းဝ (Ava) လို့ ရည်ညွှန်းတင်စားခေါ်ဝေါ်ထားတာပါ။

အင်းဝကိုရောက်ရင် မြင်းလှည်းငှားစီးပြီးလည်မှသာ နှစ်ပါလိမ့်မယ်။ အိုးထုတ္တန်းမြင်းလှည်းဂိတ်က မြင်းလှည်းတွေမှာ အမျိုးသမီးမြင်းလှည်းဒရိုင်ဘာချည်းပဲ (၄၀)ခန့်ရှိတာကိုလည်း ထူးခြားစွာ တွေ့ခဲ့ရပါတယ်။ အင်းဝကို ပုဂံလိုယခုထက် ပိုမိုသန့်ရှင်းသပ်ရပ်တဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်လာစေချင်ပါတယ်။ အစိုးရသာမက ဒေသခံတွေကလည်း ပူးပေါင်းပါဝင်ကူညီရပါမယ်။ တစ်နေ့တစ်လံ ပုဂံကဲ့သို့ မြန်မာတို့ဂုဏ်ယူဝင့်ကြွားစရာ ယူနက်စကိုစာရင်းဝင်အင်းဝရှေးဟောင်းယဉ်ကျေးမှုဒေသကြီး ထွန်းပလာမယ့် တစ်နေ့ကို မျှော်မှန်းပြီး ဆန္ဒမွန်ပြုလျက်ပါခင်ဗျာ။

ဆွေဇင်ညွှန့်


ကျမ်းကိုး -

အင်းဝ-ပင်းယဒေသရှိရှေးဟောင်းအဆောက်အအုံများ
(ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန)
အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ
(ဗိုလ်ရှိတ်-ရတနာပူရ)
အင်းဝခရီးသည်
(မြင့်စိုး)
နှစ်ခြောက်ရာပြည့်အင်းဝ
(ရွှေကိုင်းသား)



www.burmeseclassic.com

www.burmeseclassic.com



သူ၏အမည်သည် ဓားငြိမ်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့င်ထိုအမည်ရလာခြင်းမှာ တစ်ကြိမ်သောအခါ၌ သူ၏မြို့တွင် တရုတ်လူမျိုးစစ်ဟန်ဆိုသည့်ကောင် မိုက်ရိုင်းဆိုးသွမ်းပြီး မိသားစုဂုဏ်ပျက်အောင်လာလုပ်သဖြင့် သူသည် စစ်ဟန်ဆိုသောကောင်အား ဓားဖြင့်ထိုးလိုက်ရာမှ သူ့အားဓားငြိမ်းဆိုသောဘွဲ့ထူးကိုပေးလိုက်ကြခြင်း ဖြစ်၏။ မိသားစုကိုစော်ကား၍သာ လက်တုံ့ပြန်လိုက်ရသည်။ သူသည် အမှန်တကယ်တော့ ပင်ကိုဗီဇအားဖြင့် အနေရိုး၍ အပြောတည်သောသူဖြစ်ပြီး လူမိုက်ဇမရှိပါ။ သို့သော် တစ်ခါတစ်ရံတွင် ကံကြမ္မာသည် ဦးနှောက်နှင့်အသိဉာဏ်ကိုပါ အဆင့်ခြင်ကင်းမဲ့စွာ အနိုင်ယူလေသည့်အတွက် လူသားတို့၏ ဦးတည်ချက်မှာ လားရာပြောင်းရွှေ့ခဲ့ပြီး ဘဝကို အရောင်ဆိုးခံရလေ့ရှိသည့် သဘောရှိလေသည်။

လူတစ်ဦးနှင့်တစ်ဦးတို့သည်ကား ဉာဏ်နှင့်ဝီရိယချင်းအားစိုက်မှုမှာ တူညီကောင်းတူညီနိုင်ငြား ဘုန်းနှင့်ကံဇာတာက ကွာခြားတတ်ပါလေသည်။

လူမျိုးခြားတရုတ်တစ်ယောက်ကို ဓားမြှောင်အစွမ်းပြပြီးကတည်းက ငြိမ်းမှာ လူ့ရပ်ရွာတွင် 'ဓားငြိမ်း'ဆိုသောဘွဲ့ထူးကို ရပ်ထဲရွာထဲက မြှောက်ပေးရာမှ သူ့အနောက်တွင် လူစွမ်းလူစပြချင်သောလူငယ်တချို့က အရဲအတားသဖွယ် ခေါင်းဖော်မိတ်ဖွဲ့လာခဲ့ကြသည်မှာ ဓမ္မတာပင် ဖြစ်၏။

ထိုအချိန်မှစ၍ အပေါင်းအသင်းများက အရက်၊ ဖဲ၊ ညဉ့်ငှက်များအကြိုက်ဆောင်ပြီး မိုက်ဂုဏ်ကိုဖော်ဆောင်ခဲ့ရာမှ ဓားငြိမ်းသည် မဟုတ်မခံဘဝမှနောက်ဆုံးတွင် မဟုတ်လည်းမခံ၊ ဟုတ်တာလည်း ဘာတစ်ခုမှမလုပ်၊ လူပေါ်လူညွှန့်ခူးစားရသောအရသာအောက်တွင် ယစ်မူးခြင်းနှင့်အမှားသံသရာလည်နေခဲ့တော့၏။ လူမိုက်ဆိုတာထက် လူမိုက်လောကတွင် စာနာမှုမရှိ လိုချင်တာကို မတရားနည်းဖြင့် ရှာယူမည်။ သူများအိမ်ရာပြစ်မှားဖို့ ဝန်မလေး၊ သူများအသက်ကိုသတ်ရမှာမကြောက်။ သူတို့လောကသားချင်းတွင် သစ္စာမဲ့ကြ... လူမိုက်ဥပုသ်စောင့်တာမရှိ၊ တချို့မိုက်မဟုတ်သောသူတွေလက်... ပုတီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မယားငယ်မှု၊ အလွဲသုံးစားမှု၊ လိမ်လည်မှုများကျူးလွန်နေ၍ အမှုဆိုင်နေရသည့် အဖြစ်များ လောကတွင်ရှိ၏။ လူမိုက်ဆိုတာ လူသတ်မှုမဟုတ်ပါ။ လူလိမ်လူကောက်များသည် လူမသတ်သောလူမိုက်များဖြစ်၏။ သံသရာကို မကြောက်၊ နောင်ခါလာနောင်ခါချေးဟု တစ်ဘဝစီများအဖို့မှာ ဒုက္ခမရောက်သေး၍ ငရဲပန်းကို ရွှေပန်းဟု ယိုးစွပ်ကြလေ၏။

တောင့်ဆိုတာကလည်း လူပုံကဖြူဖပ်ဖြူရော် ပုံကခပ်နွဲ့နွဲ့သာဆို၏။ အတန်းပညာကမရှိ။ ကျော်တို့နှင့်အတူ ရွာဦးဘုန်းတော်ကြီးဦးတိမ်ကျောင်းထွက်ဆိုတော့ သေစာရှင်စာမျှလောက်ပေါ့။ အနေမွဲ၍ ဘုန်းကြီးကျောင်းတွင် ကပ္ပိယလုပ်ရင်းက ထွက်ပေါက်တစ်ခု သူတွေ့သွား၏။

ဘုန်းကြီးဦးတိမ်ထံ ရွာထဲရပ်ထဲမှ အသုဘတရားနာမြေကျသရဏဂုံတင်ရန်ကိစ္စရပ်များအတွက် တောင့်ဆီကို ရွာထဲရပ်ထဲက ဦးစွာလာကြရသည်။ အဘယ်ကြောင့်ဆိုသော် တောင့်နှင့်က ဘုန်းကြီးကိစ္စမှန်သမျှကိုသာပြောအကုန်ပြီး၏။

တချို့ပုဂ္ဂိုလ်များဆိုလျှင် ဘုန်းကြီးဦးတိမ်နှင့်တွေ့သွား၍အလျှောက်မတတ်အထောင်းခံရမည့်ပုံပေါ်သောကြောင့် ဘုန်းကြီးက လူတွေကိစ္စကို ကပ္ပိယတောင့်နှင့်သာလွှဲအပ်ထား၏။ လူအရှုပ်အရှင်းကိစ္စများက လက်မခံ။ ထို့ကြောင့် တောင့်က သာရေးနာရေး အသုဘအရေးဆိုလျှင် တစ်



# မြတ်ခေါင်းနိုင်

(ဂုဏ်ထူးတန်း)

## ဘယ်လိုမိန်းချက် တိုးဝါးထက်

www.burmeseclassic.com

www.burmeseclassic.com

ဆင့်ခံအနေဖြင့် ငတင့်မှလျှောက်ထားရသည်။

အသုဘနာရေးများတွင် ဝိုင်းဝန်းလုပ်ကိုင်ရင်း မီးသဂြိုဟ်သောအခါတွင် ဝင်ရောက်ဖုတ်ကျည်းသဂြိုဟ်သည့်အခါ တံစူးဝါးချွန်နှင့်အသုဘအလောင်းကောင်ကြီးအား ထိုးကလော်လှန်ပြီးသဂြိုဟ်၏။ ပြာဖြစ်သွားသောအခါ အရိုးကောက်ပေးပြီး အသုဘရှင်က လုပ်ကိုင်ပေးကြသူများကို လိုလေသေးမရှိ ပြုစုထောက်ပံ့ကြလေ၏။ ကုသိုလ်လည်းရ ဝမ်းဝသည့်အဖြစ်ကို တွေ့ရ၏။ ငတင့်နှင့် ကာလသားတချို့ အဖွဲ့ကျသွား၏။

အစကတော့ စေတနာလူမှုကူညီရေးမှ နောင်တွင် စားစားသောက်သောက်နှင့်ပင် ရပ်ရွာထဲတွင် နာရေးကိစ္စများပေါ်ပေါက်သည်နှင့် (၃) ရက်၊ (၅) ရက်၊ တချို့ (၇) ရက်ကြာထားရာတွင် မပုပ်အောင် ရင်ခွဲကလီစာများထုတ်၊ အိုးနှင့်မြှုပ်ခြင်း၊ တချို့ကတော့ငါးစာကျွေးခြင်း၊ ရေထဲမျှောကြသည်ကို ငတင့်တို့လုပ်ဆောင်ကြရင်းဖြင့် လက်ကယဉ်ပါးလာသည်။ မီးသဂြိုဟ်တော့လည်း တံစူးဝါးနှင့် အရိုးပြာကျသည်အထိ ထိုးဆွ၍ ဖုတ်ကျည်းသဂြိုဟ်ပြီး ထိုဝါးများကို သင်္ချိုင်းတွင်ပင် စွန့်ပစ်ကြသည်။ တချို့အသုံးပြုခါနီးမှ ရှာဖွေသုံးစွဲကြသည်။

တချို့ ဓား၊ လှံ၊ သေနတ်ပြီးလျှင် သော်ကား တံစူးဝါးကိုတော့မပြီးဟု အဆိုရှိကြပြီးလျှင် လူဆိုးလူမိုက်ဓားပြီးသူများကို တံစူးဝါးနှင့်ရှင်းကြ၏။ ထိုအချိန်တွင် ငတင့် အမှတ်မထင် လူသတ်မှုကျူးလွန်မိသည်ဖြစ်ပုံက ဒီလို။

မြန်မာ့ရာဇဝင်တွင် ထင်ရှားစွာရှိသော သက္ကရာဇ် ၆၁၇ နန်းတက်သော စလေငခွေး၊ ကုလားကျမင်း၊ မင်းခွေးချေး ဟူသော သုံးဘဝကူးပြောင်း နရသီဟပတေ့မင်းတစ်ပါးသည် မိဖုရားရှင်မောက်မှဖွားမြင်သော ပြည်ကိုအပိုင်စားရသောသားတော်သီဟသူကို ဝက်ပေါင်သား အဝေတော်ရမြဲဖြစ်သော်လည်း ဆင့်ကဲဆင့်ကဲ စားလိုသော အာသာရမ္မက်ကြောင့် ဟင်းလျာအုပ်(စားတော်ကဲ)အား တံစိုးလက်ဆောင်များပေးလျက် ဝက်သားကို မယ်တော်မိဖုရားရှင်မောက်က သားတော်အားပေးတော်မူခဲ့လေ၏။

သို့သော် 'မင်းနားတစ်ထောင်' ဟူသည်ရှိငြား ဆိုစကားကြောင့်လည်း ဟင်းခွက် (၃၀၀) ပြည့်မှသာ စားတော်ခေါ် လေ့ရှိသည့် အစားကြူးသောဘုရင်ကြီး နရသီဟပတေ့ထံ ထိုသတင်းပေါက်ကြားအောင် မင်းမှုထမ်းတစ်ယောက်က လျှောက်ထားလေရာ ဘုရင်ကြီးက သားကင်သည်ကိုဒဏ်ပေး၏။ ရှင်မောက်ကိုလည်း ပြောဆို၍ သားတော်ကိုရှေ့တော်ဝယ် 'ဝက်လက်ခိုးမသား' ဟု ကျိစယ်သမှုပြုသည်ကို အများရှေ့တော်မှ့ နှလုံးထောင့်တော်မူ၏။ (စိတ်ကွက်ခြင်း၊ အမျက်တော်ရှိခြင်း)။ အပြီးအတေးထားခဲ့၏။ ကွယ်ရာတွင် မင်းကြီးကို မကောင်းစကားဆို၏။

ထိုစကားကို ပုသိမ်စား ဥဇနာကြားသော် ချင်းတို့သားအမိ(၂)ယောက်သည် အခွင့်သာက အရှင်မင်းကြီးကို လုပ်ကြံမည်မလွဲဟု သတိပြုမိသည်။

သက္ကရာဇ် ၆၄၃ တွင် တရုတ်ဥတည်ဘွားသံတမန်တို့ လာသည်ရှိ၍ မင်းကြီးကို ရှိသေခ့ညားခြင်းမရှိသဖြင့် သံတမန်တို့ကို အကုန်သတ်စေ၏။ သည်းခံတော်မမူ။ ရာဇသင်္ကြန်အမတ်ကြီး စေလျှောက်သည်ကို ငြင်းပယ်၏။ သံတမန်တို့ကိုသတ်သည့်အရေးကြောင့် မြင်းသည်တော်၊ စစ်သည်တော်တို့နှင့် တရုတ်တို့ စစ်ချီလေ၏။ ငစောင်ခြမ်းလည်းပျက်၊ မင်းကြီးလည်း ပုသိမ်သို့ စုန်တော်မူ၏။ ထို့ကြောင့် ၆၄၆ တွင် တရုတ်ကြောက်၍ပြေးသဖြင့် နရသီဟပတေ့ကို တရုတ်ပြေးမင်းတွင်၏။ နရသီဟပတေ့သည် တရုတ်ပြန်သည်ဆိုရာ၌ ပုသိမ်တွင် (၅) လနေတော်မူ၍ နေပြည်တော်ပြန် ရန်ပြုသော် သားတော် ဥဇနာက ခမည်းတော်ပြန်လျှင် ပြည်စား သားတော် သီဟသူက လုပ်ကြံမည်ဖြစ်၍ နောက်တော်ပါခိုက် ဖမ်းထားမှသင့်တော်မည်ဟု နားတော်လျှောက်၏။

မင်းကြီးက မိန့်တော်မမူ။ အကြီးသားတော် ဥဇနာသည် သီဟသူကို ဖမ်းတော်မူ၏။ ထိုအခါ သီဟသူ၏ငယ်ကျွန် ငသန်ငယ်နှင့် ငသတင်းငယ်တို့က တံငါသည်ယောင်ဆောင်ကာ သီဟသူအားခိုးယူတော်မူ၏။ ပြည်သို့ရောက်သော် ရဲမက်ဗိုလ်ပါစုရန် မြို့ကို ခိုင်လုံအောင်ပြု၍နေသည်။ နရသီဟပတေ့မင်းကြီး ပြည်ကိုဆန်သောအခါ သားတော်သီဟသူက ဖောင်တော်ကိုမဆန်ရဟု တားမြစ်၍ စားတော်ပွဲတွင် ဆေးထည့်ပြီး စားတော်ခေါ် ပါဆက်၏။မင်းကြီးလည်း စားတော်တွင် ဆေးခတ်ကြောင်းသိ၍ မစားဘဲနေတော်မူ၏။ သီဟသူကြား သော် သူရဲ (၃၀၀) တို့ကို ဓားအိမ်ဖွေးဖွေးကိုင်စေ၍ ဖောင်တော်ကို ဝန်းရံစေ၏။

ထိုအခါ မိဖုရားဖွားစောက -

"အရှင်မင်းကြီး ကျွန်ုပ်အထက်က လျှောက်သောစကားကိုယူတော်မမူသောကြောင့် ဤသို့ဖြစ်ရလေ၏။ ဓား၊ လှံ လက်နက်ဘေးနှင့် သွေးသံတချင်းချင်း သေတော်မူရသည်ထက် ဆေးထည့်သော စားတော်ကိုစား၍ကြမ္မာကုန်ခြင်း ကမြတ်၏"

ဟုဆို၏။

မင်းကြီးလည်း -

"ငါသည် နိဗ္ဗာန်ကိုမရောက်သေး၍ သံသရာဝယ်ကျင်လည်သရွေ့ကာလပတ်လုံး သားယောကျ်ားဟူသောအဖြစ်ကို မရလိုပြီ"

ဟု သစ္စာဆုတောင်း၍ ဝတ်ထားသော လက်စွပ်တော်ကို ရေစက်ချပြီး မိဖုရားဖွားစောကိုအပ်ပေတော်မူလျက် စားတော်ခေါ် သော်ခဏ နတ်ရွာလား၏။ အိမ်နိမ့် (၁၆)နှစ်၊ စည်းစိမ် (၄၄)နှစ်၊ သက်တော် (၆၀) တွင် အနိစ္စရောက်၏။

ဤသည်မှာလည်း ဝက်လက်သူခိုးဟု လူပုံအလယ်တွင် ကဲ့ရဲ့ရှုတ်ချဖန်များတော့ အရှက်ရသည့်ကိစ္စရပ်တစ်ခုအကြောင်းပြု၍ အသက်ဆုံးရှုံးရသောဖြစ်ရပ်တစ်ခု တစ်နည်းဆိုရလျှင် အစားတစ်လုတ်အတွက် ပါးပုပ်ခံရသည့်အဖြစ်ပေတည်း။ အသိဉာဏ်နှင့်ဦးနှောက်ကို ကံကြမ္မာကအနိုင်ယူခြင်းပင် ဖြစ်၏။

ငတင့်တို့ဇာတ်လမ်းကို ဖော်ပြရလျှင် ငတင့်လူသတ်မှုဖြစ်ရခြင်းမှာ သူငယ်ချင်းများနှင့် တစ်ဖက်ရွာကို အလုပ်သွားလုပ်ရင်း လယ်ထဲကအပြန် စာရင်းဒိုင်အိမ်တွင် ထမင်းစားကြရင်းက စာရင်းဒိုင် ခွေးတင်က ဝက်သားဟင်းနှင့်စားပြီး သူတို့ကို အတို့အမြှုပ်၊ ငါးပိရည်၊ ပဲဟင်းလောက်သာကျွေး၍ တစ်ယောက်က ဝက်သားဟင်းကျန်သေးလားမေးရာ ခွေးတင်က မိုက်ရိုင်းပျစွာ ဒါပဲကျန်သည်ဟု နောက်ပြောင်လိုက်၏။

ဒီလိုနှင့် ငတင့်တို့ရွာကိုပြန်လာကြရာ သင်္ချိုင်းကုန်း ခနီတောထဲတွင် ခနီရည်အိုးများခံထားသည်ကိုတွေ့သဖြင့် ခိုးသောက်ပြီး မူးလာသော် ဝက်သားဟင်းကိစ္စကိုတွေးပြီး ငမဲက အစထောင်ရာမှ သူတို့စာရင်းဒိုင်တဲဆီသို့ ချီတက်သွားကမိသားစုတစ်စုလုံးကိုသတ်ပစ်လိုက်ကြ၏။ စုစုပေါင်း ဗိုက်ထဲမှ ကလေးအပါအဝင် (၅) လောင်းပြိုင် အပြတ်ရှင်းလိုက်သဖြင့် ငတင့်တို့အဖွဲ့ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အနှစ် (၂၀) အင်းစိန်ထောင်တွင်ကျသွား၏။

သို့သော် ၁၉၈၈ အရေးအခင်း၌



www.burmeseclassic.com

www.burmeseclassic.com

တေင့်တို့ ထောင်မှပြန်လွတ်လာသည်။ သို့သော် သူများမျက်နှာကို ပဲခွပ်နှင့် (၂)ခြမ်းခုတ်ခဲ့သော တေင့်မျက်နှာတွင်လည်း သွားဖုံးကင်ဆာဖြစ်ကာ ပါးတစ်ခြမ်းလှီးထုတ်ခဲ့ရပြီး ပလတ်စတစ်ဆာဂျရီအတု အစားထိုးခဲ့ရသည်။ တေင့်ထောင်ထဲရောက်နေချိန်တွင် ခားငြိမ်းက တစ်စခန်းထလာ၏။ ခားပြီးတုတ်ပြီးသည်တဲ့။ လူမိုက်တွေများ မျိုးမတုံးကြပါလား။

တစ်နေ့ ခားငြိမ်းက -

"ကိုကြီးတေင့် အဆင်ပြေလား၊ လိုတာရှိရင်ပြောနော်"

"အေးပါ ငြိမ်း၊ မင်းကိုတစ်ခု သတိပေးရဦးမယ်။ အနောက်ပိုင်းအုပ်စုကို မင်းလျှော့မတွက်နဲ့။ ဖိုးနီက လူစွာနော်။ သွားသွားလာလာ သတိရှိကွာ" တဲ့။

သတိပေးစကားပြောလိုက်ရခြင်းက ခားငြိမ်းအတွက် နောက်ဆုံးစကားဖြစ်ခဲ့ချေပြီ။

(၃) ရက်ခန့်ကြာသော် သုသာန်က ဦးတိမ်ကျောင်းအလွန်လယ်ကွက်ထဲတွင် ခားငြိမ်းကို လက်သည်မဲ့စွာသေဆုံးနေ၏။ ထူးခြားသည်က ခားငြိမ်း၏ လည်ပင်းတွင် ပြတ်ရှအက်ရာမှ သွေးထွက်လွန်ခြင်း၊ အနီးအနားတွင်တွေ့ရသည်က နီးချက်စများနှင့် ဝါးစိမ်းတုတ်အချွန်တစ်ချောင်း။ လူသေမီးသဂြိုဟ်ရာတွင် အသုံးပြုပုံရသော တံစူးဝါးချွန်ဝါးစိမ်းတံ။ ခားပြီးသည်ဆိုသော ခားငြိမ်းကို မည်သူသတ်သနည်း။ ယခုကိစ္စက နီးချက်များတွင်သွေးစွန်းနေသည့်အတွက် လက်မရွံ့တေင့်(ကျွန်းပြန်ကြီး) က သတိထားမိလိုက်၏။ တရားခံမပေါ်သော လူသတ်မှုမို့ လျှော့တွက်၍မရ။ တေင့်တွက်ဆသည်က ခားပြီးသော ကာယသိဒ္ဓိပြီးသူများ ဘယ်လိမ်နီးချက် တံစူးဝါးနှင့်တွေ့လို့က ဘာမှမခံနိုင်ဟု တေင့်ကို သူ့ဆရာတော် သုသာန်ကျောင်း ဦးတိမ်က ပြောဖူးသည်။

ယခု ခားငြိမ်းအနီးတွင် နီးများနှင့် တံစူးဝါးစိမ်းတံကိုတွေ့ရသည် တံစူးဝါးကို မည်သူသုံးနိုင်သနည်း။ တေင့်စဉ်းစားကာ အဖြေထုတ်နေမိသည်။ ခားငြိမ်းမရှိတော့သောအခါ ဖဲသမားဖိုးနီက တစ်စခန်းထလာ၏။ သူ့ကိုယ်သူ ခားပြီး၊ တုတ်ပြီးသလိုနှင့် မိုက်ဂုဏ်ဖော်လာသည်။ မိဘဆွေမျိုးညီအစ်ကိုမောင်နှမများအပေါ်တွင်တောင် မညှာတာ။ သူများအိမ်ရာပြစ်မှားသည်။ ဖဲသမား

စောထေ ၏မယားငယ် မီငွေးကို ဖဲဝိုင်းမှာတင် ပြောင်သိမ်းပိုက်လိုက်၏။ မီငွေးကလည်း ဖဲရိုက်နေရရင်ပြီးရောဆိုသည့်အစား။ ငကျင်တို့က ဖိုးနီနောက်လိုက်။ မြှောက်ပင့်စား၏။ နောက်ဆုံးတွင် ခားငြိမ်းသေမှုက အလိုလိုပျောက်ကွယ်သွား၏။ ခေတ်အခြေအနေအရ လူဆိုးလူမိုက်တစ်ယောက် သေဆုံးမှုသည် အရေးတယူပြုမယ့်သူမရှိ၍ နောက်ဆုံးတွင် ဆေးရုံက ပိုင်ရှင်မဲ့အဖြစ် သဂြိုဟ်လိုက်သည်။

တကယ်တော့ ကျွန်းပြန် တေင့်ထင်သည့်အတိုင်းပင်။ ခားငြိမ်းကိုသတ်သူက ဖိုးနီမဟုတ်။ နွားသတ်ဝက်ပေါ် ရာတွင် နာမည်ကြီးလက်စွဲဂျပုစောအောင်နှင့် အညာသူယောက်ျား စံဖေတို့ပင်ဖြစ်၏။ အကြောင်းရင်းမှာ နွားခိုးပေါ်ပြီး ဆက်ကြေးမပေးသောကြောင့် စောအောင်နှင့် စံဖေတို့ကို လူပုံအလယ်တွင်ပင် ခားငြိမ်းက ပါးရိုက်သောကြောင့် ဂျပုစောအောင်က စံဖေနှင့် တိုင်ပင်ပြီး တံစူးဝါး ဘယ်လိမ်နီးချက်များသုံးပြီး သချိုင်းထဲတွင် ခားငြိမ်းကို မျှားခေါ်လာကာ အပြတ်ရှင်းထားလိုက်ခြင်းဖြစ်၏။တစ်ညတွင် စောအောင် တေင့်ဆီသို့ ရောက်လာပြီးလျှင် -

"ကိုကြီးတေင့်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော့်ညီမကို ခားငြိမ်းကစော်ကားတယ်။ လူတောထဲမှာ ကျုပ်နဲ့ စံဖေကို ပါးရိုက်တာနဲ့ ဒီကောင်ကိုရှင်းလိုက်တယ်။ အခု ကျုပ် အောက်ပြည်ကိုစုန်တော့မယ်။ ကိုကြီးတေင့်ကိုလာနှုတ်ဆက်တာပါ"

ဟု ပြော၍ မှောင်ရိပ်ထဲတိုးဝင်ပျောက်ကွယ်သွား၏။

တေင့်တို့အရပ်ထဲတွင် ခားငြိမ်းမရှိတော့ ဖိုးနီက လူမိုက်ဖြစ်လာ၏။ အချိန်ပြည့် အရက်၊ ထန်းရည်သောက်နေ၍ ဖိုးနီဆိုသည့်အတိုင်း မျက်လုံးကရဲရဲနီနေသည်။ ဖိုးနီက ခားငြိမ်းထက်ဆိုးသည်။ ဖဲ၊ အရက်၊ မိန်းမ၊ လစ်ရင်လည်း အိမ်တက်ခြင်း၊ ခားပြတိုက်ခြင်းတို့ကို လုပ်ဆောင်၏။

သို့သော် ဖိုးနီသည် လူမိုက်ဘွဲ့ကို ခံယူထားသော်လည်း လူမိုက်ဆိုသည်မှာ ဦးတဲ့လူက လူမိုက်ဆိုတာ ဖိုးနီကို လူဖလံလေးတစ်ယောက်က ကောင်းစွာသင်ခန်းစာပေးလိုက်ရာ ဖိုးနီတစ်ယောက် လူမိုက်တို့၏သွားရာလမ်းသို့ ကောက်ကောက်ပါအောင် သွားရလေတော့သည်။

မည်မျှပင် ခားပြီး၊ တုတ်ပြီးသည်ဆိုစေကာမူ တကယ် သူ့ကိုနိုင်သောအရာက သူ၏ဇီဝိန်အသက်ကိုခြွေသွားခဲ့ပါတော့သည်။

ဖိုးနီက နိုင်ထက်ကလူပြုဖန်များသော် အငြိုးထားသူတွေက ဘက်ပြိုင်မဖြစ်ချင်၍ အခွင့်အခါကို စောင့်ဆိုင်း၍နေပါသည်။ တစ်နေ့ ဖိုးနီ ထန်းရည်ကလည်းမူး၊ အရက်ကလည်းမူးဆိုတော့ လွတ်ကျွတ်နေ၏။ သူ့အနောက်တွင် လိုက်တဲ့သူဆိုတာကလည်း မြှောက်ပင့်ပေါင်းညာစားသူများသာ။ ထိုနေ့က ဖိုးနီခြံနီးချင်း ငွေးချိုနှင့်စကားများကြသည်။ ငွေးချို၏ခြံထဲ ဖိုးနီဝက်တွေသောင်းကျန်း၍ ငွေးချိုက ဖိုးနီဝက်ကို မှိန်းနဲ့ထိုးရာ ဖိုးနီက သူ့ဝက်ကိုလုပ်ရပ့ါမလားဆိုပြီး ငွေးချိုကို ကောက်ဆွတ်နှင့်ရိုက်ထည့်လိုက်၏။ ငွေးချိုခြံစပ်သွေးအိုင်ထဲတွင်လဲနေ၏။ ထိုအချိန်တွင် ကောက်ဆွတ်ကိုင်ပြီး ဖိုးနီကအရပ်ထဲတွင်ရမ်းကားနေရာ မခံချင်သော လူပုစိတ်တို ဆိတ်သိုးက ငွေးချိုကို အန္တရာယ်မပြုရန်ပြောသည်ကို ဖိုးနီကပြေး၍ ကောက်ဆွတ်နှင့်ထိုးရန်အလာတွင် ဟန်ချက်ပျက်ချော်လဲသွား၏။ ဆိတ်သိုးကလည်း ဖိုးနီအလဲတွင်ပြေး၍ ကောက်ဆွတ်နှင့် ထိုးထည့်လိုက်ရာ ဖိုးနီက ကုန်းထသည့်အချိန် စွပ်ခနဲအဆုံးထိုးဝင်သွားပြီး ဖိုးနီ အမြုပ်တစီစီထွက်၍ ဇက်ကျိုးကျသွား၏။

နောက်ဆုံးတော့ လူမိုက်တို့၏သွားရာလမ်း ဖိုးနီ၏ ကောက်ဆွတ်မှာလည်း အရပ်ထဲမှ မယ်သုန်ကိုမီးသဂြိုဟ်စဉ်က တံစူးဝါးကို ကောက်ဆွတ်လုပ်ထားခြင်းကြောင့် ခားပြီး၊ တုတ်ပြီးသည်ဆိုသော လူမိုက်တစ်ယောက် တံစူးဝါးကထက်လွန်းလှသဖြင့် မပြန်လမ်းသို့မြန်းရရှာပြီ ဖြစ်၏။

ဤသည်မှာ လူမိုက်တစ်ယောက်၏နိဂုံးအဆုံးသတ်သာပေတည်း။ လူမိုက်တစ်ယောက်ကြောင့် လူကောင်းတစ်ယောက်မှာ ထောင်နန်းစံခဲ့ရလေ၏။ ကံကြမ္မာအကြောင်းတရားပင်တည်း။ လူမိုက်ဆိုသည်မရှိပါ။ ဦးတဲ့သူက လူမိုက်ဆိုသလို လူတစ်ယောက်၏ အသက်ဖက်ရွက်ကလေးပမာ တန်ဖိုးမထားကြသောသူတွေ တစ်ချိန်ချိန်တွင်တော့ သူ့အကုသိုလ်ကံက သူ့ကိုပြန်ရုတ်သိမ်းသွားခဲ့လေပြီ ဖြစ်သည်။

မြတ်ခေါင်းနိုင် (ဂုံညင်း[illegible])



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့စာရိတ္တပညာသည် ဗုဒ္ဓ၏ဩဝါဒများကိုအခြေခံ၍ ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ မြန်မာ့စာရိတ္တပညာ၏ အခြေခံသည် ဗုဒ္ဓ၏ဟောပြောသွန်သင်ဆုံးမမှုများ၊ တရားဓမ္မကျမ်းဂန်များဖြစ်သည်ဟု ယေဘုယျဆိုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားခဲ့သည်။ ဗုဒ္ဓ၏အဆိုအမိန့်၊ ကျမ်းဂန်များတွင် လူသားတို့၏ကိုယ်ကျင့်တရားတော်များ၊ အကျင့်သီလကောင်းများဖွံ့ဖြိုးတိုးတက်ရှင်သန်စေရန် စာရိတ္တပညာလမ်းညွှန်မှုများ အမြောက်အမြား တွေ့ရှိရသည်။


ဗုဒ္ဓ၏ဩဝါဒများအနက် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်သည် ထင်ရှားသော စာရိတ္တပညာလမ်းညွှန်ချက်ပင်ဖြစ်သည်။ မင်္ဂလာတရားတော်တွင် လူမိုက်ကိုမပေါင်းရန်၊ ပညာရှိကို ဆည်းကပ်ရန်၊ ပူဇော်ထိုက်သူကို ပူဇော်ရန်၊ ကိုယ်စိတ်နှစ်ဖြာကောင်းမွန်ဖြောင့်မတ်အောင်ကြိုးစားနေထိုင်ရန်၊ အကြားအမြင်ဗဟုသုတကုံလုံအောင်ဆည်းပူးရန်ကောင်းသောအသက်မွေးဝမ်းကျောင်းအတတ်ပညာကိုသင်ကြားရန်၊ လူ့ကျင့်ဝတ်စည်းကမ်းကိုလိုက်နာစောင့်ထိန်းရန်၊ ချစ်ခင်နှစ်သက်ဖွယ်ချိုသာသောစကားကိုဆိုရန်၊ မိဘဝတ်၊ သားမယားဝတ်၊ ဆွေမျိုးဝတ်တို့နှင့်အညီကျင့်ကြံရန်၊ မူးယစ်သောက်စားမှုကို ရှောင်ရန် စသည်ဖြင့် မြန်မာ့စာရိတ္တပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများပေးခဲ့ပါသည်။

ထို့ပြင် ငါးရာ့ငါးဆယ်နိပါတ်တော်များတွင်လည်း ဓမ္မအကြောင်း၊ လောကအကြောင်း၊ ရာဇအကြောင်းစုံလင်လှပြီး စီးပွားရေး၊ ကြီးပွားရေး၊ ချမ်းသာရေး၊ ကျန်းမာရေး၊ ပညာဉာဏ်ဗဟုသုတတိုးပွားရေး၊ လိမ္မာယဉ်ကျေးရေး၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာလမ်းညွှန်မှုများပါဝင်ခဲ့သည်။

ပုဂံခေတ်မှစ၍ မြန်မာ့လူ့အဖွဲ့အစည်းတွင် လူငယ်လူရွယ်တို့၏ ပညာရေးကို တာဝန်ယူသင်ကြားပေးသူတို့မှာ

# ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

# မြန်မာမင်းများလက်ထက် စာရိတ္တပညာ



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတော်တို့ဖြစ်ကြသည်။ ဘုန်းတော်ကြီးကျောင်းသည် ပညာသင်ကြားရာကျောင်းလည်းဖြစ်သည်။ ကလေးသူငယ်တို့ ငါးနှစ်၊ ခြောက်နှစ်အရွယ်ရောက်သည်နှင့်တစ်ပြိုင်နက် မိဘတို့က ဘုန်းတော်ကြီးကျောင်းသို့ ပို့အပ်ပညာသင်ယူစေသည်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး၏အဆင့်ဆင့်သောသင်ရိုးညွှန်းတမ်းမှာ သင်ပုန်းကြီးကုန်လျှင် -

၁။ မင်္ဂလာတရားတော်၊
၂။ ဇာတ်တော်ကြီးဆယ်ဘွဲ့၊
၃။ သဒ္ဒါကြီးရှစ်စောင်၊
၄။ အဘိဓမ္မာခုနစ်ကျမ်း၊
၅။ ဝိနည်းငါးကျမ်းတို့ ဖြစ်သည်။

ကဗျာ၊ လင်္ကာ၊ ဆေးပညာ၊ ဓမ္မသတ်၊ ဗေဒင်၊ ရာဇဝင်၊ ရာဇသတ် စသည်တို့ကိုလည်း တွဲဖက်သင်ယူရသည်။

လူ့ဘဝတွင် လူတော်လူကောင်းဖြစ်ရေးအတွက် မင်္ဂလာတရားတော်နှင့်အညီ ဇာတ်ကြီးဆယ်ဘွဲ့ စသည်တို့ကို သင်ကြားကြရသည်။

ပညာတတ်မြောက်ခြင်း၏အကျိုးတရားနှင့် ပညာမဲ့ခြင်း၏အယုတ်တရားကိုပိုင်းခြားသိမြင်စေရန် ခေတ်ပြိုင်စာဆိုများက ကြိုးပမ်းခဲ့ကြသည်။

သားရွှေဥဆုံးမစာ၌-

■ *အတတ်ပညာမရှိပါက ယုတ်မာမတော်၊ ဂုဏ်ညှိုးရော်သား၊ လေ့လော့်ဝန်ထမ်း၊ အမှုကြမ်းကို၊ ကြိုးပမ်းဆောင်ရွက်၊ အသက်မွေးတတ်၊ ရှိတို့တတ်၏။ စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပံတတ်စွမ်းကမူ၊ နေဥစ္စာရတနာကိုရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏။ တင့်တယ်လျောက်ပတ်သက်မွေးမြတ်၏*

ဟူ၍ ဆိုထားသည်။

စာမတတ်လျှင် အသက်မွေးဆင်းရဲမည်။ စာတတ်မှ အသက်မွေးချောင်လည်မည်ကို ကွဲကွဲပြားပြားမြင်စေလို၍ ပညာသင်ကြားရန် နှိုးဆော်ခြင်းဖြစ်သည်။

မြန်မာ့သမိုင်းတွင် မြန်မာ့စာရိတ္တပညာသည် ပုဂံခေတ်ကပင် စတင်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ပုဂံခေတ်တွင် ဗုဒ္ဓသာသနာစည်ပင်တိုးတက်ခဲ့သည်။ မြန်မာစာပေအရေးအသားလည်း စတင်ဖွံ့ဖြိုးလာခဲ့သည်။ ပုဂံသားတို့သည် ဘာသာရေးဆိုင်ရာ ကောင်းမှုကုသိုလ်များပြုခဲ့ကြသည်။ ကောင်းမှုကုသိုလ်များကိုလည်း ကျောက်စာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ ပုဂံခေတ်ကျောက်စာများတွင် စာရိတ္တပညာ၏ အနှစ်သာရများကို အတော်အသင့် တွေ့ရှိရသည်။

စာရိတ္တပညာဖွံ့ဖြိုးရေး၏ အခြေခံဖြစ်သော ဗုဒ္ဓ၏ဝါဒများ၊ ဖြစ်စဉ်များဖြစ်သောငါးရာ့ငါးဆယ်နိပါတ်တော်နှင့်ဇာတ်ကြီးဆယ်ဘွဲ့တို့ကိုလည်း ပုဂံခေတ်မြန်မာတို့ နှံ့နှံ့စပ်စပ်သိရှိနားလည်ခဲ့ကြသည်။

'ဇာတ်ငါးရာ လေအတင် အတယ်ရိယ်၏' ဟူသော အရေးအသားနှင့် လောကထိပ်ပန် ဇာတ်တော်ကြီးဆယ်ဘွဲ့မင်စာတို့မှာ ထင်ရှားသောသာဓကများဖြစ်သည်။

ပုဂံခေတ်ထိုး ကျောက်စာများအနက် ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ်၏စာရိတ္တပညာကို ဖော်ထုတ်ပြသခဲ့သည်။ ကျောက်စာတွင် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာရ်မင်းသား၏ သားသမီးဝတ္တရားကျေပွန်မှု၊ မိဘကျေးဇူးသိမှု၊ သားကောင်းပီသမှု၊ စာရိတ္တကောင်းတို့ကို ဖော်ပြခဲ့သည်။

ရာဇကုမာရ်ကျောက်စာတွင် -

■ *ထိုမင်း အနှစ်နှစ်ဆယ့်ရှစ်နှစ်မင်းမူပြီး၍ သေခမူနာ သရောနိုင်တည်။ ထိုရာဇကုမာရ်မည်သောပယ်မယားသား မိမိကို မွေးသော မင်းကြီးကျေးဇူးကို အောက်မေ့ရကား ရွှေအတိသောဘုရားသခင်အဆင်းပြု၍ နှပ်လေရော့တည်း။*

ဟူ၍ ရေးသားခဲ့သည်။

သေခမူနာ ဆိုသည်မှာ ပြင်းစွာနာမကျန်းဖြစ်သည်ကိုဆိုလိုခြင်းဖြစ်သည်။ ပယ်မယား ဆိုသည်မှာ ချစ်လှစွာသောမယားဟုဆိုလိုခြင်း ဖြစ်၏။

ရာဇကုမာရ်မင်းသားသည် ပြင်းစွာနာမကျန်းဖြစ်နေသော မိမိ၏ ဖခင်ကျန်စစ်သားမင်းကြီးအတွက် ရည်စူး၍ အလှူဒါနပြုကျေးဇူးဆပ်ခဲ့ရာ မင်းသား၏ စာရိတ္တကောင်းပြည့်ဝကာ စိတ်ထားမြင့်မြတ်မှုကိုပေါ်လွင်ထင်ရှားစေခဲ့သည်။

ပုဂံခေတ်တွင်ပင် ပြည်သူတို့စာရိတ္တကောင်းရှိစေရန် အုပ်စိုးသူမင်းက လမ်းညွှန်သောအထောက်အထားလည်းရှိသေးသည်။ ယင်းအထောက်အထားမှာ ကျစွာမင်းကြီး၏ပြန်တမ်းပင်ဖြစ်သည်။

ကျစွာမင်းသည် တိုင်းကားပြည်ရွာသာယာ၍ ခိုးသားဓားပြမရှိစေရန် မည်သည့်မင်းမျှ မလုပ်ဘူးသေးသောနည်းကိုတီထွင်၍ ခိုးသူတို့ကြောက်ရွံ့စေရန် ပြန်တမ်းတစ်စောင်ကျောက်စာရေးထိုးခဲ့ သည်။

၁၂၄၉ ခုနှစ်၊ မေလ ၆ ရက်နေ့တွင်ရေးထိုးသော ကျစွာမင်းကြီးပြန်တမ်း၌ -

ရှေးမင်းတို့လက်ထက်တွင် ခိုးသူတို့ တံကျင်လျှိုခြင်းမှစ၍ များစွာသော နှိပ်စက်ခြင်းဖြင့် နှိပ်စက်ခဲ့သော်လည်း မိမိလက်ထက်တွင်ဤသို့မပြုလိုကြောင်း၊ သတ္တဝါအများကို မိမိရင်၌ဖြစ်သောသားကဲ့သို့ ချစ်ခင်သဖြင့် ဤစကားကိုဆိုကြောင်းနိဒါန်းချီလျက် မဇ္ဈိမနိကာယ၊ အင်္ဂုတ္တရနိကာယနှင့် မိလိန္ဒပဥှာကျမ်းတို့မှ များစွာရက်စက်ကြမ်းကြုတ်သော နှိပ်စက်ခံနည်းတို့ကို ကြိုက်ရာထုတ်နုတ်ဘာသာပြန်ဆို၍ ဤနည်းတို့မှတစ်နည်းနည်းဖြင့် သူခိုးကိုမိလျှင် အပြစ်ဒဏ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကျစွာမင်းကြီးကျောက်စာတွင်ပင်-

■ *ခိုင်သော တုတ်စင်မူကား အမှုနှန်စာကို ဖတ်စေ၊ အမှုနှန်စာတွင် အကြင်သူခိုးသည် ကြမည်သော အပွစ်တေပွစ်မူကား ဤမည်သော တန်ပိယ်တေပိယ်အပ်၏တူပေ၏။*

ဟူ၍ ဖော်ပြထားရာ သူတစ်ပါးပစ္စည်းကိုခိုးယူသောသူတို့အား ကြီးလေးသောအပြစ်ပေးခြင်းဖြင့် ကျစွာမင်းကြီးသည် ပြည်သူတို့ စာရိတ္တကောင်းမွန်အောင် ကြိုးပမ်းခဲ့သည်ဟုဆိုနိုင်ပါသည်။

ပုဂံခေတ်လွန်မြောက်၍ အင်းဝခေတ်တွင်လည်း မြန်မာ့စာရိတ္တပညာဖွံ့ဖြိုးတိုးတက်စေရန် လမ်းညွှန်သောစာပေအမြောက်အမြားပေါ်ထွန်းခဲ့၏။ ရှင်မဟာသီလဝံသ၏ တိလောကဆုံးမစာ၊ ရှင်မဟာရဋ္ဌသာရ၏ သု-စီ-ပု-ဘာဆုံးမစာ၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့၊ ကိုးခန်းပျို့၊ ကန်တော်မင်းကျောင်းဆရာတော်၏လောကသာရဆုံးမစာ၊ ကန်တော်မင်းကျောင်းမေတ္တာစာတို့သည် အင်းဝခေတ်ပြည်သူတို့၏ စာရိတ္တပညာနှင့်ပတ်သက်၍ လမ်းညွှန်ခဲ့သောစာပေများပင် ဖြစ်သည်။

ဆက်လက်ဖော်ပြမည်

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)


ကျမ်းကိုး -

၁။ ရာဇကုမာရ်ကျောက်စာ
၂။ ကျစွာမင်းကြီး၏ပြန်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြိုင်မြိုင်ကို ကျွန်တော်ဘယ်လိုကောက်ချက်ချရမှန်းမသိတော့ပါဘူး။ ဝိပါကဝဋ်ကြွေးကြောင့်ဖြစ်နေတာလား၊ ကံကြမ္မာကြောင့်ဖြစ်နေတာလားဆိုတာကို ကျွန်တော်တင်မက ဘယ်သူမှလဲ သိကြမယ်မထင်ပါဘူး။

ဒေါ်မြိုင်မြိုင်ဟာ ဦးတိုး-ဒေါ်ကြင်လှတို့ရဲ့ တစ်ဦးတည်းသောသမီး ဖြစ်ပါတယ်။ ရုပ်ရည်အင်မတန်ချောမောလှပတဲ့သူလေးဖြစ်ပါတယ်။ မိဘများဟာ ရွှေအရောင်းအဝယ်လုပ်ငန်းနဲ့ကျိကျိတက်ချမ်းသာနေပါတယ်။ မြေနုရပ်မှာဆိုရင် သူတို့ထက် ချမ်းသာသူမရှိပါ။ အိမ်အောက်ထပ်တစ်လုံးကို ပန်းထိမ်လုပ်ငန်းပဲဖွင့်ထားပါတယ်။ အပ်ထည်များ၊ အရောင်းရွှေထည်များအားလုံးကို သူတို့ပိုင်ပန်းထိမ်လုပ်ငန်းမှာလည်းလုပ်ပါတယ်။ လက်ရာအင်မတန်ကောင်းမွန်လို့ ဦးတိုးနဲ့ ဒေါ်ကြင်လှဟာ ဇန်းမော်မှာ အရမ်းနာမည်ကြီးပါတယ်။ ဆိုင်းနာမည်တောင် တိုးလှဆိုပြီး ဆိုင်းဘုတ်ကပ်ထားပါတယ်။ ဇန်းမော် မင်းကုန်းရပ်ကွက်မှာလည်း ရွှေဆိုင်တစ်ဆိုင်ဖွင့်ထားပါသေးတယ်။ သမီးမြိုင်မြိုင်နာမည်ပါအောင် 'မြိုင်ရွှေမိုး' အမည်နဲ့ဖွင့်ထားပါတယ်။ ဒါပေမယ့် သမီးမမြိုင်မြိုင်ကတော့ အဲဒီဆိုင်မှာသွားမထိုင်ရပါ။ ဦးတိုး-ဒေါ်ကြင်လှတို့ရဲ့ အလွန်စိတ်ချရတဲ့အမျိုးများကိုသာထားပါတယ်။ အဲဒီအမျိုးသုံးလေးဦးကသာ ဆိုင်တာဝန်ကိုယူထားရပါတယ်။ မမြိုင်မြိုင်ကတော့ အိမ်ပန်းထိမ်မှာလုပ်တဲ့ရွှေထည်များအပ်ထည်များကိုသာ ပန်းထိမ်သမားများထံမှလက်ခံရယူတဲ့အပိုင်းသာတာဝန်ယူရပါတယ်။

ညနေ (၅) နာရီအချိန်ရောက်ရင် ပန်းထိမ်သမားများဟာ သူတို့လုပ်နေတဲ့ ရွှေထည်များကိုအပ်ရပါတယ်။ ရွှေထည်များပြီးရင်ပြီးသလိုမပြီးရင်မပြီးသလိုအပ်ရပါတယ်။ ရွှေထည်များကိုအိမ်မှာယူပြီး လုပ်ပိုင်ခွင့်မပြုထားပါဘူး။ ရွှေထည်များကို လက်ခံသူကတော့ မမြိုင်မြိုင်ဖြစ်ပါတယ်။

မမြိုင်မြိုင်တို့အိမ် ရွှေပန်းထိမ်လုပ်ငန်းမှာ နာမည်အရဆုံးလူကတော့ ကိုကျော်တင့်ပါ။ ရွှေထည်ပစ္စည်းများ လက်ရာအမြောက်ဆုံးနဲ့ အမြန်ဆုံးပြီးစီးအောင်လုပ်နိုင်တဲ့သူဟာသူတစ်ယောက်တည်းရှိလို့ပါပဲ။ ကိုကျော်တင့်ဟာ ဇန်းမော်ခရိုင် ရွှေကူသားဖြစ်ပါတယ်။ ရုပ်ရည်ကတော့မချောပါဘူး။ ဒါပေမယ့် ယောကျ်ားပီသတဲ့၊ ကြံ့ခိုင်တဲ့သူဖြစ်ပါတယ်။ နေ့စဉ် ကိုကျော်တင့်က လုပ်ပြီးသမျှ ရွှေထည်ပစ္စည်းများကို မမြိုင်မြိုင်ကိုအပ်ရပါတယ်။ ဒီလိုအပ်ရင်းအပ်ရင်းကနေ ကိုကျော်တင့်နဲ့ မမြိုင်မြိုင်ဟာ ချစ်သူဘဝရောက်ခဲ့ကြတယ်။ တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို မမြိုင်မြိုင်ရဲ့ မိဘနှစ်ပါးဟာ သူတို့အကြောင်းကိုသိသွားကြတယ်။ မိဘနှစ်ပါးက မမြိုင်မြိုင်ကို အမျိုးမျိုးဆုံးမဩဝါဒပေးကြပါတယ်။

"ကျော်တင့်ဆိုတာ တို့ရဲ့အလုပ်သမား၊ သမီးက သူဌေးသမီး၊ ဘယ်လိုမှ စပ်ဟပ်လို့မရပါဘူး။ ဒါကြောင့် သမီးသူ့ကိုဖြတ်ပါ။ မဖြတ်ရင်တော့ မြိတ်မှာရှိတဲ့ သမီးရဲ့ဦးလေးဆီပို့မယ်။ ဒီစကားဟာ နောက်ဆုံးစကားပဲ"


ဦးတိုးနဲ့ ဒေါ်ကြင်လှတို့ဟာ ယမ်းပုံမီးကျဒေါသနဲ့ သမီးကိုသတိပေးလိုက်ပါတယ်။ ကျော်တင့်ကိုလည်း အလုပ်မှထုတ်ပစ်လိုက်ပါတယ်။ သူတို့သမီးနဲ့ ချစ်ကြိုက်ကြတာကို ရေးကြီးခွင့်ကျယ်လုပ်ပြီး အလုပ်ထုတ်ပစ်ခြင်းခံရတဲ့ ကိုကျော်တင့်ဟာ အလွန်ဒေါသဖြစ်သွားပါတယ်။ အဲဒါကြောင့် အဲဒီညမှာပဲ မမြိုင်မြိုင်ကို ကိုကျော်တင့်ဟာ ချိန်းပြီး ခိုးပြေးသွားခဲ့ပါတယ်။ ရှမ်းပြည်မှာရှိတဲ့ ကျော်တင့်ရဲ့သူငယ်ချင်းအိမ်မှာ ခြေရာဖျောက်ပြီးနေခဲ့ကြပါတယ်။

သုံးလလောက်ကြာတော့ မမြိုင်မြိုင် မိဘနှစ်ပါးရဲ့သတင်းကိုကြားလိုက်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# ဗန်းမော်သို့သူ ဝိပါကဝဋ်ကြွေးရဲ့ ရိုက်ခတ်ဒဏ်များ

ညသန်းခေါင်ကျော်မှာ ဦးတိုး-ဒေါ်ကြင်လှတို့အိမ်ကြီးမီးလောင်လို့ လင်မယားနှစ်ယောက်စလုံး အသက်ဆုံးရှုံးသွားတဲ့ အကြောင်းဖြစ်ပါတယ်။ အဲဒီသတင်းကို မမြိုင်မြိုင်သိလိုက်တော့ တစ်ခါတည်း မေ့လဲသွားပါတယ်။ သတိရတော့ အိမ်ကိုပြန်မယ်၊ အိမ်ကိုပြန်မယ်ပြောပြီး မရပ်နိုင်အောင်ငိုနေတော့ ကိုကျော်တင့်လည်း ကားငှားပြီး ဗန်းမော်ပြန်ခဲ့ကြပါတယ်။ မြေနုရပ်ရှိ ဦးတိုး-ဒေါ်ကြင်လှ အိမ်ကြီးဟာ ပြာပုံအတိဖြစ်နေပါတယ်။ မီးလောင်လို့သေသွားတဲ့ မိဘနှစ်ပါးကိုတော့ ဗန်းမော်ဆွေမျိုးများက အုပ်ချုပ်ရေးပိုင်းလူကြီးများရဲ့လမ်းညွှန်ချက်အရ သင်္ဂြိုဟ်ခဲ့ပြီးပါပြီ။

ကိုကျော်တင့်ဟာ ဖြစ်ရပ်အလုံးစုံကိုမြင်သိရတော့ စိတ်မကောင်းဖြစ်သွားခဲ့ပါတယ်။ သူ့အပေါ်မှာ အထင်သေးအမြင်သေးပြီးအလုပ်ကထုတ်ပစ်တာကို ခံခဲ့ရပေမယ့် ယောက္ခမများရဲ့မကောင်းတဲ့ကံကြမ္မာကိုတော့ ယူကျုံးမရဖြစ်နေမိပါတယ်။ မမြိုင်မြိုင်ကတော့ ဘယ်လိုမှ ချော့မရအောင်ဖြစ်နေပါတယ်။ အချိန်ရှိ သရွေ့ဟာ အငိုနဲ့ပဲ စခန်းသွားနေခဲ့ပါတယ်။ မိဘများက 'မြိုင်ရွှေမိုး' အမည်နဲ့ ဖွင့်ထားတဲ့ ရွှေဆိုင်လည်းမရှိတော့ပါ။ ပိတ်ထားခဲ့ပြီ။ ဆိုင်ကိုစိတ်ချယုံကြည်စွာအပ်နှံထားတဲ့ဆွေမျိုးသားချင်းများလည်း ဘယ်ရောက်ကုန်ကြပြီမသိတော့ပါ။

"ဘုန်းကြီးတိုတိုပဲပြောမယ်နော်။ လူ့ဘဝဆိုတာ တစ်သက်မှတ်တည်း ဘယ်တော့မှမသွားပါဘူး။ နိမ့်ချည် တစ်ခါ မြင့်ချည်တစ်လှည့်နဲ့သွားနေကြတာ။ ဒီကြားထဲ ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့်ဖြစ်ပေါ်လာတဲ့ ကံကြမ္မာရဲ့ အလှည့်အပြောင်းကိုလည်းခံရတတ်ပါတယ်။ ဦးတိုးနဲ့ ဒေါ်ကြင်လှတို့ဟာ ဝိပါကဝဋ်ကြွေးကိုပေးဆပ်ချိန်ရောက်လို့ ပေးဆပ်သွားကြတာ။ ဘာမှဝမ်းမနည်းပါနဲ့။ ဒီဘဝမှာပဲ သူတို့ဝဋ်ကြွေးက ပြတ်သွားပြီလို့ အာရုံထားကြပါ။ ဖြစ်လေရာဘဝအဆက်ဆက်မှာ ဘာမှဆပ်စရာမရှိတော့ဘူး။ ဝိပါကဝဋ်ဆိုတာ သူတစ်ပါးကိုပြုခဲ့တဲ့အတိုင်း ကိုယ်ခံရတဲ့ မကောင်းကျိုးကိုခေါ်တာ မှတ်ထားကြနော်။ အခုအချိန်ကစပြီး ဦးတိုးနဲ့ ဒေါ်ကြင်လှဟာ အကြွေးပြတ်သွားပြီမို့ ကောင်းရာရောက်သွားပါပြီ"

မင်းစည်ဆရာတော်ဘုရားကြီးရဲ့ တရားဒေသနာအဆုံးမှာ မမြိုင်မြိုင်ဟာ မျက်ရည်မကျတော့ပါ။ ရေစက်ချပါတယ်။ အဖေနဲ့အမေကို နာမည်ခေါ်ပြီး အမျှအတန်းများပေးဝေလိုက်ပါတယ်။ နောက်ပြီး မမြိုင်မြိုင်ဟာ ကံတရားအကြောင်း၊ ကုသိုလ်၊ အကုသိုလ်အကြောင်းနဲ့ ဝိပါကဝဋ်အကြောင်းကိုလည်း တော်တော်နားလည်လိုက်ပါတယ်။

■

ကိုကျော်တင့်နဲ့ မမြိုင်မြိုင်တို့ဟာ ရှမ်းပြည်ကိုမပြန်ကြတော့ပါ။ ကျော်တင့်စုထားတဲ့ငွေများနဲ့ မမြိုင်မြိုင်မှာရှိနေတဲ့ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များကို ရောင်းပြီးရတဲ့ငွေများနဲ့ မိဘနှစ်ပါးရဲ့မြေပေါ်မှာပဲ သုံးခန်းပတ်လည်အိမ်တစ်လုံးကိုဆောက်လိုက်ပါတယ်။ သွပ်မိုးပျဉ်ထောင်မြေစိုက်ပါပဲ။ နှစ်ထပ်အိမ်ဖြစ်ပါတယ်။ အောက်ထပ်မှာတော့ ပန်းထိမ်လုပ်ငန်းလုပ်ဆောင်ဖို့အတွက် ပန်းထိမ်သုံးပစ္စည်းများ ကိုကျော်တင့်ကစုဆောင်းပါတယ်။ အောက်ထပ်မှာ ပန်းထိမ်စလုပ်ပါတယ်။ ဒါပေမယ့် အပ်ထည်များ အအပ်နည်းနေတဲ့အတွက် ကိုကျော်တင့်တစ်ယောက်တည်းသာလုပ်နေပါသေးတယ်။

သုံးလခန့်ကြာတော့ ကိုကျော်တင့်ရဲ့ ရွှေပန်းတိမ်လုပ်ငန်းကို လူသိများလာပါတယ်။အပ်ထည်တွေလည်းများလာပါတယ်။ ကိုကျော်တင့်တစ်ယောက်တည်း ရွှေပန်းထိမ်လုပ်ငန်းမှာမနိုင်မနင်းဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ကိုကျော်တင့်



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့တဲ့မောင်ငြိမ်းကို ခေါ်လိုက်ပါတယ်။ မောင်ငြိမ်းဟာ အလုပ်ပြီးချိန်မှာ သောက်စားတတ်တာကိုကျော်တင့်သိပါတယ်။ ဒါပေမယ့် မောင်ငြိမ်းရဲ့လက်ရာဟာ သူ့လက်ရာနီးနီးကောင်းလို့ သူ့ပန်းထိမ်လုပ်ငန်းမှာ သုံးထားခြင်းဖြစ်ပါတယ်။ မောင်ငြိမ်းဟာ ကိုကျော်တင့်ပန်းထိမ်လုပ်ငန်းရောက်လာတဲ့အချိန်မှာ မမြိုင်မြိုင်ကိုယ်ဝန်ဟာ မွေးဖွားခါနီးဖြစ်နေပါပြီ။

တစ်ရက်မှာ ကိုကျော်တင့်ဟာ ကိုယ်လက်ကိုက်ခဲပြီး နေမကောင်းချင်သလိုဖြစ်လာတဲ့အတွက်အလုပ်စောစောသိမ်းလိုက်ပါတယ်။

"မင်းနေမကောင်းဖြစ်နေရင် ငါနဲ့လိုက်ခဲ့၊ ငါ့မှာဆေးရှိတယ်"

မောင်ငြိမ်း အဲဒီလိုပြောလိုက်တော့ ကိုကျော်တင့်လည်း အလွယ်တကူလိုက်သွားပါတယ်။ မောင်ငြိမ်းအိမ်ရောက်တော့ ကိုကျော်တင့်ကို အိမ်ရှေ့ကုလားထိုင်မှာ ထိုင်ခိုင်းထားပြီး အိမ်ထဲဝင်ပြီး အရက်ပုလင်းထုတ်လာပါတယ်။

"သူငယ်ချင်း၊ ဒီဆေးကိုနည်းနည်းသောက်လိုက်ပါ။ မင်းမှာဖြစ်နေတဲ့ ကိုယ်လက်ကိုက်ခဲတာတို့ ဖျားချင်နာချင်တာတို့ တစ်ခါတည်းပျောက်သွားမယ်"

"ဟာ - ငါအရက်မှမသောက်တာ မင်းအသိပဲ"

"မင်းအရက်မသောက်ဘူးဆိုတာ ငါသိတယ်။ ဒါပေမယ့် ဆေးအဖြစ်နည်းနည်းသောက်ကြည့်ပါ။ ပျောက်သွားစေရမယ်"

မောင်ငြိမ်းရဲ့အတင်းအဓမ္မတိုက်တွန်းမှုကြောင့် ကိုကျော်တင့်ဟာ အခါးပန်းကန်တစ်ဝက်ကို သောက်လိုက်မိပါတယ်။ ခဏကြာတော့ ချွေးများထွက်လာပြီး နေကောင်းသလိုဖြစ်လာပါတယ်။

"မောင်ငြိမ်း၊ မင်းဆေးဟာ မဆိုးဘူးကွ။ အကိုက်အခဲမရှိတော့ဘူး။ ချွေးထွက်လာလို့ အဖျားလည်းမရှိတော့ဘူး။ လုံးလုံးပျောက်သွားအောင် နောင်တစ်ခွက်ထည့်ပါ"

ကိုကျော်တင့်ရဲ့ စကားကြောင့် မောင်ငြိမ်းဟာ အခါးပန်းကန်အပြည့် တစ်လုံးထည့်ပေးလိုက်တယ်။ ကိုကျော်တင့်ဟာ တစ်ခါတည်းသောက်ချလိုက်ပါတယ်။ အူရှိုင်းဆိုတော့ ဘာခံမလဲ မူးပြီပေါ့။ ပန်းကန်တစ်လုံးသောက်ပြီးနောက် အူရှိုင်းဖြစ်နေတဲ့ကိုကျော်တင့်ဟာအရမ်းမူးသွားပါပြီ။ ပါးစပ်ကလည်း သူပြောချင်ရာပြော၊ ဆဲချင်ရာဆဲကုန်တယ်။ နောက်ပြီး သူကိုယ်တိုင် အရက်ပုလင်းကိုင်ပြီး အခါးပန်းကန်ထဲထည့်ပြီးသောက်ပြန်တယ်။ မောင်ငြိမ်းဟာသူ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားတယ်။အမှန်တော့ မောင်ငြိမ်းရဲ့ စေတနာဟာ ဝေဒနာဖြစ်သွားခဲ့ပါတယ်။

"ငါ့မိန်းမ ငါ့ကိုလာမကြိုဘူးလား။ အသုံးမကျတဲ့မိန်းမ၊ ငါပြန်မှ မင်းကိုငါဆုံးမမယ် ခွေးမ သိကြသေးတာပေါ့"

ကိုကျော်တင့်ဟာ မူးမူးရူးရူးနဲ့ အိမ်ပြန်ဖို့အထမှာ လဲကျသွားပါတယ်။ မောင်ငြိမ်းကထူပေးပြီး ဆိုက်ကားတစ်စီးနဲ့ အိမ်လိုက်ပို့ပေးပါ တယ်။ မမြိုင်မြိုင်ကို အကြောင်းစုံပြောပြတော့ မောင်ငြိမ်းကို အကြီးအကျယ်ဆူတာပေါ့။

"မိန်းမ မောင်ငြိမ်းကိုမဆူနဲ့၊ ငါသောက်ချင်လို့သောက်တာ ဘာဖြစ်သလဲ"

မူးနေတဲ့ ကိုကျော်တင့်ဟာ ပြောပြောဆိုဆို မမြိုင်မြိုင်ရဲ့မျက်နှာကိုလက်သီးနဲ့ထိုးလိုက်ပါတယ်။ မမြိုင်မြိုင်လဲကျသွားပြီးငိုပါတော့တယ်။ မောင်ငြိမ်းဟာ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားပါတယ်။ ကျော်တင့်ကိုတွဲပြီး အိပ်ရာထဲအထိ မောင်ငြိမ်းလိုက်ပို့လိုက်ပါတယ်။

"မမြိုင် ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ဒီလောက်အထိဖြစ်လာလိမ့်မယ်လို့မထင်ခဲ့ဘူး။ ကျွန်တော်က သူကိုယ်လက်ကိုက်ခဲနေလို့ ဆေးအဖြစ် အရက်နည်းနည်းတိုက်ပေးမိလိုက်တာ။ သူက ကျွန်တော်ပေးတဲ့အရက်ထက်မကသောက်လိုက်တော့ အခုလိုဖြစ်သွားခဲ့တာကိုတော့ စိတ်မကောင်းဘူးဗျာ"

မောင်ငြိမ်းဟာ တောင်းပန်စကားပြောပြီးပြန်သွားခဲ့ပါတယ်။

မမြိုင်မြိုင်ဟာ သူ့ယောကျ်ား ကိုကျော်တင့် အိပ်မောကျနေတာကို ကြည့်ပြီး တစ်ညလုံးငိုနေပါတယ်။ မိုးလင်းတဲ့အထိ မအိပ်တော့ပါဘူး။

■

မနက်မိုးလင်းတော့ ကိုကျော်တင့် အိပ်ရာထပါတယ်။ တရှုံ့ရှုံ့ငိုကြွေးနေတဲ့ မမြိုင်မြိုင်ကိုမြင်တော့ -

"ဘာဖြစ်လို့ငိုနေတာလဲ"

မေးပါတယ်။

မနေ့ညပိုင်းက အဖြစ်အပျက်အားလုံးကို မမြိုင်မြိုင်က ပြောပြလိုက်ပါတယ်။

"ငါမှားသွားပြီ။ အရက်သောက်ရင် အကိုက်အခဲအဖျားပျောက်မှာဆိုလို့ ငါသောက်မိလိုက်တာ။ နောက်ထပ် ဘယ်လောက်သောက်လို့ သောက်လိုက်မိမှန်းမသိတော့ဘူး။ ငါ့ကိုခွင့်လွှတ်ပါ။ နောင်ကိုမဖြစ်စေရတော့ပါဘူး"

ကိုကျော်တင့်ဟာ သူ့မိန်းမကိုဖက်ပြီး တောင်းပန်လိုက်ပါတယ်။

နှစ်လခန့်လောက်အကြာမှာတော့ မမြိုင်မြိုင် ယောကျ်ားလေးမွေးပါတယ်။ အဲဒီ မွေးတဲ့နေ့မှာပဲ ကိုကျော်တင့်ဟာ ကိုယ်လက်ကိုက်ခဲဖျားလာလို့ဆိုပြီးတော့ အရက်ဆိုင်သွားပြီး အရက်သောက်ပါတယ်။ မိန်းမဖြစ်သူကို ဘယ်လိုကတိပေးတောင်းပန်ခဲ့ပေမယ့် ဖျားနာလာတော့ အခြားဆေးမရှာတော့ဘူး။ အရက်ကိုပဲသောက်ပြီး ကိုကျော်တင့်အိမ် ပြန်လာပါတယ်။ မူးလာပါပြီ။ အတော့်ကိုမူးလာပါပြီ။

အိမ်ရောက်တော့ မမြိုင်မြိုင်ရဲ့ မီးဖွားခန်းထဲဝင်ပြီး ငါ့ကိုမကြိုရကောင်းလားဆိုပြီး မမြိုင်မြိုင်ကိုရိုက်ပါတယ်။ ပတ်ဝန်းကျင်ကသိတော့ဝိုင်းလာကြပြီးတားကြတယ်။

"ကျော်တင့်၊ မင်ဒီလိုလုပ်တာ မကောင်းဘူး။ မင်းမိန်းမက သွေးနုသားနုလေးရှိသေးတယ်"

"ကျုပ်မိန်းမကျုပ်ရိုက်တာ ဘာဖြစ်လဲ။ ခင်ဗျားတို့နဲ့မဆိုင်ဘူး"

ကိုကျော်တင့်ဟာ မူးမူးရူးရူးနဲ့လာတားကြတဲ့လူများကို အော်ဆဲမောင်းထုတ်ပါတယ်။ မမြိုင်မြိုင်ကတော့ ဘာမှမပြောတော့ပါ။ လာတားတဲ့လူများကို တောင်းပန်လိုက်ပါတယ်။

"သူမူးနေလို့ ဒီလိုမျိုးရိုက်တာပါ။ ကျွန်မဝဋ်နဲ့ကျွန်မခံပါ့မယ်။ အားလုံးကို တောင်းပန်ပါတယ်"

ကိုကျော်တင့်ဟာ အဲဒီနေ့ကစပြီး ဘယ်လိုစိတ်ပြောင်းသွားတယ်မသိတော့ဘူး။ ညနေတိုင်း အရက်သောက်တယ်။ မူးလာရင် မိန်းမကို အပြစ်ရှာပြီး ရိုက်တယ်။ မသောက်တဲ့ရက်၊ မမူးတဲ့ရက်ရယ်လို့မရှိတော့ဘူး။ နေ့စဉ်မူးလာပြီး မိန်းမကိုလည်း နေ့စဉ်ပဲရိုက်နေတော့တာပဲ။ မမြိုင်မြိုင်ဟာ ဘာမှပြန်မပြောတော့ဘူး။ အရိုက်အနှက်ခံပြီးသာနေခဲ့တယ်။

ကိုကျော်တင့်ဟာ လူတစ်မျိုးပဲ။ ညနေပိုင်းဘယ်လောက်မူးခဲ့မူးခဲ့ အရက်နာကျပြီး သူ့ရဲ့ရွှေပန်းထိမ်လုပ်ငန်းကို ဘာတော့မှပစ်မထားဘူး။ မနက်မိုးလင်း မှ ညနေ (၅) နာရီအထိတော့လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မနက်က ညနေအထိ သူ့ရဲ့အကောင်းဆုံးအချိန်ပဲ။ အဲဒီအချိန်မှာ သူ့ချစ်ဇနီးလေးနဲ့ပြုံးပြုံးရွှင်ရွှင်ပါပဲ။ ညနေမိုးချုပ်လာရင်တော့ အရက်ဘီလူးဝင်စီးပြီး မိန်းမကိုရိုက်တဲ့အလုပ်ဟာ သူ့အလုပ်ဖြစ်ခဲ့တယ်။ နေ့စဉ်အရိုက်ခံဘဝနဲ့နေခဲ့တဲ့ မမြိုင်မြိုင်ဟာ သားသမီး (၆) ယောက်ရတဲ့အထိပါပဲ။

ကိုကျော်တင့်ဟာ မမြိုင်မြိုင် (၆)ယောက်မြောက်ကလေးမွေးတဲ့နေ့မှာပဲ အရက်သောက်ပြီး အိမ်ပြန်လာစဉ် ဦးနှောက်သွေးကြောပြတ်ပြီးသေသွားပါတယ်။ မမြိုင်မြိုင်ဟာ မီးတွင်းထဲငိုမဆုံးဖြစ်ခဲ့ရပါတယ်။

"ကိုကျော်ရေ၊ ကိုကျော်ရဲ့ကျွန်မဟာ ကိုကျော့်ကို အရမ်းချစ်ပါတယ်။ ကိုကျော်လည်း ကျွန်မကိုချစ်တယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမယ့် မင်းစည်ဆရာတော်ဘုရားကြီးဟောသွားသလို ကျွန်မက ရှင်းအပေါ် ဝိပါကဝဋ်ကြွေးရှိခဲ့တယ်ထင်ပါရဲ့။ ဒီဘဝမှာ ရှင့်ရဲ့အရိုက်အနှက်အမျိုးမျိုးကိုခံပြီး ရှင့်ကိုကြွေးပြန်ဆပ်နေတာပါ။ အကြွေးကျေလောက်ပြီပေါ့ ကိုကျော်။ ရှင့်ကို ကျွန်မအားလုံးခွင့်လွှတ်တယ်။ ဖြစ်လေရာဘဝမှာလည်း ရှင့်ကိုပြန်ပြီးအကြွေးမထားတော့ပါဘူး"

မမြိုင်မြိုင်ရဲ့ ငိုကြီးချက်မပြောစကားများဟာ အလွန်သံဝေဂရစရာကောင်းလွန်းလှပါတယ်။

■

ဦးကျော်တင့်နဲ့ ဒေါ်မြိုင်မြိုင်တို့ရဲ့ အိမ်ထောင်သက်ဟာ နှစ်ပေါင်း (၂၀) ကျော်ခဲ့ပါတယ်။ သားသမီး(၆)ယောက်ရခဲ့ပါတယ်။ ဦးကျော်တင့်ဆုံးတော့ အကြီးဆုံးသားက (၁၈) နှစ်ရနေပါပြီ။ အဲဒီသားအကြီးဆုံး ကိုကိုကြီးကို ဒေါ်မြိုင်မြိုင်က မောင်ငြိမ်းဆီအပ်ပြီး ပန်းထိမ်ပညာကိုသင်စေပါတယ်။ အိမ်မှာပဲ ပန်းထိမ်လုပ်ရင်း မောင်ငြိမ်းကသင်ပေးပါတယ်။ (၃) နှစ်လောက် ပန်းထိမ်ပညာကိုသင်လိုက်တော့ ကိုကိုကြီးဟာ ပန်းထိမ်လုပ်ငန်းမှာ ဒေါ်မြိုင်မြိုင်ရဲ့ အားကိုးစရာသားဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့် ကိုကိုကြီးဟာ အပေါင်းအသင်းများလွန်းတော့ ပန်းထိမ်လုပ်ငန်းမှာ မလုပ်တစ်ချက်လုပ်တစ်ချက်ဖြစ်လာတယ်။ အလုပ်မလုပ်တဲ့နေ့ဆိုရင် အပြင်မှာ အရက်သေစာသောက်နေကြောင်း သူ့အမေ ဒေါ်မြိုင်မြိုင်သိလာပါတယ်။ ဘယ်လိုပြောဆိုဆုံးမခဲ့ပေမယ့် မရခဲ့ပါဘူး။ ဒီကြားထဲ ကိုကိုကြီးရဲ့အောက်က ကိုကိုငယ်ကလည်း ကိုကိုကြီးအရက်သောက်သွားတိုင်း လိုက်သွားရာမှ အရက်သောက်တတ်လာပါပြီ။

တစ်ရက်မှာ ကိုကိုကြီးရော ကိုကိုငယ်ပါ မူးလာကြပါတယ်။ မိခင် ဒေါ်မြိုင်မြိုင်က အိမ်တံခါးပိတ်ပြီး အိပ်နေပါတယ်။

"အမေအိမ်တံခါးဖွင့်ပေးပါ"

ကိုကိုကြီးကလည်း အော်တယ်။ ကိုကိုငယ်ကလည်းအော်ပါတယ်။ ဒါပေမယ့် ဒေါ်မြိုင်မြိုင်ဟာ တံခါးဖွင့်မပေးပါ။ တံခါးဖွင့်မပေးရကောင်းလားဆိုပြီးတော့ ညီအစ်ကိုနှစ်ယောက်ဟာ ထင်းချောင်းကြီးများကိုကိုင်ပြီး တံခါးကိုရိုက်ဖွင့်ကြပါတယ်။ တံခါးကွဲသွားပြီးအိမ်ထဲဝင်ကြတော့ မိခင်ကြီးဒေါ်မြိုင်မြိုင်ကုလားထိုင်မှာထိုင်နေတာကိုတွေ့ကြပါတယ်။

"ခင်ဗျားဘာဖြစ်လို့တံခါးဖွင့်မပေးရတာလဲ"

ဆိုပြီး မိခင်ဒေါ်မြိုင်မြိုင်ကို ကိုကိုကြီးကလက်သီးနဲ့ထိုးပါတယ်။ ကိုကိုငယ်က မိခင်ကြီးရဲ့ပါးကိုဝင်ရိုက်ပါတယ်။

မိခင်ကြီးက ငိုယိုပြီး -

"မင်းတို့ငါ့ကိုလုပ်ကြပါ။ မင်းတို့အပြစ်နဲ့မင်းတို့ခံရလိမ့်မယ်။ ငါကတော့ မင်းတို့အပေါ်မှာ ဝိပါကဝဋ်ကြွေးရှိလို့ ခံရတာပဲအောက်မေ့တယ်။ မင်းတို့အဖေတုန်းကလည်းခံခဲ့ပြီးပြီ"

ဒေါ်မြိုင်မြိုင်ဟာ ချုံးပွဲချငိုပြီး မိမိအခန်းထဲဝင်သွားပါတယ်။

ကိုကိုကြီးနဲ့ ကိုကိုငယ်ဟာ အတွဲညီသွားပါပြီ။ ညတိုင်းညတိုင်းမူးပြီးအိမ်ပြန်လာကြပါတယ်။ ထမင်းဟင်းမတွေ့ရင် ပန်းကန်တွေရိုက်ခွဲပစ်ကြပါတယ်။ မိခင်တစ်ယောက်အနေနဲ့ ဘယ်လိုတောင်းပန်ပေမယ့် မရခဲ့ပါဘူး။

တစ်ရက်မှာ ကိုကိုကြီးအိမ်ပြန်လာတော့ -

"ခင်ဗျားကြီး၊ ကျုပ်တို့သားနှစ်ယောက်ကို အရက်သမားဆိုပြီး ထမင်းမကျွေးချင်ဘူး။ ခင်ဗျားကိုသတ်မယ်"

ဆိုပြီး မိခင်ကြီးကို ဓားဆွဲလိုက်ပါတယ်။ ဒေါ်မြိုင်မြိုင်ဟာ ထွက်ပြေးရှာပါတယ်။ အရပ်ကလူတွေဝိုင်းပြီးဆွဲရတာတစ်မျိုး၊မိခင်ကိုဒီလိုမလုပ်သင့်ဘူးဆိုပြီး တရားချတာကတစ်မျိုးကြောင့် ကိုကိုကြီး ဓားပစ်ချပြီး အိမ်ပြန်သွားပါတယ်။

အဲဒီအချိန်ကစပြီး ဒေါ်မြိုင်မြိုင်ဟာ အိပ်ရာထဲဗုန်းဗုန်းလဲတော့တာပဲ။ ဘယ်ဆေးဆရာမှ ကုမရတော့ပါ။ စိတ်ထိခိုက်ပြီးဖြစ်လာတဲ့ရောဂါ (စိတ်ဝေဒနာ) ရှင်လို့ဖြစ်ပါတယ်။ ဘာအစားမှလည်း မစားတော့ဘူး။ ရပ်ကွက်လူကြီးနဲ့ လူကြီးများရောက်လာကြပါတယ်။ လူနာအခြေအနေကို မေးရန်ဖြစ်ပါတယ်။

"လူကြီးများရှင့်၊ ကျွန်မကို ကိုကိုကြီးနဲ့ကိုကိုငယ်ကိုခေါ်ပေးပါ"

အားယူပြောလိုက်တဲ့ဒေါ်မြိုင်မြိုင်ရဲ့အသံဟာ လူကောင်းကဲ့သို့မာနေပါတယ်။ ဒါကြောင့် လူကြီးတစ်ယောက်က အိမ်ထဲမှအမြန်ထွက်သွားပြီး ကိုကိုကြီးနဲ့ ကိုကိုငယ်တို့ကို ရှာခေါ်ခဲ့ပါတယ်။ နှစ်ယောက်စလုံးမူးနေကြပါတယ်။

"ကဲ - ကိုကြီးနဲ့ကိုငယ် အမေပြောမယ်။ အမေဟာ မင်းတို့ရဲ့အမေပါ။ အတိတ်ဘဝကလိုက်လာတဲ့ဝဋ်ကြွေးရှိနေလို့ အမေဟာမင်းတို့နှစ်ယောက်လုံးရဲ့အကြွေးကိုဆပ်ခဲ့ပြီ။ ဝိပါကဝဋ်ဆိုတာ အတိတ်ဘဝတစ်ခုခုက မင်းတို့အပေါ်ကို အမေဟာ မကောင်းပြုခဲ့တဲ့အတိုင်း ဒီဘဝမှာပြန်ပြီးခံရတာကို ခေါ်ပါတယ်။ အကြွေးကျေလောက်ပြီထင်ပါတယ်။ မင်းတို့ အမေ့အပေါ် ဆိုးခဲ့သမျှကို အမေခွင့်လွှတ်ပါတယ်။ မင်းတို့အပေါ်မှာလည်း ပြန်ပြီးသံသရာဝဋ်ကြွေးမထားတော့ပါဘူး။ မင်းတို့ကလည်း အမေ့အပေါ် ဝဋ်ကြွေးကျန်နေသေးရင်လည်း ခွင့်လွှတ်ပါတော့။ မင်းတို့ရဲ့ညီငယ်၊ ညီမငယ်များကို အမေမရှိတဲ့နောက် ထိန်းသိမ်းစောင့်ရှောက်ကြပါ"

ဆိုတဲ့ စကားလည်းဆုံးရော ဒေါ်မြိုင်မြိုင့်ခေါင်းဟာ ခေါင်းအုံးထက်မှ တစ်ဖက်သို့ကျသွားပါတယ်။ ဒေါ်မြိုင်မြိုင်ဆုံးသွားပါပြီ။ ဒေါ်မြိုင်မြိုင်ဆုံးသွားတာကိုသိသွားတဲ့ ကိုကိုကြီး၊ကိုကိုငယ်တို့ဟာ အခုမှသူတို့အမေကိုဖက်ပြီးငိုကြပါတော့တယ်။

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ ခွင့်လွှတ်ပါ အမေရယ်"

ဆိုတဲ့ ငိုသံများဟာ တစ်အိမ်လုံးဆူညံသွားပါတော့တယ်။

ဝိပါကဝဋ်ကြွေးဟာ အလွန်ကြောက်စရာကောင်းလွန်းလှပါတယ်။ လင်အပေါ်ကို ဆပ်ခဲ့ရတာကတစ်မျိုး၊ သားများအပေါ် ဆပ်ရတာကတစ်မျိုးနဲ့ ဘဝကို အတိတ်ကကြွေးများဆပ်ရင်း နိဂုံးချုပ်သွားရှာတဲ့ ဒေါ်မြိုင်မြိုင်တို့လို လူများ လောကမှာဘယ်နှယောက်များ ရှိနေဦးမှာလဲမသိဘူး။




www.burmeseclassic.com

www.burmeseclassic.com

# လှမိုး(ပညာရေး)

## အဏ္ဏဝါရေအောက်ကွယ်ပျောက်သွားသော ဂမ္ဘီရနိုင်ငံတော်

( အစန်း၊ ဆယ်ဒေသဝင်း၊ မီး )



**Egyptian ship on the Red Sea, about 1250 B.C.** [From Torr's "Ancient Ships."]
Mr. Langton Cole calls attention to the rope *truss* in this illustration, stiffening the beam of the ship. No other such use of the truss is known until the days of Modern engineering.

ခရစ်နှစ် ၁၈၈၁ ခု၊ စက်တင်ဘာတွင် ဗုဒ္ဓဘာသာဝင် သူတော်စင် မဒမ်ဘာလာဗတ်စကီသည် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ ထွက်ခွာလာခဲ့သည်။ ထိုစဉ်က ထွက်ပေါ်လာသောသတင်းစာများအရ မဒမ်ဘာလာဗတ်စကီသည် ဟိမဝန္တာနှင့် ရှန်ဗဲလားမှစေလွှတ်လိုက်သော တမန်တော်နှင့်တွေ့ဆုံခဲ့သည်ဟု သိရသည်။ ဆရာသခင်တို့၏လမ်းညွှန်မှုအရ ဂမ္ဘီရဓမ္မလမ်းညွှန်ကျမ်းကြီးကို ပြုစုရမည်ဟု တာဝန်ပေးခဲ့သည်။ ထိုကျမ်းကြီးမှာ ကမ္ဘာကြီးကို ကိုင်လှုပ်ခဲ့သောကျမ်းကြီးဖြစ်ပြီး ကမ္ဘာ့တက္ကသိုလ်ကျောင်းတိုက်ကြီးများမှာ ပညာရှင်များ၊ ဗုဒ္ဓဘာသာသုတေသီများ၊ ခရစ်ယာန်သမ္မာကျမ်းစာသုတေသီများ၊ သိပ္ပံပညာရှင်များလက်ဖျားခါခဲ့ရသည့် ကျမ်းမြတ်ဖြစ်တော့သည်။ ဝေဖန်အကဲဖြတ်သူများ ဝေဖန်ရန်လက်တွန့်ခဲ့ရသည့်ကျမ်းဖြစ်သည်ဟုဆိုသည်။

ထိုကျမ်းကြီးကို စတင်ပြုစုခဲ့သည့်အချိန်မှာပင် မဒမ်ဘာလာဗတ်စကီမှာ ကျန်းမာရေးချို့ယွင်းလာသည်။ ဤကျမ်းကြီးကို အဆုံးတိုင်ပြုစုသွားနိုင်ပါမည်လောဟု သံသယရှိခဲ့သည်။ သူသည် အသက် (၆၀) အရွယ်တွင် ခန္ဓာဝန်ကိုစွန့်ရလိမ့်မည်ဟု သိထားသည်။ ထိုသို့ ဆရာသခင်သူတော်စင်တို့က ဤမဟာကျမ်းကြီးပြီးဆုံးသည်အထိ ပြုစုနိုင်ရန် အသက်ဆက်ပေးခဲ့သည်ဟု ဆိုသည်။ သူပြုစုခဲ့သောကျမ်းဂန်များအနက် ဂမ္ဘီရဓမ္မကျမ်းမှာ အထင်ရှားဆုံးဖြစ်သည်။

ဤကျမ်းကြီးကို ပြုစုရာတွင် ဟိမဝန္တာမှ ဆရာသခင်သူတော်စင်တို့က မနောဆက်နည်းပညာဖြင့်ရေးသားစေခြင်း၊ အကြားအမြင်ဖြင့် ရေးသားစေခြင်း၊ အလိုအလျောက်စာရေးသားစေသည့်နည်းပညာဖြင့်ရေးသားခြင်းစသောနည်းမျိုးစုံဖြင့် ရေးသားပြုစုခဲ့ရသည်ဟုဆိုသည်။ ထိုကျမ်းကြီးတွင် ပါဝင်သော အန္တေဝါသိကတရားဓမ္မများမှာ တိဗက်ဒေသနှင့် ဟိမဝန္တာတောင်တန်းဒေသတို့ရှိ ဗုဒ္ဓဘာသာဝင်ကျောင်းတိုက်ကြီးများတွင် အစဉ်အဆက်ထိန်းသိမ်းထားသည့်ကျမ်းများထဲမှ ထုတ်နုတ်ရေးသားပြုစုခြင်းဖြစ်သည်ဟုလည်းဆိုသည်။ ဤကျမ်းကြီးမှာ ယနေ့အထိ ပညာရှင်အများတစ်စိုက်မတ်မတ်လေ့လာနေသောကျမ်းဖြစ်ပြီး အတ္တလန္တစ်နိုင်ငံတော်ကြီးနှင့် လာမူရီယာနိုင်ငံတော်ကြီးများမှထွက်ပြေးလွတ်မြောက်လာသူ လူမျိုးနွယ်များအကြောင်းကိုအတည်ပြုရေးသားခဲ့သည်ဟု ဆိုကြသည်။

ယင်းဂမ္ဘီရဓမ္မကျမ်းကြီးထဲတွင် အမ်တမ် (Atom) သည် ခွဲခြားမရသောအဆင့်မဟုတ်။ အမ်တမ်ကို တပ်၍ခွဲခြမ်းနိုင်သည်ဟု အထောက်အထားသာဓက စုံစုံလင်လင်နှင့် တင်ပြခဲ့သည်။ အမ်တမ်ထက်သေးငယ်သော အမှုန်များရှိသေးသည်။ နောက်ဆုံးတွင် ရုပ်ဒြပ်သဘောပျောက်ပြီး စွမ်းအင်သဘောသို့ ဆိုက်ရောက်သွားသည်ဟုလည်း ဖော်ပြခဲ့သဖြင့် မဒမ်ဘာလာဗတ်စကီ၏ ခံယူချက်ကို ခေတ်သိပ္ပံပညာရှင်များက တအံ့တဩဖြစ်ကြသည်။

အဏုမြူဗုံး၏ဖခင်ကြီးဟုကင်ပွန်းတပ်ခံရသော သိပ္ပံပညာရှင် အိန်စတိန်းကမူ မဒမ်ဘာလာဗတ်စကီရေးသားပြုစုသောဂမ္ဘီရဓမ္မကျမ်းကြီးသည် အလွန်ထူးခြားသောကျမ်းကြီးဖြစ်ကြောင်း ခေတ်သစ်ရူပဗေဒသဘောတရားနှင့် ထူးထူးခြားခြားကိုက်ညီနေသည်ဟု အကဲဖြတ်ခဲ့သည်။ အခြားရူပဗေဒပညာရှင်များဖြစ်သော နိုဘယ်ဆုရှင် ဒေးဗစ်ဗွန်း၊ ဒေါက်တာ ဖရစ်ကတ်ပရာတို့ကလည်း ဤကျမ်းသည် ပြိုင်ဘက်ကင်းသောကျမ်းဖြစ်ပြီး ဤကျမ်းတွင် ဖော်ပြသော သိပ္ပံသဘောတရားများမှာ ခေတ်မီလှသည်ဟု ဆိုသည်။

မဒမ်ဘာလာဗတ်စကီရေးသားပြုစုခဲ့သော မဟာဂန္ထဝင်ရှိသမိုင်းကျမ်းနှင့်ဂမ္ဘီရဓမ္မကျမ်းကြီးတို့တွင် ဖော်ပြထားသော ပျောက်ဆုံးသွားသော တိုက်ကြီးများ၏ သဘောတရားများမှာ အံ့ဖွယ်ကောင်းလောက်အောင် ခေတ်မီသည်ဟု သူဆိုသည်။ မှန်ပါသည်။ ကမ္ဘာကြီး၏ ပထဝီအနေအထား ရုတ်တရက်ပြောင်းလဲသွားခြင်းကြောင့် ကမ္ဘာ့တိုက်ကြီးများနှင့် ယဉ်ကျေးမှုများ အဏ္ဏဝါအောက်သို့နိမ့်ကျနစ်မြုပ်သွားခြင်း သို့မဟုတ် ပျောက်ကွယ်သွားခြင်း စသော အယူအဆများကို နှောင်းခေတ်ပထဝီဗေဒပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ အဏ္ဏဝါဗေဒပညာရှင်များကလည်းလက်ခံခဲ့ကြသည်။ ထိုထောက်ခံသူများသည် ယနေ့သိပ္ပံဘာသာရပ်များနှင့် ချိန်ထိုးနှိုင်းဆ၍ စူးစမ်းရှာဖွေတင်ပြခဲ့ကြသည်မှာ များစွာစိတ်ဝင်စားဖွယ်ကောင်းသည်။

မဒမ်ဘာလာဗတ်စကီ၏ မဟာကျမ်းကြီးနှစ်စောင်တွင် တင်ပြခဲ့သော ရေအောက်သို့ စုံးစုံးမြုပ်သွားခဲ့သော တိုက်ကြီးများသဘောတရားနှင့် အတ္တလန္တစ်နိုင်ငံတော်နှင့် လာမူရီယာနိုင်ငံတော်တို့မှာ ကမ္ဘာ့တစ်နံတစ်လျားတိမ်းရှောင်လာသည့်လူမျိုးနွယ်စုများသဘောတရားကို ထောက်ခံသူမှာ ဩစတြီးယားနိုင်ငံသား ရူဒေါ့ဖ်စတိန်းနာ ဖြစ်သည်။ သူသည် မဒမ်ဘာလာဗတ်စကီနှင့်အတူ သီအိုဆိုဖီအသင်းတော်ကြီး၏လှုပ်ရှားမှုများတွင် ရှေ့တန်းမှတက်တက်ကြွကြွပါဝင်ခဲ့သူ ဒဿနပညာရှင်တစ်ဦးဖြစ်ပြီး (၂၀) ရာစုအစပိုင်းတွင် ရူဒေါ့ဖ်စတိန်းနာမှာ ဟိုးဟိုးကျော်ခဲ့သော ဒဿနပညာရှင်တစ်ဦးဖြစ်၏။

ရူဒေါ့ဖ်စတိန်းနားကမူ ရှေးပဝေဏီက ပညာရှင်များ၏ မှတ်တမ်းများကို အထောက်အထားပြု၍ မဒမ်ဘာလာဗတ်စကီ၏ သဘောတရားများသည်

www.burmeseclassic.com

www.burmeseclassic.com

ခိုင်မာသည်ဟုဆိုသည်။အတ္တလန္တစ်တိုက်ကြီးမှ ထွက်ပြေးလွတ်မြောက်လာသူမျိုးနွယ်များအကြောင်းကို ထောက်ခံရေးသားခဲ့သည်။ နောင်အခါတွင် အသင်းတော်ကြီးကို တည်ထောင်ခဲ့ပြီး အတ္တလန္တစ်နိုင်ငံတော်ကြီး ရေအောက်နစ်မြုပ်သွားရမှုနှင့် ထိုတိုက်ကြီးမှ ထွက်ပြေးလွတ်မြောက်လာကြသောလူမျိုးနွယ်များအကြောင်းကို ထိုအသင်း၏ လက်စွဲစာစောင်များ၊ လမ်းညွှန်စာတမ်းများနှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် အထောက်အထား ခိုင်ခိုင်မာမာနှင့် ရေးသားတင်ပြခဲ့သည်။

ရှုဒေါင့်စတိန်းနာ၏ အယူအဆနှင့် လမ်းစဉ်ကို တစိုက်မတ်မတ်ထောက်ခံသူမှာ ဗြိတိသျှအမျိုးသား သီအိုဆိုဖီ အသင်းအမှုဆောင် စကော့အီလီယောဆိုသူ ဖြစ်၏။ သူသည် ရှုဒေါ့စတိန်းနားကဲ့သို့ တိုက်ကြီးများ၊ အဏ္ဏဝါအောက် နစ်မြုပ်သွားခဲ့သည့် သဘောတရားကို လက်ခံသူဖြစ်သည်။ပလေတို၏ဆွေးနွေးခန်းကျမ်းများတွင် ဖော်ပြခဲ့သော အဏ္ဏဝါရေအောက်စုံးစုံးမြုပ်ခဲ့သော အတ္တလန္တစ်တိုက်ကြီးနှင့် ၎င်းတိုက်ကြီးမှ ထွက်ပြေးလွတ်မြောက်သွားကြသော လူမျိုးနွယ်များအကြောင်းကို ယုံကြည်သည်။ မဒမ်ဘာလာဗတ်စကီ၏ ဂမ္ဘီရဓမ္မကျမ်းကြီးတွင် ဖော်ပြခဲ့သော အဏ္ဏဝါအောက်နစ်မြုပ်သွားခဲ့သည်ဆိုသော လာမူရီယာဟူသောတိုက်ကြီးတစ်တိုက်ရှိခဲ့သည်ဆိုသောသဘောတရားကိုလည်း အလေးအနက်ထားသူ ဖြစ်၏။

သူသည် ပျောက်ဆုံးသွားသော အတ္တလန္တစ်တိုက်ကြီးနှင့် ပျောက်ဆုံးသွားသော လာမူရီယာနိုင်ငံတော်ကြီးဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ယင်းစာအုပ်တွင် အတ္တလန္တစ်တိုက်ကြီးနှင့် လာမူရီယာတိုက်တို့၏ တည်နေရာကို ဖော်ပြသည့်မြေပုံများကိုပါ ထည့်သွင်းဖော်ပြထား၏။ အီလီယော့၏အဆိုအရ ဆိုရသော် ၎င်းမြေပုံများကိုရေးဆွဲနိုင်ရန် သူတော်စင်များက မနောဖြင့်လမ်းညွှန်ခဲ့သည်ဟုဆိုသည်။ သူ့စာအုပ်မှာလည်း ထူးခြားသောစာအုပ်တစ်အုပ်ဖြစ်ပြီး အချို့အချက်အလက်များမှာ သူမည်သည့်မှတ်တမ်းများမှရရှိခဲ့သည်ကိုမူ တိတိကျကျ ထုတ်ဖော်ပြောခြင်းမရှိပေ။ သူ့စာအုပ်တွင် အတ္တလန္တစ်တိုက်သားများနှင့်လာမူရီယာတိုက်သားများသည် ဉာဏ်ပညာ အဆင့်မြင့်ကြပြီး အာကာသယာဉ်ကြီးများ၊ စက်တပ်လှေသင်္ဘောများကို အသုံးပြုခဲ့သည်ဟုဆိုသည်။ သူ့အဆိုအရ အတ္တတာလန္တစ်နိုင်ငံတော်ကြီးမှ အာဖရိကတိုက်နှင့် အမေရိကတိုက်တို့ကြားရှိ အတ္တလန္တိတ်သမုဒ္ဒရာ၏အလယ်တွင်ရှိခဲ့ပြီး ပျောက်ဆုံးသွားသော လာမူရီယာတိုက်ကြီးမှာမူ အမေရိကတိုက်အနောက်ဘက် ပစိဖိတ်သမုဒ္ဒရာအတွင်းတည်ရှိသည်ဟုအခိုင်အမာ ရေးသားဖော်ပြခဲ့သည်။

အီလီယော့၏ရေးသားချက်များအား ပေါ့ပေါ့တန်တန်ထားရန်မသင့်ဟု အတ္တလန္တစ်တိုက်ကြီးနှင့် ပတ်သက်၍ တစိုက်မတ်မတ် လေ့လာနေသူများက ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ပင်လယ်ရေအောက်သို့နစ်မြုပ်ပျောက်ကွယ်ခဲ့ကြသောတိုက်ကြီးများ၊ ကုန်းမြေများနှင့်ပတ်သက်၍ လူတို့၏ရှေးပဝေဏီက ယုံကြည်ထားမှုမှာ စွဲလမ်းခိုင်မာနေသည်ကို သက်သေပြသည့်သဘောဖြစ်ပြီး အလွယ်တကူနှင့် ချေဖျက်၍ မရနိုင်ပါ။ စိတ်ကူးဉာဏ်ကွန့်မြူးပြီး မိမိတို့လိုရာကိုရေးသားသည်ဟု တစ်ဖက်သတ်ပြောရန်မသင့်ပေ။ အကြောင်းမှာ လူတို့၏ သမိုင်းတွင် ယုံကြည်မှု၊ တွေးခေါ်မှု၊ စူးစမ်းမှုများကြောင့် လူသားတို့၏တီထွင်မှုများ အထိုက်အလျောက် အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ရှေးပဝေဏီက စကော့တလန်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် ဝေလပြည်နယ်တွင် ရေကြည်ရာမြက်နုရာလှည့်လည်နေထိုင်သော ကတ်လူမျိုးတို့၏ ရှေးဟောင်းဒဏ္ဍာရီပုံပြင်များတွင် ရေအောက်သို့ နစ်မြုပ်သွားသော ကုန်းမြေများအကြောင်း အများဆုံးတွေ့ရသည်။ ထိုပုံပြင်များထဲ၌ အင်္ဂလန်နိုင်ငံ ကွန်ဓောပြည်နယ်နှင့် စီလီကျွန်အကြား လှိုင်းနက်ဆီဆိုသောမြို့တော်ကြီးရှိခဲ့သည်ဟူ၍ ဆိုသည်။

ဗြိတိသျှအမျိုးသား စကောအီလီယော့အဖို့ ၎င်းပါးစပ်သမိုင်းများ၊ ဒဏ္ဍာရီများသည် နားမဆံ့အောင်ကြားခဲ့ပြီးဖြစ်ဟန်ရှိ၏။ ၎င်းဖြစ်စဉ်များသည်ပင်လျှင် သူ့အား 'အတ္တလန္တစ်နှင့်ပျောက်ဆုံးသွားသော လာမူရီယာနိုင်ငံတော်ကြီး' ဟူသောစာအုပ်ကိုရေးသားခဲ့ခြင်းဖြစ်တန်ရာသည်ဟု အကဲဖြတ်သူတို့က ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဗြဟ္မစိုရ်တရားပျက်ပြားပြီး လောဘရမ္မက်များ လွှမ်းကဲလာပါက အတ္တလန္တစ်တိုက်သားများကဲ့သို့ လည်းကောင်း၊ လာမူရီယာတိုက်သားများကဲ့သို့ လည်းကောင်း ကြုံရမည်ကို သတိရစေလိုခြင်းလည်ဖြစ်မည်ဟု ဆိုသည်။ ရေးသားဟန်များမှာ သူကိုယ်တိုင် ခိုင်ခိုင်မာမာတွေ့ရှိရသည့် အထောက်အထားများအရ ရေးသားခြင်းဖြစ်နိုင်သည်ဟု စာဖတ်သူများယူဆစေရန်ဖြစ်သည်ဟု အတ္တလန္တစ်နိုင်ငံတော်နှင့် ပျောက်ဆုံးသွားသောတိုက်ကြီးများ သဘောတရားကို တစိုက်မတ်မတ် လေ့လာသူများကဆိုကြ၏။ သူသည် သမိုင်းမတင်မီခေတ်က အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ယဉ်ကျေးမှုမြင့်မားတိုးတက်သောအင်ပါယာကြီးများရှိခဲ့သည် ဆိုသည်ကိုမူ ယုံကြည်စွာ တင်ပြခဲ့သည်ဟုလည်း ဆိုသည်။

စကော့အီလီယော့နှင့် သီအိုဆိုဖီ အသင်းတော်ကြီး၏ အသင်းသားများယူဆသော အတ္တလန္တစ်အင်ပါယာကြီးနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်း လာမူရီယာဟုအမည်တွင်သော ယဉ်ကျေးမှုတိုးတက်မြင့်မားသော လက်နက်နိုင်ငံတော်ကြီးရှိခဲ့ပြီး အကြောင်းကြောင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ရေအောက်သို့နစ်မြုပ်ခဲ့သည်ဟူသော သဘောတရားကိုအပြည့်အဝထောက်ခံ၍ သူကိုယ်တိုင်စူးစမ်းလေ့လာထားသည့် မှတ်တမ်းများကို အကိုးအကားယူကာ အတ္တလန္တစ်နိုင်ငံတော်ကြီးနှင့်လာမူရီယာနိုင်ငံတော်ကြီးအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ရေးသားခဲ့သူမှာ ဗြိတိသျှအမျိုးသား အငြိမ်းစားဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ) ဖြစ်သည်။

သူသည် ခရစ်နှစ် ၁၈၅၀ ပြည့်နှစ်ခန့်ကပင် ဗြိတိသျှအစိုးရ ကြည်းတပ်မတော်တွင် အမှုထမ်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်း (၃၀) နီးပါး အမှုထမ်းခဲ့သည်။ ချတ်(ဒ)ဝါ(ဒ)သည် ငယ်စဉ်ကပင် အရှေ့တိုင်း၏ လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာရပ်များကို တစိုက်မတ်မတ်လေ့လာခဲ့သူ ဖြစ်၏။ ၁၈၅၇ ခုတွင် အိန္ဒိယနိုင်ငံတွင်ဖြစ်ပွားခဲ့သော တပ်တွင်းပုန်ကန်မှုကြီးကိုကြုံခဲ့ရသူ ဖြစ်သည်။ အိန္ဒိယတိုင်းသားတို့၏ ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှုများကို နားလည်သဘောပေါက်သူဖြစ်၏။ အိန္ဒိယတိုင်းရင်းသားများသည် ဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)ကို လေးစားကြသည့်အတိုင်း တိုင်းရင်းသားများကိုးကွယ်သည့် ဘုရားကျောင်းများ၊ ဗုဒ္ဓဘာသာဘုရားကျောင်းများအတွင်းဝင်ခွင့်ရခဲ့ပြီး တိုင်းရင်းသားတို့၏ လျှို့ဝှက်ချက်များကို လေ့လာခွင့်ရခဲ့သည်ဟု ဆိုသည်။ ဗြိတိသျှအစိုးရကလည်း သူသည် တိုင်းရင်းသားအလိုတော်ရိတစ်ဦးဖြစ်သည်ဟုယူဆထား၏။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများနှင့်ပတ်သက်၍ လက်တစ်ဆုံနိုက်နားလည်ထားသူဖြစ်သည်ဟု အာဏာပိုင်များကယူဆထား၏။ တိုင်းရင်းသားဘာသာစကားများကိုလည်း အတော်အသင့်တတ်မြောက်သူဖြစ်သည်။ အိန္ဒိယတိုက်ငယ်တစ်နံတစ်လျားသွားရောက်ခဲ့သူဖြစ်ပြီး ယောဂီကျင့်စဉ်များကိုလည်း လေ့လာခဲ့၏။

ယောဂီကြီးများနှင့် အရှေ့တိုင်း၏ လျှို့ဝှက်နက်နဲသော မဟာဂန္ဓာရီပညာရပ်များအကြောင်း ဆွေးနွေးခဲ့သည်။ ဗြိတိသျှအစိုးရကလည်း ဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)၏အရည်အချင်းကို အထူးသတိထားမိသည်။ သို့ဖြစ်၍ မွန်ဂိုရီးယားနှင့် တိဗက်ဒေသများသို့ စေလွှတ်သော ငြိမ်းချမ်းရေးအဖွဲ့နှင့် လေ့လာရေးအဖွဲ့များတွင် အဖွဲ့ဝင်ဖြင့် ပါဝင်ခဲ့ရသည်။ တိဗက်ဒေသ လာဆာမြို့တော်တွက် ရက်ပေါင်းများစွာ နေထိုင်ခဲ့ပြီး တိဗက်အမျိုးသားတို့၏ ရိုးရာဓလေ့နှင့် ကိုးကွယ်သည့် ဘာသာများ၊ လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာရပ်များကိုလည်း နိုက်နိုက်ချွတ်ချွတ်လေ့လာခွင့်ရခဲ့သည်။ အချို့မှတ်တမ်းများအရ ဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)သည် ရုရှားအာဏာပိုင်များ၏ခွင့်ပြုချက်အရ ရုရှားနိုင်ငံတော်၏ မြောက်ဘက် ဆိုက်ဘေးရီးယားပြည်နယ်အထိသွားရောက်ခဲ့ပြီး ဆိုက်ဘေးရီးယားနိုင်ငံတွင် ဟိုးဟိုးကျော်နေသော ထူးခြားသော မနောစွမ်းအင်ရှိသည့် ရှာမင်းပညာရှင်များထံမှ လျှို့ဝှက်သောပညာရပ်များရခဲ့သည်ဟု သတင်းများလည်းရရှိခဲ့၏။


အတည်မပြုရသော သတင်းများအရ ဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)သည် အိန္ဒိယနိုင်ငံတွင် နေ့ထိုင်စဉ် သီအိုဆိုဖီအသင်းတော်ကြီးကို တည်ထောင်သူနှင့် အကျိုးဆောင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သော မဒမ်ဘာလာဗတ်စကီအား အရှေ့တိုင်း၏ ဆရာတပည့်လက်ဆင့်ကမ်းပညာရပ်များကို တစ်ဖက်ကမ်းခတ်အောင် သင်ကြားပေးခဲ့သော ယောဂီကြီးများနှင့်လည်း တွေ့ဆုံခွင့်ရပြီး ယင်းပညာရပ်များကို သင်ယူခဲ့သည်ဟုသိရ၏။

ဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)၏ဝန်ခံချက်အရ သူသည် တိဗက်ဒေသ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများနှင့် ဘူတန်နှင့် ဟိမဝန္တာတောင်တန်းဒေသရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများမှ ရှားပါးသောပေပုရပိုက်များရရှိခဲ့သည်ဟု သတင်းများကဖော်ပြခဲ့သည်။ သူသည် မဒမ်ဘာလာဗတ်စကီ စီရင်ရေးသားခဲ့သော မဟာဂန္ဓာရီသမိုင်းကျမ်းကြီးနှင့် ဂမ္ဘီရဓမ္မကျမ်းကြီးများကိုလည်း အသေးစိတ်လေ့လာဖတ်ရှုခဲ့ပြီး ပျောက်ဆုံးသွားသောအတ္တလန္တစ်နိုင်ငံတော်ကြီးနှင့် ပစိဖိတ်သမုဒ္ဒရာအတ္တာဝါပြင်အောက်နစ်မြုပ်သွားသောလာမူရီယာတိုက်ကြီးအကြောင်း အယူအဆကို ထောက်ခံသည်။

ဗိုလ်မှူးကြီးချတ်(ဒ)ဝါ(ဒ)သည် ဗြိတိသျှတပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး မိမိအစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ပြည်ထောင်စုမနောသုတေသနအသင်းနှင့်သီအိုဆိုဖီအသင်းကြီး၏အသင်းသားများ၏တောင်းပန်ချက်အရ အရှေ့တိုင်းမဟာဂန္ဓာရီပညာရပ်များနှင့် သူလေ့လာဆည်းပူးခဲ့သည့် အရှေ့တိုင်း၏လျှို့ဝှက်ကျင့်စဉ်များ၊ လူမျိုးနွယ်များဓလေ့ထုံးစံများအကြောင်းကို ဟောပြောပို့ချခဲ့သည်။ သူသည် အမေရိကန်ပြည်ထောင်စု မက္ကဆီကိုနိုင်ငံ၊ ပီရူးနိုင်ငံ၊ ဘရာဇီး(လ်)နိုင်ငံ၊ ဗြိတိသျှ ကိုလံဘီယာနိုင်ငံ၊ အီကွေဒါနိုင်ငံတို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မဟာလူမျိုးများ၊ အင်ကာလူမျိုးများ၊ အက်(စ)တက်(ဇ)လူမျိုးနွယ်များတို့၏ ဓလေ့ထုံးစံများ၊ ကိုးကွယ်သည့်ဘာသာများ၊ ရိုးရာယဉ်ကျေးမှုများကို လပေါင်းများစွာ လေ့လာခဲ့သည်။ အင်းဒီး(စ်)တောင်တန်းဒေသတစ်နံတစ်လျားသွားရောက်၍ ရှေးပဝေသဏီက ပျောက်ဆုံးသွားသည်ဆိုသော အတ္တလန္တစ်တိုက်ကြီးနှင့် အင်ပါယာကြီးနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းမှပျောက်ဆုံးသွားသော လာမူရီယာခေါ် တိုက်ကြီးနှင့်လက်နက်နိုင်ငံတော်ကြီးတို့မှ ထွက်ပြေးလွတ်မြောက်လာသူများသည် မဟာလူမျိုးများ၊ အင်ကာလူမျိုးများ၊ အက်(စ)တက်(ဇ)လူမျိုးများနှင့် အဆက်အသွယ်ရှိနိုင်ခြင်းရှိမရှိကို လေ့လာခဲ့သည်။ မဟာလူမျိုးတို့၏ ရှေးဟောင်းပုရပိုက်များ၊ အင်ကာနှင့်အက်(စ)တက်(ဇ)လူမျိုးနွယ်များ၏ရှေးဟောင်းပုရပိုက်များကိုလည်း စုဆောင်းနိုင်ခဲ့သည်။ ပျောက်ဆုံးသွားသော လက်နက်နိုင်ငံတော်ကြီးများနှင့် ပတ်သက်သော အထောက်အထားခိုင်ခိုင်မာမာများရရှိခဲ့သည်ဟုလည်း သတင်းများထွက်ပေါ်လာခဲ့၏။

သူသည် တောင်အမေရိကတိုက်ရှိနိုင်ငံများနှင့် အလယ်အမေရိကတိုက်နိုင်ငံများသို့ သွားရောက်ခဲ့ပြီး ပျောက်ဆုံးနေသော အတ္တလန္တစ်နိုင်ငံတော်နှင့် လာမူရီးယားနိုင်ငံတော်များအကြောင်းနှင့် ပတ်သက်သောဒဏ္ဍာရီများ၊ သမိုင်းအချက်အလက်များ၊ ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများရရှိလာခဲ့သည်။

အငြိမ်းဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)သည် နယူးယောက်မြို့တွင်နေထိုင်ခဲ့ပြီး ပျောက်ဆုံးသွားသော တိုက်ကြီးများနှင့်ပတ်သက်သော စာအုပ်(၅)အုပ် ရေးသားထုတ်ဝေခဲ့ရာ ပျောက်ဆုံးသွားသောတိုက်ကြီးများနှင့် ပတ်သက်သော စာအုပ်များတွင် အထောက်အထားအခိုင်မာဆုံးစာအုပ်များ ဖြစ်သည်ဟု ပျောက်ဆုံးသွားသော အတ္တလန္တစ်တိုက်ကြီးများအား စွဲစွဲမြဲမြဲလေ့လာသူများက တညီတညွတ်တည်းယူဆခဲ့ကြသည်။ ထိုစာအုပ် (၅) အုပ်အနက် အထောက်[illegible]ထားအချက်အလက်အခိုင်အမာ[illegible]ဟု



www.burmeseclassic.com

www.burmeseclassic.com

ယူဆရသောစာအုပ်မှာ 'ပျောက်ဆုံးသွားသော လာမူရီယာအင်ပါယာ.သို့မဟုတ် ပျောက်ဆုံးသွားသောမူးအင်ပါယာ' ဖြစ်၏။ သီအိုဆိုဖီအသင်းသားအများကမူ အငြိမ်းစား ဗိုလ်မှူးကြီးချက်(ဒ)ဝါ(ဒ) ရေးသားထုတ်ဝေခဲ့သော ပျောက်ဆုံးသွားသော လာမူရီယာနိုင်ငံတော်နှင့် ပတ်သက်သောစာအုပ်များကို လက်စွဲစာအုပ်များအဖြစ် လေ့လာခဲ့ကြသည်ဟု သိရ၏။ မဒမ်ဘာလဗက်စကီနှင့် ဗိုလ်မှူးကြီးချတ်(ဒ)ဝါ(ဒ)၏ ပျောက်ဆုံးသွားသောတိုက်ကြီးများနှင့် ပတ်သက်သည့် သဘောတရားများကိုထောက်ခံသူတစ်ဦးမှာ ပြင်သစ်အမျိုးသား ဆေးပညာရှင် ဒေါက်တာ ဩဂတ်စတက်ပီလွန်ဂျီအွန်ဆိုသူဖြစ်၏။ သူသည် ပါရီဆေးတက္ကသိုလ်မှ ဆေးပညာပါရဂူဘွဲ့ရရှိခဲ့၏။ ပါရီမြို့တွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော ဆရာဝန်ကြီး ဖြစ်၏။ သူသည် ငယ်စဉ်ကပင် ပလေတို၏ ပျောက်ဆုံးသွားသော အတ္တလန္တစ်နိုင်ငံတော်ကြီးနှင့် ပတ်သက်သော သဘောတရားများ၊ မဒမ်ဘာလဗတ်စကီ၏ လာမူရီယာနိုင်ငံတော်နှင့်ပတ်သက်သော ယူဆချက်များကို အပြည်အဝထောက်ခံခဲ့သူ ဖြစ်၏။

သာယာကြည်နူးဖွယ်ရာကောင်းသောအင်ပါယာကြီးပျက်စီးပျောက်ကွယ်သွားခြင်းအကြောင်း ပလေတို၏ရေးသားချက်များကို ဆရာဝန်ကြီး ပီလွန်ဂျီအွန်ဆိုသူသည် ငယ်စဉ်ကလေးဘဝကပင် နားမဆုံအောင်ကြားခဲ့ရသူဖြစ်သည်။ တောင်အမေရိကတိုက်နှင့် အလယ်အမေရိကတိုက်ရှိနိုင်ငံများတွင် ပျောက်ဆုံးနစ်မြုပ်သွားသော အတ္တလန္တစ်တိုက်ကြီးနှင့်ပတ်သက်သော အချက်အလက်သဲလွန်စများရရှိမည်ဟုယူဆထားသည်။ သူအောင်မြင်ပေါက်ရောက်သော ဆရာဝန်ကြီးဖြစ်လာသောအခါတွင်မူ ထိုတိုက်ကြီးနှင့်ပတ်သက်သောသဲလွန်စများရှာဖွေရန် ရည်ရွယ်ထားသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပြတိုက်ကြီးနှင့် တက္ကသိုလ်ကျောင်းတိုက်ကြီးများရှိစာကြည့်တိုက်များတွင် ဤပျောက်ဆုံးသွားသော အင်ပါယာကြီးနှင့် ပတ်သက်သော အထောက်အထားစာအုပ်စာတမ်းများကို လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းလေ့လာသည်။ ထိုစဉ်က ပါရီတွင် ပျောက်ဆုံးသွားသော အတ္တလန္တစ်နိုင်ငံတော်ကြီးနှင့်ပတ်သက်၍ စိတ်ဝင်စားသူများ တည်ထောင်သော အတ္တလန္တစ်နိုင်ငံတော်အကြောင်းလေ့လာရေးအသင်းတွင် အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့၏။

တောင်အမေရိကတိုက်နှင့် မက္ကဆီကိုနိုင်ငံသို့ ခရီးထွက်ခဲ့ပြီး တိမ်မြုပ်ပျောက်ကွယ်နေသော မဟာလူမျိုးများ၊ အင်ကာလူမျိုးတို့၏ ရှေးရာဇဝင်များ၊ သမိုင်းများ၊ ကိုးကွယ်သည့်ဘာသာများကိုသာမက အင်ကာလူမျိုးများ၊ မဟာလူမျိုးများနှင့် အက်(စ)တက်(စ)လူမျိုးများတို့၏ အကွရာကိုပါ ဖတ်ရှုလေ့လာသည်။ ဘရာဇီး(လ်)နိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ အီကွေဒါနိုင်ငံ၊ ဘိုလီဗီယာနိုင်ငံ၊ ပီရူးနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံများတွင် လပေါင်းများစွာနေထိုင်ခဲ့၏။ လူအများသွားလာရန်ခက်ခဲသည့်တောအတွင်းသို့ ဝင်ရောက်ပြီး အိန္ဒိယလူနီရိုင်းများနှင့်လည်းဆက်သွယ်၍ ဒဏ္ဍာရီများ၊ ပါးစပ်ပြောသမိုင်းများကို စုဆောင်းသည်။ အင်ကာလူမျိုးများ၊ မဟာလူမျိုးများနှင့် အက်(စ)တက်(စ)လူမျိုးတို့၏နတ်ဘုရားကျောင်းများ၊ သချိုင်းဂူများ၏နံရံပေါ်ရှိ ပန်းချီကားများ၊ နံရံစာများကို ဖတ်ရှုလေ့လာသည်။



သူအဖို့ ထိုလူမျိုးတို့၏စာပေကိုပါ ဖတ်ရှုလေ့လာနိုင်ပြီး ရှေးဟောင်းယဉ်ကျေးမှုအချက်အလက်များကို ဖော်ထုတ်နိုင်ခဲ့၏။ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျောက်ဆုံးသွားသော အတ္တလန္တစ်နိုင်ငံတော်ကြီး၏ သာယာပုံအကြောင်း ရေးသားထားသည့် မှတ်တမ်းများ၊ ဤနိုင်ငံတော်ကြီး၏အမည်ကို အထက်ဖော်ပြပါ ရှေးဟောင်းလူမျိုးစုများကခေါ်ကြသည့်အမည်များ၊ အတ္တလန္တစ်အင်ပါယာအမှန်တကယ်ရှိသည်ဟုဆိုနိုင်သောအချက်အလက်အသစ်အဆန်းများရခဲ့သည်။

ဒေါက်တာပီလွန်ဂျီအွန်၏ထုတ်ဖော် ပြောပြချက်အရဆိုလျှင် သူ၏ တစိုက်မတ်မတ် စူးစမ်းရှာဖွေမှုကြောင့် မဟာလူမျိုးများပြုစုထားသော အတ္တလန္တစ်နိုင်ငံတော်နှင့် ပတ်သက်သော ပုရပိုက်လေးခုကို ပီရူးနိုင်ငံနှင့် ဘရားဇီးနိုင်ငံတောအတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည်ဟုဆိုသည်။ ထိုအထောက်အထားများအရ တောင်အမေရိကတိုက်ရှိ ရှေးဟောင်းလူမျိုးနွယ်များသည် အီဂျစ်နိုင်ငံနှင့်လည်း အဆက်အသွယ်ရှိခဲ့သည့်အကြောင်းတွေ့ရသည်ဟု သိရ၏။ ဤအထောက်အထားအချက်လက်များမှာဖြင့် စပိန်နိုင်ငံ မက်ဒရစ်မြို့ ရှေးဟောင်းပြတိုက်ကြီးရှိ မဟာနှင့် အင်ကာလူမျိုးတို့၏ နံရံဆေးရေးပန်းချီများ၊ ပုရပိုက်များပါ အချက်အလက်များသည် သူလက်ဝယ်ရရှိသော မဟာလူမျိုးတို့၏ ရှေးဟောင်းပေစာပုရပိုက်များပါ အချက်အလက်များဖြင့် အံ့ဩဖွယ်ကောင်းလောက်အောင် တူညီနေသည်ကိုတွေ့ရသည်။ ဂျာမနီနိုင်ငံ ဒရက်စဒင်မြို့ရှိ ရှေးဟောင်းပြတိုက်ကြီးမှ စုဆောင်းထားသော မဟာလူမျိုးနွယ်တို့၏ ပေစာပုရပိုက်များပါ အချက်အလက်များတွင်လည်း ပျောက်ဆုံးသွားသောအတ္တလန္တစ်တိုက်ကြီးနှင့် မူ (Mu) သို့မဟုတ် လာမူရီယာနိုင်ငံတော်ကြီးအကြောင်းရေးသားထားချက်များမှာလည်း တူညီသော အချက်များကို တွေ့ရသဖြင့် ဒေါက်တာပီလွန်ဂျီအွန်သည် ၁၈၉၆ ခုနှစ်တွင် 'မူနိုင်ငံတော်ကြီးနှင့် အီဂျစ်မနုဿဗေဒ' ဟူသောစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

သူ၏တွေ့ရှိချက်များသည်

www.burmeseclassic.com


ဘာလာဗတ်စကီ၊ ရှဒေါ့စတိန်းနှင့် ဗိုလ်မှူးကြီး ချတ်(ဒ)ဝါ(ဒ)တို့ ယူဆခဲ့သော အတ္တလန္တစ်နိုင်ငံတော်နှင့် လာမူရီယာနိုင်ငံတော်ကြီးများတည်ရှိနိုင်မှုနှင့် ပတ်သက်၍ အခိုင်အမာဆိုနိုင်သော တိုးတက်သော အယူအဆသစ်များဆိုနိုင်သည့် ယင်းတွေ့ရှိချက်များသည် တစ်ချိန်က ဟိုးဟိုးကျော်ခဲ့သော လက်နက်နိုင်ငံတော်ကြီးများ တစ်စုံတစ်ရာကြောင့် ရေအောက်သို့စုံးစုံးမြုပ်ခဲ့ရသည်ဟူသော သီအိုရီအားခိုင်မာစေသည်ဟု အတ္တလန္တစ်သုတေသီများက ယူဆခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ပြင်သစ်အမျိုးသား ဒေါက်တာ ပီလွန်ဂျီအွန်၏ တွေ့ရှိချက်များ၊ သုတေသနပြုချက်များသည် နှောင်းခေတ်အတ္တလန္တစ်တိုက်ကြီးနှင့် ပတ်သက်၍ သုတေသနပြုကြသော ကျွမ်းကျင်ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ အဏ္ဏဝါဗေဒပညာရှင်များ၊ ဇီဝဗေဒနှင့် ပိုးမွှားဗေဒ၊ မနုဿဗေဒ၊ မြေလျှင်အတတ်ပညာဆိုင်ရာပညာရှင်များ၊ ဘာသာစကားအတတ်ပညာဆိုင်ရာပညာရှင်များ၊ ရေအောက်ရှေးဟောင်းယဉ်ကျေးမှုသုတေသနဆိုင်ရာသုတေသီများနှင့် ဘာသာရေးဆိုင်ရာသုတေသီများအတွက် အထူးတန်ဖိုးရှိသည်ဟု အကဲဖြတ်သူများက ယူဆကြသည်။

■

စွန့်စားသွားလာသူ မဟာခရီးသည်ကြီး ခရစ်စတိုဘာကိုလံဗတ်(ဘ်)နှင့် လူစွန့်စား စပိန်စစ်သည်တော်များသည် ထိုစဉ်က ကမ္ဘာသစ်ဟု တင်ပွန်းတပ်ထားသော အမေရိကတိုက်ကြီးကို တွေ့ရှိရသည်နှင့် တအံ့တသြဖြစ်ခဲ့ကြသည်။ သူတို့၏ ရည်ရွယ်ချက်များမှာ ခရစ်တော်၏ မိန့်ကြားချက်နှင့် ခရစ်ယာန်သာသနာတော်ပြန့်ပွားရေးနှင့်ကမ္ဘာသစ်နိုင်ငံများမှ ရတနာရွှေငွေများကို သိမ်းယူရေးဖြစ်သည်။ စပိန်တပ်မတော်နှင့် စစ်သူကြီးများသည် မိမိတို့ကိုယ်မိမိတို့ နယ်မြေသစ်များကို ပိုင်ဆိုင်သူများ၊ အယူလွဲမှားသောဒေသခံတိုင်းရင်းသားများကို လွဲမှားသောအယူဝါဒမှ ကင်းဝေး၍ လူ့လောကအတွက် မှန်ကန်သောအယူဝါဒကို လက်ခံယုံကြည်စေရန် ဆောင်ရွက်သူများဖြစ်သည်ဟုလည်း ကြွေးကြော်ထားသည်။

သို့သော် အမေရိကတိုက်အလယ်ပိုင်းဒေသရှိ မက္ကဆီကို၊ တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ စသော နိုင်ငံအများတွင် အံ့သြလောက်အောင် ယဉ်ကျေးမှုမြင့်မားသော အင်ကာလူမျိုးနွယ်စုများ၊ အက်(စ)တက်(စ)လူမျိုးနွယ်စုများနှင့် မဟာလူမျိုးနွယ်များတည်ဆောက်ထားသည့် မြို့တော်ကြီးများကို တွေ့ကြရ၏။ ထိုမြို့တော်များရှိ အဆောက်အအုံများ၊ နတ်ဘုရားများ ယစ်ပူဇော်ရာနတ်ဘုရားကျောင်းများ၊ နန်းတော်ကြီးများ၊ အပန်းဖြေဥယျာဉ်များ၊ လမ်းမကြီးများ ပန်းခြံများကို တည်ဆောက်ရာမှာ အတော်အဆင့်မြင့်မားသည်။ မြို့တော်ကြီးများတည်ဆောက်သည့်စနစ်ပုံစံများမှာ ခေတ်မီပြီး ထိုစဉ်က ကမ္ဘာဟောင်းဟုဆိုရမည့် ဥရောပတိုက်နှင့် အာရှတိုက်များရှိ မြို့တော်ကြီးများထက် အဆင့်မြင့်သည်ကို တွေ့ကြရသည်ဟု စပိန်အမျိုးသားများ၏ မှတ်တမ်းများအရသိကြရ၏။ လူမျိုးနွယ်အားလုံးတို့မှာ ချမ်းသာကြွယ်ဝကြသည်။ စပိန်ကျူးကျော်သူများသည် အင်ကာအက်(စ)တက်(စ)နှင့် မဟာလူမျိုးနွယ်များ၏ မြို့တော်ကြီးများကို လက်နက်အားကိုးနှင့် ဖျက်ဆီးကြသည်။ ရတနာပစ္စည်းများ၊ ရွှေစင်ရုပ်တုများ၊ ရွှေသားဖြင့်ပြုလုပ်ထားသော အိုးခွက်ပန်းကန်များ၊ နတ်ဘုရားကျောင်းများမှာ သမိုင်းအဆက်ဆက်ကြောင့်ကြမဲ့တည်ဆောက်နေထိုင်သည့် မြို့တော်ကြီးများကိုစွန့်ခွာ၍ တောတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြ၏။



စပိန်ခရီးသွားများ၏မှတ်တမ်းနှင့် စစ်သူကြီးများ၏ မှတ်တမ်းများအရ အင်ကာအက်(စ)တက်(စ်)နှင့်မဟာလူမျိုးနွယ်များသည် ထိုစဉ်က လူအများယုံကြည်လက်ခံထားကြသည့် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အောက်သို့ စုံးစုံးမြုပ်သွားသည့် အတ္တလန္တစ်နိုင်ငံတော်ကြီးနှင့်အင်ပါယာကြီးမှ ထွက်ပြေးလွတ်မြောက်သွားသူများ၏ အဆက်အနွယ်များဖြစ်သည်ဟု ယူဆကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုလူမျိုးနွယ်များ၏ ယဉ်ကျေးမှုအဆင့်မှာ ထူးထူးခြားခြားမြင့်မားနေသောကြောင့် ဖြစ်သည်။

မဟာနှင့် အင်ကာလူမျိုးတို့၏ အဆောက်အအုံများတွင် တွေ့ရသည့် နံရံကပ်ပန်းချီလက်ရာများ၊ နံရံများတွင်ထွင်းထားသည့်စာများ၊ ပြက္ခဒိန်များမှာလည်း အံ့သြဖွယ်ရာကောင်းလောက်အောင် အဆင့်မြင့်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ယင်းလူမျိုးနွယ်စုများကို အတ္တလန္တစ်တိုက်မှထွက်ပြေးလွတ်မြောက်လာသူများ၏ အဆက်အနွယ်များဟု ကောက်ချက်ချခြင်းဖြစ်၏။

အင်ကာနှင့် အက်(စ)တက်(စ)လူမျိုးနွယ်များကမူ စပိန်ကျူးကျော်ရေးသမားများကို အစွမ်းကုန်တတ်နိုင်သလောက် ခုခံကာကွယ်ကြ၏။ သာဓကအားဖြင့် တောင်အမေရိကတိုက် ပီရူးနိုင်ငံတွင် အင်ကာလူမျိုးနွယ်များသည် စပိန်တို့အား ခုခံတိုက်ခိုက်ခဲ့ရာ စပိန်စစ်သူကြီး ပီဇာရိုသည် အင်ကာလူမျိုးနွယ်များ ရက်ရက်စက်စက်တိုက်ခိုက်ပြီး မျိုးတုံးရန် စီစဉ်ဆောင်ရွက်ခဲ့သည်ဟု မှတ်တမ်းများကဖော်ပြခဲ့၏။

(ဆက်ရန်)

လှမိုး(ပညာရေး)

www.burmeseclassic.com



# ဗုဒ္ဓဟောကြားခဲ့သည့် သာသနာတော်၏အနာဂတ်

မောင်ထည်ဝါ
(ပျော်ဘွယ်)

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း ရွှေသလွန်ထက်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ အစရှိသော သံဃာတော်ရှစ်ကျိပ်၊ ရွှေသက်နှင်းတစ်စုံလာရောက်လှူဒါန်းသော မိထွေးတော် ဂေါတမီနှင့် သာကီဝင်မင်းသားမင်းသမီး ငါးရာစုစုပေါင်း ငါးရာ့ရှစ်ဆယ်သော ပရိသတ်ရှေ့မှောက်၌ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏လျှောက်ထားတောင်းပန်ချက်အရ မြတ်စွာဘုရားရှင်က အရဟတ္တဖိုလ်စျာန်သမာပတ်ဝင်စားပြီး အဇိတရဟန်းငယ်သည် နောင်အနာဂတ်ကာလ၌ အရိမေတ္တေယျဘုရားဖြစ်တော်မူမည့်အကြောင်းဟောကြားခဲ့ရာတွင် 'သာသနာငါးမျိုးကွယ်ပပုံ' အကြောင်းကို ထည့်သွင်းဟောကြားတော်မူခဲ့သည်။

"ချစ်သား သာရိပုတ္တရာ၊ ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီး ကာလကြာလတ်သော် တဖြည်းဖြည်းသာသနာဆုတ်ယုတ်လာပြီးလျှင် သာသနာနှစ်ငါးထောင်ပြည့်တဲ့အခါ ငါဘုရားရဲ့သာသနာတော်ကြီး ကွယ်ပျောက်လိမ့်မည်"

ဗုဒ္ဓမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးအချိန်တွင် နောက်ဆုံးသာဝက သုဘဒ္ဒပရိဗိုဇ်အား ဟောကြားခဲ့သော တရားဒေသနာတော်၌ -

သမ္မာဝိဟာနေယျုံ - ငါဘုရား၏ သာသနာတော်အတွင်းမှာ နေထိုင်သီတင်းသုံးကြသော ရဟန်း၊ သာမဏေ စသော သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်အားလုံးတို့က သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာပြည့်စုံစွာဖြင့် ပရိယတ်၊ ပဋိပတ်တရားတွေကို ကျင့်ကြံပွားများအားထုတ်ကြမည်။ ဒါယကာ၊ဒါယိကာမအားလုံးကလည်း ပစ္စည်းလေးပါးထောက်ပံ့ လှူဒါန်းမှုတွေ ပြုနေသမျှကာလပတ်လုံး အနှစ်ငါးထောင်မကနှစ်ပေါင်းများစွာတည်ရှိနေမည်သာ ဖြစ်သည်။

အဆိုပါ ဒေသနာတော်ဟောကြားချက်အရဆိုလျှင် သာသနာတော်ကြီးကြာမြင့်စွာအရှည်အခန့်တည်တံ့နိုင်ဖို့အရေးသည် သာသနာ့ဝန်ထမ်းဖြစ်တော်မူသော ရှင်သာမဏေရဟန်းတော်များနှင့်ပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့ကြသည့် ဒါယကာ၊ဒါယိကာမတွေအပေါ်၌ အဓိကတည်မှီလျက်ရှိသည်။

အနာဂတင်ကျမ်းအလိုအရကာမူ သာသနာငါးထောင်ပြည့်လျှင် ကွယ်ပမည့်သာသနာငါးမျိုးရှိ၏။

ထိုငါးမျိုးမှာ -

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ လိင်္ဂသာသနာ၊ ဓာတုသာသနာတို့ ဖြစ်သည်။

ပါဠိ- မြန်မာတွဲ၍ ဖွင့်ဆိုကြည့်မည်ဆိုလျှင်-

စာသင်စာချပြုလုပ်နေခြင်းကို ပရိယတ္တိသာသနာ၊

တရားဟောတရားပြု၊ တရားအားထုတ်နေခြင်းကို ပဋိပတ္တိသာသနာ၊

-မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရှိရခြင်းကို ပဋိဝေဓသာသနာ၊

ရဟန်းအသွင်၊ သာမဏေအသွင်ရှိနေခြင်းကို လိင်္ဂသာသနာ၊

မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်ကို ဓာတုသာသနာ ဟူ၍ ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက်ပိုင်း ကာလနှစ်ပေါင်းတစ်ထောင်ကျော်လောက်ကစပြီး သာသနာငါးမျိုးအစဉ်အတိုင်း ကွယ်ပလာလိမ့်မည်ဖြစ်၏။ ထိုသို့သော ခေတ်ကာလရောက်



www.burmeseclassic.com

www.burmeseclassic.com

လျှင် အမျိုးယုတ်ညံ့သော မင်းတို့သည် တရားမစောင့်ပေ။ အကြီးအကဲဖြစ်သူက မင်းတရားမစောင့်သဖြင့် မှူးမတ်စစ်သူကြီးတို့လည်း တရားမစောင့်လတ္တံ့။ အမတ်၊ စစ်သူကြီး တရားမစောင့်သောကြောင့် ပြည်ရွာနိဂုံးသူတို့ တရားမစောင့်လတ္တံ့။ ထို့ကြောင့် ရာသီဥတုဖောက်ပြန်၍ မိုးကောင်းစွာမရွာတော့။ မိုးမရွာ၍ ကောက်ပဲသီးနှံ ဆန်စပါးတွေမရ၊ သီးနှံတွေမရတော့သဖြင့် ဒကာ၊ ဒကာမတွေက ရဟန်းသာမဏေတို့အား ပစ္စည်းလေးပါးမလှူဒါန်းနိုင်။ မလှူနိုင်၍ လာဘ်လာဘမရ။ ရှားပါးလာ၏။စာသင်စာချရဟန်းတော်တွေ လာဘ်လာဘမရှိ ရှားပါးလာတဲ့အခါ လာဘ်လာဘတွေပေါများဖို့ ကြံစည်လုပ်ဆောင်လာသည့် ရဟန်းတွေများပြားလာ၏။

လူပုဂ္ဂိုလ် ဒကာ၊ ဒကာမတွေကလည်း စာချစာသင်ဘုန်းကြီးရဟန်းတွေကို မလှူဒါန်းမကြည်ညိုကြတော့ပေ။ ထိုအခါ ရဟန်းတော်တွေလည်း စာချစာသင်ပရိယတ္တိသာသနာ့လုပ်ငန်းတွေကို စိတ်မဝင်စားတော့ဘဲ ဘယ်လိုနည်းမျိုးဖြင့် ပစ္စည်းလာဘ်လာဘတွေပေါများအောင်ပြုလုပ်ရပါမလဲ။ ဒကာ၊ ဒကာမတွေရဲ့ အထင်ကြီးကိုးကွယ်မှုရအောင် ဘယ်လိုလုပ်ရမည်နည်းဟူ၍သာ တွေးတောကြံစည်နေရသောကြောင့် ပရိယတ္တိသာသနာတော်ကြီးတဖြည်းဖြည်းပျောက်ကွယ်စပြုလာတော့သည်။

ရဟန်းတော်များအခြေခံပရိယတ်စာပေတွေမသင်။ မသင်တော့စာမတတ်။ မတတ်တော့ တရားမဟောနိုင်၊ ဝိပဿနာတရားတွေမပြနိုင်တော့။ ကျင့်ရမည့်တရားတွေမသိ။ မသိတော့ မကျင့်နိုင်။ မကျင့်နိုင်တော့ ပဋိပတ္တိသာသနာကြီးကွယ်လေတော့၏။ အခြေခံအကြောင်းဖြစ်သော ပရိယတ္တိ၊ ပဋိပတ္တိ သာသနာနှစ်ခုမရှိခဲ့လျှင် အကျိုးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုမရနိုင်တော့ပါ။ ထိုအခါ ပဋိဝေဓသာသနာကြီးကွယ်လေပြီ ဖြစ်သည်။

ထိုခေတ်ကာလသို့ရောက်လေလျှင် သာသနာ့ဝန်ထမ်း ရဟန်းတွေကလည်း ဖန်ရည်စွန်းသောသင်္ကန်းကိုဝတ်ရုံထားခြင်းဖြင့် အကျိုးမရှိနိုင်တော့ဟု ယူဆပြီး ဦးခေါင်းရှိ ဆံပင်၌ဖြစ်စေ၊ လည်ပင်း၌ဖြစ်စေ၊ သင်္ကန်းစလေးတစ်ထွာတစ်မိုက်ကို စုချည်ထားကြပြီး အိမ်ထောင်ပြု၊ မိန်းမယူ၊ သားသမီးတွေနှင့်နေထိုင်ကြပြီး ကြီးပွားရေး၊ စီးပွားရေး၊ လယ်လုပ်၊ ကုန်သွယ်အရောင်းအဝယ်တွေလုပ်ကြတော့မှာဟုဆိုသည်။

ထိုသို့ လောကီအာရုံကာမဂုဏ်တွေခံစားနေကြရာမှ ကာလကြာညောင်းလာသောအခါ သင်္ကန်းစလေးဆောင်ထားရုံဖြင့် ဘာအကျိုးရှိမလဲဆိုပြီးတော့ ချုံတွေ၊ ငုတ်တွေ၊ တိုင်တွေပေါ်မှာ သင်္ကန်းစတွေကိုတင်ထားကြလိမ့်မည်။ ထိုအခါ လိင်္ဂသာသနာကွယ်လေတော့ပြီဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ဓာတ်တော်တွေ ပရိနိဗ္ဗာန်စံဝင်ကွယ်ပျောက်ခြင်းကို ဓာတုသာသနာကွယ်ပခြင်းဟု ခေါ်ဆိုပါသည်။ဓာတုသာသနာပရိနိဗ္ဗာန်စံဝင်ခြင်း သုံးမျိုးရှိကြောင်း တွေ့ရမည်ဖြစ်သည်။

ယင်းတို့မှာ -

ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန်၊ ဓာတုပရိနိဗ္ဗာန် ဟူ၍ ဖြစ်၏။

ကိလေသပရိနိဗ္ဗာန် ဆိုသည်မှာ ဘုရားဖြစ်သည့်နေ့သည် ကိလေသာပရိနိဗ္ဗာန်စံဝင်သောနေ့ဖြစ်သည်။ ဘုရားဖြစ်လာတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ရာဂ စသော ကိလေသာတွေ ကွယ်ပျောက် ချုပ်ငြိမ်းသွားလေသည်။ အရဟတ္တမဂ်ဉာဏ်နှင့် ကိလေသာတွေကို အပြီးအပိုင် သတ်ဖြတ်လိုက်ပြီဖြစ်၍ ကိလေသာတွေ ကုန်ခန်းငြိမ်းအေးသွားခြင်းကို ကိလေသပရိနိဗ္ဗာန်ဟု ဆိုလိုခြင်းဖြစ်သည်။

ခန္ဓပရိနိဗ္ဗာန်ဆိုသည်မှာ မြတ်စွာဘုရားရှင်၏ ခန္ဓာချုပ်ငြိမ်းသွားခြင်းကို ခေါ်ဆိုခြင်း ဖြစ်သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ ညသန်းခေါင်ယံကျော်အချိန် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်မှာ ပရိနိဗ္ဗာန်စံဝင်သွားခြင်းကို ခန္ဓပရိနိဗ္ဗာန်ပြုသည်ဟု ခေါ်ဆို၏။

ဓာတုပရိနိဗ္ဗာန်ဆိုတာကတော့-

ဘုရားရှင်၏ သာသနာငါးထောင်ပြည့်သောအခါ ကာလရောက်လျှင် လူတွေကလည်း ငါ့ဘုရား၏သာသနာတော်ကို ပူဇော်သက္ကာရပြုကြတော့မည်မဟုတ်။ ထိုအခါကျလျှင် လူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်တို့၌ ငါ့ဘုရားသက်တော်ထင်ရှားရှိစဉ်တုန်းကကဲ့သို့ နိမ္မိတပုံသဏ္ဌာန်ဖန်ဆင်း၍ ယမိုက်ပြာဋိဟာပြုလိမ့်မည်။

စကြဝဠာတိုက်တစ်သောင်း၌ရှိနေကြသည့် နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရားရှင်၏ ဓာတ်တော်တွေစုဝေးစုပုံပြီး ဓာတုပရိနိဗ္ဗာန်စံဝင်တော့မည့်အကြောင်းကို ကြားသိရသောအခါ နသသတီလောကော-လောကကြီးပျက်စီးပြီ၊ လောကကြီးအမှောင်ထုကျဖုံးလွှမ်းသွားပြီဟု ပြောဆိုပြီးတော့ နတ်ဗြဟ္မာအပေါင်းတွေက ငိုကြွေးကြမည်။ နတ်ဗြဟ္မာအပေါင်းတွေက ငိုကြွေးပူဆွေးလျက် ဓာတ်တော်များစုဝေးရာဗောဓိပင်သို့ လာရောက်ကြပြီး ဖူးမြော်ကြ၊ တရားနာကြည်ညိုကြတဲ့အခါမှာ ဓာတ်တော်မွေတော်အားလုံးတို့ နိမ္မိတဘုရားအသွင်ဖြင့် ရောင်ခြည်တော် (၆) ပါး အမျိုးမျိုးဖုံးလွှမ်းတော်မူပြီး ဂန္ဓမာဒနတောင်၌ တရားဟောကြားလိမ့်မည်။

တရားတော်ကို နာကြားရ၍ နတ်ဗြဟ္မာပရိသတ်အပေါင်းကုဋေတစ်သိန်း အရိယာပုဂ္ဂိုလ်တွေဖြစ်ကြပေလိမ့်မည်။ ဓာတ်တော်မွေတော်အားလုံးအကြွင်းမရှိ တေဇောဓာတ်လောင်ကျွမ်းပြီးသကာလ အကြွင်းမရှိ 'အနုပါဒိသေသ' နိဗ္ဗာန်စံဝင်တော်မူလိမ့်မည်။

ထိုအခါကာလမှစ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး လုံးဝမရှိတော့ဘဲ ကွယ်ပျောက်လိမ့်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ယနေ့ကာလမှစ၍ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သာသနာတော်ကြီးသုံးရပ်မကွယ်မပျောက်ဘဲ အစွန့်ရှည်တည်တံ့ရှင်သန်ရေးကို စွမ်းနိုင်သမျှ တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်ကြမည် ဖြစ်ပါသည်။ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများအပိုင်းကလည်း ပရိယတ်၊ ပဋိပတ်စာပေသင်ကြားကျင့်စဉ်များကို စည်းကမ်းနည်းလမ်းကျစွာဖြင့် သင်ယူပွားများကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။ ထိုနည်းတူစွာ ဒကာ၊ ဒကာမများအပိုင်းကလည်း စေတနာ၊ သဒ္ဓါတရားပြည့်ဝစွာဖြင့် ပစ္စည်းလေးပါးဝတ္ထုများကို ထောက်ပံ့လှူဒါန်းခြင်းများပြုလုပ်၍ သာသနာတော်ကြီး စည်ပင်ထွန်းကားပြန့်ပွားရေးအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

မောင်ထည်ဝါ (ပျော်ဘွယ်)

ကျမ်းကိုး -

ပန်ချင်သူများခေါင်းဖြီးထားတ...

www.burmeseclassic.com

www.burmeseclassic.com

# အသည်းရောင်အသားဝါ သက်သာပျောက်ကင်းစေသောဆေးနည်း

## မောင်ထင်အောင်လင်း(ယော၃ာနို)

စာရေးသူသည် အမျိုးများရှိရာ ရန်ကုန်မြို့သို့ရောက်တိုင်း ဆွေမျိုးအိမ်မှာ အမြဲတွေ့ဆုံခင်မင်ခဲ့ရသော ဦးလေး ဦးဖိုးမြင့်သည် သူကိုယ်တိုင်သုံးစွဲ၍ သက်သာပျောက်ကင်းခဲ့သော အသည်းရောင်အသားဝါရောဂါပျောက်ကင်းစေသောဆေးနည်းကို ပြောပြပါသည်။

"ငါ့တူရဲ့၊ ဦးလေးအရင်ကအရက်အရမ်းသောက်ခဲ့တာကြောင့် အသည်းရောင်အသားဝါရောဂါဖြစ်ခဲ့တာ။ ရောဂါရင့်လာတော့ ခြေလက်တွေဖောရောင်ပြီး မျက်လုံးကလည်းကြည့်လို့မကောင်းအောင်ဝါလာတယ်။ ဗိုက်ကြီးကလည်း ပူလာလိုက်တာ ဗိုက်ကြီးသည်ကျနေတာပဲ။ မထိုင်နိုင်မထနိုင်ဖြစ်ပြီး အိပ်ရာထဲမှာပဲနေခဲ့ရတာ။ လူကပုံပျက်ပန်းပျက်ဖြစ်လာတော့ စိတ်ပျက်အားငယ်ပြီး စိတ်ဓာတ်လည်းကျလာတယ်။

ရောဂါအမြန်ပျောက်ချင်လွန်းလို့ ဆရာဝန်နဲ့ပြကြည့်ပြီး အင်္ဂလိပ်ဆေးတွေကို အင်္ဂလိပ်စားဆေးတွေစားကြည့်တော့လည်း မသက်သာဘူး၊ ဆေးမတိုးဘူး။ လပေါင်းများစွာကြာလာတော့ ဆရာဝန်ကလည်း လက်လျှော့လိုက်ရတဲ့ အခြေအနေအထိကိုရောက်ခဲ့တာကွယ့်။ မိသားစုကလည်း ဦးလေးဆန္ဒအတိုင်းအကောင်းဆုံးဖြစ်အောင်ကုပေးကြပါတယ်။ ဒါပေမယ့် မသက်သာခဲ့ပါဘူး။

အဲဒီလိုဖြစ်နေတုန်း ဦးလေးမိတ်ဆွေတစ်ဦးရောက်လာပြီး ဒီဆေးနည်းကိုပေးတာနဲ့လက်တွေ့ကျိုသောက်ခဲ့တယ်။ တစ်ခါသောက်အကြမ်းပန်းကန်လုံးတစ်လုံးကျနဲ့ တစ်နေ့ (၃) ကြိမ်သောက်ရတယ်။ (၁) လလည်းကြာရော ပူနေတဲ့ဗိုက်ကြီး တဖြည်းဖြည်းပိန်ကျသွားတယ်။ ခြေလက်တွေဖောရောင်နေတာလည်းကျသွားတယ်။

ဒါနဲ့ ဦးလေးလည်း ဝမ်းသာအားရနဲ့ ဆေးပင်တွေမပြတ်ရှာပြီး စွဲစွဲမြဲမြဲကျိုသောက်ခဲ့တာပေါ့။ (၄) လလည်းကြာရော ရောဂါအတော်သက်သာပျောက်ကင်းသွားခဲ့တယ်။ ဆရာဝန်နဲ့သွားပြကြည့်တော့ ဆရာဝန်ကအံ့သြပြီး မျက်လုံးပြူးသွားပါတယ်။ ရောဂါသက်သာသွားပြီလို့ ပြောလိုက်တယ်"

"ဆေးနည်းကလေးပြောပြပါဦး ဦးလေးရယ်။ ကျွန်တော်က စာရေးတာဝါသနာပါတော့ သူရဇ္ဇမဂ္ဂဇင်းကိုပို့ပေးမယ်လေ။ ဒါမှ သူရဇ္ဇစာဖတ်ပရိသတ်ပြည်သူအများသိသွားအောင်လို့ပေါ့။

"ငါ့တူကြီးသေချာမှတ်နော်"

"ဟုတ်ကဲ့ - ဦးလေး"

"မီးမလောင်ပန်းပင်၊ ကျောက်ဖရုံသီးအူတိုင်၊ ပျဉ်းတော်သိမ်ရွက်၊ ထန်းလျက်၊ မန်ကျည်းသီးမှည့်တို့ကို ဆတူရောကျိုရမယ်။ ဝမ်းလွယ်သူကတော့ မန်းကျည်းသီးမှည့်နည်းနည်းလျှော့ထည့်ပေါ့။ ဝမ်းခိုင်သူတွေက ဆတူကျိုရမယ်။

တစ်ခါကျိုထားရင် တစ်ပတ်စာကျိုလို့ရတယ်။ ပုလင်းထဲ အအေးခံထည့်သိမ်းပြီး နေ့စဉ်မှန်မှန်သောက်သွားရင် ဆီး၊ ဝမ်း၊ လေမှန်ပြီး အသည်းခြောက်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ရေဖျဉ်းဆွဲရောဂါတွေ သက်သာပျောက်ကင်းတဲ့အပြင် ဝလွန်းလို့ အဆီပိတ်နေသူတွေလည်း ဒီဆေးသောက်ရင် အဆီကျပြီး ဗိုက်ပိန်တယ်လို့ ဦးလေးမိတ်ဆွေက ပြောသွားတယ်။

ဒါပေမယ့် အဲဒီဆေးသောက်နေတုန်းကာလမှာ အရက်၊ ဆေးလိပ် လုံးဝမသောက်ရဘူးလို့လည်းပြောသွားတယ်။ သူတို့လက်တွေ့သောက်ပြီး ရောဂါတွေပျောက်ခဲ့တာမို့ ဦးလေးကိုလည်း ယုံကြည်စွာနဲ့ စွဲစွဲမြဲမြဲသောက်ရင် ဆေးအာနိသင်ပိုထက်မြက်တယ်လို့လည်း ပြောသေးတယ်ကွယ့်"

"ဟုတ်ကဲ့ - ဦးလေး၊ မီးမလောင်ပန်းအပင်က ကျွန်တော်မသိဘူး။ ဘယ်လိုပုံမျိုးလဲ"

"မီးမလောင်ပန်းပင်က အရွက်ရောအရိုးပါအကုန်လုံးစိမ်းစိုနေပြီး အရွက်ပုံစံက ရွက်ကျပင်ပေါက်လိုအရွက်ပုံစံမျိုးလေ။ ဦးလေးတို့ရန်ကုန်မှာရှိတယ်"

"ဒါဆို ကျွန်တော်အပြန်မှာ အပင်တွေယူသွားဦးမယ်။ ရွာမှာ ကျွန်တော့်ဘကြီးအသည်းရောင်အသားဝါဖြစ်နေတာ တစ်လလောက်ရှိပြီ"

"ဟုတ်လား ငါ့တူ၊ ဒါဆိုဘာမှမပူနဲ့။ ဆေးပင်ကိုကျိုချက်ပြီး ယုံယုံကြည်ကြည်နဲ့သောက်ရင် အသည်းရောင်အသားဝါပျောက်ကင်းသွားလိမ့်မယ်။

ဪ - မေ့တော့မလို့ ကျောက်ဖရုံသီးအူတိုင်မဟုတ်လည်း ကျောက်ဖရုံသီးအသားနဲ့လည်းကျိုလို့ရတယ်နော်။

အခွံမန္တာဘဲ ရေဆေးပြီးထည့်ကျိုရုံပဲ။ ဦးလေးတို့ရန်ကုန်မှာတော့ ဒီဆေးပင် တအားပေါတာကွယ့်။ အိမ်တိုင်းလိုလိုရှိကြတယ်"

"ယခုလိုဆေးနည်းပြောပြပေးတဲ့အတွက် ဦးလေးကိုကျေးဇူးတင်ပါတယ်"

စာရေးသူသည် ဆေးပင်များ တောင်းလာပြီး ရွာရောက်တော့ ဘကြီးအတွက်ကျိုချက်ပြီးသောက်ခိုင်းကြည့်ရာ အသည်းရောင်အသားဝါရောဂါပျောက်ကင်းသွားပါသည်။

အရသာမှာ ချိုချဉ်ချဉ်လေးနှင့် ဖျော်ရည်သောက်ရသလိုပင်ဖြစ်ပါသည်။ ဆေးအဝင်မဆိုးပါ။ ဥပမာပြောရလျှင် အသီးမျိုးစုံကို ရောဖျော်ထားသော သီးစုံဖျော်ရည်သောက်ရသလိုပင် အလွန်သောက်လို့ကောင်းပါသည်။

ဆေးပင်တွေကို ကျိုချက်ပြီး ယုံကြည်စွဲမြဲစွာသောက်သုံးပါက အသည်းခြောက်ရောဂါ၊ ရေဖျဉ်းစွဲရောဂါနှင့် အသည်းရောင်အသားဝါရောဂါများ သက်သာ ပျောက်ကင်းကြောင်း သူရဇ္ဇမဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

မောင်ထင်အောင်လင်း(ယော၃ာနို)

www.burmeseclassic.com

www.burmeseclassic.com

ဒိုးဆီနီဒါန်း

"ဟေး - ဒါမှ ဒိုးကလေးကွ"

"ဟော - ရှေ့ကခေါင်ကိုထိသွားပြီ၊ ဒီဒိုးတန်းတစ်ခုလုံး ငါပိုင်ပြီဟေ့"

ကိုစိန်လွင်အိမ်ရှေ့မှ ကလေးများ၏ ခုံညင်းဒိုးလိုမ့်တမ်းကစားနေကြသံများက သူ့အိမ်ထဲမှာ ယမကာမှိုဝဲရင်း သူပြောမည့် ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ဖို့ဟန်ပြင်နေသည့် ကျွန်ုပ်၏နားစည်ထဲသို့ ဒိုးဒိုးဒေါက်ဒေါက်ဝင်ရောက်လာသည်။ ကျွန်ုပ်နည်းတူ ကိုစိန်လွင်လည်းကြားလိုက်မည်ထင်သည်။ ခုံညင်းဒိုးကစားနေကြသည့်ကလေးတို့ကို လှမ်းကြည့်ရင်း ကိုစိန်လွင်သည် အတွေးသစ်ရလာဟန်ဖြင့် ကျွန်ုပ်ကို ဝမ်းသာအားရပြောလိုက်၏။



# ညိုရောင်

## အနွရာယ်ကြားမှ ဒိုးနွယ်ဆီ

www.burmeseclassic.com

www.burmeseclassic.com

"အား. . . ကလေးတွေခုံညင်းဒိုး ဆော့တာမြင်မှ ဒိုးနွယ်ဆီအကြောင်း သတိရတော့တယ် စာရေးဆရာရေ။ အင်း - အမှတ်ရတုန်းပြောပြမှာဖြစ်လို့ ဆရာညိုမြင့်ရေ၊ နောက်မှပဲ ကျွန်တော့် ကိုယ်တွေ့ဇာတ်လမ်းတွေကို နားထောင်တော့ဗျို့။ အဲ - သတိရတုန်းပြောမှ။ နောက်ဆိုမေ့ချင်မေ့သွားနိုင်တယ်မို့လား။ အခု ကျွန်တော်သိခဲ့ရတဲ့အန္တရာယ်ကြား က ဒိုးနွယ်ဆီအကြောင်းပဲစပြောကြရအောင်ဗျာ"

ကျွန်ုပ်သည် ဒိုးနွယ်ဆီအကြောင်း ဆို၍ ပိုပြီးစိတ်ဝင်စားသွားသည်။ အနှီ ဒိုးနွယ်ဆီဆိုတာကလည်း ကျွန်ုပ်မပြော နှင့် ယခုခေတ်လူများပင် သိဖို့ရန်မလွယ်သည့် ထူးဆန်းသည့် အဆီတစ်မျိုးပဲ မဟုတ်ပါလား။ အချို့ဆိုလျှင် ကြားမျှပင် မကြားဘူးကြပါချေ။ ဟော - အခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ရေကန်အသင့် ကြာအသင့် ဇာတ်ဖွင့်ပေးမည့်သူနှင့် ထိပ်တိုက်တွေ့ပြီဆိုမှဖြင့် ကျွန်ုပ်ရေးထုတ်ဖို့ စိတ်အားထက်သန်လာချေပြီ။

ထိုသို့ စိတ်အားထက်သန်လာသည်နှင့်အမျှ အနှီကိုစိန်လွင်ပြောပြမည့် ဇာတ်လမ်းကကော ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်မှဖြစ်ပါ့မလားဆိုသည့်အတွေးတစ်ခုကလည်း ကျွန်ုပ်၏ရင်ကို ကိုင်လှုပ်လိုက်သလို ပူပန်မှုတို့ကိုဖြစ်စေပြန်၏။ သို့နှင့် ကျွန်ုပ်သည်ကိုစိန်လွင်ပြောပြမည့် အန္တရာယ်ကြားမှ ဒိုးနွယ်ဆီဇာတ်လမ်းကို အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် နားထောင်လိုက်ရတော့၏။ ကျွန်ုပ်၏ စိုးနှောင့်ဗျာပွေစိတ်အခြေကို အတပ်သိနေသည့်အလား ကိုစိန်လွင်သည် သူ၏ ထည့်လက်စအရက်ခွက်ကိုကောက်မော့ရင်း ကျွန်ုပ်အား စကားဖြင့် ကလိလိုက်ချေ၏။

"ဟဲဟဲ- ငါ့ဆရာက အချိန်ကုန်ခံ အရက်ဒကာခံပြီး နားထောင်ရမယ့်သူဆိုတော့ ကျွန်တော်ပြောတာတွေဟာ မိုင်းရှူးက အာပလာကျောက်လိုပဲဆိုပြီး စိုးရိမ်နေတယ်ပေါ့ ဟုတ်လား။ စိတ်ချ ဆရာရေ၊ ကျွန်တော်ပြောပြတော့မယ့် ဇာတ်လမ်းက မဆန်းဘူးဆိုရင်၊ အင်း- ဒါမှမဟုတ် ဆရာရဲ့စာဖတ်ပရိသတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် တစ်စုံတစ်ခုတော့ ဗဟုသုတ အံ့မခန်းဆန်းကြယ်တဲ့ဇာတ်လမ်းမဟုတ်ဘူးဆိုရင် ဆရာတိုက်တဲ့ ဟောဒီအရက်နဲ့ အမြည်းအတွက် သုံးဆ သုံးဆ ဆရာရေ ကျွန်တော် ပြန်လျော်ပေးမယ်"

ကိုစိန်လွင်က ကျွန်ုပ်ကို အပြတ်စိန်ခေါ် လိုက်ချေပြီ။ ထိုကိုစိန်လွင်ဆိုသည်မှာ နုယ်နုယ်ရရတော့မဟုတ်ပေ။ 'တစ်ထောင့်တစ်ညပသီပုံပြင်' လို ကျွန်ုပ်အား တစ်ညတစ်ပုဒ်ကျ လျှို့ဝှက်ဆန်းကြယ်သည်းထိတ်ရင်ဖိုဇာတ်လမ်းတို့ကို ပေးစွမ်းနိုင်သူပါတည်း။ ဤသို့ဖြင့် ကျွန်ုပ်သည် သူ့အစီအစဉ်အတိုင်း သူ့အား အရက်တစ်ပိုင်းနှင့် ကြက်ဥဖြစ်စေ၊ ဘဲဥဖြစ်စေ ဥဖြစ်လျှင်ပြီးရော အနီးသို့သောဥတစ်လုံးလုံးကို အမြည်းအဖြစ် ဆက်သရင်း သူ့ဇာတ်လမ်းတို့ကို အရချွေခဲ့ဖူးလေ၏။

ဆိုရပါလျှင် သူငယ်စဉ်ဘဝက ဘုမသိဘမသိ မြွေဥနှိုက်စားမိပြီးကတည်းက ကံကောင်းထောက်မစွာ မသေကောင်းမပျောက်ကောင်း အသက်ရှင်ခဲ့သည့် သူ့အဖြစ်ကြောင့် ကျွန်ုပ်လည်း ရသေ့စိတ်ဖြေသဘောဖြင့် သူ့အတွက် မြွေဥအစား အခြားသောဥတစ်လုံးလုံးကို အမြည်းအဖြစ် ဒကာခံခဲ့ခြင်းဖြစ်လေ၏။ အခုတော့ ကျွန်ုပ်အဖို့ 'တိုင်းရက်တဲ့ပက္ကလာ မိုးရွာတာနဲ့အသင့်' ဆိုသလို လူမသိသူမသိ ဒိုးနွယ်ဇာတ်လမ်းကို အံ့မခန်းစွာသိခွင့်ရတော့မည်ဆို၍ ကျွန်ုပ်များစွာ စိတ်ဝင်စားသွားသည်။ ထို့အတူ ကျေနပ်ပီတိစိတ်တို့လည်း တဖွားဖွားဖြစ်မိလေတော့၏။

"ကဲ - ကိုစိန်လွင်ရေ၊ ခင်ဗျားအညွှန်းကောင်းလို့ ခင်ဗျားဇာတ်လမ်းကို အချိန်ပေးပြီး နားထောင်ပါ့မယ်ဗျာ။ အင်း - ခင်ဗျားဇာတ်လမ်းထဲမှာ ရုပ်ရှင်စကားနဲ့ပြောရရင် ဆိုက်ပတ်(စ်)(ဇာတ်ရဲ့) အနေနဲ့ ဒိုးနွယ်သီးခေါ်တဲ့ ဂုံညင်းဒိုးသီးတွေ၊ ဒိုးနွယ်ပင်တွေ အဲ - ပြီးတော့ အခုခေတ်မှာ ဘယ်သူဘယ်ဝါမှမကြားဘူးတဲ့ အဓိကဇာတ်ကောင် ဒိုးဆီအကြောင်းနဲ့ အန္တရာယ်ဇာတ်လမ်းကလည်းပါမှာဆိုတော့ ဟာ - ပြောရင်းဆိုရင်းမှာပဲ ကျုပ်တော့ အရမ်းအရမ်းကိုစိတ်ဝင်စားလာပြီဗျို့။ ကဲ- မြန်မြန်သာခင်ဗျားဇာတ်ကို ခုချက်ချင်းအသက်သွင်းတော့ဗျာ"

သို့ဖြင့် ကိုစိန်လွင်သည် ဒိုးပစ်နေသည့်ကလေးအုပ်စုထဲမှ ခုံညင်းဒိုးတစ်လုံးကိုငှားယူလာခဲ့ပြီးမှ ကျွန်ုပ်ကိုပြလေ၏။

"တွေ့လား ဆရာညိုမြင့်၊ ဒီခုံညင်းဒိုးကို ဆရာလည်း ငယ်ငယ်က တွေ့ဖူးကစားဖူးမှာပါ။ နီညိုညိုအရောင်နဲ့လူတွေရဲ့ဒူးခေါင်းက ခုံညင်းသီးလို ဒီအသီးကို သာမညောင်ညမတွက်လိုက်လေနဲ့။ သူ့မှာ အံ့မခန်းထူးဆန်းတဲ့အစွမ်းသတ္တိတွေရှိတယ်။ ဒါကလည်း ကျွန်တော်တို့ ဟိုးငယ်ငယ်ကတည်းက အဘွားပြောပြလို့သိလိုက်ရတဲ့ ဗဟုသုတဟင်းလေးအိုးကြီးအဖြစ်နဲ့ပေါ့ဗျာ။ အင်း - ဒီဒိုးလုံးက မြန်မာ့ဆေးစွမ်းကောင်းတစ်လက်အနေနဲ့ အစွမ်းထက်သလို ဒိုးဆီဆိုတာကလည်း တန်ဖိုးကြီး ရှားပါးပစ္စည်းပဲဗျို့။ အင်း - အဘွားပြောပြတာနဲ့ ပြီးတော့ ကျွန်တော်ကြားဖူးသိဖူးခဲ့တဲ့ ဂမ္ဘီရဆန်တဲ့ ဒိုးဆီဇာတ်လမ်းက ဒီလိုကိုးဗျ"

■ **အဘွားပြောတဲ့ဒိုးပုံပြင်**

"ဟဲ့ဟဲ့ - ငစိန်လွင်၊ နင်က ဒိုးသီး (ခုံညင်းသီး)တွေကို အလကားသက်သက် တုန်ထုဆော့နေပါလားဟေ။ ဒီအတိုင်း လိုမ့်ဆော့ရင် ငါမပြောလိုဘူး၊ ခုတော့ အလဟဿဖြစ်အောင် နင်ဖျက်ဆီးနေတာကော"

အဖေ တောမှ အမဲလိုက်ပြန်လာတိုင်း ကျွန်တော် မောင်စိန်လွင်ဆော့ရန် တစ်စုံတစ်ခုတော့ပါလာစမြဲ။ ဟော - အခုလည်း ကျွန်တော်ဆော့ကစားဖို့ ဒိုးသီးတွေအပြွတ်လိုက်အတွဲလိုက်ပါလာပြီလေ။ အခုကြည့်ပါလား၊ ဒိုးသီးကို ထုထုဆော့နေသည့် ကျွန်တော့်ကိုကြည့်ပြီး အဘွားဆူပူမာန်မဲလိုက်ခြင်းဖြစ်၏။

"အဘွားကလည်းဗျာ၊ ဒီခုံညင်းသီးတွေက အဖေတောထဲကခူးလာခဲ့တာ အများကြီးမှ အများကြီးရယ် ပေါသလားမမေးနဲ့။ အဘွားဆော့ချင်ရင် ယူဆော့လေ"

"ဟဲ့ - ကောင်စုတ်လေး၊ ကိုယ့်အဘွားကိုများ မလေးမခန့်နဲ့ ဒီလိုပဲပြောရသလားကွယ့်။ နင်အသီးတွေဖျက်ဆီးပစ်နေတာမကြည့်ရက်လို့ဟေ့ ငါပြောနေရတာ။ ငါ့မြေးဘာသိလို့လဲ၊ ဒီအသီးက နုယ်နုယ်ရရမဟုတ်ဘူးနော်။ အရေးပေါ် လိုလို့ရှာရင် မတွေ့မှာစိုးလို့ကွယ့်။ နင်တို့က ဟိုးရွာရိုးကိုးပေါက်လျှောက်သွားနေတဲ့ ငဆိုးလူကောင်တွေ။ နင်နော် ခွေးရူးကိုက်မှသိမယ်။ ဝက်ရူးပြန်လို့ အမေလေး အဘလေးတမှ ငါ့အဆိုး မဆိုနဲ့ ဟင်း"

အရင်းမရှိအဖျားမရှိ ပြောချလိုက်သည့်အဘွားစကားကြောင့် ကျွန်တော့်မှာ နားဝေတိမ်တောင်အူကြောင်ကြောင်ဖြစ်ကာ ဆူပူကြိမ်းမောင်းနေသည့် အဘွားဖြစ်သူကို မော့ကြည့်ရင်း မေးပစ်လိုက်သည်။

"ဟင် - အဘွားစကားကလည်း ဘယ်လိုဟာကြီးလဲမသိဘူး၊ သားနားမလည်ဘူး။ ခွေးရူးကိုက်ခံရတာ၊ ဝက်ရူးပြန်တာနဲ့ ဒီခုံညင်းဒိုးနဲ့က ဘာဆိုင်တာမှတ်လို့။ ဟိုဟိုလေ - အဘွားတစ်ခါက ပြောဖူးသလို ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွာနကို(ရဲ)ပြည်က နမ(နွားမ)ပေါင်ကျိုးတာ ဘာဆိုင်လို့လဲ"

"ဟဲ့ - မဆီမဆိုင်ဘဲ ငါပြောပါ့မလား ခွေးကောင်လေးရဲ့။ 'ဒါနနဲ့ သီလမပါ သေခါမှသိမယ်'၊ 'ထီးနဲ့ဖိနပ်မပါ နွေခါမှသိမယ်' ဆိုတဲ့စကား နင်မကြားဖူးဘူးလား။ ဒီမယ် - ငါ့မြေး မသေမချင်းမှတ်၊ ဒီဒိုးသီးဟာလည်း မရှိမဖြစ် အဖိုးတန်ဆေးတစ်မယ်ပဲကွယ့်။ ဒါန၊ သီလ၊ ထီးနဲ့ ဖိနပ်က မရှိမဖြစ်ရှိထားသင့်တာတွေလေ။ ဝက်ရူးပြန်တာတို့၊ ခွေးကိုက်တာတို့ အို - ခွေးရူးကိုက်ရင်တောင် ဒီအသီးကို ကျောက်ပျဉ်မှာသွေးပြီးလူး မပျောက်မရှိ ပျောက်တယ်။ ဝက်ရူးပြန်ရင် အတွင်းတက်အပြင်တက်တက်တာ ချက်တာဖြစ်ရင် လျှာပေါ်မှာ၊ မျက်နှာတွေမှာလိမ်းရတယ်ကွယ့်။ အင်း - ဗဟုသုတအဖြစ်ပေါ့။ ငါ့မြေးတို့ဆော့နေတဲ့ ခုံညင်းတစ်ပင်မှာ အတောင့်နှစ်ဆယ် အစိတ်လောက်သီးတယ်ဆိုပဲ။ အဲဒီ အတောင့်တစ်တောင့်ထဲမှာတင် ခုံညင်းစေ့ (အသီးစေ့) ကိုးစေ့ဆယ်စေ့လောက် ရှိတာပေါ့။ အေး- ငါ့မြေးတို့စိတ်ဝင်စားတယ်ဆိုရင် ဒီဒိုးသီးသီးတဲ့ ဒိုးနွယ်ပင်အကြောင်းနဲ့ စိတ်ဝင်စားဖို့သိပ်ကောင်းတဲ့ ဒိုးနွယ်ဆီဇာတ်လမ်းတွေကို အဘွားပြောပြမယ်။ အဲ - ညရောက်တော့မှ အဘွားကိုနင်းပေးနှိပ်ပေးရင်း အဘွားပြောပြမယ့် ဒိုးဆီဇာတ်လမ်းကို အိပ်ရာဝင်ပုံပြင်အဖြစ် နားထောင်ပေါ့ကွယ်။ အင်း- ငါ့မြေးလေး ရေမိုးချိုးတော့၊ မှောင်တော့မယ်။ ထမင်းစားပြီးတာနဲ့ အဘွား အိပ်ရာနားလာခဲ့ကြပေါ့ကွယ်"

အဘွားပြောပြမည့် ဒိုးနွယ်ပုံပြင်ကြောင့် ကျွန်တော် အလွန်စိတ်ဝင်စားသွားပါပြီ။ ထိုအချိန်က ကျွန်တော်သည် ကြီးကောင်မဝင့်တဝင် (၁၃)၊ (၁၄) နှစ်သားခန့်သာရှိပါသေးသည်။ သို့ဖြင့် ကျွန်တော်တို့မောင်နှမသုံးယောက်သည် ဘုရားခန်းရှေ့တွင် အိပ်ရာခင်းပြီးအိပ်သည့်အဘွားထံသို့ ဒိုးနွယ်ပုံပြင်နားထောင်ရန်အလို့ငှာ အရောက်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နေသည်က ညောင်လေးပင်အပိုင် ပိန်းဇလုတ်ဆိုသည့်မြို့ကလေးတစ်မြို့မှာပါ။

ထိုကာလက ပိန်းဇလုတ်မြို့မှာ လျှပ်စစ်မီးက လောက်လောက်လားလား မျှ မထွန်းညှိနိုင်၊ မပေးဝေနိုင်သေး။ မှိုင်းပူနေသည့်ရေနံဆီကိုပင် အကောင်းလုပ်၍ အလင်းတစ်စအတွက် အသုံးချနေရလေ၏။ ထိုမီးခွက်ရှေ့မှာပင် ကျွန်တော်တို့မောင်နှမတစ်စုသည် အဘွားပြောပြတော့မည့်ဇာတ်ကြောင်းအပေါ် ပါးစပ်အဟောင်းသားဖြင့် နားစွင့်နေကြပါသည်။

"အေး - ငါ့မြေးတို့သိချင်နေတဲ့ ဒိုးနွယ်နဲ့ဒိုးဆီအကြောင်းကို အဘွားပြောပြမယ်။ ဒိုးသီးလို့ခေါ်တဲ့ ခုံညင်းသီးကိုတော့ ငါ့မြေးတို့ဆော့ကစားနေကြလို့ သိပြီးတွေ့ဖူးပြီနော်။ ဒီဒိုးသီးတွေဟာ အပင်ကြီးတစ်ပင်ပေါ် နွယ်လျှောက်ပြီး မသီးတဲ့ ဒိုးနွယ်ပင်ကသီးတဲ့အသီးတွေပဲကွယ့်။ အဲ - ဒိုးနွယ်ပင်ဆိုတာကလည်း ငါ့မြေးတို့မြင်ဖူးတဲ့ခွေးတောက်နွယ်ထက်ကိုကြီးတာကလား။ နှစ်ချို့ခွေးတောက်နွယ်တောင်မှ လူကြီးပေါင်လုံးလောက်ကိုကြီးတယ်မှတ်လား။ အဘွားတို့အဘိုးအဘွား အင်း . . . ဟိုးဘိုးဘေးဘီဘင်တွေပြောစကားအရဆိုရင် ဒိုးနွယ်တစ်ပင်ဟာ အဖျက်အဆီးမခံရရင် အနှစ်(၁၀၀၀) လောက်တောင် အသက်ရှည်တာကိုး"

အဘွားသည် ဒိုးနွယ်နိဒါန်းကို အစပျိုးရင်း၍ထင်၏။ လေကြောရှည်ကာ မောသွားဟန်ဖြင့် သူ့ရှေ့ချထားသည့် မြေရေခရားအိုးထဲမှ ရေနွေးကြမ်းကို စဉ့်သုတ်ရေနွေးခွက်ထဲသို့ငှဲ့ထည့်လိုက်သည်။ ပြီးတော့ အညာထန်းလျက်ခဲတစ်ခဲကိုနိုက်ယူကာ သွားဖုံးနှင့်ကြိတ်ခြေရင်း ရေနွေးနှင့်မျှောချလိုက်သည်။

ဉီးဉီးဖျားဖျား အဘွားစားပြီးသည်နှင့် ကျွန်တော်တို့ မောင်နှမသုံးယောက်လည်း အဘွားနည်းတူ ထန်းလျက်ခဲတစ်ခဲစီနိုက်စားလိုက်ကြ၏။

ထရံပေါက်မှ ကမူးရှူးထိုးတိုးဝင်လာသည့်လေကြမ်းကြောင့် အဘွားရှေ့ရှိ ရေနံဆီမီးခွက်မှမီးညွန့်တို့သည် ယိမ်းသမအလား ဘယ်ညာယိမ်းသွဲ့ကာ မီးခိုးမှိုင်းတို့ဖြင့် ကျွန်တော်တို့ရှေ့ ဝဲကတော့ထိုး၍နေချေပြီ။ အဘွားသည် ထန်းလျက်ခဲတစ်ခဲကို သွားမရှိတော့သည့် သူ့သွားဖုံးဖြင့် စိမ်ပြေနပြေကြိတ်ဝါးရင်း သူ့စကားအပေါ် ကျွန်တော်တို့ အဘယ်မျှစိတ်ဝင်စားမှုရှိမရှိ စူးစမ်းအကြည့်ဖြင့် ကြည့်နေပါသေးသည်။

"အဘွားကလည်းနော်၊ ပြောမှာဖြင့် ပြောပြပါတော့လား။ တကတဲမှပဲ မရှိတဲ့သွားနဲ့ အဘွားဝါးနေမှတော့ ဒီညဆုံးအောင် ပြောဖြစ်ပါတော့မလား"

ကျွန်တော့်အထက် အစ်မဖြစ်သူ မိခင်သန်းက အဘွားပြောမည့်စကားအပေါ် စောင့်စားရင်း စိတ်မရှည်သလို ပြောလိုက်သည်။

"ကဲဟဲ့၊ ငါက အသက်ကြီးလှပြီ။ မရှိလို့လုပ်စားတာ ဖြည်းဖြည်းပေါ့ ကဲ့-ဟလီဂလောင်"

အဘွားသည် မွန်စပ်ဖြစ်၍ ပြောရဆိုရခက်ပါလားဆိုသည့် အဓိပ္ပာယ်ရသောမွန်စကားဖြင့်ညည်းပြီး မြည်တွန်တောက်တီးလိုက်သည်။

ပြီးတော့မှ သူ့ဝသီအတိုင်း ကျွန်တော်တို့ မောင်နှမသုံးယောက်အားတစ်လှည့်စီ ပျဉ်းတွဲတွဲသူ့လက်ချောင်းများဖြင့်အရှက်ပြေမနာမကျင်ခေါက်လေ၏။

"အိမ်း - ငါ့စကားနွားရ အဲ-ဟုတ်ပါဘူး။ ငါ့စကား ငါ့မြေးလေးတွေရ ရပြီနော် ဟင်းဟင်း။ ဒါ့ထက် အဘွားစကားဘယ်စစ်တောင်းမြစ်ထဲမျောသွားပါလိမ့်၊ ဟင်းဟင်း အဘွားက အသက်ကြီးတော့ ဟပ္ပိုက်(မေ့တတ်လျော့တတ်)နေပြီ ကွန်ငိုက်(မြေး)တို့ရဲ့"

"ဟို . . . ဟိုလေ ဒိုးနွယ်က အနှစ်တစ်ထောင်လောက်ကိုအသက်ရှည်တယ်ဆိုတာလေ"

"အင်းအင်း - မှတ်မိပြီ မှတ်မိပြီ။ ငါ့မြေးလေးမောင်စိန်လွင်က အမှတ်သညာတော့ကောင်းသားကွယ့်။အင်းပေါ့လေ၊ အနှစ်တစ်ထောင်တောင် အသက်ရှည်မှတော့ ဒိုးဆီဆိုတာ အစွမ်းမထက်ဘဲ ရှိပါ့မလားကွယ်။ အဲ - ငါ့မြေးတို့မသေမချင်းမှတ်ထား။ ဒိုးဆီဆိုတာ ဟိုးအဘွားတို့ အဘိုးအဘွားခေတ်ကတည်းက တစ်ပိဿာကို ကျပ်လေးငါးသိန်းရှိတာကလား"

"ဟင်- အဘွား ဒိုးဆီကဘာလုပ်လို့ရလဲဟင်။ စားလို့ရလို့ ဒီလောက်ဈေးကြီးနေတာလား"

နေရာတကာ အစားအသောက်ကိုသာ ရှေ့တန်းတင်တတ်သည့် ကျွန်တော့်ညီဖြစ်သူ မောင်စိုးလွင်က အဘွားစကားအပေါ် အံ့ဩတကြီးဖြင့် ဖြတ်မေးလိုက်သည်။

"ဟဲ့- စားလို့ရမှဈေးကြီးသတဲ့လား မြေးထွေးလေးရ။ မြေးတို့နားထောင်တဲ့ ရေဒီယိုတွေ၊ မြေးလေးတွေစီးတဲ့စက်ဘီးတွေကကော စားလို့မရပေမယ့် အသုံးတည့်မှတ်လား ဒီလိုပဲပေါ့။ ဒိုးဆီက လူ့အသုံးအဆောင်အတွက် အသုံးဝင်လို့ ဈေးကြီးတာကလား။ ကဲ-ဖြတ်မမေးကြနဲ့။ ဖြတ်မပြောကြနဲ့။ ဖြတ်မေးရင် စကားအရှိန်ပျက်ပဲ့။ ကဲ- ဟလီဂလောင် အင်းဆက်ပြောရရင်"

သို့ဖြင့် မြေးတွေအပေါ် နွေးထွေးလှစွာ ပျော်ပျော်နေတတ် ပျော်တော်ဆက်တတ်သည့်အဘွားသည် ကျွန်တော်တို့မသိသေးသည့်ဒိုးနွယ်ပင်နှင့်ဆက်နွယ်သည့် ဒိုးဆီအကြောင်းဒိုးဆီဇာတ်လမ်းများကို ရေနွေးကြမ်းသောက်လိုက်၊ ထန်းလျက်ခဲမြုံ့လိုက်ဖြင့် နားနားပြီး ပြောပြလေတော့၏။

- **ဒိုးဆီအစွမ်းအံ့မခန်း**

ဂျပန်ခေတ်တစ်ခေတ်ကဖြစ်သည်။ အဘွားဒေါ်ခ၏ ဖခင်သည် ဂျပန်ချွေးတပ်(ပေါ်တာ)ဆွဲစဉ်က မီးရထားအလုပ်သမားအဖြစ် ဂျပန်တို့ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့ရရှာသည်။ သူတို့သည် သေမင်းတမန်ရထားလမ်းဟုကမ္ဘာတွင် ရာဇဝင်တွင်လောက်သည့် သံဖြူဇရပ် ချွေးတပ်စခန်းသို့ အပို့ခံလိုက်ရသည်။

တစ်နေ့တွင်ဖြစ်၏။

ဂျပန်စစ်သားတစ်ဦးသည် ၎င်းတို့ရှိန်တိန်လုပ်မည့် မီးရထားလမ်းအတွက်လိုအပ်သည့် ရထားသံလမ်းပိုင်းတို့ကို သံဖြတ်လွှဖြင့် ချွေးသံတရဲရဲဖြတ်တောက်နေလေ၏။ ဒေါ်ခဖခင်ဖြစ်သူ ဦးတက်ပုသည် ထူးဆန်းသည့်သံဖြတ်နေပုံတစ်ခုကြောင့် ထိုဂျပန်စစ်သားအား အံ့ဩတကြီးကြည့်နေမိသည်။

"အလို - ဒီငပုကောင်က သံဖြတ်လွှမှာ ဘာအဆီလဲမသိဘူး သုတ်လိမ်းလိုက်တာနဲ့ သံတုံးသံချောင်းတွေဟာ အားမစိုက်ရဘဲ တိခနဲတိခနဲကိုပြတ်သွားပါရောလား။ ဟာ - ထူးဆန်းလိုက်တာ"

ဦးတက်ပုက အနီးရှိသူငယ်ချင်း အဖြားဆိုသူကို လက်တို့ပြောလိုက်သည်။ ထိုစဉ်က ဦးအဖြားနှင့်ဦးတက်ပုတို့သည် ဂျပန်တို့၏ချွေးတပ်ဆွဲခံရချင်းအတူတူမို့ ရထားသံလမ်းပိုင်းတို့ကို မနိုင်ရင်ကာထမ်းပိုးရင်း ခုလိုမြင်လိုက်ကြခြင်းဖြစ်သည်။

"အေးဟဲ့ - ဆန်းမှဆန်းပဲ၊ ကွ(သ်)ကနဲ(ငနဲ)ရေ၊ တို့ဒီကောင်ဘယ်လိုအဆီ


ဇွန်လ နိုဝင်ဘာလ အတွဲ(၁၀)အမှတ်(၁၁)

www.burmeseclassic.com

www.burmeseclassic.com

ဆွတ်ပြီးဖြတ်လဲဆိုတာ စပ်စုကြည့်လိုက်ကြရအောင်ဟေ့"

သူငယ်ချင်းနှစ်ဦးတို့သည် ထိုဂျပန်ကောင်ရှေ့တွင် သံလမ်းအပိုင်းအပြတ်တို့ကိုအသာချပြီး စို့နေသည့်ချွေးတို့ကို ခေါင်းပေါင်းစဖြင့်သုတ်လိုက်ကြသည်။ ပြီးတော့ ကိုရွှေဂျပန်ဖြတ်နေသည့်သံလမ်းပိုင်းကို စပ်စပ်စုစုငုံ့ကြည့်လိုက်ကြ၏။

"ဟိုင်း - ကိုဂျပန်၊ ခင်ဗျားသံဖြတ်လွှအတုံးကြီးနဲ့ ဘာအဆီတွေသုတ်ပြီး ဖြတ်လိုက်လို့လဲဗျ၊ ရွှတ်ခနဲရွှတ်ခနဲကို ပြတ်သွားလိုက်တာ အံ့ရော အံ့ရောဗျာ"

ဂျပန်ငပုသည် ရထားသံလမ်းပိုင်းကို စိတ်ဝင်တစားဖြတ်တောက်နေရာမှ အသံလာရာသို့ မော့ကြည့်လိုက်သည်။ အနီ ဂျပန်စစ်သားသည် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်သို့ရောက်လာသည်မှာ ကြာပြီဖြစ်ရကား ဗမာစကားကို ရိပ်ဖမ်းသံဖမ်းလောက်တော့ နားလည်နေပြီ၊ ပြောတတ်နေပြီ။

ဗမာစကားကိုလည်း မတောက်တခေါက် မပီကလာပီတလာနှင့် ထမင်းစားရေသောက်မျှပြန်ပြောတတ်နေပါပြီ။

"ဟရို ဘိရုမာ ဒီအီဆီ (အဆီ) လား၊ နီ(နင်)တို့အခေါ် ဒိုးဆီလေ။ခလေး (ကလေး) တွေဆော့တဲ့ ဂုံညင်းဒိုးပင်က အီဆီလေ။ အဲ - ဒါကိုသုတ် ထိကီနဲ (ထိခနဲ)သံတွေဖြတ်ပေါ့ ဟားဟားဟား။ ဟိုမှာ တွဲ(တွေ့)လား။ အဲဒီအီညိရောင် (အညိုရောင်)ဆီလေ။ကြိ(ကြည့်)ပါလား။ ဒီဟာနဲ့ သံဖြတ်လို့ရတီ(တယ်)လေ"

ထိုဂျပန် လက်ညှိုးညွှန်ရာကြည့်လိုက်တော့မှ စဉ့်ဖလုံထဲတွင်ထည့်ထားသည့် နီညိုရင့်ရောင်ဒိုးဆီတစ်ဆယ်သားခန့်ကို ဦးတက်ပုတို့ တွေ့လိုက်ရသည်။ ဂျပန်ငပုသည် ဦးတက်ပုတို့အား ရှင်းပြပြီး ဒိုးဆီအရည်တို့ကို လက်နှင့်မထိစေဘဲ အဝတ်စုတ်နှင့်တို့ရင်း သတိထားကိုင်တွယ်နေပါသည်။ အဝတ်စုတ်တွင် မဆိုစလောက်ကပ်ပါလာသည့် ဒိုးဆီစက်တို့ကို သံဖြတ်လွှတွင်သုတ်လျက် သူ့အလုပ်သူဆက်လုပ်နေ၏။

ဒိုးဆီသုတ်ထားသည့် သံဖြတ်လွှသည် ဒိုးဆီ၏အစွမ်းသတ္တိအာနိသင်ဖြင့် အားမစိုက်ရဘဲ လွှားခနဲလွှားခနဲ ထူးဆန်းလှစွာ သံတုံးသံပိုင်းတို့ကို ပြတ်ထွက်သွားစေတော့၏။

ထိုမြင်ကွင်းအပေါ် အံ့ဩတကြီးကြည့်နေကြသည့် ဦးအဖြားနှင့်ဦးတက်ပုတို့သည် ကြည့်ရင်းကြည့်ရင်းမှာပင် ပါးစပ်ဟောင်းလောင်းဖြစ်ကုန်ကြလေတော့၏။

"အားပါးပါး ဆန်းမှဆန်းပဲ အဖြားရေ ဟုတ်တယ်ဟုတ်။ ငါ့တစ်သက်မှာ တစ်ခါဆိုတစ်ခါမှမမြင်ဘူးလောက်အောင် ထူးဆန်းပါလားအဖြားရယ်။ ဒိုးဆီတဲ့ကွာ၊ မင်းရောကြားဖူးလား အွီး(အိုး)- ဘယ်လိုအဆီပါလိမ့်"

"အေးဟဲ့- ငါလည်းမြင်ဖူးဖို့နေနေ သာသာ ကြားတောင်မကြားဖူးပေါင်"

သူငယ်ချင်းနှစ်ဦးတို့ အချီအချ ပြောနေကြသည့်စကားအပေါ် ငြိမ်ပြီး ရပ်ကြည့်နေသည့် ကိုရွှေဂျပန်သည် အကွက်ဝင်လာပြီမို့ သူ့စကားကိုဆက်လိုက်ပြန်၏။

"ဟဲ့ဟီးဟီး - မီး(မင်း)တို့အားအေ (အံ့ဩ)နီလား။ ဒါမီဆန်း(မဆန်း)ဘူးလီ (လေ)။ မီးတို့ဗီမာပြီ (ဗမာပြည်) မှာ ဒီလို ဒိုးဆီပင်ရှိရှိတီလေ။ တောထဲတောင်ထဲမှာသွီး(သွား)ရှီ(ရှာ)လာခဲ့။ ဈေးကီး(ကြီး) ပေးမီလေ"

သို့ဖြင့် သူငယ်ချင်းနှစ်ဦးတို့သည် ဂျပန်ငပုကောင်အား ရှာပေးပါမည်ဟု မက်လုံးတွေပေးကာ မိမိတို့အား ဂျပန်စစ်ဗိုလ်အလစ်မှာ ထွက်ပြေးခွင့်ပေးဖို့၊ ဒိုးဆီရလာပါက တိတ်တဆိတ်ဆက်သွယ်ပြီး လာရောက်အပ်နှံပေးမည်။ ဆုအဖြစ်လည်း မိမိတို့ကို ဂျပန်ငွေစက္ကူများပေးသနားစေလိုကြောင်း ယုံလောက်အောင် ယုတ္တိရှိရှိဖြီးလိုက်ကြသည်။

နှစ်ဦးနှစ်ဖက် စည်းချက်ညီညီ ကတိကဝတ်ပြုလိုက်ကြ၏။

"ဟားဟားဟားဟီးဟီး- ကောင်းလယ် ကောင်းလယ်၊ သွားကြ သွားကြ။ ညလည်းရောက် လူလစ်တာနဲ့ ဟို ဟိုက ခွီး (ချွေး)တိုးပေါက်ကထွက်ထွက်ပေါ့။ ငါ ကီး(ကင်း)စောင့်ပေးမယ်"

လောဘဇောတက်နေပြီဖြစ်သည့် ဂျပန်စစ်သားငပုကောင်နှင့် သူငယ်ချင်းနှစ်ဦးတို့ စည်းဝါးကိုက်ထားပြီးပြီမို့ တစ်ခုသော လမိုက်ညတစ်ညတွင် ဂျပန်တို့၏ ချွေးတပ်စခန်းမှ တိတ်တဆိတ်ထွက်ပြေးလွတ်မြောက်လာခဲ့ကြသည်။ကိုရွှေဂျပန်၏ ပြောပုံဆိုပုံအရ ဒိုးဆီတို့မည်သည် အလွန်တရာပူလောင်ကျွမ်းမြည့်တတ်လွန်းလှရကား သာမန်လက်ဖြင့်ကိုင်တွယ်ပါက အသားများစားကာ အရိုးချည်းသာကျန်တော့ကြောင်း မှတ်သားလိုက်ရ၏။

"ဟယ် - ဒီလိုဆို တောထဲကမြေပဒူ(ပျားတူ)ကျင်းထဲကျတာထက်တောင် ဆိုးနေပါပကောလား အဖြားရယ်"

"ဟုတ်ပ ဟုတ်ပ"

ဦးတက်ပုက 'စားရမှာက သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း ဆီတဝင်းဝင်း' ဆိုသည့်စကားအတိုင်း တစ်ဖက်ကလည်း ဒိုးဆီအန္တရာယ်တို့ကိုတွေးရင်း ညည်းချင်းထုတ်လိုက်သည်။

ဤသို့ဖြင့် သူငယ်ချင်းနှစ်ဦးတို့သည် မိမိတို့နေရင်းဒေသ ပိန်းဇလုတ်မြို့သို့ အသက်နှင့်ခန္ဓာ အိုးစားမကွဲလေဘဲ ပုန်းလျှိုးကွယ်လျှိုးနှင့်ပင်ပြန်လည်ရောက်ရှိလာကြတော့၏။

■ **ဆွတ်ချူရန် ခက်ပါဘိ**

တစ်ညသားမှာ ဒိုးဆီအကြောင်း တစ်စွန်းတစ်စသိခဲ့ရပြီမို့ ရှေ့မီနောက်မီ အဘိုးတစ်ဦးဖြစ်သည့် ဦးပွားမောင်ဆိုသူနှင့် စကားစပ်မိတော့မှ အနီ ဒိုးဆီ၏ ရာဇဝင်အကြောင်းတို့ကို အလုံးစုံသိခွင့်ရလာပါတော့၏။ ထိုနေ့က သူငယ်ချင်းနှစ်ယောက်တို့သည် အဘဦးပွားမောင်ထံ အလည်သွားရင်း ဒိုးဆီနှင့်ပတ်သက်၍ အမေးအဖြေလုပ်ဖြစ်ကြသည်။

"လူလေးတို့၊ ဒိုးဆီဖြစ်မယ့် ဒိုးနွယ်ပင်ဆိုတာ သက်တမ်းရှည်နွယ်တစ်မျိုးပဲကွယ့်။ တချို့ မှတ်တမ်းမှတ်ရာရှိတဲ့ ရှေးလူကြီးသူမတွေရဲ့ပြောစကားအရဆိုရင် ဒိုးနွယ်ပင်ဟာ နတ်ကြီးသလို ဂမ္ဘီရဆန်လွန်းလှတာကလား။ အိမ်း - အဘတို့ကြားဖူးတာက ဒိုးနွယ်ပင်မှာ ဒိုးဆီရဖို့ဆိုတာ အနှစ်တစ်ထောင်လောက်စောင့်ရတယ်ဆိုပဲ။ ဒိုးပင်တိုင်းမှာလည်း ဒိုးဆီမဖြစ်ဘူး။ဒိုးဆီမတည်ဘူးပေါ့ကွာ။အင်း- တော်တန်ရုံကုသိုလ်မျိုးနဲ့တော့ ဝေးစွ ခြောက်ပါးပဲ မောင်ရေ့၊ ဒိုးဆီရဖို့ဆိုတာ မလွယ်လှဘူးပေါ့။

ဒီနွယ်ပင်ဟာ ဆန်းတော့အဆန်းသားကွယ့်။ အားကိုးပင် (အမှီသစ်ပင်) ရှိမှ နွယ်လျှောက်ပြီးတက်တာကလား။ ဥပမာကွာ ဘူးတို့၊ ဖရုံတို့၊ ခွေးတောက်ပင်တို့ နွယ်တက်သလိုမျိုးပါပဲ။ အဲ-ထူးခြားတာတစ်ခုက ဒိုးနွယ်ပင်တွေဟာ နှစ်ပရိစ္ဆေဒကြာလို့ သူ့အပင်သေပြီး ခြောက်သယောင်းခါတော့မှ ဒိုးဆီကိုရတာကိုးကွယ့်။ 'မသိသူကျော်သွား သိသူဖော်စား' ဆိုတဲ့စကားပုံဟာ ဒိုးနွယ်ကိုကြည့်ပြီး ပညာရှိတွေဆိုမိန့်ထားသလားလို့တောင် ဆိုလောက်တယ်လေ ဟဲဟဲ။ အင်း - သိတဲ့လူတွေများကျတော့ ဒိုးနွယ်ပင်ကို ကြည့်ပြီး နှစ်သက်တမ်းဘယ်လောက်ရှိပြီဆိုတာ ခန့်မှန်းတတ်ကြတယ်ကွယ့်။ အင်း - ဒီအပင်ကလည်း လူနဲ့တိ…



www.burmeseclassic.com

www.burmeseclassic.com

တွေရဲ့ အဖျက်အဆီးမခံရမှု နှစ်ကြာကြာ ခံတတ်ကြတယ်မို့လား။ အင်း - ဒီဘက် ခေတ်မှာတော့ တောခုတ်တောင်ခုတ်နဲ့ မရှိသလောက်ကိုရှားပါးပစ္စည်းဖြစ်နေပြီ။

နောက်ပိုင်း ဒိုးနွယ်ဆီရသွားတယ်လို့ အဘဖြင့်ကြားတောင်မကြားမိပါဘူးကွာ။ အေးလေ - များသောအားဖြင့်တော့ လူ့ရပ်လူ့ရွာမှာ ဒီလောက်သက်တမ်းကြာကြာ ဘယ်ရှိပါတော့မလဲ။ 'ဟိုးလူမရောက် မြင်းမိုရ်တောင်'လို့တင်စားလောက်တဲ့ တကယ့်တောကြီးမျက်မည်းထဲမှာမှ တစ်ပင်တလေရှိတတ်ကြတာကလား။ အင်းပေါ့ ဥပမာနှိုင်းရရင် ဂန္ဓမာဒနတောင်က မဉ္ဇူသကနွယ်နီနတ်ပန်းတို့ကိုချူရန်ခက်ပါဘိကွယ်။

ဒါတောင် တောမီးလောင်တာနဲ့ သစ်တောပြုန်းတီးတာနဲ့ကြုံရင် ဘယ်လိုရှင်သန်နိုင်တော့မှာလဲကွာ မှတ်ဖူးလား။ ဒါကြောင့် အဘပြောတာပေါ့။ ရဖို့ဆိုတာ တကယ့်မလွယ်ကြောပဲ။ ဟူး - လူနဲ့ တိရစ္ဆာန်တွေလည်း မဖျက်မဆီး မခုတ်ထစ်ကြဘူး။ တောမီးလည်း အလောင်မခံရဘူး။ ဂမ္ဘီရဆန်ဆန် ဘုန်းကံရှိမှတွေ့တတ်ကြတာကလား။ ဒါတောင် အင်မတိအင်မတန် ကံထူးမှနော်။

တစ်ခါကပေါ့။ မုဆိုးတစ်ဦးဟာ တောလည်လမ်းမှားပြီး နှစ်ချို့ ဒိုးနွယ်ပင်တစ်ပင်ကို သွားတွေ့လိုက်တယ်။နောက်တစ်ခေါက်မှတူးမယ်ဆိုပြီးသွားပြန်ရှာကြည့်တော့ မတွေ့တော့ဘူးတဲ့။ ဒါကလည်း ဘုန်းကံမြင့်မှ သီလသမာဓိရှိမှ ရတတ်ကြတာမျိုး။ အေး - မင်းတို့ရှာချင်ရင်တော့ ငါးပါးသီလကို လုံလုံခြုံခြုံ မြဲမြဲမြံမြံ ကျင့်ကြံအားထုတ်ပြီးမှ သွားရှာကြပေါ့ကွာ။ တောထဲတောင်ထဲမှာသွားရှာရမယ်ဆိုတော့ သူပုန်သူကန်ရန်၊ သားရဲတိရစ္ဆာန်ရန်၊ ဓားပြနဲ့သူခိုးလက်က သူဝှက်လုတဲ့ရန်ကတော့ တောလမ်းတစ်လျှောက် မလွှဲမသွေကြုံဆုံရမှာပဲကွ"

အဘဦးပွားမောင်သည် သူသိသမျှကို ကွမ်းတမြုံ့မြုံ့ဖြင့်တစ်ထိုင်တည်း ပြောပြလိုက်လေ၏။

အဘအမောဖြေသည့်အချိန်တွင် ဦးတက်ပုသည် သူမသိသည့်အချက်အား မေးလိုက်ရသည်။


"ဒါထက် အဘကို ကျုပ်သိချင်တာ တစ်ခုမေးမယ်နော်။ ဒီဒိုးနွယ်ပင်ကိုတွေ့ပါပြီတဲ့ဗျာ။ ဒိုးနွယ်ဆီက ဘယ်မှာသန္ဓေတည်နေတုံး အဘရဲ့။ သစ်မွှေးတွေလို ပင်စည်ကိုင်းလက်ထဲမှာပဲရှိတာလား။ ဒါမှမဟုတ် ကတိုးကောင်တွေလို ကတိုးအိတ်ထဲမှာလား။ သစ်မွှေးတွေ၊ ကတိုးဆီလောက်ကော အဖိုးတန်ရဲ့လား အဘ"

"ထပ်သရီး- ဒိုးနွယ်ဆီကို သစ်မွှေးတို့၊ ကတိုးတို့လောက်နဲ့နှိုင်းရတယ်လို့ကွာ။ သစ်မွှေးက စိုက်လို့ပျိုးလို့ထုတ်လုပ်လို့လွယ်ပါရဲ့။ ကတိုးကောင်က အမဲလိုက်သမားတွေပစ်ရင် ရနိုင်တာပဲ။ မင်းဒိုးနွယ်က ဘယ်လိုစိုက်မှာလဲ ပြောပါဦးကွ။ အင်း - စိုက်ပါပြီတဲ့ကွာ၊ အနှစ် (၁၀၀၀)လောက်အထိ ဘယ်သူအသက်ရှည်မှာတုံး၊စောင့်စားနိုင်မှာတုံး။ အဲလေ- စိုက်ပါပြီထား။ ဒိုးဆီက စိုက်တိုင်းကော ထွက်မတဲ့လားဟေ"

"ဒါဆိုအဘပြောတဲ့ဒိုးဆီကို ဘယ်နေရာကနေထုတ်ယူ အဲ - နှိုက်ယူမှာလဲဗျ"

"အင်း- လူလေးအမေးကကောင်းလိုက်တဲ့အမေးပေါ့ကွာ။ အမေးနွားကျောင်းသား အဖြေဘုရားလောင်းတဲ့ကွ ဟဲဟဲ။ မှတ်ထား၊ ဒိုးဆီတို့မည်သည် ဒိုးနွယ်ပင်ရဲ့အောက်အမြစ်ရင်းမှာ ဥဥသလိုအိတ်ကလေးနဲ့ သဘာဝအတိုင်း စေးပျစ်ပျစ်အခဲတည်နေတာကိုး။ တခြားမကြည့်နဲ့ကွာ။မင်းတို့အိမ်ထရံနံရံတွေမှာ သုတ်တဲ့ရေနံချေးကိုပြေးမြင်ကြည့်ပါလား။ အဲလို ခဲခဲပျစ်ပျစ်အနှစ်ကလေးကွ။ အဲ- တူးတဲ့အခါမှာလား။ အေးအေး - မှတ်ထားမှတ်ထားကြ။ တူးပြီဟေ့ဆိုတာနဲ့ အပင်ခြေရင်းကနေ မြေကြီးနက်နက်ထဲကို ဂရုတစိုက်တူးရတယ်ကွယ့်။ အခဲရည်အိတ်ပေါက်ထွက်မသွားရအောင် ချော့ပြီးတူးတတ်ရတယ်။အင်း-အပင်ပန်းခံပြီး လူတစ်ရပ်ကျော်ကျော် ဒါမှမဟုတ် လူနှစ်ရပ်အနက်လောက်အထိတူးရတယ်ဆိုပဲ"

"အဘ၊ အဲဒီအနှစ်က မြေကြီးထဲမှာ ဘယ်လိုနေနေတာလဲဗျ။ သစ်စေးတွေလို၊ ရေနံချေးတွေ၊ သွေးတွေလို မြေကြီးထဲမှာအခဲဖြစ်နေပြန့်ကြနေလားဟင်"



ဦးတက်ပု၏ နှိုက်နှိုက်ချွတ်ချွတ် အမေးကြောင့် ဒီသာပါမောက္ခလို ပုရောဟိတ်လိုပုံစံချိုးနေသည့် အဘဦးပွားမောင်သည် မြို့လက်စကွမ်းယာတို့ကို အပြီးတိုင်ထွေးထုတ်ပြီးမှ အားပါးတရ ပြောချလိုက်လေ၏။

"ဟဲဟဲ-ဒီကောင်မဆိုးဘူး၊ ပါးရည်နပ်ရည်ရှိသားပဲ။ အေး- မင်းမေးလာမှတော့ ပြောပြရတာပေါ့ကွာ။ ဒီလိုကွယ့် မင်းတို့သောက်ရေသုံးရေထည့်တဲ့မြေရေအိုးကိုသိသမို့လား"

"ဟာ- အဘကလည်း၊ ဒါတွေက ကျွန်တော်တို့အိမ်မှာ နေ့တိုင်းသုံးနေကျပဲဟာ။ ဘယ့်နှယ်မသိရမှာတုံး အဘရဲ့"

ဦးအဖြားက လူတွင်ကျယ်လုပ်ကာ ကြားဖြတ်ဝင်ပြောလိုက်သည်။

"အေးအေး-သိရင်ပြီးတာပဲ။ ဒိုးဆီအိတ်ကလေးက အဲဒီရေအိုး ဒါမှမဟုတ် သကြန်အိုးပေါ့ကွာ အဲဒီပုံစံအတိုင်း။ အင်း-ကြည့်လိုက်ရင်တော့ ကြက်စလုတ်ကိုလည်း ပြေးမြင်ကြည့်လိုက်ဦး။ ကြက်စလုတ်ထဲမှာ အစာပြည့်ပြီးဖောင်းကားနေသလို အဲ- ဒိုးဆီကလည်း သူ့ဒိုးနွယ်အိတ်ထဲမှာ ပြည့်ဖောင်းနေတာပေါ့ကွာ။ နွယ်အိတ်ကြီးရဲ့အသားက ဘာနဲ့ဥပမာပေးလို့မှမရဘူးကွ။ ပြောင်ချောချော သစ်နွယ်စတစပြင်လို့ပဲ လွယ်လွယ်နဲ့မှတ်ကြတာပေါ့ကွာ။ အဲ - တစပြင်ဆိုလို့ သချိုင်းကုန်းဆိုပြီး အမှတ်မမှားကြနဲ့ဦး။ သူ့ကို တူးဖော်ပြီး တွေ့တာနဲ့ ဝမ်းသာအားရသွားမကိုင်လိုက်လေနဲ့။ သတိ - မီးပွင့်သွားမယ်ဆိုသလိုပဲ ထိလိုက်တာနဲ့ မီးစနဲ့ထိုးလိုက်သလို ပူခနဲဖြစ်သွားမယ်။ ပြီးတော့ မောင်ရင်တို့လက်တွေအသားစ မကျန်အောင်စားသွားလိမ့်မယ်။ ဒီဒိုးဆီဆိုတာ အလွန့်အလွန်တန်ဖိုးရှိသလို သိပ်ကြောက်ဖို့ကောင်းတယ်"

"ဟင် - ဒါဆိုမြင်သာမြင်မကြင်ရဆိုသလိုဖြစ်မနေဘူးလားအဘရဲ့။ အဘပြောတဲ့ဒိုးဆီက ဟောဒီက ကျွန်တော့်သူငယ်ချင်း အဖြားအဖြစ်နဲ့တူမနေဘူးလား။ ဒီကောင် အဖြားရယ်လေ သူ့ရည်းစားလင်နောက်လိုက်သွားလို့ အမလေး အေးသာရယ်၊ ငါ့မှာတော့ နင့်မျက်နှာမြင်သာမြင်ရ မကြင်လိုက်ရပါလားကွယ်လို့ အီးမှန်တဲ့မျက်နှာမည်းကြီးနဲ့ငိုနေသလိုပဲ ဟား ဟား ဟား"

"ဟဲ့ကောင် မင်းဒိုးဆီအကြောင်းမေးရင်ကောင်းကောင်းမေး၊ ငါ့ကိုဆွဲမထည့်နဲ့"

ဦးအဖြားက ဒိုးဆီစကားဝိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com

သူ့အကြောင်းပါလာ၍ ဦးတက်ပုအား မျက်စောင်းတခဲခဲ မျက်နှာထိမျက်နှာထားဖြင့် မာန်မဲလိုက်လေ၏။

"အလကား နောက်တာပါ သူငယ်ချင်းရယ်။ ငါ့သူငယ်ချင်းပျင်းနေမှာစိုးလို့ ဟီဟီ။ ဒါနဲ့ စကားမစပ် ဒိုးဆီအိတ်ကို တွေ့ပါပြီတဲ့ဗျာ ဘယ်လိုထုတ်ယူမှာလဲဗျ"

ဦးတက်ပုက စိတ်ပျက်လက်ပျက်လေသံဖြင့် မျက်မှောင်ကျုတ်ကာမေးလိုက်ပြန်၏။

"ဟဲဟဲ - အဲဒါ ဒိုးဆီရဲ့လျှို့ဝှက်ချက်ပေါ့ကွာ။ တစ်နည်းပြောရရင် မြှုပ်ကွက်တစ်ကွက်ပေါ့။ အေး - မင်းတို့သိထားရမှာက ဒိုးဆီအိတ်ကိုတွေ့တာနဲ့ မြွေဟောက်တစ်ကောင်ကို တွေ့လိုက်ရတဲ့အလား သဘောထားရမယ်။ အို - ကြာပါတယ်ကွာ၊ ညလည်းနက်ရောပေါ့။ ပဟေဠိတွေဘာတွေဝှက်မနေတော့ပါဘူး။ အင်း- ဒိုးဆီအိတ်ကိုယူတဲ့နည်းက လက်နဲ့တိုက်ရိုက်မကိုင်ရဘူး။ ပလတ်စတစ်လိုလို၊ ပတ္တူဂုန်နီစလိုလို သုံးလေးပတ်ပတ်ထုပ်ပြီးမှ ခုတ်ထစ်ထားတဲ့အမြစ်ညှာကကျွတ်အောင် အင်နဲ့အားနဲ့ ဆွဲထုတ်ရမှာကွ။ ပြီးတော့မှ မြေအိုးဒါမှမဟုတ် စဉ့်သုတ်အင်တုံထဲမှာ လုံလုံခြုံခြုံထည့်ယူလာရမှာ။ ဒီအဆီက လူ့အသားကိုမပြောနဲ့၊ သံကိုတောင်စားတယ်ဆိုတော့ စဉ်းစားသာကြည့်ပေတော့ လူလေးတို့ရယ်၊ ဘယ်ကလောက်တောင် အန္တရာယ်များပါဘိဆိုတာ။ အဲ- သူ့အဆီတွေဟာ စောစောတုန်းက အဘပြောသလို ကြက်စလုတ်နဲ့တူတဲ့ သူ့စလုတ်ထဲမှာပဲပိတ်လှောင်ထားတာပေါ့။ အင်းလေ-ယူပုံယူနည်းကလည်း ဒိုးနွယ်မြစ်နဲ့ အဆီအိတ်ကြားမှာ လူ့အချင်းတိုင်လိုဆက်သွယ်ထားတဲ့ သစ်ပွှန်ကနေ ဂရုတစိုက်ဖြတ်ထုတ်ပြီးမှယူရတာကိုးကွယ့်"

အဘဦးပွားမောင် ရှင်းပြအပြီး ဦးအဖြားကလည်း သူသိလိုသည့်အချက်အလက်အပေါ် အတွန့်တက်လိုက်ပြန်၏။

"အင်း - အဘပြောပုံထောက်ရင် ဒိုးဆီကိုရှာရဖွေရထုတ်ယူရတာခက်ပါ့ဗျာ။ ဒါထက် ဒီဒိုးဆီက ဘယ်နေရာမှာ အသုံးတည့်တာတုံး အဘရဲ့"

ဦးအဖြားသည် ဂျပန်ငပုထံမှ အချို့တစ်ဝက်သိထားပြီးဖြစ်သော်လည်း မည်သို့မျှသိမထားသည့်ပုံဖြင့် အဘအား အစ်အောက်မေးလိုက်ခြင်းဖြစ်သည်။

"အံ့ပါရဲ့ငါ့တူရာ၊ အသုံးတည့်လိုက်သမှ ဟိုးစစ်တောင်းမြစ်တစ်ဖက်ကမ်းကိုလွှန်ပါရောလား ဟဲဟဲ။ လူတွေအတွက်အသုံးဝင်လွန်းလို့ အဲ - ရှားပါးလွန်းလို့လည်း တန်ဖိုးရှိတာပေါ့ကွာ။ တခြားမကြည့်နဲ့၊ ဂျပန်ခေတ်မှာ ဂျပန်တွေဟာ ရထားလမ်းဖောက်တော့ သံလမ်းပိုင်းကိုဖြတ်မှာရယ်၊ ပြန်ဆက်ဖို့လိုတာရယ် အဲ - ရှန်တိန်လုပ်ဖို့လည်း လိုလာပြန်တော့ ဒိုးဆီသုတ်လိမ်းပြီးဖြတ်မှမြန်မြန်ခရီးပေါက်တာပေါ့။ တချို့လည်း သံ၊ သံမဏိတွေအရည်ကျိုတဲ့နေရာမှာ သုံးတယ်ဆိုလား။ ဒီဂျပန်ငပုတွေကိုပေါ့ သေးသေးမတွက်နဲ့ဟေ့။ ဒီအကောင်တွေက ဉာဏ်အများသားလား။

ဒိုးဆီရဲ့လျှို့ဝှက်ချက်အစွမ်းသတ္တိကိုသိနေကြတယ်လေ။ ပြီးတော့ ငါထပ်ကြားဖူးတာက အင်္ဂလိပ်တွေ၊ ပြင်သစ်တွေ၊ ဂျာမနီတွေလည်း ဒီလျှို့ဝှက်ချက်ကိုသိကြတယ်ဆိုပဲ။ ဒါကြောင့် ဒိုးဆီကိုနိုင်ငံတော်အစိုးရက ကျွန်းသစ်လိုပဲကန့်သတ်ကုန်စည်အဖြစ် တရားဝင် ရောင်းဝယ်ခွင့်ပြုမထားဘူး။ ရောင်းဝယ်ဖောက်ကားတာတွေ့ရင် ဖမ်းတယ်ဆီးတယ်။ မိရင် ထောင်တောင်ကျသွားနိုင်တယ်။ အင်း - ဒါနဲ့စကားမစပ် တို့အဘွားရဲ့အဘွားလက်ထက်ကဆိုလား ဒိုးဆီရဖူးတယ်တဲ့ဗျ။ သူတို့တစ်တွေအဆက်အသွယ်ကောင်းကောင်းနဲ့တိုးတိုးတိတ်တိတ်ရောင်းလိုက်တာ ဘယ်ပြောကောင်းမလဲ။ တော်တော်ပွပေါက်တိုးသွားတယ်လို့ အဘကြားဖူးတယ်။ အဘွားတို့များ ဒိုးဆီကြောင့် ကြီးပွားသွားလိုက်တာ ပိန်းဇလုပ်သချိုင်းကုန်းတွေမှာ သွပ်မိုးဇရပ်တောင်မှ လှူနိုင်သေးတယ်တဲ့ကွ။ အင်း-မှတ်မိသေးတယ်။ တို့ငယ်ငယ်တုန်းကပေါ့။ တို့သူငယ်ချင်းတစ်စု သချိုင်းကုန်းမှာ လောက်လေးခွကိုယ်စီနဲ့ငှက်ပစ်ထွက်ရင်း သွပ်မိုးတွေကို လက်တည့်စမ်းပစ်ကြတာကလား၊ ထူလိုက်တဲ့သွပ်ဗျာ၊ ခုခေတ်သွပ်တွေနဲ့ကွာပါ့။ လောက်စလုံးထိတာတောင် ပိန်ချိုင့်မသွားဘူး။ သွပ်ဘယ်လောက်ကောင်းသလဲဆိုတာကြည့်ရုံနဲ့ ဘယ်ကလောက်တောင်အကုန်အကျခံပြီးလှူထားသလဲဆိုတာ လူလေးတို့စဉ်းစားကြည့်ပေါ့။ ကဲကဲ- လူလေးတို့၊ ဒိုးဆီအကြောင်းကို အဘသိသလောက်ပဲပြောပြနိုင်တာ။ လူတွေမသိသေး၊ ဉာဏ်မမီသေးတဲ့အကြောင်းတွေ အများကြီးရှိဦးမှာပါ။ ကျန်တာကိုတော့ လူလေးတို့ဉာဏ်ရှိရင်ရှိသလို ရှာဖွေဖော်ထုတ်လုပ်ကိုင်စားသောက်ကြပေါ့ကွာ"

ဤသို့ဖြင့် ပူအိုက်သည့်ညတစ်ညတွင် အဘဦးပွားမောင်နှင့် စကားဝိုင်းသိမ်းပြီး သူငယ်ချင်းနှစ်ယောက်တို့ အသီးသီးလမ်းခွဲပြန်ခဲ့ကြတော့၏။

■ **အန္တရာယ်ကြားမှဒိုးနွယ်ဆီ**

အဘဦးပွားမောင်အိမ်မှပြန်လာပြီးကတည်းက ဦးတက်ပုတို့သူငယ်ချင်းနှစ်ယောက်တို့ နေ့ရှိသရွေ့ ဒိုးဆီအိပ်မက်ကိုမက်ရင်း အိပ်မက်စေရာ ဒိုးဆီအရှာထွက်ကြလေတော့၏။

ထိုစဉ်က ပဲခူးရိုးမတောကြီးမှာ လူမနီးသူမနီးတောကြီးမည်းမှောင်ဖြစ်ရကား တစ်တောဝင်တစ်တောင်တက်ဖြင့် ပင်ပန်းတကြီး ခရီးဆက်ခဲ့ကြ၏။ ဒိုးနွယ်ပင်မှသီးသည့် ခုံညင်းသီး (ခေါ်) ဒိုးသီးကိုလည်း သိဖူးမြင်ဖူးထားလေရကား အသီးတွေ့မှတော့ ဒိုးနွယ်ပင်ကိုရှာဖို့ရာ မခက်လှတော့ချေ။ အခါအားလျော်စွာ သူတို့သည် ဒိုးသီးတို့ဖြင့်ပွတ်ခဲနေသည့် ဒိုးနွယ်တန်းကိုတွေ့ကြပေမယ့်လည်း မိမိတို့အလိုရှိသည့် သက်တမ်းရင့်ဒိုးပင်မဟုတ်ခြင်း၊ အပင်ခေါင်းမှ ခြောက်သွေ့နေခြင်းမရှိလေ၍ ဆက်လက်ပြီး အရှာထွက်ကြပြန်၏။ ဒိုးဆီဇာကပ်၍သာ ရှာရလင့်ကစား ပင်ပန်းဆင်းရဲလိုက်သည့်ဖြစ်ခြင်း။ ဤသို့ဖြင့် ဦးတက်ပုတို့သည် လျှိုကြီးတစ်ခုအတွင်းသို့ရောက်သွားကြသည်။

"ဟာ- အဖြားရေ လာကြည့်စမ်းပါဦးဟ။ ဟို ဟိုမှာ နွယ်လိမ်ကြီးတစ်ပင်ခြောက်သယောင်းခါနေတာပဲ။ လားလား ကညင်ပင်ကြီးတစ်ပင်ပေါ် လိမ်တက်သွားတာ အမြင့်ကြီးပဲ။ ဒါ ဒိုးနွယ်ပင်ခြောက်ပဲဖြစ်မလားမသိဘူး"

"အေးဟာ - ဟုတ်မဟုတ်သိရအောင် အနီးကပ်သွားကြည့်ကြတာပေါ့"

သို့နှင့် သူငယ်ချင်းနှစ်ယောက်တို့သည် ချုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းပြီးသကာလ ခက်ခက်ခဲခဲပင် လျှိုထဲသို့ဆင်းကာ ဒိုးနွယ်ပင်ခြောက်ဆီသို့ အရောက်သွားလိုက်ကြ၏။

ပိုပြီး သေချာသွားတာက ထိုအပင်အောက်တွင် ခြောက်သွေ့နေသည့်ဒိုးဆီများ ပြန့်ကျဲစွာကြွေကျနေခြင်းပင်တည်း။ ထိုနွယ်ပင်ခြောက်ကြီးသည် အသူတစ်ရာနက်စောက်သည့် ချောက်ကမ်းပါးတွင်ရှိနေခြင်း၊ အလွန်တရာကြီးမားမတ်စောက်သည့် ကညင်ပင်ကြီး[illegible] တွင် တောကြီးမြွေဟောက်ပမာ[illegible]ခွေ

www.burmeseclassic.com

www.burmeseclassic.com

နေခြင်း စသည့်အချက်တွေကြောင့် သာမန်လူတစ်ယောက်ရောက်ဖို့ရာမလွယ်သလို သတိမထားမိပါက မြင်နိုင်စွမ်းလည်း မရှိပါချေ။

လမ်းတစ်လျှောက်ကြုံတွေ့ရသည့် အခက်အခဲ အန္တရာယ်များကိုတော့ ဇာတ်လမ်းရှည်မည်စိုး၍ မဖော်ပြတော့ဘဲ ချန်လှပ်ထားလိုက်သည်။

ဤသို့ဖြင့် အန္တရာယ်အသွယ်သွယ် အခက်အခဲအသိန်းအသန်းကြားမှ ဒိုးနွယ်ဆီအိတ်အား အပန်းတကြီးချွေးသံတရွှဲရွှဲဖြင့်တူးလိုက်ကြ၏။ တူးယူစဉ်အတွင်း အဘဦးပွားမောင်၏သတိပေးစကားအရ သူတို့သည် တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်ရုက္ခစိုးနတ်တို့အား အသင့်ပါလာသည့် ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်၊ အရက်၊ အမြည်းတို့ဖြင့် တင်မြှောက်ပသလိုက်ကြသည်။

သို့ဝင်ဖြစ်လေငြား မကောင်းဆိုးဝါး၊ နာနာဘာဝပရလောကသားတို့သည် မဥ္ဇူသကနတ်ပန်းကို ကုမ္ဘဏ်တစ်ထောင်စောင့်ကြပ်သည့်ပမာ သိဒ္ဓိဝင် ဒိုးနွယ်ပင်ကိုစောင့်ရှောက်တတ်ကြသည်ဖြစ်၍ တူးဖော်နေစဉ်အတွင်း သူတို့လက်ကိုပုတ်ထုတ်ခြင်း၊ အပုပ်နံ့ပေးခြင်း၊ အရိပ်အယောင်ပြခြင်းဖြင့် အနှောင့်အယှက်ပေးကြပါသေးသည်။

အကြောက်အရွံ့မရှိခြင်း၊ သီလသမာဓိတို့မြဲမြံစွာရှိခြင်းတို့ကြောင့်သာ ဦးတက်ပုတို့သည် နောက်ဆုံးတွင် လိုရာအန္တိမခရီးပန်းတိုင်သို့ ရောက်လေတော့၏။ အဘဦးပွားမောင်စကားကလည်း ပြီးပြည့်စုံသလောက်ရှိထားသည်ကတစ်ကြောင်း၊ ကံအားလျော်စွာ သက်တမ်းရင့်ဒိုးနွယ်ပင်ခြောက်အားတွေ့မိသည်ကတစ်ကြောင်းတို့ကြောင့် သူတို့နှစ်ဦးသည် လူတစ်ရပ်ခွဲသာသာရှိ ဒိုးနွယ်မြစ်ခြောက်အောက်ဘက်သို့ အသင့်ယူဆောင်လာသည့်ပေါက်တူး (ပေါက်ပြား)၊ပေါက်ချွန်းတို့ဖြင့် တူးထုတ်လိုက်ကြလေ၏။

"ဟော-ဒိုးဆီအိတ်ကိုတွေ့ပြီ၊ အိုးပျော်လိုက်တာ သူငယ်ချင်းရယ်"

သူတို့နှစ်ဦးသည် ဒိုးဆီအိတ်ကို ဘွားခနဲတွေ့လိုက်ရသဖြင့် အံ့သြခြင်း၊ ဝမ်းသာခြင်းနှင့်အတူ တစ်ယောက်နှင့်တစ်ယောက်ပွေ့ဖက်ရင်း အပျော်ကြီးပျော်လိုက်ကြသည်။

တိုတိုပဲဆိုကြပါစို့။အပြန်ခရီးတွင် မြေအိုးနှင့်လုံလုံခြုံခြုံ ထည့်ယူလာခဲ့သည့် ဒိုးဆီတို့ကို တစ်ယောက်တစ်လဲစီထမ်းပြန်လာလိုက်ကြသည်။

ဤတွင် ထင်မှတ်မထားသည့် အန္တရာယ်တစ်ခုသည် ထိုသူတို့နှင့်အတူ အရိပ်လို ထက်ကြပ်မကွာလိုက်ပါလာကြောင်း အစဦးမှာတော့ ဦးတက်ပုတို့ခမျာ မသိရှာကြသေး။

ဒိုးဆီသတင်းအတိအကျရထားသည့် မသမာသူတစ်စုတို့သည် ဓားရှည်ကိုယ်စီဖြင့် သူတို့နောက်ပါးမှ ခြေသံလုံလုံဖြင့် ဖဝါးခြေထပ်ကပ်၍လိုက်လာကြချေပြီ။ ထိုလူဆိုးတို့သည် ဒိုးဆီသာရပါက လူသတ်ဖို့ပင်ဝန်မလေးသည့် လက်မရွံ့လူသတ်သမားများလည်းဖြစ်ပုံရသည်။

တစ်စတစ်စဖြင့် ဦးတက်ပုတို့သည် အရှေ့ရိုးမကိုဖြတ်သန်းပြီး သကာလ ပိန်းဇလုပ်မြို့အထွက် ကရင်ဂျိုးရွာသို့ ရောက်ရှိကြတော့သည်။

မ်ရှေးမနှောင်းပင် မျက်လုံးနှစ်လုံးဖော်ရုံမှ ပုဆိုးစည်းထားသည့် ခေါင်းမြီးခြုံလူတစ်စုတို့သည် သူတို့နောက်ဘက်တောစပ်မှ အပြေးတစ်ပိုင်းဖြင့် ချဉ်းကပ်လာကြသည်။

"ဟိတ်ကောင်တွေ မင်းတို့အသက်ကိုမနှမြောရင် မင်းတို့မှာပါလာတဲ့ပစ္စည်းတွေကို တို့ရှေ့မှာချထားလိုက်ကြ"

တဘုတ်ဘုတ်ခြေသံများပေးကာ နောက်မှ ကမူးရှူးထိုးပြေးလိုက်လာသည့်အသံ။ သူခိုးလက်မှ သူဝှက်လုဆိုသလို လူမိုက်၊ လူသတ်သမားတို့၏ မိုက်ကြေးခွဲ ကြွေးကြော်သံတို့ကြောင့် ပထမတော့ ဦးတက်ပုတို့ ဘာလုပ်၍ဘာကိုင်ရမှန်းမသိလောက်အောင် ဇဝေဇဝါဖြစ်သွားကြသည်။

ပြီးတော့ လူအုပ်ကြီးကိုကြည့်ပြီး လန့်သွားမိကြသည်။ အခြေအနေကိုသုံးသပ်ပြန်တော့ လွတ်လမ်းကမမြင်ပြီ။ သူတစ်ပြန်ငါတစ်ပြန်ခံချပါက အထုပ်အထည်ဒိုးဆီကလည်း လုမိခံ၍မဖြစ်၊ ဇာတ်ရှုပ်သထက်ရှုပ်လာတော့မည်။

ဒုက္ခခံ အပင်ပန်းခံပြီး တူးလာကြတာမို့ ရော့အင့်ဆိုပြီးထိုးအပ်ရမှာလည်း နှမြောတွန့်တိုချင်စရာ၊မသဒ္ဓါစရာကောင်းလှသည်။

ထိုစဉ်က မိမိတို့မှာ ဒိုးဆီကိုတရားဝင်မဟုတ်ချေဘဲ ခိုးကြောင်ခိုးဝှက်တိတ်တဆိတ်တူးယူခဲ့သူဖြစ်လေ၍ တိုက်ရခိုက်ရမှာကိုလည်း လားလားမျှမလိုလားကြချေ။

'ဟယ် - မတတ်နိုင်တော့ဘူး။ တို့အပန်းတကြီးရှာခဲ့တဲ့ဥစ္စာ ဒီအမျိုးယုတ်ကောင်တွေလက်ထဲတော့မအပ်နိုင်ဘူး။ သေပြေးရှင်ပြေးပြေးမှပဲ။ ကံကောင်းထောက်မရင်တော့ ရှေ့မှာကူညီသူတွေနဲ့တွေ့ချင်တွေ့မှာ'

ဤသို့ အတွေးပေါက်မိကြသည်နှင့် ဦးတက်ပုသည် အချိန်မဆိုင်းတော့ဘဲ ဦးအပြားအား -

"အပြားရေ အခြေအနေမဟန်တော့ဘူး၊ ခြေဦးတည့်ရာသာ စွတ်ပြေးပေတော့ဟေ့"

ဟု ဆိုကာ ရှေ့တူရူသို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေတော့၏။ ကံကောင်းချင်တော့ ထိုစဉ်က ကရင်ဂျိုးရွာအဝင် ကုက္ကိုပင်ကြီးအောက်တွင် ရဲကင်းတစ်ခုရှိလေရကား သူတို့နှစ်ဦးလည်း ထိုရဲကင်းထဲသို့ ဒိုက်ထိုးလုမတတ် အဆောတလျင်ပြေးဝင်မိကြတော့သည်။ ရဲကင်းထဲသို့ ဦးတက်ပုတို့နှစ်ဦးဝင်မိကြပြီဆိုမှတော့ နောက်မှလိုက်လာသည့်မသမာသူတစ်စုသည်လည်း ကိုယ်ယောင်ဖျောက်ကာ တက်တခေါက်ခေါက်ဖြင့်နောက်ကြောင်းလှည့်ပြန်ကြတော့၏။

အသက်လုပြီးတော့ပြေးလိုက်ရပြီမို့ ဦးတက်ပုတို့သည် ဒိုးဆီကိုပင် အမှုမထား၊ တန်ဖိုးမထားနိုင်တော့ပြီ။ ဩော်-အသက်ထက် ဘယ်အရာကတန်ဖိုးရှိပါဦးမလဲ။

ဦးတက်ပု မိမိကိုယ်မိမိဆုံးမစကားရင်ထဲမှာပဲ တရားနှလုံးသွင်းလိုက်ရတော့၏။ အရင်းစစ်တော့ အမြစ်မြေဟုသာဆိုရပါအံ့။ စစ်ဆေးတွေ့ရှိချက်အရ ဒိုးနွယ်ဆီသည် နိုင်ငံတော်၏သစ်တောထွက်ကန့်သတ်ပစ္စည်းဖြစ်လေရကား ရဲတပ်ဖွဲ့ထံသို့ နှမြောတသစွာအပ်နှံခြင်းမှတစ်ပါးအခြားမရှိတော့ပြီတကား။ ပေးကားပေး၏မရ ဆိုသည့်စကားနှင့်အညီ ဦးတက်ပုနှင့် ဦးအပြားဆိုသော သူငယ်ချင်းနှစ်ဦးတို့သည် အပန်းတကြီးရှာပြီးခါမှ အသက်လုပြေးခဲ့ရခြင်း၊ ရပြီးခါမှ နိုင်ငံတော်သို့အပ်နှံလိုက်ရခြင်းအတွက် တစ်လမ်းလုံးတဖျစ်တောက်တောက်ဖြင့် ခေါင်းငိုက်စိုက်ပြန်ခဲ့ကြတော့၏။

သူတို့နှစ်ဦး၏ ရင်ထဲမှာတော့ ကိုယ်စီကိုယ်င ယခုလို တွေးမိကြမှာအမှန်ပင်။

'ဩော် - ဂမ္ဘီရဆန်ပြီး လျှို့ဝှက်လွန်းတဲ့ ဒိုးဆီဆိုတာ ရထိုက်မှရတာပါကလား'



www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်အောင်မြင်း
(အသသနိကာ)

## အရွယ်သုံးပါးတရားနှင့်နေသွားပါလျှင်

မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်အချိန်က ဝိသာခါ (၇) နှစ်သမီးနှင့် သောတာပန်တည်ခဲ့ကြောင်းသိရတော့ စာရေးသူ လွန်စွာ အံ့ဩမိခဲ့ပါသည်။ သာသနာတော်မှာ တော်လေစွပုဂ္ဂိုလ် မကြီးဟု မုဒိတာပွားပြီး သာဓုလည်းခေါ် ခဲ့မိပါသည်။ မြတ်စွာဘုရားကို ကိုယ်တိုင် မြင်ရ၊ ဖူးတွေ့ရ၊ ဘုရားဟောကြားသည့် တရားများကို ကိုယ်တိုင်နာကြားခဲ့ရ သည့်အပြင် မြတ်စွာဘုရားသီတင်းသုံး ရန် ပုဗ္ဗာရုံကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ တကယ့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်မကြီးအဖြစ် ကျောင်းအမကြီး ဝိသာခါကို ယနေ့တိုင် သာသနာတော်မှာ ချီးကျူးပြောနေကြဆဲ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဝိပဿနာဉာဏ်အမြင်နှင့် ငယ်ငယ်ရွယ် ရွယ်ဖြင့်သိပြီး ဒိဋ္ဌိကိုခွာနိုင်ခဲ့သောကြောင့် သောတာပန်တည်ခဲ့ခြင်းပဲ ဖြစ်ပါသည်။

စာရေးသူကတော့ အသက်(၆၀) ပြည့်မှ အစိုးရအလုပ်ကအငြိမ်းစားယူပြီး တရားစခန်းဝင်တော့မှသာလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ခပ်ရေးရေးလေးသိမြင် ခဲ့မိသည်ဟု ဆိုရပါမည်။ ဒါနနှင့် သီလ လောက်နှင့်သာ အသက် (၆၀) ပြည့် အောင်နေခဲ့မိပါသည်။ယခုအသက်(၇၀) ကျော်ဆိုတော့ ဇရာအရွယ်သို့ရောက်နေ ပါပြီ။ တစ်နေ့ နှစ်ကြိမ်ရေချိုးသော ကြောင့် မှန်ရှေ့သို့ တစ်နေ့နှစ်ကြိမ် ရောက်ခဲ့ပါသည်။ ခေါင်းမှ ဆံပင်ကို ခေါင်းဖြီးရင်း မိမိ၏ ရုပ်ခန္ဓာကြီးကို တစ်နေ့နှစ်ကြိမ် အမြဲလည်းအကဲခတ် ကြည့်ခဲ့မိပါသည်။ ဩော် - အိုနေပြီပဲ။ ဆံပင်တွေကဖြူ၊ သွားတွေကလည်းကျိုး သည့်သွားကကျိုး၊ ပွဲသည့်သွားကပွဲ၊ သွား ကိုက်သဖြင့် နုတ်ရသည့်သွားကနုတ်ရ၊ အသားအရေတွေကလည်းတွန့်နေပါပြီ ကော။ နေရဖို့ထက်သေဖို့ရက်က တဖြည်း ဖြည်းနီးသည်ထက်နီးနေပြီပဲ။ အခုခေါင်း ဖြီးရင်းပင် ခန္ဓာကိုယ်ကြီးကသုသာန်ကိုရပ် လို့မရဘဲ စက္ကန့်မခြားသွားနေပါလားဟု တွေးခဲ့မိပါသည်။

အဲဒီလို တွေးခဲ့မိသည်နှင့် ၁၉၇၀ ပြည့်နှစ်လောက်က ကာကွယ်ရေးဝန်ကြီး ဌာနစစ်ရေးချုပ်ရုံး၌ တာဝန်ထမ်းဆောင် ခဲ့စဉ်က လုပ်ဖော်ကိုင်ဖက် အရပ်သူ လက်နှိပ်စက်စာရေး ဒေါ်ငြိမ်းငြိမ်းပြော ခဲ့သည့်စကားကို သတိရနေမိပါသည်။

"ကိုအောင်မင်းသွားတွေကဖြူတယ်၊ ညီလည်းညီတယ်။ ဆရာမောင်သိန်း သွားတွေက ပုလဲရောင်။ နှစ်ယောက်စလုံး သွားတွေကလှတယ်"

ဟု ပြောခဲ့ပါသည်။

စာရေးသူက ဆေးလိပ်မသောက်၊ ဆရာသိန်းက လူပျိုကြီး။ဒီလိုဒေါ်ငြိမ်းငြိမ်း ကချီးကျူးပြောသဖြင့် စာရေးသူပီတိဖြစ် ခဲ့မိသည်။ သွားတွေကိုလည်းမကြာခဏ



မီးသွေးခဲနှင့်တိုက်၊ ဖွဲပြာမှုန့်နှင့်လည်း ဖြူဖွေးအောင်တိုက်ခဲ့မိပါသည်။ အိုမည့် အချိန်ကို မစဉ်းစား၊ နာမည့်အချိန်ကို မစဉ်းစား၊ သေမည့်အချိန်ကိုမစဉ်းစား ခဲ့မိပါ။

ယခု အသက် (၇၀)ကျော်အရွယ် ရောက်မှအဲဒီအချိန်က မိမိရဲ့အသိက အနိစ္စကိုအနိစ္စဟုထင်ခဲ့မိပါလား။ ဒုက္ခ ကို သုခဟုထင်ခဲ့မိပါလား။ အနတ္တကို အတ္တဟုထင်ခဲ့မိပါလားဟု သိခဲ့ရလေ သည်။ လောဘ၊ ဒေါသ၊ မောဟတွေနှင့် အဝိဇ္ဇာတွေဖုံးနေခဲ့တော့လည်း ဘယ်လို လုပ်ပြီး အမှန်တရားကိုသိနိုင်ခဲ့ပါ့မလဲ။ ဝိဇ္ဇာမျက်လုံးကွယ်ပျောက်နေခဲ့သည့် အရွယ်မို့ မသိနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

တကယ်တော့ မိရိုးဖလာကျင့်သုံး ခဲ့သည့် 'တတိယအရွယ်တရားရှာ' ဆို သည့်စကားကို စွဲမြဲစွာလက်ခံယုံကြည်ခဲ့ သောကြောင့် ယခုတတိယအရွယ် ရောက်ခါမှ တရားရှာခဲ့မိခြင်းပဲ ဖြစ်ပါ သည်။ အဲဒီအချိန်က ဝိသာခါ (၇) နှစ် သမီးအရွယ် သောတာပန်တည်ခဲ့သည် ကိုလည်းမသိခဲ့။ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးကိုလည်း မသိခဲ့ပါ။ လူရှင်တော်

www.burmeseclassic.com

www.burmeseclassic.com

များပြက်လုံးထုတ်သည်။ 'ရုပ်နာမ်မသေတယ်ဆိုတာ မင်းသိလား' လို့တစ်ယောက်ကမေးတော့ တစ်ယောက်က 'မသိဘူး' ဟု ဖြေပါသည်။ ဒီတော့ မေးတဲ့သူက 'မင်းမသိရင် မြဲမြဲမှတ်ထား။ ရုပ်နာမ်သေတယ်ဆိုတာ ရေနံသုတ်တာကိုပြောတာ' ဟု ဆိုသည့် ပြက်လုံးလောက်သာသိခဲ့ရသည်။

အသက် (၆၀) ပြည့်လို့ တရားစခန်းဝင်တော့ မိမိဘေးနားက အသက် (၃၀) ကျော် ယောဂီလေးတွေတွေ့လို့ စပ်စုမေးကြည့်မိသည်။ မကွေးမြို့အနီးနားရွာများမှ ကျောင်းဆရာလေးများဖြစ်သည်ကိုသိရပြီး ခွင့် (၇) ရက်ယူ၍ တရားစခန်းလာဝင်တာဟု သိရသဖြင့် မိမိလည်း သူတို့အရွယ်လောက်ကတည်းက ဒီလိုတရားမျိုးကိုလုပ်ခဲ့ရမှာဟု နောင်တရနေမိသည်။

အသက်အရွယ်ကငယ်သေးတော့ သေခြင်းတရားကိုမေ့နေတတ်သည်။ မိမိကိုယ်မိမိ သေချိန်မတန်သေးဟု ယူဆထားမိသည်။ သတင်းစာ၌ နာရေးသတင်းများကို နေ့စဉ်ဖတ်နေမိသည်။ အသက်အရွယ်မျိုးစုံတို့သေနေသည်ကို ဖတ်ရှုမိသော်လည်း သံဝေဂမရခဲ့ပါ။ ဉာဏ်မပါတော့ သံဝေဂဘယ်လိုရနိုင်ပါမလဲ။ သေမင်းက သေနေ့စေ့လျှင် အသက်အရွယ်မျိုးစုံကိုခေါ်နေသည်။ အသက်အရွယ်ရရှိလာမှ တရားအလုပ်လုပ်လာသည့်အခါမှသာလျှင် သေခြင်းတရားက လက်တစ်ကမ်းမှာရှိပါလားဆိုသည်ကို သိခဲ့ရလေသည်။ မနက်ဖြန်ခါဆိုသည်က ဝေးသေးသည်။ နောက်ဘဝဆိုသည်က ယခုချက်ချင်းရောက်သွားနိုင်သည်ဟု တရားဓမ္မကို နာကြားခဲ့မိသည်။

မှန်ပါသည်။ ယခုဘဝ စုတေသေပြီးသည်နှင့် နောက်ဘဝ ပဋိသန္ဓေက ချက်ချင်းရောက်သွားသည်ဟု ဆိုသည်။ ယခု မျက်မှောက်ခေတ်က နေ့မြင်ညပျောက်မဟုတ်တော့ပါ။ အခုမြင်အခုပျောက်နေသည့်ခေတ်သို့ရောက်နေသည်။

သင်္ခါရပြောင်းလဲဖြစ်ပေါ်လိုက်၊ အနိစ္စကနှိပ်စက်လိုက်ဖြင့် စာရေးသူတို့ဘဝတွေအဖန်ဖန်အထပ်ထပ်ပြောင်းလဲခဲ့လို့ သံသရာမှာ ဘဝမျိုးစုံဖြင့်နေခဲ့ရပြီးဖြစ်ပါသည်။ ဖြစ်ခြင်းတရားနှင့် ပျက်ခြင်းတရားနှစ်ပါးသာရှိသည့်အတွက် စာရေးသူတို့ဘဝတွေ ပျိုရာမှ အို၊ အိုရာမှနာ၊ နာရာမှသေခဲ့ခြင်းမှတစ်ပါး ဘာများရှိနိုင်ဦးလဲ။

တစ်ချိန်က စာရေးသူ၏ သားဗိုလ်မင်းထင်ဦးပြောခဲ့သည့်စကားတို့ကိုလည်းအမှတ်ရနေမိပြန်ပါသည်။

"အဖေ့ကိုတွေ့ဖူးတဲ့ ကျွန်တော့်အသိဗိုလ်တွေကပြောတယ်။မင်းရဲ့အဖေကရဲယူနီဖောင်းနဲ့ကြည့်လို့ကောင်းတယ်"

ဟု ပြောခဲ့ဖူးပါသည်။

အဲဒီစကားကြားရပြန်တော့လည်း စာရေးသူပီတိဖြစ်ခဲ့မိပြန်ပါသည်။ မိမိအား ချီးကျူးပြောဆိုသည်ကို ဘယ်သူသဘောမကျဘဲနေမှာလဲ။ ပုထုဇဉ်မို့ သဘောကျနှစ်မြို့ခဲ့မိပါသည်။ စာရေးသူက ယူနီဖောင်းချုပ်လျှင် ရန်ကုန်မြို့ မောင်သောင်းအပ်ချုပ်ဆိုင်မှာချုပ်သည်။ တစ်ခါတစ်ရံ သန်းအပ်ချုပ်ဆိုင်မှာချုပ်သည်။ တက်ထရက်ကာကီရောင်၊ ယူနီဖောင်းဝတ်၊ ပီကတ်ဦးထုပ်၊ ခြောက်လုံးပြူးသေနတ်ခါးမှာချိတ်၊ ရှူးဖိနပ်နဲ့ဆိုတော့လည်း ကြည့်လို့ကောင်းလို့ပဲပြောကြတာဟုထင်ခဲ့မိသည်။ အရုပ်ကလည်း ငါးပေခြောက်လက်မ။ ဘော်ဒီကလည်း မင်းသား ညွန့်ဝင်းဘော်ဒီမို့ ပြောခဲ့ကြခြင်းပဲလို့ပင် မာန်မာနကတက်ခဲ့မိသည်။

ယခုတော့ အဲဒီယူနီဖောင်းတွေလည်းမရှိတော့ပါ။ ခန္ဓာကိုယ်မှာကြည့်ကောင်းသည်ဆိုတဲ့အရာတွေက သဗ္ဗေသင်္ခါရမို့ အားလုံးပြောင်းလဲလို့သွားကြပါပြီ။ အသက် (၆၀) ပြည့်လို့ အငြိမ်းစားယူပြီးသည်နှင့် တစ်ပြိုင်နက် ဝိပဿနာတရားအလုပ်ကိုလုပ်ခဲ့မိလို့ တော်သေးသည်ဟုဆိုရပါမည်။ တရားအလုပ်မလုပ်ဘဲ ပင်စင်စားပီပီ အိမ်မှာနေလို့ကတော့ လောဘ၊ ဒေါသ၊ မောဟတွေနှင့်နေမိပြီး တရားလက်လွှတ်နေမိမှာသေချာပါသည်။ အဲဒီလိုနေမိလို့ကတော့ ယခုလူ့ဘဝရောက်နေသည့်လမ်းဆုံက အောက်အဝီစိဒယ်အိုးထဲရောက်မှာ သေချာပါသည်။ ဝိပဿနာတရားအလုပ်ကို သစ္စာသိပြီးလုပ်ခဲ့မိလို့ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းသည့်နိဗ္ဗာန်ကို မျှော်မှန်းလို့ရနိုင်သေးသည်ဟု ထင်မိပါသည်။

ယနေ့အချိန်အခါ၌ အမြို့မြို့အနယ်နယ်အရပ်ရပ်တွေမှာ ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ ဓမ္မစကူးလ်တွေ၊ ကလေးတရားပွဲတွေပြုလုပ်နေကြသည်ကို မြင်နေတွေ့နေရသဖြင့် သာသနာအတွက် ဝမ်းသာမိသည်။ စာရေးသူတို့ငယ်စဉ်ဘဝက ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများသာရှိခဲ့သည်။ ယနေ့လူငယ်လူရွယ်တွေက ဘာသာတရားနှင့် အစိမ်းသက်သက်မဟုတ်တော့ပါ။ အထိအတွေ့တွေများစွာရှိနေပါသည်။

အနာဂတ်သာသနာအတွက် အားကိုးရလောက်သည့် လူငယ်လူရွယ်တွေဟုမြင်မိပါသည်။ ထို့အပြင် သက်ဆိုင်ရာရုပ်သံလွှင့်ဌာနတွေကလည်း တရားဓမ္မများကိုထုတ်လွှင့်ပြသနေပါသည်။ စာရေးသူတို့ငယ်စဉ်ဘဝထက် ယနေ့လူငယ်လူရွယ်များက မိမိဘဝအတွက် အကျိုးရှိနိုင်မည့်အရာမှန်သမျှကို ကြိုးစားအားထုတ်နိုင်နေသည့်ခေတ်ဟု ဆိုနိုင်ပါသည်။

တကယ်တော့ တရားသဘောသိထားလျှင် အရာရာကိုတရားသဘောနှင့်ယှဉ်ပြီး ဝေဖန်စဉ်းစားချင့်ချိန်နိုင်မည်ဖြစ်ပါသည်။ ဘုရားဟောကြားထားခဲ့သည့်တရားကရှိနေပြီးသားဖြစ်ပါသည်။ မိမိက ထိုတရားကိုသိအောင်ကြိုးစားအားထုတ်ဖို့သာလိုပါသည်။ အရွယ်သုံးပါးတရားနှင့်နေသွားနိုင်လျှင် တန်ဖိုးရှိသည့်လူ့ဘဝကိုရရှိခြင်း၏ အကျိုးတရားဟု ဆိုရပါမည်။ ထိုသို့ အရွယ်သုံးပါးတရားနှင့်နေထိုင်သွားပါက မိမိအားချီးကျူးပြောဆိုနေစေကာမူ မိမိစိတ်ထဲက ဒီလူ အနတ္တခန္ဓာကြီးကို အတ္တခန္ဓာကြီးထင်ပြီးပြောနေပါလားဟုပင်သိနေနိုင်ပါသည်။ စာရေးသူက ထိုသို့မသိခဲ့သဖြင့် မိမိအားချီးကျူးပြောဆိုနေသည်ကို ကျေနပ်ပီတိဖြစ်ပြုံးခဲ့မိသည့်အပြင် မာန်မာနတွေပင်ဖြစ်ခဲ့မိလေသည်။

အရွယ်သုံးပါး တရားနှင့်နေထိုင်သွားလျှင် သေခြင်းတရားကိုလည်းကြိုတင်ပြင်ဆင်ထားရာရောက်ပါသည်။ တရားအလုပ်ကို အိုသည့်တိုင်အောင် မစောင့်သင့်ပါ။ ယခု ကျွန်ုပ်တို့ လူ့ဘဝသက်တမ်းကအသက် (၇၅) နှစ်သက်တမ်းဖြစ်ပါသည်။ အသက် (၅၀)ဆိုလျှင်ပင် တတိယအရွယ်သို့ရောက်နေပါပြီ။ လူ့ဘဝရောက်ခဲ့ခြင်းက ခေတ္တခဏသာရောက်ခဲ့ခြင်းမို့ အရာရာကို တရားလက်လွှတ်မနေသင့်တော့ပါ။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံး တစ်နေ့နေ့တစ်ချိန်ချိန်မလွဲမသွေသေကြရပါမည်။ မအိုမီ၊ မနာမီ၊ မသေမီက အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော၊ သင်္ခါရသဘောတွေကို ကြိုတင်သိရှိ သဘောပေါက်နားလည်နိုင်အောင် အရွယ်သုံးပါးတရားနှင့်နေထိုင်သွားသင့်ပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။

ငါသည်မုချသေရမည်။အချိန်ပိုင်းသာလိုတော့သည်။

မောင်မောင်အောင်မင်း(ဒေသ[illegible])



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ ဝန်ထမ်းဘဝ တစ်လျှောက် တွေ့ကြုံခဲ့သည့်ဖြစ်ရပ်ဆန်းများမှ ယခုဖော်ပြရေးသားမည့် ဖြစ်ရပ်ဆန်းတစ်ပုဒ်လည်းပါဝင်ပါသည်။ ခရစ်နှစ် ၂၀၀၀ ပြည့်က စာရေးသူဝန်ထမ်းဘဝတွင်ရှိခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ရက်ခွင့်လအတိအကျကိုတော့ စာရေးသူလည်းမမှတ်မိတော့ပါ။

တစ်ရက်မှာ စာရေးသူနှင့် အရာရှိအမျိုးသမီးဝန်ထမ်းနှစ်ဦးတို့ တာဝန်ဖြင့် မိမိတို့အလုပ်ရှိရာဂိုဒေါင်ဆီသို့ နံနက်ဘက်စောစောသွားရောက်ခဲ့ပါသည်။ စာရေးသူတို့ ဂိုဒေါင်သို့ရောက်ရှိချိန်မှာ ဆောင်းတွင်းကာလလည်းဖြစ်၍ ပတ်ဝန်းကျင်၌ မြူနှင်းများအုံ့ဆိုင်းနေခဲ့ပါသည်။ စာရေးသူတို့ဂိုဒေါင်မှာ မြောက်ဥက္ကလာပမြို့နယ်တွင်တည်ရှိပြီး သွပ်မိုးဖြင့်ဆောက်လုပ်ထားသည့်ဂိုဒေါင် ဖြစ်ပါသည်။

စာရေးသူတို့ဂိုဒေါင်ဝင်းအတွင်းသို့ ရောက်ရှိချိန်တွင် မည်သည့်ဝန်ထမ်းမျှ မရောက်ရှိကြသေးဘဲ စာရေးသူနှင့် အရာရှိဝန်ထမ်းနှစ်ဦးသာရှိကြပါသည်။ စာရေးသူနှင့် အရာရှိဖြစ်သူတို့ ဂိုဒေါင်အတွင်းသို့ရောက်ရှိခဲ့ပြီး မိနစ်နှစ်ဆယ်ခန့်အကြာမှာ ဂိုဒေါင်ကိုကာရံထားသည့် ကျူထရံကိုပြင်းထန်သော ရိုက်နှက်လိုက်သည့်အသံကြီးကို ကြားလိုက်ရပါသည်။ စာရေးသူတို့ဂိုဒေါင်နှင့် အခြားတစ်ဖက်တွင်ရှိသောဂိုဒေါင်နှစ်ခုကြားကို ကျူထရံဖြင့်ကာရံထားပါသည်။

စာရေးသူနှင့် အရာရှိဖြစ်သူ အမျိုးသမီးတို့နှစ်ဦးသည် ပြင်းထန်သည့်အသံကြီးကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရှုနေကြပြီး အသံထွက်ပေါ်သည့်ကျူထရံကြီးကို အံ့အားသင့်စွာဖြင့် ကြည့်ရှုနေခဲ့ပါသည်။ စာရေးသူ၏စိတ်အထင်က အခြားတစ်ဖက်ဂိုဒေါင်သို့ ဝန်ထမ်းများရောက်ရှိလာပြီးနောက် စာရေးသူတို့အား နောက်ပြောင်ကျီစယ်သည်ဟုထင်မှတ်ကာ အခြားတစ်ဖက်ရှိဂိုဒေါင်သို့ သွားရောက် ကြည့်ရှုခဲ့ရာ မည်သည့်ဝန်ထမ်းမျှ မရောက်ရှိသေးကြောင်းသိရှိလိုက်ပါသည်။ ဂိုဒေါင်သော့မှာလည်းခတ်ထားသည်ကို သိရှိလိုက်ရပြီးနောက် မိမိဂိုဒေါင်သို့ပြန်လာခဲ့ကာ အမျိုးသမီးအရာရှိဖြစ်သူအား ဖြစ်ကြောင်းကုန်စင်ပြောကြားခဲ့သည့်ကာလ အရာရှိဖြစ်သူအမျိုးသမီးက ကြောက်လန့်ပြီး ဂိုဒေါင်ပြင်ပသို့ ထွက်ပြေးလေသည်။ စာရေးသူက ဝိညာဉ်လောကသာများအား ကြောက်လန့်တတ်သူမဟုတ်၍ ဂိုဒေါင်အတွင်းရှိကုလားထိုင်၌ထိုင်လျက်ရှိပါသည်။

စာရေးသူတို့ဂိုဒေါင်သို့ ဝန်ထမ်းများရောက်ရှိလာခဲ့သည့်ကာလ စာရေးသူက ဝန်ထမ်းများရောက်ရှိမလာမီကာလက ကြုံတွေ့ခဲ့သည့်ဖြစ်ရပ်ဆန်းကိုပြောကြားခဲ့သည့်အခါ ဝန်ထမ်းများလည်း အံ့အားသင့်နေခဲ့ကြပါသည်။ ထို့နောက် တစ်ဖက်ဂိုဒေါင်သို့ ဝန်ထမ်းများနောက်ရှိလာခဲ့သည့်ကာလမှာ စာရေးသူက အခြားတစ်ဖက်ဂိုဒေါင်သို့သွားရောက်ပြီး နံနက်ပိုင်းစောစောက ကြုံတွေ့ခဲ့သည့်

# တင်ထွန်း
## (စက်မှု-၂)ငြိမ်း
# ဝန်ထမ်းဘဝကတွေ့ကြုံခဲ့သည့် ဖြစ်ရပ်ဆန်း





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်ဆန်းကို ပြောကြားခဲ့သည့်အခါ သူတို့လည်း စာရေးသူ ပြောကြားသည့် စကားများကို နားစိုက်ရင်းနှင့် ဝန်ထမ်းတစ်ဦးက သူတို့ဂိုဒေါင်တွင် ဝန်ထမ်းလေးဦးမှာ (၉၆) ပါးသောရောဂါဖြင့် သေဆုံးခဲ့ကြပြီးနောက် အချို့သောဝန်ထမ်းများမှ မကျွတ်လွတ်ကြသေးသော ဝိညာဉ်လောကသားများအဖြစ်သို့ ရောက်ရှိသွားခဲ့ကြပြီးနောက် သူတို့ဂိုဒေါင်တွင် ညကြီးပိုင်း အချိန်ပိုဆင်းကာ အလုပ်လုပ်ကြရသည်။ ကာလမှာ ဂိုဒေါင်အတွင်း၌ထားရှိသော လယ်ထွန်စက်တစ်စီးမှာ စက်မနှိုးဘဲနှင့်အလိုအလျောက်စက်နိုးနေသည်ကို တွေ့မြင်ခဲ့ရကြောင်းနှင့် လူအရိပ်အယောင်များကိုလည်း မကြာခဏတွေ့မြင်ရကြောင်းကို ပြန်လည်၍ပြောကြားခဲ့ပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ စာရေးသူတို့ အသက်ရှင်စဉ်ကာလတုန်းမှာရှိကြသည့် နာမ်တရားများသည် လူတွေသေဆုံးကြသည့်ကာလ၊ ဘဝသစ်သို့ကူးပြောင်းမည့်ကာလမှာ ဝိညာဉ်လောကသားများအဖြစ်သို့ ရောက်ရှိသွားခဲ့ကြပြီးနောက် ကံဇာတာမြင့်သူများကို ခြောက်လှန့်၍မရကြဘဲ ကံဇာတာနိမ့်သူများကိုသာ ခြောက်လှန့်တတ်သည့်သဘော ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဝိညာဉ်လောကသားများက ခြောက်လှန့်သည့်ဟု ထင်မှတ်ကြသော်လည်း အမှန်က ဝိညာဉ်လောကသားများသည် သက်ရှိထင်ရှားရှိကြသူများ ပြုလုပ်ခဲ့ကြသောကြောင့် ကောင်းမှုကုသိုလ်များကို အမျှအတန်းရယူလိုကြရန် သူတို့အား အမျှအတန်းပေးဝေနိုင်ရန်နည်းမျိုးစုံဖြင့် လူတို့အားအသိပေးခြင်းလည်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်ဆန်းကို စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့၍ ပြန်လည်၍ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

ခရစ်နှစ် ၂၀၀၃ စာရေးသူသည် တာဝန်ပေးချက်အရ ကမ္ဘာအေးစေတီလမ်းရှိ ဂိုဒေါင်တစ်ခုသို့ ပြောင်းရွှေ့ခဲ့ရပြီးနောက် ခရစ်နှစ် ၂၀၀၄ တွင် ဖြစ်ရပ်ဆန်းတစ်ခုကို ထပ်မံကြုံတွေ့ခဲ့ပါသည်။ စာရေးသူ ပြောင်းရွှေ့ရောက်ရှိခဲ့သည့် ဂိုဒေါင်တာဝန်ထမ်းဆောင်နေသည့်ရက်တစ်ရက်မှာ ဖြစ်ရပ်ဆန်းကိုကြုံတွေ့ခဲ့ပါသည်။ ထိုနေ့က စာရေးသူ ဂိုဒေါင်၌ နေ့လယ်စာထမင်းစားခဲ့ပြီးနောက် ဂိုဒေါင်အတွင်းရှိ ဝါးကုလားထိုင်တွင်ထိုင်နေစဉ် ဂိုဒေါင်ပေါက်ဝမှ လည်ကတုံးရှပ် အင်္ကျီအဖြူလက်ရှည်နှင့် ကချင်လုံချည်စိမ်းပြာရောင်ဝတ်ဆင်ထားသည့်လူတစ်ယောက်သည် မော်တော်ယာဉ်များထားရှိသည့် ဂိုဒေါင်အတွင်းသို့ဝင်ရောက်သွားခဲ့သည်ကို လှမ်းမြင်လိုက်၍ သူဝင်ရောက်သွားခဲ့သည့်နေရာကို လိုက်လံကြည့်ရှုသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှမမြင်တွေ့ရ၍ စာရေးသူလည်း အံ့အားသင့်ကာ တွေးတောစဉ်းစားနေမိပါသည်။ ထိုသူမှာ ဝိညာဉ်လောကသားတစ်ဦးဖြစ်နိုင်ကြောင်းကိုလည်း သိရှိလိုက်ပါသည်။

စာရေးသူ တွေ့မြင်လိုက်သည့် ဝိညာဉ်လောကသားပုံရိပ်မှာ စာရေးသူနှင့် အလွန်ရင်းနှီးခဲ့သူဖြစ်သည့် ကွယ်လွန်သူမိတ်ဆွေတစ်ဦးဖြစ်ပါသည်။ သူ့အမည်ရင်းက ကိုသန်းစိုးဖြစ်ပြီး သူမကွယ်လွန်မီက နိုင်ငံ့ဝန်ထမ်းအဖြစ်နှင့် ဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် သက်ပြည့်အငြိမ်းစားယူနေသည့်ကာလ၌ လည်ချောင်းကိုခွဲစိတ်ခဲ့ရာမှ ဆုံးပါးခဲ့ခြင်းဖြစ်ပါသည်။ ကိုသန်းစိုးဝိညာဉ်ကို တွေ့မြင်ခဲ့ရသည့်နေ့ရက်သည် သူကွယ်လွန်ခဲ့ပြီးနောက် ရက်လည်သောနေ့ရက်ဖြစ်ပါသည်။ စာရေးသူ ထင်မြင်ယူဆမိသည်က စာရေးသူအား နောက်ဆုံးနှုတ်ဆက်ခဲ့သည့်အနေဖြင့် ကိုယ်ထင်ပြခြင်းဖြစ်နိုင်ပါသည်။ သူ၏ဝိညာဉ်ကို ထိုနေ့က နောက်ဆုံးမြင်တွေ့ခဲ့ရပြီးနောက် နောက်တစ်ကြိမ် ပြန်လည်၍ မမြင်တွေ့ရတော့ပါ။

သူဘဝသစ်တစ်ခုသို့ ကူးပြောင်းသွားခဲ့ပြီလား (သို့) မည်သည့်ဘဝသို့ ရောက်ရှိသွားခဲ့သည်ကိုတော့ စာရေးသူလည်း မသိရှာတော့ပါ။ ဝိညာဉ်လောကသားဆိုသည်မှာရှိကြသောနာမ်တရားသည် လူတွေသေဆုံးခဲ့ကြပြီးနောက် တမလွန်ဘဝသို့ မကူးပြောင်းကြမီကာလ၌ ဝိညာဉ်လောကသားအဖြစ်သို့ ရောက်ရှိသွားခြင်းလည်း ဖြစ်ပါသည်။ အသက်ရှင်စဉ်ကာလမှာ မိမိတို့ပြုလုပ်ခဲ့ကြသည့် ကုသိုလ်နှင့် အကုသိုလ်အကြောင်းတရားများပေါ်တွင် မူတည်၍ တမလွန်ဘဝများသို့ ကူးပြောင်းကြခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အသက်ရှင်စဉ်ကာလမှာ ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ကြသည့်သူများသည် အထက်ဘုံသို့ ရောက်ရှိကြပြီး အကုသိုလ်အကြောင်းတရားများကိုပြုလုပ်ခဲ့ကြသူများမှာ အောက်ဘုံဖြစ်သည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ စသည့် အပါယ်လေးပါးဘုံသို့ကျရောက်ကြမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

'ရေဘူးနှင့်ဖိနပ်မပါ နွေအခါမှသိ၊ ဒါနနှင့်သီလမပါ သေအခါမှသိ'ဆိုသည့်အတိုင်း အသက်ရှင်စဉ်ကာလများမှာ ကောင်းမှုကုသိုလ်များဖြစ်ကြသည့် 'ဒါန၊ သီလ၊ ဘာဝနာ' စသည့်သူတော်ကောင်းတရားများကို ကျင့်ကြံနိုင်ကြမှသာ မိမိတို့၏ တမလွန်ခရီးအတွက် အထက်ဘုံများသို့ စံမြန်းနိုင်ကြမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အသက်ရှင်စဉ်ကာလများအပေါ်တွင်မူတည်၍ တမလွန်သို့ ဘဝများကူးပြောင်းကြခြင်းဖြစ်ပါသည်။

ခမ္မပဒတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့ပြုလုပ်ခဲ့ကြသည့် ကုသိုလ်နှင့်အကုသိုလ်အကြောင်းတရားများတို့သည် နွားနောက်သို့ လှည်းဘီးလိုက်ဘိသကဲ့သို့ တစိုက်မက်မက်လိုက်နေကြမည် ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်လည်း တစ်နေ့ကျလျှင် တမလွန်ခရီးသို့ သွားရောက်ရမည်မှာ ဧကန်မလွဲဖြစ်၍ ပစ္စုပ္ပန်ကာလမှာ ရာသက်ပန်သက်သတ်လွတ်စားခြင်း၊ ဒါန၊ သီလ၊ ဘာဝနာတရားများပွားများခြင်းက သေဆုံးမည့်အချိန်ကျရောက်ပါက မိမိနောက်သို့ အမှန်တကယ်လိုက်ပါကြမည့်အကြောင်းတရားများ ဖြစ်ပါသည်။

မိမိတို့အသက်ရှင်စဉ်ကာလမှာ ပိုင်ဆိုင်ခဲ့သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများမဟုတ်ကြဘဲ အသက်ရှင်စဉ်ကာလ မိမိတို့ပြုလုပ်ခဲ့ကြသည့် ကုသိုလ်နှင့်အကုသိုလ်အကြောင်းတရားများသည်သာ မိမိတို့တမလွန်ခရီးအတွက် အမှန်တကယ်လိုက်ပါကြမည် ဖြစ်ပါသည်။

စိတ်သာရှင်စော၊ ဘုရားဟောဟုဆိုထားသည့်အတိုင်း ပစ္စုပ္ပန်ကာလမှာ သူတော်ကောင်းစိတ်ထားများထားရှိနိုင်ကြရန် အလွန်အရေးကြီးပါသည်။ ခန္ဓာကိုယ်ကို စိတ်ကသာ ဦးဆောင်ဦးရွက်ပြုသဖြင့် အကုသိုလ်စိတ်ကို နေ့စဉ်ဖျောက်ဖျက်နိုင်ကြမှသာ ကုသိုလ်စိတ်တို့ဖြင့် အစားထိုးပြီး ပစ္စုပ္ပန်ကာလအတွက်သော် လည်းကောင်း၊ အနာဂတ်တမလွန်ခရီးအတွက်သော် လည်းကောင်း ဖြောင့်ဖြူးသာယာသည့် သံသရာခရီးလမ်းကြောင်းကို အမှန်တကယ်လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။

တင်ထွန်း (စက်မှု-၂၊ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

အစွယ်ရှိသော သတ္တဝါတို့သည် အစွယ်အားကိုး၏။ ဦးချိုရှိသောသတ္တဝါသည် ဦးချိုကို အားကိုး၏။ လက်နက်ရှိသောသတ္တဝါသည် လက်နက်ကိုအားကိုးကြကုန်၏။ ဤသည်ကား လောကနိယာမပင်ဖြစ်၏။

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟူ၍ လောကကြီးသုံးပါးရှိကြရာဝယ် သတ္တလောကတွင် ရှိကြကုန်သော သတ္တဝါများအနက် အသိဉာဏ်အရှိဆုံးမှာ 'လူ' ပင် ဖြစ်သည်။

လူသည် မိမိ၏အသက်ကို ပိုးမွေးသလိုမွေးကြသည်မှာ မိမိကိုယ်ကိုမြတ်နိုးသောကြောင့်ဖြစ်လေသည်။ အရောင်အသွေးစုံသော လူသားများဘဝ ပုံရိပ်လွှာများမှာ လောကစက်ဝိုင်းကြားထဲလည်ပတ်နေပါသည်။ ပြေးတက်လှုပ်ရှားနေကြပါသည်။ ■

# သက်လှိုင်မျိုး

(စက်မှုတက္ကသိုလ်)

## ဘောကသွေးတို့ အုပ်ဖွက်လျက်ရှိရာမှ

နာမည်က ရွှေကျွန်း။ ရွှေထွက်သည့်ကျွန်း၊ အထူးသတ္တု (၂) စီမံကိန်း။ ၁၉၈၁ ခုနှစ်ကာလ။ ထိုကျွန်းတွင် ငှက်ဖျားပေါသည်။ ငှက်ဖျားရောဂါကြောင့် လူ(၃)ဦးသေဖူးသည်။ ရွှေကျွန်းစီမံကိန်းမှာ ဓာတ်သတ္တုရှာဖွေရေးစီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

ဓာတ်သတ္တုရှာဖွေရေးဌာန၊ လွှန်တူဌာနစုမှ ကိုဝင်းစိုးမှာ ရွှေကျွန်းတွင် (၆) လအလုပ်လုပ်ဖို့ တာဝန်ကျသောအခါ မိဘများက -

"သားရယ်ဒီကိုမသွားပါနဲ့လား" ဟု တားသည်။

"အဲဒီမှာ ငှက်ဖျားဒီလောက်ပေါနေတာ မသွားဘဲနေလို့ရရင် နေလိုက်ပါ။ လူစားထိုးလို့ရရင်လည်းထိုးလိုက်ပါ"

ဟု မိဘနှစ်ပါးက အကြံပေးသည်။

"ဒီမှာ အမေနဲ့အဖေ၊ ကျွန်တော်က ဓာတ်သတ္တုရုံးချုပ်မှာ တစ်လကြာအောင်တောင်နေချင်တာ မဟုတ်ဘူး၊ ရုံးအလုပ်တွေလည်းမလုပ်ချင်ဘူး။ ဒါကြောင့် မန်မြန်ထွက်ပြီး နယ်မှာပဲ တောထဲမှာပဲ အလုပ်လုပ်ချင်တာ။ နယ်မှာ ဓာတ်သတ္တုတွေတူးမယ်၊ အဲဒီလို တူးရတာကိုပျော်တယ်။ အခုလည်း ဌာနစုမှူးဦးဘကြည်ဆီမှာအဲဒီငှက်ဖျားပေါတဲ့ ရွှေကျွန်းကို ကျွန်တော်ကိုယ်တိုင်ကသွားမယ်ဆိုပြီး တောင်းဆိုခဲ့တာ။ အဲဒီတော့ ရွှေကျွန်းကို သွားကိုသွားမှာ"

"အေး - ပြောမရရင်တော့ သွားပေါ့သားရယ်။ မင်းအခုဓာတ်သတ္တု ရှာဖွေရေးမှာ လုပ်သက် (၅) နှစ်ရလာပြီ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေကို မမေ့ပါနဲ့။ အထူးသဖြင့် တောထဲ



www.burmeseclassic.com

www.burmeseclassic.com

တောင်ထဲမှာ မြွေသားကိုမစားပါနဲ့။ အရက်လည်းမသောက်ပါနဲ့။ ငှက်ဖျားရောဂါကာကွယ်ဖို့ သောက်တယ်ဆိုရင်လည်း နည်းနည်းပါးပါးပဲသောက်ပါ။ အဲဒါလေးတော့ ငါ့သားနားထောင်ပါကွယ်"

ဟု မိဘနှစ်ပါးကမှာလိုက်သည်။

ချက်ချင်းပင် ကိုဝင်းစိုးက -

"ဒီမှာ အဖေနဲ့အမေ၊ တောင်ထဲတောင်ထဲမှာ အသားရွေးနေလို့မရဘူး။ လိပ်သားလည်းစားရမှာပဲ၊ ဖွတ်သားလည်းစားရမှာပဲ။ မြွေသားလည်း စားရမှာပဲ။ မစားရင်ငတ်မှာပေါ့"

ဟု မိဘနှစ်ပါးမှာ ညည်းညူရုံမှတစ်ပါး မတတ်နိုင်တော့ပါချေ။

ရွှေကျွန်းသို့ ကိုဝင်းစိုးတို့ရောက်ခဲ့ပါပြီ။ ရန်ကုန်မှ ထားဝယ်သို့ ဖော်ကာလေယာဉ်စီးခဲ့သည်။ ထားဝယ်မှ မြိတ်သို့ တွင်အော်တာလေယာဉ်စီးခဲ့သည်။ (၂၃)ယောက်သာဆံ့သောလေယာဉ်ကိုလေထဲလူးလူးလွန့်လွန့်စီးခဲ့ရသည်။ မြိတ်တွင် ရာသီဥတုအခြေအနေကို (၃) ရက်ခန့်စောင့်စားပြီး မြိတ်မှ ရွှေကျွန်းသို့လာခဲ့သည်။ မြိတ်မှ ရွှေကျွန်း (၈၄) မိုင်ဝေးသည်။ ရွှေကျွန်းနှင့်ကော့သောင်းမြို့မှာ (၂၄) မိုင်ဝေးသည်။ ကိုဝင်းစိုးတို့မြိတ်မှ လိုအပ်သည့်ပစ္စည်းအချို့ကို ဝယ်ယူခဲ့သည်။

ရွှေကျွန်းအနီး တစ်ဖာလုံခန့်တွင်စက်လှေကြီး ကျောက်ချရပ်နားလိုက်သည်။ ရွှေကျွန်းမှ ဝန်ထမ်း (၃) ယောက်က ကူဆိုတာစက်တပ်လှေငယ်ဖြင့် ကိုဝင်းစိုးတို့ကို လာကြိုသည်။ လာကြိုသူဝန်ထမ်း (၃) ဦးထဲတွင် ကိုလှသန်းကအာကျယ်သောအသံဖြင့် အပျော်ရွှင်ဆုံးဖြစ်နေသည်။

"ဟေး - စာတွေဖတ်ရတော့မယ်၊ လက်ဖက်၊ ချင်းသုပ်တွေစားရတော့မယ်။ မိန်းမတော့ စားစရာတွေ များများပေးလိုက်မယ်လို့ပြောတာပဲ"

ဟု ဆိုကာ ပျော်ရွှင်မြူးနေသည်။

ရွှေကျွန်းတွင် (၆) လ လုပ်သက်ပြည့်ပြီးသော ဝန်ထမ်း (၃) ဦးကို အစားလာသော ကိုဝင်းစိုးတို့ ဝန်ထမ်း (၃) ဦးက လာရောက်လဲလှယ်ကြခြင်း ဖြစ်သည်။ ကိုဝင်းစိုးတို့အဖွဲ့တွင် လွန်တူးစက်ပြင်ဆရာကြီး ဦးဇော်ဝင်းနှင့် လွန်တူးအင်ဂျင်နီယာ အဆင့် (၁)ကိုအောင်ငွေတို့ ပါလာသည်။ ကိုဝင်းစိုးမှာ လွန်တူးအဆင့် (၄) ဖြစ်သည်။ တကယ်တော့ကိုဝင်းစိုးတို့ လွန်တူးအဖွဲ့မှာ ရေနံတူးသလို ဓာတ်သတ္တုတူးဖော်ခြင်းပင်ဖြစ်သည်။ ရေနံက အနက်ပေ (၅၀၀၀)၊ (၈၀၀၀)၊ (၁၀၀၀၀) ကျော် တူးတတ်သော်လည်း ကိုဝင်းစိုးတို့ လွန်တူးအဖွဲ့မှာ ပေ (၂၀၀) ကျော်၊ (၈၀၀) ကျော်၊ ပေ (၁၀၀၀) ကျော်သာ တူးလေ့တူးထရှိသည်။

ယခု ရွှေကျွန်းတွင် တူးနေသောလွန်တူးအဖွဲ့မှာ ပေ (၂၀၀) ကျော် (၃၀၀) နီးပါးတူးဖော်ရသည်။ စိန်လွန်တူးအဖွဲ့ဟု ခေါ်ဆိုကြသည်။ လွန်တူးပိုက်၏ထိပ်ဖျားတွင် စိန်လွန်သွားတပ်ဆင်ကာ တူးဖော်ကြခြင်း ဖြစ်သည်။ လက်ဝတ်ရတနာအဖိုးတန်စိန်မဟုတ်ဘဲ ထိုထက်သက်တမ်းနုသောစိန်ပင် ဖြစ်သည်။ သံမဏိထက် အဆမတန်မာသည်။ မာသည့်အဆင့် (၃) ရှိသည်။ သို့ဖြစ်၍ ကျောက်သား၊ မြေသားများကို





www.burmeseclassic.com

www.burmeseclassic.com

အသာလေးထွင်းဖောက်နိုင်ခြင်းဖြစ်သည်။ မည်မျှမာကျောသည့်ကျောက်ဖျာပင်ဖြစ်စေ ဒီစိန်လွန်သွားကို အရှုံးပေးရသည်။ ကျောက်ဖျာမှာ စိန်လွန်သွားကြောင့် အပေါက်ဖြစ်သွားရသည်။

ကိုဝင်းစိုးတို့ လွန်တူးအဖွဲ့သားများမှာ ဒီရွှေကျွန်းတွင် (၁၈) ယောက်ရှိသည်။ ရွှေကျွန်းကြီး၊ ရွှေကျွန်းလေးဟူ၍ ကျွန်းနှစ်ကျွန်းရှိရာ ကိုဝင်းစိုးတို့ လွန်တူးစက်ပြင်အဖွဲ့သားများမှာ ရွှေကျွန်းလေးတွင် ယခု (၆) ယောက်ရှိနေသည်။ ယခင်ရှိသည့် (၃) ယောက်မှာ မနက်ဖြန်ရန်ကုန်ပြန်ကြတော့မည်။ သူတို့ (၃) ယောက်နေရာသို့ ကိုဝင်းစိုးတို့ရောက်လာကြခြင်းပင်ဖြစ်သည်။ ယခု သူတို့ ရွှေကျွန်းလေးသို့ရောက်လာကြပြီ။ စက်ပြင်ဆရာကြီး ဦးရန်နိုင်စိုးနှင့် ယခုရောက်လာသော စက်ပြင်ဆရာကြီး ဦးဇော်ဝင်းတို့ လုပ်ငန်းဆိုင်ရာ အစစအရာရာ လွှဲပြောင်းပြီးနောက် မနက်ဖြန်မနက်တွင် ဦးရန်နိုင်စိုး၊ ဦးသန်းအောင်၊ ဦးဝင်းမောင်တို့ ရန်ကုန်ပြန်ကြ မည်ဖြစ်သည်။ ကိုဝင်းစိုးတို့ ဒီကိုလာရောက်ခဲ့သော စက်လှေကြီးနှင့် ဦးရန်နိုင်စိုးတို့ မြိတ်သို့သွားရမည်ဖြစ်သည်။

တကယ်တော့ ရွှေကျွန်းကြီးနှင့် ရွှေကျွန်းလေးမှာ (၂) မိုင်ပတ်လည်ရှိသော ကျွန်းကြီး၏ တောင်ပိုင်းနှင့် မြောက်ပိုင်းပင်ဖြစ်သည်။ ရွှေကျွန်းကြီးဘက်တွင် လွန်တူးအဖွဲ့သား (၁၂)ယောက် ဘူမိဗေဒအဖွဲ့သား (၁၂) ယောက်၊ ကျန်ပုတ်ဖြတ်လုပ်သားများနှင့်အဖွဲ့သား(၆၀) ကျော်ရှိသည်။ ဒီရွှေ ကျွန်းလေးဘက်တွင် လွန်တူးစက်ပြင်အဖွဲ့သားများ (၆) ယောက်သာရှိသည်။

"ကဲ - လုပ်ငန်းတာဝန်တွေလည်း လွှဲပြီးပြီ။ ဦးဇော်ဝင်းရေ ကျွန်တော်တို့ မြိတ်က ဝယ်လာတဲ့ အရက် (၂) ဂါလန်ထဲက (၂) ပုလင်းလောက်ဖြိုလိုက်ရအောင်လား။ အတော်ပဲ ဒီမှာလည်း အမြည်းမရှိဘူးဆိုတော့ မင်းတို့ဝယ်လာတဲ့ ချက်ထားတဲ့ ကြက်သားနဲ့မြည်းကြတာပေါ့"

ဟု ပြောကာ သောက်ကြစားကြတော့သည်။ မသောက်ခင်လေးတွင် ဦးဇော်ဝင်းဝင်လာပြီး -

"ဟေ့ကောင်တွေ ငါကြိုတင်ပြောထားမယ်။ သောက်ရင်မူးမယ်၊ မူးရင်မရမ်းကားနဲ့၊ ရန်မဖြစ်နဲ့၊ ရန်ဖြစ်ရင် ငါနဲ့တွေ့မယ်။ မင်းတို့သောက်တာ ဝဝ မဝဝ နှစ်ပုလင်းထက်တော့ပိုမသောက်ရဘူး။ နောက်ရက်တွေရှိသေးတယ်"

ဟု ပြောဆိုရာ အားလုံးက -

"ဟုတ်ကဲ့ပါခင်ဗျာ"

ဟု ဆိုကြသည်။

"အေး - နေဦးကွ ငါတို့အခု (၉) ယောက်ဖြစ်နေတယ်။ အဲဒီတော့ (၃) လုံးပေးမယ်။ ဘီးအီးဒီစီအစစ်ဆိုတော့ မူးမှာသေချာတယ်"

ဟု ဦးဇော်ဝင်းက ထပ်မံပြောဆိုသည်။

ည (၉) နာရီတွင်အရက်သောက်ပွဲက အေးအေးဆေးဆေးပြီးသွားသည်။ နောက်နေ့မနက်တွင် ဦးရန်နိုင်စိုးနှင့်အဖွဲ့ ပြန်သွားသည်။ ဦးရန်နိုင်စိုးက သောက်တတ်သူမဟုတ်။ အမြည်းစားပြီး စကားပြောသူသာဖြစ်သည်။

၁၉၇၉ ခုနှစ်မှ စတင်ခဲ့သော ရွှေကျွန်းစီမံကိန်းမှာ မိုးများအလွန်ရွာသွန်းခြင်း၊ ငှက်များပေါခြင်းတို့ကြောင့် တစ်နှစ်တွင် (၆) လခန့်သာ အလုပ်ကို သေသေချာချာလုပ်လို့ရသည်။ ပွင့်လင်းရာသီတွင်သာ အလုပ်လုပ်ခွင့်ရခြင်းဖြစ်သည်။

ရွှေကျွန်းမှာ ဇဒက်ကြီးရေတပ်စခန်းနှင့် (၆) မိုင်သာဝေးသည်။ ဇဒက်ကြီးရေတပ်စခန်းမှ ရွှေကျွန်းကြီးနှင့် ရွှေကျွန်းလေးအတွက် လုံခြုံရေးများပေးထားသည်။

နံနက်မိုးလင်းပြီဆိုလျှင် ရွှေကျွန်းကြီးနှင့် ရွှေကျွန်းလေးသောင်ပြင်များ၌ အမှိုက်သရိုက်များကမ်းကပ်လာသလို တစ်ခါတစ်ရံ မှောင်ခိုစက်လှေများမှ ပင်လယ်ထဲကျခဲ့သော ဘီစကစ်ပုံများ၊ ရော်ဘာဖိနပ်အသစ်များ၊ အရက်ပုလင်းများ၊ အဝတ်အထည်အထုပ်များ ကမ်းခြေတစ်လျှောက်တွင် ရတတ်ပါသည်။

ဓာတ်သတ္တုရှာဖွေရေးအဖွဲ့သားအချို့က နံနက် (၅) နာရီ စောစောထလျက် ကမ်းခြေတစ်လျှောက်တွင် ထိုပစ္စည်းများကို ရှာဖွေတတ်ကြသည်။ များသောအားဖြင့် ပစ္စည်းအစုပ်အနုပ်များသာရတတ်ပါသည်။

ကံကောင်းထောက်မ၍ (၂) လ၊ (၃) လတစ်ခါတော့ ဖော်ပြခဲ့သော အဖိုးတန်ပစ္စည်းများ ရတတ်ပါလေသည်။ ရွှေကျွန်းကြီးဘက်သောင်ပြင်များမှာ ပစ္စည်းအရနည်းသော်လည်း ရွှေကျွန်းလေးဘက်သောင်ပြင်များမှာ ပြန့်ပြူးညီညာသဖြင့် ပစ္စည်းများပိုမိုရတတ်ပါသည်။

အင်း - ဘာလိုလိုနှင့် ကိုဝင်းစိုးတို့ ရွှေကျွန်းလေးတွင် ရောက်ရှိခဲ့သည်မှာ (၃) လကျော်ခဲ့ပြီ။ ကိုဝင်းစိုးတို့အဖို့ ငါးကိုတော့ မုန်းအောင်စားခဲ့ရသည်။ အဖွဲ့သား (၆) ယောက်ရှိသည်။ အနက် အဖွဲ့ခေါင်းဆောင် ဦးဇော်ဝင်းက ကိုဝင်းစိုးကို ထမင်းချက်တာဝန်ပေးထားသည်။

ဦးဇော်ဝင်းအပါအဝင် ကျန်အဖွဲ့သား (၅) ယောက်က မနက် (၈) နာရီမှ ညနေ (၅) နာရီအထိ ပုံမှန်စက်ပြင်ကြသည်။ လိုအပ်သမျှ လုပ်ကိုင်ကြသည်။ တစ်ခါတစ်ရံ ည (၇) နာရီ (၈)နာရီအထိ စက်များ ပြင်ဆင်ကြရသည်။

ကိုဝင်းစိုးမှာ လူတိုင်းနှင့်ချစ်ခင်အောင် ပေါင်းသင်းတတ်သည်။ နှုတ်ချိုသည်။ ဖော်ရွေသည်။ မခိုမကတ်အလုပ်လုပ်သည်။ ရေတပ်အဖွဲ့သား (၃) ယောက် ယူလာပေးသော ဗမာခွေး (၂) ကောင်ကို ကိုဝင်းစိုး ကောင်းကောင်းကျွေး၍မွေးထားသည်။ လိမ္မာအောင်လည်း သင်ပေးထားသည်။

တစ်ကောင်က ရွှေဘ၊ တစ်ကောင် (အမ) က မေရီမြင့်။ နှစ်ကောင်စလုံး လိမ္မာကြသည်။ ငါးဖမ်းတတ်သည်။ ပင်လယ်ဖွတ်ကိုလည်း ဖမ်းတတ်သည်။ သူတို့ရှာဖွေပေးသောငါးများ၊ ဖွတ်သားများဆိုလျှင် ကိုဝင်းစိုးကကောင်းကောင်း အစွမ်းပြကာ ချက်ပြုတ်ပေးသည်။ အားလုံး ထမင်းစားမြိန်ကြသည်။ ဖွတ်ဆို၍ မြန်မာပြည်မြေလတ်ပိုင်းဒေသများတွင် တွေ့ရသော တစ်ဆယ်ကျပ်သား၊ နှစ်ဆယ်ကျပ်သား အကောင်သေးမျိုးမဟုတ်ဘဲ ဒီရွှေကျွန်းလေးမှာတွေ့ရသည့် ပင်လယ်ဖွတ်များမှာ တစ်ကောင်လျှင် တစ်ပိဿာခွဲ၊ နှစ်ပိဿာအသာလေးရှိသည်။

ရွှေဘ၊ ဝေရီမြင့်တို့ ရှာဖွေကိုက်ချီလာသောဖွတ်များမှာ ကိုဝင်းစိုးရှေ့တွင် သေဆုံးနေပြီဖြစ်သည်။ ကိုဝင်းစိုးက အသာလေးအဆင်သင့်ချက်ပြုတ်ရုံပင်။ ဂျင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ နိုင်နိုင်ဖြင့် ချက်ပြုတ်ထားသော ဖွတ်သားဟင်းမှာ စချက်စဉ်ကတည်းက မွှေးပျံ့နေသဖြင့် တစ်ခါတစ်ရံ ဦးဇော်ဝင်းတို့မှာ နေ့ခင်း (၁၂) နာရီအထိ မစောင့်နိုင်တော့ဘဲ (၁၁) နာရီခွဲမှာပင် ထမင်းစားကြတော့သည်။

မွှေးရနံ့သင်းပျံ့ကာ ရေတ်သီးစပ်စပ်နှင့်ချက်ထားသော ဖွတ်သားဟင်းကို အားလုံးမြိန်မြိန်ရှက်ရှက်စားသောက်ကြသည်မှာ အားရစရာ၊ အားကျစရာ အလွန်ကောင်းသည်။ တကယ်တော့ ဖွတ်သားဟင်းမှာ နဂိုကတည်းက အချိုဓာတ်ရှိနေသဖြင့် အချိုမှုန့်မထည့်လည်း ချိုနေမှာပင်။

www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်ပြီး အားလပ်ချိန်တွင် ကိုဝင်းစိုးမှာ စက်များကို တစ်ပိုင်တစ်နိုင် ပိုင်းဝန်းပြင်ဆင်ပေးသလို ငါးဖမ်းလည်း အကူအညီပေးတတ်ပါသည်။ တစ်ပတ်လျှင် (၄) ရက်ခန့် ဟိုနားဒီနားသွား၍ အသီးအရွက်ရှာပုံတော်ဖွင့်သည်။ ရွှေကျွန်းကြီး၊ ရွှေကျွန်းလေးတောင်ကျွန်းတစ်ဝိုက်တွင် ဆလုံမှန်လာ၊ ဆလုံမှန်ညင်း၊ ဆလုံမြင်းခွာရွက် စသည့်တို့ကို ကြံကြံဖန်ဖန်ရှာဖွေလျက်ချက်ပြုတ်ပေးတတ်ပါသည်။ ဒီအရွက်များကအလေ့ကျပေါက်ရောက်နေသောအရွက်များပင် ဖြစ်သည်။ဆလုံမှန်လာက ရန်ကုန်ကမုန်လာဥနှင့်ဆင်တူပါသည်။ သို့သော် ဆလုံမှန်လာက သေးသွယ်ပါသည်။ ရန်ကုန်မုန်လာလောက်မကြီးထွားပါ။

ထိုနည်းတူစွာ ဆလုံမှန်ညင်း၊ ဆလုံမြင်းခွာရွက်များကလည်း ရန်ကုန်က မုန်ညင်း၊ မြင်းခွာရွက်များကဲ့သို့ ချက်ပြုတ်စားရာတွင် အရသာတူတူဖြစ်သော်လည်း အရွက်ချင်းယှဉ်လိုက်လျှင် ဒီက အရွက်များက သေးသွယ်ကြုံလှီပါသည်။ သို့သော် အရသာမှာ အစိမ်းစားလျှင် ချိုမြသဖြင့် စားကောင်းပါသည်။

ကိုဝင်းစိုးမှာ ကွမ်းစားတတ်သူဖြစ်ရာ ရွှေကျွန်းသို့ရောက်ပြီး (၁၅) ရက်ခန့်အကြာတွင် မြိတ်ကဝယ်လာသော ကွမ်းရွက်များစား၍ကုန်သွားခဲ့ပြီး ကွမ်းသီး၊ ထုံး၊ ဆေးရွက်ကြီးများသာ ကျန်နေတော့သည်။ ထိုသို့သောအချိန်တွင် ကိုဝင်းစိုးအဖို့ ခက်ခက်ခဲခဲရှာဖွေလာခဲ့ရသော ဆလုံကွမ်းရွက်များက အလွန်ပင်အဖိုးတန်လှသည်။

ကိုဝင်းစိုးတို့အဖွဲ့သား(၆)ယောက်တွင် ကိုဝင်းစိုးတစ်ယောက်သာ ကွမ်းစားတတ်သဖြင့် တော်သေးသည်။ နို့မို့ဆိုလျှင် ကွမ်းယာလုပွဲပြဿနာရှိမည်မှာ မုချ ပင်တည်း။

တစ်ပတ်ခန့်ရှိပြီ။ ကိုဝင်းစိုးတစ်ယောက် သူတို့နေသောတဲနောက်ဘက်နေရာတစ်နေရာသို့ ချောင်းမြောင်းကြည့်ရှုနေသည်။ ညနေ (၆) နာရီကျော်ကျော် မိုးချုပ်စအချိန်တွင် လုံးပတ် (၈) လက်မခန့်၊ အရှည် (၈) ပေခန့်ရှိသော လင်းမြွေကြီးတစ်ကောင် ကိုဝင်းစိုးတို့ တဲနောက်ဘက်သို့လာလာနေသည်။ အစာလာရှာနေသည်လားမသိ သတိထားကြည့်မိသည်မှာ (၇) ရက်ခန့်ရှိပြီ။

ကိုဝင်းစိုးတို့မှာ နေ့စဉ် ငါးပြီးလျှင် ငါးချည်းသာ စားသောက်နေရသဖြင့် အပြောင်းအလဲကို တောင့်တလာသည်။ ထိုအချိန်မှာပင် မိုးချုပ်စအချိန် မှန်မှန်လာလာနေသည့်လင်းမြွေကြီးကို ကိုဝင်းစိုးတစ်ယောက် မျက်စောင်းထိုးလာမိသည်။

ယခု ညနေ (၆) နာရီ (၁၅) မိနစ်ရှိနေပြီ။ နေဝင်သွားပြီ။ အမှောင်စတ်ကလေးကူးယှက်လာပြီး ဟော-ပြောရင်းဆိုရင်း လူးလူးလွန့်လွန့်ဖြင့် လင်းမြွေကြီးတစ်ကောင်မှာ ကိုဝင်းစိုးတို့တဲနှင့် ပေ (၃၀) ခန့်အကွာ ချုံပုတ်ကြီးအတွင်းမှ တစ်ရွေ့ရွေ့ထွက်လာပြီ။

ထိုအချိန်မှာပင် ကိုဝင်းစိုး၏နားထဲသို့ ရန်ကုန်က ထွက်ခါနီး တစ်ရက်တွင် အဖေနှင့်အမေမှာလိုက်သည်များကို ကြားယောက်လာသည်။

'မြွေကိုမသတ်နဲ့နော်၊ မြွေသားကိုလည်း မစားပါနဲ့'

ကိုဝင်းစိုး၏စိတ်ထားများက လွန်ထိုးပြေးလွှားနေသည်။ နောက်ဆုံးတွင် စိတ်ပုပ်စိတ်ယုတ်များက ကိုဝင်းစိုးကို ဆွဲခေါ်အနိုင်ယူသွားသည်။ ကိုဝင်းစိုး တဲနောက်ဘက်ထွက်လိုက်သည်။

ကိုဝင်းစိုးတစ်ယောက် သူ့အနီးတွင် အဆင်သင့်ထားရှိသော (၃)လက်မပတ်လည် (၆) ပေခန့်ရှည်သော သစ်ချောင်းကြီးကို မြဲမြဲကိုင်ကာ လင်းမြွေကြီးနောက်သို့ လိုက်သွားကာ မြွေဦးခေါင်းကို (၅) ချက် ဆက်တိုက် အားပါပါဖြင့် ထုရိုက်လိုက်သည်။ မြွေကြီးက တွန့်လိမ်နေသည်။

ထို့နောက် ကိုဝင်းစိုးမှာ မြွေကြီး၏ ခန္ဓာကိုယ်အလယ်ပိုင်း ဝမ်းဗိုက်နေရာသို့ သစ်ချောင်းကြီးနှင့် နှစ်ချက်ဆင့်၍ ရိုက်လိုက်ပြန်သည်။ မြွေကြီးမှာ တဖြည်းဖြည်း လူးလွန့်ရာမှ ငြိမ်သက်သွားသည်။ သို့သော မြွေကြီးဦးခေါင်းရှိ မျက်စိ (၂) လုံးက ကိုဝင်းစိုးကို မကျေမနပ်ဖြင့် ကြည့်နေသယောင်။ ကိုဝင်းစိုးမှာ ကဲ - ဒီလောက်တောင်ဖြစ်လှတာ မထူးပါဘူးကွာဟု အော်ဟစ်ဆဲဆိုကာ မြွေကြီး၏ ဦးခေါင်းကို (၁၀) ချက်ခန့် အဆက်မပြတ် အားပါပါဖြင့်ဆင့်၍ဆင့်၍ ရိုက်လိုက်ပြန်သည်။

ထို့နောက်တွင် လင်းမြွေကြီးမှာ ငြိမ်သက်သွားတော့သည်။ လင်းမြွေကြီး သေဆုံးသွားခဲ့ပြီ။ ကိုဝင်းစိုးမှာ လင်းမြွေကြီး တကယ်သေ၊ မသေ နာရီဝက်ခန့် စောင့်ကြည့်ပြီး မြွေကြီးကို ရေများနှင့် သန့်စင်ပြီး ဒန်အိုးကြီးထဲ ခွေခေါက်ထည့်လိုက်သည်။ ဒန်အိုးကြီး၏ သုံးပုံနှစ်ပုံခန့် ရေထည့်ပြီး မီးပြင်းပြင်းနှင့်ပြုတ်ပါတော့သည်။ (၁) နာရီခန့် ကျက်ကျက်ဆူအောင်ပြုတ်ပြီးနောက် မြွေကြီးကို အအေးခံကာ အရေဆုတ်ပါတော့သည်။ ထို့နောက် သုံးလက်မပတ်လည် အနေတော်အတုံးအတစ်များခုတ်ထစ်၍ မြွေသားဟင်းချက်ပြုတ်ပါတော့သည်။

ကိုဝင်းစိုးမှာ အချက်အပြုတ်ကောင်းသဖြင့် မြွေသားဟင်းမှာ တကယ့်စားချင်စရာ မွှေးကြိုင်နေပါတော့သည်။ ည (၉) နာရီတွင် အဖွဲ့သားများက စားတော့မည့်တကဲကဲလုပ်နေသဖြင့် အာသာပြေတစ်ယောက်တစ်တုံးကျွေးကာ မြွေသားဟင်းအိုးကြီးကို ကိုဝင်းစိုးက သူ့အိပ်ရာခြင်ထောင်ထဲထည့်၍ အိပ်ပါတော့သည်။ ည (၁)နာရီခန့်တွင် ကိုဝင်းစိုးမှာ အိပ်မက်မက်ကာ လန့်အော်နိုးလာပါသည်။ အိပ်မက်ထဲတွင် ဟင်းအိုးကြီးထဲမှလင်းမြွေကြီးထွက်လာကာ -

"ငါက မင်းကို မသတ်ချင်လို့ ကြည့်နေခဲ့တာ။ အခုတော့ မင်းကငါ့ကို သတ်ခဲ့ပြီပေါ့ကွာ"

ဟု ဆိုနေသဖြင့် ကိုဝင်းစိုးမှာ 'ကယ်ကြပါဦးဗျာ' ဟု အော်ဟစ်ကာ နိုးလာခဲ့ခြင်းပင်။ အဖွဲ့သားအားလုံးက သူ့ကို ချော့မော့ရေတိုက်ကာ ဖျောင်းဖျလျက် ပြန်လည်အိပ်စေခဲ့သည်။ နာရီဝက်ခန့်အကြာတွင် ကိုဝင်းစိုးတစ်ယောက် ပြန်လည် အိပ်ပျော်သွားခဲ့သည်။

လင်းမြွေကြီး တဲအိမ်အနီးသို့လာခဲ့သည့် လွန်ခဲ့သော (၇) ရက်အတွင် ကိုဝင်းစိုးကို လင်းမြွေကြီးက (၃) ရက်ခန့်ဆက်တိုက် အိပ်မက်ပေးခဲ့ပါသည်။ အိပ်မက်ပေးသည့်အချိန်တိုင်းမှာ ည (၁၂) နာရီဖြစ်နေပါသည်။ အိပ်မက်ထဲတွင် မြွေကြီးက ကိုဝင်းစိုးကို -

"ငါ့ကိုမသတ်ပါနဲ့ကွာ၊ မင်း ငါ့ကို သတ်ချင်နေတာငါသိတယ်။ ဒါကြောင့် ငါ့ကိုမသတ်ဖို့တောင်းပန်ပါတယ်"

ဟု ဆိုကာ မြွေကြီးက မျက်ရည်ဝဲကာ ပျောက်ကွယ်သွားသည်။ ထိုသို့ (၃) ရက်ဆက်တိုက် အိပ်မက်ပေးသော်လည်း ကိုဝင်းစိုးက ပေါ့ပေါ့ပါးပါး အရေးမထားခဲ့ပါချေ။ အိပ်မက်အကြောင်းကို မည်သူ့ကိုမျှလည်းပြောမပြခဲ့ပါချေ။

မြွေကိုမသတ်ပါနဲ့ဟု ဆိုခဲ့သော မိဘစကားကို နားမထောင်၊ လင်းမြွေကြီးတောင်းပန်တာကိုလည်း ဂရုမစိုက်ဘဲ ယခုတော့ ကိုဝင်းစိုးတို့မှာ မြွေသားဟင်းကို မြိန်မြိန်ရှက်ရှက်စားပြီးခဲ့ပါပြီ။ နံနက်ထမင်းကြော်နှင့် တစ်ခါ၊ နေ့လယ်စာနှင့်တစ်ခါ၊ ညစာနှင့် တစ်ခါ (၃) ခါတိတိ လင်းမြွေသားဟင်းကို သူတို့စားခဲ့ကြသည်။ ဒီကြားထဲ ညနေငါးနာရီ မြွေ



www.burmeseclassic.com

www.burmeseclassic.com

သားဟင်းနှင့် အရက်သောက်လိုက်ကြ ပါသည်။

ရွှေကျွန်းလေးတွင် ကိုဝင်းစိုးတို့ နောက်ထပ် (၃) လကြာခဲ့ပါသည်။ ထို (၃) လအတွင်း ကိုဝင်းစိုးကို အိပ်မက် (၅) ခါခန့်ပေးပါသည်။ အိပ်မက်ထဲတွင်-

"ဝင်းစိုးရာ ငါ့ကိုသတ်ရက်တယ် နော်"

ဟု (၃) ခါတိတိပြောခဲ့ပါသည်။ ထိုအချိန်က မြွေကြီးမှာ မျက်ရည်ဝဲနေပါသည်။ ည (၁၂) နာရီခန့်တွင် မက်ခဲ့သော ထိုအိပ်မက်အားလုံးမှာ တစ်ပုံစံတည်းပင်။

ရွှေကျွန်းမှတာဝန်ပြီးဆုံး၍ရန်ကုန် ဓာတ်သတ္တုရုံးချုပ်သို့ရောက်ရှိလာခဲ့ပါသည်။ ရန်ကုန်တွင် သုံးပတ်ခန့်သာနားနေပြီး လားရှိုးခနောက်စိမ်းရှာဖွေရေးသို့ ဆက်လက်လိုက်ပါမည်ဟု ကိုဝင်းစိုးက မိဘနှစ်ပါးကို ပြောပြပါသည်။

"မသွားပါနဲ့ငါ့သားရယ်၊ မသွားပါနဲ့။ များများမဟုတ်ပါဘူး ဒီမှာ (၂) လလောက်နေပါဦး သားရယ်။ (၂) လပြီးသွားရင် ငါ့သားသဘော၊ မှန်တာပြောရရင် သားနဲ့ ပတ်သက်ပြီး အမေ့အိပ်မက်တွေမကောင်းလို့ပါသားရယ်။ နောက်ပြီးတော့ အဲဒီလားရှိုးကလွဲရင် တခြားနေရာကို နောက် (၂) လကြာရင် သွားချင်ရာသွားပေါ့"

ဟု မိဘနှစ်ပါးက အတင်းတောင်းပန်ခဲ့သေးသည်။ တားဆီးခဲ့သေးသည်။

သို့သော် ကိုဝင်းစိုးက -

"မဖြစ်ဘူးအမေ၊ သွားကိုသွားရမှ ဖြစ်မယ်။ အမေ့အိပ်မက်က သွေးလေချောက်ချားလို့မက်တာပါ။ အခု ကျွန်တော် ဓာတ်သတ္တုဌာနမှာ လုပ်သက် (၆) နှစ်ထဲဝင်လာပြီ။လားရှိုးကိုတစ်ခါမှ မရောက်ဘူးသေးဘူး။ ဒါကြောင့် ဒီတစ်ခါတော့သွားပါရစေ"

ဟု ဆိုကာ မိဘများတားဆီးနေသည့်ကြားက လားရှိုးသို့အတင်း ထွက်ခွာသွားပါတော့သည်။

■

ခနောက်စိမ်းစမ်းသပ်ရှာဖွေရေး လုပ်ငန်းမှာ လားရှိုးမြို့မှ (၂၅) မိုင်အကွာ အဝေးတွင်ရှိသော ဓတာနက်ကြီးထဲတွင် ရှိပါသည်။

ဒီနေ့ဆိုလျှင် ကိုဝင်းစိုး ဒီစခန်းသို့ ရောက်နေသည်မှာ (၂) လတိတိပြည့်ခဲ့ပြီ။ လားရှိုးမြို့ပေါ်သို့ ကိုသန်းစိုးနှင့် ကိုစိုးလွင်တို့ စားနပ်ရိက္ခာလာဝယ်ခြင်း ဖြစ်သည်။ စခန်းတွင် အဖွဲ့သား (၅) ယောက်ကျန်ခဲ့သည်။

မြို့ထဲသို့ရောက်သည်မှာ နံနက် (၁၀) နာရီ၊ ဆန်၊ဆီ၊ ဆား၊ အသီးအရွက်များဝယ်ပြီးသည့်နောက် ကားဒရိုင်ဘာနှင့်အတူ နေ့လည်စာစားသောက်ကြပြီး ကားဒရိုင်ဘာ (TE-11) ကိုအောင်ငြိမ်းက အရက်သောက်တတ်သူမဟုတ်။

ကိုအောင်ငြိမ်းက -

"ကျွန်တော် ဒီမှာပဲရှိနေမယ်။ ခင်ဗျားတို့နားချင်ရင် နားကြပါဗျာ။ ကိုဝင်းစိုးနဲ့ကိုစိုးလွင်တို့ ရုပ်ရှင်ကြည့်ချင်ရင်လည်းကြည့်ကြပေါ့။ ညနေ(၅)နာရီမှာတော့ ကားဆီအရောက်ပြန်လာခဲ့ပါ။ စခန်းကိုပြန်ကြမယ်။ ထုံးစံအတိုင်း အရက်တွေတော့ သိပ်မသောက်နဲ့ဗျာ။ နည်းနည်းပဲသောက်ပါ။ မူးပြနေရင် လူတွေကအထင်သေးမယ်။ နောက်ပြီး အန္တရာယ်လည်းများတယ် မဟုတ်လား"

ဟု ကိုအောင်ငြိမ်းက မှာကြားပါသည်။

ကိုဝင်းစိုးတို့မှာ အလုပ်စခန်းအတွက် နောက်ထပ်လိုအပ်သောပစ္စည်းပစ္စယများစုံလင်အောင်ထပ်ဝယ်ပြီး ဆိုင်တစ်ဆိုင်တွင်အပ်နှံကာ ရုပ်ရှင်တစ်ပွဲဝင်ကြည့်ကြသည်။ ရုပ်ရှင်ပြီးသည်နှင့် ရုပ်ရှင်ရုံနှင့်မနီးမဝေး အရက်ဆိုင်တွင် ကိုဝင်းစိုးနှင့် ကိုစိုးလွင်တို့ အရက်ထိုင်သောက်ကြသည်။ ကိုစိုးလွင်က နည်းနည်းသာသောက်သည်။ ကိုဝင်းစိုးက ထိန်းမနိုင်သိမ်းမနိုင်သောက်သည်မှာ ညနေ (၅) နာရီထိုးသွားတော့သည်။ ကိုစိုးလွင်က မသောက်ပါနဲ့တော့ဟုပြောသော်လည်း လုံးဝမရ။

ကားဒရိုင်ဘာမှ ကိုဝင်းစိုးတို့ကို လိုက်ရှာရာ ထင်သည့်အတိုင်းပင် အရက်ဆိုင်၌ပင်တွေ့သဖြင့် -

"ကဲ ညနေ (၅) နာရီထိုးနေပြီဗျာ၊ သွားကြရအောင်"

ဟု ဆိုကာ ကိုဝင်းစိုးတို့ကို အတင်းဆွဲခေါ်လာရသည်။ ကိုစိုးလွင်က သိပ်မမူးသော်လည်း ကိုဝင်းစိုးမှာ အတော်ပင်မူးရူးနေပြီ။ ဒါတောင် ကိုဝင်းစိုးနှုတ်မှ -

အရက်ကမဝသေးဘူး၊ နောက်ထပ်သောက်ချင်သေးသည်ဟု ပြောနေသေးသည်။ လူကတော့ လုံးဝမဟန်တော့။

TE-11 ကားပေါ်သို့ ကိုဝင်းစိုးကို တွဲတင်ကြသည်။ ကားပေါ်ရောက်တော့ ထိုင်မနေပါ၊ မတ်တတ်ရပ်နေသည်။ ကား၏နောက်ဘက်တွင်လည်း နေရာရှိသည်။ ပစ္စည်းပစ္စယများသဖြင့် အေးအေးဆေးဆေးထိုင်လိုက်သည်။ ကိုဝင်းစိုးမှာ ထိုင်မလိုက်ဘဲ မတ်တတ်ရပ်၍ လေကောင်းလေသန့်ရှူမည်ဟုဆိုကာ ကားခေါင်းရှေ့ပိုင်း သံတိုင်လက်ကိုင် (၄) ပေခန့်ကို အားပြု၍ သီချင်းဆိုရင်း လိုက်ပါလာသည်။

လားရှိုးမြို့မှထွက်၍ (၇) မိုင်ခန့် အကွာ တောအစပ်တွင် အပေါ့သွားမည် ကားရပ်ပေးဟု ကျိုကျလျက် ကားပေါ်မှမဆင်းဘဲ မတ်တပ်ရပ်ပေါက်ချနေသဖြင့် ကိုအောင်ငြိမ်းက -

"ဟေ့လူ. ခင်ဗျားတစ်ယောက်နဲ့တော့ ဒုက္ခရောက်လိမ့်မယ်ဗျာ"

ဟု မြည်တွန်းလိုက်ရသေးသည်။

လားရှိုးမြို့နှင့် မိုင် (၂၀) ခန့် အကွာ တောတောင်တစ်ခုကို ဖြတ်သန်းနေချိန် ထိုအချိန်တွင် ကားလမ်းနဘေးမှ ကြီးမားရှည်လျားသော မြွေကြီးတစ်ကောင်ကို ကိုဝင်းစိုးတွေ့လိုက်ရသည်။

"ဟာ - မြွေကြီး မြွေကြီး မြွေကြီး"

ဟု အော်ဟစ်သံနှင့်အတူ ရုတ်တရက် ကားလမ်းနံဘေးမှ သစ်ကိုင်းကြီးတစ်ခုက ကိုဝင်းစိုးကို ရိုက်ချလိုက်သဖြင့် ကိုဝင်းစိုးမှာ ကားပေါ်မှ တလိမ့်ခေါက်ကွေးကျသွားတော့သည်။ ကျန်သူများကထိုင်နေသဖြင့် ဘာမှမဖြစ်ကြ။

ထိုအချိန်တွင် ကားအရှိန်ကလည်းပြင်း၊ ကိုဝင်းစိုးကျရောက်သည့် နေရာကလည်း ကျောက်တုံးကြီး (၃) တုံးရှိနေရာ ကျောက်တုံးကြီး (၁) တုံးပေါ်သို့ ကိုဝင်းစိုးမှာ အရှိန်နှင့်ပစ်ကျသဖြင့် ပြင်းထန်စွာ ရိုက်ခဲ့သလိုဖြစ်သွားသည်။ ဦးခေါင်းနှင့်ကိုယ်ခန္ဓာမှာ ကြေမွသလိုခံစားရသည်။

ကိုစိုးလွင်၏ -

"ကားရပ်တော့"

ဟု အလွန်ကျယ်လောင်သော အသံနှင့်အတူ အမြဲသတိရှိနေသော ဒရိုင်ဘာ ကိုအောင်ငြိမ်း၏ TE-11 ကားကြီးမှာ ချက်ချင်းရပ်သွားသည်။

ကိုဝင်းစိုးလဲကျနေရာသို့ ကိုအောင်ငြိမ်းတို့သွားရောက်ကြည့်ရှုသောအခါ ကိုဝင်းစိုးမှာ သေဆုံးနေပြီဖြစ်သည်။ TE-11ကားနောက်ခန်းတွင် လိုက်လာသော ကားကြုံခရီးသည်တို့မှာ ထိုင်နေကြသဖြင့် ဘာမှမဖြစ်ကြဘဲ တစ်ကိုယ်တည်း မတ်တတ်ရပ်နေသော ကိုဝင်းစိုးတစ်ယောက်သာကံဆိုးသည်ကတစ်ကြောင်း အနေအထိုင်အပြုအမူများယွင်းခဲ့သည်က

www.burmeseclassic.com

www.burmeseclassic.com

## အကြိမ် (၂၀) မြောက် ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

အောက်တိုဘာလ ၃-၁၃-၁၆-၁၇-၃၀-၃၁ ရက်များမှာ ထီထိုးပါ။

အားလပ်ရက်တစ်ရက်ယူပါ။ တစ်နေ့ထဲ ဘုရား(၆) ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိတဲ့ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းအဖြူများနဲ့ ပူဇော်ပါ။ အပြန်မှာထီထိုးပါ။

နိုဝင်ဘာလမှာ သောကြာ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ထီဆိုင်များ၊ အကွခရာများ၊ ၆၊ ၄၊ ၈၊ ၇ ဂဏန်းများကံစပ်နေပါတယ်။

**တနင်္လာသားသမီးများ**

အောက်တိုဘာလ ၄-၁၀-၁၄-၁၆-၂၈-၃၁ ရက်များမှာထီထိုးပါ။

ဘုရားရှင်ကို စံပယ်ပန်းများ၊ ပေါက်ပေါက်များနဲ့ ပူဇော်ပါ။ သရဏဂုံကို သက်စေ့ထက်တစ်ခေါက်ပိုရွတ်ပါ။ (၇) ရက်တိုက်တိုင် ပူဇော်ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလမှာ သောကြာ၊ ကြာသပတေး၊ ဗုဒ္ဓဟူး၊ တနင်္လာနာမည်ထီဆိုင်များ၊ ၆၊ ၅၊ ၄၊ ၈၊ ၂၊ ၉ ဂဏန်းများ ကံစပ်နေပါတယ်။အဲဒီအကွခရာတွေလည်း ကံစပ်နေပါတယ်။

**အင်္ဂါသားသမီးများ**

အောက်တိုဘာလ ၅-၁၁-၁၅-၁၆-၂၉ ရက်တွေမှာ ထီထိုးပါ။ ကြာသပတေးနံဘွဲ့အမည်ရှိတဲ့ဘုရားမှာ ဒါမှမဟုတ် ဘုရားတစ်ဆူဆူရဲ့ ကြာသပတေးထောင့်မှာ ဖယောင်းတိုင်သုံးတိုင်ထွန်း ပူဇော်ပြီး သရဏဂုံကို ပုတီး (၃) ပတ်စိပ်ပါ။ သုံးရက်ဆက်တိုက်ပူဇော်ပြီးမှ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ဗုဒ္ဓဟူး၊ အင်္ဂါ၊

## ဆရာဦးမောင်မောင်သန်း

စနေနာမည်ထီဆိုင်များ၊ အကွခရာများ၊ ၄၊ ၈၊ ၃၊ ၇ ဂဏန်းများ ကံစပ်နေပါတယ်။

**ဗုဒ္ဓဟူးသားသမီးများ**

အောက်တိုဘာလ ၆-၁၂-၁၆-၃၀ ရက်များမှာ ထီထိုးပါ။

တစ်နေ့ထဲ ဘုရား (၆) ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ သပြေညွန့်တွေဝေနေအောင် ပူဇော်ပြီး ဘုရားဂုဏ်တော်တွေကို (၁၀) မိနစ်လောက်ထိုင်ရွတ်ပူဇော်ပါ။ (၆) ဆူပြည့်ပြီး အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ကြာသပတေး၊ ဗုဒ္ဓဟူး၊ တနင်္လာ၊ တနင်္ဂနွေနာမည်ထီဆိုင်များ၊ အကွခရာများ၊ ၅၊ ၄၊ ၈၊ ၂၊ ၉၊ ၁ ဂဏန်းများ ကံစပ်နေပါတယ်။

**ကြာသပတေးသားသမီးများ**

အောက်တိုဘာလ ၇-၁၀-၁၃-၁၆-၁၇-၂၈-၃၁ ရက်တွေမှာ ထီထိုးပါ။

ဘုရားရှင်ကို မုန့်လုံးရေပေါ် ဆွမ်းများနဲ့ကပ်လှူပြီး သရဏဂုံကိုပုတီးစိပ်ပါ။ ငါးရက်ပြည့်အောင် ပူဇော်ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလမှာ သောကြာ၊ အင်္ဂါ၊ စနေနာမည်ထီဆိုင်များ၊ အကွခရာများ၊ ၆၊ ၃၊ ၇၊ ၀ ဂဏန်းများကံစပ်နေပါတယ်။

**သောကြာသားသမီးများ**

အောက်တိုဘာလ ၁-၁၁-၁၄-၁၆-၁၈-၂၈-၂၉ ရက်တွေမှာ ထီထိုးပါ။

နီးရာဘုရားတစ်ဆူဆူကို လမ်းလျှောက်သွားပါ။ နှုတ်မှ သမ္ဗုဒ္ဓေဂါထာတော်ကို မပြတ်ရွတ်သွားပြီးလျှောက်ပါ။ ဘုရားရောက်ရင် ဘုရားရှင်ကို ပန်းဖြူများနဲ့ ပူဇော်ပါ။ အပြန်မှာ သမ္ဗုဒ္ဓေဂါထာရွတ်ပြီး ပြန်လျှောက်ပါ။ လမ်းမှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ကြာသပတေး၊ ဗုဒ္ဓဟူး၊ စနေနာမည်ထီဆိုင်များ၊ အကွခရာများ ၅၊ ၄၊ ၈၊ ၇၊ ၀ ဂဏန်းများ ကံစပ်နေပါတယ်။

**စနေသားသမီးများ**

အောက်တိုဘာလ ၂-၉-၁၂-၁၅-၁၆-၂၉-၃၀ ရက်တွေမှာထီထိုးပါ။

ဆွမ်းခံကြွတော်မူတဲ့ သံဃာတော်အရှင်သူမြတ်ကို ယပ်တော်နဲ့ ဝတ္ထုငွေရှိသေစွာလှူပါ။ တစ်ပတ်မှာ တစ်ပါးလှူလို့ သုံးပတ်မှာ သုံးပါးလှူပြီးမှ ထီထိုးပါ။

နိုဝင်ဘာလမှာ သောကြာ၊ အင်္ဂါ၊ တနင်္လာနာမည်ထီဆိုင်များ၊ အကွခရာများ၊ ၆၊ ၃၊ ၂၊ ၉ ဂဏန်းများကံစပ်နေပါတယ်။

၁၆ - ၁၀ - ၂၀၁၈ အင်္ဂါနေ့မှာ (၇)ရက်သားသမီးတွေ ဘယ်သူမဆို ထီထိုးကြပါ။ (၇) ဂဏန်းတွေအားကောင်းနေတဲ့နေ့ဖြစ်နေပါတယ်။ ပေါက်တာနဲ့ အနန္တောအနန္တငါးပါးကို ဦးထိပ်ထားလှူပြီး (၇) ရက်သားသမီးတွေအတွက်ပါ တစ်ပိုင်တစ်နိုင်လှူပေးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

---

တစ်ကြောင်း သေသွားရခြင်းပင်ဖြစ်သည်။ မူးရူးနေသော ကိုဝင်းစိုးမှာ မရှိသော မြွေကြီးကိုမြင်နေရသော်လည်း ခရီးသည် (တားကြို) (၆) ယောက်နှင့် ကိုစိုးလွင်မှာ မမြင်ရပါ။

ကိုဝင်းစိုးတစ်ယောက်သာ လူမှန်းမသိအောင် မူးရူးနေသဖြင့် ကယောင်ကတမ်းပြောနေခြင်းသာဖြစ်ကြောင်း မသေသင့်ဘဲ သေရခြင်းဖြစ်ကြောင်း အားလုံးက ပြောဆိုနေကြပါသည်။

တိုက်ဆိုင်မှုဟုပင် ဆိုလေမလား၊ သို့မဟုတ် လင်းမြွေကြီးက မသေဆုံးမီ ကိုဝင်းစိုးကို စိုက်ကြည့်နေကာ -

"ငါ့အသားကိုစားတဲ့သူတွေအသေဆိုးနဲ့သေပါစေ"

ဟုပင်ကျိန်စာတိုက်ခဲ့လေသလား မသိ ကိုဝင်းစိုးသေဆုံးပြီး (၃)လအတွင်းမှာပင် ကိုဝင်းစိုး ချက်ကျွေးသည့် ရွှေကျွန်းလေးမှ လင်းမြွေကြီးအသားကို စားခဲ့ကြသော ကျန်ဝန်ထမ်း (၅) ယောက်မှာလည်း နယ်အသီးသီးတွင် ရောဂါမည်မည်ရရမသိရဘဲ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားခဲ့ကြသဖြင့် ပဟေဠိသဖွယ် စဉ်းစားစရာဖြစ်နေပါတော့သည်။

■

ကိုဝင်းစိုးတို့ သေဆုံးသွားကြသည်မှာ ၁၉၈၂ ခုနှစ်အတွင်းကဆိုတော့ နှစ်အတော်ကြာခဲ့ပါပြီ။ ဖြစ်ပျက်ပုံဇာတ်လမ်းအစုံကို ကြားသိခဲ့ရသော ဦးရန်နိုင်စိုးတို့အဖို့ မနေ့တစ်နေ့ကလိုပင် ထင်မြင်နေမိပါသည်။

သစ်လှိုင်မျိုး (စက်မှုတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

# ကိုဇော်ဝင်း (လှဘော)

## ကျောင်းကြီးဖျက်မ

■ စာရွှင်တစ်ပုဒ်ရေးရသည့် အကြောင်းရင်း

ညနေပိုင်း၌ ဝက်လက်စာတိုက်မှ စာအုပ်လက်ဆောင်နှင့် စာမူခငွေလွှဲ ရောက်ရှိနေကြောင်း ဖုန်းဖြင့်အကြောင်းကြားပါသည်။

နောက်တစ်နေ့ နံနက် (၈) နာရီခွဲ အချိန် ကျွန်တော် အိမ်မှ ဆိုင်ကယ်ဖြင့် ထွက်လာပါ၏။ လှုံတော - ဝက်လက်က (၇) မိုင် ဝေးပါသည်။ လမ်းကောင်းပါသည်။

ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန် သာစီးတတ်ပါ၍ တစ်နာရီနီးပါးအချိန် ကြာပါသည်။ ဝက်လက်မြို့ဆက်သွယ်ရေးစာတိုက်သည် မြို့အဝင် လမ်းတောင်ဘက်မှာရှိပါသည်။

စာမူများမှတ်ပုံတင်ဖြင့်ပို့သည်။

စာအုပ်လက်ဆောင်နှင့် စာမူခများထုတ်ယူပြီး ကျွန်တော် မြို့တွင်းကို ဝင်ပါသည်။ နာရီစင်မြောက်ဘက်လမ်း အရှေ့ဘက် ကောင်းကင်လက်ဖက်ရည်ဆိုင်ကိုရောက်၏။

ကောင်းကင်လက်ဖက်ရည်ဆိုင်မှာ မြို့ခံစာပေသမားတို့ထိုင်တတ်သည်။

စာအကြောင်းပေအကြောင်းသတင်းများ ဆွေးနွေးခွင့်ရပါသည်။

အလယ်စားပွဲဝိုင်းမှာ ကိုကိုအောင်တို့ရှိနေ၍ ကျွန်တော်တို့ စားပွဲမှာဝင်ထိုင်၏။ လက်ဖက်ရည်တစ်ခွက်မှာ၏။ နံပြားထောပတ်သုတ်တစ်ပွဲမှာ၏။

ကိုကိုအောင်တို့က လက်ဖက်ရည်သောက်ပြီးကြပြီ။ ကျွန်တော်ရောက်လာ၍ မပြန်ကြသေးခြင်း ဖြစ်၏။

ကျွန်တော်နှင့် စုစုပေါင်း ငါးယောက် ဝိုင်းဖွဲ့ဖြစ်၏။

"တို့များလည်း သုရဿမဂ္ဂဇင်း လစဉ်ဖတ်ဖြစ်ပါတယ်။ ကြိုက်လည်း ကြိုက်ပါတယ်။ သို့ပေမယ့် သုရဿမဂ္ဂဇင်း အဖွင့်မာတိကာကိုကြည့်လိုက်ရင် တွေ့နေကျ ကလောင်ရှင်တွေကိုတွေ့ရပြီး အကြောင်းအရာတွေက နှစ်ကြာကြာ ဖတ်လာရတော့ မဖတ်ချင်တော့ဘူး။ ငြီးငွေ့လာတာအမှန်ပါပဲ။ အရေးအသား မကောင်းတာမဟုတ်ဘူး။ အားလုံး အရေးကောင်းကြသူတွေချည်းပါ"

မြို့နယ်အငြိမ်းစားပညာရေးဝန်ထမ်းဆရာတစ်ဦးက အထက်ပါအတိုင်း ပြောပါသည်။ နံပြားထောပတ်သုတ် ရောက်လာ၍ ကျွန်တော်စစားပါသည်။



သူတို့ပြောသမျှ နားထောင်ပါ၏။

"မဂ္ဂဇင်းက ကလောင်ကောင်းတွေ အားလုံးစုရေးနေကြတာပါ။ အကြောင်းအရာကောင်းလေးတွေ တစ်လနဲ့တစ်လ မထပ်အောင်ရေးကြဖို့လိုတာပါ"

စာပေဝါသနာရှင်စက်မှုလယ်ယာဝန်ထမ်း (ငြိမ်း) က ထိုသို့ပြောပါသည်။

ကျွန်တော် နံပြားစားခြင်းကို လက်စသတ်ပြီးလက်ဖက်ရည်စသောက်ကြပါသည်။

"ဖတ်စရာ တူတူတန်တန်မဂ္ဂဇင်းဆိုလို့ သုရဿမဂ္ဂဇင်းတစ်အုပ်သာရှိသကွ။ ကိုယ်ကတော့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးစာကို စဖတ်တယ်။ ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) ပညာရပ်ဆိုင်ရာဆောင်းပါးတွေလည်းကြိုက်တယ်။ အနယ်နယ်အရပ်ရပ်ကပို့တဲ့တိုင်းရင်းဆေးနည်းလေးတွေလည်း အကောင်းသားကွ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ဌာနတစ်ခုတည်း လုပ်ခဲ့သူ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြောခြင်းဖြစ်ပါ၏။

ကိုကိုအောင်မှာလည်း ကျွန်တော်နှင့် ဌာနတစ်ခုတည်းလုပ်ခဲ့သူ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပါသည်။ ကိုကိုအောင် (မြကန်သာ) အမည်နှင့် ကဗျာများရေးနေသူ ဖြစ်ပါသည်။

ကျွန်တော်လက်ဖက်ရည်သောက်ပြီးသွား၍ -

"ကိုကိုအောင်၊ မင်းလည်းစကားပြေအရေးကောင်းသူပါ။ ကဗျာတွေချည်းရေးမနေနဲ့။ ဝတ္ထုဆောင်းပါးတွေလည်းရေးပါဦးဟ"

ဟု ပြောဖြစ်သွားပါ၏။

ကိုကိုအောင် ပြုံးပါသည်။

"ကဗျာရေးတာ ပိုက်ဆံမရဘူး။ ဝတ္ထုဆောင်းပါးက ပိုက်ဆံရတယ်။ မင်းဒါပဲထပ်ပြောဦးမှာမလား"

ဟု ကိုကိုအောင်က ဆိုပါသည်။

သည်တစ်ခါ ကျွန်တော်ပြုံးပါသည်။ ကိုကိုအောင်က သူ့စကားဆက်ပါသည်။

"ဟော့ကောင် မင်းရေးတဲ့ခြံပေါက်နွားဝတ္ထုဖတ်ရတယ်။ အဲသလို စာရွှင်တစ်ပုဒ်ဖတ်လိုက်ရတော့ ဝက်သားဟင်းစားပြီး မန်ကျည်းရွက်ချဉ်ရည်သောက်လိုက်ရသလိုကောင်းသဟ"

ဟု ပြောခဲ့ရ၏။


ကျွန်တော် မဆွေးနွေးနိုင်ပါ။ ပြန်ခါနီးမှာ -

"စာရွှင်တစ်ပုဒ်ရေးဖို့တော့ရှိတယ်။ စာတည်းချုပ်ရွေးရင်ဖတ်ရမှာပါ"

ဟု ကိုကိုအောင်ကို ကျွန်တော် ပြောခဲ့ပါသည်။

■ ကျောင်းကြီးဖျက်မ

ရပ်ထဲရွာထဲမှာ ရဟန်းတစ်ပါးနှင့် ညားသောအမျိုးသမီးကို 'ကျောင်းကြီးဖျက်မ'ဟု ခေါ်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သာသနာဖျက်မ၊ ရဟန်းဖျက်မ ဟူ၍လည်း ခေါ်ပါသည်။

ကျွန်တော့်အမေ၏ ညီမဝမ်းကွဲ တုတ်တုတ်သည် ကျောင်းကြီးဖျက်မ တစ်ဦးဖြစ်ခဲ့ရပါ၏။ ဆွေမျိုးသားချင်း များအားလုံးက ဝိုင်းပြီးတားကြည့်ကြပါ သည်။ မရပါ။

တုတ်တုတ်ကို ရွာတောင်ပိုင်း ဗေဒင်ဆရာကြီးအဘခ်ငကက -

အိမ်ထောင်နှစ်ဆက်ကျလိမ့်မည်။ ပထမအိမ်ထောင်နှင့် သေကွဲကွဲမည်။ ဒုတိယအိမ်ထောင်နှင့်က အများသူငါ လက်ညှိုးအထိုးခံ၊ အကဲ့ရဲ့ခံပြီးရမည်။ သို့သော် ရှင်ကွဲကွဲဦးမည်ဟု ဟောပြောခဲ့ ပါ၏။

တုတ်တုတ်တို့မှာ အမိအဖများမရှိ ပါ။ ရွှေရွှေဆိုသောမောင်တစ်ယောက် ရှိပြီး အတူနေပါသည်။ ရွှေရွှေက တောင်သူလုပ်ငန်းကို ကျွမ်းကျင်သည်။ အသောက်အစား၊ လောင်းကစားမရှိ။ အနေအေးသူဖြစ်ပြီး လူပျို့လူလွတ်တစ် ယောက်လည်းဖြစ်ပါ၏။

အမိအဖများက လယ်ယာဧက များစွာထားရှိခဲ့ပါသည်။

ရွာအရှေ့ပိုင်းတွင် နှစ်ထပ်အိမ် ပျဉ်ထောင်ပျဉ်ခင်းအုတ်ခုံခံသွပ်မိုးနှင့် တင့်တင့်တယ်တယ်နေနိုင်သည်။ လယ် ကောင်းယာကောင်းများလုပ်ကိုင်ရသဖြင့် စီးပွားရေးကောင်းပါ၏။

တုတ်တုတ် (၁၇)နှစ်သမီးအရွယ် မှာ အိမ်ထောင်ကျသည်။

တုတ်တုတ်၏အိမ်ထောင်ဖက်မှာ ရွှေရွှေ၏သူငယ်ချင်းတစ်ဦးဖြစ်သည်။ လူကောင်းတစ်ယောက်လည်းဖြစ်၏။

တုတ်တုတ်ထက် အသက်ငယ် ခေတ်ပြား သဘောထားပြည့်ဝသည်။ သည်းခံစိတ်ရှိပါ၏။ ရွှေရွှေနှင့်အတူ တောင်သူလုပ်ငန်းကို ပျော်ပျော်ပါးပါး လုပ်ကိုင်ခဲ့ပါ၏။

တုတ်တုတ်နှင့်ဘုရားသွားကျောင်း တက်အတွဲညီသူဖြစ်ပါသည်။

သို့သော် သုံးနှစ်မျှသာပေါင်းရပါ လေ၏။ ရုတ်တရက် ကောက်ကာငင် ကာဖျား၍ကွယ်လွန်ခဲ့ပါသည်။

တုတ်တုတ် လူလိုမ့်ငိုခဲ့ပါသည်။ ဆွဲ၍မနိုင်အောင် တုတ်တုတ်လူးလိမ့်ငို သည်။

တုတ်တုတ်အသက် (၂၀)အရွယ် မျှသာရှိသေး၏။ သားသမီးမရခဲ့ပါ။ အသက်ငယ်ငယ် အလှပဆုံးအရွယ် ပစ္စည်းဥစ္စာထပ်ဆင့်ပေါင်းလိုက်သော အခါ တုတ်တုတ်ကိုရယူလိုသူတို့ဝိုင်းဝိုင်း လည်ပါသည်။

တုတ်တုတ်မည်သူကိုမျှမဝင်စား ခဲ့ပါ။ လက်မခံခဲ့ပါ။

အသက်(၃၀)အရွယ်အထိနေထိုင် လာသောအခါ မုဆိုးမဘဝနှင့်အရိုးထုတ် တော့မည်ဟု ဆွေမျိုးသားချင်းများမှတ် ယူခဲ့ကြပါသည်။

မောင်ဖြစ်သူ ရွှေရွှေကလည်း ထိုသို့မှတ်ယူထားပါ၏။

အစ်မဖြစ်သူကို ပို၍ချစ်၏။ ပို၍ ဂရုစိုက်ခဲ့၏။ တောအလုပ်တောင်အ လုပ်ကိုပင် အစ်မဖြစ်သူကိုမလိုက်ပါစေ ရ။ အိမ်မှာသာ ထမင်းချက်၊ အဝတ် လျှော်စေပါတော့၏။ တုတ်တုတ်သည် ပို၍လှလာ၏။ အရွယ်တင်နုပျိုလှပါ သည်။ မောင်ဖြစ်သူရွှေရွှေနှင့်အေးချမ်း စွာနေခဲ့ပါ၏။

ပထမအိမ်ထောင်ဖက်နှင့် သေ ကွဲကွဲမည်ဟု အဘခင်ဟောထွက်ဟော ချက်ဖွင့်၏။ နောက်အိမ်ထောင်ဖက်နှင့် အများသူငါ လက်ညှိုးထိုးအကဲ့ရဲ့ခံပြီးမှ ရှင်ကွဲကွဲဦးမည်ဟု နောက်ဟောချက်ရှိ ၏။

တုတ်တုတ်အိမ်ထောင်ဖက်ရွေးရ မည်ကိုကြောက်သွားပြီလော။ ဆွေမျိုး သားချင်းများက မုဆိုးမဘဝနှင့်အရိုးထုတ် တော့မည်ဆိုသောအမြင်၊ မှတ်ယူချက် များမှန်ပါ၏လော။

အဘခင်ဟောကွက် နောက်တစ် ချက်သာမှန်ပါလျှင် တုတ်တုတ်အရှက် တကွဲအကျိုးနည်းဖြစ်ဦးမည်။

တုတ်တုတ် အရှက်တကွဲ အကျိုး နည်းဖြစ်ရခြင်းကို လိုလားမည်မထင်ပါ။

ကျွန်တော်၏ မိခင်ကြီးသည်ပင် သူ့ညီမ တုတ်တုတ်ကို အိမ်ထောင်မပြု တော့ဟု ထင်ထားပါ၏။

တုတ်တုတ် သီတင်းရက်တိုင်း ရွာဦး ကျောင်းမှာ သီလယူဥပုသ်စောင့်၏။

ကျွန်တော့်အမေတို့သည်ပင် ဥပုသ် စောင့်ရက်မမှန်၊ ရက်ပျက်ရှိသေး၏။ တုတ်တုတ်က ရက်မပျက်။

ရွာဦးကျောင်းသည် တုတ်တုတ်တို့ အိမ်နှင့် တောင်ဘက်တစ်လမ်းခြား အိမ် ဝိုင်းနှစ်ဝိုင်းကျော်မှာ တည်ရှိသည်။

ရွာဦးကျောင်းဆရာတော်က ငယ်ဖြူ ဖြစ်၏။တရားဟောတရားပြအလွန်တော် ၏။ စာတတ်ပုဂ္ဂိုလ်ဖြစ်ပြီး ကျွန်ခြေကြီးပါ ၏။

တစ်ရွာလုံးမျှမက ရွာဦးချုပ်စပ် အားလုံး ကိုးကွယ်သူဖြစ်၏။ ထိုရွာဦး ကျောင်းဆရာတော်နှင့် တုတ်တုတ်ငြိနေ ပြီဆိုသောသတင်းများထွက်လာလေ၏။

ဆွေမျိုးသားချင်းများတစ်ချို့ကမယုံကြ။ မယုံကြသော်ငြား ဆွေထဲမျိုးထဲမှ အကြီး အကဲများက တုတ်တုတ်ကိုဝိုင်းပြီးတား ကြ ကန့်ကွက်ကြပါသည်။ မရပါ။

နောက်ပိုင်း ရွာဦးကျောင်းဆရာ တော် လူဝတ်လဲ၍ တုတ်တုတ်နှင့်ယူပါ သည်။

■

ရွာဦးကျောင်းဆရာတော် လူဝတ် လဲပြီး တုတ်တုတ်နှင့် ပေါင်းသင်းချိန် လူအမည်မှာ ကိုဘတင်ဖြစ်လာ၏။

ဘုန်းကြီးလူထွက် ကိုဘတင်သည် တောင်သူလုပ်ငန်းမလုပ်တတ်ပါ။

ရွာအရှေ့ပိုင်း နှစ်ထပ်အိမ်ကြီးမှာ အတူနေကြပါသည်။

လူရိုးလူဖြောင့်စိတ်သဘောထား ကောင်းသူဖြစ်၍ အစ်မကိုလည်းချစ် သဖြင့် ရွှေရွှေက ယောက်ဖဖြစ်သူကို တောင်သူလုပ်ငန်းများသင်ပေးပါသည်။

သို့သော် ပြည့်စုံကြသူများဖြစ်၍ ကိုဘတင် တောကို နေ့စဉ်လိုက်ရန်မလို ပါ။ ရွှေရွှေတစ်ယောက်တည်း မနိုင်မှ သာခေါ်ပါသည်။

ကောက်စိုက်ရက်ကနီးလာ၊ လယ် များကထွန်ရေးမညက်သေးသောကြောင့် တစ်ရက် လယ်ထွန်ရန် ကိုဘတင်ကို ခေါ်လာ၏။

ရေနွေးအိုးတည်ခိုင်း၏။ အမှိုက် ကောက်ခိုင်း၏။

ရွှေရွှေက ကိုယ်တိုင်ထွန်နေ၏။ နံနက် (၁၀) နာရီတွင် ရွှေရွှေခဏနား ချင်သည်။ ရေနွေးသောက်ချင်သည်။

သို့ဖြင့် ကိုဘတင်ကို ခဏထွန် မောင်းခိုင်းထား၏။

ရွှေရွှေက ဆာဆာဖြင့် ကောက်ညှင်းပေါင်းစားသည်။ ကိုဘတင် မည်သို့ထွန်မောင်းနေသည်ကိုမကြည့်မိ။

ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်မိ ချိန်မှကြည့်မိ၏။

'ဟောဗျာ' ဟု အသံထွက်လျက် လက်ထဲက ရေနွေးကြမ်းပန်းကန်လွတ် ကျမတတ်ဖြစ်ရပါလေသည်။

ကိုဘတင်က ထွန်ကိုမောင်းချင် သလို မောင်းနေ၏။

လယ်ထွန်နည်း စနစ်တကျ မဟုတ်။

သို့ဖြင့် သောက်လက်စ ရေနွေး ပန်းကန်ချပြီး လယ်ထဲအမြန်ဆင်းကာ ထွန်ကြိုးကိုဘတင်ထံကလှဲယူလိုက်ရ၏။

လယ်ကို ဒီလိုမထွန်ရဘူးဟု ပြော ပြီး စကားဆက်မည့်ဆဲဆဲ ကိုဘတင်၏

www.burmeseclassic.com

www.burmeseclassic.com

ပြောစကားကြောင့် လက်ထဲက ကြိမ်ဖြင့် ရိုက်ရမည်လား သို့မဟုတ် ဝါးလုံးကွဲရယ် ရမလား ဟု ရွှေးရွှေးအောက်မေ့ပါ၏။

ကိုဘတင်စကားက -

"လယ်ထဲကမထွက်ပြီးတာတဲ"

ဟု ဖြစ်ပါသောကြောင့်။

■

တစ်ရက် နံနက်စောစော တုတ်တုတ် အိပ်ရာကထ၏။ ထမင်း တစ်အိုးတည်၏။ မောင်ဖြစ်သူနှင့် တောလိုက်ပြီး ရိတ်ပြီးသား ကောက်ရိုးထုံးများ တင်ရမည်ဖြစ်၏။

တုတ်တုတ်ကအောက်မှပေးကာ ရွှေးရွှေးက လှည်းပေါ်မှယူပြီးစီတင်ရမည်။

ထမင်းတစ်အိုးကျက်ချိန် ကိုဘတင် အိပ်ရာမှနိုးလာသည်။ နေကထွက်စပြုပြီ။ ရွှေးရွှေးကလည်း လှည်းအသင့်ပြင်ပေးပြီး တုတ်တုတ်ကိုစောင့်နေပြီ။ သို့ဖြင့် ပဲပြုတ်အိုးတည်ရစ်၊ ငရုံပတူရွက်ပြုတ်ရစ် ဟု ကိုဘတင်ကိုမှာထားခဲ့ရ၏။ အေး - လုပ်ထားလိုက်မယ်ဟု ကိုဘတင်ကဆို၏။

လယ်ကွင်းထဲမှ ကောက်လှိုင်းများ လှည်းပေါ်တင်၊ စပါးတလင်းမှာပို့ရချရ၏။ နေ့(၁၂)နာရီမှာ မောင်နှမနှစ်ယောက် နားပြီး အိမ်ပြန်လာသည်။

ရွှေးရွှေးက နွားများရေတိုက်၊ နွားစာကျွေးနေသည်။

တုတ်တုတ်က မီးဖိုဆောင်ဝင်သည်။

ပဲပြုတ်ထားသလား၊ ငရုံပတူရွက် ပြုတ်ထားသလားဟု အိုးများဖွင့်ကြည့်၏။ အိုးနှစ်လုံးတွေ့ရမည်။ သို့သော် အိုးတစ်လုံးသာတွေ့ရ၏။

အိုးတစ်လုံးထဲတွင် ပဲနှင့်ငရုံပတူရွက်ရော၍ ပြုတ်ထား၏။ ပဲများခါးတူးနေ၍ စားမဖြစ်တော့။ သွန်ဖြစ်ရတော့သည်။ တုတ်တုတ် သေချင်စော်နံသွား၏။

ကိုဘတင်ဘယ်လိုလုပ်ထားသတုံး ဟုမေးချိန် ကိုဘတင်၏ အဖြေစကားကြောင့် တုတ်တုတ်ခမျာ ထမင်းဆာလွန်း၍ ဒေါသဖြစ်ရမည်လား၊ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျအောင်ရယ်ရမည်လော မဝေခွဲနိုင်အောင်ဖြစ်ရပါတော့သည်။

"ဟ - ပြုတ်ရမှာချင်းအတူတူ နှစ်အိုးပေါင်းပြီးပြုတ်ထားတော့ ဘာဖြစ်သတုံး"

ဟု ဖြစ်ပါသောကြောင့်။

■

မိုးမြေပဲများအချိန်မီချရမည်ဖြစ်၍ ကြိုးစားပြီး ရွှေးရွှေးထွန်နေသည်။

ထွန်နောက်မှာ သဲများ၊ အမြိုက်များတဖွားဖွားကျန်ခဲ့၏။ ကိုဘတင် ရသမျှ အမြိုက်များသဲ့ပြီး ထောင့်မှာ တောင်းတစ်တောင်းနှင့်သွားပုံနေသည်။

အမြိုက်ကများ၏။

နေကမြင့်လာပြီ။ ထွန်ရေးကမရသေး။ ကြိုးစားထွန်နေရ၍ ကိုဘတင်ကို ကူပြီး အမြိုက်မသယ်နိုင်။

ကိုဘတင်မှာ ချွေးတွေလုံးနေပြီ။ ကိုဘတင် ထမင်းဆာနေပြီကို ရွှေးရွှေး မသိချင်ပြု၍နေ၏။

အမြိုက်ကလေးသယ်လိုက်၊ ရေထဲသောက်လိုက်နှင့် ကိုဘတင်လုပ်နေ၏။

ကိုဘတင်နားချင်ပြီ။ တောင်းထဲမှာ အမြိုက်မရောက်သေး။ သည်တစ်ခေါက်ထွန်ပြီးလျှင် ထွန်ကိုခဏနား၊ ရပ်ထားပြီး ကိုဘတင်ကို အမြိုက်ကူသယ်ရန် ရွှေးရွှေး စိတ်ကူးထား၏။

ထိုအချိန် -

ရှူးခနဲ ရှူးခနဲ နောက်ကအသံထွက်လာ၍ ရွှေးရွှေးကြည့်လိုက်၏။

လွန်စွာမှကြီးမားသော တောကြီးမြွေဟောက်တစ်ကောင်က နှာမှုတ်သံပေးလိုက်သည်။ ကိုဘတင်ရှေ့မလှမ်းမကမ်းမှာ ပါးပျဉ်းခွက်ကြီးနှင့် ရန်လုပ်နေပြီ။

မကြာခင် ကိုဘတင်ကို ပြေးဆွဲတော့မည်။

"ငြိမ်ငြိမ်နေ"

ဟု အော်ပြီး ရွှေးရွှေးထွန်ရပ်သည်။ ကြိမ်လုံးကို တင်းတင်းကိုင်ပြီး တောကြီးမြွေဟောက်ကို ရိုက်သတ်ရန် ရွှေးရွှေးပြေးလာ၏။

ကိုဘတင် ကြောက်အားကြီးစွာ ရပ်နေ၏။

မြွေဟောက်ကြီးက ရွှေးရွှေးဘက်လှည့်လာ၍ ရွှေးရွှေးရပ်လိုက်ရ၏။

မြွေဟောက်ကို ရိုက်ချင်လျှင် နောက်ကရိုက်ရ၏။ ရှေ့ကရိုက်၍မရပါ။ မြွေဟောက်ကြီးက ရှေ့ကလူကို ခွေးဆွဲဆွဲတတ်သည်။ လည်ပင်းသုံးရစ်ပါသော တောကြီးမြွေဟောက်ဖြစ်သဖြင့် အဆိပ်ပြင်းသည်။ အကိုက်ခံရလျှင်မလွယ်။

"ကိုဘတင်ခြောက်ပေး၊ ခြောက်ပေး"

ဟု ရွှေးရွှေးပြောပြား ကိုဘတင် ကမလှုပ်။ ကိုဘတင် ခြောက်ပေး၍ မြွေဟောက်ကြီးနောက်လှည့်သော် ရွှေးရွှေး က ဝင်ရိုက်ကြမည်။ ရွှေးရွှေးအကြံအိုက်နေသည်။

မြွေဟောက်ကြီးက ဒေါသကြီးစွာဖြင့် ပါးပျဉ်းခွက်ကြီးတထောင်ထောင်၊ ခေါင်းတယမ်းယမ်းလုပ်နေပါသည်။

ပါးပျဉ်းခွက်ကြီးချသော် ရွှေးရွှေးကိုဆွဲတော့မည်။ အနည်းငယ်လှမ်း၍ တော်သေး၏။

ရုတ်တရက် မြွေဟောက်ကြီးက ကိုဘတင်ဘက်လှည့်သွားပါ၏။ ပါးပျဉ်းခွက်ကြီးချသွား၏။ ကိုဘတင်ကပြေးရန် ပြင်နေ၏။ ပြေးလျှစ် မလွတ်တော့။

"မပြေးနဲ့"

ဟု အော်အော်ပြောပြော ကြိမ်နှင့် နောက်မှရိုက်ရန် ရွှေးရွှေးပြေးအဝင် ကောင်းကင်ပေါ်က စွန်ကြီးတစ်ကောင် ပြေးဆင်းလာပြီး တောကြီးမြွေဟောက်ကြီးကို သုတ်ခနဲဆွဲ၍ ကောင်းကင်ပေါ် ပျံတက်ကာ မြောက်တည့်တည့်ကိုထွက်သွားပါ၏။

စွန်ကြီး၏ ခြေအစုံအောက်မှာ တောကြီးမြွေဟောက်ကြီးပါသွားတော့၏။

ရွှေးရွှေးက ပုဆိုးကိုဖြေ၍ မျက်နှာပေါ်ကချွေးများကိုသုတ်၏။

ကိုဘတင်မှာမူကား -

အပေါ်ပိုင်းတစ်ခုလုံး ပုဆိုးတစ်ထည်လုံး ချွေးများဖြင့်ရောလျက် ကြောက်သေးများပါထား၏။ ပြီး-မစင်ပါပါထား၏။ အနံ့တထောင်းထောင်းလျက်ရှိ၏။

■

ကိုဘတင်က စစ်ကိုင်းငယ်ဆရာတော် ဆရာရင်းကိုသွားကန်တော့မည် ဟု အသိပေးလျက် ထွက်သွားပါသည်။ နောက်သုံးရက်အကြာ -

"ရဟန်းဝတ်လိုက်ပြီ၊ ခွင့်ပြုပါ"

ဟု တုတ်တုတ်ကို အကြောင်းကြားစာပို့ပါသည်။

အဘပေဒင်ဆရာကြီးအဘခင်၏ ဒုတိယဟောကွက်လည်း တုတ်တုတ် အတွက်မှန်ပါသည်။

အများသူငါ၏လက်ညှိုးထိုးအကဲ့ရဲ့ခံခဲ့ရ၏။


ရှင်ကွဲကွဲရပြန်ပါပြီ။

မေတ္တာဖြင့်

ကိုဇော်ဝင်း (လှ[illegible])

www.burmeseclassic.com

www.burmeseclassic.com



## ဦးဉာဏဝံသ
(မင်္ဂလာဓေယျ)

# နမောတဿ သစ္စာဓိဋ္ဌာန်ကျင့်စဉ်

၁၃၃၇ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်တောင်ဘက်ကမ်း တောကျောင်းကြီးတွင် စစ်ကိုင်းမြို့ နန်းဦးကျောင်းဆရာတော် ဦးနန္ဒိယမဟာထေရ်အရှင်မြတ်ကြီးနှင့် ဟင်္သာတမြို့အတွင်း ပတ္တမြားပရိယတ္တိစာသင်တိုက်ဆရာတော်ကြီး ဦးပဏ္ဍိတ ဓမ္မဒ္ဒူတ အရှင်ပညာဇောတအရှင်မြတ်သုံးပါးတို့ ကြွရောက် သာသနာပြုလျက်ရှိပါသည်။ မထေရ်မြတ်ကြီးများအား ဝါဦးကာလ ကွင်းကောက်နယ်မှာရှိကြသော ဆရာတော်များနှင့် စာရေးသူတို့ဆရာတပည့်လည်း သွားရောက်ဖူးမြော်ကန်တော့ပါသည်။ စာရေးသူမှ ဆရာတော်ကြီး ဦးနန္ဒိယမထေရ်မြတ်ကြီးအား ဂါရဝပြု၍ ခြေထောက်ကလေးများအား ဆုပ်နယ်ပြီး ဝတ်ကြီးဝတ်ငယ်ပြုပါသည်။

ဆရာတော်ကြီးမှ -

“မောင်ပဉ္စင်းလေးကဘယ်ကျောင်းကလဲ။ ဘယ်ဆရာတော်ရဲ့တပည့်လေးလဲ”

ဟု မေးပါသည်။

“ဆရာတော်ဘုရား၊ တပည့်တော်က ဝတ်ကုန်းကျောင်းဆရာတော်ရဲ့တပည့်ဖြစ်ပါတယ် ဘုရား”

ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ -

“မောင်ပဉ္စင်းရဲ့ဆရာကဘုန်းကြီးရဲ့တပည့်ပဲ။ ဘုန်းကြီးများ ဟင်္သာတမြစ်ကွေ့တိုက်မှာ စာချဘုန်းကြီးဘဝနဲ့ နေစဉ် မောင်ပဉ္စင်းရဲ့ဆရာကို ရူပသိဒ္ဓိစသောစာဝါများပို့ချခဲ့ရတယ်။မောင်ပဉ္စင်းလေးက လက်စသတ်တော့ ဘုန်းကြီးရဲ့မြေးကလေးပဲ။တွေ့ရတာဝမ်းသာတယ်။ သာသနာတော်မှာ မွေ့အောင်နေကြားလား။ သာသနာတော်မှာနေရင်လူလည်မလုပ်နဲ့။ ဘုရားစကားနားထောင်ပြီးကောင်းကောင်းနေ”

ဟု ဆုံးမစကားများကို မိန့်ကြားပြီး-

“ငါ့မြေးလေးကို ကျန်းမာချမ်းသာသက်ရှည်စွာဖြင့် ဘုန်းကံကြီးမားအကျိုးများကိုရစေနိုင်တဲ့ နမောတဿသစ္စာဓိဋ္ဌာန်ကျင့်စဉ်လေးကို ချီးမြှောက်လိုက်ရသေးသပ။ ရှိရှိသေသေ လေးလေးစားစားနဲ့ ရွတ်ဆိုပွားများအားထုတ်ပါ”

ဟု အမိန့်ရှိကာ အောက်ပါအတိုင်းအမိန့်ရှိပါသည်။

“နမောတဿဘုရားရှိခိုးဟာ ဂုဏ်တော်သုံးပါးပါတယ်ကွယ့်။ အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဘဂဝါဂုဏ်တော်ရယ်လို့ ဂုဏ်တော်သုံးမျိုးပါတယ်။ဂုဏ်တော်သုံးပါးပါတယ်ကွယ့်။ ရှေးဆရာတော်ဘုရားကြီးများက မဟာနမက္ကာရဘုရားရှိခိုးကြီးလို့လည်းခေါ်တယ်။ ‘နမောမပါလုပ်ငန်းချာ နမောပါမှအောင်မြင်ရ’ တဲ့။ နမောတဿကို အနည်းဆုံး အိပ်ရာဝင်တစ်ခေါက် အိပ်ရာထတစ်ခေါက် ရွတ်ဆိုကြကွယ့်။ ဘေးရန်အန္တရာယ်ကင်းတယ်။ အိပ်ပျော်လို့ အိပ်မက်ထဲမှာ ထမင်းလုံးတစ္ဆေခြောက်တာတို့၊ အရိပ်စီးတာတို့၊ ဘီလူးစီးတာတို့ကို နမောတဿဆိုလိုက်ရင်ပျောက်ကင်းချမ်းသာရာရတယ်ကွယ့်”

ဟု ဆရာတော်ကြီးမှ အမိန့်ရှိပါသည်။

“နမောတဿကို ပုတီးကိုးပတ် စိပ်ပါ။ သို့မဟုတ် လေးဆယ့်ငါးပတ်စိပ်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ နဝင်းကျေလို့ခေါ်တယ်။ ကိုးနဝင်းကိုက်တယ်။ လေးနဲ့ငါးပေါင်းတော့ ကိုးပေါ့ကွယ့်။ ကိုးနဝင်းကိုက်တယ်လေ။ မြတ်စွာဘုရားကို ပန်းကပ်၊ ရေချမ်းကပ်၊ သတ္တဝါတွေကို မေတ္တာပို့၊ အမျှအတန်းပေးဝေပြီးသစ္စာပြုရတယ်။ဘုရားတပည့်တော် နမောတဿမဟာနမက္ကာရဘုရားရှိခိုးကြီးကို ပုတီးကိုးပတ် သို့မဟုတ် လေးဆယ့်ငါးပတ်ပူဇော်ပါသည်။ ပူဇော်တာမှန်ပါသည်။ မှန်သောသစ္စာစကားကို ပြောဆိုရသောကြောင့် ယခုတပည့်တော်၏ကိုယ်၌ဖြစ်ပေါ်နေသောရောဂါဝေဒနာတို့သည် ပျောက်ကင်းချမ်းသာရပါလို၏လို့ သစ္စာပြုကာ မိမိကိုယ်ကိုလက်နှစ်ဖက်ဖြင့်သပ်၍ချလိုက်ပါ။ ရောဂါဝေဒနာလည်းပျောက်ကင်းပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေနိုင်ပါတယ်။ မောင်ပဥ္စင်းလေး နေ့စဉ်ဆောင်ရွက်ပါလေ"

ဟု ဆရာတော်ကြီးမှ အမိန့်ရှိပါသည်။

ဆရာတော်ကြီးသည် တောင်စွန်းမြို့တွင် သက်တော်(၉၈)နှစ်မှ ဘဝနတ်ထံပျံလွန်တော်မူသည်ဟုကြားသိရပါသည်။

စာရေးသူ ဆရာတော်ကြီးချီးမြှင့်သည်မှစ၍ တစ်နေ့လျှင် ပုတီးကိုးပတ်စိပ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ ထူးခြားမှုများစွာတွေ့ရှိပါသည်။

၁၃၃၉ ခုနှစ်၊ တပေါင်းလတွင် အင်ပူမြို့ တာဝတိံသာတိုက်ကျောင်းတွင် ရောက်ရှိနေပါသည်။ နေ့လယ် (၃) နာရီအချိန်လောက်တွင် ဒါယကာတစ်ယောက် ရောက်ရှိလာပါသည်။

စာရေးသူမှ -

"ဒါယကာကြီး ကျန်းမာချမ်းသာပါရဲ့လား"

ဟု နှုတ်ဆက်စကားပြောပါသည်။

"အရှင်ဘုရား ချမ်းသာပါသည်၊ မကျန်းမာပါဘုရား"

ဟု လျှောက်ထားပါသည်။

"ဒါယကာကြီးနာမည်ဘယ်လိုခေါ်ပါသလဲ"

"တပည့်တော်အမည်မှာ ဦးရွှေပါဘုရား"

"ဘယ်လိုဖြစ်လို့လဲ ဒကာရွှေရဲ့"

ဟု မေးသောအခါ -

"တပည့်တော် အကြောတအားတက်တာပဲဘုရား။ ဆေးအမျိုးမျိုးစားလည်းမပျောက်၊ ဆေးထိုးဆေးသောက်ဘယ်လိုပင်လုပ်သော်လည်း မပျောက်ဖြစ်နေပါတယ်ဘုရား"

ဟု လျှောက်ထားပါသည်။

"အကြောင်းက ဘယ်လိုစဖြစ်ပါသလဲ ဒကာရွှေရဲ့"

ဟု စာရေးသူမှ မေးပါသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ ဇနီးမောင်နှံနှစ်ယောက်တည်းရှိပါတယ်။ တပည့်တော်တို့ ဈေးရောင်းပြီးအသက်မွေးဝမ်းကျောင်းပြုပါတယ်။ တပည့်တော်အပေါ်ထပ်မှာ ဘုရားရှိခိုးဝတ်ကိုနေ့စဉ်ပြုပါတယ်အရှင်ဘုရား။ တပည့်တော်အယူက ကောင်းတာလုပ်တာပဲ မေတ္တာပို့ အမျှအတန်းပေးစရာမလိုလို့ တွေးမိပါတယ်။ တစ်နေ့ တပည့်တော်အပေါ်ထပ်မှာ ဘုရားဝတ်ပြုနေတုန်း (၈)နှစ် (၉) နှစ်အရွယ် အမျိုးသမီးလေးတစ်ဦးတက်လာပါသည်။

"ဘဘ၊ ကျွန်မလည်း ဘုရားရှိခိုးဘုရားပါရစေ"

ဟုပြောပါသည်။

"တပည့်တော်လည်း နောက်ကိုလှည့်မကြည့်မိပါဘုရား။ အတန်ငယ်ကြာသောအခါ တပည့်တော်နားနားတပ်ပြီး လက်ခုပ်တီးလိုက်ပါတယ်ဘုရား၊ တပည့်တော်လည်း ဖြုန်းစားဆိုတော့ လန့်သွားပါတယ်ဘုရား။ ကလေးမလေးက ဘုရားကိုလက်ညှိုးထိုးပြီး ဟားဟားနဲ့ရယ်ပြီးဆင်းသွားပါတယ်ဘုရား။ အဲဒီအချိန်မှစပြီး အကြောတက်ရောဂါစွဲခဲ့သည်မှာ ယခုဆိုရင် သုံးနှစ်ကျော်ရှိခဲ့ပါပြီ"

ဟု လျှောက်ထားလေသည်။

စာရေးသူမှ -

"ဒကာရွှေ ရောဂါမပျောက်ချင်ဘူးလား"

ဟု မေးပါသည်။

"အရှင်ဘုရားကလည်း ဘယ်လိုပြောပါလိမ့်။ မပျောက်ချင်ဘဲ ဘယ်ရှိမလဲ။ ပျောက်ချင်တာပေါ့ဘုရား"

ဟု လျှောက်ထားပါသည်။

"ဒီလိုဆိုရင် ဦးပဥ္စင်းပြောသလိုလုပ်နိုင်ပါ့မလား"

"အရှင်ဘုရား ရောဂါပျောက်မယ်ဆိုရင် လုပ်ပါ့မယ်ဘုရား။ အမိန့်ရှိတော်မူပါ"

"ဒီလိုဆိုရင် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှအတန်းပေးဝေပြီး နမောတဿဘုရားရှိခိုးကို ကိုးပတ်ပုတီးစိပ်ပါ။ ဒါမှမဟုတ် လေးဆယ့်ငါးပတ်ပုတီးစိပ်ပါ။ ပုတီးစိပ်ပြီး အကျွန်ုပ်သည် နမောတဿမဟာနမက္ကာရဘုရားရှိခိုးကြီးကို ပုတီးကိုးပတ်စိပ်ပါသည် သို့မဟုတ် လေးဆယ့်ငါးပတ်စိပ်ပါသည်။ စိပ်တာ မှန်ပါသည်။ မှန်ကန်သောသစ္စာစကားကိုဆိုရသောကြောင့် ဘုရားတပည့်တော်၏ကိုယ်၌ဖြစ်ပေါ်နေသော ရောဂါဝေဒနာများပျောက်ကင်းချမ်းသာပါစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြုကာ မိမိကိုယ်ကိုလက်နှစ်ဖက်နဲ့သပ်ချပါ။ရေကိုလည်း သစ္စာဓိဋ္ဌာန်ပြုသောက်နိုင်ပါတယ်"

ဟူ၍ ပြောလိုက်ပါသည်။

"ဒကာရွှေရဲ့ ရောဂါဝေဒနာမကြာခင် ပျောက်ကင်းချမ်းသာပါလိမ့်မယ်။ ရိုရိုသေသေနဲ့ ပြုမူဆောင်ရွက်ပါလေ"

ဟု မှာကြားလိုက်ပါသည်။

သုံးလ၊လေးလလောက်ကြာသောအခါ နောက်တစ်ခေါက် ဒကာရွှေနှင့်တွေ့၍ -

"ဒကာရွှေ၊ ရောဂါအခြေအနေဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား"

ဟု မေးသောအခါ -

"အရှင်ဘုရားရေ၊ အခုရောဂါပျောက်ပြီး ကျန်းမာချမ်းသာလျက်ရှိပါတယ်ဘုရား။ အရှင်ဘုရားကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်"

ဟု လျှောက်ထားပါသည်။

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် ပြော၍မပြနိုင်လောက်အောင် ကြီးမားလှပေသည်။

ရတနာရွှေချိုင့်တွင် -

- ဣစ္စေဝ မေ ကန္တကတော
  သုရကွော ဇိနာနုဘာဝေ။
  ဟာရိတာ သံယော သံဃဿ
  တေဇေန ဂုဏာကရဿ
  ဟု ပါရှိပါသည်။

**အဓိပ္ပာယ်**

အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောအပြားအားဖြင့် ငါသည် စင်စစ်အားဖြင့် ကောင်းသောအစောင့်အရှောက်ကိုပြုအပ်ပြီး မြတ်စွာဘုရား၏အာနုဘော်အားဖြင့် သတ်အပ်ပြီးသောဘေးရန်ရှိသည် ဖြစ်ရပါလို၏ ပါရှိပါသည်။

'နမောမပါလုပ်ငန်းချ၊ နမောပါမှ အောင်မြင်ရ' ဆိုသည့်အတိုင်း နမောတဿသစ္စာဓိဋ္ဌာန်ကျင့်စဉ်တော်သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အသက်ရှည်ကာ ဘုန်းကံကြီးမားစေနိုင်ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါ၏။

ဦးဉာဏဝံသ (မင်္ဂလာဒေး



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးများတို့၌ ထင်ပေါ်ကျော်ကြား လူသိများခဲ့သော သိဒ္ဓိရှင်မဟိဒ္ဓိရှင်ကြီးဖြစ်တော်မူသော အလောင်းတော်အမည်ခံ ပုပ္ပားမင်းခေါင်၊ ဘိုးမင်းခေါင်၊ ကမ္ဘာ့အလင်းရောင်အောင်မင်းခေါင်၊ တိကြားမင်းခေါင်အမည်ခံ ဝိဇ္ဇာဦးစီး အောင်မင်းခေါင်ကြီးသည် အမည်အမျိုးမျိုး မော်ကွန်းထိုး၍ သူရှုးအသွင်ရုပ်ပြင်ဆင်ကာ တောတောင်မြို့ရွာဒေသအသီးသီးသို့ သွားရောက်ပြီးလျှင် မိစ္ဆာဓာတ်သက်၊ ပါပဓာတ်သက်တို့ကို အဆက်ဖြတ်လျက် သာသနာ့ဓာတ်သက် မြန်မာဓာတ်သက်ဖော်ထုတ်ခြင်း၊ မြန်မာကို ကမ္ဘာက သိရှိလေးစားစေခြင်းနှင့်



သတ္တဝါများအား သနားငဲ့ညာ၍ ကပ်သုံးပါးမှ ကယ်တင်ခြင်းစသော ဓာတ်လုပ်ငန်းအသီးသီးတို့ကို ပြုလုပ်ဆောင်ရွက်တော်မူခဲ့ပါသည်။

ထိုအချိန်ထိုအခါတုန်းက ပုပ္ပားဘိုးတော်အောင်မင်းခေါင်ကြီးကိုယ်တော်တိုင် ပြောဆိုရေးသားခဲ့သော ကဗျာ တေးထပ်စာနှင့် ဘုရားသိုက်၊ သိကြားသိုက်၊ ဗုဒ္ဓဝင်ရာဇဝင်တို့နှင့်စပ်ဆိုင်သော တပေါင်း၊ စနည်း၊ ဘဝေါစသည်များကို အနီးကပ် ဆည်းပူး၍ မှတ်သားတော်မူခဲ့သော အရှင်ဇောတိပါလအရှင်မြတ်သည် တပည့်သာဝကများအနေဖြင့် သိရှိမှတ်သား ဗဟုသုတများရရှိစေရန် စေတနာအမှန်ဖြင့် နဂါးရစ်တောင်သမိုင်း ဆရာတော်အရှင်စက္ကိန္ဒရေးသားတော်မူသော ဝိဇ္ဇာဝင်သမိုင်း၊ အရိယာပူဇနီယ ဝိဇ္ဇာလမ်းပြကျမ်း စသော သမိုင်းစာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ ယခုအခါ၌ ၎င်းစာအုပ်များမှာ ပျောက်ကွယ်စပြုနေပါသည်။

သို့ပါ၍ ဘိုးတော်နှင့် ပတ်သက်သောအချက်အလများကိုရှာဖွေလိုက်စားသူများအနေဖြင့် လွယ်ကူစွာဖြင့်လေ့လာမှတ်သားကာ ကျင့်ကြံပွားများနိုင်ရန် စေတနာအမှန်ဖြင့် ဝင်းမြန်မာဦးဝင်းမြင့်က ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းမရှိ ပကတိအတိုင်း ပြန်လည်၍ ထပ်မံထုတ်ဝေခဲ့ပါသည်။ ယခုအခါ ယခုအချိန်တွင်မှာတော့ ဝင်းမြန်မာပုံနှိပ်တိုက်ပိုင်ရှင် အဘ ဦးဝင်းမြင့် ပြန်လည် ထုတ်ဝေခဲ့သော ဤစာအုပ်များမှာ ပျောက်ကွယ်လုနီးပါး ရှားပါးသွားပါသည်။ ထို့ကြောင့် ဝင်းမြန်မာ အဘ ဦးဝင်းမြင့်ကိုယ်တိုင် 'အဘအောင်မင်းခေါင်ကြီး၏ဝိဇ္ဇာဝင်သမိုင်း'စာအုပ်ကို ယူဆောင်လာပြီး ကျွန်ုပ်နှင့်တွေ့ဆုံကာ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းမရှိ ပကတိမူရင်းစာမူအတိုင်း ကျွန်ုပ် အဘဝ (သာသနာ့အလင်းရောင်)အား ပြန်လည်၍ ရေးသားဖော်ပြခိုင်းခြင်း ဖြစ်ပါသည်။

ဤမည်သော အောင်မင်းခေါင်ကြီးဝိဇ္ဇာသမိုင်းဝင်နှင့် ချမ်းသာရေးလမ်းစဉ်ကို စာတမ်းတပ်၍ ဖော်ပြရခြင်း အကြောင်းအရင်းမှာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အောင်မင်းခေါင်ကြီးစသော ဝိဇ္ဇာဂိုဏ်းဂဏအသင်းအဖွဲ့များမြောက်မြားစွာ ပေါ်ပေါက်လျက်ရှိနေရာ အဆိုးနှင့်အကောင်း၊ အကျိုးနှင့် အကြောင်းပြ၍ အမှား၊ အမှန် ဝေဖန်စဉ်းစားနိုင်ရန် သတိပေးလို၍ လည်းကောင်း၊ အစစ်အမှန် သူတော်စင်ဝိဇ္ဇာများ၏ရည်ရွယ်ရင်း ဆန္ဒအာသီသကိုလိုက်စားသူ၊ ကြည်ညိုသူများဗိုလ်လူတို့ သေသေချာချာ ဂဃနဏ သိကြစေရန် ဖော်ပြလိုခြင်းကြောင့် ရေးသား ထုတ်ဝေရခြင်း ဖြစ်ပေသည်။

ထိုမှတစ်ဖန် ယခုအခါ၌ အောင်မင်းခေါင်ကြီးဟူ၍ တိုင်းပြည်၌ ပေါ်လွင်ထင်ရှားပြီး အလွန်ကျော်ကြားနေသောပုဂ္ဂိုလ်ကြီး၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများကို လူအများတို့သည် မိမိတို့ထင်ရာမြင်ရာ အတ္တနောမတိဖြင့် ကောင်း၊ ဆိုးနှစ်တန်တို့ကို ဝေဖန်ပြောဆိုကြရာ၌ မလိုသောသူသည် မလိုသလိုနှိမ့်ချုပ်ခတ်ပြီး စွပ်စွဲတတ်၍ လိုလားသူအများကလည်း အပိုစကားဖြင့်မြှောက်စား ချီးမြှင့်တတ်သော သဘောရှိကြလေရာ ကျွန်ုပ်တို့သည် ထိုလူနှစ်မျိုးနှစ်စားတွင် ကြားနေ၍ ထိုပုဂ္ဂိုလ်ကြီး၏အကြောင်းအရာ အတ္ထုပ္ပတ္တိနှင့် သူ၏ရည်ရွယ်ချက်၊ သူ၏စေတနာနှင့် လုပ်ငန်းစဉ်အဖြာဖြာကို အမှန်ကန်နိုင်ဆုံး၊ အနီးကပ်ဆုံး မိမိ ကိုယ်တွေ့ဖြစ်ထုံးများနှင့် အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်များ၏ကိုယ်တွေ့မှတ်တမ်းများကို ရှာဖွေစုဆောင်း၍ တိုင်းသူပြည်သား လူအများတို့ကို အမှန်ကို အမှန်အတိုင်း သိကြစေရန် ရည်သန်၍ ရေးသားလိုက်ရပါသည်။

ပြည်သူပြည်သားလူများတို့သည် ထိုပုဂ္ဂိုလ်ကြီးများ၏လုပ်ငန်းစဉ်ကို ဝေဖန်စဉ်းစားကြရာ၌ မိမွေးတိုင်းဖမွေးတိုင်းစက္ခုဖြင့်ကြည့်ရှု၍မမြင်နိုင်ရာ။ အခွံကိုခွာ၊ အကာကိုပစ်၊ အနှစ်ကိုတော၊ ညက်ညက်ကြေမှအဆီရ၏ဆိုသည့်စကားပုံအလားသို့ ထိုပုဂ္ဂိုလ်တို့၏ အမျိုးမျိုးသော ပရိယာယ်မာယာအဖြာဖြာတို့ဖြင့် ဖုံးအုပ်၍ထားသောလုပ်ငန်းစဉ်များကို ပညာစက္ခုဖြင့် ကြည့်ရှုပိုင်းခြား၍ကြည့်မှ မြင်တတ်သည်ဖြစ်ရာ မိမွေးတိုင်း ဖမွေးတိုင်း မျက်စိတွင်း တိမ်သလ္လာဝင်၍နေသော စက္ခု၌ အလွန်တရာမိုက်မဲစွာသော အဘိဇ္ဈာအမျက်စု၊ အဝိဇ္ဇာစက္ခုဖြင့် ကြည့်ရှုပါမူကား အကန်းတစ်ယောက်သည် မှန်ထုတ်ကာ ဟန်လုပ်၍နေပါသော်လည်း မိမိ၏ရုပ်အသွင်ကို မှန်ရိပ်တွင်မမြင်ရဘဲ လှသည်၊ ချောသည် ဤနှစ်လီကို အတည်တကျမသိရသကဲ့သို့ မျက်ကန်းမှန်းဆကြည့်ဆိုဘိသောစကားကဲ့သို့သာရှိချေတော့မည်။


အရှင်းလင်းဆုံးကို တင်ပြရသော် ထိုပုဂ္ဂိုလ်ကြီးများ၏ သွင်ပြင်ရုပ၊ မိန့်ဟစကား ထိုထိုသို့သော် လုပ်ငန်းများကို ပကတိစက္ခုဖြင့် လည်းကောင်း၊ အဝိဇ္ဇာစက္ခုဖြင့်လည်းကောင်း ကြည့်ရှု၍ ဝေဖန်သုံးသပ်ပါက အမှန်သို့ မရောက်နိုင်ကြောင်း သိသင့်သကဲ့သို့ ပညာစက္ခုဖြင့် ကြည့်ရှုပြီး ဝေဖန်စဉ်းစားမှသာလျှင် ဘယ်အရာမဆို မပိုမလို ဗဟိုကျသော အလယ်အလတ်တန်းစား မဖျိုမပဋ္ဌိပဒါ လမ်းစဉ်နှင့်ကိုက်ညီကာ အမြင်မှန်လမ်းမှန်သို့ ကျရောက်နိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သူတော်ကောင်းကြီးများ၏ လုပ်ငန်းစဉ်များကို အနီးကပ်ဆုံး၊ အမှန်ကန်ဆုံး အကြောင်းအရာများကိုရှာဖွေစုဆောင်း၍ ဤမည်သော အောင်မင်းခေါင်ကြီး ဝိဇ္ဇာသမိုင်းကို မဆိုင်းမတွ တိုင်းပြည်သို့ တင်ပြရခြင်းဖြစ်ပါကြောင်းနှင့် တိုင်းသူပြည်သား လူအများတို့သည်လည်း ဘယ်အရာမဆို ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်စဉ်းစားခြင်း၊ စုံစမ်းလေ့လာခြင်း၊ ကိုယ်တွေ့လိုက်စားခြင်းများကိုပြုလုပ်ပြီးမှ အမှားအမှန်ကို ဝေဖန်ကြစေလိုပါသည်။

'လူပြောသူပြော ရော၍ပြော သဘောဉာဏ်မမီ အတည်ကျကျ ဘယ်ခါမှရကြမရှိပြီ'

ဟူသောစကားများကဲ့သို့ လူပြောသူပြောရော၍ပြောခြင်းဖြင့် သူတကာက ဖျော့၍လိုက်ဖျော့ရသည်။ သူတကာက မည်း၍ မည်းလိုက်ရသည်ဖြစ်ကြရပါမူ ဘယ်သောအခါမှ တိကျမှန်ကန်သော လုပ်ငန်းများ၊ ဆရာကောင်းများ၊ တရားထူးတရားမြတ်များ တွေ့ကြရကြုံကြရမည်မဟုတ်သည့်အပြင် သာသနာနှင့် သတ္တဝါများအတွက် တကယ့်စေတနာကောင်းဖြင့် ပြုလုပ်ဆောင်ရွက်နေကြသော သူတော်ကောင်းပုဂ္ဂိုလ်ကြီးများအား မှားသောအမြင်ဖြင့်ထိပါးပုတ်ခတ်ကာ ပြစ်မှားပြောဆိုမိကြသောသူများသည် မီးခဲကိုကိုင်မိသော မျောက်ကဲ့သို့ ဆွေ့ဆွေ့ခုန်ပူလောင်သော လောကအပြစ်ဒဏ် သံသရာ၌အနှစ်နှစ်ခံရသော ဒုက္ခဘေးများ ရကြရောက်ကြရမည်ဆိုသည်ကား မလွဲဧကန်အမှန်ပင်ဖြစ်ကြရပေလိမ့်မည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်းလုံး၌ သာသနာပြုအမည်ခံ ဝိဇ္ဇာဂိုဏ်းဂဏ၊ ဝိဇ္ဇာဂိုဏ်းဆရာများ မှိုပေါက်သကဲ့သို့ ဟိုက်ရောက်သည်ရောက်အလေ့ပေါက် သစ်ပင်များပမာ ပေါများလျက်ရှိရာ လိမ်သူညာသူ၊ မှန်ကန်သူနှင့် အသွင်တူ အမြင်တူအပြောအဟောအားဖြင့်လည်း တူညီလျက်ရှိနေကြရာ အမှန်အလုပ်သည် ဘယ်သို့ အမှားအလုပ်သည် ဘယ်[illegible]သည်ကို စုံလင်စွာခွဲခြားပြီး ပြသ[illegible]သည်






www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသောကြောင့် ဤမည်သော အောင်မင်းခေါင်ကြီး ဝိဇ္ဇာသမိုင်းနှင့် ချမ်းသာရေးလမ်းစဉ်မည်သောစာတမ်းကို ရေးသားတင်ပြလိုက်ရပါတော့သည်။

အထူးအားဖြင့် သူရဋ္ဌမဂ္ဂဇင်းကြီး၏ စာဖတ်သူ ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းအပေါင်းတို့ခင်ဗျား . . ယခုမှစတင်၍ ရေးသားတင်ပြတော့မည့် ဝင်းမြန်မာပုံနှိပ်တိုက်ပိုင်ရှင် အဘဦးဝင်းမြင့်ပေးအပ်လိုက်သော 'အောင်မင်းခေါင်ဝိဇ္ဇာသမိုင်း' စာအုပ်ကြီးသည် ၁၃၁၄ ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သော အလွန်တရာမှတန်ဖိုးရှိသည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ထို့ကြောင့် အဘသားသမီးမြေးမြစ်များ၊ အဘနှင့်ပဋ္ဌာန်းဆက်ရှိသူများ သေသေချာချာ ဂရုတစိုက်နှင့် ဖတ်ရှုလေ့လာသင့်သောစာအုပ်ဖြစ်ပါသောကြောင့် ဤဆောင်းပါးအခန်းဆက် အစအဆုံးကို စိတ်ရှည်စွာဖြင့် ပြီးဆုံးသည်ထိတိုင်အောင် အပြန်ပြန်အလှန်လှန်ဖတ်ရှုလေ့လာကြပါရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါသည် ခင်ဗျား။

အဘဝ(သာသနာ့အလင်းရောင်)

■

ကျွန်ုပ်တို့၏အဖွဲ့ အစည်းအရုံးကြီးအား 'ဝိဇ္ဇာဦးစီးအောင်မင်းခေါင်အဖွဲ့ချုပ်' ဟု ခေါ်ဝေါ်ပညတ်သမုတ်အပ်သည်ကို ရှေးဦးစွာဖြင့် ရှင်းလင်းဖော်ပြလိုပါသေးသည်။ ကျွန်ုပ်တို့၏ အဖွဲ့ကြီးသည် သာမန်နိုင်ငံရေး၊ သာသနာရေး၊ အစည်းအရုံးများကဲ့သို့ လူသာမန်တို့ ဦးစီးခေါင်းဆောင်၍ဖွဲ့စည်းထားသော အစည်းအရုံးမျိုးမဟုတ်ဘဲ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကြီးများဦးစီးခေါင်းဆောင်၍ဖွဲ့စည်းတည်ထောင်ထားသောအဖွဲ့ကြီး ဖြစ်ပေသည်။

ဤအဖွဲ့ကြီး၏ ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ်များသည် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကြီးများဟုဆိုရာ ပြည်သူပြည်သားလူအများတို့သည် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်အများအပြားကို အစားစားခွဲခြား၍ သိထားရန်နှင့် ကျွန်ုပ်တို့၏အဖွဲ့ကြီးအား ဦးစီးအုပ်ချုပ်အလုပ်လုပ်သော ဝိဇ္ဇာမိုရ်များအကြောင်းကို ခြားနား၍ သိရှိရန်လိုအပ်ပေသည်။ ထို့ကြောင့် ဝိဇ္ဇာမိုရ်အများအပြားအစားစားကို ခွဲခြား၍ပြပေအံ့။

ဝိဇ္ဇာမိုရ်များသည် ဗေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယဝိဇ္ဇာဟု ငါးမျိုးငါးစား ငါးပါးကွဲပြားလျက်ရှိရာ -

(၁) ဗေဒင်သုံးပုံ၊ ဗေဒင်လေးပုံ ကျမ်းအစုံကို အာဂုံမိမိ တစ်ဖက်ကမ်းရောက်ပေါက်မြောက်သောသူကို ဗေဒဝိဇ္ဇာဟု ခေါ်သည်။

(၂) ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်းအိုင်၊ လက်ဖွဲ့၊ ခလှဲ၊ မန္တန်နှင့်တကွ အမျိုးမျိုးသော လက္ခဏာကျမ်း၊ အမျိုးမျိုးသော နိမိတ်ကျမ်း စသော လောကီအတတ်ပညာတို့ကို တစ်ဖက်ကမ်းရောက်တတ်မြောက်သောသူကို မန္တဝိဇ္ဇာဟု ခေါ်သည်။

ဤ အထက်ပါ ဝိဇ္ဇာနှစ်မျိုးသည် ကမ္မာယတန သိပ္ပါယတန ဝိဇ္ဇာဌာနေသူဟူသော ဥာဏဝိဘင်းပါဠိတော်လာသည့်အတိုင်းပင် ဖြစ်ပေသည်။

(၃) ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူ၍ ဝိဇ္ဇာဓရကျမ်း၌လာသော ဓနသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ မျိုးသို့ ပေါက်ရောက်သဖြင့် နတ်သိကြားတို့၏ တန်ခိုး၊ အဘိညာဉ်တန်ခိုးတို့နှင့် အလားတူ တတ်စွမ်းနိုင်သော ဝိဇ္ဇာမျိုးဟူသမျှသည် ဂန္ဓာရီဝိဇ္ဇာဟုခေါ်သည်။

ဤဂန္ဓာရီဝိဇ္ဇာသည်ကား တတ္ထက တမာ ဝိဇ္ဇာမယာကူဒ္ဓိ ဝိဇ္ဇာရော ဝဇ္ဇံ ပရိဇပ္ပေတွာ အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိဒသေယျ ရထမ္ပိဒသေယျ ပတ္တိမ္ပိဒသေယျ ဝိဝိဒမ္ပိသေနဗျူဟံဒသေယျအထံ စိန္တာမယက္ကူဒ္ဓိ ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လာသည်။

'တတ္ထ ထိုဆယ်ပါးသော တန်ခိုးတို့တွင်၊ ကတမာ အဘယ်မည်သော တန်ခိုးသည်၊ စိန္တာမယက္ကူဒ္ဓိ စိန္တာမယတန်ခိုးမည်ပါသနည်း'

**ဝိဇ္ဇာရော** - ဝိဇ္ဇာမိုရ်ရတို့သည် ဝိဇ္ဇာအတတ်ပညာကို၊ **ပရိဇပေတွာ**-နှိုး၍၊ **ဝါ**-စိတ်၌၊ **အန္တလိက္ခေ**-ရေးချစ်မထင်သော၊ **အာကာသေ**-မိုးယံကောင်းကင်၌၊ **ဟတ္ထိမ္ပိ**-ဆင်တပ်ကိုလည်း၊ **ဒသေယျ**-ဖန်ဆင်း၍ပြနိုင်ကုန်၏။ **အဿမ္ပိ**-မြင်းတပ်ကိုလည်း၊ **ဒသေယျ**-ဖန်ဆင်း၍ပြနိုင်ကုန်၏။ **ရထမ္ပိ**-ရထားတပ်ကိုလည်း၊ **ဒသေယျ**-ဖန်ဆင်း၍ပြနိုင်ကုန်၏။ **အယံ** - ဤသည်လျှင်၊ **စိန္တာမယာကူဒ္ဓိ** - ကြံတိုင်းတောင့်တတိုင်းဆုတ်ဆိုင်းမရှိ ပြီးပြည့်စေနိုင်သော စိန္တာမယတန်ခိုးမည်ပေ၏။

ယခုအခါ ဤဂန္ဓာရီဝိဇ္ဇာလမ်းကို အားထုတ် ကျင့်ကြံလိုသောသူသည် ရတနာသုံးပါး၏ဂုဏ်ကို မိမိကိုယ်၌ အမြဲထုံစေလျက် တန်ခိုးကြီးသောတောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခဋ္ဌ၊ ဘုမ္မဋ္ဌ၊ ပဗ္ဗတဋ္ဌနတ်တို့ကို လည်းကောင်း၊ မန္တရားအင်းအိုင်များကို အုပ်စိုးသော ဝိဇ္ဇာဒေဝနတ်တို့ကိုငင်း၊ သိုက်၊ လမိုင်း၊ ဆေးပင်မျိုး၊ ကျောက်ဓာတ်မျိုးတို့ကိုအုပ်စိုးသော ဩသဓိဒေဝနတ်တို့ကိုငင်း၊ ဤအလုံးစုံသောနတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းဝင်လေးမြတ်အောင် မိတ်သဟာယပြု၍ ကျင့်ကြံအားထုတ်မှု ထမြောက်အောင်မြင်မှု ရရှိနိုင်မည် ဖြစ်သည်။ ဤဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါက ကမ္မဇိဒ္ဓိတန်ခိုးကိုပင် လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယတန်ခိုးမျိုးဖြစ်၍ နတ်တို့က မနာလိုဖြစ်တတ်လေသည်။ ထိုကဲ့သို့မနာလိုဖြစ်တတ်သောကြောင့် အသက်၏အန္တရာယ်၊ ဆေးဝါးဓာတ်တို့၏အန္တရာယ်ဖြစ်အောင် နှောက်ယှက်ဖျက်ဆီးတတ်လေသည်။

ရသာယန ဘေသဇ္ဇပန သုခိရမ္ပိ ကာလံ ဇီဝိတံ ယဝ္ဗေတုံ သက္ကာတေဃေဝ ဟူသော ပါဠိတော်အတိုင်း ရသာယနဓာတ်ပြာဆေးသည် အသက်ကိုရှည်မြင့်စွာသောကာလပတ်လုံး တည်တံ့စေခြင်းငှာ စွမ်းဆောင်နိုင်သည်ဟု ဆိုပါသည်။ ထိုရသာယနဓာတ်ပြာများကိုလည်း ဤဂန္ဓာရီဝိဇ္ဇာများသာလျှင်ပြုလုပ်နိုင်စွမ်းသော တန်ခိုးမဟိဒ္ဓိရှိကြပေသည်။ ရသာယနဓာတ်ပျာ၏တန်ခိုးကြောင့် ဘုရားလေးဆူတို့ခေတ်ကာလပတ်လုံး အသက်ရှည်စွာတည်၍နေနိုင်သော ဝိမလဝိဇ္ဇာမိုရ်ကြီး၏ဝတ္ထုကို သက်သေအဖြစ် ထောက်ကြည့်နိုင်၏။ ဤသည်တို့ကား ဂန္ဓာရီဝိဇ္ဇာများ၏အကြောင်းအရာ ဖြစ်ပေသည်။

(၄) လောကီယဝိဇ္ဇာဆိုသည်ကား သာသနာပအခါကာလ၌ သရဘင်္ဂသုနေတ္တ၊ အရက စသော ရသေ့ဆရာကြီးတို့သည် ကသိုဏ်းစျာန်တို့ကိုရပြီး နိုင်နင်းပြီးနေစဉ် အားထုတ်၍ရအပ်သော ဣဒ္ဓိဝိဓအဘိညာဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထကမ္မုပဂ၊ အနာဂတံသ၊ အဘိညာ ဟူသော အဘိညာဉ်ဝိဇ္ဇာမျိုးကို ဆိုလိုသည်။ ထိုဝိဇ္ဇာတို့သည် ဇာတ်တော်နိပါတ်တော်တို့၌ ထင်ရှားလှကုန်၏။ ထိုလောကီအဘိညာဉ်ဝိဇ္ဇာတို့သည်ကား ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့ ရအပ်ရောက်အပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၌အကျုံးဝင်ကုန်၏။

(၅) အရိယာဝိဇ္ဇာ ဆိုသည်ကား



www.burmeseclassic.com

www.burmeseclassic.com

ရုပ် နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပါဒ်တို့ကို ယထာဘူတ ကျနမှန်ကန်စွာ သိမြင်ပေါက်ရောက်၍၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေး ယောက်ဟု ဆိုအပ်သော ရှစ်ယောက်သောပုဂ္ဂိုလ်တို့အား အရိယာဝိဇ္ဇာဟု ခေါ်သည်။ဤသို့အားဖြင့် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂဒီပကကျမ်း၌ ငါးပါးသော ဝိဇ္ဇာအပြားကို ရှင်းလင်း၍ ဖော်ပြထားပေသည်။

ထိုငါးပါးသောဝိဇ္ဇာတို့တွင် နံပါတ် (၃) ၌ ဖော်ပြအပ်သော ဂန္ဓာရီဝိဇ္ဇာမျိုးကို ရှင်းလင်းစွာဖြင့် ခွဲခြား၍ ဖော်ပြလိုသေးသည်။ ဂန္ဓာရီဝိဇ္ဇာသည် စူဠာဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဟူ၍ နှစ်မျိုးနှစ်စားရှိသေးရာ စူဠာဂန္ဓာရီဝိဇ္ဇာသည် မိမိရရှိတတ်မြောက်အပ်သော အတတ်ပညာဖြင့် သူတစ်ပါးအား နှိပ်စက်ညှဉ်းပန်း၍ အနိုင်အထက်ကျင့်ခြင်း၊ သူတစ်ပါး၏ သားမယားအိမ်ရာကို ပြစ်မှားကျူးလွန်ခြင်း စသော မကောင်းမှုဒုစရိုက်တို့ကို ပြုမူအားထုတ်တတ်လေသည်။

ဝိဇ္ဇာဓရဇာတ်၌ ဗာရာဏသီဘုရင်၏မိဖုရားကြီးကို ညဉ့်သန်းခေါင်ယံအချိန်၌ နန်းတော်အတွင်းသို့ဝင်၍ ကြာခိုပြစ်မှားသော ဝါယုပုတ္တဝိဇ္ဇာမျိုး၊ တာနေယက္ခဘီလူး၏ကြင်ယာတော်မင်းသမီးအား ကြုပ်အတွင်းသို့ ဖွတ်အတင်းဝင်ကာ ကြာခိုသော.အင်္ဂမည်သော ဝိဇ္ဇာမျိုးကို စူဠဂန္ဓာရီဝိဇ္ဇာဟူ၍ ခေါ်ဆိုရလေသည်။ ၎င်းစူဠဂန္ဓာရီဝိဇ္ဇာကိုပင်လျှင် ဟီသကဝိဇ္ဇာဟူ၍ ခေါ်ဆိုရပြန်လေသည်။ စုန်းအတတ်၊ ကဝေအတတ်နှင့် ဇော်ဂနီ စသော အောက်လမ်းအတတ်ပညာများသည် စူဠဂန္ဓာရီဟီသကဝိဇ္ဇာမျိုး၌ အပါအဝင်ဖြစ်လေသည်။

မဟာဂန္ဓာရီဝိဇ္ဇာများသည်ကား မိမိရအပ်သော အတတ်ပညာဖြင့် မိမိ၏အသက်ကို နှစ်ပေါင်းကြာရှည်စွာတည်တံ့အောင်ကြံဆောင်အားထုတ်၍ သူတော်ကောင်းလားရာများကို ပွားများအားထုတ်ခြင်း၊ သူတစ်ပါးတို့အားလည်း အသက်ရှည်ရာအနာမဲ့ကြောင်းနည်းလမ်းကောင်းတို့ကို ညွှန်ပြ၍ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို ညွှန်ပြခြင်း၊ ဒုက္ခိတသတ္တဝါများအား ကယ်တင်ခြင်းစသော ကောင်းသောသုစရိုက်တရားများကို ကျင့်သုံးဆောက်တည်ညွှန်ပြတတ်သည်ဖြစ်သောကြောင့် မဟာဂန္ဓာရီဝိဇ္ဇာဟုဆိုရလေသည်။

၎င်းမဟာဂန္ဓာရီဝိဇ္ဇာကိုပင်လျှင် ရသေ့၊ ရဟန်း စသော သူတော်ကောင်းတို့ ကျင့်သုံးဆောက်တည်အပ်သော နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားများကို ကျင့်သုံးဆောက်တည်ကာညွှန်ပြတတ်သည်ဖြစ်သောကြောင့် သမဏဝိဇ္ဇာဟူ၍ ခေါ်ဆိုရပြန်လေသည်။ ဤမဟာဂန္ဓာရီသမဏဝိဇ္ဇာများသည် အရိယာတို့ ကျင့်သုံးဆောက်တည်အပ်သော မဂ်လမ်းကြောင်း၊ ဖိုလ်လမ်းကြောင်းကို မသွေမစောင်း ဖြောင့်ဖြောင့်တန်းတန်းကြီးလိုက်၍ ကျင့်သုံးဆောက်တည်ကြလေသည်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တကြသော အရိယာနွယ်ဝင်သူတော်စင်ဝိဇ္ဇာများဖြစ်ကြလေသည်။ ဤသည်တို့ကား ဂန္ဓာရီဝိဇ္ဇာများ၏ အကြောင်းအရာဖြစ်ပေသည်။

ဤကဲ့သို့ ဝိဇ္ဇာအပြား ငါးပါးရှိရာတွင် ကျွန်ုပ်တို့၏အဖွဲ့ကြီးအား ဦးစီးအုပ်ချုပ်အလုပ်လုပ်လျက်ရှိသော ဝိဇ္ဇာများသည် နံပါတ် (၃) ၌ ဖော်ပြအပ်သော မဟာဂန္ဓာရီသမဏဝိဇ္ဇာမျိုးများနှင့်တကွ နံပါတ်(၅) ၌ ဖော်ပြအပ်သော အရိယာဝိဇ္ဇာမျိုးများသာဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အဖွဲ့ကြီးအား 'ဝိဇ္ဇာဦးစီးအောင်မင်းခေါင်အဖွဲ့ချုပ်' ဟူသော အမည်နာမကို ခံယူပညတ်သမုတ်အပ်လိုက်ရပါလေတော့သတည်း။

ဤနေရာ၌ ရှင်းလင်းချက်ထုတ်ဦးအံ့။ ယခုခေတ်၌ အချို့သောသူများသည် အရိယာဝိဇ္ဇာပုဂ္ဂိုလ်များမရှိဟု တထစ်ချ မှတ်ယူ၍ထားကြလေသည်။ အမှန်စင်စစ်ကား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဟောကြားဆုံးမနည်းလမ်းပြ၍ထားကြလေသည်။ အမှန်စင်စစ်ကား ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောကြားဆုံးမနည်းလမ်းပြ၍ ထားခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟုဆိုအပ်သော အဆုံးအမဒေသနာတော်မကွယ်မပျောက်သမျှကာလပတ်လုံး သောတပန်၊ သကဒါဂါမ် စသော အရိယာပုဂ္ဂိုလ်များ မဆိပ်သုံးပေ။ သာသနာ (၅၀၀၀) ပိုင်းခြား၍ထားခဲ့ရာတွင် ယခုခေတ်သည် တေဝိဇ္ဇာရဟန္တာခေတ်ဖြစ်၍ အရိယာပုဂ္ဂိုလ်များ ရှိသင့်ရှိထိုက် ရှိအပ်သောခေတ်ဖြစ်ပေသည်။

ပဋိပတ်တရားကို သမ္မပ္ပဓာန်အရင်းခံ၍ ကျင့်သုံးဆောက်တည်ကြပါမူ တေဝိဇ္ဇာရဟန္တာအဖြစ်သို့တိုင်အောင်ပေါက်မြောက်နိုင်သောခေတ်ဖြစ်၍ အဟုတ်တကယ်ကျင့်သုံးဆောက်တည်ကြသောပုဂ္ဂိုလ်များလည်းရှိကြလေရာ အရိယာနယ်သို့တိုင်အောင်ပေါက်ရောက်သောသူတော်ကောင်းများလည်းရှိကြောင်းကို ကျွန်ုပ်တို့လုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာနစရိယဖြစ်တော်မူကြသော ဆရာတော်အဆက်ဆက်တို့ မိန့်ထားခဲ့ဖူးကြောင်း ထိုမှတစ်ပါး ထောက်ထားစရာအချက်ကား. . .

'တေဝိဇ္ဇာ ကုဒ္ဓိပတ္တာစ၊ စေတောပရိယ ကောဝိဒါ ခီဏာသဝါ အရဟန္တောဗဟူ ဗုဒ္ဓသ သာဝက' ဟူ၍ အရှင်မဟာမဟိန္ဒပုဂ္ဂိုလ်မြတ်သည် ဒေဝါနံပီယတိဿမင်းကြီးအား ဟောကြားသည်ကို သတိပြုရပေမည်။

ထိုဂါထာ၏ အနက်သဘောမှာ တန်ခိုးကုဒ္ဓိပါဒ်နှင့် ပြည့်စုံတော်မူကြ၍ အဘိညာဉ်ဈာန်သမာပတ်ဝင်စားခြင်းကို နိုင်နင်းလိမ္မာတော်မူကြသော တေဝိဇ္ဇာရဟန္တာသာဝကထေရ်မဟာတို့သည် ဘုရားရှင်၏သာသနာတော်၌ များပြားစွာရှိကြကုန်၏ဟု မိန့်တော်မူလေသည်။ ထို့ကြောင့် တေဝိဇ္ဇာရဟန္တာခေတ်ထင်ရှားရှိနေစဉ် အရိယာပုဂ္ဂိုလ်များရှိကြောင်း ကောင်းကောင်းနားလည်မှတ်သား၍ ထားရမည်။

သာသနာတော်ကို အဟုတ်တကယ် ကြည်ညိုကော်ရော်၍ ပူဇော်စောင့်ရှောက်ကြသော သာသနာပြုမင်းကင်း၍ လူနှင့်လူခြင်းစစ်ခင်းကာဗရမ်းဗတာဖြစ်နေသောခေတ်ကြီးဖြစ်နေသောကြောင့် သူတော်ကောင်းများငုတ်လျှိုးပုန်းကွယ်၍နေကြရသည်။ လူအများယဉ်ကျေးသိမ်မွေ့၍ သာသနာပြုမင်းအစစ် ပေါ်ပေါက်လာသောခေတ်အချိန်ဝယ် အစစ်အမှန်သူတော်စင်ရဟန္တာပုဂ္ဂိုလ်ကြီးများ ထွက်ပေါ်၍လာတော်မူကြကာ သာသနာတော်ကိုစောင့်ရှောက်ကူညီလိမ့်မည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏လုပ်ငန်းဆိုင်ရာ ဆရာတော်မိန့်ကြားခဲ့သည်ကို နာခံမှတ်သားရလေသည်။

၎င်းမှတစ်ဖန် ဂန္ဓာရီဝိဇ္ဇာများရှိကြောင်းကို သုတ်သီလက္ခပါဠိတော် ကေဝဋ္ဋသုတ်၌ အထင်အရှားဟောတော်မူခဲ့ပေသည်။ ထိုဘုရားဟောပါဠိတော်အရ သက်သေပြသာဓကတစ်ခုအနေနှင့်ပြရမည်ဆိုလျှင် ယခုကမ္ဘာ၌ ထွက်ပြီး၊ ထွက်ဆဲ၊ ထွက်လတ္တံ့သော (ဝိဇ္ဇာများ) အကြောင်းကို အရေအတွက်နှင့်တကွ သဗ္ဗဓာတုက ဝိဇ္ဇာဓရပကာသနီကျမ်းကြီး၌ ညွှန်ကြားဖော်ပြ၍ထားခဲ့ပေသည်။ ၎င်းကျမ်းသည် ဘုရားဟောကျမ်းအမျိုးမျိုးနှင့်တကွ လောကီကျမ်းပေါင်း (၆၃)ကျမ်းကို ကိုးကား၍ရေး...

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သောကျမ်းကြီးတစ်စောင် ဖြစ်ပေသည်။ ၎င်းကျမ်း၌ ဖော်ပြအပ်သော ဝိဇ္ဇာမိုရ်များအကြောင်းကို စာဖတ်သူတို့ ဗဟုသုတတိုးပွားစေရန် ရည်သန်၍ ထည့်သွင်းဖော်ပြပါဦးမည်။

သုံးပါးသောလောကတို့တွင် ယခုသတ္တလောကသင်္ခါရ၌ ကြုံကြိုက်သော သတ္တဝါအပေါင်းတို့သည် ငါးဖြာသော ဗလ၊ ငါးပါးသောဣန္ဒြေ၊ ငါးထွေသော သီလနှင့် ညီမျှစွာ မပျက်ကြသဖြင့် တည်သမ္ဗအသက်တို့တွင် ဝိပဿနာအချက်၊ အာဝနာအချက်ဖြင့် မပျက်ကူးပြောင်း အထူးတကြောင်းဖြစ်သော လောကီဖက်ပညာအပေါင်းတို့တွင် ကောင်းစွာမှတ်သား၍ ဓာတ်အသွား၊ ဓာတ်အခြေ၊ ဓာတ်အနေတာတန်၊ ဓာတ်အမှန်မညီး၊ ဓာတ်အဖိုးတန်တို့ကို မျိုးမှန်မှန်မယုတ်သဖြင့် ချက်ပြုတ်လုပ်ကိုင် စီမံရသည်ရှိသော် ဇရာ-ဗျာတိစာအရှိ တစ်ခါတည်း မငြိမခ၍ ရှိသမျှ ဥတုဇနတို့ကို တဝတည်းပြုပြင် အခုအလျှင် ဖြစ်စေတတ်သည်ဟု အစောင်စောင်သော ကျမ်းဂန်တို့မှ ထင်ရှားတိုက်ရိုက်ဖွင့်ပြလိုက်သော ရှေးဝိဇ္ဇာမိုရ်ရသေ့လူတို့ထွက်ကြသော အရေအတွက်အစဉ်ကား. . .

ဤကမ္ဘာတွင် ကကုသန်မြတ်စွာဘုရား၏ သာသနာတော်အတွင်း၊ သာသနာတော်အပ၌ ထင်လင်းစွာဖြစ်ကြ န်သော လောကီယဝိဇ္ဇာမိုရ်အပေါင်း ရသေ့ကောင်းတို့ကား ရှစ်သောင်း (၈၀၀၀၀)၊ ၎င်းနောက် ကောဏာဂုံမြတ်စွာဘုရား၏ သာသနာတော်အတွင်း သာသနာတော်အပ၌ ထင်လင်းစွာဖြစ်ပေါ်ကြကုန်သော လောကီယဝိဇ္ဇာမိုရ်အပေါင်း ရသေ့ကောင်းတို့ကား ရှစ်သောင်း(၈၀၀၀၀)၊ ၎င်းနောက် ကဿပမြတ်စွာဘုရား၏သာသနာတော်အတွင်း သာသနာတော်အပ၌ ထင်လင်းစွာဖြစ်ပေါ်ကြကုန်သောဝိဇ္ဇာမိုရ်အပေါင်း ရသေ့ကောင်းတို့ကား ရှစ်သောင်း (၈၀၀၀၀)၊ ၎င်းနောက် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်အတွင်း သာသနာအပ၌ ထင်လင်းစွာဖြစ်ပေါ်ကြကုန်သော ဝိဇ္ဇာမိုရ်ပေါင်း ရသေ့ကောင်းတို့ကား ရှစ်သောင်း (၈၀၀၀၀)၊ ၎င်းနောက် နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျမြတ်စွာဘုရား၏သာသနာအတွင်း သာသနာအပ၌ ထင်လင်းစွာဖြစ်ပေါ်ကြကုန်သော ဝိဇ္ဇာမိုရ်အပေါင်း ရသေ့ကောင်းတို့ကား သုံးသိန်းနှစ်သောင်း (၃၂၀၀၀၀) ရှိကြလေသည်။

ဤကမ္ဘာတွင် ဘုရားငါးဆူကို ပေါင်း၍ ကောင်းမွန်စွာ ထွက်ရပ်စခန်းသွားကြသော ဝိဇ္ဇာမိုရ်ယောက်ျားတို့ကို ရေတွက်ရသည်ရှိသော် ခြောက်သိန်းလေးသောင်း(၆၄၀၀၀၀) ရှိလေသည်။

၎င်း (၆၄၀၀၀၀) သော ဝိဇ္ဇာမိုရ်အပေါင်း ရသေ့ကောင်းတို့သည် ယခုဂေါတမမြတ်စွာဘုရား၏သာသနာတော်အတွင်း ထင်ပေါ်မပျက် အစဉ်အဆက်ဖြင့်ထွက်ကြကုန်သော ဝိဇ္ဇာမိုရ်မျှအမည်ရှိကြ ကဝိလှတို့သည်ကား. . .

ပုဗ္ဗဝိဒေဟကျွန်းမှ စုတေခဲ့၍ ကာသိကရာဇ်တိုင်း၌ သုတေက္ကာသရမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ပြဒါးဝိဇ္ဇာပေါင်း (၆) ကျိပ် (၄) ယောက်တို့သည် ထင်ရှားစွာဖြင့် ထွက်ကြလေကုန်သည်။ ၎င်းအပြင် စတုမဟာရာဇ်ဘုံမှ ဝိရူပကမည်သော နတ်မင်းကြီး၏သား စုတေခဲ့ပြီး ၎င်းတောင်ကျွန်း အင်္ဂပူရတိုင်း၊ ကိလဘုမန္တမည်သော ပုဏ္ဏာမျိုးမှ ဖြစ်သော ပြဒါးဝိဇ္ဇာအပေါင်း တစ်ရာ့ကိုးကျိပ်ငါးယောက်သော ဝိဇ္ဇာတို့ထင်ရှားစွာထွက်ဖူးကြလေသည်။

၎င်းနောက် အပရဂေါယာနကျွန်းမှစုတေခဲ့၍ ကောသလတိုင်း အဖျူတေဋ္ဌသရမည်သောပုဏ္ဏားမျိုးမှဖြစ်သော သံဝိဇ္ဇာအပေါင်း လေးရာကိုးကျိပ်သုံးယောက်တို့သည် ထင်ရှားစွာဖြင့်ထွက်ကြပြန်သည်။ ၎င်းအပြင် မြောက်ကျွန်းမှစုတေခဲ့၍ ကုရုတိုင်း သဋ္ဌကာရပြဟ္မဏာမည်ပုဏ္ဏားမျိုးမှဖြစ်သော ဆေးဝိဇ္ဇာအပေါင်း ခြောက်ရာငါးကျိပ်ရှစ်ယောက်သောသူတို့သည်လည်း ထင်ရှားစွာဖြင့် ထွက်ကြပြန်ပါသည်။သို့အတွက်ကြောင့် အထက်ပါအတိုင်းထွက်ကြလေကုန်ပြီးသော ဝိဇ္ဇာမိုရ်ယောက်ျား (၈၀၀၀) တို့တွင် (၁၄၁၀) က ပိုလွန်၍လာပြီဟု (ပဝတ္တသရီ) မည်သော သျှတ်တို့၌ သင်္ကြိုဋ်ဘာသာဖြင့် ထင်ရှားစွာပြဆိုထားသည်ကို တွေ့ရှိရပါသည်။

၎င်းသင်္ကြိုဋ်ဘာသာ သင်္ဂလိလာနှင့်အညီ ရာဇဂြိုဟ်ပြည်၌ ဇောတိက၏ အဘဖြစ်သော ပြဒါးဝိဇ္ဇာလည်းတရပ်၊ သုဝဏ္ဏဘုမ္မိမြို့၌ နာဂဝီဇယမင်း၏အဘဖြစ်သော ပြဒါးဝိဇ္ဇာလည်းတရပ်၊ သီဟိုဠ်ကျွန်း၌ နာဂတိဿမည်သောရဟန်း၏အဘဖြစ်သော ဆေးဝိဇ္ဇာလည်းတရပ်၊ သထုံပြည်၌ သထုံသူ ပုပ္ဖလာနှင့် ကြုပ်အတွင်းဝင်၍ ဆက်ဆံပေါင်းသင်းဖူးသော အင်းဝိဇ္ဇာလည်းတရပ်၊ ကဝိလမိုင်းဇာတ်၌ တက္ကသိုလ်ဆရာ၏ မြေးတော် ပဥ္စရူပ မည်သော မင်းသမီးနှင့် လက်ထပ်ပြီးလျှင် ကြုပ်အတွင်းသို့ ဝင်လောက်အောင် ပြုလုပ်ကာ ၎င်းကြုပ်ကို ဆေးသုတ်၍ မြေးတော်ကိုထည့်ပြီးနောက် မင်းသားလက်သို့ အပ်လိုက်ရာ၏။ ပြီးမှ ထိုမင်းသားအား ဤသို့ဆို၏။

"ငါ့တပည့်၊ ဒီကြုပ်ကို တစ်ခုသောခရီးလမ်း၌ ဖွင့်ခြင်းငှာမပြုနှင့်။ မိမိတို့နေရာတိုင်းပြည်သို့ရောက်သောအခါမှသာ အာခံတွင်းမှ ထုတ်နုတ်ပြီး ဤကြုပ်ကိုဖွင့်ပါ"

ဟု တက္ကသိုလ်ဆရာက မှာကြားလိုက်သောစကားကို မင်းသားက နားမထောင်ဘဲ တောကန္တာရီခရီးတစ်နေရာ၌ ၎င်းကို ကြုပ်ကိုဖွင့်၍ချစ်ခင်သောစိတ်ထားဖြင့် ပဥ္စရူပမင်းသမီးကို ကြည့်ရှုရာ ပရသိဒ္ဓိမည်သော ဆေးဝိဇ္ဇာသည် ကောင်းကင်ခရီး၌ သွားနေစဉ် ကြုံကြိုက်၍ ၎င်းမင်းသမီးကို တွေ့မြင်လိုက်သဖြင့် ကြုပ်အတွင်းသို့ဝင်ကာ ပေါင်းသင်းဆက်ဆံဖူးသည်လည်းတရပ်။

၎င်းအပြင် ရတနာပူရ အင်းဝမြို့တည် သတိုးမင်းဖျားလက်ထက်၊ မဓုသင်္ခ်ရာဇာမည်သော ဘုန်းတော်ကြီးသည် သုဝဏ္ဏဂိရိတောင်ထိပ်၌ သရပြဒါးကို ဖမ်း၍ စီရင်ရာ ၎င်းပြဒါးသည် ဆုံးခန်းတိုင်အောင်ပေါက်ရောက်သဖြင့် ရွှေ ငွေတို့ကိုလုပ်ကိုင်၍ သတိုးမင်း၏ဆင်ဝန်ဘိုးယာဆက်၏သားငပေခေါင်မည်သော တပည့်ကို လွှဲအပ်ပြီးလျှင် သုဝဏ္ဏဂိရိတောင်ထိပ်၌ ဥမင် (၃၀) ကိုတူး၍ လျှုတော်မူပြီးမှ သူ၏တပည့်ငပေစောင်မည်သော တပည့်ကို လွှဲအပ်ပြီးလျှင် သုဝဏ္ဏဂိရိတောင်ထိပ်၌ ဥမင် (၃၀) ကိုတူး၍ လျှုတော်မူပြီးမှ သူ၏တပည့်ငပေခေါင်သည် ဘုန်းတော်ကြီး၏ဓာတ်လုံးကိုခိုးယူဝှက်ထားကာ ထွက်ခွာရှောင်တိမ်းနေစဉ် မဓုသင်္ခ်ရာဇာဘုန်းတော်ကြီးသည် သလဲပြဒါးကို နောက်ထပ်တစ်ခါ ထပ်မံ၍ တစ်ဖန်ကြံစည်ပြုလုပ်ကာ ထမြောက်၍ ထွက်သွားဖူးသည်လည်းတရပ်။

၎င်းအပြင် မြင်စိုင်းမြို့ ဇေယျသင်္ချလက်ထက် ပညာသိရိကျော်မည်သော အမတ်တစ်ဦးသည် အမှုထမ်းနောက်လိုက်နောက်ပါ (၃၆) ယောက်တို့နှင့်သဘောညီမျှကြသည်ဖြစ်၍ ဆေးသိုက်တဘောင်ဖြင့် တောတောင်တို့ကို ကျွမ်းကျင်စွာဖြင့် ဝင်ထွက်သွားလာနိုင်သော တပည့်တို့နှင့် အတူတကွ ရာဖွေကြံစည်လုပ်ကိုင်ကြရာ နောင်လာနောက်သားများ စဉ်ဆက်မပျက် အသက်လုပ်ကိုင်၍ လှူဒါန်းစားသောက်နိုင်ကြရန်အတွက် မြင်စိုင်းမြို့၏ အရှေ့

www.burmeseclassic.com

www.burmeseclassic.com

တောင်တာငါးရာခန့် အကွာအဝေးရှိ တပါးသောကုန်းများနှင့်မတူဘဲ တမူထူးခြားသော နိမ္မိတကုန်းအထက်၌ လက်ဝဲလက်ယာဘက်တို့တွင် ဆေးဝိဇ္ဇာဖြစ်စေမည့် နည်းစနစ်တဘောင်များတို့ကို သီလသမာဓိညီမျှစွာရှိသောသူတို့ရရှိကြစေခြင်းအလို့ငှာ ကြေးပုရပိုက်နှင့်တကွ ရွှေတစ်ခွက်လျှင် အချိန် (၃၆၀) ငွေတစ်ခွက်လျှင် အချိန် (၃၀) ကျစီနှင့် ရွှေခွက်ငွေခွက်ပေါင်း (၃၆၀၀) တို့ကို ဤနိမ္မိတကုန်းအထက်၌ မြှုပ်ထားပြီး ထိုမြှုပ်ထားသောနေရာ၏အပေါ်ဘက်တွင် စေတီယောင်တစ်ဆူတည်ထားပြီးလျှင် ထို (၃၆) ယောက်သော ဆေးဝိဇ္ဇာတို့သည် ထိုစေတီယောင်၏အရှေ့ဘက် စစ်းအိုင်ကြီးနှစ်ခုအကြား၌ ရုပ်ပြောင်းမီးဆင်း၍ ထင်လင်းစွာထွက်သွားဖူးသော ဆေးဝိဇ္ဇာလည်းတရပ်။

ဧင်းအပြင် ပုဂံမြို့ကျစ္စာမင်းလက်ထက် အသျှင်ဘာဏဝံသမည်သော ဘုန်းတော်ကြီးသည် စိန္တာမယမည်သောအင်းကို အကြိမ်ကြိမ်လိုက်စား၍ ကစားပါများလာသဖြင့် ဤစိန္တာမယအင်းသိုက်ကြီးသည် ရောက်ရှိပေါက်ရောက်ကာ အထမြောက်၍ ထွက်ရပ်စခန်းသို့ ကြွမြန်းသွားသောစိန္တာမယအင်းဝိဇ္ဇာလည်းတစ်ရပ်။ဧင်းအပြင် အရိမဒ္ဒနာမည်သော ပေါက္ကံမြို့ကြီး၌ ရှင်အဇ္ဇဂေါဏမည်သော ပြဒါးဝိဇ္ဇာလည်းတစ်ရပ်။ ဧင်းအပြင် ဒွါရာဝတီမြို့၌ အသျှင်ကဝိန္ဒသာရမည်သော ရေတိမ်ရွာသား ဘုန်းကြီးတစ်ပါးသည် သလဲပြဒါးကိုအစီအရင်ပြုလုပ်၍ အင်းကစားရာ အထမြောက်၍ ပေါက်ရောက်ကာ ထွက်ရပ်စခန်းသို့ ကြွမြန်းသွားသော ပြဒါးဝိဇ္ဇာလည်းတစ်ရပ်။ ဧင်းအပြင် အင်းဝမြို့ ဘိုးတော်ဘုရားလက်ထက် သရေခေတ္တရာပြည် မယားမင်းရွာသား ဆရာအောင်မည်သော ရသေ့တစ်ဦးသည် သလဲပြဒါးကို အစီအရင်ထောက်ကာ အပြီးပေါက်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားသော ပြဒါးဝိဇ္ဇာလည်းတစ်ရပ်။

ဧင်းအပြင် အင်းဝမြို့ နောင်တော်မင်းတရားလက်ထက် အောင်ချမ်းသာရွာဟောင်းတောရကျောင်းတွင် ဣန္ဒာစရိယမည်သော ပြဒါးဝိဇ္ဇာလည်းတရပ်။ ဧင်းအပြင် အမရပူရမြို့၌ နောင်တော်ကြီးဆက်ခံ၍ ခေတ္တစံတော်မူစဉ် ဤမြို့၏အရှေ့တောင်ရှိန်း တောင်သမန်ရွာကြီးအနီး နွားနို့စုရွာကြီး၌ ရှင်နာဝိန္ဒသရမည်သော ဘုန်းတော်ကြီးသည် ခတီရန လောဟမည်သော သံကိုစီမံ၍ အပြီးရောက်သဖြင့် ရွှေငွေကိုလုပ်ကိုင်ပြီးလျှင် အမရပူရဆင်ဝန်မင်း၏အဘကို ထိုရွှေငွေများကို အပ်နှင်းလျက် တောင်တမန်အင်းအနောက်ဘက်ကမ်းထိပ်တွင်. . .

"နောင်လာနောက်သား သူတော်စွာတို့ ငါသို့တမူ အကြံတူလျှင် သုံးစေအံ့"

ဟု မိုးကြိုးပုရပိုဒ်ကို ကြေးနှင့်အုပ်ထည့်၍ ဧင်းတည်ထားအပ်သော ရုပ်ပွားတော်ကြီး၏အနီး စောဖုရားပင်ကြီး၏အောက်တွင် ထိုမိုးကြိုးပုရပိုက်ကြီးအတွင်း၌ ထွက်ရပ်သိဒ္ဓိလမ်းကြီးကို ပြီးဆုံးတိုင်အောင် ရေးသားစီရင်တော်မူပြီးလျှင် -

"ဤပုရပိုက်နှင့် ထိုက်တန်သူမှန်လျှင် လွယ်လင့်တကူ မတူးမဆွတဲနှင့် ဤစောဖုရားပင်ကြီးအောက်၌ (၃)လတန်သည်၊ (၄) လတန်သည် သီလသီတင်းဖြင့်နေထိုင်ပါမူကား ဩသမိဒေဝမည်သော နတ်တို့သည် ယူဆောင်၍ ကောင်းစွာပေးလာလိမ့်မည်ဟု မှတ်ရာ၏။ ဧင်းပုဂ္ဂိုလ်သည် ဤပုရပိုဒ်ရရှိပါက အကျွန်ုပ်အသျှင်နာဂိသာရမည်သော သံဝိဇ္ဇာကြီးနှင့် အတူထကွ နေထိုင်ရ၍ နောင်အရိမေတ္တေယျဘုရားပွင့်သောအခါတွင် ကျွန်ုပ်နှင့်အတူတကွ ပူဇော်ရပါစေသား"

ဟု သစ္စာဆိုကာ ပုရပိုက်မြှုပ်ခဲ့သော နာဂိသာရသံဝိဇ္ဇာကြီးလည်းတရပ်။

ဧင်းအပြင် သံသုမာဂီရိမည်သော တောင်ထိပ်၌ နောင်သောအခါ သဗ္ဗညုတမြတ်စွာဘုရားဝါတော်ကပ်၍ ရပ်တော်မူလိမ့်မည်ကို သံဝရမာလာမည်သော သံဝိဇ္ဇာကြီးသည် သိရှိသည်ဖြစ်၍ ကောင်းစွာလျှုအံ့သောငှာ အလျားအတောင် (၂၅၀)၊ အနံအတောင် (၂၀၀)၊ အထု (၄၀) ရှိသော သေလုဝါရမည်သော သဲကျောက်ဖျာကြီးကို ဂန္ဓာမာဒနတောင်မှ ဆောင်ယူခဲ့၍ ဤသံသုမာဂီရိတောင်ထိပ်ဝယ် ကျောင်းအလို့ငှာ ခင်းကျင်းကပ်လှူထားသည်ဟု လောကီပတ္တရိကျမ်းများ၌ဖော်ပြထားသောကြောင့် ဤကျောက်ဖျာကြီး၏ ဒါယကာသံဝရမာလာမည်သောသံဝိဇ္ဇာကြီးလည်းတရပ်။

ဧင်းအပြင် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်အတွင်းအပမဇ္ဈိမဒေသ၌ ပသေ့ပဌမအခြေရသဖြင့် ရှေးကတစ်ဆင့် အသင့်ဖြစ်ကြဖူးသော ထူးလှသော ဝိဇ္ဇာမိုရ်ရလောင်း ရသေ့ပေါင်းတို့ကား ကာသိကရာဇ်တိုင်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် သုတေဇ္ဇာသာရအမည်ရှိသော (၆၄) ယောက်သောရသေ့တို့သည် သလဲပြဒါးကို အဖန်ဖန်အားထုတ်၍ တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်ပြီးလျှင် ထင်ရှားစွာဖြင့် ထွက်ရပ်စခန်းသို့ကြွသွားဖူးသော သုဝေဇ္ဇသရမည်သော ပြဒါးဝိဇ္ဇာသည်လည်းတစ်ရပ်။

၁။ဧင်းအပြင် ဝက်တိုင်း ဓမ္မါနုဂိုရ်ပြည် ဝါသုဒတ္တမင်းလက်ထက် ရသေဇ္ဇသရအမည်ရှိသော (၅၅) ယောက်သော ဝိဇ္ဇာမိုရ်ရလောင်း ရသေ့ကောင်းတို့သည် သလဲပြဒါးကို အမြဲအားထားကြသည်ဖြစ်ရာ တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ခြင်းကို ပြီးဆုံးတိုင်အောင်ပေါက်မြောက်သဖြင့် ထွက်ရပ်စခန်းသို့ကြွရောက်ကြဖူးသော ရသေဇ္ဇသရမည်သော ပြဒါးဝိဇ္ဇာသည်လည်းတစ်ရပ်။

၂။ဧင်းအပြင် သက္ကတိုင်း ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးလက်ထက် (ပါရဒေဇ္ဇာသရ) အမည်ရှိသော (၉၉) ယောက်သော ဝိဇ္ဇာမိုရ်လား ရသေ့အပေါင်းတို့သည် ပါရဒုတ္တာမှဖြစ်သော ငွေစားပြဒါးကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ခြင်းသည် ပြီးဆုံးတိုင်အောင် ပေါက်မြောက်သဖြင့် ထွက်ရပ်စခန်းသို့ ရောက်သွားကြသော ပါရဒေဇ္ဇာသရမည်သော ပြဒါးဝိဇ္ဇာလည်းတစ်ရပ်။

၃။ ဧင်းအပြင် မင်္ဂတိုင်း ကောသလိယပြည် .သကျရာဇမင်းလက်ထက် သုဝဏ္ဏေဇ္ဇာသရအမည်ရှိသော (၅၅၀) သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ရွှေစား ဒုဠ္ဌာမှဖြစ်သော ပြဒါးတို့ကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာ ပြီးဆုံးတိုင်အောင် ပေါက်ရောက်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားသော သုဝဏ္ဏဇ္ဇာသရအမည်ရှိသော ပြဒါးဝိဇ္ဇာသည်လည်းတစ်ရပ်။

၄။ ဧင်းအပြင် အင်္ဂပူတိုင်း မခုရပြည် သဗ္ဗိယမင်းလက်ထက် ကိလတူဗျန္တမည်သော (၁၉၅) ယောက်သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် မြေအောင်းပြဒါးကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာ ပြီးဆုံးတိုင်အောင် ပေါက်မြောက်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းဖူးသော ကိလတူဗျန္တမည်သော ပြဒါးဝိဇ္ဇာသည်လည်းတစ်ရပ်။

၅။ ဧင်းအပြင် စေတီယတိုင်း ကောသမ္ဘီပြည် ဥတေနမင်းလက်ထက်

www.burmeseclassic.com

www.burmeseclassic.com

လောဟပါရအဗ္ဗာသရမည်သော (၂၈၀) သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် လောဟကျောက်မှဖြစ်သော ပြဒါးကို တစ်ပါးသော ဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင် စီရင်ကျရာ အပြီးတိုင်အောင် အောင်မြင်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားကြသော လောဟပါရဒမည်သော ပြဒါးဝိဇ္ဇာလည်းတရပ်။

၆။ ၎င်းအပြင် အသကတိုင်း ကာလိင်္ဂပြည် ဓမ္မဒိန္နမင်းလက်ထက် ခတီရနေဇ္ဇာသရမည်သော (၃၈၉) ယောက်သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ၎က်ပျောခေါင်းမှ ရသောသံကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာ အပြီးတိုင်အောင် ရောက်ရှိအောင်မြင်သဖြင့် ထွက်ရပ်စခန်းသို့ကြွမြန်းကြသော ခတီရနေဇ္ဇာသရမည်သော သံဝိဇ္ဇာလည်းတရပ်။

၇။ ၎င်းအပြင် ကောသလတိုင်း သာဝတ္ထိပြည် ပသေနဒီမင်းလက်ထက် အမြုတေဇ္ဇာသရအမည်ရှိသော (၄၉၉) ယောက်သော ဝိဇ္ဇာမိုရ်လောင်းရသေ့အပေါင်းတို့သည် အမြုတေကျောက်မှ ဖြစ်သောသံကို တစ်ပါးသော ဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ကျရာ အပြီးတိုင်အောင် ပေါက်မြောက်အောင်မြင်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားကြသော သံဝိဇ္ဇာလည်းတရပ်။

၈။ ၎င်းအပြင် အဝန္တီတိုင်း တက္ကသီလပြည် ပဏ္ဍုသမင်းလက်ထက် ရုက္ခေဇာသရအမည်ရှိသော (၅၅၅) ယောက်သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ရုက္ခမူသံကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာ အပြီးတိုင်အောင် ရောက်ရှိသဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းကြသော ရုက္ခေဇာသရမည်သော သံဝိဇ္ဇာလည်းတရပ်။

၉။ ၎င်းအပြင် ကုရုတိုင်း သက်သရနဂိုရ်ပြည် ရာဇိန္ဒာမင်းလက်ထက် ဝိမ္မိကာရအမည်ရှိသော (၆၅၈) ယောက်သော ဝိဇ္ဇာမိုရ်လောင်းရသေ့အပေါင်းတို့သည် တောင်ပို့ချသံကို တစ်ပါးသော ဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာ အပြီးတိုင် အောင်မြင်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားသော သံဝိဇ္ဇာလည်းတရပ်။

၁၀။ ၎င်းအပြင် ပဉ္စာလရာဇ်တိုင်း စေတုတ္တရာပြည် ဇနိန္ဒာမင်းလက်ထက် ပါဏိသခ်ေဇ္ဇာသရအမည်ရှိသော (၇၈၅) ယောက်သောဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ရေမှဖြစ်သောသံ၊ ခရုသင်းမှဖြစ်သောသံတို့ကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာဆုံးခန်းတိုင်အောင် ပေါက်ရောက်အောင်မြင်သဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းကြသော သံဝိဇ္ဇာလည်းတရပ်။

၁၁။ ၎င်းအပြင် ဝိဒေဟရာဇ်တိုင်း မိမိထာပြည် ဇနိသာမင်းလက်ထက် မုတ္တကန္တမည်သော (၈၆၄) ယောက်သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ပုလဲမှ ဖြစ်သောသံ၊ ယောက်သွားမှဖြစ်သောသံတို့ကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ရာ အပြီးတိုင်အောင်ရောက်ရှိသဖြင့် ထွက်ရပ်စခန်းသို့ကြွမြန်းသော မဟာမုတ္တကန္တမည်သောသံဝိဇ္ဇာတရပ်။

၁၂။ ၎င်းအပြင် ပါစိတိုင်း ပါဋ္ဋလိပုတ်ပြည် မုဏ္ဍရိမင်းလက်ထက် သရဘူဗျဒယအမည်ရှိသော (၉၉၄) ယောက်သောဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ကြရာ ဆုံးခန်းတိုင်အောင် ရောက်ရှိသဖြင့် ထွက်ရပ်စခန်းသို့ကြွမြန်းကြသော သရဘူဗျာဒယအမည်ရှိသော သံဝိဇ္ဇာလည်းတရပ်။

၁၃။ ၎င်းအပြင် သူရတိုင်း ပါဝါပြည် သူရိန္ဒမင်းလက်ထက် ဒီဃမူလသက္ကဋ္ဌအမည်ရှိသော (၁၃၅၀) သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ကျောက်ခရု၊ ကျောက်ပုဇွန်၊ သစ်မြစ်အတွင်းမှ ဖြစ်သောသံတို့ကို တစ်ပါးသောဓာတ်တို့ဖြင့် ချက်ပြုတ်လုပ်ကိုင်စီရင်ကြရာ အပြီးတိုင်သို့ရောက်ရှိသဖြင့် ထွက်ရပ်စခန်းသို့ ကြွမြန်းကြသော ဒီဃမူလသက္ကဋ္ဌမည်သော သံဝိဇ္ဇာလည်းတရပ်။

၁၄။ ၎င်းအပြင် ဝဇ္ဇီတိုင်း ဝေသာလီပြည် ပဏ္ဍုသာဒိမင်းလက်ထက် (၁၃၉) ယောက်သော မဟာပရိနိမ္မိမယိဒ္ဓိအမည်ရှိသော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် တောတောင်ကျွမ်းဝင် သိုက်ဝင်မပျက် တစ်ပါးသောဓာတ်တို့ဖြင့် ကျောက်ထက်မှ ချက်ပြီးလျှင် အက္ခရာမည်း မန္တန်ဖြင့်စုတ်နှိုး၍ ရတ်တမျိုးက္ကဒ္ဒိဖြင့် စိတ်ရှိတိုင်းထွက်ကြဖူးသော မဟာပရိနိမ္မိမယိဒ္ဓိမည်သော ဆေးဝိဇ္ဇာတည်းတရပ်။

၁၅။ ၎င်းအပြင် မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းလက်ထက် (၂၆၀) ယောက်သော စိန္တာမယဝိဇ္ဇာမိုရ်လောင်းရသေ့အပေါင်းတို့သည် အာယုသမိုင်း၊ ဓာတုသမိုင်း၊ ဗြဟာန္တြသမိုင်း၊ စန္ဒြသမိုင်းအစရှိသော (၉) ချက်သော စမ္မါန။အင်း၊ ရထားမြင်းအင်းသိုက်ကို အရင်းအဖျားလိုက်၍ မီးကိုးတိုင်သမိုက်ပြီးလျှင် ကြိုက်ရာကိုအားထုတ် အဌမုတ်ကို ပြောင်းပြန်ရုပ်ပြောင်းဟန်ဖြင့် တစ်ဖန်မပျက် အမှန်ဆက်၍ ထွက်ကြဖူးသော မဟာစိန္တာမယပြဟ္မဏအမည်ရသောအင်းဝိဇ္ဇာလည်းတစ်ရပ်။

၁၆။ဤရှစ်သောင်းသောရသေ့တို့တွင် (၇၇၃၀) သော ဝိဇ္ဇာမိုရ်လောင်း ရသေ့အပေါင်းတို့သည် ကောင်းမွန်စွာဖြင့် ရှေးက အာရုံပါရမီအဟုန်ဖြင့် အထုံအဆက် အလွန်ခိုင်မက်၍ မပျက်ထိုးခဲ့ကြသောတလုံထွက်ကိစ္စနှင့် စိတ်ချ၍ထွက်သွားကြလေပြီ။

သို့သော်လည်း အပြည့်ပြည့် အဝဝ ပဉ္စမဝိဇ္ဇာ ဒုတိယအခါမှာ သာသနာအသက် နှစ်ထောင်အလို မရှောင်ပိုတော့မှ နောင်ဝိဇ္ဇာမိုရ်ဆက်မည်ဟု ယခုထွက်ရ (၇၂၇၀)သော ဝိဇ္ဇာမိုရ်လောင်း ရသေ့ပေါင်းတို့သည် ကောင်းစွာမလွဲဖြစ်ဆဲဖြစ်လတ္တံ့ဖြစ်အံ့ဟု သဗ္ဗဂန္ထဝံသဝိဇ္ဇာရေကျမ်းကြီးများ၌ ထင်ရှားစွာတွေ့ရှိဖူးပါကြောင်း ဝိဇ္ဇာဓရမကာသနီကျမ်း၌လာသောမူအတိုင်းဖော်ပြလိုက်ရခြင်းဖြစ်ပါတော့သည်။

```
  ၇၇၃၀
 +၇၂၇၀
 ၁၅၀၀၀
```

ဤသို့ဖြင့် အထက်ပါအကြောင်းအရာတို့၌ဖော်ပြရခြင်းသည် ယခုခေတ်၌ အရိယာဝိဇ္ဇာပုဂ္ဂိုလ်များနှင့်ဂန္ဓာရီဝိဇ္ဇာများ အမှန်တကယ်ပင်ရှိကြောင်းကို အထောက်အထား သက်သေသာဓကများအနေဖြင့် ထည့်သွင်းဖော်ပြလိုက်ရခြင်းပင်ဖြစ်ပါတော့သည်။

ရှေ့လဆက်လက်ဖတ်ရှုပါရန်နှင့် အခန်းဆက်များအနေဖြင့် ထပ်မံ၍ရေးသားဖော်ပြသွားမည်ဟု သုရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်သူဓမ္မမိတ်ဆွေအပေါင်းသူတော်ကောင်းတို့အား လေးစားစွာဖြင့် တင်ပြလိုက်ရပါသည်။

*သတ္တဝါမှန်သရွေ့ တရားတွေ့*
*အေးငြိမ်းချမ်းသာရှိကြပါစေ*

*ဗုဒ္ဓမြတ်စွာသာသနာ*
*ရောင်ဝါနေသို့လင်းစေသော်*

အဘာဝ (သာသနာ့အလင်းရောင်)

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်
# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအောင်ရွှေ (၇၇)



■ လောကဒီပတောင်ကြီးအား ဝိဇ္ဇာရေ ပညာဖြင့် ထက်ခြမ်းခွဲလိုက်ခြင်း

ရသေ့ကြီး ဦးအောင်ပြည့်လည်း ဝိဇ္ဇာရေပညာဖြင့် စီရင်ထားသော လက်ပံသားဓားကြီးကိုထမ်းပြီး လောကဒီပတောင်ရှိရာသို့ ခပ်သွက်သွက်လှမ်းလာခဲ့၏။ စိတ်ကလည်း ရှေ့လုပ်ရမည့် လုပ်ငန်းကိုစွက်ကိုကြိုတွေးပြီး စိတ်လောလျက်ရှိ၏။ ဤသို့ဖြင့် တောတန်းလေး၏အစပ်သို့ဝင်ရောက်လာခဲ့၏။ ထိုနေရာသည် အပေါ်မှ သစ်ပင်သစ်ကိုင်းများအုပ်ဆိုင်းနေသကဲ့သို့ အောက်ခြေ၌လည်း ချုံနွယ်ပိတ်ပေါင်းများထူထပ်နေသဖြင့် အတော်ပင်သတိထား၍သွားလာနေရ၏။

ထိုအချိန်တွင် အပေါ်မှထူးခြားသည့်အသံတစ်သံကို ရုတ်တရက်ကြားလိုက်ရသဖြင့် ဦးအောင်ပြည့်လည်း အပေါ်သို့မော့ကြည့်ရာ သစ်ကိုင်းကြီးတစ်ကိုင်းကျိုးကျလာသည်ကို မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် ရုတ်ခြည်းပင်ဘေးလွတ်ရာသို့ ခုန်ပြီးရှောင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

အတော်အတန်နက်သောကျင်းကြီးတစ်ကျင်း၏ဘေးနှုတ်ခမ်းပေါ်သို့ ကံအားလျော်စွာ ကျသွားခဲ့၏။ သို့သော် ပခုံးပေါ်တွင်ထမ်းလာခဲ့သော လက်ပံသားဓားကြီးမှာမူ ကျင်းကြီးထဲသို့လွတ်ကျသွားခဲ့လေတော့၏။ ထို့ကြောင့် ဦးအောင်ပြည့်လည်း ကျင်းကြီးထဲသို့ငုံ့ကြည့်လိုက်ရာ လက်ပံသားဓားကြီးသည် ကံအားလျော်စွာပင် ကျင်းအောက်ခြေအထိပြုတ်ကျမသွားဘဲ ဆယ့်ငါးပေခန့်အနက်ရှိသောနေရာမှ ထိုးထွက်နေသည့် သစ်မြစ်ကြီးတစ်ခုပေါ်တွင်တင်နေကြောင်းတွေ့လိုက်ရသဖြင့် အတန်ငယ်စိတ်သက်သာရာရသွားခဲ့၏။

အကယ်၍ ကျင်းကြီး၏အောက်ဆုံးထိသာကျသွားပါက လုံးဝမလွယ်ကူတော့မည့်အခြေအနေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျင်းကြီး၏အနက်သည် ပေပေါင်းရာချီရှိနေနိုင်သောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် ဦးအောင်ပြည့်လည်း အနီးရှိသစ်ပင်များမှ သွယ်တန်းကျနေသောနွယ်ကြိုးများကို ကိုက်ဖြတ်လိုက်ပြီး လိုအပ်မည့်အတိုင်းအတာအထိရောက်ရှိစေရန် တွယ်ဆက်ခြင်းများကို ခိုင်ခံ့အောင်ပြုလုပ်ပြီး အနီးရှိ သစ်ပင်ကြီးချည်နှောင်ကာ ကျင်းကြီးထဲသို့ နွယ်ကြိုးကိုကိုင်ပြီး ခက်ခဲစွာဆင်းပြီး လက်ပံဓားကြီးကိုယူကာ ပြန်တက်လာခဲ့၏။ ထို့နောက် ခေတ္တမျှအမောအပန်းဖြေပြီး နောက်လောကဒီပတောင်သို့ ဆက်ပြီးထွက်လာခဲ့တော့၏။ ပိုပြီး သတိဝီရိယလည်းထားခဲ့၏။နှုတ်မှလည်း ပြီးမြောက်အောင်မြင်ခဲ့သည့် ဝိဇ္ဇာဓရမန္တန်ကို အဆက်မပြတ်ရွတ်ဆိုပြီး လျှောက်လှမ်းလာခဲ့၏။

ဤသို့ဖြင့် သူသည် နောက်ထပ်မည်သည့်ဘေးအန္တရာယ်တစ်စုံတစ်ရာမျှထပ်မတွေ့တော့ဘဲ လောကဒီပတောင်ကြီးနားရောက်ရှိလာခဲ့၏။ ထိုအခါ ခရီးရောက်မဆိုက်ပင် တောင်ကြီးရှိရာ လက်ပံသားဓားကြီးဖြင့် တည့်တည့်ချိန်ရွယ်လိုက်၏။ နှုတ်မှလည်း ဝိဇ္ဇာဓရထွက်ရပ်ပေါက်မန္တန်ကို ရွတ်ဖတ်ကာ တောင်ကြီး၏အလယ်ပိုင်းသို့ စိတ်ဖြင့်မှန်းက ခုတ်ချလိုက်၏။

ထိုအခါ တောင်ကြီးအထဲမှ တော်လည်းသံကဲ့သို့ မြည်ဟည်းပြီးနောက် တောင်ကြီးသည် ကြည့်နေရင်းပင် တဖြည်းဖြည်းထက်ခြမ်းကွဲသွားလေတော့၏။

ထိုအချိန်တွင် ထက်ခြမ်းကွဲသွားသော တောင်ကြီးအစွင်းပိုင်းထဲမှ ဉာဏ်တော် ကိုးလက်မသာသာခန့်ရှိသည့် ရွှေသားအပြည့်ရှိသော ဆင်းတုတော်တစ်ဆူသည် ကောင်းကင်သို့ ပျံတက်သွားကြောင်း ဦးအောင်ပြည့်သည် ထူးထူးခြားခြားပင် ဖူးတွေ့လိုက်ရ၏။

ထို့နောက် ဦးအောင်ပြည့်သည် ထက်ခြမ်းကွဲသွားသောတောင်ကြီးအတွင်းသို့ သတိကြီးစွာထားပြီး ဝင်ရောက်ခဲ့တော့၏။ တောင်ကွဲလမ်းကြောင်းကြီးအတိုင်း အတော်ရှည်လျားစွာလျှောက်ဝင်ခဲ့သော်လည်း မည်သည့်ထူးခြားမှုမျှ မတွေ့ရပေ။

ထိုအချိန်တွင် တောင်ကြီး၏အောက်ခြေ မြေသားအတွင်းပိုင်းထဲမှ ထူးခြားသည့် လှုပ်လှုပ်ရှားသကဲ့သို့သောအခြေအနေမျိုး ခံစားလိုက်ရသဖြင့် ခေတ္တမျှရပ်ပြီး စောင့်ကြည့်နေလိုက်၏။ ထို့နောက် အဆိုပါ လှုပ်လှုပ်ရှားမှုသည် တဖြည်းဖြည်းဝေး၍ဝေး၍သွားသည်ကိုတွေ့ရှိရသဖြင့် ဆက်ပြီးလျှောက်လာခဲ့ရာ တောင်ကြီး၏အလယ်လောက်သို့ ရောက်ရှိလာခဲ့၏။ ဤတွင် တောင်အလယ်ပိုင်းသို့တိုးဝင်ရောက်ရှိသွားသည်နှင့်အမျှ တုန်ခါသောခံစားမှုတစ်မျိုးကို တိုး၍တိုး၍ခံစားရသဖြင့် ဦးအောင်ပြည့်သည် ပို၍သတိကြီးစွာထားပြီး လျှောက်လာခဲ့၏၊

တစ်နေရာသို့အရောက်တွင် အဖြူရောင်သဏ္ဌာန်များအပေါ်သို့လွင့်ပျံပြီး တက်သွားသည်ကို တွေ့လိုက်ရသဖြင့် ထိုနေရာသို့ အမြန်သွားရောက်ပြီးကြည့်လိုက်ရာ ရွှေရောင်ဝင်းတောက်နေသည့်ကလာပ်တစ်ခုကို တွေ့လိုက်ရ၏။



ထိုကလာပ်အပေါ်တွင် ကြေးပုရပိုက်တစ်ခုကိုတွေ့ရ၏။ ထို့ပြင် ဂေါ်လီလုံးကဲ့သို့လုံးနေသော ဓာတ်လုံး (၉) လုံးနှင့် ဆေးကြက်တက် (၉) တက်ကိုပါ တွေ့ရှိရသဖြင့် အသင့်ပါလာသော လွယ်အိတ်ထဲသို့ဆည့်ယူကာ ဘုရားရှိခိုးကျောင်းသို့ ပြန်လာခဲ့၏။

ထိုသို့ ယူဆောင်ပြီးပြန်လာစဉ် နောက်ဘက် မလှမ်းမကမ်းမှ ရုတ်ရုတ်အသံမျိုးလိုလို၊ လူအုပ်ကြီးလိုက်လာသောအသံမျိုးလိုလို ကြားသကဲ့သို့ရှိသဖြင့် နောက်သို့လှည့်ကြည့်သောအခါတွင် တစ်စုံတစ်ယောက်ကိုမျှ တွေ့ရှိရခြင်းမရှိသဖြင့် ဦးအောင်ပြည်သည် ထွက်ရပ်ပေါက်ဝိဇ္ဇာဓရမန္တန်ကို နှုတ်မှအဆက်မပြတ်ရွတ်လေ၏။ ဤသို့ဖြင့် ဘုရားရှိခိုးကျောင်းသို့ရောက်ရှိလာခဲ့၏။

ဦးအောင်ပြည့်ကျောင်းထဲသို့ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် သင်းအုပ်ဆရာကြီးဦးလှမောင်မှာ အံ့ဩဝမ်းသာသည့်အမူအရာဖြင့် အပြေးထွက်လာပြီး -

"အရင်တုန်းက ရဟန်းသုံးပါးနဲ့ လူဆရာ နှစ်ယောက်ဟာ အဲဒီလောကဒီပတောင်ကိုသွားခဲ့တာ သုံးနှစ်တောင်ရှိပြီ။ ကနေ့အထိ တစ်ယောက်မှပြန်မလာခဲ့ကြဘူး။ ခုတော့ ရသေ့ကြီးပြန်လာနိုင်ခဲ့တယ်ဆိုတော့ အလုပ်ကိစ္စတွေအားလုံးပြီးမြောက်အောင်မြင်ခဲ့ပြီပေါ့"

ဟု ပြောဆိုနှုတ်ဆက်လေ၏။

တစ်ဆက်တည်းပင် သင်းအုပ်ဆရာကြီး ဦးလှမောင်အနေဖြင့် စဉ်းစားမိသည်မှာ ဤပုဂ္ဂိုလ်သည် မည်သည့်နည်းဖြင့်မဆို ထူးခြားသည့်ပုဂ္ဂိုလ်တစ်ပါးပါးဖြစ်ရပေမည်ဟု ယူဆသဖြင့် ဘုရားကျောင်းပေါ်တွင် နေရာထိုင်ခင်းများပေးပြီး ကောင်းမွန်စွာပင် ဧည့်ခံပြီး ရသေ့ကြီးဦးအောင်ပြည့်နှင့် စကားလက်ဆုံပြောဆိုကြလေ၏။

ရသေ့ကြီးလည်း သင်းအုပ်ဆရာကြီးဦးလှမောင်ကျောင်းတွင် သုံးရက်ခန့်တည်းခိုနားနေလိုက်၏။ ထိုအချိန်အတွင်း ရသေ့ကြီးသည် သူရရှိလာခဲ့သောဆေးကြက်တက်များမှတစ်ခုကိုယူပြီး ဦးလှမောင်အား ပေးအပ်ခဲ့ပြီး အလို့ရှိရာကိစ္စများတွင် ဉာဏ်ရှိသလိုသုံးရန်မှာကြားခဲ့ပြီးနောက် ပခုက္ကူမှပြန်လာခဲ့၏။

ဦးအောင်ပြည့်သည် သူရရှိလာပစ္စည်းများနှင့် ပတ်သက်ပြီး စဉ်းစားသည်မှာ -

ဤပစ္စည်းများသည် [illegible]လွန်ပင်



www.burmeseclassic.com

www.burmeseclassic.com

သွားပါးပြီး တန်ဖိုးကြီးမားသောပစ္စည်းများသာဖြစ်ရမည်'

ဟု တထစ်ချဆုံးဖြတ်လိုက်၏။ ထို့ကြောင့် တန်ခိုးစွမ်းအင်သိဒ္ဓိမဟိဒ္ဓိရှိသော ပစ္စည်းများကို လက်ခံရရှိလျှင် ထိုက်သင့်သောအမိဋ္ဌာန်တစ်ခုကိုပြုမှ သင့်လျော်မည်ဟုလည်း ဆင်ခြင်မိပြန်၏။ တစ်ဆက်တည်းပင် အဓိဋ္ဌာန်ဝင်မည်ဆိုလျှင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားသာ အသင့်လျော်ဆုံးဖြစ်သဖြင့် အချိန်မဆိုင်းတော့ဘဲ ရွှေတိဂုံစေတီတော်အရောက်သွားခဲ့လေ၏။

■

အမိဋ္ဌာန်ဝင်ပြီးနောက် ရသေ့ကြီးသည် သူရရှိလာသောပစ္စည်းများထဲမှ ကြေးပုရပိုက်ကိုထုတ်ယူလိုက်၏။ ထို့နောက် မန်ကျည်းမှည့်ရည်ဖြင့်ကောင်းစွာ ဆေးကြောပြီး သန့်စင်လိုက်သောအခါ ရေးထားသော အကြောင်းအရာများပေါ်လွင်ထင်ရှားလာပြီး ကောင်းစွာဖတ်ရှုနိုင်သည့်အခြေအနေသို့ ရောက်ရှိလာသဖြင့် ဖတ်ရှုကြည့်ရာ ပါရှိသောအကြောင်းအရာများသည် အလွန်ပင်ရှေးကျပြီး ပါရှိသောပညာရပ်များသည် တန်ဖိုးကြီးမားကြောင်း တွေ့ရလေ၏။ ထိုကြေးပုရပိုက်ပါ အကြောင်းအရာများသည် မည်မျှရှေးကျသနည်းဟူမူ လွန်ခဲ့သည့်နှစ်ပေါင်း (၆၀၀၀) ခန့်က ပညာရပ်များဖြစ်လေ၏။ ထိုပညာရပ်များကို နေစက်လစက်ပညာ၊ မဂ္ဂဒေဝစက်ပညာဟူသည့် အလွန်ပင် အစွမ်းထက်ပြီး တန်ခိုးကြီးမားသောစက်များဖြစ်ကြောင်းလည်း တွေ့ရှိသုံးသပ်ရပါသည်။ ထိုအကြောင်းအရာများသည် လွန်စွာပင် စိတ်ဝင်စားဖွယ်ကောင်းလှပါသဖြင့် အနည်းငယ်မျှ ဖော်ပြလိုပါသည်။

■ **လက်နက်စကြာများကို စီရင်ထုတ်လုပ်နိုင်သော လောကီပညာ**

ကဿပဘုရားရှင်၏သ ာသနာတွင်းကာလတွင်ဖြစ်၏။ ထိုကာလတွင် အရှင်ဝိဇယုတ္တမဟု ဘွဲ့အမည်ရှိသော မထေရ်တစ်ပါးပေါ် ပေါက်ခဲ့သည်။ အဆိုပါမထေရ်သည် ကဿပဗုဒ္ဓဘုရားရှင်၏ သာသနာတော်သို့ သက်တော် (၇) နှစ်သားအရွယ်မှဝင်ရောက်ခဲ့ပြီး ပရိယတ္တိစာပေများကို အပတ်တကုတ်သင်ယူခဲ့၏။ ထိုမှရဟန်းဘဝသို့ကူးပြောင်းရောက်ရှိခဲ့ပြီးနောက်တွင် ဗုဒ္ဓစာပေများကို အထူးပင် တတ်မွန်ကျွမ်းကျင်လွန်းလှသဖြင့် အထက်ဆရာတော်ကြီးများ၏ တာဝန်ပေးမှုအရ အခြားသော ရဟန်းများကို စာပေပြန်လည်ပို့ချပေးရသော စာချပုဂ္ဂိုလ်ဖြစ်လာခဲ့၏။

အရှင်ဝိဇယုတ္တမသည် ဇွဲ၊ လုံ့လ၊ ဝီရိယ ထက်သန်စွာ အလုပ်ကို အလွန်အကျွံလုပ်ကိုင်ခဲ့သဖြင့် တစ်စထက်တစ်စ ကျန်းမာရေးထိခိုက်ချို့ယွင်းလာခဲ့၏။ သို့သော် ဆရာတော်သည် သူ၏ တာဝန်ဝတ္တရားများကို အပျက်မခံ ကျန်းမာရေးမကောင်းသည့်ကြားကပင် လုပ်ကိုင်ခဲ့၏။ ထိုသို့လုပ်ကိုင်ခဲ့သောကြောင့် နောက်ဆုံးတွင် ကျန်းမာရေးအလွန်အမင်းထိခိုက်ခံရပြီး အိပ်ရာထဲလဲသည့်ဘဝရောက်တော့၏။ ကျွမ်းကျင်သော သမားတော်ကြီးများကိုပင့်ဆောင်ကုသခဲ့သော်လည်း သမားများသာ တစ်ယောက်ပြီးတစ်ယောက်ပြောင်းသွားခဲ့ပါသည်။ ထူးခြားသော တိုးတက်မှုတစ်စုံတစ်ရာမျှရှိမလာသည့်အပြင် တစ်စထက်တစ်စသာ ဆုတ်ယုတ်သည်ထက်ဆုတ်ယုတ်လာ၏။ နောက်ဆုံးတွင် မည်သည့်အစာမျှမဝင်တော့သည်သာမက အရည်ပင်မနည်းသောက်နေရသည့်အခြေအနေသို့ ရောက်ရှိခဲ့၏။ ထိုအခြေအနေသည် သေလုနီးပါးပင်ဖြစ်တော့၏။ ကာယကံရှင်ကိုယ်တိုင်ပင်လျှင် သူကိုယ်သူမမျှော်လင့်တော့ပေ။ အနားမှပြုစုစောင့်ရှောက်ကြသည့်ပုဂ္ဂိုလ်အပေါင်းကလည်း အထူးပင်စိတ်မကောင်းစွာပင် လက်မှိုင်ချနေကြရ၏။

■ **ဝိဇ္ဇာခရလောကမှရောက်ရှိလာခြင်း**

တစ်ခုသောည၏သန်းခေါင်ကျော်ချိန်တွင် ရှင်ဝိဇယုတ္တမသည် ရောဂါသည်းလွန်းသဖြင့် သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေ၏။ အနီးရှိပြုစုစောင့်ရှောက်သူများလည်း ပင်ပန်းလွန်းသဖြင့် အိပ်ပျော်နေကြ၏။ ထိုအချိန်တွင် ပုဂ္ဂိုလ်နှစ်ပါး ရောက်ရှိလာခဲ့၏။ ပုဂ္ဂိုလ်တစ်ပါးမှာ ရဟန်းဖြစ်ပြီး ကျန်ပုဂ္ဂိုလ်တစ်ဦးမှာ လူပုဂ္ဂိုလ်ဝတ်ဖြူစင်ကြယ်ဖြင့်ဖြစ်၏။

အဆိုပါပုဂ္ဂိုလ်များတွင် ဆေးရည်တစ်မျိုးပါလာ၏။ ထိုဆေးကို အရှင်ဝိဇယုတ္တမအားတိုက်ရာ မသောက်လိုကြောင်းငြင်းဆိုခဲ့၏။ ဤသို့အကြိမ်ကြိမ်ငြင်းနေသဖြင့် နောက်ဆုံးတွင် လူပုဂ္ဂိုလ်သည် အရှင်ဝိဇယုတ္တမအားချုပ်လိုက်ပြီး ရဟန်းပုဂ္ဂိုလ်ကပါးစပ်ကိုဟအောင်လုပ်ကာဆေးရည်ကို လောင်းထည့်လိုက်၏။ ဆေးရည်လောင်းထည့်လိုက်ပြီး မကြာမတင်မီပင် အရှင်ဝိဇယုတ္တမသည် အိပ်ပျော်သွားလေတော့၏။

■

နံနက်မိုးသောက်သောအခါတွင်မှ အရှင်ဝိဇယုတ္တမ၏ ကျန်းမာရေးပြုစုစောင့်ရှောက်သည့်ပုဂ္ဂိုလ်များသည် အိပ်ရာမှနိုးလာကြ၏။ သူတို့သည် နိုးလာသည်နှင့် အရှင်ဝိဇယုတ္တမလဲလျောင်းရာနေရာကိုကြည့်လိုက်သောအခါ အထူးပင်အံ့ဩသွားကြ၏။ အဘယ်ကြောင့်ဆိုသော် ရက်ပေါင်းများစွာ အိပ်ရာထဲမှ ထခြင်းငှာ လုံးဝမစွမ်းနိုင်တော့သည့် ပုဂ္ဂိုလ်သည် အိပ်ရာထဲတွင်မရှိတော့သောကြောင့် ဖြစ်၏။ ထို့ကြောင့် သူတို့သည် ကပျာကယာအိပ်ရာထကြပြီး အခန်းအပြင်သို့ထွက်ပြီး ရှာဖွေကြပြန်သော်လည်း မတွေ့ရပေ။ ထို့ကြောင့် ရှိသမျှသော ရဟန်းတို့ကို မေးမြန်းကြရာ မည်သူကမျှ တွေ့မိကြောင်းမပြောကြသဖြင့် အားလုံးသည် အထူးပင်အံ့ဩကြရ၏။

အရှင်၏ အခြေအနေသည် မည်သို့မျှ သူတစ်ပါးတည်းထပြီး လျှောက်သွားနိုင်သည့် အခြေအနေမရှိကြောင်းကို အားလုံးက လက်ခံထားကြသည်။ ထို့ကြောင့်လည်း အံ့ဩပြီးရင်းအံ့ဩကြရ၏။ သို့အတွက် မြို့တွင်းမြို့ပြင်နေရာလပ်မကျန်အောင် ရှာဖွေပါသော်လည်း မတွေ့ကြရပေ။ အရှင်ဝိဇယုတ္တမကား ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ပါသည်။

■

အရှင်ဝိဇယုတ္တမပျောက်ဆုံးသွားပြီး တစ်လတိတိပြည့်သောနေ့၏နံနက်အရုဏ်တက်ချိန်တွင် တာဝန်ကျပထမဦးဆုံးအိပ်ရာထလာသော ရဟန်းသည် အရှင်ဝိဇယုတ္တမ၏အခန်းသို့ အမှတ်မထင်ကြည့်လိုက်မိ၏။ ထိုအခါ သူမျက်စိကိုပင် သူမယုံနိုင်အောင် ဖြစ်သဖြင့် သူ့မျက်စိကို ပွတ်ပြီး ကြည့်ပြန်၏။ ဟုတ်ပါသည်။ မည်သို့မျှမလွဲပါ။ သူ့ကျိန်းနေကျခုတင်ပေါ်တွင် ယခင်အခါများကကဲ့သို့ ကျိန်းစက်နေသည်ကို တွေ့ရသဖြင့် ထိုခုတင်နားသို့ ခပ်သွက်သွက်လျှောက်သွားပြီး နှိုးလိုက်၏။

"အရှင်ဝိဇယုတ္တမ"

"အရှင်ဝိဇယုတ္တမ"

ဟု ခေါ်ပြီးနှိုးလိုက်၏။

ထိုအခါ အရှင်ဝိဇယုတ္တမသည် လူးလွန့်လှုပ်ရှားလာပြီး မျက်လုံးဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရာ သူ့ကိုလာနှိုးသည့်ရဟန်းကို တွေ့လိုက်သဖြင့်အိပ်ရာမှလူးလဲထလိုက်ပြီး -

"ဩော်-အရှင်ဘုရားကတပည့်တော်ကို လာနှိုးတာလား။ ဒီနေ့တပည့်တော်အိပ်ရာထတာ နောက်ကျသွားတယ်"

"မဟုတ်ပါဘူး၊ အရှင်ဘုရား ပျောက်သွားတာ တစ်လလောက်ရှိပါပြီဘုရား။ ဒီနေ့မနက်မှပဲ အရှင်ဘုရားရဲ့ ခုတင်ပေါ်မှာပြန်ပြီး ကျိန်းနေတာတွေ့လို့ လာနှိုးတာပါ။ ဒါနဲ့ အရှင်ဘုရား ကျန်းမာရေးပြန်ကောင်းသွားပါပြီလား"

"အင်း - လက်ရှိအခြေအနေအရတော့ အားလုံးအကောင်းပါပဲ။ ဘယ်နေရာမှာမှနေမကောင်းတဲ့အခြေအနေမျိုး မရှိဘူးလို့ ထင်ရပါတယ်ဘုရား"

အမှန်တကယ်ပင် ထိုနေ့မှစ၍ အရှင်ဝိဇယုတ္တသည် ကျန်းမာရေးကောင်းမွန်သွားခဲ့ပါသည်။ သို့သော် ထိုနောက်ပိုင်းတွင် သူသည် ပဋိယတ္တိစာပေများသာမက ဝိဇ္ဇာမရပညာ၊ ဗေဒင်ပညာရပ်များကို အထူးပင်စိတ်ဝင်စားပြီး လေ့လာလိုက်စားခဲ့၏။ နေ့နေ့ညညထိုပညာရပ်များကို ကြံစည်ခြင်း၊ အားထုတ်ခြင်းဖြင့်သာအချိန်ကုန်ဆုံးခဲ့၏။

မကြာခဏပင် အရှင်ထံသို့ ထိုဒေသမှမဟုတ်သော မျက်နှာစိမ်းပုဂ္ဂိုလ်များဖြစ်သည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ လာရောက် တွေ့ဆုံလေ့ရှိသလို အရှင်ဝိဇယုတ္တမကိုယ်တိုင်လည်း မကြာတစ်ခါဆိုသလို ခရီးထွက်လေ့ရှိ၏။ ထို့အပြင် သမထအလုပ်၊ ဈာန်အလုပ်များကိုလည်း တစ်နေ့ထက်တစ်နေ့ ကြိုးပမ်းအားထုတ်ခဲ့၏။ ဤသို့ဖြင့် ဆယ်နှစ်ဆယ်မိုးကြာညောင်းသွားသည့်အချိန်တွင် လောကီပညာရပ်များကို ကောင်းစွာ ကျွမ်းကျင်ပိုင်နိုင်သူဖြစ်လာခဲ့၏။ အမည်နာမည်လည်း ထင်ပေါ်ကျော်ကြားလာခဲ့၏။ ဘုရင်မင်းမြတ်၏ ကြည်ညိုလေးမြတ်ယုံကြည်ကိုးကွယ်ခြင်းကို လည်းခံရ၏။

အထူးသဖြင့် အရှင်ဝိဇယုတ္တမသည် လုံခြုံရေး၊ ကာကွယ်ရေး၊ စစ်ခံ၊ စစ်ထိုး၊ စစ်တိုက်ပညာရပ်များနှင့် ပတ်သက်သည့်အစီအရင်ပညာတွင် အထူးပင် အောင်မြင်ခဲ့ပါသည်။ အရှင့်အစွမ်းကြောင့်ပင် ပုဏ္ဏဝတီနိုင်ငံတော်ကြီး အင်အားကြီးထွားလာခဲ့၏။ အနီးဝန်းကျင်နိုင်ငံများ၏ ခန့်ညားလေးစားခြင်းကို ခံခဲ့ကြရ၏။ ထိုအချိန်ကာလကတည်းက ဗုဒ္ဓဘာသာဝင် ရဟန်းတော်များသည် ဘာသာရေး၊ သာသနာရေးကိစ္စရပ်များသာမက စစ်ရေး၊ နိုင်ငံရေး၊ ကာကွယ်ရေးကိစ္စရပ်များတွင်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ၏။

ထို့နောက်ပိုင်းတွင် အရှင်ဝိဇယုတ္တမသည် တစ်ကိုယ်တည်းတောရဆောက်တည်ပြီး ကျင့်ကြံအားထုတ်ခဲ့ရာ လောကီပညာရပ်များနှင့်ပတ်သက်လျှင် မဂ္ဂဒေဝစက်ပညာခေါ် နေစက်၊ လစက်ပညာကိုကောင်းစွာစီရင်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ထိုပညာဖြင့် မားစက်၊ လှံစက်၊ လက်နက်စကြာများကို ထိုပညာဖြင့် စီရင်ပေးခဲ့ပါသည်။ ထိုမဂ္ဂဒေဝစက်ကို ထိုခေတ်စစ်သည်များ၏ လက်မောင်းဝဲယာများတွင် ရေးထိုးထားကြပါသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပညာသည် ထိုခေတ်ကာလကတည်းက ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ပါသည်။ ရိုးရာလက်ဝှေ့သမားများသည်လည်း မဂ္ဂဒေဝစက်ကို ထိုးနှံလေ့ရှိကြပါသည်။ ထို့ကြောင့် မြန်မာလူမျိုးနှင့် မြန်မာ့ပညာရပ်များသည် အများထင်မြင်ယူဆပြောဆိုနေကြသကဲ့သို့ မြန်မာသမိုင်းသည် ပုဂံခေတ်၊ ပျူခေတ်တွင်မှ စတင်ခဲ့ခြင်းမျိုး မဟုတ်ပေ။ မြန်မာအစ ကျောက်ဆည်ကလည်း မဟုတ်ပေ။ မြန်မာအစ တကောင်းကလည်းမဟုတ်ပေ။ လွန်ခဲ့သည့်နှစ်ပေါင်း ခြောက်ထောင်မတိုင်မီကတည်းကပင် ကောင်းစွာဖွံ့ဖြိုးပြီးဖြစ်ပါသည်။

ထို့အပြင် မဂ္ဂဒေဝစက်ပညာသည် စမ္ပာနဝအင်းပညာဆိုင်ရာနှင့်ပတ်သက်လျှင် နောက်ဆုံးထွက်ရပ်ကိစ္စအတွက် အန္တိမပညာပင် ဖြစ်ပါသည်။ ထိုမဂ္ဂဒေဝစက်ပညာကို အရှင်ဝိဇယုတ္တမထံမှ ဆက်လက် ပညာဆက်ခံသူမှာ အရှင်ပညာဒီပကလင်္ကာရဖြစ်ပါသည်။



ဤသို့ မဂ္ဂဒေဝစက်ကြေးပုရပိုက်အဆင့်သို့ ရောက်အောင်ပြုစုခဲ့သူမှာလည်း အရှင်ပညာဒီပကလင်္ကာရပင်ဖြစ်ပါသည်။ ထိုအရှင်သည်လည်း ရှေးမြန်မာမင်းများအဆက်ဆက်တို့၏ ကိုးကွယ်ခံခဲ့ရ၏။ ထိုမင်းတို့အတွက် လိုအပ်သမျှသော အစွမ်းသတ္တိ၊ သိဒ္ဓိ၊ မဟိဒ္ဓိတို့နှင့်ပြည့်စုံသော လက်နက်စကြာများကိုလည်း သက်ဆိုင်ရာမင်းတို့၏ဘုန်းကံအလျောက် စီရင်ပေးခဲ့၏။ ထိုအထဲမှ သာဓကအချို့ကို ကောက်နုတ်ဖော်ပြရမည်ဆိုပါက -

တကောင်းခေတ်တွင် သတိုးနဂါးနိုင်မင်းခေါ် မင်းပေါက်ကျိုင်းအတွက် နဂါးနိုင်ဓားကို လည်းကောင်း၊ ပျူခေတ်တွင် ဒွတ္တပေါင်မင်းကြီးအတွက် လှံစကြာ၊ ဓားစကြာတို့ကိုလည်းကောင်း၊ ပျူစောထီးမင်း(ပုဂံခေတ်) အတွက် လေးမြားစကြာတို့ကို လည်းကောင်း၊ ပုဂံခေတ်နောက်ပိုင်းတွင် လည်း အရှင်ပညာဒီပကလင်္ကာရသည် ကွမ်းဆော်ကြောင်ဖြူမင်း၏မင်းဆရာဖြစ်ပြန်သဖြင့် အရိန္ဒမာလှံစကြာကိုစီရင်ပေးခဲ့တော်မူပါသည်။ ထိုအရိန္ဒမာလှံသည် ကွမ်းဆော်ကြောင်ဖြူမင်းမှတစ်ဆင့် သားတော် အနော်ရထာမင်းထံ ဆက်ခံရောက်ရှိခဲ့ပါသည်။

အနော်ရထာမင်းသည် ထိုအရိန္ဒမာလှံကို နောင်တော် စုက္ကတေးမင်းနှင့် စစ်ထိုးရာတွင် အသုံးပြုခဲ့၏။ ထိုအရိန္ဒမာလှံဖြင့်ပင် စုက္ကတေးမင်းကို ထုတ်ချင်းခတ်အောင် ထိုးပစ်အနိုင်ယူပြီး ပုဂံထီးနန်းကို သိမ်းပိုက်အုပ်စိုးခွင့်ရခဲ့၏။

တစ်ဖန် ထိုအရိမန္ဒမာလှံစကြာသည် ကျန်စစ်သားမင်းက ဆက်ခံရယူပြီး ရန်အပေါင်းကို နှိမ်နင်းအောင်မြင်တော်မူခဲ့၏။ ထိုမင်းများ၏ ဘုန်းတန်ခိုးသြဇာနှင့်အတူ ပထမမြန်မာနိုင်ငံတော်ကြီးဖြစ်တည်ပေါ်ထွန်းခဲ့ပါသည်။

ထို့ကြောင့် ပထမမြန်မာနိုင်ငံတော်ကြီး ဖြစ်တည်ပေါ်ထွန်းခဲ့ရသည့် အကျိုးကျေးဇူးပြုသည့်အကြောင်းတရားများတွင် မဂ္ဂဒေဝစက်ပညာဖြင့် စီရင်ထားသော အရိန္ဒမာလှံစကြာသည် တစ်ခန်းတစ်ကဏ္ဍပါဝင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါတော့သတည်း။

ရွှေလဆက်ဖတ်ပါရန်


ပထမံဆရာကြီးအေးဌေး

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# လက်တွေ့အသုံးကျ လက္ခဏာပညာ




**လက်ဝါးပြင်ပေါ်ရှိအမှတ်အသားပုံစံအမျိုးမျိုး**

လက်ဝါးပြင်ပေါ် ပါရှိတတ်သော အမှတ်အသားပုံစံအမျိုးမျိုးကို အောက်ပါအတိုင်း (၈) မျိုး ခွဲခြားထားသည်။

၁။ အစက်အပြောက်များ
၂။ ကျွန်းများ
၃။ လေးထောင့်ကွက်များ
၄။ ကြယ်ပွင့်များ
၅။ ကြက်ခြေခတ်အမှတ်အသားများ
၆။ စက်ဝိုင်းအမှတ်အသားများ
၇။ တြိဂံပုံများ
၈။ ကွန်ရက်သံပန်းပုံစံများ

လက်ဝါးပြင်ပေါ်၌ (သို့) လက်ဝါးပြင်ပေါ်ရှိဂြိုဟ်ခုံများပေါ်၌ပါဝင်နေသော အမှတ်အသားလက္ခဏာများအံလိုက် အကျိုးသက်ရောက်မှုများကွဲပြားသွားပုံကို ဂြိုဟ်ခုံတစ်ခုချင်းစီအလိုက် အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်သည်။

**ကြာသပတေးဂြိုဟ်ခုံ**
**(The Mount of Jupiter)**

ကြာသပတေးဂြိုဟ်ခုံပေါ်၌ တစ်ခုတည်းသောလမ်းကြောင်း ထင်ရှားစွာပါရှိပါက အောင်မြင်မှုရရှိပါမည်။

ရှုပ်ထွေးသောလမ်းကြောင်းများစွာပါရှိနေပါက အလျှော့မပေးတတ်သူ ဇွဲကြီးသူဖြစ်သော်လည်း အောင်မြင်မှုရရန် ကံမကောင်းတတ်ပါ။

ရှုပ်ထွေးသောလမ်းကြောင်းများ တစ်ခုနှင့်တစ်ခုကြက်ခြေခတ်လျက်ရှိနေက ကိုယ်ကျင့်သိက္ခာပျက်နေသူ၊ စာရိတ္တမကောင်းသူဖြစ်တတ်ပါသည်။

သေးမျှင်သောလမ်းကြောင်း (သို့) မှုန်ဝါးသောလမ်းကြောင်းများပါရှိပါက ဦးခေါင်းတွင် ဒဏ်ရာရတတ်သည်။

၎င်းဂြိုဟ်ခုံပေါ် အစက်အပြောက်တစ်ခုတလေပါရှိသည်နှင့် စီးပွားဥစ္စာပျက်စီးခြင်း၊ ဂုဏ်သရေညှိုးနွမ်းခြင်း၊ ရာထူးမှဖယ်ရှားခံရခြင်းဖြစ်တတ်သည်။

ကြက်ခြေခတ်ပုံစံများ ပါရှိခဲ့ပါက ပျော်ရွှင်သောအိမ်ထောင်ရေးကို ပိုင်ဆိုင်နိုင်မည်။

ကြယ်ပွင့်(၁)ပွင့်ပါရှိပါက ရည်မှန်းချက်ပြည့်ဝခြင်း၊ စိတ်ကျေနပ်မှုရရှိခြင်းတို့ ပြည့်စုံပါမည်။

ကြက်ခြေခတ်တစ်ခုနှင့်ကြယ်တစ်ပွင့် ပူးတွဲပါရှိပါက သာယာသောအိမ်ထောင်ရေးကို ပိုင်ဆိုင်နိုင်ပါမည်။

လေးထောင့်ကွက်တစ်ခုပါရှိပါက ရည်မှန်းချက်ထားရှိသည့်အတိုင်း ဖြစ်မြောက်အောင် စွမ်းဆောင်နိုင်သူဖြစ်သည်။

စက်ဝိုင်းပုံတစ်ခုပါရှိပါက အောင်မြင်မှုရရှိမည့်သူဖြစ်သည်။

တြိဂံပုံစံပါရှိပါက သံတမန်ရေးရာကျွမ်းကျင်သူ၊ နိုင်ငံရေး၌ ကျွမ်းကျင်သူဖြစ်မည်။

ကွန်ရက်သံပန်းပုံစံရှိပါက အယူသီးတတ်သူ၊ ဘဝင်မြင့်၍ စိတ်ကြီးဝင်တတ်သူဖြစ်ပါသည်။

ကြာသပတေးဂြိုဟ်ခုံပေါ်၌ ဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက အောက်ပါအကျိုးသက်ရောက်မှုများကို တွေ့ရှိရပါမည်။

ကြာသပတေးဂြိုဟ်ခုံပေါ် ကြာသပတေးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ၎င်းဂြိုဟ်ခုံ၏ မူလအရည်အသွေးကို ပိုမိုပီပြင်ထင်ရှားစေပါသည်။

စနေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက သိပ္ပံပညာရပ်၏ လျှို့ဝှက်နက်နဲမှုများကိုမြတ်နိုး သတိကြီးစွာထားတတ်ဖြစ်ပါမည်။

တနင်္ဂနွေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက စကားအပြောကောင်းသူ၊ အနုပညာရပ်ကို ချစ်မြတ်နိုးသူဖြစ်တတ်သည်။

ဗုဒ္ဓဟူးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက စီမံခန့်ခွဲနိုင်မှုစွမ်းရည်ရှိသူ ဖြစ်သည်။

သောကြာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ဂုဏ်သိက္ခာရှိသူ၊ ချစ်ခြင်းမေတ္တာကို လေးစားတန်ဖိုးထားသူဖြစ်သည်။

တနင်္လာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက စိတ်ကူးစိတ်သန်းများယွင်းမှုကြောင့် ရည်ရွယ်ချက်လမ်းကြောင်းသွေဖည်တတ်သည်။

အင်္ဂါဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက စစ်ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်နိုင်သည့်အရည်အချင်းရှိသူဖြစ်သည်။

**စနေဂြိုဟ်ခုံ (TheMount of saturn)**

စနေဂြိုဟ်ခုံပေါ်၌ တစ်ခုတည်းသောလမ်းကြောင်းပါရှိနေပါက ကံအလွန်ကောင်းသူဖြစ်ပါမည်။

၎င်းဂြိုဟ်ခုံပေါ်၌ အခြားလမ်းကြောင်းများပါရှိနေပါက လမ်းကြောင်းများ အရေအတွက်များလေ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com

များလေဖြစ်တတ်သည်။

သေးငယ်သောလမ်းကြောင်းများက ကြာသပတေးဂြိုဟ်ခုံဘက်မှ လေ့ကားထစ်သဖွယ်တက်လာပါက ဘဝတိုးတက်အောင်မြင်မှုတဖြည်းဖြည်းရရှိပြီး အများပြည်သူတို့၏ ချီးကျူးဂုဏ်ပြုခြင်းခံရပါမည်။

သေးမျှင်သော ကြက်ခြေခတ်လမ်းကြောင်းများပါရှိနေပါက ရင်အုံ၌ဒဏ်ရာရရှိနိုင်သည်။

စနေဂြိုဟ်ခုံပေါ် အစက်အပြောက်ပါရှိပါက မကောင်းသောအခြေအနေရပ်ရပ်နှင့်ကြုံတွေ့ရနိုင်သည်။

(အဆိုပါ အစက်အပြောက်များသည် အများအားဖြင့် ဦးခေါင်းလမ်းကြောင်း (သို့) ကံလမ်းကြောင်းနေရာမှ စတင်ပေါ် လာတတ်သည့်သဘာဝရှိပါသည်။

ကြက်ခြေခတ်ပုံစံပါရှိပါက သိပ္ပံပညာရပ်ဖြင့် မကောင်းသောဘက်၌ (ကိုယ်ကျိုးရှာ) အသုံးချသူ၊ မကောင်းသော ရည်ရွယ်ချက်ထားရှိသူဖြစ်ပါမည်။

စနေဂြိုဟ်ခုံပေါ်၌ ကြယ်ပွင့်အမှတ်အသားပါရှိခြင်းက အလွန်ရုပ်ဆိုးသောနိမိတ်တစ်ခုပင်ဖြစ်သည်။ လူသတ်မှုကျူးလွန်ပြီး ကြိုးစင်တက်ရတတ်သည့် လက္ခဏာမျိုးဖြစ်သည်။ (မကောင်းမှုတွင်ထူးချွန်သော star ဖြစ်သည်။)

လေးထောင့်ကွက်ပုံစံမျိုးပါရှိပါက အသေအပျောက်ရှိလာနိုင်သည့်အခြေအနေအရပ်ရပ်အား ကာကွယ်ပေးနိုင်သည့် အမှတ်လက္ခဏာပင် ဖြစ်သည်။

အနီရောင်အစက်အပြောက်များနှင့် လေးထောင့်ကွက်တစ်ခုပါရှိပါက မီးဘေးအန္တရာယ်မှ အကာအကွယ်ပေးနေသည့် အမှတ်အသားပင်ဖြစ်သည်။

စက်တိုင်းပုံစံပါရှိပါက အောင်မြင်မှုကို ကိုယ်စားပြုသည့် ကောင်းသောအမှတ်အသားဖြစ်သည်။

တြိဂံပုံအမှတ်အသားအား စနေဂြိုဟ်ခုံရှိရာ လက်ခလယ်၏ တတိယမြောက်(အောက်ဆုံးဆင့်) လက်ဆစ်ရိုးပေါ်တွင် တွေ့ရှိပါက သိပ္ပံပညာရပ်၌ အထုံပါရမီအားကောင်းသူ ဖြစ်ပါမည်။

ကွန်ရက်သံပန်းပုံစံများ ပါရှိပါက ဘဝတစ်သက်တာအတွင်း ကံအကြောင်းမလှသူအဖြစ် ရပ်တည်သွားရနိုင်သည်။

စနေဂြိုဟ်ခုံပေါ်၌ 'ဂြိုဟ်' အမှတ်လက္ခဏာများပါရှိပါက အောက်ပါအကျိုးသက်ရောက်မှုများကို တွေ့ရပါမည်။

စနေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက လျှို့ဝှက်ဆန်းကြယ်မှုမှန်သမျှအား စိတ်ဝင်တစား လေ့လာလိုက်စားတတ်သူ၊ ဘာသာရေးအတွေးအခေါ် သိပ္ပံနယ်ပယ်၌ဝင်ဆံ့နိုင်သူ၊ ကြာသပတေးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက လျှို့ဝှက်ဆန်းကြယ်မှုမှန်သမျှအား စိတ်ဝင်တစား လေ့လာလိုက်စားတတ်သူ၊ ဘာသာရေး၊ အတွေးအခေါ်၊ သိပ္ပံနယ်ပယ်၌ ဝင်ဆံ့နိုင်သူ။

ကြာသပတေးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ကိုယ်ပိုင်အတွေးအမြင် ဒဿနနှင့် ပတ်သက်၍ အောင်မြင်စွာတင်ပြခွင့်ရရှိသူဖြစ်မည်။

တနင်္ဂနွေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အလှအပ၊ အနုပညာရပ်ကို ချစ်မြတ်နိုးသူ၊ ဘာသာစကားမျိုးစုံကျွမ်းကျင်သူဖြစ်နိုင်သည်။

ဗုဒ္ဓဟူးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက နက္ခတ္တဗေဒပညာနှင့် သင်္ချာပညာရပ်၌ အထုံပါရမီအားကောင်းစွာဖြင့် ထူးချွန်သူ ဖြစ်ပါမည် (တစ်နည်းအားဖြင့် သိပ္ပံပညာရှင်တို့၏လက်မျိုး ဖြစ်သည်။)

သောကြာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက မိမိချစ်သူ (ဆန့်ကျင်ဘက်လိင်) နှင့်ပတ်သက်၍ စိတ်မချမ်းမြေ့သူ၊ စိတ်ဆင်းရဲနေရသူ၊ မျှော်လင့်ချက်ကင်းမဲ့နေသူဖြစ်တတ်သည်။

အင်္ဂါဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက ဘာသာရေး (သို့) အတွေးအမြင် ဒဿနဆိုင်ရာပြဿနာပုစ္ဆာများ ဆွေးနွေးရာ၌ မလျှော့စတမ်း တိုက်ခိုက်ပြောဆိုတတ်သူဖြစ်နေတတ်သည်။

## တနင်္ဂနွေဂြိုဟ်ခုံ
## (The Mount of the sun)

တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ တစ်ခုတည်းသောလမ်းကြောင်း ထင်ရှားစွာပါဝင်နေပါက စီးပွားဥစ္စာချမ်းသာရုံမက ကျော်ကြားမှုပါရှိလာမည့်သူဖြစ်သည်။

၎င်းဂြိုဟ်ခုံပေါ် လမ်းကြောင်းနှစ်ခုပါရှိနေပါက အထုံပါရမီကောင်းများပါရှိသော်လည်း အောင်မြင်မှုရမည့် အခွင့်အရေးနည်းပါးသူ ဖြစ်တတ်ပါသည်။

ရှုပ်ထွေးသောလမ်းကြောင်းများစွာ ပါရှိပါက အနုပညာဘက်သို့ စိတ်ယိမ်းယိုင်ခြင်းရှိသော်လည်း သိပ္ပံနည်းကျအတွေးအခေါ်(စိတ်ကူး)များ၏ကြားဝင်ဟန့်တားခြင်းကြောင့် အနုပညာဆိုင်ရာရည်မှန်းချက်မရောက်မီ လမ်းတစ်ဝက်၌ ရပ်ဆိုင်းသွားတတ်သည်။

သေးမျှင်သော ကြက်ခြေခတ်ပုံစံလမ်းကြောင်းများပါရှိပါက လက်မောင်း(ဝဲ-ယာတစ်ဖက်ဖက်၌) ဒဏ်ရာရရှိနိုင်ပါသည်။

အစက်အပြောက်တစ်ခုပါရှိပါက ဂုဏ်သရေညိုးနွမ်းခြင်း၊ လူမှုရေး၌ ပစ်ပယ်ခံရခြင်းရှိတတ်သည်။

ကြက်ခြေခတ်ပုံစံတစ်ခုပါရှိပါက (၎င်းကြက်ခြေခတ်အမှတ်အသားသည် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းနှင့်အတူ) မျှော်လင့်ချက်အလားအလာကောင်းများ တက်လမ်းရှိနေသူ ဖြစ်ပါမည်။

ကြက်ခြေခတ်အမှတ်အသားသည် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းနှင့်အတူမရှိခဲ့ပါက မမှားသင့်သောအမှားကိုကျူးလွန်မိသူဖြစ်တတ်သည်။

ကြယ်ပွင့်ပုံ အမှတ်အသားသည် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းနှင့်အတူရှိနေပါက ဉာဏ်ရည်ထက်မြက်မှုအားဖြင့် အောင်မြင်ခြင်းအထွတ်အထိပ်သို့ရောက်ရှိသူဖြစ်ပါမည်။

ကြယ်ပွင့်ပုံအမှတ်အသားသည် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းနှင့်အတူရှိနေသည့်ပြင် ၎င်းဂြိုဟ်ခုံပေါ်၌ အခြားလမ်းကြောင်းများစွာပါရှိနေပါက ဥစ္စာဓနကျိန်းသေတိုးတက်လာမည့်သူ ဖြစ်ပါသည်။

ကြယ်ပွင့်ပုံအမှတ်အသားသည် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းနှင့်အတူ မရှိခဲ့ပါက စွန့်စားမှုများစွာဖြင့် ကြိုးစားအားထုတ်ပြီးနောက်မှသာ အောင်မြင်ကျော်ကြားမှုရရှိပါမည်။ (တစ်နည်းအားဖြင့် စီးပွားဖြစ်နောက်ကျပါမည်။)

တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ လေးထောင့်ကွက်ပါရှိပါက စီးပွားရေးလုပ်ငန်းများ၌ စွမ်းဆောင်ရည်ရှိသူအဖြစ် တွေ့ရမည်။

တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ စက်ဝိုင်းပုံစံပါရှိပါက အကြီးအကျယ်အောင်မြင်ကျော်ကြားသူ ဖြစ်ပါမည်။

၎င်းဂြိုဟ်ခုံပေါ်တွင် တြိဂံပုံစံပါရှိပါက သိပ္ပံပညာရပ်နယ်ပယ်၌ ထူးချွန်သူဖြစ်ပါမည်။

ကွန်ရက်သံပန်းပုံစံများပါရှိပါက ဘဝင်မြင့်၍ရူးနေတတ်သူ၊ အထုံပါရမီအားနည်းသူအဖြစ် တွေ့ရမည်။

တနင်္ဂနွေဂြိုဟ်ခုံပေါ်၌ ဂြိုဟ်အမှတ်လက္ခဏာများပါရှိက အောက်ပါအကျိုးသက်ရောက်မှုများကို တွေ့ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေဂြိုဟ်ခုံအမှတ်လက္ခဏာပါရှိပါက အနုပညာရပ်၌ ထူးချွန်သူ၊ ကျိကျိတက်ချမ်းသာမည့်သူ ဖြစ်ပါသည်။

စနေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အနုပညာရပ်ကဲ့သို့ နူးညံ့စွာခံစားနိုင်သည့် ရှင်းပြရန်ခက်ခဲသည့် ပညာရပ်များနှင့် ထူးချွန်တတ်သူဖြစ်နေပါမည်။

ၐင်းအမှတ်အသားသည် မကောင်းသောလက်တွင်ပါရှိပါက မိမိကျွမ်းကျင်သောပညာရပ်အား မကောင်းသောဘက်၌ အသုံးချသူ ဖြစ်သည်။

ကြာသပတေးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက စကားပြောကောင်းသူ၊ အဟောအပြောကောင်းသူ ဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက စကားပြောကောင်းခြင်းကြောင့် ကျော်ကြားမှုရှိသူ ဖြစ်ပါသည်။

အကယ်၍ မကောင်းသောလက်တွင်ပါရှိပါက ဟန်ဆောင်ကောင်းသူဖြစ်နေပါမည်။

သောကြာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ကဗျာ၊ စာပေအနုပညာဘက်၌ သူမတူအောင် ထူးချွန်တတ်သူဖြစ်ပါသည်။

တနင်္လာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အောင်မြင်တိုးတက်မှုများရှိသော်လည်း တစ်ခါတစ်ရံအစွန်းရောက်တတ်သူဖြစ်သည်။

အင်္ဂါဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက အနုပညာလက်ရာမြောက်အောင်ရေးဆွဲနိုင်သည့် ပန်းချီပညာရှင်များ (သို့) စာရေးဆရာများနှင့် စစ်ဘက်အရာရှိများအဖြစ် တွေ့ရတတ်သည်။

## ဗုဒ္ဓဟူးဂြိုဟ်ခုံ

## (The Mount of Mercury)

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ တစ်ခုတည်းသောလမ်းကြောင်းရှိနေပါက မမျှော်လင့်ဘဲ ငွေကြေးကိစ္စများ ကံကောင်းပါမည်။

၎င်းဂြိုဟ်ခုံ၏ တစ်ခုတည်းသောကန့်လန့်ဖြတ်လမ်းကြောင်းက တနင်္ဂနွေဂြိုဟ်ခုံဆီသို့ တက်သွားပါက အယုံလွယ်တတ်သူ ဖြစ်တတ်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ ကျွန်းပါရှိသည့် ကန့်လန့်ဖြတ်လမ်းကြောင်းတစ်ခုက တနင်္ဂနွေဂြိုဟ်လမ်းကြောင်းအားဖြတ်နေပါက ကံမကောင်းခြင်းများနှင့် မထိုက်တန်သူ၊ ကံမဆိုးတတ်သူ ဖြစ်ပါမည်။

ရောထွေးနေသောလမ်းကြောင်းများက သိပ္ပံပညာရပ်နှင့် ပတ်သက်၍ အထုံပါရမီအားကောင်းသူ ဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်မှ ရောထွေးနေသော လမ်းကြောင်းအတော်များများသည် နှလုံးလမ်းကြောင်းကဲ့သို့ အောက်ဘက်နိမ့်ဆင်းနေပါက လျှို့ဝှက်ခြင်း၌ရက်ရောသူ (သို့) ငွေအသုံးအစွဲကြီးသူဖြစ်ပါမည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံထင်ရှားပြီး လိုင်းများစွာပါရှိပါက ဆေးပညာရပ်၌ အထုံပါရမီကောင်းသူ၊ ကုသမှု၌ ထူးချွန်သည့်ဆရာဝန်များအဖြစ် တွေ့ရပါမည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံထင်ရှားပြီး လိုင်းများစွာပါရှိသည့်အမျိုးသမီးလက်ဖြစ်ပါက ဆရာဝန်တစ်ဦးနှင့် လက်ထပ်မည့်သူဖြစ်ပါမည်။

အမျိုးသမီးလက်ရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ လိုင်းတိုများစွာပါရှိနေပါက စကားများတတ်သူဖြစ်နေပါမည်။

သေးမျှင်သောကြက်ခြေခတ်လိုင်းများစွာပါရှိနေပါက ခြေထောက်၌ ဒဏ်ရာရတတ်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ အစက်အပြောက်ပါရှိပါက စီးပွားရေး၌ ကျရှုံးနိုင်ပါသည်။

ကြက်ခြေခတ်အမှတ်အသားပါရှိပါက ခိုးတတ်သူဖြစ်လာနိုင်သည်။

ကြယ်ပွင့်အမှတ်အသားပါရှိပါက ရိုးသားမှုမရှိသူဖြစ်တတ်သည်။

လေးထောင့်အမှတ်အသားပါရှိပါက စီးပွားဥစ္စာပျက်စီးဆုံးရှုံးခြင်းမှ အကာအကွယ်ပေးနိုင်ပါသည်။

စက်ဝိုင်းပုံစံအမှတ်အသားပါရှိပါက ရေဖြင့်ဆိုးရွားစွာသေဆုံးတတ်သူဖြစ်နိုင်ပါသည်။

တြိဂံပုံအမှတ်အသား ပါရှိပါက နိုင်ငံရေးနှင့်ပတ်သက်၍ ထိုးထွင်းသိမြင်တတ်သူဖြစ်ပါသည်။

ကွန်ရက်သံပန်းပုံစံများ ပါရှိပါက ပြင်းထန်သောထိခိုက်သေဆုံးမှုဖြစ်တတ်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက အောက်ပါအကျိုးသက်ရောက်မှုများကို တွေ့ရပါမည်။

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ ဗုဒ္ဓဟူးဂြိုဟ်အမှတ်အသားပါရှိပါက ၎င်းဂြိုဟ်ခုံအားအကောင်း (သို့) အဆိုး ပြင်းထန်စွာသက်ရောက်ပါမည်။

ကြာသပတေးဂြိုဟ်အမှတ်အသားပါရှိပါက အဟောအပြောကောင်းခြင်းကြောင့်ဖြစ်စေ၊ ပညာထူးချွန်ခြင်းကြောင့်ဖြစ်စေ အောင်မြင်ကျော်ကြား၍ သြဇာရှိသူဖြစ်လာပါမည်။

အကယ်၍ အထက်ပါ အမှတ်အသားသည် မကောင်းသောလက်တွင်ပါရှိခဲ့ပါက ခိုးဝှက်၊ လိမ်ညာတတ်သူ၊ မုသားသုံးလွန်းသူဖြစ်နေပါမည်။

စနေဂြိုဟ်အမှတ်အသားပါရှိပါက အထုံပါရမီအားကောင်းသော်လည်း ဝမ်းနည်းကြေကွဲလွယ်တတ်သူဖြစ်မည်။

အကယ်၍ မကောင်းသောလက်ဝါးပိုင်ရှင်ဖြစ်ခဲ့ပါက မိမိကျွမ်းကျင်သောပညာရပ်အား မကောင်းသောဘက်တွင်အသုံးချသူဖြစ်တတ်သည်။

တနင်္ဂနွေဂြိုဟ်အမှတ်အသားပါရှိပါက နက္ခတ္တဗေဒပညာရပ်၌ ကျွမ်းကျင်လိမ္မာသူ၊ သဘာဝကျသောဒဿနအမြင်ရှိသူဖြစ်နေမည်။

အကယ်၍ မကောင်းသောလက်ဝါးပိုင်ရှင်ဖြစ်ပါက စာပေ၊ အနုပညာရပ်တွင် ကျွမ်းကျင်သူဖြစ်သော်လည်း မိမိငွေရရှိရေးအဓိကဦးတည်လျက်ညစ်ညမ်းစာပေရေးသားသူ၊ စာရိတ္တမကောင်းပျက်ပြားစေသည့် အညီအဟောက်ဇာတ်လမ်းရေးသားသူသာဖြစ်နေတတ်သည်။

သောကြာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အချစ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်သူနှစ်ဦးစလုံး၏ အနာဂတ်အရေးအတွက် စဉ်းစားဆင်ခြင်နိုင်သူဖြစ်မည်။

အကယ်၍ အထက်ပါ အမှတ်အသားသည် မကောင်းသောလက်တွင်ပါရှိပါက တံစိုးလက်ဆောင်လက်ခံတတ်သူ၊ အဂတိလိုက်စားသူ၊ အချစ်ရေးကို အလေးမထားသူ ဖြစ်နေပါမည်။

တနင်္လာဂြိုဟ်အမှတ်အသားပါရှိပါက မကောင်းကြံစည်တတ်သူ၊ ရန်ရှင်းကြမ်းတမ်းသူ၊ မိတ်ဆွေရင်းချာများအပေါ်တွင် သစ္စာဖောက်တတ်သူဖြစ်ပါမည်။

အင်္ဂါဂြိုဟ်အမှတ်အသားပါရှိပါက ခိုးယူတတ်ခြင်းသဘောနှင့် အကြမ်းဖက်တတ်ခြင်းဟူသည့် မကောင်းသောသဘောနှစ်ရပ်ပါဝင်နေသော အမှတ်လက္ခဏာ ဖြစ်သည်။ အများအားဖြင့် မကောင်းသော လက်ဝါးပိုင်ရှင်များ၊ သူခိုးဓားပြစရိုက်လက္ခဏာများအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်နေတတ်သည်။

## သောကြာဂြိုဟ်ခုံ
## (TheMount of Venus)

သောကြာဂြိုဟ်ခုံပေါ်၌ လမ်းကြောင်း နှစ်ခု (သို့) သုံးခုပါရှိနေပါက ကျေးဇူးမသိတတ်သူ၊ ကျေးဇူးကန်းသူဖြစ်နေတတ်သည်။

၎င်းဂြိုဟ်ခုံပေါ်ပါရှိသော လမ်းကြောင်းများအနက် အတော်များများက ကြက်ခြေခတ်ပုံစံရှိနေပါက စိတ်ခံစားမှုပြင်းထန်သူ ဖြစ်ပါမည်။

ပြားချပ်ကာ မာကျောနေသော သောကြာဂြိုဟ်ခုံပေါ်၌ အထက်ပါလမ်းကြောင်းများစွာရှိနေခဲ့ပါက ဟောင်းနွမ်းစုတ်ပြတ်နေသော အရက်သမားဘဝသို့ ရောက်ရှိတတ်သည်။

သောကြာဂြိုဟ်ခုံပေါ်၌ အစက်အပြောက်တစ်ခုပါရှိနေပါက အချစ်ရေးနှင့်ဆက်နွှယ်နေသည့် ပြင်းထန်သော ရောဂါဝေဒနာတစ်ခုရရှိခံစားရပါမည်။

ကြက်ခြေခတ် အမှတ်လက္ခဏာတစ်ခုပါရှိပါက အချစ်ရေး၌ ဝမ်းနည်းကြေကွဲမှုနှင့် အဆုံးသတ်ရတတ်သည်။

သောကြာဂြိုဟ်ခုံပေါ်၌ ကြာသပတေးဂြိုဟ်ခုံနှင့်ဆက်နေသော ကြက်ခြေခတ်တစ်ခုပါရှိခဲ့ပါက အချစ်ရေး၌ ပျော်ရွှင်မှုရရှိပါမည်။

သောကြာဂြိုဟ်ခုံ၏အောက်ခြေ၌ ကြယ်ပွင့်အမှတ်အသားတစ်ခု ပါရှိခဲ့ပါက ကံဆိုးမိုးမှောင်ကျခြင်း၊ အထူးသဖြင့် မိမိချစ်သူကြောင့် ပြဿနာနှင့်ကြုံရခြင်းရှိလာနိုင်သည်။

လက်မ၏ဒုတိယ(အောက်)လက်ဆစ်ရိုးနှင့် အလွန်နီးကပ်စွာရှိနေသည့် ကြယ်ပွင့်အမှတ်အသားဖြစ်ပါက ချစ်သူဘဝ၌ တိတ်တိတ်ပုန်းညာနေသူ (သို့) တရားဝင်လက်ထပ်လိုက်ရသူ ဖြစ်တတ်ပါသည်။

အသက်လမ်းကြောင်းနှင့် ထိတွေ့နေခြင်းမရှိဘဲ အလွန်နီးကပ်သောနေရာ၌ လေးထောင့်ကွက်တစ်ခုရှိနေပါက အကျဉ်းကျခံရဖွယ်ရှိနေပါသည်။

သောကြာဂြိုဟ်ခုံပေါ်၌ စက်ဝိုင်းအမှတ်လက္ခဏာပါရှိခဲ့ပါက နာတာရှည်ရောဂါတစ်ခုခုရလာတတ်ပါသည်။

တြိဂံအမှတ်အသား ပါရှိခဲ့ပါက အချစ်ရေး၊ အိမ်ထောင်ရေးတို့၌ စီးပွားဆန်ဆန်တွက်ချက်သူ ဖြစ်ပါမည်။

သောကြာဂြိုဟ်ခုံပေါ်၌ ကွန်ရက်သံပန်းပုံစံအမှတ်အသားပါရှိခဲ့ပါက ရာဂစိတ်ကြီးသူဖြစ်နေပါမည်။

သောကြာဂြိုဟ်ခုံပေါ်၌ ဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက အောက်ပါအကျိုးသက်ရောက်မှုများ ဖြစ်လာစေပါသည်။

သောကြာဂြိုဟ်ခုံပေါ်၌ သောကြာဂြိုဟ်အမှတ်အသားပါရှိပါက အပြစ်အနာအဆာ ချို့ယွင်းချက်များနေပါမည်။

ကြာသပတေးဂြိုဟ်အမှတ်သားပါရှိပါက ဘဝင်မြင့်၊ စိတ်ကြီးဝင်သူ၊ အလိုကျမြှောက်ပင့်ပြောဆိုပေးတတ်သူ ဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ်အမှတ်အသားပါရှိပါက အကျိုးမျှော်ကိုး၍ မေတ္တာထားသူ၊ စီးပွားဆန်ဆန်ချစ်တတ်သူဖြစ်သည်။

တနင်္ဂနွေဂြိုဟ်အမှတ်အသားပါရှိပါက အတွေးအမြင်ပဓာနဝါဒီဖြစ်တတ်သည်။

တနင်္လာဂြိုဟ်အမှတ်အသားပါရှိပါက ကာမရာဂစိတ်နိုးကြွစေသည့် စိတ်ကူးအတွေးသာရှိသူ ဖြစ်ပါမည်။

အင်္ဂါဂြိုဟ်အမှတ်အသားပါရှိပါက အချစ်ရေး၌ ရက်စက်ကြမ်းတမ်းတတ်သူဖြစ်တတ်သည်။

## တနင်္လာဂြိုဟ်ခုံ
## (The Mount of The Moon)

တနင်္လာဂြိုဟ်ခုံပေါ်၌တစ်ခုတည်းသောလမ်းကြောင်းပါရှိနေပါက မကောင်းမှုတစ်ခုခုကြောင့် အမြဲစိတ်လေးလံနေရတတ်သူ ဖြစ်မည်။

တနင်္လာဂြိုဟ်ခုံအား ဖြတ်သန်းနေသောလမ်းကြောင်းတိုတစ်ခုပါရှိပါက လည်ပင်းကြီးရောဂါ (သို့) အဆစ်အမြစ်ရောင် (ဒူလာ) ရောဂါရရှိတတ်သည်။

တနင်္လာဂြိုဟ်ခုံပေါ် လမ်းကြောင်းများစွာပါရှိနေပါက အိပ်မပျော်သောရောဂါရခြင်း၊ အိပ်မက်ဆိုးမက်ခြင်းတို့ကြောင့် အချိန်ကာလကြာသည်နှင့် ရူးသွပ်သွားနိုင်ပါသည်။

၎င်းဂြိုဟ်ခုံပေါ်ပါရှိသော လမ်းကြောင်းအရေအတွက်များလေ စိုးရိမ်ပူပန်သောကများပိုမိုရရှိလေ ဖြစ်နေပါမည်။

သေးမျှင်သော လမ်းကြောင်းများပါရှိနေပါက ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာရရှိတတ်ပါသည်။

အစက်အပြောက်တစ်ခုပါရှိပါက အာရုံကြောဖွဲ့စည်းမှုစနစ်နှင့် ပတ်သက်သောရောဂါ၊ စိတ်ကစဉ့်ကလျားဖြစ်သောရောဂါများဝင်လာတတ်ပါသည်။

ကြက်ခြေခတ်အမှတ်အသားပါရှိပါက စိတ်ကူးယဉ်တတ်သူ၊ အယူသီးတတ်သူဖြစ်ပြီး ၎င်းကြက်ခြေခတ်အမှတ်အသားအရွယ်စားကြီးနေပါက လိမ်ညာလှည့်စားတတ်သူဖြစ်ပါမည်။

ကြယ်ပွင့်အမှတ်အသားပါရှိပါက သူတော်ကောင်းဟန်ဆောင်တတ်သူ(သို့) ရေနစ်သေဆုံးရကိန်းရှိနေသူ ဖြစ်သည်။

တနင်္လာဂြိုဟ်ခုံထင်ရှားသည့်ပေါ်၌ ကြယ်ပွင့်ပါရှိပြီး ၎င်းကြယ်ပွင့်သည် ဦးခေါင်းလမ်းကြောင်းနှင့်အတူ ဂြိုဟ်ခုံအတွင်းသို့ ဆင်းသက်လာပါက မိမိကိုယ်မိမိ ရေနစ်၍ အဆုံးစီရင်သူ (ရေထဲခုန်ချသတ်သေသူ) အဖြစ်တွေ့ရပါမည်။

ကြယ်ပွင့်ပုံအမှတ်အသားသည် အသက်လမ်းကြောင်းရှိ လမ်းကြောင်းတိုတစ်ခုနှင့် ဆက်သွယ်လျက်ရှိနေပါက အထူးသဖြင့် မကောင်းသောလက္ခဏာဖြစ်ပါက စိတ်ကစဉ့်ကလျားဖြစ်သူဖြစ်နေပါမည်။

တနင်္လာဂြိုဟ်ခုံပေါ်၌ လေးထောင့်ကွက်ပါရှိပါက မှန်ကန်ကောင်းမွန်စွာဆုံးဖြတ်နိုင်သူ၊ စိတ်ကူးကောင်းများရှိသူဖြစ်မည်။

စက်ဝိုင်းအမှတ်အသားပါရှိပါက ရေနစ်သေဆုံးရကိန်းရှိနေတတ်သည်။

တြိဂံပုံအမှတ်အသားပါရှိပါက ပညာဉာဏ်ကြီးသူဖြစ်ပါမည်။

ကွန်ရက်သံပန်းပုံစံများပါရှိပါက စိတ်အလိုမကျသည့်ရောဂါ၊ စိတ်မှိုင်တွေနေသည့်ရောဂါဖြစ်တတ်ပါသည်။

တနင်္လာဂြိုဟ်ပေါ်၌ ဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက အောက်ပါအတိုင်းသက်ရောက်မှုများကို တွေ့ရပါမည်။

တနင်္လာဂြိုဟ်ခုံပေါ်၌ တနင်္လာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အိပ်မက်ဆိုးမက်တတ်သူ၊ မိုက်မဲစွာလုပ်ကိုင်တတ်သူဖြစ်နေတတ်သည်။

ကြာသပတေးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အာဏာရရှိရေး၊ ရာထူးမြင့်တက်ရေးအတွက် စိတ်ကူးယဉ်နေတတ်သူ။

စနေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ဘာသာရေး၌ အယုံလွယ်တတ်သူ၊ အယူသီးလွန်းသူဖြစ်သည်။

တနင်္ဂနွေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ကဗျာ၊ စာပေအရေးအသား၌



www.burmeseclassic.com


www.burmeseclassic.com

ကြီးကျယ်ခမ်းနားစွာဖြင့် ဖန်တီးတင်ပြနိုင်သူ ဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အရာရာအစွန်းရောက်တတ်ခြင်းကြောင့် စီးပွားပျက်ရသည်အထိ ဆုံးရှုံးရတတ်ပါသည်။

သောကြာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အသစ်အသစ်သော အာရုံခံစားမှုများရရှိရန် ကြိုးစားရှာဖွေတတ်သူဖြစ်ပါမည်။

အင်္ဂါဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ရောဂါပိုးဦးနှောက်ထဲသို့ဝင်ရောက်မှုကြောင့် သွက်သွက်ခါအောင်ရူးသွားနိုင်သူဖြစ်ပါမည်။



### အင်္ဂါဂြိုဟ်ခုံ(အထက်)
### (The upper Mount of Mars)

အထက်အင်္ဂါဂြိုဟ်ခုံပေါ် တစ်ကြောင်းတည်းသောလမ်းကြောင်းပါရှိပါက အရာရာရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲသူ၊ သတ္တိရှိသူဖြစ်ပါမည်။

လမ်းကြောင်းများစွာ ပါရှိပါက အကြမ်းဖက်လိုစိတ်ရှိသူ၊ ရာဂစိတ်ကြီးသူ၊ အချစ်ရေး၌ ရက်စက်ကြမ်းတမ်းသူဖြစ်တတ်သည်။

သေးမျှင်သောလမ်းကြောင်းတိုများကြက်ခြေခတ်ပုံစံရှိနေပါက အသက်အန္တရာယ်နီးသောကိုယ်အင်္ဂါအစိတ်အပိုင်းများ၌ ဒဏ်ရာရတတ်ပါသည်။

အစက်အပြောက်တစ်ခုပါရှိပါက ခိုက်ရန်ဒေါသကြောင့် (ရန်ဖြစ်ရာမှ) ဒဏ်ရာတစ်ခုခုရရှိတတ်သည်။

ကြက်ခြေခတ်အမှတ်အသားတစ်ခုပါရှိခဲ့ပါက ရန်များသူ (သို့) ခေါင်းမာ၍ ဇွတ်တရွတ်နိုင်သူဖြစ်နေတတ်သည်။

ကြယ်ပွင့်အမှတ်အသားပါရှိပါက မနာလိုဝန်တိုမှုကြောင့် (သို့) ဒေါသစိတ်ကြောင့် လူသတ်မှုကျူးလွန်သည်အထိ အခြေအနေဆိုးတတ်ပါသည်။

လေးထောင့်ကွက်တစ်ခုပါရှိပါက ဒေါသထွက်လွယ်တတ်သူဖြစ်တတ်သည်။

စက်ဝိုင်းအမှတ်အသားပါရှိပါက မကောင်းသောနိမိတ်ဆိုးများကို ဖြစ်စေပါသည်။

တြိဂံအမှတ်အသား ပါရှိပါက စစ်ဗျူဟာကျွမ်းကျင်သူ၊ စစ်ဘက်အကြီးအကဲဖြစ်နိုင်ပါသည်။

ကွန်ရက်သံပန်းပုံပါရှိပါက ဆိုးရွားသောသေခြင်းမျိုးဖြင့် ဘဝအဆုံးသတ်ရတတ်သည်။

အင်္ဂါဂြိုဟ်အမှတ်လက္ခဏာများပါရှိပါက ကုသိုလ်ရော အကုသိုလ်ပါ ပိုမိုအကျိုးသက်ရောက်စေတတ်ပါသည်။

ကြာသပတေးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အမျိုးသမီးလူသတ်သမားများအဖြစ် အများဆုံးတွေ့ရတတ်သည်။

စနေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ကလဲ့စားချေတတ်သူ၊ ငွေကြေးကိစ္စမပါဘဲ လက်တုံ့ပြန်ရုံသက်သက်လူသတ်မှု (အများအားဖြင့်) အကျဉ်းသမားများ၏လက်တွင် တွေ့ရှိရသည်။

တနင်္ဂနွေဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ကလေးဆန်တတ်သူ၊ အရောင်တောက်တောက်များကိုနှစ်သက်သူအဖြစ်တွေ့ရတတ်သည်။

ဗုဒ္ဓဟူးဂြိုဟ်အမှတ်လက္ခဏာပါရှိပါက စီးပွားရေးလုပ်ငန်းများ၌ အောင်မြင်မှုရသူ၊ လောင်းကစားဖြင့် စီးပွားအကျိုးဖြစ်သူ ဖြစ်နိုင်ပါသည်။

သောကြာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက ချစ်ရေးချစ်ရာကိစ္စ၌ အကြမ်းဖက်တတ်သူဖြစ်သည်။

တနင်္လာဂြိုဟ်အမှတ်လက္ခဏာပါရှိပါက အကြမ်းဖက်ခြိမ်းခြောက်တတ်သူ၊ အရူးဆန်၍ အန္တရာယ်ပေးနိုင်သူဖြစ်နေတတ်သည်။

### အသက်လမ်းကြောင်း
### (The Line of Life)

လက္ခဏာအရေးအကြောင်းလမ်းကြောင်းများကို လေ့လာရာ၌ မည်သည့်လမ်းကြောင်းကိုမဆို အောက်ပါအတိုင်းအဆင့်ဆင့်ခွဲခြားလေ့လာရသည်။

၁။ သက်ဆိုင်ရာလမ်းကြောင်းသက်သက်အားလေ့လာခြင်း။(ယင်းတွင် သက်ဆိုင်ရာလမ်းကြောင်း၏ အရောင်၊ ဖြက်အကျယ်၊ အရှည်၊ ထူးခြားသော အမှတ်လက္ခဏာ အစပြုရာနေရာနှင့် အဆုံးသတ်နေရာ၊ ဦးတည်နေသည့်နေရာနှင့် လမ်းကြောင်းများကွဲထွက်သွားပုံ (သို့) ဖြတ်တောက်သွားပုံတို့ကိုပါ ထည့်သွင်းလေ့လာရမည်။)

၂။ လေ့လာနေသော သက်ဆိုင်ရာလမ်းကြောင်းနှင့် အခြားသောအဓိကလမ်းကြောင်းများ ဆက်စပ်နေပုံကိုလေ့လာခြင်း။

၃။ ခက်ရင်းခွပုံသဏ္ဌာန်အမှတ်အသားနှင့် ပန်းပွားပုံစံအမှတ်အသားများ (သို့) လမ်းကြောင်းအဆုံးသတ်အဖျားနေရာများကို လေ့လာခြင်း။

၄။ သက်ဆိုင်ရာလမ်းကြောင်း၏ လမ်းကြောင်းခွဲများကို လေ့လာခြင်း။

၅။ သက်ဆိုင်ရာလမ်းကြောင်းပေါ်၌ ထူးခြားသော အမှတ်သင်္ကေတများပါရှိခြင်းကို လေ့လာခြင်းတို့ပင် ဖြစ်သည်။

ယခုဖော်ပြမည့် အသက်လမ်းကြောင်းကိုလည်း အထက်ပါအစီအစဉ်အတိုင်းပင် ခွဲခြားလေ့လာပေးရပါမည်။

အသက်လမ်းကြောင်းသည် လက်ဝါးပြင်ရှိ အကြီးဆုံးသောဂြိုဟ်ခုံ ဖြစ်သည်။

သောကြာဂြိုဟ်ခုံ၏ အောက်ခြေနေရာမှအစပြုတတ်သည်။

အသက်လမ်းကြောင်းမှာ ဦးနှောက်အတွေးအခေါ် အဆင့်အတန်း စိတ်စွမ်းရည်နှင့်သက်ဆိုင်ရာလက္ခဏာရှင်၏ဘဝအပေါ် ရှုမြင်သုံးသပ်ပုံတို့အား ကိုယ်စားပြုဖော်ပြပေးသည့်အဓိကလမ်းကြောင်းတစ်ခု ဖြစ်သည်။

ဦးအောင်လှိုင် (သုဝ

www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

## ပြကျောက် (၃၀)



■ ရတနာတောင်တန်းကြီး

မိုးကုတ်ပတ္တမြားမြေသည် အရှေ့ရှမ်းရိုးမ၏ အနောက်မြောက်အစွန် ဧရာဝတီမြစ်ကြီး၏အရှေ့ဘက်ခြမ်း၌ တည်ရှိပြီး တောတောင်များထူထပ်ရာအရပ်၌ တည်ရှိပါသည်။ ပတ္တမြားမြေကား တောတောင်ချိုင့်ဝှမ်းရေတံခွန်စိမ့်စမ်းတို့ဖြင့် အလွန်အေးသောအရပ်ဒေသဖြစ်ပေ၏။

တောင်တန်းဒေသလည်းဖြစ်သဖြင့် တောင်စဉ်တောင်တန်းတို့ဖြင့်တည်လျက်ရှိရာ တောင်ကုန်းပေါင်းမရေတွက်နိုင်အောင်ပင်ရှိသည်။သို့သော် တောင်တိုင်း၌ ပတ္တမြားမရှိဟု လောကနီတိဆရာဆိုထားသည့်အတိုင်းပင် မိုးကုတ်ပတ္တမြားမြေရှိ တောင်တိုင်းတို့၌ ပတ္တမြားမထွက်ပါ။ ပတ္တမြားလုံးဝမထွက်သောတောင်တို့ အများအပြားရှိကြသည်။ ထိုတောင်တို့သည် ပတ္တမြားမထွက်သဖြင့် သစ်တောဝါးတောများဖြင့် မပျက်မစီး တည်ရှိကြသည်။

ပတ္တမြားဟူသည် စကျင်အသွင်ပြောင်းဖြစ်ရာ စကျင်ကျောက်တန်းများတည်ရှိရာတောင်များနှင့် ထုံးကျောက်များတည်ရှိရာတောင်များမှသာ ပတ္တမြားထွက်ပါသည်။ အခြေခံမှာ ထုံးဖြစ်တည်မှုသာဖြစ်သည်။ ထုံးပျော့၊ ထုံးမာ၊ စကျင်၊ ပတ္တမြား ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖြစ်တည်ခြင်းဖြစ်ရာ ထုံးကျောက်မရှိသောတောင်၌ ပတ္တမြားလုံးဝမထွက်ပေ။

မိုးကုတ်အနောက်ပိုင်း ကျောက်ပြဿဒ်ရွာကြီး၏အနောက်တောင်ဘက်၊ ကျောက်ဖျာရွာ၏ အနောက်တည့်တည့်၌ မြင့်မားသော သူရိန်တောင်တန်းကြီး တည်ရှိသည်။ ထိုတောင်တန်းကြီးပေါ်၌ တောင်ငယ်လေးများလည်း အသီးသီးတည်ရှိကာ နေရာတိုင်း၌ စကျင်ကျောက်ဆောင်များ ရှိသဖြင့် နေရာတိုင်း၌ပင်ပတ္တမြားများထွက်ကြပါသည်။

ကျောက်နီကြောများသာထွက်သောတောင်တို့ရှိသလို ကျောက်ပြာကြောများသာထွက်သောတောင်တို့လည်း ရှိကြလေ၏။ ထို့ပြင် ကျောက်နီ၊ ကျောက်ပြာ ရောနှောကာထွက်သောတောင်တို့လည်းအများအပြားရှိကြသည်။ ထို့ပြင် စကျင်ခဲကြောတွင်းများလည်းရှိသည်။

ကြီးမားကျယ်ပြန့်သောထိုတောင်တန်းကြီးသည် ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး စသောရွာတို့မှ လူများအစဉ်အဆက် မှီခိုအားထားလုပ်ကိုင်စားရာ ရတနာတောင်တန်းကြီးဖြစ်ပေ၏။ ရှေးကလည်း လုပ်ကိုင်စားခဲ့ကြ၏။ ယခုလည်း လုပ်ကိုင်နေကြဆဲ၊ နောင်လည်း အစဉ်အဆက်လုပ်ကိုင်နေကြပါဦးမည်။ ရတနာဟူသည် နတ်ပစ္စည်းဖြစ်၍ ကုန်ရန်ခက်ခဲလှပေ၏။ ရတနာကိုပိုင်သစိုးမိုးကြသော ရတနာမြေ၏အရှင်သခင်တို့သည် ရတနာထိုက်သူတို့အားပေးရန် အစဉ်သဖြင့် စောင့်ကြိုနေကြမည်သာဖြစ်သည်။

ပတ္တမြားရတနာတို့ တည်ရှိရာသူရိန်တောင်တန်းကြီးကား ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာဖြစ်သည်။ သူ၏ ဝမ်းဗိုက်ထဲ၌ ရတနာသိုက်များများစွာတည်ရှိနေဦးမည်သာဖြစ်သည်။

■ သက်ကြီးခေတ်

အရေးအခင်းမတိုင်မီကာလသည် သက်ကြီးစစ်သားများပတ္တမြားမြေကိုစိုးမိုးသောကာလဖြစ်သည်။ တော်လှန်ရေးအစိုးရမှ ပတ္တမြားမြေကို ပြည်သူပိုင်သိမ်းပြီးကာလနောက်ပိုင်း၌ ဦးစွာ ရဲဝါ (ကာကီရောင်ဝတ်ရဲများအား ဒေသခံတို့က ရဲဝါဟု ခေါ်ကြ၏။) တို့က ပတ္တမြားမြေကို စိုးမိုး၏။ ထို့နောက် တပ်မတော်မှစိုးမိုး၏။ တပ်မတော်မှ ကာလအတန်ကြာပါသည်။ ထို့နောက်တွင် ကျောက်မျက်လုံခြုံထိန်းသိမ်းရန်ဟူ၍ ရဲတို့အား မန္တလေးရွှေစာရံ၌ စခန်းသီးခြားဖွင့်ကာ သင်တန်းပေးလျက် လုံထိန်းရဲ ဟူသောအမည်ဖြင့် မိုးကုတ်ကျောက်မျက်နယ်မြေစိုးမိုးထိန်းသိမ်းစောင့်ရှောက်ရန် ရောက်လာကြပြန်ပါသည်။ထိုလုံထိန်းရဲတို့သည် ကာကီရောင်ဝတ်စုံမဟုတ်ကြဘဲ အပြာရောင်ဝတ်စုံများဝတ်ကြသဖြင့် ဒေသခံတို့က ရဲပြာဟုခေါ်ကြပြန်လေ၏။ ထိုလုံထိန်းရဲပြာခေတ်သည်ကား ကာလအလွန်ကြီးမကြာသော်လည်း အဖမ်းအဆီးထူသဖြင့် ထောင်ကိုးလကျသူများလှ၏။ ခိုးဆိုးလူသတ်မဟုတ်၍ ထောင်ထွက်တို့ကို လူတို့ကြည်ဖြူပါသည်။

ရဲပြာတို့အား ရှေးဟောင်းလက်နက်များတပ်ဆင်ထားခြင်း မဟုတ်ဘဲ ခေတ်မီလက်နက်များဖြစ်သည့် အမ်(၁၆)၊ ကာဗိုင် စသောအပေါ့စားလက်နက်များ တပ်ဆင်ထားခြင်းဖြစ်ရာ လူတို့အနေဖြင့် ပို၍ကြောက်ကြပါသည်။ သို့သော်လည်း တပ်တွင်းသမဝါယမကျောက်မျက်တူးဖော်ရေးသက်ကြီးစစ်သားများ တပ်ရင်းတစ်ရင်းစာရောက်လာသောအခါတွင်မူ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မျက်နယ်မြေတစ်ခွင်လုံးအား သက်ကြီးစစ်သားများစိုးမိုးကာ၊ လုံထိန်းရဲများတပ်ခေါက်ကာ ပြန်ကုန်ကြပါသည်။ မှတ်မှတ်ရရ ၁၉၇၆ ခုနှစ်တွင်ဖြစ်သည်။

ထိုအခါဝယ် ဒေသခံတို့အသက်ရှူပြန်ချောင်ကြရပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်သားကြီးများသည် အများအားဖြင့် ပြည်သူတို့ကို ငဲ့ညှာသနား၍ ဖြစ်သည်။ ထို့ပြင် စစ်သားကြီးများသည် ကျောက်မျက်တူးဖော်ရန်၊ ကျောက်မျက်နယ်မြေ ထိန်းသိမ်းစောင့်ရှောက်ရန် ဟူသော မူနှစ်ချက်ဖြင့် ရောက်ရှိလာသူများဖြစ်ကြရာ ကျောက်မျက်တူးဖော်ရေး၌ ပြည်သူတို့၏အကူအညီကို မယူ၍မရပါ။ ပြည်သူတို့ထံမှ ကျောက်မျက်လုပ်ကွက်သတင်းရယူခြင်း၊ ကျောက်တူးခြင်းအတတ် ပညာသင်ယူဆည်းပူးခြင်းများပြုလုပ်ရပါသည်။ အရပ်သားတို့နှင့်

www.burmeseclassic.com

ပူးပေါင်းရပါသည်။ ထိုအခါ သူတို့သည် ဖမ်းဆီးရေးကိုဦးမတည်ဘဲ ကျောက်မျက်ထုတ်လုပ်ရေးကိုသာ ဦးတည်လေရာ ဒေသခံပြည်သူတို့ အတော်လေးပင် အဆင်ပြေသောခေတ်ဟုဆိုရပေမည်။

ကျောက်မျက်နယ်မြေထိန်းသိမ်းရန် လက်နက်အပြည့်အစုံဖြင့်လှည့်လည်ကြပါသော်လည်း ပြည်သူကို ငဲ့ညာစိတ်ဖြင့် အရေးယူခြင်းသိပ်မရှိလှပါ။ ကြာကြာတစ်ခါသာ တစ်ယောက်စနှစ်ယောက်စ တာဝန်အရ လှည့်လည်ခြင်းပြုလေ၏။ သက်ကြီးစစ်သားတို့မှာ ၁၉၇၆ ခု၊ ဒီဇင်ဘာတွင် စတင်ရောက်လာခြင်းဖြစ်သည်။

## ■ ကျောက်ပြဿဒ်စခန်း

တပ်တွင်းသမဝါယမကျောက်မျက်တပ်ရင်းအား ကျပ်ပြင် အင်းကောင်း၌ စိုက်လျက် ကျောက်မျက်ထုတ်လုပ်ရေး တပ်စုတပ်ခွဲများအား ကျောက်ထုတ်အားကောင်းသော လုပ်ကွက်များ၌ မိုးကုတ် ကျပ်ပြင်အနှံ့စိုက်ကာ ကျောက်မျက်တူးဖော်ထုတ်လုပ်ကြသည်။

ကျွန်ုပ်တို့နေထိုင်ရာ မိုးကုတ်အနောက်ပိုင်း ကျောက်ပြဿဒ်၌လည်း ယခင်စစ်တပ်များစခန်းချရာ ကျောက်ပြဿဒ်အနောက်ရွာ၏ အနောက်ဘက်တောင်ကမူ၌ သက်ကြီးစစ်သားများ စခန်းချနေထိုင်ကာ ကျောက်မျက်တူးဖော်စခန်းအသီးသီးဖြန့်ကြက်ကြသည်။

ထိုစစ်တပ်ကုန်းသည် တွင်းလုပ်ကွက်တစ်နံတစ်လျားတို့ကို အပေါ်စီးမြင်နေရသောကုန်းဖြစ်လေ၏။ မှန်ပြောင်းဖြင့် ကြည့်စရာမလိုဘဲ ပကတိမျက်စိဖြင့် ပင်လျှင် ထင်ထင်ရှားရှားမြင်တွေ့နေရအောင် မျှော်စင်တစ်ခုပမာအနေအထား အလွန်ကောင်းသောကုန်းကမူဖြစ်သည်။

ကုန်း၏တောင်ဘက်၌ ပေါ်တော်မူလုပ်ကွက်များ၊ သူရိန်တောင်၏တစ်စိတ်တစ်ဒေသလုပ်ကွက်များ၊ အနောက်ဘက်၌ ရေထွက်စီးဆင်းရာလျှိုတစ်လျှောက်တွင် အထက်အင်းပြု၊ အောက်အင်းပြု၊ မှန်သော့ပင်လုပ်ကွက်များ၊ အနောက်မြောက်တွင် ကသည်းရိုက်တောင်လုပ်ကွက်များ စသည် မြင်နေရပါသည်။

ထိုအခြေစိုက်စခန်းတွင် ဗိုလ်ကြီးတစ်ဦးနှင့် တပ်သားလေးငါးဦးသာ နေထိုင်လျက် ကျန်ရဲဘော်အသီးသီးတို့သည် တွင်းလုပ်ရာ၌ တဲဆောက်ကာ အသီးသီးနေထိုင်ကြသည်။ သူတို့တွင် လက်နက်အပြည့်အစုံတပ်ဆင်ပေးထားသဖြင့် မုဆိုးဝါသနာပါသော စစ်သားသည် ဟင်းစားအလို့ငှာ တောလည်၍ ချေ၊ မျောက်၊ တောင်ဆိတ် စသော တောကောင်များကို ရှာဖွေပစ်ခတ်လေ့ရှိသည်။ ထိုအခါ သူရိန်တောင်ကျောက်ဆောင်များ၌နေသော တောင်ဆိတ်များ၊ တောထဲ၌နေသောချေများ၊ မျောက်ပြာ၊ မျောက်ဖင်နီများ မျိုးသုဉ်းသွားခဲ့လေ၏။ ရံဖန်ရံခါ မြင်းဝံ (ခေါ်) ဝက်ဝံအကြီးစားများပင်ရလာသည်ကိုလည်း မြင်ရဖူး၏။ ကျယ်ပြန့်ကြီးမားသော သူရိန်တောင်ကြီး၌ ရှေးအခါက တောကျွဲ (ခေါ်) ပြောင်ကြီးများပင်လျှင်ရှိခဲ့ဖူးကြောင်းကြားသိရ၏။

သက်ကြီးစစ်သားတို့၌ လေးသောလက်နက်တို့ တပ်ဆင်မထားပါ။ အပေါ့စားလက်နက်ဖြစ်သည့် ဂျီတူး၊ ကာဘိုင်၊ နေဝင်းစတင်း စသော လက်နက်များသာ တပ်ဆင်ထားရာ တောလိုက်ရာ၌ ဂျီတူးကိုသာသုံးလေ့ရှိ၏။ မျောက်နီ၊ မျောက်ပြာတို့သည် အုပ်နှင့်နေတတ်ရာ တစ်ခါသွားပစ်ပါက အနည်းဆုံးခြောက်ကောက်ပါလာတတ်၏။ ရှေ့သုံးကောင် နောက်သုံးကောက် ဝါးနှင့်ထမ်းလာတတ်၏။ မျောက်ဖင်နီမှာ အမွေးနီ၍ အကောင်သေး၏။ မျောက်ပြာများကား အမွေးအပြာရောင်ဖြစ်ကာ အကောင်အတော်ကြီး၏။ ကျွန်ုပ်တို့တွင်းသွားချိန် လမ်း၌ မကြာမကြာတွေ့တတ်၏။

တစ်ခါသော် ကျွန်ုပ်နှင့် ကိုဘစိုးတို့ တွင်းသွားရာ မျောက်ပြာခြောက်ကောင်ကိုထမ်းလာသော စစ်သားကြီးသည် မော၍လမ်း၌နားနေ၏။ သေဆုံးနေသော မျောက်ခြောက်ကောင်ကား မြေပေါ်၌ ပုံးလုံးပက်လက်ရှိနေလေ၏။ စစ်သားကြီးများသည် ကျွန်ုပ်တို့နှင့်ရင်းနှီးခင်မင်နေကြပြီဖြစ်ရာ တောလိုက်သောစစ်သားကြီးနှင့်လည်း ခင်မင်နေပါသည်။ စစ်သားကြီးမှာ တရုတ်လူမျိုးဖြစ်သဖြင့် သူ့ကိုအားလုံးက လော်စစ်ဟန်ဟုခေါ်ကြသည်။ သူကား စကားနည်း၍သဘောအလွန်ကောင်းသူဖြစ်သည်။



ကိုဘစိုးက သေနေသောမျောက်တို့၏လက်မှလက္ခဏာအရေးအကြောင်းတို့ကို လိုက်ကြည့်သည်။ ပြီးသော်-

"အောင်မာ - မျောက်မှာလည်း ကျုပ်တို့လို လက္ခဏာတွေပါတယ်ဗျ။ ကောင်းလိုက်တဲ့ အာယုလမ်းကြောင်းကြီးတွေ။ ဒါပေမယ့် ဘာလို့များ ခုလိုသေကုန်သလဲမသိပါဘူးဗျာ"

ဟု ပြောလေ၏။

သေနတ်လွယ်ရ၊ မျောက်တွေထမ်းရနှင့် မောပန်းကာ ချွေးဒီးဒီးကျနေသော စစ်သားကြီးက သဘောကျ၍ ပြုံးနေပါသည်။

တစ်ခါသော် ထိုစစ်သားကြီးသည် လမ်းဘေးရှိမြက်တံမြက်စည်းပင်ရုံတို့မှ အပင်၏ထိပ်ဖျား၌ဖြစ်တည်တတ်သော ခူကောင်နုနုလေးများကို တံမြက်စည်းရွက်များခွာကာ စားနေသည်ကို တွေ့ရရာ ကျွန်ုပ်ကမေးသဖြင့် ထိုခူကောင်ကို စားပါက ကြက်ဥသုံးလုံး၏အားနှင့် ညီမျှသည်ဟုပြောပြလေ၏။ ခူကောင်လေးများမှာ ဖက်ဖူးရောင်စိမ်းစိမ်းပျော့ပျော့လေးများဖြစ်သည်။

ကျောက်ပြဿဒ်စခန်းမှ ဗိုလ်ကြီးခေါ်သဖြင့် စခန်းသို့ ကျွန်ုပ်မကြာမကြာရောက်ဖြစ်သည်။ ဗိုလ်ကြီးနှင့် ကျွန်ုပ်သည် ဓာတ်တော်ကုန်း၌ဆုံရာမှ ခမ္မမိတ်ဆွေဖြစ်ကာ ရင်းနှီးသွားခဲ့ပြီး သိလိုသည်တို့ကိုမေးလေ့ရှိသည်။ ထို့ကြောင့် လူကြုံနှင့်မှာသဖြင့်သွားတွေ့ရခြင်းဖြစ်သည်။ ဗိုလ်ကြီးကား တရားဓမ္မတို့ကို လိုက်စားသော၊ ဘာသာရေးကိုင်းရှိုင်းသောအရာရှိတစ်ဦးဖြစ်သည်။ သို့ကြောင့် စစ်သားကြီးများနှင့် ကျွန်ုပ်သည် အကျွမ်းတဝင်ရှိပါသည်။

## ■ ဗိုလ်အောင်ဒင်

အသက်(၇၀)ရှိပြီဖြစ်သောစစ်သားကြီးဗိုလ်အောင်ဒင် (ခေါ်) ဦးအောင်ဒင်သည် ထိုစခန်း၌ ထမင်းချက်တာဝန်ဖြစ်ပြီး ဗိုလ်ကြီးစားရန် ထမင်းသွားပို့ရသည်။ တပ်ရင်းမှူးကား ဗိုလ်မှူးသန်းညွန့် ဖြစ်သည်။ရဲဘော်တို့က ကွယ်ရာ၌ ခေါင်းဖြူဟုခေါ်ကြ၏။ သက်ကြီးစစ်သားများမှာ တပ်ရင်းအသီးသီးတို့မှ စုစည်း၍ တပ်ရင်းဖွဲ့လျက်ရောက်လာကြခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လေရာ အများအားဖြင့် လူပေလူတေကြီးများဖြစ်ကြပြီး အတွေ့အကြုံ အလွန်ရင့်ကျက်သောစစ်သားကြီးများဖြစ်ကြပေ၏။ လူကြမ်းသော်လည်း နှလုံးသားနူးညံ့ကြကာ ပြည်သူကိုချစ်သောစစ်သားကြီးများဖြစ်ကြပါသည်။

ဗိုလ်အောင်ဒင်သည် လွတ်လပ်ရေးမရမီကာလ အိန္ဒိယ၌ဖွဲ့စည်းသော ဗမာ့တပ်တော်၌ပါဝင်သူဖြစ်ရာ လက်ရှိကျောက်မျက်ထုတ်လုပ်ရေးတာဝန်ထမ်းနေကြသောရဲဘော်တို့၌ ပါဝါအမြင့်ဆုံးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်းတို့နှင့်အတူ တာဝန်ထမ်းခဲ့ဖူးသူဖြစ်သည်။

ယခင် ငယ်စဉ်က ဗိုလ်ကြီးရာထူးသို့တိုင် တိုးမြှင့်ခဲ့သော်လည်း အကြောင်းတစ်ခုကြောင့် စိတ်ဝေဒနာစွဲကပ်သွားရာမှ ရာထူးပြုတ်ကာ တပ်သားဘဝသို့ ပြန်လည် လျှောကျသွားခဲ့ကြောင်း မကြာမကြာပြောပြတတ်လေ၏။ ဗိုလ်ကြီးဘဝ၌ရှိစဉ် သူ့ကို ဂျိုးသိန်းဟု အများကခေါ်ခဲ့ကြကြောင်းလည်း ပါ၏။

ထိုစစ်သားကြီးဗိုလ်အောင်ဒင်သည် အခမ်းအနားများရှိပါက သူ၏စစ်ဝတ်စုံ၌ ရင်ဘတ်တစ်ခုလုံးတံဆိပ်များပြည့်နေအောင်တပ်ဆင်လျက်တက်တတ်လေ၏။ အပေါ်ဆုံး၌ အိန္ဒိယ၌ဖွဲ့စည်းသော ဗမာ့တပ်မတော်တံဆိပ်စာတန်းကိုချိတ်ထားလေ၏။ ထိုတံဆိပ်အား ငွေသတ္တုဖြင့်လုပ်ထားလေ၏။ ထိုများပြားလှသော တံဆိပ်တို့အား ရင်ဘတ်အပြည့်ထိုးကာ တက်သောအခါ၌ ရောင်စုံဖဲပြားများနှင့် တံဆိပ်မျိုးစုံတို့ကြောင့် တွဲလောင်းနှင့်ရှိပေရာ ကလေးတို့ကဝိုင်းအုံကာ စိတ်ဝင်တစားကြည့်ရှုကြ၏။ ထိုအခါ ဗိုလ်အောင်ဒင်က ကျေနပ်စွာ ပြုံးနေတတ်ပါသည်။

စစ်သားကြီးများတွင် အချို့အားကောင်းမောင်းသန် လေးဆယ်ကျော်အရွယ်၊ ငါးဆယ်ကျော်အရွယ်များ စသည်ပါကြရာ အရွယ်ရှိသူတို့က တွင်းဆင်းကြရသည်။ အသက်ကြီးသူအဖြစ် ကျောက်ပြဿဒ်စခန်း၌ ဗိုလ်အောင်ဒင်နှင့် ဘကြီးအောင်တို့နှစ်ဦးသာပါပါသည်။ ဗိုလ်အောင်ဒင်မှာ ထမင်းချက်တာဝန်ဖြစ်ပြီး ဘကြီးအောင်မှာ တပ်ရင်းရုံးသို့ အစီရင်ခံစာများပို့သောတာဝန်ဖြစ်သည်။ စစ်သားများဖြစ်သဖြင့် အသက်ကြီးသော်လည်း မပျက်စီးကြသေးဘဲ ဖျတ်ဖျတ်လတ်လတ်နှင့် သွားနိုင်လာနိုင်ကြပါသည်။

ဗိုလ်အောင်ဒင်မှာ သူ့တာဝန်ပြီးပါ



က ဂျီတူးမောင်းပြန်ရိုင်ဖယ်လွယ်ကာ တွင်းတောများသို့ လှည့်လည်တတ်သည်။ ဖမ်းရန်မဟုတ်ပါ။ ကျွန်ုပ်ကဲ့သို့ ရင်းနှီးသူများတွေ့ပါက စကားလက်ဆုံကျလို၍ဖြစ်သည်။ ကျွန်ုပ်အား ဗိုလ်အောင်ဒင်က ကောင်လေးဟုခေါ်ပါသည်။ သားထောက်သမီးခံမရှိရှာသော ဗိုလ်အောင်ဒင်သည် ကျွန်ုပ်အား သားပမာ အတော်ချစ်ရှာသည်။ ကောင်လေး ကောင်လေးနှင့် သူ့ဘဝအကြောင်းတို့အား အိတ်သွန်ဖာမှောက်ပြောပြတတ်လေ၏။

ကျောက်ပြဿဒ်စခန်း၌ သူနှင့်သူ့ဇနီးတို့က ချက်ပြုတ်ရေးတာဝန်ယူကြရရာ သူတို့ဇနီးမောင်နှံနေထိုင်ရာ မီးဖိုဆောင်သို့လည်း မကြာခဏရောက်ဖြစ်ပါသည်။ 'ငါ့မိန်းမက မူဂျာဟစ်ကြီးပါကွာ။ ရှေ့တန်းတစ်နေရာကရခဲ့တာကွ' ဟု ပြောပြသည်။ ဗိုလ်အောင်ဒင်၏ တတိယမြောက်ဇနီးဖြစ်သည်။ ကုလားမကြီး ဖြစ်၏။

သူတို့၏ ဘုရားကျောင်းဆောင်တွင်မူ ဘုရားဆြောင်ရေအိုးပန်းမညီုးအောင် ဂရုစိုက်ကြ၏။ အုန်းငှက်ပျောပွဲလည်း အမြဲလဲသည်ကို တွေ့ရသည်။ နှစ်ယောက်စလုံး ဘာသာရေးကိုင်းရှိုင်းသည်ကိုတွေ့ရ၍ ဝမ်းမြောက်မိပါသည်။

"ကောင်လေး၊ ငါဘုရားတရားအလုပ်လုပ်တာ နိဗ္ဗာန်ကိုမရည်စူးပါဘူးကွာ။ ငါလုပ်ခဲ့တဲ့မိုက်ပြစ်တွေသက်သာအောင် ရည်စူးတာပါကွာ"

ဟုလည်း သူ့ခံယူချက်ကိုပြောပြကာ မိုက်ပြစ်များကိုလည်း ကြေကွဲဖွယ်ပြောပြသည်။ ထိုကျောက်ပြဿဒ်စခန်း၌ပင်လျှင် သူ့ဇနီးဆုံးပါးသွားခဲ့ပါသည်။ ဗိုလ်အောင်ဒင်မှာမူ ကျန်းမာဖျတ်လတ်နေဆဲသာရှိပါသည်။

တစ်နေ့တွင် ကျွန်ုပ်နှင့် စခန်းထိုင်ဗိုလ်ကြီးတို့ စကားပြောနေခိုက်ဝယ် ဘကြီးအောင်သည် ကျပ်ပြင်တပ်ရင်းစခန်းမှပြန်လာကာ စာလာပို့သည်။ ထိုအခါ ဗိုလ်ကြီးက ဘကြီးအောင်ကိုကြည့်ကာ မေးပါသည်။

"ဘယ်လိုလဲ ဘကြီးအောင်၊ ဘကြီးအောင်က တစ်ရစ်ရပြီလေ။အရစ်တပ်တာလည်းမတွေ့ရ၊ ခရာတို့၊ ခရာကြိုးတို့လည်းတပ်ထားတာ မတွေ့ရပါလား"

ထိုအခါ အလွန်ရိုးသားသော ဘကြီးအောင်သည် ရှက်ကိုးရှက်ကန်းဖြင့် -

"အို - မလုပ်ပါနဲ့ ဗိုလ်ကြီးရယ်၊ ဒီအသက်ဒီအရွယ် ခုနစ်ဆယ်ကျော်မှ တစ်ရစ်ရတယ်ဆိုတော့ ရှက်လွန်းလို့ပါ ဗိုလ်ကြီးရယ်။သူများတွေမြင်မှာကြောက်လွန်းလို့ပါ"

ဟု ဆိုလေရာ ဗိုလ်ကြီးသည် သဘောကျစွာရယ်မောလျက် -

"အလကားစတာပါ ဘကြီးအောင်ရယ်၊ တပ်ချင်တပ်မတပ်ချင်နေပါ။ဘကြီးအောင်သဘောပါ"

ဟု ဆိုလေမှ ဘကြီးအောင်ရယ်မောနိုင်ပါသည်။ ဗိုလ်ကြီးကား အသက်ငါးဆယ်ကျော်အရွယ် ဖြစ်လေသည်။ ဤကား စပ်မိ၍ဖြစ်ပါသည်။

■ **မိုးကုတ်၌အခြေကျကြသူများ**

မြန်မာနိုင်ငံတစ်နံတစ်လျားမှလူတို့သည် မိုးကုတ်ပတ္တမြားမြေ၌ စီးပွားရေးကောင်း၍ လည်းကောင်း၊ ရာသီဥတုကောင်း၍လည်းကောင်း၊ ဒေသခံတို့၏ စိတ်ရင်းစိတ်ဓာတ်ကောင်းမွန်မှုကြောင့်လည်းကောင်း၊ နယ်မြေဒေသအေးချမ်းသာယာ၍လည်းကောင်း လာရောက်အခြေချနေထိုင်သူတို့ အများအပြားရှိကြလေ၏။

တပ်တွင်းသမဝါယကျောက်မျက်တူးဖော်ရေးတပ်ရင်းစိုက်သောအခါတွင် တပ်၏မိသားစုများလည်း ပါလာကြရာ သက်ကြီးစစ်သားများ၏ သားသမီးတို့သည် ပတ္တမြားမြေ၌ အိမ်ထောင်ကျကုန်သဖြင့် ပတ္တမြားမြေ၌ အခြေချနေထိုင်ကြလေ၏။ အချို့လည်း ပင်စင်ယူ

www.burmeseclassic.com

www.burmeseclassic.com

အခြေချနေထိုင်ကုန်ကြပါသည်။

အရေးအခင်းပြီးသော် မကြာမီ ပင် ကျောက်မျက်ထုတ်လုပ်ရေး သမဝါယမအသင်းဖြစ်သော ကျောက်မျက်တပ်ရင်းလည်းသိမ်းသွားပါသည်။ ထိုအခါ ဝယ် နှစ်လွန်သက်ကြီးရွယ်အိုစစ်သားကြီးများတွင် ပင်စင်ဖြင့် အနားယူကာ ပတ္တမြားမြေ၌ အခြေချကျန်ရစ်သောသူတို့လည်းရှိကြလေ၏။ ထိုအထဲတွင် မုဆိုးဖိုကြီးဗိုလ်အောင်ဒင်လည်း အပါအဝင်ဖြစ်သည်။

သူတို့သည် ပတ္တမြားမြေ၏ ကြွေတစ်လက် ကြက်တစ်ခုန်ပမာ လျှင်မြန်စွာ စီးပွားဖြစ်တတ်သောသဘောကိုသိနေသဖြင့် ပတ္တမြားမြေကို မက်မောတွယ်တာကာ မပြန်ချင်တော့ပြီ။ လူတို့သည် မသေမီ သူဌေးဖြစ်ချင်ကြသေးသည် မဟုတ်ပါလား။ ထိုအထဲတွင် ဗိုလ်အောင်ဒင်အပါအဝင်ဖြစ်ရာ ကျောက်ပြဿဒ်အခြေချသက်ကြီးစစ်သားအများအပြားသည် ကျောက်ပြဿဒ်မှ ကျောက်ဖျာသို့သွားရာလမ်း၏ ဘယ်ညာ၌ရွာတည်ကာ နေထိုင်ကြပါသည်။ သူတို့၏အနီးတွင် ကျောက်ပြဿဒ်အလယ်တန်းကျောင်းရှိနေ၏။ (ယခု အထက်တန်းကျောင်းဖြစ်၍နေပေပြီ။)

အရိုင်ရသစ်ပင်အဖြစ် ပိန္နဲပင်တို့ကိုစိုက်ပျိုးရာ ပိန္နဲဖြစ်ထွန်းသောမြေမို့ သုံးလေးနှစ်အကြာ၌ ပိန္နဲတောကြီးဖြစ်လာကာ အတော်ပင်သီးလေသည်။ သို့ကြောင့် အေးချမ်းသောရပ်ကွက်လေးတစ်ခုတိုးလာခဲ့လေ၏။

ဗိုလ်အောင်ဒင်သည် မရှိမဖြစ်လိုအပ်သဖြင့် နောက်ထပ်မိန်းမတစ်ယောက် အောက်မြည်မှအပြန် ပါလာလေ၏။ တွင်းသားသုံးယောက်မွေးကာ ဗိုလ်အောင်ဒင် တွင်းထောင်လျက် ပေါ်လံ



လုပ်လေတော့၏။

ကျွန်ုပ်နှင့် တွေ့သော် သူမိန်းမရပြီဖြစ်ကြောင်းကြား၏။ အမျိုးသမီးမှာ အသက်သုံးဆယ်အရွယ် ဖြူဖြူတောင့်တောင့်ဖြစ်သည်ကိုတွေ့ရ၏။ မိုးကုတ်ကို အထင်ကြီးကာပါလာသူဟု ယူဆရပါသည်။ သီလရှင်လူထွက်ဟုသိရ၏။ ဆင်းရဲနွမ်းပါးသဖြင့် ယခုကဲ့သို့သော အတိုးအရွယ်ကိုယူခြင်းဖြစ်ပါမည်။

အသင့်အတင့်ကျယ်ဝန်းသောတဲ၌ လူပျိုတွင်းသားသုံးဦးနှင့် အတူတူနေရသောအခါ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိဖြစ်ကာ ထိုအမျိုးသမီးသည် ခြောက်လမျှအကြာ၌ အိမ်၌နေသောတွင်းသားတစ်ဦးနှင့်ထွက်ပြေးကာ ပျောက်ကွယ်သွားပါတော့သည်။ ထိုအခါ ဗိုလ်အောင်ဒင်သည် တစ်ကိုယ်တော်ပြန်ဖြစ်သွားပြန်၏။ ကျွန်ုပ်နှင့်တွေ့သော် တဟဲဟဲရယ်မောကာ ရယ်မောဖွယ်တို့ကိုပြောပြန်လေ၏။ ဗိုလ်အောင်ဒင်ကား စိတ်ညစ်၍မနေပါ။ တွင်းသားမြန်ရှာကာ တွင်းအလုပ်ကိုသာဇောက်ချလုပ်ကိုင်လျက်ရှိ၏။ စိတ်ဓာတ်ကြံ့ခိုင်မှုကိုလည်း ချီးကျူးမိပါသည်။ စစ်သားပီသလှပေ၏။

## ■ ဖက်စပ်လွတ်သောနေရာ

မြန်မာနိုင်ငံအနှံ့မှချမ်းသာကြွယ်ဝပြီး ကျောက်မျက်ရတနာဝါသနာပါသူတို့သည် မိုးကုတ်မြေတစ်ခွင်၌ ဖက်စပ်များဆွဲကာ ကျောက်တူးကုန်ကြလေ၏။ ထိုအခါ ဒေသခံကျွမ်းကျင်သူတို့ကို တွင်းဆရာခန့်ကာ လုပ်ကိုင်ကြပါသည်။

ထိုသည်မှာ မပြောပလောက်သောပမာဏဖြစ်သည်။ မိုးကုတ်သားအများစုမှာ မာနရှိကြသည်။ တစ်သက်လုံး ပေါ်လံလုပ်ကာ ကိုယ့်တွင်းကိုယ်တူးခဲ့ကြသောသူတို့သည် သူများထံ တွင်းသားဝင်မလုပ်ချင်ကြပါ။

ကိုယ့်တွင်းကိုယ်တူးကာ ရလာသောကျောက်အား မိမိသဘောဖြင့် ရောင်းချခဲ့သူများဖြစ်သည်။ ဖက်စပ်တွင်းသားဟူသည်မှာ ပေးသမျှယူကျွေးသမျှစားရသောအဆင့်သာဖြစ်သည်။ ထိုအခါ မိမိတို့၏မိသားစုများ မည်သို့ဆောက်တည်ရပါမည်နည်း။ ထိုအတွေးအခေါ်ကြောင့် မည်သို့ပင်ခက်ခဲစေကာမူ တွင်းသားဝင်လုပ်ခြင်းမရှိခဲ့ကြပေ။

ထိုအခါ ဖက်စပ်ဇရိယာလွတ်သောနေရာတို့၌ရှာကြံကာ ကုပ်ကုပ်ကပ်ကပ်လုပ်ကိုင်ကြရပါသည်။ ဖက်စပ်လွတ်သောမြေဟူသည် ယခင်က ကျောက်အလွန်ပါးသောနေရာများ ဖြစ်သဖြင့် လုပ်ကိုင်သူမရှိသောနေရာတို့ဖြစ်သည်။ ဤသည်ပင်လျှင် အနီး၌ ဖက်စပ်မရှိပါမူ စိတ်အေးလက်အေးလုပ်ရ၏။ ဖက်စပ်နှင့်နီးခဲ့သော် ထိုဖက်စပ်သည် ထိုတွင်းကိုကျော်လွှန်၍ အလံနီလာစိုက်တတ်လေ၏။ ထိုအခါ ထိုတွင်းသည် ဖက်စပ်ဇရိယာ၌ပါဝင်သွားကာ တွင်းကိုစွန့်လွှတ်ခဲ့ရလေ၏။

အမှန်သော် ဖက်စပ်ဟူသည် တစ်ဇကသာချပေးသည်ဟု လူတို့သိကြပါသော်လည်း ဖြိုင်ဘက်မရှိသောအခါ ဖက်စပ်တစ်ခုဆွဲရုံမျှဖြင့် အလွန်ကျယ်ဝန်းသောဇရိယာကို စိုးမိုးခြင်း ဖြစ်သည်။ ဖက်စပ်ဆွဲခြင်းဟူသည် အခါပေးရှိမှသာ ဆွဲကြခြင်းဖြစ်ပြီး ရမ်းသန်း၍ ဆွဲကြခြင်း မဟုတ်ပေ။ မိုးကုတ်မြေကား မြေတိုင်း၌ ကျောက်မရှိပါ။

အခါပေး၍ဆွဲခဲ့ပြီးသော် ဖက်စပ်စည်းအပြင်၌ လာရောက်လုပ်ကိုင်ပါက ထိုတွင်းအထိ ဇရိယာချဲ့ကြခြင်းဖြစ်ရာ အရပ်သားတို့က ဖက်စပ်ဇရိယာဥပဒေအား သားရေကွင်းဥပဒေဟုခေါ်ကြ၏။ သားရေကွင်းကဲ့သို့ ချဲ့ချင်တိုင်းချဲ့၍ရသောဥပဒေဟု ခေါ်ဆိုခြင်း ဖြစ်သည်။ အကယ်၍သော် ဖက်စပ်ဟူသည် တရားဥပဒေဘောင်အတွင်းမှလုပ်သည်ဖြစ်ရာ ဥပဒေအပြင်မှ သာမန်လက်လုပ်လက်စားတွင်းသမားတို့သည် မည်သို့မျှယှဉ်၍မရပေ။ ထိုအခါ အားမတန်၍မာန်လျှော့လိုက်ရသောလူတို့ များစွာရှိခဲ့ကြလေ၏။

အချို့လည်း မိမိတို့တွင်းအထိ ဖက်စပ်ဇရိယာချဲ့လာသောအခါ ထက်ဝက်စားဖက်စပ်ကိုပေးပါမည်ဟူသောကတိဖြင့် လုပ်ကိုင်ကြသောလူတို့လည်းရှိ၏။ ထိုအခါတွင် တွင်းဆေးပါက ဖက်စပ်လူတစ်ယောက်က လာရောက်ကြည့်ရှု၏။ ကျောက်ကောင်းပါပါက ထက်ဝက်ပေးရ၏။ အမှန်သော် ကိုယ့်စရိတ်ကိုယ်စား ဖက်စပ်၏ထက်ဝက်စားတွင်းသားအလိုလိုနေရင်းဖြစ်သွားရလေ၏။ မာနရှိသောလူတို့မှာမူ တွင်းကိုစွန့်လွှတ်ခဲ့လေ၏။ လျှာမှာမြက်ပေါက်ပါစေ သူ့အောက်၌ ကျွန်မခံဟူသောစိတ်ဓာတ်ဖြစ်သည်။

သို့ကြောင့် ဖက်စပ်လုံးဝမရှိသောနေရာတို့၌သာ အချို့က အေးအေးလူလူ လုပ်ကြလေ့ရှိသည်။ သို့သော်လည်း ထိုသို့သောနေရာတို့ကား ကျောက်ပါးရှားလှပေ၏။ ကံကောင်းပေးသော် အလွန်ပင် လွယ်ကူသော်လည်း ကံကမပေးသော်



www.burmeseclassic.com

www.burmeseclassic.com

အတော်ပင်ခက်ခဲပါသည်။ ထိုသည့်ဒဏ်ကို စစ်ထွက်ကြီးဗိုလ်အောင်ဒင်လည်း အများနည်းတူမျှဝေခံစားနေရပါသည်။

■ အကြံအိုက်နေချိန်၌

ဗိုလ်အောင်ဒင်နှင့် တွင်းသား(၃)ဦးသည် နံနက်စာစားပြီးသဖြင့် အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ကာ ရေနွေးသောက်နေလေ၏။

"ဘယ်လိုလဲ အဘ၊ ဒီနေ့ကျွန်တော်တို့ ဘယ်ကွက်ရပ်မှာ တွင်းရာသွားရှာကြမလဲ"

တွင်းဆရာမောင်ဖဝေးကမေးခြင်းဖြစ်သည်။ မောင်ဖဝေးမှာ ချင်းတိုင်းရင်းသား ဗုဒ္ဓဘာသာဖြစ်ရာ အများက 'ချင်းကလေး မောင်ဖဝေး' ဟု နောက်ပြောင်ကျီစယ်ခေါ် ဝေါ်ရာမှ 'မောင်ဖဝေး' ဟု အမည်တွင်နေခြင်းဖြစ်သည်။

"အင်း - ဒီကောင်တွေနဲ့လည်း ခက်ပါတယ် မောင်ဖဝေးရာ၊ ဟိုနားလုပ်လည်း အလံလာစိုက်၊ ဒီနားလုပ်လည်း အလံလာစိုက်နဲ့ တို့တွေတော့ ပြေးစရာမြေမရှိဖြစ်နေပြီထင်ပါရဲ့ကွာ"

ဗိုလ်အောင်ဒင်၏ စကားကြောင့် အားလုံးပင် သက်ပြင်းချမိကြပါသည်။ ထိုအခါ တွင်းသားမောင်ကျော်ဝင်းက အသောထဖောက်သည်။

"အဘတို့သက်ကြီးခေတ်တုန်းက သူများကိုဒီလိုလုပ်ခဲ့လို့ ခုချိန်မှာ ဝဋ်ပြန်လည်တာနေမှာ"

"ဟာ - ဒီကောင်လေးကလည်း ခက်တော့နေပါပြီ။ ငါတို့ဟာ ပြည်သူပြည်သားတွေ မျက်ရည်ပေါက်ကြီးငယ်ကျအောင်မလုပ်ခဲ့ဘူးဟ။ သူများတွေကိုတော့ မဆိုလိုဘူးနော်။ ငါကတော့ ဘယ်သူ့မှဒုက္ခမပေးခဲ့ဘူး။ ကျောက်ပြဿဒ်၊ ကျောက်ဖျာကလူတွေမေးကြည့်"

"ဟား ဟား ဟား အလကားစ၊ တာပါ အဘရယ်။ အဘလူတွေအပေါ် စိတ်ကောင်းနှလုံးကောင်းထားခဲ့တာတွေ ကြားရပါတယ်"

"ဗိုလ်အောင်ဒင် ဘယ်အိမ်ဝင်ဖင်မေတ္တာနဲ့ကြိုဆိုပြီးသားပဲကွ"

"အဘကောင်းခဲ့တာတွေကြောင့် အဘကို အများကချစ်ကြပါတယ်။ ဒါကို ကျွန်တော်တို့သိပါတယ် အဘရာ။ ဒါထက် အဘ သူရိန်တောင်ပေါ် မှာဖက်စပ်နဲ့ဝေးတဲ့နေရာတစ်ခုခုလိုက်ကြည့်ကြစို့လား"

"အေးကွ - တောင်ပေါ်မှာက



လည်း ဖက်စပ်လွှတ်တဲ့နေရာရှိမှရှိပါ့မလားကွာ။ အင်း- တွင်းလေးတွေအစအနမှန်မယ်လုပ်ကာရှိသေး အသိမ်းခံရတာ နှစ်ခါရှိသွားပြီကွ။ မိုးကုတ်ဆိုတော့လည်း ဒါပဲလုပ်စရာရှိတာ ဖက်စပ်လွှတ်တဲ့နေရာ အင်း. . ."

ဗိုလ်အောင်ဒင်မှာ သက်ပြင်းချကာ အရှေ့ဘက်တောင်ကြောတစ်ခွင်ငေးမောကြံဆနေပါသည်။ အားလုံးပင် တိတ်ဆိတ်ငြိမ်သက်သွားချိန်၌ တောင်ဘက်သား ခနုလေးမောင်အုံ့ကြည်က တိတ်ဆိတ်မှုတို့ စတင်ဖြိုခွင်းလာပါသည်။

"အဘယုံမလားမသိဘူး"

"ငါကဘာကိုယုံရမှာလဲကွ"

"ကျွန်တော် အိပ်မက်မယ်တယ် အဘ"

"ဪကွာ - အိပ်မက်ဆိုတာ အိပ်ရင်မက်တတ်တာပဲလေ"

"မဟုတ်ဘူး အဘ၊ ခုဟာက အတော့်ကိုထူးခြားတဲ့အိပ်မက်ပါ။ အိပ်မက်ထဲမှာ ကျွန်တော်တို့ကို အဘိုးကြီးတစ်ဦးက တွင်းနေရာပြပေးတယ် အဘရဲ့"

"ဟုတ်လို့လား ကောင်လေးရာ၊ ဒါဆိုရင် စိတ်ဝင်စားတယ်။ မင်းအိပ်မက်အစအဆုံးပြောပြကွာ"

"မှန်သော့ပင်က ကျွန်တော်တို့ရဲ့ဖောက်တွင်းအသိမ်းခံရတော့ ကျွန်တော်တို့တွင်းရာလိုက်ရှာနေတာ ဒီနေ့ပါဆိုသုံးရက်ရှိပြီလေ"

"အေး-ဟုတ်တယ်လေ"

"အိပ်မက်ထဲမှာလည်း ကျွန်တော်တို့လေးယောက် တွင်းရာလိုက်ရှာနေကြတာ နေရာတော်တော်လေးနဲ့တယ်။ အဲဒီမှာ သူရိန်တောင်ပေါ် တက်တော့ အတက်လမ်းကြောတစ်နေရာကသစ်ရိပ်တစ်ခုမှာ အဘိုးကြီးတစ်ဦး ဆေးတံဖွာရင်း ထိုင်နေတာတွေ့ရတယ်ဗျ။ အဲဒီမှာ ကျွန်တော်က ပြုံးပြပြီးနှုတ်ဆက်တယ်။ ဒီတော့ သူကမေးတယ်။ မင်းတို့ဘာလာလုပ်ကြတာလဲတဲ့။ ဒီတော့ ကျွန်တော်က မှန်သော့ပင်တွင်းဖက်စပ်က သိမ်းသွားလို့ ဖက်စပ်လွှတ်ရာမှာလုပ်ဖို့ တွင်းရာလာရှာကြောင်းပြောပြတယ်။ အဲဒီမှာ အဘိုးကြီးက ကဲလာ - ငါနဲ့လိုက်ခဲ့၊ ငါပြပေးမယ်ဆိုပြီး သူထိုင်နေရာအနောက်ဘက်တည့်တည့် တောင်တက်ရှေးဟောင်းမျောခွက်ဟောင်းတစ်ခုထဲကို ကိုင်းပင်တွေဖြဲပြီးခေါ် သွားတယ်ဗျ"

"ကောင်လေးတွင်းနေရာရောပြရဲ့လား"

"ဪ - ပြတာပေါ့ အဘရာ။ ကျောက်ကြီးရချင်ရင် ဟောဒီနေရာတည့်တည့်ဖောက်၊ အောက်မှာ သဲထူဖြုန်းကြောတစ်ကြောတွေ့လိမ့်မယ်။ ဖြုန်းက အဝါရောင်တဲ့ အဘရဲ့။ တွင်းဖောက်ရမယ့်နေရာကို ခြေထောက်နဲ့ အသေအချာဆောင့်ပြီးပြတာ။ မှတ်မှတ်ရရ သူပြတဲ့နေရာရဲ့ဘေးမှာ ကျောက်ခဲထောင်ထောင်ချွန်ချွန်ကြီးရှိနေတယ်။ ကျွန်တော်တို့တောင်ပေါ် တက်တဲ့လမ်းရဲ့အနောက်ဘက်မှာ အရင်ခေတ်စားခဲ့တဲ့လုပ်ကွက်နဲ့တော့ အတော်ဝေးတယ်။ လူတွေတစ်ခါမှမလုပ်ဘူးတဲ့နေရာပဲ"

"ဒါဆို တောင်ပေါ် တက်ပြီး သိပ်မဝေးခင်ပေါ့"

"ဟုတ်တယ်အဘ၊ အဲဒီနေရာတွေ တောင်ပေါ် ကွက်သစ်ပေါ် တော့လုပ်တုန်းက အမြဲဖြတ်သွားနေတော့ မှတ်မိတယ်"

"အေး - ဟုတ်ပြီ မောင်အုံ့ကြည်ရေ၊ အဘတို့အကြံအိုက်နေကြချိန်မှာ မောင်အုံ့ကြည်ရဲ့အိပ်မက်က တန်ဖိုးရှိလှသကွာ။ ကေန္တ - မင်းကို ရတနာမြေရဲ့အရှင်သခင်တွေက အိပ်မက်ပေးတာနေမှာ။ ကဲ - မောင်ဖဝေးရေ. . ."

"ဗျာ"

"တို့တွေ သူရိန်တောင်ကိုချီတက်ကြမယ်။ ထမင်းချိုင့်တော့မလိုဘူးပေါ့။ ကိုယ်စီရေထည့်ခဲ့ကြကွာ။ မောင်အုံ့ကြည်နေရာကိုသိတယ်နော်"

"သိပါတယ်အဘရာ၊ အဲဒီတောင်ကြောတစ်လျှောက် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

အရည်ကျိုသောက်ခဲ့တာပါဗျ"

"ကဲ-ကောင်းပါပြီဗျာ။ တောထဲသွားခါးပါမှတဲ့၊ ခါးကိုယ်စီယူခဲ့ကြပေ့။ ပြီးရင် ချီတက်ကြမယ်"

ဗိုလ်အောင်ဒင်မှာ စစ်ဝတ်စုံအပေါင်းနှင့် စစ်ဦးထုပ်၊ စစ်ဖိနပ်ကို အပြည့်အစုံဝတ်ဆင်ထားသည်။ ပင်စင်ယူပြီးသည်နှင့် ပခုံးမှ တပ်မတော်တံဆိပ်များနှင့် ဦးထုပ်မှ နိုင်ငံတော်တံဆိပ်တို့ ခွာချခဲ့ရပေပြီ။

■ **တွင်းနေရာတိကျစွာတွေ့ရခြင်း**

ဗိုလ်အောင်ဒင်၏ အိမ်ကား ကျောက် ပြဿဒ်အလယ်တန်းကျောင်း၏အောက်နား ကျောက်ဖျာသွားကား လမ်းဘေး၌ တည်ရှိသဖြင့် အပေါ်သို့ ပြန်တက်ကာ ကျောက်ပြဿဒ်-ကျောက်ဖျာလမ်းဆုံသို့ သွားရ၏။ ထိုမှ ကျောက်ပြဿဒ်အရှေ့ရွာ၊ အနောက်ရွာကို ကျော်ဖြတ်ပြီး သူရိန်တောင်လမ်းအတိုင်း တက်ခဲ့ကြသည်။

လမ်းတစ်လျှောက်၌ နေကြာချုံများ၊ ကိုင်းပင်များအပြည့်ပေါက်လျက်ရှိသည်။ သစ်ပင်ဝါးပင်တို့မှာ ခပ်ပါးပါးဖြစ်သည်။ ဖက်စပ်တွင်းများမချပေးမီကဆိုလျှင် ဤလမ်း၌ လူသွားလူလာမပြတ်သော်လည်း ဖက်စပ်ခေတ်ဝယ် လူသူကင်းမဲ့ကာ ခြောက်သယောင်းဖြစ်၍နေလေ၏။

"အဘ၊ အဲဒ ရှေ့ကသစ်ပင်ပဲဗျ"

"သေချာရဲ့လား ကောင်လေးရဲ့"

"သေချာပါတယ် အဘရာ၊ ကျွန်တော်က ဒီတစ်ဝိုက်ကိုအလွတ်ရနေတာဗျ"

"အေးကွာ - ဒါဆို မင်းပဲဦးဆောင်ပြီးဝင်ကွာ"

"ဟုတ်ကဲ့-ကျွန်တော့်နောက်လိုက်ခဲ့ပါ။ မှတ်မိပါတယ်"

မောင်အုံးကြည်သည် ကိုင်းခုတ်ဓားဖြင့် ရှေ့မှလမ်းထွင်ကာဝင်သွားသည်။ ဗိုလ်အောင်ဒင်တို့လည်း နောက်မှ တဖြည်းဖြည်းလိုက်ကြသည်။ အတန်ငယ်ဝင်သော် တောင်တက်မျှောခွက်ဟောင်းတစ်ခုအနီးသို့ရောက်လာသည်။ မျှောခွက်မှာ အပေါ်ယံမြေနီကြောကို တိုက်စားသွားခဲ့ခြင်း ဖြစ်သည်။ လူခါးစောင်းမျှသာနက်သောမျှောပက်လက်ဖြစ်လေ၏။ ထိုမျှောပက်လက်၏ရှေ့ဝယ် မြင့်မားသော ခဲထောင်ထောင်ကြီးကို မားမားကြီးမြင်တွေ့ရလေ၏။

"ဟောဒီ ခဲထောင်ထောင်ကြီးပဲ အဘရဲ့။ အဘိုးကြီးခြေနဲ့ဆောင့်ပြသွားတာ ဟောဒီနေရာပဲ"

ဟု မောင်အုံးကြည်က အတိအကျဆိုပါသည်။

"အိပ်မက်သာဆိုတာ တကယ့်ကိုဖြစ်နေသလားအောက်မေ့ရလောက်ကို ပီပြင်တာအဘရဲ့။ တောင်စောင့်နတ်က ပြပေးတာနေမှာ။စားရမယ့်ဖြူန်းအရောင်ပါပြောသွားတာဗျ"

"အေးကွ၊ ငါကလည်း ဘုရားရှိခိုးတိုင်း ဆိုင်ရာပိုင်ရာနတ်တွေကို မေတ္တာပို့ပြီးအမျှဝေလေ့ရှိတယ်ကွ။ အဲဒီရဲ့အကျိုးဆက်လေးတွေနေမှာပေါ့ကွာ။ ကဲ-မောင်ဖဝေးရေ တွင်းရာရှင်းပြီးသတ်မှတ်ကွာ။ ဒီနေ့ စနေနေ့ကွ၊ နေ့ကောင်းပဲ။ ဒီက သတ်မှတ်ပြီးရင် တို့တစ်တွေ နတ်ရုတ်ဘက်သစ်ဝါးသွားခုတ်ကြစို့လား"

"အဘလိုက်မနေပါနဲ့တော့။ နတ်ရုတ်ကဝေးတယ်။ အဘက ထမင်းချက်ပြီးစောင့်နေပါ။ ကျွန်တော်တို့ ကျောက်ဖျာကနေဖြတ်ဆင်းသွားလိုက်မယ်"

"အေးအေး - ကောင်းပါလေ့ သားတို့ရာ"

စိတ်ရင်းကောင်းသောဗိုလ်အောင်ဒင်အား အများကချစ်ကြသလို တွင်းသားလေးများကလည်း ချစ်ကြပါသည်။

"ကဲ - ဒါဆို အဘပြန်မယ်"

"ဟုတ်ကဲ့ပါအဘ၊ ဖြည်းဖြည်းပြန်ပါ"

■ **မည်သူမျှမဖောက်သောနေရာ၌**

ကျောက်ပြဿဒ်အနောက်ရွာဘက်မှဆင်းလာသော သူရိန်တောင်လမ်းအနောက်ဘက် ကိုင်းတောမြေနီပြန့်၌ ဖောက်နေသော ဗိုလ်အောင်ဒင်၏အဖွဲ့အား လမ်းသွားလမ်းလာတိုင်းက မြင်တွေ့နေရပါသည်။ ထိုနေရာ၌ ဘယ်ခေတ်ဘယ်အခါကမှ ဖောက်တွင်းဖောက်သည်ဟူ၍မရှိခဲ့ပါ။ စိတ်လည်း မဝင်စားကြပါ။ တောင်ပေါ်ရေပိုက်များတင်၍ လိုင်စင်ခေတ်မျှောတိုက်ကြသောအခါ ရေမြီးကိုင်၍ မျှောတိုက်ကြခြင်းသာရှိပါသည်။ ကျောက်ကားရှိပါ၏။ သို့သော် ခပ်ပါးပါးမျှသာထွက်သောနေရာတို့ဖြစ်သည်။ သို့ကြောင့် ထိုနေရာကိုဖောက်သော ဗိုလ်အောင်ဒင်အား 'ဆန်ပေါလို့ဖောက်တာ၊ ရှူးလို့ဖောက်တာ၊ မွဲ ချင်လို့ဖောက်တာ' စသည်ဖြင့် ကွယ်ရာ၌ အမနာပစကားဆိုကြသည်။ (ကျွန်ုပ်သည်ပင် ထိုအရိပ်အာဝါသမရှိသော ကိုင်းတောမြေနီပြန့်လေး၌ဖောက်နေသော ဗိုလ်အောင်ဒင်ကို သနားမိခဲ့ပါသည်။ ထိုစဉ်က ဂဃနဏမသိခဲ့ပါချေ။ ထိုစဉ်က ကျွန်ုပ်တို့သည် ရှေးဟောင်းမျှောမြောင်းမြီးထဲမှ သဲဟောင်းတို့ကို ရှာဖွေထမ်းချကာ ငမုန်းချောင်း ရေမှန်ခွက်၌ဆေးနေကြစဉ်ဖြစ်သည်။ အခြေတကျလုပ်ခဲ့ကြသောကွက်ရပ်တို့မှာ ဖက်စပ်များဆွဲကုန်ကြပြီဖြစ်သည်။ ထို့ကြောင့်ဖြစ်သလို အလွယ်တကူပေါက်ထမ်းဆေးလုပ်နေကြခြင်းဖြစ်ပေ၏။)

လုပ်ငန်းကျွမ်းကျင်နေ၍ လုပ်ရည်ကိုင်ရည်ပြည့်ဝသောလူငယ်တို့ဖြစ်ပေရာ တစ်ရက်ကို နှစ်ဆက်မျှပြီးအောင် ကြိုးစားပမ်းစားလုပ်ကိုင်ကြသဖြင့် ရက်အနည်းငယ်အတွင်းမှာပင် ဆယ်ဆက်အရောက်၌ ဖြူန်းအဝါရောင်ကြောကို စတင်တွေ့ရှိလေတော့၏။

မောင်ဖဝေးက အောက်၌နေ၏။ မောင်ကျော်ဝင်းက စက်သီးလှည့်၏။ မောင်အုံးကြည်က တက်လာသမျှ မြေစာတို့အား ပြန့်ဖြစ်အောင်စီ၍သွန်ကာ ဖြူန်းတလင်းဖြစ်အောင်ပြု၏။ ဗိုလ်အောင်ဒင်ကား သက်ကြီးရွယ်အိုဖြစ်ရာ မြက်ခုတ်ပေးခြင်း၊ သစ်ခုတ်ပေးခြင်း၊ ဝါးခုတ်ပေးခြင်း၊ ဒိုင်းဆံခုတ်ပေးခြင်း အစရှိသောတောက်တိုမည်ရ လိုအပ်သမျှကိုလုပ်ပေးရလေ၏။

"ဖြူန်းစတင်မယ်၊ ပုံထား"

"ဟုတ်ပြီ"

အောက်မှ တွင်းဆရာ၏အော်သံကို အပေါ်စက်သီးလှည့်သူက နားစွင့်ရသည်။ ခဏအတွင်းမှာပင် မြေနီမှမြေဝါသို့ပြောင်းသွားသဖြင့် ဖြူန်းကြောစတင်ပေါက်ပြီဖြစ်ကြောင်း သဘောပေါက်ကြလေ၏။ ဖြူန်းဝါစတင်တက်လာလေပြီ။

"အဘရေ၊ ဖြူန်းစပေါက်ပြီဗျ"

"အေးဟေ့ - မောင်အုံးကြည် အိပ်မက်က ကွက်တိပါပဲလား"

ဟု ဆိုကာ ပျော်ရွှင်ကြည်နူးကြပါသည်။ သို့သော် ဖြူန်းများများမတင်လိုက်နိုင်ပါ။ မိုးချုပ်စပြုပြီဖြစ်၍ အချိန်တန်သဖြင့် အိမ်ပြန်ကြရပေတော့မည်၊ အိမ်ရောက်သော် ရေမိုးချိုး၊ ချက်ပြုတ်စားသောက်ကြရပေဦးမည်။ ဤသည်မှာ တွင်းသမားတို့၏ နေ့စဉ်လည်ပတ်မှုသာ ဖြစ်ချေ၏။

■ **ဖြူန်းတုံးဖွဲ့ရာမှ**

မြေနီကျွတ်ကြော၌ ဖြူန်းဝါ[illegible] ထိုးထားခြင်းဖြစ်ပြီး ထိုဖြူန်း[illegible]ကြော

www.burmeseclassic.com

www.burmeseclassic.com

သည် စမြေဖြုန်းဝါကြော ဖြစ်သည်။ စမြေဖြုန်းသည် ရိုးရိုးစမြေမဖြုန်းမဟုတ်ဘဲ သဲထုစမြေဖြုန်းဖြစ်ရာ ကြံ့တောင့်ကြံ့ခဲ တွေ့ရန်ခဲယဉ်းသောဖြုန်းမျိုးဖြစ်သည်။

ဖြုန်းကြောသည် အနောက်ဘက်ပေါ်တော်မူတောင်ကြောဘက်သို့ဦးတည်ကြောင်း တွင်းဆရာမောင်ဖဝေးသိသည်။ တွင်းစအို၏အရှေ့ဘက်နံရံ၌ မြေနီနံရံသာရှိလျက် နှစ်တောင်ခန့်ရှိသော ဖြုန်းကြောသည် တွင်းစအိုနှင့် ကွက်တိမိနေသည်မှာ အံ့ဩဖွယ်ကောင်းလှပေ၏။

ပေါ်တော်မူတောင်ကမူ၏ အရှင်သခင်သည် ဗိုလ်အောင်ဒင်၏ကံကြောင့် မောင်အုံ့ကြည်ကို အိပ်မက်ပေးကာပြခြင်းဖြစ်ပေမည်။ အိပ်မက်ထဲကအတိုင်း ကွက်တိဖြစ်နေခြင်းက သက်သေပင်ဖြစ်သည်။

အောက်တစ်ဆက်ကျော့ကျော့သို့ အရောက်တွင် မြေနီကျွတ်အခံပြန်ရောက်သွားလေ၏။ ထို့ကြောင့် သည်တစ်ခွေသစ်ဝါးထည့်ပြီးသော် အနောက်သို့ ခေါင်းစားထိုး၍ဝင်ရပေတော့မည်။

လူငယ်တို့သည် ကြိုးစားလှ၏။ နံနက်လေးနာရီတွင် အိမ်မှသစ်ခုတ်ဝါးခုတ်ထွက်၏။ ဗိုလ်အောင်ဒင်က အိမ်မှ ထမင်းချက်၏။ ရှစ်နာရီတွင် သစ်ဝါးတို့ဖြင့်ပြန်ရောက်ကြ၏။ ရေချိုး ထမင်းစားကာ ကိုးနာရီကျော်ကျော်၌ တွင်းသုံးသစ်ဝါးများထမ်းကာ တွင်းတောသို့လာကြ၏။ ဗိုလ်အောင်ဒင်က နေ့လယ်စာထမင်းနှင့်ရေသယ်ရ၏။ညီညီညွတ်ညွတ်နှင့် ပျော်စရာကောင်းလှ၏။ လူငယ်များတွင်းခွေနေချိန်ဝယ် ဗိုလ်အောင်ဒင်သည် ဖြုန်းပုံမှ ဖြုန်းတုံးများကိုဖွဲ့၍ကြည့်နေပါသည်။

စည်းကမ်းအရဆိုသော် တွင်းသားတို့ ဖြုန်းတုံးဖွဲ့ခွင့်မရှိပါ။ ဖွဲ့ရင်းနှင့်ကျောက်ကြီးကျောက်ကောင်းပေါ်လာတတ်၍ဖြစ်သည်။ မရိုးသားသောတွင်းသမားသည် ဖွဲ့ရင်း ကျောက်ရခဲ့ပါက ခိုးသွားနိုင်၍ဖြစ်သည်။ ဖွဲ့ခွင့်ရှိသည်မှာ ပေါလံသာဖြစ်ပါသည်။ ပေါလံကား တွင်းပိုင် ဖြစ်သည်။ ထို့ပြင် ပေါလံအများစုသည် ဖြူစင်ရိုးသားစိတ်ရှိကြသည်သာဖြစ်၏။ ထို့ပြင် သူပိုင်တွင်းဖြစ်၍ဖြစ်သည်။

ဗိုလ်အောင်ဒင်သည် ဖြုန်းတုံးဖွဲ့နေရာမှ -

"ဟာ"

ဟု အသံထွက်လာကာ တံထွေးဖြင့်ဆွတ်၍ နေပဏ္ဏာနှင့်ထောင်ကြည့်နေလေ၏။ သူ၏လက်ထဲတွင် နီရဲနေသောပတ္တမြားကြီးတစ်ပွင့်ဖြစ်သည်။

"ကောင်လေးတွေ ငါတို့ထောပြီယော့။ အောက်က မောင်ဖဝေးကို အမြန်တက်ခဲ့လို့ပြောလိုက်"

"ဟုတ်ကဲ့ - အဘ"

"ဟေး - အောက်ကတွင်းဆရာ၊ အဘက အမြန်တက်ခဲ့ပါတဲ့"

ဟု အောက်ရှိ တွင်းဆရာအား တွင်းဝမှ အော်လိုက်သည်။ မကြာလိုက်ပါ၊ ခဏအတွင်း အမြန်တက်လာသော မောင်ဖဝေးသည် ချွေးတို့ဖြင့်ရွှဲနေကာ ဟောဟဲခတ်နေ၏။

"ဘာလဲ၊ ဘာလဲ အခြေအနေမကောင်းဘူးလား"

"ကောင်းပါတယ် မောင်ဖဝေးရာ၊ လုံထိန်းတွေလာလည်း အဘကိုမဖမ်းပါဘူးကွာ။မင်းကိုခေါ်ခိုင်းတာက ကျောက်ကြီးပြမလို့ကွ ဟောဒီမှာ"

"ဗျာ"

ကျောက်ကြီးကိုကြည့်ကာ မောင်ဖဝေး မှင်တက်မိသွားလေ၏။

"အဘက ဘယ်လိုရတာတုံး"

"ငါ ဖြုန်းတုံးဖွဲ့ရင်းပေါ်လာတာ မောင်ဖဝေးရ"

"ဟာ - ဒါဆို ပစ္စည်းတွေသိမ်း၊ အမြန်ပြန်မှရမယ်။ နောက်နေ့မှ အေးအေးဆေးဆေး အသားထည့်မယ်"

"အေး - ဟုတ်တယ် ကောင်လေးတွေ ပစ္စည်းတွေသိမ်းကွာ၊ ပြန်ကြမယ်။ တို့ ဒီနေ့အောင်ပွဲခံကြမယ်"

ဟု ဝမ်းပန်းတသာပြောကာ ပစ္စည်းများသိမ်းကာ ပြန်ခဲ့ကြလေ၏။ နေစောင်းစပြုနေပြီဖြစ်သည်။

■ ပြကျောက်

ဖြုန်းတုံးဖွဲ့ကြည့်ရာမှ ကျောက်ကြီး



ကျောက်ကောင်းရသည်ဟူသည်မှာ စင်စစ်ဖြစ်တောင့်ဖြစ်ခဲဖြစ်ပါသည်။ တစ်ရာတစ်ယောက် ထိုသို့မရဘူးပါ။ ပတ္တမြားရတနာနှင့်ထိုက်သောအခါ ဗိုလ်အောင်ဒင်သည် အလွယ်တကူပင် ပတ္တမြားအနီအစစ်ကြီးတစ်ပွင့်လက်ထဲသို့ရောက်ရှိခဲ့လေ၏။

ဤသည်မှာ ရအောင်ပြသော ပြကျောက်သာဖြစ်သည်။ ဦးစွာပထမ တွင်းသား မောင်အုံ့ကြည်ကို တွင်းရာပြပေး၏။ အိပ်မက်အတိုင်း မလွဲမသွေဖြစ်ကာ ဖြုန်းတုံးဖွဲ့ရာမှ ကျောက်ကြီးရခဲ့၏။ ထို့ကြောင့် မိုးကုတ်ဟူသည် တိမ်လျှင်တစ်ချက်၊ နက်လျှင်တစ်ကော်ဟု ဆိုရိုးပြုခဲ့ကြခြင်း ဖြစ်သည်။ နတ်တို့ကပြပေးသောအခါ လွယ်လိုက်သည်မှာ ပြောစရာမရှိပေ။

ကျောက်သည် လူကြီးလက်မခန့် လုံးလုံးဝန်းဝန်း ပုံဆောင်ခဲဖြစ်ကာ အရည်အသားမှာ ပြောစရာမလိုအောင်ကောင်းသလို အရွယ်နှင့်ပုံစံကလည်း စံထားလောက်အောင် ကောင်းမွန်၏။ ထို့ကြောင့် ထိုကျောက်ကြီးအား ဝအောင်ကြည့်ကာ သူတို့လေးယောက်စလုံး မြို့တက်ကာ ကုန်သည်ကြီးတစ်ဦးထံ ရောင်းလိုက်ပါသည်။

ဗိုလ်အောင်ဒင်သည် အချိန်တန်သောအခါ ပြကျောက်ကြီးကြောင့် သူဌေးကြီးတစ်ဦးဖြစ်သွားခဲ့ပါသည်။ သို့နှင့်ပင် သူတို့သည် သင့်တင့်သောအိမ်တစ်လုံးကို အမြန်စီစဉ်ကာ ဆောက်လိုက်ကြပြီး နောက်ထပ်တွင်းသားနှစ်ဦးထပ်ခေါ်ကာ တွင်းကို အင်တိုက်အားတိုက်လုပ်ကြလေ၏။

ဗိုလ်အောင်ဒင်ကား တွင်းတောသို့မလိုက်တော့ဘဲ အိမ်စောင့်အဖြစ် အိမ်တွင်အမြဲကျန်ရစ်၏။ဗိုလ်အောင်ဒင်ကျောက်ရသည်ဟူသောသတင်းက ဖုံးဖိ၍မရပါ။ ထို့ကြောင့် ဗိုလ်အောင်ဒင်၏ တွင်းပတ်ပတ်လည်၌ ကွက်သစ်ဖော်ကာ လူတို့ဝိုင်းဖောက်ကြလေ၏။

သို့သော် မည်သည့်တွင်းမှ ဖြုန်းမတွေ့ကြပေ။ ဗိုလ်အောင်ဒင်၏ဖြုန်းကြောသို့မှန်းဆကာ ရှေ့မှဖြတ်ကြပါသော်လည်း မကျောက် (ခေါ်) စကျင်ကျောက်နံရံတို့က ပိတ်ဆီးထားသဖြင့် မည်သူမျှဗိုလ်အောင်ဒင်၏ဖြုန်းကြောကို လုယူ၍မရပါ။

ဗိုလ်အောင်ဒင်အဖွဲ့မှာမူ ငမုန်းချောင်းရေရှိရာသို့ တစ်နေ့တစ်မုံ့ ပုံမှန်ထမ်းဆေးကြပါသည်။ အောက်ကျော

www.burmeseclassic.com

www.burmeseclassic.com

တို့မြိုင်လှချေ၏။ ကျောက်ကြီးကျောက်ကောင်းသော်မှုမရပါ။ ထောင်ကျောက်သောင်းကျောက်တို့သာ မြိုင်မြိုင်ရရှိပါသည်။ အမှန်သော် နတ်ကပြပေးထားသဖြင့်သာ ထိုသို့ရရှိခြင်းဖြစ်သည်။ ကျန်တွင်းတို့မှာမူ လက်လျှော့ကာ ပြန်ပြေးကုန်ကြပါသည်။ ဖြုန်းစဖြုန်းနပင်မြင်ခြင်းမရှိကြပါ။ ထိုနေရာသည် မြေနီတောင်ကြီးဖြစ်ရာ အစဉ်အဆက်ဖောက် တွင်းမရှိခဲ့ဘူးပေ။ စွတ်စွတ်ရွတ်ရွတ် ဗိုလ်အောင်ဒင်တစ်ဦးသာ ထူးခြားစွာအောင်မြင်သောနေရာဖြစ်ပေ၏။

ကံကောင်းသည်မှာ ဖြုန်းကုန်ချိန်နှင့် မိုးကျ၍ ဖောက်တွင်းများပျက်ချိန်သည် ကွက်တိဖြစ်နေလေ၏။ ကျောက်ကြီးကျောက်ကောင်းထပ်မပါတော့သော်လည်း အောက်ကျောက်များရောင်းရငွေမှာ မနည်းလှပေ။ နောက်ရောက်လာသောတွင်းသားနှစ်ဦးမှာလည်း စိုစိုပိုပိုလေးသုံးရပါသည်။ မိုးကုတ်ဟူသည်, ကံပေးကလွယ်ကူလှချေ၏။ တွင်းစမှန်သော ဗိုလ်အောင်ဒင်၏ အိမ်သည် ကျောက်ကုန်သည်တို့မျက်စိကျရာအိမ်ဖြစ်ခဲ့လေ၏။ မိုးကျသော် တွင်းခေတ္တနားကြပါသည်။

■ မမြဝင်း

မောင်ဖဝေးနှင့်မောင်အုံးကြည်တို့ မိမိတို့ဒေသသို့ ပြန်သွားခဲ့ကြပြီဖြစ်သည်။ မောင်ဖဝေးက ချင်းပြည်နယ်သို့ပြန်၏။ မောင်အုံးကြည်က ရပ်စောက်ဘက်ပြန်သွားသည်။ အိမ်တွင် ရွှေဘိုသားမောင်ကျော်ဝင်းနှင့် နောက်ထပ်ရောက်လာသော ကျောက်ဆည်မှ မောင်လှဖေနှင့် မောင်လှငွေတို့ ညီအစ်ကိုသာကျန်ရစ်သည်။

"အဘကဗိုလ်အောင်ဒင်ဆိုတော့ ခုချိန်မှာ မမြဝင်းလိုအပ်နေပြီနော်"

"မမြဝင်းမရှိလည်းနေတတ်ပါတယ် မောင်ကျော်ဝင်းရာ။ ရသမျှလေးတွေလှူနေတန်းနေတာနဲ့ပဲ ကျေနပ်ပါပြီမောင်ရာ"

"အဘ ကျွန်တော်နဲ့ ရွှေဘိုဘက်လိုက်ခဲ့ပါ။ ကျွန်တော်တို့ရွာမှာ မမြဝင်းဆိုတဲ့ကောင်မလေး တကယ်ရှိတယ်။ လှတော့ သိပ်မလှဘူး။ ဆင်းလည်းဆင်းရဲတယ်။ သူ့အဖေက သူများထန်းတောမှာ ထန်းအငှားတက်ရတာ။ ကောင်မလေးကလည်း ကြုံရာကျပန်းအငှားလိုက်ပေါ့ အဘရာ။ တကယ်သနားစရာကောင်းပါတယ်။ အဲဒါ ကောင်လေးနှစ်ယောက်ရကွာအပြည့်အစုံဝယ်ပြီးထားခဲ့ပါ။ အဘက ကျွန်တော်နဲ့လိုက်ခဲ့ပါ။ မမြဝင်းဆိုတာက ဖြူစင်ရိုးသားတယ်။ အဘအောက်ပြည်ကခေါ်လာခဲ့တဲ့မိန်းမမျိုး မဟုတ်ဘူး။ အဘ လှူတယ်တန်းတယ် ဆိုရာမှာလည်း အဘတစ်ယောက်တည်း လှူတာနဲ့ မမြဝင်းပါ ပူးတွဲလှူတာနဲ့ ဘယ်တူမှာလဲ။ အဘအတွက် ဆေးပေးမီးယူ မမြဝင်းကရှိကိုရှိမှဖြစ်မှာ"

"နေပါဦး မောင်ကျော်ဝင်းရဲ့ မောင်ရင်ပြောတဲ့မမြင်ဝင်းက အသက်ဘယ်လောက်ရှိပြီလဲ"

"အင်း- ဆယ့်ကိုးနှစ်ဆယ်ပဲရှိဦးမယ်ထင်တယ်"

"ဖြစ်ပါ့မလားမောင်ကျော်ဝင်းရာ။ အရွယ်က မိုးနဲ့မြေဟ"

"အိုဗျာ - ငွေရှိရင် ဘာမဆိုဖြစ်ပါတယ်။ အဘကလည်း သန်သန်မာမာကြီးပဲဟာ။ ကျွန်တော်နဲ့လိုက်ခဲ့၊ ကျွန်တော်တာဝန်ယူတယ်ဗျာ"

"ကဲ- ဒီလောက်တောင်ညွှန်းနေမှတော့ သွားဖို့စီစဉ်လိုက်တော့ကွာ။ ကောင်လေးနှစ်ယောက်အတွက် ကျောက်ပြဿဒ်ဆိုင်ကနေ အလုံအလောက်ဝယ်ပေးခဲ့မယ်။ ပြီးတော့ အသုံးစရိတ်ပါပေးခဲ့မယ် ဟုတ်ပြီလား"

"ကဲ - နက်ဖြန်မနက် ရွှေဘိုကားတွေအမီ ကျောက်ဖားကိုအရောက်သွားကြမယ်"

ဟု စီစဉ်လေ၏။ လိုအပ်သမျှစီစဉ်ညွှန်ကြားပြီးသော် မောင်ကျော်ဝင်းနှင့် ဗိုလ်အောင်ဒင်တို့ ကျောက်ဖားမှ ရွှေဘိုကားစောင့်စီးကာ ရွှေဘိုသို့သွားရောက်ပြီး ရွှေဘိုမြို့နယ်ရှိ ထန်းတောရွာသို့ ခရီးဆက်ကာ ရောက်ရှိသွားပါတော့သည်။

ရောက်သည်နှင့် မောင်ကျော်ဝင်းသည် ရွာ၌သြဇာရှိသောပုဂ္ဂိုလ်များထံ ချဉ်းကပ်ကာ မမြဝင်းကိုစွအား ဆွေးနွေးပါသည်။ ထိုအခါ မမြဝင်း၏ဖခင် ဦးရွှေနိုးကိုခေါ်ကာ ညှိနှိုင်းသမှုပြုသည်။ ထန်းတောတစ်တောကန်တော့မည်။ လယ်သုံးဧကကန်တော့မည်။ အိမ်တစ်လုံးဆောက်၍ကန်တော့မည်။ရပ်ရွာအတွက် ဘောလုံးအသင်းတစ်သင်းထောင်ပေးမည်ဟု ကမ်းလှမ်းရာ ဦးရွှေရိုးသည် မမြဝင်းနှင့်တိုင်ပင်ပါရစေဦးဟု ပြောကာ ပြန်သွားခဲ့လေ၏။

နောက်နေ့၌ မမြဝင်း၏သဘောတူညီမှုကိုရရာ ရွာလူကြီးများက ထန်းတောတစ်တောရအောင်ဝယ်ပေး၏။ လယ်သုံးဧကလည်း ရအောင်ဝယ်ပေး၏။ အိမ်တစ်လုံးအတွက်လည်း လိုရာတို့ကိုမှာပေး၏။ ရပ်ရွာအတွက် လူငယ်များဘောလုံးအသင်းအတွက် ရန်ပုံငွေနှင့် အကျီဘောင်းဘီများအတွက်လည်း ငွေပေးလှူ၏။ ဘုန်းကြီးကျောင်းသို့လည်း ပေးလှူ၏။

ဗိုလ်အောင်ဒင်သည် မမြဝင်းနှင့် အဆင်မပြေသွားရာ ရွာရှိလူငယ်တို့နှင့် တရှုန်းရှုန်းပျော်ရွှင်နေလေ၏။ အိမ်ကို အမြန်ဆုံးစီစဉ်ကာ ဆောက်ကြပါသည်။ ထိုအိမ်၌ပင် မင်္ဂလာဆွမ်းကပ်ကာ တစ်ရွာလုံး မီးခိုးတိတ်ကျွေးမွေး၏။ ထိုနေ့၌ပင်လျှင် စာတန်းများရိုက်နှိပ်ထားသော အကျီများ၊ ဘောင်းဘီဝမ်းဆက်များဝတ်ဆင်လျက် အခြားရွာနှင့် ဘောလုံးချိန်းကန်ကာ ဘောလုံးကွင်းဖွင့်ပွဲလုပ်၏။ ထိုအားကစားဘောင်းဘီအကျီတို့ဝတ်ဆင်ကာ ဗိုလ်အောင်ဒင်က ခေတ္တခဏဝင်၍ကန်၏။အသက်ကြောင့်ကြာကြာမကစားနိုင်ဘဲ စတိသဘောသာဝင်၍ကန်ပေးခြင်း ဖြစ်သည်။ သို့နှင့် အချိန်သည် တစ်လကုန်သွား၏။

တစ်လကုန်သွားသောအခါတွင် ဗိုလ်အောင်ဒင်နှင့် မမြဝင်းတို့သည် မောင်ကျော်ဝင်းနှင့်အတူ မိုးကုတ်ကျောက်ပြဿဒ်သို့ ပြန်ခဲ့ကြပါသည်။ ဗိုလ်အောင်ဒင်သည် ငယ်ငယ်ရွယ်ရွယ် မမြဝင်းကိုရခဲ့သည် ဟူသောသတင်းက ထိုတစ်ဝိုက် ပျံ့နှံ့သွားရာ သွားရောက်ကြည့်ရှုသူတို့ရှိကြလေ၏။ ကျွန်ုပ်ကား မရောက်ဖြစ်ပါ။ တစ်နှစ်ကျော်ကျော်ခန့်တွင် ဗိုလ်အောင်ဒင်နှင့် မမြဝင်းတို့မှ ကလေးတစ်ယောက် ဖွားမြင်ကြောင်း သတင်းရ၏။ သူ့ဟာနှင့်သူဟုတ်၍နေပါသည်။ စီးပွားရေးလည်း ပြေလည်ကြလေ၏။

ကျွန်ုပ် ၂၀၀၀ ပြည့်နှစ် မိုင်းရှူးသွား၍ ၂၀၁၀ တွင် မိုးကုတ်ပြန်ရောက်သောအခါ ဗိုလ်အောင်ဒင်တို့မရှိကြတော့ပေ။ မမြဝင်းက ဗိုလ်အောင်ဒင်အား သူ၏ဇာတိရွာသို့ခေါ်သွားကြောင်းသိရပေ၏။ တကယ်သော်မူ ထိုပြကျောက်ကြီးသည် ဗိုလ်အောင်ဒင်နှင့် မမြဝင်းတို့ ဖူးစာဆုံရန်ပြသောပြကျောက်ကြီးဖြစ်ခဲ့လေ၏။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com



၄

# မောင်သင်းထို
(ရေချိုက်မဲ)

# မွေးနေ့တိုင်းကြုံ အနိစ္စာရုံ

'လှည်း - ကိုး၊ မြင်း - ရှစ်၊ လူ-ဆယ့်တစ်' လို့ ရှေးကတော့ ဒီလိုစာဆိုရှိခဲ့ဖူးပါတယ်။အဓိပ္ပာယ်က ခရီးဘာညာသွားကြလို့ရှိရင် လှည်းနဲ့သွားကြမှာလား။ လှည်းက ကိုးစီးဖြစ်နေရင် မသွားကောင်းဘူး။ ဒီတော့ နောက်တစ်စီးထပ်ရှာကြ။ ဒါမှမဟုတ် တစ်စီးလျှော့လိုက်၊ ဒီလိုကိုး။ ရှမ်းပြည်နယ်တွေမှာတော့ လှည်းမပြောနဲ့ ကားပေါ်မှာ ဒရိုင်ဘာအပါအဝင် ကိုးယောက်ဖြစ်နေရင် လမ်းဘေးကကျောက်ခဲတစ်လုံးကို စတီသဘောကောက် 'မောင်ကျောက်ခဲရေ ဒီခရီးမှာမင်းလည်း လိုက်ခဲ့ပေတော့ကွာ' ဆိုပြီးဆယ်ယောက်နဲ့ သွားတတ်ကြပါတယ်။ လိုရာခရီးရောက်ရင် မမေ့မလျော့နဲ့ ကိုကျောက်ခဲကို ချပေးကြတာလည်း အလုပ်တစ်ခုပါ။ အဲဒါကိုဘာပြုလို့လုပ်ကြတာလဲဆိုတော့ အဘကိုးမြို့ရှင်နှင့် အမေပုလဲယဉ်တို့စိုးမိုးကဲ့ အရပ်ဒေသတွေမို့လို့ ကိုးဂဏန်းဆိုရှောင်ကြတာလို့လည်း ပြောပါတယ်။ ဒါရှေးကတည်းက ခုထိပါ။

ဥပါဒါန်ကြောင့်ဥပဒ်ရောက်တယ်လို့ပဲပြောပြော လူတွေဟာ ခရီးသွားကြတော့မယ်ဆိုရင် ဘယ်သူမှ စိတ်စနောင့်စနင်းမခံချင်ကြပါဘူး။ ဒီတော့လား မြင်းတွေနဲ့ ခရီးသွားကြမယ်ဆိုရင် ရှစ်ဂဏန်းကိုရှောင်တယ်။ လူတွေနဲ့ခရီးသွားကြမယ်ဆိုရင် ဆယ့်တစ်ယောက်ဘယ်တော့မှမသွားဘူး။ မတော်တဆ ခရီးသွားကြလို့ လမ်းမှာ တစ်ယောက်ခလုတ်တိုက်ပြီဆိုရင်ကို အဲဒါကြောင့်နေမှာဆိုပြီးအစွဲရှိကြတော့ အစကတည်းက ရှေးစကားဆို မပယ်တာ မကောင်းဘူးတဲ့လားဗျာ။

မှတ်မှတ်ရရ ဒီနေ့က ၂၀၀၅ ခု၊ မတ်လ ၂၇ ရက်၊ တော်လှန်ရေးနေ့။

ပြင်ဦးလွင်ကနေ (၄၂) မိုင်ဝေးတဲ့ မန္တလေးကို ဦးမျိုးထွဋ်ရဲ့ကားအသစ်အဖြူလေးစီးပြီးမှ လူငါးယောက်ဆင်းလာခဲ့ကြပါတယ်။မန္တလေးမှာ နှစ်(၇၀)မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားလုပ်မှာမို့ အဲဒီမှာ ဖက်ဆစ်တော်လှန်ရေးမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့တဲ့ ပြင်ဦးလွင်မြို့ ရွာသစ်ကလေးမှာနေတဲ့ ဦးမျိုးထွဋ်ကို အခမ်းအနားမှာ စကားတက်ပြောဖို့ ဖိတ်တာနဲ့ ဆင်းလာခဲ့ကြတာပါ။

စီစဉ်တဲ့လူက သက်နိုင်(ပြင်ဦးလွင်) ဆိုတဲ့ စာရေးဆရာ၊ သတင်းစာဆရာ။ စာရေးဆရာအသင်းမှာ သူက [illegible]ပါ။



www.burmeseclassic.com

www.burmeseclassic.com

သူ့မှာခွေးဘီလူးကားအဖြူလေးရှိတော့ ဘယ်သွားသွား အဆင်ပြေပါတယ်။ ဆက်သွယ်ရေးလည်းကောင်းပါတယ်။ ကားမောင်းလည်း ကျွမ်းကျင်ပါတယ်။ ဦးမျိုးထွဋ်က ဒီလိုပဲ စာရေးဆရာ မန္တလေးကိုဆင်းကြမယ်။ ခင်ဗျားကားလေးထားခဲ့။ ကျုပ်ကားအဖြူလေးနဲ့ သွားမယ်။ နောက်ထပ်လိုက်ချင်တဲ့လူနှစ်ယောက် လောက်ခေါ်ခဲ့ပါဦးဆိုတော့ ကိုသက်နိုင်က စာရေးဆရာတွေထဲမှာ နှံ့စပ်တဲ့ မောင်ကြည်သော် (ကောလင်း) နဲ့ ကျွန်တော့်ကိုရွေးခေါ်ပါတယ်။

လူအများနဲ့ ခရီးသွားကြရတဲ့အခါ ကိုယ့်အတွက်နဲ့ စောင့်ရပြုရမဖြစ်ရလေအောင် အဲဒီမနက်က ပြုနေကျ လမ်းလျှောက်အစီအစဉ်ကိုဖျက်၊ စောစောထ၊ ကိုယ်လက်သန့်စင်၊ ရေချိုးကျိုးပြီး ဘုရားရှိခိုးပါတယ်။ ပရိတ်ရွတ်၊ ပုတီးစိပ်ပြီးတော့ ဆွမ်းကျက်တာနဲ့ ဆွမ်းကပ်ပါတယ်။ တော်လေးကြာတော့ အိမ်ရှေ့လမ်းပေါ်ကနေတီတီဆိုတဲ့ကားလေးဟွန်းသံကြားရတော့တာပါပဲ။ ကိုသက်နိုင်က ခရီးသွားတဲ့အခါတွေမှာ ဝိရိယကောင်းတဲ့သူပါ။ မနေ့ကတည်းက (၆) နာရီချိန်းထားတာ။ မတ်တင်းဆို လာခေါ်ပါပြီ။

မောင်ကြည်သော်ကတော့ အစောကတည်းက သိင်္ဂီလမ်းပေါ်က လက်ဖက်ရည်ဆိုင်က စောင့်နေပြီလို့ ကိုသက်နိုင်ကို ဖုန်းဆက်ထားသတဲ့။ ကောင်းပါပေ့ဗျာ။ ဒီဆရာကလည်း ဝီရိယသမားပါ။ ခရီးတစ်ခုကိုသွားတော့မယ်ဆိုရင် အစကတည်းက အဆင်ပြေတော့ကောင်းတာပေါ့။ အဲဒီကနေမှ လူစုံတော့ ရွာသစ်ကလေးမှာနေတဲ့ ဦးမျိုးထွဋ်အိမ်သုံးယောက်သား ကားလေးနဲ့လာခဲ့ကြပါတယ်။ မှတ်မှတ်သားသား ကားလမ်းကိုလာတော့ မော်ဒန်ကဗျာဆရာတစ်ယောက်ရဲ့ကဗျာစာသားတစ်ခုကိုတောင် သွားအမှတ်ရလိုက်မိပါသေးတယ်။

*မလိုအပ်ပါဘဲ*

*လမ်းတွေကလည်းကုန်းကုန်းကွ*

*ဂျုန်း ဂျုန်း ဂျုန်း*

ဦးမျိုးထွဋ်တို့အိမ်အသွားကတ္တရာလမ်းပေါ်မှာပဲ လမ်းကို ကန့်လန့်ဖြတ်အထစ်အထစ်တွေလုပ်ထားတော့ ကားကို လေးနေရာလောက်ကို အရှိန်လျှော့သတိနဲ့မောင်းရတဲ့နေရာတွေရှိပါတယ်။ ဘာမှအမှတ်အသားလည်းလုပ်မထားတာမို့ ဒီလမ်းအကြောင်းမသိတဲ့ သူစိမ်းနည့်သည်တွေဆိုရင် မမြင်မစမ်းနဲ့ ညအမှောင်တွေမှာ ဒီအရံအတားဖုထစ်တွေကြောင့် မတော်တဆယာဉ်တိုက်မှုတွေကြုံနိုင်တာမို့ အန္တရာယ်များလွန်းလှပါတယ်။ ဒါကြောင့် ဒီလမ်းကို နေ့ညသွားလာနေရတဲ့ ကိုထွန်းဦးဆိုတဲ့လူတစ်ယောက်ကတော့ သင်္ဘောဆေးအဖြူသုတ်ပေးထားရဦးမယ်လို့ ဆိုပါတယ်။

ရွာသစ်ကလေးက ဦးမျိုးထွဋ်တို့အိမ်ရောက်တော့ ဦးမျိုးထွဋ်က ဝီရိယကောင်းတယ်။ အရန်သင့်ဖြစ်နေပေါ့။ မတ်လထဲရောက်လာပေမယ့် ပြင်ဦးလွင်မှာကတော့ အအေးဓာတ်ကရှိနေတုန်းပါပဲ။ ဦးမျိုးထွဋ်ကိုကို အဲဒီနေ့ကကြည့်တော့ တိုက်ပုံအင်္ကျီအဖြူ ပုဆိုးကလည်းအဖြူရောင်ကွဲတဲ့ပုဆိုးနဲ့။ ခေါင်းဆောင်းဦးထုပ်တောင် မပါပါဘူး။ ဖိတ်စာရယ်၊ ပိုက်ဆံအိတ်အနက်တစ်လုံးရယ်ပဲပါပါတယ်။ ဒါနဲ့ ကိုသက်နိုင်က သူ့ကားကိုဦးမျိုးထွဋ်တိုက်ရှေ့ထိုးထားခဲ့ပြီး ဂိုဒေါင်ထဲက ကားအသစ်ဖြူလေးနဲ့ ထွက်လာခဲ့ကြပါတယ်။

"ဆရာ ဦးကြည်သော်၊ ထိုင်ရတာအဆင်ပြေလား၊ ညီဦးလွင်ခေါ်ဦးမလား"

"ခေါ်လေ၊ နောက်တန်းမှာသုံးယောက်ထိုင်လောက်ပါတယ် ခေါ်ပါ"

ဦးမျိုးထွဋ်တို့က ဆောက်လုပ်ရေးရှေ့ ဂန္ထဝင်ဆည်းဆာ ကဖေးထဲထိုင်နေကြတုန်း ကျွန်တော်က ညီဦးလွင်ကိုဝင်ခေါ်ရပါတယ်။ အိမ်မှာမရှိဘူး၊ ရုံးစောင့်အိပ်တယ်ဆိုလို့ ရုံးထဲကို တံခါးပုတ်နှိုးပေးမယ့် အာသံမှမကြားရပါဘူး။ မနက် (၆) နာရီခွဲလောက် စောတော့စောပါသေးတယ်။ ရုံးထဲက အိမ်တစ်အိမ်ထဲက လူတွေထိုင်နေကြတာမြင်လို့မေးမှ ဟောဟိုအိမ်ထဲမှာဆိုလို့ တစ်ခါပြန်သွားနှိုးရ ပြန်ပါတယ်။

"ကိုညီဦးလွင်၊ ကိုညီဦးလွင် ဆရာကြည်အောင် ကျောက်တိုင်စိုက်ပွဲလိုက်မလား"

"လိုက်မယ်"

"လိုက်မယ်ဆို လာခဲ့တော့။ ဂန္ထဝင်ဆည်းဆာကစောင့်မယ်"

ကိုညီဦးလွင်ဆိုတဲ့လူ လူကောင်ကကြီးသလောက် အတော့်ကိုနွေးထွေးတဲ့လူပါ။ ဦးမျိုးထွဋ်လိုလူကြီးကိုမှ အားမနာ။ အတော်ကြီးစောင့်ရပါတယ်။ ဒီလိုနဲ့ ကားလေးက လူစုံလို့ထွက်တော့ မနက် (၇) နာရီတောင်ခွဲလုနေပါပြီ။

ဖေ့ဘုတ်ပေါ်မှာရော ကျွန်တော်နဲ့ ကိုသက်နိုင် ဗိုလ်ချုပ်ရာပြည့်မဂ္ဂဇင်းတွေလိုက်ဖြန့်တုန်းကပါ ဆရာကြည်အောင်ကျောက်တိုင်စိုက်ထူပွဲ ဦးပညာကျောင်းမှာကျင်းပမည်ဆိုတာ ကြားပါတယ်။ သိပါတယ်။ အတော်စောစောကတည်းက မောင်နွေထက်ကလည်း ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ခရီးတွေများနေတာနဲ့ ရောက်ဖြစ်ကြလိမ့်မယ်မထင်ပါဘူး။ ဦးကိုလေးနဲ့တွေ့တော့ အင်တာနက်ပေါ်တင်ထားတဲ့ မောင်နွေထက်ဖိတ်စာကို ဖတ်ရပါသေးတယ်။ မတ်လ ၂၇ ရက်နေ့၊ တော်လှန်ရေးနေ့မှာဆိုတာ မသိပါဘူး။ ခုတော့ ဦးမျိုးထွဋ်ကို မန္တလေးက နှစ်(၇၀)မြောက်ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားဖိတ်တာနဲ့ ကျွန်တော်တို့လိုက်ဖြစ်ရင် ဦးပညာကျောင်းကိုပါ ရောက်ရတော့မှာပါ။ ပွဲကနှစ်ပွဲပါ။

ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားလုပ်မှာက ရတနာပုံတက္ကသိုလ်နဲ့ မဝေးပါဘူး။ ကျောက်တိုင်စိုက်ပွဲလုပ်မယ့် ဦးပညာကျောင်းကလည်း ဒီနား တစ်ဝိုက်မှာမို့ အဆင်ပြေလှပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ရာပြည့်နှစ်ပါ။ ဗိုလ်ချုပ်ရာပြည့်ပွဲတွေ မြို့အနှံ့ကျင်းပကြရင်း ဖက်ဆစ်တော်လှန်ရေးနေ့ပါ ကျင်းပကြပုံရပါတယ်။ ကိုသက်နိုင်က တော်လှန်ရေးနေ့အခမ်းအနားကျင်းပမယ့်နေရာ အရင်မောင်းပါတယ်။ နီးရဲတဲ့အလံတွေတလူလူလွင့်လို့ပါ။ ဦးမျိုးထွဋ်ကို လူတွေကဂုဏ်ယူစွာ ကြိုဆိုကြပါတယ်။ စောလို့လူတွေမရောက်ကြသေးတာနဲ့ ကျွန်တော်တို့အဖွဲ့ ဆရာကြည်အောင်ကျောက်တိုင်စိုက်ပွဲဆီ ဆက်လာခဲ့ကြပါတယ်။ အခမ်းအနားက (၉)နာရီမှရှိတော့ ဒီမှာကလည်း စောနေပါသေးတယ်။ ဒါနဲ့ ဦးမျိုးထွဋ်ရဲ့တော်လှန်ရေးနေ့ပွဲကျင်းပရာ ပြန်လာခဲ့ကြပါတယ်။

အံ့ဩစရာပါ။ ဒီနေ့က ဦးမျိုးထွဋ်ရဲ့မွေးနေ့ပါ။ ပြင်ဦးလွင်ကအိမ်မှာကျန်တဲ့မြေးတွေသားသမီးတွေက အထိမ်းအမှတ်သက်နိုးတွေလှူ ကိန်းမုန့်တွေလုပ်နေကြတဲ့ကြားက ဦးမျိုးထွဋ်ကထွက်လာခဲ့တာပါ။ ဒီနေ့ဆိုရင် ဦးမျိုးထွဋ်က အသက်(၈၉)နှစ်ကျော်လို့ (၉၀) ထဲရောက်နေပါပြီ။

ဦးမျိုးထွဋ်ဆိုတာက ကွန်မြူနစ်ကြီးပါ။ ကွန်မြူနစ်ဆိုလို့ ကြမ်းကြမ်းတမ်းတမ်းကြီးမထင်ပါနဲ့။ လူက ဖြူဖြူပုပုလေးသေးပါ။ ဦးမျိုးထွဋ်ရဲ့ဂယ်စဉ်ကတ အလွန်ပဲဆင်းရဲပါတယ်။ ကွန်မြူနစ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း အထင်ကြီးကိုးကွယ်ခဲ့သူပါ။ ဒါပေမယ့် ကွန်မြူနစ်စနစ်ကကြမ်းတမ်းလွန်းပါတယ်။ နွားတွေ့ရင်ဟင်း၊ လူည်းတွေ့ရင်ထင်းလို့ အဆိုရှိပါတယ်။ ဘုရားကျောင်းကန်တွေဖျက်ဆီး၊ ဘုန်းကြီးရဟန်းတွေကို အတင်းလူဝတ်လဲခိုင်း၊ ကြမ်းတမ်းတဲ့အပြုအမူမျိုးတွေကျတော့ ဦးမျိုးထွဋ်ကမကြိုက်ပါဘူး။

နောင်ကွန်မြူနစ်စာအုပ်တွေဖတ်ရှုလေ့လာတော့ မြန်မာနိုင်ငံရဲ့အရေးဟာ ကွန်မြူနစ်စနစ်နဲ့သွားမှပဲရတော့မှာလို့ ခံယူပြီးမှ ကွန်မြူနစ်စနစ်ဆွဲခဲ့တာပါ။ အင်္ဂလိပ်စာကိုတောင် အဲ့ကသင်ခဲ့ရတာပါ။ ဦးမျိုးထွဋ်ဟာ ကိုကိုးကျွန်းပြန်ကြီးပါ။ အကျဉ်းသားတွေ ကိုကိုးကျွန်းမှာ အစာငတ်ခံဆန္ဒပြကြတဲ့အထဲ ဦးမျိုးထွဋ်ပါပါတယ်။ နောင် ဂျာနယ်တွေထဲမှာ ဆောင်းပါးရေးတော့ ရဲဘော်မျိုးထွဋ် (ကိုကိုးကျွန်းပြန်) ဆိုတဲ့ကလောင်နာမည်နဲ့ နိုင်ငံရေးဆောင်းပါးတွေအများကြီးရေးသားခဲ့ပါတယ်။ ဦးမျိုးထွဋ်ရဲ့တခြားကလောင်နာမည်က ရမည်းသင်း-သက်ပျင်းပါ။ 'ဘုံဘဝမှာဖြင့်'အခန်းဆက်ဆောင်းပါးတွေရေးတဲ့သခင်တင်မြဟာ ဦးမျိုးထွဋ်နဲ့ ပြိုင်ဘက် စာရေးဆရာပါ။ နောင်မှ သခင်တင်မြဆောင်းပါးထဲက ဟာကွက်မှားကွက်တွေကို ထောက်ပြခဲ့သူဟာ ဦးမျိုးထွဋ်ပါ။

ဗမာပြည်မှာ ဗိုလ်ချုပ်အောင်ဆန်း ပထမဦးဆုံး ဖွဲ့စည်းခဲ့တဲ့ ဘီအိုင်အေတပ်မတော်မှာ ဦးမျိုးထွဋ်ဟာ တပ်သားအဖြစ် စတင်အမှုထမ်းခဲ့သူပါ။ ဒီနေ့လက်ရှိမှာလည်းပဲ သက်ရှိထင်ရှားကျန်သေးတဲ့ ဘီအိုင်အေရဲ့တပ်သားဟောင်းကြီးတစ်ယောက်ပါ။ အဲဒီတုန်းက ဖက်ဆစ်ကိုတော်လှန်ကြတဲ့နေရာမှာ တပ်မတော်သားရော၊ တိုင်းရင်းသားတွေရော၊ ဖဆပလအဖွဲ့တွေသာပါဝင်ခဲ့တဲ့အတွက် မတ်လ ၂၇ ရက်နေ့ကို တော်လှန်ရေးနေ့လို့ပဲ သတ်မှတ်ထားတဲ့အကြောင်း ဦးမျိုးထွဋ်က စင်မြင့်ပေါ်က နေဟန်ပါပါ ဟောတော့ တော်လှန်ရေးနေ့အခမ်းအနား တက်ရောက်လာခဲ့ကြတဲ့သူတွေက တစ်ခဲနက်အားပေးကြတာ မြင်ရပါတယ်။

"မြို့ထဲသွားစာအုပ်တွေသွားဝယ်ကြချေစို့လား"

"ဟုတ်ကဲ့ - အဘ၊ ကျွန်တော်တို့လည်း စာအုပ်တွေကြည့်ချင်ပါသေးတယ်"

ဖက်ဆစ်တော်လှန်ရေးအခမ်းအနားမှာ ဦးမျိုးထွဋ်က အမှတ်တရစကားတက်ပြောပြီးတဲ့နောက် ဦးမျိုးထွဋ်က အတော်နဲ့မပြန်သေးပါဘူး။ တခြားကျောင်းသားတွေပြောတာတွေနားထောင်နေတာမှ အကြာကြီး။ သုံးနာရီလောက်မှ မြို့ထဲရောက်၊ လူထုစာအုပ်တိုက်နဲ့ ထွန်းဦးစာပေတွေမှာဝင်ကြ၊ စာအုပ်တွေရှာကြကြည့်ကြသေးတယ်။ ဦးမျိုးထွဋ်က ဗိုလ်ချုပ်အထိမ်းအမှတ်စာစောင် မဂ္ဂဇင်းတွေဝယ်တယ်။ မန္တလေးမှာနေချင်ပြန်တော့ မန္တလေးရောက်သခိုက် ဦးမျိုးထွဋ်က သူ့သားသမီးမြေးမြစ်ရှိရာလိုက်ဝင်သေးတယ်။ ဦးမျိုးထွဋ်က မှတ်ဉာဏ်အတော်ကောင်းသူပါ။ သူ့သားသမီးတွေရှိရာလမ်း၊ အိမ်နံပါတ်ကစလို့ တစ်ချက်မလွဲပြောနိုင်တယ်။ တော်လှန်ရေးနေ့အခမ်းအနားစင်မြင့်ပေါ်မှာ ဦးမျိုးထွဋ်တက်ပြောရတုန်းက တော်လှန်ရေးကာလတုန်းကအဖြစ်အပျက်တွေကို ပြောရတဲ့အခါ ခုနှစ်၊ သက္ကရာဇ်၊ အချိန်၊ နေရာ ကာလကစလို့ အတိအကျပြောတဲ့အခါ ဘာစာရွက်စာတမ်းမှမပါဘဲ လက်တန်းချည်းပြောခဲ့သူမို့ အသက်အရွယ်ကြီးရင့်လာတဲ့တိုင် အမှတ်သညာကောင်းပုံက အံ့ဩစရာတွေပါ။

မန္တလေးကနေ ပြင်ဦးလွင်ကို ကျွန်တော်တို့အဖွဲ့ ပြန်တက်ခဲ့ကြတော့ ညနေ (၅) နာရီလောက်ရှိနေပါပြီ။ ကျွန်တော်က မနက်ပြင်ဦးလွင်ကနေစထွက်တော့ ကျောက်တောင်စေတီကို ကားပေါ်ကနေ လက်အစုံနဲ့ရှိခိုးခဲ့ပါသေးတယ်။ ဒီမန္တလေး-လားရှိုးလမ်းမကြီးပေါ် အစုန်အဆန်သွားလာနေကြတဲ့ ခရီးသွားသူအပေါင်း ဘေးရန်ကင်းရှင်းကြပါစေ။

"ကျွန်တော်တော့ဗျာ ရန်ကုန်က ရွှေတိဂုံစေတီမြတ်ကြီးကို ဖူးချင်စိတ်ပေါ်လာတာနဲ့ ကျောက်တောင်ဘုရားတက်ဖူးတာပါပဲ"

ဆရာဦးကြည်သော်ပြောသလိုပါပဲ။ ကျောက်တောင်မြို့ဦးစေတီက ရွှေတိဂုံပုံစံတူတည်ထားလို့ ကြည်ညိုစရာပါ။ တောင်ဘက်စောင်းတန်းတက်ကလေးကလည်း ရွှေတိဂုံစောင်းတန်းနဲ့အတော်ကိုတူပါတယ်။ ကျွန်တော်က တောင်စဉ်တောင်တန်းတွေပေါ်မှာ တည်ထားတဲ့ မြင့်မြင့်သမျှ စေတီတော်အဆူဆူကို လက်အုပ်ချီကန်တော့ပါတယ်။ နတ်စင်၊ ကိုးမြို့ရှင်ရွှေ့ပါမကျန် ဘေးအန္တရာယ်ကင်းအောင်လို့ပါ။

"ကျွီး . . . ဟီ . . . ဟီ . . . ဟီ"

တောင်တွေအတက် ကားတက်သံကပြင်းတော့ ကျွန်တော်တစ်ချက်အငိုက် ကားဘရိတ်သံကြောင့် နေရာက လန့်နိုးလာပါတယ်။ ကိုသက်နိုင်ကို မေးကြည့်တော့ တစ်ခါက မီးသတ်ကားမှောက်တဲ့နေရာမှာ။ ရှေ့က (၂၂) ဘီးကုန်ကားကြီးက အချက်ပြမီးနဲ့ကျော်တက်ဖို့ သတိပေးတာနဲ့ ကျော်အတက်၊ မမျှော်လင့်ဘဲ ကားကြီးရဲ့အောက် ယခင်ထဲက တစ်ပေလောက်ဘေးထွက်နေတဲ့ သံတူးရွင်းကြီးကြောင့် ဘေးချရှောင်လိုက်ရတာ ကံသီလို့ပါလား။ ကျွန်တော် ဘုရားတောင်မှတ,လိုက်မိပါတယ်။

ပြင်စာကို ကျော်လာတော့ ကိုသက်နိုင်က ဦးမျိုးထွဋ်ကို သုခချမ်းသာကလေးဂေဟာပြချင်တာနဲ့ ကားတွေဝင်ပေးတယ်။ အဲဒီနေ့က ဦးဖုန်းမြင့်အောင်မရှိဘူးဆိုတာနဲ့ ပြန်ထွက်လာခဲ့ကြပါတယ်။ ကားမီးမဖွင့်ရပေမယ့် မှောင်နေပါပြီ။

"ကျွီး . . . ဟီ . . . ဟီ . . . ဟီ"

"ဖြစ်ပြန်ပလား ဘာပါလိမ့်"

တော်ပါသေးရဲ့။ ကားဆရာကိုသက်နိုင်ကားမောင်းကျွမ်းကျင်လို့သာပေါ့။ ညာဘက်က ဆိုင်ကယ်တစ်စီးက ကားလမ်းကို ဖြတ်အကူး၊ ဘရိတ်ဖမ်းတာဦးလို့ပါလား။ နို့မို့ဖြင့်လား ကျော်မကောင်းကြားမကောင်း။

အဲဒီမှာ ဦးမျိုးထွဋ်က သူ့ဘဝအတွေ့အကြုံတွေပြောတော့တာပါပဲ။ သူကိုယ်တိုင်က ရုပ်ဝါဒီ ကွန်မြူနစ်ကြီးပေမယ့် အဖြစ်တွေက ဆန်းကြယ်လွန်းတော့ အံ့ဩစရာတွေချည်းပါ။ မတ်လ ၂၇ ရက်သူ့မွေးနေ့ရောက်တိုင်း အိမ်မှာမနေရ၊ ခရီးထွက်ဖြစ်ပုံ၊ ခရီးထွက်တိုင်း အက်စီးဒင့်တစ်ခုခုကိုကြုံရပုံပြောပြတော့ ကားပေါ်ကလူတွေအားလုံး မျက်ခုံးလှုပ်ကုန်ကြတယ်။ ဘာမှအရေးမကြီးဘူး။ ကိုသက်နိုင် ကားကိုဖြည်းဖြည်းသာမောင်းလို့ ပြောတယ်။

ဦးမျိုးထွဋ်ခြံကိုအဝင် သက်ပြင်းချမယ်လုပ်ကာမှ ကားအောက်ဆီက ပေါက်ကွဲသံကြီးလို ကျယ်လောင်တဲ့အသံကြားလိုက်ရပါတယ်။ ကားပေါ်ကလူတွေမဆင်းမိဘဲ ဂိုဒေါင်ထဲအဝင် ကားကနိမ့်တော့ အောက်ကသံတန်းနဲ့ တိုက်မိတဲ့အသံကြီးပါ။ ဩော် - မွေးနေ့မှာ ဘာမှကြုံဘူးဆိုပေမယ့် တစ်ခုခုကတော့ ကြုံလိုက်ရပါသေးကောလား။

မောင်သင်းထုံ(ကော[illegible])



www.burmeseclassic.com

www.burmeseclassic.com



# စိန်လင်းထက်
(နေပြည်တော်)

# ကြွက်ကျားကြားက ကြွက်ပြေးသူကြီး

ကျွန်တော် မွေးဖွားကြီးပြင်းခဲ့ရာ ကြွက်ပြေးရွာကလေးသည် (၂၀၀၃ - ၂၀၀၄) ခုနှစ်များမှ စတင်ပြီး ရွာငါးရွာ ပေါင်းစုစေလျက် မြို့ပြင်အသွင်ဖြင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ကြီးဖြစ်ပေါ်လာ၏။ ထိုသို့ အိမ်ခြေတစ်ရာ၊ ငါးဆယ်ခန့်ရှိ ရွာသိမ်ရွာငယ်ကလေးဘဝမှ အိမ်ခြေသုံးထောင်ကျော်ရှိ ရွာမက၊ မြို့မမည်နှင့် တိုးတက်စည်ကားလာ၍ ခေတ်မီသည့်ရပ်ကွက်ကြီးတစ်ခုဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဝမ်းသာကြုံဆိုရပါ၏။ သို့သော် မည်သို့ပင် တိုးတက်ခေတ်မီစေကာမူ အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်ဆိုသည့် စကားပမာ ရာနှုန်းပြည့်တော့ ဝမ်းမသာနိုင်ချေ။

အကြောင်းကားရှိပါ၏။

ရယူပိုင်ဆိုင် စံစားရသည်က နည်းနည်း၊ တစ်ဖက်မှာ ရွာအိမ်၏ခြံဝင်း ကျယ်ကြီးများနှင့် နှစ်ရှည်စားပင်သီးပင်များပါမက လယ်ယာဥယျာဉ်နှင့်ဝန်းကျင်ရှိ သဘာဝအင်းအိုင်စမ်းချောင်းရေတံခွန်တို့ပင်မကျန် တောတောင်များစွာ အပြီးတိုင် ပျောက်ကွယ်ဆိတ်သုဉ်းခဲ့ရပြီဖြစ်သောကြောင့် နှမြောတသပြီး ဝမ်းနည်းဖွယ် အစားထိုး၍မရနိုင်ပါသော နစ်နာဆုံးရှုံးမှုများဖြစ်ပါတော့သည်။ မည်သို့ပင်ဖြစ်စေ ဆယ်စုနှစ်များတိုင် ကြာညောင်းခဲ့ပြီဖြစ်သော်လည်း ကိုယ့်ရွာနှင့်လယ်ယာဥယျာဉ်တို့အားလည်းကောင်း၊ သဘာဝတောတောင်များအား လည်းကောင်း မကြာခဏ သတိရနေခြင်းများနှင့်အတူ တောရွာဓလေ့၊ တောရဲ့အငွေ့အသက်တို့သည်လည်း အသစ်တဖန်ဖြစ်ပေါ်လာမိပြန်ပါ၏။

ကျွန်တော်၏ဖခင်ဖြစ်သူ ဦးလှဖေသည် ကျွန်တော် ဆယ့်ငါးနှစ်အရွယ်ကျောင်းသားဘဝ၌ သူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်သော ရွာသူကြီးဖြစ်သူ ဦးသာအောင် ကျားနှင့်ရင်ဆိုင်တွေ့ပြီး သည်းထိတ်ရင်ဖိုစွာ အနိုင်ရခဲ့သည့် ဇာတ်လမ်းကလေးတစ်ပုဒ်အား ပြောပြခဲ့သည်ကို အမှတ်ထင်ထင်ရှိလာပြီး လွမ်းမောတသစွာ ထပ်မံတင်ပြလိုက်ရခြင်းဖြစ်ပါ၏။

■

အချိန်ကာလသည် ၁၉၅၈ ခုနှစ်။ ထိုစဉ်က လှဖေတို့ ကြွက်ပြေး (ကျွတ်ပြေးမဟုတ်ပါ) ရွာကလေးသည် ပျဉ်းမနားမြို့နယ်တွင် ပါဝင်လျက် အိမ်ခြေတစ်ရာခန့်သာရှိ၏။ ရွာအနောက်ဘက်တွင် လယ်ဧကတစ်ရာ့ငါးဆယ်ကျော်ကျော်ခန့် လယ်ကွင်းငယ်တစ်ခုသာ ရှိ၏။ လယ်ကွင်း၏အစပ်များတွင် ကုန်းကွက်ယာခင်းများသည် တောအုပ်ကို နောက်ခံပြု၍ တည်ရှိနေကြသည်။ ရွာနှင့် လယ်ယာများ၏ မြောက်ဘက်တစ်ခေါ်ခန့်တွင် အနောက်မှ အရှေ့သို့ ကွေ့ကောက်စွာစီးဆင်းသော ငါးလိုက်ချောင်းတစ်ချောင်းရှိသည်။ ထိုအရာများမှလွဲ၍ တစ်ခွင်လုံးမှာ တောအတိသာဖုံးလွှမ်းလျက်သာရှိနေသည်။ ပထဝီအနေအထားအရဆိုလျှင် ပဲခူးရိုးမအရှေ့မြောက်ဘက်ခြမ်း ရေလဲ၏ အ[illegible]





www.burmeseclassic.com



တည်ရှိသောကြောင့် ရိုးမအနီးကလေး ရွာကလေးဟုဆိုရမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရွာဝန်းကျင်တောတွင်း၌ သားရဲတိရစ္ဆာန်မျိုးစုံရှိနေကြပြီး ကျား၊ ကျားသစ်၊ တောခွေးမှအစ တောဆင်အုပ်များအထိ ကျက်စားလျက်ရှိနေကြသည်။

ရွာကိုသူကြီးအဖြစ် ကိုသာအောင်မှ အုပ်ချုပ်လျက်ရှိ၏။ ကိုလှဖေနှင့် ကိုသာအောင်တို့သည် ငယ်သူငယ်ချင်းများဖြစ်ကြ၍ ယခင်ကာလများထဲမှ ဝါသနာအရ တောလည်တောလိုက် အတူတကွသွားကြလေ့ရှိ၏။ သားကောင်ရသည့်အခါရှိသလို မရှိသည့်အခါလည်းရှိ၏။ ချေ၊ တောဝက်နှင့် စိုင်၊ ဆတ်တို့အား လုံ့မှဆိုး ကိုဖိုးတင်ဦးဆောင်လျက် ခွေးများ မား၊ လုံ၊ ဒူးလေးတို့ဖြင့် ရွာသားများပါ စုပေါင်းပြီးအမဲလိုက်ကြခြင်းဖြစ်သည်။

သူကြီးကိုသာအောင်၏ အိမ်တွင် မိဘနှစ်ပါးရှိကြစဉ်ကတည်းက ရောက်ရှိနေထိုင်လာခဲ့သော မိခင်၏ မောင်ဝမ်းကွဲတော်စပ်သူ ဦးသာလူဆိုသည့် အသက် ငါးဆယ်အရွယ် လူပျိုပိုင်းကြီးတစ်ယောက်

www.burmeseclassic.com

ရှိသည်။ အရာရာစိတ်တိုင်းမကျ၊ စိတ်ကလည်းတိုတတ်သလို နေရာတကာ ဆရာကြီးလည်းလုပ်တတ်ပြီး သူကြီးနှင့် သူကြီးကတော်တို့အပေါ်တွင်လည်းကောင်း၊ အိမ်ရှိစာရင်းငှားနှစ်ယောက်တို့အပေါ်တွင်လည်း အတော်ဩဇာညောင်းတတ်သလို လူကောင်ပုသလောက် လေလုံးကထွား၏။ မျက်လုံးပြူး၍ အကြောက်အလန့်ကြီးသူလည်းဖြစ်ပြီး ယောင်တတ်ပြုတတ်သူလည်းဖြစ်သည်။ သို့သော် အိမ်နှင့် လယ်ယာလုပ်ငန်းခွင်ကိစ္စများကျတော့ အလွန်စိတ်ချရသောသူဖြစ်သည်။

■ **သူကြီးကိုသာအောင်ကျားပစ်ခဲ့ခြင်း**

ဖုသျှနက္ခတ်နှင့်ယှဉ်၍ မကာရရာသီမည်သော လမြတ်ပြာသိုလ်သည် ငွေနှင်းမှုန်များ တဖွဲဖွဲကျဆင်းလျက်ရှိကာ ညခင်းသစ်ပင်များ နေကွယ်စပြုသည်နှင့် ဆောင်း၏ အေးမြမှုကစ၍ ချမ်းစိမ့်စိမ့်လေးဖြစ်လာသည်။ တောတောင်တို့နှင့် နီးကပ်စွာရှိနေခြင်းကြောင့်လည်း အလွန်အေး၏။ ဆောင်းလေပြေကလေးသွေးလိုက်ပြန်တော့ ပိုပြီးအေးလွန်းသည်ဟုထင်ရပြန်သည်။

ထိုစဉ်အခိုက် ဒိုင်းခနဲသေနတ်တစ်ချက်ပစ်လိုက်သံ၏ပဲ့တင်သံကြောင့် ရွာအတွင်းရှိ အုန်းပင်အလက်များကြား၌ အိပ်တန်းဝင်စ ဆက်ရက်ငှက်အုပ်တို့ပင် ဝေါခနဲ လန့်ဖျပ်အော်မြည်ပျံသန်းသွားကြသည်။ ည(၇)နာရီခန့်လောက်တွင် ကင်းသမား လှမောင်လာပြော၍ သူကြီးက သူ့အိမ်သို့အမြန်လာရန်ခေါ်သဖြင့် လှဖေနှင့် လုံမုဆိုး ကိုဖိုးတင်၊ အစ်ကိုဖြစ်သူ ကိုစံခိုင်နှင့် ရွာသားဆယ်ယောက်တို့ သူကြီးကိုသာအောင်၏အိမ်အောက်သို့ စုံညီစွာရောက်လာရ၏။

သူကြီးကိုသာအောင်မှာ မျက်စိမျက်နှာပျက်လျက်ဖြစ်နေပြီး သေနတ်ပစ်လိုက်သံ၏အကြောင်းစုံကိုပြန်ပြောပြရာတွင် ရွာအနောက်ဘက်နှစ်ခေါ်ခန့်ဝေးသော ကျောက်အိုးစမ်းဘေးရှိ လယ်ရိုးဝ၏တောစပ် ဆားငံအိုင်၌ ချေသုံးကောင် ညနေခင်းတိုင်း ဆားငန်ရေလာသောက်လေ့ရှိသောကြောင့် နှစ်လုံးပြူးသေနတ်နှင့်ပစ်ရန် ကြိုတင်စောင့်လျက်ရှိနေသည်ဆို၏။ အတန်ကြာမျှ စောင့်ဆိုင်းနေသော်လည်း ချေများဆင်းလာခြင်းမရှိဖြစ်နေသည်။ ထပြန်တော့မည်အပြု သူ၏ တောင်ဘက်ခပ်လှမ်းလှမ်းရှိ မလှမ်းမကမ်းအရောက် တောကြက်သည် ဝါးပင်အထက်ကိုင်းဖျားတွင် နားနေလျက် ကတောက်နေဆဲပင်ဖြစ်သည်။

"တောကြက်တွေဟာ နေ့အခါ ပစ်ခတ်လို့မလွယ်ဘူး။ အလွန်လျင်၊ အလွန်ပါးနပ်တဲ့ အကောင်တွေ"

ဟု လှဖေက ပြောလိုက်သည်။

သူကြီးမှ -

"အေး- ဟုတ်တယ်၊ ဒါကြောင့်လည်း ငါတောကြက်ရဲ့မျက်ကွယ်ဖြစ်တဲ့ အနောက်ဘက်တောစပ်က လှည့်ဝင်ရတာပေါ့"

ဟု ဆက်ပြော၏။

သို့ဖြင့် တောရိပ်ခိုအသွား ရှေ့တွင် တောငှက်ပျောပင်တို့ ထူထပ်စွာပေါက်နေလျက်ရှိသော စမ်းချောင်းကရှိနေ၍ ထိုစမ်းချောင်းပေါ်၌ ကန့်လန့်ဖြတ်လဲကျနေသော သစ်ဆိမ့်ပင်ကြီးတစ်ပင်သည် တံတားသဖွယ်လဲကျနေပြီး ထိုအပင်လဲ၏တစ်ဖက်ထိပ်တွင် တောကြက်နားနေသည့်ဝါးရုံပင်သို့ရောက်၏။ ထိုသစ်ဆိမ့်ပင်လဲနေသောတုံးအတိုင်းလျှောက်သွားကာ ခုလတ်မှ အနီးကပ်ကြက်ပစ်မည့်အခိုက် တုံးအောက်ငှက်ပျောတောထဲက ဝေါင်းခနဲ ထိတ်လန့်ဖွယ်မာန်ဖီလိုက်သော ကျားဟိန်းသံကြီးကြောင့် ငုံ့ကြည့်ပြီး ခေါင်းပိုင်းကြီးသို့ စက္ကန့်အတွင်းစရိတ်ကျည်နှင့် ကျည်မနှင့်ပါ ပစ်မိလျက် ခြေလက်များတဆတ်ဆတ်တုန်၍ သေနတ်လည်းလွတ်ကျကျန်ခဲ့ပြီး ကြောက်လန့်တကြားထွက်ပြေးလာခဲ့ရကြောင်း ရှည်လျားစွာ ပြောပြလိုက်၏။ နွမ်းနယ်ဟန်ဖြင့် အနီးရှိစားပွဲပေါ်မှ ရေနွေးကြမ်းတစ်ခွက်ကိုယူကာ တဂွတ်ဂွတ်မြည်အောင် သောက်နေ၏။

"တော်တော်ကံကြီးတယ်ဆိုရမယ်ဗျ။ ဒီလို နတ်တော်၊ ပြာသိုလတွေမှာ ကျားများမိတ်လိုက်တတ်တဲ့ရာသီမျိုးမို့ အစားမာန်၊ သားသမီးမာန်၊ မယားမာန်တဲ့ မာန်သုံးမာန်ထဲမှာ မယားမာန်ဟာ အဆိုးဝါးဆုံးပေါ့ဗျာ။နှောင့်ယှက်တားဆီးမှုမှန်သမျှ ဘာကိုမှမရှောင်ဘူး၊ အသေအကျေ တိုက်ခိုက်တက်ကြတယ်။ ကျားတင်မဟုတ်ဘူး ဘယ်သတ္တဝါမျိုးမဆို ဒီလိုမျိုးပဲရှိတတ်ကြတယ်သူကြီးရ"

ဟု လုံမုဆိုးကိုဖိုးတင်က သူ၏ မုဆိုးအတွေ့အကြုံများကို ပြောပြလိုက်သည်။

"ကိုဖိုးတင်ပြောတာတွေ မှန်ပါတယ်။ ဒါကြောင့်လည်း ကျည်မကျည်နဲ့ စရိတ်ကျည်ပါနှစ်မျိုးစလုံးပစ်ခဲ့မိလိုက်တယ်။ ကျားကိုထိတော့ထိသွားတယ် ထင်ရတာပဲ။ အရေးကြီးတာက နှစ်လုံးပြူးသေနတ်ပြန်ရှာပေးစေချင်တာဗျ"

ဟု သူကြီးမှ အားကိုးတကြီးပြောလိုက်၏။

"ဒီညတော့ မှောင်နေပြီ။သွားရှာဖို့ မသင့်ဘူးသူကြီးရဲ့"

ဟု ကိုစံခိုင်မှ တွေးတွေးဆဆ ပြောလိုက်သည်။

"ဟ-ဘာလို့မသင့်ရမှာတုံး။တို့လူစုများ သားပဲ"

"မှောင်တော့ မီးတုတ်လုပ်သွားမှာပေါ့ ကတဲဗျာ သတ္တိနည်းပုံ"

ဟု တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသည့် ဦးသာလူက ယခုချက်ချင်းသွားရှာလိုဟန်ဖြင့် မကျေမနပ်ဝင်ပြောလိုက်၏။

"ဒီလိုမျိုးအလွယ်ကလေးမပြောနဲ့ ကိုသာလူရဲ့။ ကျားက မသေသေးဘဲ ကျားနာဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ ပြီးတော့ ညကြီးမိုးချုပ်ထဲမှာ အလွန်အန္တရာယ်ကြီးလွန်းတယ်။ မသိရင် ဝင်ပြီး အရမ်းမပြောနဲ့"

ဟု ကိုဖိုးတင်မှ ဘုဆတ်ဆတ်ဖြင့် ကျွဲမြီးတိုပြောလိုက်တော့ ဦးသာလူ မလှုပ်သာဖြစ်သွား၏။

"ကိုဖိုးတင်နဲ့ ကိုစံခိုင်တို့ပြောတာတွေဟာမှန်ပါတယ်ဗျာ။ ကျုပ်ကလည်း အခုချက်ချင်းသွားရှာကြဖို့ ဆိုလိုတာမဟုတ်ပါဘူး။ မနက်မိုးလင်းလင်းကျင်းကျင်းရှိမှ သွားရှာကြတာသာကောင်းပါတယ်"

ဟု သူကြီးကိုသာအောင်မှ ပြေရာပြေကြောင်းဝင်ပြောသည်။ သူကြီးအိမ်မှ အားလုံးထပြန်ကြစဉ် ကိုဖိုးတင်တို့နှစ်ယောက်နှင့် စကားအရာမချေပနိုင်၍ ထင့် -

"ကတဲဗျာ - နေ့ရှေ့ညရှေ့ဆောင်ကိုင်နေကြသေး။ ကျားမိုးတုန်း ဟောသလိုတိမ်း၊ ဖျတ်ခနဲ တစ်ကွက်တက်၊ စလွယ်ခုတ်ချလိုက်ရင်ပွဲသိမ်း"

ဟု အပြောလေးနှင့်အတူ ဦးသာလူ တစခန်းထပြီး သူ့အရပ်နှင့် မတိမ်းမယိမ်းရှိ ငှက်ကြီးတောင်ဓားတဝင့်ဝင့်ဖြင့် ဗျူဟာသိုင်းရေးပြနေပြန်သဖြင့် ကိုဖိုးတင်နှင့် ကိုစံခိုင်တို့က လှောင်ပြုံးပြုံးသွားကြ၏။ လှဖေကမူ ကြောက်လန့်ဟန် ကိုယ်လုံးတွန့်ပြသွားရာ သူကြီးမှာရယ်လျက်ကျန်ခဲ့သည်။

ဤသို့ဖြင့် နောက်တစ်နေ့နံနက်ပိုင်း၌ ကျောက်အိုးစမ်းတောနေရာသို့

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးတင်တို့လူတစ်စု ဓား၊ လှံကိုယ်စီကိုင်ဆောင်၍ ရောက်ရှိလာကြ၏။ ယခင် သူကြီးတောရိပ်ခိုသွားပစ်ခဲ့သည့်နေရာမှမသွားကြဘဲ ဆန့်ကျင်ဘက်တစ်လမ်းဖြစ်ရာ စမ်း၏အောက်ဘက်ပိုင်းမှ အထက်ဘက်ရှိထိုနေရာသို့သွားကြရ၏။ စမ်းမှာ ရေစပ်စပ်သာစီးနေသော်လည်း တောငှက်ပျောပင်များထူထပ်စွာရှိနေသဖြင့် ရှေ့မှ ကိုစံခိုင်သည် ဓားဖြင့် ငှက်ပျောပင်များအား တဝုန်းဝုန်းခုတ်ထွင်၍သွားနေသလို အနီကပ်ပြီး ကိုဖိုးတင်ကလည်း အသင့်အနေအထားဖြင့် လှံကြီးချိန်ရွယ်လျက် လိုက်ပါလာ၏။ မရဲသော်လည်း ပြေးခဲစေ ဆိုစကားအရ တွန့်ဆုတ်တွန့်ဆုတ်နှင့် နောက်မှလိုက်ပါလာကြသော လူတစ်စုအနက် နောက်ဆုံးမှ ခါးတောင်းကျိုက်ပြီး ငှက်ကြီးတောင်ဓားတဝင့်ဝင့်နှင့်လိုက်ပါလာသည့် ဦးသာလူမှ ဤသို့လှမ်းအော်ပြောလိုက်၏။

"တိုးကြပေါ့တိုးကြ၊ တွေ့ရင် လက်မနှေးနဲ့"

"လက်ဦးပလေ့စေ။ ဘာကျားမို့တုံး ကြောက်စရာမလိုဘူး"

ဟု အားပေးအားမြှောက်ကြွေးကြော်နေ၏။ သူ့ရှေ့မှ ကျောက်ဖြူနီးလှမောင်သည် ဦးသာလူကြီးကိုစနောက်ချင်လာသဖြင့် ဤသို့ပြောလိုက်၏။

"ကြောက်စရာလိုသမှသိပ်ကိုလိုသဗျ ကိုကြီးလူရ"

"ဩော်ဩော် - နင်သိပ်ကြောက်နေသပေါ့၊ ကြောက်ရင်နေရစ်ခဲ့ ဒါပဲ"

"ကိုကြီးလူ ခင်ဗျားကျားကမသေဘဲ သူကြီးကျန်ရစ်ခဲ့တဲ့သေနတ်နဲ့ ပြန်ကောက်ပစ်နေရင်ခတ်မယ်"

"ဒါကိုလည်း ထည့်တွက်ထားဦး"

ဟု လှမောင်၏မှင်သေသေစကားကြောင့် ရုတ်တရက်ဟုတ်နိုးနိုးထင်မှတ်သွားသော ဦးသာလူမှ တွေခနဲတစ်ချက်ဖြစ်သွား၏။

"ဟေ - အေးဟ စဉ်းစားစရာပဲ။ အဏာအကွယ်ယူသွားကြမှထင်တယ်။ မတော်ထိပ်တိုက်ကျားနဲ့တိုး ခွကျ. . . ဟာ - သောက်ခွေး မဟုတ်မဟတ်"

ပြီးမှသဘောပေါက်သွားဟန်တူကာ သူလန့်၍ရေရွတ်လိုက်လေသည်။ လှံမှဆိုး ကိုဖိုးတင်တို့နှစ်ယောက်သည် ရှေ့ပေ (၆၀) ဆယ်ခန့်၌ ဦးခေါင်းပွင့်ပြီး လဲကျသေဆုံးနေပြီဖြစ်သော ကျားသေကြီးအား တွေ့မြင်လိုက်ကြ၏။ ပို၍သေချာသိအောင် ကိုစံခိုင်မှ ကျောက်ခဲဖြင့် ပစ်ပေါက်ကြည့်သောအခါ ကျားသေကို ဘုတ်ခနဲထိမှန်၏။ ကျားကား မလှုပ် ယခင်အတိုင်းသာဖြစ်နေ၏။ ကိုဖိုးတင်သည် အစ်ကိုဖြစ်သူ ကိုစံခိုင်အား စကားအချို့တိုးတိုးပြောလိုက်လေသည်။ ကိုစံခိုင်မှ ခေါင်းညိတ်ပြလိုက်၏။ ခဏအကြာတွင် ကိုဖိုးတင်မှစပြီး ဟန်ပါပါဖြင့် နောက်သို့ပတ်လက်လှန်လှဲချလိုက်၏။

"ဟားဟား- ကျားကမသေသေးဘူးပြေးလာပြီဟ"

"ဟုတ်တယ်၊ ဟာ - ကျား ကျားခုန်အုပ်. . . အမယ်လေးဗျ"

ဟု ကိုစံခိုင်ကပါ ကြုံးအော်၍ နောက်သို့ထိုးလှဲချလိုက်ပြန်၏။ နောက်မှလူတစ်စုသည်လည်း အလွန်ကြောက်အားကြီးသွားကြပြီး နောက်လှည့်အပြေးတွင် အချင်းချင်းတိုက်မိတိုးမိ၍ လဲပြိုကုန်ကြ၏။ ပြီးမှ နီးစပ်ရာသစ်ပင်ဝါးရုံပင်များသို့ ကြောက်ကြောက်လန့်လန့်အတင်းဖက်တက်သွားကြလေသည်။ ဦးသာလူတစ်ယောက်မှာ သစ်ပင်တွေဒီလောက် ပေါများစွာရှိနေသော်လည်း ကြောက်လွန်းလွန်း၍ မျက်စိများပြာဝေနေပြီး တစ်ကိုယ်လုံးယိမ်းယိုင်နေလျက် ဟိုးပြေးရမလိုဒီပြေးရမလိုနှင့် သစ်ပင်ရှာမတွေ့ ပျာယာခတ်နေလေသည်။

"ဦးလေးလူ၊ အဲရှေ့က သစ်ပင်ကိုအမြန်တက်ပါတော့လား မြန်မြန်တက်"

ဟု သစ်ရာပင်တစ်ပင်ပေါ် ရောက်နေသော ကိုလှဖေက သတိပေးအော်ပြောလိုက်မှ နီးရာသစ်ပင်ကိုအတင်းဖက်တက်သွား၍ အပင်ပေါ် သို့ချောမောစွာရောက်သွားပြီး စိတ်ချလက်ချဖြစ်ပြီဟုတွေးတုန်း သစ်ပင်သည် သူ၏အလေးချိန်ကို မခံနိုင်ဖြစ်သွား၏။ ပင်စည်တဖြည်းဖြည်းကွေးညွတ်လာ၍ အိခနဲမြေသို့ညွတ်ကျသွား -

"ဟဲ့ - ပလုတ်တုတ်တွေကွဲ"

ဟု ယောင်အော်ကာ သူပါ ဒူးတုပ်လျက် မြေပြင်သက်ဆင်းလာ၏။ ခြေနှင့်လက်တို့လွတ်သွားစဉ် သစ်ပင်က နဂိုမူလအတိုင်း ပြန်ထောင်မတ်သွား၏။

"လုပ်ကြပါဟ. . . ကျား. . . ကျား. . . ကျ"

ဟု ကယောင်ချောက်ချားအော်ပြီး ထိုအပင်သို့ ကြောက်လန့်တကြားပြန်ပြီးဖက်တက်သွား၏။ အပေါ်သို့ရောက်လျှင်ရောက်ချင်း သစ်ပင်ကမဆိုင်းမတွထုံးစံအတိုင်း မြေသို့ပြန်ပို့စဉ်သည်အခါတော့ မျောက်တစ်ကောင်ပမာ လက်နှစ်ဖက်က သစ်ကိုင်ကိုမြဲစွာကိုင်၍ အလိုက်သင့်ဟန်ချက်ညီနေ၏။ သို့သော် ခါးဝတ်ပုဆိုး ဘာမရှိ ကြွဆင်းတော်မူလာပြန်လေ၏။

"အဲ့. . . အဲ့. . . အေ့. . . ဂေ့"

ဟု အော်လိုက်ပြန်ပြီး တတိယအကြိမ်မြောက် အမှတ်သည်းခြေမရှိပြန်၍ သည်အပင်ပဲအတင်းဖက်တက်နေပြန်သဖြင့် အမြင်ကတ်လှ၍ ကိုစံခိုင်မှ ထိုသစ်ပင်အရင်းသို့ပြေးသွားပြီး ဓားမဖြင့် ဒုတ်ခနဲမြည်အောင်တစ်ချက်တည်းပိုင်းချလိုက်၍ မျက်စိရှုပ်သက်သာသွားရတော့သည်။ သူတက်မိသောအပင်မှ ပေါင်လုံးခန့်ရှိ ဝက်ချော်လျှော်ပင်ဖြစ်၏။ အနှစ်သေး၍ အခေါက်ပါးအသားထူသဖြင့် ဝက်လျှော်ပင်ဟု ခေါ်တွင်ကြပါသည်။ တောဒေသခလေ့ကြိုးကျစ်အသုံးပြုရာတွင် လျှော်ဆုတ်လို့ရ၏။ နွယ်ယောင်ပင်ယောင်ပင်မျိုးသာဖြစ်ပြီး ဆတ်ခနဲကျိုးသွားခြင်းမရှိ ပျော့ပြောင်းပြောင်းရှိသောအပင်မျိုးသာဖြစ်ရာ ဓားဖြင့်မခုတ်ဘဲကွေးညွှတ်လိုက်လျှင် ပင်စည်ဘယ်အခါမှ ကျိုးပြတ်သွားခြင်းမရှိသောအပင်မျိုးဖြစ်သည်။ ပင်စည်အမြင့်မှာ ဆင်ဦးတစ်တိုက်ခန့်ရှိ၍ ပင်ရင်းက ယောကျ်ားပေါင်းလုံးခန့်သာရှိ၏။ အရင်းကြီး၍ အဖျားရှူးသွယ်လျက်ရှိသည်။ ထိုအပင်မျိုးမှာ လူတစ်ယောက်၏အလေးချိန်ကို မခံနိုင်ပါ။ ဦးသာလူတက်မိသောအပင်သည် ဤအပင်မျိုးဖြစ်၏။ သတ္တိခဲကြီးဦးသာလူတစ်ယောက် မိမိအဖြစ်ကိုဖုံးကွယ်လျက် အရှက်ပြေကလေးဖြင့် အောက်ပါအတိုင်း ရင့်ကျူးလိုက်တော့၏။

"ဩော် - သာအောင်ဖေ၊ သာအောင်တကတဲဗျာ ကံကြီးလို့သာပေါ့။ ကျားပါးစပ်ထဲမရောက်တာ"

"ကြက်သွားပစ် ကျားနဲ့တိုးတော့ကြက်ကျား ကြားက ကြက်ပြေးသူကြီးလို့ဆိုလိုက်ချင်ရဲ့"

ဟု ကြွေးကြော်အော်ဟစ်လိုက်ပါတော့သတည်း။

စိန်လင်းထက် (နေပြည်တော်)



www.burmeseclassic.com


www.burmeseclassic.com

ခင်ထွန်းသည် အသက် (၁၀) နှစ် အရွယ် (၄) တန်းကျောင်းသားအရွယ် အထိ အတိတ်ဘဝဇာတ်ကြောင်းကို ပြန်လည်ပြောပြနိုင်သောဇာတိဿရဉာဏ် ရရှိသူတစ်ဦးဖြစ်သည်။ ဇာတိဿရဉာဏ် ရရှိသူ ခင်ထွန်း၏ လူဝင်စားဘဝအတိတ် ဇာတ်လမ်းကြောင်းကိုစာဖတ်သူများ သိသာရန်ရေး သားပြပါတော့မည်။

တစ်နေ့သ၌ မုံရွာမြို့နယ် အလုံမြို့ လှည်းတန်းရပ်ကွက်တွင် တစ်ရပ်ကွက်လုံးပွက်ပွက်ဆူညံသွားပေသည်။ လက်ပံပွင့်ချိန် ခွေးရူးချိန် ဆိုသည့် အညာဒေသ၏ တပေါင်းလတွင် လက်ပံပွင့်များရဲရဲနီပွင့်နေချိန် ခွေးရူးတစ်ကောင် လှည်းတန်းရပ်ထဲသို့ဝင်၍ သောင်းကျန်းရာ အိမ်တိုင်းလိုလို မွေးထားသော ခွေးကောင်းများနှင့်လည်းကိုက်နေသဖြင့် လှည်းတန်းရပ်ကွက်သား လူလတ်ပိုင်းနှင့် လူပျိုကာလသားတစ်သိုက်သည် မနေသာတော့ဘဲ တွေ့ရာတုတ်ဓားနှင့်အုတ်ခဲများကိုကိုင်ကာ ခွေးရူးနောက် အုပ်စုလိုက်ဝိုင်းလိုက်ကြပေသည်။ ခွေးရူးသည်ကားတွေ့သည့်အိမ်မှ ခွေးကောင်းများနှင့် သူနိုင်ကိုယ်နိုင်အပြိုင်ကိုက်ကြရာ အိမ်ခွေးများက ခွေးရူးကိုမနိုင်ပေ။ ခွေးရူးနှင့် ခွေးကောင်းကိုက်ကြလျှင် ခွေးကောင်းသာခံရသည် ဟူသော အဆိုအတိုင်း ခွေးကောင်းများအလူးအလဲခံကြရပြီး တအီအီအသံဖြင့်ကိုယ်ခြံကိုယ်ပြန်ဝင်ပြေးကြရ၏။

ထိုအချိန်၌ အရက်ကို ဇိမ်ခံသောက်နေသော အရက်ကြိုက်သည့် အပ်ချုပ်စက်ဆရာကြီးဦးမြဟန်သည် အင်္ကျီတစ်ထည်ချုပ်ရန်ပေတံဖြင့်တိုင်းလိုက်၊ ကတ်ကြေးဖြင့် အဝတ်အစကို ကိုက်လိုက်လုပ်ရင်း အရက်ကို ဇိမ်ရှိရှိနှင့် တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေပေသည်။

အပ်ချုပ်စက်ဆရာကြီး ဦးမြဟန်သည် အင်္ကျီချုပ်လိုက်၊ အရက်ခွက်ယူ မော့လိုက်လုပ်ရင်း သူ့ဇနီး ဒေါ်မြမေနှင့်ထွေရာလေးပါး



# သင်္ခါရပဒုံသား

# လူဝင်စားလေးကျွန်တော်ပါ

www.burmeseclassic.com

www.burmeseclassic.com

တောင်ရောက်မြောက်ရောက်ပြောနေရာမှ ဆူညံနေသည့်အသံများကြားသွားသဖြင့်-

"ဘာသံတွေလဲ မြမေ"

ဟု မေးရာ ဒေါ်မြမေက -

"ခွေးရူးထင်တယ်။ လူသံတွေ ခွေးသံတွေဆူညံနေတယ်။ တော့်သားသမီးတွေ အိမ်ပေါ်မှာအားလုံးရှိတယ်။ ဘာမှစိတ်မပူမနေနဲ့"

ဟု ပြန်ပြောစဉ်အခိုက် အိမ်က ခွေးကြီးအောင်နက်ကလည်း အိမ်ဝမှ ဝင်းအပြင်သို့ဟောင်နေပေပြီ။ ထို့ကြောင့် ဦးမြဟန်သည် အရက်သောက်ရင်း အပ်ချုပ်နေရာမှ အိမ်အောက်သို့ဆင်းကာ ရိုက်ကောင်းရုံ သစ်သားချောင်းတစ်ချောင်းကို ကောက်ကိုင်လိုက်သည်။

ထိုအချိန်တွင် ခွေးရူးလည်း အိမ်ရှေ့ရောက်လာရာ အိမ်ခြံဝရှိ အိမ်ခွေးကြီးအောင်နက်နှင့် အပြန်အလှန်ကိုက်ခဲနေကြသည့်အခိုက် နောက်မှလိုက်လာသော လူပျိုကာလသားတစ်သိုက်ထဲမှ ရပ်ကွက်သားတစ်ဦး၏အုတ်ခဲလက်ချက်ဖြင့် ခွေးရူးမှာ ချက်ကောင်းထိသွားရာ အောင်နက်ကြီးအားနွေ့ရှုနာခဲခဲနေသည့် ခွေးရူးသည် အုတ်ခဲဖြင့်ချက်ကောင်းထိသည့်ဒဏ်ကြောင့် ထွက်ပြေးသွားသည်။ အိမ်က ခွေးအောင်နက်ကြီးလည်း အိမ်အောက်ပြန်၍ဝပ်နေပေပြီ။ အပ်ချုပ်စက်ဆရာကြီး ဦးမြဟန်သည် ခွေးရူးနောက်မှ လိုက်လာသည့် လူငယ်လူရွယ်များနှင့်အတူ သစ်သားတုတ်ကိုင်လျက် ခွေးရူးနောက်သို့ ပြေးလိုက်ခဲ့သည်။

ဦးမြဟန်၏အိမ်ဝင်းတစ်ခြံကျော်ခြံဝင်းကြီးထဲတွင် သူငယ်ချင်းဦးဘိုးကံသည် သူ့ဇနီးဒေါ်မိုးနှင့်ကွယ်လွန်သွားပြီဖြစ်သော သားကြီးကိုမောင်နီမှမွေးသော အပျိုပေါက်မြေးမများနှင့် အိမ်ထောင်ကျပြီးခါစ သမီးလတ် ရှိရှိတို့နှင့်အတူနေသည်။ သမီးလတ်ရှိရှိ၏ ယောက်ျားဖြစ်သူ မောင်မှတ်သည် ဒီအချိန် အိမ်တွင်မရှိလောက်ပင်။ ကျောင်းတွင်သာ စာသင်နေဆဲအချိန် ဖြစ်မည်။

ထို့ကြောင့် မြေးမတွေ၊ သမီးတွေနှင့်အတူနေပြီး သမက်ဖြစ်သူ ကျောင်းဆရာလေး မောင်မှတ် မရှိသည့်အချိန် ခွေးရူး ရပ်ရွာထဲဝင်လာသည့်အတွက် သူငယ်ချင်း ဦးဘိုးကံမိသားစုအတွက် ဦးမြဟန်သည် စိတ်အလွန်ပူပန်သွားကာ အချို့သော လူငယ်လူလတ်များ ခွေးရူးနောက်ဆက်မလိုက်ဘဲ လှည့်ပြန်သွားကြသော်လည်း အပ်ချုပ်စက်ဆရာကြီး ဦးမြဟန်ကား ထိုသို့မဟုတ် ခွေးရူးနောက်သို့ သစ်သားတုတ်ကိုင်၍ အားရှိလောက် အပြေးလိုက်သွားမိသည်။

ခွေးရူးသည် ဦးဘိုးကံ၏ အိမ်ဝင်းတံခါးမကြီးရှေ့၌ ဦးဘိုးကံမွေးမြူထားသော အင်းခွေးကြီး ကျားဘိုနှင့် အပြန်အလှန်ကိုက်ခဲနေစဉ် ဦးဘိုးကံသည် ခွေးရူးကို အိမ်ဝင်းထဲ အဝင်မခံ။ အိမ်ခြံထဲမှနေ၍ လက်သုံးလမျှရှိသော ဝါးလုံးအမာရှည်ဖြင့် အိမ်ခွေးကြီးကျားဘိုနှင့် ကိုက်ခဲနေသော ခွေးရူးကြီးပါးစပ်ထဲသို့ ဝါးလုံးကိုလှမ်းထိုးထည့်သည်။ အပွဲပွဲနွှဲလာသည့် အိမ်မွေးခွေးအင်းခွေးကြီး ကျားဘိုသည် အခွင့်အရေးရသည့်အခိုက်အတန့် ခွေးရူး၏ ကုပ်ပိုးကိုဝင်ခဲနေစဉ် ဦးမြဟန်သည် ခွေးရူးနောက်ရောက်လာပြီး အပိုင်ပဲဟူသောအတွေးဖြင့် လက်ထဲမှသစ်သားတုတ်ဖြင့် ခွေးရူး၏ ခါးအလယ်ကို ဖြတ်ရိုက်ရာ ခွေးရူးသည် နာကျင်လွန်း၍ ကိန်ခနဲအော်သွားစဉ် နောက်ထပ်တစ်ချက်ဆက်ရိုက်ရန် ရွယ်လိုက်စဉ်၌ ကျားဘိုကြီးကလည်း ကုပ်ကိုခဲထားရာမှ လွှတ်လိုက်သဖြင့် ခွေးရူးကြီးသည် နောက်ပြန်လှည့်၍ ဦးမြဟန်၏ သစ်သားတုတ်ဖြင့်ရိုက်ရန် အရန်သင့်ဖြစ်နေသည့် ညာလက်ဖျံကို တွေ့မိတွေ့ရာဆွဲကိုက်လေတော့သည်။

ထိုခွေးရူးကိုက်ခံရသော ဒဏ်ရာဒဏ်ချက်ကို ဦးဘိုးကံနှင့် ဒေါ်မိုးမိသားစုက သူတို့မိသားစုအား ဝင်ကယ်ရင်းဖြစ်သဖြင့် ဦးဘိုးကံတို့သည် ငွေကြေးတတ်နိုင်သူများလည်းဖြစ်ရာ ကျေးဇူးရှင် အပ်ချုပ်စက်ဆရာကြီး ဦးမြဟန်ကို ထိုခေတ်က တောရွာများတွင် အင်္ဂလိပ်ဆေး ခွေးရူးရောဂါကုသဆေး မပေါ်သေးရကား နာမည်ကျော်ကြားသော မြန်မာ့တိုင်းရင်းဆေးဆရာကြီးပင့်၍ကုသပေးသည်။

ထိုဆရာကြီး၏ ဆေးကား မုံရွာမြို့နယ်၊ အလုံမြို့နယ် တစ်ဝိုက် သာမက ကျန် မုံရွာခရိုင်အတွင်းရှိ ဒီစတြိတ်နယ်သို့ပင်ပျံ့နှံ့ကျော်ကြား၏။ တိုင်းရင်းဆေးဆရာကြီးက အစွမ်းကုန် ကုသပါသော်လည်း ခွေးရူးကိုက်ဒဏ်ရာသည် အနာရင်းလာပြီး ခွေးရူးကဲ့သို့ ဦးမြဟန်သည် ရူးလေပြီ။ ရေကို အလွန်မှ အင်မတန် ကြောက်သဖြင့် ခွေးရူးကဲ့သို့ဖြစ်နေ၍ ဦးမြဟန်ကို ကြိုးချည်၍ သီးသန့်အခန်းလေးအတွင်းပိတ်လှောင်ထားရပြီး ထိုခွေးရူးပြန်ရောဂါဖြင့်ပင် မရဏာလမ်းသို့မြန်းရလေ၏။

ဦးဘိုးကံတို့ မိသားစုကို မသေမီဝင်ကယ်ခဲ့သည့် ဖြစ်ရပ်ကို စွဲလမ်းကာ ဦးဘိုးကံ၏သမီး (ကျောင်းဆရာလေးမောင်မှတ်၏ဇနီး)ရှိရှိထံတွင် မောင်ခင်ထွန်းအဖြစ် ဝင်စားကာ အနည်းငယ်သိတတ်၍ စကားပြောနိုင်သည့် (၃)နှစ်ဝန်းကျင်အရွယ်ရောက်သောအခါ ဘဝဟောင်းက ဇနီးဖြစ်သူ ဒေါ်မြမေအိမ်သို့ပို့ခိုင်းရာ ဒေါ်မြမေ၏သမီးများဖြစ်ကြသော အပျိုမများဖြစ်သည့် မခင်မြ၊ မခင်ရွှေနှင့် မငွေတို့ကို (၃) နှစ်အရွယ် မောင်ခင်ထွန်းလေးက -

"ငါ့သမီး"

တွေဟု ခေါ်ပြီး ဒေါ်မြမေကိုလည်း -


"မြမေ ငါ့ကို ၏မမှတ်မိဘူးလား"

ဟု ပြောရာမှ အံ့စပြု၍ ဝိုင်းမေးကြရာ -

"မြမေ ငါ နင့်ယောက်ျား မြဟန်လေ"

ဟု ပြောပေတော့သည်။

သေခါနီးစိတ်ညွတ်ရာသို့ လားရာဂတိလားခြင်း ဖြစ်၏။ ဦးမြဟန်သည် အရက်ကြိုက်သည့်အပ်ချုပ်စက်ဆရာကြီး ဖြစ်သော်လည်း သူသည် သူ၏သူငယ်ချင်း ဘုရားဒကာ၊ ကျောင်းဒကာကြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးကံ၏ အသက်အန္တရာယ်ကိုကယ်ခဲ့သဖြင့် လားရာဂတိကား သုဂတိဖြစ်သည့် လူသားပြန်ဖြစ်ရသည့်အပြင် မသေမီ သူငယ်ချင်း ဦးဘိုးကံဆီစိတ်ညွတ်သဖြင့် ဦးဘိုးကံ၏သမီး (ကျောင်းဆရာလေးမောင်မှတ်၏ဇနီး) ရှိရှိ၏ဗိုက်တွင် လာရောက်သန္ဓေယူခြင်းဖြစ်သည်။

ဒေါ်မြမေနှင့်တကွ သမီးများသည် ဦးမြဟန် ခွေးရူးကိုက်ဒဏ်ရာကြောင့်သေပြီး ရှိရှိဗိုက်ထဲ ခင်ထွန်းလေးအဖြစ် လူဝင်စားသည်ဟု တထစ်ချယုံကြည်ကာ မကြာမကြာလာ၍ ကလေးကို ကျောင်းဆရာလေး၏ဇနီး ရှိရှိထံမှ တစ်ယောက်တစ်လက်မ,ချီကာ စားစရာများကျွေးရင်း ဝိုင်းဝန်းထိန်းပေးကြလေသည်။ ခင်ထွန်းလေးကလည်း ညီအစ်မသုံးယောက်ကိုချစ်သလို ညီအစ်မသုံးယောက်ကလည်း ခင်ထွန်းလေးကိုတုန်နေအောင်ချစ်သည်ကား ပြောမဆုံးပေါင် တောသုံးတောင်။

သို့သော် ဘဝတစ်ဆစ်ချိုးအကွေ့တွင်ကား -

မောင်ခင်ထွန်းလေး (၁၀)နှစ်သားအရွယ် (၄) တန်းရောက်သောအခါ သူငယ်ချင်းတစ်သိုက် ပိုလိုကားထောင် (စီးကရက်အခွံထောင်)၍ ထွေပစ်တမ်းကစားကြသည့်ရက်တစ်ရက်၌ ကလေးတစ်ယောက်ပစ်လိုက်သော ထွေသည် မောင်ခင်ထွန်းလေး၏နားထင်တည့်တည့်ထိမှန်သွားသည်။ (ထွေ ဆိုသည်မှာ အထက်အညာ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေစီးနှင့်အတူမျောပါလာသော ကလေးများ လက်ဖြင့်ကိုင်ပစ်၍ရသည့် ကျောက်ပြားဖြူဝါရောင်လေးများ ဖြစ်သည်။)

ခင်ထွန်းလေးနားထင်သွေးတွေယိုစီးကျလာသည်ကိုမြင်သော အပျိုမများဖြစ်သည့် မခင်မြ၊ မခင်ရွှေနှင့် မငွေညီမသုံးယောက်က အပြေးအလွှားချီမကာ ကျောင်းဆရာလေး ဆရာမှတ်နှင့် ရှိရှိတို့အိမ်ပို့ပေးရာ ကျောင်းဆရာလေးဆရာမှတ်က သူ၏သားခင်ထွန်းလေးဒဏ်ကို အရက်ပြန်ထည့်၍ပတ်တီးစည်းပေးသည်။

ထိုဖြစ်စဉ်နောက်ပိုင်း ညီအစ်မသုံးယောက်က ခင်ထွန်းလေးကိုတွေ့တိုင်း သူတို့ခေါ်နေကျအတိုင်း ချစ်စနိုးဖြင့် စနောက်ရင်း 'အဖေ' ဟုအော်၍ အမြဲတမ်းခေါ်လေ့ရှိသည်။ အရင်ကဘာမှမဖြစ်သော ခင်ထွန်းလေးသည် ထွေပြားနားထင်သို့မှန်ပြီးနောက်ပိုင်း 'အဖေ' အခေါ်ခံရသည့်အခါတိုင်း ရှက်စိတ်ဝင်လာ၏။ အရွယ်လည်း တဖြည်းဖြည်းရောက်လာပြီဖြစ်သဖြင့် ညီအစ်မသုံးယောက်ကိုတွေ့လျှင် ဝေးဝေးမှရှောင်ကွင်း၍ပြေးပေးတော့သည်။

ခင်ထွန်းလေးသည် အရွယ်ကြီးကြီးလာသည်နှင့်အမျှ ယခင်ဘဝဟောင်းကို တဖြည်းဖြည်းနှင့်မေ့သွားကာ ယခု ပစ္စုပ္ပန်ဘဝကိုသာ ပျော်မွေ့လေတော့သတည်း။ ယခင်ဘဝဟောင်း (အတိတ်ဘဝက) အရက်ကို နှစ်ခြိုက်သော အပ်ချုပ်စက်ဆရာကြီး ဦးမြဟန်သည် ဘယ်ဘဝအဆက်ဆက်ကတည်းက အရက်ကိုနှစ်ခြိုက်ခဲ့သည်မသိ ယခုပစ္စုပ္ပန်ဘဝတွင် အထုံဝါသနာကြောင့် အရက်ကို ဝန်ထမ်းဘဝမှ ပင်စင်အငြိမ်းစားမယူခင်အထိ စွဲစွဲလမ်းလမ်းနှစ်ခြိုက်ကာ ယခုအခါ ပင်စင်စား အငြိမ်းစားလစာလေးဖြင့် ဝါသနာပါသည့် စာရေးခြင်းအလုပ်ကိုလုပ်ကိုင်၍ ဘဝကိုအကျေနပ်ကြီးကျေနပ်ပြီး မိရိုးဖလာဗုဒ္ဓဘာသာမဟုတ်ဘဲ တကယ့်ဗုဒ္ဓဘာသာဖြစ်သည့်အလျောက် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစသဖြင့် ကုသိုလ်ကမ္မပထတရား(၁၀)ပါးကို နေ့စဉ် တတ်နိုင်သမျှဆောင်ရွက်ကာ ဘဝနေဝင်ချိန်ကို ရဲရဲဝံ့ဝံ့ကျော်ဖြတ်နေပေသည်။

ဤဝတ္ထုလေးအဆုံးတွင် စာဖတ်ပရိသတ်များဗဟုသုတရရှိစေခြင်းအကျိုးငှာ အငြိမ်းစားအရာရှိ ဦးခင်ထွန်း နေ့စဉ်ရသလောက်ယူနေသည့်ကုသိုလ်ကမ္မပထတရား (၁၀) ပါးကို ဖော်ပြပေးပါမည်။

အငြိမ်းစားအရာရှိ ဦးခင်ထွန်းသည် ၂၀၀၆ ခုနှစ်က ဝဲဘက်ခန္ဓာကိုယ်တစ်ခြမ်းလေဖြတ်ကာ ၂၀၁၄ ခုနှစ်တွင် ချော်လဲပြီး လေဖြတ်သည့်တွင် ဝဲဘက်ခြေထောက်တင်ပါးဆုံရိုးကျိုးကာ ဆေးရုံဆင်းပြီးစသွားလာရာ၌ အစပိုင်းမသွားနိုင်သဖြင့် ဝှီးချဲကို အသုံးပြုရသည်။ ထို့နောက် လေးချောင်းထောက်စတီးတုတ်ဖြင့် ၂၀၁၅ ခုနှစ်တွင် သွားနိုင်ခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်တွင် ရိုးရိုးစတီးချောင်းတုတ်ဖြင့် လူကြားသူကြားတင်တင့်တယ်တယ်သွားနိုင်ခဲ့ပြီဖြစ်၏။ ဤသို့ ဒုက္ခိတဘဝမှ ယခုလို စာပေတွေရေးသားပြီး စာဖတ်ပရိသတ်ထံ အရောက်ပေးပို့နိုင်ခြင်းမှာ ယခင်က အကုသိုလ်အရက်သမားကြီး ဦးခင်ထွန်းသည် မသေခင် ကုသိုလ်ကမ္မပထတရား (၁၀) ပါးကို မိမိလည်းကျင့်၊ ဆက်စပ်နေသူအားလုံးကိုလည်းကျင့်သုံးရန် မျှဝေလိုသောစိတ်ကြောင့်ဖြစ်သည်။ ဦးခင်ထွန်း၏စိတ်ဓာတ်သည် လောကဓံကိုကြံ့ကြံ့ခံကာ သံမဏိအကျိုးရလဒ် တည်းဟူသော ပဋိစ္စသမုပ္ပါဒ်တရား၊ မြတ်ဘုရား၏ သစ္စာလေးပါးတရားကြောင့် ဖြစ်သည်။ ဤသည်ကားနေ့စဉ် တတ်နိုင်သမျှ ပြုလုပ်ကျင့်သည့်ကုသိုလ်ကမ္မပထတရား (၁၀)ပါးကြောင့်ဖြစ်၏။

ယခင်အတိတ်ဘဝက ခွေးရူးကိုက်ခဲ့၍သေခဲ့ရသော အရက်ကြိုက်တတ်ပြီး သူငယ်ချင်းဦးဘိုးကံ၏ မိသားစုအရေး ဝင်ကယ်ခဲ့သည့် အပ်ချုပ်စက်ဆရာကြီး ဦးမြဟန်ကား အခြားသူမဟုတ်။ ဇာတာအမည်ဖွဲ့ရာတွင် ခင်ထွန်းလေးအမည်ဖွဲ့ထားသည့် ယခုဤဝတ္ထုကိုရေးသည့် စာရေးသူ သခင်္ချိုင်း...ရ ဗဒ္ဒဲ့ဖြစ်ကြောင်းဝန်ခံရင်း စာရေးသူနေ့စဉ် တတ်နိုင်သမျှ ကျင့်သုံးသည့် ကုသိုလ်ကမ္မပထတရား (၁၀) ပါးကို ဖော်ပြရင်း 'လူဝင်စားလေး ကျွန်တော်ပါ' ဝတ္ထုကို အဆုံးသတ်လိုက်ပေသတည်း။

**ကုသိုလ်ကမ္မပထတရား (၁၀)ပါး**

၁။ ဒါန
(လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း)
၂။ သီလ
(ကိုယ်၊ နှုတ်စောင့်စည်းခြင်း)
၃။ ဘာဝနာ
(သမထ၊ ဝိပဿနာဘာဝနာပွားများခြင်း)
၄။ အပစာယန
(ကြီးသူ၊ သိက္ခာရှိသူကို အရိုအသေပေးခြင်း)
၅။ ဝေယျာဝစ္စ (ဝတ်ကြီးဝတ်ငယ်ပြုခြင်း)
၆။ ဓမ္မသဝန
(တရားတော်ကိုနာကြားခြင်း)
၇။ ဓမ္မဒေသနာ
(တရားတော်ကို ဟောကြားခြင်း)
၈။ ပတ္တိဒါန
(မိမိကုသိုလ်ကိုအမျှဝေခြင်း)
၉။ ပတ္တာနုမောဒနာ (သူတစ်ပါးအမျှပေးဝေတာကို သာဓုခေါ်ခြင်း)
၁၀။ ဒိဋ္ဌိုဇုကမ္မ (အယူဖြောင့်မှတ်ခြင်း)

ကျွန်ုပ်သည် ဤဝတ္ထုတိုလေးရေးသားခြင်းကြောင့် စာဖတ်ပရိသတ်အကျိုးကျေးဇူး တစ်စုံတစ်ရာရရှိလျှင် ရေးသားရကျိုးနပ်ပါပြီ။

သ[illegible]သား

www.burmeseclassic.com

www.burmeseclassic.com

နွေရာသီကျောင်းပိတ်ရက်အတွင်း ဘုရားဖူးခရီးစဉ်မှပြန်ရောက်လာသော မြေးဖြစ်သူက လမ်းခရီးအတွေ့အကြုံများကို ပြန်လည်ပြောပြရင်း -

"ဘဘရေ့ သမီးတို့ မန္တလေးမဟာမြတ်မုနိဘုရားကြီးကို သွားဖူးတော့ ဂန္ဓကုဋိတိုက်အနီးမှာ အမျိုးသမီးမဝင်ရ ဆိုတဲ့ဆိုင်းဘုတ်ကိုတွေ့ရတယ်။ ကျိုက်ထီးရိုးဘုရားသွားဖူးတော့လည်း ဘုရားဘက်ကူးတဲ့နေရာနားမှာ အမျိုးသမီးများမတက်ရလို့ ရေးထားပြန်တယ်။ အမျိုးသားကတော့ ဝင်ခွင့်ရကြတယ်။ မိန်းမလည်း လူ၊ ယောကျ်ားလည်း လူပဲ။ လူအချင်းချင်း ဘာဖြစ်လို့ခွဲခြားဆက်ဆံရတာလဲ။ သမီးစိတ်ထဲမှာဘဝင်မကျဘူး။ ဘုရားရှင်ကတော့ ဒီလိုတားမြစ်ထားခဲ့မယ်လို့ သမီးမထင်ဘူး။ သမီးကို ရှင်းပြပါ ဘဘ"

ခေတ်လူငယ်ပီပီ ရင်ထဲရှိသမျှသိလိုစိတ်ဖြင့် မေးမြန်းလာပါသည်။


စာရေးသူလည်း ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများအပေါ် မြေးဖြစ်သူ အမြင်ရှင်းစေရန် ဗုဒ္ဓအဆုံးအမနှင့်အညီ ရှင်းလင်းပြောပြခဲ့ရပါသည်။

ဘုရားစေတီကျောင်းကန်စသည့် ဘာသာရေးအထွတ်အမြတ်ထားရှိရာ နေရာများတွင် အမျိုးသမီးမဝင်ရ၊ အမျိုးသမီးမတက်ရ စသည်ဖြင့် တားမြစ်ထားခြင်းသည် ဗုဒ္ဓဝါဒ၊ ဗုဒ္ဓအဆုံးအမ မဟုတ်ပါ။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကလည်း ဤသို့ တားမြစ်ပိတ်ပင်ခဲ့ကြောင်းအထောက်အထားမရှိပါ။ ရှေးအစဉ်အလာအရလက်ခံကျင့်သုံးခဲ့သောဓလေ့ထုံးတမ်းမျှသာဖြစ်ပါသည်။ ထုံးတမ်းစဉ်လာဆိုသည်မှာ ဗုဒ္ဓဘာသာမြန်မာလူမျိုး၌သာ ရှိသည်မဟုတ်ဘဲ လူမျိုးတိုင်းတွင်ရှိကြပါသည်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ရှေးထုံးစဉ်လာဖြစ်သည့်မို့ အများအမြင်ကောင်းစေရန် လောကဝတ်အရ လိုက်နာရခြင်း ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး၌ ကိုးကွယ်ရာဘာသာမပေါ်ပေါက်မီကပင် ရိုးရာအစဉ်အလာဓလေ့ထုံးစံများအသီးသီးရှိနေကြပြီး ဖြစ်ပါသည်၊ မြန်မာလူမျိုး

# ချစ်ဖိုး (မော်ကျွန်း)

# ရိုးရာဓလေ့ထုံးတမ်းများနှင့် ခေတ်လူငယ်



www.burmeseclassic.com

www.burmeseclassic.com

တို့၏ ရိုးရာဓလေ့ထုံးတမ်းများသည်လည်း ဗုဒ္ဓရှင်တော်မပွင့်ထွန်းမီအချိန်ကာလများစွာပင်ရှိနေပါသည်။ ယင်းအချိန်က အမျိုးသမီးများ၏ အလုပ်သည် မီးဖိုချောင်နှင့် အိမ်တွင်းထိန်းသိမ်းရေးအလုပ်သာဟု သတ်မှတ်ခဲ့ကြ၏။ အမျိုးသမီးများကို ဘုရားကျောင်းတော်များအတွင်းသို့ ဝင်ခွင့်မပြုသကဲ့သို့ ဘာသာရေးဆိုင်ရာ ကျမ်းစာများကိုပင် သင်ယူခွင့်၊ ရွတ်ဖတ်ခွင့် မရခဲ့ကြပေ။ အမျိုးသမီးများ၏ အခွင့်အရေးနှင့် အဆင့်အတန်းသည် လူ့အဖွဲ့အစည်းအတွင်း အလွန်နိမ့်ကျခဲ့ရပေသည်။

ဗုဒ္ဓရှင်တော်ပွင့်ထွန်းပေါ်ပေါက်လာပြီးနောက် ဇာတ်အနိမ့်၊အမြင့်လူမျိုးအဆင့်အတန်းမခွဲခြားသည့်အပြင် အမျိုးသမီးများကိုလည်း အမျိုးသားများနည်းတူ ဘာသာရေးကိစ္စများတွင် ပါဝင်ခွင့်ပြုတော်မူခဲ့၏။အမျိုးသမီးများအား သံဃာအဖွဲ့အစည်းအတွင်းသို့ပင် ဘိက္ခုနီများအဖြစ် ဝင်ရောက်ခွင့်ပြုတော်မူခဲ့၏။ သာသနာတော်အတွက် ရဲရင့်ပြတ်သားသောဆောင်ရွက်ချက် ဖြစ်ပါပေသည်။ ဤကဲ့သို့ အမျိုး သမီးများအား ဘာသာရေးလွတ်လပ်ခွင့် ပေးတော်မူသည်ကို ယင်းအချိန်ကာလကရှိနေသော အိန္ဒိယလူ့အဖွဲ့အစည်းသဘောထားအမြင်အရ ဝေဖန်ပုတ်ခတ်မှုများရှိခဲ့ပေသည်။

ဗုဒ္ဓရှင်တော်က အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ အရဟတ္တဖိုလ်ကို ရရှိအောင် ကျင့်ကြံအားထုတ်ပါက ရနိုင်ကြောင်း ရှင်းပြလို၍ ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် အမျိုး[illegible]များအား ဘဝနေနည်းသင်ကြားပေးခဲ့သည့်အပြင် အမျိုးသမီးများ၏ လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်ကို အသိအမှတ်ပြုတော်မူခဲ့ပါသည်။ လူ့သမိုင်းတွင် အမျိုးသမီးများ ပထမဆုံး ရရှိခဲ့သော လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့် ဖြစ်ပါပေ၏။

ဗုဒ္ဓရှင်တော်သည် အမျိုးသားများက မြင့်မြတ်ပြီး အမျိုးသမီးများက ယုတ်နိမ့်သည်ဟု မည်သည့်အခါကျမှ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် အမျိုးသမီးများအား ဘဝနေနည်းကို သင်ကြားပေးခဲ့သည့်အပြင် အမျိုးသမီးများ၏ လွတ်လပ်ခွင့်နှင့်ရပိုင်ခွင့်ကို အသိအမှတ်ပြုတော်မူခဲ့ပါသည်။ လူ့သမိုင်းတွင် အမျိုးသမီးများ ပထမဆုံးရရှိခဲ့သော လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့် ဖြစ်ပါပေ၏။

ဗုဒ္ဓရှင်တော်သည် အမျိုးသားများက မြင့်မြတ်ပြီး အမျိုးသမီးများက ယုတ်နိမ့်သည်ဟု မည်သည့်အခါကမျှ မိန့်ကြားတော်မူခြင်းမရှိခဲ့ပါ။ သာဓကအားဖြင့် ကောသလမင်းကြီးသည် မိဖုရားခေါင်ကြီးမှ သမီးမိန်းကလေး မွေးဖွားကြောင်း ကြားသိရသည့်အခါ အကြီးအကျယ် စိတ်ပျက်သွားခဲ့၏။ မျှော်လင့်သလိုဖြစ်မလာသဖြင့် စိတ်ပျက်နေသောမင်းကြီးအကြောင်းကို ဘုရားရှင်ကြားသိတော်မူသည့်အခါ မင်းကြီးအား တွေ့ဆုံပြီး -

"အသင်မင်းကြီး၊ သမီးတော်ကို ကောင်းစွာ ကျွေးမွေးသုတ်သင်ပါ။ ပညာရှိသော၊ အကျင့်သီလရှိသော ယောက္ခမကို နတ်ကဲ့သို့ ရှိသေပြီး လင်သားအပေါ် မယားဝတ္တရားနှင့်အညီ လုပ်ကျွေးသောမိန်းမသည် မြတ်သောမိန်းမဖြစ်၏"

ဟု မိန့်ကြားတော်မူခဲ့သည်ကို ထောက်၍ အမျိုးသားများသည်သာ လူမြတ်ပညာရှိဖြစ်နိုင်သည်မဟုတ်။ အမျိုးသမီးများသည်လည်း မိန်းမမြတ်ပညာရှိများဖြစ်နိုင်ကြောင်း အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပေသည်။

လူသားတစ်ဦး၏ မြင့်မြတ်ခြင်း၊ ယုတ်နိမ့်ခြင်းသည် ယင်းတို့၏သီလစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားပေါ်တွင်သာ တည်ရှိနေကြောင်း၊ သီလသမာဓိပညာကင်းမဲ့သော ယောကျ်ားကသာ သီလ၊ သမာဓိပညာရှိသော မိန်းမထက် ယုတ်နိမ့်သူဖြစ်ကြောင်းဒေသနာတွင်လာရှိပေသည်။

ဗုဒ္ဓဒေသနာတော်အရ ထင်ရှားစွာဟောကြားထားသော်လည်း လူ့အဖွဲ့အစည်းအတော်များများတွင် အမျိုးသမီးအများ[illegible]သည် ပစ္စည်းပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အစရှိသည့်လူမှုအခွင့်အရေးများနှင့်တကွ ဘာသာရေးဆိုင်ရာကိစ္စများတွင် ခွဲခြားဆက်ဆံသည့် ဓလေ့ထုံးစံများကို ယနေ့ခေတ်တိုင်အောင် တွေ့မြင်နေရပေသည်။ အစဉ်အလာဓလေ့ထုံးစံဟူသည်မှာ ပညတ်တရားအပေါ်တွင် အခြေခံသတ်မှတ်ထားခြင်းဖြစ်သည့်အတွက် နေရာဒေသ၊ အချိန်ကာလ၊ လူမျိုး၊ ဘာသာ အစရှိသည့်အခြေအနေအမျိုးမျိုးအပေါ် မူတည်ပြီး ဝိဝါဒကွဲပြားနိုင်ပေသည်။ သို့အတွက် ဓလေ့ထုံးတမ်းများအားလုံးကို အမှန်ဟု မယူဆနိုင်သကဲ့သို့ အမှားဟုလည်း မသတ်မှတ်သင့်ပေ။

'ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်။ ရှေးထုံးပယ်တော့လွဲတတ်သည်။ ဈေးသုံးတော့ မွဲတတ်သည်' ဟူသော လူကြီးသူမများ၏ဆုံးမစကားရှိရာတွင် အချို့သောရှေးထုံးစဉ်လာများသည် ယနေ့တိုင်အောင် လက်ခံကျင့်သုံး၍ အဆင်ပြေ ညီညွတ်သော်လည်း အချို့သည်ကား ကာလ၊ ဒေသနှင့်လည်းကောင်း၊ လူမှုအဖွဲ့အစည်း၏ သတ်မှတ်စံနှုန်းနှင့် မကိုက်ညီသဖြင့်လည်းကောင်း ပယ်ပယ်ရသည်များလည်း ရှိပေသည်။

ဓလေ့ထုံးတမ်းစဉ်လာများသည် သမုတိသစ္စာအရ မှန်ကန်နိုင်သော်လည်း ပရမတ္ထကို ရှာဖွေသူအဖို့ ရိုးရာဓလေ့ထုံးတမ်းများကို ကျော်လွှားနိုင်ရပါမည်။ သာဓကအားဖြင့် သုံးလောကထွတ်တင် ဘုရားရှင်သည် သိဒ္ဓတ္ထမင်းသားဘဝက အမှန်တရား (သစ္စာလေးပါး) ကို သိလိုသည့်အတွက် ရိုးရာအစဉ်အလာဓလေ့ထုံးတမ်းများကို ကျောခိုင်းခဲ့ပြီး အများနှင့်မတူ တစ်ကိုယ်တည်း တောထွက်ကာ ကျင့်ကြံအားထုတ်ခဲ့သဖြင့် သဗ္ဗညုတဉာဏ်ပိုင်ရှင် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။အကယ်၍သာ မိဘရိုးရာအစဉ်အလာ ဓလေ့ထုံးစံများထဲတွင် နစ်မွန်းပျော်မွေ့နေပါက သဗ္ဗညုတဉာဏ်နှင့်လွဲချော်ကာ စကြဝတေးမင်းအဖြစ်သာ ရရှိခံစားရပေတော့မည် ဖြစ်၏။

ဗုဒ္ဓမြတ်စွာသည် အမှန်တရားရှာဖွေရာတွင်ဖြစ်စေ၊ ဘာသာအယူဝါဒတစ်ခုကို ယုံကြည်ကိုးကွယ်ရာတွင်ဖြစ်စေ လိုက်နာရမည့် လမ်းညွှန် (၁၀) ချက်ကို ကေသမုတ္တိနိဂုံးရွာမှာနေကြသော ကာလာမရွာသားများအား အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်။

ယင်း (၁၀) ချက်အနက် ဒုတိယအချက်တွင် -

'ဘိုးဘေးဘီဘင်အဆက်ဆက်ကဆင်းသက်လာတယ်ဆိုရုံနဲ့လည်း အမှန်ဟုမဆုံးဖြတ်နဲ့' ဟု မိန့်ကြားခဲ့သည်ကို ထောက်၍ ဘိုးဘေးဘီဘင်အဆက်ဆက်က ဆင်းသက်လာသော (ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ) များကို အမှန် (ပရမတ္ထသစ္စာ) ဟု မဆုံးဖြတ်နှင့်ဟုသဘောပေါက် နားလည်ရမည်ဖြစ်ပါသည်။

ဘာသာအယူဝါဒအချို့တွင် မိမိတို့ဘာသာထဲသို့ ကူပြောင်းလာသူအား မူလလက်ခံကျင့်သုံးနေသော ဓလေ့ထုံးစံ

www.burmeseclassic.com

www.burmeseclassic.com

များကို စွန့်ပယ်နိုင်းလေ့ရှိကြ၏။ ဗုဒ္ဓရှင်တော်ကမူ အခြားဘာသာမှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ပြောင်းလဲကိုးကွယ်သူ၏ မူလဓလေ့ထုံးစံများကို ဆက်လက်ကျင့်သုံးလိုက ကျင့်သုံးခွင့်ရှိပြီး လုံးဝစွန့်လွှတ်ရမည်ဟု သတ်မှတ်ထားခြင်းမရှိပေ။ သို့သော်လည်း ယင်းဓလေ့ထုံးစံများသည် အပြစ်ကင်းစင်ပြီး ကြောင်းကျိုးညီညွတ်ကာ ဘာသာကိုးကွယ်ဆည်းကပ်မှု၏ ဘောင်အတွင်း၌ရှိရမည် ဖြစ်၏။ တစ်နည်းအားဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများကိုဆောင်ရွက်သည့်အခါ အခြေခံသိက္ခာပုဒ်ကို ဆန့်ကျင်ခြင်းမဖြစ်ရပါ။ အကယ်၍ မိမိတို့၏ ရိုးရာအစဉ်အလာကို ဆောင်ရွက်ရန် စိတ်အားအလွန်ထက်သန်ပါက ယင်းဓလေ့ထုံးစံသည် ဘာသာရေးတန်ဖိုးမရှိလျှင်သော်မှ ဗုဒ္ဓအနေဖြင့် ပိတ်ပင်တားမြစ်ခြင်းမရှိပါ။ ယင်းဓလေ့ထုံးစံပြုလုပ်ခြင်းကို ဘာသာရေးအလုပ်ဟု သဘောမထားဘဲ ရိုးရာအစဉ်အလာအရ[illegible]ခြင်းဖြစ်သည်ဟု ခံယူထားရပါမည်။

မြန်မာရိုးရာဓလေ့ထုံးစံများထဲတွင် ပူဇော်ပသပွဲများကိုအများအပြားတွေ့မြင်ကြရပေမည်။ ဤပူဇော်ပသပွဲများသည် လူအများ၏စိတ်ကိုဆွဲဆောင်ဖို့အတွက် ပြုလုပ်သောဘာသာရေးအဆင်တန်ဆာများပင် ဖြစ်၏။ ဗုဒ္ဓအလိုအရ ဘာသာကိုးကွယ်မှုသည် ဘဝလွတ်မြောက်ရေးအတွက်သာဖြစ်သောကြောင့် သီလဗ္ဗတပရာမာသဟုခေါ်ဆိုအပ်သော ယုံကြည်ကိုးကွယ်ပူဇော်သည့် အလေ့အကျင့်များကို စွဲလမ်းမထားသင့်ပေ။ဤသံယောဇဉ်မျိုးကို တွယ်တာထားမိပါက မိမိ၏စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိကျင့်စဉ်များအတွက် အနှောင့်အယှက်တစ်ရပ်ဖြစ်မည်သည်။

မြန်မာလူမျိုးအတော်များများတို့သည် ဘာသာရေးပွဲများတွင် ရိုးရာအစဉ်အလာအတိုင်း ဖျော်ဖြေရေးဇာတ်ပွဲ၊ အငြိမ့်ပွဲများ၊ တီးဝိုင်းများထည့်သွင်းခြင်း၊ သောက်စားမူးယစ်ပျော်ပါးကြခြင်း၊ တစ်ခါတစ်ရံ တိရစ္ဆာန်များကို သတ်ဖြတ်ပြီး ကျွေးမွေးလှူဒါန်းခြင်းတို့ကို ပြုလေ့ရှိကြ၏။ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းများကမူ ဤအပြုအမူကို များစွာနှစ်ခြိုက်ခြင်းမရှိကြပေ။ ဗုဒ္ဓဘာသာဝင်ကောင်းများနှင့် ဗုဒ္ဓဘာသာစိတ်ဓာတ်ရှိသူများသည် အခါကြီးရက်ကြီး၊ နေ့ထူးနေ့မြတ်များ၌ မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ မရှိဆင်းရဲသားများအား စွန့်ကြဲလှူဒါန်းခြင်း၊ မိတ်ဆွေသင်္ဂဟများအား ဧည့်ခံကျွေးမွေးခြင်း စသည့် ကောင်းမှုများကို ပြုလုပ်လေ့ရှိကြပါသည်။

ဘာသာရေးဆောင်ရွက်နေကြကုန်သော ပုဂ္ဂိုလ်များသည် ပျော်ပွဲရွှင်ပွဲ ဖျော်ဖြေပွဲမပါသည့် ဘာသာရေးပွဲသည် ပျင်းစရာ ခြောက်ကပ်ကပ်ဖြစ်မည်ဟု အထင်ရှိ၍သော် လည်းကောင်း၊ လူအများအား ဆွဲဆောင်လိုခြင်းကြောင့်သော် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများကို ထည့်သွင်းကျင်းပကြခြင်းသာဖြစ်မည်ဟု ယူဆမိပေသည်။ ဆောင်ရွက်ကြသူများအများစုကိုယ်တိုင်ကလည်း အပျော်အပါးဝါသနာပါနေကြခြင်းသည်လည်း အဓိကအချက် ဖြစ်ပါသည်။ သို့သော်လည်း ဗုဒ္ဓအလိုတော်ကျတရားအလုပ်ကျင့်သုံးအားထုတ်နေကြသော တရားချစ်ခင် သူတော်စင်သူတော်ကောင်းများအတွက်မူ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်မှာတော့ အမှန်ပင် ဖြစ်ပါသည်။ သို့အတွက် ဘာသာရေးအကြောင်းပြုပြီး ပြုလုပ်နေကြသော ရိုးရာဓလေ့အစဉ်အလာ ပွဲလမ်းအတော်များများသည် ဘာသာရေးဂုဏ်ကိုမပေါ်လွင်သည့်အပြင် ဘာသာသာသနာကို ထိခိုက်ညှိုးနွမ်းစေသည့်ပွဲများအထိဖြစ်နေကြသည်ကို များစွာသတိပြုဆင်ခြင်သင့်လှပေသည်။

မည်သို့ပင်ဖြစ်စေ အပျော်အပါးဝါသနာကြီးမားသော မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံတိုင်းထည့်သွင်းလေ့ရှိသော ပွဲလမ်းသဘင်များ၊ ဖျော်ဖြေပွဲများ၊ လှည့်လည်ပွဲများသည် လူအများ၏စိတ်လှုပ်ရှားခံစားမှုကို အငတ်ပြေအောင် အမောပြေတိုက်ကျွေးသည့် ဆေးတစ်မျိုးဟု သတ်မှတ်နိုင်ပါသည်။ သို့အတွက် ရိုးရာဓလေ့ထုံးစံအများစုကို လောကအမြင်ဖြင့်ရှုမြင်ပါက လွန်စွာမှားယွင်းသည်ဟု မဆိုနိုင်သော်လည်း အလဟဿ အချိန်ကုန် ငွေကုန်အကျိုးမဲ့ဖြစ်စေပြီး ရိုးရာယဉ်ကျေးမှုကို ထိခိုက်စေသော သရုပ်ပျက်မှုများကို ဆင်ခြင်သင့်လှပေသည်။ မိမိကြောင့် တစ်ပါးသူအား အနှောင့်အယှက်မဖြစ်စေဘဲ ယဉ်ကျေးဖွယ်ရာ စည်းရုံးလုပ်ဆောင်မှသာ မြန်မာ့ရိုးရာအစဉ်အလာ ဓလေ့ထုံးများကို ရှေးမူမပျက်မြတ်နိုးထိန်းသိမ်းရာရောက်မည်ဖြစ်ကြောင်း ယနေ့ခေတ်လူငယ်တစ်ဦးဖြစ်သည့် မြေးဖြစ်သူအား ရှင်းလင်းဖြေကြားခဲ့ရပေတော့သည်။

ချစ်ဗို့ (မော်ကျွန်း)

# မီးယပ်သွေးသွန်၊ သွေးလွန်ပျောက်ဆေး

နတ်မောက်မင်းသန့်နိုင်

အမျိုးသမီးတိုင်းသည် အရွယ်ရောက်သည်မှ အသက်လေးဆယ်ကျော်သည်အထိ (ကိုယ်ဝန်ဆောင်ချိန်မှအပ) တစ်လတစ်ခါ သွေးသစ်သွေးဟောင်း ပြောင်းလဲကာ ဓမ္မတာသွေးဆင်းကြပါသည်။

ထိုရာသီသွေးမမှန်လျှင်၊ နည်းလျှင်၊ များလျှင် မီးယပ်ရောဂါပင် ဖြစ်ပါသည်။ မီးယပ်ကွက်များဖြစ်ပေါ်ပြီး ယားယံခြင်း၊ အသားအရေခြောက်ခန်းခြင်းများဖြစ်တတ်ပါသည်။ အရွယ်အိုစာပြီးမွဲခြောက်ခြောက်အသားအရေနှင့် အဘွားအိုပုံပေါက်နေတတ်ပါသည်။

တစ်ဖန် ထိုဓမ္မတာရာသီသွေးလွန်လျှင်၊ များလျှင်လည်း သွေးသွန်သည်၊ သွေးလွန်သည်ဟုဆိုကာ သွေးပေါင်ကျမူးမေ့လဲတတ်ပြီး အသက်အန္တရာယ်အထိ ထိခိုက်တတ်ပြန်ပါသည်။

ယခုတင်ပြလိုသော ဆေးနည်းမှာ ရာသီဓမ္မတာသွေးအဆင်းများပြီး သွေးသွန်သွေးလွန်ခြင်းကိုရပ်တန့်ပျောက်ကင်းစေသည့်ဆေးနည်း ဖြစ်ပါသည်။

သရက်သီးထဲမှ သရက်စေ့အဆန်အစိုကိုထုတ်ယူပါ။

၎င်းသရက်စေ့အစိုအဆန်နှင့်ဆတူ နနွင်းတက်၊ တမာရွက်၊ ရှားသီး။

၎င်းဆေးအမယ်လေးပါးကိုရော၍ ညက်စွာထောင်းပြီး မန်ကျည်းစေ့ခန့် ဆေးလုံးလေးများလုံးထားပါ။ သွေးဆင်းများ၊ သွေးသွန်၊ သွေးလွန်ပါက ဆေးလုံးနှစ်လုံးမှ သုံးလုံးအထိ ရေကျက်အေးနှင့် သောက်ပေးလိုက်ပါ။ သွေးလွန်စွာဆင်းခြင်းရပ်တန့်သွားပြီးမှန်သွားပါမည်။

အကယ်၍ သွေးဆင်းမရပ်ပါက နာရီခြား၍ထပ်မံသောက်ပေးနိုင်ပါသည်။ မုချသောက်မိဌပျောက်သောအစွမ်းထက်ဆေး ဖြစ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

# မောင်စိမ်းရင့် (ကျုံပျော်)
# အကယ်ရှိသော



ကျွန်တော်တို့နေထိုင်ကြရာ နိုင်ငံအတွင်းရှိလူမျိုးအားလုံးတို့သည် မိမိတို့သက်ဝင်ယုံကြည်ရာ ဘာသာများကို ဆည်းကပ်ကိုးကွယ်ကြသည်။ ထို့အပြင် လောကီအတွင်း၌လည်း မိမိတို့မိရိုးဖလာ အစဉ်အလာအရ နတ်များကိုပူဇော်ပသကြသလို ဘိုးတော်၊ မယ်တော်၊ အကြားအမြင်၊ ဗေဒင်၊ ယတြာစသည်များကိုလည်း အားကိုးအားထားပြုကြပြန်သည်။ ယနေ့ခေတ်လို ရုပ်ဝတ္ထုတွေ အလျှင်မြန်ဆုံး တိုးတက်နေသော်လည်း စိတ်ပိုင်းဆိုင်ရာ စွဲလမ်းယုံကြည်မှုများသည် ရှင်သန်ခိုင်မြဲဆဲရှိနေပေသည်။ ပညာတတ်အသိုက်အဝန်းကြား၌ပင် မိမိစည်းစိမ်၏ ရာထူးတည်တံ့တိုးတက်ရေးအတွက် ဗေဒင်ယတြာ၊ အကြားအမြင်စသည့် ပုဂ္ဂိုလ်များကို တောင်းဆိုလျက်ရှိကြသည်။လောကီအတွင်းအောင်မြင်မှုရရှိစေရန် ကြိုးပမ်းခြင်းပင်။ စိတ်ပိုင်းဆိုင်ရာယုံကြည်မှုဖြစ်သည့်အတွက် ကန့်ကွက်ပိတ်ပင်တားဆီးရန်ခက်ခဲလှသည်။ လူဆိုသည်မှာကလည်း စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ရောဂါဘယအရေးတို့ အခက်အခဲအကျပ်အတည်းနှင့် ကြုံတွေ့လာလျှင် အားကိုးရှာကြသည်မှာသဘာဝကျပါသည်။

တချို့သော ရောဂါသည်များသည် ဆေးခန်း၊ ဆေးရုံ ဆေးမျိုးစုံကုသခံသောက်သုံးသော်လည်း ပျောက်ကင်းချမ်းသာမှုမရှိဘဲ ငွေကုန်သံပြာဖြစ်ကာ အရပ်သုံး ဆေးမြီးတိုနှင့် ပျောက်ကင်းတတ်သလို ဘိုးတော်၊ မယ်တော်၊ အကြားအမြင် ဗေဒင်ယတြာ၊ နတ်ရိုးရာစသည့် ပညာရပ်ပညာရှင်များ၏ပျောက်ကင်းချမ်းသာသွားသည်ရှိခဲ့သလို အခြားသော စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ အလုပ်အကိုင်စသောကိစ္စရပ်များတွင်လည်း အဆင်ပြေချောမွေ့သွားကြသူတွေရှိခဲ့ကြလေသည်။ လက်တွေ့ကျသော ယနေ့လို သိပ္ပံခေတ်ကြီးထဲတွင် လောကီအစီအရင် အဟောအပြော၊ အမန်းအမှုတ်၊ အကြားအမြင်စသောကိစ္စရပ်များကို ဆန့်ကျင်သူ၊ မယုံကြည်သူများလည်းရှိကြပါသည်။ ကျွန်တော့်အနေဖြင့် မိမိလက်လှမ်းမမီ ဉာဏ်မမီသောပညာရပ်များအား ဝေဖန်သုံးသပ်ခြင်းမပြုလိုပါ။ သို့ရာတွင် မိမိကိုယ်တိုင်လက်တွေ့ကြုံခဲ့ရသော အမှန်အဖြစ်အပျက်တစ်ခုဖြင့် စာဖတ်သူများဗဟုသုတအလို့ငှာ သူရဇ္ဇမဂ္ဂဇင်းကြီးမှတစ်ဆင့် တင်ပြလိုက်ပါသည်။

■

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်အစိတ်ခန့်က ကျွန်တော့်မျက်နှာချင်းဆိုင်ခြံတွင် ကိုတင်ထွန်း၊ မဝင်းအေးတို့လင်မယား နေထိုင်ကြလေ၏။ ဇနီးဖြစ်သူ မဝင်းအေးမှ သူကျွမ်းကျင်သောမုန့်ဟင်းခါးချက်၍ရောင်းချလေသည်။ ဇနီးဖြစ်သူ မဝင်းအေးဘက်မှမိဘဆွေမျိုးများက စီးပွားရေးမတောင့်တင်းသဖြင့် ငွေကြေး[illegible]တင့်ရှောက်မှုအားနည်းသော်လည်း ကုတင်ထွန်းမိဘများဘက်မှ ကူညီထောက်ပံ့မှုရလေသည်။


လက်ရှိနေထိုင်သည့် အိမ်နှင့်ခြံပင် ကိုတင်ထွန်းမိဘများက ဝယ်ပေးထားကာ နေထိုင်စေသည်။ အမှန်တော့ ကိုတင်ထွန်းသည် မွေးစားသားဖြစ်ပါသည်။ တစ်စိမ်းတစ်ရံစာတော့မဟုတ်၊ ကိုတင်ထွန်းကို မွေးစားသောအမေမှာ ကိုတင်ထွန်းမွေးမိခင်၏အစ်မကြီးသာဖြစ်ပါသည်။ ကိုတင်ထွန်းအမေဆုံးချိန်က ကိုတင်ထွန်းအခါလည်သားသာပင်ရှိသေးသည်။ မောင်နှမသုံးယောက်ကျန်ခဲ့ရာ သားသမီးမထွန်းကားသောဒေါ်ကြီးမှ ခေါ်ယူကာ ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ ကိုတင်ထွန်း၏ အစ်မကြီးနှစ်ယောက်ကို အိမ်အလုပ်များဝိုင်းကူလုပ်စေရင်း ဆေးလိပ်လိပ်သောအတတ်ကို သင်စေပါသည်။

ထိုခေတ်ထိုအချိန်က ကျွန်တော်တို့နေထိုင်ရာရပ်ကွက်အတွင်း၌ ကျောင်းမတတ်စေသော အရွယ်ရောက်သူမိန်းကလေးများစွာတို့သည် ဆေးလိပ်လိပ်ခြင်း၊ ရက်ကန်းခတ်ခြင်း စသည့်လုပ်ငန်းများကိုသာ လုပ်ကိုင်ကြသူများလေသည်။ ထိုအချိန်က တစ်နေ့နှစ်ကျပ်သုံးကျပ်ရလျှင်ပင် အတော်အဆင်ပြေသည်။ (ထိုအချိန်က ကျပ်ပြားသုံးခေတ်ဖြစ်ပြီး တစ်နေ့လုပ်အားခသည် နှစ်ကျပ်ဖြစ်ပါသည်။) မွေးစားမိဘ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့် ကိုတင်ထွန်းကိုမူကား ပညာတတ်တစ်ယောက်ဖြစ်စေရန်ကျောင်းထားပေးခဲ့သည်။ ထို့ပြင် ကိုတင်ထွန်းအား မည်မျှချစ်သနည်းဟူမူ စောင့်ရှောက်ထားသူ ဒေါ်ကြီးလင်မယားမှ ကိုတင်ထွန်းတစ်ဦးတည်းကို အမွေခံသားအဖြစ် စာချုပ်စာတမ်းဖြင့် မွေးစားခဲ့လေသည်။

ထိုခေတ်ထိုအချိန်တုန်းက ကိုတင်ထွန်း၏မွေးစားမိဘများမှာ လယ်ဧကများစွာရှိပြီး ရှေးလူကြီးများဖြစ်သဖြင့် စုတတ်ဆောင်းတတ်သည်မို့ ငွေကြေးပြည့်စုံကြွယ်ဝကြသည်။ မွေးစားသား ကိုတင်ထွန်းကို လယ်ထဲမဆင်းစေဘဲ လိုအပ်သည်များကို ပံ့ပိုးပေးရင်း ပညာကိုသာ ကြိုးစားသင်ယူစေခဲ့သည်။ သို့နှင့် ကိုတင်ထွန်း ဆယ်တန်းရောက်သောနှစ်တွင် ရဲတပ်ဖွဲ့ထဲသို့ဝင်သွားပါသည်။ မွေးစားမိခင်ဖခင်တို့မှာ မျက်ရည်နှင့်မျက်ခွက်။ မကြာလှပါ။ နှစ်နှစ်၊ သုံးနှစ်ခန့်ကြာလျှင် ရဲတပ်ဖွဲ့မှထွက်၍ အိမ်သို့ပြန်ရောက်လာလေသည်။

ကိုတင်ထွန်းလို လူပေါ့ကြော့တစ်ယောက်အနေဖြင့် ကြာရှည်မခံနိုင်။ မွေးစားမိဘများမှာ သားပြန်ရောက်လာသည့်အတွက် ပျော်တပြုံးပြုံး။ သားလိုသည်များကို မျက်နှာမညိုးစေရ။ ဖန်တီးဖြည့်ဆည်းပေးခဲ့သည်။ ကိုတင်ထွန်းပြန်ရောက်လာသောအခါ ပညာရပ်နှစ်ခု တတ်ကျွမ်းလာခဲ့လေသည်။ အရက်သောက်ခြင်းနှင့် ဖဲရိုက်တတ်ခြင်းပင်။

ထိုသည်ကို မိဘများက အပြစ်မမြင်ခဲ့။ မပြောရက်ခဲ့။ နောက်တစ်ကြိမ် အိမ်နှင့်ဝေးရာ ထွက်ခွာသွားမည်ကိုစိုး၍ပင်။ ထို့ကြောင့် မွေးစားမိဘများက ကိုတင်ထွန်းကို စိတ်လည်းပြောင်း ခြေလည်းငြိမ်စေရန် ရပ်ကွက်အတွင်းမှ လိမ္မာရေးခြားရှိသော မဝင်းအေးနှင့် လက်ထပ်ထိမ်းမြားပေးပြီး လယ် (၅) ဧကကိုလည်း ခွဲပေးကာ လုပ်ကိုင်စေခဲ့ပါတယ်။

ကိုတင်ထွန်း အိမ်ထောင်ကျပြီးနှစ်နှစ်သုံးနှစ်လောက်အတွင်း လယ်စာရင်းငှားများဖြင့် အလုပ်ကိုကျိုးကျိုးနွံနွံကြိုးစားလုပ်ကိုင်သဖြင့် အတော်အသင့်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းမိရှိခဲ့သည်။ သမီးလေးတစ်ယောက်လည်း အဖတ်တင်၏။ ကိုတင်ထွန်း၊ မဝင်းအေးတို့မွေးဖွားသောသမီးကလေးကိုလည်း မွေးစားမိဘများနှင့် ဆွေမျိုးများက ချစ်လိုက်ကြသည်မှာလည်း အသည်းတုံအူတုံ။ ကိုတင်ထွန်းကတော့ အသောက်အစားရှိနေဆဲပင်။

ထိုသမီးဦးလေးရပြီးသည့်နောက်ပိုင်းတွင် ကိုတင်ထွန်း ဗွေဖောက်လာသည်။ အပေါင်းအသင်းများပို၍စုံလာသလို မေ့ပျောက်နေသော လောင်းကစားလည်း ပြန်ပြီးအသက်ဝင်လာသည်။ ကိုတင်ထွန်းမှာ စနေသားမို့လားမသိ လုပ်ချင်မိလျှင် ဘယ်သူမှတားမရ။ သူလုပ်ချင်ဖြစ်ချင်သည်ကိုသာ တစ်ဇွတ်ထိုးလုပ်တတ်သူ။ ကိုတင်ထွန်းအနေနှင့် ပရိတ်ဝိုင်းသာမရောက်ရှိရမည် ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ အရက်ဝိုင်း၊ ကြက်ဝိုင်းအကုန်ရောက်အကုန်လုပ်သည်။ ကိုတင်ထွန်းအနေဖြင့် မည်မျှပင်ထင်ရာလုပ်နေသော်လည်း သူများအပေါ် မဟုတ်တာမလုပ်။ သူတစ်ပါးကို ပေးချင်ကမ်းချင် ကျွေးချင်မွေးချင်၊ ကူညီချင်စိတ်ရှိ၏။ အထူးသဖြင့် ကိုတင်ထွန်းသည် မိန်းမကိစ္စရှုပ်ပွေခြင်းလုံးဝမရှိ၊ ထိုစရိုက်များကချစ်စရာလေး၊ လေးစားစရာ။

သို့နှင့် ကိုတင်ထွန်းတစ်ယောက် လောင်းကစားနွံထဲနစ်သည်ထက်နစ်လာတော့သည်။ ထိုသောအခါ သားမယား၊ သားသမီးလည်းဂရုမစိုက်။ မိဘနှင့်ကြီးသူများပြောလည်း နားမထောင်ခံမပြော။ ထိုခေတ်ထိုအချိန်က အုပ်ချုပ်ရေးအားပျော့ပြီး အဆင်ပြေသလို အန္တရာယ်ကင်းကာလဖြစ်သဖြင့် ရပ်ကွက်ထဲများမှာပင် လောင်းကစားဝိုင်းများသိပ်ပြတ်လှသည်မရှိ။ မြို့နယ်တွင်း တချို့သောဘုရားပွဲ၊ ပျော်ပွဲရွှင်ပွဲများတွင် အာဝါဒေးဟုဆိုကာ လောင်းကစားမျိုးစုံ ကြီးစိုးဖောင်းပွနေသည့်ကာလများဟုဆိုရမည်ပင်။ ထိုသို့သောပွဲမျိုးရှိသည်ဆိုမှဖြင့် ကိုတင်ထွန်းတစ်ယောက် အိမ်ကိုပင်သတိမရတော့။

အဓိကဇာတ်လမ်းက ခုမှစမည်ဖြစ်ပါသည်။ ကိုတင်ထွန်းခရီးလွန်သောနေ့ရက်များတွင် မဝင်းအေးညီမများကလာရောက် ညအိပ်စောင့်ရှောက်ပေးသလို ကျွန်တော်တို့ အိမ်နီးနားချင်းများကလည်း ဝိုင်းဝန်း၍ စောင့်ရှောက်ကြပါသည်။ တစ်နေ့သော ညဦးပိုင်းတွင် ကိုတင်ထွန်းအိမ်ပေါ်၌ ကျွန်တော်တို့လင်မယား၊ မဝင်းအေးနှင့် ညီအစ်မများ

စကားပြောနေစဉ် ကိုတင်ထွန်း၏ သမီးလေးမှ -

"ဟော - ဖေကြီးပြန်လာပြီ"

ဆိုကာ ခြံဝသို့ပြေးဆင်းသွားရာ ကျွန်တော်တို့လည်း ကလေးသွားရာ အိမ်ခြံဝသို့ လှမ်းကြည့်မိသည်။ မျက်နှာပြုံးပြုံးရွှင်ရွှင်နှင့် သမီးကိုပွေ့ချီကာ အိမ်ပေါ်သို့ ကိုတင်ထွန်းတက်လာသည်။

"ဩော် - အစ်ကိုကြီးတို့လည်း ရောက်နေတာကို"

ဟု နှုတ်ဆက်ရင်း သူ့လက်ထဲမှ ခေါက်ဆွဲကြော်ထုပ်ကို မဝင်းအေးအား လှမ်းပေးလိုက်သည်။ မဝင်းအေးသည် လင်တော်မောင်အား မျက်စောင်းတစ်ချက်ထိုးကာ အထုပ်ကိုဆွဲလျက် မီးဖိုချောင်တွင်းသို့ဝင်သွားပါသည်။

ကျွန်တော်လည်း ကိုတင်ထွန်းကို အကဲခတ်ရင်း -

"မင်းထမင်းကောစားပြီးခဲ့ပြီလား"

မေးလိုက်ရာ ကိုတင်ထွန်းမှ -

"ပြီးခဲ့ပြီ အစ်ကိုကြီးရေ့ သူငယ်ချင်းတွေနဲ့ ဒေါ်ကျင်မွှေးဆိုင်မှာဝင်စားလာခဲ့တယ်"

(ဒေါ်ကျင်မွှေးခေါက်ဆွဲကြော်ဆိုင်မှာ တစ်ချိန်က ကျုံပျော်တွင် လွန်စွာမှနာမည်ကြီး၏။ ယခုအချိန်တွင် ထိပ်တန်းဟူသော ဆိုင်းဘုတ်ချိတ်ကာ ရောင်းနေဆဲဖြစ်ပါသည်။)

ဖြေရင်းမှ ဇနီးဖြစ်သူ မဝင်းအေးအား -

"ဝင်းအေးရေ၊ ခေါက်ဆွဲကြော် ထည့်ပါဟ။ အစ်ကိုကြီးတို့စားရအောင်"

ပြောပြီး သူ့သမီးလေးကို ပေါင်ပေါ်ဆွဲတင်ကာ နမ်းရှုပ်နေလေသည်။ ကျွန်တော့်မှာ ကိုတင်ထွန်းကိုကြည့်ရင်း စိတ်ထဲမကောင်းသလိုလို၊ ဒေါသပဲဖြစ်တော့သလိုလို ဝေခွဲမရသောခံစားမှုမျိုး ခံစားနေရလေသည်။

"စားပါဦး အစ်ကိုကြီး၊ မကြီးလည်းစားပါ"

ဆိုသော မဝင်းအေး၏ စကားကြောင့် -

"ဟ-တို့ထမင်းစားပြီးပြီ၊ နင်တို့ပဲစားကြပါ။ နင့်ညီမတွေကျွေးလိုက်ပါဝင်းအေးရယ်"

ကျွန်တော်ပြောပြီး ရေနွေးကြမ်းငုံ့သောက်နေလိုက်ပါသည်။

"ဝင်းအေးရေ၊ ဝါပင်တော့မယ်ဆိုတော့ နတ်ကန်တော့ရဦးမယ်မဟုတ်လား။ နောက်ပြီး ငါ့ရိုးရာဆွဲမြင်းလည်း ကြာပြီဆိုတော့ အသစ်လဲမှထင်တယ်"

ဆိုသော ကိုတင်ထွန်းစကားသံကြောင့် ဒီတစ်ခါ အဆင်ပြေလာပုံရတယ်ဟု တွေးနေမိပါသည်။

"အင်း - ရှင်အဆင်ပြေရင်တော့ နတ်လည်းကန်တော့ရမယ်။ မြင်းလည်း ဝယ်လဲမယ်ဆိုရင် မနက်ကျဈေးသွားလိုက်မယ်"

ဟု ပြောကာ ခေါက်ဆွဲကြော် ပန်းကန်ထဲမှ ဇွန်းဖြင့်ခပ်၍ သူ့သမီးလေးခွံ့ကျွေးနေလေသည်။

ကျွန်တော် သူတို့မိသားစုကိုကြည့်ကာ အတွေးပွားမိ၏။ လက်ရှိသူတို့အခြေအနေမှာမကောင်း။ မိဘပေးထားသော လယ်များလည်း ကိုတင်ထွန်းကြောင့် ကုန်သွားပြီ။ မဝင်းအေးရဲ့မုန့်ဟင်းခါးဆိုင်လေးကိုသာ အားထားနေရသည်။ လွန်ခဲ့သော (၂) နှစ်ကျော်ခန့်ကပင် မွေးစားမိခင်၊ ဖခင်ကြီးနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ ဆိုဆုံးမမည့်သူများမရှိတော့သောအခါက ကိုတင်ထွန်း ထင်ရာစိုင်းတော့သည်။

ထို့ကြောင့် လယ်တွေကုန်၊ အနည်းငယ်သောအတွင်းပစ္စည်းလေးတွေလည်းကုန်၊ နောက်ဆုံး မိန်းမအိမ်ထောင်ဦးပါ။ နားကပ်ကလေးပါ မကျန်အောင် ကုန်ခဲ့သည်။ လောင်းကစားသမားတို့ရဲ့သဘောမှာလည်း ရှုံးလျှင်မဲလိုက်သည်၊ နိုင်ပြန်လျှင်လည်း လောဘတက်သည်။ရှုံးလိုက်နိုင်လိုက် ရလိုက်စားလိုက် ရှာလိုက်ဖွေလိုက်ဖြင့် သံသရာလည်နေတော့သည်။ ကိုတင်ထွန်းကတော့ သူတို့လောင်းကစားလောကစကားနှင့်ပြောရလျှင် လက်ပါသည်ဟု ဆိုရမည်ရှိလျှင် ဒို့သလို ပုံအောတတ်သည်။ လူဖြစ်ခွေးဖြစ်သဘောမျိုး၊ လက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လောင်းကစားသမားဟူသည် နှံသမားပါးစပ်ကဲ့သို့ ပိန်လိုက်ဖောင်းလိုက်၊ ရလိုက်ကုန်လိုက်၊ တစ်ခါတစ်ရံတွင် ကျွန်တော်က နားဝင်အောင် အကျိုးအကြောင်း ပြောဆိုဆုံးမသောအခါ ပြောတုန်းခဏသာ ဟုတ်ကဲ့၊ ဟုတ်ကဲ့ဟူ၍ နားထောင်နေခဲ့သည်။ ကွယ်ရာတွင်တော့ သူထင်ရာသူလုပ်မြဲ။

"ကဲ -အိမ်ကလူ၊ တင်ထွန်းလည်း ပြန်ရောက်ပြီ ပြန်ကြမယ်။ အိမ်မှာကလေးတွေချည်းပဲ"

ဆိုကာ ထိုင်ရာမှထလိုက်သော ဇနီးသည်၏ စကားသံကြောင့် အတွေး လွန်နေသော ကျွန်တော်လည်း သတိဝင်လာကာ -

www.burmeseclassic.com

www.burmeseclassic.com

"ကဲ-တင်ထွန်းရေ ငါတို့ပြန်တော့မယ်။ အားလုံးအဆင်ပြေအောင်နေကြကွာ"

ဟု ဆိုကာ အိမ်သို့ပြန်လာခဲ့ကြပါသည်။

နောက်ရက်များ၌ ကျွန်တော်တွေ့မြင်နေရသည်မှာ မိသားစုပျော်ပျော်ရွှင်ရွှင်နှင့် စားလိုက်သောက်လိုက် ဝယ်လိုက်ခြမ်းလိုက်၊ မိန်းမဖြစ်သူ မဝင်းအေးမှာလည်း နားကပ်အသစ်ကလေး တဝင်းဝင်း၊ သမီးလေးမှာလည်းလက်စွပ်ကလေးနှင့် မြင်ရတွေ့ရသည်မှာ ပီတိဖြစ်စရာ။ ထိုရက်များက ရိုးရာနတ်ကန်တော့ခြင်း၊ ယောကျ်ားအတွက် မြင်းဖြူရှင်အသစ်လဲခြင်းတို့လုပ်ကိုင်နေသည်ကို တွေ့မြင်နေရ၏။ ကိုတင်ထွန်းဒီရက်ပိုင်း အပိုးကျိုးနေပုံများ၊ မိန်းမလုပ်ငန်းလည်းကူညီ၊ ပျက်နေတဲ့ ခြံစည်းရိုးတွေလည်းပြင်၊ ဆွေးပြီးပျက်ကျနေတဲ့ ထရံတွေပြန်ကာ အထူးသဖြင့် သူ့ရိုးရာအဘမြင်းဖြူရှင်အား ရေမသိုးစေရ၊ ပန်းမညှိုးစေရ၊ မြင်းစာမြက်မခြောက်စေရ ဂရုစာစိုက်ရှိလွန်းလှသည်။ ဩော်-ဒီလိုဆိုတော့လည်း ဇနီးဖြစ်သူ မဝင်းအေးမှာ တပြုံးပြုံး။ သူတို့မိသားစုအဆင်ပြေနေတော့လည်း ပတ်ဝန်းကျင်က စိတ်ချမ်းသာရ၏။ သို့သော် ကိုတင်ထွန်းက ညနေပိုင်းလေးတော့ ပုံမှန်မူးနေတတ်သည်။ သည်လောက်ကတော့ကိစ္စမရှိ။ လေးငါးရက်လောက်အိမ်ကုပ်နေပြီး ငြိမ်ချက်သားကောင်းနေရာမှ တစ်ပတ်ခန့်ကြာသောအခါ ကိုတင်ထွန်း အိမ်မှထွက်သွားပြန်သည်။ ထိုသည်မှာလည်း အထူးအဆန်းမဟုတ်သဖြင့် ကျွန်တော်တို့လည်း ထုံးစံအတိုင်း သွားချည်လာလှည့်စောင့်ရှောက်ရင်း ပုံမှန်အတိုင်းရှိနေခဲ့ကြသည်။

တစ်ည(၁၁)နာရီခန့် ကိုတင်ထွန်းတို့အိမ်မှ ဆူညံရန်ဖြစ်သံများကြားသဖြင့် ကျွန်တော်နားစွင့်နေမိသည်။

"ရှင်မူးလာရင် ထမင်းစားပြီးအိပ်နေပါလား၊ ပြန်သွားမနေနဲ့"

ဟူသော မဝင်းအေး၏အသံကို ကြားလိုက်ရသည်။

"ဟဲ့ - မသွားလို့ဖြစ်မလား။ ငါ ရှုံးထားတွေပြန်ရအောင်လုပ်ရဦးမယ်။ သူများကိုလည်းပေးစရာရှိတယ်။ အဲဒါကြောင့် နင့်ဆီကိုငါလာတောင်းတာပေါ့"

"ကျုပ်မှာဘာရှိလို့တောင်းရမှာလဲ။ ရှိသမျှပိုက်ဆံလည်း ရှင်ပဲအကုန်ယူသွားတဲ့ဟာကို"



"ငါ့ကိုလျှာရှည်ပြီးထပ်ပြောမနေနဲ့။ ပိုက်ဆံမရှိရင် နင့်နားကပ်ချွတ်ပေး"

ဟု ဆိုကာ ပွဲကြမ်းပါလေ၏။

ကျွန်တော်လည်း သူတို့လင်မယားကိစ္စ အခုအချိန်သွားပြီးဖျန်ဖြေဖို့ဆိုတာလည်း ကိုတင်ထွန်းက နားထောင်မည်မဟုတ်။ တင်ထွန်းက မူးလာလျှင် သွေးဆိုးသည် ပြောမကောင်း။ ထို့ကြောင့် အသံမပေးဘဲငြိမ်၍သာနားထောင်နေမိသည်။ မကြာပါ၊ ဆူညံသံများငြိမ်သက်သွားပေပြီ။ အမှန်တော့ မဝင်းအေးသည် ကိုတင်ထွန်းကိုကြောက်ရသည်။ ကိုတင်ထွန်းကားမမူးလျှင် စိတ်ကောင်းသလောက် မူးလာလျှင် တုတ်မှန်းဓားမှန်းမသိ ညဉ့်က အမှောင်ထုအောက်တွင် နစ်မြုပ်လျက်။

နောက်တစ်နေ့ ညနေပိုင်းတွင် ကျွန်တော် မြို့ထဲသို့ ခြင်းသွားခတ်ရန် စက်ဘီးကိုဆွဲ၍ထွက်မည့်အလုပ် -

"အစ်ကိုကြီးရေ လာပါဦး၊ ကိုတင်ထွန်းရယ် ဘာဖြစ်မှန်းမသိလို့"

ဆိုသော မဝင်းအေးခေါ်သံကြောင့် စက်ဘီးကို ခြံထဲပြန်ထည့်၍ သူတို့ခြံဘက်သို့ ကျွန်တော်တို့လင်မယား အပြေးအလွှား ရောက်သွားပါသည်။ ကျွန်တော်တို့နည်းတူ ခြေရင်းအိမ်ခေါင်းရင်းအိမ်မှလူများလည်း ရောက်လာကြပါသည်။ ခြံပေါက်ဝရောက်၍ကြည့်လိုက်သောအခါ ကိုတင်ထွန်းမှာအိမ်ပေါ် လှမ်းတက်သည့်ခြေနင်းခုံပေါ် တွင် တစောင်းလဲကျလျက် လည်ပင်းမှာ ဘယ်ဘက်သို့လိမ်လျက်ရှိပြီး မျက်လုံးကအပြူးသား၊ လည်ချောင်းမှထွက်လာသောအသံမှာ တဂစ်ဂစ်၊ ခြေထောက်များက ရုန်းကန်လျက်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ ရောက်လာသူများနှင့်ဝိုင်းပွေ့ကာ အိမ်ပေါ် တင်ပြီးနှိပ်သူကနှိပ်ဖြစ်သူကဖြစ် နားလည်သလိုလုပ်ကိုင်ပေးကြသည်။

ကျွန်တော်မှ -

"ဟဲ့ - ဝင်းအေး၊ ဘယ်လိုဖြစ်တာလဲ။ အစားတွေဘာတွေမှားသလား"

ဟု မေးပါသည်။

"သူဟာသူဘာတွေစားသလဲတော့မသိဘူး။ ခုမှပြန်ရောက်လာပြီ၊ အိမ်ပေါ် ကိုလှမ်းအတက် ခုလိုဖြစ်တာ အစ်ကိုကြီး"

ဟုဆိုကာ မျက်နှာပျက်လျက်ရှိသည်။ ကျွန်တော် မဝင်းအေးစကားဆုံးသည်နှင့် အိမ်အတွင်းလှည့်ပတ်ကြည့်ရှုလိုက်ရာ လွန်ခဲ့သော တစ်ပတ်ခန့်က တလေးတစားတရိုတသေချိတ်ဆွဲထားခဲ့သော မြင်းဖြူရှင်မြင်းအား မတွေ့တော့သဖြင့် -

"ဟဲ့ - ဝင်းအေး၊ နင်တို့တင်ထွန်းအတွက်ဆွဲထားတဲ့မြင်းဘယ်ရောက်သွားသလဲ"

"ဟိုညတုန်းက မူးပြီးပြန်လာတော့ ကျွန်မနဲ့လည်း ရန်ဖြစ်တယ်။ သူ့အတွက် ဆွဲထားတဲ့မြင်းလည်း ငါကဒီလောက်ရိုရိုသေသေနဲ့ ပူဇော်ပသ ဂရုစိုက်တာတောင် ငါ့ကိုနိုင်အောင်လုပ်မပေးဘူး။ နင့်ကိုထားလည်း အိမ်ရှုပ်တာပဲရှိတယ်ဆိုပြီး ကျွန်မအတင်းတားတဲ့ကြားထဲက နတ်စင်ကနတ်မြင်းကိုဖြုတ်ပြီး လည်ပင်းလိမ်ချိုး၊ ခြေထောက်လည်းဆွဲဖြုပြီး ခြံနောက်ဘက်လွှင့်ပစ်လိုက်တယ်။ ပြီးတော့ ကျွန်မနားကပ်နဲ့ ကလေးလက်စွပ်ချွတ်ယူပြီးထွက်သွားတာ ခုမှပြန်ရောက်လို့ အိမ်ပေါ် လှမ်းအတက် ခုလိုဖြစ်တာပဲ"

မဝင်းအေး၏ ပြောစကားအရ ကျွန်တော်သိလိုက်ပါပြီ။ ကိုတင်ထွန်းကို လှမ်းကြည့်လိုက်သောအခါ လည်ပင်းလိမ်ကြီးနှင့် ခြေထောက်များက ထိုးထိုးတွန့်တွန့်။ ကျွန်တော်လည်း ဇနီးသည်ကို လှမ်းကြည့်ကာ -

"မသန်းမြင့်ရေ မကြူကိုသွားခေါ်စမ်းပါ။ ခုနက ဝင်းအေးပြောတာတွေ ပြောပြပြီး ခုချက်ချင်းလိုက်ခဲ့ပါလို့ပြော"

ဟု ဆိုကာ ဇနီးသည်အားလွှတ်လိုက်ရသည်။ မကြူဆိုသူမှာ ကျွန်တော်တို့လမ်းထိပ်တွင်နေထိုင်ပြီး နတ်ဆိုင်းနှင့်နတ်အဖွဲ့ကို ထူထောင်ထားသူ နတ်ကနားစီးဖြစ်ပါသည်။ မကြာပါ၊ မသန်းမြင့်အတူ မကြူပါလာသည်။

ကျွန်တော်မှ -

"ကဲ - မကြူရေ၊ အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ"

ဆိုကာ မဝင်းအေးပြောသည်များကို ထပ်မံရှင်းပြရပြန်သည်။ မကြူလည်း ကိုတင်ထွန်းကိုကြည့်ကာ အနား[illegible]ရှိ



www.burmeseclassic.com

www.burmeseclassic.com

သော မဝင်းအေး၏ ညီမ မချိုအေးကို လက်ဖက်အသားချည်းဝယ်ခိုင်းလိုက်ပါသည်။ ထို့နောက် မဝင်းအေးအား အမွှေးရေခွက်နှင့် သပြေခက်ကို ယူလာခိုင်းလိုက်ပါသည်။ မချိုအေး ပြန်ရောက်လာသဖြင့် လက်ဖက်ရည်ချိုပန်းကန်အသေး (၂) ချပ်တောင်း၍ လက်ဖက်သားများကို ပန်းကန် (၂) ချပ်ထဲသို့ ခွဲထည့်ကာ တစ်ပွဲကိုယူပြီး အမွှေးခွက်ကိုကိုင်ကာ မဝင်းအေးကိုခေါ်လျက် အိမ်အတွင်းခန်းထဲသို့ ဝင်သွားပါသည်။ မဝင်းအေး၏ အိမ်တွင်းရိုးရာများအား တောင်းပန်ကာပြန်ထွက်လာပြီး ကျန်တစ်ပွဲကို အဖမြင်းဖြူရှင်စင်ပေါ် သို့တင်ကာ နတ်ကလည်း တောင်းပန်၊ လက်ကလည်း အမွှေးရည်ပက်ဖျန်းဖြင့် ပြုလုပ်နေလေသည်။ မကြူစိတ်တိုင်းကျပြောဆိုတောင်းပန်ပြီးမှ အမွှေးရည်ခွက်ကို နတ်စင်ပေါ် တင်လိုက်ကာ ကျွန်တော်တို့ရှိရာလာထိုင်နေပါသည်။ ကျွန်တော့်စိတ်ထဲမှာ မကြူကျွမ်းကျင်နိုင်နင်းသောရိုးရာကိစ္စနှင့်ပြုလုပ်၍မှ အဆင်မပြေပါက အနီးအနားလူငယ်များကိုခေါ်၍ ပုခက်လုပ်ပြီး ဆေးရုံကိုခေါ်သွားရန် စိတ်ကူးထားလေသည်။

မကြူလည်း အတူထိုင်နေရင်းမှ-

"ဝင်းအေးရေ့ ငါလည်းနင်မြင်တဲ့အတိုင်း အိမ်တွင်းရိုးရာရော အဖမြင်းဖြူရှင်ရော တောင်းပန်ပြောဆိုပြီးပြီ။ မနက်ကျ မြင်းအသစ်တစ်စီးဝယ်လဲပေးပါမယ်လို့ ငါတောင်းပန်ထားတယ်။အဲဒါအသေအချာဝယ်လာခဲ့ ငါလာဆွဲပေးမယ်"

ဟု ဆိုကာ စကားပင်မဆုံးသေး-

"ဟော - တင်ထွန်းသတိရလာပြီ"

ဆိုသဖြင့် ကျွန်တော်တို့လှမ်းကြည့်လိုက်ရာ မျက်လုံးကြောင်တောင်တောင်နှင့် လည်ပင်းကိုဖျစ်ကာ သတိရလာသော တင်ထွန်းကို တွေ့လိုက်ရပါသည်။ သတိရလာသော တင်ထွန်းကို အနီးရှိဇနီးဖြစ်သူဝင်းအေးက ထိန်းကိုင်ရန်ထူပေးလိုက်ပါသည်။ တင်ထွန်း ရေသောက်ချင်သည်ဆို၍ အနီးရှိသူတစ်ယောက်က ရေခပ်ပေးလိုက်ရသည်။ ရေသောက်ပြီးသည်နှင့် ကိုတင်ထွန်းမှ ကျွန်တော့်အား ကြည့်ကာ -

"ကျွန်တော်ဘာဖြစ်သွားတာလဲ အစ်ကိုကြီး"

ဟု ဆိုကာ မေးသဖြင့် -

"ဩော် - တော်တော်အပြောကောင်းတဲ့ကောင်။ မင်းဖြစ်တာ ငါက ဘယ်လိုလုပ်သိမှာလဲ။ မင်းမိန်းမလှမ်းခေါ်လို့ ငါတို့တတွေရောက်လာကြတာ။ တို့ရောက်လာတော့ ဇက်ကြိုးလိမ်ပြီး သတိလစ်နေလို့ ငါတို့အပေါ် တင်ထားရတာ"

ကျွန်တော်လည်း သူ့မေးခွန်းကို အငေါ်တူးကာ ပြန်ဖြေလိုက်လေ၏။ ကိုတင်ထွန်းလည်း ခေတ္တမျှငိုင်သွားရင်း-

"အင်း - ကျွန်တော်မှတ်မိပြီ။ ကျွန်တော်ကုလားလေးအရက်ဆိုင်ဝင်သောက်ပြီး ပြန်လာတယ်။ အိမ်ရောက်တော့ အိမ်ပေါ်ကို လမ်းအတက် ကျွန်တော်လည်ပင်းကိုဖမ်းပြီးလိမ်ချိုးလို့ ကျွန်တော်ရုန်းရင်းကန်ရင်းသတိလစ်သွားတာ"

ဟု ဆိုကာ ဘေးပတ်ဝန်းကျင်ကို ကြည့်ရင်း မကြူကိုတွေ့သဖြင့် -

"ဩော်- ဒေါ်ကြူလည်း ရောက်နေတာကိုး"

ပြောပြီး ခေါင်းအောက်စိုက်လျက် ငြိမ်နေလေသည်။ ကျွန်တော်လည်း စိတ်ထဲခပ်ချဉ်ချဉ်ရှိသဖြင့် သူ့စကားနောက်မှ ဆက်ကာ -

"အေး - ရောက်ရတာပေါ့ကွာ။ မင်းဟာက ဘာဖြစ်မှန်းမသိ၊ မင်းလုပ်သွားတဲ့လုပ်ရပ်ကအကုန်ဒုက္ခရောက်မယ့်လုပ်ရပ်ကွ။ မကြူကောင်းလို့ မင်းအကောင်းပြန်ဖြစ်တာ။ လောကစကားရှိတယ်ကွ၊ နတ်နဲ့နဂါးမလှည့်စားနဲ့တဲ့။ ယုံတာမယုံတာအပထား မိရိုးဖလာရိုးရာဆိုတာရှိတယ်။ နောက်တစ်ခုက မမြင်ရ မမြင်အပ်တဲ့လောကသားတွေရှိတယ်ကွ။ ဒါကြောင့် ဆရာတော်ကြီးများ မေတ္တာပို့အမျှဝေတဲ့အခါ မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါလို့ရည်စူးပြီး မေတ္တာပို့ကြတယ်။ နောက်ပြီး လူလိုမှ နတ်လို၊ နတ်လိုမှဂြိုဟ်မ ဆိုတဲ့ စကားလည်းရှိတယ်။ မယုံတာကိုယုံပါလို့မပြောဘူး။ သို့ပေမယ့် မမြင်ရတဲ့လောကသားတွေကို မစော်ကားမိစေနဲ့။ မေတ္တာထားနိုင်ရင် အကောင်းဆုံးပေါ့ကွာ။ မေတ္တာဆိုတာ အသွားအပြန်ရှိတယ်။မင်းလုပ်ရပ်ကြောင့် မင်းမိသားစုတွေ ဒုက္ခမရောက်ပါစေနဲ့ကွာ။ ဖြစ်ပြီးတာတွေလည်းဖြစ်ပြီးသွားပြီ။ အဲဒါတွေကို သင်ခန်းစာယူပြီး ကောင်းကောင်းမွန်မွန်ရပ်တည်နိုင်အောင် ကြိုးစား။ လူတိုင်းအမှားနဲ့မကင်းကြပါဘူးကွာ။ ပျက်အစဉ်ပြင်ခဏဆိုတဲ့စကားလည်းရှိသားပဲ။ ရိုးရိုးသားသား လုပ်ကိုင်စား။ လူကြိုက်နတ်ကြိုက်အလုပ်မျိုးပဲကောင်းတယ် တင်ထွန်း"

ကျွန်တော်လည်း အကွက်ဝင်လာတုန်း တော်တော်ကလေးပြောဖြစ်လိုက်သည်။ ဘေးနားရှိကြီးသူများကလည်း ဝိုင်း၍ပြောဆိုဆုံးမကြပါသည်။ ကိုတင်ထွန်း ကျွန်တော်အပါအဝင် လူကြီးများ၏စကားများကို နားထောင်အပြီး -

"ကျွန်တော်တကယ်ကြောက်သွားပါပြီ။ ဒီကနေ့ကစပြီး အရက်လည်း မသောက်တော့ဘူး။ လောင်းကစားလည်း မလုပ်တော့ဘူး။ ကျွန်တော်အားလုံးကို ကတိပေးပါတယ်။ ကျွန်တော်မိသားစုဘဝကိုအကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်"

ဆိုကာ ဇနီးဖြစ်သူ မဝင်းအေးကို လှမ်းကြည့်လိုက်သော ကိုတင်ထွန်း၏ မျက်ဝန်းထဲတွင် နောင်တမျက်ရည်များ ပြည့်လျှံလျက်။

■

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော် အစိတ်ခန့်က ကိုတင်ထွန်းနှင့် ယခု ကိုတင်ထွန်း လွန်စွာခြားနားသွားပေပြီ။ အထက်ပါအဖြစ်အပျက်ဖြစ်ပြီး မကြာပါ။ လက်ရှိအိမ်နှင့်ခြံကိုရောင်းပြီး သူ့မွေးစားမိဘများထားခဲ့သောအိမ်တွင် နေထိုင်လျက် အကြော်ဖိုတည်ကာ အကြော်ကြော်ရောင်းသည်။ တဖြည်းဖြည်းကြိုးစားခဲ့ရာ ဒီကနေ့မြို့ပေါ်တွင် အရောင်းရအတွင်ကျယ်ဆုံးဖြစ်နေလေပြီ။ အကြော်၏အရသာကောင်းမွန်ခြင်း၊ ဆက်ဆံရေးပြေပြစ်ခြင်း၊ အိမ်တိုင်ဆိုင်အထိ အချိန်မီ အရောက်ပို့ပေးခြင်းတို့ကြောင့်ကြော်မလောက်ဖြစ်နေပေသည်။ အကျိုးပေး၍ အကြောင်းထင်ပြီလား မသိ သမီး(၃)ယောက်မှာလည်း ပညာတတ်လေးများဖြစ်သည်၊ အငယ်ဆုံးမဆိုလျှင် ကျောင်းဆရာမပင်ဖြစ်နေပြီ။ အကြော်ဖိုလုပ်ငန်းကို ဇနီးသည် မဝင်းအေးနှင့် သမီးအကြီးကိုက ဦးဆောင်ကာ အကူအလုပ်သမလေးနှစ်ယောက်နှင့် တာဝန်ယူလုပ်ကိုင်နေသလို ကိုတင်ထွန်းကလည်း ဖောက်သည်များ မှာကြားထားသောအကြော်မျိုးစုံကို မနက်လင်းသည်နှင့် ဆိုင်ကယ်တစ်စီးနှင့်လိုက်လံပို့ဆောင်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ အကယ်၍ ကိုတင်ထွန်းသည် အမှားကိုမပြင်၊ အမှန်ကို မမြင်ခဲ့လျှင်. . .။

(ဤဖြစ်ရပ်အမှန်ကို ရေးသားခွင့်ပြုသော ညီကိုတင်ထွန်းနှင့် ညီမမဝင်းအေးတို့အား အထူးကျေးဇူးတင်ပါသည်)

မောင်စိမ်းရင့် (ကျုံ[illegible])

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာစာရိတ္တယဉ်ကျေးမှု အထူးဂရုပြု

ရဲရဲထွန်း (ဟင်္သာတ)

ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံစစ်စစ် ဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ်တော်ကြီး အဘက်ဘက်မှ မယိုမယွင်းပျက်စီးခြင်းမဖြစ်ရလေအောင် ရဟန်းသံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့မှ မားမားမတ်မတ် ကာကွယ်ရပ်တည်လျက်ရှိနေကြသည်။ ရဟန်းတို့သည် ဝိနည်းသိက္ခာပုဒ်များနှင့်အညီ စောင့်ထိန်းကျင့်သုံးလျက်ရှိပြီး သာသနာ့သုံးရပ်ကို မရိုယွင်းမှုအစပြု၍ တည်ဆောက်လျက်ရှိနေကြပါသည်။

ထို့အတူ လူပုဂ္ဂိုလ်တို့မှာလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းပြီး သာသနာတော်ကြီး မယိုင်မလဲစေရန် အထောက်အပံ့ပေးလှူလျက်ရှိကြပါသည်။

ရဟန်းသံဃာတို့သည် ၎င်းတို့၏ ဝိနည်းသိက္ခာပုဒ်များနှင့်အညီ သာသနာပြုနေသည့်နည်းတူ ပစ္စည်းလေးပါး ဒါယကာဒါယိကာမအပေါင်းတို့ကလည်း ဗုဒ္ဓဘာသာစာရိတ္တယဉ်ကျေးမှုနှင့်အညီ ပြုမူကျင့်သုံးလုပ်ဆောင်တတ်ကြရမည် ဖြစ်ပါသည်။

ယနေ့ အလှူရှင်ဥပါသကာ၊ အကျိုးတော်ဆောင်၊ ဂေါပက အပေါင်းတို့သည် ကာယကံ ယဉ်ကျေးမှု ဟူသော ကိုယ်အမူအရာ ယဉ်ကျေးခြင်း။ ဥပမာ ဘုရားဆင်းတုတော်၊ ပုံတော်၊ ဓမ္မကျမ်းဂန်များကို မြင့်မြတ်သောနေရာ၌ထား၍ ကိုင်တွယ်လိုလျှင် လက်အုပ်ချီရှိခိုးပြီးမှ ကိုင်တွယ်ရမည်။ ကြမ်းပြင်တွင်ချထားခြင်း၊ ချိုင်းကြားညှပ်ယူခြင်း စသည်ဖြင့် မရှိမသေ မပြုရ။ ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများအနီး၌ နေထိုင်သောအခါ ဝေးလွန်း၊ နီးလွန်း၊ ရှေ့တည့်တည့်၊ နောက်တည့်တည့် မြင့်သည့်နေရာနှင့် လေညာလေတင်နေရာများ၌ မနေထိုင်ရပါ။ 'ဝေးနီးလွန်းရာ မြင့်လေညာနှင့်၊ တည့်စွာနောက်ကျ ဉာ် ခြောက်ဝ၊ မုချအပြစ်များ' ဟူ၍ မှတ်ယူထားရမည်။

အမျိုးသမီးများအနေဖြင့် အရေးကြီးသောအချက်မှာ မလုံခြုံမယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စားဆင်ယင်၍ ရဟန်းသံဃာ၊ လူကြီးသူမများထံ သွားလာဝင်ထွက်ခြင်းမပြုရပါ။ မမြင်ဆိတ်ကွယ်ရာအရပ်ရှိ ရဟန်းတော်ထံ အမျိုးသမီးတစ်ဦးတည်း မချဉ်းကပ်ရပါ။ အမျိုးသမီးများသည် ရဟန်းသံဃာတော်များအား ဆံပင်ဖြန့်ခင်း၍ ဖြစ်စေ၊ လက်စသည်ဖြင့် ကိုင်တွယ်ထိတွေ့၍ဖြစ်စေ ရှိမခိုးရ၊ အရိုအသေမပြုရပါ။ ထိုအချက်များသည် အမျိုးသမီးများအတွက်အရေးကြီးသောစာရိတ္တယဉ်ကျေးမှု ဖြစ်သည်။ အထူးဂရုစိုက်ရန်လိုအပ်ပါသည်။

ဝစီကံယဉ်ကျေးမှုဟုဆိုအပ်သော အပြောအဆို အသုံးအနှုန်းယဉ်ကျေးခြင်းသည်လည်း အရေးကြီးပါသည်။ အချို့သော ဗုဒ္ဓဘာသာဝင်လူငယ်အချို့မှာ ရဟန်းသံဃာတော်များတွေ့လျှင် မိမိသုံးနှုန်းရမည့် အခေါ်အပြောများကိုပင် မေ့လျော့နေတတ်သည်။ အယောင်ယောင်အမှားမှားဖြစ်နေတတ်သည်။

ဥပမာ ရဟန်းသံဃာတော်များ၊ သာမဏေများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုပါက 'ဘုရားတပည့်တော်'၊ 'ဘုရားတပည့်တော်မ' ဟု ပြောဆိုရမည်။ ရဟန်းသံဃာတော်များ နေထိုင်သည်ကို 'သီတင်းသုံးသည်' ဟု ခေါ်သည်။ 'ဆရာတော်ဘယ်မြို့မှာနေသလဲ' ဟု မမေးရ 'ဆရာတော်ဘယ်မြို့နယ်မှာ သီတင်းသုံးပါသလဲ အရှင်ဘုရား' ဟု မေးလျှောက်ရမည်။

ဝစီကံယဉ်ကျေးမှုနှင့်ပတ်သက်၍ များစွာကျန်ရှိနေပါသေးသည်။ အလျဉ်းသင့်ပါက နောက်တစ်ကြိမ် ပြည့်စုံစွာ ဖော်ပြသွားမည် ဖြစ်ပါသည်။

ယခု တင်ပြလိုသည်မှာ 'ဆွမ်းကွမ်းဆိုင်ရာယဉ်ကျေးမှု' ပင်ဖြစ်သည်။ ယနေ့ တီဗွီတွင် မြင်တွေ့နေရသော ဆွမ်းကပ်နေခြင်း၊ အလှူအတန်းများတွင် မြင်တွေ့နေရသော ဆွမ်းအလှူပေးခြင်းများတွင် ပစ္စည်းလေးပါးအလှူရှင်အပေါင်းတို့၏ ဆွမ်းကွမ်းယဉ်ကျေးမှုများ လွဲမှားနေသည်ကို မြင်တွေ့နေရ၏။ ထို့ကြောင့် ဆွမ်းကွမ်းယဉ်ကျေးမှုနှင့်ပတ်သက်၍ အားလုံး လိုက်နာကျင့်သုံးနိုင်ကြစေရန်



www.burmeseclassic.com

www.burmeseclassic.com

အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

၁။ ရဟန်းသာမဏေများနှင့် ပတ်သက်လျှင် ထမင်းကို 'ဆွမ်း'၊ ဟင်းကို 'ဆွမ်းဟင်း' ဟု ပြောဆိုရမည်။

၂။ ဆွမ်းမှတစ်ပါး အခြားစားသောက်ဖွယ်ရာများကို 'ခဲဖွယ်' ဟု ပြောဆိုရမည်။

၃။ ဘုန်းကြီး၊ သီလရှင်များ ဆွမ်းစသည့်အလှူခံလာသောအခါ 'အလှူခံကြွသည်၊ ဆွမ်းခံကြွသည်၊ ဆွမ်းဆန်ရပ်သည်' စသည်ဖြင့် ပြောဆိုရမည်။

၄။ ရဟန်းသာမဏေများစားသောက်ခြင်းကို 'ဘုဉ်းပေးသည်' ဟု ပြောဆိုရမည်။

၅။ ရဟန်းသံဃာများအား 'ထမင်းစားကြွပါ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ငါး၊ အမဲစားကြွပါ' ဟု လူတို့ဝေါဟာရဖြင့် သုံးစွဲပြီး ပင့်ဖိတ်သည်ကို ကြွရောက်စားသောက်က ဝိနည်းဒေသနာအရ အပြစ်သင့်လေသည်။ ရဟန်းသံဃာများနှင့်ပတ်သက်လျှင် လူတို့ဝေါဟာရအစား သာသနာသုံးဝေါဟာရဖြင့် 'ဆွမ်းဘုဉ်းပေးကြွပါ' မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်းဘုဉ်းပေးကြွပါ' စသည်ဖြင့် ပြောဆိုပင့်လျှောက်ရမည်။

၆။ ရဟန်းသံဃာများနှင့် ပတ်သက်လျှင် 'ထမင်းပွဲ' ဟု မပြောရ။ 'ဆွမ်းပွဲ၊ ဆွမ်းပြင်နေတယ်၊ ဆွမ်းပြင်ပြီးပြီ' ဟု ပြောဆိုရမည်။

၇။ ရဟန်းသံဃာတော်များသည် ရေနှင့်ဒန်ပူ (သွားပွတ်တံ) မှတစ်ပါး အခြားဘုဉ်းပေးမည့်စားသောက်ဖွယ်များကို လူ၊ သာမဏေတို့က ကိုယ်ထိလက်ရောက်ပေးကပ်မှသာ ဘုဉ်းပေးတော်မူကြသည်။ ထိုသို့ ပေးကမ်းသည်ကို 'ကပ်တယ်၊' 'ဆွမ်းကပ်တယ်၊' 'လက်ဖက်ရည်ကပ်တယ်' စသည်ဖြင့် ပြောဆိုရမည်။ ရဟန်းသံဃာတော်များကို ဆွမ်း၊ ခဲဖွယ်စသည်ဖြင့်ကပ်ရာတွင် အောက်ပါအချက်များနှင့် လျော်ညီစွာ ကပ်လှူကြရပါမည်။

၁။ ရဟန်းသံဃာများအားကပ်လှူမည့် ဆွမ်းပွဲ၊ လက်ဖက်ရည်ပွဲ၊ ခဲဖွယ်ပွဲများသည် အင်အားအလယ်အလတ်ရှိယောက်ျားတစ်ဦးမြှောက်ချီနိုင်လောက်သောအနေအထားတွင် ထိုသူတစ်ဦးတည်းမှ ကပ်နိုင်သော်လည်း စားပွဲကြီးပါက နှစ်ဦး၊ သုံးဦး ချီမြှောက်၍ဖြစ်စေ ကပ်ကောင်း၏။ ထိုထက်ကြီးမားသောဆွမ်းပွဲများဖြစ်ပါက တစ်ပန်းကန်စီကပ်ရမည်။

၂။ ဆွမ်းကပ်ရာတွင် အကပ်ခံရသော ရဟန်းတစ်ပါးပါးနှင့် ကပ်လှူသူတစ်ဦးဦးသည် 'နှစ်တောင်ထွာနေရာအတွင်း' မှာ ရှိရမည်။ နှစ်တောင်ထွာထက်ဝေးလျှင် အထမမြောက် ဘုဉ်းပေးသောရဟန်းမှာ အာပတ်သင့်လေသည်။ နှစ်တောင်ထွာအတိုင်းအတာကိုအကပ်ခံရသောရဟန်းနှင့် ကပ်လှူသူတို့၏ အပြင်ဘက်တင်ပါးစွန်းများမှစ၍ ခန့်မှန်းတိုင်းတာရသည်။

၃။ အပင်ပေါက်နိုင်သော အသီး၊ အရွက်၊ ပင်စည် စသည်တို့ကို ဆက်စပ်သောအခါ ရဟန်းတော်များသည် ဝိနည်းပညတ်ချက်အရ မဖျက်ဆီးရသဖြင့် ကပ္ပိရသည်။ (ကပ္ပိပုံမှာ ရဟန်းတော်က 'ကပ္ပိယံကရောဟိ' ဟုဆိုလျှင် ကပ်သူ (မိမိ) က 'ကပ္ပိယဘန္တေ' ဟုဆိုလျက် ထိုမျိုးစေ့ရှိရာ အသီးအရွက်ကို လက်သည်းဖြင့် ဆိတ်လိုက်ရသည်။ သို့မဟုတ် ဓားဖြင့်လှီးဖြတ်လိုက်ရသည်။ ဤသို့ ပြုလုပ်သည်ကို ကပ္ပိသည် (အပ်အောင်ပြုလုပ်သည်) ဟု ခေါ်သည်။

၄။ ဆွမ်း စသည်ကပ်သောအခါတွင် အကွဲအအက်ပါသောပန်းကန်ဖြင့်လည်းကောင်း၊ နှီးခွက်၊ သစ်သားခွက်၊ ယွန်းခွက်တို့ဖြင့်လည်းကောင်း ထည့်၍ မကပ်ရ။

ဤကား ဆွမ်းကပ်ရာ၌ ဆင်ခြင်ရမည့် လိုက်နာရမည့် ဆွမ်းကွမ်းဆိုင်ရာ ယဉ်ကျေးမှုများဖြစ်ကြောင်းသိရှိလိုက်နာစေအပ်ပါသည်။ ဆက်လက်၍ ဆွမ်းကွမ်းဆိုင်ရာ စာရိတ္တယဉ်ကျေးမှုနှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်ကြရမည့် အဓိကအချက်အလက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ ရဟန်းသံဃာတော်များသည် ဝိနည်းဒေသနာအရ အကပ်ခံပြီးမှသာ ဘုဉ်းပေးခွင့်ရှိသဖြင့် ရဟန်းသံဃာများ ဘုဉ်းပေးနေစဉ် ကြိုတင်အသိမပေးဘဲ ဆွမ်း၊ ဆွမ်းဟင်း အခြားတစ်စုံတစ်ခုကို ပန်းကန်တွင်မထည့်ရ။ 'အကပ်ခံတော်မူပါဘုရား၊ ဆွမ်းထည့်ပါရစေဘုရား၊ ဆွမ်းဟင်းထည့်ပါရစေဘုရား၊ အလှူခံတော်မူပါဘုရား' ဟုပြောပြီး ရဟန်းသံဃာများက အလှူခံမှထည့်ပေးရမည်။

၂။ ရဟန်းသံဃာတော်များအား ကပ်ထားသော စားဖွယ်သောက်ဖွယ်များကို မစွန့်လွှတ်သေးသမျှ မပြီးသေးသမျှ လူဒါယကာ၊ ဒါယိကာမများ သွားရောက်ကိုင်သော်လည်း အကပ်မပျက်။ သို့သော်လည်း အလေးဂရုထားသောအားဖြင့် မကိုင်ရပါ။

၃။ တစ်စုံတစ်ခုသော ခဲဖွယ်ဘောဇဉ်ကိုကပ်သောအခါ ရဟန်းတော်က ပြည့်စုံပြီဟုဆိုလျှင် ထပ်မကပ်ရ။ ရဟန်းတော်အား 'ဝပြီလားဘုရား၊ တော်ပြီလားဘုရား' ဟု မမေးရ။ 'ပြည့်စုံပါပြီလားဘုရား' ဟုသာ မေးလျှောက်ရမည်။

၄။ ဆွမ်းဘုဉ်းပေးချိန်၌ ခရီးသွားရဟန်းသာမဏေများကို ဖူးတွေ့ရလျှင် ဆွမ်းကိစ္စပြီးပါပြီလားဘုရား၊ ဆွမ်းကပ်ပါမယ်ဘုရားဟု လျှောက်ထားရမည်။

၅။ ရဟန်းသံဃာများသည် ရွှေငွေ စသည့်ရတနာပစ္စည်းများကို ကိုယ်ကျိုးမခံယူကောင်း။ ခံယူလျှင် အာပတ်သင့်သည်။ စာအိတ်၊ လက်ကိုင်ပဝါ စသည်တို့ဖြင့်ထည့်ထားထုပ်ထားသော ငွေစက္ကူကိုလည်း ရဟန်းသံဃာတို့အား ကိုယ်ထိလက်ရောက် မလှူဒါန်းကောင်းပါ။ ထို့ကြောင့် ရွှေငွေ စသည့် ရတနာပစ္စည်းများကို ရဟန်းတော်များအားလှူဒါန်းလိုသည့်အခါ 'ဘုရားတပည့်တော် (တပည့်တော်မ) သည် အရှင်ဘုရား၏ နဝကမ္မ (အမှုကိစ္စအစုစု) အတွက် ငွေတစ်ရာကျပ်တန်ပစ္စည်းလေးပါးကို လှူဒါန်းလိုပါသည်။ ကပ္ပိယညွှန်တော်မူပါဘုရား' ဟု လျှောက်ထားရသည်။ ရဟန်းသံဃာက ကပ္ပိယကိုညွှန်သည့်အခါမှ ထိုကပ္ပိယထံ ငွေကိုအပ်နှံလိုက်ရပါမည်။

ဖော်ပြပါအတိုင်း ပြုမူပြောဆိုကျင့်သုံးလိုက်နာပါက ဗုဒ္ဓဘာသာယဉ်ကျေးမှုများ အဓွန့်ရှည်တည်တံ့မည်ဖြစ်သည်။ ဗုဒ္ဓဘာသာသာသနာအဆုံးအမအရ ဘိုးဘေးဘီဘင်အစဉ်အဆက်ကျင့်သုံးလာခဲ့ကြခြင်း ဖြစ်လေသည်။ ယနေ့တဖြည်းဖြည်းနှင့်ကွယ်ပျောက်လုမတတ်ဖြစ်နေ၏။ လူငယ်အချို့ ရဟန်းသံဃာတော်များကို ဝိနည်းနှင့်အညီ မဆက်ဆံမပြောဆိုတတ်သည်ကို တွေ့မြင်နေရသည်။

ဗုဒ္ဓဘာသာဝင်တို့သည် စာရိတ္တယဉ်ကျေးမှုရှိရမည်။ ကိုယ်၊ နှုတ်၊ စိတ် နှလုံးယဉ်ကျေးခြင်းဖြင့် မေတ္တာစိတ်ကို ဖြစ်စေသည့်အပြင် မိမိယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓဘာသာအပေါ်တွင်လည်း ယုံကြည်မှုသဒ္ဓါများ နှလုံးသားတွင် ပိုမိုသက်ဝင်လာစေမည်ဖြစ်ပါကြောင်း ကောင်းမြတ်သောစိတ်စေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

ရဲရဲထွန်း(ဟသ်…)

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းအခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာ မန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီး အပါအဝင် ဓနံ လာဘံ ဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံအားထုတ်ပါလျှင် ကောင်းကျိုးချမ်းသာများဖြစ်ကြကုန်သည်ဖြစ်၏။ (၁၄-၁၁-၂၀၁၈) နေ့ ညဉ့် (၂၀း၀၂) နာရီအချိန်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်မည်ဖြစ်ပြီး (၁၅-၁၁-၂၀၁၈) နေ့ နံနက် (၈း၀၁း၂၈) နာရီတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းသည် ယှဉ်ဖက်မည်ဖြစ်ကာ ၎င်းနေ့ညဉ့် (၂၀။၀၂) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ စတင်ထွက်ခွာမည်ဖြစ်သည်။

(၁၅-၁၁-၂၀၁၈) နေ့ နေ့လယ် (၁၂း၃၃း၀၃) နာရီမှ (၁၂း၁၆း၀၅) နာရီထိ လက်သည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ကာ ၎င်းနေ့ ညဉ့် (၁၈း၄၉း၀၉) နာရီမှ (၁၉း၄၃း၄၁) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

| ဥဒယလက်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၃း ၂၈း ၀၇ | ၁၃း ၁၁း ၀၉ | ၁ | ၁၉း ၄၄း ၁၃ | ၂၀း ၃၈း ၄၁ |
| ၂ | ၁၃း ၂၄း ၁၁ | ၁၃း ၀၇း ၁၃ | ၂ | ၁၉း ၄၀း ၁၇ | ၂၀း ၃၄း ၄၅ |
| ၃ | ၁၃း ၂၀း ၁၅ | ၁၃း ၀၃း ၁၇ | ၃ | ၁၉း ၃၆း ၂၁ | ၂၀း ၃၀း ၄၉ |
| ၄ | ၁၃း ၁၆း ၁၉ | ၁၂း ၅၉း ၂၁ | ၄ | ၁၉း ၃၂း ၂၅ | ၂၀း ၂၆း ၅၃ |
| ၅ | ၁၃း ၁၂း ၂၃ | ၁၂း ၅၅း ၂၅ | ၅ | ၁၉း ၂၈း ၂၉ | ၂၀း ၂၂း ၅၇ |
| ၆ | ၁၃း ၀၈း ၂၇ | ၁၂း ၅၁း ၂၉ | ၆ | ၁၉း ၂၄း ၃၃ | ၂၀း ၁၉း ၀၁ |
| ၇ | ၁၃း ၀၄း ၃၁ | ၁၂း ၄၇း ၃၃ | ၇ | ၁၉း ၂၀း ၃၇ | ၂၀း ၁၅း ၀၉ |
| ၈ | ၁၃း ၀၀း ၃၅ | ၁၂း ၄၃း ၃၇ | ၈ | ၁၉း ၁၆း ၄၁ | ၂၀း ၁၁း ၁၃ |
| ၉ | ၁၂း ၅၆း ၃၉ | ၁၂း ၃၉း ၄၁ | ၉ | ၁၉း ၁၂း ၄၅ | ၂၀း ၀၇း ၁၇ |
| ၁၀ | ၁၂း ၅၂း ၄၃ | ၁၂း ၃၅း ၄၅ | ၁၀ | ၁၉း ၀၈း ၄၉ | ၂၀း ၀၃း ၂၁ |
| ၁၁ | ၁၂း ၄၈း ၄၇ | ၁၂း ၃၁း ၄၉ | ၁၁ | ၁၉း ၀၄း ၅၃ | ၁၉း ၅၉း ၂၅ |
| ၁၂ | ၁၂း ၄၄း ၅၁ | ၁၂း ၂၇း ၅၃ | ၁၂ | ၁၉း ၀၀း ၅၇ | ၁၉း ၅၅း ၂၉ |
| ၁၃ | ၁၂း ၄၀း ၅၅ | ၁၂း ၂၃း ၅၇ | ၁၃ | ၁၈း ၅၇း ၀၁ | ၁၉း ၅၁း ၃၃ |
| ၁၄ | ၁၂း ၃၆း ၅၉ | ၁၂း ၂၀း ၀၁ | ၁၄ | ၁၈း ၅၃း ၀၅ | ၁၉း ၄၇း ၃၇ |
| ၁၅ | ၁၂း ၃၃း ၀၃ | ၁၂း ၁၆း ၀၅ | ၁၅ | ၁၈း ၄၉း ၀၉ | ၁၉း ၄၃း ၄၁ |
| ၁၆ | ၁၂း ၂၉း ၀၇ | ၁၂း ၁၂း ၀၉ | ၁၆ | ၁၈း ၄၅း ၁၃ | ၁၉း ၃၉း ၄၅ |
| ၁၇ | ၁၂း ၂၅း ၁၁ | ၁၂း ၀၈း ၁၃ | ၁၇ | ၁၈း ၄၁း ၁၇ | ၁၉း ၃၅း ၄၉ |
| ၁၈ | ၁၂း ၂၁း ၁၅ | ၁၂း ၀၄း ၁၇ | ၁၈ | ၁၈း ၃၇း ၂၁ | ၁၉း ၃၁း ၅၃ |
| ၁၉ | ၁၂း ၁၇း ၁၉ | ၁၂း ၀၀း ၂၁ | ၁၉ | ၁၈း ၃၃း ၂၅ | ၁၉း ၂၇း ၅၇ |
| ၂၀ | ၁၂း ၁၃း ၂၃ | ၁၁း ၅၆း ၂၅ | ၂၀ | ၁၈း ၂၉း ၂၉ | ၁၉း ၂၄း ၀၁ |
| ၂၁ | ၁၂း ၀၉း ၂၇ | ၁၁း ၅၂း ၂၉ | ၂၁ | ၁၈း ၂၅း ၃၃ | ၁၉း ၂၀း ၀၅ |
| ၂၂ | ၁၂း ၀၅း ၃၁ | ၁၁း ၄၈း ၃၃ | ၂၂ | ၁၈း ၂၁း ၃၇ | ၁၉း ၁၆း ၀၉ |
| ၂၃ | ၁၂း ၀၁း ၃၅ | ၁၁း ၄၄း ၃၇ | ၂၃ | ၁၈း ၁၇း ၄၁ | ၁၉း ၁၂း ၁၃ |
| ၂၄ | ၁၁း ၅၇း ၃၉ | ၁၁း ၄၀း ၄၁ | ၂၄ | ၁၈း ၁၃း ၄၅ | ၁၉း ၀၈း ၁၇ |
| ၂၅ | ၁၁း ၅၃း ၄၃ | ၁၁း ၃၆း ၄၅ | ၂၅ | ၁၈း ၀၉း ၄၉ | ၁၉း ၀၄း ၂၁ |
| ၂၆ | ၁၁း ၄၉း ၄၇ | ၁၁း ၃၂း ၄၉ | ၂၆ | ၁၈း ၀၅း ၅၃ | ၁၉း ၀၀း ၂၅ |
| ၂၇ | ၁၁း ၄၅း ၅၁ | ၁၁း ၂၈း ၅၃ | ၂၇ | ၁၈း ၀၁း ၅၇ | ၁၈း ၅၆း ၂၉ |
| ၂၈ | ၁၁း ၄၁း ၅၅ | ၁၁း ၂၄း ၅၇ | ၂၈ | ၁၇း ၅၈း ၀၁ | ၁၈း ၅၂း ၃၃ |
| ၂၉ | ၁၁း ၃၇း ၅၉ | ၁၁း ၂၁း ၀၁ | ၂၉ | ၁၇း ၅၄း ၀၅ | ၁၈း ၄၈း ၃၇ |
| ၃၀ | ၁၁း ၃၄း ၀၃ | ၁၁း ၁၇း ၀၅ | ၃၀၁၇း ၅၀း ၀၉ | ၁၈း ၄၄း ၄၁ | |



www.burmeseclassic.com

www.burmeseclassic.com



# စိုးမင်း

(မြောက်စည်း-ရွာသစ်)

# သေသွားရှာတဲ့အပျိုမလေးမိန်းမအဂ္ဂါ ဘယ်သူတွေခိုးတာလဲ

ရွာထဲက ညီငယ်မြင့်သိန်းတို့ လင်မယားဟာ တာမခန့်၊ ပေဟာင်ပါး၊ ဆယ်စင်း၊ ခန္တီးနယ်တွေမှာ မိသားစုအတွက် စီးပွားရှာကြတယ်။ အဝေးမှာ စီးပွားရှာပေမယ့် မိုးတွင်းဝင်ရင်တော့ ညီငယ်မြင့်သိန်း ရွာပြန်လာနေကျ။ ဒီမှာ သူ့လယ်လေးတွေရှိသေးတော့ စပါးစိုက်ရဦးမယ်လေ။ ဒါက နှစ်စဉ်နှစ်တိုင်းပေါ့။

သူတို့လင်မယားက ဟိုမှာ ရွှေမျောကျောက် ဒါလေးတွေ အရောင်းအဝယ်လုပ်။ လင်က ကားမောင်းပေါ့။ မနှစ်က မိုးတွင်းလယ်လုပ်ပြန်လာတော့ ကိုစိုးဆီအလည်ဝင်ရင်း သူသိချင်တာလေးတွေလာမေးလေ့ရှိတယ်။ ခုလည်း အိမ်ရှေ့ ဆိုင်ကယ်ရပ်သံကြားလို့ကြည့်တော့ -

"ဦးစိုး. . . ဦးစိုး"

အသင့်ရှိတဲ့သူက ထူးရပြီပေါ့။

"ဟေး-ဘယ်သူလဲ၊ လာလေ"

"ကျွန်တော်ပါ၊ အလည်လာတာ"

"ဩော်-ဘယ်သူများလဲလို့ ဖိုးမြင့်သိန်းကိုး။ လာကွာ၊ ရေနွေးသောက်ရအောင်"

သူက အသံအောင်တယ်။ စကားကျယ်ကျယ်ပြောတတ်တယ်။ အိမ်ထဲတန်းလျှားခုံထိုင်တော့ သူကစပြောတယ်။

"ကျွန်တော် ဒီရောက်တာ ငါးရက်လောက်ရှိပြီ။ လာမယ်လာမယ်နဲ့ မလှည့်ဖြစ်တာ"

"အေးပါကွာ။ ခုလိုသတိတရဝင်တာပဲ ဝမ်းသာတယ်။ ဒါနဲ့ဒီနှစ်သမီးလေး (၁၀) တန်းအောင်လား"

"မအောင်ဘူး၊ ကျတယ်"

"အေးကွာ - ကလေးသနားစရာ"

"ကျွန်တော်တို့လည်း တတ်နိုင်သလောက်တော့ထားပေးတာပဲ။ ကျတာတော့ သူကံပေါ့ဗျာ"

"အေးပါကွာ၊ ဆက်ထားဦး။ ငယ်သေးတယ်"

"သူနေချင်ရင်တော့ထားပေးမှာ"

သူ့သမီးအငယ်လေးက(၁၀)တန်း။ ဒီနှစ်ပါဆို နှစ်ခါကျပြီပေါ့။

"ဘယ်နဲ့ ဟိုမှာ လုပ်ငန်းကိုင်ငန်းအဆင်ပြေရဲ့လားကွ"

"မဆိုးပါဘူး အဆင်ပြေပါတယ်။ စာတွေရောရေးသေးသလား"

"အေး-ဆေးမြီးတိုလေး၊ ပရလောကအကြောင်းလေးဖြစ်ရပ်မှန်လေးတွေပေါ့"

"ဖြစ်ရပ်မှန်ဆိုလို့ ဟိုတစ်လောက ဟိုမှာမကြားဝံ့မနာသာကြုံခဲ့ရတယ် ဦးစိုးရဲ့"

"အမယ် - ဆန်းလှချေလား၊ ဘာတွေကြုံတာလဲကွ"

"ပြောရမှာအားတောင်နာတယ်။ ကျွန်တော်ဒီမပြန်ခင် (×××) ရွာမှာဖြစ်ခဲ့တာ"

သူ့စကားလေးက စိတ်ဝင်စားကောင်းလာပြီ ဆက်ပို့မှ။ တော်ကြာ ပိတ်သွားမှာစိုးလို့

" ကဲ - လုပ်စမ်းပါဦး၊ နားထောင်ကြည့်ရအောင်"

"ဦးစိုး၊ အရင်လို ပယောဂဆေးကုသေးလား"

"အေး - ကြုံရင်တော့ ကယ်တ



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်လေ။ ဘာဖြစ်လို့လဲ"

"ဒီလိုပါ၊ ဆေးဆရာက ဘယ်နှမျိုးလောက်ရှိမှန်းကျွန်တော် မသိလို့မေးချင်တာ"

"ဟကောင် - ဆေးဆရာ တစ်ပုံတစ်ခေါင်းရှိသဟ။ ဆေး ဂိုဏ်းတွေအများကြီးကိုကွ။ လိုရင်း မေးစမ်း"

"ဦးစိုးတို့ဆေးဆရာလုပ်တာ ဘာစည်းကမ်းတွေထားရလဲ"

"ဒါက မိန်းမ၊ အရက်အဓိက ပေါ့။ သားကြီးငါးကြီးနဲ့ တခြား ကံတွေလည်းထိန်းရတာပေါ့"

"အဲဗျာ - ဟိုဘက်က ဆရာ တွေနဲ့ဘာတွေကွာတာလဲ။ အဲဒါ သိချင်နေတာ"

"ဟကောင်၊ အရှည်ကြီးမစဉ်း စားနဲ့။ ပြောရင်းရှုပ်ကုန်မယ်။ လိုရင်း ပြောရအောင် ဒီခေတ်ဆေးရိုင်း အတော်များများက သူများမယားက အစချိုင်လို့ရတယ်။ အရက်သေ အောင်သောက်၊ တခြား ကြက်၊ ဖဲ၊ လောင်းကစားကြိုက်သလိုလုပ်။ ပညာ လုံးဝမပျက်တဲ့ဂိုဏ်းတွေ၊ ဂိုဏ်းသား တွေတစ်ပုံကြီး။ ဂိုဏ်းနာမည်ထည့် မပြောတာက ပုဂ္ဂိုလ်ရေးထိခိုက်မှာ စိုး လို့။ နောက် အထက်ဂုဏ်းပညာသ တဲ့သူတွေလည်း သီလညှိုးကုန်ပြီ

www.burmeseclassic.com

www.burmeseclassic.com

နောက်လိုက်တုန်ပြီ။ မကောင်းတာကြံစည်ကုန်ပြီ။ ပိုက်ဆံရရင် မကောင်းတာလည်း လုပ်ပေးနေပြီ။ အဲဒီဆရာတွေလည်း ပေါ်လာပြီ။

နောက် ဆေးဆရာလည်းလုပ်တယ်။ ပညာသည် ပြဇာတ်လည်းလုပ်တယ်။ အောက်လမ်းကဝေ နတ်၊ စုန်းနဲ့ နတ်ဆရာတွေလည်း သီလည်ြုးကုန်ပြီ။ ကောင်းမှု၊ မကောင်းမှု အကုန်လုပ်နေကြတာပဲကွ။ စောစောက မင်းစကားမှာ အဖြေပေါ်လာရဲ့လား။

"ဟုတ်- အဖြေပေါ်ပါတယ်။ အဲဒီလောက်ကြီးကျွန်တော်နားမလည်ဘူး"

သူ့မျက်နှာက အိမ်နောက်ခြမ်းနဲ့ အပေါ်တကြည့်ကြည့်လုပ်နေပြီး -

"အစ်မနဲ့ ကလေးတွေမရှိကြဘူးလား"

"အေး - ရှမ်းမက ရွာထဲ၊ သမီးက သူငယ်ချင်းဆီတဲ့။ ဘာဖြစ်လို့တုံး"

"ပြောရမှာ မလွတ်လို့ ဦးစိုးရဲ့။ မိန်းကလေးရှိရင် ပြောထွက်မှာမဟုတ်ဘူး"

"ငါ့အိမ်ကသဘောထားမသေးပါဘူးကွာ၊ ပြောလို့ရပါတယ်"

"ဒီလို ဦးစိုးရဲ့။ ဒီမပြန်ခင် ကျွန်တော့်မိတ်ဆွေသူငယ်ချင်းရဲ့သမီးပျိုလေးဖျားလို့ဆုံးရှာတယ်။ အသက်က (၁၆) နှစ်လောက်။ ကျွန်တော့်သမီးနဲ့ ကျောင်းနေဖက်။ သူတို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတော့ ငိုလိုက်ကြတာဗျာ စိတ်ကိုမကောင်းဘူး"

သူစကားပြောနေတုန်း ကော်ဖီနှစ်ခွက်ဖျော် သူတစ်ခွက်၊ ကျွန်တော်တစ်ခွက်။ သူ့ရှေ့ခွက်ချပေးရင် နားစိုက်နေတာပေါ့။

"ဒီသမီးလေးပဲရှိကြတာဆိုတော့ နှမြောရှာမှာပဲ။ ဒီလင်မယားက သဘောအရမ်းကောင်းတာ ဦးစိုးရဲ့။ ကျွန်တော်တို့နဲ့ စီးပွားရှာဖက်ပဲ။ ခုသူ့သမီးကိစ္စမှာ ကျွန်တော်တို့လင်မယားက ညအိပ်ကူခဲ့တာ။

တိုတိုပြောကြပါစို့ဗျာ။ ဒီနေ့နေ့လယ်ပိုင်း အသုဘချ မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာ။ မြေချတာလည်း ကျွန်တော်တို့ကိုယ်တိုင်လုပ်ပေးခဲ့တာ။ ရက်လည်ကိစ္စကျန်သေးတော့ ဒီအိမ်မှာညအိမ်ကူရပြန်တယ်ဗျာ။

နောက်နေ့ နေ့လယ်ပိုင်းရောက်တော့ ရွာထဲက နွားကျောင်းသားလေးက အိမ်ကိုအမောတကြီးပြောသံကြားလို့ နားစွင့်လိုက်တာ စိတ်ထဲမကောင်းတော့ဘူး"

"နွားကျောင်းသားက ဘာတွေလာပြောတာလဲကွ"

"ဦးလေးတို့သမီးအလောင်း မြေကြီးပေါ်ပေါ်နေလို့တဲ့လာပြောတာဗျ"

ကိုစိုး ထိတ်ခနဲ အံ့သြသွားတယ်။ ရှေ့မှာကြုံမယ့်နောက်ဆက်တွဲတွေ တစ်သီကြီးတန်းစီးပေါ်နေပြီ။ ဒါအဖွဲ့လိုက်ကြံစည်တာ။ ဇာတ်ရှိန်ကောင်းတုန်း -

"အဲဒီလိုပြောတော့ ကလေးမိဘတွေ ဘာဆက်လုပ်ကြသလဲ"

သူငယ်ချင်းနဲ့ ကျွန်တော်တို့ပါ မျက်လုံးပြူးရတာပေါ့။ အဲဒီမှာ သူငယ်ချင်းက ငိုတော့တာပဲ။ မနေ့က ကောင်းကောင်းမွန်မွန်မြေချခဲ့ပြီးသားပါ။ ဘယ်လိုကြောင့် မြေကြီးပေါ်ပြန်ရောက်ရပြန်တာလဲဆိုပြီးတော့။ ဒီတော့ ကျွန်တော်နဲ့ သူငယ်ချင်း အပါအဝင် အမျိုးတွေနဲ့ သင်္ချိုင်းကုန်းပြေးရတာပေါ့"

"ဟိုရောက်တော့ ဘယ်လိုတွေဖြစ်နေတာလဲကွ"

"မြေစာတွေပလဲလို့ကောင်မလေးအလောင်းက အောက်ပိုင်းခါးဝတ်ခါးစားမရှိတော့ဘူး။ အပေါ်ပိုင်းလေးပဲရှိတယ်။ ကောင်မလေးက ရုပ်ကို မပျက်သေးတာ ဦးစိုးရဲ့"

ဒီစကားကြားတော့ စိတ်ထဲတော်တော်မကောင်းဖြစ်သွားတယ်။ စိတ်ဆိုးတာ၊ ဒေါသဖြစ်တာ၊ သနားတာတွေစုံသွားတယ်။ ကောင်မလေးရဲ့မိဘလုပ်သူတွေကိုပိုသနားတာ။ ဒါစိတ်ရင်းအမှန်အတိုင်းပါပဲ။

"မင်းတို့ မြေချတုန်းက ကျင်းနက်ရဲ့လားကွာ"

"နက်တာပေါ့။ ကျွန်တော်တို့ ရင်လောက်ရှိတာပဲ"

"အေးပါ၊ ငါတို့ကာလသားတုန်းက မသာကျင်းတူးခဏခဏလိုက်ဖူးတယ်။ တို့ဘက်မှာလည်း ရင်ခေါင်းလောက်တူးတာ ပြီးမှမြေချတာ။ ဆက်ပြောစမ်းဦး"

"အဲဒီအထဲက အဆိုးဆုံးလုပ်ရပ်က ကောင်မလေးရဲ့ မိန်းမအင်္ဂါကမရှိတော့ဘူး။ ဓားနဲ့သေချာကွင်းပြီးယူသွားတာပဲ။ သူငယ်ချင်းခမျာငိုလိုက်တာ ဦးစိုးရယ်။ တကယ့်သနားစရာပါ"

ကြားရတဲ့ကိုစိုးတောင် ကြက်သီးထမိတယ်။ ကောင်မလေးရဲ့မိန်းမအင်္ဂါယူသွားတာ စိတ်ထဲမှာ ဒေါသတွေ တန်းစီထွက်တော့တာပဲဗျာ။

"မိန်ကလေးအင်္ဂါတစ်ခုတည်းလိုးယူသွားတာလား။ ကျန်ဘာတွေယူသွားသေးသလဲ"

"ကျွန်တော်မြင်တာတော့ လုံချည်လည်းမတွေ့ဘူး။ ကျန်တဲ့ခန္ဓာအစိတ်အပိုင်းတွေက ဘာမှမထူးခြားဘူး။ အကောင်းတိုင်းပဲ ဦးစိုးရဲ့"

"ဒါနဲ့ ကောင်မလေးအလောင်း ဒုတိယအကြိမ် မြေချခဲ့ရတာပေါ့ ဒီလိုလား"

"အဲ - ချက်ချင်းတော့ ဘယ်ချလို့ရမလဲ မြေကျင်းပြန်ဖော်ရတာတောင် အကြာကြီး။ ပြီးတော့ သူ့သမီးလေးလုံချည်မပါရှာတော့ ဒီတိုင်းမချရက်ဘူးလေ။ ရွာပြန်လုံချည်ယူ၊ သေချာပြန်ဝတ်ပေးပြီးမှ မြေချရတာ"

"အဲဒီနောက်ဘာတွေဆက်ဖြစ်သေးသလဲ"

"အဖေလုပ်သူက ရက်မလည်ခင် သူ့သမီးမြေပုံနေ့တိုင်းသွားကြည့်နေရသေးတယ်"

"အေးပေါ့ကွာ၊ လုပ်ရဲတဲ့သူတွေကလုပ်ထားတာကိုးကွ"

"ဒါကျွန်တော့်မျက်စိရှေ့ကဖြစ်ရပ်ပဲ ဦးစိုးရဲ့။ ကျွန်တော်သိချင်တာ မေးမလို့။ အဲဒီမိန်းမအင်္ဂါနဲ့ လုံချည်ယူသွားတာဟာ မရိုးသားဘူးလို့ထင်တယ် ဦးစိုးရဲ့"

"မှန်လိုက်လေကွာ၊သေသေချာချာယုတ်မာသွားတာကွ။ သင်းတို့အကြံအစည်မသိရင်ခက်သေးရဲ့။ ဒါမျိုးတွေလုပ်သွားတာ တော်တော်အန္တရာယ်များတာကွ။ တစ်ယောက်အစတစ်ရာအဆုံးပဲ။ ဆရာအစဉ်ဆက်လက်ဆင့်ကမ်းကြသေးတယ်။ ဒီအထဲက ပိုက်ဆံမြက်မြက်ကလေးရရင်ရောင်းမယ်  အများတကာမိသားစုဒုက္ခပေးမယ်။ ကောင်းကျိုးမပေးတော့ဘူး၊ ဆိုးကျိုးတွေပဲပေးတော့မှာ။

ဒါမျိုးလုပ်ရဲတဲ့သူတွေက သာမန်လူတွေထဲက မဖြစ်နိုင်ဘူး။ သာမန်လူတွေက ရိုးရိုးသားသားပဲလုပ်စားတတ်တာ ဒီလိုဆန်းဆန်းပြားပြားတွေလုပ်ဖို့မပြောနဲ့ နည်းလမ်းတောင်မကြားဖူးဘူး။ အဲဒီတော့သာမန်လူတွေကိုထည့်မတွက်နဲ့တော့ သူတို့မကြံစည်ဘူး။

သာမန်လူတွေမဟုတ်ရင် ဘယ်လိုလူတွေအဖြစ်နိုင်ဆုံးလဲစဉ်းစားလိုက်တာနဲ့ တန်းခနဲပေါ်တယ်ကွ။ အခုပြောတဲ့ ညဦးနက်သန်းခေါင်သင်္ချိုင်းကုန်သွားရဲတဲ့သူဘယ်နှယောက်ရှိသလဲ။ လက်ချိုးရေလိုက် သာမန်လူမသွားရဲဘူး။ သရဲသရဲကြောက်လို့။

သွားရဲတဲ့သူဟာ ဆေးသမားလိုင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲကကောင်တာတွေပဲရှိတယ်။ ဂိုဏ်းအမည်ရှိတဲ့ကောင်တွေရောဂိုဏ်းအမည်မရှိတဲ့ကောင်တွေရော သူတို့လက်ချက်ပဲ။

သူတို့ကို အကောင်တို့ပြောလိုက်တာက လူစိတ်ပျောက်တဲ့ ဆရာဟာ အကောင် တိရိစ္ဆာန်ပဲလေ။ ငါ့ကတည့်တည့်ပဲ ပြောတတ်တာ။ ယုတ်မာနေတဲ့သူဟာ ဆရာမဟုတ်ဘူး။ အကောင်ပဲ အဲဒါ မှတ်ထား"

မြင့်သိန်းခမျာ ကလယ်ကလယ် ကြည့်လို့နားထောင်နေရှာတယ်။

"အထက်လမ်းဂိုဏ်း အထက်လမ်းဆရာတဲ့ သီလညှိုးနေပြီ။ ဆေးယုတ်တွေနဲ့သင်ထားတဲ့သမားတွေ။ သီလမရှိဘူး။ ဘုရားပုံတော်တွေကို ခြေထောက်တွေ၊ ပေါင်တွေထိုးတဲ့ဂိုဏ်းမရှိတဲ့ သမားပေါင်းတွေ၊ အောက်လမ်းပညာ၊ ကဝေပညာ၊ အောက်မှော်ပညာတွေသင်ထားတဲ့ ဆရာအမည်ခံတွေ သူတို့ထဲက ကြံစည်မှာပဲ။ အနီးစပ်ဆုံးက အဲဒီရွာက သမားယောင်တွေ အုပ်စုဖွဲ့ကြံစည်တာ"

"ဦးစိုးပြောမှ ကျွန်တော်စိတ်ဝင်စားလာပြီ ရှင်းပြပါဦး"

"အေး - ငါငယ်ငယ်က ဒီလိုပီယဆေးခေါ်တဲ့ အချစ်ဆေးနဲ့ မာနကြီးတဲ့ မိန်းမတစ်ယောက်ကို ရအောင်ယူခဲ့တဲ့ အောက်လမ်းဆရာအကြောင်းပြောဦးမယ်။

ကွင်းဆက်မိသလို အမြင်ပါရှင်းသွားလိမ့်မယ်။ ခုတို့ပြောတဲ့မိန်းမအင်္ဂါဟာ 'မိန်း' ပဲ။ ဖဲထုပ်ထဲက ဂျိုကာဖဲလိုလိုချင်ရာသုံးလို့ရတဲ့ပစ္စည်းမှတ်ထား။

"ငါရှစ်တန်းကျောင်းသားဘဝမှာ လက်တွေ့မြင်ခဲ့တာ ပြောပြမယ်။ ငါတို့အိမ်နဲ့ (၅) အိမ်ခြားမှာ ဆီစက်ရှိတယ်။ ညနေတိုင်းအလည်ရောက်တယ်။ အဲဒီဆီစက်က ဘာသာခြားပိုင်တာ။ စက်ဆရာမိသားစု ဗမာကလွဲရင် အလုပ်သမားနဲ့ ညစောင့်တာက ဘာသာခြား။ ညစောင့်တာဝန်ကျလူက အသက် (၄၀) လောက်။ သူယူထားတာက ဗမာက အသက် (၃၀) လောက်။ ကလေး (၅) ယောက်ရပြီးသား။ လုံးကြီးပေါက်လှကြည့်ကောင်းတဲ့ အမျိုးသမီးပဲ။ ကလေးက ဆက်လွန်းတော့ အကြီးဆုံးက တစ်တန်းပဲရှိသေးတာ။

အဲဒီညစောင့်အစ်ကိုကြီးရဲ့ရုပ်ရည်နဲ့ ခန္ဓာကိုယ်ကမလှမပဒုက္ခိတကြီးကွ။ ယူထားတဲ့မိန်းမနဲ့ဆိုဘယ်တန်မလဲ။ ဒီလူရဲ့မျက်နှာက တစ်ဖက်ပိန်တစ်ဖက်ဖောင်းပါးစပ်ကရွဲ့နေသေးတယ်။ ညာဘက်ခြေဖနောင့်က မိုးပေါ် ထောင်လို့။ ခြေကတိုနေတယ်။ ခြေဖျားထောက်သွားရတာ သိမ်ငယ်နေတယ်။ လက်ကတစ်ဖက်သိမ်နေတယ်။ လွတ်လွတ်လပ်လပ်လမ်းမလျှောက်နိုင်ဘူး။ ဝါးလုံးထောက်နဲ့လမ်းလျှောက်နေတဲ့ယောက်ျားပဲ။ နှိမ်တာတော့မဟုတ်ဘူး။ သူဖုန်းစားကြီးလိုပုံစံကြီး။

ဒီလို ဒုက္ခိတ ရုပ်အိုကြီး။ ကိုယ်ကရှာကျွေးရမယ့်လူကို လုံးကြီးပေါက်လှတဲ့မိန်းမတစ်ယောက်က ချစ်နိုင်ပါ့မလား၊ ယူသင့်သလား။ မင်းအမြင်ပြောကြည့်စမ်း"

မြင့်သိန်းက ဘွင်းဘွင်းပဲဖြေရှာတယ်-

"သေချာတယ်။ ဘယ်ယူမလဲဗျာ"

ဒီနေရာမှာ သာမန်အမြင်နဲ့ဒီလင်မယားတွဲကို အကဲခတ်မိရင် တို့ဗမာတွေပြောမယ့်စကားက ဝဋ်ရှိလို့ဆပ်ရတာ၊ ဝဋ်လိုက်တာ ဒီစကားပဲပြောမှာပဲကွ။ ဝဋ်လိုက်တာအပေါ် အပြစ်မတင်ဘူး။ တချို့ဟာတွေက ဝဋ်မဟုတ်ဘူး။ တမင်သက်သက်ညစ်ပတ်ကြလို့ တစ်ဖက်သားက ခံစားရတာ။

ဒီအမျိုးသမီးဟာ အသက် (၃၀) လောက်ပဲရှိသေးတယ်။ ကလေး (၅) ယောက်မွေးထားပြီး သူနေတဲ့ရွာကိုကလေးတွေနဲ့ မကြာမကြာအလည်ပြန်တယ်။ ယောက်ျားကြီးအပေါ် မှာ ဘီလူးသဘက်လိုအော်ဟစ်တာလည်း ခဏခဏကြားမိတယ်။

ငါက သူ့မိန်းမ မရှိတဲ့အခါ ဒီအစ်ကိုကြီးဆီအလည်ရောက်တယ်။ သူက ဘာသာခြားဖြစ်ပေမယ့် ဧည့်ခံစကားပြောရှာတယ်။ အဲ - ကြာလာတော့ ဒီအစ်ကိုကြီးဆီက စကားထူးထွက်လာတယ်ကွ။

ဒီအစ်ကိုကြီးက ဗမာဆေးဖော်နည်းအကြောင်းကလေးတွေစပြောလာတယ်။ နည်းနည်းတော့ စိတ်ဝင်စားပါတယ်။ ကိုယ်က ကျောင်းသားမို့ သေချာဘယ်သိမလဲ။ အဲနောက်တော့ တဖြည်းဖြည်းနဲ့ ဒီအစ်ကိုကြီးက ဆေးကုပေးတဲ့ ပယောဂဆရာ(တစ်နည်း)အောက်လမ်းဆရာကြီးမှန်းသိလာတယ်ကွ"

"အဲဗျ၊ ဦးစိုးပြောမှ ဘာသာခြားက ပယောဂအောက်လမ်းဆရာကြားဖူးပြီ"

"မင်းလို ငါလည်းအံ့ဩတာပဲကွ။ သူက ဘာသာခြားရွာတွေမှာပဲ ဟိုစပ်စပ်ဒီစပ်စပ်ဆေးကုတာ။ ဗမာရွာတွေမှာဆေးမကုဘူးတဲ့ သူသင်ထားတဲ့ဆေးတွေက သူတို့ဘာသာကဆေးတွေတဲ့။ ငါက ဘယ်ယုံမလဲ။ ဆေးတွေအကြောင်း သူပြောတော့ ကောင်းတာလည်းမပါဘူး။ အောက်လမ်းဆေးတွေ။ ကြက်သီးထစရာ"

"အောက်လမ်းဆေးမှန်း ဦးစိုးက ဘယ်လိုသိတာလဲဗျ"

"သူကစာအုပ်ထဲကခဲတံနဲ့သေချာရေးထားတာပြလို့မြင်တာပေါ့ကွ။ ခုငါတို့ပြောတဲ့ပစ္စည်းတွေက အစပါတယ်။ အောက်လမ်းဆရာလို့ ဘာကြောင့်ပြောရသလဲဆိုရင် ကဝေ၊ မောက်လုံး၊ မောက်ပြား၊ ဇော်ဂနီ၊ ဇော်ဂနက်ပညာခန်းတွေ ငါက သေချာဖတ်မိလိုက်လို့ ပြောရဲတာ"

"အဲဗျာ ဒါလည်းသတိထားမိတော့ ဟုတ်တာပဲ"

"အဲဒီအထဲက သူပြောတဲ့စကားတွေမှာ သူ့မိန်းမကို သူဘယ်လိုရအောင်ယူခဲ့သလဲဆိုတဲ့ မေးခွန်းငါကိုမေးတာပဲကွာ။

ငါ့မှာ ဒီအစ်ကိုကြီးမျက်နှာနဲ့ ခန္ဓာကိုယ်တစ်ခုလုံး အမွှန်းတင်စရာလည်းမတွေ့ ချီးကျူးစရာလည်းမရှိ။ ဘယ်နေရာမှအကောင်းမမြင်တော့ ဖြေဖို့တောင်ခက်နေတယ်။ အားနာတာနဲ့ မဖြေသေးဘူး။ မဖြေလေ သူကမေးလေဆိုတော့ မယုတ်မလွန်ဖြေဖို့ တာစူရတာပေါ့။

ဒီအစ်ကိုကြီးက -

'ငါ့ညီ၊ ငါ့မိန်းမ ငါ့ကိုချစ်လို့ယူခဲ့တာလို့ထင်သလား။ မင်းအမြင်ကိုပြောပြစမ်း၊ အစ်ကိုကြီးကို အားမနာနဲ့။အမှန်အတိုင်းပြောကြည့်စမ်း'

ဆိုတော့ အလိုက်သင့်ပြောလိုက်တာပေါ့။

'ကျွန်တော့်အမြင်ပြောရရင် အစ်မက အစ်ကိုကြီးရုပ်ရည်နဲ့ ဘယ်နည်းနဲ့မှ မချစ်နိုင်ဘူးထင်တာပဲဗျ'

'အေး-ဟုတ်တယ်။ ငါ့ညီရဲ့စကားကို အစ်ကိုကြီးလက်ခံတယ်။ အစ်ကိုကြီးလို မလှမပ ဒုက္ခိတကြီးကို ချစ်ဖို့နေနေသာသာ ယူဖို့ဆိုဝေးရောပေါ့။

မင်းအစ်မကိုတော့ သွားမပြောနဲ့။ တခြား ဘယ်သူကိုမှလည်း မပြောပြနဲ့။ တကယ်တော့ ငါ့မိန်းမကို အစ်ကိုကြီးက ပီယဆေးကျွေးပြီးညစ်ပတ်ယူထားတာပဲကွ'

ငါ့မှာ ဒီစကားကြားတော့ မှင်သက်အံ့ဩနေတယ်။ ပီယဆေးနဲ့ ယူထားတာ တဲ့ကွာ။ သူက တည့်တည့်ပြောတော့



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကလည်းထပ်မေးတာပေါ့။

'အစ်ကိုကြီးက အစ်မကိုရအောင် ဘယ်လိုယူခဲ့တာလဲဗျ'

'ငါ့မိန်းမက မာနတအားကြီးတယ်။ ရွာမှာ သူကအလှဆုံးပဲ။ ဒီတုန်း အစ်ကိုကြီးအမြင်ပြောတာနော်။ သူ့အနားမှာ ကာလသားတွေဝိုင်းဝိုင်းလည်နေတာ။ အဲဒါကို ငါက မနာလိုဖြစ်လာတာ။ ငါ့လိုပုံစံကြီးနဲ့ ဘယ်ကြိုက်မလဲကွာ။ နောက်ဆုံးတော့ ငါတတ်တဲ့ပညာနဲ့လုပ်လိုက်တော့ ငါရခဲ့တာပဲ။

အစ်ကိုကြီးက သူ့ကိုတကယ်လည်း ချစ်လို့ယူခဲ့တာ။ မချစ်ဘဲနဲ့ယူခဲ့တာ မဟုတ်ဘူး။ အဲ ငါ့မိန်းမက ငါ့ကို လုံးလုံးမချစ်သေးဘူး။ကလေး(၅)ယောက်ရထားတာတောင် ခုထိချစ်တယ်လို့မပြောမိသေးဘူးတဲ့ကွာ။ ဒါလက်တွေ့ပဲ"

"အေးဗျာ၊ သူတို့လင်မယားက ဘယ်လိုကြီးလဲ"

"နောက်ပြီး သူပြောတဲ့စကားထဲမှာ မင်းတို့အစ်မ တစ်ခါတစ်ခါ ငါ့ကို ဒေါသတကြီးနဲ့အော်တာဟစ်တာကြားတယ်မို့လားတဲ့။ အဲဒီလိုအော်တာက ဆေးအာနိသင်ပြယ်လို့အအော်အငေါက်ခံရတာတဲ့။ အဲဒီလို ဒေါသကြီးနေရင် ဆေးကိုအမြန်ဆုံးကျွေးရပြန်သတဲ့ကွာ။

ဆေးကျွေးတယ်ဆိုတာက သူ့မိန်းမမြင်အောင်ကျွေးရတာမဟုတ်ဘူးတဲ့ သူ့မယားအလစ် ထမင်းအိုး၊ ဟင်းအိုးထဲမှာ ဆေးမှုန့်ထည့်ပေးရတာတဲ့။ သူ့ရဲ့ပီယဆေးခေါ်တဲ့ခတ်တဲ့ဆေးဟာ တစ်နှစ် (၃) ကြိမ်လောက် ပုံမှန်ကျွေးနေရတာ။ ဆေးပြယ်တာနဲ့ သောင်းကျန်းတာပဲတဲ့။ ဆေးကျွေးဖို့ သတိလွတ်မခံဘူးပေါ့။

"ဒီလိုဆေးတွေတကယ်ပဲရှိသေးလို့လား ဦးစိုးရဲ့"

"ရှိတာပေါ့ကွ။ ရှေးတုန်းကလည်း ရှိတယ်၊ ဒီနေ့ထိရှိတယ်။ ဒီနေ့ထိညစ်ပတ်တဲ့သူကညစ်ပတ်တုန်းလေကွာ"

"ဒါဆို အဲဒီအစ်ကိုကြီးက ဦးစိုးကို ဒီဆေးပြဖူးသေးလား"

"ပြရုံတင်ဘယ်ကမလဲကွာ။ ဆေးတစ်လုံးတောင် အလကားပေးသေးတာ။ ငါလိုရင်သုံးရအောင်လို့တဲ့။ သူများလိုရင် သူက ရောင်းစားတာ။ ဆေးတစ်လုံးကို ငွေအစိတ်နဲ့ရောင်းတာဗျ။ အဲဒီတုန်းက ဈေး။ ဒီတုန်းက ဘိန်း (၅) ကျပ်ဖိုးစားရင် တစ်နေကုန်မူးတဲ့အချိန်ပေါ့။

ဆေးလုံးက တောသပြေသီးလောက်ပါ။ နီညိုရောင်လေး။ သူပေးတော့ ငါကမယူရဲလို့ ပြန်ပေးလိုက်တာ။ ဆေးလုံးမယူတော့ ဘယ်သူ့ကိုမှသင်မပေးရဘူး။ ဒီဆေးဖော်နည်းကိုသင်ပေးလိုက်တယ်။ အရင်တုန်းက ဒီဆေးကို တစ်ခါလောက် ဖော်ကြည့်မလို့ဘဲကွ။ ကြောက်တာနဲ့ မဖော်ရဲဘူး။ ကိုယ့်မှာလည်း အစ်မနဲ့မတွေ့ရှိသေးတော့ ကိုယ်ချင်းစာတာပေါ့။

ဝဋ်ကြွေးလို့ခေါ်မှာလားကွာ။ဒီလိုမျိုးပီယဆေးဖော်နည်းတွေတစ်ပုံကြီးသိတယ်။ အချိန်မရွေးဖော်လို့ရတယ်။ ဒီနောက်ပိုင်း ငါ့မှာ ဆေးဖော်နည်းတွေ အများအပြားပဲ။ ကြာလေသိလေပဲ။ ကိုယ်တိုင်က ကာမေသုကံရှောင်ထားပါလျက်နဲ့ ဒီဆေးသွားဖော်ကြည့်ပါလား။ ငါဘာကောင်ဖြစ်သွားမလဲ။ တိရိစ္ဆာန်ဖြစ်သွားမှာပေါ့ကွ။ ဟကောင်ရ"

မြင့်သိန်း ဆိုင်ကယ်နဲ့ပြန်တော့ ဒီက အတွေးပင်လယ်နယ်ချဲနေမိပြန်တယ်။ တကယ်တော့ မိန်းကလေးရဲ့ မိန်းမအင်္ဂါဖြတ်လှီးယူသွားတာဟာ မသိနားလည်တဲ့သူတွေအတွက်သာမန်လေးပဲတွေးပါမယ်။ ဘာမှမဖြစ်လောက်ပါဘူး ဒါလေးများဆိုပြီး ဒီလိုအပေါ်ယံပဲ မြင်ကြမှာအမှန်။ စာဖတ်သူတို့လည်း ဒီလိုပဲထင်မှာမို့လား။

အမှန်က ဒီလိုမဟုတ်ဘူး။ ပါသွားတဲ့လုံချည်ကလည်း ဒီမိန်းကလေးမြတ်နိုးတဲ့လုံချည်ပဲ။ ပါသွားတဲ့ မိန်းမကိုယ်ကလည်း သူ့အမြတ်နိုးဆုံးအရာပဲ။ ဒီလိုပစ္စည်းပါသွားမှတော့ အဲဒီပစ္စည်းကိုလည်း ပီယဆေးအများကြီးအသုံးချနိုင်တယ်။ နောက်အသွေးအသားပါသွားတာ ပိုဆိုးသေးတယ်။ အဲဒီမိန်းကလေးဟာ သူတို့ခေါ် ရာလိုက်သွားရပြီး သူတို့ရဲ့ အခိုင်းအစေ ပြိတ္တာဘဝမှာ ကျွန်လုံးလုံးဖြစ်ရရှာမယ်။

သူကျွန်ခံရမှာက သူတစ်ပါးဒုက္ခရောက်အောင် နည်းမျိုးစုံ ပြုစားပေးရမှာ။ သူဆပ်ပေးရမှာက အကုသိုလ်ကံတွေကြီးပဲ။ ကောင်းတာလုပ်ပေးရမှာ မဟုတ်ဘူး။ စောစောက ဘာသာခြားအောက်လမ်းဆရာဆိုရင် သူမုန့်ဖိုးပေးဝယ်နေတဲ့ဟာတွေပြောဖူးတယ်။

လျှောသားတွေထဲက နွား၊ ကျွဲ၊ မြင်း၊ လူခြောက်တွေတောင်းတယ်။ ဝယ်တယ်။ ဒီလူဆို မဟုတ်တာဘဲကြံစည်နေတာ ဒီတုန်းက ရွာမြောက်ဖျားက သစ်ဖြူပင်မှာ အပျိုမလေးကြိုးဆွဲချတာ သတင်းကြားတာနဲ့သွားကြည့်ကြတာ။ အဲဒီလူက အဲဒီသစ်ပင်ကအခေါက်ခွာယူတယ်။ သစ်ပင်ချည်ထားတဲ့ကြိုးစနည်းနည်းဖြတ်ယူတာမြင်ခဲ့တယ်။

ဒီလူယူတဲ့ အခေါက်နဲ့ ကြိုးစက ဘာလုပ်မှာလဲ။ မကောင်းတာပဲကြံစည်မှာပဲလေ။ မသာကကြိုးတန်းလန်းမှာ ယူရတာဒီလူကသိတယ်။ ဒီအချိန်မှာ သေချာယူထားတာ။ သင်္ချိုင်းကပစ္စည်းအမျိုးမျိုးစွာက မကောင်းမှုကိုဘဲကြံစည်တာ ဒါလေးမှတ်ထားပါ။ အမည်တွေကအများသားမို့ မပြောတော့ဘူး။ နောက်မသာဆီက ပစ္စည်းအားလုံးဟာလည်း မကောင်းတာဘဲကြံစည်တာပါ။ ဒါလေးသိထားပါ။

ယခုကိစ္စမှာ တစ်ယောက်နှစ်ယောက်နဲ့ မသာဖော်လို့မရဘူး။ အုပ်စုလိုက်အသင်းဖွဲ့နဲ့ပဲ လုပ်လို့ရပါတယ်။ မြေပြင်အတွင်းက မသာကို လူ(၄)ယောက်၊ (၅) ယောက်မ,ရပါတယ်။ ဒါကြောင့် အဖွဲ့လိုက်လို့ပြောတာပါ။ ဒါတောင် ဒီကောင်တွေ သေသွားတဲ့မသာကို မဟားတရားကျင့် သွားသေးသလားတောင် မပြောနိုင်ဘူး။ လူယုတ်မာတွေ။

သာမန်လူတွေက ဒီလိုပညာတွေ မသိဘူး။ တကယ်ရိုးသားကြတယ်။ သင်္ချိုင်းကုန်းမှာ ညဉ့်နက်သန်းခေါင် သွားရဲဖို့ဝေးလေစွ။ သရဲတစ္ဆေကြောက်တယ်လေ။

ညဉ့်နက်သန်ခေါင် သင်္ချိုင်းသွားခုလိုယုတ်မာတဲ့ အကြံစည်သမားတွေက ဘယ်လိုကောင်တွေလဲပြောရင်း ဆေးကုနေတဲ့အထက်လမ်းဆရာယောင်ယောင်ကောင်တွေ၊ အောက်လမ်းဆရာတွေ၊ မှော်ပညာသင်ထားတဲ့ကောင်တွေ ဒီလိုကောင်တွေပဲရှိတယ်။

အကောင့်ပြောလိုက်လို့ တစ်မျိုးမထင်နဲ့ဦး။ သီလ၊ သမာဓိတွေ ညှိုးနေရင်အကောင်ပဲ။ ဒ ကောင်ဆိုတာ တိရိစ္ဆာန်ကိုပြောတာ။

တို့ဆေးခတ်ဆေးတွေအကြောင်း အရင်ကနည်းနည်းပြောဖူးပါသေးတယ်။ အခုတော့ မပြောတော့ဘူး။ စာဖတ်သူတို့အတွက်သတိပေးနှိုးဆော်ပေးတာပါ။ ဒီအကြောင်းလေးဟာ မကြာသေးဘူးနော်။ မနှစ်က မိုးတွင်းမှာဖြစ်သွားခဲ့တာ ဒီနှစ်မိုးတွင်းနဲ့ဆို တစ်နှစ်ကျော်လေး ပူးပူးနွေးနွေးပဲရှိသေးတာ။

လူတွေရဲ့လောဘ၊ဒေါသ၊မောဟတွေ ဘယ်လောက်အထိအားကောင်းနေကြမှာလဲနော်။ လိုဘတွေဘယ်တော့မှ ပြေကြမှာပါလဲ။ သေသွားတဲ့သူဆီက မိန်းမအင်္ဂါတောင်အလွတ်မပေးတဲ့ခေတ်ရောက်နေပြီလား။

စိုးမင်း (မြောက်စည်း-ရှာစု)

www.burmeseclassic.com

www.burmeseclassic.com

# မင်းရှိန်အောင်
## ယဇ်နှင့်စတေး

ယဇ် ဆိုသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲတွင် -

၁။ ဗြာဟ္မဏဝါဒီ စသူတို့က အန္တရာယ်ကင်းပ၍ ကောင်းကျိုးရမည်ဟူသော ယုံကြည်ချက်ဖြင့် မီးနတ်၊ ရိုးရာနတ် စသော ကိုးကွယ်ရာတို့ကို ပူဇော်ဖွယ်အသီးသီးဖြင့် ပူဇော်ခြင်း။

၂။ အသက်သတ်၍ ပူဇော်ခြင်း ဟူ၍ အဓိပ္ပာယ်ဖွင့်ထားသည်ကို တွေ့ရှိရသည်။

ဦးထွန်းမြင့်၏ပါဠိသက်ဝေါဟာရအဘိဓာန်ထဲတွင်မူ ယဇ် ဟူသောဝေါဟာရကို နတ်ပူဇော်ခြင်းဟု အနက်ပေးထားသည်ကို တွေ့ရှိရပြီး ဦးဟုတ်စိန်၏ပါဠိ-မြန်မာအဘိဓာန်တွင်လည်း ယဇ်၏ ဝေါဟာရကို ပူဇော်ပသခြင်း ဟူ၍ အဓိပ္ပာယ်ပေးထားသည်ကို တွေ့ရှိရပါသည်။ ဆက်နွယ်၍ပြောရလျှင် ဗြာဟ္မဏဝါဒီတို့၏ လက်ကသုံးတောင်ဝှေး ဝေဒပညာလေးပုံကျမ်းဖြစ်သော သာမဝေဒကျမ်း၊ ယဇုဝေဒကျမ်း၊ ဣရုဝေဒကျမ်း၊ အတဗ္ဗနဝေဒကျမ်း ဟူ၍ရှိသည်။

၎င်းတို့ကို အနက်ဖွင့်သော် -

၁။ သာမ - နေလတို့၏သွားရာလမ်းကို (၁၂) ရာသီခွင်ပြု၍ ရာသီခွင်၌ မည်သည့်ဂြိုဟ်ရပ်တန့်နေသည်ကိုကြည့်ပြီး အံသာ၊ လိတ္တာ၊ တြင်း၊ နဝင်း စသည့်တို့ဖြင့် ဝေဖန်လျက် ကောင်း၊ မကောင်းတို့ကိုဟောသော ဗေဒင်ကျမ်း။

၂။ ယဇု - မိမိတို့အပေါ်၌ ရောက်ဆဲရောက်လတ္တံ့ဖြစ်သော ဘေးရန်အပေါင်းတို့မှ လွတ်ကင်းပပျောက်ရန် ဂြိုဟ်နက္ခတ်စသည်တို့အား ပူဇော်ပသသောနည်းယတြာပြုသောနည်းတို့ကို ပြသော ဗေဒင်ကျမ်း။

၃။ ဣရု-နေလကြတ်ခြင်း၊ တာရာတို့အသွားမမှန်ခြင်းကြောင်း ဘေးဥပဒ်ဖြစ်တတ်၊ ပျက်တတ်ခြင်းကိုပြသော ဗေဒင်ကျမ်း။

၄။ အတဗ္ဗန - သတ္တဝါတို့အား သေကျေပျက်စီးပူပန်အောင်၊ မီးလောင်လေတိုက် မိုးခေါင် ရေကြီးအောင်နှင့် ဆင်းရဲအမျိုးမျိုးတို့ ပြုလုပ်စီရင်နည်းကို ပြသောဗေဒင်ကျမ်းဟူ၍ ညွှန်းဆိုထားသည်ကို တွေ့ရှိရသည်။

ဤနေရာအထူးတလည်ပြောချင်သည်မှာ ယဇ် ဟူသောဝေါဟာရသည် ယဇု ဟူသောဝေါဟာရမှ သက်ဆင်းပြောင်းလဲလာပါသည်ဆို၏။ တစ်နည်းပြောရသော် ယဇ်သည် ယဇုဝေဒကိုကိုယ်စားပြုသည်ပင်ဖြစ်၏။ ယဇ်ပူဇော်ခြင်းသည် ယဇုဝေဒကျမ်း၏ လမ်းညွှန်ချက်အတိုင်း ဖော်ဆောင်ခြင်းဟုယူ၍ရသည်ပင် ဖြစ်၏။

ဗုဒ္ဓစာပေလာ ဓမ္မပဒဝတ္ထုတစ်ပုဒ်ထဲတွင် တစ်ခုသောညဉ့်တွင် သာဝတ္ထိပြည့်ရှင် ပသေဒနီကောသလမင်းကြီးသည် ထူးထွေဆန်းပြားသောအသံကြီးရှစ်မျိုးကိုကြားသဖြင့် ကြောက်ရွံ့တုန်လှုပ်ချောက်ချားခြင်းများစွာဖြစ်သည့်အတွက် နောက်တစ်နေ့နံနက်ခင်းတွင် သူ၏အကြံပေးအမတ်များဖြစ်သော ဗြာဟ္မဏပုဏ္ဏားတို့ကို သူ၏ ထူးဆန်းသော အသံကြီးရှစ်မျိုး၏ အကျိုးအကြောင်းအဆိုးအကောင်းကို မေးမြန်းသော် တိရစ္ဆာန်တစ်မျိုး (၄)ကောင်ကျစီသတ်ဖြတ်ပူဇော်သော သဗ္ဗစတုက္ကယဇ်ကို ပူဇော်ဖို့ကို အကြံပြု လျှောက်တင်ကြလေသည်။

သို့သော် မလ္လိကာမိဖုရားခေါင်ကြီး၏အကြံပြုချက်အရ ကောသလမင်းကြီးသည် ဗုဒ္ဓဘုရားရှင်ရှေ့မှောက်ကို သွားရောက်ပြီး သူ၏ အသံကြီးရှစ်မျိုးကိစ္စကိုမေးမြန်းလျှောက်ထားသော် ဗုဒ္ဓဘုရားရှင်၏ ထိုအသံကြီးရှစ်ပါးသည် ဗျိုင်းငှက်အသံ၊ ကျီးငှက်အသံ၊ ပိုးမွှားမြည်သံ၊ ဥဩငှက်မြည်သံ၊ သမင်သံ၊ မျောက်သံ၊ ကိန္နရာသံ၊ ပစ္စေကဗုဒ္ဓါပရိနိဗ္ဗာန်ပြုခါနီး ဥဒါန်းကျူးသံတို့ဖြစ်ကြောင်းနှင့် ထိုအသံများဖြစ်ပေါ်လာရသည့်အကြောင်းရင်းခံများကိုပါရှင်းလင်းဟောပြောတော်မူလေသည်။ ရလဒ်မှာ ပုဏ္ဏားတို့ အကြံပြုသော သဗ္ဗစတုက္ကယဇ်ပွဲကို မပြုလုပ်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုသို့ပင် ကောသလမင်းကြီးထူးဆန်းသောအိပ်မက်ကြီး (၁၆) ချက်မြင်မက်ခဲ့သောအခါတွင်လည်း ဗြာဟ္မဏပုဏ္ဏားကြီးတို့က လူသားအပါအဝင် တိရစ္ဆာန်များစွာအား သတ်ဖြတ်၍ ယဇ်ပူဇော်ပွဲကြီး ပြုလုပ်ကျင်းပရန် အကြံပြုခဲ့သော်လည်း ဗုဒ္ဓဘုရားရှင်၏အိပ်မက်နိမိတ်ဖတ်ကြားပေးမှုဖြင့် အဆိုပါ ယဇ်ပွဲအား မပြုလုပ်မကျင်းပဖြစ်ခဲ့သည်မှာ အသေအချာဖြစ်သည်။

သို့လိုပင် ဇာတ်တော်ကြီးဆယ်ဘွဲ့လာ စန္ဒကုမ္မာမင်းသားဇာတ်တွင် ယဇ်ပူဇော်ပွဲကျင်းပခြင်းကို ဟန့်တားပိတ်ပင်ခဲ့သည်ကိုလည်း တွေ့ရလေသည်။

တစ်ခါ သုတ္တနိပါတ် ဗြာဟ္မဏဓမ္မိကသုတ်ထဲတွင် ကမ္ဘာဦးမဟာသမ္မတရာဇာမင်းမှ ဆင်းသက်လာသော ဥက္ကာကရာဇ်မင်းလက်ထက်တွင် ကောက်ကျစ်ယုတ်မာသော ဗြာဟ္မဏပုဏ္ဏားတို့က ရှေးမင်းတို့ စဉ်ဆက်မပြတ်အသုံးပြုခဲ့သော သင်္ဂဟတရားလေးပါးကို ပုဒ်ပါဌ်အဓိပ္ပာယ်ဖျက်ဆီးလျက်တစ်မျိုး၊ ဉာဏ်ထွင်ကာ မဟာယဇ်ကြီးငါးပါးဟူ၍ အောက်ပါအတိုင်း ရေးသားစီရင်လျှောက်တင်ခဲ့ကြလေသည်။

၁။ အဿမေဓ - အဆင်းငါးပါးရှိသောမြင်းကိုသတ်၍ယဇ်ပူဇော်ရမည်။ ပုဏ္ဏားတို့အား များစွာပေးလှူရမည်။

၂။ ပုရိသမေဒ - ယောကျာ်းကိုသတ်၍ယဇ်ပူဇော်ရမည်။ ပုဏ္ဏားတို့အားလည်း များစွာပေးလှူရမည်။

၃။ သမ္မာပါသ-ယဇ်ပူဇော်ရန်နှင့် ပုဏ္ဏားတို့အား လှူဒါန်းရန် ဥစ္စာပစ္စည်းများတို့ကို လှည်းရထားတို့ဖြင့် များစွာတင်လျက် သူရဿဒီမြစ်ကြီးထဲကိုဆင်း၍ ငုပ်ရာအရပ်သို့သွားရောက်ပြီးလျှင် ဝန်စုကိုတိုက်ဆောင်ခဲ့သော လှည်းထမ်းပိုးကျည်ကန့်လန့်ကျည်ကိုချွတ်၍ သူရဿဒီမြစ်ညာကိုဆန်လျက်ပစ်ရမည်။ ၎င်းကျရာအရပ်၌ ယဇ်တိုင်စိုက်၍ ပူဇော်ရမည်။

၄။ ဝါဇပေယျ - ကောင်းလှစွာသောထောပတ်တို့ကို ပုဏ္ဏားတို့အား တိုက်ကျွေး၍ ယဇ်ပူဇော်ရမည်။

၅။ နိရဂ္ဂဠ-တံခါးကျည်၊ မင်းတုပ်မရှိရ။ ယဇ်ပူဇော်လိုသောသူတို့သည် မိမိအိမ်ရှိပစ္စည်းများကို တံခါးဟင်းလင်းဖွင့်၍ ပုဏ္ဏားတို့အား အလိုရှိရာအပိတ်အတားမရှိယူစေရမည်။

ဤကား သုတ္တနိပါတ် ဗြာဟ္မဏဓမ္မိကသုတ်လာ ဗြာဟ္မဏပုဏ္ဏားတို့၏ ဝင်္ကဉာဏ်ဖြင့်ဖော်ဆောင်ထားသော ယဇ်ပူဇော်ပသမှုနည်းနာနိဿယတည်း၊

ဗုဒ္ဓမြတ်စွာဘုရားရှင်က ဇေတဝန်ကျောင်းတော်မူသော အပဏ္ဏကဓမ္မဒေသနာတွင် အသက်သတ်၍ ယဇ်ပူဇော်ပသခြင်းကို လေးနက်စွာ တားမြစ်တော်မူခဲ့လေသည်။

ဤတွင် မေးစရာတွေးစရာဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

သည်က အိန္ဒိယတိုက်ငယ်တွင် ဤသို့သောယဇ်ပူဇော်ဓလေ့သည် အဘယ်မည်သောကာလကပင် အဘယ်မျှလောက်သောအခြေအနေမျိုး၊ အဘယ်မျှလောက်တနက်ရှိုင်းရှိုင်းလွှမ်းမိုးမှုများ ရှိနေခဲ့သနည်း။

အိန္ဒိယနိုင်ငံအနီး နီပေါနိုင်ငံ ဘာရီယာပူအရပ်တွင် ကာလီမယ်တော်ကျောင်းတွင် ၂၀၀၉ ခုနှစ်က ငါးနှစ်တစ်ကြိမ်ပူဇော်ပသသောပွဲကိုပြုလုပ်ရသည်။ ယဇ်ပူဇော်ပသပွဲတွင် ကြက်ငှက်မှအစ ကျွဲနွားအထိ တိရစ္ဆာန်ပေါင်း (၂၅၀၀၀၀) ကောင်ကို သတ်ဖြတ်ပူဇော်ခဲ့သည်ဟု သိရှိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် အိန္ဒိယတောတွင်းတစ်နေရာ ပါကစ္စတန်နိုင်ငံအနီး ရှေးပါရှင်းတို့၏ပူဇော်ပသရာနေရာတစ်ခုဖြစ်သော Tower of Silence နေရာမှာ လူသတ်ယဇ်ပူဇော်ထားသော လက္ခဏာများ၊ သဲလွန်စ်များ၊ သက်သေများကိုတွေ့ရသည်။ အိန္ဒိယနိုင်ငံ ရဲတပ်ဖွဲ့က ကြေညာသည်။ အိန္ဒိယနိုင်ငံတချို့ အရပ်တွင်လည်း အောက်လမ်းမှော်ပညာ၌ ပညာစဉ်တက်ရန် ကလေးသူငယ်တချို့ကို ယဇ်ပူဇော်ခဲ့ကြောင်း တွေ့ရှိရသည်။ ပီးရူးနိုင်ငံ တောတွင်းနေရာတွင် တွေ့ရှိရသော ရှေးအင်ကာခေတ်က ကလေးသူငယ်များ ယဇ်ပူဇော်ခဲ့သောနေရာ ကမ္ဘာပေါ်တွင် အကြီးဆုံးဟုဆို၏။ ဗြိတိန်နိုင်ငံတွင်လည်း အလယ်ပိုင်းတစ်နေရာတွင် အလယ်ခေတ်က ကလေးသူငယ်များကို ယဇ်ပူဇော်သော တွင်းကြီးတစ်တွင်းကို တွေ့ရှိရသေးသည်။ ခရစ်ကျမ်းဂန်တွင် အာဗြဟံက သူ့သားကို ယဇ်ပူဇော်ဖို့ ကြိုးစားခဲ့သော်လည်း ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်အတိုင်း မီးရှို့ပူဇော်ခြင်းထက် ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကိုငါနှစ်သက်၏ဟုတစ်နေရာတွင် ဆိုထားပြန်သည်။ အာဖရိကနိုင်ငံများ၊ ပစိဖိတ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ တောင်အမေရိကတိုက်၊ အမေဇုန်ဒေသတချို့တွင် လူသားတို့အား ယဇ်ပူဇော်ပသဓလေ့များရှိနေခဲ့သည်ဆို၏။

မြန်မာသမိုင်းတို့ပြန်လည်လေ့လာကြည့်သောအခါတွင် သက္ကရာဇ် ၉၁၂ ခုနှစ်ကနေ သက္ကရာဇ် ၉၄၃ထိ မင်းပြုသွားခဲ့သော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းကြီးလက်ထက်တွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်တို့အားသတ်ပြီး ယဇ်ပွဲပြုလုပ်ပြီး နတ်ပူဇော်ပသဓလေ့ကို အပြင်းအထန်နှိပ်ကွပ်ခဲ့သည်။ ပုဂံ၊ ရှာသာ၊ စလေ၊ ပခန်းငယ်၊ ငသရောက်၊ ပုပ္ပားအရပ်တို့တွင် ယဇ်ပွဲနှင့် နတ်ပွဲကို ရောသမမွှေလို့ သည်းသည်းသန်သန် ကျင်းပလေ့ရှိခဲ့သည်ဆို၏။

ယဇ်နှင့်အလားတူသောဝေါဟာရတစ်ခု စတေး ဟူသောဝေါဟာရပင်ဖြစ်သည်။ စတေးဟူသောဝေါဟာရကို မြန်မာစာအဘိဓာန်ထဲ၌ ဘုရားတည်ခြင်း၊ မြို့တည်ခြင်း စသည့် ကြီးကျယ်သောကိစ္စတို့တွင် လုပ်ငန်းပြီးဆုံးအောင်မြင်ရေးအတွက် နတ်ပူဇော်ပသသည်ဟု ဖွင့်ဆိုထားသည်။

ဤနေရာတွင် စိတ်ဝင်စားစရာတစ်ခုက စတေး ဟူသောစကားသည် သံဟိတာ၊ ဗြာဟ္မဏ၊ အရညကဟူသော ဝေဒကျမ်းသုံးပိုင်းရှိသည့်အနက် ပထမပိုင်းဖြစ်သည်။ သံဟိတာသည် စံဟိတာဟူသော သက္ကတဝေါဟာရစကားရပ်မှ ဆင်းသက်လာသည်ဟုဆို၏။ ထိုစံဟိတာဝေါဟာရမှနေ၍ စတေး ဟူသော ဝေါဟာရသို့ ပြောင်းလဲလာသည်ဟုဆို၏။ စံဟိတာဟူသောစကားလုံးကို ဖွင့်ဆိုင်ရာတွင် အဓိပ္ပာယ်မြောက်မြားစွာထွက်ပြီး ထိုအထဲတွင် ယဇ်ပူဇော်ရာ၌ အသုံးပြုသော မန္တန်များပါရှိနေသည်ဟု ပညာရှိတချို့ကဆို၏။

ထို့ပြင် ဗေဒင်ပညာပိုင်းဆိုင်ရာ၌လည်း -

ဝဏိတ - အတွက်အချက်ပညာ၊ ဖလိတ - အဟောအပြောဆိုင်ရာ၊ သံဟိတ - ယတြာပညာ ဟူ၍ ခွဲခြားထားမှုရှိသည်။ဆိုချင်သည်က သံဟိတမှ စံဟိတ၊ စံဟိတမှ စတေးသို့ ဝေါဟာရအဆင့်ဆင့်ပြောင်းလဲလာသည်ဟူခြင်းပင် ဖြစ်၏။

ဤစတေးနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းချင်ပါသေးသည်။

ငါးရာ့ငါးဆယ်နိပါတ်တော်လာ တက္ကာရိယဇာတ်ဝတ္ထုထဲ၌ မင်းပုရောဟိတ်ပုဏ္ဏားကြီးသည် သူ့မိန်းမနှင့်ဖောက်ပြန်နေသော ပုဏ္ဏားကို အာဃာတပွားကာ ပြည့်ရှင်မင်းကြီးကို မလိမ့်တပတ်ဖြင့် နေပြည်တော်၏တောင်ဘက်တံခါးသည် အမင်္ဂလာသင့်သဖြင့် အသားမည်းနက်ပြီး ရှေ့သွားများကင်းမဲ့နေသော ပုဏ္ဏားအိုတစ်ဦးအား စတေးပြီး မြို့တံခါးအား အသစ်ပြန်လည်ဆောက်သင့်ကြောင်း လျှောက်တင်လေသည်။

မင်းကြီးကခွင့်ပြုသဖြင့် မြို့တောင်တံခါးအား အသစ်ပြုပြင်လေသည်။ မင်းပုရောဟိတ်ပုဏ္ဏားကြီးပြောပြသော ရုပ်ရည်လက္ခဏာနှင့်ပြည့်စုံသောသူ့မိန်းမနှင့် ဖောက်ပြန်နေသော ပုဏ္ဏားသည် အဆိုပါသတင်းအားကြားသဖြင့် လုံခြုံစွာ ပုန်းအောင်းနေလေသည်။

အခါပေးအချိန်ကျရောက်နေသည့်တိုင် ထိုပုဏ္ဏားအား ရှာဖွေမရသဖြင့် ပြည့်ရှင်မင်းကြီးက အနီးတွင်ရှိ သူ၏ မင်းပုရောဟိတ်ပုဏ္ဏားကြီးအား စတေးရန်အမိန့်ချမှတ်တော်မူလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် မင်းပုရောဟိတ်ပုဏ္ဏားကြီးပြောသော စတေးခံရမည့်သူ၏ရုပ်ရည်လက္ခဏာမှာ မင်းရောဟိတ်ပုဏ္ဏားကြီးနှင့်လည်း တစ်ထေရာတည်းဖြစ်နေသောကြောင့်ဖြစ်၏။

မြန်မာ့သမိုင်းမှတ်တမ်း၌လည်း သာယာဝတီမြို့တော်တည်ထားရာတွင် ကိုယ်ဝန်ဆောင် မအောင်ဖြူ၊ ထားဝယ်မြို့တည်ရာတွင် မအောင်သာ၊ မုတ္တမမြို့တည်ရာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး၊ မြောက်ဦးမြို့တည်ရာတွင် ကြာဖံဒေဝီမိဖုရားတို့အား စတေးခဲ့သည်ဟု ဖော်ပြမှုများရှိသည်။ ပြည်ကန်တော်မောင်နှမ၊ ဆည်တော်ရှင်မ မအောင်ဖြူစသော နတ်သမိုင်းတို့ကလည်း ရေကန်တည်ဆောက်ရာတွင်၊ ဆည်တာတမံတည်ဆောက်ရာတွင်လည်း လူစတေးမှုများတည်ရှိနေသည်ကို တွေ့ရှိရပါသည်။

ယင်းသို့ပင်လျှင် ရတနာပုံမန္တလေးနေပြည်တော်တည်ဆောက်သောအခါတွင်လည်း မြို့တံခါးဆယ်နှစ်ရပ်၌ လူ (၃၆) ယောက်၊ မြို့ရိုးထောင့်လေးထောင့်၌ လူ (၄)ယောက်၊ နန်းတော်သစ်တပ်ထောင့်လေးထောင့် လူ (၄) ယောက်၊ နန်းတော်ဝင်ပေါက်လေးပေါက်၌ လူလေးယောက်၊ သီဟာသနပလ္လင်တော်အောက်၌ လူလေးယောက် စုစုပေါင်း (၅၂) ယောက်ကို စတေးမြှုပ်နှံခဲ့သည်ဟု နိုင်ငံခြားသားများမှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုသို့ စတေးရခြင်းသဘောမှာ စတေးခံရသောလူများသည် အစိမ်းသေဖြင့်သေရခြင်းဖြစ်ရကား ၎င်းတို့သည် ဖုတ်ပြိတ္တာဖြစ်ကာ နေရာအရပ်အစွဲလမ်းဖြင့် ထိုနေရာ၌နေထိုင်ကာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပေးတတ်သည်ဟု ယူဆကြသည်။ ကိုယ်ဝန်ဆောင်များကို စတေးရလျှင် မိခင်ရောကလေးပါ ဖုတ်ပြိတ္တာအဖြစ်စောင့်ရှောက်တတ်သဖြင့် စတေးကြသူများက ပိုသဘောကျကြသည်ဟူ၏။

တကယ်တော့ ဤသို့ စတေးခြင်းဓလေ့သည် မြန်မာနိုင်ငံမက



www.burmeseclassic.com

www.burmeseclassic.com

# မဟာနွယ် (မန်းတက္ကသိုလ်)
# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်သောအခါ ဩဇာနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဤနေရာတွင် လွယ်ကူသော ဆေးပင်ရှာဖွေရာ၌ ရရှိနိုင်သောဆေးပင်၊ ကုသရာ၌ ထိရောက်စွာ ရောဂါတို့ကို နိုင်နင်းစေသော ဆေးပင်တို့ကို ရှာဖွေတင်ဆက်ပေးပါမည်။

ဆေးပင်၏ အမည်နာမကို သိပြီး ရှာ၍ ခက်ခဲနေသောဆေးပင်တို့ကို ချန်လှပ်ပြီး လွယ်လွယ်နှင့် ရှာဖွေတွေ့ရှိနိုင်သောဆေးပင်တို့ကို ဖော်ပြပေးပါမည်။

■ **ကင်ပွန်းသီး**

ကပွန်းပင်အကြောင်းကို တင်ပြပါမည်။ ကင်ပွန်းပင်ကို လူတိုင်းသိကြပေလိမ့်မည်။ သို့သော် ဆေးဖက်ဝင်ကြောင်းကို လူတိုင်းတိတိကျကျမသိကြ။

■ **ဂုဏ်နှင့်စွမ်းရည်သတ္တိ**

ဟင်းရွက်အနေဖြင့် အမျိုးမျိုးစီမံ၍ ချက်ပြုတ်စားသောက်ကြ၏။ အရွက်ပြုတ်၍ အဆီဖြစ်အောင်ချက်ပြီးလျှင် အခြားသောယှဉ်ဖက်ဆေးတို့နှင့် အမျိုးမျိုးတွဲစပ်၍ သုံးနိုင်၏။

ထက်မြက်၏။ ကြေလွယ်၏။ နှလုံးကိုကျေးဇူးပြု၏။ သည်းခြေသလိပ်ကိုပယ်တက်၏။ ထို့ပြင် နှလုံး၊ လေချုပ်၊ နူနာ၊ မြင်းသရိုက်၊ ဂုလုံး၊ ဝမ်းတွင်းအဆိပ်၊ ပမ်းဗိုက်ရောင်၊ သွေးဒေါသ၊ ပိုး၊ အစာမကြေရောဂါများပျောက်ကင်းစေ၏။

ဎင်း၏အစေ့ကို အန်ဆေး၊ ချွဲယိုင်ဆေးအဖြစ်ဖြင့် သုံးနိုင်၏။ ဎင်းသည် ကျင်ငယ်ကိုလည်းများစေ၏။ ဓာတ်ကိုလည်း လျင်မြန်စွာသက်စေ၏။

ဎင်းအသီး၏ ပြုတ်ရည်သည် ကိုယ်ဝန်ကိုလည်းသက်လျှောစေနိုင်၏။ အသီးကိုပြုတ်၍ ခေါင်းလျှော်ခဲ့သော် ပိုးနှင့်ဖောက်တို့ကိုနိုင်စေ၏။

ဦးခေါင်းကိုအေးစေ၏။ ဆံပင်ကိုလည်းအေးစေ၏။ ထို့ကြောင့် မြန်မာတို့သည် ယခုတိုင်ပင်လျှင် ခေါင်းလျှော်ရာ၌ အသုံးပြုကြဟန်တူ၏။ ထိုအသီးနှင့် ခေါင်းဆေးမင်္ဂလာပြုကြသည်ကို အစွဲပြု၏။ 'ကင်ပွန်းတပ်မင်္ဂလာ'ခေါ် ဝေါ်သမုတ်ကြလေ၏။

■ **အရသာနှင့်အကျိုးသွား**

ဆေးကျမ်းကို၌မူ အများအားဖြင့် အသီးကိုသုံးရ၏။ ခါး၏။ အေး၏။ ဝိပါက်၌စပ်၏။ ဝမ်းမီးကိုတောက်စေ၏။

## ရောဂါအလိုက်အသုံးပြုနည်း

**၁။ ဝမ်းသက်စမြင်းကြေ**

ဎင်း၏အသီးကိုပြုတ်၍ အရည်ကို ကလေး၏ဝစ္စမဂ်၌ အဝတ်တွင်သုတ်၍ သွင်းပေးခဲ့သော် နူးညံ့စွာဝမ်းများသက်လာ၏။ စမြင်းတုံးများပျော်ကျလာ၏။

**၂။ ဝစ္စမဂ်ကွဲအက်နာ**

ဓာတ်ချုပ်ခြင်းကြောင့်ဖြစ်သော ဝစ္စဝဂ်တစ်လျှောက် ကွဲအက်နာကျက်ရာ၌ ဎင်း၏အသီးပြုတ်ရည်ကို အသုံးပြုခြင်းဖြင့် လျင်စွာပျောက်ကင်းနိုင်၏။ ကိုယ်ဝန်ကိုလည်းသက်လျှောစေနိုင်၏။

**၃။ မြွေဆိပ်**

သုသုတသံဟိတာနှင့် ဧ ယာဂရတနာကရ ကျမ်းကြီးတို့၏အလိုမှာ ဎင်း၏ အသီးများသည် မြွေဆိပ်ကိုကုသရာ၌ အသုံးပြုနိုင်၏။

**၄။ အဖျဉ်းရောင်**

အဖျဉ်းရောင်သောရောဂါ၌ ရွက်နုများကို ညဉ့်သိပ်စိမ်ပြီးသောက်ခဲ့သော် လျင်မြန်စွာ ပျောက်ကင်းနိုင်၏။ ဎင်းအရွက်တို့ကိုကြိတ်၍ပူအောင်လုပ်ပြီးလျှင် ရောင်သောနေရာ၌လိမ်းကျံပေးခဲ့သော် ပျောက်ကင်းနိုင်၏။

**၅။ အသည်း**

အသည်းရောင်ရောဂါ၌မူ အရွက်များကိုကြိတ်၍ အသည်းရောင်ရာ၌ လိမ်းကျံပေးရ၏။

**၆။ ချောင်းခြောက်ဆိုးရောဂါ**

ချောင်းခြောက်ရောဂါ၌ နုလုံးရောင်သည်အထိမဖြစ်သေးလျှင် ဎင်းရောဂါကို ပျောက်ကင်းစေ၏။

**၇။ လေဖျားရောဂါ**

လေဖျားရောဂါ၌ ဎင်း၏အသီးများကိုပြုတ်၍အသုံးပြုနိုင်၏။

**၈။ ဝမ်းဖောဝမ်းရောင်ရောဂါ**

ဝမ်းဖောဝမ်းရောင်ရောဂါတွင် အရွက်ကြမ်းကို ကျိုချက်၍ သောက်သောအခါ ဆားအနည်းငယ်ထည့်သောက်ပါ။ ရောဂါများပျောက်ကွယ်ပါလိမ့်မည်။ ပညာကို သေရွာသို့မယူလိုပါ။ လူ့လောကမှတ်သားအကျိုးများပါလိမ့်မည်။

*ကျန်းမာချမ်းသာကြပါစေ*

မဟာနွယ် (မန်းတက္ကသိုလ်)

---

တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့် ဥရောပစသည့်နိုင်ငံများလည်း ပုံစံအမျိုးမျိုးနှင့် ရှိနှင့်နေခဲ့သည်ကို တွေ့ရှိရသည်။

ဥဒါဟရုဏ်တစ်ခု တင်ပြရလျှင် တောင်ကိုရီးယားနိုင်ငံ ကျုံဂျူဒေသဟုန်တိုစစေတီပုရဝုဏ်ရှိ အီမိုင်ခေါင်းလောင်းကြီးသည် ကိုရီးယားပြည်ရှင် ကျုံတုတ်ဘုရင်က ကွယ်လွန်သူ ခမည်းတော် စုန်တုတ်မင်းကြီးကို ရည်စူး၍ ကြေးခေါင်းလောင်းတစ်ခုအား သွန်းလောင်းရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပါ။ ကျုံတုတ်မင်းကိုဆက်ခံသော ဟိုင်ကောင်မင်းလက်ထက်တွင် ခုနစ်နှစ်တိုင်းဆက်လက်လုပ်ဆောင်သော်လည်း မအောင်မမြင်ဖြစ်နေလေရာ ဟိုင်ကောင်မင်းသည် သူ၏အချစ်တော် သမီးတော်လေးကို ကျွက်ကျွက်ဆူအရည်ကျိုထားသော ကြေးသတ္တုအိုးထဲသို့ပစ်ချ စတေးလိုက်ပြီးမှ ထိုခေါင်းလောင်းသည် အောင်မြင်ပြီးစီးခဲ့သည်ဟူ၏။ ထိုခေါင်းလောင်းကို စုန်တုတ်ခေါင်းလောင်းကြီးဟုအမည်ပေးသော်လည်း အီမိုင်ခေါင်းလောင်းအမည်ဖြင့်သာကျော်စောသည်။ ထိုခေါင်းလောင်းကို ထိုးခတ်လိုက်က အီမိုင်ဟုသာအသံထွက်လာသည်ဟူ၏။ အီမိုင်ဟူသောစကားက အမေကိုခေါ်သောဝေါဟာရ ဖြစ်၏။

အားလုံးကိုခြုံ၍ လိုရင်းကို ကောက်ယူလျှင် ယဇ်နှင့်စတေးသည် အဆင်တူအရောင်ကွဲများဖြစ်ကြသည်။ ယဇ်သည် တစ်စုံတစ်ခုအောင်မြင်ရန်အတွက် (ဥပမာ ရာသီဥတုကောင်းမွန်ရန်၊ ဘေးဟန္တရာယ်များကင်းဝေးရန်၊ အောက်လမ်းပညာအစဉ်မြင့်တက်ရန်) အသက်သတ် ပူဇော်ပသခြင်းဖြစ်ပြီး စတေးက အဆောက်အအုံတစ်ခုခု၊ အရာဝတ္ထုကြီးကြီးတစ်ခု တည်ဆောက်ပြီးစီးရန်နှင့် ဖုတ်ပြိတ္တာ(ဝိညာဉ်လောကသား)အစောင့်အရှောက်ရရှိရန်အတွက် ပူဇော်စီရင်ခြင်းပင်ဖြစ်သတည်း။

မင်းခိုင်[illegible]ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အောင်သန်းလင်း
(စစ်-အေ)

## မွေးမိခင်ကိုလုပ်ကိုင်ကျွေး၍ သေအောင်မှလွတ်မြောက်သူ

သက်ရှိသတ္တဝါမှန်သမျှ မိခင်မှ မွေးဖွားလာခဲ့သူများချည်းသာ ဖြစ်ကြ၏။ လူတို့တွင်မူကား မာတာမိခင်သည် သန္ဓေသားကို ကိုးလကျော်ကြာအောင်လွယ်ထားခဲ့ရပြီးနောက် မွေးဖွားလာခဲ့လျှင်လည်း နို့ချိုကိုတိုက်ကျွေး၍ သားသမီးကို အသက်ရှင်သန်ရအောင် ပြုစုထိန်းသိမ်းလာခဲ့ပေးလေသည်။

ထို့ကြောင့် မိခင်မေတ္တာသည် အနှိုင်းမဲ့မေတ္တာဟုဆိုထိုက်ပေသည်။

- *မေတ္တာကိုရှာ၊ ဝတ်ပါအကွေ့*
  *အိမ်အပြန်အဝင်ပေါက်က*
  *သောက်ရေချို အမေကမ်းမှ*
  *ဝမ်းမြောက်စွာတွေ့။*

အထက်ပါ ဒွေးချိုကဗျာလေးမှာ အမေ၏မေတ္တာကို ထိမိအောင်ရေးသားထားသည်ကို တွေ့မြင်ရလေသည်။ အိုမင်းမစွမ်းရှိလာသောမိခင်ကို သားသမီးက ပြန်လည်ကြည့်ရှုစောင့်ရှောက်ခြင်းကား အလွန်ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော ကျေးဇူးဆပ်ခြင်းမည်ပေ၏။

■

ရန်ကုန် - မန္တလေးကားလမ်းဟောင်းသည် မိတ္ထီလာမြို့ကို ဖြတ်သန်းသွား၏။ မိတ္ထီလာမှ ရန်ကုန်ဘက်သို့ အထွက် (၉) မိုင်ခန့် အကွာအဝေးတွင် ချောင်းကူးသံတံတားကြီးတစ်ခုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတံတားကြီးကို ကုန်းသာတံတားဟု သာ လူများသိရှိကြ၏။ တံတားသည် ကုန်းသာရွာနှင့် နီးကပ်စွာ တည်ရှိ၍ တံတားကို ရွာနာမည်ပေးထားခဲ့ခြင်းဖြစ်လေသည်။

ကားလမ်းတစ်လျှောက် ဝဲယာ လမ်းနံဘေးတွင် ရှေးလူတို့စိုက်ပျိုးထားခဲ့သောအလွန်ကြီးမားသည့်ကုက္ကိုပင်ကြီးများကို တွေ့မြင်နေရဆဲ ဖြစ်သည်။ သို့သော် ထိုဝန်းကျင်အရပ်ဒေသသည် ကုက္ကိုပင်သာမက မည်သည့်သစ်ကြီးဝါးကြီးအပင်မျှမရှိကြတော့ပေ။ အညာဒေသ၏ပြယုဂ်အဖြစ် ထန်းပင်ကား ထန်းရည်နှင့်ထန်းလျက်အတွက် လူတို့စိုက်ပျိုးထားသဖြင့် ကောင်းစွာတွေ့မြင်ရနိုင်သေးသည်။

သမိုင်းတစ်လျှောက်တွင် နိစ္စဓူဝ လူတို့ လောင်စာအဖြစ် ထင်းကိုသာ အစဉ်သုံးစွဲခဲ့ရခြင်းကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးလျော့နည်းခဲ့ရ၏။ သစ်တောမရှိ၍ တောနေတိရစ္ဆာန်များလည်း ဖွတ်၊ ပုတက်မျှသာရှိတော့၏။ ယုန်နှင့် တောကြောင်ပင်လျှင် အလွန်ရှားပါးလှသည်ကိုတွေ့ရ၏။

ရှေးခေတ်အခါက ဤအရပ်ဒေသတွင် သစ်ပင်တောထူထပ်ခဲ့ပြီး သမင်၊ ဒရယ်၊ ချေ၊ တောဝက်၊ ဆတ်ကဲ့သို့သော သတ္တဝါများသာမက ကျားများပင် နေထိုက်ကျက်စားခဲ့သည်ဟုဆိုလျှင် ယုံတမ်းစကားပမာဖြစ်နေမည်ထင်ရ၏။ စင်စစ် ယုံတမ်းစကားမဟုတ်သော ဖြစ်ရပ်မှန်မျှသာ ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း (၈၀)ခန့် အချိန်ကာလတုန်းကဖြစ်သည်။

ကုန်းသာရွာကား အိမ်ခြေ (၅၀) ကျော်မျှသာရှိသော ရွာငယ်တစ်ရွာဖြစ်သည်။ ရွာသူရွာသားတို့ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းကား အရှေ့ကျောင်း၊ အနောက်ကျောင်းဟု ခြံစည်းရိုးသာခြားပြီး ကပ်လျက်နှစ်ကျောင်းရှိသည်။ (မဆလအစိုးရခေတ်ကာလလောက်တွင် အရှေ့ကျောင်းဆရာတော် ပျံလွန်တော်မူပြီးနောက်ပိုင်း တစ်ကျောင်းတည်းပေါင်းသွားလေသည်။)

နယ်ချဲ့ကိုလိုနီခေတ်တွင် ရွာမှာ စာသင်ကျောင်းမရှိချေ။ မဆလအစိုးရခေတ်မှာလည်းမရှိသေးချေ။ (ယခုအခါ တွဲဖက်အလယ်တန်းကျောင်းပင်ရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com

ဟုသိရသည်။) ယခုတိုင် မပြောင်းလဲဘဲ ရှိခြင်းကား ရှေးက အိမ်ခြေ (၅၀) သာရှိသကဲ့သို့ ယခုလည်း အိမ်ခြေ(၅၀)မျှသာ ရှိသေးသည်။

ကုန်းသာရွာသည် ရွာနာမည်အတိုင်း ကုန်းပေါ်မှာတည်ရှိပြီး ရေရှားပါးသည်။ ရေအတွက် ဘုန်းကြီးကျောင်းနံဘေးမှ ကောက်ကွေ့ချောင်းကိုသာ အားကိုးရသည်။ ချောင်းကလည်း မိုးရာသီတွင် ရှမ်းရိုးမမှ စီးဆင်းလာခြင်းဖြစ်သည်။ တောင်ကျရေမလာလျှင် ချောင်းမှာ ရေမရှိ၍ ချောင်းအတွင်း သဲပြင်မှာ လက်ယက်တွင်းလေးများမှ ရေကို မိန်းမများက ရေအိုးနှင့်ရွက်ပြီး သယ်၏။ ယောကျ်ားများက ရေစည်ကို နွားလှည်းဖြင့်သယ်ရ၏။

ရွာသူရွာသားများ၏ အားကိုးရာ အလုပ်အကိုင်ကား ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် ကြက်သွန်တို့စိုက်ပျိုးခြင်းမျှသာဖြစ်လေသည်။ ရာသီဥတုကိုသာမျှော်ကိုးပြီး စိုက်ပျိုးလုပ်ကိုင်ကြရာ ဒေသခံများ ဆင်းရဲကြလေသည်။

■

ရွာသားထဲတွင် သန်းမြင့်သည် အသက် (၃၂)နှစ်မျှသာရှိလာပြီ။ အသားဖြူ၍ ဗလကောင်းပြီး ကြည့်ရှုကောင်းသောရုပ်သွင်ရှိသော လူပျိုတစ်ယောက်ဖြစ်သည်။ အိမ်ထောင်ရှိသင့်သောအရွယ်ဖြစ်သော်လည်း ရည်းစားမျှပင် မရှိချေ။

မျက်မမြင်မိခင်ကြီးနှင့်အတူ နှစ်ဦးတည်းနေထိုင်ပြီး ရာသီသီးနှံများကို အများနည်းတူ စိုက်ပျိုးလုပ်ကိုင်သည်။ အိမ်မှာ ခိုင်းနွားတစ်ရှဉ်းအပြင် နို့စားနွားသားအမိလည်းရှိသေးသည်။ နွားစာကိုလည်း ပုံမှန်ရှာဖွေရသည်။

နံနက်ပိုင်းမှာ အနောက်တောသို့ နွားကျောင်းလွှတ်ချိန်တွင် ကြီးတော် (အမေ၏ အစ်မ) အိမ်မှာ နွားအုပ်နှင့်အတူ မိမိအိမ်မှနွားများကိုရောနှောထည့်ပေးလိုက်သည်။ ညနေမိုးချုပ်ချိန် နွားများပြန်သိမ်းရန်ကား သန်းမြင့်က တာဝန်ယူပေးရ၏။ ဤသို့ အပြန်အလှန် နားလည်မှုယူထားကြသည်။

တစ်ခါတစ်ရံ အကြောင်းတစ်စုံတစ်ရာကြောင့် မိမိဘက်ကပျက်ကွက်မည်ဆိုလျှင် ကြိုတင်ညှိနှိုင်းပြီး အဆင်ပြေအောင် စီစဉ်ရတာမျိုးလည်း မကြာခဏဖြစ်ပေါ်တတ်၏။ ဆွေမျိုးရင်းချာများဖြစ်ကြ၍ သာသည်နာသည်မတွက်ကြချေ။

တစ်နေ့ ညနေပိုင်းမှာ နွားများသိမ်းရန် ညနေစောင်းတွင် သန်းမြင့် နေအိမ်မှထွက်လာခဲ့သည်။ မည်သို့ဖြစ်သည်မသိ သန်းမြင့်စိတ်များ လေးလံထိုင်းမှိုင်းနေသည်။ ဘာတွေလဲကောင်းစွာမမှတ်မိတော့ပေမည့် ညတုန်းက အိပ်မက်ဆိုးတွေမက်ခဲ့သည်။ ယခုလည်း ညာလက်မောင်းသားများမကြာမကြာလှုပ်နေပြန်သည်။

သူသည် လုပ်ရိုးလုပ်စဉ်တာဝန်ဖြစ်နေ၍သာ အိမ်မှထွက်လာခဲ့ရသော်လည်း စိတ်မပါလှပေ။ အနောက်ဘက်ကောင်းကင်တွင် နေဝန်းကြီးသည် နိမ့်ဆင်းလာနေ၏။ မကြာမီ မိုးချုပ်တော့မည်။ အိပ်တန်းပြန်ငှက်အုပ်ကြီးများကို မကြာမကြာတွေ့နေရသည်။ ရွာဘက်ကို ဦးတည်နေသောနွားအုပ်၏နောက်မှ နကန် (နွားနှင်တံတုတ်) ကိုင်ရင်း လိုက်လာခဲ့သည်။

သန်းမြင့်၏ မျက်လုံးများက မြေပြင်ကိုငုံ့ကြည့်ရင်း သတိဖြင့်လှမ်းနေခဲ့သည်။လွန်ခဲ့သော (၃)နှစ်ကျော်လောက်တုန်းက ကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုးကိုကြုံခဲ့ဖူးထား၏။ သန်းမြင့်ညီမလေးအေးမော်သည် ချောင်းထဲကို သူငယ်ချင်းများနှင့်အတူ ရေခပ်ဆင်းရာ ဤအချိန်မျိုးပင်ဖြစ်သည်။ ရေအိုးရွက်ပြီးပြန်လာရင်း သူငယ်ချင်းများနှင့်စကားကောင်းနေရာ မြွေပွေးကိုမမြင်ဘဲတက်နင်းမိခဲ့သည်။

သို့ဖြင့် ညီမလေးနှင့်ရုတ်တရက် သေခွဲခွဲခဲ့ရသည်ကို စဉ်းစားလိုက်လျှင် မနေ့တစ်နေ့ကဖြစ်ခဲ့သလိုပင်ရှိနေသေးသည်။ အညာမှာ မြွေပွေးက အလွန်ပေါသည်။ မြွေပွေးကိုက်ခံရလျှင် အသက်သေတာချည်းဖြစ်သည်။



နွားအုပ်က ယခင်နေ့များနှင့်မတူပေ။ ဘာဖြစ်မှန်းမသိ လန့်နေသလိုဖြစ်ပြီး ရွာဘက်ကို ခြေကုန်သုတ်ဒုန်းစိုင်းနေသည်။ သန်းမြင့်လည်း အမြေးတစ်ပိုင်းနှင့်အမှီလိုက်နေရပြန်သည်။

ထိုစဉ်မှာပင် ဝေါခနဲအသံနှင့်အတူ ညာဘက်ဘေး ချုံကွယ်မှ ကြီးမားသောအကောင်တစ်ကောင်က ရုတ်တရက်ခုန်အုပ်ရာ လျင်မြန်လှ၍ရှောင်တိမ်းချိန်မရလိုက်ခဲ့ပေ။ လက်ကိုသာမြှောက်၍ကာလိုက်နိုင်သည်။ သူ့ခွန်အားက အလွန်ကြီးမားလှ၍ ညာဘက်လက်ကို အမိအရကိုက်ခဲမိသွားသည်။ ထို့နောက် အားကောင်းလှသောဆွဲယူမှုနောက်ကို သန်းမြင့်ခန္ဓာကိုယ်တစ်ခုလုံး မြောက်၍ပါသွားခဲ့သည်။

အလစ်တွင် တောကောင်ကြီး (ကျား) ၏ ခုန်အုပ်ခြင်းခံရကြောင်း သဘောပေါက်လိုက်သည်။ လက်ထဲက နကန်(တုတ်)လည်း မရှိတော့။ ဘယ်အချိန်လွတ်ကျသွားသည်ကိုပင် သတိမထားမိတော့ပေ။ သတိကို မလွှတ်အောင်ထိန်းသော်လည်း အငိုက်မိသွားခဲ့၍ ဘာမှမတတ်နိုင်။ ခွန်အားချင်းမမျှသဖြင့် သူဆွဲခေါ်ရာနောက်သာ တရွတ်ထိုက်ပါသွားနေခဲ့ရသည်။သေဘေးသည် ရုတ်ခြည်း လက်တစ်ကမ်းမှာရှိနေ၏။

သန်းမြင့်၏ လက်နှစ်ဖက်က မိရာကိုစမ်းရင်း ဆွဲကိုင်ဖမ်းနေသည်။ တစ်ကြိမ်တွင် ကျပ်လုံးခန့်တုတ်သော သစ်ကိုင်းကို ဘယ်ဘက်လက်ဖြင့်ကိုင်ဆုပ်မိသွားသည်။ သစ်ကိုင်းခြောက်ဖြစ်နေ၍ဖြောင်းခနဲကျိုးသွား၏။ သစ်ကိုင်းခြောက်ဖြစ်ခြင်း၊ ယခုဂ သို့ သစ်ကိုင်းကျိုးသွားခဲ့ခြင်းကပင် သန်းမြင့်အတွက် သေဘေးမှလွတ်မြောက်ရန် လမ်းစဖြစ်သွားကြောင်း နောင်အခါသိခဲ့ရလေသည်။

သစ်ကိုင်းချောင်းသည် သန်းမြင့်၏ ဘယ်လက်ထဲတွင်ပါလာရာ အကောင်းဆုံးလက်နက်ဖြစ်သွားတော့၏။ လူကိုသားကောင်အဖြစ် ရွေးချယ်ခဲ့မိသော တောကောင်ကြီးသည် ခွန်အားမှာ အသာစီးရသော်လည်း ဦးနှောက်ချင်းယှဉ်လျှင် အနိုင်မရတော့ပေ။ မည်သူက မုဆိုး၊ မည်သူက သားကောင်နည်း သိရတော့မည်။

သန်းမြင့်သည် ထူးထူးခြားခြား ဘယ်သန်ဖြစ်ခြင်း၊ ဘယ်လက်ထဲ သစ်ကိုင်းချောင်းရရှိသွားခဲ့ခြင်းက တိရစ္ဆာန်နှင့်လူသား ရင်ဆိုင်တိုက်ပွဲတွင် ကြုံမှာ

www.burmeseclassic.com

www.burmeseclassic.com

အလှည့်အပြောင်းဖြစ်သွားစေခဲ့သည်။ ညာဘက်ကို လှည်ပြန်လှည့်ကြည့်လိုက်သောအခါတွင် ရက်စက်ကောက်ကျစ်သော တောကောင်ကြီး၏ မျက်လုံးကို အနီးကပ်တွေ့မြင်ရသည်တွင် လက်ထဲမှ သစ်ကိုင်းချောင်းဖြင့် ဆောင့်ထိုးချပစ်လိုက်သည်။ အလစ်အငိုက်မိသွားသော ကျားစဥ်းလဲကြီးမှာ ဝေါင်းခနဲ တစ်ချက်လန့်၍ အော်ဟစ်၏။ သန်းမြင့်ကိုကိုက်ချီထားရာမှ လွှတ်ချလိုက်ပြီး နောက်ကျွမ်းပစ်ကာ ထိုနေရာမှထွက်ပြေးသွားသည်။ သန်းမြင့်လည်း နေရာမှကုန်းထပြီး နောက် အချိန်မဆိုင်းဘဲ သွေးရူးသွေးတန်းဖြင့် ရွာဘက်သို့အားကုန်သုတ်ပြေးခဲ့သည်။

မိမိ၏နွားအုပ်လည်း အစအနပင် မမြင်ရတော့ပေ။ ကုန်းသာရွာ၏ အနောက်တံခါးကို လှမ်းမြင်နေရပြီ။ (စင်စစ် ရွာဝင်တံခါးက ဤတံခါးတစ်ခုသာရှိခဲ့၏။ ယခုတော့ အရှေ့တံခါး၊ အနောက်တံခါးဟူ၍ နှစ်ခုရှိပြီဟု သိရသည်။) လူသာမဟုတ်။မည်သည့်သက်ရှိသတ္တဝါကိုမျှ တွေ့မြင်ရခြင်းမရှိချေ။ အချိန်က နေ့ဝင်ဖျိုးဖျကာလ ဖြစ်သည်။ နားထဲတွင် နွားခြူသံကိုကြားရ၍ နောက်ကိုလှည့်ကြည့်ရာ လှည်းတစ်စီးမောင်းလာနေတာကို တွေ့မြင်ရသည်။ ညာဘက်လက်ပြင်မှဒဏ်ရာက အလွန်နာကျင်သလို သွေးများလည်း တစ်ကိုယ်လုံး စိုရွှဲလာနေသည်။

အရာရာမြင်ကွင်းအားလုံးသည် တဖြည်းဖြည်း မှုန်ဝါးလာပြီးနောက် လောကကြီးတစ်ခုလုံး မှောင်အတိကျသွားသည်ကိုသာ နောက်ဆုံးသတိထားမိလိုက်လေသည်။

■

"ရေ ရေပေးပါ ရေသောက်ချင်တယ်"

"ဟော - သန်းမြင့် သတိရလာပြီဟေ့။ နင့်သားက ရေသောက်ချင်လို့ ရေတောင်းနေတယ် ငြိမ်းမေ"

စကားပြောသံကို သန်းမြင့်ကြားလိုက်သည်နှင့် ဗိန္ဒောဆေးဆရာကြီး ဦးသာစိန် ဆိုတာ ကောင်းစွာသဘောပေါက်လိုက်၏။

"ကျွန်တော်အိမ်ကို ဘယ်လိုရောက်. . ."

"အေးကွာ - ပြောပြမယ်။ မင်းဘာဖြစ်ခဲ့တယ်ဆိုတာကတော့ မင်းကပိုပြီးသိမှာပေါ့။ ရွာတံခါးဝရောက်ခါနီးမှ မင်းကစိတ်လျှော့လိုက်တယ်ထင်တယ်။ ဒဏ်ရာကြောင့် လှည်းလမ်းကြောင်းမှာ သတိမေ့နေတဲ့မင်းကို စိန်မောင်က လှည်းပေါ်တင်လာခဲ့ပြီး အိမ်ရောက်အောင်လာပို့ပေးသွားတာပေါ့ကွာ။ အိမ်ကိုရောက်မှ မင်းရဲ့အမေက လူလွှတ်ပြီး ငါ့ကိုခေါ်လို့ ဆေးလာကုသပေးရတာပဲ။ ဖြည်းဖြည်းပြောကြတာပေါ့။ မင်းသတိရလာပြီဆိုတော့ ဆေးတစ်ခွက်သောက်လိုက်ဦး"

ယခုမှ သန်းမြင့်ကိုယ်ပေါ်မှ ဒဏ်ရာကို တောဆေးရွက်များကြိတ်၍အုံထားပြီး အဝတ်ပိတ်စဖြင့် စလွယ်စည်းထားကြောင်းသိရလေသည်။ ဦးသာစိန်သည် တုန်းသာရွာအတွက် အလွန်အားကိုးရသောဆေးဆရာ ဖြစ်၏။

"သားသတိရပြီနော်။ ရေသောက်လိုက်ဦး၊ အမေ ဝမ်းသာလိုက်တာ"

ဟုပြောရင်း သန်းမြင့်၏အမေဖြစ်သူ ဒေါ်ငြိမ်းမေက ရေတိုက်ပေးသည်။

ဆေးဆရာကြီး ဦးသာစိန်နှင့် ဒေါ်ငြိမ်းမေသည် ငယ်သူငယ်ချင်းများဖြစ်ကြ၍ စကားပြောဆိုရာတွင် ရင်းနှီးပွင့်လင်းသည်။

"ငြိမ်းမေရာ၊ ငါက နင်အားရှိအောင်ပြောနေတာမဟုတ်ပါဘူး။ နင့်အိမ်ကို ငါမရောက်သေးခင်ကတည်းက နင့်သား ဘယ်နည်းနဲ့မှမသေဘူးဆိုတာ သိနေတယ်"

"ဟဲ့-သာစိန်ရဲ့၊ နင်က အားမခံနေလည်း ငါကစိုးရိမ်ရတာပဲ။ ဒါမျိုးဖြစ်တာ အသက်ရှင်တယ်ရှိလို့လား"

"နင့်သား သန်းမြင့်က သူတော်ကောင်းပဲ။ နတ်ကောင်းနတ်မြတ်တွေက ကြည့်ရှုစောင်မတာပေါ့ဟ"

"အိုး - သူတော်ကောင်းတဲ့၊ နင်ပြောတာ ရယ်စရာကောင်းလိုက်တာ။ ငါ့သားက ထန်းရည်အမြဲမူးတယ်၊ ကြက်လည်းတိုက်၊ ဖဲကလည်းရိုက်သေးတယ်။ အခါကြီးရက်ကြီးတောင်ဘုန်းကြီးကျောင်းကိုမရောက်ဘူး"

"သာမန်ကြည့်ရင်တော့ နင်ပြောတာမှန်သလိုပဲ။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးတဲ့။ သန်းမြင့်က အသုဘအိမ်ရှိမှဖဲရိုက်တာပါ။ ကြက်တိုက်တာလည်း တစ်ခါတစ်ရံပါ။ စီးပွားပျက်အောင်မလုပ်ဘူး။ နွားရောင်း၊ ဆိတ်ရောင်းလုပ်တာမျိုးလုပ်ဖူးသလား ပြောစမ်း"

ရေနွေးကြမ်းပန်းကန်ကိုချလိုက်ရင်း ဦးသာစိန်ကမေးသည်။ ညသည် တိတ်ဆိတ်နေ၏။

"အေးလေ-ဒါမျိုးတော့မရှိပါဘူး"

"ပြီးတော့ မျက်စိကွယ်နေတဲ့အမေ မုဆိုးမကို ရှာဖွေလုပ်ကိုင်ကျွေးနေတာနည်းတဲ့ကုသိုလ်မဟုတ်ဘူး။ သူ့အိမ်ထောင်ရေးကိုတောင် လုံးဝထည့်မစဉ်းစားဘူး။ ရွာကထိန်ပွဲမှာ ဦးရွှေရိုးနဲ့ဒေါ်မိုးအကဆို သန်းမြင့်က ပင်တိုင် ဦးရွှေရိုးလုပ်ကတယ်။ ဒေါ်မိုးနေရာကတဲ့သူကသာပြောင်းပြောင်းသွားတာတွေ့ရတယ်။ သူကမပြောင်းဘူး။ ဒေါ်မိုးလုပ်ကတဲ့ မသန်းရီဆိုရင် ကုလားဆင်လေးနဲ့ အတော်ချောတာပဲ။ ရွာကလူတွေက သန်းမြင့်ကို အဲဒီမသန်းရီနဲ့အဆင်ပြေကြလိမ့်မယ်ထင်နေတာ။ နောက်တော့ မသန်းရီက တခြားယောက်ျားနဲ့ပဲညားသွားတယ်။ ဒေါ်မိုးနေရာမှာ မသန်းရီမကနိုင်တော့ မသန်းရီညီမ မစန်းရီနဲ့ကပြန်တယ်။ မစန်းရီယောက်ျားရသွားပြန်တော့ မသန်းရီရဲ့သမီး မိစံလေး အပျိုပေါက်ဖြစ်လာပြီး ဒေါ်မိုးနေရာမှာဝင်ကနေပြန်ပြီ။ မိစံလေးကလည်း သူ့အမေလိုချောတာပဲလေ။ အသက်(၁၆)နှစ်လောက်ကျော်ရောပေါ့ ဟုတ်လား သန်းမြင့်"

"ဟုတ်ကဲ့ - ဘကြီး"

"မိစံလေးကို မင်းကနှစ်သက်မယ်ဆိုရင် သူ့အမေ မသန်းရီကလည်း မင်းရဲ့သူငယ်ချင်းပဲဆိုတော့ ငြင်းလိမ့်မယ်မထင်ဘူး"

ဆေးဆရာစကားကြောင့် လူနာသည် သူခံစားနေရသောဝေဒနာကိုပင် မေ့သွား၏။

သန်းမြင့်က အရှက်လည်းကြီး၏။

"ဟာဗျာ - ဘကြီးကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိပါဘူးဗျာ။ အတော်ခက်တာပဲ"

"မင်းကမသိဘူး၊ ရွာကလူတွေက ဇာတ်သိမ်းခန်းကိုကြည့်ချင်နေကြပြီကွ။ ဟား ဟား ဟား"

"ဘကြီးနဲ့ခက်ပါတယ်ဗျာ"

ဟု သန်းမြင့်က ရှက်ကိုးရှက်ကန်းနှင့်ပြောသည်။

ထိုအချိန်မှာပင် ခြံအဝင် တံခါးဝဆီမှ -

"အမေငြိမ်း အမေငြိမ်း ခွေးကိုက်မှာကြောက်လို့ ကြည့်ပေးပါဦး"

ဟု ခြံဝမှ မိန်းမသံဖြင့်ခေါ်သံကို ကြားရသည်။

"ဟေး - ဘယ်သူတွေလဲမသိဘူး၊ ခွေးကမကိုက်တတ်ဘူး။ ဝင်လာခဲ့ကြကွယ်"

ဟု ဒေါ်ငြိမ်းမေက ပြောဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မီးအုပ်ဆောင်း (လေးထောင့်သံပုံးကို တစ်ဖက်ဖွင့်ပြီး ရေနံဆီမီးခွက်ထည့်ထားသည်။ ဖားရိုက်ထွက်လျှင်လည်းသုံးသည်။ ယခုခေတ် လက်နှိပ်ဓာတ်မီး အစားသုံးခြင်း ဖြစ်သည်။ မြွေအန္တရာယ်ကြောက်၍ ညအခါ တောရွာများမှာ ဤမီးခွက်ကိုသာသုံးကြသည်။) နှင့် လူနှစ်ယောက် -

"သမီးတို့ပါ အမေငြိမ်း"

ဟုဆိုပြီး မိန်းမနှစ်ယောက်ဝင်လာသည်။ မသန်းရီနှင့် မိစံဖြစ်နေသည်။

"ဘယ်သူများလဲမှတ်တယ်မသန်းရီတို့သားအမိပဲ။ ညည်းတို့သားအမိ အသက်ရှည်ကြဦးမယ်"

"ဟော- ဘကြီးနဲ့အစ်ကိုကြီးတို့က သမီးတို့အကြောင်းပြောနေကြတာထင်တယ်"

စကားသွက်သူ မိစံက အတပ်ပြောသည်။ ဦးသာစိန် ကိုယ့်စကားနှင့်ကိုယ်မိနေလေသည်။

"ဦးရွှေရိုးနဲ့ဒေါ်မိုးအကကောင်းကြတာကိုပြောတာပါဟဲ့"

ဟု ဦးသာစိန်က တစ်ဝက်လောက်ဝန်ခံစကားပြောပြီး ကျန်တစ်ဝက်ကိုချန်ထားလိုက်သည်။

"ကိုသန်းမြင့်သတင်းကြားလို့လာမေးတာပါ။ ဘယ်လိုအခြေအနေရှိလဲ ပြောပါဦး"

မသန်းရီက ရောက်လာရင်း အကြောင်းကိုဆိုသည်။

"ဘကြီးသာစိန်ဆေးကိုစည်းထားတယ်။ နာတာကတော့ အတော်ကြီးကို နာတယ်ဟာ။ သိပ်မစားသာဘူး"

သန်းမြင့်က ရှုံ့မဲ့ရင်းဖြေသည်။

ထိုစဉ်မှာပင် အိမ်ဝင်းခြံအပြင်ဘက်မှ-

"အမေငြိမ်း ဗျို့- အမေငြိမ်း"

ဟုအော်ရင်း ရွာသားများထပ်ဝင်လာရာ စိန်မောင်နှင့်ပေါက်စ၊ ဖိုးသာတို့ဖြစ်သည်။ ကုန်းသာသည် ရွာငယ်မျှသာဖြစ်ရာ မသန်းရီနှင့်ဆွေမျိုးတော်စပ်သူများသာဖြစ်သည်။ မောင်နှမဝမ်းကွဲတော်သူ၊ ဦးလေးတော်သူများဖြစ်သည်။ ထို့ကြောင့် ချစ်ခင်ရင်းနှီးမှုရှိထားကြပြီးဖြစ်လေသည်။

"သန်းမြင့်၊ အိပ်ရာဝင်ရင် ဆေးတစ်ခွက်သောက်လိုက်ဦး။ မနက်မှလာခဲ့မယ်။ ငါပြန်ဦးမယ်ဟေ့"

ဟု ဆေးဆရာဦးသာစိန်က နှုတ်ဆက်ပြီးပြန်သွားသည်။

သန်းမြင့်၏ဒဏ်ရာအခြေအနေက စိုးရိမ်စရာမရှိတော့ကြောင်းတွေ့ရသဖြင့် အားလုံးစိတ်အေးသွားကြသည်။ ဖြစ်ရပ်အစအဆုံးကို သန်းမြင့်ကပြန်ပြောပြရာ အားလုံးကတအံ့တဩဖြစ်ကြရသည်။

"ယာခင်းထဲ နောက်ချေး(နွားချေး)သွားပို့ပြီးပြန်လာခဲ့တာ။ လှည်းမောင်းရတာ နွားတွေက တောကောင်နံ့ရတော့ အတော်လန့်တယ်။ အဲဒီမှာတုန်းက ဝေါင်းဆို တောကောင်ကြီးဟိန်းသံကြားလိုက်တယ်။ ဒီကောင် ရွှေ့နားအတော်ကပ်လာပြီကောလို့ အောက်မေ့တုန်း ငါ သွားမယ့်လှည်းလမ်းပေါ်မှာ မှောက်ရက်လဲနေတဲ့လူတွေ့ရတော့တာပဲ။ လှည်းပေါ်ကဆင်းကြည့်လိုက်တော့ သန်းမြင့် သတိမရတော့ဘူးဖြစ်နေပြီ"

စိန်မောင်က သူတွေ့ခဲ့တာကိုပြန်ပြော၏။ ထို့နောက် ပေါက်စကပြောပြန်သည်။

"စိန်မောင့်လှည်းနဲ့တည့်တည့်တိုးလို့ပေါ့။ မဟုတ်ရင် မနက်မှတွေ့ကြရင်တော့ တောင့်နေလောက်ပြီ"

"ဒီလိုလည်းအတပ်ပြောမရပါဘူး။ လှည်းလာတာမြင်လို့စိတ်လျှော့လိုက်တာနဲ့ သတိမေ့သွားတာပါ။ သန်းမြင့်က သတ္တိကောင်းတယ်။ စိတ်ဓာတ်ခိုင်မာတယ်။ သတိကောင်းတယ်။ သူ့လက်ထဲမှာ ဘာမှမရှိတော့တာကို သစ်ကိုင်းမိအောင်ဆွဲပြီး တောကောင်ကြီးကို ပြန်တိုက်ခိုက်ရင်း အနိုင်ယူခဲ့တာပဲကြည့်လေ။ သေဘေးနဲ့ ရင်ဆိုင်တွေ့တာမှာ ဉာဏ်ကိုလွှာသုံးပြီး သတ္တိရှိရှိရင်ဆိုင်ခဲ့တာကွ။ စိတ္တေန နီယတိ လောကော လောကကို စိတ်ကသာ ဦးဆောင်တယ်လို့ တို့ဘုရားဟောခဲ့တာမှန်ကန်ကြောင်း သန်းမြင့်ကြုံတွေ့ခဲ့ရတဲ့လက်တွေ့ဖြစ်ရပ်က အထင်အရှားသက်သေပဲ"

ဘုန်းကြီးလူထွက်ဖိုးသာက ပြောခြင်း ဖြစ်လေသည်။

"ဟုတ်တယ်ကွ၊ ကျားနဲ့ခြင်္သေ့ဟာ သားကောင်ကိုဖမ်းရင် သေချာတယ်လို့ဆိုတယ်။ သူတို့ခံတွင်းဝကနေပြန်လွတ်သွားရိုးမရှိဘူးတဲ့။ အခုလည်း တောကောင်ကြီးက ကိုက်တာသေချာတာပဲ။ ဒါပေမယ့် သန်းမြင့်ကိုလွှတ်ပေးရုံမကဘူး၊ မျက်လုံးတစ်ဖက်က သန်းမြင့်လက်ချက်ကြောင့်ကန်းသွားပြီ။ လူသားတစ်ယောက်ရဲ့ဦးနှောက်ကိုမယှဉ်နိုင်ဘူးလေ"

စိန်မောင်တို့အဖွဲ့သည် ဤသို့တစ်ယောက်တစ်မျိုး သူတို့အမြင်ကို ပြောဆိုနေကြ၏။

"ကိုသန်းမြင့်လိုလူမျိုးဒုက္ခရောက်ရင် တောစောင့်နတ်နဲ့ရွာစောင့်နတ်တွေက ဘယ်ကြည့်နေနိုင်မလဲ။ ကူညီကြမှာပဲလို့ ကျွန်မကတော့လုံးဝယုံကြည်တယ်။ အမေဒုက္ခိတကို လုပ်ကျွေးပြုစုနေတဲ့ ကုသိုလ်တရားဟာ လောကမှာ အလွန်မြင့်မြတ်တာကိုး။ ဒါကိုထည့်တွက်ရလိမ့်မယ်လို့ထင်တယ်"

"ဟုတ်တယ် ဟုတ်တယ်၊ သန်းရီ ညည်းပြောတာကို ငါတို့အားလုံး ခြွင်းချက်မရှိ ထောက်ခံတယ်"

ဤသို့ဖြင့် ကုန်းသာရွာသားများ ပြောဆိုနေကြသည်။ လပြည့်တစ်ညဖြစ်၍ အလင်းရောင်ဖြာနေသည်။ ခြံစည်းရိုးတွင်စိုက်ထားသော ညမွှေးပန်း၏ သင်းထုံသောရနံ့သည် ဝန်းကျင်မှာ သင်းပျံ့နေသည်။ ချောင်းတစ်ဖက်ကမ်းရှိ ကြာပအင်းရွာ (ကြာပင်အင်းရွာ) ဘက်မှ လွင့်ပျံ့လာသော ၁လွေသံသည် ကြားရသူအားလုံးအတွက် နားဝင်ချိုလှသည်။



စာကြွင်း။ ။ အသက် (၉၄) နှစ်တွင် ကွယ်လွန်ခဲ့သူ အဖေ ဦးညီစိန်နှင့် အသက် (၉၂) နှစ်တွင် ကွယ်လွန်ခဲ့သူ အမေဒေါ်ပုသည် ကုန်းသာရွာဇာတိများဖြစ်ကြသကဲ့သို့ စာရေးသူကိုလည်း ကုန်းသာရွာမှာ မွေးဖွားခဲ့ပါသည်။ အမေပြောပြခဲ့ဖူးသောဖြစ်ရပ်ကို ဖန်တီးရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

အဖေနှင့် အမေတို့အား ဤစာစုဖြင့် ကန်တော့ပါ၏။

*မာတာပိတုဥပဋ္ဌာန်*

အောင်ဆန်းလင်း (ဘီအေ)

www.burmeseclassic.com

www.burmeseclassic.com

"အခု ဘုရားမှာ ဒကာဆုတောင်း ထားတာတွေပြည့်မယ်ဆိုရင် ဒကာ့ဘဝမှာ ဘာမှမလိုအပ်တော့တဲ့ဆုတောင်းတွေပဲ ဒကာ"

ဘုရားဝတ်ပြုအပြီး ကြားလိုက်ရသောစကားကြောင့် အသံလာရာဆီ ကျွန်တော်ကြည့်လိုက်မိပါသည်။

သက်တော် (၅၀) ခန့်ရှိ ရဟန်းတော်တစ်ပါးကို ဖူးတွေ့လိုက်ရသည်။ သပိတ်နှင့်သက်န်းကြီးကိုဘေးမှာချထားပြီး အနေအထိုင်ခင်း၍ သီတင်းသုံးနေသောရဟန်းတော်သည် တောရဆောက်တည်သောရဟန်းတော်ဖြစ်မည်ဟုလည်း သတိထားလိုက်မိပါသည်။

ကျွန်တော် ဘုရားဝတ်ပြုပြီး ဆုတောင်းနေသည်မှာ အချိန်အတော်ကြာမြင့်ပါသည်။ ညအမှောင်ကလည်း ကျတော်ရင့်နေပြီဖြစ်သည်။ ရဟန်းတော်သည် မည်သည့်အချိန်ကကြွရောက်လာသည်ကို ကျွန်တော်မသိလိုက်ပါ။ ရဟန်းတော်ကို ဝတ်ပြုလိုက်တော့ -

"ဒကာက ဒီနီးကရွာလား"

"ဟုတ်ပါတယ်ဘုရား"

"ဘုရားမှာအမြဲဝတ်ပြုလား"

"ပြုပါတယ်ဘုရား"

ရဟန်းတော်က ကျွန်တော့်ကို အကဲခတ်ကြည့်ရင်း -

"ဘုရားဝတ်ပြုတာ ကောင်းမှုကုသိုလ်ပေပဲ။ ဒါပေမယ့် ဒကာလိုချင်တဲ့ဆုတောင်းတွေကများလွန်းတော့ ဆုတောင်းပြည့်ရင် ဒကာဘဝမှာလိုတရဖြစ်မှာဘဲ ဒကာ။ ဆုတောင်းတာကောင်းပေါ့။ သို့သော် တောင်းသင့်တောင်းအပ်တဲ့ဆုတောင်းမျိုးတော့ဖြစ်သင့်တယ်နော် ဒကာ"

"မှန်ပါတယ်ဘုရား"

"ဒကာလက်ခံမယ်ဆို ဆုတောင်းတာနဲ့ပတ်သက်ပြီး ဘုန်းကြီးပြောပြချင်တယ်"

"မိန့်ပါဘုရား၊ တပည့်တော်နာယူချင်ပါတယ်"

ဟု ရိုရိုးလျှောက်ထားလိုက်တော့-

"ဒကာနားလည်အောင် ဘုန်းကြီးရိုးရိုးပဲပြောပြမယ်"

"တင်ပါဘုရား"

"ကျန်းမာရပါလို၏လို့ ဆုတောင်းတော့မယ်ဆိုရင် လူရယ်လို့သိတတ်စအရွယ်ကတည်းက ကျန်းမာအောင်နေခဲ့ရဲ့လား၊ စားခဲ့ရဲ့လား၊ ပြုမူဆင်ခြင်နေထိုင်ခဲ့ရဲ့လားလို့ ဦးစွာ မိမိဘာသာ နှလုံးသွင်း ဆင်ခြင်ကြည့်ရမယ်။ ကိုယ်ကိုယ်တိုင် ကျန်းမာရေးကို မစောင့်ရှောက် မထိန်းသိမ်းနိုင်ဘဲ မိမိကိုယ်ကို လုပ်ကြံနေတဲ့ သောက်စားမှုတွေနဲ့အဆင်ခြင်မဲ့ စားသောက်နေထိုင်ပြုမူခဲ့တာတွေကြောင့်ရလာတဲ့မကျန်းမာမှုကို ဘုရားမှာ ကျန်းမာရပါလို၏လို့ဆုတောင်းတာ တရားပါ့မလား ဒကာ"

"မတရားပါဘူး ဘုရား"

"အဲဒီလိုဆုတောင်းတာမျိုးဟာ ကိုယ့်ကိုယ်ကိုယ်ကောလိပ်ပြောလုံ့မလား"

"မလုံပါဘူး ဘုရား"

"အနာရောဂါဆိုတာတွေကတော့ ခန္ဓာရလာရင် ဖြစ်နေမှာပဲလေ။ အသက်ခန္ဓာဖြစ်နေသမျှ ဗျာဓိ ဆိုတဲ့ အနာရောဂါဝေဒနာတွေက နှိပ်စက်ဖိစီးမှာ မုချပဲ။ ကိုယ့်ပယောဂကြောင့်ရရှိလာတဲ့ဝေဒနာကိုယ့်ကြောင့်ဖြစ်လာရတာမို့ ပျောက်ကင်းရပါလို၏လို့ ဆုတောင်းပြည့်တယ်ပဲထားဦး။ သဘာဝကျတဲ့တရားတဲ့ဆုတောင်းမဖြစ်နိုင်ဘူး ဒကာ"

"အတိတ်ကံကြောင့်ဖြစ်ပေါ်လာတဲ့ အနာရောဂါတွေကလည်း ကံကြွေးကုန်မှ ပျောက်ကင်းမှာလေ။ ဆုတောင်းတာတွေဟာ အချည်းနှီးပေါ့ ဒကာ"



(ရမည်းသင်း)

# အေးချမ်းအောင်

## ဆုတောင်းမည်ဆိုပါက

www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါ"

"နောက် ချမ်းသာရလိုပါ၏ဆိုတဲ့ ဆုတောင်းနဲ့ပြောရရင် အဲဒီဆုတောင်းဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် အတော့်ကိုသဘာဝမကျတဲ့ ဆုတောင်းပဲ ဒကာ။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်က ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ကံကံ၏အကျိုးကို ယုံကြည်သူဖြစ်နေလို့ပဲ။

အတိတ်ဘဝကပြုခဲ့တဲ့ ပေးကမ်းလှူဒါန်းခဲ့ခြင်းရဲ့အကျိုးနဲ့ ယခုပစ္စုပ္ပန်ဘဝမှာ ချမ်းသာ၊ ဆင်းရဲဆိုတာတွေဖြစ်ကြရတယ်။ ဒါကိုချမ်းသာရပါလို၏လို့ ဆုတောင်းတာဟာ ယုံကြည်ပါတယ်ဆိုတဲ့ ကံကံ၏အကျိုးကို တမင်ငြင်းပယ်ဆုတောင်းနေတာမျိုးဟာ သဘာဝကျရဲ့လား။

လိုချင်တဲ့လောဘစိတ်နဲ့ တောင်းတဲ့ဆုတောင်းတွေဟာ တစ်ဖက်ကတွေးရင် သံသရာလည်ရေးဆုတောင်းတွေပဲဖြစ်နေတယ် ဒကာ။ ဘုရားရှင်က သံသရာလည်နေသမျှ ဒုက္ခတွေရောက်ရလွန်းလို့ သံသရာကလွတ်မြောက်စေတဲ့နိဗ္ဗာန်ရောက်ကြောင်းတရားတွေဟောညွှန်ပြခဲ့တယ်နော် ဒကာ"

"မှန်ပါတယ် ဘုရား"

"ဒီနေ့မှာ စကားမစပ် ဘုန်းကြီးတွေးမိတာတစ်ခုလည်းပြောပြချင်မိတယ်"

"မိန့်ပါ၊ နာယူချင်ပါတယ်ဘုရား"

"ဒကာတောင်သူလုပ်တယ်မဟုတ်လား"

"လုပ်ပါတယ်ဘုရား"

ဘုန်းကြီးတို့နိုင်ငံမှာ လယ်ယာလုပ်ကိုင်ကြသူတိုင်းဟာ ကျွဲ၊ နွားတွေနဲ့ လုပ်ကိုင်ကြရတယ်။ ကိုယ့်ကိုလုပ်ကိုင်ပေးကြတဲ့ ကျွဲ၊ နွားတွေဟာ ကိုယ်ရဲ့ ကျေးဇူးရှင်တွေနော် ဒကာ"

"ဟုတ်ပါတယ်ဘုရား"

"တကယ်တော့ ကျွဲ၊ နွားတွေဆိုတာ အတိတ်ဘဝကပြုခဲ့ဖူးတဲ့ကံအကျိုးကြောင့် ကျွဲ၊ နွားတိရစ္ဆာန်တွေဖြစ်လာကြရပြီး သူတို့ရဲ့ကံဝဋ်ကြွေးစေရာလူတွေကို ခန္ဓာကိုယ်နဲ့ရင်းပြီးတော့ အတိတ်ကံအကြွေးကိုပေးဆပ်နေကြရတယ်။

သက်ရှိသတ္တဝါတွေအားလုံးတိုင်းဟာ ကိုယ်နဲ့သံသရာအဆက်ဆက်ကတော်စပ်ခဲ့ဖူးတဲ့ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ ညီအစ်ကိုမောင်နှမစတဲ့ ဆွေမျိုးတော်စပ်ခဲ့ဖူးသူတွေချည်းပဲဆိုတာ မေ့ထားလို့မရဘူး ဒကာ။ ကံရဲ့အကျိုးတွေကြောင့် အမျိုးမျိုးသောဘဝတွေဖြစ်တည်ရှင်သန်နေကြရတယ်ဆိုတာကို အထူးသတိထားသင့်တယ်။

ခွန်အားတွေနဲ့ သူတို့မှာအကျိုးမရှိပါဘဲ ရုန်းကန်ပေးကြတဲ့ ကျွဲ၊ နွားတွေရဲ့ ကျေးဇူးတရားတွေဟာ လူသားတွေအပေါ် တစ်ဖန်တုံ့လှည့်တင်နေတယ်"

ဟု ထိုကဲ့သို့ ရဟန်းတော်က မိန့်ကြားပြီး စကားရပ်၍ အလင်းရောင်မဲ့နေသောဝန်းကျင်ကို အတန်ကြာကြည့်နေပြီးမှ -

"တုံ့လှည့်တင်လာပြန်တဲ့ ကျွဲ၊ နွားတွေရဲ့ကျေးဇူးတရားတွေကို ကိုယ်က အသိပညာနဲ့ ပြန်ပေးဆပ်တတ်ရတယ်။ ကျွဲနွားတွေခမျာ အတိတ်ဘဝရဲ့ကံကြွေးတစ်ခုခုကြောင့် အခုလိုပေးဆပ်နေကြရတာကို ကိုယ်ကကောင်းမှုကုသိုလ်ပြုလုပ်တိုင်းမှာ သူတို့ကိုယ်စားအလှူပြုလုပ်ပေးကြဖို့လိုတယ် ဒကာ"

"တင်ပါ့ဘုရား"

"လူသားတိုင်းမှာ အချိန်တိုင်းယူတတ်ရင် ကုသိုလ်ကရနေတာလေ။ တိရစ္ဆာန်တွေဆိုတာက ကိုယ်ကသူတို့ကိုယ်စား ကုသိုလ်ပြုပေးမှရကြရတာ။ ကိုယ့်အပေါ် လုပ်ကိုင်ကျွေးတဲ့ ကျွဲ၊ နွားတွေကို ကျေးဇူးသိတဲ့သူအဖြစ်နဲ့ အလှူတစ်ခုပြုလုပ်တိုင်းမှာ 'ဘုရားတပည့်တော်တို့၏ မိသားစုအား လုပ်ကိုင်ကျွေးမွေးခဲ့ကြသော ကျွဲနွားများနှင့် ယခုလုပ်ကိုင်ကျွေးမွေးနေကြသော ကျွဲ၊ နွားများ၏ ကိုယ်စား ဘုရားတပည့်တော်ကပ်လှူပူဇော်လှူဒါန်းပါ၏'လို့ ရွတ်ဆိုလှူဒါန်းပါလို့ ဘုန်းကြီးအနေနဲ့ မေတ္တာရပ်ပါတယ် ဒကာ"

"တပည့်တော်လိုက်နာလုပ်ဆောင်ပါ့မယ်ဘုရား"

"သာဓု သာဓု သာဓု"

ထိုကဲ့သို့ ရဟန်းတော်မိန့်ကြားလိုက်ခြင်းကြောင့် ကျွန်တော်တို့မိသားစုကို ရုန်းကန်လုပ်ကိုင်ပေးကြသော ကျွဲ၊ နွားများအပေါ် နားလည်စာနာစိတ်တွေဖြစ်လာရသည်။

"စောစောက ဆုတောင်းတာနဲ့ ပတ်သက်တဲ့အကြောင်း ဆက်ပြောရရင် ဒကာ၊ ဒကာမအတော်များများဟာ ဆုတောင်းကြတဲ့အခါမှာ သံသရာလွတ်တဲ့ ဆုတောင်းထက် သံသရာလည်ရေး ဆုတောင်းတွေသာဖြစ်နေကြတယ်။

လိုချင်တာက နိဗ္ဗာန်၊ တောင်းနေတဲ့ဆုက သံသရာလည်ဖို့အတွက် တောင်းနေကြတော့ သဘာဝမကျတဲ့ဆုတောင်းတွေနဲ့ လူသားဘဝကို အလွယ်တကူပြီးဆုံးနေကြတာကို သတိမထားမိကြဘူး။

အမှားကြာလာရင် အမှန်ထင်သွားတတ်တာ သဘာဝဖြစ်ပေမယ့် ဆုတောင်းတာ မမှားသင့်တဲ့အမှားမို့ ဘုန်းကြီးက အချိန်မီသိစေချင်လို့ ပြောပြတာ ဒကာ"

"တင်ပါဘုရား၊ ဆုတောင်းမယ်ဆိုရင် ဘယ်လိုဆုမျိုးတောင်းရမယ်ဆိုတာ မိန့်ပေးပါဘုရား"

"ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ အဓိကပန်းတိုင်ဟာ နိဗ္ဗာန်ပဲ ဒကာ။ နိဗ္ဗာန်ရောက်ဖို့ ရဖို့ဆိုတာကလည်း အင်မတန်ခဲယဉ်းလှတယ်။ သတ္တဝါတွေဟာ နိဗ္ဗာန်မရောက်မချင်း မရေတွက်နိုင်တဲ့ ဘဝပေါင်းများစွာနဲ့သွားနေကြရဦးမယ်"

"အဲဒီလိုသွားနေရတဲ့ သံသရာဘဝတစ်လျှောက်လုံးမှာ ဘုရားရှင်ရဲ့ အဆုံးအမကိုခံယူပြီး ရရှိလာတဲ့ဘဝတိုင်းမှာ ဘုရားရှင်ရဲ့ တရားတော်တွေကို နိဗ္ဗာန်ရောက်သည်အထိဘဝတိုင်းအစဉ်တစိုက် ကျင့်ကြံအားထုတ်သွားနိုင်ဖို့ကိုသာ ဆုတောင်းကြရမယ်"

"ဆုတောင်းရမှာက ဘုရားတပည့်တော်သည် နိဗ္ဗာန်မရမီ သံသရာဘဝများအား ကျင်လည်နေရသမျှ ကာလတစ်လျှောက်လုံး မြတ်စွာဘုရားရှင်၏ တရားရိပ်အောက်၌ ခိုလှုံခွင့်ရရှိပြီး မြတ်စွာဘုရားရှင်၏ တရားတော်များအား မဂ်ဖိုလ်နိဗ္ဗာန်ရောက်သည်ရသည်အထိ ကျင့်ကြံအားထုတ်သွားနိုင်ရပါလို၏လို့ ဆုတောင်းရမယ် ဒကာ"

"တင်ပါ့ဘုရား"

"ကဲ - အချိန်လည်း အတော်လင့်သွားပြီ။ ဘုန်းကြီးခရီးဆက်ဦးမယ်ဒကာ"

"တင်ပါဘုရား"


ရဟန်းတော်က ဘုရားဝတ်ပြုကာ ဘေးမှာချထားတဲ့ သပိတ်ကောက်လွယ်၊ အနေကထိုင်လေးခေါက်၍ သင်္ကန်းကြီးနှင့်အတူ ပခုံးပေါ်တင်ပြီးနောက် အမှောင်တွင်းသို့ တိုးဝင်ကြွသွားသည်ကို ကျွန်တော်ကြည့်နေမိရင်းက ဘယ်အရပ်ဘယ်ဒေသကြွရောက်လာသည်ကို မေးလျှောက်ဖို့ မေ့သွားခဲ့သည်။

အမှောင်ထဲတွင် ပျောက်ကွယ်သွားသော ရဟန်းတော်ကို ရှိခိုးလျက်ဖြင့် ကျွန်တော် ကျန်ရစ်ခဲ့သော်လည်း ရဟန်းတော်၏ အဆုံးအမ၊ ဩဝါဒကတော့ ကျွန်တော့်နှလုံးသားမှာ ထင်ကျန်လို့နေခဲ့ပါတော့သည်။

အေးချမ်းအောင် (ရမည်း[illegible])

www.burmeseclassic.com

www.burmeseclassic.com




သာယနကြိုစတ္တဇာတာခွင်

## ၂၀၁၈ ခုနှစ်၊ ဗြိစ္ဆာရာသီပြောင်း

# မန္တန်ဒိန်းဇာတာဟောကိန်း

## (၁၆-၁၀-၂၀၁၈) မှ (၁၅-၀၂-၂၀၁၈) အထိ

## မင်းရှိန်အောင်

၁၆-၁၁-၂၀၁၈ နေ့ ညဥ့် (၁၉း၂၈း၀၇) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် တူရာသီမှ ဗြိစ္ဆာရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် ကြရကဋ်ရာသီ၌ (၁) ဒီဂရီ (၅၃) မိနစ်တွင် စတင်ပေါ်ထွက်သည်။ ဤဇာတာခွင်ကို ဗြိစ္ဆာရာသီ စူဠသင်္ကြန်ဇာတာခွင်ဟုလည်း ခေါ်ဆိုနိုင်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ယူရေးနပ်ဂြိုဟ်မှ ရာဟုဂြိုဟ်၊ ရာဟုဂြိုဟ်မှ သောကြာဂြိုဟ်၊ သောကြာဂြိုဟ်မှ ပလူတိုဂြိုဟ်၊ ပလူတိုဂြိုဟ်မှ ယူရေးနပ်ဂြိုဟ်တို့ကို (၉၀) ဒီဂရီဖြင့်မြင်ထားသည်။ ယူရေးနပ်ဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ (၁၈၀) ဒီဂရီမြင်သည်။ ပလူတိုဂြိုဟ်နှင့် ကိတ်ဂြိုဟ်က(၁)ဒီဂရီတွင်၊ တနင်္လာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်က (၃) ဒီဂရီတွင် ပူးယှဉ်ကြကာ ယူရေးနပ်ဂြိုဟ်နှင့် အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ ဂြိုဟ်ပြိုင်နေကြသည်။

၎င်းတို့ကို ကောက်ချက်ချရလျှင် နယ်စပ်ဒေသဆိုင်ရာ၊ တိုင်းရင်းသားဒေသဆိုင်ရာ၊ တရားဥပဒေရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ မီဒီယာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာတို့နှင့် နီးနွယ်လျက် နိုင်ငံတကာဖိအားပေးမှု ထိုးနှက်တိုက်ခိုက်မှု၊ စိန်ခေါ်မှုများကို ပြင်းပြင်းထန်ထန်ခံစားရမည်။ ၎င်းတို့နှင့်ပတ်သက်၍ အစိုးရနှင့်လွှတ်တော်တို့၌ ဂယက်ရိုက်မှုများ၊ ခက်ခက်ခဲခဲဖြေရှင်းရမှုများရှိမည်။ ထို့ပြင် ယင်းတို့နှင့်ပတ်သက်၍ ပဋိပက္ခမှုများ၊ အကြမ်းဖက်မှုများ အနည်းနှင့်အများကြုံဆုံရမည်။

ထို့ပြင် နိုင်ငံတကာနှင့်နီးနွယ်နေသော ငွေကြေးစီမံခန့်ခွဲမှု၊ ချေးငွေများ၊ ထောက်ပံ့ငွေများ၊ ဘဏ်တိုက်ဆိုင်ရာကိစ္စများ၌ ရှုပ်ရှုပ်ထွေးထွေး ကြပ်ကြပ်တည်းတည်းတွေ့ရတတ်မည်။ ထိပ်သီးနိုင်ငံတချို့၏ ကဲ့ရဲ့ပြစ်တင်ခံရသလို စိတ်မကောင်းစရာကိစ္စများကြုံရတတ်မည်။ အထူးသဖြင့် အမျိုးသမီးထိပ်သီးပုဂ္ဂိုလ်အတွက် စိုးရိမ်ရမည်။

ကျောင်းသားများဆိုင်ရာ၊ လူငယ်များဆိုင်ရာ အုပ်စုများ၊ အဖွဲ့အစည်းများ ဥပဒ်သင့်တတ်မည်။ အမျိုးသမီးနှင့် ကလေးသူငယ်များနှင့် စပ်လျဉ်းနေသော ရာဇဝတ်မှုခင်းများ ဖြေရှင်းမကုန်ရှိနေဦးမည်။ အခြေခံလူတန်းစားများ အလုပ်သမားများ၊ ပြည်သူများ၏ မကျေနပ်မှုများ၊ တောင်းဆိုမှုများတင်းတင်းမာမာ ပြဆိုလာလိမ့်မည်။

အပျော်အပါးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ခရီးသွားလာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာများ၌ လက်နက်ဘေး၊ မီးဘေး၊ အကြမ်းဖက်ဘေးကြုံဆုံရတတ်မည်။ လေကြောင်းခရီးစဉ်၌ မတော်တဆ ထိခိုက်မှုများရှိတတ်မည်။ ကပ်ဘေးဆန်သောကျန်းမာရေးပြဿနာများ ကြုံဆုံတတ်မည်။ မီဒီယာလောကမှာ အနှောင့်မလွတ်အသွားမလွတ်ပြဿနာများဖြစ်ပေါ်တတ်မည်။ အနုပညာဆိုင်ရာ၌ အောင်မြင်မှုရသလို မကောင်းသတင်းထွက်ပေါ်တတ်မည်။ အနုပညာလောကမှ ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

ရာသီဥတုပုံမှန်မဟုတ်။ အအေးဓာတ်လွန်ကဲမည်။ မြေလျှင်လှုပ်တတ်မည်။ အခါလွန်မိုးရှိမည်။ မြေပြိုရေကြီးနိုင်သည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# အောင်ကျော်စိုး
## (ကေအေအေ)
# သေသူ၏အကူအညီ

မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစည်းဝေးခန်းအတွင်း၌ ဖြစ်ပါသည်။ အပတ်စဉ် တနင်္လာနေ့တိုင်း ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်၏။ မြို့နယ်ဥက္ကဋ္ဌအဖွဲ့ (၁)၊ အဖွဲ့ (၂) နှင့် အတွင်းရေးမှူးလေးဦးတို့အပြင် ရဲတပ်ဖွဲ့စခန်း စခန်းမှူး၊ ဦးသောင်းစိန်လည်း ပါဝင်ပါသည်။ မြို့နယ်၏ စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၃) ဦးမှ ဆွေးနွေးပြီးကြလေပြီ။ သို့ပါသော်လည်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းများဖော်ထုတ်နိုင်ရေးကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကျန်ရှိနေသောအမှုများကို စခန်းမှူးနှင့် ဆွေးနွေးနေကြခြင်းဖြစ်ပါသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးနှစ်ဦးတို့မှာ လုပ်သက်ရင့်အတွေ့အကြုံရှိသည့်အရာထမ်းများဖြစ်သည့်အပြင် အတွဲအညီလှသဖြင့် မြို့နယ်အတွက်အထူးပင်အားကိုးရသူများဟုဆိုလျှင်မမှားပေ။ မြို့နယ်ဥက္ကဋ္ဌမှ စကားအစပြုလိုက်သည်။

" ကဲ-စခန်းမှူး၊ ကိုအောင်ဆန်းကိစ္စနဲ့ပတ်သက်ပြီး မြို့နယ်မှူးပြောပြလို့ သိသင့်သလောက်သိပြီးပါပြီ။ ခင်ဗျားဆောင်ရွက်ထားမှုနဲ့ အခြေအနေပြောပါဦး"

"ဟုတ်ကဲ့-ဥက္ကဋ္ဌကြီး၊ တရားခံလို့ ထင်ရတဲ့ သံချောင်းကို ရမန်ယူထားတာ နှစ်ပတ်ရှိပါပြီ။ အမျိုးမျိုးစစ်ပေမယ့် ဝန်မခံပါဘူး။ သက်သေခံပစ္စည်းတွေရှိနိုင်မယ့်နေရာတွေကို ကျေးရွာလူကြီးတွေနဲ့ရှာတာ နေရာအနှံ့ပါ။ သူ့တဲလည်း ရှာပါတယ်။ သူလုပ်နေတဲ့ လယ်နှားမှာလည်း ပိုက်စိပ်တိုက်ရှာပါတယ်။ နယ်ထိန်းကတော့စုံစမ်းနေဆဲပါ ဥက္ကဋ္ဌကြီး"

"သူဘယ်ကိုသွားသေးသလဲဗျ"

အဖွဲ့(၁)က ကြားဖြတ်မေးခွန်းထုတ် လိုက်၏။

"သူဘယ်မှမသွားခဲ့ပါဘူး ခင်ဗျ၊ ကိုအောင်ဆန်းသေပြီး နောက်[illegible]နေ့

www.burmeseclassic.com

www.burmeseclassic.com



မနက်(၁၀)နာရီမှာ ဖမ်းလိုက်ပါတယ်"

"တရားခံလို့ယူဆရတဲ့သူရဲ့ ပုံစံနဲ့ စိတ်နေသဘောထားကိုပြောပါဦး"

ဦးဝဏ္ဏသီလို၍မေး၏။

"ကျွန်တော်လည်း ပြောမလို့ပါ။ တရားခံသံချောင်းက တစ်ကောင်ကြွက်ပါ။ ရွာအနောက်ဖျားမှာ တဲလေးတစ်လုံးနဲ့ တစ်ယောက်တည်းနေပါတယ်။ အလုပ်လုပ်တာမှန်သမျှ ကျပန်းပါပဲ။ အသက် (၃၅) နှစ်လောက်မှို ခန္ဓာကိုယ်သန်းစွမ်းတယ်။ စာမတတ်ဘူး။ စကားပြောရတာ ဘဝင်မြင့်နေသလိုပဲ။ ကျပ်မပြည့်ဘူးလို့ထင်ပါတယ်"

"စစ်ဆေးရမယ့်နည်းလမ်းကုန်ပြီလား"

"ကုန်သလောက်ကတော့ရှိနေပြီ။ ဒါပေမယ့် ဒီနေ့ညထပ်ပြီးစစ်ပါဦးမယ်။ ဝန်ခံရင် ဦးဝဏ္ဏကြီးဆီနဲ့ မြို့နယ်မှူးဆီတင်ပြပါမယ်"

"ကောင်းပါပြီ - ထူးရင်ပြောပါ။ အတွင်းရေးမှူးကတော့ ကိုအောင်ဆန်းအသတ်ခံရတဲ့အမှုနဲ့ပတ်သတ်တဲ့ဆက်စပ်စာတွေပြန်ဖတ်ရအောင် တင်ပေးပါဦး"

"ဟုတ်ကဲ့ ဦးဝဏ္ဏ"

■

အချိန်ကာလမှာ ၁၉၈၉ ခုနှစ်အောက်တိုဘာလ၊ သီတင်းကျွတ်ရက်မတိုင်မီဖြစ်ပါသည်။ ဦးဝဏ္ဏနှင့်ကြားခဲ့သော ကိုအောင်ဆန်း အသက်ခံရမှုနှင့် ပတ်သက်သောဖိုင်များကို စုစည်းနေရင်း ကိုအောင်ဆန်း၏ဖြစ်စဉ်ကို သတိရနေမိသည်။

စကားဝါရွာမှ ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုအောင်ဆန်း။ အလုပ်လုပ်သည်။ ကျေးရွာမိဘ။ တောင်သူကြီး၊ ရိုးဖြောင့်၏။ စကားပြောရာတွင် ပြတ်သားစွာပြောတတ်သူဖြစ်ပြီး စကားဝါရွာတွင် အောင်ဆန်း အမည်ဖြင့် သုံးလေးဦးရှိရာ သူ့ကို ရင်းနှီးသူများမှ ဗိုလ်ချုပ်ဟုခေါ်ကြသည်။ မြို့နယ်နှင့်ဆက်စပ်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

ရသောကိစ္စမှန်သမျှကို အားသွန်ခွန်စိုက် တက်တက်ကြွကြွလုပ်၏။ မြို့နယ်ဥက္ကဋ္ဌ မြို့နယ်ဌာနဆိုင်ရာများနှင့်လည်း ရင်းနှီးလှသည်။

ယခုအချိန်တွင် စကားဝါကျေးရွာ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ် (ခေါ်) ကိုအောင်ဆန်းကို မသမာသူတစ်ဦးက ဓားဖြင့်ခုတ်သတ်၍ သေရှာလေပြီ။ သတ်သူမှာ မည်သူနည်း။

ကိုအောင်ဆန်း မသေမီရက်၌ မြို့နယ်အတွင်းရေးမှူးနှင့် တိ/မွေးကု ဦးစီးမှူး ကိုမြင့်ဆွေတို့ ဦးဆောင်၍ စကားဝါရွာကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးတွင် ရွာရှိနွားများကို ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးပေးခဲ့ကြသေး၏။ ထိုနေ့ညနေ (၅)နာရီခန့်တွင် အတွင်းရေးမှူးနှင့်အဖွဲ့ပြန်ခဲ့ကြသည်။ ညတစ်နာရီခန့်တွင် အညာအခေါ် ခေါင်းအုံးတန်းပါ ကွပ်ပြစ်ပေါ်၌ သုံးယောက်အိပ်နေကြသည့်အထဲမှ ညာဘက်အစွန်အိပ်နေသူ ကိုအောင်ဆန်း၏ လည်းပင်ကို ဓားဖြင့်ခုတ်သတ်သွား၍ သေဆုံးခဲ့ရခြင်းဖြစ်၏။

ကိုအောင်ဆန်း၏ဘယ်ဘက်တွင် အလယ်၌ ရာအိမ်မှူးကိုစံမြနှင့် ဘယ်ဘက်အစွန်းဆုံး၌ ဆယ်အိမ်မှူးကိုလှ အိပ်နေကြသည်။ နံနက်(၅)နာရီ အချိန် အိပ်ရာမှနိုးကြချိန်တွင် ကိုအောင်ဆန်း၏လည်ပင်းမှာပြတ်နေပြီး အရေပြား၊ အနည်းငယ်မျှသာ ကိုယ်ခန္ဓာနှင့်တွဲလျက်ကာ မြင်ကြရသည်ဆို၏။

အတွင်းရေးမှူးနှင့် စခန်းမှူးအပါအဝင်ရဲတပ်ဖွဲ့များ ချက်ချင်းရောက်သွားကြပြီး ဓာတ်ပုံရိုက်၊ သက်သေအထောက်အထားများကို စစ်ဆေး၍ အလောင်းကို မြို့ပေါ် ရင်ခွဲရုံသို့ပို့ခဲ့ကြသည်။

ကိုအောင်ဆန်း၏ဘေးတွင် အိပ်သော ရာအိမ်မှူးဦးစံမြမှ ထွက်ဆိုထားသည်မှာလည်း သံလွန်စရသည်ဆိုရုံမျှသာ။

"ကျွန်တော်တို့ ဥက္ကဋ္ဌနဲ့ ကျေးရွာလူငယ်တွေ အဲဒီနေ့ညနေမှာ အပျော်တမ်းဘောလုံးကန်ကြတယ်။ ညမှာ ဗိုလ်ချုပ်လည်း အိမ်ပြန်ထမင်းစားပြီး ကင်းသမာတွေနဲ့ရုံးမှာလာအိပ်တာပါ။ အားလုံးလည်း ညနေက ဘောလုံးကစားကြလို့ ပင်ပန်းပြီးအိပ်ပျော်သွားကြတယ်။ ရုံးထဲမှာအိပ်တယ်။ ညမှာ ကျွန်တော့်မျက်နှာပေါ် ရေတွေလာဝင်တယ်ထင်လို့ ထကြည့်လိုက်သေးတယ်။ မှောင်နေတာရယ်၊ အိပ်ချင်မူးတူးဖြစ်နေတာကြောင့် ဘာဖြစ်မှန်မသိလိုက်ဘူး။ ရုံးရှေ့ဝင်းတံခါးမှာ စစ်ရောင်ဂျာကင်နဲ့လူတစ်ဦး မီးရောင်လေးထဲမြင်လိုက်သလိုတင်လိုက်တာပဲ။ မနက်အိပ်ရာနိုးမှ ဗိုလ်ချုပ်သွေးတွေ ကျွန်တော်မျက်နှာနဲ့အင်္ကျီကိုလာစဉ်မှန်းသိတော့တယ်။ စစ်ဂျာကင်နဲ့လူကိုတော့ မမှတ်မိလိုက်ဘူး"

မြို့နယ်ဥက္ကဋ္ဌက တပ်မတော်အရာရှိ။ ကာလက တပ်မတော်အစိုးရရဲ့ အုပ်ချုပ်နေတဲ့အချိန်မို့ မြို့နယ်တစ်ခုလုံးမှာ အမှုကြီး (၁၀) မျိုးဖြစ်ခဲ့ပါသည်။ ကို အောင်ဆန်းမှာ ကျေးရွာဥက္ကဋ္ဌဖြစ်သည့်အပြင် စကားဝါရွာမှာလည်း မြို့နှင့် (၄) မိုင်သာဝေး၍ တစ်ရွာလုံးကို ပိုက်စိပ်တိုက်၍စစ်ဆေးသည်။ ညလှည့်ကင်းများဖြင့် မသင်္ကာဖွယ်ရာမှန်သမျှကို ကြည့်ရှုမေးမြန်း၏။

သို့သော် မမျှော်လင့်သော သတင်းကိုလာပို့သူမှာ စကားဝါကျေးရွာအုပ်စုစာရေးကိုမြလွင်ဖြစ်သည်။

"အတွင်းရေးမှူး၊ ဗိုလ်ချုပ်တို့ ဘောလုံးကန်ပြီး အပြန်ရွာလည်လမ်းဆုံမှာ သံချောင်းနဲ့ ဗိုလ်ချုပ်စကားများကြတယ်တဲ့။ သံချောင်းဓားသွေးနေတာကို ဗိုလ်ချုပ်က ဓားသွေးနေတာ ဘယ်သူ့ခုတ်မလို့လဲမေးလိုက်တော့ သံချောင်းဖြေတာ ခင်ဗျားကိုတဲ့။ ဗိုလ်ချုပ်ကလည်း စိတ်တိုပြီး ငါ့ကိုခုတ်ရဲရင်ခုတ်လို့ ပြောလိုက်တယ်။ နောက်တော့ သံချောင်းဘာမှပြန်မပြောတော့ဘူးတဲ့"

"ကောင်းလိုက်တဲ့ သတင်းပဲ သံချောင်းမှာ စစ်ဂျာကင်ရှိသလား"

"ရှိတယ်ဆရာ၊ ခပ်နွမ်းနွမ်းပဲ။ အသစ်တော့မဟုတ်ဘူး"

စာရေးကိုမြလွင်ပေးသောသတင်းကို စခန်းမှူး ဦးသောင်းစိန်အား အသိပေးလိုက်ရာ သံချောင်းအား ခေါ်ယူစစ်ဆေးသည်။ သံချောင်းထံတွင်စစ်ဂျာကင်ရှိသည်ဟု ရွာမှ သက်သေထွက်သော်လည်း အဆိုပါအင်္ကျီကို သံချောင်းမပြနိုင်။ သံချောင်းအား ဖမ်းဆီးစစ်ဆေးခဲ့ရာ သံချောင်းမှ ဝန်ခံထွက်ဆိုခြင်းမပြု။ စစ်ဂျာကင်လည်း မရှိပါဟုဆိုနေပြီ။ စခန်းမှူးအနေဖြင့် စစ်ဂျာကင်နှင့် ဓားကိုသက်သေအဖြစ်ရအောင်ရှာရပေမည်။ ထွက်ဆိုချက်များမှာ တရားခံသံချောင်းဖြစ်ကြောင်း ညွှန်းဆိုနေကြသည်။

ညနေ (၄)နာရီခန့်တွင် မြို့နယ်ဥက္ကဋ္ဌမှ -

"အတွင်းရေးမှူးရေ၊ ရဲစခန်းခဏသွားရအောင်"

ဥက္ကဋ္ဌမှ ကားကိုကိုယ်တိုင်မောင်း၍ ရဲစခန်းသို့လာခဲ့ကြသည်။ စခန်းကင်းမှ အလေးပြုသံကြောင့် စခန်းမှူးပြေးထွက်လာသည်။

"ဥက္ကဋ္ဌကြီးတို့ပါလား။ ရုံးခန်းထဲကြွပါ"

မြို့နယ်မှူးလည်း ဥက္ကဋ္ဌကားကို မြင်၍ စခန်းမှူးရုံးခန်းသို့ရောက်လာ၏။

"ဥက္ကဋ္ဌ အမိန့်ရှိပါ။ ဘာများညွှန်းကြားဖို့ရှိသလဲ"

"မရှိပါဘူး မြို့နယ်မှူးရေ၊ သံချောင်းဆိုတဲ့ အချုပ်သားကို လေ့လာအကဲခတ်ချင်လို့ပါ"

"စခန်းမှူးရေ ကင်းမှူးကိုခေါ်ပြီး သံချောင်းထုတ်ခဲ့ပါ။ လက်ထိတ်၊ ခြေထိတ်နှစ်မျိုးခတ်ခဲ့ဟေ့"

သံချောင်းမှာ အမည်နှင့်လိုက်ပါပေသည့် အရပ်ငါးပေကိုးလက်မ၊ ဆံပင်မတိုမရှည်၊ ခန္ဓာကိုယ်တုတ်ခိုင်ပြီး ခြေလက်သန်မာပုံရသည်။ အခန်းအလယ်သမံတလင်းပေါ်၌ ငုတ်တုတ်ထိုင်၍ ခေါင်းငုံ့နေသည်။ ဥက္ကဋ္ဌမှ စကားစပြောသည်။

"ကိုသံချောင်း၊ ရဝတဥက္ကဋ္ဌ ကိုအောင်ဆန်းကို ခင်ဗျားသတ်တယ်လို့ အားလုံးကသိတယ်။ ခင်ဗျားယောကျ်ားပီပီ ဝန်ခံပါ။ သက်သက်ညှာညှာစဉ်းစားပေးမယ်"

"ကျုပ်မသတ်ပါဘူး ဗိုလ်ကြီး"

"ဥက္ကဋ္ဌနဲ့ ဓားသွေးနေတုန်း စကားများသလား"

"များပါတယ်။ စခန်းမှူးကြီးကို ပြောပြတာပါတယ်"

"ခင်ဗျားသွေးနေတဲ့ဓားက ဘယ်ရောက်သွားလဲ"

"ဒီနေ့က ရွာလယ်ကင်းထဲထိုင်ခုံပေါ်မှာမေ့ကျန်ပြီး ပျောက်သွားပါတယ်ခင်ဗျာ"

"စစ်ဂျာကင်ဘယ်မှာထားလဲ"

"ကျုပ်မှာ စစ်ဂျာကင်မရှိပါဘူး"

ဥက္ကဋ္ဌထပ်မမေးတော့ဘဲ ခါးမှ ပစ္စတိုကိုထုတ်၍ မောင်းတင်လိုက်သည်။

"ခြေထိတ်ဖြုတ်လိုက်ကြ"

ခြေထိတ်ကိုဖြုတ်လိုက်သည်။

"ကိုသံချောင်း၊ ခင်ဗျားညာနေတယ်။ ကောင်းပြီ - ခင်ဗျားထပြီး စခန်းဝင်းတံခါးဂိတ်ကိုပြေး။ ကျွန်တော် ခင်ဗျားကို သေနတ်နဲ့တစ်ချက်ပဲပစ်မယ်။ မထိရင် ခင်ဗျားလွတ်ပြီ။ ထိရင် ခင်ဗျား သတ်တာမှန်လို့ ကဲ - ပြေး"

ဥက္ကဋ္ဌက တကယ်ပစ်မှာလား။

www.burmeseclassic.com

www.burmeseclassic.com

သံချောင်းပြေးရဲ့သလား။ အားလုံးက စဉ်းစားစိုးရိမ်နေကြ၏။ သို့သော် သံချောင်းက မပြေးပါ။

"ကျုပ်မပြေးဘူး။ ကျုပ်မှုမသတ်ဘဲ"

"ခင်ဗျား ကျုပ်မေးတာမဖြေရင် ကိုအောင်ဆန်းကိုပဲ မေးခိုင်းမယ်။ ခင်ဗျားဝန်ခံရမှာပါ။ ခုတော့ အချုပ်ထဲနေလိုက်ဦး"

စခန်းမှူးနှင့်●ာင်းမှူးမှ သံချောင်းကိုခေါ်သွားသည်။

"အတွင်းရေးမှူး၊ ရော့ - ကားသော့ အပြန်ခင်ဗျားမောင်း။ကျွန်တော် မြို့နယ်မှူးနဲ့ စကားနည်းနည်းပြောလိုက်ဦးမယ်"

ဆယ်မိနစ်ခန့်ကြာမှ ဥက္ကဋ္ဌထွက်လာပြီး ကားပေါ်တက်ထိုင်၏။

အတွင်းရေးမှူးက -

"ဘယ်ကိုမောင်းရမလဲ ဥက္ကဋ္ဌ"

"သချိုင်း"

"ဗျာ. . . သချိုင်း"

"ဟုတ်တယ်၊ မြို့မသချိုင်းက ကိုအောင်ဆန်းရဲ့ဂူ"

"ဥက္ကဋ္ဌကတော့ အဆန်းတွေချည်းလုပ်နေတာပဲ"

"အေးဗျာ၊ ကိုအောင်ဆန်းအသတ်ခံရတဲ့ကိစ္စမှာ သံချောင်းဝန်မခံလို့။သူ့ကိုလေ့လာကြည့်တာ.စိတ်မာတဲ့ပုံစံပေါက်နေပေမယ့် စိတ်အားငယ်နေတာကို ဖုံးဖိနေရတဲ့ပုံစံပါ။ အတွင်းစိတ်ကကြောက်နေတယ်"

"ဥက္ကဋ္ဌ သေနတ်နဲ့တကယ်ပစ်မလို့လား"

"မပစ်ပါဘူး။ သံချောင်းဘယ်လောက်ဖုံးကွယ်ထားနိုင်သလဲဆိုတာ သိချင်လို့ပါ။ သံချောင်းရဲ့အတွင်းစိတ်ရင်းအမှန်ကကြောက်နေတယ်။ သူ့ကိုစိတ်ဓာတ်စစ်ဆင်ရေးလုပ်မှရမယ်"

"ဘယ်လိုများ စိတ်ဓာတ်စစ်ဆင်ရေးလုပ်မှာလဲ ဥက္ကဋ္ဌ"

"ညကျရင် အတွင်းရေးမှူးလည်းသိမှာပါ။ ဟိုရှေ့ကွမ်းယာဆိုင်မှာရပ်ပါဦး"

မြို့အထွက် သချိုင်းသွားရာလမ်းရှိ ပုဂံသားကွမ်းယာဆိုင်ရှေ့၌ရပ်ပေးလိုက်ပါသည်။

"ပုဂံသားရေ၊ ကွမ်းယာအစုံနဲ့ ငါးကျပ်ဖိုးပေးကွာ"

ကွမ်းငါးကျပ်ဖိုးကို ဆယ်ယာရပါသည်။ ဥက္ကဋ္ဌကား ကွမ်းစားသူမဟုတ်ပါ။ ပုဂံသား အံ့သြနေ၏။

"ဗိုလ်ချုပ်ကြီး၊ ကွမ်းစားမလို့လား"

မစားပါဘူးကွာ။ ဒီနားကထန်းပလပ်ခြောက်အကြောသတ်ထားတဲ့တုတ်က ဘယ်သူ့တုတ်လဲ"

"ဆိတ်ကျောင်းသားနှစ်ယောက်ကျန်ခဲ့တာပါ"

"ခဏယူသွားမယ်နော်"

"ဟုတ်ကဲ့ ပါခင်ဗျ"

သချိုင်းကုန်းအဝင်တွင် ကားရပ်လိုက်သောအခါ ဥက္ကဋ္ဌမှာ ထန်းပလပ်ခြောက်တုတ်နှင့်ကွမ်းယာထုပ်ကိုယူ၍ ကားပေါ်မှဆင်းသွားပါလေတော့သည်။ ကားပေါ်၌ ထိုင်စောင့်ကျန်နေသူ အတွင်းရေးမှူးမှာ ကိုအောင်ဆန်း၏ ပြတ်လုတဲတဲ ဦးခေါင်းနှင့် အလောင်းကို မျက်စိထဲ၌ ပြန်လည်မြင်ယောင်မိလျက် ကြက်သီးဖြန်းဖြန်းထနေ၏။

အချိန်မှာ နေဝင်စပြုနေပေပြီ။

သချိုင်းအတွင်းသို့ဝင်သွားခဲ့သူ ဥက္ကဋ္ဌပြန်ရောက်လာသည့်အခါ ရုံးသို့အတူပြန်ခဲ့ကြပါသည်။ အပြန်လမ်းတွင် အတွေးကိုယ်စီဖြင့် ပြန်လာကြ၍ စကားမပြောဖြစ်ခဲ့ကြပါ။

နောက်တစ်နေ့နံနက် (၇) နာရီတွင် စခန်းမှူးလာ၍ အစီရင်ခံစာတစ်စောင်ကိုပေးပါသည်။

"အတွင်းရေးမှူး၊ သံချောင်း ဝန်ခံပြီဗျ"

"ကောင်းတာပေါ့ဗျာ၊ ဥက္ကဋ္ဌဆီ သတင်းပို့လိုက်ဦးမယ်"

"မပို့နဲ့တော့ဗျို့၊ မြို့နယ်မှူး ညကပြောပြီးပြီ"

"ဘယ်လိုများစစ်လိုက်ကြတာလဲ"

"ညတစ်နာရီလောက် သီးသန့်ချုပ်ထားတဲ့ အခန်းထဲကသံချောင်းက ဝန်ခံပါတော့မယ်လို့အော်တာပဲ"

"ရှင်းပြစမ်းပါဦး"

"ဒီလိုဗျ၊ မနေ့ညနေမှာ မြို့နယ်မှူးညွှန်ကြားလို့ သံချောင်းကို



ယောက်ျားအခန်းထဲကထုတ်ပြီး လူမရှိတဲ့ မိန်းမအချုပ်ခန်းထဲကို သီးသန့်ပြောင်းချုပ်လိုက်တယ်။ ည (၉) နာရီလောက်မှာ ကင်းမှူးက မြို့နယ်မှူးပေးတဲ့ စစ်ဂျာကင်တစ်ထည်ကို အင်္ကျီချိတ်နဲ့ချိတ်ပြီး သံချောင်းချုပ်ထားတဲ့ အချုပ်ခန်း လေးပေနှစ်လက်မတန်းမှာချိတ်ထားလိုက်တယ်။ ည (၁၀) နာရီလောက်ကြတော့ မိန်းမအချုပ်ခန်းမီးကိုပိတ်ထားလိုက်တာပဲ"

"ဟုတ်တယ်လေ၊ ကင်းမှူးကိုဖော်ပါကော့မယ်ဆိုပြီးအသံနက်ကြီးနဲ့ကိုခေါ်ကာဗျို့။ မနက်ကျမှ အချုပ်ကထုတ်ပြီး စစ်ချက်ယူရတာပေါ့"

"ဘာတွေပြောသေးသလဲ"

"ည (၁၂) နာရီ သံချောင်းခေါက်သံလည်းကြားပြီးရော ကိုအောင်ဆန်းရောက်လာပြီးရိုက်လို့ဖော်ရတာပါတဲ့"

"ထူးဆန်းသားပဲ၊ စစ်ဂျာကင်က ဘယ်သူ့အင်္ကျီလဲ"

"နယ်ထိန်းလှဆင့်ရဲ့အင်္ကျီလေ"

"ဥက္ကဋ္ဌ ကိုအောင်ဆန်း သေတုန်းကလည်း စစ်ဂျာကင်နဲ့ပဲ"

"ဟုတ်တယ်၊ စစ်ဂျာကင်ဝတ်ထားတဲ့ ကိုအောင်ဆန်းကို စစ်ဂျာကင်ဝတ်ထားတဲ့ သံချောင်းက သတ်တာပဲ"

"သေပြီးတဲ့ ကိုအောင်ဆန်းလာရိုက်တယ်ဆိုတာတော့မဖြစ်နိုင်ဘူးဗျ"

"အတွင်းရေးမှူးက မယုံပေမယ့်ကျွန်တော်ယုံတယ်"

"ဘာကြောင့်ပါလိမ့်"

"သံချောင်းကို ချုပ်ထားတဲ့အခန်းထဲမှာ ကွမ်းသွေးတွေနဲ့ ထန်းပလပ်ခြောက်တုတ်တစ်ချောင်းတွေ့ရလို့ပဲ"

"ဘာဗျ"

အတွင်းရေးမှူး အံ့သြသွား၏။ ထန်းပလပ်ခြောက်တုတ်နှင့် ကွမ်းသွေးများ ဥက္ကဋ္ဌ သချိုင်းအတွင်းသို့ ဝင်သွားစဉ်ယူသွားသော တုတ်နှင့်ကွမ်းယာများကို သတိရမိတော့၏။ သချိုင်းအတွင်းသို့ ကွမ်းယာထုပ်ယူသွားသူက ကွမ်းလုံးဝမစားပါ။ သချိုင်းထဲ၌ မြှုပ်နှံထားသော ကိုအောင်ဆန်းကား ကွမ်းကြိုက်သူတစ်ဦး။ အတွင်းရေးမှူးမစဉ်းစားတတ်တော့ပေ။

"ခွင့်ပြုပါဦး၊ နယ်ထိန်းအဖွဲ့က သက်သေခံပစ္စည်းတွေသွားသိမ်းနေလို့ စခန်းကိုပြန်ဦးမှ"

နယ်ထိန်းအဖွဲ့မှ ကိုအောင်ဆန်းအား ခုတ်သတ်သော သံချောင်း ကင်ဗိုဓားကို သံချောင်းနေအိမ်မှ[illegible]သား

www.burmeseclassic.com

www.burmeseclassic.com

နွားတင်းကုပ်နွားစားခွက်အောက်နောက်ချေးများအောက်၌ တွေ့ကြရသည်။ ကိုအောင်ဆန်းသွေးများစွန်းထားသော သံချောင်း၏ စစ်ဂျာကင်အကျႌကို နွားတင်းကုပ်အနီး ကောက်ရိုးပုံမှရှာဖွေတွေ့ကြရ၏။ သံချောင်းထွက်ဆိုသောနေရာများမှပင်ဖြစ်သည်။ သံချောင်း၏ ကင်ဒိုဓားမှာ စစ်ကျန်ဂျပန်ဓားအစစ်ဖြစ်ဟန်တူပေ၏။ အကျႌမှာမူ ညာဘက်လက်၌ သွေးများစွန်းနေသည်။

သံချောင်း၏ ထွက်ဆိုချက်အရ အချုပ်ခန်းထဲ၌တစ်ဦးတည်းရှိနေစဉ် ည (၁၁)နာရီခန့်တွင် ကိုအောင်ဆန်းရောက်လာကြောင်း၊ စစ်ဂျာကင်ဝတ်ထားပြီး ပါးစပ်ထဲမှာ ကွမ်းများဝါးလာကြောင်း၊ တစ်စုံတစ်ရာမပြောဘဲ ထန်းပလပ်ခြောက်ဖြင့် အဆက်မပြတ်ရိုက်သဖြင့် နာကျင်လာပြီး မနေနိုင်တော့၍ ဝန်ခံပါမည်ဟု ကင်းမှူးကိုအော်ပြောမှ ပျောက်ကွယ်သွားကြောင်းသိရ၏။ အချုပ်ခန်းအတွင်း ကိုအောင်ဆန်းမည်သို့ဝင်လာ၍ မည်သို့ထွက်သွားသည်ကိုမူ မသိဟုဆိုသည်။ နယ်ထိန်းလှဆင့်၏ စစ်ဂျာကင်မှာ အချုပ်ခန်း၏ လေးပေနှစ်လက်မ သစ်သားတန်းတွင် ပုံစံမပျက်မူလအတိုင်းပင်ရှိကြောင်းသိရ၏။

"ဒီနေ့ ညနာရီခွဲလောက် ကျုပ်ဓားသွေးနေတုန်း ဥက္ကဋ္ဌက ဘယ်သူ့ခုတ်မလို့လဲမေးတော့ နောက်ပြောင်တဲ့အနေနဲ့ ခင်ဗျားကိုခုတ်မလို့လို့ပြောမိပါတယ်။ ဥက္ကဋ္ဌ တကယ်စိတ်ဆိုးပြီး မင်းရွာထဲမှာ ဓားကြီး တသသလုပ်နေတာ အရေးယူမယ်လို့ ဒေါသနဲ့ပြောပြီးပြန်သွားတယ်။ ကျုပ်လည်းကြောက်တာနဲ့ တောင်းပန်မလို့ ရဝတရုံးကိုသွားပါတယ်။ ဟိုလည်းရောက်ရော အားလုံးအိပ်နေကြပြီ။

"ဒါနဲ့ ကျုပ်လည်းဘာဖြစ်မှန်းမသိဘူး။ ညာဘက်ဆုံးမှာအိပ်နေတဲ့ ဥက္ကဋ္ဌရဲ့လည်းပင်ကို ကြောက်ကြောက်နဲ့ခုတ်လိုက်တာပဲ။ ဓားက လက်ထဲမှာ အဆင်သင့်ပါလာတာကိုး။ ဓားကိုလက်နဲ့ပြန်ရှုတ်လိုက်တော့ သွေးစက်တွေကလက်ကိုလာစဉ်တယ်။ ကျုပ်ခုတ်တာတစ်ချက်တည်းပါ။ ခေါင်းက အုံးတန်းပေါ်တွင်တင်အိပ်နေတာဆိုတော့ လည်ပင်းစင်းပေးထားသလိုဖြစ်ပြီးပြတ်လုတဲ့ခါနီးဖြစ်သွားတယ်။ ရဲကလာဖမ်းတော့ ဝန်မခံတော့ပဲ ငြင်းမယ်လို့ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီည ကိုအောင်ဆန်းလာတော့ ကျုပ်တောင်းပန်နေပါတယ်။ မရ



ပါဘူးဗျား။ အငြိုးတကြီးရိုက်တာပဲ။ ကိုအောင်ဆန်းမကျေနပ်ဘူး။ နောက်ကိုအချုပ်ထဲမှာ တစ်ယောက်တည်းမထားကြပါနဲ့။ အပြစ်ရှိတာမှန်သမျှခံပါမယ်။ ဥက္ကဋ္ဌ ကိုအောင်ဆန်းနဲ့ ထပ်မတွေ့ပါရစေနဲ့တော့"

စကားဝါရွာမှ ကျေးရွာသူကျေးရွာသားများ၊ အမိအဖများမှ ကိုအောင်ဆန်းအားသတ်သောတရားခံကို ဖော်ထုတ်နိုင်၍ များစွာကျေနပ်အားရကြ၏။ သံချောင်း မရှိတော့သဖြင့် ရွာတွင် အနှောင့်အယှက်ကင်းကင်းနေရသည်ကြောင့်လည်းပါပါလိမ့်မည်။

တနင်္ဂနွေရုံးပိတ်ရက်တစ်ရက်၌ အတွင်းရေးမှူးမှ ဥက္ကဋ္ဌအားမေးမည်ဟု ရည်ရွယ်ထားသော မေးခွန်းတစ်ခွန်းကို မေးမိလေပြီ။

"ဥက္ကဋ္ဌက တမလွန်တွေ၊ ဝိညာဉ်တွေကို ယုံကြည်သလား"

"ဘယ်ယုံမှာလဲဗျာ"

"ဒါဆိုရင် သချႌင်းထဲကို ကွမ်းထုပ်နဲ့ ထန်းပလပ်ခြောက်တုတ်ကို ဘာလို့ယူသွားတာလဲ"

"သချႌင်းကိုသွားခဲ့တာ သံချောင်းနဲ့ မဆိုင်ဘူး။ ကိုအောင်ဆန်းတို့ရွာကိုနောက်ဆုံးရောက်ခဲ့တုန်းက နောက်တစ်ခါလာရင် ပုဂံသားကွမ်းယာဝယ်ခဲ့ပါလို့မှာတယ်လေ။ ဝယ်ခဲ့မယ်လို့ကတိပေးထားပြီး သူသေသွားတော့ ကတိတည်အောင်သွားပေးခဲ့တာပဲ"

"ဥက္ကဋ္ဌအနေနဲ့ ကိုယ့်ကတိကိုယ်တည်တယ်ဆိုတဲ့သဘောနဲ့ သွားပို့တာလား"

"ဟုတ်တယ်။ စိတ်ထဲမှာ ကြွေးတစ်ခုကျန်နေတာကိုဆပ်တဲ့သဘောပဲ"

"ဓားနဲ့ထန်းပလပ်တုတ်ကရော"

"သချႌင်းထဲမှာ ခွေးတွေရိုက်ဖို့ပါ။ ဘယ်နားကျန်ခဲ့သလဲတောင်မသိတော့ဘူး"

"အမှုပေါ်အောင် ဘယ်လိုလုပ်လိုက်တာလဲ"

"သံချောင်းက တစ်ကောင်ကြွက်အဖော်မရှိဘူး။ လူထဲမတိုးဝံ့အောင် လူကြောက်တယ်လေ။ စိတ်ထဲမှာရှိတဲ့ကြောက်စိတ်ကို ဖုံးကွယ်ဟန်ဆောင်နေတာ။ မြို့နယ်မှူးက ကိုယ်ပြောသလိုသံချောင်းကိုပြောတယ်။ ဥက္ကဋ္ဌဆိုတာမြို့နယ်အကြီးအကဲ။ အခုညနေသချႌင်းမှာ ကိုအောင်ဆန်းကို အမိန့်ပေးပြီး ဒီညမင်းဆီကိုလွှတ်လိမ့်မယ်။ မင်းအမှုကိုဖော်ကိုဖော်ရမယ်လို့ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ထားတယ်။ ပိုကြောက်အောင်စစ်ဂျာကင်တစ်ထည်ချိတ်ပြထားလိုက်တာပေါ့။ သံချောင်းသွေးပျက်အောင်လုပ်တဲ့သဘောပါ"

ဥက္ကဋ္ဌရှင်းပြတော့လည်း ဖြစ်စဉ်က ရှင်းလင်းနေပေ၏။

"ကိုအောင်ဆန်းရဲ့ အုတ်ဂူမှာ ဘာတွေလုပ်ခဲ့သေးလဲ"

"ဘာမှမလုပ်ခဲ့ဘူးဗျ။ ကွမ်းယာထုပ်ကလေးတင်ထားပေးခဲ့တာပဲ"

"အမိန့်ပြန်တာက သင်္ဂြိုဟ်တဲ့နေ့ကလုပ်ခဲ့ပြီးပြီနော်"

"ဟုတ်တယ်လေ"

"နောက်ဆုံးမရှင်းတဲ့အချက်သိချင်သေးတယ်"

"ထန်းပလပ်တုတ်နဲ့ကွမ်းသွေးတွေသံချောင်းချုပ်ထားတဲ့အခန်းထဲဘာကြောင့်ရောက်နေတာလဲ ဥက္ကဋ္ဌ"

"အဲဒီမေးခွန်းရဲ့ အဖြေကို ကိုယ်လည်းသိချင်နေတယ်။ မြို့နယ်မှူးနဲ့စခန်းမှူးက သံချောင်းဆီကို ဘယ်သူမှမလာကြသလို ဘာပစ္စည်းမှလည်းမပေးခဲ့ကြဘူးလို့ တိတိကျကျအာမခံပြောကြတယ်"

တရားခံ သံချောင်း၏ ဝန်ခံထွက်ဆိုချက်အရ တရားရုံးတင်စစ်ဆေးခဲ့ပြီး ထောင်ဒဏ် (၁၀) နှစ် အပြစ်ပေးခံခဲ့ရပါသည်။ မြို့မိမြို့ဖနှင့် စကားဝါကျေးရွာတွင် နေထိုင်ကြသူများက မိမိတို့ထင်မြင်ရာကို ပြောကြားဝေဖန်နေကြ၏။

အတွင်းရေးမှူးက စကားဝါကျေးရွာ ရဝတဥက္ကဋ္ဌမှာ သေသည့်နောက် အခြားမဲ့မှ သူ့ကိုသတ်သောတရားခံကို ကျေးရွာဥက္ကဋ္ဌ ပီသစွာ ဖော်ထုတ်ကူညီပေးခဲ့သည်ဟု အခိုင်အမာပြော၍နေတုန်းပင်။

ကိုအောင်ဆန်း
ကောင်းရာသုဂတိလားပါစေ

အောင်ကျော်စိုး(ကေ[illegible])



www.burmeseclassic.com

www.burmeseclassic.com



# ဦးကျော်ရှိန်

(မဟာဝိဇ္ဇာ၊ ဝိဇ္ဇာသဂါရ)

## ဗုဒ္ဓမြတ်စွာ၏ကိစ္စငါးရပ်

ဂေါတမရှင်တော်မြတ်ဘုရားသည် သက်တော် (၃၅) နှစ် အရွယ်တော်မှာ သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်ပြီးနောက် သက်တော် (၈၀) ပရိနိဗ္ဗာန်စံလွန်တော်မူသည်အထိ (၄၅) နှစ်တာ တိုင်တိုင် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ အကျိုးကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာအနေဖြင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုရလျှင်ပဲ မိမိအတွက် ကျင့်ဆောင်အားထုတ်ရမည့် ရဟန်းကိစ္စပြီးဆုံးပြီ ဖြစ်ပါသည်။

သို့ရာတွင် ဗုဒ္ဓေါပ္ပါဒေဝေယျ (ငါသစ္စာလေးပါးကိုသိပါက သတ္တဝါများကိုပါ သစ္စာလေးပါးကိုသိစေမည်) စသော မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ပါရမီဖြည့်ကျင့်ကာ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူသောအခါ ရည်ရွယ်တော်မူသည့်အတိုင်း သာသနာပြုကိစ္စကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာမှာ နေ့စဉ် တစ်နေ့တာ ဆောင်ရွက်တော်မူသည့်ကိစ္စရပ်များကို အချိန်ကာလအားဖြင့် အောက်ပါအတိုင်း ငါးကြိမ်ငါးရပ် သတ်မှတ်ဆောင်ရွက်တော်မူခဲ့ပါသည်။

■ ကိစ္စငါးရပ်

၁။ ပုရိမဘတ္တကိစ္စ
၂။ ပစ္ဆာဘတ္တကိစ္စ
၃။ ပုရိမယာမကိစ္စ
၄။ မဇ္ဈိမယာမကိစ္စ
၅။ ပစ္ဆိမယာမကိစ္စ
တို့ ဖြစ်သည်။

### (၁) ပုရိမဘတ္တကိစ္စ

၁။ အထက်ပါကိစ္စငါးရပ်တွင် ပုရိမဘတ္တကိစ္စ ဟူသည်မှာ နံနက်စောစော အိပ်ရာမှထချိန်မှစ၍ ဆွမ်းဘုဉ်းပေးပြီးသည်အထိ ဆောင်ရွက်တော်မူသည့်ကိစ္စရင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် နံနက်စောစော ထတော်မူ၍ အလုပ်အကျွေးရဟန်းအား ချီးမြှောက်ရန်နှင့် ကိုယ်ကာယသန့်စင်တော်မူရန် မျက်နှာသစ်ခြင်း စသည်ကို ပြုတော်မူပြီးနောက် ဆွမ်းခံကြွဝင်တော်မူချိန်အထိ ဆိပ်ငြိမ်ရာ၌ အချိန်ကုန်စေပါသည်။ ဆွမ်းခံကြွချိန်ရောက်သောအခါ တစ်ခါတစ်ရံ ကိုယ်တော်တစ်ပါးတည်း၊ တစ်ခါတစ်ရံ ရဟန်းသံဃာတော်များနှင့်တကွ သိတင်းသုံးရာမြို့ သို့မဟုတ် ရွာတွင်းသို့ ဆွမ်းခံကြွဝင်တော်မူပါသည်။ လူပုဂ္ဂိုလ်တို့သည် ဘုရားရှင်အား ရိုသေစွာဖြင့် ပူဇော်ကြို - ကြပြီး သံဃာတော် (၁၀) ပါး၊ အပါး (၂၀) စသည်တို့ကို အိမ်သို့ပင့်ဆောင်ကာ နံနက်ဆွမ်းဆက်ကပ်ကြပါသည်။ ဗုဒ္ဓမြတ်စွာ၏သပိတ်တော်ကို ယူခွင့်ရရှိသည့် အလှူရှင်သည်လည်း မြတ်စွာဘုရားအား ဆွမ်းဆက်ကပ်လုပ်ကျွေးကြပါသည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းဒါယကာ၊ ဒါယိကာမတို့၏ စိတ်သန္တာန်အားလျော်စွာ တရားဒေသနာဟောကြားချီးမြှင့်တော်မူရာ အချို့တို့သည် သရဏဂုံနှင့် ငါးပါးသီလ၌တည်ကြ၍ အချို့တို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဖြစ်သို့ ရောက်ရှိကြသည်။ အချို့တို့သည်လည်း ရဟန်းပြုကာ အရဟတ္တဖိုလ်သို့ ရောက်ရှိကြပါသည်။

တရားဒေသနာဟောကြားတော်မူပြီးနောက် ဘုရားရှင်သည် သိတင်းသုံးရာကျောင်းသို့ ပြန်လည် ကြွရောက်တော်မူလျက် လူရှင်ရဟန်းတို့ စုဝေးဆည်းကပ်ရာတန်ဆောင်းဝန်းရှိ ဗုဒ္ဓနေရာ၌ ထိုင်တော်မူကာ ရဟန်းတို့ပြန်ရောက်လာသည်အထိ စောင့်ဆိုင်းတော်မူပါသည်။ အလုပ်အကျွေးရဟန်းက ရဟန်းတို့ပြန်ရောက်ကြကြောင်းလျှောက်ထားသည့်အခါ ဗုဒ္ဓမြတ်စွာသည် ဂန္ဓကုဋီကျောင်းတော်အတွင်းသို့ ကြွရောက်တော်မူပါသည်။ ဤသည်မှာ နံနက်ပိုင်း၌ဆောင်ရွက်သည့် ပုရိမဘတ္တကိစ္စဖြစ်ပါသည်။

### (၂) ပစ္ဆာဘတ္တကိစ္စ

(၂) ပစ္ဆာဘတ္တကိစ္စ ဟူသည်မှာ ဆွမ်းဘုဉ်းပေးပြီးသည်မှ ညနေပိုင်းအထိ ဆောင်ရွက်သည့်ကိစ္စရပ် ဖြစ်ပါသည်။

ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်အနီးရှိ ခြေဆေးခုံ၌ ရပ်တော်မူလျက် ရဟန်းသံဃာအပေါင်းအား ဗုဒ္ဓုပ္ပါဒဒုလ္လဘစသည့် ဒုလ္လဘငါးပါးကိုမြွက်ကြားတော်မူပြီး မမေ့မလျော့သောသတိတရားဖြင့် သီလသမာဓိပညာသိက္ခာ သုံးပါးနှင့် ပြီးပြည့်စုံကြစေရန် ဆုံးမတော်မူပါသည်။

ထိုအခါ အချို့သောရဟန်းတို့က ကမ္မဋ္ဌာန်းတောင်းခံကြသဖြင့် ထိုရဟန်းတို့၏ စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းတရားကို ညွှန်ကြားတော်မူပါသည်။ ရဟန်းတို့အားလုံး ဘုရားရှင်အား ရှိခိုးကန်တော့ကြပြီး မိမိတို့နှင့်သင့်လျော်သည့် သစ်ပင်ရင်း၊ တောအရပ် စသည်တို့ကို ကြွသွားကြသောအခါ ဗုဒ္ဓမြတ်စွာသည် ကျောင်းတော်အတွင်းသို့ကြွဝင်၍ အလိုရှိပါက ခေတ္တမျှကျိန်းစက်ပါသည်။ မကျိန်းစက်လိုပါက ဖလသမာပတ်ဝင်စားတော်မူပါသည်။ ထို့နောက် ထတော်မူကာ နေ့ခင်းပိုင်း၌ တရားနာရန်လာကြသည့် လူတို့၏ စိတ်အနေအထားကို ဗုဒ္ဓစက္ခုဖြင့်ကြည့်တော်မူသည်။ လူပုဂ္ဂိုလ်များ ကျောင်းတော်သို့ စုဝေးရောက်ရှိလာကြသောအခါ ဗုဒ္ဓမြတ်စွာသည် ဗုဒ္ဓစက္ခုဖြင့် မြင်တော်မူသည့်အတိုင်း ထိုလူပုဂ္ဂိုလ်တို့နှင့် သင့်လျော်သည့် တရားဒေသနာကို အချိန်ကာလအားလျော်စွာ ဟောကြားတော်မူကာ အချိန်တန်သောအခါ အိမ်ပြန်ရန် ညွှန်ကြားတော်မူပါသည်။ ဤသည်မှာ ဆွမ်းဘုဉ်းပေးပြီးနောက် ညနေပိုင်းအထိ ဆောင်ရွက်တော်မူသည့် ပစ္ဆာဘတ္တကိစ္စဖြစ်ပါသည်။

### (၃) ပုရိမယာမကိစ္စ

(၃) ပုရိမယာမကိစ္စ ဟူသည်မှာ ညဦးယံ၌ ဆောင်ရွက်သည့်ကိစ္စရပ်ဖြစ်ပါသည်။

အထက်၌ဖော်ပြခဲ့သည့်အတိုင်း ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်တော်မူပြီးနောက် ဘုရားရှင်သည် ရေချိုးတော်မူလိုပါက အလုပ်အကျွေးရဟန်းစီစဉ်ထားသည့် ချိုးရေဖြင့် ရေချိုးတော်မူပါသည်။ အလုပ်အကျွေးသည်လည်း ဗုဒ္ဓမြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးတော်မူခိုက်တွင် ဂန္ဓကုဋိပရိဝုဏ်အတွင်း ဗုဒ္ဓနေရာတော်ကို အဆင်သင့်ပြင်ဆင်ထားရှိပါသည်။ ဗုဒ္ဓမြတ်စွာသည် ထိုဗုဒ္ဓနေရာသို့ကြွတော်မူ၍ ခေတ္တမျှ တစ်ပါးတည်း ထိုင်တော်မူလျက် ဖလသမာပတ်ဝင်စားတော်မူပါသည်။

ရဟန်းတို့သည် သစ်ပင်ရင်း၊ တောအရပ် စသည်တို့မှ ပြန်လာကြပြီး ဘုရားရှင်ထံ ဆည်းကပ်ကြပါသည်။ ထိုအခါ အချို့သောရဟန်းတို့က ပြဿနာအရပ်ရပ်ကို မေးလျှောက်ကြ၍ အချို့တို့က ကမ္မဋ္ဌာန်းတရားအကြောင်း မေးလျှောက်ကြပါသည်။ အချို့တို့ကလည်း တရားဟောကြားတော်မူရန် လျှောက်ထားပန်ကြားကြပါသည်။ဘုရားရှင်သည် ထိုရဟန်းတို့၏ အလိုဆန္ဒအတိုင်း မြွက်ကြားညွှန်ပြတော်မူခြင်းဖြင့် ပုရိမယာမကိစ္စ (ခေါ်) ညဦးယံကိစ္စကို ဆောင်ရွက်တော်မူပါသည်။

## (၄) မဇ္ဈိမယာမကိစ္စ

(၄) မဇ္ဈိမယာမကိစ္စ ဟူသည်မှာ ရဟန်းတော်များ ဘုရားရှင်ထံမှ ဖယ်ခွာသွားကြပြီးနောက် သန်းခေါင်ယံအတွင်း နတ်ဗြဟ္မာတို့အတွက် ဆောင်ရွက်သောကိစ္စရပ် ဖြစ်ပါသည်။

နတ်ဗြဟ္မာတို့သည် ညဦးယံကျော်လွန်၍ လူခြေတိတ်သောအချိန်တွင် ဘုရားရှင်ထံ လာရောက် ဆည်းကပ်ပြီး အမေးပုစ္ဆာပြုလုပ်ခြင်း၊ တရားနာကြားခြင်း စသည်ကိုပြုလုပ်လေ့ရှိကြပါသည်။

နတ်ဗြဟ္မာတို့အား ဟောကြားသည့်သုတ္တန်တို့၌ 'အဘိက္ကန္တာယ ရတ္တိယာ' (ညဥ့်ဦးယံလွန်ပြီးသော သန်းခေါင်အခါ ၌) ဟူသော စကားရပ်အမြဲတမ်းပါရှိပါသည်။ ထို့ကြောင့် နတ်ဗြဟ္မာတို့သည် သန်းခေါင်ယံတွင် ဘုရားရှင်ထံ လာရောက်ဆည်းကပ်၍ တရားနာကြားလေ့ရှိကြောင်း သိသာနိုင်ပါသည်။

သံယုတ္တနိကာယ် သဂါထာဝဂ္ဂပါဠိတော်တွင် ဒေဝတာသံယုတ်၊ ဒေဝပုတ္တသံယုတ်အမည်ဖြင့် နတ်တို့လာရောက်ဆွေးနွေးမေးမြန်းကြသည့် သုတ္တန်အတို (၁၁၁) ခုပါဝင်၍ ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်တွင် ဇနဝသဘသုတ်၊ သက္ကပဉှသုတ် အစရှိသော ရှည်လျားသောသုတ္တန်များပါရှိပါသည်။ အများသိနေကြသော မင်္ဂလသုတ်တော်သည်လည်း သန်းခေါင်ယံ၌ဟောကြားသောဒေသနာပင် ဖြစ်ပါသည်။

ဇနဝသဘသုတ္တန်၌ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရသည် သားတော်အဇာတသတ်လုပ်ကြံ၍ နတ်ရွာစံသောအခါ ဝေဿဝဏ္ဏနတ်မင်းကြီး၏ အပေါင်းအဖော်အဖြစ်ဖြင့် ဇနဝသဘနတ်ဘီလူးဖြစ်လာပါသည်။ လူဖြစ်စဉ်က သောတာပန်အဖြစ်သို့ ရောက်ရှိပြီးဖြစ်သော်လည်း ထိုနတ်ဘီလူးဘဝ၌ ခြောက်ကြိမ်တိုင်တိုင်ဖြစ်ခဲ့ဖူးသည့် အစွဲအလမ်းဖြင့် ယခု သတ္တမအကြိမ် နတ်ဘီလူးဖြစ်ရကြောင်းဖော်ပြထားပါသည်။ သက္ကပဉှသုတ္တန်၌မူ တာဝတိံသာနတ်ဘုရင် သိကြားမင်းသည် ပဉ္စသိခနတ်သားကို ဘုရားရှင်ထံ ဦးစွာစေလွှတ်ပြီး နတ်အပေါင်းခြံရံလျက် လာရောက်ကြည်ညိုကာ ပြဿနာအရပ်ရပ်ကိုမေးမြန်း၍ ဗုဒ္ဓမြတ်စွာ၏ဖြေကြားတော်မူချက်ကို ကြားနာရသောအခါ သောတာပန်အဖြစ်သို့ ရောက်ရှိရပါသည်။ ထိုအချိန်၌ သိကြားမင်းသည် တာဝတိံသာနတ်သက်တမ်းကုန်ဆုံးပါသည်။ သို့ရာတွင် စုတေ၍ ချက်ချင်းပင် သိကြားမင်းအဖြစ် ပြန်လည်ရှိကြောင်း မှတ်တမ်းတင်ထားပါသည်။ အထက်ပါ သုတ္တန်ဒေသနာများအရ ဘုရားမြတ်စွာသည် ညသန်းခေါင်ယံ၌ မဇ္ဈိမယာမကိစ္စကို ဆောင်ရွက်တော်မူကြောင်း သိသာနိုင်ပါသည်။

## (၅) ပစ္ဆိမယာမကိစ္စ

(၅) ပစ္ဆိမယာမကိစ္စ ဟူသည်မှာ တစ်ညတာ၏ နောက်ဆုံးအပိုင်းဖြစ်သော မိုးသောက်ယံအချိန်၌ ဆောင်ရွက်သောကိစ္စရပ် ဖြစ်ပါသည်။

ပစ္ဆိမယာမကိစ္စကို သုံးပိုင်းပိုင်း၍ ပထမပိုင်းတွင် နေ့ခင်းပိုင်း၊ ညဦးပိုင်းတို့၌ ထိုင်တော်မူလျက် ဗုဒ္ဓကိစ္စများကို ဆောင်ရွက်ခြင်းဖြင့် ကိုယ်ကာယညောင်းညာမှု ပြေပျောက်စိမ့်သောငှာ စင်္ကြံလျှောက်ပါသည်။ ထို့နောက် ဒုတိယပိုင်းအနေဖြင့် ဂန္ဓကုဋိကျောင်းတော်အတွင်းသို့ကြွဝင်ကာ အနားယူကျိန်းစက်တော်မူပြီး တတိယပိုင်းအနေဖြင့် ကျိန်းစက်ရာမှ ထထိုင်တော်မူလျက် သတ္တလောက (ခေါ်) သတ္တဝါအပေါင်းကို ဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူပါသည်။

ဗုဒ္ဓစက္ခု ဟူသည်မှာ ဝေနေယျသတ္တဝါတို့၏ အလိုအရှာသယနှင့် ဣန္ဒြေအနုအရင့်ကိုသိသောဉာဏ်တော် ဖြစ်ပါသည်။ ထိုဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူသောအခါ သံသရာမှကျွတ်တမ်းဝင်နိုင်သည့် သတ္တဝါတစ်ဦး သို့မဟုတ် သတ္တဝါအများကို မြင်တော်မူပါသည်။ ထိုအခါ ယင်းတို့၏ ရှေးရှေးဘဝတို့၌ ပြုလုပ်ဆည်းပူးခဲ့သော ကောင်းမှုကုသိုလ်ကိုဆင်ခြင်ပြီး ဤဘဝ၌ မဂ်ဖိုလ်ရမည် သို့မဟုတ် ဤဘဝတွင် သရဏဂုံ+သီလ၌တည်ပြီး နောက်ဘဝတွင်မှ မဂ်ဖိုလ်ရမည်ကို သိမြင်တော်မူပါသည်။

ဤသို့ ဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူခြင်းသည် ပစ္ဆိမယံ၏နောက်ဆုံးအပိုင်းတွင် ဆောင်ရွက်သောကိစ္စရပ် ဖြစ်ပါသည်။

(နံနက်မိုးသောက် အလင်းရောက်၍ ဆွမ်းခံကြွဝင်ချိန်တွင် တစ်ခါတစ်ရံ ကိုယ်တော်တစ်ပါးတည်းကြွရောက်ပြီး မိုးသောက်ယံနောက်ဆုံးအပိုင်းတွင် မြင်တော်မူခဲ့သည့်ကိစ္စရပ်ကို ဆောင်ရွက်လေ့ရှိပါသည်။ ဥပမာအားဖြင့် အင်္ဂုလိမာလကို တစ်ပါးတည်းကြွရောက်ပြီး ဆုံးမဟောချတ်ခြင်း၊ အရှင်မဟာကဿပ၊ အရှင်မဟာကပ္ပိနမထေရ်စသည့် မဟာသာဝကတို့ကို ဧဟိဘိက္ခုရဟန်းအဖြစ်သို့ရောက်အောင် ဆောင်ရွက်ခြင်း စသည်တို့ ဖြစ်ပါသည်။)

ဂေါတမဗုဒ္ဓမြတ်စွာသည် သက်တော် (၃၅) နှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိပြီး ထိုနှစ်ဝါဆိုလမှစ၍ သက်တော် (၈၀)၊ ကဆုန်လပြည့်နေ့အထိ (၄၅)နှစ်တိုင်တိုင် အဆိုပါ ဗုဒ္ဓကိစ္စငါးရပ်ကို မနေမနား ဆောင်ရွက်တော်မူလာခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ အမြဲသီတင်းသုံးလျက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝါတွင်းသုံးလတွင်သာ ရောက်ရှိရာမြို့ရွာ၌ နေထိုင်ပြီး ဝါကျွတ်သောအခါ တစ်နေရာမှတစ်နေရာသို့ လှည့်လည်ကြွချီ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းမှာလည်း သာမန်ကိစ္စဟုဆိုနိုင်ပြီး သံဃာအဖွဲ့အစည်းထူထောင်ခြင်း၊ ရဟန်းတော်များအတွင်း ဖြစ်ပွားလာသော အရေးအခင်းအရ ဖြေရှင်းဆုံးမရခြင်း၊ သိက္ခာပုဒ်များပညတ်ရခြင်း၊ ကိုယ်တော်တိုင် ဝိနည်းခိုရ်ပြု၍ တရားဆုံးဖြတ်ရခြင်း အစရှိသည့် ကိစ္စရပ်များ မပါဝင်သေးပါ။ ယင်းတို့ကိုပါ ထည့်သွင်းဆင်ခြင်ပါက မြတ်စွာဘုရား၏ကြီးမားသော မေတ္တာကရုဏာနှင့် ခိုင်မြဲသော လုံ့လဝီရိယတို့မှာ ကျွန်တော်တို့အနေဖြင့် ကြည်ညိုဖွယ်၊ အတုယူဖွယ်ရာ ကောင်းလှပါသည်။

ဦးကျော်ခိုင်
(မဟာဝိဇ္ဇာ၊ ဝင်္ကသ)

www.burmeseclassic.com

www.burmeseclassic.com



# စိုးမင်း

(မြောက်ဥက္ကလာ-ရှာဆစ်)

## ပညာသည်ဝင်ပူးတိုင်း ပယောဂဝေဒနာပျောက်သွားပြီလို့ စာဖတ်သူတို့ထင်နေပါသလား

သူနာရှင်မိဘတွေ သူတို့သားသမီး ပယောဂဝေဒနာအစွဲတစ်ခုခုရှိလို့ အထက်လမ်းဆရာထံ ဆေးကုတဲ့အခါ ပြုစားတဲ့ပညာသည်တွေက သူနာလူစိတ်ပျောက်အောင်ဝင်စီးလေ့ရှိတာ မြင်ဖူး ကြားဖူးကြမှာပါ။

ဒီဆောင်းပါးလေးဟာ စာဖတ်သူတို့အတွက် ဗဟုသုတလည်းရမယ်၊ ကြုံကြိုက်ခဲ့ရင်လည်း ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားချင့်ချိန်နိုင်မယ်။ အလိမ်အညာ မခံရလေအောင်အကြံပေးထားပါတယ်။

ပြုစားတဲ့ပညာသည်ဟာ သူကိုယ်တိုင်ဖြစ်စေ၊ သူ့တပည့်ဖြစ်စေ၊ မွေးစားထားတဲ့ သရဲတစ္ဆေထဲကဖြစ်စေ၊ နတ်တွေထဲကဖြစ်စေ သူနာရှင်တိုင်းကိုလည်းကောင်း၊ သူနာကို လည်းကောင်း လူစိတ်ပျောက်အောင်မစီးနိုင်ပါဘူး။

ဘာကြောင့်လဲဆိုတော့ တချို့ဆေးဆရာက လူစိတ်ပျောက်အောင် ေ ``သွင်းမှ ကုတတ်တဲ့သူရှိတယ်။ သူ ခါ လို့လာလို့ရင် ပယောဂရှိတယ်။ ကုတယ်ပေါ့။ သူခေါ်လို့မလာရင်၊ဝင်မပူးရင် ပယောဂမရှိဘူးလို့ ပြောလွှတ်တဲ့ ဆရာရှိလို့ သတိပေးလိုက်တာဗျ။

ဒီဘက်ခေတ် ပညာသည်ပြုစားတာက အတွင်းစက်နဲ့ အပြင်စက်ပဲ။ ဒီနှစ်မျိုးကနေ သီးသန့်ပြန်ခွဲသွားတာ။ ဥပမာ အတွင်းစက်ဆိုရင် ခန္ဓာကိုယ်ထဲမှာ အစာမိတာမျိုးပေါ့။ ထမင်းဟင်းမျိုးစုံ၊ အဖျော်မျိုးစုံ၊ အသုပ်စုံ၊ သရေစာ၊ စားလို့ရတဲ့အရည်အဖတ်အကုန်လုံးပဲ။ ခန္ဓာကိုယ်ထဲရောက်သွားရင် ဒါ အတွင်းစက်ပဲ။

အပြင်စက်။ လူ့ခန္ဓာထဲဝင်အောင် အစာသွတ်တာနဲ့ ဆန့်ကျင်ဘက်ပဲ။ သူက ကျယ်ပြန့်တယ်။ ဥပမာ မျက်စောင်းထိုးလိုက်တာလေးနဲ့၊ ဖနောင့်ပေါက်လိုက်တာလေးနဲ့၊ စိတ်က ကျိန်ဆဲလိုက်တာနဲ့၊ ခြေရာကောက်အတတ်နဲ့၊ တို့တာထိတာနဲ့၊ ဖက်တာနမ်းတာနဲ့၊ နာမည်ခေါ်ရုံလေးနဲ့၊ သူ့အရိပ်နင်းလိုက်တာနဲ့၊ သူ့ခြေရာနင်းလိုက်တာနဲ့၊ ကွမ်းနဲ့ပေးတာနဲ့၊ ဆေးလိပ်နဲ့ပေးတာလေးနဲ့၊ ဝင်းခြံထဲအင်းမြှုပ်၊ လူရိုး၊ သင်္ချိုင်းမြေ စတဲ့ မကောင်းတဲ့ပစ္စည်းထည့်တာနဲ့၊ အောက်နတ်တွေနှောင့်တာနဲ့ တော်တော်များပါတယ်။ ခုဖော်ပြတာ အကင်းလေးပါပဲနော်။

အတွင်းစက်ထဲမှာ ထူးထူးခြားခြား ဗူးပညာရှိသေးတယ်။ အများဆုံးတွေ့ရတဲ့ဗူးက သန္ဓေဗူး၊ သင်ဗူး၊ တိုက်ဗူးတွေပဲ။ ဗူးက (၇) မျိုးလောက်ရှိတာ။ ကိုစိုးတို့တော့ အထက်က (၃) ဗူးပဲ အများဆုံးတွေ့ဖူးခဲ့တာ။

ဗူးသွင်းနည်း (၇) ပါးက မြေဗူး၊ အရွှေ့ဗူး၊ အရိဗူး၊ လေဗူး၊. သွေးဗူး၊ အစိမ်းဗူး၊ ရေဗူးလို့ ရှေးကဆရာတွေ သမုတ်ခဲ့ကြတယ်။

စာဖတ်သူတို့ ကြားဖူးကြမယ်။ တချို့မျက်မြင်ကြုံဖူးကြမယ်ထင်တယ်။ ဗိုက်ခွဲလို့ ဗိုက်ထဲက ခုံဖိနပ်တွေ့တဲ့သူ၊ ကားတာယာ၊ သားရေဖိနပ်တွေ့တဲ့သူ၊ ကျောက်ခဲလိုမာမာအခဲတွေ့တဲ့သူ၊ ဆံခြည်ထုံးတွေ့တဲ့သူ၊ အသားတုံးမာမာ ခေါက်ခေါက်တွေ့တဲ့သူ အများအပြား ငယ်ငယ်က ကြုံဖူးခဲ့တယ်။

ကျောင်းသားဘဝ ကြက်ခြေနီထဲမှာ (၅) နှစ်ကျော်နေခဲ့ဖူးတော့ တောမြို့ဆေးရုံမှာ မကြာမကြာကြုံခဲ့ရဖူးလို့ ပြောပြတာ။ ရှေးအခါက ဗူးနဲ့ ဒီနေ့ခေတ်ဗူး မတူကွဲပြားတာရှိတယ်။ အခုပြောတဲ့ သနေဗူး၊ တိုက်ဗူး၊ သင်ဗူး၊ (အခပေး၍သင်သောပညာ) ဟာ ရှေးက ဖော်ပြမထားဘူး။ ဒီနေ့ခေတ်မှတွေ့လာတာ။

အတွင်းစက်ထဲက ဒီဗူး (၃) မျိုးကို နည်းနည်းပြောဦးမယ်။ သန္ဓေဗူး၊ သင်ဗူး၊ တိုက်ဗူးဟာ ခန္ဓာကိုယ်ထဲမှာ အလွန်မာကျောတဲ့ ဖန်ဂေါ်လီလုံးလေးလို နေရာအနှံ့လှုပ်ရှားနေတတ်တယ်။ အရွယ်အစားက ဆီးကင်းခန့်၊ ဆီးဖြူသီးသေးခန့်၊ လောက်စာလုံးခန့်အရွယ်၊ အလင်းရောင်ထွက်တာလည်းရှိတယ်။ အလင်းရောင် မထွက်ဘဲ အညိုရောင်၊ အနက်ရောင်၊ အဖြူရောင်အမြဲတော ပစ္စည်းလိုလည်းရှိတယ်။ ဒီပစ္စည်းကိုယ်ခန္ဓာထဲမှာရှိနေသရွေ့ ဒီသူဟာ ပညာသည်ပဲ။ သူတစ်ပါးထိခိုက်အောင် ညီးပေါင်းစုံနဲ့ပြုစားနိုင်တယ်။

သန္ဓေဗူးက အမိဝမ်းထဲမှာ မိခင်ကိုယ်တိုင်က သူ့သားသမီးကို စုန်းပညာတစ်ခါတည်းသင်ပေးထားလိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

သင်ဖူးက တစ်စုံတစ်ဦးထံက ငွေ (၅) ကျပ်၊ (၇) ကျပ်၊ (၁၀) ကျပ် (ရှေးအခါက) သင်ပေးထားတာ။ တိုက်ဖူးဆိုတာက ပညာသည်က လူသူမသိအောင်၊ တစ်နည်းအားဖြင့် ကာယကံရှင် မသိအောင် တိတ်တိတ်ပုန်းပေးထားတာကို ပြောတာ။ တိတ်တိတ်ပုန်းပေးတဲ့ပညာဆိုတာက အစားအစာနဲ့တစ်မျိုး၊ ညလူခြေတိတ်လာပေးတာကတစ်မျိုး၊ လပြည့်လကွယ် စက်လွှတ်ပေးတစ်မျိုး။ အဲဒါမျိုးကိုပြောတာ။

ကောင်းပါပြီ။ အတွင်းစက်နဲ့ပြုစားတဲ့အခါ ဝက်သား၊ ကြက်သား၊ အမဲသား၊ ငါး၊ ငါးပိကောင်၊ လက်ဖက်၊ ချဉ်း၊ အသုပ်စုံ၊ သရေစာမျိုးစုံ၊ မုန့်မျိုးစုံ၊ အဖျော်မျိုးစုံနဲ့ ရေတို့နဲ့ အများစု ပြုစားတယ်။

ခုလို အတွင်းစက်တစ်ခုခု ခန္ဓာကိုယ်ထဲဝင်သွားရင် သူနာဟာ ဆရာကမူလပညာသည်ကို ခေါ်သွားရင် (၇၅) ရာခိုင်နှုန်းလောက်က ဝင်စီးတယ်။ (၂၅) ရာခိုင်နှုန်းက ဝင်မစီးတာများတယ်။

တချို့တချို့ဆရာက အတွင်းစက်ရှိရင် ဝင်စီးနိုင်ရမယ်။ မရမကခေါ်သွင်းတဲ့သူတွေ ခုထိရှိနေတယ်။ ဘာကြောင့်ဝင်မစီးတာလဲ။ ဝင်မစီးနိုင်တာလဲ။ အဲဒီဆရာက အဖြေမသိဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီဆရာညံ့လို့ပေါ့။ ဒီတိုင်းပဲပြောစရာရှိတယ်။

ဝင်မစီးနိုင်တာက အကြောင်းရှိတယ်လေ။ အဲဒီအကြောင်းက အဖြေပဲဗျ။ ကြုံတုန်း ဆေးဆရာအကြောင်း နည်းနည်းပြောဦးမယ်။ ဆေးဆရာက အမျိုးအပြားရှိလို့ပဲ။

အထက်လမ်းဆေးနဲ့ အထက်လမ်းပညာစစ်စစ်သင်ထားတဲ့ဆေးဆရာများ၊ အလယ်အလတ်ဆေးနဲ့ အထက်လမ်းပညာလို့ထင်နေသော ဆေးဆရာများ၊ ခပ်ညံ့ညံ့ဆေးယုတ်တွေနဲ့ အထက်လမ်းပညာ အထက်လမ်းဆရာဟုထင်နေသူများ၊ အာဋာဝက၊ ပုဏ္ဏက၊ ဝက်ကုံး၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မော်ကလုံး၊ မောက်ပြားစတဲ့စတဲ့မှော်ပညာနဲ့အထက်လမ်းပညာ၊ အထက်လမ်းဆရာထင်နေသူများ။ ဒါက ဆေးပညာပေါက်ဆေးနဲ့ သင်တဲ့ပညာခန်းလေးတွေပေါ့။

ပေါက်ဆေးတစ်စက်မှမပါပါဘဲ အင်း၊ အိုင်၊ ခါးလှည့်၊ ဂါထာ၊ မန္တန်၊ ယန္တရားအတတ်နဲ့ အထက်လမ်းဆရာ အမည်ခံထားသူများ၊ တစ်ခါ အထက်မှော်ကြီးပညာသင်ထားတဲ့ ဆေးဆရာများ၊ အောက်မှော်၊ အလယ်မှော်သင်ထားတဲ့ဆေးဆရာ ဆရာတွေကအများသားဗျ။

အဲဒီလို ဆရာတွေထဲက မိမိကိုယ်မိမိ ပြန်မေးလေ့လာဆန်းစစ်ဝေဖန်ပါ။ ငါသင်ထားတဲ့ပညာဟာ ငါ့အတွက် အကျိုးရှိသလား။ ဒါ့အပြင် အများဖြစ်တဲ့ မိတ်ဆွေသင်္ဂဟတွေအကျိုးဖြစ်ထွန်းသလားစဉ်းစားလိုက်ရင် အဖြေတန်းထွက်ပါတယ်။

ကိုစိုးတို့ငယ်ငယ် (၈၊ ၉၊ ၁၀) တန်းမှာ နွေရာသီမှာ ဗမာ့လက်ဝှေ့နဲ့ သိုင်းပညာတွေသင်ဖူးတယ်။ သိုင်းဆရာက တစ်ဝိုင်းပြီးတော့ ဓားပြီး၊ တုတ်ပြီး၊ လက်သီးပြီးဆေးထိုးရမယ်တဲ့။ ပွဲတစ်ပွဲနဲ့ ငွေအစိတ်တင်ရမယ်ပြောတယ်။

သူငယ်ချင်းတွေက အကုန်လုံး ဆေးပေါက်ကြတယ်။ အမှန်တကယ်လည်း ဓားတွေ၊ တုတ်တွေပြီးတယ်။ လက်တွေ့မြင်ခဲ့ရတယ်။ သူတို့ထိုးတဲ့ဆေးက အာဋာဝကဘီလူးမှော်ဆေးပဲ။ ဒီတုန်းက အဲဒီဓားပြီး၊ တုတ်ပြီးဆေးထိုးခဲ့မိရင် ခုချိန်ဆိုကိုယ်ကျိုးနည်းနေပြီ။ အလွန်ကံကောင်းခဲ့ပါတယ်။ အဲဒီအာဋာဝကမှော်ဆေးနဲ့ ဆေးဆရာလုပ်ရင် ရသေးတယ်လေ။

စောစောက အကြောင်းပြန်ဆက်ပါ့မယ်။ အတွင်းစက်အားကောင်းရင် အများစု ဝင်စီးတယ်၊ အနည်းစုက ဝင်မစီးဘူး။ ဝင်မစီးတဲ့အကြောင်းတွေကရှိသေးတယ်။ ကြုံဖူးခဲ့တဲ့ လက်တွေ့ထဲက ပြောပြမယ်။

ပညာသည်ဟာ သူ့ကိုခေါ်တာသိတယ်။ သူမလာတာက အရှက်တကွဲအဖြစ်မခံတာဘဲ။ အသက်နဲ့အရှက်မှာ အသက်သာအသေခံမယ် အရှက်တကွဲတော့ [illegible]ဘူးဆိုတဲ့သူ လောကမှာ တစ်ပုံကြီး။ ခုလည်း ဆရာခေါ်တယ် သိတယ် အသေပဲခံမယ်။ လူပုံအလယ်တော့ အရှက်တကွဲမခံဘူး။ ဒါက အသေခံတာ။ တချို့က ကိုယ်မွေးထားတဲ့ ပြိတ္တာ၊ သရဲ၊ တစ္ဆေ၊ နတ်အစားလွှတ်တယ်။ သူကိုယ်တိုင်မသွားဘူး။

တချို့က ကိုယ်ဆီက ပညာသင်ထားတဲ့တပည့်ထဲက အသွားခိုင်းတယ်။ တချို့ပညာသည်က တိုက်ဖူး(လျှို့ဝှက်)ပညာပေးထားတဲ့သူအသွားခိုင်းတယ်။ တချို့ပညာသည်က သေသွားပြီ။ သေတော့ ငရဲ၊ တိရစ္ဆာန်၊ အသူရကာယ်၊ ပြိတ္တာဘဝတစ်ခုခုရောက်သွားပြီ။

ဆေးဆရာက ခေါ်နေမယ်ဆိုပါစို့။ ငရဲ၊ တိရစ္ဆာန်၊ အသူရကာယ်ဘုံမှာ ခံစားနေရရင် ဒီပညာသည် လာနိုင်ပါ့မလား။ လာလို့ကောရပါ့မလား။ ဆိုင်ရာဆိုင်ရာအကြီးအကဲတွေက ပေးလွှတ်ပါ့မလား။

နောက် ပြိတ္တာဘုံရောက်နေပြီဆိုပါစို့။ ပြိတ္တာကအကြမ်းစား(၂၀)လောက်ရှိတာ။ အနုစိတ်ရင် ရာချီရှိလိမ့်မယ်ဗျ။ ထားတော့။ အမျိုးမျိုးသောပြိတ္တာတွေထဲက လူနဲ့အနေနီးတဲ့ သာခုခေါ် နိုင်တဲ့ ပြိတ္တာဆိုရင် ဝင်စီးနိုင်တယ်။ စကားလည်းပြောမယ်။ သူပြုစားထားတာ အကုန်ပြောရှာမယ်။

အဲ-စကားလုံးဝမပြောနိုင်တဲ့လျှာပြတ်နေတဲ့၊ လျှာနဲ့အာခေါင်ဆက်နေတဲ့ အသံမထွက်တဲ့ပြိတ္တာဆိုရင် အသံမထွက်တော့စကားမပြောနိုင်ဘူး။ တချို့က ဦးဦးဝါးဝါး။ တချို့က လက်ဟန်ခြေဟန်ပဲပြနိုင်မယ်။ ဒီလိုပြိတ္တာတွေဖြစ်ရင် ဝင်စီးလည်း ဘာမှအကျိုးမထူးဘူး။ ဒီဆရာ ဘာမှမသိဘူးလေ။

အဲဒီလို အ,နေတဲ့ပြိတ္တာဝင်စီးရင် အဲဒီဆရာ ဘာလုပ်မယ်ထင်သလဲ။ သူတို့ လူပုံအလယ်အရှက်ခွဲပါတယ်ဆိုပြီး ပါးနားတွေပိတ်ရိုက်တာပဲ။ ဆံပင်ဆွဲ၊ ကြိမ်နဲ့ဆောင့်၊ အသားကုန်နှိပ်စက်တာပဲ ပရိသတ်ရဲ့။ ဟိုက တကယ်စကားမပြောနိုင်တဲ့သူပါဆိုတာ ဒီဆရာမသိဘူး၊ မသိဆို ဘာမှလုပ်မထားဘဲ။

ဒါက ခြွင်းချက်ပြောပြတာ။ ဝင်စီးပူးတဲ့အကြောင်းပြောဦးမယ်။ သူနာက အတွင်းစက်မိထားမယ်။ ပညာသည်က အောက်လမ်း၊ စုန်း၊ ကဝေ၊ နတ်၊ ယောက်ျား၊ မိန်းမအစုံပါမယ်။ ဆရာက ခေါ် သွင်းလို့ ပညာသည်ဝင်ပြီဆိုပါစို့ဗျာ။ ဆရာနဲ့ ပညာသည် ဘာတွေပြောမယ်သလဲ။

ကဲ-ငါ့သူနာကို မင်းဘာတွေလုပ်ထားသလဲ။ မှန်မှန်ပြော။ မပြောရင် မင်းကို နှင့်ကို ပြင်းပြင်းထန်ထန် ဒဏ်ခတ်မယ်၊ သတ်မယ်ဖြတ်မယ်ကြိမ်းမှာပေါ့။

ဟိုက မှန်တဲ့စကားလည်းပြောတယ်။ မှားတဲ့စကားလည်းပြောတယ်။ (လျှို့ဝှက်ထားတာ အကုန်မပြောဘူး။ လုံးလုံးမပြောတဲ့ပညာသည်တစ်ပုံတစ်ခေါင်းရှိတယ်) ချော့တဲ့စကားလည်းပြောမယ်။ ချစ်လို့စတာ ကျီစားတာ။ အဲ့သလို မျက်နှာချိုစကားပဲပြောတာများတယ်။

အမြင်ကတတ်လို့၊ သေစေချင်လို့၊ စီးပွားပျက်အောင်လို့၊ လင်မယားကွဲအောင်လို့ စတဲ့စတဲ့အဖျက်စကားမပြော



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်စံသူ (B.Sc)

# အရာရာအဆင်ပြေစေဖို့ အထူးယတြာ

မိမိ၏ ဆောင်ပန်း (မဟာဘုတ် နှင့် အင်္ဂဝိဇ္ဇာတိုင်မှ အသန့်ဆုံးပန်း) ကို မိမိအသက်အရေအတွက်ကို (၈)နှင့်စား။ ရလဒ်ကို မိမိမွေးနံထောင့်မှ စတင်၍ လက်ယာရစ်လှူသွားရမည်။ ဖယောင်းတိုင်သက်စေ့၊ အမွှေးတိုင်သက်စေ့ ရေသက်စေ့လှူရမည်။ (၈) နှင့်စားပြီး ကျန်သော အကြွင်းအရေအတွက်ကို နောက်ဆုံးမှ မွေးနံထောင့်တွင် ထပ်မံလှူရမည်။ မိမိ၏ ဆပွတ်နေ့သား (သို့) အညွန့်နေ့သားမှ ပြုလုပ်ပေးရမည်။ မိမိ၏ နင်းကြမ်းကိုလည်း (၈) နှင့်စားပြီး ရလဒ်ကို မိမိမွေးနံဂြိုဟ်တိုင်အောက်ရှိ ဂြိုဟ်ရုပ်တွင် လှူပေးရမည်။ ၎င်းယတြာကို တစ်လတစ်ခါပြုလုပ်ပေးခြင်းဖြင့် မကောင်းသောအညံ့များပပျောက်သွားပြီး ကောင်းကျိုးများကို ခံစားရရှိပါလိမ့်မည်။

ဥပမာ -

(၁) ကြွင်း တနင်္ဂနွေသားသမီး ဘင်္ဂဖွား အသက် (၄၂) နှစ်။

**ဆောင်ပန်း** - သီဟိုဠ် (၄၂) ရွက် (သို့) သပြေ (၄၂) ညွန့်၊ ဖယောင်းတိုင် (၄၂) တိုင်၊ အမွှေးတိုင် (၄၂) တိုင်၊ ရေ

---

သလောက်ဘဲ သိပ်ပါးတာ။

ပြင်းပြင်းထန်ထန် ဘာမှလုပ်မထားတဲ့အကြောင်း၊ နောက်ကြောတက်အောင်၊ ခေါင်းကိုက်အောင်၊ ခါးလေးလောက်ပဲပြုစားတာပြောမယ်။ ဒီထက်ဘာပင်းညာပင်းသွင်းထားတာပြောမယ်။ ပြီးရင် အဲဒီဟာတွေအကုန်ယူသွားမယ်။ ကတိပေးမယ်။

ဒီလိုအပြောလေးတွေနဲ့သာယာ၊ ပြီးရင် သူနာ ရေမန်းလေးတိုက်၊ ပျောက်ပြီတဲ့။ တချို့ဆရာအတော်များများက အစာပင်းတောင် ဘယ်လိုချရမှန်းမသိဘူး။ တချို့အစားပင်းချတော့လည်း တစ်ခါတည်းနဲ့ အကုန်ကျသွားမယ်ထင်တဲ့ဆရာလည်းရှိသေး။ တချို့နှစ်ချို့နှစ်ကြာတဲ့အစာပင်းက (၂) ရက်၊ (၃) ရက်အထိ အစာပင်းချပေးမှကုန်တယ်ဗျ။

ပညာသည် အစွဲရှင်က သူမထွက်ခင်ကုန်ပါပြီ။ ဘာမှမရှိတော့ပါဘူးပြောတာနဲ့ အဲဒီဆရာယုံတယ်။ သူကကုန်ပြီဆိုတာနဲ့ အဲဒီဆရာလည်း ကုန်ပြီတဲ့။ ရေမန်းနဲ့စက်ဖြတ်ပျောက်ပြီတဲ့။

ပညာသည်ဟာ မိန်းကလေးတွေကို အများစုပြုစားတာ။ ယောကျ်ားတွေကလူနည်းစုလေးပဲ။ ဘုန်းကံကြောင့်မပြုစာနိုင်တာလည်းပါတာပေ့ါ။ မိန်းကလေးအများစုက ဟိုအိမ်ဒီအိမ် အလျှုမင်္ဂလာဟိုသူငယ်ချင်း ဒီသူငယ်ချင်း ကျွေးတာအကုန်စား။ ဒီတော့ အစာပင်းသွင်းရတာ အလွယ်ကလေးကိုးဗျ။

စောစောကဝင်ပူးတဲ့ ပညာသည်ပြောတဲ့အတိုင်း ဒီဆရာက တစ်သဝေတိမ်းလိုက်လုပ်တယ်။ သူပြောလို့လုပ်တဲ့ဆရာက ဘာဆရာလဲဗျ။ သူပြောသမျှအကုန်ယုံတဲ့ဆရာက ဘာဆရာလဲဗျ။ သူများပြောမှသိတဲ့ဆရာဟာ ဘာဖြစ်သွားတဲ့ဆရာထင်မလဲ။ ပရိသတ်တွေးကြည့်စမ်းပါ။

ဗဟုသုတဖြစ် မှတ်ထားပါဦး။ ပညာသည်ဟာ လျှို့ဝှက်ထားတဲ့စက်ကိုတိတ်တိတ်ကလေးချန်လေ့ရှိတတ်တယ်။ အများစုချန်တဲ့စက်တွေက အစာမစားချင်အောင်အစာဟန့်စက်၊ ဗိုက်ထဲတစီစီတစစ်စစ်ကိုက်နေအောင်ချန်တဲ့စက်၊ မိန်းမအင်္ဂါအနာဖြစ်စေတဲ့စက်၊ ရာသီသွေးပိတ်ဆို့ထားတဲ့စက်၊ ကျင်ကြီးကျင်ငယ်ပိတ်ဆို့ထားတဲ့စက်၊ တိုက်ဗူးပညာအတွင်းစက်၊ အတွင်းဘူးပညာလျှို့ဝှက်စက်၊ သင်ဗူးပညာလျှို့ဝှက်စက်အပြင် တခြားကယောင်ကတမ်းစက်တွေပါချန်ထားစမြဲပါပဲ။

အိမ်ထဲက မြက်ကို ပေါင်းရှင်းတော့ ပြောင်သွားသလိုလိုပဲ ခဏရှင်းသွားတာ တစ်လလောက်အကြာ မိုးနင်းဖြန်းတော့ အညောက်တွေက စိမ်းစိမ်းစိုစိုပြန်ဖြစ်လာတယ်။ ခုလည်း ဒီလိုပဲ။

မြေကြီးထဲက မြက်ဥကိုမဖယ်သရွေ့ အဲဒီမြက်ပင်ဘယ်နှခါသတ်သတ်မသေဘူးဗျ။ မြက်ဥဖယ်ထုတ်ကြည့်။ အဲဒီမြက်ပင် အညောက်ထွက်သေးလား။

အဲ - သိဒ္ဓိရှင်မဟိဒ္ဓိရှင်တွေ့တော့ ရေမန်းနဲ့ပျောက်တာပေ့ါ။ တန်ခိုးရှင်တွေကိုးဗျ။ ခုဟာက သူလိုကိုယ်လို ပယောဂဆရာသိအောင်ပြောရတာ။

တစ်လောက ခုလိုပညာသည်ခေါ်သွင်းတာ။ အောက်လမ်းတိုက်တဲ့။ ဟိုကဝင်စီး။ သူပြောတာယုံ။ ထွက်သွားတော့ ရေမန်းလေးတိုက်၊ ဉာဏ်ပူဇော်ခတောင်းပျောက်ပြီတဲ့။ ကြုံလို့ပြောတာပါနော်။

ယနေ့ခေတ်မှာ ဆေးဂိုဏ်းတွေတစ်ပုံကြီးရှိတယ်။ ဆရာကြီးတွေ တပည့်တပန်းတွေနဲ့ အများသား။ ဒီအများကြီးထဲက အစစ်အမှန်အကန်က သေးသေးလေးပဲရှိတယ်။ ကိုယ်သင်ထားတဲ့ပညာဟာ အစစ်လား၊ အတုလား၊ အကောင်းစားလား၊ အညံ့စားလား တိတိပပမသိတဲ့ဆရာက ပိုများတယ်လေ။

သတ္တဝါတော့ ကယ်ကြပါရဲ့။ စီးပွားရေးရှေ့တန်းတင်တဲ့ဆရာကများလို့ပြီ။ တချို့ဆရာက သူနာရှင်ဆီက ဓားပြတိုက်နေတာကြောက်စရာပဲဗျာ။ ကြာလေကြာလေ သီလ၊ သမာဓိ၊ ပညာတွေမှေးမှိန်လေပဲ။ ပိုက်ဆံတောင်းလွန်းတဲ့ဆရာ ဒီဘဝသေရင် ဘဝကူးကောင်းပါ့မလား။ မထင်ရေးချမထင်။

ကဲ - စာဖတ်သူ၊ ပယောဂဝင်ပူးတိုင်းအထင်ကြီးမနေဖို့၊ သိပ်မအံ့ဩဖို့၊ တအားမချီးကျူးဖို့၊ သာမန်သဘောလောက်သာ မှတ်ယူထားပေတော့နော်။

စိုးမင်း(မြောက်စည်း-ရွာသစ်)

www.burmeseclassic.com

www.burmeseclassic.com

(၄၂) ခွက် ဘုရားလောင်းလှူ။
**နှင်းကြမ်း** - ဇော်စိမ်း (၄၂) ညွှန့်။
(၄၂) ÷ (၈)= (၅) ရလဒ်
(၂) အကြွင်း။
**ဆောင်ပန်း** - (၅) ညွှန့် (သပြေ (သို့) သီဟိုဠ်)၊ ဖယောင်းတိုင် (၅) တိုင်၊ အမွှေးတိုင် (၅) တိုင်၊ ရေ (၅) ခွက် တနင်္ဂနွေထောင့်မှစတင်၍ ဘုရားတွင် လက်ယာရစ်လှူရမည်။
**နှင်းကြမ်း** - ဇော်စိမ်း (၅) ညွှန့်ကို တနင်္ဂနွေထောင့်ရှိ ဖြူဟ်ရုပ် (ဂဠုန်ရုပ်) ရှေ့တွင်ထားရမည်။ ကျန်သည့်အကြွင်းကို နောက်ဆုံးမှ မွေးနံ့တနင်္ဂနွေထောင့်တွင် ထပ်မံလှူရမည်။

**တနင်္ဂနွေသားသမီးများအတွက်**

(၁) ကြွင်း တနင်္ဂနွေ ဘင်္ဂဖွား
(၂) ကြွင်း တနင်္ဂနွေ အထွန်းဖွား
(၄)ကြွင်း တနင်္ဂနွေ အဓိပတိဖွား
**ဆောင်ပန်း** - သီဟိုဠ် (သို့) သပြေ
**နှင်းကြမ်း** - ဇော်စိမ်း
မိမိ၏ အသက်အရေအတွက် ဆောင်ပန်းကို (၈) နှင့်စားပြီး ဘုရားလှူ။ နှင်းကြမ်းကို ဖြူဟ်ရုပ်ရှေ့တွင်ထားပါ။ မိမိမွေးနံဖြူဟ်တိုင်မှစတင်၍ လက်ယာရစ်လှူသွားရမည်။
(၃) ကြွင်း တနင်္ဂနွေ ရာဇဖွား
(၅) ကြွင်း တနင်္ဂနွေ မရဏဖွား
**ဆောင်ပန်း** - ကံ့ကော်(သို့)ငွေပန်း
**နှင်းကြမ်း**- ထန်းညွှန့် (သို့)နာနတ်ရွက်
(၆) ကြွင်း တနင်္ဂနွေ သိုက်ဖွား
(၀) ကြွင်း တနင်္ဂနွေ ပုတိဖွား
**ဆောင်ပန်း**- မေမြို့ပန်း (သို့) ပျဉ်းမရွက်
**နှင်းကြမ်း**- ရွက်လှ (သို့) ရွှေပန်း

**တနင်္လာသားသမီးများအတွက်**

(၂) ကြွင်း တနင်္လာ ဘင်္ဂဖွား
(၃) ကြွင်း တနင်္လာ အထွန်းဖွား
(၅) ကြွင်း တနင်္လာ အဓိပတိဖွား
**ဆောင်ပန်း**- ထန်းညွှန့် (သို့) နာနတ်ရွက်
**နှင်းကြမ်း**- ရွက်လှ (သို့) ရွှေပန်း
(၄) ကြွင်း တနင်္လာ ရာဇဖွား
(၆) ကြွင်း တနင်္လာ မရဏဖွား
**ဆောင်ပန်း**- ဇော်စိမ်း (သို့) ဇော်လုံး(သို့)ဆီးညွှန့်
**နှင်းကြမ်း** - အုန်းညွှန့်
(၁) ကြွင်း တနင်္လာ ပုတိဖွား
(၀) ကြွင်း တနင်္လာ သိုက်ဖွား
**ဆောင်ပန်း** - သီဟိုဠ်ရွက် (သို့) သပြေပန်း
**နှင်းကြမ်း**- မေမြို့ပန်း (သို့) ပျဉ်းမရွက်

**အင်္ဂါသားသမီးများအတွက်**

(၃) ကြွင်း အင်္ဂါ ဘင်္ဂဖွား
(၄) ကြွင်း အင်္ဂါ အထွန်းဖွား
(၆) ကြွင်း အင်္ဂါ အဓိပတိဖွား
**ဆောင်ပန်း**- အုန်းညွှန့်
**နှင်းကြမ်း**- မေမြို့ပန်း (သို့) ပျဉ်းမရွက်
(၅) ကြွင်း အင်္ဂါ ရာဇဖွား
(၀) ကြွင်း အင်္ဂါ မရဏဖွား
**ဆောင်ပန်း**- ရွက်လှ (သို့) ရွှေပန်း
**နှင်းကြမ်း**- ကံ့ကော် (သို့) ငွေပန်း
(၁) ကြွင်း အင်္ဂါ သိုက်ဖွား
(၂) ကြွင်း အင်္ဂါ ပုတိဖွား
**ဆောင်ပန်း**- ထန်းညွှန့် (သို့) နာနတ်ရွက်
**နှင်းကြမ်း**- သီဟိုဠ် (သို့) သပြေပန်း

**ဗုဒ္ဓဟူးသားသမီးများအတွက်**

(၄) ကြွင်း ဗုဒ္ဓဟူး ဘင်္ဂဖွား
(၅) ကြွင်း ဗုဒ္ဓဟူး အထွန်းဖွား
(၀) ကြွင်း ဗုဒ္ဓဟူး အဓိပတိဖွား
**ဆောင်ပန်း**- ကံ့ကော် (သို့) ငွေပန်း
**နှင်းကြမ်း**- သီဟိုဠ်(သို့)သပြေပန်း
(၆) ကြွင်း ဗုဒ္ဓဟူး ရာဇဖွား
(၁) ကြွင်း ဗုဒ္ဓဟူး မရဏဖွား
**ဆောင်ပန်း**- မေမြို့ပန်း (သို့) ပျဉ်းမရွက်
**နှင်းကြမ်း**- ဇော်စိမ်း(သို့)ဇော်လုံး
(၂) ကြွင်း ဗုဒ္ဓဟူး သိုက်ဖွား
(၃) ကြွင်း ဗုဒ္ဓဟူး ပုတိဖွား
**ဆောင်ပန်း** - အုန်းညွှန့်၊
**နှင်းကြမ်း**- ထန်းညွှန့် (သို့) နာနတ်ရွက်

**ကြာသပတေးသားသမီးများအတွက်**

(၅) ကြွင်း ကြာသပတေး ဘင်္ဂဖွား
(၆) ကြွင်း ကြာသပတေး အထွန်းဖွား
(၁) ကြွင်း ကြာသပတေး အဓိပတိဖွား
**ဆောင်ပန်း** - ဇော်စိမ်း (သို့) ဇော်လုံး
**နှင်းကြမ်း** - ထန်းညွှန့် (သို့) နာနတ်ရွက်
(၀)ကြွင်း ကြာသပတေး ရာဇဖွား
(၂) ကြွင်း ကြာသပတေး မရဏဖွား
**ဆောင်ပန်း**- သီဟိုဠ် (သို့) သပြေပန်း
**နှင်းကြမ်း** - ရွက်လှ (သို့) ရွှေပန်း
(၃)ကြွင်း ကြာသပတေး သိုက်ဖွား
(၄) ကြွင်း ကြာသပတေး ပုတိဖွား
**ဆောင်ပန်း** - ကံ့ကော်(သို့)ငွေပန်း
**နှင်းကြမ်း** - အုန်းညွှန့်

**သောကြာသားသမီးများအတွက်**

(၆) ကြွင်း သောကြာ ဘင်္ဂဖွား
(၀) ကြွင်း သောကြာ အထွန်းဖွား
(၂) ကြွင်း သောကြာ အဓိပတိဖွား
**ဆောင်ပန်း** - ရွက်လှ (သို့) ရွှေပန်း
**နှင်းကြမ်း** - အုန်းညွှန့်
(၁) ကြွင်း သောကြာ ရာဇဖွား
(၃) ကြွင်း သောကြာ မရဏဖွား
**ဆောင်ပန်း** - ထန်းညွှန့် (သို့) နာနတ်ရွက်
**နှင်းကြမ်း**- မေမြို့ (သို့) ပျဉ်းမရွက်
(၄) ကြွင်း သောကြာ သိုက်ဖွား
(၅) ကြွင်း သောကြာ ပုတိဖွား
**ဆောင်ပန်း**- ဇော်စိမ်း (သို့) ဇော်လုံး
**နှင်းကြမ်း**- ကံ့ကော် (သို့) ငွေပန်း

**စနေသားသမီးများအတွက်**

(၀) ကြွင်း စနေ ဘင်္ဂဖွား
(၁) ကြွင်း စနေ အထွန်းဖွား
(၃) ကြွင်း စနေ အဓိပတိဖွား
**ဆောင်ပန်း** - မေမြို့ပန်း (သို့) ပျဉ်းမရွက်
**နှင်းကြမ်း** - ကံ့ကော် (သို့) ငွေပန်း
(၂) ကြွင်း စနေ ရာဇဖွား
(၄) ကြွင်း စနေ မရဏဖွား
**ဆောင်ပန်း** - အုန်းညွှန့်
**နှင်းကြမ်း**- သီဟိုဠ် (သို့) သပြေ
(၅) ကြွင်း စနေ သိုက်ဖွား
(၆) ကြွင်း စနေ ပုတိဖွား
**ဆောင်ပန်း** - ရွက်လှ (သို့) ရွှေပန်း
**နှင်းကြမ်း**- ဇော်စိမ်း (သို့) ဇော်လုံး

*ဆရာ့ကျေးဇူး*
*အထူးအောက်မေ့လျက်*

ဒေါ်ခင်စံသူ (B.Sc)




www.burmeseclassic.com


www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွက်
# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရိုန်အောင်




(၁- ၁၁- ၂၀၁၈) နေ့
သာယနဇာတာခွင်




(၁၁-၁၁- ၂၀၁၈) နေ့
သာယနဇာတာခွင်




(၂၁-၁၁- ၂၀၁၈) နေ့
သာယနဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက် အေးစက်လာမည်။ ငွေကြေးဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်မတည်ငြိမ်သော်လည်း တက်ဈေးမိတတ်မည်။ စတော့ရှယ်ယာဈေးကွက်တို့လှုပ်ခတ်လာမည်။ သစ်နှင့်စက်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက် ဆိတ်ငြိမ်နေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာဈေးကွက် တက်ဈေးကျဈေး လှုပ်ရှားလွန်းသော်လည်း အမြင့်ဈေးမိတတ်မည် မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာ၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာဈေးကွက်တက်ဈေးကျဈေးလှုပ်ခတ်လာမည်။ လျှပ်စစ်အီလက်ထရောနစ်၊ အိုင်တီဆိုင်ရာဈေးကွက် ရပ်တန့်နေရာမှ လှုပ်ရှားမှုများလာမည်။ အိမ်ခြံမြေဈေးကွက်တက်ရိပ်ကျရိပ်လှုပ်ခတ်မှုများလာမည်။ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် ကျရိပ်ကဲသော်လည်း တက်ဈေးကြီးကြီးမိတတ်မည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက် တက်ဈေးကျဈေးမမှန်မငြိမ် ဖြစ်နေမည်။ စိုက်ပျိုးမွေးမြူဈေးကွက်အတက်နှင့်အကျနေးမည်။

ဒုတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်အေးခဲနေမည်။ ငွေကြေးဈေးကွက်အတက်အကျရှုပ်ယှက်ခတ်နေမည်။ ကျောက်မျက်ဈေးကွက်မငြိမ်သော်လည်း တက်ဈေးမိမည်။ အစုရှယ်ယာဈေးကွက်လှုပ်ရှားမှုများလာမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက် ထုံထိုင်းနေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာဈေးကွက်တက်ဈေးကျဈေး ဘောင်ဘင်ခတ်နေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာဈေးကွက်မငြိမ်သော်လည်း ရုတ်တရက် အမြင့်ဈေးရောက်သွားတတ်မည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက် တက်ဈေးကျဈေးလှုပ်ခတ်နေမည်။ စိုက်ပျိုးမွေးမြူဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ အိမ်ခြံမြေဈေးကွက်မငြိမ်သက်သေး။ ဆောက်လုပ်ရေးဈေးကွက်ထိုးကျထိုးတက်တတ်မည်။ လျှပ်စစ်၊ အိုင်တီ အီလက်ထရွန်နစ်ဈေးကွက်လှုပ်ခတ်မှုများနေမည်။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်သက်ဝင်လှုပ်ရှားမှုများလာမည်။ ငွေကြေးဈေးကွက် ငြိမ်သက်လာမည်။ ကျောက်မျက်ဈေးကွက် မတည်မငြိမ်သော်လည်း ဖြုန်းခနဲထိုးတက်တတ်မည်။ စတော့ရှယ်ယာဈေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးလာမည်။ သစ်နှင့်ဆက်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းငြိမ်နေရာမှ လှုပ်ခတ်လာမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာဈေးကွက် ပြောင်းဆန်လာမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာဈေးကွက်တို့လှုပ်ရှားမှုများသော်လည်း၊ အမြင့်ဈေးရှိသော်လည်း တဖြည်းဖြည်းထိုင်းမှိုင်းလာမည်။ အီလက်ထရောနစ်၊ အိုင်တီ၊ လျှပ်စစ်ပစ္စည်းဈေးကွက်လှုပ်ရှားမှုပိုများလာမည်။အိမ်ခြံမြေဈေးကွက်ကမောက်ကမဖြစ်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်ထုံထိုင်းလာမည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက်ဆိတ်ငြိမ်လာမည်။ စိုက်ပျိုးမွေးမြူဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

ဩကာသလောကကြီးအတွင်းမှာ တစ်ခါတစ်ရံ သဘာဝမဟုတ်သော ဖြစ်ရပ်များ စာရေးသူတို့၏ဉာဏ်ရည်ဖြင့် ဝေခွဲ၍မဆုံးဖြတ်နိုင်သော အကြောင်းအရာများ သိသလိုလိုနှင့် ပြန်လည်၍ မရှင်းပြနိုင်သော အကြောင်းအရာများ၊ ဇဝေဇဝါသိရုံနှင့် ပြန်မပြောနိုင်သော မပြောတတ်သောအကြောင်းအရာများ၊ သိရှိလျက်နှင့်ပြန်လည်ပြောပြခွင့်မရှိလို့ ပြန်လည်မပြောပြရတဲ့အကြောင်းများ စသည်စသည်ဖြင့် အကြောင်းအရာများကို သိတာမသိတာတွေ၊ မှန်တာ၊ မမှန်တာတွေနှင့် ထင်ယောင်ထင်မှားအတွေးစကားတွေနှင့် ရောပြွမ်းပြည့်နေသော ကမ္ဘာလောကကြီးပါကလား။


သဘာဝမဟုတ်သောဖြစ်ရပ်ဆိုတာကလည်း လောကနိယာမစကားအရ ခေါ်ဝေါ်ပြောဆိုကြခြင်းတစ်ခုလို့ စာရေးသူယူဆပါသည် သဘာဝမဟုတ်သော ဖြစ်ရပ်ဆိုတာကလည်း ဥပမာအားဖြင့်ရေးပြရလျှင် ဒီလဒီအချိန်မှာ ထို အပင်ကအသီးက သီးချိန် မဟုတ်ဘဲ သီးနေခြင်း၊

ဟုယူဆထားကြတာတွေလည်းရှိပါသည်။

လူကြီးမိဘများ၏ ပြောစကားကို နားစွန်နားဖျားမှတ်သားထားပြီး ဗြဟ္မာ့ပြည်ကပြုတ်သွားတဲ့ ဟိုဗြဟ္မာကြီးရဲ့ ဦးခေါင်းကို ပင်လယ်သမုဒ္ဒရာထဲကိုပစ်ချလိုက်ရင် သမုဒ္ဒရာရေတွေခန်းခြောက်သွားမည်တဲ့။ အဲဒီဗြဟ္မာကြီးရဲ့ဦးခေါင်းကို ကမ္ဘာမြေပြင်ပေါ်မှာတင်ထားမိရင်လည်း ကမ္ဘာကြီးကပျက်စီးသွားမည်တဲ့။ တစ်ဦးတစ်ယောက်ကနေ အဲဒါဘယ်သူပြောတာလဲ၊ ဘာရာဇဝင်လဲ အဲသည်လိုမေးကြည့်တော့လည်း အမေတို့ပြောတာပဲ၊ အဖေတို့ပြောတာပဲ၊ အဘတို့ပြောတာပဲ သည်လိုလွဲပြောပြီး မိမိအပြစ်လွတ်အောင် ကိုယ်လွတ်ရုန်း ပြောတတ်သူများ

ရပ်ဇာတ်လမ်းဟု ယူဆကောင်းယူဆကြပါလိမ့်မည်။ ဘာသာတရားကို လေ့လာယုံကြည်သူများကတော့ လောကကြီးအတွင်းမှာ သဘာဝမဟုတ်သော အကြောင်းအရာများဟု ယူဆထားကြသော ကိစ္စရပ်များမှန်သမျှသည် အကြောင်းတရားတွေကြောင့် အကျိုးတရားတွေဖြစ်သည်ဟု ယုံကြည်ထားကြပါသည်။

ဖော်ပြပြီးသော မဟာပိန္နဲဇာတ်ရာဇဝင်ကို တစ်ဝက်တစ်ပြက်တောင် တစ်စွန်းမြောက်တစ်စွန်းလေးကြားရုံသိရုံလေးနှင့် ပြောပြမိတော့ ယုတ္တိမရှိသည့် သဘာဝလွန် ပုံပြင်စကားဖြစ်ရတာပါ။ တကယ့်ဇာတ်လမ်းကို လေ့လာထားသူများကြတော့၊



မိုးတွင်းအခါမဟုတ်သော၊ တစ်ခါမှ မိုးမရွာဘူးသော ထိုလ ထိုအခါတွင် မိုးရွာခြင်း စသည်စသည်ဖြင့် မိမိနှင့်သက်ရောက်သော အချိန်အခါမဟုတ်ဘဲ ဖြစ်ပေါ်ခြင်းသည် သဘာဝမဟုတ်သောဖြစ်ရပ်များဟု လောကစကားအားဖြင့် ခေါ်ဝေါ်ကြပါသည်။ သည်ဟာကလည်း အနီးစပ်ဆုံးစကားတစ်ခုကို ရေးသားတင်ပြပေးတာပါ။ တချို့ကျတော့လည်း ဇာတ်လမ်းမှန်တစ်ခုကို လူကြီးမိဘ၊ ဆရာသမားတွေ၏ သွန်သင်ဆုံးမပြောကြသောစကားတွေကို လုံလောက်အောင် မမှတ်သားထားဘဲ မှတ်မိရုံလေးမှတ်သားထားပြီး လူပုံအလယ်ရောက်တော့ ပြန်လည်ပြီး ပြည့်စုံအောင် မရှင်းပြတတ်သည့်အတွက် အမှန်ကနေ အမှားဖြစ်ပြီး သဘာဝမဟုတ်သောဖြစ်ရပ်ဇာတ်လမ်း

ကြောင့် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းအမှန်ရှိတာတောင်မှ မိမိကအမှန်အတိုင်း ပြန်လည်ကာ မရှင်းပြတတ်သည့်အတွက် ဇာတ်လမ်းအမှန်က ဇာတ်လမ်းအမှားဖြစ်ပြီး သဘာဝမဟုတ်သောဇာတ်လမ်းတစ်ခုဖြစ်သွားရပါလေသည်။ တကယ်တမ်းကျတော့လည်း မဟာပိန္နဲ ရာဇဝင်ဇာတ်လမ်းအမှန်က ထိုသို့ပါရှိပြီးအတိုင်း စာပေတွေထည့်လာတာတော့ဟုတ်ပါသည်။ထိုရာဇဝင်ဇာတ်ကြောင်းဟာလည်း ယခုစနစ်သစ်၊ ခေတ်သစ် သိပ္ပံနည်းကျယုံကြည်မှုတွေနှင့်ကျတော့ သဘာဝမဟုတ်သော ဖြစ်

သိထားသူများကြတော့ ဘာအကြောင်းကြောင့် ဘယ်လိုဖြစ်ရတယ်၊ ဘယ်လိုသစ္စာပြုလို့ ဘယ်လိုဖြစ်ရတယ် စသည်ဖြင့် အစဉ်ကျအောင် ရှင်းပြပြောဆိုနိုင်သည့်အတွက်ကြောင့် လည်းကောင်း ရာဇဝင်ဇာတ်လမ်းသည် သဘာဝမဟုတ်သောဇာတ်လမ်းမဟုတ်တော့ ဒီဇာတ်လမ်း၏အကြောင်းသည် ဒီ




www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတရားတွေကြောင့် နောက်ဆုံးတော့ ဒီအကျိုးတရားတွေ ဖြစ်ရတာပါလားလို့ နားလည်ကြပါ၏။

နောက်တစ်ခုအနေနှင့် သဘာဝမဟုတ်ဘူးလို့ယူဆနိုင်တဲ့ ဖြစ်ရပ်တစ်ခုကို ဗဟုသုတအနေနှင့် စာဖတ်သူများ သိနိုင်ရန် အနည်းငယ်အားဖြင့် တင်ပြပေးပါဦးမည်။ နေ့အခါ၌ သူရိယနေမင်း၏အရှိန်အဟုန်ကြောင့် လောကကြီးကို လင်းထင်းစေပါသည်။ ညအခါ၌ စန္ဒာလမင်းသည် ထွန်းလင်းသည့်အချိန်မှလွဲ၍ ကျန်အချိန်များသည် အမှောင်ထုဖြစ်နေသည်ကို စာရေးသူ တင်ပြစရာတောင်မလိုဘဲ စာဖတ်သူများအားလုံး သိရှိပြီးဖြစ်ပါလိမ့်မည်။ ထိုသို့ နေ့အခါတွင် အလင်းရောင်ထိန်လင်းရမည့်အခါ မထိန်လင်းဘဲ အမှောင်ထုဖုံးလွှမ်းသွားသည်ကို နေကြတ်သည်ဟု လောကအားဖြင့် ခေါ်ဝေါ်သမုတ်ကြသလို ညအခါ လပြည့်နေ့အခါသမယ အလင်းရောင်ထိန်လင်းနေရမည့်အခါ မည်းမှောင်ပြီး အလင်းရောင်ကို သလာဖုံးနေပါလျှင် လောကစကားအရ လကြတ်သည်၊ လငပုပ်ဖမ်းသည်စသည်ဖြင့် ခေါ်ဝေါ်နေကြပါသည်။ သည်စကားကို စာဖတ်သူများအားလုံး ကြားသိဖူးပါလိမ့်မည်။



(မိအုပ်ပင်)

# ရောတိမ်ကျော်

## သဘာဝမဟုတ်သော ကောက်ကြောင်းများ၏နောက်ကွယ်မှ ပုံတူပန်းချီကားများ

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ တင်ပြလိုတာကတော့ ရာဟုအသူရိန်နတ်အကြောင်းဖြစ်ပါသည်။ ထိုအကြောင်းကိုရှုပြီးလျှင် လောကသိပ္ပံအမြင်အားဖြင့် မည်ကဲ့သို့ဖြစ်နိုင်မည်လော၊ အမှားမမြင်အောင်တော့ အထောက်အထားများဖြင့် အတိုချုံးပြီး ရှင်းပြပေးပါမည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူထားတာကို ကောက်နုတ် တင်ပြပေးမှာ ဖြစ်ပါသည်။ စာဖတ်သူများလည်း သိသင့်သလောက်သိရအောင် ကျေးဇူးပြုခြင်းပါ။

ရာဟုအသူရိန်နတ်အကြောင်း၏ မဖော်ပြမီ နေဗိမာန်၊ လဗိမာန်တို့၏ အကျယ်အဝန်းကိုဖော်ပြပေးအံ့။နေဗိမာန်သည် ယူဇနာ(၅၀)ကျယ်ဝန်းပြီး လဗိမာန်သည် ယူဇနာ (၄၉) ယူဇနာကျယ်ဝန်း၏။ (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ-၁၀၁) ထိုသံယုတ်တွင် တစ်ယူဇနာကို (၁၃) မိုင်ဖြင့် ဖော်ပြထားပါသည်။

အသူရိတ်နတ်၏ အရပ်အမြင့်အတိုင်းအတာကို ဖော်ပြထားပေးပါမည်။ စာရေးသူကိုမြင်ဘူးလို့လားလို့တော့ မတွေးထင်စေချင်၊ မြတ်စွာဘုရားရှင်ဟောကြားတော်မူသောတရားတော်များသာဖြစ်ပါသည်။ ရာဟုအသူရိန်နတ်အရပ်သည် ယူဇနာပေါင်းလေးထောင့်ရှစ်ရာမြင့်၏။ မိုင်နှင့်ဖွဲ့သော် (၆၂၄၀၀) မိုင် ဖြစ်လေ၏။ လက်ရုံးနှစ်ဖက်အကြားယူဇနာ (၁၂၀၀) ရှိသည်။ မိုင်ဖွဲ့သော် (၁၅၆၀၀) မိုင်၊ ဦးခေါင်းယူဇနာ (၉၀၀)၊ မိုင်အားဖြင့် (၁၁၇၀၀) မိုင်၊ နဖူးပြင်ယူဇနာ (၃၀၀)ရှိပြီး မိုင်အားဖြင့် (၃၉၀၀) မိုင်ဖြစ်သည်။ မျက်မှောင်နှစ်ခုအကြားယူဇနာ (၅၀) ရှိပြီး (၆၅၀) မိုင်ဖြစ်သည်။ ခံတွင်းအကျယ်ယူဇနာ (၂၀၀) ရှိပြီး မိုင်အားဖြင့် (၂၆၀၀) မိုင် ဖြစ်ပါသည်။ နှာခေါင်းသည် ယူဇနာ (၃၀၀) ရှိ၏။ မိုင်အားဖြင့် (၃၉၀၀) မိုင် ဖြစ်ပါသည်။ ခံတွင်းအစောက်ယူဇနာ (၃၀၀) နက်၏။ မိုင်အားဖြင့် (၃၉၀၀) မိုင်ဖြစ်လေ၏။ လက်ဖဝါး၊ ခြေဖဝါးပြင်တို့က အထူယူဇနာ (၂၀၀) ရှိ၏။ (၂၆၀၀) မိုင် ဖြစ်သည်။ လက်တစ်ဆစ်တစ်ဆစ်တို့၌ ယူဇနာ (၅၀) ရှိကုန်၏။ မိုင်တွက်သော် (၆၅၀)မိုင်ဖြစ်၏။ (သတ္တကနိပါတ် ဂန္ဓရဇာတ်အဋ္ဌကထာ - ၃၄၄) ဖြစ်သည်။

စာရေးသူထိုသို့ရှာဖွေစုဆောင်းပြီး ရေးသားတင်ပြရခြင်းသည် ဘာသာတရားတော်နှင့်ဝေးကွာနေပြီး ဘေးတိုက်သွားတတ်သော နိယာမသဘောတရားပိုင်ရှင်များကို အကြောင်းပြု၍ ထိုသို့ရေးသား တင်ပြခြင်းကတစ်ကြောင်း။ စာရေးသူ ရေးသားတင်ပြပေးခြင်းသည် ခေတ်သိပ္ပံလူသားများ၏မဖြစ်နိုင်ဟုယူဆကြပြီး ဒီကိစ္စသည် သဘာဝမဟုတ်သောဖြစ်ရပ်တစ်ခုဟူ၍ ဘုရားရှင်ဟောကြားသောတရားတော်များကို ဆန့်ကျင်သောအသိအလွဲများ၊ အမှားအယွင်းများကိုတထစ်ချယုံကြည်စွာစွဲမက်သွားမည်ကိုစိုးထိတ်သည်ကတစ်ကြောင်း၊ စာဖတ်သူများ ကွဲပြားစွာအသိရှိလာအောင် စေတနာတစ်ခုထားပြီး တင်ပြပေးခြင်း ဖြစ်ပါ၏။ မည်သို့ဖြစ်စေ စာရေးသူအမြင်ကတော့ အကြောင်းတရားတွေ့ကြောင့် အားလုံးက အကျိုးတရားတွေဖြစ်နေကြတာပါ။ ဘာသဘာဝမှလွန်တာမဟုတ်ပါ။

ရာဟုအသူရိန်နှင့် စပ်လျဉ်းပြီး နေကြတ်ခြင်း၊လကြတ်ခြင်းတို့အကြောင်းကို အကျဉ်းမျှ တင်ပြပေးမှာပါ၊ ထိုသို့မရေးသားမီ အာကာသတစ်ခွင်မှာလှည့်ပတ်သွားလာနေတဲ့ နေဗိမာန်တို့၏သွားနှုန်းကို အနည်းငယ်မျှ တင်ပြပေးပါမည်။ လ၊ နေတို့သည် စကြဝဠာတိုက်အတွင်း ယူဇနာပေါင်း အလွန်ရှည်လျားသောကောင်းကင်ခရီး၌လှည့်လည်နေကြသည်ဖြစ်၍ သာမန်မျှသော အရှိန်အဟုန်ဖြင့်သာ လှည့်ပတ်ရန် စွမ်းနိုင်မည်မဟုတ်ချေ။ အလွန်လျင်မြန်သောအဟုန်ဖြင့်သာ လှည့်ပတ်နေကြောင်းသိသင့်ပေသည်။ လ၊နေတို့၏လျင်မြန်သောအဟုန်ကို (တေရသကနိပါတ်ဇာတ် - အဋ္ဌကထာစတုတ္ထ - ၂၁၂ ဇဝနဟံသဇာတ်) ဖြင့် အနည်းငယ်လုံလောက်ရုံအသိကလေးရှိရန် တင်ပြပေးပါ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ဟင်္သာမျိုး၌ဖြစ်၏။ ဗြဟ္မဒတ်မင်းသည် အလောင်းတော် ဟင်္သာမင်းနှင့် အဆွေခင်ပွန်းဖွဲ့ကာနေကြ၏။ ဟင်္သာမင်းက နေမင်း၏အဟုန်ကို မီအောင်လိုက်နိုင်သော စွမ်းအားရှိ၏။ ထိုအကြောင်းကို ဗြဟ္မဒတ်မင်းသိလေသော် -

"အဆွေတော် ဟင်္သာမင်း၊ ကျွန်ုပ်အား နေနှင့်အတူသွားနိုင်သောအဟုန်ကိုပြစမ်းပါ"

ဟု တောင်းပန်လေ၏။

"မြတ်သောမင်းကြီး၊ ထိုအဟုန်မျိုးကို ပြခြင်းငှာ မတတ်နိုင်ပါ"

ဟု ဆို၏။

"ဒါဖြင့်ရင် နေသွားသောအဟုန်နှင့်အတူတစ်ခုပြပါ"

ဟု တောင်းပန်လေ၏။

"ကောင်းပြီ မင်းကြီး၊ အတူတစ်ခုကို တော့ပြမည်"

ဟု ဝန်ခံပြီးလျှင် လက္ခဏာဝေရီအကောင်းဆုံးလေးသမားလေးယောက်တို့ကိုခေါ်စေပြီး မင်းရင်ပြင်၌ ကျောက်တိုင်ကို စိုက်ထူစေပါသည်။ မိမိ၏လည်၌လည်း ချူဆည်းလည်းများကို ဆွဲစေ၍ လေးသမားလေးယောက်တို့သည် ကျောက်တိုင်၌ အရပ်လေးမျက်နှာကို မျက်နှာမူစေ၍ ရပ်နေစေပြီး မိမိက ကျောက်တိုင်ထိပ်၌နားနေစေပါသည်။ လေးသမားလေးယောက်တို့သည် မိမိတို့၏မျက်နှာသာအရပ်သို့ မြားများကိုပစ်လွှတ်ပါစေ။ ကျွန်ုပ်သည် ထိုမြားလေးစင်းကို မြေသို့မရောက်ခင်ဆောင်ယူပြီး ထိုမြားသမားတို့၏ခြေရင်း၌ ပြန်ချထားပေးမည်။ ထိုမြားတံတွေကို ထမ်းယူရန်ကျွန်ုပ်ပျံသွားသောအမြင့်ကိုခြုံသံအမှတ်ဖြင့်ပဲ အသင်မင်းကြီးသိပေတော့။ကျွန်ုပ်ကိုကား အသင်မင်းကြီးမြင်ရမည်မဟုတ်"

ဟု ဆိုပြီးလျှင် လေးသမားလေးယောက်တို့ တစ်ပြိုင်နက်တည်းပစ်လိုက်သောမြားတို့ကို လျင်မြန်သောအဟုန်ဖြင့်ပျံ၍ ဆောင်ယူခဲ့ပြီးလျှင် ထိုလေးသမားတို့၏ခြေရင်း၌ချထား၍ ကျောက်တိုင်ထိပ်၌နားနေကာ မိမိကိုယ်ကိုထင်ရှားပြလေသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်ယခုပျံသွားပြတာဟာ နေ၊ လတို့၏ သွားနှုန်းအတူတစ်ခုမျှသာဖြစ်ပါသည်။ အစစ်မဟုတ်ပါ။ အစစ်ဆိုပါလျှင် မည်မျှလျင်မြန်စေမည်ကို သိစေလိုပါသည်။ ထို့ကြောင့် စာဖတ်သူများသည် နေ၊ လတို့၏ သွားနှုန်းအဟုန်သည် မည်မျှမြန်သည်ကိုသိအပ်၏"

ရာဟုအသူရိန်နတ်သည် တင့်တယ်စွာဖြင့်သွားနေသော လ၊ နေတို့ကိုမြင်သောအခါ ငြူစူဝန်တိုသောစိတ်ထားဖြင့် မလိုလားသည်ဖြစ်၍ လ၊ နေတို့သွားရာလမ်းကိုဆင်းသက်ပြီးလျှင် သူ၏အလွန်ကျယ်သော ခံတွင်းကိုဟ၍ရပ်နေ၏။ ထိုအခါ နေဗိမာန်၊ လဗိမာန်တို့သည် ယူဇနာ (၃၀၀) ရှိသော နရက်ချောက်ကြီး၌ကျသကဲ့သို့ဖြစ်၏။ ထိုအခါ လနတ်သား၊ နေနတ်သားတို့သည် အလွန်ကြောက်လန့်သဖြင့် မြည်တမ်းအော်ဟစ်ကြရလေသည်။ ရာဟုအသူရိန်သည် နေဗိမာန်၊ နေဗိမာန်၊ လဗိမာန်တို့ကို တစ်ခါတစ်ရံ လက်ဖြင့်ဖုံးအုပ်ထား၏။ တစ်ခါတစ်ရံ လျှာဖြင့်လျက်၏။ တစ်ခါတစ်ရံ အလုပ်အကျွေးပြုလုပ်၍ စားမည်ဟန်ဝါးမည့်ဟန်ဖြင့် ပါးစော



www.burmeseclassic.com

www.burmeseclassic.com

တွင်ငုံထား၏။ ထိုကဲ့သို့ဖမ်းစီးချုပ်နှောင်ထားသကဲ့သို့ဖြစ်သော်လည်း နေဗိမာန်၊ လဗိမာန်တို့၏သွားနေသောအဟုန်ကို တားဆီးခြင်းငှာမစွမ်းနိုင်။ အကယ်၍ ၎င်းတို့၏အဟုန်ကို မသွားနိုင်အောင် ပါးစောင်မှာငုံထားမည်ရှိအံ့၊ ရာဟုအသုရိန်၏ ဦးခေါင်းကိုခွဲ၍ နေဗိမာန်၊ လဗိမာန်တို့ကထွက်သွားမည်မှာ အသေအချာဖြစ်ပါသည်၊ ထိုသို့ အဟုန်ကို မတားဆီးနိုင်သောကြောင့် သွားလျက်နေသော နေဗိမာန်၊ လဗိမာန်တို့နှင့် အတူလိုက်၍နှောင့်ယှက်နေတတ်သည်။ ဤအကြောင်းအရာကို သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ စန္ဒိမသုတ္တ ဝဏ္ဏနာ ၁၀၁ တွင် ဖော်ပြထားသည်။

ထိုအခြင်းအရာကို ခေတ်သစ်သိပ္ပံလူသားများက ယုတ္တိမရှိ သဘာဝမဟုတ်သောအကြောင်းအရာဟု ယူဆကောင်းယူဆကြပါလိမ့်မည်။ စာရေးသူကတော့ မြတ်ဘုရား၏တရားတော်၊ ဒေသနာတော်တို့ကို ယုံကြည်ထားသည့်အတွက် ဤအကြောင်းအရာတို့သည် သဘာဝမဟုတ်သောအကြောင်းအရာ မဟုတ်ဘဲ သဘာဝကျကျအမှန်တကယ်ဟောကြားထားသောဘုရားရှင်၏တရားတော်ဖြစ်ကြောင်းနှင့် အကြောင်းတရားအခြေခံသောအကျိုးတရား ဖြစ်ပါ၏။ ထပ်ဆင့်ဆိုရပါလျှင် လောကလူသားအမြင်အားဖြင့် သဘာဝမဟုတ်သောအကြောင်းအရာများ၊ သဘာဝလွန်အကြောင်းအရာကောက်ကြောင်းများ၏နောက်ကွယ်၌လုပထင်မြင်ပေါ်လွင်သောအကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရတာပါဟု ဆိုလောက်သည့် ပုံတူပန်းချီကားများက အမှန်တရားကို ဖော်ထုတ်ပေးသလိုဖြစ်နေပါတော့၏။

ဘာသာရေးအမြင်အားဖြင့် ထိုသို့ နေဗိမာန်၊ လဗိမာန်တို့ကို ရာဟုအသူရိန်နှောင့်ယှက်သည်ကို နေကြတ်သည်၊ လကြတ်သည်၊ လပေပုပ်ဖမ်းသည်စသည်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ပါ၏။ ထိုနေကြတ်ခြင်း၊ လကြတ်ခြင်းကို လက်ရှိဗေဒင်ဆရာများ၊ သိပ္ပံပညာရှင်ကြီးများက အနီးစပ်ဆုံးဖြစ်အောင်ပြောပြ၊ တင်ပြနိုင်တာကလည်း အလွန်အံ့သြစရာ၊ ချီးမွမ်းစရာဖြစ်ပါ၏။

နောက်တစ်ခုကို စာရေးသူများသိရှိနားလည်အောင် တင်ပြလိုတာလေး တစ်ခုရှိပါသည်။ ထိုအကြောင်းအရာသည် သဘာဝမဟုတ်ဘဲ သဘာဝနှင့်ဆန့်ကျင်သည့်အကြောင်းအရာဖြစ်ရပ်ဟု ယူဆနိုင်လောက်သည့်ဖြစ်ရပ်လေး တစ်ခုကို တင်ပြပေးလိုပါသည်။စာဖတ်သူများ ဗဟုသုတအဖြစ်ရှုစားပါ။

အချိန်အခါအားဖြင့်ဆိုရလျှင်တော့ ၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်နေ့ပတ်ဝန်းကျင်ရက်များမှတစ်ရက်ဖြစ်ပါသည်။ အသေအချာမမှတ်ထားမိပါ။ စာရေးသူသည် ပန်းတနော်မြို့နယ်ပိုင်ထဲမှ ရွာကလေးတစ်ရွာဖြစ်တဲ့ညီအစ်ကိုမောင်နှမတွေနေတဲ့ ထုံးကလောကျေးရွာကလေးကို ထိုအချိန်က အလည်ရောက်ရှိနေပါသည်။ ထုံးကလောရွာသည် အိမ်ခြေ (၁၀၀) ခန့်ရှိပြီး ကမ်းပါးတိုက်ရွာလေး တစ်ရွာဖြစ်ပါသည်၊ ရွာ၏မျက်နှာသာအရှေ့ဘက်မှာလည်း မြစ်ရှိပါသည်။ ရွာ၏နောက်ကျောဘက် တစ်ရွာကျော်တွင်လည်း ဧရာဝတီမြစ်ရှိပါသည်။ ကမ်းပါးတိုက်ရွာဆိုတော့ သိပ်ပြီးတော့ ပူပြင်းမှုတော့မရှိပါ။ ရွာသူရွာသားများကတော့ သင်ဖြူး၊ သင်ဖျာလုပ်ငန်းဖြင့် အများအားဖြင့် ဝမ်းစာထားပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အချို့ကတော့ လယ်ကိုင်း၊ အချို့ကတော့ အရောင်းအဝယ်၊ ဘောက်လုပ်ဘောက်စားလုပ်ကိုင်ပြီး အသက်မွေးကြပါသည်။

စာရေးသူရောက်ပြီးတစ်နေ့မှာတော့ ထိုရွာတစ်ဝိုက် မိုးတွေကရွာ၊ လျှပ်စီးတွေကလက်၊ မိုးတွေကချိန်း၊ မိုးကြိုးတွေကပစ်နှင့် အချိန်အားဖြင့် ညနေ (၃း၃၀) အချိန်ခန့်လောက်မှာ ချောင်းစပိုင်းဆိုတဲ့ရွာရဲ့အထက်ပိုင်းမှစပြီး ကျယ်လောင်သော မိုးထစ်ချုံးသံများကြားရပြီး မိုးသည်းထံစွာရွာသွန်းလျက်ရှိနေပါသည်။ မိုးသည်းသံနှင့်အတူ ရွာသားများ၏ဆူညံအော်ဟစ်သံများ၊ ညည်းတွားသံများကြားနေရပါသည်။ စာရေးသူလည်း တစ်ခါမှ ဒီလိုမကြုံဘူးသည့်အတွက် အခြေအနေကိုသိရန် စာရေးသူရောက်ရှိနေသောအိမ်အတွင်းမှနေ ထီးလေးကိုဆောင်းပြီး အိမ်ရှေ့မြစ်ရိုးတစ်လျှောက်လှမ်းမျှော်ကြည့်လိုက်သည်တွင် မြစ်ရိုးတစ်လျှောက်ပေါ်မှာ လက်တစ်ဝိုင်းစာ (လက်တစ်ဖက်စာခန့်) ရှိသောနီနီအလုံးကြီးသည် မြစ်ရိုးရေပြင်ပေါ်မနီးမဝေး၌ လေးတင်နေသော သားရေဘောလုံးခုန်နေသလို ရွာအောက်ပိုင်းဘက်သို့ ခုန်ပေါက်ကာ အောက်ပိုင်းဘက်သို့ဆင်းလာတာကို တွေ့နေရပါသည်။ အထက်ပိုင်းဘက်က မဆွေအေးတို့အိမ်ကိုဝင်ပြီး တီဗွီ၊ အောက်စက်၊ ဆိုလာပြားတို့ကို ဝင်ရောက်ဖျက်ဆီးသွားသည်ကို တွေ့ရပါသည်။ အိမ်အတွင်းမှာလည်း အားရကျေနပ်အောင်လှည့်ပတ်ပြီးမှ အပြင်ကို ပြန်ထွက်လာခဲ့သည်။ ဩော်-ဒါကြောင့် အော်ဟစ်ဆူညံနေကြတာကိုးဟု အခုမှ စာရေးသူသဘောပေါက်သွားပါသည်။

စာရေးသူတို့ရောက်နေသောအိမ်ကလေးရဲ့အောက်ဘက် လေးခြံကျော်လောက်မှာရှိတဲ့ ရွာရဲ့ဘုန်းတော်ကြီးကျောင်းထဲကို မြစ်ပြင်ပေါ်ကနေ ပျံ့ဝဲတက်လာပြီး ဘုန်းတော်ကြီးကျောင်းအတွင်းထဲမှာ ပျံ့ဝဲနေသည်ကို တွေ့မြင်နေကြရသည့်အတွက် ကိုရင်ကလေးများ၊ ရဟန်းငယ်များ၊ ကြောက်လန့်နေကြပြီး အော်ဟစ်ပြေးလွှားသူကပြေး၊ ကျက်သရေခန်းထဲဝင်ပုန်းသူကပုန်းဖြစ်နေကြသည်။ စာရေးသူအထင်တော့ တကယ်လို့များ အဲဒီနီနီအလုံးကြီး မတော်တဆပေါက်ကွဲသွားခဲ့လျှင် အဲဒီပတ်ဝန်းကျင်ကသတ္တဝါတွေ စက်ကွင်းမလွတ်နိုင်ထင်ပါသည်။ ဘုန်းတော်ကြီးကျောင်းထဲမှာအားရအောင်ပျံ့ဝဲပြီးတော့ ဝေးဝေးကိုထွက်မသွားသေးဘဲ ကျောင်းခေါင်းရင်းကပ်ရက်ခြံမှာနေသည့်ကိုစာဥတို့အိမ်ကလေးထဲကို ဝင်သွားပါတော့သည်။

ကိုစာဥတို့အိမ်ကလေးကလည်း သိပ်ကျယ်ဝန်းလှသည်မဟုတ်။ ကိုစာဥကလည်း ပဌာန်းစာအုပ်လေးကိုဖွင့်ပြီး ဘုရားခန်းရှေ့မှာရွတ်ဖတ်နေစဉ် မိမိဖတ်နေသောစာအုပ်၏စာရွက်များသည် အနီရောင်ဟပ်နေတာတွေ့သည့်အတွက် မသင်္ကာသဖြင့် အပေါ်မော့ကြည့်လိုက်သည့်အခါမှာ မိမိရဲ့ဦးခေါင်းပေါ်မှာ ဝဲနေသည်ကို တွေ့လိုက်ရသည့်အခါ ကိုစာဥလည်း လန့်ဖျပ်ပြီး ခုန်လိုက်ရာ ခြေရင်းဘက် မီးဖိုထဲမှာ ဟင်းအိုးချက်နေသည့် ဇနီးဖြစ်သူမသန်းအေးရဲ့ ဟင်းအိုးပေါ်ကို ပက်လက်ပြုတ်ကျပြီး ကြောင်တောင်သတိလစ်သွား၏။

ထိုနီနီအလုံးကြီးက ကိုစာဥတို့အိမ်ပေါ်မှာ အုတ်အော်သောင်းတင်းဖြစ်နေတုန်း ကမ်းနားစပ်နားမှာ တဲလေးဆောက်ပြီးနေတဲ့ ကိုစာဥရဲ့သမီးဖြစ်သူ မပန်းကလည်း သူ့ရဲ့တဲအိမ်ထဲကိုဝင်လာသည့် အဲဒီ နီနီအလုံးကြီးကိုကြောက်ပြီး ဖအေဖြစ်သူကို အားကိုးတကြီးအော်ခေါ် အကူအညီတောင်းရှာသည်။

ထိုနီနီအလုံးကြီးသည် ဘယ်သူ့ကိုမှ အန္တရာယ်မပေးဘဲ မပန်းတို့ရဲ့အိမ်လေးအောက်ဘက်ကိုပျံ့ဝဲပြီးထွက်သွားပါသည်။ လူကိုသာ အန္တရာယ်မပေးတာ တီဗွီ၊ အောက်စက်၊ ဒိုင်နမို၊ ဆိုလာတွေတော့ တော်တော်များများပျက်စီးနေတာ တွေ့ရပါသည်။ ကိုသိန်းတို့၏

www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်မင်းချစ်နော်
# ပြောဆိုစကားအောင်စေရာအစီအရင်

ကျွန်ုပ်သည် ဗေဒင်ဆရာလည်း မဟုတ်၊ အောက်လမ်းဆရာလည်း မဟုတ်၊ အထက်လမ်းဆရာလည်း မဟုတ်ပါ။ ကျွန်ုပ်ယုံကြည်ရာလမ်းသို့ လျှောက်လှမ်းနေသူသာ ဖြစ်ပါသည်။

ထိုသို့ မိမိလမ်းမိမိဖြောင့်တန်းစွာ လျှောက်လှမ်းနေသည်ကိုပင် နားပူနားဆာတိုက်၍ သူတို့အရေးကိစ္စပြဿနာ အထွေထွေ ကျွန်ုပ်ထံသယ်လာပေးကာ ချပြတိုင်ပင်ကြ၊ အကူအညီတောင်းလာကြပါသည်။

အထူးသဖြင့် သားသမီးများသည် သူတို့ပြောဆိုဆုံးမစကားနားမထောင်ဘဲ ထင်ရာစိုင်းနေသဖြင့် စကားနားထောင်လိမ္မာအောင်ပြုလုပ်ပေးရန်၊ အချို့သော သားသမီးများမှာလည်း မိဘများက သွေးတိုး၊ နှလုံး၊ ဆီးချို၊ အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း/ကျယ်နှင့် မတည့်သောအစားအစာများမစားရန် ပြောပြထားသည်ကို နားမထောင်ဘဲ ခိုးစားဝှက်စားမသိအောင်စားနေသဖြင့် မည်သို့လုပ်ရမည်လဲ။ အချို့မှာလည်း အထက်လူကြီး၊ ဆရာသမားများက သူတို့အပေါ် အချစ်မဝင် အမြဲအပြစ်မြင် ဆူပူကြိမ်းမောင်းခံနေရသဖြင့် ကူညီပါရန် စသည်စသည်ဖြင့် နေ့စဉ်လိုလိုပင် လာရောက် ပူဆာပြောဆိုနေကြလေသည်။

'ဘဲအုပ်ကတစ်ရာနှစ်ရာ၊ မဗေဒါကတစ်ပင်တည်း' ဆိုသကဲ့သို့ ကျွန်ုပ်မှာ နေ့စဉ်ပူဆာသူများ၏စကားသံအမျိုးမျိုး၊ ပြဿနာအမျိုးမျိုး၊ အပူပေါင်းစုံကြားနေရရာ ငြီးငွေ့ကုန်ခန်းလာရပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်ဆရာသခင်ထံမှ ရရှိခဲ့သော ဤအစီအရင်ပညာဖြင့် ၎င်းတို့အား လာသမျှလူများကို ကူညီပေးနိုင်ခဲ့ရပါသည်။

ပျားဖယောင်း ငါးကျပ်သားကို အမွှေးနံ့သာငါးမျိုးနှင့် စရနယ်ပြီးချက်ပါသည်။ ထို့နောက် မိမိနေအိမ်ဘုရားခန်းသို့မဟုတ် မိမိတို့ဒေသရှိ တန်ခိုးကြီးဘုရားရှေ့တွင် အုန်း၊ ငှက်ပျောသုံးဖီး၊ အမွှေးတိုင်၊ အလင်းတိုင်၊ အောင်သပြေကိုးညွန့်နှင့်တင်လှူပြီး ငါးပါးသီလခံယူကာ အောက်ပါဂါထာနှင့် ချက်ပြီးသော ဆေးပျားဖယောင်းကို (၁၀၀၀) စုတ်ရပါမည်။

ဉုံ သဗ္ဗဒေဝါ သရက္ခာစ၊
ဘူတာ ပရိတ္တာစ၊
ဇော်ဂနီ ပရိတ္တာစ၊
ဉုံ ဒေဝါ ဒေဝါ ကညာ၊
နာနာဒေဝါ ဝရာဝရံ၊
သဗ္ဗ သဗ္ဗ မံသာ ဆိန္နေ ဆိန္နေ။

အထက်ပါအတိုင်း စီရင်ထားသော ဆေးပျားဖယောင်းချက်ကို ကျွန်ုပ်ထံလာသူများတို့အား တစ်မူး၊ တစ်ပဲ၊ တစ်မတ်သားဆိုသလိုပေးပြီး ဂါထာကိုပါ မိတ္တူအရွက်လေးများနှင့်ပေးလိုက်ရပါသည်။ စကားပြောလိုသောအခါ ဆေးပျားဖယောင်းကို ၎င်းဂါထာနှင့် ခုနစ်အုပ်စုပ်၍နှုိးရပါသည်။ ပြီးလျှင် မိမိထိပ်နဖူးတွင် ဖယောင်းတိုင်ကို လက်ညှိုးဖြင့် စတိသဘောတို့ပြီးမှ ပြောဆိုပါ။ 'ငါပြောစကားအောင်ရမည်။ ငါပြောစကားအောင်ရမည်။ ငါပြောစကားနားထောင်ရမည်။ နာခံရမည်'ဟု ယုံယုံကြည်ကြည်စိတ်မှ သုံးကြိမ်ရွတ်ပြီးမှ ပြောဆိုပါ။ သားသမီး၊ မိဘ၊ ဆရာ၊ မိတ်ဆွေ၊ ရန်သူ အတူတူပင်ဖြစ်လာပြီး ပြောစကားတို့ အောင်မြင်အဆင်ပြေလာပါလိမ့်မည်။ တဖြည်းဖြည်းအေးချမ်းသာယာရှိလာပြီး လိုရာသို့ပါလာ၊ လိုရာသို့ရောက်လာပါမည်။

ယနေ့အချိန်အထိ ထိုအစီအရင်နှင့် မိတ်ဆွေအသိဆွေမျိုးဉာတကာတို့ကို ကျွန်ုပ်အကူအညီပေးမြဲပေးနေရဆဲဖြစ်ပါတော့သည်။

(မည်သည့်ငွေကြေးတစ်ကျပ်တစ်ပြားမှကျွန်ုပ်မယူပါ။)

*တိုးတက်ကြီးမားအောင်မြင်ကြပါစေ*

နတ်မောက်မင်းချစ်နော်

---

ဘက်ထရီအားသွင်းတဲ့ ဒိုင်နမိုကြီးလည်း လောင်သွားသည်။

အဲသည်အိမ်စကနေထွက်သွားပြီး ရွာအောက်ပိုင်းဘက်က မသိန်းဝင်းတို့အိမ်တွေက ဆိုလာတွေ၊ တီဗွီတွေ၊ အောက်စက်တွေပျက်စီးကုန်ပြီး နောက်ဆုံး ထုံးကလော့ရွာဆုံးခါနီးအစပ်တစ်ဝိုက်နားက ဦးဌေးဝင်းတို့ရဲ့အိမ်ရှေ့အနားလောက်အရောက်ကျတော့ ထိုနီနီအလုံးကြီးက မိုးရွာနေတဲ့အသံတွေကြားကနေ ကျယ်လောင်သောအသံကြီးထွက်ပေါ်လာပြီး ပေါက်ကွဲသွားပါတော့သည်။

အဲဒါ ကို စာဖတ်သူများ ဘယ်လိုဆုံးဖြတ်မလဲ။ မပေါက်ကွဲခင် မြေပေါ်မှာခုန်နေသည်။ ထိုဖြစ်ရပ်မှန်သည် သိပ္ပံပညာရပ်နှင့်ပြောကြည့်လျှင်တော့ လျှပ်စစ်အဖို၊ အမတွေ၊ ဓာတ်သဘာဝတွေကြောင့် လျှပ်စစ်စီးဝင်ပြီး လျှပ်စစ်နှင့်ပတ်သက်တဲ့ပစ္စည်းများ ပျက်စီးရတာပါလို့ဆိုနိုင်ပါ၏။ ဘာသာတရားတော်နှင့်ကြည့်လျှင်တော့ မိုးကြိုးပစ်ပြီး တစ်စုံတစ်ရာကိုရှာကြံနေသည့်ပုံလို့ ယူဆရမည့်အကြောင်းအရာလေးတစ်ခုဖြစ်နေပါပြီ။ ဒါဟာလည်း သဘာဝမဟုတ်သော ဖြစ်ရပ်တစ်ခုလို့ လောကနိယာမစကားအရ ဆိုနိုင်သော်လည်း စာရေးသူအမြင်ကတော့ ဤဆောင်းပါးကိုပေးထားသော ခေါင်းစဉ်အရ သဘာဝမဟုတ်သော ကောက်ကြောင်းများ၏နောက်ကွယ်၌ ပုံတူပန်းချီကားအဖြစ်ထင်းလင်း ပေါ်လွင်စွာဖြင့်ရှိနေကာ ပဋိစ္စသမုပ္ပာဒ် ဖြစ်ခြင်းနှင့်ပျက်ခြင်းကို အခြေခံပြီး အကြောင်းတရားများရှိသောကိစ္စအဝဝတွေကြောင့် အကျိုးတရားကိစ္စဆိုတာ ဖြစ်ပေါ်ရသည်ဟု စာရေးသူ ယုံကြည်သက်ဝင်မိပါသည်။

စာကြွင်းအရ စာရေးသူသည် ရေးသားတင်ပြရခြင်းသည် စာဖတ်သူများအား ခေတ်ပေါ် ဗန်းအပြုအမူ၊ အပြောအဆိုအလုပ်ကိုင်များကို အကြွင်းမဲ့အားပြုယုံကြည်ပြီး ဘုရားရှင်ဟောကြားတော်မူသောဒေသနာတရားတော်အမှန်များကို လျစ်လျူရှုပြစ်ပယ်ခြင်းကို မဖြစ်မူ၍ ရေးသား တင်ပြခြင်း ဖြစ်ပါသည်။

ဇရာတိမ်ကျော်-မအူပင်

**မိုဂြမ်းကိုးကား -**

သျှင်ဩဘသ၊ သာကေတမြို့၏ ၁၃၃၁ ခုနှစ် တော်သလင်းလဆန်း၁[illegible] နေ့ထုတ်တဲ့ လဗိမာန်နှင့် ဗုဒ္ဓ[illegible]ကြောင့် စာအုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

နေအိမ်မှ လွှဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

**အမှတ်(၇၅၂)၊ ကုန်းဘောင်(၁၀) လမ်း**
**(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

## ငွေဝင်ရင် ငွေခင်ဖို့ သုရဇ္ဇလက်ဆောင်

"ဟယ် - လိမ္မာလိုက်တာ ကြည့်စမ်း"

အားရပါးရပြောရင်း နှစ်နှစ်မပြည့်လောက်သေးတဲ့ ကလေးလက်ထဲကို ငါးထောင်တန်တစ်ရွက်ထည့်လိုက်ပါတယ်။ ထည့်လိုက်တာက ကလေးရဲ့အဖေ။ ကလေးကိုချီထားရင်း သဘောကျနေတာက ကလေးရဲ့အမေ။ မြင်ကွင်းကတော့ ကြည်နူးစရာလေးပါ။ ဘေးကနေ ကြည့်နေရင်းတောင် သဘောကျနေမိပါတယ်။ ဒါပေမယ့် သဘောမကျတာကတော့ ပိုက်ဆံကိုခြေမွဆွဲနေတဲ့ မြင်ကွင်းပါပဲ။

ဟုတ်တယ် - ကလေးကသူ့လက်ထဲကငါးထောင်တန်ကို ခြေလိုက်ဆွဲလိုက် ပါးစပ်နဲ့ကိုက်လိုက်နဲ့ ပိုက်ဆံဟာရစရာမရှိအောင်ဖြစ်နေပါပြီ။ ဒါပေမယ့် ကလေးအဖေနဲ့ ကလေးအမေက ကြည်နူးမဆုံးကြည့်နေတုန်းပါ။

"သူကဒီလိုပဲဘကြီးရဲ့။ ငါးထောင်တန်မှပိုက်ဆံထင်တာ။ အံမယ်-တစ်ထောင်တန်ပေးလိုက်လို့ကတော့ လွှင့်ပစ်တယ်ခင်ဗျ။ သိလိုက်ပုံများ"

"ဟုတ်လား - အေးအေး၊ ပိုက်ဆံကို သိတတ်တာကောင်းတာပေါ့။ အဲ. . . သိတတ်ရင်ကောင်းတာပေါ့၊ ငါတောင်ကြည့်ရင်းရင်တုန်နေတယ်။ဟိုမှာတံတွေးနဲ့နူးပြီးပြဲတော့မယ်"

သူ့အဖေ အပြုံးမပျက်ပါဘူး။

"အမလေး - သွားတောင်းရင်ဝုန်းဒိုင်းကြဲနေရော ဘကြီးရေ"

"ဟင် - ပြဲပြုသွားမှဖြင့်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပဲကြည့်နေရတာပဲ။ သိပ် စိတ်ကြီးတာ၊ ဘကြီးချော့တောင်းကြည့် ပါလား။ တောင်းတာနဲ့ဆတ်ခနဲဖြုပလိုက် ရော"

"ဟာ - တစ်ခုခုတော့လွဲနေပြီနဲ့တူ တယ်။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံဆိုတာက တော့ ဟာ - သွားပြီ. . . သွားပြီ"

ပြောနေရင်း ကလေးကဆွဲဖြဲ လိုက်ပါတော့တယ်။ ထောင့်နားမှာ ပြဲသွားပါပြီ။ နှုမြောလို့ ဘာပြောရမှန်း တောင်မသိဘဲကြည့်နေပေမယ့် သူ့ အဖေက ဟုတ်ပြီကွ၊ ဟုတ်ပြီကွ ဆိုတဲ့ ကြွသံပေးပြီး သူ့အမေက ကလေးရဲ့ ပါးလေး ကို အားရပါးရနမ်းနေပါတယ်။ ပိုက်ဆံဆိုရင် ရွှတ် - သိတတ် ရွှတ် - သိတတ်လိုက်တာလွန်ရော ရွှတ် ဆိုပြီး နမ်းနေပါတယ်။

သက်ပြင်းကို မသိမသာချလိုက်မိ ချိန်မှာတော့ -

"ဘကြီး၊ ကျွန်တော်ကယ်ရီဆွဲဖို့ သွားတော့မယ်။ သူ့အမေဈေးရောင်းဖို့ ပစ္စည်းလေးတွေလည်းသွားဝယ်ရဦးမယ်"

"ဩော် - အေးအေး"

မြေစိုက်အိမ်ကျူထရံလေးဘေးမှာ ရပ်ထားတဲ့ ဆိုင်ကယ်ဖွတ်ချက်ဖွတ်ချက် လေးကို တဖုန်းဖုန်းနဲ့ ခပ်ကြာကြာစက် နှိုးရင်းထွက်သွားပါပြီ။ ပိုက်ဆံသွားရှာ



www.burmeseclassic.com

www.burmeseclassic.com

တာပါ။

■

"ဟဲ့ - ကလေးကို ဘာလို့ပိုက်ဆံအိတ်ပေးထားရတာလဲ"

"ဦးလေး၊ သူကအဲဒီအတိုင်းပဲ။ ပိုက်ဆံအိတ်တို့ပိုက်ဆံတို့နဲ့ပဲဆော့တယ်။ သူ့အမေဆီကကိုလုယူပြီးဆော့တယ်"

"ဟင် - မင်းတို့ဟာ မဟုတ်သေးပါဘူး။ ဟိုမှာတစ်ထောင်တန်၊ငါးရာတန်တွေပြန့်ကျဲနေပြီ။ ဟိုနှစ်ရာတန်ဆိုစုတ်တောင်သွားပြီ။ ကလေးကဘယ်သိမှာလဲ။ ဟိုဖြဲဒီဖြဲတွေလုပ်ကုန်ရင် ဘယ့်နှယ်တုံး"

"ဒီလိုပဲ ချော့တောင်းရတာပဲ ဦးလေး။ ဒီလိုထားမှလည်း သူ့အမေအလုပ်လုပ်လို့ရတယ်"

ကလေးကတစ်နှစ်ကျော်ပြီ။ နှစ်နှစ်မရှိတရှိအရွယ်လေး။ ပိုက်ဆံတွေကို ဆော့နေတာမွစာကြဲနေတာပဲ။ သူ့အမေက ဘေးနားမှာစက်ချုပ်နေလေရဲ့။ သူ့အဖေက ရေသန့်ဘူးတွေကို တွန်းလှည်းနဲ့လိုက်ပို့တာ။

"မင်းတို့ ဒီလိုပေးထားတော့ ကလေးကဘာသိမှာတုံးကွာ။ ကလေးဆိုတာ ဆော့တတ်တဲ့သဘောပဲ သိမှာပေါ့။ တော်ကြာ မင်းတို့ချွေးနဲ့စာလေးတွေစုတ်ကုန်ပြဲကုန်မှဖြင့်"

"ဒီလိုပဲပေးထားရတာပဲ ဦးလေး။ အဲ - သူဆော့လို့အားရသွားမှာပဲ ဒီပြင်ဟာပြောင်းဆော့မှ ဒါမှမဟုတ် ဆော့ရင်းအိပ်ပျော်သွားမှ ပြန်ယူရတယ်။ ပြဲတဲ့ဟာလည်းပြဲပေါ့။ တချို့ဟာကျတော့လည်း သုံးလို့မရတော့ရင် ဘယ်တတ်နိုင်မလဲ"

"မင်းတို့က ပင်ပင်ပန်းပန်းရှာကြရတာလေ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒီလိုမှမပေးထားပြန်ရင် ဂျီတယ် ဦးလေးရဲ့။ ဟိုဟာပေါက်ခွဲဒီဟာပေါက်ခွဲတွေလုပ်ကရော"

ပြောစရာစကားများ ရှာမတွေ့တော့ပါ။ ခေါင်းလေးညိတ်ပြုံးပြပြီး ဒီမိသားစုလေးကို ကျောခိုင်းရင်း လမ်းဆက်လျှောက်လိုက်ပါတယ်။ နောက်ဘက်နားဆီက အသံတစ်သံထွက်လာပါတယ်။

"ဟော-ပြဲသွားပြီ သမီးနော်၊ ရိုက်ရိုက် ဟာ - သွားပြီ"

■

"ဟဲ့ - မအုန်းကျင်"

"ရှမ် "

"နင့်ကို ငါ သတိထားကြည့်နေတယ်။ မောင်မိုးက ပိုက်ဆံပေးလိုက်ပြီဆိုရင် ဘေးနားကြမ်းပြင်ပေါ်ကို ပိုက်ဆံပစ်ချလိုက်တာနဲ့ဘာနဲ့"

မအုန်းကျင်ရယ်နေပါတယ်။မောင်မိုးကလည်း ဟုတ်တယ် ဆိုတဲ့အဓိပ္ပာယ်နဲ့ ခေါင်းညိတ်ပြပြီးရယ်နေပါတယ်။

"အဲဒါ ဘာဖြစ်လို့လဲ အဘ"

"ဘာဖြစ်ရမလဲ - မလုပ်ကောင်းဘူးလေ"

"ဟို. . . ဘာရယ်တော့မဟုတ်ပါဘူး။ ခပ်လွယ်လွယ်ဘေးချထားလိုက်တာပါ"

"ဘေးချထားရုံမကပါဘူး အုန်းကျင်ရယ်၊ နင်တစ်ခါတစ်ခါကျော်လွှားသွားတာတွေလည်းငါမြင်ခဲ့ဖူးပါတယ်။ ဟုတ်တယ်မို့လား မောင်မိုး"

"ဟုတ်တယ် အဘ"

"အေး - ငါပြောမယ်။ မင်းတို့တိုက်ခန်းလေးငှားနေနိုင်တဲ့ ဘဝကနေဆယ်ပေအိမ်ဖြစ်သွားပြီ ကြည့်စမ်း။ ငါပြောချင်တာက. . ."

"အဘကလည်း သမီးပိုက်ဆံဒီလိုချလို့ တိုက်ခန်းကနေဒီအိမ်လေးဖြစ်သွားတယ်လို့ပြောချင်နေပုံရတယ်။ တိုက်ခန်းကလည်း ကျဉ်းကျဉ်းလေးပဲဟာ"

"အေးပါ၊ ငါက မောင်မိုးကိုသံယောဇဉ်ဖြစ်လို့ပြောမိတာပါ။ နင်တို့နန်းကြီးသုပ်ရောင်းကတည်းကငါလာလာစားနေတာမို့ ခင်တာကြာလာတော့သံယောဇဉ်ဖြစ်လို့ပါ။ တခြားတော့မရှိပါဘူး။ ပိုက်ဆံကို ဟိုပစ်ချဒီပစ်ချလုပ်တာတွေ၊ ခြေနင်းဖတ်ချထားပြီးတော်တော်နဲ့မသိမ်းဘဲထားတာတွေဟာ အင်း - သိပ်တော့မကောင်းဘူးပေါ့ သမီးရယ်။ ငွေကိုကိုယ်ကခင်မှငွေကကိုယ့်ကိုခင်မယ်လေ။ ဖြစ်သလို မလုပ်ကောင်းဘူး"

"ဟော - ကိုမိုး အဘက ပြောတတ်တယ်နော်"

"ပြောတတ်တာမဟုတ်ဘူး၊ အဘစေတနာနဲ့ပြောတာပါ။ ဒီလိုတွေလုပ်ပါများရင် သမီးတို့ မစုမိတော့ဘူးလေ။ ရှာလေကုန်လေဖြစ်လာတော့မှာ။ ဒါကိုအဘကမြင်နေလို့။ ဘာပဲဖြစ်ဖြစ် အိမ်ကြီးကနေ အိမ်လေးဖြစ်တယ်ဆိုတာ အဘသိပ်ဘဝင်မကျလို့ပါ"

"ရှာလေကုန်လေ၊ ဟာ - အဘအကြားအမြင်ဗေဒင်ဟောနေသလိုပဲ။ ဟုတ်တယ်-ကိုမိုးရေ၊ အဘက ဗေဒင်များဟောတတ်တာလားမသိဘူး။ တို့ဆီမှာလာဝယ်စားနေပေမယ့် နှုတ်လုံတယ်။ ဘာစကားမှမပြောတော့ တို့လည်းမသိဘူး။ ခုကြည့်စမ်း - အကြားအမြင်ရနေတယ်နဲ့တူတယ်"

"မရပါဘူး သမီးရယ်၊ အဘက ရိုးရိုးပြောတာပါ။ အဘပြောတာ ရိုးစင်းပါတယ်။ ငွေကိုလူကခင်မှ လူကိုငွေကခင်မယ်။ ငွေကိုပမာမခန့်လုပ်ရင် ငွေကလည်း လူကိုမခင်နိုင်တော့ဘူး။ဒီသဘောလေးပြောတာပါ။ ငွေကို ခြေနင်းကြမ်းပေါ်ဒီလိုပစ်ချလိုက်တာတို့၊ ခြေနင်းကြမ်းပေါ် ဖရိုဖရဲချထားတာတို့ သိပ်မကောင်းဘူးလေသမီး၊ ပစ်ကိုမချသင့်ဘူး။ အမြင့်တစ်နေရာရာလေးမှာတင်ထားသင့်တယ်။ အဘပြောရဲတယ်၊ ဒီလိုပစ်ချပစ်တာနဲ့ အမြင့်လေးမှာတင်ထားပြီးမှ သိမ်းတာ၊ သုံးတာ၊ စီးပွားတက်တာချင်းမတူစေရဘူး"

"ဩော်-အဲလိုလည်းရှိလားအဘ"

"ရှိတယ် သမီး"

"ဟာ-အဘအပြောကောင်းတယ်၊ နားဝင်သွားသလိုပဲ။ ခြေနင်းဖတ်ပေါ် ပစ်မချတော့ဘူး"

"အံမယ် - အုန်းကျင် ဒီတစ်ခါတယ်ဟုတ်ပါလား။ ငါဖွေအရင်ပြောဖူးပါတယ်။ နင်ကအယူမရှိဘူးဆိုလို့ အဘကိုတောင် ကျေးဇူးတင်ရမလိုဖြစ်နေပြီ"

"မလိုပါဘူး မောင်မိုးရယ်။ သားတို့အဆင်ပြေစေချင်လို့ အဘကအကြံပေးတာပါ။ အုန်းကျင်လိုက်နာမယ်ဆိုတာကိုပဲ အဘကကျေးဇူးတင်ရမှာပါ"

■

"ဘယ်လိုဖြစ်လာတာလဲ"

ပြောလေငိုလေဖြစ်နေတဲ့ မပြုံးရှိန်ကိုမေးရင်း လှမ်းကြည့်နေလိုက်ပါတယ်။

"ရိုက်တာဘယ်လိုမှမခံနိုင်တော့ဘူးဆရာ။ သမီးလည်းမနေချင်တော့ဘူး။ ခုလည်းပိုက်ဆံတွေကိုလွှင့်ပစ်တယ်လေ။ ဘဏ်ထုတ်ကကိုဆွဲဆွဲထုတ်ပြီးကားပေါ်ကလွှင့်ပစ်တာ"

"ဟာ - မလုပ်သင့်တာတွေ"

"သူကဒီလိုချည်းပဲ။ ထစ်ခနဲစကားများပြီဆိုတာနဲ့ ပိုက်ဆံတွေလွှင့်ပစ်ဖြပစ်နဲ့"

"ဒါမလုပ်ရဘူး။ သူ့အတွက်လည်း အန္တရာယ်ရှိတယ်"

"တစ်သက်လုံးကလုပ်လာတာဆရာ"

ဘာပြောလို့ပြောရမှန်းမသိတော့ပါ။ ရှာတာသူ၊ ဖြုန်းပစ်တာသူဖြစ်နေပါ

www.burmeseclassic.com

www.burmeseclassic.com

တော့တယ်။ ဒါကတော့ သူတို့ကိုယ်တိုင် ဆင်ခြင်မှုရမယ့်ကိစ္စကြီးပါ။ယကြာချေနဲ့ မရပါဘူး။ ဒီလိုဖျက်လိုဖျက်ဆီးစိတ်ဓာတ်ကို ရင်ထဲကမောင်းထုတ်နိုင်မှဖြစ်မှာပါ။ ထစ်ခနဲဆိုဒီလိုလုပ်နေလို့လားမသိပါဘူး၊ ဘာကြောလဲ။

သူတို့လင်မယားဝယ်ထားတဲ့တိုက်အိမ်လေးရောင်းလိုက်ရပါပြီ။ အခုတိုက်ခန်းလေးက မြို့နဲ့ဝေးတဲ့ရပ်ကွက်မှာငါးလွှာမှာ။ ကိုယ်ပိုင်တိုက်လေးကနေပြီး ငါးလွှာမှာငှားနေရတဲ့အဆင့်ဖြစ်သွားတာကတော့ သူတို့ကိုယ်သူတို့သိကြလိမ့်မယ် မထင်ပါဘူး။ ဒါပေမယ့် သူတို့ပိုက်ဆံရှာနေရဦးမှာပါ။

■

"ငွေ"။

သူ့ကိုခင်ရင် သူကခင်တာများပါတယ်။

ချမ်းသာကြွယ်ဝကြတဲ့သူငယ်ချင်းတွေနဲ့သွားဖူးလာဖူးသလို ချမ်းသာကြွယ်ဝနေကြတဲ့ ညီလေးတွေနဲ့လည်းသွားဖူးလာဖူးပါတယ်။ ဘုရားစုံဖူးခဲ့ဖူးပါတယ်။

သူတို့ကိုတစေ့တစောင်းအကဲခတ်လိုက်ရင် တူညီနေကြတာလေးတွေရှိကြပါတယ်။

အဲဒါကတော့ ငွေကိုတန်ဖိုးထားခြင်းပါပဲ။ ဗုန်းပေါလအောပစ်ပစ်ခါခါ သုံးလေ့မရှိကြပါဘူး။ ဟိုတုန်းကဆိုတစ်ဆယ်တန်လေးတွေကအစ အခုဆိုငါးဆယ်တန်လေးတွေကအစ သပ်သပ်ရပ်ရပ်ပိုက်ဆံအိတ်ထဲပြန်ထည့်ပြီးသုံးကြသူတွေပါ။

ဆိုင်တစ်ဆိုင်မှာဝင်စားလို့ ပိုက်ဆံရှင်းပြီဆိုရင်လည်း ဒါက ဘယ်လောက်ယူထားလဲ၊ ဟိုဟာကဈေးဆိုပြီး အတိအကျမေးလေ့ရှိပါတယ်။ ပြီးမှ ပြန်အမ်းငွေကို သေချာစစ်ယူပြီး ဝန်ထမ်းလေးတွေကို မုန့်ဖိုးပေးချင်တယ်ဆိုမှ သပ်သပ်တစ်ထောင်၊ နှစ်ထောင်ထုတ်ပေးလေ့ရှိပါတယ်။ အင်မတန်မှ တိကျကြပါတယ်။ ပိုက်ဆံကိုကိုင်တာများ သူတို့လက်နဲ့အယုအသိမ်းလုပ်နေပုံဟာ ကြည့်လို့လှနေသလိုတောင် ခံစားရပါတယ်။ အင်မတန်ညင်သာပါတယ်။ သပ်ရပ်ပါတယ်။ ပိုက်ဆံကို ဖျစ်ခနဲဖျတ်ခနဲပစ်ချလေ့မရှိပါဘူး။ ပိုက်ဆံအိတ်ကိုကိုင်တာတွယ်တာထားတာကအစ အင်မတန်မှ အတုယူစရာကောင်းလောက်အောင် တန်ဖိုးထားကြပါတယ်။ စည်းစနစ်နဲ့ အတော့်ကို သပ်ရပ်လှပါတယ်။ ပိုက်ဆံအိတ်ကို ကားပေါ် ဗုန်းခနဲ ပစ်တင်တာမျိုးမတွေ့ခဲ့မိပါဘူး။ စိတ်ထဲက ပြော်-ဒါကြောင့်လည်း သူတို့ချမ်းသာမှဟာ တရိပ်ရိပ်တက်လာတာပါလားဆိုပြီး ပီတိတွေဖြစ်ရပါတယ်။ ကြည်နူးရပါတယ်။

ပိုက်ဆံကို စောစောတင်ပြခဲ့တဲ့အတိုင်း ခပ်လွယ်လွယ် ကလေးကိုပေးဆော့ခိုင်းတာမျိုးတွေတော်တော်များများတွေ့ခဲ့ရဖူးပါတယ်။ တွေ့နေရတုန်းပါပဲ။

ဒါကြောင့်လည်း -

ဒီသူ့ရှုလက်ဆောင်ဖြစ်လာရတာပါ။

တချို့ကျတော့ ဒီဗဟုသုတလေးတွေနဲ့ အလှမ်းဝေးနေတတ်ကြပါတယ်။ ဒီလိုအလှမ်းဝေးနေသူတွေကို ရည်ညွှန်းပါတယ်။

ငွေဆိုတာ မထေမဲ့မြင်မလုပ်သင့်ပါဘူး။

ငွေမမက်ပါဘူးဆိုပေမယ့် မရှိမဖြစ်လိုအပ်ပါတယ်။

စားဝတ်နေရေးဆိုတာ ဒီငွေနဲ့ပဲဖြေရှင်းနေကြရတာပါ။

အဲဒီငွေကို တန်ဖိုးထားတတ်ဖို့ ငွေကိုခင်ဖို့လိုပါတယ်။ ဒါမှလည်း ငွေကကိုယ့်ကိုခင်မှာပါ။ မယုံမရှိပါနဲ့။

ငွေနောက်ကိုငမ်းငမ်းတက်လိုက်ဖို့ ဆိုလိုတာမဟုတ်ပါဘူး။

ကိုယ့်အရည်အချင်း၊ ကိုယ့်လုပ်အားနဲ့ရတဲ့ ကိုယ့်ချွေးနဲ့စာကို တန်ဖိုးထားတတ်ဖို့ပေးတဲ့အကြံပါ။

ဘာမှမသိနားမလည်ရှာသေးတဲ့ကလေးကို ပိုက်ဆံပေးဆော့ခိုင်းတယ်ဆိုတာ အေးအေးဆေးဆေးကိုင်ထားရင်တော့ တစ်မျိုးပေါ့။ ကလေးကပါးစပ်နဲ့ကိုက်မယ်ဆွဲဆုတ်ပစ်မယ်ဆိုရင်တော့ လူကြီးတွေက စဉ်းစားပေးရမှာပါ။ ကလေးပါးစပ်နဲ့ကိုက်ဆော့ပြီဆိုရင်လည်း ပိုက်ဆံမှာရေနူးသလိုဖြစ်ပြီးပြကုန်တာတစ်ခုထဲကြည့်လို့မရပါဘူး။

ဟိုလူကိုင်ဒီလူကိုင်လူပေါင်းစုံကိုင်ထားတဲ့ပိုက်ဆံဟာ ကလေးပါးစပ်ထဲရောက်ပြီဆိုရင် မသင့်တော်ပါဘူး။ ရောဂါပိုးဆိုတာ မြင်ရတာမဟုတ်ပါဘူး။ ဘယ်ဘက်ကလှည့်ကြည့်ကြည့် ကလေးပါးစပ်ထဲပိုက်ဆံရောက်တာဟာ မသင့်တော်ပါဘူး။ ကျန်းမာရေးရှုထောင့်ကကြည့်ပါ။

လူကြီးတောင် ပိုက်ဆံတွေကိုင်ပြီးအစားအသောက်ကိုင်တော့မယ်ဆိုရင်လက်ဆေးသင့်ပါတယ်။

ဒါက ကျန်းမာရေးအပိုင်း။

ကလေးက ဘာသိမှာလဲ။ ဆော့စရာထင်ပြီး ဖြဲဆုတ်တာကို ပီတိဖြစ်နေရအောင် ဒီပိုက်ဆံက ကိုယ်အချောင်ရလာတာမဟုတ်ဘူးလေ။ ကိုယ့်ချွေးနဲ့စာ။ ငါးရာဆိုလည်း ငါးရာသိသိ၊ တစ်ထောင်ဆိုလည်းတစ်ထောင်သိသိတန်ဖိုးထားရပါလိမ့်မယ်။ ကလေးလက်ထဲရောက်တာနဲ့ ကလေးလုပ်သမျှကို ပီတိနဲ့ကြည့်နေမယ်ဆိုရင် ပိုက်ဆံကို တန်ဖိုးမထားရာရောက်ပါတယ်။ ဒီလိုချစ်ပုံမျိုးကတစ်မျိုးကြီးပါ။ ပြုံပြုံစုတ်စုတ်ကြည်နူးနေတာဟာသဘာဝသိပ်မကျပါဘူး။ ဒါကြောင့် ဘာမှန်းညာမှန်းမသိသေးတဲ့ အရွယ်ကလေးတွေကို ပိုက်ဆံပေးမထားသင့်ပါဘူး။ ဘေးကကြည့်နေရတဲ့သူတွေက ရင်တမမနဲ့ဖြစ်လေ အေးဆေးပါဆိုတဲ့ပုံစံနဲ့လုပ်ပြနေလေဆိုတာကြီးက တလွဲဆံပင်ကောင်းနေပါတယ်။ ဒါလောက်ပိုက်ဆံကို ဂရုမစိုက်ဘူးဆိုတဲ့ပုံစံလုပ်ပြနေကြတဲ့ အဲဒီတလွဲဆံပင်ကောင်းကြသူတွေကိုကြည့်လိုက်ရင် ဘဝကို အတော်ကလေးရုန်းကန်နေကြရတဲ့သူတွေများပါတယ်။

လူတစ်ယောက်ကိုးကိုးကတ်ကတ်ပြောတာကြုံဖူးပါတယ်။ ဒီအကြောင်းပါပဲ။ ကလေးပိုက်ဆံကြိုက်တာ မကောင်းဘူးလားလို့ မေးဖူးပါတယ်။

ကလေးပိုက်ဆံကြိုက်တာကောင်းတာပေါ့။ ဒါပေမယ့် ကလေးပိုက်ဆံကိုက်ဖြဲတာ၊ ဆုတ်ဖြဲတာကတော့ မကောင်းဘူး။ ဒါကပျက်စီးသွားတဲ့နိမိတ်အမြင်လို့ပြောလိုက်တော့မှ ဘာမှမပြောတော့





www.burmeseclassic.com

www.burmeseclassic.com

ဘူး။ တချို့ မုန့်ဖိုးတောင်းပြီး ပိုက်ဆံစုကြတဲ့ကလေးလေးတွေလည်းရှိကြပါတယ်။ သူ့အရွယ်နဲ့သူပေါ့။ ခုပြောတာက မသိတတ်ကြသေးတဲ့အရွယ်လေးတွေပါ။

လူတိုင်းဟာ ကိုယ့်သားသမီး၊ ကိုယ့်မြေးတွေကို ချစ်ကြသူတွေချည်းပါပဲ။ ပိုက်ဆံကို ကိုက်ဖြဲဆုတ်ဖြဲလုပ်နေတာနဲ့ ချစ်တာနဲ့တော့ မရောထွေးသင့်ပါဘူး။ တန်ဖိုးဆိုတာကို ပြောပြတာပါ။ ဒိပြင်ကစားစရာလေးတွေ ပေးလို့ရပါတယ်။

ကိုယ့်ပတ်ဝန်းကျင်ကိုလေ့လာကြည့်ပါ။

ဒီလိုကလေးလက်ထဲပိုက်ဆံထည့်ပြီး ဆုတ်သမျှ ဖြဲသမျှ သဘောကျနေကြတဲ့သူတွေရဲ့ ဘဝပုံရိပ်လေးတွေကို လေ့လာကြည့်ပါ။

ဒါဆို ဒီသူရဇ္ဇလက်ဆောင်က စကားပြောနေပါလိမ့်မယ်။

ပြီးတော့ -

လင်မယားရန်ဖြစ်တိုင်း ပိုက်ဆံကိုကိုင်ပေါက်တာ၊ လွှင့်ပစ်တာ၊ လုံးခြေပစ်တာ၊ လုံးဝဂရုမစိုက်တဲ့ပုံနဲ့ ခြေနင်းဖတ်ချထားတာတွေကိုမြင်ရင် ထပ်လေ့လာကြည့်ပါ။ သူတို့ရဲ့ဘဝပုံရိပ်လေးတွေကို လေ့လာကြည့်ပါ။ ဘဝအတက်အကျကို လက်တွေ့မြင်ရပါလိမ့်မယ်။

ဘယ်အရာဖြစ်ဖြစ် လက်တွေ့က ပိုကောင်းပါတယ်။

ဒီလိုလက်တွေ့နဲ့ယှဉ်တဲ့အကြံပေးချင်လို့ သူရဇ္ဇလက်ဆောင်ဖြစ်ပေါ်လာခဲ့ရတာပါ။

ငွေကြေးချမ်းသာကြွယ်ဝကြသူတွေမှာ အသုံးစရိတ်တို့စာရင်းဇယားတို့ထားကြတာဟာ တကယ့်ကိုအတုယူသင့်ပါတယ်။

တကယ့်ကို တိတိကျကျမှတ်သားကြသူတွေပါ။ သူတို့ဟာသူတို့ ခင်လို့ တစ်ယောက်ယောက်ကို ပေးစရာရှိရင်လည်း အဲဒီပေးစရာပစ္စည်းရဲ့တန်ဖိုးကို တိတိကျကျမှတ်ခိုင်းလိုက်ပါတယ်။ ဩော် - ဒါကြောင့်လည်း သူတို့ချမ်းသာနေကြတာကိုး။ ငွေကို ဒီလိုတန်ဖိုးထားကြလို့လည်း ငွေက သူတို့ကိုခင်နေတာကိုးဆိုတဲ့ ပီတိတွေဖြစ်ရပါတယ်။

ဒီပီတိ၊ ဒီအတွေ့အကြုံ၊ ဒီဗဟုသုတလေးတွေကို လက်လှမ်းမီသလောက် ပေးဝေမိပါတယ်။ဗဟုသုတယူချင်လည်း ယူကြရအောင်လို့ပါ။

စောစောတင်ပြခဲ့သလို ဘာမှန်း မသိကြသေးတဲ့ ကလေးလေးတွေလက်ထဲကို ပိုက်ဆံထည့်ထည့်ပေးတတ်ကြသူတွေမှာ ဘဝအမောလေးတွေမပြေကြတာလေးတွေရှိနေကြတာ လက်တွေ့ မြင်ခဲ့ရပါတယ်။

ပြည့်စုံကြသူတွေရဲ့ကလေးလေးတွေ လက်ထဲမှာတော့ ဒီလိုမျိုးမတွေ့မိတာ မှတ်သားမိပါတယ်။

ဘယ်အရာဖြစ်ဖြစ် အတုယူသင့်ရင်ယူရမှာပါ။

တိုးတက်ခြင်း၊ အောင်မြင်ခြင်း၊ ကောင်းမွန်ခြင်း၊ ပြည့်စုံခြင်းကိုဖြစ်လာစေတဲ့အကြောင်းတရားတွေဆိုရင် အတုယူသင့်ယူရမှာပါ။ ကောင်းခြင်းကို အတုယူတာကောင်းပါတယ်။

သူ့ကလေးကို ဒီလိုပိုက်ဆံပေးထားလို့ ဆုတ်ဖြဲတာ၊ ဂရုမစိုက်သလို ငါ့ကလေးကိုလည်း ဒီလိုပေးထားပြမယ်။ ဆုတ်ဖြဲပါစေ ဘာဖြစ်လဲဆိုတာမျိုးက တလွဲဆံပင်ကောင်းတာဖြစ်ပါတယ်။

သိထားသင့်တာလေးတစ်ခုတော့ ပြောချင်ပါတယ်။

အဲဒါကတော့ -

ကိုယ်တွေ ကျန်းကျန်းမာမာနဲ့ ချမ်းသာမှ ကိုယ့်ကလေးချမ်းသာမှာပါ။ ကိုယ့်ကလေးကိုချစ်ရင်၊ ကိုယ့်ကလေးကို ချမ်းသာစေချင်ရင် ကိုယ်က ချမ်းသာအောင်ကြိုးစားရပါလိမ့်မယ်။ဒီလိုကြိုးစားတဲ့နေရာမှာ စည်းကမ်းဆိုတာမေ့ထားလို့ မရပါဘူး။ တန်ဖိုးဆိုတာကိုလည်း ဂရုမစိုက်လို့မရပါဘူး။ စည်းကမ်းရှိတာရယ်၊ တန်ဖိုးသိတာရယ်ဟာ ဘဝအဆင့်ဆင့်မြင့်တက်သွားစေနိုင်တဲ့အကြောင်းတရားတွေထဲမှာ သူတို့လည်းပါပါတယ်။ အဲဒီအသိတရားလေးတွေလည်းပါပါတယ်။

ကလေးကို ပိုက်ဆံပေးလို့ရပါတယ်။

သိတတ်လာတဲ့အရွယ်၊ ပိုက်ဆံကိုနားလည်လာတဲ့ အရွယ်လေးတွေမှာ မုန့်ဖိုးပေးတာ၊ စာကြိုးစားလို့ ဆုချတာဒါက တန်ဖိုးသိနေကြပါပြီ။ သူတို့လေးတွေကိုလည်း စည်းကမ်းရှိရှိ တန်ဖိုးသိသိသုံးတတ်အောင်ပြောပြလို့ရပါပြီ။စုတတ်ဆောင်းတတ်အောင်လည်း ပြောပြလို့ရပါပြီ။

ခုပြောခဲ့တာက ဘာမှန်းညာမှန်း မသိသေးတဲ့အရွယ်လေးတွေလက်ထဲကို ထည့်ထည့်ပေးကြတဲ့ ပိုက်ဆံနဲ့ပတ်သက်ပါတယ်။

ရှိမှာပါ၊ ကလေးလေးတွေကို ချစ်လွန်းလို့ မုန့်ဖိုးပေးကြသူတွေ အများကြီးပါ။ ဒီလိုချစ်လို့ပေးလိုက်ပြီဆိုတာနဲ့ ကလေးလက်ထဲရောက်သွားပြီး ပြန်တောင်းမရပြုမရ ကိုက်ဆွဲဆွဲဖြဲလုပ်နေမယ်ဆိုရင် ပေးရတဲ့သူခမျာလည်းနှမြောတာတို့ ရင်တမမတို့ဖြစ်နေမှာပါ။ ဥပမာတစ်သောင်းတန်ပေးလိုက်လို့ ပါးစပ်နဲ့ကိုက်ပြီး ဆွဲဖြဲလိုက်မိရင်၊ ငါးထောင်တန်ကို လိမ်ပြီးဆွဲဖြဲလိုက်မိရင် ဘယ်လိုလုပ်မလဲ။

ပေးရတဲ့သူလည်းပီတိဖြစ်အောင် ချီထားတဲ့အမေ ဒါမှမဟုတ် အဖေက ကလေးဆီကရအောင်ယူပြီး တန်ဖိုးထားပြရမှာပေါ့။

'အေး - သမီးလေး၊ အေး-သားလေး, ဘိုးဘိုးပေးတာနော်၊ ဘွားဘွားပေးတာနော်၊ ဦးဦးပေးတာနော်၊ ဘဘပေးတာနော်၊ သားလေးကို အင်္ကျီလှလှလေးဝယ်ပေးမယ်နော်၊ ဘောင်းဘီလှလှလေးဝယ်ပေးမယ်နော်' ဆိုပြီး ချော့မော့ပြီး သိမ်းထားပြရင်၊ လေးလေးစားစားကိုင်ထားပြရင် ပေးရတဲ့သူရဲ့ရင်ထဲမှာလည်း ကြည်နူးမှာပါ။

စောစောကလို သူပေးလိုက်တဲ့မုန့်ဖိုးကို သူ့ရှေ့မှာ ဆုတ်ဖြဲတာမြင်လိုက်ရတာနဲ့၊ သူပေးလိုက်တာကို သူ့ရှေ့မှာ တလေးတစားသိမ်းပြတာ ဘယ်ဟာကို နှစ်သက်မယ်ဆိုတာ စဉ်းစားကြည့်ရုံနဲ့ သိပါလိမ့်မယ်။

ကိုယ့်ကလေးကိုချစ်ပြီး ထပ်ထပ်ပေးတာ ပိုမကောင်းဘူးလား။

ငါပေးလည်းငါ့ပိုက်ဆံဟာပြဲဆုတ်သွားတာပဲဆိုတဲ့ စိတ်တထင့်ထင့်နဲ့မပေးချင်တော့ရင်ကော. . .

ဒါဆို -

ဒီလအတွက် သူရဇ္ဇလက်ဆောင်ပေးရကျိုးနပ်ပါပြီ။

တချို့ကျတော့ ဒီဗဟုသုတလေးတွေနဲ့ အလှမ်းဝေးနေတတ်ကြပါတယ်။

ဒီလို အလှမ်းဝေးနေကြသူတွေအတွက် ရည်ညွှန်းရင်း -

ဒီလမှာ ငွေဝင်ငွေခင်ဖို့ သူရဇ္ဇလက်ဆောင်ပေးလိုက်ပါပြီ။

ကျန်းကျန်းမာမာနဲ့ -

ချမ်းသာခြင်းများစွာပိုင်ဆိုင်ကြပါစေ။

ပြည့်စုံကြပါစေ။

ဆရာဦးမောင်မောင်သန်း

(ရင်ဂိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# (ကြို့ပြင်ကောက်) မောင်အေးသန်း

## သမ္ဗုဒ္ဓေအစွမ်း အံ့မခန်း

မိမိဘဝ သိတတ်ခါစ ကလေး အရွယ် အသက် (၁၀) နှစ်သားမှစပြီး မိဘများ၏ သွန်သင်ဆုံးမမှုများကြောင့် နေ့စဉ် ညအိပ်ရာမဝင်ခင် ဘုရားရှိခိုးသည့် အလေ့အကျင့်ဖြစ်စေခဲ့ရပါသည်။ သမ္ဗုဒ္ဓေဘုရားရှိခိုးကိုလည်း နေ့စဉ်ရွတ်ဆိုရပါသည်။ ကလေးဘဝကပင် သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးမှာ ရင်းနှီးကျွမ်းဝင်ခဲ့ရခြင်းဖြစ်ပါသည်။ ယနေ့အထိ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို နေ့စဉ်ရွတ်ဆိုလျက်ရှိပါသည်။ အိမ်မှာနေရင်း၊ ယာဉ်ရထားစီးရင်း၊ လမ်းလျှောက်နေရင်း၊ အလုပ်လုပ်နေရင်း အချိန်ရှိသရွေ့ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို ရွတ်ဆိုနေခဲ့ပါသည်။

သမ္ဗုဒ္ဓေဂါထာတော်ဘုရားရှိခိုးကို နေ့စဉ်ဝတ်မပျက် အချိန်ရှိတိုင်း ရွတ်ဆိုနေခြင်းကြောင့် မိမိဘဝတစ်လျှောက်လုံး အစိုးရအမှုထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူပြီးသည့် ယနေ့အချိန်အထိ ဘေးအန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရပါသော်လည်း အသက်သေလောက်သည်အထိ မိမိမှ ခံစားခဲ့ရခြင်းမရှိပါ။ အစိုးရအမှုထမ်းကာလ နှစ်ပေါင်း (၃၅)နှစ်တာကာလအတွင်း အခက်အခဲ၊ အကျပ်အတည်း၊ အနှောင့်အယှက်၊ အဟန့်အတားများနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရပါသော်လည်း အောင်မြင်စွာကျော်လွှားနိုင်ပြီး လုပ်ငန်းကိစ္စအဝဝအဆင်ပြေချောမွေ့စွာဖြင့်ဆောင်ရွက်နိုင်ခဲ့ရပါသည်။ မိမိဘဝတစ်လျှောက် ဖြစ်ပေါ်ခဲ့ရသည့် ကိုယ်တွေ့ဖြစ်စဉ်မှန်များကို ရေးသားတင်ပြလိုက်ရပါသည်။

၁၉၆၇ ခုနှစ်၊ မတ်လအတွင်း နေ့တစ်နေ့ ညသန်းခေါင်ယံအချိန် ည (၁၂) နာရီခန့်တွင် မိမိမွေးရပ်ဇာတိမြို့ကို သောင်းကျန်းသူများမှ လက်နက်မျိုးစုံဖြင့် ပစ်ခတ်ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ အစိုးရရုံး၊ အဆောက်အအုံများ၊ ကုန်သွယ်ရေးဂိုဒေါင်များကို မှိုင်းခွဲမီးရှို့ဖျက်ဆီးကြပါသည်။ သေနတ်မျိုးစုံကို မိုးပေါ်ထောင်ပစ်ခတ်ခြောက်လှန့်ခြင်းအားပြုလုပ်ပြီး မြို့သူမြို့သားများကိုပစ်ခတ်သတ်ဖြတ်ခြင်းမပြုလုပ်ကြပါ။ ပစ်ခတ်သံ၊ မီးလောင်သံ၊ အော်ဟစ်ပြေးလွှားသံများဖြင့်ဆူညံနေပြီး မီးအရှိန်ကြောင့် တစ်မြို့လုံးလင်းထိန်နေပါသည်။ မိမိတို့မိသားစုများမှာ နေအိမ်ထဲမှ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို ဘုရားအားအာရုံပြုလျက် ရွတ်နေကြပါသည်။

မီးအလင်းရောင်များကြောင့် လမ်းထဲတွင် သောင်းကျန်းသူများသွားလာလှုပ်ရှားနေသည်များကို မြင်တွေ့နေရပါသည်။ မျက်နှာချင်းဆိုင် နေအိမ်အားသောင်းကျန်းသူများမှ သော့ကိုရိုက်ချိုးပြီး တံခါးကိုဖျက်ဆီးကာ မီးရှို့ရန်ကြိုးစားနေကြပါသည်။ အဆိုပါ နေအိမ်မှာ ကျေးရွာမှ ရွာသူကြီးတစ်ဦးမှာ ကျေးရွာတွင်မနေရဲသဖြင့် ပြောင်းရွှေ့နေထိုင်သည့်နေအိမ်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် မိမိတို့လမ်းထဲရှိ ဆက်သွယ်ရေးရုံး၊ စာတိုက်ကိုမီးရှို့ရန် ကြိုးစားနေကြပါသည်။ ထိုအချိန်တွင် ကွဲချိုမှုတ်သံထွက်ပေါ်လာပြီးနောက် သောင်းကျန်းသူများမှာ မြို့တွင်းမှထွက်ခွာသွားကြပါသည်။ ကံကယ်သဖြင့် မိမိတို့လမ်းထဲမှ နေအိမ်နှင့်ဆက်သွယ်ရေးရုံး၊ စာတိုက်တို့မှာ မီးလောင်မှုမှ လွတ်ကင်းခဲ့ရပါသည်။

သောင်းကျန်းသူများမီးရှို့ဖျက်ဆီးမှုကြောင့် အစိုးရရုံး၊ အဆောက်အအုံများ၊ ငွေတိုက်၊ ဂိုဒေါင်များ၊ မိမိနေအိမ်နောက်ကျောဘက်မှ လူနေအိမ်များ၊ ဈေးတို့မှာ မီးလောင်ပြာကျခဲ့ရပါသည်။ အဆိုပါမြင်ကွင်းကို ယနေ့အထိ မျက်စိထဲတွင် မြင်နေမိပါသေးသည်။

၁၉၈၀ ပြည့်နှစ်၊ ဇူလိုင်လတွင် မြို့နယ်လုံးကျွတ်စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိမှ ကျေးရွာများသို့ သွားရောက်ခဲ့ရာ သောင်းကျန်းသူများရှိရာ ကျေးရွာများသို့ သွားရောက်ခဲ့ရပါသော်လည်း ဘေးကင်းစွာဖြင့် လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် မိမိမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့်အားလျော်စွာ မြို့နယ်ရပ်ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ရဲတပ်ဖွဲ့နှင့်အတူ ကျေးရွာများသို့သွားရောက်ခဲ့ရာ ဘေးကင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် မိမိတာဝန်ကျရာကျေးရွာသို့ သွားရောက်အမှုထမ်းခဲ့ရပါသည်။ အဆိုပါကျေးရွာမှာ မြို့၏အရှေ့ဘက် အရှေ့ပဲခူးရိုးမအနီးရှိ မြို့နှင့်ဝေးကွာလှသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ အရက်ပုန်းရောင်းချသူများ၊ အရက်သောက်သူများပြားပြီး ရာဇဝတ်မှုထူပြောသည့်ကျေးရွာလည်းဖြစ်ပါသည်။ အဆိုပါကျေးရွာတွင် (၂) နှစ်ခွဲခန့် တာဝန်ထမ်းဆောင်ခဲ့ရာ ဘေးအန္တရာယ်ကင်းစွာဖြင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်နိုင်ခဲ့ရပါသည်။

၂၁-၈-၁၉၈၇ ရက်နေ့တွင် ဖောင်ကြီးမှ ဘတ်(စ်)ကားစီးလာခဲ့ရာ လမ်းခရီးတွင် ကားရှေ့ဝင်ရိုးကျိုး၍ ကားမှာ ညာဘက်သို့ တိမ်းစောင်းသွားပါသည်။ ကားပေါ်ပါသူများ ထိခိုက်မှုမဖြစ်ခဲ့ပါ။ ကားပြောင်းစီးပြီး ဆက်လက်ထွက်ခွာခဲ့ရာ လှည်းကူးမြို့သို့ရောက်ပါသည်။ လှည်းကူးမြို့မှ ကားပြောင်းစီးပြီး သထုံမြို့သို့ ခရီးဆက်ခဲ့ပါသည်။ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ကားနောက်ဘီးပေါက်ပြီး ကားမှာ လမ်းဘေးသို့ ထိုးဆင်းသွားခဲ့ပါသည်။ ခရီးသည်များထိခိုက်မှုမဖြစ်ခဲ့ပါ။ ကားဘီးလဲပြီး ဆက်လက်ထွက်ခွာခဲ့ရာ ဝေါမြို့နယ် အဗျကျေးရွာအရောက်တွင် ကားတိမ်းမှောက်ပါသည်။ ယာဉ်မောင်းလက်ကျိုးပြီး စပယ်ယာမှာ ခေါင်းကွဲပါသည်။ ခရီးသည်အချို့မှာ ခေါင်းကွဲ၊ လက်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သော်လည်း မိမိမှာတစ်စုံတစ်ရာထိခိုက်မှုမဖြစ်ခဲ့ရပါ။ ထိခိုက်ဒဏ်ရာရသူများကို ဝေါဆေးရုံသို့ပို့ရပါသည်။ မိမိမှာကားပြောင်းစီးပြီး ခရီးဆက်လက်ထွက်ခဲ့ရာ သထုံမြို့ကို ညနေ(၄)နာရီတွင် ရောက်ရှိခဲ့ရပါသည်။

ထိုခရီးစဉ်တွင် တစ်နေ့တည်း ကားမတော်တဆမှု(၃)ကြိမ်ဖြစ်ပွားခဲ့ပါသော်လည်း မိမိမှာထိခိုက်ဒဏ်ရာရရှိခြင်းမဖြစ်ခဲ့ပါ။ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို ကားစီးရင်းရွတ်ဆိုနေခြင်းကြောင့်ဟု



www.burmeseclassic.com

www.burmeseclassic.com

ရပါမည်။

၁-၇-၁၉၉၂ ရက်နေ့တွင် မအူပင်မြို့သို့ သင်္ဘောဖြင့် နေ့ချင်းပြန်အသွားအပြန်သွားရောက်ခဲ့ပါသည်။ မိုးတွင်းကာလလေထန်လှိုင်းထန်နေသည့်အတွက် မိမိမှာ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို ရွတ်ဆိုလိုက်ပါခဲ့ပါသည်။ ဘေးကင်းလုံခြုံစွာဖြင့် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရပါသည်။

၁၄-၅-၁၉၉၃ ရက်နေ့တွင်တော့ လေယာဉ်ဖြင့် စစ်တွေမြို့သို့သွားရောက်ခဲ့ရာ ရာသီဥတုဆိုးရွားနေသဖြင့် လေယာဉ်ကွင်းကိုမမြင်ရ၍ ချက်ချင်း လေဆိပ်သို့မဆင်းသက်နိုင်ခဲ့ပါ။ အချိန် (၅) မိနစ်ခန့်ကြာမှ ဆင်းသက်နိုင်ခဲ့ရပါသည်။ မိမိမှ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို ရွတ်ဆိုနေခြင်းကြောင့်သာ ဘေးကင်းခဲ့ရကြောင်း သုံးသပ်မိပါသည်။

၇-၂-၂၀၁၀ ရက်နေ့ တောင်ငူမြို့တွင် တာဝန်ထမ်းဆောင်စဉ်က မိမိမှ ဘဏ်မှငွေထုတ်ပြီးအပြန် ရန်ကုန် - မန္တလေးကားလမ်းမကြီးအတိုင်း စက်ဘီးဖြင့်ပြန်ခဲ့ရာ နောက်မှ ဆိုင်ကယ်ဖြင့်ဝင်တိုက်ခြင်းကိုခံရပါသည်။ မိမိမှ အတိုက်ခံရသည့်အချိန်ကြောင့် ရှေ့သို့ ဒိုင်ဗင်ထိုးကျရာ လက်ထောက်လိုက်သဖြင့် လက်သာနာကျင်ခဲ့ရပြီး စက်ဘီးနောက်ဘီးခွင်သွားပါသည်။ မိမိမှာ ပြင်းပြင်းထန်ထန်ဒဏ်ရာမရရှိခဲ့ပါ။ မိမိမှာ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို ရွတ်ဆိုနေခြင်းကြောင့်သာ ဘေးကင်းခဲ့ရကြောင်း ထင်မြင်မိပါသည်။

၂၅ - ၈ - ၂၀၁၀ ရက်နေ့ မှောင်စပျိုးနေချိန် ညနေတွင် မန္တလေးမှ ဇီးပင်ကြီးကျေးရွာသို့ ဆိုင်ကယ်ဖြင့်ပြန်လာခဲ့ရာ တောင်တက်လမ်းအရောက်တွင် ဆိုင်ကယ်မှာ စက်ရပ်သွားခဲ့ပြီး မိမိတို့နှစ်ဦးမှာ လမ်းဘေးသို့ လူရောဆိုင်ကယ်ပါ လဲကျခဲ့ပါသည်။ မိမိတို့လဲကျသည့်အချိန်ကြောင့် ကိုယ်လက်အနည်းငယ်နာကျင်မှုသာဖြစ်ခဲ့ပါသည်။ ဒဏ်ရာမရရှိခဲ့ကြပါ။ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးရွတ်ဆိုလာခဲ့ခြင်းကြောင့်ဖြစ်သည်ဟုပင်ဆိုရပါမည်။

အစိုးရအမှုထမ်းသည့်ကာလတစ်လျှောက် မြို့နယ်အတော်များများသို့ရောက်ခဲ့ဖူးပါသည်။ ၁၉၉၄ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာပြည်မြောက်ဘက်မူဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်နယ်စပ်ကြယ်ခေါင်မြို့သို့ လည်းကောင်း၊ ၂၀-၅-၂၀၁၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဝေါလေမြိုင်မြို့နယ်ခွဲမှတစ်ဆင့် ယိုးဒယားနိုင်ငံနယ်စပ်မြို့၊ မဲဆောက်မြို့သို့ လည်းကောင်း၊ ၂၄-၃-၂၀၁၅ ရက်နေ့တွင် ဘုရားသုံးဆူမြို့မှ ယိုးဒယားနိုင်ငံနယ်စပ်မြို့ ဝင်းကမြို့သို့ လည်းကောင်း၊ ၂၄-၆-၂၀၁၆ ရက်နေ့တွင် ချင်းပြည်နယ် ဟားခါးမြို့မှ တမူးမြို့ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံနယ်စပ်မြို့ မိုရေးမြို့သို့လည်းကောင်း သွားရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်များတွင်လည်း အကူအညီများရရှိခဲ့ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခဲ့ပြီး လုပ်ငန်းများအောင်မြင်ချောမွေ့စေခဲ့ရပါသည်။ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုး၏ အစွမ်းကြောင့်ပင်ဖြစ်ရပါသည်။

မိမိဘဝတစ်လျှောက် အခက်အခဲအဟန့်အတား၊ အနှောင့်အယှက်၊ ဘေးအန္တရာယ်များ ရင်ဆိုင်တွေ့ကြုံခဲ့ရပါသော်လည်း လုပ်ငန်းကိစ္စများ အောင်မြင်ပြီးမြောက်ခဲ့ရခြင်းမှာ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို အမြဲမပြတ် နေ့စဉ်ရွတ်ပွားနေခြင်းကြောင့်သာဖြစ်ရပါသည်ဟုပင် ဆိုလိုက်ချင်ပါသည်။ မိမိ နေ့စဉ်ရွတ်ပွားနေသော သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို အောက်တွင် ဓမ္မဒါနအဖြစ်ဖော်ပြလိုက်ရပါသည်။

## သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုး
## ပါဠိ-အနက်

■ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊
နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။
နမက္ကာရ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာအန္တရာယာပိ၊
ဝိနဿန္တု အသေသတော။ ။

**အဋ္ဌဝီသံ** - သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေ**- တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေ** - လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာ-လင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ** - သောင်းတိုက်စကြဝဠာဂုဏ်ဝါရောင်ရှိန်းငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေ** - နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန်မြတ်မုနိန်တို့ကို လည်းကောင်း၊ **အဟံ** - အကျွန်ုပ်သည်၊ **သိရသာ** - ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ **နမာမိ** - ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ** - ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ** - ရှိကြကုန်သောသဲတို့သည်၊ **အပ္ပကာ**- နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**- ဘုံဇာတ်သိမ်း၍ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ** - နှောင့်ယှက်ဖန်သော မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ** - သင်္ချာဂဏန်းရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်၊ **တေသံဇိနေန**- ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ** - ထိုငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားရှင်၊ မရေတွက်နိုင်သောဘုရားရှင်တို့၏၊ **ဓမ္မဉ္စ** - တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**- တပည့်သားသံဃာတော်မြတ်ကို လည်းကောင်း၊ **အဟံ** - အကျွန်ုပ်သည်၊ **အာဒရေန**- အာဒရံ - ရိုသေစွာ၊ **နမာမိ** - ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန** - ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်စေတနာကြောင့်၊ **သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ** - ဘေးရန်တို့ကို၊ **ဟိတွာ** - ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ** - တစ်ပါးမကများလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော** - အကြွင်းအကျန်မရှိသောအားဖြင့်၊ **ဝိနဿန္တု** - ပျောက်ပျက်ပါစေကုန်သတည်း။ ။

မိမိအနေဖြင့် သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို အသက် (၁၀) နှစ်သားမှယနေ့အထိ (အသက် (၆၁) နှစ်အထိ) ရွတ်ဆိုခဲ့ပါသည်။ ရွတ်ဆိုနေဆဲလည်းဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးသည် အလွန်တန်ခိုးကြီးမားထက်မြက်လှပါသည်။ မိမိ၏ကိုယ်တွေ့ဖြစ်စဉ်မှန်များဖြင့် တင်ပြထားခြင်း ဖြစ်ပါသည်။ ယုံကြည်မှုအပြည့်ဖြင့် ရွတ်ဆိုကြပါ။ လက်တွေ့အကျိုးများခံစားစံစားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ပါသည်။

*အေးချမ်းမေတ္တာ*
*ငြိမ်းချမ်းသာယာကြပါစေ*
မောင်အေးသန်း (ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**နိုဝင်ဘာလ(၁)ရက် ကြာသပတေးနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာ (၂)ရက် သောကြာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံ ဇိနော (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ (၃)ရက် စနေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာ (၄)ရက် တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ (၅)ရက် တနင်္လာနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ (၆)ရက် အင်္ဂါနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်သို့လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ (၇)ရက် ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ (၈) ရက် ကြာသပတေးနေ့-** လာဘ်ဂဏန်း (၁)။စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာ (၉)ရက် သောကြာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ (၁၀)ရက် စနေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ (၁၁) ရက် တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အညိုရောင်၊ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာ (၁၂)ရက် တနင်္လာနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်၊ အကျိုးပေးနေ့

www.burmeseclassic.com

www.burmeseclassic.com

သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၃)ရက် အင်္ဂါနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၄)ရက် ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ(၉)ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၅)ရက် ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၆)ရက် သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၇)ရက် စနေနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၈) ရက် တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**နိဝင်ဘာလ (၁၉)ရက် တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉)ခါရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၀) ရက် အင်္ဂါနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၁)ရက် ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉)ခါရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၂) ရက် ကြာသပတေးနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉)ခါရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၃)ရက် သောကြာနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံ ဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၄)ရက် စနေနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၅)ရက် တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာ(၂၆)ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၇) ရက် အင်္ဂါနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၈) ရက် ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၂၉) ရက် ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိဝင်ဘာလ (၃၀) ရက် သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စိုးသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းဖေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်း၊ ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - မိမိအိမ်ကို ခာတ်မရိုက်ပါနှင့်။ တောင်အရပ်ကအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကိုစနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိအသုံးမပြုတော့သည့်စက်ပစ္စည်းအပျက်များကို စွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူကိုအတိတ်ကအကြောင်းတွေပြောပြီး စကားဖြင့်အနိုင်မယူပါနှင့်။ ခိုလေးများကို ပဲကျွေးပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်များတွင် (၁၊ ၄၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ မမျှော်လင့်ဘဲ ထီပေါက်ထတ်ပါသည်။

### တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစောဆွမ်းခံကြွလာသော သံဃာတော်များကိုတန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ဂြိုဟ်ရှစ်ခွင်လှည့်ပြီးရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် ၂၄-ပစ္စည်းကို ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို ကြုံသလို အစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာတွေ့သော ထီဆိုင်လေးများတွင် (၆) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံအသီး၊ အညွန့်၊ အာဟာရပန်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီဆိုင်များတွင် ဗုဒ္ဓဟူးနံအက္ခရာများဖြင့် (၄ အစ ၆ အဆုံး) ထီလက်မှတ်လေးများနိုင်သလောက်ကံစမ်းထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် စက္ကူပစ္စည်းအဟောင်းများကို စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ(၁၀၈)ခေါက်နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ်ကအလျှော့ပေးပါ။
**ကျန်းမာရေး** - စိတ်ရောဂါဝေဒနာရှင်များကို အာဟာရဒါနတတ်အားသရွေ့ပြုပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီကားလေးများ အိမ်အနီးလာရောင်းနေပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ကံကောင်းတတ်ပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို နံနက်စောစောတန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာ သွား၍ ပဋ္ဌာန်းနှင့်မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကိုသန့်ရှင်းရေးလုပ်ပေးပါ။ မကြာမကြာပြုလုပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်ပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ကျန်းမာရေးမကောင်းသောသက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် (၆) ဂဏန်း၊ (၇) ဂဏန်းနှင့် စသောထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ လေးမျိုး၊ ငါးမျိုးခန့်ဖြင့် သပေသောအောပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးကောင်းလိုသူများ** - စနေနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တံဟိတဟိဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကော်ဖုံးကိုလက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားစေတီတစ်ဆူသို့ လမ်းလျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - ထီလှည်းလေးများ အိမ်ရှေ့နားလာရပ်၍ရောင်းနေပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာခဏစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ မွေးနံထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် ဂုဏ်တော်ကွန်ချာကို ( ) ခေါက်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာ (၁၀၈) ခေါက်ရအောင် တစ်နေ့တည်းအပြီးရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်၍ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ကျန်းမ ရေးမကောင်းသော သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီကားလေးများထံမှ (၂) အစ (၆) အဆုံး (၃) အစ (၇) အဆုံး ထီလက်မှတ်လေးများရွေးချယ်ကံစမ်းထားပါ။

> ယခုလတွင်-
>
> တနင်္လာစ တနင်္ဂနွေပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ရွတ်ဖော်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
>
> ဥပမာ - ကောင်းအိ-ချစ်အိမ်-ခက်ဦး။


မိမိကောင်းမှု အကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည့်သိမ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွက်

ဆရာဦးမောင်မောင်သန်း

(ရဝိဆိုအေးမြဝေဝဆေး၊)

# ခုနစ်ရက်သားသမီး

## ဟောစာတမ်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် နာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၂) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ ငွေကြေးကိစ္စလက်လွှန်ခြင်း၊ အရှုပ်အရှင်းဖြစ်ခြင်းများ၊ ငွေကြေးကိစ္စများအတွက် စကားများရခြင်းများဖြစ်တတ်၍ စာရင်းဇယားများနှင့် သတိထားဆောင်ရွက်ထားပါ။ ငွေချေးထားမိပါက မဆုံးလျှင်လည်း မုန်းရတတ်ပါသည်။ အိမ်ရှိစက်များလည်း ပျက်လိုက်၊ ကောင်းလိုက်၊ ဝင်လာလိုက်၊ ပြန်ထွက်လိုက်နှင့် စိတ်ညစ်ရတတ်ပါသည်။ လုပ်ငန်းခွင်အတွင်း အတိုက်အခံများတွေ့ရတတ်ပါသည်။ ဘုရားစေတီများသို့သွား၍ တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ ဂုဏ်တော်များပူဇော်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာနေစေရန် ကိုယ့်ဘက်ကစကားပြောဆင်ခြင်ပါ။ ကျန်းမာရေးကောင်းပါမည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ဆေးလိုအပ်သူများကို ဆေးလှူပေးပါ။ ပညာရေးကံများကောင်းနေသော်လည်း သွားတာလာတာများနေတတ်သည်ကို ဂရုစိုက်ပြုပြင်လိုက်ပါ။ အောင်မြင်မှုရရှိအောင်ကြိုးစားပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများတွင် စိတ်အခန့်မသင့်မှုများကြောင့် ကိုယ်သာစိတ်ညစ်ရတတ်ပါသည်။ ငှက်ကလေးများကို အစာကျွေးပါ။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံ့အက္ခရာများနှင့် (၆၊ ၄၊.၈၊ ၇) ဂဏန်းများပါအောင်ရွေးပါ။

**ယတြာ ။ ။** *ခြေ ဒါးမကောင်းသူများကိုတွေ့တိုင်း ဒါနပြုပါ။*



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကြံဉာဏ်ကောင်းပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၃) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ စနေနံ၊ အင်္ဂါနံလုပ်ငန်းများအခက်အခဲများရှိတတ်ပါသည်။ ကိုယ်မကျွမ်းကျင်သောကိစ္စများ၊ သူများပြောတိုင်းမလုပ်ပါနှင့်။ အတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာနေစေရန် လက္ခဏာရှားပါးသူများကို တတ်အားသရွေ့ ဆန်၊ ဆီ၊ ကြက်သွန်ဒါနပြုပါ။ ကျန်းမာရေးအတွက် ဆီး၊ မျက်စိ၊ အစာအိမ်ကို ဂရုစိုက်ပါ။ အကြောအဆစ်လေးများနာတတ်ပါသည်။ အစာမကြေခြင်း၊ အစားစားချိန်မမှန်ခြင်း၊ ရင်ပြည့်၊ ရင်ကယ်ခြင်းများဖြစ်တတ်၍ အထူးဂရုစိုက်ပါ။ သီလရှင်ဆရာကြီးများကို ဆေးလှူပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ နှလုံးသားရေးရာကိစ္စများကံကောင်းပါသည်။ အင်္ဂါနံကိစ္စတစ်ခုခုကြောင့် စကားအငြင်းအခုံမဖြစ်ပါစေနှင့်။ ဆိုင်ကယ်၊ စက်ဘီးစီးလျှင် အကြမ်းမစီးပါနှင့်။ အန္တရာယ်မဖြစ်အောင်သတိထားပါ။ လောင်းကစားကိစ္စများလည်း ရှောင်ပါ။ ထီဝါသနာရှင်များ ကြာသပတေးနံအက္ခရာများ၊ တနင်္လာနံအက္ခရာများနှင့် (၆၊ ၅၊ ၄၊ ၈၊ ၂) ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ *စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ သောကြာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကျိုးပေးပါမည်။ (၁) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အမွေကိစ္စ၊ အိမ်၊ ခြံ၊ မြေကိစ္စများရှောင်နေရမည့်ကာလဖြစ်ပါသည်။ အခက်အခဲများတွေ့ရတတ်၍ ဖြစ်ပါသည်။ အတိုက်အခံဖြစ်နေသောကိစ္စများအတွက် သမ္ဗုဒ္ဓေဂါထာကို တစ်နေ့ (၁၀၈) ခေါက်ရအောင်ရွတ်ပါ။ အာဟာရဒါနပြုပေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများအဆင်ပြေစေရန် လက္ခဏာရှားပါးသူ၊ အပူသောကများနေသူများရောက်လာလျှင် လိုအပ်သော ကူညီမှုများတတ်အားသရွေ့ပေးလိုက်ပါ။ ဆန်၊ ဆီ မကြာမကြာလှူပေးပါ။ ကျန်းမာရေးကောင်းနေပါမည်။ လွန်ကဲစွာအဆာခံခြင်း၊ လွန်ကဲစွာအိပ်ရေးပျက်ခံခြင်းများရှောင်ပါ။ အစပ်များလွန်ကဲစွာမစားပါနှင့်။ ကိုယ်လက်လှုပ်ရှား၊ လမ်းများများလျှောက်ပေးပါ။ ပညာရေးကံများကောင်းလာစေရန် အပေါင်းအသင်းသူငယ်ချင်းများနှင့် သွားတာ၊ လာတာလျှော့ပါ။ စာအုပ်၊ ဘောလ်ပင်လှူပါ။ နှလုံးသားရေးရာတွင် ချစ်သူကို အလုပ်ကိစ္စအကြောင်းအကြာကြီးမပြောမိအောင်နေပါ။ စကားများရတတ်ပါသည်။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံအက္ခရာများနှင့် (၆၊ ၄၊ ၈၊ ၇) ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ။ ။ *အသက်အရွယ်ကြီးသော အဘိုး၊ အဘွားများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များယူပါ။ ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဒုတိယအကျိုးပေးပါသည်။ စိတ်ရှည်နားလည်ပေးရမည့်သူများဖြစ်ပါသည်။ (၃) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ စက်ပစ္စည်းအဟောင်းများဝင်လာလျှင် စိတ်ညစ်ရတတ်၍ သူများလာအပ်ထားလျှင်လည်း လက်မခံပါနှင့်။ ဆိုင်ကယ်မောင်းလျှင် ဖြည်းဖြည်းမောင်းပါ။ စိတ်မလောပါနှင့်။ အိုးအိမ်အဆောက်အအုံကိစ္စများ အရှုပ်အရှင်းဖြစ်တတ်ပါသည်။ ဝယ်ယူမည့်ကိစ္စများရှိနေပါက အကျိုးပေးသောနံသင့်သူများနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပါ။ အတိုက်အခံကိစ္စများရှိနေပါက သမ္ဗုဒ္ဓေဂါထာကို တစ်ထိုင်တည်း (၁၀၈) ခေါက်ရွတ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာစေရန် စကားကိုခဏခဏနားပူအောင်ပြောနေခြင်းများလျှော့ပါ။ ကျန်းမာရေးကောင်းနေစေရန် ဆီးနှင့်ပတ်သက်တာမှန်သမျှ ဂရုစိုက်ပါ။ ရတနသုတ်တော်ကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။ သတ်မည့်ဆဲဆဲသတ္တဝါလေးများကို ဘေးမဲ့လွှတ်နိုင်သမျှလွှတ်ပေးပါ။ ပညာရေးကံများကောင်းမည်။ စာအုပ်၊ ဘောလ်ပင်လိုအပ်သူနှင့်ကြုံလျှင်လှူပေးပါ။ ချစ်တတ်သူများမျက်နှာပွင့်နေပါသည်။ တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာမဖြစ်ပါနှင့်။ ကိုယ်တိုင်လည်း ဆင်ခြင်ပါ။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံအက္ခရာများနှင့် (၄၊ ၈၊ ၅၊ ၆၊ ၂၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *စာသင်သားသံဃာတော်အရှင်သူမြတ်များကို စာအုပ်၊ ဝတ္ထုငွေလှူပါ။*

www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ အကူအညီများပေးပါလိမ့်မယ်။ စနေနာမည်ရှင်များ ဒုတိယအကျိုးပေးပါသည်။ (၁) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အနုပညာနှင့်ဆိုင်သောလုပ်ငန်းများ အောင်မြင်မှုရရှိမည်။ ခရီးယာယီမကြာခဏပေါ်တတ်သည်။ လူမျိုးခြားနှင့် ဆိုင်သောလုပ်ငန်းများ၊ နိုင်ငံခြားခရီးများကောင်းမည်။ အိမ်၊ ခြံ၊ မြေလုပ်ငန်းများ၊ မြေကိစ္စ၊ အမွေကိစ္စများ စပ်တူရှယ်ယာ လုပ်ငန်းများ၊ ကြားကအာမခံသည့်ကိစ္စမျိုးများရှောင်ပါ။ အတိုက်အခံကိစ္စ၊ အပြိုင်အဆိုင်ကိစ္စများ အောင်မြင်မှုရစေရန် ဘုရား စေတီတစ်ဆူဆူသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ အိမ်တွင်းရေးများ စိတ်ချမ်းသာမှုရရှိစေ ရန် သူတစ်ပါး၏ ပူပင်သောကကိစ္စများကို စိတ်ဝင်တစားကြာကြာနားမထောင်မနေပါနှင့်။ အပူကူးတတ်ပါသည်။ ကိုယ် တတ်နိုင်တာကူညီပေးလိုက်ပါ။ ပညာရေးကံများကောင်းပါသည်။ သူငယ်ချင်းများကို အားနာပြီး အလည်အပတ်များမနေပါ နှင့်။ ချစ်တတ်သူတို့မျက်နှာပွင့်သည့်ကာလဖြစ်နေ၍ သစ္စာရှိဖို့လိုပါသည်။ ထိထိုးဖြစ်အောင်ထိုးထားပါ။ ထီကံကောင်းနေပါ သည်။ စနေနံအက္ခရာနှင့် (၆၊ ၇၊ ၁၊ ၂) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *လေထိထားသော ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များ၊ ကြာ သပတေးနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကြံဉာဏ်များရယူပါ။ (၂) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ တနင်္လာလုပ်ငန်းများ၊ အင်္ဂါနံလုပ်ငန်းများ အထူးသတိထားဆောင်ရွက်လုပ်ကိုင်ပါ။ အကံအခဲများရှိနေတတ်ပါသည်။ စပ်တူလုပ်ငန်းများ လူမျိုးခြားနှင့် လုပ်မည်ဆိုပါက သတိထားလုပ်ပါ။ အတိုက်အခံများနေလျှင် ဘုရားစေတီများသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ ကောက်ခြင်း၊ ဂြိုဟ်ရှစ်ခွင်လှည့်၍ ရေသပ္ပာယ်ခြင်းများကို သမ္ဗုဒ္ဓေဂါထာရွတ်၍ဆောင်ရွက်ပါ။ အိမ်တွင်းရေးများ သာယာနေ စေရန် လက္ခဏာရှားပါးသူများကို အဝတ်အထည်၊ ဆန်၊ ဆီစတာတွေလှူပေးပါ။ ကျန်းမာရေးကောင်းစေရန် အစာကိုအချိန်နှင့် စားပါ။ သက်ကြီးရွယ်အိုများကို အာဟာရ၊ ဆေး၊ ငွေလှူပါ။ ပညာရေးကံများကောင်းနေသည့်အတွက် သူငယ်ချင်းများကပင် အားကျလာပါလိမ့်မည်။ မသိတာရှိ၍ မေးသူများကို ကူညီပြပေးပါ။ ချစ်တတ်သူတွေအတွက် ဘာမဟုတ်သည့်ပြဿနာလေး များကို ပုံကြီးချဲ့မနေပါနှင့်။ စိတ်ညစ်ရတတ်ပါသည်။ ကလေးလေးများကို မုန့်ဝယ်ကျွေးလိုက်ပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့် မည်။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံအက္ခရာများနှင့် (၆၊ ၅၊ ၄၊ ၈) ဂဏန်းများပါအောင်ရွေးချယ်ပါ။

ယတြာ ။ ။ *ငါးလေးများ ငှက်လေးများကို ခဏခဏအစာကျွေးပါ။*

BURMESE CLASSIC .com

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ (၇) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့်ယှဉ်သော စီးပွားရေးလုပ်ငန်းများ စိတ်ညစ်ရတတ်သည်။ အထည်ချုပ်လုပ်ငန်း၊ အထည်အလိပ်၊ နာရီ၊ ထီး၊ ဖိနပ်စသည့်လုပ်ငန်းများလည်း အကျိုးမပေးသေးပါ။ အတိုက်အခံ၊ အပြိုင်အဆိုင်များရှိနေပါက ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များ ကောက်ပါ။ ပြီးလျှင် လက်ဆေး၊ သောကြာထောင့်တွင် ရွက်လှအလိမ်အလိမ်လေးများလှူ၍ သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ် ပူဇော်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများကောင်းစေရန် အိမ်မှာရှိသည့်စက်ဟောင်းစက်ပျက်များကိုထုတ်ပစ်ပါ။ ကျန်းမာ ရေးတွင် ရောဂါဟောင်းများပြန်ပေါ်တတ်၍ ကိုယ်နှင့်မတည့်သည့် အစားအသောက်များ သတိထားရှောင်လိုက်ပါ။ ကျန်းမာ ရေး - လိုအပ်သည့်သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ သူငယ်ချင်း များနှင့်အချိန်မဖြုန်းပါနှင့်။ ချစ်တတ်သူများအတွက် အလုပ်ကိစ္စစကားငြင်းခုံခြင်း၊ အလုပ်ပြောင်းဖို့ကိစ္စပြောဆိုခြင်းများကြောင့် သာအဆင်မပြေဖြစ်တတ်၍ မပြောမိပါစေနှင့်။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံအက္ခရာနှင့် (၄၊ ၈၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *အနာပေါက်နေသော ကလေးလေးများကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။*

ရ င် ကို ဗေ ဒ ါ း မြ ဗေ ဒ သ ါ း
ဆရာဦးမောင်မောင်သန်း
အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# Engine Powered Forklift Truck

XILIN

CE Conforms to EN 1726-1:1999, EN1175-2:1998
Machinery Directive 2006/42/EC

Conforms to EN 12895:2000
Electromagnetic compatibility Directive 2004/108/EC

## Diesel forklift

Model:
**FD25/30/35**

xilin®

Authorized Distributer
**B&H Co., Ltd.**
Showroom
-၃၆၊ သီရိရတနာဈေး၊ သုခမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၀၀၁၊ ၀၉-၉၇၂၁၇၂၇၅၁
၀၉၂၅၉၅၇၆၂၀၀




BURMESE CLASSIC .com

**DIESEL FORKLIFT**
**3000KG, 6M**

**345,00,000 K**


Wide view mast with best visibility.


Engine cover with gas-filled cylinders and sound absorbing material.


Cowl mounted hydraulic lever offers large operation space.


Electric F/R control lever with natural starting system.


Low heigh access step with wide non slip plate for easy entry and exit.


The optional of semi or full suspension seat with safety belt and arm rest.

www.burmeseclassic.com

www.burmeseclassic.com

# Manual Stacker

xilin®

Conforms to EN ISO3691-5:2009
Based on Directive 2006/42/EC



Model:
**SDJ500**
**SDJ1000**
**SDJ1500**

Model:
**SDJA-I**
(1000~1500kg)




Authorized Distributer
**B&H Co.,Ltd.**


**500KG,1.6M**
**685,000 K**

**1000KG,2.5M**
**1,200,000 K**

**1500KG,1.6M**
**950,000 K**

Showroom
H- ၃၆၊ သီရိရတနာဈေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၈၈၁၊ ၀၉-၉၇၂၁၇၂၇၅၁၊
၀၉၂၅၉၅၇၆၂၈၈




### SDJ series with fixed forks

| Model | | SDJ500 | SDJ1000 | SDJ1500 |
|---|---|---|---|---|
| **Load capacity/rated load** | **Q(kg)** | 500 | 1000 | 1500 |
| Load centre distance | c(mm) | 600 | 600 | 400 |
| Fork height, lowered | $h_{13}$(mm) | 90 | 90 | 90 |
| Height, mast lowered | $h_1$(mm) | 1490/2080 | 1490/1720/2080/1838/2080 | 2080 |
| **Max. lift height** | **$h_3$(mm)** | **1000/1600** | **1000/1200/1600/2500/3000** | **1600** |
| Height, mast extended | $h_4$(mm) | 1490/2080 | 1490/1720/2080/2925/3420 | 2080 |
| Overall length | $l_1$(mm) | 1655/1705 | 1655/1705 | 1655/1705 |
| Overall width | $b_1$(mm) | 755 | 755/755/755/860/860 | 755 |
| Fork dimensions | s/e/l(mm) | 61/170/1100(1150) | 61/170/1100(1150) | 61/170/1100(1150) |
| Width overall forks | $b_5$(mm) | 550 | 550/550/550/580/580 | 550 |
| Ground clearance, laden, below mast | $m_1$(mm) | 25 | 25 | 25 |
| Aisle width for pallets 1000x1200 crossways | $A_{st}$(mm) | 2112 | 2112 | 21[illegible] |
| Aisle width for pallets 800x1200 lengthways | $A_{st}$(mm) | 1945 | 1945 | [illegible]45 |
| Turning radius | $W_a$(mm) | 1380 | 1380 | 1380 |
| Lift speed, laden/unladen | mm/time | 25 | 25 | 21 |
| Lowering speed, laden/unladen | mm/s | | Manual control | |
| Service weight | kg | 185 / 205 | 183/191/210/286/[illegible] | 245 |

www.burmeseclassic.com